# ရှင်မဿဲခရစ်ဝင်

### ယေရှု၏မိသားစုသမိုင်းအကြောင်း

*(လု၊ 3:23-38)*

1 ဤအကြောင်းအရာသည်ယေရှုခရစ်၏ဆွေ
တော်စဉ်မျိုးတော်ဆက် အကြောင်းဖြစ်၏။
ယေရှုခရစ်သည် ဒါဝိဒ်၏သားစဉ်မျိုးဆက်ဖြစ်
၏။ ဒါဝိဒ်သည် အာဗြဟံမိသားစု၏ သားစဉ်မျိုး
ဆက်ဖြစ်၏။

2 အာဗြဟံသည် ဣဇာက်၏ဖခင်ဖြစ်၏။
ဣဇာက်သည် ယာကုပ်၏ဖခင်ဖြစ်၏။
ယာကုပ်သည် ယုဒနှင့်ညီအစ်ကိုများ၏
ဖခင်ဖြစ်၏။
3 ယုဒသည် ဖာရက်နှင့်ဇာရတို့၏ဖခင်ဖြစ်၏။
(ယုဒ၏ဇနီးမှာတာမာ ဖြစ်၏။)
ဖာရက်သည် ဟေဇရုံ၏ဖခင်ဖြစ်၏။
ဟေဇရုံသည် အာရံ၏ဖခင်ဖြစ်၏။
4 အာရံသည် အမိနဒပ်၏ဖခင်ဖြစ်၏။
အမိနဒပ်သည် နာရှုန်၏ဖခင်ဖြစ်၏။
5 နာရှုန်သည် စာလမုန်၏ဖခင်ဖြစ်၏။
စာလမုန်သည် ဗောဇ၏ဖခင်ဖြစ်၏။
(ဗောဇ၏မိခင်မှာရာခပ်ဖြစ်သည်)
ဗောဇသည် ဩဗက်၏ဖခင်ဖြစ်၏။
(ဩဗက်၏မိခင်သည် ရုသဖြစ်သည်။)
ဩဗက်သည် ယေရှဲ၏ဖခင်ဖြစ်၏။
6 ယေရှဲသည် ဒါဝိဒ်ဘုရင်၏ဖခင်ဖြစ်၏။
ဒါဝိဒ်သည် ရှောလမုန်၏ဖခင်ဖြစ်၏။
(ရှောလမုန်၏အမိသည်
ဥရိယ၏မယားဖြစ်ခဲ့ပူး၏၊)
7 ရှောလမုန်သည် ရောဗောင်၏ဖခင်ဖြစ်၏။
ရောဗောင်သည် အဘိယ၏ဖခင်ဖြစ်၏။
အဘိယသည် အာသ၏ဖခင်ဖြစ်၏။
8 အာသသည် ယောရှဖတ်၏ဖခင်ဖြစ်၏။
ယောရှဖတ်သည် ယဟောရံ၏ဖခင်ဖြစ်၏။
ယဟောရံသည် ဩဇိ၏ဖခင်ဖြစ်၏။
9 ဩဇိသည် ယောသံ၏ဖခင်ဖြစ်၏။
ယောသံသည် အာခတ်၏ဖခင်ဖြစ်၏။
အာခတ်သည် ဟေဇကိ၏ဖခင်ဖြစ်၏။
10 ဟေဇကိသည် မနာရှေ၏ဖခင်ဖြစ်၏။
မနာရှေသည် အာမုန်၏ဖခင်ဖြစ်၏။
အာမုန်သည် ယောရှိ၏ဖခင်ဖြစ်၏။
11 ယောရှိသည် ယောယကိမ်နှင့်
ညီအစ်ကိုတို့၏ဖခင်ဖြစ်၏။
(ထိုအချိန်တွင် ယုဒလူမျိုးတို့သည် ဗာဗုလုန်
မြို့သို့ ကျေးကျွန်များအဖြစ် သိမ်းပိုက်ခံ
ခဲ့ရသော အချိန်ဖြစ်၏။)

12 ထို့နောက် ဗာဗုလုန်သို့ သိမ်းပိုက်ခံခဲ့ရပြီး
နောက်ယောယကိမ်သည်ရှာလသေလ
၏ဖခင်ဖြစ်၏။ ရှာလသေလသည်
ဇေရုဗဗေလ၏ဖခင်ဖြစ်၏။
13 ဇေရုဗဗေလသည် အဗျုဒ်၏ဖခင်ဖြစ်၏။
အဗျုဒ်သည် လျောကိမ်၏ဖခင်ဖြစ်၏။
လျောကိမ်သည် အာဇော်၏ဖခင်ဖြစ်၏။
14 အာဇော်သည် ဇာဒုတ်၏ဖခင်ဖြစ်၏။
ဇာဒုတ်သည် အာခိမ်၏ဖခင်ဖြစ်၏။
အာခိမ်သည် လေုဒ်၏ဖခင်ဖြစ်၏။
15 လေုဒ်သည် လောဇာ၏ဖခင်ဖြစ်၏။
လောဇာသည် မဿန်၏ဖခင်ဖြစ်၏။
မဿန်သည် ယာကုပ်၏ဖခင်ဖြစ်၏။
16 ယာကုပ်သည် ယောသပ်၏ဖခင်ဖြစ်၏။
ယောသပ်သည် မာရိ၏ခင်ပွန်းဖြစ်၏။
မာရိသည် ယေရှု၏မယ်တော်ဖြစ်၏။

ယေရှုကိုခရစ်တော်*ဟု ခေါ်ဝေါ်ကြလေ၏။
17အာဗြဟံမှ ဒါဝိဒ်အထိ ဆွေစဉ်မျိုးဆက်
တစ်ဆယ်လေးဆက်ဖြစ်၏။ ထို့နောက် ဒါဝိဒ်မှ
စ၍ ဗာဗုလုန်သို့ ခေါ်ဆောင်သွားခြင်းခံရ
သည်အထိ၊ ဆွေစဉ်မျိုးဆက် တစ်ဆယ်လေး
ဆက်ဖြစ်၏။ ဗာဗုလုန်သို့ ရောက်ရှိခဲ့ပြီးချိန်မှ
စ၍ ခရစ်တော်မွေးဖွားသည့်တိုင်အောင်၊ ဆွေ
စဉ်မျိုးဆက် တစ်ဆယ်လေးဆက်ဖြစ်လေ၏။

## ယေရှုခရစ်ဖွားမြင်ခြင်း

*(လု၊ 2:1-7)*

18ဤအရာသည် ယေရှုခရစ်ဖွားမြင်လာ
ခြင်းအကြောင်းဖြစ်၏။ သူ၏မယ်တော်မာရိနှင့်
ယောသပ်တို့သည် လက်ထပ်ရန် စေ့စပ်ထား
၏။ သို့ရာတွင် သူတို့လက်ထပ်ခြင်းမပြုမီ၊ မာရိ
သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးဖြင့်
ပဋိသန္ဓေစွဲနေ၏။ 19မာရိ၏ခင်ပွန်း၊ ယောသပ်
သည် မှန်သောအရာကို အစဉ်အမြဲလုပ်ဆောင်
သူဖြစ်၏။ မာရိအား လူအများရှေ့တွင် အရှက်မ
ကွဲရန်၊လျှို့ဝှက်စွာကွာရှင်းဖို့စီစဉ်ထားလေ၏။
20သို့ရာတွင် ယောသပ်သည် ဤသို့ စဉ်း
စားနေချိန်တွင်၊ ဘုရားသခင်၏ကောင်းကင်တ
မန်တပါးသည် ယောသပ်၏အိပ်မက်တွင် ပေါ်
လာ၏။ ကောင်းကင်တမန်က၊ “ဒါဝိဒ်အမျိုး*
ယောသပ်၊ မာရိကို မိန်းမအဖြစ်လက်ခံဖို့
မကြောက်နှင့်။ သူမ၏ဝမ်းထဲ၌ရှိသော ကလေး
သည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ဖြစ်
၏။ 21သူမသည် သားယောက်ျားကို ဖွားမြင်
လိမ့်မည်။ သင်သည် ထိုသားကို ယေရှုအမည်
ဖြင့် မှည့်ရလိမ့်မည်၊ အကြောင်းမူကား၊ သူ
သည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်လိမ့်မည်”
ဟုပြော၏။

22ဤဖြစ်ရပ်အားလုံးမူကား၊ ထာဝရဘုရား
သည် ပရောဖက်အားဖြင့် ဟောပြောချက်ကို
ပြည့်စုံမည်အကြောင်း ဖြစ်၏။ 23“အပျိုကညာ
သည် ပဋိသန္ဓေစွဲယူ၍၊ သားယောက်ျားကို
ဘွားမြင်လိမ့်မည်၊ ထိုသားကို ဧမာနွေလအ
မည်ဖြင့် မှည့်ကြလိမ့်မည်”* ဧမာနွေလဆို
သည်မှာ “ဘုရားသခင်သည် အကျွန်ုပ်တို့နှင့်
အတူရှိတော်မူသည်” ဟုဖြစ်၏။
24ယောသပ်သည် နိုးလာသောအခါ ဘုရား
သခင်၏ကောင်းကင်တမန် မှာထားသည့်အ
တိုင်း၊ မာရိအားလက်ထပ်၏။ 25သို့ရာတွင်
ယောသပ်သည်သားဦးကို မဘွားမီတိုင်အောင်
မာရိနှင့် သံဝါသမပြုဘဲနေ၏။ ထို့နောက်
ယောသပ် သည် ထိုသားကို ယေရှုဟူသော အ
မည်ဖြင့်မှည့်လေ၏။

## ယေရှုထံတော်သို့ ပညာရှိများ ရောက်လာခြင်း

2 ယေရှုသည် ယုဒနယ်ပယ်ရှိဗက်လင်မြို့တွင်
ဘွားမြင်ခြင်းကိုခံတော်မူ၏။ သူဘွားမြင်
ချိန်တွင် ဟေရုဒ်သည် ဘုရင်အဖြစ်စိုးစံနေ၏။
ယေရှုသည် ဘွားမြင်ခြင်းကိုခံတော်မူပြီးနောက်
အရှေ့ပြည်မှ ပညာရှိအချို့သည် ယေရုရှလင်မြို့
သို့ ရောက်ရှိလာကြ၏။ 2ထိုပညာရှိတို့က “ယခု
ဘွားမြင်သောကလေးသည် အဘယ်မှာ ရှိ
တော်မူသနည်း၊ သူသည် ယုဒလူတို့၏ဘုရင်
ဖြစ်၏။ ငါတို့တွေ့ရသောကြယ်သည်၊ သူဘွား
မြင်ပြီဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်၏။ ထိုကြယ်
သည် အရှေ့မိုးကောင်းကင်မှာ ထွက်ပေါ်ခဲ့
သည်ကို ငါတို့မြင်ခဲ့ကြ၏။ သူ့ကို ကိုးကွယ်ရန်ငါ
တို့ရောက်လာကြ၏” ဟုလူတို့ကို မေးမြန်းကြ၏။
3ယုဒလူတို့၏ဘုရင်အသစ် ဟူသောစကား
ကို ဟေရုဒ်*ဘုရင်ကြားလျှင်၊ စိတ်ပူပန်ခြင်းသို့
ရောက်၏။ ယေရုရှလင်မြို့ရှိ လူထုအားလုံး
သည်လည်း စိတ်ပူပန်ခြင်းသို့ ရောက်ကြ၏။

---

**ခရစ်တော်** ဘိသိတ်တော်မူခြင်းခံသောသူ( မေရှိယ)သို့ မဟုတ် ဘုရားသခင်ရွေးကောက်သောသူ။

**ဒါဝိဒ်အမျိုး** ဒါဝိတ်မိသားစုမှဆင်း သက်သောသူ၊ ခရစ်တော်မပေါ်ခင်နှစ်ပေါင်း (1000 လောက်က) ဒုတိယ မြောက်သောဣသရေလဘုရင်။

**“အပျိုကညာ ... မှည့်ကြလိမ့်မည်”** ဟေရှာယ 7:14

**ဟေရုဒ်** ဟေရုဒ်မင်း ဘီစီ40 မှ ဘီစီ4 အထိ ယုဒပြည်အုပ်ချုပ်သူ။

[4]ဟေရုဒ်မင်းကြီးသည် ယဇ်ပရောဟိတ်အကြီး
တို့နှင့် ကျမ်းပြုဆရာရှိသမျှတို့ကို စုဝေးစေ၍
ခရစ်တော်ကို အဘယ်အရပ်မှာ ဘွားမြင်လိမ့်
မည်နည်းဟု မေးမြန်းလေ၏။ [5]ထိုအခါ သူတို့
က၊ "ယုဒပြည်ဗက်လင်မြို့၌ ခရစ်တော်ကိုဖွား
မြင်ရပါမည်ဟု ပရောဖက်တစ်ဦးက ကျမ်းစာ*
ထဲမှာ ရေးသားထားခဲ့သည်ဟု ပြောကြားကြ၏။

[6] 'ယုဒပြည်၊ ဗက်လင်မြို့၊ သင်သည် အစိုးရ
သောယုဒမြို့တို့တွင် အရေးပါသောမြို့
ဖြစ်၏။ အကြောင်းမူကား ငါ၏လူ၊
ဣသရေလအမျိုးကို အစိုးရသောသခင်
သည် သင်၏အထဲမှာ ပေါ်ထွန်းလာလိမ့်
မည်။"'
*မိက္ခာ 5:2*

[7]ထိုအခါ ဟေရုဒ်မင်းကြီးသည် အရှေ့ပြည်
မှ၊ ပညာရှိတို့ကို လျှို့ဝှက်ခေါ်၍ ကြယ်ပေါ်
ထွန်းသော အချိန်ကာလကို စေ့စေ့မေးမြန်းပြီး
မှ၊ [8]"သင်တို့သွား၍ ထိုသူငယ်ကို သေချာစွာ
ရှာကြလော့။ သင်တို့တွေ့လျှင်၊ ငါ့ထံသို့ပြန်
လာ၍ ငါလည်း ထိုသူငယ်ကို ပူဇော်ကိုးကွယ်
နိုင်မည်အကြောင်း ကြားပြောကြလော့" ဟုမှာ
ထားတော်မူပြီ ဗက်လင်မြို့သို့ စေလွှတ်လေ
၏။ [9]ပညာရှိတို့သည် ဘုရင်၏စကားကို ကြားရ
ပြီးနောက်၊ ထွက်သွားကြ၏။ သူတို့သည် အ
ရှေ့ပြည်၌ မြင်သောကြယ်ကိုပင် တွေ့ကြပြန်၏။
ထိုနောက် ပညာရှိတို့သည်၊ ကြယ်လမ်းညွှန်ရာ
သို့သွား၍ ကြယ်သည် သူငယ်ရှိရာအရပ်၌ ရပ်
သည့်တိုင်အောင်သွားကြ၏။ [10]ပညာရှိတို့သည်
ကြယ်ကို မြင်သောအခါ အလွန်ဝမ်းမြောက်
ကြ၏။ [11]အိမ်ထဲသို့ ဝင်သောအခါ၊ မယ်တော်
မာရိနှင့်တကွ သူငယ်တော်ကို တွေ့မြင်ကြ၏။
သူတို့သည် သူငယ်တော်ကိုပြပ်ဝပ်လျက် ကိုး
ကွယ်ကြ၏။ ဘဏ္ဍာဥစ္စာတို့ကိုဖွင့်ပြီးမှ ရွှေ၊
လောဗန်နှင့် မုရန်တို့ကို လက်ဆောင်များအ
ဖြစ်ဆက်ကပ်ပူဇော်ကြ၏။ [12]ထိုနောက် ဘုရား
သခင်သည် ပညာရှိတို့ကို အိပ်မက်ထဲတွင်
သတိပေးသောကြောင့် ဟေရုဒ်မင်းကြီးထံသို့
ပြန်မသွားဘဲ၊ အခြားသောလမ်းဖြင့် မိမိတို့
တိုင်းပြည်သို့ ပြန်သွားကြ၏။

## ယေရှုအား မိဘများက အဲဂုတ္တုပြည်သို့ ခေါ်ဆောင်သွားကြခြင်း

[13]ပညာရှိတို့ ပြန်သွားကြပြီးနောက်၊
ယောသပ်သည် အိပ်မက်ကို မြင်မက်လေ၏။
အိပ်မက်ထဲတွင် ထာဝရဘုရား၏ကောင်းကင်
တမန်က၊ "သင်ထလော့၊ သူငယ်တော်နှင့်မယ်
တော်ကို ဆောင်ယူပြီး အဲဂုတ္တုပြည်သို့ ထွက်
ပြေးလော့၊ ဟေရုဒ်မင်းကြီးသည် သူငယ်တော်
ကို သတ်ရန်ရှာလိမ့်မည်၊ ထို့ကြောင့် ဘေးရန်
ကင်းပြီဟု ငါမပြောမီတိုင်အောင် အဲဂုတ္တုပြည်
၌နေလော့" ဟုပြောလေ၏။
[14]ထို့ကြောင့် ယောသပ်သည် အိပ်ရာမှ
ထ၍၊ သူငယ်တော်နှင့် မယ်တော်ကို ညအချိန်
၌ ဆောင်ယူပြီးလျှင် အဲဂုတ္တုပြည်သို့ ထွက်
သွားကြလေ၏။ [15]သူတို့သည် ဟေရုဒ်မင်းကြီး
အနိစ္စရောက်သည့်တိုင်အောင်၊ အဲဂုတ္တုပြည်၌
နေလေ၏။ ဤအကြောင်းအရာသည် ပရော
ဖက်အားဖြင့် ထာဝရဘုရားဟောပြောတော်
မူသော "ငါ့သားကို အဲဂုတ္တုပြည်မှ ငါခေါ်ခဲ့ပြီ"*
ဟူသောအချက်သည် ပြည့်စုံမည်အကြောင်း
ဖြစ်၏။

## ဟေရုဒ်က ဗက်လင်မြို့တွင်ယောကျ်ားကလေးများကိုသတ်ခြင်း

[16]ဟေရုဒ်မင်းကြီးသည် ပညာရှိတို့က သူ့
အား လှည့်ဖြားသည်ကို သိရသောအခါ၊ အ
လွန်ဒေါသဖြစ်၏။ ဟေရုဒ်မင်းကြီးသည် ကလေး
ငယ်မွေးဖွားသောအချိန်ကို၊ ပညာရှိတို့ထံမှ သိ
ထားပြီးဖြစ်၏။ ထိုအချိန်သည် နှစ်နှစ်မျှကြာမြင့်
ခဲ့ပြီဖြစ်၏။ ထို့ကြောင့်၊ မင်းကြီးသည်ဗက်လင်
မြို့နှင့်ပတ်ဝန်းကျင်ဒေသရှိနှစ်နှစ်အရွယ်မှစ၍ထို
အရွယ်ယောကျ်ားသူငယ်အပေါင်းတို့ကို သတ်

---

**ကျမ်းစာ** သန့်ရှင်းသောစာရေးသားထားခြင်းများ၊ ဓမ္မဟောင်းကျမ်း၊

**"ငါ့သား … ငါခေါ်ခဲ့ပြီ။"** ဟောရှေ 11:1

ခြင်းငှါ အမိန့်ထုတ်လေ၏။ 17 ထို့ကြောင့် ထာဝရ
ဘုရားသည်၊ ပရောဖက်ယေရမိအားဖြင့် ဟော
ကြားခဲ့သောအရာသည် ပြည့်စုံလေ၏။

18 "ရာမအရပ်၌ ညည်းတွားခြင်းအသံကို
ကြားရ၏။ ထိုအသံသည် ငိုကြွေးသံနှင့်
ခါးသီးသောမြည်တမ်းခြင်းများဖြစ်၏။
ရာခေလသည် မိမိသားတို့အတွက် ငို
ကြွေး၍ သားတို့သေဆုံးခဲ့သောကြောင့်
စိတ်မပြေနိုင်။"

*ယေရမိ 31:15*

## ယောသပ်နှင့်မာရိတို့အဲဂုတ္တုပြည်မှ ပြန်လာခဲ့ကြခြင်း

19 ဟေရုဒ်မင်းကြီး အနိစ္စရောက်ပြီးနောက်၊
အဲဂုတ္တုပြည်၌ နေထိုင်လျက်ရှိသောယောသပ်
၏အိပ်မက်ထဲတွင် ဘုရားသခင်၏ကောင်းကင်
တမန် ပေါ်လာ၍၊ 20 "ထိုအိပ်မက်ထဲ၌ ကောင်း
ကင်တမန်က သင်ထလော့။ သူငယ်တော်နှင့်
မယ်တော်ကို ဆောင်ယူပြီး ဣသရေလပြည်
သို့သွားလော့၊ သူငယ်တော်ကို သတ်ရန် ရှာ
သောသူတို့သည် သေကြပြီ" ဟုဆိုလေ၏။
21 ထိုအခါ ယောသပ်သည် ထ၍ မယ်တော်
နှင့်သူငယ်တော်ကိုဆောင်ယူလျက် ဣသရေလ
ပြည်သို့ ပြန်သွားကြ၏။ 22 သို့ရာတွင် ဟေရုဒ်
မင်းကြီး၏အရာ၌ သားတော်အာခေလသည်
မင်းပြုကြောင်းကို ယောသပ်ကြားသောအခါ
ထိုပြည်သို့ မသွားဝံ့တော့ချေ။ ယောသပ်သည်
အိပ်မက်၌ သတိပေးချက်အရ ဂါလိလဲပြည်သို့
သွား၍၊ 23 နာဇရက်ခေါ်သောမြို့၌ နေထိုင်လေ
၏။ ထို့ကြောင့် ထာဝရဘုရားသည် ပရောဖက်
တို့အားဖြင့်၊ "ခရစ်တော်ကို နာဇရက်မြို့သား*
ဟုခေါ်ရကြလတံ့" ဟုဟောပြောသောစကား
သည် ပြည့်စုံလေ၏။

## ဗတ္တိဇံဆရာယောဟန်၏လုပ်ဆောင်ချက်

*(မာ၊1:1-8;လု၊3:1-9,15-17;ယော၊1:19-28)*

3 ထိုအချိန်ကာလတွင်ဗတ္တိဇံဆရာယောဟန်
သည် ယုဒနယ်ပယ်ရှိတောအရပ်၌ ရောက်
ရှိလာကာ၊ စတင်၍ တရားဟောလေ၏။
2 ယောဟန်က၊ "သင်တို့၏စိတ်နှလုံးနှင့် အသက်
တာများ ပြောင်းလဲကြလော့။ ကောင်းကင်နိုင်
ငံတော်သည် မကြာမီ ရောက်လာတော့မည်"
ဟုဟောလေ၏။ 3 ပရောဖက်ဟေရှာယက၊

"တော၌ ဟစ်ကြော်နေသောလူတစ်
ယောက်၏အသံက ဘုရားသခင်အတွက်
လမ်းခရီးကို ပြင်ဆင်ကြလော့။ သူ၏
လမ်းတော်ကိုလည်းဖြောင့်စေကြလော့"
ဟုဟောထားသောအချက်သည် ဗတ္တိဇံ
ဆရာယောဟန်ကို ဆိုလိုခြင်းဖြစ်၏။

*ဟေရှာယ 40:3*

4 ယောဟန်၏အဝတ်သည် ကုလားအုတ်အ
မွေးဖြင့် ရက်လုပ်ထား၏။ သူ၏ခါးတွင်သားရေ
ခါးပတ်ပတ်ထား၏။ သူသည် အစားအစာအ
ဖြစ်၊ ကျိုင်းကောင်နှင့် တောပျားရည်ကို စား
သောက်လျက်ရှိ၏။ 5 ယေရုရှလင်မြို့၊ ယုဒပြည်
တစ်ပြည်လုံးနှင့် ယော်ဒန်မြစ်ဝန်းကျင်တရပ်လုံး
မှ လူတို့သည် ယောဟန်၏တရားဟောချက်ကို
ကြားနာရန် ရောက်ရှိလာကြ၏။ 6 လူတို့သည်
သူတို့၏ပြုလုပ်သောအပြစ်များကို ဖော်ပြ၍၊
ယောဟန်သည် သူတို့ကို ယော်ဒန်မြစ်တွင်
ဗတ္တိဇံပေးလေ၏။
7 ယောဟန်သည် လူတို့အား ဗတ္တိဇံပေး
သောနေရာသို့၊ ဖာရိရှဲ*နှင့် ဇဒ္ဒုကဲ*အများတို့

---

**နာဇရက်မြို့သား** နာဇရက်မြို့မှလူ၊ ဤနာမည်၏ အနက်အဓိပ္ပါယ်မှာ "သစ်ကိုင်း" ဖြစ်နိုင်ဖွယ်ရှိသည်။ ဟေရှာယ 11:1 ကိုကြည့်ပါ။

**ဖာရိရှဲ** ဖါရိရှဲတို့သည် ယုဒလူမျိုးတို့၏ဥပဒေများနှင့် ဓလေ့ထုံးစံအားလုံးကို သတိရှိစွာလိုက်နာရန်ကြွေးကြော်သောဘာသာရေးနှင့်ဆိုင်သော အဖွဲ့ဖြစ်သည်။

**ဇဒ္ဒုကဲ** ယုဒဘာသာရေးအဖွဲ့ဦးဆောင်သူ။ သူတို့သည် ဓမ္မဟောင်းထဲမှ ပထမ 5 အုပ်ကို လက်ခံသည်။ သူတို့သည် လူတို့သေခြင်းမှ ပြန်လည်မရှင်ပြန်နိုင်ဟု ယုံကြည်ကြသည်။

ရောက်လာကြ၏။ ယောဟန်သည် သူတို့ကို
မြင်သောအခါ၊ “သင်တို့သည် အဆိပ်ရှိသော
မြွေဆိုးများ ဖြစ်ကြ၏။ ကျရောက်လာမည့်
ထာဝရဘုရား၏အမျက်တော်မှ လွတ်မြောက်
ထွက်ပြေးရန် အဘယ်သူသည် သင်တို့ကို သတိ
ပေးသနည်း။ 8 သင်တို့၏စိတ်နှလုံးနှင့် အသက်
တာများကို ပြောင်းလဲပြီဖြစ်ကြောင်းသက်သေ
ပြသောအရာများကို သင်တို့လုပ်ဆောင်ရ
မည်။ 9 “အာဗြဟံသည် ငါတို့အဘဖြစ်သည်”
ဟုသင်တို့ဝါကြွားနိုင်သည်ဟု မထင်နှင့်။ ဘုရား
သခင်သည် ဤကျောက်ခဲတို့မှ၊ အာဗြဟံသား
တို့ကို ထုတ်ဖော်ဖန်ဆင်းနိုင်တော်မူ၏ဟု ငါ
ဆို၏။ 10 သစ်ပင်တို့*ကို ခုတ်ဖြတ်ရန် ပုဆိန်
သည် အဆင်သင့်ရှိနေပြီ၊ ကောင်းသောအသီး
မသီးသောအပင်ရှိသမျှတို့ကို ခုတ်ဖြတ်၍ မီးထဲ
သို့ပစ်ချရမည်။

11 သင်တို့စိတ်နှလုံးနှင့် အသက်တာများ
ပြောင်းလဲသည်ကို ပြဖို့ရန် ငါသည် သင်တို့ကို
ရေနှင့်ဗတ္တိဇံပေး၏။ သို့ရာတွင် ငါ့ထက်ကြီး
မြတ်သောသူသည် မကြာမီရောက်လာလိမ့်
မည်။ သူ၏ဖိနပ်ကိုမျှ ချွတ်ပေးခြင်းငှါ ငါမထိုက်
တန်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်
ဎင်း၊ မီးနှင့်ဎင်း သင်တို့ကို ဗတ္တိဇံပေးမည်။
12 သူသည် ကောက်ရိုးထဲမှ ကောင်းသောဂျုံ
စပါးကို ခွဲခြားရန် လက်တော်၌ စံကောကိုင်
ထား၏။ သူသည် မိမိဂျုံစပါးကို ကျီ၌ စုသိမ်း
သွင်းထား၍ အဖျင်းများကို မငြိမ်းနိုင်သောမီး
နှင့်ရှို့တော်မူမည်” ဟုယောဟန်ဟောပြော၏။

## ယေရှုသည် ယောဟန်၏ဗတ္တိဇံ ပြုခြင်းကိုခံတော်မူခြင်း

*(မာ၊ 1:9-11; လု၊ 3:21-22)*

13 ထိုအခါ ယေရှုသည် ဗတ္တိဇံကို ခံအံ့သော
ငှါ ဂါလိလဲပြည်မှ ယော်ဒန်မြစ်နား ယောဟန်
ထံသို့ ကြွတော်မူ၏။ 14 သို့ရာတွင် ယောဟန်က
ယေရှုကို ဗတ္တိဇံပေးရန် မထိုက်တန်ကြောင်း
ပြောပြရာတွင်၊ “အဘယ်ကြောင့် အကျွန်ုပ်ထံ
သို့ ဗတ္တိဇံခံရန် ကြွလာတော်မူသနည်း၊ အကျွန်ုပ်
သာလျှင် ကိုယ်တော်ထံမှာ ဗတ္တိဇံခံရမည်”ဟု
ပြောလေ၏။

15 ယေရှုက၊ “ယခုတွင်၊ ဤနည်းလမ်းအ
တိုင်းဖြစ်ပါစေ၊ မှန်သောအရာဟူသမျှကို ငါတို့
လုပ်ကြရလိမ့်မည်” ဟုဖြေကြားတော်မူ၏။ ထို
အခါ ယောဟန်သည် ယေရှုကို ဗတ္တိဇံပေးရန်
သဘောတူလေ၏။

16 ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးနောက်၊
ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့်
ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်အ
သွင်ဖြင့် ကိုယ်တော်အပေါ်၌ ဆင်းသက်တော်
မူသည်ကို သူမြင်၏။ 17 ကောင်းကင်မှအသံ
တော်ထွက်ပေါ်လာ၏။ ထိုအသံတော်က၊ “ဤ
သူသည် ငါ၏သားဖြစ်၏။ သူ့ကို ငါချစ်၏။ သူ့
အပေါ်တွင် ငါအလွန်ကျေနပ်ဝမ်းမြောက်သည်”
ဟုမြွက်ဆို၏။

## ယေရှုအား ဖြားယောင်းသွေးဆောင်ခြင်း

*(မာ၊ 1:12-13; လု၊ 4:1-13)*

4 ထိုနောက် ဝိညာဉ်တော်*သည် ယေရှု
အား တောထဲသို့ ခေါ်သွားလေ၏။ ယေရှု
သည် မာရ်နတ်၏ဖြားယောင်းသွေးဆောင်ခြင်း
ကို ခံစေမည်အကြောင်း ထိုနေရာသို့ ခေါ်
ဆောင်သွားခြင်းခံတော်မူ၏။ 2 ယေရှုသည်
ရက်ပေါင်းလေးဆယ်ပတ်လုံး အစာမစားဘဲ
နေတော်မူ၏။ ထို့နောက် အလွန်ဆာလောင်
မွတ်သိပ်တော်မူ၏။ 3 မာရ်နတ်သည် သူ့ထံသို့
ရောက်ရှိလာပြီး သွေးဆောင်ဖြားယောင်းလေ
၏။ မာရ်နတ်က၊ “ကိုယ်တော်သည် ဘုရား
သခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့

**သစ်ပင်တို့** ယေရှုကို လက်မခံသောသူများ။ သူတို့သည် ခုတ်ဖြတ်ရမည့်သစ်ပင်များဟုဆိုလိုခြင်းဖြစ်သည်။

**ဝိညာဉ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်** ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍ဎင်း၊ ခရစ်တော်၏ဝိညာဉ်တော်ဟူ၍ဎင်းဥပဒ္ဒေါယ်ဆရာဟူ၍ဎင်း ခေါ်လေ့ရှိသည်။ သူသည် ဘုရားသခင်နှင့်ခရစ်တော်နှင့်ပူးပေါင်းပြီး ကမ္ဘာပေါ်ရှိလူသားများထဲတွင် ဘုရားသခင်၏အမှုတော်ကို လုပ်ဆောင်သည်။

ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါ” ဟု
လျှောက်လေ၏။
4ယေရှုကလည်း၊

“လူသည် မုန့်အားဖြင့်သာ အသက်ရှင်ရ
မည်မဟုတ်။ ဘုရားသခင်မိန့်တော်မူ
သမျှအားဖြင့် အသက်ရှင်ရမည်ဟူသော
အရာကို ကျမ်းစာ၌ ရေးထားသည်”ဟု
ပြန်ပြောတော်မူ၏။

*တရားဟောရာကျမ်း 8:3*

5ထိုနောက် မာရ်နတ်သည် ယေရှုအား
သန့်ရှင်းသောမြို့တော်သို့ ခေါ်ဆောင်သွား၏။
6ထို့နောက် မာရ်နတ်သည် ယေရှုကို ဗိမာန်
တော်၏အထွဋ်၌ တင်ထားပြီးနောက် သင်
သည် ဘုရားသခင်၏သားတော်မှန်လျှင် ခုန်ချ
တော်မူပါ။ အကြောင်းမူကား၊ ကျမ်းစာထဲ၌

“ဘုရားသခင်သည် သင့်အတွက် သူ၏
ကောင်းကင်တမန်တော်တို့ကို အမိန့်ပေး
၍သင်၏ခြေကို ကျောက်နှင့်မထိခိုက်စေ
ခြင်းငှါ သူတို့သည် သင့်ကို လက်နှင့်မစ
ချီပင့်ကြလိမ့်မည်” ဟုရေးသားထား၏။

*ဆာလံကျမ်း 91:11-12*

7ယေရှုက၊

“သင်၏ဘုရားသခင် ထာဝရဘုရားကို
သင်သည် အစုံအစမ်းမပြုရ ဟူ၍လည်း
ကျမ်းစာထဲ၌ ရေးသားထားသည်” ဟု
မိန့်တော်မူ၏။

*တရားဟောရာကျမ်း 6:16*

8ထိုနောက် မာရ်နတ်သည် ယေရှုအား အ
လွန်မြင့်သောတောင်ထိပ်သို့ ခေါ်ဆောင်သွား
၍ ဤလောက၌ ရှိသမျှသောတိုင်းနိုင်ငံတို့ကို
၎င်း၊ ထိုတိုင်းနိုင်ငံ၏ဘုန်းစည်းစိမ်ကို၎င်း ပြသ
လျက်၊ 9မာရ်နတ်က “သင်သည် ငါ့ကို ညွတ်
ပြပ်ကိုးကွယ်လျှင်ဤအရာအားလုံးကိုသင့်အား
ငါပေးမည်” ဟုဆိုလေ၏။
10ထိုအခါ ယေရှုက မာရ်နတ်အား၊
“စာတန် ငါ့ထံမှ ထွက်သွားလော့၊

‘ကျမ်းစာ၌ ရေးထားသည်မှာ၊ သင်သည်
သင်၏ဘုရားသခင် ထာဝရဘုရားကို
သာ ကိုးကွယ်၍၊ သူ့အစေကို သာခံရ
မည်’” ဟုမိန့်တော်မူ၏။

*တရားဟောရာကျမ်း 6:13*

11ထိုအခါ မာရ်နတ်သည် အထံတော်မှ
ထွက်သွား၍ ကောင်းကင်တမန်တို့သည် ယေရှု
ထံတော်သို့ရောက်လာ၍ လုပ်ကျွေးပြုစုကြ၏။

## ယေရှုသည် ဂါလိလဲပြည်တွင် လုပ်ငန်း စတင်တော်မူခြင်း

*(မာ၊ 1:14-15; ၊လုကာ 4:14-15)*

12ယောဟန်သည် ထောင်ထဲသို့ ရောက်
ကြောင်းကို ယေရှုကြားသိလျှင် ဂါလိလဲပြည်သို့
ပြန်ကြွတော်မူ၏။ 13သူသည် နာဇရက်မြို့တွင်
မနေတော့ဘဲ၊ ရေအိုင်အနီးရှိ၊ ကပေရနောင်
မြို့တွင် နေတော်မူ၏။ ကပေရနောင်မြို့သည်
ဇာဗုလုန်နှင့် နဿလိ၏အရပ်ဒေသတွင် တည်ရှိ
၏။ 14ယေရှုသည် ပရောဖက်ဟေရှာယ၏ပြော
ကြားချက် ပြည့်စုံခြင်းငှာ ထိုသို့ပြုရခြင်းဖြစ်၏။

15 သူက၊ “ဇာဗုလုန်နယ်မြေနှင့် နဿလိ
နယ်မြေသည် ပင်လယ်သွားရာလမ်း
ယော်ဒန်မြစ်နယ်ပယ်၏ တစ်ဖက်ကမ်း၊
တပါးအမျိုးသားတို့၏နေရာ ဂါလေလဲ
ပြည်၊
16 မှောင်မိုက်ထဲ၌ရှိနေသော လူတို့သည်
ကြီးစွာသောအလင်းကို မြင်ကြရပြီ။ သေ
မင်းအရိပ်အောက်ရှိ မြေပေါ်၌ နေသော
သူတို့အတွက် အလင်းပေါ်ထွန်းလျက် ရှိ
ပြီ” ဟုဟောထားလေ၏။

*ဟေရှာယ 9:1-2*

17ထိုအချိန်မှစ၍ ယေရှုက၊ “စိတ်နှလုံးနှင့်
အသက်တာပြောင်းလဲကြလော့။ အကြောင်းမူ
ကား၊ ကောင်းကင်နိုင်ငံတော်တည် လုနီးပြီ”
ဟုစတင်၍ တရားဟောကြားတော်မူ၏။

## ယေရှုသည် တပည့်တော်အချို့ကို ရွေးချယ်တော်မူခြင်း

*(မာ၊ 1:16-20; လု၊ 5:1-11)*

18ယေရှုသည် ဂါလိလဲရေအိုင်အနား၌ ကြွ
တော်မူစဉ်၊ ပေတရုဟုခေါ်တွင်သောရှိမုန်နှင့်
သူ၏ညီအန္ဒြေတို့ကို မြင်တော်မူ၏။ သူတို့သည်
တံငါသည်များ ဖြစ်သောကြောင့် ပိုက်ကွန်နှင့်
ငါးဖမ်းနေကြရာ၊ 19ယေရှုက၊ “ငါ့နောက်သို့
လိုက်ကြလော့၊ သင်တို့သည် လူကိုများသော
တံငါသည်များ ဖြစ်စေခြင်းငှါ ငါပြုမည်” ဟုမိန့်
တော်မူ၏။ 20ရှိမုန်နှင့်အန္ဒြေတို့သည် ပိုက်ကွန်
များကို စွန့်ပစ်၍ ယေရှုနောက်တော်သို့ လိုက်
ကြ၏။

21ယေရှုသည် ဂါလိလဲရေအိုင်အနား၌ ဆက်
လက် ကြွလာတော်မူစဉ်၊ အခြားညီအစ်ကိုနှစ်
ယောက်ယာကုပ်နှင့်ယောဟန်တို့ကို မြင်တော်
မူ၏။ သူတို့သည် ဇေဗေဒဲ၏သားများဖြစ်ကြ၏။
သူတို့၏အဘနှင့်အတူ၊ ငါးဖမ်းရန် လှေပေါ်တွင်
ပိုက်ကွန်များချရန် ပြင်နေကြ၏။ ယေရှုက သူ
နှင့်အတူလိုက်ရန် မိန့်တော်မူ၏။ 22ထိုကြောင့်
ညီအစ်ကိုနှစ်ယောက်သည် လှေနှင့်အဘကို စွန့်
ပစ်၍ ယေရှု၏နောက်တော်သို့ လိုက်ကြ၏။

## ယေရှုက လူများကို ဆုံးမဩဝါဒပေးခြင်းနှင့် ရောဂါဝေဒနာကျန်းမာစေတော်မူခြင်း

*(လု၊ 6:17-19)*

23ယေရှုသည် ဂါလိလဲပြည်အနှံ့အပြားသို့
သွားရောက်ကာ၊တရားဇရပ်များတွင်ကောင်း
ကင်နိုင်ငံတော်နှင့်စပ်ဆိုင်သော ဝမ်းမြောက်
ဖွယ်ရာသတင်းများကို ဟောကြားတော်မူ၏။
ကိုယ်တော်သည် လူတို့၌ရှိသောရောဂါဝေဒနာ
ဟူသမျှကိုလည်း ငြိမ်းစေတော်မူ၏။ 24ယေရှု
၏သတင်းမှာ ရှုရိပြည်တစ်ဝန်းလုံး ပျံ့နှံ့သွား
လေ၏။ လူတို့သည် ယေရှုထံတော်သို့ လူနာ
အားလုံးကို ခေါ်ဆောင်လာကြ၏။ ထိုလူနာတို့
သည် ရောဂါအမျိုးမျိုး၊ ဝေဒနာအထူးထူးအ
ပြားပြား ခံစားနေရသူများ ဖြစ်ကြ၏။ ယေရှု
သည် သူတို့အားလုံး၏ရောဂါအမျိုးမျိုး ကို
ပျောက်ကင်းစေတော်မူ၏။ တချို့သောလူတို့
သည် ဝေဒနာအသည်းအသန် ဖြစ်နေကြသူ၊
တချို့တို့သည် နတ်ဝင်သောသူ၊ တချို့တို့သည်
ဝက်ရူးပြန်သူနှင့်တချို့တို့သည် လက်ခြေသေနေ
သူ စသောရောဂါဝေဒနာသည်များ ဖြစ်ကြ၏။
25ထိုအခါ အလွန်များပြားလှသောလူအုပ်စုတို့
သည် ယေရှုနောက်တော်သို့ လိုက်ကြ၏။ ထို
လူတို့သည် ဂါလိလဲပြည်၊ ဒေကပေါလိ*ပြည်၊
ယေရုရှလင်မြို့၊ ယုဒပြည်နှင့် ယော်ဒန်မြစ်တ
ဖက်ကမ်းဝန်းကျင်မှ လာသောသူတို့ ဖြစ်ကြ၏။

## ယေရှုက လူများကို ဆုံးမဩဝါဒ ပေးတော်မူခြင်း

*(လု၊ 6:20-23)*

5 ယေရှုသည် များပြားလှသော လူအုပ်စု
တို့ကို မြင်သောအခါ၊ တောင်ပေါ်သို့
တက်၍ ထိုင်တော်မူ၏။ သူ၏တပည့်တော်တို့
သည် ကိုယ်တော်ခြေတော်ရင်းသို့ ချဉ်းကပ်
လာကြ၏။ 2ယေရှုသည် လူတို့ကို ဆုံးမဩဝါဒ
ပေးတော်မူသည်မှာ၊

3 “မိမိ၏ဝိညာဉ်ရေး၌ ဆင်းရဲမှုကို သိရှိနား
လည်သောသူတို့သည် မင်္ဂလာရှိကြ၏။
ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏
နိုင်ငံဖြစ်၏။
4 ယခု ဝမ်းနည်းပူဆွေးသောသူတို့သည်
မင်္ဂလာရှိကြ၏။ ထာဝရဘုရားသည် ထို
သူတို့ကို နှစ်သိမ့်တော်မူလိမ့်မည်။

---

**ဒေကပေါလိ** ဂရိဘာသာဖြင့် “ဒေကပေါလိ” ဂါလိလဲ အိုင်၏အရှေ့ဘက်ကမ်းခြေတလျှောက်တွင် ရှိသောမြို့ များဖြစ်သည်။ တစ်ချိန်က အဓိကမြို့ကြီးဆယ်မြို့တည် ရှိခဲ့သည်။

5 နှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။
ထိုသူတို့သည် ဘုရားသခင်၏ဂတိပြု
ထားသောပြည်တော်*ကိုရရှိလိမ့်မည်။
6 ဖြောင့်မတ်သောအရာကို လုပ်ရန် ဆန္ဒ
ပြင်းပြသောသူတို့သည် မင်္ဂလာရှိကြ၏။
ဘုရားသခင်သည် ထိုသူတို့အား ကျေ
နပ်ရောင့်ရဲမှုကို ပြည့်စုံစွာပေးတော်မူ
လိမ့်မည်။
7 သူတစ်ပါးကို ကြင်နာတတ်သူတို့အတွက်
မင်္ဂလာရှိ၏။ ကြင်နာခြင်းကို သူတို့လည်း
ခံရလိမ့်မည်။
8 စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာ
ရှိကြ၏။ ထိုသူတို့သည် ဘုရားသခင်နှင့်
အတူ ရှိနေကြလိမ့်မည်။
9 ငြိမ်သက်ခြင်းအတွက် ကြိုးစားဆောင်
ရွက်သူတို့သည် မင်္ဂလာရှိကြ၏။ ထိုသူ
တို့သည် ဘုရားသခင်၏သားတော်ဟု
ခေါ်ဝေါ်ခြင်းကို ခံရကြလိမ့်မည်။
10 ဘုရားသခင်၏အလိုတော်အတိုင်း လုပ်
ဆောင်ခြင်းကြောင့် နှောင့်ယှက်ညှဉ်းဆဲ
ခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိ
၏။ ကောင်းကင်နိုင်ငံတော်သည် ထိုသူ
တို့၏နိုင်ငံဖြစ်၏။

11 “သင်တို့သည် ငါ့နောက်ကို လိုက်သော
ကြောင့်၊ လူတို့သည် သင်တို့အား စော်ကား
ညှဉ်းဆဲ၍ မုသားယွင်းစွာ ဆန့်ကျင်ဝေဖန်ပြောဆို
ကြသောအခါသင်တို့သည်မင်္ဂလာရှိကြ၏။
12 ရွှင်
လန်းဝမ်းမြောက်ခြင်း ရှိကြလော့၊ အကြောင်း
မူကား ကောင်းကင်ဘုံ၌ သင်တို့အတွက် ကြီး
မားသောဆုလာဒ်သည် သင်တို့ကို စောင့်နေ
လိမ့်မည်။ သင်တို့ရှေ့က ပေါ်ထွန်းသောပရော
ဖက်တို့သည် ထိုနည်းတူညှဉ်း ဆဲခြင်းကိုခံကြပြီ။

## သင်တို့သည် ဆားနှင့်အလင်းကဲ့သို့ဖြစ်ကြ၏

*(မာ၊ 9:50; လု၊ 14:34-35)*

13 “သင်တို့သည် ဤလောက၏ဆားဖြစ်ကြ
၏။ သို့သော်လည်း ဆား၌ အငန်ပျောက်သွား
လျှင် အဘယ်မျှ အသုံးမဝင်။ လွှင့်ပစ်၍ လူတို့
ကျော်နင်းခြင်းကိုသာခံရ၏။
14 “သင်တို့သည် ဤလောက၏အလင်းဖြစ်
ကြ၏။ တောင်ထိပ်၌ တည်သောမြို့ကို မကွယ်
နိုင်။
15 လူတို့သည် မီးအိမ်ကို ထွန်း၍ မြေအိုး
အောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအ
ပေါင်းတို့သည် အလင်းကိုရစေခြင်းငှါ ဆီမီးခုံ
ပေါ်မှာ တင်ထလားလေ့ရှိ၏။
16 မီးခွက်ခုံပေါ်ရှိ
မီးခွက်ကဲ့သို့ပင် သင်တို့၏အလင်းကို လူတို့အ
တွက် လင်းစေကြလော့။ လူတို့သည် သင်တို့
၏ကောင်းမှုပြုခြင်းတို့ကို မြင်ကြသောအခါ
ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့အဘ
ကို ချီးမွမ်းကြလိမ့်မည်။”

## ယေရှုနှင့်ဓမ္မဟောင်းကျမ်း အရေးအသားများ

17 “ငါသည် မောရှေ၏ပညတ်တရားနှင့်
ပရောဖက်တို့၏ဆုံးမသြဝါဒများကို၊ ဖျက်ပယ်
ခြင်းငှါ လာသည်ဟု မထင်ကြနှင့်။ ငါသည် ထို
အရာတို့ကို ဖျက်ပယ်ခြင်းငှါ လာသည်မဟုတ်၊
သို့သော်လည်း ထိုအရာတို့၏အဓိပ္ပါယ်ကို ပြည့်
စုံစေခြင်းငှါ ငါလာခြင်းဖြစ်၏။
18 ငါအမှန်ဆို
သည်ကား ကောင်းကင်နှင့်မြေကြီးမပျက်စီးမှီ
တိုင်အောင်၊ ပညတ်တရားတစ်စုံတစ်ရာမျှ
ပျောက်လိမ့်မည်မဟုတ်။ ပညတ္တိကျမ်း၌ ငယ်
ဆုံးသော၊ စာလုံးဖိန္ဒုတစ်လုံးမျှ၊ ပြည့်စုံခြင်း
သို့မရောက်မှီ မပျက်စီးရ။
19 ပညတ်တစ်ပါးကို
အရေးမကြီးဟု ထင်၍ မလိုက်နာဘဲ တခြား
သောသူတို့ကိုလည်း မလိုက်နာရန် တိုက်တွန်း
သောသူသည် ကောင်းကင်နိုင်ငံတော်၌ အ
ငယ်ဆုံးသောသူဖြစ်လိမ့်မည်။ သို့သော်လည်း
ပညတ်တော်ကို ကိုယ်တိုင်လိုက်နာ၍ တခြား
သောသူတို့ကိုလည်း လိုက်နာရန် တိုက်တွန်း
သောသူသည် ကောင်းကင်နိုင်ငံတော်၌ ကြီး
သောသူဖြစ်လိမ့်မည်။
20 ငါဆိုသည်ကား၊ ဘုရား
သခင်ထံတော်၌ သင်တို့၏ဆက်ကပ်ခြင်းသည်
ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့ထက် အလွန်
သာရပါမည်။ သူတို့ထက် အလွန်မသာလျှင်

---

**ဘုရားသခင်၏ဂတိပြုထားသောပြည်တော်** ဆာ 37:11

သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရ
လိမ့်မည်မဟုတ်ဟု” မိန့်တော်မူ၏။

## ယေရှုက အမျက်ဒေါသအကြောင်း ဆုံးမသြဝါဒပေးတော်မူခြင်း

[21]“‘လူ့အသက်ကို မသတ်ရ၊’* သတ်သော
သူသည် တရားစီရင်ခြင်းကိုခံရမည်’ ဟူသော
ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ [22]သို့ရာ
တွင် ငါဆိုသည်မှာ၊ သူတပါးအား ဒေါသမ
ထွက်နှင့်၊ လူတိုင်းသည် သင်၏ညီအစ်ကိုဖြစ်၏။
သူတစ်ပါးအား ဒေါသဖြစ်လျှင် တရားစီရင်ခြင်း
ခံရမည်။ သူတစ်ပါးအား မကောင်းကြောင်း
ပြောဆိုလျှင် ရုံး၌တရားစီရင်ခြင်းခံရမည်။ သင်
သည် သူတစ်ပါးကို ‘အရူး’ ဟုခေါ်လျှင်၊ မီးရှို့
ခြင်းကိုခံထိုက်ပေ၏။

[23]“ထို့ကြောင့် သင်သည် ဘုရားသခင်ကို လှူ
ဖွယ်ပစ္စည်းပူဇော်နေစဉ်၊ သင့်ညီအစ်ကိုသည်
သင့်အပေါ်တွင် အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိ
ကြောင်း သင်အောက်မေ့လျှင် [24]ထိုလှူဖွယ်
ပစ္စည်းကို ယဇ်ပလ္လင်ရှေ့မှာပင် ထားခဲ့လော့။
ရှေးဦးစွာ သွား၍ သင့်ညီအစ်ကိုနှင့် ငြိမ်းချမ်း
ပြေလည်လော့။ ထို့နောက် ပြန်လာပြီး လှူဖွယ်
ပစ္စည်းကို ကပ်လှူလော့။

[25]“သင့်တရားလိုသည် သင့်ကို တရားရုံး
တော်သို့ ခေါ်သွားလျှင်၊ လမ်းခရီး၌ ရှိနေစဉ်
သူနှင့်အမြန်ဆုံး ငြိမ်းချမ်းပြေလည်ရန် ကြိုးစား
လော့။ သင်သည် သူ၏မိတ်ဆွေမဖြစ်လျှင် သူ
သည် သင့်ကို တရားသူကြီးလက်ထဲသို့ အပ်
မည်၊ တရားသူကြီးသည် သင့်ကိုအကျဉ်းချရန်
အစောင့်လက်ထဲသို့အပ်လိမ့်မည်။ [26]ထို့နောက်
သင်ပေးစရာအကြွေးရှိသမျှကို မပေးမီတိုင်
အောင်ထောင်ထဲက မထွက်ရဟု ငါဆို၏။

## ယေရှုက ကိလေသာအပြစ်ကြောင်း ဆုံးမသြဝါဒပေးတော်မူခြင်း

[27]“‘သူ့မယားကို မပြစ်မှားရ*ဟူသော
ပညတ်စကားကို သင်တို့ကြားရပြီ။ [28]သို့သော်
လည်း ငါဆိုသည်ကား တစ်စုံတစ်ယောက်
သည် မိန်းမတစ်ယောက်ကို ပြစ်မှားလိုသော
စိတ်နှင့်ကြည့်လျှင် ထိုသူ၏စိတ်နှလုံးထဲ၌ ထို
မိန်းမနှင့်ပြစ်မှားပြီ။ [29]သင်၏ညာဘက်မျက်စိက
သင့်ကို မှားယွင်းစေလျှင် ထိုမျက်စိကို ထုတ်ပစ်
လော့။ သင်၏တကိုယ်လုံးသည် ငရဲသို့ချခြင်း
ကိုခံရသည်ထက် အင်္ဂါတစ်ခုပျက်သော် သာ၍
ကောင်း၏။ [30]သင်၏ညာလက်သည် သင့်ကို
မှားယွင်းစေလျှင် ထိုလက်ကို ဖြတ်ပစ်လော့။
သင်၏တစ်ကိုယ်လုံး ငရဲသို့ချခြင်းခံရသည်ထက်
အင်္ဂါတစ်ခုပျက်သော် သာ၍ကောင်း၏။

## ယေရှုက ကွာရှင်းခြင်းနှင့်ပတ်သက်၍ ဆုံးမသြဝါဒပေးတော်မူခြင်း

*(မဿဲ၊ 19:9; မာ၊ 10:11-12; လု၊ 16:18)*

[31]‘အဘယ်သူမဆို မိမိမယား ကွာလိုလျှင်
ဖြတ်စာပေးရမည်* ဟူသောပညာတ်စကား
ရှိ၏။ [32]သို့သော်လည်း ငါဆိုသည်ကား သင်
သည် မိမိမယားနှင့်ကွာလျှင် မိမိမယားကို မှား
ယွင်းစေ၏။ လူတစ်ယောက်သည် မိမိမယား
အားအခြားသောယောကျ်ားတစ်ဦးနှင့် မှား
ယွင်းမိလျှင်သာ ကွာနိုင်၏။ ကွာသောမိန်းမနှင့်
စုံဘက်ခြင်းကို ပြုသောသူသည်လည်း သူ့မယား
ကို ပြစ်မှား၏။

## ယေရှုကဂတိသစ္စာပြုခြင်းနှင့်ပတ်သက်၍ ဆုံးမသြဝါဒပေးတော်မူခြင်း

[33]“သင်တို့သည် ကျိန်ဆိုခြင်းပြုသောအခါ
မချိုးဖောက်ရ၊ ထာဝရဘုရား* ထံတော်သို့
ကျိန်ဆို*သည့်အတိုင်း တည်စေလော့”’* ဟူ

---

**‘လူ … မသတ်ရ’** ထွက် 20:13၊ တရား 5:17

**‘သူ့မယား … မပြစ်မှားရ’** ထွက် 20:14၊ တရား 5:18

**အဘယ်သူမဆို … ပေးရမည်** တရား 24:1

**ထာဝရဘုရား** ဝတ်ပြု 19:12, တော 30:2, တရား 23:21

**ကျိန်ဆို** တစ်ယောက်ကအလွန်သန်မာသောကျိန်ဆိုခြင်းကို ပြုသောအခါ မကြာခဏ သုံးလျက်ရှိသော အရေးကြီးသောတစ်စုံတစ်ခု၏အမည်။

**သင်တို့ … တည်စေလော့** တော၊ 19:12; ဝတ် 30:2 ; တရား 23:21

သောရှေးပညတ်စကားကို သင်တို့ကြားရပြီ။
34သို့ရာတွင် ငါဆိုသည်ကား၊ သင်တို့သည်
ကျိန်ဆိုခြင်းကို အလျင်းမပြုရ။ ကောင်းကင်ဘုံ
ကို တိုင်တည်၍ မကျိန်ဆိုရ၊ အကြောင်းမူကား
ကောင်းကင်ဘုံသည် ဘုရားသခင်၏ပလ္လင်
တော်ဖြစ်၏။ 35မြေကြီးသည် ဘုရားသခင်၏
ခြေတော်တင်ရာခုံ ဖြစ်သောကြောင့် မြေကြီး
ကို တိုင်တည်၍ မကျိန်ရ။ ယေရုရှလင်မြို့သည်
ကြီးမြတ်သော ဘုရင်၏မြို့တော် ဖြစ်သော
ကြောင့် ယေရုရှလင်မြို့ကို တိုင်တည်၍ မကျိန်
ရ။ 36ဆံခြည်တပင်ကို မျှဖြူစေခြင်း၊ မည်းစေ
ခြင်းမတတ်နိုင်သောကိုယ်ဦးခေါင်းကို တိုင်တည်
၍မကျိန်ရ၊ 37'ဟုတ်မှန်လျှင်' မှန်သည်၊' မဟုတ်
လျှင်' 'မမှန်ပါ' ဟုပြောလော့၊ သင်သည် ဤ
အရာထက်လွန်၍ ပြောလျှင် ထိုအရာသည်
ဆိုးယုတ်သောသူ (မာရ်နတ်) မှလာ၏။

## ယေရှုက ရန်တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ ဆုံးမသြဝါဒပေးတော်မူခြင်း

*(လု၊ 6:29-30)*

38"'မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်
လုံး၊ သွားတစ်ချောင်းအတွက် သွားတစ်
ချောင်း'* ဟု ပြောသောစကားကို သင်တို့ကြား
ရပြီ။ 39သို့သော်လည်း ငါဆိုသည်ကား၊ လူ
ဆိုးကို ဆန့်ကျင်ရန် မသွားကြနှင့်၊ တစ်စုံတစ်
ယောက်သည် သင်၏ပါးတစ်ဘက်ကို ရိုက်လျှင်
ပါးတဘက်ကို လှည့်၍ ပေးဦးလော့။ 40တစ်စုံ
တစ်ယောက်သည် သင်၏အင်္ကျီကို ယူလိုလျက်
တရားရုံးသို့ ခေါ်သွားလိုလျှင် သင်၏ကုတ်
အင်္ကျီကိုလည်း ယူခွင့်ပေးဦးလော့။ 41စစ်သား
တစ်ယောက်သည် သူနှင့်အတူ တစ်မိုင်ခရီးကို
အတင်းအဓမ္မလျှောက်ခိုင်းလျှင်၊ နောက်ထပ်
တစ်မိုင်သူနှင့်အတူ ဆက်လျှောက်လော့။
42တစ်စုံတစ်ယောက်သောသူသည် သင့်ကို တစ်
ခုခုတောင်းလျှင်ပေးလော့။ သင့်ထံမှ တစ်ခုခု
ငှားလိုလျှင်လည်း မငြင်းဆန်ဘဲ ချေးငှါးလော့။

## လူအားလုံးကိုချစ်ပါ

*(လုကာ၊ 6:27-28, 32-36)*

43"'အိမ်နီးနားချင်းကို ချစ်လော့၊* ရန်သူ
ကို မုန်းလော့' ဟူသောပညတ်စကားကို သင်
တို့ကြားရပြီ။ 44သို့သော်လည်း ငါဆိုသည်
ကား၊ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့၊ သင့်
တို့ကို ညှင်းဆဲသောသူတို့အတွက် ဆုတောင်း
ပေးကြလော့။ 45သို့ဖြစ်လျှင် သင်တို့သည်
ကောင်းကင်ဘုံ၌ ရှိတော်မူသောအဘ၏သား
အမှန် ဖြစ်ကြလိမ့်မည်။ သူသည် ကောင်းသော
သူနှင့် မကောင်းသောသူတို့အပေါ်၌၊ နေကို
ထွက်စေသောသူ ဖြစ်တော်မူ၏။ ကောင်း
သောအမှုကို ပြုသောသူနှင့် မကောင်းသော
အမှုကိုပြုသောသူတို့အပေါ်၌ မိုးကိုရွာစေသော
သူ ဖြစ်တော်မူ၏။ 46သင်တို့ကိုချစ်သောသူတို့
ကိုသာ ပြန်ချစ်လျှင် အဘယ်အကျိုးကျေးဇူးရ
မည်မဟုတ်။ ဤအရာမျိုးကို အခွန်ခံသူတို့ပင်
လုပ်တတ်ကြ၏။ 47ထို့ပြင်သင်တို့သည် မိတ်ဆွေ
တို့အပေါ်၌သာ ကောင်းနေလျှင်၊ တခြားသူတို့
ထက်အဘယ်သို့ ထူးမြတ်သနည်း။ ဘုရား
သခင်ကို မသိသောသူတို့ပင် ထိုအတူပြုကြ
သည်မဟုတ်လော့။ 48ထို့ကြောင့် ကောင်းကင်
ဘုံ၌ရှိတော်မူသောသင်တို့အဘပြည့်စုံသကဲ့သို့
သင်တို့ပြည့်စုံခြင်းရှိကြလော့။

## ယေရှုက ပေးကမ်းခြင်းအကြောင်း ဆုံးမသြဝါဒပေးတော်မူခြင်း

6 ကောင်းမှုများပြုသောအခါ လူတို့၏ချီး
မွမ်းခြင်းခံရန် အများမျက်မှောက်၌ မကျင့်
မည်အကြောင်း သတိပြုကြလော့။ ဤသို့ပြု
လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့
အဘထံတော်မှ အဘယ်ဆုလာဒ်မျှ ရမည်
မဟုတ်။ 2ဆင်းရဲနွမ်းပါးသောသူတို့ကို လှူဒါန်း
သောအခါ လူတို့ရှေ့တွင် မကြေညာနှင့်။ သူ

**မျက်လုံးတစ်လုံး ... သွားတစ်ချောင်း** ထွက် 21:24၊ ဝတ်ပြု 24:20

**အိမ်နီးနားချင်းကိုချစ်လော့** ဝတ်ပြု 19:18

တော်ကောင်းယောင်ဆောင်သော သူတို့သည်
သူတို့၏ကောင်းသောအကျင့်ကို မြင်၍ ချီးမွမ်း
နိုင်အောင် ဆင်းရဲသူတို့အား မလှူခင်ကပင်
တံပိုးခရာကိုမှုတ်ကြ၏။ သူတို့သည် တရားဇရပ်
များ*နှင့်၊ လမ်းမပေါ်တွင် ဤအရာများကို
ပြုလုပ်တတ်ကြ၏။ ငါအမှန်ဆိုသည်ကား၊ ဤ
အရာသာလျှင် သူတို့ရမည့်ဆုလာဒ်ဖြစ်၏။ 3ထို
ကြောင့် သင်တို့သည် ဆင်းရဲသောသူတို့အား
ပေးလှူခြင်းကို လျှို့ဝှက်စွာ ပြုလုပ်ကြလော့။
4သင်တို့ပေးကမ်းခြင်းကို လျှို့ဝှက်စွာပြုရမည်။
သို့ဖြစ်လျှင် သင်တို့အဘသည် လျှို့ဝှက်စွာ ပြု
သောအလုံးစုံတို့ကို မြင်နိုင်သောကြောင့်၊ သူ
သည် သင်တို့ကို ဆုလာဒ်ပေးတော်မူလိမ့်မည်။

## ယေရှုက ဆုတောင်းမှုအကြောင်း သြဝါဒပေးတော်မူခြင်း

*(လု၊ 11:2-4)*

5“သင်သည် ဆုတောင်းသောအခါ သူ
ကောင်းယောင်ဆောင်သောသူတို့နည်းတူ မပြု
ကြနှင့်။ သူတို့သည် တရားဇရပ်များနှင့်လမ်း
ထောင့်များ၌ ရပ်လျက် ကျယ်လောင်စွာ ဆု
တောင်းလိုကြ၏။ သူတို့ဆုတောင်းနေကြသည်
ကို လူများအား သိစေလိုကြ၏။ ငါအမှန်အကန်
ဆိုသည်ကား ဤအရာသာလျှင် သူတို့ရမည့်ဆု
လာဒ်ဖြစ်၏။ 6သင်သည် ဆုတောင်းသောအခါ
သင့်အခန်းထဲသို့ဝင်၍ တံခါးကို ပိတ်ပြီးမှ သင့်
အဘထံကို ဆုတောင်းလော့။ ထိုလျှို့ဝှက်သော
နေရာ၌ ရှိတော်မူသောသင်၏အဘသည် လျှို့
ဝှက်ပြု လုပ်သောအရာများကို မြင်နိုင်စွမ်းရှိ
တော်မူ၏။ သင့်ကို ဆုလာဒ်ပေးတော်မူမည်။
7“ထို့ကြောင့် သင်တို့ဆုတောင်းသောအခါ
ဘုရားသခင်ကို မသိသောသူတို့နည်းတူ မဖြစ်
ကြနှင့်၊ သူတို့သည် အဓိပ္ပါယ်မရှိသောစကား
အားဖြင့် ထပ်ထပ်မြွက်ဆိုတတ်ကြ၏။ ထိုနည်း
တူ ဆုမတောင်းကြနှင့်။ သူတို့သည် ဆုများ
များတောင်းလျှင် ဘုရားသခင်ကြားလိမ့်မည်
ဟု ထင်မှတ်ကြ၏။ 8ထိုသူတို့ကဲ့သို့ မဖြစ်ကြ
နှင့်။ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့
အဘသည် သင်တို့လိုအပ်သောအရာများကို
သင်တို့မတောင်းမှီ သိတော်မူ၏။ 9ထို့ကြောင့်
သင်တို့ဆုတောင်းရမည်မှာ၊

‘ကောင်းကင်ဘုံ၌ ရှိတော်မူသော အ
ကျွန်ုပ်တို့၏အဘ၊ ကိုယ်တော်၏နာမ
တော်အား အစဉ်သန့်ရှင်းခြင်းရှိပါစေ။
10 အကျွန်ုပ်တို့ဆုတောင်းသည်မှာ ကိုယ်
တော်ရှင်၏နိုင်ငံတော် တည်ထောင်ပါ
စေသော၊ကိုယ်တော်၏အလိုတော်သည်
ကောင်းကင်ဘုံ၌ ပြည့်စုံခြင်းရှိသကဲ့သို့
မြေကြီးပေါ်မှာလည်း ပြည့်စုံပါစေသော။
11 အကျွန်ုပ်တို့ နေ့စဉ်လိုအပ်သောအစာကို
ယနေ့ပေးသနားတော်မူပါ။
12 အကျွန်ုပ်တို့အပေါ် ပြစ်မှားခဲ့သောသူတို့
ကို အကျွန်ုပ်တို့ ခွင့်လွှတ်သကဲ့သို့ အ
ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်
မူပါ။
13 အကျွန်ုပ်တို့အား ဖြားယောင်းသွေး
ဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မ
ကောင်းသောသူထံမှလည်း ကယ်နှုတ်
တော်မူပါ။’*

14လူတို့သည် သင်တို့ကို ဆန့်ကျင်ပြစ်မှားသော
အခါ သင်တို့သည် ခွင့်လွှတ်လျှင်ကောင်းကင်
ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့
၏အပြစ်ကို ခွင့်လွှတ်တော်မူလိမ့်မည်။ 15သို့
ရာတွင် လူတို့သည် သင်တို့အား ဆန့်ကျင်ပြစ်
မှားသောအခါ မခွင့်လွှတ်လျှင် ကောင်းကင်ဘုံ
၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏
အပြစ်ကို ခွင့်လွှတ်တော်မူလိမ့်မည်မဟုတ်။

---

**တရားဇရပ်များ:** တရားဇရပ်များသည် ယုဒတို့ဆုတောင်းသောနေရာများ၊ ကျမ်းစာများလေ့လာသင်ကြားခြင်းနှင့် အခြားပရိသတ်တွေ့ဆုံစည်းဝေးသောနေရာဖြစ်သည်။

**အခန်းငယ်13** တစ်ချို့ဂရိစာပေါင်းထည့်ထားမှာ၊ နိုင်ငံတော်နှင့်အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ထာဝရအစဉ်အမြဲ ကိုယ်တော်၌ရှိပါ၏။ အာမင်

## ယေရှုက အစာရှောင်ခြင်းအကြောင်း ဆုံးမဩဝါဒပေးတော်မူခြင်း

16“သင်တို့သည် အစာရှောင်သောအခါ
မျက်နှာမညှိုးငယ်ကြနှင့်။ သူကောင်းယောင်
ဆောင်သောသူတို့သည် မိမိတို့အစာရှောင်
သည်ကို လူအများတို့ရှေ့မှာ ထင်ရှားစေခြင်း
ငှါ မျက်နှာထားပြောင်းကြ၏။ ငါအမှန်အကန်
ဆိုသည်ကား၊ ဤအရာသာလျှင် သူတို့ရမည့်ဆု
လာဒ်ဖြစ်၏။ 17သင်တို့အစာရှောင်သောအခါ
သင်တို့မျက်နှာကိုသစ်၍ ဆံပင်ကိုဖြီးကြလော့။
18ထိုအခါ သင်အစာရှောင်နေသည်ကို လူများ
သိလိမ့်မည်မဟုတ်။ သို့သော်လည်း သင့်တို့
အဘကို သင်တို့မမြင်နိုင်သော်လည်း သူသည်
သင့်တို့ကို မြင်တော်မူ၏။ သူသည် လျှို့ဝှက်ပြု
လုပ်သောအရာများကို မြင်နိုင်သောကြောင့်
သင့်တို့ကို ဆုလာဒ်ပေးတော်မူလိမ့်မည်။

## ဘုရားသခင်ကို အစေခံခြင်းသည် ငွေကြေးထက်သာ၍အရေးကြီး၏

*(လု၊ 12:33-34; 11:34-36; 16:13)*

19“သင်တို့အတွက် ဘဏ္ဍာများကို မြေကြီး
ပေါ်မှာ မစုဆောင်းကြနှင့်။ သံချေး၊ ပိုးရွများ
ကြောင့် ပျက်စီးလိမ့်မည်။ သူခိုးများဖောက်
ထွင်းခိုးယူနိုင်၏။ 20ထို့ကြောင့် သင်တို့၏ဘဏ္ဍာ
များကို သင်တို့အတွက် ကောင်းကင်ဘုံ၌ စု
ဆောင်းကြလော့။ ထိုနေရာ၌သံချေး၊ ပိုးရွမ
ဖျက်ဆီးနိုင်၊ သူခိုးများထိုးဖောက်မဝင်နိုင်၊ မခိုး
ယူနိုင်။ 21သင်တို့ဘဏ္ဍာရှိသောနေရာ၌ သင်
တို့စိတ်နှလုံးလည်း ရှိလိမ့်မည်။ 22“မျက်စိသည်
ခန္ဓာကိုယ်၏အလင်းဖြစ်၏။ သင်၏မျက်စိကြည်
လင်လျှင် သင်၏ခန္ဓာကိုယ်တစ်ခုလုံးလင်းလိမ့်
မည်။ 23သို့သော်လည်း သင်၏မျက်စိမြေးရှုက်
လျှင် သင့်ခန္ဓာကိုယ်တစ်ခုလုံးမိုက်လိမ့်မည်။
သင်၌ရှိသောအလင်းသည် မှောင်မိုက်ဖြစ်လျှင်
သင်သည် နက်သောအမှောင်ထဲ၌ရှိ၏။ *
24“အဘယ်သူမျှ သခင်နှစ်ဦး၏အစေကို မခံ
နိုင်။ သူသည် သခင်တစ်ဦးကို မုန်း၍ တစ်ဦးကို
ချစ်ရမည်။ သခင်တစ်ဦး၏နောက်ကို လိုက်
၍ အခြားတစ်ဦး၏နောက်ကို လိုက်ရန်ငြင်းဆန်
ရမည်။ ထို့ကြောင့် သင်သည် တစ်ချိန်တည်း
တွင်ဘုရားသခင်နှင့်ငွေကြေး၏အစေကိုမခံနိုင်။

## ဘုရားသခင်၏နိုင်ငံတော်ကို ပထမထားလော့။

*(လု၊ 12:22-34)*

25“ထို့ကြောင့် ငါပြောမည်၊ သင်တို့နေရေး
ထိုင်ရေးအတွက်လိုအပ်သောအစားအသောက်
အတွက် မစိုးရိမ်ကြနှင့်။ သင်တို့ဝတ်ဆင်ရမည့်
အဝတ်အတွက်လည်း စိတ်မပူကြနှင့်။ အသက်
သည် အစာထက်ဌင်း၊ ခန္ဓာကိုယ်သည်အဝတ်
ထက်ဌင်းသာ၍အရေးကြီးသည် မဟုတ်လော။
26ငှက်များကိုကြည့်ရှုဆင်ခြင်ကြလော့။ ထိုငှက်
တို့သည် မျိုးစေ့ကိုမစိုက်မကြဲ၊ စပါးကို မရိတ်၊
အစာကို ကျီထဲ၌မသိုလှောင်။ သို့သော် လည်း
ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့၏အဘ
သည် သူတို့ကို ကျွေးမွေးတော်မူ၏။ သင်တို့
သည် ထိုငှက်များထက်သာ၍ တန်ဖိုးရှိသည်ကို
သင်တို့သိသည်မဟုတ်လော။ 27သင်တို့တွင်
တစ်စုံတစ်ယောက်သည် စိုးရိမ်ခြင်းအားဖြင့်
မိမိ အသက်တာကို အနည်းငယ်မျှ ပို၍ ရှည်စေ
နိုင်သလော။
28“သင့်တို့သည် အဝတ်အတွက် အဘယ်
ကြောင့် စိုးရိမ်ရသနည်း။ လယ်ကွင်းထဲက
ပန်းပင်များသည် မည်ကဲ့သို့ ကြီးထွားလာသည်
ကို ကြည့်ရှုဆင်ခြင်ကြလော့။ ထိုအပင်တို့သည်
ခက်ခဲသောအလုပ်တစ်ခုမျှမလုပ်၊ သူတို့ဝတ်
စရာအဝတ်အထည်လည်း မယက်။ 29သို့သော်
လည်း ငါပြောမည်၊ ကြီးမြတ်ကြွယ်ဝသော
ရှောလမုန်ဘုရင်သည်လည်း၊ ဤပန်းပွင့်တစ်ပွင့်

**အခန်းငယ်22 & 23** မူရင်းအဓိပ္ပါယ်မှာ၊ “**22** မျက်စိသည် ကိုယ်၏ဆီမီးဖြစ်၏။ ထို့ကြောင့် သင်၏မျက်စိကြည်လင်လျှင် သင်သည် တစ်ကိုယ်လုံးလင်းလိမ့်မည်။ **23** သို့သော်လည်း သင်၏မျက်စိမြေးရှုက်လျှင် တစ်ကိုယ်လုံး မှောင်မိုက်လိမ့်မည်။ ထို့ကြောင့် သင်၏အထဲမှ အလင်းသည် မှောင်မိုက် ဖြစ်လျှင်၊ ထိုအမှောင်သည် အလွန်မှောင်မိုက်ပေ၏။”

လောက်လှအောင် မဝတ်ဆင်နိုင်ပါ။ 30ယနေ့
အသက်ရှင်လျက် မနက်ဖြန်မီးထဲသို့ ရောက်
သောလယ်ကွင်းထဲရှိမြက်ပင်ကို ဘုရားသခင်
သည် ထိုသို့သောအဝတ်နှင့် ဖုံးလွှမ်းတော်မူ
လျှင် ထိုမျှမက သင်တို့ကို အဝတ်နှင့်ဖုံးလွှမ်း
တော်မူမည်မဟုတ်လော။ ယုံကြည်ခြင်း အား
မနည်းကြနှင့်။ 31“အဘယ်သို့ စားသောက်ရ
မည်နည်း၊’ ‘အဘယ်သို့ ဝတ်ရမည်နည်း ဟုစိုး
ရိမ်စကားမပြောကြနှင့်။ 32ဘုရားသခင်ကို
မသိသောသူအားလုံးတို့သည် ဤအရာများ
တွင် စိုးရိမ်တတ်ကြ၏။ မစိုးရိမ်ကြနှင့်။ အ
ကြောင်းမူကား ကောင်းကင်ဘုံ၌ရှိတော်မူ
သောသင်တို့အဘသည် ဤအရာများအားလုံး
ကို သင်တို့လိုအပ်နေကြောင်း သိတော်မူ၏။
33ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း
တရားကို လုပ်ဆောင်ရန် ရှေးဦးစွာရှာကြ
လော့။ နောက်မှ ထိုအရာများကို သင်တို့
အား ထပ်၍ပေးတော်မူလိမ့်မည်။ 34ထို့ကြောင့်
မနက်ဖြန်အတွက် မစိုးရိမ်ကြနှင့်။ တစ်နေ့ချင်း
သည် မိမိအတွက် လုံလောက်သောအခက်
အခဲရှိ၏။ မနက်ဖြန်သည် မိမိ၏စိုးရိမ်ပူပန်ခြင်း
ရှိလိမ့်မည်။

## ယေရှုက လူများကို စီရင်ဆုံးဖြတ်ခြင်း အကြောင်းသြဝါဒပေးတော်မူခြင်း

*(လု၊ 6:37-38, 41-42)*

7 “သူတစ်ပါး၏အမှု၌ စီရင်ဆုံးဖြတ်ခြင်း မပြု
ကြနှင့်၊ သို့မှသာလျှင် ဘုရားသခင်သည်
သင်တို့အမှုကို စီရင်ဆုံးဖြတ်မည်မဟုတ်။ 2သင်
တို့သည် သူတစ်ပါးကို စီရင်သည့်အတိုင်း သင်
တို့သည်လည်း စီရင်ခြင်းခံရမည်။ သူတစ်ပါးကို
သင်တို့ ပြုမူသည့်အတိုင်း သင်တို့သည်လည်း
ပြုမူခြင်းခံရလိမ့်မည်။
3“သင်၏မျက်စိထဲ၌ တံကျင်ကို မမြင်နိုင်ဘဲ
အဘယ်သို့ သင့်ညီအစ်ကို၏မျက်စိထဲ၌ သေး
ငယ်သောဖုန်မှုန့်ကလေး မြင်နိုင်ပါသနည်း။
4‘သင်၏မျက်စိထဲ၌ တံကျင်ကို ရှိနေလျက် သင့်
ညီအစ်ကို၏မျက်စိ၌ရှိသော ဖုန်မှုန့်ကလေးကို
ထုတ်ပစ်ပါရစေ’ ဟုအဘယ်သို့ ပြောဆိုနိုင်သ
နည်း။ 5သင်၏မျက်စိ၌ရှိသောတံကျင်ကို ရှေးဦး
စွာ ထုတ်ပစ်လော့။ နောက်မှ ညီအစ်ကိုမျက်စိ
၌ရှိသောဖုန်မှုန့်ကလေးကို ထုတ်ပစ်ရန် ရှင်းလင်း
စွာမြင်လိမ့်မည်။
6“သန့်ရှင်းစင်ကြယ်သောအရာကို ခွေးတို့
အား မပေးကြနှင့်။ ဤသို့ပေးလျှင် လှည့်လာ
ပြီး သင့်ကို တိုက်ခိုက်လိမ့်မည်။ သင်၏ပုလဲလုံး
တို့ကို ဝက်တို့ရှေ့မှာ မပစ်ထားကြနှင့်။ သို့ပြု
လျှင် သူတို့သည် ထိုအရာတို့ကို ကျော်နင်းကြ
လိမ့်မည်။

## သင့်လိုအပ်ချက်အားလုံးအတွက် ဆက်လက် ၍ဘုရားသခင်ထံသို့ တောင်းလော့

*(လု၊ 11:9-13)*

7တောင်းကြလော့၊ ဘုရားသခင်သည်
သင်တို့ကို ပေးတော်မူလိမ့်မည်။ ရှာကြလော့၊
ရှာလျှင် သင်တို့တွေ့လိမ့်မည်၊ တံခါးကို ခေါက်
လော့၊ ခေါက်လျှင်၊ သင်တို့အတွက် တံခါးဖွင့်
လာလိမ့်မည်။ 8ဆက်လက်၍ တောင်းသော
သူတိုင်းရလိမ့်မည်။ ဆက်လက်၍ ရှာသောသူ
တိုင်း တွေ့လိမ့်မည်။ တံခါးကို ဆက်လက်၍
ခေါက်သောသူတိုင်းအတွက် တံခါးဖွင့်လာ
လိမ့်မည်။
9“သင်၏သားသည် မုန့်ကိုတောင်းလျှင်
ကျောက်ခဲကို ပေးမည်လော။ 10သို့မဟုတ် သင်
၏သားသည် ငါးကိုတောင်းလျှင် မြွေကို ပေး
မည်လော။ 11သင်တို့သည် ဆိုးသောသူဖြစ်
သော်လည်း သင်တို့၏သားသမီးတို့အား
ကောင်းသောအရာများကို မည်သို့ပေးရမည်
ကို သင်တို့သိကြလျှင် ကောင်းကင်ဘုံ၌ရှိတော်
မူသောသင်တို့အဘသည် တောင်းသောသူတို့
အား ကောင်းသောအရာများကို သေချာစွာ
ပေးတော်မူလိမ့်မည်မဟုတ်လော။

## အရေးကြီးဆုံးပြဋ္ဌာန်းချက်

12“သင်တို့သည်ကိုယ်၌ သူတစ်ပါးကို ပြုစေ
လိုသည့်အတိုင်း၊ သူတစ်ပါးအပေါ်၌လည်း ပြု

ကြလော့။ ဤအရာသည် မောရှေပညတ်၏
ဆိုလိုချက်နှင့် ပရောဖက်များတို့၏ဆုံးမသြဝါဒ
များပင်ဖြစ်၏။

## ကောင်းကင်ဘုံသို့သွားရာလမ်းနှင့် ငရဲသို့သွားရာလမ်း

*(လု၊ 13:24)*

13“ကျဉ်းသော တံခါးပေါက်အားဖြင့်
ကောင်းကင်ဘုံသို့ ဝင်ကြလော့။ ငရဲသို့ရောက်
သောလမ်းသည် အလွန်လွယ်ကူသောလမ်း
ဖြစ်၏။ ငရဲသို့ရောက်သောတံခါးသည် အလွန်
ကျယ်ဝန်း၏။ ထို့ကြောင့် လူအများတို့သည် ဤ
တံခါးပေါက်အားဖြင့် ဝင်ကြ၏။ 14သို့သော် အ
သက်ရှင်ခြင်းသို့ ရောက်သောတံခါးသည် အ
လွန်ကျဉ်းမြောင်းပြီး ထိုလမ်းသည် အလွန်ခက်
ယဉ်း၏။ ထို့ကြောင့် တွေ့ဝင်သောလူတို့သည်
အလွန်နည်းကြ၏။

## လူတို့ပြုလုပ်သောအရာများကို စောင့်ကြည့်လော့

*(လု၊ 6:43-44; 13:25-27)*

15“မိစ္ဆာပရောဖက်တို့ကို သတိထားကြ
လော့။ သူတို့သည် သိမ်မွေ့သောသိုးကဲ့သို့ သင်
တို့ထံ၌ လာကြလိမ့်မည်။ သို့သော်လည်း သူ
တို့သည် ဝံပုလွေကဲ့သို့ အန္တရာယ်ရှိကြ၏။ 16သူ
တို့၏အပြုအမူများကို ကြည့်ခြင်းဖြင့် သင်တို့သိ
ကြလိမ့်မည်။ ကောင်းသောအရာသည် ဆိုး
သောလူများထံမှမလာနိုင်။ ထိုနည်းတူ ဆူးပင်
၌စပျစ်သီးမရနိုင်၊ ဆူးပင်သည် သဖန်းသီးမသီး
နိုင်။ 17အပင်ကောင်းမှ အသီးကောင်းမည်။ အ
ပင်ညံ့ဖျင်းလျှင် အသီးလည်း ညံ့ဖျင်းမည်။ 18အ
ပင်ကောင်းလျှင် အသီးမညံ့၊ အပင်ဆိုးလျှင်
ကောင်းသောအသီးမသီးနိုင်။ 19ကောင်းသော
အသီးမသီးသောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍
မီးထဲသို့ ပစ်ချလိမ့်မည်။ 20သူတို့၏သီးသော
အသီးအားဖြင့် ထိုအတုအယောင်လူတို့ကို သင်
တို့သိရကြလိမ့်မည်။

21‘သခင်၊ သခင်’ ဟုငါ့ကို ခေါ်သောသူ
တိုင်း၊ ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်
မည်မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော
ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာ
လျှင် ကောင်းကင်နိုင်ငံကို ဝင်ရမည်။ 22နောက်
ဆုံးသောနေ့ရက်၌၊ လူအများက ‘ကိုယ်တော်
သည် အကျွန်ုပ်တို့၏သခင်ဖြစ်၏။ အကျွန်ုပ်တို့
သည် ကိုယ်တော်၏နာမ၌ ပရောဖက်ပြု၏။
အကျွန်ုပ်တို့သည် ကိုယ်တော်၏နာမနှင့်နတ်
ဆိုးတို့ကို နှင်ထုတ်ခဲ့ပြီ၊ များပြားသောနိမိတ်
လက္ခဏာများကိုလည်း ပြခဲ့ပြီ’ ဟုပြောကြ
လိမ့်မည်။ 23ထိုအခါငါက ‘မတရားသောအလုပ်
ကို လုပ်သောသူတို့ ငါ့ထံမှထွက်သွားကြလော့၊
ငါသည် ဘယ်သောအခါမျှ သင်တို့ကို မသိ’ ဟု
ထိုသူတို့အား အတည့်အလင်း ငါပြောမည်။

## ပညာရှိတစ်ဦးနှင့်မိုက်မဲသူတစ်ဦး

*(လု၊ 6:47-49)*

24“ငါပြောသောအရာများကို ကြား၍ လိုက်
နာသောသူတိုင်းသည် ပညာရှိတစ်ယောက်
နှင့်တူ၏။ ထိုပညာရှိသည် သူ့အိမ်ကို ကျောက်
ပေါ်မှာ ဆောက်၏။ 25မိုးသည်းထန်စွာရွာ၍ရေ
ကြီးလာ၏။ လေပြင်းတိုက် ခိုက်လာ၍ ထိုအိမ်
ကို တိုက်ခိုက်သော်လည်း ကျောက်ပေါ်မှာ
တည်သောကြောင့် မပြိုမလဲဘဲနေ၏။ 26သို့ရာ
တွင် ငါဟောပြောသောစကားများကို ကြား
သော်လည်း နားမထောင်သောသူသည် လူ
မိုက်ကဲ့သို့ဖြစ်၏။ 27ထိုလူမိုက်သည် မိမိအိမ်
ကို သဲပေါ်မှာဆောက်ထား၏။ မိုးသည်းထန်စွာ
ရွာသောအခါ ရေကြီးလာ၍ လေသည် ထိုအိမ်
ကို ပြင်းထန်စွာ ရိုက်ခတ်၏။ ထို့ကြောင့် ထို
အိမ်သည် ကျယ်လောင်သောအသံနှင့် ပြိုလဲ
ပျက်စီးသွား၏” ဟုမိန့်တော်မူ၏။

28ယေရှုသည် ဤအရာများကို သွန်သင်ဆုံး
မတော်မူပြီးသောအခါ၊ လူတို့သည် ထိုသွန်သင်
ခြင်းများကို အလွန်အံ့သြကြ၏။ 29အကြောင်း
မူကား၊ ယေရှုသည် ကျမ်းပြုဆရာတို့ကဲ့သို့

မဟုတ်၊ အာဏာရှိသောသူတစ်ယောက်ကဲ့သို့
သွန်သင်တော်မူသောကြောင့်ဖြစ်၏။

## ယေရှုက ရောဂါသည်တစ်ဦးကို ကျန်းမာစေတော်မူခြင်း

*(မာ၊ 1:40-45; လု၊ 5:12-16)*

8 ယေရှုသည် တောင်ပေါ်မှ ဆင်းကြွတော်
မူသောအခါ၊ များစွာသောလူတို့သည်
နောက်တော်သို့လိုက်ကြ၏။ 2 ထိုအခါ နူနာစွဲ
သောသူတစ်ယောက်သည် ယေရှုထံတော်သို့
ရောက်လာ၍ ရှေ့တွင်ဦးညွှတ်ကာ "သခင်
အလိုတော်ရှိလျှင် အကျွန်ုပ်ကို သန့်ရှင်းစေနိုင်
တော်မူသည်" ဟုလျှောက်၏။
3 ယေရှုသည် ထိုသူကို လက်တော်ဖြင့် တို့
ထိတော်မူ၍၊ "ငါအလိုတော်ရှိသည်၊ သန့်ရှင်း
ခြင်းသို့ ရောက်စေ" ဟုမိန့်တော်မူ၏။ ထိုခဏ
ခြင်းတွင် ထိုသူ၏နူနာပျောက်၍ သန့်ရှင်းခြင်း
သို့ ရောက်လေ၏။ 4 ထိုအခါယေရှုက၊ "ဤ
အကြောင်းအရာကို အဘယ်သူ့ကိုမျှ မပြော
နှင့်။ သို့သော်လည်း ယဇ်ပုရောဟိတ်ထံသို့
ကိုယ့်ကိုကိုယ် ပြလော့။ ရောဂါပျောက်စေခြင်း
ကိုခံသောသူတို့အတွက် မောရှေပညတ်ထား
သည်အတိုင်း လှူဖွယ်ပစ္စည်းကို ဆက်သလော့။
ဤအရာသည် သင့်ရောဂါပျောက်ကင်းခြင်းကို
သက်သေပြသရာရောက်လိမ့်မည်" ဟုမိန့်
တော်မူ၏။

## ယေရှုက အရာရှိတစ်ဦး၏အစေခံကို ကျန်းမာစေတော်မူခြင်း

*(လု၊ 7:1-10; ယော၊ 4:43-54)*

5 ယေရှုသည် ကပေရနောင်မြို့သို့ ကြွဝင်
တော်မူ၏။ ယေရှုသည် မြို့တွင်းသို့ ဝင်သော
အခါ၊ တပ်မှူးတစ်ဦးသည် အထံတော်သို့ လာ
၍ အကူအညီတောင်း၏။ 6 တပ်မှူးက၊ "သခင်၊
အကျွန်ုပ်၏အစေခံသည် အိပ်ရာပေါ်မှာ လဲ
လျောင်းနေ၏။ သူသည် လေဖြတ်ရောဂါဝေဒ
နာဖြင့်ဝေဒနာအသည်းအသန်ခံစားနေပါသည်"
ဟုလျှောက်လေ၏။

7 ယေရှုကလည်း၊ "ငါလာ၍၊ သူ့ကို ချမ်း
သာပေးမည်" ဟုမိန့်တော်မူ၏။
8 ထိုအခါ တပ်မှူးက၊ "သခင်၊ အကျွန်ုပ်အိမ်
မိုးအောက်သို့ ကြွတော်မူခြင်း ကျေးဇူးတော်ကို
မခံထိုက်တန်ပါ၊ အမိန့်တော်ပေးလိုက်လျှင်၊ အ
ကျွန်ုပ်၏အစေခံသည် ချမ်းသာရပါလိမ့်မည်။
9 အကျွန်ုပ်ကိုယ်တိုင်လည်း အထက်အာဏာရှိ
သောသူများ၏လက်အောက်၌ အမှုထမ်းရပါ
၏။ အကျွန်ုပ်၏လက်အောက်၌လည်း စစ်သူရဲ
များရှိပါ၏။ တစ်ယောက်သောသူအား 'သွား'
ဆိုလျှင် သွားပြီး အခြားတစ်ယောက်အား 'လာ'
ဆိုလျှင်လာ၏။ အကျွန်ုပ်၏အစေခံကိုလည်း
'ဤအရာလုပ်ပါ' ဆိုလျှင်၊ သူလုပ်၏။ သခင့်မှာ
လည်း ထိုကဲ့သို့သောအာဏာရှိကြောင်း အ
ကျွန်ုပ်သိနေပါ၏" ဟုလျှောက်လေ၏။
10 ယေရှုသည် ထိုစကားကို ကြားသောအခါ
အံ့သြခြင်းရှိ၍ "ငါအမှန်ဆိုသည်ကား ဤသူ၌
ကြီးမား သောယုံကြည်ခြင်းရှိ၏။ ဣသရေလ
အမျိုး၌ ဤကဲ့သို့ ယုံကြည်ခြင်းရှိသောသူတစ်
ယောက်မျှမရှိ။ 11 လူအများတို့သည် အရှေ့အ
ရပ်၊ အနောက်အရပ်မှလာ၍ ကောင်းကင်နိုင်ငံ
တော်၌ အာဗြဟံ၊ ဣဇက်၊ ယာကုပ်*နှင့်အတူ
ထိုင် စားသောက်ရလိမ့်မည်။ 12 သို့သော်လည်း
နိုင်ငံတော်ကို လက်ခံရရှိမည့် ထိုလူတို့သည်
အမှောင်ထဲသို့ နှင်ထုတ်ခြင်းကိုခံရလိမ့်မည်။
ထို နေရာတွင် သူတို့သည် နာကျင်စွာ အံကြိတ်
၍ ငိုကြွေးရလိမ့်မည်" ဟုသူနှင့်အတူရှိသောသူ
တို့အား မိန့်တော်မူ၏။
13 ယေရှုက တပ်မှူးအား၊ "သင်အိမ်ပြန်နိုင်
ပြီ၊ သင်ယုံကြည်သည်အတိုင်း၊ သင့်အစေခံ၏ဝေ
ဒနာပျောက်ကင်းသွားလိမ့်မည်" ဟုမိန့်တော်
မူ၏။ ထိုခဏချင်းတွင် သူ၏အစေခံသည် အနာ
ရောဂါကင်း၍ သက်သာခြင်းသို့ရောက်၏။

---

**အာဗြဟံ၊ ဣဇက်၊ ယာကုပ်** ဓမ္မဟောင်းခေတ်တုန်း ယုဒလူမျိုးတို့၏အရေးကြီးဆုံးသော ခေါင်းဆောင်သုံးဦး ဖြစ်သည်။

## ယေရှုကလူအများကိုကျန်းမာစေတော်မူခြင်း

*(မာ၊ 1:29-34; လု၊ 4:38-41)*

14ယေရှုသည် ပေတရုအိမ်သို့ ကြွတော်မူ
၏။ ထိုနေရာတွင် ပေတရု၏ယောက္ခမသည်
ဖျားနာစွဲလျက် အိပ်ရာပေါ်တွင် လဲလျောင်း
နေသည်ကို မြင်တော်မူ၏။ 15ယေရှုသည် သူမ
လက်ကို တို့တော်မူလျှင် အဖျားပျောက်သွား
၏။ ထို့နောက် သူမသည် အိပ်ရာမှထကာ၊ ဧည့်
သည်ဝတ်ကိုပြုလေ၏။
16ထိုညဦးယံတွင် လူတို့သည် ယေရှုထံ
တော်သို့ နတ်ဆိုးစွဲသောသူတို့ကို ခေါ်ဆောင်ခဲ့
ကြ၏။ ယေရှုက အမိန့်ပေးတော်မူသောအခါ၊
နတ်ဆိုးတို့သည် သူတို့ထံမှ ထွက်သွားလေ၏။
ယေရှုသည် လူနာအားလုံးတို့ကို သက်သာစေ
တော်မူ၏။ 17ထိုဖြစ်ရပ်ကို ယေရှုလုပ်ဆောင်
ရခြင်းမှာ၊

“သူသည် အကျွန်ုပ်တို့အနာရောဂါဝေဒနာ
ကို ယူဆောင်သွားလေပြီ” ဟူသော
ပရောဖက်ဟေရှာယ ဟောဘူးသော
စကားပြည့်စုံမည်အကြောင်း ဖြစ်၏။

*ဟေရှာယ 53:4*

## ယေရှုနောက်တော်သို့ လိုက်ကြခြင်း

*(လု၊ 9:57-62)*

18ယေရှုသည် မိမိဝန်းကျင်၌ စုရုံးသောလူ
အပေါင်းတို့ကိုမြင်တော်မူ၏။ ထိုကြောင့် ယေရှု
က တပည့်တော်တို့အား အိုင်၏တစ်ဖက်ကမ်း
သို့ သွားမည်အကြောင်း အမိန့်တော်ရှိ၏။
19ကျမ်းပြုဆရာတစ်ဦးသည် ယေရှုထံတော်သို့
လာ၍၊ “အရှင်ဘုရား၊ ကိုယ်တော်သွားလေ
ရာသို့ အကျွန်ုပ်လိုက်မည်” ဟုလျှောက်သော်၊
20ယေရှုက ထိုသူအား၊ “မြေခွေးသည် နေ
စရာတွင်းရှိ၏။ ငှက်သည် နေစရာအသိုက်ရှိ၏။
သို့သော်လည်း လူသား၌ ခေါင်းချရာနေရာ
မရှိ” ဟုမိန့်တော်မူ၏။
21ယေရှု၏တပည့်တော်တို့ထဲမှ အခြားတစ်
ဦးက၊ “သခင်၊ အကျွန်ုပ်၏အဘကို အရင်သွား
၍ သင်္ဂြိုဟ်ပါရစေ၊ ပြီးမှ ကိုယ်တော်နောက်ကို
လိုက်လာပါ့မည်”ဟုအခွင့်တောင်းလျှောက်၏။
22သို့သော်လည်း ယေရှုကထိုသူအား၊ “ငါ့
နောက်သို့ လိုက်လော့။ လူသေတို့သည် မိမိ
လူသေတို့ကို သင်္ဂြိုဟ်ပါစေ” ဟုမိန့်တော်မူ၏။

## ယေရှုကလေမုန်တိုင်းကိုတားတော်မူခြင်း

*(မာ၊ 4:35-41; လု၊ 8:22-25)*

23ယေရှုသည် လှေထဲသို့ ဝင်တော်မူ၍၊
တပည့်တော်တို့သည် သူနှင့်အတူလိုက်ကြ၏။
24လှေကို ကမ်းစပ်မှ ခွာသောအခါ၊ အိုင်၌
လှိုင်းတံပိုးသည် ပြင်းထန်စွာထ၍ လှေကိုလွှမ်း
လေ၏။ သို့သော်လည်း ယေရှုသည် အိပ်ပျော်
တော်မူ၏။ 25တပည့်တော်တို့သည် ယေရှုထံ
တော်သို့ သွား၍နှိုးကြ၏။ သူတို့က၊ “သခင်၊
အကျွန်ုပ်တို့ကို ကယ်တော်မူပါ၊ အကျွန်ုပ်တို့ရေ
နစ်ကြလိမ့်မည်” ဟုလျှောက်ကြ၏။
26ယေရှုက၊ “သင်တို့သည် အဘယ်ကြောင့်
ဤမျှလောက် ကြောက်တတ်သနည်း။ အဘယ်
ကြောင့် သင်တို့၏ယုံကြည်ခြင်းသည် အလွန်
အားနည်းခြင်းရှိသနည်း” ဟုမေးတော်မူ၏။ ထို့
နောက် ယေရှုသည် ထ၍ လေနှင့်လှိုင်းများကို
အမိန့်ပေးတော်မူသဖြင့် ချက်ချင်းပင် အလွန်
ငြိမ်သက်သွားလေ၏။
27လူတို့သည် အံ့သြသွားကြ၏။ သူတို့က၊
“ဤသူသည် အဘယ်သို့သောသူ ဖြစ်သနည်း၊
လေနှင့်ရေသည် သူ့စကားကို နားထောင်ပါ
သည်” ဟူ၍ပြောကြလေ၏။

## ယေရှုက လူနှစ်ယောက်ထံမှ နတ်ဆိုးကို နှင်ထုတ်တော်မူခြင်း

*(မာ၊ 5:1-20; လု၊ 8:26-39)*

28ယေရှုသည် အိုင်တစ်ဖက်ကမ်းရှိ၊ ဂါဒရ
လူတို့၏ပြည်သို့ ရောက်တော်မူသောအခါ၌
နတ်ဆိုးစွဲသော လူနှစ်ယောက်သည် ယေရှုထံ
တော်သို့ လာကြ၏။ သူတို့သည် လူသေမြှုပ်နှံ
ရာဂူများတွင် နေကြ၏။ ထိုသူတို့သည် အလွန်

ကြမ်းကြုတ်သောကြောင့် လူတို့သည် ထိုဂူများ
အနီးရှိလမ်းမှ ဖြတ်သန်းသွားလာခြင်းမပြုနိုင်
ကြ။ 29ထိုသူနှစ်ယောက်သည် ယေရှုအား အော်
ဟစ်လျက်၊ "အကျွန်ုပ်တို့ထံမှ အဘယ်အရာအ
လိုရှိသနည်း။ ကိုယ်တော်သည် အချိန်မကျမီ
အကျွန်ုပ်တို့ကို ဒုက္ခပေးရန်လာသလော" ဟု
လျှောက်ကြ၏။
30ထိုအနီးအနားတွင် ကျက်စားနေသော
ဝက်အုပ်ကြီးတစ်အုပ်ရှိ၏။ 31နတ်ဆိုးများက
ယေရှုအား၊ "ကိုယ်တော်သည် အကျွန်ုပ်တို့ကို
နှင်ထုတ်လျှင် ထိုဝက်အုပ်ထဲသို့ ဝင်ခွင့်ပြုပါ"
ဟုတောင်းပန်ကြ လေ၏။
32ယေရှုက သူတို့အား "သွားကြ" ဟုမိန့်
တော်မူ၏။ နတ်ဆိုးတို့သည် ဤလူနှစ်ယောက်
ထံမှ ထွက်သွား၍ ဝက်အုပ်များထဲသို့ ဝင်ကြ
၏။ ထိုအခါ ဝက်အုပ်တစ်အုပ်လုံးသည် မတ်
စောက်သောတောင်စောင်းမှ ပြေးဆင်းသွား
ကြရာ၊ အိုင်ထဲသို့ ကျသွားပြီး ရေနစ်သေဆုံး
သွားကြ၏။ 33ဝက်ကျောင်းသောသူတို့သည်
လည်း ထွက်ပြေးသွားကြ၏။ သူတို့သည် မြို့ထဲ
သို့ ဝင်ပြီးလျှင် လူများအား နတ်ဆိုးစွဲသောလူ
နှစ်ယောက်အကြောင်းမှစ၍ ဖြစ်လေသမျှတို့
ကို လူတို့အား ကြားပြောကြ၏။ 34ထိုအခါ
တစ်မြို့လုံးရှိ လူတို့သည် ယေရှုကို တွေ့ရန်ထွက်
လာကြ၏။ ယေရှုကို မြင်တွေ့ကြသောအခါ
မိမိတို့ပြည်မှ ထွက်တော်မူမည်အကြောင်း
တောင်းပန်ကြလေ၏။

## ယေရှုကခြေမစွမ်းသူတစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(မာ၊ 2:1-12; လုကာ 5:17-26)*

9 ယေရှုသည် လှေထဲသို့ဝင်၍ အိုင်ကို ဖြတ်
ကာ၊ မိမိမြို့သို့ ပြန်ကြွတော်မူ၏။ 2လူအ
ချို့တို့သည် လက်ခြေသေ၍ အိပ်ရာပေါ်မှာ တုံး
လုံးနေသောသူတစ်ယောက်ကို ယေရှုထံတော်
သို့ ဆောင်ခဲ့ကြ၏။ ယေရှုသည် ထိုသူတို့၏ယုံ
ကြည်ခြင်းကြီးမားသည်ကို မြင်တော်မူ၏။ ထို့
ကြောင့် ယေရှုက လက်ခြေသေသော သူအား၊
"ငါ့သား၊ ဝမ်းမြောက်ပျော်ရွှင်လော့။ သင့်၏
အပြစ်ကို လွှတ်စေပြီ" ဟုမိန့်တော်မူ၏။
3ထို့အကြောင်းကိုကြားသိခဲ့ရသော ကျမ်း
ပြုဆရာအချို့တို့သည် သူတို့အချင်းချင်းပြော
ကြရာတွင်၊ "ဤလူသည် မိမိကိုယ်ကို ဘုရား
သခင်ကဲ့သို့ ပြော၏။ ဤအရာသည် ဘုရား
သခင်ကို ဆန့်ကျင်ပြောဆိုခြင်း ဖြစ်သည်"ဟု
ပြောကြ၏။ 4ယေရှုသည် ထိုသူတို့၏စိတ်ကို သိ
မြင်တော်မူ၏။ ထို့ကြောင့် ယေရှုက၊ "သင်တို့
သည် အဘယ်ကြောင့် ဤသို့ဆိုးသောအတွေး
များတွေးနေကြသနည်း။ 5-6လူသားသည် မြေ
ကြီးပေါ်မှာ အပြစ်လွှတ်ပိုင်ခွင့်ရှိ၏။ သို့ရာတွင်
သင်တို့ကို ငါအဘယ်သို့ သက်သေပြရမည်
နည်း။ သင်တို့သည်၊ 'သင့်အပြစ်ကို ခွင့်လွှတ်
ပြီ' ဟုပြောရန် လွယ်ကုမည်ဟု ထင်နေကြလိမ့်
မည်။ အကြောင်းမူကား၊ ဖြစ်ရပ်မှန်ကို အ
ဘယ်သူမျှမမြင်နိုင်။ သို့ရာတွင် ထိုသူအား 'ထ
လော့၊ သင့်အိပ်ရာကိုယူ၍ လမ်းလျှောက်သွား
လော့' ဟုပြောလျှင်၊ ငါ၌လုပ်ပိုင်ခွင့်တန်ခိုးရှိ
ကြောင်းသိလိမ့်မည်။" ထို့ကြောင့် ယေရှုက၊
"ထလော့၊ ကိုယ်အိပ်ရာကိုဆောင်၍ ကိုယ်
အိမ်သို့ သွားလော့ဟု လက်ခြေသေသောလူ
အား မိန့်တော်မူ၏။ 7ထိုအခါ သူသည်လည်း ထ
၍ မိမိအိမ်သို့ ပြန်သွားလေ၏။ 8ထိုအရာကိုမြင်
ကြရသောလူတို့သည် အံ့သြခြင်းရှိ၍ လူတို့အား
ဤသို့သောအခွင့်ကို အပ်ပေးတော်မူသော
ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ၏။

## ယေရှုက မဿဲ(လေဝိ)အား ရွေးချယ်ခြင်း

*(မာ၊ 2:13-17; လု၊ 5:27-32)*

9ယေရှုသည် ထိုအရပ်မှ ထွက်ကြွတော်မူ
စဉ်၊ မဿဲအမည်ရှိသောလူတစ်ယောက်သည်
အခွန်ခံရာတဲ၌ ထိုင်နေသည်ကို မြင်တော်မူ၏။
ယေရှုက ထိုသူအား၊ "ငါ့နောက်သို့ လိုက်
လော့" ဟုမိန့်တော်မူ၏။ ထိုအခါ မဿဲသည်
ထိုင်ရာမှထ၍ နောက်တော်သို့ လိုက်လေ၏။
10ယေရှုသည် မဿဲ၏အိမ်တွင် ညစာစား
တော်မူစဉ် အခွန်ခံသူတို့နှင့် ဆိုးသွမ်းသောလူ

ဆိုးသူတို့သည် ရောက်လာ၍ ယေရှုမှစသော
တပည့်တော်တို့နှင့်တကွ စားသောက်ကြလေ
၏။ ဖာရိရှဲတို့သည် ထိုသူတို့နှင့်အတူ ယေရှုစား
သောက်တော်မူသည်ကို မြင်ကြ၏။ 11ဖာရိရှဲ
တို့သည် ယေရှု၏တပည့်တော်တို့အား၊ “သင်
တို့ဆရာသည် အခွန်ခံသူ၊ ဆိုးသွမ်းသူတို့နှင့်အ
တူ အဘယ့်ကြောင့်စားသနည်း” ဟုမေးကြ၏။
12ဖာရိရှဲတို့ပြောသောစကားကို ယေရှု
ကြားတော်မူသောအခါ၊ ယေရှုက၊ “ကျန်းမာ
သောသူတို့သည် ဆေးသမားကို အလိုမရှိကြ။
နာသောသူတို့သာလျှင် အလိုရှိကြ၏။ 13သင်
တို့ကို ငါတစ်ခုပြောမည်၊ ဤကျမ်းချက်၏အ
ဓိပ္ပါယ်ကို သွား၍ သင်ကြလော့၊ ‘ယဇ်ပူဇော်
ခြင်းကို ငါအလိုမရှိ၊ ငါလိုချင်သောအရာသည်
လူအချင်းချင်း ချစ်ခင်ကြင်နာခြင်း ဖြစ်၏။’*
လူကောင်းတို့ကို ခေါ်ခြင်းငှါ ငါလာသည်
မဟုတ်၊ အပြစ်ရှိသောသူတို့ကို ခေါ်ခြင်းငှါ ငါ
လာသည်” ဟုမိန့်တော်မူ၏။

## ယေရှုသည် အခြားသောဘာသာရေး သမားယုဒတို့နှင့်မတူခြင်း

*(မာကု 2:18-22; လု၊ 5:33-39)*

14ထိုအခါ ယောဟန်*၏တပည့်တို့သည်
ယေရှုထံတော်သို့ ရောက်လာကြပြီး၊ သူတို့က၊
“အကျွန်ုပ်တို့နှင့် ဖာရိရှဲတို့သည် မကြာခဏ
အစာရှောင်ကြပါ၏။ သို့သော်လည်း ကိုယ်
တော်၏တပည့်တော်တို့သည် အဘယ်ကြောင့်
အစာမရှောင်ဘဲ နေကြသနည်း” ဟုယေရှုအား
လျှောက်ကြ၏။
15ယေရှုက “မင်္ဂလာဆောင်သောအချိန်
တွင် သတို့သား၏အပေါင်းအသင်းတို့သည် သူ
တို့နှင့်အတူ သတို့သားရှိနေစဉ်တွင် စိတ်မ
ကောင်းမဖြစ်ကြ။ သို့သော်လည်း သတို့သား
သည် အပေါင်းအသင်းနှင့် ခွာ၍ယူဆောင်သွား
သည့်အချိန်ရောက်လိမ့်မည်။ ထိုအခါ သူတို့
သည် အစာရှောင်ကြလိမ့်မည်။ 16လူတစ်
ယောက်သည် အဝတ်ဟောင်းကို ဖာထေး
သောအခါ၊ မတွန့်သေးသောအစကို သုံးလေ့
မရှိ။ ထိုသို့ဖာလျှင် ဖာထေးသောအထည်
သည် ကျုံ့၍အဝတ်ဟောင်းကို စားပြီးအပေါက်
ကျယ်စေလိမ့်မည်။ 17ထိုနည်းတူလူတို့သည်
ဟောင်းသောသားရေဖူးထဲ၌ စပျစ်ရည်သစ်ကို
ထည့်လေ့မရှိ၊ အကြောင်းမူကား၊ ဟောင်း
သောသားရေဖူးသည် ကွဲ၍စပျစ်ရည်သည်
လည်း ဖိတ်ကျသွားလိမ့်မည်။ လူတို့သည်
စပျစ်ရည်သစ်ကို သားရေဖူးသစ်၌ ထည့်လေ့
ရှိကြ၏။ ဤ သို့ထည့်လျှင် စပျစ်ရည်ဖူးနှင့်
စပျစ်ရည် သည် မပျက်စီးဘဲနေလိမ့်မည်’ဟုမိန့်
တော်မူ၏။

## ယေရှုက သေသောမိန်းကလေးကိုအသက် ရှင်စေပြီး၊ လူမမာအမျိုးသမီးကို ကျန်းမာစေတော်မူခြင်း

*(မာ၊ 5:21-43; လု၊ 8:40-56)*

18ယေရှုသည် ထိုအကြောင်းများကို မိန့်
တော်မူစဉ်၊ တရားဇရပ်၏ခေါင်းဆောင်တစ်ဦး
သည် ယေရှုထံတော်သို့ ရောက်လာ၏။ ထို
ခေါင်းဆောင်သည် ယေရှု၏ရှေ့မှောက်တော်
၌ အရိုအသေပေးပြီး၊ “အကျွန်ုပ်သမီးသည် ယခု
လေးပင် သေဆုံးပါ၏။ သို့သော်လည်း ကိုယ်
တော်သည် ကြွလာ၍သူမအပေါ်၌ လက်ကိုတင်
လျှင် အသက်ပြန်ရှင်လိမ့်မည်” ဟုလျှောက်
လေ၏။
19ယေရှုသည် ထ၍ထိုသူနောက်သို့ လိုက်
တော်မူ၏။ တပည့်တော်တို့သည်လည်း သူတို့
နှင့်အတူသွားကြ၏။
20ထိုအခါ တစ်ဆယ့်နှစ်နှစ်ပတ်လုံး သွေး
သွန်ရောဂါစွဲသော အမျိုးသမီးတစ်ယောက်ရှိ
၏။ သူမသည် ယေရှု၏အဝတ်တော်အောက်
ခြေအပျားစကို သူမ၏လက်ဖြင့် တို့ထိရန်၊
ယေရှု၏နောက်တော်မှ လိုက်၍ တို့ထိလိုက်
၏။ 21ထိုအမျိုးသမီးက၊ “ငါသည် အဝတ်တော်

---

**ယဇ်ပူဇော်ခြင်း … ကြင်နာခြင်းဖြစ်၏** ဟောရှေ 6:6

**ယောဟန်** ဗတ္တိဇံဆရာယောဟန်၊ သူသည် လူတို့ကို ခရစ်တော်ကြွလာမည့်အကြောင်းကို ဟောပြောသော သူဖြစ်သည်။

ကိုသာ တို့ထိလျှင်၊ ငါ့ဝေဒနာပျောက်ကင်းသွား
မည်” ဟုစဉ်းစားနေ၏။
22ယေရှုက လှည့်၍ ကြည့်တော်မူရာ ထို
အမျိုးသမီးကို မြင်တော်မူ၏။ ယေရှုက၊ “ဝမ်း
မြောက်လော့၊ ငါ့သမီး၊ သင်၏ယုံကြည်ခြင်း
သည် သင့်အနာကို ငြိမ်းစေပြီ” ဟုမိန့်တော်၏။
ထိုခဏခြင်းတွင် ထိုအမျိုးသမီးသည် အနာ
ပျောက်လေ၏။
23ယေရှုက ယုဒလူမျိုးခေါင်းဆောင်နှင့် ခရီး
ဆက်ကြပြီးနောက်၊ ထိုခေါင်းဆောင်၏အိမ်သို့
ရောက်တော်မူ၏။ ထိုနေရာတွင် အချို့တို့သည်
အသုဘအတွက် တီးမှုတ်၍၊ လူများစွာတို့သည်
ငိုကြွေးနေကြသည်ကို ယေရှုမြင်တော်မူ၏။
24ယေရှုက၊ “ထွက်သွားကြလော့၊ မိန်းမငယ်
သေသည်မဟုတ် အိပ်ပျော်နေသည်” ဟုမိန့်
တော်မူသောအခါ၊ လူတို့သည် ယေရှုကို ပြက်
ရယ်ပြုကြ၏။ 25လူများကို အိမ်အပြင်ဘက်သို့
ထွက်စေပြီးနောက်၊ ယေရှုသည် မိန်းမငယ်၏
အခန်းထဲသို့ဝင်၍၊ မိန်းမငယ်၏လက်ကို ကိုင်
တော်မူသောအခါ၊ မိန်းမငယ်သည် ထလေ၏။
26ထိုအဖြစ်အပျက်နှင့်ပတ်သက်သော သတင်း
သည် ထိုနယ်မြေအရပ်ရပ်သို့ ပြန့်နှံ့သွားလေ၏။

## ယေရှုကလူများကိုပို၍ကျန်းမာ စေတော်မူခြင်း

27ထိုအရပ်မှ ယေရှုသည် ကြွတော်မူစဉ်
မျက်စိကန်းသောသူ နှစ်ယောက်တို့သည်
နောက်တော်သို့ လိုက်လာကြ၏။ ထိုမျက်စိ
ကန်းသောသူတို့က ကျယ်လောင်သောအသံ
ဖြင့်၊ “ဒါဝိဒ်၏သားတော်၊ အကျွန်ုပ်တို့ကို သနား
တော်မူပါ” ဟုအော်ဟစ်ကြ၏။
28ယေရှုသည် အိမ်သို့ဝင်တော်မူသော်၊
မျက်စိကန်းသောသူ နှစ်ယောက်တို့သည်လည်း
သူနှင့်အတူ လိုက်ကြ၏။ ယေရှုက မျက်စိကန်း
သောသူနှစ်ဦးအား၊ “သင်တို့မျက်စိပြန်မြင်စေ
ခြင်းငှါ ငါလုပ်ပေးနိုင်မည်ဟု သင်တို့ယုံကြည်
ကြသလော” ဟုမေးတော်မူရာ၊ သူတို့နှစ်ဦးက၊
“အကျွန်ုပ်တို့ ယုံကြည်ပါ၏သခင်” ဟုလျှောက်
ကြ၏။
29ထိုအခါယေရှုသည် သူတို့၏မျက်စိကို တို့
ထိတော်မူ၏။ ယေရှုက “သင်တို့ယုံကြည်ခြင်း
ရှိသည်အတိုင်း သင်တို့၌ ဖြစ်လာပါစေ” ဟုမိန့်
တော်မူရာ၊ သူတို့နှစ်ဦးစလုံး၏မျက်စိပြန်မြင်
လေ၏။ 30ယေရှုက “ဤအကြောင်းနှင့်ပတ်
သက်၍ အဘယ်သူမျှ မပြောကြနှင့်” ဟုတင်း
ကျပ်စွာသတိပေးတော်မူ၏။ 31သို့သော်လည်း
ထိုသူတို့သည် သွား၍၊ သတင်းကို တပြည်လုံး၌
ပျံ့နှံ့ကျော်စောစေ၏။
32သူတို့နှစ်ယောက်ပြန်သွားပြီး နောက်လူ
တစ်ချို့သည် ယေရှုထံတော်သို့ အခြားလူတစ်
ယောက်ကို ခေါ်လာကြ၏။ ထိုသူမှာ နတ်ဆိုး
စွဲသောကြောင့်၊ စကားမပြောနိုင်ဘဲ၊ ဆွံ့အနေ
သူဖြစ်၏။ 33ယေရှုက နတ်ဆိုးကို နှင်ထုတ်တော်
မူသောအခါ၊ ထိုသူသည် ပြန်လည်၍ စကား
ပြောနိုင်လေ၏။ လူအများက အံ့သြစွာဖြင့်၊
“ဣသရေလအမျိုး၌ ဤကဲ့သို့သောအရာသည်
တစ်ခါမှမတွေ့ဖူးပါ” ဟုပြောကြ၏။
34သို့သော်လည်း ဖာရိရှဲတို့က၊ “သူသည်
နတ်ဆိုးအကြီးအကဲကို အမှီပြု၍ နတ်ဆိုးတို့ကို
နှင်ထုတ်နိုင်သောတန်ခိုးကို ရရှိသည်” ဟုပြော
ဆိုကြ၏။

## ယေရှုသည် လူများအတွက် ဝမ်းနည်းမှု ခံစားတော်မူခြင်း

35ယေရှုသည် မြို့များနှင့်ကျေးရွာများအား
လုံးသို့ခရီးထွက်တော်မူ၏။ သူတို့၏တရားစရပ်
တို့၌ ဩဝါဒများပေးလျက်၊ ကောင်းကင်နိုင်ငံ
တော်နှင့်ပတ်သက်သော ဝမ်းမြောက်စရာသ
တင်းများကို လူအများအား ပြောကြားတော်
မူ၏။ ယေရှုသည် ရောဂါဝေဒနာအမျိုးမျိုးတို့
ကိုလည်း ပျောက်ကင်းစေတော်မူ၏။ 36ယေရှု
သည် လူအစုအဝေးတို့ကို မြင်တော်မူလျှင်
သနားခြင်းစိတ်ရှိတော်မူ၏။ အကြောင်းမူကား
ထိုသူတို့သည် ပူပင်သောကနှင့် အကူအညီကင်း
မဲ့၍ ထိန်းသူမရှိဘဲ ပစ်ထားသောသိုးကဲ့သို့ ဖြစ်

ကြ၏။ 37 ထို့ကြောင့် ယေရှုက တပည့်တော်တို့
အား၊ "စပါးရိတ်စရာများစွာရှိ၏။ သို့ရာတွင်
လုပ်ဆောင်မည့်သူ အနည်းငယ်သာရှိ၏။ 38 ထို့
ကြောင့် စပါးကိုရိတ်သိမ်းရန် လုပ်ဆောင်သော
သူတို့ကို ပိုမိုစေလွှတ်တော်မူမည်အကြောင်း
စပါးရှင်ထံတော်သို့ ဆုတောင်းကြလော့" ဟု
မိန့်တော်မူ၏။

## ယေရှုက သာသနာနယ်မြေသို့မိမိ၏တမန်တော်များစေလွှတ်တော်မူခြင်း

*(မာကု၊ 3:13-19; 6:7-13; လုကာ၊ 6:12-16; 9:1-6)*

10 ယေရှုသည် မိမိ၏တပည့်တော်တစ်
ဆယ့်နှစ်ပါးတို့ကို ခေါ်တော်မူ၏။ သူတို့
အား ညစ်ညူးသောနတ်တို့ကို နှင်ထုတ်ခြင်းငှါ
၎င်း၊ ရောဂါဝေဒနာအမျိုးမျိုးတို့ကို ပျောက်
ကင်းစေခြင်းငှါ၎င်း အခွင့်ပေးတော်မူ၏။ 2 ထို
တမန်တော် တစ်ဆယ့်နှစ်ပါး၏အမည်များမှာ၊
ရှိမုန် (ပေတရု ဟုလည်းခေါ်သည်)နှင့် သူ၏ညီ
အန္ဒြေ၊ ဇေဗေဒဲ၏သား ယာကုပ်နှင့် သူ့ညီ
ယောဟန်၊ 3 ဖိလိပ္ပုနှင့် ဗာသောလမဲ၊ သောမ
နှင့်အခွန်ကောက်ခံသူ မဿဲ၊ အာလဖဲ၏သား
ယာကုပ်နှင့် သဒ္ဒဲ၊ ဇေလတ်ဂိုလဝင် 4 ကာနာ
နိတ်လူ ရှိမုန်နှင့် ယုဒရှကာရုတ်တို့ ဖြစ်ကြ၏။
ယုဒရှကာရုတ်သည် ယေရှုအား ရန်သူတို့လက်
သို့ အပ်သောသူဖြစ်၏။

5 ယေရှုသည် မိမိ၏တမန်တော်တစ်ဆယ့်
နှစ်ပါးကို အမှာစကားများမိန့်တော်မူ၏။ ထို
နောက်လူတို့အား ဘုရားသခင်နိုင်ငံတော်အ
ကြောင်း ဟောပြောရန် စေလွှတ်တော်မူ၏။
ယေရှုက မိန့်တော်မူသည်မှာ၊ "တပါးအမျိုး
သားများထံသို့ မသွားကြနှင့်။ ရှမာရိတို့နေ
ထိုင်ကြသောမြို့ထဲသို့ မဝင်ကြနှင့်၊ 6 ဣသရေလ
လူမျိုးတို့ရှိရာသို့သာ သွားကြလော့။ 7 သူတို့
သည် ပျောက်ဆုံးနေသောသိုးများကဲ့သို့ ဖြစ်
ကြ၏။ သင်တို့ရောက်သောအခါ၊ "မကြာမီ
ကောင်းကင်နိုင်ငံတော်ရောက်လာတော့မည်"
ဟုဟောပြောကြလော့။ 8 နာသောသူတို့အား
ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထ
မြောက်စေကြလော့။ နူနာရောဂါသည်တို့ကို
သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်
ထုတ်ကြလော့။ ငါသည် သင်တို့ကို အဖိုးအခမ
ယူဘဲ ဤတန်ခိုးပေးသောကြောင့် တခြားလူတို့
ကို အဖိုးအခမယူဘဲ ကူညီကြလော့။ 9 ရွှေဖြစ်
စေ၊ ငွေဖြစ်စေ၊ ကြေးဖြစ်စေ၊ သင်တို့မဆောင်
ကြနှင့်။ 10 အိတ်ကိုမဆောင်ကြနှင့်၊ သင်တို့ဝတ်
ဆင်ထားသောအဝတ်နှင့် စီးထားသည့်ဖိနပ်မှ
လွဲ၍ ခရီးအတွက် အဝတ်ဖြစ်စေ၊ ဖိနပ်ဖြစ်စေ
အပိုမဆောင်ကြနှင့်။ တောင်ဝှေးလည်း
မဆောင်ကြနှင့်၊ အကြောင်းမူကား၊ အလုပ်
လုပ်သောသူသည် သူ့အတွက် လိုအပ်သော
အရာများကို ခံထိုက်ပေ၏။

11 "မြို့တစ်မြို့သို့မဟုတ် ရွာတစ်ခုကို သင်တို့
ဝင်ရောက်သောအခါ ထိုနေရာတွင် ထိုက်တန်
သူကိုရှာ၍၊ သင်တို့မပြန်မီတိုင်အောင် သူ၏
အိမ်တွင်နေကြလော့။ 12 ထိုအိမ်ထဲဝင်သောအ
ခါ 'ငြိမ်သက်ခြင်းအတူရှိပါစေ' ဟုနှုတ်ခွန်းဆက်
ကြလော့။ 13 ထိုအိမ်က လူတို့သည် သင်တို့ကို
ခရီးဦးကြိုပြုလျှင်၊ သူတို့သည် ငြိမ်သက်ခြင်းမင်္ဂ
လာကိုရရှိရန် ထိုက်တန်သောသူတို့ ဖြစ်ကြ၏။
သူတို့သည် သင်တို့ကို ခရီးဦးကြိုမပြုလျှင် သူ
တို့သည် ငြိမ်သက်ခြင်းမင်္ဂလာကို ရရှိရန်မထိုက်
တန်။ ထို့ကြောင့် သင်တို့ထားသည့်ကောင်းသော
ဆန္ဒပြုခြင်းကိုပြန်ယူကြလော့။ 14 ထို့နောက်အိမ်
တစ်အိမ်သို့မဟုတ် မြို့တစ်မြို့က သင်တို့ကို
လက်မခံ၊ သင်တို့၏စကားကို နားမထောင်ဘဲ
နေလျှင် ထိုနေရာကို စွန့်ခွာသွားလော့၊ သင်
တို့စွန့်ခွာနေစဉ် သင်တို့၏ခြေဖဝါးမှ ဖုန်မှုန့်ကို
ခါလိုက်ကြလော့။ 15 ငါအမှန်ဆိုသည်ကား၊ တ
ရားဆုံးဖြတ်သောနေ့၌ ထိုမြို့အတွက် သောဒုံ
မြို့နှင့် ဂေါမောရမြို့တို့ထက် ပို၍ဆိုးလိမ့်မည်။

## ယေရှုက ဒုက္ခခံရခြင်းနှင့်ပတ်သက်၍ကြိုတင်သတိပေးတော်မူခြင်း

*(မာ၊ 13:9-13; လု၊ 21:12-17)*

16 "နားထောင်ကြလော့၊ သင်တို့ကို ငါစေ
လွှတ်၏။ သင်တို့သည် တောခွေးစုထဲက သိုး

ငယ်ကဲ့သို့ ဖြစ်လိမ့်မည်။ ထို့ကြောင့် မြွေကဲ့သို့
လိမ္မာပါးနပ်၍ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းကြ
လော့။ 17 လူတို့ကို သတိပြုကြလော့၊ သူတို့သည်
သင်တို့ကို ဖမ်းဆီး၍ တရားစီရင်ခံရန် ခေါ်သွား
လိမ့်မည်။ သူတို့၏တရားစရပ်၌ သင်တို့ကိုကြိမ်
ဒဏ်ပေးလိမ့်မည်။ 18 သင်တို့ကို ဘုရင်နှင့်မြို့ဝန်
တို့ထံသို့ ခေါ်ဆောင်ကြလိမ့်မည်။ သူတို့သည်
ငါ့ကြောင့် ဤအရာအားလုံးကို သင်တို့အပေါ်သို့
လုပ်ကြလိမ့်မည်။ သင်တို့သည် ငါ့အကြောင်း
ကို ထိုဘုရင်၊ မြို့ဝန်နှင့် တပါးသောအမျိုးသား
ထံသို့ ပြောရမည်။ 19 သင်တို့သည် အဖမ်းခံရ
သောအခါ အဘယ်သို့ ပြောရမည်ကို မစိုးရိမ်
ကြနှင့်။ ထိုအချိန်၌ သင်တို့ပြောမည့်စကားကို
ငါပေးမည်။ 20 အကြောင်းမူကား သင်တို့အလို
အလျောက် ပြောကြသည်မဟုတ်။ သင်တို့အ
ဘ၏ဝိညာဉ်တော်သည် သင်တို့အားဖြင့် ပြော
တော်မူလိမ့်မည်။

21 "ထိုအခါ ညီအစ်ကိုချင်းတစ်ယောက်ကို
တစ်ယောက်သတ်ခြင်းငှါ အပ်နှံကြလိမ့်မည်။
အဘသည်လည်း သားသမီးတို့ကို သတ်ရန်အပ်
ကြလိမ့်ည်။ သားသမီးတို့သည်လည်း မိဘကို
ဆန့်ကျင်တိုက်ခိုက်၍ အသတ်ခံရန် ပေးအပ်ကြ
လိမ့်မည်။ 22 သင်တို့သည် ငါ့နောက်သို့ လိုက်
သောကြောင့်၊ လူတို့သည် သင်တို့ကို မုန်းတီး
ကြလိမ့်မည်။သို့သော်လည်း တစ်စုံတစ်ယောက်
သည် အဆုံးရောက်သည့်တိုင်အောင် တည်
ကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။
23 တစ်မြို့၌ သင်တို့ကို ညှဉ်းဆဲလျှင် နောက်
တစ်မြို့သို့သွားကြလော့။ ငါအမှန်ဆိုသည်ကား
ဣသရေလမြို့ရွာရှိသမျှတို့ကို၊ သင်တို့လှည့်
လည်၍ မကုန်မှီလူသားသည် ကြွလာလိမ့်မည်။

24 "တပည့်သည် ဆရာထက်မသာ။ အစေ
ခံသည် သခင်ထက်မသာ။ 25 တပည့်သည် သူ့
ဆရာကဲ့သို့ဖြစ်၍၊ အစေခံသည် သူ့သခင်ကဲ့သို့
ဖြစ်၍၊ ဖြစ်လာလျှင် သင့်လောက်ပေ၏။ အိမ်
ရှင်ကို ဗေလဇေဗုလဟု ခေါ်ကြလျှင်အိမ်သူအိမ်
သားတို့ကို ပို၍ဆိုးသောနာမည်ဆိုးနှင့် ခေါ်ကြ
လိမ့်မည်။

## ဘုရားသခင်ကို ကြောက်ရွံ့လော့၊ လူတို့ကို မကြောက်နှင့်

*(လု၊ 12:2-7)*

26 "ထို့ကြောင့် လူတို့ကို မကြောက်ကြနှင့်။
ဖုံးကွယ်ထားလျက် ရှိသမျှအရာတို့သည် ပွင့်
လိမ့်မည်။ လျှို့ဝှက်ချက်ရှိသမျှတို့သည်လည်း
ထင်ရှားလိမ့်မည်။ 27 ဤအကြောင်းအရာသည်
သင်တို့ကို အမှောင်ထဲမှာ ငါပြောပြ၏။ သို့
သော်လည်း ဤအကြောင်းအရာများကို သင်
တို့အား အလင်းထဲမှာ ပြောပြစေလို၏။ ငါ
သည် သင်တို့နား၌ တိုးဝှက်ပြောခဲ့သောအရာ
များကို အိမ်ခေါင်မိုးပေါ်မှ သင်တို့ဟစ်ကြော်ကြ
ရမည်။ 28 လူတို့ကို မကြောက်ကြနှင့်။ သူတို့
သည် ခန္ဓာကိုယ်ကိုသာ သတ်နိုင်၏။ စိတ်
ဝိညာဉ်ကို မသတ်နိုင်ကြပါ။ သင်တို့ကိုယ်ခန္ဓာ
နှင့်စိတ်ဝိညာဉ်ကို ငရဲ၌ဖျက်စီးနိုင်သောသူကို
သာ၍ ကြောက်ကြလော့။ 29 စာငှက်ကို ရောင်း
သောအခါ၊ စာငှက်ကလေးနှစ်ကောင်၏တန်
ဖိုးသည်၊ အသာရိတပြားတန်၏။ သို့ရာတွင်
သင်တို့၏အဘခွင့်မပြုဘဲ ငှက်ကလေးတစ်
ကောင်မျှမသေရ။ 30 ဘုရားသခင်သည် သင်
တို့ခေါင်းပေါ်၌ ဆံပင်အဘယ်မျှလောက်ရှိသည်
ကို သိတော်မူ၏။ 31 ထို့ကြောင့် မကြောက်ကြ
နှင့်။ သင်တိုသည် ငှက်အများတို့ထက် သာ၍
တန်ဖိုးရှိကြ၏။

## သင်၏ယုံကြည်မှုအကြောင်း လူတို့အား ပြောကြားခြင်း

*(လု၊ 12:8-9)*

32 "လူတစ်ယောက်သည် အခြားလူတို့ရှေ့
မှာ ရပ်ပြီး ငါ့ကိုယုံကြည်သည်ဟု ပြောလျှင်၊
ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်း
တော်ရှေ့မှာ ထိုသူကိုငါနှင့် သက်ဆိုင်သည်ဟု
ငါပြောမည်။ 33 သို့သော်လည်း လူတစ်ယောက်
သည် လူတို့ရှေ့မှာ ငါ့ကိုမယုံကြည်ဟု ပြော
လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏

ခမည်းတော်ရှေ့မှာ ထိုသူကို ငါနှင့်မသက်ဆိုင်
ဟု ငါပြောမည်။

## ယေရှုနောက်တော်သို့ လိုက်ခြင်းက သင့်အတွက် ဆင်းရဲဒုက္ခ ယူလာနိုင်၏

*(လု၊ 12:51-53; 14:26-27)*

34“ငါသည် မြေပေါ်သို့ ငြိမ်သက်ခြင်းကို
ဆောင်လာခြင်းငှါ လာသည်ဟု မထင်ကြနှင့်။
ငြိမ်သက်ခြင်းကို ဆောင်ခြင်းငှါ ငါလာသည်မ
ဟုတ်။ သို့ရာတွင် ဓားကိုဆောင်ယူ၍ ငါလာ
၏။ 35-36ဤအရာများကို ဖြစ်ပျက်စေခြင်းငှါ
ငါလာ၏။

‘ကိုယ့်အိမ်သူအိမ်သား တို့သည်လည်း
ကိုယ့်ရန်သူ ဖြစ်ကြလိမ့်မည်။ သားသည်
အဘကို ဆန့်ကျင်လိမ့်မည်။ သမီးသည်
အမိကို ဆန့်ကျင်လိမ့်မည်။ ချွေးမသည်
လည်း ယောက္ခမကို ဆန့်ကျင်လိမ့်မည်။’

*မိက္ခာ 7:6*

37“တစ်စုံတစ်အယောက်သောသူသည် မိမိ
အဘသို့မဟုတ်အမိကို ငါ့ထက်သာ၍ ချစ်လျှင်၊
ငါ့နောက်ကိုလိုက်ရန် မထိုက်တန်၊ တစ်စုံတစ်
ယောက်သောသူသည် မိမိသား သို့မဟုတ်
သမီးကို ငါ့ထက်သာ၍ချစ်လျှင် ငါ့နောက်ကို
လိုက်ရန် မထိုက်တန်။ 38တစ်စုံတစ်ယောက်
သောသူသည် ငါ့နောက်သို့ လိုက်လိုလျှက် သူ
ကို ပေးထားသောလက်ဝါးကပ်တိုင်ကို လက်မ
ခံလျှင်၊ ထိုသူသည် ငါနှင့်မထိုက်တန်။ 39အ
ဘယ်သူမဆို မိမိအသက်ကို ငါထက်သာ၍ ချစ်
သောသူသည်၊ မှန်သောအသက်ကို ရှုံးလိမ့်
မည်။ ငါ့ကြောင့် မိမိအသက်ကို ရှုံးသောသူ
သည် မှန်သောအသက်ကိုရရှိလိမ့်မည်။

## သင်တို့ကို လက်ခံသောသူကို ဘုရားသခင်ကောင်းချီးပေးတော်မူလိမ့်မည်

*(မာ၊ 9:41)*

40သင်တို့ကို လက်ခံသောသူသည် ငါ့ကို
လည်း လက်ခံ၏။ ငါ့ကိုလက်ခံသူသည် ငါ့ကို
စေလွှတ်သောသူကို လက်ခံ၏။ 41အဘယ်သူ
မဆို ပရောဖက်တစ်ဦးကိုတွေ့၍ ပရောဖက်ဖြစ်
ခြင်းကြောင့်သူကိုလက်ခံသောသူသည် ပရော
ဖက်တစ်ဦး ရရှိသောဆုလာဒ်ကိုပင် ရလိမ့်
မည်။ လူကောင်းတစ်ယောက်ကို လူကောင်း
ဖြစ်သောကြောင့် လက်ခံသောသူသည် လူ
ကောင်းတစ်ယောက်ရရှိသော ဆုလာဒ်ကိုပင်
ရလိမ့်မည်။ 42အဘယ်သူမဆို နှိမ့်ချသော ဤ
လူတစ်ယောက်ယောက်ကို ငါ့တပည့်ဖြစ်ခြင်း
ကြောင့် အကူအညီပေးသောသူသည် ဆုလာဒ်
ကို မရဘဲမနေ။ ငါ့တပည့်တော်ကို ရေအေး
တစ်ခွက် တိုက်ကျွေးလျှင်ပင်သူသည် ဆုလာဒ်
ရလိမ့်မည်။”

## ယေရှုနှင့်ဗတ္တိဇံဆရာယောဟန်

*(လု၊ 7:18-35)*

11 ယေရှုသည် သူ၏တပည့်တော်တစ်ဆယ့်
နှစ်ပါးအား ဤအရာများကို ပြောဆိုပြီး
နောက် ဆုံးမသြဝါဒပေးရန်နှင့် ဘုရားသခင်အ
ကြောင်းကို ဟောကြားရန်အတွက် ထိုအရပ်မှ
ခွာ၍ဂါလိလဲပြည်ရှိမြို့ရွာများသို့ ကြွတော်မူ၏။
2ဗတ္တိဇံဆရာယောဟန်သည် ထောင်ထဲ
ရောက်နေစဉ် သူသည် ခရစ်တော်ပြုတော်မူ
သောအမှုတို့ကို ကြားသောအခါ မိမိတပည့်နှစ်
ယောက်ကို ယေရှုထံတော်သို့ စေလွှတ်၏။
3ယောဟန်၏တပည့်တို့က ယေရှုအား၊ “ကိုယ်
တော်သည် ကြွလာမည့် သူမှန်သလော။ သို့မ
ဟုတ် တခြားသူကို အကျွန်ုပ်တို့ စောင့်ရပါ
မည်လော” ဟုမေးလျှောက်ကြ၏။
4ယေရှုက၊ “သင်တို့မြင်သမျှ ကြားသမျှအ
ရာတို့ကို၊ ပြန်သွား၍ ယောဟန်အား ပြော
ကြလော့။ 5မျက်စိကန်းသောသူတို့ မျက်စိမြင်
ရကြ၏။ ခြေမစွမ်းသောသူတို့ လှမ်းသွားရကြ
၏။ နူနာစွဲသောသူတို့သည် သန့်ရှင်းခြင်းသို့
ရောက်ရကြ၏။ နားပင်းသူတို့သည် နားကြားရ
ကြ၏။ သေသောသူတို့သည် ထမြောက်ခြင်းသို့
ရောက်ကြ၏။ ဆင်းရဲသားတို့သည်လည်း ဝမ်း
မြောက်စရာသတင်းကို ကြားရကြ၏။ 6ငါ့ကို

လက်ခံနိုင်သောသူသည် မင်္ဂလာရှိ၏” ဟုပြန်
ပြောတော်မူ၏။
7ယောဟန်၏တပည့်တို့သည် သွားကြပြီး
နောက် ယေရှုသည် ယောဟန်ကို အကြောင်း
ပြု၍ လူတို့အား “သင်တို့သည် အဘယ်မည်
သောအရာကို ကြည့်ရှုခြင်းငှါ တောသို့ ထွက်
သွားကြသနည်း။ လေလှုပ်သောကျူပင်ကို
ကြည့်ရှုခြင်းငှါ သွားသလော။ 8အမှန်စင်စစ်
သင်တို့သည် အဘယ်အရာကို ကြည့်ရှုခြင်းငှါ
မျှော်လင့်ကြသနည်း။ ကောင်းမွန်စွာ ဝတ်ဆင်
ထားသောလူတစ်ယောက်ကို ကြည့်ရှုခြင်းငှါ
မသွားသလော။ ကောင်းမွန်သောအဝတ်အ
စားကို ဝတ်ဆင်ထားသောသူတို့သည် ဘုရင့်
နန်းတော်၌သာနေကြ၏။ 9သို့ဖြစ်လျှင် သင်တို့
သည် အဘယ်အရာကို ကြည့်ရှုခြင်းငှါ မျှော်လင့်
ကြသနည်း။ ပရောဖက်ကို ကြည့်ရှုခြင်းငှါ သွား
သလော။ မှန်ပါ၏၊ ငါဆိုသည်ကား သင်တို့
သည် ပရောဖက်ထက်မြတ်သောသူကို မြင်၏။
10ကျမ်းစာ၌ လာသည်ကား၊

‘နားထောင်လော့၊ငါသည် ငါ့ကို ကူညီသူ
ကိုသင့်ရှေ့၌ ငါစေလွှတ်မည်၊သူသည်
သင်သွားရမည့်လမ်းကို ကြိုတင်ပြင်ဆင်
လိမ့်မည်’ဟူသောအရာသည် ယောဟန်
အကြောင်းကို ဆိုလိုခြင်းဖြစ်၏။

*မာလခိ 3:1*

11ငါအမှန်အကန်ဆိုသည်ကား၊ ဗတ္တိဇံဆရာ
ယောဟန်သည် မွေးဖွားခဲ့သမျှလူတို့အားလုံး
ထက် မြင့်မြတ်သူဖြစ်၏။ သို့ရာတွင် ကောင်း
ကင်နိုင်ငံတော်၌ အငယ်ဆုံးသောသုသည်ပင်
လျှင်ယောဟန်ထက်သာ၍ကြီးမြတ်၏။ 12ဗတ္တိဇံ
ဆရာယောဟန်လက်ထက်မှစ၍ ယခုတိုင်
အောင် ကောင်းကင်နိုင်ငံတော်ကို အနိုင်အ
ထက် ပြုကြ၏။ အနိုင်အထက် ပြုသောသူတို့
သည်လည်း လုယူဝင်စားရကြ၏။ 13ပရောဖက်
အားလုံးနှင့် မောရှေ၏ပညတ်တော်တို့သည်
ယောဟန်မရောက်မှီတိုင်အောင် ဖြစ်ပျက်မည့်
အရာများကို ဖော်ပြထားကြ၏။ 14သင်တို့
သည် မောရှေ၏ပညတ်တရားနှင့်ပရောဖက်တို့
၏ရေးသားချက်ကို လက်ခံလိုလျှင်၊ ယောဟန်
သည် ကြွရောက်လာမည့်ဧလိယဖြစ်၏။ 15ငါ
ပြောသောစကားကို ကြားနိုင်သောသူမည်
သည်ကား နားထောင်ကြလော့။
16“ဤလူမျိုးကို အဘယ်ဥပမာနှင့် ပုံပြရအံ့
နည်း၊အဘယ်သူနှင့်တူသနည်း။သူတို့သည် ဈေး
ထဲ၌ ထိုင်နေကြသောကလေးတို့နှင့်တူ၏။ က
လေးတစ်အုပ်ကတခြားအုပ်စုကိုပြောသည်မှာ၊

17 ‘ငါတို့သည် သင်တို့အတွက် တီးမှုတ်ပေး
သော်လည်း သင်တို့သည် မကကြ၊ ငါတို့
သည် ကြေကွဲဝမ်းနည်းခြင်းသီချင်းကို သီ
ဆိုသော်လည်း သင်တို့သည် မမြည်တမ်း
ကြ’ ဟုပြောဆိုကြ၏။

18ငါသည် လူတို့ကို အဘယ့်ကြောင့် ထိုသို့
ပြောရသနည်း။ အကြောင်းမှုကား၊ ယောဟန်
ရောက်လာ၍ တခြားသောလူတို့ကဲ့သို့မစား၊
စပျစ်ရည်ကို မသောက်။ ထို့ကြောင့် လူတို့က၊
‘သူသည် နတ်ဆိုးစွဲကပ်ခံသည်’ ဟုပြောကြ၏။
19ထို့နောက် လူသားကြွလာ၏။ လူသားသည်
တခြားသောလူတို့ကဲ့သို့ စားသောက်၏။ ထို့
ကြောင့် လူတို့က ‘သူ့ကိုကြည့်ကြပါ၊ သူသည်
စားကြူးသူ၊ စပျစ်ရည် သောက်ကြူးသုဖြစ်၏။
သူသည် အခွန်ခံသူနှင့် ဆိုးသောသူတို့၏မိတ်
ဆွေဖြစ်သည်’ ဟုပြောကြ၏။ သို့သော်လည်း
ပညာတရားသည် မိမိပြုသောအရာများအား
ဖြင့် မှန်ကန်ကြောင်း သက်သေပြသည်” ဟုမိန့်
တော်မူ၏။

## ယေရှုက မယုံကြည်သူများအားကြိုတင် သတိပေးတော်မူခြင်း

*(လု၊ 10:13-15)*

20ထို့နောက် ယေရှုသည် များစွာသော
နိမိတ်လက္ခဏာကို ပြတော်မူသောမြို့ရွာတို့
သည် ကဲရဲ့ပြစ်တင်တော်မူ၏။ အကြောင်းမူ
ကား ထိုမြို့များရှိလူတို့သည် အသက်တာမ

ပြောင်းလဲဘဲ အပြစ်များကို ဆက်လက်လုပ်နေ
သောကြောင့်ဖြစ်၏။ 21ယေရှုက၊ “ခေါရာဇိန်
မြို့သင်သည် အမင်္ဂလာရှိ၏။ ဗက်ဇဲဒမြို့၊ သင်
သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ ငါ
သည် သင်၌နိမိတ်လက္ခဏာပြခဲ့ပြီ။ ငါသည်
တုရုမြို့နှင့်ဇိဒုန်မြို့တို့တွင် ထိုနိမိတ်လက္ခဏာ
များကို ပြဘူးလျှင်၊ ထိုမြို့ရှိလူတို့သည် ရှေးက
ပင်အသက်တာပြောင်းလဲရကြလိမ့်မည်။ ထိုလူ
တို့သည် သူတို့အသက်တာပြောင်းလဲကြောင်း
သက်သေအနေနှင့်၊ လျှော်တေအဝတ်ကို ဝတ်
၍၊ ကိုယ့်ကိုကိုယ် ပြာလူးကြလိမ့်မည်။ 22သို့
သော်လည်း ငါဆိုသည်ကား တရားဆုံးဖြတ်
သောနေ့၌ သင်တို့သည် တုရုမြို့နှင့်ဇိဒုန်မြို့
ထက်သာ၍ ခံရကြမည်။ 23ကပေရနောင်မြို့၊
သင်သည် မိုးကောင်းကင်တိုင် အောင်မြှောက်
စားခြင်းကိုခံရသော်လည်း သေမင်း၏နေရာ
သို့ပစ်ချခြင်းခံရလိမ့်မည်။ အကြောင်းမူကား ငါ
သည် သင်၌နိမိတ်လက္ခဏာများစွာပြပြီ။ ငါ
သည် ထိုကဲ့သို့သောနိမိတ်လက္ခဏာကို သော
ဒုံမြို့၌ပြခဲ့လျှင် သောဒုံမြို့သူမြို့သားတို့သည် သူ
တို့၏အသက်တာပြောင်းလဲ၍ အပြစ်လုပ်ခြင်း
ကိုရပ်သွားပြီး၊ ယနေ့ထိမြို့တစ်မြို့အဖြစ်တည်
ရှိနေလိမ့်မည်။ 24သို့သော်လည်း တရားစီရင်
ဆုံးဖြတ်သောနေ့၌ သင်သည် သောဒုံမြို့ထက်
သာ၍ခံရကြမည်” ဟုမိန့်တော်မူ၏။

## ယေရှုက သူ၏လူများကို အနား ပေးတော်မူခြင်း

*(လု၊ 10:21-22)*

25ထို့နောက် ယေရှုက၊ “ကောင်းကင်ဘုံနှင့်
မြေကြီး၏ထာဝရဘုရားဖြစ်တော်မူသောအဘ၊
အကျွန်ုပ်ကျေးဇူးတင်ပါ၏။ အဘ၊ ကိုယ်တော်
သည်ဉာဏ်ပညာရှိသူတို့နှင့်အမြော်အမြင်ရှိသူ
တို့ထံမှ ထိုအရာများကို ပုံးကွယ်သောကြောင့်၊
ကိုယ်တော့်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ သို့သော်
လည်း ကိုယ်တော်သည် ကလေးသူငယ်တို့နှင့်
တူသောသူတို့၌ ထိုအရာများကို ပြသတော်မူ
၏။ 26ဟုတ်ပါ၏၊ အဘ၊ ကိုယ်တော်သည်ဤ
အရာကို ပြုတော်မူသည်မှာ ကိုယ်တော်သည်
အမှန်ပင်အလိုတော်ရှိသောကြောင့် ဖြစ်ပါ၏။
27“ငါ့၏ခမည်းတော်သည် ခပ်သိမ်းသောအ
ရာတို့ကို ငါ၌ အပ်ပေးတော်မူပြီ။ ခမည်းတော်
မှတပါး အဘယ်သူမျှ သားတော်ကိုမသိ။ သား
တော်နှင့် ခမည်းတော်အကြောင်း ဟောပြော
ရန် သားတော်၏ရွေးချယ်ထားသော လူတို့မှ
တပါး အဘယ်သူမျှ ခမည်းတော်ကိုမသိ။
28“ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့
ငါထံသို့ လာကြလော့။ ငါသည် ချမ်းသာပေး
မည်။ 29ငါ့ထမ်းဘိုးကို တင်၍ ထမ်းကြလော့။
ငါ့ထံမှ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့
၍ နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်
နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ 30အ
ကြောင်းမူကား ငါ့ထမ်းဘိုးသည် ထမ်းလွယ်၍
ငါ့ဝန်လည်း ပေါ့၏။ သင်တို့ကို ငါပေးသောဝန်
သည် ပေါ့၏” ဟုမိန့်တော်မူ၏။

## ယုဒလူအချို့က ယေရှုအား ဝေဖန်ကြခြင်း

*(မာ၊ 2:23-28; လု၊ 6:1-5)*

12 တစ်ချိန်တည်းမှာပင် ယေရှုသည် ဂျုံ
လယ်ကွက်တို့ကို ဖြတ်၍ကြွတော်မူ၏။
ထိုနေ့သည် ဥပုသ်နေ့ဖြစ်၏။ ယေရှုနှင့်အတူ တ
ပည့်တော်တို့လည်း လိုက်ပါလာကြ၏။ သူတို့
သည် အလွန်ဆာလောင်နေကြ၏။ ထို့ကြောင့်
တပည့်တော်တို့က စပါးအသီးအနှံကို ဆွတ်၍
စားကြ၏။ 2ဖာရိရှဲတို့သည် ဤအရာကို မြင်
သွားကြသဖြင့် ယေရှုအား၊ “ကြည့်ပါ၊ ကိုယ်
တော်၏တပည့်တော်တို့သည် ဥပုသ်နေ့၌ မပြု
သင့်သောအမှုကို ပြုကြပါသည်” ဟုလျှောက်
ကြ၏။
3ထိုအခါ ယေရှုက သူတို့အား၊ “ဒါဝိဒ်သည်
မိမိအပေါင်းအဖော်တို့နှင့်တကွ မွတ်သိပ်သော
အခါ အဘယ်အရာလုပ်သည်ကို သင်တို့မဖတ်
ဖူးသလော။ 4သူတို့သည် ဘုရားသခင်၏အိမ်
တော်ထဲသို့ ဝင်၍ ဘုရားသခင်ကို ပူဇော်
သက္ကာပြုထားသောမုန့်ကို စားကြ၏။ ထိုမုန့်ကို
စားခြင်းငှါ ဒါဝိဒ်နှင့် သူ၏အပေါင်းအဖော်တို့အ

တွက် ဤအရာသည် ပညတ်တော်ကို ဆန့်
ကျင် ခြင်းဖြစ်၏။ ယဇ်ပရောဟိတ်တို့သာလျှင်
ထိုမုန့်ကို စားခြင်းငှါ ခွင့်ပြုထား၏။ 5ထို့ပြင်
ဗိမာန်တော်၌ရှိသော ယဇ်ပရောဟိတ်တို့သည်
လည်း ဥပုသ်နေ့တိုင်း၌ ဥပုသ်ဥပဒေကို ချိုး
ဖောက်ကြောင်း မောရှေ၏ပညတ်ကျမ်းထဲ၌
သင်တို့မဖတ်ဘူးသလော။ သို့ပါလျှက် ယဇ်ပု
ရောဟိတ်တို့သည် ထိုအရာအတွက် အပြစ်တင်
ခြင်းမခံကြပေ။ 6ငါဆိုသည်ကား၊ ဤနေရာ၌
ဗိမာန်တော်ထက် သာ၍ကြီးမြတ်သောအရာ
ရှိ၏။ 7ကျမ်းစာက၊ 'ငါသည် တိရစ္ဆာန်ယဇ်ပူ
ဇော်ခြင်းများကို အလိုမရှိ။ လူသားအချင်းချင်း
သနားကြင်နာခြင်းကိုသာ အလိုရှိ၏'* ဟု
ပြောသောစကား၏အဓိပ္ပါယ်ကို သင်တို့သေ
ချာစွာ နားမလည်ကြသလော။ ထိုစကား တို့
ကို သင်တို့သေချာစွာ နားလည်လျှင် အမှား
တစ်ခုမျှမလုပ်သောလူတို့ကိုသင်တို့တရားစီရင်
ဆုံးဖြတ်မည်မဟုတ်။
8"လူသားသည် ဥပုသ်နေ့၏အရှင်ဖြစ်သည်"
ဟုမိန့်တော်မူ၏။

## ယေရှုသည် လက်တစ်ဘက်သေသူကို ကုသတော်မူခြင်း

*(မာ၊ 3:1-6; လု၊ 6:6-11)*

9ယေရှုသည် ထိုနေရာမှ ထွက်ခွာတော်
မူပြီးနောက်၊ သူတို့၏တရားဇရပ်သို့ ဝင်တော်မူ
၏။ 10တရားစရပ်တွင်း၌ လက်တစ်ဘက်သေ
သောသူတစ်ယောက်ရှိ၏။ယုဒလူအချို့တို့သည်
ယေရှုအားစွပ်စွဲရန် အကြောင်းရှာနေကြ၏။ ထို့
ကြောင့် သူတို့က၊ "ဥပုသ်နေ့မှာ ကျန်းမာခြင်း
ပေးသင့်ပါသလော"* ဟုယေရှုအားမေးကြရာ၊
11ယေရှုက၊ "မိမိ၌သိုးတစ်ကောင်တည်း
ရှိ၍ ထိုသိုးသည် ဥပုသ်နေ့၌ ကျင်းထဲကျလျှင်၊
မဆွဲမတင်ဘဲ နေမည့်သူတစ်စုံတစ်ယောက်မျှ
သင်တို့တွင် ရှိသလော။ 12လူသည် သိုးထက်
အလွန်မြတ်ပေ၏။ထို့ကြောင့် မောရှေ၏ပညတ်
တရားသည်၊ ဥပုသ်နေ့မှာ လူတို့ကို ကောင်း
မွန်သောအလုပ်များလုပ်ရန် ခွင့်ပြုထားသည်"
ဟုပြန်ပြောတော်မူ၏။
13ထို့နောက် ယေရှုက လက်တဘက်သေ
သောသူအား၊ "သင့်လက်ကိုဆန့်လော့" ဟုမိန့်
တော်မူ၏။ထိုသူသည် လက်ကို ဆန့်သောအခါ
အခြားလက်တဘက်ကဲ့သို့ ပကတိဖြစ်လေ၏။
14သို့ရာတွင် ဖာရိရှဲတို့သည် ထိုနေရာမှ ထွက်
၍၊ ယေရှုကို သတ်ခြင်းငှါ ကြံစည်ကြလေ၏။

## ယေရှုသည် ဘုရားသခင်၏ရွေးချယ်စေလွှတ်ခံရသူဖြစ်တော်မူ၏

15ဖာရိရှဲတို့သည် အဘယ်သို့ကြံစည်သည်ကို
ယေရှုသိတော်မူ၏။ ထို့ကြောင့် ယေရှုသည် ထို
နေရာမှ ထွက်ခွာတော်မူ၏။ များစွာသောလူ
အပေါင်းတို့သည် ယေရှု၏နောက်တော်သို့
လိုက်ကြသဖြင့် သူတို့၏အနာရောဂါ ရှိသမျှတို့
ကို ငြိမ်းစေတော်မူ၏။ 16သို့သော်လည်း ယေရှု
က မိမိသည် အဘယ်သူဖြစ်ကြောင်း အခြား
သူတို့အား မပြောရန်သတိပေးတော်မူ၏။
17ယေရှုသည် ဤအရာကို လုပ်ဆောင်ခြင်းမှာ
ပရောဖက်ဟေရှာယ ဟောခဲ့သောစကားပြည့်
စုံမည်အကြောင်းဖြစ်၏။

18 "သူက "ဤနေရာ၌ ငါရွေးချယ်ခဲ့သော
အစေခံရှိ၏။သူ့ကိုငါချစ်၍နှစ်သက်တော်
မူ၏။ သူ့အပေါ်မှာ ငါ၏ဝိညာဉ်တော်တင်
တည်စေမည်။ သူသည် လူအမျိုးမျိုးတို့
ကို တရားမျှတစွာစီရင်မည်။
19 သူသည် ငြင်းခုံခြင်း၊ ဟစ်ကြော်ခြင်းကို
မပြုမူ။ သူ့အသံကို အဘယ်သူမျှလမ်း
များပေါ်မှာ မကြားရ။
20 သူသည် ကိုင်းညွတ်ပြီးသား ကျူပင်ကို
ချိုးလိမ့်မည်မဟုတ်၊ သူသည် ငြိမ်းလုနီး
ပါး ဖြစ်နေသည့်အလင်းရောင်ကို ငြိမ်း
သတ်မည်မဟုတ်။ သူသည် တရားမျှတ

---

**'ငါသည် ... အလိုရှိ၏'** ဟောရှေ 6:6

**"ဥပုသ်နေ့ ... သင့်ပါသလော"** ဥပုသ်နေ့၌ အလုပ်
လုပ်ခြင်းသည် ယုဒတို့၏ပညတ်တရားကို ဆန့်ကျင်ခြင်း
ဖြစ်၏။

ခြင်းကို အောင်မြင်ခြင်းသို့ ပို့ဆောင်
သည့်တိုင်အောင် ဤအရာများကို ဆက်
လက် လုပ်ဆောင်လိမ့်မည်။
21 သူ၏နာမကိုလည်း လူမျိုးအပေါင်းတို့
သည် ကိုးစားကြလိမ့်မည်” ဟုဟော
ထား၏။

*ဟေရှာယ 42:1-4*

## ယေရှု၏တန်ခိုးသည် ဘုရားသခင် ထံတော်မှဖြစ်၏

*(မာ၊ 3:20-30; လု၊ 11:14-23; 12:10)*

22ထို့နောက် အချို့သော လူတို့သည် ယေရှု
ထံတော်သို့ လူတစ်ယောက်ကို ခေါ်လာကြ၏။
ထိုသူသည် မျက်စိမမြင်၊ စကားအသောသူဖြစ်
၏။ အကြောင်းမူကား သူသည် နတ်ဆိုးစွဲကပ်
ခံရ၏။ ယေရှုက ကျန်းမာခြင်းပေးသောအခါ၊
မျက်စိပြန်မြင်၍ စကားပြောနိုင်လေ၏။ 23လူအ
စုအဝေးအပေါင်းတို့သည် မိန်းမောတွေဝေ၍၊
ဤသူသည် ဒါဝိဒ်၏သားဖြစ်လိမ့်မည်လော” ဟု
ပြောဆိုကြ၏။
24ထိုအကြောင်းအရာကို ကြားသောဖာရိရှဲ
တို့က၊ “ဤသူသည် နတ်ဆိုးမင်း ဗေလဇေဗုလ
၏တန်ခိုးကို အသုံးပြု၍ လူတို့ထံမှ နတ်ဆိုးတို့
ကို နှင်ထုတ်သည်” ဟုပြောကြ၏။
25ဖာရိရှဲတို့က မည်သို့ထင်မြင်ကြသည်ကို
ယေရှုသိတော်မူ၏။ ထို့ကြောင့် ယေရှုက “အ
ချင်းချင်း ဆန့်ကျင်ကွဲပြားသော တိုင်းနိုင်ငံမှန်
သမျှသည် ပျက်စီးလိမ့်မည်။ အချင်းချင်း ကွဲ
ပြားသောမြို့မှန်သမျှမတည်မြဲ။ ကွဲပြားသော
မိသားစုမှန်သမျှသည် အောင်မြင်ခြင်းရရှိမည်
မဟုတ်။ 26ထို့ကြောင့် စာတန်သည် မိမိယ်
သားတို့ကို နှင်ထုတ်လျှင် သူ၏နိုင်ငံတော်သည်
တည်နိုင်မည်မဟုတ်။ 27ငါသည် ဗေလဇေဗုလ
၏တန်ခိုးကိုအသုံးပြု၍ နတ်ဆိုးတွေကို နှင်ထုတ်
သည်ဟု သင်တို့ပြောကြ၏။ ထိုအရာသည် မှန်
လျှင် သင်တို့၏လူတို့သည် အဘယ်သူ၏တန်ခိုး
ကိုအသုံးပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြသ
နည်း။ ထို့ကြောင့် သင်တို့၏လူတို့သည် သင်တို့
မှားကြောင်းကို သက်သေပြကြ၏။ 28သို့သော်
လည်းငါသည် ဘုရားသခင်၏ဝိညာဉ်တော်တန်
ခိုးကို အသုံးပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်၏။ ဤ
အရာကဘုရားသခင်၏နိုင်ငံတော်သည် သင်တို့
ထံသို့ ရောက်ရှိပြီဖြစ်ကြောင်း ပြသခြင်းဖြစ်၏။
29“လူတစ်ယောက်သည် သန်စွမ်းသောသူ
တစ်ယောက်၏အိမ်သို့ဝင်၍ သူ၏ပစ္စည်းများကို
ခိုးယူလိုလျှင် ထိုသန်စွမ်းသောသူကို ရှေးဦးစွာ
ချည်နှောင်ရမည်။ သို့မှသာ ထိုသူ၏ပစ္စည်းများ
ကို ခိုးယူနိုင်မည်။
30“ငါ့ဘက်၌ မနေသောသူသည် ငါ့ကို ဆန့်
ကျင်သောသူ ဖြစ်၏။ ငါနှင့်အတူ အလုပ်မလုပ်
သောသူသည် ငါ့ကို ဆန့်ကျင်၍ အလုပ်လုပ်၏။
31ထို့ကြောင့် ငါဆိုသည်ကား၊ လူတို့ကျူးလွန်
သောအပြစ်အားလုံး ခွင့်လွှတ်နိုင်၏။ လူတို့၏
ဆိုးသမျှကို ခွင့်လွှတ်ပေးနိုင်၏။ သို့သော်လည်း
လူတစ်ယောက်သည် သန့်ရှင်းသောဝိညာဉ်
တော်ကို ဆန့်ကျင်၍ ပြောလျှင်သူသည် ခွင့်
လွှတ်ခြင်းမခံနိုင်။ 32လူသားကို ဆန့်ကျင်၍
ပြောသောလူသည် ခွင့်လွှတ်ခြင်းခံနိုင်၏။ သို့
သော်လည်း လူတစ်ယောက်သည် သန့်ရှင်း
သောဝိညာဉ်တော်ကို ဆန့်ကျင်ပြောဆိုလျှင်
ယခုအချိန်သာမက၊ နောင်ကာလ၌လည်း ခွင့်
လွှတ်ခြင်းခံမည်မဟုတ်။

## သင်ပြုသမျှအရာကသင်မည်သူ ဖြစ်သည်ကိုပြ၏

*(လု၊ 6:43-45)*

33“သင်သည် အသီးကောင်းကို အလိုရှိ
လျှင် အပင်ကို ကောင်းမွန်အောင် ပြုစုရမည်။
သင်၏အပင်မကောင်းလျှင် ညံ့ဖျင်းသောအသီး
ကို သီးမည်။ အသီးအမျိုးအစားကို ကြည့်၍ အ
ပင်ကို သိကြရ၏။ 34အချင်းမြွေဆိုးတို့၊ သင်တို့
သည် ဆိုးဝါးသူဖြစ်ကြ၏။ သင်တို့သည်ကောင်း
သောစကားကို အဘယ်သို့ ပြောနိုင်မည်နည်း။
စိတ်နှလုံးမှ လျှံထွက်လာသောအရာကို ပါးစပ်
မြွက်ဆိုတတ်၏။ 35လူကောင်းတစ်ယောက်
သည် ကောင်းသောအရာများကို သူ၏စိတ်နှ

လုံးထဲတွင် သိမ်းဆည်းထား၏။ သို့ဖြစ်၍ သူ
သည် သူ၏စိတ်နှလုံးမှ ထွက်လာသည့်ကောင်း
သောစကားကို ပြော၏။ သို့သော်လည်း
မကောင်းသောသူသည် မကောင်းသောအ
ရာများကို သူ၏စိတ်နှလုံးထဲတွင် သိမ်းဆည်း
ထား၏။ ထို့ကြောင့် သူသည် သူ၏စိတ်နှလုံးမှ
ထွက်လာသည့်မကောင်းသောစကားကို ပြော
၏။ 36ထို့ကြောင့် ငါဆိုသည်ကား၊ လူတို့သည်
သူတို့၏မဆင်မခြင် ပြောသမျှအရာများ အ
တွက်၊ တရားစီရင်ဆုံးဖြတ်သောနေ့၌ စစ်
ကြောခြင်းကို ခံရကြလိမ့်မည်။ 37သင့်စကား
များအားဖြင့် သင်သည် အပြစ်လွှတ်လိမ်မည်။
သင့်စကားများအားဖြင့် အပြစ်စီရင်ခြင်းကိုခံရ
လိမ့်မည်” ဟုမိန့်တော်မူ၏။

## ယုဒခေါင်းဆောင်တို့က ယေရှုအား သက်သေခံအထောက်အထားပြခိုင်းခြင်း

*(မာ၊ 8:11-12; လု၊ 11:29-32)*

38ထိုအခါ အချို့သောကျမ်းပြုဆရာနှင့်
ဖာရိရှဲတို့သည် ယေရှုထံတော်သို့ လာရောက်
၍၊ “ဆရာ၊ သက်သေတစ်ခုအနေနှင့် ကိုယ်
တော်ပြုတော်မူသော နမိတ်လက္ခဏာတခုကို
အကျွန်ုပ်တို့ ကြည့်ချင်ပါ၏” ဟုလျှောက်ကြ၏။
39ယေရှုက၊ “ဆိုးသွမ်းသူတို့နှင့် အပြစ်ရှိသူ
တို့သည် သက်သေအဖြစ် နိမိတ်လက္ခဏာကို
အလိုရှိကြ၏။ သို့သော်လည်း သူတို့အတွက်
ပရောဖက်ယောန၏ နမိတ်လက္ခဏာမှတပါး
အဘယ်လက္ခဏာကိုမျှ သူတို့အား ပေးမည်
မဟုတ်။ 40ပရောဖက်ယောနသည် ငါးကြီးဝမ်း
ထဲမှာ၊ သုံးရက်နှင့်သုံးညလုံးလုံးနေခဲ့ရ၏။ ဤ
ကဲ့သို့ပင် လူသားသည် မြေကြီးထဲမှာ သုံးရက်
နှင့်သုံးည နေရလိမ့်မည်။ 41တရားစီရင်ဆုံးဖြတ်
သောနေ့၌၊ နိနေဝေမြို့သားတို့သည် ယနေ့ရှိ
နေကြသောသင်တို့နှင့်အတူထ၍၊ သင်တို့အ
မှားကို သက်သေပြကြလိမ့်မည်။ အကြောင်းမူ
ကား ယောနသည် သူတို့ထံသို့ တရားဟောခဲ့
စဉ်တွင် သူတို့၏အသက်တာပြောင်းလဲကြ၏။
ငါဆိုသည်ကား ငါသည် ယောနထက်သာ၍
ကြီးမြတ်၏။ 42တရားစီရင်သောနေ့၌၊ တောင်
ပြည်ဘုရင်မသည် ယခုရှိနေကြသည့် သင်တို့နှင့်
အတူရပ်၍သင်တို့အပြစ်ရှိကြောင်း သက်သေပြ
လိမ့်မည်။ အကြောင်းမူကား ထိုဘုရင်မသည်
ရှောလမုန်မင်းကြီး၏ ပညာစကားကို နား
ထောင်ရန် အလွန်ဝေးကွာသောပြည်မှလာ၏။
ငါဆိုသည်ကား ငါသည် ရှောလမုန်ထက်သာ၍
ကြီးမြတ်၏။

## ယနေ့လူတို့သည် ဝိညာဉ်ဆိုးများဖြင့် ပြည့်နှက်လျက်ရှိကြခြင်း

*(လု၊ 11:24-26)*

43“ညစ်ညူးသောနတ်သည် လူထဲမှထွက်
လာခဲ့ရသောအခါ၊ နားခိုမည့်နေရာကို ရှာခြင်း
ငှါ ခြောက်သွေ့သောအရပ်တို့ကို ဖြတ်သွား
တတ်၏။ 44သို့သော်လည်း ဝိညာဉ်ဆိုးသည်
နားခိုမည့်နေရာကို ရှာမတွေ့လျှင် ‘ငါအရင်နေ
ခဲ့သောအိမ်ကို ပြန်သွားမည်’ ဟုပြော၏။ ထို
အိမ်သည် လွှပ်လပ်၍ သန့်ရှင်းသပ်ရပ်နေသည်
ကို တွေ့၏။ 45ထို့ကြောင့် ဝိညာဉ်ဆိုးသည်သွား
၍ မိမိထက်ပိုဆိုးသွမ်းသော တခြားဝိညာဉ်
ဆိုးခုနစ်ယောက်တို့ကို ခေါ်ဆောင်လာ၏။ ထို
ဝိညာဉ်ဆိုးအားလုံးတို့သည် ထိုလူထဲသို့ ဝင်၍
နေကြ၏။ ထို့ကြောင့် ထိုလူ၏အခြေအနေသည်
ရှေးကထက်ပို၍ ဆိုးဝါးလာ၏။ ဤကဲ့သို့ပင်
ယနေ့ လူဆိုးတို့၌ ဖြစ်၏” ဟုမိန့်တော်မူ၏။

## ယေရှု၏တပည့်များသည် မိမိ၏မိသားစုဖြစ်၏

*(မာ၊ 3:31-35; လု၊ 8:19-21)*

46ယေရှုသည် ထိုလူတို့အား ဟောပြော
တော်မူစဉ်တွင်၊ မယ်တော်နှင့်ညီတော်တို့သည်
ယေရှုနှင့်စကားပြောလို၍ အပြင်ဘက်မှာ ရပ်
နေကြ၏။ 47လူတစ်ယောက်က ယေရှုအား၊
“မယ်တော်နှင့် ညီတော်တို့သည် ကိုယ်တော်နှင့်
စကားပြောလို၍ အပြင်မှာ စောင့်နေကြပါ၏”
ဟုလျှောက်ရာ၊

48ယေရှုက၊ “ငါ့အမိငါ့ညီကား အဘယ်သူ
နည်း” ဟုမေးတော်မူ၏။ 49လက်တော်ကိုလည်း
တပည့်တော်တို့ထံ ဆန့်၍ တပည့်တော်တို့ကို
ညွှန်လျက် “ကြည့်ကြလော့၊ ဤနေရာ၌ရှိသော
လူတို့သည် ငါ့မိ၊ ငါ့ညီတို့ဖြစ်ကြ၏။ 50ကောင်း
ကင်ဘုံ၌ရှိတော်မူသော ငါ့အဘ၏အလိုတော်
အတိုင်းဆောင်ရွက်သောသူသည် ငါ့ညီ၊ ငါ့နှမ၊
ငါ့အမိဖြစ်ကြသည်” ဟုမိန့်တော်မူ၏။

## ယေရှုက မျိုးစေ့စိုက်ပျိုးခြင်းအကြောင်း ပုံဥပမာတစ်ပုဒ်ပြောဆိုတော်မူခြင်း

*(မာ၊ 4:1-9; လု၊ 8:4-8)*

13 ထိုနေ့မှာပင် ယေရှုသည် အိမ်ကထွက်
၍၊ အိုင်နားမှာ ထိုင်နေတော်မူ၏။ 2များ
စွာသောလူအပေါင်းတို့သည် ယေရှု၏ဝန်းကျင်
တွင် ဝန်းရံနေကြ၏။ ထို့ကြောင့် ယေရှုသည်
လှေထဲသို့ဝင်၍ ထိုင်တော်မူ၏။ လူအများတို့
သည် ကမ်းစပ်မှာနေကြ၏။ 3ထို့နောက် ယေရှု
သည် အကြောင်းအရာများစွာတို့ကို ဥပမာ
ပေး၍ လူများကို သြဝါဒပေးတော်မူ၏။ ယေရှု
က၊ “ယာသမားတစ်ယောက်သည် မျိုးစေ့ကို
ကြဲခြင်းငှါ ထွက်သွား၏။ 4သူသည် မျိုးစေ့ကို
ကြဲစဉ်တွင် အချို့သောမျိုးစေ့တို့သည် လမ်း
ဘေး၌ကျသွား၏၊ ငှက်တို့သည် လာ၍ကောက်
စားကြ၏။ 5အချို့သောအစေ့တို့သည် မြေနည်း
၍ ကျောက်ပေါ်များသောအရပ်၌ ကျ၏။ ထိုအ
ရပ်၌ ကျသောအစေ့တို့သည် မြေတိမ်သော
ကြောင့် ချက်ချင်း အပင်ပေါက်လာကြ၏။ 6သို့
သော်လည်း နေထွက်လာသောအခါ နေသည်
အပင်တို့ကို ညှိုးနွမ်းစေ၏။ အပင်သည် နက်
သောအမြစ်မစွဲသောကြောင့် သေသွား၏။ 7အ
ချို့သောမျိုးစေ့တို့သည် ဆူးပင်တို့တွင်ကျသွား
၏။ အပင်ပေါက်၍ ကြီးထွားလာသော်လည်း
ဆူးပင်များလည်း အလျင်အမြန် ကြီးထွားလာ
၍ အပင်ကြီးထွားမှုကို ရပ်တန့်စေ၏။ 8အချို့
သောအစေ့တို့သည် ကောင်းသောမြေ၌ ကျ
သဖြင့် အောင်မြင်ပြီး အသီးအနှံအထွက်ကောင်း
ကြ၏။ တချို့အပင်တို့သည် အဆသုံးဆယ်၊ တ
ချို့က အဆခြောက်ဆယ်နှင့်၊ တချို့က အဆ
တစ်ရာပွားများ၍ အသီးသီးကြ၏။ 9ငါပြော
သောစကားကို ကြားသောသင်တို့ နားထောင်
ကြလော့” ဟုမိန့်တော်မူ၏။

## ယေရှုက အဘယ်ကြောင့် ပုံဥပမာများဖြင့် ဆုံးမသြဝါဒပေးတော်မူသနည်း

*(မာ၊ 4:10-12; လု၊ 8:9-10)*

10တပည့်တော်တို့သည် ယေရှုထံတော်သို့
လာ၍၊ “ကိုယ်တော်သည် လူတို့ကို သွန်သင်
ခြင်းငှါ အဘယ့်ကြောင့် ဥပမာတို့ကို အသုံးပြု
ပေးတော်မူသနည်း” ဟုမေးလျှောက်ကြရာ၊
11ယေရှုက၊ “သင်တို့သာလျှင် ကောင်းကင်
နိုင်ငံတော်၏လျှို့ဝှက်ချက်အမှန်ကို သိနိုင်၏။
တခြားလူတို့သည် ဤလျှို့ဝှက်ချက်အမှန်ကို
မသိနိုင်ကြ။ 12နားလည်ခြင်းရှိသောသူ၌ ကြွယ်
ဝပြည့်စုံ စေခြင်းငှါပေးဦးမည်။ သို့သော်လည်း
နားလည်ခြင်းမရှိသောသူထံမှ သူ၌ရှိသမျှပင်
နှုတ်ရလိမ့်မည်။ 13ထို့ကြောင့် ငါသည် ဥပမာ
များကို အသုံးပြု၍ လူတို့ကို သြဝါဒပေး၏။ သူ
တို့သည် မြင်သော်လည်း အမှန်မမြင်ကြ။ သူ
တို့ကြားသော်လည်း အမှန်မကြား၊ နားမလည်
ကြ။ 14ထို့ကြောင့် ဤလူတို့သည် ဟေရှာယ
ပြောခဲ့သောအရာမှန်ကန်ကြောင်း ပြသကြ၏။

‘သင်တို့နားထောင်သောအခါ၊ သင်တို့
ကြားရလိမ့်မည်။ သို့သော်လည်းသင်တို့
နားလည်ကြလိမ်မည်မဟုတ်။ သင်တို့
ကြည့်သောအခါ၊ သင်တို့မြင်ကြရလိမ့်
မည်။ သို့သော်လည်း သင်တို့မြင်သော
အရာတို့ကို သင်တို့နားလည်ကြလိမ်မည်
မဟုတ်။
15 ဤလူတို့၏စိတ်နှလုံးသည် မာကျောနေ
၏။ သူတို့သည် နားရှိသော်လည်း နားမ
ထောင်ကြ။ သူတို့သည် အမှန်တရားကို
ကြည့်ခြင်းငှါ ငြင်းဆန်ကြ၏။ ဤကဲ့သို့
ဖြစ်ရခြင်းမှာ၊ သူတို့၏မျက်စိနှင့် မမြင်၊
နားနှင့်မကြား၊ စိတ်နှလုံးနှင့်လည်း နားမ

လည်ကြ။ သူတို့အနာရောဂါကို ငြိမ်းစေ
မည်အကြောင်း သူတို့သည် ငါ့ထံသို့
လှည့်လာကြမည်မဟုတ်။

*ဟေရှာယ 6:9-10*

16သို့သော်လည်း သင်တို့သည် မင်္ဂလာရှိ၏။
သင်တို့မျက်စိနှင့် မြင်သောအရာတို့ကို သင်တို့
နားလည်၏။ ထို့အပြင် သင်တို့၏နားနှင့်ကြား
သောအရာများကိုလည်း နားလည်၏။ 17ငါ
အမှန်ဆိုသည်ကား၊ သင်တို့ယခုမြင်နေရသော
အရာတို့ကို၊ ပရောဖက်များနှင့်၊ ဖြောင့်မတ်
သောသူများတို့သည် မြင်ခြင်းငှါ အလိုရှိ ကြ၏။
သို့သော်လည်း ဤအရာတို့ကို သူတို့မမြင်ရကြ။
သင်တို့ကြားရသောအရာတို့ကို သူတို့သည်
ကြားခြင်းငှါ အလိုရှိကြ၏။ သို့သော်လည်း ထို
အရာတို့ကို သူတို့မကြားရကြ။

## ယေရှုက မျိုးစေ့များအကြောင်း ရှင်းပြတော်မူခြင်း

*(မာ၊ 4:13-20; လု၊ 8:11-15)*

18"ထို့ကြောင့် ယာသမား၏ဥပမာအ
ဓိပ္ပါယ်ကို နားထောင်ကြလော့၊ 19လမ်းဘေး၌
ကျသောအစေ့တို့သည်၊ နိုင်ငံတော်၏တရား
စကားအကြောင်းကို ကြားရသော်လည်း နား
မလည်သောသူနှင့်တူ၏။ သူ၏နှလုံး၌စိုက်ထား
သောအရာတို့ကို မာရ်နတ်သည် လာ၍ ထုတ်
ယူတတ်၏။ 20ကျောက်ထူထပ်သောအရပ် ၌
ကျသောအစေ့တို့သည် တရားစကားကို ကြား
၍ ဝမ်းမြောက်စွာနှင့် ချက်ချင်းလက်ခံသောသူ
နှင့်တူ၏။ 21သို့သော်လည်း ထိုသူသည် တရား
စကားကို မိမိအသက်တာတွင် နက်နဲစွာ ဝင်
ခွင့်မပြု။ သူသည် တရားစကားကို အချိန်အ
နည်းငယ်သာ ထိန်းသိမ်းထား၏။ ထို့ကြောင့်သူ
လက်ခံထားခဲ့သောတရားစကားကြောင့် ဆင်း
ရဲဒုက္ခနှင့် ညှဉ်းဆဲခြင်းကို ခံရသောအခါ ချက်
ချင်း ဖောက်ပြန်တတ်၏။ 22ဆူးပင်ထဲ၌ ကျ
သွားသောအစေ့တို့သည်၊ တရားစကားကို
ကြားသော်လည်း လောကီအမှု၌ စိုးရိမ်ခြင်းနှင့်
စည်းစိမ်ဥစ္စာ၏လှည့်စားခြင်းကြောင့် မျိုးစေ့ကို
မကြီးပွားအောင် တားဆီးသောသူနှင့်တူ၏။ ထို့
ကြောင့် တရားစကားသည် အသီးမသီးနိုင်။
23သို့သော်လည်း ကောင်းသောမြေ၌ ကျသော
အစေ့တို့သည် တရားစကားကို ကြား၍ နား
လည်သောသူနှင့်တူ၏။ ထိုသူသည် အဆသုံး
ဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာပွား
များ၍ အသီးသီးတတ်သည်" ဟုမိန့်တော်မူ၏။

## ဂျုံစေ့နှင့်ပေါင်းမြက်စေ့အကြောင်းဥပမာ

24ထိုနောက် ယေရှုသည် သူတို့အား ဩဝါ
ဒပေးခြင်းငှါ နောက်ထပ်ဥပမာတစ်ခုကို မိန့်
တော်မူသည်မှာ "ကောင်းကင်နိုင်ငံတော်သည်
ကောင်းသောမျိုးစေ့ကို ယာခင်း၌ ကြဲသောသူ
နှင့်တူ၏။ 25လူတို့သည် အိပ်ပျော်သောအခါ
သူ၏ရန် သူသည် လာ၍၊ စိုက်ခင်းထဲ၌ ပေါင်း
မြက်မျိုး စေ့တို့ကိုကြဲသွား၏။ ထို့နောက် ရန်
သူသည် ပြန်ထွက်သွား၏။ 26ရက်အနည်းငယ်
ကြာသောအခါ ဂျုံပင်တို့သည် ပေါက်၍ အသီး
အနှံထွက်လာ၏။ သို့သော်လည်း တစ်ချိန်
တည်းမှာပင် ပေါင်းမြက်ပင်တို့လည်း ပေါက်
လာကြသည်။
27ယာခင်းပိုင်ရှင်၏အစေခံတို့သည် လာ၍
'သခင်၊ ကိုယ်တော်၏ယာခင်းထဲ၌ ကောင်း
သောမျိုးစေ့ကို ကြဲတော်မူသည်မဟုတ်လော။
သို့သော်လည်း ပေါင်းမြက်တို့သည် အဘယ်က
ရောက်လာပါသနည်း' ဟုလျှောက်ကြ၏။
28"ယာခင်းပိုင်ရှင်က၊
'ဤအမှုသည် ရန်သူပြုသောအမှုဖြစ် သည်
ဟုဆို၏။ အစေခံတို့က၊ 'အကျွန်ုပ်တို့သည် ထို
ပေါင်းမြက်တို့ကို သွား၍ နုတ်ရန် အလိုတော်ရှိ
သလော' ဟုမေးကြ၏။
29"ယာခင်းပိုင်ရှင်က 'မနုတ်ပါနှင့်၊ အ
ကြောင်းမူကား၊ ပေါင်းမြက်တို့ကို သင်တို့နုတ်
လိုက်လျှင်၊ ဂျုံပင်တို့ကိုလည်း နုတ်မိလိမ့်မည်။
30ရိတ်သိမ်းချိန်ရောက်သည့်တိုင်အောင် အပင်
နှစ်မျိုးတို့သည် အတူကြီးထွားပါလေစေ။ ရိတ်

သိမ်းချိန်ရောက်လျှင်၊ ‘ပေါင်းမြက်တို့ကို ရှေဦး
စွာရွေးနုတ်၍ မီးရှို့ခြင်းငှါ စည်းနှောင်ကြလော့။
ထို့နောက် ဂျုံစေ့များကို စုထား၍ ငါ့ကျီထဲ
ထည့်ပါ ဟုငါပြောလိုက်မည်’ ဟုမိန့်တော်မူ၏။

## ယေရှုကဥပမာများနှင့် သြဝါဒပေးတော်မူခြင်း

*(မာ၊ 4:30-34; လု၊ 13:18-21)*

31ထို့နောက် ယေရှုသည် လူတို့အား အခြား
သောဥပမာတစ်ပုဒ်ကို မိန့်တော်မူ၏။ “ကောင်း
ကင်နိုင်ငံတော်သည် မုန်ညင်းစေ့နှင့်တူ၏။ လူ
တစ်ယောက်သည် သူ့ယာခင်း၌ ထိုမျိုးစေ့ကို
စိုက်၏။ 32မျိုးစေ့အားလုံးထဲမှာ မုန်ညင်းစေ့
သည် အသေးငယ်ဆုံးသောမျိုးစေ့တစ်ခုဖြစ်၏။
သို့သော်လည်း အပင်ပေါက် လာသောအခါ
ခြံထဲ၌ရှိသောအခြားအပင်အားလုံး ထက်သာ
၍ ကြီးထွားလာသောကြောင့် ငှက်တို့သည်
လာ၍၊ အကိုင်းအခက်တို့၌ အသိုက်တို့ကို လုပ်
နိုင်လောက်သော အပင်ဖြစ်တတ်သည်ဟု မိန့်
တော်မူ၏။”
33ထို့နောက် ယေရှုသည် လူတို့အား အခြား
သောဥပမာတစ်ပုဒ်ကို မိန့်တော်မူ၏။ “ကောင်း
ကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။ အမျိုး
သမီးတစ်ယောက်သည် တဆေးကို မုန့်ညက်
သုံးတင်း၌ ရော၍ ထည့်ထားသောအခါ မုန့်
ညက်ရှိသမျှ ဖောင်းကြွလာ၏။”
34ယေရှုသည် ဤအကြောင်းအရာအားလုံး
ကို ပုံဥပမာများသုံးနှုန်းလျက် လူတို့အား သွန်
သင်လေ့ရှိ၏။ ဥပမာများဖြင့် သူတို့ကိုအစဉ်အ
မြဲသြဝါဒပေးခြင်းဖြစ်၏။ 35ထို့ကြောင့်ပရောဖက်
၏ဟောပြောခဲ့သောအရာသည် ပြည့်စုံခြင်းသို့
ရောက်၏။ ပရောဖက်က ငါသည် သင်တို့ကို

> “ဥပမာနှင့်ပြောပြမည်၊ ကမ္ဘာဦးမှစ၍လျှို့
> ဝှက်ထားသောအရာတို့ကို ငါပြောပြ
> လိမ့်မည်” ဟုဆို၏။
>
> *ဆာလံကျမ်း 78:2*

## ယေရှုက ခက်ခဲသောဥပမာတစ်ပုဒ်၏အကြောင်းကို ရှင်းလင်းပြတော်မူခြင်း

36ထို့နောက် ယေရှုသည် လူများထံမှ ခွာ၍
အိမ်ထဲသို့ဝင်တော်မူ၏။ တပည့်တော်တို့သည်
အထံတော်သို့ လာ၍ “ယာခင်းထဲက ပေါင်း
မြက်မျိုးစေ့အကြောင်းနှင့် ပတ်သက်သောဥပ
မာ၏အဓိပ္ပါယ်ကို အကျွန်ုပ်တို့အား ရှင်းပြပါ”
ဟုလျှောက်ကြ၏။
37ယေရှုက၊ “ကောင်းသောမျိုးစေ့ကို ကြဲ
သောသူသည် လူသားဖြစ်၏။ 38ယာခင်းသည်
ကမ္ဘာကြီးဖြစ်၏။ ကောင်းသောမျိုးစေ့တို့သည်
နိုင်ငံတော်မှာရှိသော ဘုရားသခင်၏သားသမီး
အားလုံးကိုဆိုလို၏။ ပေါင်းမြက်မျိုးစေ့သည်
မာရ်နတ်နှင့် သက်ဆိုင်သောလူတို့ကို ဆိုလို၏။
39ပေါင်းမြက်မျိုးစေ့ကိုကြဲသောသူသည် စာတန်
ဖြစ်၏။ ရိတ်သိမ်းချိန်သည် ကမ္ဘာကြီးပြီးဆုံးရ
မည့်အချိန်ဖြစ်၏။ အလုပ်သမားတို့သည် ဘုရား
သခင်၏ကောင်းကင်တမန်တော်တို့ ဖြစ်ကြ၏။
40“ပေါင်းမြက်ပင်တို့ကိုရွေးနုတ်၍ မီးရှို့သကဲ့
သို့ ဤကမ္ဘာကြီးအဆုံး၌ဖြစ်လိမ့်မည်။ 41လူ
သားသည် မိမိ၏ကောင်းကင်တမန်တို့ကို စေ
လွှတ်မည်။ ကောင်းကင်တမန်တို့သည် လူတို့
ကို အပြစ်လုပ်စေသောသူများနှင့်မကောင်းမှု
ပြုသောသူ ရှိသမျှတို့ကို ရှာဖွေ၍ ထိုသူတို့ကို
နိုင်ငံတော်ထဲမှ ဆွဲထုတ်လိမ့်မည်။ 42ကောင်း
ကင်တမန်တို့သည် ထိုသူတို့ကို မီးပုံထဲသို့ ပစ်ချ
လိမ့်မည်။ ထိုနေရာ၌ လူတို့သည် ငိုကြွေး၍၊
နာကျင်မှုနှင့်အတူ အံကြိတ်ကြလိမ့်မည်။ 43ထို့
နောက် ဖြောင့်မတ်သောသူတို့သည် သူတို့
အဘ၏နိုင်ငံတော်၌ နေကဲ့သို့ ထွန်းတောက်ကြ
လိမ့်မည်။ ငါပြောသောစကားကို ကြားနိုင်
သောသင်တို့ နားထောင်ကြလော့။

## ရတနာတစ်ခုနှင့်ပုလဲတစ်လုံးဥပမာများ

44“ကောင်းကင်နိုင်ငံတော်သည် ယာခင်း၌
ဝှက်ထားသောရတနာနှင့်တူ၏။ တစ်နေ့သော
အခါ လူတစ်ယောက်သည် ထိုရတနာကို တွေ့
၏။ သူသည် ရတနာကို တွေ့သောအခါ အလွန်

ဝမ်းမြောက်၏။ သူသည် ရတနာကို ယာခင်း၌
ပင်ပြန်ဝှက်၏။ ထိုနောက် မိမိအိမ်သို့ပြန်၍ သူ၌
ရှိသောပစ္စည်းအားလုံးကို ရောင်း၍ ထိုယာ
ခင်းကို ဝယ်လိုက်၏။
45“ကောင်းကင်နိုင်ငံတော်သည် ကောင်း
သောပုလဲကို ရှာသောကုန်သည်နှင့်လည်း တူ
၏။ 46တနေ့သောအခါ သူသည် အလွန်တန်ဖိုး
ရှိသောပုလဲတစ်လုံးကိုတွေ့၏။ ထိုအခါသူသည်
သွား၍ သူ၌ရှိသမျှသောပစ္စည်းတို့ကို ရောင်း၍
ထိုပုလဲကိုဝယ်၏။

## ငါးဖမ်းပိုက်ကွန်ဥပမာ

47“ထို့ပြင် ကောင်းကင်နိုင်ငံတော်သည် အိုင်
၌ချ၍ ငါးအမျိုးမျိုးတို့ကို အုပ်မိသောပိုက်ကွန်
နှင့်တူ၏။ 48ပိုက်ကွန်ထဲ၌ ငါးများပြည့်သွား
သောအခါ တံငါသည်သည် ပိုက်ကိုဆွဲ၍ ကမ်း
စပ်ကိုယူလာ၏။ သူတို့သည် ထိုင်လျက်ကောင်း
သောငါးကိုရွေး၍ တောင်းထဲသို့ ထည့်လိုက်ကြ
၏။ မကောင်းသောငါးကို လွှင့်ပစ်ကြ၏။ 49ဤ
အပြစ်သည် ကမ္ဘာကြီးအဆုံး၌ အဘယ်သို့ ဖြစ်
ပျက်မည့်အရာဖြစ်၏။ ကောင်းကင်တမန်တို့
ရောက်လာပြီးလျှင် လူကောင်းတို့အထဲမှ ဆိုး
သောသူတို့ကို ခွဲကြလိမ့်မည်။ 50ကောင်းကင်
တမန်တို့သည် ဆိုးသောသူတို့ကို မီးထဲသို့ ပစ်
ချလိမ့်မည်။ ထိုနေရာ၌ လူတို့သည် ငိုကြွေး၍
နာကျင်စွာဖြင့် အံကြိတ်ရလိမ့်မည်” ဟုမိန့်
တော်မူ၏။
51ထို့နောက် ယေရှုက မိမိတပည့်တော်တို့
အား၊ “ဤအကြောင်းအရာအားလုံးကို သင်တို့
သဘောပေါက်ကြသလော” ဟုမေးလိုက်ရာ၊
တပည့်တော်တို့က “အကျွန်ုပ်တို့နားလည်
သဘောပေါက်ပါ၏” ဟုပြန်လျှောက်ကြ၏။
52ထိုအခါ ယေရှုက တပည့်တော်တို့အား
“ထို့ကြောင့် ကောင်းကင်နိုင်ငံတော်အကြောင်း
နှင့် ပတ်သက်၍ သင်ပြီးသောကျမ်းပြုဆရာဟူ
သမျှသည် မိမိ၏အိမ်ထဲ၌ သိုထားသောအသစ်
အဟောင်းတို့ကို ထုတ်ဖော်သယ်ဆောင်လာ
သောအိမ်ရှင်နှင့်တူ၏” ဟုမိန့်တော်မူ၏။

## ယေရှုသည်မိမိဇာတိမြို့သို့ကြွတော်မူခြင်း

*(မာ၊ 6:1-6; လု၊ 4:16-30)*

53ယေရှုသည် ဤဥပမာစကားများကို အ
ကုန်အစင် မိန့်မြွက်တော်မူပြီးလျှင် ထိုအရပ်မှ
ထွက်ခွာတော်မူ၏။ 54ကိုယ်တော်သည် မိမိဇာ
တိမြို့သို့ရောက်တော်မူ၍ လူများကို တရား
ဇရပ်၌ ဆုံးမဩဝါဒပေးတော်မူ၏။ ထိုအခါလူ
များက အံ့ဩလျက်၊ “ဤ လူသည် နိမိတ်လ
က္ခဏာပြုလုပ်နိုင်ရန် ဤကဲ့သို့သော ဉာဏ်
ပညာနှင့် တန်ခိုးတို့ကို အဘယ်မှာ ရသနည်း။
55သူသည် လက်သမား၏သားမဟုတ်လော၊
သူ့အမိက မာရိ၊ သူ့ညီတို့သည် ယာကုပ်၊
ယောသ၊ ရှိမုန်နှင့် ယုဒတို့ဖြစ်ကြသည်မဟုတ်
လော။ 56သူ့ညီမများတို့သည်လည်း ငါတို့ဝန်း
ကျင်တွင် ရှိကြသည်မဟုတ်လော။ သို့ဖြစ်လျှင်
သူသည် ဤအရာများကို အဘယ်မှာရသ
နည်း” ဟုပြောကြ၏၊” 57ထို့ကြောင့် သူတို့သည်
ယေရှုကို လက်ခံရန်ငြင်း ပယ်ကြ၏။ ထိုအခါ
ယေရှုက၊
“ပရောဖက်တစ်ယောက်ကို တခြားမြို့၌
ရှိသောလူတို့က လေးစားကြ၏။ သို့သော်
လည်း ပရောဖက်၏ဇာတိမြို့နှင့် မိမိအိမ်သား
တို့က သူ့ကို ငြင်းပယ်ကြသည်” ဟုပြော၏။
58ထိုမြို့သားများတို့သည် မယုံကြည်ကြ
သောကြောင့်၊ ယေရှုသည် ထိုအရပ်၌ များ
စွာသောနိမိတ်လက္ခဏာကို ပြတော်မမူ။

## ဟေရုဒ်က ယေရှုသတင်းကို ကြားခြင်း

*(မာ၊ 6:14-29; လု၊ 9:7-9)*

14 ထိုအချိန်ကာလတွင် ဂါလိလဲပြည်ကို
အုပ်စိုးနေသော ဟေရုဒ်သည် ယေရှု၏
အကြောင်းကို ကြားသိ၏။ 2ထို့ကြောင့် ဟေရုဒ်
က၊ “ဤသူသည် ဗတ္တိဇံဆရာယောဟန် ဖြစ်ရ
မည်၊ သူသည် သေခြင်းမှပြန်လည်ထမြောက်
လာခြင်း ဖြစ်ရမည်။ ထို့ကြောင့် သူသည် ဤ
နိမိတ်လက္ခဏာများကို ပြနိုင်သည်” ဟုမိမိယ်
သားတို့အားဆို၏။

## အဘယ်သို့ဗတ္တိဇံဆရာယောဟန် အသတ်ခံရသနည်း

3ထိုအချိန်ကာလမတိုင်မှီ၊ ဟေရုဒ်သည်
ယောဟန်ကို ဖမ်းဆီးချည်နှောင်၍ ထောင်ထဲ
မှာလှောင်ထား၏။ ထိုသို့ဖမ်းရခြင်းမှာ ဟေရုဒ်
ညီဖြစ်သူ ဖိလိပ္ပု၏ဇနီးဟေရောဒိကြောင့်ဖြစ်
၏။ 4ယောဟန်က ဟေရုဒ်အား၊ "သင်သည်
ညီဖြစ်သူ၏ဇနီးဟေရောဒိကို ရယူပေါင်းသင်း
ရန် ပညတ်တော်က သင့်ကို ခွင့်မပြုပါ" ဟု
ပြောခဲ့သောကြောင့် ဟေရုဒ်က ဖမ်းဆီးချုပ်
နှောင်ခဲ့ခြင်းဖြစ်၏။ 5ဟေရုဒ်သည် ယောဟန်
အား သတ်လိုသော်လည်း၊ လူများကို ကြောက်
ရွံ့၏။ အကြောင်းမူကား၊ လူတို့သည် ဗတ္တိဇံ
ဆရာယောဟန်အား ပရောဖက်ကဲသို့ ထင်
မှတ်သောကြောင်းဖြစ်၏။
6ဟေရုဒ်၏မွေးနေ့တွင် ဟေရာဒိ၏သမီး
သည် ဟေရုဒ်နှင့် ဟေရုဒ်၏ဧည့်သည်များရှေ့
တွင် ကပြဖျော်ဖြေ၏။ ဟေရုဒ်သည် သူမကို
အလွန်ကျေနပ်အားရသွား၏။ 7ထို့ကြောင့်
ဟေရုဒ်က သူမတောင်းသမျှ ဘယ်အရာမဆို
ပေးမည်ဟု ဂတိသစ္စာပြုလေ၏။ 8ထို့နောက်
ဟေရောဒိသည် သူမ၏သမီးအား တောင်းဆိုရ
မည့်အရာကို ပြောထား၏။ ထို့ကြောင့်
ဟေရောဒိ၏သမီးက ဟေရုဒ်အား၊ "ဗတ္တိဇံ
ဆရာယောဟန်၏ဦးခေါင်းကို ဤလင်ပန်း၌
ကျွန်မကို ပေးတော် မူပါ" ဟုတောင်းလျှောက်
၏။ 9ဟေရုဒ်ဘုရင်သည် အလွန်ဝမ်းနည်း၏။
သို့သော်လည်း သူသည် ထိုမိန်းမငယ်ကို ဂတိ
သစ္စာပြုခဲ့ပြီးဖြစ်၏။ ထိုဂတိသစ္စာကို ဟေရုဒ်
နှင့်အတူ စားသောက်နေကြသူတို့သည် ကြား
ခဲ့ကြ၏။ ထို့ကြောင့် ဟေရုဒ်သည် သူမတောင်း
သည့်အတိုင်း ပြုလုပ်ပေးရန် အမိန့်ပေးလိုက်
၏။ 10သူသည် လူကိုစေလွှတ်၍ ယောဟန်၏
လည်ပင်းကို ထောင်ထဲမှာ ဖြတ်စေ၏။ 11ထို
အခါ ဟေရုဒ်၏လူတို့သည် လင်ပန်းပေါ်တွင်
ယောဟန်၏ဦးခေါင်းကို တင်ဆောင်လာကာ၊
ထိုမိန်းမငယ်အား ပေးကြ၏။ ထို့နောက် မိန်းမ
ငယ်သည်လည်း ဦးခေါင်းကို မိမိအမိထံသို့ ယူ
သွား၏။ 12ယောဟန်၏တပည့်တော်တို့သည်
လည်း လာ၍ယောဟန်၏အလောင်းကို သင်္ဂြိုဟ်
ပြီးမှ၊ ထိုအကြောင်းကို ယေရှုထံတော်သို့ သွား
၍ကြားလျှောက်ကြ၏။

## ယေရှုက လူငါးထောင်ကျော်အား ကျွေးမွေးတော်မူခြင်း

*(မာ၊ 6:30-44; လု၊ 9:10-17; ယော၊ 6:1-14)*

13ယောဟန်၌အဘယ်သို့ဖြစ်သည်ကို ယေရှု
ကြားသိတော်မူသော်၊ ထိုအရပ်မှထွက်၍ လှေ
ကို စီးလျက်တော၌ ဆိတ်ကွယ်ရာအရပ်သို့
တစ်ယောက်တည်း ကြွတော်မူ၏။ သို့ရာတွင်
ယေရှုထွက်သွားတော်မူသည်ကို လူတို့ကြားကြ
၏။ ထို့ကြောင့်၊ လူတို့သည် မိမိနေထိုင်ရာမြို့
ရွာမှ ထွက်၍၊ ယေရှုနောက်တော်သို့လိုက်ကြ
၏။ သူတို့သည် ယေရှုသွားရာအရပ်ဒေသသို့
ကုန်းကြောင်းဖြင့် သွားကြ၏။ 14ထိုနေရာတွင်
ယေရှုရောက်လာသောအခါ၊ အလွန်များပြား
လှသောလူအုပ်စုကို တွေ့မြင်တော်မူလျှင်
သနားခြင်းစိတ်ရှိတော်မူ၍ လူနာရှိသမျှတို့ကို
ချမ်းသာပေးတော်မူ၏။
15ထိုနေ့ညနေ၌ တပည့်တော်တို့သည်၊
ယေရှုထံတော်ချဉ်းကပ်၍၊ "ဤနေရာသည်
တောအရပ်ဖြစ်၍ မိုးလည်းချုပ်ပါပြီ။ လူအစု
အဝေးတို့သည် မြို့ရွာသို့သွား၍စားစရာကို ဝယ်
စေခြင်းငှါ အခွင့်ပေးတော်မူပါဟု လျှောက်၏။
16ယေရှုက၊ "ဤလူတို့သည် သွားစရာအ
ကြောင်းမရှိ၊ သူတို့အတွက် စားစရာကို သင်
တို့ပေးကြလော့" ဟုမိန့်တော်မူ၏။
17တပည့်တော်တို့က၊ "အကျွန်ုပ်တို့၌ မုန့်ငါး
လုံးနှင့် ငါးနှစ်ကောင်သာရှိပါ၏" ဟုလျှောက်
ပြန်၏။
18ယေရှုက တပည့်တော်တို့အား "မုန့်ငါး
လုံးနှင့် ငါးနှစ်ကောင်ကို ငါ့ထံယူခဲ့ကြ" ဟုမိန့်
တော်မူပြီးလျှင်၊ 19ထိုအခါ လူအစုအဝေးကို
မြက်ခင်းပြင်ပေါ်မှာ ထိုင်ကြစေဟု မိန့်တော်မူ
၏။ ယေရှုသည် တပည့်တော်တို့ထံမှ မုန့်ငါးလုံး
နှင့် ငါးနှစ်ကောင်ကို ယူ၍ ကောင်းကင်သို့မော့

ကြည့်လျက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီး
မွမ်းတော်မူ၏။ ထို့နောက် ယေရှုသည် မုန့်နှင့်
ငါးများကိုဖဲ့၍ တပည့်တော်တို့ကို ပေးတော်
မူ၏။ 20တပည့်တော်တို့သည်လည်း လူအပေါင်း
တို့အား ခွဲဝေပေးကြ၏။ လူအပေါင်းတို့သည်
စား၍ဝကြပြီးမှ တပည့်တော်တို့သည် ကြွင်းရစ်
သောအကျိုးအပဲ့ကို ကောက်သိမ်း၍ တစ်ဆယ့်
နှစ်တောင်း အပြည့်ရကြ၏။ 21စားသောအရေ
အတွက်မှာ အမျိုးသမီးနှင့်ကလေးငယ်ကို မရေ
တွက်ဘဲ ယောကျ်ားငါးထောင်မျှလောက်ရှိ၏။

## ရေပေါ်တွင်ယေရှုလျှောက်ကြွတော်မူခြင်း

*(မာ၊ 6:45-52; ယော၊ 6:15-21)*

22ထို့နောက် ယေရှုသည် တပည့်တော်တို့
ကို လှေပေါ်သို့တက်စေ၍ ကမ်းတစ်ဖက်သို့ အ
ရင်ကူးစေတော်မူ၏။ ယေရှုသည်သူတို့ကို
မကြာမီ လိုက်လာမည်ဖြစ်ကြောင်း မိန့်တော်မူ
၏။ ယေရှုသည် လူအစုအဝေးတို့အား မိမိတို့
အိမ်သို့ ပြန်လွှတ်ရန် ထိုနေရာ၌ ကျန်ရစ်တော်
မူ၏။ 23ယေရှုသည် လူအစုအဝေးတို့ကို လွှတ်
ပြီးမှ တောင်ပေါ်သို့ တစ်ဦးတည်းဆုတောင်းရန်
တက်ကြွတော်မူ၏။ ညဦးပိုင်းအချိန်ရောက်
သောအခါတောင်ပေါ်တွင် ယေရှုတစ်ယောက်
တည်းသာ ရှိတော်မူ၏။ 24ထိုအချိန်တွင် လှေ
သည် အိုင်ထဲတွင် ဝေးသောနေရာသို့ ရောက်
နေပြီဖြစ်၏။ လေသည် ဆန့်ကျင်ဘက်အရပ်မှ
တိုက်ခတ်လာသောကြောင့် လှိုင်းသည် လှေ
ကို ရိုက်ခတ်၏။
25နံနက်သုံးနာရီနှင့် ခြောက်နာရီကြားအ
ချိန်ရောက်သည့်တိုင်၊ တပည့်တော်တို့သည်
လှေထဲတွင် ရှိနေဆဲဖြစ်၏။ ယေရှုသည် သူတို့
ထံသို့ ကြွတော်မူ၏။ ကိုယ်တော်သည် ရေပေါ်
မှာ ကြွတော်မူ၏။ 26ယေရှုသည် ရေပေါ်မှာကြွ
လာတော်မူသည်ကို တပည့်တော်တို့သည် မြင်
လျှင် ထိတ်လန့်၍၊ "ပုတ်တစ္ဆေဖြစ်သည်" ဟု
ထင်မှတ်ကာ ကြောက်သောစိတ်နှင့်အော်ဟစ်
ကြ၏။
27သို့သော်လည်း ယေရှုကသူတို့အား၊ "မစိုး
ရိမ်ကြနှင့်၊ ငါပင်ဖြစ်သည်၊ မကြောက်လန့်ကြ
နှင့်" ဟုချက်ချင်းမိန့်တော်မူ၏။
28ပေတရုက၊ "သခင်၊ ကိုယ်တော်အမှန်ဖြစ်
လျှင်၊ အကျွန်ုပ်သည် ကိုယ်တော်ထံသို့ ရေပေါ်
မှာလာရမည်အကြောင်း မိန့်တော်မူပါဟု
လျှောက်ရာ။
29ယေရှုက၊ "လာခဲ့လော့" ဟုမိန့်တော်မူ၏။
ပေတရုသည် လှေပေါ်မှဆင်း၍ ယေရှုထံ
တော်သို့ ရေပေါ်မှာပင် လျှောက်သွားလေ၏။
30သို့သော်လည်း ပေတရုသည် ရေပေါ်မှာ
လျှောက်သွားနေစဉ်၊ လေပြင်းသည် ကိုမြင်၍
ကြောက်လန့်လာ၏။ သူသည် ရေထဲသို့နစ်မြုပ်
စပြုသဖြင့် အော်ဟစ်၍၊ "သခင်အကျွန်ုပ်ကို
ကယ်တော်မူပါ" ဟုလျှောက်လေ၏။
31ယေရှုသည် လက်တော်ကို ချက်ချင်းဆန့်
၍ ပေတရုကို ကိုင်တော်မူလျက်၊ "ယုံကြည်
ခြင်းနည်းသောသူ အဘယ်ကြောင့် သံသယဖြစ်
သနည်း" ဟုမိန့်တော်မူ၏။
32ပေတရုနှင့်ယေရှုသည် လှေပေါ်သို့ရောက်
သွားသောအခါ၊လေပြင်းသည်ငြိမ်ကျသွားလေ
၏။ 33ထိုအခါ လှေပေါ်၌ရှိသောတပည့်တော်
တို့က "ကိုယ်တော်သည် ဘုရားသခင်၏သား
တော်မှန်ပါသည်" ဟုညွတ်ပြပ်၍လျှောက်ကြ၏။

## ယေရှုက ရောဂါသည်များကို ကုသတော်မူခြင်း

*(မာ၊ 6:53-56)*

34အိုင်ကို ဖြတ်ကြပြီးသောအခါ၊ သူတို့သည်
ဂ်နေသရက်ကမ်းခြေသို့ ရောက်လာကြ၏။ 35ထို
အရပ်သားတို့သည် ယေရှုကို မြင်ကြသောအခါ
မည်သူဖြစ်သည်ကို မှတ်မိကြ၏။ ထို့ကြောင့်သူ
တို့သည် ထိုပတ်ဝန်းကျင် အရပ်ရှိသမျှကိုယေရှု
ရောက်လာပြီဖြစ်ကြောင်း ပြောကြ၏။ လူတို့
သည် လူနာရှိသမျှတို့ကို ယေရှုထံတော်သို့ ခေါ်
ဆောင်ကြ၏။ 36လူတို့က ယေရှု၏အဝတ်တော်
ကိုသာ တို့ထိခွင့်ပြုမည်အကြောင်း အခွင့်
တောင်းဆိုကြ၏။ ယေရှု၏အဝတ်တော်ကို တို့
ထိသမျှသောသူတို့သည် ချမ်းသာရကြ၏။

## လူတို့ချမှတ်သောစီရင်ထုံးများနှင့်ဘုရား သခင်၏နည်းဥပဒေများ

*(မာ၊ 7:1-23)*

15 ထို့နောက် အချို့သော ဖာရိရှဲနှင့် ကျမ်း
ပြုဆရာတို့သည် ယေရုရှလင်မြို့မှ ယေရှု
ထံတော်သို့ ရောက်လာကြ၏။ သူတို့က ယေရှု
အား [2]“ရှေးလူဟောင်းတို့မှ ဆက်ခံသောနည်း
ဥပဒေကို၊ ကိုယ်တော်၏တပည့်တော်တို့ သည်
အဘယ်ကြောင့် မလိုက်နာကြပါသနည်း။ သူတို့
သည် လက်မဆေးဘဲ အစာစားကြပါသည် ဟု
လျှောက်ကြ၏။
[3]ယေရှုက၊ “သင်တို့သည် အဆက်ဆက်ခံ
သောနည်းဥပဒေကို အမှီပြု၍ ဘုရားသခင်၏
ပညတ်တော်ကို အဘယ်ကြောင့်ချိုးဖောက်ကြ
သနည်း။ [4]ဘုရားသခင်က၊ ‘မိဘကို ရိုသေစွာ
ပြုလော့၊* မိဘကို ဆိုးဝါးစွာပြောသောသူ
သည် အသတ်ခံရမည်’* ဟုမိန့်တော်မူ၏။
[5]သို့သော်လည်း သင်တို့က လူတစ်ယောက်
သည် သူ၏ဖခင်သို့မဟုတ် မိခင်အား ‘အကျွန်ုပ်
သည် မိဘတို့ကို ကူညီနိုင်ရန် ဥစ္စာများရှိ၏။ သို့
သော်လည်း သင်တို့ကို ငါမပေးနိုင်၊ အကြောင်း
မူကား၊ ဘုရားသခင်ကို ဆက်ကပ်လိုက်ပြီ’ ဟု
ပြောနိုင်သည်ဟု သွန်သင်ကြ၏။ [6]ဤသို့ သြဝါဒ
ပေးခြင်းသည် လူတစ်ယောက်အား ကိုယ့်မိဘ
ကို မလေးစားရအောင်သွန်သင်ခြင်းဖြစ်၏။ ထို့
ကြောင့် သင်တို့သည် ဘုရားသခင်၏စကား
တော်နာခံခြင်းထက်၊ သင်တို့မှာ ရှိသောနည်း
ဥပဒေကို လိုက်နာခြင်းသည် အရေးကြီးသော
ကြောင့် သွန်သင်ခြင်း ဖြစ်၏။ [7]သင်တို့သည်
သူကောင်း ယောင်ဆောင်သောသူများ ဖြစ်
ကြ၏။ သင်တို့ အကြောင်းကို ဟေရှာယက မှန်
ကန်စွာ ပြောခဲ့သည်မှာ၊

[8] ‘ဤလူတို့သည် ငါ့ကို နှုတ်ခမ်းနှင့် ရိုသေ
ကြ၏။ သို့သော်လည်း သူတို့၏စိတ်နှလုံး
မူကား ငါနှင့်ဝေးလှ၏။

[9] သူတို့သည် ငါ့ကို ကိုးကွယ်သော်လည်း
အချည်းနှီးဖြစ်၏။ အကြောင်းမှာသူတို့
၏သွန်သင်သောသြဝါဒသည် လူစီရင်
သောပညတ်မျှသာ ဖြစ်သည်။’” ဟုပြန်
မိန့်တော်မူ၏။ *ဟေရှာယ 29:13*

[10]ထိုအခါ ယေရှုသည် လူအစုအဝေးကို အ
ထံတော်သို့ခေါ်၍၊ “ဤအရာကို သင်တို့နား
ထောင်၍ နားလည်ကြလော့။ [11]ခံတွင်းသို့ဝင်
သောအရာသည် လူကို ညစ်ညူးစေသည်မ
ဟုတ်။ သို့သော်လည်း ခံတွင်းမှ ထွက်သော
အရာသည် ညစ်ညူးစေသောအရာဖြစ်သည်”
ဟုမိန့်တော်မူ၏။
[12]ထိုအခါ တပည့်တော်တို့သည် ယေရှုထံ
တော်သို့လာ၍၊ “သခင်၊ ကိုယ်တော်မိန့်တော်
မူသောစကားကြောင့်၊ ဖာရိရှဲတို့သည် ဒေါသ
ဖြစ်နေကြသည်” ဟုလျှောက်ကြရာ၊
[13]ယေရှုက၊ “ကောင်းကင်ဘုံ၌ရှိတော်မူ
သော ငါ၏ခမည်းတော်စိုက်တော်မမူသော အ
ပင် ရှိသမျှတို့ကို၊ နုတ်ရလိမ့်မည်။ [14]ဖာရိရှဲတို့
နှင့် ကင်းအောင်နေကြလော့၊ သူတို့သည် လူ
တို့ကို လမ်းပြကြသော်လည်း၊ သူတို့ကိုယ်တိုင်
သည် မျက်စိမမြင်ကြ။ သူတို့သည် မျက်စိကန်း
သောသူက အခြားမျက်ကန်းသောသူတို့အား
လမ်းပြသကဲ့သို့ဖြစ်၏။ မျက်စိကန်းသောသူ
သည် အခြားမျက်စိကန်းသောသူကို ဦးဆောင်
ခေါ်သွားလျှင် နှစ်ယောက်စလုံးတွင်းထဲသို့ ကျ
လိမ့်မည်” ဟုမိန့်တော်မူ၏။
[15]ပေတရုက ယေရှုအား၊ “အရှင်၊ အထက်
က လူတို့ကို ပြောခဲ့သောအရာတို့ကို အကျွန်ုပ်
တို့အား ပြန်ရှင်းပြတော်မူပါ” ဟုလျှောက်ရာ၊
[16]ယေရှုက၊ “သင်တို့ပင်လျှင် ယခုတိုင်
အောင် နားမလည်နိုင်သေးသလော၊ [17]ခံတွင်းမှ
ဝင်သွားသောအစာတို့သည် ဝမ်းဗိုက်ထဲကို ဝင်
၍ နောက်ဆုံး၌ ခန္ဓာကိုယ်၏အပြင်ဘက်သို့
ထွက်သွားကြောင်း သင်တို့အသေအချာသိကြ
၏။ [18]သို့သော်လည်း ခံတွင်းမှထွက်လာသော
အရာသည် စိတ်နှလုံးထဲမှ ထွက်လာ၍ လူကို

---

**‘မိဘကို … ပြုလော့။’** ထွက်၊ 20:12၊

**‘အဘယ်သူမဆို … ခံရမည်’** ထွက် 21:27

ညစ်ညမ်းစေသောအရာဖြစ်၏။ 19ဤညစ်ညူး
သောအရာအားလုံးတို့သည် လူတစ်ယောက်၏
စိတ်နှလုံးမှ စတင်လာ၏။ မကောင်းသောကြံ
စည်ခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့မယား
ကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် ပြစ်မှားခြင်း၊ ခိုး
ဝှက်ခြင်း၊ လိမ်လည်ခြင်း၊ သူတစ်ပါးကို ပြစ်တင်
ဆန့်ကျင်ပြောဆိုခြင်း၊ 20ဤအရာတို့သည် နှလုံး
ထဲမှထွက်လာ၍ လူကို ညစ်ညူးစေ၏။ သို့သော်
လည်း လက်မဆေးဘဲလျက် အစာကို စားခြင်း
သည် လူကို ညစ်ညူးစေသည်မဟုတ်" ဟုမိန့်
တော်မူ၏။

## ယေရှုကတပါးသောအမျိုးသမီးတစ်ဦးကိုကူညီမစတော်မူခြင်း

*(မာ၊ 7:24-30)*

21ယေရှုသည် ထိုအရပ်မှထွက်၍၊ တုရုနှင့်
ဇိဒုန်ဒေသသို့ ကြွသွားတော်မူ၏။ 22ထိုဒေသ
တွင်နေသော ခါနာန်အမျိုးသမီးတစ်ဦးသည်
ယေရှုထံတော်သို့ရောက်လာ၏။ သူမက အော်
ဟစ်၍၊ "ကိုယ်တော်၊ ဒါဝိဒ်၏သား၊ ကျွန်မကို
မစတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်
စက်ခြင်းကို ပြင်းစွာခံရပါသည်" ဟုလျှောက်၏။
23သို့သော်လည်း ယေရှုသည် ထိုအမျိုးသမီး
ကို စကားတခွန်းမျှ ပြန်တော်မမူ။ ထို့ကြောင့်
တပည့်တော်တို့သည် ယေရှုထံတော်သို့ လာ
၍ "ဤမိန်းမကိုအဝေးသို့ သွားရသောအခွင့်
ပေးတော်မူပါ။ သူမသည် ငါတို့နောက်သို့ လိုက်
၍ ဟစ်ကြော်နေသည်" ဟုတောင်းလျှောက်
ကြ၏။
24ယေရှုက၊ "ဣသရေလအမျိုးအဝင်
ပျောက် လွင့်သောသိုးများထံသို့ ဘုရားသခင်
သည် ငါ့ကို စေလွှတ်သည်" ဟုမိန့်တော်မူ၏။
25အမျိုးသမီးသည် ယေရှုထံတော်သို့ ထပ်
မံရောက်လာ၍ ပြပ်ဝပ်လျက်၊ "သခင်၊ ကျွန်မ
ကို မစတော်မူပါ အရှင်" ဟုလျှောက်ရာ၊
26ယေရှုက၊ "သား၏အစာကို ယူ၍ ခွေး
အား ပေးခြင်းသည် မှန်ကန်သောအရာမဟုတ်"
ဟုပြောတော်မူ၏။
27အမျိုးသမီးက၊ "မှန်ပါ၏သခင်၊ သို့သော်
လည်း ခွေးတို့သည် မိမိသခင်၏စားပွဲပေါ်မှ ကျ
သောစားနပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏"
ဟုလျှောက်ရာ၊
28ယေရှုက၊ "အိုမိန်းမ သင့်၏ယုံကြည်ခြင်း
ကြီးမားလှသည်တကား သင်သည် ငါ့ကို လုပ်
စေချင်သောအရာကို ငါလုပ်ပေးမည်" ဟုပြန်၍
မိန့်တော်မူ၏။ ထိုအချိန်မှစ၍ အမျိုးသမီးကြီး၏
သမီးသည် ဝေဒနာပျောက်ကင်းသွားလေ၏။

## ယေရှုက လူများစွာကို ကုသတော်မူခြင်း

29ထို့နောက် ယေရှုသည် ထိုအရပ်မှ ကြွ၍၊
ဂါလိလဲအိုင်ကမ်းနားသို့ ရောက်ရှိတော်မူ၏။
ယေရှုသည် တောင်ကုန်းပေါ်သို့ တက်၍ ထိုင်
တော်မူ၏။
30အလွန်များစွာသော လူအုပ်ကြီးသည်
ယေရှုထံတော်သို့ ရောက်လာကြ၏။ သူတို့
သည် ရောဂါဝေဒနာသည်များကို ခေါ်ဆောင်
လာကြကာ၊ ယေရှု၏ရှေ့တော်မှောက်တွင် ချ
ထားကြ၏။ ထိုလူနာများတွင် ခြေမစွမ်းသော
သူ၊ မျက်စိကန်းသောသူ၊ လက်မစွမ်းသောသူ၊
စကားအသောသူနှင့် အခြားရောဂါအမျိုးမျိုး
ခံစားသောရောဂါသည်များ ဖြစ်ကြရာ၊ ယေရှု
သည် သူတို့အားလုံးကို ပျောက်ကင်းစေတော်
မူ၏။ 31ဆွံ့အသူတို့သည် စကားပြောနိုင်သည်
ကို၎င်း၊ လက်မစွမ်းသောသူတို့သည် ပြန်လည်
သန်စွမ်းလာကြသည်ကို၎င်း၊ ခြေမစွမ်းသောသူ
များသည် ပြန်လည်လမ်းလျှောက်နိုင်ကြသည်
ကို၎င်း၊ မျက်စိကန်းသောသူတို့သည် မျက်စိပြန်
မြင်ကြရသည်ကို၎င်း၊ လူတို့သည် မြင်လျှင် အံ့
သြသွားကြ၏။ လူတို့သည် ဤအရာကြောင်း
ဣသရေလ၏ဘုရားသခင်ကို ချီးမွမ်းကြလေ၏။

## ယေရှုက လူပေါင်းလေးထောင်ကျော်ကို အစားအစာများကျွေးတော်မူခြင်း

*(မာ၊ 8:1-10)*

32ယေရှုသည် တပည့်တော်တို့ကို မိမိထံ
တော်သို့ခေါ်၍၊ "ဤလူများကို ငါသနား၏။

သူ တို့သည် ငါနှင့်အတူ သုံးရက်ပတ်လုံးနေကြ
ပြီ။ သူတို့မှာ စားစရာအလျှင်းမျှမရှိကြ။ သူတို့
သည် လမ်းခရီး၌ မောမည်ကို စိုးရိမ်သော
ကြောင့် အစာမစားမှီ သူတို့ကို လွှတ်ခြင်းငှါ
အလိုမရှိ” ဟုမိန့်တော်မူရာ၊
**33**တပည့်တော်တို့က၊ “အကျွန်ုပ်တို့သည်
အဘယ်မြို့နှင့်မဆို၊ ကွာဝေးနေပါ၏။ ဤမျှ
လောက်များသောလူစုတို့သည် ဝစွာစား
လောက်သောအစာကို အဘယ်မှာရနိုင်မည်
နည်းဟု မေးလျှောက်ကြ၏။
**34**ယေရှုက၊ “သင်တို့မှာ မုန့်ဘယ်နှစ်လုံးရှိ
သနည်း” ဟုမေးမြန်းရာ၊
တပည့်တော်တို့က၊ “အကျွန်ုပ်တို့မှာ မုန့်
ခုနှစ်လုံးနှင့် အနည်းငယ်မျှသောငါးကောင်က
လေးရှိပါသည်” ဟုပြန်လျှောက်ကြ၏။
**35**ယေရှုက လူတို့ကို မြေပေါ်မှာထိုင်ကြစေ
ဟု အမိန့်ပေးတော်မူ၏။ **36**ယေရှုသည် မုန့်ခု
နှစ်လုံးနှင့် ငါးအတွက် ကျေးဇူးတော်ချီးမွမ်းပြီးမှ
မုန့်နှင့်ငါးကို ဖဲ့၍တပည့်တော်တို့အား ပေး
တော်မူ၏။ တပည့်တော်တို့သည်လည်း လူအ
ပေါင်းတို့အား ပေးကြ၏။ **37**လူအပေါင်းတို့သည်
စား၍ ဝကြပြီးမှ ကြွင်းကျန်သောအကျိုးအပဲ့ကို
ကောက်သိမ်း၍ ခုနှစ်တောင်းအပြည့်ရကြ၏။
**38**စားသောသူ အရေအတွက်မှာ မိန်းမနှင့်က
လေးကိုမဆိုဘဲ ယောက်ျားလေးထောင်ရှိ၏။
**39**သူတို့သည် စားပြီးကြသောအခါ ယေရှုက သူ
တို့အား အိမ်ပြန်နိုင်ကြောင်း မိန့်တော်မူ၏။
ယေရှုသည် လှေစီး၍ မာဂဒါလကျေးလက် သို့
ရောက်သွားတော်မူ၏။

## ယုဒခေါင်းဆောင်တချို့တို့က ယေရှုအား စုံစမ်းစစ်ကြောခြင်း

*(မာ၊ 8:11-13; လု၊ 12:54-56)*

**16** ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့သည် ယေရှုထံ
တော်သို့ လာရောက်ကြ၏။ သူတို့သည်
ယေရှုကိုစုံစမ်းစစ်ကြောလိုကြ၏။ ထို့ကြောင့် သူ
တို့သည် ယေရှုအား ဘုရားသခင်ထံတော်မှ
လာကြောင်း သက်သေပြသည့်အနေဖြင့်၊ နိမိတ်
လက္ခဏာတစ်ခုပြသရန် တောင်းလျှောက်
ကြ၏။
**2**ထိုအခါ ယေရှုက၊ “သင်တို့နေဝင်ချိန်ကို
ကြည့်ပြီး မည်ကဲ့သို့သောရာသီဥတုဖြစ်မည်ကို
သိကြ၏။ မိုးကောင်းကင်သည် နီရဲနေလျှင်၊
သင်တို့သည် ရာသီဥတုကောင်းလိမ့်မည်ဟု
ပြောတတ်ကြ၏။ **3**မနက်မိုဃ်းလင်းသောအခါ
နေအထွက်ကိုသင်တို့စောင့်ကြည့်၏။ မိုးကောင်း
ကင်အုံ့မှိုင်းပြီး နီနေလျှင် မိုးရွာမည့်နေ့ဖြစ်မည်
ဟု ပြောကြ၏။ ဤအရာတို့သည် ရာသီဥတု၏
လက္ခဏာဖြစ်၏။ သင်တို့သည် ကောင်းကင်ပေါ်
၏လက္ခဏာကိုကြည့်၍ ထိုအရာတို့၏အဓိပ္ပါယ်
ကို သင်တို့သိနိုင်ကြ၏။ ထိုနည်းတူပင် ယခုဖြစ်
နေသောအရာတို့ကို သင်တို့မြင်နိုင်ကြ၏။ ဤ
အရာတို့သည်လည်း လက္ခဏာများဖြစ်ကြ၏။
သို့သော်လည်း လက္ခဏာတို့၏အဓိပ္ပါယ်ကို သင်
တို့မသိကြပါ။ **4**ဆိုးဝါး၍ အပြစ်ရှိသောလူတို့
သည် နိမိတ်လက္ခဏာကို သက်သေအဖြစ် မြင်
လိုကြ၏။ သို့ရာတွင် ဤလူတို့သည် ယောန၏
လက္ခဏမှတပါး အဘယ်လက္ခဏာမှ ရလိမ့်
မည်မဟုတ်” ဟုမိန့်တော်မူပြီးလျှင်၊ ယေရှုသည်
ထိုအရပ်မှ ထွက်ခွာ၍ အဝေးသို့ ကြွသွား
တော်မူ၏။

## တပည့်တော်တို့က ယေရှုကို နားလည်မှုလွဲမှားခြင်း

*(မာ၊ 8:14-21)*

**5**ယေရှုနှင့်မိမိတပည့်တော်တို့သည် ဂါလိလဲ
အိုင်တစ်ဖက်ကမ်းကိုဖြတ်ကျော်ကြ၏။ သို့သော်
လည်း တပည့်တော်တို့သည် စားစရာမုန့်ကိုယူ
ခြင်းငှါမေ့လျော့ကြ၏။ **6**ယေရှုက တပည့်တော်
တို့အား “သတိထားကြ၊ ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏
တဆေးကို ရှောင်ကြဉ်ကြ” ဟုမိန့်တော်မူ၏။
**7**တပည့်တော်တို့ကလည်း၊ “ငါတို့၌ မုန့်မပါ
သောကြောင့် ဤစကားကို မိန့်တော်မူသည်”
ဟု အချင်းချင်း ဆွေးနွေးပြောဆိုကြ၏။

8တပည့်တော်တို့သည် ထိုအကြောင်းနှင့်
သက်ဆိုင်၍ ဆွေးနွေးပြောဆို နေကြသည်ကို
ယေရှုသိတော်မူ၏။ ထိုအခါ ယေရှုက သူတို့
အား "သင်တို့သည် မုန့်မပါလာခြင်းကို အ
ဘယ့်ကြောင့် ဆွေးနွေးနေကြသနည်း။ အဘယ့်
ကြောင့် သင်တို့၏ယုံကြည်ခြင်းသည် အလွန်
အားနည်းနေသနည်း။ 9သင်တို့သည် ယခုထိ
နားမလည်ကြသေးသလော။ မုန့်ငါးလုံးကို လူ
ငါးထောင်ကျော်အား အဘယ်သို့ငါ ကျွေးခဲ့
သည်ကို မမှတ်မိကြသလော။ ထိုပြင် စားကြွင်း
စားကျန်ဘယ်နှစ်တောင်းကောက်သိမ်းသည် ကို
မမှတ်မိကြသလော။ 10မုန့်ခုနစ်လုံးကို လူလေး
ထောင်အား အဘယ်သို့ငါကျွေးသည်ကို သင်
တို့မမှတ်မိကြသလော။ ပိုလျှံသောအစားအ
စာတို့သည် တောင်းများစွာနှင့်ပြည့်ခဲ့သည်ကို
မမှတ်မိကြသလော။ 11မုန့်အကြောင်းကို ငါ
ပြောနေခြင်း မဟုတ်ကြောင်း အဘယ်ကြောင့်
သင်တို့နားမလည်ကြသနည်း၊ ဖာရိရှဲတို့နှင့်
ဇဒ္ဒုကဲတို့၏တဆေးတို့ကို သတိထားပြီး ထိုတ
ဆေးတို့မှ ကိုယ့်ကိုယ်ကာကွယ်ရန် ငါပြောနေ
ခြင်းဖြစ်သည်" ဟုမိန့်တော်မူ၏။
12ထိုအခါမှသာ တပည့်တော်တို့သည်
ယေရှု၏ဆိုလိုချက်ကို နားလည်သဘောပေါက်
သွားကြလေ၏။ ယေရှုသည် မုန့်၏တဆေးကို
ရှောင်ကြဉ်ကြဟု မိန့်တော်မမူရာ၊ ဖာရိရှဲနှင့်
ဇဒ္ဒုကဲတို့၏ဩဝါဒကို ရှောင်ကြဉ်ကြဟု မိန့်
တော်မူသည်ကို နားလည်ကြ၏။

## ပေတရုက ယေရှုသည် ခရစ်တော် ဖြစ်ကြောင်းပြောခြင်း

*(မာ၊ 8:27-30; လု၊ 9:18-21)*

13ယေရှုသည် ကဲသရိဖိလိပ္ပုနယ်မြေဒေသ၌
ရောက်လာသောအခါ၊ တပည့်တော်တို့အား၊
"လူများတို့သည် လူသားဖြစ်သော ငါ့ကို အ
ဘယ်သူဖြစ်သည်ဟု ဆိုကြသနည်း" ဟုမေး
တော်မူ၏။
14တပည့်တော်တို့က၊ "တချို့က အရှင်သည်
ဗတ္တိဇံဆရာယောဟန်ဟု ပြောကြ၏။ တချို့က
ဧလိယဟု ပြောကြ၏။ တချို့က ကိုယ်တော်
သည် ယေရမိ၊ သို့မဟုတ်ပရောဖက်တစ်
ယောက်ယောက်ဖြစ်၏ဟု ပြောနေကြသည်"
ဟုလျှောက်ကြ၏။
15ထိုအခါယေရှုက "သို့ဖြစ်လျှင် သင်တို့
သည် ငါ့ကို အဘယ်သူဟု ပြောသနည်း" ဟု
မေးမြန်းတော်မူ၏။
16ရှိမုန်ပေတရုက၊ "ကိုယ်တော်သည် ခရစ်
တော်တည်းဟူသော အသက်ရှင်တော်မူသော
ဘုရားသခင်၏သားတော် ဖြစ်သည်" ဟု
လျှောက်လေ၏။
17ယေရှုက၊ "ယောန၏သား ရှိမုန်၊ သင်
သည် မင်္ဂလာရှိ၏။ ဤအကြောင်းကို အဘယ်
သူမျှ သင့်အား ဖော်ပြသည်မဟုတ်၊ ကောင်း
ကင်ဘုံ၌ ရှိတော်မူသော ငါ၏အဘသည် သင့်
အား ဖော်ပြတော်မူ၏။ 18ထို့ကြောင့် ငါဆို
သည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤ
ကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်
ဆောက်မည်။ မရဏာသေခြင်း၏တန်ခိုးသည်
ငါ၏အသင်းတော်ကို အနိုင်မယူရ။ 19ကောင်း
ကင်နိုင်ငံတော်၏သော့တို့ကိုလည်း သင့်အား
ငါပေးမည်။ ဤမြေကြီးပေါ်မှာ သင်၏စီရင်
ဆုံးဖြတ်ချက်သည် ဘုရားသခင်၏စီရင်ဆုံးဖြတ်
ချက် ဖြစ်လိမ့်မည်။ ဤမြေကြီးပေါ်မှာ သင်၏
ခွင့်လွှတ်မှု မှန်သမျှသည် ကောင်းကင်၌ ခွင့်
လွှတ်ခြင်းကို ခံရလိမ့်မည်" ဟုမိန့်တော်မူ၏။
20ထို့နောက် ယေရှုက မိမိသည် ခရစ်တော်
ဖြစ်ကြောင်း အဘယ်သူကိုမျှမပြောရန် တပည့်
တော်တို့အားတင်းကျပ်စွာသတိပေးတော်မူ၏။

## ယေရှုက သူသေရမည့်အကြောင်း ပြတော်မူခြင်း

*(မာ၊ 8:31-9:1; လု၊ 9:22-27)*

21ထိုအချိန်မှစ၍ ယေရှုသည် ယေရုရှလင်
မြို့သို့ သွားရမည့်အကြောင်း တပည့်တော်
တို့အား စတင်ပြောဆိုလေ၏။ သူသည် ယုဒ
လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီးနှင့်ကျမ်း
ပြုဆရာတို့သည် မိမိကို ညှဉ်းပန်းနှိပ်စက်ခြင်း

များစွာပြုရမည်ဖြစ်ကြောင်း ယေရှုက သူတို့
အား မိန့်တော်မူ၏။ အသေသတ်ခြင်းကိုလည်း
ခံရမည်။ ထို့နောက် သုံးရက်မြောက်သောနေ့
၌၊ သူသည် သေခြင်းမှထမြောက်လိမ့်မည်ဟု
မိန့်တော်မူ၏။
22ထိုအခါ ပေတရုသည်၊ ယေရှုကို ဘေး
သို့ခေါ်၍ "ဘုရားသခင်သည် ထိုအရာများမှ
ကိုယ်တော်ကို ကယ်မပါစေ၊ သခင်၊ ကိုယ်တော့်
အပေါ်၌ ထိုအရာများလုံးဝမဖြစ်ရပါစေနှင့်" ဟု
အပြစ်တင်သောစကားကို လျှောက်လေ၏။
23ထိုအခါ ယေရှုက ပေတရုအား၊ "စာတန်၊
ငါ့ထံမှ အဝေးသို့ သွားလော့။ သင်သည် ငါ့ကို
မကူညီပါ။ သင်သည် ဘုရားသခင်၏အရာတို့
ကိုဂရုမစိုက်။ လူတို့က အရေးကြီးသည် ဟုထင်
သောအရာတို့ကိုသာ သင်သည် ဂရုစိုက်နေ
သည်" ဟုမိန့်တော်မူ၏။
24ထို့နောက် ယေရှုက တပည့်တော်တို့အား
ငါ့နောက်ကို လိုက်လိုသောသူသည် မိမိ၏အ
လိုရှိသောအရာအားလုံးကို စွန့်ရမည်။ သူ့ကို
ပေးသောလက်ဝါးကပ်တိုင်ကို လက်ခံ၍ ငါ့
နောက်ကို လိုက်ရမည်။ 25မိမိအသက်ကို ကယ်
တင်လိုသောသူသည် အသက်ဆုံးရှုံးလိမ့်မည်။
ငါ့အတွက် မိမိအသက်ကို စွန့်သောသူသည် အ
သက်ကိုကယ်လိမ့်မည်။ 26လူတစ်ယောက်သည်
ကမ္ဘာကြီးတစ်ခုလုံးကို အကြွင်းမဲ့အစိုးရ၍ မိမိ
အသက်ဆုံးရှုံးလျှင် သူ့အတွက် အဘယ်အကျိုး
ရှိသနည်း။ လူတစ်ဦးတစ်ယောက်သည် မိမိအ
သက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်မျှမဝယ်နိုင်။
27လူသားသည် မိမိအဘခမည်းတော်၏ဘုန်း
တန်ခိုးတော်နှင့်၎င်း၊ မိမိကောင်းကင်တမန်တို့
နှင့်၎င်း ပြန်ကြွလာတော်မူလိမ့်မည်။ ထိုအချိန်၌
လူသားသည် လူအသီးသီးတို့အား သူတို့ပြုလုပ်
သောအရာအတွက် ဆုလာဒ်ပေးတော်မူလိမ့်
မည်။ 28ငါအမှန်ဆိုသည်ကား၊ လူသားသည် မိမိ
၏နိုင်ငံတော်ကိုတည်လျက် ကြွလာတော်မူ
သည်ကို ဤအရပ်၌ရှိသောလူအချို့တို့သည်
မမြင်မီသေခြင်းသို့ မရောက်ကြဟု တပည့်
တော်တို့အား မိန့်တော်မူ၏။

## ယေရှုကို မောရှေ၊ ဧလိယတို့နှင့်အတူ တွေ့မြင်ခဲ့ကြခြင်း

*(မာ၊ 9:2-13; လု၊ 9:28-36)*

17 ခြောက်ရက်လွန်သောအခါ ယေရှုသည်
ပေတရု၊ ယာကုပ်နှင့် ယာကုပ်၏ညီ
ယောဟန်တို့ကို ခေါ်၍၊ မြင့်လှစွာသောတောင်
ပေါ်သို့ ဆောင်ကြွတော်မူ၏။ ထိုနေရာတွင် သူ
တို့သာရှိနေကြ၏။ 2တပည့်တော်တို့သည် ယေရှု
ကို ကြည့်နေကြစဉ် ယေရှု၏မျက်နှာတော်သည်
ပြောင်းလဲ၍ နေကဲ့သို့ တောက်ပလာတော်မူ
၏။ သူဝတ်ဆင်ထားသော အဝတ်တော်များ
သည် အလင်းရောင်ကဲ့သို့ ဖြူလျက်ရှိ၏။
3မောရှေနှင့် ဧလိယသည် ရုတ်တရက်ထင်ရှား
၍ ယေရှုနှင့်အတူ စကားပြောလျက် နေကြ၏။
4ထိုအခါ ပေတရုက ယေရှုအား၊ "သခင်
အကျွန်ုပ်တို့သည် ဤအရပ်၌ နေဘွယ်ကောင်း
ပါ၏။ ကိုယ်တော်အလိုတော်ရှိလျှင်၊ အကျွန်ုပ်
သည် တဲသုံးဆောင် ဆောက်လုပ်ပါမည်။ တစ်
ဆောင်က ကိုယ်တော်အတွက်၊ တစ်ဆောင်က
မောရှေအတွက်၊ နောက်တစ်ဆောင်က ဧလိယ
အတွက် ဖြစ်ပါ၏" ဟုလျှောက်လေ၏။
5ထိုသို့ ပေတရုပြောနေစဉ်၊ တောက်ပ
သောတိမ်တိုက်ကြီးသည် ထိုသူတို့အပေါ်သို့ ဖုံး
လွှမ်းလာ၍၊ ထိုတိမ်တိုက်ကြီးထဲမှ ထွက်လာ
သောအသံတော်က၊ "ဤသူသည် ငါ့သားဖြစ်
၏။ သူ့ကို ငါချစ်၏။ သူ့ကို ငါအလွန် ကျေနပ်
အားရ၏။ သူ့စကားကို နားထောင်ကြလော့"
ဟုဖြစ်လေ၏။
6ယေရှုနှင့်အတူ ရှိနေကြသောတပည့်တော်
တို့သည် ထိုအသံကို ကြားရလျှင်၊ သူတို့သည်
အလွန်ကြောက်လန့်ခြင်းရှိ၍ မြေပေါ်သို့လဲသွား
ကြ၏။ 7ထိုအခါ ယေရှုက တပည့်တော်တို့ထံသို့
ပြန်လာ၍ သူတို့ကို လက်တော်ဖြင့်တို့လျက်၊
"ထကြ၊ မကြောက်ကြနှင့်" ဟုမိန့်တော်မူ၏။
8တပည့်တော်တို့က မော့ကြည့်လိုက်ကြသော
အခါ ယေရှုမှတစ်ပါး အဘယ်သူကိုမျှ မမြင်ကြ။
9ယေရှုနှင့် တပည့်တော်တို့သည် တောင်
ပေါ်မှ ဆင်းကြစဉ် ယေရှုက တပည့်တော်တို့

အား “လူသားသည် သေခြင်းမှမထမြောက်မှီ
တိုင်အောင် တောင်ပေါ်၌ သင်တို့မြင်သောအ
ရာကို အဘယ်သူမျှ မပြောကြနှင့်” ဟုပညတ်
တော်မူ၏။
[10]တပည့်တော်တို့က ယေရှုအား “ကျမ်းပြု
ဆရာတို့က ခရစ်တော်မလာမှီ၊ ဧလိယအရင်
လာရမည်* ဟုအဘယ်ကြောင့် ပြောကြသ
နည်း” ဟုမေးလျှောက်ကြ၏။
[11]ယေရှုက၊ “ဧလိယအရင် ရောက်မည်ဟု
သူတို့ပြောခြင်းသည် မှန်၏။ သူသည် အလုံးစုံ
တို့ကို ပြုပြင်ရသည်၊ မှန်ပေ၏။ [12]သို့သော်လည်း
ငါဆိုသည်ကား၊ ဧလိယသည် ရောက်လာပြီ။
သို့ရာတွင် လူတို့သည် သူ့ကို သိသဖြင့် သူ့အား
ပြုချင်သမျှကို ပြုကြပြီ။ ထိုနည်းတူ လူသား
သည်လည်း ထိုလူများလက်၌ ညှဉ်းပန်းနှိပ်စက်
ခြင်းခံရလိမ့်မည် ဟုမိန့်တော်မူ၏။ [13]ထိုအခါ
တပည့်တော်တို့သည် ဗတ္တိဇံဆရာယောဟန်
ကို ရည်ညွှန်း၍ မိန့် တော်မူကြောင်းကို နား
လည်ကြ၏။

## ယေရှုသည် နတ်ဆိုးစွဲသောကလေးတစ် ယောက်အား ကုသတော်မူခြင်း

*(မာ၊ 9:14-29; လု၊ 9:37-43)*

[14]ယေရှုနှင့် တပည့်တော်တို့သည် လူအစု
အဝေးရှိရာသို့ ရောက်ကြသောအခါ၊ လူတစ်
ယောက်သည် ယေရှုရှေ့တော်သို့ လာ၍ ဦးချ
လျှက်၊ [15]“သခင်၊ အကျွန်ုပ်၏သားကို ကယ်မသ
နားတော်မူပါ၊ သူသည် ဝက်ရူးနာစွဲ၍ ပြင်းစွာ
ခံရပါ၏။ မီးနှင့်ရေ၌ အကြိမ်ကြိမ် လဲတတ်ပါ၏။
[16]အကျွန်ုပ်၏သားကို သခင့်တပည့်တော်တို့ထံ
သို့ ခေါ်ဆောင်သော်လည်း သူတို့သည် ကျန်း
မာခြင်းမပေးနိုင်ကြပါ” ဟုလျှောက်၏။
[17]ထိုအခါယေရှုက၊ “သင်တို့သည် ယုံကြည်
ခြင်းမရှိ။ သင်တို့အသက်တာသည် မှားနေ၏။
ငါသည် သင်တို့နှင့်အတူ အဘယ်မျှကာလပတ်
လုံးနေရမည်နည်း။ သင်တို့ကို အဘယ်မျှကာလ
ပတ်လုံးသည်းခံရမည်နည်း။ ကလေးငယ်ကို ငါ့
ထံသို့ ယူခဲ့ကြ” ဟုမိန့်တော်မူ၏။ [18]ယေရှုသည်
ကလေးငယ်၌ စွဲကပ်နေသောနတ်ဆိုးအား ပြင်း
ထန်စွာ အမိန့်ပေးတော်မူ၏။ နတ်ဆိုးသည် သူ
ထွက်သွား၍ ထိုခဏတွင်းမှာပင် သူ၏ဝေဒနာ
ပျောက်ကင်း သွားလေ၏။
[19]ယေရှုတစ်ဦးတည်း ရှိနေစဉ်တပည့်
တော်တို့သည် ရောက်လာကြ၏။ သူတို့က၊
“ကလေးငယ်ထဲမှ နတ်ဆိုးကို အကျွန်ုပ်တို့ကြိုး
စားပြီး နှင်ထုတ်သော်လည်း အကျွန်ုပ်တို့မ
နှင်ထုတ်နိုင်ကြ။ အကျွန်ုပ်တို့သည် ထိုနတ်ဆိုး
ကို အဘယ်ကြောင့် မနှင်ထုတ်နိုင်ပါသနည်း”
ဟုလျှောက်ကြရာ၊
[20]ယေရှုက၊ “သင်တို့သည် ယုံကြည်ခြင်း
အားနည်းသောကြောင့် နတ်ဆိုးကို မနှင်ထုတ်
နိုင်ကြ။ ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့
သည် မုန်ညင်းစေ့မျှလောက်သောယုံကြည်ခြင်း
ရှိလျှင် ဤတောင်ကို၊ ဤနေရာမှ ထိုနေရာသို့
ရွှေ့လော့’ ဟုဆိုလျှင် ရွှေ့သွားလိမ့်မည်။ သင်
တို့အတွက် မဖြစ်နိုင်သောအရာသည် ရှိလိမ့်
မည်မဟုတ်။ [21]*

## ယေရှုကသူ၏သေခြင်းအကြောင်း ပြောပြတော်မူခြင်း

*(မာ၊ 9:30-32; လု၊ 9:43b-45)*

[22]ထို့နောက်မှ တပည့်တော်တို့သည်
ဂါလိလဲပြည်၌အတူတကွ ပြန်ဆုံကြ၏။ ယေရှု
က တပည့်တော်တို့အား “လူသားသည် လူတို့
လက်သို့ အပ်နှံရသောအချိန်နီးပြီ။ [23]သူတို့သည်
သူ့ကို သတ်ကြလိမ့်မည်။ သို့သော်လည်း သုံး
ရက်မြောက်သောနေ့၌၊ သေခြင်းမှပြန်လည်
ထမြောက်လိမ့်မည်” ဟုမိန့်တော်မူရာ၊ တပည့်

---

**“ဧလိယ … လာရမည်”** မာလာခိ 4:5-6

---

* **အခန်း 21** အချို့သောဂရိစာရေးကူးခြင်းက အခန်း
ငယ် 21 ကိုပေါင်းထည့်ထားသည်မှာ သင်တို့သည် ဆု
တောင်းခြင်းနှင့်အစာရှောင်ခြင်းမှတပါး အဘယ်သို့သော
အားဖြင့် ထိုဝိညာဉ်ဆိုးမျိုးသည် မထွက်တတ်” ဟုမိန့်
တော်မူ၏။

တော်တို့သည် ယေရှုအသတ်ခံရတော့မည်ကို
ကြားသိရသောအခါ အလွန်ဝမ်းနည်းခြင်း
ရှိကြ၏။

## အခွန်များပေးဆောင်ခြင်းအကြောင်း ယေရှုက သြဝါဒပေးတော်မူခြင်း

24ယေရှုနှင့် တပည့်တော်တို့သည်က
ပေရနောင်မြို့သို့ ရောက်လာကြသောခါ ထိုမြို့
မှလူအချို့တို့သည် ပေတရုထံသို့ လာကြ၏။
သူတို့သည် ဒိဒြမ္မနှစ်ပြားဗိမာန်တော် အခွန်
ကောက်ခံသူများ ဖြစ်ကြ၏။ သူတို့က ပေတရု
အား၊ "သင်တို့ဆရာသည် ဗိမာန်တော်ခွန်
တည်းဟူသောဒြမ္မနှစ်ပြားကို ဆောင်သလော"
ဟုမေးကြရာ၊
25ပေတရုက "ဆောင်ပါသည်" ဟုဖြေလေ
၏။ ထို့နောက် ပေတရုသည် ယေရှုရှိနေသော
အိမ်သို့ ဝင်သွား၏။ ပေတရုသည် ဘယ်အရာ
မျှ မပြောသေးမီ၊ ယေရှုက သူ့အား "လောကီ
ရှင်ဘုရင်တို့သည် အခွန်အကောက် အမျိုးမျိုး
ကောက်ကြ၏။ သို့သော်လည်း ဤအခွန်တို့ကို
ဆောင်သောသူတို့သည် အဘယ်သူနည်း။ ဤ
လူတို့သည် ဘုရင်၏လူများ ဖြစ်ကြသလော(သို့
မဟုတ်) တခြားလူတို့ ဖြစ်သလော၊ အချင်း
ရှိမုန် သင်အဘယ်သို့ထင်သနည်း" ဟုမေးတော်
မူရာ၊
26ပေတရုက "တခြားလူတို့သည် အခွန်
ဆောင်ရပါသည်" ဟုလျှောက်လေ၏။
ယေရှုက၊ "သို့ဖြစ်လျှင် ဘုရင်၏လူတို့သည်
အခွန်ဆောင်ကြခြင်းငှါ မလိုအပ်သည်မဟုတ်
လော။ 27သို့သော်လည်း အခွန်ကောက်ခံ
သောလူတို့ကို စိတ်ဆိုးလာအောင်ပြုခြင်းငှါ ငါ
တို့အလိုမရှိ။ ထို့ကြောင့် အခွန်ကို ဤနည်းနှင့်
ဆောင်ကြကုန်အံ့။ အိုင်သို့သွား၍၊ ငါးများကိုချ
လော့။ ရှေးဦးစွာရသောငါးကို ယူ၍ပါးစပ်ကို
ဖွင့်ကြည့်လော့။ သင်သည် ငါးပါးစပ်ထဲမှာ ဒိဒြမ္မ
လေးပြားတန် ငွေပြားတစ်ခုတွေ့လိမ့်မည်။ ထို
ငွေကို ယူပြီး အခွန်ခံသူတို့ထံသို့သွား၍ ငါ့အတို့
နှင့်သင်အတို့အခွန်ပေးလော့" ဟုမိန့်တော်မူ၏။

## ယေရှုက မည်သူသည်အကြီးမြတ်ဆုံးဖြစ်ကြောင်း ပြောဆိုတော်မူခြင်း

*(မာ၊ 9:33-37; လု၊ 9:46-48)*

18 ထိုအခါ တပည့်တော်တို့သည် ယေရှု
ထံတော်သို့လာ၍ "ကောင်းကင်နိုင်ငံ
တော်၌ အဘယ်သူသည် အကြီးမြတ်ဆုံးဖြစ်သ
နည်း" ဟုမေးလျှောက်ကြ၏။
2ယေရှုက၊ သူငယ်တစ်ယောက်ကို သူ့ထံသို့
ခေါ်တော်မူ၍ သူငယ်ကို တပည့်တော်တို့ရှေ့
တွင် ရပ်ခိုင်း၏။ 3ထို့နောက် ယေရှုက၊ "ငါအ
မှန်ဆိုသည်ကား၊ သင်တို့၏စိတ်နှလုံးကိုပြောင်း
လဲ၍ သူငယ်ကဲ့သို့ ဖြစ်ရမည်။ ဤကဲ့သို့ မဖြစ်
လျှင် သင်တို့သည် ကောင်းကင်နိုင်ငံတော်ထဲသို့
ဝင်ရလိမ့်မည်မဟုတ်။ 4ကောင်းကင်နိုင်ငံတော်
၌ အကြီးမြတ်ဆုံးပုဂ္ဂိုလ်သည် ဤသူငယ်ကဲ့သို့
ကိုယ်ကိုကိုယ် နှိမ့်ချသောသူဖြစ်၏။
5"လူတစ်ယောက်သည် ဤကဲ့သို့သော
သူငယ်တစ်စုံတစ်ယောက်ကို ငါ့နာမဖြင့် လက်
ခံလျှင် ထိုသူသည် ငါ့ကိုပင် လက်ခံ၏။

## ယေရှုက အပြစ်ဖြစ်စေနိုင်သောအရာများကို ကြိုတင်သတိပေးတော်မူခြင်း

*(မာ၊ 9:42-48; လု၊ 17:1-2)*

6"လူတစ်ယောက်သည် ငါ့ကို ယုံကြည်
သော ဤသူငယ်တစ်ယောက်ကို မှားယွင်း
စေလျှင်၊ ထိုသူသည် အလွန်ဆိုးဝါးစွာ ဒုက္ခ
ခံရလိမ့်မည်။ ကြိတ်ဆုံကျောက်ကို သူ့လည်ပင်း
မှာ ဆွဲ၍ နက်နဲသောပင်လယ်၌ နှစ်မြုပ်ခြင်း
ကိုခံရလျှင် သူ့အတွက် သာ၍ကောင်း၏။
7ကမ္ဘာပေါ်မှာ ရှိသောလူတို့အတွက် ငါအလွန်
ဝမ်းနည်း၏။ အကြောင်းမူကား၊ လူတို့ကို မှား
ယွင်းစရာအကြောင်းရှိရမည်။ သို့ရာတွင် ထို
အရာကို ဖြစ်စေသောသူသည် အမင်္ဂလာရှိ၏။
8သင်၏လက်သို့မဟုတ် သင်၏ခြေထောက်
သည် သင့်ကို မှာယွင်းစေလျှင် ဖြတ်ပစ်လော့။
ခြေလက်အစုံနှင့် ထာဝရာမီးငရဲထဲသို့ ချခြင်း
ကိုခံရသည်ထက် အင်္ဂါချို့တဲ့၍ ကောင်းကင်သို့
ဝင်ရခြင်းသည် သာ၍ကောင်း၏။ 9သင့်မျက်စိ

တစ် ဘက်သည်၊ သင့်ကို မှားယွင်းစေလျှင်
ထိုမျက်စိကို ထုတ်ပစ်လော့။ မျက်စိနှစ်ဘက်
စုံနှင့်မီးငရဲထဲသို့ ချခြင်းခံရသည်ထက် မျက်စိ
တစ်ဘက်နှင့် ထာဝရအသက်ရရှိခြင်းသည်သင့်
အတွက် သာ၍ကောင်း၏။

## ယေရှုက ပျောက်ဆုံးသောသိုးတစ်ကောင် ပုံဥပမာကို အသုံးပြုတော်မူခြင်း

*(လု၊ 15:3-7)*

[10]“သင်တို့သည် ဤကလေးငယ်တစ်စုံတစ်
ယောက်ကို မထီမဲ့မြင် မပြုမည်အကြောင်း သ
တိထားကြလော့။ ဤကလေးငယ်တို့၏ကောင်း
ကင်တမန်တို့သည်ကောင်းကင်၌ ရှိကြသည် ဟု
ငါဆို၏။ ထိုကောင်းကင်တမန်တို့သည် ကောင်း
ကင်ဘုံ၌ရှိတော်မူသော ငါ့အဘနှင့်အတူ အစဉ်
အမြဲရှိကြ၏။ [11]*
[12]“လူတစ်ယောက်မှာ သိုးအကောင်တစ်
ရာရှိ၍ တစ်ကောင်ပျောက်သွားလျှင် ထိုသူ
သည် ကျန်သည့်သိုး ကိုးဆယ်ကိုးကောင်ကို
တောင်ပေါ်မှာ ထားခဲ့ပြီး ပျောက်ဆုံးနေသော
သိုးတစ်ကောင်ကို သွားရှာလိမ့်မည် မဟုတ်
လော။ [13]ထိုသူသည် ပျောက်သွားသောသိုးကို
ပြန် တွေ့လျှင်၊ မပျောက်ဆုံးသွားသောသိုး
ကိုး ဆယ်ကိုးကောင်ထက်၊ သိုးတစ်ကောင်၌
သာ ၍ ဝမ်းမြောက်နေလိမ့်မည်။ [14]ထိုနည်းတူ
ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့အဘ
သည် ဤကလေးငယ်တယောက်မျှပျောက်ဆုံး
ခြင်းငှါ အလိုတော်မရှိ။

## လူတစ်ယောက်က သင့်ကို နာကျင်စေသောအခါ

*(လု၊ 17:3)*

[15]“သင်၏ညီအစ်ကိုသည် သင့်ကို ပြစ်မှား
လျှင်၊ သူဆီသို့သွား၍ နှစ်ယောက်တည်းချင်း
သူ၏အမှားကို ပြ၍ဆုံးမလော့။ သူသည် သင်
၏စကားကို နားထောင်လျှင် သင်၏ညီအစ်ကို
အပြစ်သူကို မစလော့။ [16]သို့သော်လည်း သူ
သည် သင်၏စကားကို နားထောင်ခြင်းငှါ ငြင်း
ဆန်လျှင် သင်နှင့်အတူတစ်ယောက်နှစ်ယောက်
ကို ခေါ်၍ သူထံသို့သွားလော့။ သို့ဖြစ်လျှင်ဖြစ်
ပျက်သောအရာအားလုံးအတွက် သက်သေနှစ်
ယောက်သုံးယောက်ရှိလိမ့်မည်။ * [17]သူတို့၏
စကားကို နားမထောင်လျှင်၊ ထိုအမှုကို အ
သင်းတော်ရှေ့သို့ယူဆောင်လော့။ သူသည် အ
သင်းတော်၏စကားကို နားမထောင်လျှင်၊
မယုံကြည်သူကဲ့သို့ဖြစ်စေ၊ အခွန်ခံကဲ့သို့ဖြစ်စေ၊ ထို
သူကိုမှတ်လော့။
[18]“ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ
သင်တို့စီရင်သမျှသည် ဘုရားသခင်၏စီရင်ချက်
ဖြစ်လိမ့်မည်။ မြေကြီးပေါ်မှာ သင်တို့ခွင့်လွှတ်
သူများသည် ဘုရားသခင်၏ခွင့်လွှတ် ခြင်းကို
ခံရလိမ့်မည်။
[19]“တဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ
သင်တို့တွင် နှစ်ယောက်တို့သည်၊ သဘောချင်း
အတူ၍ ဆုတောင်းလျှင် တောင်းသမျှသော
ဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသောငါ၏
ခမည်းတော်သည် ပေးတော်မူလိမ့်မည်။ [20]ဤ
အရာသည် မှန်သောအရာဖြစ်၏။ အကြောင်း
မူကား၊ ငါ့ကို ယုံကြည်သောသူနှစ်ယောက်၊
သုံးယောက်တို့သည် အတူတကွသဘောတူ
လျက် စည်းဝေးကြလျှင် ထိုအရပ်၌ ငါသည် သူ
တို့နှင့်အတူရှိသည် ဟုမိန့်တော်မူ၏။”

## ခွင့်လွှတ်ခြင်းအကြောင်းဥပမာ

[21]ထို့နောက် ပေတရုသည် ယေရှုထံတော်
သို့ လာ၍ “သခင်၊ အကျွန်ုပ်၏ညီအစ်ကိုတို့
သည် အကျွန်ုပ်တို့အပေါ်မှာ ဆက်လက်၍ မှား
ယွင်းနေပါက အကျွန်ုပ်တို့သည် သူ၏အပြစ်ကို
ဘယ်နှစ်ကြိမ်အထိ ခွင့်လွှတ်ရမည်နည်း။ ခုနစ်
ကြိမ်အထိ ခွင့်လွှတ်ရမည်လော” ဟုမေးရာ၊
[22]ယေရှုက “ငါဆိုသည်ကား၊ သင်သည် သူ
ကို ခုနစ်ကြိမ်ထက်ပို၍ ခွင့်လွှတ်ရမည်။ သူသည်

---

**အခန်း 11** တစ်ချို့သောဂရိစာမူအရ အခန်း 11 ၌“လူ
သားသည် အပြစ်သားတို့ကို ကယ်တင်ဖို့ရန် ကြွလာ
တော်မူသည်ဟု ပေါင်းထည့်ထားသည်။

**သို့ဖြစ်လျှင် … ရှိလိမ့်မည်** တရား 19:15

သင့်အပေါ်မှာ ဆက်လက်ပြီး အမှားပြုလုပ်ခဲ့
လျှင်အကြိမ်ခုနစ်ဆယ်ခုနစ်*လီမြောက်ထိတိုင်
အောင်ခွင့်လွှတ်ရမည်။
23"ထို့ကြောင့် ကောင်းကင်နိုင်ငံတော်
သည် မိမိအစေခံများတို့ကို စာရင်းယူခြင်းငှါ အ
လိုရှိသောဘုရင်တပါးနှင့်တူ၏။ 24ဘုရင်သည်
စာရင်းယူစဉ်တွင် ငွေဒင်္ဂါးထောင်ပေါင်းများ
စွာ အကြွေးတင်သောအစေခံတစ်ယောက် ကို
ရှေ့တော်သို့ ဆောင်ကြ၏။ 25သို့သော်လည်း
ထိုသူသည် အကြွေးဆပ်ရန်သူ့မှာ ငွေမရှိသော
ကြောင့် ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့
ကို ရောင်း၍ အကြွေးကိုဆပ်စေ ဟုအမိန့်ပေး
လေ၏။ ရောင်း၍ရသောငွေသည် ဘုရင်ထံသို့
အစေခံ၏အကြွေးကို ပေးဆပ်ရန် အသုံးပြုရ
လိမ့်မည်။
26"သို့သော်လည်း အစေခံသည် သူ့သခင်
ရှေ့တွင် ဒူးထောက်၍ သခင်၊ အကျွန်ုပ်ကို သည်း
ခံတော်မူပါ။ ကြွေးရှိသမျှကို အားလုံးပြန်ဆပ်
ပါမည်' ဟုတောင်းလျှောက်၏။ 27သခင်သည်
ထိုအစေခံကို သနားလေ၏။ ထို့ကြောင့် သခင်
က အစေခံအားအကြွေးဆပ်စရာမလို ကြောင်း
ပြောလေ၏။ သခင်သည် အစေခံအား လွှတ်
လပ်စွာ သွားခွင့်ပေးလေ၏။
28"ထို့နောက် မကြာမီ ထိုအစေခံသည် သူ့
ကို ငွေဒင်္ဂါးတစ်ရာအကြွေးတင်နေသောအခြား
အစေခံချင်းတစ်ယောက်ကိုတွေ့၏။ သူသည်
တခြားအစေခံ၏လည်ပင်းကို ညှစ်၍ 'ငါ့အား
အကြွေးတင်သောငွေကို ပြန်ဆပ်ပေးလော့' ဟု
တောင်း၏။
29"တခြားအစေခံသည် သူ၏ခြေရင်း၌ ပြပ်
ဝပ်လျက်၊ "အကျွန်ုပ်ကိုသည်းခံပါ၊ သင့်ကို ပေး
စရာကြွေးရှိသမျှကို ပြန်ဆပ်ပါမည်' ဟုတောင်း
ပန်လေ၏။
30"သို့သော်လည်း ပထမအစေခံသည်
သည်းခံရန် ငြင်းပယ်လေ၏။ သူသည် သွား၍
တခြားအစေခံကို ထောင်ထဲမှာ လှောင်ထား
၏။ ထိုအစေခံသည် ဆပ်စရာရှိသောကြွေးများ
ပြန်မပေးသည့်တိုင်အောင် ထောင်ထဲ၌ နေရ
မည်။ 31တခြားအစေခံတို့သည် ထိုအဖြစ်အပျက်
ကို မြင်ကြ၏။ သူတို့သည် စိတ်မကောင်းဖြစ်
၍၊ သူတို့၏သခင်ထံသို့သွား၍ ထိုအဖြစ်အ
ပျက်အားလုံးကို ပြောပြကြ၏။
32"ထိုအခါ သခင်သည် ပထမအစေခံကို
ခေါ်၍၊ 'ဆိုးညစ်သောကျွန် သင်သည် ငါ့ကိုငွေ
အများကြီး ပေးဆပ်စရာရှိသော်လည်း သင်
သည် ငါ့ကို တောင်းပန်သောကြောင့် သင့်၌
တင်သမျှသောကြွေးကို ငါရှင်းလင်းစေ၏။
33ထို့ကြောင့် ငါသည် သင့်ကို သနားသကဲ့သို့
သင်သည်လည်း အစေခံချင်းကို သနားသင့်
သည်' ဟုဆို၏။ 34သခင်သည် အမျက်ထွက်၍
ကြွေးရှိသမျှကို မဆပ်မှီတိုင်အောင် ပထမအ
စေခံအား ပြစ်ဒဏ်ပေးရန် ထောင်ထဲ၌ လှောင်
ထား၏။
35"ကောင်းကင်ဘုံ၌ ရှိတော်မူသောငါ၏
အဘသည် သင်တို့အပေါ်၌ လုပ်ရမည့်အတိုင်း
ထိုဘုရင်ကြီးက လုပ်ဆောင်ခဲ့၏။ သင်တို့သည်
ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးအကြွင်း
မဲ့အပြစ်မလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူ
သော ငါ၏အဘသည် သင်တို့ကို ခွင့်လွှတ်လိမ့်
မည်မဟုတ်" ဟုမိန့်တော်မူ၏။

## လင်မယားကွာရှင်းခြင်း အကြောင်းကို ယေရှုက သွန်သင်တော်မူခြင်း

*(မာ၊ 10:1-12)*

19 ယေရှုသည် ထိုအကြောင်း အရာများ
ကို ဟောတော်မူပြီးလျှင်၊ ဂါလိလဲပြည်
မှ ပြောင်း၍ ယော်ဒန်မြစ်၏တစ်ဖက်ကမ်းရှိ
ယုဒပြည်သို့ ကြွတော်မူ၏။ 2လူများစွာတို့သည်
နောက်တော်သို့ လိုက်လာကြ၏။ ထိုနေရာ၌
ယေရှုသည်လူနာများကိုကျန်းမာစေတော်မူ၏။
3အချို့သောဖာရိရှဲတို့သည် ယေရှုထံတော်
သို့လာ၍၊ ယေရှုကို အမှားပြောမိစေခြင်းငှါ
ကြိုးစား၍ စုံစမ်းကြ၏။ သူတို့က ယေရှုအား၊
"လူတစ်ယောက်သည် မိမိမယားကို၊ အ

**ခုနစ်ဆယ်ခုနစ်ကြိမ်** ကမ္ဘာ၊ 4:24

ကြောင်းပြချက်တစ်ခုခုကြောင့် ကွာအပ်ပါသ
လော” ဟုမေးလျှောက်ကြ၏။
[4]ယေရှုက၊ “ကျမ်းစာထဲ၌၊ ဘုရားသခင်
သည် ကမ္ဘာကြီးကို ဖန်ဆင်းတော်မူသောအခါ
‘သူသည်လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်း
တော်မူ၏’* ဟူသောအရာကို သင်တို့မဖတ်
ဘူးသလော။ [5]ဘုရားသခင်က ‘ထို့အကြောင်း
ကြောင့်ယောကျ်ားသည် ကိုယ့်မိဘကို စွန့်၍
ခင်ပွန်းကို၍ မှီဝဲသဖြင့်ပြီး ထိုသူနှစ်ယောက်တို့
သည် တစ်ကိုယ် တည်းဖြစ်ရလိမ့်မည်’* ဟုမိန့်
တော်မူ၏။ [6]ထို့ကြောင့် သူတို့သည် နှစ်ဦးမ
ဟုတ် တစ်ဦး တည်းဖြစ်၏။ ဘုရားသခင်သည်
သူတို့နှစ်ယောက်ကို ပေါင်းစပ်တော်မူ၏။ ထို့
ကြောင့် သူတို့ကို အဘယ်သူကမျှမခွဲရ” ဟုမိန့်
တော်မူ၏။ [7]ဖာရိရှဲတို့ကလည်း “သို့ဖြစ်လျှင်
မောရှေက ယောကျ်ားသည် ကိုယ့်မယားကို
ဖြတ်စာပေး၍ ကွာစေခြင်းငှါ အဘယ်ကြောင့်
စီရင်သနည်း”* ဟုပြန်လျှောက်ကြ၏။
[8]ယေရှုက၊ “သင်တို့စိတ်နှလုံးခိုင်မာသော
ကြောင့်မယားနှင့်ကွာရသောအခွင့်ကို မောရှေ
သည် စီရင်၏။ သို့သော်လည်း အစအဦး၌၊
ကွာရှင်းခြင်းကို ခွင့်မပြုခဲ့ပါ။ [9]ငါဆိုသည်ကား၊
အဘယ်သူမဆို မိမိမယားနှင့်ကွာ၍၊ အခြား
သောမိန်းမနှင့်စုံဘက်ခြင်းကို ပြုလျှင်မိမိမယား
ကို ပြစ်မှား၏။ သူသည် မိမိမယားအား အခြား
ယောကျ်ားနှင့်မှားယွင်းမှုရှိ မှသာလျှင် ကွာ
ရှင်းနိုင်သည်” ဟုမိန့်တော်မူ၏။
[10]ထိုအခါ တပည့်တော်တို့က၊ ယေရှုအား
“လင်နှင့်မယားကြားရှိ အမှုသည် ဤကဲ့သို့ဖြစ်
လျှင် လက်မထပ်ဘဲနေခြင်းသည် ပို၍ကောင်း
သည်” ဟုလျှောက်ကြ၏။
[11]ယေရှုက “အိမ်ထောင်ရေးနှင့် သက်ဆိုင်
သော ဤသွန်သင်ချက်ကို လူတိုင်းလက်မခံ
နိုင်။ သို့သော်လည်း အခွင့်ရသောသူတို့သာ
လျှင် လက်ခံနိုင်၏။ [12]ယောကျ်ားအချို့တို့သည်
မိန်းမလျှာအဖြစ် မွေးဖွားလာကြ၏။ အချို့တို့
သည် သူတပါးအားဖြင့် မိန်းမလျှာ ဖြစ်ကြ၏။
နောက်ဆုံးတွင် တချို့ယောကျ်ားတို့သည်
ကောင်းကင်နိုင်ငံတော်အတွက် မိမိကိုယ်ကိုမိန်း
မလျှာ ဖြစ်စေကြ၏။ ဤအရာကိုခံယူနိုင်သော
သူသည် ခံယူစေ” ဟုမိန့်တော်မူ၏။

## ယေရှုက ကလေးငယ်များကို ကြိုဆိုခြင်း

*(မာ၊ 10:13-16; လု၊ 18:15-17)*

[13]ထို့နောက် အချို့လူများသည် သူတို့၏
ကလေးသူငယ်များကို ယေရှုထံတော်သို့ခေါ်
ဆောင်လာကြ၏။ ယေရှုသည် ကလေးငယ်တို့
အပေါ်မှာ၊ လက်တော်ကို တင်၍ သူတို့အတွက်
ဆုတောင်းပေးခြင်းငှါ အလိုရှိကြ၏။ ထိုသို့ ပြု
လုပ်ခြင်းကို တပည့်တော်တို့မြင်ကြရသောအ
ခါ၊ လူတို့အား သူတို့၏ကလေးငယ်များကို
ယေရှုထံတော်သို့ မခေါ်လာခြင်းငှါ ပြောကြ၏။
[14]သို့သော်လည်း ယေရှုက၊ “ကလေးတို့သည်
ငါ့ထံသို့လာပါစေ၊ မတားကြနှင့်၊ အကြောင်းမူ
ကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သော
သူတို့၏နိုင်ငံဖြစ်သည်” ဟုမိန့်တော်မူ၏။ [15]ထို
နောက် ယေရှုက၊ ကလေးတို့ပေါ်မှာ လက်တော်
ကို တင်ပြီးလျှင်၊ ထိုအရပ်မှ ထွက်ခွာတော်မူ၏။

## ချမ်းသာသူတစ်ယောက်က ယေရှုနောက်တော်သို့ လိုက်ခြင်းငှါ ငြင်းဆန်ခြင်း

*(မာ၊ 10:17-31; လု၊ 18:18-30)*

[16]လူတစ်ယောက်သည် ယေရှုထံတော်သို့
လာ၍ “ဆရာ၊ ထာဝရအသက်ကို ရရှိရန်၊
အကျွန်ုပ်သည် အဘယ်ကောင်းမှုကို ပြုရမည်း
နည်း” ဟုလျှောက်ရာ၊
[17]ယေရှုက၊ “အဘယ်ကြောင့် ငါ့ကို ကောင်း
မြတ်သည်ဟု ခေါ်သနည်း၊ ဘုရားသခင်သာ
လျှင် ကောင်းမြတ်ပါ၏။ သို့သော်လည်း ထာ
ဝရအသက်ကို သင်ရလိုလျှင် ပညတ်တော်တို့
ကို စောင့်ရှောက်လော့” ဟုမိန့်တော်မူ၏။

---

**‘သူသည် … ဖန်ဆင်းတော်မူ၏’** ကမ္ဘာ 1:27; 5:2

**‘ထို့ကြောင့် … တစ်ဦးတည်းဖြစ်ရမည်’** ကမ္ဘာ၊ 2:24

**“သို့ဖြစ်လျှင် … စီရင်သနည်း”** တရား 24:1

18ထိုလူက၊ “အဘယ်ပညတ်တို့ကို စောင့်
ရှောက်ရမည်နည်း” ဟုမေးရာ၊
ယေရှုက၊ “လူ့အသက်ကို မသတ်နှင့်၊ သူ
မယားကို မပြစ်မှားနှင့်။ သူ့ဥစ္စာကို မခိုးနှင့်။ သူ
တစ်ပါးအကြောင်း မမှန်သောသက်သေကိုမခံ
နှင့်။ 19မိဘကို ရိုသေလေးစားရမည်၊* ထို့
အပြင် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်
အမျှ ချစ်လော့”* ဟုမိန့်တော်မူ၏။
20ထိုလုလင်က “ဤပညတ်ရှိသမျှတို့ကို အ
ကျွန်ုပ်သည် စောင့်ရှောက်ပါပြီ။ တခြားအဘယ်
အရာလိုသေးသနည်း” ဟုလျှောက်၏။
21ယေရှု ကလည်း “သင်သည် စုံလင်ခြင်း
သို့ရောက်လိုလျှင် သွား၍သင်ပိုင်သမျှအားလုံး
ကို ရောင်းလော့။ ထိုငွေကို ဆင်းရဲသောသူ
တို့အား ပေးလော့။ သို့ဖြစ်လျှင် သင်သည်
ကောင်းကင်ဘုံ၌ ကြွယ်ဝသောဥစ္စာကို လက်ခံ
ရရှိလိမ့်မည်။ ထို့နောက် ငါ့နောက်သို့ လိုက်
လော့” ဟုမိန့်တော်မူ၏။
22သို့သော်လည်း ထိုလူငယ်သည် များစွာ
သောဥစ္စာကို ရတတ်သောသူဖြစ်၍ ထိုစကား
ကို ကြားရသောအခါ အလွန်ဝမ်းနည်းသည်နှင့်
ထွက်ခွာသွားလေ၏။
23ထိုအခါ ယေရှုက တပည့်တော်တို့အား၊
“ငါအမှန်ဆိုသည်ကား၊ ချမ်းသာသောသူသည်
ကောင်းကင်နိုင်ငံတော်သို့ ဝင်ရန် အလွန်ခက်
ခဲ၏။ 24ချမ်းသာသောသူသည် ကောင်းကင်
နိုင်ငံတော်ထဲသို့ ဝင်ရသည်ထက်၊ အပ်နဖား
ပေါက်ထဲသို့၊ ကုလားအုတ်တစ်ကောင်ဝင်သွား
ခြင်းသည် ပို၍လွယ်ကူသည်” ဟုမိန့်တော်မူ၏။
25ထိုအကြောင်းကို တပည့်တော်တို့ကြား
သောအခါ၊ အလွန်အံ့သြကြ၏။ ယေရှုအား၊
“သို့ဖြစ်လျှင် အဘယ်သူသည် ကယ်တင်တော်
မူခြင်းသို့ ရောက်နိုင်မည်နည်း” ဟုမေးလျှောက်
ကြ၏။
26ယေရှုက သူတို့ကိုကြည့်၍၊ “ဤအမှုကို လူ
တို့မတတ်နိုင်သောအမှုဖြစ်၏။ သို့သော်လည်း
ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်နိုင်
သည်” ဟုမိန့်တော်မူ၏။
27ပေတရုက ယေရှုအား၊ “အကျွန်ုပ်တို့
သည် ရှိသမျှကို စွန့်၍ ကိုယ်တော်နောက်တော်
သို့ လိုက်ပါပြီ၊ အကျွန်ုပ်တို့သည် အဘယ်အရာ
ကို ရရှိမည်နည်း” ဟုလျှောက်၏။
28ယေရှုက တပည့်တော်တို့အား၊ “ငါအမှန်
ဆိုသည်ကား၊ ကမ္ဘာသစ်တည်ထောင်သောအ
ခါ၊ လူသားသည် မိမိဘုန်းရှိသောပလ္လင်ပေါ်မှာ
ထိုင်တော်မူလိမ့်မည်။ ငါ့နောက်ကို လိုက်ကြ
သောသင်တို့သည်လည်း၊ ပလ္လင်ပေါ်မှာ ထိုင်
ကြရလိမ့်မည်။ သင်တို့သည် ပလ္လင်တစ်ဆယ်
နှစ်ခုပေါ်မှာ ထိုင်လျက်၊ ဣသရေလလူမျိုးတစ်
ဆယ့်နှစ်မျိုးကို စီရင်ဆုံးဖြတ်ရလိမ့်မည်။ 29ငါ့
နောက်ကိုလိုက်ရန်၊ အိမ်၊ ညီအစ်ကိုမောင်နှမ၊
အဖေ၊ အမေ၊ သားသမီး သို့မဟုတ် လယ်ယာ
တို့ကို စွန့်ပစ်သောသူသည် မိမိစွန့်ပစ်သောအ
ရာထက်ပို၍ ရကြလိမ့်မည်။ ထာဝရအသက်
ကိုလည်း ရရှိလိမ့်မည်။ 30အခုဘဝမှာ အမြင့်
ဆုံးနေရာကို ရရှိသောလူများစွာတို့သည်၊
နောင်ဘဝမှာ အနိမ့်ဆုံးနေရာကိုသာ ရလိမ့်
မည်။ အခုဘဝမှာ အနိမ့်ဆုံးနေရာရရှိ သော
လူများစွာတို့သည် နောင်ဘဝ၌အမြင့် ဆုံးနေ
ရာရကြလိမ့်မည်။

## ယေရှုက ယာလုပ်သမားများ၏ ဥပမာအ သုံးပြုတော်မူခြင်း

20 “ငါ့ကောင်းကင်နိုင်ငံတော်သည်မိမိပိုင်
သောမြေကွက်တွင် စပျစ်နွယ်ပင်များ
ကို စိုက်သောမြေကွက်ပိုင်ရှင်နှင့်တူ၏။ တစ်
နေ့၌ သူသည် စပျစ်ခြံအတွက်၊ အလုပ်သမား
တို့ကို ငှါးခြင်းငှါ နံနက်စောစောထွက်သွား၏။
2အလုပ်သမားတို့ကို တစ်နေ့လုပ်အားခငွေတစ်
ပြားစီပေးရန် သူတို့နှင့်သဘောတူပြီး မိမိခြံမှာ
အလုပ်လုပ်ရန် အလုပ်သမားတို့ကို စေလွှတ်
လေ၏။
3‘မနက်ကိုးနာရီလောက်မှာ ခြံပိုင်ရှင်သည်
ဈေးသို့သွား၍ လူတချို့သည် ထိုနေရာမှာ

**မိဘကို … ရမည်။** ထွက်၊ 20:12-16
**ကိုယ် … ချစ်လော့** ဝတ်ပြု၊ 19:18

အလုပ်မလုပ်ဘဲ ရပ်နေကြသည်ကို မြင်၏။ 4ထို
ကြောင့် သူသည် ထိုလူတို့ကို မိမိခြံ၌ အလုပ်
လုပ်လျှင် တော်လျော်စွာ ငါပေးမည် ဟုဆို၏။
5ထို့ကြောင့် ထိုလူတို့သည် စပျစ်ခြံ၌ အလုပ်
လုပ်ရန်သွားကြ၏။

ခြံပိုင်ရှင်သည် တဖန် မွန်းတည့်ချိန်၊ တဖန်
ညနေသုံးနာရီလောက်တွင် အပြင်ထွက်သွား၍
မိမိစပျစ်ခြံ၌ အလုပ်လုပ်ရန် အလုပ်သမားတို့
ကို ထပ်ငှားခဲ့၏။ 6ညနေငါးနာရီလောက်တွင်
ခြံပိုင်ရှင်သည် ဈေးကို ထပ်သွားပြန်၏။ ဈေး
ထဲမှာ ရပ်နေကြသောလူတို့ကိုမြင်လျှင် သူက
'တစ်နေ့လုံးအလုပ်မလုပ်ဘဲ အဘယ်ကြောင့်
ဤအရပ်၌ ရပ်နေသနည်း' ဟုမေးရာ၊

7"ထိုလူတို့က 'အကျွန်ုပ်တို့ကို အဘယ်သူမျှ
အလုပ်မပေးပါ' ဟုပြန်ဆိုကြ၏။

ခြံပိုင်ရှင်က၊ 'သို့ဖြစ်လျှင် သင်တို့သည် ငါ့
စပျစ်ခြံသို့သွား၍ အလုပ်လုပ်နိုင်၏' ဟုပြော
လိုက်၏။

8"ညအချိန်ရောက်သောအခါ ခြံပိုင်ရှင်က၊
အလုပ်သမားတို့ကို ခေါ်ခဲ့လော့။ နောက်ဆုံး
ငှားသောသူတို့မှစ၍၊ အရင်ဆုံးငှါးသောသူ
တိုင်အောင် အခကို ပေးလော့ဟု မိမိစာရေးကို
မှာလိုက်လေ၏။

9"ထို့ကြောင့် ငါးနာရီအချိန်၌ ဝင်သောသူ
တို့သည် လာ၍ ငွေတစ်ပြားစီခံကြ၏။ 10ထို
နောက် ပထမဆုံးငှားခဲ့သောအလုပ်သမားတို့
သည် လာကြသောအခါ ငါသည် ပို၍ရမည်ဟု
စိတ်ထဲမှာ ထင်မှတ်ကြ၏။ သို့သော်လည်း သူ
တို့သည် တစ်ယောက်လျှင် ငွေတစ်ပြားစီခံရကြ
၏။ 11ငွေပြားကို သူတို့လက်ခံပြီးကြသောအခါ
မြေပိုင်ရှင်ကို ကဲ့ရဲ့ပြစ်တင်ကြ၏။ 12နောက်ဆုံး
ငှားလာသောလုပ်သားတို့သည် တစ်နာရီဘဲ
လုပ်ရ၏။ သို့သော်လည်း ဤလူတို့ကို အကျွန်ုပ်
တို့နှင့် ညီတူညီမျှ ပေးလေ၏။ အကျွန်ုပ်တို့က
တစ်နေ့လုံးနေပူကြီးထဲမှာ ပင်ပန်းစွာ လုပ်ခဲ့ရ
သည်"' ဟုပြောကြ၏။

13"သို့သော်လည်း ခြံပိုင်ရှင်က ထိုအလုပ်
သမားတို့ထဲမှ တစ်ယောက်အားခေါ်ပြီး 'မိတ်
ဆွေ၊ သင်ပေါ်၌ မတရားသောအမှုကို ငါမပြု။
သင်တို့ကို ငှားတုန်းက တနေ့အတွက် လုပ်အား
ခငွေတစ်ပြားရရန် သဘောတူခဲ့သည် မဟုတ်
လော၊ 14သို့ဖြစ်လျှင် သင်တို့လုပ်အားခကို ယူ
၍ သွားလော့။ နောက်ဆုံး ငှားသောအလုပ်
သမားတို့အား သင်တို့နှင့်အညီ ငါပေးရန် အလို
ရှိ၏။ 15ငါ့ငွေကို ငါအလိုရှိသည်အတိုင်း လုပ်နိုင်
သည်မဟုတ်လော။ ငါသည် သဘောကောင်း
သောကြောင့် သင်တို့က မနာလိုဖြစ်နေသ
လော' ဟုပြောလေ၏။

16"ထို့ကြောင့် အခုအချိန်၌ နောက်ကျသော
သူတို့သည် နောင်အခါ၌ အရင်ကျရလိမ့်မည်။
အခုအချိန်၌ အရင်ကျသူတို့သည် နောင်အခါ၌
နောက်ကျလိမ့်မည်" ဟုမိန့်တော်မူ၏။

## ယေရှုက မိမိသေခြင်းအကြောင်း ပြောကြားတော်မူခြင်း

*(မာ၊ 10:32-34; လု၊ 18:31-34)*

17ယေရှုသည် တပည့်တော်တဆယ်နှစ်
ယောက်တို့နှင့် ယေရုရှလင်မြို့သို့ တက်ကြွ
တော်မူစဉ် လမ်းခရီး၌ တပည့်တော်တို့ကို ဘေး
သို့ခေါ်ထုတ်ပြီး၊ 18'ငါတို့သည်ယေရုရှလင်မြို့သို့
သွားနေကြ၏။ လူသားကို ယဇ်ပုရောဟိတ်အ
ကြီးအကဲတို့နှင့် ကျမ်းပြုဆရာတို့လက်ထဲသို့
အပ်နှံခြင်းခံရမည်။ သူတို့သည် သူ့ကိုသတ်ခြင်း
ငှါ စီရင်ကြလိမ့်မည်။ 19သူတို့သည် သူ့ကို တပါး
အမျိုးသားများလက်ထဲသို့ အပ်ကြလိမ့်မည်။
ဤလူတို့သည် သူ့ကို ပြက်ရယ်ပြုကြလိမ့်မည်။
သူ့ကို ရိုက်ပုတ်၍ လက်ဝါးကပ်တိုင်မှာ သတ်
ကြလိမ့်မည်။ သို့သော်လည်း သုံးရက်မြောက်
နေ့၌ ထမြောက်လိမ့်မည်" ဟုမိန့်တော်မူ၏။

## မိခင်တစ်ယောက်ကအထူးအခွင့် အရေးတောင်းဆိုခြင်း

*(မာ၊ 10:35-45)*

20ထို့နောက် ဇေဗေဒဲသားတို့၏မိခင်သည်
ယေရှုထံတော်သို့ လာခဲ့၏။ သူမ၏သားနှစ်ဦး

လည်းရှိ၏။ သူမသည် ယေရှုရှေ့တော်သို့ ပြပ်
ဝပ်၍၊ သူမအတွက် တစ်စုံတစ်ရာပြုလုပ်ပေး
ပါရန် တောင်းပန်၏။
[21]ယေရှုက “သင်သည် အဘယ်အလိုရှိသ
နည်း” ဟုမေးရာ၊
သူမက၊ “ကိုယ်တော်နိုင်ငံတွင် ကျွန်မ၏
သားနှစ်ယောက်တို့သည် လက်ျာတော်ဘက်၌
တစ်ယောက်၊ လက်ဝဲတော်လက်၌ တစ်
ယောက်ထိုင်ရသောအခွင့်ကို ပေးတော်မူပါ”
ဟုလျှောက်လေ၏။
[22]ထိုအခါ ယေရှုက၊ သားတို့အား “သင်တို့
သည် အဘယ်အရာတောင်းခံနေသည်ကို သင်
တို့နားမလည်ကြ။ ငါသောက်ရအံ့သောခွက်
ကိုသင်တို့သောက်နိုင်မည်လော” ဟုမေးတော်
မူရာ၊
သူတို့က၊ “အကျွန်ုပ်တို့သောက်နိုင်ပါ၏” ဟု
ပြန်လျှောက်ကြ၏။
[23]ထိုအခါ ယေရှုက၊ သူတို့အား “ငါ၏ခွက်
ကို သင်တို့အမှန် သောက်ရလိမ့်မည်။ သို့သော်
လည်း ငါ၏ဘယ်ဘက်မှာဖြစ်စေ၊ ညာဘက်
မှာဖြစ်စေ ထိုင်ရမည့်လူကို ရွေးချယ်သောသူ
သည် ငါမဟုတ်။ ထိုနေရာကို ရမည့်သူအား၊
ငါ့ခမည်းတော်ကသာ ရွေးချယ်၍၊ လျာထား
ပြီးဖြစ်သောကြောင့် သူတို့သာ ပိုင်ဆိုင်၏”
ဟုမိန့်တော်မူ၏။
[24]ထိုစကားကို အခြားတပည့်တော်ဆယ်
ယောက်တို့သည် ကြားသိသောအခါ၊ ထိုညီ
အစ်ကိုနှစ်ယောက်တို့ကို အမျက်ထွက်ကြ၏။
[25]ယေရှုက၊ တပည့်တော်အားလုံးတို့ကို တစု
တရုံးတည်းခေါ်တော်မူ၍၊ “တပါးအမျိုးသား
များကို အုပ်စိုးသောသူတို့သည် လူများအပေါ်
မှာ အာဏာသုံးရန် အလွန်သဘောကျကြသည်
ကို သင်တို့သိကြ၏။ သူတို့၏ခေါင်းဆောင်အ
ကြီးအကဲတို့သည်လည်း၊ သူတို့၏လုပ်ပိုင်ခွင့်တို့
ကို လူများအပေါ်မှာ အစွမ်းကုန်အသုံးချလိုကြ
၏။ [26]သို့သော်လည်း သင်တို့သည် ထိုသို့မဖြစ်
ကြနှင့်။ သင်တို့ထဲမှ တစ်ယောက်ယောက်သည်
ကြီးမြတ်သူဖြစ်လိုလျှင် သူသည် သင်တို့၏အစေ
ခံဖြစ်ရမည်။ [27]သင်တို့တွင် တစ်ယောက်
ယောက်သည် ပထမဖြစ်လိုလျှင် သူသည် သင်
တို့၏အစေကိုခံရမည်။ [28]လူသားသည်လည်း ထို
ကဲ့သို့ဖြစ်၏။ သူသည် သူတပါးကို စေစားခြင်း
ငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါရင်း၊ မိမိအ
သက်ကို စွန့်၍ လူအများကို ကယ်တင်ခြင်းငှါ
ကြွလာတော်မူခြင်းဖြစ်၏။”

## ယေရှုက မျက်မမြင်နှစ်ဦးကို ကုသတော်မူခြင်း

*(မာ၊ 10:46-52; လု၊ 18:35-43)*

[29]ယေရှုသည် မိမိ၏တပည့်တော်တို့နှင့် အ
တူယေရိခေါမြို့မှ ထွက်ခွာတော်မူစဉ် အလွန်
များပြားလှသောလူအုပ်ကြီးသည် နောက်
တော်သို့ လိုက်လာကြ၏။ [30]ထိုနေရာတွင် မျက်
မမြင်နှစ်ဦးတို့သည် လမ်းဘေးတွင် ထိုင်နေကြ
၏။ ယေရှုသည် ထိုလမ်းအတိုင်းလာနေသည်
ကို သူတို့ကြားရသောအခါ “ဒါဝိဒ်၏သားတော်
သခင်၊ ကျေးဇူးပြု၍ အကျွန်ုပ်တို့ကို ကယ်မသ
နားတော်မူပါ” ဟုအော်ဟစ်လေ၏။
[31]လူအပေါင်းတို့သည် မျက်မမြင်နှစ်
ယောက်အား စကားမပြောဘဲ တိတ်ဆိတ်နေ
ရန် တားမြစ်ကြ၏။ သို့သော်လည်း သူတို့က
“ဒါဝိဒ်၏သား သခင်၊ ကျေးဇူးပြု၍ အကျွန်ုပ်တို့
ကို ကယ်မသနားတော်မူပါ” ဟုပို၍ကျယ်
လောင်စွာအော်ဟစ်ကြ၏။
[32]ယေရှုသည် ရပ်တော်မူပြီးလျှင် မျက်မ
မြင်နှစ်ယောက်တို့အား “သင်တို့အတွက် ငါ
သည် အဘယ်သို့ပြုစေလိုသနည်း” ဟုမေး
တော်မူ၏။

[33]မျက်မမြင်တို့က “သခင်၊ အကျွန်ုပ်တို့
မျက်စိမြင်လိုပါ၏” ဟုလျှောက်ကြ၏။
[34]ယေရှုသည် သူတို့အပေါ် သနားခြင်းစိတ်
တော်ရှိ၍ သူတို့မျက်စိကို လက်နှင့်တို့တော်မူ
၏၊ ထိုခဏခြင်းတွင် ထိုသူတို့သည် မျက်စိမြင်
၍ နောက်တော်သို့ လိုက်ကြ၏။

## ယေရှုသည် ဘုရင်တစ်ပါးကဲ့သို့ ယေရှုရှလင် သို့ ကြွဝင်တော်မူခြင်း

*(မာ၊ 11:1-11; လု၊ 19:28-38; ယော၊ 12:12-19)*

21 ယေရှုနှင့် တပည့်တော်တို့သည်
ယေရှုရှလင်နှင့် နီးလာကြ၏။ သံလွင်
တောင်ခြေရှိ ဗက်ဖာဂေရွာသို့ ရောက်ကြ
သောအခါ ယေရှုသည် တပည့်တော်နှစ်
ယောက်တို့ကို ထိုရွာသို့ စေလွှတ်တော်မူ၏။
2ယေရှုက တပည့်တော်နှစ်ယောက်အား သင်
တို့မြင်နေရသောမြို့သို့ သွားကြ။ မြို့ထဲဝင်
ရောက်သောအခါ မြည်းတစ်ကောင်ကို တိုင်
မှာ ကြိုးနှင့်ချည်ထားသည်ကို သင်တို့ချက်ချင်း
တွေ့မြင်လိမ့်မည်။ မြည်း၏ဘေးမှာ မြည်းငယ်
လေးတစ်ကောင်ကို သင်တို့တွေ့ရလိမ့်မည်။ ထို
မြည်းနှစ်ကောင်စလုံးကို ကြိုးဖြည်၍ ငါ့ထံသို့
ယူလာခဲ့ကြ။ 3တစ်ယောက်ယောက်က မြည်း
တို့ကို အဘယ့်ကြောင့် ယူကြသနည်းဟု မေး
လျှင်၊ 'သခင်အလိုရှိသည်၊ မကြာခင် သူပြန်ပို့
လိမ့်မည်' ဟု၍ပြောလိုက်လော့'' ဟုမိန့်တော်
မူ၏။
4ဤဖြစ်ရပ်မှာ ပရောဖက်၏ဟောခဲ့သော
စကားပြည့်စုံမည်အကြောင်းဖြစ်၏။

5 "ပရောဖက်က ဇိအုန်မြို့ကို ပြောလော့။
'ယခုသင်၏ဘုရင်သည် သင့်ထံသို့ လာ
နေ၏။ သူသည် နှိမ့်ချစွာနှင့် မြည်းကို စီး
လာ၏။ သူသည် အလုပ်လုပ်သောမြည်း
မမှ မွေးလာသောမြည်းငယ်လေးအပေါ်
စီး၍ လာသည်"' ဟုဟောထား၏

*ဇာခရိ 9:9*

6တပည့်တော်နှစ်ယောက်တို့သည် ယေရှု
မှာတော်မူသည့်အတိုင်း လုပ်ဆောင်ခဲ့ကြ၏။
7မြည်းမနှင့် မြည်းငယ်ကို ယေရှုထံတော်သို့
ဆောင်ခဲ့၍ မြည်းကျောပေါ်မှာ မိမိတို့အဝတ်
ကို တင်ကြပြီးလျှင် ကိုယ်တော်သည် စီးတော်
မူ၏။ 8ယေရှုသည် ယေရုရှလင်မြို့သို့ ဦးတည်
နေသောလမ်းမကြီးအတိုင်း စီးတော်မူ၏။ လူ
အများသည် ယေရှုအတွက် လမ်းပေါ်တွင် သူတို့
၏ဝတ်ရုံများကို ဖြန့်ခင်းပေးထားကြ၏။ အချို့
သောလူတို့သည် သစ်ကိုင်းသစ်ခက်များကို
ခုတ်ဖြတ်၍၊ လမ်းပေါ်တွင် ဖြန့်ခင်းထားလေ၏။
9အချို့လူတို့သည်၊ ယေရှု၏ရှေ့တော်မှာ
လျှောက်သွားနေကြပြီး အချို့တို့သည် ယေရှု၏
နောက်တော်မှ လိုက်လာကြ၏။ သူတို့က၊

"ဒါဝိဒ်၏သားတော်ကို ချီးမွမ်းကြ။ 'ထာဝ
ရဘုရားသခင်၏နာမတော်နှင့် ကြွလာ
သောသူသည် မင်္ဂလာရှိ၏။' ကောင်း
ကင်ဘုံ၌ရှိတော်မူသောဘုရားသခင်ကို
ချီးမွမ်းကြ" ဟုအော်ဟစ်ပြောဆိုကြ၏။

*ဆာလံ၊ 118:26*

10ထိုအခါ ယေရှုသည် ယေရုရှလင်မြို့သို့
ဝင်ရောက်တော်မူ၏။ မြို့တွင်းရှိ လူများအား
လုံးရုတ်ရုတ်သဲသဲ ဖြစ်နေကြ၏။ သူတို့က "ဤ
လူသည် အဘယ်သူနည်း" ဟုမေးကြ၏။
11ယေရှုနောက်တော်မှ လိုက်လာကြသော
လူများက၊ "ဤသူသည် ယေရှုဖြစ်တော်မူ၏။
ဂါလိလဲပြည် နာဇရက်မြို့မှ လာသောပရော
ဖက်တစ်ပါးဖြစ်သည်" ဟုပြောဆိုကြ၏။

## ဗိမာန်တော်သို့သွားရောက်ခြင်း

*(မာ၊ 11:15-19; လု၊ 19:45-48; ယော၊ 2:13-22)*

12ယေရှုသည် ဗိမာန်တော်သို့ ဝင်တော်မူ
ပြီးလျှင်ဗိမာန်တော်၌ အရောင်းအဝယ်လုပ်နေ
ကြသူအပေါင်းတို့ကို မောင်းထုတ်တော်မူ၏။
ငွေလဲလှယ်သူတို့၏ခုံများကို၎င်း၊ ချိုးငှက်
ရောင်းသူများ၏ ခုံတန်းလျားများကို၎င်း တွန်း
လှဲတော်မူ၏။ 13ယေရှုသည် ထိုနေရာရှိလူအား
လုံးအား "ကျမ်းစာထဲ၌၊ 'ငါ့အိမ်ကို ဆုတောင်း
ရာအိမ်ဟူ၍ ခေါ်ရမည်'* ဟုရေးသားထား
၏။ သို့သော်လည်း သင်တို့သည်၊ ဘုရားသခင်

---

**ငါ့အိမ် ... ခေါ်ရမည်** ဟေရှာ 56:7

၏အိမ်ကို ခါးပြတို့အတွက် ပုန်းအောင်းရန် နေ
ရာဖြစ်စေကြပြီ'*" ဟုမိန့်တော်မူ၏။
14ထိုအခါ ဗိမာန်တော်၌ မျက်စိကန်းသော
သူ၊ ခြေမစွမ်းသောသူတို့သည် အထံတော်သို့
လာ၍ သူတို့အနာကို ငြိမ်းစေတော်မူ၏။ 15သို့
သော်လည်း ယဇ်ပုရောဟိတ်အကြီးအကဲများ
နှင့်ကျမ်းပြုဆရာတို့သည်၊ ယေရှုပြုလုပ်ခဲ့သော
အံ့ဩဘွယ်သောအရာများနှင့် ကလေးသူငယ်
တို့သည် ဗိမာန်တော်ဝန်း၌ အော်ဟစ်၍ "ဒါဝိဒ်
၏သားကို ချီးမွမ်းကြ" ဟူ၍ပြောနေကြသည်ကို
ကြားမြင်သောအခါ ဒေါသထွက်ကြ၏။
16သူတို့ကယေရှုအား၊ "ဤကလေးတို့သည်
အဘယ်သို့ ပြောနေကြသည်ကို သင်ကြားသ
လော" ဟုမေးကြ၏။ "ယေရှုက၊ ငါကြား၏။ ဤ
ကျမ်းချက်က၊ 'ကိုယ်တော်သည် စုံလင်သော
သီချင်းကို သီဆိုရန် ကလေးသူငယ်များနှင့်နို့စို့
ကလေးငယ်များကို သင်ကြားခဲ့သည် ဟုသော
စကားကို သင်တို့မဖတ်ဘူးကြသလော'"* ဟု
မိန့်တော်မူ၏။
17ထို့နောက် ယေရှုသည် သူတို့ထံမှ ထွက်
ပြီးလျှင်၊ ဗေသနိရွာသို့သွား၍ ထိုညကို လွန်စေ
တော်မူ၏။

## ယေရှုက ယုံကြည်ခြင်းတန်ခိုးကို ပြသတော်မူခြင်း

*(မာ၊ 11:12-14, 20-24)*

18နောက်တစ်နေ့ နံနက်စောစောတွင်
ယေရှုသည် မြို့တော်သို့ ပြန်ကြွတော်မူစဉ် သူ
သည် အလွန်ဆာမွတ်တော်မူ၏။ 19လမ်းဘေး၌
သဖန်းပင်တစ်ပင်ကို သူမြင်လျှင် သဖန်းသီးစား
ရန် သဖန်းပင်ရှိရာသို့ သွားတော်မူ၏။ သို့သော်
လည်း ထိုသဖန်းပင်ပေါ်၌ သဖန်းသီးမရှိဘဲ အ
ရွက်များသာရှိ၏။ ထိုအခါ ယေရှုက၊ "ယခုမှ
စ၍ အစဉ်မပြတ် သင်၌ အသီးမသီးစေနှင့်" ဟု
သဖန်းပင်အား မိန့်တော်မူရာ၊ သဖန်းပင်သည်
ချက်ချင်းပင် ခြောက်သွေ့၍ သေသွားလေ၏။
20ထိုဖြစ်ရပ်ကို တပည့်တော်တို့ မြင်ကြ
သောအခါ၊ အလွန်အံ့ဩသွားကြ၏။ "သဖန်း
ပင်သည် အဘယ်သို့ အလွန်လျှင်မြန်စွာ
ခြောက်သွေ့၍ သေသွားပါသနည်း" ဟုယေရှု
အား မေးလျှောက်ရာ၊
21ယေရှုက၊ "ငါအမှန်ဆိုသည်ကား၊ သင်တို့
သည် ယုံကြည်ခြင်းရှိ၍၊ သံသယကင်းလျှင် ငါ
လုပ်သကဲ့သို့ လုပ်နိုင်၏။ ထိုအရာထက်ပင်သာ
၍ လုပ်နိုင်လိမ့်မည်။ 'ဤတောင်ကိုရွေ့၍ ပင်
လယ်ထဲ၌ ကျလော့' ဟုဆိုလျှင် ဆိုသည့်အ
တိုင်း ဖြစ်လိမ့်မည်။ 22သင်တို့သည် ယုံကြည်ခြင်း
ရှိလျှင် ဆုတောင်းသမျှတို့ကို သင်တို့သည် ရကြ
လိမ့်မည်" ဟုမိန့်တော်မူ၏။

## ယုဒခေါင်းဆောင်တို့သည် ယေရှု၏အာဏာရှိမှုအပေါ် ယုံမှားသံသယဖြစ်ခြင်း

*(မာ၊ 11:27-33; လု၊ 20:1-8)*

23ယေရှုသည်၊ ဗိမာန်တော်သို့ ဝင်ပြန်၍ လူ
တို့ကို ဆုံးမဩဝါဒပေးတော်မူစဉ်၊ ယဇ်ပုရော
ဟိတ်အကြီးတို့နှင့် ယုဒလူတွင် အကြီးအကဲဖြစ်
သောသူတို့သည် ယေရှုထံတော်သို့လာ၍၊
"သင်သည် ဤအရာများကို အဘယ်အခွင့်နှင့်
ပြုသနည်း။ အဘယ်သူသည် သင့်ကို ဤသို့
လုပ်ပိုင်ခွင့်ပေးသနည်း" ဟုမေးလျှောက်ကြ၏။
24ယေရှုက "ငါသည်လည်း သင်တို့ကို မေး
ခွန်းတစ်ခုမေးမည်။ သင်တို့သည် ငါ့ကို အဖြေ
ပေးလျှင် ဤအရာတို့ကို အဘယ်အခွင့်အရေး
နှင့်ငါပြုသည်ကို ငါပြောမည်။ 25ယောဟန်
သည် လူတို့ကို ဗတ္တိဇံပေးသောအခါ အဘယ်
သူသည် သူ့ကို အာဏာပေးထားသနည်း။
ဘုရားသခင်ထံမှ လာသလော၊ သို့မဟုတ် လူ
ထံမှ လာသလော" ဟုမေးတော်မူ၏။ ယဇ်ပု
ရောဟိတ်များနှင့် ယုဒလူခေါင်းဆောင်တို့သည်
ဤအကြောင်းကို သူတို့အချင်းချင်းဆွေးနွေးကြ
ရာ 'ယောဟန်၏ဗတ္တိဇံတရားသည် ဘုရား
သခင်ထံမှ လာသည်' ဟုငါတို့ဆိုလျှင် သူက
'သို့ဖြစ်လျှင်သင်တို့သည် သူ့ကိုအဘယ်ကြောင့်
မယုံကြည်သနည်း ဟုမေးလိမ့်မည်။' 26ငါတို့က၊

---

**ခါးပြတို့အတွက်ပုန်းအောင်းရန်နေရာ** ယေရမိ 7:11

**ကိုယ်တော် … ကြသလော** ဆာလံ 8:3

‘လူတို့ထံမှလာသည်ဟု ဆိုလျှင်’ လူအများက၊
ငါတို့ကို စိတ်ဆိုးကြလိမ့်မည်။ အကြောင်းမူ
ကား၊ လူတို့သည် ယောဟန်ကို ပရောဖက်ဖြစ်
သည်ဟု ထင်မှတ်ကြသည်ဟု ဆွေးနွေးကြ၏။
27ထို့ကြောင့် သူတို့က ယေရှုအား၊ “အ
ကျွန်ုပ်တို့မသိပါဟု ပြန်ပြောကြ၏။ ယေရှုက
“သို့ဖြစ်လျှင် ငါသည်လည်း ဤအရာများကို
အဘယ်အခွင့်အာဏာနှင့် ပြုသည်ကို သင်တို့
အား မပြော” ဟုမိန့်တော်မူ၏။

## ယေရှုက သားနှစ်ယောက်ဥပမာ အသုံးပြုတော်မူခြင်း

28“သင်တို့သည် အဘယ်သို့ထင်ကြသနည်း။
တစ်စုံတစ်ယောက်သောသူ၌ သားနှစ်ယောက်
ရှိ၏။ ထိုသူသည် သားတစ်ယောက်ဆီသို့ သွား
၍ ‘ငါ့သား ယနေ့ ငါ့စပျစ်ခြံသို့ သွား၍ လုပ်
ဆောင်လော့’ ဟုပြော၏။
29“သားက၊ ‘ကျွန်တော်မသွားချင်ပါဟု ပြန်
ပြောသော်လည်း နောက်မှ သူ့စိတ်ပြောင်း၍
စပျစ်ခြံသို့ အလုပ်လုပ်ရန် ထွက်သွားလေ၏။
30“ထို့နောက် အဘသည်၊ အခြားသော
သားဆီသို့ သွား၍ ငါ့သား ယနေ့ ငါ့စပျစ်ခြံသို့
သွား၍ လုပ်ဆောင်လော့’ ‘ဟုဆိုလျှင် ထိုသား
က အကျွန်ုပ်သွားပါမည် သခင်’ ဟုဆိုသော်
လည်း မသွားဘဲနေ၏။
31“ထိုသားနှစ်ယောက်တို့တွင် အဘယ်သူ
သည် အဘစကားကို နားထောင်သနည်း:” ဟု
ယေရှုက မေးတော်မူရာ၊

ယုဒခေါင်းဆောင်တို့က၊ “ပထမသား” ဟု
ပြေကြ၏။ ယေရှုက၊

“ငါအမှန်ဆိုသည်ကား၊ အခွန်ခံတို့နှင့် ပြည့်
တန်ဆာတို့သည် မကောင်းသောသူများဖြစ်
ကြ၏။ သို့သော်လည်း သူတို့သည် ဘုရားသခင်
၏နိုင်ငံတော်ကို သင်တို့ထက် အရင်ရောက်ကြ
လိမ့်မည်။ 32ယောဟန်သည် လာ၍ သင်တို့ကို
အသက်ရှင်ရန် လမ်းမှန်ပြခဲ့၏။ သို့သော်လည်း
သင်တို့သည် ယောဟန်ကို မယုံကြည်ကြ။ သို့
သော်လည်း အခွန်ခံတို့နှင့် ပြည့်တန်ဆာတို့
သည်၊ ယောဟန်ကို ယုံကြည်ကြ၏။ သင်တို့
သည် သူလုပ်ခဲ့သောအရာကို မြင်လျက်ပင်သူ့
ကို ယုံကြည်မည်အကြောင်း သင်တို့၏စိတ်နှလုံး
ကို မပြောင်းလဲစေကြ။

## ဘုရားသခင်သည် မိမိသားတော်ကို စေလွှတ်တော်မူခြင်း

*(မာ၊ 12:1-12; လု၊ 20:9-19)*

33“ဤဥပမာကို နားထောင်ကြလော့။ လူ
တစ်ယောက်သည် သူပိုင်သောမြေကွက်မှာ
စပျစ်ပင်တို့ကို စိုက်၏။ စပျစ်ခင်းပတ်လည်တွင်
အကာအရံလုပ်ထား၏။ ထို့နောက် စပျစ်ရည်
ညှစ်ရန် အတွက်တွင်းကို တူးလေ၏။ ထို့နောက်
မျှော်စင်တစ်ခုလည်း ဆောက်ထား၏။ ဤမြေ
ကို တခြားသောယာလုပ်သားတချို့တို့ကို အ
ငှားချထားပြီး၊ ခရီးထွက်သွားလေ၏။ 34ထို့
နောက် စပျစ်သီးခူးဆွတ်ရန် အချိန်ရောက်လာ
သောအခါ မိမိအတွက် အသီးကိုခံစေခြင်းငှါ
အစေခံတို့ကို ယာလုပ်သားတို့ ထံသို့စေလွှတ်
လေ၏။
35“သို့သော်လည်း ယာလုပ်သားတို့သည်
အစေခံများကို ဖမ်းပြီးလျှင် တစ်ဦးကို ရိုက်၍
နောက်တစ်ယောက်ကို သတ်ကြ၏။ ထို့နောက်
တတိယအစေခံကို ကျောက်ခဲနှင့် ပစ်သတ်ကြ
၏။ 36ထို့ကြောင့် စပျစ်ခြံပိုင်ရှင်သည်၊ နောက်
တစ်ဖန် အရင်ထက်များသောအခြားအစေခံ
တို့ကို ယာလုပ်သားတို့ထံသို့ စေလွှတ် ပြန်၏။
သို့သော်လည်း ယာလုပ်သားတို့သည် ရှေ့နည်း
အတိုင်း ပြုမူကြ၏။ 37ထို့ကြောင့် စပျစ်ခြံပိုင်ရှင်
သည် သူ့သားကို ယာလုပ်သားတို့ထံသို့ စေ
လွှတ်ရန် ဆုံးဖြတ်၏။ ထိုလူက ‘ယာလုပ်သား
တို့သည် ငါ့သားကို လေးစားကြလိမ့်မည်’ ဟု
ပြော၏။
38“သို့သော်လည်း ယာလုပ်သားတို့သည်
ထိုသားကိုမြင်သောအခါ သူတို့က ‘ဤသူသည်
ခြံပိုင်ရှင်၏သားဖြစ်၏။ ဤစပျစ်ခြံကို တစ်နေ့
သူပိုင်ဆိုင်လိမ့်မည်။ ထို့ကြောင့် လာကြသူ့ကို
ငါတို့သတ်ကြစို့၊ သို့ဖြစ်လျှင် ဤစပျစ်ခင်းတစ်ခု

လုံးသည် ငါတို့ဥစ္စာဖြစ်လိမ့်မည်' ဟုအချင်း
ချင်းပြောဆိုကြ၏။ 39ထို့ကြောင့် ယာလုပ်သား
တို့သည် ထိုသားကို ဖမ်းပြီးမှ စပျစ်ခြံပြင်သို့
ထုတ်၍ သတ်ပစ်ကြ၏။ 40သို့ဖြစ်လျှင် စပျစ်ခြံ
ပိုင်ရှင်သည် ကိုယ်တိုင်ခြံသို့ လိုက်လာသော
အခါ ဤယာလုပ်သားတို့ကို အဘယ်သို့လုပ်
မည်နည်း” ဟုယေရှု ကမေးတော်မူ၏။
41ယုဒယဇ်ပုရောဟိတ်တို့နှင့် ခေါင်းဆောင်
တို့က “သူသည် ထိုဆိုးသွမ်းသော ယာလုပ်
သားတို့ကို သတ်ပစ်၍ စပျစ်သီးဆွတ်ချိန်တွင်
သူ့ကို ဝေစုပေးကြမည့်အခြားသောယာလုပ်
သမားတို့အား သူ၏စပျစ်ခင်းကို ငှါးရမ်းလိမ့်
မည်” ဟုလျှောက်ကြ၏။
42ယေရှုက သူတို့အား

“တည်ဆောက်သူများက ပယ်ထားသော
ကျောက်တုံးသည် တိုက်ထောင့်အုတ်
မြစ်ဖြစ်လာ၏။ ထိုအမှုသည် ထာဝရ
ဘုရား၏လုပ်ဆောင်ချက်ဖြစ်၍အကျွန်ုပ်
တို့အတွက် အံ့ဩစရာဖြစ်၏' ဟူသော
စကားကို ကျမ်းစာ၌သင်တို့သည် တစ်ရံ
တခါမျှ မဖတ်ဘူးသလော။

*ဆာလံ၊ 118:22-23*

43“ထို့ကြောင့် ငါဆိုသည်ကား၊ ဘုရား
သခင်သည် နိုင်ငံတော်ကို သင်တို့ထံမှ ပြန်ယူ
၍၊ နိုင်ငံတော်၌ သူအလိုရှိသောအရာများကို
ဆောင်ရွက်မည့် လူမျိုးအား ပေးလိမ့်မည်။
44ဤကျောက်တုံးပေါ်သို့ ကျသောသူသည် ကျိုး
ပဲ့သွားလိမ့်မည်။ လူတစ်ယောက်၏အပေါ်သို့
ကျောက်တုံးကျခဲ့လျှင် ထိုသူသည် ကြေမွသွား
လိမ့်မည်” ဟုမိန့်တော်မူ၏။
45ယဇ်ပုရောဟိတ်အကြီးတို့နှင့် ဖာရိရှဲတို့
သည် ယေရှုပြောသောဥပမာများကို ကြားရ
လျှင်၊ မိမိတို့ကိုရည်ဆောင်၍ ဟောပြောတော်
မူသည်ကို သိကြ၏။ 46သူတို့သည် ယေရှုကိုဖမ်း
ဆီးခြင်းငှါ နည်းလမ်းရှာကြသော်လည်း စုဝေး
သောလူများကို ကြောက်ကြ၏။ အကြောင်းမူ
ကား၊ ထိုသူတို့သည် ယေရှုကို ပရောဖက်တစ်
ပါးဖြစ်သည်ဟု ယုံကြည်ကြ၏။

## ညစာစားပွဲတစ်ခုသို့ ဖိတ်ကြားခံရသော လူများအကြောင်းဥပမာ

*(လု၊ 14:15-24)*

22 တဖန် ယေရှုသည် ဥပမာများကို အ
သုံးပြု၍ လူများအား ဩဝါဒပေးတော်
မူ၏။ ယေရှုက 2“ကောင်းကင်နိုင်ငံတော်သည်
မိမိထိမ်းမြားမင်္ဂလာဆောင်ပွဲကို စီရင်သော
ဘုရင်တစ်ပါးနှင့်တူ၏။ 3ထိုဘုရင်သည် လူတ
ချို့ကို စားသောက်ပွဲအတွက် ဖိတ်လေ၏။ စား
သောက်ပွဲ အဆင်သင့်ဖြစ်သောအခါ ဘုရင်
သည် သူ့အစေခံများအားလူတို့ကို ခေါ်ဖိတ်ရန်
စေလွှတ်လေ၏။ သို့သော်လည်း လူတို့သည်
ဘုရင့်စားသောက်ပွဲသို့ သွားရန်ငြင်းပယ်ကြ၏။
4“ထို့နောက်ဘုရင်သည် အစေခံတို့ကို ထပ်
စေလွှတ်၍၊ 'ငါ့ပွဲကို ငါပြင်ဆင်ပြီ။ နွားမှစ၍
ဆူဖြိုးသောတိရစ္ဆာန်များကို သတ်၍ ပြီးပြီ။
အလုံးစုံတို့သည် အဆင်သင့်ရှိပြီ။ မင်္ဂလာ
ဆောင်ပွဲသို့ လာကြပါ' ဟုငါဖိတ်ပြီးသောသူတို့
အား ပြောကြဟု မိမိအစေခံတို့အား မှာလိုက်
ပြန်၏။
5“အစေခံတို့သည် ခေါ်ဖိတ်ခြင်းခံသောသူ
တို့အား လာကြရန် သွားပြောကြပြန်၏။ သို့
သော်လည်း လူတို့သည်အစေခံစကားကို နားမ
ထောင်ဘဲ အခြားကိစ္စများကို လုပ်ရန်ထွက်
သွားကြ၏၊ အချို့တို့သည် မိမိလယ်သို့၊ အလုပ်
လုပ်ရန် ထွက်ကြ၏အချို့တို့သည် မိမိစီးပွား
ရေးလုပ်ငန်းအတွက် သွားကြ၏။ 6တချို့လူတို့
သည် အစေခံတို့ကို ဖမ်းဆီး၍ ညှဉ်းဆဲခြင်း၊
အသေသတ်ခြင်းကို ပြုကြ၏။ 7ထိုဘုရင်သည်
ကြားလျှင် အလွန်အမျက်ထွက်၍၊ မိမိစစ်တပ်
ကို စေလွှတ်၍၊ အစေခံတို့ကို သတ်သောထိုသူ
တို့ကိုသတ်စေ၏။ စစ်တပ်တို့သည် ထိုသူတို့
ကို သတ်ပြီး သူတို့၏မြို့ကိုလည်း မီးရှို့လေ၏။
8“ထို့နောက်မှ ဘုရင်သည် မိမိအစေခံတို့
အား ခေါ်၍ 'ငါ၏မင်္ဂလာဆောင်ပွဲသည် အ

ဆင်သင့်ရှိပြီ။ ထိုလူတွေကို ငါဖိတ်ခဲ့သော်
လည်း သူတို့သည် စားသောက်ပွဲသို့ လာရန်
မထိုက်မတန်။ 9ထို့ကြောင့် လမ်းထောင့်၊ လမ်း
ကြားသို့ သွား၍ သင်တို့တွေ့သမျှလူတို့ကို၊
မင်္ဂလာဆောင်စားသောက်ပွဲသို့ ခေါ်လာကြ'
ဟုအမိန့်တော်ရှိ၏။ 10ထို့ကြောင့် အစေခံတို့
သည် လမ်းထောင့်လမ်းကြားသို့ သွားပြီးတွေ့
သမျှလူဆိုးတို့နှင့် လူကောင်းတို့ကို စုရုံးစေ၍၊
စားသောက်ပွဲသို့ ဖိတ်ကြ၏။ မင်္ဂလာဆောင်
ပွဲတော်၌ အပြည့်ရှိလေ၏။

11"ထို့နောက် ဘုရင်ကြီးသည် ပွဲ၌လျောင်း
သောသူတို့ကို ကြည့်ရှုခြင်းငှါ ဝင်တော်မူသော
အခါ မင်္ဂလာဆောင်ပွဲ၏အဝတ်ကို မဝတ်သော
သူတစ်ယောက်ကို တွေ့မြင်လေ၏။ 12ထို့
ကြောင့် ဘုရင်က 'မိတ်ဆွေ၊ သင်သည် မင်္ဂလာ
ဆောင်ပွဲ၏အဝတ်မရှိဘဲ အဘယ်သို့ ဤနေရာ
၌ ဝင်ဝံ့သနည်း' ဟုမေး၏။ ထိုသူသည် မပြော
ဘဲနေ၏။ 13ထို့ကြောင့် ဘုရင်က၊ မိမိအစေခံတ
ချို့တို့အား ထိုသူ၏ခြေလက်တို့ကို ကြိုးနှင့်တုပ်
နှောင်လော့။ ထိုသူကို၊ အပြင်ဘက်သို့ ဆွဲထုတ်
၍ အမှောင်ထဲသို့ ပစ်ထားကြ။ ထိုနေရာ၌
လူတို့သည်ငိုကြွေး၍၊ နာကျင်မှုနှင့် အံကြိတ်ခံ
စားကြလိမ့်မည်။'

14"ခေါ်တော်မူသော သူအများရှိသော
လည်း ရွေးချယ်ခံသောသူတို့သည် အနည်းငယ်
သာရှိ၏' ဟုမိန့်တော်မူ၏။

## အချို့ယုဒခေါင်းဆောင်တို့က ယေရှုအား လှည့်စားရန်ကြိုးပမ်းခြင်း

*(မာ၊ 12:13-17; လု၊ 20:20-26)*

15ထို့နောက် ဖာရိရှဲတို့သည် ယေရှုသြဝါဒ
ပေးတော်မူသောနေရာမှ ထွက်ခွာသွားကြ၏။
သူတို့သည် ယေရှုက၊ ပြောမှားဆိုမှား ပြုခဲ့
လျှင်၊ ဖမ်းနိုင်ရန်အတွက် ဥာဏ်ဆင်၍ မေး
ခွန်းမေးကြ၏။ 16ဖာရိရှဲတို့သည် ယေရှုကို ဖမ်း
ဆီးခြင်းငှါ မိမိတပည့်တို့နှင့် ဟေရုဒ်တပည့်တို့
ကို အထံတော်သို့စေလွှတ်ကြ၏။ သူတို့က 'အ
ရှင်ဘုရား၊ ကိုယ်တော်သည် သစ္စာရှိပါ၏၊
အဘယ် သူကိုမျှမကြောက်၊ လူမျက်နှာကို
မထောက်ဘဲ ဘုရားသခင်၏တရားလမ်းကို
ဟုတ်မှန်စွာ ပြတော်မူသည်ကို အကျွန်ုပ်တို့သိ
ကြ၏။ 17သို့ဖြစ်၍ ကိုယ်တော်သည် အဘယ်သို့
ထင်တော်မူသနည်း။ ကဲသာကို အခွန်ဆောင်
ခြင်းသည် မှန်သလော၊ မှားသလော' ဟုမေး
ကြ၏။

18သို့သော်လည်း ယေရှုသည် ထိုသူတို့၏
ဆိုးညစ်သောသဘောကို သိတော်မူ၏။ ယေရှု
က "သင်တို့သည် လူကောင်းယောင်ဆောင်
နေသောသူဖြစ်၏။ အဘယ်ကြောင့် ငါ့ကိုလှည့်
စားရန် ကြိုးပမ်းနေကြသနည်း။ 19သင်တို့အခွန်
ဆောင်ရန် သုံးသောငွေတစ်ပြားကို ပြပါ" ဟု
မိန့်တော်မူ၏။ ထိုလူတို့သည်၊ ယေရှုအား
ငွေပြားတစ်စေ့ကို ပြကြ၏။ 20ထိုအခါ ယေရှုက
"ငွေပြားပေါ်ရှိ ရုပ်ပုံသည် အဘယ်သူ့ရုပ်ပုံ
နည်း။ ထို့အပြင် အဘယ်အမည်ကို ငွေပြားပေါ်
မှာ ရေးထိုးထားသနည်း 'ဟုမေးတော်မူ၏။

21လူများက၊ "ကဲသာဘုရင်*၏ပုံဖြစ်ပါ၏။
ထို့အပြင် ကဲသာဘုရင်၏နာမည်ဖြစ်ပါ၏" ဟု
ပြောကြ၏။ ထိုအခါ ယေရှုက၊ "ကဲသာဘုရင်၏
ဥစ္စာကို ကဲသာဘုရင်အား ပေးကြလော့။
ဘုရားသခင်ဥစ္စာကို ဘုရားသခင်အား ပေးကြ
လော့" ဟုမိန့်တော်မူ၏။

22ယေရှုသည် ဤကဲ့သို့ မိန့်တော်မူသောအ
ခါ သူတို့သည် အံ့သြသွားကြ၏။ ထို့ကြောင့်
သူတို့သည် အထံတော်မှ ခွာ၍ထိုနေရာမှထွက်
ခွာသွားကြ၏။

## ဇဒ္ဒုကဲအချို့က ယေရှုအား လှည့်စားရန်ကြိုးစားကြခြင်း

*(မာ၊ 12:18-27; လု၊ 20:27-40)*

23ထမြောက်ရှင်ပြန်ခြင်းမရှိ ဟူ၍အယူရှိ
သောဇဒ္ဒုကဲအချို့တို့သည် ထိုနေ့၌ယေရှုထံ
တော်သို့ လာကြ၏။ သူတို့က ယေရှုအားမေး

**ကဲသာ** ရောမတိုင်းပြည်ကို အုပ်စိုးသူ( အင်ပါယာကို ပေးထားသော ဘွဲ့နာမ ဖြစ်သည်။

ခွန်းတစ်ခုမေး၏။ 24သူတို့က “သခင်၊ မောရှေက
‘အိမ်ထောင်ရှိသောလူတစ်ယောက်သည် သား
သမီးမရှိဘဲသေလျှင် သူ၏မယားကို သူ့ညီက
လက်ထပ်ပေါင်းသင်းရမည်။ ထို့ကြောင့် သေ
ဆုံးသူအစ်ကိုအတွက် သားသမီးရနိုင်မည်ဟု
မောရှေရေးသားခဲ့၏။’* ဟုစီရင်၏။ 25အကျွန်
တို့တွင် ညီအစ်ကို ခုနစ်ယောက်ရှိကြပါ၏။
ပထမအစ်ကိုသည် အိမ်ထောင်ကျပြီးမှ ကလေး
မရရှိဘဲ သေဆုံးသွား၏။ ထို့ကြောင့် ဒုတိယ
မြောက်ညီသည် ထိုအမျိုးသမီးကို လက်ထပ်
၏။ 26ဒုတိယညီလည်း ကလေးမရရှိဘဲ ဆုံးသွား
ပြန်၏။ တတိယမြောက်ညီနှင့် ကျန်သောညီ
အားလုံးတို့၌လည်း ထိုကဲ့သို့ပင် ဖြစ်လေ၏။
27နောက်ဆုံးတွင် ထိုအမျိုးသမီးလည်း သေဆုံး
သွား၏။ 28သို့သော်လည်း ညီအစ်ကိုခုနစ်
ယောက်စလုံးတို့သည် သူမကို လက်ထပ်ခဲ့ကြ
၏။ သို့ဖြစ်၍ ရှင်ပြန်ထမြောက်ရာကာလ၌ ထို
မိန်းမသည် အဘယ်သူ၏မယားဖြစ်မည်နည်း”
ဟုမေးလျှောက်၏။
29ယေရှုက “သင်တို့သည် ကျမ်းစာကိုမသိ၊
ဘုရားသခင်၏တန်ခိုးကိုလည်းနားမလည်သော
ကြောင့် မှားသောအယူကို ယူကြ၏။ 30လူတို့
သည် သေခြင်းမှရှင်ပြန်ထမြောက်လာသောအ
ခါ လက်ထပ်ခြင်းရှိမည်မဟုတ်။ လူတို့သည် အ
ချင်းချင်း လက်ထပ်တော့မည်မဟုတ်။ သေခြင်း
မှထမြောက်လာသော လူအားလုံးတို့သည်
ကောင်းကင်တမန်ကဲ့သို့ ဖြစ်လိမ့်မည်။ 31သေ
ခြင်းမှပြန်လည်ထမြောက် လာခြင်းအကြောင်း
နှင့်ပတ်သက်၍ ဘုရားသခင်သည် သင်တို့အား
အဘယ်သို့ပြောသည်ကို မဖတ်ဘူးသလော။
32ဘုရားသခင်က ‘ငါသည် အာဗြဟံ၏ဘုရား
သခင်၊ ဣဇာက်၏ဘုရားသခင်၊ ယာကုပ်၏
ဘုရားသခင်ဖြစ်၏ဟုသင်တို့အား မိန့်မြွက်
တော်မူ၏။ ဘုရားသခင်သည် သေလွန်သူတို့၏
ဘုရားမဟုတ်။ သို့သော်လည်း အသက်ရှင်သူ
တို့၏ဘုရားသခင်သာဖြစ်၏” ဟုမိန့်တော်မူ၏။
33ထိုစကားကို ထိုအရပ်၌ ရှိသောလူအား
လုံးတို့ ကြားကြ၏။ သူတို့အားလုံးသည် ယေရှု
၏ဩဝါဒကြောင့် အံ့သြခြင်းရှိကြ၏။

## အဘယ်မည်သောပညတ်က အရေးအကြီးဆုံးနည်း

*(မာ၊ 12:28-34; လု၊ 10:25-28)*

34ဇဒ္ဒုကဲတို့သည် ယေရှု၏အပြောကြောင့်
ငြိမ်သက်သွားသည်ကို ဖာရိရှဲတို့သိလာကြ၏။
ထို့ကြောင့် သူတို့သည် အုပ်စုဖွဲ့ကြ၏။ 35ဖာရိရှဲ
တစ်ယောက်သည် မောရှေ၏ပညတ်တရားကို
ကျွမ်းကျင်သူတစ်ဦးဖြစ်၏။ ထိုဖာရိရှဲက ယေရှု
အား မေးခွန်းတစ်ခုမေး၏။ 36သူက ယေရှုအား
‘ဆရာ ပညတ်တရားတို့တွင် အဘယ်မည်သော
ပညတ်သည် အရေးအကြီးဆုံး ဖြစ်သနည်း’ ဟု
မေး၏။
37ယေရှုက ‘သင်သည် သင်၏ဘုရားသခင်
ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်
ရှိသမျှနှင့် ဝိညာဉ်နှင့်ချစ်လော့။’* 38ဟူသော
ပညတ်သည် ပထမပညတ်ဖြစ်၏။ အရေးကြီး
သောပညတ်လည်း ဖြစ်၏။ 39ပထမပညတ်ကဲ့
သို့ အရေးကြီးသောဒုတိယပညတ်မှာ ကိုယ့်
အိမ်နီးချင်းကို ကိုယ်နှင့်အမျှ ချစ်ရမည်။* 40ရှိ
သမျှ ပညတ်တရားအားလုံးနှင့် ပရောဖက်တို့
၏ရေးသားချက်အားလုံးတို့သည် ဤအမိန့်နှစ်
ချက်အပေါ်မူတည်သည်” ဟုမိန့်တော်မူ၏။

## ယေရှုက ဖာရိရှဲများအား မေးခွန်းတစ်ခု မေးတော်မူခြင်း

*(မာ၊ 12:35-37; လု၊ 20:41-44)*

41ဖာရိရှဲတို့စုဝေး၍ နေကြစဉ်တွင် ယေရှုက
သူတို့ကို မေးခွန်းတစ်ခု မေးတော်မူ၏။ 42ယေရှု
က “သင်တို့သည် ခရစ်တော်အကြောင်းနှင့်
ပတ်သက်၍ အဘယ်သို့ထင်ကြသနည်း၊ သူ
သည် အဘယ်သူ၏သားဖြစ်သနည်း” ဟုမေး
တော်မူရာ၊

---

**‘အိမ်ထောင် ... ပေါင်းသင်းရမည်။’** တရား 25:5

**‘သင် ... ချစ်လော့’** တရား 6:5

**ကိုယ့် ... ချစ်ရမည်** ဝတ်ပြု 19:18

"ဖာရိရှဲတို့က၊ ခရစ်တော်သည် ဒါဝိဒ်၏
သားဖြစ်သည်" ဟုပြောကြ၏။
43ထိုအခါ ယေရှုက ဖာရိရှဲတို့အား "သို့ဖြစ်
လျှင် ဒါဝိဒ်သည် သန့်ရှင်းသောဝိညာဉ်တော်၏
မှုတ်သွင်းခြင်းအားဖြင့် ခရစ်တော်ကို အဘယ်
ကြောင့် 'သခင်' ဟုခေါ်သနည်း။ ဒါဝိဒ်က၊
44 'ထာဝရဘုရားက သင်၏ရန်သူတို့ကို သင့်
ခြေတင်ရာ၌ ငါမထားမှီတိုင်အောင် ငါ၏
ညာဘက်မှာ ထိုင်လော့' ဟုမိန့်တော်
မူ၏။ *ဆာလံ၊ 110:1*
45ဒါဝိဒ်က ခရစ်တော်ကို 'သခင်' ဟုခေါ်လျှင်
ခရစ်တော်သည် အဘယ်သို့ဒါဝိဒ်၏သားဖြစ်
နိုင်မည်နည်း" ဟုမေးတော်မူ၏။ 46ဖာရိရှဲတို့
သည် စကားတစ်ခွန်းကိုမျှ ပြန်လျှောက်ခြင်းငှါ
မတတ်နိုင်ကြ။ ထိုနေ့မှစ၍ ယေရှုအား နောက်
တဖန် အဘယ်သူမျှ မမေးမလျှောက်ဝံ့ကြ။

## ယေရှုက ဘာသာရေးခေါင်းဆောင်တို့အား ပြစ်တင်တော်မူခြင်း

*(မာ၊ 12:38-40; လု၊ 11:37-52; 20:45-47)*

23 ထို့နောက် ယေရှုသည် တပည့်တော်
တို့နှင့် လူအပေါင်းတို့အား မိန့်တော်မူ
သည်မှာ၊ 2"ကျမ်းပြုဆရာ၊ ဖာရိရှဲတို့သည်သင်
တို့ကို မောရှေ၏ပညတ်တရားကို ရှင်းပြနိုင်
သောအခွင့်အာဏာရှိကြ၏။ 3ထို့ကြောင့် သူ
တို့ပြောသောစကားတို့ကို လိုက်နာကြရမည်။
သူတို့ပြောသည့်အတိုင်း သင်တို့လုပ်ရမည်။ သို့
သော်လည်း သူတို့၏အသက်တာတို့သည် သင်
တို့အတွက် ကောင်းသောပုံသက်သေမဟုတ်။
သူတို့သည် သင်တို့အား ကျင့်ရန်ပြောသောအ
ရာတို့ကို သူတို့ကိုယ်တိုင်မကျင့်။ 4သူတို့သည်
လူတို့အတွက် လိုက်နာရန် အလွန်ခက်ခဲသော
စီရင်ထုံးတို့ကို ပြုလုပ်ကြ၏။ လူတို့အား ထိုစီရင်
ထုံးတို့ကို လိုက်နာအောင် အတင်းအဓမ္မခိုင်းရန်
သူတို့ကြိုးစားကြ၏။ သို့သော်လည်း သူတို့ကိုယ်
တိုင် ထိုစီရင်ထုံးတို့ကို အနည်းငယ်မျှလိုက်နာ
ရန်မကြိုးစားကြ။
5"သူတို့ကောင်းမှုလုပ်ခြင်း၏ တစ်ခုတည်း
သောရည်ရွယ်ချက်သည် လူတို့ရှေ့တွင်ထင်
ရှားရန်အတွက်သာ ဖြစ်၏။ သူတို့၏သားရေ
သေတ္တာနှင့်အပြည့်ကျမ်းစာကို ထည့်၍ ဆောင်
ကြ၏။ ထိုသေတ္တာတို့သည် တစ်စတစ်စကြီး
လာ၏။ လူတို့သည် သူတို့ကို မြင်နိုင်ရန်အတွက်
သူတို့၏ဆုတောင်းဝတ်ရုံကြီးကို အလွန်ရှည်
အောင်ပြုလုပ်ကြ၏။ 6ထိုဖာရိရှဲတို့နှင့် ကျမ်းပြု
ဆရာတို့သည် ပွဲသဘင်၊ တရားစရပ်တို့၌ မြင့်
မြတ်သောနေရာထိုင်ရာကိုရင်း၊ 7ဈေး၌ရှိသေ
စွာနှုတ်ဆက်ခြင်းကိုရင်း၊ အရှင်ဟု လူများခေါ်
ဝေါ်ခြင်းကိုရင်း အလွန်နှစ်သက်ကြ၏။
8"သို့သော်လည်း သင်တို့သည် 'အရှင်
ဘုရား ဟုခေါ်ဝေါ်ခြင်းကို မခံရပါ။ အကြောင်း
မူကား၊ သင်တို့အားလုံးသည် ညီအစ်ကိုမောင်
နှမများ ဖြစ်ကြ၏။ သင်တို့တွင် 'ဆရာ' တစ်ဦး
တည်း သာရှိ၏။ 9မြေကြီးပေါ်မှာ အဘယ်သူကို
မျှ 'အဘ' ဟုမခေါ်ကြနှင့်။ သင်တို့မှာ အဘ
တစ်ဦးတည်းသာရှိ၍ သူသည် ကောင်းကင်ဘုံ
၌ရှိတော်မူ၏။ 10သင်တို့သည် "အရှင်သခင်'
ဟုအခေါ်မခံကြနှင့်။ အကြောင်းမူကား၊ သင်တို့
တွင် အရှင်သခင်တစ်ဦးတည်းသာ ရှိ၍ထိုသူ
သည် ခရစ်တော်ဖြစ်၏။ 11သင်တို့တွင် အမြင့်
မြတ်ဆုံးသောသူသည် သင်တို့ကို ကျွန်ပ်တစ်
ယောက်ကဲ့သို့ အစေခံသောသူဖြစ်၏။ 12မိမိ
ကိုယ်ကို တခြားသူအပေါ်မှာ ထားသောသူ
သည် နှိမ့်ချခြင်းခံရလိမ့်မည်။ မိမိကိုယ်ကို နှိမ့်
အချသောသူသည်ချီးမြှောက်ခြင်းခံရလိမ့်မည်။
13"ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်း
ယောင်ဆောင်သောသူတို့ ဖြစ်ကြ၏။ သင်တို့
သည် ကောင်းကင်နိုင်ငံတော်၏တံခါးကို လူတို့
ရှေ့မှာ ပိတ်ထား၍။ သင်တို့ကိုယ်တိုင်လည်း
မဝင်၊ ဝင်လိုသောသူတိုကိုလည်း ဆီးတား
ကြ၏။ 14*
15"ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်း
ယောင်ဆောင်နေသောသူတို့ ဖြစ်သည်။ သင်
တို့သည် ပင်လယ်နှင့်တိုင်းနိုင်ငံတို့ကို ဖြတ်သန်း

၍ ခရီးသွားပြီး သင်တို့လမ်းအတိုင်းလိုက်မည့်
လူကိုရှာ၏။ ထိုသူကို သင်တို့တွေ့သောအခါ
မိမိတို့ထက် နှစ်ဆသောငရဲသား ဖြစ်စေကြ၏။
16“ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လမ်းပြသော
လူကန်းများ ဖြစ်ကြ၏။ သင်တို့က ‘လူတစ်
ယောက်သည် ဗိမာန်တော်ကို တိုင်တည်၍ကျိန်
ဆိုခြင်းကို ပြုလျှင်မတည်။ သို့သော်လည်း
လူတစ်ယောက်သည် ဗိမာန်တော်၌ရှိသောရွှေ
ကို တိုင်တည်၍ ကျိန်ဆိုခြင်းကို ပြုလျှင်ထိုကျိန်
ဆိုခြင်းသည် တည်သည်ဟု သင်တို့ဆိုကြ၏။
17သင်တို့သည် လူမိုက်လူကန်းများဖြစ်ကြ၏။
အဘယ်အရာသည် သာ၍မြတ်သလော။ရွှေက
မြတ်သလော။ သို့မဟုတ် ဗိမာန်တော်က မြတ်
သလော။ ရွှေကို သန့်ရှင်းစေသောအရာသည်
ဗိမာန်တော်ဖြစ်၏။ ထို့ကြောင့် ဗိမာန်တော်
သည် သာ၍မြင့်မြတ်၏။ 18သင်တို့က ‘လူတစ်
ယောက်သည် ယဇ်ပလ္လင်ကို တိုင်တည်၍ ကျိန်
ဆိုခြင်းကို ပြုလျှင်မတည်။ သို့သော်လည်း လူ
တစ်ယောက်ယောက်သည် ယဇ်ပလ္လင်ပေါ်က
ပူဇော်သက္ကာကိုတိုင်တည်၍ ကျိန်ဆိုခြင်းကို ပြု
လျှင်တည်သည်ဟု သင်တို့ဆိုကြ၏။ 19အဘယ်
အရာသည် သာ၍ မြင့်မြတ်သနည်း။ ထိုပူဇော်
သက္ကာကား မြတ်သလောသို့မဟုတ် ယဇ်
ပလ္လင်သည် မြတ်သလော့။ ထိုပူဇော်သက္ကာ
ကို သန့်ရှင်းစေသောအရာသည် ယဇ်ပလ္လင်
ဖြစ်၏။ ထို့ကြောင့် ယဇ်ပလ္လင်သည် သာ၍မြင့်
မြတ်၏။ 20လူတစ်ယောက်သည် ယဇ်ပလ္လင်ကို
တိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလျှင် ယဇ်ပလ္လင်
နှင့် ယဇ်ပလ္လင်ပေါ်မှာ ရှိသမျှကို တိုင်တည်၍
ကျိန်ဆို၏။ 21လူတစ်ယောက်သည် ဗိမာန်
တော်ကို တိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလျှင်
ဗိမာန်တော်နှင့် ဗိမာန်အတွင်း၌ ကျိန်းဝပ်နေ
သောသူကို တိုင်တည်၍ သစ္စာဂတိပြု၏။ 22လူ
တစ်ယောက်သည် ကောင်းကင်ဘုံကို တိုင်
တည်၍ ကျိန်ဆိုခြင်းကို ပြုလျှင်ဘုရားသခင်၏
ပလ္လင်တော်နှင့် ပလ္လင်ပေါ်မှာထိုင်တော်မူသော
ပုဂ္ဂိုလ်တို့ကို တိုင်တည်၍ ကျိန်ဆို၏။
23“ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်း
ယောင်ဆောင်သော ဆိုးညစ်သောလူများဖြစ်
ကြ၏။ သင်တို့သည် ဘုရားသခင်ကို သင်တို့
ပိုင်ဆိုင်သမျှအားလုံးမှ ပင်စိမ်း၊ ဇီရာနှင့် အသီး
အရွက်များအပါအဝင် ဆယ်ဖို့ကိုတစ်ဖို့လှူကြ၏။
သို့သော်လည်း သင်တို့သည် အရေးကြီးဆုံး
သောပညတ်တရားတွင် တရားမျှတခြင်း၊ သ
နားကြင်နာခြင်း၊ သစ္စာစောင့်ခြင်းတို့ကို မလိုက်
နာကြ။ ထိုအရာတို့ကို သင်တို့လိုက်နာရမည်။
သို့သော်လည်း တစ်ချိန်တည်းမှာပင် သင်တို့
လုပ်ဆောင်ခဲ့ပြီးသော အရာများကိုလည်း
ဆက်လက်လုပ်ဆောင်ရမည်။ 24သင်တို့သည်
လူများကို လမ်းပြရန်ဖြစ်၏။ သို့သော်လည်း
သင်တို့သည် ကန်းနေကြ၏။ သင်တို့သည် ခြင်
တစ်ကောင်ကိုမျှ မပါစေခြင်းငှါရေကို စစ်လျှက်
နှင့်ကုလားအုပ်ကို မျိုကြ၏။
25“ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်း
ယောင်ဆောင်သောသူများ ဖြစ်ကြ၏။ သင်တို့
သည် ခွက်နှင့်ပန်းကန်တို့၏ အပြင်ဘက်ကို
တောက်ပြောင်အောင်ဆေးကြောသန့်စင်ထား
သော်လည်း အတွင်းဘက်၌ကား လိမ်လည်
ခြင်းနှင့် လောဘကြီးခြင်းအားဖြင့် ရယူထား
သောအရာတို့နှင့် ပြည့်လျှက်ရှိ၏။ 26မျက်စိ
ကန်းသောဖာရိရှဲသင်တို့၏ ခွက်အတွင်းဘက်
ကိုသန့်ရှင်းအောင်ရှေးဦးစွာ ဆေးကြောလော့။
ထို့နောက် ခွက်၏အပြင်ဘက်သည် အလိုအ
လျောက်သန့်စင်လာလိမ့်မည်။
27“ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်း

---

*__အခန်း:__ **14** အချို့သောဂရိစာရေးကူးခြင်းက အခန်းငယ် 14 ကိုပေါင်း ထည့်ထားသည်မှာ ကျမ်းပြုဆရာ၊ ဖာရိရှဲတို့သင်တို့သင်တို့သည် အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်းယောင်ဆောင်သောသူများ ဖြစ်ကြ၏။ သင်တို့သည် မုဆိုးမအိမ်ကို သိမ်းယူ၍အပြစ်မပေါ်စေခြင်းငှါ ရှည်လျားသောဆုတောင်းခြင်းများ ပြုလုပ်ကြ၏။ ထို့ကြောင့် သင်တို့သည် ကြီးစွာသောဒဏ်ကို ခံရကြလိမ်မည်။’

ယောင်ဆောင်သောသူများ ဖြစ်ကြ၏။ သင်တို့
သည် ဆေးဖြူသုတ်ထားသော သင်္ချိုင်းဂူနှင့်တူ
၏။ ဆေးဖြူသုတ်ထားသောသင်္ချိုင်းအုတ်ဂူ
သည် အပြင်ဘက်မှ ကြည့်ကောင်းပါ၏။ သို့
သော်လည်း အတွင်း၌ လူသေတို့၏အရိုးတို့နှင့်
ပြည့်နေ၏။ ထိုပြင်မသန့်ရှင်းသောအရာအမျိုး
မျိုးသည် အတွင်း၌ရှိနေ၏။ 28ထိုနည်းတူ လူတို့
သည် သင်တို့ကို ကြည့်သောအခါ သင်တို့သည်
မိမိကိုယ်ကို လူကောင်းကဲ့သို့ ဖြစ်ကြ၏။ သို့
သော်လည်း ဟန်ဆောင်မှုနှင့် မကောင်းမှုတို့
သည် သင်တို့၏အတွင်းမှာ ပြည့်နေ၏။
29“ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူကောင်း
ယောင်ဆောင်သောသူများဖြစ်၏။ သင်တို့
သည် ပရောဖက်တို့အတွက် သင်္ချိုင်းဂူတို့ကို
တည်ဆောက်ကြပြီ။ ဖြောင့်မတ်သောလူတို့၏
သင်္ချိုင်းကို လှပအောင်ခြယ်သကြ၏။ 30ထို
နောက်သင်တို့က ‘ငါတို့သည် ဘိုးဘေးတို့လက်
ထက်၌ရှိလျှင် ပရောဖက်တို့ကို သတ်သည့်အ
မှုကို လက်ခံမည်မဟုတ်” ဟုဆိုကြ၏။ 31ထို့
ကြောင့် သင်တို့သည် ပရောဖက်တို့ကို သတ်
သောသူတို့၏အမျိုးအနွယ်ဖြစ်သည်ကို ကိုယ်အ
ဖို့ကိုယ် သက်သေခံကြ၏။ 32သို့ဖြစ်၍ သင်တို့
သည် သင်တို့ဘိုးစဉ်ဘောင်ဆက်က အစပြုခဲ့
သောအပြစ်ကို ပြီးဆုံးစေလိမ့်မည်။
33“သင်တို့သည် မြွေများဖြစ်ကြ၏။ အဆိပ်ရှိ
သောမြွေဆိုးမျိုးမှ ပေါက်ဖွားလာကြသူများ
ဖြစ်၏။ သင်တို့သည် ဘုရားသခင်လက်တော်မှ
မလွတ်နိုင်ပါ။ သင်တို့အားလုံးကို အပြစ်ရှိ
ကြောင်း စီရင်ချက်ချခံရပြီး ငရဲသို့ သွားရလိမ့်
မည်။ 34ထို့ကြောင့် ပရောဖက်၊ ဉာဏ်ပညာရှိ
သူနှင့် ပညတ်တော်ကျမ်းကျင်သူတို့ကို သင်တို့
ရှိရာသို့ ငါစေလွှတ်၏။ ထိုသူအချို့တို့ကို သင်တို့
သတ်ကြလိမ့်မည်။ သင်တို့သည် အချို့တို့ကို
လက်ဝါးကပ်တိုင်၌ ရိုက်သတ်ကြလိမ့်မည်။ အ
ချို့ကို တရားစရပ်မှာ ရိုက်နှက်ကြလိမ့်မည်။ ထို
သူတို့ကို တစ်မြို့မှတစ်မြို့သို့ ညှဉ်းဆဲနှင်ထုတ်
ကြလိမ့်မည်။ 35ထို့ကြောင့် သင်တို့သည် ဖြောင့်
မတ်သောအာဗေလ၏အသွေးမှစ၍ ဗိမာန်
တော်နှင့် ယဇ်ပလ္လင်အကြား၌ သင်တို့သတ်ကြ
သော ဗာရခိသားဇာခရိ၏အသွေးတိုင်အောင်
မြေကြီးအပေါ်၌ အသွေးသည် သင်တို့ခေါင်းပေါ်
သို့ ရောက်လိမ့်မည်။ 36ငါအမှန်ဆိုသည်ကား၊
ဤအရာအားလုံးတို့သည် အခုခေတ်၌ရှိသော
သင်တို့၏အပေါ်သို့ ရောက်ကြလိမ့်မည်။

## ယေရှုက ယေရုရှလင်မြို့မှ လူများကို သတိပေးတော်မူခြင်း

*(လု၊ 13:34-35)*

37“အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်
သည် သင်ထံသို့ ဘုရားသခင်စေလွှတ်သော
ပရောဖက်တို့ကို သတ်၍ သေစေခြင်းငှါ
ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ငါသည် သင်၏မြို့သူ
မြို့သားတို့ကို ကြိမ်ဖန်များစွာ ကူညီလို၏။ သင်
၏မြို့သူမြို့သားတို့ကို ကြက်မကြီးသည် ကြက်
ပေါက်စလေးတို့ကို အတောင်အောက်၌ စုရုံး
သကဲ့သို့ ကြိမ်ဖန်များစွာ ငါအလိုရှိ၏။ သို့
သော်လည်း သင်သည် ငါ့ကို ခွင့်မပြုပါ။ 38ယခု
ကြည့်လော့။ သင်တို့နေသောအိမ်သည် သင်
တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏။ 39ငါဆို
သည်ကား၊ သင်က ‘ထာဝရဘုရား၏နာမတော်
နှင့်ကြွလာသောသူသည် မင်္ဂလာရှိပါ၏* ဟု
မပြောမှီတိုင်အောင် သင်တို့သည် ငါ့ကို မမြင်ရ
ကြ” ဟုမိန့်တော်မူ၏။

## နောင်အခါတွင် ဗိမာန်တော် ပျက်စီးရမည့်အကြောင်း

*(မာ၊ 13:1-31; လု၊ 21:5-33)*

24 ယေရှုသည် ဗိမာန်တော်မှ ထွက်ကြွ
တော်မူသည်ရှိသော် တပည့်တော်တို့
သည်၊ ဗိမာန်တော်၏တိုက်ဆောင်များကို ပြ
ခြင်းငှါ အထံတော်သို့ လာကြ၏။ 2ယေရှုက
တပည့်တော်တို့အား၊ “ဤအဆောက်အဦးတို့
ကို သင်တို့သည် မြင်ကြသည်မဟုတ်လော့။ အ

---

**ထာဝရဘုရား ... မင်္ဂလာရှိပါ၏** ဆာလံ 118:26

ငါအမှန်ဆိုသည်ကား၊ ဤအဆောက်အဦး ရှိသ
မျှတို့သည် ပျက်ဆီးလိမ့်မည်။ ကျောက်ရှိ
သမျှတို့သည် မြေပေါ်မှာ ပစ်ချခံရလိမ့်မည်။
ကျောက်တစ်ခုပေါ်တစ်ခု မတည်မနေရ” ဟုမိန့်
တော်မူ၏။

3ထို့နောက် သူသည် သံလွင်တောင်ပေါ်မှာ
ထိုင်တော်မူ၏။ တပည့်တော်တို့သည် အခြားသူ
မပါဘဲ အထံတော်သို့လာ၍ ထိုအမှုအရာတို့
သည် အဘယ်ကာလမှ ဖြစ်မည်ကိုရင်း၊ ကိုယ်
တော်သည် ကြွလာတော်မူ၍ ဤကမ္ဘာလော
ကကြီး၏နောက်ဆုံးအချိန်ကို အဘယ်နိမိတ်က
ပြမည်ကိုရင်း၊ အကျွန်ုပ်တို့အား ပြောပြတော်
မူပါ” ဟုလျှောက်ကြ၏။

4ယေရှုက “သတိပြုကြလော့။ သင်တို့ကို
အဘယ်သူမျှ မလှည့်ဖြားစေနှင့်။ 5လူအများ
က၊ ငါ့နာမကို အသုံးပြု၍ လာကြပြီး၊ ‘ငါသည်
ခရစ်တော်’ ဖြစ်သည် ဟုဆိုလျက် လူအများကို
လိမ်လည်လှည့်ဖြားကြလိမ့်မည်။ 6သင်တို့သည်
စစ်တိုက်ခြင်းအကြောင်းကိုရင်း၊ စစ်တိုက်အံ့
သောသတင်းစကားကိုရင်း ကြားရကြလိမ့်
မည်။ သို့သော်လည်း သင်တို့မကြောက်ကြနှင့်။
ဤအရာတို့သည် ဖြစ်လာရမည်။ သို့သော်
လည်း နောက်ဆုံးကာလသည် မလာသေး။ 7လူ
မျိုးတစ်မျိုးက၊ အခြားလူမျိုးတစ်မျိုးကို စစ်ပွဲ
ဆင်နွှဲလိမ့်မည်။ တိုင်းနိုင်ငံတစ်နိုင်ငံနှင့်၊ တခြား
တိုင်းနိုင်ငံကို စစ်ပွဲဆင်နွှဲလိမ့်မည်။ အစာခေါင်း
ပါးခြင်း ဖြစ်လိမ့်မည်။ ထို့နောက် နေရာအမျိုး
မျိုးမှာ ငလျင်လှုပ်လိမ့်မည်။ 8ဤအရာတို့သည်၊
ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်၏။

9“ထို့နောက် လူတို့သည်၊ သင်တို့ကို ညှဉ်း
ဆဲခြင်း အသေသတ်ခြင်းကိုခံစေခြင်းငှါ အာ
ဏာရှိသောသူများထံသို့ အပ်နှံကြလိမ့်မည်။
လူအားလုံးတို့သည် သင်တို့ကို မုန်းကြလိမ့်မည်။
ဤဖြစ်ရပ်အားလုံးတို့ကို သင်တို့ရင်ဆိုင်တွေ့ကြုံ
ရလိမ့်မည်။ သင်တို့သည် ငါ့ကို ယုံကြည်သော
ကြောင့် ဤအရာများသည် သင်တို့၌ ဖြစ်လိမ့်
မည်။ 10ထိုအခါ ယုံကြည်သူများသည် သူတို့၏
ယုံကြည်ခြင်းကို ဆုံးရှုံးကြလိမ့်မည်။ သူတို့အ
ချင်းချင်း မုန်းတီး၍ ဖေါက်ပြန်ကြလိမ့်မည်။
11မိစ္ဆာပရောဖက်တို့သည်လည်း ပေါ်လာကြ
လိမ့်မည်။ သူတို့သည် လူအများကို လှည့်ဖြား
ကြလိမ့်မည်။ 12ဆိုးညစ်သောအမှုတို့သည် ပို၍
များလာသဖြင့် ယုံကြည်သူအများစုတို့သည်
ချစ်ခြင်းမေတ္တာမျှဝေခြင်းကို ရပ်တန့်ကြလိမ့်
မည်။ 13သို့သော်လည်း အဆုံးတိုင်အောင်
သစ္စာရှိသောသူသည် ကယ်တင်ခြင်းသို့
ရောက်လိမ့်မည်။ 14ဘုရားသခင်နိုင်ငံတော်၏
သတင်းကောင်းကို လောကီနိုင်ငံအရပ်ရပ်ရှိ
သမျှတို့၌ ဟောရလိမ့်မည်။ လူမျိုးအပေါင်းတို့
သည် သက်သေဖြစ်ကြလိမ့်မည်။ သို့ပြီးမှ အ
ဆုံးသို့ ရောက်လိမ့်မည်။

15“ပရောဖက်ဒံယေလက ‘ပျက်စီးခြင်းကို
ဖြစ်စေသည့်ကြောက်မက်ဖွယ်ကောင်းသောအ
ရာ’* အကြောင်းကို ပြော၏။ ကြောက်စရာ
ကောင်းသောအရာသည် သန့်ရှင်းသောနေရာ
မှာ ရပ်နေသည်ကို သင်တို့မြင်ကြရလိမ့်မည်။
(ဤစာကို ဖတ်သောသင်တို့သည် မည်သို့ဆိုလို
သည်ကို နားလည်ပါစေ။) 16ထိုအချိန်တွင် ယုဒ
ပြည်၌ ရှိသောလူတို့သည် တောင်ပေါ်သို့ကို
ပြေးကြလိမ့်မည်။ 17လူတို့သည် အကြောင်းတစ်
ခုခုကြောင့်မျှ ရပ်တန့်မနေဘဲ ပြေးကြလိမ့်မည်။
အိမ်မိုးပေါ်မှာ ရှိသောသူသည် အိမ်ထဲက ဥစ္စာ
ကို ယူခြင်းငှါ မဆင်းနှင့်။ 18လယ်၌ရှိသောသူ
လည်း၊ မိမိအဝတ်ကို ယူခြင်းငှါ အိမ်သို့မပြန်
နှင့်။ 19ထိုအချိန်၌ ကိုယ်ဝန်ဆောင်မိန်းမနှင့်
နို့စို့သူငယ်ရှိ သောမိန်းမတို့သည် အလွန်ခက်
ကြလိမ့်မည်။ 20သင်တို့ပြေးရသောအချိန်သည်
ဆောင်းကာလနှင့်ဥပုသ်နေ့တို့၌ မကျမည်အ
ကြောင်း ဆုတောင်းကြလော့။ 21အကြောင်းမူ
ကား၊ ထိုအချိန်တွင် ဒုက္ခအများကြီးရောက်လာ
လိမ့်မည်။ ကမ္ဘာဦးမှစ၍ ယခုတိုင်အောင်ဖြစ်
စဖူးသောဒုက္ခအားလုံးထက်သာ၍ ဒုက္ခကြီးမား
လိမ့်မည်။ ဤကဲ့သို့ ကြီးမားသောဒုက္ခဆင်းရဲ
ခြင်းမျိုးသည် နောက်ဘယ်သောအခါမျှ ဖြစ်
လိမ့်မည်မဟုတ်။ 22ဘုရားသခင်သည် ကြောက်

---

**‘ပျက်စီးခြင်း … သောအရာ”** ဒံယေလ 9:27; 11:31

မက်ဖွယ်အချိန်ကာလကို တိုတောင်းစေခြင်းငှါ
ဆုံးဖြတ်တော်မူပြီ။ ဤအချိန်ကို တိုအောင်မ
လုပ်လျှင် အဘယ်သူမျှဆက်ပြီး အသက်ရှင်
မည်မဟုတ်။ သို့သော်လည်း ဘုရားသခင်က၊
အချိန်တိုအောင် လုပ်ပေးခြင်းသည် သူ၏ရွေး
ချယ်ထားသောသူတို့ကို ကယ်တင်ရန်ဖြစ်၏။
**23**ထိုအချိန်၌ အချို့တို့သည် သင်တို့အား၊ 'ကြည့်
လော့။ ဤအရပ်၌ ခရစ်တော်ရှိ၏' သို့မဟုတ်
နောက်တစ်ယောက်က၊ 'ထိုအရပ်၌ သူရှိ၏' ဟု
ပြောလိမ့်မည်။ သို့သော်လည်း သူတို့ကို မယုံ
ကြနှင့်။ **24**ခရစ်တော်၏အယောင်ကိုဆောင်
သောသူနှင့် မိစ္ဆာပရောဖက်တို့သည် ရောက်
လာ၍၊ ဘုရားသခင်ရွေးချယ်တော်မူသောသူ
တို့ကိုပင် လှည့်ဖြားလောက်အောင် ကြီးစွာ
သောနိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို
ကို ပြုကြလိမ့်မည်။ **25**ထိုအကြောင်းအရာများ
ကို မဖြစ်မီ သင်တို့ကို ငါပြောနှင့်ပြီ။
**26**"တစုံတယောက်သောသူက သင်တို့အား
'ခရစ်တော်သည် တော၌ရှိ၏' ဟုပြောလိမ့်
မည်။ သို့သော်လည်း ခရစ်တော်ကို ရှာရန်
တောထဲသို့ မသွားကြနှင့်။' နောက်တစ်
ယောက်က၊ 'ခရစ်တော်သည် ထိုအခန်းထဲ၌
ရှိသည်ဟု ပြောသော်လည်း မယုံကြနှင့်။ **27**လူ
သားကြွလာသောအခါ လူအားလုံးတို့သည်၊
သူ့ကို မြင်ရလိမ့်မည်။ ထိုအရာသည် လူသား
အားလုံးမြင်နိုင်သော ကောင်းကင်အစွန်းတစ်
ခုမှ နောက်အစွန်းတစ်ခုသို့ လျှပ်စီးလက်အ
ရောင်ကဲ့သို့ ဖြစ်လိမ့်မည်။ **28**အသေကောင်
ရှိရာ၌ ရွှေလင်းတတို့သည် စုဝေးနေကြောင်း
သင်တို့သိကြ၏။
**29**"ထိုဒုက္ခဆင်းရဲခြင်း နေ့ရက်နောက်မှ ဤ
အရာများသည် ရုတ်တရက်ဖြစ်လိမ့်မည်။

> နေသည် မိုက်လိမ့်မည်။ လသည် အ
> လင်းရောင်ကိုမပေး။ ကြယ်တို့သည်
> ကောင်းကင်မှ ကျကြလိမ့်မည်။ ကောင်း
> ကင်၌ ရှိသောအရာရှိသမျှတို့သည်
> ပြောင်းလဲကြလိမ့်မည်။
>
> *ဟေရှာယ၊ 13:10; 34:4*

**30**"ထိုအခါ လူသား၏နိမိတ်လက္ခဏာသည်
ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ်
မှာ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍
လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနု
ဘော်ကိုဆောင်လျက် မိုးတိမ်ကို စီး၍ ကြွလာ
တော်မူသည်ကို မြင်ရကြလိမ့်မည်။ **31**လူသား
သည် မိမိကောင်းကင်တမန်တို့ကို ကျယ်လောင်
သောတံပိုးခရာသံနှင့် ကမ္ဘာအနှံ့သို့စေလွှတ်
တော်မူလိမ့်မည်။ ကောင်းကင်တမန်တို့သည်
ကမ္ဘာအရပ်ရပ်၌ရှိသောသူ၏ ရွေးချယ်တော်မူ
သောသူတို့ကို စုရုံးကြလိမ့်မည်။
**32**"သင်္ဘောသဖန်းပင်သည်ငါတို့ကိုသင်ခန်း
စာတစ်ခုသင်ပေး၏။ သင်္ဘောသဖန်းပင်သည်
အခက်အလက်စိမ်းလန်း၍ အရွက်နုများပေါက်
သောအခါ၊ နွေရာသီရောက်လာမည်ကို သင်
တို့သိကြ၏။ **33**ထိုနည်းတူ သင်တို့သည် ငါ
ပြောသော ထိုအကြောင်းအရာအလုံးစုံတို့ကို
ဖြစ်နေသည်ကို သင်တို့မြင်သောအခါ အချိန်နီး
ကပ်၍ အသင့်ဖြစ်နေပြီဖြစ်ကြောင်း သင်တို့သိ
လိမ့်မည်။ **34**ငါအမှန်ကန်ဆိုသည်ကား၊ ဤအရာ
အားလုံးသည် ယခုလူတို့အသက်ရှင်နေစဉ်မှာ
ပင်ဖြစ်ပျက်ကြလိမ့်မည်။ **35**ကောင်းကင်နှင့်မြေ
ကြီးသည် ပျက်စီးလိမ့်မည်။ သို့သော်လည်း
ငါ့စကားသည် ပျက်စီးလိမ့်မည်မဟုတ်။

## မည်သည့်အချိန်တွင် ဖြစ်လိမ့်မည်ကို ဘုရားသခင်တစ်ပါးတည်းသာလျှင် သိတော်မူ၏

*(မာ၊ 13:32-37; လု၊ 17:26-30, 34-36)*

**36**"ထိုနေ့ရက်၊ ထိုအချိန်ကို အဘယ်သူမျှ
မသိ။ သားတော်နှင့် ကောင်းကင်၌ရှိသော
ကောင်းကင်တမန်တို့လည်း မည်သည့်နေ့မည်
သည့်အချိန်ကာလတွင် လာမည်ကို မသိကြ။
ခမည်းတော်တစ်ပါးတည်းသာလျှင် သိတော်မူ
၏။ **37**လူသားသည် ကြွတော်မူသောအခါ
နောဧလက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့် မည်။
**38**ထိုနေ့ရက်များတွင် ရေလွှမ်းမိုးခြင်းမခံရမီလူ
များသည် စားခြင်း၊ သောက်ခြင်း၊ အိမ်
ထောင်ပြုခြင်းနှင့် သူတို့၏သားသမီးများအိမ်

ထောင်ပြုစေခြင်းများကို နောဧသည် သင်္ဘော
ထဲသို့ ဝင်သောနေ့တိုင်အောင် ပြုလုပ်နေကြ၏။
[39]ထိုလူတို့သည် အဘယ်သို့ဖြစ်နေသည်ကို လုံး
ဝမသိကြပါ။ သို့သော်လည်း ရေလွှမ်းမိုး၍ သူ
တို့အားလုံးသေကျေပျက်စီးသွားကြ၏။ လူသား
သည် ကြွလာသောအခါ ထိုနည်းတူ ဖြစ်လိမ့်
မည်။ [40]ယာခင်း၌ အလုပ်လုပ်နေကြသောလူ
နှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍
တစ်ယောက်ကို နေရစ်ရလိမ့်မည်။ [41]အလား
တူ ကြိတ်ဆုံကြိတ်နေသော အမျိုးသမီးနှစ်
ယောက်တို့တွင် တစ်ယောက်ကိုသိမ်းယူ၍တစ်
ယောက်ကို နေရစ်ရလိမ့်မည်။

[42]"သင်တို့အရှင်သည် အဘယ်အချိန်နာရီ
၌ရောက်လာမည်ကို သင်တို့မသိသောကြောင့်
အမြဲတမ်း အဆင်သင့်ဖြစ်နေကြလော့။ [43]ဤအ
ကြောင်းကို မှတ်ထားကြလော့။ သူခိုးလာမည့်
အချိန်ကို အိမ်ရှင်သိထားလျှင်၊ သူသည်အဆင်
သင့်ဖြစ်နေ၍ သူ့အိမ်ထဲသို့ သူခိုးကို ထိုးဖောက်
ခွင့်ပေးမည်မဟုတ်။ [44]ထို့ကြောင့် သင်တို့လည်း
အဆင်သင့်ဖြစ်နေကြလော့။ အကြောင်းမူကား၊
လူသားသည် သင်တို့မမျှော်လင့်သောအချိန်၌
ကြွလာတော်မူလိမ့်မည်။

[45]"အရှင်သည် မိမိအိမ်သူအိမ်သားတို့အား
အချိန်တန်လျှင် အစားအသောက်တို့ကို ဝေဖန်
စေခြင်းငှါ အအုပ်အချုပ်ခန့်ထား၍ သစ္စာနှင့်
ရင်း၊ သတိပညာနှင့်ရင်း ပြည့်စုံသောကျွန်ုပ်
သည် အဘယ်သူနည်း။ [46]အစေခံသည် မိမိတာ
ဝန်ကို မှန်ကန်စွာ လုပ်ဆောင်သည်ကို မိမိအ
ရှင်ပြန် လာသောအခါမြင်၏။ ထိုအစေခံသည်
အလွန်ဝမ်းမြောက်လိမ့်မည်။ [47]ငါအမှန်ဆို
သည်ကား၊ အရှင်သည် မိမိဥစ္စာရှိသမျှတို့ကို
အုပ်စိုးရန် ထိုအစေခံကို ခန့်ထားလိမ့်မည်။
[48]သို့သော်လည်း ထိုအစေခံသည် ဆိုးဝါးသူ
တစ်ယောက် အဖြစ်၍ မိမိအရှင်ခဏချင်းပြန်
လာလိမ့်မည် မဟုတ်ဟု ထင်၏။ [49]သူသည်
ကျန်သောအစေခံတို့ကို ရိုက်နှက်လျက် အရက်
သမားတို့နှင့် အတူစားသောက်လျက်နေ၏။
[50]သို့ဖြစ်၍ ထိုအစေခံသည် အဆင်သင့်မဖြစ်၊
သတိမထားသောအချိန်၌ မိမိအရှင်သည်
ပြန်လာလိမ့်မည်။ [51]ထိုအခါ အရှင်သည် ထို
အစေခံကိုပြစ် ဒဏ်ပေးလိမ့်မည်။ အရှင်သည်
ထိုသူကို လူကောင်းယောင်ဆောင်သောသူ
တို့ရှိရာသို့ ပို့လိမ့်မည်။ ထိုနေရာ၌ရှိသောလူ
တို့သည် ငိုကြွေး၍ အံကြိတ်ကြရလိမ့်မည်။

## မိန်းမပျိုဆယ်ယောက်အကြောင်းဥပမာ

25 "ထိုအချိန်မှာ ကောင်းကင်နိုင်ငံတော်
သည် သတို့သားကို တွေ့ရန် မီးအိမ်ကို
ကိုင်၍ သွားသောသတို့သမီး ဆယ်ယောက်နှင့်
တူ၏။ [2]သတို့သမီး ငါးယောက်က မိုက်မဲ၍
အခြားငါးယောက်တို့သည် ပညာရှိ၏။ [3]မိုက်
မဲသောသတို့သမီးငါးယောက်တို့သည် မီးအိမ်
ကိုသာ ယူ၍ဆီကိုမယူကြ။ [4]ပညာရှိသောသတို့
သမီးငါးယောက်တို့သည် မီးအိမ်နှင့်တကွ ဗူး၌
ပါသောဆီကိုလည်း ယူကြ၏။ [5]သတို့သား
သည် နောက်ကျသဖြင့် သတို့သမီးအပေါင်းတို့
သည် ပင်ပန်း၍ အိပ်ပျော်နေကြ၏။

[6]"ညဉ့်သန်းခေါင်ယံအချိန်၌ တစ်စုံတစ်
ယောက်က 'သတို့သားလာနေပြီ၊ သွား၍သူ့ကို
ကြိုကြ' ဟုအော်လိုက်၏။ [7]ထိုအခါ သတို့
သမီးအပေါင်းတို့သည် ထ၍ မီးအိမ်များကို ပြင်
ဆင်ကြ၏။ [8]မိုက်မဲသောသတို့သမီးငါးယောက်
တို့က 'ငါတို့၏မီးအိမ်၌ ဆီကုန်နေသောကြောင့်
သင်တို့၏ဆီအချို့ကိုမျှပေးပါ' ဟုပညာရှိသော
သူတို့အား တောင်းကြ၏။

[9]"သို့သော်လည်း ပညာရှိသောသတို့သမီး
တို့က 'ငါတို့၌ရှိသောဆီသည် ငါတို့အား လုံးအ
တွက် လုံလောက်မည်မဟုတ်။ ထို့ကြောင့် ဆီ
ရောင်းသောသူရှိရာသွား၍ ကိုယ်သုံးဖို့ဝယ်
လျှင် ပိုကောင်းမည်' ဟုပြန်ပြောကြ၏။

[10]"ထို့ကြောင့် မိုက်မဲသောသတို့သမီးတို့
သည် ဆီဝယ်ရန် ထွက်သွားကြ၏။ သူတို့သည်
ဆီဝယ်သွားသည် အခိုက်တွင် သတို့သား
ရောက်လာ၍ အဆင်သင့်ဖြစ်နေကြသောသတို့
သမီးတို့သည် မင်္ဂလာဆောင်စား သောက်ပွဲသို့

သတို့သားနှင့်အတူ လိုက်သွားကြ၏။ ထို့နောက်
တံခါးပိတ်၍ သော့ခတ်ထား၏။
**11**"ထို့နောက် မိုက်မဲသောသတို့သမီးငါး
ယောက်တို့သည် လာ၍ အရှင်၊ အရှင်၊ တံခါး
ကို ဖွင့်ပါ၊ ကျွန်မတို့ ဝင်ပါရစေ' ဟုတောင်း
လျှောက်ကြ၏။
**12**"သတို့သားက 'ငါအမှန်ဆိုသည်ကား၊
သင်တို့ကို ငါမသိ' ဟုပြန်ပြောလေ၏။
**13**"သို့ဖြစ်၍ သင်တို့သည် အမြဲတမ်းအဆင်
သင့်ရှိနေကြလော့။ သင်တို့သည် ဘယ်အချိန်၌
လူသားရောက်လာလိမ့်မည်ကို မသိကြ။

## အစေခံသုံးယောက်ပုံဥပမာအကြောင်း

*(လု၊ 19:11-27)*

**14**ကောင်းကင်နိုင်ငံတော်သည် အိမ်မှထွက်
၍ တစ်နေရာကို ခရီးသွားမည့်လူတစ်ယောက်
ကဲ့သို့ ဖြစ်၏။ ထိုသူသည် သူခရီးသွားနေစဉ်
တွင် မိမိဥစ္စာများကို ဂရုတစိုက်စောင့်ရှောက်
ရန်အတွက် မိမိအစေခံတို့ကို မှာထား၏။ **15**ထို
အခါ မိမိအစေခံတစ်ယောက်ချင်း၏အရည်အ
သွေးကို အကဲဖြတ်လို၍ အစေခံတစ်ဦးကို ငွေ
အခွက်ငါးဆယ်၊ အခြားတစ်ဦး၌ အခွက်နှစ်
ဆယ်၊ နောက်တစ်ဦး၌အခွက်တစ်ဆယ်ကို အပ်
ပေး၏။ ထို့နောက် ထိုသူသည် ခရီးထွက်သွား
လေ၏။ **16**ငွေအခွက်ငါးဆယ်ကို ခံသောသူ
သည် သွား၍ကုန်သွယ်ခြင်းကို ပြုသဖြင့် အခြား
သောအခွက်ငါးဆယ်ကို အမြတ်ရလေ၏။ **17**ထို
နည်းတူ အခွက်နှစ်ဆယ်ကို ခံသောသူသည်
လည်း၊ အခြားသောအခွက်နှစ်ဆယ်ကို အမြတ်
ရလေ၏။ **18**သို့သော်လည်း အခွက်တစ်ဆယ်
ကို ခံသောသူသည် သွား၍ မြေ၌တွင်းတူးပြီး
လျှင် အရှင်၏ငွေကို ဝှက်ထားလေ၏။
**19**"အချိန်အကြာမြင့်ပြီးမှ အရှင်သည် အိမ်
ပြန်ရောက်လာ၏။ သူအပ်ခဲ့သောငွေတို့ကို အ
ဘယ်သို့လုပ် သနည်းဟု အစေခံတစ်ယောက်
ချင်းကိုမေး၏။ **20**ငွေအခွက်ငါးဆယ်ကိုခံသော
သူသည် မိမိရရှိသောအခြားငွေအခွက်ငါး
ဆယ်နှင့်အတူ ယူလာ၍ 'သခင်၊ ကိုယ်တော်
သည် အကျွန်ုပ်ကိုရင်းနှီးရန် ငွေအခွက်ငါးဆယ်
ကိုအပ်တော်မူ၏။ အကျွန်ုပ်သည် ငွေကိုတိုးပွား
အောင်လုပ်ခြင်းအားဖြင့် နောက်ထပ် ငွေအ
ခွက် ငါးဆယ်ကို အကျွန်ုပ်အမြတ်ရပါပြီ ဟု
လျှောက်၏။
**21**"အရှင်က၊ 'သာဓု၊ သင်သည် သစ္စာရှိ
သောအစေခံကောင်းတစ်ယောက်ဖြစ်၏။ သင်
သည် သေးငယ်သောအမှုတို့၌ သစ္စာရှိလေပြီ။
ထို့ကြောင့် ဤအရာထက်ပို၍ ကြီးမားသော
အမှုကို အုပ်စိုးစေမည်။ လာခဲ့လော့၊ ငါ၏
ပျော်ရွှင်မှုကို ငါနှင့်အတူခံစားရလော့' ဟုမိန့်
တော်မူ၏။
**22**"ငွေအခွက်နှစ်ဆယ်ကို ခံသောသူသည်
လည်း လာ၍ အရှင်၊ ကိုယ်တော်သည် အ
ကျွန်ုပ်ကို ရင်းနှီးရန် ငွေအခွက်နှစ်ဆယ်ပေး
တော်မူ၏။ ထိုငွေကို ရင်းနှီးခြင်းအားဖြင့်နောက်
ထပ် ငွေအခွက်နှစ်ဆယ်ကို အကျွန်ုပ်အမြတ်ရ
ပါပြီဟု လျှောက်လေ၏။ **23**အရှင်က၊
"သာဓု၊ သင်သည် သစ္စာရှိသောအစေခံ
ကောင်းတစ်ယောက်ဖြစ်၏။ သင်သည် သေး
ငယ်သောအမှုတို့၌ သစ္စာရှိ၏။ ထို့ကြောင့်ဤ
အရာထက် ပို၍ကြီးမားသောအမှုကို အုပ်စိုးရ
လိမ့်မည်။'
**24**"လာလော့၊ ငါ၏ပျော်ရွှင်မှုကို ငါနှင့်အတူ
ခံစားလော့' ဟုမိန့်တော်မူ၏။ ထို့နောက် ငွေ
ခွက်တစ်ဆယ်ကိုခံသောသူသည်လည်း လာ၍
အရှင်၊ ကိုယ်တော်သည် ခဲယဉ်းသောသူဖြစ်
သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်၍၊
ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းတတ်သည်
ကို အကျွန်ုပ်သိ၏။ **25**ထို့ကြောင့် အကျွန်ုပ်သည်
ကြောက်၍ သခင်ပေးခဲ့သောငွေခွက်တစ်ဆယ်
ကို မြေ၌ဝှက်ထားပါ၏။ ဤနေရာ၌ သခင်အပ်
ခဲ့သောငွေခွက်ရှိပါ၏' ဟုလျှောက်ရာ၊
**26**"အရှင်က၊ 'သင်သည် ဆိုးယုတ်၍ ပျင်း
ရိသောအစေခံတစ်ယောက်ဖြစ်၏။ သင်က ငါ
သည် ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်၍
ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းသည်ကို
သင်သိသည် ဟုပြော၏။ **27**သို့ဖြစ်လျှင် ငါအပ်

ခဲ့သောငွေကို သင်သည် ဘဏ်တိုက်၌ အပ်ထား
သင့်၏။ သို့ဖြစ်လျှင် ငါအိမ်ပြန်ရောက်သောအ
ခါ ငါ့ငွေကို အတိုးနှင့်အတူ ပြန်ထုတ်နိုင်သည်'
ဟုပြန်ပြောလိုက်၏။
28"ထိုအခါ အရှင်က တခြားအစေခံတို့ကို
အား 'သူ့ထံက ငွေအခွက်တစ်ဆယ်ကို ပြန်ယူ
ပြီး ငွေအခွက်တရာရှိသောအစေခံကို ပေး
လော့။ 29သူ၌ရှိသောအရာကို အသုံးပြုသော
လူတိုင်းသည် ပို၍ပေးအပ်ခြင်းခံရလိမ့်မည်။ ထို
လူသည် သူလိုအပ်သည် ထက်ပို၍ရလိမ့်မည်။
သို့သော်လည်း သူ၌ရှိသောအရာကို အသုံးမ
ပြုသောသူထံမှ ရှိသမျှကိုပင် နှုတ်ရလိမ့်မည်
ဟုဆို၏။ 30ထို့နောက် အရှင်က၊ 'အသုံးမကျ
သောအစေခံကို ငိုကြွေးခြင်း၊ အံ့သွားခဲ့ကြိတ်
ခြင်းရှိရာ၊ အပြင်ဘက်မှောင်မိုက်ထဲသို့ ပစ်ချ
လိုက်ကြဟုစီရင်တော်မူ၏။

## လူသားသည် လူအားလုံးကို စီရင်ဆုံးဖြတ်လိမ့်မည်

31"လူသားသည် မြင့်မြတ်သောဘုန်းအ
သရေနှင့် မိမိကောင်းကင်တမန်အားလုံးတို့နှင့်
အတူ ပြန်ကြွလာတော်မူလိမ့်မည်။ သူသည်
မိမိ၏မြင့်မြတ်သောပလ္လင်ပေါ်တွင် ထိုင်တော်မူ
လိမ့်မည်။ 32မြေကြီးပေါ်ရှိလူအပေါင်းတို့သည်
သူ၏ရှေ့တော်မှောက်တွင် စုရုံးကြလိမ့်မည်။
ထိုနောက် သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ ကို
တခြားစီခွဲထားသကဲ့သို့ လူအပေါင်းတို့ကို အ
သီးအခြားခွဲလိမ့်မည်။ 33လူသားသည် သိုးတို့
ကို လက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲ
တော်ဘက်၌ ထားတော်မူ၏။
34"ထို့နောက် လက်ျာတော်ဘက်၌ရှိသော
သူတို့ကို ဘုရင်က လာကြလော့၊ ငါ့ခမည်း
တော်သည် သင်တို့ကို ကြီးမားသောကောင်း
ချီးပေး၏။ သင်တို့ကို ဘုရားသခင်က၊ ဂတိပြု
ထားသည့်အတိုင်း၊ နိုင်ငံတော်ကိုလာ၍ အမွေ
ခံကြလော့။ နိုင်ငံတော်ကို ကမ္ဘာဦးမှစ၍၊ သင်
တို့အတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်၏။
35ဤနိုင်ငံတော်ကို သင်တို့ပိုင်ဆိုင်နိုင်ပြီ။ အ
ကြောင်းမူကား၊ ငါသည် ဆာငတ်နေသောအ
ခါ၊ သင်တို့သည်၊ ငါ့ကို စားရန်အစာပေးကြ
၏။ ငါသည် ရေငတ်သောအခါ သင်တို့သည်
ငါ့ကို သောက်စရာပေးကြ၏။ ငါသည် အိမ်နှင့်
ဝေးကွာခဲ့ပြီး အထီးကျန်ဖြစ်နေသောအခါ ငါ့ကို
သင်တို့၏အိမ်ထဲ၌ နေရန်ဖိတ်ခေါ်ကြ၏။ 36ငါ့
မှာအဝတ်မရှိသောအခါ သင်တို့သည် ငါ့ကို
ဝတ်စရာပေး၏။ ငါဖျားနာသောအခါ၊ သင်တို့
သည် ငါ့ကို ပြုစုခဲ့ကြ၏။ ငါသည် ထောင်ထဲ၌
နေသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏
ဟုမိန့်တော်မူ၏။
37"ထိုအခါ ဖြောင့်မတ်သောသူတို့က၊
'သခင်၊ ကိုယ်တော်သည် အဘယ်အခါ၌ ဆာ
ငတ်သည်ကို အကျွန်ုပ်တို့သည် မြင်၍ ကိုယ်
တော်ကိုစား စရာအတို့ပေးခဲ့ပါသနည်း။ ကိုယ်
တော်သည် အဘယ်အခါ၌ ရေငတ်သည်ကို
အကျွန်ုပ်တို့သည် မြင်၍ ရေတိုက်ခဲ့ပါသနည်း။
38ကိုယ်တော်သည် အဘယ်အခါ၌ အိမ်နှင့်ဝေး
ကွာပြီးတစ်ယောက်တည်း ဖြစ်နေသည်ကို အ
ကျွန်ုပ်တို့သည် မြင်၍ အိမ်ထဲသို့ဖိတ်ခေါ်ခဲ့ပါ
သနည်း။ ကိုယ်တော်သည်အဘယ်အခါ၌ ဝတ်
စရာမရှိသည်ကို အကျွန်ုပ်တို့သည် မြင်၍ ဝတ်
စရာပေး ပါသနည်း။ 39ကိုယ်တော်သည် အ
ဘယ်အခါ၌ ဖျားနာခြင်း သို့မဟုတ် ထောင်ကျ
နေသည်ကို အကျွန်ုပ်တို့သည် မြင်၍ ပြုစုပါ
သနည်း' ဟုလျှောက်ကြလိမ့်မည်။
40"ထိုအခါ ဘုရင်က၊ 'ငါအမှန်ဆိုသည်
ကား၊ သင်တို့သည် ငါ့လူတို့တွင် ဤအငယ်ဆုံး
သောသူတစ်ယောက်အတွက် ပြုကြသမျှတို့ကို
ငါ့အား ပြုကြပြီ' ဟုပြန်၍ မိန့်တော်မူ၏။
41"ထိုအခါ ဘုရင်သည် မိမိလက်ဝဲတော်
ဘက်၌ရှိ သောဆိုးယုတ်သူတို့အား 'သင်တို့ငါ့
ရှေ့မှထွက် သွားကြ။ ဘုရားသခင်သည်၊ သင်
တို့ကို အပြစ်ဒဏ်ပေးရန် ဆုံးဖြတ်ပြီ။ စာတန်
နှင့်မိမိတမန် ဆိုးတို့အတွက် ပြင်ဆင်သောထာဝရ
မီးထဲသို့ သင်တို့သွားကြလော့။ 42အကြောင်းမူ
ကား၊ ငါဆာလောင်နေသောအခါ သင်တို့သည်
ငါ့ကို စားစရာမပေးကြ။ ငါရေငတ်နေသော

အခါ သင်တို့သည် ငါ့ကို သောက်စရာမပေး
ကြ။ 43ငါသည် အိမ်နှင့်ဝေးကွာသောအခါ သင်
တို့အိမ်ထဲသို့ ငါ့ကို မဖိတ်ခေါ်ကြ။ ငါဝတ်စရာမ
ရှိသောအခါ သင်တို့သည် ငါ့ကို အဝတ်မပေး
ကြ။ ငါဖျားနာနေချိန်၌ရင်း၊ ထောင်ကျနေချိန်
၌ရင်း သင်တို့သည် ငါ့ကို မပြုစုခဲ့ကြ‘ ဟုမိန့်
တော်မူလျှင်၊
44“ထိုအခါဆိုးယုတ်သူများကလည်း‘သခင်၊
ကိုယ်တော်သည် အဘယ်အခါ၌ ဆာလောင်
နေ၍၊ ရေငတ်နေခြင်းကို အကျွန်ုပ်တို့ တွေ့ခဲ့သ
နည်း။ ကိုယ်တော်သည် အဘယ်အခါ၌ အိမ်နှင့်
ဝေးကွာ၍ တစ်ယောက်တည်း ဖြစ်နေရသည်
ကို ကျွန်ုပ်တို့ မြင်ရသနည်း။ ကိုယ်တော်၌ အ
ဝတ်မရှိခြင်း၊ ဖျားနာနေခြင်း၊ ထောင်ထဲ၌ နေ
ခြင်းကို အဘယ်အခါ၌ အကျွန်ုပ်တို့သိ၍ အကူ
အညီ မပေးသနည်း’ ဟုလျှောက်ကြလိမ့်မည်။
45“ထိုအခါဘုရင်က ‘ငါအမှန်ဆိုသည်ကား၊
ဤအရပ်၌ရှိသောငါ့လူတို့တွင် ဤအငယ်ဆုံး
သောသူတစ်ယောက်အတွက် လုပ်ပေးရန် ငြင်း
ပယ်ခဲ့သမျှတို့သည် ငါ့အတွက် လုပ်ပေးရန်ငြင်း
ပယ်ခြင်းဖြစ်၏’ ဟုပြန်၍ မိန့်တော်မူ၏။
46“ထိုအခါ ထိုဆိုးယုတ်သောသူတို့သည်
ထာဝရဒဏ်ခံရာသို့ရင်း ကောင်းမွန်ဖြောင့်
မတ်သူတို့သည် ထာဝရအသက်ရှင်ရာသို့ရင်း
သွားရကြလိမ့်မည် ဟုမိန့်တော်မူ၏။

## ယုဒခေါင်းဆောင်တို့က ယေရှုအား သတ်ရန်စီစဉ်ခြင်း

*(မာ၊ 14:1-2; လု၊ 22:1-2; ယော၊ 1:45-53)*

26 ထိုအကြောင်းအရာ အားလုံးတို့ကို
ယေရှုသည်ဟောပြောတော်မူပြီးလျှင်၊
တပည့်တော်တို့အား 2“နှစ်ရက်လွန်မှ ပသခါပွဲ
နေ့ရောက်မည်ကို သင်တို့သိကြ၏။ ထိုနေ့တွင်
လူသားကို လက်ဝါးကပ်တိုင်မှာ သတ်ရန်သူတို့
၏လက်ထဲသို့အပ်နှံကြလိမ့်မည်” ဟုမိန့်တော်မူ
၏။ 3ထို့နောက် ယဇ်ပုရောဟိတ်အကြီးတို့နှင့်အ
သက်ကြီးသောယုဒခေါင်းဆောင်တို့သည် ယဇ်
ပုရောဟိတ်မင်းနေထိုင်သော နန်းတော်တွင်
ဆွေးနွေးပွဲလုပ်ကြ၏။ ယဇ်ပုရောဟိတ်မင်း၏
အမည်မှာ ကယာဖဖြစ်၏။ 4ထိုဆွေးနွေးပွဲတွင်
သူတို့သည် ယေရှုအား လိမ်ညာဥာဏ်ဆင်ခြင်း
အားဖြင့် ဖမ်းဆီး၍ သတ်ခြင်းငှါ ကြံစည်ကြလေ
၏။ 5ဆွေးနွေးပွဲတက်ရောက်ကြသောထိုသူ
များက၊ “ငါတို့သည် ယေရှုကို ပသခါပွဲအချိန်
တွင် မဖမ်းနိုင်။ လူများတို့သည် ဒေါသဖြစ်၍
ရုန်းရင်းဆန်ခတ်ဖြစ်မည်ကို ငါတို့မလိုလားပါ”
ဟုပြောကြ၏။

## အမျိုးသမီးတစ်ယောက်က တစ်စုံတစ်ရာ အထူးပြုလုပ်ခြင်း

*(မာ၊ 14:3-9; ယော၊ 12:1-8)*

6ဗေသနိရွာတွင်ရှိနေစဉ် ယေရှုသည် ကိုယ်
ရေပြားရောဂါသည် ရှိမုန်၏အိမ်တွင် နေထိုင်၏။
7ထိုသို့ ယေရှုထိုင်တော်မူစဉ်တွင် အထံတော်သို့
အမျိုးသမီးတစ်ယောက်ရောက်လာ၏။ သူမ
သည် လုပသောကျောက်သားနှင့် ပြုလုပ်ထား
သည့် ကျောက်ဆစ်ခွက်ထဲတွင် ထည့်ထား
သည့်အလွန်အဖိုးထိုက်တန်သောရေမွှေးကို ယူ
ဆောင်လာခဲ့၏။ အမျိုးသမီးသည်၊ ယေရှုအ
စာစားနေစဉ်၊ သူ၏ဦးခေါင်းပေါ်သို့ ရေမွှေးကို
လောင်းချလေ၏။ 8ထိုသို့အမျိုးသမီးပြုလုပ်
သည်ကို တပည့်တော်တို့သည် မြင်လျှင် စိတ်
ဆိုးကြ၏။ သူတို့က၊ “အဘယ်ကြောင့် ရေမွှေး
ကို အကျိုးမဲ့ဆုံးစေသနည်း။ 9ဤရေမွှေးကို ငွေ
များစွာနှင့် ရောင်း၍ ထိုငွေတို့ကို ဆင်းရဲသား
တို့အား ပေးစရာကောင်းသည်” ဟုဆိုကြ၏။
10ယေရှုသည်သိတော်မူလျှင်၊ ‘သင်တို့သည်
အဘယ်ကြောင့် ဤအမျိုးသမီးကို နှောင့်ယှက်
ပေးနေကြသနည်း။ သူမသည် ငါ့ကို ကောင်းမှု
တစ်ခုပြုပြီ။ 11ဆင်းရဲနွမ်းပါးသောသူတို့သည်
သင်တို့နှင့်အတူ အစဉ်အမြဲ ရှိနေကြလိမ့်မည်။
သို့သော်လည်း ငါသည် သင်တို့နှင့်အတူ အစဉ်
အမြဲ ရှိလိမ့်မည်မဟုတ်။ 12ဤအမျိုးသမီးသည်
ဤကဲ့သို့ ပြုလုပ်သည်မှာ ငါ့ကို သင်္ဂြိုဟ်ရန် ပြင်
ဆင်ခြင်းအတွက် ဘိသိက်ပေးခြင်းဖြစ်၏။ 13ငါ
အမှန်ဆိုသည်ကား၊ သတင်းကောင်းကို ကမ္ဘာ

တစ်ဝန်းလုံး၌ ရှိသောလူတို့အား ပြောကြလိမ့်
မည်။ သတင်းကောင်းဟောပြောသောနေရာ
တိုင်းမှာ ဤအမျိုးသမီး ပြုခဲ့သောအမှုကိုလည်း
ပြောကြလိမ့်မည်။ လူတို့သည် သူမကိုအောက်
မေ့နေကြလိမ့်မည်” ဟုမိန့်တော်မူ၏။

## ယုဒသည် ယေရှု၏ရန်သူတစ်ယောက်ဖြစ်လာခြင်း

*(မာ၊ 14:10-11; လု၊ 22:3-6)*

14 ထို့နောက် ယေရှု၏တပည့်တော်တစ်
ဆယ့်နှစ်ပါးထဲမှ တစ်ပါးသည် ယဇ်ပုရောဟိတ်
အကြီးတို့နှင့် ပြောဆိုရန် သွား၏။ ထိုတပည့်
တော်၏အမည်မှာ ယုဒရှကာရုတ်ဖြစ်၏။ 15 ယုဒ
က ယဇ်ပုရောဟိတ်တို့အား “ငါသည် ယေရှုကို
သင်တို့၏လက်ထဲသို့အပ်မည်။ ဤသို့ အပ်လျှင်
သင်တို့သည် ငါ့ကို အဘယ်မျှလောက်ပေးမည်
နည်း” ဟုမေး၏။ ယဇ်ပုရောဟိတ်တို့က ယုဒ
အား ငွေပြားသုံးဆယ်ပေးမည် ဟုဝန်ခံကြ၏။
16 ထိုအချိန်မှ စ၍ ယေရှုအား ယဇ်ပုရောဟိတ်
တို့၏လက်သို့အပ်ရန် အသင့်လျော်ဆုံးအချိန်
အခါကို ယုဒသည် ရှာကြံလျှက်နေ၏။

## ယေရှုက ပသခါပွဲတော် အစားအစာကိုသုံးဆောင်ခြင်း

*(မာ၊ 14:21-22; လု၊ 22:7-14, 21-23; ယော၊ 13:21-30)*

17 တဆေးမဲ့မုန့်ပွဲတော်ပထမနေ့တွင် တပည့်
တော်တို့သည် ယေရှုထံတော်သို့ ရောက်လာ
ကြ၏။ တပည့်တော်တို့က ‘ကိုယ်တော်အတွက်
ပသခါအစားအစာကျွေးရန် အကျွန်ုပ်တို့သည်
အရာအားလုံးစုံကို ကြိုတင်ပြင်ဆင်ပေးပါမည်။
ကိုယ်တော်အဘယ်အရပ်၌ စားရန် အလိုရှိပါ
သနည်း’ ဟုမေးကြရာ၊
18 ယေရှုက “မြို့ထဲကိုသွား၍ ငါသိသောလူ
တစ်ယောက်နှင့်သွားတွေ့ကြ။ သူ့ကို ‘ဆရာက
မှာလိုက်သည်ဟု ပြောပြကြ။ ရွေးချယ်သတ်
မှတ်ထားသောအချိန်သည် နီးလာပြီ။ သင့်အိမ်
၌ငါ့တပည့်တော်တို့ နှင့်အတူ ပသခါပွဲကျင်း
ပကြမည်’ ဟုပြောပြကြလော့”’ ဟုမိန့်တော်မူ
၏။ 19 တပည့်တော်တို့သည် ယေရှုမှာတော်မူ
သည့်အတိုင်း ဆောင်ရွက်ကြပြီး ပသခါပွဲအ
တွက် ပြင်ဆင်ကြ၏။
20 ထိုနေ့ညနေပိုင်းတွင် ယေရှုသည် တပည့်
တော်ဆယ့်နှစ်ပါးနှင့်အတူ စားပွဲတွင်ထိုင်တော်
မူ၏။ 21 သူတို့အားလုံးစားနေကြစဉ် ယေရှုက
ငါအမှန်ဆိုသည်ကား၊ “သင်တို့တွင် တစ်စုံတစ်
ယောက်သောသူသည် မကြာခင် ငါ့ကို ရန်သူ
တို့၏လက်သို့ အပ်နှံလိမ့်မည်” ဟုမိန့်တော်မူ၏။
22 တပည့်တော်တို့သည် ထိုစကားကို ကြား
၍ အလွန်ဝမ်းနည်းကြ၏။ သူတို့က ယေရှုအား
“သခင်ထို လူတစ်ယောက်သည် အကျွန်ုပ်
မဟုတ်သည်မှာ သေချာသည်မဟုတ်လော”
ဟုအသီးသီး မေးလျှောက်ကြ၏။
23 ယေရှုကလည်း “ခွက်တစ်ခုတည်းတွင် ငါ
နှင့်အတူ လက်ဆုံနှိုက်သောသူသည် ငါ့ကို အပ်
နှံလိမ့်မည်။ 24 လူသားသည် ကျမ်းစာ၌ ရေး
ထားသကဲ့သို့ အသေခံရလိမ့်မည်။ သို့သော်
လည်း လူသားကို သတ်ရန်အတွက် အပ်နှံသော
သူသည် အမင်္ဂလာရှိ၏။ သူသည် ဖွားမြင်ခြင်း
ကိုမခံရလျှင် သူ့အတွက် သာ၍ကောင်းလိမ့်၏”
ဟုမိန့်တော်မူ၏။ 25 ထို့နောက် ကိုယ်တော်ကို
အပ်နှံမည့်သူ ယုဒကလည်း ယေရှုအား “ဆရာ
အမှန်စင်စစ် အကျွန်ုပ်သည် ဆရာ့ကို အပ်နှံ
မည့်သူ ဟုတ်ပါသလော ဟုမေးရာ၊ ယေရှုက‘
ဟုတ်ပါ၏။ ထိုသူသည် အသင်ဖြစ်ပါ၏‘ ဟုပြန်
ပြောတော်မူ၏။

## ကိုယ်တော်၏ညစာစားပွဲ

*(မာ၊ 14:22-26; လု၊ 22:15-20; 1 ကော၊ 11:23-25)*

26 သူတို့စားသောက်နေကြစဉ် ယေရှုက မုန့်
ကို ယူ၍ကျေးဇူးတော်ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍
တပည့်တော်တို့အား ပေးတော်မူ၏။ ယေရှုက
‘ဤမုန့်ကို ယူ၍စားကြလော။ ဤမုန့်သည် ငါ၏
ကိုယ်ခန္ဓာဖြစ်၏” ဟုမိန့်တော်မူ၏။
27 ထို့နောက် ယေရှုသည် စပျစ်ရည်ခွက်ကို
ယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ တပည့်
တော်တို့အား ပေးတော်မူ၏။ ယေရှုက “သင်

တို့အားလုံးသည် ဤစပျစ်ရည်ကို သောက်ကြ
လော။ 28ဤခွက်သည် ငါ၏အသွေးဖြစ်၏။ ငါ
၏အသွေးသည် ဘုရားသခင်ထံတော်မှ လူတို့
ဆီသို့ ပဋိညာဉ်တရားသစ်ကိုအစပြု၏။ ဤ
သွေးသည် လူတို့၏အပြစ်တို့ကို ခွင့်လွှတ်ရန်
ဖြစ်၏။ 29ငါဆိုသည်ကား၊ ငါ့ခမည်းတော်၏
နိုင်ငံတော်၌ ငါသည် သင်တို့နှင့်အတူ စပျစ်
ရည်မျိုးအသစ်ကို မသောက်မီနေ့တိုင်အောင်
ယခုမှစ၍ တဖန် ငါမသောက်ရ။ ထိုအခါမှသာ
သင်တို့နှင့်အတူ စပျစ်ရည်ပြန်သောက်မည်" ဟု
မိန့်တော်မူ၏။ 30ထို့နောက် သူတို့သည် သီးချင်း
ဆိုကြပြီးမှ သံလွင်တောင်သို့ ထွက်သွား ကြ၏။

## ယေရှုသည် မိမိတပည့်တော်များက သူ့ကို စွန့်ခွာသွားလိမ့်မည်ဟု ပြောတော်မူခြင်း

*(မာ၊ 14:27-31; လု၊ 22:31-34; ယော၊ 13:36-38)*

31ယေရှုက တပည့်တော်တို့အား "ယနေ့
ညတွင် သင်တို့အားလုံးသည် ငါ့ကိုယုံကြည်ခြင်း
ပျောက်သွားလိမ့်မည်။

> ကျမ်းစာထဲ၌ သိုးထိန်းကို ငါသတ်၍ သိုး
> တို့သည်ကွဲလွင့်ရကြလိမ့်မည် 'ဟုရေး
> သားထား၏။ *ဇာခရိ၊ 13:7*

32သို့သော်လည်း ငါသည် သေခြင်းမှထမြောက်
ပြီး ဂါလိလဲပြည်သို့ သွားမည်။ သင်တို့ထက်အ
ရင်ငါရောက်နှင့်နေလိမ့်မည်" ဟုမိန့်တော်မူ၏။
33ပေတရုက "အခြားသောတပည့်တော်
အားလုံးတို့သည် ကိုယ်တော်၌ ယုံကြည်ခြင်း
ပျောက်သွားသော်လည်း အကျွန်ုပ်သည် ကိုယ်
တော်ကို ယုံကြည်ခြင်း လုံးဝမပျောက်ပါ" ဟု
လျှောက်လေ၏။
34ယေရှုက "ငါအမှန်ဆိုသည်ကား၊ ယနေ့
ည၌ပင် ကြက်မတွန်မီ သင်သည် သုံးကြိမ်တိုင်
ငါ့ကို ငြင်းပယ်လိမ့်မည်" ဟုမိန့်တော်မူ၏။
35သို့သော်လည်း ပေတရုက "ကိုယ်တော်
နှင့်အတူတကွသေရသော်လည်း အကျွန်ုပ်
သည် ကိုယ်တော်ကို မငြင်းမပယ်ပါ" ဟု
လျှောက် လေ၏။ ထိုအခါ အခြားတပည့်တို့က
လည်း ပေတရုလျှောက်သည့်အတိုင်း လျှောက်
ကြ၏။

## ယေရှုတစ်ယောက်တည်း ဆုတောင်းခြင်း

*(မာ 14:32-42; လု၊ 22:39-46)*

36ထို့နောက် ယေရှုသည် တပည့်တော်တို့
နှင့်အတူ ဂေသရှေမန် ခေါ်သောနေရာသို့ ကြွ
သွားတော်မူ၏။ ယေရှုက သူတို့အား "ငါသည်
သွား၍ ဆုတောင်းစဉ်တွင် ဤအရပ်၌ ထိုင်နေ
ကြလော့" ဟုမိန့်တော်မူ၏။ 37ယေရှုသည်
ပေတရုနှင့် ဇေဗေဒဲ၏သားနှစ်ဦးကို မိမိနှင့်အတူ
ခေါ်သွားလေ၏။ ထိုအခါ ယေရှုသည် အလွန်ဝမ်း
နည်း၍ စိတ်သောကရောက်လာ၏။ 38ယေရှု
က ပေတရုနှင့် ဇေဗေဒဲ၏သားနှစ်ယောက်အား
"ငါ့စိတ်သည် ဝမ်းနည်းပူဆွေး ခြင်းနှင့်ပြည့်နေ
ပြီး သေလောက်အောင်ဖြစ်၏။ ဤအရပ်၌ ငါနှင့်
အတူစောင့်၍ နေကြလော့" ဟုမိန့်တော်မူ၏။
39ထို့နောက် ယေရှုသည် သူတို့ထံမှ အနည်း
ငယ်လျှောက်သွား၍ မြေပေါ်သို့ ပြပ်ဝပ်၍ 'အ
ကျွန်ုပ်အဘ ဖြစ်နိုင်လျှင် ဤဒုက္ခဝေဒနာခံစား
ခြင်းခွက်ဖလားကို အကျွန်ုပ်အား မပေးပါနှင့်။
သို့သော်လည်း အကျွန်ုပ်အလိုဆန္ဒအတိုင်း
မဟုတ်ဘဲ အဘအလိုတော်အတိုင်းသာ ဖြစ်စေ
ပါ' ဟုဆုတောင်းတော်မူ၏။ 40ယေရှုသည်
ပေတရုနှင့် အခြားလူနှစ်ယောက်အနီးသို့ ပြန်
လျှောက်လာ၏။ သို့သော်လည်း ထိုနေရာသို့
ရောက်လာသောအခါ သုံးယောက်စလုံး အိပ်
ပျော်နေကြ၏။ ထိုအခါ ယေရှုသည် ပေတရုကို
နှိုးပြီး" သင်တို့သည် ငါနှင့်အတူတစ်နာရီခန့်မျှ
နိုး၍ မနေနိုင်ကြသလော။ 41စုံစမ်းနှောင့်ယှက်
ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်း
လျက် စောင့်နေကြလော့။ သင်တို့စိတ်ဝိညာဉ်
သည် မှန်သောအရာကို လုပ်လိုသော်လည်း
သင်တို့၏ခန္ဓာကိုယ်သည် အားနည်းနေသည်"
ဟုမိန့်တော်မူ၏။

42ထို့နောက် ယေရှုသည် သူတို့အနီးမှ ဒုတိ
ယအကြိမ်ထွက်ခွာ၍ “အကျွန်ုပ်အဘ ဤဝေဒ
နာခံစားရမည့်ခွက်ကို အကျွန်ုပ်မသောက်ဘဲ
လွန်၍ မသွားရလျှင် ကိုယ်တော်အလိုရှိသည့်
အတိုင်းဖြစ်ပါစေ” ဟုထပ်မံ၍ ဆုတောင်း
တော်မူ၏။
43ထို့နောက် ယေရှုသည် ပေတရုနှင့်အ
ခြားလူနှစ်ယောက် ရှိရာသို့ ပြန်လှည့်လာ၏။
သူတို့သည် တဖန်အိပ်ပျော်နေသည်ကို တွေ့ရ
၏။ သူတို့၏မျက်လုံးများသည် အလွန်လေးလံ
၍ ပင်ပန်းနွမ်းနယ်ကြ၏။ 44နောက်တဖန် ယေရှု
သည် သူတို့ထံမှ ထွက်သွား၍ ရှေ့မြွက်ဆိုသည့်
နည်းတူ တတိယအကြိမ် ဆုတောင်းတော်မူ၏။
45ထို့နောက် ယေရှုသည် တပည့်တော်သုံး
ဦးထံသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ‘သင်
တို့သည် အိပ်နေလျက်၊ အနားယူနေဆဲပင် ဖြစ်
နေသလော။ လူသားကို အပြစ်သားတို့၏လက်
ထဲသို့ အပ်ရမည့်အချိန်နီးလာပြီ။ 46ထကြလော့၊
ငါတို့သွားကြကုန်အံ့။ ဤအရပ်၌ ငါ့ကို ငါ့ရန်သူ
တို့၏လက်ထဲသို့ အပ်မည့်သူလာပြီ’ ဟုမိန့်
တော်မူ၏။

## ယေရှုအဖမ်းခံတော်မူခြင်း

*(မာ၊ 14:43-50; လု၊ 22:47-53; ယော၊ 18:3-12)*

47ထိုသို့ မိန့်တော်မူစဉ်တွင်ပင် တပည့်
တော်ဆယ့်နှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်
သောယုဒရှကာရုတ် ရောက်လာ၏။ ယုဒနှင့်
အတူ လူအများလည်း ပါလာကြ၏။ ထိုလူတို့
သည် ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင်
အကြီးအကဲဖြစ်သောလူများ စေလွှတ်ခြင်းဖြစ်
၏။ ယုဒနှင့်အတူ ပါလာသောထိုလူများ၏လက်
ထဲတွင် ဓားများနှင့် တုတ်များပါကြ၏။ 48ကိုယ်
တော်ကို အပ်နှံသောသူက “ငါနမ်းလိုက်သော
သူသည် ယေရှုပင်ဖြစ်၏၊ သူ့ကို ဖမ်းကြ” ဟု
ပြောပြီးနောက် ယေရှုထံသို့ လျှောက်သွား၏။
49ယုဒက အရှင်ဘုရား၊ မင်္ဂလာရှိပါစေသော
ဟုဆိုလျက် ယေရှုကို နမ်းလေ၏။
50ယေရှုက “အဆွေ၊ သင်သည် ဤအရပ်
၌ လာ၍ လုပ်ရမည့်အလုပ်ကို လုပ်လော့”ဟု
မိန့်တော်မူ၏။
ထိုအခါ ယုဒနှင့်အတူ လာသောသူတို့သည်
ယေရှုကို ဆွဲခေါ်၍ ဖမ်းဆီးကြ၏။ 51ထိုသို့ဖြစ်
ပျက်နေစဉ် ယေရှု၏တပည့်တော်တစ်ယောက်
သည် သူ၏ဓားကို ဆွဲထုတ်၍ ယဇ်ပုရောဟိတ်
မင်း၏အစေခံကို ခုတ်သဖြင့် အစေခံ၏နားရွက်
တစ်ဘက်ပြတ်ကျသွားလေ၏။
52ထိုအခါ ယေရှုက တပည့်အား “သင့်ဓား
ကို သူ့နေရာ၌ ပြန်ထားလော့၊ ဓားကို အသုံးပြု
သောသူတို့သည် ဓားဖြင့် အသတ်ခံရလိမ့်မည်။
53ငါ့အဘထံမှ အကူအညီတောင်းလျှင် ကောင်း
ကင်တမန်ဆယ့်နှစ်တပ်မက စေလွှတ်တော်မူ
မည်ကို သင်တို့သေချာစွာသိကြ၏။ 54သို့သော်
လည်း ငါသည် ထိုကဲ့သို့ ပြုလျှင် ကျမ်းစာသည်
အဘယ်သို့ ပြည့်စုံမည်နည်း။ ကျမ်းစာက ပြော
ထားသောကြောင့် ဤကဲ့သို့ ဖြစ်လာရမည်”
ဟုမိန့်တော်မူ၏။
55ထို့နောက် ယေရှုက ထိုလူတို့အား “သင်
တို့သည် ငါ့ကို ရာဇဝတ်ကောင်ကို ဖမ်းသကဲ့
သို့ ငါ့ကို ဖမ်းရန် ဓားများ၊ တုတ်များနှင့်လာ
သလော။ ငါသည် ဗိမာန်တော်တွင် နေ့တိုင်း
ဆုံးမသြဝါဒ ပေးလျက်နေ၏။ ထိုနေရာတွင်
သင်တို့သည် ငါ့ကို အဘယ်ကြောင့် မဖမ်းဆီး
ကြသနည်း။ 56သို့သော်လည်း ဤအရာအား
လုံး တို့သည် ပရောဖက်တို့၏ရေးသားချက်ကို
ပြည့်စုံခြင်းအတွက်ဖြစ်သည်” ဟုမိန့်တော်မူ၏။
ထိုအခါ ယေရှု၏တပည့်တော် အားလုံးတို့သည်
ယေရှုကို စွန့်ပစ်၍ အဝေးသို့ထွက်ပြေးသွား
ကြ၏။

## ယုဒခေါင်းဆောင်တို့ရှေ့သို့ ယေရှုရောက်ရှိခြင်း

*(မာ၊ 14:53-65; လု၊ 22:54-55,63-71*
*ယော၊ 18:13-14, 19-24)*

57ယေရှုကို ဖမ်းဆီးသောသူတို့သည် ကိုယ်
တော်ကို ယဇ်ပုရောဟိတ်မင်းကယာဖ၏အိမ်သို့
ခေါ်ဆောင်သွားကြ၏။ ထိုအိမ်တွင် ကျမ်းပြု

ဆရာတို့နှင့် ယုဒလူမျိုးအကြီးတို့သည် စုရုံးနေ
ကြ၏။ 58ပေတရုသည် ယဇ်ပုရောဟိတ်မင်း
၏ခြံဝန်းတိုင်အောင် ယေရှုကို ဝေးစွာလိုက်၍
အစောင့်များနှင့်အတူ ထိုင်လျက်နေ၏။ ယေရှု
၌အဘယ်သို့ ဖြစ်မည်ကို ပေတရုသိလို၏။
59ယဇ်ပုရောဟိတ်အကြီးတို့နှင့် ယုဒကောင်
စီတရပ်လုံးသည် ယေရှုအား သတ်နိုင်မည့်စွပ်
စွဲချက်များကို ကြိုးစားရှာဖွေနေကြ၏။ ယေရှု
သည် အမှားပြုလုပ်ခဲ့သည်ဟု မဟုတ်မမှန်
သက်သေခံမည့်လူတို့ကို ကြိုးစားရှာဖွေကြ၏။
60မမှန်သောသက်သေခံအများသည် ယေရှုအ
ကြောင်း မမှန်မကန် လာရောက်ပြောဆိုကြ၏။
သို့သော်လည်း ထိုကောင်စီသည် ယေရှုအား
သတ်နိုင်မည့်သက်သေတစ်ခုကိုမျှ မတွေ့ကြ။
ထို့နောက် လူနှစ်ယောက်တို့သည် ရှေ့ထွက်
လာပြီးလျှင် 61"ဤသူက၊ 'ငါသည် ဘုရားသခင်
၏ဗိမာန်တော်ကို ဖျက်ဆီး၍၊ သုံးရက်အတွင်း
၌ ပြန်ဆောက်နိုင်သည်'" ဟုသက်သေခံ ကြ၏။
62ထိုအခါ ယဇ်ပုရောဟိတ်မင်းက ထိုင်
ရာမှထ၍ ယေရှုအား "ဤလူတို့သည် သင့်ကို
ဆန့်ကျင်၍ ထွက်ချက်ပေးနေကြပြီ။ သူတို့၏စွဲ
ချက်များကို ပြန်လည်တုံ့ပြန်ရန် ပြောစရာတစ်
စုံတစ်ရာရှိသလော။ သူတို့စွပ်စွဲချက်သည် မှန်
သလောဟုမေး၏။ 63သို့သော်လည်း ယေရှု
သည် တစ်စုံတခုမျှ တုံ့ပြန်တော်မမူ။
တဖန် ယဇ်ပုရောဟိတ်မင်းက "ယခုအချိန်
တွင် သင်သည် အသက်ရှင်တော်မူသောဘုရား
သခင်၏နာမတော်၌ ကျမ်းကျိန်ခဲ့ပြီ။ ငါတို့ကို
ပြောပြပါ၊ သင်သည် ဘုရားသခင်၏သားတော်
ဖြစ်တော်မူသောခရစ်တော်ဟုတ်သလော" ဟု
မေး၏။
64ယေရှုက "ဟုတ်ပါ၏။ ငါသည် ခရစ်
တော်မှန်၏။ ဘုရားသခင်၏သားတော်လည်း
ဖြစ်၏။ သို့သော်လည်း ငါဆိုသည်ကား၊ နောင်
ကာလ၌ လူသားသည် ဘုရားသခင်၏ညာ
ဘက်ဘေး၌ ထိုင်လျက် မိုးတိမ်စီး၍ ကြွလာ
တော်မူသည်ကို သင်တို့မြင်ရလိမ့်မည်" ဟုမိန့်
တော်မူ၏။

65ဤစကားကို ယဇ်ပုရောဟိတ်မင်းကြား
လိုက်သောအခါ အလွန်ဒေါသထွက်၍ မိမိအ
ဝတ်ကို ဆုတ်ဖြဲလျက် "ဤသူသည် ဘုရားသခင်
ကို ဆန့်ကျင်၍ ပြောဆိုပြီ။ ငါတို့တွင် အဘယ်
သက်သေမျှ မလိုတော့ပါ။ သူသည် ဘုရား
သခင်ကိုဆန့်ကျင်၍ ပြောသွားသည်ကို သင်တို့
အားလုံးကြားကြ၏။ 66သင်တို့သည် အဘယ်သို့
ထင်မှတ်ကြသနည်း ဟုမေးလေ၏။
"ယုဒလူတို့က သူ၌အပြစ်ရှိ၏။ သူသေထိုက်
သည်" ဟု ဖြေကြ၏။
67ထို့နောက် လူတို့သည် ယေရှု၏မျက်နှာ
ကို တံတွေးနှင့်ထွေးကြ၏၊ လက်သီးနှင့်ထိုးကြ
၏။ အခြားသူတို့က ယေရှု၏ပါးကို လက်နှင့်ပုတ်
ကြ၏။ 68သူတို့က "သင်သည် ခရစ်တော်ဖြစ်
လျှင် ကိုယ်တော်ကို အဘယ်သူပုတ်သည်ကို ငါ
တို့အား ပရောဖက်ပြု၍ ဟောတော်မူပါ" ဟု
ဆိုကြ၏။

## ပေတရုက ယေရှုအား သိကြောင်းပြောရန် ကြောက်ရွံ့ခြင်း

*(မာ၊ 14:66-72; လု၊ 22:56-62; ယော၊ 18:15-18, 25-27)*

69ပေတရုသည် ခြံဝင်းထဲတွင် ထိုင်နေစဉ်
သူ့ထံသို့ အစေခံမတစ်ယောက်ရောက်လာ၍
"သင်သည်လည်း ဂါလိလဲလူ ယေရှုနှင့်အတူနေ
ခဲ့သည်" ဟုပြောရာ၊
70ပေတရုကသူသည် ဘယ်သောအခါမျှ
ယေရှုနှင့်အတူ မနေခဲ့ကြောင်းပြော၏။ ထိုအ
ရပ်၌ ရှိသောလူတို့၏ရှေ့မှောက်တွင် ပြောခြင်း
ဖြစ်၏။ ပေတရုက 'သင်ပြောသောအကြောင်း
ကိုငါမသိပါ' ဟုပြော၍ ထိုခြံထဲမှ ထွက်လေ၏။
71နောက်ထပ် အစေခံမိန်းကလေးတစ်
ယောက်သည် သူ့ကို ခြံဝင်းပေါက်ဝတွင်တွေ့၏။
ထိုအစေခံမိန်းကလေးက ထိုနေရာရှိ လူများ
အား "ဤသူသည် နာဇရက်မြို့သား ယေရှုနှင့်
အတူ နေခဲ့သူဖြစ်သည်" ဟုပြောလေ၏။
72ပေတရုက "ငါသည် ဘုရားသခင်ကို တိုင်

တည်ပါ၏။ ငါသည် ဤသူကိုမသိ” ဟုပြော၍
ငြင်းဆိုပြန်၏။
73တစ်ခဏမျှ ကြာသောအခါ ထို နေရာ
တွင် ရပ်နေကြသောလူအချို့သည် ပေတရုထံ
သို့ ရောက်လာကြ၏။ သူတို့က “သင်သည်
လည်း ဤသူ၏တပည့်တစ်ယောက်ဖြစ်သည်
ကို ငါတို့သိ၏။ သင်၏စကားပြောပုံကို ကြည့်
လျှင်သိနိုင်၏” ဟုပြောကြ၏။
74ထိုအခါ ပေတရုက “ဤသူကို ငါလုံးဝ
မသိပါ” ဟုဘုရားသခင်ကို တိုင်တည်၍ ကျိန်
ဆိုလေ၏။ ထိုခဏခြင်းတွင် ကြက်တွန်လေ၏။
75ထိုအခါ ယေရှုက ‘ကြက်မတွန်မီ သင်သည်ငါ့
ကို မသိဘူးဟု သုံးကြိမ်တိုင်အောင် ငါ့ကို ငြင်း
ပယ်လိမ့်မည် ဟုမိန့်တော်မူသောစကားကို
ပေတရုသည် သတိရ၏။ ထိုအခါ ပေတရုသည်
ခြံပြင်သို့ ထွက်၍ ပြင်းစွာငိုကြွေးလေ၏။

## ယေရှုအား ပိလတ်မင်းထံသို့ ခေါ်ဆောင်သွားခြင်း

*(မာ၊ 15:1; လု၊ 23:1-2; ယော၊ 18:28-32)*

27 နောက်တစ်နေ့ နံနက်စောစောတွင်
ယဇ်ပုရောဟိတ်အကြီး အားလုံးတို့နှင့်
ခေါင်းဆောင်လူကြီးတို့သည် ယေရှုအား သတ်
ရန် ဆုံးဖြတ်ကြ၏။ 2သူတို့သည် ယေရှုကို ချည်
နှောင်၍ ရောမမြို့တော်ဝန်ပိလတ်မင်းလက်ဆီ
သို့ ခေါ်ဆောင်သွားကြ၏။

## ယုဒသည် မိမိကိုယ်ကိုသတ်သေခြင်း

*(တ၊ 1:18-19)*

3သူတို့သည် ယေရှုအား သတ်ရန် ဆုံးဖြတ်
ထားလိုက်ပြီဖြစ်ကြောင်း ယုဒသည် သိမြင်လာ
၏။ သူသည် ယေရှုအား ရန်သူများလက်သို့
အပ်နှံသောသူဖြစ်၏။ ယုဒသည် အဘယ်သို့ဖြစ်
ပျက်သည်ကို မြင်တွေ့သောအခါ သူလုပ်ခဲ့သော
အရာအတွက် အလွန်ဝမ်းနည်းကြေကွဲ၏။ ထို့
ကြောင့် သူယူခဲ့သောငွေပြားသုံးဆယ်ကို ယဇ်ပု
ရောဟိတ်အကြီးများနှင့် ယုဒလူ အကြီးအကဲတို့
အား ပြန်ပေး၏။ 4ယုဒက ‘အကျွန်ုပ်သည် အပြစ်
ကျူးလွန်မိပြီ။ အပြစ်ကင်းစင်သောလူတစ်
ယောက်ကို အသတ်ခံရစေခြင်းငှါ သင်တို့လက်
ထဲသို့ အပ်မိသည်’ ဟုပြောလေ၏။ ယုဒခေါင်း
ဆောင်တို့က ငါတို့ဂရုမစိုက်ပါ။ ဤအရာသည်
သင်၏ပြဿနာဖြစ်၏။ ငါတို့နှင့် မဆိုင်ပါ’ ဟု
ပြောကြ၏။
5ထိုအခါ ယုဒသည် ထိုငွေကို ဗိမာန်တော်
အတွင်း ပစ်ချခဲ့၏။ ထို့နောက် ထိုနေရာမှ ထွက်
ခွာသွားပြီး မိမိကိုယ်ကိုကိုယ် ကြိုးဆွဲချ၍ သတ်
သေလေ၏။
6ယဇ်ပုရောဟိတ်အကြီးတို့သည် ဗိမာန်
တော်အတွင်းမှ ငွေများကို ကောက်ယူကြပြီး
“ဤငွေသည် လူတစ်ယောက်သေဘို့အတွက်
ပေးထားသော ငွေဖြစ်သောကြောင့် ဗိမာန်
တော်ငွေထဲသို့ ထည့်သွင်းရန် ပညတ်တော်က
ခွင့်မပြု” ဟုပြောကြ၏။ 7ထို့ကြောင့် သူတို့သည်
ထိုငွေဖြင့် အိုးထိန်းသမား၏မြေဟုခေါ်သောမြေ
တစ်ကွက်ဝယ်ရန် ဆုံးဖြတ်ကြ၏။ ထိုမြေကွက်
သည် ယေရုရှလင်မြို့သို့ အလည်အပတ်လာ
စဉ် သေဆုံးသွားကြသောလူများကို မြှုပ်နှံ
သင်္ဂြိုဟ်ရန်နေရာဖြစ်၏။ 8ဤမြေ ကွက်ကို ယခု
ထက်တိုင် သွေးမြေကွက်ဟုခေါ်တွင်ကြ၏။ 9ဤ
နည်းအားဖြင့် ပရောဖက်ယေရမိက ဟော
သည်ကား၊

> ပရောဖက်က၊ “သူတို့ကငွေပြားသုံး
> ဆယ်ကို ယူ၏။ထိုအရာသည် သူ့အသက်
> က အဘယ်မျှလောက် တန်ဖိုးရှိသည် ကို
> ယုဒလူတို့၏ဆုံးဖြတ်ချက်ဖြစ်၏။ 10သူတို့
> သည် အိုးထိန်းသမားမြေကို ဝယ်ဖို့ရန်
> ထာဝရဘုရား ငါ့အား မိန့်တော်မူခဲ့သည့်
> အတိုင်းထိုငွေကို အသုံးပြုကြသည်”* ဟူ
> သောစကားသည် ထိုအခါ ပြည့်စုံခြင်းသို့
> ရောက်လေ၏။

---

**သူတို့က ... အသုံးပြုကြသည်။** ဇခရိ 32:6-9

## မြို့တော်ဝန်ပိလတ်မင်းက ယေရှုအား မေးခွန်းများမေးခြင်း

*(မာ၊ 15:2-5; လု၊ 23:3-5; ယော၊ 18:33-38)*

11ယေရှုသည် မြို့တော်ဝန်ပိလတ်မင်း၏ရှေ့
တွင် ရပ်တော်မူ၏။ ပိလတ်မင်းက ယေရှုအား
"သင်သည် ယုဒဘုရင်ဖြစ်သလော" ဟုမေးရာ၊
ယေရှုက "ဟုတ်ပါ၏။ ငါသည် ယုဒရှင်ဘုရင်
ဖြစ်သည်" ဟုဖြေတော်မူ၏။
12ယဇ်ပုရောဟိတ်အကြီးတို့နှင့် ယုဒလူအ
ကြီးအကဲတို့သည် သူ့အား အပြစ်တင်ကြသော
လည်း စကားတခွန်းကိုမျှ ပြန်တော်မမူ။
13ထို့ကြောင့် ပိလတ်မင်းက ယေရှုအား၊
"ဤလူတို့သည် သင့်တဘက်၌ စွပ်စွဲချက်အား
လုံးတင်နေသည်ကို သင်မကြားသလော" ဟု
မေးလေ၏။
14သို့ရာတွင် ယေရှုက ပိလတ်မင်းကို စကား
တစ်ခွန်းမျှ ပြန်ပြောတော်မမူချေ။ ထို့ကြောင့်
ပိလတ်မင်းသည် အလွန်အံ့သြလေ၏။

## ပိလတ်မင်းက ယေရှုကို လွှတ်ရန်ကြိုးစားသော်လည်း မအောင်မြင်

*(မာ၊ 15:6-15; လု၊ 23:13-25; ယော၊ 18:39-19:16)*

15နှစ်စဉ်နှစ်တိုင်း ပသခါပွဲတော်အချိန်
ရောက်လျှင် မြို့တော်ဝန်သည် လူတို့ရွေးချယ်
သော အကျဉ်းသားတစ်ယောက်ယောက်ကို
လွှတ်ပေးလေ့ရှိ၏။ 16ထိုအချိန်တွင် ထောင်ထဲ
၌ အလွန်ဆိုးသည် ဟုကျော်စောသောသူတစ်
ယောက်ရှိ၏။ သူ၏အမည်မှာ ဗာရဗ္ဗဖြစ်၏။
17လူများအားလုံးသည် ပိလတ်မင်း၏အိမ်ရှေ့
တွင် စုရုံးကြ၏။ ပိလတ်မင်းက လူတို့အား "သင်
တို့အတွက် အကျဉ်းသားတစ်ယောက်ကို လွှတ်
ပေးမည်။ သင်တို့သည် အဘယ်သူကို လွှတ်စေ
ချင်သနည်း။ ဗရဗ္ဗကို လွှတ်ပေးစေချင်သ
လော။ ခရစ်ဟု ခေါ်ဝေါ်သော ယေရှုကို လွှတ်
စေချင်သလောဟု လူများတို့အား မေးလေ၏။
18ဤသို့ မေးရခြင်းအကြောင်းမှာ ထိုအသူတို့
သည် မနာလိုသောစိတ်နှင့် ယေရှုကို အပ်နှံ
ကြောင်းကို ပိလတ်မင်းသိ၏။
19ပိလတ်မင်းသည် တရားပလ္လင်ပေါ်မှာ
ထိုင်၍ ထိုအကြောင်းကို ပြောနေစဉ် သူ့ဇနီးက
သူ့ထံသို့ သတင်းတစ်ခုပို့လိုက်၏။ ထိုသတင်းထဲ
တွင် "ဤလူ၌ အဘယ်သို့မျှမပြုနှင့်။ သူ၌အပြစ်
မရှိပါ။ ယနေ့ပင် ကျွန်မသည် သူ့အကြောင်းကို
အိပ်မက်တွင် မက်၍ ထိုအရာသည် ကျွန်မကို
ဒုက္ခပေးသည်" ဟုပါရှိ၏။
20သို့သော်လည်း ယဇ်ပုရောဟိတ်အကြီး
တို့နှင့် ယုဒလူအကြီးအကဲသည် လူတို့အား
ဗာရဗ္ဗကို လွှတ်စေပြီး ယေရှုကို သတ်စေခြင်းငှါ
တောင်းဆို ကြခြင်းငှါ နှိုးဆော်ကြ၏။
21ပိလတ်မင်းက "ငါ့၌ ဗာရဗ္ဗနှင့် ယေရှုရှိ၏။
သင်တို့သည်အဘယ်သူကိုလွှတ်စေချင်သနည်း"
ဟုမေးရာလူများက "ဗာရဗ္ဗ" ဟုဖြေကြ၏။
22ပိလတ်မင်းက "သို့ဖြစ်လျှင် ငါသည် ခရစ်
တော်ဟု ခေါ်သောယေရှုကို အဘယ်သို့ပြုမည်
နည်း" ဟုမေးရာ "လူအစုအဝေးက သူသည်
လက်ဝါးကပ်တိုင်ပေါ်မှာ ရိုက်ထားခြင်းကို ခံပါ
စေ' ဟုလူများက ပြောကြ၏။
23ပိလတ်မင်းက "သင်တို့သည် အဘယ်
ကြောင့် သူ့ကို သတ်ရန် အလိုရှိသနည်း၊ သူ
သည် အဘယ်အပြစ်ကို ပြုသနည်း" ဟုမေး၏။
သို့သော်လည်း လူတို့က "သူ့ကို လက်ဝါးကပ်
တိုင်ပေါ်မှာ ရိုက်ထားခြင်း ကိုခံပါစေ" ဟုကျယ်
လောင်စွာအော်ဟစ်ကြ၏။
24ပိလတ်မင်းသည် လူတို့စိတ်ပြောင်းစေ
ခြင်းငှါ သူသည် အဘယ်အရာမျှမလုပ်နိုင်
ကြောင်း သိမြင်၏။ လူတို့သည် အလွန်ဒေါသ
ထွက်နေကြသည်ကိုလည်း တွေ့မြင်၏။ ထို့
ကြောင့် ပိလတ်မင်းသည် ရေအနည်းငယ်ယူ၍
လူတို့ ရှေ့မှောက်တွင် မိမိလက်ကို ဆေးလျှက်၊
"ဤ အပြစ်ကင်းသောသူ၏အသွေးနှင့် ငါသည်
ကင်းရှင်း၏"' ဟုပြောလေ၏။
25ထိုလူအပေါင်းတို့က၊ သူ၏အသွေးသည် ငါ
တို့၏ခေါင်းပေါ်၌ရှိစေ၊ ငါတို့သားမြေးတို့၏ခေါင်း
ပေါ်၌ရှိစေတည်ပါစေ" ဟုပြန်ပြောကြ၏။
26ထို့နောက် ပိလတ်မင်းက ဗာရဗ္ဗကို လွှတ်
လိုက်ပြီး ယေရှုအား ကြာပွတ်ဖြင့်ရိုက်ရန်စစ်

သားအချို့ကို မှာကြားခဲ့၏။ ထို့နောက် ပိလတ်
သည် ယေရှုကို လက်ဝါးကပ်တိုင်မှာ သတ်ရန်
စစ်သားတို့လက်သို့ အပ်လိုက်လေ၏။

## ပိလတ်မင်း၏စစ်သားတို့က ယေရှုကို ပြောင်လှောင်သရော်ကြခြင်း

*(မာ၊ 15:16-20; ယော၊ 19:2-3)*

27ထို့နောက် ပိလတ်၏စစ်သားအချို့တို့
သည် ယေရှုကို မြို့တော်ဝန်၏နန်းတော်အတွင်း
သို့ ခေါ်ဆောင်သွား၍ အစောင့်စစ်သားအား
လုံးတို့သည် ကိုယ်တော်၏ပတ်ဝန်းကျင်တွင်
စုရုံးစေကြ၏။ 28စစ်သားတို့သည် ယေရှု၏အ
ဝတ်ကို ချွတ်၍ နီမောင်းသောဝတ်လုံကို ခြုံစေ
ကြ၏။ 29ထို့နောက် စစ်သားတို့သည် ဆူးပင်နှင့်
ရက်သောဦးရစ်ကို ခေါင်းတော်၌ တင်ကြ၏။
တုတ်တစ်ချောင်းကိုလည်း လက်ျာတော်နှင့်
ကိုင်စေကြ၏။ ထို့နောက် ယေရှု၏ရှေ့တွင် ဦး
ညွှတ်လျက် ကျီစယ်လှောင်ပြောင်ကြ၏။ သူတို့
က 'ယုဒအရှင်ဘုရင်ကိုယ်တော်သည် မင်္ဂလာရှိ
ပါစေ' ဟုပြောကြ၏။ 30စစ်သားတို့သည် ယေရှု
ကို တံတွေးဖြင့် ထွေးကြ၏။ ကိုယ်တော်၏လက်
ထဲမှ တုတ်ကိုဆွဲယူကာ ဦးခေါင်းတော်ကို အ
ကြိမ်ပေါင်းများစွာ ရိုက်နှက်ကြ၏။ 31သူတို့သည်
ယေရှုကို ကျီစယ်ပြီးသောအခါ နီမောင်းသော
ဝတ်လုံနီကို ချွတ်လိုက်၍ သူ၏အဝတ်တော်ကို
ပြန်ဝတ်ပေးကြ၏။ ထို့နောက် သူတို့သည် ယေရှု
ကို လက်ဝါးကပ်တိုင်ပေါ်တွင် သတ်ခြင်းငှါ ခေါ်
ဆောင်လာကြလေ၏။

## ယေရှုလက်ဝါးကပ်တိုင်ပေါ်တွင် အသတ်ခံတော်မူခြင်း

*(မာ၊ 15:21-32; လု၊ 23:26-43; ယော၊ 19:17-27)*

32စစ်သားတို့သည် ယေရှုနှင့်အတူ မြို့ပြင်
သို့ ထွက်ရန်သွားကြ၏။ စစ်သားတို့သည် လမ်း
တွင် လူတစ်ယောက်ကို တွေ့၍ အတင်းအဓမ္မ
ဖြင့် ယေရှု၏လက်ဝါးကပ်တိုင်ကို ထမ်းစေကြ၏။
ထိုလူ၏အမည်မှာ ရှိမုန်ဖြစ်၏။ ရှိမုန်သည်
ကုရေနေမြို့သားဖြစ်၏။ 33ဤသို့ဖြင့် သူတို့သည်
ဂေါလဂေါသဟု ခေါ်သောနေရာသို့ ရောက်ရှိ
လာကြ၏။ ဂေါလဂေါသ၏အဓိပ္ပါယ်မှာ "ဦး
ခေါင်းခွံ၏နေရာ" ဟူ၍ဖြစ်၏။ 34ဂေါလဂေါသ
သို့ ရောက်သောအခါ စစ်သားတို့သည် ယေရှု
အား သောက်ရန်ဆေးခါးနှင့် ရောသောစပျစ်
ရည်ကို ပေး၏။ ယေရှုက အနည်းငယ်မျှ မြည်း
ကြည့်ပြီးနောက် သောက်ရန် ငြင်းဆန်လေ၏။
35စစ်သားတို့သည် ယေရှုကို လက်ဝါးကပ်တိုင်
မှာ သံဖြင့်ရိုက်၏။ ထို့နောက် သူတို့သည် အ
ဝတ်တော်ကို စာရေးတံချ၍ ဝေဖန်ကြ၏။ 36ထို
နောက် သူတို့သည် ထိုအရပ်၌ထိုင်၍ ယေရှု
အား စောင့်ကြည့်နေကြ၏။ 37စစ်သားတို့သည်
ယေရှု၏ဦးခေါင်းအထက်တွင် သူ့ကို စွဲချပ်ရေး
သားထားသော ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထား
၏။ ထိုဆိုင်းဘုတ်တွင် 'ဤသူသည် ယုဒရှင်
ဘုရင်ယေရှုဖြစ်သည်' ဟုရေးသားထား၏။
38ဓားပြနှစ်ယောက်တို့ကို ယေရှု၏လက်ျာ
တော်ဘက်၌တစ်ယောက်၊ လက်ဝဲတော်ဘက်
၌တစ်ယောက်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထား
ကြ၏။ 39ထိုအနီးတစ်ဝိုက်မှ ဖြတ်သွားသူတို့
သည် ယေရှုကို ရှုတ်ချပြောဆို ကြပြီးဦးခေါင်း
ခါယမ်းလျက်၊ 40'သင်က ဗိမာန်တော်ကို ဖျက်
ဆီးနိုင် ပြီးသုံးရက်အတွင်း ပြန်ဆောက်မည်ဟု
ပြော၏။ သို့ဖြစ်လျှင် ကိုယ်ကိုကိုယ် ကယ်တင်
လော့။ သင်သည် ဘုရားသခင်၏သားတော်
မှန်လျှင် လက်ဝါးကပ်တိုင်ပေါ်မှ ဆင်းလော့'
ဟုပြောကြလေ၏။
41ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာ
များနှင့် ယုဒခေါင်းဆောင်လူကြီးတို့လည်း ထို
နေရာအနီးတွင် ရှိကြ၏။ ထိုသူတို့သည်လည်း
အခြားလူတို့နည်းတူ ယေရှုအား ပြောင်လှောင်
ကြ၏။ 42သူတို့က "သူသည် သူတပါးတို့ကို
ကယ်တင်တတ်၏။ သို့သော်လည်း ကိုယ်ကို
ကိုယ် မကယ်တင်နိုင်ပါ။ သူသည် ဣသရေလ
တို့၏ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်ပေါ်မှ အခု
ချက်ချင်းဆင်းပါစေ။ သို့ဖြစ်လျှင် သူ့ကို ငါတို့
ယုံကြည်ကြမည်။ 43သူသည် ဘုရားသခင်ကို

ယုံကြည်၏။ ထို့ကြောင့် ဘုရားသခင်သည် သူ
၌ အမှန်ပင် အလိုတော်ရှိလျှင် ယခုပင် သူ့ကို
ကယ်တင်ရမည်။ သူက၊ ငါသည် ဘုရားသခင်
၏သားဖြစ်သည်ဟု ပြောခဲ့သည် မဟုတ်လော”
ဟုလှောင်ပြောင်ကြ၏။ [44]ထိုနည်းတူ ယေရှု၏
ဘေးနှစ်ဘက်ရှိ လက်ဝါးကပ်တိုင်တွင်ရှိသော
ဓားပြနှစ်ယောက်တို့သည်လည်း ယေရှုကို ကဲ့ရဲ့
အပြစ်တင်ကြ၏။

## ယေရှုသက်တော်စွန့်ခြင်း

*(မာ၊ 15:33-41; လု၊ 23:44-49; ယော၊ 19:28-30)*

[45]မွန်းတည့်အချိန်မှစ၍ သုံးနာရီတိုင်အောင်
မြေတပြင်လုံး၌ မှောင်မိုက်အတိဖြစ်လေ၏။
[46]ညနေသုံးနာရီအချိန်တွင် ယေရှုက ကျယ်
လောင်သောအသံဖြင့် “ဧလိ၊ ဧလိ၊ လာမာ
ရှာဗခသာနိ”ဟုအော်ဟစ်တော်မူ၏။ အဓိပ္ပါယ်
က “အကျွန်ုပ်၏ဘုရားသခင်၊ အကျွန်ုပ်၏ဘုရား
သခင် အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်
တော်မူသနည်း”* ဟုဖြစ်၏။
[47]ကိုယ်တော်၏အနီးတစ်ဝိုက်တွင် ရပ်နေ
သောသူအချို့တို့သည် ထိုစကားကို ကြားလျှင်
သူတို့က “သူသည် ဧလိယကို ခေါ်နေသည်”
ဟုပြောကြ၏။
[48]လူတစ်ယောက်သည် ချက်ချင်းပြေး၍
ရေမြှုပ်တစ်ခုယူလာ၏။ ထိုရေမြှုပ်ကို ရှာလ
ကာရည်ထဲတွင်နှစ်ထားပြီး ရေမြှုပ်ကို တုတ်တ
ချောင်းဖျားတွင် ချည်၍ ယေရှုအား သောက်
ရန် ပေးလေ၏။ [49]သို့သော်လည်း ကြွင်းသော
သူများက “ဧလိယသည် သူ့ကို ကယ်တင်ရန်
လာမည်မလာမည်ကို စောင့်ကြည့်ကြပါစို့” ဟု
ပြောကြ၏။
[50]ယေရှုသည် ကျယ်လောင်သောအသံနှင့်
တဖန် အော်ဟစ်တော်မူ၏။ ထို့နောက်သူသည်
အသက်တော်ကို စွန့်လေ၏။
[51]ယေရှုသေဆုံးတော်မူသောအခါ ဗိမာန်
တော်ထဲတွင် ရှိသောကန့်လန့်ကာသည် အ
ထက်မှအောက်သို့ နှစ်ခြမ်းကွဲသွားလေ၏။ မြေ
လျှင်လှုပ်၍ ကျောက်တုံးများ အက်ကွဲသွား
ကြ၏။ [52]သင်္ချိုင်းဂူတို့သည် ပွင့်သွားကာ သေ
ဆုံးခဲ့ပြီးသော ဘုရားသခင်၏လူတို့သည် ပြန်
လည်ရှင်ပြန် ထမြောက်လာကြ၏။ [53]ထိုလူတို့
သည် သင်္ချိုင်းဂူထဲမှ ထွက်လာကြ၏။ ယေရှု
သည် သေခြင်းမှ ရှင်ပြန်ထမြောက် ပြီးနောက်
သူတို့သည် သန့်ရှင်းသောမြို့ထဲသို့ ဝင်လာကြ
သည်ကို လူအများကမြင်တွေ့ကြ၏။
[54]ယေရှုကို စောင့်သောတပ်မှူးမှ စ၍ စစ်
သားတို့သည် မြေလျှင်လှုပ်ခြင်းစသည်တို့ကို
မြင်သောအခါ အလွန်ကြောက်လန့်၍ “သူသည်
ဘုရားသခင်၏သားတော်အမှန် ဖြစ်သည်”
ဟုပြောကြလေ၏။
[55]အမျိုးသမီးများစွာတို့သည် မတ်တပ်ရပ်
လျက် အဝေးမှစောင့်နေကြ၏။ သူတို့သည်
ဂါလိလဲမြို့မှ လာ၍ ယေရှုကို ပြုစုရန် လိုက်ပါ
လာခြင်းဖြစ်၏။ [56]ထိုအမျိုးသမီးများထဲတွင်
မာဂဒလမာရိ၊ ယာကုပ်နှင့် ယောသေတို့၏အမိ
ဖြစ်သောမာရိနှင့် ယာကုပ်၊ ယောဟန်တို့၏
အမိတို့လည်း ရှိနေကြ၏။

## ယေရှုအားမြှုပ်နှံခြင်း

*(မာ၊ 15:42-47; လု၊ 23:50-56; ယော၊ 19:38-42)*

[57]ထိုနေ့ညတွင် ယောသပ်အမည်ရှိသော
သူဌေးတစ်ယောက်သည် ယေရုရှလင်မြို့သို့
ရောက်ရှိလာ၏။ သူသည် အရိမသဲမြို့သား
ဖြစ်၍ ယေရှု၏တပည့်တော်တစ်ဦးလည်း ဖြစ်
လာ၏။ [58]သူသည် ပိလတ်မင်းထံသို့ သွား၍
ယေရှု၏အလောင်းတော်ကို တောင်းလေ၏။
ပိလတ်မင်းကယေရှု၏ အလောင်းတော်ကို
ယောသပ်အား ပေးရန် စစ်သားများကို အမိန့်
ပေး၏။ [59]ထိုအခါ ယောသပ်သည် ယေရှု၏အ
လောင်းတော်ကို ပိတ်ချောအဝတ်သစ်နှင့် ပတ်
လေ၏။ [60]ယောသပ်သည် ယေရှု၏အလောင်း
တော်ကို ကျောက်၌ ထွင်းသောမိမိ၏သင်္ချိုင်း
ဂူသစ်ထဲသို့ ထည့်ထား၏။ ထို့နောက်သူသည်
အလွန်ကြီးမားသော ကျောက်တုံးကြီးကို လိမ့်
ယူပြီးမှ သင်္ချိုင်းအဝင်ပေါက်ဝတွင် ပိတ်ထား

---

**အကျွန်ုပ်၏ဘုရား … တော်မူသနည်း** ဆာလံ 22:1

လေ၏။ ယောသပ်က ထိုကိစ္စများကို ပြု
လုပ်ပြီးစီးသွားသောအခါ ပြန်သွားလေ၏။
[61]မာဂဒလမာရိနှင့် မာရိဟုခေါ်သောအခြား
အမျိုးသမီးတစ်ဦးတို့သည် ထိုအရပ်၌ သင်္ချိုင်း
ရှေ့မှာ ထိုင်လျက်နေရစ်ကြ၏။

## ယေရှု၏သင်္ချိုင်းကိုစောင့်ခြင်း

[62]ထိုနေ့ကို အဘိတ်နေ့ဟုခေါ်၏။ နောက်
တစ်နေ့တွင် ယဇ်ပုရောဟိတ်အကြီးတို့နှင့်ဖာရိရှဲ
တို့သည် ပိလတ်မင်းထံသို့ သွားကြ၏။ [63]သူတို့
က "ဆရာ၊' ထိုလူလိမ်သည် အသက်ရှင်နေစဉ်
တွင် ငါသည် သုံးရက်မြောက်နေ့၌ သေခြင်းမှ
ထမြောက်လိမ့်မည်ဟု ပြောသည်ကို ငါတို့မှတ်
မိသည်" ဟုပြောကြ၏။ [64]ထို့ကြောင့် သုံးရက်
မြောက်သည့်တိုင်အောင် သင်္ချိုင်းကို ကောင်း
မွန်စွာ စောင့်ကြရန် အမိန့်ရှိတော်မူပါ။ သို့မ
ဟုတ်လျှင် သူ၏တပည့်တို့သည် လာ၍ အ
လောင်းကို ခိုးပြီးလျှင် ယေရှုသည် သေခြင်းမှ
ထမြောက်ပြီးဟု ပြောကြမည်။ ထိုအခါ၌
လိမ်လည်လှည့်စားမှုသည် ရှေ့က လိမ်လည်
ထက်ပို၍ ဆိုးသွားလိမ့်မည်" ဟုပြောကြ၏။
[65]ပိလတ်က သူတို့အား သင်တို့သည် "စစ်
သားတချို့ကို ခေါ်၍၊ သင်္ချိုင်းကို သင်တို့တတ်
နိုင်သမျှ အကောင်းဆုံး စောင့်ကြပ်ခိုင်းကြ"
ဟုပြောလေ၏။ [66]ထို့ကြောင့် သူတို့သည်
သင်္ချိုင်းသို့ သွားကြကာ၊ သူခိုးများဘေးမှ လုံ
ခြုံစေခြင်းငှါ စီစဉ်ပြုလုပ်ကြ၏။ သူတို့သည်
ဝင်ပေါက်ကျောက်တုံးကို ချိပ်တံဆိပ်ခတ်နှိပ်ပြီး
နောက်၊ ထိုနေရာတွင် စောင့်ကြပ်ရန် စစ်သား
များကို နေရာချထားကြ၏။

## ယေရှုသေခြင်းမှ ထမြောက်သောသတင်းများ

*(မာ၊ 16:1-8; လု၊ 24:1-12; ယော၊ 20:1-10)*

28 ဥပုသ်နေ့လွန်၍ ရက်သတ္တပတ်၏ပထမ
နေ့အရုဏ်တက်ချိန်တွင် မာရိမာဂဒလ
နှင့် အခြားမာရိအမည်ရှိ အမျိုးသမီးတို့သည်
သင်္ချိုင်းကို ကြည့်ရန် သွားကြ၏။
[2]ထိုအချိန်တွင် မြေငလျင် ပြင်းထန်စွာ လှုပ်
လေ၏။ ကောင်းကင်တမန်တစ်ဦးသည် မိုး
ကောင်းကင်မှ ဆင်းသက်လာ၏။ ကောင်းကင်
တမန်သည် သင်္ချိုင်းသို့လာ၍ သင်္ချိုင်းအဝင်ဝမှ
ကျောက်တုံးကို လှိမ့်လှန်ပြီးဖယ်ရှား လိုက်၏။
ထို့နောက် ကောင်းကင်တမန်သည် ကျောက်
တုံးပေါ်မှာ ထိုင်နေ၏။ [3]ကောင်းကင်တမန်
သည် လျှပ်စီးလက်သကဲ့သို့ တောက် ပနေလေ
၏။ သူဝတ်ဆင်ထားသော အဝတ်သည် နှင်း
ပွင့်ကဲ့သို့ဖြူ၏။ [4]သင်္ချိုင်းကို စောင့်သောစစ်
သားတို့သည် ကောင်းကင်တမန်ကို အလွန်
ကြောက်ရွံ့ကြ၏။ သူတို့သည် ကြောက်ရွံ့သဖြင့်
တုန်လှုပ်၍ လူသေကဲ့သို့ ဖြစ်လာကြ၏။
[5]ကောင်းကင်တမန်က အမျိုးသမီးတို့အား၊
"သင်တို့မကြောက်ကြနှင့်။ လက်ဝါးကပ်တိုင်
ပေါ်မှာ သတ်သောယေရှုကို သင်တို့လာရှာကြ
သည်ကို ငါသိ၏။ [6]သို့သော်လည်း ယေရှုသည်
ဤအရပ်၌မရှိ။ သူပြောထားသည့်အတိုင်း သေ
ခြင်းမှပြန်ထမြောက်ပြီ။ လာကြ၊ သခင်အ
လောင်းထားသည့်နေရာကို ကြည့်ကြလော့။
[7]အလျင်အမြန် ပြန်သွား၍ တပည့်တော်တို့
အား၊ 'ယေရှုသည် သေခြင်းမှ ထမြောက်ပြီ။
ယခုတွင် သူသည် သင်တို့ရှေ့ ဂါလိလဲပြည်သို့
ကြွသွားတော်မူ၏။ သင်တို့ထက် အရင်ရောက်
လိမ့်မည်။ ထိုအရပ်၌ သင်တို့သည်ကိုယ်တော်
ကို တွေ့မြင်ရကြလိမ့်မည်"' ဟုကောင်းကင်
တမန်ကပြောလေ၏။ [8]ထိုအမျိုးသမီးများသည်
သင်္ချိုင်းမှ အလျင်အမြန် ထွက်သွားကြ၏။ အ
မျိုးသမီးတို့သည် ကြောက်ရွံ့နေကြသော်လည်း
ပျော်ရွှင်ခြင်းနှင့် ပြည့်နေကြ၏။ သူတို့သည်
ထိုအရာများကို တပည့်တော်တို့အား ပြောပြ
ရန် ပြေးသွားကြလေ၏။ [9]ထိုသို့အမျိုးသမီးနှစ်
ဦးပြေးသွားစဉ်တွင် ယေရှုသည် သူတို့ရှေ့တွင်
ရပ်နေ၏။ ယေရှုက၊ "မင်္ဂလာ" ရှိစေတည်းဟု
နှုတ်ခွန်းဆက်လိုက်ရာ၊ အမျိုးသမီးတို့သည်
ယေရှုထံတော်သို့ လာကြ၏။ ယေရှု၏ခြေ
ထောက်ကိုဖက်၍ ကိုးကွယ်ကြ၏။ [10]ထိုအခါ
ယေရှုက၊ အမျိုးသမီးများအား 'ကြောက်လန့်

ခြင်း မရှိကြနှင့်။ ငါညီတို့သည် ဂါလိလဲမြို့သို့
သွားစေခြင်းငှါပြောကြ။ သူတို့သည် ငါ့ကိုထိုအ
ရပ်၌ မြင်တွေ့ရကြလိမ့်မည်’ ဟုမိန့်တော်မူ၏။

## ယုဒခေါင်းဆောင်တို့ထံသို့ သတင်းပေးခြင်း

11အမျိုးသမီးနှစ်ဦးတို့သည် တပည့်တော်တို့
အား ပြောပြရန် ထွက်သွားကြ၏။ ထိုအချိန်
မှာ သင်္ချိုင်းစောင့်စစ်သားများသည် မြို့ထဲသို့
ဝင်၍ ဖြစ်လေသမျှသောအချင်းအရာတို့ကို
ယဇ်ပုရောဟိတ်အကြီးအကဲတို့အား ပြောပြကြ
၏။ 12ထိုအခါ ယဇ်ပုရောဟိတ်အကြီးတို့သည်
ယုဒလူအကြီးအကဲများနှင့် တွေ့ဆုံ၍၊ အစီအ
စဉ်တစ်ခုပြုလုပ်ကြ၏။ သူတို့သည် စစ်သားတို့
အား လိမ်လည်ပြောဆိုရန် ငွေအမြောက်အ
မြားပေးကြ၏။ 13သူတို့သည် စစ်သားတို့အား၊
‘ယေရှု၏တပည့်တော်တို့သည် ညဥ့်အခါ လာ၍
ငါတို့အိပ်ပျော်နေစဉ်တွင် အလောင်းကို ခိုးသွား
ကြသည်ဟု လူတို့ကို ပြောပြကြလော့။ 14မြို့
တော်ဝန်သည် ဤအကြောင်းကို ကြားလျှင်
သင်တို့၌ဒုက္ခမဖြစ်စေခြင်းငှါသူနားလည်အောင်
ငါတို့လုပ်ပေးမည်” ဟုပြောကြ၏။ 15ထို့ကြောင့်
စစ်သားတို့သည် ငွေကိုယူ၍ ယဇ်ပုရောဟိတ်
များပြောသည့်အတိုင်း ပြုကြ၏။ စစ်သားတို့၏
စကားကို ယခုတိုင်အောင် ယုဒလူတို့သည် အနှံ့
အပြားပြောဆိုကြ၏။

## ယေရှုသည် မိမိတပည့်တော်များနှင့် စကားပြောပြခြင်း

*(မာ၊1 6:14-18; လု၊ 24:36-49; ယော၊ 20:19-23; တ၊ 1:6-8)*

16တပည့်တော် တစ်ဆယ့်တစ်ပါးသည်
ဂါလိလဲပြည်သို့ ထွက်သွားကြ၏။ သူတို့သည်
ယေရှု မှာထားတော်မူသောတောင်ကုန်း ပေါ်
သို့ တက်သွားကြ၏။ 17တောင်ကုန်းပေါ်တွင်
တပည့်တော်တို့သည် ယေရှုကို တွေ့ကြ၏။ သူ
တို့က ယေရှုကို ပြပ်ဝပ်ကိုးကွယ်ကြ၏။ သို့သော်
လည်း တပည့်တော်အချို့တို့သည် ယေရှုအစစ်
အမှန်ဖြစ်သည်ကို သံသယရှိကြ၏။ 18ထို့ကြောင့်
ယေရှုသည် သူတို့ထံသို့ သွား၍၊ “ကောင်းကင်
ဘုံ၌ရှင်း၊ မြေကြီးပေါ်၌ရှင်း၊ အ ခွင့်အာဏာ
အားလုံးတို့ကို ငါခံရပြီ။ 19ထို့ကြောင့် ကမ္ဘာ
တစ်ဝန်းလုံးသို့သွား၍ လူအားလုံးတို့ကို ငါ့တ
ပည့်ဖြစ်စေကြလော့။ သူတို့ကို ဗတ္တိဇံပေးသော
အခါ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော
ဝိညာဉ်တော်၏နာမတော်၌ပေးကြလော့။ 20ငါ
သည် သင်တို့အား ပေးသမျှသောပညတ်
တော်တို့ကို လိုက်နာခြင်းငှါ သူတို့အား သွန်
သင်ကြလော့။ ငါသည် သင်တို့နှင့်အတူ အစဉ်
ထာဝရရှိကြောင်းကို စွဲမှတ်ကြလော့။ ငါသည်
ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် သင်တို့နှင့်အတူ
ရှိသည်” ဟုတပည့်တော်တို့အား မိန့်တော်မူ၏။

# ရှင်မာကုခရစ်ဝင်

## ယေရှုကြွလာတော်မူခြင်း

*(မ၊ 3:1-12; လု၊ 3:1-9; 15-17; ယော၊ 1:19-28)*

1 ဤအရာသည် ပရောဖက် ဟေရှာယက
ရေးဦးစွာ ရေးသားသကဲ့သို့ ဘုရားသခင်
၏ သားတော်ယေရှုခရစ်၏ ဝမ်းမြောက်ဖွယ်
ရာသတင်းဖြစ်၏။
2 ဟေရှာယက၊

“နားထောင်ကြလော့။ ငါ့ကို ကူညီသော
သူကို သင့်ရှေ့၌ ငါစေလွှတ်မည်။ သူ
သည်သင့်အတွက် လမ်းကို ကြိုတင်ပြင်
ဆင်ပေးလိမ့်မည်။”

*မာလခိ 3:1*

3 “တော၌ အော်ဟစ်ကြွေးကြော်နေသော
သူ၏အသံမှာ ‘ထာဝရဘုရားအတွက်
လမ်းကို ပြင်ဆင်ပေးကြလော့၊ သူ့အ
တွက် လမ်းခရီးကို ဖြောင့်စေကြလော့’”
ဟူ၍ ရေးသားခဲ့၏။

*ဟေရှာယ 40:3*

4 ထို့ကြောင့် ဗတ္တိဇံဆရာယောဟန်သည်
လာ၍တော၌ လူများကို ဗတ္တိဇံပေး၏။ သူ
သည် သူတို့အား အသက်တာကို ပြောင်းလဲ
လာပြီး ဗတ္တိဇံခံယူရန် ပြောကြား၏။ ထိုသို့
ပြုလျှင် သူတို့၏အပြစ်များကို ခွင့်လွှတ်တော်
မူလိမ့်မည်။
5 ယုဒပြည်နယ်နှင့် ယေရုရှလင်မြို့မှ
လူအပေါင်းတို့သည် ယောဟန်ထံသို့ လာကြ
၏။ ထိုလူတို့သည် သူတို့ပြုခဲ့သောအပြစ် များ
ကို ဖော်ပြလျက် ယော်ဒန်မြစ်၌ ဗတ္တိဇံကိုခံ
ကြ၏။
6 ယောဟန်သည် ကုလားအုတ်မွေးဖြင့်
ရက်လုပ်သောအဝတ်ကို ဝတ်၍ ခါး၌သားရေ
ခါးပတ်ကို ပတ်ထား၏။ သူသည် ကျိုင်းကောင်
နှင့်တောပျားရည်ကို စားလျက်နေ၏။
7 ယောဟန်၏ တရားဟောချက်မှာ “ငါ့ထက်
သာ၍ မြင့်မြတ်သောလူတစ်ယောက်သည်
မကြာခင်လာမည်။ ထိုသူ၏ဖိနပ်ကြိုးကို ဒူး
ထောက်၍ ဖြည်ပေးရန် ငါမထိုက်။
8 ငါသည်
သင်တို့အားရေ၌ ဗတ္တိဇံကိုပေး၏။ သို့သော်
လည်း၊ ထိုသူသည် သန့်ရှင်းသောဝိညာဉ်
တော်*၌ သင်တို့ကို ဗတ္တိဇံပေးလိမ့်မည်”ဟု
ဟောပြော၏။

## ယေရှုဗတ္တိဇံခံယူတော်မူခြင်း

*(မ၊ 3:13-17; လု၊ 3:21-22)*

9 ထိုအချိန်တွင် ယေရှုသည် ဂါလိလဲပြည်ရှိ၊
နာဇရက်မြို့မှ ကြွလာ၍၊ ယောဟန်ရှိရာသို့
သွားတော်မူ၏။ ယောဟန်သည် ယေရှုအား
ယော်ဒန်မြစ်၌ ဗတ္တိဇံပေး၏။
10 ယေရှုသည် ရေ
ထဲမှထလာစဉ်၊ မိုးကောင်းကင် ပွင့်လှစ်ပြီး
သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့
သို့ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူသည်
ကို သူမြင်၏။
11 ကောင်းကင်မှအသံတော်လာ
၍ “ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်
သားဖြစ်၏” ဟုဆို၏။

---

**သန့်ရှင်းသောဝိညာဉ်တော်** ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ခရစ်တော်၏ဝိညာဉ်တော်ဟူ၍ရင်း ဥပဒေ္ဒသဆရာဟူရင်း ခေါ်လေ့ရှိ၏။ သူသည် ဘုရားသခင်နှင့် ခရစ်တော်နှင့်ပူးပေါင်းပြီး၊ ဤကမ္ဘာပေါ်ရှိ လူသားတို့ထဲတွင် ဘုရားသခင်၏အမှုတော်ကို လုပ်ဆောင်သည်။

## ယေရှုစုံစမ်းသွေးဆောင်ခြင်းခံရန် သွားတော်မူခြင်း

*(မ၊ 4:1-11; လု၊ 4:1-13)*

[12]ထိုနောက် သန့်ရှင်းသော ဝိညာဉ်တော်
သည် ယေရှုကို တောသို့ သွားစေတော်မူ၏။
[13]ယေရှုသည် တော၌ ရက်ပေါင်း လေးဆယ်
နေ၏။ ထိုနေရာတွင် သူသည် တောရိုင်းတိ
ရစ္ဆာန်များနှင့် အတူရှိတော်မူ၏။ ယေရှုသည်
တော၌ ရှိနေစဉ်၊ စာတန်၏စုံစမ်းသွေးဆောင်
ခြင်းကို ခံတော်မူ၏။ ထိုနောက်မှ ကောင်း
ကင်တမန်များ ရောက်လာ၍ ယေရှုအား ပြု
စုကြ၏။

## ယေရှုက တပည့်တော်အချို့ကို ရွေးချယ်တော်မူခြင်း

*(မ၊ 4:12-22; လု၊ 4:14-15, 5:1-11)*

[14]ထို့နောက်၊ ယောဟန်သည် ထောင်ချခံ
ရ၏။ ယေရှုသည် ဂါလိလဲပြည်သို့ သွား၍
ဘုရားသခင်ထံတော်မှ ဧဝံဂေလိတရားကို
ဟောတော်မူ၏။ [15]ယေရှုက၊ “အချိန်ပြည့်စုံပြီ၊
ဘုရားသခင်၏ နိုင်ငံတော် တည်လုနီးပြီ၊ သင်
တို့၏စိတ်နှလုံးနှင့် အသက်တာပြောင်းလဲ၍ ဧဝံ
ဂေလိတရားကို ယုံကြည်ကြလော့” ဟုမိန့်
တော်မူ၏။

[16]ယေရှုသည် ဂါလိလဲရေအိုင်နားမှာ ကြွ
တော်မူစဉ် ရှိမုန်နှင့် ရှိမုန်၏ညီ အန္ဒြေကို မြင်
တော်မူ၏။ သူတို့နှစ်ယောက်သည် တံငါသည်
ဖြစ်၍ ငါးဖမ်းရန် ရေအိုင်ထဲသို့ ပိုက်ကွန်ချနေ
ကြ၏။ [17]ယေရှုက သူတို့အား၊ “လာ၍ ငါ့
နောက်သို့ လိုက်ကြလော့။ သင်တို့သည် လူကို
များသော တံငါသည်များအဖြစ် ငါပြုမည်”
ဟုမိန့်တော်မူ၏။ [18]ထိုအခါ ရှိမုန်နှင့် အန္ဒြေတို့
သည် သူတို့၏ ပိုက်ကွန်ကို စွန့်ပစ်၍ နောက်
တော်သို့ လိုက်ကြ၏။

[19]ယေရှုသည် ဂါလိလဲရေအိုင် အနားမှာ
ကြွတော်မူစဉ် နောက်ထပ် ညီအစ်ကိုနှစ်
ယောက်ဇေဗေဒဲ၏ သားယာကုပ်နှင့်ယောဟန်
ကို မြင်တော်မူ၏။ သူတို့သည် လှေပေါ်မှာ၊
ငါးဖမ်းရန် ပိုက်ကွန်ပြင်နေကြ၏။ [20]သူတို့အဘ
ဇေဗေဒဲနှင့် ငှါးရမ်းထားသော အလုပ်သမားတို့
သည် ညီအစ်ကို နှစ်ယောက်နှင့် အတူလှေ
ပေါ်တွင် ရှိနေကြ၏။ ယေရှုကထို ညီအစ်ကိုနှစ်
ယောက်ကို တွေ့သောအခါ၊ သူတို့ကို ခေါ်
တော်မူ၏။ သူတို့သည် အဘကို ထားခဲ့၍
နောက်တော်သို့ လိုက်ကြ၏။

## ယေရှုက နတ်ဆိုးဝင်သော လူတစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(လု၊ 4:31-37)*

[21]ယေရှုနှင့် တပည့်တော်တို့သည်
ကပေရနောင်သို့ သွားကြ၏။ ဥပုသ်နေ့*တွင်
ယေရှုသည် တရားဇရပ်သို့ သွား၍ လူများကို
ဆုံးမဩဝါဒပေးတော်မူ၏။ [22]လူတို့သည်
ယေရှု၏ဆုံးမဩဝါဒပေးတော်မူခြင်းကို အလွန်
အံ့ဩကြ၏။ ယေရှုသည် ကျမ်းပြုဆရာများ
ဆုံးမဩဝါဒပေးသကဲ့သို့မပေးဘဲ အာဏာရှိသူ
ကဲ့သို့ ဆုံးဩဝါဒပေးတော်မူ၏။ [23]တရားဇရပ်
အတွင်း၌ ယေရှုရှိနေစဉ်၌ နတ်ဆိုးစွဲသော
သူတစ်ယောက်ရောက်လာ၏။ [24]သူက ကျယ်
လောင်စွာ အော်ဟစ်၍ “နာဇရက်မြို့သား
ယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့် အ
ဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်တို့ကို ဖျက်
ဆီးခြင်းငှါ လာသလော၊ ကိုယ်တော်သည် အ
ဘယ်သူ ဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ ကိုယ်
တော်သည် ဘုရားသခင်၏သန့်ရှင်းတော်မူ
သောသူဖြစ်ပါသည်” ဟုအော်ဟစ်၏။

[25]ယေရှုကလည်း “တိတ်ဆိတ်စွာနေလော့၊
ထိုသူ၏အထဲမှ ထွက်သွားလော့” ဟုမိန့်တော်
မူ၏။ [26]နတ်ဆိုးကြောင့် ထိုလူ၏တစ်ကိုယ်လုံး
တုန်နေ၏။ ထို့နောက်၊ နတ်ဆိုးသည် ကျယ်
လောင်သောအသံနှင့်အော်ဟစ်၍ ထိုလူထဲမှ
ထွက်သွား၏။

---

**ဥပုသ်နေ့** ယုဒလူမျိုးတို့၏ခုနစ်ရက်မြောက်သောနေ့၊ ဤ နေ့သည် ယုဒတို့အတွက် ဘာသာရေးနှင့်ဆိုင်သောအ ထူးနေ့ရက် ဖြစ်သည်။

27လူအပေါင်းတို့သည် အံ့အားသင့်သွားကြ
၏။ သူတို့က “ဤအရာသည် အဘယ်သို့နည်း။
သူ၏ဆုံးမသြဝါဒသည် အသစ်ဖြစ်၏။ သူသည်
အာဏာနှင့် ဆုံးမသြဝါဒပေး၏။ သူသည် ညစ်
ညူးသောနတ်ဆိုးတို့ကိုလည်း အမိန့်ပေးပြီး သူ
တို့သည် သူ့အမိန့်ကို နာခံကြ၏” ဟုအချင်းချင်း
မေးမြန်းပြောဆိုကြ၏။ 28ထို့ကြောင့် ယေရှု၏
သတင်းတော်သည် ဂါလိလဲပြည် အရပ်ရပ်၌
လျင်မြန်စွာ ပြန့်နှံ့သွားလေ၏။

## ယေရှုက လူအများကို ကျန်းမာ စေတော်မူခြင်း

*(မ၊ 8:14-17; လု၊ 4:38-41)*

29ယေရှုနှင့် တပည့်တော်တို့သည် တရား
ဇရပ်မှ ထွက်ခွာသွားကြ၏။ သူတို့အားလုံး
သည် ယာကုပ်၊ ယောဟန်တို့နှင့် အတူ၊ ရှိမုန်
နှင့် အန္ဒြေတို့အိမ်သို့ သွားကြ၏။ 30ရှိမုန်၏
ယောက္ခမသည် အသည်းအသန် ဖျားနာ၍
အိပ်ရာပေါ်တွင် အဖျားတက်နေ၏။ ထိုနေရာ၌
ရှိသောလူများက၊ သူမအကြောင်းကို ယေရှု
အား ပြောပြကြ၏။ 31ထို့ကြောင့် ယေရှုသည်
သူမ၏အိပ်ရာဘေးသို့ သွား၍၊ သူမ၏လက်ကို
ကိုင်ကာ၊ မတ်တတ်ရပ်ရန် ထူပေးတော်မူ၏။
ထိုခဏခြင်းတွင် သူမသည် အဖျားပျောက်၍
ယေရှုနှင့်တပည့်တော်တို့ကို ဧည့်ခံကျွေးမွေး
လေ၏။

32ထိုနေ့ နေဝင်ပြီးနောက်ပိုင်းတွင် ရောဂါ
ဝေဒနာအမျိုးမျိုးရှိသောသူနှင့် နတ်ဆိုးစွဲသော
သူ ရှိသမျှတို့ကို ယေရှုထံတော်သို့ ခေါ်ဆောင်
လာကြ၏။ 33တစ်မြို့လုံးသည် ထိုအိမ်တံခါးဝ
တွင် စုရုံးနေကြ၏။ 34ယေရှုက ရောဂါဝေဒနာ
အမျိုးမျိုး၊ခံစားနေသောသူများတို့ကို ကျန်း
မာစေတော်မူ၏။ သူသည် လူတို့ကို စွဲကပ်နေ
သောနတ်ဆိုးများတို့ကိုလည်း နှင်ထုတ်တော်
မူ၏။ သို့ရာတွင် ယေရှုသည် နတ်ဆိုးများအား
စကားပြောခွင့်ပြုတော်မမူ။ သူတို့က ကိုယ်
တော်သည်အဘယ်သူဖြစ်သည်ကို သိကြသော
ကြောင့်ဖြစ်၏။

## ယေရှုသည် ဝမ်းမြောက်စရာသတင်းဟော ပြောရန် ပြင်ဆင်တော်မူခြင်း

*(လု၊ 4:42-44)*

35နောက်တစ်နေ့နံနက်တွင် ယေရှုသည် အ
ဆင်သင့်ဖြစ်လျက် မှောင်နေဆဲမှာပင် အိမ်မှ
ထွက်သွားတော်မူ၏။ သူသည် ဆိတ်ကွယ်ရာ
အရပ်သို့ဆုတောင်းရန်သွားတော်မူ၏။ 36မကြာ
မီ ရှိမုန်နှင့်သူ၏အပေါင်းအဖော်တို့သည် ယေရှု
ကို လိုက်ရှာကြ၏။ 37သူတို့သည် ယေရှုကိုတွေ့
သောအခါ “လူအပေါင်းတို့သည် ကိုယ်တော်ကို
လိုက်ရှာနေကြပြီ” ဟုပြောကြ၏။

38ယေရှုကလည်း “ငါတို့သည် နီးစပ်သော
မြို့ရွာတို့၌ တရားဟောခြင်းငှါ သွားကြကုန်အံ့၊
ထိုသို့အလိုငှါ ငါကြွလာပြီ ဟုမိန့်တော်မူ၏။
39ထို့နောက် ယေရှုသည် ဂါလိလဲပြည်အရပ်ရပ်
သို့ ခရီးသွားတော်မူ၏။ သူသည် တရားဇရပ်
တို့၌ တရားဟောပြီး၊ လူများထဲမှ နတ်ဆိုးတို့
ကို လည်း နှင်ထုတ်လျက် နေတော်မူ၏။

## ယေရှုက ဝေဒနာသည်တစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(မ၊ 8:1-4; လု၊ 5:12-16)*

40နူနာစွဲသော သူတစ်ယောက်သည် ယေရှု
ထံတော်သို့ ရောက်လာ၏။ သူသည် ယေရှု
အား ဦးညွှတ်၍ “သခင်အလိုရှိလျှင်၊ အကျွန်ုပ်
ကို သန့်ရှင်းစေနိုင်တော်မူသည်” ဟုတောင်း
ပန်လေ၏။

41ယေရှုသည် ထိုသူကိုသနားမိ၏။ ထို့
ကြောင့် သူ့ကို လက်တော်ဖြင့်ထိ၍ “ငါအလိုရှိ
၏သန့်ရှင်းခြင်းသို့ရောက်စေ” ဟုမိန့်တော်မူ၏။
42ထို့နောက် သူ၏နူနာပျောက်၍ သန့်ရှင်းခြင်း
သို့ ရောက်လေ၏။

43ယေရှုကလည်း ပြင်းထန်စွာ သတိပေး
လျက် သူ့ကို လွှတ်တော်မူ၏။ 44“သင့်ကို ငါ
အဘယ်အရာလုပ်ပေးသည်ကို ဘယ်သူ့ကိုမျှ
မပြောနှင့်၊ သို့သော်လည်း၊ ယဇ်ပုရောဟိတ်
ထံသို့ သွား၍ ကိုယ်ကိုပြလော့။ ထို့နောက်သင့်

ဝေဒနာပျောက်ကင်းပြီဖြစ်သောကြောင့်ဘုရား
သခင်ကို မောရှေ၏ပညတ်ချက်*အတိုင်း ပူ
ဇော်သက္ကာပြုလော့၊ ဤလုပ်ဆောင်ချက်က
သင့်ဝေဒနာ ပျောက်ကင်းပြီ ဖြစ်ကြောင်း လူ
တို့အား ပြလိမ့်မည်” ဟုမိန့်တော်မူ၏။ 45ထိုသူ
သည် ထိုနေရာမှ ထွက်သွား၍၊ သူ၏ဝေဒနာ
ကို ယေရှုက အဘယ်သို့ ပျောက်ကင်းစေ
ကြောင်း လူတို့အား ပြောပြ၏။ ထို့ကြောင့်
ယေရှု၏သတင်းတော်သည် ပျံ့နှံ့သွား၏။ ဤအ
ကြောင်းကြောင့် ယေရှုသည် လူများက သူ့ကို
မြင်တွေ့နိုင်သည့်မြို့များနှင့်နေရာများတွင် မနေ
ဘဲ၊ လူဆိတ်ငြိမ်ရာအရပ်များတွင်သာနေတော်
မူ၏။ သို့ရာတွင် အရပ်ရပ်တို့မှလူတို့သည် ယေရှု
နေတော်မူသောနေရာ သို့ရောက်လာကြ၏။

## ယေရှုက ခြေလက်သေသူတစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(မ၊ 9:1-8; လု၊ 5:17-26)*

2 ရက်အနည်းငယ်မျှ ကြာသောအခါ၊ ယေရှု
သည် ကပေရနောင်မြို့သို့ ပြန်ရောက်
တော်မူ၏။ ယေရှုအိမ်ပြန်ရောက်ကြောင်း သ
တင်းတော်သည် ပျံ့နှံ့သွား၏။ 2များစွာသော
လူတို့သည် ယေရှု၏တရားဟောချက်ကို ကြား
နာရန် စုရုံးကြ၏။ ထိုအိမ်သည် လူများဖြင့်
ပြည့်နေ၏။ အိမ်တံခါးအပြင်ဘက်၌ မတ်တတ်
ရပ်ရန်ပင် နေရာမရှိ။ ထိုလူများကို ယေရှုက
ဟောပြောနေစဉ်၊ 3လူအချို့တို့သည် ခြေလက်
သေနေသောသူကို ယေရှုထံတော်သို့ သယ်
ဆောင်လာကြ၏။ ထိုဝေဒနာသည်ကို လူလေး
ယောက်က သယ်ဆောင်လာခြင်းဖြစ်၏။ 4သို့
ရာတွင် အိမ်ထဲ၌ လူများပြည့်နေသောကြောင့်၊
ယေရှုထံတော်သို့ မရောက်နိုင်ကြ။ ထို့နောက်
သူတို့သည် ယေရှုရှိရာအပေါ်မှ အမိုးကို
ဖောက်ထွင်းပြီးမှ ခြေလက်သေသောသူနှင့်တ
ကွအိပ်ရာခုတင်ကို ခေါင်မိုးအပေါက်မှ လျှော
ချကြ၏။ 5ယေရှုက သူတို့၏ကြီးမားသောယုံ
ကြည်ခြင်းကို မြင်တော်မူသောအခါ၊ ခြေလက်
သေနေသောလူနာအား၊ “လူငယ်၊ သင်၏အ
ပြစ်ကို လွှတ်စေပြီ” ဟုမိန့်တော်မူ၏။
6ထိုနေရာတစ်ဝိုက်တွင်၊ ကျမ်းပြုဆရာအ
ချို့လည်း ထိုင်နေကြ၏။ ယေရှုပြောသော
စကားကို သူတို့ကြားသောအခါ၊ 7“ဤသူသည်
အဘယ်ကြောင့် ဤသို့ ပြောရသနည်း။ သူ
သည် ဘုရားသခင်ကို ဆန့်ကျင်သောစကား
ပြော၏။ ဘုရားသခင်ကသာ အပြစ်ခွင့်လွှတ်
နိုင်၏” ဟုချင်းချင်း မေးမြန်းပြောဆိုကြ၏။
8ယေရှုသည် ဤကျမ်းပြုဆရာများက သူ့
အကြောင်းကို စိတ်ထဲမှာ အဘယ်သို့ ထင်
မှတ်နေသည်ကို သိတော်မူ၏။ ထို့ကြောင့် သူ
က သူတို့အား “သင်တို့စိတ်ထဲမှာ အဘယ်
ကြောင့် ဤအရာကို ထင်မှတ်ကြသနည်း။”
9-10ခြေလက်သေသောသူအား အဘယ်စကား
ကို သာ၍ ပြောလွယ်သနည်း‘ သင်၏အပြစ်
များကို ခွင့်လွှတ်ပြီ ’သို့မဟုတ်၊‘ သင်ထလော့၊
သင့်အိပ်ရာကို ဆောင်၍ လှမ်းသွားလော့’ ဟု
ပြောလွယ်သနည်း။ သို့ရာတွင် လူသားသည်
မြေကြီးပေါ်မှာ အပြစ်ခွင့်လွှတ်နိုင်သော အခွင့်
အာဏာရှိသည်ကို ငါသည် သင်တို့အား ပြ
သမည်” ဟုမိန့်တော်မူ၏။ ထို့နောက် ယေရှုက
ခြေလက်သေသူအား 11“သင့်ကို ငါပြောသည်
ကား၊ ထလော့၊ သင့်အိပ်ရာကို ဆောင်၍
အိမ်ပြန်လော့” ဟုမိန့်တော်မူ၏။ 12ခြေလက်
သေနေသူသည် မတ်တတ်ရပ်၍ သူ့အိပ်ရာကို
ဆောင်အခန်းထဲမှ ထွက်သွားလေ၏။ လူတို့
သည်လည်း သူ့ကို မြင်သောအခါ အံ့ဩကြ
လျက်၊ ဘုရားသခင်ကို ချီးမွမ်းကြ၏။ “ငါတို့
မြင်ရသမျှ ထဲမှ၊ ဤအရာသည် အံ့ဩစရာအ
ကောင်းဆုံးဖြစ်သည်” ဟုပြောကြ၏။

## လေဝိ(မဿဲ)က ယေရှုနောက်တော်သို့ လိုက်ခြင်း

*(မ၊ 9:9-13; လု၊ 5:27-32)*

13ယေရှုသည် အိုင်နားသို့ ကြွတော်မူ၍ လူ
အပေါင်းတို့သည် နောက်တော်သို့ လိုက်လာ

**မောရှေက၏ပညတ်ချက်** ဝတ်ပြု 14:1-32

ကြ၏။ ထိုအခါ ယေရှုသည် သူတို့အား ဆုံးမ
သြဝါဒပေးတော်မူ၏။ 14 ယေရှုသည် ရေအိုင်
နား၌ ကြွတော်မူစဉ်၊ လေဝိအမည်ရှိ အခွန်ခံ
သူ*ကို တွေ့တော်မူ၏။ သူသည် အာလဖဲ၏
သားဖြစ်၏။ လေဝိသည် အခွန်ရုံးခန်းထဲ၌ ထိုင်
နေ၏။ ယေရှုက သူ့ကို၊ “ငါ့နောက်သို့ လိုက်
လော့” ဟုမိန့်တော်မူ၏။
15 ထိုအခါ လေဝိသည် ထိုင်နေရာမှ ထ၍
နောက်တော်သို့ လိုက်လေ၏။ ထိုနောက်မှ
ယေရှုသည် လေဝိ၏အိမ်တွင်စားပွဲ၌ လျောင်း
တော်မူစဉ်ထိုအိမ်ထဲတွင် အခွန်ခံသူများနှင့်ဆိုး
သောသူများတို့သည် ကိုယ်တော်မှစသောတ
ပည့်တော်များနှင့် အတူစားသောက် နေကြ၏။
ယေရှုနောက်တော်သို့ လိုက်လာကြသောလူ
များစွာတို့သည်လည်း ထိုနေရာ၌ ရှိနေကြ၏။
16 ဖာရိရှဲများဖြစ်သော ကျမ်းပြုဆရာတို့သည်
ယေရှုက အခွန်ခံသူ၊ အခြားဆိုးသောသူ တို့နှင့်
အတူစားသောက်နေသည်ကို မြင်ကြ၏။ ထိုအ
ခါ သူတို့က “ယေရှုသည်၊ အခွန်ခံသူ၊ ဆိုးသော
သူတို့နှင့်အတူ အဘယ်ကြောင့် စားသောက်
သနည်း” ဟုတပည့်တော်တို့အား မေးကြ၏။
17 ထိုစကားကိုယေရှုကြားသောအခါ “ကျန်း
မာသောသူတို့သည် ဆေးသမားကို အလိုမရှိ
ကြ၊ ဖျားနာသောသူတို့သာလျှင် အလိုရှိကြ၏။
ကောင်းသောသူတို့ကို ခေါ်ခြင်းငှါ ငါလာသည်
မဟုတ်၊ ဆိုးသောသူတို့ကို ခေါ်ခြင်းငှါ ငါလာ
၏” ဟုမိန့်တော်မူ၏။

## ယေရှုသည် အခြားဘာသာရေးခေါင်းဆောင်များနှင့်မတူခြင်း

*(မ၊ 9:14-17; လု၊ 5:33-39)*

18 ထိုနေ့ရက်အချိန်ကာလ၌ ယောဟန်၏
တပည့်တို့နှင့် ဖာရိရှဲတို့သည် အစာရှောင်
တတ်ကြ၏။ လူအချို့တို့သည် ယေရှုထံတော်သို့
လာ၍ “ယောဟန်၏ တပည့်တို့နှင့် ဖာရိရှဲတို့
သည် အစာရှောင်ကြသည် ဖြစ်၍ အဘယ်
ကြောင့် ကိုယ်တော်၏ တပည့်တော်တို့သည်
အစာမရှောင်ဘဲ နေကြသနည်း” ဟုလျှောက်
ကြ၏။
19 ထိုအခါ ယေရှုကလည်း “မင်္ဂလာဆောင်
ပွဲတွင် သတို့သားသည် မိမိ၏အပေါင်းအသင်း
တို့နှင့် အတူရှိစဉ်တွင် သူတို့သည် ဝမ်းမနည်း
တတ်ကြ။ သူတို့သည် သူနှင့်ရှိစဉ်ကာလပတ်
လုံး အစာမရှောင်တတ်ကြ။ 20 သို့ရာတွင် သ
တို့သားကို သူတို့ထံမှ ယူသွားရသောအချိန်
ရောက်လာလိမ့်မည်။ ထိုအချိန်ကာလ၌ သူတို့
သည် အစာရှောင်ကြလိမ့်မည်။
21 “အဝတ်ဟောင်းကို အထည်သစ်နှင့် ဖာ
လေ့မရှိ။ ထိုသို့ဖာလျှင် ဖာသောအထည်သစ်
သည် အဝတ်ဟောင်းကိုစား၍ အပေါက်ကျယ်
တတ်၏။ 22 ထိုနည်းတူဟောင်းသောသားရေ
ဖူး၌ အသစ်သောစပျစ်ရည်ကို ထည့်လေ့မရှိ။
ထိုသို့ ထည့်လျှင်အသစ်သောစပျစ်ရည်သည်
ဟောင်းသောသားရေဖူးများကို ဆုတ်စွဲသဖြင့်
စပျစ်ရည်သည် ယို၍သားရေဖူးလည်း ပျက်စီး
လိမ့်မည်။ အသစ်သောစပျစ်ရည်ကို အသစ်
သောသားရေဖူး၌ ထည့်ရသည်” ဟုမိန့်တော်
မူ၏။

## အချို့ယုဒလူတို့က ယေရှုကို ဝေဖန်ကြခြင်း

*(မ၊ 12:1-8; လု၊ 6:1-5)*

23 ဥပုသ်နေ့၌ ယေရှုသည် ဂျုံစပါးလယ်
ကွက်အချို့တို့ကို ဖြတ်၍ လျှောက်သွားတော်မူ
၏။ ယေရှု၏တပည့်တော်တို့သည်လည်း သူနှင့်
အတူ လိုက်ပါသွားကြ၏။ တပည့်တော်တို့သည်
စပါးသီးနှံကို ဆွတ်၍ စားကြ၏။ 24 ဖာရိရှဲများ
က မြင်တွေ့သောအခါယေရှုအား၊ “သင့်တပည့်
တော်တို့သည် အဘယ်ကြောင့် ဤအရာမျိုးကို
လုပ်ကြသနည်း။ ဤလုပ်ဆောင်ချက်သည်
ယုဒလူတို့၏ပညတ်တရားကို ဆန့်ကျင်၏” ဟူ၍
ပြောရာ၊
25 ယေရှုက၊ “ဒါဝိဒ်သည် မိမိအပေါင်းအ
ဖော်တို့နှင့်တကွ ဆာမွတ်၍ မတတ်နိုင်သော

---

**အခွန်ခံသူ** ရောမအစိုးရက အခွန်ကောက်ရန် ငှါးရမ်းသောယုဒလူမျိုးများ၊ သူတို့သည် လိမ်ညာလှည့် ဖြား၍ တခြားယုဒလူမျိုးတို့က သူတို့ကို မုန်းတီးကြသည်။

အခါ ဒါဝိဒ်သည် အဘယ်သို့ ပြုလုပ်သည်ကို
သင်တို့တရံတခါမျှ မဖတ်ဘူးသလော။ **26**ယဇ်ပု
ရောဟိတ်မင်းအဗျာသာ လက်ထက်၌၊ ဒါဝိဒ်
သည် ဘုရားသခင်၏အိမ်တော်သို့ဝင်၍ ဘုရား
သခင်အတွက် ဆက်ကပ်ထားသောမုန့်ကို စား
၏။ မောရှေ၏ပညတ်တရားအရ ယဇ်ပုရော
ဟိတ်ကသာ ထိုမုန့်မျိုးကို စားသင့်၏။ သို့ရာ
တွင် ဒါဝိဒ်ကထိုမုန့်ကို မိမိအပေါင်းအဖော်များ
လည်း ပေးခဲ့သည်” ဟုပြောလေ၏။
**27**ထို့နောက် ယေရှုက ဖာရိရှဲများအား
“ဥပုသ်နေ့သည် လူများကို အကူအညီပေးရန်
ပြုလုပ်ထား၏။ လူများအတွက် ဥပုသ်နေ့ကို
လုပ်ထားခြင်းမဟုတ်၊ **28**သို့ဖြစ်၍ လူသား*
သည် ဥပုသ်နေ့၏အရှင်သခင်ဖြစ်၏” ဟုမိန့်
တော်မူ၏။

## ယေရှုက လက်တစ်ဘက်အကြောသေသူ တစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(မ၊ 12:9-14; လု၊ 6:6-11)*

**3** ယေရှုသည် နောက်တစ်ဖန် တရားဇရပ်*
သို့ ဝင်တော်မူ၏။ ထိုဇရပ်၌ လက်တစ်
ဘက် သေသောသူ တစ်ယောက်ရှိ၏။ **2**ယုဒ
အချို့သည် ယေရှုအား စွပ်စွဲပြောဆိုနိုင်ရန် အ
တွက်ဥပုသ်နေ့၌ ထိုလူနာကို ကျန်းမာစေမည်၊
မကျန်းမာစေမည်ကို မြင်ချင်ကြသော ကြောင့်
နီးကပ်စွာ ချောင်းကြည့်ကြ၏။ **3**ထိုအခါ ယေရှု
က လက်တစ်ဘက်သေသော သူအား၊ “ဤနေ
ရာ၌ မတ်တတ်ရပ်လော့၊ သို့မှသာလူအပေါင်း
တို့သည် သင့်ကို မြင်နိုင်လိမ့်ကြမည်” ဟုမိန့်
တော်မူပြီးနောက်၊ **4**ယေရှုကလည်း လူများ
အား “ဥပုသ်နေ့၌ အဘယ်သို့ပြုသင့် သနည်း၊
ကောင်း မှုပြုသင့်သလော၊ မကောင်းမှုပြုသင့်
သလော၊ အသက်ကို ကယ်အပ်သလော၊သတ်
အပ်သလော၊ အဘယ်အရာသည် မှန်သနည်း”
ဟုမေးတော်မူလျှင် ထိုသူတို့သည် ယေရှုကို
တစ်ခွန်းမျှ မပြောကြ။
**5**ယေရှုသည် လူများအား ပတ်လည်ကြည့်
ပြီး သူတို့၏ခေါင်းမာခြင်းကြောင့် ဒေါသထွက်
တော်မူ၏။ ယေရှုက လက်တစ်ဘက် သေနေ
သူအား၊ “သင့်လက်ကို ဆန့်လော့” ဟုမိန့်
တော်မူ၍ သူသည် သူ့လက်ကို ဆန့်လိုက်၏။
ထိုအခါ ထိုလက်သည် လက်တစ်ဘက်ကဲ့သို့
ပကတိဖြစ်လေ၏။ **6**ထိုအခါ ဖာရိရှဲတို့သည်
ထွက်ခွာသွား၍ ယေရှုကို သတ်ရန်၊ ဟေရုဒ်
တပည့်တို့နှင့်တိုင်ပင်၍ အစီအစဉ်ပြုလုပ်ကြ၏။

## လူအများက ယေရှုနောက်တော်သို့ လိုက်ကြခြင်း

**7**ယေရှုသည် တပည့်တော်တို့နှင့်အတူ အိုင်
နားသို့ ထွက်လာတော်မူ၍ ဂါလိလဲပြည်မှ လူ
အုပ်ကြီးသည် နောက်တော်သို့လိုက် လာကြ
၏။ **8**ယုဒပြည်၊ယေရုရှလင်မြို့၊ ဣဒုမဲ၊ ယော်ဒန်
မြစ်တစ်ဖက်ကမ်း၊ တုရုမြို့၊ ဇိဒုန်မြို့ စသောဒေ
သများမှ လူအပေါင်းတို့သည် ယေရှု ပြုတော်မူ
သမျှကို ကြားသောကြောင့်၊ အထံတော်သို့
လာကြ၏။ **9**ယေရှုသည် များပြားလှ သောလူ
အုပ်ကြီးကို မြင်တော်မူလျှင် သူ့အတွက် လိုအပ်
လျှင် အသင့်ရှိစေရန် လှေငယ်တစ်စင်းကို တ
ပည့်တော်တို့အား ရှာစေတော်မူ၏။ ယေရှု
သည် သူ့အတွက် လှေတစ်စင်း အသင့်ထား
တော်မူခြင်းမှာ၊ အလွန်တရာများ ပြားသော
လူများက သူ့ကို မတွန်းမထိုး ကြစေရန်ဖြစ်၏။
**10**ယေရှုသည် လူနာများစွာတို့ကို ကျန်းမာစေ
တော်မူ၏။ ထို့ကြောင့် ရောဂါအမျိုးမျိုးရှိ
သောလူအားလုံးသည် ကိုယ်တော်ကို တို့ထိရန်
တိုးဝင်လာကြ၏။ **11**အချို့လူများတွင် ညစ်ညူး
သောနတ်ပူးကပ်နေကြ၏။ ထိုညစ်ညူးသော
နတ်တို့သည် ယေရှုကို မြင်သောအခါ၊ ရှေ့

---

**လူသား** ယေရှုက မိမိအတွက် သုံးသောအမည်နာမ။ ဘုရားသခင်က မိမိလူမျိုးတို့ကို ကယ်တင်ရန် ရွေးနုတ်သောသူ၏အမည်မေရှိယ ဒံယေလ 7:13-14။

**တရားဇရပ်** တရားဇရပ်များသည် ယုဒတို့ဆုတောင်းသောနေရာများ၊ ကျမ်းစာများ လေ့လာသင်ကြားခြင်းနှင့်အခြားပရိသတ်တွေ့ဆုံစည်းဝေးသောနေရာများ ဖြစ်သည်။

တော်၌ ပြပ်ဝပ်ကြ၍ "အရှင်သည် ဘုရားသခင်
၏သားတော်ဖြစ်တော်မူသည်" ဟုအော် ဟစ်
ပြောဆိုကြ၏။ 12သို့ရာတွင် ယေရှုက သူမည်
သူ ဖြစ်ကြောင်းကို လူအများအား မပြောရန်
ညစ်ညူးသောနတ်များအား ကြပ်တည်းစွာ အ
မိန့်ပေးတော်မူ၏။

## ယေရှုက တမန်တော်ဆယ့်နှစ်ပါးကို ရွေးချယ်တော်မူခြင်း

*(မ၊ 10:1-4; လု၊ 6:12-16)*

13ထို့နောက် ယေရှုသည် တောင်ပေါ်သို့
တက်၍ အလိုရှိသောသူတို့ကို ခေါ်တော်မူ၍
သူတို့သည် ယေရှုနှင့်အတူ တောင်ပေါ်သို့လိုက်
ခဲ့ကြ၏။ 14ယေရှုသည် လူယောက်ျားဆယ့်နှစ်
ယောက်ကို ရွေးချယ်ပြီးနောက် သူတို့ကို တမန်
တော်များဟူ၍ ခေါ်ဝေါ်သတ်မှတ်တော်မူ၏။
ယေရှုသည် ထိုလူဆယ့်နှစ်ယောက်တို့ကို သူနှင့်
အတူရှိရန် အလိုတော်ရှိ၏။ ထို့နောက် သူသည်
အခြားအရပ်တို့၌ တရားဟောရန် သူတို့ကိုစေ
လွှတ်ရန်အလို တော်ရှိ၏။ 15ထို့ပြင် ယေရှုသည်
ထိုသူတို့အား နတ်ဆိုးတို့ကို နှင်ထုတ်နိုင်သော
အခွင့်ပေးရန် အလိုတော်ရှိ၏။ 16ယေရှုရွေး
ချယ်တော်မူသောထိုသူဆယ့်နှစ်ပါးတို့၏အမည်
များမှာ ပေတရုဟု ယေရှုမှည့် တော်မူသော
ရှိမုန်၊ 17ဗေနေရဂက်ဟု ယေရှုမှည့်တော်မူ
သောဇေဗေဒဲ၏သားများ ဖြစ်ကြသည့်ယာကုပ်
နှင့်ယောဟန်၊ ဗောနေရဂက် (အဓိပ္ပါယ်မှာမိုး
ကြိုး၏သားများဟု ဆိုလို၏)။ 18အန္ဒြေ၊ ဖိလိပ္ပု၊
ဗာသောလမဲ၊ မဿဲ၊ သောမ၊ အာလဖဲ၏
သား ယာကုပ်၊ သဒ္ဒဲ၊ ကာနနိတ်လူ ရှိမုန်နှင့်
19ယုဒရှကာရုတ်တို့ ဖြစ်ကြ၏။ ယုဒသည် ယေရှု
အား ရန်သူများလက်သို့ အပ်နှံသောသူဖြစ်၏။

## တချို့က ယေရှုထဲတွင်ညစ်ညူးသောနတ် တစ်ယောက်ရှိသည် ဟုပြောဆိုခြင်း

*(မ၊ 12:22-32; လု၊ 11:14-23, 12:10)*

20ထို့နောက် ယေရှုသည် အိမ်သို့ပြန်လာ
တော်မူ၏။ သို့ရာတွင် လူများတို့သည် သူရှိ
တော်မူရာနေရာ၌ စုဝေးလာကြ၏။ လူများ
ပြားလွန်းသောကြောင့် ယေရှုနှင့် တပည့်တော်
တို့သည် အစာပင်မစားနိုင်ကြ။ 21ယေရှု၏မိ
သားစုသည် ထိုအဖြစ်အပျက်များအားလုံးကို
ကြားခဲ့ကြ၏။ သူအရူးဖြစ်သည်ဟု လူအများက
ပြောကြသောကြောင့် သူတို့သည် ယေရှုကို
ဖမ်းချုပ်ရန် ထွက်သွားကြ၏။
22ထို့နောက် ယေရုရှလင်မြို့မှလာသော
ကျမ်းပြုဆရာတို့က၊ "ဗေလဇေဗုလသည် သူ
အထဲမှာ ရှိနေ၏။ သူသည် နတ်ဆိုးတို့ကို လူ
တို့မှ နှင်ထုတ်ရန်အတွက် နတ်ဆိုးမင်း၏တန်ခိုး
ကို အသုံးပြု၏" ဟုဆိုကြ၏။
23ထို့ကြောင့် ယေရှုသည် သူတို့ကို အတူ
တကွ ခေါ်၍ ဥပမာအားဖြင့် မိန့်တော်မူလျက်၊
"အဘယ်သို့ စာတန်သည် မိမိငယ်သားတို့ကို
နှင်ထုတ်ရန်ဖြစ်နိုင်မည်နည်း။" 24နိုင်ငံတော်
တစ်ခုအတွင်းမှာ လူတို့သည် အချင်းချင်းတိုက်
ခိုက်ပြီး ကွဲနေကြလျှင် မတည်တံ့နိုင်၊ 25မိသား
စုတစ်စုအတွင်းမှာ အချင်းချင်းဆန့်ကျင်ကွဲပြား
နေကြလျှင် ထိုမိသားစုသည် ဘယ်အခါမှ
မအောင်မြင်နိုင်။ 26စာတန်သည် မိမိကိုယ်ကို
ကိုယ် ဆန့်ကျင်ပြီး မိမိငယ်သားတို့ကို တိုက်
ခိုက်နေလျှင် သူသည် ဆက်လက်တိုးတက်နိုင်
မည်မဟုတ်၊ ဤအရာသည် သူ၏အဆုံးသတ်
ခြင်းဖြစ်လိမ့်မည်။ 27လူတစ်ယောက်သည် သန်
စွမ်းသောသူ၏အိမ်သို့ဝင်၍ သူ၏ပစ္စည်းများ
ကို ခိုးယူလိုလျှင် ရှေးဦးစွာသန်စွမ်းသူကို ကြိုး
နှင့်တုပ်ချည်ပြီးမှသာလျှင် သူသည် အိမ်ထဲက
ပစ္စည်းကို ခိုးယူနိုင်မည်။ 28ငါအမှန်ဆိုသည်
ကား၊ ပြစ်မှားသောအပြစ် အမျိုးမျိုးနှင့် ဘုရား
ကို ကဲ့ရဲ့ပြောဆိုခြင်းများကို ခွင့်လွှတ်နိုင်တော်
မူ၏။ 29သို့ရာတွင် အဘယ်သူမဆို သန့်ရှင်း
သောဝိညာဉ်တော်ကို ကဲ့ရဲ့ပြောဆိုလျှင် ဘယ်
သောအခါမျှ ခွင့်လွှတ်မည်မဟုတ်၊ အမြဲတမ်း
အပြစ်ရှိနေလိမ့်မည်ဟု မိန့်တော်မူ၏။
30ယေရှုသည် ထိုသို့မိန့်တော်မူရခြင်းမှာ
ကျမ်းပြုဆရာတို့က၊ ယေရှုအတွင်း၌ ညစ်ညူး

သောနတ် ရှိနေသည် ဟုပြောကြသောကြောင့်
ဖြစ်၏။

## ယေရှု၏တပည့်တော်တို့သည်သူ၏ မိသားစုအမှန် ဖြစ်ကြ၏

*(မ၊ 12:46-50; လု၊ 8:19-21)*

31ထိုနောက် ယေရှု၏မယ်တော်နှင့် ညီ
တော်များရောက်လာကြ၏။ သူတို့သည် အ
ပြင်၌ ရပ်နေလျက် ယေရှုအားအပြင်သို့ ထွက်
ပြီး သူတို့နှင့် တွေ့ဆုံရန် တစုံတယောက်သော
သူကို စေလွှတ်၍ ခေါ်ကြ၏။ 32ယေရှု၏ပတ်
လည်တွင်လူများထိုင်နေကြ၏။သူတို့က၊“ကိုယ်
တော်၏မယ်တော်နှင့် ညီတော်တို့သည် ကိုယ်
တော့်ကို အပြင်၌ စောင့်နေကြသည်” ဟုပြော
ကြ၏။ 33ယေရှုက၊ “ငါ့အမိ၊ ငါ့ညီကားအဘယ်
သူနည်း” ဟုမေးတော်မူ၍၊ 34ယေရှုသည် မိမိ
ပတ်လည်၌ ထိုင်နေသူများကို ကြည့်ကာ “ဤ
နေရာ၌ ရှိသောလူတို့သည် ငါ့အမိ၊ ငါ့ညီများ
ဖြစ်ကြ၏။ 35ဘုရားသခင်၏အလိုတော်အတိုင်း
ဆောင်ရွက်သူသည် ငါ့ညီ၊ငါ့နှမ၊ ငါ့အမိဖြစ်ကြ
သည်” ဟုမိန့်တော်မူ၏။

## မျိုးစေ့စိုက်သောယာသမားတစ် ယောက်အကြောင်း

*(မ၊ 13:1-9; လု၊ 8:4-8)*

4 နောက်တစ်ဖန် ယေရှုသည် အိုင်နားမှာ
ဆုံးမသြဝါဒ ပေးတော်မူစဉ်၊ များပြားလှ
သော လူအုပ်ကြီးသည် ယေရှု၏ပတ်ဝန်းကျင်၌
စုဝေးနေကြ၏။ ထို့ကြောင့် ယေရှုသည် လှေ
ထဲသို့ ဝင်၍ ထိုင်တော်မူ၏။ လူများတို့သည်
ကမ်းစပ်ကုန်းပေါ်မှာ ထိုင်နေကြ၏။ 2ယေရှု
သည် လှေထဲမှ ဥပမာအားဖြင့် များစွာသော
ဆုံးမသြဝါဒပေး၍ မြွက်ဆိုတော်တော်မူသည်
မှာ၊ 3“နားထောင်ကြလော့၊ ယာသမားတစ်
ယောက်သည် မျိုးစေ့ကိုကြဲခြင်းငှါ ထွက်သွား
၏။ 4သူသည် အစေ့ကိုကြဲစဉ်တွင် အချို့သော
အစေ့တို့သည် လမ်းပေါ်၌ ကျသဖြင့် ငှက်တို့
သည် လာ၍ ကောက်စားကြ၏။ 5အချို့သော
မျိုးစေ့တို့သည် ကျောက်ပေါ်များသောအရပ်၌
ကျသဖြင့် မြေတိမ်သောကြောင့် ချက်ချင်း
အပင်ပေါက်၏၊ 6သို့သော်လည်း၊ နေထွက်
သောအခါ ပူလောင်သည်ဖြစ်၍ အမြစ်မစွဲ
သောကြောင့် သေသွားကြ၏။ 7တချို့သော
အစေ့တို့သည် ဆူးပင်များထဲ၌ ကျ၏။ ဆူးပင်
တို့သည် ပေါက်ထွားလာ၍ မျိုးစေ့ပင်များကို
ကြီးထွားခြင်းမှ ညှဉ်းဆဲသောကြောင့် အသီးမ
သီးနိုင်ကြ၊ 8အချို့သောအစေ့တို့သည် ကောင်း
သောမြေပေါ်၌ကျသဖြင့် အပင်ပေါက်၍ ကြီး
ထွားလာပြီး အချို့သောအပင်တို့သည် အဆ
သုံးဆယ်၊ အချို့သောအပင်တို့သည် အဆ
ခြောက်ဆယ်၊ အချို့သောအပင်တို့သည် အဆ
တစ်ရာ ပွါးများ၍ အသီးသီးကြ၏။” 9“ကြားစ
ရာနားရှိသောသူမည်သည်ကား ကြားပါစေ”
ဟုမိန့်တော်မူ၏။

## ယေရှုက အဘယ်ကြောင့်ပုံဥပမာအသုံး ပြုသည် ကိုပြောပြတော်မူခြင်း

*(မ၊ 13:10-17; လု၊ 8:9-10)*

10ထို့နောက်မှ ယေရှုသည် လူများထံမှ
ထွက်သွားတော်မူ၏။ ထိုအခါ သူတစ်ဦးတည်း
ရှိနေစဉ် တမန်တော်ဆယ့်နှစ်ပါးနှင့် အခြား
တပည့်တော်တို့က ယေရှုအား၊ ဥပမာများ၏
ဆိုလိုချက်ကို မေးကြ၏။ 11ယေရှုက၊ “ဘုရား
သခင့်နိုင်ငံတော်၏ လျှို့ဝှက်ထားသော အမှန်
တရားကို သင်တို့၌သာလျှင် ပြောပြ၏။ သို့ရာ
တွင် တခြားလူများအတွက် အရာအားလုံးကို
ဥပမာအားဖြင့် ပြောရ၏။ 12ဤအရာကို ငါပြု
၏။ ထို့ကြောင့်

‘သူတို့ကြည့်ကြလိမ့်မည်၊ သို့သော်လည်း၊
အကယ်စင်စစ် ဘယ်သောအခါမျှ မြင်
နိုင်မည်မဟုတ်၊သူတို့နားထောင်ကြလိမ့်
မည်၊ သို့သော်လည်း၊ အကယ်စင်စစ်
ဘယ်သောအခါမျှ နားလည်နိုင်မည်
မဟုတ်။ ထိုသို့မဟုတ်လျှင် သူတို့သည်
ပြောင်းလဲပြီး၊အပြစ်လွှတ်ခြင်းရကြမည်”’
ဟုမိန့်တော်မူ၏။ *ဟေရှာယ၊ 6:9–10*

## ယေရှုက မျိုးစေ့အကြောင်းပုံဥပမာကို ရှင်းပြတော်မူခြင်း

*(မ၊ 13:18-23; လု၊ 8:11-15)*

13ထို့နောက် ယေရှုက သူတို့အား မိန့်တော်
မူရာတွင်၊ “ဤဥပမာကို သင်တို့နားမလည်
ကြလျှင်အခြားသော ဥပမာတစ်စုံတစ်ခုကို အ
ဘယ်သို့ နားလည်နိုင်မည်နည်း၊ 14ယာသမား
သည် လူများထဲ၌ ဘုရားသခင်၏တရားစကား
ကို ကြဲသောသူနှင့်တူ၏။ 15အချို့သောလူတို့
သည် လမ်းပေါ်၌ ကျသောမျိုးစေ့နှင့်တူ၏။ သူ
တို့သည် ဘုရားသခင်၏တရားစကားကို ကြား
သော်လည်း စာတန်က လာပြီး သူတို့၏စိတ်
နှလုံး၌ ကြဲထားသော တရားစကားကို ချက်
ချင်းနှုတ်ယူသွား၏။ 16အချို့သောလူတို့ သည်
ကျောက်ပေါ်သောအရပ်၌ ကျသောမျိုးစေ့နှင့်
တူ၏။ သူတို့သည် တရားစကားကို ကြား၍
ဝမ်းမြောက်သောစိတ်နှင့် ချက်ချင်းခံယူ၏။
17သို့ရာတွင် သူတို့သည် တရားစကားကို သူတို့
ထဲ၌ နက်ရှိုင်းစွာ ဝင်ခွင့်မပေးပါ။ သူတို့သည်
တရားစကားကို ခေတ္တခဏအတွက်သာ သိမ်း
ထား၏။ ဒုက္ခနှင့်ညှဉ်းပန်းနှိပ်စက်ခြင်းကို တရား
စကားကြောင့် ရောက်လာသောအခါ ချက်
ချင်းဖောက်ပြန်သွားကြ၏။ 18အချို့သောလူ တို့
သည် ဆူးပင်ထဲ၌ကျသောမျိုးစေ့နှင့်တူ၏။ သူ
တို့သည် ထာဝရဘုရား၏ တရားစကားတော်
ကို ကြားသော်လည်း၊ 19လောကီအမှု၌ စိုးရိမ်
ခြင်း၊ စည်းစိမ်ဥစ္စာ၏ လှည့်စားခြင်း၊ သူတို့၏
အသက်တာ၌ ဝင်လာသောအရာခပ်သိမ်းတို့
အတွက်သူတို့၏တပ်မက်ခြင်းတို့ကြောင့် တရား
စကားသည် ဆက်လက်ရှင်သန်ခြင်းမှ ဤအရာ
အားလုံးက ရပ်တန့်စေ၏။ ထို့ကြောင့် သူတို့အ
သက်တာ၌ အသီးမသီးနိုင်ကြ။ 20နောက်ဆုံး၌
အချို့သောလူတို့သည် ကောင်းသောမြေ၌ ကျ
သောမျိုးစေ့နှင့်တူ၏။ ဤလူများသည် တရား
စကားကို ကြား၍ လက်ခံကြ၏။ ထို့ကြောင့်
သူတို့သည် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊
အဆတစ်ရာပွါးများ၍ အသီးသီးတတ်သည်”
ဟုမိန့်တော်မူ၏။

## သင့်၌ရှိသမျှကို အသုံးပြုရမည်

*(လု၊ 8:16-18)*

21ထိုနောက် ယေရှုက သူတို့အား “သင်တို့
သည် မီးအိမ်ကို ယူလာပြီး ခွက်နှင့်အုပ်ထား
သလော၊ သို့မဟုတ် ခုတင်အောက်မှာ ထား
သလော၊ မီးအိမ်ကို မီးခုံတိုင်ပေါ်တင်ပြီး ထွန်း
ထား၏။ 22ဝှက်ထားလျှက် ရှိသမျှတို့သည်
ထုတ်ဖော်လိမ့်မည်၊ လျှို့ဝှက်ထားသမျှတို့
သည်လည်း ပွင့်လင်းလိမ့်မည်။ 23ကြားစရာ
နားရှိသောသူမည်သည်ကား ကြားပါစေ။
24“သင်တို့ကြားသမျှ အကြောင်းအရာများကို
သတိပြုကြလော့။ သင်ပေးကမ်းသည့်အတိုင်း
ဘုရားသခင်သည် သင့်ကို ပြန်ပေးကမ်းလိမ့်
မည်။ သို့ရာတွင်ဘုရားသခင်သည် သင်တို့ပေး
ကမ်းသည်ထက် ပိုမိုများပြားစွာ ပေးကမ်းလိမ့်
မည်။ 25ရှိသောသူကို ပို၍ပေးရပါလိမ့်မည်၊
သို့သော်လည်း အနည်းငယ်သာရှိသောသူ
သည်ရှိသမျှကိုပင် သူ့ထံမှ ယူသွားရလိမ့်မည်။”

## ယေရှုကမျိုးစေ့အကြောင်းပြောပြတော်မူခြင်း

26ထို့နောက် ယေရှုက “ဘုရားသခင်၏နိုင်ငံ
တော်သည် ယာခင်း၌ မျိုးစေ့ကြဲသောသူနှင့်တူ
၏။ 27မျိုးစေကြဲသူသည် အိပ်လျှက်၊ နိုးလျှက်
နေသော်လည်း မျိုးစေ့များသည် နေ့ညမပြတ်
အပင်ပေါက်၍ ကြီးပွါးနေ၏။ 28မြေကြီးသည်
မိမိအလို အလျှောက်အသီးကို သီးစေ၏။ ရှေး
ဦးစွာအပင်ပေါက်လာ၏။ထိုနောက်အညှောက်
ထွက်လာပြီး နောက်ဆုံး၌ ထိုအညှောက်ရှိ
သောနေရာ၌ မာသောအနှံထွက်လာ၏။ 29အ
သီးမှည့်သောအခါ ယာခင်းပိုင်ရှင်သည် အစေ့
များကို ရိတ်သိမ်းလိမ့်မည်ဟု မိန့်တော်မူ၏။

## နိုင်ငံတော်သည် မုန်ညှင်းစေ့နှင့်တူ၏

*(မ၊ 13:31-32, 34-35; လု၊ 13:18-19)*

30ထို့နောက် ယေရှုက “ဘုရားသခင်၏နိုင်ငံ
တော်ကိုအဘယ်ဥပမာနှင့် ခိုင်းနှိုင်းရမည်နည်း။
သင်တို့အား အဘယ်ဥပမာကို အသုံးပြု၍ ရှင်း
ပြရမည်နည်း။ 31ဘုရားသခင်၏နိုင်ငံတော်သည်

မုန်ညှင်းစေ့နှင့်တူ၏၊ မုန်ညှင်းစေ့သည် မြေ၌
သင်တို့စိုက်သမျှထဲမှာ အသေးငယ်ဆုံး မျိုးစေ့
ဖြစ်၏၊ 32သို့ရာတွင် သင်စိုက်သောအခါ ပေါက်
ထွက်လာပြီး သင်၏ဥယျာဉ်ထဲ၌ ရှိသမျှအပင်
များ၌ အကြီးဆုံးဖြစ်လာ၏။ အလွန်ကြီးထွား
သော အကိုင်းအခက်များလည်းရှိ၏။ ထိုအခါ
ငှက်များသည် ရောက်လာ၍ နေမှအကာအ
ကွယ်ပေးရန် အသိုက်များ ဆောက်ကြ၏” ဟု
မိန့်တော်မူ၏။ 33ယေရှုသည် ထိုသို့သောဥပမာ
များကို အသုံးပြု၍ လူတို့အား ဆုံးသြဝါဒပေး
တော်မူ၏။ သူသည် သူတို့အားလုံးနားလည်
နိုင်သည့်အတိုင်း သင်ကြားပေးတော်မူ၏။
34ယေရှုသည် လူအများကို ဆုံးသြဝါဒပေး
တော်မူသောအခါ၌လည်း ဥပမာများကို အစဉ်
သဖြင့် အသုံးပြုတော်မူ၏။ သို့ရာတွင် ယေရှု
နှင့်တပည့်တော်များသာရှိသောအခါ၊ ယေရှု
သည် အရာခပ်သိမ်းကို ရှင်းပြတော်မူ၏။

## ယေရှုက မုန်တိုင်းကို တားတော်မူခြင်း

*(မ၊ 8:23-27; လု၊ 8:22-25)*

35ထိုနေ့ည အချိန်၌ ယေရှုက တပည့်တော်
တို့ကို၊ သူနှင့်အတူ အိုင်၏တစ်ဖက်ကမ်းသို့ ကူး
ရန် ခေါ်တော်မူ၏။ 36တပည့်တော်များက၊ လူ
စုဝေးရာမှ ထွက်၍ ယေရှုဝင်ထိုင်နှင့်သော
လှေထဲသို့ဝင်ကြ၏။ လှေတချို့ကလည်း သူတို့
ကို လိုက်လာကြ၏။ 37ထိုအချိန်၌ ပြင်းထန်ဆိုး
ဝါးသောလေသည် ရေအိုင်ပေါ်တွင် တိုက်ခိုက်
လာလေ၏။ လှိုင်းလုံးကြီးများသည် လှေနံဘေး
ကို တိုက်ခတ်၍ လှေထဲသို့ဝင်လာကြ၏။ လှေ
ထဲ၌ ရေပြည့်လုနီးပါး ဖြစ်လာ၏။ 38ယေရှုက
လှေထဲ၌ ရှိတော်မူ၏။ သူသည် ခေါင်းအုံးပေါ်
မှာ ခေါင်းတင်လျက် အိပ်တော်မူ၏။ တပည့်
တော်တို့သည် သူထံတော်သို့ သွား၍နိုးကြ၏။
သူတို့က၊ “အရှင်၊ကျွန်ုပ်တို့ကို အရေးမထား
တော့သလော၊ အကျွန်ုပ်တို့ရေနစ်သေကြ
တော့မည်” ဟုပြောဆို၏။ 39ယေရှုသည် ထ၍
တိတ်ဆိတ်ငြိမ်ဝတ်စွာနေဟု လေနှင့်ရေလှိုင်း
ကိုအမိန့်ပေးတော်မူသဖြင့် လေသည် ရပ်တန့်
သွားပြီးရေပြင်သည် လုံးဝငြိမ်သက်သွားလေ
၏။ 40ထိုအခါ ယေရှုကမိမိတပည့်တော်တို့အား၊
“သင်တို့သည်အဘယ်ကြောင့် ဤမျှလောက်
ကြောက်တတ်ကြသနည်း၊ သင်တို့မှာ ယုံကြည်
ခြင်း မရှိကြသလော” ဟုမေးတော်မူ၏။ 41တ
ပည့်တော်တို့သည် အလွန်ကြောက်ရွံ့၍ “ဤ
သူသည် အဘယ်သို့သောသူနည်း၊ လေမုန်
တိုင်းနှင့် ရေလှိုင်းများကပင် သူ၏အမိန့်ကို နာ
ခံပါ၏” ဟုအချင်းချင်း ပြောဆိုကြ၏။

## ယေရှုက လူတစ်ယောက်ကို နတ်ဆိုးဝိညာဉ်မှ လွတ်မြောက်စေတော်မူခြင်း

*(မ၊ 8:28-34; လု၊ 8:26-39)*

5 ယေရှုနှင့် တပည့်တော်တို့သည် အိုင်ကို
ဖြတ်ကျော်၍၊ ဂါဒရပြည်သို့ ရောက်ကြ၏။
2လှေထဲမှ ယေရှုထွက်တော်မူစဉ်တွင်၊ သူ့ထံ
တော်သို့ လူတစ်ယောက် ရောက်လာ၏။ ထို
သူသည် သင်္ချိုင်းဂူမှ ထွက်လာ၏။ သူသည်
ညစ်ညူးသောနတ်စွဲသူဖြစ်၏။ 3ထိုသူသည်
သင်္ချိုင်းဂူများ၌ နေတတ်၏။ သူ့ကို သံကြိုးနှင့်
ပင် အဘယ်သူမျှ ချည်၍မရနိုင်။ 4လူတို့သည်
အကြိမ်ပေါင်းများစွာ သူ၏ခြေလက်များကို သံ
ကြိုးဖြင့်ချည်နှောင်ခဲ့ကြ၏။ သို့ရာတွင် သူသည်
သံကြိုးကို ဖြတ်ချိုးတတ်၏။ ထို့ကြောင့် သူ့ကို
အဘယ်သူကမျှ မထိန်းနိုင်။ 5သူသည် နေ့ညမ
ပြတ် သင်္ချိုင်းတစပြင်နှင့် တောင်ကုန်းပေါ်သို့
လျှောက်ပတ်နေတတ်၏။ ထိုသူသည် တစ်ခါ
တစ်ရံအော်ဟစ်၍ ကိုယ်ကိုကျောက်များဖြင့်
အရေစုတ်ပြဲသွားသည့်အထိထုရှလေ့ရှိတတ်၏။
6ထိုသူသည် ယေရှုကို အဝေးက လှမ်းမြင်
သောအခါအထံတော်သို့ ပြေးလာ၍ရှေ့မှောက်
တော်၌ ပြပ်ဝပ်၏။ 7-8ယေရှုက ထိုသူအား၊
“အသင်ဝိညာဉ်ဆိုး၊ ဤလူမှထွက် သွားလော့”
ဟုမိန့်တော်မူ၏။ ထိုလူက ကျယ်လောင်စွာ
အော်ဟစ်၍၊ “အမြင့်ဆုံးသောဘုရားသခင်၏
သားတော်ယေရှု၊ အကျွန်ုပ်ကို အဘယ်သို့ လုပ်
လိုသနည်း၊ အကျွန်ုပ်ကို မညှင်းဆဲရန်ဘုရား
သခင်ကို သစ္စာဆိုပါ” 9ဟုတောင်းဆိုရာ၊ယေရှု

က ထိုသူအား၊ “သင်သည် အဘယ်အမည်ရှိသ
နည်း” ဟုမေးတော်မူ၏။ ထိုသူက “အကျွန်ုပ်အ
မည်သည် လေဂေါင်* ဖြစ်ပါ၏။ အကျွန်ုပ်ထဲ
မှာ ဝိညာဉ်ဆိုးအများကြီး ရှိပါ၏” ဟုပြော၏။
[10]ထိုလူထဲရှိဝိညာဉ်ဆိုးတို့က သူတို့ကို ဤ
နယ်မြေမှ မနှင်ထုတ်ရန်၊ ယေရှုအား အကြိမ်
ကြိမ် တောင်းပန်လေ၏။ [11]ထိုနေရာနှင့် မနီးမ
ဝေးသော တောင်ကုန်းပေါ်၌ ဝက်အစုသည်
ကျက်စားလျက်ရှိ၏။ [12]ဝိညာဉ်ဆိုးတို့က ယေရှု
အား “အကျွန်ုပ်တို့ကို ထိုဝက်ထဲသို့ စေလွှတ်
တော်မူပါ။ ထိုဝက်တို့အထဲသို့ ဝင်ခွင့်ပြုတော်
မူပါ” ဟုတောင်းပန်ကြ၏။ [13]ယေရှုသည် သူတို့
အား အခွင့်ပေးတော်မူ၏။ ဝိညာဉ်ဆိုးတို့သည်
ထိုလူ ထဲမှထွက်၍ ဝက်ထဲသို့ ဝင်သဖြင့် ဝက်အ
စုရှိသမျှ အိုင်ကမ်းစောက်ကို တဟုန်ထိုးပြေး
ဆင်း၍ အိုင်ထဲသို့ ကျသွားကြ၏။ ဝက်အစု
အားလုံးသည် ရေနစ်၍ သေဆုံးသွားကြ၏။
ထိုဝက်စုသည်အရေအတွက်အားဖြင့်နှစ်ထောင်
ခန့်ရှိ၏။ [14]ဝက်ကျောင်းသောသူတို့သည် ထို
နေရာမှ ပြေးသွားကာ၊ မြို့တွင်းနှင့် လယ်ကွင်း
သို့ သွားကြပြီးနောက်၊ ဖြစ်ပျက်ပုံအလုံးစုံကို၊
လူအပေါင်းတို့အား ပြောပြကြ၏။ လူများတို့
သည် အဘယ်သို့ဖြစ်သည်ကို ကြည့်ရှုရန် ထွက်
လာကြ၏။ [15]သူတို့သည် ယေရှုရှိတော်မူရာသို့
ရောက်လာကြ၏။ သူတို့သည် နတ်ဆိုးစွဲသော
သူသည် အဝတ်ကိုဝတ်၍ ထိုင်နေသည်ကို မြင်
ကြ၏။ ထိုသူသည် စိတ်မှုမှန်နေလေ၏။ အဘယ်
သို့ဖြစ်သည်ကို လာကြည့်ကြသူများသည်
ကြောက်ရွံ့နေကြ၏။ [16]လူအချို့တို့သည် ယေရှု
က ပြုလုပ်ခဲ့သောအရာခပ်သိမ်းကို တွေ့မြင်
ကြ၏။ သိမြင်သောသူတို့သည် သူတို့မြင်ခဲ့သော
အရာကို အခြားသူတို့အားပြန် ပြောကြ၏။ ထို့
ပြင် ဝက်များအကြောင်းကိုလည်း သူတို့က
ပြောကြ၏။ [17]ထိုအခါ လူတို့က ယေရှုအား သူ
တို့နယ်မြေမှ ထွက်ခွာသွားတော်မူရန် တောင်း
ပန်ကြ၏။ [18]ယေရှုသည် လှေထဲသို့ဝင်တော်မူ
စဉ်၊ နတ်ဆိုးများလက်မှ လွတ်မြောက် ခြင်းခံ
သူက ယေရှုနှင့်အတူလိုက် ပါခွင့်ပြုရန် တောင်း
ပန်လေ၏။
[19]သို့ရာတွင် ယေရှုသည် အခွင့်ပေးတော်
မမူ။ ယေရှုက ထိုသူအား၊ “သင့်လူတို့ရှိရာအိမ်
သို့ ပြန်သွားလော့။ သခင်ဘုရားက သင့်အပေါ်
၌ ပြုခဲ့သမျှနှင့် သနားကြင်နာခြင်း ပေးတော်မူ
သည်ကို ပြောပြလော့” ဟုမှာ၍မိန့်တော်မူ၏။
[20]ထို့ကြောင့် ထိုသူသည် ယေရှုထံတော်မှ
ထွက်ခွာသွား၍၊ သူ့အတွက် ယေရှုက ပြုလုပ်
ပေးခဲ့သည့် မြင့်မြတ်သောအကြောင်းအရာ
များကို၊ ဒေကာပေါလိပြည်ရှိ မြို့အားလုံးတွင်
လူအများအား ပြောပြလေ၏။ လူအပေါင်းတို့
သည် အံ့သြကြ၏။

## ယေရှုကသေသောမိန်းကလေးကိုထမြောက် စေတော်မူခြင်းနှင့်ရောဂါသည် အမျိုးသမီးကို ကျန်းမာစေတော်မူခြင်း

*(မ၊ 9:18-26; လု၊ 8:40-56)*

[21]ယေရှုသည် လှေထဲသို့ ပြန်ဝင်၍၊ ကမ်း
တစ်ဘက်သို့ကူးတော်မူ၏။ အိုင်နားမှာရှိတော်
မူစဉ်၊ များစွာသောလူတို့သည် အထံတော်၌
စုဝေးကြ၏။ [22]ထိုအခါ ယာကုရုအမည် ရှိသော
တရားဇရပ်မှူးသည် လာ၍ ယေရှု၏ခြေတော်
ရင်း၌ပြပ်ဝပ်လျက်၊ [23]“အရှင်၊ အကျွန်ုပ်၏သမီး
ငယ်သေလုဆဲဖြစ်နေပြီ၊ ကျေးဇူးပြု၍ ကြွလာ
ပြီး အကျွန်ုပ်၏သမီးငယ်ကို အရှင့်လက်ဖြင့် တို့
ထိတော်မူပါ။ သို့ဖြစ်လျှင် သမီးငယ်သည် အ
သက်ရှင်ပါလိမ့်မည်”ဟုထပ်ခါတလဲလဲတောင်း
ပန်၏။ [24]ထိုအခါယေရှုသည် ယာကုရုနှင့် လိုက်
သွားတော်မူ၏။ ယေရှု၏နောက်တော်သို့ လူ
အုပ်ကြီးက လိုက်လာကြ၏။ သူတို့သည် ယေရှု
နှင့် နီးကပ်စွာတိုးဝှေ့လိုက်ပါလာကြခြင်းဖြစ်၏။
[25]လူအုပ်ကြီးထဲ၌ အမျိုးသမီးတစ်ဦးလည်း
ပါလာ၏။ ထိုအမျိုးသမီးသည် လွန်ခဲ့သောတစ်
ဆယ့်နှစ်နှစ်ကတည်းက သွေးသွန်ရောဂါဖြစ်
လာခဲ့၏။ [26]သူမသည် ဝေဒနာအသည်း အသန်
ခံစားနေရ၏။ ဆေးသမားများက သူမကို ကြိုး

**လေဂေါင်** ဤနာမည်၏အဓိပ္ပါယ်မှာ “အလွန်များပြား
သော”ဤလေဂေါင်သည် ရောမစစ်သားထဲမှ လူ 5000
လောက်ဖြစ်သည်။

စားကုသပေးကြ၏။ သူမ၌ရှိသမျှ ငွေကို အသုံး
ပြုခဲ့ရ၏။သို့ရာတွင်သူမသည် တိုးတက်ကောင်း
မွန်လာခြင်းမရှိ။ သူမ၏ဝေဒနာသည် ပို၍ဆိုး
ရွားလာ၏။ [27]ထိုအမျိုးသမီးသည် ယေရှု၏
သတင်းတော်ကိုကြားရ၏။ထိုကြောင့်သူမသည်
လူအုပ်ကြီးကို ဖြတ်၍ ယေရှုနောက်တော်သို့
လိုက်ပြီး သူ၏အဝတ်တော်ကို တို့ထိ၏။ [28]အ
မျိုးသမီးက၊ "ငါသည် အဝတ်တော်ကိုသာ ထိ
လျှင် ငါ၏ဝေဒနာပျောက်ကင်းပါလိမ့်မည်" ဟု
ထင်မှတ်၏။ [29]အမျိုးသမီးသည် ယေရှုအဝတ်
တော်ကို တို့ထိလိုက်မိသည်နှင့် တစ်ပြိုင်နက်
သူမ၏သွေးသွန်ခြင်းက ချက်ချင်းရပ်တန့် သွား
၏။ သူမ၏ခန္ဓာကိုယ်၌ ခံစားနေရသောဝေဒနာ
များအားလုံးသည် ပျောက်ကင်းပြီဟု မိမိကိုယ်
၌ခံစားလေ၏။ [30]ထိုကဲ့သို့ ဖြစ်ပြီးနောက် ယေရှု
သည် မိမိထံမှတန်ခိုးထွက် သွားသည်ကို သိ
တော်မူ၏။ ထိုကြောင့်သူသည်ရပ်တန့်၍လှည့်
ကြည့်တော်မူ၏။

[31]ထို့နောက် သူက၊ "ငါ့အဝတ်ကို အဘယ်
သူက တို့သနည်း" ဟုမေးတော်မူရာ၊ တပည့်
တော်တို့က၊ သခင် "လူအစုအဝေးသည် ကိုယ်
တော်အား တို့ထိကြ၏။ သို့ရာတွင် ကိုယ်တော်
က ငါ့အဝတ်ကိုအဘယ်သူက တို့သနည်း" ဟု
မေးတော်မူ၏။ [32]ယေရှုကလည်း သူ့အဝတ်တို့
သောသူကို ဆက်လက်၍ ကြည့်ရှုတော်မူ၏။
[33]အမျိုးသမီးသည် သူမ၏ရောဂါဝေဒနာ
ပျောက်ကင်းချမ်းသာ သွားကြောင်းသိ၏။ ထို့
ကြောင့် သူမသည် ယေရှု၏အထံတော်သို့ လာ
ပြီးလျှင် သူ၏ခြေတော်ရင်း၌ ပြပ်ဝပ်လိုက်၏။
သူမ၏တစ်ကိုယ်လုံးသည် ကြောက်ရွံ့တုန်လှုပ်
နေ၏။ သူမက ယေရှုအား အဖြစ်အပျက်အလုံး
စုံပြောပြ၏။ [34]ယေရှုက၊ "ငါ့သမီး၊ သင်၏ယုံ
ကြည်ခြင်းသည် သင်အနာကို ငြိမ်းစေပြီ၊ ငြိမ်း
ချမ်းစွာ သွားလော့၊ သင်ခံစားရသောဝေဒနာ
မှလွတ်ပြီ" ဟူ၍ မိန့်တော်မူ၏။

[35]ထိုသို့မိန့်တော်မူစဉ်တွင်၊ ဇရပ်မှူးယာဣရု
၏အိမ်မှ လူအချို့ရောက်လာ၍ ဇရပ်မှူး
ယာဣရုအား၊ "သင့်သမီးသေသွားပြီ၊ ဆရာကို
ခေါ်ရန်မလိုတော့ပါ" ဟူ၍ပြောကြ၏။ [36]သို့ရာ
တွင်ယေရှုသည် ထိုစကားကို ဂရုမစိုက်ဘဲ
ယာဣရုအား "မစိုးရိမ်နှင့်၊ ယုံကြည်ခြင်းစိတ်
တစ်ခုသာရှိစေလော့" ဟုမိန့်တော်မူ၏။

[37]ယေရှုသည်ပေတရု၊ယာကုပ်နှင့် ယာကုပ်
၏ညီဖြစ်သူ ယောဟန်တို့ကိုသာ သူနှင့်အတူ
ခေါ်သွားတော်မူ၏။ [38]ယေရှုနှင့် တပည့်တော်
တို့သည် တရားဇရပ်မှူးယာဣရု၏ အိမ်သို့
ရောက် သွားကြသောအခါ၊ ထိုအိမ်တွင် ယေရှု
သည် ကျယ်လောင်စွာ ငိုကြွေးမြည်တမ်းနေကြ
လူများကို မြင်တော်မူ၏။ [39]ယေရှုသည် အိမ်
တွင်းသို့ ဝင်သွား၍၊ ထိုသူတို့အား၊ "အဘယ်
ကြောင့် ငိုကြွေး၍ဆူညံနေကြသနည်း။ ကလေး
သေသည်မဟုတ် အိပ်ပျော်သည်ဟု" မိန့်တော်
မူ၏။ [40]သို့ရာတွင် သူတို့သည် ယေရှုအားပြက်
ရယ်ပြုကြ၏။ ယေရှုသည် လူအပေါင်းတို့အား
အိမ်ထဲမှ ထွက်စေတော်မူပြီး ကလေးရှိရာအ
ခန်းထဲသို့ ဝင်သွားတော်မူ၏။ သူသည် ကလေး
၏ဖခင်၊ မိခင်တို့နှင့်အတူ၊ သူနှင့်ရှိသောတပည့်
တော်တို့ကို တစ်ပါးတည်း ခေါ်ဆောင်သွား
တော်မူ၏။ [41]ထို့နောက် ယေရှု သည်သူငယ်မ
၏လက်ကိုကိုင်၍၊ "တလိသကုမိ" ဟုမိန့်တော်
မူ၏။ "မိန်းမငယ်၊ ထလော့၊ ငါဆိုသည်"
ဟူ၍ဆိုလို၏။ [42]မိန်းမငယ်သည် ချက်ချင်းပင်
ထ၍ လမ်းလျှောက်သွားလေ၏။ ထိုမိန်းမငယ်
သည် အသက်တစ်ဆယ့်နှစ်နှစ်ရှိ၏။ မိန်းမငယ်
၏ဖခင်၊ မိခင်နှင့်တပည့်တော်သုံးဦးတို့သည် အံ့
သြသွားကြ၏။ [43]ယေရှုက မိန်းမငယ်၏ဖခင်
နှင့်မိခင်တို့ကို၊ ထိုအကြောင်းနှင့် ပတ်သက်၍
မည်သူ့ကိုမှ မပြောရန် တင်းကျပ်စွာ မိန့်တော်
မူ၏။ ထို့နောက် ယေရှုက မိန်းမငယ်ကို စား
စရာပေးလော့ဟုမိန့်တော်မူ၏။

## ယေရှုက မိမိဇာတိမြို့သို့ ကြွတော်မူခြင်း

*(မ၊ 13:53-58; လု၊ 4:16-30)*

6 ယေရှုသည် ထိုနေရာမှ ထွက်ခွာ၍ မိမိမြို့
သို့ ရောက်တော်မူ၏။ သူ၏တပည့်တော်
တို့သည် သူနှင့်အတူ လိုက်ပါကြ၏။

2ဥပုသ်နေ့၌ ယေရှုသည် တရားဇရပ်တွင်
ဆုံးမဩဝါဒများပေးတော်မူ၏။ ယေရှု၏ဩဝါဒ
ကို ကြားရသော လူများစွာတို့သည် အံ့ဩနေ
ကြ၏။ သူတို့က "ဤသူသည် ဤဆုံးမဩဝါဒ
များကို အဘယ်မှာ ရသနည်း၊ ဤ ပညာကို
အဘယ်မှာ ရသနည်း၊ ဤသူသည် ထူးဆန်း
သောနိမိတ်လက္ခဏာ လုပ်နိုင်သော တန်ခိုးကို
အဘယ်မှာ ရသနည်း။ 3သူသည် လက်သမား
သား မဟုတ်လော၊ မာရိသား မဟုတ်လော။
ယာကုပ်၊ ယောသေ၊ ယုဒနှင့် ရှိမုန်တို့၏အစ်ကို
မဟုတ်လော၊ သူညီ မများလည်း ငါတို့အနား
ပတ်ဝန်းကျင်၌ နေကြသည် မဟုတ်လော" ဟု
ပြောကြ၏။ သူတို့သည် ယေရှုကို လက်မခံကြ။
4ယေရှုက လူများအား၊ "အခြားလူတို့သည်
ပရောဖက်ကို ဂုဏ်ပြုချီးမြှောက်ကြ၏၊ သို့ရာ
တွင် ထိုပရောဖက်ကို မိမိဇာတိမြို့၊ မိမိဆွေ
မျိုးများနှင့် မိမိမိသားစု၌ အသရေမရှိ" ဟုမိန့်
တော်မူ၏။ 5ဤအရာများကြောင့် ယေရှုသည်
လူနာအချို့တို့ အပေါ်မှာ လက်တော်ကို တင်၍
အနာကို ငြိမ်းစေခြင်းမှတပါး အဘယ်ထူးဆန်း
သော နိမိတ်လက္ခဏာကိုမျှ ထိုမြို့၌ ပြတော်မ
မူနိုင်။ 6ထိုသူတို့၌ ယုံကြည်မှု မရှိကြသော
ကြောင့်ယေရှုအံ့ဩတော်မူ၏။ထို့နောက်ယေရှု
သည် ထိုနယ်မြေအတွင်းရှိ၊ အခြားကျေး ရွာ
များသို့ သွား၍ ဆုံးမဩဝါဒ ပေးတော်မူ၏။

## ယေရှုသည် မိမိတပည့်တော်တို့ကို သာသနာနယ်မြေသို့ စေလွှတ်တော်မူခြင်း

*(မ၊ 10:1, 5-15; လု၊ 9:1-6)*

7ယေရှုသည် တပည့်တော်တို့ကို ခေါ်ပြီးမှ
နှစ်ယောက်တစ်တွဲစီစေလွှတ်တော်မူ၏။ ယေရှု
သည် သူတို့အား ဝိညာဉ်ဆိုးတို့ကို နှိမ်နင်းနိုင်
သည့်တန်ခိုးကို ပေးတော်မူ၏။ 8ဤစကားများ
သည် ယေရှုက မိမိတပည့်တော်တို့အား မှာ
ကြားတော်မူသော စကားများဖြစ်၏။ "သင်
တို့ခရီးအတွက် တောင်ဝေးတစ်ချောင်း မှတပါး
အဘယ်အရာကိုမျှ မယူကြနှင့်၊ လွယ်အိတ်နှင့်
စားစရာမုန့် မှစ၍ ကြေးငွေကြေးကို မယူကြ
နှင့်၊ 9စီးထားသောဖိနပ်တစ်ရံနှင့် ဝတ်ထား
သောအဝတ်ကိုဘဲ၊ ပါကြလော့။ 10သူတို့သည်
အိမ်တစ်အိမ်မှာတည်းခိုလျှင်၊ ထိုမြို့မှ ပြန်လည်
မထွက်မှီတိုင်အောင် ထိုအိမ်၌ နေကြလော့၊
11တစ်နေရာရာ၌ သင်တို့ကို လက်ခံဖို့ ငြင်းဆန်
လျှင်၊ သို့မဟုတ် သင်တို့၏စကားကို နားမ
ထောင်လျှင်၊ သင်တို့၏ခြေဖဝါးမှ ဖုန်မှုန့်ကို ခါ
၍ ထိုမြို့မှ ထွက်သွားလော့၊ဟု မိန့်တော်မူ၏။
12တပည့်တော်တို့သည် ထိုနေရာမှ ထွက်သွား
၍၊ အခြားနေရာဒေသများသို့ ထွက်သွားကြ
လေ၏။ သူတို့သည် လူများတို့အား စိတ်နှလုံး
နှင့်အသက်တာပြောင်းလဲရန် ဟောပြောကြ
၏။ 13သူတို့သည် နတ်ဆိုးများစွာ တို့ကိုနှင်
ထုတ်ကြ၏။ မကျန်းမမာသောသူအများတို့ကို
လည်း ဆီနှင့်လူး၍ အနာငြိမ်းစေကြ၏။

## ဟေရုဒ်က ယေရှုအား ဗတ္တိဇံဆရာ ယောဟန် ဟုထင်မှတ်ခြင်း

*(မ၊ 14:1-12; လု၊ 9:7-9)*

14ယခု ယေရှုသည် နာမည်ကျော်စော
တော်မူသောကြောင့် သူ၏အကြောင်းကို
ဟေရုဒ်ဘုရင် ကြားသိလေ၏။ လူအချို့တို့က၊
"သူသည် ဗတ္တိဇံဆရာယောဟန်ဖြစ်၏၊သူသည်
သေခြင်းမှ ပြန်လည်ရှင်ပြန်ထမြှောက်လာ၏။
ထို့ကြောင့် ဤနိမိတ်လက္ခဏာများကို လုပ်နိုင်
၏" ဟုပြောကြ၏။
15လူအချို့တို့က"သူသည် ဧလိယဖြစ်သည်"
ဟုပြောကြ၏။ အချို့က ရှေးပရောဖက် ကဲ့သို့
ပရောဖက်ဖြစ်သည် ဟုပြောကြ၏။
16ဟေရုဒ်သည် ယေရှု၏သတင်းတော်ကို
ကြားသိခဲ့ရာ၊သူက"ငါသည်ယောဟန်ကိုခေါင်း
ဖြတ်ပြီးသတ်ခဲ့၏၊ အခုယောဟန်သည်သေခြင်း
မှ ရှင်ပြန်ထမြှောက်လာပြီ" ဟူ၍ပြောလေ၏။

## ဗတ္တိဇံဆရာယောဟန်မည်သို့ အသတ်ခံရသနည်း

17ယောဟန်ကို ဖမ်းဆီးရန်အတွက်၊ စစ်
သားများကို၊ ဟေရုဒ်ကိုယ်တိုင် အမိန့်ပေးခဲ့

ခြင်းဖြစ်၏။ထို့ကြောင့် ယောဟန်ကို ထောင်
ထဲမှာ အကျဉ်းချထားလေ၏။ ဟေရုဒ်သည်
ထိုသို့ ပြုလုပ်ရခြင်းမှာ၊ သူ၏ဇနီးဟေရောဒိကို
ကျေနပ်စေရန်အတွက် ဖြစ်၏။ ဟေရောဒိသည်
ဟေရုဒ်၏ညီ ဖိလိပ္ပု၏ဇနီး ဖြစ်၏။ သို့ရာတွင်
ဟေရုဒ်ဘုရင်သည် သူ့ညီ၏ဇနီး ဟေရောဒိကို
သိမ်းယူပေါင်းသင်းလိုက်ခြင်းဖြစ်၏။ 18ထိုအခါ
ယောဟန်က ဟေရုဒ်ဘုရင်အား သူ့ညီ၏ဇနီးကို
သိမ်းယူခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ကြောင်း
ပြော၏။ 19ထို့ကြောင့် ဟေရောဒိသည်
ယောဟန်ကို မုန်းသဖြင့် သတ်ရန် အလိုရှိ၏။
သို့ရာတွင် ဟေရောဒိသည် ယောဟန်ကိုသတ်
ရန်၊ ဟေရုဒ်ဘုရင်အား သွေးဆောင်၍ မရနိုင်။
20ဟေရုဒ်ဘုရင်သည် ယောဟန်ကို မသတ်ဝံ့
ချေ။ လူတို့သည် ယောဟန်အား ဖြောင့်မတ်
သန့်ရှင်းသောသူအဖြစ် ယူဆထားကြသည်ကို
ဟေရုဒ်ဘုရင်သိ၏။ ထို့ကြောင့် ဟေရုဒ်သည်
ယောဟန်ကို အကာအကွယ်ပေးထား၏။
ဟေရုဒ်သည် ယောဟန်တရားဟောကြား
ချက်ကို နားထောင်ရာ၌ ပျော်မွေ့နေသူဖြစ်၏။
သို့ရာတွင် ထိုအချိန်မှာပင် ယောဟန်၏တရား
သည် ဟေရုဒ်အား အနှောင့်အယှက်ဖြစ်စေ၏။
21ထိုနောက် ယောဟန်ကို သတ်နိုင်သောအချိန်
ကောင်းတစ်ခု၊ ဟေရောဒိအတွက်ပေါ် လာ၏။
ထိုဖြစ်ရပ်သည် ဟေရုဒ်ဘုရင်၏မွေးနေ့တွင် ဖြစ်
၏။ ဟေရုဒ်သည် အရေးပါအရာရောက်ဆုံး
လူများဖြစ်သောအစိုးရအဖွဲ့၏ အကြီးအကဲတို့၊
စစ်သူကြီးတို့နှင့် ဂါလိလဲပြည်၌ အကြီးအကဲတို့
အတွက် ညစာစားပွဲပြုလုပ်ကျွေးမွေး၏။ 22ထို
ညစာစားပွဲတွင် ဟေရောဒိ၏သမီးသည် လာ၍
အကဖြင့် ဖျော်ဖြေလေ၏။ ဟေရုဒ်ဘုရင်နှင့်သူ
၏ဧည့်သည်တော်တို့သည် သူမ၏အကကို အ
လွန်နှစ်သက်ကြ၏။ ထိုအခါ ဟေရုဒ်ဘုရင်က
သင်သည် အလိုရှိသမျှကို တောင်းလော့၊ ငါ
ပေးမည်ဟု ထိုမိန်းမအား ဆိုလေ၏။ 23တဖန်
လည်း သင်တောင်းသမျှကို ငါ့နိုင်ငံတစ်ဝက်
တိုင်အောင် ငါပေးမည်ဟု ကျိန်ဆိုလေ၏။
24မိန်းမငယ်သည် သူမ၏မိခင်ဟေရောဒိ
ထံသို့သွား၍၊ "ဟေရုဒ်မင်းကြီးအား အဘယ်
အရာတောင်းရမည်နည်းဟုမေးရာ၊ ဟေရောဒိ
က၊ "ဗတ္တိဇံဆရာယောဟန်၏ ဦးခေါင်းကို
တောင်းလော့" ဟူ၍ပြော၏။
25မိန်းမငယ်သည် ဟေရုဒ်ဘုရင်ထံသို့ လျင်
မြန်စွာပြန်သွားပြီးနောက်၊ "ကျေးဇူးပြု၍ ဗတ္တိဇံ
ဆရာယောဟန်၏ဦးခေါင်းကို ပေးပါရှင်၊ အခု
ချက်ချင်း လင်ပန်း၌ ထည့်ပေးပါ" ဟုတောင်း
လျှောက်၏။
26ဟေရုဒ်ဘုရင်သည် အလွန်ဝမ်းနည်းခြင်း
ရှိသော်လည်း သူသည် မိန်းကလေးကို တောင်း
သမျှပေးမည်ဟုကတိပြုကျိန်ဆိုချက်ပေးပြီး ဖြစ်
၏။ သူနှင့်အတူ စားသောက်နေကြသော အ
ပေါင်းအဖော်များကလည်း ကျိန်ဆိုချက်များ
ကို ကြားခဲ့ကြ၏။သို့ဖြစ်ရာ မိန်းကလေးတောင်း
ဆိုသည်ကို ဟေရုဒ်ဘုရင်က မငြင်းပယ်နိုင်။
27ထို့ကြောင့် ဘုရင်ကြီးသည် ယောဟန်၏ဦး
ခေါင်းကို ဖြတ်၍ ယူလာရန် စစ်သားတစ်
ယောက်ကို အမိန့်ပေးပြီး စေလွှတ်လိုက်၏။
ထို့ကြောင့် စစ်သားသည် သွား၍ ယောဟန်၏
ဦးခေါင်းကို ထောင်ထဲမှာ ဖြတ်လေ၏။ 28ထို့
နောက် စစ်သားသည် ယောဟန်၏ဦးခေါင်းကို
လင်ပန်း၌ဆောင်ခဲ့၍ မိန်းမငယ်အား ပေးလေ
၏။ ထိုအခါ မိန်းမငယ်သည် ခေါင်းကို သူမ၏
မိခင် အားပေးလေ၏။ 29ယောဟန်၏တပည့်
တော်တို့သည် မည်သို့ဖြစ်ကြောင်းကို ကြားသိ
ကြရ၏။ သူတို့သည် လာ၍ ယောဟန်၏အ
လောင်းကို ယူကြပြီးနောက်၊ သင်္ချိုင်းဂူ*ထဲသို့
ထည့်သွင်းမြှုပ်နှံကြ၏။

## ယေရှုက လူငါးထောင်ကျော်အား ကျွေးမွေးတော်မူခြင်း

*(မ၊ 14:13-21; လု၊ 9:10-17; ယော၊ 6:1-14)*

30ယေရှုစေလွှတ်တော်မူသောတပည့်တော်
တို့သည် ယေရှုထံတော်သို့ ပြန်လည်ရောက်ရှိ

**သင်္ချိုင်းဂူ** ကျောက်သားနံအားဖြင့် တူးထွင်းထား သောသင်္ချိုင်း

လာကြ၏။ သူတို့သည် ယေရှုအထံတော်၌
စုဝေး၍၊ သူတို့သွန် သင်သမျှနှင့်ပြုလုပ်သမျှတို့
ကို ပြောပြကြ၏။ 31ယေရှုနှင့်တပည့်တော်တို့
သည် အလွန်အလုပ်များသောနေရာ၌ နေကြ
၏။ ထိုနေရာ၌ များစွာသောလူတို့သည် သွား
လာကြသောကြောင့် ယေရှုနှင့် တပည့်တော်
တို့သည် အစာစားရန်ပင် အချိန်မရနိုင်ကြ၊
ယေရှုက မိမိတပည့်တော်တို့အား၊ “ငါနှင့်အတူ
လိုက်ကြ၊ ဆိတ်ကွယ်ရာအရပ်သို့ သွားပြီး ခဏ
အနားယူကြကုန်အံ့” ဟုမိန့်တော်မူ၏။
32ထို့နောက် ယေရှုနှင့် တပည့်တော်တို့
ချည်းသာထွက်လာကြ၏။ သူတို့သည် လူများ
နှင့်ဝေးရာသို့ လှေတစ်စင်းနှင့် ထွက်ကြခြင်းဖြစ်
၏။ 33သို့ရာတွင် သူတို့ထွက်ခွာသွားကြသည်
ကို လူများတို့သည် မြင်၍ယေရှုဖြစ်ကြောင်း
သိကြ၏။ ထိုကြောင့် မြို့အားလုံးမှ လူများတို့
သည် ယေရှုသွားမည့်နေရာသို့ ကုန်းကြောင်း
ဖြင့်ပြေးသွားကြ၏။ သူတို့သည် ယေရှုရောက်
တော်မမူမီထိုနေရာသို့ ကြိုတင်ရောက်နှင့် နေ
ကြ၏။ 34ထိုနေရာသို့ ယေရှုရောက်တော်မူ
သောအခါ လူများတို့သည် သူ့အား စောင့်နေ
ကြသည်ကို မြင်တော်မူ၏။ သူတို့အတွက်ယေရှု
သည် ဝမ်းနည်းတော်မူ၏။ အကြောင်းမူကား၊
သူတို့သည် ထိန်းမရှိပစ်ထားသောသိုးကဲ့သို့ဖြစ်
ကြ၏။ ထိုကြောင့် ယေရှုက သူတို့အားများစွာ
သောဆုံးမဩဝါဒကို ပေးတော်မူ၏။
35မိုးချုပ်သောအခါတပည့်တော်တို့သည်
ယေရှုထံတော်သို့ရောက်လာကြ၍ “ဤအရပ်
သည် တောအရပ်ဖြစ်ပါ၏။ မိုးလည်းချုပ်ပါ
ပြီ။ 36ထို့ကြောင့် လူများတို့ကို ပြန်လွှတ်တော်
မူပါ၊ သူတို့သည် ဤပတ်ဝန်းကျင်၌ ရှိသော
လယ်ယာများ၊ မြို့များသို့ စားစရာဝယ်ရန်
အတွက် သွားသင့်ပြီ” ဟုပြောကြ၏။
37သို့ရာတွင် ယေရှုက၊ “သင်တို့၊ သူတို့ကို
စားစရာကျွေးကြလော့” ဟုပြောရာ၊ တပည့်
တော်တို့ကလည်း ယေရှုအား၊ “ဤလူများတို့
ကို ကျွေးဖို့အတွက် အကျွန်ုပ်တို့ မုန့်အလုံအ
လောက် မဝယ်နိုင်၊ အကျွန်ုပ်တို့ တစ်လလုံးလုံး
အလုပ်လုပ်လို့ရသောလုပ်အားခဖြင့်သာ မုန့်
ဝယ်လောက်မှာပါ” ဟုပြောလိုက်၏။
38ထိုအခါ ယေရှုက တပည့်တော်တို့အား
မေးတော်မူ၏။ “ယခု၊ သင်တို့မှာ မုန့်ဘယ်နှစ်
လုံးရှိသနည်း၊ သွားကြည့်ကြလော့” ဟုပြော
တော်မူရာ၊ တပည့်တော်တို့က သူတို့တွင် ကျန်
ရှိနေသေးသောပေါင်မုန့်ကို သွား၍ ရေတွက်
ကြည့်ကြပြီးနောက်၊ ယေရှုထံသို့ ပြန်လာကာ၊
မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်သာ ကျန်ကြောင်း
ပြောပြ၏။
39ထိုအခါ ယေရှုက တပည့်တော်တို့အား၊
“လူအပေါင်းတို့ကို မြက်ခင်းစိမ်းပေါ်၌ အုပ်စု
လိုက်ထိုင်ကြစေ” ဟုမိန့်တော်မူ၏။ 40ထိုအခါ
လူအပေါင်းတို့သည်အုပ်စုလိုက်ထိုင်ကြ၏။ တစ်
အုပ်စုလျှင် လူငါးဆယ် သို့မဟုတ် လူတစ်ရာ
ပါဝင်၏။ 41ယေရှုသည် မုန့်ငါးလုံးနှင့် ငါးနှစ်
ကောင်ကိုယူ၍ ကောင်းကင်သို့ ကြည့်မျှော်
လျက်၊ အစားအစာအတွက် ဘုရားသခင်အား
ကျေးဇူးတော်ကို ချီးမွမ်း၏။ ထို့နောက် ယေရှု
သည် မုန့်ကို ဖဲ့၍ လူတို့ကို ခွဲဝေပေးရန်၊ မိမိ
တပည့်တော်တို့အားပေးတော်မူ၏။ ထို့နောက်
ယေရှုသည် ငါးနှစ်ကောင်ကို ခွဲ၍ လူများအား
ဝေငှတော်မူ၏။ 42လူအပေါင်းတို့သည် စား၍
ဝကြ၏။ 43လူများစားပြီးသွားသောအခါ တပည့်
တော်တို့က မုန့်နှင့်ငါးအကျိုးအပဲ့ကို ကောက်
သိမ်း၍ တစ်ဆယ့်နှစ် တောင်းအပြည့်ရကြ၏။
44စားသောသူယောကျ်ား အရေအတွက်မှာ ငါး
ထောင်ကျော်လောက်ရှိ၏။

## ယေရှုက ရေပြင်ပေါ်တွင် လမ်း လျှောက်တော်မူခြင်း

*(မ၊ 14:22-33; ယော၊ 6:15-21)*

45ထို့နောက် တပည့်တော်တို့သည် လှေထဲ
သို့ ဝင်ထိုင်ကြ၏။ ယေရှုသည် အိုင်တစ်ဖက်
ကမ်းရှိ၊ ဗက်ဇဲဒမြို့သို့ သွားရန်တပည့်တော်
တို့အား မိန့်တော်မူ၏။ သူသည် မကြာမီလိုက်
လာမည်ဖြစ်ကြောင်းမှာတော်မူ၏။ ယေရှုသည်
လူများတို့ကို အိမ်သို့ပြန်နိုင်ပြီဖြစ် ကြောင်းပြော

ရန် နေရစ်တော်မူ၏။ 46လူများအား နှုတ်ဆက်
ပြီးနောက်၊ ယေရှုသည် ဆုတောင်းရန် တောင်
ပေါ်သို့ တစ်ယောက်တည်း တက်ကြွတော်မူ၏။
47ထိုညတွင် လှေသည် အိုင်အလယ်၌ ရှိနေ
သေး၏။ ယေရှုသည် ကုန်းပေါ်၌ တစ်ယောက်
တည်း ရှိနေတော်မူ၏။ 48လေပြင်းသည် သူတို့
ကို ဆန့်ကျင်ဘက်အရပ်မှ တိုက်ခတ်နေသော
ကြောင့် သူတို့သည် ခက်ခဲစွာ လှေလှော်နေ
သည်ကို ယေရှုမြင်တော်မူ၏။ အချိန်အားဖြင့်
သန်းခေါင်ကျော်ပြီး၊ နံနက်သုံးနာရီနှင့် ခြောက်
နာရီအကြားရှိလေပြီ။ယေရှုသည်လှေ၏နောက်
သို့ လိုက်သွားတော်မူ၏။ သူသည် ရေပြင်ပေါ်
တွင် လျှောက်တော်မူခြင်း ဖြစ်၏။ ယေရှုသည်
လှေကိုကျော်လွန်လုနီးပါးအထိ ဆက်လျှောက်
တော်မူ၏။ 49တပည့်တော်တို့သည် ရေပေါ်၌
လမ်းလျှောက်တော်မူသောယေရှုကို မြင်သော
အခါ၊ သူတို့က တစ္ဆေဟု ထင်၍ လန့်အော်ကြ
၏။ 50တပည့်တော်တို့သည် ယေရှုကို မြင်၍
အလွန်ကြောက်ရွံ့နေကြ၏။ သို့သော် ယေရှုက
တပည့်တော်တို့အား၊ "မစိုးရိမ်ကြနှင့်၊ ငါပင်
ဖြစ်၏၊ မကြောက်လန့်ကြနှင့်" ဟုမိန့်တော်မူ၏။
51ထို့နောက်ယေရှုသည် လှေပေါ်သို့တက်တော်
မူလျှင် တိုက်ခတ်နေသောလေပြင်းသည်လည်း
ငြိမ်လေ၏။ တပည့်တော်တို့သည် အလွန်အံ့သြ
ခြင်းသို့ ရောက်ကြ၏။ 52ယေရှုသည် မုန့်တိုး
ပွားစေတော်မူသည်ကို သူတို့မြင်ခဲ့ကြပြီးဖြစ်၏။
သို့ရာတွင် မည်သို့သောအဓိပ္ပါယ် ဟူ၍ နားမ
လည်ကြ၊ သူတို့၌ နားလည်နိုင်စွမ်း မရှိကြ။

## ယေရှုက များစွာသောလူတို့ကို ကျန်းမာစေတော်မူခြင်း

*(မ၊ 14:34-36)*

53ယေရှုနှင့်တပည့်တော်တို့သည် ကမ်းတ
ဘက်သို့ ကူးလျှင်၍၊ ဂနေသရက်ဆိပ်ကမ်းသို့
ရောက်ရှိကြ၏။ သူတို့သည် လှေကိုဆိပ် ကမ်း၌
ချည်ထားခဲ့ကြ၏။ 54လှေပေါ်မှ ဆင်းသောအ
ခါ၊ လူများတို့သည် ယေရှုကိုမြင်လျှင် မှတ်မိ
ကြ၏။ 55သူတို့သည် ထိုနယ်ပယ်ဒေသအနှံ့၌ ဤ
အကြောင်းအရာကို လူတို့အား ပြောကြားရန်
ပြေးသွား၏။ ထို့ကြောင့် ယေရှုသွားလေရာ
ရာ၌၊ လူတို့သည် ရောဂါဝေဒနာသည်များကို
အိပ်ရာပေါ်တင်၍ အထံတော်သို့ သယ်ဆောင်
လာကြ၏။ 56ယေရှုသည် ထိုအရပ်ရှိမြို့ရွာများ
နှင့် မွေးမြူရေးစခန်းတစ်ဝိုက်သို့ သွားရောက်
၏။ ယေရှုရောက်တော်မူရာမြို့တိုင်း၌ လူတို့
သည် ဈေးဆိုင်နေရာအထိ ဝေဒနာသည် များ
ကို သယ်ဆောင်လာကြ၏။ သူတို့သည် ယေရှု
၏အဝတ်တော်ပန်းပွါးကိုပင် တို့ထိခွင့်ပြုပါမည့်
အကြောင်း တောင်းပန်ကြ၏။ တို့ထိသမျှ
သောသူတို့သည် ရောဂါပျောက်ကင်းကြ၏။

## ဘုရားသခင်၏ပညတ်တရားတော်နှင့် လူများပြုလုပ်သောစီရင်ထုံးများ

*(မ၊ 15:1-20)*

7 ဖာရိရှဲအချို့နှင့်ကျမ်းပြုဆရာအချို့တို့သည်
ယေရုရှလင်မြို့မှ လာကြ၏။ သူတို့သည်
ယေရှု၏ဝန်းကျင်၌ စုဝေးကြ၏။ 2ဖာရိရှဲနှင့်
ကျမ်းပြုဆရာတို့က တပည့်တော်အချို့တို့သည်
မသန့်ရှင်းသောလက်ဖြင့် အစာစားနေကြသည်
ကို မြင်ကြ၏။ (မသန့်ရှင်းခြင်း၏ အဓိပ္ပါယ်မှာ
လက်မဆေးဘဲ အစာစားခြင်းကို ဆိုလိုသည်။)
3အကြောင်းမှာ ဖာရိရှဲနှင့် ယုဒလူတို့သည် မည်
သည့်အခါမျှ လက်ကို စင်ကြယ်စွာ ဆေးကြော
ခြင်းမပြုဘဲ မည်သည့်အခါမျှ အစာစားခြင်းမ
ပြုကြ။ ဤနည်းအားဖြင့် သူတို့က ဘိုးဘေးတို့
၏ဆုံးမသြဝါဒပေးချက်ကို လိုက်နာကြခြင်းဖြစ်
၏။ 4ထို့ပြင် ယုဒလူတို့သည် ဈေးမှ တစ်စုံတစ်ခု
ဝယ်လာလျှင်လည်း၊ မည်သည့်အခါမျှ အထူး
နည်းလမ်းဖြင့် မဆေးဘဲ စားသောက်ခြင်း မပြု
ကြ။ သူတို့သည်ခွက်၊ ဖလားနှင့်အိုးတို့ဆေးခြင်း
မှစ၍ သူတို့ဘိုးဘေးတို့၏အခြားသောထုံးတမ်း
များကိုလည်း ကျင့်လေ့ရှိ၏။
5ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့က ယေရှု
အား၊ "ကိုယ်တော်၏တပည့်တို့သည် အကျွန်ုပ်
တို့ကို ရှေးလူကြီးများက ပေးခဲ့သောစီရင်ထုံး
အတိုင်းမလိုက်နာကြ။မသန့်ရှင်းသောလက်နှင့်

အစာစားကြ၏။ သူတို့သည် အဘယ်ကြောင့်
ဤသို့ ပြုကြပါသနည်း” ဟုမေးကြရာ၊ ယေရှုက
လည်း၊
6 “သင်တို့သည် သူကောင်းယောင်ဆောင်
နေသောသူဖြစ်၏။ သင်တို့အကြောင်း ကို
ဟေရှာယ ရေးထားခြင်းသည် မှန်၏။

‘ဤလူတို့သည် ငါ့ကို နှုတ်နှင့်ချီးမွမ်းကြ
၏။ သို့သော်လည်း၊ စိတ်နှလုံးသည် ငါ
နှင့်ဝေးလှ၏။
7 သူတို့သည် ငါ့ကို အချည်းနှီးကိုးကွယ်ကြ
၏။ သူတို့၏သင်ကြားချက်များသည် လူ
တို့ပေးသောစီရင်ထုံးများသာဖြစ်၏။”

*ဟေရှာယ 29:13*

8 သင်တို့သည် ဘုရားသခင်၏ပညတ်တော်ကို
မလိုက်နာကြ၊ လူတို့၏ဆုံးမဩဝါဒများကို လိုက်
နာနေကြပြီ ဟုမိန့်တော်မူ၏။
9 ထို့နောက် ယေရှုက သူတို့အား “မိမိကိုယ်
ကိုယ်ကိုတော်လှပြီလို့ ထင်နေကြ၏။ သင်တို့
သည် ဘုရားသခင်၏ပညတ်တော်ကို၊ ပယ်ကြ
၏။ သင်တို့ကိုယ်တိုင် သွန်သင်သောဩဝါဒများ
ကို သင်တို့လိုက်နာရန် ဤအရာကို ပြုလုပ်၏
ဟုမိန့်တော်မူ၏။ 10 မောရှေက ‘သင်တို့သည်
မိဘကို ရိုသေရမည်၊’* ‘မည်သူ မဆို မိဘကို
ဆိုးဝါးစွာ ပြောဆိုသောသူသည် အသတ်ခံရ
မည်’* ဟုဆို၏။ 11 သို့ရာတွင် သင်တို့သည် လူ
တစ်ယောက်က သူ့အဘ သို့မဟုတ် အမိကို
ပြောပြနိုင်၏။ ‘သင်တို့ကို ကူညီရာတွင် အသုံး
ပြုရန် ငါ့မှာ တစုံတရာရှိ၏။ သို့သော်လည်း၊
သင်တို့ကို ကူညီရန်အတွက် မသုံးနိုင်။ အ
ကြောင်းမူကား၊ ဘုရားသခင်ကို ဆက်ကပ်
လိုက်ပြီ’ ဟုသွန်သင်၏။ 12 ထိုသူသည် အဘ၊
အမိအတွက် အဘယ်အရာမှ လုပ်စရာမရှိဟု
သွန်သင်၏။ 13 ထိုကြောင့် ဘုရားသခင်၏နှုတ်
ကပတ်တော်စောင့်ရှောက်ရန် အရေးမကြီး၊
သို့ရာတွင် သင်တို့သည် ဘိုးဘေးဘီဘင်မှ
ဆက်ခံသောစီရင်ထုံးများကို လိုက်နာရန် အ
ရေးကြီးသည်ဟု ထင်မှတ်ကြ၏။ သင်တို့သည်
ဤသို့နည်းတူ အရာများကိုပြုကြ၏” ဟုမိန့်
တော်မူ၏။
14 ယေရှုက ထိုလူများကို အထံတော်သို့
ထပ်မံခေါ်ယူ၍ “ငါ့စကားကို လူတိုင်းနား
ထောင်ကြလော့၊ ငါပြောသောအရာကို သ
ဘောပေါက်ကြလော့။ 15 လူအတွင်းသို့ ဝင်
လျက်လူကို ညစ်ညမ်းစေနိုင်သောအရာတစ်စုံ
တစ်ခုမျှ မရှိ။ လူအတွင်းမှ ထွက်သောအရာ
သည် လူကိုညစ်ညမ်းစေ၏။” 16*
17 ထို့နောက် ယေရှုသည် လူများရှိရာမှ
ထွက်သွား၍ အိမ်သို့ဝင်သွားတော်မူ၏။ တပည့်
တော်တို့သည် ထိုဥပမာ၏ဆိုလိုရင်းကို မေး
မြန်းကြ၏။ 18 ယေရှုကလည်း တပည့်တို့အား
“သင်တို့အတွက် နားလည်သဘောပေါက်ရန်
ခက်နေသေးသလော၊ လူပြင်မှလာ၍ လူအ
တွင်း သို့ဝင်သောအရာသည် လူကို မညစ်
ညမ်းစေနိုင်ကြောင်း သင်တို့မသိသလော။
19 သူစားသမျှတို့သည် သူ၏နှလုံးထဲသို့မဝင်၊ သို့
သော်လည်း ဝမ်းထဲသို့ ဝင်သွား၏။ ထိုအစား
အစာသည် ခန္ဓာကိုယ်ထဲမှ ပြန်လည် ထွက်သွား
သည်” ဟုမိန့်တော်မူ၏။ ယေရှုက ထိုစကား
ကို ပြောတော်မူသောအခါ၊ သူဆိုလိုသည်မှာ
မည်သည့်အစားအသောက်မျှ ညစ်ညမ်းခြင်း
မရှိဟူ၍ဖြစ်၏။ 20 ထို့နောက် ယေရှုက၊ “လူအ
တွင်းမှ ထွက်လာသောအရာသည် သူ့ကို ညစ်
ညမ်းစေသောအရာဖြစ်၏။ 21 ဤဆိုးညစ်သော
အရာအားလုံးသည် လူအတွင်း နှလုံးထဲက
မကောင်းသောကြံစည်ခြင်း၊ သူ့မယားကို ပြစ်
မှားခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို
ခိုးခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊
လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ 22 မယားငယ်နေ
ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ မကောင်း

---

**‘သင်တို့ … ရမည်’** ထွက် 20:12 တရာ 5:16။

**‘မည်သူ … ခံရမည်’** ထွက် 21:17

**အခန်းငယ်16** တစ်ချို့ဂရိစာက အခန်းငယ်16 ကို ပေါင်း
ထည့်ထားသည်မှာ၊ အချင်းလူတို့ ငါ့ကို ကြားသောသူ
နားထောင်ကြ။

ပြောခြင်း၊ ညစ်ညူးသောအရာများကို ပြုလုပ်
ခြင်း၊ သဝန်တိုခြင်း၊ သူ့အသရေကို ဖျက်ခြင်း၊
ကြွားဝါခြင်းနှင့်မိုက်မဲခြင်း၊ [23]ဤဆိုးညစ်သော
အရာတို့သည် လူအတွင်းမှ ထွက်လာ၍လူကို
ညစ်ညမ်းစေကြသည်” ဟုမိန့်တော်မူ၏။

## ယေရှုကတပါးသောအမျိုးသမီးကို ကူညီတော်မူခြင်း

*(မ၊ 15:21-28)*

[24]ယေရှုသည် ထိုနေရာမှ ထွက်၍၊ တုရုမြို့
ဝန်းကျင်နယ်မြေသို့ ရောက်ရှိလာ၏။ ယေရှု
သည် အိမ်သို့ဝင်၍ ဤနယ်မြေဒေသသို့ သူ
ရောက်နေသည်ကို၊ မည်သူမျှမသိစေခြင်းငှါ
အလိုရှိတော်မူ၏။ သို့ရာတွင် ယေရှုသည် ပုန်း
ရှောင်၍ နေတော်မမူနိုင်။ [25]ယေရှုသည် ဤ
နေရာသို့ ရောက်တော်မူသည်ကို မိန်းမတစ်
ယောက်ကကြား၏။ သူမ၏သမီးငယ်သည်၊
ညစ်ညူးသောနတ်ကိုစွဲ၏။ ထို့ကြောင့် မိန်းမ
သည် ယေရှုထံတော်သို့လာ၍၊ ခြေတော်ရင်း
၌ ပြပ်ဝပ်လျက်နေ၏။ [26]ထိုမိန်းမသည် ယုဒလူ
မျိုးမဟုတ်။ သူမသည် ဖိုနီးရှားခေါ်ရှုရိပြည်၌
မွေးဖွားသောဟေလသလူမျိုး ဖြစ်၏။ ထိုမိန်း
မသည် မိမိ၏သမီးထဲမှ နတ်ဆိုးကို နှင်ထုတ်
တော်မူရန် ယေရှုအား တောင်းပန်လေ၏။
[27]ယေရှုက၊ ဟေလသအမျိုးသမီးအား
“သားသမီးတို့၏မုန့်ကိုယူပြီး ခွေးအား မကျွေး
သင့်၊ ရှေးဦးစွာ သားသမီးများကို ဝစွာကျွေး
ပါရစေ” ဟုမိန့်တော်မူ၏၊
[28]ထိုမိန်းမကလည်း၊ “မှန်ပါ၏သခင်၊ သို့ရာ
တွင် ခွေးသည်လည်း သားသမီးတို့ မစားသော
ကြမ်းပြင်ပေါ်ရှိ မုန့်အပဲ့အစလေးများကို စားပွဲ
အောက်၌ စားမြဲထုံးရှိပါသည်” ဟုပြန်
လျှောက်၏။
[29]ယေရှုက မိန်းမအား၊ ထိုအရာသည်
ကောင်းသောအဖြေ ဖြစ်၏။ “သင်သွားလော့၊
နတ်ဆိုးသည် သင်၏သမီးထဲမှ ထွက်သွားပြီ”
ဟုမိန့်တော်မူ၏။
[30]ထိုမိန်းမသည် အိမ်သို့ပြန်၍ နတ်ဆိုးထွက်
သွားသည်ကိုရင်း၊ သမီးသည် အိပ်ရာ၌အိပ်
လျက်ရှိသည်ကိုရင်း တွေ့၏။

## ယေရှုက နားလေးသူတစ်ဦးအား ကုသတော်မူခြင်း

[31]ထို့နောက် ယေရှုသည် တုရုမြို့ဝန်းကျင်မှ
ထွက်လာခဲ့ပြီးနောက်၊ဇိဒုန်မြို့ကိုဖြတ်၍ ဂါလိလဲ
အိုင်သို့သွား၏။ ယေရှုသည် ဒေကာပေါလိ*
ပြည်နယ်သို့ သွားလေ၏။ [32]ထိုဒေသတွင် သူ
ရောက်ရှိနေစဉ်၊ လူအချို့တို့သည် နားပင်း၍
စကားအသောသူ တစ်ယောက်ကို အထံတော်
သို့ ယူဆောင်လာကြ၏။ ထိုသူကို ယူဆောင်
လာသောသူတို့သည် သူ့အပေါ်မှာ လက်တင်၍
ကျန်းမာစေခြင်းငှါကိုယ်တော်အား တောင်းပန်
ကြ၏။
[33]ယေရှုသည် ထိုသူကို လူအုပ်ကြီးထဲက
ခေါ်တော်မူ၏။ ထိုအခါ ယေရှုသည် ထိုသူ၏
နားရွက်နှစ်ဘက်ပေါ်၌၊ လက်ညှိုးတော်ကို တင်
၏။ ထို့နောက် ယေရှုသည် တံတွေးနှင့် ထွေး၍
ထိုလူ၏လျှာကို တို့တော်မူ၏။ [34]ယေရှုသည်
မိုးကောင်းကင်သို့ မော့ကြည့်၍၊ အသက်ရှူသံ
ပြုပြီး၊ ထိုလူကို “ဧဖတ” ဟုမိန့်တော်မူ၏။
“ပွင့်စေ” ဟုအဓိပ္ပါယ်ရ၏။ [35]ထိုခဏခြင်းတွင်
ထိုသူသည် နားကြားပြီး၊ စကားကို ပီပီသသ
ပြောနိုင်၏။
[36]ယေရှုက ထိုလူများအား၊ ထိုအကြောင်း
ကို အဘယ်သူကိုမျှ မပြောစေခြင်းငှါ သူတို့
ကို ပညတ်တော်မူ၏။ သို့သော်လည်း သူတို့
သည် သာ၍အလွန်ကြားပြောကြ၏။ [37]လူများ
တို့သည် အလွန်အံ့သြကြ၏။ သူတို့က၊ “သူ
သည် အလုံးစုံတို့ကို ကောင်းမွန်စွာ ပြုတော်
မူပြီး နားပင်းသောသူတို့ကို ကြားစေတော်မူ
ပြီး၊ အသောသူတို့ကို စကားပြောစေတော်မူ
သည်” ဟုဆိုကြ၏။

---

**ဒေကာပေါလိ** ဒေကာပေါလိသည် ဂရိစကားဖြစ်၍ တစ်ချိန်တုန်းက ဂါလိလဲအိုင် အရှေ့ပိုင်းဒေသ၌ တည်ရှိသော မြို့ဆယ်မြို့ဖြစ်သည်။

## ယေရှုက လူလေးထောင်ကျော်ကို ကျွေးမွေးတော်မူခြင်း

*(မ၊ 15:32-39)*

8 နောက်တစ်ဖန် လူများစွာတို့သည် ယေရှု
ပတ်လည်၌ စုဝေးလာကြ၏။ သူတို့၌စား
စရာမရှိသောကြောင့် ယေရှုသည် တပည့်
တော်တို့ကို ခေါ်၍ 2"ဤလူများကို ငါသနား၏။
သူတို့သည် ငါနှင့်အတူ သုံးရက်ပတ်လုံး ရှိကြပြီ၊
ယခု သူတို့မှာ ဘာစားစရာမှမရှိ။ 3အချို့တို့
သည် အဝေးမှလာသည်ဖြစ်၍ အစာမစားမှီ
သူတို့အိမ်သို့ ငါလွှတ်လျှင် လမ်းခရီး၌ မောကြ
လိမ့်မည် ဟုမိန့်တော်မူ၏။
4တပည့်တော်တို့ကလည်း၊ "သို့ရာတွင် အ
ကျွန်ုပ်တို့ ယခုရောက်နေသောနေရာသည် မြို့
နှင့်ဝေး၏။ ဤလူအားလုံးကို ကျွေးဖို့မုန့် လုံလုံ
လောက်လောက်၊ အကျွန်ုပ်တို့ဘယ်က ရနိုင်ပါ
မည်နည်း" ဟုပြောကြ၏။
5ထိုအခါ ယေရှုက "သင်တို့တွင် မုန့်ဘယ်
နှစ်လုံးရှိသနည်း" ဟုမေးတော်ရာ၊ တပည့်
တော်တို့က မုန့်ခုနစ်လုံး ရှိပါသည် ဟုပြောကြ၏။
6ယေရှုက လူများကို မြေကြီးပေါ်မှာ ထိုင်
စေကြရန် မိန့်တော်မူ၏။ ထို့နောက် သူသည်
မုန့်ခုနစ်လုံးကိုယူ၍ ဘုရားသခင်ထံတော်သို့
ကျေးဇူးတော်ကို ချီးမွမ်း၏။ ယေရှုသည် မုန့်ကို
ဖဲ့၍၊ သူ၏တပည့်တော်တို့ကို ပေးပြီး လူများ
အား မျှဝေစေတော်၏။ တပည့်တော်တို့သည်
သူ့စကားတော်ကို နာခံကြ၏။ 7တပည့်တော်
တို့၌ အနည်းငယ်မျှသော ငါးကောင်ကလေး
လည်း ကျန်သေး၏။ ယေရှုသည် ငါးအတွက်
ဘုရားသခင်ထံတော်သို့ ကျေးဇူးတော်ကို ချီး
မွမ်းပြီးနောက်၊ မိမိတပည့်တော်တို့ အားပေး
ပြီး၊ လူများကို ခွဲဝေပေးရန် မိန့်တော်မူ၏။ 8လူ
တိုင်းက စား၍ ဝကြပြီးမှ ကျန်ရှိနေသောအပဲ့
အစများကို၊ တပည့်တော်တို့က တောင်းခုနစ်
တောင်း အပြည့်ရကြ၏။ 9စားသောသူများ
ထဲမှယောက်ျားအရေအတွက်မှာ လေးထောင်
မျှလောက်ရှိ၏။ သူတို့စားပြီးမှ ယေရှုက သူတို့
ကို သူတို့အိမ်အသီးသီးသို့ လွှတ်တော်မူ၏။
10ထို့နောက် ယေရှုသည် လှေစီး၍ မိမိတပည့်
တော်တို့နှင့်အတူ ဒါလမနုသနယ်သို့ သွားတော်
မူ၏။

## ဖာရိရှဲတို့က ယေရှုအား စစ်ဆေးရန် ကြိုးစားကြခြင်း

*(မ၊ 16:1-4)*

11ဖာရိရှဲ*တို့သည် ယေရှုထံတော်သို့
ရောက်လာကြပြီး သူ့အား မေးခွန်းများ မေးကြ
၏။ သူတို့က ကိုယ်တော်အား စုံစမ်းလိုကြ
သောကြောင့်ဖြစ်၏။ ထို့ကြောင့်သူတို့ကယေရှု
သည် အမှန်စင်စစ် ဘုရားသခင်ထံတော်မှ ဖြစ်
ပါက၊ နိမိတ်လက္ခဏာတစ်ခု ပြသရန် တောင်း
ဆိုကြ၏။ 12ထိုအခါ ယေရှုသည် သက်ပြင်းချ
သံပြုပြီး ဖာရိရှဲတို့အား၊ "သင်တို့သည် အဘယ်
ကြောင့် နိမိတ်လက္ခဏာကို တောင်းသနည်း၊
ငါအမှန်ဆိုသည်ကား သင်တို့အား နိမိတ်ကိုမျှ
မပြရ" ဟုမိန့်တော်မူ၏။ 13ဖာရိရှဲတို့ရှိရာမှ
ထွက်၍၊ လှေပေါ်သို့ တက်ပြီးလျှင် ကမ်းတစ်
ဖက်သို့ပြန်တော်မူ၏။

## ယေရှုတပည့်တော်တို့သည် မိမိအားအထင်လွဲခြင်း

*(မ၊ 16:5-12)*

14တပည့်တော်တို့သည် လှေပေါ်မှာ သူတို့၌
မုန့်တစ်လုံးတည်းသာရှိ၏။ သူတို့သည် နောက်
ထပ် မုန့်ကို ဝယ်ယူလာရန် မေ့လျော့နေကြ၏။
15ထိုအခါ ယေရှုက သူတို့အား "ဖာရိရှဲတို့၏တ
ဆေးကိုရင်း၊ဟေရုဒ်* ၏တဆေးကိုရင်း၊ သတိ
နှင့်ကြဉ်ရှောင်ကြ" ဟုသတိပေးတော်မူ၏။
16ထိုအခါ တပည့်တော်တို့သည် ယေရှု
ပြောတော်မူသောအဓိပ္ပါယ်ကို သူတို့အချင်း

---

**ဖာရိရှဲ** ဖာရိရှဲတို့သည် ယုဒလူမျိုးတို့၏ဥပဒေများနှင့် ဓလေ့ထုံးစံများအားလုံးကို သတိရှိစွာ လိုက်နာရန်ကြွေး ကြော်သောဘာသာရေးနှင့် ဆိုင်သောအဖွဲ့ ဖြစ်သည်။

**ဟေရုဒ်** ဟေရုဒ်၊အန္တိပ၊ ဂါလိလေနှင့်ဥပရိယာ၏စော် ဘွား( ခေါင်းဆောင်) ဟေရုဒ်၏သား

ချင်းဆွေးနွေးကြ၏။ သူတို့က၊ “ငါတို့မှာ မုန့်မ
ရှိသောကြောင့် ဤစကားမျိုးမိန့်တော်မူခြင်း
ဖြစ်နိုင်သည်” ဟုပြောကြ၏။
[17]ဤအကြောင်းနှင့် ပတ်သက်၍ တပည့်
တော်တို့ ပြောဆိုနေကြသည်ကို၊ ယေရှုက သိ
တော်မူ၏။ ထို့ကြောင့် ယေရှုက သူတို့အား၊
“သင်တို့မုန့်မရှိသည်ကို အဘယ်ကြောင့် ဆွေး
နွေးပြောဆိုကြသနည်း။ ယခုထက်ထိ သင်တို့
နားမလည်နိုင်ကြသလော၊ [18]သင်တို့မှာ မျက်စိ
ရှိလျက် မမြင်ကြသလော၊ နားရှိလျက် မကြား
ကြသလော၊ အရင်က အဘယ်သို့ငါပြုခဲ့သည်
ကို သင်တို့မှတ်မိကြသလော၊ ထိုအချိန်၌ ငါတို့
မှာမုန့်အလုံအလောက်မရှိ။ [19]မုန့်ငါးလုံးကို ငါဖဲ့
၍၊ လူယောကျ်ားငါးထောင်ကို ကျွေးသော
အခါအကျိုးအပဲ့ကို သင်တို့ ဘယ်နှစ်တောင်းနှင့်
ထည့်ခဲ့ကြသည်ကိုမှတ်မိကြသည်မဟုတ်လော”
ဟုမေးတော်မူ၏။ တပည့်တော်တို့က၊ “တစ်
ဆယ့်နှစ်တောင်း” ဟုပြန်လျှောက်ကြ၏။
[20]ယေရှုက “မုန့်ခုနစ်လုံးကို ငါဖဲ့၍ လူယော
ကျ်ားလေးထောင်ကို ကျွေးသောအခါ မုန့်အ
ကျိုး အပဲ့ကို သင်တို့ဘယ်နှစ်တောင်း ထည့်ခဲ့
ကြသည်ကို မှတ်မိကြသည်မဟုတ်လော့” ဟု
မေးတော်မူရာ၊ တပည့်တော်တို့က၊ “ခုနစ်
တောင်း” ဟုပြန်လျှောက်ကြ၏။
[21]ထို့နောက် ယေရှုက၊ “သင်တို့သည် ငါ
ပြုခဲ့သည့်အရာများကို ယခုထက်ထိမှတ်မိကြ
၏။ သို့သော်လည်း၊ သင်တို့သည် ယခုထက်ထိ
နားမလည်ကြသလော” ဟုမိန့်တော်မူ၏။

## ယေရှုက ဗက်ဇဲဒမြို့၌ မျက်မမြင်တစ် ယောက်ကို ကျန်းမာစေတော်မူခြင်း

[22]ယေရှုနှင့် တပည့်တော်တို့သည် ဗက်ဇဲဒ
မြို့သို့ ရောက်ရှိခဲ့ကြ၏။ လူအချို့က မျက်မ
မြင်တစ်ယောက်ကို ယေရှုထံတော်သို့ ခေါ်လာ
ကြ၏။ သူတို့က မျက်မမြင်ကို လက်ဖြင့်ထိရန်
ယေရှုအား တောင်းပန်ကြ၏။ [23]ထို့ကြောင့်
ယေရှုသည် မျက်မမြင်၏လက်ကို ကိုင်၍ ရွာ
ပြင်သို့ ခေါ်ထုတ်တော်မူ၏။ ထို့နောက် ယေရှု
သည် မျက်မမြင်၏မျက်စိကို တံတွေးနှင့်ထွေး
တော်မူ၏။
ယေရှုသည် မိမိလက်တော်ကို မျက်မမြင်
အပေါ်၌ တင်ပြီးလျှင်၊ “တစ်စုံတစ်ခုကို ယခု
သင်မြင်သလော” ဟုမေးတော်မူရာ၊
[24]မျက်မမြင်သည် လှမ်းကြည့်လျှင် “လူတို့
သည် သစ်ပင်ကဲ့သို့ဖြစ်၍ သွားလာနေကြသည်
ကို” ဟုလျှောက်လေ၏။
[25]နောက်တစ်ဖန် ယေရှုက မိမိလက်တော်
ကို မျက်မမြင်၏မျက်စိပေါ်သို့ တင်တော်မူ၏။
မျက်မမြင်သည် မျက်စိကို ဖွင့်ကြည့်လျှင် ပက
တိအဖြစ်သို့ရောက်၍ အလုံးစုံတို့ကို ရှင်းလင်း
စွာ မြင်လေ၏။ [26]ယေရှုကလည်း၊ “ရွာထဲသို့
ပင် မဝင်နှင့်” ရွာ၌အဘယ်သူကိုမျှ မပြောနှင့်
ဟုဆို၍ သူ့ကို အိမ်သို့လွှတ်တော်မူ၏။

## ယေရှုအား ခရစ်တော်ဖြစ်ကြောင်း ပေတရုက ပြောခြင်း

*(မ၊ 16:13-20; လု၊ 9:18-21)*

[27]ယေရှုနှင့်မိမိတပည့်တော်တို့သည် ဖိလိပ္ပု
ကဲသရိမြို့ဝန်းကျင်ရှိမြို့များသို့ သွားတော်မူ၏။
သူတို့ခရီးသွားနေကြစဉ်၊ ယေရှုက “လူများတို့
သည် ငါ့ကိုအဘယ်သူဖြစ်သည်ဟူ၍ ပြောကြ
သနည်း” ဟုတပည့်တော်တို့ကို မေးတော်မူ၏။
[28]ထိုအခါ တပည့်တော်တို့က၊ “လူအချို့က
ကိုယ်တော်သည် ဗတ္တိဇံဆရာယောဟန် ဖြစ်
သည်ဟုရင်း၊ အချို့ကဧလိယ* ဖြစ်သည်ဟု
ရင်း၊ အချို့က ပရောဖက်တစ်ပါးပါး ဖြစ်သည်”
ဟူ၍ရင်း ပြောကြပါ၏ ဟုဖြေကြ၏။
[29]ထို့နောက် ယေရှုက “သင်တို့က ငါ့ကို
အဘယ်သူဖြစ်သည်’ ဟုပြောကြသနည်း” ဟု
မေးတော်မူလျှင် ပေတရုက “ကိုယ်တော်သည်
ခရစ်* တော်ဖြစ်တော်မူသည်” ဟုပြန်ဖြေ
ကြား၏။

---

**ဧလိယ** ဘီစီ 850 လောက်မှာ ဘုရားသခင်အတွက်
ဟောပြောသူ ဖြစ်သည်။

**ခရစ်တော်** ဘိသိက်တော်မူခြင်းခံသောသူ၊( မေရှိယ
(သို့) ဘုရားသခင် ရွေးကောက်တော်မူသောသူ။

30 ယေရှုက တပည့်တော်တို့အား၊ “ငါသည်
မည်သူဖြစ်ကြောင်းအဘယ်သူကိုမျှ မပြောကြ
နှင့်” ဟူ၍မိန့်တော်မူ၏။

## ယေရှုသည် မိမိသေရမည်အကြောင်း မိန့်တော်မူခြင်း

*(မ၊ 16:21-28; လု၊ 9:22-27)*

31 ထိုနောက် ယေရှုသည် မိမိတပည့်တော်
တို့အား၊ လူသားသည် ဒုက္ခဝေဒနာများစွာ
ခံရမည်ဖြစ်ကြောင်း၊ ယုဒလူမျိုးအကြီးအကဲ
များ၊ ယဇ်ပုရောဟိတ်ကြီးများနှင့် ကျမ်းပြု
ဆရာများကသူကိုလက်ခံမည်မဟုတ်ကြောင်း၊
လူသားသည် အသတ်ခံရမည် ဖြစ်ကြောင်းနှင့်
သုံးရက်မြောက်နေ့တွင် သေခြင်းမှပြန်လည်ထ
မြောက်မည်ဖြစ်ကြောင်း စတင်၍ ပြောတော်
မူ၏။ 32 ယေရှုသည် သူတို့ကို ရှေ့ဖြစ်လာမည့်
အကြောင်းအရာများကို လျှို့ဝှက်ထားခြင်းမရှိ၊
အတည့်အလင်းမိန့်တော်မူ၏။ ပေတရုသည်
ယေရှုကို ဘေးသို့ခေါ်သွားပြီးလျှင် ထိုကဲ့သို့
မပြောရန်လျှောက်လေ၏။ 33 သို့ရာတွင် ယေရှု
သည် မိမိတပည့်တော်တို့ကို လှည့်ကြည့်တော်
မူပြီးနောက် ယေရှုက ပေတရုအား၊ “စာတန်၊
ငါ့ထံမှထွက်သွားလော့၊ သင်သည် ဘုရား
သခင်၏အရာကို ဂရုမစိုက်၊ လူတို့က အရေး
ကြီးသည်ဟု ထင်မှတ်သောအရာကိုသာ သင်
ဂရုစိုက်၏” ဟုမိန့်တော်မူ၏။
34 ထိုနောက် ယေရှုသည် လူတို့ကို သူထံ
တော်သို့ ခေါ်တော်မူ၏။ သူ၏တပည့်တော်တို့
လည်း ထိုနေရာ၌ ရှိနေကြ၏။ ထိုအခါယေရှု
က၊ “မည်သူမဆို ငါ့နောက်သို့ လိုက်လိုလျှင်၊
ကိုယ့်ကိုကိုယ် ငြင်းပယ်ရမည်။ သူ့ကိုပေးသော
လက်ဝါးကားတိုင်ကို ထမ်း၍ငါ့နောက်သို့ လိုက်
ရမည်။ 35 မိမိအသက်သို့ ကယ်ဆယ်လိုသော
သူသည် အသက်ရှုံးလိမ့်မည်။ ထို့နောက်မည်
သူမဆို ငါ့ကြောင့်ရှင်းဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းကြောင့်ရှင်း မိမိအသက်ကို ရှုံး
သောသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်
မည်။ 36 လူတစ်ယောက်သည် ကမ္ဘာကြီးတစ်ခု
လုံးကို ပိုင်ဆိုင်သော်လည်း မိမိအသက်ဝိညာဉ်
ဆုံးရှုံးလျှင် အဘယ်အကျိုးရှိမည်နည်း။ 37 လူ
တစ်ယောက်သည် မိမိဆုံးရှုံးသွားသောအ
သက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်မှ မဝယ် နိုင်၊
38 သစ္စာမဲ့ပြီး အပြစ်များသောယခုခေတ်လူတို့
အလယ်၌ နေထိုင်သောလူတစ်ဦးသည် ငါနှင့်
ငါ့စကားကိုရှက်လျှင်၊ ငါသည် ငါ့အဘခမည်း
တော်၏ ဘုန်းကျက်သရေတော်ဆောင်လျက်
သန့်ရှင်းသောကောင်းကင်တမန်တို့နှင့် ပြန်လာ
သောအခါ ထိုသူကို ရှက်တော်မူလိမ့်မည်” ဟု
မိန့်တော်မူ၏။

9 ထိုနောက် ယေရှုက “ငါအမှန်ဆိုသည်
ကား၊ ဤနေရာ၌ ရပ်နေသောသူ အချို့
တို့သည်၊ ဘုရားသခင်၏နိုင်ငံတော်သည် တန်
ခိုးနှင့်အတူ ရောက်လာသည်ကို သူတို့မသေမီ
မြင်ကြပါလိမ့်မည်” ဟုမိန့်တော်မူ၏။

## ယေရှုသည် မောရှေ၊ ဧလိယတို့နှင့်အတူ

*(မ၊ 17:1-13; လု၊ 9:28-36)*

2 ခြောက်ရက်လွန်သောအခါ၊ ယေရှုသည်
ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့အား ခေါ်
ဆောင်၍ မြင့်မားသောတောင်ပေါ်သို့ တက်
ကြွတော်မူ၏။ တောင်ကုန်းပေါ်တွင် သူတို့လေး
ဦးသာရှိ၏။ တပည့်တော်သုံးဦးက ယေရှုအား
ကြည့်နေစဉ်မှာပင် ယေရှုသည်ပြောင်းလဲတော်
မူ၏။ 3 ယေရှုဝတ်တော်မူသောအဝတ်မှာ ဆွတ်
ဆွတ်ဖြူလာ၏။ ကမ္ဘာမှာရှိသော မည်သည့်
လူတစ်ဦးတစ်ယောက်မှ၊ ဤထက်ပို၍ ဖြူဖွေး
အောင် မပြုလုပ်နိုင်။ 4 ယေရှုနှင့်အတူ အခြား
လူနှစ်ယောက်ပေါ်လာပြီး ယေရှုနှင့် စကား
ပြောနေကြ၏။ ထိုလူနှစ်ယောက်မှာ မောရှေ
နှင့်ဧလိယ * ဖြစ်၏။
5 ပေတရုက ယေရှုအား၊ “ဆရာ၊ ဤနေ
ရာသည် နေထိုင်ရန် ကောင်းပါ၏။ အကျွန်ုပ်တို့

---

**မောရှေနှင့် ဧလိယ** ဓမ္မဟောင်းခေတ်တွင် ယုဒလူမျိုးတို့
၏အရေးကြီးသောခေါင်း ဆောင်နှစ်ဦး။

တဲသုံးလုံးဆောက်ပါမည်၊ တစ်လုံးက အရှင့်အ
တွက်၊ တစ်လုံးက မောရှေ၊ နောက်တစ်လုံးက
ဧလိယအတွက်” ဟုပြောလိုက်၏။ 6 ပေတရုက
သူအဘယ်သို့ ပြောနေသည်ကို မသိပါ။ အ
ကြောင်းမူကား၊သူနှင့်ကျန်တပည့်နှစ်ဦးတို့သည်
အလွန်ကြောက်ရွံ့နေကြ၏။
7 ထို့နောက် မိုးတိမ်ပေါ်လာ၍၊ သူတို့ကို
ဖုံးလွှမ်းပြီးနောက်၊ တိမ်ထဲမှ အသံက၊ “ဤသူ
သည် ငါ့သားဖြစ်၏။ ငါသည် သူ့ကိုချစ်မြတ်နိုး
၏။ သူ့အမိန့်ကို နာခံကြလော့” ဟူ၍ ထွက်ပေါ်
လာ၏။
8 ထို့နောက် ပေတရုယာကုပ်နှင့် ယောဟန်
တို့က လှည့်ကြည့်လိုက်ရာ သူတို့သည်၊ ယေရှု
မှတစ်ပါး အဘယ်သူကိုမျှ မမြင်ကြ။
9 ယေရှုနှင့် တပည့်တော်တို့သည် တောင်
အောက်သို့ ပြန်ဆင်းကြ၏။ ယေရှုက လူသား
သည် သေခြင်းမှ မထမြောက်မီတိုင်အောင်
သင်တို့ ယခုမြင်သောအရာကို အဘယ်သူကိုမျှ
မပြောကြနှင့်ဟု တပည့်တော်တို့ကို အမိန့်ပေး
တော်မူ၏။
10 ထို့ကြောင့် တပည့်တော်တို့သည် ယေရှု
၏အမိန့်တော်ကို နာခံ၍သူတို့မြင်ခဲ့သောအရာ
တို့ကို အဘယ်သူမျှမပြောဘဲနေကြ၏။ သို့ရာ
တွင်၊ သေခြင်းမှထမြောက်ခြင်း အဓိပ္ပါယ်ကို
သူတို့ဆွေးနွေးကြ၏။ 11 တပည့်တော်တို့က
ယေရှုအား “ဧလိယသည် အရင်လာရမည်ဟု
ကျမ်းပြုဆရာတို့က အဘယ်ကြောင့် ပြောကြ
သနည်း” ဟူ၍မေးရာ၊
12 ယေရှုက၊ “ဧလိယအရင်လာရမည်ဟု သူ
တို့ပြောသည်မှာ မှန်၏။ ဧလိယသည် အရာ
အားလုံးကို ကောင်းမွန်စွာ ပြုလိမ့်မည်။ သို့ရာ
တွင် လူသားသည် ဝေဒနာများခံစားရမည်၊
လူတို့က သူ့ကို ငြင်းပယ်ကြမည်ဟု ကျမ်းစာထဲ
၌ အဘယ်ကြောင့် ရေးထားသနည်း။ 13 သို့
သော် ငါဆိုသည်ကား၊ ဧလိယသည် ရောက်
လေပြီ၊ သူ၏အကြောင်းကို ကျမ်းစာ၌ ရေး
ထားသည့်အတိုင်း လူတို့သည် သူ့အပေါ် ပြုလို
သမျှကို ပြုကြပြီ” ဟုမိန့်တော်မူ၏။

## ယေရှုသည် ကလေးတစ်ဦးအား ကုသတော်မူခြင်း

*(မ၊ 17:14-20; လု၊ 9:37-43)*

14 ထို့နောက် ယေရှုသည်ပေတရု၊ ယာကုပ်၊
ယောဟန်တို့နှင့်အတူ၊ အခြားတပည့် တို့ရှိရာ
သို့ ပြန်လာတော်မူ၏။ သူတို့ပတ်ဝန်းကျင်တွင်
လူအများအပြားကို မြင်တော်မူ၏။ ကျမ်းပြု
ဆရာတို့သည် တပည့်တော်တို့နှင့် ငြင်းခုံနေ
ကြ၏။ 15 လူတို့က ယေရှုကို မြင်လိုက်သော
အခါ အလွန်အံ့သြနေကြ၏။ သူတို့က ယေရှုထံ
တော်သို့ ပြေး၍ နှုတ်ဆက်ကြ၏။
16 ယေရှုက “သင်တို့သည် ကျမ်းပြုဆရာတို့
နှင့်အဘယ်အကြောင်း ငြင်းခုံနေကြသနည်း”
ဟုမေးတော်မူရာ၊
17 လူအုပ်ထဲမှ တစ်ယောက်က ပြောရာ၌
“ဆရာ၊ အကျွန်ုပ်၏သားကို အထံတော်သို့
ဆောင်ခဲ့ပါ၏။ သူ့မှာ ညစ်ညူးသောနတ် စွဲနေ
၏။ ညစ်ညူးသောနတ်ကြောင့် အကျွန်ုပ်သား
စကားမပြောနိုင်၊ 18 ညစ်ညူးသောနတ်က အ
ကျွန်ုပ်၏သားကို တိုက်ခိုက်ပြီး မြေကြီးပေါ်ကို
လွှင့်ပစ်လိုက်၏။ အကျွန်ုပ်သား၏ပါးစပ်ထဲက
အမြှုပ်တစီစီ ထွက်လာပြီး၊ အံသွားခဲကြိတ်
လျက် နေ၏၊ နောက်ပြီး သူတစ်ကိုယ်လုံးလည်း
တောင့်နေ၏။ ထို့ကြောင့် ထိုညစ်ညူးသောနတ်
ကို နှင်ထုတ်ပေးပါရန် တပည့်တော်တို့အား
အကျွန်ုပ် တောင်းပန်ပါ၏။ သို့သော်လည်း၊
ညစ်ညူးသောနတ်ကို သူတို့နှင်မထုတ်နိုင်ကြ”
ဟုလျှောက်လေ၏။
19 ယေရှုက “အိုယုံကြည်ခြင်း မရှိသောလူ
တို့၊ ငါသည် သင်တို့နှင့်အတူ အဘယ်မျှ ကာလ
ပတ်လုံး နေရမည်နည်း။ သင်တို့ကို အဘယ်မျှ
ကာလပတ်လုံးဆက်ပြီး သည်းခံရမည်နည်း၊ က
လေးကို ငါ့ထံသို့ ဆောင်ခဲ့ကြ” ဟုမိန့်တော်
မူ၏။
20 ထို့ကြောင့် တပည့်တော်တို့သည် ယေရှု
ထံတော်သို့ ကလေးကို ဆောင်ကြ၏။ ကလေး
ကိုယ်တွင်း ရှိညစ်ညူးသောနတ်သည် ယေရှုကို
မြင်သောအခါ၊ ကလေးကို ပြင်းစွာတုန်လှုပ်စေ

သဖြင့် ကလေးငယ်သည် မြေကြီးပေါ်မှာ လဲ၍
လိမ့်လျက်နေ၏။ သူ့ပါးစပ်ထဲမှလည်း အမြှုတ်
တစီစီ ထွက်နေလေ၏။
21ယေရှုက ကလေးငယ်၏အဘကို၊ “က
လေး၌ သို့ဖြစ်သည်ကား အဘယ်မျှလောက်
ကြာသနည်း” ဟုမေးတော်မူရာ၊ အဘက “ဤ
အရာသည် ငယ်သောအရွယ်ကပင် စဖြစ်သည်
ဟုပြန်ပြေ၏။ 22ညစ်ညူးသောနတ်က သူငယ်ကို
သတ်ဖို့အကြိမ်ပေါင်းများစွာ မီးထဲ၌ရင်း၊ ရေ
ထဲ၌ရင်း၊ တွန်းချတတ်၏။ ကိုယ်တော်သည်
တစ်စုံတစ်ရာတတ်နိုင်တော်မူလျှင် ကျေဇူးပြု
၍၊ အကျွန်ုပ်တို့အပေါ် သနားတော်မူ၍” ကယ်
မတော်မူပါဟု လျှောက်လေ၏။
23ယေရှုက သူငယ်၏အဘအား၊ “သင်က
‘တစ်စုံတစ်ရာတတ်နိုင်လျှင်’ ဆိုပြီးပြော၏။ ယုံ
ကြည်မှု ရှိသောသူအတွက် အရာအားလုံးဖြစ်
နိုင်သည်” ဟူ၍မိန့်တော်မူ၏။
24ထိုအခါ သူငယ်၏အဘသည် ဝမ်းမြောက်
စွာ အော်ဟစ်၍၊“အကျွန်ုပ်ယုံကြည်ပါ၏။ကျေး
ဇူးပြု၍ ပို၍ယုံကြည်ရန်အတွက် မစတော်မူပါ”
ဟုလျှောက်လေ၏။
25လူအများတို့သည် အဘယ်သို့ ဖြစ်နေ
ကြောင်း သိလို၍ ပြေးလာကြသည်ကို ယေရှု
မြင်တော်မူ၏။ ထိုအခါ ယေရှုက ညစ်ညူး
သောနတ်အား၊ “ဤကလေးကို နားပင်းပြီး ဆွံ့
အစေသောအသင်ဝိညာဉ်ဆိုး၊ ဤကလေးထဲမှ
ထွက်သွားလော့နောက်တစ်ဖန် မဝင်နှင့် ငါအ
မိန့်ရှိ၏” ဟုအမိန့်ပေးတော်မူ၏။
26ညစ်ညူးသောနတ်သည် အော်ဟစ်၍
ထွက်သွား၏။ ထိုအခါ နတ်ဆိုးသည် ကလေး
ကို မြေပေါ်၌ လဲစေသဖြင့် ကလေးသည် သေ
နေသကဲ့သို့ဖြစ်၏။ လူများက၊ “သူသေပြီ” ဟု
ပြောနေကြ၏။ 27သို့ရာတွင် ယေရှုသည် သူ
ငယ်၏လက်ကို ကိုင်၍ မတ်တတ်ရပ်နိုင်ရန် ထူ
ပေးတော်မူ၏။
28ယေရှုသည် အိမ်သို့ ဝင်တော်မူပြီးမှ တ
ပည့်တော်တို့နှင့် သူသာရှိစဉ် တပည့်တော်တို့
က၊ “အကျွန်ုပ်တို့ အဘယ့်ကြောင့် ထိုညစ်ညူး
သောနတ်ကို မနှင်ထုတ်နိုင်သနည်း” ဟုမေး
ကြရာ၊
29ယေရှုက၊ “ထိုညစ်ညူးသောနတ်မျိုးကို
ဆုတောင်းခြင်းနှင့်သာ နှင်ထုတ်နိုင်၏” ဟုမိန့်
တော်မူ၏။

## ယေရှုက မိမိသေခြင်းအကြောင်း ပြောတော်မူခြင်း

*(မ၊ 17:22-23; လု၊ 9:43b-45)*

30ယေရှုနှင့် မိမိတပည့်တော်တို့သည် ထိုနေ
ရာမှ ထွက်၍ ဂါလိလဲပြည်ကို ဖြတ်သွား ကြ၏။
ယေရှုသည် သူတို့အဘယ်မှာရှိသည်ကို လူအ
များသိရန် အလိုတော်မရှိ။ 31ယေရှုက မိမိတ
ပည့်တော်တစ်ဆယ့်နှစ်ပါးကိုသာ ဩဝါဒပေးလို
တော်မူ၏။ ယေရှုက သူတို့အား “လူသားသည်
လူတို့လက်သို့ အပ်နှံခြင်းခံရမည်။ သူတို့သည်
သူ့ကို သတ်လိမ့်မည်။ သုံးရက်မြောက်သောနေ့
၌ သေခြင်းမှ ထမြောက်လိမ့်မည်” ဟုမိန့်တော်
မူ၏။ 32တပည့်တော်တို့သည် ယေရှု၏ဆိုလို
ချက်ကို နားမလည်ကြ၊ သို့ရာတွင် ယေရှုအား
ထိုအကြောင်းကို ပြန်မမေးမလျှောက်ဝံ့ကြ။

## ယေရှုက အမြင့်မြတ်ဆုံးမည်သူ ဖြစ်ကြောင်း ပြောပြတော်မူခြင်း

*(မ၊ 18:1-5; လု၊ 9:46-48)*

33ယေရှုနှင့် တပည့်တော်တို့သည်
ကပေရနောင်မြို့သို့ ရောက်လာခဲ့ကြ၏။ သူတို့
သည် အိမ်တစ်အိမ်ထဲသို့ဝင်ကြ၏။ ယေရှုက၊
“သင်တို့သည် ယနေ့လမ်း၌ ငြင်းခုံကြသည် ကို
ငါကြား၏။ အဘယ်အမှုကို ငြင်းခုံကြသနည်း”
ဟုတပည့်တော်တို့အား မေးတော်မူ၏။ 34သို့
ရာတွင်တပည့်တော်တို့ကမဖြေကြ။အကြောင်း
မူကား၊ သူတို့သည်သူတို့တွင် မည်သူအမြင့်
မြတ် ဆုံးဖြစ်မည်နည်းဟု အချင်းချင်းငြင်းခုံ
ကြ၏။
35ယေရှုက ထိုင်လျက်၊ တမန်တော်တစ်
ဆယ်နှစ်ပါးကို သူ့ထံတော်သို့ ခေါ်တော်မူပြီး

"သင်တို့ထဲမှ တစ်စုံတစ်ယောက်သည် အမြင့်
မြတ်ဆုံးသောသူဖြစ်လိုလျှင်၊ တခြားလူတို့သည်
သူ့ထက် အရေးပါသည်ဟု မှတ်ယူပြီး လူတိုင်း
၏အစေကိုခံရမည်" ဟုပြောတော်မူ၏။
36ထို့နောက် ယေရှုက ကလေးငယ်တစ်
ယောက်ကိုခေါ်၏။ ထိုကလေးငယ်ကို တပည့်
တော်တို့ရှေ့၌ မတ်တတ်ရပ်စေ၏။ ယေရှုက
သူငယ်ကို ပွေ့ဖက်ပြီးလျှင်၊ သူ၏တပည့်တော်
တို့အား၊ 37"တစ်စုံတစ်ယောက်သောသူသည်
ငါ့နာမကို ထောက်၍၊ ဤကဲ့သို့သော သူငယ်
တစ်စုံတစ်ယောက်ကို လက်ခံလျှင်၊ ထိုသူသည်
ငါ့ကိုပင် လက်ခံ၏၊ ငါ့ကို လက်ခံသောသူ
သည်လည်း ငါ့ကို စေလွှတ်တော်မူသောသူကို
ပင် လက်ခံသည်" ဟုမိန့်တော်မူ၏။

## မည်သူမဆို ငါတို့ကို မဆန့်ကျင်လျှင် ငါတို့ဘက်၌ရှိ၏

*(လု၊ 9:49-50)*

38ထို့နောက် ယောဟန်က၊ "ဆရာ၊ လူ
တစ်ယောက်သည် ကိုယ်တော်၏ နာမတော်ကို
အမှီပြု၍ နတ်ဆိုးတို့ကို တခြားလူထဲမှ နှင်ထုတ်
နေသည်ကို အကျွန်ုပ်တို့တွေ့ပါ၏။ သူသည် အ
ကျွန်ုပ်တို့ အုပ်စုထဲကမဟုတ်။ ထို့ကြောင့် အ
ကျွန်ုပ်တို့သည် သူ့အား ဆက်မလုပ်ရန် တား
မြစ်ကြ၏၊ အကြောင်းမူကား၊ သူသည် အ
ကျွန်ုပ်တို့နှင့် မပတ်သက်သောကြောင့် ဖြစ်
သည်" ဟုပြောလိုက်ရာ၊ 39ယေရှုက၊ "သူ့ကို
မတားမြစ်ကြနှင့်၊ ငါ့နာမကို အမှီပြု၍ ကြီးမား
သောအရာများကို ပြုသောသူသည် ငါ့အ
ကြောင်းမကောင်း ပြောမည်မဟုတ်။ 40ငါတို့
ကို ဆန့်ကျင်ဖက်မပြုသောသူသည် ငါတို့ဘက်
၌ ရှိ၏။
41ငါအမှန်အကန်ဆိုသည်ကား၊ တစ်စုံတစ်
ယောက်သောသူသည် သင့်ကို ခရစ်တော်နှင့်
ဆိုင်သောကြောင့် သောက်ရန် ရေတစ်ခွက်
ပေးလျှင်၊ ထိုသူသည် အမှန်စင်စစ် ဆုလာဒ်ရ
လိမ့်မည်။

## ယေရှုက အပြစ်ကျူးလွန်စေခြင်းအကြောင်းသတိပေးတော်မူခြင်း

*(မ၊ 18:6-9; လု၊ 17:1-2)*

42"ငါ့ကို ယုံကြည်သော ဤသူငယ်တစ်
ယောက်ကို မှားယွင်းစေသောသူသည် အ
ပြစ်ဆိုးနှင့် ကြုံတွေ့လိမ့်မည်။ ထိုသူသည် လည်
ပင်း၌ ကြိတ်ဆုံကျောက်ကို ဆွဲ၍၊ ပင်လယ်ထဲ
၌ ချခြင်းကိုခံရလျှင် သာ၍ကောင်း၏။ 43သင်
၏လက်တစ်ဘက်သည် သင့်ကို မှားယွင်းစေ
လျှင်၊ ထိုလက်ကိုဖြတ်လော့၊ သင်သည် ငရဲ
အတွင်း မငြိမ်းနိုင်သောမီးထဲသို့ လက်နှစ်ဘက်
စုံနှင့် ဝင်ရသည်ထက် လက်ချိုတဲ့၍ ထာဝရအ
သက်ရခြင်းသည် သင့်အတွက်သာ ၍ကောင်း
၏။ 44*- 45သင်၏ခြေတစ်ဘက်သည် သင့်ကို
မှားယွင်းစေလျှင်၊ ဖြတ်လော့၊ သင်သည် ငရဲ
ထဲသို့ ခြေနှစ်ဘက်စုံနှင့် ဝင်ရသည်ထက် ခြေ
ချိုတဲ့၍ ထာဝရအသက်ရခြင်းသည် သင့်အ
တွက် သာ၍ကောင်း၏။ 46* 47သင်၏မျက်
စိတစ်ဘက်သည် သင့်ကို မှားယွင်းစေလျှင်
ထုတ်လော့။ သင်သည် မျက်စိနှစ်ဘက်စုံနှင့်
ငရဲထဲသို့ ချခြင်းကိုခံရသည်ထက် မျက်စိတစ်
ဘက်သာရှိ၍ ထာဝရအသက်ရခြင်းသည် သင့်
အတွက် သာ၍ကောင်း၏။ 48ငရဲမှာ လူသား
စားသောပိုးကောင်တို့သည် ဘယ်သောအခါ
မှမသေ၊ ငရဲမှာ တောက်လောင်နေသောမီး
တောက်မီးလျှံသည်လည်း ဘယ်သောအခါမှမ
ငြိမ်း။ 49ငရဲရောက်သောလူတိုင်းသည် မီးနှင့်
ဒဏ်ပေး*ခြင်းခံရမည်။ 50"ဆားသည် ကောင်း
၏။ သို့သော်လည်း၊ ဤဆား၏အငန်ဓာတ်
ပျောက်သွားလျှင်၊ ငန်သောအရသာကို ပြန်
ရရှိရန်သင် တို့မတတ်နိုင်။ ထို့ကြောင့် ကောင်း

---

**အခန်းငယ် 44** တစ်ချို့သောဂရိစာက အခန်းငယ် 44 ကို ပေါင်းထားသည်။ ၎င်းသည် အခန်းငယ် 48 နှင့်တူသည်။

**အခန်းငယ် 46** တစ်ချို့သောဂရိစာကအခန်းငယ် 46 ကို ပေါင်းထားသည်။ ၎င်းသည် အခန်းငယ် 48 နှင့်တူသည်။

**ဒဏ်ပေး** မူရင်းအဓိပ္ပါယ်မှာ "ငန်စေသည်"

မြတ်ခြင်းနှင့် ပြည့်စုံ၍၊ အချင်းချင်းငြိမ်းချမ်းစွာ
နေကြလော့” ဟူ၍ မိန့်တော်မူ၏။

## ယေရှုက ကွာရှင်းခြင်းအကြောင်းသြဝါဒ ပေးတော်မူခြင်း

*(မ၊ 19:1-12)*

10 ထိုနောက် ယေရှုသည် ထိုဒေသမှ
ထွက်ခွာတော်မူ၏။ သူသည် ယုဒနယ်
မြေသို့ သွားတော်မူပြီးနောက်၊ ယော်ဒန်မြစ်
တစ်ဖက်ကမ်းသို့ ပြတ်တော်မူ၏။ လူအများတို့
သည် သူ့ထံတော်သို့ လာကြပြန်၏။ ထိုအခါ
ယေရှုက လူများတို့ကို ထုံးစံအတိုင်း သြဝါဒပေး
တော်မူ၏။
2အချို့သောဖာရိရှဲတို့သည် ယေရှုထံတော်
သို့ ရောက်လာကြ၏။ သူတို့က ယေရှုအား
ပြောမှားဆိုမှား ဖြစ်စေခြင်းငှါ ကြိုးစားခဲ့ကြ၏။
သူတို့က ယေရှုအား၊ “လူတစ်ယောက်သည်
မိမိမယားနှင့် ကွာအပ်သလော” ဟုမေးရာ၊
3ယေရှုက၊ “သင်တို့ကို မောရှေက အဘယ်
သို့ပညတ်ထားသနည်း” ဟုပြန်မေး၏။
4ဖာရိရှဲတို့က၊ “မောရှေသည်၊ လူတစ်
ယောက်က မိမိမယားကို ကွာရှင်းရန်အတွက်
ကွာရှင်စာရေးခွင့်ပေးသည်* ဟုလျှောက်
ကြ၏။
5ထိုအခါ ယေရှုက၊ “သင်တို့သည် ဘုရား
သခင်၏စကားတော်ကို လက်ခံရန် ငြင်းဆန်နေ
ကြသောကြောင့် မောရှေသည် ထိုပညတ်ချက်
ကို ပေးခဲ့၏။ 6သို့ရာတွင် ဘုရားသခင်သည်
ကမ္ဘာကြီးကို ဖန်ဆင်းခါစအချိန်၌၊ သူသည် လူ
ယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းတော်မူ၏။
7‘ဤအကြောင်းကြောင့် ယောကျ်ားတစ်
ယောက်သည် ကိုယ့်မိဘကို စွန့်၍ ကိုယ့်မယား
နှင့်ပေါင်းသင်းလိမ့်မည်။ 8ထို့နောက် ထိုယော
ကျ်ားနှင့်မိန်းမသည် တစ်ကိုယ်တည်း ဖြစ်ရလိမ့်
မည်။’* ထို့ကြောင့် လင်မယားတို့သည် နှစ်
ဦးမဟုတ်၊ တစ်ဦးဖြစ်၏။ 9ဘုရားသခင်သည်
သူတို့နှစ်ယောက်ကို အတူတကွ ပေါင်းစပ်၏။
ထို့ကြောင့် အဘယ်သူကမျှ သူတို့နှစ် ယောက်
ကိုမခွဲရ” ဟုမိန့်တော်မူ၏။
10မကြာမီယေရှုနှင့် တပည့်တော်တို့သည်
အိမ်ထဲသို့ ဝင်ကြ၏။ တပည့်တော်တို့က လင်
မယားကွာရှင်းခြင်းနှင့် ပတ်သက်သောမေးခွန်း
ကို ထပ်မံ၍ မေးကြရာ၊ 11ယေရှုက၊ “အကြင်
သူသည် မိမိမယားကို ကွာ၍ အခြားသော
မိန်းမနှင့် စုံဘက်ခြင်းကိုပြုလျှင် မိမိမယားကို
ပြစ်မှား၏။ 12မိန်းမသည်လည်း မိမိလင်နှင့်
ကွာ၍ စုံဘက်ခြင်းကိုပြုလျှင် မှားယွင်းခြင်းသို့
ရောက်သည်” ဟုမိန့်တော်မူ၏။

## ယေရှုက ကလေးငယ်များကို လက်ခံတော်မူခြင်း

*(မ၊ 19:13-15; လု၊ 18:15-17)*

13လူတို့သည် သူတို့၏ကလေးငယ်တို့ကို
ယေရှုက တို့ထိနိုင်ရန် အထံတော်သို့ခေါ်
ဆောင်လာကြ၏။ သို့ရာတွင် တပည့်တော်
တို့က၊ လူတို့အား ကလေးငယ်များကို ခေါ်မ
လာကြရန်တားမြစ်ကြ၏။ 14ယေရှုသည် မြင်
တော်လျှင် အမျက်တော်ထွက်၍ ကလေးငယ်
တို့ကို ငါ့ထံသို့လာပါစေ။ မတားမြစ်ကြနှင့်။
အကြောင်းမူကား၊ ဘုရားသခင်၏နိုင်ငံတော်
သည် ဤကလေးငယ်များကဲ့သို့ သောသူတို့
ကသာ ပိုင်ဆိုင်၏။ 15ငါအမှန်ဆိုသည်ကား၊
သင်တို့သည် ဘုရားသခင်၏နိုင်ငံတော်ကို ဤ
ကလေးငယ်များက အရာတခုခုကို လက်ခံသ
ကဲ့သို့ လက်ခံရမည်။ ထိုသို့ မပြုလျှင်၊ သင်တို့
သည် ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရ ဟု
မိန့်တော်မူ၏။ 16ထို့နောက် ယေရှုသည်ကလေး
ငယ်တို့ကို ဖက်၍ သူတို့အပေါ်၌ လက်တင်၍
ကောင်းကြီးပေးတော်မူ၏။

## ချမ်းသာသူတစ်ဦးက ယေရှုနောက်တော်သို့ လိုက်ရန် ငြင်းဆန်ခြင်း

*(မ၊ 19:16-30; လု၊ 18:18-30)*

17ယေရှုသည် ထိုနေရာမှထွက်ခွာခါနီးတွင်၊

---

**“မောရှေ … ခွင့်ပေးသည်”** တရား 24:1

**‘ဤအကြောင်း … ဖြစ်ရလိမ့်မည်’** ကမ္ဘာ 2:24

လူတစ်ယောက်သည် အထံတော်သို့ ပြေး၍ ဒူး
ထောက်လျက် ထိုလူက၊ “ကောင်းသောဆ
ရာ၊ အကျွန်ုပ်သည် ထာဝရအသက်ကို ရရန်အ
တွက်၊ အဘယ်သို့ လုပ်ရမည်နည်း” ဟုမေးရာ၊
18 ယေရှုက၊ “ငါ့ကို ကောင်းမြတ်သည်ဟု
အဘယ်ကြောင့် ခေါ်သနည်း။ ဘုရားသခင်
တစ်ပါးသာကောင်းမြတ်တော်မူ၏။ 19 သင့်မေး
ခွန်းကို ငါဖြေမည်၊ သင်သည် ပညတ်တော်တို့
ကို သိသည် မဟုတ်လော၊ ‘သူ့မယားကို မပြစ်
မှားနှင့်၊ လူ့အသက်ကို မသတ်ရ၊ သူ့ဥစ္စာကို
မခိုးနှင့်၊ တရားရုံးခုံ၌လိမ်မပြောနှင့်၊ မလှည့်
ဖြားနှင့်၊ မိဘကို ရိုသေစွာပြုလော့’” ဟုမိန့်
တော်မူရာ၊
20 ထိုလူက၊ “ဆရာ၊ ဤပညတ်ရှိသမျှတို့ကို
အကျွန်ုပ်သည် ငယ်သောအရွယ်မှစ၍ လိုက်
နာပါပြီ” ဟုပြော၏။ 21 ယေရှုက ထိုလူကိုကြည့်
လျက် ချစ်သောစိတ်ရှိ၏၊ ထိုအခါ ယေရှုက၊
“သင်လုပ်စရာတစ်ခုရှိသေး၏၊ သွားလော့၊
ကိုယ်ဥစ္စာရှိသမျှကို ရောင်း၍ရသောငွေကို
ဆင်းရဲသောသူတို့အား ပေးလော့၊ ထိုသို့ပြု
လျှင် သင်သည် ကောင်းကင်ဘုံ၌ ဘဏ္ဍာရရှိ
လိမ့်မည်။ ထိုပြီးမှ လာ၍ငါ့နောက်သို့လိုက်
လော့” ဟုမိန့်တော်မူ၏။
22 ထိုလူသည် ယေရှု၏စကားကိုကြားသော
အခါ၊ မျက်နှာပျက်သွား၏။ သူသည် အလွန်
ချမ်းသာ၍ သူ၏ဥစ္စာများကို သူတစ်ပါးအား
ခွဲဝေမပေးချင်သောကြောင့် ထိုနေရာမှ ထွက်
ခွာသွားလေ၏။
23 ထို့နောက် ယေရှုက၊ “ချမ်းသာသောလူ
တစ်ယောက်သည် ဘုရားသခင်၏နိုင်ငံတော်
သို့ ဝင်ရန် အလွန်ခက်သည်” ဟု၍တပည့်တော်
တို့အား မိန့်တော်မူ၏။
24 တပည့်တော်တို့သည် ယေရှု၏စကားကို
ကြားသောအခါ အံ့သြကြ၏။ တဖန် ယေရှုက၊
“ငါ့သားသမီးတို့၊ ဘုရားသခင်၏နိုင်ငံတော်သို့
ဝင်ရန် အလွန်ခက်၏။
25 ချမ်းသာသော လူတစ်ယောက်သည်
ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်သည်ထက်၊
အပ်နဖားပေါက်ထဲကို၊ ကုလားအုတ်ဝင်ရန် ပို၍
လွယ်သည်” ဟုမိန့်တော်မူ၏။
26 တပည့်တော်တို့သည် ပိုမိုအံ့သြကြလျက်
“သို့ဖြစ်လျှင် အဘယ်သူသည် ကယ်တင်ခြင်း
ရနိုင်မည်နည်း” ဟုအချင်းချင်း ပြောကြ၏။
27 ယေရှုကလည်း သူတို့ကို ကြည့်၍ ပြော
လိုက်ရာတွင်၊ “ဤအရာသည် လူမတတ်နိုင်
သောအရာဖြစ်၏၊ ဤအရာသည် ဘုရားသခင်
ထံတော်မှလာ၏၊ ဘုရားသခင်သည် အရာခပ်
သိမ်းကို လုပ်နိုင်စွမ်းရှိသည်” ဟု၍မိန့်တော်မူ၏။
28 ထိုအခါ ပေတရုက ယေရှုအား “ကြည့်
လော့၊ အကျွန်ုပ်တို့သည် ရှိသမျှကို စွန့်လွှတ်၍
ကိုယ်တော်နောက်သို့ လိုက်ပါသည်” ဟုပြော
ဆိုရာ၊
29 ယေရှုက၊ “ငါအမှန်ဆိုသည်ကား၊ ငါ့
ကြောင့်၎င်း၊ ဧဝံဂေလိတရားကြောင့်၎င်း မိမိ
အိမ်ညီအစ်ကိုမောင်နှမ၊မိခင်၊ဖခင်၊သားသမီး၊
လယ်ယာများကို စွန့်သောသူသည်၊ 30 သူစွန့်
လွှတ်သမျှထက်၊ အဆတစ်ရာရလိမ့်မည်၊ ဤ
လောက၌လည်း ထိုသူသည် အိမ်များ၊ ညီအစ်
ကိုမောင်နှမများ၊ မိခင်များ၊ သားသမီးများ၊
လယ်ယာများပို၍ ရရှိလိမ့်မည်။ ထိုအရာများ
နှင့်အတူ သူမှာ ညှဉ်းပန်းနှိပ်စက်ခြင်းကို လည်း
ရှိလိမ့်မည်။ ထို့နောက် လာမည့်ဘဝ၌ သူသည်
ဆုလာဒ်အဖြစ် ထာဝရအသက်ကို ခံစားရ
လိမ့်မည်။ 31 ဤကမ္ဘာပေါ်မှာ အမြင့်ဆုံးနေရာ
၌ ရောက်နေသောလူများစွာတို့သည် နောင်
ကာလ၌ အနိမ့်ဆုံးနေရာသို့ ရောက်လိမ့်မည်။
ယခု အနိမ့်ဆုံးနေရာ၌ရှိသော လူများစွာတို့
သည် နောင်ကာလ၌ အမြင့်ဆုံးနေရာကိုရလိမ့်
မည်” ဟုမိန့်တော်မူ၏။

## ယေရှုက မိမိသေခြင်းအကြောင်း နောက်ထပ် ပြောတော်မူခြင်း

*(မ၊ 20:17-18; လု၊ 19:31-34)*

32 ယေရှုသည် မိမိနှင့်အတူရှိသောလူတို့နှင့်
တကွ ယေရုရှလင်မြို့သို့ သွားနေကြ၏။ ယေရှု

သည် သူတို့ရှေ့၌ လျှောက်တော်မူ၏။ တပည့်
တော်တို့သည် အံ့သြကြ၏။ သို့ရာတွင် နောက်
တော်သို့ လိုက်သောသူတို့သည် ကြောက်ရွံ့နေ
ကြ၏။ ယေရှုက တမန်တော်တဆယ့်နှစ်ပါးကို
တစ်ဖန်စုရုံး၍ ယေရုရှလင်မြို့သို့ ရောက်လျှင်
မည်သို့ဖြစ်မည်ကို၊ သူတို့ကိုသာ ပြော၏။
**33**ယေရှုက "ငါတို့သည် ယခု ယေရုရှလင်မြို့သို့
သွားကြ၏။ လူသားသည် ယဇ်ပုရောဟိတ်အ
ကြီးတို့နှင့်၊ ကျမ်းပြုဆရာတို့၏လက်ထဲသို့ အပ်
နှံခြင်းခံရလိမ့်မည်၊ သူတို့သည် လူသားကို သေ
ရမည် ဟုပြောကြလိမ့်မည်။ သူတို့သည် လူ
သားကို တပါးသောလူမျိုးတို့၏လက်ထဲသို့ အပ်
နှံလိမ့်မည်။ **34**ထိုသူတို့က သူ့ကို လှောင်ပြောင်
ပြီး၊ တံတွေးနှင့် ထွေးကြလိမ့်မည်၊ ကြာပွတ်
များနှင့်ရိုက်နှက်ပြီး၊ သတ်ကြလိမ့်မည်။ သို့ရာ
တွင် သေပြီး တတိယမြောက်သောနေ့၌၊ ပြန်
လည်ထမြောက်လိမ့်မည်" ဟုမိန့်တော်မူ၏။

## ယာကုပ်နှင့်ယောဟန်တို့က အခွင့် အရေးတောင်းကြခြင်း

*(မ၊ 20:20-28)*

**35**ထို့နောက် ဇေဗေဒဲ၏သား ယာကုပ်နှင့်
ယောဟန်တို့သည် ယေရှုထံတော်သို့ လာ၍၊
"ဆရာ၊ အကျွန်ုပ်တို့တောင်းဆိုချက်ကို ပြု
တော်မူစေချင်ပါသည်" ဟုလျှောက်ကြ၏။
**36**ထိုအခါ ယေရှုက၊ "ငါသည် သင်တို့အ
တွက် ဘယ်အရာကို လုပ်ပေးရမည်နည်း" ဟု
မေးတော်မူ၏။
**37**သူတို့က "ကိုယ်တော်သည် နိုင်ငံတော်
မှာ ဘုန်းတန်ခိုးရတော်မူသောအခါ၊ အကျွန်ုပ်
တို့နှစ်ယောက်ကို ကိုယ်တော်၏လက်ျာတော်
ဘက်၌တစ်ယောက်၊ လက်ဝဲတော်ဘက်၌တစ်
ယောက်ထိုင်ပါရစေ" ဟုလျှောက်ကြ၏။
**38**ယေရှုက၊ "သင်တို့သည် အဘယ်သို့
တောင်းဆိုနေကြသည်ကို၊ သင်တို့မသိကြ၊ ငါခံ
စားရမည့် ညှဉ်းပန်းနှိပ်စက်ခြင်းကို သင်တို့
ခံစားနိုင်ကြမည်နည်း၊ နောက်ပြီး၊ ငါခံယူသော
ဗတ္တိဇံကို၊ သင်တို့ခံနိုင်ရည်ရှိသလော" ဟုမိန့်
တော်မူရာ၊
**39**သူတို့က၊ "ဟုတ်ပါ၏၊ အကျွန်ုပ်တို့ခံနိုင်
ပါ၏" ဟုပြေကြ၏။ ယေရှုက၊ "ငါခံစားရမည့်
အရာကို သင်တို့ခံစားကြရလိမ့်မည်။ ထို့
နောက် ငါခံရမည့်ဗတ္တိဇံကိုလည်း သင်တို့ခံကြရ
ပါလိမ့်မည်။ **40**သို့သော်လည်း၊ ငါ၏လက်တော်
ဘယ်ဘက်ဖြစ်စေ၊ လက်တော်ညာဘက်ဖြစ်
စေ၊ ထိုင်မည့်သူကို ရွေးချယ်သောသူသည် ငါ
မဟုတ်၊ အချို့သောသူသည် ထိုနေရာကိုရကြ
လိမ့်မည်။ ထိုနေရာသည် သူတို့အတွက် ကြို
တင်ပြင်ဆင်ထားသည်" ဟုမိန့်တော်မူ၏။
**41**အခြားသော တပည့်တော်ဆယ်ပါးတို့
သည် ထိုအကြောင်းကို ကြားသိကြ၏။ သူတို့
သည် ယာကုပ်နှင့်ယောဟန်အား စိတ်ဆိုးကြ
၏။ **42**ယေရှုသည် မိမိတပည့်တော်တို့ကို ခေါ်
တော်မူ၍ ယေရှုက၊ "တစ်ပါးသောလူမျိုးသည်
အုပ်ချုပ်သူများရှိကြ၏။ ထိုအုပ်ချုပ်သူတို့သည်
လူများအပေါ်၌ သူတို့၏တန်ခိုးကို ပြရန်အတွက်
နှစ်သက်ကြ၏။ သူတို့၏အရေးပါသော ခေါင်း
ဆောင်များကလည်း လူများအပေါ်၌အာဏာ
ပြချင်ကြ၏။ **43**သို့ရာတွင် သင်တို့၌ ဤအဖြစ်
မျိုးဖြစ်စေခြင်းငှါ ငါအလိုတော်မရှိ၊ သင်တို့အ
ထဲက တစ်စုံတစ်ယောက်သည် ကြီးမြတ်သော
သူ ဖြစ်ချင်လျှင် ထိုသူသည် သင်တို့၏အစေ
ခံဖြစ်ရမည်။ **44**သင်တို့ထဲက တစ်စုံတစ်ယောက်
သည်၊ အရေးပါဆုံးသောပုဂ္ဂိုလ်ဖြစ်လိုလျှင်၊ ထို
သူသည် အခြားသူအားလုံးတို့၏စေခိုင်းရာကျွန်
ဖြစ်ရမည်။ **45**ထိုနည်းတူ၊ လူသားသည် တခြား
သောသူက သူ့အတွက်အစေခံရန် လာသည်
မဟုတ်၊ သို့ရာတွင် လူသားသည် တခြားလူ
များအတွက် အစေခံရန်နှင့်မိမိအသက်ကို စွန့်၍
လူများကို ကယ်တင်ခြင်းငှါကြွတော်မူ၏။"

## ယေရှုက မျက်မမြင်တစ်ယောက်အား ကုသတော်မူခြင်း

*(မ၊ 20:29-34; လု၊ 18:35-43)*

**46**ထို့နောက် သူတို့သည် ယေရိခေါမြို့သို့

ရောက်ကြ၏။ ယေရှုသည် မိမိတပည့်တော်တို့
မှစ၍ လူအပေါင်းတို့နှင့် အတူထိုမြို့မှ ထွက်ခွာ
တော်မူ၏။ တိမဲ၏သား ဗာတိမဲအမည်ရှိသော
မျက်မမြင်တစ်ယောက်သည် လမ်းဘေးမှာ
ထိုင်၍ တောင်းစားလေ၏။ ထိုသူသည် အစဉ်
မပြတ် ငွေကြေးတောင်းခံလေ့ရှိသူဖြစ်၏။ [47]နာ
ဇရက်မြို့သား ယေရှုဖြတ်လာတော်မူကြောင်း
ကြားလိုက်ရသောအခါ၊ ထိုမျက်မမြင်က “ဒါဝိဒ်
၏သားတော်၊ ယေရှု၊ ကျေးဇူးပြု၍ အကျွန်ုပ်
ကို ကူညီတော်မူပါ” ဟုအော်ဟစ်လေ၏။ [48]ထို
သူကို တိတ်ဆိတ်စွာ နေစေခြင်းငှါလူများတို့
သည် သူ့ကို ငေါက်၍ဆိုကြ၏။ သို့ရာတွင်မျက်
မမြင်က “ဒါဝိဒ်၏သားတော်၊ ကျေးဇူးပြု၍ အ
ကျွန်ုပ်ကို ကူညီတော်မူပါ” ဟုသာ၍အော်ဟစ်
လေ၏။

[49]ယေရှုသည် ရပ်တော်မူပြီး၊ ထိုသူကို
ငါ့ဆီခေါ်ခဲ့ဟု အမိန့်ပေး၏။ ထိုအခါလူများက
မျက်မမြင်အား၊ “မဆိုးရိမ်နှင့်၊ ထလော့၊ သင့်
ကို ယေရှုခေါ်တော်မူ၏” ဟုပြောကြ၏။ [50]ထို
သူသည် မိမိအဝတ်ကို ထားပြီးလျှင် ချက်ချင်း
ထ၍ ယေရှုထံတော်သို့သွား၏။ [51]ယေရှုက
မျက်မမြင်အား၊ “သင့်အတွက် ငါအဘယ်သို့
လုပ်ပေးစေချင်သနည်း” ဟုမေးတော်မူ၏။
မျက်မမြင်က၊ “အရှင်၊ အကျွန်ုပ်မျက်စိပြန်မြင်
ချင်ပါသည်” ဟုဖြေ၏။ [52]ယေရှုက၊ “သွား
လော့၊ သင်ယုံကြည်သောကြောင့် သင်သည်
ကျန်းမာခြင်းသို့ ရောက်ပြီ” ဟုမိန့်တော်မူ၏။
ထိုနောက် မျက်မမြင်သည် မျက်စိပြန်မြင်၍
ယေရှု၏နောက်တော်သို့ လမ်းတလျှောက်
လိုက်သွားလေ၏။

## ယေရှုသည် ယေရုရှလင်မြို့သို့ ဘုရင်တစ်ပါးကဲ့သို့ဝင်တော်မူခြင်း

*(မ၊ 21:1-11; လု၊ 19:28-40; ယော၊ 12:12-19)*

11 ယေရှုနှင့် မိမိတပည့်တော်တို့သည်
ယေရုရှလင်မြို့နှင့် နီးလာကြ၏။ သူတို့
သည် သံလွင်တောင်* ခြေရင်းရှိ ဗက်ဖာဂေ
နှင့် ဗေသနိမြို့အနီးသို့ ရောက်၏။ ထိုနေရာ
တွင် ယေရှုက မိမိတပည့်တော်နှစ်ယောက်ကို
တစ်စုံတစ်ရာပြုလုပ်ရန် စေလွှတ်၏။ [2]ယေရှု
က၊ မိမိတပည့်တော်နှစ်ယောက်တို့အား “သင်
တို့ ဤနေရာက မြင်ကြသောမြို့သို့ သွားကြ
လော့၊ မြို့တွင်းသို့ရောက်လျှင် အဘယ်သူမှ
မစီးဘူးသောမြည်းကလေး ချည်နှောင်လျက်ရှိ
သည်ကို တွေ့ရလိမ့်မည်၊ မြည်းကြိုးကိုဖြည်၍
ငါ့ဆီကို ဆောင်ခဲ့ကြ၊ [3]တစ်စုံတစ်ယောက်က
သင်တို့ကို ‘အဘယ်ကြောင့် ဤသို့ပြုသနည်း’
ဟုမေးလျှင်၊ ‘သခင်က၊ ဤမြည်းကို အလိုရှိ
သည် ဟုပြန်ပြောလော့။ မကြာခင် သူပြန်ပေး
တော်မူမည်”’ ဟုမှာတော်မူ၏။ [4]တပည့်တော်
နှစ်ယောက်တို့သည် မြို့ထဲသို့ ဝင်သွားကြ၏။
အိမ်တစ်အိမ်၏တံခါးအနီး၊ လမ်းဘေးတွင် ကြိုး
ချည်ထားသောမြည်းတစ်ကောင်ကို တွေ့ကြ
၏။ တပည့်တော်နှစ်ယောက်က မြည်းကြိုးကို
ဖြည်ကြ၏။ [5]ထိုနေရာ၌ ရပ်သောသူအချို့တို့
က မြင်၏။ ထိုသူတို့က “သင်တို့အဘယ်အရာ
ကို လုပ်နေကြသနည်း၊ အဘယ့်ကြောင့် မြည်း
ကြိုးကိုဖြည်ကြသနည်း” ဟုမေးကြ၏။ [6]တပည့်
နှစ်ယောက်ကယေရှု မှာထားတော်မူသည့်
အတိုင်း ဖြေကြ၏။ ထိုလူများက တပည့်တော်
နှစ်ယောက်အား မြည်းကို ယူသွားခွင့်ပြု၏။
[7]တပည့်တော်တို့သည် မြည်းကလေးကို ယေရှု
ထံတော်သို့ ခေါ်ဆောင်သွားကြ၏။ တပည့်
တော်တို့သည် သူတို့၏ဝတ်လုံများကို မြည်းပေါ်
သို့ တင်ကြပြီးလျှင်၊ ယေရှုသည် မြည်းပေါ်သို့
ထိုင်တော်မူ၏။ [8]လမ်းတစ်လျှောက်လုံးတွင် လူ
များစွာတို့က မိမိတို့ဝတ်လုံများကို၊ ယေရှုအ
တွက်၊ လမ်းမပေါ်၌ ခင်းပေးထားကြ၏။ အချို့
တို့သည် လယ်တောမှ သစ်ကိုင်းသစ်ခက်များ
ကို၊ ခုတ်ဖြတ်၍ လမ်းပေါ်၌ ခင်းကြ၏။ [9]အချို့
တို့သည် ယေရှုရှေ့တော်သို့ကြိုတင်၍ လျှောက်

---

**သံလွင်တောင်** လူတစ်ယောက်က ဗိမာန်တော်ဝန်းကျင်
ကို မျှော်ကြည့်နိုင်သောယေရုရှလင်မြို့၏ အရှေ့ဘက်ရှိ
တောင် ဖြစ်သည်။

ကြ၏။ အချို့တို့သည် ယေရှု၏နောက်တော်မှ
လိုက်လျှောက်ကြ၏။ လူအများက၊

“ဘုရားသခင် ကိုချီးမွမ်း*ကြ၊ ထာဝရ
ဘုရား၏နာမတော်နှင့် ကြွလာတော်မူ
သောသူသည် မင်္ဂလာရှိ၏” ဟုအော်
ဟစ်ကြွေးကြော်ကြ၏။

*ဆာလံကျမ်း 118:25-26*

10 ရောက်လာမည့် ငါတို့အဘဒါဝိဒ်၏ နိုင်ငံ
တော်သည် မင်္ဂလာရှိပါစေ၊ ကောင်း
ကင်ဘုံ၌ ရှိတော်မူသော ဘုရားသခင်
ကို ချီးမွမ်းကြဟု အော်ကြ၏။
11ယေရှုသည် ယေရုရှလင်မြို့သို့ ရောက်
သောအခါ ဗိမာန်တော်သို့ ဝင်တော်မူ၏။
ယေရှုက ဗိမာန်တော်ထဲ၌အရာရာတို့ကို သတိ
နှင့်ကြည့်ရှုတော်မူ၏။ သို့ရာတွင် အချိန်နောက်
ကျသောကြောင့် ယေရှုသည် တပည့်တော်
တစ်ဆယ့်နှစ်ပါးတို့နှင့်အတူ ဗေသနိသို့ ပြန်သွား
တော်မူ၏။

## ယေရှုကသင်္ဘောသဖန်းပင်သေမည်ဟု အမိန့်ပေးတော်မူခြင်း

*(မ၊ 21:18-19)*

12နောက်တစ်နေ့သို့ ရောက်သောအခါ
ယေရှုသည် ဗေသနိမှထွက်ခွာလာစဉ်၊သူသည်
ဆာလောင်မွတ်သိပ်တော်မူ၏။ 13ယေရှုသည်
အရွက်နှင့်ပြည့်သောသင်္ဘောသဖန်းပင်တစ်ပင်
ကို အဝေးမှ လှမ်းမြင်တော်မူ၏။ ထို့ကြောင့်
သင်္ဘောသဖန်းပင်ရှိရာသို့ လျှောက်သွား၍ သ
င်္ဘောသဖန်းသီး ရှိမရှိကြည့်တော်မူ၏။ သို့ရာ
တွင် ယေရှုသည် သင်္ဘောသဖန်းပင်ပေါ်တွင်
အသီးတစ်လုံးမျှ မတွေ့ရ။ အရွက်များသာတွေ့
ရ၏။ ထိုအချိန်သည် သင်္ဘောသဖန်းသီးသီး
သောအချိန်ကာလ မရောက်သေးသော
ကြောင့်ဖြစ်၏။ 14ထို့ကြောင့် ယေရှုက သဖန်း
ပင်အား၊ “လူတို့သည် သင့်အသီးကို နောက်
ထပ် ဘယ်တော့မှ မစားရတော့ဘူး” ဟုမိန့်
တော်မူ၏။ ဤသို့မိန့်တော်မူသည်ကို တပည့်
တော်တို့သည်လည်း ကြားကြ၏။

## ယေရှုက ဗိမာန်တော်သို့ သွားတော်မူခြင်း

*(မ၊ 21:12-17; လု၊ 19:45-48; ယော၊ 2:13-22)*

15ယေရှုသည် တပည့်တော်တို့နှင့်အတူ
ယေရုရှလင်မြို့သို့ ရောက်သောအခါ ဗိမာန်
တော်အတွင်းသို့ ဝင်တော်မူ၍ ထိုနေရာ၌ အ
ရောင်းဝယ်သောသူတို့ကို နှင်ထုတ်၍ စားပွဲခုံ
တို့ကိုရင်း၊ ချိုးငှက်ရောင်းသူတို့၏ခုံ တန်းလျား
များကို ပြောင်းပြန်လှန်တော်မူ၏။ 16ယေရှု
သည် ဗိမာန်တော်ပိုင်နက်အတွင်းမှ ဖြတ်သန်း
၍ ပစ္စည်းသယ်ယူသူတို့ကိုလည်း ဝင်ခွင့်ပြု
တော်မမူ။ ထို့နောက် ယေရှုက လူတို့ကိုဩဝါဒ
ပေးတော်မူ၏။ သူက၊ 17“ဤအကြောင်းကို
ကျမ်းစာထဲမှာရေးထား၏၊ ‘ငါ့အိမ်ကို လူအား
လုံးဆုတောင်းသော အိမ်ဟုခေါ်ရမည်။* သို့
သော်လည်း၊ သင်တို့သည် ထိုအိမ်ကို ခါးပြ
တို့၏ခိုအောင်းစရာနေရာ ဖြစ်စေကြပြီ” ဟု၍
မိန့်တော်မူ၏။’” 18ယဇ်ပုရောဟိတ်အကြီးတို့နှင့်
ကျမ်းပြုဆရာတို့သည် ထိုအကြောင်းကို ကြား
သိကြ၏။ သူတို့သည် ယေရှုအား သတ်နိုင်မည့်
နည်းလမ်းကို ရှာဖွေကြ၏။ လူတို့သည် ယေရှု၏
ဩဝါဒကို အံ့ဩမိန်းမောကြသောကြောင့်၊
ယေရှုကို ကြောက်ရွံ့နေကြ၏။ 19ထိုညတွင်
ယေရှုနှင့်မိမိတပည့်တော်တို့သည် မြို့ပြင်သို့
ထွက်သွားတော်မူ၏။

## ယေရှုက ယုံကြည်မှု၏စွမ်းအားကို ပြသတော်မူခြင်း

*(မာ၊ 21:20-22)*

20နောက်တစ်နေ့နံနက်တွင် ယေရှုနှင့် တ
ပည့်တော်တို့သည် လမ်း၌ သွားကြစဉ်၊ ထိုနေ့

---

**ချီးမွမ်း** မူရင်းအဓိပ္ပါယ်မှာ ဟောရှဏ္ဏာဘုရားသခင်ထံ အကူအညီအတွက် ဆုတောင်းသောအချိန်မှာ အသုံးပြုသောစကားလုံး ဖြစ်သည်။ ဤနေရာ၌ ဘုရားသခင် (သို့မဟုတ်) သူ၏မေရှိယကို ချီးမွမ်းသောအချိန်၌ အသုံးပြုသောပျော်ရွှင်ခြင်း အော်ဟစ်သံ ဖြစ်နိုင်သည်။

**ငါ့အိမ်ကို … ခေါ်ရမည်** ဟေရှာယ 56:7။

မတိုင်မီက ယေရှုကျိန်တော်မူသော သင်္ဘော
သဖန်းပင်ကို တွေ့မြင်ကြ၏။ သင်္ဘောသဖန်းပင်
သည် အမြစ်နှင့်တကွ အားလုံးခြောက်သွေ့
လျက်သေ၏။ 21ပေတရုက ထိုအပင်ကို မှတ်မိ
၏။ သူက ယေရှုအား၊ "ဆရာ၊ မနေ့က၊ ကိုယ်
တော်ကျိန်တော်မူသော သင်္ဘောသဖန်းပင်
ခြောက်သွေ့ပြီး သေလေ၏၊" ဟုပြောလိုက်၏။
22ယေရှုက "ဘုရားသခင်အပေါ်မှာ ယုံကြည်မှု
ရှိကြလော့၊ 23ငါအမှန်ဆိုသည်ကား၊ သင်တို့
သည် ယုံမှားသောစိတ်နှင့် ကင်း၍ သင်တို့ဆို
သည့်အတိုင်း ဖြစ်မည်ဟု ယုံကြည်လျှင်၊ ထို
တောင်ကို ဤနေရာမှရွေ့လော့၊ ပင်လယ်၌
ကျလော့ဟုဆိုလျှင်၊ ဆိုသည်အတိုင်း ဖြစ်လိမ့်
မည်။ 24ထို့ကြောင့် ငါဆိုသည်ကား၊ သင်တို့
သည် ဆုတောင်းသောအခါ လိုချင်သောအရာ
ကို တောင်းလော့၊ သင်တောင်းသည့်အရာကို
ရနေပြီဟု ယုံကြည်လျှင်၊ ထိုအရာသည် သင့်
အတွက် ဖြစ်သွားလိမ့်မည်။ 25သင်တို့သည် ဆု
တောင်းသောအခါ သူတပါး၌အပြစ်တင်ခွင့် ရှိ
လျှင် သူ့အပြစ်ကို လွှတ်ကြလော့သို့ပြုလျှင်
ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ
သည်လည်း သင်တို့၏အပြစ်ကို လွှတ်တော်မူ
လိမ့်မည်" ဟုမိန့်တော်မူ၏။ 26*

## ယုဒခေါင်းဆောင်များက ယေရှု၏လုပ်ပိုင်ခွင့်အာဏာကို သံသယရှိခြင်း

*(မ၊ 21:23-27; လု၊ 20:1-8)*

27ယေရှုနှင့် မိမိတပည့်တော်တို့သည်
ယေရုရှလင်မြို့သို့ ပြန်သွားခဲ့ကြ၏။ ယေရှုသည်
ဗိမာန်တော်ပိုင်နက်အတွင်း၌ လမ်းလျှောက်
နေ၏။ ယဇ်ပုရောဟိတ်အကြီးများ၊ ကျမ်းပြု
ဆရာတို့နှင့် ယုဒလူအကြီးအကဲတို့သည် ယေရှု
ထံတော်သို့လာကြ၏။ 28သူတို့က ယေရှု အား၊
"ကိုယ်တော်သည် ဤအမှုအရာများကို အဘယ်
အခွင့်နှင့်ပြုသနည်း။ ဤသို့ ပြုရသောအခွင့်ကို
အဘယ်သူပေးသနည်း" ဟူ၍ မေးလိုက်ကြရာ၊
29ယေရှုက "သင်တို့ကို ငါမေးခွန်း တစ်ခုမေး
မည်၊ သင်တို့ငါ့မေးခွန်းကို ဖြေကြလော့၊ ထိုမှ
သာ ငါသည် ဤအမှု များကို အဘယ်အခွင့်နှင့်
ငါပြုသည်ကို ငါပြောမည်။ 30ယောဟန်၏
ဗတ္တိဇံ*တရားသည် ဘုရား သခင်က လာသ
လော၊ လူကလာသလော ဤ အမေးကို ဖြေကြ
လော့၊" ဟုမိန့်တော်မူ၏။ 31ထိုယုဒခေါင်း
ဆောင်တို့သည် ယေရှု၏မေးခွန်းနှင့် ပတ်သက်
၍ အချင်းချင်း ဆင်ခြင်ကြ၏။ "ငါတို့က၊
'ယောဟန်၏ဗတ္တိဇံတရားသည် ဘုရားသခင်က
လာသည် ဟုဆိုလျှင်၊ သင်တို့အဘယ်ကြောင့်
ယောဟန်ကို မယုံကြည်ကြသနည်း 'ဟုသူက
မေးလိမ့်မည်။ 32သို့သော်လည်း ငါတို့က၊
'ယောဟန်၏ဗတ္တိဇံတရားသည် လူကလာသည်
ဟုဆိုလျှင်၊' လူတို့သည် ငါတို့အား ဒေါသဖြစ်
ကြလိမ့်မည်" ဟုအချင်းချင်းဆင်ခြင်ကြ၏။ ထို
ခေါင်းဆောင်တို့သည် လူများကို ကြောက်ကြ
၏။ အကြောင်းမူကား၊ လူအပေါင်းတို့သည်
ယောဟန်အား ပရောဖက်တစ်ပါးဟု ယုံကြည်
ကြသောကြောင့်ဖြစ်၏။ 33ထို့ကြောင့် ထိုခေါင်း
ဆောင်တို့က ယေရှုအား "အကျွန်ုပ်တို့မသိပါ"
ဟူ၍ပြန်ပြောကြ၏။ ထိုအခါယေရှုက၊ "သို့ဖြစ်
လျှင်ငါသည်လည်း ဤအမှုများကို အဘယ်
အခွင့်နှင့်ပြုသည်ကို ငါမပြော"ဟုမိန့်တော်မူ၏။

## ဘုရားသခင်က မိမိသားတော်ကို စေလွှတ်တော်မူခြင်း

*(မာ၊ 21:33-46; လု၊ 20:9-19)*

12 ထိုအခါ ယေရှုသည် လူတို့ကို ဥပမာ
များကို အသုံးပြု၍ ဆုံးမဩဝါဒပေးခြင်း
ကို စတင်တော်မူ၏။ ယေရှုက၊ "လူတစ်
ယောက်သည် မိမိမြေကွက်၌ စပျစ်ပင်ကို စိုက်

---

**အခန်းငယ် 26** တစ်ချို့သောဂရိတ်စာများက အခန်းငယ် 26 ပေါင်းထားသည်။ သို့သော် သင်သည် တခြားသော လူတို့ကို ခွင့်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်၏အဘဘုရားသည် သင်၏အပြစ်ကို လွှတ်လိမ့်မည်မဟုတ်။

**ဗတ္တိဇံ** ဂရိတ်ဘာသာဖြင့် ရေနှစ်သည်၊ ရေထဲနှစ်သည် (သို့မဟုတ်) လူသိမဟုတ် ပစ္စည်းခဏအတောတွင်း ရေထဲမှာ မြုပ်နှံသည်။

ပျိုး၏။ သူသည် စပျစ်ခင်း၏ပတ်လယ်၌ ခြံ
စည်းရိုးကာ ပြီးစပျစ်ရည်ညှစ်ရန်အတွက် ကျင်း
တူးလေ၏။ ထို့နောက် မျှော်စင်တစ်ခုလည်း
ဆောက်ထား၏။ သူသည် စပျစ်ခင်းကို တခြား
ယာသမားတို့အား အငှားချခဲ့ပြီး ခရီးထွက်
သွား၏။ [2]အချိန်အနည်းငယ်ကြာသောအခါ၊
စပျစ်သီးခူး ဆွတ်ချိန် ရောက်လာ၏။ ထိုအခါ
ထိုစပျစ်ခင်း ပိုင်ရှင်သည် မိမိအတွက် စပျစ်သီး
ကိုခံစေခြင်းငှါ ယာသမားတို့ထံသို့ အစေခံကို
စေလွှတ်၏။ [3]သို့ရာတွင် ယာသမားတို့သည်
အစေခံကို ဖမ်းဆီး၍ ရိုက်နှက်ပြီးမှ လက်ချည်း
လွှတ်ကြ၏။ [4]ထိုအခါ စပျစ်ခင်းပိုင်ရှင်သည်
ယာသမားတို့ထံသို့တခြားအစေခံတစ်ယောက်
ကို လွှတ်လေ၏။ သို့ရာတွင် ယာသမားတို့
သည် ထိုအစေခံကိုလည်း ရိုက်၍ အရှက်ခွဲပြီးမှ
လွှတ်လိုက်ကြ၏။ [5]ထို့ကြောင့် စပျစ်ခင်းပိုင်ရှင်
သည် တခြားအစေခံတစ်ယောက်လွှတ်လေ၏။
ယာသမားတို့သည် ထိုအစေခံကို သတ်ကြ၏။
သူသည် များစွာသောတခြားအစေခံတို့ကို၊
ယာသမားတို့ထံသို့ လွှတ်လေ၏။ ယာသမား
တို့သည် တချို့အစေခံတို့ကို ရိုက်နှက်ပြီး တချို့
ကို သတ်ကြ၏။ [6]“စပျစ်ခင်းပိုင်ရှင်သည် ထို
ယာသမားတို့ထံသို့ လွှတ်ရန်အတွက်၊ မိမိ၌ချစ်
သားတစ်ယောက်တည်း ရှိသေးသည်ဖြစ်၍ ထို
သူတို့သည်ငါ့သားကို အားနာကြလိမ့်မည်ဟု
ဆို၍မိမိသားကိုနောက်ဆုံး၌စေလွှတ်လေ၏။
[7]“သို့ရာတွင် ယာသမားတို့က ‘ဤသူသည်
ပိုင်ရှင်၏သားဖြစ်၏။ ဤစပျစ်ခင်းသည် နောင်
တစ်နေ့၌ သူပိုင်ဖြစ်လိမ့်မည်။ ငါတို့သည် သူ့ကို
သတ်လျှင် ဤစပျစ်ခင်းတစ်ခုလုံးကို ငါတို့ပိုင်
လိမ့်မည် ’ဟုအချင်းချင်း ပြောကြ၏။ [8]ထို့
ကြောင့် ယာသမားတို့သည် ထိုခြံပိုင်ရှင်၏
သားကို ဖမ်း၍သူ့ကိုသတ်ပြီးနောက် စပျစ်ခင်း
၏အပြင်ဘက်သို့ ထုတ်ပစ်ကြ၏။ [9]“ထို့ကြောင့်
ခြံပိုင်ရှင်သည် အဘယ်သို့ ပြုမည်နည်း၊ သူ
သည် စပျစ်ခင်းသို့သွားပြီး ထိုယာသမားတို့ကို
သတ်လိမ့်မည်။ ထို့နောက် သူသည် စပျစ်ခင်း
ကို တခြားယာသမားများအား ငှားမည်။

[10]‘ဆောက်လုပ်သူများကပယ်ထားသော
ကျောက်တုံးသည် တိုက်၏အခြေခံအုတ်
မြစ်သို့ ရောက်ပြန်၏။ [11]ဤအရာကို
ထာဝရဘုရား ပြုတော်မူသောအရာ
ဖြစ်၏။ ထို့ကြောင့် အကျွန်ုပ်တို့အတွက်
အံ့ဩစရာဖြစ်၏။’” ဟူသောစကားကို
ကျမ်းစာ၌ သင်တို့မဖတ်ဘူးသလော
ဟုမိန့်တော်မူ၏။

*ဆာလံကျမ်း 118:22-23*

[12]ယုဒခေါင်းဆောင်တို့သည် ယေရှုမိန့်
တော်မူသောဥပမာကို ကြားခဲ့ကြ၏။ ထိုဥပမာ
သည် သူတို့ကို ရည်ညွှန်းသည်ကို သိကြ၏။
သို့ရာတွင် သူတို့သည် လူတို့ကို ကြောက်၏။
ထို့ကြောင့် ယုဒခေါင်းဆောင်တို့သည် ယေရှုထံ
တော်မှ ထွက်ခွာသွားကြ၏။

## ယုဒခေါင်းဆောင်တို့သည်ယေရှုအား လှည့်ဖြားရန်ကြိုးစားခြင်း

*(မ၊ 22:15-22; လု၊ 20:20-26)*

[13]မကြာမီကာလတွင်၊ ယုဒခေါင်းဆောင်
တို့သည် ဖာရိရှဲတချို့နှင့် ဟေရုဒ်တပည့်အချို့
တို့ကို ယေရှုထံတော်သို့ စေလွှတ်ကြ၏။ သူတို့
က ယေရှု၏စကားအမှားကို စောင့်ဖမ်းလို
သောကြောင့်ဖြစ်၏။ [14]ယုဒခေါင်းဆောင်တို့က
စေလွှတ်လိုက်သောသူတို့သည် ယေရှုထံတော်
သို့လာကြ၍ ယေရှုအား၊ “ဆရာ၊ ကိုယ်တော်
သည်သစ္စာရှိပါ၏။ အဘယ်သူကိုမျှမကြောက်။
လူမျက်နှာကို မထောက်ဘဲဘုရားသခင်၏တ
ရားလမ်းကို ဟုတ်မှန်စွာ ပြုတော်မူသည်ကိုအ
ကျွန်ုပ်တို့သိကြပါ၏။ ထို့ကြောင့် အကျွန်ုပ်တို့ကို
ပြောပြလော့။ ကဲသာအဘုရင်အား အခွန်
ဆောင်ရခြင်းသည် မှန်သလော၊ မှားသလော။
အကျွန်ုပ်တို့သည် အခွန်ဆောင်ရမည်လော၊အ
ခွန်မဆောင်ရဘဲ နေမည်လော” ဟူ၍မေးကြ
၏။ [15]သို့ရာတွင် ယေရှုက ဤလူတို့သည်သူ့
အား ဆင်ကွက်ချရန် ကြိုးစားနေကြောင်းကို
သိတော်မူ၏။ ထို့ကြောင့် ယေရှုက “သင်တို့

သည် ငါ၏စကားအမှားကို စောင့်ဖမ်းရန် အ
ဘယ်ကြောင့် ကြိုးစားနေကြသနည်း။ ငွေတစ်
ပြားကို ငါကြည့်ရန် ယူခဲ့ကြ" ဟုမိန့်တော်မူ၏။
16သူတို့သည် ငွေပြား ကိုယေရှုအား ပေး
လိုက်၏။ ထိုအခါ ယေရှုက၊ "ငွေပြားပေါ်မှာအ
ဘယ်သူ၏ရုပ်ပုံရှိသနည်း။ အဘယ်သူ၏နာမည်
ကို ငွေပြားပေါ်မှာရေးထားသနည်း" ဟုမေး
တော်မူရာ၊ ထိုလူတို့က "ကဲသာဘုရင်၏ပုံနှင့်
နာမည်ဖြစ်သည်" ဟုဖြေကြ၏။
17ထိုအခါ ယေရှုက သူတို့အား "ကဲသာ
ဘုရင်၏ဥစ္စာကို ကဲသာဘုရင်အား ပေးလော့။
ဘုရားသခင်၏ဥစ္စာကို ဘုရားသခင်အား ပေး
လော့" ဟုမိန့်တော်မူရာ၊ ယေရှု၏စကား
ကြောင့် သူတို့သည် အံ့သြခြင်းရှိကြ၏။

## ဇဒ္ဒုကဲအချို့က ယေရှုအား လှည့်ဖြား ရန်ကြိုးစားကြခြင်း

*(မ၊ 22:23-33; လု၊ 20:27-40)*

18ထိုနောက် ဇဒ္ဒုကဲ*အချို့သည် ယေရှုထံ
တော်သို့ ရောက်လာခဲ့ကြ၏။ ဇဒ္ဒုကဲတို့ သည်
ရှင်ပြန်ထမြောက်ခြင်းမရှိ ဟူ၍ ယုံကြည် ကြ၏။
19သူတို့က ယေရှုအား၊ "ဆရာ၊ မောရှေက
အိမ်ထောင်ရှင်ယောက်ျားသည် သားသမီးမရှိ
ဘဲ သေလျှင်၊ သူ့မယားကို သူ့ညီက လက်ထပ်
ပေါင်းသင်းရမည်၊ ထို့ကြောင့် သေဆုံးသူအစ်
ကို၏ကိုယ်စားသားသမီး ရနိုင်သည် ဟုမောရှေ
ရေးသားခဲ့၏။ 20ညီအစ်ကိုခုနစ် ယောက်ရှိပါ
၏။ ပထမအစ်ကိုသည် လက်ထပ်၍ သားသမီး
မရှိဘဲ သေသွား၏။ 21သူ့မယားကို ဒုတိယအစ်
ကိုက လက်ထပ်လိုက်၏။ သို့ရာတွင် သားသမီး
မရှိဘဲ သေဆုံးသွား၏။ ထိုနည်းတူ တတိယ
အစ်ကိုမှစ၍၊ 22ညီအစ်ကိုခုနစ်ယောက်တို့သည်
ထိုမိန်းမကို လက်ထပ်၍ သားသမီးမရှိဘဲ သေ
ဆုံးကြ၏။ နောက်ဆုံး၌ ထိုမိန်းမလည်း သေ
သွား၏။ 23သို့ရာတွင် ညီအစ်ကိုခုနစ်ယောက်
စလုံးသည် သူမကို လက်ထပ်ခဲ့ကြ၏။ ထို့
ကြောင့် ရှင်ပြန်ထမြောက်ရာကာလ၌ သူတို့
သည် ထမြောက်ကြသောအခါ ထိုမိန်းမသည်
အဘယ်သူ၏မယားဖြစ်မည်နည်း" ဟူ၍ မေးကြ
ရာ။ 24ယေရှုက၊ "သင်တို့သည် ကျမ်းစာကို
နားမလည်။ ဘုရားသခင်၏တန်ခိုးတော်ကို
မသိသောကြောင့်မှားသောအယူကို ယူကြ ၏။
25လူတို့သည် သေခြင်းမှပြန်လည်ထမြောက်
ကြသောအခါ၊ စုံဘက်ခြင်းကိုမပြုထိမ်းမြား
ပေးဆပ်ခြင်းကို မပြုကောင်းကင်ဘုံ၌ လူအ
ပေါင်းတို့သည် ကောင်းကင်တမန်များကဲ့သို့
ဖြစ်ကြလိမ့်မည်။ 26လူတို့သည် သေခြင်းမှထ
မြောက်သောအကြောင်းနှင့် ပတ်သက်၍ဘုရား
သခင်က မိန့်တော်မူခဲ့သည်ကို မောရှေ၏ကျမ်း
၌သင်တို့မဖတ်ဘူးသလော့။ လောင်နေသော
ချုံပုတ်ထဲ၌ ဘုရားသခင်သည် မောရှေအား
'ငါသည် အာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏
ဘုရားသခင်၊ ယာကုပ်၏ဘုရားသခင်ဖြစ်
တော်မူ၏။' 27ဘုရားသခင်သည် သေလွန်သော
သူတို့၏ဘုရားမဟုတ်။ အသက်ရှင်သူတို့၏
ဘုရားဖြစ်တော်မူ၏။ ထို့ကြောင့် သင်တို့ဇဒ္ဒုကဲ
တို့သည် အလွန်မှားကြသည်" ဟုမိန့်တော်မူ၏။

## မည်သည့်ပညတ်ချက်က အရေး အကြီးဆုံးနည်း

*(မ၊ 22:34-40; လု၊ 10:25-28)*

28ကျမ်းပြုဆရာတစ်ယောက်သည် ယေရှု
ထံတော်သို့လာ၍ ယေရှုသည် ဇဒ္ဒုကဲတို့နှင့်
ဖာရိရှဲတို့ငြင်းခုံသည်ကို ကြား၏။ ယေရှုက သူ
တို့၏မေးခွန်းများကို မှန်ကန်စွာ ဖြေခဲ့သည်ကို
သူ တွေ့ရှိရသောကြောင့် သူက ယေရှုအား
"အဘယ်ပညတ်ချက်က အရေးကြီးဆုံးနည်း"
ဟုမေးရာ၊ 29ယေရှုက၊ "အရေးကြီးဆုံးပညတ်
ဟူမူကား၊ 'ဣသရေလအမျိုး၊ နားထောင်ကြ
လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည်
တစ်ဆူတည်းသောထာဝရဘုရား ဖြစ်တော်မူ

---

**ဇဒ္ဒုကဲ** ယုဒဘာသာရေးအဖွဲ့ဦးဆောင်သူ။ သူတို့သည် ဓမ္မဟောင်းထဲမှ ပထမငါးအုပ်ကို လက်ခံသည်။ သူတို့သည် လူတို့သေခြင်းမှရှင်ပြန်ထမြောက်ခြင်းမရှိဟု ယုံကြည်ကြသည်။

၏။ ထာဝရဘုရားသည် တစ်ပါးတည်းဖြစ်
တော်မူ၏။ 30 သင်၏ဘုရားသခင်ထာဝရဘုရား
ကို၊ စိတ်နှလုံးအကြွင်းမဲ့၊ ဥာဏ်ရှိသမျှ၊ အစွမ်း
သတ္တိရှိသမျှနှင့် ချစ်လော့။'* 31 ဒုတိယပညတ်
ချက်သည်၊ မိမိကိုယ်ကို ချစ်သကဲ့သို့ သူတစ်
ပါးကိုလည်း ချစ်လော့၊' ဤပညတ်ချက် နှစ်ခု
သည် အရေးကြီးဆုံးပညတ် ချက်ဖြစ်သည်"ဟု
ပြောတော်မူ၏။
32 ထိုသူက "ဆရာ၊ ဤအရာသည် မှန်ကန်
သောအဖြေဖြစ်ပါ၏။ သင်ပြောသောစကား
သည် မှန်ပါ၏။ ဘုရားသခင်သည် တစ်ဆူ
တည်းသောထာဝရဘုရားဖြစ်တော်မူ၍ အခြား
သောဘုရားမရှိ။ 33 လူတစ်ယောက်သည်
ဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဥာဏ်ရှိသမျှ၊
အစွမ်းသတ္တိရှိသမျှနှင့် ချစ်ရမည်။ ထို့နောက်
လူတစ်ယောက်သည် မိမိကိုယ်ကို ချစ်သကဲ့သို့
သူတစ်ပါးကိုလည်း ချစ်ရမည်၊ ဤပညတ်ချက်
တို့သည် ဘုရားသခင်အား ငါတို့ပေးလှူရသော
ပူဇော်သက္ကာပြုခြင်းနှင့် ပေးလှူသောပစ္စည်း
များထက် သာ၍အရေးကြီးသည် ဟုလျှောက်
လေ၏။ 34 ယေရှုသည် ထိုသူက သူ့အား ဥာဏ်
ပညာ အမြော်အမြင်ရှိစွာ ပြန်လျှောက်သည်ကို
သိမြင်တော်မူ၏။ ထို့ကြောင့် ယေရှုက "သင်
သည် ဘုရားသခင်၏နိုင်ငံတော်နှင့်မဝေး" ဟု
မိန့်တော်မူ၏။ ထိုအချိန်မှစ၍ အဘယ်သူက
မျှယေရှုအား မေးခွန်းမမေးဝံ့ကြ။

## ခရစ်တော်ဒါဝိဒ်၏သား သို့မဟုတ် ဒါဝိဒ်၏ဘုရားသခင်လော

*(မ၊ 22:41-46; လု၊ 20:41-44)*

35 ယေရှုသည် ဗိမာန်တော်ထဲ၌ ဆုံးမဩ
ဝါဒ ပေးတော်မူစဉ်တွင်၊ ခရစ်တော်သည် ဒါဝိဒ်
၏သားဖြစ်သည်ဟု ကျမ်းပြုဆရာတို့သည် အ
ဘယ်ကြောင့် ပြောကြသနည်း" ဟုမေးတော်မူ
ရာ၊ 36 သန့်ရှင်းသောဝိညာဉ်တော်၏အကူအ
ညီအားဖြင့် ဒါဝိဒ်မင်းကိုယ်တိုင်မြွက်ဆိုသည်မှာ

ထာဝရဘုရားက သင်၏ရန်သူအားလုံး
တို့ကို သင်၏ခြေတင်ရာမချထားမှီတိုင်
အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့
ဟု ငါ၏သခင်အား မိန့်တော်မူ၏။

*ဆာလံကျမ်း 110:1*

37 ခရစ်တော်ကို ဒါဝိဒ်ကိုယ်တိုင်က သခင်ဟုခေါ်
၏။ ထို့ကြောင့် ခရစ်တော်သည် အဘယ်သို့
ဒါဝိဒ်၏သားဖြစ်မည်နည်း" ဟုမေးတော်မူ၏။
လူအပေါင်းတို့သည် ဝမ်းမြောက်စွာဖြင့် သူ၏
စကားတော်ကို နားထောင်ကြ၏။

## ယေရှုက ကျမ်းပြုဆရာတို့အား ဝေဖန်တော်မူခြင်း

*(မ၊ 23:1-36; လု၊ 20:45-47)*

38 ထိုသို့ဆုံးမဩဝါဒပေးစဉ်တွင် တဖန်မိန့်
တော်မူသည်ကား၊ "ကျမ်းပြု ဆရာတို့ကိုသတိ
ထားကြလော့၊သူတို့ကို အရေးကြီးသောပုဂ္ဂိုလ်
အဖြစ် လူများယူဆနိုင်ရန် ရှည်သောအင်္ကျီကို
ဝတ်လျက် လမ်းလျှောက်ခြင်းကို အလိုရှိကြ၏။
ဈေး၌လူများက သူတို့ကို အရိုအသေပြုခြင်းကို
အလိုရှိကြ၏။ 39 သူတို့သည် တရားဇရပ်နှင့် စား
သောက်ပွဲများ၌ အရေးပါဆုံးသောထိုင်ခုံများ
၌ ထိုင်ရန်နှစ်သက်ကြ၏။ 40 သူတို့သည် မုဆိုးမ
တို့၏အိမ်များကို လုယူသိမ်းဆည်း ကြပြီးရှည်
သောဆုတောင်းချက်များကို ကိုယ့်ကိုကိုယ်
ဝိညာဉ်ပကတိလူကဲ့သို့ လူတို့ကို ပြရန်ရွတ်
ဆိုတတ်ကြ၏။ သူတို့သည် သာ၍ကြီးစွာသော
ဒဏ်ကိုခံရကြမည်" ဟုမိန့်တော်မူ၏။

## ပေးလှူခြင်းအဓိပ္ပါယ်ကို မုဆိုးမ တစ်ယောက်ပြသခြင်း

*(လု၊ 21:1-4)*

41 ယေရှုသည် ဗိမာန်တော်ငွေသေတ္တာအနီး
တွင် ထိုင်တော်မူ၏။ ထိုသေတ္တာထဲသို့ အလှူ
ငွေများ ထည့်နေကြသောလူတို့ကို ယေရှုက
လှမ်းကြည့်ရှုတော်မူ၏။ ချမ်းသာသောသူအ
များတို့သည် ငွေများစွာ သွင်းချကြ၏။ 42 ထို

**ဣသရေလလူ ... ချစ်လော့** တရာ 6:4-5

အချိန် ၌ဆင်းရဲသောမုဆိုးမတစ်ယောက်သည်
ရောက်လာ၍ကြေးနီပြားနှစ်ပြားကိုငွေသေတ္တာ
ထဲသို့ သွင်းချလိုက်၏။ ထိုကြေးနီနှစ်ပြားသည်
တစ်ပဲမျှပင်မတန်၊ 43ယေရှုက မိမိတပည့်တော်
တို့ကို ခေါ်၍၊ "ငါအမှန်ဆိုသည်ကား၊ ဤဆင်း
ရဲသော မုဆိုးမသည် ကြေးနီပြားနှစ်ပြားမျှသာ
သွင်းချ၏။ သို့ရာတွင် အမှန်တကယ် သူမသည်
ချမ်းသာသောသူ အားလုံးတို့ထက် ပို၍ သွင်း
ချ၏။ 44ဤချမ်းသာသောသူ၌ ငွေအမြောက်
အများရှိ၏။ သူတို့သည် မလိုအပ်သောငွေကို
သွင်းချကြ၏၊ ဤမုဆိုးမသည် အလွန်ဆင်းရဲ၏၊
သို့ရာတွင် သူမသည် သူမ၏အသက်ရှင်ရန် လို
အပ်နေသော ငွေရှိသမျှကို သွင်းချသည်" ဟု
မိန့်တော်မူ၏။

## ဗိမာန်တော်၏နောင်ပျက်စီး မည့်အကြောင်း

*(မာ၊ 24:1-44; လု၊ 21:5-33)*

13 ယေရှုသည် ဗိမာန်တော်မှ ထွက်ခွာ
တော်မူစဉ်တွင်၊ တပည့်တော်တစ်
ယောက်က၊ "ဆရာ၊ ကြည့်ရှုတော်မူပါ၊ လှပ
သောကျောက်များနှင့်အံ့သြဖွယ်ရာအဆောက်
အဦးကြီးတကား" ဟုလျှောက်၏။ 2ယေရှုက၊
"ဤကြီးမားသောအဆောက်အဦးများကို သင်
တို့မြင်ကြသလော။ ဤအဆောက်အဦးအားလုံး
ပြိုကျလိမ့်မည်။ ကျောက်အားလုံးမြေပေါ်သို့
ပြားဝပ်ကျသွားလိမ့်မည်၊ ကျောက်တခုပေါ်တ
ခု မတည်မနေရ" ဟုမိန့်တော်မူ၏။ 3အနည်း
ငယ်ကြာသောအခါ၊ ယေရှုသည် သံလွင်
တောင်ပေါ်မှာ ထိုင်တော်မူ၏။ သူနှင့်အတူ
ပေတရု၊ ယာကုပ်၊ ယောဟန်နှင့်အန္ဒြေတို့ သာ
ရှိကြ၏။ သူတို့သည် ထိုနေရာတောင်ပေါ်မှ
ကြည့်လျှင် ဗိမာန်တော်ကို မြင်ကြ၏။ 4သူတို့
ကယေရှုအား "ဤအရာအားလုံးသည် အဘယ်
ကာလ၌ ဖြစ်ပျက်မည်နည်း၊ ဤအရာအား
လုံးဖြစ်မည့်ကာလနီးသောအခါ အဘယ်အရာ
က အကျွန်ုပ်တို့ကို ပြမည့်အကြောင်းကျေးဇူး
ပြု၍ ပြောတော်မူပါ" ဟုလျှောက်ကြ၏။
5ယေရှုက သူတို့အား "သတိထားကြလော့၊
သင်တို့ကိုအဘယ်သူမျှ မလှည့်ဖြားစေကြနှင့်။
6လူတို့သည် သင်တို့ထံသို့လာ၍၊ ငါ့နာမကို အ
မှီပြုကြလိမ့်မည်။ သူတို့က 'ငါသည် ခရစ်တော်
ဖြစ်သည်' ဟုပြောလိမ့်မည်။ ဤနည်းအားဖြင့်
လူတို့ကို လှည့်ဖြားကြလိမ့်မည်။ 7သင်တို့သည်
တိုက် ခိုက်နေကြသောစစ်ပွဲများအကြောင်းကို
ကြားရလိမ့်မည်၊ သင်တို့သည်လည်း ဝေးသော
နေရာများမှာ စစ်ပွဲများစဖြစ်နေသည်ဟူသော
သတင်းများလည်း ကြားရလိမ့်မည်။ သို့ရာတွင်
မကြောက်ကြနှင့်၊ ဤဖြစ်ရပ်များသည် ဖြစ်
လာရလိမ့်မည်။ သို့သော်လည်း၊ အဆုံးသည်
မရောက်သေး။ 8လူမျိုးတစ်မျိုးနှင့် တခြားလူ
မျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံတစ်
နိုင်ငံ၊ တိုက်ခိုက်ကြလိမ့်မည်။ စားစရာလုံ
လောက်စွာမရှိသောအချိန်ကာလများ ရောက်
လာလိမ့်မည်။ အရပ်ရပ်တို့၌ မြေငလျင်လှုပ်
လိမ့်မည်။ ဤအရာများသည် ဒုက္ခဆင်းရဲခြင်း
၏အစအဦးဖြစ်၏။

9"သင်တို့သည် ကိုယ့်ကိုကိုယ် သတိပြုကြ
လော့။ လူတို့သည် သင်တို့ကိုဖမ်း၍ တရားစီ
ရင်ကြလိမ့်မည်။ သူတို့သည် တရားဇရပ်တို့၌
ရိုက်ကြလိမ့်မည်။ ထိုသူတို့အား သက်သေဖြစ်
မည်အကြောင်း သင်တို့သည် မြို့တော်ဝန်နှင့်
ရှင်ဘုရင်တို့ထံသို့ ငါ့ကြောင့် ရောက်ကြလိမ့်
မည်။ ဤအရာများသည် ဖြစ်လာလိမ့်မည်၊
အကြောင်းမူကား၊ သင်တို့သည် ငါ့နောက်
လိုက်ခဲ့ကြကြောင်းဖြစ်၏။ 10ဤအကြောင်းအ
ရာများမဖြစ်မီ၊ လူမျိုးအားလုံးကို ဝမ်းမြောက်
ဖွယ်ရာသတင်းပြောကြားရမည်။ 11သင်တို့
သည် အဖမ်းခံရပြီးတရားစီရင်ခြင်းကိုခံရသော
အခါ အဘယ်သို့ပြောဆိုရမည်ကို မစိုးရိမ်ကြ
နှင့်၊ ထိုအချိန်ရောက်သောအခါ၊ သင်တို့ပြော
ရမည့်စကားကို၊ ဘုရားသခင်ပေးတော်လိမ့်
မည်။ ထိုစကားကို အလိုအလျောက် ပြောမည်
မဟုတ်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ပြော
တော်မူလိမ့်မည်။ 12ညီအစ်ကိုအချင်းချင်းဆန့်

ကျင်ကြပြီး၊ သတ်ဖို့အပ်ကြလိမ့်မည်၊ အဘတို့
က သားသမီးတို့ကို ဆန့်ကျင်ပြီး အသတ်ခံရန်
အတွက် အပ်ကြလိမ့်မည်။ သားသမီးတို့သည်
လည်း သူတို့၏မိဘတို့ကို ဆန့်ကျင်ပြီး အသတ်
ခံရန်အတွက် အပ်ကြလိမ့်မည်။ [13]သင်တို့သည်
ငါ့နောက်လိုက် ကြသောကြောင့် လူအပေါင်း
တို့သည် သင်တို့ကို မုန်းကြလိမ့်မည်။ သို့သော်
လည်း မည်သူမဆိုနောက် ဆုံးအချိန်အထိ၊
ဆက်လက်ရပ်တည်နိုင်လျှင် ကယ်တင်ခြင်းခံရ
လိမ့်မည်။ [14]“သင်တို့သည် ‘ပျက်ဆီးမှုဖြစ်စေ
သော ကြောက်စရာကောင်းသောအရာ*
သည် မနေသင့်သောနေရာ၌ မတ်တတ်ရပ်နေ
သည်’ ကိုမြင်ကြလိမ့်မည်။” ဤအကြောင်းကို
ဖတ်ထားသောသင်တို့သည်၊ မည်သို့ဆိုလို
ကြောင်း နားလည်သဘောပေါက်သင့်၏။ ထို
အချိန်တွင် ယုဒပြည်၌ရှိသောသူတို့သည်
တောင်ပေါ်သို့ ပြေးတက်ကြလိမ့်မည်။ [15]လူတို့
သည် မရပ်မနားပြေးကြလိမ့်မည်။ လူတစ်
ယောက်သည် အိမ်ခေါင်မိုးပေါ်ရောက်နေလျှင်၊
တစ်ခုခုပြန်ယူရန် အိမ်ထဲသို့မဆင်းရ။ [16]လူတစ်
ယောက်သည် ယာခင်းထဲ၌ရှိလျှင်၊ ပြန်ပြီး သူ့
အင်္ကျီမယူသင့်။ [17]ထိုနေ့ရက်၌ ကိုယ်ဝန်ဆောင်
သောမိန်းမနှင့် နို့စို့သူငယ်ရှိသောမိန်းမတို့
သည် အလွန်ခက်ခဲကြလိမ့်မည်။ [18]ဤဖြစ်ရပ်
များသည် ဆောင်းကာလ၌ မကျရောက်စေ
ခြင်းငှါ ဆုတောင်းကြလော့။ [19]အကြောင်းမူ
ကား၊ ထိုနေ့ရက်ကာလသည် ဒုက္ခနှင့်ပြည့်လျှံ
နေလိမ့်မည်။ ဘုရားသခင်သည် ကမ္ဘာကြီးကို
ဖန်ဆင်းသောအချိန်မှစ၍ ဖြစ်ပေါ်သောဒုက္ခ
များထက်ပိုဆိုး၏။ ထိုကဲ့သို့ ဒုက္ခကို အနာဂတ်
၌ နောက်ထပ် ဘယ်သောအခါမျှ ဖြစ်မည်မ
ဟုတ်။ [20]ဘုရားသခင်သည် ဤကြောက်မက်
ဖွယ်ရာအချိန်ကာလကို တိုအောင်လုပ်ဖို့ဆုံး
ဖြတ်တော်မူ၏။ ထိုအချိန် ကာလကို မတိုစေခဲ့
လျှင်၊ အဘယ်သူမျှဆက်လက်ပြီး အသက်ရှင်
မည်မဟုတ်၊ အကြောင်းမှာ ဘုရားသခင်သည်
ထိုအချိန်ကို တိုစေခြင်းမှာ သူရွေးချယ်တော်
မူသောသူ၏သီးသန့်လူများအတွက်ဖြစ်၏။

[21]ထိုအချိန်ကာလ၌ တစ်စုံတစ်ယောက်က
သင်တို့အား ‘ကြည့်လော့’ ဤအရပ်၌ ခရစ်
တော်ရှိ၏ ’သို့မဟုတ် နောက်တစ်ယောက်က၊‘
ထိုအရပ်၌ ခရစ်တော်ရှိ၏’ ဟုပြောလိမ့်မည်။
သို့ရာတွင် သူတို့ကို မယုံကြနှင့်။ [22]ခရစ်တော်
၏အယောင်ကို ဆောင်သောသူတို့နှင့် ပရော
ဖက်၏အယောင်ကို ဆောင်သောသူတို့သည်
ရောက်လာ၍ အံ့ဖွယ်သောအမှုနှင့် နိမိတ်
လက္ခဏာများကို ပြကြလိမ့်မည်။ သူတို့က
ဘုရားသခင်၏ရွေးချယ်ထားသောလူတို့ကို ဖြစ်
နိုင်လျှင် လှည့်ဖြားရန်အတွက် ဤအရာများကို
ပြကြလိမ့်မည်။ [23]သို့သော်လည်း၊ သင်တို့သည်
သတိပြု ကြလော့၊ ဤအကြောင်းအရာများ
မဖြစ်မီ သင်တို့ကို ငါယခုသတိပေးပြီ။ [24]“ဤ
ဒုက္ခဖြစ်ပျက် ပြီးနောက်နေ့များ၌၊

‘နေသည် မိုက်လိမ့်မည်၊ လသည် အ
လင်းပေးလိမ်မည်မဟုတ်။
[25] ကြယ်များသည် ကောင်းကင်မှ ကြွေကျ
လိမ့်မည်၊ ကောင်းကင်၌ ရှိသမျှအရာ
တို့သည် ပြောင်းလဲသွားလိမ့်မည်’

*ဟေရှာယ 13:10; 34:4*

[26]“ထို့နောက်၊ လူသားသည် မြင့်မြတ်သော
ဘုန်းတန်ခိုးအာနုဘော်ဆောင်လျက် မိုးတိမ်ထဲ
၌ ကြွလာတော်မူမည်ကို လူတို့က မြင်ကြရ
လိမ့်မည်။ [27]လူသားသည် ကမ္ဘာအရပ်ရပ်သို့
မိမိကောင်းကင်တမန်များကို စေလွှတ်တော်မူ
လိမ့်မည်။ ထိုကောင်းကင်တမန်က ကမ္ဘာတစ်
ဝန်းလုံးမှာ မိမိရွေးချယ်သောလူတို့ကို စုရုံးကြ
လိမ့်မည်။

[28]“သင်္ဘောသဖန်းပင်က ငါတို့ကို သင်ခန်း
စာပေးနိုင်၏။ သဖန်းပင်၏အကိုင်းအခက်များ
သည် စိမ်းစိမ်းစိုစိုနှင့်အရွက်ပေါက်သောအခါ
နွေရာသီနီးသည်ကို သင်တို့သိကြ၏။ [29]ထိုနည်း
တူ ငါဆိုသည့်အတိုင်း၊ ဤအကြောင်းအရာ
အားလုံးဖြစ်ပျက် သည်ကို သင်တို့မြင်သော
အခါ၊ အချိန်နီးလာသည်ကို သင်တို့သိကြလိမ့်

---

**ပျက်ဆီးမှုဖြစ်စေသောကြောက်စရာကောင်းသောအ
ရာ** ဒံယေလ 9:27; 12:11

မည်။ 30ငါအမှန်အတိုင်း ပြောသည်ကား၊ ယခု
အချိန်၌ အသက်ရှင်နေသောလူများရှိနေစဉ်
ဤအရာအားလုံးဖြစ် လာလိမ့်မည်။ 31ကောင်း
ကင်နှင့် မြေကြီးပေါ်ရှိအရာအားလုံးပျက်စီးလိမ့်
မည်။ သို့သော်လည်း၊ ငါ့စကားသည် ဘယ်
သောအခါ မျှပျက်စီးလိမ့်မည်မဟုတ်။
32“ထိုအချိန်နာရီကို အဘယ်သူမျှမသိ၊ လူ
သားနှင့်ကောင်းကင်တမန်တို့ကလည်းမသိ၊ အ
ဘခမည်းတော်တစ်ပါးတည်းသာ သိ၏။ 33သင်
တို့သည် သတိပြုကြလော့၊ အမြဲတမ်း အဆင်
သင့်ဖြစ်နေကြလော့။ အကြောင်းမူကား၊ ထိုအ
ချိန်ကာလသည် အဘယ်အခါ၌ ရောက်လာ
မည်ကို သင်တို့မသိကြ။ 34ဤအရာသည်၊ မိမိ
အိမ်ကို ထားပစ်ခဲ့ပြီး ခရီးသွားနေသောလူတစ်
ယောက်နှင့်တူ၏။ ထိုသူသည် အိမ်ကို ကြည့်ရှု
စောင့်ရှောက်ရန်အတွက်၊ အစေခံတို့ကို မှာ
ထား၏။ သူက အစေခံတစ်ယောက်ချင်းကို၊ သီး
သန့်အလုပ်တစ်ခုစီ ပေးခဲ့၏။ တံခါးစောင့်ရန်အ
တွက် အလုပ်ကို အစေခံတစ်ယောက်ခန့်ထား
ပြီးအမြဲတမ်းအဆင်သင့် ဖြစ်နေရန်ပြော၏။ သင်
တို့ကိုယခု ငါပြောနေသောအရာသည် ဤကဲ့
သို့ဖြစ်၏။ 35ထို့ကြောင့် သင်တို့အမြဲတမ်းအဆင်
သင့်ဖြစ်နေရမည်။ အိမ်ရှင်သည် ဘယ်အချိန်၌
ပြန်လာမည်ကို သင်တို့မသိကြ။ သူသည် နေ့
လည်၌ဖြစ်စေ၊ သန်းခေါင်အချိန်၌ဖြစ်စေ၊ နံနက်အချိန်
၌ဖြစ်စေ၊ နေထွက်ချိန်၌ဖြစ်စေ လာလိမ့်မည်။ 36အိမ်
ရှင်သည် ရုတ်တရက်လာလျှင် သင်တို့အိပ်ပျော်
နေသည်ကို မတွေ့ရမည်အကြောင်း စောင့်
ကြည့်နေကြလော့။ 37သင်တို့အား ငါဆိုသည်
အတိုင်း ခပ်သိမ်းသောသူတို့အား ‘အဆင်သင့်
ဖြစ်ကြလော့’” ဟုငါဆိုသည် ဟုမိန့်တော်မူ၏။

## ယုဒခေါင်းဆောင်တို့က ယေရှုကို သတ်ရန်စီစဉ်ခြင်း

*(မ၊ 26:1-5; လု၊ 22:1-2; ယော၊ 11:45-53)*

14 ထိုနေ့သည် ပသခါပွဲ* မတိုင်မီနှစ်ရက်
အလိုတွင်ဖြစ်၏။ ထိုနေ့သည် အဇုမ
ပွဲ*တော်လည်း ဖြစ်၏။ ယဇ်ပုရောဟိတ်အ
ကြီးတို့နှင့် ကျမ်းပြုဆရာတို့သည် ယေရှုအား
အဘယ်သို့သောပရိယာယ်အားဖြင့် ဖမ်းဆီး၍
သတ်နိုင်မည်ကို ကြိုးစားနေကြ၏။ 2သူတို့ အ
ချင်းချင်း ပြောကြရာတွင်၊ “ပွဲနေ့တွင် ယေရှုကို
ငါတို့မဖမ်းနိုင်၊ လူတို့သည် ဒေါသဖြစ်ပြီး၊ ရုတ်
ရုတ်သဲသဲဖြစ်သွားလိမ့်မည်”ဟူ၍ပြောဆိုကြ၏။

## အမျိုးသမီးတစ်ယောက်က တစ်စုံတစ်ရာ အထူးပြုလုပ်ခြင်း

*(မ၊ 26:6-13; ယော၊ 12:1-8)*

3ယေရှုသည် ဗေသနိဒေသသို့ ရောက်
သောအခါ ကိုယ်ရေပြားရောဂါသည် ရှိမုန်၏
အိမ်၌ အစားအစာ သုံးဆောင်လျက် နေတော်
မူ၏။ ယေရှုသည် ထိုအိမ်၌ရှိနေစဉ် သူ့ထံတော်
သို့ အမျိုးသမီးတစ်ယောက်လာ၏။ သူမသည်
အလွန်အဖိုးတန်သော နာဒု*ဆီမွှေးစစ်ထည့်
ထားသော ကျောက်ဖြူခွက်အဖုံးကို ယူဆောင်
ခဲ့၏။ သူမသည် ကျောက်ဖြူခွက်အဖုံးကို ရိုက်
ခွဲပြီး၊ ထိုရေမွှေးအား ယေရှုခေါင်းတော်ပေါ်သို့
သွန်းလောင်းလေ၏။ 4ထိုနေရာ၌ ရှိသူတချို့က
သူမအဘယ်သို့ လုပ်သည်ကို မြင်ခဲ့ကြပြီး ထို
သူတို့သည် အမျက်ထွက်လျက် ဤအကြောင်း
ကို တစ်ယောက်နှင့်တစ်ယောက်ပြောဆိုကြ၏။
သူတို့က၊ “အဘယ်ကြောင့် ရေမွှေးကို အကျိုးမဲ့
ဆုံးစေသနည်း။ 5ရေမွှေး၏တန်ဖိုးသည် တစ်နှစ်
လုံးလုပ်လို့ရသောလုပ်အားခနှင့်ညီမျှ၏။ ဤရေ
မွှေးကိုရောင်းပြီး၊ ရသောငွေကို ဆင်းရဲသော

---

**ပသခါပွဲ** ယုဒလူမျိုးတို့၏အရေးကြီးသော သန့်ရှင်းသော နေ့။ မောရှေခေတ်တုန်းမှာ ဘုရားသခင်က အဲဂုတ္တုကျွန်မှ လွတ်စေခြင်းကို သတိရသောအားဖြင့် နှစ်တိုင်း ဤနေ့မှာ ယုဒလူမျိုးတို့သည် အထူးအစာကို စားသုံးလျက်ရှိကြသည်။

**အဇုမပွဲ** အရေးကြီးသောယုဒလူမျိုးတို့၏ အားလပ်ရက်ပတ်။ ဓမ္မဟောင်းခေတ်တုန်းက ဤပွဲကို ပသခါပွဲပြီးမှ စတင်ခဲ့သည်။ သို့သော် ဤအချိန်၌ နှစ်ခုသောအားလပ်ရက်များသည် တစ်ခုဖြစ်လာ၏။

**နာဒု** နာဒုပင်၏မြစ်မှအင်မတန်တန်ဖိုးကြီးသော နာဒုဆီ။

သူတို့အား ပေးစရာကောင်း၏” ဟုဆို၍ ထိုအ
မျိုးသမီးကို ပြင်းပြင်းထန်ထန်ဝေဖန်ကြ၏။
6ထိုနောက် ယေရှုက၊ “သူမတစ်ယောက်
တည်းရှိစေလော့၊ အဘယ်ကြောင့် သူမကို
နှောင့်ယှက်ကြသနည်း။ 7ဆင်းရဲသောသူတို့
သည် သင်တို့၌အစဉ်ရှိနေလိမ့်မည်။ သူတို့ကို
သင်တို့လိုသောအချိန်၌ ကူညီနိုင်၏။ သို့သော်
လည်း၊ ငါသည် သင်တို့၌ အစဉ်ရှိမည်မဟုတ်။
8ဤအမျိုးသမီးသည် ငါ့အတွက် တစ်ခုတည်း
သော လုပ်နိုင်သည့်အရာကို လုပ်ခဲ့ပြီ။ ဆီမွှေး
ကို ငါ့ကိုယ်ခန္ဓာပေါ်မှာ လောင်းချခဲ့၏။ သူမ
သည် ငါ့အလောင်းကို သင်္ဂြိုဟ်မည်ဟု ကြိုတင်
ပြင်ဆင်ပေးခြင်းငှါ ငါ့ကိုယ်ကို ဆီမွှေးနှင့်လူး
၏။ 9ငါအမှန်ဆိုသည်ကား၊ ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ကမ္ဘာအရပ်ရပ်၌ ဟော
ပြောရလိမ့်မည်။ ဝမ်းမြောက်ဖွယ်သတင်းဟော
ပြောသောနေရာတိုင်းမှာ၊ ဤအမျိုးသမီး က
ငါ့ကို အဘယ်သို့ပြုခဲ့သည့်အကြောင်းကိုလည်း
ပြောကြလိမ့်မည်။ ဤနည်းအားဖြင့် လူတို့သည်
သူမကို အောက်မေ့ကြပါလိမ့်မည်” ဟုမိန့်
တော်မူ၏။

## ယုဒသည် ယေရှု၏ရန်သူတို့ကို ကူညီရန်သဘောတူခြင်း

*(မ၊ 26:14-16; လု၊ 22:3-6)*

10ထို့နောက် တမန်တော်*တစ်ဆယ့်နှစ်ပါး
ထဲမှတစ်ယောက်သည် ယဇ်ပုရောဟိတ်အကြီး
တို့နှင့် စကားပြောရန် သွားလေ၏။ ထိုတပည့်
တော်၏နာမည်မှာ ယုဒရှကာရုတ်ဖြစ်၏။ ယုဒ
သည် ယေရှုကို သူတို့ထံသို့ အပ်နှံပေးချင်၏။
11ယဇ်ပုရောဟိတ်အကြီးတို့သည် ထိုဖြစ်ရပ်နှင့်
ပတ်သက်၍ အလွန်ဝမ်းသာနေကြ၏။ သူတို့
သည် ယုဒကို ငွေပေးမည်ဟု ဂတိပြုကြ၏။ ထို့
ကြောင့် ယုဒသည် ယေရှုအား သူတို့လက်သို့
အပ်ရမည့်အကောင်းဆုံးအချိန်ကို စောင့်ဆိုင်း
နေ၏။

## ပသခါစားသောက်ပွဲ

*(မ၊ 26:17-25; လု၊ 22:7-14; 21-23; ယော၊ 13:21-30)*

12ထိုနေ့သည် အဇုမပွဲတော်၏ပထမနေ့ဖြစ်
၏။ ထိုအချိန်သည် ပသခါသိုး*ပူဇော်ရာအချိန်
ဖြစ်၏။ ယေရှု၏တပည့်တော်တို့သည် သူ့ထံ
တော်သို့လာပြီး၊ “ကိုယ်တော်သည် ပသခါပွဲ
ကို စားတော်မူဖို့ရာ အဘယ်အရပ်၌ အကျွန်ုပ်
တို့သည်ပြင်ဆင်ရန်အတွက် အလိုရှိတော်မူသ
နည်း” ဟုမေးလျှောက်ကြ၏။
13ယေရှုသည် မိမိတပည့်တော်နှစ်ဦးကို မြို့
ထဲသို့ စေလွှတ်ရာတွင်၊ ယေရှုက သူတို့အား၊
“သင်တို့မြို့ထဲသို့သွားကြလော့၊မြို့ထဲသို့ရောက်
လျှင် ရေပုံးနှင့်ရေသယ်လာသောသူတစ်
ယောက်ကို တွေ့လိမ့်မည်။ ထိုသူ၏နောက်သို့
လိုက်သွားကြလော့။
14ထိုသူသည် အိမ်တစ်အိမ်ထဲကို ဝင်သွား
လိမ့်မည်။ ‘ငါနှင့်တကွ ငါ့တပည့်တို့သည် ပသခါ
စားရန်အတွက် အခန်းအဘယ်မှာရှိသည်ကို
ဆရာက၊ မေးတော်မူသည်’ ဟုအိမ်ရှင်ကိုပြော
ကြလော့။ 15အိမ်ရှင်က သင်တို့ကို အပေါ်ထပ်
အခန်းကြီးကို ပြလိမ့်မည်။ ထိုအခန်းသည် အ
သင့်ရှိပြီ။ ငါတို့အတွက် ထိုအခန်းထဲ၌ အစား
အစာကိုပြင်ဆင်လော့” ဟုမိန့်တော်မူ၏။ 16ထို့
ကြောင့် တပည့်တော်တို့သည် မြို့ထဲသို့ဝင်သွား
၍ အစစအရာရာ ယေရှုမှာကြားတော်မူသည့်
အတိုင်းဖြစ်၏။ ထိုအခါ တပည့်တော်တို့သည်
ပသခါစားပွဲကို ပြင်ဆင်ကြ၏။ 17ညဉ့်ဦးပိုင်းသို့
ရောက်သောအခါ၊ ယေရှုသည် တမန်တော်
တစ်ဆယ်နှစ်ပါးနှင့်အတူ၊ ထိုအိမ်ခန်းထဲသို့ ဝင်
ကြ၏။ 18သူတို့အားလုံးစား သောက်နေကြစဉ်၊
ယေရှုက၊ “ငါအမှန်ဆိုသည်ကား၊ သင်တို့တစ်
ဆယ်နှစ်ယောက်ထဲက တစ်ယောက်သည် ငါ့
ကို ဆန့်ကျင်လိမ့်မည်။ ယခုငါနှင့်အတူ စားနေ

---

**တမန်တော်များ** ယေရှုကသူ့ကို အထူးကူညီသူများ ဖြစ်ဖို့ရွေးကောက်သောလူများ။

**ပသခါသိုးသငယ်များ** ပသခါပွဲ၏တပိုင်းတစသောကျင်းပခြင်းသည် သိုးသငယ်ကို ပူဇော်ခြင်းဖြစ်သည်။ ထွက် 12:3-9

ကြသောသူများထဲက တစ်ယောက်ဖြစ်၏” ဟု
မိန့်တော်မူလျှင်၊
19ထိုစကားကို ကြားသောအခါ၊ တမန်
တော်တို့သည် ဝမ်းနည်းကြ၏။ သူတို့သည်
ယေရှုအား “အကျွန်ုပ်မဟုတ်သည်မှာ သေချာ
သည် မဟုတ်လော” ဟုတစ်ယောက်ပြီးတစ်
ယောက်ပြောကြ၏။ 20ယေရှုက၊ “ငါ့ကို ဆန့်
ကျင်သောသူသည် သင်တို့တစ်ဆယ့်နှစ်ပါးထဲမှ
တစ်ယောက်ဖြစ်၏။ သူမုန့်ကို ခွက်တစ်ခွက်ထဲ
၌ ငါနှင့်အတူနှစ်၏။ 21လူသားသည် ကျမ်းစာ
လာသည့်အတိုင်း အသေခံရမည်။ သို့ ရာတွင်
လူသားကို အသေသတ်စေခြင်းငှါ အပ်နှံသော
သူသည် အမင်္ဂလာရှိ၏။ ထိုသူသည် မမွေးဖွား
ခဲ့လျှင် သူ့အတွက်သာ၍ ကောင်းလိမ့်မည်”
ဟုမိန့်တော်မူ၏။

## အရှင်သခင်၏ညစာ

*(မ၊ 26:26-30; လု၊ 22:15-20; 1 ကော၊ 11:23-25)*

22သူတို့စားလျက်နေကြစဉ်၊ ယေရှုသည်
မုန့်တချို့ကို ယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးမှ မုန့်
ကို ချိုးဖဲ့၍ တပည့်တော်တို့အား ပေးတော်မူ
၏။ ယေရှုက၊ “ဤမုန့်ကို ယူ၍စားကြလော့၊
ဤမုန့်သည် ငါ့၏ခန္ဓာကိုယ်ဖြစ်၏” ဟုမိန့်တော်
မူ၏။ 23ထို့နောက် ယေရှုသည် စပျစ်ရည်ခွက်
ကို ယူ၍ကျေးဇူးတော်ချီးမွမ်းပြီးမှ တပည့်တော်
တို့အား ပေးတော်မူ၏။ သူတို့အားလုံးသည်
ခွက်ထဲမှ စပျစ်ရည်ကို သောက်ကြ၏။ 24ထို့
နောက် ယေရှုက၊ “ဤစပျစ်ရည်သည် ငါ့အ
သွေးဖြစ်၏။ ငါ့အသွေးသည် ပဋိညာဉ်တရား
အသစ်ကို စတင်ပေး၏။ ဤအသွေးသည် များ
စွာသောလူတို့အတွက် သွန်းလောင်းသောအ
သွေးဖြစ်၏။ 25ငါအမှန်ဆိုသည်ကား၊ ဘုရား
သခင်၏နိုင်ငံတော်၌ ဤစပျစ်ရည်မျိုးအသစ်
သောက်မည့်နေ့မရောက်မှီ၊ ငါသည် နောက်
ထပ်ဤ စပျစ်ရည်ကို သောက်မည်မဟုတ်”ဟု
မိန့်တော်မူ၏။ 26ထို့နောက် သူတို့အားလုံးသည်
ဓမ္မသီချင်းဆိုကြပြီး သံလွင်တောင်သို့ ထွက်ခွာ
သွားကြ၏။

## ယေရှု၏တပည့်တော်အားလုံးတို့က သူ့ကို စွန့်ခွာမည့်အကြောင်း မိန့်တော်မူခြင်း

*(မ၊ 26:31-35; လု၊ 22:31-34; ယော၊ 13:36-38)*

27ထို့နောက် ယေရှုက မိမိတပည့်တော်တို့
အား “သင်တို့အားလုံး၏ယုံကြည်မှု ပျောက်
ပျက်ကြလိမ့်မည်။ ဤအကြောင်းကို ကျမ်းစာ
ထဲ၌

> ‘ငါသည် သိုးထိန်းကို သတ်၍၊ သိုးများကွဲ
> လွင့် ရကြလိမ့်မည်’ ဟုရေးသားထား
> သည် ဟုမိန့်တော်မူ၏။
>
> *ဇာခရိ 13:7*

28သို့ရာတွင် ငါသည် သေပြီးမှ၊ သေခြင်းမှ
ပြန်လည် ထမြောက်လာလိမ့်မည်။ ထို့နောက်
ဂါလိလဲပြည်ကို ငါသွားမည်၊ သင်တို့သည် ဤ
နေရာသို့မရောက်မှီ၊ ငါအရင်ရောက်လိမ့်မည်”
ဟုမိန့်တော်မူ၏။ 29ပေတရုက၊ “တခြားတပည့်
တော်တို့၏ ယုံကြည်မှုပျောက်ကြသော်လည်း
အကျွန်ုပ်၏ယုံကြည်မှုသည် ဘယ်သောအခါမျှ
ပျောက်လိမ့်မည်မဟုတ်” ဟုပြောလေ၏။
30ယေရှုက၊ “ငါအမှန်ဆိုသည်ကား၊ ယနေ့ညဉ့်၌
ကြက်နှစ်ကြိမ်မတွန်မှီ၊ သင်သည်၊ ငါ့ကို မသိဟု
၍ သုံးကြိမ်ပြောလိမ့်မည်” ဟုမိန့်တော်မူ၏။
31သို့ရာတွင် ပေတရုက“ အကျွန်ုပ်သည်
ကိုယ်တော်ကို မသိဟု၍ ဘယ်သောအခါမှ
ပြောမည်မဟုတ်၊ ကိုယ်တော်နှင့်အတူ သေ
မည်ဟု ပြင်းထန်စွာပြော၏။” ထိုအခါ ကျန်
သောတပည့်တော် အားလုံးတို့သည်လည်း ထို
နည်းတူ ပြောကြလေ၏။

## ယေရှုတစ်ယောက်တည်းဆုတောင်းတော်မူခြင်း

*(မ၊ 26:36-46; လု၊ 22:39-46)*

32ယေရှုနှင့် တပည့်တော်တို့သည်
ဂေသရေမန်ဟုခေါ်သောနေရာသို့ ရောက်ကြ
၏။ ယေရှုက တပည့်တော်တို့အား၊ “ငါဆု
တောင်းစဉ်တွင် သင်တို့သည် ဤနေရာ၌ နေ

ကြလော့” ဟုမိန့်တော်မူ၏။ 33သူသည်ပေတရု၊
ယာကုပ်၊ ယောဟန်တို့ကို ခေါ်သွားတော်မူ၏။
သူသည် အလွန်ဝမ်းနည်း၍ စိတ်ပူပန်တော်မူ
၏။ 34ယေရှုက “ငါ့နှလုံးသည် ဝမ်းနည်းခြင်းနှင့်
ပြည့်လျှက်ရှိ၏။ ငါ့နှလုံးသည် ကြေကွဲလျှက်ရှိ
၏။ ဤနေရာ၌နေ၍ စောင့်နေကြလော့” ဟု
တပည့်တော် သုံးယောက်တို့အား မိန့်တော်မူ
၏။ 35တပည့်တော်သုံးယောက်နှင့် အနည်း
ငယ်ဝေးသောနေရာသို့ ယေရှုသည် လှမ်းသွား
၍၊ မြေပေါ်သို့ မျက်နှာမှူလျှက် ဆုတောင်း
တော်မူ၏။ ဤဒုက္ခရောက်မည့်အချိန်ကို ဖြစ်နိုင်
လျှင် လွဲစေဖို့အလိုငှါ ဆုတောင်းတော်မူ၏။
36“အဗ္ဗာ၊* ခမည်းတော်၊ ကိုယ်တော်သည်
အရာခပ်သိမ်းကို တတ်နိုင်တော်မူ၏။ ဤဒုက္ခ
ဝေဒနာခွက်*ကို အကျွန်ုပ်ထံမှ လွဲစေတော်မူ
ပါ။ သို့သော်လည်း၊ အကျွန်ုပ်အလိုအတိုင်း
မဖြစ်ပါစေနှင့်။ ကိုယ်တော့်အလိုတော်အတိုင်း
ဖြစ်ပါစေ” ဟုဆုတောင်းတော်မူ၏။ 37ထို့
နောက် ယေရှုသည် မိမိတပည့်တို့ထံသို့ ပြန်
လျှောက်တော်မူ၏။ တပည့်တော်တို့သည် အိပ်
ပျော်နေကြ၏။ ယေရှုက ပေတရုအား “ရှိမုန်၊
သင်သည် အိပ်ပျော်နေသလော။ ငါ့အတွက်
တစ်နာရီခန့်မျှ မစောင့်နိုင်သလော။ 38စုံစမ်း
ခြင်းနှင့်ကင်းလွတ်မည်အကြောင်းနိုးကြားလျှက်
ဆုတောင်းနေကြလော့၊ သင်တို့၏ဝိညာဉ်သည်
အမှန်ကို လုပ်လိုသော်လည်း သင့်ကိုယ်ခန္ဓာ
သည် အားနည်းလေ၏” ဟုမိန့်တော်မူ၏။
39ယေရှုသည် တစ်ဖန်ထွက်သွား၍၊ ပထမ
အကြိမ်အတိုင်း ဆုတောင်းတော်မူ၏။ 40သူပြန်
လာတော်မူသောအခါ၊ သူသည် တပည့်တော်
တို့အိပ်နေသည်ကို ပြန်တွေ့တော်မူ၏။ သူတို့၏
မျက်လုံးသည် ညှိုးနွမ်းနေကြ၏။ တပည့်တော်
တို့သည် ယေရှုအား အဘယ်သို့ပြန်ပြောရ
မည်ကို ပင်မသိကြ။ 41ယေရှုသည် တတိယအ
ကြိမ် ဆုတောင်းပြီးနောက်၊ သူ့တပည့်တော်တို့
ရှိရာသို့ ပြန်လာတော်မူ၏။ ယေရှုက သူတို့
အား “သင်တို့အိပ်ပျော်ပြီး အနားယူနေကြ
သည်မဟုတ်လော။ ယခုလုံလောက်ပြီ၊ အပြစ်
ရှိသောလူတို့လက်၌၊ လူသားကို အပ်ရန်အ
တွက် အချိန်ရောက်လာပြီ။ 42ထကြလော့၊ ငါ
တို့သွားကြမည်။ ငါ့ကိုအပ်နှံသောသူ လာနေ
ပြီ” ဟုမိန့်တော်မူ၏။

## ယေရှုအဖမ်းခံရခြင်း

*(မ၊ 26:47-56; လု၊ 22:47-53; ယော၊ 18:3-12)*

43ယေရှုမိန့်တော်မူနေစဉ် ယုဒရှကာရုတ်
သည် ထိုနေရာသို့ ရောက်လာ၏။ သူသည်
တမန်တော်တစ်ဆယ့်နှစ်ပါးထဲက၊တစ်ယောက်
အပါးအဝင်ဖြစ်၏။ ယုဒနှင့်အတူ အခြားလူတို့
လည်းပါ၏။ ယဇ်ပုရောဟိတ်အကြီးတို့၊ ကျမ်း
ပြုဆရာတို့နှင့်၊ အသက်ကြီးသောယုဒခေါင်း
ဆောင်တို့က၊ ထိုလူတို့ကို စေလွှတ်လိုက်ခြင်း
ဖြစ်၏။ ယုဒနှင့်အတူ လိုက်ပါလာကြသောသူ
တို့၏လက်ထဲတွင်၊ ဓားများနှင့်တုတ်များကို
ကိုင်ဆောင်ထားကြ၏။ 44ယုဒက အဘယ်သူ
သည် ယေရှုဖြစ်ကြောင်းကို၊ ထိုလူတို့အား ပြ
သရန် အစီအစဉ်တစ်ခုပြုလုပ်ထား၏။ “ငါနမ်း
သောသူသည် ယေရှုပင် ဖြစ်၏၊ သူ့ကို ဖမ်းပြီး၊
လုံခြုံစွာခေါ်သွားကြ” ဟုယုဒက ကြိုတင်ပြော
ကြားထားခဲ့၏။ 45ထို့ကြောင့် ယုဒသည် ယေရှု
ထံတော်သို့ သွား၍၊ “ဆရာ” ဟုခေါ်ပြီး ယေရှု
ကို နမ်းလေ၏။ 46ထို့နောက် ထိုသူတို့သည်
ယေရှုအား ဆွဲခေါ်၍ ဖမ်းဆီးကြ၏။ 47ယေရှု
အနီးတွင် ရပ်နေသောတပည့်တော်တစ်ဦးက
ဓားကို ဆွဲထုတ်၍ ယဇ်ပုရောဟိတ်မင်း၏အ
စေခံကို ခုတ်လိုက်ရာ၊ နားရွက်ပြတ်လေ၏။
48ထိုအခါ ယေရှုက၊ “သင်တို့သည် ငါ့ကို
ရာဇဝတ်ကောင်တစ်ယောက်ဖမ်းသကဲ့သို့ ဓား
နှင့်တုတ်များ ယူပြီးထွက်လာကြသလော။ 49ငါ

---

**အဗ္ဗာ** အာရပ်စကားလုံး- ယုဒကလေးများက သူတို့ဖခင်တို့ကို အဗ္ဗာ၊ဟူ၍ ခေါ်သည်။

**ခွက်** ယေရှုက ဆိုးရွားသောအရာများ သူ့ထံဖြစ်လာမည့်အကြောင်း ကိုပြောခြင်းဖြစ်သည်၊ ထိုအရာတို့ကို လက်ခံရန် အလွန်ပင်ခက်ခဲမည်။ ဆိုးရွားသောအရသာနှင့်ပြည့်လျှံသော ခွက်တစ်ခွက်သောက်သကဲ့သို့ ဖြစ်လိမ့်မည်။

သည် သင်တို့နှင့်အတူရှိ၍ နေ့တိုင်းဗိမာန်တော်
ထဲ၌ ဆုံးမဩဝါဒပေးလျက်ရှိ၏။ သင်တို့သည်
ထိုနေရာ၌ ငါ့ကို မဖမ်းကြ။ သို့ရာတွင် ဤသို့
ဖြစ်ပျက်ရခြင်းအကြောင်းမှာ ကျမ်းစာထဲ၌ရေး
ထားချက်ပြည့်စုံရန်အတွက်ဖြစ်၏" ဟုမိန့်တော်
မူ၏။ 50ထို့နောက် ယေရှု၏တပည့်တော်တို့
သည် သူ့ကို စွန့်ပစ်၍ ထွက်ပြေးသွားကြ၏။
51ထိုနေရာတွင် လူငယ်တစ်ယောက်က ယေရှု
နောက်တော်သို့ လိုက်ပါလာ၏။ သူသည် ပိတ်
စတစ်ထည်သာ ဝတ်နေ၏။ ယေရှုကို ဖမ်းဆီး
ကြသူတို့က၊ ထိုလူငယ်ကိုပါ လှမ်းဆွဲလိုက်ရာ၊
52သူသည် ပိတ်စတစ်ထည်ကို စွန့်ပစ်၍ အဝတ်
မပါဘဲ ထွက်ပြေးလေ၏။

## ယုဒခေါင်းဆောင်တို့ရှေ့၌ရောက် သွားသောယေရှု

*(မ၊ 26:57-68; လု၊ 22:54-55, 63-71; ယော၊ 18:13-14, 19-24)*

53သူတို့သည် ယေရှုကို ယဇ်ပုရောဟိတ်
မင်း၏နေအိမ်သို့ ခေါ်ဆောင်သွားကြ၏။ ယဇ်
ပုရောဟိတ်အကြီး ကျမ်းပြုဆရာတို့နှင့် ယုဒလူ
တို့တွင် အကြီးအကဲတို့သည် ထိုအိမ်၌ အတူတ
ကွစုရုံးကြ၏။ 54ပေတရုသည် ယဇ်ပုရောဟိတ်
မင်း၏ခြံဝန်းအတွင်းသို့တိုင်အောင် ကိုယ်တော်
နှင့်ဝေးစွာ လိုက်ပြီးလျှင် အစောင့်တို့နှင့်အတူ
ထိုင်ပြီး မိမိကိုယ်ကို နွေးရန်အတွက် မီးလှုံစပြု
လေ၏။ 55ယဇ်ပုရောဟိတ်အကြီးတို့နှင့် ယုဒ
ကောင်စီဝင်အားလုံးတို့သည် ယေရှုတစ်စုံတစ်
ရာအမှား ကျူးလွန်ချက်ကို ကြိုးစားရှာဖွေနေ
ကြ၏။ သို့မှသာ ယေရှုကို သူတို့သတ်နိုင်မည်
ဖြစ်၏။ သို့ရာတွင် ယေရှုအား သတ်နိုင်
လောက်သောအထောက်အ ထားရှာမတွေ့
ကြ။ 56လူတို့သည် မမှန်သောသက်သေများ
ထွက်ဆိုကြ၏။ သို့သော်လည်း၊ သူတို့သက်သေ
များတလွဲစီဖြစ်နေကြ၏။ 57ထို့နောက် လူတချို့
သည် ထပြီး ဤသို့လိမ်ညာသောစကားဖြင့်
ယေရှုအကြောင်းကို ပြောဆိုကြလေ၏။ 58"ဤ
သူက 'လူတို့လက်ဖြင့် ဆောက်ထားသော
ဤဗိမာန်တော်ကို ငါဖျက်ဆီးပြီးသုံးရက်အတွင်း
ပြန်ဆောက်မည်။ ငါဆောက်မည့်ဗိမာန်တော်
သည် လူတို့လက်ဖြင့် ဆောက်သောဗိမာန်
တော်မဟုတ်"' ဟုပြောဆိုသည်ကို အကျွန်ုပ်တို့
ကြားရပါပြီဟုသက်သေခံကြ၏။ 59သို့သော်၊ ဤ
လူတို့၏သက်သေခံချက် များသည်လည်း တလွဲ
စီဖြစ်၏။

60ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် လူတို့
ရှေ့တွင် မတ်တတ်ရပ်၍ ယေရှုအား၊ "ဤသူ
တို့သည် သင့်ကိုဆန့်ကျင်၍ ပြောဆိုနေကြ၏၊
ဤစွပ်စွဲချက်နှင့် ပတ်သက်၍ တစ်စုံတခုပြော
စရာရှိသလော။ သူတို့ပြောသောစကားသည်
မှန်သလော" ဟုမေး၏။ 61သို့ရာတွင် ယေရှုက
တစ်ခွန်းမှ ပြန်ပြောတော်မမူဘဲ တိတ်ဆိတ်စွာ
နေတော်မူ၏။ တစ်ဖန် ယဇ်ပုရောဟိတ်မင်း
က "သင်သည် မင်္ဂလာရှိသောဘုရားသခင်၏
သားခရစ်တော်မှန်သလောဟု မေးခွန်းတစ်ခု
မေးပြန်၏။"

62ထိုမေးခွန်းကို ယေရှုက "ဟုတ်ပါ၏။ ငါ
သည် ဘုရားသခင်၏သား ခရစ်တော်ပင် ဖြစ်
၏။ တစ်နေ့၌ လူသားသည် တန်ခိုးကြီးသော
ဘုရားသခင်၏လက်ျာတော်ဘက်၌ ထိုင်၍ မိုး
တိမ်ကိုစီးလျက် ကြွလာသည်ကို သင်တို့တွေ့
ရလိမ့်မည်" ဟုမိန့်တော်မူ၏။

63ထိုစကားကို ကြားရသောအခါ၊ ယဇ်ပု
ရောဟိတ်မင်းသည် အလွန်စိတ်ဆိုး၏။သူသည်
မိမိဝတ်ထားသောအဝတ်ကို ဆုတ်ဖြဲလျက်ယုဒ
တို့အား "ငါတို့သည် နောက်ထပ် အဘယ်သက်
သေလိုသေးသနည်း။ 64သူသည် ဘုရားသခင်
ကို ဆန့်ကျင်၍ ပြောသောစကားကို သင်တို့
ကြားရပြီ၊ အဘယ်သို့ ထင်မှတ်ကြသနည်း" ဟု
ပြော၏။ လူများအားလုံးက ယေရှုမှားသည်
ဟုပြောကြ၏။ သူတို့က ယေရှု၌ အပြစ်ရှိသော
ကြောင့် သတ်ခံရမည်ဟု ပြောဆိုကြ၏။ 65အ
ချို့တို့သည် ယေရှုကို တံတွေးနှင့်ထွေးကြ၏။
သူတို့သည် ယေရှုမျက် စေ့တော်ကိုအဝတ်နှင့်
ဖုံးပြီးလျှင် လက်သီးဖြင့် ထိုးကြ၏။ သူတို့သည်
ယေရှုအား၊ "သင်ပရောဖက်ပြု၍ ဟောတော်

မှုပါ” ဟုပြောကြ၏။ ထို့နောက် အစောင့်အ
ကြပ်တို့သည် ယေရှုကို ရိုက်နှက်ကြရန် ခေါ်
ဆောင်သွားကြ၏။

## ပေတရုက ယေရှုအား သိကြောင်း ပြောရန် ကြောက်ရွံ့ခြင်း

*(မ၊ 26:69-75; လု၊ 22:56-62; ယော၊ 18:15-18, 25-27)*

66ထိုအချိန်တွင် ပေတရုသည် ယဇ်ပုရော
ဟိတ်မင်း၏ အိမ်ဝင်း၌ ရှိနေစဉ်တွင် ယဇ်ပုရော
ဟိတ်မင်း၏တစ်ယောက်သော အစေခံမလေး
က ပေတရုရှိရာသို့ ရောက်လာ၏။ 67ထိုမိန်းက
လေးသည် ပေတရုမီးလှုံနေသည်ကို မြင်သော
အခါ အနီးကပ်ကြည့်လိုက်၏။ ထို့နောက်သူမ
က၊ “သင်သည်လည်း နာဇရက်မြို့သား ယေရှု
နှင့်အတူတူနေခဲ့ဖူးသည်” ဟုပြောလေ၏။ 68သို့
ရာတွင် ပေတရုက ငါသည်မည်သည့် အခါက
မှယေရှုနှင့်အတူတူ မနေခဲ့ဖူးပါဟုပြန်ပြော၏။
ထို့နောက် ပေတရုက “သင်အဘယ်အရာပြော
နေသနည်း၊ ငါမသိ၊ နားလည်းမလည်”* ဟု
ပြောပြီးနောက် ခြံပေါက်ဝမှ ထွက်ရှောင်သွား
၏။ 69သို့သော်လည်း၊ ထိုအစေခံမလေးသည်
ပေတရုကို နောက်တစ်ဖန်ပြန်တွေ့သောအခါ
ထိုနေရာ၌ ရပ်နေသောလူတို့အား “ဤလူ
သည် သူတို့အဖွဲ့ထဲက လူတစ်ယောက်ဘဲ” ဟု
ပြောလေ၏။ 70ပေတရုက ငြင်းပြန်၏။ များ
မကြာမီ ပေတရုအနားတွင် ရပ်နေသောသူတ
ချို့က “သင်သည် သူတို့ထဲကတစ်ယောက်ဖြစ်
သည်ကို ငါတို့သိ၏။ သင်သည်လည်း ဂါလိလဲ
လူဖြစ်သည်” ဟုပြောကြ၏။ 71ထို့နောက်
ပေတရုက “အကျွန်ုပ်ဘုရားသခင်နှင့် ကျိန်ဆို
၏။ သင်တို့ပြောနေသော ထိုသူ၏အကြောင်း
ကို အကျွန်ုပ်မသိ” ဟုကျိန်ဆိုလေ၏။ 72ထို
စကားကို ပေတရုပြောပြီး ခဏခြင်းတွင် ကြက်
သည် ဒုတိယအကြိမ်တွန်လေ၏။ ထို့နောက်
အကြိမ်မတွန်မှီ သင်သည် သုံးကြိမ်တိုင်အောင်
ငါ့ကိုငြင်းပယ်လိမ့်မည်” ဟူသောစကားကို
ပေတရုသတိရလေ၏။ ထို့နောက် ပေတရု
သည် ကြေကွဲလျှက်ငို ကြွေးလေ၏။

## ယေရှုအား မြို့တော်ဝန်ပိလတ်က မေးခွန်းများမေးမြန်းခြင်း

*(မ၊ 27:1-2, 11-14; လု၊ 23:1-5; ယော၊ 18:28-38)*

15 နံနက်အချိန်တွင်၊ ယဇ်ပုရောဟိတ်အ
ကြီးတို့၊ အသက်ကြီးသောယုဒခေါင်း
ဆောင်တို့၊ ကျမ်းပြုဆရာတို့နှင့်၊ ယုဒကောင်
စီဝင်အားလုံးတို့သည် ယေရှုကို မည်သို့ပြုရမည်
ကို ဆုံးဖြတ်ချက်ချကြ၏။သူတို့သည်ယေရှုအား
ကြိုးဖြင့် ချည်နှောင်၍ မြို့တော်ဝန်ပိလတ်မင်း
ထံသို့ ခေါ်ဆောင်လာကြပြီး သူ့ကို အပ်နှံကြ၏။
2မြို့တော်ဝန်ပိလတ်ကမင်း ယေရှုအား၊ “သင်
သည် ယုဒလူတို့၏ဘုရင်မှန်သလော” ဟုမေး
ရာ၊ ယေရှုက၊ “မှန်ပါ၏” ဟုမိန့်တော်မူ၏။
3ယဇ်ပုရောဟိတ်မင်းတို့သည် ယေရှုအပေါ်
များစွာသောစွပ်စွဲချက်တင်ကြ၏။ 4ထို့ကြောင့်
ပိလတ်က ယေရှုအား နောက်ထပ် မေးခွန်းတစ်
ခုထပ်မေး၏။ “သူတို့သည် သင့်ကို အဘယ်မျှ
လောက် အပြစ်တင်သည်ကို ကြည့်လော့။ အ
ဘယ်ကြောင့် တစ်စုံတစ်ခုမျှပြန် ပြောသနည်း”
ဟုမေးလေ၏။ 5သို့သော် ယေရှုသည် ပြန်ပြော
တော်မမူ၊ ဤအကြောင်း ကြောင့် ပိလတ်မင်း
သည် အလွန်အံ့ဩလေ၏။

## ပိလတ်က ယေရှုအား လွှတ်ပေးရန်ကြိုးစားသော်လည်း မအောင်မြင်

*(မ၊ 27:15-31; လု၊ 23:13-25; ယော၊ 18:39-19:16)*

6နှစ်စဉ်နှစ်တိုင်း ပသခါပွဲတော်အချိန်တွင်
မြို့ဝန်မင်းအနေနှင့် ထောင်ထဲရှိအကျဉ်းသား
တစ်ယောက်လွှတ်ပေးသောထုံးစံရှိ၏။ လူအ
များက လွှတ်ပေးစေလိုသော အကျဉ်းသားကို
သာ လွှတ်ပေးရန်အတွက် သူဆုံးဖြတ်၏။ 7ထို
အချိန်တွင် ထောင်ထဲ၌ ဗာရဗ္ဗအမည်ရှိသော
လူတစ်ယောက်ရှိ၏။ သူသည် သူပုန်တစ်

---

**အခန်းငယ် 68** တွင် များစွာသောဂရိစာက ပေါင်းထားသည်၊ “ပြီးနောက် ကြက်တွန်လေ၏။

ယောက်ဖြစ်သောကြောင့်၊ သူပုန်တို့နှင့်အတူ
ထောင်တွင်အကျဉ်းချထားခြင်းဖြစ်၏။ သူပုန်
တို့သည် ရုန်းရင်းဆန်ခတ်ဖြစ်စဉ်က လူသတ်မှု
များ ကျူးလွန်ခဲ့ကြသူများဖြစ်၏။ 8လူတို့သည်
ပိလတ်မင်းထံ ရောက်လာပြီး အကျဉ်းသားကို
လွှတ်ရိုးထုံးစံရှိသည်အတိုင်း တယောက်လွှတ်
ပေးရန် တောင်းဆိုကြ၏။
9ပိလတ်က လူတို့အား“သင်တို့သည် ယုဒ
ရှင်ဘုရင်ကို လွှတ်စေချင်သလော”ဟုမေးလျှင်
10ယဇ်ပုရောဟိတ်အကြီးတို့သည်ယေရှုကို မနာ
လိုစိတ်ကြောင့် အပ်နှံကြောင်း သူသိလေ၏။
11သို့သော် ယဇ်ပုရောဟိတ်အကြီးတို့သည် လူ
ထုအား ယေရှုအစား ဗာရဗ္ဗကိုသာ လွှတ်ပေး
ပို့တောင်းဆိုရန် နှိုးဆော်ကြ၏။ 12နောက် တစ်
ဖန်ပိလတ်မင်းက သူတို့အား “ယုဒရှင်ဘုရင်ဟု
သင်တို့ခေါ်သောသူကို ငါအဘယ်သို့ ပြုရမည်
နည်း” ဟုမေးရာ၊
13“သူ့ကို လက်ဝါးကပ်တိုင်မှာ သတ်ပါ”ဟု
လူထုက ပြန်ပြီးအော်ကြ၏။ 14“ပိလတ်က၊ အ
ဘယ်ကြောင့်နည်း၊ အဘယ်အပြစ်ကို လုပ်မိသ
နည်း” ဟုမေး၏။ သို့ရာတွင် လူတို့က ကျယ်
လောင်သည်ထက်၊ ကျယ်လောင်စွာဖြင့်၊ “သူ့
ကို လက်ဝါးကပ်တိုင်ပေါ်မှာ သတ်ပါ” ဟု၍
အော်ကြ၏။
15ပိလတ်သည် လူများ၏စိတ်ကို ပြေစေ
ခြင်းငှါ ဗာရဗ္ဗကို လွှတ်လေ၏။ ယေရှုကို ကြာ
ပွတ်ဖြင့် ထပ်ရိုက်ရန် စစ်သားတို့ကို အမိန့်ပေး
လိုက်၏။ ထို့နောက် သူ့ကို လက်ဝါးကားတိုင်
မှာ သတ်ရန် စစ်သားများထံသို့ အပ်လိုက်၏။
16ပိလတ်မင်း၏စစ်သားတို့သည် ယေရှုကို ပြ
တောရိရုံးဟု ခေါ်သောမြို့တော်ဝန်၏နန်းတော်
ဝင်းသို့ ခေါ်ဆောင်သွား၏။ တခြားစစ်သား
အားလုံးတို့သည်လည်း သူတို့နှင့်အတူ ခေါ်သွား
ကြ၏။ 17ထိုနေရာသို့ ရောက်သောအခါ စစ်
သားတို့သည် ယေရှု၏ကိုယ်ပေါ်သို့၊ ကြက်သွေး
ရောင်ဝတ်လုံကို ဝတ်ပေးကြ၏။ ထို့နောက်
သူတို့သည် ဆူးခက်များကို ရစ်ခွေ၍ သရဖူတစ်
ခုပြုလုပ်ပြီး ယေရှု၏ဦးခေါင်းတွင် စွပ်ပေးကြ၏။
18ထို့နောက် သူတို့က “ဟေ့ယုဒ လူတို့၏ဘုရင်
ကြီး” ဟု၍ခေါ်ဝေါ်ကြ၏။ 19စစ်သားတို့သည်
ယေရှု၏ဦးခေါင်းကို တုတ်ချောင်းဖြင့် အကြိမ်
ပေါင်းများစွာရိုက်ကြ၏။ တံတွေးနှင့်လည်း
ထွေးကြ၏။ ထို့နောက် သူတို့သည် ယေရှု၏ရှေ့
မှောက်၌ ဒူးထောက်ကြ၍၊ ဦးညွှတ်အရိုအသေ
ပြု သကဲ့သို့လှောင်ပြောင်ကြ၏။ 20သူတို့သည်
လှောင်ပြောင်ကြ ပြီးနောက် နီမောင်းသော
အဝတ်ကို ချွတ်၍ အဝတ်တော်ကို ပြန်ဝတ်စေ
၏။ ထို့နောက် စစ်သားတို့သည် ယေရှုကို နန်း
တော်အပြင်သို့ ထုတ်၍ လက်ဝါးကပ်တိုင်ပေါ်
တွင် သတ်ရန် ခေါ်ဆောင်သွားကြ၏။

## လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု အသတ်ခံတော်မူခြင်း

*(မ၊ 27:32-44; လု၊ 23:26-43; ယော၊ 19:17-27)*

21ထိုသို့ခေါ်သွားကြစဉ်တွင် ကုရေနေမြို့မှ
လူတစ်ယောက်သည် မြို့ထဲသို့ ဝင်လာ၏။
သူသည် လယ်တောထဲမှ ပြန်လာသော
အာလေဇန္ဒြုနှင့် ရုပု၏အဖေရှိမုန်ဖြစ်၏။ စစ်သား
တို့သည် ရှိမုန်အား လက်ဝါးကပ်တိုင်ကို အ
တင်းထမ်းစေကြ ၏။ထိုလက်ဝါးကပ်တိုင်သည်
ယေရှုအား သတ်ရန်ဖြစ်၏။ 22ဂေါလဂေါသဟု
ခေါ်သောနေရာသို့ ယေရှုကို သူတို့ခေါ်သွားကြ
၏။ (ဂေါလဂေါသ ၏အဓိပ္ပါယ်မှာ၊ “ဦးခေါင်းခွံ
၏နေရာ” ဟူ၍ဖြစ်၏။) 23ဂေါလဂေါသသို့
ရောက်သောအခါ၊ စစ်သားတို့က ယေရှုအား
ရှာလကာရည်တစ်ခွက် ပေးကြ၏။ ထိုရှာလ
ကာရည်ထဲတွင် မုရန်ဆေးရောစပ်ထား၏။ သို့
ရာတွင် ယေရှုက မသောက်ဘဲ ငြင်းပယ်၏။
24စစ်သားတို့သည် ယေရှုအား လက်ဝါးကပ်
တိုင်တွင် တင်၍ သံချောင်းများဖြင့် ရိုက်ကြ၏။
ထို့နောက် စစ်သားတို့က အဝတ်တော်ကို စာ
ရေးတံချ၍ အသီးသီးတို့အား ဝေပန်ကြ၏။
25သူတို့က ယေရှုအား လက်ဝါးကပ်တိုင်မှာ
သံနှင့်ရိုက်စွဲသော အချိန်မှာနံနက်ကိုးနာရီ အ
ချိန်ဖြစ်၏။ 26ယေရှုအား စွဲချက်တင်သောပြစ်
မှုဖော်ပြ ထားသောဆိုင်းဘုတ်ကိုလည်း ချိတ်

ဆွဲထားကြလေ၏။ ထိုဆိုင်းဘုတ်တွင် “ယုဒရှင်
ဘုရင်” ဟုရေးသား၏။ [27]သူတို့သည် ဓားပြနှစ်
ယောက်ကိုလည်း ယေရှု၏လက်ျာဘက်တွင်
တစ်ယောက်၊ လက်ဝဲဘက်တွင်တစ်ယောက်၊
လက်ဝါးကပ်တိုင်၌ ရိုက်ထား၏။ [28]* [29]ထိုနေ
ရာအနီးမှ ဖြတ်သွားကြသူ အချို့ကယေရှုအား
ကဲ့ရဲ့သောစကားနှင့်ပြောဆိုကြ၏။ သူတို့က
ခေါင်းခါ၍ “ဟေ့၊သင်က ဗိမာန်တော်ကို ဖျက်
ဆီး၍၊ သုံးရက်အတွင်းပြန်ဆောက်နိုင်မည်ဟု
ပြောသည် မဟုတ်လော။ [30]မိမိကိုယ်မိမိကယ်
တင်၍ ထိုကပ်တိုင်ပေါ်မှ ဆင်းလော့” ဟူ၍
ပြောင်လှောင်ကြ၏။ [31]ထိုနေရာ၌ ယဇ်ပုရော
ဟိတ်အကြီးတို့နှင့် ကျမ်းပြုဆရာတို့လည်း ရှိနေ
ကြ၏။ သူတို့ကလည်း အခြားလူတို့နည်းတူ
ယေရှုအား လှောင်ပြောင်ကြ၏။ သူတို့က “သူ
သည် အခြားလူတို့ကို ကယ်တင်၏။ သို့သော်
လည်း၊ ကိုယ့်ကိုကိုယ် မကယ်တင်နိုင်။ [32]သူ
သည် ဣသရေလရှင်ဘုရင်၊ ခရစ်တော်မှန်
လျှင်၊ ကပ်တိုင်ပေါ်မှ ယခုဆင်းပါစေလော့။
ကပ်တိုင်ပေါ်မှ ဆင်းလာသည်ကို ငါတို့မြင်လျှင်
သူ့ကို ယုံကြည်ကြလိမ့်မည်” ဟုအချင်းချင်း
ပြောကြ၏။ ယေရှုနှင့်အတူ လက်ဝါးကပ်တိုင်
မှာ အသတ်ခံသောဓားပြနှစ်ယောက်ထဲမှ တစ်
ယောက်သည်လည်း ယေရှုအား ကဲ့ရဲ့ပြစ်တင်
လေ၏။

## ယေရှုသေဆုံးခြင်း

*(မ၊ 27:45-56; လု၊ 23:44-49; ယော၊ 19:28-30)*

[33]နေမွန်းတည့်အချိန်တွင် တိုင်းပြည်တစ်
ပြည်လုံးမှောင်မိုက်အတိ ဖြစ်လေ၏။ ထိုသို့
မှောင်မိုက်နေသည်မှာ ညနေသုံးနာရီအထိဖြစ်
၏။ [34]သုံးနာရီတွင် ယေရှုက ကျယ်လောင်စွာ
“ဧလိ၊ ဧလိလာမရှာဗခသာနိ” ဟုအော်ဟစ်
တော်မူ၏။ အဓိပ္ပါယ်မှာ “အကျွန်ုပ်၏ဘုရား
သခင်၊အကျွန်ုပ်၏ဘုရားသခင်၊အဘယ်ကြောင့်
အကျွန်ုပ်တစ်ယောက်တည်း ထားခဲ့သနည်း”*
ဟူ၍ဖြစ်၏။

[35]မလှမ်းမကမ်းတွင် ရပ်ကြည့်နေကြသူတို့
က “နားထောင်ကြ၊ သူသည်ဧလိယကို ခေါ်နေ
သည်” ဟုပြောကြ၏။ [36]လူတစ်ယောက်ပြေး
သွား၍ ရေမှိုတထွေးကို ယူပြီး ရှာလကာရည်
မြှုပ်ထဲနှစ်ကာ တုတ်တစ်ချောင်း၏ထိပ်ဖျား၌
ရေမြှုပ်ကို ချည်နှောင်၍ ယေရှု၏မျက်နှာတော်
ရှေ့သို့ တိုးပေး၏။ သို့မှသာ ယေရှုသည် ရှာလ
ကာရည် သောက်နိုင်မည်ဖြစ်၏။ ထိုသူတို့က
ဧလိယသည် သူ့ကို ချယူခြင်းငှါ လာမည်မလာ
မည်ကို စောင့်ကြည့်ကြကုန်အံ့” ဟုပြော၏။
[37]ထိုအခိုက်အတန့်တွင် ယေရှုက ကျယ်လောင်
သောအသံကြီးဖြင့် အော်ဟစ်ပြီး အသက်ထွက်
တော်မူ၏။ [38]ယေရှုသေဆုံးသွားချိန်တွင်ဗိမာန်
တော်အတွင်းရှိ ကုလားကာသည် အထက်စွန်း
မှ အောက်စွန်းထိတိုင်အောင် စုတ်ပြဲလေ၏။
[39]လက်ဝါးကပ်တိုင်ရှေ့၌ ရပ်နေသောတပ်မှူး
သည် ယေရှုမည်သို့သေသည်ကို မြင်လျှင် “ဤ
သူသည်ဘုရားသခင်၏သားတော်မှန်ပေသည်”
ဟုပြောလေ၏။

[40]အချို့အမျိုးသမီးများသည် လက်ဝါးကပ်
တိုင်နှင့်ဝေးမှ လှမ်းကြည့်နေကြ၏။ အချို့အမျိုး
သမီးများထဲတွင် မာဂဒလမြို့မှ မာရိ၊ ရှာလုံ၊
ယာကုပ်ငယ်နှင့် ယောသေတို့၏မိခင်မာရိတို့
လည်း ပါဝင်ကြ၏။ ယာကုပ်သည် ယောသေ၏
ညီဖြစ်၏။ [41]သူတို့သည် ဂါလိလဲမြို့ မှစ၍
ယေရုရှလင်အထိ ယေရှုကို လိုအပ်သည်များ
ပြုစုရန်အတွက် လိုက်လာကြ၏။ ဂါလိလဲမှ
ယေရုရှလင်သို့ လာကြသောအခြားအမျိုးသမီး
တို့သည်လည်း ထိုအရပ်၌ ရှိနေကြ၏။

## ယေရှုအားမြှုပ်နှံခြင်း

*(မ၊ 27:57-61; လု၊ 23:50-56; ယော၊ 19:38-42)*

[42]ထိုနေ့ကို အဖိတ်နေ့ဟု ခေါ်ကြ၏။ (အဓိ
ပ္ပါယ်မှာ ဥပုသ်နေ့မတိုင်မီသောနေ့ဖြစ်၏။) ညဦး

---

**အခန်းငယ် 28** တစ်ချို့ဂရိတ်စာက အခန်းငယ်28ကို ပေါင်းထည့်ပေါင်းထားသည်။ ပြီးနောက် ကျမ်းစာပြောပြသည်မှာ သူတို့က သူ့ကို မတရားသောသူနှင့် ထားခဲ့သည်။

**အကျွန်ုပ်၏ဘုရား … ထားခဲ့သနည်း** ဆာလံ 22:1

အချိန်တွင်၊ 43အရိမသဲမြို့မှယောသပ်ဟုခေါ်
သောသူတစ်ယောက်ရောက်လာ၏။ သူသည်
မြို့တော်ဝန်ပိလတ်ထံသို့ ရဲရင့်စွာသွား၍ ယေရှု
၏အလောင်းတော်ကို သင်္ဂြိုဟ်ရန်တောင်းခံ၏။
ယောသပ်သည် ယုဒကောင်စီတွင် အရေးပါသူ
တစ်ဦးဖြစ်၏။ ထို့ပြင် ဘုရားသခင်၏နိုင်ငံတော်
တည် ထောင်ခြင်းကို မျှော်လင့်နေသူလည်း
ဖြစ်၏။ 44ပိလတ်သည် ယေရှုသေဆုံးသွားပြီး
ကြောင်းကို ကြားသိရသောအခါ သူက အံ့ဩ
သွားလေ၏။ ပိလတ်က ယေရှုအား အစောင့်
တာဝန်ချထားသောစစ်ဗိုလ်ကို ခေါ်ပြီးသူ့ကို
ယေရှု သေဆုံးပြီးဖြစ်သည်ကို မှန်မမှန် မေးမြန်း
၏။ 45စစ်ဗိုလ်က ယေရှုသေဆုံးသွားပြီဟု
ပိလတ်အား အတည်ပြုပြောကြား၏။ ထိုအခါ
ပိလတ်သည်ယောသပ်အားယေရှု၏အလောင်း
တော်ကို ယူဆောင်ခွင့်ပြု၏။ 46ယောသပ်
သည် ပိတ်ချောအထည်အချို့ကို ယူလာ၏။
သူကယေရှု၏အလောင်းတော်ကို လက်ဝါးကပ်
တိုင်မှချ၍ ပိတ်ချောအဝတ်နှင့် ထိုအလောင်း
တော်ကိုရစ်ပတ်ပြီးလျှင် ကျောက်သားမျက်နှာ
ပြင်ကို ထွင်းထားသောသင်္ချိုင်းအတွင်းထဲမှာ
ထား၏။ထို့နောက် သူသည် သင်္ချိုင်းအပေါက်ဝ
ကို အလွန်ကြီးမားသောကျောက်တုံးကြီးဖြင့်
လှိမ့်၍ပိတ်၏။ 47မာဂဒလမှမာရိနှင့်ယောသေ
၏မိခင်မာရိတို့သည် ယေရှုအလောင်းတော်
ထားသောနေရာကို မြင်ကြရ၏။

## ယေရှုသေခြင်းမှပြန်လည်ရှင်ပြန် ထမြောက်ခြင်းသတင်းများ

*(မ၊ 28:1-8; လု၊ 24:1-12; ယော၊ 20:1-10)*

16 ဥပုသ်နေ့၏နောက်တစ်နေ့တွင်မာဂဒလ
မြို့မှ မာရိ၊ ရှာလုံနှင့် ယာကုပ်၏မိခင်
မာရိတို့သည် ချိုသင်းနံ့ဖြစ်သောအမွှေးနံ့သာ
အချို့ဖြင့် ယေရှု၏အလောင်းတော်ကို သုတ်
လိမ်းပေးရန် ယူလာကြ၏။ 2ရက်သတ္တပတ်၏
ပထမမြောက်နေ့၊ နံနက်စောစောနေထွက်
ပြီးချိန်တွင် ထိုအမျိုးသမီးသုံးယောက်တို့သည်
ယေရှု၏သင်္ချိုင်းသို့ သွားကြ၏။ 3ထိုအမျိုးသမီး
တို့က “သင်္ချိုင်းအပေါက်ဝမှာ ကျောက်တုံး
ကြီးနှင့် ပုံးပိတ်ထား၏၊ ငါတို့ကို အဘယ်သူက
ကျောက် တုံးကြီးလှိမ့်ပေးမည်နည်း” ဟုအချင်း
ချင်း ပြောဆိုကြ၏။

4ထိုနောက်အမျိုးသမီးသုံးယောက်တို့သည်
သင်္ချိုင်းသို့ ရောက်ကြသောအခါ၊ ကျောက်တုံး
ကြီးကို သင်္ချိုင်းအပေါက်ဝမှ လှိမ့်လှန်လျက်ရှိ
သည်ကိုမြင်ကြ၏။ထိုကျောက်တုံးသည် အလွန်
ကြီးမား၏။ 5အမျိုးသမီးတို့သည် သင်္ချိုင်းရှိရာ
သို့ လျှောက်သွားကြ၏။ ထိုနေရာတွင် အဖြူ
ရောင်ဝတ်လုံဝတ်ဆင်ထားသော လူငယ်တစ်
ယောက်ကို တွေ့မြင်ကြ၏။ ထိုသူသည် သင်္ချိုင်း
၏ညာဘက်တွင် ထိုင်နေ၏။ အမျိုးသမီးတို့
သည် ကြောက်ရွံ့နေကြ၏။ 6သို့ရာတွင် ထိုသူ
က၊ “မကြောက်ကြနှင့်၊ လက်ဝါးကပ်တိုင်မှာ
သတ်သောနာဇရက်မြို့သားယေရှုကိုသင်တို့ရှာ
ကြ၏။ ထိုသူသည် ဤအရပ်၌မရှိ၊ သေခြင်းမှ
ရှင်ပြန်ထမြောက်တော်မူပြီ။ အလောင်းတော်
ထားသောနေရာကိုလည်း ကြည့်ကြလော့။
7ယခုသင်တို့ချက်ချင်း သွား၍ သူ၏တပည့်
တော်တို့နှင့် ပေတရုအား၊ ‘ယေရှု ဂါလိလဲပြည်
သို့ ကြွတော်မူကြောင်းကို ပြောလော့။သူသည်
ထိုနေရာသို့ သင်တို့ထက် အရင်ရောက်လိမ့်
မည်။ အထက်က မိန့်တော်မူသည့်အတိုင်း
ထိုနေရာ၌သင်တို့သည် သူ့ကိုတွေ့မြင်ရကြလိမ့်
မည်’” ဟုပြောဆို၏။

8အမျိုးသမီးသုံးယောက်တို့သည် အလွန်
ကြောက်ရွံ့ခြင်းနှင့် စိတ်ရှုပ်ခြင်းဖြင့် ပြေးသွား
ကြ၏။ကြောက်ရွံ့နေကြသောကြောင့် အဘယ်
သူ့ကိုမျှ မပြောအဆိုကြ။

---

*(ရှင်မာကု၏ အချို့သောရှေးအကျ ဆုံးခေါ်မစာမူ
မိတ္တူများသည် ဤနေရာတွင် အဆုံးသတ်ထားသည်။)*

## တပည့်တော်အချို့က ယေရှုအားတွေ့ကြခြင်း

*(မ၊ 28:9-10; ယော၊ 20:11-18; လု၊ 24:13-35)*

9ယေရှုသည် ရက်သတ္တပတ်၏ပထမနေ့နံ
နက်စောစောတွင် သေခြင်းမှထမြောက်တော်

မူ၏။ အထက်နတ်ဆိုးခုနစ်ယောက်ကို နှင်ထုတ်
တော်မူသော မာဂဒလမာရိအား ရှေဦးစွာ
ကိုယ်ကိုပြတော်မူ၏။ [10]မာရိသည် သေခြင်းမှ
ထမြောက်တော်မူသော ယေရှုအား ကိုယ်တိုင်
တွေ့ပြီးသောအခါ ယေရှု၏တပည့်တော်တို့ထံ
သို့ သွား၍ ကြားပြော၏။ သူ၏တပည့်တော်တို့
သည် အလွန်ဝမ်းနည်း ကြေကွဲ၍ ငိုကြွေးကြ၏။
[11]ယေရှုသည် အသက်ရှင်နေကြောင်းနှင့်သူ့
ကို မြင်ခဲ့ကြောင်းကို မာရိက သူတို့အား ပြော
ပြ၏။ သို့သော်လည်း တပည့်တော်တို့က သူမ
ကို မယုံကြည်ကြ။
[12]များမကြာမီထိုကျေးရွာနယ်ပယ်ကို ဖြတ်
သန်းသွားနေသော၊ သူ၏တပည့်တော်နှစ်ပါး
ထံသို့ ယေရှုသည် ကိုယ်ကို ထင်ရှားပြတော်မူ
၏။ သို့ရာတွင် ယေရှုသည် အထက်က အသေ
သတ်ခြင်းကိုမခံမီ အချိန်နှင့် ရုပ်ချင်းအလျင်းမ
တူပေ။ [13]ဤတပည့်တော်နှစ်ပါးသည် ပြန်သွား
၍ ထိုအကြောင်းကို အခြားတပည့်တော်တို့
အား ပြောပြကြ၏။ သို့ရာတွင် သူတို့ ကိုလည်း
မယုံကြည်ကြ။

## ယေရှုက တမန်တော်တို့အား စကားပြောခြင်း

*(မ၊ 28:16-20; လု၊ 24:36-49; ယော၊ 20:19-23; တ 1:6-8)*

[14]ရက်အနည်းငယ်မျှကြာသောအခါ၊ ယေရှု
သည် မိမိတမန်တော်တစ်ဆယ်တစ်ပါးတို့အစာ
စားနေကြစဉ်၊ကိုယ်ကိုပြတော်မူ၏။ယေရှုသည်
သူတို့၏ယုံကြည်မှုအားနည်းခြင်းကို အပြစ်တင်
တော်မူ၏။ အကြောင်းမူကား၊ သူတို့သည်
ယေရှုရှင်ပြန်ထမြောက်ပြီးမှ မြင်ခဲ့သောသူတို့
ကို၊ ယုံကြည်ရန် ငြင်းဆန်နေကြပြီးလျှင် ခေါင်း
မာစွာဖြင့် လက်မခံကြသောကြောင့်ဖြစ်၏။
[15]ယေရှုက တပည့်တော်တစ်ဆယ်တစ်ပါး
အား၊ "သင်တို့ကမ္ဘာအနှံ့အပြားသို့ သွားကြ
လော့။ လူတိုင်းကို ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်း ပြောပြကြလော့၊ [16]ယုံကြည်၍ ဗတ္တိဇံ
ကိုခံသောသူသည် ကယ်တင်ခြင်းခံရလိမ့်မည်။
သို့သော်လည်း မယုံကြည်သောသူသည် အပြစ်
စီရင်ခြင်းကိုခံရလိမ့်မည်။ [17]ယုံကြည်သောသူ
တို့သည် သက်သေပြချက်အဖြစ် ဤအရာများ
ကို လုပ်နိုင်ကြလိမ့်မည်။ သူတို့သည် ငါ့နာမ
တော်ကို အမှီပြု၍ နတ်ဆိုးများကို နှင်ထုတ်
လိမ့်မည်။ မသင်ဖူးသောဘာသာစကားတို့ကို
လည်း ပြောနိုင်လိမ့်မည်။
[18]မြွေတို့ကို အန္တရာယ်မရှိဘဲ ဖမ်းဆီးနိုင်ကြ
လိမ့်မည်။ သူတို့သည် အန္တရာယ်ကင်းစွာနှင့်
အဆိပ်ကိုသောက်နိုင်ကြလိမ့်မည်။ သူတို့သည်
ရောဂါဝေဒနာသည်တို့ကို သူတို့လက်နှင့်ထိ
ကိုင်လျှင် ရောဂါဝေဒနာပျောက်ကင်းသွားလိမ့်
မည်" ဟုမိန့်တော်မူ၏။

## ယေရှုသည်ကောင်းကင်ဘုံသို့ပြန် သွားတော်မူခြင်း

*(လု၊ 24:50-53; တ၊ 1:9-11)*

[19]သခင်ယေရှုသည် ထိုအကြောင်း အရာ
များကို တပည့်တော်တို့အား မိန့်တော်မူပြီး
နောက် သူသည် ကောင်းကင်ဘုံသို့ ဆောင်ယူ
ခြင်းကို ခံတော်မူ၏။ ယေရှုသည် ကောင်းကင်
ဘုံ၌ သခင်ဘုရား၏လက်ျာတော်ဘက်တွင်
ထိုင်တော်မူ၏။
[20]တပည့်တော်တို့သည် ကမ္ဘာအနှံ့အပြား
သို့ သွားရောက်၍ လူတို့ကို ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်း ပြောပြကြ၏။ သခင်ဘုရား
သည် သူတို့အား ကူညီမစတော်မူ၏။ သူတို့
ဟောပြောသော ဝမ်းမြောက်ဖွယ်ရာသတင်း
စကားမှန်ကန်ကြောင်းကို နိမိတ်လက္ခဏာများ
ပြရန်အတွက် သူတို့ကို တန်ခိုးဖြင့် ဘုရားသခင်
သက်သေပြတော်မူ၏။

# ရှင်လုကာခရစ်ဝင်

### ယေရှု၏ဘဝဖြစ်စဉ် အကြောင်းကို ရှင်လုကာက ရေးသားတင်ပြခြင်း

1 ချစ်စွာသောသော်ဖိလု၊ များစွာသောလူ
တို့သည် အကျွန်ုပ်တို့၌ ဖြစ်ပျက်သောဖြစ်ရပ်
များ၏သမိုင်းကို ရေးသားရန် ကြိုးစားကြ၏။
2ထိုသူတို့သည် အချို့သော အခြားလူတို့ ထံမှ
အကျွန်ုပ်တို့သင်ယူသော တူညီသည့်အရာများ
ကို ရေးသားကြ၏။ ထိုသူတို့သည် ထိုဖြစ်ရပ်
များကို ရှေးဦးစွာမှစ၍ မြင်သောသူများ ဖြစ်၍
ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြော
ရန် အစေတော်ခံများ ဖြစ်လာကြ၏။ 3အလွန်
မြင့်မြတ်သောသူ၊ အကျွန်ုပ်သည် အရာခပ်သိမ်း
ကို ရှေးဦးစွာမှစ၍ စေ့စပ်သေချာစွာ လေ့လာ
ခဲ့သည်ဖြစ်၍၊ အကျွန်ုပ်သည် ထိုဖြစ်ရပ်အား
လုံးတို့ကို ကိုယ်တော်ထံသို့ အစဉ်အတိုင်းရေး
သားသင့်ကြောင်း အကြံရှိပါ၏။ ထို့ကြောင့်
ကျမ်းစာတစ်စောင်အဖြစ် အစီအတိုင်းရေးသား
ပြုစု၏။ 4ကိုယ်တော်သင်ပြီးသောအရာအား
လုံးတို့သည် ကေန်အမှန်ဖြစ်သည်ကို ကိုယ်တော်
သိနိုင်မည်အကြောင်း အကျွန်ုပ်သည် ထိုဖြစ်ရပ်
အားလုံးတို့ကို ရေးသား၏။

### ဇာခရိနှင့်ဧလိရှဗက်

5ထိုအချိန်ကာလသည်ယုဒပြည်ကိုဟေရုဒ်*
ဘုရင်၏အုပ်စိုးစဉ်ဖြစ်၏။ ထိုတိုင်းပြည်တွင်
ဇာခရိအမည်ရှိသော ယဇ်ပုရောဟိတ်တစ်
ယောက်ရှိ၏။ ဇာခရိသည် အဘိယအသင်း*
ဝင်ဖြစ်၏။ ဇာခရိ၏ဇနီးသည် အာရုန်အမျိုးအ
နွယ်မှ မွေးဖွားသောသူဖြစ်၏။ သူမ၏အမည်
မှာ ဧလိရှဗက်ဖြစ်၏။ 6ဇာခရိနှင့် ဧလိရှဗက်တို့
သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်
သောသူများ ဖြစ်ကြ၏။ သူတို့သည် ထာဝရ
ဘုရား၏ပညတ်ချက်တို့နှင့် စည်းမျဉ်းအားလုံး
တို့ကို လိုက်နာရာတွင် အပြစ်တင်ခွင့်မရှိ။ အ
ခြားသူတို့ကိုလည်း လိုက်နာရန် တိုက်တွန်းကြ
၏။ 7သို့သော်လည်း၊ ဧလိရှဗက်သည် မြုံသော
ကြောင့်သူတို့သည် သားမရှိ။ ထို့အပြင် သူတို့နှစ်
ယောက်တို့သည် အသက်အရွယ်ကြီးရင့်ကြ၏။
8ထိုအချိန်သည် ဇာခရိ၏ယဇ်ပရောဟိတ်အ
ဖွဲ့က ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ရန် အ
ချိန်ဖြစ်၏။ ထိုကြောင့် ဇာခရိသည် ဘုရားသခင်
ရှေ့တော်၌ ယဇ်ပရောဟိတ်အမှုကို ဆောင်
ရွက်လေ၏။ 9ယဇ်ပုရောဟိတ်တို့သည် နံ့သာ
ပေါင်း မီးရှို့ပူဇော်ရန် ယဇ်ပုရောဟိတ်တစ်ဦးကို
ရွေးချယ်ရစမြဲဖြစ်၏။ ထိုအလုပ်ကို လုပ်ရန်
ဇာခရိအား ရွေးချယ်ကြ၏။ ထို့ကြောင့် ဇာခရိ
သည် နံ့သာပေါင်းစုံမီးရှို့ပူဇော်ရန် ထာဝရ
ဘုရား၏ဗိမာန်တော်အတွင်းသို့ ဝင်သွားလေ
၏။ 10ဗိမာန်တော်အပြင်ဘက်တွင် အလွန်များ
ပြားသောလူများ ရှိနေကြ၏။ သူတို့သည်
နံ့သာပေါင်းစုံမီးရှို့ပူဇော်ချိန်တွင် ဆုတောင်း
နေကြ၏။ 11ထိုအခါ နံ့သာပေါင်းစုံမီးရှို့ပူဇော်
သောယဇ်ပလ္လင်၏ညာဘက်၌ ထာဝရဘုရား
၏ကောင်းကင်တမန်တစ်ပါး ရောက်ရှိလာ၍
ဇာခရိ၏ရှေ့တွင် ရပ်နေ၏။ 12ဇာခရိသည်
ကောင်းကင်တမန်ကို မြင်သောအခါ စိတ်လှုပ်
ရှား၍ ကြောက်ရွံ့တုန်လှုပ်သွား၏။ 13သို့သော်
လည်း၊ ကောင်းကင်တမန်တော်က ဇာခရိအား

---

**ဟေရုဒ်** ဟေရုဒ်မင်းကြီး) ယုဒယပြည်မှ ဟေရုဒ်တစ် ဘီစီ 40မှ 4 ဘီစီ

**အဘိယအသင်း** ယုဒလူမျိုး ယဇ်ပုရောဟိတ်များသည် အဖွဲ့ 24 ဖွဲ့ဖြင့် ပိုင်းခြားလေ့ရှိသည်။ 1 ရာချုပ် 24။

“ဇာခရိ၊ မကြောက်နှင့်။ ဘုရားသခင်သည်
သင်၏ဆုတောင်းသံကို ကြားတော်မူပြီ။ သင့်
ဇနီးဧလိရှဗက်သည် သားယောကျ်ားမွေးဖွား
လိမ့်မည်။ ထိုကလေးကို ယောဟန်ဟုအမည်
မှည့်ရမည်။ 14သင်တို့သည် သူ့ကြောင့် ဝမ်း
မြောက်ပျော်ရွှင်ခြင်းရရှိလိမ့်မည်။ လူအများ
တို့သည် သူ၏မွေးဖွားခြင်းကြောင့် ဝမ်းမြောက်
ရလိမ့်မည်။ 15ယောဟန်သည် ထာဝရဘုရား
၏ရှေ့တော်၌ကြီးမြတ်သူ ဖြစ်လိမ့်မည်။ သူ
သည် စပျစ်ရည်ဖြစ်စေ၊ အရက်ဖြစ်စေဘယ်
သောအခါမျှ သောက်ရလိမ့်မည်မဟုတ်။ သူ
သည် မွေးဖွားချိန်မှစ၍ သန့်ရှင်းသောဝိညာဉ်
တော်*နှင့် ပြည့်ဝလိမ့်မည်။ 16ယောဟန်သည်
ယုဒအမျိုးသားအများတို့ကို သူတို့ဘုရားသခင်
ထာဝရဘုရားထံတော်သို့ ပြန်လည်ပို့ဆောင်
လိမ့်မည်။ 17ယောဟန်သည် ဘုရားသခင့်ရှေ့
တော်သို့ရှေးဦးစွာသွားလိမ့်မည်။သူ၌ဧလိယ*
၏ဝိညာဉ်နှင့်တန်ခိုးကဲ့သို့ ရှိလိမ့်မည်။ သူသည်
မိဘတို့နှင့် သားသမီးတို့ကြား၌ ငြိမ်သက်ခြင်း
ကို ယူဆောင်လာလိမ့်မည်။ သူသည် ထာဝရ
ဘုရားသခင်ကို မနာခံသောလူတို့အား ပြောင်း
လဲစေ၍ မှန်ကန်သောနည်းလမ်းဖြင့် တွေးခေါ်
သောသူများဖြစ်စေလိမ့်မည်။ သူသည် လူတို့
ကို ထာဝရဘုရားကြွလာတော်မူခြင်းအတွက်
အဆင်သင့်ဖြစ်လိမ့်မည်” ဟုပြောလေ၏။
18ဇာခရိက ကောင်းကင်တမန်အား “သင်
ပြောသောအရာတို့သည် အမှန်ဖြစ်ကြောင်းကို
အကျွန်ုပ်သည် အဘယ်သို့သိရမည်နည်း။ အ
ကျွန်ုပ်သည် လူအိုဖြစ်၍ အကျွန်ုပ်၏ဇနီးသည်
လည်း အသက်ကြီးနေပြီ” ဟုပြန်ပြောရာ၊
19ကောင်းကင်တမန်က “ငါသည် ဂါဗြေလ
ဖြစ်၏။ငါသည် ဘုရားသခင်၏ရှေ့တော်မှာ ရပ်
နေ၏။ ဘုရားသခင်သည် သင့်ကို စကားပြော
ရန်နှင့် ထိုသတင်းကောင်းကို သင့်အားပြောပြ
ရန် ငါ့ကိုစေလွှတ်တော်မူ၏။ 20ယခုနားထောင်
လော့။ သင်သည် ငါပြောသောအရာကို မယုံ
သောကြောင့် ဤအကြောင်းအရာမဖြစ်မီနေ့
တိုင်အောင် စကားမပြောနိုင်ဘဲလျက် နေလိမ့်
မည်။ သို့သော်လည်း၊ သင့်အား ငါပြောသော
အရာတို့သည် အချိန်တန်လျှင် အမှန်ဖြစ်လာ
လိမ့်မည်” ဟုပြောလေ၏။
21ဗိမာန်တော်၏အပြင်ဘက် ရှိသောလူတို့
သည် ဇာခရိအား စောင့်ဆိုင်းနေကြ၏။ ဗိမာန်
တော်အတွင်း၌ သူသည် အချိန်ကြာမြင့်စွာနေ
ခြင်းကြောင့် သူတို့သည် အံ့သြနေကြ၏။
22ဇာခရိသည် ဗိမာန်တော်အပြင်သို့ ထွက်လာ
သောအခါ သူသည် စကားမပြောနိုင်ချေ။ ထို့
ကြောင့် သူသည် ဗိမာန်တော်အတွင်း၌ ဗျာ
ဒိတ်ရူပါရုံကို မြင်ပြီဟု လူများက ထင်ကြ၏။
သူသည် သူတို့ကို အရိပ်အမှတ်ပေးသော်လည်း
စကားမပြောနိုင်ချေ။ 23ဇာခရိသည် ဗိမာန်
တော်တွင် မိမိလုပ်ဆောင်ရမည့်တာဝန် ပြီးဆုံး
သွားသောအခါ အိမ်သို့ပြန်သွားလေ၏။
24ထို့နောက် ဧလိရှဗက်တွင် ကိုယ်ဝန်ရှိလာ
၍ သူမ၏ကိုယ်ဝန်ဆောင်ခြင်းကို လျှို့ဝှက်ထား
ခြင်းငှါ ငါးလပတ်လုံးအိမ်တွင်း၌အောင်း၍ နေ
လေ၏။ 25ဧလိရှဗက်က “ကြည့်ပါ၊ ထာဝရ
ဘုရားသည် ငါ့အတွက် အဘယ်သို့ လုပ်ပေး
သည်ကို ကြည့်ကြလော့။ ထာဝရဘုရားသည်
မိမိကျေးဇူးတော်ကို ငါ့အား ပြသ၍ ငါသည် ငါ့
လူတို့တွင် ခံရသောကျွန်မ၏ကလေးမရှိခြင်း အ
ရှက်ကို ဖယ်ရှင်းတော်မူပြီ” ဟုပြောလေ၏။
လူတိုသည် ငါတစ်ခုခုလုပ်မှားပြီဟု ယူဆခြင်းမှ
ရပ်ကြ၏။

## အပျိုစင်မာရိ

26-27ဧလိရှဗက်၏ ကိုယ်ဝန်ခြောက်လပြည့်
သောအခါ ဘုရားသခင်သည် ကောင်းကင်
တမန်ဂါဗြေလကို ဂါလိလဲပြည် နာဇရက်မြို့တွင်
နေထိုင်သောအပျိုစင်မိန်းကလေးတစ်ယောက်

---

**သန့်ရှင်းသောဝိညာဉ်တော်** ဘုရားသခင်၏ဝိညာဉ်
တော်ဟူ၍ရင်း၊ ခရစ်တော်၏ဝိညာဉ်ဟူ၍ရင်း၊ ဥပဒေ့ချာယ်
ဆရာဟူ၍ရင်း ခေါ်လျှက်ရှိသည်။ သူသည် ဘုရားသခင်၊
ခရစ်တော်နှင့် ပူးပေါင်းပြီး ဤကမ္ဘာပေါ်ရှိလူသားတို့ထဲ
၌ ဘုရားသခင်၏အမှုတော်ကို လုပ်ဆောင်သည်။

**ဧလိယ** ဘီစီ-850 လောက်တွင် အသက်ရှင်သောပရော
ဖက်ဖြစ်သည်။

ထံသို့ စေလွှတ်တော်မူ၏။ သူမသည် ဒါဝိဒ်မျိုး
နွယ်မှ ဆင်းသက်လာသောယောသပ်ဆိုသူနှင့်
လက်ထပ်ရန် စေ့စပ်ထား၏။ ထိုမိန်းကလေး၏
အမည်မှာ မာရိဖြစ်၏။ 28ကောင်းကင်တမန်
တော်သည် သူမထံသို့ ရောက်လာ၍ “နှုတ်
ဆက်ပါ၏။ သင်သည် ကြီးမြတ်သောကောင်း
ကြီးကို ခံစားရ၏။ ထာဝရဘုရားသည် သင်နှင့်
အတူရှိတော်မူ၏” ဟုပြောလေ၏။
29သို့သော်လည်း၊ မာရိသည် ကောင်းကင်
တမန်၏စကားကြောင့် ထိတ်လန့်သွား၍ ‘ဤ
နှုတ်ဆက်ခြင်းသည် အဘယ်သို့ အဓိပ္ပါယ်ရှိသ
နည်း’ ဟုအံ့သြလျက်နေ၏။
30ကောင်းကင်တမန်ကလည်း မာရိအား၊
“မာရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်၊ အကြောင်းမူ
ကား၊ ဘုရားသခင်သည် သင့်အပေါ် အလွန်
ကျေနပ်၏။ 31နားထောင်လော့။ သင်သည်
ပဋိသန္ဓေစွဲလိမ့်မည်။ ထိုနောက် သင်သည် သား
ယောကျ်ားမွေးဖွားလိမ့်မည်။ သင်သည် ထို
သားကို ယေရှု ဟုမှည့်ရလိမ့်မည်။ 32သူသည်
ကြီးမြတ်သောသူဖြစ်လာ၍ လူတို့သည် သူ့ကို
အမြင့်မြတ်ဆုံးသော ဘုရားသခင်၏သားတော်
ဟုခေါ်ကြလိမ့်မည်။ ထာဝရအရှင်ဘုရားသခင်
သည် သူ့အဘဒါဝိဒ်၏အာဏာကို သူ့အားပေး
တော်မူလိမ့်မည်။ 33သူသည် ယာကုပ်အမျိုး
အနွယ်တို့ကို အစဉ်မပြတ် အုပ်စိုး၍ သူ၏နိုင်ငံ
တော်သည် ဘယ်သောအခါမျှ ဆုံးလိမ့်မည်
မဟုတ်” ဟုပြောဆိုလေ၏။
34ထိုအခါ မာရိက ကောင်းကင်တမန်အား
‘ဤအရာသည် အဘယ်သို့ဖြစ်နိုင်မည်နည်း၊
အကျွန်ုပ်သည် အပျိုစင်တစ်ယောက်ဖြစ်ပါ၏’
ဟု မေးရာ၊
35ကောင်းကင်တမန်က မာရိအား ‘သန့်ရှင်း
သောဝိညာဉ်တော်သည် သင့်ဆီသို့ရောက်လာ
လိမ့်မည်။ အမြင့်မြတ်ဆုံးသော ဘုရားသခင်၏
တန်ခိုးတော်သည် သင့်ကို လွှမ်းခြုံလိမ့်မည်။ ထို့
ကြောင့် သင်မွေးဖွားသောကလေးသည် သန့်
ရှင်းလိမ့်မည်။ သူ့ကို ဘုရားသခင်၏သားတော်
ဟုခေါ်ကြလိမ့်မည်။ 36ထို့အပြင် သင်နှင့်အမျိုး
တော်သောဧလိရှဗက်သည်လည်း ကိုယ်ဝန်ရှိ
နေပြီ။ သူမသည် အသက်ကြီးသော်လည်းသား
ယောကျ်ားမွေးဖွားလိမ့်မည်။ လူတိုင်းသည် သူ
မကို ကလေးရနိုင်မည်မဟုတ်ဟု ထင်ကြ၏။
သို့သော်လည်း၊ ယခုတွင် သူမကိုယ်ဝန်သည်
ခြောက်လရှိနေပြီ။ 37ဘုရားသခင်သည် အရာ
ခပ်သိမ်းကို တတ်စွမ်းနိုင်သည်’ ဟုဆို၏။
38မာရိက “အကျွန်ုပ်သည် ထာဝရဘုရား၏
ကျွန်မဖြစ်ပါ၏။ သင်ပြောသမျှသောအရာ
သည် အကျွန်ုပ်၌ ဖြစ်ပါစေ’ ဟုပြန်ပြောလေ၏။
ထိုနောက် ကောင်းကင်တမန်တော်သည် မာရိ
ထံမှ ထွက်ခွာသွားလေ၏။

## မာရိက ဇာခရိနှင့် ဧလိရှဗက်ထံသို့ အလည်အပတ်သွားခြင်း

39မာရိသည် ထ၍ ယုဒပြည်၏တောင်ကုန်း
ဒေသရှိမြို့တစ်မြို့သို့ အလျင်အမြန်သွားလေ၏။
40သူမသည် ဇာခရိ၏အိမ်ထဲသို့ ဝင်သွား၍
ဧလိရှဗက်ကို နှုတ်ဆက်၏။ 41ဧလိရှဗက်သည်
မာရိ၏နှုတ်ဆက်သံကို ကြားလိုက်ရသောအခါ
သူမ၏ဝမ်း၌ရှိသော ကလေးသည် ခုန်၍
ဧလိရှဗက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်
ပြည့်ဝလေ၏။ 42ထိုအခါ ဧလိရှဗက်သည် ကျယ်
လောင်သောအသံဖြင့် “ဘုရားသခင်သည် သင့်
ကိုအခြားအမျိုးသမီးတို့ထက် ကောင်းကြီးပေး
ပြီ။ ဘုရားသခင်သည် သင်မွေးဖွားမည့်ကလေး
ကိုလည်း ကောင်းကြီးပေးတော်မူပြီ။ 43သင်
သည် အကျွန်ုပ်သခင်၏မယ်တော်ဖြစ်ပြီး အ
ကျွန်ုပ်ထံသို့ လာပါ၏။ အကျွန်ုပ်၌ ဤကဲ့သို့
သောကောင်းသောအရာများသည် အဘယ်
သို့ဖြစ်လာနိုင်သနည်း။ 44သင်၏နှုတ်ဆက်သံ
ကြားလိုက်သည်နှင့် အကျွန်ုပ်၏ဝမ်းထဲ၌ရှိသော
ကလေးသည် ရွှင်မြူးခြင်းနှင့်ခုန်၏။ 45သင်သည်
ထာဝရဘုရားမိန့်တော်မူသောစကားကို အမှန်
ဖြစ်လာမည် ဟုယုံကြည်ထားသည် ဖြစ်၍ သင်
သည် ကောင်းကြီးခံစားသောသူဖြစ်သည်” ဟု
မြွက်ဆိုလေ၏။

## မာရိက ဘုရားသခင်ကိုချီးမွမ်းခြင်း

46ထိုနောက် မာရိကလည်း၊
47"ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို ချီး
မွမ်း၏။ ငါ့ကို ကယ်တင်တော်မူသောအ
ရှင် ဘုရားသခင်ကို အမှီပြု၍ ငါ၏စိတ်
ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏။"
48 ငါသည် အရေးမပါသော်လည်း ဘုရား
သခင်သည် မိမိကျွန်မကိုဂရုစိုက်ကြောင်း
ပြသတော်မူ၏။ ထိုအကြောင်းကြောင့်
ယခုအချိန်မှစ၍ လူတိုင်းသည် "ငါ့ကို
ကောင်းချီးခံရသူ ဟုပြောကြလိမ့်မည်။
49 အကြောင်းမူကား၊ တန်ခိုးရှင်သည် ငါ့
အတွက် မြင့်မြတ်သောအရာများကို
ဆောင်ရွက်တော်မူ၏။ သူ၏နာမတော်
သည် အလွန်သန့်ရှင်းပါ၏။
50 ဘုရားသခင်သည် သူ့ကိုကိုးကွယ်သော
သူတို့ကို အစဉ်မပြတ် ကျေးဇူးပြုတော်
မူ၏။
51 ဘုရားသခင်သည် မိမိလက်တော်ကို
ဆန့်၍ တန်ခိုးတော်ကို ပြတော်မူပြီ။ မာန
ထောင်လွှားသောသူတို့ကို ကွဲလွင့်စေ၍
သူတို့၏အကြံစည်တို့ကို ပျက်စီးစေတော်
မူ၏။
52 ဘုရားသခင်သည် အုပ်စိုးသူတို့ကို သူတို့
၏ရာဇပလ္လင်ပေါ်မှ ချ၍ နှိမ့်ချသူများကို
မြှင့်တင်တော်မူပြီ။
53 ဘုရားသခင်သည် ဆာလောင်မွတ်သိပ်
နေသူတို့ကို ကောင်းမွန်သောအရာများ
ပေးတော်မူ၏။ သို့သော်လည်း ချမ်းသာ
သောသူတို့ကို လက်ချည်းနှင့်အဝေးသို့
နှင်ထုတ်တော်မူ၏။
54 ဘုရားသခင်သည် မိမိအမှုတော်ကို
ဆောင်ရွက်ရန် ရွေးချယ်ထားသော
ဣသရေလလူမျိုးတို့ကို မစတော်မူပြီ။
ကရုဏာတော်ကို အကျွန်ုပ်တို့အား ပြ
သတော်မူ၍၊
55 ဘုရားသခင်သည်အကျွန်ုပ်တို့၏ဘိုးဘေး
များ အာဗြဟံမှစ၍ သူ၏သားသမီးတို့နှင့်
ပြုခဲ့သောဂတိတော်ကို ပြည့်စုံစေတော်
မူ၏" ဟုဆို၏။

56မာရိသည် ဧလိရှဗက်နှင့်အတူ သုံးလခန့်
နေပြီးလျှင် အိမ်သို့ပြန်သွားလေ၏။

## ယောဟန်မွေးဖွားခြင်း

57ဧလိရှဗက်သည် မွေးဖွားရန် အချိန်ကျ
သောအခါ သူမသည် သားယောကျ်ားကို ဖွား
မြင်း၏။ 58သူမ၏အိမ်နီးချင်းများနှင့် ဆွေမျိုးတို့
သည် သူမအပေါ်တွင် ထာဝရဘုရားအလွန်
ကောင်းမြတ်တော်မူသည်ကို ကြားသိကြ၏။ သူ
တို့သည် သူမအတွက် ပျော်ရွှင်နေကြ၏။
59သူတို့သည် ရှစ်ရက်မြောက်သောနေ့၌ က
လေးကို အရေဖျားလှီးခြင်းငှါ လာကြ၏။ က
လေးကို သူ့အဘ၏အမည်အတိုင်း ဇာခရိဟု အ
မည်ပေးလိုကြ၏။ 60သို့သော်လည်း၊ ကလေး၏
အမိက"ထိုသို့မမှည့်ရ၊ သူ့ကို ယောဟန်အမည်
ဖြင့် မှည့်ရမည်" ဟုပြောလေ၏။
61ထိုအခါ သူတို့က ဧလိရှဗက်အား "သင့်မိ
သားစုထဲမှာ ထိုနာမည်တစ်ယောက်မှမရှိ" ဟု
ပြောကြ၏။ 62ထို့နောက်သူတို့သည် ကလေး၏
အဘကို အရိပ်အမှတ်ဖြင့် 'ကလေးကိုအဘယ်
နာမည် ပေးလိုသနည်း' ဟုမေးကြ၏။ ဇာခရိက
ရေးစရာတစ်စုံတစ်ခုတောင်း၏။
63ထို့နောက် ဇာခရိက ရေးစရာပေါ်တွင်
"သူ့နာမည် ယောဟန်ဖြစ်သည်" ဟုရေးလိုက်
၏။ ဆွေမျိုးသားချင်းတို့နှင့် အိမ်နီးချင်းအားလုံး
အံ့သြသွားကြ၏။ 64ထို့ခဏခြင်းတွင် ဇာခရိ
သည် စကားပြန်လည် ပြောနိုင်၍ စကားအား
ဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
လေ၏။ 65သူတို့၏အိမ်နီးနားချင်းအားလုံးတို့
သည် ကြောက်ရွံ့လာကြ၏။ ယုဒပြည်တောင်
ကုန်းဒေသမှ လူများအားလုံးတို့သည် ထိုအ
ကြောင်းများကို ဆက်လက် ပြောဆိုကြလေ၏။
66ထိုအကြောင်းအရာကို ကြားသိရသောလူတို့
သည် အံ့သြကြ၍ "ဤကလေးသည် အဘယ်သို့
သောသူဖြစ်လိမ့်မည်နည်း" ဟုဆိုကြ၏။ အ

ကြောင်းမူကား၊ ထာဝရဘုရားသည် ကလေး
နှင့်အတူ ရှိတော်မူ၏။

## ဇာခရိက ဘုရားသခင်အား ချီးမွမ်းခြင်း

67ထို့နောက်ယောဟန်၏အဘဖြစ်သူဇာခရိ
သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝ၍
အဘယ်သို့ ဖြစ်လိမ့်မည်ကို လူတို့အား ပြောပြ
လေ၏။

68 “သူက ဣသရေလအမျိုး၏ဘုရားသခင်
ထာဝရဘုရားသည် မင်္ဂလာရှိပါစေ။
ဘုရားသခင်သည် မိမိလူမျိုးတို့ကို ကူညီ
ရန်နှင့် သူတို့အား လွတ်လပ်ခွင့်ပေးရန်
ကြွလာတော်မူ၏။
69 ဘုရားသခင်သည် အကျွန်ုပ်တို့အား တန်
ခိုးရှိသောကယ်တင်ရှင်ကို မိမိကျွန်ဒါဝိဒ်
မိသားစုမှ ပေးတော်မူ၏။
70 ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ ပေါ်
ထွန်းသောမိမိသန့်ရှင်း သောပရောဖက်
တို့မှတဆင့် ဤသို့ပြုလုပ်မည့်အကြောင်း
ငါတို့အား ပြောတော်မူပြီ။
71 ဘုရားသခင်သည် အကျွန်ုပ်တို့၏ရန်သူ
တို့နှင့် အကျွန်ုပ်တို့အား မုန်းတီးသောသူ
အားလုံးတို့၏လက်မှ ကယ်တင်တော်မူ
လိမ့်မည်။
72 ဘုရားသခင်သည် အကျွန်ုပ်တို့ဘိုးဘေး
တို့ကို ကရုဏာထားတော်မူပြီး မိမိသန့်
ရှင်းသောပဋိညာဉ်တရားကို မှတ်မိ
ကြောင်းမိန့်တော်မူ၏။
73 ဘုရားသခင်သည် အကျွန်ုပ်တို့၏အဘ
အာဗြဟံကို ဂတိတော်တစ်ခုပြုတော်
မူ၏။
74 အကျွန်ုပ်တို့သည် ကိုယ်တော်၏အမှု
တော်ကို ကြောက်ရွံ့ခြင်းကင်းမဲ့စွာ
ဆောင်ရွက်နိုင်မည့်အကြောင်း အကျွန်ုပ်
တို့အား ရန်သူတို့၏တန်ခိုးမှ ကယ်လွှတ်
ရန် ဂတိပေးတော်မူ၏။
75 ထို့နောက် အကျွန်ုပ်တို့သည် အသက်ရှင်
နေသရွေ့ ဘုရားသခင်၏ရှေ့မှောက်တွင်
ဖြောင့်မတ်မှန်ကန်ခြင်းနှင့် သန့်ရှင်းခြင်း
ဖြင့် နေနိုင်ပါမည်။
76 အချင်းသူငယ်၊ သင်သည်လည်း အမြင့်
မြတ်ဆုံးသောဘုရားသခင်၏ပရောဖက်
တစ်ပါး ဟုခေါ်ဝေါ်ခြင်းခံလိမ့်မည်။ သင်
သည် ထာဝရဘုရားသခင်၏ရှေ့တော်၌
သွား၍ကြွလာတော်မူခြင်းအတွက် လမ်း
ခရီးကို ပြင်ဆင်ပေးလိမ့်မည်။
77 သင်သည် ဘုရားသခင်၏လူတို့အား
ကယ်တင်ခြင်းခံရလိမ့်မည် ဖြစ်ကြောင်း
သိစေလိမ့်မည်။ သူတို့၌ရှိသော အပြစ်
များကို ခွင့်လွှတ်ခြင်းအားဖြင့် ကယ်တင်
ခြင်းခံရလိမ့်မည်။
78 အကျွန်ုပ်တို့ ဘုရားသခင်၏မေတ္တာ၊ က
ရုဏာတော်နှင့်အတူ ကောင်းကင်ဘုံမှ
နေ့သစ်သည် အကျွန်ုပ်တို့အပေါ်သို့ ထွန်း
လင်းတောက်ပလာလိမ့်မည်။
79 ဘုရားသခင်သည် မိမိအလင်းကို အ
မှောင်ထဲမှာ နေသောသူတို့နှင့် သေခြင်း
ကိုကြောက်နေသောသူများအပေါ်လင်း
စေတော်မူမည်။ အကျွန်ုပ်တို့အား ငြိမ်
သက်ခြင်းလမ်းသို့ ခေါ်ဆောင်တော်မူ
လိမ့်မည်” ဟုပြောဆိုလေ၏။

80ထိုကလေးငယ်သည် ကြီးပွား၍ ဉာဏ်
ဝိညာဉ်ခွန်အားနှင့် ပြည့်စုံလာ၏။ သူသည်
ဣသရေလလူမျိုးတို့အား ပွင့်လင်းစွာ တရား
ဟောခြင်းမစမှီတိုင်အောင် တောအရပ်၌ နေ
လေ၏။

## ယေရှုဖွားမြင်တော်မူခြင်း

*(မဿဲ၊ 1:18-25)*

2 ထိုအချိန်တွင် ကဲသာဘုရင်ဩဂုတ္တုသည်
ရောမလက်အောက်ခံနိုင်ငံ အားလုံးကို
သန်းခေါင်စာရင်းကောက်ယူရမည် ဟုအမိန့်
ထုတ်၏။ အမိန့်ထဲ၌ လူတိုင်းသည် သူတို့၏အ
မည်ကို စာအုပ်ထဲတွင် ရေးသားကြရမည် ဟု
ပါရှိ၏။ 2ပထမဆုံးအကြိမ် သန်းခေါင်စာရင်း
ကောက်ယူခြင်းဖြစ်၏။ ကုရေနိသည် ရှုရိပြည်၌

မြို့တော်ဝန်ဖြစ်နေစဉ်တွင် ထိုသန်းခေါင်စာ
ရင်းကောက်ယူခြင်း ဖြစ်ပေါ်၏။ 3လူအပေါင်း
တို့သည် မှတ်ပုံတင်စာရင်းသွင်းရန် မိမိတို့မွေး
ဖွားရာ မြို့များသို့ သွားကြ၏။
4ထို့ကြောင့် ယောသပ်သည် ဂါလိလဲပြည်
နာဇရက်မြို့မှ ထွက်လာ၍ ယုဒပြည်ဗက်လင်မြို့
သို့သွား၏။ ထိုမြို့ကို ဒါဝိဒ်၏မြို့ဟုလူသိများ၏။
ထိုနေရာသို့သွားရခြင်းမှာ သူသည် ဒါဝိဒ်မိ
သားစုမှ ဖြစ်၏။ 5ယောသပ်သည် မာရိနှင့်အ
တူသန်ခေါင်စာရင်း သွင်းရန် သွားလေ၏။ အ
ကြောင်းမူကား၊ မာရိသည် သူနှင့်လက်ထပ်ရန်
စေ့စပ်ထားသောကြောင့်ဖြစ်၏။ ထိုအချိန်၌
မာရိသည် ကိုယ်ဝန်ရှိနေ၏။ 6ယောသပ်နှင့်မာရိ
သည် ဗက်လင်မြို့သို့ရှိနေစဉ် မာရိသည် ဖွားအံ့
သောအချိန်စေ့၍၊ 7သားဦးကို ဖွားမြင်လေ၏။
အိမ်ကျဉ်းမြောင်း၍ ထိုနေရာသည် သူတို့အ
တွက် နေစရာမလုံလောက်သောကြောင့် မာရိ
သည် ကလေးငယ်ကို အဝတ်ပြင့်ပတ်၍ နွား
စားခွက် ထဲ၌ထား၏။

## သိုးထိန်းအချို့က ယေရှု၏အကြောင်း ကိုကြားခြင်း

8ထိုညတွင် သိုးထိန်းတို့သည် တောအရပ်၌
တည်းခိုလျက်၊ မိမိသိုးများကို ထိန်းသိမ်းစောင့်
ရှောက်နေကြ၏။ 9ထာဝရဘုရား၏ကောင်း
ကင်တမန်သည် သိုးထိန်းတို့၏ရှေ့သို့ ရောက်ရှိ
လာလေ၏။ သူတို့ဝန်းကျင်တွင် ထာဝရဘုရား
၏ဘုန်းတော်သည်ထွန်းတောက်နေ၏။သိုးထိန်း
များသည် အလွန်ကြောက်ရွံ့ကြ၏။ 10ကောင်း
ကင်တမန်က "မကြောက်ကြနှင့်၊ ငါသည် သင်
တို့ကို သတင်းကောင်းပေးရန်လာ၏။ အ
ကြောင်းမူကား၊ ဤဝမ်းမြောက်ဖွယ်သတင်း
ကောင်းသည် လူအပေါင်းတို့ကို အလွန်ဝမ်း
မြောက်စေလိမ့်မည်။ 11ယနေ့တွင် ဒါဝိဒ်မြို့၌
သင်တို့အတွက် ကယ်တင်ရှင် မွေးဖွားတော်မူ
ပြီ။ သူသည် သခင်ခရစ်တော် ဖြစ်တော်မူ၏။
12သင်တို့သည် ဤနိမိတ်အားဖြင့် သူ့ကို သိရလိမ့်
မည်။ သူငယ်တော်ကို အဝတ်နှင့်ပတ်ရစ်ပြီး
နွားစားခွက်ထဲ၌ လဲလျောင်းနေသည်ကို သင်တို့
တွေ့ရလိမ့်မည်" ဟုဆိုလေ၏။
13ထို့နောက် ကောင်းကင်တမန်အများတို့
သည် ပထမရောက်ရှိနေသော ကောင်းကင်တ
မန်နှင့်အတူ ပူးပေါင်းလိုက်ကြလေ၏။ ကောင်း
ကင်တမန်အားလုံးတို့သည် ဘုရားသခင်ကို ချီး
မွမ်းကြလေ၏။

14"သူတို့က ကောင်းကင်ဘုံ၌ ရှိတော်မူ
သောဘုရားသခင်သည် ဘုန်းကြီးပါစေ။
မြေကြီးပေါ်၌ ဘုရားသခင်အား ကျေနပ်
နှစ်သက်စေသောလူတို့၌ ငြိမ်သက်ခြင်း
ဖြစ်ပါစေ" ဟုမြွက်ဆိုပြီးနောက်

15ကောင်းကင်တမန်တို့သည် သိုးထိန်းများ
ထံမှထွက်ခွာ၍ ကောင်းကင်ဘုံသို့ ပြန်သွားကြ
လေ၏။ ထိုအခါ သိုးထိန်းတို့က "လာကြ၊ ထာ
ဝရဘုရားသည် အကျွန်ုပ်တို့အားပြောတော်မူ
သော ဤအံ့ဩဖွယ်အမှုအရာကို ကြည့်ရန်
ဗက်လင်မြို့သို့ သွားကြကုန်အံ့" ဟုအချင်းချင်း
ပြောဆိုကြ၏။
16ထို့ကြောင့် သိုးထိန်းတို့သည် အလျင်အ
မြန်သွား၍ မာရိနှင့်ယောသပ်တို့ကို၎င်း၊ နွား
စားခွက်၌ သိပ်ထားလျက်ရှိသောသူငယ်တော်
ကို၎င်း တွေ့ကြ၏။ 17သိုးထိန်းတို့သည် သူငယ်
တော်ကို တွေ့မြင်ပြီးလျှင် သူတို့သည် ဤသူငယ်
တော်အကြောင်းနှင့်ပတ်သက်၍ ကောင်းကင်
တမန်တို့၏ပြောဆိုချက်ကို ပြောပြကြ၏။ 18သိုး
ထိန်းတို့၏ပြောပြချက်ကို ကြားသိရသောသူရှိ
သမျှတို့သည် အံ့ဩခြင်းရှိကြ၏။ 19မာရိသည်
ထိုအရာအလုံးစုံတို့ကို မှတ်ကျုံး၍ စဉ်းစားဆင်
ခြင်လျက်နေ၏။
20သိုးထိန်းတို့သည် သူတို့ထိန်းကျောင်းနေ
သောသိုးများရှိရာသို့ ပြန်သွားစဉ် သူတို့မြင်ခဲ့
ကြားခဲ့ရသမျှ အရာအားလုံးအတွက် ဘုရား
သခင်အား ကျေးဇူးတင်လျက် ချီးမွမ်းကြ၏။
အရာအားလုံးသည် ကောင်းကင်တမန်ပြော
သည့်အတိုင်း တိကျစွာဖြစ်၏။

21ထိုသူငယ်တော်သည် ရှစ်ရက်သားအရွယ်
ရောက်သောအခါ အရေဖျားလှီးပြီး ယေရှု ဟု
အမည်မှည့်လေ၏။ ထိုနာမည်မှာ မာရိ၏ဝမ်း
တွင်း၌ပဋိသန္ဓေမတည်မှီက ကောင်းကင်တမန်
ပေးသောနာမည် ဖြစ်လေ၏။

## ယေရှုအား ဗိမာန်တော်အတွင်းသို့ ဆောင်သွားခြင်း

22မောရှေ၏ပညတ်တရားအရ ဗိမာန်တော်
တွင်'စင်ကြယ်ခြင်း' ပြုလုပ်ရသည့်အချိန်ရောက်
လာသောအခါ မာရိနှင့်ယောသပ်တို့သည်
ယေရှုကို ထာဝရဘုရားအား ဆက်ကပ်ရန်
ယေရုရှလင်မြို့သို့ ဆောင်သွား၏။ 23ထိုအ
ကြောင်းအရာကို ထာဝရဘုရား၏ပညတ်ကျမ်း
၌ "မိန်းမ၏ပထမမွေးသောကလေးသည် သား
ယောကျ်ားဖြစ်လျှင်သူကို ထာဝရဘုရားသခင်
အား ဆက်ကပ်အပ်နှံရမည်"* ဟုရေးသား
ထား၏။ 24ထို့ပြင် ထာဝရဘုရား၏ပညတ်ကျမ်း
၌ "သင်တို့သည် ချိုးငှက်နှစ်ကောင် သို့မဟုတ်
ခိုငယ်နှစ်ကောင်ကို ယဇ်ပူဇော်ရမည်ဖြစ်
သည်"* ဟုလည်းရေးထား၏။ ထို့ကြောင့်
ယောသပ်နှင့်မာရိတို့သည် ဤအစဉ်အလာကို
ပြုလုပ်ရန် ယေရုရှလင်မြို့သို့ သွားကြ၏။

## ရှုမောင်က ယေရှုအား တွေ့ရှိခြင်း

25ယေရုရှလင်မြို့တွင် ရှုမောင်အမည်ရှိ
သောလူတစ်ယောက်ရှိ၏။ သူသည် လူကောင်း
တစ်ယောက်ဖြစ်၍ ဘုရားကို ရိုသေသောသူ
ဖြစ်၏။ သူသည် ဣသရေလလူမျိုးတို့အား
ဘုရားသခင်ကူညီမစမည့်အချိန်ကို စောင့်ဆိုင်း
လျှက်နေ၏။ သန့်ရှင်းသောဝိညာဉ်တော်သည်
သူ့အပေါ်၌ရှိ၏။ 26သန့်ရှင်းသောဝိညာဉ်တော်
သည် ရှုမောင်အား ထာဝရဘုရားစေလွှတ်
မည့်ခရစ်တော်*ကို မမြင်မှီ မသေရဟု ပြော
ကြားတော်မူ၏။ 27ဝိညာဉ်တော်၏လမ်းညွှန်မှု
ဖြင့် ရှုမောင်သည် ဗိမာန်တော်သို့ ရောက်လာ
၏။ မာရိနှင့်ယောသပ်တို့သည် ယုဒပညတ်တ
ရားအရ ယေရှုအတွက် လုပ်ဆောင်ရမည့်အ
ရာများကို လုပ်ရန်သူ့ကို ဗိမာန်တော်သို့ခေါ်
သွားကြ၏။ 28ရှုမောင်သည် သူငယ်တော်ယေရှု
ကို မိမိလက်ထဲတွင်ပွေ့ချီ၍ဘုရားသခင်၏ကျေး
ဇူးတော်ကို ချီးမွမ်းလျှက်၊

29"အိုဘုရားသခင်၊ ယခုတွင် ကိုယ်တော်၏
ဂတိတော်အတိုင်း ကိုယ်တော်၏ကျွန်
သည်ငြိမ်သက်စွာသေဘို့ရန်ခွင့်ပြုတော်
မူပါ။
30 အကြောင်းမူကား၊ ယခုတွင် အကျွန်ုပ်၏
မျက်စိသည် ကယ်တင်ရှင်*ကို မြင်တွေ့
လေပြီ။
31 ကိုယ်တော်သည် သူ့ကို လူမျိုးအားလုံး
ရှေ့မှာ ပြင်ဆင်ပေးပြီ။
32 သူသည် တပါးအမျိုးသားတို့ထံသို့ ကိုယ်
တော်၏လမ်းကိုပြခြင်းငှါ အလင်းဖြစ်၏။
သူသည် ကိုယ်တော်၏လူဣသရေလအ
မျိုးတို့အတွက် ဂုဏ်အသရေဖြစ်၏" ဟု
ဆို၏။

33သူငယ်တော်နှင့်ပတ်သက်၍ ရှုမောင်
ပြောသောစကားများကို ကြားလိုက်ရသော
အခါ ယေရှု၏ဖခင်နှင့်မိခင်တို့သည် အလွန်အံ့
သြကြ၏။ 34ထို့နောက် ရှုမောင်သည် သူတို့အား
ကောင်းချီးပေး၍ မယ်တော်မာရိအား "ဤသူ
ငယ်တော်ကြောင့် ယုဒအများသည် လဲ၍ အ
များသည် ထကြလိမ့်မည်။ သူသည် ဘုရား
သခင်ထံမှ လက္ခဏာတစ်ခုဖြစ်ပြီး တချို့သော
လူတို့သည် သူ့ကို လက်ခံလိမ့်မည်မဟုတ်။
35လူတို့၏လျှို့ဝှက်စွာ တွေးတောသောအရာ
တို့သည် ထင်ရှားလာလိမ့်မည်။ ဖြစ်လာမည့်
အရာတို့သည် သင်၏နှလုံးသားကို အလွန်နာ
ကျင်စေလိမ့်မည်" ဟုပြောလေ၏။

---

**"မိန်မ … အပ်နှံရမည်"** ထွက်၊ 13:2, 12

**"သင်တို့ … ရမည်ဖြစ်သည်။"** ဝတ်ပြု 12:8

**ခရစ်တော်** ဘိသိတ်တော်မှုခြင်းခံသောသူ (မေရှိယ) သို့မဟုတ် ဘုရားသခင်ရွေးကောက်သောသူ။

**ကယ်တင်ရှင်** ယေရှုနာမည်၏အနက်အဓိပ္ပါယ်မှာ ကယ်တင်ခြင်း ဖြစ်သည်။

## အန္နက ယေရှုကို တွေ့မြင်ခြင်း

36ဗိမာန်တော်၌အန္နအမည်ရှိပရောဖက်မ*
တစ်ယောက်ရှိ၏။ သူမသည် အာရှာမိသားစု
ဝင်ဖြစ်၏။ အန္နသည် အလွန်အိုမင်းနေလေပြီ။
သူမသည် ခုနစ်နှစ်သာ အိမ်ထောင်ကျဘူး၏။
37ထိုနောက် သူမ၏လင်ယောက်ျားသေဆုံးပြီး
တစ်ကိုယ်တည်း နေထိုင်၏။ ယခုအခါတွင်၊သူ
မ၏အသက်မှာ ရှစ်ဆယ့်လေးနှစ်ရှိလေပြီ။ အန္န
သည် ဗိမာန်တော်တွင် အစဉ်အမြဲနေ၏။ ဘယ်
သောအခါမျှ ဗိမာန်တော်နှင့် မခွာဘဲနေ၏။
သူမသည် အစာရှောင်ခြင်းနှင့်ဆုတောင်းခြင်း
အားဖြင့် ဘုရားသခင်ကို နေ့ညမပြတ်ကိုးကွယ်
၏။ ယေရှု၏မိသားစုသည် ဗိမာန်တော်သို့
ရောက်လာကြစဉ်တွင်၊ 38အန္နသည် ထိုနေရာ
၌ မတ်တတ်ရပ်လျက် ဘုရားသခင်ကို ချီးမွမ်း
လေ၏။ သူမသည် ယေရုရှလင်မြို့၏လွတ်
မြောက်မည့်အချိန်ကာလကို စောင့်ဆိုင်းနေကြ
သောလူအားလုံးတို့အား ယေရှုအကြောင်းကို
ပြောလေ၏။

## ယောသပ်နှင့်မာရိတို့အိမ်ပြန်ကြခြင်း

39ယောသပ်နှင့် မာရိတို့သည် ထာဝရ
ဘုရား၏ပညတ်တရားအတိုင်း ဆောင်ရွက်
စရာရှိသမျှကို ပြုလုပ်ပြီးစီးခဲ့ကြ၏။ ထို့နောက်
သူတို့အိမ်ရှိရာဂါလိလဲပြည် နာဇရက်မြို့သို့ ပြန်
ကြ၏။ 40သူငယ်တော်ယေရှုသည် ကြီးထွားလာ
၍ ကြံ့ခိုင်သန်စွမ်းလာပြီး ဉာဏ်ပညာနှင့်ပြည့်
စုံလာ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်
လည်း သူ့အပေါ်၌တည်၏။

## ကလေးအရွယ်ယေရှု

41ယေရှု၏မိဘတို့သည် နှစ်စဉ်နှစ်တိုင်း
ပသခါ*ပွဲခံချိန်ရောက်လျှင် ယေရုရှလင်သို့
သွားလေ့ရှိကြ၏။ 42ယေရှုသည် အသက်တစ်
ဆယ့်နှစ်နှစ်ပြည့်သောအခါ သူ၏မိဘတို့သည်
ပသခါထုံးစံအတိုင်း ယေရုရှလင်မြို့သို့ သွားကြ
၏။ 43စားသောက် ပွဲပြီးဆုံးသောနေ့တွင် အိမ်
သို့ပြန်လာကြ၏။ သို့သော်လည်း၊ သူငယ်တော်
ယေရှုသည် ယေရုရှလင်မြို့၌ နေရစ်လေ၏။
သူ၏မိဘတို့သည် ထိုအကြောင်းကို သတိ
မထားမိခဲ့ချေ။ 44ယောသပ်နှင့် မာရိတို့သည်
တစ်နေ့ပတ်လုံးခရီးသွားကြ၏။ သူတို့သည် လူ
အုပ်ထဲတွင် ယေရှုပါသည်ဟု ထင်နေကြ၏။ သူ
တို့သည် ဆွေမျိုးများနှင့် ရင်းနှီးသောမိတ်ဆွေ
အုပ်စုထဲတွင် ယေရှုကို ရှာဖွေကြ၏။ 45သို့သော်
လည်း၊ ယောသပ်နှင့်မာရိသည် လူအုပ်စုထဲ
တွင် ယေရှုကို ရှာမတွေ့သောအခါ ယေရုရှလင်
သို့ ပြန်၍ရှာကြ၏။ 46သုံးရက်လွန်ပြီးမှ သူတို့
သည် ယေရှုကို တွေ့ကြ၏။

ယေရှုသည် ဗိမာန်တော်၌ ဘာသာရေး
ဆရာတို့နှင့်အတူ ထိုင်၍ သူတို့၏သွန်သင်ချက်
ကို နားထောင်ပြီး မေးခွန်းများမေးမြန်းလျက်
နေ၏။ 47သူ၏သဘောပေါက်နားလည်ခြင်းကို
၎င်း၊ ပညာပါသောအဖြေများကို၎င်း၊ ကြား
သောလူတိုင်းသည် အံ့သြလျက် နေကြ၏။
48ယေရှု၏မိဘတို့သည် သူ့ကို တွေ့သောအခါ
အံ့သြကြ၏။ သူ၏မိခင်က “ငါ့သား၊ အဘယ်
ကြောင့် ငါတို့အား ဤသို့ပြုသနည်း။ သင်၏အ
ဖေနှင့်ငါသည် သင့်ကြောင်းအလွန်စိတ်ပူနေ၏။
သားကို လိုက်ရှာနေရသည်” ဟုပြောလေ၏။
49ယေရှုက၊ “သင်တို့သည် အဘယ်ကြောင့်
အကျွန်ုပ်ကို ရှာရပါသနည်း။ အကျွန်ုပ်သည် ငါ့
အဘ၏အမှုဆောင်သောနေရာ၌ နေရမည်ကို
သင်တို့မသိသလော” ဟုပြန်ပြောလေ၏။ 50သို့
သော်လည်း ယေရှုပြောသောစကား၏အ
ဓိပ္ပါယ်ကို သူတို့နားမလည်ကြ။
51ထို့နောက် ယေရှုသည် မိဘတို့နှင့်အတူ
နာဇရက်မြို့သို့သွားလေ၏။ သူသည် မိဘ
စကားကို နားထောင်လျက်နေ၏။ သူ၏မိခင်

---

**ပရောဖက်မ** ဘုရားသခင်အတွက် ဟောပြောသော မိန်းမ။

**ပသခါ** ယုဒလူမျိုးတို့၏ အရေးကြီးသောသန့်ရှင်းသောရက်။ မောရှေခေတ်တုန်းမှာ ဘုရားသခင်က အဲဂုတ္တုကျွန်မှလွတ်စေခြင်းကို သတိရသောအားဖြင့် နှစ်တိုင်းဤနေ့၌ ယုဒလူမျိုးတို့သည် အထူးအစာကို စားသုံးလျက်ရှိကြသည်။

သည် ထိုအကြောင်းအရာအလုံးစုံတို့ကို စိတ်ထဲ
၌ စဉ်းစားလျက်နေ၏။ 52ယေရှုသည် တစ်နေ့
ပြီးတစ်နေ့ ပညာတိုးပွါးလျက်နေ၏။ သူသည်
အရပ်အမောင်းမြင့်မားလာ၏။ လူတို့သည် သူ
ကို နှစ်သက်၍ ဘုရားသခင်သည် သူ့ကို ကျေ
နပ်နှစ်သက်တော်မူ၏။

## ဗတ္တိဇံဆရာယောဟန်အလုပ်

*(မ၊ 3:1-12; မာ၊ 1:1-8; ယော၊ 1:19-28)*

3 ကဲသာဘုရင် တိဗေရိနန်းစံတဆယ့်ငါးနှစ်
တွင် ဤလူတို့သည် ကဲသာဘုရင်၏လက်
အောက်ခံများ ဖြစ်ကြ၏။
ယုဒပြည်ကို အုပ်စိုးသူမှာ ပုန္တိပိလတ်
ဖြစ်၏။
ဂါလိလဲပြည်ကို အုပ်စိုးသောသူမှာ ဟေရုဒ်
ဖြစ်၏။
ဣတုရဲပြည်နှင့် တရာခေါနိတ်ပြည်ကို အုပ်
စိုးသူမှာ ဟေရုဒ်ညီ ဖိလိပ္ပု ဖြစ်၏။
အဘိလင်ပြည်ကို အုပ်စိုးသူမှာ လုသာနိ
ဖြစ်၏။
2အန္နနှင့်ကယာဖတို့သည် ယဇ်ပုရောဟိတ်မင်း
များ* ဖြစ်ကြ၏။ ထိုအချိန်တွင် ဇာခရိ၏သား
ယောဟန်ထံသို့ ဘုရားသခင်၏ပညတ်ချက်
တစ်ခုရောက်လာတော်မူ၏။ ယောဟန်သည်
တောထဲ၌ နေလေ၏။ 3ယောဟန်သည်
ယော်ဒန် မြစ်၏ပတ်ဝန်းကျင် နယ်မြေဒေသတစ်
ခုလုံးကို လှည့်လည်သွားလာ၏။ သူသည် လူ
တို့အား သူတို့၏စိတ်နှလုံးနှင့် အသက်တာ
ပြောင်းလဲပြီဖြစ်ကြောင်းပြသရန် ဗတ္တိဇံကိုခံယူ
ရမည်ဟုဟောပြောလေ၏။ ထိုအခါ သူတို့၏
အပြစ်များကို ခွင့်လွှတ်နိုင်မည်ဖြစ်၏။ 4ထိုအ
ကြောင်းသည် ပရောဖက်ဟေရှာယကျမ်းစာ၌
ရေးသားထားသောနှုတ်ကပတ်ဟူမူကား

"တော၌ဟစ်ကြော်သောတစုံတယောက်
၏အသံက၊ 'ထာဝရဘုရားကြွတော်မူရာ
လမ်းကိုပြင်ဆင်ကြ၊ သူ၏လမ်းခရီးတော်
ကို ဖြောင့်စေကြလော့။
5 ချိုင့်ဝှမ်းရှိသမျှတို့ကို ဖို့ရမည်။ တောင်
နှင့်တောင်ကုန်း ရှိသမျှတို့ကို ဖြိုရမည်။
ကောက်သောလမ်းများကို ဖြောင့်စေရ
မည်။ ကြမ်းတမ်းသောလမ်းများကို ချော
မွတ်စေရမည်။
6 လူအပေါင်းတို့သည် ဘုရားသခင်၏ကယ်
တင်တော်မူခြင်းအကြောင်းကို မြင်ရကြ
လိမ့်မည်"' ဟုဆိုလေ၏။

*ဟေရှာယ 40:3-5*

7လူတို့သည် ယောဟန်၏ဗတ္တိဇံကိုခံယူရန်
ရောက်လာကြ၏။ ယောဟန်က သူတို့အား
"သင်တို့သည် အဆိပ်ရှိသောမြွေဆိုးကဲ့သို့ ဖြစ်
၏။ ရောက်လုသော ဘုရားသခင်၏အမျက်
တော်မှ ထွက်ပြေးရန် အဘယ်သူသည် သင်တို့
ကို သတိပေးသနည်း။ 8သင်တို့၏စိတ်နှလုံးနှင့်
အသက်တာကို အမှန်ပြောင်းလဲကြပြီ ဟုပြသ
သောအကျင့်ကို ကျင့်ကြလော့။ ထို့အပြင်
'အာဗြဟံသည် ငါတို့၏အဘဖြစ်သည်' ဟုမ
ကြွားဝါကြနှင့်။ ငါဆိုသည်ကား၊ ဘုရားသခင်
သည် ဤကျောက်တုံးတို့မှ အာဗြဟံ၏သားသ
မီးတို့ကို ဖန်ဆင်းနိုင်၏။ 9ယခုတွင် ပုဆိန်သည်
သစ်ပင်များ*ကို ခုတ်ဖြတ်ရန် အဆင်သင့်ရှိနေ
၏။ အသီးကောင်းမသီးသော အပင်မှန်သမျှတို့
ကို ခုတ်ဖြတ်၍ မီးထဲသို့ ပစ်ချရလိမ့်မည်" ဟု
ဟောပြောလေ၏။
10ထိုအခါ လူတို့က "အကျွန်ုပ်တို့သည် အ
ဘယ်သို့ လုပ်ရမည်နည်း" ဟုမေးကြ၏။
11ယောဟန်က၊ "သင်တို့မှာ အင်္ကျီနှစ်ထည်
ရှိလျှင် မရှိသောသူကို တစ်ထည်ပေးကြလော့။
သင်တို့မှာ အစားအစာရှိလျှင်လည်း ခွဲဝေပေး
ကြလော့" ဟုပြန်ပြော၏။
12အခွန်ခံသူ* တို့သည်လည်း ယောဟန်
ထံသို့ ရောက်လာကြ၏။ သူတို့သည် ဗတ္တိဇံ

---

**ယဇ်ပုရောဟိတ်မင်းများ** အရေးကြီးသောယုဒလူမျိုး၏ ယဇ်ပရောဟိတ်များ။

**သစ်ပင်များ** ယေရှုကို လက်မခံသောလူများ။ သူတို့သည် ခုတ်ဖြတ်ရမည့်သစ်ပင်ကဲ့သို့လို ဖြစ်သည်။

ခံလိုကြ၏။ ထို့ကြောင့် သူတို့ကယောဟန်အား
"ဆရာ၊ အကျွန်ုပ်တို့သည် အဘယ်သို့ ပြုလုပ်
ရမည်နည်း" ဟုမေးလျှောက်ကြ၏။ [13]ယောဟန်
က သူတို့အား၊ 'ပြည်သူပြည်သားတို့ကို အခွန်
ကောက်ခံသောအခါ သင်တို့ကို ပေးသောအ
မိန့်ထက်ပို၍ မကောက်ကြနှင့်' ဟုပြန်ပြော၏။
[14]စစ်သားတို့ကလည်း ယောဟန်အား 'အ
ကျွန်ုပ်တို့သည် အဘယ်သို့ပြုရမည်နည်း' ဟု
မေးလျှောက်ကြရာ ယောဟန်က သူတို့အား၊
'လူတို့သည် သင်တို့ကို ငွေပေးအောင် မလုပ်
ကြနှင့်။ အဘယ်သူ၏အကြောင်းကိုမျှ လိမ်မ
ပြောကြနှင့်။ သင်တို့ရသောအခနှင့် ရောင့်ရဲကြ
လော့' ဟုပြန်ပြော၏။
[15]လူအပေါင်းတို့သည် ခရစ်တော်ကြွလာ
တော်မူခြင်းကို မျှော်လင့်နေကြ၏။ သူတို့သည်
ယောဟန်၏အကြောင်းနှင့် ပတ်သက်၍၊ အံ့ဩ
နေကြ၍၊ 'သူသည် ခရစ်တော်ဖြစ်နိုင်သည်
မဟုတ်လော' ဟုသူတို့၏စိတ်ထဲတွင်တွေးတော
နေကြ၏။
[16]ယောဟန်သည် လူအပေါင်းတို့အား "ငါ
သည် သင်တို့ကို ရေ၌ ဗတ္တိဇံပေး၏။ သို့သော်
လည်း မကြာခင် ရောက်လာမည့်သူသည် ငါ့
ထက်ပို၍ ဆောင်ရွက်နိုင်၏။ ငါသည် သူ၏ဖိနပ်
ကြိုးကိုမျှ ပြည်ရန်မထိုက်တန်။ သူသည် သင်တို့
ကို သန့်ရှင်းသောဝိညာဉ်တော်၌၎င်း၊ မီး၌၎င်း
ဗတ္တိဇံပေးလိမ့်မည်။ [17]သူသည် ကောက်ဆွကို
သူ့လက်ထဲ၌ကိုင်၍ စပါးစေ့များမှ စပါးဖျင်းထဲ
ကို ခွဲခြားလိမ့်မည်။* စပါးစေ့များကို သူ့ကျီ
ထဲ၌ထည့်၍ အဖျင်းများကို မငြိမ်းနိုင်သောမီး
ထဲသို့ ရှို့ပစ်လိမ့်မည်။" [18]ထို့နောက် ယောဟန်
သည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
ဆက်လက်ဟောပြော၍ အခြားသောအ
ကြောင်းအရာများပြောပြခြင်းအားဖြင့် လူတို့
ကို တိုက်တွန်းသွေးဆောင်လေ၏။

## ယောဟန်၏ဆောင်ရွက်မှုများမည်သို့ အဆုံးသတ်သနည်း

[19]ယောဟန်သည် မြို့တော်ဝန်ဟေရုဒ်အား
ဟေရုဒ်ညီ၏ဇနီးဖြစ်သူ ဟေရောဒိနှင့် မှားယွင်း
စွာ ပြုခဲ့သမျှသောအရာများကြောင့် ဟေရုဒ်
ကို ပြစ်တင်ဝေဖန်လေ၏။ [20]ထိုအခါ ဟေရုဒ်
သည် နောက်ထပ် အမှားတစ်ခုပြုလုပ်၏။
ဟေရုဒ်သည် ယောဟန်အား ထောင်ထဲမှာ
လှောင်ထား၏။ ထိုအမှားသည် သူပြုလုပ်
သောအမှားများထဲသို့ နောက်ထပ်ပေါင်းထည့်
လိုက်သောအမှားတစ်ခုဖြစ်၏။

## ယေရှုက ယောဟန်၏ဗတ္တိဇံကို ခံတော်မူခြင်း

*(မ၊ 3:13-17; မာ၊ 1:9-11)*

[21]ယောဟန်အား ထောင်တွင်းသို့ မသွင်းမှီ
လူအပေါင်းတို့သည် ယောဟန်၏ဗတ္တိဇံကို ခံယူ
ကြလေ၏။ ထိုနောက် ယေရှုသည်လည်း ကြွ၍
ယောဟန်၏ဗတ္တိဇံကို ခံတော်မူ၏။ ယေရှုသည်
ဆုတောင်းနေစဉ် မိုးကောင်းကင်သည် ဖွင့်လှစ်
သွား၏။ [22]သန့်ရှင်းသောဝိညာဉ်တော်သည် ချိုး
ငှက်ကဲ့သို့ ကိုယ်ထင်ရှားလျက် ကိုယ်တော်အ
ပေါ်၌ဆင်းသက်တော်မူ၏။ ထိုနောက် ကောင်း
ကင်ဘုံမှအသံက "သင်သည် ငါ့သားဖြစ်၏။
သင့်ကို ငါချစ်မြတ်နိုး၏။ ငါသည် သင့်အားဖြင့်
အလွန်ဝမ်းမြောက်၏" ဟုဖြစ်ပေါ်လာ၏။

## ယောသပ်မိသားစု၏သမိုင်း

*(မ၊ 1:1-17)*

[23]ယေရှုသည် စတင်၍ ဩဝါဒပေးချိန်တွင်
သူ၏အသက်မှာ သုံးဆယ်နှစ်ခန့်မျှရှိ၏။ လူတို့
သည် ယေရှုအား ယောသပ်၏သားဟု ထင်
ကြ၏။ ယောသပ်သည် ဧလိ၏သားဖြစ်၏။
[24]ဧလိသည် မဿတ်၏သားဖြစ်၏။ မဿတ်
သည် လေဝိ၏သားဖြစ်၏။ လေဝိသည် မေလခိ

---

**အခွန်ခံသူ** ရောမအစိုးရက အခွန်ကောက်ဖို့ရန် ငှါးရမ်းသောယုဒလူမျိုးများ၊ သူတို့သည် လိမ်ညာလှည့်ဖြားပြီး တခြားယုဒလူမျိုးတို့က သူတို့ကို မုန်းတီးကြသည်။

**စပါးစေးထဲမှ စပါးဖျင်းကို ခွဲခြားလိမ့်မည်** ယောဟန်ဆိုလိုသည်မှာ၊ ယေရှုက လူဆိုးထဲမှ လူကောင်းများကို ခွဲခြားလိမ့်မည် ဟုဆိုလိုသည်။

၏သားဖြစ်၏။ မေလခိသည် ယန္န၏သားဖြစ်
၏။ ယန္နသည် ယောသပ်၏သားဖြစ်၏။
25ယောသပ်သည် မတ္တသိ၏သားဖြစ်၏။
မတ္တသိသည် အာမုတ်၏သားဖြစ်၏။ အာမုတ်
သည် နာဟုံ၏သားဖြစ်၏။ နာဟုံသည် ဧသလိ
၏သားဖြစ်၏။ ဧသလိသည် နဂ္ဂဲ၏သားဖြစ်၏။
26နဂ္ဂဲသည် မာအတ်၏သားဖြစ်၏။ မာအတ်
သည် မတ္တသိ၏သားဖြစ်၏။ မတ္တသိသည် ရှေမိ
၏သားဖြစ်၏။ ရှေမိသည် ယောသပ်၏သား
ဖြစ်၏။ ယောသပ်သည် ယုဒ၏သားဖြစ်၏။
27ယုဒသည် ယောဟန္န၏သားဖြစ်၏။
ယောဟန္နသည် ရေသ၏သားဖြစ်၏။ ရေသ
သည် ဇေရုဗဗေလ၏သားဖြစ်၏။ ဇေရုဗဗေလ
သည် ရှာလသေလ၏သားဖြစ်၏။
28ရှာလသေလသည် နေရိ၏သားဖြစ်၏။
နေရိသည် မေလခိ၏သားဖြစ်၏။ မေလခိသည်
အဒ္ဒိ၏သားဖြစ်၏။ အဒ္ဒိသည် ကောသံ၏သား
ဖြစ်၏။ ကောသံသည် လေမောဒံ၏သားဖြစ်၏။
29လေမောဒံသည် ဧရ၏သားဖြစ်၏။ ဧရ
သည် ယောသေ၏သားဖြစ်၏။ ယောသေသည်
ဧလေဇာ၏သားဖြစ်၏။ ဧလေယဇာသည်
ယောရိမ်၏သားဖြစ်၏။ ယောရိမ်သည် မဿတ်
၏သားဖြစ်၏။
30မဿတ်သည်လေဝိ၏သားဖြစ်၏။ လေဝိ
သည် ရှိမောင်၏သားဖြစ်၏။ ရှိမောင်သည်
ယုဒ၏သားဖြစ်၏။ ယုဒသည် ယောသပ်၏သား
ဖြစ်၏။ ယောသပ်သည် ယောနန်၏သားဖြစ်
၏။ ယောနန်သည်လျောကိမ်၏သားဖြစ်၏။
31လျောကိမ်သည် မေလေ၏သားဖြစ်၏။
မေလေသည် မဲနန်၏သားဖြစ်၏။ မဲနန်သည်
မတ္တသ၏သားဖြစ်၏။ မတ္တသသည် နာသန်၏
သားဖြစ်၏။ နာသန်သည် ဒါဝိဒ်၏သားဖြစ်၏။
32ဒါဝိဒ်သည် ယေရှဲ၏သားဖြစ်၏။ ယေရှဲ
သည်သြဗက်၏သားဖြစ်၏။သြဗက်သည်ဗောဇ
၏သားဖြစ်၏။ ဗောဇသည် စာလမုန်၏သား
ဖြစ်၏။ စာလမုန်သည် နာရှုန်၏သားဖြစ်၏။
33နာရှုန်သည် အမိနဒပ်၏သားဖြစ်၏။
အမိနဒပ်သည် အဒ်မိန်၏သားဖြစ်၏။ အဒ်မိန်
သည် အာရံ၏သားဖြစ်၏။ အာရံသည် ဟေဇရုံ
၏သားဖြစ်၏။ ဟေဇရုံသည် ဖါရက်၏သားဖြစ်
၏။ ဖါရက်သည် ယုဒ၏သားဖြစ်၏။
34ယုဒသည်ယာကုပ်၏သားဖြစ်၏။ယာကုပ်
သည် ဣဇာက်၏သားဖြစ်၏။ ဣဇာက်သည်
အာဗြဟံ၏သားဖြစ်၏။ အာဗြဟံသည် တေရ၏
သားဖြစ်၏။ တေရသည် နာခေါ်၏သားဖြစ်၏။
35နာခေါ်သည် စေရောက်၏သားဖြစ်၏။
စေရောက်သည် ရာဂေါ၏သားဖြစ်၏။ ရာဂေါ
သည် ဖါလက်၏သားဖြစ်၏။ ဖါလက်သည်
ဟေဗာ၏သားဖြစ်၏။ ဟေဗာသည် ရှာလ၏
သားဖြစ်၏။
36ရှာလသည် ကာဣနန်၏သားဖြစ်၏။
ကာဣနန်သည် အာဖာဇဒ်၏သားဖြစ်၏။
အာဖာဇဒ်သည် ရှေမ၏သားဖြစ်၏။ ရှေမသည်
နောဧ၏သားဖြစ်၏။ နောဧသည် လာမက်၏
သားဖြစ်၏။
37လာမက်သည် မသုရှလ၏သားဖြစ်၏။
မသုရှလသည် ဧနောက်၏သားဖြစ်၏။
ဧနောက်သည် ယာရက်၏သားဖြစ်၏။
ယာရက်သည် မဟာလေလေလ၏သားဖြစ်၏။
မဟာလေလေလသည်ကာဣနန်၏သားဖြစ်၏။
38ကာဣနန်သည် ဧနုတ်၏သားဖြစ်၏။
ဧနုတ်သည် ရှေသ၏သားဖြစ်၏။ ရှေသသည်
အာဒံ၏သားဖြစ်၏။ အာဒံသည် ဘုရားသခင်၏
သားဖြစ်၏။

## ယေရှုကို မာရ်နတ်က ဖြားယောင်း သွေးဆောင်ခြင်း

*(မ၊ 4:1-11; မာ၊ 1:12-13)*

4 ယေရှုသည် ယော်ဒန်မြစ်မှ ပြန်လာတော်
မူ၏။ ကိုယ်တော်သည် သန့်ရှင်းသော
ဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရှိ၏။ ဝိညာဉ်
တော်သည် သူ့ကို တောထဲသို့ ပို့ဆောင်တော်
မူ၏။ 2ထိုနေရာတွင် မာရ်နတ်သည် ယေရှုကို
ရက်ပေါင်းလေးဆယ်ပတ်လုံး ဖြားယောင်းသွေး
ဆောင်လေ၏။ ယေရှုသည် အရက်လေးဆယ်
ပတ်လုံး၊ အစာအာဟာရ သုံးဆောင်တော်မ

မူ။ ထိုရက်များ ကုန်လွန်ခဲ့သောအခါ ယေရှု
သည်၊ အလွန်ဆာလောင်မွတ်သိပ်တော်မူ၏။
3မာရ်နတ်ကယေရှုအား“ကိုယ်တော် သည်
ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်
တုံးကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါ” ဟု
လျှောက်လေ၏။
4ယေရှုကလည်း “ကျမ်းစာထဲ၌ ရေးသား
သည်ကား

‘လူတို့သည် မုန့်အားဖြင့်သာ အသက်ရှင်
သည်မဟုတ်’” ဟုပြန်ပြောတော်မူ၏။

*တရား၊ 8:3*

5ထို့နောက် မာရ်နတ်သည် ယေရှုအား မြင့်
လှသောတောင်ပေါ်သို့ ခေါ်ဆောင်သွား၍ ဤ
လောကီ၌ရှိသမျှသော တိုင်းနိုင်ငံတို့ကို တခဏ
ခြင်းတွင် ပြသွန်၍၊ 6ဤတိုင်းနိုင်ငံအားလုံးတို့နှင့်
သူတို့၌ရှိသော ဘုန်းတန်ခိုးအာနုဘော်ရှိသမျှ
တို့ကို သင့်အား ငါပေးမည်။ ဤအရာအားလုံး
တို့ကို ငါ၌ အပ်ခဲ့ပြီ။ 7ငါသည် ပေးလိုသောသူ
အား ပေးနိုင်၏။ ငါ့ကို ကိုးကွယ်လျှင် ဤအရာ
အားလုံးတို့ကို ကိုယ်တော်အား ပေးမည်ဟု
လျှောက်လေ၏။
8ထိုအခါ ယေရှုက “ကျမ်းစာထဲ၌

’သင်၏ဘုရားသခင် ထာဝရဘုရားကို
ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ
ဝတ်ပြုရမည်’” ဟုပြန်ပြောတော်မူ၏။

*တရား၊ 6:13*

9ထိုနောက် မာရ်နတ်သည် ယေရှုကို
ယေရုရှလင်မြို့သို့ ခေါ်ဆောင်သွား၍ ဗိမာန်
တော်၏အမြင့်ဆုံးနေရာ၌ ရပ်စေပြီးလျှင် “သင်
သည် ဘုရားသခင်၏သားတော်မှန်လျှင် ခုန်ချ
တော်မူပါ။ 10ကျမ်းစာထဲ၌

‘ဘုရားသခင်သည် သင့်ကိုကြည့်ရှုစောင့်
ရှောက်ရန် မိမိကောင်းကင်တမန်တို့ကို
ပညတ်ထားလိမ့်မည်။’

*ဆာလံ 91:11*

11ထို့အပြင်
‘သင့်ခြေထောက်သည်ကျောက်နှင့် မထိ
မခိုက်စေခြင်းငှါသူတို့သည်သင့်ကို လက်
နှင့်မစချီပင့် ကြလိမ့်မည်’” ဟုလျှောက်
လေ၏။ *ဆာလံ၊ 91:12*

12ယေရှုက “သို့သော်လည်း၊ ကျမ်းစာထဲ၌

‘သင်၏ဘုရားသခင် ထာဝရဘုရားကို အ
စုံအစမ်းမပြုရ”’ ဟုပြန်ပြောတော်မူ၏။

*တရား၊ 6:16*

13မာရ်နတ်သည် စုံစမ်းသွေးဆောင်ခြင်း အမှု
အားလုံးတို့ကို အကုန်အစင်ပြုပြီးလျှင် ကောင်း
မွန်သောအချိန်ကို စောင့်ဆိုင်းရန် ယေရှုထံ
တော်မှ ထွက်ခွာသွားလေ၏။

## ယေရှုက လူများအား ဩဝါဒ ပေးတော်မူခြင်း

*(မ၊ 4:12-17; မာ၊ 1:14-15)*

14ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်
၏တန်ခိုးနှင့်ဂါလိလဲပြည်သို့ ပြန်ရောက်လာ၏။
ယေရှုနှင့် ပတ်သက်သောသတင်းတော်အမျိုး
မျိုးသည် ဂါလိလဲပြည် တစ်ဝန်းလုံး၌ ပျံ့နှံ့သွား
လေ၏။ 15ယေရှုသည် တရားဇရပ်များတွင်
စတင်၍ ဩဝါဒပေးတော်မူ၏။ လူအပေါင်းတို့
သည် ကိုယ်တော်ကို ချီးမွမ်းကြ၏။

## ယေရှုဇာတိမြို့သို့ ကြွတော်မူခြင်း

*(မ၊ 13:53-58; မာ၊ 6:1-6)*

16ယေရှုသည်မိမိဇာတိမွေးရပ်မြေဖြစ်သော
နာဇရက်မြို့သို့ ခရီးထွက်တော်မူ၏။ ဥပုသ်နေ့
တွင် ကိုယ်တော်သည် လုပ်ရိုးလုပ်စဉ်အတိုင်း
တရားဇရပ်သို့သွား၍ ကျမ်းစာကို ဖတ်ရွတ်
ခြင်းငှါ ထတော်မူ၏။ 17သူတို့သည် ပရောဖက်
ဟေရှာယ၏ကျမ်းစာအုပ်ကို ကိုယ်တော်အား
ပေး၏။ ယေရှုက ကျမ်းစာအုပ်ကိုလှန်၍ ဤ
အရာရေးသားသောနေရာကို တွေ့တော်မူ၏။

18 “ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့
အပေါ်၌ တည်တော်မူ၏။ အကြောင်းမူ
ကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ကြားပြော
စေခြင်းငှါ ငါ့ကို ဘိသိတ်ပေးတော်မူ၏။
အကျဉ်းသားတို့အား လွတ်မြောက်ခြင်း
အကြောင်းနှင့် မျက်စိကန်းသောသူတို့
အားမျက်စိပြန်မြင်ခြင်း အကြောင်းကို
ပြောစေခြင်းငှါရင်း ညှင်းဆဲခံသောသူ
တို့ကို လွှတ်မြောက်စေခြင်းငှါရင်း ငါ့ကို
စေလွှတ်တော်မူပြီ။
19 ထို့ပြင် ထာဝရဘုရားသည် မိမိကြင်နာ
မှုကို ပြသခြင်းငှါ အချိန်ရောက်ပြီ ဖြစ်
ကြောင်း ဟောကြားရန် ငါ့ကိုစေလွှတ်
တော်မူပြီ ဟုရေးသားထား၏။”

*ဟေရှာယ 61:1-2*

20ယေရှုသည် ကျမ်းစာကို လိပ်၍ ဇရပ်
စောင့်အား ပေးပြီးလျှင်ထိုင်တော်မူ၏။ တရား
ဇရပ်၌ရှိသောသူအပေါင်းတို့သည် ယေရှုကို စေ့
စေ့ကြည့်လျက် နေကြ၏။ 21ယေရှုက သူတို့
အား “ယခုတွင် သင်တို့ထံသို့ ငါဖတ်ပြသော
ကျမ်းချက်တို့သည် သင်တို့နားထောင်နေစဉ်
မှာပင် ပြည့်စုံလေပြီ” ဟုမိန့်တော်မူ၏။
22တရားဇရပ်၌ရှိသော သူအပေါင်းတို့သည်
ယေရှု၏ကောင်းကြောင်းကို ပြောကြ၏။ သူတို့
သည် ယေရှုပြောသည့်တင့်တယ်လျောက်ပတ်
သောနှုတ်ထွက်စကားကို အံ့အားနေကြ၏။
သူတို့က ‘သူသည် အဘယ်သို့ပြု၍ ဤကဲ့သို့
ပြောနိုင်သနည်း။ သူသည် ယောသပ်၏သားမ
ဟုတ်လော” ဟုအချင်းချင်း ပြောဆိုကြ၏။
23ယေရှုက သူတို့အား “သင်တို့က ‘အချင်း
ဆေးသမား၊ ကိုယ့်အနာကို ငြိမ်းစေလော့’ ဟူ
သောရှေးခေတ်ပုံပမာကို ငါ့အား ပြောဆိုကြ
လိမ့်မည်ကို ငါသိ၏။ သင်တို့က ‘ကပေရနောင်
မြို့၌ သင်လုပ်ခဲ့သောအရာတို့ကို ငါတို့ကြားရ
ပြီ။ ထိုအတိုင်းပင် သင့်ဇာတိမြို့၌ပြုပါ’ ဟု
ပြောလိုသည်”’ ဟုမိန့်တော်မူ၏။ 24ထိုနောက်
ယေရှုက “ငါအမှန်ဆိုသည်ကား၊ အဘယ်ပရော
ဖက်မျှ မိမိဇာတိမြို့၌ လက်မခံတတ်။ 25ငါဆို
သည်ကား၊ ဧလိယလက်ထက်တွင် သုံးနှစ်ခွဲ
ပတ်လုံးမိုးခေါင်သောအခါ ဣသရေလပြည်၌
မုဆိုးမအများရှိကြ၏။ နိုင်ငံတဝန်းလုံးတွင် အ
ဘယ်နေရာ၌မျှ အစာရေစာမရှိ။ 26သို့သော်
လည်း၊ထိုမုဆိုးမတစ်ယောက်ရှိရာသို့မျှ ဧလိယ
ကို စေလွှတ်တော်မမူ။ ဇိဒုန်ပြည် ဇရတ္တမြို့
သူဖြစ်သော မုဆိုးမတစ်ယောက်ရှိရာသို့သာ
စေလွှတ်တော်မူ၏။ 27ပရောဖက်ဧလိယလက်
ထက်တွင် ဣသရေလ၌ နူနာစွဲကပ်သောသူ
အများရှိကြ၏။ သို့သော်လည်း၊ နေမန်တစ်
ယောက်မှတပါး အဘယ်သူကိုမျှ နူနာရောဂါ
မပျောက်။ နေမန်သည် ရှုရိပြည်မှ ဖြစ်၍
ဣသရေလပြည်မှမဟုတ်” ဟုမိန့်တော်မူ၏။
28တရားဇရပ်၌ ရှိသောသူအပေါင်းတို့သည်
ထိုအကြောင်းအားလုံးကို ကြားသိရလေ၏။ သူ
တို့သည် ပြင်းစွာအမျက်ထွက်ကြ၏။ 29သူတို့
သည် ထ၍ ယေရှုကို မြို့ပြင်သို့ နှင်ထုတ်ပြီးလျှင်
ထိုမြို့တည်ရာတောင်ထိပ်စွန်းအငူမှ စောက်
ထိုးတွန်းချခြင်းငှါဆောင်သွားကြ၏။ 30သို့သော်
လည်း၊ ယေရှုသည် သူတို့အလယ်၌ လျှောက်
၍ ကြွသွားတော်မူ၏။

## ယေရှုက လူတစ်ယောက်ထံမှညစ်ညူး သောနတ်ကိုနှင်ထုတ်၍တော်မူခြင်း

*(မာ၊ 1:21-28)*

31ယေရှုသည် ဂါလိလဲပြည်က ပေရနောင်
မြို့သို့ သွားရောက်လျှင် ဥပုသ်နေ့၌ လူများကို
သြဝါဒပေးတော်မူ၏။
32ယေရှုသည် အာဏာနှင့်ဟောတော်မူ
သောကြောင့် လူတို့သည် ဆုံးမသြဝါဒပေး
တော်မူခြင်းကို အံ့သြကြ၏။ 33တရားဇရပ်၌
ညစ်ညူးသောနတ်ဆိုးစွဲသော သူတစ်ယောက်
ရှိ၏။ ထိုသူက ကျယ်လောင်သောအသံဖြင့်
34“နာဇရက်မြို့သားယေရှု၊ ကိုယ်တော်သည်
အကျွန်ုပ်တို့နှင့် အဘယ်သို့ဆိုင်သနည်း။ အ
ကျွန်ုပ်တို့ကို ဖျက်ဆီးခြင်းငှါလာသလော။ ကိုယ်
တော်သည် အဘယ်သူဖြစ်သည်ကို အကျွန်ုပ်

သိပါ၏။ 35 ဘုရားသခင်၏သန့်ရှင်းတော်မူ
သောသူဖြစ်သည်’ ဟုအော်ဟစ်လေ၏။ ယေရှု
ကလည်း ‘တိတ်ဆိတ်စွာ နေလော့၊ ထိုသူ၏
အထဲမှ ထွက်သွားလော့’ ဟုဆုံးမတော်မူ၏။
နတ်ဆိုးသည် ထိုသူကို လူများရှေ့၌ မြေပြင်သို့
တွန်းလှဲချ၍ ဘေးဥပဒ်မပြုဘဲ ထိုသူထံမှ ထွက်
သွားလေ၏။
36 လူအပေါင်းတို့သည် အံ့ဩ၍၊ “ဤအရာ
သည် အဘယ်သို့ ဆိုလိုသနည်း ညစ်ညူးသော
နတ်တို့ကို အာဏာတန်ခိုးနှင့်အမိန့်ပေး၍ သူတို့
သည် ထွက်သွားကြသည်” ဟုအချင်းချင်းဆွေး
နွေးပြောဆိုကြ၏။ 37 ထိုနောက် ယေရှု၏သတင်း
တော်သည်လည်း ပတ်ဝန်းကျင်အရပ်တို့၌
နှံ့ပြားကျော်စောလေ၏။

## ယေရှုက ပေတရု၏ယောက္ခမကို ကျန်းမာစေတော်မူခြင်း

*(မ၊ 8:14-17; မာ၊ 1:29-34)*

38 ယေရှုသည် တရားဇရပ်မှ ထွက်ပြီးလျှင်
ရှိမုန်*အိမ်သို့ ကြွတော်မူ၏။ ရှိမုန်၏ယောက္ခမ
သည် ပြင်းစွာသောဖျားနာစွဲလေ၏။ သူတို့
သည် ယေရှုအား သူမအတွက် တစ်စုံတစ်ခုကူ
ညီဆောင်ရွက်ရန် တောင်းလျှောက်ကြ၏။
39 ယေရှုသည် သူမ၏အနားမှာ ရပ်၍ အဖျားကို
ပျောက်ရန် အမိန့်ပေးတော်မူရာ သူမထံမှ အ
ဖျားရောဂါပျောက်ကင်းသွား၏။ ထို့နောက်
သူမသည် အိပ်ရာမှထ၍ ဧည့်သည်ဝတ်ကို ပြု
လေ၏။

## ယေရှုက အခြားလူအများအား ကျန်းမာစေတော်မူခြင်း

40 နေဝင်ချိန်သို့ ရောက်သောအခါ လူအ
ပေါင်းတို့သည် အမျိုးမျိုးသောအနာရောဂါစွဲ
သောသူတို့ကို ယေရှုထံတော်သို့ ခေါ်ဆောင်
ကြ၏။ ယေရှုသည် ထိုလူနာအသီးသီးပေါ်၌
လက်တော်ကို တင်၍အနာရောဂါကို ငြိမ်းစေ
တော်မူ၏။ 41 နတ်ဆိုးတို့သည်လည်း လူတို့ထံမှ
ထွက်သွားကြ၏။ နတ်ဆိုးတို့က ‘ကိုယ်တော်
သည် ဘုရားသခင်၏သားတော်ဖြစ်သည်’ ဟု
အော်ဟစ်ကြ၏။ သို့သော်လည်း၊ ယေရှုသည်
နတ်ဆိုးတို့ကို စကားတစ်ခွန်းကိုမျှ မပြောစေ
ခြင်းငှါတားမြစ်တော်မူ၏။ ယေရှုသည် ခရစ်
တော်ဖြစ်တော်မူသည် ဟုနတ်ဆိုးတို့သိကြ၏။

## ယေရှုက အခြားမြို့များသို့သွားတော်မူခြင်း

*(မာ၊ 1:35-39)*

42 နောက်တစ်နေ့တွင် ယေရှုသည် တစ်
ကိုယ်တည်း နေလို၍ လူသူရှင်းသောနေရာသို့
ကြွသွားတော်မူ၏။ လူတို့သည် ယေရှုကို လိုက်
ရှာကြ၏။ သူတို့သည် ယေရှုကို တွေ့ကြသောအ
ခါ သူတို့ထံမှ ကြွသွားတော်မမူမည်အကြောင်း
တားဆီးကြ၏။ 43 သို့သော်လည်း၊ ယေရှုက
‘ငါသည် ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်
သောဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကိုတ
ခြားမြို့တို့၌လည်းဟောပြောရမည်။ ထိုသို့အလို့
ငှါငါ့ကို စေလွှတ်တော်မူသည်’ ဟုမိန့်တော်မူ၏။
44 ထို့နောက် ကိုယ်တော်သည် ယုဒပြည်ရှိ
တရားဇရပ်တို့၌ တရားဟောပြောလျက် နေ
တော်မူ၏။

## ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ ယေရှု နောက်တော်သို့ လိုက်ကြခြင်း

*(မ၊ 4:18-22; မာ၊ 1:16-20)*

5 ယေရှုသည် ဂနေ်သရက်အိုင်ဘေးတွင် ရပ်
တော်မူနေစဉ် လူများတို့သည် ဘုရား
သခင်၏နှုတ်ကပတ်တရားတော်ကို နားထောင်
ခြင်းငှါကိုယ်တော်အနီးသို့ တိုးဝင်ကြ၏။ 2 ယေရှု
သည် ကမ်းစပ်တွင် လှေနှစ်စင်းကို မြင်တော်မူ
၏။ တံငါသည်တို့သည် သူတို့၏ပိုက်ကွန်များကို
ဆေးလျှော်နေကြ၏။ 3 ယေရှုသည် ရှိမုန်၏လှေ
ထဲသို့ ဝင်တော်မူ၏။ ယေရှုသည် လှေကိုကမ်း
နားမှအနည်းငယ်ခွာစေခြင်းငှါ ရှိမုန်အား အခွင့်
တောင်းတော်မူ၏။ ထိုနောက် ယေရှုသည် လှေ
ပေါ်မှာထိုင်လျက် ကမ်းပေါ်ရှိလူများတို့ကို ဆုံးမ
သြဝါဒပေးတော်မူ၏။

---

**ရှိမုန်** ရှိမုန်၏တခြား နာမည်မှာ ပေတရု ဖြစ်သည်။

4စကားတော်ပြီးစီးသွားသောအခါ“လှေကို
ရေနက်ရာအရပ်သို့ လှော်လော့။ ပိုက်ကွန်ကို
ချ၍ ငါးကို အုပ်စမ်းလော့” ဟုရှိမုန်အား မိန့်
တော်မူ၏။

5ရှိမုန်က “သခင်၊ အကျွန်ုပ်တို့သည် တစ်ည
လုံး ကြိုးစားခဲ့သော်လည်း ငါးတစ်ကောင်ကို
မျှမရပါ။ သို့ရာတွင် အမိန့်တော်ရှိလျှင် ပိုက်
ကွန်ကို ချပါမည်” ဟုလျှောက်လေ၏။ 6တံငါ
သည် တို့သည် ပိုက်များကို ရေထဲသို့ချကြ၏။
သူတို့၏ပိုက်များထဲတွင် အလွန်များစွာသော
ငါးတို့ကို အုပ်မိသဖြင့် ပိုက်ကွန်သည်
စုတ်ပျက်စပြု၏။ 7သူတို့သည် အခြားသောလှေ
တစင်း၌ရှိသော အပေါင်းအဖော်တို့သည် လာ
၍ကူညီစေခြင်းငှါ အမှတ်ပေးသဖြင့် သူတို့သည်
လာ၍ လှေနှစ်စင်းငါးနှင့်ပြည့်သောကြောင့် နစ်
မြုပ်လုနီးပါး ဖြစ်နေကြ၏။

8-9ရှိမုန်နှင့် အခြားတံငါသည်တို့သည် ငါးအ
များအပြားရသောကြောင့် အလွန်အံ့အား သင့်
နေကြ၏။ ရှိမုန်သည် ယေရှုရှေ့တော်၌ ဦး
ညွှတ်၍၊ “သခင်၊ အကျွန်ုပ်ထံမှ ကြွသွားတော်
မူပါ။ အကျွန်ုပ်သည် အပြစ်များသောသူ ဖြစ်ပါ
၏” ဟုလျှောက်လေ၏။ 10ဇေဗေဒဲ၏သား
ယာကုပ်နှင့် ယောဟန်တို့သည်လည်း အံ့အား
သင့်လျက်နေကြ၏။ သူတို့သည်လည်း ပေတရု
နှင့်အတူ လုပ်ကိုင်နေကြသောတံငါသည်များ
ဖြစ်ကြ၏။ ယေရှုကရှိမုန်အား ‘ကြောက်ရွံ့ခြင်း
မရှိနှင့်။ သင်သည် ယခုမှစ၍ လူတို့ကို ဖမ်းမိ
သောသူ ဖြစ်လိမ့်မည်’ ဟုမိန့်တော်မူ၏။

11ထိုအခါ ရှိမုန်၊ ယာကုပ်နှင့် ယောဟန်
တို့သည် သူတို့လှေကို ကမ်းနားသို့ လှော်သွား
ကြ၏။ သူတို့သည် ရှိသမျှတို့ကို စွန့်ပစ်၍ ယေရှု
၏နောက်တော်သို့ လိုက်ကြ၏။

## ယေရှုက ဝေဒနာသည်တစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(မ၊ 8:1-4; မာ၊ 1:40-45)*

12ယေရှုသည် မြို့တစ်မြို့၌ ရှိတော်မူစဉ်
တစ်ကိုယ်လုံးနူနာစွဲသော သူတစ်ယောက်သည်
ယေရှုကို မြင်သောအခါ ယေရှု၏ရှေ့မှောက်၌
ပြပ်ဝပ်၍ “သခင်၊ အလိုရှိလျှင် အကျွန်ုပ်ကို **ကျန်း
မာစေ**နိုင်တော်မူသည်” ဟုတောင်းပန်လေ၏။

13ယေရှုက ထိုသူအား “ငါအလိုရှိ၏။ ရော
ဂါပျောက်ကင်းစေ” ဟုမိန့်တော်မူလျှက် လက်
တော်ကိုဆန့်၍ ထိုသူကို တို့ထိတော်မူ၏။ ထို
ခဏချင်းတွင် သူ၏နူနာရောဂါသည် ပျောက်
ကင်းသွားလေ၏။ 14ထို့နောက် ယေရှုက “ဤ
အကြောင်းကို အဘယ်သူမျှ မပြောနှင့်။ ယဇ်ပု
ရောဟိတ်ထံသို့သွား၍ ကိုယ်ကိုပြလော့။ ထို့
နောက်သင်သည် ရောဂါပျောက်ကင်းပြီဖြစ်
သောကြောင်း မောရှေ၏ပညတ်ချက်အတိုင်း
ဘုရားသခင်ကို ပူဇော်သက္ကာကို ဆက်လော့”
ဟုမိန့်တော်မူ၏။

15သို့သော်လည်း၊ ယေရှု၏သတင်းတော်
သည် သာ၍ပျံ့နှံ့သွားလေ၏။ လူတို့သည် ယေရှု
၏သြဝါဒကို နားထောင်ရန်နှင့် သူတို့၏ရောဂါ
ဝေဒနာများကို ပျောက်ကင်းစေခြင်းငှါ လာကြ
၏။ 16ယေရှုသည် လူသူရှင်းသောနေရာသို့ဆု
တောင်းခြင်းငှါ မကြာခဏ ကြွသွားတော်မူ၏။

## ယေရှုက လက်ခြေသေနေသောရောဂါသည် တစ်ဦးကို ကျန်းမာစေတော်မူခြင်း

*(မ၊ 9:1-8- မာ၊ 2:1-12)*

17တစ်နေ့တွင် ယေရှုသည် လူတို့ကို ဆုံးမ
သြဝါဒပေးတော်မူစဉ် ယေရုရှလင်မြို့မှစသော
ယုဒပြည်၊ ဂါလိလဲပြည်မြို့ရွာတို့မှ ရောက်လာ
သောဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့သည် ထိုင်
လျက်ရှိကြ၏။ ဘုရားသခင်သည် ယေရှုအား
အနာရောဂါကို ငြိမ်းစေခြင်းငှါ တန်ခိုးပေး
တော်မူ၏။ 18ထိုနေရာတွင် ခြေလက်သေနေ
သောရောဂါသည် တစ်ဦးရှိ၏။ အချို့လူတို့
သည် ထိုသူအား အိပ်ရာပေါ်တွင် တင်၍သယ်
ဆောင်လာကြ၏။ သယ်ယူလာသူများက ရော
ဂါသည်အား ယေရှုရှေ့တော်သို့ ထားရန် ကြိုး
စားကြ၏။ 19သို့ရာတွင် အလွန်များသောလူတို့
သည် ပိတ်ဆို့နေသောကြောင့် ယေရှုအနီးသို့
သွားရန်လမ်းကို မတွေ့နိုင်ကြ။ ထိုအခါ သယ်

ယူလာသူတို့သည် ရောဂါသည်ကို သူတို့နှင့်အ
တူသယ်ဆောင်၍၊ အိမ်ခေါင်မိုးပေါ်သို့ တက်ကြ
၏။ ထို့နောက် အိမ်ခေါင်မိုးကိုအပေါက်ဖောက်
၍၊ လူနာကို အိပ်ရာနှင့်တကွ ကြိုးဖြင့် ယေရှု
ရှေ့တော်သို့ လျှော့ချကြ၏။ ထိုအခါ ရောဂါ
သည်သည်ယေရှုရှေ့တော်၌လဲလျောင်း လျက်
ရောက်သွား၏။ 20ယေရှုသည် ထိုသူတို့၏ယုံ
ကြည်ခြင်းကို မြင်လျှင်လူနာအား “မိတ်ဆွေ၊
သင်၏အပြစ်ကို ခွင့်လွှတ်ပြီ” ဟုမိန့်တော်မူ၏။
21ထိုအခါ ကျမ်းပြုဆရာတို့နှင့် ဖါရိရှဲတို့က
ဘုရားသခင်ကို လွန်ကျူး၍ပြောသော ဤသူ
သည် အဘယ်သူနည်း။ ဘုရားသခင်မှတပါး
အဘယ်သူသည် အပြစ်ကို လွှတ်နိုင်သနည်း”
ဟုထင်မှတ်ကြ၏။
22သို့သော်လည်း၊ ယေရှုသည် သူတို့၏ထင်
မှတ်ခြင်းကို သိတော်မူ၏။ ထို့ကြောင့် ယေရှုက
“သင်တို့စိတ်ထဲမှာ အဘယ်ကြောင့် ထင်မှတ်
ကြသနည်း။ 23-24လူသား*သည် မြေကြီးပေါ်မှာ
အပြစ်လွှတ်နိုင်သောတန်ခိုးရှိ၏။ သင်တို့က ငါ
သည် ‘သင်၏အပြစ်ကို ခွင့်လွှတ်ပြီ’ ဟူ၍ အလွယ်
တကူပြောသည် ဟုထင်မှတ်နိုင်၏။ ဤအရာ
သည် အမှန်အကန်ဖြစ်လျှင် အဘယ်သူမျှ မြင်
နိုင်မည်မဟုတ်။ သို့သော်လည်း၊ ငါက ထိုလူ
အား၊ ‘ထလော့၊ သင့်အိပ်ရာကို ယူ၍ အိမ်ပြန်
သွားလော့’ ဟုပြောလျှင် သင်တို့သည် ငါ၌ဤ
အရာကို ပြုခြင်းငှါ ဧကန်အမှန် တန်ခိုးရှိ
ကြောင်း မြင်နိုင်ကြလိမ့်မည်” ဟုမိန့်တော်မူ၏။
ထို့ကြောင့် ခြေလက်သေနေသောရောဂါသည်
အား ယေရှုက၊ ‘ထလော့၊ သင့်အိပ်ရာကိုယူ၍
အိမ်ပြန်သွားလော့” ဟုမိန့်တော်မူ၏။
25ထို့နောက် ထိုသူသည်လည်း လူအများ
ရှေ့၌ ချက်ချင်းထ၍ အိပ်ရာကိုဆောင်ကာ
ဘုရားသခင်အား ချီးမွမ်းလျက် မိမိအိမ်သို့
ပြန်သွားလေ၏။ 26လူအပေါင်းတို့သည် အလွန်
အံ့အားသင့်သွားကြ၏။ သူတို့သည် ဘုရား
သခင်ကိုချီးမွမ်းကြ၏။ သူတို့သည် ဘုရားသခင်
၏တန်ခိုးတော်ကို အံ့ဩလျက် “ယနေ့တွင် ငါ
တို့သည် အံ့ဖွယ်သောအမှုအရာကို မြင်ပြီ” ဟု
ပြောကြ၏။

## လေဝိ(မဿဲ)က ယေရှုနောက်တော်သို့လိုက်ခြင်း

*(မ၊ 9:9-13; မာ၊ 2:13-17)*

27ထိုဖြစ်ရပ်ပြီးနောက် ယေရှုသည် အပြင်
သို့ ထွက်ကြွ၍၊ အခွန်ကောက်ခံရာတဲ၌ ထိုင်
နေသောသူတစ်ယောက်ကို မြင်တော်မူ၏။ သူ
၏အမည်မှာ လေဝိဖြစ်၏။ ယေရှုက သူအား
“ငါ့နောက်သို့ လိုက်လော့” ဟုမိန့်တော်မူ၏။
28လေဝိသည် ရှိသမျှတို့ကို စွန့်ပစ်လျက် ထ၍
ယေရှုနောက်တော်သို့ လိုက်လေ၏။
29ထို့နောက် လေဝိသည် ယေရှုအတွက်မိမိ
အိမ်၌ ကြီးစွာသော ညစာစားပွဲတစ်ပွဲကို ညေ
ခံလေ၏။ စားပွဲ၌ အခွန်ခံသူများနှင့် အပြစ်ရှိ
သောသူတို့သည်လည်း အတူစားသောက်ကြ
၏။ 30ဖါရိရှဲတို့နှင့် ကျမ်းပြုဆရာတို့က ယေရှု၏
တပည့်တော်တို့အား “သင်တို့သည် အဘယ်
ကြောင့် အခွန်ခံသောသူ၊ အပြစ်ရှိသောသူတို့
နှင့်အတူ စားသောက်ကြသနည်း” ဟုကဲ့ရဲ့ဝေ
ဖန်ကြ၏။
31ထိုအခါ ယေရှုက၊ “ကျန်းမာသောသူတို့
သည် ဆေးသမားကို အလိုမရှိကြ။ ဖျားနာ
သော လူတို့သာလျှင် ဆေးသမားကို အလိုရှိ
ကြ၏။ 32ငါသည် လူကောင်းတို့ကို ခေါ်ခြင်းငှါ
လာသည်မဟုတ်။ သို့သော်လည်း၊ အပြစ်သား
တို့သည် မိမိတို့စိတ်နှလုံးနှင့် အသက်တာများ
ကို ပြောင်းလဲရန်အတွက် ခေါ်ခြင်းငှါ၊ ငါလာ
သည်” ဟုမိန့်တော်မူ၏။

## ယေရှုက အစာရှောင်ခြင်းအကြောင်းမေးခွန်းတစ်ခုကို ဖြေကြားတော်မူခြင်း

*(မ၊ 9:14-17; မာ၊ 2:18-22)*

33လူအချို့တို့က ယေရှုအား၊ “ယောဟန်၏
တပည့်တို့နှင့် ဖါရိရှဲတို့၏တပည့်တို့သည် မကြာ
ခဏ အစာရှောင်ဆုတောင်းကြ၏။ သို့သော်

---

**လူသား:** ယေရှုက မိမိကိုယ်အတွက် အသုံးပြုသောနာမည်။ ဒံယေလ 7:13-14၊ ဤနာမည်သည် မေရှိယအတွက်၊ ဘုရားသခင်က သူလူတို့ကို ကယ်တင်ဖို့ ရွေးချယ်သောသူတပါး ဖြစ်သည်။

လည်း၊ ကိုယ်တော်၏တပည့်တော်တို့သည်စား
သောက်လျှက်နေကြသည်” ဟုလျှောက်ကြ၏။
**34**ယေရှုက သူတို့အား၊ “မင်္ဂလာဆောင်ပွဲ
တစ်ခု ကျင်းပသောအခါ သင်တို့သည် သတို့
သား၏အပေါင်းအသင်းတို့ကို သူတို့နှင့်အတူ သ
တို့သားရှိနေစဉ်တွင် အစာရှောင်ခြင်းငှါ မပြု
နိုင်။ **35**သို့သော်လည်း၊ အချိန်တန်၍ သတို့သား
ကို သူတို့ထံမှ ခေါ်သွားသောအချိန် ရောက်
လိမ့်မည်။ ထိုအခါသူတို့သည် အစာရှောင်ကြ
လိမ့်မည်” ဟုမိန့်တော်မူ၏။
**36**ယေရှုက သူတို့အားဥပမာတခုကိုပြောပြ
တော်မူသည်မှာ၊ အဝတ်ဟောင်းကို ဖာရန်
အထည်သစ်ကို အဘယ်သူမျှ သုံးလေ့မရှိ။ ထို
သို့ဖာလျှင် အထည်သစ်သည် ဆွဲဆုတ်တတ်
၏။ ဖာသောအထည်သစ်သည်လည်း အဝတ်
ဟောင်းနှင့် မသင့်မတင့်တတ်။ **37**လူတို့သည်
စပျစ်ရည်အသစ်ကို ဟောင်းသောသားရေဖူး၌
ထည့်လေ့မရှိ။ အကြောင်းမူကား၊ စပျစ်ရည်
သစ်သည် ဟောင်းသောသားရေဖူးကို စုတ်ပြဲ
စေလိမ့်မည်။ ထိုအခါစပျစ်ရည်သည် ယို၍သား
ရေဖူးလည်း ပျက်စီးသွားလိမ့်မည်။ **38**ထို့
ကြောင့် လူတို့သည် စပျစ်ရည်သစ်ကို သားရေ
ဖူးအသစ်၌ ထည့်ရ၏။ **39**စပျစ်ရည်ဟောင်းကို
သောက်ပြီးသောသူသည် စပျစ် ရည်သစ်ကို
အလိုမရှိတတ်။ အကြောင်းမူကား၊ ဟောင်း
သောစပျစ်ရည်သည် သာ၍ကောင်းသည်ကို
သိ၏”' ဟုမိန့်တော်မူ၏။

## ယေရှုသည် ဥပုသ်နေ့၏အရှင်သခင် ဖြစ်တော်မူခြင်း

*(မ၊ 12:1-8; မာ၊ 2:23-28)*

**6** ဥပုသ်နေ့တစ်နေ့တွင် ယေရှုသည် ဂျုံစပါး
လယ်ကွက်တို့ကို ဖြတ်၍ ကြွတော်မူ၏။
တပည့်တော်တို့သည် စပါးအသီးအနှံကို ဆွတ်
၍၊ လက်နှင့်ပွတ်ချေလျှက် စားကြ၏။ **2**ဖာရိရှဲ
အချို့တို့က၊ “သင်တို့သည် ဤအမှုအဘယ်
ကြောင့်ပြုကြသနည်း။ ဥပုသ်နေ့၌ ဤသို့ ပြု
ခြင်းသည် မောရှေ၏ပညတ်တရားကို ဆန့်ကျင်
ခြင်းဖြစ်သည်” ဟုပြောကြ၏။
**3**ယေရှုက “ဒါဝိဒ်နှင့် မိမိအဖေါ်တို့သည်
အလွန်ဆာလောင်မွတ်သိပ်နေသောအခါ သူ
သည် အဘယ်သို့ပြုသည်ကို သင်တို့မဖတ်ဘူး
သလော။ **4**ဒါဝိဒ်သည် ဘုရားသခင်၏အိမ်တော်
သို့ဝင်၍၊ ဘုရားသခင်ကို ပူဇော်ထားသောမုန့်
ကိုယူစား၏။ သူသည် မုန့်တချို့ကို မိမိအပေါင်း
အဖေါ်တို့ကိုလည်းပေး၏။ ပညတ်တော်အရ
ယဇ်ပုရောဟိတ်တို့သာလျှင် စားခွင့်ရှိသော
ကြောင့် ထိုမုန့်ကို စားခြင်းသည် မောရှေ၏
ပညတ်ကျမ်းတရားကို ဆန့်ကျင်ရာရောက်၏။
**5**ထို့ပြင် လူသားသည် ဥပုသ်နေ့ကို အစိုးရ၏”
ဟုမိန့်တော်မူ၏။

## ယေရှုက လူနာတစ်ယောက်ကို ဥပုသ်နေ့ တွင် ကုသတော်မူခြင်း

*(မ၊ 12:9-14; မာ၊ 3:1-6)*

**6**အခြားဥပုသ်နေ့တွင် ယေရှုသည် တရား
ဇရပ်သို့ ကြွသွား၍လူတို့ကို ဆုံးမသြဝါဒပေး
တော်မူ၏။ ထိုနေရာတွင် လက်ယာဘက်သေ
သောသူတစ်ယောက်ရှိ၏။ **7**ဥပုသ်နေ့၌ ယေရှု
သည် ရောဂါကို ငြိမ်းစေမည်၊ မငြိမ်းစေမည်ကို
ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့သည် ကိုယ်တော်
အား အပြစ်တင်နိုင်ခြင်းငှါ စောင့်ကြည့်နေ
ကြ၏။ **8**သို့သော်လည်း၊ ယေရှုသည် သူတို့
စဉ်းစားနေသောအရာကို သိတော်မူ၏။ ယေရှု
သည် လက်ျာလက်သေ၍ မသန်မစွမ်း ဖြစ်နေ
သူအား ‘ထလော့၊ ဤလူတို့ရှေ့မှာ မတ်တတ်
ရပ်လော့’ ဟုမိန့်တော်မူ၏။ ထိုသူသည် ထ၍
ထိုနေရာ၌ မတ်တပ်ရပ်၏။ **9**ထို့နောက် ယေရှု
က သူတို့အား “ပညတ်တော်က ဥပုသ်နေ့၌
အဘယ်သို့ပြုရန်ခွင့် ပြုသနည်း။ ကောင်းသော
အကျင့်လော၊ သို့မဟုတ် ဆိုးသောအကျင့်
လော။ လူတစ်ယောက်၏အသက်ကို ကယ်
တင်ရန် ခွင့်ပြုသလော၊ သို့မဟုတ် လူတစ်
ယောက်၏အသက်ကို သတ်ရန် ခွင့်ပြုသလော”
ဟုမေးတော်မူ၏။ **10**ယေရှုသည် ထိုသူအား

လုံးတို့ကို ပတ်လည်ကြည့်ရှုလျက်၊ မသန်စွမ်းသူ
အား “သင်၏လက်ကို ဆန့်လော့” ဟုမိန့်တော်
မူရာ၊ ထိုသူသည် မိမိလက်ကို ဆန့်ပြ၏။ ထို
အခါသူ၏လက်သည် ဝေဒနာပျောက် ကင်း၍
အကောင်းပကတိ ဖြစ်သွားလေ၏။ 11ဖာရိရှဲတို့
နှင့် ကျမ်းပြုဆရာတို့သည် ယေရှုအား အလွန်
ဒေါသထွက်နေကြ၏။သူတို့က ‘ယေရှုကိုအဘယ်
သို့ပြုရအံ့နည်း” ဟုအချင်းချင်းဆွေးနွေးကြ၏။

## ယေရှုက မိမိတမန်တော်တစ်ဆယ့်နှစ်ပါးကို ရွေးချယ်တော်မူခြင်း

*(မ၊ 10:1-4; မာ၊ 3:13-19)*

12ထိုအချိန်တွင် ယေရှုသည် တောင်ပေါ်သို့
ဆုတောင်းရန် ကြွတော်မူ၏။ သူသည် တောင်
ပေါ်တွင် တစ်ညဉ့်လုံး ဘုရားသခင်အား ဆု
တောင်းတော်မူ၏။ 13နောက်တစ်နေ့နံနက်၌
ယေရှုသည် မိမိတပည့်တော်တို့ကို ခေါ်တော်မူ
၏။တပည့်တော်တို့ထဲမှ တစ်ဆယ့်နှစ်ပါးကိုရွေး
ချယ်တော်မူ၏။ ထိုရွေးချယ်ထားသောသူတို့ကို
‘တမန်တော်များ’ ဟုခေါ်ဝေါ်သမုတ်တော်မူ၏။
ထိုတစ်ဆယ့်နှစ်ပါးမှာ 14(ယေရှုက ပေတရုဟု
အမည်ပေးတော်မူသောရှိမုန်၊ ပေတရု၏ညီ
အန္ဒြေ၊ ယာကုပ်၊ ယောဟန်၊ ဖိလိပ္ပုနှင့်
ဗာသောလမဲ၊ 15မဿဲနှင့် သောမ၊ အာလဖဲ၏
သားယာကုပ်နှင့် ဇေလုပ်* ဟုခေါ် သောရှိမုန်၊
16ယာကုပ်၏သား ယုဒနှင့် ယုဒရှကာရုတ်တို့
ဖြစ်ကြ၏။ ဤတစ်ဆယ့်နှစ် ယောက်ထဲတွင်
ပါရှိသောယုဒရှကာရုတ်သည် ယေရှုအား ရန်
သူများလက်သို့ အပ်နှံသောသူပင် ဖြစ်၏။

## ယေရှုက တရားဟောခြင်း၊ ရောဂါဝေဒနာများအား ကျန်းမာစေတော်မူခြင်း

*(မ၊ 4:23-25; 5:1-12)*

17ယေရှုနှင့် တမန်တော်တစ်ဆယ့်နှစ်ပါးတို့
သည် တောင်ပေါ်မှ ဆင်းလာကြ၏။ ယေရှု
သည် မြေညီရာအရပ်၌ ရပ်တော်မူ၏။ ထိုအ
ရပ်၌ သူ၏နောက်သို့ လိုက်သောလူအုပ်ကြီး
တစ်အုပ်ရှိ၏။ သူတို့သည် ယေရုရှလင်မြို့ မှစ၍
ယုဒပြည်၊ ပင်လယ်ကမ်းနား၊ တုရုနှင့်ဇိဒုန်မြို့
အရပ်ရပ်တို့မှလာကြ၏။ 18သူတို့သည် ယေရှု၏
ဩဝါဒကို နားထောင်ခြင်းငှါရင်း သူတို့၏အနာ
ရောဂါတို့ကို ငြိမ်းစေခြင်းငှါရင်း လာကြ၏။
ယေရှုသည် ညစ်ညူးသောနတ်များ၏ဒုက္ခပေး
ခြင်းခံရသောသူတို့ကိုလည်း ချမ်းသာစေတော်
မူ၏။ 19လူအပေါင်းတို့သည် ယေရှုကို တို့ထိရန်
ကြိုးစားနေကြ၏။ အကြောင်းမူကား၊ ကိုယ်
တော်အထဲက တန်ခိုးထွက်၍ လူအပေါင်းတို့ကို
ကျန်းမာစေတော်မူ၏။
20ယေရှုသည် တပည့်တော်တို့ကို ကြည့်၍

“ဆင်းရဲသော သင်တို့သည် မင်္ဂလာရှိကြ
၏။ အကြောင်းမူကား၊ ဘုရားသခင်၏
နိုင်ငံတော်သည် သင်တို့နှင့်သက်ဆိုင်၏။
21 ယခု ဆာလောင်နေသောသူတို့၊ သင်တို့
သည် မင်္ဂလာရှိကြ၏။ အကြောင်းမူ
ကား၊ သင်တို့သည်ဝပြောခြင်းသို့ရောက်
ကြလိမ့်မည်။ ယခုငိုကြွေးသောသင်တို့
သည် မင်္ဂလာရှိကြ၏။ အကြောင်းမူ
ကား၊ သင်တို့သည် ပျော်ရွှင်မှုနှင့်ရယ်
မောကြလိမ့်မည်။

22“လူတို့သည် လူသားကြောင့် သင်တို့ကို
မုန်း၍ သူတို့အုပ်စုမှ ပယ်ရှားခြင်း၊ စော်ကား
ခြင်းနှင့် အဆိုးအပြစ် သင်တို့၏နာမည်ကို ငြင်း
ပယ်ခြင်းပြုသောအခါသင်တို့သည် မင်္ဂလာရှိ
၏။ 23ထိုနေ့၌ ဝမ်းမြောက်ခြင်း ရှိကြလော့။
ရွှင်မြူးသောစိတ်နှင့် ခုန်ကြလော့။ အကြောင်း
မူကား၊ သင်တို့သည် ကောင်းကင်၌ ကြီးမား
သော ဆုလာဒ်ရှိ၏။ သူတို့၏အဘတို့သည်
ပရောဖက်တို့ကို ထိုနည်းတူပင် ပြုကြ၏။ သူတို့
သည်လည်း သင်တို့အပေါ်၌ ထိုကဲ့သို့ ပြုကြ
လိမ့်မည်။
24“သို့သော်လည်း၊ ချမ်းသာသော သင်တို့
သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူ

**ဇေလုပ်** ဇေလုပ်များသည် ယုဒနိုင်ငံရေးနှင့်ဆိုင်သော
အဖွဲ့ဖြစ်သည်။

ကား၊ သင်တို့သည် မိမိသက်သာခြင်းကို
ယခု ခံရကြ၏။
25 ဝစွာစားရသောသင်တို့သည် အမင်္ဂလာ
ရှိကြ၏။ အကြောင်းမူကား၊ သင်တို့
သည် ငတ်မွတ်ခြင်းသို့ ရောက်လိမ့်မည်။
ယခု ရယ်မောနေကြသော သူတို့သည်
အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊
သင်တို့သည် ဝမ်းနည်းကြေကွဲစွာနှင့် ငို
ကြွေးရလိမ့်မည်။

26"လူတို့သည် သင်တို့ကို ချီးမွမ်းသောအ
ခါ သင်တို့သည် အမင်္ဂလာရှိကြ၏။ သူတို့၏ဘိုး
ဘေးတို့သည် မိစ္ဆာပရောဖက်တို့ကို ထိုသို့ပင်
ပြုကြ၏။

## သင့်ရန်သူတို့ကို ချစ်လော့

*(မ၊ 5:38-48; 7:12a)*

27"သို့သော်လည်း၊ ငါ့စကားကို နားထောင်
နေကြသောသင်တို့အား၊ ငါဆိုသည်ကား သင်
တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကို မုန်း
သောသူတို့အား ကျေးဇူးပြုကြလော့။ 28သင်
တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြ
လော့။ သင်တို့ကို နှောင့်ယှက်သောသူတို့ အ
တွက် ဘုရားသခင်ကို ဆုတောင်းကြလော့။
29တစ်စုံတစ်ယောက်သည် သင်၏ပါးတစ်ဘက်
ကိုရိုက်လျှင် ပါးတဘက်ကိုလည်း ပေးဦးလော့။
တစုံတယောက်သည် သင်၏အပေါ်အင်္ကျီကို
သိမ်းယူလျှင် သင်၏အတွင်းအင်္ကျီကိုလည်း ယူ
စေခြင်းငှါ အခွင့်ပေးဦးလော့။ 30သင့်ထံမှ
တောင်းခံသောသူတိုင်းကို ပေးကမ်းလော့။
တစ်စုံတစ်ယောက်သည် သင့်ထံမှ တစ်စုံတစ်ခု
ကို ယူသွားလျှင် ပြန်မတောင်းနှင့်။ 31သင်တို့
သည် ကိုယ်၌သူတစ်ပါး ပြုစေလိုသည့်အတိုင်း
သူတစ်ပါး၌ပြုကြလော့။ 32သင်တို့ကိုချစ်သော
သူတို့ကိုသာ ချစ်တုံ့ပြန်လျှင် သင်သည် ထိုသို့
ပြုမှုကြောင့် အထူးချီးမွမ်းခြင်းခံရန် ထိုက်တန်
သလော။ မထိုက်တန်ပါ။ အပြစ်ရှိသောလူတို့
ပင်လျှင် သူတို့ကို ချစ်သောသူတို့အား ချစ်တုံ့
ပြန်တတ်ကြ၏။ 33သင်တို့အပေါ်၌ ကောင်းမှု
ပြုသောသူတို့ကိုသာ ကောင်းမှုပြုလျှင် ထိုသို့
ပြုခြင်းကြောင့် အထူးချီးမွမ်းခြင်းခံရန် ထိုက်
တန်သလော။ မထိုက်တန်ပါ။ အပြစ်ရှိသော
သူတို့ပင်လျှင် ဤကဲ့သို့ပြုတတ်ကြ၏။ 34သင်
တို့သည် သူတစ်ပါးကို တစ်စုံတစ်ရာချေးငှား
ပြီး၊ ပြန်ရယူရန် မျှော်လင့်နေလျှင် ထိုသို့ပြု
ခြင်းကြောင့် အထူးချီးမွမ်းခြင်းခံရန် ထိုက်တန်
သလော။ မထိုက်တန်ပါ။ အပြစ်ရှိသောသူတို့
ပင်လျှင် အခြားအပြစ်ရှိသောသူတို့အား ဥစ္စာ
ချေးငှါသောအခါ ပေးဆပ်လိမ့်မည်ဟုမျှော်
လင့်လျက်ချေးငှားကြ၏။ 35ထို့ကြောင့် သင်တို့
၏ရန်သူ တို့ကိုချစ်ကြလော့။ တစ်စုံတစ်ခုကို
ရမည်ဟု မမျှော်လင့်ဘဲ ကျေးဇူးပြုကြလော့။
ချေးငှားကြလော့။ သို့ဖြစ်လျှင် သင်တို့၏ဆု
လာဒ်သည် ကြီးမြတ်၍ သင်တို့သည် အမြင့်
မြတ်ဆုံးသောဘုရားသခင်၏ သားသမီးများ
ဖြစ်ကြလိမ့်မည်။ 36အကြောင်းမူကား၊ ဘုရား
သခင်သည် ကျေးဇူးမသိသောသူနှင့် ဆိုးညစ်
သောသူတို့ကိုလည်း ကရုဏာထားတော်မူ၏။
သင်တို့၏အဘသည် ကရုဏာထားသကဲ့သို့
သင်တို့သည်လည်းကရုဏာထားကြလော့။

## သင့်ကိုယ်သင်ကြည့်လော့

*(မ၊ 7:1-5)*

37"သူတပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်း
ကို မပြုကြနှင့်။ မပြုလျှင်သင်တို့သည်စစ်ကြော
ဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။ သူတစ်
ပါးကို အပြစ်မစီရင်ကြနှင့်။ မစီရင်လျှင် သင်တို့
သည် အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်ကြလိမ့်
မည်။ သူ့အပြစ်ကို လွှတ်ကြလော့။ လွှတ်လျှင်
ကိုယ်အပြစ် လွှတ်လိမ့်မည်။ 38သူတစ်ပါးအား
ပေးကမ်းကြလော့။ ပေးလျှင် သူတစ်ပါးသည်
သင်တို့အား ပေးကမ်းကြလိမ့်မည်။ သင်တို့၏
လက်ထဲတွင် ကိုင်တွယ်နိုင်သည် ထက်ပေးကမ်း
ခြင်းခံရလိမ့်မည်။ သင်တို့သည် အလှန်များပြား
စွာပေးကမ်းခြင်းခံရ၍ သင်၏ခါးပေါ်သို့ ပို
လျှံစီးဆင်းလာလိမ့်မည်။ သင်တို့သည် သူတ

ပါးအား ပေးကမ်းသကဲ့သို့ ဘုရားသခင်သည်
သင်တို့ကိုလည်း ပေးတော်မူလိမ့်မည်” ဟုမိန့်
တော်မူ၏။
39ယေရှုက ပြစ်ရပ်တစ်ခု ပြောပြတော်မူ
သည်မှာ “လူကန်းတစ်ယောက်သည် တခြား
လူကန်းတစ်ယောက်အား လမ်းပြနိုင်သလော။
မပြနိုင်ပါ။ နှစ်ယောက်စလုံးတွင်းထဲသို့ကျသွား
လိမ့်မည်။ 40တပည့်သည် မိမိဆရာထက်ပို၍
မတော်နိုင်။ သို့သော်လည်း အပြည့်အဝ ဆည်း
ပူးသင်ယူသောတပည့်တိုင်းသည် မိမိဆရာကဲ့
သို့ ဖြစ်လိမ့်မည်။
41“သင်၏မျက်စိ၌ ရှိသောတံကျင်ကို မမြင်
နိုင်သောအချိန်တွင် အဘယ့်ကြောင့် သင်ညီ
အစ်ကို၏မျက်စိ၌ရှိသော ဖုန်မှုန့်သေးလေးကို
ကြည့်ရှုသနည်း။ 42သင်၏မျက်စိ၌ ရှိသောတံ
ကျင်ကိုမမြင်နိုင်သောအချိန်တွင် သင်၏ညီအစ်
ကိုအား၊ ‘ညီအစ်ကို၊ သင်၏မျက်စိ၌ရှိသော
ဖုန်မှုန့်သေးလေးကို ငါထုတ် ပါရစေ’ ဟုအ
ဘယ်သို့ ပြောနိုင်မည်နည်း။ သင်သည် သူ
ကောင်းယောင်ဆောင်သောသူ* ဖြစ်၏။ သင်
၏မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာ ထုတ်
လော့။ သို့မှသာ သင့်ညီအစ်ကို၏မျက် လုံး၌ရှိ
သောဖုန်မှုန့်သေးလေးကို ထုတ်ရန်ရှင်းလင်း
စွာ မြင်နိုင်လိမ့်မည်။

## သစ်သီးနှစ်မျိုးနှစ်စား

*(မ၊ 7:17-20; 12:34b-35)*

43“ကောင်းသောသစ်ပင်သည် မကောင်း
သောအသီးကို မသီးနိုင်။ ထိုနည်းတူ မကောင်း
သောသစ်ပင်သည် အသီးကောင်းမဖြစ်ထွန်း
နိုင်။ 44အပင်အသီးသီးသည် သီးသောအသီး
အားဖြင့်သိနိုင်၏။ လူတို့သည် ဆူးချုံပုတ်ထဲမှ
သဖန်းသီးကို မခူးတတ် သို့မဟုတ် ဆူးချုံပုတ်
ထဲမှ စပျစ်သီးကိုမခူးတတ်။ 45ကောင်းသော
သူသည် ကောင်းမွန်သောအတွေးကို မိမိနှလုံး
သားထဲ၌ သိမ်းထားတတ်၏။ ထို့ကြောင့်သူ
သည် ကောင်းသောအရာတို့ကို မိမိနှလုံးသား
ထဲမှ ထုတ်ဖော်၏။ သို့ရာတွင် မကောင်းသော
သူသည် မိမိနှလုံးသားထဲ၌ မကောင်းသော
အတွေးများကိုသာ စုထား၏။ ထို့ကြောင့် ဆိုး
သောအရာတို့ကိုထုတ်ဖော်၏။လူတစ်ယောက်
သည် မိမိစိတ်နှလုံးထဲ၌ ပြည့်သောအရာကို
နှုတ်မြွက်တတ်၏။

## လူနှစ်မျိုးနှစ်စား

*(မ၊ 7:24-27)*

46“ငါသည် သင်တို့အား လုပ်ရန် ပြော
သောအရာကို မလုပ်ဘဲလျက်အဘယ်ကြောင့်
ငါ့ကို၊ ‘သခင်၊ သခင်’ ဟုခေါ်ကြသနည်း။
47ငါ့ထံသို့ လာ၍ ငါ့စကားကို ကြား၍ နား
ထောင်သူသည် အဘယ်သူနှင့် တူသည်ကို
ငါပြောပြမည်။ 48ထိုသူသည် တိုက်တည်သော
အခါ နက်စွာတူး၍ ကျောက်ပေါ်မှာ တိုက်မြစ်
ချထားပြီး ထိုကျောက်ပေါ်၌ အိမ်ဆောက်
သောသူနှင့်တူ၏။ ရေကြီးလာသောအခါ လှိုင်း
သည်ထိုအိမ်ကို ရိုက်ခတ်သော်လည်း ကျောက်
ပေါ်မှာ တည်လျက်ရှိသောကြောင့် မလှုပ်နိုင်။
49သို့သော်လည်း၊ ငါ့စကားကို ကြား၍ နားမ
ထောင်သောသူသည်၊ အခုအခံမရှိဘဲ၊ သဲပေါ်
မှာ တိုက်ကိုဆောက်သောသူနှင့်တူ၏။ ရေ
ကြီးလာသောအခါ လှိုင်းသည် ထိုအိမ်ကို ရိုက်
ခတ်ပြီးချက်ချင်းပြိုလဲသွား၏။ ထိုအိမ်သည် အ
ကုန်အစင် ပျက်စီးသွားသည်” ဟုမိန့်တော်မူ၏။

## ယေရှုက အစေခံတစ်ယောက်ကို ကျန်းမာစေတော်မူခြင်း

*(မ၊ 8:5-13; ယော၊ 4:43-54)*

7 ထိုအကြောင်းအရာအားလုံးတို့ကို ယေရှု
သည် လူတို့အား ဟောတော်မူပြီးမှ
ကပေရနောင်မြို့သို့ ကြွသွားတော်မူ၏။
2ကပေရနောင်မြို့တွင် စစ်ဗိုလ်*တစ်ယောက်ရှိ
၏။ ထိုစစ်ဗိုလ်၏အစေခံတစ်ယောက်သည် အ

---

**သူကောင်းယောင်ဆောင်သောသူ** လူကောင်းလိုပြု
လုပ်ဆောင်ရွက်သောလူဆိုး။

**စစ်ဗိုလ်** ရှေးခေတ်စစ်သား 100 ကျော်အပေါ်တွင် အာ
ဏာရှိသောရောမစစ်တပ်မတော်အရာရှိ။

သည်းအသန်ဖျားနေလေ၏။ စစ်ဗိုလ်သည် ထို
အစေခံကို အလွန်ချစ်၏။ အစေခံသည် အ
သည်း အသန်ဖျားနာ၍ သေလုနီးပါးဖြစ်၏။
[3]ထိုစစ်ဗိုလ်သည် ယေရှုအကြောင်းကို ကြား
သိသောအခါ သူသည် ယုဒအကြီးအကဲတစ်ချို့
ကို ယေရှုထံတော်သို့ စေလွှတ်သဖြင့် ကိုယ်
တော်သည် ကြွလာ၍ သူ၏အစေခံကို ကျန်းမာ
ခြင်းပေးတော်မူရန် တောင်းပန်လေ၏။ [4]ထိုသူ
တို့သည် ယေရှုထံတော်သို့ လာ၍ စစ်ဗိုလ်၏
အစေခံအား ကူညီရန် တောင်းလျှောက်ကြ၏။
သူတို့က ယေရှုအား "ဤစစ်ဗိုလ်သည် ကိုယ်
တော်၏ကူညီမှုရရှိရန် ထိုက်တန်သောသူ ဖြစ်
ပါ၏။ [5]သူသည် အကျွန်ုပ်တို့ လူမျိုးတို့ကိုချစ်
ပါ၏။ ထို့အပြင် သူသည် အကျွန်ုပ်တို့အတွက်
တရားဇရပ်ဆောက်ပေးသောသူ ဖြစ်သည်"
ဟုတောင်းပန်ကြ၏။
[6]ထို့ကြောင့် ယေရှုသည် သူတို့နှင့်အတူ
ကြွတော်မူ၏။ သူတို့သည် စစ်ဗိုလ်၏အိမ်နှင့်
မနီးမဝေး ရောက်တော်မူသောအခါ စစ်ဗိုလ်
သည် မိမိမိတ်ဆွေတို့ကို စေလွှတ်၍ ယေရှုအား
"သခင်၊ အကျွန်ုပ်၏အိမ်သို့ လာရန် ကိုယ့်ကို
ကိုယ် ဒုက္ခပေးတော်မမူပါနှင့်။ အကျွန်ုပ်၏အိမ်
ထဲသို့ ကိုယ်တော်ကြွဝင်တော်မူရန် အကျွန်ုပ်
မထိုက်တန်ပါ။ [7]ထို့ကြောင့်အကျွန်ုပ်သည်ကိုယ်
တော်ထံတော်သို့ ကိုယ်တိုင်မလာခြင်းဖြစ်၏။
ကိုယ်တော်သည် အမိန့်တော်သာပေးရန် လို
အပ်ပါ၏။ သို့ဖြစ်လျှင် အကျွန်ုပ်၏အစေခံသည်
ဖျားနာခြင်းမှ ပျောက်ကင်းသွားလိမ့်မည်။ [8]အ
ကျွန်ုပ်သည် ကိုယ်တော်၏အာဏာတော်ကို
နားလည်ပါ၏။ အကျွန်ုပ်သည်လည်း အရာရှိ
ကြီးများ၏အာဏာအောက်၌ရှိပါ၏။ ထို့အပြင်
အကျွန်ုပ်၏အာဏာအောက်၌ စစ်သားများရှိ
ပါ၏။ အကျွန်ုပ်သည် စစ်သားတစ်ယောက်ကို
'သွား' ဟုဆိုလျှင်သွားပါ၏။ ထို့ပြင်အကျွန်ုပ်
သည် အခြားစစ်သားတစ်ယောက်ကို 'လာ'ဟု
ဆိုလျှင်လာပါ၏။ အကျွန်ုပ်၏အစေခံကို 'ဤအ
အမှုကို လုပ်လော့' ဟုဆိုလျှင် 'လုပ်ပါ၏'ဟု
တပ်မှူးက လျှောက်စေ၏။

[9]ယေရှုသည် စစ်ဗိုလ်ထံမှ ထိုစကားကိုကြား
တော်မူသောအခါ အံ့အားသင့်သွား၏။ ယေရှု
သည် နောက်တော်၌လိုက်သောလူ အုပ်တို့ကို
လှည့်ကြည့်၍ "ငါဆိုသည်ကား၊ ဤမျှလောက်
ကြီးမားသောယုံကြည်ခြင်းကို ဣသရေလအ
မျိုး၌ပင် ငါမတွေ့ဘူးသေး" ဟုမိန့်တော်မူ၏။
[10]ယေရှုထံတော်သို့ စေလွှတ်သောထိုလူစု
တို့သည် အိမ်သို့ပြန်လာကြပြီး အစေခံသည်
ကျန်းမာလျက်နေသည်ကို တွေ့ကြ၏။

## ယေရှုက လူတစ်ယောက်၏အသက်ကို ပြန်ရှင်စေတော်မူခြင်း

[11]နောက်တစ်နေ့၌ ယေရှုသည် နာဣနမြို့
သို့ ကြွသွားတော်မူ၏။ ယေရှု၏တပည့်တော်
တို့နှင့် အလွန်များပြားသောလူအုပ်ကြီးသည်
ကိုယ်တော်နှင့်အတူ ခရီးထွက်လာကြ၏။
[12]ယေရှုသည် မြို့ဝင်ပေါက်အနီးသို့ ရောက်
သောအခါ အသုဘပို့ ဆောင်ကြသောလူတစ်
စုကို တွေ့တော်မူ၏။ မုဆိုးမ၏တစ်ဦးတည်း
သောသားသည် သေဆုံးသွား၍ မြို့ထဲမှ လူအ
များတို့သည် မုဆိုးမနှင့်အတူ အသုဘလိုက်ပို့
ကြ၏။ [13]ယေရှုသည် ထိုမုဆိုးမကို မြင်လျှင်
သူမအတွက် ဝမ်းနည်းတော်မူ၍ "မငိုနှင့်"
ဟုမိန့်တော်မူ၏။ [14]ထိုနောက် ကိုယ်တော်သည်
ကြွ၍ လူသေအလောင်းထည့်သည့်ခေါင်းကို တို့
တော်မူသဖြင့် ထမ်းလာသောသူတို့သည် ရပ်
တန့်သွားကြ၏။ ယေရှုက သေသောလူငယ်
အား၊ အချင်းလုလင်၊ ထလော့၊ သင့်အား ငါ
အမိန့်ရှိသည်" ဟုမိန့်တော်မူ၏။ [15]သေသောသူ
သည် ချက်ချင်း ထိုင်၍ စကားပြော၏။ ယေရှု
သည်ထိုသူကို မိခင်လက်သို့အပ်ပေးတော်မူ၏။
[16]လူအပေါင်းတို့သည် အလွန်အံ့ဩကြ၏။
သူတို့သည် ဘုရားသခင်ကို ချီးမွမ်းလျက်
"ကြီးမြတ်သော ပရောဖက်တစ်ပါးသည် ငါတို့
တွင် ရောက်လာပြီ။ ဘုရားသခင်သည် မိမိလူ
မျိုးတို့ကို မစတော်မူရန် ကြွလာပြီ" ဟုပြော
ဆိုကြ၏။

[17]ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ယေရှု၏သတင်း
တော်သည် ယုဒပြည်နှင့် ပတ်ဝန်းကျင်ရှိ ဒေသ
အသီးသီးသို့ ပျံ့နှံ့သွားလေ၏။

## ယောဟန်က မေးခွန်းတစ်ခုမေးခြင်း

*(မ၊ 11:2-19)*

[18]ယောဟန်၏ တပည့်တို့သည် ထိုဖြစ်ရပ်
များနှင့် ပတ်သက်၍ ယောဟန်ကို ပြောပြကြ
၏။ [19]ထိုအခါ ယောဟန်သည် မိမိတပည့်နှစ်
ယောက်ခေါ်ကိုပြီးလျှင် “ကိုယ်တော်သည် ကြွ
လာသောသူ မှန်သလော၊ သို့မဟုတ် အကျွန်ုပ်
တို့သည် အခြားသောသူကို စောင့်ရပါမည်
လော”ဟုမေးရန်ယေရှုထံတော်သို့စေလွှတ်၏။
[20]ထို့ကြောင့် ယောဟန်၏ တပည့်နှစ်
ယောက်တို့သည် ယေရှုထံတော်သို့ ရောက်
လာကြ၏။ သူတို့က “ဗတ္တိဇံဆရာယောဟန်
သည် အကျွန်ုပ်တို့ကို စေလွှတ်ပြီး ဤမေးခွန်း
ကို မေးခိုင်းပါ၏။ ‘ကိုယ်တော်သည် ကြွလာ
မည့်သူ မှန်သလော။ သို့မဟုတ် အကျွန်ုပ်တို့
သည် တခြားတစ်ယောက်ကို စောင့်ရပါမည်
လော”’ ဟုလျှောက်ကြ၏။
[21]ထိုအချိန်တွင် ယေရှုသည်၊ အနာရောဂါ
ဝေဒနာ အမျိုးမျိုးခံစားနေသော လူအများတို့
နှင့် နတ်ဆိုးပူးကပ်ခံရသောသူတို့ကို ပျောက်
ကင်းစေတော်မူ၏။ ယေရှုသည် မျက်စိကန်း
သောသူတို့ကိုလည်း မျက်စိပြန်မြင်စေတော်
မူ၏။
[22]ထိုနောက် ယေရှုကယောဟန်၏တပည့်
နှစ်ယောက်တို့အား “သင်တို့သည် ဤနေရာ၌
မြင်ခဲ့သမျှ၊ကြားခဲ့သမျှအားလုံးတို့ကိုယောဟန်
အား ပြောပြကြလော့။ မျက်စိကန်းသော သူ
တို့သည် ယခုမျက်စိပြန်မြင်နိုင်ကြ၏။ ခြေမသန်
စွမ်းသောသူတို့သည် ယခုလမ်းလျှောက်နိုင်ကြ
၏။ နူနာစွဲသောသူတို့သည် ယခု သန့်ရှင်းခြင်း
သို့ ရောက်ကြ၏။ နားပင်းသောသူတို့သည်
ယခု နားကြားနိုင်ကြ၏။ သေသောသူတို့သည်
ထမြောက်ခြင်းသို့ ရောက်ရကြ၏။ ထို့ပြင်
ဆင်းရဲသားတို့သည်လည်း ဝမ်းမြောက်ဖွယ်ရာ
သတင်းကို ကြားရကြ၏။ [23]ငါ့ကို လက်ခံနိုင်
သောသူသည် မင်္ဂလာရှိ၏” ဟုမိန့်တော်မူ၏။
[24]ယောဟန်၏တပည့်တို့သည် ပြန်သွားကြ
သောအခါ ယေရှုသည် လူတို့အား ယောဟန်
၏အကြောင်းကို ပြောတော်မူသည်မှာ “သင်
တို့သည် တောသို့ ထွက်သွားသောအခါ အ
ဘယ်မည်သောအရာကို မျှော်လင့်၍ သွား
ကြည့်ကြသနည်း။ လေထဲ၌ ယိမ်းထိုးလှုပ်ရှား
သောကျူပင်လော့။ [25]အဘယ်မည်သောအရာ
ကို ကြည့်ရန် သွားသနည်း။ တင့်တယ်သောအ
ဝတ်ကို ဝတ်ထားသော သူတစ်ယောက်လော။
မဟုတ်ပါ၊ တင့်တယ်သောအဝတ်ကိုဝတ်သော
သူတို့သည် ဘုရင့်အိမ်တော်၌ နေတတ်ကြ၏။
[26]အမှန်တကယ်၊ အဘယ်အရာကို ကြည့်ရန်
သွားကြသနည်း။ ပရောဖက်တစ်ပါး မဟုတ်
လော။ မှန်ပေ၏၊ ငါဆိုသည်ကား၊ သင်တို့
သည် ပရောဖက်ထက် ကြီးမြတ်သောသူကို
မြင်၏။ [27]ဤအကြောင်းသည် ယောဟန်၏
အကြောင်းကို ဆိုလိုခြင်းဖြစ်ရာ၊

> ‘နားထောင်ကြလော့။ ငါ့ကို ကူညီသော
> သူ*ကို သင့်ရှေ့၌ ငါစေလွှတ်မည်။ သူ
> သည် သင့်အတွက် လမ်းကို ပြင်ဆင်ပေး
> လိမ့်မည်’ ဟုရေးသားထား၏။
>
> *မာလခိ၊ 3:1*

[28]ငါဆိုသည်ကား၊ ယောဟန်သည် မိန်းမမွေး
သောသူတို့တွင် အကြီးဆုံးဖြစ်၏။ သို့သော်
လည်း၊ ဘုရားသခင်၏နိုင်ငံတော်၌ အငယ်ဆုံး
သောသူသည် ယောဟန်ထက် သာ၍ကြီး၏။
[29]အခွန်ခံသူမှစ၍ လူအပေါင်းတို့သည် ထို
အကြောင်းကို ကြားသောအခါ ဘုရားသခင်၏
ဆုံးမသြဝါဒမှန်ကန်ကြောင်း ဝန်ခံကြ၏။ ထို
သူတို့သည် ယောဟန်ပေးသောဗတ္တိဇံကို ခံ
ကြ၏။ [30]သို့သော်လည်း ဖာရိရှဲ*တို့နှင့် ကျမ်း
ပြုဆရာတို့သည် ယောဟန်၏ဗတ္တိဇံကိုခံယူခြင်း
ငှါ ငြင်းပယ်ကြ၏။ ဤနည်းဖြင့် သူတို့အတွက်

---

**ကူညီသောသူ** မူရင်းအဓိပ္ပါယ်မှာ “တမန်”

ဘုရားသခင်၏ကြံစည် တော်မူသောကျေးဇူး
တော်ကို ငြင်းပယ်ကြ၏။
31ထိုကြောင်း ဤလူမျိုးကို အဘယ်ဥပမာ
နှင့်ပုံပြုရအံ့နည်း၊ အဘယ်သူနှင့်တူသနည်း။
32သူတို့သည် ဈေးတန်း၌ ထိုင်နေကြသော က
လေးငယ်တို့နှင့်တူကြ၏။ ကလေးတစ်သိုက်က
တခြားကလေးတစ်သိုက်အားခေါ်၍၊

‘ငါတို့သည် သင်တို့အတွက် တီးမှုတ်ပေး
သော်လည်း သင်တို့သည် မကကြ။ ငါ
တို့သည် ကြေကွဲဝမ်းနည်းခြင်းသီချင်းကို
သီဆိုသော်လည်း သင်တို့သည် မငြည်
တမ်းကြ’ ဟုပြောဆိုကြ၏။

33ဗတ္တိဇံဆရာယောဟန် ရောက်လာ၍ တခြား
လူတို့ကဲ့သို့မစား၊ စပျစ်ရည်လည်း မသောက်
ဘဲနေ၏။ သင်တို့က၊ ‘သူသည် နတ်ဆိုးစွဲသော
သူဖြစ်၏’ ဟုပြော၏။ 34လူသား ရောက်လာ၍
တခြားလူတို့ကဲ့သို့စား၍၊ စပျစ်ရည်လည်း
သောက်၏။ သင်တို့က ‘ကြည့်ကြလော့။ သူ
သည် စားကြူးသောသူ၊ စပျစ်ရည်သောက်
ကြူးသောသူဖြစ်၏။ သူသည် အခွန်ခံသူနှင့်ဆိုး
သောသူတို့၏မိတ်ဆွေဖြစ်သည် ဟုဆို၏။’ 35သို့
သော်လည်း၊ ဥာဏ်ပညာသည် သူလုပ်သော
အရာကို မှန်ကန်ကြောင်းသက်သေပြ၏” ဟုမိန့်
တော်မူ၏။

## ဖာရိရှဲရှိမုန်

36ဖာရိရှဲတစ်ယောက်သည် ယေရှုအား သူ
နှင့်အတူ အစာကို သုံးဆောင်တော်မူစေ
ခြင်းငှါ ဖိတ်ခေါ်၏။ ထို့ကြောင့်ယေရှုသည် ထို
ဖာရိရှဲ၏အိမ်သို့ကြွ၍စားပွဲ၌ လျောင်းတော်မူ
၏။ 37ထိုဖာရိရှဲ နေထိုင်သောမြို့တွင် အပြစ်ရှိ
သောမိန်းမတစ်ယောက်ရှိ၏။ ထိုမိန်းမသည်
ဖာရိရှဲ၏အိမ်တွင် ယေရှုညစာစားသောက်
တော်မူသည်ကိုသိ၏။ သူမသည် ကျောက်
ထွင်းဗူး* ထဲတွင် ရေမွှေးအနည်းငယ်ထည့်၏။
38သူမသည် ယေရှု၏ခြေတော်ရင်းတွင် ရပ်
လျက် ငိုကြွေး၏။ ထို့နောက် သူမ၏မျက်ရည်
များဖြင့် ယေရှု၏ခြေတော်ကို ဆေးကြောပေး
ပြီးလျှင် သူမ၏ဆံပင်ဖြင့် ယေရှု၏ခြေတော်ကို
ပွတ်သုတ်ပေး၏။ သူမသည် ယေရှု၏ခြေတော်
ကိုလည်းနမ်း၍ ရေမွှေးနှင့်လိမ်းလျက်နေ၏။
39ယေရှုအား အိမ်သို့ဖိတ်၍ ကျွေးမွေးသော
ဖာရိရှဲက ထိုဖြစ်ရပ်ကို တွေ့မြင်လေ၏။ ဖာရိရှဲ
က “ဤသူသည် ပရောဖက်တစ်ပါးမှန်လျှင်
သူ့ကို တို့ထိသောသူသည် အဘယ်သို့သော
မိန်းမဖြစ်ကြောင်းသိ၍ အပြစ်ရှိသောမိန်းမဖြစ်
ကြောင်း သိလိမ့်မည်” ဟုထင်မှတ်၏။
40ယေရှုက ထိုဖာရိရှဲအား “ရှိမုန်၊ သင့်ကို ငါ
ပြောစရာတစ်ခုရှိ၏” ဟုမိန့်တော်မူ၏။ ရှိမုန် က
“အရှင်ဘုရား၊ အမိန့်ရှိပါ” ဟုလျှောက်လိုက်ရာ
41ယေရှုက “လူနှစ်ယောက်ရှိ၍ ငွေချေးငှား
ပေးသောသူတစ်ယောက်ထံမှ နှစ်ယောက်စ
လုံး ငွေချေးငှားကြ၏။ တစ်ယောက်သည် ငွေ
ပြား*ငါးရာအကြွေးရှိ၏။ နောက်တစ်ယောက်
သည် ငွေပြားငါးဆယ်အကြွေးရှိ၏။ 42သို့သော်
လည်း ထိုသူနှစ်ယောက်စလုံးမှာ ငွေမရှိသော
ကြောင့် သူတို့အကြွေးကို မဆပ်နိုင်ကြ။ ထို့
ကြောင့် ကြွေးရှင်သည် ထိုသူနှစ်ယောက်တို့ကို
ကြွေးပြန်ဆပ်စရာမလိုကြောင်း ပြောလေ၏။
ထိုသူနှစ်ယောက်တို့တွင် အဘယ်သူသည်ကြွေး
ရှင်ကို သာ၍ချစ်လိမ့်မည်နည်း” ဟုမေးတော်
မူရာ၊
43ရှိမုန်က “များပြားသောကြွေးရှိသောသူ
သည် သာ၍ချစ်လိမ့်မည်ဟု အကျွန်ုပ်ထင်ပါ၏”
ဟုပြန်လျှောက်လေ၏။ ထိုအခါ ယေရှုက ရှိမုန်
အား “သင်သည်မှန်ပါ၏” ဟုမိန့်တော်မူ၏။ 44ထို့
နောက် ယေရှုက မိန်းမကို လှည့်ကြည့်ပြီး

---

**ဖာရိရှဲ** ဖာရိရှဲတို့သည် ယုဒလူမျိုးတို့၏ဥပဒေများနှင့် ဓလေ့ထုံးစံများအားလုံးကို သတိရှိစွာလိုက်နာရန် ကြေးကြော်သောဘာသာရေးနှင့်ဆိုင်သောအဖွဲ့ ဖြစ်သည်။

**ကျောက်ထွင်းဗူး** ပန်းပုထုနိုင်သည့်လုပသောကျောက်မျိုး

**ငွေပြား** ရောမဒေနာရိအပြားသည် ပျမ်းမျှပေးခဲ့သော တစ်ရက်လုပ်အားခအတွက် ဖြစ်သည်။

နောက် ရှိမုန်အား “သင်သည် ဤမိန်းမကို
မြင်သလော။ သင်၏အိမ်သို့ ငါသည် ဝင်လာ
သောအခါ သင်သည် ငါ့ကိုခြေဆေးဖို့ရန် ရေမ
ပေး။ သို့သော်လည်း၊ ဤမိန်းမသည် သူမ၏
မျက်ရည်ဖြင့် ငါ့ခြေထောက်ကို ဆေးကြော၍
ဆံပင်ဖြင့်သုတ်ပေး၏။ 45သင်သည်ငါ့ကိုမနမ်း။
သို့သော်လည်း၊ ဤမိန်းမသည် ငါရောက်လာ
သည့်အချိန် မှစ၍ ငါ့ခြေထောက်ကို နမ်းနေ၏။
46သင်သည် ငါ့ခေါင်းပေါ်သို့ ဆီမလောင်း။ သို့
သော်လည်း၊ ဤမိန်းမသည် ငါ့ခြေထောက်ပေါ်
သို့ ရေမွှေးကို လောင်း၏။ 47ထို့ကြောင့် ငါဆို
သည်ကား၊ သူမ၏များစွာသော အပြစ်တို့
သည် ခွင့်လွှတ်ခြင်းခံပြီ။ သို့ဖြစ်၍ သူမသည်
ကြီးမားသောချစ်ခြင်းကို ပေါ်ပြ၏။ သို့သော်
လည်း၊ အနည်းငယ်သောခွင့်လွှတ်ခြင်းခံသော
သူသည် အနည်းငယ်မျှသာ ချစ်တတ်၏။
48ထိုနောက် ယေရှုက ထိုမိန်းမအား “သင်
အပြစ်တို့နှင့် လွှတ်လေပြီ” ဟုမိန့်တော်မူ၏။
49စားပွဲတွင် ရှိနေကြသောလူတို့က “ဤသူ
သည် ကိုယ့်ကိုကိုယ်အဘယ်သို့ ထင်သနည်း။
သူသည် အဘယ်သို့ အပြစ်များကို ခွင့်လွှတ်ဝံ့
သနည်း” ဟုတွေးတောနေကြ၏။ 50ယေရှုက
ထိုမိန်းမအား “သင်၏ယုံကြည်ခြင်းသည် သင့်
ကို ကယ်တင်ပြီ။ ငြိမ်သက်စွာ သွားလော့၊”
ဟုမိန့်တော်မူ၏။

## ယေရှုနှင့်အတူ လူအုပ်စု

8 နောက်တစ်နေ့၌ ယေရှုသည် အချို့သော
မြို့ရွာများကို ဖြတ်၍ ခရီးထွက်တော်မူ၏။
သူသည် ရောက်လေရာနေရာတိုင်း၌ ဘုရား
သခင့်နိုင်ငံတော်၏ ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောတော်မူ၏။ ယေရှုနှင့်
အတူ တမန်တော်တစ်ဆယ့်နှစ်ပါးလည်း ပါလာ
ကြ၏။ 2သူတို့အထဲတွင် အမျိုးသမီးအချို့လည်း
ပါ၏။ ယေရှုသည် ထိုအမျိုးသမီးများ၏ရော
ဂါဝေဒနာများကို ကျန်းမာစေ၍၊ ညစ်ညူးသော
နတ်တို့ကို သူတို့ထံမှ နှင်ထုတ်တော်မူ၏။ ထို
အမျိုးသမီးတို့တွင် တစ်ယောက်၏အမည်မှာ
မာရိဖြစ်၏။ သူမသည် မာဂဒလမြို့မှ ဖြစ်၏။
ယေရှုသည် သူမ၏အတွင်းမှ နတ်ဆိုးခုနစ်
ယောက်ကို နှင်ထုတ်တော်မူ၏။ 3အခြားသော
အမျိုးသမီးတို့၏ အမည်များမှာ ဟေရုဒ်၏အိမ်
တွင်းမှုအုပ်ချုပ်ရေးမှူးဖြစ်သူ ခုဇ၏ဇနီး၊
ယောဟန္န၊ ရှုရှန္နနှင့် အခြားမိန်းမအများပါကြ
၏။ ထိုအမျိုးသမီးတို့သည် သူတို့၏ငွေဖြင့် ယေရှု
နှင့်တပည့်တော်တို့ကို ကူညီမစကြ၏။

## ယေရှုက မျိုးစေ့စိုက်ပျိုးခြင်းအကြောင်းကို အသုံးပြုတော်မူခြင်း

*(မ၊ 13:1-17; မာ၊ 4:1-12)*

4များစွာသောလူတို့သည် အတူတကွ
ရောက်လာကြ၏။ သူတို့သည် မြို့အသီးသီးမှ
ယေရှုထံတော်သို့လာကြ၏။ယေရှုကသူတို့အား
ဤအဖြစ်အပျက်ကို မိန့်တော်မူသည်မှာ၊
5“မျိုးစေ့ကျဲသောသူသည် မျိုးစေ့တို့ကို ကြဲ
ခြင်းငှါ ထွက်သွား၏။ အချို့သောအစေ့တို့သည်
လမ်းဘေး၌ ကျသွား၏။ လူတို့သည် ထိုအစေ့
များကို ကျော်နင်း၍ ငှက်တို့သည် ကောက်
စားကြ၏။
6အချို့သောအစေ့တို့သည် ကျောက်ပေါ်၌
ကျ၏။ ထိုအစေ့တို့သည် ကြီးထွားရန် စတင်
သော်လည်း ရေမရသောကြောင့် သေသွားကြ
၏။ 7အချို့သောအစေ့တို့သည် ဆူးပင်များ
ကြား၌ ကျသွား၏။ သို့သော်လည်း၊ ဆူးပင်
များကြီးထွားလာသောအခါ အစေ့တို့ကို ကြီး
ထွားခြင်းမှဟန့်တားကြ၏။ 8မြေဩဇာကောင်း
မွန်သောမြေပေါ်၌ ကျသောအစေ့အချို့တို့
သည် ကြီးထွားလာ၍ အဆတစ်ရာပွားများ၍
အသီးသီးကြ၏” ဟုမိန့်တော်မူ၏။ ယေရှုသည်
စကားတော်ကို အဆုံးသတ်တော်မူ၏။ ထို့
နောက် ယေရှုသည် လူများအား “ကြားစရာ
နားရှိ သောသူမည်သည်ကား ကြားပါစေ” ဟု
မိန့်တော်မူ၏။
9တပည့်တော်တို့က “ထိုဥပမာ၏အဓိပ္ပါယ်
သည် အဘယ်သို့နည်း” ဟုမေးလျှောက်ကြ၏။

10 ယေရှုက “သင်တို့သည် ဘုရားသခင်
နိုင်ငံတော်၏လျှို့ဝှက်ချက်တို့ကို သိဖို့ရန် ရွေး
ချယ်ခြင်းခံရပြီ။သို့သော်လည်း ငါသည် အခြား
သောလူတို့အား၊

> ‘သူတို့သည် ကြည့်သော်လည်း မမြင်နိုင်။
> သူတို့သည် နားထောင်သော်လည်း နား
> မလည်နိုင်ကြဘဲ ဖြစ်မည်အကြောင်း
> ဥပမာဖြင့် ဟောရ၏။’
>
> *ဟေရှာယ၊ 6:9*

## ယေရှုက မျိုးစေ့များအကြောင်း ရှင်းပြတော်မူခြင်း

*(မ၊ 13:18-23; မာ၊ 4:13-20)*

11 “ဤအရာသည် ဥပမာ၏အဓိပ္ပါယ်ဖြစ်၏။
မျိုးစေ့သည် ဘုရားသခင်၏တရားစကား ဖြစ်
၏။ 12 လမ်းဘေး၌ ကျသွားသောမျိုးစေ့တို့
သည် ဘုရားသခင်၏တရားစကားကို ကြား
သော်လည်း မာရ်နတ်သည် လာ၍ သူတို့နှလုံး
သားထဲမှ တရားစကားကို နှုတ်ယူသွားသော
သူနှင့်တူ၏။ ထို့ကြောင့် ထိုသူတို့သည် တရား
စကားကို မယုံနိုင်၍ကယ်တင်ခြင်းသို့ မရောက်
နိုင်။
13 “ကျောက်ပေါ်၌ ကျသွားသောမျိုးစေ့တို့
သည် ဘုရားသခင်၏တရားစကားကို ကြား၍
ဝမ်းမြောက်စွာ လက်ခံသော်လည်း သူတို့သည်
နက်သောအမြစ်တွယ်ရန်နှင့် ကြီးထွားရန် ခွင့်မ
ပြုသောသူနှင့်တူ၏။ သူတို့သည် ခဏသာ ယုံ
ကြည်၍ စုံစမ်းနှောင့်ရှက်ခြင်းခံသောအခါ
ပေါက်ပြန်တတ်ကြ၏။ 14 ဆူးပင်များကြား၌
ကျသွားသောမျိုးစေ့တို့သည် ဘုရားသခင်၏
တရားစကားကို ကြားနာသော်လည်း သူတို့၏
ကြီးထွားခြင်းကို ရပ်တန့်စေခြင်းငှါ စိုးရိမ်ခြင်း၊
ချမ်းသာခြင်းနှင့်၊ ပျော်ရွှင်ခြင်းတို့ကို ခွင့်ပြု
သောသူနှင့်တူ၏။ ထို့ကြောင့် သူတို့သည် အ
ဘယ်သောအခါ၌မျှ အသီးမသီးပါ။ 15 မြေဩ
ဇာကောင်းသော၊ မြေ၌ကျသောမျိုးစေ့တို့
သည်၊ ဘုရားသခင်၏တရားစကားကို ဖြောင့်
မတ်စင်ကြယ်သောစိတ်နှလုံးနှင့် ကြားနာသော
သူနှင့်တူ၏။ ထို့နောက် သူတို့သည် ဘုရား
သခင်၏တရားစကားကို နာခံ၍ သည်းခံခြင်း
နှင့်အတူ ကောင်းသောအသီးများ ဖြစ်ထွန်း
လာကြ၏။

## သင်၌ ရှိသောအသိဉာဏ်ကိုအသုံးချလော့

*(မာ၊ 4:21-25)*

16 “မီးအိမ်တစ်လုံးကို ထွန်းညှိပြီးလျှင် အိုး
မှောက်၍ ဖုံးထားလေ့မရှိ။ ကုတင်အောက်၌
လည်း ထားလေ့မရှိ။ သို့ရာတွင် အိမ်ထဲသို့
ဝင်လာသောသူတို့သည်အလင်းကို မြင်စေခြင်း
ငှါ မီးအိမ်ကို မီးခုံအပေါ်မှာ တင်ထားလေ့ရှိ၏။
17 ဖုံးကွယ်ထားသောအရာမှန်သမျှတို့သည်ထင်
ရှားလိမ့်မည်။ ဝှက်ထားလျက်ရှိသမျှတို့သည်
ထင်ရှားစွာပွင့်လင်းလိမ့်မည်။ 18 ထို့ကြောင့်သင်
တို့နားထောင်သောအခါ သတိထား၍ ဂရုစိုက်
ကြလော့။ အကြင်သူသည် ပညာရှိ၏။ ထိုသူ
သည် ပို၍ခံယူရရှိလိမ့်မည်။ အကြင်သူသည်
အသိပညာမဲ့၏။ ထိုသူသည်သူ၌ရှိသည်ဟု ထင်
သောအသိပညာပင်လျှင်ဆုံးရှုံးသွားလိမ့်မည်။”

## ယေရှု၏တပည့်တော်တို့သည် သူ၏မိသားစုအမှန်အကန် ဖြစ်ကြ၏

*(မ၊ 12:46-50 မာ၊ 3:31-35)*

19 ယေရှု၏မယ်တော်နှင့် ညီတော်တို့သည်
ယေရှုထံတော်သို့ အလည်အပတ် ရောက်လာ
ကြ၏။ ထိုအရပ်၌ ပရိသတ်အလွန်များသော
ကြောင့်ယေရှု၏မယ်တော်နှင့်ညီတော်တို့သည်
ယေရှုထံတော်သို့ မချဉ်းကပ်နိုင်ဘဲ နေကြ၏။
20 တစ်စုံတစ်ယောက်က ယေရှုအား “ကိုယ်
တော်၏မယ်တော်နှင့် ညီတော်တို့သည် ကိုယ်
တော်ကို တွေ့လိုသောကြောင့် အပြင်မှာ ရပ်
စောင့်နေကြပါ၏” ဟုလျှောက်၏။
21 ယေရှုက “ဘုရားသခင်၏နှုတ်ကပတ်
တော်ကို နားထောင်၍ လိုက်နာသောသူတို့
သည် ငါ့အမိ၊ ငါ့ညီများဖြစ်သည်” ဟုမိန့်တော်
မူ၏။

## တပည့်တော်က ယေရှု၏တန်ခိုးကို တွေ့မြင်ကြခြင်း

*(မ၊ 8:23-27; မာ၊ 4:35-41)*

[22]တစ်နေ့တွင် ယေရှုနှင့် တပည့်တော်တို့
သည် လှေထဲသို့ဝင်၍ “အိုင်တစ်ဘက်သို့ ကူး
ကြကုန်အံ့” ဟုမိန့်တော်မူ၏။ တပည့်တော်တို့
သည် လှေရွက်လွှင့်၍၊ ဂါလိလဲရေအိုင်ကြီးကို
ဖြတ်သွားကြ၏။ [23]သူတို့သည် လှေနှင့်လွှင့်သွား
စဉ် ယေရှုသည် အိပ်ပျော်တော်မူ၏။ ထိုအချိန်
တွင် ရေအိုင်၌ ပြင်းထန်သောမုန်တိုင်း တိုက်
ခတ်လာ၏။ လှေဝမ်းထဲသို့ ရေများဝင်စပြု
လာသဖြင့် သူတို့သည် ကြီးမားသောအန္တရာယ်
နှင့်ကြုံတွေ့နေကြ၏။ [24]တပည့်တော်တို့သည်
ယေရှုထံတော်သို့ သွား၍နိုးကြ၏။ သူတို့က
“သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ရေနစ်တော့
မည်” ဟုပြောကြ၏။ ယေရှုသည် အိပ်ရာမှ
ထ၍၊ လေနှင့်လှိုင်းတံပိုးကို အမိန့်ပေးတော်မူ
၏။ ထိုအခါ လေနှင့်လှိုင်းတံပိုးသည် ငြိမ်း၍
သာယာလေ၏။ [25]ထိုအခါ ယေရှုက“ သင်တို့
၏ယုံကြည်ခြင်းသည် အဘယ်မှာ ရှိသနည်း”
ဟုမိန့်တော်မူ၏။တပည့်တော်တို့သည်ကြောက်
ရွံ့အံ့သြကြ၏။သူတို့က “ဤသူသည် အဘယ်သို့
သောသူနည်း။ သူသည် လေနှင့်လှိုင်းကိုပင်
လျှင် အမိန့်ပေးတော်မူ၍ သူတို့သည် နား
ထောင်ကြ၏” ဟုအချင်းချင်းပြောဆိုကြ၏။

## နတ်ဆိုးဝင်နေသောလူတစ်ယောက်

*(မ၊ 8:34; မာ၊ 5:1-20)*

[26]ယေရှုနှင့် တပည့်တော်တို့သည် ရွက်လွှင့်
၍ ရေအိုင်ကြီးကို ဖြတ်သွားကြ၏။ သူတို့သည်
ဂါလိလဲရေအိုင်ကြီး၏တစ်ဖက်ကမ်းရှိဂါဒရဒေသ
ပြည်သို့လှေဖြင့်လွှင့်သွားကြ၏။ [27]ယေရှုသည်၊
လှေထဲမှ ဆင်းတော်မူသောအခါ ထိုမြို့မှ လူ
တစ်ယောက်သည် ယေရှုကို လာတွေ့၏။ သူ
သည် နတ်ဆိုးစွဲကပ်ခံရသူ ဖြစ်၏။ ထိုသူသည်
ကာလကြာရှည်စွာ အဝတ်ကိုမဝတ်၊ အိမ်၌
မနေနိုင်ဘဲ နေခဲ့ရ၏။ သူသည် သင်္ချိုင်းဂူ
များတွင် နေထိုင်၏။ [28-29]နတ်ဆိုးသည် သူ့ကို
အဖန်များစွာ ဖမ်းဆီးချုပ်ကိုင်ထား၏။ ထိုသူ၏
လက်နှင့်ခြေများကို သံကြိုးများဖြင့် ချည်နှောင်
ထား၍ အကျဉ်းချထားသော်လည်း သူသည်
သံကြိုးများကို ဖြတ်၍ နတ်ဆိုးသည် သူ့ကို
တောအရပ်သို့ နှင်မြဲရှိလေ၏။ ထိုသူသည်
ယေရှုကို တွေ့သောအခါ ယေရှုသည် နတ်ဆိုး
အား ထိုသူထံမှ ထွက်သွားရန် အမိန့်ပေးတော်
မူ၏။ ထိုသူသည် ယေရှု၏ရှေ့မှောက်တော်၌
မြေပေါ်သို့ ချက်ချင်းလဲ၍ “အမြင့်မြတ်ဆုံး
သောဘုရားသခင်၏သားတော်ယေရှု၊ ကိုယ်
တော်သည် အကျွန်ုပ်ကို ညှဉ်းဆဲတော်မမူမည်
အကြောင်း အကျွန်ုပ်တောင်းပန်ပါသည်” ဟု
ကျယ်လောင်သောအသံနှင့် အော်ဟစ်၍
လျှောက်ဆိုလေ၏။
[30]ယေရှုက “သင်သည်အဘယ်အမည်ရှိ သ
နည်း”ဟုမေးတော်မူရာ ထိုသူက“လေဂေါင်” *
ဟုဖြေလိုက်၏။ ထိုသူသည် လေဂေါင်ဟု ဖြေ
လိုက်ရခြင်းမှာ သူသည် နတ်ဆိုးအများ စွဲကပ်
ခံနေသောကြောင့် ဖြစ်၏။) [31]နတ်ဆိုးတို့သည်
ယေရှုအား ထာဝရမှောင်မည်းသော နေရာ
ဖြစ်သည့်အဆုံးမရှိနက်ရှိုင်းသောတွင်းသို့ မပို့
ရန် တောင်းပန်ကြ၏။ [32]ထိုနေရာနှင့် မလှမ်း
မကမ်းရှိတောင်ကုန်းပေါ်တွင် များစွာသော
ဝက်အစုသည် ကျက်စားလျက်ရှိကြ၏။ နတ်ဆိုး
တို့က သူတို့အား ဝက်များထဲသို့ ဝင်ခွင့်ပြုပါ
မည်အကြောင်း တောင်းပန်ကြသဖြင့် ယေရှုက
အခွင့်ပေးတော်မူ၏။ [33]နတ်ဆိုးတို့သည် လူမှ
ထွက်၍၊ ဝက်များထဲသို့ ဝင်ကြ၏။ ထိုအခါ
ဝက်အုပ်ကြီးသည် မတ်စောက်သောတောင်
ကုန်းပေါ်မှ ပြေးဆင်းကာ ရေအိုင်ထဲသို့ကျသွား
၍ ရေနစ်သေကြ၏။ [34]ဝက်ကျောင်းသောသူ
တို့သည် ပြေး၍ ထိုဖြစ်ရပ်အားလုံးတို့ကိုမြို့တွင်း
နှင့်လယ်ကွင်း၌ရှိသောလူတို့ကို ပြောကြ၏။

---

**လေဂေါင်** ဤနာမည်၏အနက်အဓိပ္ပါယ်မှာ “အလွန်များပြားသော” လေဂေါင်သည် ရောမစစ်သားထဲမှ လူ 5000 လောက်ရှိသည်။

35ထို့ကြောင့် လူတို့သည် မည်သို့ဖြစ်နေ
သည်ကို လာရောက်ကြည့်ရှုကြ၏။ သူတို့သည်
ယေရှုထံတော်သို့ ရောက်လာကြသောအခါ၊
ထိုသူသည် ယေရှု၏ခြေတော်ရင်း၌ ထိုင်နေ
သည်ကို မြင်ကြ၏။ သူသည် အဝတ်ကို ဝတ်
ဆင်၍၊ စိတ်ထားမှုမှန် ဖြစ်နေလေ၏။ နတ်ဆိုး
တို့သည် သူ့ထံမှထွက်သွားပြီဖြစ်၏။ လာကြည့်
ကြသောသူတို့သည် ကြောက်ရွံ့ခြင်းသို့ ရောက်
ကြ၏။ 36အဘယ်သို့ဖြစ်ပျက်ခဲ့သည်ကို တွေ့မြင်
ကြသောသူတို့သည် အခြားသောလူတို့အား
ယေရှုသည် အဘယ်သို့သောအားဖြင့် နတ်ဆိုး
စွဲသောသူအား ကျန်းမာစေသည်ကို ပြောပြကြ
၏။ 37ထိုသူအပေါင်းတို့သည်၊ ယေရှုအား မိမိ
တို့ပြည်မှ ထွက်သွားတော်မူမည်အကြောင်း
တောင်းပန်ကြ၏။ သူတို့သည် အလွန်ထိတ်လန့်
တုန်လှုပ်နေကြ၏။ ထို့ကြောင့် ယေရှုသည်
ဂါလိလဲပြည်သို့ ပြန်သွားရန် လှေထဲသို့ဝင်
တော်မူ၏။ 38ထိုအခါယေရှု၏ကျန်းမာခြင်းပေး
တော်မူသောသူသည်၊ ယေရှုနှင့်အတူ လိုက်ပါ
မည်အကြောင်းတောင်းပန်၏။သို့သော်လည်းေ-
ယရှုက ထိုသူ့အား၊
39“သင်သည်ကိုယ့်အိမ်သို့ပြန်သွား၍ဘုရား
သခင်သည်သင့်အတွက်အဘယ်အရာ လုပ်ပေး
တော်မူသည်ကို လူတို့အား ပြောပြလော” ဟု
မိန့်တော်မူ၏။ ထို့ကြောင့် သူသည် မြို့လုံးပတ်
လည် လျှောက်သွားကာ ယေရှုသည် သူ့အ
တွက် အဘယ်အရာ လုပ်ပေးသည်ကို ပြောပြ
လေ၏။

## ယေရှုက သေဆုံးနေသောမိန်းကလေးအား ပြန်ရှင်စေပြီး၊ ရောဂါသည် အမျိုးသမီးတစ်ဦးကို ကုသတော်မူခြင်း

*(မ၊ 9:18-26; မာ၊ 5:21-43)*

40ယေရှုသည် ဂါလိလဲပြည်သို့ ပြန်ရောက်
တော်မူသောအခါ၊ လူတို့ကကြိုဆိုကြ၏။ လူအ
စုအဝေးအပေါင်းတို့သည် သူ့ကို စောင့်မျှော်နေ
ကြ၏။ 41ယာဣရုဆိုသောလူတစ်ယောက်
သည် ယေရှုထံတော်သို့လာ၏။ ယာဣရု
သည် တရားဇရပ်၏ခေါင်းဆောင်ဖြစ်၏။ သူ
သည် ယေရှု၏ခြေတော်ရင်း၌ ပြပ်ဝပ်အရိုအ
သေပြု၍ သူ့အိမ်သို့ ကြွတော်မူရန် တောင်းပန်
၏။ 42ယာဣရုတွင် သမီးတစ်ယောက်သာ ရှိ၍
သူမသည် အသက်တစ်ဆယ့်နှစ်နှစ်ရှိ၏။ ထို
မိန်းမငယ်သည် သေလုဆဲဖြစ်၏။ ယေရှုသည်
ယာဣရု၏အိမ်သို့ကြွတော်မူစဉ် လူအုပ်ကြီး
သည် ယေရှု၏ပတ်ဝန်းကျင်၌ တင်းကျပ်စွာ
ဝိုင်းအုံလာကြ၏။ 43ထိုလူအုပ်ထဲတွင် အမျိုးသ
မီးတစ်ယောက်လည်းပါ၏။သူမသည်တစ်ဆယ့်
နှစ်နှစ်တိုင်တိုင် သွေးသွန်သော ရောဂါဝေဒနာ
ကို ခံစားနေရ၏။ သူမတွင်ရှိသမျှ ငွေကြေးများ
ကို အသုံးပြု၍ ကုသမှုခံယူသော်လည်း မည်
သည့်ဆေးသမားတစ်ဦးကမျှသူမကို ချမ်းသာ
အောင်မကုသနိုင်ချေ။ 44ထိုအမျိုးသမီးသည်
လူအုပ်ကြားထဲမှ တိုးဝင်လာ၍ ယေရှုနောက်
တော်သို့ ရောက်လာ၏။ သူမသည် ယေရှုဝတ်
တော်မူသောအဝတ်တော်၏ပန်းပွားကို သူမ၏
လက်ဖြင့် တို့ထိ၏။ ထိုခဏခြင်းတွင် သူမ၏
သွေးသွန်ခြင်း ရပ်တန့်သွား၏။ 45ယေရှုက “ငါ့
ကို အဘယ်သူတို့သနည်း” ဟုမေးတော်မူ၏။လူ
အားလုံးတို့သည် ယေရှုကို သူတို့မတို့ကြောင်း
ပြောကြ၏။ ပေတရုက ယေရှုအား “သခင်၊ ဤ
မျှလောက်များစွာသောလူအုပ်ကြီးသည် ကိုယ်
တော်၏ပတ်ဝန်းကျင်၌ တင်းကျပ်စွာ စုပေး
နေကြပါ၏” ဟုလျှောက်လေ၏။
46သို့သော်လည်း၊ ယေရှုက “တစ်စုံတစ်
ယောက်သောသူသည် ငါ့ကိုတို့လေပြီ။ ငါ့ကိုယ်
ထဲ တန်ခိုးထွက်သည်ကို ခံစားသိရ၏” ဟုမိန့်
တော်မူ၏။ 47ထိုအမျိုးသမီးသည် မိမိပုန်းရှောင်
မရနိုင်သည်ကိုသိ၏။ ထို့ကြောင့် သူမသည်တုန်
လှုပ်လျက်လာ၍ ယေရှု၏ရှေ့တော်တွင် ဒူး
ထောက်လျက်နေ၏။ သူမသည် ယေရှုအား
အဘယ်ကြောင့် တို့ရသည်ကိုငင်း၊ သူမ၏ရော
ဂါဝေဒနာသည် အဘယ်သို့ ချက်ချင်း ပျောက်
ကင်းသွားသည်ကိုငင်း၊လူအားလုံးတို့၏ရှေ့တွင်
ပြောပြလေ၏။ 48ထိုအခါ ယေရှုက သူမအား
“ငါ့သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာ

ကို ငြိမ်းစေပြီ။ ငြိမ်ဝပ်စွာ သွားလော့” ဟုမိန့်
တော်မူ၏။
49ယေရှုသည် စကားပြောတော်မူစဉ်ပင်
တရားဇရပ်ခေါင်းဆောင် ယာဣရု၏အိမ်မှ လူ
တစ်ယောက် လာ၍ “သင်၏သမီးလေးသေပါ
ပြီ။ ထို့ကြောင့် ဆရာ့ကို မနှောင့်ယှက်ပါနှင့်”
ဟုပြောလေ၏။
50ထိုအခါ ယေရှုက ယာဣရုအား “မ
ကြောက်နှင့်။ ယုံကြည်ခြင်းရှိလော့၊သင်၏သမီး
သည်ကျန်းမာခြင်းရလိမ့်မည်”ဟုမိန့်တော်မူ၏။
51ယေရှုသည် အိမ်ထဲသို့ ဝင်တော်မူ၏။
ယေရှုသည် မိန်းမငယ်၏မိဘ၊ ပေတရု၊
ယောဟန်နှင့် ယာကုပ်တို့ကို သာသူနှင့်အတူ
မိန်းမငယ်၏အတွင်းခန်းသို့ ဝင်ခွင့်ပြုတော်မူ၏။
ယေရှုသည် အခြားမည်သူမျှ အခန်းတွင်းသို့
ဝင်ခွင့်ပြုတော်မမူ။ 52လူအပေါင်းတို့သည် သေ
ဆုံးသွားသောမိန်းကလေးအတွက် ငိုကြွေး
မြည်တမ်းကြ၏။ ယေရှုက “မငိုကြနှင့်။ မိန်းက
လေးသည် သေသည်မဟုတ်။ အိပ်ပျော်နေ၏”
ဟုမိန့်တော်မူ၏။
53လူတို့သည် မိန်းကလေးသေကြောင်းကို
သိသောကြောင့် ယေရှုကို ပြက်ရယ်ပြုကြ၏။
54သို့သော်လည်း ယေရှုသည် မိန်းမငယ်၏
လက်ကို ကိုင်၍ “မိန်းမငယ်၊ ထလော့” ဟုမိန့်
တော်မူ၏။ 55မိန်းမငယ်ဝိညာဉ်သည်သူမထံသို့
ပြန်လည်ရောက်ရှိလာကာ သူမသည် ချက်ချင်း
မတ်တတ်ရပ်၏။ ယေရှုက “မိန်းမငယ်ကို စား
စရာတစ်ခုခုကျွေးလော့” ဟုမိန့်တော်မူ၏။
56မိန်းမငယ်၏မိဘတို့သည် အံ့သြကြ၏။ ယေရှု
သည် ထိုဖြစ်ရပ်ကို အဘယ်သူမျှ ပြန်မပြောရန်
သူတို့အား မိန့်တော်မူ၏။

## ယေရှုက မိမိ၏တမန်တော်တို့ကို သာသနာ့ နယ်မြေသို့ စေလွှတ်တော်မူခြင်း

*(မ၊ 10:5-15; မာ၊ 6:7-13)*

9 ယေရှုသည် တပည့်တော်တစ်ဆယ့်နှစ်ပါး
တို့ကို စုဝေးစေတော်မူပြီးမှ နတ်ဆိုးအ
ပေါင်းတို့ကို နှင်ထုတ်နိုင်သောတန်ခိုးနှင့် အနာ
ရောဂါတို့ကို ငြိမ်းစေခြင်းငှါ အခွင့်တန်ခိုးကို
ပေးတော်မူ၏။ 2ထို့နောက် ကိုယ်တော်သည်
တပည့်တော်တို့ကို ဘုရားသခင်၏နိုင်ငံတော်
အကြောင်းကို ဟောပြောစေခြင်းငှါရင်း၊ လူနာ
တို့ကို ကျန်းမာစေခြင်းငှါရင်း စေလွှတ်တော်
မူ၏။ 3ထို့နောက် ယေရှုက သင်တို့ခရီးသွား
သောအခါ လမ်းလျှောက်တုတ် တစ်ချောင်းကို
ပင် မယူသွားကြနှင့်။ သင်တို့သည် လွယ်အိတ်၊
အစားအသောက်၊ ငွေကြေးတို့ကို မယူသွားရ။
သင်တို့၏ကိုယ်ပေါ်မှာ ဝတ်ထားသောအဝတ်
ဘဲပါသွားလော့။ 4သင်တို့သည် မည်သည့်
သောအိမ်သို့ဝင်လျှင် ထိုအရပ်မှ မထွက်
သွားမီတိုင်အောင် ထိုအိမ်တွင် နေကြလော့။
5ထိုမြို့၌ ရှိသောသူတို့သည် သင်တို့ကို မကြိုဆို
လျှင် မြို့ပြင်ကို ထွက်သွားပြီး သင်တို့ခြေ
ဖဝါး၌ ကပ်နေသောဖုန်မှုန့်များကို ခါချ လော့။
ဤအရာသည် သူတို့အတွက် သတိ ပေးခြင်း
ဖြစ်လိမ့်မည် ဟုမိန့်တော်မူ၏။
6ထို့နောက် တပည့်တော်တို့သည် ထွက်ခွာ
သွားကြ၏။ သူတို့သည် မြို့ရှိသမျှသို့ ရောက်
ရှိခဲ့ကြ၏။ သူတို့ရောက်လေရာနေရာတိုင်းတွင်
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဟော
ပြော၍ ရောဂါဝေဒနာသည်များအား အနာ
ရောဂါကို ငြိမ်းစေကြ၏။

## ယေရှုနှင့်ပတ်သက်၍ ဟေရုဒ် စိတ်ရှုပ်သွားခြင်း

*(မ၊ 14:1-12; မာ၊ 6:14-29)*

7မြို့တော်ဝန်ဟေရုဒ်သည် ဖြစ်ပျက်ခဲ့သော
အကြောင်းအရာအားလုံးတို့ကို ကြားသိရ၏။
သူသည်လူတို့၏ပြောကြားချက်ကြောင့် သူစိတ်
ရှုပ်သွား၏။ လူအချို့က 'ဗတ္တိဇံဆရာယောဟန်
သည် သေခြင်းမှပြန်လည် ရှင်ပြန်ထမြောက်
လာပြီ' ဟုပြောကြ၏။ 8အချို့က “ဧလိယသည်
ငါတို့ထံသို့ ရောက်နေပြီ” ဟုပြောကြ၏။ အ
ခြားတစ်ချို့က “ရှေးပရောဖက် တပါးပါးသည်
သေခြင်းမှ ရှင်ပြန်ထမြောက်လာပြီ” ဟုပြော
ကြ၏။ 9ဟေရုဒ်က “ယောဟန်၏ခေါင်းဖြတ်ရန်

ငါကိုယ်တိုင် အမိန့်ပေး၏။ သို့ဖြစ်လျှင် ဤအ
ကြောင်းအရာများကို ငါကြားရသော ဤသူ
ကား အဘယ်သူနည်း” ဟုဆို၏။ ဟေရုဒ်သည်
ယေရှုအား တွေ့ရန် ဆက်လက်ကြိုးစားနေ
လေ၏။

## ယေရှုက လူငါးထောင်ကျော်အား ကျွေးမွေးတော်မူခြင်း

*(မ၊ 14:13-21; မာ၊ 6:30-44; ယော၊ 6:1-14)*

10ယေရှု၏တမန်တော်တို့သည် ပြန်လည်
ရောက်ရှိလာကြသောအခါ သူတို့သွားကြ
သောခရီးတစ်လျှောက်တွင် မိမိပြုသမျှတို့ကို
ယေရှုအား ပြန်လည်ပြောပြကြ၏။ ထို့နောက်
သူတို့သာလျှင် အတူတကွ နေနိုင်ရန် ယေရှု
သည် မိမိတပည့်တော်တို့ကို ဗက်ဇဲဒမြို့သို့ ခေါ်
ဆောင်သွားတော်မူ၏။ 11လူတို့သည် ယေရှု
မည်သည့်နေရာသို့ ရှိတော်မူသည်ကို သိသော
ကြောင့် ကိုယ်တော်၏နောက်တော်သို့ လိုက်
ကြ၏။ ယေရှုသည် သူတို့ကို ကြိုဆို၍ ဘုရား
သခင်၏နိုင်ငံတော်အကြောင်း ပြောပြတော်မူ
၏။ ဖျားနာသောသူတို့ကိုလည်း ကျန်းမာခြင်း
ပေးတော်မူ၏။
12ညဉ့်ဦးပိုင်းသို့ ရောက်သောအခါ တမန်
တော် တစ်ဆယ့်နှစ်ပါးသည် ယေရှုရှိတော်မူ
ရာသို့ ရောက်လာကြ၍ သူတို့က “ဤပတ်ဝန်း
ကျင်၌ အဘယ်သူမျှ မနေပါ။ လူတို့ကို လွှတ်
တော်မူပါ။ သူတို့သည် စားစရာနှင့် အိပ်စရာ
နေရာများကို ပတ်ဝန်းကျင်ရှိ လယ်ကွင်းများ
နှင့် မြို့များတွင်သွားရှာရန် လိုအပ်ပါ၏” ဟု
လျှောက်ကြ၏။
13သို့သော်လည်း၊ ယေရှုက မိမိတမန်တော်
တို့အား “သူတို့ကို သင်တို့ကျွေးကြလော့” ဟု
မိန့်တော်မူ၏။

တမန်တော်တို့က “အကျွန်ုပ်တို့ မှာ
မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်သာရှိပါ၏၊ ဤ
လူအားလုံးတို့အတွက် စားစရာသွားဝယ်ပေး
ရန် ကိုယ်တော်သည် အကျွန်ုပ်တို့ကို အလို
တော်ရှိသလော” ဟုလျှောက်ကြ၏။ 14ဤသို့
လျှောက်သည် အကြောင်းကား (စုစုပေါင်း
ယောက်ျား ငါးထောင်ခန့်ရှိသောကြောင့်
ဖြစ်၏။)

ယေရှုသည် မိမိတပည့်တော်တို့အား “လူ
များတို့ကို တစ်စုလျှင် ငါးဆယ်စီအစုစု ထိုင်စေ
ကြလော့” ဟုမိန့်တော်မူ၏။
15ထိုအခါ တပည့်တော်တို့သည် ယေရှုမိန့်
တော်မူသည့်အတိုင်း လူငါးဆယ်စီအုပ်စုလိုက်
ထိုင်စေကြ၏။ 16ထို့နောက် ယေရှုသည် မုန့်ငါး
လုံးနှင့် ငါးနှစ်ကောင်ကို ယူ၍ကောင်းကင်သို့
မျှော်ကြည့်လျက်ထိုအစားအစာအတွက်ဘုရား
သခင်၏ကျေးဇူးတော်ကို ချီးမွမ်းတော်မူ၏။
ထို့နောက် ထိုမုန့်ကို ဖဲ့၍ လူတို့ကို ခွဲဝေပေးရန်
တပည့်တော်တို့အား ပေးတော်မူ၏။ 17လူအ
ပေါင်းတို့သည် စား၍ဝကြပြီးမှ ကျန်ရှိနေသော
အစားအစာများစွာရှိ၏။ ထိုကြွင်းရစ်သော အ
ကျိုးအပဲ့ကို ကောက်သိမ်း၍ တစ်ဆယ့်နှစ်
တောင်း အပြည့်ရကြ၏။

## ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည်ဟု ပေတရုက ပြေဆိုခြင်း

*(မ၊ 16:13-19; မာ၊ 8:27-29)*

18တစ်ချိန်တွင် ယေရှုသည် တစ်ယောက်
တည်း ဆုတောင်းတော်မူ၏။ တပည့်တော်တို့
သည် ထိုနေရာသို့အတူတကွ ရောက်လာကြ
၏။ ယေရှုက တပည့်တော်တို့အား ‘လူတို့သည်
ငါ့ကို အဘယ်သူဖြစ်သည်ဟု ပြောကြသနည်း
’ဟုမေးမြန်းတော်မူ၏။
19တပည့်တော်တို့က၊“အချို့က ကိုယ်တော်
သည် ဗတ္တိဇံဆရာယောဟန် ဟုပြောကြ၏။
အချို့က ကိုယ်တော်သည် ဧလိယဖြစ်သည်
ဟုပြောကြ၏။ ထို့နောက် အချို့က ကိုယ်တော်
သည် သေခြင်းမှရှင်ပြန်ထမြောက်သော ရှေး
တုန်းက ပရောဖက်တစ်ပါးပါးဖြစ်သည် ဟူ၍
ပြောကြ၏” ဟုလျှောက်ကြ၏။
20ထိုအခါ ယေရှုက တပည့်တော်တို့အား၊
“သင်တို့သည် ငါ့ကို အဘယ်သူဖြစ်သည်ဟု
ပြောကြသနည်း” ဟုမေးတော်မူရာ၊

ပေတရုက "ကိုယ်တော်သည် ဘုရားသခင်
ထံတော်မှ လာသောခရစ်တော် ဖြစ်တော်မူ
သည်" ဟုလျှောက်လေ၏။
21ယေရှုက မည်သူ့ကိုမျှမပြောရန်သတိပေး
တော်မူ၏။

## ယေရှုက မိမိသေရမည့်အကြောင်း ပြောပြတော်မူခြင်း

*(မ၊ 16:20-28; မာ၊ 8:30-9:1)*

22ထိုနောက် ယေရှုက "လူသားသည် များ
စွာခံရ၍ ယုဒလူမျိုးအကြီးအကဲ၊ ယဇ်ပုရော
ဟိတ်အကြီးနှင့်ကျမ်းပြုဆရာတို့၏ငြင်းပယ်ခြင်း
ကို ခံရလိမ့်မည်။ လူသားသည် အသတ်ခံရ
လိမ့်မည်။ သို့သော်လည်း သုံးရက်မြောက်ပြီးမှ
သူသည် သေခြင်းမှထမြောက်လိမ့်မည်" ဟု
မိန့်တော်မူ၏။
23ထိုနောက် ယေရှုက လူအပေါင်းတို့အား
"တစုံတယောက်သောသူသည် ငါ့နောက်သို့
လိုက်လိုလျှင် သူအလိုရှိသောအရာ မှန်သမျှကို
မလိုပါ" ဟုပြောရမည်။ ထိုသူသည် သူ၌ပေး
ထားသော လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း
၍ ငါ့နောက်သို့ လိုက်ရမည်။ 24မည်သူမဆို
မိမိအသက်ကို ကယ်ဆယ်လိုသောသူသည် အ
သက်ရှုံးလိမ့်မည်။ မည်သူမဆို ငါ့အတွက် အ
သက်ရှုံးသောသူသည် မိမိအသက်ကို ကယ်
ဆယ်လိမ့်မည်။ 25လူတစ်ယောက်သည် ကမ္ဘာ
ကြီးတစ်ခုလုံးကို ပိုင်ဆိုင်၍ မိမိအသက်ကို ပျက်
ဆီးဆုံးရှုံးလျှင် အဘယ်အကျိုးရှိသနည်း။ 26မည်
သူမဆို ငါ့ကိုငှင်း ငါ၏ဆုံးမသြဝါဒများကိုငှင်း၊
ရှက်လျှင် ငါသည် ထိုသူကို ရှက်စေလိမ့်မည်။
ငါသည် ငါ့ဘုန်းတန်ခိုး၊ အဖခမည်းတော်၏
ဘုန်းတန်ခိုး၊ သန့်ရှင်းသောကောင်းကင်တမန်
တို့၏ဘုန်းကို ဆောင်လျက် ကြွလာသောအခါ
ငါသည် ထိုသူကို ရှက်လိမ့်မည်။ 27ငါအမှန်ဆို
သည်ကား၊ ဤအရပ်၌ ရပ်နေသောသင်တို့
အချို့တို့သည် ဘုရားသခင်၏နိုင်ငံတော်ကို
မသေမီမြင်ရလိမ့်မည်' ဟုမိန့်တော်မူ၏။

## မောရှေ၊ ဧလိယနှင့်ယေရှု

*(မ၊ 17:1-8; မာ၊ 9:2-8)*

28ယေရှုသည် ထိုသို့ မိန့်တော်မူပြီးနောက်
ရှစ်ရက်လွန်သောအခါ ကိုယ်တော်သည်
ပေတရု၊ ယာကုပ်နှင့် ယောဟန်သုံးယောက်
ကိုခေါ်၍ ဆုတောင်းခြင်းငှါ တောင်ပေါ်သို့တက်
ကြွတော်မူ၏။ 29ယေရှုသည် ဆုတောင်းနေစဉ်
မျက်နှာတော်သည် ပြောင်းလဲ၍ အဝတ်တော်
လည်း ဆွတ်ဆွတ်ဖြူ၍ တောက်ပလာ၏။ 30ထို
နောက် လူနှစ်ယောက်သည် ပေါ်လာ၍ ယေရှု
နှင့် စကားပြောကြ၏။ ထိုလူနှစ်ယောက်မှာ
မောရှေနှင့်ဧလိယဖြစ်၏။ 31မောရှေနှင့် ဧလိယ
တို့သည်လည်း တောက်ပကြ၏။ သူတို့သည်
ယေရုရှလင်မြို့၌ ဖြစ်ပေါ်မည့် ယေရှု၏သေခြင်း
အကြောင်းအရာများကို ပြောကြ၏။ 32ပေတရု
နှင့် အခြားသောသူနှစ်ယောက်တို့သည် အိပ်
ပျော်ကြ၏။သို့သော်လည်း၊ သူတို့သည် နိုးလာ
သောအခါ ယေရှု၏ဘုန်းအသရေတော်ကို မြင်
ကြ၏။ ယေရှုနှင့်ရပ်နေသူနှစ်ဦးကိုလည်း တွေ့
မြင်ကြ၏။ 33မောရှေနှင့်ဧလိယတို့ ပြန်သွား
ကြမည့်အချိန်တွင်ပေတရုကယေရှုအား"သခင်၊
အကျွန်ုပ်တို့ ဤနေရာ၌နေဘွယ် ကောင်းပါ၏။
ကိုယ်တော်အတွက် တဲတစ်ဆောင်၊ မောရှေ
အတွက် တဲတဆောင်နှင့် ဧလိယအတွက် တဲ
တဆောင်၊ တဲသုံးဆောင်ကို အကျွန်ုပ်တို့
ဆောက်လုပ်မည်"ဟုလျှောက်လေ၏။ ပေတရု
သည် မိမိအဘယ်သို့ ပြောနေသည်ကိုမသိ။
34ပေတရုသည် ထိုသို့ပြောနေစဉ် မိုးတိမ်
သည် လာ၍ သူတို့ကို ဖုံးအုပ်လွှမ်းခြုံလာ၏။
သူတို့သည် မိုးတိမ်ထဲသို့ ဝင်သည်ကို ပေတရု၊
ယာကုပ်နှင့် ယောဟန်တို့သည် ကြောက်ရွံ့နေ
ကြ၏။
35မိုးတိမ်အတွင်းမှ အသံတော်သံထွက်
လာ၏။ ထိုအသံက 'ဤသူသည် ငါ့သားဖြစ်၏။
သူသည် ငါရွေးချယ်ထားသောသူဖြစ်၏။ သူ့ကို
နာခံကြလော့'ဟုလာ၏။ 36ထိုအသံပြီးဆုံးသွား
သောအခါယေရှုတစ်ယောက်တည်း ရှိတော်မူ
၏။ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည်

မိမိတို့မြင်သောအရာကိုဝှက်ထား၍ ထိုကာလ
၌ အဘယ်အရာမျှ မကြားမပြောဘဲနေကြ၏။

## ယေရှုက ညစ်ညူးသောနတ်ကပ်နေသောကလေးတစ်ယောက်အားကျန်းမာစေတော်မူခြင်း

*(မ၊ 17:14-18; မာ၊ 9:14-27)*

37နောက်တစ်နေ့၌ ယေရှုသည် ပေတရု၊
ယာကုပ်၊ ယောဟန်တို့နှင့်အတူ တောင်ပေါ်မှ
ဆင်းလာခဲ့ကြ၏။အလွန်များ ပြားလှသောလူ
အုပ်ကြီးသည်ယေရှုကို တွေ့မြင်ကြ၏။ 38လူအုပ်
ကြီးထဲမှလူတစ်ယောက်က ယေရှုအား "အရှင်
ဘုရား၊ ကျေးဇူးပြု၍၊ အကျွန်ုပ်၏သားကိုလာ
ကြည့်ရှုတော်မူပါ။ သူသည် အကျွန်ုပ်၏တစ်ဦး
တည်းသောသားဖြစ်ပါ၏။ 39ညစ်ညူးသောနတ်
သည် အကျွန်ုပ်၏သားထဲ၌ ဝင်နေပါ၏။ ထို
နောက်သူသည်ရုတ်ခနဲအော်ဟစ်၍ သူ့ကိုယ်သူ
မထိန်းသိမ်းနိုင်။ သူ့ပါးစပ်မှ အမြှုပ် ထွက်လျှက်
နေပါ၏။ညစ်ညူးသောနတ်သည်သူ့ကို နာကျင်
စွာနှိပ်စက်ပြီးနတ်သည် အလွန်ထွက်ခဲလှ၏။
40ကိုယ်တော်၏တပည့်တော်တို့ အားအကျွန်ုပ်
သားထံမှထို နတ်ကိုနှင်ထုတ်ပေးရန် တောင်း
ပန်သော်လည်းသူတို့သည် မတတ်နိုင်ကြပါ" ဟု
အော်ဟစ်လျှက် လျှောက်လေ၏။

41ထိုအခါ ယေရှုက "ယခုအသက်ရှင်နေ
ကြသောသင်တို့သည် ယုံကြည်ခြင်းမရှိကြ။
သင်တို့၏အသက်တာသည် မှားယွင်းနေ၏။ ငါ
သည် သင်တို့နှင့်အတူ အဘယ်မျှကာလပတ်
လုံး နေ၍သည်းခံရမည်နည်း" ဟုမိန့်တော်မူ၏။
ထို့နောက် ယေရှုသည် ထိုလူအား၊ "သင်၏
သားကို ငါထံသို့ ခေါ်ခဲ့" ဟုမိန့်တော်မူ၏။

42လူငယ်ကလေးသည် ယေရှုထံတော်သို့
လာနေစဉ် ညစ်ညူးသောနတ်သည် မြေပေါ်သို့
တွန်းချလိုက်၏။ လူငယ်ကလေးသည် ကိုယ့်ကို
ကိုယ် မထိန်းနိုင်ဘဲနေ၏။ သို့သော်လည်း၊
ယေရှုသည် ညစ်ညူးသောနတ်ကို ပြင်းထန်စွာ
အမိန့်ပေးတော်မူ၏။ ထိုအခါ ယေရှုသည် လူ
ငယ်ကလေးကိုကျန်းမာစေပြီး သူ့ဖခင်အား ပေး
အပ်တော်မူ၏။ 43လူအပေါင်းတို့သည် ဘုရား
သခင်၏ကြီးမားသော တန်ခိုးတော်အကြောင်း
ကို မိန်းမောတွေဝေခြင်းရှိကြ၏။

## ယေရှုက မိမိသေခြင်းအကြောင်းကို ပြောပြတော်မူခြင်း

*(မ၊ 17:22-23; မာ၊ 9:30-32)*

လူတို့သည် ယေရှုပြုလုပ်ခဲ့သောဖြစ်ရပ်
များကို အံ့အားသင့်နေကြစဉ်၊ 44"ယေရှုက
တပည့်တော်တို့အား၊ ယခု ငါပြောမည့်အ
ကြောင်းကို မမေ့ကြနှင့်။ လူသားသည် လူတို့
လက်ထဲသို့ ပေးအပ်ခြင်းကို ခံရလိမ့်မည်" ဟု
မိန့်တော်မူ၏။ 45သို့သော်လည်း၊ တပည့်တော်
တို့သည် ယေရှု၏ဆိုလိုချက်ကို နားမလည်ကြ။
သူတို့သည် နားမလည်မည်အကြောင်း ဤအ
ရာသည် သူတို့ထံမှ ဖုံးကွယ်ထား၏။ သူတို့
သည် ဤအကြောင်းကို ယေရှုအား၊ မမေးမ
လျှောက်ဝံ့ကြ။

## အရေးကြီးဆုံး လူတစ်ယောက်

*(မ၊ 18:1-9; မာ၊ 9:33-37)*

46တပည့်တော်တို့သည် သူတို့အထဲ၌ အ
ဘယ်သူသည် အကြီးမြတ်ဆုံးဖြစ်သနည်း ဟူ
သောအကြောင်းနှင့် ပတ်သက်၍ အချင်းချင်း
ငြင်းခုံကြ၏။ 47ယေရှုသည် သူတို့၏တွေးတော
နေသောအရာကို သိတော်မူ၏။ ထို့ကြောင့်
ယေရှုသည် ကလေးငယ်တစ်ယောက်ကို ယူ၍
မိမိအနား၌ ထား၏။ 48ထို့နောက် ယေရှုသည်
မိမိတပည့်တော်တို့အား "အကြင်သူသည် ဤ
ကဲ့သို့သောကလေးငယ်တစ်ယောက်ကို ငါ့နာမ
ကြောင့်လက်ခံ၏။ ထိုသူသည် ငါ့ကိုလည်း
လက်ခံ၏။ အကြင်သူသည် ငါ့ကို လက်ခံ၏။
ထိုသူသည် ငါ့ကို စေလွှတ်တော် မူသောသူကို
လည်း လက်ခံ၏။ သင်တို့တွင် အနှိမ့်ချဆုံး
သောသူသည် အမြင့်မြတ်ဆုံးသော သူ ဖြစ်၏"
ဟုမိန့်တော်မူ၏။

## မည်သူမဆို သင့်ကို မဆန့်ကျင်လျှင် သင့်ဘက်၌ရှိ၏

*(မာ၊ 9:38-40)*

49ယောဟန်က "သခင်၊ လူတစ်ယောက်
သည် ကိုယ်တော်နာမတော်ကို အသုံးပြု၍၊
လူတို့ထံမှ နတ်ဆိုး*တို့ကို နှင်ထုတ်နေသည်ကို
အကျွန်ုပ်တို့တွေ့ပါ၏။ အကျွန်ုပ်တို့သည် သူ့ကို
ဆက်မလုပ်ရန် ပြောပါ၏။ အကြောင်းမူကား၊
သူသည် အကျွန်ုပ်တို့နှင့် မပတ်သက်ပါ" ဟု
လျှောက်လေ၏။
50ယေရှုက ယောဟန်အား "ထိုသူကို
မတားကြနှင့်။ သင်တို့ကို မဆန့်ကျင်သောသူ
သည် သင်တို့ဘက်၌ ရှိသည်" ဟုမိန့်တော်မူ၏။

## ရှမာရိမြို့တစ်မြို့

51ယေရှုသည် ကောင်းကင်သို့ ပြန်သွားရန်
အချိန်နီးလာ၏။ ယေရှုသည် ယေရုရှလင်မြို့
သို့ကြွရန် ဆုံးဖြတ်တော်မူ၏။ 52ယေရှုသည်
လူအချို့ကိုသူ့ရှေ့မှကြိုတင်သွားနှင့်ရန်စေလွှတ်
တော်မူ၏။ ယေရှုသည် လူတချို့ကို ရှာမါရိမြို့၌
သူ့အတွက် ပြင်ဆင်ခြင်းများ ပြုလုပ်ပေးရန်
အရင်စေလွှတ်တော်မူ၏။ 53သို့သော်လည်း ထို
မြို့သားတို့သည် ယေရှုအား မကြိုဆိုလိုကြပါ။
အကြောင်းမူကား၊ ယေရှုသည် ယေရုရှလင်မြို့
သို့ သွားရန် ဆုံးဖြတ်ထားသောကြောင့် ဖြစ်၏၊
54ယေရှု၏တပည့်တော်ဖြစ်သော ယာကုပ်
နှင့် ယောဟန်တို့သည် ထိုအကြောင်းကို မြင်
လျှင် ယေရှုအား၊ "သခင်၊ အကျွန်ုပ်တို့သည်
ကောင်းကင်ဘုံမှ မီးလျှံကိုခေါ်ပြီး ထိုလူတို့ကို
ဖျက်ဆီးရန် အလိုတော်ရှိသလော" ဟုမေး
လျှောက်ကြ၏။*
55ယေရှုက ယာကုပ်နှင့်ယောဟန်အား
လှည့်ကြည့်၍ အပြစ်တင်တော်မူ၏။ 56ထို
နောက်ယေရှုနှင့် တပည့်တော်တို့သည် အခြား
မြို့တစ်မြို့သို့ ကြွတော်မူ၏။

## ယေရှုနောက်တော်သို့ လိုက်ခြင်း

*(မ၊ 8:19-22)*

57ယေရှုနှင့် တပည့်တော်တို့သည် လမ်း
အတိုင်း ခရီးထွက်နေ ကြစဉ်လူတစ်ယောက်က
ကိုယ်တော်အား "ကိုယ်တော် ကြွတော်မူသည့်
နေရာတိုင်း၌အကျွန်ုပ်လိုက်ပါမည်"ဟုလျှောက်
လေ၏။
58ယေရှုက၊ "မြေခွေးသည် နေစရာမြေ
တွင်းရှိ၏။ ငှက်သည်လည်း နေစရာအသိုက်ရှိ
၏။ သို့သော်လည်း လူသား၌ ခေါင်းချစရာနေ
ရာမရှိ" ဟုမိန့်တော်မူ၏။
59ယေရှုက အခြားလူတစ်ယောက်အား "ငါ့
နောက်သို့ လိုက်လော့" ဟုမိန့်တော်မူ၏။ သို့
သော်လည်း၊ ထိုလူက၊ "သခင်၊ အကျွန်ုပ်သည်
ရှေးဦးစွာသွား၍ အဘကို သင်္ဂြိုဟ်ပါရစေ" ဟု
လျှောက်လေ၏။
60သို့သော်လည်း၊ ယေရှုက၊ "လူသေတို့
သည် မိမိလူသေတို့ကို သင်္ဂြိုဟ်ကြပါစေ။ သင်
သွား၍ ဘုရားသခင်၏နိုင်ငံတော်အကြောင်း
ကို ဟောပြောလော့" ဟုမိန့်တော်မူ၏။
61ထိုနောက် အခြားလူတစ်ယောက်က
လည်း၊ "ကိုယ်တော်နောက်သို့ အကျွန်ုပ်လိုက်
ပါမည်၊ သို့သော်လည်း အကျွန်ုပ်မိသားစုကို
ရှေးဦးစွာသွားပြီးနှုတ်ဆက်ပါရစေ"ဟုလျှောက်
လေ၏။
62ထိုအခါ ယေရှုက၊ "လူတစ်ယောက်သည်
လယ်ထွန်ရန်စပြီး နောက်သို့လှည့်ကြည့်လျှင်၊
သူသည် ဘုရားသခင်၏နိုင်ငံတော်အတွက်
မထိုက်မတန်" ဟုမိန့်တော်မူ၏။

## ယေရှုက လူခုနှစ်ဆယ့်နှစ်ယောက်ကို စေလွှတ်တော်မူခြင်း

10 ထိုနောက် သခင်ဘုရားသည် အခြား
သောတပည့်တော် ခုနှစ်ဆယ့်နှစ်ပါး*
တို့ကို ရွေးချယ်တော်မူ၍ ကိုယ်တိုင်ကြွလေအံ့
သောမြို့ရွာသို့ရှေ့တော်၌ နှစ်ယောက်စီနှစ်

**နတ်ဆိုး၊** နတ်ဆိုးများသည် မကောင်းဆိုးဝါးမှ ညစ်ညူးသောနတ်များ ဖြစ်သည်။

**အခန်းငယ် ၅၄** တချို့သောဂရိစာက "ဧလိယ လုပ်ခဲ့သကဲ့သို့" ပေါင်းထဲ့ထားသည်။

**အခန်းငယ် ၇၂** ရှင်လုကာ၏တချို့သောဂရိစာ ကူးချက်များသည် 70 ဟုပြောသည်။

ယောက်စီစေလွှတ်တော်မူ၏။ 2ယေရှုက သူတို့
အား၊ "စပါးရိတ်စရာများစွာရှိ၏။ သို့သော်
လည်း၊ ရိတ်သောသူတို့သည် နည်းကြ၏။ ထို့
ကြောင့် လုပ်ဆောင်သောသူတို့ကို ပို၍ စေ
လွှတ်တော်မူမည် အကြောင်းဆုတောင်းကြ
လော့။ 3သင်တို့ ယခုသွားနိုင်ပြီ။ သို့သော်
လည်း၊ နားထောင်ကြလော့။ တောခွေးစုထဲသို့
သိုးသငယ်တို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို
ငါစေလွှတ်၏။ 4ငွေအိတ်၊ လွယ်အိတ်၊ ဖိနပ်
တို့ကို မဆောင်ကြနှင့်။ လူတို့နှင့် စကားပြော
ရန် လမ်းပေါ်၌ မရပ်ကြနှင့်။
5သင်တို့သည် အိမ်တစ်အိမ်သို့ မဝင်မီ၊ 'ဤ
အိမ်၌ငြိမ်သက်ခြင်း ရှိပါစေ' ဟုပြောကြလော့။
6ထိုအိမ်၌ ငြိမ်သက်ခြင်းကို မြတ်နိုးသောသူရှိ
လျှင် သင်၏ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာ
သည် သူနှင့်အတူ တည်လိမ့်မည်။ ထိုအိမ်၌
ရှိသောသူသည် ငြိမ်သက်ခြင်းကို မမြတ်နိုး
လျှင်၊ သင်၏မြွက်ဆိုသောငြိမ်သက်ခြင်း
ကောင်းချီးမင်္ဂလာသည် သင့်ထံသို့ ပြန်ရောက်
လာလိမ့်မည်။ 7ငြိမ်သက်ခြင်းကို မြတ်နိုးသော
သူ၏အိမ်၌ နေလော့။ ထိုအိမ်၌ ရှိသောလူ
တို့၏ကျွေးမွေးသောအရာကို စားသောက်
လော့။ အလုပ်လုပ်သူတစ်ယောက်ကိုလုပ်အား
ခပေးရမည်။ တအိမ်မှတအိမ်သို့ လှည့်လည်၍
မသွားကြနှင့်။ 8သင်သည် မြို့တစ်မြို့သို့ သွား၍
ထိုမြို့၌ရှိလူတို့သည် သင်တို့ကို ကြိုဆိုလျှင်၊ သူ
တို့ကျွေးမွေးသောအစားအစာကို စားလော့။
9ထိုမြို့၌ရှိသောရောဂါသည်တို့ကို ကျန်းမာခြင်း
ပေးလော့။ ထို့နောက် သူတို့အား 'ဘုရား
သခင်၏နိုင်ငံတော်သည် သင်တို့ဆီသို့ မကြာမီ
ရောက်လာတော့မည်'ဟုဟောပြောကြလော့။
10သို့သော်လည်း၊ သင်တို့သည် မြို့တစ်မြို့သို့
ဝင်သောအခါ ထိုလူတို့သည် သင်တို့ကို မကြို
လျှင်၊ ထိုမြို့၏လမ်းမကြီးပေါ်သို့ သွား၍ 11'ငါ
တို့၌ ကပ်သောသင်တို့မြို့၏မြေမှုန့်ကို ငါတို့ခါချ
လိုက်၏။ သို့သော်လည်း၊ ဘုရားသခင်၏နိုင်ငံ
တော်သည် မကြာမီရောက်လာမည်ကိုသိမှတ်
ကြလော့'ဟုပြောကြလော့။ 12ငါဆိုသည်ကား၊
တရားစီရင်ဆုံးဖြတ်သောနေ့ရောက်သောအခါ
ထိုမြို့သည် သောဒုံ*မြို့ထက် ပို၍ဆိုးဝါးလိမ့်
မည်။

## မယုံကြည်သူတို့ကို ယေရှုသတိ ပေးတော်မူခြင်း

*(မ၊ 11:20-24)*

13"ခေါရာဇိန်မြို့၊ သင်သည် အမင်္ဂလာရှိ၏။
အိုဗက်ဇဲဒမြို့* သင်သည် အမင်္ဂလာရှိ၏။
ဗက်ဇဲဒ၊ ငါသည် သင်တို့တွင် များစွာသော
နိမိတ်လက္ခဏာတို့ကိုပြခဲ့ပြီ။ ငါသည် ဤနိမိတ်
လက္ခဏာတို့ကို တုရုမြို့နှင့် ဇိဒုန်မြို့၌ ပြလျှင်
ထိုမြို့ရှိလူတို့သည် ရှေးကာလ၌ပင် စိတ်နှလုံး
နှင့်အသက်တာပြောင်းလဲကြပြီး အပြစ်လုပ်ခြင်း
ကိုရပ်တန့်သွားလိမ့်မည်။ သူတို့သည် ဝမ်းနည်း
ခြင်း လက္ခဏာအဖြစ် လျှော်တေအဝတ်ကို
ဝတ်၍ သူတို့အပေါ်မှာ ပြာကိုတင်ကြလိမ့်မည်။
14သို့သော်လည်း တရားစီရင်ဆုံးဖြတ်
သောနေ့၌ သင်တို့သည် တုရုမြို့နှင့်ဇိဒုန်မြို့တို့
ထက်ပို၍ ဆိုးဝါးလိမ့်မည်။
15ထို့အပြင် ကပေရနောင်*မြို့၊ သင်သည်
မိုးကောင်းကင်တိုင်အောင် မြှောက်တင်ခြင်း
ခံရမည်လော။ သင်သည် သေမင်း၏နေရာသို့
ပစ်ချခြင်းခံလိမ့်မည်။
16"သင်တို့၏စကားကို နားထောင်သောသူ
သည် ငါ့စကားကို နားထောင်၏။ သင်တို့ကို
ငြင်းပယ်သောသူသည် ငါ့ကိုငြင်းပယ်၏။ ငါ့ကို
ငြင်းပယ်သောသူသည် ငါ့ကို စေလွှတ်တော်မူ
သောသူကိုလည်းငြင်းပယ်၏"ဟုမိန့်တော်မူ၏။

---

**သောဒုံ** အလွန်ဆိုးရွားသောလူတို့နေထိုင်ခဲ့သောမြို့။ ဘုရားသခင်က သူတို့၏မြို့တော်ကို ဖျက်ဆီးခြင်းအားဖြင့် သူတို့ကို အပြစ်ဒဏ်ပေးခဲ့သည်။

**ခေါရာဇိန်မြို့၊ ဗက်ဇဲဒမြို့** ယေရှုက လူတို့ထံ ဟောပြောခဲ့သောနေရာ ဂါလိလဲအိုင်အနားကမြို့များ။

**ကပေရနောင်** ဂါလိလဲပြည်မှ ယေရှုသွန်သင်ခဲ့သော နေရာမြို့ ဖြစ်သည်။

## စာတန်ကျဆုံးခြင်း

17ခုနှစ်ဆယ့်နှစ်ယောက်တို့သည် ပြန်လည်
ရောက်ရှိလာသောအခါ အလွန်ဝမ်းမြောက်ကြ
၏။ သူတို့က “သခင်၊ အကျွန်ုပ်တို့သည် ကိုယ်
တော်၏နာမတော်ကို အသုံးပြုသောအခါ နတ်
ဆိုးတို့ကပင် အကျွန်ုပ်တို့၏စကားကို နာခံပါ၏”
ဟုလျှောက်ကြ၏။ 18ယေရှုက ထိုသူတို့အား
စာတန်သည် ‘လျှပ်စီးလက်သကဲ့သို့ ကောင်း
ကင်ပေါ်မှ ကျသည်ကို ငါမြင်၏။ 19နားထောင်
ကြလော့၊ မြွေဆိုးနှင့်၊ ကင်းမြီးကောက်တို့ အ
ပေါ်၌ လမ်းလျှောက်နိုင်သောတန်ခိုးကို သင်တို့
အား ငါပေး၏။ ငါပေးသောတန်ခိုးသည် သင်
တို့ရန်သူတို့၏တန်ခိုးထက် သာ၍ကြီး၏။ သင်တို့
ကိုအဘယ်ဘေးမျှမညှဉ်းဆဲရ။ 20သို့သော်လည်း
နတ်ဆိုးကို နိုင်သောကြောင့်သာ ဝမ်းမြောက်
ခြင်း မရှိကြနှင့်။ သင်တို့၏နာမည်များသည်
ကောင်းကင်စာရင်း၌ ရေးသားသောကြောင့်
ဝမ်းမြောက်ခြင်းရှိကြလော့’ ဟုမိန့်တော်မူ၏။

## ယေရှုက ခမည်းတော်ထံသို့ ဆုတောင်းခြင်း

*(မ၊ 11:25-27; 13:16-17)*

21ထိုအချိန်၌ ယေရှုသည် သန့်ရှင်းသော
ဝိညာဉ်တော်အားဖြင့်ဝမ်းမြောက်ခြင်းနှင့် ပြည့်
တော်မူ၍ “ကောင်းကင်နှင့် ကမ္ဘာမြေကြီး၏
အရှင်သခင်ဖြစ်တော်မူသောအဘ၊ကိုယ်တော်
သည် ဥာဏ်ပညာရှိသောသူတို့နှင့် စာတတ်
သောသူတို့ထံသို့ ဤအရာများကို ဖုံးကွယ်
ထားသောကြောင့် ကျေးဇူးတော်ကို အကျွန်ုပ်
ချီးမွမ်းပါ၏။ သို့သော်လည်း ကိုယ်တော်သည်
ဤအရာများကို ကလေးငယ်ကဲ့သို့ ဖြစ်သော
လူတို့အား ပြသတော်မူ၏။ မှန်ပါ၏အဘ၊
ကိုယ်တော်သည် ထိုသို့ ပြုလုပ်ဆောင်ရွက်ရန်
အလိုတော်ရှိသောကြောင့် ဤအရာကို ပြုလုပ်
ခြင်းဖြစ်ပါ၏။
22“ငါ့ခမည်းတော်သည် အရာခပ်သိမ်းပေါ်
၌ တန်ခိုးကို ငါ့အားပေးတော်မူပြီ။ သားတော်
သည် အဘယ်သူဖြစ်သည်ကို ခမည်းတော်မှ
တပါး အဘယ်သူမျှမသိ။ ခမည်းတော်သည်
အဘယ်သူဖြစ်သည်ကိုလည်း၊ သားတော်နှင့်
ခမည်းတော်အကြောင်း ဟောပြောရန် သား
တော်ရွေးချယ်မည့်သူတို့မှတပါး အဘယ်သူမျှ
မသိ” ဟုမိန့်တော်မူ၏။
23ထိုနောက် ယေရှုသည် မိမိတပည့်တော်
တို့ဘက်သို့ လှည့်၍ “ယခု သင်တို့မြင်သော
အရာတို့ကို မြင်ရသောသူတို့သည် မင်္ဂလာရှိ
ကြ၏။ 24ငါဆိုသည်ကား၊ သင်တို့ ယခုမြင်နေ
သောအရာတို့ကို များစွာသောပရောဖက်တို့
နှင့်၊ ဘုရင်တို့သည် တွေ့မြင်ရန်အလိုရှိကြသော်
လည်း သူတို့မမြင်နိုင်ကြ။ သူတို့သည် ယခုသင်
တို့ကြားရသောအရာများကို ကြားရန် အလိုရှိ
သော်လည်း မကြားနိုင်ကြ” ဟုမိန့်တော်မူ၏။

## ရှမာရိလူကောင်းတစ်ယောက်အကြောင်း

25ထို့နောက် အရင်ကပင် ယေရှုကို စုံစမ်း
ရန် ကြိုးစားခဲ့သောကျမ်းပြုဆရာတစ်ယောက်
သည် မတ်တတ်ရပ်၍ “အရှင်ဘုရား၊ အကျွန်ုပ်
သည် ထာဝရအသက်ကိုရရန် အဘယ်အရာ
ကို ပြုရမည်နည်း” ဟုမေးလျှောက်လေ၏။
26ယေရှုက သူ့အား “ကျမ်းစာထဲ၌ အဘယ်သို့
ရေးသားသနည်း။ သင်သည် အဘယ်အရာကို
ဖတ်သနည်း” ဟုပြန်မေးတော်မူ၏။
27ထိုလူက “သင်၏ဘုရားသခင်ထာဝရ
ဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်
အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဥာဏ်ရှိသမျှနှင့်
ချစ်လော့။’* မိမိကိုယ်ကိုယ် ချစ်သကဲ့သို့
ကိုယ့်အိမ်နီးချင်းကိုလည်း ချစ်လော့”* ဟုပြန်
လျှောက်လေ၏။
28ယေရှုက “သင်၏အဖြေသည် မှန်၏။ ဤ
အတိုင်းပြုလော့၊ သို့ပြုလျှင် ထာဝရအသက်ကို
ရရှိလိမ့်မည်” ဟုမိန့်တော်မူ၏။
29သို့သော်လည်း၊ ထိုသူသည် မေးခွန်းကို
သင့်လျော်လျောက်ပတ်ကြောင်း ပြသလို၍
ယေရှုအား “အကျွန်ုပ်၏အိမ်နီးချင်းသည် အ
ဘယ်သူနည်း” ဟုမေးလျှောက်၏။

---

**သင် … ချစ်လော့** တရား 6:5

**မိမိကိုယ်ကို … ချစ်လော့** ဝတ်ပြု 19:18

30ယေရှုက ဥပမာတစ်ခုမိန့်တော်မူသည်
မှာ "လူတစ်ယောက်သည် ယေရုရှလင်မြို့မှ
ယေရိခေါမြို့သို့ ခရီးသွားနေ၏။ လမ်း၌ ဓါးပြ
တို့သည် သူ့ကို တိုက်ခိုက်ရာသူ၏အဝတ်ကို
ဆုတ်ဖြဲ၍ နာကျင်စွာ ရိုက်နှက်ပြီးမှ သေလုမ
တတ်ရှိသောအခါ ပစ်ထား၍ ထွက်သွားကြ၏။
31ထိုလမ်းသို့ ယုဒယဇ်ပရောဟိတ်တစ်ယောက်
သည်အမှတ်တမဲ့ခရီးသွား၍ထိုနေရာသို့ရောက်
လာလေ၏။ သူသည် ထိုလူအား လဲလျောင်း
လျက် နေသည်ကို မြင်တွေ့သောအခါ အခြား
လမ်းတစ်ဘက်သို့ လွှဲရှောင်သွား၏။ 32ထို
နောက် လေဝိလူတစ်ယောက်သည် ထိုနေရာ
သို့ ရောက်လာ၏။ သူသည် ထိုသူလဲလျောင်း
လျက်နေသည်ကို တွေ့သောအခါ အခြားလမ်း
တဘက်သို့ လွှဲရှောင်သွား၏။ 33ထို့နောက်
ရှမာရိလူတစ်ယောက်သည် ထိုလမ်းအတိုင်း
ခရီးသွား၍ ထိုနေရာသို့ ရောက်လာ၏။ သူ
သည် ထိုလဲလျောင်းသောလူကို မြင်သောအ
ခါသူ့အပေါ် ဂရုဏာရှိ၏။ 34ရှမာရိလူသည် ထို
လူထံသို့ သွား၍ ဒဏ်ရာတို့ကို သံလွင်ဆီနှင့်
စပျစ်ရည်ဖြင့် သုတ်လိမ်းပေး၏။ ထို့နောက်
ဒဏ်ရာအနာတရ ဖြစ်နေသောလူကို သူ့မြည်း
ပေါ်သို့ တင်၍မြည်းကို ရှေ့ကဆွဲပြီး တည်းခို
စခန်းတစ်ခုသို့ ခေါ်သွား၏။ တည်းခိုစခန်း
ရောက်သောအခါ ရှမာရိလူသည် ထိုလူနာကို
ဂရုတစိုက်ပြုစု၏။ 35နောက်တစ်နေ့တွင် ရှမာရိ
လူသည် တည်းခိုစခန်း၌ အလုပ်လုပ်နေသော
လူတစ်ယောက်ကို ငွေနှစ်ပြားပေး၍ 'ဤသူကို
ကြည့်ရှုပြုစုပါ။ သူ့အတွက် စားစရိတ်သည်
ငါပေးသောငွေထက် ပို၍ကုန်ကျလျှင်၊ ငါပြန်
လာသောအခါ ဆပ်ပေးမည်"' ဟုမှာခဲ့၏။
36ထိုနောက် ယေရှုက "ထိုလူသုံးယောက်
တို့တွင် အဘယ်သူသည် ဓါးပြတို့ ရိုက်ထား
သောလူအပေါ်၌မေတ္တာပြသသည်ဟု သင်ထင်
သနည်း" ဟုမေးတော်မူရာ၊
37ကျမ်းပြုဆရာက"ထိုလူနာကို အကူအညီ
ပေးသောသူ" ဟုလျှောက်လေ၏။ ထိုအခါ
ယေရှုက သူ့အား "သို့ဖြစ်လျှင် သင်လည်း
သွား၍ ထိုနည်းတူပြုလော့" ဟုမိန့်တော်
မူ၏။

### မာရိနှင့်မာသ

38ယေရှုနှင့် တပည့်တော်တို့သည် ခရီးသွား
နေကြစဉ်ယေရှုသည် မြို့တစ်မြို့သို့ ကြွဝင်တော်
မူ၏။ မာသအမည်ရှိသော အမျိုးသမီးတစ်
ယောက်သည် ယေရှုအား သူမ၏အိမ်၌ တည်း
ရန်ကြိုဆို၏။ 39မာသတွင် မာရိအမည်ရှိ ညီမ
တစ်ယောက်ရှိ၏။ မာရိသည် ယေရှု၏ခြေ
တော်ရင်းတွင် ထိုင်၍ စကားတော်ကို နား
ထောင်၏။ သို့သော်လည်း၊ မာသသည် အိမ်
အလုပ်များကို တစ်ယောက်တည်း လုပ်ရ၏။
40မာသသည် အလုပ်များလွန်းသောကြောင့်
ဒေါသထွက်လာ၏။ ထိုအခါ မာသသည် ယေရှု
၏ရှေ့မှောက်တော်သို့ သွား၍" သခင်၊ မာရိ
သည် ကျွန်မတစ်ယောက်တည်း အလုပ်အား
လုံးလုပ်ရန် ပြစ်ထားသည်ကို လျစ်လျူသော
စိတ်ရှိတော်မူသလော။ကျွန်မကို ကူညီရန် သူမ
အားကျေးဇူးပြု၍ အမိန့်တော်ရှိပါ"ဟုလျှောက်
လေ၏။ 41ယေရှုက "မာသ၊ မာသ၊ သင်သည်
များစွာသော အမှုတို့ကြောင့် စိုးရိမ်၍ စိတ်
နှောင့်ယှက်ခြင်းဖြစ်၏။ 42အရေးကြီးသော အ
ရာတစ်ခုသာရှိ၏။ မာရိသည် ကောင်းသော
အရာကို ရွေးချယ်၍ ထိုအရာကို အဘယ်သူမျှ
သူမထံမှ မနုတ်မယူရ" ဟုမိန့်တော်မူ၏။

### ယေရှုက ဆုတောင်းခြင်းအကြောင်း သြဝါဒပေးတော်မူခြင်း

*(မ၊ 6:9-15, 7:7-11)*

11 တစ်ရံရောအခါ ယေရှုသည် နေရာတစ်
နေရာ၌ ဆုတောင်းတော်မူ၏။ ယေရှု
ဆုတောင်းပြီးသောအခါ တပည့်တော်တစ်
ယောက်က ကိုယ်တော်အား "ယောဟန်သည်
မိမိတပည့်တို့ကို အဘယ်သို့ ဆုတောင်းမည်ကို
သင်ပေး၏။ ကိုယ်တော်လည်း အကျွန်ုပ်တို့
အား ဆုတောင်းနည်းကို သင်ပေးတော်မူပါ"
ဟုလျှောက်၏။

[2]ထိုအခါ ယေရှုသည် မိမိတပည့်တော်တို့
အား “သင်တို့ဆုတောင်းသောအခါ မြွက်ဆိုရ
မည်မှာ

‘အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမ
တော်သည် အစဉ် ရိုသေလေးမြတ်ခြင်း
ရှိပါစေ။ကိုယ်တော်၏နိုင်ငံတော်ရောက်
လာပါစေ။

3 အကျွန်ုပ်အတွက် လိုအပ်သောအစားအ
စာကို နေ့စဉ်ပေးတော်မူပါ။

4 အကျွန်ုပ်တို့ကို ပြစ်မှားသောသူရှိသမျှ
တို့၏အပြစ်ကို အကျွန်ုပ်တို့သည် ခွင့်
လွှတ်သောကြောင့် အကျွန်ုပ်တို့၏အ
ပြစ်ကို ခွင့်လွှတ်တော်မူပါ။ ထိုနောက်
အကျွန်ုပ်တို့ကို အပြစ်သွေးဆောင်ရာသို့
မလိုက်စေနှင့် ဟုဆုတောင်းကြလော့’”
ဟုမိန့်တော်မူ၏။

## ဆက်လက်တောင်းဆိုခြင်း

[5-6]ထိုနောက် ယေရှုက မိမိတပည့်တော်တို့
အား “သင်တို့တွင် တစ်ယောက်သည် သန်း
ခေါင်အချိန်တွင် မိမိမိတ်ဆွေတစ်ယောက်၏
အိမ်သို့သွား၍အကျွန်ုပ်၏မိတ်ဆွေတစ်ယောက်
သည် ခရီးမှလာ၍ အကျွန်ုပ်ထံသို့ ရောက်ပါပြီ။
သို့သော်လည်း အကျွန်ုပ်မှာ သူ့ကို ကျွေးစရာ
အစားအစာမရှိပါ။ ကျေးဇူးပြု၍ အကျွန်ုပ်ကို
မုန့်သုံးလုံးချေးပါ’ ဟုပြောလျှင်၊ [7]သင့်မိတ်ဆွေ
သည် သင့်အား ‘သွားလော့၊ ငါ့ကို အနှောင့်အ
ယှက်လာမပေးနှင့်။ တံခါးလည်း သော့ခတ်
ထားပြီးပြီ။ ငါ့သားသမီးသည် ငါနှင့် အိပ်လျက်
ရှိကြ၏။ ငါထ၍ သင့်အား မပေးနိုင်’ ဟုမိမိ
အိမ်ထဲမှ ပြန်ပြောလိမ့်မည်။ [8]ငါဆိုသည်ကား၊
သင်တို့သည် တစ်ယောက်နှင့်တစ်ယောက်
မိတ်ဆွေဖြစ်သော်ငြားလည်း အိပ်ရာထဲမှ ထ၍
မုန့်ကို ပေးမည်မဟုတ်။ သို့သော်လည်း သင်
သည် အကြိမ်ကြိမ်တောင်းလျှင်၊ သူသည် ထ၍
အလိုရှိသောအရာကို ပေးလိမ့်မည်။ [9]ထို့
ကြောင့် ငါဆိုသည်ကား၊ တောင်းကြလော့။
တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်
တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်
လျှင် ဖွင့်မည်။ [10]အကြောင်းမူကား၊ လူတစ်
ယောက်သည် ဆက်လက်၍ တောင်းလျှင်၊
ထိုသူသည် ရရှိလိမ့်မည်။ ဆက်လက်၍ ရှာ
လျှင်၊ တွေ့ရလိမ့်မည်။ တံခါးကို ဆက်လက်၍
ခေါက်နေလျှင် ထိုသူအတွက် တံခါးပွင့်လာလိမ့်
မည်။ [11]သင်တို့ အဘဖြစ်သောသူတို့၌ သင်၏
သားသည် ငါးကို တောင်းလျှင် မြွေကို ပေးမည်
လော။ မပေးပါ။ သင်တို့သည် ငါးကို ပေးပါ
လိမ့်မည်။ [12]သို့မဟုတ် သင်၏သားသည် ဥကို
တောင်းလျှင်၊သင်သည် သူ့ကို ကင်းမြီးကောက်
ပေးမည်လော။ မပေးပါ။ [13]သင်တို့သည် ဆိုး
ညစ်သောသူ ဖြစ်သော်လည်း သင်တို့၏သား
သမီးတို့အား ကောင်းသောအရာကို အဘယ်
သို့ ပေးရမည်ကို သိကြ၏။ ထို့ကြောင့် ကောင်း
ကင်ဘုံ၌ ရှိတော်မူသောသင်တို့၏အဘသည်
ဆုတောင်း သောသူတို့အား သန့်ရှင်းသော
ဝိညာဉ်တော်ကို အဘယ်သို့ ပေးမည်ကိုသာ၍
သိတော်မူ၏” ဟုမိန့်တော်မူ၏။

## ယေရှု၏တန်ခိုးသည် ဘုရား သခင်တော်မှဖြစ်၏

*(မ၊ 12:22-30; မာ၊ 3:20-27)*

[14]တစ်ရံရောအခါ ယေရှုသည် ဆွံ့အနေ
သောသူတစ်ယောက်ထံမှ နတ်ဆိုးကို နှင်ထုတ်
တော်မူ၏။ နတ်ဆိုးထွက်သွားသောအခါ ထို
သူသည် စကားပြောနိုင်လေ၏။ လူတို့သည် ဤ
အရာကို အံ့သြကြ၏။ [15]သို့သော်လည်း လူအ
ချို့က “ယေရှုသည် နတ်ဆိုးတို့ကို အုပ်စိုးသော
ဗေလဇေဗုလ၏တန်ခိုးကို အသုံးပြု၍ နတ်ဆိုး
တို့ကို နှင်ထုတ်သည်” ဟုပြောကြ၏။
[16]အချို့လူတို့သည် ယေရှုကို စုံစမ်းနှောင့်
ယှက်ခြင်ငှါ၊ မိုယ်းကောင်းကင်မှ နိမိတ်လက္ခ
ဏာတစ်ခုကို ပြသပေးရန်၊ တောင်းကြ၏။
[17]သို့သော်လည်း ယေရှုသည် သူတို့၏တွေးနေ
သောအရာကို သိတော်မူ၏။ထို့ကြောင့် ယေရှု
က သူတို့အား “အဘယ်တိုင်းနိုင်ငံမဆို အချင်း
ချင်း ခွဲခြားဆန့်ကျင်သောနိုင်ငံသည် ပျက်စီး

သွားလိမ့်မည်။ မိသားစုတစ်စုသည် ခွဲခြား၍
အချင်းချင်း ဆန့်ကျင်နေလျှင်၊ ထိုမိသားစု
သည် ပြိုကွဲသွားလိမ့်မည်။ 18ထို့ကြောင့် စာ
တန်သည် ကိုယ့်ကိုကိုယ် ဆန့်ကျင်တိုက်ခိုက်
လျှင်၊ သူ့နိုင်ငံသည် အဘယ်သို့ တည်တံ့နိုင်
မည်နည်း။ သင်တို့က ငါသည် နတ်ဆိုးတို့ကို
ဗေလဇေဗုလ၏တန်ခိုးအားဖြင့် မောင်းထုတ်
သည် ဟုပြောကြ၏။ 19ငါသည် ဗေလဇေဗုလ
၏တန်ခိုးဖြင့် နတ်ဆိုးတို့ကို နှင်ထုတ်လျှင် သင်
တို့၏လူတို့သည် အဘယ်သူ၏တန်ခိုးအားဖြင့်
နတ်ဆိုးတို့ကို နှင်ထုတ်ကြသနည်း။ ထို့ကြောင့်
သင်တို့၏လူတို့ကိုယ်တိုင်သည် သင်တို့၏အမှား
ကို သက်သေပြ၏။ 20သို့သော်လည်း ငါသည်
ဘုရားသခင်၏တန်ခိုးအားဖြင့် နတ်ဆိုးကို နှင်
ထုတ်လျှင် ဤအရာက ဘုရားသခင်၏နိုင်ငံ
တော်သည်သင်တို့ထံသို့ ရောက်ပြီဖြစ်ကြောင်း
ပြသ၏။
21“သန်စွမ်းသောသူ တစ်ယောက်သည်
လက်နက်များဖြင့် တန်ဆာဆင်၍ မိမိအိမ်ကို
စောင့်ကြပ်နေသရွေ့ သူ၏ဥစ္စာသည် လုံခြုံစွာ
ရှိ၏။ 22သို့သော်လည်း သူ့ထက်ပို၍ကြံ့ခိုင်သန်
စွမ်းသောသူသည် တိုက်ခိုက်၍ အောင်မြင်
လျှင် သူသည် လုံခြုံမှုအတွက် ပထမလူ၏မှီခို
အားထားသောလက်နက်တို့ကို ယူသွားလိမ့်
မည်။ ထို့နောက် သူသည် တခြားသောသူ၏
ဥစ္စာများကို အလိုရှိသည့်အတိုင်း ပြုလိမ့်မည်။
23လူတစ်ယောက်သည် ငါနှင့်အတူ မရှိလျှင်၊
ငါ့ကိုဆန့်ကျင်၏။ လူတစ်ယောက်သည် ငါနှင့်
အတူ အလုပ်မလုပ်လျှင်၊ သူသည် ငါ့ကို ဆန့်
ကျင်၍ လုပ်ကိုင်ခြင်းဖြစ်၏။

## လွှတ်လပ်နေသောလူ

*(မ၊ 12:43-45)*

24“ညစ်ညူးသောနတ်သည် လူတစ်ယောက်
ထဲမှထွက်သောအခါ နားခိုမည့် နေရာကို ရှာ
ရန် ခြောက်သွေ့သော နေရာတို့ကို ဖြတ်ကျော်
၍ သွား၏။ သို့သော်လည်း နားခိုစရာနေရာ
ရှာမတွေ့သောအခါ ညစ်ညူးသောနတ်က၊ ‘ငါ
ထွက်လာသော အိမ်သို့ ပြန်သွားမည်’ ဟုပြော
၏။ 25ညစ်ညူးသောနတ်သည် ထိုနေရာတွင်
ပြန်ရောက်သွားသောအခါ ထိုအိမ်သည် သုတ်
သင်သန့်ရှင်း၍ သပ်ရပ်နေသည်ကို တွေ့၏။
26ထို့နောက် ထိုညစ်ညူးသောနတ်သည် ပြန်
ထွက်သွား၍ မိမိထက်ပို၍ ဆိုးသောအခြား
ညစ်ညူးသော နတ်ခုနစ်ယောက်ကို ခေါ်လာ၍
ထိုညစ်ညူးသောနတ် အားလုံးတို့သည် ထိုသူထဲ
သို့ဝင်၍ နေကြ၏။ ထိုအချိန်မှစ၍ သူ၌အရင်
ကထက် ပို၍ ဆိုးသည်” ဟုမိန့်တော်မူ၏။

## အမှန်အကန်ပျော်ရွှင်ကြသောလူများ

27ထိုသို့ မိန့်တော်မူစဉ်၊ ပရိသတ်ထဲမှ အ
မျိုးသမီးတစ်ယောက်က ထ၍ ယေရှုအား
“ကိုယ်တော်ကိုဖွား၍ နို့နှင့်ကျွေးမွေးသော အ
မိန်းမသည် မင်္ဂလာရှိ၏”ဟုလျှောက်လေ၏။
28ယေရှုက၊“မှန်ပေ၏သို့သော်လည်းဘုရား
သခင်၏နှုတ်ကပတ်တရားတော်ကို နားထောင်
၍ လိုက်နာသောသူတို့သည် မြတ်စွာသော
မင်္ဂလာရှိသည်” ဟုမိန့်တော်မူ၏။

## ကျွန်ုပ်တို့ကိုသက်သေပြပါ

*(မ၊ 12:38-42; မာ၊ 8:12)*

29လူအုပ်ကြီးသည် များပြားသည်ထက်များ
ပြားလာ၏။ ယေရှုက၊ “ယခုခေတ် လူတို့သည်
ဆိုးညစ်ကြ၏။သူတို့သည်သက်သေအဖြစ်နိမိတ်
လက္ခဏာကို တောင်းကြ၏။ သို့သော်လည်း၊
ပရောဖက်ယောန၏နိမိတ်လက္ခဏာမှတပါးအ
ဘယ်နိမိတ်လက္ခဏာမျှ သူတို့အား မပြရ။
30ယောနသည် နိနေဝေမြို့သားတို့အတွက်
နိမိတ်လက္ခဏာဖြစ်၏။ ထိုနည်းအတိုင်း၊ လူ
သားသည်လည်း ယခုခေတ်လူတို့အတွက်
နိမိတ်လက္ခဏာ ဖြစ်လိမ့်မည်။ 31တရားစီရင်
ဆုံးဖြတ်သောနေ့ ရောက်သောအခါ၊ တောင်
ပြည်မှ ဘုရင်မသည် ယခုခေတ် လူတို့နှင့်အတူ
ရပ်၍သူတို့ကို မှားကြောင်း သက်သေပြလိမ့်
မည်။ အကြောင်းမူကား၊ ထိုတောင်ပြည်မှ
ဘုရင်မသည် ရှောလမုန်မင်းကြီး၏ ပညာကို

ကြားနာရန် အလွန်ဝေးသော အရပ်မှလာ၏။
ငါဆိုသည်ကား၊ ငါသည် ရှောလမုန်ထက် သာ
၍ကြီးမြတ်၏။ 32တရားစီရင်ဆုံးဖြတ်သောနေ့
ရောက်သောအခါ၊ နိနေဝေမြို့သားတို့သည်
ယခု အသက်ရှင်နေကြသောလူတို့ကို ဆန့်ကျင်
၍ ရပ်ကြပြီး သူတို့မှားကြောင်း သက်သေပြ
ကြလိမ့်မည်။ အကြောင်းမူကား၊ သူတို့သည်
ယောန ဟောပြောခြင်းဖြင့် သူတို့၏စိတ်နှလုံး
နှင့်အသက်တာ ပြောင်းလဲကြ၏။ ငါဆိုသည်
ကား၊ ငါသည် ယောနထက်သာ၍ ကြီးမြတ်၏။

## ကျွန်ုပ်တို့ ကမ္ဘာလောကအတွက်အလင်း ဖြစ်ကြလော့

*(မ၊ 5:15; 6:22-23)*

33“အဘယ်သူမျှမှ မီးအိမ်ကို ထွန်းညှိ၍
ကွယ်ရာ၌ ဖုံးထားလေ့မရှိ။ တောင်းဇလား
အောက်၌လည်း ထားလေ့မရှိ။ ထိုသို့ လုပ်မည့်
အစား သူသည် ဆီမီးခုံပေါ်မှာ တင်ထားလေ့
ရှိ၏။ ထိုကြောင့် ဆီမီးအလင်းရောင်အားဖြင့်
လူတို့မြင်နိုင်ကြမည်။ 34သင့်မျက်စိသည် ခန္ဓာ
ကိုယ်အတွက် အလင်းဖြစ်၏။ သင့်မျက်စိ သည်
ကောင်းလျှင်၊ သင်၏ခန္ဓာကိုယ်တစ်ခုလုံး လင်း
လိမ့်မည်။ သို့သော်လည်း သင်၏မျက်စိသည်
မကောင်းလျှင် သင်၏ကိုယ်ခန္ဓာတစ်ခုလုံး မိုက်
လိမ့်မည်။ 35ထို့ကြောင့် သတိထားကြလော့။
သင်၏အထဲ၌ ရှိသောအလင်းရောင်ကို အ
မှောင်မဖြစ်စေနှင့်။
36သင်၏တစ်ကိုယ်လုံးသည် အလင်းရောင်
ပြည့်ဝ၍၊ အမှောင်သည် သင့်ကိုယ်ခန္ဓာတွင်
အဘယ်အပိုင်း၌ မျှမရှိလျှင် ထိုအလင်းသည်
လုံးလုံးတောက်ပထွန်းလင်းလာ၍သင့်ကိုယ်ပေါ်
၌ မီးအိမ်၏အလင်းရောင် ကျရောက်သကဲ့သို့
ဖြစ်လိမ့်မည်” ဟုမိန့်တော်မူ၏။

## ယေရှုက ဖါရိရှဲများအား ဝေဖန်တော်မူခြင်း

*(မ၊ 23:1-36; မာ၊ 12:38-40; လု၊ 20:45-47)*

37ယေရှုသည် ထိုအကြောင်းအရာများကို
မိန့်တော်မူပြီးနောက်၊ဖာရိရှဲတစ်ယောက်သည်
ယေရှုအား သူနှင့်အတူ အစာကို သုံးဆောင်
တော်မူရန် ဖိတ်ခေါ်၏။ ထို့ကြောင့် ယေရှုသည်
ကြွ၍ စားပွဲ၌ လျောင်းတော်မူ၏။ 38သို့သော်
လည်း ယေရှုသည် အစာကို မစားမီ လက်မ
ဆေးဘဲ နေတော်မူသည်ကို ဖာရိရှဲသည် မြင်
သောအခါ အံ့သြလေ၏။ 39ထို့ကြောင့် သခင်
ဘုရားက ထိုသူအား၊ “ဖာရိရှဲဖြစ်သောသင်
တို့သည် ခန္ဓာကိုယ်အပြင်ဘက် ဆေးကြောခြင်း
ကို အလွန်အရေးကြီးသည် ဟုထင်နေကြ၏။
ဤအရာသည်၊ ပန်းကန်၊ ခွက်တစ်လုံး၏ အပြင်
ဘက်ကို ဆေးကြောခြင်းနှင့် တူ၏။ သို့သော်
လည်း၊ အတွင်းပိုင်း၌ ရှိသောအရာသည် ပို၍
အရေးကြီး၏။ သင့်အတွင်း၌ အဘယ်အရာ
ရှိသနည်း။ သင်တို့သည် ဆိုးဝါးခြင်း၊ လောဘ
ကြီးခြင်းနှင့်ပြည့်လျှက်ရှိ၏။ 40သင်တို့သည် အ
လွန်ရူးသွပ်သော သူတို့ဖြစ်၏။ အပြင်ဘက်ကို
ဖန်ဆင်းသောသူသည် အတွင်းပိုင်းကိုလည်း
ဖန်ဆင်းတော်မူ၏။ 41ထိုကြောင့် အတွင်း၌
အဘယ်အရာများရှိသည်ကို သတိပြုလော့။
အကူအညီ လိုအပ်သောသူတို့ကို အကူအညီ
ပေးလော့။ သို့ဖြစ်လျှင် သင်သည် အတွင်းအ
ပြင် သန့်ရှင်းသွားလိမ့်မည်။ 42ဖာရိရှဲတို့၊ သင်
တို့သည် အမင်္ဂလာရှိကြ၏။ သင်တို့သည် ပင်
စိမ်းရွက်၊ လျှူရွက်မျိုးမှ စ၍ သင်တို့၏ဥယာဉ်မှ
မြက်ပင်အမျိုးမျိုးကိုဆယ်ဖို့တစ်ဖို့ကိုဘုရားသခ
င် အား ပေးလှူကြ၏။ သို့သော်လည်း သင်တို့
သည် တခြားလူတို့အပေါ်၌ တရားမျှတရန်နှင့်
ဘုရားသခင်ကိုချစ်ရန် မေ့ကြ၏။ ဤအရာတို့
သည် သင်တို့၏လုပ်ရမည့် အလုပ်ဖြစ်၏။ သင်
တို့သည် လုပ်ပြီးသော တခြားလုပ်စရာတို့ကို
လည်း ဆက်လက်လုပ်ဆောင်ရမည်။ 43ဖာရိရှဲ
တို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ တရား
ဇရပ်၌မြင့်မြတ်သောနေရာထိုင်ရာကိုဎင်း၊ဈေး
၌ရှိသေစွာနှုတ်ဆက်ခြင်းကိုဎင်း နှစ်သက်ကြ၏။
44သင်တို့သည် မထင်ရှားသောသင်္ချိုင်း
တွင်းနှင့်တူသောကြောင့် အမင်္ဂလာရှိကြ၏။
ထိုတွင်းအပေါ်မှာ သွားလာသောသူတို့သည်
သင်္ချိုင်းတွင်းရှိမှန်းကို မသိကြ” ဟုမိန့်တော်မူ၏။

## ယေရှုက ကျမ်းပြုဆရာတို့ကို စကားပြောတော်မူခြင်း

45ကျမ်းပြုဆရာတစ်ယောက်က ယေရှုအား
"အရှင်ဘုရား၊ သင်သည်ဤကဲ့သို့သော ဖာရိရှဲ
တို့၏အကြောင်းတို့ ပြောသောအခါ၊ အကျွန်ုပ်
တို့ကိုပင် စေ့ဖန်၏" ဟုလျှောက်၏။
46ယေရှုက"ကျမ်းပြုဆရာတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ သင်တို့သည် လူတို့အတွက်
လိုက်နာရန် အလွန်ခက်ခဲသော စီရင်ထုံးများ
ကို ပြုလုပ်ကြ၏။ ထိုတင်းကျပ်သော စီရင်ထုံး
များနှင့်ပြည်သူပြည်သားတို့ကို အတင်းလိုက်နာ
စေကြ၏။ သို့သော်လည်း သင်တို့ကိုယ်တိုင်ထို
စီရင်ထုံးများကို တစ်ခုမှလိုက်နာရန် မကြိုးစား
ကြ။ 47သင်တို့သည် အမင်္ဂလာရှိကြ၏။ အ
ကြောင်းမူကား၊ သင်တို့သည် ပရောဖက်တို့
အတွက် သင်္ချိုင်းဂူများ တည်ဆောက်ကြ၏။
သို့သော်လည်း သင်တို့၏ဘိုးဘေးများသည် သူ
တို့ကို သတ်ကြ၏။
48ယခု သင်တို့သည် မိမိတို့ဘိုးဘေးတို့၏
အပြုအမူကို လက်ခံကြ၏။ သူတို့သည် ပရော
ဖက်တို့ကို သတ်၍ သင်တို့အတွက် သင်္ချိုင်းဂူ
များဆောက်ကြ၏။ 49ထို့ကြောင့် ဘုရားသခင်
၏ပညာတော်က၊ 'ငါသည် ပရောဖက်နှင့်တမန်
တော်တို့ကို သူတို့ထံသို့ စေလွှတ်မည်။ သူတို့
သည် အချို့သောပရောဖက်နှင့် တမန်တော်တို့
ကို သတ်၍၊ အချို့တို့ကို ညှဉ်းပန်းနှိပ်စက်ကြ
လိမ့်မည်။' 50ထို့ကြောင့် ယခုခေတ်လူတို့သည်
ကမ္ဘာဦး မှစ၍ ပရောဖက်အားလုံးတို့၏အသွေး
အကြောင့်၊ အပြစ်ဒဏ်ကို ခံရကြလိမ့်မည်။
51သင်တို့သည် အာဗေလကို သတ်ခြင်းမှ
ဇာခရိသတ်ခြင်းအထိ လူသတ်မှုအတွက် အပြစ်
ဒဏ်ခံရလိမ့်မည်။ ဇာခရိသည် ဗိမာန်တော်နှင့်
ယဇ်ပလ္လင်ကြား၌ အသတ်ခံရ၏။ မှန်ပေ၏၊ ငါ
ဆိုသည်ကား၊ ယခုအသက်ရှင်နေကြသောသင်
တို့သည် သူတို့အားလုံးအတွက် အပြစ်ဒဏ်ခံရ
လိမ့်မည်။
52"ကျမ်းပြုဆရာတို့၊ သင်တို့သည် အမင်္ဂ
လာရှိ၏။ သင်တို့သည် ဘုရားခင်အကြောင်း
ကို ဆည်းပူးရန်သော့ကို ဝှက်ထားကြ၏။ သင်
တို့ကိုယ်တိုင် မဆည်းပူးလို၊ ထိုနည်းတူလေ့လာ
ဆည်းပူးလိုသောသူတို့ကို တားဆီးကြ၏"ဟုမိန့်
တော်မူ၏။
53ယေရှု ထွက်ကြွတော်မူသောအခါ၊ ကျမ်း
ပြုဆရာနှင့် ဖာရိရှဲတို့သည် ကိုယ်တော်၌ အ
ပြစ်တင်ခွင့်ကို ရမည်အကြောင်း 54ချောင်း
မြောင်းလျက် စကားတော်ကို ဖမ်းခြင်းငှါ ရှာ
အကြံကာ ကျပ်ကျပ်တိုက်တွန်း၍ အရာရာ
တို့၌ ကြိုးစားမေးစစ်ကြ၏။

## ဖာရိရှဲများကဲ့သို့ မဖြစ်ကြနှင့်

12 ထိုအခါ ထောင်ပေါင်းများစွာသော လူ
တို့သည် အတူတကွ လာကြ၏။ အလွန်
များပြားလွန်းသောကြောင့် အချင်းချင်း နင်းမိ
ကြ၏။ လူတို့ကို မိန့်တော်မမူမှီ၊ ယေရှုက တ
ပည့်တော်တို့အား 'ဖာရိရှဲတို့၏တဆေးကို သ
တိထားကြလော့။ ငါဆိုလိုသည်ကား၊ သူတို့
သည် လူကောင်းယောင်ဆောင်နေသော လူ
ဆိုးများ ဖြစ်ကြ၏။ 2ဖုံးထားသောအရာမှန်သ
မျှတို့သည် ထင်ရှားလိမ့်မည်။ လျှို့ဝှက်ချက်မှန်
သမျှတို့သည် ထင်ရှားလိမ့်မည်။ 3အမှောင်ထဲ
၌ သင်တို့ပြောသမျှသောအရာများကို အလင်း
၌ပြန်ပြောကြလိမ့်မည်။ သင်တို့သည် အခန်း
ထဲမှာ တီးတိုးပြောသောအကြောင်းအရာများ
ကိုအိမ်ခေါင်မိုးပေါ်မှာအော်ပြောကြလိမ့်မည်။"

## ဘုရားသခင်ကို သာကြောက်ရွံ့လော့

*(မ၊ 10:28-31)*

4ထိုနောက် ယေရှုက "ငါဆိုသည်ကား၊
ငါ့မိတ်ဆွေတို့၊ လူတို့ကို မကြောက်ကြနှင့်။ လူ
တို့သည် ခန္ဓာကိုယ်ကိုသာ သတ်နိုင်ကြ၏။ သို့
သော်လည်း သူတို့သည် သင်တို့ကို အန္တရယ်ပြု
နိုင်မည်မဟုတ်။ 5သင်တို့သည် အဘယ်သူအား
ကြောက်ရမည်ကို ငါပြမည်။ ကိုယ်ခန္ဓာကို သတ်
ပြီးမှ ငရဲထဲသို့ ပစ်ချနိုင်သောတန်ခိုးရှိတော်မူ

သောသူကို ကြောက်ရွံ့ရမည်။ မှန်ပေ၏၊ သူ
သည် သင်တို့ကြောက်ရမည့်သူ ဖြစ်တော်မူ၏။
6“စာကလေး ငါးကောင်သည် နှစ်ပြားနှင့်
သာရောင်း၏။ သို့သော်လည်း ဘုရားသခင်
သည် ထိုစာကလေး တစ်ကောင်ပင်လျှင် မေ့
တော်မမူ။ 7မှန်ပေ၏၊ ဘုရားသခင်သည် သင်
၏ဦးခေါင်းပေါ်၌ ဆံပင်ဘယ်နှစ်ပင် ရှိသည်ကို
ပင်သိတော်မူ၏။ ထို့ကြောင့် မကြောက်ကြနှင့်။
သင်တို့သည် စာကလေးငှက်အများတို့ ထက်ပို
၍ တန်ဖိုးရှိကြ၏။

## ယေရှုကြောင့်မရှက်ကြနှင့်

*(မ၊ 10:32-33, 12:32, 10:19-20)*

8“ငါဆိုသည်ကား၊ လူတစ်ယောက်သည်
တခြားလူတို့ရှေ့မှာရပ်၍ငါ့ကို ယုံကြည်ကြောင်း
ပြောလျှင် ငါသည်လည်း ထိုသူကို ငါ့တပည့်
ဟုပြောမည်။ ထိုအကြောင်းကို ဘုရားသခင်၏
ကောင်းကင်တမန်တော်တို့ ရှေ့၌ ငါပြောမည်။
9သို့သော်လည်း အဘယ်သူမဆို အခြားလူတို့
ရှေ့မှာ ရပ်၍ ငါ့ကို မယုံကြည်ကြောင်း ပြော
လျှင် ငါသည်လည်း ထိုသူကို ငါ့တပည့် မဟုတ်
ဟု ငါပြောမည်။ ထိုအကြောင်းကို ဘုရားသခင်
၏ကောင်းကင်တမန်တို့ရှေ့၌ ငါပြောမည်။
10“လူတစ်ယောက်သည် လူသားကို တစ်စုံ
တစ်ရာ ဆန့်ကျင်ပြောဆိုလျှင် သူ့ကို အပြစ်ခွင့်
လွှတ်နိုင်၏။ သို့သော်လည်း လူတစ်ယောက်
သည်သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်
ပြောဆိုလျှင် သူသည် ဘယ်သောအခါ၌မျှ ခွင့်
လွှတ်ခြင်းမခံနိုင်။
11“လူတို့သည် သင်တို့ကို တရားဇရပ်သို့
ငင်း၊ ခေါင်းဆောင်တို့နှင့် အခြားအာဏာပိုင်
များရှေ့သို့ငင်း ခေါ်ဆောင်သွားသောအခါ သင်
တို့ကိုယ်ကို ကာကွယ်ခြင်းငှါ အဘယ်သို့ ပြော
ရမည်ကို မစိုးရိမ်ကြနှင့်။ 12ထိုအချိန်၌ သင်တို့
ပြောရမည့်စကားကို သန့်ရှင်းသောဝိညာဉ်
တော်သည် သင်ကြားပေးလိမ့်မည်” ဟုမိန့်
တော်မူ၏။

## ယေရှုက တစ်ကိုယ်ကောင်းဆန်မှုကို ဆန့်ကျင်သတိပေးတော်မူခြင်း

13လူအုပ်ထဲမှ လူတစ်ယောက်က ယေရှု
အား “အရှင်ဘုရား၊ အကျွန်ုပ်တို့၏ဖခင်သည်
မကြာခင်က သေဆုံးပါ၏။ အကျွန်ုပ်အစ်ကို
သည် အမွေကို အကျွန်ုပ်နှင့် ခွဲယူရန်သူ့အား
အမိန့်ရှိတော်မူပါ” ဟုလျှောက်၏။
14သို့သော်လည်း ယေရှုက ထိုသူအား
“မိတ်ဆွေ၊ သင်တို့နှစ်ယောက်ကြားရှိ အမွေခွဲ
ဝေခြင်းငြင်းခုံမှုများကို ဆုံးဖြတ်ပေးရန် အဘယ်
သူသည် ငါ့ကို တရားသူကြီးအဖြစ်ခန့်သနည်း”
ဟုမေးတော်မူ၏။ 15ထိုနောက် ယေရှုက သူ
တို့အား “တစ်ကိုယ်ကောင်းဆန်ခြင်းကို သတိ
နှင့်ရှောင်ကြဉ်ကြလော့။ လူတစ်ယောက်သည်
မိမိပိုင်ဆိုင်သောစည်းစိမ်မှ အသက်မရနိုင်” ဟု
မိန့်တော်မူ၏။
16ထို့နောက် ယေရှုက သူတို့အား ဥပမာ
တစ်ခု မိန့်တော်မူသည်မှာ “တစ်ရံရောအခါ၌
ချမ်းသာသော မြေပိုင်ရှင်တစ်ယောက်၏မြေ
ကွက်၌အလွန်ကောင်းမွန်သော သီးနှံများထွက်
၏။ 17ထိုမြေပိုင်ရှင်က ‘ငါသည် အဘယ်သို့
ပြုရမည်နည်း။ ငါ့သီးနှံအားလုံးကို သိုလှောင်
ရန်ငါ၌ နေရာမရှိဟုပြော၏။ 18ထိုနောက် သူ
က ‘ငါသည် အဘယ်သို့ ပြုလုပ်ရမည်ကို ငါသိ
ပြီ။ ငါ၏ကျီများကို ဖျက်၍ ပို၍ကြီးသောကျီ
များကို ဆောက်မည်။ ငါ၏အသီးအနှံဥစ္စာရှိ
သမျှတို့ကို ငါ့ကျီအသစ်ထဲ၌ သိုထားမည်။ 19ထို့
နောက် ငါသည် ကိုယ့်ကိုကိုယ် ပြောရမည်မှာ
ငါသည် နှစ်ပေါင်းများစွာအတွက် လုံလောက်
မည့် ကောင်းသောအရာများစွာကို သိုလှောင်
ထားပြီ။ အနားယူခြင်း၊ စားခြင်း၊ သောက်ခြင်း
များပြုလုပ်၍ ဘဝမှာ ပျော်ရွှင်စွာနေမည်’ ဟု
စဉ်းစားလေ၏။ 20သို့သော်လည်းဘုရားသခင်
ကထိုသူအား ‘အချင်းလူမိုက်၊ သင်သည် ယ
နေ့ညဉ့်၌ သေရလိမ့်မည်။ သို့ဖြစ်၍ သင့်အတွက်
ကြိုတင် ပြင်ဆင်ထားသောအရာအားလုံးတို့
သည် အဘယ်သို့ ဖြစ်မည်နည်း။ ယခု ထိုအ
ရာတို့ကို အဘယ်သူရရှိမည်နည်း’ ဟုမိန့်တော်

မူ၏။ 21ဤအရာသည်သူ့အတွက်သာစုဆောင်း
သောသူ၌ ဖြစ်ပေါ်လာမည့်အရာဖြစ်၏။ဘုရား
သခင်သည်သူ့ကို ချမ်းသာသူတစ်ယောက် ဟု
မသတ်မှတ်” ဟုမိန့်တော်မူ၏။

## ဘုရားသခင်၏နိုင်ငံတော်ကို ပထမနေရာ၌ထားခြင်း

*(မ၊ 6:25-34, 19-21)*

22ယေရှုက တပည့်တော်တို့အား၊ သို့ဖြစ်၍
ငါဆိုသည်ကား၊ သင်တို့အသက်ရှင်နိုင်ရန် လို
အပ်သော အစားအစာအတွက် မစိုးရိမ်ကြနှင့်။
သင်တို့၏ဝတ်ဆင်ရန် လိုအပ်သောအဝတ်အ
တွက် မစိုးရိမ်ကြနှင့်။ 23အသက်သည် အစာ
ထက်ပို၍အရေးကြီး၏။ ခန္ဓာကိုယ်သည် အဝတ်
ထက်ပို၍ အရေးကြီး၏။ 24ငှက်တို့ကို ကြည့်ကြ
လော့။ သူတို့သည် သီးနှံပင်မျိုးစေ့ကို မစိုက်
မကြဲ၊ စပါးကိုမရိတ်။ ငှက်တို့သည် အိမ်ထဲ၌
ရင်း၊ ကျီထဲ၌ရင်း၊ အစားအစာကို စုဆောင်း
မထားကြ။ သို့သော်လည်း ဘုရားသခင်သည်
သူတို့ကိုစောင့်ရှောက်တော်မူ၏။ သင်တို့သည်
ငှက်တို့ထက် သာ၍အလွန်မြတ်၏။
25သင်တို့တွင် အဘယ်သူသည် စိုးရိမ်ခြင်း
အားဖြင့် မိမိအသက်ကို အနည်းငယ်မျှပင် တိုး
စေနိုင်သလော။ 26သင်တို့သည်သေးငယ်သော
အမှုတို့ကို မလုပ်နိုင်လျှင် ကြီးမားသောအမှုအ
တွက် အဘယ်ကြောင့် စိုးရိမ်ကြသနည်း။ 27နှင်း
ပန်းတို့သည် အဘယ်သို့သောအားဖြင့် ကြီး
ထွားသည်ကို ဆင်ခြင်ကြလော့။ ထိုပန်းတို့
သည် အလုပ်လည်းမလုပ်။ သူတို့ဝတ်စရာ
အဝတ်အထည်လည်းမယက်။သို့သော်လည်း၊
ငါဆိုသည်ကား၊ ကြီးမြတ်၍ အလွန်ချမ်းသာ
သောရှောလမုန်မင်းကြီးပင်လျှင် ထိုနှင်းပန်း
တစ်ပွင့်ကဲ့သို့ လှအောင်မဝတ်ဆင်နိုင်။ 28ဘုရား
သခင်သည် ကွင်းထဲ၌ ရှိသောမြက်ပင်တို့ကို
ထိုကဲ့သို့ပင် ဝတ်ဆင်ပေးတော်မူ၏။ ထိုမြက်တို့
သည် ယနေ့အသက်ရှင်သော်လည်း မနက်ဖြန်
နေ့တွင် မီးဖိုထဲ၌ ပစ်ချခြင်းခံရမည်။ ထို့
ကြောင့်မြက်ပင်ကို ဘုရားသခင်သည် ကောင်း
မွန်စွာ ဝတ်ဆင်ပေးလျှင် သင်တို့ကို သာ၍ဝတ်
ဆင်ပေးတော်မူလိမ့်သည်။ သင်တို့သည် ဤကဲ့
သို့ သေးငယ်သောယုံကြည်ခြင်း မျိုးမရှိကြနှင့်။
29ထို့ကြောင့် သင်တို့သည် အဘယ်သို့ စားရ
မည်၊ အဘယ်သို့ သောက်ရမည်ကို မစဉ်းစား
ကြနှင့်။ 30ထိုအရာများအတွက် မစိုးရိမ်ကြနှင့်။
လောကီသားအပေါင်းတို့သည် ထိုအရာတို့ကို
ရရှိရန် ကြိုးစားနေကြ၏။ သင်တို့၏အဘသည်
ထိုအရာတို့ကို သင်တို့လိုအပ်နေကြောင်း သိ
တော်မူ၏။ 31သင်တို့တောင့်တရမည့်အရာမူ
ကား ဘုရားသခင်၏နိုင်ငံတော်ဖြစ်၏။ သို့ဖြစ်
လျှင် သင်တို့လိုအပ်သောအရာများကိုလည်း
ထပ်၍ပေးတော်မူလိမ့်မည်။

## ငွေကို အားမကိုးနှင့်

32“အို၊ သိုးစုငယ်တို့၊ မကြောက်ကြနှင့်။
သင်တို့၏အဘသည် သင်တို့အား နိုင်ငံတော်ကို
ပေးရန် အလိုတော်ရှိ၏။
33သင်တို့၌ ရှိသောပစ္စည်းများကို ရောင်း၍
ထိုငွေများကို လိုအပ်သောသူတို့အား ပေးကြ
လော့။ ဤလောက၏ချမ်းသာခြင်းသည် ထာ
ဝစဉ်မတည်။ ထို့ကြောင့်ထာဝစဉ်တည်မြဲသော
ချမ်းသာခြင်းကို ရယူရန်ကြိုးစားကြလော့။
ကောင်းကင်ဘဏ္ဍာသည် သင်တို့နှင့်အတူ
ထာဝရရှိမည် ဖြစ်သောကြောင့် ကောင်းကင်
ဘဏ္ဍာကို ရယူကြလော့။ အဘယ်သူခိုးမျှ မခိုး
နိုင်၍ အဘယ်ပိုးမျှ မဖျက်ဆီးနိုင်ပါ။ 34သင့်
ဘဏ္ဍာရှိသောအရပ်၌ သင့်နှလုံးသားလည်း ရှိ
လိမ့်မည်။

## အစဉ်အမြဲအသင့်ဖြစ်နေလော့

*(မ၊ 24:45-51)*

35အဆင်သင့်ရှိနေကြလော့။ အဝတ်အစား
ပြည့်စုံစွာ ဝတ်ဆင်ထား၍ သင်တို့၏အလင်းကို
ထွန်းလင်းစေကြလော့။
36မင်္ဂလာဆောင်ပွဲမှ ပြန်လာမည့်သခင်ကို
စောင့်နေကြသောအစေခံကဲ့သို့ ဖြစ်ကြလော့။
သခင်သည် လာ၍ တံခါးကို ခေါက်သောအခါ

အစေခံတို့သည် သူ့အတွက် တံခါးဖွင့်ပေးကြ၏။
37သခင်ပြန်ရောက်လာသောအခါ ထိုအစေခံ
တို့သည် မင်္ဂလာရှိကြလိမ့်မည်။ အကြောင်းမူ
ကား၊ ထိုအစေခံတို့သည် သူ့အား စောင့်နေကြ
သည်ကို သခင်မြင်သောကြောင့်ဖြစ်၏။ ငါအ
မှန်ဆိုသည်ကား၊ သခင်သည် ဝတ်စားဆင်ယင်
၍ အစေခံတို့ကို စားပွဲ၌ ထိုင်ရန် ပြောပြီးမှ
အစားအသောက်ကို သုံးဆောင်ရန် သူကိုယ်
တိုင် ပြုစုပေးလိမ့်မည်။ 38ထိုအစေခံတို့သည်
သူတို့၏သခင်ကို ညဉ့်နက်သန်းခေါင် သို့မဟုတ်
ထိုအချိန်ထက်ပို၍ပင် နောက်ကျသည့်အထိ
စောင့်ရန်လိုပေလိမ့်မည်။သို့သော်လည်းသခင်
သည် ပြန်လာ၍သူတို့သည် စောင့်လျက် နေ
သည်ကို တွေ့သောအခါသူတို့သည် မင်္ဂလာရှိ
ကြလိမ့်မည်။ 39ထိုအရာကိုမှတ်ထားကြလော့။
သူခိုးလာမည့်အချိန်ကို အိမ်ရှင်သည် သိထား
လျှင် သူသည် သူ့အိမ်ထဲကို ဖောက်ထွင်းရန်
သူခိုးအားခွင့်ပြုမည်မဟုတ်။ 40ထို့ကြောင့် သင်
တို့မမျှော်လင့်သောအချိန်၌ လူသားသည် ကြွ
လာလိမ့်မည်။ ထို့ကြောင့် သင်တို့သည်လည်း
အဆင်သင့်ရှိနေကြလော့” ဟုမိန့်တော်မူ၏။

## ယုံကြည်ရသောအစေခံသည် အဘယ်သူနည်း

41ပေတရုက “သခင်၊ ကိုယ်တော်သည်
ဤဥပမာကို အကျွန်ုပ်တို့ကိုသာ မိန့်တော်မူသ
လော၊ သို့မဟုတ် လူတိုင်းအတွက် မိန့်တော်မူ
သလော” ဟုလျှောက်လေ၏။
42ယေရှုက “သစ္စာရှိ၍ သတိပညာရှိသော
အစေခံကား အဘယ်သူနည်း။ သခင်သည် အ
စေခံတစ်ယောက်ကို ယုံကြည်၍ အခြားသော
အစေခံတို့ကို တိကျသောအချိန်၌ အစာအ
သောက်တို့ကို ပြင်ဆင်ခြင်းတာဝန်ကို ခန့်အပ်
လေ၏။ သခင်သည် ထိုလုပ်ငန်းတာဝန်ကို ယုံ
ကြည်စိတ်ချ၍ အပ်နှံသည့်သစ္စာရှိသောအစေခံ
သည် အဘယ်သူနည်း။ 43ထိုအစေခံသည် သူ့
ကို ခိုင်းထားသည့်အတိုင်း လုပ်နေသည်ကို
သခင်သည် ပြန်လာ၍ မြင်သောအခါ အစေခံ
သည် အလွန်ပျော်ရွှင်နေလိမ့်မည်။ 44ငါအမှန်
ဆိုသည်ကား၊ သခင်သည် မိမိ၏ဥစ္စာရှိသမျှတို့
ကို ထိန်းသိမ်းရန် ထိုအစေခံကို ရွေးလိမ့်မည်။
45သို့သော်လည်း ထိုအစေခံသည် ဆိုးသွမ်း
သောသူတစ်ယောက်ဖြစ်လျှင် သူ့သခင်သည်
စောလျင်စွာ ပြန်လာမည်မဟုတ်ဟုထင်၍ အ
ခြားသောအစေခံယောကျ်ားမိန်းမတို့ကို ရိုက်
နှက်လိမ့်မည်။ သူသည် စားသောက်လျက်နေ
လိမ့်မည်။ 46ထိုအခါအစေခံသည် အဆင်သင့်
မဖြစ်သောအချိန်တွင် သူ့သခင်ပြန်လာလိမ့်
မည်။ ထိုအချိန်သည် သူ့သခင်ပြန်လာရန်မ
မျှော်လင့်သောအချိန်ဖြစ်၏။ သခင်သည် ထို
အစေခံကို အပြစ်ပေးလိမ့်မည်။ သခင်သည်
ထိုအစေခံကို နာမခံသောလူတို့နှင့်အတူနေရန်
မောင်းထုတ်လိမ့်မည်။
47“သူ့သခင်လုပ်စေလိုသောအရာကို သိ
သော်လည်း အဆင်သင့်မဖြစ်၍ သခင်အလို
ရှိသည့်အတိုင်းလုပ်ရန်မကြိုးစားသောထိုအစေ
ခံသည် ပြင်းထန်စွာအပြစ်ဒဏ်ပေးခြင်း ခံရလိမ့်
မည်။ 48သို့သော်လည်း သူ့သခင်လုပ်စေလို
သောအရာကို မသိ၍ မှားသောအရာများကို
ပြုလုပ်သဖြင့် အပြစ်ဒဏ်ခံရန် ထိုက်တန်သော
အစေခံ၌ အဘယ်သို့ ဖြစ်မည်နည်း၊ ထိုအစေ
ခံသည် အပြစ်ဒဏ်ခံရသော်လည်း အနည်း
ငယ်သာခံရလိမ့်မည်။ အဘယ်သူမဆို များစွာ
ပေးအပ်ခြင်းခံရသောသူသည် တာဝန်ပို၍ များ
လိမ့်မည်။ အဘယ်သူမဆို များစွာပေးအပ်ခြင်း
ခံရသောသူထံမှများစွာမျှော်လင့်ရလိမ့်မည်။”

## ယေရှုနှင့်ပတ်သက်၍ လူများက သဘောတူလိမ့်မည်မဟုတ်

*(မ၊ 10:34-36)*

49ယေရှုက ဆက်လက်၍ မိန့်တော်မူသည်
မှာ “ငါသည် မြေပေါ်၌ မီးလောင်စေခြင်းငှါ
လာ၏။ မြေကြီးသည်မီးလောင်ပြီဖြစ်လျှင် ငါ
အလိုရှိ၏။ 50ငါသည်ဗတ္တိဇံတစ်ခုကိုလည်း ခံစ
ရာရှိ၏။ ထိုအရာ မဖြစ်မှီတိုင်အောင် ငါအလွန်
စိတ်နှလုံးပူပန်ခြင်းရှိ၏။ 51ငါသည်မြေပေါ်၌ ငြိမ်

သက်ခြင်းကို ယူဆောင်ခြင်းငှါ လာသည်ဟု
သင်တို့ထင်ကြသလော။ မဟုတ်ပါ၊ မြေကြီးကို
ခွဲခြမ်းစေခြင်းငှါ ငါလာ၏။ 52ယခုအချိန်မှစ၍
မိသားစုငါးယောက်ရှိသော အိမ်ထောင်တစ်ခု
တွင် သုံးယောက်သည် နှစ်ယောက်နှင့် ဆန့်
ကျင်၍ နှစ်ယောက်သည်လည်း သုံးယောက်နှင့်
ဆန့်ကျင်ကြလိမ့်မည်။

53 ဖခင်သည် သားကို ဆန့်ကျင်၍ သား
သည် ဖခင်ကို ဆန့်ကျင်လိမ့်မည်။ မိခင်
သည် သမီးကို ဆန့်ကျင်၍ သမီးသည်
မိခင်ကို ဆန့်ကျင်လိမ့်မည်။ ယောက္ခမ
သည် ချွေးမကို ဆန့်ကျင်၍ ချွေးမသည်
ယောက္ခမကို ဆန့်ကျင်လိမ့်မည်’ ဟုမိန့်
တော်မူ၏။

## အချိန်ကာလကို နားလည်ခြင်း

*(မ၊ 16:2-3)*

54ယေရှုက လူတို့အား “အနောက်မျက်နှာ
၌ မိုးတိမ်များတက်လာသည်ကို သင်တို့မြင်
သောအခါ မကြာခင် မိုးရွာမည်ဟု သင်တို့
ပြောတတ်၏။ 55တောင်ဘက်၌ လေတိုက်လာ
သည်ကို သင်တို့ခံစားသောအခါ ‘ယနေ့တွင်
နေသာလိမ့်မည်’ ဟုသင်တို့က ပြောတတ် ၏။
အမှန်ပင်သာလာတတ်၏။ 56သူကောင်း
ယောင်ဆောင်သောသင်တို့၊ သင်တို့သည် ရာ
သီဥတုအကြောင်းကို နားလည်နိုင်၏။ ယခုအ
ချိန်၌အဘယ်သို့ ဖြစ်နေသည်ကို အဘယ်
ကြောင့် နားမလည်နိုင်ကြသနည်း။

## သင်၏ပြဿနာကိုပြေလည်အောင် ဖြေရှင်းလော့

*(မ၊ 5:25-26)*

57“အဘယ်အရာသည် သင်တို့အတွက် အ
မှန်ဖြစ်သည်ကို အဘယ်ကြောင့် မဆုံးဖြတ်နိုင်
ကြသနည်း။ 58လူတစ်ယောက်သည် သင့်ကို
တရားစွဲလို၍ သင်သည် သူနှင့်အတူ တရားရုံး
သို့ သွားနေလျှင် လမ်း၌ပင် ကျေအေးရန်ကြိုး
စားလော့။ သင်သည် ပြဿနာကို ပြေလည်
အောင်မရှင်းနိုင်လျှင် သူသည် သင့်ကိုတရားရုံး
သို့ခေါ်သွားလိမ့်မည်။ ထိုအခါ တရားသူကြီး
သည် သင့်ကို ထောင်ထဲ၌ လှောင်ထားမည်။
59သင်ချေးယူသမျှသော ငွေအားလုံးမလျှော်မှီ
တိုင်အောင် ထောင်ထဲမှ မထွက်ရ” ဟုမိန့်
တော်မူ၏။

## စိတ်နှလုံးပြောင်းလဲကြလော့

13 ထိုအချိန်တွင် လူအချို့တို့သည် ယေရှု
နှင့်အတူ ရှိနေကြ၏။ သူတို့က ယေရှု
အား ဂါလိလဲလူအချို့သည် ကိုးကွယ်နေကြစဉ်
ပိလတ်သည် သူတို့ကို သတ်၍ သူတို့၏အသွေး
ကို မိမိတို့ယဇ်ပူဇော်နေသော တိရစ္ဆာန်တို့၏
အသွေးနှင့်ရောစပ်ကြောင်းပြောကြ၏။ 2ယေရှု
က “ထိုဂါလိလဲလူတို့သည် တခြားဂါလိလဲလူ
အားလုံးတို့ထက် သာ၍အပြစ်ကြီးသောကြောင့်
ထိုအရာကိုခံရသည်ဟုသင်တို့ထင်ကြသလော။
3သာ၍ အပြစ်ရှိသည်မဟုတ်။ သို့သော်လည်း
သင်တို့အားလုံးသည် စိတ်နှလုံးနှင့် အသက်တာ
မပြောင်းလဲလျှင် သင်တို့သည်လည်း သူတို့ကဲ့
သို့ ပျက်ဆီးခြင်းခံရလိမ့်မည်။ 4ရှိလောင်မျှော်
စင်သည် သူတို့အပေါ်၌ ပြိုကျ၍ သေသွား
သော ထိုလူတစ်ဆယ့်ရှစ်ယောက်တို့သည် အ
ဘယ်သို့ ဖြစ်သနည်း။ သူတို့သည် ယေရုရှလင်
မြို့၌နေသောအခြားလူအားလုံးတို့ထက် သာ၍
အပြစ်ကြီးသည်ဟု သင်တို့ထင်ကြသလော။
5သူတို့သည် သာ၍အပြစ်မကြီးပါ။ သို့သော်
လည်း၊ ငါဆိုသည်ကား၊ သင်တို့သည် စိတ်နှ
လုံးနှင့်အသက်တာမပြောင်းလဲလျှင် သင်တို့
အသည်လည်း ထိုလူတို့ကဲ့သို့ ပျက်ဆီးခြင်းခံရ
လိမ့်မည်” ဟုမိန့်တော်မူ၏။

## အသုံးမကျသောသစ်ပင်

6ယေရှုသည် ဤဥပမာကို မိန့်တော်မူသည်
မှာ၊ “လူတစ်ယောက်သည် မိမိဥယျာဉ်၌ စိုက်
ထားသောသဖန်းပင်တစ်ပင်ရှိ၏။ တစ်နေ့၌
ထိုလူသည် သစ်ပင်ပေါ်၌ သဖန်းသီးကို ရှာခြင်း

ငါလာ၏။ သို့သော်လည်း သူသည် တစ်လုံးမျှမ
တွေ့။ 7ထိုလူသည် ဥယျာဉ်ကို ကြည့်ရှုစောင့်
ရှောက်ရန်အစေခံတစ်ယောက်ရှိ၏။ထို့ကြောင့်
ထိုသူက အစေခံအား 'ငါသည် လွန်ခဲ့သောသုံး
နှစ်မှစ၍ ဤအပင်၌အသီးကို ရှာနေသော်
လည်း တစ်လုံးမျှမတွေ့ပါ။ ထိုအပင်ကို ခုတ်
ပစ်လော့။ အဘယ်ကြောင့် မြေကြီးကို ဖြုန်းတီး
ရသနည်း' ဟုပြော၏။ 8သို့သော်လည်း အစေ
ခံက'သခင်၊ဤအပင်သည် အသီးသီးရန်နောက်
ထပ် တစ်နှစ်လောက် ရှိပါစေ။ အကျွန်ုပ်သည်
အပင်ပတ်လည်ကို တူးဆွ၍ မြေသြဇာထည့်
ပေးပါရစေ။ 9နောက်နှစ်တွင် အသီးသီးကောင်း
သီးပါလိမ့်မည်။ ထိုသို့မဟုတ်လျှင် နောက်မှ
ခုတ်ပစ်တော်မူပါ ဟုလျှောက်လေ၏'" ဟုမိန့်
တော်မူ၏။

## ယေရှုက ဥပုသ်နေ့တွင် အမျိုးသမီးတစ်ယောက်အား ကုသတော်မူခြင်း

10ယေရှုသည် ဥပုသ်နေ့တွင် တရားဇရပ်၌
သြဝါဒပေးတော်မူ၏။ 11တရားဇရပ်ထဲတွင် ရှိ
သောအမျိုးသမီးတစ်ယောက်သည် ညစ်ညူး
သောနတ်စွဲကပ်သောကြောင့် တစ်ဆယ့်ရှစ်နှစ်
ပတ်လုံး မသန်မစွမ်းဖြစ်ရ၏။ သူမ၏နောက်
ကျောသည် အစဉ်သဖြင့် ကိုင်းညွတ်နေ၏။သူမ
သည် ကိုယ်ကိုဆန့်၍မရပ်နိုင်။ 12ယေရှုသည်ထို
အမျိုးသမီးကို မြင်သောအခါ သူမအား ခေါ်၍
"အချင်းမိန်းမ၊ သင်၏ရောဂါနှင့်လွတ်၏" ဟုမိန့်
တော်မူပြီးလျှင်၊ 13ယေရှုသည် သူမကိုယ်ပေါ်၌
လက်တော်ကို တင်တော်မူ၏။ ထိုအခါ သူမ
သည် ခါးဆန့်၍ ရပ်နိုင်ပြီး ဘုရားသခင်ကို ချီး
မွမ်းလေ၏။
14ယေရှုသည် ဥပုသ်နေ့တွင် ကျန်းမာခြင်း
ပေးတော်မူသောကြောင့် တရားဇရပ်မှူးသည်
ဒေါသထွက်၏။ တရားဇရပ်မှူးက လူတို့အား
"တစ်ပတ်တွင် သင်တို့အတွက် အလုပ်လုပ်ရန်
ခြောက်ရက်ရှိပါ၏။ထိုရက်များအတွင်း၌ အနာ
ရောဂါ ငြိမ်းခြင်းခံယူရန် လာကြလော့။ ဥပုသ်
နေ့၌ အနာရောဂါ ငြိမ်းခြင်းခံယူရန် မလာကြ
နှင့်" ဟုပြောလေ၏။
15သခင်ဘုရားကလည်း တရားဇရပ်မှူးအား
"သင်တို့သည် သူကောင်းယောင်ဆောင်သော
သူဖြစ်ကြ၏။ သင်တို့၏နွား၊ မြည်းကို ကြိုးဖြေ၍
နေ့တိုင်းရေတိုက်ရန် လွှတ်သည် မဟုတ်လော။
ဥပုသ်နေ့၌ပင် ထိုကဲ့သို့ လုပ်နေသည်မဟုတ်
လော။ 16ယခုငါကျန်းမာခြင်းပေးသောအမျိုး
သမီးသည် ငါတို့ယုဒလူမျိုးတစ်ယောက်ဖြစ်၏။
စာတန်သည် သူမကို တစ်ဆယ့်ရှစ်နှစ်ပတ်လုံး
ချည်ထား၏။ ဥပုသ်နေ့၌ သူမ၏ရောဂါဝေဒနာ
မှ ချမ်းသာပြေလွှတ်ပေးခြင်းသည် လုံးဝမမှား
ပါ" ဟုမိန့်တော်မူ၏။ 17ယေရှုသည် ဤသို့မိန့်
တော်မူသောအခါ သူ့ကို ဝေဖန်သောလူအား
လုံးတို့သည် ရှက်ကြောက်ခြင်းရှိကြ၏။ လူအုပ်
စုတို့သည် ယေရှုပြုတော်မူသော အံ့သြဘွယ်
အမှုများကြောင့် အလွန်ဝမ်းမြောက်ကြ၏။

## ဘုရားသခင်၏နိုင်ငံတော်သည် အဘယ်အရာနှင့်တူသနည်း

*(မ၊ 13:31-33; မာ၊ 4:30-32)*

18ထို့နောက် ယေရှုက 'ဘုရားသခင်၏နိုင်ငံ
တော်သည် အဘယ်အရာနှင့်တူသနည်း။ 19ငါ
သည် အဘယ်အရာနှင့် နှိုင်းယှဉ်ပြမည်နည်း။
ဘုရားသခင်၏နိုင်ငံတော်သည် မုန်ညင်းစေ့နှင့်
တူ၏။ လူတစ်ယောက်သည် သူ၏ဥယျာဉ်၌မုန်
ညင်းစေ့ကိုစိုက်၏။ထိုအစေ့သည် အပင်ပေါက်
လာပြီး သစ်ပင်ကြီးတစ်ပင် ဖြစ်လာ၏။ ငှက်တို့
သည် လာ၍ အပင်၏အကိုင်းများတွင် အသိုက်
ဆောက်ကြ၏' ဟုမိန့်တော်မူ၏။
20တဖန်ယေရှုက"ဘုရားသခင်၏နိုင်ငံတော်
ကို ငါသည် အဘယ်သို့ နှိုင်းယှဉ်ပြရမည်နည်း။
21မိန်းမတစ်ယောက်သည် ဂျုံမှုန့်များကို ထည့်
ထားသောခွက်ကြီးတစ်ခုတွင် ရောသောတ
ဆေးနှင့်တူ၏။ ထိုအခါ မုန့်ညက်စိမ်းအားလုံး
သည် တဆေးကြောင့်ဖောင်းကြွလာ၏" ဟုမိန့်
တော်မူ၏။

## ကျဉ်းမြောင်းသောတံခါးပေါက်

*(မ၊ 7:13-14; 21-23)*

22ယေရှုသည် ယေရုရှလင်မြို့ဘက်သို့ ခရီး
ကြွစဉ် မြို့ရွာအရပ်ရပ်သို့သွား၍ လူတို့ကို ဆုံးမ
သြဝါဒပေးတော်မူ၏။ 23တစ်စုံတစ်ယောက်က
ကိုယ်တော်အား “သခင်၊ လူအနည်းငယ်သာ
လျှင် ကယ်တင်ခြင်းခံရမည်လော” ဟုမေး
လျှောက်၏။ ထိုအခါယေရှုက 24“ကောင်းကင်
ဘုံသို့ ဦးဆောင်လမ်းပြသောကျဉ်းသော တံခါး
ကို ဝင်ရန် ကြိုးစားအားထုတ်ကြလော့။ များ
စွာသောလူတို့သည် ထိုတံခါးအားဖြင့်ဝင် ရန်
ကြိုးစားကြသော်လည်း ဝင်နိုင်လိမ့်မည်
မဟုတ်။ 25အိမ်ရှင်သည် သူ့အိမ်တံခါးကို သော့
ခတ်ထားလျှင် သင်တို့သည် အပြင်၌ ရပ်၍
တံခါးခေါက်နိုင်၏။ သို့သော်လည်း သူသည်
တံခါးဖွင့်ပေးလိမ့်မည်မဟုတ်။ သင်က ‘ဆရာ၊
အကျွန်ုပ်တို့ကို တံခါးဖွင့်ပေးပါ’ ဟုပြောလိမ့်
မည်။ သို့သော်လည်း ထိုလူက ‘သင်တို့သည်
အဘယ်ကလာသည်ကို ငါမသိ’ ဟုပြန်ပြော
လိမ့်မည်။ 26ထိုအခါ သင်တို့က ‘အကျွန်ုပ်တို့
သည် ကိုယ်တော်နှင့်အတူ သောက်စားခဲ့ဘူး
၏။ အကျွန်ုပ်တို့မြို့ရှိလမ်းပေါ်၌ ကိုယ်တော်
သည် သြဝါဒပေးတော်မူပြီ’ ဟုပြောလိမ့်မည်။
27ထိုအခါ သူက သင်တို့အား ‘သင်တို့ကို ငါမ
သိ။ သင်တို့သည် အဘယ်က လာကြသနည်း။
ငါ့ထံမှ ထွက်သွားကြ။ သင်တို့အားလုံးသည်
ဆိုးသောအလုပ်ကို လုပ်သောသူများ ဖြစ်ကြ
၏’ ဟုပြောလိမ့်မည်။ 28သင်တို့သည် ဘုရား
သခင်၏နိုင်ငံတော်၌ အာဗြဟံ၊ ဣဇာက်၊
ယာကုပ်နှင့် ပရောဖက်အားလုံးတို့ကို မြင်ရ
လိမ့်မည်။ သို့သော်လည်း သင်တို့သည် အပြင်
သို့ နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။ ထိုနေရာ၌
သင်တို့သည် ဒေါသ၊ ကြောက်ရွံ့ခြင်းနှင့်အော်
ဟစ်ငိုကြွေးရလိမ့်မည်။
29လူတို့သည်အရှေ့၊အနောက်၊မြောက်၊တောင်
အရပ်တို့မှလာကြလိမ့်မည်။ သူတို့သည် ဘုရား
သခင်၏နိုင်ငံတော်၌ရှိသော စားပွဲပတ်လည်
တွင်ထိုင်ရလိမ့်မည်။ 30ယခုဘဝတွင်အနိမ့်ဆုံး
နေရာကိုရရှိသောသူတို့သည်ဘုရားသခင်၏နိုင်
ငံတော်တွင် အမြင့်ဆုံးသောနေရာကို ရရှိလိမ့်
မည်။ယခုဘဝတွင်အမြင့်ဆုံးနေရာကိုရရှိသော
သူတို့သည်ဘုရားသခင်၏နိုင်ငံတော်တွင်အနိမ့်
ဆုံးနေရာကိုရရှိလိမ့်မည်”ဟုမိန့်တော်မူ၏။

## ယေရှုသည် ယေရုရှလင်တွင် သေရလိမ့်မည်

*(မ၊ 23:37-39)*

31ထိုအချိန်တွင် ယေရှုထံတော်သို့ ဖာရိရှဲ
အချို့ရောက်လာ၍၊ သူတို့က ယေရှုအား “ဤ
အရပ်မှ ထွက်သွား၍ ပုန်းရှောင်ပါ။ ဟေရုဒ်
မင်းသည် ကိုယ်တော်ကို သတ်ရန် အကြံရှိပါ
သည်” ဟုလျှောက်ကြ၏။
32ယေရှုက သူတို့အား “သွား၍ ထိုမြေခွေး
အား၊ ယနေ့နှင့် မနက်ဖြန်နေ့၌ ငါသည် နတ်ဆိုး
တို့ကို နှင်ထုတ်၍ ဖျားနာသောသူတို့ကို အနာ
ရောဂါငြိမ်းစေမည်။ တတိယမြောက်နေ့၌ ငါ့အ
လုပ်ကိုအဆုံးသတ်မည်’ဟုပြောကြလော့။ 33သို့
သော်လည်း ယနေ့နှင့် မနက်ဖြန်နေ့၌ ဤအရာ
ကို ငါလုပ်ရမည်။ နောက်တစ်နေ့၌ ငါသွားရ
မည်။ အကြောင်းမူကား၊ ပရောဖက်အားလုံး
တို့သည် ယေရုရှလင်၌သာ သေကြ၏။
34“အိုယေရုရှလင်မြို့၊ အိုယေရုရှလင်မြို့၊
သင်သည် ပရောဖက်တို့ကို သတ်၍ သင်တို့ထံ
သို့ ဘုရားသခင်စေလွှတ်တော်မူသောသူတို့ကို
ကျောက်ခဲနှင့် ပေါက်သတ်သောသူ ဖြစ်၏။
ကြက်မကြီးသည် ကြက်ပေါက်စကလေးတို့ကို
အတောင်ပံအောက်၌ စုရုံးသကဲ့သို့ သင်၏လူ
တို့ကို အကြိမ်ပေါင်းများစွာ ငါစုရုံးလို၏။ သို့
သော်လည်း သင်သည် ငါ့ကို ခွင့်မပြု။ 35ယခု
တွင် သင်၏အိမ်သည် လုံးလုံးလျားလျား ဟင်း
လင်းသွားလိမ့်မည်။ ငါဆိုသည်ကား၊ ထာဝရ
ဘုရား၏နာမတော်အားဖြင့် ကြွလာသောသူ
သည် မင်္ဂလာရှိ၏ ဟုသင်ပြောမည့်အချိန်
မရောက်မီတိုင်အောင်သင်သည် ငါ့ကို နောက်
ထပ်မမြင်ရကြ’” ဟုမိန့်တော်မူ၏။

## ဥပုသ်နေ့၌ ရောဂါကုသခြင်းသည် မှန်သလော

14 ဥပုသ်နေ့တစ်နေ့၌ ယေရှုသည် ဖာရိရှဲ
ခေါင်းဆောင်၏အိမ်သို့ သူနှင့်အတူစား
သောက်ရန် ကြွတော်မူ၏။ ထိုအိမ်တွင် ရှိနေ
ကြသောလူတို့သည် ယေရှုကို အနီးကပ်စောင့်
ကြည့်ကြ၏။ 2ထို့နောက် ရေဖျဉ်းနာစွဲသောသူ
တစ်ယောက်သည် ယေရှုရှေ့တော်၌ ရပ်နေ၏။
3ယေရှုက ဖာရိရှဲနှင့် ကျမ်းပြုဆရာတို့အား
"ဥပုသ်နေ့၌ အနာရောဂါ ငြိမ်းစေခြင်းသည်
မှားသလော၊ မှန်သလော၊" ဟုမေးတော်မူ၏။
4သို့သော်လည်း သူတို့သည်ထိုမေးခွန်းကို မဖြေ
ကြ။ ထို့ကြောင့် ယေရှုသည် ထိုရောဂါသည်ကို
ကိုင်၍ ကျန်းမာစေတော်မူပြီးနောက် အိမ်သို့
ပြန်လွှတ်တော်မူ၏။ 5ယေရှုက ဖာရိရှဲတို့နှင့်
ကျမ်းပြုဆရာတို့အား "သင်တို့၏သား သို့မ
ဟုတ်၊သင်တို့၏ အိမ်၌မွေးထားသောတိရစ္ဆာန်
တို့သည် ဥပုသ်နေ့တွင် ရေတွင်း၌ကျလျှင် သင်
တို့သည် ချက်ချင်း ဆွဲထုတ်မည် မဟုတ်လော"
ဟုမေးတော်မူရာ၊ 6ဖာရိရှဲတို့နှင့်ကျမ်းပြုဆရာ
တို့သည် ယေရှု၏စကားကို ပြန်လည်၍ မငြင်း
ခုံနိုင်ကြ။

## သင့်ကိုယ်သင် အရေးကြီးအောင် မလုပ်နှင့်

7အချို့သော ဧည့်သည်တို့သည် သူတို့အ
တွက် မြင့်မြတ်သောနေရာသာ ရွေးကြသည်
ကို ယေရှုမြင်တော်မူ၏။ ထို့ကြောင့် ကိုယ်
တော်က ဤဥပမာတစ်ခု မိန့်တော်မူသည်မှာ၊
8လူတစ်ယောက်သည် မင်္ဂလာဆောင်ပွဲသို့
သင်တို့ကို ဖိတ်ခေါ်သောအခါ မြင့်မြတ်သော
နေရာ၌မထိုင်နှင့်။ ထိုသူသည် သင့်ထက်သာ၍
အရေးကြီးသောသူကို ဖိတ်ထားနိုင်၏။ 9သင်
သည် မြင့်မြတ်သောနေရာ၌ ထိုင်နေစဉ် သင့်
ထက်သာ၍ အရေးကြီးသောသူသည် ရောက်
လာလျှင် သင်တို့နှစ်ယောက်ကို ဖိတ်ထား
သောသူသည် သင့်ထံသို့ လာ၍၊ 'ဤနေရာကို
ထိုပုဂ္ဂိုလ်ထိုင်ရန် ပေးလိုက်ပါ' ဟုပြောလိမ့်
မည်။ ထိုအခါ သင်သည် ရှက်ကြောက်ခြင်းနှင့်
အနိမ့်ဆုံးသောထိုင်ခုံ၌ ထိုင်ရလိမ့်မည်။ 10ထို့
ကြောင့် လူတစ်ယောက်သည် သင့်ကိုဖိတ်လျှင်
နိမ့်သောနေရာ၌ ထိုင်လော့။ ထိုအခါသင့်ကို
ဖိတ်ထားသောသူသည် ရောက်လာ၍ သင့်
အား 'မိတ်ဆွေ၊ မြင့်မြတ်သောနေရာသို့ကြွပါ'
ဟုခေါ်လိမ့်မည်။ ထိုအခါတခြားဧည့်သည် အား
လုံးတို့သည် သင့်ကို လေးစားကြလိမ့်မည်။
11ကိုယ့်ကိုကိုယ်သူတပါးထက် သာ၍ကြီး
သည်ဟု ထင်မှတ်သောသူသည် နှိမ့်ချခြင်းကို
ခံရလိမ့်မည်။ သို့သော်လည်း မိမိကိုယ်ကို နှိမ့်ချ
သောသူသည် ချီးမြှောက်ခြင်းကိုခံရလိမ့်မည်"
ဟုမိန့်တော်မူ၏။

## သင်ဆုလာဒ်ရရှိလိမ့်မည်

12ထို့နောက် ယေရှုကသူ့ကိုဖိတ်ကြားသော
ဖာရိရှဲအား "သင့်အိမ်၌ နေ့လည်စာဖြစ်စေ၊
ညစာဖြစ်စေကျွေးမွေးသောအခါသင့်မိတ်ဆွေ၊
သင့်ညီအစ်ကို၊ သင့်ဆွေမျိုးနှင့် ချမ်းသာသော
အိမ်နီးနားချင်းတို့ကို မဖိတ်နှင့်။ အကြောင်းမူ
ကား၊ သူတို့နှင့်အတူ စားရန် သူတို့သည်လည်း
သင့်ကို ပြန်ဖိတ်ခေါ်၍ ကျေးဇူးဆပ်ကြလိမ့်
မည်။ 13သို့ရာတွင်၊ သင်သည် စားသောက်ပွဲ
တစ်ခုလုပ်သောအခါ ဆင်းရဲသား၊ မသန်မစွမ်း
သူနှင့်ခြေမစွမ်းသောသူ၊ မျက်မမြင်သောသူတို့
ကိုဖိတ်ခေါ်ကျွေးမွေးလော့။ 14ထိုအခါသင်သည်
ကောင်းကြီးခံစားလိမ့်မည်။ အကြောင်းမူ
ကား၊ ထိုသူတို့သည် သင့်ကို အဘယ်နည်းအား
ဖြင့်မျှ ပြန်ဆပ်နိုင်မည်မဟုတ်။ သို့သော်လည်း
ဖြောင့် မတ်သောသူတို့သည် သေခြင်းမှပြန်
လည်ထမြှောက်လာသောအခါ သင်သည် ဆု
လာဒ်ကို ရရှိလိမ့်မည်" ဟုမိန့်တော်မူ၏။

## ကြီးကျယ်ခမ်းနားသော ညစာစားပွဲ တစ်ပွဲအကြောင်း

*(မ၊ 22:1-10)*

15ယေရှုနှင့်အတူ စားပွဲတစ်လုံးတွင် ထိုင်နေ
သောသူ တစ်ယောက်သည် ယေရှု၏စကား

တော်ကို ကြားလေ၏။ ထိုသူက “ဘုရားသခင်
၏နိုင်ငံတော်ရှိ စားသောက်ပွဲ၌ ဝင်စားမည့်
သူတို့သည် မင်္ဂလာရှိ၏” ဟုလျှောက်လေ၏။
16ယေရှုက ထိုသူအား “လူတစ်ယောက်
သည် ကြီးကျယ်ခမ်းနားသော ညစာစားပွဲတစ်
ခုကျင်းပ၏။ သူသည် များစွာသောလူတို့ကို
ဖိတ်ထား၏။ 17စားသောက်ရန် အချိန်ရောက်
သောအခါ ထိုသူသည် မိမိအစေခံတို့ကို လွှတ်
၍ ဧည့်သည်တို့အား၊ ‘လာကြပါ၊ အစားအ
သောက်သည် အဆင်သင့်ဖြစ်နေလျှက်ရှိသည်’
ဟုမှာ၏။ 18သို့သော်လည်း ဧည့်သည်အားလုံး
တို့သည် မလာနိုင်ကြောင်း ပြောကြ၏။ အ
ယောက်စီတိုင်းသည် မိမိအကြောင်း ပြချက်ကို
ပေးကြ၏။ ပထမတစ်ယောက်က ‘အကျွန်ုပ်
သည် မကြာခင်က မြေတစ်ကွက်ဝယ်ထား၍
သွားကြည့်ရဦးမည်။ ကျေးဇူးပြု၍ ခွင့်လွှတ်ပါ’
ဟုပြော၏။ 19နောက်တစ်ယောက်ကလည်း
‘အကျွန်ုပ်သည် မကြာခင်ကပင် နွားငါးယှဉ်းကို
ဝယ်ပါ၏။ သူတို့ကိုစမ်းကြည့်ရဦးမည်။ ကျေးဇူး
ပြု၍ အကျွန်ုပ်ကိုခွင့်ပြုပါ’ ဟုပြော၏။ 20အခြား
တစ်ယောက်ကလည်း ‘အကျွန်ုပ်သည် လက်
ထပ်ပြီးခါစဖြစ်၍ မလာနိုင်ပါ’ ဟုပြောပြန်၏။
21“ထို့ကြောင့် အစေခံတို့သည် ပြန်သွား၍
မိမိတို့ သခင်ကို အကြောင်းစုံပြောပြကြ၏။ ထို
အခါ သခင်သည် အလွန်အမျက်ထွက်၍ အစေ
ခံအား၊ ‘မြို့၏လမ်းမနှင့်လမ်းကြားသို့ လျှင်မြန်
စွာသွားကြလော့။ ဆင်းရဲသောသူ၊ မသန်မစွမ်း
သူ၊ မျက်မမြင်သူ၊ ခြေမစွမ်းသူတို့ကို ဤနေရာ
သို့ခေါ်လာခဲ့’ ဟုပြောလေ၏။
22“ထို့နောက် အစေခံတို့သည် ပြန်လာ၍
မိမိသခင်အား၊ ‘ကိုယ်တော်၊ မိန့်တော်မူသည့်
အတိုင်း အကျွန်ုပ်တို့လုပ်ပါပြီ။ သို့သော်လည်း
နောက်ထပ် နေရာရှိသေး၏’ ဟုပြောလေ၏။
23သခင်က အစေခံတို့အား၊ ‘မြို့ပြင်လမ်းမကြီး
နှင့် နယ်၌ရှိသောလမ်းများ သို့သွား၍ တွေ့သ
မျှလူတို့ကို ဤနေရာသို့ လာရန် ဖိတ်ကြလော့။
ငါ့အိမ်ကို လူအပြည့်ရှိရန် ငါအလိုရှိ၏။ 24ငါဆို
သည်ကား၊ ပထမငါဖိတ်ထားသောသူတို့သည်
ငါနှင့်အတူ ဘယ်သောအခါမျှ ငါ့စားပွဲ၌ စား
လိမ့်မည်မဟုတ်”' ဟုမိန့်တော်မူ၏။

## သင်သည် အရင်ဆင်ခြင်ရမည်

*(မ၊ 10:37-38)*

25များစွာသောလူတို့သည် ယေရှုနှင့်အတူ
ခရီးထွက်ကြ၏။ ယေရှုက ထိုသူတို့အား 26“လူ
တစ်ယောက်သည် ငါ့ထံသို့ လာသော်လည်း၊
သူသည် ကိုယ့်မိဘ၊ သားမယား၊ ညီအစ်ကို
မောင်နှမတို့ကိုငါထက် သာ၍ချစ်လျှင်သူသည်
ငါ့တပည့်မဖြစ်နိုင်။ လူတစ်ယောက်သည် ကိုယ့်
ကိုကိုယ်ချစ်သည်ထက် ငါ့ကို သာ၍ချစ်ရမည်။
27လူတစ်ယောက်သည် သူ၌ ပေးသောလက်
ဝါးကပ်တိုင်ကို ထမ်း၍ ငါနောက်သို့မလိုက်နိုင်
လျှင် သူသည် ငါ့တပည့်မဖြစ်နိုင်။ 28သင်သည်
အဆောက်အဦးဆောက်လိုလျှင်သင်သည် ရှေး
ဦးစွာ ထိုင်၍ဘယ်လောက် ကုန်ကျမည်ကို
တွက်ချက်ဆုံးဖြတ်ရမည်။ ထိုအခါ သင်သည်
အဆောက်အဦး ပြီးဆုံးခြင်းအတွက် ငွေအလုံ
အလောက်ရှိ၊ မရှိကိုကြည့်ရမည်။
29သင်သည် ထိုသို့မလုပ်လျှင် အလုပ်စလုပ်
သော်လည်း၊ အဆုံးအထိ အပြီးသတ်နိုင်မည်မ
ဟုတ်။ ထိုအခါ ထိုအရာကိုမြင်သော လူတိုင်း
သည်သင့်ကို ကဲ့ရဲ့ကြလိမ့်မည်။ 30သူတို့က ‘ဤ
လူသည်စ၍ဆောက်သော်လည်း အဆုံးမသတ်
နိုင်’ ဟုပြောကြလိမ့်မည်။
31“ဘုရင်တစ်ပါးသည် တခြားသောရှင်
ဘုရင်ကို ဆန့်ကျင်တိုက်ခိုက်ရန် အကြံရှိလျှင်
သူသည် ရှေးဦးစွာထိုင်၍ ဆင်ခြင်ရမည်။ ဘုရင်
သည် လူအင်အားတစ်သောင်း သာရှိလျှင် လူ
အင်အားနှစ်သောင်းရှိသောဘုရင်ကို နိုင်
အောင်တိုက်နိုင်မည်၊ မတိုက်နိုင်မည်ကို ဆင်
ခြင်ရမည်။ 32သူသည် နိုင်အောင်မတိုက်နိုင်
လျှင်ထို အခြားသောရှင်ဘုရင်၏ရန်သူတို့သည်
အဝေး၌ရှိနေစဉ် သူသည် ထိုဘုရင်နှင့် စစ်ငြိမ်း
မည်အကြောင်း ဆွေးနွေးရန် သံတမန်တို့ကို စေ
လွှတ်လိမ့်မည်။ 33ထိုနည်းတူစွာ သင်တို့အားလုံး
သည် ရှေးဦးစွာဆင်ခြင်ရမည်။ သင်တို့သည်

ငါ့နောက် သို့လိုက်လိုလျှင် သင်၌ရှိသမျှအား
လုံးကို စွန့်ပစ်ရမည်။ သို့မဟုတ်လျှင် သင်တို့
သည် ငါ့တပည့်မဖြစ်နိုင်။

## သင့်လွှမ်းမိုးနိုင်မှု မပျောက်စေနှင့်

*(မ၊ 5:13; မာ၊ 9:50)*

34"ဆားသည်ကောင်းမွန်သောအရာတစ်ခု
ဖြစ်၏။ သို့သော်လည်း ဆား၌ မိမိ၏အငန်ဓါတ်
ပျောက်သွားလျှင်သင်တို့သည်အငန်ဓါတ် ပြန်ရ
အောင်မလုပ်နိုင်။ 35သင်တို့၏သီးနှံပင်အတွက်၊
မြေသို့မဟုတ်မြေသြဇာအတွက်ပင်သင်တို့မသုံး
နိုင်။ လူတို့သည် ထိုဆားကို လွှင့်ပစ်တတ်၏။
အချင်းလူတို့၊ငါ့စကားကိုနားထောင်ကြလော့"
ဟုမိန့်တော်မူ၏။

## ကောင်းကင်ဘုံ၌ ပျော်ရွှင်ခြင်း

*(မ၊ 18:12-14)*

15 များစွာသောအခွန်ခံသူတို့နှင့် အခြား
သောအပြစ်သားတို့သည် ယေရှု၏သြ
ဝါဒတော်ကို နားထောင်ရန် ရောက်လာကြ
၏။ 2ထို့ကြောင့် ဖာရိရှဲနှင့် ကျမ်းပြုဆရာတို့က
"ကြည့်ကြလော့၊ ဤလူသည် အပြစ်သားတို့ကို
ကြိုဆို၍ သူတို့နှင့်အတူအစာစား၏" ဟုမကျေ
မနပ်ပြောဆိုကြ၏။
3ထို့နောက် ယေရှုသည် သူတို့ကို ဤဥပမာ
တစ်ခု ပြောပြသည်မှာ၊ 4"သင်တို့တွင် တစ်စုံ
တစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍ တစ်
ကောင်ပျောက်သွားလျှင် သူသည် တခြားသိုး
ကိုးဆယ်ကိုးကောင်ကို တောတွင် ထားခဲ့ပြီးမှ
ပျောက်သောသိုးတစ်ကောင်ကို မတွေ့မှီတိုင်
အောင် လိုက်ရှာမည် မဟုတ်လော။ 5သူသည်
ပျောက်သွားသောသိုးကို ပြန်တွေ့သောအခါ
ဝမ်းမြောက်ခြင်းနှင့်အတူ ပခုံးပေါ်မှာ တင်၍၊
6မိမိအိမ်သို့ ထိုသိုးကို သယ်ဆောင်လိမ့်မည်။
ထို့နောက် သူသည် မိတ်ဆွေ၊ အိမ်နီးချင်းများ
ကို ခေါ်၍ 'ပျောက်သွားသောသိုးကို ငါတွေ့ပြီ။
ငါနှင့်အတူ ဝမ်းမြောက်ကြလော့ 'ဟုပြော
တတ်၏။ 7ငါဆိုသည်ကား၊ ထိုနည်းတူ ဖြောင့်
မတ်၍ နောင်တရစရာအကြောင်းမရှိသောသူ
ကိုး ဆယ့်ကိုးယောက်တို့၌ ကောင်းကင်သား
တို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက် နောင်
တရသောအပြစ်သားတစ်ယောက်၌ သာ၍ဝမ်း
မြောက်ခြင်းရှိကြ၏။
8အမျိုးသမီးတစ်ယောက်၌ ငွေဆယ်ပြား
ရှိ၍ ထိုဆယ်ပြားထဲမှ တစ်ပြားပျောက်သွား
လျှင် သူမသည် မီးအိမ်ကို ယူ၍ တစ်အိမ်လုံးကို
လှည်းပြီး ငွေတစ်ပြားကို မတွေ့မှီတိုင်အောင်
စေ့စေ့ရှာဖွေမည်မဟုတ်လော။ 9ပျောက်သွား
သောငွေတစ်ပြားကို ပြန်တွေ့သောအခါ သူမ
သည် မိတ်ဆွေနှင့် အိမ်နီးချင်းများကို ခေါ်၍
'ပျောက်သွားသော ငွေတစ်ပြားကို ကျွန်မပြန်
တွေ့သောကြောင့် ကျွန်မနှင့်အတူ ဝမ်းမြောက်
ကြလော့' ဟုပြောလိမ့်မည်။ 10ထိုနည်းတူ၊ အ
ပြစ်ရှိသော လူတစ်ယောက်သည် စိတ်နှလုံး
ပြောင်းလဲသောအခါ ဘုရားသခင်၏ တမန်
တော်တို့ရှေ့တွင် ကြီးမားသောဝမ်းမြောက်ခြင်း
ရှိ၏" ဟုမိန့်တော်မူ၏။

## အိမ်မှထွက်သွားသောသား

11ထိုနောက် ယေရှုက "လူတစ်ယောက်၌
သားနှစ်ယောက်ရှိ၏။ 12သားငယ်က သူ့အဘ
အား၊ အကျွန်ုပ်တို့ပိုင်ဆိုင်သမျှအားလုံးထဲမှ
အကျွန်ုပ်၏ဝေစုကို ကျေးဇူးပြု၍ ခွဲပေးပါ' ဟု
လျှောက်၏။ ထို့ကြောင့် အဘသည် သူ့ဥစ္စာရှိ
သမျှတို့ကို သားနှစ်ယောက်အား ညီမျှစွာ ဝေ
ပေး၏။ 13ထို့နောက်ရက်အနည်းငယ်တွင် သား
ငယ်သည် သူရသမျှကို ယူ၍ အိမ်မှ ထွက်သွား
၏။ သူသည် အလွန်ဝေးသော အခြားတိုင်း
ပြည်သို့ ခရီးထွက်သွား၏။ ထိုနေရာ၌ သူသည်
ကာမဂုဏ်လွန်ကျူးဘဝနှင့် အသက်ရှင်၍ ရှိသ
မျှငွေများကို ဖြုန်းထား၏။ 14သူ၌ ရှိသမျှအား
လုံးကို ဖြုန်းတီး၏။ ထို့နောက်များမကြာမှီ ထို
ပြည်၌ အလွန်ဆိုးဝါးသော ဆာတတ်ခေါင်းပါး
ခြင်း ရောက်လာ၍ အဘယ်နေရာ၌မျှ လုံ
လောက်သော အစားအစာမရှိပေ။ သားငယ်

သည် အလွန်ဆာလောင်မွတ်သိပ်၍ ငွေလိုလာ
၏။ 15ထို့ကြောင့် ထိုနိုင်ငံထဲ၌ နေသောလူတစ်
ယောက်ထံသို့သွား၍ အလုပ်တစ်ခုကို ရ၏။
ထိုသူသည် သူ့ကို တောထဲ၌ ဝက်တို့ကို
ကျောင်းစေခြင်းငှါ လွှတ်၏။ 16သားငယ်သည်
အလွန်ဆာလောင်သဖြင့် ဝက်တို့စားနေသော
အစာကိုပင် စားလိုလာ၏။ သို့သော်လည်း အ
ဘယ်သူမျှ သူ့ကို စားစရာတစ်စုံတစ်ခုမျှမပေး။
17ထိုသားငယ်သည် သူအလွန်ရူးမိုက်ကြောင်း
သတိရလာ၏။ သူက 'ငါ့အဘ၏အစေခံသော
သူတို့သည် ဝစွာစားရကြ၏။ သို့သော်လည်း
ငါသည် ဤနေရာ၌ စားစရာလုံးဝမရှိသော
ကြောင့် သေခါနီးပြီ။ 18ငါသည် ထ၍ အဘထံ
သို့သွားမည်။ ငါက အဘအား အဘ၊ အ
ကျွန်ုပ်သည် ဘုရားသခင်ကို ပြစ်မှားပါပြီ။ အ
ဘကိုလည်း ပြစ်မှားပါပြီ။ 19အကျွန်ုပ်သည် အ
ဘ၏သားဟုခေါ်ရန် မထိုက်တန်တော့ပါ။ သို့
သော်လည်း အကျွန်ုပ်သည် အဘ၏အစေခံ
တစ်ယောက်ကဲ့သို့ ဖြစ်ပါစေဟုပြောမည်' ဟု
စဉ်းစား၏။ 20ထို့ကြောင့် သားငယ်သည် ထ၍
အဘထံသို့ ပြန်သွား၏။

## သားပြန်လာခြင်း

"သားသည် ပြန်လာ၍ ဝေးသေးသောအ
ရပ်၌ရှိနေစဉ်မှာပင် အဘသည် သူ့ကို လှမ်းမြင်
၏။ အဘသည် သားအတွက် စိတ်မကောင်း
ဖြစ်၍ သားထံသို့ ပြေးသွား၏။ သားကို ဖက်၍
နမ်း၏။ 21သားက၊ 'အဘ၊ သားသည် ဘုရား
သခင်ကိုရင်း၊ အဘကိုရင်း၊ ပြစ်မှားပါပြီ။ အ
ကျွန်ုပ်သည် အဘ၏သားဟူ၍ ခေါ်ရန် မထိုက်
တန်ပါ' ဟုပြော၏။ 22သို့သော်လည်း အဘက
သူ့အစေခံတို့အား၊ 'မြန်မြန်သွားကြ၊ အ
ကောင်းဆုံးသောအဝတ်တို့ကို ယူလာ၍ သူ့ကို
ခြုံကြ။ သူ၏လက်၌လက်ဝတ်တန်ဆာကို ဆင်
ပေး၍ အကောင်းဆုံးခြေနင်းကိုလည်း စီးစေ
ကြ။ 23ဆူဖြိုးသောနွားပေါက် ကလေးကိုလည်း
ယူ၍ သတ်ကြ။ သို့ပြီးမှ ငါတို့သည် စားကြ၍
ပျော်မွေ့ကြကုန်အံ့။ 24ငါ့သားသည် အထက်
က သေ၏။ သို့သော်လည်း၊ ယခု ပြန်ရှင်၏။
သူသည် အထက်ကပျောက်၏။ သို့သော်လည်း
ယခုသူ့ကို ပြန်တွေ့ပြီ' ဟုအစေခံတို့ကို ဆိုပြီးမှ
သူတို့သည် စားသောက်ပွဲကို ကျင်းပကြ၏။

## သားကြီးရောက်လာခြင်း

25သားအကြီးသည် တောင်ယာမှပြန်လာ၍
အိမ်အနီးသို့ရောက်လာသောအခါ ကခုန်ခြင်း
နှင့် တီးမှုတ်ခြင်းအသံတို့ကို ကြားရ၏။ 26ထို့
ကြောင့် သားအကြီးသည် အစေခံတစ်ယောက်
ကို ခေါ်၍၊ 'အဘယ်သို့ ဖြစ်သနည်း' ဟုမေး၏။
27အစေခံက 'သင့်ညီ ပြန်ရောက်လာပြီ။ ထို့
ကြောင့် သင့်အဘသည် ဆူဖြိုးသောနွားပေါက်
တစ်ကောင်ကို စားသောက်ပွဲအတွက် သတ်
၏။ သင့်ညီသည် ဘေးနှင့်ကင်းလွတ်၍ ကျန်း
မာစွာ ပြန်ရောက်လာသောကြောင့် သင့်အဘ
သည် ပျော်ရွှင်ခြင်းရှိ၏' ဟုပြန်ပြော၏။ 28သား
အကြီးသည် အမျက်ထွက်၍ စားသောက်ပွဲထဲ
သို့မဝင်ဘဲနေ၏။ ထို့ကြောင့် အဘသည် ထွက်
လာ၍ သားအကြီးကို အထဲသို့ဝင်လာရန်
တောင်းပန်၏။ 29သားအကြီးက အဘအား
'အကျွန်ုပ်သည် အဘနှင့်အတူ နှစ်ပေါင်းများစွာ
နေပြီးအစေခံတစ်ယောက်ကဲ့သို့ အဘအတွက်
အလုပ်လုပ်၏။ အဘစကားကို နားမထောင်ဘဲ
မနေဘူးပါ။ သို့သော်လည်း၊ အကျွန်ုပ်နှင့် အ
ကျွန်ုပ်အပေါင်းအဖေါ်တို့အတွက် စားသောက်ပွဲ
ကျင့်ပရန် အဘသည် ဆိတ်ငယ်တစ်ကောင်
ကိုမျှ မသတ်ပေး။ 30သင်၏အခြားသောသား
ငယ်သည် ပြည့်တန်ဆာမတို့ နှင့်အဘငွေကို
သုံးဖြုန်းခဲ့၏။ သို့သော်လည်း သူအိမ်ပြန်
ရောက်သောအခါ အဘသည် သူ့အတွက် နွား
ပေါက်တစ်ကောင်ကို စားသောက်ပွဲကျင်းပ
ရန်သတ်၏' ဟုပြော၏။ 31သို့ရာတွင် အဘက
သားအကြီးအား "ငါ့သား၊ သင်သည် ငါနှင့်အ
တူအစဉ်မပြတ်နေ၏။ ငါ၌ ရှိသမျှအားလုံးသည်
သင့်အတွက် ဖြစ်၏။ 32ထို့ကြောင့် ပွဲကျင်းပ၍
ပျော်ရွှင်ကြကုန်အံ့။ အကြောင်းမူကား၊ ဤသင့်
ညီသည် အထက်က သေဆုံး၏။ သို့သော်

လည်း၊ ယခုသူပြန်ရှင်လာပြီ။ သူသည်အထက်
က ပျောက်၏။ သို့သော်လည်း၊ ယခု ပြန်တွေ့
ပြီ’ ဟုအဘဆိုသည်”’ ဟုမိန့်တော်မူ၏။

## မှန်ကန်သော စည်းစိမ်ဥစ္စာ

16 ယေရှုက တပည့်တော်တို့အား၊ တစ်
ဖန်ပြောဆိုသည်မှာ “တစ်ရံသောအ
ခါ ချမ်းသာသောလူ တစ်ယောက်ရှိ၏။ ထို
ချမ်းသာသောသူသည် သူ့အလုပ်ကို ထိမ်းသိမ်း
ရန် အုပ်ချုပ်ရေးမှူးတစ်ယောက် ခန့်ထား၏။
ထို့နောက် အုပ်ချုပ်ရေးမှူးသည် သူ့ငွေကို ဖြုန်း
နေကြောင်း အပြစ်တင်ခြင်းကို ချမ်းသာသော
သူသည် ကြားသိရ၏။ 2ထို့ကြောင့် သူသည်
အုပ်ချုပ်ရေးမှူးကို ခေါ်၍ သူ့အား၊ ‘ငါသည်
သင်နှင့်ပတ်သက်၍ မကောင်းသောသတင်း
တို့ကို ကြားရပြီ။ သင်သည် ငါ့ငွေကို အဘယ်
သို့လုပ်ခဲ့သည်ကို အစီရင်ခံစာတစ်စောင်ရေး
ပေးလော့။ ယခုအချိန်မှစ၍ သင်သည် ငါ၏
အုပ်ချုပ်ရေးမှူးမဖြစ်ရ’ ဟုပြော၏။ 3ထို့နောက်
အုပ်ချုပ်ရေးမှူးက‘ငါသည် အဘယ်သို့ လုပ်ရ
မည်နည်း။ ငါ့သခင်သည် ငါ့ကို အလုပ်ဖြုတ်ပြီ။
ငါသည် မြေကြီးကို တူးဆွလုပ်ကိုင်ရန် ခွန်အား
မရှိ။ ထို့ပြင် တောင်းစားရန် ငါရှက်ကြောက်
၏။ 4ငါသည် အဘယ်သို့ လုပ်ရမည်ကို ငါသိပြီ။
ငါ့ကို အလုပ်ဆုံးရှုံးပြီးသောအခါ၌ပင် လူတို့
သည် ငါ့ကိုလက်ခံစေခြင်းငှါ ငါသည် တစ်ခုခု
လုပ်ရမည်’ ဟုအကြံရှိ၏။ 5ထို့ကြောင့် သူသည်
သူဌေးထံမှ ကြွေးယူထားသောလူတစ်ယောက်
ကို ခေါ်၍ ‘သင်သည် ငါ့သခင်ကို ပေးဆပ်ရန်
အဘယ်လောက်အကြွေးရှိသနည်း’ ဟုမေး၏။
6ထိုအကြွေးရှင်က ‘သံလွင်ဆီစည်ပိုင်းတစ်ရာ
ပေးရန် ရှိပါသည်’ ဟုပြန်ပြော၏။ ထိုအခါအုပ်
ချုပ်ရေးမှူးက‘ဤနေရာတွင် သင့်ပြေစာရှိပါ၏။
ထိုင်၍ စည်ပိုင်း ငါးဆယ်ဟု မြန်မြန်ရေးမှတ်
လော့’ ဟုပြော၏။ 7အုပ်ချုပ်ရေးမှူးက တခြား
သူကို ထပ်ခေါ်၍ သူ့အား၊ သင်သည် ‘ငါ့သခင်
ကို ပေးဆပ်ရန် အဘယ်မျှလောက်ရှိသနည်း’
ဟုမေး၏။ ထိုသူက ‘ဂျုံအိတ်တစ်ရာပေးရန်
ရှိပါ၏’ ဟုပြော၏။ ထိုအခါ အုပ်ချုပ်ရေးမှူးက
‘ဤနေရာ၌ သင့်ပြေစာရှိ၏။ အိတ်ရှစ်ဆယ်ဟု
ရေးမှတ်လော့’ ဟုပြော၏။ 8အချိန်အနည်းငယ်
ကြာသောအခါ သူဌေးသည် သစ္စာမရှိသော
အုပ်ချုပ်ရေးမှူးကို လိမ္မာပါးနပ်စွာလုပ် ကိုင်
သည်ဟု ပြောလေ၏။ မှန်ပေ၏၊ လောကီ
သားတို့သည် သူတို့၏အချိန်၌ နေသောလူတို့
နှင့်ဆက်ဆံရာတွင် အလင်းသားတို့ထက်သာ
၍ လိမ္မာပါးနပ်ကြ၏။
9“ငါဆိုသည်ကား၊ သင်တို့သည် ဘုရား
သခင်နှင့် မိတ်ဖွဲ့ရန် ဤမြေပေါ်၌ ရှိသောသင်
တို့ပိုင်သမျှအရာခပ်သိမ်းကိုအသုံးပြုကြလော့။
ထိုအရာအားလုံး ကုန်သွားသောအခါ သင့်ကို
ထာဝရအိမ်တော်သို့ ကြိုဆိုရလိမ့်မည်။ 10လူ
တစ်ယောက်သည် သေးငယ်သောအမှု၌
သစ္စာရှိလျှင် ကြီးမားသောအမှု၌လည်းသစ္စာရှိ
လိမ့်မည်။ လူတစ်ယောက်သည် သေးငယ်အ
သောအမှု၌ သစ္စာမရှိလျှင် ကြီးမားသောအမှု၌
လည်း သစ္စာရှိလိမ့်မည်မဟုတ်။ 11သင်တို့သည်
ဤလောကီ စည်းစိမ်နှင့်ပတ်သက်၍ သစ္စာမရှိ
လျှင် အဘယ်သူသည် သင်တို့ကိုမှန်သောစည်း
စိမ်နှင့် ပတ်သက်၍ ယုံနိုင်မည်နည်း။ 12သူတပါး
အမှု၌ သင်တို့သည် သစ္စာမရှိလျှင် အဘယ်သူ
သည် အပိုင်ပေးမည်နည်း။ 13“အဘယ်အစေခံ
မျှ သခင်နှစ်ဦးကို တစ်ချိန်တည်းတွင် မခံနိုင်ကြ
ဟု မိန့်တော်မူ၏။ အစေခံတစ်ယောက်သည်
သခင်တစ်ဦးကို မုန်း၍ တစ်ခြားသခင်တစ်ဦးကို
ချစ်လိမ့်မည်။ သို့မဟုတ် သူသည် သခင်တစ်
ယောက်အပေါ် သစ္စာရှိ၍ ကျန်သောသခင်ကို
ငြင်းပယ်လိမ့်မည်။ သင်တို့သည် ဘုရားသခင်
နှင့်ငွေ၏အစေကို တစ်ချိန်တည်းတွင် အစေ
မခံနိုင်’’ ဟုမိန့်တော်မူ၏။

## ဘုရားသခင်၏ပညတ်တရားသည် မပြောင်းလဲနိုင်

*(မ၊ 11:12-13)*

14ဖာရိရှဲတို့သည် ယေရှုမိန့်တော်မူသော
အကြောင်းအရာအားလုံးကို နားထောင်ကြ၏။

ဖာရိရှဲတို့သည် ငွေကိုချစ်သောကြောင့် ယေရှု
ကို ပြက်ရယ်ပြုကြ၏။ 15ယေရှုက ဖာရိရှဲတို့
အား “သင်တို့သည် လူတို့ရှေ့တွင် ဖြောင့်မတ်
ဟန်ဆောင်ကြ၏။ သို့သော်လည်း ဘုရားသခင်
သည် သင်တို့၏နှလုံးသားထဲ၌ အဘယ်အရာရှိ
သည်ကို သိတော်မူ၏။ လူတို့က အရေးကြီး
သည်ဟု ထင်သော်လည်း ဘုရားသခင်အတွက်
တန်ဖိုးမရှိပါ။
16“ဘုရားသခင်သည် လူတို့ကို မောရှေ၏
ပညတ်တရားနှင့်၊ ပရောဖက်တို့၏ရေးသား
ချက်တို့နှင့်နေခြင်းငှါအလိုရှိတော်မူ၏။သို့သော်
လည်း၊ ဗတ္တိဇံဆရာယောဟန်၏အချိန်မှစ၍
ဘုရားသခင်၏ နိုင်ငံတော်နှင့်ပတ်သက်သော
ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ဟော
ပြောလျက်ရှိ၏။ လူတို့သည် ဘုရားသခင်၏
နိုင်ငံတော်ကို ဝင်ရောက်နိုင်ရန် အလွန်ကြိုးစား
ကြ၏။ 17ပညတ်တရားထဲ၌ပါသော စာစောင်
၏အသေးငယ်ဆုံးသော အစိတ်အပိုင်းတစ်ခုပင်
ပြောင်းလဲသွားသည်ထက် မိုးကောင်းကင်နှင့်
ကမ္ဘာမြေကြီး ပျောက်ကွယ်ရန် ပို၍ လွယ်
လိမ့်မည်။

## လင်မယားကွာရှင်းခြင်းနှင့် လက်ထပ်ခြင်း

18အကြင်သူသည် မိမိမယားနှင့်ကွာ၍ အ
ခြားသောမိန်းမနှင့် စုံဘက်ခြင်းကို ပြုလျှင် မိမိ
မယားကို ပြစ်မှား၏။ လင်ကွာသောမိန်းမနှင့်
စုံဘက်ခြင်းကိုပြုသောသူသည်လည်း သူ့မယား
ကို ပြစ်မှားသည်” ဟုမိန့်တော်မူ၏။

## သူဌေးတစ်ယောက်နှင့် လာဇရု

19ယေရှုက“မြို့တစ်မြို့၌သူဌေးတစ်ယောက်
ရှိ၏။ သူသည် အကောင်းဆုံး ဝတ်စုံများကို
အစဉ်အမြဲ ဝတ်ဆင်ထား၏။ သူသည် အလွန်
ချမ်းသာသောကြောင့် နေ့တိုင်းစားသောက်ပွဲ၊
ပျော်ရွှင်ပွဲများကို ကျင်းပနိုင်၏။ 20လာဇရုအ
မည်ရှိသည့်အလွန်ဆင်းရဲသောလူတစ်ယောက်
လည်းရှိ၏။ လာဇရု၏တစ်ကိုယ်လုံး၌ အနာစိမ်း
ပေါက်၍ သူဌေး၏အိမ်တံခါးဝမှာ တုံးလုံးနေ၏။
21လာဇရုသည် သူဌေး၏စားပွဲပေါ်မှ ကျသော
စားနုပ်စားပေါက်ကိုစား၏။ ခွေးတို့သည် လာ
၍လာဇရု၏ကိုယ်ပေါ်ရှိ အနာစိမ်းများကို လျက်
ကြ၏။ 22ထို့နောက်လာဇရုသည် သေသွား၏။
ကောင်းကင်တမန်တို့သည် လာဇရုကို သွားယူ
ကြ၍ အာဗြဟံ၏ရင်ခွင်အတွင်း၌ နေရာချပေး
ကြ၏။ ထို့နောက် ချမ်းသာသောသူသည်
လည်း သေသွား၍ သင်္ဂြိုဟ်ခြင်းကိုခံရ၏။ 23သူ
သည် သေခြင်းနေရာသို့ပို့ခြင်းခံရ၏။ သူသည်
အလွန်နာကျင်မှုဝေဒနာကို ခံစားနေရ၏။ ချမ်း
သာသူသည် အဝေး၌ရှိသော အာဗြဟံနှင့်
အာဗြဟံ၏ရင်ခွင်၌ရှိသောလာဇရုကို မြင်၏။
24ချမ်းသာသောသူက ‘အဘအာဗြဟံ၊ အကျွန်ုပ်
ကို သနားတော်မူပါ၊ လာဇရုသည် သူ့လက်
ညှိုးကို ရေထဲ၌နှစ်၍ အကျွန်ုပ်၏လျှာကို အေး
စေနိုင်မည့်အကြောင်း သူ့ကို အကျွန်ုပ်ထံသို့စေ
လွှတ်ပါ။ အကျွန်ုပ်သည် ဤမီးထဲ၌ ဒုက္ခဝေဒနာ
ခံစားနေရပါ၏’ ဟုလှမ်းခေါ်၏။ 25သို့သော်
လည်း၊ အာဗြဟံက၊ ‘ငါ့သား၊ သင်သည် အ
ဘယ်သို့ အသက်ရှင်ခဲ့သည်ကို မှတ်မိသလော။
သင့်ဘဝ၌ ကောင်းသောအရာအားလုံးကိုရရှိ
၏။ သို့သော်လည်း၊ လာဇရု၏ဘဝ၌ ဆိုးသော
အရာများသာဖြစ်ရ၏။ ထို့ကြောင့် ယခု သူ
သည် ဤနေရာ၌ သက်သာခြင်းရ၍ သင်သည်
ဝေဒနာခံစားနေရ၏။ 26ထို့အပြင် သင်တို့နှင့်
ငါတို့စပ်ကြား၌လည်း အလွန်နက်ရှိုင်းသော
ချောက်ကြီးတစ်ခုတည်လျက်ရှိ၏။ သင့်ကို ကူ
ညီရန် ဤနေရာမှအဘယ်သူမျှထို ချောက်ကြီး
ကို မကျော်နိုင်။ ဤအရပ်မှသင်တို့ရှိရာသို့ အ
ဘယ်သူမျှမလာနိုင်’ ဟုပြောလေ၏။ 27သူဌေး
က၊ ‘သို့ဖြစ်လျှင်၊ အဘ၊ ကျေးဇူးပြု၍ လာဇရု
ကို၊ မြေပေါ်၌ ရှိသောအကျွန်ုပ်အဘ၏အိမ်သို့
စေလွှတ်တော်မူပါ။ 28အကျွန်ုပ်မှာ ညီငါး
ယောက်ရှိပါ၏။ သူတို့လည်း ဤဝေဒနာခံစားရ
သောနေရာသို့မရောက်လာအောင် သူတို့ကို
လာဇရုအားဖြင့် သတိပေးစေတော်မူပါ’ ဟု
ပြော၏။ 29သို့သော်လည်း၊ အာဗြဟံက၊ ‘သူ

တို့ကို သတိပေးရန်၊ မောရှေ၏ပညတ်တရား
နှင့် ပရောဖက်တို့၏ရေးသားချက်များရှိပါ၏။
သူတို့သည် ထိုအရာများမှ ဖတ်၍ လိုက်နာကြ
စေ’ ဟုပြေ၏။
30သို့သော်လည်း၊ သူဌေးက ‘မဟုတ်ပါ အ
ဘအာဗြဟံ၊ သေသွားသောသူတစ်ယောက်
ယောက်သည် သွား၍ ဟောပြောလျှင် သူတို့
သည် သေချာစွာ ယုံကြည်၍ သူတို့၏စိတ်နှလုံး
နှင့် အသက်တာပြောင်းလဲကြလိမ့်မည် ဟု
ပြော၏။ 31သို့သော်လည်း၊ အာဗြဟံကသူအား
‘မဟုတ်ပါ။ သင့်ညီတို့သည် မောရှေနှင့် ပရော
ဖက်တို့ကို နားမထောင်လျှင် တစုံတစ်ယောက်
သည် သေခြင်းမှထမြောက်သော်လည်း သူတို့
သည် သဘောပေါက်နားလည် ကြမည်မဟုတ်’
ဟုဆိုသည်” ဟုမိန့်တော်မူ၏။

## အပြစ်မဖြစ်စေနှင့်၊ ခွင့်လွှတ်ရန် အဆင်သင့်နေလော့

*(မ၊ 18:6-7, 21-22; မာ၊ 9:42)*

17 “ယေရှုက တပည့်တော်တို့အား၊ ‘တဖန်
မိန့်တော်မူသည်မှာသို့သော်လည်းမှား
ယွင်းကြောက်စရာကြောင်းတို့ကို ဖြစ်စေသော
သူတို့သည် အမင်္ဂလာဖြစ်လိမ့်မည်။ 2ဤသူ
ငယ်တစ်ယောက်ကို မှားယွင်းစေသောသူ
သည် ကြောက်စရာဖြစ်လိမ့်မည်။ ကြိတ်ဆုံ
ကျောက်ကို၊ သူ့လည်ပင်း၌ ကြိုးနှင့်ချည်ဆွဲ၍
ပင်လယ်ထဲ၌ ချခြင်းကိုခံရလျှင် သူ့အတွက်
သာ၍ကောင်းလိမ့်မည်။ 3ထို့ကြောင့် သတိပြု
ကြလော့။ သင်၏ညီအစ်ကိုသည် အပြစ်လုပ်နေ
သည်ကို သင်မြင်လျှင် သူမှားနေကြောင်းပြော
လော့။ သင်၏ညီအစ်ကိုသည် အပြစ်ဆက်မ
လုပ်တော့ဘဲ နောင်တရလျှင်သူ့ကို ခွင့်လွှတ်
လော့။ 4သင်၏ညီအစ်ကိုတို့သည် တစ်နေ့ချင်း
တွင် သင့်အပေါ်၌ ခုနှစ်ကြိမ်တိုင်အောင် အမှား
လုပ်၍၊ အကြိမ်တိုင်းတွင် သင့်ထံသို့လာ၍
နောင်တရလျှင် သူ့ကို ခွင့်လွှတ်လော့” ဟုမိန့်
တော်မူ၏။

## သင့်ယုံကြည်မှု အဘယ်မျှလောက် ကြီးသနည်း

5ထိုအခါ တမန်တော်တို့က သခင်ဘုရား
အား “အကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တိုးပွား
စေပါ” ဟုလျှောက်၏။ 6ယေရှုက “သင်တို့၏
ယုံကြည်ခြင်းသည်မုန်ညင်းစေ့လောက်ရှိ၍၊သင်
တို့သည် ထိုပိုးစာပင်ကို ‘အမြစ်နှင့်တကွ နှုတ်၍
ပင်လယ်၌ စိုက်လျက် နေလော့’ ဟုပြောလျှင်၊
ပိုးစာပင်သည် သင်တို့စကားကို နားထောင်
လိမ့်မည်” ဟုမိန့်တော်မူ၏။

## အစေခံကောင်းများ ဖြစ်ပါစေ

7“သင်တို့တွင်တစ်ယောက်သည်ယာခင်းထဲ
၌ လယ်ထွန်ခြင်းကိုဇင်း၊ သိုးထိန်းကျောင်းခြင်း
ကိုဇင်း၊ တနေ့လုံးစောင့်ရှောက်နေသောအ
စေခံတစ်ယောက်ရှိလျှင် သူသည် အလုပ်မှပြန်
လာသောအခါသူ့ကို၊‘ယခု လာ၍ စားသောက်
ခြင်းငှါ ထိုင်လော့’ ဟုပြောမည်လော၊ 8မပြော
ပါ။ သို့သော်လည်း၊ သင့်အစေခံအား သင်က
‘ငါစားဖို့ရန် တစ်ခုခုချက်ပြုတ်ပေးလော့။ ထို့
နောက်အဝတ်ဝတ်၍ ငါ့ကိုလုပ်ကျွေးလော့။ ငါ
စားသောက်ပြီးမှသင်သည်လည်း စားသောက်
နိုင်သည်’ ဟုပြောလိမ့်မည်။ 9အစေခံသည် သူ့
အလုပ်ကိုသာ လုပ်သောကြောင့် သခင်သည်
သူ့ကို ကျေးဇူးတင်စရာမလို။ သူသည် မိမိ
သခင် လုပ်စေသောအလုပ်ကို လုပ်ခြင်းဖြစ်၏။
10ထိုနည်းတူ သင်တို့သည် သင်တို့ကို လုပ်စေ
သောအရာအားလုံးကို လုပ်ပြီးသောအခါ သင်
တို့က ‘အကျွန်ုပ်တို့ကို အထူးကျေးဇူးတင်စရာမ
လို။အကျွန်ုပ်တို့၏လုပ်သင့်သောအလုပ်ကိုသာ
လုပ်ခြင်းဖြစ်သည်‘ ဟုပြောရမည်” ဟုမိန့်တော်
မူ၏။

## ကျေးဇူးသိတတ်လော့

11ယေရှုသည် ယေရုရှလင်မြို့သို့ ခရီးကြွ
တော်မူ၏။ ကိုယ်တော်သည် ဂါလိလဲပြည်နှင့်
ရှမာရိပြည်နယ်နိမိတ်ကြားတွင် လျှောက်သွား
တော်မူ၏။ 12ယေရှုသည် မြို့ကလေးတစ်မြို့သို့

ကြွဝင်တော်မူ၏။ ထိုနေရာ၌ လူဆယ်ယောက်
သည် ကိုယ်တော်ကို လာတွေ့ကြ၏။ ထိုလူတို့
သည် ယေရှုထံတော်သို့ နီးနီးကပ်ကပ် မလာ
ကြ။ အကြောင်းမူကား၊ သူတို့အားလုံး၌ နူနာ
ရောဂါ စွဲကပ်သောကြောင့်ဖြစ်၏။ 13သို့သော်
လည်းထိုသူတို့သည် အဝေးကပင် “သခင်ယေရှု၊
အကျွန်ုပ်တို့ကို သနားတော်မူပါ” ဟုအော်ဟစ်
ကြ၏။ 14ယေရှုသည် သူတို့ကို ကြည့်၍၊ “သင်
တို့သည် ယဇ်ပုရောဟိတ်တို့ထံသို့ သွား၍ကိုယ်
ကိုပြကြလော့” ဟုမိန့်တော်မူ၏။ သူတို့သည်
ယဇ်ပရောဟိတ်တို့ထံသို့ သွားနေစဉ်မှာပင်၊
သူတို့၏နူနာရောဂါသည် ပျောက်ကင်းသွား၏။
15သူတို့တွင် တစ်ယောက်သောသူသည် အ
နာရောဂါကင်းသည်ကိုသိမြင်သောအခါ၊ယေရှု
ထံတော်သို့ ပြန်လာ၏။ သူသည် ဘုရားသခင်
၏ကျေးဇူးတော်ကို ကျယ်လောင်စွာချီးမွမ်း၏။
16သူသည် ယေရှု၏ခြေရင်း၌ ပြပ်ဝပ်၍ အရိုအ
သေပြု၏။ ထိုသူသည် ယေရှုကိုလည်း ကျေးဇူး
တင်လျက်ရှိ၏။ထိုသူသည် ရှမာရိလူတစ်ဦးဖြစ်
၏။ 17ယေရှုက၊ “လူဆယ်ယောက်သည် သန့်
ရှင်းခြင်းသို့ ရောက်ကြသည် မဟုတ်လော။
ကျန်သောကိုးယောက်တို့သည် အဘယ်မှာ ရှိ
ကြသနည်း။ 18တစ်ပါးအမျိုးသားတစ်ယောက်
သာလျှင် ဘုရားသခင်ကို ချီးမွမ်းရန် ပြန်လာ
သည် မဟုတ်လော့” ဟုမိန့်တော်မူ၏။ 19ထို
နောက် ယေရှုက ထိုသူအား “သင်ထ၍ သွား
လော့။ သင်၏ယုံကြည်ခြင်းကြောင့်သင်၏ရော
ဂါပျောက်ကင်းပြီ” ဟုမိန့်တော်မူ၏။

## ဘုရားသခင်၏နိုင်ငံတော်သည် သင့်အထဲ၌ရှိ၏၊

*(မ၊ 21:23-28, 37-41)*

20ဖာရိရှဲအချို့က ယေရှုအား “ဘုရားသခင်
၏နိုင်ငံတော်သည် အဘယ်အချိန်၌ ရောက်
လာမည်နည်း” ဟုလျှောက်ကြ၏။ ယေရှုက၊
ဘုရားသခင်၏နိုင်ငံတော်သည်သင်တို့၏မျက်စိ
ဖြင့်မြင်နိုင်သောနည်းလမ်းနှင့်လာမည်မဟုတ်။
21လူတို့က၊‘ကြည့်ကြပါ၊ဘုရားသခင်၏နိုင်ငံ
တော်သည် ဤအရပ်၌ရှိသည်’ သို့မဟုတ် ‘ထို
အရပ်၌ ရှိသည်’ ဟုပြော၍မရပါ။ ဘုရားသခင်
၏နိုင်ငံတော်သည် သင်တို့အထဲ၌ ရှိ၏” ဟုမိန့်
တော်မူ၏။
22ထိုနောက် ယေရှုက မိမိတပည့်တော်တို့
အား၊“သင်တို့သည်လူသား၏နေ့ရက်တစ်ရက်
ကိုပင် တွေ့မြင်လိုသော်လည်း မတွေ့မြင်နိုင်
သောအချိန် ရောက်လာလိမ့်မည်။ 23လူတို့က
သင်တို့အား၊ ‘ကြည့်ပါ၊ ထိုအရပ်၌ ရှိ၏၊ ဤ
အရပ်၌ရှိ၏’ ဟုပြောကြလိမ့်မည်။ သင်တို့ရှိ
သောအရပ်၌သာ နေကြလော့။ သွား၍ မရှာ
ကြနှင့်။

## ယေရှုနောက်တစ်ကြိမ် ပြန်ကြွလာတော်မူသောအခါ၊

24“လူသားပြန်လာသောအခါ သင်တို့သိကြ
လိမ့်မည်။ သူပြန်လာသောအခါ ကောင်းကင်
တစ်ဖက်မှ အခြားအဆုံးတစ်ဘက်သို့ လက်နေ
သောလျှပ်စစ်ကဲ့သို့ သူ့ကို ရှင်းစွာမြင်ရလိမ့်
မည်။ 25သို့သော်လည်းရှေးဦးစွာ လူသားသည်
များစွာသောဝေဒနာများကိုခံရ၍ ယခုလူတို့၏
သတ်ခြင်းကို ခံရလိမ့်မည်။ 26လူသားပြန်လာ
သောအခါ၊ နောဧ၏အချိန်ကာလကဲ့သို့ပင် ဖြစ်
လိမ့်မည်။ 27နောဧတော်အချိန်ကာလတွင်
နောဧသည် သင်္ဘောထဲသို့ဝင်သည့်နေ့ရက်အ
ထိ လူတို့သည် စားခြင်း၊ သောက်ခြင်းနှင့်၊
အိမ်ထောင်ပြုခြင်းများပြုကြ၏။ ထို့နောက် ရေ
လွှမ်းမိုးခြင်း ဖြစ်သဖြင့်၊ လူတို့အားလုံးသေကြေ
ပျက်စီးကြ၏။ 28ထိုအချိန်သည်လောတ၏အ
ချိန်ကာလတွင် ဘုရားသခင်သည် သောဒုံမြို့
ကို ဖျက်ဆီးသောအချိန်ကာလကဲ့သို့ ဖြစ်လိမ့်
မည်။ သောဒုံမြို့သားတို့သည် စားခြင်း၊
သောက်ခြင်း၊ ရောင်းဝယ်ခြင်း၊ စိုက်ပျိုးခြင်းနှင့်
အိမ်ဆောက်ခြင်းများ ပြုကြ၏။ 29လောတ
သည် မြို့မှထွက်ခွာသွားသောအချိန်အထိ လူ
တို့သည် ထိုကဲ့သို့ ပြုကြ၏။ ထို့နောက် မိုး
ကောင်းကင်မှ ကန့်နှင့်ရောသောမီးမိုးရွာ၍၊

ထိုသူအားလုံးတို့သည် သေကြေပျက်စီးကြ၏။
[30]လူသားပြန်လာသောအခါ၌လည်း ထိုကဲ့သို့
ပင်ဖြစ်လိမ့်မည်။
[31]ထိုနေ့ရက်၌ လူတစ်ယောက်သည် အိမ်
မိုးပေါ်သို့ ရောက်နေလျှင် မိမိအိမ်ထဲ၌ ရှိသော
ပစ္စည်းကိုယူရန်မဆင်းရ။ လူတစ်ယောက်သည်
မိမိယာခင်းထဲ ရောက်နေလျှင် တစုံတခု ယူရန်
အိမ်သို့ မပြန်သင့်။ [32]လောတ၏မယား၌ အ
ဘယ်သို့ ဖြစ်သည်ကို အောက်မေ့ကြလော့။
[33]အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်
ခြင်းငှါ ကြိုးစား၏။ ထိုသူသည် မိမိအသက်ကို
ရှုံးလိမ့်မည်။ သို့သော်လည်း အကြင်သူသည်
အသက်ကို ဆုံးရှုံး၏။ ထိုသူသည် မိမိအသက်
ကို ကယ်ဆယ်လိမ့်မည်။ [34]ငါပြန်လာသော
နေ့ည၌ အခန်းတစ်ခန်းထဲတွင် အိပ်နေသူနှစ်
ယောက်ထဲမှ တစ်ယောက်ကို ယူသွား၍၊ တစ်
ယောက်သည် နေရစ်လိမ့်မည်။ [35]အမျိုးသမီး
နှစ်ယောက်သည် အတူတူအလုပ်လုပ်နေချိန်
၌၊ အမျိုးသမီးတစ်ယောက်ကိုသာ ခေါ်ဆောင်
သွား၍တစ်ယောက်ကို ချန်ထားလိမ့်မည်။"[36]*
[37]တပည့်တော်တို့က ယေရှုအား' သခင်၊
အဘယ်အရပ်၌ ထိုသို့ ဖြစ်ပါမည်နည်း ဟုမေး
ကြရာ၊ ယေရှုက "လူတို့သည် လင်းတတို့ကို
ကြည့်ခြင်းအားဖြင့် အသေကောင်ကို တွေ့တတ်
ကြ၏" ဟုမိန့်တော်မူ၏။

## ဘုရားသခင်က မိမိလူတို့ကို ဖြေကြားတော်မူလိမ့်မည်

18 ထို့နောက် ယေရှုသည် တပည့်တော်
တို့ကို အစဉ်သဖြင့်ဆုတောင်းကြရန်နှင့်
ဘယ်သောအခါ၌မျှ မျှော်လင့်ခြင်း မပျောက်
ပျက်ရန် ဥပမာသုံး၍ သြဝဒပေးတော်မူသည်
မှာ၊ [2]"တစ်ရံရောအခါ မြို့တစ်မြို့၌ တရားသူ
ကြီး တစ်ယောက်ရှိ၏။ သူသည် ဘုရားသခင်
ကိုမကြောက်ရွံ့။ ထို့အပြင် လူတို့သည် သူ့ကို
အဘယ်သို့ ထင်သည်ကိုလည်း အရေးမစိုက်
ချေ။ [3]ထိုမြို့၌ပင် အမျိုးသမီးတစ်ယောက် ရှိ
၏။ သူမ၏ယောကျ်ားသည် သေဆုံးသွားပြီဖြစ်
၏။ ထိုအမျိုးသမီးသည် တရားသူကြီးထံသို့
အကြိမ်ပေါင်းများစွာလာ၍ ကျွန်မအပေါ်သို့
မကောင်းမှုများ ပြုလုပ်နေသောလူတစ်
ယောက်ရှိ၏။ [4]ကျွန်မ၏အခွင့်အရေးနှင့် သူ့ကို
အရေးယူပေးပါ' ဟုပြော၏။ သို့သော်လည်း၊
တရားသူကြီးသည် ထိုအမျိုးသမီးကို အကူအညီ
ပေးရန် အလိုမရှိ။ ထိုနောက် တရားသူကြီးက
'ငါသည် ဘုရားသခင်ကိုလည်း မကြောက်ရွံ့၊
လူတို့၏အထင်ကိုလည်း အရေးမစိုက်ပါ။ [5]သို့
သော်လည်း ဤမိန်းမသည် ငါ့ကို အနှောင့်
အယှက်ပေးနေ၏။ သူမ၏အလိုရှိသောအရာကို
ငါလုပ်ပေးလျှင် သူမသည် ငါ့ကို လာနှောင့်
ယှက်တော့မည်မဟုတ်။ ငါတစ်ယောက်တည်း
အေးဆေးစွာ နေလိမ့်မည်။ သို့သော်လည်း၊ ဤ
မိန်းမ၏အလိုရှိသောအရာကို ငါမလုပ်ပေးလျှင်
သူမသည် ငါ့ကို ဖျားနာသည့်တိုင်အောင် အ
နှောင့်အယှက်ပေးလိမ့်မည်' ဟုစိတ်ထဲ၌ အကြံ
ရှိ၏။
[6]မတရားသောတရားသူကြီးသည် အဘယ်
သို့ပြောသည်ကို နားထောင်ကြလော့။ [7]ဘုရား
သခင်၏လူတို့သည် သူ့ကိုနေ့ညမပြတ် တောင်း
ဆိုကြ၏။ ထို့ကြောင့် ဘုရားသခင်သည် မိမိလူ
တို့ထံသို့ တရားမျှတခြင်းကို ပေးတော်မူမည်။
ဘုရားသခင်သည် မိမိလူတို့၏ ဆုတောင်းခြင်း
အဖြေပေးရန် မနှောင့်နှေးပါ။ [8]ငါဆိုသည်ကား၊
ဘုရားသခင်သည် မိမိလူတို့အားတရားမျှတ
ခြင်းကိုလျင်မြန်စွာ ပို့ဆောင်တော်မူမည်။ သို့
သော်လည်းလူသားကြွလာသောအခါယုံကြည်
ခြင်းကိုမြေကြီးပေါ်မှာတွေ့မည်လော"ဟုဘုရား
သခင်မိန့်တော်မူ၏။

## ဘုရားသခင်နှင့်အတူအမှန်ဖြစ်နေခြင်း

[9]သူတို့သည် အလွန်ကောင်းမြတ်သည် ဟု
ထင်နေကြသောသူ အချို့ရှိ၏။ ထိုသူတို့သည်

**အခန်း 36** အချို့သောဂရိစာရေးကူးခြင်းက အခန်းငယ်
36 ကို ပေါင်းထည့်ထားသည်မှာ၊ လယ်၌ရှိသောလူနှစ်
ယောက်တို့တွင်တစ်ယောက်ကို သိမ်းယူ၍ တစ်ယောက်
သည် နေရစ်လိမ့်မည်" ဟုမိန့်တော်မူ၏။

တခြားသောသူတို့ ထက်ပို၍ ကောင်းသောသူ
ကဲ့သို့ ပြုတတ်ကြ၏။ ယေရှုက တပည့်တော်
တို့အား ပုံဥပမာကို အသုံးပြု၍ မိန့်တော်မူ
သည်မှာ၊ [10]“ဖာရိရှဲတစ်ဦးနှင့် အခွန်ကောက်ခံ
သူ တစ်ဦးသည် ဆုတောင်းရန် ဗိမာန်တော်သို့
သွားကြ၏။ [11]ဖာရိရှဲသည် အခွန်ခံသူနှင့် ဝေး
သောနေရာတွင် တစ်ယောက်တည်းရပ်နေ၏။
ဖာရိရှဲသည် ဆုတောင်းသောအခါ ‘အိုဘုရား
သခင်၊ အကျွန်ုပ်သည် တခြားသောသူကဲ့သို့
မဟုတ်သောကြောင့် ကိုယ်တော်ကို အကျွန်ုပ်
ကျေးဇူးတင်ပါ၏။ အကျွန်ုပ်သည် ခိုးသူမဟုတ်
ပါ။ လူလိမ်သူလည်း မဟုတ်ပါ။ လင်မယား
သစ္စာပျက်ခြင်းအပြစ်ကို လွန်ကျူးသောသူ
လည်းမဟုတ်ပါ။ အကျွန်ုပ်သည် ဤအခွန်ခံသူ
ထက် သာ၍ကောင်းသောကြောင့် ကိုယ်တော်
ကို ကျေးဇူးတင်ပါ၏။ [12]အကျွန်ုပ်သည် ဖြောင့်
မတ်ကောင်းမွန်ပါ၏။ ရက်သတ္တတစ်ပတ်လျှင်
နှစ်ကြိမ်အစာရှောင်ပါ၏။ ထို့ပြင် အကျွန်ုပ်ရရှိ
သမျှအားလုံးထဲမှ ဆယ်ဖို့တစ်ဖို့ကို အကျွန်ုပ်
လှူပါ၏’ ဟုဆုတောင်း၏။
[13]“အခွန်ခံသူသည်လည်း တစ်ယောက်
တည်းရပ်နေ၏။ သို့သော်လည်း၊ သူဆုတောင်း
သောအခါကောင်းကင်ဘုံကိုပင် မကြည့်ဝံ့ပါ။
အခွန်ကောက်ခံသူသည် ဘုရားသခင်၏ရှေ့
တော်တွင် အလွန်နှိမ့်ချ၍ ‘အိုဘုရားသခင်၊ အ
ကျွန်ုပ်အပေါ်၌ သနားခြင်းကရုဏာ ထားတော်
မူပါ။ အကျွန်ုပ်သည် အပြစ်ရှိသူတစ်ယောက်
ဖြစ်ပါ၏’ဟုဤကဲ့သို့ဆုတောင်း၏။[14]ငါဆိုသည်
ကား၊ ဤသူသည် ဆုတောင်းပြီးသွားသော
အခါ ဖြောင့်မတ်သောသူအဖြစ် ဘုရား၏သတ်
မှတ်ခြင်းခံ၍ အိမ်ပြန်သွား၏။ သို့သော်လည်း၊
ဖာရိရှဲမူကား၊ သူသည် တခြားလူတို့ထက်ပို၍
ကောင်းသည် ဟုမာနထောင်လွှားသော
ကြောင့် ဖြောင့်မတ်သောသူအဖြစ် ဘုရား
သခင်၏သတ်မှတ်ခြင်းကို မခံပေ။ ကိုယ့်ကို
ကိုယ်ချီးမြှောက်သောသူသည် နှိမ့်ချခြင်းခံရ
မည်။ ကိုယ့်ကိုကိုယ်နှိမ့်ချသူသည်ချီးမြှောက်
ခြင်းကိုခံရလိမ့်မည်” ဟုမိန့်တော်မူ၏။

## ဘုရားသခင်၏နိုင်ငံတော်ကို အဘယ်သူ ဝင်ရမည်နည်း

*(မ၊ 19:13-15; မာ၊ 10:13-16)*

[15]အချို့လူတို့သည် သူတို့၏ကလေးငယ်တို့
ကို ယေရှုက လက်တော်နှင့် တို့ထိနိုင်မည်အ
ကြောင်းအထံတော်သို့ခေါ်လာကြ၏။ သို့သော်
လည်း၊ တပည့်တော်တို့သည် ထိုအကြောင်း
ကို တွေ့မြင်ကြသောအခါ လူတို့အား ကလေး
ငယ်တို့ကို ခေါ်မလာကြရန် တားမြစ်ကြ၏။
[16]ထိုအခါ ယေရှုသည် ကလေးငယ်တို့ကို
အထံတော်သို့ ခေါ်တော်မူ၏။ ထို့နောက် တ
ပည့်တော်တို့အား ‘ကလေးတို့သည် ငါ့ထံသို့
လာပါလေစေ။ သူတို့ကို မတားကြနှင့်။ အ
ကြောင်းမူကား၊ ဘုရားသခင်၏နိုင်ငံတော်
သည် ဤကလေးငယ်ကဲ့သို့သော လူတို့အတွက်
ဖြစ်၏။ [17]ငါအမှန်ဆိုသည်ကား၊ သင်တို့သည်
ဘုရားသခင်၏နိုင်ငံတော်ကို ကလေးငယ်ကဲ့သို့
လက်ခံရမည်။ ထိုသို့မဟုတ်လျှင် သင်တို့သည်
ဘုရားသခင်၏အထံတော်သို့ ဘယ်သောအခါ
၌မျှဝင်ရလိမ့်မည်မဟုတ်’ ဟုမိန့်တော်မူ၏။

## ချမ်းသာသူ တစ်ယောက်က ယေရှုအား မေးခွန်းတစ်ခုမေးခြင်း

*(မ၊ 19:16-30; မာ၊ 10:17-31)*

[18]ယုဒခေါင်းဆောင် တစ်ယောက်က ယေရှု
အား “ကောင်းမြတ်သောဆရာ၊ အကျွန်ုပ်
သည်ထာဝရအသက်ကို ရရှိရန် အဘယ်သို့ပြုရ
မည်နည်း” ဟုမေးလျှောက်၏။
[19]ယေရှုက ထိုသူအား“ သင်သည် ငါ့ကို
အဘယ့်ကြောင့် ကောင်းမြတ်သည်ဟုပြောရ
သနည်း။ ဘုရားသခင်တစ်ပါးတည်းသာလျှင်
ကောင်းမြတ်တော်မူ၏။[20]သို့သော်လည်း၊ သင့်
မေးခွန်းကို ငါဖြေမည်။ သင်သည် ပညတ်တော်
တို့ကို သိသည် မဟုတ်လော။ ‘သူများသား
မယားကို မပြစ်မှားရ။ သူ့ အသက်ကိုမသတ်ရ။
မခိုးရ။ တရားရုံး၌ သူတစ်ပါး အကြောင်းကို
လိမ်မပြောရ။ မိဘကို ရိုသေရမည်’” ဟုမိန့်
တော်မူ၏။

21သို့သော်လည်း၊ယုဒခေါင်းဆောင်က “အ
ကျွန်ုပ်သည် ဤပညတ်ရှိသမျှတို့ကို ငယ်သော
အရွယ်မှစ၍ စောင့်ရှောက်ခဲ့ပါပြီ” ဟုပြော၏။
22ထိုစကားကို ကြားသောအခါ ယေရှုက
“သို့သော်လည်း သင်လုပ်ရန် လိုအပ်သော
အရာတစ်ခု ရှိသေး၏။ သင့်၌ ဥစ္စာရှိသမျှကို
ရောင်း၍၊ ရသောငွေကို ဆင်းရဲသားတို့အား
ပေးလော့။သင်သည်ကောင်းကင်ဘုံ၌ဆုလာဒ်
ချီးမြှင့်ခြင်းခံရလိမ့်မည်။ ထို့နောက် လာ၍ ငါ့
နောက်လိုက်လော့” ဟုမိန့်တော်မူ၏။ 23သို့
သော်လည်း၊ ထိုသူသည် အလွန်ဝမ်းနည်းသွား
၏။သူသည် အလွန်ချမ်းသာသောသူဖြစ်ရာ သူ
၏ငွေများကိုသိမ်းဆည်းစုဆောင်းထားလို၏။
24ထိုသူ၏မျက်နှာ ပျက်သွားသည်ကို မြင်
တော်မူသောအခါ ယေရှုက၊ “ချမ်းသာသူတို့
သည်ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်နိုင်ရန်အ
လွန်ခက်ခဲ၏။ 25ချမ်းသာသောသူတစ်ယောက်
သည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရခြင်း
ထက် အပ်နဖားပေါက်ထဲသို့ ကုလားအုပ်ဝင်
သွားခြင်းသည် ပို၍လွယ်၏” ဟုမိန့်တော်မူ၏။

## အဘယ်သူသည် ကယ်တင်ခြင်းသို့ ရောက်နိုင်မည်နည်း

26လူတို့သည် ထိုအကြောင်းကို ကြားသော
အခါသူတို့က “ထိုသို့ဖြစ်လျှင် အဘယ်သူသည်
ကယ်တင်ခြင်းခံနိုင်မည်နည်း” ဟုမေးလျှောက်
ရာ၊
27ယေရှုက “လူတို့အတွက် မဖြစ်နိုင်သော
အရာများကိုဘုရားသခင်သည် တတ်နိုင်တော်
မူ၏” ဟုမိန့်တော်မူ၏။
28ပေတရုက “ကြည့်ပါ၊ အကျွန်ုပ်တို့သည်
ရှိသမျှအားလုံးကို စွန့်၍ ကိုယ်တော်၏နောက်
တော်သို့ လိုက်လာပါ၏” ဟုလျှောက်၏။
29ယေရှုက “ငါအမှန်ဆိုသည်ကား၊ ဘုရား
သခင်၏နိုင်ငံတော်ကြောင့် အိမ်၊ မယား၊ ညီ
အစ်ကိုမောင်နှမ၊ မိဘနှင့် သားသမီးတို့ကို စွန့်
ပစ်သော၊ 30သူသည် ဤဘဝ၌ အဆပေါင်းများ
စွာပို၍ ရလိမ့်မည်။ ထို့ပြင်သူသည် နောင်ဘဝ
၌လည်း ထာဝရအသက်ကိုရလိမ့်မည်” ဟုမိန့်
တော်မူ၏။

## ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်လိမ့်မည်

*(မ၊ 20:17-19; မာ၊ 10:32-34)*

31ယေရှုသည် မိမိတမန်တော်တဆယ့်နှစ်
ပါးကို ခေါ်၍ “နားထောင်ကြလော့၊ ငါတို့သည်
ယေရုရှလင်မြို့သို့ သွားကြမည်။ လူသားနှင့်
ပတ်သက်၍ ပရောဖက်တို့၏ရေးသားချက်
အားလုံး ပြည့်စုံလိမ့်မည်။ 32သူ၏လူမျိုးတို့သည်
သူ့ကို ဆန့်ကျင်၍ တပါးအမျိုးသားတို့၏လက်
သို့ အပ်လိမ့်မည်။ သူတို့သည် သူ့ကို လှောင်
ပြောင်ရယ်မောကြလိမ့်မည်။ သူ့ကို တံတွေးနှင့်
ထွေးကြလိမ့်မည်။ သူ့ကို စော်ကား၍ အရှက်ခွဲ
ကြလိမ့်မည်။ 33သူတို့သည် သူ့ကို ကြာပွတ်နှင့်
ရိုက်နှက်ကြပြီးနောက်ဆုံးတွင် သူ့ကို သတ်ကြ
လိမ့်မည်။ သို့သော်လည်း၊ သူသေပြီး တတိယ
မြောက်သောနေ့၌ ပြန်လည်ရှင်ပြန်ထမြောက်
လိမ့်မည်” ဟုမိန့်တော်မူ၏။ 34တမန်တော်တို့
သည် ထိုစကားကို နားလည်ရန် ကြိုးစားကြ
သော်လည်း သဘောမပေါက်ကြ။ ထိုအ
ကြောင်းအရာသည် ဝှက်ထားလျက်ရှိသည်
ဖြစ်၍ မိန့်တော်မူချက်အနက်ကို မရိပ်မိကြ။

## ယေရှုက မျက်မမြင်တစ်ယောက်အား ကုသတော်မူခြင်း

*(မ၊ 20:29-34; မာ၊ 10:46-52)*

35ယေရှုသည်ယေရိခေါမြို့အနီးသို့ ကြွတော်
မူ၏။ ထိုနေရာတွင် မျက်စိကန်းသောသူတစ်
ယောက်သည် လမ်းဘေးတွင်ထိုင်နေ၏။ မျက်
စိကန်းသောသူသည် လူတို့ထံမှပိုက်ဆံတောင်း
ခံနေသောသူ ဖြစ်၏။ 36လူတို့သည် လမ်းမအ
တိုင်းလျှောက်လာသောအသံကို ကြားရသော
အခါ၊ မျက်စိကန်းသောသူက ‘အဘယ်သို့ ဖြစ်
ပျက်သနည်း’ ဟုမေး၏။ 37လူတို့က သူ့အား
‘နာဇရက်မြို့မှယေရှုသည် ဤနေရာသို့ လာနေ
သည်’ ဟုပြောကြ၏။

38မျက်စိကန်းသောသူက "ယေရှု၊ ဒါဝိဒ်၏
သားတော်၊ အကျွန်ုပ်ကို သနားတော်မူပါ" ဟု
လျှောက်၏။ 39လူအုပ်ကြီးရှေ့တွင် ရှိသောလူ
တို့က မျက်စိကန်းသောသူကို ငေါက်၍ တိတ်
တိတ်နေရန် ပြောကြ၏။ သို့သော်လည်း၊ မျက်
စိကန်းသောသူက "ဒါဝိဒ်၏သားတော်၊အကျွန်ုပ်
ကိုသနားတော်မူပါ" ဟုသာ၍ဟစ်အော်၏။
40ယေရှုသည် ထိုနေရာတွင် ရပ်တော်မူ၍
"ထိုမျက်စိကန်းသောသူကို ငါ့ထံသို့ ခေါ်ခဲ့
လော့" ဟုအမိန့်တော်ရှိ၏။ မျက်စိကန်းသော
သူသည် အထံတော်သို့ ရောက်သောအခါ
ယေရှုက၊ 41"ငါသည် သင်၌အဘယ်သို့ ပြုစေ
လိုသနည်း" ဟုမေးတော်မူရာ မျက်စိကန်း
သောသူက "သခင်၊အကျွန်ုပ်သည် မျက်စိပြန်
မြင်ချင်ပါ၏" ဟုလျှောက်၏။ 42ယေရှုက ထို
သူ့အား "ယခုသင်မြင်နိုင်ပြီ၊ သင်၏ယုံကြည်ခြင်း
သည် သင့်ကို ကျန်းမာစေပြီ" ဟုမိန့်တော်မူ၏။
43ထိုနောက်မျက်စိကန်းသောသူသည်မျက်
စိပြန်မြင်နိုင်လေ၏။သူသည်ဘုရားသခင်၏ဂုဏ်
တော်ကိုချီးမွမ်း၍ ယေရှုနောက်တော်သို့ လိုက်
လေ၏။ ထိုဖြစ်ရပ်ကို မြင်သောသူအားလုံးတို့
သည် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ
လေ၏။

## ဇက္ခဲ

19 ယေရှုသည် ယေရိခေါမြို့သို့ ဖြတ်ကြွ
တော်မူ၏။ 2ယေရိခေါမြို့တွင် ဇက္ခဲအ
မည်ရှိသောသူတစ်ယောက်ရှိ၏။ သူသည် အ
ရေးပါအရာရောက်သော အခွန်ခံသူတစ်ဦးဖြစ်
၍ အလွန်ချမ်းသာသောသူဖြစ်၏။ 3ယေရှုသည်
အဘယ်သို့သောသူ ဖြစ်သည်ကို ဇက္ခဲတွေ့လို
၏။ သူသည် အရပ်ပုသူဖြစ်သဖြင့် လူအုပ်ကြီး
ကြောင့် ယေရှုကို မမြင်နိုင်။
4ထို့ကြောင့် သူသည်ယေရှုကို မြင်နိုင် ရန်
ကြိုတင်ပြေးသွား၍ သဖန်းပင်တစ်ပင်ပေါ်သို့
တက်၏။ အကြောင်းမူကား၊ ယေရှုသည်
ထိုနေရာသို့ ဖြတ်ရန်ကြွလာတော်မူ၏။ 5ယေရှု
သည် ထိုနေရာသို့ ရောက်တော်မူသောအခါ
သဖန်းပင်ပေါ်သို့မျှော်ကြည့်၍ သဖန်းပင်ပေါ်ရှိ
ဇက္ခဲကို မြင်တော်မူ၏။ ယေရှုကသူ့အား၊"ဇက္ခဲ၊
အလျင်အမြန်ဆင်းလော့၊ သင်၏အိမ်၌ ယနေ့
ငါတည်းမည်" ဟုမိန့်တော်မူ၏။
6သူသည်သဖန်းပင်ပေါ်မှ လျင်မြန်စွာ ဆင်း
၍ ယေရှုကို သူ့အိမ်၌ ဝမ်းမြောက်သောစိတ်နှင့်
ညှော်ခံလေ၏။ 7ထိုဖြစ်ရပ်ကို တွေ့မြင်ကြသော
လူအားလုံးက "ကြည့်ကြလော့၊ ယေရှုတည်း
တော်မူသောသူသည် အဘယ်သို့ သောလူစား
မျိုးဖြစ်သနည်း။ ထိုသူသည် အပြစ်သားဖြစ်
သည်" ဟုပြစ်တင်ပြောဆိုကြ၏။
8ဇက္ခဲကသခင်ဘုရားအား၊ "အကျွန်ုပ်သည်
ကောင်းမွန်စွာ လုပ်ရန် အလိုရှိပါ၏။ အကျွန်ုပ်
၌ရှိသမျှငွေတစ်ဝက်ကို ဆင်းရဲသားတို့အား ပေး
ပါမည်။ အကျွန်ုပ်သည် တစုံတယောက်ကိုလိမ်
ညာ၍ ယူမိလျှင်၊ သူ့ငွေ၏လေးဆကို ပြန်ပေး
ပါမည်" ဟုပြော၏။
9ယေရှုက "ယနေ့တွင် ကယ်တင်တော်မူ
ခြင်းကျေးဇူးသည် ဤအိမ်ပေါ်မှာ သက်ရောက်
လေ၏။ အကြောင်းမူကား၊ ဤသူသည်လည်း
အာဗြဟံ၏သားဖြစ်၏။10လူသားသည် ပျောက်
ဆုံးနေသောလူတို့ကို ရှာဖွေ၍ ကယ်တင်ရန်
ကြွလာခြင်းဖြစ်သည်" ဟုမိန့်တော်မူ၏။

## သင့်ကို ဘုရားသခင်ပေးထားသော အရာတို့ကိုသုံးလော့

*(မ၊ 25:1430)*

11ယေရှုသည် ခရီးကြွ၍ ယေရုရှလင်မြို့အနီး
သို့ ရောက်တော်မူ၏။ အချို့လူတို့သည် ဘုရား
သခင်၏နိုင်ငံတော်တည်လုနီးပြီဟု တွေးထင်
နေကြ၏။ 12ယေရှုသည် လူတို့၏တွေးနေသော
အရာကို သိတော်မူ၏။ ထို့ကြောင့် သူတို့အား
ဤဥပမာကို မိန့်တော်မူသည်မှာ "အမတ်တစ်
ယောက်သည် ဝေးသောပြည်သို့ ဘုရင်အဖြစ်
ခန့်အပ်ခြင်းခံရန်သွားပြီးနောက် ပြန်လာ၍ မိမိ
နိုင်ငံကို အုပ်စိုးရန် အကြံရှိ၏။ 13ထို့ကြောင့်
သူသည် မိမိ၏အစေခံဆယ်ယောက်ကို ခေါ်၍၊
တစ်ယောက်စီကို ငွေတစ်အိတ်စီပေးလျက် 'ငါ

ပြန်၍ မလာမီတိုင်အောင် ဤငွေနှင့်ကုန်သွယ်
ခြင်းအမှုကို ပြုကြလော့’ ဟုမှာထားလေ၏။
[14]သို့သော်လည်း၊ နိုင်ငံသားတို့သည်သူ့ကို မုန်း
တီးကြ၏။ ထို့ကြောင့် အုပ်စုတစ်စုဖွဲ့၍ သူသွား
သောနိုင်ငံသို့လိုက်ရန်စေလွှတ်ကြ၏။ထိုတခြား
သောနိုင်ငံ၌၊ ဤအုပ်စုက’ သူ့ကို အကျွန်ုပ်တို့၏
ဘုရင်အဖြစ်အလိုမရှိ’ ဟုပြောကြ၏။
[15]“သို့သော်လည်း ထိုသူသည် ဘုရင်ဖြစ်
လာ၏။ သူ့နိုင်ငံသို့ ပြန်ရောက်လာသောအခါ၊
သူက ‘ငါငွေပေးထားသောအစေခံတို့ကို ခေါ်
ကြလော့။ သူတို့သည် ထိုငွေမှ အဘယ်မျှ
လောက်အမြတ်ရသည်ကို ငါသိလိုသည်’ ဟုမိန့်
တော်မူ၏။ [16]ပထမအစေခံသည်လာ၍ ‘သခင်၊
ကိုယ်တော်ပေးသောငွေတစ်အိတ်ကို အရင်းအ
နှီးပြု၍ လုပ်ကိုင်ပြီး ငွေဆယ်အိတ်ရပါပြီ’ ဟု
လျှောက်၏။ [17]ဘုရင်က ထိုအစေခံအား ‘သာဓု၊
သင်သည် ကောင်းသောအစေခံတစ်ယောက်
ဖြစ်ပါ၏။ သင့်ကို သေးငယ်သောအမှုမှာ ယုံ
ကြည်စိတ်ချရကြောင်း ငါမြင်၏။ ထို့ကြောင့်
ယခုအချိန်မှစ၍ ငါ့နိုင်ငံထဲမှ မြို့ဆယ်မြို့ကို အုပ်
ချုပ်လော့’ ဟုမိန့်တော်မူ၏။ [18]ဒုတိယအစေခံ
က၊ ‘သခင်၊ ကိုယ်တော်ပေးသောငွေတစ်အိတ်
ကို အရင်းအနှီးလုပ်၍ ငွေငါးအိတ်ရပါပြီ’ ဟု
လျှောက်၏။ [19]ဘုရင်က သူ့အား၊‘ သင်သည်
မြို့ငါးမြို့ကို အုပ်ချုပ်နိုင်သည်’ ဟုမိန့်တော်မူ၏။
[20]နောက်ထပ် အစေခံတစ်ယောက်သည် ဘုရင်
ထံသို့ လာ၍‘ သခင်၊ သခင်ပေးသော ငွေတစ်
အိတ်ကို ပဝါနှင့်ပုံးထား၍ လုံခြုံစွာ ထားပါ၏။
အကြောင်းမူကား၊ အကျွန်ုပ်သည် ကိုယ်တော်
ကို ကြောက်ပါ၏။ [21]ကိုယ်တော်သည် ခဲယဉ်း
သောသူ ဖြစ်သောကြောင့် အကျွန်ုပ်ကြောက်
ပါ၏။ ကိုယ်တော်၏ငွေမဟုတ်သောငွေကို ယူ
တတ်၏။ ကိုယ်တော်မစိုက်ပျိုးသောအသီးအ
နှံကို ရိတ်သိမ်းတတ်၏’ ဟုလျှောက်၏။ [22]ဘု
ရင်က ထိုအစေခံအား‘ သင်သည် ဆိုးသော
အစေခံတစ်ယောက်ဖြစ်၏။ သင်၏စကားအား
ဖြင့် သင့်ကိုငါတရားစီရင်မည်။ သင်သည် ငါ့ကို
ခဲယဉ်းသောသူ၊ ကိုယ့်ငွေမဟုတ်သောငွေကို
ယူသောသူ၊ ကိုယ်မစိုက်ပျိုးသောအသီးအနှံ
ကို ရိတ်သိမ်းသောသူ’ ဟုလျှောက်၏။ [23]ထိုသို့
ဖြစ်လျှင်၊ ငါပေးသောငွေကို သင်သည် ဘဏ်
တိုက်သို့ အဘယ်ကြောင့် မအပ်ထားသနည်း။
သို့ဖြစ်လျှင် ငါပြန်ရောက်သောအခါ ငါသည်
ဘဏ်တိုးရရှိမည်’ ဟုမိန့်တော်မူ၏။ [24]ထိုအခါ
ထိုနေရာ၌ ရပ်နေကြသောလူတို့အား ‘ထိုအ
စေခံလက်မှ ငွေတစ်အိတ်ကို ပြန်သိမ်း၍ ငွေ
အိတ်ဆယ်အိတ်ရှိသောအစေခံကိုပေးကြ’ ဟု
မိန့်တော်မူ၏။ [25]သို့သော်လည်း သူတို့က၊
‘သခင်၊သူ၌ငွေဆယ်အိတ်ရှိနေပါပြီ’ဟုလျှောက်
ကြ၏။ [26]ဘုရင်က‘ သူ၌ရှိသောအရာကို သုံး
သောသူသည်ပို၍ရရှိလိမ့်မည်။ သို့သော်လည်း
သူ၌ရှိသောအရာကို အသုံးမပြုသောသူသည်
ရှိသမျှကိုပင် နှုတ်ယူခြင်းခံရလိမ့်မည်။ [27]ယခု
တွင် ငါ့ရန်သူတို့သည် အဘယ်နေရာ၌ ရှိကြ
သနည်း၊ ငါ့ကို သူတို့၏ဘုရင်အဖြစ် အလိုမရှိ
သောသူတို့သည် အဘယ်နေရာ၌ ရှိကြသ
နည်း။ ထိုသူတို့ကို ငါ့ထံသို့ ခေါ်၍ သတ်ကြစေ၊
သူတို့ သေသည်ကို ငါစောင့်ကြည့်မည်” ဟုမိန့်
တော်မူ၏။

## ယေရှုယေရုရှလင်မြို့သို့ ဝင်တော်မူခြင်း

*(မ၊ 21:1-11; မာ၊ 11:1-11; ယော၊ 12:12-19)*

[28]ယေရှုသည် ထိုအကြောင်း အရာများကို
မိန့်တော်မူပြီးသောအခါ၊ သူသည် ယေရုရှလင်
မြို့သို့ ဆက်လက်ဦးတည်၍ ကြွသွားတော်မူ၏။
[29]ယေရှုသည်သံလွင်တောင်အနီးရှိ၊ ဗက်ဖာဂေ
မြို့နှင့် ဗေသနိမြို့တို့၏အနီးသို့ ရောက်တော်မူ
၏။ ယေရှုသည် မိမိတပည့်တော်နှစ်ဦးကို စေ
လွှတ်၍၊ [30]“သင်တို့မြင်နေရသောထိုမြို့သို့ သွား
ကြ။ မြို့ထဲသို့ ရောက်သောအခါ ကြိုးချည်
ထားသော မြည်းငယ်တစ်ကောင်ကို ထိုနေရာ
၌ တွေ့ရလိမ့်မည်။ ထိုမြည်းကို အဘယ်သူမျှ
မစီးဘူးသေး။မြည်းကို ကြိုးဖြည်၍ ငါထံသို့
ဆောင်ခဲ့ကြ။ [31]တစ်စုံတစ်ယောက်သောသူ
သည် သင်တို့အား အဘယ့်ကြောင့် မြည်းကို
ကြိုးဖြည် နေသနည်းဟုမေးလျှင်၊ သင်တို့က၊

‘သခင်အလိုရှိသည် ဟုပြောရမည်”’ ဟုမိန့်
တော်မူ၏။
32တပည့်တော်နှစ်ယောက်တို့သည်မြို့တွင်း
သို့ ဝင်သွားကြ၏။ သူတို့သည် မြည်းကလေးကို
ယေရှု မိန့်မှာတော်မူသည့်အတိုင်း တွေ့ကြ၏။
33တပည့်တော်တို့သည် မြည်းကို၊ ကြိုးပြည်ကြ
၏။ သို့သော်လည်း မြည်းပိုင်ရှင်တို့သည် အပြင်
သို့ ထွက်လာကြ၏။ သူတို့က တပည့်တော်တို့
အား ‘သင်တို့သည် အဘယ့်ကြောင့် မြည်းကို
ကြိုးပြေနေကြသနည်း’ ဟုမေးကြ၏။
34တပည့်တော်တို့က “သခင်အလိုရှိသည်”
ဟုပြောကြ၏။ 35ထို့ကြောင့် တပည့်တော်နှစ်
ယောက်သည် မြည်းကို ယေရှုထံတော်သို့ ယူ
ဆောင်ကြ၏။ တပည့်တော်တို့သည် သူတို့၏
ဝတ်လုံများကို မြည်းကျောပေါ်သို့ တင်ပေးကြ
၏။ ထို့နောက် ယေရှုကို မြည်းကျောပေါ်သို့
စီးစေကြ၏။ 36ယေရှုသည် ယေရုရှလင်မြို့သို့ဦး
တည်နေသောလမ်းအတိုင်း စီးလျှက်ကြွတော်
မူ၏။တပည့်တော်တို့သည် မိမိတို့၏ဝတ်လုံများ
ကို ယေရှုရှေ့လမ်းပေါ်သို့ ဖြန့်ခင်းပေးကြ၏။
37ယေရှုသည် ယေရုရှလင်မြို့သို့ နီးကပ်
တော်မူ၏။ သူသည် သံလွင်တောင်အောက်
ခြေသို့ ကြွရောက်တော်မူ၏။ တပည့်တော်လူ
အုပ်စုအားလုံးတို့သည် အလွန်ဝမ်းမြောက်ကြ
၏။ သူတို့သည် မိမိတို့မြင်ခဲ့ပြီးသောအံ့သြဖွယ်
သောအရာများကြောင့် ဘုရားသခင်ကို ကျယ်
လောင်သောအသံဖြင့်ချီးမွမ်းကြ၏။ 38သူတို့က၊

“‘ထာဝရဘုရား၏နာမတော်နှင့် ကြွလာ
တော်မူသောရှင်ဘုရင်သည် မင်္ဂလာရှိ
ပါ၏ ‘ကောင်းကင်ဘုံ၌ ငြိမ်သက်ခြင်းရှိ၍
ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကြီး
မြတ်ပါစေ” ဟုပြောကြ၏။

*ဆာလံ၊ 118:26*

39ဖာရိရှဲအချို့ကယေရှုအား၊ “ဆရာ၊ ကိုယ်
တော်၏တပည့်တော်တို့ကို ဤကဲ့သို့ ပြောခြင်း
ကို တားမြစ်တော်မူပါ” ဟုလျှောက်ကြ၏။
40ယေရှုက သူတို့အား “ငါဆိုသည်ကား၊
သူတို့သည် ဤအရာတို့ကို ပြောရမည်။ သို့မ
ဟုတ်လျှင် ဤကျောက်တို့သည် ဤအရာများ
ကို ကြွေးကြော်ကြလိမ့်မည်” ဟုမိန့်တော်မူ၏။

## ယေရုရှလင်မြို့အတွက် ယေရှု ငိုကြွေးတော်မူခြင်း

41ယေရှုသည် ယေရုရှလင်မြို့ အနီးသို့
ရောက်တော်မူ၏။ သူသည် မြို့တော်ကို မြင်
သောအခါ ငိုကြွေးတော်မူ၏။ 42ယေရှုက
ယေရုရှလင်မြို့အား “ငါသည် သင့်ကို ယနေ့
အဘယ်အရာသည် ငြိမ်သက်ခြင်းသယ်ဆောင်
လာမည်ကို သိစေလို၏။ သို့သော်လည်း ထိုအ
ရာကို သင်မသိနိုင်။ အကြောင်းမူကား၊ ထိုအ
ရာကို သင့်ထံမှ ဖုံးကွယ်ထား၏။ 43သင်၏ရန်
သူတို့သည် သင့်ပတ်လည်တွင် တပ်ချ၍ ဝိုင်းရံ
ထားသောအချိန်ကျရောက်လာလိမ့်မည်။သင်
၏ရန်သူတို့သည် သင့်ဘေးပတ်လည် အားလုံးမှ
ဝိုင်းရံ၍ ချုပ်ထားကြလိမ့်မည်။ 44သူတို့သည်
သင်နှင့်၊ သင့်မြို့သူမြို့သားတို့ကို ဖျက်ဆီးကြ
လိမ့်မည်။ သင်တို့အဆောက်အဦး၏ကျောက်
တစ်ခုပေါ်တစ်ခု ထပ်လျက် မတွေ့ရလောက်
အောင် ပြိုကျပျက်စီးလိမ့်မည်။ ဘုရားသခင်
ကြွရောက်ကယ်တင်သည့်အချိန်ကို သင်တို့မသိ
သောကြောင့် ဤအရာဖြစ်လာလိမ့်မည်” ဟု
မိန့်တော်မူ၏။

## ဗိမာန်တော်သို့ ယေရှုသွားတော်မူခြင်း

*(မ၊ 21:12-17; မာ၊ 11:15-19; ယော၊ 2:13-22)*

45ယေရှုသည် ဗိမာန်တော်ပိုင်နက်အတွင်း
သို့ဝင်တော်မူ၏။ သူသည် ဗိမာန်တော်နယ်
မြေထဲ၌ ပစ္စည်းများရောင်းသောသူတို့ကို နှင်
ထုတ်တော်မူ၏။ 46ယေရှုက၊ “ဤအကြောင်း
ကို ကျမ်းစာထဲ၌ရေးထားသည်မှာ ‘ငါ့အိမ်
သည် ဆုတောင်းရာအိမ်ဖြစ်လိမ့်မည်’ ဟုရေး
ထား၏။ သို့သော်လည်း သင်တို့သည် ‘ဓားပြ
တို့၏ပုန်းအောင်းသောနေအိမ်အဖြစ် ပြောင်းလဲ
ကြပြီ”’ ဟုမိန့်တော်မူ၏။

47ယေရှုသည် ဗိမာန်တော်အတွင်း၌ လူ
တို့ကို နေ့စဉ် ဆုံးမသြဝါဒပေးတော်မူ၏။ ယဇ်ပု
ရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့နှင့် ယုဒတို့
၏အခြားခေါင်းဆောင်တို့သည် ယေရှုကို သတ်
ရန် အလိုရှိကြ၏။ 48သို့သော်လည်း လူတို့သည်
ယေရှုကို စေ့စေ့နားထောင်နေကြ၏။ သူတို့
သည် ယေရှုဟောတော်မူသောအရာများကို
အလွန်စိတ်ဝင်စားနေကြ၏။ ထို့ကြောင့် ယဇ်
ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့နှင့် ခေါင်း
ဆောင်တို့သည်၊ ယေရှုအား သတ်နိုင်သော
အခွင့်ကိုမတွေ့မရကြ။

## ယုဒခေါင်းဆောင်များက ယေရှုအား မေးခွန်းတစ်ခုမေးခြင်း

*(မ၊ 21:23-27; မာ၊ 11:27-33)*

20 တစ်နေ့တွင် ယေရှုသည် ဗိမာန်တော်
၌ရှိတော်မူ၏။ ကိုယ်တော်သည် လူတို့
ကို ဆုံးမသြဝါဒပေးတော်မူ၏။ ယေရှုသည်
လူတို့ကိုဝမ်းမြောက်ဖွယ်ရာသတင်းကောင်းနှင့်
ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို ဟော
တော်မူ၏။ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြု
ဆရာနှင့် ယုဒလူမျိုးအကြီးအကဲဖြစ်သောသူ
တို့သည် ယေရှုထံတော်သို့ ရောက်လာကြ၏။
2သူတို့က “ကိုယ်တော်သည် ဤအမှုများကို
အဘယ်အခွင့်နှင့် ပြုသည်ကို၎င်း ထိုအခွင့်ကို
အဘယ်သူပေးသည်ကို၎င်း အကျွန်ုပ်တို့အား
ပြောပါဟု” ဆိုကြ၏။
3ယေရှုက သင်တို့ကိုလည်း “ငါမေးခွန်းတစ်
ခုမေးမည်။ သင်တို့ပြေကြလော့။ 4ယောဟန်
ပေးသော ဗတ္တိဇံသည် ဘုရားသခင်က ဖြစ်သ
လော၊ သို့မဟုတ်လူက ဖြစ်သလော” ဟုမေး
တော်မူ၏။
5ယဇ်ပုရောဟိတ်၊ ကျမ်းပြုဆရာနှင့်ယုဒလူ
မျိုးအကြီးအကဲသူတို့က “ငါတို့သည် ယောဟန်
၏ဗတ္တိဇံပေးခြင်းသည် ဘုရားသခင်က ဖြစ်
သည်ဟု ပြောလျှင်” သူက သို့ဖြစ်လျှင် “သင်
တို့သည် အဘယ်ကြောင့် ယောဟန်ကို မယုံ
ကြည်ကြသနည်း” ဟုမေးလိမ့်မည်။ 6သို့သော်
လည်း ငါတို့က “ယောဟန်၏ဗတ္တိဇံပေးခြင်း
သည် လူက ဖြစ်သည်ဟု ပြောလျှင် လူအား
လုံးသည် ငါတို့ကို ကျောက်ခဲနှင့် ပေါက်သတ်
ကြလိမ့်မည်။ အကြောင်းမူကား၊ သူတို့သည်
ယောဟန်ကို ပရောဖက်တစ်ပါးဟု ယုံကြသည်”
ဟုအချင်းချင်းတိုင်ပင်ကြ၏။ 7ထို့ ကြောင့်
သူတို့က၊ ‘အဘယ်က ဖြစ်သည်ကို အကျွန်ုပ်တို့
မသိပါ’ ဟုပြေကြ၏။
8ထို့ကြောင့် ယေရှုက “သို့ဖြစ်လျှင် ငါက
လည်းဤအရာတို့ကိုအဘယ်အခွင့်အာဏာဖြင့်
ပြုသည်ကိုသင်တို့အားမပြော”ဟုမိန့်တော်မူ၏။

## ဘုရားသခင်က သူ၏သားတော်ကို စေလွှတ်တော်မူခြင်း

*(မ၊ 21:33-46; မာ၊ 12:1-12)*

9ထို့နောက် ယေရှုက လူတို့ကို ဤဥပမာ
တစ်ခု ပြောပြသည်မှာ “လူတစ်ယောက်သည်
မိမိယာခင်း၌ စပျစ်ပင်တို့ကို စိုက်၏။ ထိုလူ
သည် မိမိစပျစ်ခင်းကို တချို့သောယာသမား
တို့ကိုငှား၏။ ထို့နောက် သူသည် အဝေးတစ်
နေရာသို့ အချိန်ကြာမြင့်စွာ ထွက်သွား၏။
10မကြာခင်မှာ စပျစ်သီးများကို ခူးဆွတ်သော
အချိန်ရောက်လာ၏။ ထို့ကြောင့် စပျစ်ခင်းပိုင်
ရှင်သည် မိမိအစေခံတစ်ယောက်ကို ယာသ
မားထံသို့ မိမိ၏စပျစ်သီးဝေစုယူရန် စေလွှတ်
၏။ ယာသမားတို့သည် အစေခံကို ရိုက်နှက်၍
လက်ချည်းဖြင့် လွှတ်လိုက်ကြ၏။ 11ထို့ကြောင့်
စပျစ်ခင်းပိုင်ရှင်သည် နောက်ထပ် အစေခံတစ်
ယောက်ကိုစေလွှတ်ပြန်၏။ ယာသမားတို့သည်
ထိုအစေခံကိုလည်း ရိုက်၍ အရှက်ခွဲပြီးမှ လက်
ချည်းလွှတ်လိုက်ကြ၏။ 12ထို့ကြောင့် စပျစ်ခင်း
ပိုင်ရှင်သည် တတိယမြောက် အစေခံတစ်
ယောက်ကို ယာသမားထံသို့ ထပ်လွှတ်ပြန်၏။
ယာသမားတို့သည် ထိုအစေခံကို နာကျင်စွာ
ရိုက်၍ စပျစ်ခင်း အပြင်ဘက်သို့ ဆွဲထုတ်ကြ
၏။ 13စပျစ်ခင်းပိုင်ရှင်က ‘ယခုတွင် ငါသည်အ
ဘယ်သို့ ပြုရမည်နည်း။ ငါ့သားကို လွှတ်ရ

မည်။ ငါသည် ငါ့သားကို အလွန်ချစ်၏။ ယာသ
မားတို့သည် ငါ့သားကို လေးစားကြမည်ကို
သေချာသည်’ ဟုဆို၏။ ထို့ကြောင့် သူ့သားကို
လွှတ်လိုက်၏။ 14ယာသမားတို့သည် သူ့သား
ကိုမြင်သောအခါ သူတို့က၊ ‘ဤသူသည် ပိုင်ရှင်
၏သားဖြစ်၏။ တစ်နေ့သောအခါ ဤစပျစ်ခင်း
ကို သူပိုင်ဖြစ်လိမ့်မည်။ ထို့ကြောင့် သူ့ကို သတ်
ပစ်ကြကုန်အံ့။ ထို့နောက် ဤစပျစ်ခင်းသည်
ငါတို့အတွက် ဖြစ်သွားလိမ့်မည်’ ဟုအချင်းချင်း
ပြောဆိုကြ၏။ 15ထို့ကြောင့်ယာသမားတို့သည်
စပျစ်ခင်းပိုင်ရှင်၏သားကိုစပျစ်ခင်းအပြင်ဘက်
ကို ခေါ်ထုတ်သွားပြီးသတ်ပစ်လိုက်ကြ၏။ “သို့
ဖြစ်လျှင် စပျစ်ခင်းပိုင်ရှင်သည် အဘယ်သို့ ပြု
မည်နည်း။ 16သူသည် လာ၍ ထိုယာသမားတို့
ကို သတ်လိမ့်မည်။ ထို့နောက် သူသည် စပျစ်
ခင်းကို တခြားယာသမားတို့ကိုငှားလိမ့်မည် ဟု
မိန့်တော်မူ၏။ ထိုအဖြစ်အပျက်ကို နားထောင်
ကြသောသူတို့က၊ ထိုသို့မဖြစ်ပါစေနှင့် ဟုပြော
ကြ၏။ 17သို့သော်လည်း ယေရှုသည် သူတို့ကို
ကြည့်ရှု၍၊“သို့ဖြစ်လျှင် ဤကျမ်းစာ၏ အဓိပ္ပါယ်
သည် အဘယ်သို့နည်း။ ဤကျမ်းစာကား၊

‘အဆောက်အဦး ဆောက်လုပ်သူတို့၏
ပယ်ထားသောကျောက်သည် တိုက်
ထောင့်အထွဋ်အထိပ်သို့ရောက်လေ၏။’

*ဆာလံ၊ 118:22*

18ထိုကျောက်ပေါ်သို့ ချော်ကျသောလူတိုင်း
သည် ကျိုးပဲ့သွားလိမ့်မည်။ သင့်အပေါ်သို့ ထို
ကျောက်ကျလျှင်၊ သင်တို့သည် ကြေမွသွား
လိမ့်မည်” ဟုမိန့်တော်မူ၏။
19ယုဒခေါင်းဆောင်တို့သည် ယေရှုဟော
တော်မူသော ဥပမာကို ကြားကြ၏။ ဤအ
ကြောင်းအရာသည် သူတို့အကြောင်း ဖြစ်သည်
ဟု သိကြ၏။ ထို့ကြောင့် သူတို့က ယေရှုအား
ချက်ချင်း ဖမ်းဆီးလိုကြ၏။ သို့သော်လည်း လူ
တို့သည် သူတို့ကို ပြန်ပြုမည့်အရာကြောင့်
ကြောက်ရွံ့ကြ၏။

## ယုဒခေါင်းဆောင်တို့က ယေရှုကို လှည့်ဖြားရန်ကြိုးစားခြင်း

*(မ၊ 22:15-22; မာ၊ 12:13-17)*

20သို့သော်လည်း ခေါင်းဆောင်တို့သည်
ယေရှုအား ဖမ်းဆီးနိုင်မည့်အချိန်ကောင်းကို
စောင့်ဆိုင်းနေကြ၏။ သူတို့သည်လူအချို့ကို လူ
ကောင်းများအဖြစ် ဟန်ဆောင်ရန် သွန်သင်၍
ယေရှုထံတော်သို့ စေလွှတ်ကြ၏။ သူတို့သည်
ယေရှုကိုတန်ခိုးအာဏာရှိသောမြို့ဝန်မင်းလက်
သို့ အပ်နိုင်သောအခွင့်ရစေခြင်းငှါ ယေရှုသည်
အမှားတစုံတခု ပြောရန် အလိုရှိကြ၏။ 21ထို့
ကြောင့် ခေါင်းဆောင်တို့ လွှတ်သောလူတို့က
ယေရှုအား၊ “ဆရာ၊ ဆရာပြောခဲ့သောစကား
နှင့် သြဝါဒတို့သည် အမှန်ဖြစ်သည်ကို အကျွန်ုပ်
တို့သိကြပါ၏။ ကိုယ်တော်သည် မျက်နှာလိုက်
ခြင်းမရှိဘဲ ဘုရားသခင်၏မှန်ကန်သောနည်း
လမ်းအကြောင်းကို သြဝါဒပေးတော်မူ၏။ 22ထို့
ကြောင့် ကဲသာကို အကျွန်ုပ်တို့ အခွန်ဆောင်
ခြင်းသည် မှန်ကန်ပါသလော၊ သို့မဟုတ် မှား
သလော၊ အကျွန်ုပ်တို့ကို ပြောပြပါ” ဟုမေး
ကြ၏။ 23သို့သော်လည်း ထိုလူတို့သည် သူ့အား
လှည့်ဖြားရန်လာသည်ကို ယေရှုသည် သိမှတ်
တော်မူ၏။ ထို့ကြောင့် ယေရှုက သူတို့အား
24“ငွေတစ်ပြားကို ပြပါ။ ဤငွေပြားပေါ်မှာ အ
ဘယ်သူ၏နာမည်ပါသနည်း၊ အဘယ်သူ၏ရုပ်ပုံ
ပါသနည်း” ဟုမေးတော်မူရာ၊ သူတို့က ကဲသာ
၏အမည်နှင့် ရုပ်ပုံသာ ငွေပြားပေါ်တွင် ပါရှိ
ကြောင်းပြောကြ၏။
25ယေရှုကသူတို့အား“သို့ဖြစ်လျှင်ကဲသာ၏
ပိုင်ဆိုင်သောငွေကို ကဲသာအားပေးကြလော့။
ဘုရားသခင်၏ပိုင်ဆိုင်သောပစ္စည်းကို ဘုရား
သခင်အား ပေးကြလော့” ဟုမိန့်တော်မူ၏။
26ယေရှု၏ ပညာတော်အမြော်အမြင်ရှိ
သောအပြေကြောင့် သူတို့သည် အံ့သြကြ၏။
သူတို့သည် အမှားတစ်ချို့ပြောမိရန်အတွက်
ယေရှုကို လှည့်ဖြား၍ မရနိုင်ကြောင်း နားလည်
ကြ၏။ ထို့ကြောင့် သူတို့သည် အဘယ်အရာမျှ
မပြောကြချေ။

## ဇဒ္ဒုကဲအချို့က ယေရှုအား လှည့်ဖြားရန် ကြိုးစားခြင်း

*(မ၊ 22:23-33; မာ၊ 12:18-27)*

27ယေရှုထံတော်သို့ ဇဒ္ဒုကဲအချို့ ရောက်
လာကြ၏။ ဇဒ္ဒုကဲတို့သည် သေခြင်းမှ ပြန်လည်
ရှင်ပြန်ထမြောက်ခြင်းမရှိဟု ယုံကြည်ကြ၏။
သူတို့က ယေရှုအား 28“ဆရာ၊ မောရှေ၏
ပညတ်ကျမ်းထဲတွင် အိမ်ထောင်သည် ယော
က်ျားသည် သားသမီးမရဘဲ သေဆုံးသွားလျှင်
သူ့ညီသည် ထိုမုဆိုးမကို လက်ထပ်ရမည်။ သို့မှ
သာလျှင် သေသွားသောအစ်ကိုအတွက် သား
သမီးရလိမ့်မည်’ ဟုရေးထားပါ၏။ 29တရံရော
အခါ ညီအစ်ကို ခုနစ်ယောက်ရှိကြ၏။ ပထမ
အစ်ကိုသည် အမျိုးသမီးတစ်ယောက်ကို လက်
ထပ်၏။ သို့သော်လည်း သားသမီးမရရှိဘဲ သေ
ဆုံးသွား၏။ 30ထို့နောက် ဒုတိယအစ်ကိုသည်
ထိုအမျိုးသမီးကို လက်ထပ်၍ သေဆုံးပြန်၏။
31ထို့နောက် တတိယအစ်ကိုကလည်း ထိုအမျိုး
သမီးကို လက်ထပ်၍ သေဆုံးပြန်၏။ ဤနည်း
အားဖြင့် ညီအစ်ကို ခုနစ်ယောက်စလုံးသည်
ထိုအမျိုးသမီးကို လက်ထပ်၍ သားကို မကျန်
ရစ်စေဘဲ သေကြ၏။ 32နောက်ဆုံး၌ ထိုအမျိုး
သမီးလည်း သေလေ၏။ 33သို့သော်လည်း ညီ
အစ်ကို ခုနစ်ယောက်စလုံးသည် ထိုအမျိုးသမီး
ကို လက်ထပ်ပေါင်းသင်းကြ၏။ ထိုကြောင့်
လူတို့သည် သေခြင်းမှ ပြန်လည်ရှင်ပြန်လာ
သောအခါ ထိုအမျိုးသမီးသည် အဘယ်သူ၏
မယားဖြစ်မည်နည်း” ဟုမေးကြ၏။
34ယေရှုကဇဒ္ဒုကဲအား“ဤဘဝ၌လူတို့သည်
တစ်ယောက်နှင့်တစ်ယောက် လက်ထပ်ပေါင်း
သင်းကြ၏။ 35တချို့လူတို့သည် သေခြင်းမှရှင်
ပြန်ထမြောက်လာခြင်းငှါ ထိုက်တန်မည်ဖြစ်၍
နောင်ဘဝ၌အသက်ရှင်ကြလိမ့်မည်။ ထိုနောင်
ဘဝ၌ သူတို့သည် လက်ထပ်ပေါင်းသင်းလိမ့်
မည်မဟုတ်။ 36ထိုနောင်ဘဝ၌ သူတို့သည်
ကောင်းကင်တမန်ကဲ့သို့ဖြစ်ပြီး သေခြင်းမှအစဉ်
ကင်းလွတ်လိမ့်မည်။ သူတို့သည် သေခြင်းမှ
ရှင်ပြန်ထမြောက်လာသောကြောင့် ဘုရား
သခင်၏သားသမီးများ ဖြစ်ကြ၏။ 37လူတို့သည်
သေခြင်းမှရှင်ပြန်ထမြောက်သည်ကို မောရှေ
သည် ရှင်းလင်းစွာဖော်ပြခဲ့၏။ မောရှေသည်
လောင်နေသောချုံပုတ်အကြောင်း ရေးသော
အခါ သူက၊ ‘ထာဝရဘုရားသည် အာဗြဟံ၏
ဘုရားသခင်၊ ဣဇာက်၏ဘုရားသခင်၊
ယာကုပ်၏ဘုရားသခင်’ ဟုဖော်ပြထား၏။
38အကြောင်းမူကား၊ ဘုရားသခင်သည် သေ
သောသူတို့၏ဘုရားသခင်မဟုတ်။ သို့သော်
လည်း အသက် ရှင်နေသူတို့၏ဘုရားသခင်သာ
လျှင်ဖြစ်၏။ သူတို့အားလုံးသည် ဘုရားသခင်
အတွက် အသက်ရှင်နေကြ၏” ဟုမိန့်တော်မူ၏။
39ကျမ်းပြုဆရာအချို့က “ဆရာ၊ ကိုယ်
တော်အဖြေသည် အလွန်မှန်ကန်၏” ဟုပြော
ကြ၏။ 40ထိုအချိန်မှစ၍ အဘယ်သူမျှသူ့ကို
နောက်ထပ် မေးခွန်းများမမေးလျှောက်ဝံ့ကြ။

## ခရစ်တော်သည် ဒါဝိဒ်၏သားမှန်သလော

*(မ၊ 22:41-46; မာ၊ 12:35-37)*

41ထို့နောက် ယေရှုက “ခရစ်တော်သည်
ဒါဝိဒ်၏သားဖြစ်သည်ဟု လူတို့သည် အဘယ်
ကြောင့်ပြောကြသနည်း။42ဆာလံကျမ်းစာအုပ်
ထဲ၌ ဒါဝိဒ်ကိုယ်တိုင် ပြောထားသောအရာက

‘ထာဝရဘုရားသည်အကျွန်ုပ်၏သခင်အား
43 ငါသည် သင့်ရန်သူတို့ကို သင်၏ခြေတင်
ရာအောက်သို့ မချထားမှီတိုင်အောင်
ငါ့လက်ျာဘက်၌ ထိုင်နေလော့’ ဟုမိန့်
တော်မူ၏။ *ဆာလံ 110:1*

44ဒါဝိဒ်ကိုယ်တိုင်သည် ခရစ်တော်ကို ‘သခင်ဟု
ခေါ်လျှင် ခရစ်တော်သည် အဘယ်သို့ ဒါဝိဒ်၏
သား ဖြစ်နိုင်မည်နည်း” ဟုမိန့်တော်မူ၏။

## ကျမ်းပြုဆရာများအား သတိပေးခြင်း

*(မ၊ 23:1-36; မာ၊ 12:38-40; လုကာ၊ 11:37-54)*

45ပရိသတ်အားလုံးက ယေရှုမိန့်တော်မူ
သောစကားကို နားထောင်နေကြ၏။ ယေရှုက
တပည့်တော်တို့အား၊

46“ကျမ်းပြုဆရာတို့ကိုသတိထားကြလော့။
သူတို့သည် ထူးဆန်းသောအဝတ်များကို ဝတ်
၍ လူမြင်ကွင်း၌ လမ်းလျှောက်ခြင်းကို နှစ်
သက်ကျကြ၏။ သူတို့သည် ဈေးတန်း၌ လူတို့
လေးစားခြင်းကို နှစ်သက်ကြ၏။ သူတို့သည်
တရားဇရပ်တို့၌ အရေးကြီးဆုံးသော ထိုင်ခုံတို့
၌ ထိုင်ခြင်းကို နှစ်သက်ကြ၏။ သူတို့သည် စား
သောက်ပွဲတွင် အရေးကြီးဆုံးသော ကုလား
ထိုင်မှာထိုင်ရန် နှစ်သက်ကြ၏။ 47သို့သော်
လည်း သူတို့သည် မုဆိုးမတို့၏အိမ်များကို လု
ယူသိမ်းစား၍ သူတို့ကိုယ်သူတို့အမြင်ကောင်း
အောင် ရှည်လျားသောဆုတောင်းခြင်းကို ရွတ်
ဆိုကြ၏။ ဘုရားသခင်သည် ထိုလူတို့ကို ပြင်း
ထန်စွာ အပြစ်ပေးလိမ့်မည်” ဟုမိန့်တော်မူ၏။

## မှန်ကန်သောပေးလှူခြင်း

*(မာ၊ 12:41-44)*

21 ချမ်းသာသူအချို့တို့သည် ဗိမာန်
တော်အတွင်းရှိ ငွေသေတ္တာထဲသို့ အ
လှူငွေထည့်နေကြသည်ကို ယေရှုမြင်တော်မူ
၏။ 2ထို့နောက်ဆင်းရဲနွမ်းပါးသောမုဆိုးမတစ်
ယောက်သည် ငွေသေတ္တာထဲသို့ ငွေပြားနှစ်
ပြားထည့်လိုက်သည်ကိုလည်း ယေရှုသည် မြင်
တော်မူ၏။ 3ယေရှုက “ငါအမှန်ဆို သည်ကား၊
ဤဆင်းရဲသောမုဆိုးမသည် ကြေးနီးဒင်္ဂါးနှစ်
ပြားသာထည့်၏။ သို့သော်လည်း သူမသည်
အမှန်စင်စစ် ထိုချမ်းသာသူအားလုံးတို့ထက်
ပို၍ထည့်၏။ 4ထိုချမ်းသာသူတို့သည် သူတို့၌
ရှိသောစည်းစိမ်ထဲမှ အပိုများကို ထည့်ကြ၏။
ဤမိန်းမသည် အလွန်ဆင်းရဲသော်လည်း မိမိ
အသက်မွေးစရာဥစ္စာရှိသမျှကို ထည့်လေပြီ”
ဟုမိန့်တော်မူ၏။

## ဗိမာန်တော်ပျက်စီးမည့်အကြောင်း

*(မ၊ 24:1-14; မာ၊ 13:1-13)*

5တပည့်တော်အချို့သည် ဗိမာန်တော်အ
ကြောင်းကို ပြောဆိုနေကြ၏။ သူတို့က “ဤ
ဗိမာန်တော်သည် လှသောဗိမာန် တော်ဖြစ်၍
အကောင်းဆုံးသောကျောက်တုံးတို့နှင့် တည်
ဆောက်ထား၏။ ဘုရားသခင်ကို လှူထားသော
အကောင်းစား လက်ဆောင်ပဏ္ဏာအများအ
ပြားကိုလည်း ကြည့်ကြလော့’ ဟုပြောကြ၏။
6သို့သော်လည်း ယေရှုက “ယခု သင်တို့
မြင်နေရသောအရာအားလုံးကို ဖျက်ဆီးခြင်း
သို့ရောက်သောအချိန်ကာလရောက်လိမ့်မည်။
ဤအဆောက်အဦးရှိ ကျောက်တုံးတို့သည် မြေ
ကြီးပေါ်သို့ ပစ်ချခံရလိမ့်မည်။ ကျောက်တစ်
ခုပေါ်တစ်ခုထပ်၍ နေရမည်မဟုတ်” ဟုမိန့်
တော်မူ၏။
7တပည့်တော်အချို့က ယေရှုအား “သခင်
ဘုရား၊ ဤအမှုအရာတို့သည် အဘယ်ကာလမှ
ဖြစ်ပါမည်နည်း။ ဤအရာအားလုံး ဖြစ်ချိန်နီး
သောအခါ အကျွန်ုပ်တို့အား အဘယ်လက္ခဏာ
ကို ပြမည်နည်း” ဟုမေးလျှောက်ကြ၏။
8ထိုအခါယေရှုက “သတိထားကြ၊ မိုက်မဲ
သောသူများ မဖြစ်ကြနှင့်။ လူအများတို့သည်
ငါ၏နာမဖြင့် လာ၍ ငါသည် ခရစ်တော်ဖြစ်
၏”ဟုရင်း၊ ‘မှန်ကန်သောအချိန်ကာလ ရောက်
လာပြီ’ဟုရင်းပြောကြလိမ့်မည်။သူတို့ကိုမလိုက်
ကြနှင့်။ 9သင်တို့သည် စစ်ပွဲအကြောင်း၊ ပုန်
ကန်ခြင်းအကြောင်းကို သင်တို့ကြားရသော
အခါ ကြောက်ရွံ့ခြင်း မရှိကြနှင့်။ ဤအရာတို့
သည် အရင်ဖြစ်ရမည်။ သို့သော်လည်း အဆုံး
သည် နောက်မှ ရောက်လာလိမ့်မည်” ဟုမိန့်
တော်မူ၏။
10ထို့နောက် ယေရှုက သူတို့အား၊ “လူမျိုး
တစ်မျိုးနှင့်တစ်မျိုးတိုက်ခိုက်ကြမည်။ နိုင်ငံတစ်
နိုင်ငံနှင့်တစ်နိုင်ငံစစ်မက်ဖြစ်ကြလိမ့်မည်။ 11နေ
ရာအနှံ့အပြား၌ ကြီးမားသောမြေလျင်လှုပ်
ခြင်း၊ကာလနာများပြားခြင်းနှင့် အစာခေါင်းပါး
ခြင်းများ ဖြစ်ပေါ်လာလိမ့်မည်။ ကြောက်မက်
ဖွယ်ကောင်းသောအရာများ ဖြစ်ပေါ်လာ၍ လူ
တို့ကို သတိပေးရန်ကောင်းကင်မှ အံ့ဩဖွယ်
ကောင်းသောအရာများ ဖြစ်ပေါ်လာကြလိမ့်
မည်။12သို့သော်လည်းဤအကြောင်းအရာများ
မဖြစ်မီ လူတို့သည် သင်တို့ကို ဖမ်းဆီး၍ ဆိုးဝါး

စွာ ပြုမူကြလိမ့်မည်။ သင်တို့ကို တရားဇရပ်
တို့၌ စီရင်ဆုံးဖြတ်၍ ထောင်တွင် အကျဉ်းချ
လိမ့်မည်။ သင်တို့ကို ဆန့်ကျင်စွပ်စွဲခြင်းများနှင့်
ဘုရင်တို့၊ မြို့တော်ဝန်တို့ရှေ့တွင် အတင်းအဓမ္မ
ခေါ်ခြင်းကိုခံရလိမ့်မည်။ သင်တို့သည်ငါ့နောက်
ကို လိုက်သောကြောင့် လူတို့သည် သင်တို့
အပေါ်၌ ထိုအရာများကို ပြုကြလိမ့်မည်။ [13]သို့
သော်လည်း သင်တို့သည် ငါ့အကြောင်းကို
ဟောရန် ဤအရာတို့သည် အခွင့်အလမ်းဖြစ်
လိမ့်မည်။ [14]ထို့ကြောင့် သင်တို့သည် ကိုယ်ကို
ကာကွယ်ခြင်းငှါ အဘယ်သို့ ပြန်ပြောရမည်ကို
မစိုးရိမ်ကြနှင့်။ [15]သင်တို့၏ရန်သူအားလုံးတို့
သည် သင်တို့ကို မငြင်းနိုင်ရန် ငါသည် သင်တို့
အား နှုတ်သတ္တိနှင့် ဉာဏ်သတ္တိကို ပေးမည်။
[16]သင်တို့မိဘ၊ ညီအစ်ကို၊ ဆွေမျိုးသားချင်း
နှင့်၊ အပေါင်းအသင်းမိတ်ဆွေတို့သည်လည်း
သင်တို့ကို ဆန့်ကျင်ကြလိမ့်မည်။ [17]သူတို့သည်
သင်တို့အချို့ကို သတ်ကြလိမ့်မည်။သင်တို့သည်
ငါ့နောက်ကို လိုက်သောကြောင့် လူအားလုံး
သည် သင်တို့ကို မုန်းကြလိမ့်မည်။ [18]သို့သော်
လည်း အကယ်စင်စစ် ဤအရာအားလုံးတွင်
တစ်ခုကမျှ သင်တို့ကို မထိခိုက်စေရ။ [19]သင်တို့
သည် တည်ကြည်လျှင် သင်တို့ကိုယ်သင်တို့
ကယ်တင်လွတ်မြောက်ကြလိမ့်မည်။

## ယေရုရှလင်မြို့ ပျက်စီးမည့်အကြောင်း

*(မ၊ 24:15-21; မာ၊ 13:14-19)*

[20]“ယေရုရှလင်မြို့ပတ်လည်၏ စစ်တပ်တို့
ကို သင်တို့တွေ့ရလိမ့်မည်။ထိုအခါ ယေရုရှလင်
မြို့ပျက်စီးရန် အချိန်ကျရောက်လာသည်ကို
သင်တို့ သိရလိမ့်မည်။ [21]ထိုအချိန်အ တွင်း၌
ယုဒပြည်၌ရှိသော လူတို့သည် တောင်ပေါ်သို့
ထွက်ပြေးရလိမ့်မည်။ ယေရုရှလင်မြို့ရှိ လူတို့
သည် မြို့ကို အမြန်ဆုံးစွန့်ခွာကြရမည်။ သင်
သည် ထိုမြို့အနီးအနား၌ရှိလျှင် မြို့ထဲသို့မဝင်
နှင့်။ [22]ဘုရားသခင်သည် မိမိ၏လူတို့ကို ဒဏ်
ခတ်မည့်အချိန်ကာလအကြောင်းနှင့် ပတ်သက်
၍ ပရောဖက်တို့ရေးသားကြ၏။ ငါပြောနေ
သောအချိန်ကာလသည် ဤဖြစ်ရပ်အားလုံး
ဖြစ်ရမည့် အချိန်ကာလဖြစ်၏။ [23]ထိုအချိန်အ
တွင်း၌ ကိုယ်ဝန်ဆောင်မိန်းမတို့နှင့် နို့စို့သူငယ်
ရှိသောမိန်းမတို့သည် အလွန်ခက်ခဲလိမ့်မည်။
အကြောင်းမူကား၊ အလွန်ဆိုးဝါးသောအချိန်
ကာလသည် ဤပြည်သို့ ရောက်လာလိမ့်မည်။
ဘုရားသခင်သည် ဤလူတို့အပေါ်တွင် ဒေါသ
ဖြစ်တော်မူလိမ့်မည်။ [24]အချို့သောလူတို့သည်
စစ်သားတို့၏သတ်ဖြတ်ခြင်းကို ခံရလိမ့်မည်။
အခြားလူတို့သည် နိုင်ငံအားလုံးသို့စစ်သုံ့ပန်း
အဖြစ်ခေါ်သွားခြင်းခံရကြလိမ့်မည်။ တပါး
သောအမျိုးသားတို့သည် ယေရုရှလင်မြို့ကို နိုင်
၍ သူတို့၏အချိန် မကုန်ဆုံးမှီတိုင်အောင် ခြေ
ဖြင့် နင်းချေကြလိမ့်မည်။

## မကြောက်ကြနှင့်

*(မ၊ 24:29-31; မာ၊ 13:24-27)*

[25]“အံ့ဩဖွယ်သော ဖြစ်ရပ်တို့သည် နေ၊လ၊
ကြယ်များ၌ ဖြစ်ပေါ်လာလိမ့်မည်။ ကမ္ဘာမြေ
ပေါ်၌ရှိသောလူတို့သည် ထောင်ချောက်ထဲပိတ်
မိနေသကဲ့သို့ ခံစားရလိမ့်မည်။ ပင်လယ်သည်
အော်မြည်ကြ၍ အလွန်ကြီးကျယ်သော လှိုင်းဂ
ယက်များထမြောက်လာပြီး လူတို့သည် ထိုဖြစ်
ရပ်တို့ကြောင့် စိတ်ရှုပ်ထွေးကြလိမ့်မည်။ [26]ထို့
ကြောင့် လူတို့သည် ကြောက်ရွံ့တုန်လှုပ် ကြ
လိမ့်မည်။ သူတို့သည် မြေကြီးသို့ ဖြစ်ပေါ်လာ
သောအရာများကြောင့် အလွန်စိုးရိမ်ကြလိမ့်
မည်။ ကောင်းကင်တစ်ပြင်လုံး၌ ရှိသမျှအား
လုံးတုန်လှုပ်ကြလိမ့်မည်။ [27]ထို့နောက် လူသား
သည် ကြီးမားသောဘုန်းတန်ခိုးအာနုဘော်နှင့်
အတူ မိုးတိမ်ကိုစီးလျက် ကြွလာသည်ကို သူတို့
မြင်ကြလိမ့်မည်။ [28]ဤဖြစ်ရပ်များသည် စတင်
ဖြစ်ပေါ်လာသောအခါသင် တို့ကြောက်ရွံ့ခြင်း
မရှိကြနှင့်။ မိုးကောင်းကင်ကို ဝမ်းမြောက်ခြင်း
နှင့်မော့ကြည့်ကြပါ။ အကြောင်းမူကား၊ ဘုရား
သခင်သည် သင်တို့ကို ဒုက္ခအနှောင်အဖွဲ့မှ
လွှတ်ပေးမည့်အချိန်နီးလာသည်ကို သင်တို့သိ
ကြ၏” ဟုမိန့်တော်မူ၏။

## ငါ့စကားလုံးတို့သည် အစဉ်ထာဝရ တည်မြဲလိမ့်မည်

*(မ၊ 24:32-35; မာ၊ 13:28-31)*

29ထို့နောက် ယေရှုက ဤပုံဥပမာကို မိန့်
တော်မူသည်မှာ၊ "သစ်ပင်အားလုံးတို့ကို ကြည့်
ကြလော့။ သဖန်းပင်သည် နမူနာကောင်းတစ်
ခုဖြစ်၏။ 30ထိုအပင်သည် စိမ်းလာ၍ အဖူးအ
ညွန့်ထွက်လာသောအခါ နွေရာသီနီးလာသည်
ဟု သင်တို့သိကြ၏။ 31ထိုနည်းတူ ထိုအရာအား
လုံးဖြစ်ပျက်နေသည်ကို သင်တို့မြင်သောအခါ
ဘုရားသခင်၏ နိုင်ငံတော်တည်လုနီးသည်ကို
သင်တို့သိလိမ့်မည်။
32"ငါအမှန်ဆိုသည်ကား၊ ဤအရာအားလုံး
တို့သည် ယခုခေတ်လူမျိုးများ အသက်ရှင်နေ
စဉ်မှာပင် ဖြစ်ပျက်လာလိမ့်မည်။ 33ကမ္ဘာကြီး
တစ်ခုလုံး၊ မြေပြင်နှင့် မိုးကောင်းကင်တို့သည်
ပျက်စီးသွားလိမ့်မည်။ သို့သော်လည်း ငါပြော
သောစကားသည် ဘယ်သောအခါ၌မျှ မပျက်
စီး' ဟုမိန့်တော်မူ၏။

## အချိန်တိုင်းအသင့် ဖြစ်နေလော့

34"သတိပြုကြလော့။ သင်တို့၏အချိန်ကို မူး
ယစ်ခြင်းဖြင့် မဖြုန်းကြနှင့်။ သင်တို့၏စိတ်ကို
ဤဘဝ၏စိုးရိမ်ခြင်းနှင့် မပြည့်စေကြနှင့်။ သို့မ
ဟုတ်လျှင် သင်တို့သည် ကောင်းမွန်စွာ ဆင်
ခြင်နိုင်မည်မဟုတ်။ ထိုနေ့ရောက်လာသော
အခါ သင်တို့သည် အဆင်သင့်ဖြစ်လိမ့်မည်မ
ဟုတ်။ 35ထိုနေ့ရက်သည် ကမ္ဘာပေါ်ရှိ လူအား
လုံးအပေါ်တွင် ထောင်ချောက်ကဲ့သို့ ရုတ်တ
ရက်အုပ်မိလာလိမ့်မည်။ 36ထို့ကြောင့် အချိန်
တိုင်း၌ အဆင်သင့်ဖြစ်ကြလော့။ သင်တို့သည်
ဖြစ်ပေါ်လာမည့်အရာတို့ကို ရင်ဆိုင်နိုင်သော
အင်အားရရှိရန် ဆုတောင်းကြလော့။ ထို့ပြင်
သင်တို့သည် လူသား၏ရှေ့မှောက်သို့ ရောက်
ရှိနိုင်ရန်လည်း ဆုတောင်းကြးလော့" ဟုမိန့်
တော်မူ၏။
37နေရက်အစဉ်အတိုင်းတွင် ယေရှုသည်
ဗိမာန်တော်အတွင်း၌ လူတို့ကို ဆုံးမဩဝါဒပေး
တော်မူ၏။ ညဉ့်အချိန်ရောက်သောအခါ ကိုယ်
တော်သည် မြို့ပြင်သို့ ထွက်သွားပြီးနောက်
သံလွင်တောင်ပေါ်တွင် တစ်ညဉ့်လုံးနေတော်မူ
၏။ 38နံနက်တိုင်း၌ လူတို့သည် စောစောထ၍
ဗိမာန်တော်သို့ ရောက်ရှိလာကြကာ ယေရှု၏
ဒေသနာတော်ကို နားထောင်ကြ၏။

## ယုဒခေါင်းဆောင်တို့ကယေရှု ကိုသတ်လိုခြင်း

*(မ၊ 26:1-5; 14-16; မာ၊ 14:1-2; 10-11; ယော၊ 11:45-53)*

22 ယခုအချိန်တွင် ပသခါဟုခေါ်သော တ
ဆေးမဲ့မုန့်ပွဲတော် အချိန်အခါ ရောက်
ရန် နီးလာ၏။ 2ယဇ်ပုရောဟိတ် ခေါင်းဆောင်
တို့နှင့်ကျမ်းပြုဆရာတို့သည် ယေရှုအား သတ်
နိုင်မည့်နည်းလမ်းကို ကြိုးစားရှာဖွေနေကြ၏။
သို့သော်လည်း သူတို့သည် လူတို့ကို ကြောက်
ရွံ့နေကြ၏။

## ယုဒသည် ယေရှုကိုအပ်နှံရန်ကြံစည်ခြင်း

3ယေရှု၏တမန်တော် တစ်ဆယ့်နှစ်ပါးထဲမှ
တစ်ယောက်၏အမည်မှာယုဒရှုကာရုတ်ဖြစ်၏။
စာတန်သည် ယုဒ၏အထဲသို့ ဝင်၍ မကောင်း
မှုတစ်ခုကို ပြုလုပ်စေ၏။ 4ယုဒသည် ယဇ်ပု
ရောဟိတ်အကြီးတို့နှင့် ဗိမာန်တော်အစောင့်
စစ်သားတို့ကိုသွားရောက်တွေ့ဆုံ၏။ယုဒသည်
ယေရှုအား သူတို့လက်သို့ အဘယ်သို့ အပ်နိုင်
မည်အကြောင်း သူတို့နှင့် တိုင်ပင်ကြ၏။ 5ထိုအ
ကြောင်းနှင့် ပတ်သက်၍ ယဇ်ပုရောဟိတ်တို့
သည် အလွန်ပျော်ရွှင်ကြ၏။ သူသည် ယေရှုကို
သူတို့၏လက်သို့အပ်နိုင်လျှင်ယုဒအားငွေပေးရန်
သဘောတူကြ၏။ 6ယုဒကလည်း သဘောတူ
၏။ ထို့နောက် ယုဒသည် ယေရှုကို သူတို့လက်
သို့ အပ်နိုင်မည့်အကောင်းဆုံးအချိန်ကို စောင့်
ဆိုင်းနေလေ၏။ယုဒသည် ဤအရာကို ပတ်ဝန်း
ကျင်၌ လူတို့မရှိသောအချိန်တွင် ပြုလုပ်လို၏။

## ပသခါပွဲတော်အတွက် ပြင်ဆင်ခြင်း

*(မ၊ 26:17-25; မာ၊ 14:12-21; ယော။ 13:21-30)*

7တဆေးမဲ့မုန့်ပွဲတော်နေ့ ရောက်လာ၏။
ဤနေ့သည် ယုဒလူမျိုးတို့ပသခါသိုးများကို
ယဇ်ပူဇော်သောနေ့ဖြစ်၏။
8ယေရှုကပေတရုအား“ငါတို့အတွက်ပသခါ
ပွဲကိုသွား၍ပြင်ဆင်ကြလော့” ဟုမိန့်တော်မူ၏။
9ပေတရုနှင့်ယောဟန်က“အကျွန်ုပ်တို့သည်
စားပွဲကို အဘယ်နေရာ၌ ပြင်ဆင်ရန် အလိုရှိ
တော်မူပါသနည်း” ဟုမေးရာ၊ ယေရှုက သူတို့
အား 10“နားထောင်ကြ၊ သင်တို့မြို့ထဲကို ဝင်
သွားသောအခါ၊ရေအိုးသယ်လာသော လူတစ်
ယောက်ကို တွေ့လိမ့်မည်။ သူနောက်သို့ လိုက်
သွားကြလော့။ သူသည် အိမ်တစ်အိမ်ထဲသို့ဝင်
သွားသောအခါ သင်တို့လည်း သူနှင့်အတူ ဝင်
သွားကြလော့။ 11ထိုအိမ်ရှင်အား၊ ‘ဆရာသည်
သူနှင့် မိမိတပည့်တော်တို့၏ပသခါစားပွဲစား
မည့်အခန်းကို အကျွန်ုပ်တို့အား ပြရန် မေးခိုင်း
သည်’ ဟုပြောကြလော့။ 12ထိုအခါ အိမ်ရှင်
သည် အပေါ်ထပ်အခန်းကြီးကို ညွှန်ပြလိမ့်မည်။
ထိုအခန်းသည် သင်တို့အတွက် အဆင်သင့်ဖြစ်
၏။ ထိုအခန်း၌ပသခါပွဲကို ပြင်ဆင်ကြလော့’ ဟု
မိန့်တော်မူ၏။
13ထို့ကြောင့် ပေတရုနှင့် ယောဟန်တို့
ထွက်သွားကြ၏။ အရာရာသည် ယေရှုပြော
သည့်အတိုင်း ဖြစ်နေ၏။ ထို့ကြောင့် သူတို့သည်
ပသခါစားပွဲကို ပြင်ဆင်ကြလေ၏။

## သခင့်ပွဲတော်

*(မ၊ 26:26-30; မာ၊ 14:22-26; 1 ကော၊ 11:23-25)*

14သူတို့အတွက် ပသခါပွဲစားသောက်ရန်
အချိန်သို့ ရောက်လေ၏။ ယေရှုနှင့် မိမိတမန်
တော်တစ်ဆယ့်နှစ်ပါးသည် စားပွဲပတ်လည်
တွင် နေရာယူကြ၏။ 15ယေရှုက သူတို့အား
“ငါသည် မသေမီဤပသခါပွဲကို သင်တို့နှင့်အတူ
စားရန်အလွန်အလိုရှိ၏။ 16ငါဆိုသည်ကား၊
ဘုရားသခင်၏နိုင်ငံတော်၌ ပသခါစားပွဲမပြည့်
စုံမီတိုင်အောင် ယခုမှစ၍ ဤပွဲကိုတဖန် ငါမ
စား” ဟုမိန့်တော်မူ၏။
17ထို့နောက် ယေရှုသည် စပျစ်ရည်တစ်
ခွက်ကို ယူ၍ ထိုခွက်အတွက် ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ ဤခွက်ကို ယူ၍
အချင်းချင်း ဝေကြလော့။ 18ဘုရားသခင်၏
နိုင်ငံတော်မတည်မီတိုင်အောင် စပျစ်ရည်ကို
တဖန်ငါမသောက်ရ” ဟုမိန့်တော်မူ၏။
19ထို့နောက် ယေရှုသည် မုန့်အချို့ကိုယူ၏။
ကိုယ်တော်သည် မုန့်အတွက် ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းပြီးမှမုန့်ကို ဖဲ့၍ “ဤမုန့်
သည် သင်တို့အတွက် ပေးအပ်ထားသောငါ၏
ခန္ဓာကိုယ်ဖြစ်၏။ ငါ့ကို အောက်မေ့ဘို့ရန် ဤ
သို့ပြုကြလော့” ဟုဆိုလျက် တပည့်တော်တို့
အား ပေးတော်မူ၏။ 20ထိုနည်းတူ ညစာစား
ပြီးသောအခါ ယေရှုက စပျစ်ရည်ခွက်ကို ယူ၍၊
“ဤစပျစ်ရည်သည် ဘုရားသခင်နှင့် မိမိ၏လူ
တို့အကြားရှိ ပဋိညာဉ်တရားသစ်ဖြစ်၏။ ဤ
ပဋိညာဉ်တရားသစ်သည်သင်တို့အတွက် သွန်း
လောင်းသောငါ၏အသွေးနှင့် အစပြုသည်”
ဟုမိန့်တော်မူ၏။

## အဘယ်သူက ယေရှုအား ဆန့်ကျင်မည်နည်း

21ယေရှုက “မကြာခင် သင်တို့ထဲမှ တစ်
ယောက်သည် ငါ့ကို ဆန့်ကျင်လိမ့်မည်။ သူ၏
လက်သည် ဤစားပွဲပေါ်မှာ ငါလက်နှင့်အတူ
ရှိ၏။ 22လူသားသည် ဘုရားသခင်၏အစီအ
စဉ်အတိုင်း လုပ်ရလိမ့်မည်။ သို့သော်လည်း
လူသားကို အသတ်ခံရန် အပ်နှံသောသူအ
တွက် အလွန်ကြောက်မက်ဖွယ်ကောင်း၏” ဟု
မိန့်တော်မူ၏။ 23ထိုအခါ တမန်တော်တစ်ဆယ့်
နှစ်ပါးတို့က၊ “ထိုအမှုကို ငါတို့ထဲမှ အဘယ်သူ
ပြုအံ့နည်း” ဟုအချင်းချင်း မေးမြန်းကြ၏။

## အစေခံတစ်ယောက်ကဲ့သို့ ဖြစ်လော့

24များမကြာမီ၊တမန်တော်တစ်ဆယ့်နှစ်ပါး
သည် သူတို့အထဲတွင် အဘယ်သူသည် အရေး
အကြီးဆုံး ဖြစ်သည်ကို ငြင်းခုံကြ၏။ 25ယေရှုက

"လောကီရှင်ဘုရင်တို့သည် လူတို့အပေါ်တွင် သခင်ကဲ့သို့ အုပ်စိုးကြ၏။ အာဏာရှိသောသူတို့သည် လူတို့က သူတို့အား 'ကျေးဇူးရှင်' ဟူ၍ ခေါ်ခြင်းငှါ အလိုရှိကြ၏။
26သို့သော်လည်း သင်တို့သည် ထိုကဲ့သို့မဖြစ်ရ။ သင်တို့ထဲတွင် အကြီးမြတ်ဆုံးသောသူသည် အငယ်ဆုံးသောသူကဲ့သို့နေရမည်။ ခေါင်းဆောင်သည် အစေခံကဲ့သို့ ဖြစ်ရမည်။
27အဘယ်သူသည် ပို၍အရေးကြီးသနည်း။ စားပွဲ၌ထိုင်နေသူလော၊ သို့မဟုတ် သူ့ကို ပြုစုပေးနေသူလော။ စားပွဲ၌ ထိုင်နေသောသူသည် ပို၍ အရေးကြီး၏' ဟုသင်တို့ထင်လိမ့်မည်။ သို့သော်လည်း ငါသည် သင်တို့တွင် အစေခံတစ်ယောက်ကဲ့သို့ ဖြစ်၏။
28"ငါသည် စုံစမ်းနှောင့်ယှက်ခြင်း ခံစဉ်တွင် သင်တို့သည် ငါ့အနားမှာ နေသောသူများ ဖြစ်ကြ၏။
29ငါ့ခမည်းတော်သည် ငါ့အား နိုင်ငံတော်ကို ပေးတော်မူပြီ။ ငါသည်လည်း သင်တို့ကို ငါနှင့်အတူ အုပ်ချုပ်သောအခွင့်ကို ပေးတော်မူ၏။
30သင်တို့သည် ငါ့နိုင်ငံတော်တွင် ငါ့စားပွဲ၌ စားသောက်ရလိမ့်မည်။ သင်တို့သည် ပလ္လင်ပေါ်မှာ ထိုင်၍ ဣသရေလမျိုးနွယ်တစ်ဆယ့်နှစ်မျိုးကို တရားစီရင်ရလိမ့်မည်' ဟုမိန့်တော်မူ၏။

## သင်၏ယုံကြည်ခြင်းကို မပျောက်စေနှင့်

*(မ၊ 26:31-35; မာ၊ 14:2731; ယော၊ 13:36-37)*

31"သခင်ဘုရားက "အိုရှိမုန်၊ ရှိမုန်၊ ယာသမားသည်ဂျုံဆန်ကို ဆန်ခါနှင့်ချသကဲ့သို့စာတန်သည် သင်တို့ကို စုံစမ်းမည့်အကြောင်း အခွင့်တောင်းသည်ဖြစ်၍၊
32သင်၏ယုံကြည်ခြင်းမဆုံးရှုံးစေခြင်းငှါ သင့်အတွက် ငါဆုတောင်းလေပြီ။ သင်သည် ငါ့ထံသို့ ပြန်လာသောအခါ သင့်ညီအစ်ကိုတို့ကို ခွန်အားပေးလော့" ဟုမိန့်တော်မူ၏။
33သို့သော်လည်း ပေတရုက ယေရှုအား "သခင်၊ အကျွန်ုပ်သည် ကိုယ်တော်နှင့် အတူ ထောင်ထဲသွားရန်အဆင်သင့် ရှိပါ၏။ အကျွန်ုပ်သည် ကိုယ်တော်နှင့်အတူ သေပါမည်" ဟုလျှောက်၏။

34သို့သော်လည်း ယေရှုက "ပေတရု၊ ယနေ့တွင် ကြက်မတွန်မှီသင်သည် ငါ့ကို မသိဟုသုံးကြိမ်တိုင်အောင် ပြောလိမ့်မည်" ဟုမိန့်တော်မူ၏။

## ဒုက္ခအတွက် အသင့်ရှိလော့

35ထို့နောက် ယေရှုက တပည့်တော်တို့အား "လူတို့ကို ဟောပြောရန် သင်တို့ကို ငါလွှတ်လိုက်စဉ်က ငွေ၊ လွယ်အိတ်၊ ဖိနပ်အပို မပါဘဲလွှတ်လိုက်၏။ သင်တို့တစုံတခုလိုသလော" ဟုမေးရာတပည့်တော်တို့က "တစုံတခုမျှ မလိုပါ" ဟုပြောကြ၏။
36ထိုအခါ ယေရှုက "သို့သော်လည်း ယခုအချိန်တွင်သင်တို့၌ ငွေဖြစ်စေ၊ လွယ်အိတ်ဖြစ်စေရှိလျှင် သင်တို့နှင့်အတူ ဆောင်သွားကြလော့။ သင်တို့၌ ဓါးမရှိလျှင် သင်တို့ အင်္ကျီကိုရောင်း၍ဓါးကို ဝယ်ကြလော့။
37ကျမ်းစာထဲ၌ရေးသားထားသည်မှာ

> 'လူတို့သည် သူ့ကို ရာဇဝတ်ကောင်အဖြစ်ထင်မြင်သည်' ဟုပါရှိ၏။
>
> *ဟေရှာယ၊ 53:12*

ဤကျမ်းစာသည် ပြည့်စုံရမည်။ ဤအရာသည် ငါ့အကြောင်းကို ရေးထားခြင်းဖြစ်၏။ ဤအရာသည် ယခုဖြစ်နေပြီ" ဟုမိန့်တော်မူ၏။
38တပည့်တော်တို့က "ကြည့်ပါသခင်၊ ဤနေရာ၌ ဓါးနှစ်လက်ရှိပါ၏" ဟုလျှောက်ကြ၏။ ယေရှုကသူတို့အား"ထိုအရာသည် လုံလောက်ပြီ" ဟုမိန့်တော်မူ၏။

## ယေရှုက တမန်တော်တို့ကို ဆုတောင်းရန် ပြောပြတော်မူခြင်း

*(မ၊ 26:36-46; မာ၊ 14:32-42)*

39-40ယေရှုသည် မြို့တွင်းမှ ထွက်ပြီး သံလွင်တောင်သို့ ကြွသွားတော်မူ၏။ တပည့်တော်တို့သည် မိမိနှင့်အတူ ပါလာကြ၏။ ယေရှုသည် ထိုနေရာသို့ မကြာခဏ ကြွသွားတော်မူ၏။ သူတို့သည် ထိုနေရာသို့ ရောက်သောအခါ

ယေရှုက တပည့်တော်တို့အား ‘သင်တို့သည်
စုံစမ်းနှောင့်ယှက်ခြင်း နှင့်ကင်းလွတ်မည်အ
ကြောင်းဆုတောင်းကြလော့”ဟုမိန့်တော်မူ၏။
41ယေရှုသည် သူတို့နှင့် ခြေလှမ်းငါးဆယ်
ခန့်အကွာသို့ ကြွသွားတော်မူ၏။ ကိုယ်တော်
သည် ဒူးထောက်၍ ဆုတောင်းသည်မှာ၊ 42“အို
အဘ၊ အလိုတော်ရှိလျှင် ဤဒုက္ခဝေဒနာခွက်
ဖလားကို အကျွန်ုပ်အား မသောက်ပါရစေနှင့်။
သို့သော်လည်း အကျွန်ုပ်အလို ရှိသည့်အတိုင်း
မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်း
ဖြစ်ပါစေသော” ဟုဆုတောင်းတော်မူ၏။ 43ထို
အခါကောင်းကင်ဘုံမှ တမန်တော်တစ်ပါးပေါ်
လာ၏။ ထိုတမန်တော်သည် ယေရှုအား ကူ
ညီရန် စေလွှတ်ခြင်းခံသောသူဖြစ်၏။ 44ယေရှု
သည် ပြင်းစွာဝေဒနာသောကကို ခံစားလျက်
နေ၏။ ထို့ကြောင့် သူသည် ပို၍ကြိုးစားအား
ထုတ်လျက် ဆုတောင်းတော်မူ၏။ ချွေးထွက်
တော်မူသည်ကား၊ မြေပေါ်သို့ ကျသောသွေး
စက်များကဲ့သို့ ဖြစ်တော်မူ၏။ 45ယေရှုသည်
ဆုတောင်း၍ ပြီးဆုံးသွားသောအခါ သူ၏တ
ပည့်တော်တို့ထံသို့ ပြန်လျှောက်တော်မူ၏။ သူ
တို့သည် အိပ်ပျော်နေကြ၏။ သူတို့သည် ကြေ
ကွဲဝမ်းနည်းမှုကြောင့် ပင်ပန်းနွမ်း နယ်နေကြ၏။
46ယေရှုက သူတို့အား ‘သင်တို့အဘယ်ကြောင့်
အိပ်နေကြသနည်း။ ထကြ။” **စုံစမ်းနှောင့်ယှက်**
**ခြင်းကို ခံနိုင်ရန်အတွက် ဆုတောင်းကြလော့’**
**ဟုမိန့်တော်မူ၏။**

## ယေရှုအဖမ်းခံတော်မူခြင်း

*(မ၊ 26:47-56; မာ၊ 14:43-50; ယော၊ 18:3-11)*

47ယေရှုသည် ထိုသို့မိန့်တော်မူစဉ် လူတစ်စု
ရောက်လာ၏။တမန်တော်တဆယ့်နှစ်ပါးမှတစ်
ယောက်သည် ထိုလူစုကို ဦးဆောင်ခေါ်လာ
ခြင်းဖြစ်၏။ ထိုသူသည် ယုဒရှကာရုတ်ဖြစ်၏။
48ယုဒရှကာရုတ်သည် ယေရှုအား နမ်းရန်
အနီးသို့ ကပ်လာ၏။ ယေရှုက ‘ယုဒ၊ သင်သည်
နမ်းခြင်းကိုပြုလျက် လူသားကို ရန်သူလက်ထဲ
သို့အပ်ရန် အသုံးပြုနေသလော’ ဟုမေးတော်
မူ၏။ 49ယေရှု၏တပည့်တော်တို့သည် လည်းထို
နေရာတွင် ရပ်လျက်ရှိကြ၏။ အဘယ်သို့ ဖြစ်
လာမည်ကို သူတို့သိရှိကြ၏။ တပည့်တော်တို့
က ယေရှုအား၊ သခင်၊ အကျွန်ုပ်တို့ သည်ဓါးကို
အသုံးပြုရမည်လော” ဟုလျှောက်ကြ၏။ 50တ
ပည့်တော်ထဲမှ တစ်ယောက်သည် ဓါးကို ဆွဲ
ထုတ်၍ ယဇ်ပုရောဟိတ်မင်း၏အစေခံကို ခုတ်
သဖြင့် လက်ျာနားရွက်ပြတ်လေ၏။
51ယေရှုက ‘ရပ်လော့’ ဟုတားတော်မူ၏။
ယေရှုသည် ယဇ်ပုရောဟိတ်အစေခံ၏နားရွက်
ကိုလက်တော်ဖြင့်တို့ထိ၍ အနာကိုပျောက်စေ
တော်မူ၏။
52ယေရှုအား ဖမ်းဆီးသောသူတို့မှာ ယဇ်ပု
ရောဟိတ်အကြီး၊ အသက်ကြီးသော ယုဒလူမျိုး
ခေါင်းဆောင်များနှင့် ယုဒစစ်သားများဖြစ်ကြ
၏။ ယေရှုက သူတို့အား“ သင်တို့သည် ရာဇ
ဝတ်ကောင်ကို ဖမ်းသကဲ့သို့ ငါ့ကို ဖမ်းရန်
ဓါးနှင့်၊ တုတ်များကို လက်စွဲလျက်လာကြသ
လော။ 53ငါသည် သင်တို့နှင့်အတူဗိမာန်တော်
၌ နေ့တိုင်းနေ၏။ သင်တို့သည် ငါ့ကို ဖမ်းဆီး
ရန် ထိုနေရာ၌ အဘယ်ကြောင့် မကြိုးစား
ကြသနည်း။ သို့သော်လည်း အမှောင်လွှမ်း
မိုးသောယခု အချိန်သည် သင်တို့၏အချိန်ဖြစ်
၏” ဟုမိန့်တော်မူ၏။

## ပေတရုက ယေရှုအား သိကြောင်းပြောရန် ကြောက်ရွံ့ခြင်း

*(မ၊ 26:57-58, 69-75; မာ၊ 14:53-54, 66-72; ယော၊ 18:12-18; 25-27)*

54သူတို့သည် ယေရှုကို ဖမ်းဆီးခေါ်ဆောင်
သွားကြ၏။ သူတို့သည် ယေရှုကို ယဇ်ပုရော
ဟိတ်မင်း၏နေအိမ်သို့ ခေါ်ဆောင်သွားခြင်းဖြစ်
၏။ ပေတရုသည် သူတို့နောက်မှ လိုက်လာ၏။
သို့သော်လည်း ယေရှုအနီးသို့ မကပ်ပါ။ 55စစ်
သားတို့သည် ခြံဝင်း၏အလယ်တွင် မီးမွှေး၍မီး
လှုံထိုင်ကြ၏။ ပေတရုသည်လည်း သူတို့နှင့်
အတူမီးလှုံထိုင်နေလေ၏။ 56အစေခံမိန်းမတစ်
ယောက်သည် ထိုနေရာ၌ ပေတရုထိုင်နေသည်

ကို တွေ့၍။ သူမသည် မီးပုံမှ အလင်းရောင်
ကြောင့် သူ့ကို မြင်နိုင်ခြင်းဖြစ်၏။ အစေအအခံ
မိန်းမသည် ပေတရု၏အနီးသို့ ကပ်လာပြီးလျှင်၊
သူ၏မျက်နှာကိုသေချာစွာကြည့်၏။ ထို့နောက်
သူမက၊ "ဤလူသည်လည်း ယေရှုနှင့်အတူ နေ
သောသူဖြစ်၏" ဟုဆို၏။
57 သို့သော်လည်း ပေတရုသည် "ထိုအရာ
မမှန်ကန်ကြောင်းပြော၏။ ပေတရုက၊ 'အမျိုး
သမီး၊ ငါသည် သူ့ကို မသိပါ' ဟုဆိုလေ၏။
58 ထို့နောက်များမကြာမီအခြားလူတစ်ယောက်
သည် ပေတရုကို မြင်၏။ ထိုသူက၊" သင်သည်
လည်း သူတို့ထဲက တစ်ယောက်ဖြစ်၏" ဟုဆို
၏။ သို့သော်လည်း ပေတရုက၊" အချင်းလူ၊ ငါ
သည် သူတို့ထဲက တစ်ယောက်မဟုတ်ပါ" ဟု
ဆိုလေ၏။
59 တစ်ဖန်တစ်နာရီလောက်ကြာပြီးမှအခြား
လူတစ်ယောက်က၊" ဤအရာသည် မှန်၏၊ဤ
လူသည်လည်း သူနှင့်အတူ နေသောသူဖြစ်၏။
သူသည် ဂါလိလဲပြည်မှဖြစ်၏" ဟုဆို၏။ ထိုလူ
သည် သူသေချာသိကြောင်းဆို၏။
60 သို့သော်လည်း ပေတရုက၊" အချင်းလူ၊
သင်ပြောသောအရာကို ငါမသိ" ဟုပြော၏။
ပေတရုသည် ထိုစကားကို ပြောနေစဉ်၌ပင်
ကြက်တွန်လေ၏။ 61 ထို့နောက် သခင်ဘုရား
သည် နောက်ကိုလှည့်၍ ပေတရုကို ကြည့်
တော်မူ၏။ ထိုအခါ ပေတရုသည် သူ့အား
သခင်ဘုရားပြောခဲ့သော 'ကြက်မတွန်မီ သင်
သည် ငါ့ကို မသိဟု သုံးကြိမ်တိုင်အောင် ပြော
လိမ့်မည်။ ဤကဲ့သို့ သင်ပြောလိမ့်မည်" ဟူ
သောစကားကိုသတိရ၏။ 62 ထို့နောက် ပေတရု
သည် အပြင်သို့ ထွက်၍ ပြင်းစွာငိုကြွေးလေ၏။

## လူတို့က ယေရှုအား လှောင်ပြောင်ရယ်မောကြခြင်း

*(မ၊ 26:67-68; မာ၊ 14:65)*

63-64 ယေရှုကို စောင့်သောသူတို့သည်ကိုယ်
တော်ကို လှောင်ပြောင်ကဲ့ရဲ့ကြ၏။ သူတို့သည်
ယေရှု၏မျက်လုံးကိုဖုံး၍ ကိုယ်တော်ကို ပုတ်ကြ
ပြီးနောက်၊ သူတို့က၊ "ကိုယ်တော်ကို အဘယ်
သူပုတ်သည်ကို ပရောဖက်ပြု၍ ဟောတော်မူ
ပါ"ဟုမေးကြ၏။ 65 သူတို့သည် ယေရှုအား စော်
ကားခြင်းစကားများဖြင့် ပြောကြ၏။

## ယုဒခေါင်းဆောင်တို့၏ ရှေ့မှယေရှု

*(မ၊ 26:59-66; မာ၊ 14:55-64; ယော၊ 18:19-24)*

66 နောက်တစ်နေ့ နံနက်တွင် အသက်ကြီး
သောယုဒလူမျိုးခေါင်းဆောင်၊ ယဇ်ပုရော
ဟိတ်အကြီးတို့နှင့် ကျမ်းပြုဆရာတို့သည် အတူ
စုဝေးလာကြ၏။ သူတို့သည် ယေရှုကို သူတို့၏
အမြင့်ဆုံးလွှတ်တော်သို့ ခေါ်ဆောင်သွားကြ
၏။ 67 သူတို့က၊ ကိုယ်တော်အား "သင်သည်
ခရစ်တော်ဖြစ်လျှင် ငါတို့ကို ပြောပြလော့"
ဟုမေးကြ၏။ ယေရှုက သူတို့အား "ငါသည်
ခရစ်တော်ဖြစ်သည်"ဟုပြောလျှင်သင်တို့သည်
ငါ့ကို ယုံကြည်မည်မဟုတ်။ 68 ထို့ပြင် ငါသည်
သင်တို့ကို မေးလျှင်လည်း သင်တို့သည် ဖြေကြ
မည်မဟုတ်။ 69 သို့သော်လည်း ငါဆိုသည်ကား၊
ယခုအချိန်မှစ၍ လူသားသည် ဘုရားသခင်၏
ပလ္လင်လက်ျာဘက်၌ ထိုင်တော်မူလိမ့်မည်" ဟု
မိန့်တော်မူ၏။
70 သူတို့အားလုံးက၊ "သို့ဖြစ်လျှင် သင်သည်
ဘုရားသခင်၏သားတော် မှန်သလော" ဟုမေး
ကြရာ ယေရှုက၊" မှန်သည်၊ သင်တို့ပြောသည့်
အတိုင်းငါသည် ဘုရားသခင်၏သားတော်မှန်
သည်" ဟုမိန့်တော်မူ၏။
71 သူတို့က "ငါတို့သည် အဘယ်သက်သေ
လိုသေးသနည်း။ သူ၏စကားကို ငါတို့ကိုယ်တိုင်
ကြားရပြီ" ဟုပြောကြ၏။

## ယေရှုအား မြို့တော်ဝန်ပိလတ်မင်းက မေးခွန်းများမေးခြင်း

*(မ၊ 27:1-2, 11-14; မာ၊ 15:1-5; ယော၊ 18:28-38)*

23 ထို့နောက် အုပ်စုတစ်စုလုံးသည် ထိုင်
ရာမှ ထကြပြီးနောက်၊ ယေရှုအား
ပိလတ်မင်းထံသို့ခေါ်ဆောင်သွားကြ၏။ 2 သူတို့

သည် စတင်၍ယေရှုကို စွဲချက်တင်ကြ၏။ သူ
တို့က ပိလတ်မင်းအား၊ “ဤလူသည် အကျွန်ုပ်
တို့၏လူမျိုးများကို လှည့်ဖြားရန် ကြိုးစားစဉ်
တွင် အကျွန်ုပ်တို့သည် သူ့ကိုဖမ်းဆီးပါ၏။ သူ
သည် ကဲသာကို အခွန်မဆောင်သင့် ဟုပြော
ပါ၏။ သူကမိမိသည် ခရစ်တော်တည်းဟူသော
ငါတို့၏ဘုရင်ဟုလည်းပြောပါ၏”ဟုပြောကြ၏။
[3]ထို့ကြောင့် ပိလတ်က ယေရှုအား၊ “သင်
သည် ယုဒတို့၏ဘုရင်မှန်သလော” ဟုမေး၏။
ယေရှုက “မှန်ပါသည်၊ ထိုအရာသည် အမှန်ဖြစ်
သည်” ဟုပြန်ဖြေတော်မူ၏။
[4]ပိလတ်မင်းက ယဇ်ပုရောဟိတ်အကြီးတို့
နှင့်လူတို့အား “ဤသူ၌အဘယ်အမှားကိုမျှ ငါ
မတွေ့” ဟုပြော၏။
[5]သူတို့က အကြိမ်ကြိမ်ပြောကြသည်မှာ “သို့
သော်လည်း သူသည် ယုဒပြည်တစ်ပြည်လုံး၌ရှိ
သောလူတို့အပေါ်သို့ မိမိသြဝါဒပေးခြင်းအား
ဖြင့် ဒုက္ခဖြစ်စေ၏။ သူသည် ဂါလိလဲ၌အစပြု၍
ယခုဤ နေရာရောက်လာပြီ” ဟုပြောကြ၏။

## ပိလတ်မင်းက ယေရှုအား ဟေရုဒ် ထံသို့စေလွှတ်ခြင်း

[6]ထိုအကြောင်းကို ကြားသောအခါ ပိလတ်
မင်းသည် ယေရှုအား ဂါလိလဲပြည်မှဟုတ်၊ မ
ဟုတ် မေးမြန်း၏။ ယေရှုသည် ဟေရုဒ်၏လက်
အောက်ခံနယ်မြေမှ ဖြစ်ကြောင်း၊ [7]ပိလတ်မင်း
သိလိုက်ရ၏။ ထိုအချိန်တွင် ဟေရုဒ်သည်
ယေရုရှလင်မြို့၌ရှိနေ၏။ ထို့ကြောင့် ပိလတ်
မင်းသည် ယေရှုအား ဟေရုဒ်ထံသို့ ပို့လိုက်
လေ၏။ [8]ဟေရုဒ်သည် ယေရှုကို တွေ့သောအ
ခါ အလွန်ပျော်ရွှင်သွား၏။ ဟေရုဒ်သည် ယေရှု
နှင့်ပတ်သက်သောအကြောင်းအရာအားလုံးကို
ကြားသိထားပြီးဖြစ်၏။ ထို့ကြောင့် သူသည်
ယေရှုအား တွေ့လိုသည်မှာ ကြာလေပြီ။
ဟေရုဒ်သည် နိမိတ်လက္ခဏာတစ်ခုကို မြင်ရန်
အလိုရှိ၏။ ထို့ကြောင့် ယေရှုသည် သူ့ကို
နိမိတ်လက္ခဏာတစ်ခုပြလိမ့်မည် ဟုမျှော်လင့်
၏။ [9]ဟေရုဒ်သည် ယေရှုကိုမေးခွန်းမြောက်
များစွာ မေးလေ၏။ သို့သော်လည်း ယေရှု
သည် တစ်ခွန်းမျှ ပြန်ပြောတော်မမူ။ [10]ယဇ်ပု
ရောဟိတ်အကြီးတို့နှင့် ကျမ်းပြုဆရာတို့သည်
ထိုနေရာတွင် ရပ်နေကြ၍ ယေရှုအား စွပ်စွဲ
ခြင်းများစွာကို အော်ဟစ်ပြောဆိုနေကြ၏။
[11]ထို့နောက်ဟေရုဒ်နှင့် မိမိ၏စစ်သားတို့
သည် ယေရှုကို လှောင်ပြောင်ကျီစယ်ကြ၏။
သူတို့သည် ယေရှုကို ရယ်စရာပြုလုပ်ရန်
ဘုရင်ဝတ်သောအဝတ်အစားမျိုးကို ဝတ်ဆင်
ပေးကြ၏။ ထို့နောက် ဟေရုဒ်သည် ယေရှုကို
ပိလတ်ထံသို့ ပြန်ပို့လိုက်၏။ [12]လွန်ခဲ့သော
အချိန်ကာလ၌ ပိလတ်မင်းနှင့် ဟေရုဒ်သည်
အစဉ်သဖြင့် ရန်သူများဖြစ်ခဲ့ကြ၏။ သို့သော်
လည်း ထိုနေ့၌ ဟေရုဒ်နှင့် ပိလတ်တို့သည်
မိတ်ဆွေများ ဖြစ်လာကြ၏။

## ယေရှုသေရမည်

*(မ၊ 27:15-26; မာ၊ 15:6-15; ယော၊ 18:39-19:16)*

[13]ပိလတ်မင်းသည် လူများအားလုံးတို့ကို
ယဇ်ပရောဟိတ်အကြီး၊ ယုဒခေါင်းဆောင်တို့
နှင့်အတူ ခေါ်လိုက်၏။ [14]ပိလတ်မင်းက သူတို့
အား “သင်တို့သည် ဤသူကို ငါ့ထံသို့ ပို့ဆောင်
ကြ၏။ သူသည် လူတို့ကို စိတ်ပြောင်းအောင်
ကြိုးစားနေသည်ဟုသင်တို့ပြောကြ၏။သို့သော်
လည်း သင်တို့အားလုံးရှေ့မှာသူ့ကို ငါစစ်ဆေး
ခဲ့၏။ သူ၌ အမှားတစုံတခုမျှငါမတွေ့။ ယေရှု
သည် သင်တို့ပြောသောအပြစ် တစုံတခုမျှမရှိ။
[15]ဟေရုဒ်မင်းသည်လည်း သူ့၌ အပြစ်တစုံတခု
မျှမတွေ့။ ဟေရုဒ်သည် ယေရှုကို ငါတို့ထံသို့
ပြန်ပို့လိုက်ပြီ။ ကြည့်ကြလော့။ ယေရှုသည်
အသေသတ်ခြင်းကို ခံထိုက်သောအမှားတစ်
စုံတစ်ခုမျှမပြု။ [16]ထို့ကြောင့် သူ့ကိုငါ အနည်း
မျှသာ အပြစ်ပေး၍ သူ့ကိုလွှတ်ပေးမည်” ဟု
ပြော၏။ [17]*

---

**အခန်း 17** အချို့သောဂရိစာရေးကူးခြင်းက အခန်းငယ် 17 ကို ပေါင်းထည့်ထားသည်မှာ၊ နှစ်တိုင်းပသခါပွဲ၌ ပိလတ်သည် အကျဉ်းသားတစ်ယောက်ကို လူတို့ထံသို့ လွှတ်ပေးရ၏။)

[18]သို့သော်လည်း လူအားလုံးသည် တညီ
တညွတ်တည်း အော်ဟစ်ကြ၍“ သူ့ကို လက်ဝါး
ကပ်တိုင်၌သတ်ပါ။ ဗာရဗ္ဗကို လွှတ်ပါ” ဟုဆို
ကြ၏။ [19](ဗာရဗ္ဗ ဆိုသူသည် မြို့ထဲတွင် ဆူပူ
သောင်းကျန်းမှုနှင့်လူသတ်မှုဖြင့် ထောင်ကျနေ
သူဖြစ်၏။)
[20]ပိလတ်သည် ယေရှုအား လွှတ်ပေးလို၏။
ထို့ကြောင့် ပိလတ်က သူတို့အားယေရှုကို လွှတ်
ပေးမည့်အကြောင်း ထပ်ပြော၏။ [21]သို့သော်
လည်း သူတို့က ထပ်မံ၍ “သူ့ကိုလက်ဝါးကပ်
တိုင်မှာ ရိုက်ထားပါ၊ သူ့ကို လက်ဝါးကပ်တိုင်
မှာ ရိုက်ထားပါ” ဟုအော်ဟစ်ကြပြန်၏။
[22]ပိလတ်သည်လူတို့အား၊ ‘အဘယ်ကြောင့်
နည်း။ သူသည် အဘယ်အမှားကို လုပ်သနည်း။
သူ၌ အပြစ်မရှိပါ။ သူ့ကို သတ်လောက်သော
အကြောင်းပြချက်မရှိပါ။ ထို့ကြောင့် ငါသည်
သူ့ကိုအပြစ်ဒဏ်ပေး၍ ပြန်လွှတ်လိုက်မည်’ ဟု
ပြော၏။
[23]သို့သော်လည်း လူတို့သည် အဆက်
မပြတ် အော်ဟစ်နေကြ၏။ သူတို့သည် ယေရှု
အား လက်ဝါးကပ်တိုင်ပေါ်တွင် တင်၍သတ်ရန်
တောင်းဆိုကြ၏။ သူတို့၏အော်ဟစ်သံများ
သည် ပို၍ကျယ်လောင်လာ၏။ [24]ပိလတ်သည်
နောက်ဆုံးတွင် လူတို့ဖြစ်စေလိုသည့်အတိုင်း
ဆုံးဖြတ်လေ၏။ [25]လူတို့သည် ဗာရဗ္ဗကို လွှတ်
ပေးစေလိုကြ၏။ ဗာရဗ္ဗသည် ဆူပူသောင်း
ကျန်းမှုကိုဖြစ်စေ၍ လူသတ်မှုကို ကျူးလွန်
သောသူဖြစ်၏။ ပိလတ်သည် လူအများတို့၏
ဆန္ဒအတိုင်း ဗာရဗ္ဗကိုလွှတ်ပေး၍ ယေရှုအား
လက်ဝါးကပ်တိုင်၌ရိုက်သတ်ရန် သူတို့လက်သို့
အပ်နှံ၏။

## ယေရှုကို လက်ဝါးကပ်တိုင်ပေါ်တွင် သတ်ခြင်း

*(မ၊ 27:32-44; မာ၊ 15:21-32; ယော၊ 19:17-27)*

[26]စစ်သားတို့သည် ယေရှုအား လက်ဝါး
ကာတိုင်၌ ရိုက်သတ်ရန် ခေါ်ဆောင်သွားကြ
၏။ ထိုအချိန်၌ လူတစ်ယောက်သည် ယာခင်း
ထဲမှ ပြန်လာ၍ မြို့တွင်းသို့ ဝင်နေ၏။ သူ၏နာ
မည်သည်ရှိမုန်ဖြစ်၏။ ရှိမုန်သည် မြို့ကုရေနေ
မြို့မှ ဖြစ်၏။ စစ်သားတို့သည် သူ့ကို အတင်း
အကျပ်ဖြင့် ယေရှု၏လက်ဝါးကပ်တိုင်ကို သယ်
ဆောင်စေကြပြီး၊ ယေရှုနောက်မှ လိုက်စေ
ကြ၏။
[27]ယေရှုနောက်တော်မှ အလွန်များစွာ
သောလူများတို့သည် လိုက်လာကြ၏။ အချို့အ
မျိုးသမီးတို့သည် ယေရှုအတွက် ငိုကြွေးမြည်
တမ်းလျက် လိုက်ပါလာကြ၏။ [28]ယေရှုသည်
ထိုအမျိုးသမီးတို့ကို လှည့်ကြည့်၍ “ယေရုရှလင်
မြို့မှ အမျိုးသမီးတို့၊ ငါ့အတွက်ကြောင့် မငို
ကြွေးကြနှင့်။ သင်တို့နှင့် သင်တို့သားသမီးများ
အတွက်သာ ငိုကြွေးကြလော့။
[29]လူတို့က ‘မြုံသောအမျိုးသမီးတို့သည် မင်္ဂ
လာရှိ၏။ ကလေးမရှိဘူးသော အမျိုးသမီးနှင့်
ပြုစုစောင့်ရှောက်ရန် ကလေးမရှိဘူးသော အ
မျိုးသမီးတို့သည် မင်္ဂလာရှိ၏’ ဟုပြောသောအ
ချိန်သည် မကြာခင်ရောက်လာလိမ့်မည်။ [30]ထို့
နောက် လူတို့က တောင်များအား၊ ‘ငါတို့အ
ပေါ်သို့ ပြိုကျကြပါ’ ဟုပြောလိမ့်မည်။ သူတို့က
တောင်ကုန်းများအား ‘ငါတို့ကို ဖုံးလွှမ်းလိုက်
ပါ’ ဟုပြောကြလိမ့်မည်။ [31]လူတို့သည် ယခု
ကောင်းသောအချိန်၌ ဤသို့ ပြုကြလျှင် ဆိုး
သောအချိန်၌ အဘယ်သို့ ပြုလိမ့်မည်နည်း”
ဟုမိန့်တော်မူ၏။
[32]စစ်သားတို့သည် ယေရှုနှင့်အတူ သတ်ရ
မည့်လူဆိုးနှစ်ယောက်တို့ကိုလည်း ခေါ်ဆောင်
လာကြ၏။ [33]ယေရှုနှင့် လူဆိုးနှစ်ယောက်တို့ကို
“ဦးခေါင်းခွံ” ဟုခေါ်ဝေါ်သောနေရာတစ်နေရာ
သို့ ခေါ်ဆောင်ကြ၏။ ထိုနေရာ၌ စစ်သားတို့
သည် ယေရှုကို လက်ဝါးကပ်တိုင်မှာ ရိုက်ထား
ကြ၏။ ထို့နောက် လူဆိုးနှစ်ယောက်ကိုလည်း
လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ စစ်သား
တို့သည် ယေရှု၏လက်ျာတော်ဘက်၌ လူဆိုး
တစ်ယောက်၊ လက်ဝဲတော်ဘက်၌ လူဆိုးတစ်
ယောက်ထားကြ၏။

34ယေရှုက၊ 'အဘ၊ အကျွန်ုပ်ကို သတ်နေ
သောသူတို့ကိုခွင့်လွှတ်တော်မူပါ။ သူတို့သည် မိ
မိပြုသောအမှုကို မသိကြ'ဟုမြွက်ဆိုတော်မူ၏။
စစ်သားတို့သည် ယေရှု၏အဝတ်တော်
များကို ခွဲဝေရန် စာရေးတံချကြ၏။ 35ထိုနေ
ရာတစ်ဝိုက်တွင် ယေရှုအား စောင့်ကြည့်နေ
သူတို့လည်း ရှိနေကြ၏။ ယုဒခေါင်းဆောင်တို့
သည် ယေရှုကို ပြက်ရယ်ပြု၍ "သူသည် ခရစ်
တော်တည်းဟူသော ဘုရားသခင်ရွေးချယ်
တော်မူသောသူမှန်လျှင် သူတစ်ပါးကို ကယ်
တင်သကဲ့သို့ ကိုယ့်ကိုကိုယ် ကယ်တင်ပါလေ
စေ" ဟုပြောကြ၏။ 36စစ်သားတို့ကလည်း
ယေရှုကို လှောင်ပြောင်ကြ၏။ သူတို့သည်
ယေရှုထံတော်သို့သွား၍ ချဉ်သောစပျစ်ရည်
အနည်းငယ်ကို ပေးကြ၏။ 37စစ်သားတို့က၊'
သင်သည် ယုဒတို့၏ဘုရင်မှန်လျှင် ကိုယ်ကို
ကယ်တင်လော့' ဟုပြောကြ၏။ 38ယေရှု၏
လက်ဝါးကပ်တိုင်ထိပ်တွင် ဤစာလုံးများကို
ရေးထားလေ၏။ 'ဤသူသည် ယုဒများဘုရင်
ဖြစ်သည်'ဟုရေးထား၏။ 39လူဆိုးတစ်ယောက်
သည် ယေရှုကို ဆိုးဝါးစွာ အော်ဟစ်ပြီး၊ 'သင်
သည် ခရစ်တော်မဟုတ်လော။ သို့ဖြစ်လျှင်၊
ကိုယ်ကိုရင်း၊ ငါတို့ကိုရင်း၊ ကယ်တင်လော့'
ဟုပြောဆို၏။ 40သို့သော်လည်း အခြားလူဆိုး
တစ်ယောက်သည် သူ့ကို ဆုံးမလိုက်၏။ သူက
"သင်သည် ဘုရားသခင်ကို ကြောက်သင့်၏။
ငါတို့အားလုံး မကြာခင်သေလိမ့်မည်။
41သင်နှင့်ငါသည် အပြစ်ရှိသူတို့ ဖြစ်၏။
ငါတို့နှစ်ယောက်လုံးသည် မှားယွင်းသောအမှု
များကို လွန်ကျူးသောကြောင့် သေထိုက်၏။
သို့သော်လည်း ဤသူသည် အဘယ်အမှားတ
စုံတခုမျှမပြု" ဟုပြော၏။ 42ထိုသူက ယေရှု
အား "ယေရှု၊ ကိုယ်တော်သည် ဘုရင်အဖြစ်
အုပ်စိုးသောအချိန်၌ အကျွန်ုပ်ကို အောက်မေ့
တော်မူပါ" ဟုလျှောက်၏။ 43ယေရှုက ထိုသူ
အား "ငါအမှန်ဆိုသည်ကား၊ ယနေ့တွင်သင်
သည် ငါနှင့် အတူပရဒိသုဘုံ၌ရှိလိမ့်မည်" ဟု
မိန့်တော်မူ၏။

## ယေရှုသေဆုံးတော်မူခြင်း

*(မ၊ 27:45-56; မာ၊ 15:33-41; ယော၊ 19:28-30)*

44ထိုအချိန်သည် နေမွန်းတည့် ချိန်လောက်
ဖြစ်၏။ သို့သော်လည်း မွန်းလွဲသုံးချက်တီးအ
ချိန်တိုင်အောင်နယ်မြေဒေသတစ်ခုလုံး၌မှောင်
မိုက်အတိ ဖြစ်လေ၏။ 45နေကို လုံးဝမတွေ့ရ။
ဗိမာန်တော်အတွင်းရှိကုလားကာ ကြီးသည်
စုတ်ပြဲ၍၊ နှစ်ပိုင်းဖြစ်သွား၏။ 46ယေရှုသည်
အော်ဟစ်၍၊ "အဘ၊ အကျွန်ုပ်၏အသက်
ဝိညာဉ် ကိုကိုယ်တော်၏လက်၌ အကျွန်ုပ်အပ်
ပါ၏" ဟုမိန့်တော်မူပြီးနောက် ကိုယ်တော်သည်
အ သက်ချုပ်တော်မူ၏။
47ထိုနေရာတွင် ရှိနေသောစစ်ဗိုလ်သည်
မည်သို့ဖြစ်သည်ကို မြင်လျှင် သူသည် ဘုရား
သခင်ကို ချီးမွမ်း၍၊" အမှန်စင်စစ် ဤသူသည်
အပြစ်မရှိသောသူမှန်ပေ၏" ဟုပြောလေ၏။
48လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းကိုကြည့်
မြင်ရန်မြို့ထဲမှ လူအများတို့လာကြ၏။ ဖြစ်ပျက်
သမျှအားလုံးကို တွေ့သောအခါ၊ သူတို့သည်
အလွန်ဝမ်းနည်း ကြေကွဲစွာဖြင့် ပြန်သွားကြ၏။
49ထိုလူတို့တွင် ယေရှု၏ရင်းနှီးသောမိတ်ဆွေ
တို့ပါကြ၏။ ယေရှုကို ဂါလိလဲပြည်မှ လိုက်ပါ
လာခဲ့ကြသောအမျိုးသမီးအချို့လည်း ရှိနေကြ
၏။ သူတို့အားလုံးသည် အဝေးကကြည့်ရှု၍ ရပ်
နေကြ၏။

## အရိမသဲမြို့မှယောသပ်

*(မ၊ 27:57-61; မာ၊ 15:42-47; ယော၊ 19:38-42)*

50-51ထိုနေရာတွင် ရှိနေသောလူတစ်
ယောက်သည် အရိမသဲအမည်ရှိ ယုဒမြို့တစ်မြို့
မှဖြစ်၏။ သူ၏နာမည်သည် ယောသပ်ဖြစ်၏။
သူသည် လူကောင်းဖြစ်၍ဘာသာရေးကို ကိုင်း
ရှိုင်းသူလည်းဖြစ်၏။ သူသည် ဘုရားသခင်၏
နိုင်ငံတော် ဖြစ်တည်မှုကို စောင့်နေသူဖြစ်၏။
ယောသပ်သည် ယုဒကောင်စီမှ အဖွဲ့ဝင်တစ်ဦး
ဖြစ်၏။သို့သော်လည်းအခြားယုဒခေါင်းဆောင်
တို့သည် ယေရှုအား သတ်ရန် ဆုံးဖြတ်ခဲ့ခြင်းကို

သူသည် သဘောမတူပါ။ 52ယောသပ်သည်
ပိလတ်မင်းထံသို့ သွား၍၊ ယေရှု၏အလောင်း
တော်ကိုတောင်းခံ၏။ပိလတ်သည်၊ ယောသပ်
ကို ယူခွင့်ပြုလေ၏။ 53ထိုအခါ ယောသပ်သည်
ယေရှု၏အလောင်းတော်ကို လက်ဝါးကပ်တိုင်
မှ ဖြုတ်ချပြီးနောက်၊ တစ်ကိုယ်လုံးကို အဝတ်
ဖြင့် ပတ်လေ၏။ထို့နောက် ယေရှု၏အလောင်း
တော်ကို သင်္ချိုင်းဂူအတွင်းသို့ ထည့်သွင်း၏။
ထိုသင်္ချိုင်းသည် ကျောက်သားနံရံကို ထွင်း
ထားခြင်းဖြစ်ပြီး၊ ဘယ်သောအချိန်၌မျှ အသုံးမ
ပြုခဲ့ဖူးပါ။ 54ထိုနေ့သည် အဘိတ်နေ့ဖြစ်၏။ နေ
ဝင်ပြီးလျှင် ဥပုသ်နေ့ အစပျိုးရန် နီးလာ၏။
55ဂါလိလဲပြည်မှစ၍၊ ယေရှုနောက်တော်သို့
လိုက်လာသောအမျိုးသမီးတို့သည် ယောသပ်
နောက်သို့ လိုက်ကြ၏။ ထိုအမျိုး သမီးတို့သည်
သင်္ချိုင်းဂူကို၎င်း၊ ယေရှု၏အလောင်းတော်ကို
၎င်း အဘယ်သို့ထည့်သွင်းသည်ကို မြင်ကြ၏။
56ထို့နောက် အမျိုးသမီးတို့သည် ယေရှု၏အ
လောင်းတော်ပေါ်တွင် ဆွတ်ဖြန်းရန်အတွက်
အမွှေးအကြိုင်အချို့ပြုလုပ်ပြင်ဆင်ရန် ပြန်သွား
ကြလေ၏။ သူတို့သည် မောရှေ၏ပညတ်တရား
အရ ဥပုသ်နေ့တွင် အနားယူကြ၏။ လူအားလုံး
အတွက်ထိုသို့ပြုလုပ်ရန်ပညတ်ထားခြင်းဖြစ်၏။

## ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းသတင်းများ

*(မ၊ 28:1-10; မာ၊ 16:1-8; ယော၊ 20:1-10)*

24 ခုနှစ်ရက်၏ ပထမနေ့ရက်နံနက်စော
စောအချိန်တွင် အမျိုးသမီးတို့သည်
ယေရှု၏ရုပ်အလောင်းတော်ထားရှိရာ သင်္ချိုင်း
ဂူသို့လာကြ၏။ သူတို့ပြုလုပ်ပြင်ဆင်ထားသော
အမွှေးနံ့သာများကိုလည်း ယူဆောင်လာကြ
၏။ 2သင်္ချိုင်းဂူကို ပိတ်ရန် လေးလံသော
ကျောက်တုံးကြီးတစ်တုံးကို တံခါးပေါက်အတွင်း
၌ ထားရှိ၏။ သို့သော်လည်း အမျိုးသမီးတို့
သည် ထိုကျောက်သည် လိမ့်လုန်လျက်ရှိသည်
ကိုတွေ့ကြ၏။ 3သူတို့သည်အတွင်းသို့ ဝင်သော
အခါ သခင်ယေရှု၏အလောင်းတော်ကို မတွေ့
ကြ။ 4အမျိုးသမီးတို့သည် ထိုအကြောင်းကိုနား
မလည်နိုင်ကြချေ။ သူတို့သည် ထိုအကြောင်း
ကို အံ့ဩလျက် နေကြစဉ်၊ လူနှစ်ယောက်
သည် သူတို့အနားသို့ ရပ်နေကြ၏။ သူတို့၏အ
ဝတ်များသည် လျှပ်စစ်ကဲ့သို့တောက်ပလျက်
နေ၏။ 5အမျိုးသမီးတို့သည် ကြောက်ရွံ့ခြင်းဖြင့်
တုန်လှုပ်လျက် ခေါင်းငုံ့ကြ၏။ လူနှစ်ယောက်
က အမျိုးသမီးတို့အား 'သင်တို့သည် အဘယ်
ကြောင့် အသက်ရှင်နေသူတစ်ယောက်ကို ဤ
နေရာ၌ လာရှာနေကြသနည်း။ ဤနေရာသည်
လူသေတို့အတွက် နေရာတစ်ခုဖြစ်၏။ 6ယေရှု
သည် ဤနေရာ၌ရှိတော်မမူ၊ သူသည်သေခြင်း
မှ ရှင်ပြန်ထမြောက်တော်မူပြီ။ ဂါလိလဲပြည်၌
ရှိတော်မူစဉ် သူမိန့်တော်မူသော စကားတော်
ကို သင်တို့မှတ်မိကြသလော။ 7ယေရှုက၊ 'လူ
သားသည် ဆိုးဝါးသောလူတို့၏လက်ထဲသို့ အပ်
နှံခြင်း၊ လက်ဝါးကပ်တိုင်ပေါ်မှာ အသေသတ်
ခြင်းကိုခံရမည်။ သုံးရက်မြောက်နေ့၌ သေခြင်း
မှ ပြန်လည်ထမြောက်မည်' ဟုယေရှုက မိန့်
တော်မူခဲ့၏' ဟုပြောကြ၏။ 8ထိုအခါ အမျိုးသ
မီးတို့သည် ယေရှုမိန့်တော်မူခဲ့သောစကား
တော်ကို သတိရကြ၏။

9အမျိုးသမီးတို့သည် သင်္ချိုင်းဂူမှထွက်လာ
ကြပြီးနောက်၊ ယေရှု၏တမန်တော် တစ်ဆယ့်
တစ်ပါးနှင့်အခြားနောက်လိုက်တို့ရှိရာသို့ သွား
ကြ၏။ အမျိုးသမီးတို့သည် သူတို့ကို သင်္ချိုင်း
တွင် ဖြစ်ပျက်ခဲ့သမျှအားလုံး ပြောပြကြ၏။
10ထိုအမျိုးသမီးတို့မှာမာရိမာဂဒလ၊ယောဟန္န၊
ယာကုပ်၏အမိဖြစ်သောမာရိနှင့် အခြားသော
တချို့အမျိုးသမီးတို့ ဖြစ်ကြ၏။ ထိုအမျိုးသမီး
တို့သည် တမန်တော်တစ်ဆယ်နှစ်ပါးတို့ကို ဖြစ်
ရပ်အလုံးစုံ ပြောပြကြ၏။ 11သို့သော်လည်း
တမန်တော်တို့သည် အမျိုးသမီးတို့ကို မယုံ
ကြည်ကြပါ။ အကြောင်းမူကား၊ သူတို့၏စကား
သည် သူတို့အတွက် အဓိပ္ပါယ်မရှိသောစကား
သံကဲ့သို့ဖြစ်၏။ 12သို့သော်လည်း ပေတရု
သည် ထ၍ထိုဖြစ်ရပ်မှန်လျှင် ကြည့်ရန် သင်္ချိုင်း
သို့ အပြေးအလွှားသွားကြည့်၏။ သူသည်အထဲ

သို့ ငုံ့ကြည့်သောအခါ ယေရှု၏အလောင်း
တော်ကို လွှမ်းခြုံရစ်ပတ်ခဲ့ သောအဝတ်ကိုသာ
တွေ့၏။ ထိုနေရာ၌ အဝတ်သာရှိရစ်နေ၏။
ယေရှုထွက်သွားတော်မူပြီ။ ပေတရုအဘယ်သို့
ဖြစ်ပျက်သည်ကို အံ့ဩလျက်တစ်ယောက်
တည်း ထွက်သွားလေ၏။

## ဧမောက်သို့ သွားရာလမ်းပေါ်မှာ

*(မာ၊ 16:12-13)*

13ထိုနေ့မှာပင် ယေရှု၏တပည့်တော်နှစ်ပါး
သည် ဧမောက်အမည်ရှိ ရွာတစ်ရွာသို့ သွား
နေကြ၏။ ထိုရွာသည် ယေရုရှလင်မြို့နှင့် ခုနစ်
မိုင်ခန့်ကွာဝေး၏။ 14သူတို့နှစ်ယောက်သည်
ခရီးသွားနေစဉ် ဖြစ်ပျက်ခဲ့သောအကြောင်းအ
ရာအားလုံးကို ပြောဆိုဆွေးနွေးနေကြ၏။ 15ထို
သို့ ပြောဆိုဆွေးနွေးသွားနေကြစဉ် ယေရှုသည်
ချဉ်းကပ်လာ၍ သူတို့နှင့်အတူ ကြွတော်မူ၏။
16သို့သော်လည်း သူတို့အား ယေရှုကို မှတ်မိ
ရန် ခွင့်မပြုချေ။ 17ယေရှုက သူတို့အား "သင်
တို့နှစ်ယောက်လမ်းလျှောက်လျက် ဆွေးနွေး
နေသောစကားသည် အဘယ်သို့သောစကား
နည်း" ဟုမေးတော်မူ၏။ သူတို့နှစ်ယောက်သည်
ထိုနေရာသို့ ခဏရပ်တန့်သွားကြ၏။ သူတို့
မျက်နှာကို ကြည့်ရသည်မှာ အလွန်ဝမ်းနည်း
ကြေကွဲနေပုံရ၏။ 18သူတို့နှစ်ယောက်အနက်
တစ်ယောက်၏အမည်မှာ ကလောပဖြစ်၏။
ကလောပက "မကြာမီတွင် ယေရုရှလင်မြို့၌
ဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့ကို မသိ
သောသူသည် ယေရုရှလင်မြို့၌ သင်တစ်
ယောက်သာ ဖြစ်ရမည်" ဟုပြန်ပြော၏။
19ယေရှုက သူတို့အား" သင်တို့သည် အ
ဘယ်အကြောင်းအရာကို ပြောနေကြသနည်း၊"
ဟုမေးတော်မူ၏။ ထိုအခါက လောပက၊
"ဤအရာသည် နာဇရက်မြို့သား ယေရှု၏အ
ကြောင်းဖြစ်၏။ ဘုရားသခင်ရှေ့၊လူအားလုံး
တို့၏ရှေ့မှာ ကြီးမားသောပရောဖက်တစ်ပါး
ဖြစ်၏။ သူသည် တန်ခိုးရှိအရာများစွာတို့ကို
သွန်သင်၍ ပြုလုပ်တော်မူ၏။ 20သို့သော်လည်း
ငါတို့ခေါင်းဆောင်တို့နှင့်ယဇ်ပုရောဟိတ်အကြီး
တို့သည် သူ့ကို စီရင်၍ အသတ်ခံရန် တပါး
အမျိုးသားတို့ လက်ထဲသို့ အပ်နှံခဲ့ကြ၏။ သူတို့
သည် သူ့ကို လက်ဝါးကပ်တိုင်မှာ သတ်ကြ၏။
21ယေရှုသည် ဣသရေလလူမျိုးတို့ကို လွှတ်
မြောက်အောင် လုပ်မည့်သူဟု ငါတို့မျှော်မှန်းခဲ့
ကြ၏။ သို့သော်လည်း နောက်ပိုင်းတွင် ဤ
အရာများ ဖြစ်ပျက်လေ၏။ ထို့ပြင် ယခုတစ်စုံ
တစ်ခုဖြစ်ပျက်၏။ ယေရှုအသတ်ခံခြင်းသည်
သုံးရက်ရှိသွားပြီ။ 22သို့သော်လည်း အကျွန်ုပ်
တို့အဖွဲ့ထဲမှ အမျိုးသမီးတချို့သည် အံ့အားသင့်
စရာသတင်းအချို့တို့ကို အကျွန်ုပ်တို့ထံသို့ ယူ
ဆောင်လာကြ၏။ ယနေ့မနက်အစောကြီးတွင်
ယေရှု၏အလောင်းတော်ချသည့် နေရာဖြစ်
သောသင်္ချိုင်းသို့ သွားကြ၏။ 23သို့သော်လည်း
သူတို့သည် ထိုနေရာ၌ ယေရှု၏အလောင်း
တော်ကို မတွေ့ကြပါ။ သူတို့သည် ငါသို့ထံသို့
ရောက်လာ၍ ကောင်းကင်တမန်တစ်ချို့ကို
တွေ့ရသောအကြောင်းနှင့် ထိုကောင်းကင်
တမန်တို့က ယေရှုအသက်ရှင်နေသည်" ဟု
ပြောပြကြောင်း၊ ငါတို့အား ကြားပြောကြ၏။
24ထို့ကြောင့် ငါတို့အဖွဲ့ဝင်မှ လူတချို့တို့သည်
လည်း သင်္ချိုင်းသို့ သွားကြ၏။ အရာအားလုံး
သည် ထိုအမျိုးသမီးတို့ပြောသည့်အတိုင်း ဖြစ်
၏။ သူတို့သည် အထဲကို ကြည့်၏။ သို့သော်
လည်း ယေရှုကို မတွေ့ကြ" ဟုပြောလေ၏။
25ထိုအခါ ယေရှုက လူနှစ်ယောက်အား"
သင်တို့သည် မိုက်မဲ၍ ပရောဖက်တို့၏ ရေးခဲ့
သမျှ အားလုံးကို ယုံကြည်ရန် နှေးကွေးကြ၏။
ပရောဖက်တို့၏ရေးခဲ့သမျှကို သင်တို့ယုံကြည်
ရမည်။ 26ခရစ်တော်သည် မိမိဘုန်းစည်းစိမ်
တော်ကို မဝင်မီ ဤသို့ပင် ခံစားရမည်ဟု
ပရောဖက်တို့သည် ရေးသားခဲ့သည် မဟုတ်
လော" ဟုမိန့်တော်မူ၏။ 27ထို့နောက် ယေရှု
သည် သူ့အကြောင်းနှင့်ပတ်သက်၍ ကျမ်းစာ
ထဲတွင် ရေးသားခဲ့သမျှ အလုံးစုံကို သူတို့အား
ရှင်းပြတော်မူ၏။ ကိုယ်တော်သည် မောရှေ၏
ကျမ်းစာအုပ်များမှစ၍ ရှင်းလင်းပြောဆိုတော်

မူ၏။ ထိုနောက် ယေရှုသည် ပရောဖက်တို့
ပြောခဲ့သမျှမိမိအကြောင်းကိုပြောပြတော်မူ၏။
28ယေရှုနှင့်ထိုလူနှစ်ယောက်သည်ဧမောက်
မြို့အနီးသို့ ရောက်လာကြသောအခါ ယေရှု
သည် ထိုမြို့တွင် ရပ်နားရန် အစီအစဉ်မရှိသော
အမူအရာကို ပြတော်မူ၏။ 29သို့သော်လည်း
သူတို့က ယေရှုကို နေစေလိုကြ၏။ သူတို့က
“အကျွန်ုပ်တို့နှင့်အတူ လိုက်ပါ။ အချိန်နောက်
ကျနေပြီ။ မိုးလည်းချုပ်တော့မည်” ဟုတောင်း
ပန်ကြ၏။ ထို့ကြောင့် ယေရှုသည် သူတို့နှစ်
ယောက်နှင့်အတူ နေရန်ဝင်တော်မူ၏။
30ယေရှုသည် သူတို့နှစ်ယောက်နှင့်အတူ
စားသောက်ရန် အဆင်သင့်ဖြစ်နေချိန်တွင် မုန့်
အချို့ကို ယူတော်မူ၏။ ကိုယ်တော်သည်
ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပြီးမုန့်
ကို ဖဲ့တော်မူ၏။ ထို့နောက် သူတို့ကို ပေး
တော်မူ၏။ 31ထိုအချိန်တွင် သူတို့၏မျက်စိပွင့်
လင်း၍ ကိုယ်တော်ဖြစ်သည်ကို သိကြ၏။ သို့
သော်လည်း ယေရှုဖြစ်ကြောင်း သိသောအခါ
ယေရှုသည် ပျောက်ကွယ်တော်မူ၏။ 32ထိုလူ
နှစ်ယောက်ကလည်း “လမ်းခရီး၌ ယေရှုသည်
ငါတို့ကို စကားပြော၍ ကျမ်းစာ၏ အဓိပ္ပါယ်ကို
ဖွင့်ပြတော်မူသောအခါ ငါတို့၏စိတ်နှလုံးသား
ထဲ၌ မီးလောင်သကဲ့သို့ ခံစားရသည် မဟုတ်
လော” ဟုအချင်းချင်း ပြောဆိုကြ၏။
33လူနှစ်ယောက်သည် ယေရုရှလင်မြို့သို့
ချက်ချင်း ပြန်သွားကြ၏။ ထိုနေရာ၌ သူတို့
သည် ယေရှု၏တပည့်တော် တဆယ့်တပါးတို့၊
အခြားသောနောက်လိုက်နှင့်အတူတကွ စုဝေး
နေသည်ကို တွေ့မြင်ကြ၏။ 34သူတို့က “သခင်
ဘုရားသေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းသည်
အမှန်ဖြစ်၏။ ကိုယ်တော်ကိုယ်တိုင် ရှိမုန်
ပေတရုကို ပြတော်မူပြီ” ဟုပြောနေကြ၏။
35လူနှစ်ယောက်သည် လမ်းပေါ်တွင် ဖြစ်
ပျက်ခဲ့သောအကြောင်းအရာကို ပြောပြကြ၏။
ယေရှုသည် မုန့်ကို ဖဲ့တော်မူသောအခါ သူတို့
သည် ယေရှုကိုအဘယ်သို့ မှတ်မိသည်ကိုလည်း
ပြောကြ၏။

## ယေရှုသည် မိမိတပည့်တော်တို့ထံသို့ ထင်ရှားတော်မူခြင်း

*(မ၊ 28:16-20; မာ၊ 16:14-18; ယော၊ 20:19-23; တမန်၊ 1:6-8)*

36လူနှစ်ယောက်သည် ထိုဖြစ်ရပ်အားလုံး
ကို ပြောကြစဉ်၊ ယေရှုကိုယ်တိုင် မိမိတပည့်
တော်တို့ အလယ်၌ ရပ်တော်မူ၏။ ယေရှုက
သူတို့အား ‘ငြိမ်သက်ခြင်းသည် သင်တို့နှင့်အတူ
ရှိပါစေ’ ဟုမိန့်တော်မူ၏။
37ဤဖြစ်ရပ်သည် တပည့်တော်တို့ကို အံ့
သြစေ၏။ သူတို့ကြောက်ရွံ့နေကြ၏။ သူတို့
သည် တစ္ဆေတစ်ယောက်ကို မြင်နေရသည်ဟု
ထင်နေကြ၏။ 38သို့သော်လည်း ယေရှုက
သူတို့အား “သင်တို့သည် အဘယ်ကြောင့် ဒုက္ခ
ရောက်နေကြသနည်း။ အဘယ်ကြောင့် သံသ
ယရှိကြသနည်း။ 39ငါ့ခြေနှင့် ငါ့လက်တို့ကို
ကြည့်ကြလော့။ ငါ့ကိုယ်ပင်ဖြစ်၏။ ငါ့ကို ကိုင်
ကြည့်ကြလော့။ ငါသည် ကိုယ်ခန္ဓာအမှန် ရှိ
ကြောင်း သင်တို့မြင်နိုင်၏။ တစ္ဆေသည် ဤကဲ့
သို့သောကိုယ်ခန္ဓာမျိုးမရှိပါ” ဟုမိန့်တော်မူ၏။
40ယေရှုသည် သူတို့ကို ဤသို့ မိန့်တော်
မူပြီးသောအခါ သူ၏လက်တော်နှင့် ခြေတော်
တို့၌ရှိသော သံချောင်းအရာအပေါက်များကို
ပြသတော်မူ၏။ 41တပည့်တော်တို့သည် အံ့
အားသင့်လျက်နေကြ၏။ ယေရှုအသက်ရှင်နေ
သည်ကို မြင်တွေ့လိုက်ရသောကြောင့် အလွန်
ဝမ်းမြောက်ကြ၏။ သို့သော်လည်း သူတို့မြင်
နေရခြင်းကိုပင် အပြည့်အဝမယုံကြည်နိုင်ကြ
သေးချေ။ ထို့ကြောင့် ယေရှုက သူတို့အား
“သင်တို့၌ စားစရာတစ်စုံတစ်ရာ ရှိသလော”
ဟုမေးတော်မူ၏။ 42သူတို့က ကင်ထားသော
ငါးတစ်ဖဲ့ကို ကပ်ပေးကြ၏။ 43တပည့်တော်တို့
က ကြည့်နေစဉ်မှာပင်ယေရှုသည် ငါးကို လှမ်း
ယူ၍ စားတော်မူ၏။
44ယေရှုက သူတို့အား “ငါသည် သင်တို့နှင့်
အတူရှိနေစဉ် ငါ့အကြောင်းအားလုံးနှင့် ပတ်
သက်၍ မောရှေ၏ပညတ္တိကျမ်းစာ၌၎င်း၊
ပရောဖက်တို့၏ကျမ်းစာအုပ်၌၎င်း၊ ဆာလံ

ကျမ်းစာ၌ရင်း ရေးထားချက်များသည် ပြည့်စုံ
ရမည်ဟု သင်တို့အား ငါပြောသည်ကို မှတ်မိ
ကြလော့” ဟုမိန့်တော်မူ၏။
45ထို့နောက် ယေရှုသည် ထိုကျမ်းစာကို
တပည့်တော်တို့အားရှင်းပြ၍နားလည်သဘော
ပေါက်ရန် ကူညီမစတော်မူ၏။ 46ထို့နောက်
ယေရှုကသူတို့အား၊ “ခရစ်တော်သည် အသတ်
ခံရ၍ သုံးရက်မြောက်နေ့၌ သေခြင်းမှ ရှင်ပြန်
ထမြောက်ရမည်ဟုရေးသားထား၏။ 47-48သင်
တို့သည် ဤအကြောင်းအရာတို့၏သက်သေ
ဖြစ်ကြ၏။ သင်တို့သည် လူတို့ထံသို့သွား၍
သူတို့၏အပြစ် ခွင့်လွှတ်နိုင်ကြောင်း ပြောပြရ
မည်။ သူတို့၏အပြစ်အတွက် ဝမ်းနည်း၍ သူတို့
၏စိတ်နှလုံးကို ပြောင်းလဲလျှင် ဘုရားသခင်
သည် သူတို့ကို ခွင့်လွှတ်တော်မူမည် ဖြစ်
ကြောင်း သူတို့ကို ပြောပြရမည်။ သင်တို့သည်
ဤဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ငါ့နာ
မတော်ဖြင့် ဟောပြောကြရမည်။ သင်တို့သည်
ယေရုရှလင်မြို့မှ စ၍ ကမ္ဘာတစ်ဝန်းလုံးရှိ လူ
မျိုးတကာတို့အား ဟောပြောကြရမည်။ 49နား
ထောင်ကြလော့။ ငါ့ခမည်းတော်သည် သင်တို့
ကို တစ်စုံတစ်ခုဂတိပြုတော်မူ၏။ ငါသည် ထို
အရာကို သင်တို့ထံသို့ စေလွှတ်မည်။ သို့
သော်လည်း သင်တို့သည် ကောင်းကင်ဘုံမှ
တန်ခိုးကို မခံမိတိုင်အောင် ယေရုရှလင်မြို့၌
နေကြဦးလော့” ဟုမိန့်တော်မူ၏။

## ယေရှုကောင်းကင်ဘုံသို့ ပန်သွားတော်မူခြင်း

*(မာ၊ 16:19-20; တမန်၊ 1:9-11)*

50ယေရှုသည် သူ၏တပည့်တော်တို့ကို
ယေရုရှလင်မြို့ပြင်သို့ ဦးဆောင်ခေါ်သွားပြီး
ဗေသနိမြို့အနီးသို့ ရောက်တော်မူ၏။ 51ယေရှု
သည် လက်နှစ်ဘက်ကို မြှောက်၍ တပည့်
တော်တို့အားကောင်းကြီးပေးတော်မူ၏။ယေရှု
သည် သူတို့ကို ကောင်းချီးပေးနေစဉ်မှာပင်
သူတို့အနီးမှ ခွဲခွာ၍ ကောင်းကင်ဘုံသို့ ဆောင်
ယူခြင်းကို ခံတော်မူ၏။ 52တပည့်တော်တို့သည်
ယေရှုကို ဝတ်ပြုကိုးကွယ်ကြပြီး ယေရုရှလင်မြို့
သို့ ပြန်သွား ကြ၏။ သူတို့သည် အလွန်ဝမ်း
မြောက်ဝမ်းသာ ဖြစ်နေကြ၏။ 53သူတို့သည်
ဘုရားသခင်ကို ချီးမွမ်းလျက် ဗိမာန်တော်သို့
ရောက် မြဲရောက်ကြ၏။

# ရှင်ယောဟန် ခရစ်ဝင်

## လောကသို့ခရစ်တော်ကြွလာတော်မူခြင်း

1 အစအဦး၌၊ နှုတ်ကပတ်တော်ရှိ၏။ နှုတ်က
ပတ်တော်*သည် ဘုရားသခင်နှင့်အတူရှိ
၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်
ဖြစ်တော်မူ၏။ 2သူသည် အစအဦး၌ ဘုရား
သခင်နှင့်အတူ ရှိတော်မူ၏။ 3ခပ်သိမ်းသော
အရာတို့သည် သူ့အားဖြင့် ဖန်ဆင်းတော်မူ၏။
ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်သောအရာ
တစုံတခုမျှမရှိ။ 4ထိုသူ၌ အသက်ရှိ၏။ ထိုအ
သက်သည် လူသားတို့အတွက် အလင်းဖြစ်၏။
5ထိုအလင်းသည် မှောင်မိုက်၌ လင်း၏။ မှောင်
မိုက်သည် ထိုအလင်းကို မငြိမ်းစေနိုင်။

6ယောဟန်* အမည်ရှိသောလူတစ်ဦးရှိ၏။
ဘုရားသခင်သည် သူ့ကို စေလွှတ်တော်မူ၏။
7ယောဟန်သည် လူတို့အား အလင်းတော်၏
အကြောင်းကို သက်သေခံခြင်းငှါလာ၏။ ထို့
ကြောင့် လူအပေါင်းတို့သည် ယောဟန်အား
ဖြင့် အလင်းတော်၏အကြောင်းကို ကြားသိ၍၊
ယုံကြည်ခြင်းသို့ ရောက်မည့်အကြောင်းဖြစ်၏။
8ယောဟန်သည် အလင်းတော်မဟုတ်။ သို့
သော်လည်း ယောဟန်သည် ထိုအလင်းတော်
၏အကြောင်းကို လူတို့အား သက်သေခံခြင်း
ငှါသာလာ၏။ 9စစ်မှန်သောအလင်းသည် ဤ
လောကသို့ ကြွလာလျက်လူအပေါင်းတို့အား
အလင်းကို ပေးသောသူဖြစ်၏။

10နှုတ်ကပတ်တော်သည် ဤလောက၌ ရှိ
တော်မူပြီ။ ဤလောကကိုလည်း သူ့အားဖြင့်
ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း၊ ဤလော
ကသည် သူ့ကိုမသိ။ 11သူသည် မိမိပိုင်သောဤ
လောကသို့ ကြွလာတော်မူ၏။ သို့ရာတွင်
မိမိလူတို့သည် သူ့ကို လက်မခံဘဲနေကြ၏။
12အချို့သောလူတို့သည် သူ့အား လက်ခံ၍ သူ့
ကို ယုံကြည်ကြ၏။ သူသည် သူ့ကို ယုံကြည်
သောသူတို့အား တစ်စုံတစ်ရာကို ပေးတော်မူ
၏။ သူသည် သူ့ကို ယုံကြည်သောသူတို့အား
ဘုရားသခင်၏သားသမီးများဖြစ် ခြင်းအခွင့်ကို
ပေးတော်မူ၏။ 13ထိုသားသမီးတို့သည် ကလေး
သူငယ်များမွေးဖွားသကဲ့သို့ မွေးဖွားကြသည်
မဟုတ်။ သူတို့သည် မိခင်နှင့် ဖခင်တို့၏အလို
ဆန္ဒ သို့မဟုတ် အစီအမံအားဖြင့် မွေးဖွားလာ
ခဲ့ကြခြင်းမဟုတ်။ သို့ရာတွင် ထိုသားသမီးတို့
သည် ဘုရားသခင်အားဖြင့် မွေးဖွားတော်မူ
သောသားသမီးများဖြစ်၏။

14နှုတ်ကပတ်တော်သည် လူ့ဇာတိအဖြစ်ကို
ခံယူ၍ အကျွန်ုပ်တို့အထဲ၌ အသက်ရှင်တော်
မူ၏။ အကျွန်ုပ်တို့သည် သူ၏ဘုန်းတော်ကို မြင်
ခဲ့ကြ၏။ ထိုဘုန်းတော်သည် ခမည်းတော်
ဘုရား၏တစ်ပါးတည်းသော သားတော်ပိုင်
ဆိုင်၏။ နှုတ်ကပတ်တော်သည် ကျေးဇူးတော်၊
သစ္စာတော်နှင့် ပြည့်စုံ၏။ 15ယောဟန်သည်
လူတို့အား ထိုသူ၏အကြောင်းကို သက်သေ
ခံ၏။ သူသည် ကျယ်လောင်သောအသံဖြင့်
လူတို့အား "ငါပြောသောသူသည် ဤသူပင်ဖြစ်
၏။ ငါ့နောက် ကြွလာသောသူသည် ငါ့ထက်
သာ၍ ကြီးမြတ်တော်မူ၏။ သူသည် ငါမရှိမီ
ရှိနှင့်တော်မူ၏။"

---

**နှုတ်ကပတ်တော်** ဂရိဘာသာမှ "လောကောစ်" အဓိပ္ပါယ်မှာ ဆက်သွယ်ရာတွင် အသုံးပြုသောတစုံတရာဖြစ်သည်။ ၎င်းသည် "သတင်း" ဟူ၍ဘာသာပြန်နိုင်သည်။ ဤအဓိပ္ပါယ်မှာ ခရစ်တော်ဖြစ်သည်။ ဘုရားသခင်သည် လူတို့ကိုသူ့အကြောင်းပြောခဲ့ခြင်းဖြစ် သည်။

**ယောဟန်** ဗတ္တိဇံဆရာယောဟန်၊ ခရစ်လာမည့်အကြောင်း လူတွေကိုပြောပြခဲ့သောသူ။ ရှင်၊ 3, လု၊ 3

[16]နှုတ်ကပတ်တော်သည် ကျေးဇူးတော်၊
သစ္စာတော်နှင့် ပြည့်စုံတော်မူ၏။ အကျွန်ုပ်တို့
သည် ထိုသူအားဖြင့် ကောင်းချီးမင်္ဂလာ ပို၍
များစွာ ခံစားကြရ၏။ [17]ပညတ်တော်ကို
မောရှေလက်တွင် ပေးတော်မူ၏။ သို့သော်
လည်း၊ ကျေးဇူးတော်နှင့် သစ္စာတရားသည်
ယေရှုခရစ်အားဖြင့်ဖြစ်၏။ [18]ဘုရားသခင်ကို
အဘယ်သူမျှမမြင်စဖူး။ သို့ရာတွင်ခမည်းတော်
၏ရင်ခွင်တော်၌ရှိသော ဘုရားသခင်၏တစ်ပါး
တည်းသော သားတော်သည် အဘယ်သို့သော်
ဘုရားဖြစ်တော်မူသည်ကို ကျွန်ုပ်တို့အား ထင်
ရှားစွာ ပြတော်မူ၏။

## ယောဟန်သည် ယေရှုအကြောင်းကို လူတို့အားပြောပြခြင်း

*(မ၊ 3:1-12; မာ၊ 1:2-8; လု၊ 3:15-17)*

[19]ယေရုရှလင်မြို့၌ ရှိသောယုဒလူတို့သည်
အချို့သော ယဇ်ပုရောဟိတ်တို့နှင့် လေဝိတို့ကို
"သင်သည် အဘယ်သူနည်း" ဟုမေးမြန်းစေ
ခြင်းငှါ ယောဟန်ထံသို့ စေလွှတ်ခဲ့ကြ၏။
[20]ယောဟန်သည် ပွင့်လင်းစွာ ပြောဆို၏။
ယောဟန်သည် ထိုသူတို့မေးမြန်းခြင်းကို ငြေဆို
ခြင်းငှါ မငြင်းပယ်ခဲ့။ ယောဟန်ကလည်း၊ "ငါ
သည် ခရစ်တော်*မဟုတ်" ဟုရှင်းလင်းပြတ်
သားစွာ ပြောခဲ့၏။ ထိုအရာမှာ ယောဟန်
သည် လူတို့အား သက်သေခံသောအရာပင်
ဖြစ်၏။

[21]ယုဒလူတို့ကလည်း၊ "သို့ဖြစ်လျှင်၊ သင်
သည် အဘယ်သူနည်း။ သင်သည် ထိုပရော
ဖက် ဖြစ်သလော" ဟုယောဟန်အား မေးကြ
၏။ ယောဟန်ကလည်း၊ "ငါသည် ဧလိယ
မဟုတ်" ဟုဖြေလေ၏။ ယုဒလူမျိုးတို့က၊ "သင်
သည် ဤမည်သောပရောဖက် ဖြစ်ပါသလော"
ဟုပြန်မေးကြ၏။ "ငါသည် ဤမည်သောပရော
ဖက်မဟုတ်" ဟုယောဟန် ဆိုပြန်၏။ [22]တဖန်
ယုဒလူတို့ကလည်း၊ "သင်သည် မည်သူနည်း။
သင်မည်သူဖြစ်သည်ကို ငါတို့အား ပြောပါ။
ငါတို့ကို စေလွှတ်သောလူတို့အား ပြောကြား
ရန် ငါတို့အား သင့်ကို သင်မည်သူဖြစ်သည်ဟု
ဆိုပါသနည်း" ဟုမေးမြန်းကြ၏။

[23]ယောဟန်ကလည်း၊ပရောဖက်ဟေရှာယ
ဟောပြောသော စကားတို့ကို ပြောပြ၏။

> "ငါသည် 'ထာဝရဘုရားအတွက် ဖြောင့်
> တန်းသောလမ်းများကို အဆင်သင့် ဖြစ်
> စေကြပါဟုတော၌ ကြွေးကြော်သောသူ
> ၏အသံဖြစ်သည် ဟုဆို၏။"'
>
> *ဟေရှာယ၊ 40:3*

[24]ထိုယုဒလူတို့သည် ဖာရိရှဲတို့စေလွှတ်
သောသူများ ဖြစ်ကြ၏။ [25]သူတို့က ယောဟန်
အား၊ "ငါသည် ခရစ်တော်မဟုတ်ဟု သင်ဆို
၏။ ငါသည် ဧလိယ သို့မဟုတ် ထိုပရောဖက်
လည်းမဟုတ်ဟု သင်ဆို၏။ သို့ဖြစ်လျှင်၊ သင်
သည် အဘယ်ကြောင့် လူတို့အား ဗတ္တိဇံကို
ပေးသနည်း" ဟုမေးမြန်းကြ၏။

[26]ယောဟန်ကလည်း၊ "ငါသည် လူတို့အား
ရေ၌ ဗတ္တိဇံကို ပေး၏။ သို့သော်လည်း၊ သင်တို့
မသိသောသူတစ်ယောက်ရှိ၏။ [27]ထိုသူသည်
ငါ့နောက် ကြွလာသောသူဖြစ်၏။ ငါသည် ထို
သူ၏ခြေနင်းကြိုးကိုမျှ ဖြည်ပေးရန် မထိုက်တန်
ပါ" ဟုပြန်ပြော၏။

[28]ထိုအရာအားလုံးတို့ကို ယောဟန်သည်
လူတို့အားဗတ္တိဇံ*ကိုပေးသောအရပ် ယော်ဒန်
မြစ်၏တဖက်ကမ်း၊ ဗေသနိရွာ၌ ဖြစ်ပျက်ခဲ့၏။

[29]နောက်တစ်နေ့၌ ယေရှုသည် သူ့ထံသို့
ကြွလာတော်မူသည်ကို ယောဟန်သည် မြင်
လျှင်၊ "လောကီသားတို့၏အပြစ်ကို အဝေးသို့
ယူဆောင်သွားသော ဘုရားသခင်၏သိုးသ
ငယ်ကို ကြည့်လော့။ [30]ထိုသူကို ငါဆိုလို၏။
'ငါ့နောက် ကြွလာသောသူသည် ငါ့ထက်သာ

---

**ခရစ်တော်** ဘိသိတ်ခြင်းခံတော်မူသောသူ "မေရှိယ" သို့မဟုတ် ဘုရားသခင်ရွေးကောက်တော်မူသောသူ။

**ဗတ္တိဇံ** သို့မဟုတ် ဗတ္တိဇံပေးသည် ဂရိစကားလုံး၏အဓိပ္ပါယ်မှာ ရေနှစ်သည်။ ရေထဲနှစ်သည်(သို့မဟုတ်) လူသို့မဟုတ် ပစ္စည်းကို ခဏကြာမျှရေထဲမှာ နှစ်မြုပ်သည်။

၍ ကြီးမြတ်တော်မူ၏။ အကြောင်းမူကား၊
သူသည် ငါမရှိမှီ ရှိနှင့်ပြီးဖြစ်၏။’ 31အစကထို
သူကို ငါမသိ၊ ဣသရေလလူမျိုးတို့သည် သူကို
သိမြင်နိုင်မည်အကြောင်း ငါသည် လူတို့အား
ရေ၌ ဗတ္တိဇံပေးရန် ကြွလာသည်ဟု ယောဟန်
ဆိုလေ၏။” 32-33ထိုနောက် ယောဟန်က၊ “ထို
သူသည် မည်သူဖြစ်သည်ကို ငါလည်းမသိ။ သို့
သော်လည်း၊ ဘုရားသခင်သည် လူတို့ကို ရေ၌
ဗတ္တိဇံပေးစေခြင်းငှါ ငါ့အား စေလွှတ်တော်မူ
၏။ ဘုရားသခင်က ‘သန့်ရှင်းသောဝိညာဉ်
တော်*သည် လူတစ်ယောက်အပေါ်၌ ဆင်း
လျက်နားနေသည်ကို သင်မြင်ရလိမ့်မည်။ ထို
သူကား သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံ
ကို ပေးမည့်သူပင်ဖြစ်သည်’ ဟုမိန့်တော်မူသည်
နှင့်အညီ သန့်ရှင်းသောဝိညာဉ်တော်သည်
ကောင်းကင်မှ ဆင်းသက်လာသည်ကို ငါမြင်
၏။ ထိုသန့်ရှင်းသောဝိညာဉ်တော်သည် ချိုး
ငှက်ကဲ့သို့ သူ့အပေါ်၌ နားတော်မူ၏။ 34ထို
ကြောင့် ငါသည် သူ့အား ဘုရားသခင်၏သား
တော်ဖြစ်တော်မူကြောင်း သက်သေခံတော်မူ
၏”’ ဟုယောဟန်ဆိုလေ၏။

## ယေရှုနောက်တော်သို့ ပထမဦးဆုံး လိုက်သောသူများ

35နောက်တစ်နေ့၌လည်း ယောဟန်သည်
ထိုအရပ်၌ တပည့်နှစ်ယောက်တို့နှင့်အတူ ရပ်
နေ၍၊ 36ယေရှုကြွလာတော်မူသည်ကို မြင်
သောအခါ “ဘုရားသခင်၏သိုးသငယ်*ကို
ကြည့်လော့” ဟုဆို၏။
37ထိုနောက် လိုက်နှစ်ဦးတို့သည် ယောဟန်
ပြောဆိုသည်ကို ကြား၍၊ ယေရှုနောက်တော်
သို့ လိုက်ကြ၏။ 38ယေရှုသည် လှည့်၍ သူ့
နောက်တော်သို့ လိုက်လာသောသူနှစ်ဦးတို့ကို
မြင်တော်မူလျှင်၊ “သင်တို့အဘယ်အလိုရှိသ
နည်း:” ဟုမေးတော်မူ၏။ ထိုသူနှစ်ဦးတို့က
လည်း၊ “ရဗ္ဗိ၊ ကိုယ်တော်သည် အဘယ်မှာ
နေတော်မူသနည်း:” ဟုမေးလျှောက်ကြ၏။
(“ရဗ္ဗိ” အဓိပ္ပါယ်မှာ “ဆရာ” ဖြစ်၏)
39ယေရှုက၊ “ငါနှင့်အတူ လိုက်ခဲ့ကြလျှင်၊
သင်တို့မြင်ရလိမ့်မည်” ဟုမိန့်တော်မူ၏။ ထို
ကြောင့် ထိုသူနှစ်ဦးတို့သည် ယေရှုနှင့်အတူ
လိုက်သွားခဲ့ကြ၏။ ယေရှုသည် အဘယ်မှာ
နေတော်မူသည်ကို သူတို့မြင်ကြ၏။ ထိုနေ့၌
သူတို့သည် ယေရှုနှင့်အတူ ထိုနေရာတွင်နေ
ကြ၍ ထိုအချိန်သည် လေးနာရီအချိန်လောက်
ဖြစ်၏။
40ထိုသူနှစ်ဦးတို့သည် ယေရှုအကြောင်းကို
ယောဟန်ထံမှ ကြားခဲ့ကြပြီးနောက် ယေရှု
နောက်တော်သို့ လိုက်သွားခဲ့ကြခြင်းဖြစ်၏။ ထို
သူနှစ်ဦးတို့တွင် တစ်ဦး၏အမည်မှာ အန္ဒြေဖြစ်
၏။ အန္ဒြေသည် ရှိမုန်ပေတရု၏ညီဖြစ်၏။
41အန္ဒြေ၏ပထမဆုံး လုပ်ဆောင်ချက်မှာ မိမိ
အစ်ကို ရှိမုန်ဆီကိုသွား၍၊ “ငါတို့သည် မေရှိယ
ကို တွေ့ကြပြီ”ဟုပြောဆို၏။ (“မေရှိယ” အဓိ
ပ္ပါယ်မှာ “ခရစ်တော်” ဖြစ်၏။)
42ထို့နောက် အန္ဒြေသည် ရှိမုန်ကို ယေရှုထံ
တော်သို့ ခေါ်လာ၏။ ယေရှုသည် ရှိမုန်ကို
ကြည့်၍၊“ သင်သည် ယောန၏သားရှိမုန်ဖြစ်
၏။ သင်သည် ကေဖဟုခေါ်ခြင်းကိုလည်း ခံရ
လိမ့်မည်” ဟုမိန့်တော်မူ၏။ (“ကေဖ” အဓိ
ပ္ပါယ်မှာ “ပေတရု*” ဖြစ်သည်။)
43နောက်တစ်နေ့တွင် ယေရှုသည် ဂါလိလဲ
ပြည်သို့သွားရန် ဆုံးဖြတ်တော်မူ၏။ ယေရှု
သည် ဖိလိပ္ပုကို တွေ့၍ “ငါ့နောက်သို့ လိုက်
လော့” ဟုမိန့်တော်မူ၏။ 44ဖိလိပ္ပုသည် အန္ဒြေ
နှင့် ပေတရုတို့မွေးဖွားရာဗက်ဇဲဒမြို့မှ လာ

---

**ဝိညာဉ်တော်** သန့်ရှင်းသောဝိညာဉ်တော်၊ ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍၎င်း၊ ခရစ်၏ဝိညာဉ်တော် ဟု၍၎င်း၊ ဥပဒ္ဒေရာယ်ဆရာဟု၍၎င်း ခေါ်လျှက်ရှိသည်။ သူအသည် ဘုရားသခင်နှင့် ခရစ်တော်ကို၎င်း ပူးပေါင်းပြီး ကမ္ဘာပေါ်ရှိ လူသားတို့ထဲ၌ ဘုရားသခင်၏ အမှုတော်ကို လုပ်ဆောင်သည်။

**ဘုရားသခင်၏သိုးသငယ်** ဤဓိပ္ပါယ်မှာ ယေရှုသည် ဘုရားသခင်ထံ ပူဇော်ရန် ပေးကမ်းခဲ့သောသိုးသငယ် ကဲ့သို့ဖြစ်သည်။

**ပေတရု** ဂရိဘာသာဖြင့် ပေတရု၊ အာရမိတ်နာမည် “ကေဖ” အဓိပ္ပါယ်ကား ကျောက်။

သောသူဖြစ်၏။ [45]ဖိလိပ္ပုသည် နာသနေလကို
တွေ့လျှင်၊ “မောရှေသည် ပညတ္တိကျမ်း၌ အ
ဘယ်အရာ ရေးသားခဲ့သည်ကို သတိပြုလော့
ဟုဆို၏။ မောရှေသည် ကြွလာမည့် လူတစ်
ဦး၏အကြောင်းကို ရေးသားထား၏။ ပရော
ဖက်တို့သည်လည်း၊ သူ၏အကြောင်းကို ရေး
သားခဲ့ကြ၏။ ငါတို့သည် သူ့ကို တွေ့မြင်ကြပြီ။
ထိုသူသည် နာဇရက်မြို့သား ဖြစ်သော
ယောသပ်၏သားယေရှုဖြစ်သည် ”ဟုဆို၏။
[46]သို့သော်လည်း၊ နာသနေလသည် ဖိလိပ္ပု
အား၊ “နာဇရက်မြို့ထဲက ကောင်းသောအရာ
တစ်စုံတစ်ခုမျှ ထွက်နိုင်သလော” ဟုမေးလျှင်
ဖိလိပ္ပုကလည်း “လာ၍ ကြည့်ပါ” ဟုဆို၏။
[47]ယေရှုသည် “သူ့ထံသို့ နာသနေလလာ
နေသည်ကို မြင်တော်မူလျှင် ထိုသူ၌ လှည့်
စားခြင်းနှင့် ကင်းလွတ်သောဣသရေလလူစစ်
ဟု ရည်ညွှန်း၍” မိန့်တော်မူ၏။
[48]နာသနေလက “ကိုယ်တော်သည်အဘယ်
သို့သောအားဖြင့် အကျွန်ုပ်ကိုသိတော်မူပါသ
နည်း” ဟုမေးလျှောက်သော်ယေရှုက၊ “ဖိလိပ္ပု
သည် သင့်ကိုမခေါ်မီ သင်သည် သင်္ဘောသဖန်း
ပင်အောက်၌ ထိုင်နေစဉ်ပင် သင့်ကို ငါမြင်
သည်” ဟုပြန်၍ မိန့်တော်မူ၏။
[49]“အရှင်ဘုရား၊ ကိုယ်တော်သည် ဘုရား
သခင်၏သားတော်ဖြစ်တော်မူ၏။ ကိုယ်တော်
သည် ဣသရေလလူတို့၏ဘုရင်လည်း ဖြစ်
တော်မူသည်” ဟုနာသနေလ လျှောက်လေ
၏။ [50]ယေရှုက၊နာသနေလအား “သင်္ဘောသ
ဖန်းပင် အောက်၌ သင်ရှိနေစဉ် သင့်ကို ငါမြင်
၏ဟုဆိုသောကြောင့် သင်သည် ငါ့ကို ယုံကြည်
၏။ သို့သော်လည်း၊ သင်သည် ထိုထက်ကြီး
မားသော အမှုများကို မြင်ရပါလိမ့်မည်” ဟုမိန့်
တော်မူ၏။ [51]ယေရှုကလည်း၊ “ငါအမှန်ဆိုသည်
မှာ၊ ကောင်းကင်ပွင့်လှစ်သည်ကို သင်တို့အား
လုံး မြင်ရကြလိမ့်မည်။ ‘ဘုရားသခင်၏ကောင်း
ကင်တမန်တို့သည် လူသားအပေါ် ဆင်းလျက်၊’
တက်လျက်ရှိနေသည်ကို သင်တို့မြင်ကြရပါလိမ့်
မည်” ဟုမိန့်တော်မူ၏။

## ကာနမြို့၌မင်္ဂလာဆောင်ပွဲ

2 နှစ်ရက်လွန်သောအခါ၊ ဂါလိလဲပြည် ကာန
မြို့တွင် မင်္ဂလာဆောင်ပွဲရှိ၏။ ထိုနေရာ၌
ယေရှု၏မယ်တော်လည်းရှိ၏။ [2]ယေရှုသည် တ
ပည့်တော်တို့နှင့်အတူ ထိုမင်္ဂလာဆောင်ပွဲ၌
တက်ရောက်ရန် ဖိတ်ကြားခြင်းခံကြ၏။ [3]စပျစ်
ရည်ကုန်သောအခါ၊ ယေရှု၏မယ်တော်သည်
လာ၍ “သူတို့၌ စပျစ်ရည်ကုန်ပြီ” ဟုသူ့အား
ပြော၏။
[4]ယေရှုကလည်း၊ “အချင်းမိန်းမ၊ မည်သို့
လုပ်ဆောင်မည်ကို ငါ့အား မပြောနှင့်။ ငါ့အ
ချိန် မရောက်သေး” ဟုမိန့်တော်မူ၏။
[5]ယေရှု၏မယ်တော်ကလည်း “သူပြောသ
မျှတို့ကို လုပ်ဆောင်ကြပါ” ဟုအစေခံတို့အား
ပြော၏။
[6]ထိုအရပ်၌ ကျောက်နှင့် ပြုလုပ်ထားသော
ရေအိုးကြီး ခြောက်လုံးရှိ၏။ ယုဒလူတို့သည်
စင်ကြယ်ခြင်းပွဲများတွင် ထိုကျောက်အိုးကြီး
များကို အသုံးပြုလေ့ရှိ၏။ အိုးတစ်လုံးစီသည်
ဂါလံနှစ်ဆယ်မှ သုံးဆယ်ခန့်ဝင်၏။ [7]ယေရှု
သည် အစေခံတို့အား “ထိုကျောက်အိုးတို့ကို
ရေဖြည့်ကြ” ဟုမိန့်တော်မူ၏။ ထို့ကြောင့် အ
စေခံတို့သည် အိုးအားလုံးတို့ကို ရေဖြည့်လျှံ
သည်အထိ ထည့်ကြ၏။
[8]ထို့နောက် ယေရှုသည် အစေခံတို့အား
“ယခု၊ ထိုအိုးထဲမှရေအချို့ကို ခပ်၍ထိုရေကို
ပွဲအုပ်ထံသို့ ယူသွားကြလော့” ဟုမိန့်တော်မူ
၏။ သို့ဖြစ်၍ အစေခံတို့သည် ပွဲအုပ်ထံသို့
ထိုရေကို ယူလာကြ၏။ [9]ထို့နောက် ပွဲအုပ်သည်
စပျစ်ရည်ဖြစ်စေသောရေကို မြည်းစမ်း၏။ ပွဲ
အုပ်သည် ထိုစပျစ်ရည်ကို မည်သည့်နေရာမှ
ယူလာသည်ကို ထိုသူသည် မသိ။ သို့သော်
လည်း၊ ထိုရေကို ယူလာသောအစေခံတို့သည်
သိကြ၏။ [10]ပွဲအုပ်သည် မင်္ဂလာဆောင်သတို့
သားအား ခေါ်ပြီး “လူတို့သည် ရှေးဦးစွာ
ကောင်းသောစပျစ်ရည်ကို ထည့်ကြ၍နောက်
ပိုင်း၌သာ ဧည့်သည်တော်များဝစွာ သောက်
ကြပြီးမှ ညံ့သောစပျစ်ရည်ကို ထည့်လေ့ရှိ၏။

သို့သော်လည်း သင်သည် ကောင်းသောစပျစ်
ရည်ကို ယခုတိုင်အောင် သိုထားသည်” ဟု
ဆို၏။
**11**ယေရှုသည် ပထမဦးဆုံးသော နိမိတ်လ
က္ခဏာကို ဂါလိလဲပြည် ကာနမြို့၌ ပြုတော်မူ
၏။ ဤသို့ဖြင့် ယေရှုသည် သူ၏ကြီးမြတ်တော်
မူခြင်း အကြောင်းကို ဖွင့်ပြ၍ တပည့်တော်
တို့သည်လည်း သူ့အား ယုံကြည်ကြ၏။ **12**ထို့
နောက် ယေရှုသည် မယ်တော်မှစ၍ ညီတော်
တို့၊ တပည့်တော်တို့နှင့်တကွ ကပေရနောင်
မြို့သို့ ကြွတော်မူ၏။ သူတို့အားလုံးသည်
ကပေရနောင်မြို့၌ ရက်အနည်းငယ်တည်းခို
ကြ၏။

## ဗိမာန်တော်၌ ယေရှု

*(မ၊ 21:12-13; မာ၊ 11:15-17; လု၊ 19:45-46)*

**13**ထိုအချိန်သည် ယုဒပသခါပွဲ ခံချိန်ရောက်
လုနီးသည် ဖြစ်၍ ယေရှုသည် ယေရုရှလင်မြို့သို့
ကြွတော်မူ၏။ **14**ယေရှုသည် ဗိမာန်တော်သို့
သွား၍ လူတို့သည် သိုး၊ နွား၊ ချိုးငှက်ရောင်း
နေကြသည်ကို၎င်း၊ အခြားသောသူတို့သည်
စားပွဲ၌ ထိုင်လျက်ကုန်သွယ်ခြင်းပြုကြသည် ကို
၎င်း တွေ့တော်မူ၏။ **15**ထိုအခါ ယေရှုသည်
ရိုက်စရာကြိုးငယ်လေကို ပြုပြင်ပြီးမှ ထိုရောင်း
ချသူတို့ကို၎င်း သူတို့၏သိုး၊ နွားများကို၎င်း
ဗိမာန်တော်မှ နှင်ထုတ်၍ ပွဲစားတို့၏ငွေတင်ခုံ
များနှင့် ငွေများကို တွန်းပစ်မှောက်ထားတော်
မူ၏။ **16**ထို့နောက် ယေရှုသည် ချိုးငှက်ရောင်း
သောသူတို့အား “ဤဥစ္စာကို ယူသွားကြ။ ငါ့
အဘ၏အိမ်တော်ကို ရောင်းဝယ်ဖောက်ကား
သောနေရာမဖြစ်စေကြနှင့်” ဟုမိန့်တော်မူ၏။
**17**ထိုသို့ ဖြစ်ပျက်သောအခါ ယေရှု၏တ
ပည့်တို့သည်

“ကိုယ်တော်၏အိမ်တော်၌စိုးရိမ်ပူပန်ခြင်း
စိတ်သည် အကျွန်ုပ်ကို မီးကဲ့သို့စားပါ၏”

*ဆာလံ၊ 69:9*

ဟူ၍ ကျမ်းစာ၌ ရေးသားသည့်ချက်ကို မှတ်
မိကြ၏။

**18**ယုဒလူတို့က ယေရှုအား “သင်သည် ထို
သို့ ပြုရမည့်အခွင့်အာဏာရှိကြောင်းကို သက်
သေပြရန် ငါတို့အား နိမိတ်လက္ခဏာကို ပြပါ”
ဟု ပြောဆိုကြ၏။
**19**ယေရှုကလည်း၊ “ဤဗိမာန်တော်ကို ဖြို
ဖျက်ကြလော့။သုံးရက်အတွင်းငါတည်ဆောက်
မည်” ဟုမိန့်တော်မူ၏။
**20**ယုဒလူတို့က “လူတို့သည်ဤဗိမာန်တော်
ကို အနှစ်လေးဆယ်ခြောက်နှစ်ပတ်လုံး တည်
ဆောက်ရကြ၏။ သင်သည် သုံးရက်အတွင်း
ပြန်လည် တည်ဆောက်နိုင်လိမ့်မည်ဟု အမှန်
ယုံကြည်ပါသလော” ဟုမေးကြ၏။
**21**သို့ရာတွင် ယေရှုမိန့်တော်မူသောဗိမာန်
တော်မှာ သူ၏ကိုယ်ခန္ဓာပင် ဖြစ်၏။ **22**ယေရှု
သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူပြီး
နောက် တပည့်တော်တို့သည် ယေရှုပြော
သောစကားတော်ကို မှတ်မိကြ၏။ ထို့ကြောင့်
သူတို့သည် ကျမ်းစာနှင့် ယေရှုမိန့်တော်မူသော
စကားတို့ကိုလည်း ယုံကြည်ကြ၏။
**23**ပသခါပွဲ အတွင်းတွင် ယေရှုသည်
ယေရုရှလင်မြို့၌ ရှိ၍ပြုတော်မူသောနိမိတ်လ
က္ခဏာတို့ကို လူများစွာတို့သည် မြင်ကြသော
ကြောင့် သူ့ကို ယုံကြည်ကြ၏။ **24**သို့ရာတွင်
ယေရှုသည် ထိုသူတို့ကို ယုံတော်မမူ။ အ
ကြောင်းမှာ ယေရှုသည် လူတို့၏ကြံစည်သမျှ
တို့ကို ကောင်းမွန်စွာ သိမြင်တော်မူသော
ကြောင့်ဖြစ်၏။ **25**ယေရှုသည် လူတို့အကြောင်း
ကို သူ့အား ပြောပြရန် မည်သူ့ကိုမျှ အလို
တော်မရှိ။ လူ၏စိတ်နှလုံးထဲ၌ရှိသမျှသောအ
ကြံအစည်တို့ကို ယေရှုသိမြင်တော်မူ၏။

## ယေရှုနှင့်နိကောဒင်

**3** နိကောဒင် အမည်ရှိသော ဖာရိရှဲတစ်
ယောက်ရှိ၏။ သူသည် ယုဒလူတို့တွင် အ
ရေးပါသောခေါင်းဆောင်တစ်ဦးလည်း ဖြစ်၏။
**2**ညာဥ့်အခါ နိကောဒင်သည် ယေရှုထံတော်သို့
လာ၍ “ရဗ္ဗိ၊ ကိုယ်တော်သည် ဘုရားသခင်
ထံမှ လာသောဆရာတစ်ပါး ဖြစ်ကြောင်းကို

အကျွန်ုပ်တို့သိကြပါ၏။ ကိုယ်တော်ပြုတော်မူ
သောနိမိတ်လက္ခဏာတို့ကို ဘုရားသခင်သည်
သူနှင့်အတူမရှိလျှင် မည်သူမျှမပြုနိုင်ပါ” ဟု
လျှောက်၏။
3ယေရှုက၊ “ငါအမှန်ဆိုသည်မှာ ဒုတိယ
မွေးခြင်းကို မခံသောသူသည် ဘုရားသခင်၏
နိုင်ငံတော်သို့မဝင်ရ” ဟုပြန်၍မိန့်တော်မူ၏။
4နိကောဒင်ကလည်း၊ “အသက်ကြီးသော
သူသည် မွေးခြင်းကို အဘယ်သို့ ခံနိုင်ပါမည်
နည်း။ လူတစ်ဦးသည် အမိဝမ်းထဲသို့ ပြန်၍
မဝင်နိုင်။ ထို့ကြောင့် လူသည် ဒုတိယအကြိမ်
ပြန်၍ မွေးခြင်းကိုမခံနိုင်” ဟုလျှောက်၏။
5ယေရှုက “ငါအမှန်ဆိုသည်မှာ၊ လူသည်
ရေနှင့်ဝိညာဉ်တော်အားဖြင့် မွေးရမည်။ လူ
သည် ရေနှင့်ဝိညာဉ်တော်အားဖြင့် မမွေးလျှင်
သူသည် ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်
နိုင်။ 6လူတစ်ယောက်၏ကိုယ်ခန္ဓာသည် မိဘ
နှစ်ပါးတို့မှ မွေးဖွားလာခြင်းဖြစ်၏။ သို့သော်
လည်း လူတစ်ယောက်၏ဝိညာဉ်အသက်သည်
ဝိညာဉ်တော်အားဖြင့် မွေး၏။ 7‘သင်သည် ဒု
တိယမွေးခြင်းကိုခံရမည်’ ဟုငါပြောသည်ကို အံ့
သြခြင်းမရှိနှင့်။ 8လေသည် အလိုရှိရာသို့ တိုက်
သည်ကို သင်ကြားရသော်လည်း လေသည်
မည်သည့်အရပ်မှ လာ၍ မည်သည့်အရပ်သို့
သွားသည်ကို သင်မသိနိုင်။ ထိုနည်းတူ ဝိညာဉ်
တော်၌ မွေးသောသူဖြစ်သည်” ဟုမိန့်တော်
မူ၏။
9နိကောဒင်ကလည်း “ဤအမှုအရာသည်
အကုန်အစင် အဘယ်သို့ဖြစ်နိုင်ပါမည်နည်း” ဟု
လျှောက်ပြန်သော်၊
10ယေရှုက၊ “သင်သည် ဣသရေလလူတို့
တွင် အရေးပါသောဓမ္မဆရာတစ်ပါး ဖြစ်ပါ၏။
သို့သော်လည်း သင်သည် ဤအမှုအရာကို ယ
ခုတိုင်အောင် နားလည်ခြင်းမရှိသလော။ 11ငါ
အမှန်အကန်ဆိုသည်ကား၊ ငါတို့သည် ကိုယ်သိ
သောအရာနှင့် မြင်သောအရာတို့ကို ပြော၏။
သို့ရာတွင် ငါတို့၏သက်သေခံချက်ကို သင်တို့
သည် မခံမယူကြ။ 12ငါသည် မြေကြီးအရာကို
သင်တို့အား ပြော၏။ သို့သော်လည်း သင်တို့
သည် ငါ့ကိုမယုံကြ။ သို့ဖြစ်၍ ငါသည် ကောင်း
ကင်အရာကို ပြောလျှင် သင်တို့သည် ငါ့ကို
အဘယ်သို့ယုံကြလိမ့်မည်နည်း။ 13ကောင်းကင်
ဘုံမှ ဆင်းသက်လာသောလူသားမှတစ်ပါး အ
ဘယ်သူမျှ ကောင်းကင်ဘုံသို့ မတက်ပြီ။
14“မောရှေသည် တော၌ မြွေကို မြှောက်
ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်း
ကိုခံရမည်။ 15အကြောင်းမူကား လူသားကို
ယုံကြည်သောသူအပေါင်းတို့သည် ထာဝရအ
သက်ကို ရမည်အကြောင်းဖြစ်၏။”
16ဘုရားသခင်သည် လောကီသားတို့ကို
အလွန်ချစ်တော်မူ၍ သူ၌ တစ်ပါးတည်းသော
သားတော်ကို ပေးတော်မူ၏။ ဘုရားသခင်
သည် သားတော်ကို ပေးတော်မူသည် ဖြစ်
သောကြောင့် သားတော်ကို ယုံကြည်သောသူ
အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊
ထာဝရအသက်ကိုရစေခြင်းငှါ ဖြစ်၏။ 17ဘုရား
သခင်သည် မိမိသားတော်ကို ဤလောကသို့
စေလွှတ်တော်မူ၏။ ဘုရားသခင်သည် လော
ကီသားတို့ကို စီရင်ခြင်းငှါ သားတော်ကို စေ
လွှတ်တော်မူသည် မဟုတ်။ လောကီသားတို့
သည် သားတော်အားဖြင့် ကယ်တင်တော်မူ
ခြင်းသို့ ရောက်စေခြင်းငှါသာ စေလွှတ်တော်
မူ၏။ 18ဘုရားသခင်၏သားတော်ကို ယုံကြည်
သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ သို့
သော်လည်း မယုံကြည်သောသူသည် ယခုပင်
လျှင် အပြစ်စီရင်ခြင်းကိုခံရ၏။ အကြောင်းမူ
ကား သူသည် ဘုရားသခင်၏တစ်ပါးတည်း
သောသားတော်ကို မယုံကြည်သောကြောင့်
ဖြစ်၏။ 19လူတို့သည် ဤတရားအားဖြင့် အပြစ်
စီရင်ခြင်းကို ခံရကြမည်။ အလင်းသည် ဤ
လောကသို့ ကြွလာ၏။ သို့သော်လည်း လူတို့
သည် အလင်းထက် မှောင်မိုက်ကို သာ၍နှစ်
သက်ကြ၏။သူတို့၏အသက်တာသည်မကောင်း
သောအရာများနှင့် ပြည့်နေသောကြောင့်ဖြစ်
၏။ 20ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူ
သည် အလင်းကိုမုန်း၏။ အလင်းသည် သူကျင့်

ခဲ့သမျှသော ဆိုးယုတ်သည့် အကျင့်များကို
ထုတ်ဖော်လိမ့်မည် ဖြစ်သောကြောင့် ထိုသူ
သည် အလင်းသို့ ချဉ်းကပ်ခြင်း မရှိ။ 21သို့သော်
လည်း သမ္မာတရားနောက်ကို လိုက်သောသူ
သည် အလင်းသို့ ချဉ်းကပ်၏။သို့မှသာထိုသူ၏
ကျင့်သောအရာသည်ဘုရားသခင်အားဖြင့်ဖြစ်
သည်ကိုအလင်းကထင်ရှားစေပါလိမ့်မည်။*

## ယေရှုနှင့် ဗတ္တိဇံဆရာယောဟန်

22ထိုနောက်မှ ယေရှုသည် တပည့်တော်
တို့နှင့်အတူ ယုဒပြည်ကျေးလက်ဒေသသို့ ကြွ
တော်မူ၏။ ထိုနေရာ၌ ယေရှုသည် တပည့်
တော်တို့နှင့်နေတော်မူ၍ လူတို့အား ဗတ္တိဇံကို
ပေးလေ၏။ 23ယောဟန်သည်လည်း အဲနုန်အ
ရပ်၌ လူတို့အား ဗတ္တိဇံကိုပေး၏။ အဲနုန်အရပ်
သည် ရှာလိမ်မြို့အနီး၌ရှိ၏။ ထိုအရပ်၌ ရေ
များသောကြောင့် ယောဟန်သည် ဗတ္တိဇံကို
ပေး၏။ လူတို့သည် ဗတ္တိဇံကိုခံယူရန် ထိုနေရာ
သို့သွားကြ၏။24ဤအမှုတို့သည်ယောဟန်အား
ထောင်ထဲ၌ ချုပ်နှောင်ခြင်းမတိုင်မီဖြစ်၏။
25ယောဟန်၏တပည့်တော်အချို့တို့သည်အ
ခြားသောယုဒလူတို့နှင့် ဆွေးနွေးငြင်းခုံခြင်း ရှိ
ကြ၏။ သူတို့သည် ဘာသာရေးဆိုင်ရာ စင်
ကြယ်ခြင်းအကြောင်းကို ဆွေးနွေးငြင်းခုံကြခြင်း
ဖြစ်၏။ 26ထို့နောက်၊ တပည့်တော်တို့သည်
ယောဟန်ထံသို့ လာကြပြီး "ဆရာ၊ ယော်ဒန်
မြစ် တစ်ဖက်ကမ်း၌ ကိုယ်တော်နှင့်အတူ ရှိ
သောသူကို မှတ်မိပါသလော။ ထိုသူသည်
ဆရာက လူတို့အား သူ့ကြောင်းသက်သေခံခဲ့
သောသူဖြစ်၏။ ထိုသူသည် လူတို့အားဗတ္တိ
ဇံကို ပေးလျက်နေ၏။ ထိုသူထံသို့ လူအပေါင်း
တို့သည် ရောက်လာကြ၏" ဟုလျှောက်ကြ၏။
27ယောဟန်က "လူတစ်ယောက်သည်
ဘုရားသခင်ပေးသောအရာကိုသာ ခံယူနိုင်၏။
28'ငါသည် ခရစ်တော်မဟုတ်။ ငါသည် ထိုသူ
အတွက် လမ်းခရီးကို ပြင်ဆင်ပေးရန် ဘုရား
သခင် စေလွှတ်သောသူသာဖြစ်သည်ကို သင်
တို့သည် ငါ၏သက်သေဖြစ်ကြ၏။' 29မင်္ဂလာ
ဆောင်သတို့သမီးကို မင်္ဂလာဆောင်လုလင်
သာလျှင်ပိုင်၏။ မင်္ဂလာဆောင်လုလင်အား
ကူညီပေးသောအဆွေခင်ပွန်းသည် မင်္ဂလာ
ဆောင်လုလင်ကို စောင့်လျက် နားထောင်နေ
၏။ ထိုမိတ်ဆွေသည် မင်္ဂလာဆောင်လုလင်၏
စကားသံကိုကြားသောအခါအလွန်ဝမ်းမြောက်
ခြင်းရှိ၏။ ထိုသို့သော ဝမ်းမြောက်ခြင်းသည်
ငါ၌ရှိ၏။ ငါ၏ဝမ်းမြောက်ခြင်းသည် ယခု၌
ပင်ရှိ၏။ 30ထိုသူသည် ဆက်လက်၍ တိုးပွား
ခြင်းရှိရမည်။ ငါမူကား ဆက်လက်၍ ဆုတ်
ယုတ်မည်။

## ကောင်းကင်ဘုံမှ ကြွဆင်းလာသောသူ

31"အထက်မှ လာသောသူသည် အခြား
သောလူသားအပေါင်းတို့ထက် ကြီးမြတ်တော်
မူ၏။ မြေကြီးမှလာသောသူသည် မြေကြီးနှင့်
စပ်ဆိုင်၍ ထိုသူသည် မြေကြီးဆိုင်ရာများကို
သာ ပြောတတ်၏။ သို့သော်လည်း ကောင်း
ကင်မှ ကြွဆင်းလာသောသူသည် အခြားသော
လူအပေါင်းတို့ထက် ကြီးမြတ်တော်မူ၏။ 32သူ
သည် မြင်သမျှ၊ ကြားသမျှတို့ကိုလည်း သက်
သေခံတော်မူ၏။ သို့သော်လည်း သူသက်သေ
ခံသောအရာတို့ကို လူတို့သည် လက်ခံခြင်း
မရှိခဲ့ကြ။ 33သူသက်သေခံသော အရာတို့ကို
လက်ခံသောသူ၌ ဘုရားသခင်သည် သမ္မာတ
ရားကို ပြောသည်ဟူသော သက်သေကို ရ၏။
34ဘုရားသခင်သည် သူ့ကို စေလွှတ်တော်မူ၏။
သူသည် ဘုရားသခင်၏စကားတော်ကို ပြော
ပြ၏။ ဘုရားသခင်သည် သူ့အား ဝိညာဉ်တော်
ကို အတိုင်းအဆမရှိဘဲပေးတော်မူ၏။ 35ခမည်း
တော်သည် သားတော်ကို ချစ်တော်မူ၍ ခပ်
သိမ်းသောအရာများပေါ်၌ စိုးမိုးနိုင်သောတန်
ခိုးကို ပေးတော်မူ၏။ 36သားတော်ကို ယုံကြည်
သောသူသည် ထာဝရအသက်ကိုရ၏။ သို့

---

**အခန်းငယ် 16-21** တစ်ချို့သော စာပေလေ့လာလိုက်စားသူများက အခန်းငယ် 16-21 ကို ယေရှုစကားလုံးများ ဖြစ်သည်ဟု ထင်ပြီးတချို့က ရှင်ယောဟန်ရေးခဲ့သည်ဟု ထင်၏။

သော်လည်း၊ သားတော်ကို ငြင်းပယ်သော
သူသည် ထိုအသက်ကိုမရ။ ဘုရားသခင်၏
အမျက်တော်သည် ထိုသူ၏အပေါ်၌ တည်နေ
သည်” ဟုယောဟန်ဟောလေ၏။

## ယေရှုသည် ရှမာရိမိန်းမထံသို့ စကားပြောတော်မူခြင်း

4 ယေရှုသည် ဗတ္တိဇံဆရာယောဟန် ထက်
သာ၍ များသောသူတို့ကို တပည့်တော်
ဖြစ်စေ၍ ဗတ္တိဇံပေးကြောင်းကို ဖာရိရှဲတို့သည်
ကြားသိကြ၏။ 2သို့သော်လည်း ယေရှုသည်
လူတို့အား ကိုယ်တိုင်ဗတ္တိဇံပေးတော်မူခြင်း
မရှိ။ သူ၏တပည့်တော်တို့သည် သူ့အတွက်
လူတို့ကို ဗတ္တိဇံပေးကြခြင်း ဖြစ်၏။ ဖာရိရှဲတို့
သည် ထိုအကြောင်းကို ကြားပြီးဖြစ်ကြောင်း
ယေရှုသိတော်မူ၏။ 3ထို့ကြောင့် ယေရှုသည်
ယုဒပြည်မှ ထွက်ခွာ၍ ဂါလိလဲပြည်သို့ ပြန်သွား
တော်မူ၏။ 4ဂါလိလဲပြည်သို့ သွားသောလမ်း
ခရီးတွင် ယေရှုသည် ရှမာရိပြည်အလယ်၌
ဖြတ်သွားရ၏။
5ရှမာရိပြည်သို့ ရောက်သောအခါ ယေရှု
သည် ရှုခါအမည်ရှိသောမြို့သို့ ရောက်တော်
မူ၏။ထိုမြို့သည် ယာကုပ်ကမိမိသားယောသပ်
အား ပေးသောမြေကွက်အနီး၌ရှိ၏။ 6ယာကုပ်
ရေတွင်းသည် ထိုနေရာ၌ရှိ၏။ ယေရှုသည်
ခရီးသွားသည်ဖြစ်၍ ပင်ပန်းသောကြောင့် ရေ
တွင်းနားမှာ ထိုင်တော်မူ၏။ ထိုအချိန်သည်
မွန်းတည့်အချိန်ခန့် ဖြစ်၏။ 7ရှမာရိမိန်းမတစ်
ယောက်သည် ရေခပ်ရန် ထိုရေတွင်းသို့ လာ၍
ယေရှုက၊ “ကျေးဇူးပြု၍၊ ငါသောက်ဖို့ ရေပေး
ပါ” ဟုထိုမိန်းမအား တောင်းဆို၏။ 8တပည့်
တော်တို့သည် စားစရာကိုဝယ်ရန် မြို့ထဲသို့
သွားကြသည့်အခိုက်တွင်ဖြစ်၏။)
9ရှမာရိမိန်းမက၊ “ကျွန်မသည် ရှမာရိမိန်းမ
တစ်ယောက်ဖြစ်၍ သင်သည် ယုဒလူဖြစ်၏။
သင်သည်ကျွန်မအား အဘယ့်ကြောင့်သောက်
ဖို့ရေပေးပါဟုတောင်းဆိုသနည်းဟုဆို၏။ ယုဒ
လူတို့သည် ရှမာရိလူတို့နှင့်ပေါင်းဖော်ခြင်းမရှိ။
10ယေရှုကလည်း၊ “ဘုရားသခင်ပေးသော
လက်ဆောင်ကို သင်မသိ။ သင့်ကို သောက်ဖို့
ရေတောင်းသောသူသည် မည်သူဖြစ်သည်ကို
လည်း သင်မသိ။ သင်သည် ဤအရာကို သိ
လျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်
လည်း သင့်အား အသက်ရေကို ပေးလိမ့်မည်”
ဟုပြန်၍ မိန့်တော်မူ၏။
11မိန်းမကလည်း၊ “သခင်၌ ရေခပ်စရာမရှိ။
ရေတွင်းလည်း နက်သည်ဖြစ်၍ အသက်ရေကို
အဘယ်သို့ရပါမည်နည်း။ 12သခင်သည် ငါတို့
အဘယာကုပ်*ထက် ကြီးမြတ်ပါသလော။
ယာကုပ်သည် ဤရေတွင်းကို ငါတို့အား ပေး
၏။ သူကိုယ်တိုင်သည် ဤရေတွင်းကို သောက်
သုံးခဲ့၏။ သူ၏သားသမီး၊တိရစ္ဆာန်များတို့သည်
ဤတွင်းရေကို သောက်သုံးကြပြီ” ဟုဆို၏။
13ယေရှုက “ဤရေကို သောက်သောသူ
ဟူသမျှသည် နောက်တစ်ဖန် ရေငတ်ဦးမည်။
14သို့သော်လည်း ငါပေးသောရေကို သောက်
သောသူသည် နောက်တစ်ဖန် ဘယ်တော့မှ
ရေငတ်လိမ့်မည်မဟုတ်။ ငါပေးသောရေသည်
ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလို့ငှါ စီး
ထွက်သောစမ်းရေဖြစ်လိမ့်မည်ဟု” ပြန်၍မိန့်
တော်မူ၏။
15မိန်းမက ယေရှုအား၊ “သခင်ထိုရေကို
ကျွန်မအား ပေးပါ။ သို့မှသာ ကျွန်မသည်
ရေငတ်ခြင်းနှင့် ကင်းလွတ်မည်။ ကျွန်မသည်
ဤနေရာသို့ ရေခပ်ရန် နောက်ထပ်လာဖို့ လို
လိမ့်မည်မဟုတ်” ဟုဆို၏။
16ယေရှုသည် သူမအား၊ “သွား၍ သင်၏
လင်ကိုခေါ်ပြီး ဤနေရာသို့ ပြန်လာလော” ဟု
မိန့်တော်မူ၏။
17မိန်းမကလည်း၊ “ကျွန်မ၌ လင်မရှိပါ”
ဟုဆို၏။ ယေရှုသည် သူမအား “ကျွန်မ၌လင်
မရှိဟု သင်ဆိုရာ၌ မှန်သောစကားကို ဆို
၏။ 18သင်၌ လင်ငါးယောက် ရှိဖူးပြီ။ ယခု
သင်နှင့်အတူ ရှိသောသူသည်လည်း သင်၏

---

**ယာကုပ်** ဣသရေလလူမျိုးမိသားစုအဖွဲ့ ဆယ့်နှစ်ခု မှ ဆင်းသက်လာသော သားဆယ့်နှစ်ယောက်၏ အဘ။

လင်မဟုတ်။ ဤအရာ၌ သင်သည် မှန်သော
စကားကိုပြောပြီ” ဟုမိန့်တော်မူ၏။
19မိန်းမက “သခင်၊ ကိုယ်တော်သည်
ပရောဖက်ဖြစ်သည်ကို ကျွန်မရိပ်မိပါ၏။ 20အ
ကျွန်ုပ်တို့ ဘိုးဘေးများသည် ဤတောင်ပေါ်၌
ဘုရားကိုးကွယ်လေ့ရှိကြ၏။သို့သော်လည်းသင်
တို့၊ယုဒလူတို့သည် ယေရုရှလင်မြို့၌သာဘုရား
သခင်ကိုကိုးကွယ်ရမည်” ဟုဆိုတတ်ကြ၏။
21ယေရှုက၊ “အချင်းမိန်းမ၊ ငါ့စကားကို
ယုံလော့။ ယေရုရှလင်မြို့သို့၎င်း၊ ဤတောင်သို့
၎င်း မသွားဘဲ ခမည်းတော်ကို ကိုးကွယ်ရမည့်
အချိန်အခါသည် ရောက်လုနီးပြီ။ 22သင်တို့
ရှမာရိတို့သည် ကိုယ်မသိသောအရာကို ကိုး
ကွယ်ကြ၏။ ငါတို့ယုဒလူတို့သည် ကိုယ်သိ
သောအရာကို ကိုးကွယ်ကြ၏။ အကြောင်းမူ
ကား ကယ်တင်ခြင်းသည် ယုဒလူတို့ထံမှ လာ
၏။ 23ကိုးကွယ်သောသူ မှန်သမျှတို့သည်
ခမည်းတော်ကို နာမ်ဝိညာဉ်နှင့်၎င်း၊ သစ္စာ
တရားနှင့်၎င်း ကိုးကွယ်ရမည့် အချိန်ကာလ
သည် ရောက်လာလိမ့်မည်။ အမှန်စင်စစ် ထို
အချိန်ကာလသည် ယခုပင် ရောက်လျက်ရှိ၏။
ထိုကဲ့သို့ ကိုးကွယ်သောသူတို့ကို ခမည်းတော်
သည် အလိုရှိတော်မူ၏။ 24ဘုရားသခင်သည်
နာမ်ဝိညာဉ် ဖြစ်တော်မူ၏။ ထို့ကြောင့် ဘုရား
သခင်ကို ကိုးကွယ်သောသူတို့သည် နာမ်ဝိ
ညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း ကိုးကွယ်ရ
မည်” ဟုမိန့်တော်မူ၏။
25မိန်းမက၊ “မေရှိယကြွလာတော်မူမည်ကို
ကျွန်မသိပါ၏။” (မေရှိယမှာ ခရစ်တော် ဟု
ခေါ်သောသူပင်ဖြစ်၏) “မေရှိယသည် ကြွလာ
တော်မူသောအခါ အကျွန်ုပ်တို့အားလုံးစုံတို့ကို
ရှင်းပြတော်မူလိမ့်မည်” ဟုလျှောက်ပြန်၏။
26ထို့နောက် ယေရှုကလည်း “ထိုသူသည်
ယခုပင် သင့်ကို စကားပြောနေ၏။ ငါသည်
မေရှိယဖြစ်သည်” ဟုမိန့်တော်မူ၏။
27ထိုအချိန်၌ ယေရှု၏တပည့်တော်တို့သည်
ရောက်လာ၍ ယေရှုသည် ထိုမိန်းမနှင့် စကား
ပြောတော်မူသည်ကို မြင်ကြသောအခါ အံ့ဩ
ခြင်းရှိကြ၏။ သို့ရာတွင် “ကိုယ်တော်သည် သူ
မထံမှ အဘယ်အရာကို အလိုတော်ရှိပါသ
နည်း” သို့မဟုတ် “ကိုယ်တော်သည် သူမနှင့်
အဘယ်ကြောင့် စကားပြောဆိုနေပါသနည်း”
ဟူ၍မည်သူမျှ မမေးမလျှောက်ကြ။
28ထိုနောက် မိန်းမသည် သူမ၏ရေအိုးကို
ထားခဲ့၍ မြို့သို့ ပြန်သွား၏။ သူမက၊ 29“ကျွန်မ
ပြုခဲ့သမျှသော အမှုအရာတို့ကို ထုတ်ဖော်
သောသူကို လာ၍ကြည့်ကြပါ။ သူသည် ခရစ်
တော်ဖြစ်နိုင်လိမ့်မည်” ဟုလူအများတို့အား
ပြောဆို၏။ 30ထို့ကြောင့် သူတို့သည် မြို့ထဲမှ
ထွက်၍ ကိုယ်တော်ကို ကြည့်ရန် အထံတော်သို့
သွားကြ၏။
31ထိုမိန်းမသည် မြို့ထဲသို့ သွားနေစဉ်၊ တ
ပည့်တော်တို့သည် ယေရှုအား “ဆရာ၊ တစုံတ
ခုကိုသုံးဆောင်တော်မူပါ”ဟုတောင်းပန်ကြ၏။
32သို့သော်လည်း၊ ယေရှုက၊ “သင်တို့မသိ
သောစားစရာငါ၌ရှိ၏” ဟုပြန်၍မိန့်တော်မူ၏။
33ထို့ကြောင့် တပည့်တော်တို့က၊ “တစ်စုံ
တစ်ယောက်သောသူသည် သူ့အတွက် စားစ
ရာ ပို့ပြီလော” ဟူ၍အချင်းချင်း မေးမြန်းကြ၏။
34ယေရှုက၊ “ငါ့ကို စေလွှတ်တော်မူသော
သူ၏အလိုတော်ကို ဆောင်ရွက်ခြင်းနှင့် သူ၏
အမှုကို ပြီးစီးခြင်းသည် ငါ့စားစရာဖြစ်၏။
35သင်တို့သည် ကောက်စိုက်သောအခါ ‘ယခုမှ
စ၍ လေးလလွန်လျှင်၊ စပါးရိတ်ရာကာလ ဖြစ်
လိမ့်မည်’ ဟုဆိုတတ်ကြ၏။ သို့သော်လည်း၊
ငါဆိုသည်ကား သင်တို့၏မျက်စိကို ဖွင့်ကြ
လော့။ လယ်ပြင်တို့ကို မျှော်၍ ကြည့်ကြ
လော့။ သူတို့သည် စပါးရိတ်ခြင်းအလို့ငှါ ဝင်း
မှည့်နေကြပြီးဖြစ်၏။ 36စပါးရိတ်သောသူသည်
ယခုပင်လျှင် အခကို ရ၏။ သူသည် ထာဝရအ
သက်ရှင်ခြင်းအလို့ငှါ အသီးအနှံကို စုသိမ်း၏။
ထို့ကြောင့် ယခုတွင် ပျိုးကြဲသောသူနှင့် စပါး
ရိတ်သောသူတို့သည် အတူဝမ်းမြောက်ကြလိမ့်
မည်။ 37‘လူတစ်ဦးသည် ပျိုးကြဲ၏။ အခြားတစ်
ဦးသည် စပါးရိတ်၏’ ဟုအကျွန်ုပ်တို့ ပြောဆို
ရာတွင် ဤအမှု၌ မှန်ကန်ပါ၏။ 38သင်တို့သည်

လယ်မလုပ်သောအရပ်၌ စပါးရိတ်စေခြင်းငှါ
သင်တို့ကို ငါစေလွှတ်၏။ အခြားသောသူတို့
သည် လယ်လုပ်ကြ၍ သင်တို့သည် သူတို့၏အ
လုပ်ထဲ၌ အကျိုးအမြတ်ကို ရကြ၏ ဟုမိန့်တော်
မူ၏။”
[39]ရှမာရိမိန်းမက “ကျွန်မပြုခဲ့သမျှသော အ
မှုအရာတို့ကို သူသည် ဖော်ထုတ်ပြီ” ဟုသက်
သေခံသော စကားကြောင့် ထိုမြို့၌ နေသော
ရှမာရိ လူအများတို့သည် ယေရှုကို ယုံကြည်
ကြ၏။ [40]ထို့ကြောင့် သူတို့သည် ယေရှုထံတော်
သို့ ရောက်လာသောအခါ သူတို့နှင့်အတူ နေ
မည့်အကြောင်း တောင်းပန်ကြ၏။ ထို့ကြောင့်
ယေရှုသည် သူတို့နှင့်အတူ ထိုအရပ်၌ နှစ်ရက်
နေတော်မူ၏။ [41]ဤသို့ဖြင့် များစွာသော
လူတို့သည် ယေရှုမိန့်တော်မူသောစကားတော်
ကြောင့် ယုံကြည်ကြ၏။
[42]လူတို့ကလည်း ထိုမိန်းမအား၊ “ပထမ
တွင် ငါတို့သည် သင်၏စကားကြောင့် ယုံကြည်
ကြ၏။ သို့သော်လည်း၊ ယခုတွင် ငါတို့ယုံကြည်
ကြ၏။ အကြောင်းမူကား စကားတော်ကို ငါတို့
ကိုယ်တိုင်ကြားရ၍ ဤသူသည် လောကီသား
တို့၏စစ်မှန်သောကယ်တင်ရှင် ဖြစ်ကြောင်းကို
ငါတို့သိကြသည်” ဟုဆိုကြ၏။

## ယေရှုက အရာရှိတစ်ဦး၏သားကို ကျန်းမာစေတော်မူခြင်း

*(မ၊ 8:5-13; လု၊ 7:1-10)*

[43]နှစ်ရက်လွန်ပြီးလျှင်၊ ယေရှုသည် ရှမာရိမှ
ထွက်၍ ဂါလိလဲသို့ သွားတော်မူ၏။ [44]ပရော
ဖက်သည် မိမိနေရင်းပြည်၌ ကြည်ညိုလေးစား
ခြင်းမခံရဟု ယေရှုသည် ကိုယ်တိုင် သက်သေ
ခံတော်မူ၏။ [45]ယေရှုသည် ဂါလိလဲပြည်သို့
ရောက်တော်မူသောအခါ ဂါလိလဲလူတို့သည်
သူ့ကို လက်ခံကြ၏။ အကြောင်းမူကား ထိုလူ
တို့သည် ယေရုရှလင်မြို့၌ ခံသောပသခါပွဲသို့
တက်ကြသဖြင့် ထိုပွဲအတွင်းတွင် ယေရှုပြုတော်
မူသမျှတို့ကို မြင်ခဲ့ကြသောကြောင့်ဖြစ်၏။

[46]ယေရှုသည် ရေကို စပျစ်ရည်ဖြစ်စေ
သောအရပ် ဂါလိလဲပြည် ကာနမြို့သို့ တဖန်အ
လည်အပတ် သွားတော်မူ၏။ ရှင်ဘုရင်၏အ
ရေးပါသောအရာရှိတစ်ဦးသည် ကပေရနောင်
မြို့၌နေ၏။ ထိုသူ၏သားသည် ဖျားနာလျက်ရှိ
၏။ [47]ယေရှုသည် ယုဒပြည်မှ လာ၍ ဂါလိလဲ
ပြည်၌ရှိတော်မူသည်ကို ထိုသူကြားသောအခါ
ယေရှုကို တွေ့ရန် ကာနမြို့သို့ သွား၏။ သူသည်
ယေရှုအား ကာပေရနောင်မြို့သို့ သွား၍
သေခါနီးဖြစ်သောသူ၏သားကို ကျန်းမာစေရန်
တောင်းပန်လေ၏။ [48]ယေရှုသည် သူ့အား၊
“သင်တို့သည် နိမိတ်လက္ခဏာနှင့် အံ့ဩဖွယ်
သောအမှုတို့ကို မမြင်လျှင် ယုံကြည်ခြင်းရှိကြ
မည်မဟုတ်” ဟုမိန့်တော်မူ၏။
[49]ရှင်ဘုရင်၏အရာရှိက၊ “သခင်၊ အကျွန်ုပ်
၏သားငယ် မသေမှီ အကျွန်ုပ်၏အိမ်သို့ ကြွ
တော်မူပါ” ဟုယေရှုအား တောင်းပန်၏။
[50]ယေရှုကလည်း၊“သွားလော့။သင်၏သား
သည် အသက်ချမ်းသာရလိမ့်မည်။” ဟုမိန့်
တော်မူ၏။ ထိုလူသည် ယေရှုမိန့်တော်မူသော
စကားကို ယုံကြည်၍ မိမိအိမ်သို့ ပြန်သွားလေ
၏။ [51]လမ်း၌ သွားစဉ်တွင် ထိုအရာရှိ၏ငယ်
သားတို့သည် လာ၍ ကြိုဆိုကြ၏။ သူတို့က၊
“ကိုယ်တော်၏သားသည် ကျန်းမာပြီ” ဟုပြော
ကြ၏။
[52]ထိုအရာရှိက “ငါ၏သားသည် ဘယ်အ
ချိန်၌ ကျန်းမာခြင်းသို့ ရောက်သနည်း” ဟုမေး
လျှင်၊ ငယ်သားတို့က၊ “မနေ့က တစ်နာရီထိုး
သည့်အချိန်၌ ဖျားနာပျောက်ပါသည်” ဟုပြန်
လျှောက်၏။
[53]“သင်၏သားသည် အသက်ချမ်းသာရာရ
လိမ့်မည်။” ဟုယေရှုမိန့်တော်မူသော အချိန်
သည် ထိုတစ်နာရီအချိန်ဖြစ်သည်ကို အဘသိ၍
ကိုယ်တိုင်မှစ၍ မိမိအိမ်သူအိမ်သားအပေါင်း
တို့သည် ယေရှုကို ယုံကြည်ကြ၏။
[54]ဤနိမိတ်လက္ခဏာမှာ ယေရှုသည် ယုဒ
ပြည်မှ ဂါလိလဲပြည်သို့ သွားသည့် နောက်ပြု
တော်မူသော ဒုတိယနိမိတ်လက္ခဏာ ဖြစ်၏။

## ယေရှုသည် ရေကန်၌ ရှိသောလူတစ်ဦးအား ကျန်းမာစေတော်မူခြင်း

5 ထိုနောက် ယေရှုသည် ယုဒပွဲခံစဉ်တွင်
ယေရုရှလင်မြို့သို့ ကြွတော်မူ၏။
2ယေရုရှလင်မြို့၌ နားပြင်ငါးဆောင်နှင့် ပြည့်စုံ
သောကန်တစ်ကန်ရှိ၏။ ဟေဗြဲဘာသာစကား
အားဖြင့်ဗေသေသဒဟုခေါ်၏။ ဤရေကန်သည်
သိုးတံခါးနားမှာရှိ၏။ 3အနာရောဂါစွဲသောသူ
များအပေါင်းတို့သည် ကန်နားပြင်ရှိ ရေကန်
ဘေးတွင် လဲလျောင်းလျက်နေကြ၏။ ထိုလူအ
ချို့တို့မှာမျက် စိကန်းသောသူ၊ ခြေမစွမ်းသော
သူ၊ ကိုယ်ပိန်ခြောက်သောသူများ ဖြစ်ကြ၏။
သူတို့သည် ရေလှုပ်ရှားခြင်းကို စောင့်ကြ၏။*
4* 5ထိုအရပ်၌ သုံးဆယ်ရှစ်နှစ်ပတ်လုံး ရော
ဂါစွဲသောသူတစ်ယောက်သည် လဲလျောင်း
လျက်ရှိ၏။ 6ယေရှုသည် လဲလျောင်းနေသော
လူနာကို မြင်တော်မူသောအခါ ထိုလူနာမှာ
အချိန်ကြာမြင့်စွာ ဖျားနာနေသည်ကို သိတော်
မူ၏။ ထို့ကြောင့် ယေရှုက သူ့အား၊ "သင်
သည်ကျန်းမာခြင်းသို့ ရောက်လိုသလော" ဟု
မေးတော်မူ၏။

7လူနာကလည်း၊ "သခင်၊ ရေလှုပ်ရှား
သောအခါ ရေကန်ထဲသို့အကျွန်ုပ်ကို သွင်း
ထားမည့်သူ မရှိပါ။ အကျွန်ုပ်သည် ရေကန်ထဲ
သို့ပထမဦးဆုံး ရောက်အောင်ကြိုးစားနေပါ
၏။ ရေကန်ထဲသို့ ဝင်ရန် အကျွန်ုပ်အရင် ကြိုး
စားသော်လည်းအကျွန်ုပ်ကြိုးစားနေစဉ်အခြား
သောသူသည် အကျွန်ုပ်ရှေ့မှာ ဝင်တတ်ပါ
သည်" ဟုလျှောက်၏။

8ယေရှုကလည်း၊ "ထလော့၊ ကိုယ့်အိပ်ရာ
ကို ဆောင်၍လှမ်းသွားလော့" ဟုမိန့်တော်
မူ၏။ 9ထိုခဏခြင်းတွင် ထိုသူသည် ကျန်းမာ
လေ၏။ ထိုသူသည် မိမိအိပ်ရာကို ဆောင်၍
လှမ်းသွားလေ၏။ ထိုသို့ ဖြစ်ပျက်သော နေ့
သည် ဥပုသ်နေ့*ဖြစ်၏။ 10ထို့ကြောင့် ယုဒ
လူတို့သည် အနာပျောက်သောသူအား၊ "ယ
နေ့သည် ဥပုသ်နေ့ဖြစ်၏။ သင်သည် ဥပုသ်
နေ့၌ ကိုယ့်အိပ်ရာကို ဆောင်သွားခြင်းသည်
ပညတ်တော်ကို ဆန့်ကျင်ရာရောက်သည်" ဟု
ဆိုကြ၏။

11သို့ရာတွင် ထိုလူကလည်း၊ "အကျွန်ုပ်ကို
ကျန်းမာစေသောသူက'ကိုယ်အိပ်ရာကိုဆောင်
၍ လှမ်းသွားလော့" ဆိုသည်ဟု ပြန်ပြော၏။

12ယုဒလူတို့ကလည်း၊ "ကိုယ်အိပ်ရာကို
ထမ်း၍ လှမ်းသွားပါဟု သင့်အားဆိုသောသူ
သည် အဘယ်သူနည်း" ဟုထိုလူအား မေးမြန်း
ကြ၏။ 13သို့သော်လည်း၊ ထိုသူမှာ အဘယ်သူ
ဖြစ်သည်ကို ကျန်းမာခြင်းသို့ ရောက်သောသူ
သည် မသိ။ ထိုနေရာ၌ လူများစွာရှိ၍၊ ယေရှု
သည် ထိုနေရာမှ မထင်မရှားထွက်သွားတော်
မူ၏။ 14ထိုနောက်မှ ယေရှုသည် ထိုသူအား
ဗိမာန်တော်၌ တွေ့တော်မူ၏။ ယေရှုက
"ကြည်လော့၊ သင်သည် ယခု ကျန်းမာခြင်းသို့
ရောက်၏။ သို့ဖြစ်၍ ယခုမှစ၍ နောက်တစ်ဖန်
ဒုစရိုက်ကို မပြုနှင့်။ ပြုပါက သာ၍ ဆိုးသော
ဘေးဖြစ်လိမ့်မည်" ဟုမိန့်တော်မူ၏။

15ထို့နောက် ထိုလူသည် ထွက်သွား၍ ယုဒ
လူတို့ ရှိရာသို့ ပြန်သွား၏။ သူ့အား ကျန်းမာ
စေသောသူမှာ ယေရှုဖြစ်ကြောင်းကို ယုဒလူ
တို့အား ပြောပြလေ၏။

16ယေရှုသည် ဤအရာတို့ကို ဥပုသ်နေ့၌
ပြုတော်မူ၏။ ထို့ကြောင့်ယုဒလူတို့သည် ယေရှု
ပေါ်၌ ဆိုးသောအမှုများကို စတင်၍ ပြုကြ၏။
17သို့သော်လည်း၊ ယေရှုက သူတို့အား၊ "ငါ့

---

**အခန်းငယ် 3 နှင့် 4** အခန်းငယ် 3၏အဆုံးပိုင်းတွင်တချို့သောဂရိစာက ပေါင်းထည့်ထားသည်မှာ၊ "ပြီးတော့ သူတို့သည် ရေလှုပ်ရှားခြင်းကိုစောင့်ခဲ့သည်။" အခန်းငယ် 4 ကိုလည်း အချိန်အနည်းငယ်ကြာသောအခါ ပေါင်းထည့်ခဲ့သည်။"တစ်ခါတစ်ရံဘုရားသခင်၏ကောင်းကင်တမန်သည်၊ ထိုရေအိုင်သို့ ဆင်းသက်ပြီး ရေကိုတုန်လှုပ်စေခဲ့သည်။ ဤကဲ့သို့ ကောင်းကင်တမန်က လုပ်ပြီးမှ ထိုရေအိုင်သို့ အရင်သွားသောသူသည် သူ့မှာရှိသမျှအနာမှ ကျန်းမာခဲ့သည်။

**ဥပုသ်နေ့** ယုဒလူမျိုးများ၏တပတ်မှာ ခုနစ်ရက်မြောက်သောနေ့၊ ဤနေ့သည် ယုဒများအတွက် ဘာသာရေးနှင့်ဆိုင်သောအထူးနေ့ရက် ဖြစ်သည်။

ခမည်းတော်သည် အစဉ်မပြတ် အလုပ်လုပ်နေ
၏။ သို့ဖြစ်၍ ငါသည်လည်း၊ အလုပ်လုပ်၏”
ဟုပြန်၍ မိန့်တော်မူ၏။
[18]ဤအကြောင်းကြောင့် ယုဒလူတို့သည်
သူ့ကိုသတ်ခြင်းငှါသာ၍ ကြိုးစားကြ၏။ “ပထမ
၌ ယေရှုသည် ဥပုသ်နေ့နှင့်ဆိုင်သောဥပဒေကို
ချိုးဖောက်သည်သာမက သူသည် ဘုရား
သခင်ကို မိမိအဘ ဖြစ်သည်ဟု ဆိုပြန်၍ ဤသို့
ပြောခြင်းအားဖြင့် ကိုယ့်ကိုကိုယ် ဘုရားသခင်
နှင့်တန်းတူ ဖြစ်စေသည်” ဟုဆို၏။

## ဘုရားသခင်၏ တန်ခိုးတော်သည် ယေရှု၌ရှိတော်မူ၏

[19]သို့သော်လည်း၊ ယေရှုက၊ “ငါအမှန်ဆို
သည်ကား သားတော်သည် မိမိအလိုအ
လျောက် အဘယ်အမှုကို မျှမပြုနိုင်။ ခမည်း
တော်ပြုတော်မူသောအမှုကို သားတော်သည်
မြင်၍သာပြု၏။ ခမည်းတော် ပြုတော်မူသည်
အတိုင်း သားတော်လည်းပြု၏။ [20]ခမည်းတော်
သည်သားတော်ကိုချစ်တော်မူ၏။ခမည်းတော်
သည် သူပြုသမျှသောအရာများကို သားတော်
အားပြတော်မူ၏။ သို့သော်လည်းခမည်းတော်
သည် သာ၍ ကြီးမားသော အမှုအရာတို့ကို
သားတော်အား ပြတော်မူလိမ့်မည်။ သင်တို့
အပေါင်းသည် အံ့သြခြင်းသို့ ရောက်လိမ့်မည်။
[21]ခမည်းတော်သည် လူတို့အား သေခြင်းမှ
ရှင်ပြန်ထမြောက်စေ၍ ထိုသူတို့အား အသက်
ကို ပေးတော်မူ၏။ ထိုနည်းတူ သားတော်သည်
လည်း သူအလိုရှိသောသူတို့အား အသက်ကို
ပေးတော်မူ၏။ [22]ထို့အပြင် ခမည်းတော်သည်
မည်သူ့ကို မျှတရားမစီရင်။ သို့သော်လည်း
ခမည်းတော်သည် တရားစီရင်ခြင်း အခွင့်အာ
ဏာရှိသမျှကို သားတော်အား အပ်ပေးတော်
မူ၏။ [23]လူအပေါင်းတို့သည် ခမည်းတော်ကို
ရိုသေသည့်နည်းတူ သားတော်ကို ရိုသေမည်
အကြောင်း ဘုရားသခင်သည် ဤအမှုကို ပြု
တော်မူ၏။ သားတော်ကို မရိုသေသောသူ
သည် သားတော်ကို စေလွှတ်တော်မူသော
ခမည်းတော်ကိုလည်း မရိုသေ။
[24]“ငါအမှန်ဆိုသည်မှာ ငါပြောသောစကား
ကို ကြား၍၊ ငါ့ကို စေလွှတ်သောသူကို ယုံ
ကြည်သောသူသည် ထာဝရအသက်ကို ရ၏။
ထိုသူသည် အပြစ်စီရင်ခြင်းကို မခံရ။ သူသည်
သေခြင်းမှ ထွက်မြောက်၍ အသက်ရှင်ခြင်းသို့
ဝင်ခဲ့ပြီးဖြစ်၏။ [25]ငါအမှန်ဆိုသည်မှာ၊ အရေး
ကြီးသော အချိန်ကာလ ရောက်လိမ့်မည်။”
အမှန်စင်စစ် ထိုအချိန်ကာလသည် ယခုပင်
ဖြစ်၏။ သေသောသူတို့သည် ဘုရားသခင်
သားတော်၏အသံကို ကြားရကြလိမ့်မည်။ ထို
အသံကို ကြားရသောသူတို့သည် အသက်ကို
ရမည်ဖြစ်၏။ [26]ခမည်းတော်သည် သားတော်
အား အသက်ပေးပိုင်ခွင့် တန်ခိုးကို ပေးတော်မူ
၏။ အကြောင်းမူကား ထိုအသက်သည် ခမည်း
တော်ထံမှလာတော်မူ၏။ [27]ခမည်း တော်သည်
လူသားအပေါင်းတို့အပေါ်၌ တရားစီရင်ခြင်း
အခွင့်တန်ခိုးကို သားတော်အား အပ်ပေးတော်
မူ၏။ အကြောင်းမူကား၊ သူသည် လူသားဖြစ်
သောကြောင့် ဖြစ်၏။ [28]ဤအမှုအရာကိုအံ့သြ
ခြင်း မရှိကြနှင့်။ သင်္ချိုင်းများမှာ ရှိသောသူအ
ပေါင်းတို့သည် သားတော်၏စကားသံကို ကြား
ရသောအချိန်ကာလသည် ရောက်လိမ့်မည်။
[29]ထို့နောက် သူတို့သည် မိမိတို့သင်္ချိုင်းအတွင်း
မှ ထွက်လာကြလိမ့်မည်။ ကောင်းသောအ
ကျင့်ကို ကျင့်သောသူတို့သည် ရှင်ပြန်ထ
မြောက်၍ ထာဝရအသက်ကို ရရှိကြပါလိမ့်
မည်။ သို့သော်လည်း၊ ဆိုးယုတ်သောအကျင့်
ကို ကျင့်သောသူတို့သည် အပြစ်စီရင်**ခြင်း**ကို
ခံဖို့ရန် ထမြောက်ကြလိမ့်မည်။

## ယေရှုသည် ယုဒလူတို့ထံသို့ ဆက်လက်၍ ပြောဆိုခြင်း

[30]“ငါသည် အဘယ်အမှုကိုမျှ တစ်ဦးတည်း
မပြုနိုင်။ ငါ့အားမိန့်တော်မူသည့်အတိုင်းတရား
ကို ငါစီရင်၏။ ထို့ကြောင့် ငါ၏တရားစီရင်ခြင်း
သည် မှန်ကန်၏။ အကြောင်းမူကား၊ ငါသည်

ကိုယ့်အလိုကို လုပ်ရန်မကြိုးစား။ သို့ရာတွင်
ငါ့ကို စေလွှတ်တော်မူသော သူ၏အလိုတော်
ကို လုပ်ရန်သာ ကြိုးစား၏။ 31ငါသည် ကိုယ့်
အကြောင်းကို သက်သေခံလျှင်၊ လူတို့သည်
ငါ့အကြောင်းကို ငါသက်သေခံသောအရာများ
ကို လက်ခံနိုင်ကြမည်မဟုတ်။ 32သို့သော်
လည်း၊ ငါ၏အကြောင်းကို သက်သေခံသော
သူတစ်ပါးရှိ၏။ ငါ၏အကြောင်းကို ထိုသူသက်
သေခံခြင်းမှာ မှန်ကန်သည်ကို ငါသိ၏။
33"သင်တို့သည် လူတို့အား ယောဟန်ထံသို့
စေလွှတ်ကြ၏။ သူသည် သင်တို့အား သမ္မာတ
ရားကို ပြောပြ၏။ 34လူတို့သည် ငါ့အကြောင်း
ကို သက်သေခံခြင်းငှါ ငါအလိုမရှိ။ သို့သော်
လည်း၊ သင်တို့သည် ကယ်တင်တော်မူခြင်းသို့
ရောက်စေခြင်းငှါ ဤအရာကို ငါပြော၏။
35ယောဟန်သည် ထွန်း၍ လင်းသောမီးအိမ်
နှင့်တူ၏။ သင်တို့သည် သူ၏အလင်း၌ ခဏ
သာ ပျော်မွေ့ခြင်းငှါ အလိုရှိကြ၏။
36"သို့သော်လည်း၊ ယောဟန်၏သက်သေ
ထက်သာ၍ ကြီးသောသက်သေသည် ငါ၌ရှိ၏။
ငါပြုလုပ်ခြင်းငှါ ခမည်းတော်က ပေးတော်မူ
သောအမှုကို ငါပြုလုပ်၏။ ထိုနောက် ငါပြုလုပ်
နေသောအမှုတို့သည် ငါ၏သက်သေဖြစ်၏။
ခမည်းတော်သည် ငါ့အား စေလွှတ်တော်မူ
ကြောင်းကို ဤအမှုတို့သည် ဖော်ပြလျက်သက်
သေခံကြ၏။ 37ငါ့ကို စေလွှတ်သောခမည်း
တော်သည် သူကိုယ်တိုင် ငါ့အကြောင်းကို
သက်သေခံတော်မူ၏။ သို့သော်လည်း၊ သင်တို့
သည် သူ၏စကားသံကို ဘယ်တော့အခါမျှ
မကြားရကြ။ သဏ္ဍာန်တော်မည်သို့ ရှိသည်ကို
လည်း မမြင်ရကြ။ 38ခမည်းတော်၏သွန်သင်
ခြင်းသည်လည်း၊ သင်တို့၌ မတည်သင်တို့သည်
ခမည်းတော် စေလွှတ်တော်မူ သောသူကို
မယုံကြည်ကြသောကြောင့်ဖြစ်၏။
39သင်တို့သည် ကျမ်းစာကို သတိထားစွာလေ့
လာကြ၏။ ထိုကျမ်းစာသည် သင်တို့အား ထာ
ဝရအသက်ကို ပေးမည်ဟု သင်တို့ထင်ကြ၏။
ထိုကျမ်းစာသည်ပင် ငါ၏အကြောင်းကို သက်
သေခံ၏။ 40သို့ရာတွင် သင်တို့သည် သင်တို့လို
ချင်သော ထိုထာဝရအသက်ကို ရအောင် ငါ့
ထံသို့ လာခြင်းငှါ အလိုမရှိကြ။
41"လူပေးသော ဘုန်းအသရေကို ငါအလို
မရှိ။ 42သို့သော်လည်း၊ ဘုရားသခင်၏ချစ်ခြင်း
မေတ္တာသည် သင်တို့၌ မရှိသည်ကို ငါသိ၏။
43ငါသည် ငါ့ခမည်းတော်ထံမှ လာ၍၊ ငါသည်
သူ့အကြောင်းကိုသက်သေခံ၏။ သို့သော်လည်း
သင်တို့သည် ငါ့ကို လက်မခံကြ။ သို့ရာတွင်
အခြားသောသူသည် မိမိအခွင့်အာဏာနှင့်
ရောက်လာလျှင်၊ ထိုသူအား သင်တို့သည်
လက်ခံကြလိမ့်မည်။ 44သင်တို့သည် အချင်း
ချင်းပေးသောဘုန်းအသရေကိုသာ အလိုရှိကြ
၏။ သို့သော်လည်း၊ သင်တို့သည် အဘယ်အခါ
မျှ ဘုရားသခင်ထံမှ လာသောဘုန်းအသရေ
ကို အလိုမရှိကြ။ သို့ဖြစ်၍သင်တို့သည် အဘယ်
သို့ ယုံကြည်နိုင်ကြမည်နည်း။ 45ငါသည် ငါ၏ခ
မည်းတော်ရှေ့မှာ ရပ်၍ သင်တို့အား အပြစ်
တင်မည်ဟု မထင်ကြနှင့်။ သင်တို့ကို အပြစ်
တင်သောသူမှာ မောရှေပင်ဖြစ်၏။ ထို့နောက်
ထိုသူသည် သင်တို့ကိုးစားသောသူဖြစ်၏။
46သင်တို့သည် မောရှေကို အမှန်ယုံကြည်ကြ
လျှင်၊ ငါ့ကိုလည်း ယုံကြည်ကြမည်ဖြစ်၏။ အ
ကြောင်းမူကား မောရှေသည် ငါ၏အကြောင်း
ကို ရေးထား၏။ 47သို့ရာတွင် သင်တို့သည်
မောရှေရေးထားသောစာကို မယုံကြည်ကြ။
ထို့ကြောင့် ငါပြောသောစကားကို သင်တို့
သည် မယုံကြည်နိုင်ကြ" ဟုမိန့်တော်မူ၏။

## ယေရှုသည် လူငါးထောင်ကျော်တို့အား ကျွေးမွေးတော်မူခြင်း

*(မ၊ 14:13-21; မာ၊ 6:30-44; လု၊ 9:10-17)*

6 ထိုနောက် ယေရှုသည် ဂါလိလဲအိုင်
(တိဗေရိအိုင်)ကို ကူးတော်မူ၏။ 2များစွာ
သောလူတို့သည် ယေရှုနောက်တော်သို့ လိုက်
ကြ၏။ ထိုသူတို့သည် သူ၏နောက်တော်သို့
လိုက်ကြရခြင်း အကြောင်းမှာ အနာရောဂါစွဲ

သော သူတို့၌ ပြုတော်မူသောနိမိတ်လက္ခဏာ
တို့ကို မြင်ကြသောကြောင့်ဖြစ်၏။ [3]ယေရှု
သည် တောင်ပေါ်သို့ တက်၍ တပည့်တော်တို့
နှင့်အတူ ထိုင်တော်မူ၏။ [4]ထိုအချိန်သည် ယုဒ
လူတို့၏ပသခါ*ပွဲခံချိန် ရောက်လုနီးပြီဖြစ်၏။
[5]ယေရှုသည် မျှော်ကြည့်၍ လူများစွာတို့
သည် သူ့ထံတော်သို့လာကြသည်ကို မြင်တော်
မူသောအခါ ဖိလိပ္ပုအား၊ "ဤလူအားလုံးတို့ကို
ကျွေးရန်အတွက် လုံလောက်သောစားစရာ
မုန့်ကို အဘယ်မှာ ဝယ်နိုင်ပါမည်နည်း" ဟုမေး
တော်မူ၏။ [6](ယေရှုသည် ဖိလိပ္ပုအား ဤသို့
မေးရခြင်းမှာ သူ့ကိုစုံစမ်းခြင်းငှါသာ မေးတော်
မူခြင်းဖြစ်၏။ သူမည်သို့ ပြုမည်ကို ယေရှုသိခဲ့
ပြီးဖြစ်၏။)
[7]ဖိလိပ္ပုကလည်း၊ "ဤသူတို့သည်မုန့်တပဲ့စီရ
အောင်၊ အကျွန်ုပ်တို့အားလုံးတို့၏တစ်လလုပ်
အားခဖြင့် ဝယ်ရပါလိမ့်မည်" ဟုလျှောက်၏။
[8]ရှိမုန်ပေတရု၏ညီ အန္ဒြေအမည်ရှိသော
ယေရှု၏တပည့်တော်က၊ [9]"ဤနေရာ၌ မုယော
မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ပါသောသူငယ်တစ်
ယောက်ရှိ၏။ သို့ရာတွင် ဤမျှလောက်များ
စွာသောလူတို့အတွက် လောက်မည်မဟုတ်"
ဟုလျှောက်၏။
[10]ယေရှုကလည်း၊ "လူတို့အားထိုင်ကြစေ"
ဟုမိန့်တော်မူ၏။ ထိုအရပ်သည် မြက်ပင်အလွန်
ထူပြောသောနေရာဖြစ်၏။ အရေအတွက်
အားဖြင့် ငါးထောင်မျှသောလူယောက်ျားတို့
သည် ထိုင်ကြ၏။ [11]ထို့နောက် ယေရှုသည်
မုန့်ကို ယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ
ထိုင်နေကြ သောလူတို့အား ဝေငှစေ၏။ သူ
သည် ငါးကိုလည်း ထိုနည်းတူပြု၏။ ယေရှု
သည် လူတို့အား လိုချင်သမျှ ဝေငှကြရန်
ပေးတော်မူ၏။

[12]လူအပေါင်းတို့သည် ဝစွာစားရကြ၏။ သူ
တို့သည် စားသောက်ပြီးသောအခါ ယေရှုသည်
တပည့်တော်တို့အား၊ "မစားရသေးဘဲ ကျန်
ကြွင်းသောငါးနှင့်မုန့်အကျိုးအပဲ့တို့ကို ကောက်
သိမ်းကြ။ အလေအလွင့်ကလေးမျှ မရှိစေကြ
နှင့်" ဟုမိန့်တော်မူ၏။ [13]ထိုကြောင့် တပည့်
တော်တို့သည် လူတို့စားပြီးမှ မုယောမုန့်ငါးလုံး
တို့၏အကြွင်းအကျန်တို့ကို ကောက်သိမ်းကြ၍
တစ်ဆယ့်နှစ်တောင်း အပြည့်ကောက်ရကြ၏။
[14]လူတို့သည် ယေရှုပြုတော်မူသော နိမိတ်
လက္ခဏာတို့ကို မြင်ကြ၏။ လူတို့က "အမှန်
စင်စစ်၊ သူသည် ဤလောကသို့ ကြွလာမည့်
ပရောဖက်ဖြစ်မည်" ဟုဆိုကြ၏။
[15]ထိုလူတို့သည် ကိုယ်တော်ကို အရှင်ဘုရင်
အရာ၌ ခန့်ရန် အလိုရှိကြသဖြင့် လာ၍ အနိုင်
အထက် ပြုကြမည် အကြောင်းကို ယေရှုသိ
တော်မူ၏။ ထိုကြောင့် ယေရှုသည် ထိုသူတို့ထံ
မှ ခွာ၍ တောင်ပေါ်သို့ တစ်ကိုယ်တည်း ကြွ
တော်မူ၏။

## ယေရှုသည် ရေပေါ်၌ လမ်း လျှောက်တော်မူခြင်း

*(မ၊ 14:22-27; မာ၊ 6:45-52)*

[16]ညအချိန်ရောက်သောအခါ တပည့်တော်
တို့သည် ဂါလိလဲအိုင်သို့ သွားကြ၏။ [17]ထိုအ
ချိန်၌ မှောင်စပြုပြီးဖြစ်၏။ ယေရှုသည် သူတို့
ရှိရာသို့ ပြန်ရောက်မလာသေး။ တပည့်တော်
တို့သည် ကပေရနောင်မြို့သို့ သွားရန် လှေထဲ
သို့ ဝင်၍အိုင်ကို စကူးကြသည်။ [18]လေသည်
အလွန်ပြင်းစွာ တိုက်သောကြောင့် အိုင်၌ လှိုင်း
တံပိုးသည် ပို၍ပို၍ ကြီးလာ၏။ [19]သူတို့သည်
လှေကိုသုံးလေးမိုင်ခန့် လှော်ခတ်ကြပြီးနောက်
ယေရှုသည် ရေပေါ်မှာ လမ်းလျှောက်၍ လှေ
အနီးသို့ ချဉ်းကပ်တော်မူသည်ကို သူတို့သည်
မြင်၍ အလွန်ကြောက်ရွံ့ကြ၏။ [20]သို့သော်
လည်း၊ ယေရှုက သူတို့အား၊ "မကြောက်လန့်
ကြနှင့်။ ငါပင်ဖြစ်သည်" ဟုမိန့်တော်မူ၏။
[21]ယေရှုသည် ထိုသို့မိန့်တော်မူပြီးနောက် တ

---

**ပသခါ** ယုဒလူမျိုးတို့၏အရေးကြီးသောသန့်ရှင်းသော
ရက်၊ မောရှေခေတ်တုံးမှာ ဘုရားသခင်က အဲဂုတ္တုပြည်၌
ကျွန်ဘဝမှ လွတ်မြောက်စေခြင်းကို သတိရသောအား
ဖြင့် နှစ်တိုင်းဒီနေ့မှာ ယုဒလူမျိုးများသည် အထူးအစာကို
စားသုံးလျက်ရှိ ကြသည်။

ပည့်တော်တို့သည် ယေရှုအား လှေပေါ်သို့
တက်ရန် ဝမ်းမြောက်စွာလက်ခံကြ၏။ လှေ
သည် သူတို့သွား လိုသောအရပ်သို့ တခဏ
ခြင်းတွင်ဆိုက်လေ၏။

## လူတို့သည် ယေရှုကို ရှာကြ၏

22နောက်တစ်နေ့၌ အချို့သောလူတို့သည်
အိုင်တစ်ဘက်၌ ကျန်နေကြ၏။ ယေရှုသည်
တပည့်တော်တို့နှင့်အတူ လှေစီး၍ မသွားဘဲ
တပည့်တော်တို့သာ သွားသည်ကို သူတို့သိကြ
၏။ ထိုနေရာ၌ လှေတစ်စင်းသာရှိသည်ကို
လည်း၊ သူတို့သိကြ၏။ 23သို့သော်လည်း၊ အချို့
သောလှေများသည် တိဗေရိမြို့မှ လာကြ၏။
ထိုလှေများသည် မနေ့က သခင်ဘုရားသည်
ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ လူများသည်၊
မုန့်ကို စားကြရာအရပ်အနီး၌ဆိုက်၏။ 24ယေရှု
နှင့် တပည့်တော်တို့သည် ထိုနေရာ၌ မရှိကြ
သည်ကို လူတို့သိကြ၏။ ထိုကြောင့် လူတို့သည်
လှေကို စီး၍ ယေရှုကို ရှာခြင်းငှါ ကပေရနောင်
မြို့သို့ သွားကြ၏။

## ယေရှုသည် အသက်မုန့်ဖြစ်၏

25လူတို့သည် ယေရှုကို အိုင်တစ်ဘက်၌
တွေ့သောအခါ သူတို့က၊ "အရှင်ဘုရား၊ အ
ဘယ်သောအခါ၌ ဤအရပ်သို့ ကြွတော်မူသ
နည်းဟု မေးလျှောက်ကြ၏။ 26ယေရှုကလည်း၊
"သင်တို့သည် ငါ့ကို အဘယ်ကြောင့် လာ၍
ရှာကြသနည်း။ သင်တို့သည် ငါ၏တန်ခိုးကို
သက်သေဖြစ်စေသော ငါပြုသည့် နိမိတ်လ
က္ခဏာများကို မြင်သောကြောင့် ငါ့ကို ရှာကြ
သည်မဟုတ်။ ငါအမှန်ဆိုသည်ကား၊ သင်တို့
သည် မုန့်ကိုစား၍ ဝကြသောကြောင့်သာ ငါ့
ကို ရှာကြ၏။ 27လောက အစားအစာသည်
ပျက်စီးတတ်သောကြောင့် ရရှိရန် မကြိုးစား
ကြနှင့်။ သို့သော်လည်း၊ မပျက်စီးတတ်သော
ထာဝရအသက်ကိုပေးသော ကောင်းကင်အ
စားအစာကို ရရှိရန်ကြိုးစားကြလော့။ လူသား
သည် ထိုအစာကို သင်တို့အား ပေးတော်မူ
လိမ့်မည်။ ခမည်းတော်ဘုရားသခင်သည် လူ
သားနှင့် အတူရှိတော်မူသည်ကို အကျွန်ုပ်တို့
အား ပြတော်မူ၏။"

28လူတို့သည် ယေရှုအား၊ ဘုရားသခင်
သည် အကျွန်ုပ်တို့အား မည်သို့သောအကျင့်
မျိုးကို ကျင့်စေလိုပါသနည်း" ဟုမေးလျှောက်
ကြ၏။ 29ယေရှုကလည်း၊ "ဘုရားသခင်က
သင့်တို့အား ကျင့်စေလိုသောအရာမှာ သူစေ
လွှတ်တော်မူသောသူကို ယုံကြည်ရန်ဖြစ်သည်"
ဟုမိန့်တော်မူ၏။

30ထိုကြောင့် လူတို့က၊ "ကိုယ်တော်သည်
အမှန်စင်စစ် ဘုရားသခင်စေလွှတ်တော်မူ
သောသူဖြစ်ကြောင်းကို အဘယ်သို့သောနိမိတ်
လက္ခဏာအားဖြင့် သက်သေထူမည်နည်း။ ထို
နိမိတ်လက္ခဏာများကို အကျွန်ုပ်တို့သည် မြင်
လျှင်ယုံကြည်ပါမည်။ ကိုယ်တော်သည်အဘယ်
အမှုကို ပြုတော်မူမည်နည်း။ 31ငါတို့ဘိုးဘေး
များသည် တော၌ မန္နကိုစားကြ၏။ 'ဘုရား
သခင်သည် ထိုသူတို့စားစရာဖို့ ကောင်းကင်မှ
မုန့်ကို ပေးတော်မူ၏'* ဟုကျမ်းစာ၌ ရေးသား
ထားသည်" ဟုဆိုကြ၏။

32ယေရှုကလည်း၊ "ငါအမှန်ဆိုသည်ကား၊
သင်တို့၏ဘိုးဘေးတို့အား ကောင်းကင်မှ မန္နကို
မုန့်ပေးသောသူသည်မောရှေမဟုတ်။ သို့သော်
လည်း ငါ့ခမည်းတော်သည် ကောင်းကင်မှ စစ်
မှန်သောမုန့်ကို သင်တို့အား ပေးတော်မူ၏။
33ဘုရားသခင်၏မုန့်ဆိုသည်မှာ အဘယ်အရာ
နည်း။ ဘုရားသခင်၏မုန့်ဆိုသည်မှာ ကောင်း
ကင်မှ ဆင်းသက်၍ လောကီသားတို့အား အ
သက်ကို ပေးသောသူပင် ဖြစ်၏" ဟုမိန့်တော်
မူ၏။ 34လူတို့က "သခင်၊ ထိုမုန့်ကို အကျွန်ုပ်တို့
အား အစဉ်မပြတ် ပေးတော်မူပါ" ဟုလျှောက်
ကြ၏။

35ထိုနောက် ယေရှုကလည်း၊ "ငါသည် အ
သက်ကို ပေးသောမုန့် ဖြစ်၏။ ငါ့ထံသို့ လာ
သောသူသည် ဘယ်သောအခါမျှ ဆာမွတ်ခြင်း
ခံရလိမ့်မည်မဟုတ်။ ငါ့ကို ယုံကြည်သော သူ

* **'ဘုရားသခင်သည် ... ပေးတော်မူ၏'** ဆာလံ 78:24

သည် ဘယ်သောအခါမှ ရေငတ်ခြင်းကို ခံရ
လိမ့်မည်မဟုတ်။ 36သင်တို့သည် ငါ့ကို မြင်
လျက်ပင် မယုံကြည်ကြဟု ငါပြောဆိုခဲ့ပြီ။
37ခမည်းတော်က ငါ့အား ပေးတော်မူသော
လူအပေါင်းတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။
ငါ့ထံသို့လာသောသူရှိသမျှတို့ကိုလည်း အစဉ်
မပြတ် ငါလက်ခံမည်။ 38ငါသည် ကိုယ်အလိုကို
ပြုခြင်းငှါ ကောင်းကင်မှ ဆင်းသက်သည်
မဟုတ်။သို့ရာတွင်ငါ့ကို စေလွှတ်တော်မူသော
သူ၏အလိုတော်ကို ပြုခြင်းငှါ ဆင်းသက်၏။
39ဘုရားသခင်သည် ငါ့အား ပေးသောသူ တစ်
စုံတစ်ယောက်ကိုမျှ ငါမပျောက်စေရ။ နောက်
ဆုံးသောနေ့၌ ထိုသူအပေါင်းတို့ကို ထမြောက်
စေတော်မူမည်။ ဤအရာမှာ ငါ့ကို စေလွှတ်
တော်မူသောသူသည် ငါ့အား လုပ်စေလိုသော
အရာ ဖြစ်၏။ 40သားတော်ကို ကြည့်မြင်၍
ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအ
သက်ကိုရ၏။ ငါသည် နောက်ဆုံးသောနေ့၌
ထိုသူအား ထမြောက်စေမည်။ ဤအရာသည်
ငါ့ခမည်းတော်၏အလိုတော်ဖြစ်၏။”

41ယေရှုက “ငါသည် ကောင်းကင်မှ ဆင်း
သက်သောမုန့်ဖြစ်၏” ဟုဆိုသောကြောင့် ယုဒ
လူတို့သည် ယေရှုအား ကဲ့ရဲ့ပြစ်တင်လျက် ဆို
ကြ၏။ 42ယုဒလူတို့က၊ “ဤသူသည် ယောသပ်
သား ယေရှုဖြစ်သည် မဟုတ်လော့။ သူ၏မိဘ
တို့ကို ငါတို့သိသည်မဟုတ်လော့။ ယေရှု သည်
ယောသပ်၏သားဖြစ်၏။ ငါသည် ကောင်းကင်
မှ ဆင်းသက်၏ ဟူ၍ သူသည် အဘယ်သို့ဆို
နိုင်ပါသနည်း’” ဟုဆိုကြ၏။

43သို့သော်လည်း ယေရှုက “အချင်းချင်း
ကဲ့ရဲ့ပြစ်တင်ခြင်းကိုရပ်လော့။ 44ငါ့ကို စေလွှတ်
သော ခမည်းတော်သည် ငါ့ထံသို့ ပို့ဆောင်
တော်မမူလျှင် အဘယ်သူမျှ ငါ့ထံသို့မလာနိုင်။
ထို့နောက် ငါသည် နောက်ဆုံးသောနေ့၌ သူ
ကို ထမြောက်စေမည်။ 45အနာဂတ္တိကျမ်း၌
ရေးသားထားသည်မှာ ‘ဘုရားသခင်သည် လူ
အပေါင်းတို့ကို ဆုံးမသွန်သင်တော်မူမည်။’*
ငါ့ကို စေလွှတ်သော ခမည်းတော်၏ စကားကို
နားထောင်၍ သူထံ၌ နည်းခံသောသူတို့သည်
ငါ့ထံသို့ လာကြ၏။ 46တစ်စုံတစ်ယောက်သည်
ခမည်းတော်ကို မြင်ခဲ့ပြီဟု ငါမဆိုလို။ ခမည်း
တော်ကိုမြင်သောသူမှာ ဘုရားသခင်ထံတော်
မှ လာသောသူတစ်ပါးတည်းသာရှိ၏။ ထိုသူ
သည် ခမည်းတော်ကို မြင်ခဲ့ပြီ။ 47ငါအမှန်ဆို
သည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ထာ
ဝရအသက်ကိုရ၏။ 48ငါသည် အသက်ကို ပေး
သောမုန့်ဖြစ်၏။ 49သင်တို့ဘိုးဘေးများတို့သည်
တော၌ ဘုရားသခင်ပေးသောမန္နကို စားကြ
၏။ သို့သော်လည်း သူတို့သည် လူအပေါင်း
တို့နည်းတူသေကြ၏။ 50ငါသည် ကောင်းကင်မှ
လာသောမုန့်ဖြစ်၏။ ဤမုန့်ကို စားသောသူ
သည်သေခြင်းနှင့်အစဉ်ကင်းလွတ်၏။ 51ငါသည်
ကောင်းကင်မှ လာသောအသက်မုန့် ဖြစ်၏။
ဤမုန့်ကို စားသောသူသည် ထာဝရအသက်
ရှင်လိမ့်မည်။ ဤမုန့်ကား ငါ၏ကိုယ်ခန္ဓာဖြစ်
၏။ ဤလောက၌ ရှိသောလူတို့သည် အသက်
ကို ရစေခြင်းငှါ ငါ၏ကိုယ်ခန္ဓာကို ပေး၏”
ဟုမိန့်တော်မူ၏။

52ထိုအခါ ယုဒလူတို့သည် အချင်းချင်း ငြင်း
ခုံကြ၏။ သူတို့က “ဤသူသည် မိမိအသားကို
ငါတို့အားစားစရာဖို့ အဘယ်သို့ ပေးနိုင်မည်
နည်း” ဟုဆိုကြ၏။

53ယေရှုက “ငါအမှန်ဆိုသည်မှာ သင်တို့
သည် လူသား၏အသားကို စားရ၍ သူ၏အ
သွေးကို သောက်ရကြမည်။ သင်တို့သည် ထို
သို့မပြုကြလျှင် သင်တို့သည် စစ်မှန်သောအ
သက်ကို သင်တို့၌ ရှိကြလိမ့်မည်မဟုတ်။ 54ငါ့
အသားကို စား၍ ငါ့အသွေးကို သောက်သော
သူသည် ထာဝရအသက်ကိုရ၏။ နောက်ဆုံး
သောနေ့၌ ထိုသူကို ငါထမြောက်စေမည်။ 55ငါ့
အသားသည် စစ်မှန်သောအစာ ဖြစ်၏။ ငါ့အ
သွေးသည် စစ်မှန်သော သောက်စရာဖြစ်၏။
56ငါ့အသားကို စား၍ငါ့အသွေးကို သောက်
သောသူသည် ငါ့အထဲ၌ အသက်ရှင်၏။ ငါ
သည်လည်း ထိုသူ၏အထဲ၌ အသက်ရှင်၏။

---

**‘ဘုရားသခင် … မူလိမ့်မည်’** ဟေရှာယ 54:13

57အသက်ရှင်တော်မူသော ခမည်းတော်သည်
ငါ့ကို စေလွှတ်တော်မူ၍ ငါသည် ခမည်းတော်
အားဖြင့် အသက်ရှင်တော်မူ၏။ ထို့ကြောင့်
ငါ၏အသားကိုစားသောသူသည်လည်း ငါ့အား
ဖြင့် အသက်ရှင်လိမ့်မည်။ 58ငါသည် တော၌
သင်တို့ဘိုးဘေးများ စားသောမုန့် နည်းတူမ
ဟုတ်။ သူတို့သည် ထိုမုန့်ကို စားကြ၏။ သို့
သော်လည်း၊ သူတို့သည် လူအပေါင်းတို့နည်း
တူသေကြ၏။ ငါသည် ကောင်းကင်မှ လာ
သောမုန့် ဖြစ်၏။ ဤမုန့်ကို စားသောသူသည်
အစဉ်မပြတ် အသက်ရှင်လိမ့်မည်။” 59ယေရှု
သည် ကပေရနောင်မြို့ တရားဇရပ်*၌ သြဝါဒ
ပေးတော်မူစဉ်တွင် ဤအကြောင်းအရာအလုံး
စုံတို့ကို မိန့်တော်မူ၏။

## တပည့်တော်အများတို့သည် ယေရှု ထံတော်မှ ဆုတ်ခွာသွားကြ၏

60ယေရှုနောက်ကို လိုက်သောသူများစွာ
တို့သည် ဤအကြောင်းကို ကြားကြ၏။ တပည့်
တော်အများတို့က “ဤစကားသည် လက်ခံရန်
အလွန်ခက်လှ၏။ ဤစကားကို မည်သူလက်ခံ
နိုင်မည်နည်း” ဟုဆိုကြ၏။
61တပည့်တော်အများတို့က ဤတရားစ
ကားအကြောင်းကို ကဲ့ရဲ့အပြစ်တင်ကြသည်ကို
ယေရှုသိမြင်သောကြောင့် ယေရှုက၊ “ဤသြဝါ
ဒပေးခြင်းကြောင့် သင်တို့စိတ်ပျက်ကြပါသ
လော။ 62သို့ဖြစ်လျှင်၊ လူသားသည် အရင်နေ
ရာအရပ်သို့ တစ်ဖန် ပြန်သွားသည်ကို သင်တို့
မြင်သောအခါ၊ အဘယ်သို့ ဖြစ်ကြမည်နည်း။
63လူတစ်ဦး၏အသက်ကို ပေးသောအရာမှာ
ကိုယ်ကာယမဟုတ်။ ထိုအရာမှာ ဝိညာဉ်ပင်
ဖြစ်၏။ သင်တို့အား ငါပြောသောအရာသည်
ဝိညာဉ်ဖြစ်၏။ ဤအရာများသည် အသက်ကို
ပေး၏။ 64သို့သော်လည်း၊ သင်တို့တွင် အချို့
တို့သည် မယုံကြည်ကြ။” ဤအရာသည် အစအ
ဦး၌ပင် မယုံကြည်သောလူတို့နှင့် ဆန့်ကျင်
လာမည့်သူရှိသည်ကို ယေရှုသိတော်မူ၏။
65“ယေရှုကလည်း၊ ထို့ကြောင့် ငါဆိုသည်မှာ
‘ငါ၏ခမည်းတော်သည် ငါ့ထံသို့ မသယ်ဆောင်
လျှင် အဘယ်သူမျှ ငါ့ထံသို့မလာနိုင်”’ ဟုမိန့်
တော်မူ၏။
66ယေရှုသည် ဤအကြောင်းအရာတို့ကို
မိန့်တော်မူပြီးနောက်၊ တပည့်တော်အများတို့
သည် ကိုယ်တော်ထံမှ ဆုတ်သွားကြ၏။ သူတို့
သည် ယေရှုနောက်တော်ကို လိုက်ခြင်းမှ ရပ်
သွားကြ၏။
67ယေရှုသည် တမန်တော်တစ်ဆယ့်နှစ်ပါး
တို့အား၊ “သင်တို့သည်လည်း ထွက်သွားခြင်း
ငှါ အလိုရှိကြသလော” ဟုမေးတော်မူ၏။
68ရှိမုန်ပေတရုကလည်း၊ ယေရှုအား၊
“သခင်၊ အကျွန်ုပ်တို့သည် အဘယ်အရပ်သို့
သွားကြပါမည်နည်း။ ထာဝရအသက်နှင့် ယှဉ်
သောစကားသည် ကိုယ်တော်၌ရှိ၏။ 69ကိုယ်
တော်အား၊ အကျွန်ုပ်တို့ ယုံကြည်ကြ၏။ ကိုယ်
တော်သည် ဘုရားသခင်၏သန့်ရှင်းသောသူ
ဖြစ်သည်ကို အကျွန်ုပ်တို့ သိကြပါ၏” ဟု
လျှောက်လေ၏။ 70ထို့နောက် ယေရှုကလည်း၊
“ငါသည် သင်တို့တစ်ဆယ့်နှစ်ပါးတို့ကို ရွေး
ကောက်၏။ သို့သော်လည်း သင်တို့ထဲမှ တစ်
ပါးသောသူသည် နတ်ဆိုးဖြစ်သည်” ဟုမိန့်
တော်မူ၏။
71ယေရှုသည် ရှိမုန်၏သား ယုဒရှကာရုတ်
အား ဆိုလို၏။ ယုဒသည် တမန်တော်တစ်
ဆယ့်နှစ်ပါးတို့တွင် တစ်ပါးအဝင် ဖြစ်၏။ သို့ရာ
တွင် နောက်ပိုင်း၌ ယုဒသည် ယေရှုအား
အပ်နှံမည့်သူ ဖြစ်လာ၏။

## ယေရှုနှင့် မိမိညီအစ်ကိုများ

7 ထိုနောက်မှ ယေရှုသည် ဂါလိလဲပြည် တစ်
လျှောက်၌ လှည့်လည်၏။ ယေရှုသည်
ယုဒပြည်သို့ ခရီးသွားခြင်းငှာ အလိုတော်မရှိ။
အကြောင်းမူကား ယုဒလူတို့သည် သူ့ကိုသတ်

---

**တရားဇရပ်(များ)** တရားဇရပ်များသည် ယုဒလူမျိုးများ ဆုတောင်းသော နေရာများ။ ကျမ်းစာများ လေ့လာသင်ကြားခြင်းနှင့် အခြားပရိတ်သတ် တွေ့ဆုံစည်းဝေးသော နေရာများ ဖြစ်သည်။

ခြင်းငှာ ရှာကြ၏။ 2ထိုအချိန်သည် ယုဒလူတို့၏
သကေနေပွဲ* ခံခါနီးဖြစ်၏။ 3ထို့ကြောင့် ယေရှု
၏ညီတော်တို့က၊ “သင်သည် ဤအရပ်မှ ထွက်
၍ ယုဒပြည်သို့ ကြွပါ။ သို့မှသာ သင်၏တပည့်
တော်များတို့သည် ထိုနေရာ၌ သင်ပြုသော
အံ့သြဖွယ်အမှုတို့ကို မြင်နိုင်ကြလိမ့်မည်။ 4လူ
တစ်ဦးသည် လူသိရှင်ကြား ဖြစ်လိုလျှင် ထိုသူ
သည် သူပြုသောအမှုတို့ကို မဖုံးကွယ်ရ။ ဤ
လောက၌ ကိုယ်ကိုထင်ရှားစွာ ပြပါ။ သင်ပြု
သောအမှုအရာများတို့ကို သူတို့အားကြည့်မြင်
စေပါ” ဟုဆိုကြ၏။ 5ယေရှု၏ညီတော်များပင်
လျှင် သူ့အား မယုံကြည်နိုင်ကြပါ။ 6ယေရှုက
လည်း၊ မိမိညီတော်များတို့အား “ငါ၏အချိန်
သည် မရောက်သေး။ သို့သော်လည်း၊ သင်တို့
အတွက် သွားရန် အချိန်အခါတိုင်းသည် သင့်
လျော်၏။ 7လောကီသားတို့သည် သင်တို့ကို
မမုန်းနိုင်။ သို့ရာတွင် လောကီသားတို့သည်
ငါ့ကို မုန်းကြ၏။ အကြောင်းမူကား ငါသည်
သူတို့၏ဆိုးညစ်သော အကျင့်များကို ဖော်ပြ
၏။ 8ထို့ကြောင့် ထိုပွဲသို့ သင်တို့သွားကြလော့။
ထိုပွဲသို့ ယခုငါမသွားသေး။ ငါ့အချိန်သည်
မရောက်သေး” ဟုမိန့်တော်မူ၏။ 9ယေရှုသည်
ထိုသို့ မိန့်တော်မူပြီးနောက်၊ သူသည် ဂါလိလဲ
ပြည်၌ နေတော်မူ၏။ 10ထို့ကြောင့် ယေရှု၏
ညီတော်တို့သည် ပွဲသို့သွားကြ၏။ သူတို့သွား
ပြီးနောက် ယေရှုသည်လည်း ထိုပွဲသို့ မထင်မ
ရှားကြွတော်မူ၏။ 11ထိုပွဲခံချိန်၌ ယုဒလူတို့
သည် ယေရှုကို ရှာကြ၏။ ယုဒလူတို့က “ထို
သူသည် အဘယ်မှာ ရှိသနည်း” ဟုမေး
မြန်းကြ၏။

12ထိုအရပ်၌ လူအစုအဝေးကြီးတစ်ခု ရှိ၏။
ထိုလူတို့သည် ယေရှုအကြောင်းကို အချင်းချင်း
လျှို့ဝှက်စွာ မေးမြန်းပြောဆိုကြ၏။ လူတချို့တို့
က “သူသည် သူတော်ကောင်းဖြစ်သည်” ဟုဆို
ကြ၏။ သို့သော်လည်း အချို့တို့က “သူသည်
သူတော်ကောင်းမဟုတ်။ သူသည် လူများကို
လှည့်ဖြားသောသူဖြစ်၏” ဟုဆိုကြ၏။ 13သို့
သော်လည်း လူတို့သည် ယုဒခေါင်းဆောင်တို့
ကို ကြောက်သောကြောင့် ယေရှုအကြောင်းကို
မည်သူမျှ အတိအလင်း မပြောဝံ့ကြ။

## ယေရှုသည် ယေရုရှလင်မြို့၌ သွန်သင်တော်မူခြင်း

14သကေနေပွဲသည် တစ်ဝက်ကျိုးပြီ ဖြစ်၏။
ထိုနောက် ယေရှုသည် ဗိမာန်တော်သို့ သွား၍
ဆုံးမသွန်သင်လေ၏။ 15ယုဒလူတို့သည် အလွန်
အံ့သြကြ၏။ သူတို့က၊ “ဤသူသည် ကျောင်း၌
စာမသင်ခဲ့ပါ။ သူသည် အဘယ်သို့သောအား
ဖြင့် ဤမျှလောက် တတ်ကျွမ်းပါနည်း” ဟုဆို
ကြ၏။

16ယေရှုကလည်း “ငါဟောသော ဒေသနာ
သည် ငါ၏ဒေသနာမဟုတ်။ ငါ့ကို စေလွှတ်
တော်မူသော သူထံမှ လာ၏။ 17ဘုရားသခင်
၏အလိုတော်သို့ လိုက်ချင်သောသူသည်၊ ငါ
ဟောသောဒေသနာသည် ဘုရားသခင်ထံ
တော်မှ ဒေသနာဖြစ်သလော သို့မဟုတ် ငါ
သည် ကိုယ်အလိုအလျောက် ဟောပြောသ
လော ဟုပိုင်းခြား၍ သိလိမ့်မည်။ 18မည်သူမ
ဆို ကိုယ်အလိုအလျောက် ဟောပြောသောသူ
သည် မိမိဘုန်းအသရေကို ရှာတတ်၏။ သို့
သော်လည်း၊ မိမိကို စေလွှတ်တော်မူသောသူ
၏ဘုန်းအသရေကို ရှာသောသူသည် သမ္မာတ
ရားကို ဟောတော်မူ၏။ ထိုသူ၌ မှားယွင်းခြင်း
အလျှင်းမရှိ။ 19မောရှေသည် ပညတ်တရားကို
သင်တို့အား ပေး၏။ သို့သော်လည်း ထိုတရား
ကို နာခံသောသူ၊ တစ်စုံတစ်ယောက်မျှ သင်
တို့တွင်မရှိ။သင်တို့သည်ငါ့ကိုသတ်ဖို့ရန်အဘယ်
ကြောင့်ကြိုးစားကြသနည်း” ဟုမိန့်တော်မူ၏။
20လူတို့က၊ “နတ်ဆိုးသည် သင့်အထဲသို့
ဝင်၍ သင့်အား ရူးသွပ်စေပြီ။ သင့်ကို အဘယ်
သူက သတ်ဖို့ရန် ကြိုးစားသနည်း” ဟုဆိုကြ၏။

---

**သကေနေပွဲ** ယုဒလူမျိုးတို့သည် တောထဲမှာ နေတုန်းက သူတို့၏လူများသည် မောရှေခေတ်တုန်းက အနှစ်40 သဲကန္တာရမှာ ဦးတည်ရာမရှိ ဖြစ်ခဲ့သည်ကို သတိရသောအားဖြင့် နှစ်တိုင်းတစ်ပတ်ကျင်းပသော အထူးပွဲတော်ဖြစ်သည်။

21ယေရှုက သူတို့အား၊ “ငါသည် နိမိတ်လက္ခဏာတစ်ခုကို ပြု၍ သင်တို့ရှိသမျှသည် အံ့သြခြင်းရှိကြ၏။ မောရှေသည် အရေဖျားလှီးခြင်းတရားကို သင်တို့အားပေး၏။ 22အမှန်စင်စစ် အရေဖျားလှီးခြင်းတရားသည် မောရှေထံမှ လာသည်မဟုတ်။ သို့ရာတွင် အရေဖျားလှီးခြင်း*သည် မောရှေမတိုင်မီ ငါတို့ဘိုးဘေးများတို့၌ ရှိခဲ့ပြီးဖြစ်၏။ ထို့ကြောင့် တစ်ခါတစ်ရံ သင်တို့သည် ကလေးတစ်ဦးအား အရေဖျားလှီးခြင်းကို ဥပုသ်နေ့၌ ပေးကြ၏။ 23မောရှေ၏ တရား မပျက်စီးစေခြင်းငှါ လူတစ်ယောက်သည် ဥပုသ်နေ့၌ အရေဖျားလှီးခြင်းကို ခံနိုင်ကြောင်းကို ဤအရာက ထင်ရှားစေ၏။ ထို့ကြောင့် ငါသည် ဥပုသ်နေ့၌ လူတစ်ကိုယ်လုံးကို ကျန်းမာစေသောကြောင့် သင်တို့သည် ငါ့ကို အဘယ်ကြောင့် အမျက်ထွက်ကြသနည်း။ 24ပြင်ပလက္ခဏာကို ကြည့်၍ စီရင်ခြင်းမပြုကြနှင့်။ အမှန်တရားအားဖြင့် စီရင်ကြလော့” ဟု မိန့်တော်မူ၏။

## ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို လူတို့သည် အံ့သြကြ၏

25ထိုအခါ ယေရုရှလင်မြို့၌ ရှိသောလူအချို့တို့က “သူတို့သတ်ဖို့ရန် ကြိုးစားသောသူသည် သူမဟုတ်လော့။ 26သို့သော်လည်း၊ သူသည် လူတိုင်းမြင်နိုင်၊ ကြားနိုင်သောနေရာ၌ ထင်ရှားစွာ ဟောပြောနေ၏။ သူ့အား ဟောပြောခြင်းမှ ရပ်တန့်စေခြင်းငှါ မည်သူကမျှ မတားမြစ်ကြပါ။ သူသည် အမှန်စင်စစ် ခရစ်တော် ဖြစ်သည်ဟု ခေါင်းဆောင်များတို့သည် ဆုံးဖြတ်နိုင်မည်လော။ 27သို့သော်လည်း၊ ဤသူသည် အဘယ်ကလာသည်ကို ငါတို့သိကြ၏။ စစ်မှန်သော ခရစ်တော်သည် ကြွလာသောအခါ သူသည်မည်သည့်အရပ်မှ လာသည်ကို မည်သူမျှမသိရ” ဟုဆိုကြ၏။ 28ယေရှုသည် ဗိမာန်တော်၌ ဆုံးမသြဝါဒပေးတော်မူလျက်ရှိ၏။ ယေရှုက၊ “မှန်ပါ၏။ သင်တို့သည် ငါ့ကို သိကြ၏။ ငါသည် အဘယ်အရပ်က လာသည်ကိုလည်း သင်တို့သိကြ၏။ သို့သော်လည်း၊ ငါသည် ကိုယ်အခွင့်အာဏာအားဖြင့် လာသည်မဟုတ်။ ငါသည် မှန်သောသူ၏စေလွှတ်တော်မူခြင်းကိုခံရ၏ ဟုကျယ်လောင်စွာ ပြောဆို၏။ သင်တို့သည် ထိုသူကို မသိကြ။ 29သို့သော်လည်း၊ ငါသည် သူ့ကိုသိ၏။ ငါသည် သူ့ထံမှ ဖြစ်၏။ သူသည် ငါ့အား စေလွှတ်တော်မူ၏” ဟုမိန့်တော်မူ၏။

30ယေရှုသည် ထိုသို့ မိန့်တော်မူသောအခါ၊ လူတို့သည် သူ့ကို ဖမ်းဆီးရန် ကြိုးစားကြ၏။ သို့သော်လည်း ယေရှုသည် အသေခံရန် အချိန်မစေ့မရောက်သေးသောကြောင့် အဘယ်သူမျှမဖမ်းမဆီးကြ။ 31သို့ရာတွင် လူအစုအဝေးထဲ၌ပါသောသူအများတို့သည် ယေရှုကို ယုံကြည်ကြ၏။ လူတို့က “ငါတို့သည် ခရစ်တော်ကြွလာမည်ကို စောင့်မျှော်လျက် နေကြ၏။ ခရစ်တော်ကြွလာသောအခါ၊ ဤသူပြုသောနိမိတ်လက္ခဏာတို့ ထက်သာ၍ များသောနိမိတ်လက္ခဏာတို့ကို ပြုတော်မူမည် မဟုတ်လော့” ဟုဆိုကြ၏။

## ယုဒလူတို့သည် ယေရှုကို ဖမ်းဆီးရန် ကြိုးစားကြ၏

32လူတို့သည် ယေရှုအကြောင်းကို ဤသို့ ပြောဆိုနေကြသည်ကို ဖာရိရှဲတို့က ကြားခဲ့ကြ၏။ ထို့ကြောင့် ဖာရိရှဲတို့နှင့် ယဇ်ပုရောဟိတ်အကြီးတို့သည် ယေရှုကို ဖမ်းဆီးရန် ဗိမာန်တော်စောင့် အချို့တို့ကို စေလွှတ်ကြ၏။ 33ထို့နောက် ယေရှုက၊ “ငါသည် သင်တို့နှင့်အတူ ခဏသာနေမည်။ ထို့နောက် ငါ့ကို စေလွှတ်တော်မူသော သူထံသို့ ငါပြန်သွားရလိမ့်မည်။ 34သင်တို့သည် ငါ့ကို ရှာကြလိမ့်မည်။ သို့သော်လည်း ရှာ၍မတွေ့ရကြ။ ငါရှိရာအရပ်၌ သင်တို့မလာနိုင်ကြ” ဟုမိန့်တော်မူ၏။

---

**အရေဖျားလှီးခြင်း** အရေဖျားကို လှီးခြင်း၊ ဤ အရာကို ယုဒယောကျ်ားကလေးတိုင်းက လုပ်ခဲ့သည်။ ၎င်းသည် ဘုရားသခင်က အာဗြဟံနှင့် ပြုတော်မူသော သဘောတူညီမှု အမှတ်အသားတခု ဖြစ်သည်။

35“ငါတို့သည် သူ့အား မတွေ့နိုင်မည်အ
ကြောင်း၊ ဤသူသည် အဘယ်အရပ်သို့ သွား
လိမ့်မည်နည်း။ သူသည် ငါတို့လူမျိုးတို့ ကွဲပြား
လျက်နေသော ဟေလသမြို့များသို့ သွား၍
ဟေလသလူတို့အား သွန်သင်လိမ့်မည်လော။
36ဤသူက ‘သင်တို့သည် ငါ့ကို ရှာကြလိမ့်မည်။
သို့သော်လည်း ရှာ၍ မတွေ့ရကြ။’ ‘ငါရှိရာအ
ရပ်၌ သင်တို့မလာနိုင်ကြ’ ဟုဆို၏။ ဤအရာ
သည် အဘယ်သို့ ဆိုလိုပါသနည်း” ဟုယုဒလူ
တို့သည် အချင်းချင်း ပြောဆိုကြ၏။

## ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော် အကြောင်းကို ပြောကြားတော်မူခြင်း

37သင်္ကေနေပွဲ နောက်ဆုံးပိုင်းသို့ ရောက်
လေပြီ။ ထိုအချိန်သည် အရေးအပါဆုံးသောနေ့
ဖြစ်၏။ ထိုနေ့၌ ယေရှုသည် ရပ်လျက် “ရေငတ်
သောသူရှိလျှင်၊ ငါ့ထံသို့ လာ၍ သောက်ပါ
စေ။ 38အသက်စမ်းရေသည် ငါ့ကို ယုံကြည်
သောသူ၏နှလုံးသားထဲမှ စီးထွက်လာလိမ့်
မည်။ ကျမ်းစာ၌ ထိုသို့ဆိုထားပါ၏” ဟုမိန့်
တော်မူ၏။ 39ယေရှုသည် ထိုသို့ မိန့်တော်မူရာ
၌ သန့်ရှင်းသောဝိညာဉ်တော်ကို ရည်မှတ်၍
ပြောဆိုခြင်းဖြစ်၏။ ထိုအချိန်၌ ဝိညာဉ်တော်
ကို လူတို့အား ပေးတော်မမူသေး။ အကြောင်း
မူကား၊ ယေရှုသည် ဘုန်းပွင့်တော် မမူသေး
သောကြောင့်ဖြစ်၏။ ဝိညာဉ်တော်ကို လူတို့
အား ပေးတော်မမူသေး။ သို့သော်လည်း၊
နောက်ပိုင်း၌ ယေရှုကို ယုံကြည်သောသူတို့
သည် ဝိညာဉ်တော်ကို ခံရကြမည် အကြောင်း
ဖြစ်၏။

## လူတို့သည် ယေရှုအကြောင်းကို အငြင်းအခုံပြုကြ၏

40ယေရှုမိန့်တော်မူသော စကားတော်ကို
လူတို့သည် ကြားရကြ၏။ အချို့သော လူတို့က၊
“ဤသူသည် ထိုပရောဖက်အမှန် ဖြစ်၏” ဟုဆို
ကြ၏။
41အခြားသော သူတို့က၊ “သူသည် ခရစ်
တော်ဖြစ်၏” ဟုဆိုကြ၏။ အချို့တို့ကလည်း၊
“မဖြစ်နိုင်ပါ။ အကြောင်းမူကား၊ ခရစ်တော်
သည် ဂါလိလဲပြည်မှ လာမည်မဟုတ်။ 42ခရစ်
တော်သည်ဒါဝိဒ်အမျိုး၊ဒါဝိဒ်နေရာဌါန၊ဗက်လင်
မြို့မှ လာမည်ဟု ကျမ်းစာလာသည် မဟုတ်
လော” ဟုဆိုကြ၏။ 43သို့ဖြစ်၍ လူတို့သည်
ခရစ်တော်အကြောင်းနှင့် ပတ်သက်၍ တစ်
ယောက်နှင့် တစ်ယောက် သဘောချင်းမတူညီ
ကြ။ 44အချို့တို့ကယေရှုကို ဖမ်းဆီးရန်အလိုရှိကြ
၏။သို့သော်လည်း၊အဘယ်သူမျှမဖမ်းဆီးကြ။

## ယုဒခေါင်းဆောင်တို့သည် ယေရှုကို ယုံကြည်ခြင်းငှါ ငြင်းပယ်ကြခြင်း

45ဗိမာန်တော်စောင့်တို့သည် ယဇ်ပုရော
ဟိတ်အကြီးတို့နှင့် ဖါရိရှဲတို့ထံသို့ ပြန်သွားကြ
၏။ သူတို့က၊ “သင်တို့သည် သူ့ကို အဘယ်
ကြောင့် မခေါ်ဆောင်ခဲ့ကြသနည်း” ဟုမေးမြန်း
ကြ၏။ 46ဗိမာန်တော်စောင့်တို့ကလည်း၊ “ထို
သူဟောပြောသော အရာများကဲ့သို့ အခြားအ
ဘယ်သူမျှ မပြောဖူးပါ” ဟုလျှောက်ကြ၏။
47ဖါရိရှဲတို့က “သို့ဖြစ်လျှင်၊ ယေရှုသည်
သင်တို့ကိုပင် လှည့်ဖြားကြပြီ။ 48ခေါင်းဆောင်
များ၊ ဖါရိရှဲများတို့တွင် သူ့ကိုယုံကြည်သောသူ
တစ်စုံတစ်ယောက်မျှရှိသလော။ မရှိပါ။ 49သို့
သော်လည်း၊ ဤလူများတို့သည် ပညတ်တရား
ကို အလျှင်းမသိကြ။ သူတို့သည် ဘုရားသခင်
၏ကျိန်ခြင်းအောက်၌ရှိသည်” ဟုဆိုကြ၏။
50သို့သော်လည်း၊ ထိုကောင်စီအဖွဲ့ဝင် တစ်
ယောက်ဖြစ်သော နိကောဒင်သည်လည်း၊ ထို
နေရာ၌ရှိ၏။ နိကောဒင်သည် ယေရှုထံတော်
သို့ ညဥ့်အခါလာ၍ တွေ့ဆုံသော သူဖြစ်၏။
51နိကောဒင်က၊ “ငါတို့တရားသည် လူတစ်ဦး
ထံမှ ရှေးဦးစွာ ကြားတော်မူခြင်းမရှိဘဲ အမှုစီ
ရင်ခြင်းကို အခွင့်မပေး။ သူပြုသောအမှုကို
ငါတို့မသိမှီ ငါတို့သည် ထိုသူအား တရားမစီ
ရင်နိုင်” ဟုဆို၏။ 52ယုဒခေါင်းဆောင်တို့က၊
“သင်သည်လည်း ဂါလိလဲပြည်သား ဖြစ်သ

လော။ ကျမ်းစာကို လေ့လာပါ။ ဂါလိလဲပြည်
၌ မည်သည့်ပရောဖက်မျှမပေါ်ထွန်းသည်ကို
သင်တွေ့မြင်ပါလိမ့်မည်” ဟုဆိုကြ၏။

---

*(ရှေးအကျဆုံးနှင့် အကောင်းဆုံးသော ဂရိကျမ်းစာ၌ ယောဟန် 7:53-8:11 အထိ မပါရှိပါ)*

## မှားယွင်းခြင်းအမှု၌ ဖမ်းမိသော အမျိုးသမီး

53 ယုဒခေါင်းဆောင်အားလုံးတို့သည် ထို
နေရာမှ ထွက်ခွါ၍ မိမိတို့အိမ်သို့ သွားကြ၏။
8 ယေရှုသည်သံလွင်တောင်*သို့ သွားတော်
မူ၏။ ယေရှုသည် နံနက်စောစောအချိန်၌
ဗိမာန်တော်သို့ တစ်ဖန် ကြွတော်မူ၍ 2 လူအ
ပေါင်းတို့သည် ယေရှုထံတော်သို့ လာကြ၏။
ယေရှုသည် ထိုင်၍ သူတို့အား ဆုံးမဩဝါဒပေး
တော်မူ၏။ 3 ကျမ်းပြုဆရာတို့နှင့် ဖါရိရှဲတို့သည်
မိန်းမတစ်ဦးကို ခေါ်ကြ၏။ ထိုမိန်းမသည် မှား
ယွင်းခြင်းအမှုကို ပြုနေစဉ် ဖမ်းမိခဲ့ကြ၏။ ထို
ယုဒလူတို့သည် ထိုမိန်းမကို လူများအလယ်၌
ရပ်စေကြ၏။ 4 သူတို့က ယေရှုအား၊ “ဆရာ၊
ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုနေစဉ်
ဖမ်းမိကြ၏။ 5 ထိုသို့သောမိန်းမကို ကျောက်
ခဲနှင့် အသေပစ်ရမည်ဟု၊ မောရှေ၏ပညတ်တ
ရားသည် အကျွန်ုပ်တို့အား မိန့်ဆိုထားပါ၏။
သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့ မိန့်
တော်မူမည်နည်း” ဟုလျှောက်ကြ၏။ 6 သူတို့
သည် ကိုယ်တော်၌ အပြစ်တင်ခွင့် ရှိစေခြင်းငှါ
တစ်စုံတစ်ခုကို အမှားဆိုမိ၍ ဖမ်းဆီးကြရန်
သူတို့သည် ကြိုးစားကြ၏။ သို့ရာတွင် ယေရှု
သည် အောက်သို့ ငုံ့လျက် လက်ညှိုးတော်နှင့်
မြေ၌ ရေးသား၍ နေတော်မူ၏။ 7 ယုဒခေါင်း
ဆောင်တို့သည် ယေရှုအား အထပ်ထပ် မေး
မြန်းကြသောအခါ ယေရှုသည် မော့ကြည့်ကာ
သူတို့အား၊ “သင်တို့အထဲ၌ အပြစ်လုံးဝကင်း
သောသူရှိပါသလော။ ထိုအပြစ်ကင်းသောသူ
သည် ထိုမိန်းမအား ကျောက်ခဲနှင့် ပထမဦးဆုံး
စ၍ပေါက်စေ” ဟုမိန့်တော်မူ၏။ 8 ယေရှုသည်
တစ်ဖန်အောက်သို့ ငုံ့၍၊ မြေ၌ ရေးသား
တော်မူပြန်၏။
9 ယေရှုမိန့်တော်မူသော စကားကို သူတို့
ကြားသောအခါ တစ်ယောက်နောက်တစ်
ယောက်ထွက်သွားကြ၏။ အသက်ကြီးသော
သူသည် ပထမဆုံးထွက်သွား၍ အငယ်ဆုံးတိုင်
အောင် ထွက်သွားကြကုန်၏။ ယေရှုသည် တစ်
ကိုယ်တည်းသာ ထိုမိန်းမနှင့်ကျန်ရစ်၏။ သူမ
သည် သူ့ရှေ့တော်၌ ရပ်နေ၏။ 10 ယေရှုသည်
မော့၍ ကြည့်ကာ သူမအား၊ “အချင်းမိန်းမ၊
သင့်ကို အပြစ်တင်သောသူတို့သည် အဘယ်
မှာရှိကြသနည်း။ သင်၏အပြစ်ကို အဘယ်သူမျှ
မစီရင်သလော” ဟုမေးတော်၏။
11 ထိုမိန်းမကလည်း၊ “အဘယ်သူမျှ ကျွန်မ
ကို မစီရင်ကြပါ သခင်” ဟုလျှောက်၏။ ထို
နောက် ယေရှုက၊ “ငါသည်လည်း၊ သင်၏အမှု
ကိုမစီရင်။သွားလော့။သို့သော်လည်း၊ နောက်
တဖန် ဒုစရိုက်ကို မပြုနှင့်” ဟုမိန့်တော်မူ၏။

---

## ယေရှုသည် လောက၏အလင်းဖြစ်တော်မူ၏

12 ထိုနောက် ယေရှုသည် လူတို့အား၊ “ငါ
သည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်
သို့ လိုက်သောသူသည် မှောင်မိုက်၌ မသွား
မလာ။ ထိုသူသည် အသက်ကို ပေးသော
အလင်းကို ရလိမ့်မည်” ဟုမိန့် တော်မူ၏။
13 သို့သော်လည်း၊ ဖါရိရှဲတို့က၊ ယေရှုအား၊
“သင်သည် ကိုယ်အကြောင်းကို သက်သေခံ၏။
ထို့ကြောင့် သင်၏သက်သေသည် တန်ဖိုးမရှိ”
ဟုဆိုကြ၏။
14 ယေရှုကလည်း၊“ငါသည်ကိုယ်အကြောင်း
ကို သက်သေခံသော်လည်း ငါ့သက်သေခံချက်
သည် မှန်ကန်၏။ အကြောင်းမူကား၊ ငါသည်
အဘယ်အရပ်က လာသည်ကိုရင်း အဘယ်အ
ရပ်သို့ သွားမည်ကိုလည်း ငါသိ၏။ သို့သော်
လည်း သင်တို့သည် အဘယ်အရပ်က လာ၍

---

**သံလွင်တောင်** လူတစ်ယောက်က ဗိမာန်တော်ဝန်းကျင်ကို ကြည့်မြင်နိုင်သော ယေရုရှလင်မြို့၏အရှေ့ဘက်ရှိ တောင်ဖြစ်သည်။

အဘယ်အရပ်သို့ ငါသွားမည်ကို သင်တို့မသိ
ကြ။ 15သင်တို့သည် လူ့ဇာတိသဘောအတိုင်း
စီရင်တတ်ကြ၏။ ငါသည် အဘယ်သူကိုမျှ မစီ
ရင်။ 16သို့သော်လည်း၊ ငါသည် စီရင်သော်
လည်း၊ ငါ၏စီရင်ခြင်းသည် မှန်၏။ အကြောင့်
မူကား၊ ငါသည် တရားစီရင်သောအခါ တစ်
ယောက်တည်းမစီရင်။ ငါ့ကို စေလွှတ်တော်
မူသောခမည်းတော်သည် ငါနှင့်အတူရှိ၏။
17သင်တို့ပညတ္တိကျမ်းစာနှင့်အညီ သက်သေ
ခံနှစ်ဦးတို့သည် ကိစ္စတခု၌ သဘောတူညီလျှင်၊
သူတို့၏ သက်သေခံချက်ကို သင်တို့လက်ခံရ
မည် ဟုဆိုထား၏။ 18ငါသည် ထိုသက်သေခံ
များထဲမှ ကိုယ်အကြောင်းကို ကိုယ်သက်သေ
ခံသောသူ ဖြစ်၏။ ငါ့ကို စေလွှတ်တော်မူသော
ခမည်းတော်လည်း ငါ့အကြောင်းကို သက်သေ
ခံတော်မူသည်” ဟုမိန့်တော်မူ၏။
19ထိုသူတို့ကလည်း၊ “သင်၏ခမည်းတော်
သည် အဘယ်မှာ ရှိသနည်း” ဟုမေးကြ၏။
ယေရှုကလည်း၊ “သင်တို့သည်ငါ့ကို မသိကြ။
ငါ့ခမည်းတော်ကိုလည်း မသိကြ။ သို့သော်
လည်း၊ သင်တို့သည် ငါ့ကိုသိလျှင်၊ ငါ့ခမည်း
တော်ကိုလည်း သိကြလိမ့်မည်” ဟုမိန့်တော်
မူ၏။ 20ယေရှုသည် ဗိမာန်တော်၌ရှိနေစဉ် ဤ
အရာတို့ကို ဆုံးမသြဝါဒပေးတော်မူ၏။ သူ
သည် အလှူငွေသေတ္တာကို ထားသောနေရာ
အနီး၌ ရှိတော်မူ၏။ သို့ရာတွင်ကိုယ်တော်၏အ
ချိန်မစေ့ မရောက်သေးသောကြောင့် အဘယ်
သူမျှကိုယ်တော့်ကိုမဖမ်းဆီးကြ။

## ယုဒလူတို့သည် ယေရှုအကြောင်းကို နားမလည်ကြ

21တစ်ဖန် ယေရှုသည် သူတို့အား၊ “ငါသည်
သွားရလိမ့်မည်။ သင်တို့သည် ငါ့ကို ရှာကြလိမ့်
မည်။ သို့သော်လည်း၊ သင်တို့သည်ကိုယ်အပြစ်
ကြောင့် သေကြလိမ့်မည်။ ငါသွားသောအရပ်
၌ သင်တို့သည် မလာနိုင်ကြ” ဟုမိန့်တော်မူ၏။
22ထို့ကြောင့် ယုဒလူတို့ကလည်း၊ “သူသည်
ကိုယ်အသက်ကို သတ်လိမ့်မည်လော။ ‘ငါသွား
သောအရပ်၌ သင်တို့သည် မလာနိုင်’ ဟုအ
ဘယ်ကြောင့်ဆိုသနည်း” ဟုအချင်းချင်းမေး
မြန်းကြ၏။
23သို့သော်လည်း ယေရှုက၊ ထိုယုဒလူတို့
အား “သင်တို့သည် အောက်အရပ်က ဖြစ်ကြ
၏။ သို့သော်လည်း၊ ငါသည် အထက်အရပ်က
ဖြစ်၏။ သင်တို့သည် လောကီသား ဖြစ်ကြ၏။
ငါသည် လောကီသား မဟုတ်။ 24သင်တို့သည်
ကိုယ်အပြစ်၌ သေကြလိမ့်မည် ဟုငါဆို၏။ မှန်
ပါ၏၊ ငါသည် ဤမည်သောသူ ဖြစ်သည်ဟု
သင်တို့သည် မယုံလျှင်၊ ကိုယ်အပြစ်ကြောင့်
သေကြလိမ့်မည်” ဟုမိန့်တော်မူ၏။
25ယုဒလူတို့က၊ “သို့ဖြစ်လျှင်၊ သင်သည်
အဘယ်သူနည်း” ဟုမေးကြ၏။ ယေရှုက၊ “ငါ
သည် သင်တို့အား အစအဦး၌ ပြောဆိုသည့်
အတိုင်းငါဖြစ်၏။ 26ငါသည် သင်တို့အား ပြော
စရာနှင့် အမှုစီရင်စရာများစွာရှိ၏။ သို့သော်
လည်း၊ ငါ့ကို စေလွှတ်တော်မူသောသူထံမှ
ငါကြားသမျှကိုသာ လူတို့အား ငါပြော၏။ သူ
သည်သစ္စာနှင့်ပြည့်စုံတော်မူ” ဟုမိန့်တော်မူ၏။
27ယေရှုသည် မည်သူ့အကြောင်း ပြောဆို
သည်ကို လူတို့သည် နားမလည်နိုင်ကြ။ ယေရှု
သည် ခမည်းတော်အကြောင်းကို သူတို့အား
ပြောပြတော်မူခြင်း ဖြစ်၏။ 28ထို့ကြောင့် ယေရှု
က “သင်တို့သည် လူသားကို မြှောက်ထားကြ
သောအခါ ငါ*သည် ဤမည်သောသူ ဖြစ်
သည်ကို၎င်း၊ ငါသည် အလိုအလျောက် အ
ဘယ်အမှုကိုမျှမပြုဘဲ ခမည်းတော်သည် ငါ့
အား သွန်သင်သည့်အရာကိုသာ ငါပြော
သည်ကို၎င်းသင်တို့သိကြလိမ့်မည်။ 29ငါ့ကို စေ
လွှတ်တော်မူသောသူသည် ငါနှင့်အတူရှိ၏။ သူ
နှစ်သက်တော်မူသောအမှုကိုသာ ငါသည် အ
စဉ်မပြတ်ပြု၏။ ထို့ကြောင့် ငါ့ကို တစ်ကိုယ်
တည်း မနေစေပါ” ဟုမိန့်တော်မူ၏။ 30သူသည်

---

**ငါ** ဤသည် ဘုရား၏နာမကို ထွက် 3:14 ၌သုံးသကဲ့သို့ ဖြစ်သည်။ သို့သော် ‘၎င်းသည် ခရစ်တော်က ငါဖြစ်သည် ဟူ၍လည်း ဆိုလိုရင်း ဖြစ်နိုင်သည်။

ဤအရာတို့ကို မိန့်တော်မူစဉ် လူများစွာတို့
သည် သူ့ကို ယုံကြည်ကြ၏။

## ယေရှုသည် အပြစ်မှ လွတ်ခြင်းအကြောင်းကို မိန့်တော်မူခြင်း

31ထို့ကြောင့် ယေရှုသည် သူ့ကို ယုံကြည်
သောယုဒလူတို့အား၊ “သင်တို့သည် ငါ၏သွန်
သင်ခြင်းကို ဆက်၍ လိုက်နာလျှင်၊ သင်တို့
သည် ငါ့တပည့်အမှန် ဖြစ်ကြ၏။ 32ထို့နောက်
သင်တို့သည် သမ္မာတရားကို သိကြလိမ့်မည်။
ထိုသမ္မာတရားသည် သင်တို့ကို လွတ်စေလိမ့်
မည်” ဟုမိန့်တော်မူ၏။ 33ယုဒလူတို့က၊ “ငါတို့
သည် အာဗြဟံ၏အမျိုးအနွယ် ဖြစ်ကြ၏။ အ
ဘယ်သူ့ထံ၌ တစ်ခါတစ်ရံမျှ ကျွန်မခံကြ။ ထို
ကြောင့် ငါတို့သည် လွတ်လိမ့်မည်ဟု သင်
သည် အဘယ်ကြောင့် ဆိုသနည်း” ဟုမေးမြန်း
ကြ၏။ 34ယေရှုကလည်း၊ “ငါအမှန်ဆိုသည်
မှာ၊ ဒုစရိုက်ကို ပြုသောသူမှန်သမျှတို့သည်
ဒုစရိုက်၏ကျွန် ဖြစ်ကြ၏။ ဒုစရိုက်သည် ထိုသူ၏
သခင် ဖြစ်လာ၏။ 35ကျွန်သည် မိသားစု၌
အစဉ်အမြဲမနေ။ သို့သော်လည်း၊ သားသည်
မိသားစုနှင့် အစဉ်အမြဲနေ၏။ 36ထို့ကြောင့်
သားတော်သည် သင်တို့ကို လွှတ်လျှင်၊ သင်တို့
သည် ဧကန်အမှန် လွတ်ကြလိမ့်မည်။ 37သင်တို့
သည် အာဗြဟံ၏အမျိုးအနွယ်များ ဖြစ်ကြသည်
ကို ငါသိ၏။ သို့သော်လည်း၊ သင်တို့သည်
ငါ၏သွန်သင်ခြင်းကို လက်မခံလိုကြသော
ကြောင့် ငါ့ကို သတ်ဖို့ရန် အလိုရှိကြ၏။ 38ငါ့
ခမည်းတော်ပြသည်အတိုင်း သင်တို့အား ငါ
ပြော၏။ သို့သော်လည်း၊ သင်တို့အဘသည်
သင်တို့အား ပြောသည့်အတိုင်း သင်တို့ပြုကြ
၏” ဟုမိန့်တော်မူ၏။

39ယုဒလူတို့ကလည်း၊ “ငါတို့အဘသည်
အာဗြဟံဖြစ်သည်” ဟုဆိုကြ၏။ ယေရှုက
လည်း၊ “သင်တို့သည် အာဗြဟံ၏သားမှန်လျှင်၊
သင်တို့သည် အာဗြဟံ ပြုခဲ့သည့်အရာများကို
ပြုကြလိမ့်မည်။ 40ငါသည်ဘုရားသခင်ထံတော်
၌ ကြားရသောသမ္မာတရားကို သင်တို့အား
ဟောပြောသောသူဖြစ်၏။ သို့သော်လည်း၊
သင်တို့သည် ငါ့ကို သတ်ဖို့ရန် ကြိုးစားကြ၏။
41အာဗြဟံသည် ထိုနည်းတူ ပြုသည်မဟုတ်။
ထို့ကြောင့် သင်တို့သည် သင်တို့အဘပြုနေ
သောအရာတို့ကိုသာ ပြုနေကြသည်” ဟုမိန့်
တော်မူ၏။ သို့သော်လည်း၊ ယုဒလူတို့က၊ “ငါ
တို့သည် မျောက်မထားသော သားသမီးများမ
ဟုတ်။ ဘုရားသခင်သည် ငါတို့၏အဘ ဖြစ်၏။
သူသည် ငါတို့၌ ရှိသောတစ်ပါးတည်းသော
အဘ ဖြစ်သည်” ဟုဆိုကြ၏။

42ယေရှုက ထိုယုဒလူတို့အား၊ “ဘုရား
သခင်သည် သင်တို့အဘမှန်လျှင်၊ သင်တို့သည်
ငါ့ကို ချစ်ကြလိမ့်မည်။ ငါသည် ဘုရားသခင်
ထံတော်မှ ကြွလာပြီး ယခုတွင် ဤနေရာ၌
ရှိ၏။ ငါသည် ငါ့တန်ခိုးအာဏာနှင့် ငါ့အလိုအ
လျောက် လာသည်မဟုတ်။ သို့ရာတွင် ဘုရား
သခင်သည် ငါ့ကို စေလွှတ်တော်မူ၏။ 43သင်
တို့သည် ငါ၏ဆုံးမဩဝါဒပေးခြင်းကို လက်မခံ
နိုင်သောကြောင့် သင်တို့သည် ငါ့စကားကို
နားမလည်ကြ။ 44သင်တို့၏အဘသည် မာရ်
နတ်ဖြစ်၍ သူသည် သင်တို့ကို ပိုင်၏။ သင်တို့
သည် သူ၏အလိုသို့ လိုက်၍ လုပ်တတ်ကြ၏။
မာရ်နတ်သည် အစအဦး၌ပင် လူအသက်ကို
သတ်သောသူဖြစ်၍ အစဉ်မပြတ် သမ္မာတရား
ကို ဆန့်ကျင်သောသူဖြစ်၏။ သူပြောသော
မုသာစကားအတိုင်း သူဖြစ်၏။ မှန်ပါ၏၊ မာရ်
နတ်သည် မုသာပြောသောသူဖြစ်၏။ သူသည်
မုသာ၏အဘလည်း ဖြစ်၏။ 45ငါသည် သစ္စာ
စကားကို ပြော၏။ ထို့ကြောင့် သင်တို့သည်
ငါ့ကို မယုံကြ။ 46ငါ၌ အပြစ်ရှိကြောင်း သင်တို့
အထဲ၌ အဘယ်သူ ဖော်ပြနိုင်သနည်း။ ငါသည်
သစ္စာစကားကို ပြောလျှင်၊ သင်တို့သည် အ
ဘယ်ကြောင့် ငါ့ကိုမယုံကြပါသနည်း။ 47ဘုရား
သခင်ပိုင်သောသူသည် သူ၏စကားတော်ကို
လက်ခံတတ်၏။ သို့ရာတွင် သင်တို့သည် ဘု
ရားခင်၏စကားတော်ကို လက်မခံကြသော
ကြောင့် ဘုရားသခင်သည် သင်တို့ကို မပိုင်
ကြ” ဟုမိန့်တော်မူ၏။

## ယေရှုသည် သူနှင့်အာဗြဟံအကြောင်းကို မိန့်တော်မူ၏

48ယုဒလူတို့ကလည်း၊ “သင်သည် ရှမာရိလူ
ဖြစ်၏။ နတ်ဆိုးစွဲသောသူလည်း ဖြစ်၏ဟု
ငါတို့ဆိုရာ၌ ငါတို့သည် မှန်သောစကားကို
ဆိုပြီမဟုတ်လော” ဟုဆိုကြ၏။
49ယေရှုက၊ “နတ်ဆိုးသည် ငါ့အထဲ၌ မရှိ။
ငါသည် ငါ့ခမည်းတော်ကို ချီးမြှောက်၏။ သို့
သော်လည်း၊ သင်တို့သည် ငါ့ကို ရှုတ်ချကြ၏။
50ငါသည် ကိုယ့်ဘုန်းတော်ကို မရှာ။ ငါ၏ဘုန်း
တော်ကို ရှာ၍ စီရင်တော်မူသောသူ ရှိ၏။
51ငါအမှန်ဆိုသည်ကား ငါ၏ဩဝါဒစကားကို
လိုက်နာသောသူသည် သေခြင်းနှင့် အစဉ်မ
ပြတ် ကင်းလွတ်လိမ့်မည်” ဟုမိန့်တော်မူ၏။
52ယုဒလူတို့ကလည်း ယေရှုအား၊ “သင်၏
အထဲ၌ နတ်ဆိုးရှိသည်ကို ငါတို့ယခု သိကြ၏။
အာဗြဟံနှင့် ပရောဖက်တို့သည် သေကြ၏။
သို့သော်လည်း၊ ‘ငါ၏စကားကို လိုက်နာသော
သူသည် သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်
လိမ့်မည် ဟုသင်ဆို၏။’ 53သင်သည် ငါတို့အဘ
အာဗြဟံ ထက်သာ၍ ကြီးမြတ်သည်ဟု
ကိုယ်ကို ထင်သလော။ အာဗြဟံသည် သေ
လွန်ပြီ။ ပရောဖက်တို့လည်း သေကြပြီ။ သင်
သည် ကိုယ်ကို မည်သို့သောသူ ဖြစ်သည်ဟု
ထင်ပါသနည်း” ဟုဆိုကြ၏။
54ယေရှုကလည်း၊ “ငါသည် ကိုယ်ဘုန်း
တော်ကို ရှာလျှင်၊ ထိုဘုန်းအသရေသည် အ
ချည်းနှီးဖြစ်၏။ ငါတို့ဘုရားသခင်ဟု သင်တို့
ခေါ်သောငါ့ခမည်းတော်သည် ငါ့ကို ချီးမြှောက်
သောသူဖြစ်၏။ 55သို့သော်လည်း၊ သင်တို့သည်
သူ့ကို အမှန်မသိကြ။ ငါသည် သူ့ကို သိ၏။
ငါသည် သူ့ကို မသိဟုဆိုလျှင်၊ ငါသည်လည်း
သင်တို့နည်းတူ မုသာပြောသောသူ ဖြစ်လိမ့်
မည်။ ငါသည် သူပြောသမျှတို့ကို လိုက်နာ၏။
56သင်တို့ အဘအာဗြဟံသည် ငါလာမည့်
နေ့ရက်ကို မြော်လျက် မြင်ရသောအခါ အလွန်
ဝမ်းမြောက်ခြင်းရှိ၏” ဟုမိန့်တော်မူ၏။ 57ယုဒ
လူတို့ကလည်း၊ ယေရှုအား၊ “သင်သည်
အဘယ်သို့ ဆိုသနည်း။ သင်သည် အာဗြဟံကို
မြင်ဖူးသလော။ သင်သည် အနှစ်ငါးဆယ်မျှပင်
မရှိသေး” ဟုဆိုကြ၏။
58ယေရှုကလည်း၊ “ငါအမှန်ဆိုသည်ကား၊
အာဗြဟံမမွေးဖွားမီ ငါဖြစ်၏” ဟုမိန့်တော်မူ
၏။ 59ယေရှုသည် ထိုသို့ မိန့်တော်မူသောအခါ
လူတို့သည် ကိုယ်တော်ကို ခဲနှင့်ပစ်ခြင်းငှါ
ကျောက်ခဲတို့ကို ကောက်ယူကြ၏။ သို့ရာတွင်
ယေရှုသည် တိမ်းရှောင်၍ ဗိမာန်တော်အနားမှ
ထွက်သွားလေ၏။

## ယေရှုသည် မွေးစကပင် မျက်စိကန်းသော သူကို ကျန်းမာစေတော်မူခြင်း

9 ယေရှုသည် လမ်းသွားနေစဉ် မွေးစကပင်
မျက်စိကန်းသောသူ တစ်ယောက်ကို မြင်
လေ၏။ 2တပည့်တော်တို့က “ဆရာ၊ ဤသူ
သည် အဘယ်သူ၏အပြစ်ကြောင့် မွေးစကပင်
မျက်စိကန်းသနည်း။ သူ၏အပြစ်ကြောင့် ကန်း
သလော။ သို့မဟုတ် မိဘတို့၏အပြစ်ကြောင့်
ကန်းသလော” ဟုမေးလျှောက်ကြ၏။
3ယေရှုကလည်း၊ “သူ၏မျက်စိကန်းခြင်း
သည် သူ့အပြစ်ကြောင့်လည်း မဟုတ်။ မိဘ
တို့၏ အပြစ်ကြောင့် လည်းမဟုတ်။ ငါသည်
ထိုသူကို ကျန်းမာစေသောအခါ ဘုရားသခင်၏
တန်ခိုးတော်ကို လူတို့၌ ထင်ရှားစေနိုင်မည်
အကြောင်း၊ ဤသူသည် မွေးစကပင် မျက်စိ
ကန်းခြင်း ဖြစ်၏။ 4ငါ့ကို စေလွှတ်တော်မူသော
သူ၏အမှုကို နေ့အချိန်ရှိစဉ်တွင်ပင် ငါတို့သည်
ဆက်လက်၍ လုပ်ဆောင်ရပါမည်။ ညအချိန်
သည် ရောက်လာလိမ့်မည်။ ထိုအချိန်၌ မည်
သူမျှ အလုပ်မလုပ်နိုင်ကြ။ 5ငါသည် ဤလော
က၌ ရှိစဉ်တွင် ဤလောက၏အလင်း ဖြစ်၏”
ဟုမိန့်တော်မူ၏။
6ယေရှုသည် ထိုသို့ပြောတော်မူပြီးနောက်၊
မြေမှုန့်ကို တံတွေးထွေး၍ ရွှံ့လုပ်၏။ ယေရှု
သည် ထိုသူ၏မျက်စိ၌ ရွှံ့ကိုလူး၏။ 7ယေရှုက
ထိုလူအား၊ “သွား၍ ရှိလောင်ရေကန်၌ ဆေး

လော့။ (ရှိလောင်၏အဓိပ္ပါယ်မှာ "စေလွှတ်
သည်" ဟူ၍ ဖြစ်၏။) ထိုသူသည် ရေကန်သို့
သွား၍ ဆေးကြောပြီးမှ မျက်စိမြင်လျက်ပြန်
လေ၏။
8 ထိုလူသည် တစ်ချိန်က တောင်းစားနေ
သည်ကို မြင်ဘူးသောလူအချို့နှင့် သူ၏အိမ်နီး
နားချင်းတို့က၊ "ကြည့်ကြပါ။ ထိုသူသည် ထိုင်
၍ အစဉ်အမြဲ တောင်းသောသူ မဟုတ်လော"
ဟုဆိုကြ၏။
9 လူအချို့က၊ "ဟုတ်ပါ၏။ သူပင် ဖြစ်သည်"
ဟုဆိုကြ၏။ သို့သော်လည်း၊ အခြားသောလူ
တို့က၊ "ဤသူသည် သူမဟုတ်။ ထိုသူနှင့်တူ
သည်" ဟုဆိုကြ၏။ ထို့ကြောင့် ထိုသူကလည်း၊
"ငါသည် ထိုသူပင် ဖြစ်သည်" ဟုဆို၏။
10 လူတို့ကလည်း၊ "အဘယ်သို့ ဖြစ်ပျက်ခဲ့
ပါသနည်း။ သင်သည် အဘယ်သို့ မျက်စိမြင်
ပါသနည်း" ဟုမေးကြ၏။
11 ထိုသူက၊ "ယေရှုဟုခေါ်သောသူတစ်
ယောက်သည် ရွှံ့ကို လုပ်၍ အကျွန်ုပ်၏ မျက်စိ
၌ လူးပေး၏။ ထိုနောက် ယေရှုသည် အကျွန်ုပ်
အား သွား၍ရှိလောင်ရေကန်၌ ဆေးလော့ဟု
ဆို၏။ ထို့ကြောင့်အကျွန်ုပ်လည်း၊ရှိလောင်သို့
သွား၍ ဆေးလျှင်မျက်စိမြင်နိုင်သည်" ဟုဆို၏။
12 လူတို့ကလည်း၊ မျက်စိကန်းသောသူအား
"ထိုသူသည် အဘယ်မှာ ရှိသနည်း" ဟုမေးကြ
၏။ ထိုလူကလည်း "အကျွန်ုပ်မသိ" ဟုဆို၏။

## ယုဒလူတို့သည် ယေရှုကျန်းမာစေတော်မူသောသူအား မေးမြန်းကြခြင်း

13 ထိုနောက် လူတို့သည် မျက်စိကန်းဘူး
သောထိုသူကို ဖာရိရှဲတို့ထံသို့ ခေါ်ဆောင်
ကြ၏။ 14 ယေရှုသည် ရွှံ့လုပ်၍ ထိုသူ၏မျက်စိကို
မြင်စေသောနေ့သည် ဥပုသ်နေ့ဖြစ်၏။ 15 ထို့
ကြောင့် တဖန်ဖာရိရှဲတို့က ထိုသူအား၊ "သင်
သည် အဘယ်သို့ မျက်စိမြင်သနည်း" ဟုမေး
ကြ၏။ ထိုသူကလည်း" သူသည် အကျွန်ုပ်၏
မျက်စိ၌ ရွှံ့ကို ထည့်၍ အကျွန်ုပ်ဆေးလျှင်
မျက်စိမြင်သည်" ဟုဆို၏။
16 ဖာရိရှဲ*အချို့တို့က၊ "ဤသူသည် ဥပုသ်
နေ့နှင့် ဆိုင်သောပညတ်တော်ကို မလိုက်နာ။
ထို့ကြောင့် သူသည် ဘုရားသခင်ထံတော်မှ
လာသည်မဟုတ်" ဟုဆိုကြ၏။ သို့သော် အချို့
တို့ကလည်း၊ "အပြစ်ရှိသောသူတစ်ဦးသည်
ဤသို့သော နိမိတ်လက္ခဏာတို့ကို မည်သို့ပြု
နိုင်မည်နည်း" ဟုဆိုကြ၏။ ထိုယုဒလူတို့သည်
သဘောမတူညီနိုင်ကြဘဲ အချင်းချင်းကွဲပြား
ကြ၏။
17 တဖန် ယုဒခေါင်းဆောင်တို့က မျက်စိ
ကန်းဘူးသောသူအား ဤသူသည် "သင်၏မျက်
စိကို မြင်စေ၏။ သူသည် အဘယ်သို့သောသူ
ဖြစ်သည်ဟု သင်ဆိုပါသနည်း" ဟုမေးကြ၏။
ထိုသူကလည်း "သူသည် ပရောဖက်တစ်ပါး
ဖြစ်သည်" ဟုဆို၏။
18 ယုဒလူတို့ကလည်း ထိုသူ၌ ထိုသို့အမှန်
ဖြစ်ပျက်သည်ကို မယုံနိုင်ကြ။ ထိုသူသည် မျက်
စိကန်း၍ ယခုမြင်သည်ကို သူတို့မယုံကြည်နိုင်
ကြ။ သို့ဖြစ်၍ နောက်ဆုံးတွင် သူတို့သည်ထိုသူ
၏မိဘကို ခေါ်၏။ 19 ယုဒလူတို့က သူ၏မိဘတို့
အား၊ "ဤသူသည် သင်တို့သားမှန်သလော။
သူသည် မွေးစကပင် မျက်စိကန်းသည်ဟု သင်
တို့ဆို၏။ထိုသို့ဆိုလျှင်၊ သူသည် အဘယ်သို့
ယခု မြင်နိုင်ပါသနည်း" ဟုမေးကြ၏။
20 မိဘတို့ကလည်း၊ "ဤသူသည် ငါတို့သား
ဖြစ်သည်ကို ငါတို့သိ၏။ သူသည် မွေးစကပင်
မျက်စိကန်းသည်ကိုလည်း ငါတို့သိကြ၏။ 21 သို့
သော်လည်း၊ သူသည် ယခုအဘယ်သို့ မြင်နိုင်
သည်ကို ငါတို့မသိကြ။ အဘယ်သူသည် သူ၏
မျက်စိမြင်စေသည်ကိုလည်း မသိကြ။ သူကိုမေး
ကြပါ။ သူသည် ကိုယ်အကြောင်းကို ကိုယ်တိုင်
ပြောရန် အသက်အရွယ်နှင့် ပြည့်စုံပါ၏" ဟုဆို
ကြ၏။ 22 ထိုသူ၏မိဘတို့သည်ယုဒခေါင်းဆောင်
တို့ကို ကြောက်၍ထိုသို့ဆိုကြခြင်းဖြစ်၏။ ယေရှု
သည် ခရစ်တော်ဖြစ်သည်ဟု ဝန်ခံသောသူကို

---

**ဖာရိရှဲ** ဖာရိရှဲတို့သည် ယုဒလူမျိုးတို့၏ ဥပဒေသများနှင့် ဓလေ့ထုံးစံအားလုံးကို သတိရှိစွာ လိုက်နာဖို့ ကြိုးကြော်သော ဘာသာရေးနှင့် ဆိုင်သောအဖွဲ့ ဖြစ်သည်။

အပြစ်ပေးရမည်ဟု ယုဒခေါင်းဆောင်တို့သည်
စီရင်ခဲ့ကြပြီးဖြစ်၏။ ယုဒခေါင်းဆောင်တို့သည်
ထိုသို့ ဝန်ခံသောသူတို့အား တရားစရပ်မှ နှင်
ထုတ်ကြလိမ့်မည်ဖြစ်၏။ 23ထိုအကြောင်း
ကြောင့် သူ၏မိဘတို့က "သူသည် အသက်အ
ရွယ်ပြည့်ပြီ။သူ့အားမေးကြပါ"ဟုဆိုခြင်းဖြစ်၏။
24ထိုကြောင့် ယုဒခေါင်းဆောင်တို့က မျက်
စိကန်းဘူးသောသူကို ဒုတိယအကြိမ်ပြန် ခေါ်၍၊
"မှန်သောစကားကို ဆိုသောကြောင့်သင်သည်
ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေပါ၏။
ဤသူသည်အပြစ်ရှိသောသူတစ်ဦးဖြစ်ကြောင်း
ကို ငါတို့သိကြ၏ ဟုဆိုကြလျှင်"
25ထိုလူကလည်း "သူသည် အပြစ်ရှိသော
သူဖြစ်သည် မဖြစ်သည်ကို အကျွန်ုပ်မသိ။ သို့
သော်လည်း အကြောင်းတစ်ခုကို အကျွန်ုပ်
သိ၏။ အကျွန်ုပ်သည် မျက်စိကန်းခဲ့ဘူး၏။ သို့
ရာတွင် ယခုအကျွန်ုပ်မျက်စိမြင်နိုင်သည်ကို အ
ကျွန်ုပ်သိ၏" ဟုဆို၏။
26ယုဒခေါင်းဆောင်တို့က "သူသည် သင့်ကို
အဘယ်သို့ ပြုသနည်း။ သူသည် သင်၏မျက်စိ
ကိုအဘယ်သို့မြင်စေခဲ့ပါသနည်း" ဟုမေးကြ၏။
27ထိုသူကလည်း၊ "အဘယ်သို့ ပြုသည်ကို
သင်တို့အား အကျွန်ုပ်ပြောခဲ့ပြီ။သို့သော်လည်း
သင်တို့သည် အကျွန်ုပ်ကို နားမထောင်ကြ။
သင်တို့သည် အဘယ်ကြောင့် ထပ်၍ ကြားလို
ကြပါသနည်း။ သင်တို့သည်လည်း သူ၏တပည့်
ဖြစ်ချင်သလော" ဟုဆို၏။
28ယုဒခေါင်းဆောင်တို့သည်စိတ်ဆိုးလျက်၊
ထိုသူအား အလွန်ဆိုးသောအရာကို ပြောကြ
၏။ ထို့နောက် သူတို့က "သင်သည်ထိုသူ၏
တပည့်ဖြစ်၏။ငါတို့သည် မောရှေ၏တပည့်တို့
ဖြစ်ကြ၏။ 29ဘုရားသခင်သည် မောရှေအား
ဖြင့် စကားပြောတော်မူသည်ကို ငါတို့သိကြ၏။
သို့သော်လည်း၊ ဤသူသည် အဘယ်အရပ်က
လာသည်ကို ငါတို့မသိကြ" ဟုဆိုကြ၏။
30ထိုလူကလည်း၊ "ဤအရာသည် အလွန်
ထူးခြားသောအရာဖြစ်၏။ သူသည် အဘယ်အ
ရပ်က လာသည်ကို သင်တို့မသိကြ။ သို့သော်
လည်း၊ သူသည် အကျွန်ုပ်၏မျက်စိကို မြင်စေ
ပြီ။ 31ဘုရားသခင်သည် အပြစ်ရှိသောသူ၏
စကားကို နားထောင်တော်မမူသည်ကို ငါတို့
အားလုံး သိကြ၏။ သို့ရာတွင် သူ့ကိုကိုးကွယ်၍
အလိုတော်အတိုင်း ပြုသောသူ၏စကားကို
နားထောင်တော်မူ၏။ 32လူတစ်ယောက်သည်
မွေးစကပင် မျက်စိကန်းသောသူ၏မျက်စိကို
ကျန်းမာစေခြင်းသည် ပထမအကြိမ်ဖြစ်၏။
33ဤသူသည်ဘုရားသခင်ထံတော်မှလာသော
သူဖြစ်ရမည်။ သူသည် ဘုရားသခင်ထံတော်မှ
မဟုတ်လျှင်၊ သူသည် ဤကဲ့သို့သော အမှု
ကိုမျှ မတတ်နိုင်" ဟုပြောဆို၏။
34ယုဒခေါင်းဆောင်တို့က၊ "သင်သည် မွေး
စကပင်ဒုစရိုက်အပြစ်စွဲလျက် မွေးသောသူ ဖြစ်
၏။ သင်သည် ငါတို့ကို သွန်သင်ခြင်းငှာ ကြိုး
စားနေသလော"ဟုဆိုကြ၏။ယုဒခေါင်းဆောင်
တို့ကထိုသူအား အကြမ်းဖက်၍ နှင်ထုတ်ကြ၏။

## ဝိညာဉ်မျက်စိကွယ်ခြင်း

35ယုဒခေါင်းဆောင်တို့သည် ထိုသူအား အ
ကြမ်းဖက်၍ နှင်ထုတ်ကြသည်ကို ယေရှုသည်
ကြားတော်မူ၏။ ယေရှုသည် ထိုသူကို တွေ့
တော်မူလျှင်၊ "သင်သည် လူသားကို ယုံကြည်
ပါသလော" ဟုမေးတော်မူ၏။
36ထိုသူကလည်း၊ "သခင်၊ အဘယ်သူသည်
လူသားဖြစ်သနည်း။ သူ့အား အကျွန်ုပ်ယုံကြည်
ပါမည်အကြောင်း အကျွန်ုပ်အား ပြောတော်
မူပါ" ဟုမေးလျှောက်၏။
37ယေရှုက၊ "သင်သည် ထိုသူကိုမြင်ခဲ့ပြီ။
ယခုသင်နှင့်စကားပြောသောသူသည် လူသား
ပင်ဖြစ်သည်" ဟုမိန့်တော်မူ၏။
38အကျွန်ုပ်ယုံကြည်ပါ၏သခင်"ဟုလျှောက်
၏။ ထို့နောက် သူသည် ညွတ်ပြပ်၍ ယေရှုအား
ကိုးကွယ်လေ၏။
39ယေရှုက၊ "ငါသည် လူတို့အား တရားစီ
ရင်မည်အကြောင်း ဤလောကသို့ ငါလာ၏။
မျက်စိမမြင်သောသူသည် မြင်စေခြင်းငှါရင်း၊

မြင်သည်ဟု ထင်သောသူကို မျက်စိကန်းစေ
ခြင်းငှါ ငါလာ၏" ဟုမိန့်တော်မူ၏။
40ဖာရိရှဲအချို့တို့သည် ယေရှုအနီးအပါး၌
ရှိသဖြင့် ထိုစကားကို ကြားရ၏။ သူတို့က၊
"ငါတို့သည်လည်း မျက်စိကန်းသောသူ ဖြစ်ကြ
သည်ဟု သင်ဆိုလိုသလော" ဟုမေးကြ၏။
41ယေရှုကလည်း၊ "သင်တို့သည် မျက်စိ
ကန်းကြသည်မှန်လျှင် သင်တို့၌ အပြစ်မရှိ။ သို့
သော်လည်း၊ ငါတို့မျက်စိမြင်သည် ဟုဆိုကြ၏။
ထို့ကြောင့် သင်တို့၌ အပြစ်တည်သည်" ဟုမိန့်
တော်မူ၏။

## သိုးထိန်းနှင့်သူ၏သိုးများ

10 ယေရှုက "ငါအမှန်ဆိုသည်မှာ၊ လူတစ်
ဦးသည် သိုးခြံထဲသို့ ဝင်သောအခါတံခါး
ဝဖြင့် ဝင်ရ၏။ သူသည် အခြားလမ်းဖြင့် ကျော်
ဝင်လျှင် ထိုသူသည် သူခိုးဓါးပြဖြစ်၏။ ထိုသူ
သည် သိုးတို့ကို ခိုးရန် ကြိုးစား၏။ 2သို့သော်
လည်း၊ သိုးတို့ကို စောင့်ရှောက်သောသူသည်
တံခါးဝဖြင့် ဝင်တတ်၏။ သူသည် သိုးထိန်းဖြစ်
၏။ 3တံခါးကို စောင့်သောသူတို့သည် သိုးထိန်း
အား တံခါးကို ဖွင့်ပေး၏။ သိုးတို့သည်လည်း
သိုးထိန်း၏အသံကို နားထောင်တတ်ကြ၏။ သိုး
ထိန်းသည် သူ၏သိုးတို့ကို နာမည်ဖြင့်ခေါ်၍
ပြင်သို့ ထုတ်ဆောင်တတ်၏။ 4သိုးထိန်းသည်
သူ၏သိုးများကို အပြင်သို့ ထုတ်သောအခါ သူ
သည် သိုးတို့၏ရှေ့မှ သွား၍ သူတို့သည် သူ့
နောက်ကိုလိုက်ကြ၏။ သိုးတို့သည် သူ၏စကား
သံကို သိ၍ သူ့နောက်ကို လိုက်ကြ၏။ 5သို့
သော်လည်း၊ သိုးတို့သည် သူတို့မသိဖူးသော
သူ၏နောက်သို့ ဘယ်သောအခါမျှ လိုက်သွား
ကြလိမ့်မည်မဟုတ်။ သူတို့သည် ထိုသူ၏စကား
သံကို မသိသောကြောင့် သူ့ထံမှ အဝေးသို့
ထွက်ပြေးကြပါလိမ့်မည်" ဟုမိန့်တော်မူ၏။
6ယေရှုသည် လူတို့အား ထိုပုံဥပမာကို ပြော
ပြတော်မူ၏။ သို့သော်လည်း၊ လူတို့သည်
ပုံဥပမာ၏ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို နားမ
လည်ကြ။

## ယေရှုသည် ကောင်းသောသိုးထိန်း ဖြစ်တော်မူ၏

7ထို့ကြောင့် တဖန်ယေရှုက၊ "ငါအမှန်ဆို
သည်မှာ၊ ငါသည် သိုးများဝင်ရန် တံခါးဝဖြစ်
၏။ 8ငါမလာမီ ပေါ်လာသော သူရှိသမျှတို့
သည် သူခိုးများနှင့် ဓါးပြများဖြစ်ကြ၏။ သိုးတို့
သည် ထိုသူတို့၏ စကားသံကို နားမထောင်
ကြ။ 9ငါသည် တံခါးဝဖြစ်၏။ ငါဖြင့် ဝင်သော
သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။
ထိုသူသည် ဝင်ထွက်နိုင်လိမ့်မည်။ သူ့၌ လိုအပ်
သမျှသောအရာတို့ကို သူသည် တွေ့ရလိမ့်
မည်။ 10သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်
ဆီးခြင်းငှါ သာလာတတ်၏။ သို့သော်လည်း၊
ငါသည် သူတို့အား ကြွယ်ဝသောအသက်ကို
ပေးရန်လာ၏။
11"ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။
ကောင်းသောသိုးထိန်းသည် မိမိအသက်ကို
သိုးတို့အတွက်စွန့်တတ်၏။ 12သိုးတို့ကို ထိန်း
ကျောင်းရန် အခဖြင့်ငှားရသောသူသည် သိုး
ထိန်းနှင့် ခြားနား၏။ အခပေး၍ ငှားရသော
သူသည် သိုးများကို ပိုင်သောသိုးထိန်းမဟုတ်။
ထို့ကြောင့် သူသည် တောခွေးလာသည်ကို
မြင်လျှင်၊ သိုးတို့ကို ပစ်ထား၍ ထွက်ပြေးတတ်
၏။ ထိုနောက် တောခွေးသည်လည်း သိုးတို့ကို
တိုက်ခိုက်၍ ကွဲလွင့်စေ၏။ 13ထိုအခပေး၍ ငှား
ရသောသူသည် လုပ်ခအတွက်သာ လုပ်၏။
ထို့ကြောင့် သူသည် အဝေးသို့ ထွက်ပြေးတတ်
၏။ သူသည် သိုးတို့ကို အမှန်စောင့်ရှောက်ခြင်း
မရှိ။ 14-15ငါသည် ကောင်းသောသိုးထိန်း ဖြစ်
၏။ ငါသည် ငါ၏သိုးတို့ကို သိ၍ သူတို့ကလည်း
ငါ့ကို သိ၏။ ခမည်းတော်သည် ငါ့ကို သိသကဲ့
သို့ ငါသည်လည်း ခမည်းတော်ကို သိ၏။ ငါ
သည် ထိုသိုးတို့အတွက် ကိုယ့်အသက်ကို ပေး
၏။ 16ဤသိုးခြံထဲသို့ မဝင်သောအခြားသိုးတို့
ကိုလည်း ငါပိုင်သေး၏။ ငါသည် သူတို့ကိုလည်း
ပို့ဆောင်တော်မူမည်။ သူတို့သည် ငါ၏စကား
သံကို နားထောင်ကြလိမ့်မည်။ နောင်ကာလ
တွင် သိုးခြံတစ်ခု၊ သိုးထိန်းတစ်ပါးတည်းရှိလိမ့်

မည်။ 17ငါသည် မိမိအသက်ကို စွန့်သော
ကြောင့်ခမည်းတော်သည် ငါ့ကို ချစ်တော်မူ၏။
ငါသည် ကိုယ်အသက်ကို တစ်ဖန် ယူဆောင်
နိုင်မည်အကြောင်း ငါ့အသက်ကိုစွန့်၏။ 18ငါ့အ
သက်ကို ငါ့ထံမှ မည်သူမျှ မနုတ်မယူ။ သို့ရာ
တွင် ငါသည် မိမိအသက်ကို ကိုယ်အလိုအ
လျောက်စွန့်၏။ ငါသည် ကိုယ်အသက်ကို စွန့်ရ
သောအခွင့်ရှိ၏။ ငါသည် ကိုယ်အ သက်ကို
နောက်တစ်ဖန် ယူပြန်ရသောအခွင့်လည်းရှိ၏။
ခမည်းတော်သည် ငါ့အား မိန့်တော်မူသော
အရာမှာ ထိုအရာပင် ဖြစ်၏” ဟုမိန့်တော်မူ၏။
19ယေရှုသည် ထိုအရာများကို ပြောတော်
မူသောကြောင့် ယုဒလူတို့သည် သူတို့ထဲတွင်
အချင်းချင်း တစ်ဖန် ကွဲပြားခြင်း ရှိကြပြန်၏။
20ယုဒလူအများတို့က၊ “နတ်ဆိုးသည် သူ၏အ
ထဲ၌ ဝင်၍ သူ့အား ရူးသွပ်စေပြီ။ သူ၏စကား
ကို အဘယ်ကြောင့် နားထောင်ကြပါသနည်း”
ဟုဆိုကြ၏။
21သို့သော်လည်း၊ အခြားသော ယုဒ
လူတို့က၊ “သူ့စကားသည် နတ်ဆိုးစွဲသော
သူ၏စကားမဟုတ်။ နတ်ဆိုးသည် မျက်စိကန်း
သောသူကို မြင်စေခြင်းငှါ တတ်နိုင်ပါသလော”
ဟုဆိုကြ၏။

## ယုဒလူတို့သည် ယေရှုကို ဆန့်ကျင်ကြခြင်း

22ထိုအချိန်သည် ဆောင်းကာလဖြစ်၍
ယေရုရှလင်မြို့၌ အင်္ကါနိပွဲ*ခံချိန်လည်း ဖြစ်၏။
23ယေရှုသည် ဗိမာန်တော်အနားရှိ ရှောလမုန်
ကနားပြင်*၌ လျှောက်၏။ 24ယုဒလူတို့သည်
ယေရှုကို ဝန်းရံလျက် ရှိကြ၏။ သူတို့က၊ “သင်
သည် အဘယ်မျှကြာအောင် ငါတို့ကို ယုံမှား
စေမည်နည်း။ သင်သည် ခရစ်တော်* မှန်
လျှင်၊ ငါတို့အား ရှင်းလင်းစွာ ပြောပါ” ဟုဆို
ကြ၏။
25ယေရှုကလည်း၊ “ငါသည် သင်တို့အား
ပြောပြီ။ သို့သော်လည်း၊ သင်တို့သည် ငါ့ကို
မယုံကြ။ ငါသည် နိမိတ်လက္ခဏာတို့ကို ငါ၏
ခမည်းတော် နာမ၌ပြု၏။ ငါသည် မည်သူဖြစ်
သည်ကို ထိုနိမိတ်လက္ခဏာတို့အားဖြင့်ထင်
ရှား၏။ 26သို့သော်လည်း သင်တို့သည် မယုံ
ကြ။ အကြောင်းမူကား သင်တို့သည် ငါ၏သိုး
များ မဖြစ်ကြသောကြောင့် ဖြစ်၏။ 27ငါ့သိုးတို့
သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်
သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ 28ငါသည်
ငါ့သိုးတို့အား ထာဝရအသက်ကို ပေး၏။ သူတို့
သည် သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်
လိမ့်မည်။ သူတို့အား ငါ့လက်မှ အဘယ်သူမျှ
မနုတ်ယူနိုင်။ 29ငါ့ခမည်းတော်သည် ထိုသိုး
တို့ကို ငါ့အားပေးတော်မူ၏။ သူသည် ခပ်သိမ်း
သောသူတို့ထက် ကြီးမြတ်တော်မူ၏။ ငါ့သိုးတို့
ကို ငါ့ခမည်းတော်၏လက်မှ အဘယ်သူမျှ မယူ
နိုင်။ 30ခမည်းတော်သည် ငါနှင့်တစ်လုံးတစ်ဝ
တည်း ဖြစ်သည်” ဟုမိန့်တော်မူ၏။
31တစ်ဖန် ယုဒလူတို့သည်၊ ကိုယ်တော်ကို
ခဲနှင့်ပစ်ခြင်းငှါ ကျောက်ခဲကို ကောက်ယူကြ
၏။ 32ယေရှုကလည်း၊ သူတို့အား၊ “ငါသည်
ခမည်းတော်ထံမှ ကောင်းသောအရာများစွာ
တို့ကိုပြုခဲ့ပြီ။ သင်တို့သည် ထိုအမှုတို့ကို မြင်
ခဲ့ကြပြီ။ ထိုအမှုတို့တွင် မည်သည့်အမှုကြောင့်
သင်တို့သည် ငါ့ကို သတ်ရန် ကြိုးစားကြပါသ
နည်း” ဟုမေးတော်မူ၏။
33ယုဒလူတို့က “သင်ပြုခဲ့သည့် ကောင်း
သောအမှုအရာကြောင့် ငါတို့သည် သင့်အား
သတ်ရန် မကြိုးစားကြ။ သို့သော်လည်း၊
ဘုရားသခင်ကို ဆန့်ကျင်သောစကားကို သင်
ဆိုပြီ။ သင်သည် သာမန်လူတစ်ယောက်သာ
လျှင် ဖြစ်ပါလျက်နှင့် ဘုရားသခင် ဖြစ်ယောင်

**အင်္ကါနိပွဲ** ယုဒလူမျိုးများက ဒီဇင်ဘာလမှာ အထူးပတ်ကျင်းပခဲ့သောပွဲ ‘ဟာနုကာ‘

**ရှောလမုန်၏ကနားပြင်** ဗိမာန်တော်၏ အရှေ့ဘက် ဇရိယာ၌ရှိသည်။ ၎င်းကို ခေါင်မိုးဖြင့် ဖုံးထားသည်။

**ခရစ်တော်** ဘိသိက်တော်မူခြင်း ခံသောသူ (မေရှိယ) သို့မဟုတ် ဘုရားသခင် ရွေးကောက်သောသူ၊

ဆောင်၏။ ထိုအကြောင်းကြောင့် သင့်ကို ခဲနှင့်
ပစ်သတ်ရန်ငါတို့ကြိုးစားကြသည်” ဟုဆိုကြ၏။
34ယေရှုကလည်း “သင်တို့သည် ဘုရားဖြစ်
ကြ၏ ဟုငါဆိုသည်”* ဟုသင်တို့၏ပညတ္တိ
ကျမ်းစာ၌ ရေးသားခဲ့သည် မဟုတ်လော။
35ဘုရားသခင်၏ စကားတော်ကို ခံရသောသူ
တို့ကိုဘုရားဟူ၍ ဤပညတ္တိကျမ်းစာ၌ ဆိုထား
၏။ ပညတ္တိကျမ်းစာသည် အစဉ်အမြဲ မှန်ကန်
၏။ 36ထို့ကြောင့် ‘ငါသည် ဘုရားသခင်၏သား
ဖြစ်သည်’ ဟုငါဆိုရာ၌ ငါသည် ဘုရားသခင်
ကို လွှန်ကျူး၍ ပြောသည်ဟု သင်တို့သည်
အဘယ့်ကြောင့် ဆိုကြသနည်း။ ဘုရားသခင်
သည် ငါ့ကို ရွေးကောက်တော်မူ၍ လောကသို့
စေလွှတ်တော်မူသောသူပင် ဖြစ်၏။
37“ငါ့ခမည်းတော် ပြုတော်မူသော အမှုတို့
ကို ငါသည် မပြုလျှင်၊ ငါပြောသောစကားကို
သင်တို့မယုံကြနှင့်။ 38သို့သော်လည်း၊ ငါသည်
ငါ့ခမည်းတော် ပြုတော်မူသည်အတိုင်း ငါပြု
လျှင်သင်တို့သည်ငါပြုသောအမှုတို့ကိုထောက်
၍ ငါ့ကိုယုံကြည်ကြရမည်။ သင်တို့သည် ငါ့ကို
မယုံကြည်နိုင်သော်လည်း ငါပြုသော အမှုတို့ကို
ယုံသင့်ပါ၏။ထိုနောက် ခမည်းတော်သည် ငါ၌
ရှိ၍၊ ငါသည်ခမည်းတော်၌ရှိသည်ကိုသင်တို့သိ
ကြ၍ နားလည်ကြပါလိမ့်မည်”ဟုမိန့်တော်မူ၏။
39ယုဒလူတို့သည် ယေရှုကို ဖမ်းဆီးရန် တစ်
ဖန်ကြိုးစားကြပြန်၏။ သို့သော်လည်း၊ ယေရှု
သည် သူတို့လက်မှ လွတ်မြောက်သွား၏။
40ထို့နောက် ယေရှုသည် ယော်ဒန်မြစ်ကို
ဖြတ်၍သွားတော်မူ၏။ ဗတ္တိဇံဆရာယောဟန်
သည် လူတို့အား ဗတ္တိဇံကို ရှေးဦးစွာပေးသော
အရပ်သို့ ယေရှုသွားတော်မူ၏။ ယေရှုသည်
ထိုအရပ်၌ နေတော်မူ၏။ 41လူများစွာတို့သည်
အထံတော်သို့ လာကြ၏။ လူတို့က “ယောဟန်
သည် နိမိတ်လက္ခဏာကို ဘယ်သောအခါမျှ
မပြုခဲ့။ သို့သော်လည်း၊ ဤသူအကြောင်း
ယောဟန် ပြောခဲ့သမျှသော အရာတို့သည်
မှန်၏” ဟုဆိုကြ၏။ 42ထိုအရပ်၌ ရှိသောလူ
များစွာတို့သည် ယေရှုကို ယုံကြည်ကြ၏။

## လာဇရုသေခြင်း

11 လာဇရုအမည် ရှိသောလူတစ်ယောက်
သည် ဖျားနာလျက်နေ၏။ သူသည်
ဗေသနိမြို့၌ နေထိုင်၏။ ထိုမြို့သည် မာရိနှင့်
သူမ၏ညီမမာသတို့ နေထိုင်ရာမြို့ ဖြစ်၏။ 2ဤ
မာရိသည် သခင်ဘုရားကို ဆီမွှေးနှင့် လိမ်း၍
ခြေတော်ကို ဆံပင်နှင့် သုတ်သောသူပင်ဖြစ်
၏။မာရိ၏မောင်သည် ဖျားနာလျက်နေသော
သူ လာဇရုပင် ဖြစ်၏။ 3ထို့ကြောင့် မာရိနှင့်
မာသတို့သည် ယေရှုထံတော်သို့ လူတစ်
ယောက်ကို စေလွှတ်၍၊ “သခင်၊ ကိုယ်တော်
ချစ်သော မိတ်ဆွေလာဇရု ဖျားနာလျက်နေ
ပါသည်” ဟုလျှောက်စေ၏။
4ယေရှုသည် ထိုစကားကို ကြားသောအခါ၊
“သူသည် ထိုဖျားနာခြင်းကြောင့် မသေပါ။
သို့သော်လည်း ထိုအရာသည် ဘုရားသခင်
၏ဘုန်းတော်ကို ထင်ရှားစေလိမ့်မည်။ ထိုဖျား
နာခြင်းကြောင့်ဘုရားသခင်၏သားတော်သည်
ဘုန်းထင်ရှားခြင်းရှိလိမ့်မည်” ဟုမိန့်တော်မူ၏။
5ယေရှုသည် မာသ၊ သူမ၏ညီမနှင့် လာဇရုတို့
ကို ချစ်တော်မူ၏။ 6ယေရှုသည် လာဇရုဖျား
နာနေသည်ကို ကြားသော်လည်း သူနေသော
ထိုအရပ်၌ နှစ်ရက်ထပ်၍ နေတော်မူ၏။ 7ထို
နောက် ယေရှုသည် မိမိတပည့်တော်တို့အား
“ငါတို့သည် ယုဒပြည်သို့ တစ်ဖန် သွားကြရ
မည်” ဟုမိန့်တော်မူ၏။
8တပည့်တော်တို့က “အရှင်ဘုရား၊ မကြာ
သေးမီက ယုဒလူတို့သည် ကိုယ်တော်ကိုခဲနှင့်
ပစ်၍ သတ်ဖို့ရန် ကြိုးစားကြ၏။ ကိုယ်တော်
သည် ထိုအရပ်သို့ ယခုပင် သွားဦးမည်လော”
ဟုလျှောက်ကြ၏။
9ယေရှုကလည်း၊ “တစ်နေ့တွင် တစ်ဆယ့်
နှစ်နာရီ ရှိသည် မဟုတ်လော။ နေ့အချိန်၌
သွားလာသောသူသည်ဤလောက၏နေရောင်
အလင်းအားဖြင့် မြင်နိုင်သောကြောင့် ထိမိ၍

**”သင်တို့ … ငါဆိုသည်”** ဆာလံ 82:6

မလဲတတ်။ 10သို့သော်လည်း၊ ညအချိန်၌ သွား
လာသူသည် အလင်းရောင် မရှိသောကြောင့်
ထိမိ၍ လဲတတ်၏” ဟုမိန့်တော်မူ၏။ 11ယေရှု
သည် ဤအရာများကို မိန့်တော်မူပြီးနောက်
“ငါတို့၏မိတ်ဆွေလာဇရုသည် အိပ်ပျော်လျက်
နေ၏။ သို့ဖြစ်၍ငါသည်သွား၍ သူ့အား နိုးမည်”
ဟုမိန့်တော်မူ၏။
12တပည့်တော်တို့ကလည်း၊ “သခင်၊ သူ
သည် အိပ်ပျော်လျှင်၊ သက်သာလိမ့်မည်” ဟု
လျှောက်ကြ၏။ 13ယေရှုသည် လာဇရုသေ
ကြောင်းကို ဆိုလိုသော်လည်း၊ တပည့်တော်
တို့သည် လာဇရုအမှန် အိပ်ပျော်နေကြောင်းကို
သူပြောသည်ဟု ထင်မှတ်ကြ၏။ 14ထို့ကြောင့်
ယေရှုက “လာဇရုသေပြီ။ 15ထိုအရပ်၌ ငါမရှိ
သောကြောင့် သင်တို့အတွက် ငါဝမ်းမြောက်
ခြင်းရှိ၏။ အကြောင်းမူကား သင်တို့သည် ယ
ခုတွင် ငါ့ကိုယုံကြလိမ့်မည်။ ငါတို့သည် သူထံ
သို့ ယခုသွားကြကုန်အံ့” ဟုအတည့်အလင်း
ပြောတော်မူ၏။
16ထိုနောက် ဒိဒုမုအမည်ရှိသောသောမက
“အကျွန်ုပ်တို့လည်း လိုက်၍ သူနှင့်အတူအသေ
ခံကြကုန်အံ့” ဟုအခြားသော တပည့်တော်တို့
အား ပြောဆို၏။

## ဗေသနိမြို့၌ယေရှု

17ယေရှုသည် ဗေသနိမြို့သို့ ရောက်တော်မူ
၏။ လာဇရုသည် သေလွန်၍ သင်္ချိုင်းတွင်း၌
လေးရက်ရှိပြီ ဖြစ်ကြောင်းကို သိတော်မူ၏။
18ဗေသနိသည် ယေရုရှလင်မှ နှစ်မိုင်ခန့် ကွာ
ဝေး၏။ 19မာသနှင့် မာရိတို့၏ မောင်လာဇရု
သေသောကြောင့် သူတို့ကို နှစ်သိမ့်ရန် ယုဒလူ
များတို့သည် လာကြ၏။
20ယေရှု ကြွလာတော်မူသည်ကို မာသ
ကြားသောအခါ သူမသည် ယေရှုကို ခရီးဦးကြို
ပြုရန် သွား၏။ 21သို့သော်လည်း မာရိသည်
အိမ်၌ ကျန်ရစ်၏။ မာသသည် ယေရှုအား၊
“သခင်၊ ကိုယ်တော်သည် ဤအရပ်၌ ရှိတော်မူ
လျှင်၊ ကျွန်မ၏မောင်မသေပါ။ 22သို့သော်
လည်း၊ကိုယ်တော်တောင်းလျှောက်သမျှသော
အရာတို့ကိုဘုရားသခင်သည်ယခုပင်ပေးတော်
မူမည်ကို ကျွန်မသိပါသည်” ဟုလျှောက်၏။
23ယေရှုက၊“သင်၏မောင်သည် ထမြောက်
၍တစ်ဖန်အသက်ရှင်ပြန်မည်” ဟုမိန့်တော်မူ၏။
24မာသကလည်း၊ “နောက်ဆုံးသောနေ့၌
လူတို့သည် သေခြင်းမှထမြောက်ကြသောအခါ
သူသည်လည်း ထမြောက်လိမ့်မည်ကို ကျွန်မသိ
ပါသည်” ဟုလျှောက်၏။
25ယေရှုသည် သူမအား၊ “ငါသည် ရှင်ပြန်
ထမြောက်ခြင်း အကြောင်းနှင့် အသက်ရှင်ခြင်း
အကြောင်းဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည်
သေလွန်သော်လည်း တစ်ဖန် အသက်ပြန်ရှင်
လိမ့်မည်။ 26အသက်ရှင်၍ ငါ့ကို ယုံကြည်သော
သူသည် သေခြင်းမှ အစဉ်မပြတ်ကင်းလွတ်
လိမ့်မည်။ မာသ၊ သင်သည် ဤအကြောင်းကို
ယုံသလော” ဟုမေးတော်မူလျှင်၊
27မာသကလည်း၊ “ဟုတ်ပါ၏၊ သခင်၊
ကိုယ်တော်သည် ခရစ်တော် တည်းဟူသော
ဘုရားသခင်၏သားတော်ဖြစ်သည်ကို ကျွန်မ
ယုံပါသည်။ ကိုယ်တော်သည် ဤလောကသို့
ကြွလာတော်မူသောသူ ဖြစ်သည်ကို ကျွန်မယုံ
ပါသည်” ဟုလျှောက်၏။

## ယေရှုငိုတော်မူ၏

28မာသသည် ထိုအရာတို့ကို ပြောပြီးမှ
သူမ၏ညီမမာရိထံသို့ ပြန်သွား၏။ မာသသည်
မာရိကို ဘေးသို့ခေါ်၍ “ဆရာရောက်လာပြီ။
သူသည် သင့်ကို အလိုရှိတော်မူသည်” ဟု
ပြော၏။ 29မာရိသည် ထိုစကားကို ကြားသော
အခါ ထ၍ ယေရှုထံတော်သို့ လျင်မြန်စွာသွား
လေ၏။ 30ယေရှုသည် ရွာထဲသို့ မဝင်သေး။
မာသသည် သူ့အား ခရီးဦးကြိုပြုသော နေရာ
၌ပင် ရှိသေး၏။ 31ယုဒလူတို့သည် မာရိနှင့်အ
တူအိမ်ထဲ၌ ရှိကြ၏။ သူတို့သည် သူမအားနှစ်
သိမ့်ကြ၏။ မာရိသည် ထ၍ လျင်မြန်စွာ ထွက်
သွားသည်ကိုသူတို့မြင်ကြ၏။ သူမသည်လာဇရု
ကို သင်္ဂြိုဟ်သောသင်္ချိုင်းသို့ ငိုကြွေးရန် သွား

သည်ဟု သူတို့ထင်ကြ၏။ ထို့ကြောင့် သူတို့
သည် သူမနောက်သို့ လိုက်သွားကြ၏။ 32မာရိ
သည် ယေရှုရှိရာနေရာသို့ သွားလေ၏။ သူမ
သည် ယေရှုကို မြင်သောအခါ သူ၏ခြေတော်
ရင်း၌ ပြပ်ဝပ်လေ၏။ မာရိက၊ "အရှင်ဘုရား၊
ကိုယ်တော်သည် ဤအရပ်၌ ရှိတော်မူလျှင်၊
ကျွန်မမောင်သည် မသေရပါ" ဟုလျှောက်၏။
33မာရိနှင့်အတူ လိုက်လာသော ယုဒလူတို့
သည် ငိုကြွေးကြသည်ကို ယေရှုသည် မြင်တော်
မူသောအခါ၊ 34အလွန်ညှိုးငယ်ခြင်း၊ စိတ်ပူပန်
ခြင်း ရှိ၍၊ "သင်တို့သည် လာဇရုအလောင်းကို
အဘယ်မှာထားကြသနည်း" ဟုမေးတော်မူ၏။
သူတို့ကလည်း "သခင်လာ၍ ကြည့်တော်မူပါ"
ဟုလျှောက်ကြ၏။
35ယေရှုသည် မျက်ရည်ကျတော်မူ၏။
36ယုဒလူတို့က၊ "ကြည့်ကြပါ။ ယေရှုသည်
လာဇရုကို အလွန်ချစ်တော်မူပါလား" ဟုဆို
ကြ၏။ 37သို့ရာတွင်၊ ယုဒလူအချို့တို့က "မျက်စိ
ကန်းသောသူကိုမြင်စေတော်မူသော ဤသခင်
သည် လာဇရုကို မသေစေရန် အဘယ့်ကြောင့်
တစုံတခုမပြုသနည်း" ဟုဆိုကြ၏။
38ယေရှုသည် တစ်ဖန်အလွန်ညှိုးငယ်၍ စိတ်
ပူပန်လေ၏။

## ယေရှုသည် လာဇရုကို ရှင်ပြန်စေတော်မူခြင်း

ယေရှုသည် လာဇရု၏သင်္ချိုင်းသို့ ရောက်
တော်မူ၏။ ထိုသင်္ချိုင်းမှာ ကြီးမားသော
ကျောက်တုံးဖြင့် ဝင်ပေါက်ကို ပိတ်ထားသော
ဂူတစ်ခု ဖြစ်၏။ 39ယေရှုက "ကျောက်တုံးကို
အဝေးသို့ ရွှေ့ကြလော" ဟုမိန့်တော်မူလျှင်
သေလွန်သောသူ၏ အစ်မမာသက၊ "သခင်၊
လာဇရုသေသည်မှာ လေးရက်ရှိပြီး ဖြစ်၏။
ဆိုးသောအနံ့ရှိလိမ့်မည်" ဟုလျှောက်၏။
40ယေရှုက မာသအား၊ "သင်သည် ယုံ
ကြည်လျှင်၊ ဘုရားသခင်၏ဘုန်းအာနုဘော်
တော်ကို မြင်ရလိမ့်မည်ဟု ငါပြောပြီ မဟုတ်
လော" ဟုမိန့်တော်မူ၏။
41ထို့ကြောင့် သူတို့သည် ဝင်ပေါက်မှ
ကျောက်တုံးကို အဝေးသို့ ရွှေ့ကြ၏။ ထို
နောက် ယေရှုသည် အထက်သို့ ကြည့်မျှော်
လျက် "အဘ၊ ကိုယ်တော်သည် အကျွန်ုပ်
စကားကို နားညောင်းတော်မူသောကြောင့်
ကျေးဇူးတင်ပါ၏။ 42ကိုယ်တော်သည် အကျွန်ုပ်
၏စကားကို အစဉ်မပြတ် နားညောင်းတော်မူ
သည်ကို အကျွန်ုပ်သိပါ၏။ သို့သော်လည်း၊
အကျွန်ုပ်ကို ဝန်းရံလျက်ရှိသော ဤလူတို့၏အ
ကျိုးကို ထောက်၍ အကျွန်ုပ်သည် ဤအရာတို့
ကို လျှောက်ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်
ကို စေလွှတ်တော်မူကြောင်းကို ဤသူတို့အား
အကျွန်ုပ်ယုံကြည်စေလိုပါသည်" ဟုမိန့်မြွက်
တော်မူ၏။ 43ယေရှုသည် ထိုသို့မိန့်မြွက်တော်
မူပြီးနောက် "လာဇရု၊ ထွက်လာလော့" ဟု
ကျယ်သောအသံနှင့် ဟစ်ခေါ်တော်မူ၏။ 44သေ
သောသူသည် ထွက်လာ၏။ သူ၏ခြေလက်တို့
သည် အဝတ်စများဖြင့် ရစ်ပတ်လျက်ရှိ၏။ သူ
၏မျက်နှာကိုလည်း အဝတ်ဖြင့် အုပ်စည်းထား
၏။ ယေရှုသည် လူတို့အား၊ "သူ့အား၊ စည်း
ထားသောအဝတ်စများကိုဖြည်၍ လွှတ်ကြ
လော့" ဟုပြောတော်မူ၏။

## ယုဒခေါင်းဆောင်တို့သည် ယေရှုကို သတ်ရန် ကြံစည်ကြ၏

*(မ၊ 26:1-5; မာ၊ 14:1-2; လု၊ 22:1-2)*

45ထိုအခါ မာရိဆီသို့ လာသောယုဒလူ
အများတို့သည် ယေရှုပြုတော်မူသော အမှုကို
မြင်ကြ၏။ သူတို့သည် ယေရှုကို ယုံကြည်ကြ၏။
46သို့သော်လည်း၊ အချို့သော ယုဒလူတို့သည်
ဖာရိရှဲတို့ထံသို့ သွား၍၊ ယေရှုပြုတော်မူသော
အမှုကို ကြားပြောကြ၏။ 47ထိုအခါ ယဇ်ပုရော
ဟိတ်အကြီးတို့နှင့်ဖာရိရှဲများသည် ယုဒကောင်
စီအစည်းအဝေးကို ခေါ်ကြ၏။ သူတို့က၊ "ငါတို့
သည် အဘယ်သို့ပြုကြမည်နည်း။ ထိုသူသည်
များစွာသောနိမိတ်လက္ခဏာတို့ကို ပြုလေပြီ။
48ငါတို့သည် သူ့အား ဤအရာများတို့ကို ဆက်
လက်၍ ပြုစေလျှင် လူအားလုံးတို့သည် သူ့ကို

ယုံကြည်ကြလိမ့်မည်။ ထို့နောက် ရောမလူတို့
သည် လာ၍ ငါတို့၏ဗိမာန်တော်နှင့် လူမျိုးတို့
ကို သုတ်သင်ပယ်ရှင်းကြလိမ့်မည်” ဟုပြော
ဆိုကြ၏။
49ကယာဖအမည် ရှိသောလူတစ်ယောက်
သည်လည်းရှိ၏။သူသည် ထိုနှစ်တွင်ယဇ်ပရော
ဟိတ်မင်းဖြစ်၏။ ကယာဖက၊ “သင်တို့သည်
ဘာမျှမသိကြ။ 50ယုဒလူမျိုးအကုန်အစင် ပျက်
စီးသည်ထက် လူတစ်ယောက်သေသော်သာ
၍ ကောင်းသည်ကို သင်တို့သိသည် မဟုတ်
လော့” ဟုဆို၏။ 51ကယာဖသည် ဤအရာတို့
ကို သူကိုယ်တိုင် အလိုအလျောက် ပြောသည်
မဟုတ်။ သူသည် ထိုနှစ်တွင် ယဇ်ပုရောဟိတ်
မင်းဖြစ်၏။ ထို့ကြောင့် ယေရှုသည် ယုဒလူမျိုး
တို့အတွက် အသေခံတော်မူလိမ့်မည်ဟု သူ
သည် အမှန်ပရောဖက်ပြုလေ၏။ 52မှန်ပါ၏။
ယေရှုသည် ယုဒလူမျိုးတို့အတွက်ဝင်း၊ ဤ
လောကအရပ်ရပ်၌ ကွဲပြားနေသော ဘုရား
သခင်၏ သားများကို အတူတကွ စုဝေးစေ၍
လူမျိုးတစ်မျိုးတည်းဖြစ်စေရန်အတွက်ဝင်း သေ
ရပါမည်။
53ထိုနေ့၌ ယုဒခေါင်းဆောင်တို့သည် ယေရှု
ကို သတ်ရန်ကြံစည်နေကြ၏။ 54ထို့ကြောင့်
ယေရှုသည် ယုဒလူတို့ကြားတွင် ထင်ရှားစွာ
လှည့်လာခြင်းကို ရပ်တန့်တော်မူ၏။ ယေရှု
သည် ယေရုရှလင်မှ ထွက်၍ တောအရပ်အနီး
ဧဖရိမ် ဟုခေါ်သောရွာသို့ ကြွတော်မူ၏။ သူ
သည် ထိုအရပ်၌ သူ၏တပည့်တော်တို့နှင့် အ
တူနေတော်မူ၏။ 55ထိုအချိန်သည် ယုဒပသခါ
ပွဲခံခါနီးအချိန်ဖြစ်၏။ အရပ်ရပ်တို့မှ များစွာ
သောလူတို့သည် ပွဲမခံမီ ပွဲသဘင်နှင့် ဆိုင်
သောအရာများအတွက် မိမိကိုယ်ကို သန့်ရှင်း
စေကြရန် ယေရုရှလင်မြို့သို့ လာကြ၏။ 56ထို
သူတို့သည် ယေရှုကို ရှာဖွေကြ၍ “သင်တို့
မည်သို့ ထင်ကြသနည်း သူသည် ဤပွဲသို့
လာလိမ့်မည်လော” ဟုအချင်းချင်းမေးမြန်းကြ
၏။ 57သို့သော်လည်း၊ ယဇ်ပုရောဟိတ်အကြီး
တို့နှင့် ဖာရိရှဲတို့သည် လူတစ်ဦးဦးသည် ယေရှု
ဘယ်မှာရှိသည်ကို သိလျှင်၊ ထိုသူသည် သူတို့
အား ပြောရမည်ဟု ယေရှုအကြောင်းကို အ
ထူးအမိန့်ထုတ်ထားကြ၏။ ထို့နောက် ယဇ်ပု
ရောဟိတ်အကြီးတို့နှင့် ဖာရိရှဲအများ တို့သည်
ယေရှုကို ဖမ်းဆီးနိုင်ကြမည်။

## ယေရှုသည် သူ၏မိတ်ဆွေများနှင့်ဗေသနိမြို့၌

*(မ၊ 26:6-13; မာ၊ 14:3-9)*

12 ပသခါပွဲမတိုင်မီ ခြောက်ရက်အလိုတွင်
ယေရှုသည် ဗေသနိသို့ သွား၏။ ဗေသနိ
သည် လာဇရုနေသောမြို့ ဖြစ်၏။ လာဇရု
သည် သေခြင်းမှ ယေရှုက ပြန်ရှင်စေသောသူ
ဖြစ်၏။ 2ဗေသနိ၌ သူတို့သည် ယေရှုအတွက်
ညစာကို ပြင်ဆင်ပေး၏။ မာသသည် စားပွဲကို
ပြင်ဆင်၏။ လာဇရုသည် ယေရှုနှင့်အတူ စား
သောသူတို့ထဲမှ တစ်ယောက်အပါအဝင် ဖြစ်
၏။ 3မာရိသည် အလွန်အဖိုးတန်သောနာဒု*
ဆီမွှေးအစစ်အကျပ်သုံးဆယ်ကို ယူ၍ ယေရှု၏
ခြေတော်၌ လိမ်းပြီးလျှင် သူမ၏ဆံပင်ဖြင့်သုတ်
၏။ ဆီမွှေးမှမွှေး ကြိုင်သောအနံ့သည် အိမ်
တစ်ခုလုံးပြည့်လေ၏။
4ယုဒရှကာရုတ်သည် ထိုနေရာ၌ ရှိ၏။ ယုဒ
သည် နောက်ပိုင်းတွင် ယေရှုကို အပ်နှံမည့်သူ
ယေရှု၏တပည့်တော်တစ်ပါးဖြစ်၏။ ယုဒသည်
မာရိပြုမူပုံကို မနှစ်သက်ပေ။ ယုဒကလည်း၊
5“ထိုဆီမွှေးသည် ငွေသားအပြားသုံးရာနှင့်
ရောင်း၍ ရသောငွေကို ဆင်းရဲသောသူတို့
အား အဘယ့်ကြောင့်မပေးသနည်း” ဟုဆို၏။
6သို့သော်လည်း၊ ယုဒသည် ဆင်းရဲသောလူတို့
အား အမှန်ထောက်၍ ပြောသည်မဟုတ်။ ထို
သို့ ပြောဆိုခြင်းမှာ သူသည် သူခိုးဖြစ်သော
ကြောင့်ဖြစ်၏။ ယုဒသည် ငွေအိတ်ကို ဆောင်
သောသူ ဖြစ်၍ ငွေအိတ်မှ ငွေများကို မကြာ
ခဏယူတတ်၏။
7ယေရှုကလည်း၊ “သူမကို မနှောင့်ယှက်ပါ
နှင့်။ သူမသည် ဤဆီမွှေးကို ယနေ့အဖို့ စု
ဆောင်းလာသည်ဟု မိန့်တော်မူ၏။ ယနေ့

---

**နာဒု** နာဒုပင်၏ အမြစ်မှ အပြုလုပ်သော ဆီမွှေး

သည် ငါ့အား သင်္ဂြိုဟ်ရန် ပြင်ဆင်သောနေ့
ဖြစ်၏။ 8ဆင်းရဲသားတို့သည် သင်တို့နှင့်အတူ
အစဉ်အမြဲ ရှိလိမ့်မည်။ သို့သော်လည်း ငါသည်
သင်တို့နှင့်အတူ အစဉ်အမြဲ ရှိလိမ့်မည်မဟုတ်"
ဟုမိန့်တော်မူ၏။

## လာဇရုကို ဆန့်ကျင်သော လျှို့ဝှက်အကြံအစည်

9ယေရှုသည် ဗေသနိမြို့၌ ရှိတော်မူသည်ကို
ယုဒလူများစွာတို့သည် ကြားခဲ့ကြ၏။ ထို
ကြောင့် သူတို့သည် ယေရှုနှင့်တွေ့ဖို့ရန်သာ
ထိုနေရာသို့ လာကြသည်မဟုတ်။ သေခြင်းမှ
ထမြောက်စေတော်မူသော လာဇရုကိုလည်း
တွေ့ဖို့ရန် လာကြခြင်းဖြစ်၏။ 10ဤအကြောင်း
ကြောင့်ယဇ်ပုရောဟိတ်အကြီးတို့သည်လာဇရု
ကိုလည်း သတ်ရန် တိုင်ပင်စီရင်ကြ၏။ 11အ
ကြောင်းမူကား ထိုလာဇရုကြောင့် ယုဒလူများ
စွာတို့သည် သူတို့၏ခေါင်းဆောင်များကို စွန့်၍
ယေရှုကို ယုံကြည်ကြသောကြောင့် ဖြစ်၏။

## ယေရှုသည် ယေရုရှလင်မြို့သို့ဝင်တော်မူခြင်း

*(မ၊ 21:1-11; မာ၊ 11:1-11; လု၊ 19:28-40)*

12နောက်တစ်နေ့တွင် ယေရုရှလင်မြို့သို့
ပသခါပွဲခံရန် လာသောလူအများစုတို့သည် ထို
မြို့သို့ ယေရှုကြွလာတော်မူသည်ကို ကြားသိကြ
၏။ 13လူတို့သည် စွန်ပလွံခက်များကို ကိုင်
လျက် ယေရှုအား ကြိုဆိုရန် ထွက်သွားကြ၏။
လူတို့သည်

"ကိုယ်တော်အား ချီးမွမ်းကြ၊ ထာဝရဘု
ရားသခင်၏နာမနှင့် ကြွလာတော်မူ
သောသူသည် မင်္ဂလာရှိပါစေ"

*ဆာလံ၊ 118:25-26*

ဟုကြွေးကြော်ကြ၏။ ဣသရေလရှင်ဘု
ရင်သည် မင်္ဂလာရှိ ပါစေ။

14ကျမ်းစာ၌ ဆိုထားသည့်အတိုင်း ယေရှု
သည်မြည်းကလေးတစ်ကောင်ကိုစီးတော်မူ၏။
15"အိုဇိအုန်မြို့၊ မကြောက်ရွံ့ကြနှင့်၊ ကြည့်ရှု
လော့။ သင်တို့၏ရှင်ဘုရင်သည် မြည်း
ငယ်ကလေးပေါ် စီးလျက်လာ၏" ဟူ၍
ဖော်ပြထား၏။ *ဇာခရိ၊ 9:9*

16မည်သည့်အရာဖြစ်ပျက်နေသည်ကို တ
ပည့်တော်တို့သည် ထိုအချိန်အခါ၌ နားလည်
ခြင်း မရှိခဲ့ကြ။ သို့သော်လည်း၊ ယေရှုသည်
ဘုန်းပွင့်တော်မူသည့်နောက် ထိုသို့ ဖြစ်ပျက်ခဲ့
ခြင်းမှာ ယေရှု၏အကြောင်းများကို သာရေး
သားထားတော်မူသည်ကို သူတို့သည်နားလည်
သဘောပေါက်ကြလေ၏။ ထိုနောက် ထိုအရာ
များတို့ကို သူ့အတွက် သူတို့လုပ်ဆောင်နေကြ
သည်ကိုတပည့်တော်တို့သည်သတိရကြလေ၏။

## လူတို့သည် ယေရှုအကြောင်းကို ပြောဆိုကြ၏

17ယေရှုသည် လာဇရုအား သေခြင်းမှ ရှင်
ပြန်ထမြောက်စေ၍ သင်္ချိုင်းဂူထဲမှ ထွက်လာ
ရန် မိန့်တော်မူသောအချိန်တွင် များစွာသော
လူတို့သည် ထိုနေရာ၌ ယေရှုနှင့်အတူ ရှိကြ၏။
ယခုတွင် ထိုလူတို့က ယေရှုသည် အံ့ဘွယ်အမှု
ကို ပြုတော်မူကြောင်းကို အခြားသောလူတို့
အား ကြားပြောကြ၏။ 18ယေရှုသည်
ထိုနိမိတ်လက္ခဏာကိုပြုတော်မူသည်ဟု လူ
များတို့သည် ကြားသိကြသောကြောင့် သူ့ကို
တွေ့ခြင်းငှါ သွားခဲ့ကြ၏။ 19ထို့ကြောင့်၊ ဖာရိရှဲ
တို့က "ကြည့်ကြပါ။ ငါတို့၏အကြံအစည် သည်
အောင်မြင်မှုမရှိ။လူအားလုံးတို့သည်သူ့နောက်
သို့ လိုက်သွားကြကုန်ပြီ" ဟုအချင်းချင်းပြော
ဆိုကြ၏။

## ယေရှုသည် အသက်ရှင်ခြင်းနှင့် သေခြင်း အကြောင်းကို မိန့်တော်မူ၏

20သူတို့တွင် ပသခါပွဲ၌ ဝတ်ပြုကိုးကွယ်ရန်
ယေရုရှလင်မြို့သို့ ရောက်လာသောဟေလသ
လူမျိုးအချို့တို့သည်လည်း ထိုနေရာ၌ ရှိကြ၏။
21ဟေလသလူမျိုးတို့သည် ဂါလိလဲပြည် ဗက်ဇဲဒ

မြို့သားဖြစ်သော ဖိလိပ္ပုထံသို့ သွားခဲ့ကြ၍
“အရှင်သခင်၊ အကျွန်ုပ်တို့သည်၊ ယေရှုကို
တွေ့မြင်ချင်ပါသည်” ဟုဆိုကြ၏။ 22ဖိလိပ္ပု
သည် သွား၍ အန္ဒြေအား ပြော၏။ ထို့နောက်
အန္ဒြေနှင့် ဖိလိပ္ပုတို့သည် သွား၍ ယေရှုအား
ပြောကြ၏။
23ယေရှုသည် သူတို့အား၊ “လူသားသည်
ဘုန်းပွင့်ရသောအချိန် ရောက်လာပြီ။ 24ငါအ
မှန်ဆိုသည်ကား၊ ဂျုံစေ့သည် မြေသို့ကျ၍ သေ
ရပါမည်။ ထို့နောက် ထိုဂျုံစေ့သည် ကြီးထွား၍
များစွာသော အသီးကို သီးလိမ့်မည်။ သို့ရာ
တွင် ထိုဂျုံစေ့သည် မသေဘဲနေလျှင် တစ်ခု
တည်းသာနေပေမည်။ 25မိမိအသက်ကို နှမြော
သောသူသည် အသက်ဆုံး လိမ့်မည်။ သို့သော်
လည်း၊ ဤလောက၌ မိမိအသက်ကို မုန်းသော
သူသည် ထာဝရအသက်ကို ရစေခြင်းငှါ အ
သက်ကို စောင့်ရှောက်လိမ့်မည်။ 26ငါ၏အမှု
ကို ဆောင်ရွက်သောသူသည် ငါ့နောက်သို့
လိုက်ရမည်။ ထို့နောက် ငါ၏အစေခံသည် ငါရှိ
ရာအရပ်၌ ရှိလိမ့်မည်။ ခမည်းတော်သည် ငါ၏
အမှုကို ဆောင်ရွက်သောသူတို့ကို ချီးမြှောက်
တော်မူလိမ့်မည်။

## ယေရှုသည် မိမိသေခြင်းအကြောင်းကို မိန့်တော်မူ၏

27“ယခုတွင် ငါသည် အလွန်စိတ်နှလုံးပူပန်
ခြင်းရှိ၏။ အဘယ်သို့ ငါပြောရမည်နည်း။ ‘အ
ဘ ဤဆင်းရဲဒုက္ခခြင်း အချိန်မှ အကျွန်ုပ်ကို
ကယ်မတော်မူပါ၊’ ဟုငါလျှောက်ရမည်လော။
ထိုသို့ မလျှောက်ရပါ။ ဤအချိန်ကို ခံဖို့ရန်သာ
ငါလာ၏။ 28အိုအဘ၊ ကိုယ်တော်၏ နာမတော်
ကို ချီးမြှောက်တော်မူပါ” ဟုမိန့်မြွက်တော်မူ
၏။ ထို့နောက် “ထိုနာမတော်ကို ငါချီးမြှောက်
ပြီ။ ငါသည် တစ်ဖန် ချီးမြှောက်ဦးမည်” ဟု
ကောင်းကင်မှ စကားသံလာ၏။
29ထိုအရပ်၌ ရပ်လျက်နေသောလူတို့သည်
စကားသံကို ကြားကြ၏။ ထိုအသံသည် မိုး
ခြိမ်းသံဖြစ်မည်ဟု သူတို့ဆိုကြ၏။ သို့သော်
လည်း၊ အခြားသောသူတို့က “ကောင်းကင်
တမန်သည် သူအား စကားပြောသည်” ဟု
ဆိုကြ၏။
30ယေရှုသည် လူတို့အား၊ “ထိုစကားသံ
သည် ငါ့အဘို့ လာသည်မဟုတ်။ သင်တို့အဘို့
သာ လာ၏။ 31ဤလောကသည် တရားစီရင်
ခြင်းကို ခံရမည့်အချိန် ရောက်လာပြီ။ ယခုတွင်
ဤလောကကို အစိုးရသောသူသည် အပြင်သို့
နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။ 32ငါသည် မြေ
ကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကို ခံရမည်။
ထိုအရာသည် ဖြစ်ပျက်သောအခါ ငါသည်
လူအပေါင်းတို့အား ငါ့ထံသို့ ငါဆွဲ မည်။”
33ထိုသို့ မိန့်တော်မူခြင်းမှာ မိမိသည် အဘယ်
သို့အသေခံရမည်ကို ဖော်ပြခြင်းဖြစ်၏။
34လူတို့ကလည်း၊ “ခရစ်တော်သည် အစဉ်
မပြတ် အသက်ရှင်ရလိမ့်မည်ဟု ငါတို့၏ပည
တ္တိကျမ်း၌လာ၏။ သို့ဖြစ်လျှင်၊ ‘လူသားသည်
မြှောက်ထားခြင်းကိုခံရမည်’ ဟုသင်သည် အ
ဘယ်သို့ ဆိုသနည်း။ ထိုလူသားသည် အဘယ်
သူနည်း” ဟုဆိုကြ၏။
35ထို့နောက် ယေရှုက၊ “အလင်းသည် သင်
တို့နှင့် ခဏသာ ရှိလိမ့်မည်။ သို့ဖြစ်၍ အလင်း
သည် သင်တို့၌ရှိစဉ်သွားလာကြလော့။ သို့မှ
သာ မှောင်မိုက်သည် သင်တို့ကို မှီလိမ့်မည်
မဟုတ်။ မှောင်မိုက်၌ သွားလာသောသူသည်
အဘယ်အရပ်သို့ သွားလာနေသည်ကို မသိ။
36ထို့ကြောင့်၊ သင်တို့တွင် အလင်းရှိနေစဉ် အ
လင်း၌ ယုံကြည်ကိုးစားခြင်း ရှိကြလော့။ ထို
နောက် သင်တို့သည် အလင်း၏သားများဖြစ်
လာကြလိမ့်မည်” ဟုမိန့်တော်မူ၏။ ယေရှုသည်
ဤအရာများကို မိန့်တော်မူပြီးမှ ထွက်ကြွ၍
ထိုသူတို့ကို ထိမ်းရှောင်လျက်နေတော်မူ၏။

## ယုဒလူတို့သည် ယေရှုကို ယုံကြည်ရန် ငြင်းပယ်ခဲ့ကြ၏

37ယေရှုသည် ဤနိမိတ်လက္ခဏာ အားလုံး
တို့ကို ပြုတော်မူ၏။ လူများတို့သည် ထိုအမှု
အရာများတို့ကို မြင်ခဲ့ကြ၏။ သို့ရာတွင် သူတို့

သည် သူ့အား မယုံကြည်ဘဲ ရှိကြ၏။ 38ဤ
အရာသည် ပရောဖက်ဟေရှာယ ဟောသော
စကားကို ရှင်းလင်းစွာ အဓိပ္ပါယ်ပြည့်စုံစေရန်
ဖြစ်၏။

"အိုထာဝရဘုရား၊ အကျွန်ုပ်တို့ ဟော
ပြောသောစကားကို အဘယ်သူ ယုံပါ
သနည်း။ ထာဝရဘုရား၏တန်ခိုးတော်
ကို အဘယ်သူသည် မြင်သနည်း။"

*ဟေရှာယ၊ 53:1*

39လူများတို့သည် အဘယ်ကြောင့် မယုံကြည်
နိုင်ကြသည်ကို ဟေရှာယ ဟောပြန်သည်မှာ၊

40"ဘုရားသခင်သည် သူတို့မျက်စိကို ကွယ်
စေတော်မူ၏။ ဘုရားသခင်သည် သူတို့
စိတ်နှလုံးကို မာစေတော်မူ၏။ ဘုရား
သခင်သည် ထိုသို့ ပြုတော်မူ၏။ ထို့
ကြောင့် သူတို့၏မျက်စိဖြင့် မြင်လိမ့်မည်
မဟုတ်။ သူတို့၏စိတ်နှလုံးဖြင့် နားလည်
လိမ့်မည်မဟုတ်။ ငါသည် သူတို့၏အနာ
ရောဂါကိုမကျန်းမာစေသည့်တိုင်အောင်
သူတို့သည် ငါ့ထံသို့ လာမည်မဟုတ်။"

*ဟေရှာယ၊ 6:10*

41ဟေရှာယသည် ယေရှု၏ဘုန်းအာနုဘော်
တော်ကို မြင်ခဲ့သောကြောင့် ဤသို့ ပြောဆို
၏။ သူ့အကြောင်းကို ဟောပြောသောကြောင့်
ဤသို့ ပြောဆို၏။
42သို့သော်လည်း၊ ယုဒအရာရှိအများနှင့်
များစွာသောလူတို့သည် ယေရှုကို ယုံကြည်ကြ
လေ၏။ သို့သော်လည်း၊ သူတို့သည် ဖာရိရှဲတို့
ကို ကြောက်ရွံ့ကြ၏။ ထို့ကြောင့်၊ သူတို့၏
ယုံကြည်ခြင်းကို ထင်ရှားစွာ မပြောဝံ့ကြ။ တ
ရားဇရပ်မှ နှင်ထုတ်ခြင်းခံရမည်ကို သူတို့
ကြောက်ရွံ့စိုးရိမ်ကြ၏။ 43ဤလူများတို့သည်
ဘုရားသခင်ပေးသော ဘုန်းအသရေထက် လူ
တို့ပေးသော ဘုန်းအသရေကို သာ၍ နှစ်သက်
ကြ၏။

## ယေရှု၏ဆုံးမဩဝါဒ ပေးခြင်းသည် လူတို့အား တရားစီရင်လိမ့်မည်

44ထိုနောက် ယေရှုကလည်း ကျယ်သောအ
သံဖြင့်၊ "ငါ့ကို ယုံကြည်သောသူသည် ငါ့ကို
သာ ယုံကြည်သည်မဟုတ်။ ငါ့ကို စေလွှတ်
တော်မူသောသူကိုလည်း ယုံကြည်၏။ 45ငါ့ကို
မြင်သောသူသည် ငါ့ကို စေလွှတ်တော်မူသော
သူကို အမှန်မြင်၏။ 46ငါသည် အလင်းဖြစ်၍
ဤလောကသို့ ကြွလာပြီ။ ငါ့ကို ယုံကြည်သော
သူ ရှိသမျှတို့သည် မှောင်မိုက်၌ မနေစေခြင်း
ငှာ ငါလာ၏။
47"ငါ့စကားကို ကြားလျက် မလိုက်နာ
သောလူတို့ကို ငါသည် အပြစ်မစီရင်။ အ
ကြောင်းမူကား လူတို့ကို အပြစ်စီရင်ခြင်းငှါ
ငါလာသည်မဟုတ်။ ဤလောကီသားတို့ကို
ကယ်တင်ခြင်းငှါ ငါလာ၏။ 48ငါကိုငြင်းပယ်၍
ငါ့စကားကို နာမခံသောသူအား အပြစ်စီရင်
သောသူရှိ၏။ ငါ့စကားသည် နောက်ဆုံးသော
နေ့၌ ထိုသူအား အပြစ်စီရင်လိမ့်မည်။ 49အ
ကြောင်းမူကား၊ ငါပြောသောအရာတို့သည်
ကိုယ်အလိုအလျောက် ဟောသောအရာများ
မဟုတ်။ ငါ့ကို စေလွှတ်တော်မူသောခမည်း
တော်သည် အဘယ်အရာကို ပြောရမည် အ
ဘယ်အရာကို သွန်သင်ရမည်ကို ငါ့အား ပြော
တော်မူ၏။ 50ထာဝရအသက်သည် ခမည်း
တော်၏ပညတ်တော်မှ လာသည်ကို ငါသိ၏။
ထို့ကြောင့် ငါပြောသမျှသောစကားတို့သည်
ငါ့အား ဟောပြောရန် ခမည်းတော်ပြောထား
တော်မူသည့်အတိုင်း ငါပြော၏။"

## ယေရှုသည် မိမိတပည့်တော်တို့၏ခြေကို ဆေးတော်မူခြင်း

13 ထိုအချိန်သည် ယုဒလူမျိုးတို့၏ပသခါ
ပွဲခံချိန် ရောက်လုနီးဖြစ်၏။ ယေရှုသည်
ဤလောကမှ ထွက်ခွာမည့် အချိန်ကျပြီဖြစ်
ကြောင်း သိတော်မူ၏။ ယေရှုသည် ခမည်း
တော်ထံသို့ ပြန်သွားရမည့်အချိန် ရောက်ပြီ

ဖြစ်၏။ ယေရှုသည် ဤလောက၌ ရှိသော
မိမိလူတို့ကို ချစ်တော်မူ၍ ယခုတွင် သူသည်
မိမိချစ်ခြင်းမေတ္တာကို သူတို့အား ပြည့်စုံစွာ
ပြတော်မူ၏။
[2]ယေရှုနှင့် မိမိတပည့်တော်တို့သည် ညစာ
စားနေကြ၏။ ရှိမုန်၏သား ယုဒရှကာရုတ်သည်
ယေရှုကို အပ်နှံမည့်အကြောင်း မာရ်နတ်သည်
သူ၏စိတ်နှလုံး၌ အကြံပေးသွင်းနှင့်ပြီး ဖြစ်၏။
[3]ခမည်းတော်သည် အလုံးစုံသောအရာတို့ အ
ပေါ်၌ ရှိသောတန်ခိုးတော်ကို ယေရှု၏လက်သို့
အပ်ပေးတော်မူ၏။ ယေရှုသည် ဤအရာကို
သိတော်မူ၏။ သူသည် ဘုရားသခင်ထံတော်မှ
လာ၍ သူထံသို့ ပြန်သွားရမည်ကိုလည်း သူသိ
တော်မူ၏။ [4]သူတို့သည် စားသောက်နေကြစဉ်၊
ယေရှုသည် မတ်တတ်ရပ်၍ မိမိဝတ်လုံတော်
ကို ချွတ်၏။ ယေရှုသည် ပဝါကို ယူ၍ ခါးကို
စည်းတော်မူ၏။ [5]ထိုနောက် ယေရှုသည် ရေကို
အင်တုံ၌ လောင်း၍ တပည့်တို့၏ခြေကို ဆေး
ပြီးမှ ခါး၌ စည်းသောပဝါနှင့် သုတ်တော်မူ၏။
[6]သို့ရာတွင် ယေရှုသည် ရှိမုန်ပေတရုဆီသို့
ရောက်တော်မူသောအခါ ပေတရုသည် ယေရှု
အား၊ “သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏
ခြေကို မဆေးရ” ဟုဆို၏။
[7]ယေရှုကလည်း၊ “သင်သည် ငါပြုသောအ
မှုကို ယခု နားမလည်သေး။ သို့သော်လည်း၊
သင်သည် နောက်မှ နားလည်လိမ့်မည်” ဟုမိန့်
တော်မူ၏။
[8]ပေတရုက၊ “မဟုတ်ပါ။ ကိုယ်တော်သည်
အကျွန်ုပ်၏ခြေကို ဘယ်သောအခါမျှ မဆေးရ”
ဟုဆို၏။ ယေရှုကလည်း၊ “ငါသည် သင်၏ခြေ
ကို မဆေးလျှင် သင်သည် ငါ၏လူမဖြစ်နိုင်”
ဟုမိန့်တော်မူ၏။
[9]ရှိမုန်ပေတရုက၊ သို့ဖြစ်လျှင် “သခင်၊ အ
ကျွန်ုပ်၏ခြေကို သာမက၊ အကျွန်ုပ်၏လက်ကို
၎င်း ဦးခေါင်းကို၎င်း ဆေးတော်မူပါ” ဟု
လျှောက်၏။
[10]ယေရှုကလည်း၊ “လူတစ်ဦးသည် ရေချိုး
ပြီးလျှင် သူ၏တစ်ကိုယ်လုံးသည် သန့်ရှင်းပါ၏။
သူသည် ခြေထောက်ကိုသာ ဆေးရန် လိုအပ်
၏။ သို့ရာတွင် သင်တို့သည် သန့်ရှင်းသော်
လည်း၊ အချို့မသန့်ရှင်းပါ” ဟုမိန့်တော်မူ၏။
[11]ယေရှုသည် သူ့ကို အပ်နှံမည့် သူကို သိသော်
မူသောကြောင့် “သင်တို့တွင် အချို့မသန့်ရှင်း
ပါ” ဟုမိန့်တော်မူခြင်းဖြစ်၏။ [12]ယေရှုသည်
သူတို့၏ခြေများကို ဆေးကြောပြီးမှ သူသည်
ဝတ်လုံကို ဝတ်၍ စားပွဲသို့ ပြန်သွား၏။
ယေရှုက၊ “သင်တို့၌ ငါပြု သောအမှုကို သင်တို့
နားလည်ကြသလော။ [13]သင်တို့သည်ငါ့ကို
‘ဆရာ’ ဟူ၍၎င်း ‘အရှင်ဘုရား’ ဟူ၍လည်း
ခေါ်တတ်ကြ၏။ ထိုစကားသည် ဟုတ်မှန်၏။
အကြောင်းမူကား၊ ငါသည် ထိုသို့ဖြစ်၏။ [14]ငါ
သည် သင်တို့၏သခင်နှင့်ဆရာဖြစ်၏။ သို့သော်
လည်း၊ ငါသည် အစေခံတစ်ဦးကဲ့သို့ သင်တို့၏
ခြေကို ဆေး၏။ ငါပြုသကဲ့သို့ သင်တို့သည်
လည်း သင်တို့အချင်းချင်းခြေကို ဆေးရကြ
မည်။ [15]ငါသည် သင်တို့အတွက် ပုံသက်သေကို
ပြပြီ။ ထိုကြောင့်၊ ငါသည် သင်တို့၌ ပြုသကဲ့သို့
သင်တို့သည်လည်း အချင်းချင်းတို့၌ ပြုကြ
လော့။ [16]ငါအမှန်ဆိုသည်ကား၊ အစေခံသည်
သူ၏သခင် ထက်သာ၍ ကြီးမြတ်သည်မဟုတ်။
အမှုကိုဆောင်ရွက်ရန် စေလွှတ်ခြင်းကို ခံသော
သူသည် သူ့အား စေလွှတ်သောသူထက်သာ
၍ ကြီးမြတ်သည်မဟုတ်။ [17]ယခုတွင် ဤအရာ
များတို့ကို သင်တို့သိ၍၊ သင်တို့သိသည့်အတိုင်း
ထိုအရာများတို့ကို ပြုကြလျှင်၊ သင်တို့၌ ဝမ်း
မြောက်ခြင်း ရှိလိမ့်မည်။
[18]“ငါသည် သင်တို့အားလုံးကို ရည်မှတ်၍
ပြောသည်မဟုတ်။ ငါရွေးကောက်သောသူတို့
ကိုငါသိ၏။ သို့သော်လည်း၊ ‘ငါနှင့်အတူစား
သောသူသည် ငါ့ကို ဆန့်ကျင်ဘက်ပြုလိမ့်
မည်’* ဟူသောကျမ်းစာလာချက် ပြည့်စုံစေ
မည်အကြောင်းဖြစ်၏။ [19]ထိုအရာများ သည်
ဖြစ်ပျက်လာသောအခါ ငါသည် ဤမည်သော
သူဖြစ်သည်ကို သင်တို့သည် ယုံကြည်ကြစေ

**‘ငါ့ကို ဆန့်ကျင်ဘက် ပြုလိမ့်မည်။** မူရင်းအရ၊ “ငါ့ကို” ဆန့်ကျင်ရန် သူ၏ခြေဖနောင့်ကိုမသည်။’ ဆာလံ 41:9

ခြင်းငှါ ဤအရာကို ဖြစ်မလာမီ သင်တို့အား
ငါပြောနေ၏။ 20ငါအမှန်ဆိုသည်ကား၊ ငါစေ
လွှတ်သောသူကို လက်ခံသောသူသည် ငါ့ကို
လည်းလက်ခံ၏။ ငါ့ကို လက်ခံသောသူသည်
လည်း၊ ငါ့ကို စေလွှတ်တော်မူသောသူကို
လက်ခံ၏” ဟုမိန့်တော်မူ၏။

## ယေရှုသည် ကိုယ်ကို မည်သူက ဆန့်ကျင်မည့်အကြောင်းကို မိန့်တော်မူခြင်း

*(မ၊ 26:20-25; မာ၊ 14:17-21; လု၊ 22:21-23)*

21ယေရှုသည် ထိုအရာများတို့ကို မိန့်တော်
မူပြီးနောက်၊ သူသည် အလွန်စိတ်နှလုံးပူပန်
ခြင်းရှိ၏။ ယေရှုက၊ “ငါအမှန်ဆိုသည်ကား၊
သင်တို့တွင် တစ်ယောက်သောသူသည် ငါ့ကို
အပ်နှံလိမ့်မည်” ဟုပွင့်လင်းစွာ မိန့်တော်မူ၏။
22တပည့်တော်တို့သည် အချင်းချင်း တစ်
ယောက်ကိုတစ်ယောက်ကြည့်ကြ၏။ ယေရှု
ပြောဆိုသောသူမှာ မည်သူဖြစ်သည်ကို နားမ
လည်ကြ။ 23တပည့်တော်တို့တွင် တစ်ယောက်
သောသူသည် ယေရှု၏ရင်ခွင်တော်နားမှာ
လျောင်းနေ၏။ ထိုသူသည် ယေရှုချစ်တော်မူ
သောတပည့်ဖြစ်၏။ 24ယေရှုသည် အဘယ်သူ
အားရည်ညွှန်း၍ ပြောဆိုသည်ကို မေးစေခြင်း
ငှာ ရှိမုန်ပေတရုသည် ထိုတပည့်တော်ကို
အမှတ်လက္ခဏာပေး၏။
25ထိုတပည့်တော်သည်လည်း ယေရှု၏ရင်
တော်ကိုမှီ၍ လျောင်းနေလျက်၊ “သခင်၊ ကိုယ်
တော့်ကို အပ်နှံမည့်သူသည် အဘယ်သူနည်း”
ဟုလျှောက်၏။
26ယေရှုကလည်း၊ “ငါသည် ဤမုန့်ကို ခွက်
ထဲ၌နှစ်မည်။ ထိုမုန့်ကို ငါပေးသောသူသည်
ငါ့ကို အပ်နှံလိမ့်မည်” ဟုမိန့်တော်မူ၏။ ထို့
ကြောင့် ယေရှုသည် မုန့်အပိုင်းအစကိုယူ၏။သူ
သည် ထိုမုန့်ကိုနှစ်၍ရှိမုန်၏သားယုဒရှကာရုတ်
အား ပေးတော်မူ၏။ 27ယုဒသည် မုန့်ကို ယူ
သောအခါ စာတန်သည် သူ့အထဲသို့ ဝင်လေ
၏။ ယေရှုသည်ယုဒအား၊ “သင်ပြုရမည့်အမှု
ကို လျင်မြန်စွာ ပြုလော့” ဟုမိန့်တော်မူ၏။
28ယေရှုသည် ယုဒအား အဘယ်ကြောင့် ထို
သို့မိန့်တော်မူသည်ကို စားပွဲ၌ စားနေသော
သူတို့တွင် အဘယ်သူမျှနားမလည်ကြ။ 29ယုဒ
သည် အဖွဲ့သားများအတွက် ငွေအိတ်ကို
ဆောင်သောသူဖြစ်၏။ ထို့ကြောင့် အချို့သော
တပည့်တော်များတို့က ယေရှုသည် ပွဲတော်အ
တွက် သူတို့လိုအပ်မည့်အရာတို့ကို ယုဒအား
ဝယ် ဟူ၍၎င်း၊ သို့မဟုတ် ဆင်းရဲသောသူတို့
အား တစ်စုံတစ်ခုကို ပေးလော့ဟူ၍၎င်း ယေရှု
မိန့်တော်မူသည် ဟုထင်မှတ်ကြ၏။
30ယုဒသည် ယေရှုပေးတော်မူသောမုန့်ကို
လက်ခံပြီးနောက် ယုဒသည် အပြင်သို့ ထွက်
သွား၏။ ထိုအချိန်သည် ညအချိန်ဖြစ်၏။

## ယေရှုသည် မိမိသေခြင်းအကြောင်း မိန့်တော်မူ၏

31ယုဒသည် ထွက်သွားသောအခါ ယေရှု
က၊ “ယခုတွင် လူသားသည် ဘုန်းထင်ရှားခြင်း
ရှိ၏။ ဘုရားသခင်သည်လည်း၊ လူသားအား
ဖြင့်ဘုန်းထင်ရှားခြင်းရှိ၏။ 32ဘုရားသခင်သည်
လူသားအားဖြင့် ဘုန်းထင်ရှားခြင်း ရှိလျှင်၊
ဘုရားသခင်သည် ကိုယ်တော်အားဖြင့်လူသား
ကိုလည်း ဘုန်းထင်ရှားစေမည်။ ဘုရားသခင်
သည် သူ့အားလျင်မြန်စွာ ဘုန်းထင်ရှားစေ
လိမ့်မည်။”
33ယေရှုက၊ “ငါ့ချစ်သားတို့၊ ငါသည် သင်
တို့နှင့်အတူ ခဏသာ နေရလိမ့်မည်။ သင်တို့
သည် ငါ့ကို ရှာကြလိမ့်မည်။ သို့ရာတွင် ငါ
သည် ယုဒလူတို့အား ပြောသည့်အတိုင်း ယခု
တွင် သင်တို့အား ငါပြောမည်။ ငါသွားသော
အရပ်၌ သင်တို့သည် မလာနိုင်ကြ။ 34ငါသည်
သင်တို့အား ပညတ်သစ်ကို ပေး၏။ သင်တို့
သည် အချင်းချင်း ချစ်ကြလော့။ ငါသည်
သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အ
ချင်းချင်း ချစ်ကြရမည်။ 35သင်တို့သည် အ
ချင်းချင်း တစ်ယောက်ကိုတစ်ယောက်ချစ်ကြ
လျှင်၊ သင်တို့သည် ငါ့တပည့်ဖြစ်ကြသည် ကို

လူအပေါင်းတို့သည် သိကြလိမ့်မည်” ဟုမိန့်
တော်မူ၏။

## ယေရှုသည် မိမိကို ပေတရုက ငြင်းပယ် လိမ့်မည်ဟု မိန့်တော်မူ၏

*(မ၊ 26:31-35; မာ၊ 14:27-31; လု၊ 22:31-34)*

36 ရှိမုန်ပေတရုသည် ယေရှုအား၊ “သခင်၊
ကိုယ်တော်သည် အဘယ်အရပ်သို့ သွားမည်
နည်း” ဟုမေးလျှောက်၏။ယေရှုကလည်း၊ “ငါ
သွားရမည့်အရပ်သို့ သင်သည် ယခုမလိုက်နိုင်။
သို့သော်လည်း၊သင်သည် နောက်မှလိုက်ရလိမ့်
မည်” ဟုမိန့်တော်မူ၏။
37 ပေတရုက ယေရှုအား၊“သခင်၊ အကျွန်ုပ်
သည် ကိုယ်တော်နောက်သို့ အဘယ့်ကြောင့်
ယခု မလိုက်နိုင်သနည်း။ အကျွန်ုပ်သည် ကိုယ်
တော်အတွက် အသေခံရန် အဆင်သင့် ဖြစ်ပါ
၏” ဟုလျှောက်၏။ 38 ယေရှုကလည်း၊ “ငါ့အ
တွက် သင်၏အသက်ကို အမှန်စင်စစ် စွန့်လိမ့်
မည်လော။ ငါအမှန်ဆိုသည်ကား၊ ကြက်မတွန်
မီ သင်သည် သုံးကြိမ်တိုင်အောင် ငါ့ကို ငြင်း
ပယ်လိမ့်မည်” ဟုမိန့်တော်မူ၏။

## ယေရှုသည် မိမိတပည့်တော်တို့ကို နှစ်သိမ့်တော်မူခြင်း

14 ယေရှုက၊ “သင်တို့သည် စိတ်နှလုံးပူပန်
ခြင်း မရှိစေနှင့်။ ဘုရားသခင်အား ကိုး
စားကြလော့။ ငါ့ကိုလည်း ကိုးစားကြလော့။
2 ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ
၏။ထိုအရာသည် မမှန်ခဲ့သော်၊ ငါသည် ဤအ
ရာကို သင်တို့အား ပြောမည်မဟုတ်။ သင်တို့
အတွက် နေရာကို ပြင်ဆင်ခြင်းငှါ ငါသွားမည်။
3 ငါသည်သွား၍ သင်တို့အတွက် နေရာကို ပြင်
ဆင်ပြီးမှ တဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်
တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်း
မည်။ 4 ငါသည် အဘယ်အရပ်သို့ သွားသည်
ကိုငှင်း၊ လမ်းခရီးကိုငှင်း သင်တို့သိကြသည်”
ဟုမိန့်တော်မူ၏။ 5 သောမက၊ “သခင်၊ ကိုယ်
တော်သည် အဘယ်အရပ်သို့သွားမည်ကို အ
ကျွန်ုပ်တို့မသိကြ။ ထို့ကြောင့် အကျွန်ုပ်တို့သည်
လမ်းခရီးကို အဘယ်သို့ သိနိုင်မည်နည်း” ဟု
မေးလျှောက်၏။
6 ယေရှုက၊ “ငါသည် လမ်းခရီးဖြစ်၏။ ငါ
သည် သမ္မာတရားလည်းဖြစ်၏။ အသက်လည်း
ဖြစ်၏။ ခမည်းတော်ထံသို့ သွားသည့်တစ်ခု
တည်းသောလမ်းခရီးမှာ ငါ့အားဖြင့်သွားရ၏။
7 သင်တို့သည် ငါ့ကိုအမှန်သိကြလျှင်၊ ငါ့ခမည်း
တော်ကိုလည်း သင်တို့သိကြမည်။ ယခုမှစ၍
သင်တို့သည်ခမည်း တော်ကို သိ၍မြင်ကြပြီဖြစ်
၏” ဟုမိန့်တော်မူ၏။
8 ဖိလိပ္ပုသည် ယေရှုအား၊ “သခင်၊ ခမည်း
တော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့
ပြတော်မူလျှင် အကျွန်ုပ်တို့ အလိုပြည့်စုံပါမည်
ဟု” ဟုလျှောက်၏။
9 ယေရှုက၊ “ဖိလိပ္ပု၊ ငါသည် သင်နှင့်အတူ
အချိန်ကြာမြင့်စွာနေပြီ။ ထိုကြောင့်၊ သင်သည်
ငါ့ကိုသိသင့်၏။ ငါ့ကိုမြင်သောသူသည် ခမည်း
တော်ကိုလည်း မြင်၏။ ထို့ကြောင့် သင်သည်
အဘယ်သို့ ‘ခမည်းတော်ကို အကျွန်ုပ်တို့အား
ပြတော်မူပါ ’ဟုလျှောက်သနည်း ”ဟုမိန့်တော်
မူ၏။ 10 ငါသည် ခမည်းတော်၌ ရှိ၍၊ ခမည်း
တော်သည် ငါ၌ ရှိတော်မူသည်ကို သင်သည်
မယုံသလော။ သင့်အား ငါပြောသောစကား
သည် ငါ့ထံမှ လာသည်မဟုတ်။ ခမည်းတော်
သည် ငါ၌ အသက်ရှင်တော်မူ၍၊ မိမိအမှုကို
ပြုနေ၏။ 11 ငါသည် ခမည်းတော်၌ ရှိ၍ ခမည်း
တော်သည် ငါ၌ရှိ၏ဟု ငါပြောဆိုသောစကား
ကို မယုံလျှင် ငါပြုသောနိမိတ်လက္ခဏာတို့
ကြောင့် ယုံကြလော့။ 12 ငါအမှန်ဆိုသည်ကား၊
ငါ့ကို ယုံကြည်သောသူသည် ငါပြုသောအမှုတို့
ကို ပြုပါလိမ့်မည်။ အမှန်စင်စစ် သူသည် ငါပြု
သောအမှုများထက်သာ၍ ကြီးမားသောအမှု
ကိုပင် ပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည်
ခမည်းတော်ထံသို့ သွား၍ 13 သင်သည် ငါ့နာမ
တော်ကို အမှီပြု၍ ဆုတောင်းသမျှတို့ကို ငါပြု
မည်။ထိုနောက် ခမည်းတော်သည် သားတော်
အားဖြင့် ဘုန်းထင်ရှားတော်မူလိမ့်မည်။ 14 သင်

တို့သည်ငါ၏နာမ၌မည်သည့်အရာမဆိုတောင်း
လျှင်၊ ငါသည် ထိုအရာကို ပြုလိမ့်မည်။

## သန့်ရှင်းသောဝိညာဉ်တော်၏ဂတိတော်

15"သင်တို့သည်ငါ့ကိုချစ်ကြလျှင်၊ ငါ့ပညတ်
တို့ကို စောင့်ထိန်းကြလိမ့်မည်။ 16ငါသည်
ခမည်းတော်ကို တောင်း၍၊ သူသည်လည်း
တစ်ပါးသော အကူအညီပေးမည့်သူ*ကို သင်
တို့နှင့်အတူ အစဉ်မပြတ် ရှိနေစေခြင်းငှါ သင်
တို့အား ပေးလိမ့်မည်။ 17ထိုကူညီမစမည့်သူ
သည် သမ္မာတရားကို ပြသောဝိညာဉ်တော်*
ဖြစ်၏။ လောကီသားတို့သည်သူ့ကို လက်မခံ
နိုင်ကြ။ အကြောင်းမူကား၊ လောကီသားတို့
သည် သူ့ကို မသိမမြင်သောကြောင့်ဖြစ်၏။
သို့သော်လည်း၊ သင်တို့သည် သူ့ကိုသိကြ၏။
သူသည် သင်တို့နှင့်အတူ နေ၍ သင်တို့အထဲ၌
ရှိတော်မူလိမ့်မည်။
18"ငါသည် သင်တို့ကို မိဘမဲ့ကလေးများကဲ့
သို့ ဖြစ်စေခြင်းငှာ စွန့်ပစ်မည်မဟုတ်။ ငါသည်
သင်တို့ဆီသို့ တစ်ဖန်လာဦးမည်။ 19ခဏကြာ
ပြီးမှ လောကီသားတို့သည် ငါ့ကို ပြန်၍ မြင်ကြ
လိမ့်မည်မဟုတ်။ သို့ရာတွင် သင်တို့သည် ငါ့ကို
မြင်ကြလိမ့်မည်။ ငါသည် အသက်ရှင်သော
ကြောင့် သင်တို့သည်လည်း အသက်ရှင်လိမ့်
မည်။ 20ငါသည် ခမည်းတော်၌ရှိသည်ကိုရင်း၊
သင်တို့သည် ငါ၌ရှိသည်ကိုရင်း၊ ငါသည်
သင်တို့၌ရှိသည်ကိုရင်း၊ ထိုနေ့၌ သင်တို့သည်
သိရကြလိမ့်မည်။ 21ငါ၏ပညတ်တော်တို့ကို
လက်ခံ၍ လိုက်နာသောသူသည် ငါ့ကို အမှန်
ချစ်သောသူဖြစ်၏။ ငါ့ကို ချစ်သောသူကို ငါ့
ခမည်းတော်သည်လည်း ချစ်တော်မူ၏။ ငါ
သည်လည်း ထိုသူကို ချစ်တော်မူလိမ့်မည်။
ငါသည် သူ့အား ကိုယ်တိုင်ထင်ရှားလိမ့်မည်"
ဟုမိန့်တော်မူ၏။ 22ထို့နောက် ယုဒရှကာရုတ်
မဟုတ်၊အခြားသောယုဒက၊"သို့ရာတွင် သခင်
ကိုယ်တော်သည် မိမိကိုယ်ကို လောကီသား
တို့အား မထင်ရှားဘဲ၊ အကျွန်ုပ်တို့အား အ
ဘယ်သို့ ထင်ရှားတော်မူမည်နည်း။" ဟုမေး
လျှောက်၏။
23ယေရှုက၊ "ငါ့ကို ချစ်သောသူသည် ငါ့
စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်
သည် ထိုသူကို ချစ်တော်မူလိမ့်မည်။ ငါသည်
ငါ့ခမည်းတော်နှင့်အတူ ထိုသူဆီသို့ လာ၍ သူ
နှင့်နေတော်မူမည်။ 24သို့သော်လည်း၊ ငါ့ကို
မချစ်သောသူသည် ငါ့စကားကို နားမထောင်။
သင်တို့ကြားသော ဤစကားသည် ငါ့စကားမ
ဟုတ်။ ငါ့ကို စေလွှတ်တော်မူသော ငါ့ခမည်း
တော်၏စကားဖြစ်၏။
25"ငါသည် သင်တို့နှင့်အတူ ရှိနေစဉ် ဤ
အရာအားလုံးတို့ကို ငါပြောခဲ့ပြီ။ 26သို့သော်
လည်းထိုကူညီမစမည့်သူတည်းဟူသောဝိညာဉ်
တော်သည် သင်တို့အား ခပ်သိမ်းသောအရာ
တို့ကို ပြသသွန်သင်တော်မူ၍ ငါပြောခဲ့သမျှ
သောစကားတို့ကို မှတ်မိစေခြင်းငှါ သင်တို့
အားကူညီပါလိမ့်မည်။ ထိုဥပဇ္ဈာယ်ဆရာအား
ခမည်းတော်သည် ငါ့နာမဖြင့် စေလွှတ်တော်
မူမည့်သန့်ရှင်းသောဝိညာဉ်တော်*ဖြစ်၏။
27"ငါသည် ငြိမ်သက်ခြင်းကို သင်တို့၌ ထား
ခဲ့၏။ ထိုအရာမှာ သင်တို့အား ငါပေးသော
ငါ၏ငြိမ်သက်ခြင်းဖြစ်၏။ လောကီသားတို့ ပေး
သကဲ့သို့မဟုတ်။ ခြားနားသော ငြိမ်သက်ခြင်း
ကို သင်တို့အား ငါပေး၏။ ထို့ကြောင့် သင်တို့
သည် စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း
မရှိကြနှင့်။ မကြောက်ရွံ့ကြနှင့်။ 28ငါသွားမည်။
သို့သော်လည်း၊ 'သင်တို့ဆီသို့ တစ်ဖန် လာဦး
မည်' ဟုငါပြောသောစကားတို့ကို သင်တို့ကြား

---

**ကူညီပေးမည့်သူ** သို့မဟုတ် နှစ်သိမ့်သူ သန့်ရှင်းသော ဝိညာဉ်တော်

**သမ္မာတရားကို ပြသောဝိညာဉ်တော်** သန့်ရှင်းသော ဝိညာဉ်တော်ယေရှု၏နောက်လိုက်သောသူတို့က ဘုရား၏သမ္မာတရားကို နားလည်စေရန် ကူညီသော အလုပ်သည် သူ၏အလုပ်ဖြစ်သည်။

**'ဝိညာဉ်တော်'** သန့်ရှင်းသောဝိညာဉ်တော်၊' ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ခရစ်တော်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ဥပဇ္ဈာယ်ဆရာဟူ၍ရင်း ခေါ်လျက်ရှိသည်။ သူသည် ဘုရားသခင်နှင့်၊ ခရစ်တော်နှင့်ပူးပေါင်းပြီး ကမ္ဘာပေါ်ရှိ လူသားတို့ထဲ၌ ဘုရားသခင်၏အမှုတော်ကို လုပ်ဆောင်သည်။

ရကြပြီ။ သင်တို့သည် ငါ့ကို ချစ်ကြလျှင်၊ ငါ
သည် ခမည်းတော်ထံသို့ ပြန်သွားရမည်ကို
သင်တို့ဝမ်းမြောက်ကြလိမ့်မည်။ အကြောင်းမူ
ကား၊ ခမည်းတော်သည် ငါ့ထက်သာ၍ ကြီး
မြတ်တော်မူသောကြောင့် ဖြစ်၏။ 29ယခုတွင်
ဤအရာများ မဖြစ်ပျက်လာမီ ငါသည် သင်တို့
အား ပြော၏။ ထို့နောက်မှ ထိုအရာတို့သည်
ဖြစ်ပျက်လာသောအခါ၊ သင်တို့သည် ယုံကြည်
ကြလိမ့်မည်။ 30ငါသည် သင်တို့နှင့်အတူ အချိန်
ကြာမြင့်စွာ ပြောဆိုလိမ့်မည်မဟုတ်။ အ
ကြောင်းမူကား ဤလောကကို အစိုးရသော
မင်းသည် လာလျက်ရှိ၏။ သူသည် ငါ့ပေါ်၌အ
ဘယ်အခွင့်တန်ခိုးကိုမျှမရှိ။ 31သို့သော်လည်း၊
ငါသည် ခမည်းတော်ကို ချစ်သည်ကို လောကီ
သားတို့သည် သိကြရမည်။ ထို့ကြောင့် ခမည်း
တော်သည် ငါ့အား ဆောင်ရွက်ရန် မှာတော်မူ
သည့်အတိုင်း ငါသည် အတိအကျပြု သွားမည်
ဖြစ်၏။

"ယခု လာကြလော့။ ငါတို့သည် ဤအရပ်
မှ ထ၍ သွားကြပါကုန်အံ့" ဟုမိန့်တော်မူ၏။

## ယေရှုသည် စပျစ်နွယ်ပင်နှင့်တူတော်မူ၏

15 ယေရှုက "ငါသည် မှန်သောစပျစ်နွယ်
ပင်ဖြစ်၏။ငါ့ခမည်းတော်သည် ဥယျာဉ်
စောင့် ဖြစ်တော်မူ၏။ 2ငါ၌ အသီးမသီးသော
အကိုင်းအခက် ရှိသမျှတို့ကို သူသည် ခုတ်ပစ်
တော်မူ၏။ သူသည် အသီးသီးသောအကိုင်းအ
ခက်ရှိသမျှတို့ကို သာ၍ များစွာသောအသီး
များကို သီးစေခြင်းငှါ သုတ်သင်ရှင်းလင်းတော်
မူ၏။ 3သင်တို့သည် ငါပေးသောစကားအား
ဖြင့် ရှင်းလင်းလျက်ရှိကြ၏။ 4သင်တို့သည် ငါ၌
တည်နေကြလော့။ ငါသည်လည်း သင်တို့၌
တည်နေမည်။ မည်သည့်အကိုင်းအခက်မျှကိုယ်
အလိုအလျောက် အသီးမသီးနိုင်။ စပျစ်ခက်
သည် ပင်မ၌တည်နေရမည်။ ထိုနည်းတူ သင်
တို့သည် ကိုယ်အလိုအလျောက် အသီးမသီး
နိုင်။သင်တို့သည်ငါ၌တည်နေရမည်။

5"ငါသည် စပျစ်နွယ်ပင် ဖြစ်၏။ သင်တို့
သည်အခက်များဖြစ်ကြ၏။ တစ်စုံတစ်ယောက်
သောသူသည် ငါ၌ တည်လျှင်၊ ငါသည်လည်း
သူ၌ တည်၍ ထိုသူသည် များစွာသောအသီး
ကို သီးလိမ့်မည်။ သို့သော်လည်း၊ ငါနှင့်ကွာ
လျှင် ထိုသူသည် အဘယ်အမှုကိုမျှ မတတ်နိုင်။
6တစ်စုံတစ်ယောက်သောသူသည် ငါ၌ မတည်
လျှင်၊ ထိုသူသည် အပြင်သို့ လွှင့်ပစ်သောအ
ကိုင်းအခက်နှင့်တူ၏။ ထိုအကိုင်းအခက်သည်
သွေ့ခြောက်သွားလိမ့်မည်။ ထိုသို့ သွေ့ခြောက်
သောအကိုင်းအခက်များကို လူတို့သည် စုသိမ်း
၍ မီးထဲသို့ ချလိုက်ကြသဖြင့် မီးလောင်ကျွမ်း
လေ၏။

7"သင်တို့သည် ငါ၌ တည်နေ၍ ငါ့စကားကို
လိုက်နာကြလျှင်၊ သင်တို့သည် အလိုရှိသမျှတို့
ကိုတောင်းနိုင်၏။ ထိုအရာတို့ကိုလည်း သင်တို့
အား ပေးတော်မူလိမ့်မည်။ 8သင်တို့သည် များ
စွာသော အသီးကိုသီးသောအားဖြင့် သင်တို့
သည် ငါ့တပည့်ဖြစ်ကြသည်ကို ထင်ရှားမည်။
ထိုအရာအားဖြင့် ငါ့ခမည်းတော်သည် ဘုန်း
ထင်ရှားတော်မူမည်။ 9ခမည်းတော်သည် ငါ့ကို
ချစ်တော်မူသည်နည်းတူ ငါသည်လည်း သင်တို့
ကိုချစ်၏။ ယခုတွင် သင်တို့သည် ငါ၏ချစ်ခြင်း
မေတ္တာ၌ တည်နေကြလော့။ 10ငါသည် ငါ့
ခမည်းတော်၏ပညတ်တို့ကို လိုက်နာ၍ သူ၏
မေတ္တာ၌တည်နေ၏။ ထိုနည်းတူ သင်တို့သည်
ငါ့ပညတ်တို့ကို လိုက်နာလျှင်ငါ့မေတ္တာ၌ တည်
နေကြလိမ့်မည်။ 11ငါ၏ဝမ်းမြောက်ခြင်းကို သင်
တို့၌ ရှိစေခြင်းငှါ ဤအရာများကို သင်တို့အား
ငါပြော၏။ သင်တို့၌ ဝမ်းမြောက်ခြင်းစုံလင်
စေခြင်းငှါ ငါအလိုရှိ၏။ 12သင်တို့ကို ငါချစ်
တော်မူသည်နည်းတူ သင်တို့သည် အချင်းချင်း
ချစ်ကြလော့ဟူသောစကားသည် ငါ၏ပညတ်
ဖြစ်၏။ 13လူတစ်ယောက်ဖော်ပြနိုင်သည့်အ
ကြီးမားဆုံးသောမေတ္တာမှာသူသည် ကိုယ့်မိတ်
ဆွေများအတွက် ကိုယ်အသက်ကို စွန့်သောမေ
တ္တာဖြစ်၏။ 14ငါဟောပြောသောအရာတို့ကို
သင်တို့သည် စောင့်ထိန်းလျှင်၊ သင်တို့သည်
ငါ၏မိတ်ဆွေများဖြစ်ကြ၏။ 15ယခုတွင် ငါသည်

သင်တို့ကို ကျွန်ဟူ၍မခေါ်။ အကြောင်းမူကား
ကျွန်သည် ကိုယ်သခင်ပြုနေသောအမှု ကိုမသိ။
သို့ဖြစ်၍ ယခုတွင် ငါသည် သင်တို့ကို
အဆွေဟု ခေါ်မည်။ အကြောင်းမူကား၊ ငါ့
ခမည်းတော်ထံမှ ငါကြားသမျှသောအရာတို့
ကို သင်တို့အား ငါပြောပြီ။ 16သင်တို့သည်
ငါ့ကို ရွေးကောက်ကြသည်မဟုတ်။ ငါသည်
သင်တို့ကို ရွေးကောက်တော်မူ၏။ သင်တို့
သည် သွား၍ အသီးကိုသီးရန် သင်တို့အား
ငါခန့်ထား၏။ ထိုအသီးများသည် သင်တို့၏အ
သက်တာ၌ ဆက်လက်၍ သီးရန်ငါအလိုရှိ၏။
သို့မှသာ ငါ့နာမကို အမှီပြု၍ သင်တို့တောင်း
လျှောက်သမျှသောအရာတို့ကို ခမည်းတော်
သည် သင်တို့အား ပေးတော်မူလိမ့်မည်။
17သင်တို့သည် အချင်းချင်းချစ်ကြလော့။ ဤ
အရာသည် ငါ၏ပညတ်တော်ဖြစ်၏။

## ယေရှုသည် မိမိတပည့်တော်တို့အား သတိပေးတော်မူခြင်း

18“လောကီသားတို့သည် သင်တို့ကို မုန်း
လျှင် သင်တို့ကို မမုန်းမီ ငါ့ကို မုန်းကြသည်ကို
သတိရကြလော့။ 19သင်တို့သည် လောကီနှင့်
ဆိုင်လျှင်၊ လောကီသားတို့သည် မိမိလူတို့ကို
ချစ်သည်နည်းတူ သင်တို့ကိုလည်း ချစ်ကြလိမ့်
မည်။ သို့သော်လည်း၊ သင်တို့ကိုလောကီသား
တို့ထဲမှ ငါရွေးကောက်သောကြောင့် သင်တို့
သည် လောကီသားတို့နှင့် မဆိုင်ကြ။ ထိုအ
ကြောင်းကြောင့် လောကီသားတို့သည် သင်တို့
ကို မုန်းကြခြင်းဖြစ်၏။ 20ကျွန်သည် မိမိသခင်
ထက်သာ၍ ကြီးမြတ်ခြင်းမရှိနိုင်ဟု ငါဟော
ပြောသောစကားတို့ကို အောက်မေ့ကြလော့။
လူတို့သည် ငါ့ကိုညှဉ်းဆဲလျှင်၊ သင်တို့ကိုလည်း
ညှဉ်းဆဲကြလိမ့်မည်။ လူတို့သည် ငါ့စကားကို
နားထောင်လျှင် သင်တို့၏စကားကိုလည်း နား
ထောင်ကြလိမ့်မည်။ 21လူတို့သည် ငါ့ကို စေ
လွှတ်တော်မူသောသူကို မသိကြသောကြောင့်
ငါ့နာမကြောင့် သင်တို့အား ထိုအမှုရှိသမျှတို့
ကို ပြုကြလိမ့်မည်။ 22ငါသည် ဤလောကသို့
လာ၍၊ လောကီသားတို့အား မဟောမပြော
လျှင်၊ သူတို့၌အပြစ်မရှိ။ သို့သော်လည်း ယခု
တွင် ငါသည် ထိုသူတို့အား ဟောပြောပြီးဖြစ်
သောကြောင့် သူတို့သည် မိမိတို့အပြစ်အတွက်
ခွင့်လွှတ်ခြင်းမရှိ။ 23ငါ့ကို မုန်းသောသူသည်
ငါ့ခမည်းတော်ကိုလည်း မုန်း၏။ 24ငါသည် အ
ခြားမည်သူတစ်ဦးမျှ မပြုဘူးသောအမှုကို ထို
သူတို့ရှေ့မှာ ပြုတော်မူပြီ။ ငါသည် ထိုအမှုကို
မပြုခဲ့လျှင်၊ ထိုသူတို့၌အပြစ်မရှိ။ သူတို့သည်၊
ငါပြုခဲ့သောအမှုကို မြင်ကြပြီးသည့်တိုင်အောင်
ငါနှင့်ငါ့ခမည်းတော်ကို မုန်းကြ၏။ 25သို့ရာတွင်
သူတို့၏ပညတ္တိကျမ်းစာ၌ ‘သူတို့သည် အ
ကြောင်းမရှိဘဲ ငါ့ကိုမုန်းကြ၏’* ဟုရေးသား
ထားသော စကားသည်ပြည့်စုံခြင်းသို့ ရောက်
၏။ 26ငါသည် ဥပဓျာယ်ဆရာကို သင်တို့ဆီ
သို့ ခမည်းတော်ထံမှ စေလွှတ်တော်မူလိမ့်
မည်။ ထိုဥပဓျာယ်ဆရာသည် သမ္မာတရား၏
ဝိညာဉ်တော်ဖြစ်၏။ သူသည် ရောက်လာ
သောအခါ ငါ့အကြောင်းကို သက်သေခံလိမ့်
မည်။ 27သင်တို့သည်လည်း ရှေးဦးစွာမှ စ၍
ငါနှင့်အတူ ရှိနေသောကြောင့် ငါ့အကြောင်းကို
သက်သေခံကြလိမ့်မည်။

16 “လူတို့သည် သင်တို့၏ယုံကြည်ခြင်းကို
မပျက်စီးစေခြင်းငှါ ဤစကားကို သင်တို့
အား ငါဟောပြော၏။ 2လူတို့သည် သင်တို့ကို
သူတို့၏တရားဇရပ်မှနှင်ထုတ်ကြလိမ့်မည်။သင်
တို့ကိုသတ်သောသူသည် ဘုရားဝတ်ကို ငါတို့
ပြုပြီဟု ထင်မှတ်သောအချိန်ကာလ ရောက်
လိမ့်မည်။ 3သူတို့သည် ခမည်းတော်ကို မသိ၊
ငါ့ကိုလည်း မသိကြသောကြောင့် ထိုအရာတို့
ကို သင်တို့၌ ပြုကြလိမ့်မည်။ 4ယခုတွင် ငါ
သည် ထိုအမှုတို့ကို သင်တို့အားပြောပြီ။ ထို့
ကြောင့် ထိုအမှုတို့ဖြစ်ပျက်သောအချိန်ကာလ
ရောက်လာသောအခါ၊သင်တို့အားငါသတိပေး
သည်ကို အောက်မေ့သတိရကြလော့။

---

**‘သူတို့က အကြောင်းမရှိဘဲ ငါ့ကိုမုန်းကြ၏’** ဤစကားလုံးများသည် ဆာလံ 35:19 သို့မဟုတ် ဆာလံ 69:4 ဖြစ်နိုင်သည်။

## သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်

“ငါသည်အစအဦး၌သင်တို့နှင့်အတူရှိသော
ကြောင့် ဤအရာတို့ကို သင်တို့အား ငါမပြော။
5 ငါ့ကို စေလွှတ်တော်မူသောသူထံသို့ ယခု ငါ
ပြန်သွားရမည်။ သို့သော်လည်း ‘အဘယ်အရပ်
သို့သွားရမည်နည်း’ဟုသင်တို့တွင်တစ်ယောက်
ကမျှမမေးကြ။ 6 ငါသည် ဤအရာတို့ကို သင်တို့
အား ပြောသောကြောင့် သင်တို့သည် အလွန်
ဝမ်းနည်းခြင်းသို့ ရောက်ကြ၏။ 7 သို့သော်
လည်း၊ ငါအမှန်ဆိုသည်ကား၊ ငါသွားလျှင်
သင်တို့အတွက် သာ၍ အကျိုးရှိလိမ့်မည်။
အကြောင်းမူကား၊ ငါမသွားလျှင် ဥပဇ္ဈာယ်
ဆရာသည် သင်တို့ဆီသို့ လာမည်မဟုတ်။
သို့သော်လည်း၊ ငါသွားလျှင် ဥပဇ္ဈာယ်ဆရာ
ကို သင်တို့ဆီသို့ငါစေလွှတ်မည်။ 8 ထိုဥပဇ္ဈာယ်
ဆရာသည် ရောက်လာသောအခါ၊ ဒုစရိုက်
အပြစ်ကို၎င်း၊ အပြစ်ကင်းခြင်းကို၎င်း၊ အပြစ်စီ
ရင်ခြင်းကို၎င်း၊ လောကီသားတို့အား ထင်ရှား
စွာဖော်ပြလိမ့်မည်။ 9 သူတို့သည် ငါ့ကို မယုံ
ကြည်ကြသောကြောင့် ဒုစရိုက်အပြစ်ကို ဥပ
ဇ္ဈာယ်ဆရာက လူတို့အား ဖော်ပြလိမ့်မည်။
10 ငါသည် ခမည်းတော်ထံသို့ သွားရမည်ဖြစ်၍
သင်တို့သည် နောက်တဖန် ငါ့ကိုမတွေ့မမြင်ရ
သောကြောင့် သူသည် အပြစ်ကင်းခြင်းအ
ကြောင်းကို သူတို့အား ဖော်ပြလိမ့်မည်။ 11 ဤ
လောကကို အစိုးရ သောမင်းသည် အပြစ်စီရင်
ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းအ
ကြောင်းကိုသူသည်သူတို့အားဖော်ပြလိမ့်မည်။
12 “ငါသည် သင်တို့အား ပြောစရာစကား
များစွာ ရှိသေး၏။ သို့သော်လည်း၊ ထိုအရာ
တို့ကို သင်တို့သည် ယခုလက်မခံနိုင်ကြ။ 13 သို့
ရာတွင် သမ္မာတရား၏ဝိညာဉ်တော်သည်
ရောက်လာသောအခါ၊ သူသည် သင်တို့အား
ပြည့်စုံသောသမ္မာတရားထဲသို့ လမ်းပြခေါ်
ဆောင်သွားလိမ့်မည်။ သမ္မာတရား၏ဝိညာဉ်
တော်သည် ကိုယ်အလိုအလျောက် ဟောပြော
လိမ့်မည်မဟုတ်။ သို့ရာတွင် သူကြားသမျှတို့
ကိုသာ သူသည် ဟောပြောလိမ့်မည်။ သူသည်
နောင်တွင် ဖြစ်ပျက်လာမည့်အရာတို့ကို သင်
တို့အား ပြောလိမ့်မည်။ 14 သမ္မာတရား၏ထို
ဝိညာဉ်တော်သည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်
မည်။ အကြောင်းမူကား၊ သူသည် ငါထံမှ
အရာတို့ကို ယူ၍ သင်တို့အား ပြောလိမ့်မည်။
15 ခမည်းတော်နှင့် စပ်ဆိုင်သောအရာတို့သည်
ငါနှင့်စပ်ဆိုင်၏။ ထိုအကြောင်းကြောင့် ထို
ဝိညာဉ်တော်သည် ငါနှင့်စပ်ဆိုင်သောအရာ
တို့ကိုယူ၍ သင်တို့အား ဟောပြောလိမ့်မည်”
ဟုမိန့်တော်မူ၏။

## ဝမ်းနည်းခြင်းသည် ဝမ်းမြောက်ခြင်းသို့ ပြောင်းလဲစေလိမ့်မည်

16 “ခဏကြာပြီးမှ သင်တို့သည် ငါ့ကို မမြင်
ရကြ။ ထိုနောက် ခဏကြာပြီးမှ သင်တို့သည်
ငါ့ကို တစ်ဖန်ပြန်မြင်ကြလိမ့်မည်။”
17 တပည့်တော် အချို့ကလည်း “ခဏကြာ
ပြီးမှသင်တို့သည် ငါ့ကိုမမြင်ရကြ။ သင်တို့သည်
ခဏကြာပြီးမှ ငါ့ကို တစ်ဖန်ပြန်မြင်ကြလိမ့်မည်
ဟုဆိုရာတွင် ယေရှုသည် အဘယ်သို့ ဆိုလိုသ
နည်း။ ‘ငါသည် ခမည်းတော်ထံသို့ သွားရမည်
ဟု သူဆိုရာတွင် သူသည် အဘယ်သို့ ဆိုလိုသ
နည်း။’” 18 တပည့်တော်တို့က၊ “ခဏကြာပြီးမှဟု
ဆိုရာတွင်သူသည် အဘယ်သို့ဆိုလိုပါသနည်း။
သူပြောသောစကား၏ဆိုလိုခြင်းကို အကျွန်ုပ်
တို့နားမလည်” ဟုအချင်းချင်း မေးလျှောက်ကြ
၏။ 19 တပည့်တော်တို့သည် ဤအကြောင်းနှင့်
ပတ်သက်၍ သူ့အား မေးလိုကြသည်ကို ယေရှု
သည် သိမြင်တော်မူသောကြောင့်၊ “ခဏကြာ
ပြီးမှ သင်တို့သည် ငါ့ကို မမြင်ရကြ။ ထို့နောက်
ခဏကြာပြီးမှ သင်တို့သည် ငါ့ကို တစ်ဖန်
ပြန်မြင်ကြလိမ့်မည်ဟုဆိုရာ၌ ငါသည် အဘယ်
သို့ ဆိုလိုသည်ကို သင်တို့သည် အချင်းချင်း
မေးမြန်းကြသနည်းဟု သူတို့အား မေးတော်မူ
၏။ 20 ငါအမှန်ဆိုသည်ကား သင်တို့သည် ငို
ကြွေးမြည်တမ်းကြလိမ့်မည်။ သို့သော်လည်း၊
လောကီသားတို့သည် ဝမ်းမြောက်ခြင်း ရှိကြ

လိမ့်မည်။ သင်တို့သည် ဝမ်းနည်းကြလိမ့်မည်။
သို့သော်လည်း၊ သင်တို့၏ဝမ်းနည်းခြင်းသည်
ဝမ်းမြောက်ခြင်းသို့ ရောက်လိမ့်မည်။ [21]မိန်းမ
သည် ကလေးမွေးသောအခါ ဖွားရသောအချိန်
စေ့သောကြောင့် ဝေဒနာခံစား၏။ သို့သော်
လည်း ဖွားမြင်ပြီးမှ ဤလောက၌ ကလေးတစ်
ယောက်ကို ဖွားမြင်သောကြောင့် သူမသည်
အလွန်ဝမ်းမြောက်၍ ခံရသောဝေဒနာကို မေ့
လျော့တတ်၏။ [22]ထိုနည်းတူ သင်တို့၌လည်း
ဖြစ်၏။ ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်းရှိ
ကြသော်လည်း၊ ငါသည် သင်တို့ကို တဖန်တွေ့
မြင်သောအခါ ဝမ်းမြောက်ကြလိမ့်မည်။ သင်
တို့၏ဝမ်းမြောက်ခြင်းကို မည်သူကမျှ နုတ်ယူ၍
မရနိုင်။ [23]ထိုနေ့၌ သင်တို့သည် ငါ့ကို မည်သည့်
အရာကိုမျှ မေးကြလိမ့်မည်မဟုတ်။ ငါအမှန်ဆို
သည်ကား၊ သင်တို့သည် ငါ၏နာမကို အမှီပြု၍
တောင်းသမျှသောအရာတို့ကို ခမည်းတော်
သည် ပေးတော်မူမည်။ [24]ယခုတိုင်အောင်
ငါ၏နာမကို အမှီပြု၍ သင်တို့သည် ဘယ်အရာ
ကိုမျှ မတောင်းကြသေး။ တောင်းလော့၊ သင်
တို့သည် ရကြလိမ့်မည်။ သင်တို့၏ဝမ်းမြောက်
ခြင်းလည်း စုံလင်ပြည့်စုံသောဝမ်းမြောက်ခြင်း
ဖြစ်၏။

## လောကကို အောင်မြင်တော်မူခြင်း

[25]"ပုံဥပမာအားဖြင့် ဤအရာတို့ကို သင်တို့
အား ငါပြောပြီ။ သို့သော်လည်း၊ ပုံဥပမာအား
ဖြင့် မပြောရသောအချိန်ကာလ ရောက်လိမ့်
မည်။ ငါသည် ခမည်းတော်၏အကြောင်းကို
သင်တို့အား အတည့်အလင်း ပြောရလိမ့်မည်။
[26]ထိုကာလ၌ သင်တို့သည် ငါ၏နာမကို အမှီပြု
၍ခမည်းတော်ကို တောင်းရလိမ့်မည်။ ငါသည်
သင်တို့အတွက် ခမည်းတော်ကို တောင်းပို့ရန်
လိုအပ်လိမ့်မည်မဟုတ်ဟု သင်တို့ကို ငါပြော
၏။ [27]အကြောင်းမူကား၊ သင်တို့သည် ငါ့ကို
ချစ်ကြ၍ ငါသည် ဘုရားသခင်ထံတော်မှ လာ
သည်ကို ယုံကြသောကြောင့် ခမည်းတော်
ကိုယ်တော်တိုင် သင်တို့ကို ချစ်တော်မူ၏။ [28]ငါ
သည် ခမည်းတော်ထံမှ ဤလောကသို့ ကြွလာ
၏။ယခုတွင်ငါသည် ဤလောကမှခွာ၍ ခမည်း
တော်ထံသို့ ပြန်သွားရမည်" ဟုမိန့်တော်မူ၏။
[29]ထိုနောက် တပည့်တို့ကလည်း၊ "ကိုယ်
တော်သည် ယခုတွင် ပုံဥပမာကို မသုံးဘဲ
အကျွန်ုပ်တို့အား ရှင်းလင်းစွာ ပြောတော်မူ၏။
[30]ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို
သိမြင်တော်မူကြောင်းကို ယခုအကျွန်ုပ်တို့မြင်
နိုင်ပါ၏။ လူတစ်ယောက်၏မေးလျှောက်သော
အရာကို ထိုသူသည်မေးလျှောက်ခြင်း မပြုမှီ
ကိုယ်တော်သည် အဖြေပေးနိုင်တော်မူ၏။
ကိုယ်တော်သည် ဘုရားသခင်ထံတော်မှ လာ
ကြောင်းကို ဤအရာတို့သည် အကျွန်ုပ်တို့အား
ယုံကြည်စေပါ၏" ဟုလျှောက်ကြ၏။
[31]ယေရှုကလည်း "ထို့ကြောင့် ယခုတွင်
သင်တို့ယုံကြည်ကြပြီလော။ [32]ငါ့စကားကို နား
ထောင်ကြလော့။ သင်တို့သည် ကွဲပြား၍ အ
သီးသီး မိမိတို့အိမ်သို့ ပြေးရသောအချိန်သည်
ရောက်လိမ့်မည်။ ထိုအချိန်ကာလသည် ယခု
ရောက်လျက်ရှိ၏။ သင်တို့သည် ငါ့ကို စွန့်ပစ်
ကြလိမ့်မည်။သို့သော်လည်း၊ငါသည် တစ်ကိုယ်
တည်းနေမည်မဟုတ်။အကြောင်းမူကား ခမည်း
တော်သည် ငါနှင့်အတူရှိတော်မူ၏။
[33]"သင်တို့သည် ငါအားဖြင့် ငြိမ်သက်ခြင်း
ရှိစေခြင်းငှါ ဤအရာကို ငါဟောပြောပြီ။ သင်
တို့သည် ဤလောက၌ ဆင်းရဲဒုက္ခကို ခံရကြ
လိမ့်မည်။သို့သော်လည်း၊ရဲရင့်ခြင်းရှိကြလော့။
ငါသည်လောကကိုအောင်ပြီ" ဟုမိန့်တော်မူ၏။

## ယေရှုသည် သူ့တပည့်တော်တို့အတွက် ဆုတောင်းတော်မူ၏

17 ယေရှုသည်ထိုသို့မိန့်တော်မူပြီးမှကောင်း
ကင်သို့ မျှော်ကြည့်၍၊ "အိုအဘ၊ အချိန်
ရောက်ပါပြီ။ သားတော်သည် ကိုယ်တော်၏
ဘုန်းကို ထင်ရှားစေပါမည့်အကြောင်း၊ ကိုယ်
တော်၏သားတော်အားဘုန်းထင်ရှားစေတော်
မူပါ။ [2]ကိုယ်တော်သည် သားတော်အား ပေး
တော်မူသမျှသော လူမျိုးအပေါင်းတို့အား ထာ

ဝရအသက်ကို ပေးစေခြင်းငှာ လူမျိုးအပေါင်း
တို့သည် အစိုးရသောအခွင့်တန်ခိုးကို ကိုယ်
တော်သည် သားတော်အား ပေးတော်မူ၏။
3ထာဝရအသက်ဟူသည်မှာ၊ စစ်မှန်သော
ဘုရားသခင်တစ်ဆူတည်း ဖြစ်တော်မူသော
ကိုယ်တော်ကိုဒင်း၊ စေလွှတ်တော်မူသော
ယေရှုခရစ်ကိုဒင်းသိကျွမ်းခြင်းဖြစ်၏။ 4အကျွန်ုပ်
ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌ ကိုယ်တော်အပ်
ပေးတော်မူသောအမှုကို ကျွန်ုပ်ဆောင်ရွက်၍
ပြီးခြင်းအားဖြင့် အကျွန်ုပ်သည် မြေကြီးပေါ်မှာ
ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါပြီ။ 5အို
အဘ ဤကမ္ဘာမတည်မရှိမှီ အထံတော်၌ အ
ကျွန်ုပ်ခံစားသောဘုန်းအသရေနှင့် ယခုတွင်
ကိုယ်တော်နှင့်အတူ အကျွန်ုပ်၏ဘုန်းကို ထင်
ရှားစေတော်မူပါ။

6"ကိုယ်တော်သည် ဤလောကထဲမှ လူအ
ချို့တို့ကို အကျွန်ုပ်အား အပ်ပေးတော်မူ၏။
အကျွန်ုပ်သည် ထိုသူတို့အား ကိုယ်တော်၏
နာမတော်ကို ပြပြီ။ ထိုသူတို့ကို ကိုယ်တော်
သည် ပိုင်တော်မူသဖြင့် သူတို့အား အကျွန်ုပ်ကို
ပေးတော်မူ၏။ ကိုယ်တော်၏စကားတော်ကို
သူတို့သည်လိုက်နာကြပါ၏။ 7ကိုယ်တော်သည်
အကျွန်ုပ်အား ပေးတော်မူသမျှတို့သည် ကိုယ်
တော်ထံမှ လာကြသည်ကို သူတို့သည် ယခု
သိကြပါ၏။ 8ကိုယ်တော်သည် အကျွန်ုပ်အား
ပေးသောစကားတော်တို့ကို အကျွန်ုပ်သည် ဤ
သူတို့အားပေးတော်မူ၏။ သူတို့သည် ထိုစကား
တော်တို့ကို လက်ခံကြပါ၏။ ကိုယ်တော်သည်
အကျွန်ုပ်အား စေလွှတ်တော်မူသည်ကို သူတို့
ယုံကြည်ကြပါ၏။ 9ထိုသူတို့အတွက် အကျွန်ုပ်
ယခု ဆုတောင်းပါ၏။ အကျွန်ုပ်သည် ဤလော
က၌ ရှိသောလူတို့အတွက် ဆုတောင်းသည်
မဟုတ်ပါ။ သို့သော်လည်း၊ ကိုယ်တော်သည်
အကျွန်ုပ်အား ပေးတော်မူသော သူတို့အတွက်
အကျွန်ုပ်ဆုတောင်းပါ၏။ အကြောင်းမူကား၊
ထိုသူတို့အား ကိုယ်တော်သည် ပိုင်တော်မူ၏။
10အကျွန်ုပ်ပိုင်သောအရာရှိသမျှတို့သည် ကိုယ်
တော် ပိုင်တော်မူ၍၊ ကိုယ်တော် ပိုင်တော်မူ
သောအရာ ရှိသမျှတို့သည် အကျွန်ုပ်ပိုင်ပါ၏။
ထိုသူတို့အားဖြင့် အကျွန်ုပ်သည် ဘုန်းထင်ရှား
ပါ၏။ 11အကျွန်ုပ်သည် ကိုယ်တော်ထံသို့ ယခု
လာပါပြီ။ ယခုတွင် အကျွန်ုပ်သည် ဤလောက
၌ရှိနေမည်မဟုတ်တော့ပါ။ သို့သော်လည်း၊
ဤသူတို့သည် လောက၌ ဆက်ရှိနေကြမည်။
သန့်ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့်
အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့
သို့ သူတို့သည်လည်း တစ်လုံးတစ်ဝတည်း
ဖြစ်စေခြင်းငှါ၊ ကိုယ်တော်၏နာမတော်တန်ခိုး
ကို ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်
မူသောနာမအားဖြင့် သူတို့ကို လုံခြုံစွာစောင့်
ရှောက်တော်မူပါ။ 12အကျွန်ုပ်သည် သူတို့နှင့်
အတူ ရှိနေစဉ် ကိုယ်တော်သည် အကျွန်ုပ်အား
ပေးတော်မူသောကိုယ်တော့် နာမတော်တန်ခိုး
ဖြင့် အကျွန်ုပ်သည် သူတို့ကို စောင့်ရှောက်၏။
ပျက်စီးခြင်းသို့ ရောက်ရန် ရွေးကောက်တော်
မူသော လူတစ်ယောက်မှတပါး အဘယ်သူမျှ
ပျက်စီးခြင်းသို့ မရောက်ပါ။ ကျမ်းစာပြည့်စုံ
မည်အကြောင်းဤသူသည်ပျက်စီးရခြင်းဖြစ်၏။

13အကျွန်ုပ်သည် ကိုယ်တော်ထံသို့ ယခု
လာ၏။ သို့သော်လည်း၊ ဤသူတို့သည် သူတို့
၏စိတ်နှလုံးထဲရှိ အကျွန်ုပ်၌ရှိသောဝမ်းမြောက်
ခြင်းနှင့်ပြည့်စုံမည်အကြောင်း အကျွန်ုပ်သည်
ဤလောက၌ရှိနေစဉ် ဤအရာတို့ကို တောင်း
လျှောက်ပါ၏။ 14ကိုယ်တော်၏နှုတ်ကပတ်တ
ရားကို ဤသူတို့အား အကျွန်ုပ်ပေးပါပြီ။ သို့ရာ
တွင်အကျွန်ုပ်သည် ဤလောကနှင့်မဆက်ဆံ
သကဲ့သို့ သူတို့သည်လည်း ဤလောကနှင့်
မဆက်ဆံကြသောကြောင့်၊ လောကီသားတို့
သည် သူတို့ကိုမုန်းကြပါ၏။ 15ဤသူတို့ကို ဤ
လောကမှ နုတ်ယူပါမည်အကြောင်း၊ အကျွန်ုပ်
တောင်းသည် မဟုတ်ပါ။ သို့သော်လည်း၊ ဤ
သူတို့အားမကောင်းသောအမှုအရာထဲမှစောင့်
ရှောက်တော်မူပါ မည့်အကြောင်း၊ အကျွန်ုပ်
တောင်းပါ၏။ 16အကျွန်ုပ်သည် လောကနှင့်
မဆက်ဆံသကဲ့သို့ သူတို့သည်လည်း မဆက်ဆံ
ကြပါ။ 17သမ္မာတရားအားဖြင့် သူတို့ကို၊ ကိုယ်

တော်၏အမှုတော်အတွက် အဆင်သင့်ဖြစ်စေ
တော်မူပါ။ကိုယ်တော်၏နှုတ်ကပတ်တော်သည်
သမ္မာတရား ဖြစ်ပါ၏။ 18ကိုယ်တော်သည် အ
ကျွန်ုပ်အား ဤလောကသို့ စေလွှတ်တော်မူ
သည်နည်းတူ အကျွန်ုပ်သည်လည်း ဤသူတို့
အား ဤလောကသို့ စေလွှတ်ပါ၏။ 19အကျွန်ုပ်
သည်ကိုယ်တော်အား အစေခံရန်သူတို့အတွက်
ကိုယ်ကိုကိုယ် အဆင်သင့် ပြင်ဆင်ထားပါ၏။
သို့မှသာ သူတို့သည် ကိုယ်တော်အတွက် အ
မှန်အစေခံနိုင်ကြရန် မိမိကိုယ်ကို အဆင်သင့်
ပြင်ဆင်ပြီး ဖြစ်ပါမည်။

20ဤလူတို့အတွက်သာအကျွန်ုပ်ဆုတောင်း
သည်မဟုတ်။ သို့သော်လည်း၊ ဤသူတို့ ဟော
ပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်လာ
မည့်လူအပေါင်းတို့အတွက်လည်း၊ အကျွန်ုပ်ဆု
တောင်းပါ၏။ 21အိုအဘ၊အကျွန်ုပ်ကို ယုံကြည်
သောသူ အပေါင်းတို့သည် တစ်လုံးတစ်ဝတည်း
ဖြစ်နိုင်ကြရန် အကျွန်ုပ်ဆုတောင်းပါ၏။ ကိုယ်
တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍၊ အကျွန်ုပ်
သည်လည်း ကိုယ်တော်၌ရှိပါ၏။ ဤလူတို့အား
လုံးတို့သည်လည်း၊ အကျွန်ုပ်တို့၌တစ်လုံးတစ်
ဝတည်းဖြစ်နိုင်ကြရန် အကျွန်ုပ်ဆုတောင်းပါ၏။
သို့မှသာ ကိုယ်တော်သည် အကျွန်ုပ်အား
စေလွှတ်တော်မူသည်ကိုလောကီသားတို့သည်
ယုံကြည်ကြပါလိမ့်မည်။ 22ကိုယ်တော်သည် အ
ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်တော်မူ
သကဲ့သို့ သူတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်
ခြင်းငှါကိုယ်တော်သည်အကျွန်ုပ်အားပေးတော်
မူသော ဘုန်းအသရေကို သူတို့အား အကျွန်ုပ်
ပေးတော်မူ၏။ 23ကိုယ်တော်သည် အကျွန်ုပ်၌
ရှိတော်မူ၍ အကျွန်ုပ်သည်လည်း သူတို့၌ ရှိ
တော်မူမည်။ ထို့ကြောင့်၊ သူတို့သည် ပြည့်စုံ
စွာတစ်လုံးတစ်ဝတည်း ဖြစ်ကြပါလိမ့်မည်။ ထို
နောက် ကိုယ်တော်သည် အကျွန်ုပ်ကို ချစ်
တော်မူသည့်နည်းတူ ဤသူတို့ကိုလည်း ချစ်
တော်မူကြောင်းကို လောကီသားတို့သည် သိ
ကြပါလိမ့်မည်။

24"အိုအဘ၊ကိုယ်တော်သည် အကျွန်ုပ်အား
ပေးတော်မူသော ဤသူတို့သည် အကျွန်ုပ်ရှိရာ
အရပ်၌ အကျွန်ုပ်နှင့်အတူ အစဉ်အမြဲ ရှိနေကြ
ရန် အကျွန်ုပ်အလို ရှိပါ၏။ ကိုယ်တော်သည်
ဤကမ္ဘာမတည်မရှိမီ အကျွန်ုပ်ကို ချစ်တော်မူ
သောကြောင့်၊ ကိုယ်တော်သည် အကျွန်ုပ်အား
ပေးတော်မူသော ဘုန်းအသရေကို ဤသူတို့
အား မြင်စေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏။ 25အို
အဘ၊ ကိုယ်တော်သည် ကောင်းမြတ်တော်မူ
သောသူဖြစ်ပါ၏။ လောကီသားတို့သည် ကိုယ်
တော့်ကို မသိကြ။ သို့သော်လည်း၊ ကိုယ်တော်
ကိုအကျွန်ုပ်သိပါ၏။ ကိုယ်တော်သည် အကျွန်ုပ်
အား စေလွှတ်တော်မူသည်ကို ဤသူတို့သည်
သိကြပါ၏။ 26အကျွန်ုပ်သည် ကိုယ်တော်အ
ကြောင်းကို သူတို့အား သွန်သင်ပြီးဖြစ်၍ သူတို့
အား အစဉ် သွန်သင်ပါမည်။ ထို့နောက် ကိုယ်
တော်သည် အကျွန်ုပ်ကို ချစ်တော်မူသောမေ
တ္တာသည် သူတို့၌လည်း ရှိပါလိမ့်မည်။ အ
ကျွန်ုပ်သည် သူတို့၌ ရှိနေပါလိမ့်မည်" ဟုမြွက်
ဆိုတော်မူ၏။

## ယေရှုကို ဖမ်းဆီးကြခြင်း

*(မ၊ 26:47-56; မာ၊ 14:43-50; လု၊ 22:47-53)*

18 ယေရှုသည် ထိုသို့ ဆုတောင်းမိန့်မြွက်
တော်မူပြီးမှ တပည့်တော်တို့နှင့်အတူ
ထွက်ခွာကြ၏။ သူတို့သည် ကေဒြုန်ချောင်း
တစ်ဘက်သို့ ကူးသွားကြ၏။ အခြားတစ်ဘက်
၌ သံလွင်ပင်ဥယျာဉ်ရှိ၏။ ယေရှုသည် မိမိ
တပည့်တော်တို့နှင့် ထိုအရပ်သို့ သွားကြ၏။

2ယေရှုသည် မိမိတပည့်တော်တို့နှင့်အတူ
ထိုနေရာသို့ မကြာခဏ သွားလေ့ရှိသော
ကြောင့် ထိုနေရာကိုယုဒသိ၏။ယုဒသည် ယေရှု
ကို အပ်နှံသောသူဖြစ်၏။ 3ထို့ကြောင့် ယုဒ
သည် ရောမစစ်တပ်တစ်တပ်ကို ထိုဥယျာဉ်သို့
ခေါ်သွားလေ၏။ ယုဒသည် ယဇ်ပုရောဟိတ်
အကြီးတို့နှင့် ဖာရိရှဲတို့ထံမှ အစောင့်အချို့တို့
ကိုလည်း ခေါ်သွား၏။ ထိုသူတို့သည် မီးအိမ်၊
မီးတုတ်၊ လက်နက်တို့ကို ဆောင်လျက်လာ
ကြ၏။

4ယေရှုသည် သူ့အပေါ်သို့ ဖြစ်ပျက်လာမည့်
အရာကို သိတော်မူ၏။ ယေရှုသည်ထွက်၍၊
"သင်တို့သည်အဘယ်သူကို ရှာကြသနည်း" ဟု
မေးတော်မူ၏။
5ထိုလူတို့က၊ "နာဇရက်မြို့သား ယေရှုကို
ရှာကြသည်" ဟုဆိုကြ၏။ ယေရှုက၊ "ငါသည်
ယေရှုဖြစ်၏" ဟုမိန့်တော်မူ၏။ ယေရှုကို အပ်နှံ
သောယုဒသည်လည်း၊ ထိုသူတို့နှင့်အတူ ရပ်
လျက်နေ၏။ 6ယေရှုက၊ "ငါသည် ယေရှုဖြစ်
၏" ဟုမိန့်တော်မူသောအချိန်တွင်၊ ထိုလူတို့
သည် နောက်သို့ဆုတ်၍ မြေပေါ်သို့ လဲကြ၏။
7တဖန်ယေရှုက၊ "သင်တို့သည် အဘယ်သူ
ကို ရှာကြသနည်း" ဟုမေးပြန်၏။ လူတို့က၊
"နာဇရက်မြို့သားယေရှုကို ရှာကြသည်" ဟုဆို
ကြ၏။ 8ယေရှုကလည်း၊ "ငါသည် ယေရှုဖြစ်၏
ဟုသင်တို့အား ငါပြောပြီ။ ထို့ကြောင့် သင်တို့
သည် ငါ့ကို ရှာကြလျှင်၊ ဤသူတို့သည် သွား
ကြပါစေ" ဟုမိန့်တော်မူ၏။ 9ဤသို့ ဖြစ်ပျက်
ခြင်းမှာယေရှုက၊"ကိုယ်တော်သည် အကျွန်ုပ်
အား အပ်ပေးတော်မူသောသူတို့သည် တစ်
ယောက်မျှ ပျက်စီးဆုံးရှုံးခြင်းသို့ မရောက်"
ဟုမိန့်တော်မူသောစကားသည် မှန်ကြောင်း
ပြည့်စုံစေခြင်းဖြစ်၏။
10ထိုအခါ ရှိမုန်ပေတရုသည် သူ၌ပါသော
ဓါးကို ဆွဲထုတ်၍ ယဇ်ပုရောဟိတ်မင်း၏ကျွန်
တစ်ယောက်ကို ခုတ်သဖြင့်လက်ျာနားရွက်ကို
ခုတ်ဖြတ်လေ၏။ ထိုကျွန်၏အမည်မှာ မာလခု
ဖြစ်၏။ 11ယေရှုကလည်း၊"သင့်ဓါးကို ဓါးအိမ်၌
ပြန်ထားလော့။ ခမည်းတော်သည် ငါ့အား
ပေးတော်မူသောဒုက္ခဆင်းရဲခံရာခွက်*ဖလား
ကို ငါသည် လက်ခံရမည်" ဟုပေတရုအား
မိန့်တော်မူ၏။

## ယေရှုအား အန္တတ်မင်းရှေ့သို့ သယ်ဆောင်ခြင်း

*(မ၊ 26:57-58; မာ၊ 14:53-54; လု၊ 22:54)*

12ထို့နောက် ရောမစစ်သားတို့သည် သူတို့
၏တပ်မှူး၊ ယုဒလူတို့၏အစောင့်အကြပ်များနှင့်
အတူ ယေရှုကို ဖမ်းဆီးကြ၏။ 13သူတို့သည်
ယေရှုကို ချည်နှောင်ပြီးလျှင်၊ အန္နတ်မင်းထံသို့
ရှေးဦးစွာ ခေါ်သွားကြ၏။ အန္နတ်မင်းသည်
ကယာဖ၏ယောက္ခမဖြစ်၏။ 14ကယာဖသည်
ထိုနှစ်တွင်ယဇ်ပုရောဟိတ်မင်းဖြစ်၏။ ကယာဖ
သည် ယုဒလူတို့အား လူအပေါင်းတို့သည် ပျက်
စီးခြင်းသို့ရောက်သည်ထက် လူတစ်ယောက်
သည် သေသော်၊ သာ၍ ကောင်းသည်ဟု
ပြောခဲ့သောသူပင် ဖြစ်၏။

## ပေတရုသည် ယေရှုကို သိခြင်းအကြောင်း ငြင်းပယ်ခြင်း

*(မ၊ 26:69-70; မာ၊ 14:66-68; လု၊ 22:55-57)*

15ရှိမုန်ပေတရုနှင့်အခြားသောတပည့်တော်
တစ်ယောက်သည် ယေရှုနှင့်အတူ လိုက်သွား
ကြ၏။ ထိုတပည့်တော်သည် ယဇ်ပုရောဟိတ်
မင်းကို သိ၏။ ထို့ကြောင့် သူသည်၊ ယဇ်ပုရော
ဟိတ်မင်း၏အိမ်တော်ထဲသို့ ဝင်လေ၏။ 16သို့
သော်လည်း၊ ပေတရုသည် အိမ်ပြင်တံခါးနား
မှာ ရပ်လျက် စောင့်နေ၏။ ယဇ်ပုရောဟိတ်
မင်းနှင့်၊သိကျွမ်းသောနောက်လိုက်တော်သည်
ထွက်၍တံခါးစောင့်မိန်းမအားပြောပြီးမှပေတရု
ကို အထဲသို့ ခေါ်လာ၏။ 17တံခါးစောင့် မိန်းမ
က ပေတရုအား၊ "သင်သည်လည်း ထိုသူ၏
တပည့်တော်တို့ အထဲတွင် တစ်ယောက်အပါ
အဝင်မဟုတ်လော"ဟုဆို၏။ ပေတရုကလည်း၊
"မဟုတ်ပါ။ ကျွန်ုပ်မဟုတ်ပါ" ဟုပြောလေ၏။
18ထိုကာလသည် ချမ်းအေးသောကြောင့်
ကျွန်များနှင့် အစောင့်အကြပ်တို့သည် မီးခဲကို
ပုံ၍ မီးမွှေးကြ၏။ သူတို့သည် မီးပုံနားပတ်လည်
တွင် ရပ်လျက် မီးလှုံကြ၏။ ပေတရုသည်လည်း
သူတို့နှင့်တကွ ရပ်၍ မီးလှုံလျက်နေ၏။

---

**ခွက်** ယေရှုက ဆိုးရွားသောအရာများ သူ့ထံဖြစ်လာ
မည့်အကြောင်းကို ပြောခြင်းဖြစ်သည်။ ဤအရာများ
လက်ခံခြင်းငှါ အလွန်ခက်ခဲမည် ဖြစ်သည်။ ဆိုးရွားသော
အရသာနှင့် ပြည့်လျှံသောခွက်တစ်ခွက်သောက်သကဲ့သို့
ဖြစ်သည်။

## ယဇ်ပုရောဟိတ်မင်းသည် ယေရှုအား မေးမြန်းခြင်း

*(မ၊ 26:59-66; မာ၊ 14:55-64; လု၊ 22:66-71)*

19 ယဇ်ပုရောဟိတ်မင်းသည် ယေရှုအား သူ
၏တပည့်တော်တို့အကြောင်းနှင့် သူ၏သွန်သင်
ချက်ကို မေးမြန်း၏။ 20 ယေရှုကလည်း၊ “ငါ
သည် လူတို့အား အစဉ်အမြဲထင်ရှားစွာ ပြော
ပြီ။ ငါသည် ယုဒလူအပေါင်းတို့ စည်းဝေးရာ
တရားဇရပ်များတို့နှင့် ဗိမာန်တော်ထဲတွင် အ
စဉ်မပြတ်ဟောပြောလျက်ရှိ၏။ ငါသည် အ
ဘယ်အရာမျှလျှို့ဝှက်စွာ မပြော။ 21 ထို့ကြောင့်
သင်တို့သည် အဘယ်ကြောင့် ငါ့ကို မေးမြန်းကြ
သနည်း။ ငါဟောပြောသောစကားကို ကြား
သောသူတို့ကို မေးမြန်းကြလော့။ ငါသည် အ
ဘယ်အရာကို ပြောသည်ကို သေချာစွာ သူတို့
သိကြ၏” ဟုမိန့်တော်မူ၏။
22 ယေရှုသည် ထိုစကားကို ပြောစဉ်တွင်၊
ထိုနေရာ၌ ရပ်လျက်နေသော အစောင့်တစ်
ယောက်သည် သူ့ကို ရိုက်ပုတ်လေ၏။ ထိုအ
စောင့်က၊ “သင်သည် ယဇ်ပုရောဟိတ်မင်းကို
ထိုသို့ ပြောရသလော” ဟုဆို၏။
23 ယေရှုကလည်း၊ “ငါသည် တစ်စုံတစ်ရာ
ပြောမှားလျှင် ဤနေရာ၌ ရှိသောလူတို့အား
အဘယ်အရာ မှားသည်ကို ပြောပါ။ သို့သော်
လည်း၊ ငါဟောပြောသောအရာတို့သည် မှန်
နေလျှင်၊ သင်သည် အဘယ့်ကြောင့် ငါ့ကို
ရိုက်ပုတ်သနည်း” ဟုမိန့်တော်မူ၏။
24 ထို့ကြောင့် အန္နတ်မင်းသည် ယေရှုအား
ယဇ်ပုရောဟိတ်မင်းဖြစ်သော ကယာဖထံသို့
ပို့လေ၏။ ယေရှုသည် ချည်နှောင်လျက်ရှိ၏။

## ပေတရုသည် တစ်ဖန်ငြင်းပယ်ခြင်း

*(မ၊ 26:71-75; မာ၊14:69-72; လု၊ 22:58-62)*

25 ရှိမုန်ပေတရုသည် မီးပုံနားမှာ ရပ်လျက်
ကိုယ်ကိုနွေးစေလေ၏။ အချို့သော သူတို့က၊
“သင်သည် ထိုသူ၏တပည့်တော်တို့ထဲမှ တစ်
ယောက်သောသူ ဖြစ်သည်မဟုတ်လော” ဟု
ပေတရုအား မေး၏။ သို့သော်လည်း၊ ပေတရု
က၊ “မဟုတ်ပါ” ဟုငြင်းလေ၏။
26 ပေတရု ခုတ်၍ နားရွက်ပြတ်သောသူနှင့်
ဆွေမျိုးတော်သောယဇ်ပုရောဟိတ်မင်း၏ကျွန်
တစ်ယောက်က၊ “သင်သည် ထိုသူနှင့်အတူ
ဥယျာဉ်ထဲမှာ ရှိနေသည်ကို ငါမြင်ခဲ့ပြီ မဟုတ်
လော” ဟုဆို၏။
27 သို့သော်လည်း ပေတရုက တဖန်ငြင်းဆို
၍၊“မဟုတ်ပါ၊ ငါသည်ထိုသူနှင့်အတူမရှိပါ” ဟု
ငြင်းပယ်ပြန်၏။ ထိုခဏချင်းတွင် ကြက်တွန်၏။

## ယေရှုကို ပိလတ်မင်းထံသို့ ပို့ဆောင်ကြခြင်း

*(မ၊ 27:1-2, 11-31; မာ၊ 151-20; လု၊ 23:1-25)*

28 ထိုနောက် ယုဒလူတို့သည် ယေရှုကို
ကယာဖထံမှ ရောမအစိုးရမင်း၏ နန်းတော်သို့
ခေါ်ဆောင်သွားကြ၏။ ထိုအချိန်သည် နံနက်
စောစောအချိန်ဖြစ်၏။ ယုဒလူတို့သည် ပသခါ
ပွဲကို ခံလိုသောကြောင့် မိမိတို့ကို မညစ်ညူး
မည်အကြောင်း နန်းတော်ထဲသို့ မဝင်ကြ။ 29 ထို့
ကြောင့် ပိလတ်မင်းသည် ယုဒလူတို့ရှိရာအပြင်
သို့ ထွက်သွား၍ “ဤသူ၌ အဘယ်အပြစ်ကို
သင်တို့တင်ကြသနည်း” ဟုမေး၏။
30 ယုဒလူတို့က “ဤသူသည် လူဆိုးဖြစ်၏။
ထိုအကြောင်းကြောင့်၊ ဤသူအား ကိုယ်တော်
ထံသို့ ခေါ်ဆောင်လာကြ၏” ဟုလျှောက်ကြ
၏။ 31 ထို့နောက် ပိလတ်မင်းသည် ယုဒလူတို့
အား၊ “သူ့ကို ယူသွား၍ သင်တို့၏ဓမ္မသတ်အ
တိုင်း သူ့အား စီရင်ကြ” ဟုဆို၏။ ယုဒလူတို့က
လည်း၊ “အကျွန်ုပ်တို့သည် သင်တို့၏ဥပဒေအရ
အဘယ်သူကိုမျှ သတ်ပိုင်ခွင့်မရှိ” ဟုပြောကြ
၏။ 32 ဤသို့ ဖြစ်ပျက်ခြင်းမှာယေရှုသည် အ
ဘယ်သို့ မိမိသေရမည်အကြောင်းကို မိန့်တော်
မူသော စကားပြည့်စုံမည် အကြောင်းဖြစ်၏။
33 ထို့နောက် ပိလတ်မင်းသည် နန်းတော်
တွင်းသို့ ပြန်ဝင်၍ ယေရှုကို ခေါ်၍ “သင်သည်
ယုဒရှင်ဘုရင် မှန်သလော” ဟုမေး၏။

34ယေရှုကလည်း၊ "ကိုယ်အလိုအလျောက်
မေးသလော။ သို့မဟုတ် အခြားသောသူတို့
သည် ငါ့အကြောင်းကို သင့်အား ပြောကြပြီ
လော" ဟုမေးတော်မူ၏။
35ပိလတ်မင်းက၊ "ငါသည် ယုဒလူ ဖြစ်သ
လော။ သင်၏လူမျိုးတို့နှင့် သူတို့၏ယဇ်ပုရော
ဟိတ်အကြီးတို့က သင့်ကို ငါ့ထံသို့ ခေါ်ဆောင်
လာကြ၏။ သင်သည် အဘယ်အရာကို မှား
ယွင်းစွာ ပြုခဲ့သနည်း" ဟုမေး၏။
36ယေရှုက၊ "ငါ၏နိုင်ငံသည် ဤလောက
နှင့် မစပ်ဆိုင်။ ငါ၏နိုင်ငံသည် ဤလောကနှင့်
စပ်ဆိုင်လျှင် ငါသည် ယုဒလူမျိုးတို့၏လက်သို့
မရောက်စေရန် ငါ၏ကျွန်တို့သည် တိုက်လှန်
ကြလိမ့်မည်။ သို့သော်လည်း၊ ငါ၏နိုင်ငံသည်
တခြားသော အရပ်ဒေသနှင့်ဆိုင်၏" ဟုမိန့်
တော်မူ၏။
37ပိလတ်မင်းကလည်း၊ "သို့ဖြစ်လျှင်၊ သင်
သည် ရှင်ဘုရင်မှန်သလော" ဟုမေး၏။ ယေရှု
က၊ "ငါသည် ရှင်ဘုရင်ဖြစ်သည်ဟု သင်ပြော
၏။ထိုစကားသည်မှန်၏။ ငါသည်ထိုအကြောင်း
ကြောင့်မွေးဖွားခြင်းကိုခံ၏။ ငါသည် လူတို့
အား သမ္မာတရားအကြောင်းကို သက်သေခံ
ခြင်းငှါ ဤလောကသို့ကြွလာ၏။ သမ္မာတရား
နှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို
နားထောင်ကြသည်" ဟုမိန့်တော်မူ၏။
38ပိလတ်မင်းကလည်း၊ "သမ္မာတရားသည်
အဘယ်သို့နည်း" ဟုမေး၏။ ပိလတ်မင်းသည်
ထိုသို့မေးပြီးမှ တစ်ဖန် ယုဒလူတို့ရှိရာ အပြင်သို့
ထွက်သွား၍ ယုဒလူတို့အား၊ "ဤသူ၌ အဘယ်
အပြစ်ကိုမျှ ငါမတွေ့။ 39သို့သော်လည်း၊ ပသခါ
ပွဲ၌ အကျဉ်းသားတစ်ယောက်ကို သင်တို့အား
ငါလွှတ်မြဲထုံးစံ ရှိ၏။ ငါသည် ဤသူ 'ယုဒရှင်
ဘုရင်'ကို လွှတ်ပေးရန် သင်တို့အလိုရှိကြသ
လော" ဟုမေး၏။
40တဖန်ယုဒလူတို့က၊ "ဤသူကို မလွှတ်စေ
ချင်ပါ။ ဗာရဗ္ဗကို လွှတ်ပေးစေချင်ပါသည်"
ဟုအော်ဟစ်၍ လျှောက်ကြ၏။ ထိုဗာရဗ္ဗသည်
ဓါးပြတစ်ယောက် ဖြစ်၏။

19 ထို့နောက် ပိလတ်မင်းသည် ယေရှုကို
ထုတ်၍ ရိုက်ခြင်းငှါ အမိန့်ပေး၏။ 2စစ်
သားတို့သည် ဆူးပင်နှင့် ဦးရစ်ကို ရက်၍ ထို
ဆူးရစ်ကို ယေရှု၏ခေါင်းတော်၌ တင်၏။
ထို့နောက်စစ်သားတို့သည် နီမောင်းသောဝတ်
လုံကို ယေရှုအား ခြုံစေ၏။ 3စစ်သားတို့သည်
ယေရှုအား "ဟေ့၊ ယုဒရှင်ဘုရင်" ဟုဆိုကြ၍
သူ၏မျက်နှာတော်ကို ရိုက်ပုတ်ကြ၏။
4တစ်ဖန် ပိလတ်မင်းသည် ထွက်လာ၍
ယုဒလူတို့အား၊ "ကြည့်ကြလော။ ငါသည် သင်
တို့ဆီသို့ ယေရှုကို ထုတ်ဆောင်လာ၏။ ဤ
သူ၌ အဘယ်အပြစ်မျှ ငါမတွေ့ကြောင်းကို သင်
တို့အား ငါသိစေလို၏" ဟုဆို၏။ 5ထို့နောက်မှ
ယေရှုသည် ထွက်သွား၏။ ထိုအခါသူသည်
ဆူးပင်ဖြင့်ရက်သော ဆူးရစ်နှင့် နီမောင်းသော
ဝတ်လုံကို ဝတ်လျက်ရှိ၏။ ပိလတ်မင်းက၊ ယုဒ
လူတို့အား"ဤသူကို ကြည့်ကြလော့" ဟုဆို၏။
6ယဇ်ပုရောဟိတ်အကြီးတို့နှင့် ယုဒလူတို့၏
အစောင့်အကြပ်များတို့သည် ယေရှုကို မြင်
သောအခါ၊ "ထိုသူကို လက်ဝါးကပ်တိုင်ပေါ်မှာ
သတ်ပါ။ ထိုသူကို လက်ဝါးကပ်တိုင်ပေါ်မှာ
သတ်ပါ" ဟုဟစ်ကြော်ကြ၏။ သို့သော်လည်း၊
ပိလတ်မင်းက၊ "သင်တို့သည်သူ့ကို ယူ၍ လက်
ဝါးကပ်တိုင်ပေါ်မှာ ရိုက်ထားကြ။ ငါသည်သူ၌
အပြစ်တစ်စုံတစ်ခုမှမတွေ့" ဟုဆို၏။
7ယုဒလူတို့က၊ "ဤသူသည် အသေသတ်
ခြင်းကို ခံရမည်ဟု ဆိုသောဓမ္မသတ်တရား
သည် ကျွန်ုပ်တို့၌ ရှိပါ၏။ အကြောင်းမူကား၊
သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု
သူပြောပြီ" ဟုလျှောက်ကြ၏။ 8ပိလတ်မင်း
သည် ထိုစကားကို ကြားသောအခါ၊ သူသည်
ပို၍ ကြောက်လာ၏။
9ပိလတ်မင်းသည် နန်းတော်တွင်း ပြန်ဝင်၍
ယေရှုအား၊ "သင်သည် အဘယ်အရပ်က လာ
သနည်း" ဟုမေး၏။ သို့သော်လည်း၊ ယေရှု
သည် သူ့အားတစ်ခွန်းကိုမျှ ပြန်ပြောတော်မမူ။
10ပိလတ်မင်းက၊ "သင်သည် ငါနှင့်စကားပြော
ရန် ငြင်းပါသလော။ သင့်ကို လွှတ်ပိုင်သော

အာဏာကိုရင်း လက်ဝါးကပ်တိုင်ပေါ်မှာ သတ်
ပိုင်သောအာဏာကိုရင်း ငါ၌ ရှိသည်ကို သင်မ
သိလော” ဟုဆို၏။
11ယေရှုက၊“ဘုရားသခင်ပေးတော်မူသော
တန်ခိုးအာဏာကိုသာ သင်သည် ငါ့အပေါ်၌
ရှိ၏။ ထို့ကြောင့် ငါ့ကိုမင်းကြီး၏လက်သို့ အပ်
နှံသောသူသည် သာ၍ အပြစ်ရှိ၏” ဟုမိန့်
တော်မူ၏။
12ထိုအခါမှစ၍ ပိလတ်မင်းသည် ယေရှုကို
လွှတ်ဖို့ရန် ကြိုးစား၍ ရှာကြံလေ၏။ သို့သော်
လည်း၊ ယုဒလူတို့က၊ “မည်သူမဆို မိမိကိုယ်ကို
ရှင်ဘုရင်လုပ်သောသူသည် ကဲသာဘုရင်ကို
ဆန့်ကျင်သောသူဖြစ်၏။ထို့ကြောင့်ကိုယ်တော်
သည် ဤသူကို လွှတ်လျှင် ကဲသာဘုရင်၏မိတ်
ဆွေမဟုတ်” ဟုဟစ်ကြော်၍ လျှောက်ကြ၏။
13ယုဒလူတို့ ပြောသောစကားကို ပိလတ်
မင်းသည် ကြားသောအခါ ယေရှုကို “ကျောက်
ခင်း” ဟုခေါ်သောနေရာသို့ ထုတ်ဆောင်၏။
(ဟေဗြဲစကားအားဖြင့်ဂဗ္ဗသအမည်ရှိ၏)ပိလတ်
မင်းသည် ထိုအရပ်တရားပလ္လင်ပေါ်မှာ ထိုင်
လေ၏။ 14ထိုနေ့အချိန်မှာ၊ ပသခါပွဲအတွက်
ပြင်ဆင်ရာနေ့* (သောကြာနေ့)၏ မွန်းတည့်
လုနီးအချိန်ဖြစ်၏။ ပိလတ်မင်းက ယုဒလူတို့
အား၊ “သင်တို့၏ရှင်ဘုရင်ကို ကြည့်ကြလော”
ဟုပြောဆို၏။ 15ယုဒလူတို့က၊ “ထိုသူကို အ
ဝေးသို့ ထုတ်ပါ။ ထိုသူကိုအဝေးသို့ ထုတ်ပါ။
ထိုသူကို လက်ဝါးကပ်တိုင်ပေါ်မှာ သတ်ပါ”
ဟုဟစ်ကြော်ကြ၏။ ထို့နောက် ပိလတ်မင်းက
လည်း၊ “ငါသည် သင်တို့၏ရှင်ဘုရင်ကို လက်
ဝါးကပ်တိုင်ပေါ်မှာ သတ်ဖို့ရန် သင်တို့အလိုရှိ
ကြသလော” ဟုမေးပြန်လျှင်၊ ယဇ်ပုရောဟိတ်
အကြီးတို့က၊
“အကျွန်ုပ်တို့၌ ကဲသာဘုရင်မှ တစ်ပါး အ
ဘယ်ရှင်ဘုရင်မျှ မရှိပါ” ဟုပြန်ပြောကြ၏။
16ထို့ကြောင့် ပိလတ်မင်းသည် ယေရှုကို
လက်ဝါးကပ်တိုင်ပေါ်မှာ အသေသတ်ခြင်းကိုခံ
ရန် ထိုသူတို့လက်သို့ အပ်သဖြင့် စစ်သားတို့
သည် ယေရှုကို ခေါ်ဆောင်သွားကြ၏။

## ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်မှာ အသတ်ခံတော်မူခြင်း

*(မ၊ 27:32-44; မာ၊ 15:21-32; လု၊ 23:26-43)*

17ယေရှုသည် မိမိလက်ဝါးကပ်တိုင်ကို ထမ်း
၍ “ဦးခေါင်းခွံ” ဟုခေါ်သောအရပ်သို့ ထွက်
တော်မူ၏။ (ထိုအရပ်ကို ဟေဗြဲဘာသာ
စကားအားဖြင့် “ဂေါလဂေါသ” အမည်ရှိ၏)
18ထိုဂေါလဂေါသအရပ်၌ သူတို့သည် ယေရှုကို
လက်ဝါးကပ်တိုင်ပေါ်မှာ ရိုက်ထားကြ၏။ သူတို့
သည် အခြားသော လူနှစ်ယောက်တို့ကိုလည်း
လက်ဝါးကပ်တိုင်များပေါ်တွင် ရိုက်ထားကြ၏။
သူတို့သည် ထိုလူနှစ်ယောက်တို့၏ကပ်တိုင်ကို
ဘေးတစ်ဘက်စီတွင် ထားကြ၍ ယေရှုသည်
ကားတိုင်ကိုထိုသူနှစ်ယောက်အလယ်မှာ ထား
ကြ၏။ 19ပိလတ်မင်းသည်လည်း ကမ္ပည်းလိပ်
စာကို ရေး၍ လက်ဝါးကပ်တိုင်တော်၌ တပ်
လေ၏။လိပ်စာချက်မှာ“ယုဒရှင်ဘုရင်နာဇရက်
မြို့သားယေရှု ”ဟုရေးထား၏။ 20ထိုဆိုင်းဘုတ်
ကို ဟေဗြဲဘာသာ၊ လက်တင်ဘာသာနှင့်
ဟေလသဘာသာတို့ဖြင့် ရေးသားထား၏။
ယေရှုကို လက်ဝါးကပ်တိုင်ပေါ်မှာ သတ်သော
နေရာသည် မြို့နှင့်နီးသောကြောင့် ယုဒလူအ
များတို့သည် ထိုစာကို ဖတ်ကြ၏။ 21ယဇ်
ပုရောဟိတ်အကြီးတို့က ပိလတ်မင်းအား “ယုဒ
ရှင်ဘုရင်ဟုမရေးနှင့်။ ငါသည် ယုဒရှင်ဘုရင်
ဖြစ်၏ဟု ဤသူဆိုကြောင်းကို ရေးတော်မူပါ”
ဟုလျှောက်ကြ၏။
22ပိလတ်မင်းကလည်း “ငါရေးပြီးသောအ
ရာကို ငါသည် ပြောင်းလဲလိမ့်မည်မဟုတ်”ဟု
ပြန်ဆို၏။
23စစ်သားများတို့သည် ယေရှုကို လက်ဝါး
ကပ်တိုင်ပေါ်မှာ ရိုက်ထားပြီးမှ သူ၏အဝတ်
များကို ထုတ်ကြ၏။ သူတို့သည် သူ၏အဝတ်
များကို လေးပိုင်းပိုင်း၍ စစ်သားတစ်ယောက်
တစ်ပိုင်းစီ ယူကြလေ၏။ သူတို့သည် အတွင်း

---

**ပြင်ဆင်ရာနေ့** သောကြာနေ့၊ ဥပုသ်နေ့မတိုင်မီနေ့၊

အင်္ကျီတော်ကိုလည်း ယူကြ၏။ ထိုအတွင်း
အင်္ကျီတော်သည် မချုပ်ဘဲလျှက် အထက်စွန်းမှ
အောက်စွန်းတိုင်အောင်ရက်သောအင်္ကျီဖြစ်၏။
24ထို့ကြောင့် စစ်သားတို့က၊ “ငါတို့သည် ဤ
အင်္ကျီကို အပိုင်းပိုင်းဖြတ်၍ မဆုတ်ကြဘဲ
အဘယ်သူ ယူရမည်ကို စာရေးတံချကြစို့”ဟု
အချင်းချင်း ဆိုကြ၏။ ကျမ်းစာလာသည်မှာ၊

“သူတို့သည် အကျွန်ုပ်အဝတ်ကို အချင်း
ချင်းခွဲဝေ၍ကျွန်ုပ်အင်္ကျီကို စာရေးတံချ
ကြပါ၏” *ဆာလံ၊ 22:18*

ဟူ၍ကျမ်းစာလာသည့် အတိုင်းပြည့်စုံစေခြင်း
ငှါ စစ်သားတို့သည် ထိုသို့ ပြုကြ၏။

25ယေရှု၏လက်ဝါးကပ်တိုင်နားမှာ ယေရှု၏
မယ်တော်၊မယ်တော် ညီမကလောဖ၏ မယား
မာရိနှင့် မာဂဒလမာရိတို့သည် ရပ်နေကြ၏။
26ထိုအခါယေရှုသည် မိမိမယ်တော်နှင့် ချစ်
သောတပည့်တော်သည် အနားမှာရပ်နေသည်
ကို သူမြင်သောအခါ မယ်တော်အား “အချင်း
မိန်းမ၊ သင်၏သားကို ကြည့်လော့” ဟုမိန့်
တော်မူ၏။ 27ထိုနောက် ယေရှုသည် တပည့်
တော်အား၊ “သင်၏အမိကို ကြည့်လော့” ဟု
မိန့်တော်မူ၏။ ထိုအခါ မှစ၍ ထိုတပည့်တော်
သည် ယေရှု၏မယ်တော်ကို ခေါ်၍ မိမိအိမ်၌
သိမ်းထား၏။

## ယေရှုသည် အသက်စွန့်တော်မူခြင်း

*(မ၊ 27:45-56; မာ၊ 15:33-41; လု၊ 23:44-49)*

28ထိုနောက် ယေရှုသည် အမှုရှိသမျှ
အကုန်အစင် ဖြစ်ပျက်ပြီးသည်ကို သိတော်မူ၏။
သူသည် ကျမ်းစာပြည့်စုံစေခြင်းငှါ “ငါရေငတ်
သည်”* ဟုမိန့်တော်မူ၏။ 29ထိုအရပ်၌ ပုံး
ရည်နှင့်ပြည့်သော အိုးတစ်လုံးရှိ၏။ ထို့ကြောင့်
စစ်သားတို့သည် ရေမြှုပ်တစ်ထွေးကို ပုံးရေနှင့်
ပြည့်စေ၍ ဟုဿုပ်ပင်အကိုင်းဖျား၌ တပ်ထား
ကြ၏။ ထိုနောက်သူတို့သည် ထိုရေမြှုပ်ကို ပင့်၍
ယေရှု၏ခံတွင်းတော်သို့ကပ်ထားကြ၏။30ယေရှု
သည် ပုံးရေကို မြည်းစမ်းတော်မူပြီးမှ “အမှုပြီး
ပြီ” ဟုမိန့်တော်မူ၏။ ယေရှုသည် ခေါင်းတော်
ကို ငိုက်ဆိုက်ညွတ်၍ အသက်တော်ကို စွန့်
တော်မူ၏။

31ထိုနေ့သည် အဘိတ်နေ့ဖြစ်၍ နက်ဖြန်နေ့
သည် ကြီးမြတ်သော ဥပုသ်နေ့ဖြစ်၏။ ယုဒ
လူတို့သည် အလောင်းကောင်တို့ကို ထိုဥပုသ်
နေ့၌ လက်ဝါးကပ်တိုင်ပေါ်၌ ရှိစေခြင်းကို အ
လိုမရှိကြ။ထို့ကြောင့်သူတို့သည် ပိလတ်မင်းထံ
သို့ ဝင်ပြီးလျှင်သူတို့၏ခြေများကို ချိုး၍ မြန်မြန်
သေစေရန်နှင့် အလောင်းကောင်တို့ကိုလည်း
လက်ဝါးကပ်တိုင်ပေါ်မှ ဖြုတ်ယူကြရန် တောင်း
ဆိုကြ၏။ 32ထို့ကြောင့် စစ်သားတို့သည် သွား
၍ ယေရှု၏လက်ဝါးကပ်တိုင် တစ်ဘက်မှာရှိ
သော ပထမလူ၏ခြေကို ချိုးလေ၏။ ထို့နောက်
သူတို့သည် နောက်တစ်ယောက်၏ခြေကို ချိုး
၏။ 33သို့သော်လည်း စစ်သားတို့သည်၊ ယေရှု
ထံသို့ ရောက်လာသောအခါ သူသည် အသက်
မရှိကြောင်းကို မြင်သောကြောင့် သူ၏ခြေမချိုး
ကြ။ 34သို့သော်လည်း၊ စစ်သားတစ်ယောက်
သည် ယေရှု၏နံဘေးတော်ကိုလှံဖြင့်ထိုးဖောက်
၍ သွေးနှင့်ရေသည် ချက်ချင်း ထွက်လာ၏။
35ထိုအဖြစ်အပျက်ကို မြင်သောသူသည် ထိုအ
ရာကို သက်သေခံ၏။ သူ၏ သက်သေခံချက်
သည်လည်း မှန်ပေ၏။ သင်တို့သည်လည်း ယုံ
ကြည်မည်အကြောင်း သူပြောသောစကားမှန်
သည်ကို သူသိ၏။ 36ထိုအကြောင်းအရာများ
ဖြစ်ပျက်ခဲ့ခြင်းမှာ၊ “သူ၏အရိုးတို့သည် တစ်
ချောင်းမျှချိုးခြင်းကို ခံရလိမ့်မည်မဟုတ်”* ဟု
ကျမ်းစာလာချက် ပြည့်စုံမည်အကြောင်းဖြစ်

**“ငါရေငတ်သည်”** ဆာလံ 22:15; 69:21

**“သူ၏အရိုး ... လိမ့်သည်မဟုတ်”** ကိုးကားချက်ဆာလံ 34:20၊ ဤယူဆချက်သည် ထွက် 12:46၊ တော 9:12 မှဖြစ်သည်

၏။ 37တစ်ဖန် ကျမ်းစာလာသည်မှာ “လူတို့
သည် မိမိတို့ထိုးဖောက်သောသူကို ရှုမြင်ရကြ
လိမ့်မည်”* ဟူ၍လာ၏။

## ယေရှုကို သင်္ဂြိုဟ်တော်မူခြင်း

*(မ၊ 27:57-61; မာ၊ 15:42-47; လု၊ 23:50-56)*

38ထိုနောက်မှ အရိမသဲမြို့သား ယောသပ်
သည်ပိလတ်မင်းထံသို့ဝင်၍ ယေရှု၏အလောင်း
တော်ကိုယူသွားမည်အကြောင်း အခွင့်တောင်း
၏။ ယောသပ်သည် ယေရှု၏တပည့်တော်တစ်
ပါးဖြစ်၏။ သို့သော်လည်း၊ သူသည် ယုဒလူတို့
ကို ကြောက်သောကြောင့် ဤအရာများကို
လူတို့အား မပြောဘဲနေ၏။ ပိလတ်မင်းသည်
ယောသပ်အား ယေရှု၏အလောင်းတော်ကို
ယူသွားရန်အခွင့်ပေး၏။ ထိုကြောင့် ယောသပ်
သည် လာ၍ ယေရှု၏အလောင်းတော်ကို ယူ
သွားလေ၏။ 39ယေရှုထံတော်သို့ ညအချိန်
တွင် လာ၍စကားပြောသော နိကောဒင်သည်
လည်း အခွက်သုံးဆယ်မျှလောက်ရှိသောမုရန်
နှင့်အကျော်ကို ရောနှောသည့်မွှေးကြိုင်သော
နံ့သာပေါင်းကို ယူဆောင်၍ ယောသပ်နှင့် အ
တူသွား၏။ 40ထိုလူနှစ်ယောက်တို့သည် ယေရှု
၏အလောင်းတော်ကို ယူသွားကြ၍ နံ့သာမျိုး
နှင့်တကွ ပိတ်ပုဆိုးဖြင့် ပတ်ရစ်ကြ၏။ ဤအရာ
သည် ယုဒလူတို့၏သင်္ဂြိုဟ်ခြင်းနှင့် ဆိုင်သော
ပြင်ဆင်ခြင်း ထုံးစံဖြစ်၏။ 41ယေရှုသည် လက်
ဝါးကပ်တိုင်ပေါ်မှာ အသေသတ်ခြင်းကို ခံသော
အရပ်၌ ဥယျာဉ်တစ်ခုရှိ၏။ ထိုဥယျာဉ်၌
သင်္ချိုင်းဂူအသစ်တစ်ခုရှိ၏။ ထိုဂူထဲ၌ မည်သူ
တစ်ယောက်ကိုမျှ သင်္ဂြိုဟ်ဖူးခြင်း မရှိသေး။
42လူတို့သည် ထိုသင်္ချိုင်းဂူထဲ၌ ယေရှု၏အ
လောင်းတော်ကို ထည့်ကြ၏။ အကြောင်းမူ
ကား ထိုဂူသည် အနီးအပါးတွင် ရှိ၍ယုဒလူတို့
သည် သူတို့၏ဥပုသ်နေ့ကို အစပြုရန် ပြင်ဆင်
သောအဖိတ်နေ့ဖြစ်သောကြောင့် ဖြစ်၏။

## လွတ်လျက်နေသော ယေရှု၏သင်္ချိုင်းတော်ကို တပည့်တော်အချို့က တွေ့ရှိခြင်း

*(မ၊ 28:1-10 မာ၊ 16:1-8 လု၊ 24:1-12)*

20 ခုနှစ်ရက်တွင် ပထမနေ့ရက် မိုးမလင်းမီ
စောစောအချိန်၌ မာဂဒလမာရိသည်
ယေရှု၏အလောင်းတော်ရှိရာ သင်္ချိုင်းသို့
သွားခဲ့၏။ ဂူဝ၌ ပိတ်ထားသော ကြီးမားသည့်
ကျောက်တုံးသည် အဝေးသို့ ရွှေ့လျက်ရှိသည်
ကို မာရိမြင်၏။

2ထို့ကြောင့် မာရိသည် ရှိမုန်ပေတရုနှင့်
ယေရှုချစ်တော်မူသော အခြားတပည့်တော်ဆီ
သို့ပြေးသွားလေ၏။ မာရိက၊ “သူတို့သည်
သခင်ကို သင်္ချိုင်းတော်မှ ယူသွားကြပြီ။ သူတို့
သည် ကိုယ်တော်အား အဘယ်မှာ ထားသည်
ကို ကျွန်ုပ်တို့မသိကြ” ဟုပြောဆို၏။
3ထို့ကြောင့်ပေတရုနှင့် အခြားတပည့်တော်
သည်လည်း သင်္ချိုင်းတော်သို့ သွားကြ၏။ 4သူ
တို့နှစ်ယောက်စလုံး ပြေးသွားကြ၏။ သို့သော်
လည်း၊ အခြားတပည့်တော်သည် ပေတရုကို
ကျော်၍ သင်္ချိုင်းတော်သို့ အရင်ရောက်၏။
5ထိုတပည့်တော်သည် ဂူထဲသို့ ငုံ့ကြည့်၍ ထိုနေ
ရာ၌ ပိတ်ပုဆိုးရစ်ရှိသည်ကို မြင်၏။ သို့သော်
လည်း သူသည် ဂူထဲသို့ မဝင်ဘဲနေ၏။ 6ထို့
နောက် ရှိမုန်ပေတရုသည် သူ့နောက်မှ ရောက်
လာ၏။ ပေတရုသည် သင်္ချိုင်းဂူထဲသို့ ဝင်သွား
လေ၏။ သူသည် ထိုနေရာ၌ ပိတ်ပုဆိုးလိပ်
လျက် ရှိသည်ကို မြင်၏။

7ယေရှု၏ခေါင်းတော်ကို ပတ်ရစ်သော အ
ဝတ်တော်သည် ပုဆိုးနှင့်အတူမရှိဘဲ တခြားစီ
လိပ်လျက်ရှိ၏။ 8ထို့နောက် အခြားသော တ
ပည့်တော်သည် ဝင်၏။ ထိုအခါ သင်္ချိုင်းတော်
သို့ အရင်ရောက်သော အခြားတပည့်တော်
သည်လည်း အထဲသို့ ဝင်၍ အဘယ်အရာ
ဖြစ်ပျက်ခဲ့သည်ကို မြင်သဖြင့် ယုံလေ၏။ 9ခရစ်
တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်မည်
ဟူသော ကျမ်းစာကို ဤတပည့်တော်တို့သည်
နားမလည်ကြသေး။

---

**“လူ … မြင်ရကြလိမ့်မည်”** ကိုးကားချက်ဇာခရိ 12:10

## ယေရှုသည် မာဂဒလမာရိထံသို့ ပေါ်လာတော်မူခြင်း

*(မာ၊ 16:9-11)*

10ထို့နောက် တပည့်တော်တို့သည် အိမ်သို့
ပြန်သွားကြ၏။ 11သို့သော်လည်း မာရိသည်
သင်္ချိုင်းတော်နားမှာရပ်လျက် ငိုကြွေးနေ၏။
သူမသည်ငိုကြွေးရင်း၊ အောက်သို့ ငုံ့၍ သင်္ချိုင်း
တော်တွင်းထဲသို့ ကြည့်၏။ 12ဖြူသောအဝတ်
ကို ဝတ်ဆင်လျက်ရှိသောကောင်းကင်တမန်
နှစ်ပါးတို့သည် ယေရှု၏အလောင်းတော်ရှိရာ
အရပ်၊ ခေါင်းတော်ရင်း၌တပါး၊ ခြေတော်ရင်း
ရှိရာနေရာ၌တစ်ပါးထိုင်ကြသည်ကိုမြင်လေ၏။
13ကောင်းကင်တမန်တို့သည် မာရိအား
"အချင်းမိန်းမ၊ သင်သည် အဘယ်ကြောင့် ငို
ကြွေးသနည်း" ဟုမေးကြ၏။ မာရိကလည်း
"ကျွန်မ၏သခင်ကို သူတို့သည် အဝေးသို့ ယူ
သွားကြပြီ။ သူတို့သည် သူ့အား အဘယ်မှာ
ထားကြသည်ကို ကျွန်မမသိပါ" ဟုပြောဆို၏။
14မာရိသည် ထိုစကားကို ပြောဆိုပြီးမှ နောက်
သို့လှည့်သောအခါ ထိုနေရာ၌ ယေရှုရပ်လျက်
နေသည်ကို မြင်သော်လည်း ယေရှု ဖြစ်တော်မူ
သည် ကိုမသိ။
15ယေရှုကလည်း "အချင်းမိန်းမ၊ သင်သည်
အဘယ်ကြောင့် ငိုကြွေးသနည်း။သင်သည် အ
ဘယ်သူကို ရှာသနည်း" ဟုမေးတော်မူ၏။ ထို
လူသည် ဥယျာဉ်ကို စောင့်သောသူဖြစ်သည်
ဟု မာရိသည် ထင်မှတ်၏။ ထို့ကြောင့် မာရိ
သည် သူ့အား၊ "ဆရာ၊ သင်သည် ယေရှုကို
အဝေးသို့ ဆောင်သွားသူ မှန်လျှင် သူ့ကို အ
ဘယ်မှာ ထားသည်ကို ကျွန်မအား ပြောပါ။
ကျွန်မသည် သွား၍ သူ့ကို ယူပါမည်" ဟုဆို၏။
16ယေရှုကလည်း "မာရိ" ဟုခေါ်တော်မူ၏။
မာရိသည် ယေရှုထံတော်သို့ လှည့်၍ ဟေဗြဲ
ဘာသာ စကားဖြင့်

"ရဗ္ဗုနိ" ဟုထူးလေ၏။ ရဗ္ဗုနိ အဓိပ္ပါယ်မှာ
အရှင် ဘုရား "ဆရာ" ဟူ၍ ဖြစ်ပါသည်။
17ယေရှုသည် သူမအား "ငါ့ကို မဘက်နှင့်
ဦး။ ငါသည် ခမည်းတော်ထံသို့ မသွားရသေး။
သို့သော်လည်း၊ ငါ့ညီတို့ထံသို့ သွား၍ သူတို့
အား၊ 'ငါ၏ခမည်းတော် တည်းဟူသော သင်
တို့၏ခမည်းတော်၊ ငါ၏ဘုရားသခင် တည်းဟူ
သော သင်တို့၏ဘုရားသခင် ထံတော်သို့ ငါ
တက်သွားမည့်အကြောင်းကို ကြားပြောပါ"'
ဟုမိန့်တော်မူ၏။
18မာဂဒလမာရိသည်လည်း တပည့်တော်
တို့ထံသို့သွား၍သူတို့အား၊ "ကျွန်မသည် သခင်
ကို တွေ့မြင်သည်" ဟုပြော၏။ ယေရှုသည်
သူမအားပြောတော်မူသောစကားတို့ကိုလည်း
သူတို့အား ကြားပြောလေ၏။

## ယေရှုသည် မိမိတပည့်တော်တို့ထံသို့ ပေါ်လာတော်မူခြင်း

*(မ၊ 28:16-20; မာ၊ 16:14-18; လု၊ 24:36-49)*

19ထိုနေ့သည် ခုနစ်ရက်တွင် ပထမနေ့ဖြစ်
၏။ ထိုနေ့ညနေအချိန်၌ တပည့်တော်များ
သည် အတူတကွရှိနေကြ၏။ သူတို့သည် ယုဒ
လူတို့ကို ကြောက်သောကြောင့် တံခါးများကို
ပိတ်ထားကြ၏။ ထို့နောက် ယေရှုသည် လာ၍
သူတို့၏အလယ်၌ ရပ်လျက်နေ၏။ ယေရှုက
လည်း "ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိစေသ
တည်း" ဟုမိန့်တော်မူ၏။ 20ယေရှုသည် ထိုသို့
မိန့်တော်မူပြီးမှ တပည့်တော်များအား သူ၏အ
လက်တော်နှင့် နံဘေးတော်ကို ပြတော်မူ၏။
တပည့်တော်တို့သည် သခင်ကို မြင်ကြသောအ
ခါ အလွန်ဝမ်းမြောက်ခြင်းရှိကြ၏။
21ထို့နောက် ယေရှုက တစ်ဖန် "ငြိမ်သက်
ခြင်းသည် သင်တို့နှင့်အတူ ရှိနေစေသတည်း။
ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူသည်
နည်းတူ သင်တို့ကို ငါစေလွှတ်တော်မူ၏။"
22ယေရှုသည် ထိုစကားကို မိန့်တော်မူပြီးမှ
တပည့်တော်တို့အပေါ်၌ လေကို ရှူထုတ်တော်
မူ၏။ ယေရှုကလည်း "သင်တို့သည် သန့်ရှင်း
သောဝိညာဉ်တော်ကို လက်ခံကြလော့ ဟုမိန့်
တော်မူ၏။ 23သင်တို့သည် အခြားသူတို့၏ အ
ပြစ်များကို ခွင့်လွှတ်လျှင် သင်တို့၏အပြစ်များ

သည်လည်း ခွင့်လွှတ်ခြင်း ရှိမည်။ သင်တို့သည်
တစ်စုံတစ်ယောက်၏အပြစ်ကို ခွင့်မလွှတ်လျှင်၊
သင်တို့၏အပြစ်သည်လည်း ခွင့်လွှတ် ခြင်းမရှိ”
ဟုမိန့်တော်မူ၏။

## ယေရှုသည် သောမထံသို့ ထင်ရှားတော်မူခြင်း

24တပည့်တော်တစ်ပါးဖြစ်သောသောမခေါ်
ဒိဒုမုသည် ယေရှုကြွလာတော်မူသောအချိန်၌
တပည့်တော်တို့နှင့်အတူမရှိ။ 25အခြားသော
တပည့်တော်တို့သည် သောမအား “အကျွန်ုပ်
တို့သည် သခင်ကို မြင်ရကြပြီ” ဟုပြောဆိုကြ
၏။ သောမက၊ “ငါသည် လက်တော်၌ သံရိုက်
ရာအချက်ကိုမမြင်၊ သံရိုက်ရာ အချက် ကို
အကျွန်ုပ်၏လက်ညှိုးနှင့်မတို့မစမ်း၊ နံဘေးတော်
ကိုလည်း အကျွန်ုပ်၏လက်ဖြင့် မစမ်းမသပ်ရ
လျှင်၊ အကျွန်ုပ်သည် ယုံကြည်လိမ့်မည်မဟုတ်”
ဟုဆို၏။
26ထို့နောက် ရက်သတ္တပတ်ကြာပြီးမှ တ
ပည့်တော်တို့သည် တဖန် ထိုအိမ်အထဲမှာ စုရုံး
ကြ၏။ သောမသည်လည်း သူတို့နှင့်အတူ ရှိနေ
၏။ တံခါးများလည်း ပိတ်ထားကြ၏။ သို့သော်
လည်း၊ ယေရှုသည် ကြွလာ၍ သူတို့၏အလယ်
မှာ ရပ်တော်မူ၏။ ယေရှုက “သင်တို့၌ ငြိမ်
သက်ခြင်း ရှိစေသတည်း” ဟုမိန့်တော်မူ၏။
27ထို့နောက် ယေရှုသည် သောမအား “သင်၏
လက်ညှိုးဖြင့် ဤနေရာ၌ စမ်းကြည့်လော့။ ငါ
၏လက်ကို စမ်းကြည့်လော့။ ငါ၏နံဘေးကို
သင်၏လက်ဖြင့် စမ်းကြည့်လော။ ယုံမှားခြင်း
သံသယကို ပယ်ရှား၍၊ ယုံကြည်ခြင်းကို အစပြု
လော့” ဟုမိန့်တော်မူ၏။
28သောမကလည်း၊ ယေရှုအား “အကျွန်ုပ်
၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်” ဟုပြန်၍
ပြော၏။
29ယေရှုကလည်း၊ “သင်သည် မြင်
သောကြောင့် ယုံကြည်၏။ ငါ့ကို မမြင်ဘဲယုံ
ကြည်သော သူတို့သည် မင်္ဂလာရှိကြ၏” ဟုမိန့်
တော်မူ၏။

## ယောဟန်သည် အဘယ်ကြောင့်ဤ ကျမ်း စာကို ရေးသားခဲ့ပါသနည်း

30တပည့်တော်တို့သည် ယေရှုပြုတော်မူ
သောအခြားနိမိတ်လက္ခဏာ များစွာတို့ကို မြင်
ကြ၏။ ထိုနိမိတ်လက္ခဏာတို့ကို ဤစာအုပ်၌
ရေးသားထားခြင်းမရှိသောထိုနိမိတ်လက္ခဏာ
များစွာတို့ကိုလည်း ပြုတော်မူ၏။ 31သို့သော်
လည်း ယေရှုသည် ခရစ်တော်တည်းဟူသော
ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို
သင်တို့သည် ယုံကြည်နိုင်မည်အကြောင်း ဤအ
ရာများတို့အား ရေးထား၏။ ထို့နောက်၊ သင်
တို့သည် ယုံကြည်ခြင်း ရှိ၍ သူ၏နာမတော်
အားဖြင့် ထာဝရအသက်ကို ရမည်အကြောင်း
ဖြစ်၏။

## ယေရှုသည်တပည့်တော် ခုနစ်ပါးတို့ထံသို့ ထင်ရှားတော်မူခြင်း

21 တဖန်ယေရှုသည် တိဗေရိအိုင်နားမှာ
တပည့်တော်တို့အား ကိုယ်တော်တိုင်
ကိုယ်ကိုပြတော်မူ၏။ပြတော်မူသည့်အကြောင်း
အရာမူကား၊ 2အချို့သောတပည့်တော်တို့
သည် အတူတကွရှိနေကြ၏။ သူတို့မှာ ရှိမုန်
ပေတရု၊ သောမခေါ် (ဒိဒုမ)၊ ဂါလိလဲပြည်
ကာနမြို့သား နာသနေလ၊ ဇေဗေဒဲ၏သားတို့
နှင့် အခြားတပည့်တော်နှစ်ယောက်တို့ ဖြစ်
ကြ၏။ 3ရှိမုန်ပေတရုက “ငါသည် ငါးဖမ်းသွား
မည်” ဟုဆို၏။ အခြားသော တပည့်တော်တို့
ကလည်း၊ “ငါတို့သည် သင်နှင့်အတူ လိုက်ကြ
မည်” ဟုပြောဆိုကြ၏။ ထို့ကြောင့် နောက်
လိုက်တပည့်တော်အားလုံးတို့သည် ထွက်သွား
၍၊ လှေထဲသို့ ဝင်ကြ၏။ သူတို့သည် ထိုညဉ့်
တွင် ငါးဖမ်းကြ၏။ သို့သော်လည်း တစ်ကောင်
ကိုမျှမရကြ။
4နက်ဖြန်နေ့နံနက်စောစော ရောက်သော
အခါယေရှုသည် ကမ်းနားမှာ ရပ်တော်မူ၏။သို့
သော်လည်း၊သူသည်ယေရှုဖြစ်သည်ကို တပည့်
တော်တို့သည် မသိကြ။ 5ထို့နောက်ယေရှုသည်
တပည့်တော်တို့အား “မိတ်ဆွေတို့၊ သင်တို့

သည် ငါးဖမ်း၍ ရကြသလော" ဟုမေးတော်
မူ၏။ တပည့်တော်တို့ကလည်း "မရကြ" ဟုပြန်
ပြောကြ၏။
6ယေရှုက၊ "လှေလက်ျာဘက်၌ သင်တို့၏
ပိုက်ကွန်ကို ပစ်ချလော့။ ထိုနေရာ၌ သင်တို့
ငါးအချို့ကို ဖမ်းကြလိမ့်မည်" ဟုမိန့်တော်မူ၏။
ထို့ကြောင့် တပည့်တော်တို့သည် ပြုခဲ့ကြ၏။
သူတို့သည်လှေပေါ်သို့ ပိုက်ကွန်ကို ဆွဲမတင်နိုင်
လောက်အောင် မြောက်မြားစွာသော ငါးများ
ကို ဖမ်းမိကြ၏။
7ယေရှုချစ်တော်မူသော တပည့်တော်က
"သူသည် သခင်ဖြစ်သည်" ဟုပေတရုအား
ပြော၏။ "ထိုသူသည် သခင်ဖြစ်သည်" ဟုပြော
သောစကားကို ပေတရုကြားလျှင် အဝတ်ကို
မခြုံဘဲ အပေါ်အင်္ကျီကိုသာ ပတ်စည်း၍ ရေ
ထဲသို့ ဆင်းလေ၏။ သူသည် အလုပ်လုပ်ရန်
အဝတ်ကို ချွတ်ပြီးသောကြောင့် အပေါ်အင်္ကျီ
ကိုသာ ဝတ်ထား၏။ 8အခြားသော တပည့်
တော်တို့သည် ကမ်းခြေနှင့် သိပ်မဝေး ကိုက်
တစ်ရာခန့်မျှသာ ကွာသည်ဖြစ်၍ ငါးများစွာ
ပြင့် ပြည့်ကျပ်နေသော ပိုက်ကွန်ကို ဆွဲငင်
လျက် လှေစီး၍ ကမ်းနားသို့ လာကြ၏။ 9တ
ပည့်တော်တို့သည် ကုန်းပေါ်သို့ ရောက်သော
အခါမီးခဲပုံကို တွေ့မြင်ကြ၏။ ထိုနေရာ၌ ကင်
ထားသောငါးနှင့် မုန့်အချို့ ရှိ၏။ 10ထိုနောက်
ယေရှုကလည်း "ယခုဖမ်းမိသော ငါးအချို့ကို
ယူခဲ့ကြ" ဟုမိန့်တော်မူ၏။
11ရှိမုန်ပေတရုသည် လှေထဲသို့ဝင်၍ ပိုက်
ကွန်ကို ကမ်းခြေဘက်သို့ ဆွဲတင်လေ၏။ လှေ
ပေါ်၌ ငါးကြီးများနှင့် ပြည့်လျက်ရှိ၏။ ဖမ်းမိ
သော ငါးများသည် (တစ်ရာငါးဆယ်သုံး
ကောင်) ရှိ၏။ ငါးများသည် အလွန်လေးလံလှ
သော်လည်း၊ ပိုက်ကွန်သည် စုတ်ပြတ်သွားခြင်း
မရှိချေ။ 12ယေရှုကလည်း၊ သူတို့အား "လာ
၍စားကြလော့" "ကိုယ်တော်သည် အဘယ်သူ
နည်း"ဟူ၍တစ်စုံတစ်ယောက်မျှမမေးလျှောက်
ဝံ့ကြ။ သူသည်သခင်ဖြစ်တော်မူသည်ကို သူတို့
သိကြ၏။ 13ယေရှုသည် အစားအစာရှိရာသို့
လျှောက်လာ၍ မုန့်နှင့်ငါးကို ယူပြီးလျှင် သူတို့
အား ပေးတော်မူ၏။
14ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်
တော်မူပြီးနောက် တပည့်တို့အား တတိယအ
ကြိမ်မြောက်သော ကိုယ်ကိုပြတော်မူခြင်း
ဖြစ်၏။

## ယေရှုသည် ပေတရုကို စကား ပြောဆိုတော်မူခြင်း

15သူတို့သည် စားသောက်ပြီးသောအခါ၊
ယေရှုက ရှိမုန်ပေတရုအား၊ "ယောန၏သား
ရှိမုန် ဤသူတို့သည်ငါ့ကို ချစ်သည်ထက် သင်
သည် ငါ့ကို ပို၍ ချစ်သလော" ဟုမေးတော်
မူ၏။ ပေတရုက၊ "ဟုတ်ပါ၏။ သခင်၊ ကိုယ်
တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်
သိတော်မူ၏" ဟုလျှောက်၏။ထိုနောက် ယေရှု
က ပေတရုအား၊ "ငါ၏သိုးသူငယ်တို့ကို ကျွေး
မွေးလော့" ဟုမိန့်တော်မူ၏။
16တဖန်ယေရှုက၊ "ယောန၏သား ရှိမုန်၊
သင်သည် ငါ့ကို ချစ်သလော" ဟုဒုတိယအ
ကြိမ် မေးတော်မူပြန်၏။ ပေတရုက၊ "ဟုတ်
ပါ၏။ သခင်၊ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်
ကိုကိုယ်တော် သိတော်မူ၏" ဟုလျှောက်ပြန်
၏။ ထို့နောက် ယေရှုသည် ပေတရုအား၊
"ငါ၏ သိုးတို့ကို ထိန်းပါ" ဟုမိန့်တော်မူ၏။
17ယေရှုကလည်း၊ "ယောန၏သား ရှိမုန်၊
သင်သည် ငါ့ကို ချစ်သလော" ဟုတတိယအ
ကြိမ် မေးတော်မူပြန်၏။ ပေတရုသည် စိတ်နာ
လေ၏။ အကြောင်းမူကား ယေရှုသည် သုံး
ကြိမ်တိုင်အောင်၊ သူ့အား မေးတော်မူသော
ကြောင့်ဖြစ်၏။ ပေတရုက၊ "သခင်၊ ကိုယ်
တော်သည် ခပ်သိမ်းသောအရာတို့ကိုသိတော်
မူ၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို
ကိုယ်တော် သိပါသည်" ဟုလျှောက်၏။ ယေရှု
က၊ "ငါ၏သိုးတို့ကို ကျွေးမွေးလော့။ 18ငါအ
မှန်ဆိုသည်ကား၊ သင်သည် ပျိုသောအသက်
အရွယ်ရှိစဉ် ကိုယ်ခါးပတ်ကို ကိုယ်ပတ်စည်း၍
ကိုယ်သွားလိုသော နေရာသို့ သွားလာတတ်

၏။ သို့သော်လည်း၊ သင်သည် အိုသောအခါ၊
သင်၏လက်နှစ်ဘက်ကို ဘေးသို့ ဆန့်ထုတ်ပြီး
လျှင်၊ သူတစ်ပါးသည် သင့်ခါးကို ပတ်စည်း
လိမ့်မည်။ ထိုသူသည် သင်မသွားလိုသော
နေရာအရပ်သို့ ဦးဆောင်သွားလိမ့်မည်" ဟု
မိန့်တော်မူ၏။ 19 ယေရှုသည် ထိုသို့မိန့်တော်
မူသည်မှာ ပေတရုသည် အဘယ်သို့သောသေ
ခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော် ကိုထင်
ရှားစေမည်ကို ဖော်ပြခြင်းဖြစ်၏။ ထို့နောက်
ယေရှုက၊"ငါ့နောက်သို့လိုက်လော့" ဟုပေတရု
အား မိန့်တော်မူ၏။

20 ယေရှုချစ်တော်မူသော တပည့်တော်
သည် သူတို့၏နောက်၌ လိုက်လာနေသည်ကို
ပေတရုသည် လှည့်၍ မြင်လေ၏။ သူသည်
ညစာစားပွဲ၌ ယေရှု၏ရင်ခွင်တော်နားမှာ
လျောင်း၍၊ "သခင်၊ အဘယ်သူသည် ကိုယ်
တော့်ကိုအပ်နှံလိမ့်မည်နည်း" ဟုမေးလျှောက်
သောသူဖြစ်၏။ 21 ပေတရုသည် ထိုတပည့်
တော်ကို သူတို့၏နောက်ဘက်၌ မြင်သောအ
ခါ ယေရှုအား၊ "သခင်၊ ဤသူ၌ အဘယ်သို့
ဖြစ်လိမ့်မည်နည်း" ဟုမေးလျှောက်၏။

22 ယေရှုက၊ "ငါကြွလာသည့်ကာလတိုင်
အောင် ထိုသူကို အသက်ရှင်နေစေခြင်းငှါ ငါအ
လိုရှိလျှင် ထိုအရာသည် သင်နှင့်အဘယ်သို့
ဆိုင်သနည်း။ သင်သည် ငါ့နောက်သို့ လိုက်
လော့" ဟုမိန့်တော်မူ၏။

23 ထို့ကြောင့် ယေရှုချစ်တော်မူသောထို တ
ပည့်တော်သည် မသေရဟူသောစကားတော်
သည် ညီအစ်ကိုတို့ ကြား၌ ပျံ့နှံ့သွားလေ၏။
သို့သော်လည်း၊ ထိုသူသည် မသေရဟု ယေရှု
သည် ပြောတော်မမူ။ သူသည် "ငါကြွလာ
သည့်ကာလတိုင်အောင် ထိုသူကို အသက်ရှင်
နေစေခြင်းငှါ ငါအလိုရှိလျှင် ထိုအရာသည်
သင်နှင့်အဘယ်သို့ ဆိုင်သနည်း" ဟုသာ ယေရှု
မိန့်တော်မူ၏။

24 ထိုတပည့်တော်မှာ ဤအကြောင်းအရာ
တို့ကို သက်သေခံသောသူဖြစ်၏။ သူသည်
ဤအကြောင်းအရာတို့ကို ယခုရေးသားသော
သူလည်းဖြစ်၏။ သူ၏ဟောပြောသက်သေခံ
ချက်မှန်သည်ကို ငါတို့သိကြ၏။

25 ယေရှုပြုတော်မူသော အခြားအမှုအရာ
အများရှိသေး၏။ ထိုအမှုအရာရှိသမျှတို့ကို
ရေးထားမည်ဆိုလျှင်၊ ထိုသို့ရေးသားသော
ကျမ်းစာအားလုံးတို့ကိုထားရန် ဤကမ္ဘာမြေ
ကြီးတစ်ခုလုံးသည် ဆံ့လိမ့်မည်မဟုတ်ဟု အ
ကျွန်ုပ်ထင်မှတ်ခြင်းရှိ၏။

# တမန်တော်ဝတ္ထု

## လုကာနောက်တစ်အုပ်ရေးသားခြင်း

1 ချစ်လှစွာသော သော်ဖိလု၊ ငါရေးသားခဲ့
သော ပထမစာအုပ်သည် ယေရှု၏ဆောင်
ရွက်တော်မူသမျှနှင့် ဆုံးမသြဝါဒ ပေးတော်မူ
သမျှတို့၏အကြောင်းဖြစ်၏။ 2ယေရှုဘဝအစမှ
ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းခံတော်မူ
သောနေ့အထိ ငါစီရင်ရေးထားခဲ့ပါပြီ။ ထိုအ
ရာမဖြစ်ပျက်မီ ယေရှုသည် မိမိရွေးချယ်တော်
မူသော တမန်တော်တို့အား သန့်ရှင်းသော
ဝိညာဉ်တော်*၏ကူညီမစခြင်းအားဖြင့် သူတို့
လုပ်ရမည့်အရာကို ညွှန်ကြားပေးတော်မူ၏။
3ဤဖြစ်ရပ်သည် ယေရှုအသေခံတော်မူပြီး
နောက်ပိုင်းတွင် ဖြစ်၏။ သို့သော်လည်း၊ ကိုယ်
တော်သည် မိမိအသက်ရှင်တော်မူသည့်အ
ကြောင်းကို တမန်တော်တို့အား ပြတော်မူ၏။
ဤအရာကို သက်သေပြရန် ယေရှုသည်၊ တန်
ခိုးကြီးသောအရာများစွာတို့ကို ပြုလုပ်တော်မူ
၏။ ထို့ပြင် ကိုယ်တော်သည် ရှင်ပြန်ထမြောက်
တော်မူပြီးနောက်၊ ရက်ပေါင်းလေးဆယ်အ
တွင်း၌ အကြိမ်ပေါင်းများစွာ တမန်တော်တို့
ထံသို့ ပေါ်တော်မူ၍ သူတို့အား ဘုရားသခင်
၏နိုင်ငံတော်အကြောင်းကို ပြောပြတော်မူ၏။
4တစ်ချိန်၌ ယေရှုသည် သူတို့အားလုံးနှင့်အတူ၊
စားသောက်နေကြစဉ်၊ သူတို့အား ယေရုရှလင်
မြို့မှ ခွာမသွားရန် မှာကြားတော်မူ၏။ ယေရှု
က "ခမည်းတော်သည် သင်တို့အား ဂတိ
တော်ပေးထားတော်မူ၏။ ထိုအကြောင်းကို
သင်တို့အား ရှေးဦးစွာငါပြောပြီး ထိုဂတိတော်
ကို ရရှိရန်အတွက် ယေရုရှလင်မြို့၌ သင်တို့
စောင့်နေကြလော့။ 5ယောဟန်သည် ရေ၌
ဗတ္တိဇံ*ကိုပေး၏။ သို့သော်လည်း ရက်အနည်း
ငယ်အတွင်း၌ သင်တို့သည် သန့်ရှင်းသော
ဝိညာဉ်တော်၌ ဗတ္တိဇံခံရကြလိမ့်မည်" ဟုမိန့်
တော်မူ၏။

## ယေရှုအားကောင်းကင်ဘုံသို့ ဆောင်ယူသွားခြင်း

6တမန်တော်အားလုံးတို့သည် အတူတကွ
ရှိနေကြ၏။ သူတို့သည် ယေရှုအား သခင်
"ဘုရား၊ယခုအခါကိုယ်တော်သည် ဣသရေလ
လူမျိုးတို့အား သူတို့၏နိုင်ငံပြန်ပေးတော်မူမည်
လော" ဟုမေးလျှောက်ကြ၏။
7ယေရှုက သူတို့အား 'အချိန်နှင့် နေ့ရက်အ
တိအကျ၊ သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့်ကို ခမည်း
တော်သာလျှင် ရှိ၏။ ထိုအကြောင်းအရာတို့ကို
သင်တို့မသိနိုင်။ 8သို့သော်လည်း သန့်ရှင်းသော
ဝိညာဉ်တော်သည် သင်တို့ထံသို့ ရောက်လာ
လိမ့်မည်။ ထို့နောက် သင်တို့သည် တန်ခိုးကို
ရရှိလာကြလိမ့်မည်။ သင်တို့သည် ငါ၏သက်
သေများအဖြစ်၊ လူတို့ကို ငါ့အကြောင်း ပြော
ကြရလိမ့်မည်။ ယေရုရှလင်မြို့၌ ပထမဦးဆုံး
ပြောရလိမ့်မည်။ ထို့နောက် ယုဒပြည်၊ ရှမာရိ
ပြည်နှင့် ကမ္ဘာတစ်ဝန်းလုံး၌ ရှိသောလူတို့ကို

---

**ဝိညာဉ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်** ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ခရစ်တော်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ဥပဇ္ဈာယ်ဆရာဟူ၍ရင်း ခေါ်လေ့ရှိသည်။ သူသည် ဘုရားသခင်၊ ခရစ်တော်နှင့်ပူးပေါင်းပြီး ကမ္ဘာပေါ်ရှိ လူသားများထဲတွင် ဘုရားသခင်၏အမှုတော်ကို လုပ်ဆောင်သည်။

**ဗတ္တိဇံ** ဂရိစကားလုံး၏အဓိပ္ပါယ်မှာ ရေနှစ်သည်၊ ရေထဲနှစ်သည် (သို့မဟုတ်) လူ သို့မဟုတ် ပစ္စည်း ခဏကြာမျှ ရေထဲမှာနှစ်မြှုပ်သည်။

ငါ့အကြောင်း ပြောကြရလိမ့်မည် ဟုမိန့်တော်
မူ၏။
[9]ယေရှုသည် မိမိတမန်တော်တို့အား ဤ
အရာများကိုပြောပြတော်မူပြီးနောက်၊ကောင်း
ကင်ပေါ်သို့ ဆောင်ယူခြင်းကို ခံတော်မူ၏။
တမန်တော်တို့သည် ကြည့်ရှုနေကြစဉ်၊ ယေရှု
သည် မိုးတိမ်အတွင်းသို့ ဝင်တော်မူသော
ကြောင့် သူတို့သည် ကိုယ်တော်ကို မမြင်နိုင်
ကြ။ [10]ကောင်းကင်သို့ တက်တော်မူသည်ကို
သူတို့သည် စေ့စေ့ကြည့်မျှော်နေစဉ်တွင်၊ လူနှစ်
ယောက်တို့သည် ဖြူစင်သောအဝတ်ကို ဝတ်
ဆင်လျက် ရုတ်တရက်သူတို့၏အနားမှာပေါ်
လာ၍ရပ်နေလေ၏။ [11]ထိုနှစ်ယောက်က၊
"ဂါလိလဲလူတို့၊ သင်တို့သည် အဘယ်ကြောင့်
ဤနေရာ၌ ရပ်ပြီးမိုးကောင်းကင်သို့ မော့ကြည့်
နေကြသနည်း။ ယေရှုကို သင်တို့မျက်မှောက်၌
ကောင်းကင်ဘုံသို့ သယ်ဆောင်သွားတော်မူ
သည်ကို မြင်ကြသည် မဟုတ်လော။ ကြွသွား
တော်မူသည်နည်းတူ တဖန်ကြွလာတော်မူလိမ့်
မည်" ဟုပြောဆို၏။

## တမန်တော်အသစ် တစ်ယောက် ရွေးချယ်လိုက်ခြင်း

[12]ထို့နောက် တမန်တော်တို့သည် သံလွင်
တောင်မှ၊ ယေရုရှလင်မြို့သို့ ပြန်သွားကြ၏။
(ထိုတောင်သည် ယေရုရှလင်မြို့မှ မိုင်ဝက်ခန့်
ကွာဝေး၏။) [13]တမန်တော်တို့သည် မြို့တွင်းသို့
ဝင်သွားကြသောအခါ မိမိတို့နေထိုင်ရာသို့
လျှောက်သွားကြ၏။ ထိုနေရာသည် အပေါ်
ထပ်အခန်းတစ်ခန်းဖြစ်၏။ တမန်တော်များမှာ၊
ပေတရု၊ ယောဟန်၊ ယာကုပ်၊ အန္ဒြေ၊ ဖိလိပ္ပု၊
သောမ၊ ဗာသောလမဲ၊ မဿဲ၊ ယာကုပ်
(အာလဖဲ၏သား)၊ ရှိမုန်ဇေလုတ် ယုဒ(ယာကုပ်
၏သား)တို့ဖြစ်ကြ၏။
[14]တမန်တော်တို့သည် အတူတကွရှိကြ၏။
သူတို့အားလုံးသည် ရည်ရွယ်ချက်တစ်ခုဖြင့်၊
အစဉ်မပြတ် ဆုတောင်းလျက် နေကြ၏။ သူ
တို့နှင့်အတူ အမျိုးသမီး တချို့ဖြစ်သော၊ ယေရှု
၏မယ်တော်မာရိနှင့်ယေရှု၏ညီတော်တို့လည်း
ဆုတောင်းပဌနာပြုနေကြ၏။
[15]ရက်အနည်းငယ်မျှ ကြာသောအခါ၊ ယုံ
ကြည်သူတို့သည် တွေ့ဆုံပွဲ ပြုလုပ်ကြ၏။ ထို
အုပ်စုတစ်စုလုံးသည် အရေအတွက်အားဖြင့်
တစ်ရာ့နှစ်ဆယ်ခန့်ရှိ၏။ ထိုတွေ့ဆုံပွဲတွင်
ပေတရုသည် မတ်တတ်ရပ်၍၊ [16-17]"ညီအစ်ကို
တို့၊ ကျမ်းစာထဲ၌ယုဒအကြောင်းနှင့် ပတ်သက်
၍ ရေးသားသောအရာသည် ပြည့်စုံရမည်။
သူသည် ငါတို့နှင့်ရေတွက် ဝင်ခြင်းသို့ ရောက်၍
ငါတို့နှင့်အတူ အမှုတော်ထမ်းဆောင်၏။ အ
ထက်က သန့်ရှင်းသော ဝိညာဉ်တော်သည်
ဒါဝိဒ်မှ တဆင့်သူ့အကြောင်း ပြောပြလေ၏။
ယုဒသည် ယေရှုအား ဖမ်းဆီးသောလူတို့အ
တွက် လမ်းပြသူဖြစ်၏။"
[18]ယုဒသည် မတရားသော ဤလုပ်ရပ်အ
တွက် ငွေကြေးရရှိ၏။ ထိုငွေဖြင့် မြေကွက်တစ်
ကွက်ဝယ်၏။သို့သော်လည်း၊ ယုဒသည် မှောက်
လျက်လဲကျ၍ ဝမ်းကွဲသဖြင့် အူများထွက် သွား
လေ၏။ [19]ထိုဖြစ်ရပ်ကို ယေရုရှလင်မြို့သူမြို့
သားအားလုံးတို့သည် သိရှိကြပြီးဖြစ်၏။ ထို့
ကြောင့်ထိုမြေကွက်ကို 'အကေလဒမ' ဟုခေါ်
တွင်၏။ (အနက်ကားဖြင့် "သွေးမြေ" ဟုဆိုလို
သတည်း။)
[20]ပေတရုက "ဤအရာသည် ဆာလံကျမ်း
စာ၌ ယုဒအကြောင်း ရေးသားခြင်း ဖြစ်၏။

> 'လူများတို့သည်သူ့မြေကွက်အနီး၌မသွား
> ရ၊ အဘယ်သူမှ ထိုမြေကွက်တွင် မနေ
> ထိုင်ရ။' *ဆာလံ၊ 69:25*

ထို့နောက်

> 'သူ၏အလုပ်ကို အခြားသူရပါစေ' ဟု
> လည်းရေးမှတ်၏။ *ဆာလံ၊ 109:8*

[21-22]"ထို့ကြောင့် ယေရှု၏ရှင်ပြန်ထမြောက်
တော်မူခြင်းအတွက်သက်သေတစ်ယောက်ဖြစ်
ရန် အခြားလူတစ်ယောက်သည် ငါတို့ကို ပူး

ပေါင်းရမည်။ ထို့ကြောင့် သခင်ယေရှုသည်
တပည့်တော်တို့နှင့် နေတော်မူသောကာလ
ပတ်လုံး၊ ငါတို့နှင့်ပေါင်းဖော်၍ နေသောသူ
တစ်စုံတစ်ယောက်သည် ယခုတွင် ငါတို့ရွေး
ချယ်ရမည်။ ထို့နောက်ထိုသူသည် ယောဟန်
ဗတ္တိဇံပေးသော အချိန်ကစပြီး၊ ယေရှုကို
ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းခံတော်မူ
သည် နေ့ရက်တိုင်အောင် ငါတို့နှင့်အတူတကွရှိ
နေသူဖြစ်ရမည်” ဟုပြောဆို၏။
23ထို့နောက် တမန်တော်တို့သည် လူနှစ်
ယောက်ကို အုပ်စု၏ရှေ့သို့ နေရာချလေ၏။
တစ်ယောက်သည် ယောသပ်ဗာရှဗ ဖြစ်၏။
သူ့ကို ယုတ္တု ဟုလည်းခေါ်ကြ၏။ နောက်တစ်
ယောက်သည်၊ မဿိဖြစ်၏။ 24-25တမန်တော်
တို့က၊ “အိုသခင်ဘုရား၊ ကိုယ်တော်သည် လူ
အပေါင်းတို့၏စိတ်နှလုံးကို သိတော်မူ၏။ ထို့
ကြောင့် ကိုယ်တော်သည် ဤလူနှစ်ယောက်တို့
တွင် အဘယ်သူသည် ဤအလုပ်အတွက် ရွေး
ကောက်တော်မူသည်ကို အကျွန်ုပ်တို့အား ညွှန်
ပြတော်မူပါ။ ယုဒသည် အကျွန်ုပ်တို့အုပ်စုကို
စွန့်ခွာပြီး မိမိပိုင်သောနေရာသို့ ထွက်သွား၏။
ကိုယ်တော်သည် ဤလူတို့တွင် တမန်တော်အ
ဖြစ် ယုဒနေရာအစားထိုးရန် ရွေးချယ်တော်မူ
သောသူတစ်ယောက်ကို အကျွန်ုပ်တို့အား ညွှန်
ပြတော်မူပါ” ဟုဆုတောင်းကြ၏။ 26ထို့နောက်
တမန်တော်တို့သည် လူနှစ်ယောက်ထဲမှ တစ်
ယောက်ကို ရွေးချယ်ရန်အတွက် စာရေးတံ*
ချကြ၏။ ဤနည်းအားဖြင့် မဿိသည် ရွေးချယ်
ခြင်းခံရ၏။ ထို့ကြောင့် သူသည် အခြားတမန်
တော်တစ်ဆယ်တစ်ပါးနှင့်အတူ တစ်ဆယ့်နှစ်
ပါးအမြောက်အဖြစ် ရေတွက်ဝင်ခြင်းသို့ရောက်
လေ၏။

## သန့်ရှင်းသောဝိညာဉ်တော်ရောက်ရှိလာခြင်း

2 ပင်တေကုတ္တေပွဲ*နေ့ ရောက်သောအခါ၊
ထိုသူအပေါင်းတို့သည် တစ်နေရာ၌ အတူ
တကွစု၍ နေကြ၏။ 2ကောင်းကင်မှ ရုတ်တ
ရက် အသံကြားရ၏။ ထိုအသံသည် ပြင်းထန်
သောလေတိုက်သံကဲ့သို့ မြည်၍ ထိုသူတို့နေ
ထိုင်သောအိမ်ကို ပြည့်လေ၏။ 3သူတို့သည်
မီးလျှံနှင့်တူသောအရာကို မြင်ကြ၏။ ထိုမီးလျှံ
သည် ကွဲပြားပြီး ထိုသူအသီးသီးတို့အပေါ်၌
တည်နေကြ၏။ 4ထိုသူအပေါင်းတို့သည်လည်း
သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ အမျိုး
မျိုးသောဘာသာစကားအားဖြင့် ပြောဆိုကြ
၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသို့ပြု
လုပ်ရန် သူတို့အား တန်ခိုးပေးတော်မူ၏။
5ထိုအချိန်တွင် ယေရုရှလင်မြို့၌ ဘာသာ
ရေးကို အလွန်ကိုင်းရှိုင်းသောယုဒလူမျိုးအချို့
ရှိနေကြ၏။ ထိုလူတို့သည် ကမ္ဘာနိုင်ငံအသီးသီး
မှ ဖြစ်ကြ၏။ 6ထိုအသံကို ကြားရသောအခါ
လူအုပ်ကြီးသည် တမန်တော်တစ်ဆယ့်နှစ်ပါး
နှင့် အခြားသောသူတို့ရှိရာအိမ်၌ စုဝေးလာ
ကြ၏။ 7တမန်တော်တို့ဟောပြောသောစကား
ကို လူတိုင်းသည်၊ မိမိတို့ဘာသာစကားဖြင့်
ကြားကြရသောကြောင့် သူတို့အားလုံး အံ့သြ
သွားကြ၏။ တမန်တော်တို့သည် ဤအရာကို
အဘယ်သို့ပြုနိုင်သည်ကို သူတို့နားမလည်ကြ။
သူတို့က၊ “ကြည့်ကြလော့။ ထိုလူအပေါင်းတို့
သည် ဂါလိလဲလူဖြစ်ကြသည် မဟုတ်လော။
8သူတို့သည် ငါတို့၏ဘာသာစကားဖြင့် ပြော
နေသည်ကို ငါတို့ကြားရ၏။ ငါတို့သည် နိုင်ငံ
အသီးသီးမှလာ၏။ 9ပါသိပြည်၊ မေဒိပြည်၊
ဧလံပြည်၊ မေသောပေါတာမိပြည်၊ ယုဒပြည်၊
ကပ္ပဒေါကိပြည်၊ ပုန္တုပြည်၊ အာရှိပြည်၊ 10ဖြုဂိ
ပြည်၊ ပမ်ဖုလိပြည်၊ အဲဂုတ္တုပြည်၊ ကုရေနေမြို့
အနားကလိဗုနယ်မြေ၊ ရောမ၊ 11ကရေတေနှင့်
အာရေဗျနိုင်ငံမှ လာသောသူတို့ ဖြစ်ကြ၏။
ငါတို့တချို့သည် ယုဒလူမျိုးဖြစ်ပြီး အခြားလူ
တို့သည် ယုဒဘာသာဝင်များ ဖြစ်ကြ၏။ သို့

**စာရေးတံ** ကျောက်ခဲများ သို့မဟုတ် တုတ်ချောင်းလေးများ တစ်စုံတစ်ခု ရွေးချယ်ရာတွင် အသုံးပြုသော။

**ပင်တေကုတ္တေပွဲ** ယုဒလူမျိုးများ ဂျုံရိတ်သိမ်းချိန်တွင် ကျင်းပသောပွဲတော်၊ ပသခါပွဲပြီးမှ ရက်ပေါင်း 50 တွင် ကျင်းပသော။

သော်လည်း၊ သူတို့ပြောနေသောအံ့သြဖွယ်ရာ
ထာဝရဘုရားအကြောင်းကို ငါတို့ဘာသာ
စကားဖြင့် ကြားနေကြ၏” ဟုပြောကြ၏။ 12လူ
အပေါင်းတို့သည် အံ့အားသင့်လျက်မိန်း မော
တွေဝေနေကြ၏။ သူတို့သည် “အဘယ်သို့ဖြစ်
သနည်း” ဟုအချင်းချင်း မေးနေကြ၏။ 13အချို့
လူတို့သည် တမန်တော်တို့ကို လှောင်ပြောင်
နေကြ၏။ “ထိုသူတို့က သူတို့သည် စပျစ်ရည်အ
လွန်အကျွံသောက်သည်” ဟုပြောဆိုကြ၏။

## ပေတရုက လူတို့ကို ပြောကြားခြင်း

14ထိုနောက် ပေတရုသည် အခြားတမန်
တော်တစ်ဆယ်တစ်ယောက်နှင့်အတူ ထလျက်
ထိုသူတို့ကို အသံကျယ်လောင်စွာဖြင့် “ငါ၏
ယုဒလူမျိုး ညီအစ်ကိုတို့နှင့် ယေရုရှလင်မြို့ မှာ
နေထိုင်ကြသူအပေါင်းတို့ ငါ့စကားကို ဂရုစိုက်
ပြီး နားထောင်ကြလော့။ ဤအရာသည် အ
ဘယ်သို့ဖြစ်သည်ကို သင်တို့အား ငါရှင်းပြမည်။
15ဤသူတို့သည် သင်တို့ထင်သည့်အတိုင်း ယစ်
မူးနေကြသည်မဟုတ်၊ ယခုအချိန်ကား နံနက်
ကိုးနာရီသာရှိ၏။ 16သို့သော်လည်း ပရောဖက်
ယောလသည် ယနေ့ဤနေရာ၌ ဖြစ်ပျက်နေ
သောအကြောင်းအရာများကို ရေးသားထား
ခဲ့၏။ ပရောဖက်ယောလရေးသားချက်ကား၊

17 ‘ဘုရားသခင်မိန့်တော်မူသည်မှာ၊နောက်
ဆုံးသောနေ့များ၌
ငါသည် လူအပေါင်းတို့အပေါ်သို့ ငါ၏
ဝိညာဉ်တော်ကို သွန်းလောင်းလိမ့်မည်။
သင်တို့၏သားတို့၊ သမီးတို့ပရောဖက်ပြု
လိမ့်မည်။
သင်တို့၏အသက်ငယ်သောသူတို့သည်
ဗျာဒိတ်ရူပါရုံ*များကို မြင်ကြလိမ့်မည်။
သင်တို့၏အသက်ကြီးသူတို့သည်အိပ်မက်
ထူးများမြင်မက်လိမ့်မည်။

18 ထိုအချိန်တွင် ငါ၏အစေခံယောကျ်ား
မိန်းမတို့ အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို
သွန်းလောင်း၍ သူတို့သည် ပရောဖက်
ပြုရလိမ့်မည်။
19 အံ့သြဖွယ်သောအရာတို့ကို မိုးကောင်း
ကင်အထက်၌ ငါပြမည်။ မြေကြီးပေါ်၌
ပုပ္ပလက္ခဏာတို့ကို ငါပြုမည်။ ထိုနေရာ
၌အသွေး၊မီးနှင့် ထူထပ်သိပ်သည်းသော
မီးခိုးများရှိလိမ့်မည်။
20 နေသည်မှောင်ခြင်းအတိပြောင်းလဲသွား
ပြီးလသည် သွေးပမာနီလာလိမ့်မည်။
ထို့နောက် ထာဝရဘုရား၏ကြီးကျယ်
မြင့်မြတ်သောနေ့ရောက်လာလိမ့်မည်။
21 ထာဝရဘုရားကို ခိုလှုံကိုးစားသူတိုင်း
သည် ကယ်တင်ခြင်းသို့ ရောက်လိမ့်
မည်’ ဟုဟောထား၏။

*ယောလ၊ 2:28–32*

22“ငါ၏ယုဒညီအစ်ကိုတို့၊ ဤစကားကို နား
ထောင်ကြလော့။ နာဇရက်မြို့သားယေရှုသည်
အဘယ်သူဖြစ်သည်ကို ဘုရားသခင်သည် သင်
တို့အား ထင်ရှားစွာပြတော်မူ၏။ ဘုရားသခင်
သည် ယေရှုအားဖြင့် ဤအရာကို သူပြုလုပ်ခဲ့
သောတန်ခိုးနှင့် အံ့သြဖွယ်သောအရာများဖြင့်
သင်တို့ထံသို့ သက်သေပြတော်မူ၏။ သင်တို့
အားလုံးသည် ဤအရာတို့ကို မြင်ခဲ့ကြ၏။ ထို့
ကြောင့် ယေရှုအကြောင်း ငါပြောဆိုသောအ
ရာသည် အမှန်ဖြစ်သည်ကို သင်တို့သိကြ၏။
23ယေရှုကို သင်တို့ထံသို့ အပ်ခဲ့ပြီး သင်တို့သည်
ဆိုးသွမ်းသောလူတို့၏အကူအညီဖြင့်၊ ကိုယ်
တော်ကို လက်ဝါးကပ်တိုင်၌ သံမှိုနှင့်ရိုက်ကြ၏။
သို့သော်လည်း၊ ဘုရားသခင်သည် ဤအရာ
အားလုံးဖြစ်ပျက်မည်ကို သိရှိတော်မူ၏။ ဤအ
ရာသည် ဘုရားသခင်၏အစီအစဉ်ဖြစ်တော်
မူ၏။ ထိုအစီအစဉ်ကို ဘုရားသခင်သည် ရှေး
ကာလ၌ ပြုလုပ်တော်မူ၏။ 24ယေရှုသည် သေ
ခြင်း၏နာကျင်မှုဝေဒနာကို ခံစားတော်မူ၏။
သို့သော်လည်း၊ ဘုရားသခင်သည် ကိုယ်တော်
အား ထိုဝေဒနာမှ လွတ်မြောက်စေတော်မူ၏။

---

**ဗျာဒိတ်ရူပါရုံ** အိပ်မက်များကဲ့သို့ လူတို့ထံ ဘုရားသခင်
က စကားပြောသောအချိန်တွင် အသုံးပြုသော။

ဘုရားသခင်သည် ယေရှုအား သေခြင်းမှထ
မြောက်စေတော်မူပြီး သေခြင်းသည် ကိုယ်
တော်အား မချုပ်ကိုင်နိုင်ပါ။ [25]ယေရှု၏အ
ကြောင်းအရာကို ဒါဝိဒ်က

'ငါသည် ထာဝရဘုရားကို အစဉ်မပြတ်
မျက်မှောက်ပြု၏။ ငါ့ကို လှုံ့ဆော်စေခြင်းငှါ
အတွက် ကိုယ်တော်သည် ငါ၏ညာဘက်
၌ရှိတော်မူ၏။
26 ထို့ကြောင့် ငါ့စိတ်နှလုံးသည် ပျော်ရွှင်၍
ငါ့နှုတ်လျှာသည်လည်း ရွှင်လန်းလျက်ရှိ
၏။ ငါ့ကိုယ်ခန္ဓာသည် မျှော်လင့်ခြင်းနှင့်
ရှင်သန်လိမ့်မည်။
27 အကြောင်းမူကား၊ ကိုယ်တော်သည် အ
ကျွန်ုပ်၏ဝိညာဉ်ကိုသေခြင်း၏နယ်ပယ်*
၌ စွန့်ပစ်ထားတော်မမူ။ ကိုယ်တော်
သည် မိမိသန့်ရှင်းသူ၏ကိုယ်ခန္ဓာကို၊
သင်္ချိုင်းထဲ၌ ပုပ်စပ်ခွင့် ပေးတော်မူမည်
မဟုတ်။
28 ကိုယ်တော်သည်အကျွန်ုပ်အဘယ်သို့ အ
သက်ရှင်မည်ကိုသွန်သင်၏။ ကိုယ်တော်
သည် အကျွန်ုပ်အား နီးတော်မူ၍ ကြီး
စွာသောဝမ်းမြောက်ခြင်းနှင့် အကျွန်ုပ်
အားပြည့်စေတော်မူမည်' ဟုဆို၏။

*ဆာလံ၊ 16:8–11*

[29]"ငါ့ညီအစ်ကိုတို့၊ ငါသည် သင်တို့အား မှန်
ကန်စွာ ငါတို့၏အဘဒါဝိဒ်၏အကြောင်းကိုပြော
နိုင်၏။ သူသည် သေဆုံးပြီး မြှုပ်နှံခြင်းခံရ၏။
သူ့သင်္ချိုင်းသည် ယနေ့အထိ ငါတို့နှင့်အတူ ဤ
နေရာ၌ရှိ၏။ [30]ဒါဝိဒ်သည် ပရောဖက်တစ်ပါး
ဖြစ်ပြီးဘုရားသခင်မိန့်တော်မူသောအကြောင်း
အရာကိုသိ၏။ ဘုရားသခင်သည် ဒါဝိဒ်အား
သူ၏အမျိုးအနွယ်ထဲမှ လူတစ်ယောက်သည်
သူကဲ့သို့ ဘုရင်တပါးဖြစ်လာရန် ဂတိထားခဲ့၏။
[31]ဒါဝိဒ်သည် ဤအရာကို မဖြစ်ပျက်မီပင် သိနှင့်
၏။ ထို့ကြောင့် သူသည် ထိုခရစ်တော်၏ရှင်
ပြန်ထမြောက်ခြင်း အကြောင်းပြောခြင်းဖြစ်၏။
ကိုယ်တော်ကို သေခြင်း၏နယ်ပယ်၌ စွန့်ပစ်
ထားတော်မမူ။

'ကိုယ်တော်၏ခန္ဓာကိုယ်သည် သင်္ချိုင်း
ထဲ၌ ပုပ်စပ်တော်မမူ။'

[32]ထို့ကြောင့် ယေရှုသည် ဘုရားသခင်အား
ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည်
သက်သေခံဖြစ်ကြ၏။ [33]ယေရှုကို ကောင်းကင်
ထက်သို့ ချီးမြှင့်ခြင်းခံတော်မူ၏။ ယခု အခါ၌
ကိုယ်တော်သည်ဘုရားသခင်၏လက်ျာတော်၌
ရှိတော်မူ၏။ ခမည်းတော်သည် ယခုအခါ၌
ကိုယ်တော်အား ပေးတော်မူရန် ဂတိပေးတော်
မူသောသန့်ရှင်း သောဝိညာဉ် တော်ကိုပေး
တော်မူ၏။ ထို့ကြောင့် ယေရှုသည် သန့်ရှင်း
သောဝိညာဉ်တော်ကို သွန်းလောင်း တော်မူ၍
ထိုအရာသည် ယခုအခါ၌ သင်တို့ တွေ့မြင်ပြီး
ကြားနေကြရသောအရာဖြစ်၏။ [34]ဒါဝိဒ်သည်
ကောင်းကင်ထက်သို့ ချီးမြှင့်ခြင်းခံရသောသူမ
ဟုတ်ပါ။ ကောင်းကင်ထက်သို့ ချီးမြှင့်ခြင်းခံရ
သောသူသည် ယေရှုဖြစ်တော်မူ၏။ ဒါဝိဒ်
ကိုယ်တိုင်က

'ဤအရာကိုထာဝရဘုရားသည်အကျွန်ုပ်
၏အရှင်အား၊
35 သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ
အောက်၌ ငါမထားမီတိုင်အောင်ငါ၏
ညာဘက်၌ ထိုင်လော့ဟုမိန့်တော်မူ
သည်' ဟုပြော၏။

*ဆာလံ၊ 110:1*

[36]"ထို့ကြောင့် ယုဒလူအပေါင်းတို့သည် ဤ
အရာကို အမှန်သိမှတ်ကြလော့။ ဘုရားသခင်
သည် ယေရှုအား ခရစ်တော်အရာ၌၎င်း၊
အစိုးရသောအရာ၌၎င်း ခန့်ထားတော်မူ၏။
သူသည် လက်ဝါးကပ်တိုင်၌ သင်တို့က သံမှိုနှင့်
ရိုက်ထားသောသူဖြစ်တော်မူသည်" ဟုပေော
လေ၏။

---

**သေခြင်း၏နယ်ပယ်** မူရင်းအဓိပ္ပါယ်မှာ "မိးဒိုင်"

37လူတို့သည် ထိုစကားကိုကြားသောအခါ
သူတို့သည် ဝမ်းနည်းကြေကွဲကြ၏။ ထို့ကြောင့်
သူတို့သည် ပေတရုနှင့် အခြားသောတမန်
တော်တို့အား “ညီအစ်ကိုတို့ အကျွန်ုပ်တို့သည်
အဘယ်သို့ ပြုရပါမည်နည်း” ဟုမေးမြန်းကြ၏။
38ပေတရုသည် သူတို့အား “သင်တို့အသီး
သီး၏စိတ်နှလုံးနှင့် အသက်တာကို ပြောင်းလဲ၍
ယေရှုခရစ်တော်၏နာမတော်၌ ဗတ္တိဇံကိုခံကြ
လော့။ ဘုရားသခင်သည် သင်တို့၏အပြစ်ကို
ခွင့်လွှတ်တော်မူလိမ့်မည်။ ထိုအခါ သင်တို့
သည် ဘုရားသခင်၏ဆုကျေးဇူးတော်ဖြစ်သော
သန့်ရှင်းသောဝိညာဉ်တော်ကို ခံရကြလိမ့်မည်။
39ဤဂတိတော်သည် သင်တို့အတွက်ရင်း သင်
တို့၏သားသမီးများအတွက်ရင်း အဝေးရောက်
နေသူတို့အတွက်ရင်းဖြစ်၏။ ဤဂတိတော်သည်
ငါတို့၏ဘုရားသခင်ထာဝရဘုရား ခေါ်တော်မူ
ခြင်းခံရသောသူအားလုံးအတွက် ဖြစ်၏။”
40ပေတရုသည် သူတို့အား အထူးထူးအ
ပြားပြားသောစကားနှင့်သတိပေး၍ သူတို့အား
ပြောသည်ကား “ဤခေတ်ကာလရှိ ဆိုးသော
လူတို့ထံသို့ ကျရောက်မည့်ပျက်စီးခြင်းမှ မိမိ
ကိုယ်ကို ကယ်တင်ကြလော့” ဟုတိုက်တွန်း
သွေးဆောင်လေ၏။ 41ထို့နောက် ပေတရု၏
စကားကို လက်ခံသူတို့သည် ဗတ္တိဇံကိုခံကြ
၏။ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်
မျှလောက်သောသူတို့သည် ယုံကြည်သူတို့၏
အုပ်စု၌ ဝင်ကြ၏။ 42သူတို့သည် တမန်တော်တို့
၏ဆုံးမဩဝါဒကိုခံယူခြင်း၊ အပေါင်းအသင်းဖွဲ့
ခြင်း၊ မုန့်ကိုဖဲ့ခြင်း*နှင့် ဆုတောင်းခြင်းများကို
အမြဲဆောင် ရွက်လျက်နေကြ၏။

## ယုံကြည်သူတို့၏ခွဲဝေမျှတခြင်း

43တမန်တော်တို့သည် များစွာသောအံ့
ဖွယ်ရာအမှုတို့နှင့် ထူးဆန်းသောနိမိတ်လက္ခ
ဏာတို့ကို ပြကြ၏။ ထိုအခါ လူအပေါင်းတို့
သည် ဘုရားသခင်အတွက် ကြီးမားသောရိုသေ
လေးစားခြင်းကိုခံရကြ၏။ 44ယုံကြည်သောသူ
အပေါင်းတို့သည် အတူတကွနေထိုင်ကြ၏။ သူ
တို့တွင် ရှိသမျှအရာခပ်သိမ်းကို ခွဲဝေကြ၏။
45သူတို့၏မြေရာနှင့် ပိုင်ဆိုင်သမျှအရာတို့ကို
ရောင်းကြ၏။ ထိုနောက် သူတို့သည် ရောင်း၍
ရရှိသောငွေကို သူတို့၏လိုအပ်သည့်အတိုင်း
အသီးသီးတို့အား မျှဝေကြ၏။ 46ယုံကြည်သူတို့
သည် ဗိမာန်တော်ပိုင်နက်အတွင်း၌ နေ့စဉ်အ
တူတ ကွစုရုံးကြ၏။ သူတို့အားလုံး၌ ရည်ရွယ်
ချက်တစ်ခုတည်းရှိ၏။ သူတို့သည် မိမိတို့ အိမ်၌
အစားအစာခွဲဝေပြီး ပျော်ရွှင်ခြင်းနှင့် ကြည်ဖြူ
ခြင်းဖြင့်သုံးဆောင်ကြ၏။ 47ယုံကြည်သူတို့
သည် ဘုရားသခင်အား ချီးမွမ်းကြ၏။ လူအ
ပေါင်းတို့သည် သူတို့အား နှစ်သက်ကြ၏။ နေ့
စဉ်နှင့်အမျှ ထာဝရဘုရားသည် ယုံကြည်သူ
တို့၏အဖွဲ့သို့ ကယ်တင်ခြင်းသို့ရောက်သောသူ
တို့ကို ပေါင်းထည့်တော်မူ၏။

## ပေတရုကခြေမစွမ်းသူတစ်ယောက် အားကျန်းမာစေခြင်း

3 တစ်နေ့၌ ပေတရုနှင့် ယောဟန်တို့သည်
ဗိမာန်တော်သို့ သွားကြ၏။ ထိုအချိန်သည်
သုံးနာရီခန့်ရှိ၏။ ထိုအချိန်သည် ဗိမာန်တော်၌
နေ့စဉ်ဆုတောင်းဝတ်ပြုသော အချိန်ဖြစ်၏။
2သူတို့သည် ဗိမာန်တော်ပိုင်နက်အတွင်း သို့ဝင်
သွားကြသောအခါ ထိုနေရာ၌ လူတစ်ယောက်
ရှိ၏။ ထိုလူသည် မွေးဖွားချိန်မှ စ၍ ခြေမစွမ်း
သောသူ ဖြစ်၏။ ထို့ကြောင့် သူ၏အပေါင်းအ
သင်းတို့က သူ့ကို ဗိမာန်တော်သို့ နေ့စဉ်ထမ်း
လျက်လာကြ၏။ သူတို့သည် ခြေမစွမ်းသူကို
ဗိမာန်တော်၏ အပြင်ဘက်တံခါးနားမှာ ထား
လေ့ရှိ၏။ ထိုနေရာကို ‘လှပတင့်တယ်’ သော
တံခါးဝဟု ခေါ်ဝေါ်ကြ၏။ ထိုနေရာ၌ ဗိမာန်
တော်သို့ သွားသောသူတို့ထံမှ ထိုသူသည် ငွေ
တောင်းခံ၏။ 3ထိုနေ့၌ ပေတရုနှင့်ယောဟန်
အား ဗိမာန်တော်နယ်ပယ်အတွင်းသို့ သွား

**မုန့်ကိုဖဲ့ခြင်း** ဤအနက်ဓိပ္ပါယ်ကအစာ(သို့မဟုတ်) သခင်
ဘုရား၏ပွဲတော် ယေရှုက မိမိနောက်လိုက်တပည့်တော်
တို့အား သူကိုသတိရခြင်းငှါ စားရသောအထူးညစာစား
ပွဲ ဖြစ်သည်။

သည်ကို ထိုသူက တွေ့မြင်လေ၏။ သူသည်
သူတို့အား ပိုက်ဆံတောင်း၏။ 4ပေတရုနှင့်
ယောဟန်တို့က ထိုခြေမစွမ်းသောသူကို စေ့စေ့
ကြည့်ရှု၏။ ပေတရုက "ငါတို့ကို ကြည့်လော့"
ဟုပြောဆို၏။ 5ထိုသူက သူတို့အား မော့ကြည့်
၏။ သူသည် သူတို့က ငွေတချို့ပေးမည်ဟု
စိတ်ထင်၏။ 6သို့သော်လည်း၊ ပေတရုက 'ငါ့
၌ ရွှေ၊ငွေမရှိ။ သို့သော်လည်း သင့်ကို ငါပေး
နိုင်သောတစ်စုံတစ်ခုရှိ၏။ နာဇရက်မြို့သား
ယေရှုခရစ်၏တန်ခိုးတော်အားဖြင့် ထ၍လှမ်း
သွားလော့' ဟုဆို၏။ 7ထိုအခါ ပေတရုသည်
ထိုသူ၏ညာလက်ကို ကိုင်ဆွဲ၍ သူ့ကို ထူမပေး
၏။ ခဏခြင်းတွင် ထိုသူ၏ခြေထောက်နှင့်ခြေ
မျက်စိတို့သည် သန်စွမ်းသွား၏။ 8သူသည်
ခုန်လျှက်လှမ်းသွားရန် စတင်လေ၏။ ထို့
နောက်သူသည် ပေတရု၊ ယောဟန်တို့နှင့်အတူ
ဗိမာန်တော်အတွင်းသို့ ဝင်သွား၏။ ထိုသူသည်
သွားလျှက်၊ ခုန်လျှက်နှင့်ဘုရားသခင်ကို ချီး
မွမ်းလေ၏။ 9-10လူအပေါင်းတို့သည် သူ့ကို
ကောင်းစွာ မှတ်မိကြ၏။ လူတို့သည် 'လှပတင့်
တယ်' သောတံခါးနားမှာ ငွေတောင်းခံရန်နေ့
စဉ်ထိုင်သောခြေမစွမ်းသူ ဖြစ်သည်ကို သိကြ
၏။ ယခုအခါ၌ သူတို့သည် ထိုသူအား လမ်း
လျှောက်ပြီး ဘုရားသခင်အား ချီးမွမ်းနေသည်
ကို မြင်တွေ့ကြ၏။ လူတို့သည် အံ့အားသင့်နေ
ကြ၏။ သူတို့သည် ဤအရာကို အဘယ်သို့ဖြစ်
ကြောင်း နားမလည်နိုင်ကြ။

## ပေတရုက လူများအား စကားပြောခြင်း

11ထိုသူသည် ပေတရုနှင့် ယောဟန်တို့ကို
အမှီပြုလျှက်ရှိ၏။ လူအပေါင်းတို့သည် ထိုလူ
အားကျန်းမာသောကြောင့် အံ့သြကြ၏။ သူတို့
သည် ပေတရုနှင့် ယောဟန်ရှိနေကြသော
ရှောလမုန်ဆင်ဝင်၌ ပြေးဝင်ကြ၏။ 12ပေတရု
ကဤအရာကို မြင်သောအခါ သူတို့အား "ငါ
၏ယုဒလူညီအစ်ကိုတို့၊ အဘယ်ကြောင့် ဤအ
ရာ၌ သင်တို့အံ့အားသင့်ကြသနည်း။ ဤသူကို
လမ်းလျှောက်စေနိုင်သောအရာသည် ငါတို့၏
တန်ခိုးကဲ့သို့ သင်တို့သည် ငါတို့ကို စေ့စေ့ကြည့်
ရှုကြ၏။ သင်တို့သည် ဤသို့ဖြစ်ရသည်ကို ငါတို့
ကောင်းသောကြောင့် ထင်မှတ်ကြသလော။
13ထိုအရာကို ဘုရားသခင် လုပ်ပေးတော်မူ၏။
ဘုရားသခင်သည် အာဗြဟံ၏ဘုရားသင်ခင်၊
ဣဇာက်၏ဘုရားသခင်နှင့် ယာကုပ်*၏ဘုရား
သခင် ဖြစ်တော်မူ၏။ သူသည် ငါတို့ဘိုးဘေး
အားလုံးတို့၏ဘုရားသခင်ဖြစ်တော်မူ၏။ဘုရား
သခင်သည် မိမိ၏အထူးအစေခံ ယေရှုအား
ဘုန်းကြီးစေတော်မူ၏။ သို့သော်လည်း၊ သင်တို့
သည် ကိုယ်တော်အား အသတ်ခံတော်မူရန်
အပ်နှံကြ၏။ ပိလတ်က ယေရှုအား လွှတ်ပေး
ရန် ဆုံးဖြတ်၏။ သို့သော်လည်း၊ သင်တို့သည်
ယေရှုကို လွှတ်ပေးရန် အလိုမရှိကြ။ 14ယေရှု
သည် သန့်ရှင်း၍ ကောင်းမြတ်တော်မူ၏။ သို့
သော်လည်း၊ သင်တို့သည် ကိုယ်တော်အား
ပယ်ကြ၏။ သင်တို့သည် ယေရှုကို လွှတ်ပေး
မည့်အစား လူ့အသက်ကို သတ်ခြင်းအပြစ်ရှိ
သောသူကို လွှတ်ပေးရန် ပိလတ်အား တောင်း
ပန်ကြ၏။ 15ထို့နောက် သင်တို့သည် အသက်
ရှင်ခြင်းကို ပေးသောသူတစ်ယောက်ကို သတ်
ကြ၏။သို့သော်လည်း၊ဘုရားသခင်သည် ကိုယ်
တော်အား သေခြင်းမှ ထမြောက်စေတော်မူ
၏။ ငါတို့သည် ဤအရာ၏သက်သေများ ဖြစ်
ကြ၏။ ငါတို့သည် ဤအရာကို ငါတို့၏မျက်
စိနှင့် မြင်ကြ၏။ 16ယေရှု၏တန်ခိုးတော်သည်
ဤခြေမစွမ်းသောသူကို ကျန်းမာစေတော်မူ
၏။ အကြောင်းမူကား၊ ငါတို့သည် ထိုတန်ခိုး
တော်ကို ယုံကြည်သောကြောင့်ဖြစ်၏။ သင်
တို့သည် ဤသူကို တွေ့နိုင်ပြီး သူ့ကို သိကြ၏။
သင်တို့အားလုံး ရှေ့မှောက်၌ ပြည့်စုံစွာ သူ
သည် ကျန်းမာခြင်းခံရ၏။ အကြောင်းမူကား၊
ယေရှုကို ယုံကြည့်သောကြောင့်ဖြစ်၏။ ဤအ
ဖြစ်ပျက်ကို သင်တို့အားလုံးသည် မြင်ကြ၏။

---

**အာဗြဟံ၊ ဣဇာက်၊ ယာကုပ်** ဓမ္မဟောင်းခေတ်တုန်းက ယုဒလူမျိုးတို့၏ အရေးကြီးဆုံးသော ခေါင်းဆောင်သုံးဦး။

[17]"ငါ၏ညီအစ်ကိုတို့ယေရှုသည် အဘယ်သို့
ပြုလုပ်သည်ကို သင်တို့ နားမလည်သော
ကြောင့် ဤအရာများ ပြုလုပ်သည်ကို ငါသိ၏။
သင်တို့၏ ခေါင်းဆောင်တို့သည်လည်း နားမ
လည်ကြ။ [18]ဤဖြစ်ပျက်မည့်အရာတို့ကို ဘုရား
သခင်သည် ဟောပြောတော်မူ၏။ ခရစ်တော်
သည် ဒုက္ခဝေဒနာခံ၍အသေခံရမည်ကို ဘုရား
သခင်သည် မိမိပရောဖက်တို့အားဖြင့် ဟော
ပြောတော်မူ၏။ ငါသည် သင်တို့အား ဘုရား
သခင်သည် ဤအဖြစ်အပျက်ကို အဘယ်သို့ပြု
တော်မူသည်ကို သင်တို့အား ငါဟောပြော၏။
[19]ထို့ကြောင့် သင်တို့၏စိတ်နှလုံးနှင့် အသက်
တာကိုပြောင်းလဲရမည်။ ဘုရားသခင်ထံတော်
သို့ ပြန်လာကြလော့။ ထို့နောက် သူသည်သင်
တို့၏အပြစ်များကို ခွင့်လွှတ်တော်မူမည်။ [20]ထို့
နောက် ထာဝရဘုရားသည် သင်တို့ကို ဝိညာဉ်
ရေးရာအနားယူချိန်ကို ပေးတော်မူမည်။ သူ
သည် သင်တို့ထံသို့ ယေရှုကို ပြန်လည်စေလွှတ်
တော်မူမည်။ ယေရှုသည် ခရစ်တော်အဖြစ်
ဘုရားသခင် ရွေးချယ်တော်မူသောတစ်ပါး
တည်းသောသူဖြစ်တော်မူ၏။ [21]သို့သော်လည်း
ဘုရားသခင်သည် မှန်ကန်သောအရာခပ်သိမ်း
ကို ချပေးတော်မူသောကာလမရောက်မီတိုင်
အောင်ရှေးကာလ၌ မိမိသန့်ရှင်းသောပရော
ဖက်တို့အားဖြင့် ဂတိတော်ပေးထားသကဲ့သို့
ယေရှုသည် ကောင်းကင်ဘုံ၌ နေတော်မူ၏။
[22]မောရှေက "သင်တို့၏ဘုရားသခင် ထာဝရ
ဘုရားသည် သင်တို့အတွက် ပရောဖက်တစ်ပါး
စေလွှတ်တော်မူမည် ဟုပြော၏။ ထိုပရောဖက်
သည် သင်တို့၏လူမျိုးထဲမှလာတော်မူမည်။ သူ
သည် ငါနှင့်တူတော်မူမည်။ သူ၏မိန့်တော်မူသ
မျှကို သင်တို့က နားထောင်ရမည်။ [23]တစ်စုံတစ်
ယောက်သည် ထိုပရောဖက်၏စကားကို နားမ
ထောင်လျှင် သူသည် ပျက်စီးခြင်းခံရမည်။ သူ
သည် ရွေးချယ်ထားသောသူတို့နှင့် ခွဲခြားခြင်း
ခံရမည်။ * [24]ရှမွေလနေ့မှစ၍ ဘုရားသခင်၏
စကားတော်ကို ဟောပြောသောပရောဖက်အ
ပေါင်းတို့သည် ဤအချိန်ကာလအကြောင်းကို
ပြောကြ၏။ [25]သင်တို့သည် ပရောဖက်တို့ဟော
ပြောသောအကြောင်းများနှင့် သင်တို့၏ဘိုး
ဘေးများနှင့် ဘုရားသခင်ပြုတော်မူသောပဋိ
ညာဉ်တရားကို လက်ခံရရှိကြ၏။ ဘုရားသခင်
က သင်တို့၏ဖခင်အာဗြဟံအား 'ကမ္ဘာပေါ်၌လူ
မျိုးအပေါင်းတို့သည် 'သင်၏အမျိုးအနွယ်အား
ဖြင့် ကောင်းချီးခံရလိမ့်မည်။'* [26]ဘုရားသခင်
သည် မိမိ၏အထူးအစေတော်ခံယေရှုအား စေ
လွှတ်တော်မူသောအခါ သင်တို့ထံသို့ သူ့ကို
ရှေးဦးစွာ စေလွှတ်တော်မူ၏။ သူသည် သင်တို့
တစ်ယောက်စီကို မိမိတို့၏ဆိုးသွမ်းသောလမ်း
များမှ ရှောင်ကြဉ်ခြင်းငှါ ကူညီခြင်းအားဖြင့်
ကောင်းချီးမင်္ဂလာပေးတော်မူရန် သူ့ကို စေ
လွှတ် တော်မူ၏ဟုဟောပြော၏။

## ယုဒကောင်စီရှေ့၌ ပေတရုနှင့်ယောဟန်

4 ပေတရုနှင့် ယောဟန်တို့သည် လူများတို့
အား ဟောပြောနေစဉ်တွင် သူတို့ထံသို့
ယုဒယဇ်ပုရောဟိတ်အချို့၊ ဗိမာန်တော်စောင့်
တို့၏ကပ္ပတိန်နှင့် ဇဒ္ဒုကဲ *အချို့ရောက်လာကြ
၏။ [2]ပေတရုနှင့် ယောဟန်တို့သည် လူတို့အား
ဆုံးမသြဝါဒပေး၍ လူတို့သည် သေခြင်းမှ ရှင်
ပြန်ထမြောက်ခြင်းခံရမည်ကို ယေရှု၏သေခြင်း
မှ ရှင်ပြန်ထမြောက်တော်မူခြင်းသည် သက်
သေပြသည် ဟုတရားဟောသောကြောင့် သူ
တို့သည် အလွန်ဒေါသထွက်ကြ၏။ [3]ယုဒခေါင်း
ဆောင်တို့သည် ပေတရုနှင့် ယောဟန်တို့ကို
ဖမ်းဆီးကြ၏။ သို့သော်လည်း ညဦးအချိန်ဖြစ်သ
ဖြင့် သူတို့သည် နက်ဖြန်နေ့ရောက်သည့်တိုင်
အောင် သူတို့အား ထောင်ထဲ၌ ချုပ်ထားကြ
၏။ [4]သို့သော်လည်း ပေတရုနှင့်ယောဟန်တို့၏

**ပရောဖက်** ဘုရားသခင်အတွက် စကားပြောသော ပုဂ္ဂိုလ်၊

**'ကမ္ဘာပေါ်၌ ... ခံရလိမ့်မည်'** ကမ္ဘာ 22:18; 26:24

**ဇဒ္ဒုကဲ** ယုဒဘာသာအဖွဲ့ ဦးဆောင်သူ၊ သူတို့သည် ဓမ္မဟောင်းထဲမှ ပထမ 5 အုပ်ကို လက်ခံသည်။ သူတို့သည် လူများသေခြင်းမှ ပြန်လည်မရှင်ပြန်နိုင်ဟု ယုံကြည်ကြသည်။

ဟောပြောချက်များကို ကြားရသောလူအများ
တို့က ယုံကြည်ကြ၏။ ဤသို့ဖြင့် ယုံကြည်
သူတို့ အရေအတွက် ငါးထောင်မျှလောက်တိုး
ပွားလာ၏။
5 နောက်တစ်နေ့၌ ယုဒခေါင်းဆောင်အကြီး
နှင့် ကျမ်းပြုဆရာအများတို့သည် ယေရုရှလင်
မြို့၌ အတူတကွစုဝေးကြ၏။ 6 ယဇ်ပရောဟိတ်
မင်းအန္နတ်၊ ကယာဖ၊ ယောဟန်၊ အာလေဇန္ဒြု
နှင့် ယဇ်ပုရောဟိတ်မင်း၏မိသားစုအားလုံးတို့
သည် ထိုနေရာ၌ရှိကြ၏။ 7 သူတို့သည် ပေတရု
နှင့် ယောဟန်အား ထိုနေရာ၌ စုဝေးနေသော
လူအပေါင်းတို့ရှေ့၌ ရပ်စေကြ၏။ ယုဒခေါင်း
ဆောင်တို့က တမန်တော်နှစ်ယောက်အား
“သင်တို့သည် ခြေမစွမ်းသောသူကို အဘယ်သို့
ကျန်းမာစေသနည်း။ အဘယ်တန်ခိုးကို သင်
တို့သုံးသနည်း။ ဤအရာကို အဘယ်သူ၏အခွင့်
နှင့်ပြုလုပ်ကြသနည်း” ဟုမေးကြ၏။
8 ထိုအခါ ပေတရုသည် သန့်ရှင်းသော
ဝိညာဉ်တော်နှင့်ပြည့်ဝ၍ သူတို့အား “အုပ်စိုး
သူတို့နှင့် ခေါင်းဆောင်အကြီးတို့၊ 9 သင်တို့သည်
ဤခြေမစွမ်းသောသူအပေါ်၌ ပြုသည် ကောင်း
သောအရာများကြောင်း ယနေ့တွင် သင်တို့
သည် ငါတို့အား မေးခွန်းထုတ်နေကြသလော။
အဘယ်အရာသည် ဤလူအား ကျန်းမာခြင်း
ပေးသည်ကို သင်တို့သည် ငါတို့အား မေးနေကြ
သလော။ 10 ငါတို့သည် သင်တို့အားလုံးနှင့်
ဣသရေလလူအပေါင်းတို့ သိစေလိုကြ၏။ ဤ
ခြေမစွမ်းသောသူသည် သင်တို့က လက်ဝါးကပ်
တိုင်၌ သတ်သောနာဇရက်မြို့သား ယေရှုခရစ်
၏တန်ခိုးတော်အားဖြင့် ကျန်းမာခြင်းခံရ၏။ ဘု
ရားသခင်သည် သူ့အား သေခြင်းမှထမြောက်
စေတော်မူ၏။ ဤလူသည် ခြေမစွမ်းသောသူ
ဖြစ်သော်လည်း ယခုအခါ၌သူသည် ယေရှုခရစ်
၏တန်ခိုးတော်ကြောင့်သင်တို့ရှေ့၌ရပ်နိုင်၏။
11 ယေရှုသည်

‘တိုက်ဆောက်သောသူတို့ကအရေးမကြီး
ဟု ထင်မှတ်သောကျောက် ဖြစ်တော်မူ
၏။ သို့သော်လည်း၊ ဤကျောက်သည်
တိုက်ထောင့်အထွတ်အထိပ် ဖြစ်လာ၏။’

*ဆာလံ၊ 118:22*

12 ယေရှု၏နာမတော်သည် ကမ္ဘာပေါ်တစ်ဝန်း၌
လူတို့အတွက် ကယ်တင်ခြင်းကို ပေးသောတ
ပါးတည်းသောတန်ခိုးတော်ဖြစ်၏။ ထို့ကြောင့်
ငါတို့သည် ယေရှုအားဖြင့် ကယ်တင်ခြင်းခံရ
မည်” ဟုမြွက်ဆို၏။
13 ပေတရုနှင့် ယောဟန်တို့သည် လူတတ်မ
ဟုတ်၊ သာမညလူသာဖြစ်သည်ကို ယုဒခေါင်း
ဆောင်တို့သိမှတ်ကြ၏။ သို့သော်လည်း၊ သူတို့
သည် ပေတရုနှင့် ယောဟန်တို့၏စကားပြော
ခြင်းသတ္တိကို တွေ့မြင်ကြ၏။ ထို့ကြောင့် ခေါင်း
ဆောင်တို့သည် အံ့အားသင့်နေကြ၏။ ထို
နောက် သူတို့က ပေတရုနှင့် ယောဟန်တို့သည်
ယေရှုနှင့်အတူတကွရှိကြောင်း နားလည်သ
ဘောပေါက်ကြ၏။ 14 သူတို့၏မျက်မှောက်၌ ခြေ
မစွမ်းသောသူသည် ပေတရုနှင့် ယောဟန်တို့
အနား၌ရပ်၏။ သူသည် ယခုအချိန်၌ လုံးလုံး
လျားလျား အကောင်းပကတိ ဖြစ်နေ၏။ 15 ထို
ကြောင့် ခေါင်းဆောင်တို့သည် တမန်တော်တို့
အား ငြင်းဆိုဖွယ်ရာမရှိမတွေ့ကြ။ ထို့ကြောင့်
သူတို့သည် တမန်တော်တို့ကို အပြင်သို့ ထွက်
စေပြီး ခေါင်းဆောင်အချင်းချင်းတို့သည် အ
ဘယ်သို့ပြုရမည်ကို တိုင်ပင်ကြ၏။ 16 သူတို့က
“ဤသူတို့ကို ငါတို့သည် အဘယ်သို့ပြုရမည်
နည်း၊ သူတို့သည် ကြီးသောနိမိတ်လက္ခဏာပြ
ပြီးသည်ကို ယေရုရှလင်မြို့၌ရှိသောလူအ
ပေါင်းတို့သည်သိမြင်ကြ၏။ ဤအရာသည်ထင်
ရှား၏။ ငါတို့သည် ထိုအရာကို မမှန်ဟုမပြော
နိုင်။
17 သို့သော်လည်း သူတို့သည် လူတို့အား
ထိုလူအကြောင်းကို ဘယ်သောအခါမျှမ ပြော
မည်အကြောင်း သူတို့ကို ငါတို့ခြိမ်းခြောက်ရ
မည်။ သို့မှသာ ဤပြဿနာကို လူများအထဲ၌
သာ၍ကျယ်ပြန့်စွာပျံ့နှံ့မည် မဟုတ်” ဟုအချင်း
ချင်းတိုင်ပင်ကြ၏။

18ထို့ကြောင့် ယုဒခေါင်းဆောင်တို့သည်
ပေတရုနှင့် ယောဟန်တို့အား အထဲသို့ခေါ်ပြီး၊
သူတို့အား "ယေရှု၏နာမတော်ကိုအမှီပြုလျက်
နောက်ထပ် ဘယ်သောအခါမျှ ဟောပြောသွန်
သင်ခြင်းကို မပြုနှင့်" ဟုအမိန့်ရှိကြ၏။ 19သို့
သော်လည်း၊ ပေတရုနှင့် ယောဟန်တို့က သူ
တို့အား "သင်တို့ဆုံးဖြတ်ကြလော့။ အဘယ်အ
ရာသည် ဘုရားသခင့်ရှေ့တော်၌ မှန်သနည်း။
သင်တို့၏စကားကို နာခံခြင်းလော သို့မဟုတ်
ဘုရားသခင်၏စကားတော်ကို နာခံခြင်းလော။
20ငါတို့သည် မတိတ်ဆိတ်နိုင်။ ငါတို့သည်
ကြားလျက်ရှိသောအရာတို့ကို မဟောမပြော
ဘဲမနေနိုင်" ဟုသူတို့အား ဆိုကြ၏။ 21-22ယုဒ
ခေါင်းဆောင်တို့သည် ဤတမန်တော်နှစ်ဦးကို
အပြစ်ဒဏ်ပေးရန် နည်းလမ်းမတွေ့နိုင်ကြ။ အ
ကြောင်းမူကား၊ တမန်တော်တို့ ပြုလုပ်ကြ
သောအရာ၌ လူတို့သည် ဘုရားသခင်အား
ချီးမွမ်းကြသောကြောင့်ဖြစ်၏။ အနာကင်းခြင်း
ခံရသောသူသည် အသက်လေးဆယ်ကျော်ဖြစ်
၏။ ဤနိမိတ်လက္ခဏာသည် ဘုရားသခင်မှ
လာသောသက်သေဖြစ်၏။ ထို့ကြောင့် ယုဒ
ခေါင်းဆောင်တို့သည် တမန်တော်တို့အား တ
ဖန်ခြိမ်းခြောက်ပြီးလျှင် လွှတ်လိုက်ကြ၏။

## ပေတရုနှင့် ယောဟန်တို့ ယုံကြည်သူတို့ထံ ပြန်လည်ရောက်ရှိခြင်း

23ပေတရုနှင့် ယောဟန်တို့သည် ယုဒခေါင်း
ဆောင်တို့ထံမှ ထွက်ခွာလာကြပြီးနောက် မိမိ
တို့အပေါင်းအသင်းရှိရာသို့ ပြန်ရောက်လာကြ
၍ မိမိတို့အား ယဇ်ပုရောဟိတ်အကြီးတို့နှင့်
ယုဒခေါင်းဆောင်အကြီးတို့က ပြောပြသမျှတို့
ကိုပြန်ကြားကြ၏။ 24ထိုအကြောင်းကို ယုံကြည်
သူတို့ကြားသောအခါ သူတို့အားလုံးသည် စိတ်
တညီတညွတ်တည်းဖြင့် ဆုတောင်းကြသည်မှာ
"အိုအရှင်၊ ကိုယ်တော်သည် မိုးကောင်းကင်၊
မြေကြီး၊ သမုဒ္ဒရာနှင့် ကမ္ဘာပေါ်၌ရှိသမျှတို့ကို
ဖန်ဆင်းတော်မူသော တစ်ပါးဖြစ်တော်မူ၏။
25ကိုယ်တော်၏ကျွန်ဖြစ်သော အကျွန်ုပ်တို့၏
ဘိုးဘေးဒါဝိဒ်သည်သန့်ရှင်းသောဝိညာဉ်တော်
၏အကူအညီနှင့် ဤစကားလုံးများကို ရေးသား
ခဲ့သည်မှာ၊

'အဘယ်ကြောင့် လူမျိုးတို့သည် အော်
ဟစ်ကြသနည်း။ အဘယ်ကြောင့် လော
ကီသားတို့သည် ဘုရားသခင်ကို ဆန့်
ကျင်သော အစီအစဉ်များ ပြုလုပ်ကြသ
နည်း။ သူတို့၏ကြိုးပမ်းမှုများသည် အ
ချည်းနှီးဖြစ်၏။
26 လောကီရှင်ဘုရင်တို့သည် တိုက်ခိုက်ရန်
အဆင်သင့်ရှိကြ၏။ အုပ်စိုးသူတို့သည်
ထာဝရဘုရားနှင့်သူ၏ခရစ်တော်ကိုဆန့်
ကျင်ရန် စည်းဝေးကြသည်' ဟူ၍ဖြစ်၏။

*ဆာလံ၊ 2:1-2*

27ထိုဖြစ်ရပ်အားလုံးသည် အမှန်အကန်ဖြစ် ၏။
ဟေရုဒ်နှင့်ပုန္တိပိလတ်တို့သည် တစ်ပါးသော
အမျိုးသားတို့နှင့် ယေရုရှလင်မြို့၌ရှိသော
ဣသရေလလူတို့သည် ခရစ်တော်အဖြစ် သင်
တို့က ပြုလုပ်ထားသောယေရှုအား ဆန့်ကျင်
ပြီးအစီအစဉ်ပြုလုပ်ရန်စည်းဝေးကြ၏။ 28ယေရှု
ကို ဆန့်ကျင်ရန် အတူတကွစုရုံးလာကြသော
လူအပေါင်းတို့သည် ကိုယ်တော်၏တန်ခိုးတော်
နှင့်အလိုတော်သည် ရှေးကာလ၌ ဖြစ်ပျက်ရ
မည်ဟု ဆုံးဖြတ်သောအရာကို ဖြစ်ပျက်စေ၏။
29"ယခုအခါ ထာဝရဘုရား၊ သူတို့သည်
အဘယ်သို့ ပြောသည်ကို နားထောင်တော်မူ
ပါ။ ထာဝရဘုရား၊ သူတို့သည် အကျွန်ုပ်တို့ကို
ကြောက်လန့်စေခြင်းငှါ ကြိုးစားကြ၏။ အကျွန်ုပ်
တို့သည် အရှင့်၏အစေခံတို့ ဖြစ်၏။ ကိုယ်တော်
သည် အကျွန်ုပ်တို့အား အဘယ်အရာကို ပြော
စေလိုတော်မူသောစကားများကို ကြောက်ရွံ့
ခြင်းမရှိဘဲ ပြောဆိုနိုင်ရန် ကူညီတော်မူပါ။
30ကိုယ်တော်၏တန်ခိုးတော်ကို ပြသခြင်းဖြင့်
အကျွန်ုပ်တို့ကို ရဲရင့်စေခြင်းငှါ ကူညီတော်မူပါ။
လူတို့ကို ကျန်းမာစေခြင်းအားဖြင့် ကိုယ်တော်

၏သန့်ရှင်းသောအစေတော်ခံယေရှုနာမတော်
နှင့်ထူးဆန်းသော နိမိတ်လက္ခဏာများဖြစ်စေ
တော်မူခြင်းအားဖြင့် ကိုယ်တော်၏တန်ခိုးကို ပြ
တော်မူပါ” ဟုဆုတောင်းကြ၏။ 31ယုံကြည်
သောသူတို့သည် ဆုတောင်းခြင်းပြီးသောအခါ
၌၊ သူတို့ရှိနေသောနေရာသည်ပြင်းထန်စွာတုန်
လှုပ်သွားလေ၏။ သူတို့အားလုံးသည် သန့်ရှင်း
သောဝိညာဉ်တော်နှင့် ပြည့်ဝ၍ သူတို့သည်
ဘုရားသခင်၏ နှုတ်ကပတ်တော်တရားကို
ကြောက်ရွံ့ခြင်းမရှိဘဲ ဆက်လက်၍ ဟောပြော
ကြ၏။

## ယုံကြည်သူတို့သည် မျှဝေကြ၏

32ယုံကြည်သောသူ အပေါင်းအသင်းတို့
သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၏။ ထို
လူတို့ထဲမှ အဘယ်သူမျှ မိမိဥစ္စာတို့ကို မိမိပိုင်
သည် ဟူ၍မဆိုဘဲလျက် ရှိသမျှသောဥစ္စာတို့
ကို ဆက်ဆံသဖြင့်သုံးဆောင်ကြ၏။ 33တမန်
တော်တို့က ကြီးကျယ်မြင့်မြတ်သောတန်ခိုးနှင့်
ယေရှုသည် မှန်ကန်စွာ သေခြင်းမှ ရှင်ပြန်ထ
မြောက်တော်မူခြင်းအကြောင်းကို လူတို့အား
ပြောပြ၏။ ထို့နောက် ဘုရားသခင်သည် ယုံ
ကြည်သူအားလုံးတို့ကို ကြီးစွာကောင်းချီးပေး
တော်မူ၏။ 34သူတို့၏လိုအပ်သောအရာများ
သည် သူတို့အားလုံးရရှိကြ၏။ မြေကွက်နှင့်အိမ်
တို့ကို ပိုင်သောသူတို့သည် ငွေရရှိရန် ရောင်း
ကြ၏။ 35သူတို့ရရှိသောငွေများကို ယူလာ၍
တမန်တော်တို့ထံသို့ ပေးကြ၏။ ထို့နောက် လူ
အသီးသီးတို့အား သူတို့၏လိုအပ်သည့်အတိုင်း
ပြန်လည်မျှဝေပေးကြ၏။
36ယုံကြည်သူတို့ထဲမှ တစ်ယောက်၏အ
မည်မှာယောသဖြစ်၏။ သို့သော်လည်း၊ တမန်
တော်တို့သည် သူ့ကို ဗာနဗဟုခေါ်ကြ၏။ (ထို
အမည်၏အဓိပ္ပါယ်သည် “သူတစ်ပါးကို ကူညီ
သောသူ” ဖြစ်၏။) သူသည် လေဝိလူဖြစ်၏။ သူ
၏မွေးဖွားသောနေရာသည် ကုပရုပြည်ဖြစ်၏။
37ယောသသည် မြေတစ်ကွက်ပိုင်၏။ သူသည်
မြေကွက်ကို ရောင်းပြီးလျှင် ထိုငွေကို တမန်
တော်တို့၏ခြေရင်း၌ ထားလေ၏။

## အာနနိနှင့် ရှုဖိရေ

5 ထိုနေရာ၌ အာနနိအမည်ရှိသော လူတစ်
ယောက်ရှိ၏။ သူ့မယား၏အမည်မှာ ရှုဖိရေ
ဖြစ်၏။ အာနနိသည် မြေတစ်ကွက်ရှိပြီး ထိုမြေ
ကွက်ကိုရောင်းလိုက်၏။ 2သို့သော်လည်း၊ သူ
သည် ထိုမြေကွက်မှ ရရှိသောငွေ၏တဖို့ကိုသာ
တမန်တော်တို့အား ပေးအပ်ပြီးလျှင် ကျန်သော
ငွေကို လျှို့ဝှက်စွာ သိမ်းဆည်းထား၏။ သူ့မ
ယားသည် ထိုအကြောင်းကို သိ၍သဘောတူ
လိုက်၏။
3ထိုအခါ ပေတရုက “အာနနိ၊ သင်သည်
အဘယ်ကြောင့် သင်၏နှလုံးကို စာတန်အား
ထိန်းချုပ်စေသနည်း။ သင်သည် သန့်ရှင်းသော
ဝိညာဉ်တော်ကို လှည့်စား၏။ သင့်၏မြေကွက်
ကို သင်ရောင်း၏။ သို့သော်လည်း၊ သင်သည်
အဘယ်ကြောင့် တစ်ချို့ကို သင့်အတွက် သိမ်း
ထားသနည်း။ 4သင်သည် ထိုမြေကွက်ကို
မရောင်းမှီ ထိုမြေကွက်ကို သင်ပိုင်၏။ ထိုမြေ
ကွက်ကို ရောင်းပြီးမှ သင်သည် ထိုငွေကို ပိုင်
၏။ သင်သည် ထိုငွေကို သင့်အလိုအတိုင်း သုံး
နိုင်၏။ သို့သော်လည်း၊ သင်သည် ထိုသို့ဆိုးသွမ်း
သောအရာကိုလုပ်ရန် အဘယ်ကြောင့် ကြံစည်
သနည်း။ သင်သည် လူကို လိမ်သည် မဟုတ်၊
ဘုရားသခင်ကိုလိမ်၏” ဟုဆို၏။ 5-6ထိုစကား
ကို အာနနိကကြားလျှင် သူသည် လဲ၍ သေ၏။
အချို့လူတို့သည် ရောက်လာကြပြီး သူ၏အ
လောင်းကို အဝတ်နှင့်ရစ်ပတ် ကြ၏။ ထို့နောက်
သူ့ကို သယ်ဆောင်သွား၍၊ သင်္ဂြိုဟ်လိုက်ကြ၏။
ထိုအကြောင်းကို ကြားသိကြသောသူအပေါင်း
တို့သည် ကြောက်ရွံ့ကြ၏။
7ထို့နောက် သုံးနာရီခန့်လောက်ကြာသော
အခါ၊ သူ၏ဇနီးရှုဖိရေ ရောက်လာ၏။
သူမသည် မိမိ၏ခင်ပွန်း၌ အဘယ်သို့ ဖြစ်ပျက်
သည်ကို မသိပါ။ 8ပေတရုက သူမအား “ငါ့
အားပြောလော့၊ သင်တို့မြေကွက် ရောင်းခြင်း

အားဖြင့် သင်တို့သည် အဘယ်မျှလောက် ငွေ
ရသနည်း။” သင်တို့သည် ဤမျှလောက်ရသ
လော” ဟုမေး၏။
ရှုဗိရေက “ဟုတ်ပါ၏။ ကျွန်မတို့မြေကွက်
ရောင်းခြင်းမှ ဤမျှလောက်သာ အကျွန်ုပ်တို့
ရပါ၏” ဟုပြော၏။
9ပေတရုသည် သူမအား “အဘယ်ကြောင့်၊
သင်တို့နှစ်ယောက်သည်ဘုရားသခင်၏ဝိညာဉ်
တော်ကို စုံစမ်းရန် သဘောတူကြသနည်း။ နား
ထောင်လော့။ ခြေသံများကို သင်ကြားသ
လော။ ထိုအသံသည်သင်၏ခင်ပွန်းကို သင်္ဂြိုဟ်
သောလူတို့၏ခြေသံဖြစ်၏။ ယခုအခါ သူတို့
သည် တံခါးနားမှာရှိကြ၏။ သူတို့သည် သင့်ကို
လည်း ထိုသို့သယ်ဆောင်လိမ့်မည်” ဟုပြော
၏။ 10ထိုအချိန်ခဏခြင်းတွင်ပင် ရှုဗိရေသည်
ပေတရု၏ခြေရင်း၌ လဲ၍သေ၏။ လူငယ်တို့
သည် အထဲသို့ဝင်ရောက်သောအခါ၊ ထိုမိန်းမ
သေသည်ကို တွေ့ကြ၏။ ထို့ကြောင့်သူတို့သည်
ထိုမိန်းမအား အပြင်သို့ယူဆောင်၍ သူမ၏ခင်
ပွန်းအနားမှာ သင်္ဂြိုဟ်ကြ၏။ 11ထိုအကြောင်းကို
ကြားရသောယုံကြည်သူအားလုံးနှင့် အခြား
သောလူအပေါင်း တို့သည်အလွန်ကြောက်လန့်
ခြင်းသို့ရောက်ကြ၏။

## ဘုရားသခင်ထံတော်မှသက် သေပြချက်များ

12တမန်တော်တို့သည် လူတို့တွင် ထူးဆန်း
သော နိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်သော
အမှုများကို ပြုကြ၏။ တမန်တော်တို့သည်
ရှောလမုန်ကနားပြင်၌ တညီတညွတ်တည်းနေ
ကြ၏။ 13အခြားလူတို့သည် သူတို့နှင့်အတူ ရပ်
တည်ခြင်းကို သူတို့သည် မထိုက်တန်ကြောင်းခံ
စားကြ၏။ သူတို့နှင့်အတူ တစ်ဦးတစ်ယောက်
မျှ အတူတကွမနေကြ။ လူအပေါင်းတို့သည်
တမန်တော်တို့၏ကောင်းသော အကြောင်းအ
ရာများကို ပြောဆိုကြ၏။ 14သခင်ယေရှုကို
ယုံကြည်သောသူတို့သည် တစ်ပြည်းပြည်းတိုး
ပွား များပြားလာ၏။ ယုံကြည်သောသူတို့၏အ
သင်း၌ ယောကျ်ားနှင့်မိန်းမတို့သည် ပေါင်း
ထည့်ကြ၏။ 15ထို့နောက် လူတို့သည် ရောဂါ
နှင့်စွဲသောလူတို့ကို လမ်းဘေး၌ ချထားကြ၏။
သူတို့သည် ပေတရုအား လာနေသည်ကို ကြား
သိရသောကြောင့်ဖြစ်၏။ သူတို့သည် လူနာတို့
ကို ခုတင်နှင့် မွေ့ရာပေါ်မှာ လမ်းဘေး၌ ထား
ကြ၏။ ပေတရု၏အရိပ်သည် ထိုလူနာပေါ်၌
ကျရောက်လျှင် ထိုလူနာတို့သည် ကျန်းမာမည်
ဟု သူတို့သည် ယုံကြည်ကြသောကြောင့် ဖြစ်
၏။ 16လူတို့သည် ယေရုရှလင်မြို့ပတ်ဝန်းကျင်
ရှိအခြားမြို့များမှ လည်းလာကြသည်။ သူတို့
သည် လူနာများနှင့် ဝိညာဉ်ဆိုး၏ပူးကပ်ခြင်းခံ
သောသူတို့အား ခေါ်ဆောင်လာကြ၏။ သူတို့
အားလုံးသည် ကျန်းမာကြ၏။

## ယုဒခေါင်းဆောင်တို့က တမန်တော်တို့အား ရပ်တန့်ရန်ကြိုးစားကြခြင်း

17ထို့နောက် ယဇ်ပုရောဟိတ်မင်းနှင့် မိမိ
မိတ်ဆွေအပေါင်းတို့ဖြစ်သည့် ဇဒ္ဒုကဲဟုခေါ်ဝေါ်
သောအုပ်စုသည် တမန်တော်တို့အပေါ်၌ အ
လွန်မနာလို ဖြစ်ကြ၏။ 18သူတို့သည် တမန်
တော်တို့ကို ဆွဲခေါ်ပြီး၊ ထောင်ထဲ၌ ထည့်ထား
ကြ၏။
19သို့သော်လည်း ညဉ့်အချိန်၌ ထာဝရ
ဘုရား၏ကောင်းကင်တမန်တော်သည်၊ထောင်
တံခါးများကို ဖွင့်ပြီးသူတို့အား အပြင်သို့ ဦး
ဆောင်ပြီးနောက် ကောင်းကင်တမန်တော်က၊
20“သွားလော့။ ဗိမာန်တော်နယ်မြေ အတွင်း၌
ရပ်၍လူတို့အား အသက်ရှင်ခြင်းတရားစကား
အလုံးစုံကို ပြောကြလော့” ဟုမှာထား၏။
21တမန်တော်တို့သည် ထိုစကားကို ကြားလိုက်
သောအခါ သူတို့သည် နာခံကြ၍ ဗိမာန်တော်
နယ်မြေသို့ သွားကြ၏။ ထိုအချိန်သည် နံနက်
စောစောဖြစ်၏။ တမန်တော်တို့သည် လူတို့ကို
သြဝါဒပေးရန် စတင်ကြ၏။ ယဇ်ပုရောဟိတ်
မင်းနှင့် မိမိမိတ်ဆွေတို့သည် ဗိမာန်တော်သို့
ရောက်ရှိလာကြ၏။ သူတို့သည် ယုဒခေါင်း

ဆောင်တို့နှင့် အရေးပါသောယုဒအကြီးတို့သည်
အစည်းအဝေး၌ ခေါ်ကြ၏။ ထို့နောက်သူတို့
သည် တမန်တော်တို့ကို ခေါ်ဆောင်ရန် သူတို့
၏လူအချို့တို့ကို ထောင်သို့ စေလွှတ်ကြ၏။
22ထိုလူတို့သည် ထောင်သို့ ရောက်သောအခါ
တမန်တော်တို့ကို အထဲ၌မတွေ့ကြ။ ထို့ကြောင့်
သူတို့သည် ပြန်လာကြ၍ ယုဒခေါင်းဆောင်တို့
ကို အသိပေးကြ၏။ 23သူတို့က "ထောင်တံခါး
များ ပိတ်ထား၍ သော့ခတ်ထား၏။ အစောင့်
များသည် တံခါးနားမှာ ရပ်ကြ၏။ သို့သော်
လည်း၊ အကျွန်ုပ်တို့သော့ကိုဖွင့်ပြီး အထဲသို့ဝင်
ကြည့်သောအခါ အထဲမှာ အဘယ်သူကိုမျှမရှိ
ပါ" ဟုကြားလျှောက်ကြ၏။ 24ဗိမာန်တော်အ
စောင့်ကပ္ပတိန်နှင့် ယဇ်ပုရောဟိတ်အကြီးတို့
သည် ထိုအကြောင်းကို ကြားသိသောအခါ
စိတ်ရှုပ်ထွေးကြ၏။ သူတို့သည် မဆုံးဖြတ်နိုင်
အောင် ဖြစ်ကြ၏။ "သူတို့သည် အဘယ်သို့
သောအမှုဖြစ်မည်ကို စိုးရိမ်ကြ၏။" 25ထိုအချိန်၌
လူတစ်ယောက်ဝင်ရောက်လာပြီး သူတို့အား
"နားထောင်ကြလော့၊ သင်တို့က ထောင်ထဲ၌
ထည့်ထားသော လူတို့သည် ဗိမာန်တော်နယ်
မြေအတွင်း၌ ရပ်ပြီး ဆုံးမသြဝါဒပေးကြသည်"
ဟုပြော၏။ 26ထို့နောက် အစောင့်ကပ္ပတိန်
သည် သူ၏အစောင့်တို့နှင့် ထွက်သွားကြပြီး
တမန်တော်တို့ကို ပြန်ခေါ်ဆောင်ကြ၏။ သူတို့
သည် အဘယ်အတင်းအဓမ္မကိုမျှ မသုံးကြ။ အ
ကြောင်းမူကား၊ လူတို့သည် ဒေါသဖြစ်လာပြီး
သူတို့အား ကျောက်ခဲနှင့်ပစ်မည်ကို စိုးရိမ်
သောကြောင့်ဖြစ်၏။

27အစောင့်တို့သည် တမန်တော်တို့ကို ယုဒ
ခေါင်းဆောင်တို့၏ရှေ့၌ ခေါ်ဆောင်လာကြပြီး
လျှင် ရပ်ခိုင်းကြ၏။ 28ယဇ်ပုရောဟိတ်မင်းက၊
"ငါတို့သည် သင်တို့အား ထိုသူ၏အကြောင်းကို
မသွန်သင်ရန် တင်းကျပ်စွာ သတိပေးသည်"
ဟုငါတို့ပြော၏။ သို့သော်လည်း သင်တို့အဘယ်
အရာလုပ်သည်ကိုကြည့်ကြလော့။ ယေရုရှလင်
တစ်မြို့လုံး၌ သင်တို့၏ဆုံးမသြဝါဒနှင့်ပြည့်၏။
သင်တို့သည် ထိုသူ၏သေခြင်းအတွက် ငါတို့အ
ပေါ်၌ အပြစ်တင်ရန် ကြိုးစားနေကြ၏" ဟုမေး
မြန်းပြောဆိုကြ၏။

29ပေတရုနှင့်အခြားတမန်တော်တို့က၊ "ငါ
တို့သည် လူတို့ထက် ဘုရားသခင်ကို နာခံရ
မည်။ 30သင်တို့သည် ယေရှုအား လက်ဝါးကပ်
တိုင်ပေါ်၌ ချိတ်ဆွဲပြီး သတ်ခဲ့ကြ၏။ သို့သော်
လည်း၊ ငါတို့ဘိုးဘေးတို့၏ ဘုရားသခင်သည်
ကိုယ်တော်ကို သေခြင်းမှထမြောက်စေတော်
မူ၏။ 31ဘုရားသခင်သည် သူ့ကိုမိမိလက်ျာ
တော်ဘက်၌ ချီးမြှောက်တော်မူ၏။ ယုဒလူမျိုး
တို့သည် သူတို့၏စိတ်နှလုံးနှင့် အသက်တာ
ပြောင်းလဲပြီး သူတို့၏အပြစ်များမှ ခွင့်လွှတ်
ခြင်းကို ရစေခြင်းငှါ ဘုရားသခင်သည် ယေရှု
ကို အကျွန်ုပ်တို့ခေါင်းဆောင်နှင့် ကယ်တင်ရှင်
ဖြစ်စေတော်မူ၏။ 32ငါတို့အားလုံးသည် ထိုအ
ကြောင်းအရာအလုံးစုံကို မြင်ကြ၏။ ငါတို့သည်
ထိုအရာများကို မှန်ကန်သည် ဟုပြောနိုင်၏။
သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ထိုအ
ရာများကို မှန်ကန်သည်ဟု သက်သေခံတော်
မူ၏။ ဘုရားသခင်သည် မိမိကိုနာခံသောသူ
တို့အား သန့်ရှင်းသောဝိညာဉ်တော်ကို ပေး
တော်မူ၏" ဟုပြောလေ၏။

33ထိုစကားကိုကြားရသော ယုဒခေါင်း
ဆောင်တို့သည် အလွန်ဒေါသထွက်ကြ၏။ သူ
တို့သည် တမန်တော်တို့ကို သတ်ရန်ကြံစည်
ကြ၏။ 34ဆွေးနွေးနေကြသောလူတို့ထဲမှ ဖါရိရှဲ
တစ်ဦးထလာ၏။ သူ၏အမည်သည် ဂါမလေလ
ဖြစ်၏။ သူသည် ကျမ်းပြုဆရာ တစ်ယောက်
ဖြစ်၏။ လူအပေါင်းတို့သည် သူ့ကို လေးစားကြ
၏။ သူသည် တမန်တော်တို့အား အခန်းထဲမှ
မိနစ်အနည်းငယ်မျှ ထွက်သွားစေခြင်းငှါယုဒ
ခေါင်းဆောင်တို့ကို ပြောလေ၏။ 35တမန်
တော်တို့သည် အခန်းထဲမှ ထွက်သွားပြီးလျှင်
သူက၊ "အိုဣသရေလလူတို့ သင်တို့သည် ဤ
သူတို့အား အဘယ်သို့ပြုသည်ကို အထူးသတိ
ထားကြလော့။ 36အထက်က သုဒ ဟုခေါ်သော
လူတစ်ယောက် ပေါ်လာသည်ကို မှတ်မိကြပါ။
သူသည် မိမိကို ကြီးမားသောလူတစ်ယောက်

ဖြစ်သည် ဟုဆိုပြီးသူကို လူလေးရာမျှလောက်
က ပူးပေါင်းကြ၏။ သို့သော်လည်း၊ သူသည်
အသတ်ခံရပြီးနောက် သူ၏နောက်လိုက်တို့
သည် ပြန့်ကျဲသွားကြပြီးနောက် သူတို့၏အကြံ
အစည်သည် အချည်းနှီးဖြင့် ဆုံးသွား၏။
37နောက်မကြာမီ ဂါလိလဲမြို့မှ ယုဒအမည်ရှိသူ
ရောက်လာ၏။ ထိုအချိန်သည် သန်းခေါင်စာ
ရင်းပြုလုပ်ရန် စတင်သောအချိန်ဖြစ်၏။ သူ
သည်လည်း မိမိနောက်လိုက်အုပ်စုတို့ကို ဦး
ဆောင်၏။ သို့သော်လည်း၊ သူသည် အသတ်
ခံ၏။ သူ၏အုပ်စုသည်လည်း ကွဲပြားကြ၍ ထွက်
ပြေးသွားကြ၏။ 38ယခုတွင် သင်တို့ကို ငါပြော
၏။ ထိုလူတို့မှအဝေး၌ နေကြလော့။ သူတို့ကို
သာ ချန်ထားလော့။ သူတို့၏အကြံအစည်
သည် လူ့ထံမှဖြစ်လျှင် ထိုအကြံအစည်သည်
ပျက်စီးလိမ့်မည်။ 39သို့သော်လည်း ထိုအကြံအ
စည်သည် ဘုရားသခင်ထံမှဖြစ်လျှင် သင်တို့
သည် သူတို့ကို တားမြစ်နိုင်မည်မဟုတ်။ အ
ကယ်စင်စစ် သင်တို့သည် ဘုရားသခင်ကိုယ်
တိုင်ကို ဆန့်ကျင်တိုက်ခိုက်ခြင်းဖြင့် အဆုံးသတ်
သွားလိမ့်မည်” ဟုဆို၏။ ထိုနောက် ယုဒခေါင်း
ဆောင်တို့သည် ဂါမလျေလပြောသောအ
ကြောင်းကို သဘောတူကြ၏။ 40သူတို့သည်
တမန်တော်တို့ကို ခေါ်၍ရိုက်နှက်ကြပြီးယေရှု၏
အကြောင်းကို နောက်ထပ်မဟောပြောရန် သူ
တို့အား အမိန့်ပေးပြီးလွှတ်ကြ၏။ 41တမန်တော်
တို့သည် စည်းဝေးရာခန်းမှ ထွက်လာကြ၏။
တမန်တော်တို့သည် ပျော်ရွှင်နေကြ၏။ အ
ကြောင်းမူကား၊ သူတို့သည် အရှက်ကွဲခြင်းကို
ယေရှု၏နာမတော်အတွက် ဂုဏ်ယူဖွယ်ရာကဲ့
သို့ ထင်မှတ်ကြ၏။ 42တမန်တော်တို့သည် လူ
များအား ဆုံးမသြဝါဒပေးခြင်းကို မရပ်တန့်ကြ။
သူတို့သည် ဆက်လက်၍ ယေရှုသည် ခရစ်
တော်ဖြစ်တော်မူကြောင်း ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို လူများအား ဆုံးမသွန်သင်
ပေး၏။ သူတို့သည် ဤအကြောင်းကို နေ့တိုင်း
ဗိမာန်တော်နယ်မြေနှင့် လူတို့၏အိမ်များ၌ ဆုံး
မသွန်သင်ပေးကြ၏။

## အထူးလုပ်ငန်းမှုအတွက် လူခုနစ် ယောက်ရွေးချယ်ခြင်း

6 ထိုကာလ၌ တပည့်တော်အရေအတွက်
များပြားလာကြ၏။ သို့သော်လည်း၊ ထိုအ
ချိန်၌ တပါးသောအမျိုးသားစကားပြောသော
ယုဒလူမျိုးနှင့် ဟေဗြဲစကားပြောသောယုဒတို့
၏အကြား၌ ငြင်းခုံခြင်းတစ်ခုတိုးပွား၏။ တပါး
သောအမျိုးသားစကား ပြောသောယုဒလူတို့
သည် သူတို့၏မုဆိုးမတို့က နေ့စဉ်ဝေစုရသော
အစာကို မျှတစွာမရကြောင်း ပြောကြ၏။ 2ထို့
နောက် တမန်တော်တစ်ဆယ်နှစ်ပါးတို့သည်
တပည့်တော်အုပ်စုတစ်စုလုံးကို အတူတကွခေါ်
ပြီး “ငါတို့အတွက်‘ ဘုရားသခင်၏နှုတ်ကပတ်
တရားတော် ဆုံးမသြဝါဒပေးခြင်းကို ရပ်စေပြီး
ငါတို့၏အချိန်ကို လူတို့အား အစားအစာခွဲဝေ
ပေးရန် အသုံးပြုခြင်းသည် မမှန်ပါ။ 3ထို့
ကြောင့် ညီအစ်ကိုတို့၊ သင်တို့ထဲ၌ လူခုနစ်
ယောက်တို့ကို ရွေးချယ်ကြလော့။ ထိုသူတို့
သည်အသရေရှိပြီး ဝိညာဉ်တော်၊ ဉာဏ်ပညာ
နှင့်ပြည့်စုံရမည်။ ငါတို့သည် သူတို့အား ဤအ
လုပ်၏တာဝန်ကိုပေးမည်။ 4ထို့နောက် ငါတို့
သည် အချိန်ပြည့်ဆုတောင်းရန်နှင့်ဘုရားသခင်
၏နှုတ်ကပတ်တရားတော်ကို သွန်သင်ရန် အ
ပြည့်ဆက်ကပ်နိုင်လိမ့်မည်” ဟုဆိုကြ၏။
5တပည့်တော်အုပ်စုတစ်စုလုံးသည်၊ ထိုအ
ကြံအစည်ကို နှစ်သက်ကြ၏။ ထို့ကြောင့် ဤ
လူခုနစ်ယောက်ကို ရွေးချယ်ကြ၏။ ယုံကြည်
ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်
စုံသော သတေဖန်၊ ဖိလိပ္ပု၊ *ပြောခေါ်၊
နိကနော်၊ တိမုန်၊ ပါမေနနှင့် အန္တိအုတ်ပြည်မှ
ယုဒဘာသာဝင် တစ်ယောက်ဖြစ်သော
နိကောလတို့ကို ရွေးချယ်၏။ 6ထို့နောက် ရွေး
ချယ်ထားသောခုနစ်ယောက်အား တမန်တော်
တို့ရှေ့၌ ရပ်စေကြ၏။ တမန်တော်တို့သည် ဆု
တောင်းကြပြီးလျှင် ထိုသူတို့၏အပေါ်၌ လက်ကို
တင်ကြ၏။

---

**ဖိလိပ္ပု** တမန်တော် ဖိလိပ္ပု၏ နာမည်မဟုတ်။

[7]ဘုရားသခင်၏ နှုတ်ကပတ်တရားတော်
သည် လူတို့ထံသို့ ပို၍ရောက်ရှိလာ၏။
ယေရုရှလင်မြို့၌ တပည့်တော်အုပ်စုသည် ပို၍
ကြီးလာ၏။ ယုဒယဇ်ပုရောဟိတ် အပေါင်းတို့
သည်လည်းဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို လက်ခံကြ၏။

## အချို့ယုဒလူတို့က သတေဖန်ကို ဆန့်ကျင်၏

[8]ယခုအခါ ယုံကြည်ခြင်းနှင့် သန့်ရှင်းသော
ဝိညာဉ်တော်၏ တန်ခိုးနှင့်ပြည့်စုံသော
သတေဖန်သည် လူတို့တွင် ကြီးစွာသောအံ့ဩ
ဖွယ်ရာများနှင့် ထူးဆန်းသောနိမိတ်လက္ခဏာ
များ ပြုလေ၏။ [9]သို့သော်လည်း၊ ယုဒအချို့
ရောက်လာကြ၍ သတေဖန်နှင့် ငြင်းခုံကြ၏။
ထိုယုဒလူတို့သည် တရားဇရပ်မှ ဖြစ်ကြ၍၊
လွတ်လပ်သော တရားဇရပ်ဟုခေါ်၏။ (ဤတ
ရားဇရပ်သည် ကုရေနေပြည်မှ ယုဒလူတို့အ
တွက်နှင့် အာလေဇန္ဒြိပြည်မှ ယုဒလူမျိုးတို့အ
တွက်ဖြစ်၏။ ကိလိကိပြည်နှင့် အာရှိပြည်မှ ယုဒ
လူတို့သည် သူတို့နှင့်အတူရှိ၏။ [10]သို့သော်
လည်း၊ ဝိညာဉ်တော်သည် သတေဖန်အား
ဉာဏ်ပညာနှင့် ပြောနိုင်ရန် ကူညီတော်မူ၏။
သူ၏စကားများသည် အလွန်တန်ခိုးရှိသော
ကြောင့် ယုဒလူတို့သည် သူနှင့်မငြင်းခုံနိုင်ကြ။
[11]ထို့ကြောင့် ထိုယုဒလူတို့က သတေဖန်သည်
မောရှေနှင့် ဘုရားသခင်ကို လွန်ကျူးသော
စကားများပြောသည်ကို ငါတို့ကြားသိသည်ဟု
ပြောရန် လူတချို့ကို လာဘ်ထိုးကြ၏။" [12]ထို
သို့ ပြောခြင်းအားဖြင့် သူတို့သည် လူတို့ကို၎င်း၊
ယုဒလူမျိုးအကြီးခေါင်းဆောင်တို့နှင့် ကျမ်းပြု
ဆရာတို့ကို၎င်း နှိုးဆော်ကြ၏။ သူတို့သည်အ
လွန် ဒေါသထွက်၍ လာကြပြီး သတေဖန်အား
ဖမ်းဆီး၍ ယုဒခေါင်းဆောင်တို့၏အစည်းအဝေး
ရှေ့၌ ခေါ်လာကြ၏။ [13]"သတေဖန်နှင့် ငြင်းခုံကြ
သောယုဒတို့သည် ပြောဆိုရန် ငွေပေးသော
လူတို့ကို ခေါ်လာကြ၏။ ထိုလူတို့ကို သတေဖန်
၏အကြောင်းကို လိမ်လည်ပြောဆိုရန် ပြော
ထား၏။ ထိုလူတို့က ဤလူသည် သန့်ရှင်းသော
အရပ် ဌာနတော်နှင့် မောရှေ၏ပညတ်တရား
တော်ကို အမြဲတမ်းဆန့်ကျင် ပြောဆို၏' ဟု
ပြောကြ၏။ [14]ထိုနာဇရက်မြို့ သားယေရှုသည်
ဤအရပ်ဌာနတော်ကို ဖျက်ဆီး၍မောရှေသည်
ငါတို့ကိုပေးသောဆုံးမဩ ဝါဒတို့ကို ပြောင်းလဲ
စေမည်" ဟုပြော၏။ အကျွန်ုပ်တို့သည်
သတေဖန်က ထိုစကားပြောသည်ကို ကြား၏။
[15]အစည်းအဝေးပွဲ၌ရှိသော လူတို့သည်
သတေဖန်ကို စေ့စေ့ကြည့်ကြ၏။ သူတို့အား
လုံးက သတေဖန်၏မျက်နှာသည် ကောင်းကင်
တမန်၏ မျက်နှာကဲ့သို့ မြင်ကြ၏။

## သတေဖန်၏မိန့်ခွန်း

7 ယဇ်ပုရောဟိတ်မင်းကသတေဖန်အား"ဤ
စကားမှန်သလော" ဟုမေး၏။ [2]သတေဖန်
က "ငါ့ညီအစ်ကိုအဘတို့၊ ငါ့စကားကို နား
ထောင်ကြလော့။ ငါတို့အဘအာဗြဟံသည်
မေသောပေါတာမိ၌ ရှိနေစဉ်တွင် ဘုန်းကြီး
တော်မူသောဘုရားသခင်သည် ထင်ရှားတော်
မူ၏။ အာဗြဟံသည် ခါရန်မြို့၌မနေမီ ထိုအရာ
ဖြစ်ပျက်ခဲ့၏။ [3]ဘုရားသခင်က အာဗြဟံအား
'သင့်ပြည်နှင့် သင့်အမျိုးသားချင်းထဲက ထွက်
ပြီးလျှင် ငါပြမည့်ပြည်သို့ သွားလော့'* ဟုမိန့်
တော်မူ၏။ [4]ထို့ကြောင့် အာဗြဟံသည်
ခါလဒဲပြည်မှထွက်၍ ခါနန်ပြည်သို့ သွားရောက်
နေထိုင်၏။ သူ၏အဘသေဆုံးသွားပြီးနောက်
ဘုရားသခင်သည် သူ့ကို ယခုသင်တို့နေသော
ဤအရပ်သို့ စေလွှတ်တော်မူ၏။ [5]သို့သော်
လည်း၊ ဘုရားသခင်သည် သူ့ကို မြေတစ်စုံတ
ရာမျှ ပေးတော်မမူ။ ဤပြည်၌ ခြေနှင်းရာမြေ
ကို မျှပေးတော်မမူ။ သို့သော်လည်း၊ ဘုရား
သခင်သည် အာဗြဟံ၌ သားတစ်ယောက်မျှမ
ရှိမီ ဤမြေကို သူ၏အမျိုးအနွယ်တို့အား ပေး

**'သင့်ပြည် ... သို့သွားလော့။'** ကမ္ဘာ၊ 12:1

တော်မူမည်ဟု ဂတိပြုတော်မူ၏။ 6ဘုရား
သခင်က အာဗြဟံအား၊ ‘သင်၏သားစဉ်မြေး
ဆက်တို့သည် တခြားသောပြည်၌ နေကြလိမ့်
မည်။ သူတို့သည် ထိုပြည်၌ ဧည့်သည်ကဲ့သို့
နေလိမ့်မည်။ ထိုပြည်၌ရှိသောလူတို့က သူတို့
အား ကျေးကျွန်အဖြစ်လုပ်ပြီးလျှင် အနှစ်လေး
ရာအတွင်း ဆိုးဝါးစွာနှိပ်စက်ညှဉ်းဆဲကြလိမ့်
မည်။ 7သို့သော်လည်း ငါသည် သူတို့ကို ကျေး
ကျွန်ကဲ့သို့ ညှဉ်းပန်းနှိပ်စက်သောသူတို့ကို အ
ပြစ်ဒဏ်ပေးလိမ့်မည်။’* ဤအကြောင်းအရာ
များ ဖြစ်ပျက်ဖြစ်ပြီးမှ သင်၏လူတို့သည် ထို
ပြည်မှ ထွက်ကြပြီး ဤနေရာ၌ငါ့ကို ကိုးကွယ်
ကြလိမ့်မည်’* ဟုဤအရာကို ဗျာဒိတ်တော်
ပေးတော်မူ၏။ 8ဘုရားသခင်သည် အာဗြဟံ
နှင့် ပဋိညာဉ်တရားကို ပြုတော်မူ၏။ အရေ
ဖျားလှီးခြင်းသည် ထိုပဋိညာဉ်တရား၏အမှတ်
အသားဖြစ်၏။ ထို့နောက် အာဗြဟံသည် သား
တစ်ယောက်ရရှိ၏။ ထိုသားဖွားပြီးနောက် ရှစ်
ရက်မြောက်သောနေ့၌ အာဗြဟံသည် သူ့သား
ကို အရေဖျားလှီး၏။ အာဗြဟံ၏သားနာမည်
သည် ဣဇာက်ဖြစ်၏။ ဣဇာက်သည်လည်း
သူ၏သားယာကုပ်ကိုအရေဖျားလှီး၏။ယာကုပ်
သည်လည်း သူ၏သားတို့အား ထိုနည်းတူပြု
လုပ်၏။ ထိုသားတို့သည် နောက်ပိုင်း၌ အမျိုး
၏အဘတစ်ဆယ့်နှစ်ယောက် ဖြစ်လာကြ၏။
9“သို့သော်လည်း ထိုအမျိုး၏အဘတို့သည်
သူတို့၏ညီဖြစ်သောယောသပ်ကို မနာလိုစိတ်
ရှိကြ၏။ ထို့ကြောင့် သူတို့သည် သူ့ကိုကျွန်အ
ဖြစ်အဲဂုတ္တုပြည်သို့ ရောင်းကြ၏။ သို့သော်
လည်း၊ ဘုရားသခင်သည် သူ့ကို အစဉ်မပြတ်
ကာကွယ်တော်မူ၏။ 10ယောသပ်သည် ထို
ပြည်၌ များပြားသောဆင်းရဲဒုက္ခကို ခံရ၏။
သို့သော်လည်း၊ ဘုရားသခင်သည် သူ့ကို ထို
ဆင်းရဲဒုက္ခများထဲမှ ကယ်နှုတ်တော်မူ၏။ ထိုအ
ချိန်၌ အဲဂုတ္တုပြည်၏ ဘုရင်ဖာရောသည်
ယောသပ်ကို အလွန်နှစ်သက်၍ ရှိသေလေး
စား၏။ အကြောင်းမူကား၊ ဘုရားသခင်သည်
ယောသပ်အား ဉာဏ်ပညာ ပေးတော်မူသော
ကြောင့်ဖြစ်၏။ ဖာရောဘုရင်သည် ယောသပ်
အား အဲဂုတ္တုပြည်၏မြို့တော်ဝန်အဖြစ် ခန့်ထား
လေ၏။ထို့ကြောင့် သူသည် နန်းတော်၌ရှိသော
သူအားလုံးတို့ကို အုပ်စိုးပိုင်ခွင့်ရှိ၏။ 11သို့သော်
လည်း အဲဂုတ္တုပြည်နှင့် ခါနာန်ပြည်တလျှောက်
လုံး၌ မြေများခြောက်သွေ့လာ၏။ သီးနှံပင်များ
မကြီးထွားနိုင်။ ထို့ကြောင့် လူတို့သည် ဘေးဒုက္ခ
ဒဏ်ကို ကြီးစွာခံကြ၏။ ငါတို့၏အဘတို့သည်
လည်း စားစရာမတွေ့နိုင်ကြ။ 12ယာကုပ်သည်
အဲဂုတ္တုပြည်၌ အစားအစာပေါင်းစေ့များ သို
လှောင် ထားကြောင်း ကြားသိသောအခါ သူ
သည် ငါတို့၏ဘိုးဘေးတို့ကို အဲဂုတ္တုပြည်သို့ စေ
လွှတ်၏။ ထိုအကြိမ်သည် အဲဂုတ္တုပြည်သို့ ငါတို့
၏ဘိုးဘေးတို့ ရောက်ရှိသောပထမအကြိမ်ဖြစ်
၏။ 13ထို့နောက် သူတို့သည် ဒုတိယအကြိမ်ထပ်
သွားကြ၏။ ထိုအချိန်၌ ယောသပ်သည် မိမိညီ
အစ်ကိုတို့အား သူသည် အဘယ်သူဖြစ်သည်ကို
ပြောပြ၏။ ထို့ကြောင့် ဖာရောဘုရင်သည်
ယောသပ်၏မိသားစုအကြောင်းကိုသိ၏။ 14ထို့
နောက် ယောသပ်သည် လူတချို့အား မိမိ၏
အဘကိုအဲဂုတ္တုပြည်သို့ ခေါ်ဆောင်ရန်စေလွှတ်
၏။ ထိုမျှမက ယောသပ်သည် မိမိ၏ဆွေမျိုး
သားချင်းများစုစုပေါင်း ခုနစ်ဆယ့်ငါးယောက်
ကို ဖိတ်ခေါ်လိုက်၏။ 15ထို့ကြောင့် ယာကုပ်
သည် အဲဂုတ္တုပြည်သို့ရောက်သွားခြင်း ဖြစ်၏။
ယာကုပ်နှင့်ငါတို့၏ဘိုးဘေးတို့သည် သူတို့သေ
ဆုံးသည်အထိ အဲဂုတ္တုပြည်၌ နေကြ၏။ 16ထို့
နောက် သူတို့၏အလောင်းများသည် ရှေခင်မြို့
ရှိသင်္ချိုင်း၌ ပြောင်းရွှေ့ထားကြ၏။ ထိုသင်္ချိုင်း
သည်အာဗြဟံက ဟာမော်၏သားတို့ထံမှ အဖိုး
ငွေကိုပေး၍ ဝယ်ထားသောသင်္ချိုင်းဖြစ်၏။
17“အဲဂုတ္တုပြည်၌ ဣသရေလလူမျိုးများတိုး
ပွားလာကြ၏။ သူတို့သည် တဖြည်းဖြည်း ပိုမို
တိုးပွားလာကြ၏။ ဘုရားသခင်သည် အာဗြဟံ
နှင့်ပြုလုပ်တော်မူသော ဂတိတော်ပြည့်စုံရန်

---

**‘သင်၏ ... အပြစ်ဒဏ်ပေးလိမ့်မည်’** ကမ္ဘာ၊ 15:13-14
**‘ဤအကြောင်း ... ကိုးကွယ်ကြလိမ့်မည်’** ကမ္ဘာ 15:14; ထွက်၊ 3:12။

အချိန်နီးလာ၏။ 18ထိုနောက် တခြားသော
ဘုရင်က အဲဂုတ္တုပြည်ကို အုပ်စိုးရန် စတင်လာ
၏။ ထိုဘုရင်သည် ယောသပ်၏အကြောင်းကို
တစုံတရာမျှမသိ။ 19သူသည် သူငယ်များကိုအ
သက်မရှင်စေခြင်းငှါ ပစ်ထားစေခြင်းအားဖြင့်
ငါတို့အဘများကို ညှဥ်းဆဲနှိမ်စက်လေ၏။ 20ထို
အချိန်၌ မောရှေကို ဖွားမြင်၏။ သူသည် အ
လွန်အဆင်းလှ၏။ သူတို့သည် သုံးလပတ်လုံး
အဘ၏အိမ်တွင် ပြုစုစောင့်ရှောက်ကြ၏။ 21ထို
နောက် မောရှေသည် ထိုအိမ်၏အပြင်တွင်
ထုတ်ထားသောအခါ ဖာရော၏သမီးသည် သူ
ကိုတွေ့၍ ကောက်ယူ၏။ ဖာရော၏သမီးကသူ
ကိုမိမိ၏သားအရင်းကဲ့သို့ ကြည့်ရှု၏။ 22အဲဂုတ္တု
ပြည်သားတို့သည် သူတို့သိသမျှအရာအလုံးစုံ
တို့ကို မောရှေအား သင်ပေးကြ၏။ မောရှေ
သည် သူပြောသမျှနှင့်ဆောင်ရွက် သမျှတို့၌
တန်ခိုးကြီးမားလာ၏။

23"မောရှေသည် အသက်လေးဆယ် ပြည့်
သောအခါ မိမိ၏ယုဒညီအစ်ကိုတို့ကို အလည်
သွားရန် စဉ်းစား၏။ 24အဲဂုတ္တုသားတစ်
ယောက်က ဣသရေလလူမျိုး တစ်ယောက်
အား ညှဥ်းဆဲနေသည်ကို သူတွေ့သောအခါ
သူသည် ဣသရေလသားအား ကာကွယ်၍
အဲဂုတ္တုသားကို သတ်ခြင်းအားဖြင့် လက်စား
ချေ၏။ 25မောရှေသည် မိမိညီအစ်ကိုတို့ကို
ကယ်တင်ရန် ဘုရားသခင်သည် မိမိအား
အသုံးပြုခြင်းကို မိမိ၏ဣသရေလညီအစ်ကိုတို့
သည် နားလည်လိမ့်မည်ဟုထင်၏။ သို့သော်
လည်း သူတို့သည် နားမလည်ကြ။ 26ထို့နောက်
နက်ဖြန်နေ့၌ မောရှေသည် ဣသရေလသားနှစ်
ယောက်အချင်းချင်းငြင်းခုံပြီး ရိုက်ထိုးကြသည်
ကို မြင်၏။ မောရှေက သူတို့အား အချင်းလူတို့
သင်တို့သည် ညီအစ်ကိုချင်းဖြစ်၏' အဘယ်
ကြောင့် တစ်ယောက်နှင့်တစ်ယောက် အမှား
လုပ်ကြသနည်း ဟုပြောခြင်းဖြင့် ပြန်လည်သင့်
မြတ်စေခြင်းငှါ ကြိုးစား၏။ 27ဤအချိန်၌ အမှား
ကို တင်သောသူသည် မောရှေအား အဝေးသို့
ဆောင့်တွန်းပစ်လိုက်၏။ သူက 'အဘယ်သူ
သည် သင့်ကို ငါတို့၏အုပ်ချုပ်သူနှင့် အပြစ်စီ
ရင်သူအဖြစ် ခန့်ထားသနည်း။ 28အဘယ်သူက
မျှ မခန့်ထားပါ။ မှန်သည် မဟုတ်လော။ သင်
သည် မနေ့ကအဲဂုတ္တုသားကို သတ်သကဲ့သို့ ငါ့
ကို သတ်မည်လော'* ဟုပြော၏။ 29ထိုစကား
ကိုကြားလျှင် မောရှေသည် အဲဂုတ္တုပြည်မှ
ထွက်ပြေး၍ မိဒျန်ပြည်ကို ရောက်၏။ သူသည်
ထိုပြည်၌ ဧည့်သည်တစ်ယောက်ကဲ့သို့နေ၍
သားနှစ်ယောက်ရရှိ၏။

30"အနှစ်လေးဆယ်လွန်သောအခါ မောရှေ
သည် သိနာတောင်အနားရှိသဲကန္တာရ၌ နေ
၏။ ထိုအချိန်တွင် မီးလောင်သောချုံပုတ်၌
မီးတောက်ထဲမှ ကောင်းကင်တမန်ကို မြင်လေ
၏။ 31သူသည် ထိုအရာကို မြင်သောအခါ အံ့
အားသွား၏။ သူသည် စေ့စေ့ကြည့်ရှုခြင်းငှါ
အနားသို့ချဉ်းကပ်လျှင် ထာဝရဘုရား၏အသံ
တော်ဖြစ်၏။ 32ထာဝရဘုရားက 'ငါသည် သင့်
ဘိုးဘေးတို့၏ဘုရား အာဗြဟံ၏ဘုရား၊
ဣဇာက်၏ဘုရားနှင့် ယာကုပ်၏ဘုရားဖြစ်၏'
ဟုမိန့်တော်မူ၏။ မောရှေသည် ကြောက်
ရွံ့ခြင်းနှင့်တုန်လှုပ်နေ၏။ သူသည် ချုံပုတ်ထဲကို
ပင်လျှင် မကြည့်ဝံ့။ 33ထာဝရဘုရားက သူ့အား
'သင့်ခြေနင်းကို သင့်ခြေထောက်မှ ချွတ်
လော့။'* အကြောင်းမူကား၊ ယခုသင်ရပ်နေ
သောနေရာသည် သန့်ရှင်းသောမြေဖြစ်၏။
34အဲဂုတ္တုပြည်၌ ငါ၏လူတို့ခံရသောဒုက္ခဝေဒနာ
ကို ငါမြင်ပြီး ငါသည် သူတို့၏ငိုကြွေးသောအ
သံကို ကြားပြီ။ ထို့ကြောင့် ငါသည် သူတို့ကို
ကယ်တင်ရန်ဆင်းလာပြီ။ မောရှေ ယခုသွား
လော့။ သင့်ကိုအဲဂုတ္တု ပြည်သို့ ငါပြန်လွှတ်၏'
ဟုဗျာဒိတ်တော်ရှိ၏။

35ယုဒလူတို့သည် မောရှေကို မနှစ်သက်ခဲ့
ကြ။ သူတို့က မောရှေအား 'အဘယ်သူသည်
သင့်ကို ငါတို့၏အုပ်ချုပ်သူနှင့် တရားစီရင်သူအ
ဖြစ်ခန့်ထားသနည်း'* ဟုပြော၏။ အဘယ်သူ

---

**'အဘယ်သူ ... သတ်မည်လော'** ထွက် 2:14

**'သင့်ခြေနင်း ... ချွတ်လော့'** ထွက် 3:5-10

ကမှ မခန့်ကြ။ ဘုရားသခင်သည် အုပ်စိုးသူနှင့်
ကယ်လွှတ်သောသူအဖြစ် စေလွှတ်တော်မူ
သောသူသည် ထိုမောရှေပင်ဖြစ်၏။ ဘုရား
သခင်သည် မီးလောင်နေသောချုံထဲ၌ ထင်
ရှားသော ကောင်းကင်တမန်၏အကူအညီနှင့်
မောရှေအား စေလွှတ်တော်မူ၏။ ထိုကောင်း
ကင်တမန်သည် ဘုရားသခင်အားဖြင့် စေလွှတ်
တော်မူသောကောင်းကင်တမန် ဖြစ်တော်မူ
၏။ [36]မောရှေသည် သူတို့ကို နှုတ်ဆောင်၍
အဲဂုတ္တုပြည်၌ရင်း၊ ပင်လယ်နီ၌ရင်း၊ တော၌
ရင်း အံ့ဖွယ်သောအရာများနှင့် နိမိတ်လက္ခ
ဏာများကို အနှစ်လေးဆယ်ပတ်လုံးပြုလေ၏။
[37]ယုဒတို့အား 'ဘုရားသခင်သည် သင်တို့အထဲ
၌ ငါနှင့်တူသောပရောဖက်တစ်ပါး စေလွှတ်
တော်မူမည်'* ဟုပြောသောသူသည် ထို
မောရှေပင်ဖြစ်၏။ [38]ထိုမောရှေပင်လျှင် တော
တွင်ရှိတော်မူသော ဘုရားသခင်၏လူတို့အ
စည်းအဝေး၌ရှိသောသူဖြစ်၏။ သူသည် သိနာ
တောင်ပေါ်မှာသူ့ကိုစကားပြောသော ကောင်း
ကင်တမန်နှင့် အတူရှိ၏။ သူသည် ငါတို့၏အဘ
တို့နှင့်အတူရှိ၏။ သူသည် ဘုရားသခင်မှ အ
သက်ရှင်စေသောပညတ်တော်ကိုခံလေ၏။ သူ
သည် ထိုပညတ်တော်ကိုငါတို့အား ပေးလေ၏။
[39]"သို့သော်လည်း ငါတို့၏ဘိုးဘေးတို့သည်
ထို သူ၏စကားကိုနာခံရန် ငြင်းပယ်ကြ၏။ သူ
တို့သည် အဲဂုတ္တုပြည်သို့ ပြန်သွားလိုကြ၏။
[40]ငါတို့၏အဘတို့က အာရုန်အား 'မောရှေ
သည် ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်၏။
သို့သော်လည်း သူ၌အဘယ်သို့ ဖြစ်သည်ကို
ငါတို့မသိ။ ထို့ကြောင့် ငါတို့ရှေ့မှာ သွား၍
ငါတို့ကို ဦးဆောင်ရန် ဘုရားတချို့ကို ပြုလုပ်
ပါ'* ဟုပြောကြ၏။ [41]ထို့ကြောင့် ထိုနေ့ရက်
ကာလ၌ လူတို့သည် နွားငယ်သဏ္ဍာန်ရုပ်တု
လုပ်ကြ၏။ သူတို့သည် ထိုရုပ်တုအား ယဇ်ပူ
ဇော်ကြ၏။ သူတို့သည် မိမိတို့လက်နှင့် လုပ်နိုင်
သောရုပ်တုနှင့် အလွန်ပျော်မွေ့ကြ၏။ [42]သို့
သော်လည်း၊ ဘုရားသခင်သည် သူတို့ထံမှလွှဲ
တော်မူ၏။ ဘုရားသခင်သည် သူတို့အား
ကောင်းကင်၌ ရှိသောဘုရားအတုတို့၏တပ်
သားများကိုဝတ်ပြုစေခြင်းငှါ စွန့်ပစ်ထားတော်
မူ၏။ ဤအကြောင်းသည် ပရောဖက်တို့၏
ကျမ်းစာ၌ရေးသားခဲ့သည်မှာ ဘုရားသခင်က၊

> 'သင်တို့၊ယုဒလူတို့သည် တိရစ္ဆာန်နှင့်ယဇ်
> များကို တောထဲ၌ အနှစ်လေးဆယ်ပတ်
> လုံး ငါ့အား ပူဇော်ကြသလော။
>
> [43] သင် တို့သည် မောလုပ်၏တဲနှင့် သင်တို့
> ဘုရားရင်ဖန်၏ ကြယ်ပုံသဏ္ဍာန်ဘုရားတို့
> ကို သင်တို့နှင့်အတူ ယူဆောင်သွားကြ
> ၏။ ထိုအရာများသည် ကိုးကွယ်ရန်
> သင်တို့ပြုလုပ်သောအရာများ ဖြစ်၏။
> ထို့ကြောင့် ငါသည် သင်တို့ကို ဗာဗုလုန်
> မြို့ တဘက်အဝေးသို့ ပို့ဆောင်မည်။'
>
> *အာမုတ်၊ 5:25–27*

[44]"သန့်ရှင်းသောတဲတော်*သည် တော
တွင် ငါတို့၏အဘတို့နှင့်အတူရှိ၏။ ဘုရားသခင်
သည် မောရှေအား ထိုတဲတော်သည် အဘယ်
သို့ ပြုလုပ်ရမည်ကို မိန့်တော်မူ၏။ မောရှေ
သည် ထိုတဲတော်ကို ဘုရားသခင်က ပြတော်
မူသောပုံစံအတိုင်း ပြုလုပ်၏။ [45]မကြာမီကာ
လ၌ ငါတို့၏ဘိုးဘေးများသည် တစ်ပါးအမျိုး
သားတို့ ပိုင်သောမြေကို သိမ်းပိုက်ရန် ယောရှု
က ဦးဆောင်၏။ ငါတို့၏လူမျိုးတို့သည် ထို
မြေထဲသို့ ဝင်သွားကြသောအခါ ဘုရားသခင်
သည် ထိုတစ်ပါးသောလူမျိုးတို့အား ထိုနေရာ
မှ နှင်ထုတ်တော်မူ၏။ ငါတို့၏လူမျိုးတို့သည်
ထိုမြေထဲသို့ ရောက်သောအခါ ထိုတဲတော်

---

**'အဘယ်သူ … ခန့်ထားသနည်း'** ထွက် 2:14

**'ဘုရားသခင် … စေလွှတ်တော်မူမည်။'** တရား 18:15

**'မောရှေသည်ငါတို့ကို … ပြုလုပ်ပါ။'** ထွက် 32:1

**သန့်ရှင်းသောတဲတော် (သက်သေခံချက်တဲတော်)**
မောရှေခေတ်တုန်းမှာ ဘုရားသခင်သူ့လူတို့အကြား၌ နေ
ထိုင်သောနေရာနှင့် ပညတ်တော်ဆယ်ပါးထားခဲ့သော
ရွှေပြောင်းလို့ရသောတဲတော်ဖြစ်သည်။

သည် သူတို့နှင့်အတူယူဆောင်၏။ ငါတို့၏လူ
မျိုးတို့သည် ထိုတဲတော်ကို ငါတို့၏အဘများ
ထံမှရရှိ၏။ သူတို့သည် ထိုတဲတော်ကို ဒါဝိဒ်
မင်းလက်ထက်တိုင်အောင် ထိန်းသိမ်းကြ၏။
46ဒါဝိဒ်သည် ဘုရားသခင်၏ကျေးဇူးတော်ကိုခံ
ရ၍ ယာကုပ်၏ဘုရားသခင်ကျိန်းဝပ်တော်မူရန်
အိမ်တော်ကို ဆောက်ခွင့်တောင်းဆို၏။ 47သို့
သော်လည်း၊ ရှောလမုန်သည် ထိုဗိမာန်တော်
ကို ဆောက်သောသူဖြစ်၏။

48"အမြင့်မြတ်ဆုံးသော ဘုရားသခင်သည်
လူတို့၏လက်ဖြင့် ဆောက်ထားသောအိမ်၌
ကျိန်းဝပ်တော်မမူ။ ပရောဖက်သည် ဤအ
ကြောင်းကို ရေးသား၏။

'ထာဝရဘုရားက မိန့်တော်မူသည်မှာ၊
ကောင်းကင်ဘုံသည် ငါပလ္လင်ဖြစ်၏။
49 မြေကြီးသည် ငါ့ခြေတင်ခုံဖြစ်၏။ သင်တို့
သည် ငါ့အတွက် အဘယ်သို့သောအိမ်
ကို တည်ဆောက်ကြမည်နည်း။ အဘယ်
အရပ်သည် ငါကျိန်းဝပ်ရာအရပ်ဖြစ်မည်
နည်း။ 50ငါသည် ဤအရာအလုံးစုံကို
ဖန်ဆင်းသည်ကို မှတ်ထားကြလော့။'"

*ဟေရှာယ 66:1–2*

51ခေါင်းမာသော ယုဒခေါင်းဆောင်တို့
"သင်တို့၏နှလုံးသားကို ဘုရားသခင်အား မပေး
ကြ။ ဘုရားသခင်၏စကားတော်ကို သင်တို့နား
မထောင်ကြ။ သင်တို့သည် သန့်ရှင်းသော
ဝိညာဉ်တော်ကို အမြဲတမ်းဆန့်ကျင်ဘက်ပြု
လေ့ရှိကြ၏။ သင်တို့၏ဘိုးဘေးများလုပ်ခဲ့ကြ
သကဲ့သို့ သင်တို့လုပ်နေကြ၏။ 52သင်တို့၏ဘိုး
ဘေးတို့က ပရောဖက်တိုင်းကို ညှဉ်းပန်းနှိပ်စက်
ကြ၏။ ထိုပရောဖက်တို့သည် ရှေးကာလ၌
ဖြောင့်မတ်သောသူတစ်ပါး ကြွလာတော်မူ
မည့်အကြောင်း ဟောပြော၏။ သင်တို့၏ဘိုး
ဘေးများသည် ထိုအကြောင်း ဟောပြော
သောပရောဖက်အားလုံးကို သတ်ကြ၏။ ယခု
အခါ၌ သင်တို့သည် ဖြောင့်မတ်သောသူတစ်
ပါးကို ပြန်ဆန့်ကျင်ပြီး သတ်ကြ၏။ 53သင်တို့
သည် မောရှေ၏ပညတ်တရားတော်ကို ရရှိ
သောသူများဖြစ်ကြ၏။ ဘုရားသခင်သည် ထို
ပညတ်တရားတော်ကို ကောင်းကင်တမန်
တော်အားဖြင့် ပေးတော်မူ၏။ သို့သော်လည်း
သင်တို့သည် ထိုပညတ်တရားတော်အား နာ
မခံကြ" ဟုမြွက်ဆို၏။

## သတေဖန်အသတ်ခံရခြင်း

54ယုဒခေါင်းဆောင်တို့သည် သတေဖန်
ပြောသောစကားကို ကြားကြ၏။ သူတို့သည်
အလွန်ဒေါသထွက်ကြ၏။ သူတို့သည် အံသွား
ကြိတ်၍ သတေဖန်ကို စိုက်ကြည့်ကြ၏။ 55သို့
သော်လည်း၊ သတေဖန်သည် သန့်ရှင်းသော
ဝိညာဉ်တော်နှင့်ပြည့်ဝ၏။ သူသည် မိုးကောင်း
ကင်သို့ မော့ကြည့်မျှော်၏။ သူသည် ဘုရား
သခင်၏ဘုန်းတော်ကိုမြင်၏။ သူသည် ဘုရား
သခင်၏လက်ျာတော်ဘက်၌ ယေရှုရပ်တော်
မူသည်ကိုလည်းမြင်၏။ 56သတေဖန်က၊ "ကြည့်
ပါ၊ ကောင်းကင်ဖွင့်လှစ်၍လူသားသည် ဘုရား
သခင်၏လက်ျာတော်ဘက်၌ ရပ်နေသည်ကို
ငါတွေ့၏" ဟုပြော၏။

57ထိုအခါ ယုဒခေါင်းဆောင်တို့သည် သူတို့
၏နားကို လက်ဖြင့်ပိတ်၍ ကျယ်လောင်စွာ
အော်ဟစ်ပြီး သူတို့အားလုံးသည် သတေဖန်ထံ
သို့ ညီညွတ်စွာ ပြေးသွားကြ၏။ 58သူတို့သည်
သူ့ကို မြို့ပြင်သို့ နှင်ထုတ်၍ ကျောက်ခဲနှင့်ပစ်
ကြ၏။ သူ့ကို ဆန့်ကျင်၍ မှားသောသက်သေ
ခံတို့သည် မိမိတို့ဝတ်လုံများကို ရှောလုအမည်
ရှိလူငယ်၏ခြေရင်း၌ ထားကြ၏။ 59သို့သော်
လည်း၊ သူတို့သည် ကျောက်ခဲနှင့်ပစ်ကြစဉ်
သတေဖန်သည်ဆုတောင်းလျက် "သခင်ယေရှု၊
အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူတော်မူပါ" ဟု
လျှောက်ဆို၏။ 60ထို့နောက်သူသည်ဒူးထောက်
ပြီး ကျယ်လောင်သောအသံနှင့်၊ "သခင်၊ ဤသူ
တို့ကို ဤအပြစ်ကြောင့် အပြစ်ရှိသောသူအဖြစ်
မှတ်တော် မမူပါနှင့်" ဟုကြွေးကြော်၏။ ထိုသို့
ပြောပြီးနောက်၊ သတေဖန်သည် သေဆုံးသွား
လေ၏။

8 ရှောလုသည် သတေဖန်အား ထိုသို့သတ်
ခြင်းကို မှန်ကန်သည်ဟု သဘောတူလက်
ခံ၏။

## ယုံကြည်သူတို့အတွက်ဒုက္ခ

2-3ဘာသာရေးကိုင်းရှိုင်းသော လူအချို့
သည် သတေဖန်ကို သင်္ဂြိုဟ်ကြ၍ ပြင်းစွာငို
ကြွေးမြည်တမ်းကြ၏။ ထိုနေ့၌ ယုဒလူတို့သည်
ယေရုရှလင်မြို့ရှိ ယုံကြည်သူအဖွဲ့များကို စတင်
၍ ပြင်းထန်စွာညှဉ်းပန်းနှိပ်စက်ကြ၏။ ရှောလု
သည် အသင်းတော်ကို ဖျက်စီးရန် ကြိုးစား၏။
သူသည် သူတို့၏အိမ်များထဲသို့ ဝင်ပြီးလျှင်
ယောက်ျားမိန်းမတို့ကိုဆွဲထုတ်၍ ထောင်ထဲ၌
လှောင်ထား၏။ တမန်တော်တို့ရှိ တစ်ပါးယုံ
ကြည်သူအားလုံးသည် ယေရုရှလင်မြို့မှ ထွက်
ခွာသွားကြ၏။ ယုံကြည်သူတို့သည် ယုဒပြည်
နှင့်ရှမာရိပြည်သို့ ကွဲပြားပျံ့နှံ့သွားကြ၏။ 4ယုံ
ကြည်သူတို့သည် နေရာအရပ်ရပ်သို့ ပျံ့နှံ့သွား
ကြ၏။ သူတို့သွားသောနေရာတိုင်း၌ ဧဝံဂေလိ
တရားကို လူတို့အား ဟောပြောကြ၏။

## ရှမာရိပြည်၌ဖိလိပ္ပုက တရားဟောခြင်း

5ဖိလိပ္ပုသည် ရှမာရိမြို့သို့သွား၍သူတို့အား
ခရစ်တော်၏အကြောင်းကို ဟောပြောလေ၏။
6သူတို့သည် ဖိလိပ္ပု၏စကားကို ကြား၍ ဖိလိပ္ပု
ပြုသောနိမိတ်လက္ခဏာများကို မြင်သောအခါ
သူတို့သည် သူ၏စကားကိုတညီတညွတ်တည်း
နားထောင်ကြ၏။ 7သူတို့တွင် များစွာသော
လူတို့သည် နတ်ဆိုးစွဲကပ်ခြင်းခံရ၏။ သို့သော်
လည်း၊ ဖိလိပ္ပုသည် အမိန့်ပေးသောအခါ လူတို
၏အထဲမှ နတ်ဆိုးတို့သည် ကျယ်လောင်စွာ
အော်ပြီး ထွက်သွားကြ၏။ ထိုအခါထိုမြို့၌အား
နည်း၍ ခြေမစွမ်းသောသူတို့ရှိကြ၏။ ဖိလိပ္ပု
သည် သူတို့ကို ကျန်းမာစေလေ၏။ 8ထိုမြို့၌
ရှိသောလူတို့သည် အလွန်ဝမ်းမြောက်ကြ၏။
9သို့သော်လည်း ရှိမုန်အမည်ရှိသောလူ
တစ်ယောက်သည် ထိုမြို့၌ရှိ၏။ ထိုအရပ်သို့
ဖိလိပ္ပုရောက်မလာမီ ရှိမုန်သည် မှော်အတတ်
ကို ပြသ၍ ရှမာရိပြည်ရှိ လူတို့ကို အံ့အားသင့်
စေ၏။ သူသည် ကြီးကျယ်မြင့်မြတ်သောသူဟု
ကြွားဝါပြောဆို၏။ 10အရေးပါသောလူနှင့်၊ အ
ရေးမပါသော လူအပေါင်းတို့သည် သူ၏စကား
ကို ယုံကြည်ကြ၍၊ “ဤလူသည် ‘ကြီးမားသော
တန်ခိုး’ ဟုခေါ်သော ဘုရားသခင်၏တန်ခိုး
တော်ရှိ၏” ဟုဆိုကြ၏။ 11ရှိမုန်သည် လူတို့ကို၊
သူ၏မှော်မျက်လှည့်အတတ်အားဖြင့် ကြာမြင့်
စွာ အံ့အားသင့်စေသောကြောင့် သူတို့သည်
သူ့နောက်လိုက်များဖြစ်လာကြ၏။ သူတို့သည်
သူ၏မှော်မျက်လှည့်ကို ကြာမြင့်စွာ အံ့အား
သင့်စေသောကြောင့် သူ့နောက်လိုက်များ ဖြစ်
လာကြ၏။ 12သို့သော်လည်း၊ ဖိလိပ္ပုသည် လူ
တို့အား ဘုရားသခင့်နိုင်ငံတော်၏ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းနှင့် ယေရှုခရစ်၏တန်ခိုး
တော်များကို ပြောပြလေ၏။ ထို့ကြောင့်
ယောက်ျား၊ မိန်းမတို့သည် ဖိလိပ္ပုကို ယုံကြည်
ကြ၏။ သူတို့သည် ဗတ္တိဇံကိုခံယူကြ၏။ 13ရှိမုန်
သည်လည်း ကိုယ်တိုင်ယုံကြည်သည် ဖြစ်၍
ဗတ္တိဇံကိုခံလာ၏။ သူသည် ဖိလိပ္ပုအား နေရာ
တိုင်း၌လိုက်လာ၏။ သူသည် ဖိလိပ္ပုပြုလုပ်
သောကြီးမားသောအရာများနှင့် အံ့သြဖွယ်ရာ
ကို မြင်၍ မိန်းမောတွေဝေလျက် ရှိလေ၏။
14တမန်တော်တို့သည် ယေရုရှလင်မြို့တွင်
ရှိနေဆဲဖြစ်၏။ ရှမာရိမြို့သားတို့သည် ဘုရား
သခင်၏နှုတ်ကပတ်တော်ကို ခံယူကြကြောင်း
သူတို့ကြားသိ၏။ သူတို့သည် ဖိလိပ္ပုပြောသော
စကားကို တညီတညွတ်တည်း နားထောင်
ကြ၏။ ထို့ကြောင့်သူတို့သည် ပေတရုနှင့်
ယောဟန်တို့ကို သူတို့ထံသို့ စေလွှတ်ကြ၏။
15ပေတရုနှင့် ယောဟန်တို့သည် ရှမာရိမြို့၌
ရောက်သွားကြသောအခါ သူတို့သည်၊ ရှမာရိ
မြို့ရှိ ယုံကြည်သောသူတို့အား သန့်ရှင်းသော
ဝိညာဉ်တော်ကို လက်ခံစေခြင်းငှါ ဆုတောင်း
ကြ၏။ 16ထိုလူတို့သည် သခင်ယေရှု၏နာမ
တော်၌ ဗတ္တိဇံကိုခံရုံမျှသာ ရှိကြ၏။ သို့သော်
လည်း သန့်ရှင်းသောဝိညာဉ်တော်သည် တစ်စုံ
တစ်ယောက်မျှအပေါ်၌ သက်ရောက်တော်မမူ

သေးချေ။ ထို့ကြောင့် ပေတရုနှင့် ယောဟန်တို့
သည် ထိုသူတို့အတွက် ဆုတောင်းပေးကြ၏။
17 တမန်တော်နှစ်ဦးတို့သည် ထိုလူတို့အပေါ်၌
လက်ကိုတင်၏။ ထို့နောက် လူတို့သည် သန့်
ရှင်းသောဝိညာဉ်တော်ကိုခံရကြ၏။
18 တမန်တော်တို့သည် လက်ကို လူတို့အ
ပေါ်၌ တင်သောအခါ လူတို့သည် သန့်ရှင်း
သောဝိညာဉ်တော်ခံရသည်ကို ရှိမုန်မြင်တွေ့
၏။ ထို့ကြောင့် ရှိမုန်သည် တမန်တော်တို့အား
ငွေပေး၍၊ 19 “အကျွန်ုပ်၏လက်ကို လူတစ်
ယောက်အပေါ်၌ တင်သောအခါ သူသည် သန့်
ရှင်းသောဝိညာဉ်တော်ကို ရရှိမည်အကြောင်း
အကျွန်ုပ်ကိုလည်း ဤတန်ခိုးကိုပေးပါ” ဟုပြော
လေ၏။ 20 ပေတရုသည် ရှိမုန်အား “သင်နှင့်
တကွသင်၏ငွေသည် ပျက်စီးခြင်းသို့ ရောက်
စေသတည်း။ အကြောင်းမူကား၊ ဘုရားသခင်
၏ဆုကျေးဇူးတော်ကို ငွေနှင့်ဝယ်ယူနိုင်မည်ဟု
အကြံရှိ၏။ 21 သင်သည် ဤအလုပ်၏လုပ်ဖော်
ကိုင်ဘက်မဖြစ်နိုင်။ အကြောင်းမူကား၊ သင်၏
စိတ်နှလုံးသည်ဘုရားသခင်ရှေ့တော်၌မဖြောင့်
မတ်ပါ။ 22 သင်၏စိတ်နှလုံးကို ပြောင်း၍ ဤဆိုး
ညစ်သောကြံစည်ခြင်းမှပြန်လှည့်လော့။ဘုရား
သခင်ထံသို့ ဆုတောင်းလော့။ ထို့နောက်သူ
သည် ဤကဲ့သို့ အကြံအစည်ရှိခြင်းကို လွှတ်
ကောင်းလွှတ်လိမ့်မည်။ 23 အကြောင်းမူကား၊
သင်၌ မနာလိုခြင်းနှင့် ပြည့်၍ အပြစ်ကအုပ်စိုး
သည်ကို ငါသိမြင်၏။”
24 ရှိမုန်က “သင်တို့နှစ်ယောက်သည် အ
ကျွန်ုပ်အတွက် ထာဝရဘုရားကို ဆုတောင်း
တော်မူကြပါ။ သို့မှသာ သင်တို့ပြောသောအ
ရာသည် အကျွန်ုပ်အပေါ်သို့ ဖြစ်ပျက်မည်မ
ဟုတ်” ဟုပြန်ပြော၏။
25 ထို့နောက် တမန်တော်တို့သည် သူတို့၌
ယေရှု၏ဆောင်ရွက်ပြသတော်မူသော သက်
သေရှိသမျှကို လူတို့အား ပြောပြကြ၏။ သူတို့
သည်လည်း ထာဝရဘုရား၏နှုတ်ကပတ်တော်
ကို လူတို့အား ပြောပြကြ၏။ ထို့နောက် တမန်
တော်နှစ်ပါးသည် ယေရုရှလင်မြို့သို့ ပြန်လာကြ
၏။အပြန်ခရီး၌သူတို့သည် ရှမာရိမြို့များကိုဖြတ်
သန်းသွားခဲ့စဉ်၊ လူတို့ကို ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းအကြောင်း ဟောပြောကြ၏။

## ဖိလိပ္ပုက အဲသယောပိပြည်မှလူတစ်ယောက်ကိုသွန်သင်ခြင်း

26 ထာဝရဘုရား၏ကောင်းကင်တမန်တော်
က ဖိလိပ္ပုအား၊ “သင်ထ၍ တောင်အရပ်သို့
သွားလော့။ ယေရုရှလင်မြို့မှ ဂါဇမြို့သို့ သွား
ရာလမ်းအတိုင်း သွားလော့။ ထိုလမ်းသည်
တောထဲက ဖြတ်သွားမည်” ဟုပြောလေ၏။
27 ထို့ကြောင့် ဖိလိပ္ပုသည် အဆင်သင့်ဖြစ်ပြီး
ခရီးစထွက်၏။ သူသည် ခရီးသွားနေစဉ်
အဲသယောပိနိုင်ငံမှ လူတစ်ယောက်ကို လမ်း
ပေါ်၌တွေ့၏။ သူသည် အမတ်တစ်ယောက်ဖြစ်
၏။ သူသည် အဲသယောပိဘုရင်မ ကန္ဒက်ထံ
တွင် အရေးကြီးသောအရာရှိ တစ်ဦးဖြစ်၏။ သူ
သည် သူမ၏ဘဏ္ဍာတော်ထိန်းဖြစ်၏။ ထိုသူ
သည် ယေရုရှလင်မြို့သို့ ဘုရားဝတ်ပြုရန် သွား
၏။ 28 ယခုအခါ၌ သူသည် မိမိ၏အိမ်အပြန်
ခရီးတွင် မိမိရထားပေါ်၌ ထိုင်၍၊ ပရောဖက်
ဟေရှာယရေးသားသောကျမ်းစာကို ဖတ်လေ
၏။ 29 ထို့နောက် ဝိညာဉ်တော်က ဖိလိပ္ပုအား
“ထိုရထားသို့သွား၍ အနားတွင်ရပ်လော့” ဟု
ပြောလေ၏။ 30 ဖိလိပ္ပုသည် ထိုရထားသို့ ချဉ်း
ကပ်၏။ ထိုအခါထို သူသည် အသံထွက်၍
ဖတ်နေသည် ကို ဖိလိပ္ပု ကြားရ၏။ ထိုသူသည်
ပရောဖက်ဟေရှာယ၏ကျမ်းစာထဲမှ ဖတ်နေ
၏။ ဖိလိပ္ပုက ထိုသူအား၊ “သင်ဖတ်နေသော
အရာကို နားလည်သလော” ဟုမေးမြန်း၏။
31 ထိုအမတ်က “အဘယ်သို့ဤစာကို နားလည်
နိုင်မည်နည်း။ ငါသည် ဤစာကို ရှင်းပြပေးရန်
တစ်စုံတစ်ယောက်လို၏”ဟုပြော၏။ ထို့နောက်
သူသည် ဖိလိပ္ပုအား မိမိနှင့်အတူတက်၍ လာ
ထိုင်ရန် ဖိတ်ခေါ်လေ၏။ 32 ထိုသူဖတ်နေသော
ကျမ်းစာပိုဒ်မှာ၊

“သူသည် အသေသတ်ရန်ဆောင်သွား
သောသိုးကဲ့သို့ ဖြစ်၏။ သူသည် တစ်စုံ

တစ်ယောက်က အမွေးညှပ်စဉ်၌ အသံ
မမြည်ဘဲ ငြိမ်နေသောသိုးသငယ်ကဲ့သို့
ဖြစ်၏။
33 သူသည် နှိမ့်ချခြင်းကိုခံတော်မူ၍ သူ၏
အခွင့်အရေးများအားလုံးသည် ယူသွား
ခြင်းခံရ၏။ သူ၏လောကအသက်တာ
သည် ပြီးဆုံးသွား၏။ သူ၏အမျိုးအနွယ်
အကြောင်းကိုပြောရန် တစ်ယောက်မျှရှိ
မည်မဟုတ်” ဟုလာ၏။

*ဟေရှာယ 53:7–8*

34အမတ်က ဖိလိပ္ပုအား၊ “ကျေးဇူးပြု၍
အကျွန်ုပ်ကို ပြောပြပါ။ ပရောဖက်က အဘယ်
သူ၏အကြောင်းကို ပြောပြသနည်း။ သူကိုယ်
တိုင်၏အကြောင်း ဖြစ်သလော။ သို့မဟုတ်
တခြားတစ်စုံတစ်ယောက်၏အကြောင်း ဖြစ်သ
နည်း” ဟုမေးလေ၏။ 35ထို့နောက် ဖိလိပ္ပုက
ဤကျမ်းစာပိုဒ်မှ စ၍ ယေရှု၏ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းကို ထိုသူအားပြောပြ၏။
36သူတို့သည် လမ်း၌သွားကြစဉ် ရေရှိ
သောနေရာတစ်နေရာသို့ ရောက်၏။ ထိုအခါ
အမတ်က “ကြည့်လော့၊ ဤအရပ်တွင် ရေရှိပါ
၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှါ အဘယ်သို့
သောအရာသည် တားဆီးနိုင်သနည်း” ဟုပြော
ဆို၏။ 37★38အမတ်သည် ရထားကို ရပ်ရန်
အမိန့်ပေး၏။ ထို့နောက် ဖိလိပ္ပုနှင့်အမတ်သည်
ရေထဲသို့ ဆင်း၍ ဖိလိပ္ပုသည် သူ့ကို ဗတ္တိဇံပေး
လေ၏။ 39သူတို့သည် ရေထဲက တက်လာကြ
သောအခါ၊ ဘုရားသခင်၏ဝိညာဉ်တော်သည်
ဖိလိပ္ပုကို ဆောင်တော်မူ၏။ အမတ်သည် သူ့
ကို နောက်တဖန်မတွေ့။ သို့သော်လည်း သူ
သည် မိမိအိမ်အပြန်လမ်းကို ဝမ်းမြောက်ခြင်း
နှင့် ဆက်သွား၏။ 40သို့သော်လည်း ဖိလိပ္ပု
သည် အာဇုတ်မြို့တွင်ရှိကြောင်း ကိုယ့်ကိုကိုယ်
မြင်၏။ သူသည် ကဲသရိမြို့သို့ ခရီးဆက်သွား၍
ကဲသရိမြို့သို့ ရောက်သည့်တိုင်အောင် သွားရာ
လမ်းတစ်လျှောက်၌ရှိသော မြို့အားလုံးတွင်၊
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဟော
ပြော၏။

## ရှောလုအသက်တာပြောင်းလဲခြင်း

9 ယေရုရှလင်မြို့၌ ရှောလုသည် သခင်
ဘုရား၏တပည့်တော်တို့ကို အသေသတ်
ခြင်းနှင့် ခြိမ်းခြောက်ခြင်းစိတ်အနေအထားရှိနေ
စဉ်ဖြစ်၏။ 2ရှောလုသည် ယဇ်ပုရောဟိတ်မင်း
အား ဒမာသက်မြို့၌ရှိသော တရားဇရပ်မှူးတို့
ထံသို့ စာပေးရန် တောင်းဆို၏။ အကြောင်းမူ
ကား၊ သူသည် ခရစ်ယန်ဘာသာဝင်သော
ယောကျ်ား မိန်းမတို့ကိုတွေ့လျှင် ချည်နှောင်၍
ယေရုရှလင်မြို့သို့ ပို့ဆောင်ရန် အလိုရှိ၏။
3ထို့ကြောင့်သူသည်ယဇ်ပုရောဟိတ်မင်းထံ
မှစာကိုရရှိသောအခါ ရှောလုသည် ဒမာသက်
မြို့သို့သွား၏။ သူသည် ဒမာသက်မြို့အနီးသို့
ရောက်သောအခါ၊ ကောင်းကင်ထဲက အလွန်
တောက်ပတ်သောအလင်းသည် သူ့ပတ်လည်၌
ရုတ်ခနဲထွန်းတောက်လေ၏။ 4ရှောလုသည်
မြေပေါ်မှာလဲ၏။ ရှောလုသည် မိမိအား၊
“ရှောလု၊ ရှောလုအဘယ်ကြောင့် ငါ့ကိုညှဉ်းဆဲ
သနည်း” ဟုပြောသောစကားသံကို ကြားရ၏။
5ရှောလုက “သခင်၊ ကိုယ်တော်သည် အ
ဘယ်သူနည်း” ဟုမေးလျှောက်၏။ အသံတော်
က “ငါသည် သင်ညှင်းဆဲသောယေရှုဖြစ်၏။
6သင်ထ၍ မြို့ထဲသို့ ဝင်လော့။ တစ်စုံတစ်
ယောက်သည် သင်လုပ်ရမည့်အမှုကို ပြောလိမ့်
မည်” ဟုမိန့်တော်မူ၏။
7ရှောလုနှင့်အတူ သွားသောခရီးသည်တို့
သည် ထိုနေရာ၌ စကားမပြောဘဲ ရပ်နေကြ
၏။ သူတို့သည် ထိုအသံကို ကြားကြ၏။ သို့
သော်လည်း၊ အဘယ်သူကိုမျှ မမြင်ကြ။

**အခန်းငယ်၃၇၊** တစ်ချို့နောက်ကျသောတမန်တော်
ဝတ္တုရေးကူးခြင်းက **အခန်းငယ် ၃၇၊** ကိုပေါင်းထည့်ထား
သည်မှာ ဖိလိပ္ပုက၊ “သင်သည် စိတ်နှလုံးအကြွင်းမဲ့ယုံ
ကြည်လျှင်ခံရမည်” ဟုဆို၏။ အမတ်ကလည်း “ယေရှု
ခရစ်သည် ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်
ကို အကျွန်ုပ် ယုံကြည်ပါသည်” ဟုဆို၏။

8ရှောလုသည် မြေမှထ၍ မျက်စိကိုဖွင့်ကြည့်
သော်လည်း အဘယ်သူ့ကိုမျှ မမြင်နိုင်သော
ကြောင့် သူနှင့်အတူရှိသော လူတို့သည် သူ၏
လက်ကို ဆွဲကိုင်လျက် ဒမာသက်မြို့သို့ ပို့
ဆောင်ကြ၏။ 9သူသည် သုံးရက်ပတ်လုံးဘယ်
အရာကိုမျှ မမြင်နိုင်။ သူသည် အဘယ်အရာ
ကိုမျှ မစားမသောက်။

10ဒမာသက်မြို့၌ ယေရှု၏တပည့်တော်တစ်
ယောက်ရှိ၏။ သူ၏နာမည်သည် အာနနိဖြစ်၏။
သခင်ဘုရားသည် "အာနနိအား ဗျာဒိတ်ရူပါရုံ
ဖြင့်' အာနနိ" ခေါ်တော်မူလျှင် အာနနိက၊
"သခင်၊ အကျွန်ုပ်ရှိပါသည်" ဟုပြော၏။

11သခင်ဘုရားက အာနနိအား "သင်အခု
ထ၍ လမ်းဖြောင့် ဟုခေါ်သောလမ်းသို့ သွား
လော့။ ထိုလမ်း၌ ယုဒ*၏အိမ်ကို ရှာဖွေ
လော့။ သင်တွေ့လျှင်၊ တာရှုမြို့မှ ရှောလု၏
နာမည်နှင့်လူတစ်ယောက်ကို မေးလော့။
ရှောလုသည် ထိုအိမ်၌ရှိ၏။ သူသည် ဆု
တောင်းနေ၏။ 12ရှောလုသည် ဗျာဒိတ်တော်
ရရှိ၏။ ထိုဗျာဒိတ်တော်ထဲ၌ အာနနိအမည်ရှိ
သောသူသည် သူ့ထံသို့လာပြီး၊ မိမိအပေါ်၌
သူ့ကို လက်တင်ကာ မျက်စိပြန်မြင်၏" ဟုမိန့်
တော်မူ၏။

13သို့သော်လည်း အာနနိက "သခင်ဘုရား၊
လူအများက ဤလူအကြောင်းနှင့် သူသည်
ယေရုရှလင်မြို့၌ရှိသော၊ ကိုယ်တော်၏သန့်ရှင်း
သော လူတို့ထံသို့ မကောင်းသောအရာအား
လုံးလုပ်ခဲ့သည်ကို အကျွန်ုပ်အား ပြောကြ၏။
14ယခုအခါ ယဇ်ပုရောဟိတ်အကြီးတို့က သူ
အားကိုယ်တော့်ကိုယုံကြည်* သူအားလုံးဖမ်း
ရန် အာဏာပေးလေ၏။ ဤအရာကြောင့်
သူသည် ဒမာသက်မြို့ကို ရောက်နေ၏" ဟုပြန်
လျှောက်၏။ 15သို့သော်လည်း၊ သခင်ဘုရားက
အာနနိအား "သွားလော့၊ ငါသည် ရှောလု
အား အရေးကြီးသောအလုပ်အတွက် ရွေး
ကောက်၏။ သူသည် ငါ့အကြောင်းကို ဘုရင်၊
ယုဒနှင့် တပါးအမျိုးသားတို့ရှေ့၌ ပြောလိမ့်
မည်။ 16ထိုသူသည် ငါ၏နာမကြောင့် အဘယ်
မျှလောက်ဆင်းရဲခံရမည်ကို ငါသည် သူ့အား
ပြမည်" ဟုမိန့်တော်မူ၏။

17ထို့ကြောင့် အာနနိသည် ယုဒအိမ်သို့သွား
၏။ ထို့နောက် သူသည် မိမိလက်ကို ရှောလု
၏အပေါ်၌တင်၍၊ "ငါ့ညီရှောလု၊ သင်လာ
သောလမ်း၌ သင့်အား ထင်ရှားတော်မူသော
သခင်ယေရှုသည် သင်၏မျက်စိပြန်မြင် စေခြင်း
ငှါ ထိုသန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စေ
ခြင်းငှါရင်း ငါ့ကို စေလွှတ်တော်မူ၏" ဟုပြော
၏။ 18အာနနိပြောပြီး ခဏခြင်းတွင် ချက်ချင်း
သူ၏မျက်စိမှ ငါးအကြေးခွံကွာကျသကဲ့သို့ ဖြစ်
၏။ ရှောလုသည် ယခုပြန်မြင်နိုင်လေပြီ။ သူ
သည် ထိုင်ရာမှထ၍ ဗတ္တိဇံပြုခြင်းခံယူ၏။
19ထိုနောက် သူသည် အချို့သောအစားအစာ
စား၍ အားပြည့်လေ၏။

## ရှောလုသည် စတင်၍ ယေရှုအကြောင်းကို ဟောပြောခြင်း

ရှောလုသည် ဒမာသက်၌ ယေရှု၏တပည့်
တော်တို့နှင့်အတူ ရက်အနည်းငယ်မျှနေ၏။
20မကြာမီသောအချိန်တွင် သူသည် တရား
ဇရပ်များ၌ ယေရှု၏အကြောင်းကို ဟောပြော
လေ၏။ ရှောလုက လူတို့အား ယေရှုသည်
ဘုရားသခင်၏သားတော်ဖြစ်သည်' ဟုပြော
လေ၏။ 21ရှောလုက ထိုသို့ပြောသည်ကို ကြား
သောလူအပေါင်းတို့သည် အံ့သြကြ၏။ သူတို့
က "ဤလူသည် ယေရုရှလင်မြို့၌ ယေရှု၏
နာမတော်ကို ယုံကြည်သောသူတို့ကို ပျက်စီး
ရန် ကြိုးစားသောသူမဟုတ်လော။ သူသည်
ဒမာသက်မြို့၌ ယေရှု၏တပည့်တော်တို့ကို ဖမ်း
၍ ယေရုရှလင်မြို့ရှိ ယဇ်ပုရောဟိတ်ကြီးတို့
ထံသို့ ပို့ဆောင်ရန် လာသည်မဟုတ်လော"
ဟုဆိုကြ၏။

---

**ယုဒ** ၎င်းသည် တမန်တော်တို့ထဲမှ ယုဒ၏နာမည်မဟုတ်

**ကိုယ်တော်ကိုယုံကြည်** မူရင်းအဓိပ္ပာယ်မှာ သင်၏နာမ
တော်ကို ခေါ်လျက်၊ ကိုးကွယ်ခြင်းနှင့် ဆုတောင်းခြင်း
ဖြင့် ယေရှု၌ ယုံကြည်ခြင်းကို ပြသခြင်းဖြစ်သည်။

22သို့သော်လည်း၊ ရှောလုသည် သာ၍တန်
ခိုးထက်မြက်လာ၏။ ယေရှုသည် ခရစ်တော်
ဖြစ်သည်ဟု သူသည် သက်သေပြ၏။ သူ၏
သက်သေများသည် ခိုင်မာလွန်းသောကြောင့်
ဒမာသက်မြို့ရှိ ယုဒတို့သည် သူနှင့်မငြင်းခုံနိုင်
ကြချေ။

## ယုဒလူတို့ထံမှ ရှောလုလွတ်မြောက်ခြင်း

23ရက်ပေါင်းများစွာ လွန်သောအခါ ယုဒ
တို့သည် သူကိုသတ်ရန် စီစဉ်ကြလေ၏။ 24ယုဒ
တို့သည် မြို့တော်၏ဂိတ်ပေါက်ဝများ၌ ရှောလု
အားစောင့်ကြည့်နေကြ၏။ သူတို့သည် ရှောလု
ကို သတ်ရန်စောင့်နေကြ၏။ သို့သော်လည်း
ရှောလုသည် သူတို့၏အစီအစဉ်ကို သိ၏။
25တစ်ည၌ ရှောလု၏သွန်သင်ခြင်းအားဖြင့် တ
ပည့်တော်ဖြစ်လာသော လူအချို့တို့သည် သူ့
ကို မြို့ပြင်သို့ ထွက်နိုင်ရန် ကူညီကြ၏။ သူတို့
သည် သူ့ကို တောင်း၌ထည့်၍ မြို့ရိုးပေါ်ရှိ အ
ဟင်းလင်းမှ တောင်းကိုကြိုးဖြင့် လျှော့ချကြ၏။
ထိုနောက် တောင်းထဲ၌ရှိသောရှောလုသည်
မြို့ပြင်သို့ ရောက်၍ လွတ်မြောက်သွားလေ၏။

## ယေရုရှလင်မြို့၌ရှောလု

26ထိုနောက် ရှောလုသည် ယေရုရှလင်မြို့
သို့ ရောက်ရှိသွား၏။ သူသည် ယုံကြည်သူတို့
နှင့် ပူးပေါင်းရန် ကြိုးစားသော်လည်း၊ သူတို့
အားလုံးသည် သူ့ကို ကြောက်ရွံ့နေကြ၏။ သူ
တို့သည် ရှောလုအား ယေရှုကို ယုံကြည်သော
သူ အစစ်အမှန်အဖြစ် မယုံကြည်ကြ။ 27သို့
သော်လည်း၊ ဗာနဗသည် ရှောလုကို ယုံကြည်
လက်ခံ၏။ ဗာနဗသည် သူ့ကို တမန်တော်တို့
ထံသို့ ခေါ်ဆောင်၏။ ဗာနဗက ရှောလုသည်
ဒမာသက်မြို့သို့ သွားရာလမ်းခရီး၌ သခင်
ဘုရားကို အဘယ်သို့တွေ့မြင်ကြောင်း၊ သခင်
ဘုရားသည် သူ့အားအဘယ်သို့ မိန့်တော်မူ
ကြောင်းနှင့် သူသည် ဒမာသက် မြို့ရှိသောလူ
တို့အား သခင်ဘုရားအကြောင်းကို ရဲရင့်စွာ
ဟောပြောကြောင်း သူတို့အား ပြောပြလေ၏။

28ထို့ကြောင့် ရှောလုသည် တမန်တော်တို့
နှင့်နေထိုင်၏။ သူသည် ယေရုရှလင်မြို့ရှိ နေရာ
အနှံ့အပြားသို့ သွား၍ သခင်ဘုရားအကြောင်း
ကို ရဲရင့်စွာဟောလျက်နေ၏။ 29ရှောလုသည်
ခေါမစကားပြောသောယုဒတို့နှင့် မကြာခဏ
ဆွေးနွေး၏။ သူသည် သူတို့နှင့်အငြင်းအခုံဖြစ်
၏။ သို့သော်လည်း၊ သူတို့သည် သူ့ကို သတ်ရန်
ကြိုးစားကြ၏။ 30ဤအကြောင်းကို ယုံကြည်သူ
တို့သည်ကြားသိသောအခါ သူတို့သည် ရှောလု
ကို ကဲသရိမြို့သို့ ခေါ်သွားကြ၏။ ကဲသရိမြို့မှ
တစ်ဆင့် တာရှုမြို့သို့ ခေါ်သွားကြ၏။ 31ယုဒ
ပြည်၊ ဂါလိလဲပြည်နှင့် ရှမာရိပြည်အရပ်ရပ်ရှိ
အသင်းတော်တို့သည် ငြိမ်သက်သောအချိန်ကို
ရရှိကြ၏။ သန့်ရှင်းသောဝိညာဉ်တော်၏ကူညီ
မှုဖြင့် အသင်းတော်အားလုံးတို့သည် ပိုမိုခိုင်မာ
လာလေ၏။ ယုံကြည်သူတို့သည် သခင်ဘုရား
အား ရိုသေလေးစားခြင်းကို သူတို့၏နေထိုင်ပုံ
ဖြင့် သက်သေပြကြ၏။ ဤသို့သောအကြောင်း
ကြောင့် ယုံကြည်သူတို့အဖွဲ့သည် အရေအတွက်
ဆက်လက်ကြီးထွားလာကြ၏။

## လုဒ္ဒမြို့နှင့်ယုပ္ပေမြို့၌ ပေတရု

32ပေတရုသည်ယေရုရှလင်မြို့ပတ်ဝန်းကျင်
ရှိမြို့များအားလုံးသို့ လှည့်လည်၏။ သူသည်
လုဒ္ဒမြို့ရှိ ယုံကြည်သူတို့ထံသို့ အလည်သွား၏။
33သူသည် လုဒ္ဒမြို့၌ အဲနေအမည်ရှိသော ခြေ
လက်သေနေသူကို တွေ့၏။ အဲနေသည် လွန်ခဲ့
သောရှစ်နှစ်မှစ၍ အိပ်ရာ၌သာ နေရ၏။
34ပေတရုက ထိုသူအား “အဲနေ၊ ‘ယေရှုခရစ်က
သင့်အား ကျန်းမာစေတော်မူ၏။ ထ၍သင့်အိပ်
ရာကိုပြင်လော့။ ယခုအခါ သင့်ကိုယ်တိုင် လုပ်
နိုင်ပြီ” ဟုပြောလေ၏။ အဲနေသည် ချက်ချင်း
ထ၏။ 35လုဒ္ဒမြို့နှင့် ရှာရုန်မြို့ရှိ လူအားလုံးတို့
သည် ထိုအရာကို မြင်သောအခါ သူတို့သည်
သခင်ဘုရားအား ယုံကြည်ကြ၏။
36ယုပ္ပေမြို့၌ ယေရှု၏တပည့်တော်မတစ်
ယောက်ရှိ၏။ သူမ၏အမည်သည် တဗိသဖြစ်

၏။ (သူမ၏ခေါ်မအမည်မှာ ဒေါ်ကာဖြစ်၍ အဓိ
ပ္ပါယ်မှာ "သမင်"ဖြစ်၏။) သူမသည် အခြားလူ
တို့အတွက် ကောင်းသောအရာများ အမြဲ
ဆောင်ရွက်၍ ဆင်းရဲသူတို့အား ငွေပေးခြင်း
အားဖြင့် ကူညီ၏။ 37ရှောလုသည် ယုပ္ပေမြို့၌
ရှိနေစဉ်* တဗိသသည် ဖျားနာ၍ သေလေ၏။
လူတို့သည် သူမ၏အလောင်းကို ဆေးကြော
သန့်စင်ပေးကြပြီး ထိုအလောင်းကို အထက်ခန်း
၌ တင်ထားကြ၏။ 38ယုပ္ပေမြို့မှ တပည့်တို့သည်
လုဒ္ဒမြို့၌ ပေတရုရှိကြောင်းကို သိကြ၏။ လုဒ္ဒမြို့
သည် ယုပ္ပေမြို့နှင့်နီး၏။ ထို့ကြောင့် သူတို့သည်
ပေတရုထံသို့ လူနှစ်ယောက်စေလွှတ်ကြ၏။ ထို
လူနှစ်ယောက်က "ပေတရုကို တွေ့၍ သူ့အား
"ကျေးဇူးပြု၍ ငါတို့ထံသို့ အလျင်အမြန်ကြွ
လာပါ" ဟုတောင်းပန်ကြ၏။ 39ပေတရုသည်
အဆင်သင့်ဖြစ်၍ သူတို့နှင့်အတူလိုက်လေ၏။
ပေတရုရောက်သောအခါ သူတို့သည် သူ့ကို
တဗိသ၏အလောင်းထားသော အပေါ်ထပ်အ
ခန်းသို့ ခေါ်ဆောင်သွားကြ၏။ မုဆိုးမတို့သည်
ပေတရု၏ဝန်းကျင်၌ ရပ်နေကြ၏။ သူတို့သည်
ငိုကြွေးကြ၏။ ဒေါ်ကာသည် သူတို့အတွက် အ
သက်ရှင်နေစဉ်၌ လုပ်ခဲ့သောကုတ်အင်္ကျီများ
နှင့် အခြားအဝတ်များကို သူတို့သည် ပေတရု
အား ပြကြ၏။ 40ပေတရုသည် ထိုလူအပေါင်း
တို့ကို အပြင်သို့ထွက်စေ၏။ ထို့နောက် သူ
သည် ဒူးထောက်၍ဆုတောင်း၏။ သူသည် ဆု
တောင်းပြီးသောအခါ တဗိသ၏ရုပ်အလောင်း
ဘက်သို့မျက်နှာလှည့်၍ "တဗိသ၊ ထလော့၊"
ဟုဆို၏။ ထိုအခါ တဗိသ၏မျက်စိပွင့်၏။ သူမ
သည် ပေတရုကို မြင်သောအခါ ထိုင်လေ၏။
41ပေတရုသည် မိမိ၏လက်ကို သူမအား လှမ်း
ပေး၍ မတ်တတ်ရပ်ရန် ကူညီ၏။ ထို့နောက်
ပေတရုသည် ယုံကြည်သူတို့နှင့် မုဆိုးမတို့ကို
အခန်းထဲသို့ ပြန်ခေါ်၍ သူတို့အား တဗိသ
အသက်ရှင်ကြောင်း ပြလေ၏။ 42ယုပ္ပေမြို့တစ်
ဝန်းလုံး၌ ထိုအကြောင်းကို သိရှိပျံ့နှံ့သွား၏။
လူအများတို့သည် သခင်ဘုရားကို ယုံကြည်
လာကြ၏။ 43ပေတရုသည် ယုပ္ပေမြို့၌ ရှိမုန်
အမည်ရှိသောသားရေလုပ်သမားနှင့်အတူကြာ
မြင့်စွာနေ၏။

## ပေတရုနှင့်ကော်နေလိ

10 ကဲသာရိမြို့၌ ကော်နေလိအမည်ရှိသော
လူတစ်ယောက်ရှိ၏။ သူသည် ရောမ
စစ်သား၏ "အီတလီ" အုပ်စုထဲမှ စစ်ဗိုလ်တစ်
ယောက်ဖြစ်၏။ 2ကော်နေလိသည် ဘာသာ
ရေးကိုင်းရှိုင်းသူတစ်ယောက်ဖြစ်၏။ သူနှင့်မိမိ
အိမ်၌ နေသောသူအားလုံးတို့သည် စစ်မှန်
သောဘုရားသခင်ကို ကိုးကွယ်ကြ၏။ သူသည်
ဆင်းရဲသောလူတို့အား များစွာသောငွေကို
ပေးကမ်းလေ့ရှိ၏။ ကော်နေလိသည် ဘုရား
သခင်ကို အစဉ်ဆုတောင်းလေ့ရှိ၏။ 3တနေ့၌
ညနေသုံးနာရီခန့်တွင် ကော်နေလိသည် ဗျာ
ဒိတ်ရူပါရုံရရှိ၏။ ထိုဗျာဒိတ်ရူပါရုံ၌ ဘုရားသခင်
၏ကောင်းကင်တမန်သည် သူ့ထံသို့ ရောက်ရှိ
လာပြီး "ကော်နေလိ၊" ဟုခေါ်နေသည်ကို သူ
သည် ထင်ရှားစွာမြင်ရ၏။
4သူသည် ကောင်းကင်တမန်ကို ကြည့်လျှင်
ကြောက်ရွံ့လာ၍ "ဆရာ၊ အဘယ်သို့အလိုရှိ
ပါသနည်း၊" ဟုပြော၏။ ကောင်းကင်တမန်က
ကော်နေလိအား၊ "ဘုရားသခင်သည် သင်၏
ဆုတောင်းသံကို နားညောင်းတော်မူပြီး သင်
သည် ဆင်းရဲသောလူတို့အား စွန့်ကြဲပေးကမ်း
ခြင်းတို့ကို မြင်တော်မူ၏။ ဘုရားသခင်သည်
သင့်ကို မှတ်မိတော်မူ၏။ 5ယခုတွင် သင်သည်
လူတချို့ကို ယုပ္ပေမြို့သို့စေလွှတ်လော့။ သူတို့
သည် ထိုမြို့မှ လူတစ်ယောက်ကို ခေါ်ရမည်။
ထိုလူ၏နာမည်သည် ရှိမုန်ဖြစ်၏။ သူသည်
ပေတရုဟုလည်းခေါ်၏။ 6ရှိမုန်သည် သားရေ
လုပ်သမား ရှိမုန်ဟုခေါ်သောလူတစ်ယောက်
နှင့်တည်းနေ၏။ သူသည် ပင်လယ်နားမှာ အိမ်
ရှိ၏" ဟုပြော၏။ 7ထိုသို့ပြောပြီးမှ ကောင်းကင်
တမန်သည် ကွယ်ပျောက်သွားလေ၏။ ထို့
နောက် ကော်နေလိသည် မိမိအစေခံနှစ်
ယောက်နှင့် စစ်သားတစ်ယောက်ကို ခေါ်၏။
ထိုစစ်သားသည် ဘာသာရေးကိုင်းရှိုင်းသော

လူဖြစ်၍ ကော်နေလိကို ကူညီသူတစ်ယောက်
ဖြစ်၏။ 8ကော်နေလိသည် ဤလူသုံးယောက်
အား အရာခပ်သိမ်းကို ရှင်းပြလိုက်၏။ ထို
နောက်သူသည် ထိုသုံးယောက်တို့ကို ယုပ္ပေမြို့
သို့စေလွှတ်၏။

9နောက်တစ်နေ့တွင် သူတို့သုံးယောက်တို့
သည် ယုပ္ပေမြို့အနီးသို့ ရောက်လာကြ၏။ ထို
အချိန်၌ ပေတရုသည် ဆုတောင်းရန် အိမ်ခေါင်
မိုးပေါ်သို့တက်၏။ ထိုအချိန်သည် နေမွန်းတည့်
အချိန်ဖြစ်လုနီး၏။ 10ပေတရုသည် ဆာလောင်
နေ၏။ ပေတရုသည် အစာစားလိုနေ၏။ သူတို့
သည် ပေတရုအတွက် အစားအစာများကို ပြင်
ဆင်နေစဉ် သူသည် ဗျာဒိတ်ရူပါရုံကို မြင်လေ
၏။ 11သူသည် အလွန်ကြီးမား၍ ခြုံထည်ကြီး
ကဲ့သို့ဖြစ်သောတစ်စုံတစ်ခုသည် ကောင်းကင်မှ
မြေပြင်ပေါ်သို့ ကျလာသည်ကို မြင်၏။ ထိုအ
ရာသည် ထောင့်စွန်းလေးဘက် ပြန့်ပြူးစွာဖြင့်
မြေပြင်ပေါ်သို့ နိမ့်ဆင်းသွား၏။ 12ထိုအရာထဲ၌
တိရစ္ဆာန်အမျိုးအားလုံးဖြစ်သည့် မြေ၌ကျင်
လည်သောတိရစ္ဆာန်များ၊ မြေပြင်ပေါ်တွင်တွား
သွားသောတိရစ္ဆာန်များနှင့် မိုးကောင်းကင်၌
ကျင်လည်သောငှက်တို့ရှိကြ၏။ 13ထို့နောက်
အသံက ပေတရုအား "ပေတရုထလော့၊ ဤ
တိရိစ္ဆာန်များထဲမှ ဘယ်အကောင်မဆိုသတ်
၍စားလော့" ဟုလာ၏။

14သို့သော်လည်း ပေတရုက၊ "အိုသခင်၊
အကျွန်ုပ်သည် ဘယ်သောအခါမျှ ထိုကဲ့သို့
သောအရာများကို လုပ်မည်မဟုတ်။ အကျွန်ုပ်
သည် မသန့်ရှင်းသောအစားအစာများနှင့်မစင်
ကြယ်သောအစားအစာကို ဘယ်သောအခါမျှ
မစားပါ" ဟုပြောဆို၏။

15သို့သော်လည်း အသံက သူ့အား "ဘုရား
သခင်သည် ဤအရာအားလုံးကို စင်ကြယ်စေ
တော်မူ၏။ ထို့ကြောင့် ထိုအရာများကို 'မသန့်
ရှင်း'ပါဟု မထင်နှင့်" ဟုပြန်ပြော၏။ 16ထိုသို့
သုံးကြိမ်ဖြစ်၏။ ထို့နောက် ထိုအရာအားလုံးကို
ကောင်းကင်ထဲသို့ ပြန်လည်ယူဆောင်သွား
လေ၏။

17ပေတရုသည် ထိုဗျာဒိတ်ရူပါရုံ၏ဆိုလို
ချက်ကို တွေးတောဆင်ခြင်၍ နေစဉ်တွင်
ကော်နေလိစေလွှတ်သောလူတို့သည် စုံစမ်း၍
ရှိမုန်၏အိမ်ကို တွေ့ကြ၏။ သူတို့သည် တံခါး
အပြင်ဘက်၌ရပ်နေကြ၏။

18သူတို့က ရှိမုန်ပေတရုသည် ဤမှာ တည်း
နေပါသလော ဟုမေးမြန်းကြ၏။ 19ထိုအချိန်၌
ပေတရုသည် ဗျာဒိတ်ရူပါရုံအကြောင်းကို တွေး
တောနေစဉ် ဖြစ်၏။ သို့သော်လည်း ဝိညာဉ်
တော်က ပေတရုအား "နားထောင်လော့။ လူ
သုံးယောက်တို့သည် သင့်ကို ရှာကြ၏။ 20ထ၍
လှေကားမှ ဆင်းလော့။ ဤလူသုံးယောက်နှင့်
အတူ သွားလော့။ တစ်စုံတစ်ရာမျှမမေးနှင့်။ ငါ
သည် သူတို့ကို သင့်ထံသို့ စေလွှတ်ခြင်းဖြစ်၏"
ဟုမိန့်တော်မူ၏။ 21ထို့ကြောင့် ပေတရုသည်
လှေကားမှ ဆင်း၍လူသုံးယောက်ကို တွေ့၏။
ပေတရုက၊ "သင်တို့ရှာနေသောလူသည် ငါဖြစ်
၏။ သင်တို့သည် ဤနေရာ၌ အဘယ်ကြောင့်
လာကြသနည်း" ဟုမေး၏။

22သူတို့က သန့်ရှင်းသောကောင်းကင်တ
မန်သည် ကိုယ်တော်ကိုဖိတ်ခေါ်ရန် ကော်နေလိ
အား လာပြော၏။ ကော်နေလိသည် စစ်ဗိုလ်
တစ်ယောက်ဖြစ်၏။ သူသည် သူတော်ကောင်း
တစ်ယောက်ဖြစ်၏။ သူသည် ဘုရားသခင်ကို
ကိုးကွယ်၏။ ယုဒလူအားလုံးတို့သည် သူ့ကို
ရိုသေလေးစားကြ၏။ ကောင်းကင်တမန်သည်
ကိုယ်တော်ကို သူ့အိမ်သို့ ဖိတ်ခေါ်ရန်ပြော၏။
ထို့ကြောင့် သူသည် ကိုယ်တော်ပြောသောစ
ကားများကို နားထောင်နိုင်မည် ဟုပြောကြ၏။
23ပေတရုသည် ထိုသူတို့ကို သူ့အိမ် ထဲသို့
ဖိတ်ခေါ်၍ ထိုညတွင် သူတို့ကို မိမိအိမ်၌ နေ
ထိုင်စေ၏။ နောက်တစ်နေ့၌ ပေတရုသည် အ
ဆင်သင့်ဖြစ်၍ သူတို့နှင့်အတူ လိုက်သွားလေ
၏။ ယုပ္ပေမြို့မှ ညီအစ်ကို အချို့သည်လည်း
ပေတရုနှင့်အတူ လိုက်ကြ၏။ 24နောက်တစ်နေ့
၌ သူတို့သည် ကဲသရိမြို့သို့ ရောက်လာကြ၏။
ကော်နေလိသည် သူတို့ကို စောင့်နေလေ၏။
သူသည် မိမိဆွေမျိုးတို့နှင့် ရင်းနှီးသောမိတ်

ဆွေတို့ကိုမိမိအိမ်သို့ဖိတ်ခေါ်ထား၏။ 25ပေတရု
တံခါးပေါက်မှ ဝင်လိုက်သည်ကို ကော်နေလိ
မြင်၏။ ကော်နေလိသည် ပေတရု၏ခြေရင်း၌
ပြပ်ဝပ်ထိုင်၍ သူ့ကို ကိုးကွယ်၏။ 26သို့သော်
လည်း၊ ပေတရုက သူ့ကို ချီပင့်လျက်၊ "ထ
လော့၊ ငါသည်လည်း သင်ကဲ့သို့ လူဖြစ်၏"
ဟုဆို၏။ 27ပေတရုသည် ကော်နေလိနှင့်ဆက်
လက်စကားပြော၏။ ထိုနောက် အိမ်ထဲသို့
ရောက်သွားသောအခါ ပေတရုသည် ထိုနေရာ
၌ များပြားလှသော လူအုပ်ကြီးကိုတွေ့၏။
28ပေတရုက ထိုလူတို့အား "သင်တို့သည် ယုဒ
လူတို့၏ပညတ်တရား အရယုဒလူတစ်ယောက်
သည် တစ်ပါးအမျိုးသားတို့နှင့်၊ ပေါင်းသင်း
ဆက်ဆံခြင်း၊ သို့မဟုတ် တစ်ပါးအမျိုးသားတို့
ကို အလည်သွားခြင်း ခွင့်မပြုသည်ကို သိကြ၏။
သို့သော်လည်း၊ ဘုရားသခင်က ငါ့အား 'မသန့်
ရှင်းသော' သို့မဟုတ် 'မစင်ကြယ်သော' သူကဲ့
သို့ အဘယ်သူကိုမျှ မခေါ်ရမည့်အကြောင်းပြ
သတော်မူ၏။ 29ထို့ကြောင့် သင်တို့သည် ဤ
နေရာသို့လာ၍ အကျွန်ုပ်ကို ဖိတ်ခေါ်သောအ
ခါ၌ ငါသည် ငြင်းခုံခြင်းမရှိဘဲ လာ၏။ ယခုတွင်
အဘယ်အကြောင်းကြောင့် ဤနေရာ၌ ငါ့ကို
ခေါ်ကြသနည်း၊ ကျေးဇူးပြု၍ ငါ့ကို ပြောပြပါ"
ဟုဆို၏။

30ကော်နေလိက "လွန်ခဲ့သောလေးရက်၌
အကျွန်ုပ်သည် အိမ်၌ဆုတောင်း၏။ ထိုအချိန်
သည် ယခုမွန်းလွဲသုံးနာရီအချိန်နှင့် အလားတူ
ဖြစ်၏။ ရုတ်တရက် ထွန်းတောက်သောအဝတ်
ကိုဝတ်ဆင်သော လူတစ်ယောက်သည် အ
ကျွန်ုပ်ရှေ့မှောက်၌ရပ်၏။ 31သူက'ကော်နေလိ၊
သင်၏ဆုတောင်းခြင်းကို ဘုရားသခင်က ကြား
တော်မူ၏။ သင်သည် ဆင်းရဲသောလူတို့အား
ကူညီမစသည်ကို ဘုရားသခင်သည် မြင်တော်
မူ၏။ ဘုရားသခင်သည် သင့်ကို မှတ်တော်မူ
၏။ 32ယခုသင့်လူတချို့ကို ယုပ္ပေမြို့သို့စေလွှတ်
ပြီး ရှိမုန်ပေတရုအား ဤနေရာသို့လာရန် ဖိတ်
ခေါ်လော့။ ပေတရုသည် သားရေနယ်သမား
ရှိမုန် အမည်ရှိသောသူနှင့် တည်းနေ၏။ သူ့အိမ်
သည် ပင်လယ်ကမ်းနားမှာရှိ၏' ဟုပြောဆို၏။
33ထို့ ကြောင့် အကျွန်ုပ်သည် ကိုယ်တော်ထံသို့
ချက်ချင်းလူတို့ကို စေလွှတ်၍ ခေါ်ခိုင်း၏။ ဤ
နေရာသို့ ရောက်လာခြင်းသည် သင့်အတွက်
ကောင်း၏။ ယခုတွင် ဘုရားသခင်သည် မိန့်
တော်မူသမျှသောအရာတို့ကို ကြားနာရန် အ
ကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင်ရှေ့တော်၌
ရှိကြပါသည်" ဟုပြောဆို၏။

## ပေတရုကကော်နေလိ၏အိမ်၌ပြောဆိုခြင်း

34ထိုအခါ ပေတရုသည် နှုတ်ကိုဖွင့်၍ "အ
ကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို
မှတ်တော်မမူ။ 35လူအမျိုးမျိုးတို့တွင် ဘုရား
သခင်ကို ကြောက်ရွံ့၍ တရားသဖြင့် ကျင့်
ဆောင်သောသူသည် အထံတော်၌ မျက်နှာရ
သည်ကို ငါသိမြင်၏။ 36ဘုရားသခင်သည် မိမိ
တရားတော်ကို ဣသရေလလူမျိုးတို့ထံသို့ စေ
လွှတ်တော်မူ၍ လူသားအားလုံးကို သခင်
ယေရှုခရစ်အားဖြင့် လာသောငြိမ်သက်ခြင်း၏
ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို သူတို့
အား ဟောတော်မူ၏။ 37ယုဒတစ်ပြည်လုံး၌
ဖြစ်ပျက်သောအရာသည် သင်တို့သိကြ၏။
ယောဟန်*သည် လူတို့ကို ဗတ္တိဇံအကြောင်း
ဟောပြောပြီးနောက် ထိုအရာသည် ဂါလိလဲ
ပြည်မှစ၏။ 38နာဇရက်မြို့သား ယေရှုအ
ကြောင်းကို သင်တို့သိကြ၏။ ဘုရားသခင်သည်
သူ့ကို သန့်ရှင်းသောဝိညာဉ်တော်နှင့် တန်ခိုး
ပေးတော်မူခြင်းဖြင့် ခရစ်တော်ဖြစ်စေတော်မူ
၏။ ယေရှုသည် နေရာအနှံ့အပြားသို့ ကြွ၍လူ
တို့အတွက် ကောင်းသောအရာများ ဆောင်
ရွက်တော်မူပြီး နတ်ဆိုးဝင်သောလူတို့ကို ကျန်း
မာစေတော်မူ၏။ ဘုရားသခင်သည် ယေရှုနှင့်
အတူရှိတော်မူကြောင်း ဤအရာသည် ပြသ၏။
39ယုဒပြည်နှင့် ယေရုရှလင်မြို့၌ ယေရှုက ပြု
လုပ်ဆောင်ရွက်တော်မူခဲ့သမျှ အားလုံးသည်
အကျွန်ုပ်တို့မြင်တွေ့ကြ၏။ ငါတို့သည် သက်

---

**ယောဟန်** ဗတ္တိဇံဆရာယောဟန်၊ ခရစ်တော်လာမည့်
အကြောင်း လူတို့ကို ပြောပြခဲ့သောသူ။ မ 3, လု 3။

သေများဖြစ်ကြ၏။ သို့သော်လည်း ယေရှုသည်
အသတ်ခံတော်မူ၏။ သူသည် သစ်သားဖြင့်
လုပ်သောလက်ဝါးကပ်တိုင်ပေါ်၌ အသတ်ခံ
တော်မူ၏။ 40သို့သော်လည်း၊ သူသေပြီး သုံး
ရက်မြောက်သောနေ့၌ ဘုရားသခင်သည်
ယေရှုအား ထမြောက်စေတော်မူ၏။ ဘုရား
သခင် သည် လူတို့အား ယေရှုကို ထင်ရှားစွာ
မြင်ရန် အခွင့်ပေးတော်မူ၏။ 41သို့သော်လည်း
လူအားလုံးသည် ယေရှုကို မမြင်ကြ။ ဘုရား
သခင်၏ရွေးချယ်တော်မူသော သက်သေများ
ကသာ သူ့ကို မြင်နိုင်ကြ၏။ ငါတို့သည်
ထိုသက်သေ များဖြစ်ကြ၏။ ယေရှုသေခြင်းမှ
ရှင်ပြန်ထ မြောက်တော်မူပြီးနောက် ငါတို့သည်
ကိုယ်တော်နှင့်အတူ စားသောက်ကြ၏။
42ယေရှုသည် ငါတို့အား လူတို့ထံသို့ ဟော
ပြောရန်နှင့် သူသည်၊ အသက်ရှင်နေကြသော
သူတို့ကိုဒင်း၊ သေသောသူတို့ကိုဒင်း
တရားစီရင်ဆုံးဖြတ်ရန်ဘုရားသခင်၏ရွေးချယ်
တော်မူသောတစ်ပါး တည်းသောသူဖြစ်
ကြောင်း သူတို့အား သက်သေပြရန် မိန့်တော်မူ
၏။ 43ယေရှုကို ယုံကြည်သောလူတိုင်းသည်
နာမတော်ဖြင့် သူတို့အပြစ်ကို ခွင့်လွှတ်ခြင်းခံရ
မည်အကြောင်း ပရောဖက်အားလုံးတို့သည်
သက်သေခံကြ၏။"

## တပါးသောလူမျိုးများထံသို့ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းတက်တော်မူခြင်း

44ပေတရုသည် စကားပြောပြနေစဉ်၊ နှုတ်
ကပတ်တရားတော်ကို နားထောင်ကြသောသူ
အားလုံးအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်
သည် သက်ရောက်တော်မူ၏။ 45ပေတရုနှင့်အ
တူ လိုက်ပါလာကြသောယုဒလူမျိုးယုံကြည်သူ
တို့သည် အံ့အားသင့်နေကြ၏။ သူတို့သည်
ဘုရားသခင်၏ ဆုကျေးဇူးဖြစ်သော သန့်ရှင်း
သောဝိညာဉ်တော်သည် တပါးသောလူမျိုးတို့
အပေါ်သို့လည်း သွန်းလောင်းသောကြောင့် အံ့
သြသွားကြ၏။ 46တပါးသောလူမျိုးတို့သည် အ
မျိုးမျိုးသောဘာသာစကားအားဖြင့် ဘုရား
သခင်အား ချီးမွမ်းနေသည်ကို ယုဒလူမျိုးယုံ
ကြည်သူတို့သည် ကြားကြလေ၏။ ထို့နောက်
ပေတရုက၊ 47"တစ်စုံတစ်ယောက်သောသူ
သည် ဤသူတို့ကို ဗတ္တိဇံမပေးခြင်းငှါ အဘယ်
သူသည် ရေကို တားမြစ်နိုင်သနည်း၊ သူတို့
သည် ငါတို့ကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်ကို
ခံရကြ၏" ဟုပြောဆို၏။ 48ထို့ကြောင့် ပေတရု
သည် ကော်နေလိအား၊ သူ၏ဆွေမျိုးသားချင်း
တို့နှင့် မိတ်ဆွေတို့ကို ယေရှု၏နာမ၌ ဗတ္တိဇံခံ
စေမည်အကြောင်း စီရင်လေ၏။ ထို့နောက်
ပေတရုသည် သူတို့နှင့်အတူ ရက်အနည်းငယ်
နေပါမည်အကြောင်းထို သူတို့သည် တောင်း
ပန်ကြ၏။

## ပေတရုသည် ယေရုရှလင်မြို့သို့ ပြန်သွားခြင်း

11 တမန်တော်တို့နှင့် ယုဒပြည်မှ ညီအစ်ကို
တို့သည် တပါးသော အမျိုးသားတို့က
လည်း ဘုရားသခင်၏ ဆုံးမဩဝါဒ ပေးတော်
မူခြင်းကို လက်ခံကြကြောင်း ကြားသိကြ၏။
2သို့သော်လည်း၊ ပေတရုသည် ယေရုရှလင်မြို့
သို့ ပြန်သွားသောအခါ ယုဒလူမျိုးယုံကြည်သူ
တို့အချို့သည် ပေတရုနှင့်အငြင်းပွားကြ၏။ 3သူ
တို့က "သင်သည် တပါးသောအမျိုးတို့၏အိမ်၌
သွား၍ သူတို့နှင့်အတူတကွ စားသောက်ပါ
သည်" ဟုဆိုကြ၏။
4ထို့ကြောင့် ပေတရုက သူတို့အား ဖြစ်
ပျက်သောအကြောင်းအရာများကို ရှင်းပြ၏။
5ပေတရုက "ငါသည် ယုပ္ပေမြို့၌ ဆုတောင်းနေ
စဉ် ဗျာဒိတ်ရူပါရုံသည် ငါ့ထံသို့ရောက်လာ၏။
ငါ့ဗျာဒိတ်ရူပါရုံထဲ၌ အလွန်ကြီးသော ခြုံထည်
ကြီးကဲ့သို့သော တစ်စုံတစ်ခုသည် မိုးကောင်း
ကင်ပေါ်မှ ကျလာသည်ကို ငါမြင်၏။ ထိုအရာ
သည် ထောင့်စွန်းလေးဘက် ပြန့်ပြူးစွာဖြင့်
မြေသို့ နိမ့်ဆင်းသွား၏။ ထိုအရာသည် နိမ့်ကျ
လာပြီး ငါ့အနားမှာ ရပ်သွား၏။ 6ငါသည်အ
တွင်းကို ကြည့်သောအခါ တိရိစ္ဆာန်အရိုင်းများ၊
တောတိရိစ္ဆာန်၊ တွားသွားသောသတ္တဝါနှင့်၊

လေထဲ၌ကျင်လည်သောငှက်မျိုးတို့ကို မြင်၏။
[7]ထိုအချိန်၌ ငါကြားရသည့်အသံက၊ 'ပေတရု၊
ထ၍၊ ဤတိရစ္ဆာန်များထဲမှ သင်အလိုရှိသော
တစ်ကောင်ကို သတ်ပြီးစားလော့' ဟုဆို၏။'
[8]သို့သော်လည်း ငါက 'အကျွန်ုပ်သည် ထိုကဲ့သို့
အရာမျိုးကို ဘယ်သောအခါမျှမလုပ်ပါ။ သခင်၊
အကျွန်ုပ်သည် မသန့်ရှင်းသောအရာ သို့မဟုတ်
မစင်ကြယ်သော အစားအစာများကို ဘယ်
သောအခါမျှ မစားခဲ့ပါ' ဟုငါပြောဆို၏။ [9]သို့
သော်လည်း၊ နောက်တဖန် ကောင်းကင်မှ အ
သံက 'ဘုရားသခင်သည် ဤအရာတို့ကို သန့်
ရှင်းစေတော်မူ၏။ ထို့ကြောင့် မသန့်ရှင်းပါဟု
မပြောနှင့်' ဟုပြန်ပြော၏။ [10]ထိုသို့သုံးကြိမ်ဖြစ်
၏။ ထို့နောက် ထိုအရာရှိသမျှတို့သည် ကောင်
ကင်ထဲသို့ ဆွဲယူပြန်၏။ [11]ထို့နောက် ငါတည်း
ခိုနေသောအိမ်သို့ လူသုံးယောက်ရောက်လာ
ကြ၏။ သူတို့သည် ငါထံသို့ ကဲသရိမြို့မှ လွှတ်
လိုက်သူတို့ဖြစ်၏။ [12]ဝိညာဉ်တော်က ငါ့ကို
တွေးတောခြင်းမရှိဘဲ သူတို့နှင့်အတူလိုက်သွား
ရန် မိန့်တော်မူ၏။ ဤညီအစ်ကို ခြောက်
ယောက်တို့သည်လည်း ငါနှင့်အတူ လိုက်လာ
ကြ၏။ [13]ကောနေလိက ငါတို့အား မိမိအိမ်ထဲ၌
ကောင်းကင်တမန်သည် မိမိထံသို့ ပေါ်လာရ
ကြောင်းပြောပြ၏။ ထိုကောင်းကင်တမန်က
ကောနေလိအား 'လူတချို့ကို ယုပ္ပေမြို့သို့ စေ
လွှတ်၍၊ ရှိမုန်ပေတရုကို သင့်အိမ်သို့ဖိတ်ခေါ်
လော့။ [14]သူသည် သင့်ကို ပြောလိမ့်မည်။ သင့်
ထံသို့ သူ၏ယူဆောင်လာသောတရားစကား
သည် သင်နှင့်သင့်အိမ်ရှိသမျှသောလူတို့ကို
ကယ်တင်တော်မူမည်' ဟုဆို၏။ [15]ငါသည်
စကားပြောစပြုစဉ်၊ သန့်ရှင်းသောဝိညာဉ်
တော်သည် ရှေဦးစွာ* ငါတို့အပေါ်သို့ သက်
ရောက်တော်မူသကဲ့သို့၊ သူတို့အပေါ်သို့ သက်
ရောက်တော်မူ၏။ [16]ထို့နောက် သခင်ဘုရား
မိန့်တော်မူသောစကားကို ငါအောက်မေ့၏။
သခင်ဘုရားက 'ယောဟန်သည် လူတို့ကို ရေ
၌ဗတ္တိဇံပေး၏။ သို့သော်လည်း သင်တို့သည်
သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံလိမ့်မည်'
ဟုမိန့်တော်မူ၏။ [17]ငါတို့သည် သခင်ယေရှု
ခရစ်ကို ယုံကြည်သောအခါ ဘုရားသခင်သည်
ဆုကျေးဇူးတော်ကို ပေးတော်မူသည်နည်းတူ
ဘုရားသခင်သည် ထိုလူတို့အား ပေးတော်မူ
၏။ ထို့ကြောင့် ဘုရားသခင်၏အလုပ်ကို ငါ
သည် အဘယ်သို့တားဆီးနိုင်မည်နည်း။ မတား
ဆီးနိုင်ပါ" ဟုဆို၏။
[18]ထိုအကြောင်းအရာများကို ယုဒလူယုံ
ကြည်သူတို့သည် ကြားသောအခါ၊ သူတို့၏ငြင်း
ခုံမှုများ ရပ်တန့်သွားလေ၏။ သူတို့သည် ဘု
ရားသခင်ကို ချီးမွမ်းကြ၍၊ "ဤအရာ၏ အဓိ
ပ္ပါယ်မှာ ဘုရားသခင်သည် တပါးသောအမျိုး
သားတို့ကို စိတ်နှလုံးပြောင်းလဲရန်နှင့် ငါတို့ကို
ပေးသောအသက်ကိုပင် ရရှိရန် အခွင့်ကောင်း
ပေးတော်မူ၏" ဟုပြောဆိုကြ၏။

## အန္တိအုတ်သို့ဝမ်းမြောက်ဖွယ်ရာသတင်း ကောင်းရောက်ရှိလာခြင်း

[19]သတေဖန်အသတ်ခံရပြီးနောက် ယုံကြည်
သူတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း အလွန်ခံရ
သောကြောင့်၊ သူတို့သည် ထွက်ပြေးကြပြီး
အရပ်ရပ်သို့ ကွဲပြားကြ၏။ တချို့ယုံကြည်သူတို့
သည် အလွန်ဝေးကွာသောဖိနိတ်၊ ကုပရုနှင့်
အန္တိအုတ်နေရာများသို့ အရောက်သွားကြ၏။
သူတို့ရောက်သွားကြသောနေရာများ၌ ယုံ
ကြည်သူတို့က ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောကြ၏။ သို့သော်လည်း
သူတို့သည် ယုဒလူမျိုးတို့ကိုသာ ဟောပြောကြ
၏။ [20]တချို့သောယုံကြည်သူတို့သည် ကုပရု
ပြည်နှင့် ကုရေနေပြည်တို့မှဖြစ်၏။ သူတို့သည်
အန္တိအုတ်မြို့သို့ ရောက်သွားကြသောအခါ သူ
တို့သည် ဟေလသလူတို့ကိုလည်း သခင်ယေရှု
၏အကြောင်းတည်းဟူသော ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းကို ဟောပြောကြ၏။
[21]သခင်ဘုရားသည် ယုံကြည်သူတို့ကို အကူ
အညီပေးတော်မူ၏။ ထို့ကြောင့် အလွန်များ

---

**ရှေဦးစွာ** ပင်တေကုတ္တေနေ့၌ အသင်းတော်၏အစပြု ခြင်း၊ တမန် 2

ပြားလု သောအုပ်စုကြီးသည် ယုံကြည်ကြပြီး၊
သခင်ဘုရားကို စတင်လိုက်လာကြ၏။
[22]ယေရုရှလင်မြို့၌ရှိသော အသင်းတော်
သည် အန္တိအုတ်မြို့မှအသစ်သောယုံကြည်သူတို့
၏အကြောင်းကို ကြားသိကြ၏။ ထိုကြောင့်
ယေရုရှလင်မြို့၌ရှိသောယုံကြည်သူတို့ကဗာနဗ
ကိုအန္တိအုတ်မြို့သို့စေလွှတ်လေ၏။ [23-24]ဗာနဗ
သည် ကောင်းသောလူတစ်ဦးဖြစ်၏။ သူသည်
သန့်ရှင်းသောဝိညာဉ်တော်နှင့် ယုံကြည်ခြင်း
ဖြင့် ပြည့်စုံသောသူဖြစ်၏။ ဗာနဗသည်
အန္တိအုတ်မြို့သို့ သွားရောက်သောအခါ ဘုရား
သခင်သည် သူတို့အား ကြွယ်ဝစွာကောင်းချီး
ပေးသည်ကို သူသည် နားလည်သဘောပေါက်
၏။ ထိုအကြောင်းကြောင့် သူသည် အလွန်ဝမ်း
မြောက်လေ၏။ သူသည် သူတို့အား လုံးကို
အားပေးတိုက်တွန်း၍ “စိတ်နှလုံးအကြွင်းမဲ့နှင့်
ဘုရားသခင်ထံတော်သို့ အစဉ်မပြတ်သစ္စာရှိ
ကြပါ” ဟုပြောလေ၏။ မြောက်မြားစွာသော
လူတို့သည် သခင်ဘုရား၏တပည့်တော်ဖြစ်
လာကြလေ၏။ [25]ထို့နောက် ဗာနဗသည် တာရှု
မြို့သို့သွား၏။ သူသည် ရှောလုကို ရှာလေ၏။
[26]သူသည် ရှောလုကို တွေ့သောအခါ သူ့ကို
အန္တိအုတ်မြို့သို့ခေါ်၏။ ဗာနဗနှင့်ရှောလုသည်
အန္တိအုတ်မြို့၌ တစ်နှစ်ပတ်လုံးအတူတကွနေကြ
၏။ ယုံကြည်သူ အုပ်စုတို့သည် အချိန်တိုင်း၌
အတူတကွ စုဝေးလာကြပြီး၊ ရှောလုနှင့်ဗာနဗ
တို့သည် သူတို့နှင့်အတူစည်း ဝေး၍၊ လူအများ
တို့ကို သွန်သင်ပေးကြ၏။ အန္တိအုတ်မြို့၌ယုံ
ကြည် သူတို့သည် ပထမဆုံးအကြိမ်‘ခရစ်ယာန်’
ဟုခေါ်ဝေါ်သမုတ်ခြင်းခံကြ၏။
[27]တစ်ချိန်တည်း၌ ပရောဖက်အချို့တို့သည်
ယေရုရှလင်မြို့မှ အန္တိအုတ်မြို့သို့ သွားကြ၏။
[28]ပရောဖက်တစ်ယောက်၏ အမည်သည်၊
အာဂဗုဖြစ်၏။ အန္တိအုတ်မြို့၌ အာဂဗုသည်
ထ၍ စကားပြော၏။ သူသည် သန့်ရှင်းသော
ဝိညာဉ်တော်၏အကူအညီဖြင့် ပြောလေ၏။
သူက “အစားအစာအလွန် ခေါင်းပါးခြင်းသည်
ရောမအင်ပါရာတစ်ခုလုံး၌ ဖြစ်လာလိမ့်မည်။
ထိုအချိန်၌ လူတို့အတွက် စားစရာတစုံတခုမျှ
ရှိမည်မဟုတ်” ဟုပြောပြ၏။ ဤကြောက်မက်
ဖွယ်အစာခေါင်းပါးခြင်းသည်ကေရာဇ်ကလော
ဒိလက်ထက်၌ ဖြစ်လာလေ၏။ [29]ယုံကြည်သူတို့
သည် ယုဒပြည်၌ နေထိုင်ကြသောသူတို့၏ညီ
အစ်ကို၊ မောင်နှမတို့ကို ကူညီရန် ဆုံးဖြတ်ကြ
၏။ ယုံကြည်သူအသီးသီးတို့သည် တတ်နိုင်
ကြသည့်အတိုင်းငွေကို ပေးကြ၏။ [30]သူတို့သည်
မိမိတို့စုဆောင်းထားသောငွေများကို ဗာနဗ
နှင့်ရှောလုတို့ကို ပေးကြ၏။ ထိုနောက် ဗာနဗ
နှင့်ရှောလုတို့သည် ယုဒပြည်မှ သင်းအုပ်တို့ထံ
ယူဆောင်လာကြ၏။

## ဟေရုဒ်အဂြိပ္ပကအသင်းတော်ကိုထိခိုက်ခြင်း

12 ထိုအခါ ဟေရုဒ်ဘုရင်သည် သင်းဝင်
သူအချို့တို့ကို စတင်ညှဉ်းပန်းနှိပ်စက်
လေ၏။ [2]ဟေရုဒ်မင်းသည် ယာကုပ်အား ဓါး
ဖြင့် သတ်ရန်အမိန့်ပေး၏။ ယာကုပ်သည်
ယောဟန်၏အစ်ကိုဖြစ်၏။ [3]ဤအရာသည် ယုဒ
လူတို့ကို နှစ်သက်ကျေနပ်စေသည်ကို ဟေရုဒ်
မင်းမြင်သောအခါ သူသည် ပေတရုကိုလည်း
ဖမ်းဆီးရန် ဆုံးဖြတ်လေ၏။ ထိုသို့ဖြစ်သော
အချိန်သည် ယုဒလူမျိုးတို့၏ပသခါ*ပွဲတော်အ
ချိန်ဖြစ်၏။ [4]ဟေရုဒ်မင်းက ပေတရုအား ဖမ်း
ဆီး၍ ထောင်ထဲ၌ ထည့်ထားလေ၏။ ပေတရု
ကို စစ်သားတစ်ဆယ့်ခြောက်ယောက်ဖြင့်
စောင့်ကြပ်၏။ ဟေရုဒ်မင်းသည် ပသခါပွဲတော်
နေ့ပြီးဆုံးသည့်အထိ စောင့်ရန်လို၏။ ထိုနောက်
သူသည် ပေတရုကို လူတို့၏ရှေ့မှောက်သို့
ထုတ်ရန်အလိုရှိ၏။ [5]ထို့ကြောင့် ပေတရုသည်
ထောင်ထဲ၌ သွင်းခြင်းဖြစ်၏။ သို့သော်လည်း
အသင်းတော်သည် သူ့အတွက် ဘုရားသခင်ကို
စိတ်အားထက်သန်စွာ ဆုတောင်းကြ၏။

---

**ပသခါ** အရေးကြီးသောယုဒလူမျိုးတို့၏ဆန့်ရှင်းသော နေ့ထူးနေ့မြတ်၊ မောရှေခေတ်တုန်းက ဘုရားသခင်သည် အဲဂုတ္တုကျွန်မှ သူတို့အား လွှတ်မြောက်စေခြင်းကို သတိရသောအားဖြင့် နှစ်တိုင်းဤ နေ့၌ ယုဒလူမျိုးတို့သည် အထူးအစာကို စားသုံးလျှက် ရှိကြသည်။

### ပေတရုထောင်မှထွက်ခွာခြင်း

6ပေတရုသည် စစ်သားနှစ်ယောက်ကြား၌
အိပ်ပျော်နေ၏။ သူ့ကို သံကြိုးနှစ်ကြိုးဖြင့် ချည်
နှောင်ထား၏။ ထောင်တံခါးပေါက်၌လည်း စစ်
သားတို့သည် စောင့်နေကြ၏။ ထိုအချိန်သည်
ညဥ့်နက်စပြုလေ၏။ ဟေရုဒ်မင်းသည် ပေတရု
ကို နောက်တစ်နေ့၌ လူများရှေ့မှောက်သို့ထုတ်
ရန် စီစဥ်ထား၏။ 7ထာဝရဘုရား၏ကောင်း
ကင်တမန်သည် ရုတ်တရက်ပေါ်လာ၍ ထိုနေရာ
၌ရပ်လေ၏။ အခန်းထဲ၌ အလင်းထွန်းတောက်
လေ၏။ ကောင်းကင်တမန်သည် ပေတရု၏
နံဘေးကို တို့၍နှိုးပြီး၊ "အလျင်အမြန် ထလော့"
ဟုဆို၏။ ပေတရု၏လက်မှ သံကြိုးသည် ရုတ်
တရက်ကျွတ်လေ၏။ 8ကောင်းကင်တမန်က
ပေတရုအား "သင့်အဝတ်ကိုဝတ်၍ ခြေနင်းကို
စည်းလော့" ဟုပြောဆို၏။ ပေတရုက သူ့ကို
ဆိုသည့်အတိုင်းပြု၏။ ထို့နောက် ကောင်းကင်
တမန်က "သင်၏ကုတ်အင်္ကျီကို ဝတ်၍ ငါ့
နောက်သို့လိုက်လော့" ဟုဆို၏။ 9ကောင်းကင်
တမန်လမ်းပြပြီးမှ ပေတရုသည် ကောင်းကင်
တမန်နောက်သို့ လိုက်သွား၏။ ပေတရုသည်
ကောင်းကင်တမန်က ဤသို့ပြု သမျှတို့သည်
မှန်သောအမှုအရာဖြစ်သည်ဟု မသိမမှတ်ဘဲ
မိမိသည် ဗျာဒိတ်ရူပါရုံကို မြင်သည်ဟု ထင်
လေ၏။ 10ပေတရုနှင့် ကောင်းကင်တမန်သည်
ပထမနှင့် ဒုတိယအစောင့်ကို ဖြတ်ကျော်လာ
ကြ၏။ ထို့နောက် သူတို့သည် သံတံခါးဖြင့် ပြု
လုပ်ထားသောဂိတ်ပေါက်သို့ ရောက်လာကြ
၏။ ထိုနေရာသည် ထောင်အတွင်းနှင့် မြို့ကို
ပိုင်းခြားထားသောနေရာဖြစ်၏။ ထိုတံခါးများ
သည် သူတို့အတွက် အလိုလိုပွင့်သွားလေ၏။
ပေတရုနှင့် ကောင်းကင်တမန်သည် ဂိတ်ပေါက်
မှထွက်သွားကြပြီးလမ်းတစ်ကြောင်း၌လျှောက်
သွားကြ၏။ ထို့နောက် ကောင်းကင်တမန်သည်
ရုတ်တရက်ပျောက်သွား၏။

11ထိုအခါမှသာ ပေတရုသည် အဘယ်သို့
ဖြစ်ပျက်သည်ကို သဘောပေါက်၏။ သူက "သ
ခင်ဘုရားသည် မိမိ၏ကောင်းကင်တမန်ကို စေ
လွှတ်၍ ဟေရုဒ်လက်မှ ငါ့ကို ကယ်နှုတ်တော်
မူသည်ကို ယခု၌ ငါအမှန်သိ၏ဟု အောက်မေ့
၏။ ယုဒလူတို့က ငါသည် ဆိုးဝါးစွာခံရမည်
ဟုထင်ကြ၏။ သို့သော်လည်း၊ သခင်ဘုရား
သည် ထိုအခြေအနေမှ ကယ်နှုတ်တော်မူ၏။

12ထိုအရာကို တွေးတောပြီး ပေတရုသည်
မာရိ၏အိမ်သို့သွားလေ၏။မာရိသည်ယောဟန်
၏မိခင်ဖြစ်၏။ ယောဟန်သည် မာကုဟူ၍
လည်း ခေါ်ကြ၏။ ထိုအိမ်၌ လူများစုဝေးနေကြ
၏။ ထိုသူတို့အားလုံးသည် ဆုတောင်းနေကြ
၏။

13ပေတရုသည် အိမ်တံခါးကို ခေါက်လေ
၏။ အဘယ်သူသည် တံခါးခေါက်နေသည်ကို
ကြည့်ရန် ရောဒေအမည်ရှိသော အစေခံမိန်းမ
ငယ်တစ်ယောက်သည် တံခါးသို့လာ၏။ 14သူမ
သည် ပေတရု၏စကားသံကို မှတ်မိသောအခါ
သူမသည် အလွန်ပျော်ရွှင်၏။ ထို့ကြောင့် သူမ
သည် တံခါးဖွင့်ရန် မေ့သွား၍ အိမ်ထဲသို့
ပြေးဝင်၍ ဆုတောင်းနေသောသူများအဖွဲ့အား
"ပေတရုသည် တံခါးရှေ့၌ ရောက်နေပြီ" ဟု
ပြောကြား၏။ 15ထိုအခါ ယုံကြည်သူတို့က
ရောဒေအား "သင်သည် အရူးဖြစ်၏" ဟုပြော
ကြ၏။ သို့သော်လည်း၊ ရောဒေသည် မိမိပြော
သောစကားမှန်သည် ဟုပြန်ပြော၏။ထို့နောက်
အဖွဲ့တို့က "ပေတရု၏ကောင်းကင်တမန် ဖြစ်ရ
မည်" ဟုပြောကြ၏။

16သို့သော်လည်း ပေတရုသည် တံခါးကို
အဆက်မပြတ် ခေါက်လေ၏။ ယုံကြည်သူတို့
သည် တံခါးကို ဖွင့်ကြ၏။ သူတို့သည် ပေတရု
ကို မြင်သောအခါ အံ့သြကြ၏။ 17ပေတရုသည်
သူတို့ကို တိတ်ဆိတ်စွာနေကြရန် သူ့လက်ဖြင့်
အချက်ပြ၏။ ထို့နောက် ထာဝရဘုရားသည်
မိမိအား ထောင်ထဲမှ အဘယ်သို့ကယ်နှုတ်
တော်မူသည့်အကြောင်းကို သူတို့အား ရှင်းပြ
၏။ ပေတရုက သူတို့အား 'ယာကုပ်နှင့် တခြား
ညီအစ်ကိုတို့အား ငါ့အဖြစ်ကို ပြောပြကြလော့'
ဟုပြောလေ၏။ ထို့နောက် သူသည် အခြား
တစ်နေရာသို့ ထွက်သွားလေ၏။

18နောက်တစ်နေ့၌ စစ်သူရဲတို့သည် အလွန်
စိတ်ပူပန်နေကြ၏။ သူတို့သည် ပေတရုအဘယ်
သို့ ဖြစ်သနည်းဟု အံ့သြကြ၏။ 19ဟေရုဒ်သည်
ပေတရုကို နေရာအနှံ့အပြား၌ ရှာရန် အမိန့်
ပေး၏။ သို့သော်လည်း ဟေရုဒ်သည် သူ့ကို
ရှာမတွေ့နိုင်။ ထို့ကြောင့် ဟေရုဒ်သည် အ
စောင့်တို့ကိုသတ်ရန် အမိန့်ပေး၏။

## ဟေရုဒ်အငြိပွသေဆုံးခြင်း

မကြာမီ ဟေရုဒ်သည် ယုဒပြည်မှ ကဲသရိ
မြို့သို့ သွား၍ ထိုနေရာ၌ အချိန်အနည်းငယ်နေ
၏။ 20ဟေရုဒ်သည် တုရုမြို့နှင့် ဇိဒုန်မြို့၌ရှိသော
လူတို့ကို အလွန်ဒေါသဖြစ်နေ၏။ ထို့ကြောင့်
သူတို့၏ကိုယ်စားလှယ်တို့သည် အုပ်စုနှင့်လာ
ကြ၏။ သူတို့သည် ဟေရုဒ်မင်း၏လုပ်ငန်းကို
စီမံခန့်ခွဲသော ဗလတ္တု၏ထောက်ပံ့မှုကို ရရန်
စီမံခန့်ခွဲကြပြီး၊ ဟေရုဒ်အား ငြိမ်သက်ခြင်းအ
တွက် တောင်းပန်ကြ၏။
21အကြောင်းမူကား၊ တုရုမြို့နှင့်ဇိဒုန်မြို့
သည် စားဖွယ်သောက်ဖွယ်များကို ဟေရုဒ်၏
တိုင်းပြည်မှ သွင်းယူရ၏။ ဟေရုဒ်မင်းသည်
ထိုသူတို့နှင့် တွေ့ဆုံရန် ရက်သတ်မှတ်၏။ သတ်
မှတ်သောနေ့၌ ဟေရုဒ်မင်းသည် မင်းခမ်းမင်း
နားများ၌ ဝတ်ဆင်သည့်လှပသောဝတ်ရုံကြီး
ကို ဝတ်ဆင်၏။ သူသည် ပလ္လင်ပေါ်မှာ ထိုင်၍
လူတို့အား မိန့်တော်မူ၏။ 22ထိုအခါ လူတို့က
“ဤအသံသည် ဘုရားသခင်၏အသံဖြစ်၏။ လူ
အသံမဟုတ်” ဟုအော်ဟစ်ကြ၏။ 23ဟေရုဒ်
မင်းသည် ထိုသို့ချီးမွမ်းခြင်းကို ဘုရားသခင်၏
ဂုဏ်အသရေတော်ကို မထောက်ထားဘဲ သူ့အ
တွက် လက်ခံ၏။ ထို့ကြောင့် ထာဝရဘုရား၏
ကောင်းကင်တမန်သည် သူ့ကို ဖျားနာစေ၏။
သူ၏ကိုယ်ခန္ဓာအတွင်း၌၊ ပိုးများက စားကြသ
ဖြင့်၊ သူသည် သေဆုံးသွားလေ၏။
24ဘုရားသခင်၏တရားစကားသည် ပျံ့နှံ့၍
လူတို့ကို သာ၍လွှမ်းမိုးလေ၏။ ထို့ကြောင့် ယုံ
ကြည်သူအုပ်စုတို့သည် တိုးပွားလေ၏။
25ဗာနဗနှင့်ရှောလုတို့သည် ယေရုရှလင်မြို့
၌ လုပ်ကျွေးခြင်းအမှုကို ဆောင်ရွက်ပြီးသော
အခါ အန္တိအုတ်မြို့သို့ ပြန်လာကြ၏။ သူတို့နှင့်
အတူ မာကုအမည်သစ်ကိုရသော ယောဟန်
လည်း လိုက်ပါလာ၏။

## ဗာနဗနှင့်ရှောလုအား အထူး တာဝန်တစ်ခုပေးခြင်း

13 အန္တိအုတ်မြို့တွင် ရှိသောအသင်းတော်
၌ ပရောဖက်အချို့နှင့် ဆရာများရှိကြ
၏။ သူတို့သည် ဗာနဗ၊ နိဂါဟုခေါ်သော
ရှုမောင်၊ ကုရေနေပြည်သား လုကိ၊စော်ဘွား
ဟေရုဒ်နှင့်အတူ ကြီးထွားသော မာနင်နှင့်၊
ရှောလုတို့ဖြစ်ကြ၏။ 2ဤလူတို့သည် သခင်
ဘုရားဝတ်ကိုပြု၍ အစာရှောင်နေကြ၏။ သန့်
ရှင်းသောဝိညာဉ်တော်က “ဗာနဗနှင့်ရှောလု
ကို အထူးအမှုအတွက် ခန့်အပ်ရန် ငါအလိုရှိ၏။
ဤအမှုအတွက် သူတို့ကို ငါရွေးချယ်သည်” ဟု
မိန့်တော်မူ၏။
3ထိုအခါအသင်းဝင်သူတို့သည် အစာရှောင်
၍ ဆုတောင်းကြ၏။ သူတို့က ဗာနဗနှင့်ရှောလု
အပေါ်မှာ လက်တင်ကြ၏။ ထို့နောက် သူတို့ကို
မိမိတို့လမ်းအတိုင်း စေလွှတ်ကြ၏။

## ကုပရု၌ဗာနဗနှင့်ရှောလု

4ဗာနဗနှင့် ရှောလုတို့သည် သေလုကိမြို့သို့
သန့်ရှင်းသောဝိညာဉ်တော်က စေလွှတ်တော်
မူ၏။ ထို့နောက် သေလုကိမြို့မှ သင်္ဘောဖြင့်
လွှင့်သဖြင့်၊ ကုပရုကျွန်းသို့ ရောက်ရှိကြ၏။
5သူတို့သည် ရှာလမိမြို့သို့ ရောက်သွားသော
အခါ၊ သူတို့သည် ယုဒလူမျိုးတို့၏ တရားဇရပ်
များ၌၊ ဘုရားသခင်၏သတင်းတော်ကို ဟော
ပြောကြ၏။ ယောဟန်မာကုသည် သူတို့ကို
ကူညီရန် သူတို့နှင့်အတူရှိ၏။
6သူတို့သည် ကုပရုကျွန်းတခုလုံးကို လှည့်
လည် ဟောပြောလျက်၊ ပါဖုခေါ်သော မြို့သို့
ရောက်သွားကြ၏။ ထိုမြို့၌ မှော်မျက်လှည့်အ
တတ် ပြုလုပ်နေသော ယုဒလူမျိုး တစ်ယောက်

ကို တွေ့ကြ၏။ ထိုသူ၏နာမည်သည် ဗာယေရှု
ဖြစ်၏။ သူသည် မှားယွင်းသောပရောဖက်
တစ်ယောက် ဖြစ်၏။ 7သူသည် မြို့တော်ဝန်မင်း
သေရဂိပေါလုကို အနီးကပ်ပေါင်းထား၏။
သေရဂိပေါလုသည် ပညာရှိတစ်ယောက်ဖြစ်
၏။ သူသည် ဘုရားသခင်၏သတင်းတော်ကို
နားထောင်လိုသဖြင့် ဗာနဗနှင့်ရှောလုတို့ကို
ဖိတ်ခေါ်၏။ 8သို့သော်လည်း မျက်လှည့်သမား
ဧလုမသည် ဗာနဗနှင့် ရှောလုအား ဆန့်ကျင်
၏။ ဧလုမအနက်အဓိပ္ပါယ်မှာ ဟေလသဘာ
သာ စကားဖြင့် ဗာယေရှုအမည်ဖြစ်၏။ ဧလုမ
သည်မြို့ဝန်ကို ယုံကြည်ခြင်းမှ လွှဲအံ့စေခြင်းငှါ
ကြိုးစား၏။ 9ထိုအခါ ပေါလုဟု အမည်တွင်
သောရှောလုသည် သန့်ရှင်းသောဝိညာဉ်
တော်နှင့်ပြည့်သဖြင့် ဧလုမအား စေ့စေ့ကြည့်
ရှုလျက်၊ 10“အချင်းမာရ်နတ်၏သား၊ သင်သည်
မှန်ကန်သောအရာအားလုံး၏ရန်သူ ဖြစ်၏။
သင်သည် လိမ်လည်ခြင်း၊ မကောင်းလှည့်
ဖြားမှုမျိုးနှင့်ပြည့်၏။ သင်သည် ထာဝရဘုရား
၏သမ္မာတရားကို လိမ်ညာခြင်းအဖြစ် ပြောင်း
လဲရန် အမြဲကြိုးစား၏။ 11ယခုပင် ထာဝရ
ဘုရား၏လက်တော်သည် သင့်ကို တို့ထိ၍ သင်
သည် မျက်ကန်းသောသူ ဖြစ်လိမ့်မည်။ အချိန်
ကာလပတ်လုံးသင်သည် တစ်စုံတစ်ခုကိုမျှ
တွေ့မြင်နိုင်မည်မဟုတ်။ သင်သည် နေ၏အလင်း
ကိုမျှ တွေ့မြင်နိုင်မည်မဟုတ်” ဟုဆို၏။ ထိုခဏ
ခြင်းတွင် ဧလုမအတွက် ပတ်ဝန်းကျင်တစ်ခု
လုံးသည် မှောင်မိုက်ခြင်းသို့ ပြောင်းလဲ၏။ သူ
သည် လက်ဆွဲပေးမည့်သူတို့ကို ရှာလျက်တ
လည်လည်ဖြစ်နေ၏။ 12ထိုဖြစ်ရပ်ကို မြင်လျှင်
မြို့ဝန်သည် ယုံကြည်ခြင်းသို့ ရောက်၍ သခင်
ဘုရား၏ဒေသနာတော်ကို အလွန်အံ့သြမိန်း
မောရ၍နေ၏။

## ပေါလုနှင့် ဗာနဗတို့ ပိသိဒိရှိ အန္တိအုတ်သို့သွားခြင်း

13ပေါလုနှင့်အတူ ရှိသောလူတို့သည် ပါဖု
မြို့မှ ပံဖုလိပြည် ပေရဂေမြို့သို့ သင်္ဘောဖြင့်
လွှင့်ကြ၏။ သို့သော်လည်း ယောဟန်မာကု
သည် သူတို့ထံမှထွက်၍ ယေရုရှလင်မြို့သို့ ပြန်
လေ၏။ 14သူတို့သည် ပေရဂေမြို့မှ ထွက်သွား
၍ ဆက်လက်ခရီးထွက်ကြပြီး၊ ပိသိဒိပြည်
အန္တိအုတ်မြို့သို့ရောက်ကြ၏။ သူတို့သည် ဥပုသ်
နေ့၌ ယုဒလူမျိုးတို့၏တရားဇရပ်သို့ဝင် ၍
15မောရှေ၏ပညတ်တရားနှင့် ပရောဖက်တို့၏
ရေးသားသောကျမ်းကို ဖတ်ရွတ်ပြီးနောက်
တရားဇရပ်မှူးတို့က၊ ပေါလုနှင့် ဗာနဗအား၊
“အိုညီအစ်ကိုတို့၊ သင်တို့၌ လူများကိုအား
ပေးရန်သတင်းရှိလျှင် ကျေးဇူးပြု၍ ဟောပြော
ကြ” ပါဟုစကားကမ်းလှမ်းကြ၏။

16ထိုအခါ ပေါလုသည် မတ်တတ်ထ၍ မိမိ
လက်ကို မြှောက်၍၊ “ငါ၏ယုဒညီအစ်ကိုတို့နှင့်
စစ်မှန်သောဘုရားသခင်ကို ကိုးကွယ်ကြသော
တခြားသောလူမျိုးတို့၊ ကျေးဇူးပြု၍ငါပြောမည့်
စကားကို နားထောင်ကြလော့။ 17ဣသရေလ
အမျိုး၏ဘုရားသခင်သည် ငါတို့ ဘိုးဘေးများ
ကို ရွေးကောက်တော်မူ၏။ သူ၏လူတို့သည်
အဲဂုတ္တုပြည်၌ ဧည့်သည်ကဲ့သို့ နေသောအချိန်
တွင် သူသည် ကူညီမစပေးတော်မူ၏။ ထို့
နောက် သူ၏ကြီးမြတ်သောတန်ခိုးတော်နှင့် သူ
တို့အား အဲဂုတ္တုပြည်မှ ခေါ်ဆောင်တော် မူ၏။
18ထိုမျှမက ဘုရားသခင်သည် သူတို့အားတော
၌ အနှစ်လေးဆယ်ပတ်လုံး သည်းခံတော်မူ၏။
19ဘုရားသခင်သည် ခါနာန်ပြည်၌ရှိသောလူ
ခုနစ်မျိုးတို့ကို ဖျက်ဆီးတော်မူ၏။ ဘုရားသခင်
သည် ထိုပြည်ကို မိမိလူမျိုးတို့အား ပေးတော်မူ
၏။ 20ဤအရာအားလုံးသည် အနှစ်လေးရာငါး
ဆယ်ခန့်က ဖြစ်ပျက်ခဲ့၏။ “ထို့နောက် ဘုရား
သခင်သည် သူတို့အား ပရော ဖက်ရှမွေလ၏
လက်ထက်တိုင်အောင် အုပ်ချုပ်ရန် တရားသူ
ကြီးတို့ကို ပေးတော်မူ၏။ 21ထို့နောက် လူတို့
သည် ရှင်ဘုရင်ကို တောင်းကြ၏။ ထို့ကြောင့်
ဘုရားသခင်သည် ကိရှ၏သား ရှောလုကို ပေး
တော်မူ၏။ ရှောလုသည် ဗင်္ယာမိန်အမျိုးမှဖြစ်
၏။ သူသည် နှစ်ပေါင်းလေး ဆယ်ပတ်လုံး
ဘုရင်အဖြစ် အုပ်ချုပ်လေ၏။ 22ဘုရားသခင်

သည် ရှောလုကို ဖယ်ရှားပြီးနောက်၊ သူသည်
ဒါဝိဒ်ကို ဘုရင်အဖြစ် တင်မြှောက်တော်မူ၏။
ဘုရားသခင်သည် ဒါဝိဒ်အကြောင်း သက်သေ
ခံတော်မူသည်ကား၊ ‘ယေရှဲ၏သားဒါဝိဒ်သည်
စိတ်နှလုံး၌ ညီညွတ်သောသူဖြစ်၏။ ထို့ကြောင့်
သူသည် ငါလုပ်စေလိုသော အရာခပ်သိမ်းကို
ပြုလုပ်လိမ့်မည်’ ဟုမိန့်တော်မူ၏။ 23ထို့နောက်
ဘုရားသခင်သည် ဒါဝိဒ်၏မျိုးနွယ်ထဲမှ တစ်
ယောက်ကို ယုဒလူတို့၏ကယ်တင်ရှင်အဖြစ် စေ
လွှတ်တော်မူ၏။ ထိုအမျိုးအနွယ်သည် ယေရှု
ဖြစ်တော်မူ၏။ ထိုအရာကိုလုပ်ရန် ဘုရားသခင်
သည် ဂတိပြုတော်မူ၏။ 24ယေရှုကြွလာတော်
မမူမီ ယောဟန်သည် ယုဒလူအားလုံးအား စိတ်
နှလုံးနှင့် အသက်တာပြောင်းလဲစေ၍ ဗတ္တိဇံခံ
ရန် ဟောပြောနှင့်လေ၏။ 25ယောဟန်သည်
မိမိဆောင်ရွက်မှုကို ပြီးဆုံးမည့်အချိန်၌ သူက
‘ငါသည် အဘယ်သူဖြစ်သည်ဟု သင်တို့ထင်
မှတ်ကြသနည်း။ ငါသည် ခရစ်တော်ဖြစ်သည်
မဟုတ်။ သူသည် မကြာမီ ကြွလာလိမ့်မည်။
ငါသည် ထိုသူ၏ခြေနင်းတော်ကြိုးကို ဖြည်ပေး
ရန် ငါမထိုက် ဟုဆို၏။’

26“ငါ့ညီအစ်ကိုတို့၊ အာဗြဟံမိသားစု၏
သားတို့နှင့် စစ်မှန်သော ဘုရားသခင်ကို ကိုး
ကွယ်သော တခြားအမျိုးသားတို့ နားထောင်
ကြလော့။ ဤကယ်တင်တော်မူခြင်း သတင်း
တော်ကို ငါတို့ထံသို့ စေလွှတ်တော်မူ၏။
27ယေရုရှလင်မြို့၌ နေသောယုဒလူတို့နှင့် ယုဒ
ခေါင်းဆောင်တို့သည် ယေရှုကို ကယ်တင်ရှင်
အဖြစ် မသိနားမလည်ကြ။ ပရောဖက်တို့က
ရေးသားထား သောယေရှု၏ အကြောင်းကို
ယုဒလူတို့ထံသို့ ဥပုသ်နေ့တိုင်းဖတ်၏။ သို့သော်
လည်း သူတို့သည် နားမလည်ကြ။ သို့သော်
လည်း ယေရှုကို စီရင်သောအားဖြင့်ထို ပရော
ဖက်တို့၏စကားကို ပြည့်စုံစေကြ၏။ 28သူတို့
သည် ယေရှုအား သေထိုက်သည့်အကြောင်း
ပြချက် မတွေ့နိုင်သော်လည်း သူတို့သည် ကိုယ်
တော်ကိုသတ်ရန် ပိလတ်အား တောင်းဆိုကြ
၏။ 29ကျမ်းစာထဲ၌ ရေးသားသည့်အတိုင်း ထို
ယေရှု၌ ဖြစ်ရမည့်ဆိုးဝါးသောအရာအားလုံး
ကို သူတို့လုပ်ကြ၏။ ထို့နောက် သူ့လက်ဝါးကပ်
တိုင်မှချ၍ သင်္ချိုင်းတွင်း၌ ထားကြ၏။ 30သို့
သော်လည်း၊ ဘုရားသခင်သည် ယေရှုကို
သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူ၏။
31ဂါလိလဲပြည်မှ ယေရုရှလင်မြို့သို့၊ သူနှင့်အတူ
လိုက်သွားကြသော လူတို့ထံသို့ ယေရှုသည်
နေ့ရက်များစွာ ထင်ရှားပြတော်မူ၏။ ထိုသူတို့
သည် ယခု၌ လူတို့ထံသို့ဤ အကြောင်း၏သက်
သေခံဖြစ်ကြ၏။ 32ငါတို့သည် သင်တို့အား
ဟောပြောသော ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းမှာ၊ ဘုရားသခင်သည်ငါတို့၏ဘိုးဘေး
များထံသို့ ပေးတော်မူသောဂတိတော်အ
ကြောင်းဖြစ်၏။ 33ငါတို့သည် ထိုသူတို့၏အမျိုး
အနွယ်များဖြစ်၍၊ ဘုရားသခင်သည် ယေရှု
အား သေခြင်းမှထမြောက်စေတော်မူခြင်းအား
ဖြင့် ဤဂတိတော်ကို ငါတို့အတွက် ပြည့်စုံတော်
မူ၏။ ဤအကြောင်းကို ဆာလံဒုတိ ယခန်း၌
ဖတ်ကြည့်နိုင်ပါ၏။

> ‘သင်သည် ငါ့သားဖြစ်၏။ ယနေ့ငါသည်
> သင်၏အဘဖြစ်၏။’ *ဆာလံ၊ 2:7*

34ဘုရားသခင်သည် ယေရှုကို ထမြောက်စေ
တော်မူ၍၊ သူသည် သုသာန်ထဲ၌ ဘယ်သော
အခါမျှ ပုပ်စပ်မည်မဟုတ်။ ထို့ကြောင့် ဘုရား
သခင်က၊

> ‘ဒါဝိဒ်၌ ငါပြုသောသန့်ရှင်းမှန်ကန်သော
> ကျေးဇူးတော်ကို သင်တို့အား ငါပေး
> မည် ဟုမိန့်တော်မူ၏။’
>
> *ဟေရှာယ 55:3*

35သို့သော်လည်း အခြားဆာလံကျမ်း၌ ဘုရား
သခင်က

> ‘ကိုယ်တော်၏ သန့်ရှင်းသောသူအား
> သင်္ချိုင်း၌ပုပ်စပ်ခြင်း ရှိစေတော်မမူ’ ဟု
> လာ၏။ *ဆာလံ၊ 16:10*

36ဒါဝိဒ်သည် မိမိကာလအစကနဦး၌ ဘုရား
သခင်၏အလိုတော်အတိုင်း ဆောင်ရွက်လေ
၏။ ထို့နောက် သူသည် သေသောအခါ မိမိ
အဘတို့နှင့်အတူ သူကို မြှုပ်နှံခဲ့၏။ သူ၏အ
လောင်းသည် သင်္ချိုင်းထဲ၌ ပုပ်စပ်၏။ 37သို့
သော်လည်း၊ ဘုရားသခင် ထမြောက်စေသော
သူမူကား၊ သင်္ချိုင်းထဲ၌ပုပ်ခပ်ခြင်းသို့မရောက်။
38-39ညီအစ်ကိုတို့ သင်တို့အား ငါတို့ဟောပြော
သောစကားကို နားလည်ရမည်။ သင်တို့၏အ
ပြစ်ကို ကိုယ်တော်အားဖြင့် ခွင့်လွှတ်ခြင်းရနိုင်
၏။ ထို့ပြင် ကိုယ်တော်ကို ယုံကြည်သောသူရှိ
သမျှတို့သည် မောရှေ၏ပညတ်တရားအတိုင်း
မလွတ်နိုင်သော ထိုအရာအားလုံးမှ ကယ်လွှတ်
ခြင်းကို ခံရလိမ့်မည်။ 40ပရောဖက်တို့က တစ်စုံ
တစ်ခု အပြစ်ပျက်ရှိလိမ့်မည် ဟုဟောကြ၏။
သတိပြုကြလော့။ ထိုအရာကို သင်တို့ထံသို့
မဖြစ်စေနှင့်။ ဤအရာသည် ပရောဖက်တို့
ဟောပြောသောအရာဖြစ်၏။

41 ‘သံသယဖြစ်နေသူတို့၊ နားထောင်ကြ
လော့။ အံ့သြ၍ ပျက်စီးကြလော့။ အ
ကြောင်းမူကား၊ သင်တို့အား တစ်စုံတစ်
ယောက်သောသူသည် ရှင်းပြသော်
လည်း သင်တို့မယုံကြည်မည့် တစ်စုံတစ်
ခုသောအမှုကို သင်တို့ကာလ၌ ငါပြု
မည်’” ဟုဟောပြောလေ၏။

*ဟဗက္ကုတ်၊ 1:5*

42ပေါလုနှင့် ဗာနဗတို့သည် တရားဇရပ်မှ
ထွက်သွားကြစဉ် လူတို့က သူတို့အား နောက်
ဥပုဒ်နေ့၌ လာ၍ ထိုအကြောင်း မိမိတို့အား
ပို၍ ဟောပြောပါရန် တောင်းပန်ကြ၏။ 43အ
စည်းအဝေးပြီးသောအခါ များစွာသောယုဒလူ
တို့သည် သူတို့နောက်သို့ လိုက်လာကြ၏။ ယုဒ
ဘာသာဝင်ဖြစ်၍ စစ်မှန်သောဘုရားသခင်ကို
ကိုးကွယ်ကြသော လူများစွာတို့သည်လည်း သူ
တို့နောက်သို့ လိုက်လာကြ၏။ ပေါလုနှင့်ဗာနဗ
တို့သည် ဘုရားသခင်၏ကျေးဇူးတော်၌ ပို၍
ဆက်လက်ယုံကြည်စေခြင်းငှါ သူတို့အား တိုက်
တွန်းနိုးဆော်ကြ၏။

44နောက်ဥပုသ်နေ့၌ ဘုရားသခင်၏ နှုတ်
ကပတ်တော်ကို ကြားနာလိုသောကြောင့် တစ်
မြို့လုံးနီးပါး အတူတကွ စုစည်းကြ၏။ 45ယုဒလူ
တို့သည် ထိုလူတို့အားလုံးကို မြင်ကြ၏။ ထိုအ
ခါ သူတို့သည် အလွန်မနာလို ဖြစ်ကြ၍ စော်
ကားသောစကားများ မြွက်ဆိုကြပြီး၊ ပေါလု
ပြောသောစကားကို ငြင်းခုံကြ၏။ 46ပေါလုနှင့်
ဗာနဗတို့က ရဲရင့်တည်ငြိမ်စွာ သူတို့ကို ပြော၍
‘ငါတို့သည် ဘုရားသခင်၏ဝမ်းမြောက်ဖွယ်သ
တင်းကောင်းကို တခြားသောသူတို့ထံသို့
မပြောမီ သင်တို့အား ရှေးဦးစွာ ဟောပြောရ
မည်။ သို့သော်လည်း သင်တို့သည် နားမ
ထောင်ကြ။ သင်တို့သည် ထာဝရအသက်ကို
ပိုင်ဆိုင်ရန် မခံထိုက်ဟု မိမိတို့စီရင်ကြ၏။ ထို့
ကြောင့် ယခုငါတို့သည် တပါးအမျိုးသားဆီသို့
သွားမည်။ 47ဘုရားသခင်သည် ငါတို့အား ပြု
လုပ်ရန် မိန့်တော်မူသောအရာသည် ဤအ
ရာဖြစ်၏။

‘သင့်ကို တပါးသော အမျိုးသားတို့ထံသို့
အလင်းဖြစ်ရန် ငါသည် သင်တို့ကို ခန့်
ထား၏။ ထို့ကြောင့် သင်သည် ကမ္ဘာ
တစ်ဝန်းလုံး၌ရှိသော လူအားလုံးထံသို့
ကယ်တင်ခြင်းလမ်းကို ပြမည်ဖြစ်၏’” ဟု
ရဲရင့်စွာ ပြောဆိုကြ၏။

*ဟေရှာယ 49:6*

48တပါးသောမျိုးသားတို့သည် ဤအရာကို
ကြားရသောအခါ အလွန်ဝမ်းမြောက်ကြ၏။ သူ
တို့သည် ထာဝရဘုရား၏နှုတ်ကပတ်တရား
တော်ကို ချီးမွမ်းဂုဏ်ပြုကြ၏။ ထာဝရအသက်
ကို ရရန်အတွက် ရွေးချယ်ထားတော်မူသော
လူအားလုံးသည် ယုံကြည်ကြ၏။
49ထို့ကြောင့် ထာဝရဘုရား၏နှုတ်ကပတ်
တရားတော်သည် တစ်နိုင်ငံလုံးပျံ့နှံ့သွား၏။
50သို့သော်လည်း ထိုယုဒလူမျိုးတို့သည် ပေါလု
နှင့်ဗာနဗကို ဆန့်ကျင်ရန် စစ်မှန်သောဘုရား

ကို ကိုးကွယ်၍ အသရေရှိအမျိုးသမီးအချို့နှင့်
မြို့တော်၏ခေါင်းဆောင်များကို နှိုးဆွကြ၏။ ထို့
ကြောင့် သူတို့သည် ပေါလုနှင့် ဗာနဗကို ဆန့်
ကျင်ဒုက္ခပေး၍ မြို့ပြင်သို့ မောင်းထုတ်ကြ ၏။
51ထို့ကြောင့် ပေါလုနှင့် ဗာနဗတို့သည် သူတို့၏
ခြေထောက်များမှ ဖုန်များကို ခါချလိုက်၏။*
ပေါလုနှင့် ဗာနဗသည် ဣကောနိမြို့တော်သို့
သွားကြ၏။ 52သို့သော်လည်းအန္တိအုတ်ရှိ ယေရှု
၏တပည့်တော်တို့သည် ဝမ်းမြောက်ခြင်းနှင့်
ပြည့်ဝပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝ
ကြ၏။

## ဣကောနိမြို့၌ ပေါလုနှင့်ဗာနဗ

14 ပေါလုနှင့် ဗာနဗတို့သည် ဣကောနိမြို့
သို့ ရောက်လျှင် ယုဒတရားဇရပ်သို့ဝင်
ကြ၏။ (သူတို့ရောက်ရှိသောမြို့တိုင်း၌ ဤကဲ့သို့
ပြုခြင်းသည် သူတို့ ၏ထုံးစံဖြစ်၏။) သူတို့သည်
တရားဇရပ်၌ ရှိသောလတို့ဆီသို့ ထိုအတိုင်း
ဟောပြောသဖြင့် များစွာသောယုဒလူတို့နှင့်
ဟေလသလူများ သည် သူတို့ ဟောပြော
သောစကားကို ယုံကြည်ကြ၏။ 2သို့သော်
လည်း မယုံကြည်သောယုဒ လူအချို့လည်း ထို
နေရာ၌ရှိကြ၏။ ဤယုဒတို့သည် တပါးသော
အမျိုးသားတို့ကို နှိုးဆော်ပြီး ညီအစ်ကိုတို့အား
ဆန့်ကျင်၍ မကောင်းသောစိတ်ရှိစေကြ၏။
3ပေါလုနှင့် ဗာနဗတို့သည် ဣကောနိမြို့၌ ကြာ
မြင့်စွာ နေကြ၏။ သူတို့သည် သခင်ဘုရား၏
အကြောင်းကိုငင်း၊ ကျေးဇူးတော်အကြောင်း
ကိုငင်း ရဲရင့်စွာဟောပြောကြ၏။ သခင်ဘုရား
သည် သူတို့အား နိမိတ် လက္ခဏာများနှင့်
အံ့ဩဖွယ်စရာများပြုလုပ်ရာ၌ ကူညီမစခြင်း
အားဖြင့် သူတို့၏ဟောပြောသောအရာသည်
သမ္မာတရားဖြစ်ကြောင်း ဘုရားသခင်က သက်
သေအထောက်ထားကို ထင်ရှားစေတော်မူ၏။
4သို့သော်လည်း ဣကောနိမြို့သူမြို့သားတို့
သည် နှစ်ခြမ်းကွဲပြား၏။ လူတစ်ဖွဲ့သည် ယုဒလူ
တို့နှင့်သဘောတူညီပြီး အခြားတစ်ဖွဲ့သည်
ပေါလုနှင့်ဗာနဗတို့အား ယုံကြည်ကြ၏။
5အချို့သောယုဒများ၊ တပါးသောလူမျိုး
အချို့နှင့် သူတို့၏ခေါင်းဆောင်တို့သည် ပေါလု
နှင့်ဗာနဗအား အန္တရာယ်ပေး၍ ကျောက်ခဲနှင့်
ပစ်သတ်ရန် ကြံစည်ကြ၏။ 6ပေါလုနှင့်ဗာနဗ
တို့သည် ထိုအကြောင်းကို သိရှိကြသောအခါ
ဣကောနိမြို့မှ ထွက်ခွာသွားကြ၏။ သူတို့သည်
လုကောနိပြည်ရှိ လုတ္တရမြို့၊ ဒေရဗေမြို့နှင့် ထို
မြို့များ၏ဒေသဝန်းကျင်၌ သွားကြ၍၊ 7ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို ထိုအရပ်
တို့၌ ဟောပြောကြ၏။

## လုတ္တရနှင့်ဒေရဗေမြို့၌ ပေါလု

8လုတ္တရမြို့၌ မွေးရာပါခြေမစွမ်းသူတစ်
ယောက်ရှိ၏။ သူသည် မိမိ၏ဘဝတစ်လျှောက်
လုံး၌ တစ်ခါမျှလမ်းမလျှောက်နိုင်။ 9သူသည်
ပေါလု၏ဟောပြောချက်ကို ထိုင်လျက်၊ နား
ထောင်လေ၏။ ပေါလုသည် သူ့ကို ကြည့်ရှု၍
ကျန်းမာမည်အကြောင်းသူ၌ ယုံကြည်ခြင်းရှိ
သည်ကို သိမြင်လေ၏။ 10ထိုကြောင့် ပေါလု
သည် သူ့အား ကျယ်လောင်သောအသံဖြင့်၊
"သင့်ခြေထောက်ပေါ်၌ မတ်တပ်ရပ်လော့" ဟု
ပြောလေ၏။ ထိုသူသည် ရုတ်တရက်ထ၍
လှမ်းသွားလေ၏။ 11ပေါလုပြုလုပ်သောအမှု
ကို လူတို့မြင်ကြသောအခါသူတို့က လုကောနိ
စကားဖြင့် "နတ်ဘုရားတို့သည် လူပုံဆောင်၍၊
ငါတို့ထံသို့ ဆင်းသက်လာကြပြီ" ဟုအော်
ဟစ်ကြ၏။ 12လူတို့သည် ဗာနဗကို "ဇုသ*"
ဟုခေါ်ကြပြီး၊ ပေါလုသည် အဓိကဟောပြော
သောသူဖြစ်သောကြောင့် "ဟေရမေ"* ဟု
ခေါ်ကြ၏။ 13ဇုသဗိမာန်တော်သည် ထိုမြို့အနီး

---

**သူတို့၏ခြေထောက်များမှ ဖုန်များကို ခါချလိုက်၏။** သတိပေးခြင်း၊ ဤကား သူတို့သည် ထိုလူတို့ထံ စကားပြောပြီးကြောင်းပြသခြင်းဖြစ်သည်။

**ဇုသ** အလွန်အရေးကြီးသောဟေလသရုပ်တုဆင်းတုများ

**ဟေရမေ** တခြားသောဟေလသနတ်ဘုရား။ သူသည် တခြားသောရုပ်တုဆင်းတုများ၏တမန်ဖြစ်သည် ဟုဟေလသလူတို့က ယုံကြည်ခဲ့ကြသည်။

၌တည်ရှိ၏။ ထိုဗိမာန်တော်ရှိ ယဇ်ပုရော
ဟိတ်သည် နွားထီးအချို့နှင့်ပန်းကုံးအချို့ကို မြို့
တံခါးသို့ ယူဆောင်လာကြ၏။ အကြောင်းမူ
ကား၊ သူတို့သည် ပေါလုနှင့်ဗာနဗကို ယဇ်ပူ
ဇော်လိုသောကြောင့်ဖြစ်၏။
[14]သို့သော်လည်း တမန်တော်တို့ဖြစ်ကြ
သောပေါလုနှင့် ဗာနဗတို့သည် လူတို့က အ
ဘယ်သို့ပြုလုပ်မည်ကို သိမြင်ကြ၏။ သူတို့သည်
မိမိတို့၏အဝတ်များကို ဆုတ်ဖြဲကြ* ၍ လူအုပ်
ထဲသို့ ပြေးဝင်လျက် [15]“အချင်းလူတို့ အဘယ်
ကြောင့် ဤအရာကို ပြုကြသနည်း။ ငါတို့သည်
နတ်ဘုရားများမဟုတ်ပါ။ ငါတို့သည် သင်တို့
ကဲ့သို့ လူမျှသာဖြစ်၏။ သင်တို့သည် အကျိုး
မရှိသောအရာများမှ အသက်ရှင်တော်မူသော
ထာဝရဘုရားထံတော်သို့ပြန် လှည့်နိုင်မည်အ
ကြောင်း ငါတို့သည် ဤနေရာ၌ သင်တို့အား
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဟော
ပြောခြင်းငှါလာ၏။ ဘုရားသခင်သည် မိုး
ကောင်းကင်၊ ကမ္ဘာမြေပြင်၊ ပင်လယ်သမုဒ္ဒရာ
နှင့်ထိုအရာတို့၏အထဲ၌ရှိသမျှအရာအားလုံးကို
ဖန်ဆင်းတော်မူသော တစ်ပါးတည်းသောသူ
ဖြစ်၏။ [16]ရှေးလွန်လေပြီးသောကာလ၌ထာဝရ
ဘုရားသည် လူမျိုးအပေါင်းတို့အား မိမိတို့အ
လိုအလျောက်ကျင့်ကြမည်အကြောင်း ခွင့်ပြု
တော်မူ၏။ [17]သို့သော်လည်း ဘုရားသခင်
သည် မိမိရှိကြောင်းသက်သေပြသောအရာတို့
ကို ဆောင်ရွက်တော်မူ၏။ သူသည် သင်တို့
အတွက် ကောင်းမွန် သောအရာတို့ကို ဆောင်
ရွက်ပေးတော်မူ၏။ မိုးကောင်းကင်မှ မိုးရွာစေ
တော်မူ၏။ သင်တို့အတွက် အချိန်မှန်သီးနှံ
ကောင်းများ ဖြစ်စေတော်မူ၏။ သင်တို့ကို အ
စားအစာများအလွန်များပြားစွာ ပေးတော်မူ
၏။ သင်တို့၏စိတ်နှလုံး ကို ဝမ်းမြောက်ခြင်းနှင့်
ပြည့်ဝစေတော်မူ မည်’ ဟုကြွေးကြော်ကြ၏။’
[18]ပေါလုနှင့်ဗာနဗတို့သည် ထိုအကြောင်းအရာ
များကို ပြောပြသော်လည်း သူတို့သည် မိမိ
တို့အား ယဇ်ပူဇော်ခြင်းမှ ထိုလူတို့ကို တားမြစ်
ရန်လွန်စွာ ရုန်းကန်လှုပ်ရှားကြလေ၏။
[19]ထိုနောက် အန္တိအုတ်မြို့နှင့် လုကောနိမြို့မှ
ယုဒအချို့ရောက်လာကြ၏။ သူတို့သည် ပေါလု
အား ဆန့်ကျင်စေခြင်းငှါ လူတို့ကို သွေးဆောင်
ကြ၏။ ထို့ကြောင့် လူတို့သည် ပေါလုအား
ကျောက်ခဲနှင့်ပစ်၍ သေပြီဟု ထင်မှတ်လျက်
မြို့ပြင်သို့ ဒရွတ်တိုက်ဆွဲကြ၏။ [20]ယေရှု၏တ
ပည့်တော်တို့သည် ပေါလု၏ဝန်းရံ၍ စုရုံးနေကြ
စဉ်သူသည် ထ၍မြို့ထဲသို့ ပြန်သွားလေ၏။
နောက်တစ်နေ့၌ ပေါလုနှင့် ဗာနဗတို့သည်ထို
မြို့မှထွက်ခွာပြီး ဒေရဗေမြို့သို့ သွားလေ၏။

## ရှုရိပြည်အန္တိအုတ်မြို့သို့ပြန်ကြခြင်း

[21]ပေါလုနှင့် ဗာနဗတို့သည် ဒေရဗေမြို့၌
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းအကြောင်း
ကို ဟောပြောကြ၏။ များပြားလှသောပရိ
သတ်သည် ယေရှု၏တပည့်တော်ဖြစ်လာကြ၏။
ထို့နောက် ပေါလုနှင့်ဗာနဗတို့သည် လုတ္တရ
မြို့၊ ဣကောနိမြို့နှင့် အန္တိအုတ်မြို့များသို့ ပြန်
လာကြ၏။ [22]ထိုမြို့များ၌ သူတို့သည် တပည့်
တော်တို့ကို ခွန်အားပေးပြီး သူတို့အားယုံကြည်
ခြင်း၌ တည်ကြည်မည့်အကြောင်းအား ပေး
လေ၏။ ပေါလုနှင့်ဗာနဗတို့က “ငါတို့သည်
ဘုရားခင်၏နိုင်ငံတော်ဝင်နိုင်ရန်အတွက် ဒုက္ခ
ဝေဒနာများစွာကိုခံရမည်” ဟုပြောကြ၏။
[23]ပေါလုနှင့်ဗာနဗတို့သည် သွားရောက်သော
အသင်းတော်တိုင်း၌ သင်းအုပ်တို့ကို ခန့်ထား
ကြ၏။ သူတို့သည် သင်းအုပ်တို့အတွက် အစာ
ရှောင်၍ ဆုတောင်းကြပြီး မိမိတို့ယုံကြည်စိတ်
ချသောသူတို့အား ထာဝရဘုရား၏စောင့်
ရှောက်ခြင်းထဲသို့ အပ်နှံကြ၏။
[24]ပေါလုနှင့် ဗာနဗတို့သည် ပိသိဒိနိုင်ငံတစ်
ဝန်းလုံးသို့ သွားရောက်ကြ၏။ ထို့နောက် သူတို့
သည် ပံဖုလိပြည်သို့ ရောက်လာကြ၏။ [25]သူတို့
သည် ပေရဂေမြို့၌နှုတ်ကပတ်တရားတော်
ဟောပြောကြ၏။ ထိုနေရာမှအတ္တလိမြို့သို့
သွားကြ၏။ [26]ထိုနေရာမှ သူတို့သည် ရေ

---

**မိမိတို့ ... ဆုတ်ဖြဲကြ** ဤဟာသည် သူတို့အင်မတန်စိတ်
ဆိုးကြောင်း ပြသခြင်းဖြစ်သည်။

ကြောင်းခရီးဖြင့် လွှင့်၍ ယုံကြည်သူတို့သည်သူ
တို့အား ဘုရားသခင်၏ကျေးဇူးတော်သို့ အပ်နှံ
၍ ထိုအလုပ်အတွက် စေလွှတ်သောသူတို့သည်
အန္တိအုတ်မြို့သို့ ရောက်လာကြ၏။ ယခုအခါ၌
သူတို့သည် ထိုအလုပ်ကို ပြီးမြောက်စေကြ၏။
27 ထိုနေရာ၌ ပေါလုနှင့် ဗာနဗတို့ရောက်
သောအခါ သူတို့သည် ယုံကြည်သူအပေါင်းတို့
ကို အတူတကွစုဝေးကြ၍ ဘုရားသခင်သည်
မိမိတို့အားဖြင့် မည်သို့ပြုတော်မူသည်ကို သူတို့
အားပြောကြားကြ၏။ ထို့ပြင်ဘုရားသခင်သည်
တပါးအမျိုးသားတို့အား ယုံကြည်ခြင်း တံခါးကို
အဘယ်သို့ ဖွင့်ပေးတော်မူကြောင်းကိုလည်း
ပြောကြားကြ၏။ 28 ပေါလုနှင့် ဗာနဗတို့ သည်
ယုံကြည်သူတို့နှင့်အတူထိုမြို့၌ ကြာမြင့်စွာ နေ
ကြ၏။

## ယေရုရှလင်မြို့၌စည်းဝေးပွဲ

15 ထိုနောက် ယုဒပြည်မှ လူအချို့တို့သည်
အန္တိအုတ်မြို့သို့ ရောက်ရှိလာကြ၏။ သူ
တို့သည် တပါးသောအမျိုးသားညီအစ်ကိုများ
အား “မောရှေသည် အကျွန်ုပ်တို့အား သွန်သင်
သည့်အတိုင်း သင်တို့သည် အရေဖျားမလှီး
လျှင် ကယ်တင်ခြင်းခံနိုင်မည်မဟုတ်’ ဟုဩဝါ
ဒပေးခြင်းစတင်ကြ၏။ 2 ထိုဩဝါဒပေးခြင်းကို
ပေါလုနှင့်ဗာနဗတို့သည် သဘောမတူကြ။ ထို
အကြောင်းနှင့် ပတ်သက်၍ သူတို့သည် ထိုလူ
တို့နှင့် ပြင်းထန်စွာ ငြင်းပွားကြ၏။ ထို့ကြောင့်
အသင်းတော်သည် ဤအကြောင်းနှင့် ပတ်
သက်၍ တမန်တော်တို့နှင့် သင်းအုပ်တို့ကို ပိုမို
၍ ဆွေးနွေးနိုင်ရန်အတွက် ပေါလု၊ ဗာနဗနှင့်
တခြားလူတို့ကို ယေရုရှလင်မြို့သို့ စေလွှတ်ရန်
ဆုံးဖြတ်ကြ၏။
3 သူတို့၏ခရီးသွားလာရေးအတွက် အသင်း
တော်မှ အကူအညီပေးလေ၏။ သူတို့သည်
ဖိနိတ်ပြည်နှင့် ရှမာရိပြည်တို့ကို ဖြတ်သန်းသွား
ကြ၏။ ထိုနေရာများ၌ သူတို့သည် လူတို့အား
တပါးသော အမျိုးသားတို့သည် စစ်မှန်သော
ဘုရားသခင်ထံတော်သို့ မည်သို့ပြန်လာကြ
ကြောင်း အသေးစိတ်ပြော၏။ ထို့ကြောင့် အ
ခြားသောလူတို့မှ ညီအစ်ကိုတို့သည် အလွန်
ပျော်ရွှင်ကြ၏။ 4 ပေါလု၊ ဗာနဗနှင့် အခြားလူ
တို့သည် ယေရုရှလင်မြို့၌ ရောက်လာကြ၏။
သူတို့ကို အသင်းတော်တမန်တော်တို့နှင့် သင်း
အုပ်တို့က ကြိုဆိုကြလေ၏။ သူတို့သည် မိမိတို့
အားဖြင့် ထာဝရဘုရား လုပ်ဆောင်ပေးတော်
မူသောအရာအားလုံးတို့ကို ပြောပြကြ၏။
5 ဖာရိရှဲတို့အဖွဲ့မှ ယုံကြည်သူအချို့တို့သည် ထ၍
“တပါးသောအမျိုးသားယုံကြည်သူတို့သည် အ
ရေဖျားကို လှီးရမည်။ ငါတို့သည် သူတို့အား
မောရှေ၏တရားကို လိုက်နာရန်ပြောရမည်”
ဟုပြောကြ၏။
6 ထိုအခါ တမန်တော်တို့နှင့် သင်းအုပ်တို့
သည် ဤကိစ္စကို ဆွေးနွေးရန်အတူအကွ စုဝေး
ကြ၏။ 7 ကြာမြင့်စွာ ဆွေးနွေးပြီးသောအခါ
ပေတရုသည် ထလျှက် “ငါ့ညီအစ်ကိုတို့၊ သင်
တို့သည် ရှေးဦးစွာ အဘယ်သို့ဖြစ်ပျက်သည်
ကို ကောင်းကောင်းသိကြ၏။ တပါးအမျိုးသား
တို့သည် ယုံကြည်လာမည်ဖြစ်ကြောင်း ဘုရား
သခင်သည် သူတို့ထံသို့ ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ဟောပြောရန် သင်တို့တွင်
ငါ့ကို ရွေးချယ်တော်မူ၏။ 8 စိတ်နှလုံးကို သိ
တော်မူသောဘုရားသခင်သည် သန့်ရှင်းသော
ဝိညာဉ်တော်ကို ငါတို့အား ပေးသည်နည်းတူ
သူတို့အား ပေးသဖြင့် သူသည် သူတို့အား
လက်ခံကြောင်းပြတော်မူ၏။ 9 ဘုရားသခင်
အတွက် ထိုလူမျိုးတို့သည် ငါတို့ထံမှ ခြားနား
ခြင်းမရှိပါ။ သူတို့ယုံကြည်ကြသောအခါ ဘုရား
သခင်သည် သူတို့၏နှလုံးသားကို စင်ကြယ်စေ
တော်မူ၏။ 10 ယခုအခါ၌ သင်တို့သည် တပည့်
တို့၏လည်ပင်းတစ်ဝိုက်၌ ငါတို့နှင့် ငါတို့၏ဘိုး
ဘေးတို့မထမ်းနိုင်သည့်လေးလံသောဝန်ထုပ်*
ကို တင်ခြင်းအားဖြင့်ဘုရားသခင်ကို ကြိုးစား၍
စုံစမ်းကြသနည်း။ 11 သခင်ယေရှု၏ကျေးဇူးတော်

**ဝန်ထုပ်** ယုဒလူမျိုးတို့၏ပညတ်တရား၊ တစ်ချို့ယုဒတို့
သည် ယုဒမဟုတ်သောလူမျိုးတို့ကို ဤပညတ်တရားကို
လိုက်လျှောက်စေရန် ကြိုးစားကြသည်။

အားဖြင့်သာ တစ်ပါးသောအမျိုးသားတို့သည်
ကယ်တင်ခြင်း ရောက်သည်နည်းတူ ငါတို့သည်
ကယ်တင်ခြင်းသို့ရောက်ရမည်ကို ငါတို့ယုံကြည်
၏ဟုပြောဆို၏။
[12]ထိုအခါ စုဝေးသောသူအပေါင်းတို့သည်
ငြိမ်သက်သွားလေ၏။ ပေါလု၊ ဗာနဗတို့သည်
မိမိတို့အားဖြင့် တပါးသောလူတို့တွင် ဘုရား
သခင် ပြုလုပ်တော်မူသောနိမိတ်လက္ခဏာ
များနှင့် အံ့ဩဖွယ်ရာအကြောင်းအားလုံးကို
ပြောပြနေသည်ကို သူတို့နားထောင်ကြ၏။
[13]ပေါလုနှင့် ဗာနဗတို့ ပြောပြီးသောအခါ
ယာကုပ်က “ငါ၏ညီအစ်ကိုတို့၊ ငါပြောသည်ကို
နားထောင်ကြလော့။ [14]ရှိမုန်ပေတရုသည် တ
ပါးသောအမျိုးသားတို့ထံသို့ ထာဝရဘုရား
သည် မိမိ၏မေတ္တာအဘယ်သို့ ပြတော်မူသည်
ကို ငါတို့အား ပြောပြ၏။ ဘုရားသခင်သည်
တပါးသောအမျိုးသားတို့ကို လက်ခံတော်မူ
ခြင်းနှင့် သူတို့အား မိမိလူများ ဖြစ်စေတော်မူ
ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၏။ [15]ပရော
ဖက်တို့၏စကားများသည် ဤအရာနှင့်ညီ၏။
ကျမ်းစာလာသည်ကား၊

16 ‘ထို့နောက် ငါပြန်လာပြီး လဲကျသော
ဒါဝိဒ်၏အိမ်ကို ပြန်ဆောက်မည်။ငါသည်
ဆွဲချခဲ့သောသူ့အိမ်၏အစိတ်အပိုင်းအား
လုံးတို့ကို ပြန်ဆောက်မည်။ ငါသည် သူ့
အိမ်ကို အသစ်ဖြစ်စေမည်။
17 ထို့နောက် တခြားလူအပေါင်းတို့သည်
ထာဝရဘုရားကို ကြည့်ကြမည်။ ငါပိုင်
သော တပါးသောအမျိုးသားအပေါင်း
တို့သည်လည်း ငါ့ကို ကြည့်ကြမည်။ ထာ
ဝရဘုရားသည် ဤစကားကို မိန့်တော်မူ
၏။ သူသည် ဤအရာကို ပြုလုပ်တော်မူ
သောတစ်ပါးတည်းသော သူဖြစ်တော်မူ
၏’ ဟူ၍ဖြစ်၏။ *အာမုတ် 9:11-12*

[18]ထို့အကြောင်း အရာတို့ကို ကမ္ဘာဦးမှ
စ၍သိခဲ့ကြ၏။ [19]“ထို့ကြောင့် ဘုရားသခင်ထံ
တော်သို့ ပြန်လှည့်လာကြသောတပါးသောအ
မျိုးသားတို့ကို ငါတို့သည် မနှောင့်ယှက်သင့်
ဟု ငါထင်မြင်ချက်ရှိ၏။ [20]ထိုသို့အစား ငါတို့
သည် သူတို့ထံသို့ ဤအရာတို့ကို လိုက်နာရ
မည်ဖြစ်ကြောင်း၊

သူတို့အား စာတစ်စောင်ရေးသင့်၏။
ရုပ်တုတို့အား ပေးထားသော အစားအ
စာကို မသန့်စင်သောကြောင့်မစားနှင့်။
မတရားသော မေထုန်အပြစ်ကို မကျူး
လွန်နှင့်။ သွေးကို မစားသောက်နှင့်။
လည်ပင်းကိုညှစ်၍ သတ်သောတိရစ္ဆာန်
များ၏အသားကို မစားနှင့်။

[21]သူတို့သည် ဤအရာများကို မလုပ်ရ။ အ
ကြောင်းမူကား၊ မောရှေ၏ပညတ်တရားကို
ဟောပြောနေသော ယုဒလူတို့သည် မြို့တိုင်း၌
ရှိနေကြသေး၏။ မောရှေ၏စကားလုံးများကို
ဥပုသ်နေ့တိုင်းတရားဇရပ်များ၌ ဖတ်ကြသည်”
ဟုယာကုပ်ပြောဆို၏။

## တပါးသောအမျိုးသားညီအစ်ကိုတို့ထံသို့စာ

[22]တမန်တော်တို့၊ သင်းအုပ်တို့နှင့် သင်းဝင်
သူတစ်ခုလုံးသည် ပေါလု၊ ဗာနဗတို့နှင့်အတူ
မိမိတို့အထဲမှ လူယောက်ျားအချို့တို့ကို
အန္တိအုတ်မြို့သို့ စေလွှတ်ရန် ဆုံးဖြတ်ကြ၏။
သူတို့သည် ယေရုရှလင်၌ ညီအစ်ကိုတို့၏လေး
စားခြင်းကို ခံရသူများဖြစ်ကြသောယုဒခေါ်
ဗာရှဗနှင့်သိလတို့အား ရွေးချယ်ကြ၏။ [23]သူတို့
နှင့်အတူ စာကို ထည့်ပေးရန်ဖြစ်၏။

စာထဲတွင်၊
တမန်တော်တို့၊ သင်းအုပ်တို့နှင့် ညီအစ်
ကိုတို့၊ အန္တိအုတ်မြို့၊ မှစ၍ ရှုရိပြည်နှင့်
ကိလိကိပြည်တို့၌ရှိသောတပါးအမျိုးသား
ဖြစ်သော ညီအစ်ကိုအပေါင်းတို့၊

[24]ချစ်စွာသောညီအစ်ကိုတို့
ငါတို့၏အုပ်စုမှလူအ ချို့ကို သင်တို့ထံသို့

ရောက်လာကြောင်းနှင့် သူတို့ပြောကြ
သောအကြောင်းအရာတို့သည် သင်တို့
အား ဒုက္ခပေးပြီး အနှောင့်အယှက်ဖြစ်
ကြောင်းကို ငါတို့ကြားသိကြ၏။ သို့သော်
လည်း ငါတို့သည် သူတို့အား ဤသို့ပြု
လုပ်ရန် ပြောဆိုထားခြင်းမရှိပါ။ 25ငါတို့
အားလုံးသည် လူအချို့ရွေးချယ်ရန်နှင့် သူ
တို့အား သင်တို့ထံသို့စေလွှတ်ရန်သဘော
တူကြ၏။ သူတို့သည် ငါတို့၏ချစ်စွာသော
မိတ်ဆွေများ ဖြစ်ကြသော ဗာနဗ၊ ပေါလု
တို့နှင့်အတူလိုက်ပါလာလိမ့်မည်။ 26ဗာနဗ
နှင့်ပေါလုတို့သည်ငါတို့၏သခင်ယေရှုခရစ်
၏အစေတော်ခံရန် သူတို့၏အသက်တာကို
ပေးထားကြ၏။ 27ထို့ကြောင့် ငါတို့သည်
ယုဒနှင့်သိလတို့ကို သူတို့နှင့်အတူစေလွှတ်
ခြင်းဖြစ်၏။ သူတို့သည်လည်း ဤအရာတို့
ကို နှုတ်ဖြင့်ပြောကြလိမ့်မည်။ 28သင်တို့၏
အပေါ်၌ ဝန်ထုပ်မတင်ရန် သန့်ရှင်းသော
ဝိညာဉ်တော်နှင့် ငါတို့အတွက် ကောင်း
သည် ဟုထင်ရ၏။ သင်တို့သည် ဤအရာ
များကိုသာ လိုက်နာရမည်။

29 ရုပ်တုတို့ကို ပေးထားသော အစား
အစာများကို မစားကြနှင့်။ သွေး
ကို မစားသောက်နှင့်၊ လည်ပင်း
ညှစ်သတ်ခံရသော တိရစ္ဆာန်များ
၏အသား မစားနှင့်၊ မတရားမေ
ထုန်အပြစ်ကို မကျူးလွန်နှင့်။

သင်တို့သည် ဤအရာများမှ ကင်းဝေး
အောင်နေလျှင်၊ သင်တို့ကောင်းမွန်စွာ
ဆောင်ရွက်နိုင်ကြပါလိမ့်မည်” ဟုရေး၍
ပေးလိုက်၏။

30ထိုနောက် ပေါလု၊ ဗာနဗ၊ ယုဒနှင့်
သိလတို့သည် ယေရုရှလင်မြို့မှ ထွက်ခွာကြ၏။
သူတို့က အန္တိအုတ်သို့ သွားကြ၏။ သူတို့သည်
အန္တိအုတ်မြို့သို့ ရောက်သောအခါ ယုံကြည်သူ
တို့ အဖွဲ့အစည်းနှင့် စုဝေးကြပြီးလျှင်၊ သူတို့
အား စာစောင်ကို ပေးအပ်လေ၏။ 31ယုံကြည်
သူတို့သည် ထိုစာကို ဖတ်ပြီးကြသောအခါ၊
သူတို့အလွန်ပျော်ရွှင်ကြ၏။ ထိုစာသည် သူတို့
ကို နှစ်သိမ့်ပေး၏။ 32ယုဒနှင့်သိလနှစ်ယောက်
စလုံးသည် ပရောဖက်များဖြစ်ကြ၏။ သူတို့
သည် ယုံကြည်သူတို့အား တိုက်တွန်းခြင်းငှါ
များစွာသောအရာများကို ပြောပြ၍ သူတို့ကို
ခွန်အားပေးကြ၏။ 33ယုဒနှင့် သိလတို့သည်
အန္တိအုတ်မြို့၌ အချိန်အနည်းငယ်သာ နေလျှက်၊
ယေရုရှလင်မြို့၌ သူတို့အား စေလွှတ်သူများရှိ
ရာသို့ ပြန်သွားကြ၏။ 34★
35သို့သော်လည်း၊ ပေါလုနှင့်ဗာနဗတို့သည်
အန္တိအုတ်မြို့၌နေကြ၏။ သူတို့နှင့်များပြားသော
အခြားလူတို့သည် ထာဝရဘုရား၏နှုတ်ကပတ်
တရားကို သင်ကြားဟောပြောကြ၏။

## ပေါလုနှင့်ဗာနဗခွဲခွါခြင်း

36ရက်အနည်းငယ်မျှကြာသောအခါ၊ပေါလု
က ဗာနဗအား၊ “ငါတို့သည် သခင်ဘုရား၏
နှုတ်ကပတ်တရားကို များစွာသောမြို့များတို့၌
ပြောကြ၏။ ထိုမြို့များတို့၌ ပြန်သွား၍ ငါတို့၏
ညီအစ်ကို မောင်နှမတို့ထံသို့ အလည်သွား၍၊
သူတို့သည် အဘယ်သို့ပြုလုပ်ဆောင်ရွက်နေ
သည်ကို ကြည့်ကြကုန်အံ့” ဟုပြောဆို၏။
37ဗာနဗသည် မာကုအမည်ရှိသော ယောဟန်
ကို သူတို့နှင့်အတူ ခေါ်ဆောင်လို၏။ 38သို့
သော်လည်း သူသည် ပထမအခေါက်တွင်၊
ပံဖုလိပြည်၌ သူတို့ထံမှခွဲခွာ၏။ သူတို့နှင့်အ
လုပ် ဆက်လက် မလုပ်လိုသောကြောင့်ဖြစ်၏။
ထို့ကြောင့် ပေါလုသည် သူတို့နှင့်အတူ မာကု
အား မခေါ်ရန် အခိုင်အမာပြောဆို၏။ 39ထို
ကိစ္စနှင့်ပတ်သက်၍ ပေါလုနှင့်ဗာနဗတို့သည် အ
ကြီးအကျယ်အငြင်းပွားကြ၏။ ထို့နောက် သူတို့
သည် လမ်းခွဲ၍ သူတို့၏လမ်းအတိုင်းသွားကြ

**အခန်းငယ် 34** တစ်ချို့ဂရိစာကူးရေးခြင်းက တမန်တော်
ဝတ္ထုအခန်းငယ် 34 ကိုပေါင်းထည့်သည်မှာ၊ “သို့သော်
သိလက အလိုအလျောက်နေရစ်ရန် ဆုံးဖြတ်သည်။”

၏။ ဗာနဗသည် သူနှင့်အတူမာကုအား ခေါ်
ဆောင်ပြီးလျှင် ကုပရုကျွန်းသို့လွှင့်လေ၏။
40ပေါလုသည် မိမိနှင့်အတူသွားရန်သိလကို ရွေး
ချယ်၏။ အန္တိအုတ်မြို့၌ညီအစ်ကိုတို့သည် ပေါလု
အားဘုရားသခင်၏စောင့်ရှောက်မှုလက်တော်
သို့ အပ်၍ထွက်ခွာစေ၏။ 41ပေါလုနှင့်သိလတို့
သည် ရှုရိပြည်တစ်ဝန်းနှင့် ကိလိကိပြည်တစ်ဝန်း
သို့သွားကြ၏။ သူတို့သည် ရောက်လေရာတိုင်း
၌ အသင်းတော်များကို ခွန်အားပေးကြ၏။

## တိမောသေသည် ပေါလု၊ သိလတို့ နှင့်အတူလိုက်သွားခြင်း

16 ပေါလုသည် ဒေရဗေမြို့နှင့် လုတ္တရမြို့သို့
ရောက်လေ၏။ လုတ္တရမြို့၌ တိမောသေ
အမည်ရှိသောယုံကြည်သူတစ်ယောက်ရှိ၏။ သူ
၏အမိသည် ယုံကြည်သောယုဒမိန်းမဖြစ်၏။
သူ၏အဖသည်ဟေလသလူမျိုးဖြစ်၏။ 2လေုတ္တရ
မြို့နှင့်ဣကောနိမြို့၌ရှိသောယုံကြည်သူတို့သည်
တိမောသေကို လေးစားကြ၏။ သူတို့သည်
တိမောသေကောင်းကြောင်းများကို အမြဲတမ်း
ပြောကြ၏။ 3ထို့ကြောင့် ပေါလုသည်
တိမောသေနှင့်အတူ ခရီးသွားလိုခြင်းဖြစ်၏။
သို့သော်လည်း ထိုနယ်မြေတွင်နေထိုင်ကြသော
ယုဒလူတို့သည် တိမောသေ၏အဖအား ဟေလ
သလူဖြစ်သည်ကို သိကြ၏။ ထို့ကြောင့် ထိုနယ်
မြေ၌ ရှိသောယုဒလူများကျေနပ်စေခြင်းငှါ
ပေါလုသည် တိမောသေအား အရေဖျားလှီး
ပေးလေ၏။ 4ထို့နောက် သူတို့သည် အခြားမြို့
များသို့ အတူတကွခရီးသွားကြလေ၏။ သူတို့
သည် ယေရုရှလင်မြို့၌ တမန်တော်တို့နှင့် သင်း
အုပ်တို့၏ဆုံးဖြတ်သောစည်းမျဉ်း စည်းကမ်း
များကို ယုံကြည်သူတို့အား ပေးကြ၏။ သူတို့
သည် ဤစည်းကမ်းများကို လိုက်နာရန် ယုံ
ကြည်သူတို့အား ပြောကြလေ၏။ 5ထို့ကြောင့်
အသင်းတော်တို့သည် ယုံကြည်ခြင်း၌ ပိုမိုခိုင်
မာလာပြီး ယုံကြည်သူတို့၏အရေအတွက်သည်
နေ့စဉ်နှင့်အမျှ တိုးပွားတက်လေ၏။

## ပေါလုအား မာကေဒေါနိမြို့သို့ခေါ်ခြင်း

6ပေါလုနှင့် မိမိအဖွဲ့တို့သည် ဖြုဂိပြည်နှင့်
လာတိပြည်သို့ လျှောက်သွားကြ၏။ သန့်ရှင်း
သောဝိညာဉ်တော်သည် သူတို့အား အာရှ
ပြည်၌ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
ဟောပြောခွင့်ပြုတော်မမူ။ 7ပေါလုနှင့်
တိမောသေတို့သည် မုသိပြည်အနီးသို့ ရောက်
ကြ၏။ သူတို့သည် ဗိသုန်ပြည်သို့ သွားလိုကြ၏။
သို့သော်လည်း သန့်ရှင့်သောဝိညာဉ်တော်
သည် သူတို့အား ထိုတိုင်းပြည်သို့ဝင်ခွင့်ပြုတော်
မမူ။ 8ထို့ကြောင့် သူတို့သည် ထိုတိုင်းပြည်ကို
ဖြတ်၍ တရောမြို့သို့ ရောက်ရှိကြ၏။ 9ထိုည၌
ပေါလု သည် ဗျာဒိတ်ရူပါရုံတစ်ခုကိုမြင်ရ၏။
ထိုဗျာဒိတ်ရူပါရုံထဲတွင် မာကေဒေါနိမှ လူ
တစ်ယောက်သည် သူ့ရှေ့၌မတ်တပ်ရပ်ပြီး
"မာကေဒေါနိပြည်ကိုလာပြီး၊ ငါတို့ကို ကူညီမစ
ပါ" ဟုတောင်းပန်၏။ 10ပေါလုသည် ဗျာဒိတ်ရူ
ပါရုံမြင်ပြီးသောအခါ၊ ငါတို့သည် ချက်ချင်းပင်
မာကေဒေါနိပြည်သို့ ထွက်ရန်ပြင်ဆင်ကြ၏။ ငါ
တို့သည် ထိုလူတို့ထံသို့ ဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်း ဟောပြောရန်ဘုရားသခင်သည်
ငါတို့အား ခေါ်တော်မူသည်ကို နားလည်သ
ဘောပေါက်ကြ၏။

## လုဒိ၏ပြောင်းလဲခြင်း

11ငါတို့သည် သင်္ဘောတစ်စီးဖြင့် တရောမြို့
မှ ထွက်ခွာပြီး သာမောသရက်ကျွန်းသို့ တည့်
တည့်လွှင့်ကြ၏။ နောက်တစ်နေ့၌ ငါတို့သည်
နာပေါလိမြို့သို့ ရောက်ကြ၏။ 12ထို့နောက် ငါ
တို့သည် ဖိလိပ္ပိမြို့သို့ ရောက်ကြ၏။ ဖိလိပ္ပိမြို့
သည် ထိုမာကေဒေါနိပြည်၏အပိုင်း၌ အရေး
ကြီးသောမြို့တစ်ခုဖြစ်ပြီး မင်းမှုလွှတ်သော
ရောမမြို့တစ်မြို့ဖြစ်၏။ ငါတို့သည် ထိုမြို့၌ ရက်
အနည်းငယ်မျှ နေကြ၏။
13ဥပုသ်နေ့၌ ငါတို့သည် မြို့၏ဂိတ်မှထွက်၍
မြစ်ကမ်းနပူးသို့ လျှောက်ကြလေ၏။ ထိုနေရာ
၌ ဆုတောင်းခြင်းအတွက် ယုဒလူမျိုးတို့စုဝေး
သော အထူးနေရာရှိကောင်းရှိလိမ့်မည်ဟု ငါ

တို့ထင်မြင်ယူဆကြ၏။ ထိုဒေသ၌ အမျိုးသမီး
အချို့စုရုံးကြသောကြောင့် ငါတို့ထိုင်ပြီးမှ သူတို့
အား ဟောပြောကြ၏။ 14သူတို့၌သည် လုဒိအ
မည်ရှိသောအမျိုးသမီးတစ်ယောက်ရှိ၏။ သူမ
သည် သွာတိရဲမြို့မှ ဖြစ်၏။ သူမ၏အလုပ်သည်
ခရမ်းရောင်အဝတ်အထည်များ ရောင်းခြင်း
ဖြစ်၏။ သူမသည် စစ်မှန်သောဘုရားသခင်ကို
ကိုးကွယ်သောသူ ဖြစ်၏။ လုဒိသည် ပေါလု၏
စကားကို နားထောင်၏။ သခင်ဘုရားသည်
သူမ၏နှလုံးသားကို ဖွင့်ထားတော်မူ၏။ သူမ
သည် ပေါလုပြောသောစကားကို ယုံကြည်၏။
15သူမနှင့် မိမိအိမ်၌ နေကြသူအ ပေါင်းတို့
သည် ဗတ္တိဇံခံကြ၏။ ထို့နောက် လုဒိသည်
ငါတို့ကို သူမ၏အိမ်သို့ဖိတ်လေ၏။ သူမက
“သင်တို့သည် ကျွန်မအား သခင်ယေရှု၏စစ်မှန်
သောယုံကြည်သူတစ်ယောက်ဖြစ်သည်ဟုထင်
မှတ်လျှင် ကျွန်မအိမ်၌ တည်းခိုနိုင်ပါသည်”ဟု
ပြောလေ၏။ သူမသည် ငါတို့အား သူမ၏ဖိတ်
ကြားခြင်းကို လက်ခံရန် သွေးဆောင်လေ၏။

## ထောင်၌ ပေါလုနှင့်သိလ

16တစ်ချိန်၌ ငါတို့သည် ဆုတောင်းရာနေ
ရာသို့ သွားနေကြစဉ်၊ ငါတို့ထံသို့ တစ်စုံတစ်
ရာဖြစ်ပျက်၏။ ငါတို့သည် အစေခံမိန်းကလေး
တစ်ယောက်နှင့်တွေ့ဆုံ၏။ သူမ၌ထူးခြားသော
နတ်တစ်ယောက်ရှိ၍ ထိုနတ်၏တန်ခိုးအားဖြင့်
သူမက အနာဂတ်အကြောင်း ကြိုပြော၏။ ထို
သို့ ပြုလုပ်ခြင်းအားဖြင့် သူမသည် မြောက်
များစွာသောငွေကို သူမ၏သခင်တို့အတွက်
ရရှိလေ၏။ 17ထိုမိန်းကလေးသည် ပေါလုနှင့်
ငါတို့အား လိုက်လာ၍ “ဤလူတို့သည် အမြင့်
မြတ်ဆုံး ဘုရားသခင်၏အစေခံတို့ ဖြစ်ကြ၏။
သူတို့သည် သင်တို့အား အဘယ်သို့ ကယ်တင်
ခြင်း ခံရမည်ကို ပြောပြနေသည်” ဟုကျယ်
လောင်စွာ အော်ဟစ်လေ၏။ 18သူမသည် ထို
သို့ နေ့ပေါင်းများစွာ ပြောသောအခါ၊ ပေါလု
စိတ်မသာဖြစ်လာ၏။ ထို့ကြောင့် သူသည် ပြန်
လှည့်၍ နတ်အား၊ “သင်သည် သူမ၏အထဲမှ
ထွက်သွားရန် ယေရှုခရစ်နာမတော်ကို အမိန့်ပြု
၍ငါအမိန့်ရှိ၏” ဟုပြောဆို၏။ ထို့နောက် ခဏ
ခြင်းတွင် နတ်သည် သူမထံမှထွက်သွား၏။
19ထိုမိန်းကလေး၏သခင်တို့သည် မိန်းက
လေးနှင့် ငွေရှာစား၍ မရနိုင်ကြောင်းသိမြင်
ကြ၏။ ထို့ကြောင့်သူတို့သည် ပေါလုနှင့်သိလ
တို့ကို ဆွဲခေါ်၍ မြို့ဈေးနေရာသို့ ခေါ်ဆောင်
သွားလေ၏။ ထိုနေရာ၌ မြို့ရုံးအရာရှိတို့ ရှိကြ
၏။ 20လူများတို့သည် ပေါလုနှင့်သိလတို့ကို
စစ်ကဲမင်းတို့ရှေ့၌ ခေါ်ဆောင်လာပြီးလျှင် “ဤ
လူတို့သည် ယုဒလူဖြစ်ကြ၏။ သူတို့သည် ငါတို့
မြို့ထဲ၌ အနှောင့်အယှက်များပြုလုပ်သည်” ဟု
ပြောကြ၏။ 21သူတို့သည် ပညတ်တော်တရား
ကို ဆန့်ကျင်သောထုံးစံသစ်များသွန်သင်ပေး
ကြ၏။ ငါတို့သည် ရောမလူတို့ဖြစ်ကြ၍ ငါတို့
အတွက်ဤ ထုံးစံများကို လိုက်နာရန်နှင့် လက်
ခံရန်အတွက် တရားဥပဒေနှင့် အကျုံးမဝင်ပါ”
ဟုလျှောက်ဆိုကြ၏။ 22ထိုလူတစ်စုလုံးသည်
ပေါလုနှင့်သိလတို့ကို ဆန့်ကျင်ကြ၏။ စစ်ကဲ
မင်းတို့သည် သူတို့၏အဝတ်များကို ချွတ်၍ကြိမ်
လုံးနှင့် ရိုက်စေခြင်းငှါ အမိန့်ပေးကြ၏။ 23ထို့
နောက် သူတို့သည် ရိုက်၍ဒဏ်ချက်များရှိပြီးမှ
သူတို့နှစ်ဦးကို ထောင်ချပြီးထောင်မှူးအား “သူ
တို့ကို သေချာစွာစောင့်လော့” ဟုပြောကြ၏။
24ထောင်မှူးသည် ထိုအထူးအမိန့်ကို ကြားရ
သောအခါ သူတို့အား အတွင်းထောင်ထဲမှာ
လှောင်၍ ထိတ်ခတ်လျက်ထား၏။
25သန်းခေါင်အချိန်၌ ပေါလုနှင့်သိလတို့
သည် ဆုတောင်း၍ ဘုရားသခင်ကို ချီးမွမ်း
လျက် သီချင်းဆိုလေ၏။ အခြားအကျဉ်းသား
တို့သည် သူတို့ကို နားထောင်ကြ၏။ 26ထို
ခဏချင်းတွင် မြေကြီးသည် ပြင်းထန်စွာလှုပ်
၏။ မြေကြီးလှုပ်ခြင်းသည် အလွန်ပြင်းထန်
သောကြောင့် ထောင်၏အခြေခံအုတ်မြစ်များ
လှုပ်ယမ်းလေ၏။ ထောင်တံခါးများသည် ချက်
ချင်းပွင့်သွားပြီး အကျဉ်းသားအားလုံးတို့၏သံ
ကြိုးများကို ဖြည်ပြုတ်သွားလေ၏။ 27ထောင်

မှူးသည် လန့်နိုးလာပြီး ထောင်တံခါးများပွင့်နေ
သည်ကို မြင်ရ၏။ သူသည် အကျဉ်းသားတို့
ထွက်ပြေးလွတ်မြောက်သွားကြပြီဟု ထင်မှတ်
၏။ ထိုကြောင့် ထောင်မှူးသည် မိမိဓါးကိုထုတ်
၍ ကိုယ့်ကိုကိုယ် သတ်သေရန် ပြင်ဆင်လေ၏။
28သို့သော်လည်း ပေါလုက "ကိုယ့်ကို ဘေး
အန္တရာယ်မပေးနှင့်။ ငါတို့အားလုံးသည် ဤနေရာ
၌ရှိနေကြသည်" ဟုအော်ဟစ်ပြောဆိုလေ၏။
29ထောင်မှူးသည် တစ်စုံတစ်ယောက်အား
မီးယူလာရန် ပြောလေ၏။ ထို့နောက် သူသည်
အတွင်းဘက်သို့ ပြေးဝင်လာ၏။ သူသည်
ကြောက်ရွံ့ခြင်းနှင့် တုန်လှုပ်နေ၍ ပေါလုနှင့်
သိလတို့ရှေ့ မြေပေါ်၌ ပြပ်ဝပ်လေ၏။ 30ထို
နောက် သူသည် သူတို့နှစ်ယောက်အား အပြင်
ဘက်သို့ ခေါ်လာ၏။ ထောင်မှူးက "သခင်တို့၊
အကျွန်ုပ်သည် ကယ်တင်ခြင်းခံရန် အဘယ်သို့
လုပ်မည်နည်း" ဟုမေးလေ၏။
31ထိုအခါ သူတို့က "သခင်ယေရှုကို ယုံ
ကြည်လော့၊ သို့မှသာ သင်သည် ကယ်တင်
ခြင်းရ၍ သင်၏အိမ်သူအိမ်သားတို့သည်လည်း
ကယ် တင်ခြင်းရလိမ့်မည်"ဟုပြောဆို၏။ 32ထို
နောက် ပေါလုနှင့်သိလတို့သည် ထောင်မှူးနှင့်
သူ့အိမ်၌ ရှိသမျှသောလူတို့အား ဘုရားသခင်
၏ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ပြော
ပြကြ၏။ 33အချိန်အားဖြင့် ညဉ့်နက်နေ၏။ ထို
အခါ ထောင်မှူးသည် ပေါလုနှင့် သိလတို့၏ဒဏ်
ရာများကို ဆေးကြောပြီးလျှင် ပတ်တီးစည်း
ပေး၏။ သူနှင့်မိမိ၏မိသားစုအားလုံးတို့သည်
ဗတ္တိဇံကို ချက်ချင်းခံကြ၏။ 34ဗတ္တိဇံပြုခြင်းပြီး
သွားသောအခါ ထောင်မှူးသည် ပေါလုနှင့်သိလ
တို့အား မိမိအိမ်သို့ ခေါ်သွားပြီးမှ သူတို့ကို
လုပ်ကျွေး၏။ သူတို့သည် ယခုအခါ၌ ဘုရား
သခင်အား ယုံကြည်ကြပြီးဖြစ်သောကြောင့် သူ
တို့အားလုံးဝမ်းမြောက်ကြလေ၏။
35နောက်တစ်နေ့ နံနက်အချိန်၌ စစ်ကဲတို့
သည် ထောင်သို့ စစ်သားအချို့အား "ဤလူတို့
ကို လွှတ်လပ်စွာ သွားပါစေ" ဟုထောင်မှူးကို
ပြောရန်စေလွှတ်ကြ၏။
36ထောင်မှူးက ပေါလုနှင့် သိလတို့အား
"စစ်ကဲတို့သည် သင်တို့ကို လွှတ်ပေးရန် ဤစစ်
သားတို့အား စေလွှတ်ကြ၏။ သင်တို့ယခု သွား
နိုင်ပြီ။ ငြိမ်းချမ်းစွာ သွားပေလော့" ဟုပြော
လေ၏။
37သို့သော်လည်း ပေါလုက စစ်သားတို့
အား "သင်တို့၏ခေါင်းဆောင်တို့သည် အမှုစစ်
ဆေးခြင်းမရှိဘဲ အများပြည်သူရှေ့၌ ငါတို့ကို
ရိုက်နှက်ပြီး ထောင်ထဲသို့ လွှင့်ပစ်ကြ၏။ ငါတို့
သည် ရောမလူမျိုးဖြစ်သောကြောင့် ငါတို့
သည်လည်း အခွင့်အရေးရှိ၏။ ယခုအခါ၌ သူ
တို့သည် ငါတို့ကို တိတ်ဆိတ်စွာ လွှတ်လိုကြသ
လော။ ထိုသို့မပြုသင့်။ သင်တို့၏ခေါင်းဆောင်
တို့ကိုယ်တိုင် ငါတို့ထံသို့ လာ၍ ငါတို့ကို လွှတ်
ပေးရမည်" ဟုပြောဆို၏။
38စစ်သားတို့သည်ပေါလုပြောသောစကား
တို့ကို စစ်ကဲတို့အား ပြောပြကြ၏။ စစ်ကဲတို့
သည် ပေါလုနှင့် သိလတို့အား ရောမလူဖြစ်
ကြောင်းကို ကြားရသောအခါ ကြောက်ရွံ့ကြ
၏။ 39ထိုအခါ စစ်ကဲတို့ရောက်လာကြပြီးလျှင်
သူတို့အား တောင်းပန်ကြ၏။ သူတို့သည်
ပေါလုနှင့်သိလတို့ကို သူတို့ကိုယ်တိုင် လွှတ်ပေး
ကြပြီးလျှင် ထိုမြို့မှ ထွက်ခွာရန် ပြောကြ၏။
40သို့သော်လည်း ပေါလုနှင့် သိလတို့သည်
ထောင်မှထွက်လာကြသောအခါ လုဒိအိမ်သို့
သွားကြ၏။ သူတို့သည် ယုံကြည်သူအချို့နှင့်
တွေ့ဆုံ၍ သူတို့ကို နှစ်သိမ့်အားပေး၏။ ထို့
နောက် ပေါလုနှင့်သိလတို့သည် ထိုမြို့မှ ထွက်
ခွာသွားကြ၏။

## သက်သာလောနိတ်မြို့၌ပေါလုနှင့်သိလ

17 ပေါလုနှင့် သိလတို့သည် အံဖိပေါလိ
မြို့နှင့် အာပေါလောနိမြို့တို့ကို ရှောက်
သွား၍ ခရီးထွက်သွားကြ၏။ သူတို့သည်
သက်သာလောနိတ်မြို့သို့ ရောက်လာကြ၏။
ထိုမြို့၌ ယုဒလူတို့၏တရားဇရပ်တစ်ခုရှိ၏။
2ပေါလုသည် ယုဒလူတို့နှင့်တွေ့ဆုံရန် ထိုတရား
ဇရပ်သို့ရောက်ရှိလာ၏။ သူတို့ရောက်ရှိရာမြို့

တိုင်း၌ တရားဇရပ်များသို့ သွားလေ့ရှိ၏။
ပေါလုသည် သုံးပတ်လုံးလုံးဥပုသ်နေ့တိုင်း၌
ယုဒတို့နှင့် တွေ့ဆုံပြီး ကျမ်းစာများဆွေးနွေးကြ
၏။ 3သူသည် ကျမ်းစာကို သူတို့အား ရှင်းပြပြီး
ခရစ်တော် အသေခံရမည်အကြောင်း သေခြင်း
မှ ရှင်ပြန်ထမြောက်ရမည့် အကြောင်းများကို
ဖွင့်ပြ၏။ ပေါလုသည် “ငါပြောနေသော ထို
ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည် ဟု
ပြောလေ၏။ 4ထိုနေရာ၌ယုဒလူအချို့တို့သည်
ပေါလုနှင့်သိလကို ယုံကြည်ကြပြီးသူတို့အား ပူး
ပေါင်းရန် ဆုံးဖြတ်ကြ၏။ ထိုနေရာ၌ ဘုရားကို
ကိုးကွယ်သောဟေလသလူအများတို့နှင့် ပေါလု
နှင့်သိလတို့ကို ပေါင်းဖော်သော အရေးပါသော
အမျိုးသမီးအများတို့သည်လည်း ရှိကြ၏။
5သို့သော်လည်း မယုံကြည်ကြသောယုဒ
လူတို့က မနာလိုဖြစ်ကြ၏။ သူတို့သည် မြို့မှ
လူဆိုးအချို့တို့ကို ငွေပေး၍ ငှားရမ်းကြ၏။ ထို
လူဆိုးတို့သည် များစွာသောလူတို့ကို စုရုံး၍
မြို့ထဲ၌ ဆူပူခြင်းဖြစ်စေကြ၏။ သူတို့သည်
ယာသုန်၏အိမ်သို့ သွား၍ ပေါလုနှင့် သိလတို့
အား သွားရောက်ရှာဖွေကြ၏။ သူတို့သည်
ပေါလုနှင့် သိလတို့ကို လူအများရှေ့သို့ ဆွဲထုတ်
လိုကြ၏။ 6သို့သော်လည်း သူတို့သည် ပေါလု
နှင့်သိလတို့ကို ရှာမတွေ့ကြ။ ထို့ကြောင့် သူတို့
သည် ယာသုန်နှင့်အချို့ယုံကြည်သူတို့ကို မင်းအ
ရာရှိတို့ထံသို့သို့ ဆွဲခေါ်လာကြ၏။ သူတို့က
“ဤလူတို့သည် ကမ္ဘာအနှံ့အပြား၌ ဒုက္ခပေးကြ
ပြီးလျှင် ယခုအခါ၌ ဤမြို့သို့ ရောက်လာကြပြီ
ဟု အော်ဟစ်ကြ၏။ 7ယာသုန်သည် သူတို့အား
သူ့အိမ်၌လက်ခံ၏။ သူတို့သည် ကဲသာဘုရင်၏
တရားဥပဒေကို ဆန့်ကျင်သောအရာများလုပ်
ပြီး ယေရှုဟုခေါ် သောအခြားဘုရင်တစ်ပါးရှိ
သည်ဟု ပြောကြသည်” ဟုအော်ဟစ်ကြ၏။
8မင်းအရာရှိတို့နှင့် အခြားလူတို့သည် ထို
စကားကိုကြားကြ၏။ သူတို့သည် အသည်းအ
သန်စိတ်အနှောင့်အယှက်ဖြစ်လာ ကြ၏။ 9သူ
တို့သည် ယာသုန်နှင့်အခြားယုံကြည် သူတို့ကို
အာမခံပေးစေပြီးမှ လွှတ်ကြ၏။

## ပေါလုနှင့်သိလတို့ဗေရိမြို့သို့သွားခြင်း

10ထိုညဉ့်၌ပင် ယုံကြည်သူတို့သည် ပေါလုနှင့်
သိလတို့ကို ဗေရိမြို့သို့ ချက်ချင်းလွှတ်လိုက်ကြ
၏။ ဗေရိမြို့သို့ ရောက်သောအခါ ပေါလုနှင့်
သိလတို့သည် ယုဒလူတို့၏တရားဇရပ်သို့သွား
ကြလေ၏။ 11ထိုမြို့ရှိယုဒလူတို့သည် သက်သာ
လောနိတ်ရှိယုဒလူတို့ထက်ပို၍စိတ်ထားဖြောင့်
မတ်မှန်ကန်ကြ၏။ ယုဒလူတို့သည် ပေါလုနှင့်
သိလတို့၏ ဟောပြောချက်ကို နားထောင်ရ
သောကြောင့် အလွန်ဝမ်းမြောက်ကြ၏။ ဤ
ယုဒလူတို့သည် ကျမ်းစာများကို နေ့စဉ်ရှာဖွေ
ကြ၏။ အကြောင်းမူကား၊ သူတို့သည် ပေါလု
ပြောသောအရာများမှန်သည် မမှန်သည်ကို သိ
လိုကြသောကြောင့်ဖြစ်၏။ 12ဤယုဒလူအများ
အပြားတို့သည် ယုံကြည်ကြ၏။ များစွာသော
ဂုဏ်သရေရှိဟေလသအမျိုးသားတို့နှင့် အမျိုး
သမီးတို့သည်လည်း ယုံကြည်ကြ၏။ 13သို့သော်
လည်း သက်သာလောနိတ်ရှိ ယုဒလူတို့သည်
ပေါလုက ဗေရိမြို့၌ ဘုရားသခင်၏နှုတ်ကပတ်
တော်ရားကို ဟောပြောနေကြောင်း ကြားသိ
ကြ၏။ ထို့ကြောင့် သူတို့သည် ဗေရိမြို့သို့ လာ
ကြပြီး လူတို့အား အနှောင့်အယှက်ပေးကြ ၏။
14ထို့ကြောင့် ယုံကြည်သူတို့သည် ပေါလုအား
ပင်လယ်ဘက်သို့ ချက်ချင်းလွှတ်ကြ၏။ သို့
သော်လည်း သိလနှင့် တိမောသေတို့သည်
ဗေရိမြို့၌ နေရစ်ကြ၏။ 15ပေါလုနှင့်အတူ သွား
လာသောယုံကြည်သူတို့သည် သူ့ကို အာသင်
မြို့သို့ပို့ဆောင်ပြီးမှ သူတို့သည် ဗေရိမြို့သို့ ပြန်
လာ၍ ပေါလုထံမှ သတင်းစကားကို သိလနှင့်
တိမောသေထံသို့ ပါလာ၏။ သတင်းစကားထဲ
၌“ငါ့ထံသို့သင်တို့အမြန်ဆုံးလာခဲ့ကြ” ဟုပါရှိ၏။

## အာသင်မြို့၌ ပေါလု

16ပေါလုသည် အာသင်မြို့၌ သိလနှင့်
တိမောသေတို့ကို စောင့်မျှော်နေ၏။ ပေါလု
သည် ထိုမြို့အား ရုပ်တုနှင့် ပြည့်နေသည်ကို
မြင်လျှင် စိတ်ပူပန်ခြင်းသို့ ရောက်၏။ 17တရား
ဇရပ်၌ ပေါလုသည် ယုဒလူတို့နှင့် စစ်မှန်သော

ဘုရားကို ကိုးကွယ်သောဟေလသလူတို့အား
ဟောပြော၏။ ပေါလုသည် မြို့၏ဈေးနေရာကို
ဖြတ်သန်းသောလူတို့ထံသို့လည်း နေ့တိုင်း
ဟောပြော၏။ သူသည် နေ့စဉ်နှင့်အမျှ ဤသို့
ဆောင်ရွက်လေ၏။ 18ထိုအခါ ဧပိကုရု၏တ
ပည့်တို့နှင့် အတွေးခေါ်ပညာရှင်တို့သည် ပေါလု
နှင့် ငြင်းခုံပြီး သူတို့၏ပြိုင်ဘက် ဖြစ်လာ၏။
သူတို့က "ဤမရေရာသောလူသည် အဘယ်သို့
ပြောရန် ကြိုးစားနေသနည်း" ဟုပြောကြ၏။
ပေါလုသည် ယေရှု၏သေခြင်းမှရှင်ပြန်ထ
မြောက်ခြင်းအကြောင်း ဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းကို သူတို့အား ဟောပြော၏။
ထို့ကြောင့်သူတို့က "သူသည်တခြားနတ်ဘုရား
တို့အကြောင်း ပြောဟန်ရှိသည်" ဟုပြောကြ
၏။ 19သူတို့သည် ပေါလုအား အာရေတောင်
ကောင်စီသို့ ခေါ်သွားကြ၏။ ထိုကောင်စီသင်း
ဝင်တို့က "သင်သည် ဟောပြောနေသောဤ
ဩဝါဒသစ်အကြောင်းကို ကျေးဇူးပြုပြီး ငါတို့ကို
ရှင်းပြပါ" ဟုပြောကြ၏။ 20သင်ပြောနေသော
အရာသည် ငါတို့အတွက် အသစ်အဆန်းဖြစ်၏။
ငါတို့သည် ဘယ်သောအခါမျှ ထိုကဲ့သို့သော
အရာတို့ကို အထက်က ငါတို့မကြားဖူးပါ။ သင်
၏ဆုံးမဩဝါဒသည် အဘယ်သို့အဓိပ္ပါယ်ရှိသည်
ကို ငါတို့သိလိုကြ၏" ဟုဆိုကြ၏။ 21အာသင်လူ
တို့နှင့် ထိုနေရာ၌ နေထိုင်ကြသောအခြားတိုင်း
ပြည်အားလုံးမှ လူတို့သည် အစဉ်မပြတ် အယူ
အဆသစ်အကြောင်းကို ကြားပြောခြင်း၊ နား
ထောင်ခြင်းဖြင့်သူတို့၏အချိန်ကိုအသုံးပြုကြ၏။

22ထိုအခါ ပေါလုသည် အာရေတောင်
ကောင်စီ၌ မတ်တပ်ရပ်ပြီးလျှင် "အာသင်မြို့ရှိ
လူကြီးမင်းတို့၊ သင်တို့သည် ခပ်သိမ်းသောအ
ရာတို့၌ ဘာသာရေးကိုင်းရှိုင်းသူတို့ ဖြစ်သည်
ကို ငါမြင်၏။ 23ငါသည် သင်တို့၏မြို့ထဲကို
လျှောက်သွားကြည့်သောအခါ သင်တို့သည်
အဘယ်အရာ ကိုးကွယ်ကြသည်ကို ငါမြင်၏။
ထိုအရာများ၌ ငါသည် ယဇ်ပလ္လင်တစ်ခုပေါ်
တွင် 'မသိသောဘုရားသို့' ဟုရေးထိုးထား
သောစကားလုံးများကို တွေ့ရ၏။ သင်တို့သည်
မသိသောဘုရားသခင်ကို ကိုးကွယ်ကြ၏။ သင်
တို့အားထိုမသိသောဘုရားသခင်၏အကြောင်း
ကို သင်တို့အား ငါပြောမည်။ 24သူသည် ကမ္ဘာ
ကြီးတစ်ခုလုံးနှင့် ဤကမ္ဘာကြီးထဲ၌ရှိသောအ
ရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောဘုရား
သခင်ဖြစ်တော်မူ၏။ဘုရားသခင်သည်ကောင်း
ကင်နှင့်မြေကြီး၏ အရှင်သခင်ဖြစ်တော်မူ၏။
ဘုရားသခင်သည် လူတို့ဆောက်လုပ် ထား
သောဗိမာန်တော်များ၌ နေတော်မမူ။ 25ဤ
ဘုရားသခင်သည် လူတို့အားအသက်၊ အသက်
ရှူထုတ်ခြင်းနှင့် အရာခပ်သိမ်းကို ပေးတော်မူ
သောဘုရားသခင်ဖြစ်၏။ ဘုရားသခင်သည်
မိမိလိုအပ်တော်မူသမျှ ရှိသောကြောင့် လူတို့
ထံမှတစုံတခုကို အလိုရှိတော်မမူ။ 26ဘုရား
သခင်သည် လူတစ်ယောက်ကို ဖန်ဆင်း၍ သူ
ထံမှ လူမျိုးအပေါင်းတို့ကို ဖန်ဆင်းတော်မူ၏။
ဘုရားသခင်သည် သူတို့အား ကမ္ဘာတစ်ဝန်း
လုံးရှိ ခြားနားသောနေရာ အသီးသီး၌ နေစေ
တော်မူ၏။ သူသည် လူမျိုးအသီးသီးတို့အား
အဘယ်လောက်မျှတည်ရှိ မည်ဖြစ် ကြောင်းနှင့်
အဘယ်နေရာ၌ သူတို့နေရမည်ကို ဆုံးဖြတ်
တော်မူ၏။ 27အကြောင်းမူကား၊ လူတို့သည်
ဘုရားသခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့
လိမ့်မည်အကြောင်း မိမိကိုရှာရန် ဘုရားသခင်
အလိုတော်ရှိ၏။ သို့သော်လည်း ဘုရားသခင်
သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မမူ။

28 'ငါတို့သည် သူနှင့်အတူအသက်ရှင်ကြ၏။
ငါတို့ သည် သူနှင့်အတူ လျှောက်ကြ၏။
ငါတို့သည် သူနှင့်အတူရှိကြ၏။

သင်တို့၏အချို့စာရေးဆရာတို့
ပြောထားသည်နည်းတူ ငါတို့သည် သူ၏
သားသမီးများ ဖြစ်ကြသည်'။

29ငါတို့သည် ဘုရားသခင်၏သားသမီးဖြစ်
သည့်အတွက် ငါတို့သည် ဘုရားသခင်အား
လူတို့တွေးခေါ်ကြသကဲ့သို့ သို့မဟုတ် ပြုလုပ်

ထားကြသောအရာမျိုးကဲ့သို့ မထင်မှတ်ရ။ သူ
သည် ရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်သားစိုင်
ရုပ်တုနှင့်တူတော်မမူ။ **30**လွန်ခဲ့သောအချိန်ကာ
လ၌ လူတို့သည် ဘုရားသခင်ကို နားမလည်
ကြ။ သို့သော်လည်း၊ ဘုရားသခင်သည် ထိုအ
ရာကို လျစ်လျူရှုထားတော်မူ၏။ သို့သော်
လည်း၊ ယခုအခါ၌ ဘုရားသခင်သည် ကမ္ဘာ
တစ်ဝန်းလုံး၌ရှိသော လူအပေါင်းတို့အား မိမိ
တို့စိတ်နှလုံးနှင့် အသက်တာပြောင်းလဲရန် အ
မိန့်ပေးတော်မူ၏။ **31**ဘုရားသခင်သည် ကမ္ဘာ
ပေါ်ရှိလူတို့အား တရားစီရင်မည့်နေ့ကို သတ်
မှတ်တော်မူ၏။ ဘုရားသခင်သည် လောကီ
သားတို့အား သူရွေးချယ်တော်မူသော လူတစ်
ယောက်အားဖြင့် တရားမျှတစွာစီရင်တော်မူ
လိမ့်မည်။ ဘုရားသခင်သည် ဤသူကို သေ
ခြင်းမှ ထမြောက်ခြင်းအားဖြင့် ဤအရာအတွက်
သက်သေကို လူအားလုံးတို့အား ပေးတော်မူ
၏။ **32**လူများတို့သည် သေခြင်းမှ ရှင်ပြန်ထ
မြောက်ခြင်းအကြောင်းကို ကြားရသောအခါ
သူတို့အချို့သည် သူ့အား ပြက်ရယ်ပြုကြ၏။ သူ
တို့က “ဤအကြောင်းနှင့်ပတ်သက်၍ မကြာမီ
သင့်ထံမှ ငါတို့နားထောင်ကြမည်” ဟုပြောကြ
၏။ **33**ပေါလုသည် သူတို့ထံမှထွက် အခွာသွား
၏။ **34**သို့သော်လည်း အချို့သောလူတို့သည်
ပေါလု၌ မှီဝဲဆည်းကပ်ကြ၍ ယုံကြည်ခြင်းသို့
ရောက်ကြ၏။ သူတို့ထဲမှ တစ်ယောက်သည်
ဒယောနုသိဆိုသူဖြစ်၏။သူသည်အာရေဂုတောင်
ကောင်စီအသင်းဝင်ဖြစ်၏။ အခြားယုံကြည်သူ
ဖြစ်လာသောအမျိုးသမီးတစ်ယောက်၏အမည်
မှာဒမာရိဖြစ်၏။ သူတို့နှင့်အတူ အခြားလူတို့တ
ချို့သည်လည်း ယုံကြည်ခြင်းသို့ရောက်ကြ၏။

## ကောရိန္သုမြို့၌ ပေါလု

18 အချိန်အနည်းငယ်မျှ ကြာသောအခါ
ပေါလုသည် အာသင်မှ ထွက်လာပြီး
ကောရိန္သုမြို့သို့ ရောက်လေ၏။ **2**ကောရိန္သု၌
ပေါလုသည် အာကုလအမည်ရှိ ယုဒလူတစ်
ယောက်နှင့်တွေ့ဆုံ၏။ အာကုလသည် ပုန္တုပြည်
၌ မွေးဖွားသူဖြစ်၏။ သို့သော်လည်း အာကုလ
နှင့် မိမိမယားပြစ်ကိလတို့သည် မကြာသေးမီ
က ဣတလိပြည်မှ ကောရိန္သုမြို့သို့ ပြောင်းရွှေ့
နေထိုင်ကြ၏။ သူတို့ဣတလိပြည်မှ ထွက်ခွာရ
သောအကြောင်းမှာ ကလောဒိ*က ယုဒလူ
အပေါင်းတို့သည် ရောမမြို့မှ ထွက်ခွာသွားရ
မည် ဟုအမိန့်ချမှတ်ထားသောကြောင့် ဖြစ်၏။
ပေါလုသည် အာကုလနှင့် ပြစ်ကိလတို့ကို သွား
ရောက်တွေ့ဆုံ၏။ **3**ဇနီးမောင်နှံသည် ရွက်ဖျင်
တဲချုပ်လုပ်သူများဖြစ်ကြ၍ ပေါလုနှင့်အလုပ်
ချင်းတူ၏။ ထို့ကြောင့် ပေါလုသည် သူတို့နှင့်
အတူနေ၍ သူတို့နှင့်အလုပ်လုပ်၏။ **4**ပေါလု
သည်လည်း ဥပုသ်နေ့တိုင်းတွင် တရားဇရပ်၌
ဆွေးနွေးဟောပြော၍ ယုဒလူနှင့်ဟေလသလူ
တို့သည် ယေရှုကို ယုံကြည်ခြင်းငှါ သမ္မာတရား
လမ်းသို့ သွေးဆောင်လေ၏။

**5**သိလနှင့်တိမောသေတို့သည် မာကေဒေါနိ
ပြည်မှ ကောရိန္သုမြို့သို့ ရောက်ရှိလာကြ၏။
ထိုအချိန်မှစ၍ ပေါလုသည် မိမိအချိန်ကို လူ
တို့အား ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ဟောပြောခြင်းဖြင့် အသုံးပြု၏။ ယေရှုသည်
ခရစ်တော်ဖြစ်ကြောင်းကို ယုဒလူတို့ထံသို့ သူ
သည် သက်သေပြလေ၏။ **6**သို့သော်လည်း
ယုဒလူတို့သည် ပေါလု၏ဆုံးမဩဝါဒကို လက်
မခံကြပါချေ။ ထိုယုဒလူတို့က သူ့ကို ဆိုးဝါးစွာ
ဆဲကြ၏။ ထို့ကြောင့် ပေါလုသည် သူ၏အဝတ်
မှုန့်များကို ခါချလိုက်၏။ ပေါလုသည် ထိုယုဒ
တို့အား “သင်တို့သည် ကယ်တင်ခြင်းမခံလျှင်
သင်တို့ကိုယ်တိုင် အမှားဖြစ်၏။ ငါတတ်နိုင်သမျှ
လုပ်ခဲ့ပြီးပြီ။ ယခုအချိန်မှစ၍ တပါးသောအမျိုး
သားတို့ထံသို့ ငါသွားမည်” ဟုပြောကြားခဲ့၏။
**7**ပေါလုသည် တရားဇရပ်မှ ထွက်ခွာလာပြီး
တိတာယုတ္တု ဟုခေါ်သောလူတစ်ယောက်၏
အိမ်သို့ သွားလေ၏။ ဤသူသည် မှန်ကန်သော
ဘုရားသခင်ကို ကိုးကွယ်၏။ သူ၏အိမ်သည်
တရားဇရပ်နှင့်ကပ်လျက်တည်ရှိ၏။ **8**ထိုတရား

---

**ကလောဒိ** 41-54 အေဒီတုန်းက ရောမကေရာဇ်( ခေါင်း
ဆောင်)

ဇရပ်၏ခေါင်းဆောင်သည် ကရိပ္ပုဖြစ်၏။ သူနှင့်
မိမိအိမ်၌ နေထိုင်ကြသောလူအားလုံးတို့သည်
သခင်ဘုရားအား ယုံကြည်ကြ၏။ ကောရိန္သု၌
နေထိုင်ကြသောလူယောကျ်ားနှင့် လူမိန်းမများ
စွာတို့သည် ပေါလု၏သွန်းသင်ခြင်းကို နား
ထောင်ကြ၏။ သူတို့သည်လည်း ယုံကြည်ကြ
သဖြင့် ဗတ္တိဇံကိုခံကြလေ၏။
9 ညဉ့်အခါ ပေါလုသည် ဗျာဒိတ်ရူပါရုံကို
မြင်ရ၏။ သခင်ဘုရားက သူ့အား “ကြောက်ရွံ့
ခြင်းမရှိနှင့်။ လူတို့ကို ဆက်လက်ဟောပြော
လော့။ မရပ်နှင့်။ 10 သင်နှင့်အတူ ငါရှိ၏။ ထို့
ကြောင့် အဘယ်သူကမျှ သင့်ကို တိုက်ခိုက်ပြီး
နာကျင်စေမည်မဟုတ်။ ဤမြို့၌ များစွာသော
ငါ့လူတို့ရှိကြသည်” ဟုမိန့်တော်မူ၏။ 11 ပေါလု
သည် ထိုနေရာ၌ တစ်နှစ်ခွဲနေပြီး ဘုရားသခင်
၏နှုတ်ကပတ်တော်ကို လူတို့အား သြဝါဒပေး
လေ၏။

## ပေါလုအား ဂါလျုန်ရှေ့သို့ ခေါ်ဆောင်သွားကြခြင်း

12 အခါယပြည်၌ ဂါလျုန်သည် မြို့တော်ဝန်
ဖြစ်လာ၏။ ထိုကာလ၌ ယုဒလူတို့သည် ပေါလု
ကို တညီတညွတ်တည်း ဆန့်ကျင်၍ သူ့ကို
တရားရုံးသို့ ခေါ်သွားကြ၏။ 13 ယုဒလူတို့သည်
ဂါလျုန်အား “ဤလူသည် လူတို့အား ယုဒလူတို့
၏ပညတ်တရားကို ဆန့်ကျင်သောနည်းလမ်း
ဖြင့် ဘုရားသခင်ကို ကိုးကွယ်ရန် သြဝါဒပေးနေ
သည်” ဟုပြောပြကြ၏။
14 ပေါလုသည် တစ်စုံတစ်ခုပြောရန် အဆင်
သင့်ဖြစ်၏။ သို့သော်လည်း ဂါလျုန်သည် ယုဒ
လူတို့အား “ထိုအရာသည် ဆိုးဝါးသောရာဇ
ဝတ်မှု သို့မဟုတ် အမှားတချို့ဖြစ်လျှင် ငါသည်
သင်တို့ကို နားထောင်ရမည်။ 15 သို့သော်လည်း
သင်တို့ယုဒလူတို့သည် စကားလုံးများ၌ ပါရှိ
သောမေးခွန်းများ၊ သင်တို့၏ပညတ်တရားနှင့်
ပက်သက်သောနာမည်များကို ပြောနေကြ၏။
ထို့ကြောင့် ဤပြဿနာကို သင်တို့ကိုယ်တိုင်
သင်တို့နည်းလမ်းနှင့် ရှင်းကြလော့။ ဤကဲ့သို့
သောအမှုကိုစီရင်ရန် ငါအလိုမရှိ” ဟုပြောလေ
၏။ 16 ထို့နောက် သူသည် သူတို့အား တရားရုံး
မှ ထွက်သွားရန် ပြောလေ၏။
17 ထိုအခါ ဟေလသလူအပေါင်းတို့သည် တ
ရားဇရပ်မှူး သုဿင်ကို ဆွဲခေါ်၍ တရားရုံးရှေ့၌
ရိုက်ကြ၏။ သို့သော်လည်း၊ ဤသို့ ပြုလုပ်ခြင်း
ကြောင့် ဂါလျုန်သည် စိတ်အနှောင့်အယှက်
မဖြစ်။

## ပေါလုအန္တိအုတ်မြို့သို့ ပြန်သွားခြင်း

18 ပေါလုသည် ညီအစ်ကို တို့နှင့်ရက်ပေါင်း
များစွာ နေထိုင်လေ၏။ ထို့နောက် သူတို့ကို
နှုတ်ဆက်၍ ရှုရိပြည်သို့ လှင့်သွား၏။ ပြစ်ကိလ
နှင့် အာကုလတို့သည်လည်း သူနှင့်အတူ သွား
ကြ၏။ ကင်ခြေမြို့၌ပေါလုသည်သူပြုလုပ်သော
သစ္စာဂတိကြောင့် မိမိဆံပင်ကို ရိတ်ဖြတ်လေ
၏။ 19 ထို့နောက် သူတို့သည် ဧဖက်မြို့သို့ သွား
ကြလေ၏။ ထိုနေရာသည် ပြစ်ကိလနှင့်
အာကုလတို့အား ပေါလုနှင့် ခွဲခွာသောနေရာ
ဖြစ်၏။ ပေါလုသည် ဧဖက်၌ရှိနေစဉ်တွင်တရား
ဇရပ်သို့ သွားရောက်၍ ယုဒလူတို့နှင့် ဆွေးနွေး
ကြ၏။ 20 ယုဒလူတို့သည် သူ့အား ထိုနေရာ၌
ပို၍ ကြာရှည်နေထိုင်ရန် တောင်းပန်ကြသော်
လည်း ပေါလုက ငြင်းပယ်၏။ 21 ပေါလုသည်
သူတို့ကို နှုတ်ဆက်၍ “ဘုရားသခင်အလိုတော်
ရှိလျှင် ဤနေရာ၌ ငါသည် နောက်ထပ်ပြန်
လာမည်” ဟုပြောဆို၏။ ထို့နောက် ပေါလု
သည် ဧဖက်မှ ရေကြောင်းခရီးဖြင့် ရွက်လှင့်
ထွက်ခွာသွား၏။
22 သူသည် ကဲသရိမြို့သို့ ရောက်သောအခါ
ယုံကြည်သူတို့ကို နှုတ်ဆက်ကာ ယေရုရှလင်မြို့
သို့ သွား၏။ ထို့နောက် သူသည် အန္တိအုတ်မြို့သို့
ထွက်သွား၏။ 23 သူသည် အန္တိအုတ်မြို့၌ အချိန်
အနည်းငယ်မျှသာနေ၏။ ထို့နောက် ဂလာတိ
ပြည်နှင့် ဖြုဂိပြည်အနှံ့အပြားသွားလေ၏။ သူ
သည် ယုံကြည်သူတို့အား သူတို့၏ယုံကြည်ခြင်း
၌ အားသန်စေခြင်းငှါ တစ်မြို့မှတစ်မြို့သို့ သွား
ရောက်လေ၏။

### ဖေက်နှင့်အခါယပြည်(ကောရိ)၌အာပေါလု

24အာပေါလုအမည်ရှိသော ယုဒလူတစ်
ယောက်သည် ဖေက်မြို့၌ ရောက်လာ၏။ သူ
သည် အာလေဇန္ဒြိမြို့၌ မွေးဖွား၏။ သူသည်
ပညာတတ်တစ်ယောက်ဖြစ်၏။ သူသည် ကျမ်း
စာများကို အလွန်ကျွမ်းကျင်၏။ 25အာပေါလု
သည် သခင်ဘုရား၏ဘာသာ၌ လေ့ကျင့်၍
ယေရှု၏အကြောင်းကို အလွန်တက်ကြွခြင်းနှင့်
ပြောလေ၏။ သူသည် ယေရှုအကြောင်း ကို
စေ့စေ့ဟောပြော၍ ဆုံးမသြဝါဒပေး၏။ သို့
သော်လည်း သူသည် ယောဟန်၏ဗတ္တိဇံကို
သာသိ၏။ 26အာပေါလုသည် တရားဇရပ်၌
ရဲရင့်စွာစကားပြော၏။ ပြစ်ကိလနှင့် အာကုလ
တို့သည် သူ၏သြဝါဒပေးခြင်းကို နားထောင်ကြ
၏။ သူတို့သည် အာပေါလုကို သူတို့အိမ်သို့
ဖိတ်ခေါ်၍ ဘုရားသခင်၏ဘာသာတရားကို
သာ၍ သေချာစွာ သဘောပေါက်နားလည်စေ
ခြင်းငှါ ကူညီကြ၏။ 27သူသည် အခါယပြည်သို့
သွားလို၏။ ထို့ကြောင့် ဖေက်၌ ညီအစ်ကိုတို့
သည် သူ့ကို ကူညီကြ၏။ သူတို့သည် အခါယရှိ
ယေရှု၏တပည့်တော်တို့ထံသို့ စာတစ်စောင်
ရေးကြ၏။စာစောင်ထဲ၌သူတို့သည် အာပေါလု
အား လက်ခံရန် တောင်းပန်ထားကြောင်း ပါ
ရှိ၏။ အခါယ၌ရှိသော ယေရှု၏တပည့်တော်တို့
သည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်
ယေရှုကို ယုံကြည်ကြ၏။ အာပေါလုသည် ထို
နေရာသို့ သွားရောက်သောအခါ သူတို့ကို
များစွာ အကူအညီပေး၏။ 28သူသည် လူအ
ပေါင်းတို့ရှေ့မှာ ယုဒတို့နှင့်အလွန်ပြင်းထန်စွာ
ငြင်းခုံ၍ သူတို့မှားယွင်းသည်ကို သက်သေအ
ထောက်အထားနှင့်တကွ ဖော်ပြ၏။ ယေရှု
သည် ခရစ်တော်ဖြစ်ကြောင်းကိုလည်း သူသည်
ကျမ်းစာမှ သက်သေပြလေ၏။

### ဖေက်မြို့၌ပေါလု

19 ကောရိန္သုမြို့၌ အာပေါလုရှိနေစဉ်တွင်
ပေါလုကဖေက်မြို့သို့ သွားရာလမ်းတစ်
လျှောက်၌ရှိသောနေရာဒေသများသို့ အလည်
အပတ်ရောက်ရှိနေလေ၏။ ပေါလုသည် ဖေက်
မြို့၌ ယေရှု၏တပည့်တော်အချို့တို့ကို တွေ့၏။
2ပေါလုက သူတို့အား “သင်တို့သည် ယုံကြည်
ကြသောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို
လက်ခံရရှိကြသလော” ဟုမေးလေ၏။ တပည့်
တော်တို့က “ငါတို့သည် သန့်ရှင်းသောဝိညာဉ်
တော်ရှိကြောင်းကိုပင် မကြားကြပါ” ဟုပြေ
ကြ၏။

3ထို့ကြောင့် ပေါလုက “အဘယ်ဗတ္တိဇံမျိုး
ကို သင်တို့ရရှိကြသနည်း” ဟုမေး၏။ သူတို့က
“ယောဟန်သြဝါဒပေးသောဗတ္တိဇံမျိုးဖြစ်သည်”
ဟုပြေကြ၏။

4ပေါလုက “ယောဟန်သည် လူတို့အား
သူတို့၏စိတ်နှလုံးနှင့် အသက်တာပြောင်းလဲရန်
အလိုရှိသောကြောင့် လက္ခဏာအဖြစ်ဗတ္တိဇံကို
ခံယူရခြင်းဖြစ်ကြောင်း ပြောလေ၏။ ယောဟန်
သည် သူတို့အား သူ့နောက်၌ ရောက်လာမည့်
သူကို ယုံကြည်ရန်ပြော၏။ ထိုသူသည် ယေရှု
ဖြစ်တော်မူသည်” ဟုပြော၏။

5ထိုအခါ ထိုတပည့်တော်တို့သည် သခင်
ယေရှု၏နာမတော်၌ ဗတ္တိဇံကို ခံယူကြ၏။
6ပေါလုသည် သူတို့၏အပေါ်သို့ လက်တင်ပေး
သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည်
သူတို့အပေါ်၌ ရောက်လာတော်မူ၏။ သူတို့
သည် ဘာသာစကားအမျိုးမျိုးဖြင့် ပြောဆို၍
ပရောဖက်ပြုကြ၏။ 7ထိုအုပ်စုထဲ၌ လူဆယ့်နှစ်
ယောက်ခန့်ရှိ၏။

8ပေါလုသည် တရားဇရပ်ထဲသို့ ဝင်၍ သုံး
လတိုင်တိုင် ရဲရင့်စွာဟောပြောလေ၏။ သူ
သည် သူတို့နှင့်ငြင်းခုံပြီး ဘုရားသခင်နိုင်ငံ
တော်၏မှန်ကန်သောအကြောင်းများကို လက်
ခံလာရန် သူတို့အား သွေးဆောင်လေ၏။ 9သို့
သော်လည်း အချို့သောယုဒလူတို့သည် အလွန်
ခေါင်းမာလာကြ၍ ယုံကြည်ရန် ငြင်းဆိုကြပြီး၊
ယေရှု၏လမ်းစဉ်အကြောင်းကို ဆိုးဝါးစွာ လူအ
ပေါင်းတို့ရှေ့၌ ပြောဆိုကြ၏။ ထို့ကြောင့်
ပေါလုသည် သူတို့ထံမှ ထွက်ခွာပြီး ယေရှု၏
တပည့်တော်တို့ကို သူနှင့်အတူခေါ်ဆောင်သွား

ကာ တုရန္နုအမည်ရှိသော လူတစ်ယောက်
ထံသို့ သွားကြ၏။ တုရန္နု၌ စာသင်ကျောင်း
တစ်ကျောင်းရှိ၏။ ထိုစာသင်ကျောင်း၌ ပေါလု
သည် လူတို့အား နေ့တိုင်းဟောပြော၏။
[10]ပေါလုသည် ထိုဟောပြောခြင်းကို နှစ်နှစ်ပတ်
လုံးဆက်လက်၍ ဆောင်ရွက်၏။ ဤနည်းဖြင့်
အာရှပြည်ရှိ ယုဒလူ၊ ဟေလသလူအပေါင်းတို့
သည် သခင်ဘုရား၏နှုတ်ကပတ်တရားတော်
ကို ကြားရကြ၏။

## သကေဝ၏သားများ

[11]ဘုရားသခင်သည် ပေါလုအားဖြင့် ထူး
ဆန်းသောနိမိတ်လက္ခဏာများကိုပြတော်မူ၏။
[12]အချို့သောလူတို့သည် ပေါလုအသုံးပြုထား
သောလက်ကိုင်ပဝါများနှင့် အဝတ်များကို ယူ
သွား၍ လူနာတို့အပေါ်၌ တင်ထားကြ၏။ ထိုအ
ရာများကို လူနာများအပေါ်တွင် တင်ပြီးချင်း
သူတို့သည် ကျန်းမာခြင်းရ၍ နတ်ဆိုးတို့သည်
လည်း ထွက်သွားကြ၏။ [13-14]အချို့သောယုဒ
လူတို့သည် လှည့်လည်သွားကာလူတို့ထံမှ နတ်
ဆိုးတို့ကို နှင်ထုတ်ပေးကြ၏။ သကေဝ၏သား
ခုနစ်ယောက်တို့သည် ထိုသို့ပြုလုပ်ကြ၏။
သကေဝသည် ယဇ်ပုရောဟိတ်အကြီးဖြစ်၏။
ဤယုဒလူတို့သည် သခင်ယေရှု၏နာမတော်
အားဖြင့် နတ်ဆိုးများကို နှင်ထုတ်ရန် ကြိုးစား
ကြ၏။ သူတို့က၊ “ငါသည် ပေါလုဟောပြောနေ
သောယေရှု၏နာမတော်၌ သင်တို့အား ထွက်
သွားရန် အမိန့်ပေးသည်” ဟုပြောကြ၏။
[15]သို့သော်လည်း ချက်ချင်းတွင် နတ်ဆိုးက
ထိုယုဒတို့အား “ယေရှုကို ငါသိ၏။ ပေါလုကို
လည်း ငါသိ၏။ သို့သော်လည်း ငါသည် သင်တို့
အားအဘယ်သူဖြစ်သည်ကိုမသိ” ဟုပြောဆို၏။
[16]ထိုအခါ နတ်ဆိုးစွဲကပ်သူသည် ခုန်တက်၍
သူတို့ကို တိုက်ခိုက်လေ၏။ သူသည် ညီနောင်
ခုနစ်ယောက်ထက်ပို၍ သန်မာသဖြင့် သူတို့ကို
ရိုက်နှက်၍ သူတို့၏အဝတ်အစားများကို ဆုတ်
ဖြဲ၏။ ထို့ကြောင့် သူတို့သည် အဝတ်မပါဘဲ
ဒဏ်ရာရလျက် ထိုအိမ်မှ ထွက်ပြေးရကြ၏။
[17]ထိုအဖြစ်အပျက်ကို ဧဖက်မြို့၌ နေထိုင်ကြ
သောယုဒလူတို့နှင့် ဟေလသလူအပေါင်းတို့
ကြားလျှင် ကြောက်ရွံ့ခြင်းသို့ရောက်၍ သခင်
ယေရှု၏နာမတော်ကို ချီးမွမ်းကြ၏။ [18]များစွာ
သောယုံကြည် သူတို့သည် သူတို့ပြုလုပ်ခဲ့သည့်
ဆိုးဝါးသောအရာများကို အများရှေ့၌ ဝန်ခံကြ
၏။ [19]မှော်ပညာကို အသုံးပြုလေ့ရှိသောလူ
များစွာတို့သည် သူတို့၏မှော်ပညာစာအုပ်များ
ကို လူများရှေ့၌ ယူဆောင်၍ မီးရှို့ကြ၏။ ထိုစာ
အုပ်များ၏တန်ဖိုးမှာ ခန့်မှန်းခြေ ငွေပြား *ငါး
သောင်းလောက်ရှိ၏။ [20]ဤနည်းဖြင့် သခင်ဘု
ရား၏နှုတ်ကပတ်တော်သည် တန်ခိုးနှင့်တိုးပွါး
၍ လူတို့အား လွှမ်းမိုးလေ၏။

## ပေါလုက ခရီးတစ်ခုစီစဉ်ခြင်း

[21]ထိုအရာများဖြစ်ခဲ့ပြီးနောက် ပေါလုသည်
မာကေဒေါနိပြည်နှင့် အခါယပြည်ရှိမြို့များကို
ကျော်ဖြတ်၍၊ ယေရုရှလင်မြို့သို့ သွားရန် ရည်
ရွယ်၏။ ပေါလုက၊ “ငါက ယေရုရှလင်ကိုသွား
ပြီးနောက်၊ ရောမမြို့ကိုလည်း သွားရမည်” ဟု
အကြံရှိ၏။ [22]ပေါလုသည် မိမိအားကူညီသော
သူနှစ်ယောက်ဖြစ်ကြသော တိမောသေနှင့်
ဧရတ္တုတို့အား မာကေဒေါပြည်သို့၊ အရင်စေ
လွှတ်၏။သူသည် အာရှပြည်၌ ခဏနေသေး၏။

## ဧဖက်မြို့၌ဒုက္ခ

[23]သို့သော်လည်း ထိုအချိန်ကာလ၌ သခင်
ဘုရား၏ဘာသာတရားနှင့်ပတ်သက်၍ ဆိုးရွား
သော အနှောင့်အယှက်ဖြစ်လေ၏။ [24]ဧဖက်မြို့
၌ ဒေမေတြိဆိုသောလူတစ်ယောက်ရှိ၏။ သူ
သည် ငွေထည်ပစ္စည်းလုပ်ကိုင်သူဖြစ်၏။ သူ
သည် ငွေပြားဖြင့် အာတေမိနတ်ဘုရားမ၏
ဗိမာန်တော်ပုံစံငယ်များကို ပြုလုပ်လေ့ရှိ၏။
ဤနည်းဖြင့် သူသည် ပန်းထိမ်သမားတို့အား
စီးပွါးပြုတတ်၏။ [25]ဒေမေတြိသည် ဤပန်းထိမ်
သမားတို့နှင့် ထိုသို့သောအတတ် သမားများစု

---

**ငွေပြား** ဒေနာရအပြားသည် ပျမ်းမျှပေးခဲ့သောတစ်ရက်လုပ်အားခအတွက် ဖြစ်သည်။

စေပြီး ဤအတတ်ကို အမှီပြု၍ ငါတို့၌ အကျိုး
စီးပွါးဖြစ်သည်ကို သင်တို့သိကြ၏။ အချင်းလူတို့
ငါတို့၏လုပ်ငန်းမှ ငါတို့သည် ငွေအမြောက်အ
များစွာ ရနေသည်ကို သင်တို့ သိကြ၏။ 26သို့
သော်လည်း ဤလူသည် အဘယ်သို့လုပ်သည်
ကို ကြည့်ကြလော့။ သူသည် အဘယ်သို့ပြော
သည်ကို နားထောင်ကြလော့။ ပေါလုသည်
ဧဖက်မြို့တွင် သာမကအာရှပြည် တစ်လျှောက်
လုံး၌လည်း များစွာသောလူတို့ကို သြဇာလွှမ်း
မိုး၍ ပြောင်းလဲစေ၏။ ပေါလုက လူတို့ပြုလုပ်
သောဘုရားတို့သည် မှန်ကန်သောဘုရားများ
မဟုတ်ပါ’ ဟုဆို၏။ 27ပေါလုပြောသောအရာ
တို့သည် လူတို့၏စိတ်ကို ပြောင်းလဲစေ၍ ငါတို့
လုပ်ငန်းကို ဆန့်ကျင်ပြီးလူများတို့လည်း ကြီး
မြတ်သောနတ်ဘုရားမ အာတေမိ၏ဗိမာန်
တော်ကို အရေးမကြီးပါဟု တွေးလာကြလိမ့်
မည်။ သူမ၏ကြီးမြတ်ခြင်းကိုလည်း ပျက်စီး
သွားလိမ့်မည်။ သင်တို့သိသကဲ့သို့ အာရှပြည်
တစ်လျှောက်လုံးနှင့် လောကီနိုင်ငံသားတို့သည်
အာတေမိကို ကိုးကွယ်နေ၏’ ဟုပြောဆို၏။
28ထိုလူတို့သည် ထိုစကားကို ကြားသော
အခါ၊ အလွန်ဒေါသထွက်လာ၍ “အာတေမိ၊
ဧဖက်မြို့၏နတ်ဘုရားမသည် ကြီးမြတ်သည်”
ဟုအော်ဟစ်ကြွေးကြော်ကြ၏။ 29မြို့ထဲရှိလူအ
ပေါင်းတို့သည် အလွန်စိတ်ဆိုးကြသဖြင့် ဂါယု
နှင့်အာရိတ္တာခုကို ဆွဲဖမ်းကြ၏။ ထိုလူနှစ်
ယောက်သည် မာကေဒေါနိပြည်မှဖြစ်၍ ပေါလု
နှင့်အတူ ခရီးသွားကြသူများဖြစ်၏။ ထို့နောက်
သူတို့အားလုံးသည် ပွဲခံရာဇရပ်ထဲသို့ တဟုန်
ထိုးပြေးဝင်ကြ၏။ 30ပေါလုသည် စုရုံးသောလူ
တို့ထံသို့ သွားရောက်၍ သူတို့ကို စကားပြော
ရန် အလိုရှိသော်လည်း ယေရှု၏တပည့်တော်
တို့သည် သူ့ကို သွားခွင့်မပြုကြ။ 31ထိုနိုင်ငံ
ခေါင်းဆောင်အချို့သည် ပေါလု၏မိတ်ဆွေများ
ဖြစ်ကြ၏။ သူတို့သည် သတင်းတစ်ခုစေလွှတ်
၍ သူ့ကို ပွဲခံရာဇရပ်သို့ မသွားရန် တောင်းပန်
ကြ၏။ 32လူအချို့တို့သည် တစ်မျိုးအော်ဟစ်နေ
ကြပြီး၊ တခြားလူတို့က အခြားတစ်မျိုးအော်
ကြ၏။ စည်းဝေးပွဲတစ်ခု လုံးရှုန်းရင်းဆန်ခတ်
ဖြစ်လာ၏။ ထိုလူ အုပ်ထဲ၌ရှိသောလူအများစု
တို့သည် သူတို့အဘယ်ကြောင့် ထိုနေရာ၌ရှိနေ
သည်ကိုပင်မသိကြ။ 33ယုဒတို့သည်အာလေဇန္ဒြု
ကို လူတို့ရှေ့၌ ရပ်ခိုင်းကြ၏။ လူတို့သည် သူ
အား အဘယ်သို့ လုပ်ရမည်ကို ပြောကြ၏။
အာလေဇန္ဒြုသည် သူတို့ကို ရှင်းပြလိုသော
ကြောင့် သူ၏လက်ကို ဝှေ့ရမ်းပြ၏။ 34သို့သော်
လည်း၊ လူတို့သည်သူ့ကို ယုဒလူဖြစ်ကြောင်း
သိလာသောအခါ သူတို့က နှစ်နာရီတိုင်တိုင်
“ဧဖက်မြို့က အာတေမိနတ်ဘုရားမသည် ကြီး
မြတ်၏။ ဧဖက်မြို့က အာတေမိနတ်ဘုရားမ
သည် ကြီးမြတ်၏” ဟုတစ်သံတည်းနှင့်အော်
ဟစ်နေကြ၏။
35မြို့စာရေးသည် လူအုပ်ကြီးကို တိတ်စေ
ပြီးလျှင် သူက ‘ဧဖက်မြို့နေလူကြီးမင်းတို့ ဧဖက်
မြို့သည်ကြီးမြတ်သောနတ်ဘုရားမအာတေမိ*
၏ဗိမာန်တော်နှင့် သူမ၏သန့်ရှင်းသော
ကျောက်*ကို ထိန်းသိမ်းစောင့်ရှောက်သော
မြို့ဖြစ်ကြောင်း အားလုံးသိနေကြလော့။ 36အ
ဘယ်သူကမျှ ဤအရာမမှန်ကန်ဟု မပြော။
ထို့ကြောင့် အားလုံးသည် တိတ်ဆိတ်စွာနေကြ
၏။ သတိနှင့်ဆင်ခြင်ခြင်းမရှိဘဲ အဘယ်အမှုကို
မျှ မပြုသင့်။ 37သင်တို့သည် ဤလူနှစ်ယောက်
ကို ခေါ်လာကြသော်လည်း သူတို့သည် ငါတို့၏
နတ်ဘုရားမကို ဆန့်ကျင်ရာတစ်စုံတစ်ရာကိုမျှ
မပြောကြ။ သူတို့သည် နတ်ဘုရားမ၏ဗိမာန်
တော်မှတစ်စုံတစ်ရာကို မခိုးကြ။ 38ဒေမေတရိ
မစ၍ သူနှင့်အတူနေသောပန်းထိမ်သမားတို့
သည် တစ်စုံတစ်ယောက်သောအပေါ်၌ တရား
စွဲဆိုချက်တစ်ခုရှိသလော။ ဥပဒေတရားရုံး
များဖွင့်ပြီး တရားသူကြီးတို့လည်းရှိကြ၏။ ထို
နေရာ၌ သူတို့သည် တစ်ယောက်နှင့်တစ်

**အာသာမိ** အာသာမိသည် ဂရိတ်ဘုရားမ ဒိုင်ယာနာ၏
အမည်ဖြစ်၏။

**သန့်ရှင်းသောကျောက်** လူတို့က အာတေမိနှင့်တူပြီး
ကိုးကွယ်ခဲ့သောမေထရိုရိုက် သို့မဟုတ် ကျောက်။

ယောက်မှုခြင်းတရားတွေ့ကြစေ။ 39သင်တို့
သည် တစ်စုံတစ်ခုထပ်၍ ဆွေးနွေးလိုလျှင်
တရားသောအစည်းအဝေး၌ စီရင်ရလိမ့်မည်။
40ယနေ့ရုန်းရင်းခတ်ခြင်းကို ပြုသောကြောင့်အ
မှုရောက်မည်ဟု စိုးရိမ်စရာရှိ၏။ အကြောင်းမူ
ကား ဤမတရားသောစည်းဝေးခြင်းအကြောင်း
ကို ပြောစရာတစ်စုံတစ်ခုမျှမရှိ” ဟုဆို၏။ 41မြို့
စာရေးသည် ဤအရာကို ပြောပြီးနောက်၊ လူ
တို့အား အိမ်ပြန်ကြရန်ပြောလေ၏။ လူအပေါင်း
တို့သည် အိမ်ပြန်သွားကြကုန်၏။

## ပေါလုသည် မာကေဒေါနိပြည်နှင့် ဒေါမပြည်သို့ သွားခြင်း

20 ထိုဒုက္ခ ရပ်တန့်သွားသောအခါ၊ ပေါလု
သည် တပည့်တော်တို့အား မိမိထံသို့
အလည်လာရန် ဖိတ်ကြားလေ၏။ ပေါလုသည်
ထိုသူတို့အား နှစ်သိမ့်စကားပြောကြားပြီး၊ နှုတ်
ဆက်လေ၏။ ပေါလုသည် ထိုမြို့မှ ထွက်ခွာပြီး
မာကေဒေါနိပြည်သို့ သွားလေ၏။ 2သူသည်
မာကေဒေါနိသို့ သွားရာလမ်းတစ်လျှောက်၌ရှိ
သောနေရာဒေသအသီးသီးသို့ ရပ်နား၍တပည့်
တော်တို့ကို အားပေး၏။ ထို့နောက် သူသည်
ဟေလသပြည်သို့ ရောက်လာ၏။ 3သူသည်
ထိုပြည်၌ သုံးလမျှနေ၏။ ထို့နောက် သူသည်
ရေကြောင်းခရီးဖြင့် ရှုရိပြည်သို့သွားရန် အဆင်
သင့်ဖြစ်နေ၏။ သို့သော်လည်း ယုဒလူအချို့
တို့သည် သူ့ကိုဆန့်ကျင်ရန် လျှို့ဝှက်ကြံစည်ကြ
၏။ ထို့ကြောင့်သူသည် မာကေဒေါနိပြည်ကို
ဖြတ်ကျော်၍ ရှုရိပြည်သို့သွားရန် ဆုံးဖြတ်လေ
၏။ 4တချို့လူတို့သည် ပေါလုနှင့်အတူသွားကြ
၏။ ထိုလူတို့အား ဗေရိမြို့မှ ပုရု၏သားသော
တပရု၊ သက်သာလောနိတ်မြို့မှ အာရိတ္တာခု
နှင့်သေကုန္ဒု၊ ဒေရဗေမြို့သားဂါယု၊ တိမောသေ၊
အာရှိပြည်မှလူနှစ်ယောက် ဖြစ်သောတုခိတ်
နှင့်တရောဖိမ်တို့ ဖြစ်ကြ၏။ 5ထိုလူတို့သည် ငါ
တို့ရှေ့၌ သွားနှင့်သူများဖြစ်ကြပြီး၊ ငါတို့အား
တရောမြို့၌ စောင့်နေကြ၏။ 6ငါတို့သည် ယုဒ
လူမျိုးများ၏တဆေးမဲ့မုန့်ပွဲ တော်အပြီးတွင်၊
ဖိလိပ္ပိမြို့မှရေကြောင်းခရီးဖြင့် ထွက်လာကြ၏။
ငါတို့သည် အခြားလူတို့ ကို ငါးရက်အကြာတွင်
တရောမြို့၌တွေ့ဆုံကြ၏။ ငါတို့သည် ထိုအရပ်
၌ ခုနစ်ရက်နေကြ၏။

## တရောမြို့သို့ ပေါလု၏နောက်ဆုံးခရီး

7ရက်သတ္တပတ်၏ပထမနေ့၌ ငါတို့သည် ပွဲ
တော်မင်္ဂလာသုံးဆောင်ခြင်းငှါ အတူတူစုဝေး
ကြ၏။ ပေါလုသည် နောက်တစ်နေ့၌ ထွက်ခွာ
ရန်အစီအစဉ်ရှိသဖြင့် သူသည် အုပ်စုကို စကား
ပြော၏။ ထို့ကြောင့် သူသည် ညဉ့်သန်းခေါင်
ယံအထိ ဆက်လက်၍ စကားပြောနေ၏။ 8ငါ
တို့အားလုံးအပေါ်ထပ်အခန်းတစ်ခန်းထဲ၌ ရှိနေ
ကြ၏။ ထိုအခန်းထဲ၌ မီးအိမ်များစွာတို့သည်
လင်းထိန်နေလေ၏။ 9ဥတုခုအမည်ရှိသောလူ
ငယ်တစ်ယောက်သည် ပြတင်းပေါက်နားတွင်
ထိုင်နေ၏။ ပေါလုသည် ဆက်လက်စကား
ပြောနေစဉ်၊ ဥတုခုသည် အလွန်အိပ်ငိုက်လာ
၏။ နောက်ဆုံး၌၊ အိပ်ပျော်သွား၍ ပြတင်း
ပေါက်မှ ပြုတ်ကျသွား၏။ သူသည် သုံးထပ်အ
မြင့်မှ မြေပေါ်သို့ ကျသွား၏။ လူများတို့သည်
သွားရောက်ပြီး သူ့ကိုထူမကြည့်သောအခါ သူ
သည် သေနေလေပြီ။ 10ပေါလုသည် အောက်
သို့ ဆင်းလာပြီး ဥတုခုဘေး၌ ဒူးထောက်၍
သူ့ကို ပွေ့ဖက်ထား၏။ ထိုအခါ သူသည် ယုံ
ကြည်သူ တို့အား “မစိုးရိမ်ကြနှင့်။ သူသည်
အသက်ရှင် နေသည်” ဟုပြော၏။ 11ပေါလု
သည် အိမ်အပေါ်ထပ်သို့ ပြန်တက်သွား၏။ သူ
သည် မုန့်ကိုဖဲ့၍စားလေ၏။ ထို့နောက် သူတို့
အား မိုးလင်းသည်အထိ စကားပြောလေ၏။
ထို့နောက် သူသည် ထွက်ခွာသွားလေ၏။ 12လူ
တို့သည် လူငယ်ကို အိမ်သို့ခေါ်ဆောင်သွားကြ
၏။ သူအသက်ရှင်နေ၏။ ထိုအခါ လူတို့သည်
အလွန်တရာစိတ်သက်သာခြင်းရကြလေ၏။

## တရောမှမိလက်သို့ ခရီးသွားခြင်း

13ငါတို့သည် အဿုမြို့သို့ ပေါလုထက် အ
ရင်ရွက်လွှင့်သွားကြ၏။ ပေါလု၏အစီအစဉ်အရ

ငါတို့သည် သူ့ကို၊ အဿုမြို့၌ တွေ့ဆုံပြီး ထိုနေ
ရာမှ အတူတကွလွှင့်မည်ဖြစ်၏။ သူသည် ကုန်း
လမ်းခရီးဖြင့် သွားလိုသဖြင့် ထိုသို့စီရင်လေ၏။
14နောက်ပြီးနှင့် အဿုမြို့၌ သူသည် ငါတို့နှင့်
တွေ့ဆုံကြပြီးလျှင် သူသည် ငါတို့နှင့်အတူ
သင်္ဘောပေါ်သို့တက် ရောက်လိုက်ပါလာ၏။
ငါတို့အားလုံးသည် မိတုလင်မြို့သို့ ရောက်ကြ
၏။ 15နောက်တစ်နေ့၌ ငါတို့သည် မိတုလင်မှ
လွှင့်ကြ၏။ ငါတို့သည် ခိအုကျွန်းအနီးရှိ နေရာ
တစ်ခုသို့ရောက်ကြ၍ နောက်တစ်နေ့၌ ငါတို့
သည် သာမုကျွန်းသို့ ရောက်သွားကြ၏။ တစ်
ရက်မျှကြာသောအခါ ငါတို့သည် မိလက်မြို့သို့
ရောက်ရှိကြ၏။ 16ပေါလုသည် ဖေက်မြို့၌ ရပ်
တန့်ခြင်းမပြုရန် ဆုံးဖြတ်ထား၏။ အကြောင်းမူ
ကား၊ သူသည် အာရှပြည်၌ အချိန်ကြာမြင့်စွာ
နေရန်အလိုမရှိ။ ပေါလုသည် ပင်တေကုတ္တေပွဲ
တော်နေ့တွင် ယေရုရှလင်မြို့၌ နေလိုသော
ကြောင့် အလျင်အမြန်သွားလို၏။

## ပေါလုက ဖေက်မြို့မှ အကြီးအကဲ များထံသို့ ပြောဆိုခြင်း

17မိလက်မြို့၌ ပေါလုက ဖေက်မြို့သို့ စာ
တစ်စောင်ရေး၍ ပို့လေ၏။ ပေါလုသည် ဖေက်
မြို့သင်းအုပ်တို့ကို သူ့ထံသို့လာရန် ဖိတ်ခေါ်
၏။ 18သင်းအုပ်တို့ရောက်လာသောအခါ ပေါလု
က၊ သင်တို့နှင့်ငါအတူနေသောကာလပတ်လုံး
ငါ၏အသက်ရှင်ခြင်းနည်းလမ်းကို သင်တို့သိကြ
၏။ သင်တို့နှင့်ငါသည် အတူတစ်ချိန်လုံးနေခဲ့
သောလမ်းစဉ်ကို သင်တို့သိကြ၏။ 19ယုဒတို့
သည် ငါ့ကိုဆန့်ကျင်ရန် ကြံစည်ကြ၏။ ထိုအ
ကြောင်းအရာသည် ငါ့ကို ကြီးမားသောစိတ်
နာကျင်ခြင်း ဖြစ်စေ၏။ ငါမကြာခဏငိုရ၏။
သို့သော်လည်း သင်တို့သည် ငါအစဉ်သဖြင့်
သခင်ဘုရား၏အမှုတော်ကို ဆောင်ရွက်ပေး
သည်ကို သိကြ၏။ ငါသည် အရေးပါသော
အရာကို ငါ့အတွက် ဘယ်သောအခါမျှ မတွေး
ပါ။ 20ငါသည် သင်တို့အတွက်အကောင်းဆုံး
သောအရာကို အစဉ်သဖြင့်ငါပြုလုပ်၏။ ငါ
သည် သင်တို့အား အရာခပ်သိမ်းပြောလေ၏။
ငါသည် သင်တို့အား ပရိသတ်ရှေ့၌သာမက၊
သင်တို့အိမ်များ၌လည်း သြဝါဒပေး၏။ 21ငါ
သည် ယုဒလူနှင့် ဟေလသလူအပေါင်းတို့အား
သူတို့၏စိတ်နှလုံးကို ပြောင်းလဲပြီး ဘုရားသခင်
ထံပြန်လှည့်၍ ငါတို့၏သခင်ယေရှုကို ယုံကြည်
ကြရန်ပြောလေ၏။ 22သို့သော်လည်း ငါသည်
ယခုအချိန်၌ သန့်ရှင်းသောဝိညာဉ်တော်၏အ
မိန့်ကို နာခံ၍ ယေရုရှလင်မြို့သို့ သွားရမည်။
အထိုနေရာ၌ အဘယ်သို့ ဖြစ်မည်ကို ငါမသိ။
23ငါသည် ယေရုရှလင်မြို့၌ ဒုက္ခများစွာနှင့်
ထောင်ကပင်လျှင် ငါ့အား စောင့်နေသည်ကို
သန့်ရှင်းသောဝိညာဉ်တော်သည် မိန့်တော်မူ
သောကြောင့် ငါသိနေ၏။ 24ငါသည် ငါ့အသက်
အတွက် ဂရုမစိုက်ပါ။ အရေးအကြီးဆုံးအရာ
မှာ၊ ငါ၏အလုပ်ကို ပြီးမြောက်စေခြင်းငှါ သခင်
ယေရှုသည် ငါ့အား ပေးသောအလုပ်ကိုပြီးစီးစေ
မည့်အကြောင်းဖြစ်၏။ ထိုအလုပ်သည် ဘုရား
သခင်ကျေးဇူးတော်၏ ဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းကို လူတို့အား ပြောဆိုရန် ဖြစ်၏။
25ယခုအခါ၌ ငါပြောမည်ကို နားထောင်ကြ
လော့။ သင်တို့၌ အဘယ်သူကမျှ ငါ့ကို နောက်
ထပ် ဘယ်သောအခါမှ တွေ့ရလိမ့်မည်မဟုတ်။
ငါသည် သင်တို့နှင့်အတူ ရှိနေချိန်ကာလပတ်
လုံးသင်တို့အား ဘုရားသခင်၏နိုင်ငံတော်အ
ကြောင်းကို ဟောပြော၏။ 26ထို့ကြောင့် ယနေ့
ငါ၌ သေချာစွာပြောနိုင်သောအရာတစ်ခုရှိ၏။
သင်တို့တွင် တစ်စုံတစ်ယောက်သည် ဆုံးရှုံး
ခြင်းသို့ ရောက်လျှင်၊ ဘုရားသခင်သည် ငါ့ကို
အပြစ်တင်မည်မဟုတ်။ 27အကြောင်းမူကား
ဘုရားသခင်သည် သင်တို့ကိုသိရန် အလိုတော်
ရှိသမျှတို့ကို ငါသည် သင်တို့အား ပြောပြ၏။
28ထို့ကြောင့် သင်တို့သည် ကိုယ်ကိုသတိနှင့်
ကြည့်ရှုကြလော့။ ထို့အပြင် ဘုရားသခင်သည်၊
သင်တို့ကို အပ်ထားသောလူတို့အားလုံးကို
လည်း ကြည့်ရှုကြလော့။ သန့်ရှင်းသောဝိညာဉ်
တော်သည် သင်တို့အား ဤသိုးအုပ်များကို
ကြည့်ရှုစောင့်ရှောက်ရန် ခန့်အပ်တော်မူ၏။

သင်တို့သည် ဘုရားသခင်၏အသင်းတော်၌
သိုးထိန်းကဲ့သို့ ဖြစ်ရမည်။ သူသည် ထိုအသင်း
တော်ကို မိမိအသွေးနှင့်ဝယ်တော်မူ၏။ [29]ငါ
သွားပြီးသည့်နောက်တွင် သင်တို့ထဲသို့ လူတ
ချို့ရောက်လာကြမည်ကို ငါသိ၏။ ထိုလူတို့
သည် ဝံပုလွေရိုင်းများကဲ့သို့ ဖြစ်လိမ့်မည်။ သူ
တို့သည် သိုးအုပ်ကို ဖျက်ဆီးရန် ကြိုးစားကြ
လိမ့်မည်။ [30]သင်တို့အုပ်စုထဲမှခေါင်းဆောင်
ဆိုးများလည်း ဖြစ်လာကြလိမ့်မည်။ သူတို့
သည် မှားယွင်းသောအရာများကို သင်ကြား
လိမ့်မည်။ သူတို့သည် ယေရှု၏နောက်ကို လိုက်
သောသူတချို့ကို သမ္မာတရားမှ လမ်းမှားစေ
ပြီး သူတို့၏နောက် လိုက်များဖြစ်စေလိမ့်မည်။
[31]ထို့ကြောင့် သတိထားကြလော့။ ပတ်လုံးနေ့
ညမပြတ်လူအပေါင်းတို့ကို မျက်ရည်နှင့်တကွ
ဆုံးမ၍ နေကြောင်းကို အောက်မေ့ကြလော့။
[32]ယခုအခါ၌ ငါသည် သင်တို့ကို ဘုရား
သခင်၏လက်တော်ထဲ၌ အပ်လေ၏။ ဘုရား
သခင်သည်မိမိသန့်ရှင်းသူအားလုံးကိုပေးတော်
မူသောအရာဖြစ်၏။ သင်တို့ကို ခိုင်ခံ့စေ၍
ကောင်းချီးမင်္ဂလာ ပေးသည့်ဘုရားသခင်၏
ကျေးဇူးတော်တရားစကားအပေါ်၌ ငါသည် ရပ်
တည်လျှက်ရှိနေ၏။ [33]ငါသည် သင်တို့နှင့်အတူ
ရှိနေသောအခါ ဘယ်သောအခါမျှတစ်စုံတစ်
ယောက်၏ငွေဖြစ်စေ၊ အဝတ်များဖြစ်စေအလို
မရှိ။ [34]ငါ၏လိုအပ်ချက်များအတွက်ရင်း ငါနှင့်
အတူရှိနေကြသော လူတို့၏လိုအပ်ချက်များအ
တွက်ရင်း စောင့်ရှောက်နိုင်ရန် ငါကိုယ်တိုင်
လက်ဖြင့် အလုပ်လုပ်ခဲ့သည်ကို သင်တို့သိကြ
၏။ [35]သင်တို့သည် ဆင်းရဲသောသူတို့ကို ကူညီ
ခြင်းငှါ အလုပ်ကို ကြိုးစားလုပ်ကိုင်သင့်ကြောင်း
အရာရာ၌ ငါသည် သင်တို့ကို ပုံသက်သေပေး
၏။ ငါသည် သင်တို့အား သခင်ယေရှုမိန့်တော်
မူသောစကားတော်များကို မှတ်မိရန် သွန်သင်
ပေး၏။ ယေရှုက၊ ပေးကမ်းခြင်းသည်၊ ရယူခြင်း
ထက်ပို၍ ဝမ်းမြောက်စရာဖြစ်သည်”' ဟုမိန့်
တော်မူ၏။
[36]ပေါလုက ထိုအကြောင်းများကို ပြောဆို
ပြီးလျှင် သူသည်၊ သူတို့အားလုံးနှင့်အတူဒူး
ထောက်၍ ဆုတောင်းကြ၏။ [37-38]သူတို့အား
လုံးသည် ငိုကြွေးကြ၏။ သူတို့သည် သူ့ကို
နောက်ထပ် ဘယ်သောအခါမျှတွေ့ရလိမ့်မည်
မဟုတ်ဟု ပေါလုသည် သူတို့အား ပြောသော
ကြောင့် သူတို့သည် အလွန်ကြေကွဲဝမ်းနည်း
ကြ၏။ သူတို့သည် သူ့ကို ဖက်၍နမ်း ကြ၏။
ထို့နောက် သူတို့သည် သူ့ကို သင်္ဘောသို့လိုက်
ပို့ကြ၏။

## ပေါလုယေရုရှလင်မြို့သို့ သွားခြင်း

21 ငါတို့အားလုံးသည် သင်းအုပ်တို့ကို
နှုတ်ဆက်ခဲ့ခွာပြီးနောက်၊ လှေလွှင့်ကြလေ
၏။ ငါတို့သည် ကောသကျွန်းသို့ တည့်တည့်
သွားကြ၏။ နောက်တစ်နေ့၌ ရောဒုကျွန်းသို့
ရောက်ကြ၏။ ရောဒုကျွန်းမှတစ်ဆင့် ပါတရ
မြို့သို့ သွားရောက်ကြ၏။ [2]ပါတရမြို့သို့ ရောက်
သောအခါ ဖိနိတ်ပြည်သို့ သွားမည့်သင်္ဘော
တစ်စီးကို တွေ့ကြ၏။ ငါတို့သည် ထိုသင်္ဘော
ပေါ်တက်ပြီး ရွက်လွှင့်သွားကြ၏။ [3]ငါတို့
သင်္ဘောသည် ကုပရုကျွန်းအနီးမှ ဖြတ်သွား၏။
ငါတို့သည် ကျွန်း၏မြောက်ပိုင်းကို တွေ့နေရ
သော်လည်း၊ ထိုနေရာ၌ သင်္ဘောရပ်တန့်ခြင်း
မပြုသဖြင့် ရှုရိပြည်အထိ ရွက်လွှင့်၏။ ငါတို့
သည် တုရုမြို့၌ ရောက်သောအခါ သင်္ဘောရပ်
နားလေ၏။ အကြောင်းမူကား၊ သင်္ဘောပေါ်
တွင် ပါရှိသောကုန်ပစ္စည်းများကို တုရုမြို့၌ ချရ
မည်ဖြစ်သောကြောင့်ဖြစ်၏။ [4]တုရုမြို့၌ ငါတို့
သည် ယေရှု၏တပည့်တော်တို့နှင့် တွေ့ကြ၏။
ငါတို့သည် သူတို့နှင့်အတူခုနစ်ရက်တိုင်တိုင်နေ
ကြ၏။ သူတို့သည် ပေါလုအား ယေရုရှလင်မြို့
သို့ မသွားရန်သတိပေးကြ၏။ အကြောင်းမူ
ကား၊ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့
အား ပြောထားသောအရာများကြောင့် ဖြစ်
၏။ [5]ငါတို့သည် အလည်အပတ်သွားခြင်း ပြီး
သောအခါ ထိုမြို့မှ ထွက်ခွာသွားကြပြီး ငါတို့
ဆက်လက်၍ခရီးဆက်ပါ၏။ ငါတို့သည် ထိုမြို့မှ
မထွက်ခွာမီ၊ ယေရှု၏တပည့်တော်တို့အားလုံး၊

အမျိုးသမီးတို့နှင့် ကလေးငယ်တို့အပါ၊ မြို့ပြင်
သို့ထွက်၍ ငါတို့အား နှုတ်ဆက်ရန် လိုက်ပါလာ
ကြ၏။ ငါတို့အားလုံးသည် ပင်လယ်ဆိပ်ကမ်း
၌ ဒူးထောက်၍ ဆုတောင်းကြ၏။ ထို့နောက်
ငါတို့သည် နှုတ်ဆက်ခွဲခွာ၍ သင်္ဘောပေါ်သို့
တက်ကြ၏။ [6]သင်္ဘောထွက်ခွာပြီးမှသာလျှင်
ငါတို့ကို နှုတ်ဆက်ခွဲခွာသောလူတို့သည် အိမ်
ပြန်သွားကြ၏။

[7]ငါတို့သည် ခရီးစဉ်ကို ဆက်လက်သွားရာ
တုရုမြို့မှ ပတောလင်မြို့သို့ ရောက်၏။ ငါတို့
သည် ညီအစ်ကိုတို့ကို နှုတ်ဆက်ပြီး၊ သူတို့နှင့်
အတူတစ်ရက်နေကြ၏။ [8]နောက်တစ်နေ့၌ ငါ
တို့သည် ပတောလင်မြို့မှ ထွက်ခွာပြီး၊ ကဲသရိ
မြို့သို့ ရောက်ကြ၏။ ငါတို့သည် ဖိလိပ္ပုအိမ်သို့
သွား၍နေထိုင်ကြ၏။ ဖိလိပ္ပု၏အလုပ်သည် လူ
များထံသို့ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ပြန့်ဝေဟောကြားခြင်းဖြစ်၏။ သူသည် အကူအ
ညီပေးသော ဆရာ*ခုနစ်ပါးအဝင်ဖြစ်၏။ [9]သူ
၌လက်မထပ်ရသေးသောသမီးပျိုကညာ လေး
ယောက်ရှိ၏။ ထိုသမီးပျိုတို့၌ ပရောဖက်ပြု
နိုင်သောအစွမ်းရှိကြ၏။ [10]ငါတို့သည် ထိုအိမ်၌
ရက်ပေါင်းမြောက်များစွာ နေပြီးသောအခါ၊
အာဂဗုအမည်ရှိသော ပရောဖက်တစ်ယောက်
သည် ယုဒပြည်မှရောက်လာလေ၏။ [11]သူသည်
ငါတို့ထံသို့ ရောက်လာ၍ ပေါလု၏ခါးပတ်ကို
ငှားရမ်း၏။ ထို့နောက် သူသည် မိမိလက်နှင့်
ခြေထောက်များကို ထိုခါးပတ်နှင့် ချည်နှောင်
၍ “သန့်ရှင်းသောဝိညာဉ်တော်က ‘ပြောတော်
မူသည်မှာ ယေရုရှလင်မြို့ရှိယုဒလူတို့က ဤခါး
ပတ်ပတ်သောလူကို ဤကဲ့သို့ ချည်နှောင်ကြ
ပြီး၊ သူ့ကို တပါးသောအမျိုးသားတို့ လက်သို့
အပ်နှံကြလိမ့်မည်” ဟုပြောလေ၏။ [12]ငါတို့
အားလုံးသည် ထိုစကားကို ကြားရ၍။ ထို့
ကြောင့် ငါတို့နှင့်ထိုနေရာ၌ရှိသော ယုံကြည်
သူတို့သည် ပေါလုအား ယေရုရှလင်သို့မသွား
ရန် တောင်းပန်ကြ၏။ [13]သို့သော်လည်း ပေါလု
က “သင်တို့သည် အဘယ်ကြောင့် ငိုနေကြသ
နည်း၊ သင်တို့သည် အဘယ်ကြောင့် ငါ့ကိုစိတ်
ဝမ်းနည်းစေကြသနည်း။ ယေရုရှလင်မြို့၌ ငါ
သည် အချည်နှောင်ခြင်းခံရန် အဆင်သင့်ဖြစ်
နေရုံသာမက သခင်ယေရှု၏နာမတော်အတွက်
အသေခံခြင်းငှါပင်လျှင် အဆင်သင့် ဖြစ်သည်”
ဟုပြောလေ၏။

[14]ငါတို့သည် ပေါလုအား ယေရုရှလင်မြို့မှ
ကင်းဝေးရန်သွေးဆောင်၍ မရနိုင်။ ထို့ကြောင့်
ငါတို့သည် ကြိုးစားသွေးဆောင်ခြင်းကို ရပ်၍
“ဘုရားသခင်၏အလိုတော်ရှိသည့်အတိုင်း ဖြစ်
ပါစေ” ဟုပြောကြ၏။ [15]ထို့နောက် ငါတို့သည်
အဆင်သင့်ဖြစ်ပြီး ယေရုရှလင်မြို့သို့ ထွက်ခွာ
ကြ၏။ [16]ကဲသရိမြို့ရှိ ယေရှု၏တပည့်တော် အ
ချို့တို့သည် ငါတို့ကို လိုက်ပို့ကြ၏။ သူတို့သည်
ငါတို့အား မနာသုန်၏အိမ်သို့ခေါ် ဆောင်သွား
ကြ၏။ မနာသုန်သည် ကုပရုကျွန်းသားဖြစ်၏။
သူသည် ယေရှု၏နောက်ကို လိုက်လာသော
ပထမဆုံးလူတို့အဝင်ဖြစ်၏။ ငါတို့သည် သူ့အိမ်
၌နေထိုင်ကြ၏။

## ပေါလုက ယာကုပ်ထံသို့ သွားလည်ခြင်း

[17]ငါတို့သည် ယေရုရှလင်မြို့သို့ ရောက်
သောအခါ၊ ယုံကြည်သူတို့သည် ငါတို့ကို တွေ့
ကြရသောကြောင့် အလွန်ပျော်ရွှင်နေကြ၏။
[18]နောက်တစ်နေ့၌ ပေါလုသည်၊ ယာကုပ်ကို
တွေ့ဆုံရန် ငါတို့နှင့်အတူသွားလေ၏။ ထိုနေရာ
၌ သင်းအုပ်အားလုံးတို့သည်လည်း ရှိကြ၏။
[19]ပေါလုသည် သူတို့အားလုံးကို နှုတ်ဆက်၏။
ထို့နောက် သူသည် မိမိအားဖြင့်တပါးသောအ
မျိုးသားတို့တွင် ဘုရားသခင်ပြုတော်မူခဲ့သမျှ
အရာအားလုံးကို သူတို့အား အသေးစိတ်ပြော
ပြ၏။ [20]သင်းအုပ်တို့သည် ထိုအကြောင်း အရာ
များကို ကြားကြသောအခါ၊ သူတို့သည် ဘုရား
သခင်ကို ချီးမွမ်းကြ၏။ ထို့နောက် သူတို့သည်
ပေါလုအား၊ “ငါတို့ညီအစ်ကို ထောင်ပေါင်း
များစွာသောယုဒလူမျိုးတို့သည် ယုံကြည်သူ
ဖြစ်လာကြသည်ကို သင်သိမြင်နိုင်သော်လည်း

---

**အကူအညီပေးသောဆရာ** အထူးအလုပ် အတွက်ရွေးချယ်ခဲ့သောလူများ

သူတို့သည် မောရှေ၏ပညတ်တရားအတွက်
စိတ်အားထက်သန်ကြ၏။ 21သင်သည် တခြား
ပြည်များ၌ရှိသောယုဒလူတို့အား မောရှေ၏
ပညတ်တရားကိုစွန့်၍ ယုဒတို့၏ဓလေ့ထုံးစံများ
ကို မလိုက်နာရန်နှင့် သူတို့၏သားသမီးတို့ကို အ
ရေဖျားမလှီးရန် သင်ပေးသည်ကို သူတို့ကြား
ရကြပြီ။ 22သို့ဖြစ်၍အဘယ်သို့ပြုရမည်နည်း။
သင်ရောက်လာသည်ကို ဤနေရာရှိ ယုဒလူယုံ
ကြည်သူတို့သည် သေချာစွာ သိကြလိမ့်မည်။
23ထို့ကြောင့် ငါတို့သည် သင်အဘယ်အရာ
လုပ်ရမည်ကို ပြောပြမည်။ ငါတို့တွင် လူလေး
ယောက်သည် ဘုရားသခင်ထံတော်၌ သစ္စာ
ဂတိပြုကြ၏။ 24ဤလူလေးယောက်ကို သင်နှင့်
အတူ ခေါ်သွား၍၊ သူတို့၏စင်ကြယ်ခြင်းအခမ်း
အနား၌ ပါဝင်လော့။ သူတို့၏ခေါင်းရိတ်ခြင်းအ
တွက် စရိတ်ကိုပေးလော့။ သင်သည် ထိုသို့ပြု
လျှင် သင်နှင့်ပတ်သက်၍ သူတို့ကြားခဲ့သော
အရာသည်မမှန်ကန်ကြောင်း လူတိုင်းအတွက်
သက်သေဖြစ်လိမ့်မည်။ အကြောင်းမူကား၊
သင်ကိုယ်တိုင်မိမိအသက်တာ၌ မောရှေ၏
ပညတ်တရားကို လိုက်နာကြောင်း သူတို့ကိုယ်
တိုင်သိမြင်ကြ၏။ 25ငါတို့သည် တပါးသောအ
မျိုးသားယုံကြည်သူတို့ထံသို့ စာတစ်စောင်ပို့
လေ၏။ ထိုစာထဲမှာ၊

> ‘ရုပ်တုအား ပူဇော်ထားသောအစာများ
> ကို မစားနှင့်။ သွေးကို မစားနှင့်။ လည်
> ပင်းညှစ်သတ်သော တိရစ္ဆာန်တို့၏အ
> သားများမစားနှင့်။ မတရားသောမေ
> ထုန်ကို မပြုနှင့်ဟု ရေးသားသည်’” ဟု
> ဆိုကြ၏။

## ပေါလုအဖမ်းခံခြင်း

26နောက်တစ်နေ့၌ ပေါလုသည် လူလေး
ယောက်နှင့်အတူသွားလေ၏။ သူသည် သန့်စင်
ခြင်းအခမ်းအနား၌ ပါဝင်၏။ ထို့နောက် သူ
သည် ဗိမာန်တော်သို့သွား၍ သန့်စင်ခြင်းအ
ခမ်းအနားပြီးဆုံးမည့်နေ့ရက်နှင့် နောက်ဆုံးနေ့
၌ သူတို့အယောက်စီတိုင်းအတွက် ယဇ်ပူဇော်ရ
လိမ့်မည်ဖြစ်ကြောင်း ကြေညာ၏။
27ခုနစ်ရက်ပြည့်လုနီးလာသောအခါ အာရှ
ပြည်မှလာသောယုဒလူအချို့သည် ပေါလုကို
ဗိမာန်တော်အတွင်း၌ တွေ့ကြ၏။ သူတို့သည်
လူတို့ကို နှိုးဆွကြပြီး ပေါလုအား ဖမ်းဆီးကြ၏။
28သူတို့က “အချင်းယုဒအမျိုးသားတို့ ငါတို့ကို
ကူညီပါ ဟုအော်ဟစ်ကြ၏။ ဤလူသည် ငါတို့
လူမျိုးနှင့် မောရှေ၏ပညတ်တရားများအား
ဆန့်ကျင်သောအရာများကို ဆုံးမသြဝါဒပေး
သောသူဖြစ်၏။ သူသည် ဤအရာများကို နေ
ရာတိုင်းရှိ လူတို့ထံသို့ သင်ကြားပေး၏။ ယခု
အခါ၌ သူသည် တချို့ဟေလသလူတို့ကို ဗိမာန်
တော်ပိုင် နက်ထဲ၌ ပင်ခေါ်လာပြီး ဤသန့်ရှင်း
သောနေရာကို မသန့်ရှင်းအောင်လုပ်နေ၏”
ဟုဟစ်ကြော်ကြ၏။ 29ယုဒလူတို့သည် ပေါလု
နှင့်အတူ တရောဖိမ်အား ယေရုရှလင်မြို့၌ တွေ့
ကြသောကြောင့် သူတို့သည် ဤအရာပြောကြ
၏။ တရောဖိမ်သည် ဧဖက်မြို့မှ လာသောဂရိ
လူမျိုးဖြစ်၏။ ပေါလုသည် သူ့ကို ဗိမာန်တော်
ထဲသို့ ခေါ်လာသည်ဟု ယုဒလူတို့ ထင်ကြ၏။
30ယေရုရှလင်မြို့ရှိ လူအားလုံးတို့သည် အ
လွန်ချောက်ချားလာကြ၏။ သူတို့အားလုံးပြေး
လာကြ၍ ပေါလုကို ဖမ်းဆုပ်ထားကြ၏။ ထို့
နောက် သူတို့သည် ဗိမာန်တော်ပိုင်နက်အပြင်
ဘက်သို့ ပေါလုကို ဆွဲထုတ်လာကြ၏။ ဗိမာန်
တော်တံခါးပေါက်များကို ချက်ချင်းပိတ်ထား
ကြ၏။ 31လူတို့သည် ပေါလုအား သတ်ရန်ကြိုး
စားကြစဉ် ယေရုရှလင်မြို့တစ်မြို့လုံး ရုန်းရင်း
ဆန်ခတ် ဖြစ်နေကြောင်းကို ရောမတပ်မှူးထံ
သတင်းရောက်လေ၏။ 32ထို့ကြောင့် သူသည်
စစ်ဗိုလ်အချို့နှင့် စစ်သားတို့ကို သူနှင့်အတူ
ချက်ချင်းခေါ်ဆောင်လာ၍ လူတို့စုဝေးရာနေ
ရာသို့သွားကြ၏။ လူတို့သည် တပ်မှူးနှင့်စစ်
သားတို့ကို တွေ့ကြသောအခါ ပေါလုအား ရိုက်
နှက်ခြင်းကိုရပ်တန့်ကြ၏။ 33တပ်မှူးသည် ပေါလု
ထံသို့ လျှောက်သွား၍ ဖမ်းဆီးလေ၏။ သူ
သည် မိမိစစ်သားတို့ကို ပေါလုအား သံကြိုး

နှစ်ချောင်းဖြင့်ချည်ရန် အမိန့်ပေးလေ၏။ တပ်
မှူးက "ဤလူသည် အဘယ်သူနည်း။ သူသည်
အဘယ်အပြစ်ကို ကျူးလွန်သနည်း" ဟုမေး၏။
34အချို့လူတို့သည် တစ်မျိုးအော်ပြီး အခြားလူ
တို့က အခြားအကြောင်းတစ်ခုကို အော်ပြော
၏။ ထိုနေရာ၌ ရှုပ်ထွေးမှုများသောကြောင့်
တပ်မှူးသည် အမှန်တကယ် အဘယ်အရာဖြစ်
ပျက်သည်ကို မသိရှိနိုင်ပါ။ ထို့ကြောင့် တပ်မှူး
သည် ပေါလုအား စစ်တပ်အဆောက်အဦးသို့
ခေါ်ဆောင်ရန် သူ၏စစ်သားတို့ကို အမိန့်ပေး
လေ၏။ 35-36လူအားလုံးတို့သည် သူတို့နောက်
သို့ လိုက်လာကြ၏။ စစ်တပ်အဆောက်အဦး၏
လှေကားပေါ်သို့ ရောက်သောအခါ၊ စစ်သား
တို့သည် ပေါလုကို ချီပွေ့၍ သယ်ဆောင်သွား
ကြ၏။ လူတို့သည် အလွန်ပြင်းထန်သော
ကြောင့် ပေါလုအား အကာအကွယ်ပေးရန်သူ
တို့သည် ဤအရာများကို ပြုလုပ်ကြ၏။ သူ
တို့က "သူ့ကို သတ်ပစ်လော့" ဟုဆက်လက်၍
အော်ဟစ်ကြ၏။

37စစ်သားတို့သည်ပေါလုကို စစ်အဆောက်
အဦးအတွင်းသို့ ဝင်လုသောအခါ၌ ပေါလုက
တပ်မှူးအား "အကျွန်ုပ်သည် တစ်စုံတစ်ခုကို
ပြောရပါမည်လော" ဟုမေး၏။ ထိုအခါ တပ်မှူး
က သင်သည် ဂရိစကားပြောတတ်သလော။
38သို့ဖြင့်လျှင် သင့်ကို ငါထင်နေတာမှားနေပြီ။
သင်သည် အစိုးရကိုဆန့်ကျင်ပုန်ကန်ရန် မကြာ
ခင်က စတင်ခဲ့သောထိုအဲဂုတ္တုလူဖြစ်သည် ဟု
ငါထင်၏။ သူသည် လူသတ်သမားလေးထောင်
ကို ဦးဆောင်၍ တောသို့ခေါ်သွားသည် ဟု
ပြောလေ၏။

39ပေါလုက "မဟုတ်ပါ။ အကျွန်ုပ်သည်
တာရှုမြို့သား ယုဒလူတစ်ယောက်ဖြစ်ပါ၏။
တာရှုမြို့သည် ကိလိကိပြည်၌ရှိ၏။ အကျွန်ုပ်
သည် ထိုအရေးပါသောမြို့သား တစ်ယောက်
ဖြစ်ပါ၏။ ကျေးဇူးပြု၍ လူတို့ကို အကျွန်ုပ်စ
ကားပြောပါရစေ" ဟုပြောလေ၏။

40တပ်မှူးသည် ပေါလုအား လူတို့ကို စကား
ပြောခွင့်ပေး၏။ ထို့ကြောင့် ပေါလုသည် စစ်အ
ဆောက်အဦး လှေကားပေါ်မှာ ရပ်၍ လူတို့
အား တိတ်ဆိတ်သွားစေခြင်းငှါ မိမိလက်ဖြင့်
အချက်ပေးလေ၏။ ထိုအခါ လူတို့သည် တိတ်
ဆိတ်စွာနေကြ၏။ ပေါလုသည် လူတို့အား
ဟေဗြဲဘာသာဖြင့် ပြောလေ၏။

## ပေါလုက လူများကို စကားပြောခြင်း

22 ပေါလုက "အကျွန်ုပ်၏ညီအစ်ကိုတို့နှင့်
အကျွန်ုပ်၏အဘတို့၊ အကျွန်ုပ်သည်
ကိုယ့်ကိုယ်ကိုကာကွယ်ရန် ယခုသင်တို့ထံသို့အ
ကျွန်ုပ်ပြောသောစကားကို နားထောင်ကြပါ"
ဟုဆို၏။ 2ပေါလုသည် ယုဒဘာသာစကားဖြင့်
ပြောသည်ကို သာ၍အလွန် ကြားကြ၏။ ထိုအ
ခါ ယုဒလူတို့သည် ပို၍တိတ်ဆိတ်စွာနေကြ
၏။ 3ပေါလုက၊ အကျွန်ုပ်သည် ယုဒလူတစ်
ယောက်ဖြစ်၏။ အကျွန်ုပ်သည် ကိလိကိပြည်
နယ်တာရှုမြို့၌ မွေးဖွားပါ၏။ အကျွန်ုပ်သည်
ဤယေရုရှလင်မြို့၌ ကြီးပြင်းလာ၍ အကျွန်ုပ်
သည် ဂါမလျေလ၏ကျောင်းသားတစ်ယောက်
ဖြစ်၏။ သူသည် အကျွန်ုပ်တို့အဘတို့၏ပညတ်
တရားနှင့် ပတ်သက်သမျှအားလုံးကို ဂရုတ
စိုက်သင်ကြားပေးပါ၏။ အကျွန်ုပ်သည် ယနေ့
ဤနေရာ၌ရှိသော သင် တို့အားလုံးကဲ့သို့ပင်
ဘုရားသခင်အစေခံခြင်းကို အလွန်စိတ်အား
ထက်သန်သောသူဖြစ်ပါ၏။ 4အကျွန်ုပ်သည်
ယေရှု၏လမ်းစဉ်ကို လိုက်ကြသောသူတို့ကို
ညှဉ်းပန်းနှိပ်စက်၏။ အကျွန်ုပ်ကြောင့် တစ်ချို့
သည် အသတ်ခံရကြ၏။ အကျွန်ုပ်သည် ယော
ကျ်ား၊ မိန်းမတို့ကို ချည်နှောင်၍ ထောင်ထဲ
၌ချ၏။

5"ယဇ်ပုရောဟိတ်မင်းနှင့် ယုဒလူအကြီး
အကဲကောင်စီတို့သည် သင်တို့ကို သက်သေခံ
ပြောပြနိုင်၏။ တစ်ချိန်က ငါသည် ထိုခေါင်း
ဆောင်တို့ထံမှ ဒမာသက်မြို့၌ရှိသော ထိုယုဒ
ညီအစ်ကိုတို့အတွက် စာစောင်များယူပြီးမှ ထို
နေရာ၌ယေရှု၏တပည့်တော်တို့ကို ဖမ်းဆီးရန်
နှင့်သူတို့ကို အပြစ်ဒဏ်ပေးခြင်းအတွက်
ယေရုရှလင်မြို့သို့ ခေါ်ဆောင်ရန် သွားလေ၏။

## ပေါလုကမိမိပြောင်းလဲခြင်း
## အကြောင်းပြောပြခြင်း

6"သို့သော်လည်း ဒမာသက်မြို့လမ်းပေါ်၌
အကျွန်ုပ်သွားစဉ်တစ်စုံတစ်ခုဖြစ်ပျက်ပါ၏။ အ
ကျွန်ုပ်သည် မွန်းတည့်အချိန်တွင် ဒမာသက်မြို့
နှင့်နီးကပ်လာစဉ်၊ ကောင်းကင်ပေါ်က တောက်
ပလင်းထိန်သောအလင်းရောင်သည် ပတ်လည်
၌ရုတ်ခနဲ တွန်းတောက်ပါ၏။ 7အကျွန်ုပ်သည်
မြေပြင်သို့ လဲကျသွား၍ 'ရှောလု၊ ရှောလု၊
အဘယ်ကြောင့် သင်သည် ငါ့ကို ညှင်းဆဲနေ
သနည်းဟု အကျွန်ုပ်ကို ပြောသောစကားသံကို
ကြားရ၏။ 8ထို့ကြောင့် အကျွန်ုပ်က 'သခင်၊
ကိုယ်တော်သည် အဘယ်သူနည်း' ဟုမေးလေ
၏။ ထိုအသံက 'ငါသည် နာဇရက်မြို့သား
ယေရှုဖြစ်၏။ ငါသည် သင်ညှဉ်းပန်းနှိပ်စက်နေ
သောသူဖြစ်သည်' ဟုမိန့်တော်မူ၏။ 9အကျွန်ုပ်
နှင့်အတူခရီး သွားသောသူတို့သည် ထိုအလင်း
ကိုတွေ့သော်လည်း သူတို့သည် အသံကိုမကြား
ရကြ။ 10ထိုသို့ဖြင့် အကျွန်ုပ်က၊ 'သခင်၊ အ
ကျွန်ုပ်သည် အဘယ်သို့ပြုရမည်နည်း၊' ဟုမေး
လျှောက်ရာ သခင်ယေရှုက 'ထလော့။
ဒမာသက်မြို့သို့သွားလော့။ သင်ဆောင်ရွက်
စရာခွဲခန့်စီမံသမျှတို့ကို ထိုမြို့၌ ပြောပြလိမ့်
မည်' ဟုမိန့်တော်မူ၏။ 11ထိုအချိန်၌ ထိုအလင်း
ရောင်ခြည်အရှိန်အားဖြင့်အကျွန်ုပ်ကို မျက်စိ
ကန်းစေသောကြောင့်အဘယ်အရာကိုမျှမတွေ့
နိုင်။ ထို့ကြောင့် အကျွန်ုပ်အပေါင်းအဖော်တို့
သည် အကျွန်ုပ်ကို လက်တွဲပြီး မြို့ထဲသို့ခေါ်သွား
ကြ၏။

12ဒမာသက်မြို့၌ အာနနိ ဟုခေါ်သော လူ
တစ်ယောက်ရှိ၏။ သူသည် အကျွန်ုပ်ကို လာ
တွေ့၏။ သူသည် ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်
ပြီး မောရှေ၏ပညတ်တရားကိုလည်း လိုက်နာ
သူဖြစ်၏။ ဒမာသက်၌ နေထိုင်ကြသောယုဒ
လူအားလုံးတို့သည် သူ့ကို ရိုသေလေးစားကြ
၏။ 13အာနနိသည် အကျွန်ုပ်ထံလာ၍၊ 'ငါ့ညီ
ရှောလု တဖန်မျက်စိမြင်ခြင်းသို့ ရောက်လော့'
ဟုဆိုရာ ထိုခဏချင်း၌ အကျွန်ုပ်သည် သူ့ကို
ကြည့်၍မြင်ရ၏။ 14အာနနိက အကျွန်ုပ်အား
'ငါတို့အဘတို့၏ဘုရားသခင်သည် ရှေးခေတ်
ကာလ၌ပင် သင့်အား သူ၏အစီအစဉ်တော်
များကိုသိရန်၊ ဖြောင့်မတ်တော်မူသောသူကို
မြင်ရန်နှင့် မိမိနှုတ်တော်ထွက်စကားတော်များ
ကို ကြားနိုင်ရန် သင့်ကို ရွေးချယ်တော်မူ၏။
15သင်သည် လူများတို့ထံသို့ သူ၏သက်သေ
ဖြစ်လိမ့်မည်။ သင်မြင်ခဲ့ရသမျှ ကြားခဲ့ရသမျှ
တို့ကို သင်သည် သူတို့အား သွား၍ ဟောပြော
လိမ့်မည်။ 16သို့ဖြစ်၍ ယခုအခါ၌ သင်သည်
အဘယ်ကြောင့် နှောင့်နှေးနေသနည်း။ ထ
လော့၊ ဗတ္တိဇံကိုခံယူပြီး သူ့ကို ယုံကြည်ကိုးစား
ခြင်းအားဖြင့်သင်၏အပြစ်ကိုဆေးကြောလော့၊'
ဟုပြောလေ၏။

17"မကြာခင်အချိန်၌ အကျွန်ုပ်သည်
ယေရုရှလင်မြို့သို့ ပြန်ရောက်လာ၏။ အကျွန်ုပ်
သည် ဗိမာန်တော်၌ ဆုတောင်းနေစဉ် ဗျာ
ဒိတ်ရူပါရုံတစ်ခုကို ငါမြင်ရ၏။ 18အကျွန်ုပ်သည်
ယေရှုကို တွေ့မြင်ရ၏။ ယေရှုက အကျွန်ုပ်အား
'ယေရုရှလင်မြို့မှ အလျင်အမြန်ထွက်သွား
လော့။ ဤနေရာ၌ရှိသောလူတို့သည် ငါ့ကို
လက်ခံမည်မဟုတ်' ဟုမိန့်တော်မူ၏။ 19'သို့
သော်လည်း၊ အကျွန်ုပ်က သခင်၊
အကျွန်ုပ်သည် ကိုယ်တော်ကို ယုံကြည်သော
သူတို့အား တွေ့နိုင်ရန် တရားဇရပ်အားလုံး၌
ရှာဖွေ၍၊ သူတို့ကို ထောင်ထဲချ၍ ရိုက်နှက်
သောသူ တစ်ယောက်ဖြစ်သည်ကို သူတို့သိ
ကြ၏။ 20ကိုယ်တော်၏သက်သေ သတေဖန်ကို
သတ်ကြစဉ် အကျွန်ုပ်သည် ထိုနေရာအနီး၌
ရပ်နေ၍ သူ၏သတ်ခြင်းအမှုကို သဘောတူပြီး
သူ့ကိုသတ်သော သူတို့၏အပေါ်ခံအင်္ကျီများ
ကိုပင် စောင့်ပေးခဲ့ပါ၏' ဟုလျှောက်ဆို၏။
21သို့သော်လည်း ယေရှုက 'ချက်ချင်းထွက်
လော့။ ငါသည် တပါးသောအမျိုးသားထံသို့
သင့်ကို ဝေးစွာစေလွှတ်မည် ဟုအကျွန်ုပ်အား
မိန့်တော်မူသည်' ဟုပေါလုပြောဆို၏။

22ထိုမျှတိုင်အောင် ပေါလု၏စကားကို နား
ထောင်ပြီးလျှင် ထိုသူတို့သည် အော်ဟစ်၍

“ထိုသို့သောသူကို ရေမကြီးပြင်မှ သုတ်သင်ပင်
ရှင်းလော့။ သူသည် အသက်မရှင်သင့်” ဟု
ဆိုကြ၏။ [23]သူတို့သည် အော်ဟစ်ပြောခြင်းနှင့်
မကျေနပ်သဖြင့် သူတို့၏အဝတ်ဆင်ထားသော
ကုတ်အင်္ကျီများကို ချွတ်ပစ်ပေါက်ကြပြီး ဖုန်မှုန့်
များကိုစု၍ လေထဲသို့ မြှောက်ပစ်ပြန့်ကျဲကြ၏။
[24]ထို့ကြောင့် တပ်မှူးသည် စစ်သားတို့ကိုပေါလု
အား စစ်တပ်အဆောက်အဦးထဲသို့ ခေါ်သွင်း
သွားစေခြင်းငှါ အမိန့်ပေး၏။ သူသည် စစ်သား
တို့အား လူတို့သည် အဘယ်ကြောင့် ထိုကဲ့သို့
အော်ဟစ်နေကြသည်ကို တွေ့ရှိနိုင်ရန်အတွက်
ပေါလုကို ရိုက်နှက်၍ မေးမြန်းရန် အမိန့်ပေး
လေ၏။ [25]စစ်သားတို့သည် ပေါလုကို ကြိုးဖြင့်
ချည်နှောင်၍ ရိုက်နှက်ရန် ပြင်ဆင်ကြ၏။ သို့
သော်လည်း ပေါလုသည် ထိုနေရာ၌ ရပ်နေ
သောစစ်ဗိုလ်အား “သင်တို့သည် ရောမမြို့
သားတစ်ယောက်ကို အမှုစစ်ဆေးခြင်းအားဖြင့်
အပြစ်ရှိကြောင်း သက်သေမရှိဘဲ ရိုက်နှက်ခွင့်
ရှိသလော” ဟုမေးလေ၏။

[26]စစ်ဗိုလ်သည် “ထိုစကားကို ကြားသော
အခါ သူ၏တပ်မှူးထံသို့ ချက်ချင်းအကြောင်း
ကြား၏။ ထိုစစ်ဗိုလ်သည် တပ်မှူးအား၊ သင်
သည် အဘယ်အရာကို လုပ်နေသနည်း။ ဤလူ
သည် ရောမမြို့သားတစ်ယောက်ဖြစ်သည်” ဟု
ပြောလေ၏။

[27]တပ်မှူးသည် ပေါလုအား တွေ့ရန်ချက်
ချင်းသွားလေ၏။ သူက၊ ‘သင်သည် ရောမမြို့
သားတစ်ယောက် အမှန်ဖြစ်သနည်း။ ငါ့ကို
ပြောလော့’ ဟုမေး၏။ ပေါလုက၊ မှန်ပါသည်
ဟုပြန်ဖြေ၏။

[28]တပ်မှူးက ငါသည် ရောမမြို့သားတစ်
ယောက်ဖြစ်လာရန် ငွေအများအကုန်အကျခံရ
သည် ဟုပြော၏။ သို့သော်လည်း ပေါလုက၊
‘အကျွန်ုပ်သည် ရောမမြို့သားအဖြစ်မွေးဖွား
လာသောလူတစ်ယောက် ဖြစ်သည်’ ဟုပြန်
ဖြေ၏။

[29]ပေါလုအား မေးခွန်းများမေးရန် ပြင်ဆင်
နေသောလူတို့သည် သူ့ထံမှ ချက်ချင်းပင်ထွက်
ခွာသွားလေ၏။ တပ်မှူးသည် ရောမမြို့သား
တစ်ယောက်ဖြစ်သောပေါလုအား ချည်နှောင်
ခဲ့မိသောကြောင့် ကြောက်ရွံ့နေ၏။

## ပေါလုက ယုဒလူမျိုးခေါင်းဆောင်တို့ကို စကားပြောခြင်း

[30]နောက်တစ်နေ့၌ တပ်မှူးသည် ပေါလု
အား ဆန့်ကျင်သောသူတို့၏စွပ်စွဲချက်အမှန်ကို
သိနိုင်ရန်ဆုံးဖြတ်၏။ ထို့ကြောင့်သူသည် ယဇ်ပု
ရောဟိတ်အကြီးတို့နှင့် ယုဒကောင်စီလူကြီးတို့
ကို အတူတကွတွေ့ဆုံရန် အမိန့်ပေးလေ၏။
တပ်မှူးသည် ပေါလုအား ချည်နှောင်ထား
သောသံကြိုးများကို ဖြုတ်ပေး၏။ ထို့နောက်
သူသည် ယုဒကောင်စီရှေ့မှောက်၌ ပေါလုအား
ရပ်စေလေ၏။

23 ပေါလုသည် ယုဒကောင်စီဝင်တို့ကို စေ့
စေ့ကြည့်၍ “ညီအစ်ကိုတို့၊ အကျွန်ုပ်
သည် မှန်သည်ဟုထင်သောအရာ၊ လုပ်ခြင်း
ဖြင့်ဘုရားသခင်၏အမှုတော်ကို အမြဲဆောင်
ရွက်ပါသည်” ဟုပြော၏။ [2]ထိုနေရာ၌ ယဇ်ပု
ရောဟိတ်မင်း အာနနိလည်းရှိ၏။ အာနနိသည်
ပေါလုပြောသောစကားကို ကြားသောအခါ၊
ပေါလုအနီး၌ ရပ်နေသောလူတို့အား၊ ပေါလု
၏ပါးစပ်ကို ရိုက်ရန်ပြောလေ၏။ [3]ပေါလုက
အာနနိအား၊ “ဘုရားသခင်သည် သင့်ကို ရိုက်
တော်မူလိမ့်မည်။ သင်သည် ညစ်ပေသော
အုတ်နံရံကို အဖြူသုတ်ထားခြင်းနှင့်တူ၏။ သင်
သည် အကျွန်ုပ်ကို မောရှေ၏ပညတ်တရားအ
တိုင်း စီရင်ရန် ဤနေရာ၌ ထိုင်နေသော်လည်း
သင်သည် အကျွန်ုပ်ကိုရိုက်ရန် သူတို့အား ပြော
ခြင်းအားဖြင့် ပညတ်တရားကို ချိုးဖောက်
သည်” ဟုပြောလေ၏။ [4]ပေါလု၏အနီး၌ရပ်နေ
သူတို့က “သင်သည် ဘုရားသခင်၏ယဇ်ပုရော
ဟိတ်မင်းကို ဤကဲ့သို့မပြောရ။ သင်သည် သူ့
ကို စော်ကားနေသည်” ဟုပြောကြ၏။

[5]ပေါလုက “ညီအစ်ကိုတို့၊ သူသည် ယဇ်ပု
ရောဟိတ်မင်းဖြစ်သည်ကို အကျွန်ုပ်မသိ။ ‘သင်

၏အမျိုးကို အုပ်စိုးသောမင်းကို သင်သည်
မကဲ့ရဲရ’*” ဟုကျမ်းစာ၌လာသည် ဟုဆို၏။
[6]ထိုအစည်းအဝေး၌ အချို့သည် ဇဒ္ဒုကဲဖြစ်
ကြ၍ အချို့သည် ဖာရိရှဲဖြစ်ကြ၏။ ထို့ကြောင့်
ပေါလုသည် အကြံတစ်ခုရလေ၏။ သူက “အ
ကျွန်ုပ်၏ညီအစ်ကိုတို့၊ အကျွန်ုပ်သည် ဖာရိရှဲတစ်
ယောက်ဖြစ်၍၊ အကျွန်ုပ်၏အဘသည်လည်း
ဖာရိရှဲတစ်ယောက်ဖြစ်၏။ ယခုအခါ၌ နေရာ
၌ အကျွန်ုပ်သည် စစ်ကြောစီရင်ခြင်းကိုခံရ၏။
အကြောင်းမူကား၊ လူတို့သည် သေခြင်းမှထ
မြောက်လိမ့်မည် ဟုအကျွန်ုပ်ယုံကြည်သော
ကြောင့်ဖြစ်သည်” ဟုသူတို့ထံသို့ အော်ဟစ်
ပြောဆို၏။
[7]ပေါလုသည် ဤသို့ပြောသောအခါ၊ ဖာရိရှဲ
တို့နှင့်ဇဒ္ဒုကဲတို့သည် အချင်းချင်းပြင်း ထန်စွာ
ငြင်းခုံကြ၏။ သူတို့အုပ်စုတစ်စုလုံးကွဲပြားသွား
လေ၏။ [8]ဇဒ္ဒုကဲတို့သည် ထမြောက်ခြင်းမရှိ၊
ကောင်းကင်တမန်မရှိ၊ နံဝိညာဉ်မရှိဟု ယုံ
ကြည်ကြ၏။ သို့သော်လည်း၊ ဖာရိရှဲတို့သည် ဤ
အရာအားလုံးကို ယုံကြည်ကြ၏။ [9]ထိုယုဒလူ
တို့သည် သာ၍အော်ဟစ်ကြ၏။ ဖာရိရှဲများဖြစ်
ကြသောကျမ်းပြုဆရာအချို့သည် ထ၍ငြင်းခုံ
ကြပြီး၊ “ငါတို့သည် ဤသူ၌ အဘယ်အမှားမျှ
မတွေ့ကြ။ ကောင်းကင်တမန် သို့မဟုတ်
နံဝိညာဉ်သည် သူ့ကို စကားပြောလိမ့်မည်”
ဟုပြောကြ၏။ [10]ထိုအချိန်၌ ငြင်းခုံခြင်းမှ ရန်ပွဲ
တစ်ခုဖြစ်လာ၏။ ယုဒလူတို့သည် ပေါလုကို
ဆွဲငင်၍ အပိုင်းပိုင်းဆုတ်ဖြတ်ကြမည်ကို တပ်
မှူးသည် ကြောက်ရွံ့လာ၏။ ထို့ကြောင့် တပ်မှူး
သည် မိမိစစ်သားတို့အား ယုဒတို့ထံမှ ပေါလု
ကို အဝေးသို့ ခေါ်ဆောင်သွား၍ စစ်တပ်အ
ဆောက်အဦးထဲသို့ ထားရန်အမိန့်ပေး၏။
[11]နက်ဖြန်နေ့ညဉ့်၌ သခင်ယေရှုပေါ်လာ၍၊
ပေါလု၏ဘေး၌ ရပ်တော်မူပြီးလျှင်၊ ရဲရင့်ခြင်း
ရှိလော့။ သင်သည် ယေရုရှလင်မြို့၌ လူတို့ကို
ငါ့အကြောင်း သက်သေခံသကဲ့သို့ ရောမမြို့၌
လူတို့ကိုလည်း၊ ငါ့အကြောင်း သက်သေခံရ
မည်” ဟုမိန့်တော်မူ၏။

## တစ်ချို့သောယုဒလူတို့ကပေါလုအား သတ်ရန်ကြံစည်ခြင်း

[12]နောက်နေ့နံနက်၌ ယုဒလူအချို့တို့သည်
ပေါလုကိုသတ်ရန် သင်းဖွဲ့ကြ၏။ သူတို့သည်
ပေါလုကို မသတ်မီတိုင်အောင် အဘယ်အရာ
မျှမစားမသောက်ရ ဟုကျမ်းကျိန်ပြုကြ၏။
[13]ထိုသင်းဖွဲ့သောသူတို့တွင် ယုဒလူလေးဆယ်
ခန့်ပါဝင်ကြ၏။ [14]သူတို့သည် ယဇ်ပုရောဟိတ်
အကြီးတို့နှင့် ယုဒလူအကြီးအကဲတို့ထံသို့သွား
ရောက်၍၊ အကျွန်ုပ်တို့သည် ပေါလုကို မသတ်
မီတိုင်အောင်၊ တစ်စုံတစ်ခုမျှမစားမသောက်ရ
ဟုလေးနက်သောကျမ်းကျိန်ချက် ပြုကြ၏။ ထို့
ကြောင့် အကျွန်ုပ်တို့သည် သင်တို့အား ဤအ
ရာကို ပြုလုပ်ရန်အလိုရှိကြ၏။ [15]သင်တို့သည်
သူ့ကို နောက်ထပ် မေးခွန်းများမေးနိုင်မည်အ
ကြောင်း ပေါလုအား သင်တို့ရှေ့မှောက်သို့ပို့
ဆောင်ရန်ရောမတပ်မှူးထံသို့ အကြောင်းကြား
ကြလော့။ အကျွန်ုပ်တို့သည် သူ့ကို လမ်းပေါ်၌
စောင့်ပြီးသတ်ကြမည်” ဟုပြောကြ၏။
[16]ထိုအစီအစဉ်ကို ပေါလု၏တူသည် ကြား
သိလေ၏။ ထို့ကြောင့် သူသည် စစ်တပ်အ
ဆောက်အဦးသို့သွား၍ ပေါလုအား ကြားပြော
ပြလေ၏။ [17]ထိုအခါ ပေါလုသည် ရောမစစ်
တပ်အရာရှိတစ်ဦးကို ဆင့်ခေါ်၍၊ ‘ဤလူငယ်
ကို တပ်မှူးထံသို့ ခေါ်သွားလော့။ သူ၌ တပ်မှူး
ကို သတင်းပေးစရာတစ်ခုရှိနေသည်’ ဟုပြော
၏။ [18]ထို့ကြောင့် စစ်ဗိုလ်သည် ပေါလု၏တူ
အား တပ်မှူးထံသို့ ခေါ်သွား၏။ စစ်ဗိုလ်က
“အကျဉ်းသားပေါလုသည် အကျွန်ုပ်အား ဤ
လူငယ်ကို သင့်ထံသို့ ခေါ်ဆောင်ရန် လျှောက်
လေ၏။ သူ၌သင့်ကို တစ်စုံတစ်ခုပြောစရာရှိ
သည်” ဟုပြော၏။
[19]တပ်မှူးသည် လူငယ်၏လက်ကို ဆွဲ၍
ဆိတ်ကွယ်ရာနေရာသို့ သွားပြီး “သင်သည်အ

---

**‘သင်၏ … မကဲ့ရဲရ’** ထွက် 22:28

ဘယ်အကြောင်းကို ငါ့အားလျှောက် လိုသ
နည်း” ဟုမေးမြန်း၏။
20လူငယ်ကတပ်မှူးအား၊ “သူတို့သည်မနက်
ဖြန်နေ့တွင် ပေါလုအား နောက်ထပ်မေးခွန်း
မေးမည်ဟူသောအကြောင်းပြချက်ဖြင့် သူတို့၏
ကောင်စီအစည်းအဝေးသို့ သူ့အား စေလွှတ်
ရန် ကိုယ်တော်ထံသို့ တောင်းဆိုမည် ဟုဆုံး
ဖြတ်ကြ၏။ 21သို့သော်လည်း သူတို့ကို မယုံပါ
နှင့်။ ယုဒလူလေးဆယ်တို့သည် ပေါလုကို သတ်
ရန် ပုန်းအောင်းနေကြ၏။ သူတို့သည် ပေါလုကို
မသတ်မီတိုင်အောင် တစ်စုံတစ်ရာကိုမျှ မစား၊
မသောက်ရန် ကျမ်းကျိန်ပြုကြ၏။ ယခုအခါ၌
သူတို့သည် သင်၏‘ခွင့်ပြုချက်ကိုသာစောင့်နေ
ကြသည်’ ဟုပြောကြား၏။
22ထိုအချိန်၌ တပ်မှူးက လူငယ်ကို ဝေးရာ
သို့ စေလွှတ်၍၊ “သင်သည် ငါ့ကို ဤအစီအ
စဉ်အကြောင်းပြောသည်ကို အဘယ်သူမျှ မသိ
စေနှင့်” ဟုပြောလေ၏။ ထို့နောက် သူသည်
လူငယ်ကို လွှတ်လိုက်၏။

## ပေါလုအား ကဲသရိမြို့သို့ စေလွှတ်ခြင်း

23ထို့နောက် တပ်မှူးသည် စစ်ဗိုလ်နှစ်
ယောက်ကိုခေါ်၍၊ “ငါတို့သည် ကဲသရိမြို့သို့
သွားရန် လူတစ်ချို့လိုအပ်၏။ စစ်သားနှစ်ရာ
အဆင်သင့် ဖြစ်စေကြလော့။ မြင်းစီးတပ်သား
ခုနှစ်ဆယ်နှင့်၊ လှံကိုင်တပ်သားနှစ်ရာကိုလည်း
စုထားလော့။ သူတို့သည် ယနေ့ညကိုး နာရီတိ
တိအချိန်၌ ထွက်ခွာရန် အသင့်ရှိနေရမည်။
24ပေါလုစီးရန်အတွက် မြင်းအချို့လည်း ယူ
ဆောင်ကြလော့။ သူ့ကို မြို့တော်ဝန်ဖေလဇ်ထံ
သို့လုံခြုံစွာလွှတ်ရမည်” ဟုအမိန့်ပေး၏။ 25တပ်
မှူးသည် စာတစ်စောင်ကို အောက်ပါအတိုင်း
ရေးသား၏။

26ကလောဒိလုသိမှ၊ အလွန်မြင့်မြတ်တော်
မူသောမြို့တော်ဝန် ဖေလဇ်ထံသို့ နှုတ်
ခွန်းဆက်ပါ၏။ 27ယုဒလူတို့သည် ဤလူကို
ဖမ်းဆီး၍သတ်ရန်ကြိုးစားကြ၏။သို့သော်
လည်း အကျွန်ုပ်သည် သူ့အား ရောမမြို့
သားတစ်ယောက်ဖြစ်ကြောင်း ကြားသိရ
ပါ၏။ ထို့ကြောင့် အကျွန်ုပ်၏စစ်သားတို့
နှင့် သွားရောက်ပြီး အကျွန်ုပ်သည် သူ့ကို
ကယ်နုတ်ပါ၏။ 28အကျွန်ုပ်သည် သူ့ကို
ဆန့်ကျင်သောသူတို့၏ စွပ်စွဲချက်များအ
ကြောင်းကိုသိလိုပါ၏။ထို့ကြောင့်အကျွန်ုပ်
သည် သူတို့၏ကောင်စီအစည်းအဝေး ရှေ့
မှောက်၌ သူ့ကို ယူဆောင်သွား၏။ 29သို့
သော်လည်း အကျွန်ုပ်သည် သူတို့၏စွပ်စွဲ
ချက်များကို သူတို့ယုဒပညတ်တရားကိစ္စ
များနှင့်သာ ပတ်သက်နေကြောင်း သိရှိ
လာ၏။ သို့သော်လည်း သူ၌ အကျဉ်းချ
ထားခြင်းဖြစ်စေ၊အသေသတ်ခြင်းဖြစ်စေ၊
ခံထိုက်သော အပြစ်ကျူးလွန်ခြင်းမရှိပါ။
30ထို့နောက် အကျွန်ုပ်၌ ယုဒတို့က သူ့ကို
သတ်ရန် စီစဉ်နေသောသတင်းကိုလည်း
ရရှိပါ၏။ ထိုအကြောင်းကြောင့် အကျွန်ုပ်
သည် သူ့ကို သင့်ထံသို့ စေလွှတ်ခြင်းဖြစ်
၏။ အကျွန်ုပ်သည် ယုဒလူတို့ကိုလည်း
သင့်ထံသို့ သူတို့၏စွပ်စွဲချက်များ တင်ပြ
ရန် ပြောလိမ့်မည်’ ဟုပါရှိလေ၏။

31စစ်သားတို့သည် တပ်မှူးညွှန်ကြားသည့်
အတိုင်း လုပ်ဆောင်ကြ၏။ သူတို့သည် ပေါလု
အား၊ အန္တိပတရိမြို့သို့ ထိုညတွင် ခေါ်ဆောင်
သွားကြ၏။ 32နောက်တစ်နေ့၌ မြင်းစီးတပ်
သားတို့သည် ပေါလုနှင့်အတူကဲသရိမြို့သို့ သွား
ကြ၏။ သို့သော်လည်း အခြားစစ်သားတို့နှင့်
လှံကိုင်တပ်သားတို့က စစ်အဆောက်အဦးသို့
ပြန်ကြ၏။ 33မြင်းစီးတပ်သားတို့သည် ကဲသရိမြို့
သို့ သွားကြ၍၊ မြို့တော်ဝန်အား စာစောင်ကို
ပေးအပ်ပြီး၊ ပေါလုအား သူ့လက်သို့ အပ်လေ
၏။
34မြို့တော်ဝန်သည် စာကိုဖတ်ပြီး ပေါလု
အား “သင်အဘယ်ပြည်ကဖြစ်သနည်း” ဟုမေး
၏။ မြို့တော်ဝန်သည် ပေါလုအား ကိလိကိ
ပြည်သား ဖြစ်ကြောင်း ကြားသိရ၏။ 35ထိုအခါ

မြို့တော်ဝန်က “သင့်ကို စွပ်စွဲကြသောယုဒလူ
တို့သည် ဤနေရာ၌ ရောက်လာကြလိမ့်မည်။
ထိုအခါ ငါသည် သင့်အမှုကို ကြားရမည်”ဟု
ပြောလေ၏။ ထိုနောက် သူသည် ပေါလုအား
နန်းတော်ထဲ၌ ထိန်းသိမ်းရန် အမိန့်ပေး လေ၏။
(ထိုနန်းတော်သည် ဟေရုဒ်ဘုရင် နန်းစံချိန်၌
ဆောက်လုပ်ခဲ့သောနန်းတော်ဖြစ်ဖြစ်၏။)

## တစ်ချို့သောယုဒလူတို့က ပေါလုအား စွပ်စွဲကြခြင်း

24 ငါးရက်မျှကြာသောအခါ အာနနိသည်
ကဲသရိမြို့သို့သွားလေ၏။ အာနနိသည်
ယဇ်ပုရောဟိတ်မင်းဖြစ်၏။ သူနှင့်အတူ ယုဒလူ
အကြီးအကဲတချို့နှင့် တေရတုလုအမည်ရှိသော
ရှေ့နေတစ်ယောက်ပါ၏။ သူတို့သည် မြို့တော်
ဝန်ရှေ့မှောက်၌ ပေါလုအား စွပ်စွဲချက်
တင်ရန်ကဲသရိမြို့သို့ ရောက်လာကြ၏။ 2ပေါလု
ကိုလည်း တရားရုံးသို့ ခေါ်ဆောင်ကြ၏။
တေရတုလုသည် သူ၏စွပ်စွဲချက်များကို စတင်
ပြုလုပ်လေရာ “အလွန်မြင့်မြတ်တော်မူသော
ဖေလဇ်မင်း၊ အကျွန်ုပ်တို့၏လူတို့ကို သင့်
ကြောင့် အလွန်ပျော်ရွှင်ငြိမ်းချမ်းကြ၏။ သင်၏
ကူညီမစခြင်းနှင့် ဉာဏ်ပညာကြောင့် ဤတိုင်း
ပြည်ရှိများစွာသောမှားယွင်းမှုများကို မှန်ကန်
မှုရရှိ၏။ 3အကျွန်ုပ်တို့သည် ဤအရာများအား
လုံးကိုကြီး မားသောဝမ်းမြောက်ခြင်းနှင့် နေရာ
တိုင်း၊ လမ်းတိုင်း၌ ကျေးဇူးတင်ကြောင်း ဖော်
ပြကြ၏။ 4သို့သော်လည်း အကျွန်ုပ်တို့သည်
သင့်အချိန်ကို နောက်ထပ်မယူလိုပါ။ ထို့
ကြောင့် အကျွန်ုပ်သည် စကားအနည်းငယ်မျှ
သာ ပြောဆိုပါမည်။ ကျေးဇူးပြုပြီး သည်းခံ
တော်မူပါ။ 5ဤလူသည် ဒုက္ခပန်တီးသူတစ်
ယောက်ဖြစ်ပါ၏။ သူသည် ကမ္ဘာတစ်ဝန်းလုံး၌
ရှိသမျှယုဒလူတို့ကို ဒုက္ခရောက်စေ၏။ သူသည်
နာဇရက်ဘာသာဝင်တို့၏ ခေါင်းဆောင်ဖြစ်၏။
6-8သူသည် ဗိမာန်တော်ကို မသန့်ရှင်းအောင်
လုပ်ရန် ကြိုးစားခဲ့သော်လည်း အကျွန်ုပ်တို့
သည် သူ့ကို တားဆီး၏။* ဤသူကို ကိုယ်
တော်တိုင်စစ်တော်မူလျှင် အကျွန်ုပ်တို့အပြစ်
တင်သောအကြောင်းအရာများကို သေချာစွာ
သိနိုင်တော်မူမည် ဟုလျှောက်ထား၏။ 9အ
ခြားယုဒလူတို့က သဘောတူကြ၏။ သူတို့က
‘ဤအကြောင်းအရာများကို မှန်ကန်ပါ သည်’
ဟုပြောကြ၏။

## ပေါလုသည် ဖေလဇ်မင်းရှေ့၌ မိမိ ကိုယ်ကိုကာကွယ်ပြောဆိုခြင်း

10မြို့တော်ဝန်သည် ပေါလုကို စကားပြော
ရန်အချက်ပြလိုက်၏။ ထို့ကြောင့် သူက၊ “မြို့
တော်ဝန် ဖေလဇ်မင်း၊ ကိုယ်တော်သည် ဤ
တိုင်းပြည်အပေါ်၌ နှစ်ပေါင်းများစွာ တရားစီ
ရင်ဆုံးဖြတ်သောသူဖြစ်သည်ကို အကျွန်ုပ်သိရ
ပါ၏။ ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်တော်
၏မျက်မှောက်၌ အကျွန်ုပ်ကိုယ်တိုင် ခုခံရန်အ
တွက် ဝမ်းမြောက်ပါ၏။ 11အကျွန်ုပ်သည် ဝတ်
ပြုကိုးကွယ်ရန်အတွက်၊ လွန်ခဲ့သောတစ်ဆယ့်
နှစ်ရက်၌ ယေရုရှလင်မြို့သို့ သွားရောက်၏။
သင်သည် ဤအရာကို မှန်ကန်သည် ဟုလွယ်
ကူစွာ သိရှိနိုင်ပါ၏။ 12အကျွန်ုပ်ကို စွပ်စွဲနေကြ
သောယုဒလူတို့သည် ဗိမာန်တော်၌ အကျွန်ုပ်
အား အဘယ်သူနှင့်မျှ ငြင်းခုံနေသည်ကို မတွေ့
ခဲ့ကြပါ။ တရားဇရပ်၌ဖြစ်စေ မြို့ထဲ၌ဖြစ်စေ လူများ
ကို မငြိမ်မသက်စေခြင်းငှါ အကျွန်ုပ်မနိုးဆော်ခဲ့
ပါ။ 13ဤယုဒလူတို့သည် အကျွန်ုပ်အပေါ်၌ ယခု
စွပ်စွဲပြောဆိုနေသောအကြောင်းကို ခိုင်လုံ
သောသက်သေတစ်စုံတစ်ခုမျှ မပြနိုင်ကြပါ။
14သို့သော်လည်း အကျွန်ုပ်သည် ဤအရာကို
ကိုယ်တော်ရှေ့၌ ဝန်ခံပါ၏။ အကျွန်ုပ်သည်
ယေရှု၏လမ်းစဉ်တော်ကို လိုက်လျှောက်သူအ
ဖြစ်၊ အကျွန်ုပ်တို့အဘတို့၏ ဘုရားသခင်ကို

---

**အခန်းငယ်၆၊၇၊ပြီးမှ ၈**တို့က သူတို့ကို ရပ်ဆိုင်းခဲ့သည်။ တစ်ချို့ဂရိစာမှာ 6ပေါင်းထည့်သည်။ ပြီးနောက် ကျွန်ုပ်တို့တရားအတိုင်း သူ့ကို စီရင်ချင်၏။ 7 သို့သော် စစ်သူကြီး လုသိလာ၍ ကျွန်ုပ်တို့လက်မှ ထုတ်နှုတ်ရန်အမိန့်အာဏာသုံးခဲ့၏။ 8ပြီးမှ လုသိက သူ့၏လူတို့ကို လာပြီး ကျွန်ုပ်တို့ကို စွဲချက်တင်ရန် အမိန့်ပေး၏။

ကိုးကွယ်ပါ၏။ ယုဒလူတို့သည် ယေရှု၏လမ်း
စဉ်တော်ကို မှန်ကန်သောလမ်းစဉ်မဟုတ် ဟု
ပြောကြ၏။ သို့သော်လည်း အကျွန်ုပ်သည်
မောရှေ၏ပညတ်တရားထဲရှိသြဝါဒအားလုံးနှင့်
ပရောဖက်တို့၏စာအုပ်များထဲ၌ ရေးသားထား
သမျှတို့ကို ယုံကြည်ပါ၏။ 15အကျွန်ုပ်သည်
လည်း ကောင်းသောလူဖြစ်စေ၊ ဆိုးသောလူ
ဖြစ်စေ၊ လူတိုင်းသည် သေခြင်းမှထမြောက်
မည်ဖြစ်သည်ကို ဤယုဒလူတို့မျှော်လင့်သည်
နည်းတူ ဘုရားသခင်၌ မျှော်လင့်ချက်ရှိပါ၏။
16ထို့ကြောင့် အကျွန်ုပ်သည် ဘုရားသခင်နှင့်လူ
တို့၏ရှေ့မှောက်၌ မှန်ကန်သည်ဟု အကျွန်ုပ်ယုံ
ကြည်သောအရာအစဉ်မပြတ်ပြုရန်ကြိုးစား၏။
17အကျွန်ုပ်သည် ယေရုရှလင်မြို့မှ ထွက်ခွာ
သွားသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်၏။
အကျွန်ုပ်၏လူတို့အတွက် ငွေပို့ဆောင်ရန်နှင့်
ဗိမာန်တော်၌ ယဇ်ပူဇော်ရန် အကျွန်ုပ်သည်
ယေရုရှလင်မြို့သို့ ပြန်လာခဲ့၏။ 18အကျွန်ုပ်
သည် ဤအရာကို လုပ်ကိုင်ဆောင်ရွက်နေစဉ်
တွင် ယုဒလူတချို့က အကျွန်ုပ်ကို ဗိမာန်တော်
၌ တွေ့ကြ၏။ အကျွန်ုပ်သည် လုပ်စရာရှိသော
သန့်စင်ခြင်း အခမ်းအနားကို ဆောင်ရွက်ပြီးစီး
သွား၏။ အကျွန်ုပ်သည် မည်သည့်ဒုက္ခကိုမျှ
မပြုပါ။ အကျွန်ုပ်၏ပတ်ဝန်းကျင်၌လည်း လူတို့
ကို မစုရုံးခဲ့ပါ။ 19သို့သော်လည်း ထိုနေရာ၌
အာရှပြည်မှလာသောယုဒလူအချို့ရှိကြ၏။ အ
ကျွန်ုပ်သည် အမှန်စင်စစ် အမှားတစ်ခုခုလုပ်
လျှင်၊ ထိုယုဒလူတို့သည် အကျွန်ုပ်အား ဆန့်
ကျင်၍ စွပ်စွဲချက်များကို ကိုယ်တော်ရှေ့
မှောက်၌ တင်ပြရန် ဤနေရာ၌ လာသင့်၏။
20ကျေးဇူးပြု၍ ဤယုဒလူတို့အား ယေရုရှလင်
မြို့တွင် ကျင်းပသောယုဒကောင်စီအစည်းအ
ဝေးရှေ့၌ အကျွန်ုပ်မတ်တပ်ရပ်နေသောအချိန်
၌အကျွန်ုပ်၏အမှား တစ်စုံတစ်ရာတွေ့ခဲ့ပါသ
လော ဟုမေးကြည့်ပေးပါ။ 21အကျွန်ုပ်သည်
သူတို့ရှေ့၌ မတ်တပ်ရပ်နေစဉ် စကားသံတခွန်း
ကို အော်ဟစ်၍ 'အကျွန်ုပ်သည် ထမြောက်
ခြင်းကို ယုံကြည်သောကြောင့် ယနေ့၌ သင်တို့
သည် အကျွန်ုပ်ကို စီရင်ဆုံးဖြတ်နေကြသည်'"
ဟုပြောလေ၏။
22ဖေလစ်သည် ယေရှု၏လမ်းစဉ်တော်အ
ကြောင်းကို များစွာနားလည်သောသူတစ်
ယောက်ဖြစ်၏။ သူသည် အမှုစစ်ဆေးခြင်းကို
ရပ်တန့်စေ၍၊ "တပ်မှူးလုသိအား ဤနေရာ၌
ရောက်လာသောအခါ ငါသည် ဤအမှုကို ဆုံး
ဖြတ်မည်" ဟုပြော၏။ 23ဖေလစ်သည် စစ်ဗိုလ်
ကို ပေါလုအား သေချာစွာစောင့်ကြပ်ရန် အ
မိန့်ပေး၏။ သို့သော်လည်း သူသည် ပေါလုကို
သက်တောင့်သက်သာ နေထိုင်နိုင်စေခြင်းငှါနှင့်
မိမိလိုအပ်သည်များကို မိမိမိတ်ဆွေများအား
ယူဆောင်လာခွင့်ပြုရန် မှာကြား၏။

## ပေါလုက ဖေလစ်နှင့်သူ့ဇနီးကို ဟောပြောခြင်း

24ရက်အနည်းငယ်မျှ ကြာသောအခါ၊
ဖေလစ်သည် ယုဒလူမျိုးတစ်ယောက်ဖြစ်သော
မိမိခင်ပွန်း ဒြုသိလေနှင့်အတူ လာကြ၏။
ဖေလစ်သည် သူ့ထံသို့ ပေါလုကို ခေါ်ခိုင်းလေ
၏။ ဖေလစ်သည် ခရစ်တော်ယေရှု၌ ယုံကြည်
ခြင်းအကြောင်း ပေါလုဟောပြောနေသော
စကားကို နားထောင်၏။ 25သို့သော်လည်း
ဖေလစ်သည် မှန်ကန်စွာနေထိုင်ခြင်း၊ မိမိကိုယ်
ကို ချုပ်တည်းခြင်းနှင့် နောင်တစ်ချိန်၌ ဖြစ်ပေါ်
လာမည့်စီရင်ဆုံးဖြတ်ခြင်း အကြောင်းများကို
ပေါလုပြောသောအခါ ကြောက်ရွံ့လာ၏။ ထို
ကြောင့် ဖေလစ်က 'သင်ယခုသွားလော့။ ငါအ
ချိန်ရသောအခါ သင့်ကို ခေါ်ဦးမည်' ဟုပြော
လေ၏။ 26သို့သော်လည်း ဖေလစ်တွင် ပေါလု
နှင့်စကားပြောရန် အခြားအကြောင်းတစ်ခု ရှိ
သေး၏။ သူသည် ပေါလုက မိမိကို လာဘ်ပေး
မည်ဟု မျှော်လင့်သောကြောင့် ပေါလုအား
မကြာခဏ ခေါ်၍ စကားပြောလေ၏။
27သို့သော်လည်း နှစ်နှစ်ကြာသောအခါ
ပေါကိဖေတ္တုသည် ဖေလစ်၏နေရာတွင် မြို့
တော်ဝန် ဖြစ်လာလေ၏။ သို့သော်လည်း

ဖေလဇ်သည် ယုဒလူတို့ကျေနပ်စေခြင်းငှါ အလို ရှိသောကြောင့် ပေါလုအား ထောင်ထဲ၌ထား ရစ်၏။

## ပေါလုက ကဲသာဘုရင်နှင့် တွေ့ရန်တောင်းဆိုခြင်း

25 ဖေတ္တုသည် မြို့တော်ဝန်ဖြစ်လာ၏။ ထို့နောက် သုံးရက်မျှကြာသောအခါ သူသည် ကဲသာရိမြို့မှ ယေရုရှလင်မြို့သို့ သွား လေ၏။ 2ယဇ်ပုရောဟိတ်အကြီးတို့နှင့် အရေး ပါသောယုဒလူမျိုးခေါင်းဆောင်တို့သည် ပေါလု ကို ဖေတ္တုရှေ့၌ စွပ်စွဲချက်များတင်ကြ၏။ 3သူ တို့သည် ဖေတ္တုအား သူတို့အတွက် တစ်စုံတစ် ခု ကူညီဆောင်ရွက်ပေးရန် တောင်းဆိုကြ၏။ ယုဒတို့သည် သူ့ကို ပေါလုအား ယေရုရှလင်မြို့ သို့ပြန်လွှတ်ရန် အလိုရှိကြ၏။ သူတို့သည် ပေါလု ကို လမ်းခရီး၌ ရုတ်တရက် တိုက်ခိုက်သတ် ဖြတ်ရန်အစီအစဉ်ရှိ၏။ 4သို့သော်လည်း ဖေတ္တု က "မဖြစ်ပါ။ ပေါလုကို ကဲသာရိမြို့၌ ထားရ မည်။ မကြာခင်ငါကိုယ်တိုင် ထိုမြို့သို့သွားမည်။ 5ငါနှင့်အတူ သင်တို့၏ခေါင်းဆောင်တချို့သည် လည်း လိုက်ကြရမည်။ သူသည် အမှားတစ်ခုခု ကျူးလွန်လျှင် သူတို့သည် ပေါလုကို ကဲသရိမြို့ ၌ စွပ်စွဲချက်များတင်နိုင်၏" ဟုပြန်လည်ဖြေ ကြားလေ၏။

6ဖေတ္တုမင်းသည် ယေရုရှလင်မြို့၌ နောက် ထပ်ရှစ်ရက်သို့မဟုတ် ဆယ်ရက်နေထိုင်ပြီး နောက် သူသည် ကဲသရိမြို့သို့ ပြန်လာ၏။ နောက်တစ်နေ့၌ သူသည် တရားစီရင်ရာထိုင်ခုံ ပေါ်တွင် ထိုင်၍ ပေါလုကို သူ့ရှေ့၌ ခေါ်ဆောင် လာရန် အမိန့်ပေး၏။ 7ပေါလုသည် တရားရုံး ခန်းအတွင်းသို့ ဝင်ရောက်လာ၏။ ယေရုရှလင် မြို့မှ ရောက်လာကြသော ယုဒလူတို့သည် ပေါလု၏ပတ်ဝန်းကျင်တွင် မတ်တတ်ရပ်နေကြ ၏။ ယုဒလူတို့သည် ပေါလုအား ပြင်းထန်သော စွပ်စွဲချက်ဖြင့် စွဲချက်တင်ကြ၏။ သို့သော်လည်း သူတို့သည် သက်သေအထောက်အထားတစ်စုံ တစ်ခုမျှ မပြသနိုင်ကြ။ 8ပေါလုသည် ကိုယ့်ကို ကိုယ် ကာကွယ်၍ "အကျွန်ုပ်သည် ယုဒလူတို့ ၏ပညတ်တရားဖြစ်စေ၊ ဗိမာန်တော်ဖြစ်စေ၊ ကဲသာဘုရင်ဖြစ်စေ၊ ဆန့်ကျင်ပြီး အမှားကျူး လွန်ခြင်းမရှိပါ" ဟုပြောလေ၏။

9သို့သော်လည်း ဖေတ္တုမင်းက "သင်သည် ယေရုရှလင်မြို့သို့ သွားလိုသလော။ သင်သည် ငါ့အား ဤစွပ်စွဲချက်များကို ထိုနေရာ၌ စီရင် ဆုံးဖြတ်စေလိုသနည်း" ဟုကျေးဇူးပြုလိုသော စိတ်ရှိလျှက် ပေါလုအား မေးလေ၏။

10ပေါလုက၊ "ယခုအကျွန်ုပ်သည် ကဲသာ ဘုရင်၏တရားစီရင်သောထိုင်ခုံရှေ့၌ ရပ်နေပါ ၏။ ဤနေရာသည် အကျွန်ုပ်စစ်ဆေးဆုံးဖြတ် ခံရမည့်နေရာဖြစ်၏။ အကျွန်ုပ်သည် ယုဒလူတို့ ကို အဘယ်အမှားမျှ မကျူးလွန်ခဲ့ပါ။ ကိုယ် တော်သည် ဤအရာမှန်ကန်ကြောင်းသိပါ၏။ 11အကျွန်ုပ်သည် သေထိုက်သောအမှားတစ်ခုခု ကျူးလွန်လျှင်၊ အကျွန်ုပ်သည် သေခြင်းငှါ အ ဆင်သင့်ဖြစ်၏။ အကျွန်ုပ်သည် သေခြင်းမှ လွတ်မြောက်ရန် ကြိုးစားမည်မဟုတ်။ သို့သော် လည်း ဤစွပ်စွဲချက်များမမှန်ကန်လျှင် အကျွန်ုပ် ကို အဘယ်သူကမျှ ယုဒလူတို့လက်ထဲ မအပ် နိုင်။ အကျွန်ုပ်၏အမှုကို ကဲသာဘုရင်ကြားနာ စေလိုသည်" ဟုပြောလေ၏။ 12ဖေတ္တုမင်းသည် သူ၏တိုင်ပင်ဘက်တို့နှင့် ဆွေးနွေးကြ၏။ ထို့ နောက်သူက "သင်၏အမှုကို ကဲသာဘုရင်အား ကြားစေခြင်းငှါ သင်တောင်းဆိုသော ကြောင့် သင်သည် ကဲသာဘုရင်ထံတော်သို့ သွားရလိမ့် မည်" ဟုပြောလေ၏။

## ဖေတ္တုသည် ဘုရင်အဂြိပ္ပကို ပေါလု အကြောင်း မေးမြန်းခြင်း

13ရက်အနည်းငယ်မျှ ကြာသောအခါ ဘုရင် အဂြိပ္ပနှင့် ဗေရနိတ်တို့သည် ကဲသရိမြို့ရှိ ဖေတ္တု မင်းထံသို့ အလည်အပတ်ရောက်ရှိလာကြ၏။ 14သူတို့သည် ဖေတ္တုမင်းနှင့် ရက်ပေါင်းများစွာ နေထိုင်ကြ၏။ ဖေတ္တုမင်းက "ဘုရင်အားပေါလု ၏အမှုအကြောင်း ပြောပြလိုက်လေ၏။ ဖေတ္တု

မင်းက၊ ဖေလဇ်သည် ထောင်ထဲ၌ ထားရစ်ခဲ့
သောလူတစ်ယောက်ရှိ၏။ 15ယေရုရှလင်မြို့၌
အကျွန်ုပ်နေစဉ် ယဇ်ပုရောဟိတ်အကြီးတို့နှင့်
ယုဒလူအကြီးတို့သည်၊ သူ့အပေါ်၌ စွပ်စွဲချက်
များတင်ကြ၏။ ထိုယုဒတို့က ဤလူကိုအကျွန်ုပ်
က သေ ဒဏ်ပေးစေလိုကြ၏။ 16သို့သော်လည်း
အကျွန်ုပ်က 'လူတစ်ယောက်သည် ပြစ်မှုတစ်ခု
ကို ကျူးလွန်လျှင် ရောမတို့က ထိုလူကို တ
ခြားလူတို့ လက်ထဲသို့အပ်သည့်ထုံးစံမရှိ။ ရှေ့ဦး
စွာသူသည် မိမိကို စွပ်စွဲထားသောလူတို့နှင့်
မျက် နှာချင်းဆိုင်ရမည်။ ထိုနောက် အစွပ်စွဲခံ
ရသူသည် စွပ်စွဲချက်များကို သူကိုယ်တိုင် ပြန်
လည် ခုခံချေပရန်လည်း ခွင့်ပြုရမည်' ဟုပြန်
ပြော၏။ 17ထို့ကြောင့် ထိုယုဒလူတို့သည် အမှုအ
တွက် ကဲသာရီမြို့သို့ ရောက်လာကြသောအခါ
အကျွန်ုပ်သည် အချိန်မဖြုန်းဘဲ၊ အကျွန်ုပ်သည်
တရားစီရင်စစ်ဆေးသောထိုင်ခုံ၌ ထိုင်ပြီးထို
လူကိုခေါ်လာရန် အမိန့်ပေး၏။ 18ယုဒလူတို့
သည် မတ်တတ်ရပ်ပြီး သူ့ကို စွပ်စွဲချက်တင်
ကြ၏။ သို့သော်လည်း ထိုယုဒလူတို့သည် သူ့ကို
အဘယ်ဆိုးဝါးသော ရာဇဝတ်ပြစ်မှုကိုမျှ စွပ်
စွဲချက်မတင်နိုင်ကြ။ အကျွန်ုပ်သည် သူတို့ က
ဤကဲ့သို့ လုပ်မည်ဟု ထင်မှတ်၏။ 19သူတို့
သည် သူ့ကို ဆန့်ကျင်သောအကြောင်းအရာ
များသည် သူတို့၏ဘာသာရေး အကြောင်းနှင့်
သေမှုပြီးသောသူ ယေရှုဟု ခေါ်သောလူတစ်
ယောက်အကြောင်းများသာ ဖြစ်၏။ ထိုယေရှု
သည်သေလွန်တော်မူပြီ။ သို့သော်လည်း ပေါလု
က ယေရှုအသက်ရှင်နေသည် ဟုပြော၏။ 20အ
ကျွန်ုပ်သည် ထိုအကြောင်းကို နားမလည်ပါ။
ထို့ကြောင့် အဘယ်မေးခွန်းမျှ မမေးပါ။ ထို
ကြောင့် အကျွန်ုပ်က ပေါလုအား 'ယေရုရှလင်
မြို့၌ သွားပြီး ထိုနေရာ၌ ဤစွပ်စွဲချက်ကို စီရင်
ဆုံးဖြတ်ခံလိုသလော' ဟုမေးလေ၏။ 21ထို့
နောက် ပေါလုက၊ သူ့ကို ကဲသရီမြို့၌ ထားရန်
သာ တောင်းဆို၏။ သူသည် ကဲသာထံမှ စီရင်
ချက်ကို အလိုရှိသည် ဟုပြော၏။ ထို့ကြောင့်
အကျွန်ုပ်သည် သူ့ကို ကဲသာဘုရင်နှင့်တွေ့ရန်
ရောမသို့ ပို့နိုင်သည့်အချိန်အထိ ကဲသာရီမြို့၌
ချုပ်ထားရန် အမိန့်ပေးသည်" ဟုပြော၏။
22အဂြိပ္ပမင်းက၊ "ငါသည်လည်း ဤ လူ၏
စကားကို ကြားလိုသည်" ဟုပြောရာ ဖေတ္တု
မင်းက "သင်သည် သူ၏စကားကို မနက်ဖြန်
ကြားလိမ့်မည်" ဟုပြောလေ၏။
23နောက်တစ်နေ့၌ အဂြိပ္ပမင်းနှင့် ဗေရနိတ်
တို့သည် ကြီးကျယ်ခမ်းနားစွာ ရောက်ရှိလာကြ
ပြီးလျှင်၊ စစ်တပ်အကြီးအကဲတို့နှင့်၊ ကဲသရီမြို့ရှိ
အရေးပါသော လူကြီးမင်းတို့နှင့်အတူ တရားရုံး
ခန်းတွင်းသို့ ဝင်ကြလေ၏။ ဖေတ္တုသည် ပေါလု
အား ခေါ်လာရန် စစ်သားတို့ကို အမိန့်ပေး၍
စစ်သားများက ပေါလုကို ခေါ်လာကြ၏။
24ဖေတ္တုမင်းက "အဂြိပ္ပမင်းကြီးနှင့် ဤနေရာ၌
စုရုံးရောက်ရှိနေကြသူ အပေါင်းတို့ ဤလူကို
ကြည့်ကြလော့။ ဤနေရာနှင့် ယေရုရှလင်မြို့၌
နေသောယုဒလူအပေါင်းတို့သည် ဤလူအ
ကြောင်းကို အကျွန်ုပ်ထံသို့ တိုင်တန်းကြ၏။
ထိုသို့တိုင်ကြားကြစဉ် သူသည် ခဏမျှအသက်
မရှင်ထိုက်ပါ ဟုပင်အော်ဟစ်ကြ၏။ 25အ
ကျွန်ုပ်သည် သူ့ကို စစ်ဆေးမေးမြန်းသောအခါ
အကျွန်ုပ်သည် သူ၌သေဒဏ်ပေးနိုင်လောက်
အောင် အမှားတစ်စုံတစ်ခုမျှ ရှာမတွေ့နိုင်ပါ။
သို့သော်လည်း သူသည် ကဲသာဘုရင်ထံမှ စီ
ရင်ဆုံးဖြတ်ချက်ကို တောင်းဆိုသဖြင့် အကျွန်ုပ်
သည် သူ့ကို ရောမမြို့သို့ စေလွှတ်ရန် ဆုံးဖြတ်
လေ၏။ 26သို့သော်လည်း အကျွန်ုပ်သည်
ကဲသာဘုရင်ထံသို့ အဘယ်သို့ အတိအကျရေး
ရမည်ကို ငါမသိပါ။ ထို့ကြောင့် အကျွန်ုပ်သည်
သူ့ကို သင်တို့ရှေ့မှောက်၌ရင်း၊ အဂြိပ္ပမင်းကြီး
ကိုယ်တော်၏ရှေ့မှောက်၌ရင်း ခေါ်ဆောင်လာ
၏။ ထို့ကြောင့် သင်တို့သည် သူ့ကို စစ်ကြော
ပြီးမှ အကျွန်ုပ်သည် ကဲသာဘုရင်ထံသို့ စာရေး
ရန် တစ်စုံတစ်ခုကို ပေးနိုင်မည်ဟု အကျွန်ုပ်
မျှော်လင့်၏။ 27အကျွန်ုပ်သည် ခံသောသူကို
အပြစ်မပြဘဲ ကဲသာဘုရင်ထံသို့စေလွှတ်သော်
မလျော်မသင့်ဖြစ်မည်ဟု ထင်မြင်ပါသည်" ဟု
ဆိုလေ၏။

## ဘုရင်အဂြိပ္ပရှေ့မှောက်၌ ပေါလု

26 အဂြိပ္ပမင်းက ပေါလုအား “ယခုအခါ၌
မိမိကိုယ်ကို ကာကွယ်ချေပရန် ပြော
နိုင်ပါပြီ” ဟုပြော၏။ ထိုအခါ ပေါလုသည်သူ၏
လက်ကို ဆန့်၍၊ 2“အဂြိပ္ပမင်းကြီး၊ ယုဒလူတို့
သည် အကျွန်ုပ်အပေါ်မှာ စွဲထားသောစွဲချက်
အားလုံးကို အကျွန်ုပ်ဖြေဆိုပါမည်။ ယနေ့အ
ကျွန်ုပ်သည် ကိုယ်တော်၏ရှေ့တော်မှောက်၌
ရပ်၍ အကျွန်ုပ်သည် ကိုယ့်ကိုယ်ကို ကာကွယ်
ပြောဆိုရသည်မှာ မင်္ဂလာဖြစ်သည် ဟုကိုယ့်
ကိုထင်ပါ၏။ 3အကြောင်းမူကား ကိုယ်တော်
သည် ယုဒလူတို့၏ထုံးတမ်းစဉ်လာနှင့်၊ ယုဒလူ
တို့တွင်အငြင်းပွားနေကြသော အကြောင်းများ
ကို ကောင်းမွန်စွာ သိရှိနားလည်ထားသူဖြစ်
သောကြောင့်ဖြစ်၏။ အကျွန်ုပ်ပြောမည့်စကား
ကို ကျေးဇူးပြု၍ သည်းခံနားထောင်ပေးတော်
မူပါ’ ဟုပြောဆို၏။

4“ယုဒလူအားလုံးတို့သည် အကျွန်ုပ်ဘဝ
တစ်ခုလုံးကို သိကြ၏။ သူတို့သည် အကျွန်ုပ်၏
တိုင်းပြည် တာရှုမြို့နှင့် နောက်ပိုင်းတွင်
ယေရုရှလင်မြို့၌ အဘယ်သို့နေထိုင်သည်ကို သိ
ကြ၏။ 5ဤယုဒလူတို့သည်လည်း အကျွန်ုပ်
အား သိခဲ့ကြသည်မှာ ကြာပါပြီ။ သူတို့ပြော
လိုလျှင်သူတို့သည်အကျွန်ုပ်အား ကောင်း
သောဖာရိရှဲတစ်ယောက်ဖြစ်သည်ဟု သက်
သေခံနိုင်မည်။ ဖါရိရှဲတို့သည် ယုဒဘာသာရေး
ဆိုင်ရာပညတ်တရားများကို တခြားအဘယ်
အုပ်စုထက်ပို၍ ဂရုတစိုက်လိုက်နာကြ၏။ 6ယခု
တွင် အကျွန်ုပ်အမှုစစ်ဆေးခံနေခြင်းမှာ ဘုရား
သခင်သည် အကျွန်ုပ်တို့၏ဘိုးဘေးတို့ကို ပေး
တော်မူသော ဂတိတော်၌ အကျွန်ုပ်မျှော်လင့်
နေသောကြောင့် ဖြစ်၏။ 7ဤဂတိတော်မူကား
အကျွန်ုပ်တို့မျိုးနွယ် ဆယ့်နှစ်မျိုးတို့သည် နေ့ည
မပြတ် ဘုရားသခင်၏အမှုတော်ကို စောင့်ကြ
လျက်ခံရမည်ဟု မျှော်လင့်နေသောဂတိတော်
ဖြစ်၏။ အိုအသင်မင်းကြီး၊ ယခုအခါ၌ အကျွန်ုပ်
သည် ထိုဂတိတော်ကိုပင် မျှော်လင့်နေသော
ကြောင့် ယုဒလူတို့၏စွပ်စွဲခြင်းခံနေရပါ၏။
8ဘုရားသခင်အတွက် လူတို့ကို သေခြင်းမှထ
မြောက်စေခြင်းငှါ မဖြစ်နိုင်ဟု သင်၏လူတို့
သည် အဘယ်ကြောင့် ထင်နေကြသနည်း။

9“အကျွန်ုပ်ဖာရိရှဲ တစ်ယောက်ဖြစ်နေစဉ်
နာဇရက်မြို့သား ယေရှု၏နာမတော်ကို ဆန့်
ကျင်ရန် ဆိုးရွားသောအရာများကို လုပ်
ဆောင်ရမည် ဟုထင်မှတ်၏။ 10အကျွန်ုပ်သည်
ယေရုရှလင်မြို့၌ ထိုအရာများကို ဆောင်ရွက်
ပါ၏။ ယဇ်ပုရောဟိတ်အကြီးတို့သည် အကျွန်ုပ်
ကို အာဏာပေးသောအခါ များစွာသော ထို
ယုံကြည်သူတို့ကို ထောင်ထဲမှာ ထည့်ထားပါ
၏။ ယေရှု၏တပည့်တော်တို့သည် အသတ်ခံရ
သောအခါ၊ အကျွန်ုပ်က ‘ဤအရာကို လုပ်ရန်
ကောင်းသောအရာဖြစ်သည်ဟု သဘောတူပါ
၏။ 11တရားဇရပ်တိုင်း၌ ကျွန်ုပ်က သူတို့ကိုအ
ပြစ်ဒဏ်ပေး၏။ အကျွန်ုပ်သည် ယေရှု ကို
ဆန့်ကျင်ပြောဆိုခြင်းငှါ သူတို့အား အတင်း
အဓမ္မပြုရန်ကြိုးစား၏။ သူတို့ကိုအကျွန်ုပ် အ
လွန်ဒေါသဖြစ်သဖြင့် တခြားမြို့များ၌၊ သူတို့ကို
လိုက်ရှာရန်နှင့်နှိပ်စက်ရန် သွားလေ၏။

## ယေရှုကို မြင်ရခြင်းအကြောင်း ပေါလုက ပြောပြခြင်း

12“တစ်ချိန်၌ ယဇ်ပုရောဟိတ်အကြီးတို့
သည် အကျွန်ုပ်ကို ဒမာသက်မြို့သို့ သွားခြင်းငှါ
ခွင့်ပြုချက်နှင့် အမိန့်အာဏာပေး၏။ 13အကျွန်ုပ်
သည် ဒမာသက်မြို့ အဝင်လမ်းပေါ်၌ ရှိနေ၏။
အချိန်သည် မွန်းတည့်ချိန်ဖြစ်၏။ ကောင်းကင်မှ
နေထက်များစွာ လင်းနေသောအလင်းရောင်
သည် အကျွန်ုပ်နှင့်အတူ ခရီးသွားနေကြသူတို့၏
ပတ်ပတ်လည်၌ လင်းထိန်နေသည်ကို အကျွန်ုပ်
တွေ့ရပါ၏။ 14အကျွန်ုပ်တို့အားလုံးသည် မြေ
ပေါ်မှာ လဲကြ၏။ ထို့နောက် အကျွန်ုပ် သည်၊
‘ရှောလု၊ ရှောလု၊ သင်သည် အဘယ်ကြောင့်
ငါ့ကိုညှင်းဆဲနေသနည်း။ သင်သည် ငါ့ကို ဆန့်
ကျင်တိုက်ခိုက်လျှင် မိမိကိုယ်ကို နာကျင်စေ
လိမ့်မည်’ ဟုယုဒဘာသာစကားဖြင့်ပြောသော
အသံကို ကြားရ၏။ 15ထို့ကြောင့် အကျွန်ုပ်က

“သခင်၊ ကိုယ်တော်သည် အဘယ်သူနည်း’
ဟုမေးလျှောက်သော် ‘ငါကား သင်ညှဉ်းဆဲနေ
သောနာဇရက်အမျိုးသား ယေရှုဖြစ်၏။ 16ထ
လော့။ ငါသည် သင့်ကို ငါ့အစေခံအဖြစ် ရွေး
ချယ်၏။ သင်သည် ငါ၏သက်သေဖြစ်လိမ့်မည်။
သင်သည် ယနေ့မြင်သောအကြောင်းအရာတို့
နှင့်သင့်ကို ငါပြမည့်အရာများ ကိုလူတို့ထံသို့
သက်သေခံရမည်။ 17ငါသည် သင့်၏လူတို့နှင့်
တပါးအမျိုးသားတို့မှ သင့်ကို စောင့်ရှောက်
မည်။ ဤလူ တို့ထံသို့ သင့်ကို ငါစေလွှတ်၏။
18သူတို့သည် မှောင်မိုက်မှ အလင်းသို့ရင်း၊
စာတန်၏တန်ခိုးထံမှ ဘုရားသခင်ထံတော်သို့
ရင်း ပြန်လှည့်လာမည်အကြောင်း သင်သည်
သူတို့အား သမ္မာတရားကို ပြရမည်။ ထို့နောက်
သူတို့၏အပြစ်ကို ခွင့်လွှတ်ပြီး ငါ၌ သူတို့၏ယုံ
ကြည်ခြင်းအားဖြင့်သန့်ရှင်းခြင်းသို့ရောက်သော
သူတို့နှင့် အမွေခံရလိမ့်မည်”’ ဟုမိန့်တော်မူ၏။

## ပေါလုက သူ့လုပ်ရပ်ကို ပြောပြခြင်း

19ထို့ကြောင့် ‘အိုအဂြိပ္ပမင်းကြီး၊ ကောင်း
ကင်မှ ဖြစ်သော ထိုဗျာဒိတ်တော်ကို အကျွန်ုပ်
သည် နာခံပါ၏။ 20ငါသည် လူတို့အား မိမိတို့၏
စိတ်နှလုံးနှင့် အသက်တာပြောင်းလဲပြီး ဘုရား
သခင်အထံတော်သို့ ပြန်လှည့်လာရန် ဟော
ပြော၏။ သူတို့၏အသက်တာ ပြောင်းလဲ
ကြောင်းပြသမည့်အရာများကို ပြုလုပ်ရန် သူ
တို့အား ငါပြော၏။ ရှေးဦးစွာ ဒမာသက်မြို့၌
ရှိသောလူတို့ထံသို့ ငါဟောပြော၏။ ထို့နောက်
ယေရုရှလင်မြို့နှင့် ယုဒပြည်အရပ်ရပ်၌ ဟော
ပြောပါ၏။ တပါးသောအမျိုးသားတို့ ထံသို့
လည်း ငါဟောပြော၏။ 21ထို့ကြောင့် ယုဒလူ
တို့က ဗိမာန်တော်၌ အကျွန်ုပ်ကို ဖမ်းဆီး၍
သတ်ရန်ကြိုးစားကြပါ၏။ 22သို့သော်လည်း၊
ဘုရားသခင်သည် အကျွန်ုပ်ကို ကယ်တင်တော်
မူ၏။ ဘုရားသခင်သည် အကျွန်ုပ်ကို ယခုတိုင်
အောင် မစတော်မူ၏။ ငါသည် ဤနေရာ၌ ရပ်
၍ ငါတွေ့သောအရာများကို လူတို့အားလုံး
အား ပြောပြလေ၏။ သို့သော်လည်း ငါပြော
နေသောအရာများသည် အသစ်မဟုတ်။ ငါ
ပြောနေသောအ ကြောင်းသည် မောရှေမှစ၍
ပရောဖက်တို့ဟောပြောသော စကားနှင့်တူ၏။
23သူတို့က “ခရစ်တော်သည် သေလိမ့်မည်”ဟု
ပြောကြ၏။ သူသည် သေခြင်းမှ အဦးဆုံးထ
မြောက်သူဖြစ်လိမ့်မည်။ မောရှေနှင့်ပရောဖက်
တို့၏စကားအတိုင်း ခရစ်တော်သည် ယုဒလူတို့
အတွက်နှင့်တပါးသောအမျိုးသားတို့ အတွက်
လည်း အလင်းယူဆောင်လာလိမ့်မည်” ဟု
လျှောက်၏။

## ပေါလုက အဂြိပ္ပမင်းအား သွေးဆောင်ရန် ကြိုးစားခြင်း

24ပေါလုသည် ဤအကြောင်းအရာများကို
မိမိကိုယ်ကို ကာကွယ်ပြောနေစဉ်၊ ဖေတ္တုက
“ပေါလု၊ သင်သည်သူရူးဖြစ်၏။ သင်သည် သိပ္ပံ
အတတ်များကို သင်၍သူရူးအဖြစ်သို့ ရောက်
ခဲ့ပြီ” ဟုအော်ဟစ်၍ပြောလေ၏။
25ပေါလုက “မြတ်တော်မူသောဖေတ္တုမင်း၊
အကျွန်ုပ်သည် သူရူးမဟုတ်ပါ။ အကျွန်ုပ်ပြော
သမျှအားလုံးသည် မှန်ကန်၏။ အကျွန်ုပ်စကား
များသည် သူရူးစကားမဟုတ်။ အကျွန်ုပ်သည်
လေးနက်စွာ ပြောပါ၏။ 26ဤအကြောင်းအရာ
များအားလုံးကို ဘုရင်အဂြိပ္ပသိပါ၏။ အကျွန်ုပ်
သည် သူ့ကို လွှတ်လွှတ်လပ်လပ် ပြောနိုင်ပါ၏။
ဤ အကြောင်းအရာများအားလုံးကို သူကြား
ပြီးပြီဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ အကြောင်း
မူကား၊ ဤဖြစ်ရပ်များသည် လူအားလုံးမြင်နိုင်
သောနေရာများ၌ ဖြစ်ပျက်ကြရသောကြောင့်
ဖြစ်၏။ 27အဂြိပ္ပမင်းကြီး၊ ကိုယ်တော်သည်
ပရောဖက်တို့၏ရေးသားချက်ကို ယုံတော်မူသ
လော၊ ယုံတော်မူသည်ကို အကျွန်ုပ်သိပါသည်”
ဟုလျှောက်၏။
28အဂြိပ္ပမင်းကြီးက ပေါလုအား‘ သင်သည်
ငါ့ကိုအလွယ်တစ်ကူနှင့်ခရစ်ယာန်တစ်ယောက်
ဖြစ်အောင်စည်းရုံးနိုင်လိမ့်မည်ဟုထင်သလော’
ဟုမေးရာ၊

[29]ပေါလုက “ဤအရာသည် လွယ်သည်ဖြစ်
စေ၊ ခက်ခဲသည်ဖြစ်စေ၊ အရေးမကြီးပါ။ ကိုယ်
တော်သာမက ယနေ့တွင် ဤနေရာ၌ရှိသော
သူအပေါင်းတို့သည်လည်း၊ဤသံကြိုးများမှတစ်
ပါး၊ အကျွန်ုပ်ကဲ့သို့ ကယ်တင်ခြင်းခံရကြရန်
ဘုရားသခင်ထံတော်သို့ အကျွန်ုပ်ဆုတောင်းပါ
သည်” ဟုလျှောက်၏။
[30]အဂြိပ္ပမင်းကြီး၊ မြို့တော်ဝန်ဖေတ္တု၊
ဗေရနိတ်နှင့် ထိုနေရာ၌ ရောက်ရှိကြသူတို့အား
လုံးမတ်တတ်ရပ်ကြ၏။ [31]သူတို့က “ဤလူသည်
သေဒဏ်ချမှတ်ခြင်းဖြစ်စေ၊ ထောင်ချခြင်းဖြစ်
စေ၊ ခံထိုက်သောအမှုကို တစ်စုံတစ်ခုမျှမပြု
ပါ” ဟုအချင်းချင်းပြောကြ၏။ [32]ထို့နောက်
အဂြိပ္ပမင်းက “ဤလူကို ငါတို့လွှတ်နိုင်၏။ သို့
သော်လည်းသူသည် ကဲသာဘုရင်ကို တွေ့ရန်
တောင်းဆိုထားသည်” ဟုပြောလေ၏။

## ရောမသို့ ပေါလုရွက်လွှင့်ခရီးသွားခြင်း

27 ငါတို့သည်ဣတလိပြည်သို့ ရေကြောင်း
ခရီးဖြင့် ထွက်မည်ဟု ဆုံးဖြတ်ကြ၏။
ယုလိအမည်ရှိသော စစ်ဗိုလ်တစ်ယောက်အား
ပေါလုနှင့် အခြားအကျဉ်းသားအချို့တို့ကို
စောင့်ကြပ်စေခြင်းငှါ တာဝန်ပေးအပ်ခြင်းခံရ
၏။ ယုလိသည် ကေရာဇ်၏တပ်တွင် အထူးအမှု
ထမ်းသူဖြစ်၏။ [2]သင်္ဘောပေါ်သို့ ငါတို့ရောက်ရှိ
သည်နှင့်တစ်ပြိုင်နက် သင်္ဘောထွက်ခွာလေ၏။
သင်္ဘောသည် အာဒြမုတ္တိမြို့မှဖြစ်ပြီး၊အာရှပြည်
အတွင်းရှိ နေရာဒေသအမျိုးမျိုးသို့သွားရန် အ
သင့်ဖြစ်နေ၏။ အာရိတ္တာခုဆိုသူတစ်ယောက်
လည်း ငါတို့နှင့်အတူလိုက်ပါလာ၏။ သူသည်
မာကေဒေါနိပြည် သက်သာလောနိတ်မြို့မှ ဖြစ်
၏။ [3]နောက်တစ်နေ့၌ ငါတို့သည် ဇိဒုန်မြို့သို့
ရောက်ကြ၏။ ယုလိသည် ပေါလုအပေါ်၌
အလွန်ကောင်းမွန်၏။သူသည်ပေါလုအား သူ၏
မိတ်ဆွေတို့ထံသို့ လွှတ်လပ်စွာ သွားရောက်
လည်ပတ်ခွင့်ပြု၏။ ထိုမိတ်ဆွေတို့သည် ပေါလု
လိုအပ်သမျှ စောင့်ရှောက်လုပ်ကိုင်ပေးကြ၏။
[4]ငါတို့သည် ဇိဒုန်မှ ထွက်ခွာကြ၏။ လေသည်
ဆန့်ကျင်ဘက်အရပ်မှ တိုက်ခတ်နေသော
ကြောင့် ငါတို့သင်္ဘောသည် ကုပရုကျွန်းအနီး
သို့ရှောက်သွား၏။ [5]ကိလိကိပြည်နှင့် ပံဖုလိ
ပြည်အနီးမှ ပင်လယ်ကို ဖြတ်ကျော်ပြီးနောက်
ငါတို့သည် လုကိပြည်ရှိမု ရမြို့သို့ ရောက်လာ
ကြ၏။ [6]မုရမြို့၌ စစ်ဗိုလ်သည် အာလေဇန္ဒြိမြို့မှ
သင်္ဘောတစ်စီးကို တွေ့ရှိလေ၏။ ထိုသင်္ဘော
သည် ဣတလိပြည်သို့သွားနေ၏။ ထို့ကြောင့်
သူသည်ငါတို့ကို ထိုသင်္ဘောပေါ်သို့ ပြောင်းရွှေ့
တင်ထားလေ၏။
[7]လေသည် ဆန့်ကျင်ဘက်အရပ်မှ တိုက်
ခတ်နေသောကြောင့် ငါတို့သည် ရက်ပေါင်း
များစွာ နှေးနှေးသာသွားရ၏။ ငါတို့သည်
ကနိဒ်မြို့သို့ ပင်ပန်းခက်ခဲစွာ ရောက်လေ၏။
ဤနည်းအတိုင်း ပို၍ဝေးအောင်သွားရန် မဖြစ်
နိုင်။ ထို့ကြောင့် သင်္ဘောကို သာလမုန်အနီးရှိ
ကရေတေကျွန်းသို့ ကမ်းရိုးအတိုင်း သွားရလေ
၏။ [8]ငါတို့သည် ခက်ခဲစွာဖြင့် ကမ်းရိုးတန်းအ
တိုင်း ဆက်လက်၍သွားပြီး လာသဲမြို့အနီး
ကာလုလိမင်းအမည်ရှိသောနေရာသို့ ရောက်
ကြ၏။
[9]သို့သော်လည်း ငါတို့သည် အချိန်များစွာ
ဆုံးရှုံးရ၏။ ယုဒလူတို့၏အစာရှောင်သောနေ့*
ပြီးဆုံးပြီဖြစ်သောကြောင့် ရေကြောင်းခရီး
သွားခြင်းသည် အန္တရာယ်ရှိလာ၏။ ထို့ကြောင့်
ပေါလုက သူတို့အား သတိပေးသည်မှာ [10]“အ
ချင်းလူတို့၊ ဤခရီးမှာ ငါတို့ဒုက္ခများစွာ ကြုံ
တွေ့ရလိမ့်မည်ကို ငါမြင်နိုင်၏။ သင်္ဘောတစ်
စီးလုံးနှင့် ဤသင်္ဘောပေါ်မှာ ပါသောအရာ
အားလုံး ဆုံးရှုံးပျက်စီးလိမ့်မည်။ ’ငါတို့အသက်
ကိုပင် ဆုံးရှုံးသွားနိုင်၏။ [11]သို့သော်လည်း
မာလိန်မှူးနှင့် သင်္ဘောပိုင်ရှင်တို့သည် ပေါလု
နှင့်သဘောထားချင်းမတူကြချေ။ ထို့နောက်
စစ်ဗိုလ်သည်လည်း ပေါလုစကားကို နားမ

**အစာရှောင်သောနေ့** အပြစ်ဖြေလွှတ်သောနေ့၊ အရေး
ကြီးသောယုဒလူမျိုးတို့၏နှစ်ကုန်ပိုင်းသန့်ရှင်းသောနေ့ထူး
နေ့မြတ်၊ ဤအချိန်သည် ပင်လယ်ပေါ်မှာ ဆိုးရွား သော
မုန်တိုင်းများ ရှိခဲ့သောနှစ် ဖြစ်သည်။

ထောင်ဘဲမာလိန်မှူးနှင့် သင်္ဘောပိုင်ရှင်၏
စကားကို နားထောင်၏။ [12]ထို့အပြင် ထိုမြို့၏
အဆိပ်ကမ်းသည် ဆောင်းရာသီ၌ သင်္ဘော
ဆိုက်ကပ်ရန်ကောင်း မွန်သောနေရာတစ်ခုမျှ
မဟုတ်။ ထို့ကြောင့် လူအများစုတို့သည်
သင်္ဘောကို ထိုနေရာမှ ထွက်ခွာရန် ဆုံးဖြတ်
ကြ၏။ ထိုလူတို့သည် ဖိနိတ်မြို့သို့ သွားနိုင်လိမ့်
မည်ဟု မျှော်လင့်ကြ၏။ ဖိနိတ်တွင် ဆောင်း
ရာသီတစ်ခုလုံးသင်္ဘောကို စိတ်ချစွာထားနိုင်
၏။ (ဖိနိတ်မြို့သည် ကရေတေကျွန်းပေါ်၌ တည်
ရှိ၏။) ထိုဆိပ်ကမ်းသည် အနောက်တောင်နှင့်
အနောက်မြောက်သို့ မျက်နှာမူ၍တည်ရှိ၏။

## လေမုန်တိုင်း

[13]ထို့နောက် တောင်ဘက်မှ လေပြည်လေ
ညင်း စတင်တိုက်ခတ်လာ၏။ သင်္ဘောပေါ်တွင်
ပါလာသူတို့က ငါတို့လိုချင်သောလေကို ငါတို့
ယခု ရပြီဟုထင်ကြ၏။ ထို့ကြောင့် သူတို့သည်
ကျောက်ဆူးကို ဆွဲတင်ကြ၏။ ငါတို့သည်
ကရေတေကျွန်းနှင့်အလွန်နီးကပ်စွာခုတ်မောင်း
ကြ၏။ [14]သို့သော်လည်း 'အရှေ့မြောက်' လေ
မုန်တိုင်းက ကျွန်းကို ဖြတ်၍ တိုက်ခတ်လာ၏။
[15]သင်္ဘောသည် လေမုန်တိုင်းနှင့်အတူ ပါသွား
၏။ သင်္ဘောသည် လေမုန်တိုင်းကို ဆန့်ကျင်
၍ခုတ်မောင်းမရနိုင်။ ထို့ကြောင့် ငါတို့သည်
ကြိုးစားခြင်းမပြုတော့ဘဲ လေမုန်တိုင်းတိုက်
ခတ်သည့်လမ်းကြောင်းအတိုင်း သင်္ဘောက
လိုက်ပါနေလေ၏။ [16]ငါတို့သည် ကလောဒေ
အမည်ရှိ ကျွန်း၏နောက်ပိုင်းသို့ ဖြတ်ကျော်နေ
စဉ်တွင်၊ ငါတို့သည် အသက်ကယ်လှေကို တင်
ခြင်းငှါ ကြိုးစားလုပ်ဆောင်ကြ၏။ [17]သူတို့
သည် အသက်ကယ်လှေကို တင်ပြီးသောအခါ
ထိုသင်္ဘောကိုပတ်လည်၌ အတူတကွကိုင်
တွယ်နိုင်ရန် ကြိုးများဖြင့် ချည်နှောင်ကြ၏။ သူ
တို့က သင်္ဘောသည် စာတိပင်လယ်ကွေ့၌ သဲ
ကမ်းပါးယံကို တိုက်မိ၍ ရိုက်မိမည်ကို ကြောက်
ရွံ့စိုးရိမ်ကြ၏။ ထို့ကြောင့် ရွက်ကိုနိမ့်ချလိုက်
ကြပြီးလျှင် လေမုန်တိုင်းတိုက်ခတ်သယ်ဆောင်
ရာသို့မျောပါနေရကြ၏။ [18]နောက်တစ်နေ့၌
လေမုန်တိုင်းသည် အရှိန်အဟုန် ပို၍ပြင်းထန်
လာ၏။ လူတို့သည် သင်္ဘောပေါ်၌ပါလာသော
ကုန်ပစ္စည်းများကို ရေထဲသို့ပစ်ချကြ၏။ [19]တစ်
ရက်မျှကြာသောအခါ သင်္ဘော၏ကရိယာတန်
ဆာများကိုပါ လွှင့်ပစ်ကြလေ၏။ [20]ရက်ပေါင်း
များစွာအတောအတွင်း ငါတို့သည် နေဖြစ်စေ၊
ကြယ်ဖြစ်စေ လုံးဝမတွေ့ရ၊ မမြင်နိုင်ကြ။ လေ
မုန်တိုင်းဆက်လက်၍ ပြင်းထန်လာ၏။ နောက်
ဆုံး၌ ငါတို့သည် အသက်ရှင်နေမည့်အကြောင်း
မျှော်လင့်ချက်အားလုံး ပျောက်ဆုံးရကြ၏။
[21]လူတို့ကြာမြင့်စွာအစာမစားကြ။ တစ်နေ့
တွင် ပေါလုက သူတို့ရှေ့၌ ထ၍ "အချင်းလူတို့၊
သင်တို့ကို ကရေတေမှ မထွက်ခွာရန် ငါပြောခဲ့
၏။ သင်တို့သည် ငါ့စကားကို နားထောင်သင့်
၏။ သို့ဖြစ်လျှင် သင်တို့သည်၊ဤအခက်အခဲနှင့်
ဆုံးရှုံးခြင်း အားလုံးတို့ကို ကြုံတွေ့မည်မဟုတ်။
[22]သို့သော်လည်း ယခုအခါ၌ ငါသည် သင်တို့
အား သတ္တိရှိကြရန် တိုက်တွန်းနှိုးဆော်၏။ အ
ကြောင်းမူကား၊ သင်တို့သည် တစ်ယောက်မျှ
သေမည်မဟုတ်။သင်္ဘောသာလျှင်ပျက်စီးလိမ့်
မည်။ [23]ငါ့ကို ပိုင်တော်မူ၍ ငါကိုးကွယ်သော
ဘုရားသခင်ထံတော်မှကောင်းကင်တမန်သည်
မနေ့ည၌ ငါ့ထံသို့ ရောက်လာ၏။ [24]ကောင်း
ကင်တမန်က 'ပေါလုကြောက်ရွံ့ခြင်းမရှိနှင့်၊
သင်သည် ကဲသာဘုရင်ရှေ့သို့ ရောက်ရမည်။
ထို့ကြောင့် ဘုရားသခင်သည် သင်နှင့်အတူပါ
လာကြသောလူအားလုံးတို့၏အသက်ကို သင့်
ကြောင့် ကယ်တင်တော်မူလိမ့်မည်' ဟုဆို၏။
[25]ထို့ကြောင့် အချင်းလူတို့၊ ရှင်လန်းကြလော့။
ငါသည် ဘုရားသခင်၌ ယုံကြည်ခြင်းရှိ၏။
ကောင်းကင်တမန်သည် ငါ့ကို ပြောသည့်အ
တိုင်း၊ အရာအားလုံး ဖြစ်လာပါလိမ့်မည်။ [26]သို့
သော်လည်း ငါတို့သည် ကျွန်းတစ်ချို့ပေါ်သို့ လဲ
ကျကြရလိမ့်မည်" ဟုပြောဆို၏။
[27]တစ်ဆယ့်လေးရက်မြောက်နေ့ညဥ့်၌ ငါတို့
သည် အာဒြိပင်လယ်ထဲ၌ ပေါလောမျောနေဆဲ
ဖြစ်၏။ သန်းခေါင်အချိန်၌ သင်္ဘောသားတို့က

ငါတို့သည် ကုန်းမြေနှင့်နီးပြီဟု စိတ်ထင်မှတ်ကြ
၏။ [28]သူတို့သည် ကြိုး၏တစ်ဘက် ထိပ်တွင်
အလေးတစ်ခုတပ်ဆင်၍ ကြိုးကို ပင်လယ်ထဲသို့
ပစ်ချ၏။ ရေအနက်မှာ ပေတစ်ရာနှစ်ဆယ်ရှိ
ကြောင်းသူတို့သိရ၏။ သူတို့သည်ရှေ့သို့အနည်း
ငယ်ကွာလှမ်းအောင်သွား၍၊ ကြိုးကို ရေထဲသို့
တဖန်ပစ်ချပြန်ပြီး ပေကိုးဆယ်အနက်ရှိကြောင်း
တွေ့ကြ၏။ [29]သင်္ဘောသည် ကျောက်ဆောင်
များတိုက်မိမည်ကို သင်္ဘောသားတို့က စိုးရိမ်
ကြောက်လန့်နေကြ၏။ ထို့ကြောင့် သူတို့သည်
သင်္ဘော၏နောက်ပိုင်းမှ ကျောက်ဆူးလေး
လက်ချထားကြ၏။ ထို့နောက် သူတို့သည် နေ့
အလင်းရောင် ရောက်ရှိလာရန် ဆုတောင်းကြ
၏။ [30]သင်္ဘောသားအချို့သည် သင်္ဘောကိုစွန့်
ခွာလိုကြ၏။ သူတို့သည်အသက်ကယ်လှေကို
ရေပေါ်သို့ လျှော့ချကြ၏။ သူတို့ သည်လူတို့ကို
သင်္ဘောဦးပိုင်းတွင် နောက်ထပ်ကျောက်ဆူး
များချရန်အတွက် ဖြစ်သည်ဟုထင် မြင်စေလို
၏။ [31]သို့သော်လည်း ပေါလုက စစ်ဗိုလ်နှင့်စစ်
သားတို့အား “ဤလူတို့သည် သင်္ဘောပေါ်၌
မနေလျှင် သင်တို့၏အသက်သည် ကယ်တင်
နိုင်မည်မဟုတ်” ဟုပြောဆို၏။ [32]ထို့ကြောင့်
စစ်သားတို့က ကြိုးများကို ဖြတ်ကြ၍၊ အသက်
ကယ်လှေကို ရေထဲသို့ကျစေ၏။

[33]နေအာရုဏ်မတက်မီအချိန်၌ ပေါလုသည်
လူများအားလုံးတို့ကို အစာစားစေခြင်းငှါ ဆို
လေ၏။ သူက လွန်ခဲ့သောနှစ်ပတ်လုံးလုံး သင်
တို့သည် အစာမစားဘဲလျက် အဆက်မပြတ်
စောင့်ကြည့်နေကြ၏။ သင်တို့သည် ဆယ့်လေး
ရက်တိုင်တိုင် တစ်စုံတစ်ခုမျှမစားခဲ့ကြပါ။
[34]ယခုငါသည် သင်တို့ကို တစ်ခုခုစားရန် တိုက်
တွန်းပါ၏။ သင်တို့သည် အသက်ရှင်
လျက်နေခြင်းငှါ လိုအပ်နေ၏။ သင်တို့တွင် တစ်
စုံတစ်ယောက်၏ခေါင်းပေါ်က ဆံပင်တစ်မှင်မျှ
ဆုံးရှုံးလိမ့်မည်မဟုတ် ဟုပြောဆို၏။ [35]ထိုသို့
ပြောပြီးနောက်၊ သူသည် မုန့်အချို့ကိုယူ၍အား
လုံးရှေ့၌ ကျေးဇူးတော်ချီး မွမ်း၏။ ထို့နောက်
သူသည် မုန့်ကိုဖဲ့၍ စားလေ၏။ [36]သူတို့အား
လုံးသည် စိတ်သက်သာခြင်းရှိ၍ အစာကိုစား
ကြ၏။ [37](သင်္ဘောပေါ်တွင် ပါလာသူလူဦးရေ
မှာ နှစ်ရာခုနှစ်ဆယ်ခြောက်ယောက်ဖြစ်၏။)
[38]ငါတို့အားလုံးသည် အလိုရှိသမျှစားကြ၏။ ထို့
နောက် ငါတို့သည် သင်္ဘောအလေးချိန်ပေါ့
သွားစေခြင်းငှါ ဂျုံစေ့အိတ်များကို ရေထဲသို့
ပစ်ချကြလေ၏။

## သင်္ဘောပျက်စီးခြင်း

[39]မနက်မိုးလင်းလာသောအခါ သင်္ဘော
သားတို့သည် ကုန်းမြေကို တွေ့ကြ၏။ သို့သော်
လည်း မည်သည့်ကုန်းမြေဖြစ်သည်ကို သူတို့မ
သိကြ။ သူတို့သည် ပင်လယ်အော်တစ်ခုနှင့်
ပင်လယ်ကမ်းစပ်တစ်နေရာကို မြင်တွေ့ကြ၏။
ဖြစ်နိုင်လျှင် သင်္ဘောကို ပင်လယ်ကမ်းစပ်သို့
ရွက်လွှင့်၍ အရောက်သွားလို၏။ [40]ထို့ကြောင့်
သူတို့သည် ကျောက်ဆူးကြိုးများကို ပင်လယ်
ထဲ၌ ဖြတ်ချန်ခဲ့ကြ၏။ တစ်ချိန်တည်းမှာပင်
ပဲ့ထိန်းကြိုးများကိုလည်း ဖြည်ကြ၏။ သူတို့
သည် ရှေ့ဘက်မှရွက်ကို လေထဲသို့တင်ပြီး
ပင်လယ်ကမ်းခြေသို့ ဦးတည်သွား၏။ [41]သို့
သော်လည်း သင်္ဘောသည် သဲကမ်းပါးယံကို
တိုက်မိသွား၏။ သင်္ဘောဦးပိုင်းသည် ထိုနေ
ရာ၌ စူးဝင်သွား၏။သင်္ဘောသည် မလှုပ်ဘဲ
နေ၏။ ထိုအချိန်၌ လှိုင်းလုံးကြီးများက
သင်္ဘောပဲ့ပိုင်းတစ်ခုလုံးကို ပြင်းထန်စွာ ရိုက်
ခတ်ဖျက်ဆီး၏။

[42]ထိုအခါ အကျဉ်းသားတို့သည် ရေကူး၍
လွတ်မြောက်သွားမည်ကို စိုးရိမ်သောကြောင့်
စစ်သားတို့သည် အကျဉ်းသားတို့ကို သတ်ပစ်
ရန် ဆုံးဖြတ်ကြ၏။ [43]သို့သော်လည်း စစ်ဗိုလ်
ယုလိသည် ပေါလုကို ချမ်းသာစေလိုသဖြင့်
မိမိစစ်သားတို့အား အကျဉ်းသားတို့ကို သတ်
ခွင့်မပြု။ ယုလိသည် ရေကူးတတ်သူတို့ကို ရေ
ထဲ၌ အရင်ခုန်ဆင်း၍ ကုန်းမြေသို့ ကူးရန် အ
မိန့်ပေး၏။ [44]ရေမကူးတတ်သူ တို့ကသင်္ဘော
ပျက်၏ပျဉ်ချပ်ကိုဖြင်း သစ်သားများကိုဖြင်း

ကုန်းမြေသို့ ရောက်စေခြင်းငှါ အသုံးပြုကြ၏။
ထိုသို့လူအပေါင်းတို့သည် တစ်ယောက်မျှမသေ
ဘဲကုန်းပေါ်သို့ လုံခြုံစွာရောက်ကြ၏။

## မေလိတေကျွန်းပေါ် ရောက်ပေါလု

28 ငါတို့သည် လုံခြုံစွာဖြင့် ကုန်းမြေပေါ်သို့
ရောက်ကြသောအခါ ထိုကျွန်းသည်
မေလိတေကျွန်းဖြစ်ကြောင်း ငါတို့သိကြ၏။ 2မိုး
ရွာ၍ အလွန်ချမ်းစိမ့်နေ၏။ သို့သော်လည်း ထို
ဒေသ၌ နေထိုင်ကြသူတို့သည် ငါတို့အပေါ်တွင်
အလွန်စိတ်ရင်းကောင်းကြ၏။ သူတို့သည် ငါတို့
အားလုံးကို ကြိုဆိုကြပြီး မီးပုံများမွှေးပေးကြ
၏။ 3ပေါလုသည် ထင်းချောင်းများကို မီးမွှေး
ရန်ပုံ၏။ ထိုအချိန်၌ အပူရှိန်ကြောင့်အဆိပ်ပြင်း
သောမြွေဆိုးထွက်လာ၍ ပေါလု၏လက် ကို
ကိုက်လေ၏။ 4ကျွန်းသားတို့သည် ပေါလု၏
လက်တွင်တွယ်လျက်နေသောမြွေကို မြင်သော
အခါ “ဤလူသည် လူအသက်ကို သတ်သော
သူဖြစ်ရမည်။ ပင်လယ်ထဲ၌ မသေသော်လည်း
အသက်ရှင်ခြင်းငှါ တရား*သည် သူ့ကိုအသက်
ရှင်ခွင့်မပေး” ဟုအချင်းချင်းပြောကြ၏။ 5သို့
သော်လည်း ပေါလုသည် မြွေကို မီးပုံထဲသို့
ခါချလေ၏။ သူသည် နာကျင်မှုတစ်စုံတစ်ခုမျှ
မဖြစ်ပါ။ 6ကျွန်းသားတို့က ပေါလုသည် တစ်
ကိုယ်လုံးပူးရောင်လာမည်၊ သို့မဟုတ် ခဏ
ခြင်းတွင် လဲကျသေဆုံးမည်ဟု မျှော်လင့်ကြ
၏။ သူတို့သည် ပေါလုကိုကြာမြင့်စွာစောင့်
ကြည့်ကြသော်လည်း သူ၌ မကောင်းသောအ
ဖြစ်ဆိုး တစ်စုံတစ်ခုကိုမျှ မဖြစ်ကြောင်း မြင်
တွေ့ကြ၏။ ထိုအခါ ပေါလုအပေါ်တွင် သူတို့၏
ထင်မြင်ယူဆချက်က ပြောင်းလဲသွားလေ၏။
သူတို့က ဤလူသည် နတ်ဘုရားဖြစ်သည် ဟု
ပြောကြ၏။

7ထိုဒေသပတ်ဝန်းကျင်တွင် ယာခင်းများရှိ
၏။ ထိုယာခင်းများကို ဤကျွန်းပေါ်ရှိ အလွန်
အရေးပါသူ တစ်ယောက်ကပိုင်၏။ သူ၏အမည်
က ပုဗလိဖြစ်၏။ သူသည် ငါတို့ကို သူ့အိမ်သို့
ဖိတ်ခေါ်လေ၏။ ပုဗလိသည် ငါတို့အပေါ်၌ အ
လွန်ကောင်းမွန်၏။ သူ့အိမ်၌ ငါတို့သည် သုံး
ရက်ကြာမျှ တည်းခိုကြ၏။ 8ပုဗလိ၏ဖခင်သည်
အလွန်ဖျားနေ၏။ သူသည် အဖျားတက်ခြင်း
နှင့်ဝမ်းကိုက်ခြင်း*ကို ခံစားနေရ၏။ သို့ဖြစ်၍
ပေါလုသည် သူ့ထံသို့ သွား၍သူ့အတွက် ဆု
တောင်းပေး၏။ ထို့နောက် သူသည် မိမိလက်
ကို သူ့အပေါ်၌တင်၍ သူ့ကိုကျန်းမာစေ၏။ 9ဤ
သို့ ဖြစ်ပျက်ပြီးနောက်၊ ကျွန်းပေါ်မှ အခြားရော
ဂါဝေဒနာသည်များအားလုံးတို့သည် ပေါလုထံ
သို့ ရောက်လာကြ၏။ ပေါလုသည် သူတို့အား
လုံးကိုလည်း ကျန်းမာစေ၏။ 10-11ထိုသူတို့သည်
ငါတို့ကို များစွာဂုဏ်ပြုကြ၏။ ငါတို့သည် ထို
ကျွန်းပေါ်၌ သုံးလကြာမျှနေခဲ့၏။ ငါတို့သည်
ထွက်ခွာရန် အဆင်သင့်ရှိသောအခါ၊ သူတို့
သည်ငါတို့လိုအပ်သမျှအရာများကိုလာရောက်
ပေးကြ၏။

## ပေါလု ရောမသို့သွားခြင်း

ငါတို့သည် အာလေဇန္ဒြိမြို့မှ သင်္ဘောတစ်
စီးပေါ်သို့ တက်ရောက်ကြ၏။ သင်္ဘောသည်
ဆောင်းကာလပတ်လုံး၌ မေလိတေကျွန်းတွင်
ဆိုက်ကပ်နေ၏။ သင်္ဘော၏ရှေ့ပိုင်း၌ နတ်
ဘုရားအမြွှာ*အတွက် အမှတ်အသားပါရှိ၏။
12ငါတို့ လိုက်ပါလာကြသောသင်္ဘောသည်
သုရကုတ် မြို့၌ရပ်နား၏။ 13ငါတို့သည်သုရ
ကုတ်၌သုံးရက် နေပြီးမှထွက်ခွာ၍ ရေဂျုန်မြို့သို့
ရောက်ရှိကြ၏။ နောက်တစ်နေ့၌ အနောက်
တောင်လေသည် တိုက်ခတ်လာ၏။ ထို့ကြောင့်
ဆက်လက်ထွက်ခွာကြရာ တစ်ရက်မျှကြာ
သောအခါ ပေါတယောလိသို့ ရောက်လာ၏။
14ထိုမြို့၌ ငါတို့သည် ယုံကြည်သူအချို့တို့နှင့်
တွေ့ဆုံကြ၏။ သူတို့သည် ငါတို့ကို ရက်သတ္တ

**‘တရား’** လူတို့က (တရား) နာမည်ရှိသောနတ်ဘုရားရှိပြီး သူက ဆိုးသောလူတို့ကို အပြစ်ဒဏ်ပေးသည် ဟူ၍ ယုံကြည်ခဲ့ကြသည်။

**‘ဝမ်းကိုက်ခြင်း’** အလွန်ဆိုးရွားသောရောဂါ ဒါယာဟရေလို ဖြစ်သည်။

**‘နတ်ဘုရားအမြွှာ’** ရုပ်တုဆင်းတု၊ ဂရိနတ်ဘုရား။

တစ်ပတ်မျှ သူတို့နှင့်အတူနေရန် တောင်းဆိုကြ
၏။ နောက်ဆုံး၌ ရောမမြို့သို့ ငါတို့ထွက်ခွာ
ကြ၏။ 15ရောမမြို့ရှိယုံကြည်သူတို့သည် ငါတို့
ရောက်သည့်အကြောင်းကို ကြားသဖြင့် သူတို့
သည် ငါတို့ကို ခရီးဦးကြိုခြင်းငှါ လာကြ၏။ သူ
တို့က ငါတို့အား စောင့်သောနေရာမှာ အပ္ပိ
ဈေးတန်းနှင့်သုံးဇရပ်တို့ဖြစ်၏။ ပေါလုသည် သူ
တို့ကို မြင်သောအခါ၊ သူသည် စိတ်သက်သာ
ခြင်းသို့ရောက်၍ ဘုရားသခင်ကို ချီးမွမ်းလေ၏။

## ရောမမြို့၌ ပေါလု

16ထို့နောက် ငါတို့သည်ရောမမြို့သို့ရောက်
လာကြ၏။ရောမမြို့၌ ပေါလုအားတစ်ယောက်
တည်းသာ နေခွင့်ပြုထား၏။ သို့သော်လည်း
စစ်သားတစ်ယောက်သည် ပေါလုနှင့်အတူ နေ
၍သူ့ကိုစောင့်ကြပ်ရ၏။ 17သုံးရက်မျှကြာသော
အခါ၊ ပေါလုသည် ယုဒလူအကြီးအကဲတို့ကို
ခေါ်၍ စုဝေးစေ၏။ သူတို့သည် အတူတကွ
ရောက်လာသောအခါ၊ ပေါလုက “အကျွန်ုပ်၏
ယုဒလူမျိုးညီအစ်ကိုတို့၊ အကျွန်ုပ်တို့၏လူမျိုး
တို့ဖြစ်သောယုဒလူတို့ကိုရင်း အကျွန်ုပ်တို့၏
ဘိုးဘေးဘီဘင်တို့၏ ထုံးတမ်းစဉ်လာကိုရင်း
ဆန့်ကျင်၍ တစုံတခုမျှ အကျွန်ုပ်မလုပ်ပါ။ သို့
သော်လည်း ယေရုရှလင်မြို့၌ ကျွန်ုပ်ကို ဖမ်းပြီး
ရောမတို့လက်ထဲသို့ အပ်ခဲ့ကြ၏။ 18ရောမတို့
သည် အကျွန်ုပ်ကို မေးခွန်းများမေးကြသော်
လည်း သေဒဏ်ခံထိုက်သောအကြောင်းတစ်ခု
မျှ ရှာမတွေ့နိုင်ပါ။ ထို့ကြောင့် သူတို့သည်
အကျွန်ုပ်ကို လွှတ်ခြင်းငှါ အလိုရှိကြ၏။ 19သို့
သော်လည်း ယုဒလူတို့သည် ဤအမှုကို
သဘောမတူကြသောကြောင့် ကျွန်ုပ်၏အမှုကို
ရောမမြို့ရှိ ကဲသာဘုရင်ရှေ့မှောက်၌ အယူ
တော်ကို ခံသင့်ကြောင်း အကျွန်ုပ်တောင်းဆိုရ
၏။ သို့သော်လည်း ငါ၏လူမျိုးတို့ကို ဆန့်ကျင်
၍အပြစ်တင်စရာ တစ်စုံတစ်ခုရှိသောကြောင့်
ငါဆိုလိုသည်မဟုတ်။ 20ထို့ကြောင့် အကျွန်ုပ်
သည် သင်တို့နှင့် တွေ့ဆုံ၍ စကားပြောခြင်းငှါ
အလိုရှိ၏။ကျွန်ုပ်သည်ဣသရေလအမျိုး၏မျှော်
လင့်ချက်ကိုယုံကြည်သောကြောင့် သံကြိုးများ
နှင့်ချည်နှောင်ခြင်းခံရ၏။

21ဤအတွက် ငါတို့သည် သင့်အကြောင်း
နှင့်ပတ်သက်၍ ယုဒပြည်မှ အဘယ်စာမျှ မရရှိ
ကြဟု၊ ယုဒတို့သည် ပြန်ကြားလေ၏။ ထိုပြည်မှ
ပြန်လာသောညီအစ်ကိုတို့တွင် အဘယ်သူကမျှ
သင်၌ အပြစ်ရှိကြောင်းကို မပြောကြပါ။ 22အ
ကျွန်ုပ်တို့သည် သင်၏အယူဝါဒများကို ကြားလို
ပါ၏။ ဤအဖွဲ့နှင့်ပတ်သက်၍လူတို့သည် နေရာ
တိုင်း၌ ထိုအဖွဲ့ကို ဆန့်ကျင်ပြောဆိုကြသည်ကို
ငါတို့သိပါ၏ဟုဆိုကြ၏။”

23ပေါလုနှင့် ယုဒတို့သည် တွေ့ဆုံပွဲတစ်ခု
ပြုလုပ်ရန် သင့်လျော်သောရက်ကို ရွေးချယ်
ကြ၏။ ထိုနေ့၌ မြောက်များစွာသော ယုဒတို့
သည် ပေါလုနေထိုင်နေသောနေရာသို့ ရောက်
လာကြ၏။ သူသည် တစ်နေ့လုံး သူတို့အား
စကားပြောဆို၍၊ ဘုရားသခင်၏ နိုင်ငံတော်
အကြောင်းရှင်းပြ၏။သူသည် ယေရှုအကြောင်း
ကိုသူတို့အားပြောပြပြီး ယုံကြည်ကြရန်မောရှေ
၏ပညတ်တရားနှင့် ပရောဖက်တို့၏ ရေးသား
ချက်များကို ကိုးကားခြင်းအားဖြင့် သူတို့ကို
ကြိုးစားသွေးဆောင်လေ၏။ 24အချို့သောယုဒ
တို့သည် ပေါလု၏စကားကို ယုံကြည်ကြသော်
လည်း အခြားယုဒလူတို့သည် မယုံကြည်ကြ။
25သူတို့အချင်းချင်း အငြင်းအခုံဖြစ်ကြ၏။ ယုဒ
လူတို့သည် သူထံမှ ထွက်ခွာကြရန် အသင့်ဖြစ်
ကြ၏။ သို့သော်လည်း ပေါလုသည် သူတို့ကို
နောက်ထပ် အကြောင်းအရာတစ်ခု ပြောပြ
သည်မှာ “သန့်ရှင်းသောဝိညာဉ်တော်သည်
သမ္မာတရားကို သင်တို့၏ဘိုးဘေးတို့ထံ ပရော
ဖက်ဟေရှာယအားဖြင့် မိန့်တော်မူသည်ကား၊
26 ‘ဤလူတို့ထံသို့ သွား၍ သူတို့ကို ပြောပြ
လော့၊ သင်တို့သည်နားထောင်၍ ကြား
ရလိမ့်မည်။ သို့သော်လည်း သင်တို့သည်
နားလည် လိမ့်မည်မဟုတ်။ သင်ကြည့်
၍ မြင်ရလိမ့်မည်။ သို့သော်လည်း သင်
တို့သည် မြင်သောအရာကို နားလည်
မည်မဟုတ်။

27 ဟုတ်ပါ၏၊ ဤလူတို့စိတ်နှလုံးကို ဖုံးကွယ်
နေ၏။ သူတို့သည် နားရှိလျက်ပင် နား
ထောင်လိမ့်မည်မဟုတ်။ သူတို့သည်
သမ္မာတရားကို မြင်ခြင်းငှါ ငြင်းပယ်ကြ
၏။ ဤသို့ဖြစ်ရသောကြောင့် သူတို့သည်
မျက်စိနှင့်မမြင်၊ နားနှင့်မကြား၊ စိတ်
နှလုံးနှင့်လည်း နားလည်မည်မဟုတ်။
ဤသို့ဖြစ်ရသောကြောင့် သူတို့သည် ငါ့
ထံသို့ ကျန်းမာစေခြင်းငှါ ပြန်လှည့်လာ
မည်မဟုတ်’ ဟုမိန့်တော်မူ၏။

*ဟေရှာယ၊ 6:9–10*

28 ဘုရားသခင်သည် မိမိ၏ကယ်တင်တော်
မူခြင်းတရားကို တပါးအမျိုးသားတို့ထံ ပို့တော်
မူ၏။ သူတို့သည် နားထောင်မည်ဖြစ်သည်ကို
သင်တို့သိရန် ငါအလိုရှိသည်”ဟု ပေါလုက
ပြောဆို၏။[29]*

30 ပေါလုသည် သူငှားရမ်းထားသောအိမ်
တွင်နှစ်နှစ်ပတ်လုံးနေ၏။ သူသည် မိမိကို တွေ့
ခြင်းငှါ လာလည်သူများအားလုံးတို့ကို လှိုက်လှဲ
စွာကြိုဆို၏။

31 ပေါလုသည် ဘုရားသခင်၏နိုင်ငံတော်
အကြောင်းကို ဟောပြော၏။ သခင်ယေရှုခရစ်
အကြောင်းများကိုလည်းသြဝါဒပေး၏။သူသည်
အလွန်ရဲရင့်ပြီး သူ၏ဟော ပြောခြင်းကို တစ်ဦး
တစ်ယောက်မျှတားမြစ်ပိတ်ပင်ရန် မကြိုးစား
ဘဲနေ၏။

---

**အခန်းငယ်** **29** အခန်းငယ်၂၉တွင် အချို့နောက်ကျ
သောရေးကူးခြင်းများကို ပေါင်းထည့်ထားသည်မှာ
“ပေါလုသည် ဤအရာကို ပြောပြီးနောက် ယုဒလူတို့
သည်ထွက် သွားကြသည်။ သူတို့သည် တစ်ယောက်နှင့်
တစ်ယောက်အပြင်းအထန် ငြင်းခုံကြသည်။

# ရောမသြဝါဒစာ

1 ဤစာသည်ခရစ်တော်ယေရှု၏ကျွန် ပေါလု
ထံမှဖြစ်၏။ ဘုရားသခင်သည် ငါ့ကို တမန်
တော်*အရာ၌ ခေါ်တော်မူ၏။ ငါသည် ဘုရား
သခင်၏ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
လူအပေါင်းတို့အား ဟောပြောရန် ရွေးချယ်ခန့်
ထားတော်မူခြင်းခံရ၏။
[2]ဘုရားသခင်သည် ဤဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို မိမိလူတို့အား ရှေးနှစ်ပေါင်း
များစွာကပင် မိမိပရောဖက်တို့ကို အသုံးပြု၍
ဤဂတိတော်ကို ပေးတော်မူ၏။ ထိုဂတိမှာ
သန့်ရှင်းသောကျမ်းစာ၌ ရေးထားတော်မူ၏။
[3-4]ထိုဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းသည်
ငါတို့၏သခင်ဘုရားဖြစ်တော်မူသော မိမိသား
တော်ယေရှုခရစ်အကြောင်းပင် ဖြစ်၏။ ယေရှု
ခရစ်သည် လူဇာတိအားဖြင့် ဒါဝိဒ်*၏မိသားစု
မှ ဖွားမြင်လာ၏။ သို့သော်လည်း၊ ယေရှုသည်
ဘုရားသခင်၏သားတော် ဖြစ်ကြောင်းကို သန့်
ရှင်းသောဝိညာဉ်တော်အားဖြင့် ထင်ရှားစေ
တော်မူ၏။ သူသည် မိမိ၏ကြီးမားသောတန်ခိုး
ဖြင့်သေခြင်းမှထမြောက်တော်မူ၍ဘုရားသခင်
၏သားတော်ဖြစ်ကြောင်းကို ထင်ရှားစေတော်
မူ၏။ [5]ဘုရားသခင်သည် တမန်တော်တစ်ပါး၏
အမှုအရာကို ခရစ်တော်အားဖြင့် ငါ့အား ပေး
တော်မူ၏။ လူမျိုးအပေါင်းတို့သည် ဘုရားသခင်
ကို နာခံခြင်းသို့ရှင်း၊ ယုံကြည်ခြင်းသို့ရှင်း ဦး
ဆောင်လမ်းပြသောအမှုကို ဘုရားသခင်သည်
ငါ့အားပေးတော်မူ၏။ ငါသည် ဤအမှုကို ခရစ်
တော်အတွက် လုပ်ဆောင်လေ၏။ [6]ရောမမြို့၌
ရှိသော သင်တို့သည်လည်း ယေရှုခရစ်နှင့်ဆိုင်
ရမည့်အကြောင်း ခေါ်တော်မူ၏။
[7]ဘုရားသခင်နှင့် စပ်ဆိုင်ရမည့်အကြောင်း
သူခေါ်တော်မူသည့် ရောမမြို့၌ရှိသောသင်တို့
အားလုံးထံသို့ ဤစာကို ငါပို့လိုက်၏။ သင်တို့
သည် ဘုရားသခင်ချစ်တော်မူသောလူများဖြစ်
ကြ၏။ ငါတို့အဘတည်းဟူသောဘုရားသခင်
နှင့်သခင်ယေရှုခရစ်အထံတော်မှကျေးဇူးတော်
နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။

## ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းခြင်း

[8]သင်တို့၏ယုံကြည်ခြင်း အကြောင်းသည်
မြေတပြင်လုံး၌ အနှံ့အပြား ကျော်စောသည်
ဖြစ်၍ သင်တို့အကြောင်းကြောင့် ယေရှုခရစ်
အားဖြင့် ငါသည် ဘုရားသခင်၏ကျေးဇူးတော်
ကိုရှေးဦးစွာ ချီးမွမ်း၏။ [9-10]ငါသည် ဆုတောင်း
သောအချိန်အခါတိုင်း၌ သင်တို့ကို အစဉ်မပြတ်
အောက်မေ့သတိရ၏။ ဤအကြောင်းမှန်သည်
ကို ဘုရားသခင်သိတော်မူ၏။ ဘုရားသခင်၏
သားတော်အကြောင်းတည်းဟူသော ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို ဟောပြော
ခြင်းအားဖြင့် မိမိအစေတော်ကို စိတ်နှလုံးအ
ကြွင်းမဲ့ ငါခံ၏။ သင်တို့ရှိရာသို့ ငါလာရသော
အခွင့် တစ်စုံတစ်ခုရှိပါမည်အကြောင်း ငါဆု
တောင်း၏။ ဘုရားသခင်သည် အလိုတော်ရှိ
လျှင်၊ ထိုအရာသည်ပြည့်စုံလိမ့်မည်။ [11]ငါသည်
သင်တို့ကို အလွန်တွေ့မြင်လို၏။ သင်တို့ကို ခွန်
အားနှင့်ပြည့်စုံမည်အကြောင်း ငါသည် သင်တို့
၌ ဝိညာဉ်ဆုကျေးဇူးကို ပေးခြင်းငှါ အလိုရှိ၏။
[12]ထိုသို့ ငါဆိုရာတွင် ငါတို့၌ရှိသောယုံကြည်

---

**တမန်တော်** ယေရှုသည် လူတစ်ယောက် မိမိကိုယ်ကို စားပြုရန်အထူးရွေးချယ်သောသူ။

**ဒါဝိဒ်** ခရစ်မပေါ်ခင်နှစ်ပေါင်း 1000 လောက်က ဣသရေလများ၏ဘုရင်။

ခြင်းဖြင့် ငါတို့သည် အချင်းချင်းကူညီမစကြရ
မည်အကြောင်းကို ဆိုလို၏။ သင်တို့၏ယုံကြည်
ခြင်းသည် ငါ့ကို ကူညီမစလိမ့်မည်။ ငါ၏ယုံ
ကြည်ခြင်းသည်လည်း၊ သင်တို့ကို ကူညီမစလိမ့်
မည်ဖြစ်၏။ 13ငါ့ညီအစ်ကိုမောင်နှမများတို့၊ ငါ
သည် သင်တို့ရှိရာသို့လာမည်ဟု ကြိမ်ဖန်များ
စွာ အကြံရှိကြောင်း သင်တို့သိကြရပြီ။ သို့
သော်လည်း၊ သင်တို့ရှိရာသို့ လာခြင်းငှါ ငါ
သည် အခွင့်မသာသေး။ သင်တို့သည် ဝိညာဉ်
ပကတိအားဖြင့် ကြီးထွားစေခြင်းငှါ ကူညီမစ
နိုင်မည့်အကြောင်း၊ ငါသည် သင်တို့ထံသို့
လာရန် လိုရှိခြင်းဖြစ်၏။ ငါသည် ယုဒလူမဟုတ်
သောအခြားသောလူတို့ကို ကူညီမစသည် နည်း
တူ သင်တို့ကိုလည်း ကူညီမစခြင်းငှါအလိုရှိ၏။
14ငါသည် ဂရိလူမျိုးဖြစ်စေ၊ ဂရိလူမျိုးမဟုတ်
သောလူမျိုးဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့
ဖြစ်စေ၊ လူမျိုးအပေါင်းတို့အား အစေကိုခံရပါ
မည်။ 15ဤအကြောင်းကြောင့် ငါသည် ရောမ
မြို့၌ရှိသောသင်တို့အား ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို အလွန်ဟောပြောလိုခြင်း
ဖြစ်၏။

16ငါသည် ထိုဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းအားဖြင့် ဝါကြွားလျက်ရှိ၏။ ထိုဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းသည် ယုံကြည်
သောသူအပေါင်းတို့ကို ကယ်တင်စေသော
ဘုရားသခင်၏တန်ခိုးတော်ဖြစ်၍ ပထမ၌ ယုဒ
လူ၊ နောက်မှ ယုဒလူမဟုတ်သောအခြားလူ
မျိုးရှိသမျှတို့ကို ကယ်တင်ရန်ဖြစ်၏။ 17ဘုရား
သခင်သည် မိမိဖြောင့်မတ်ခြင်းဖြင့် အဘယ်သို့
ပြုတော်မူသည်ကို လူတို့အား ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းအားဖြင့် ထင်ရှားစေ၏။
လူတို့၏ဖြောင့်မတ်ခြင်းအစနှင့်အဆုံးသည် ယုံ
ကြည်ခြင်းအားဖြင့်သာ ဖြစ်တော်မူသည်မှာ
ဘုရားသခင်၏နည်းလမ်းဖြစ်၏။ “ဖြောင့်မတ်
သောသူသည် မိမိယုံကြည်ခြင်းကြောင့်အသက်
ရှင်လိမ့်မည်”* ဟူသောကျမ်းစာလာသည်နှင့်
အညီဖြစ်၏။

## လူအပေါင်းတို့သည် မှားယွင်းစွာပြုကြ၏

18ဘုရားသခင်၏ အမျက်တော်သည်
ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။ လူအပေါင်း
တို့သည် ဘုရားသခင်ကို ဆန့်ကျင်ကြကာ ပြု
သမျှသောဒုစရိုက်အပြစ်နှင့် မှားယွင်းခြင်းအ
ရာများတို့ကြောင့် ဘုရားသခင်သည် အမျက်
ထွက်တော်မူ၏။ သူတို့၌ သမ္မာတရားရှိသော်
လည်း၊ ဘုရားသခင်ကို ဆန့်ကျင်၍ အသက်
ရှင်ခြင်း၊ တရားကို လွန်ကျူးခြင်းအားဖြင့်သူတို့
သည် သမ္မာတရားကို ဖုံးကွယ်ကြ၏။ 19ဘုရား
သခင်သည်မိမိအမျက်တော်ကို ထင်ရှားစေ၏။
အကြောင်းမူကား၊ ဘုရားသခင်၏အကြောင်း
သိအပ်သောအရာရှိသမျှတို့သည် သူတို့တွင်
ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် လူတို့
အား သူ၏အကြောင်း သိအပ်သောအရာရှိသ
မျှတို့ကို ဖော်ပြတော်မူ၏။ 20လူတို့သည် ဘုရား
သခင်၏ထာဝရတန်ခိုးတော်နှင့် သူ့ကို ဘုရား
သခင်ဖြစ်ကြောင်း သက်သေပြသောသူ၏ဂုဏ်
အင်္ဂါတို့ကို မမြင်နိုင်ကြ။ သို့သော်လည်း၊ ကမ္ဘာ
တည်သည့်ကာလမှစ၍ သူဖန်ဆင်းတော်မူ
သော ထိုအရာများတို့က ထင်ရှားစေ၏။ ထို့
ကြောင့် လူတို့သည် သူတို့ပြုသည့်ဆိုးသောအ
မှုအရာများအတွက် ဆင်ခြေပေး၍ မရပါ။
21လူတို့သည် ဘုရားသခင်ရှိတော်မူသည်ကို သိ
ကြသော်လည်း၊ သူတို့သည် ဘုရားသခင်ကိုချီး
မွမ်းသင့်သည်အတိုင်းမချီးမွမ်း။ ဘုရားသခင်ကို
လည်း ကျေးဇူးမတင်ကြ။ လူတို့၏တွေးဆခြင်း
သည် အချည်းနှီးသက်သက်ဖြစ်လာ၏။ သူတို့၏
မိုက်မဲသောစိတ်နှလုံးသည် မှောင်မိုက်ခြင်းနှင့်
ပြည့်လေ၏။ 22လူတို့က ငါတို့သည် ပညာရှိ
သည် ဟုဆိုသောကြောင့်၊ သူတို့သည် မိုက်မဲ
သောသူ ဖြစ်လာကြ၏။ 23သူတို့သည် ထာဝရ
အသက်ရှင်တော်မူသော ဘုရားသခင်၏ဂုဏ်
တော်ကို ပယ်ကြ၍ လောကလူသားတို့နှင့်တူ
သောရုပ်တုများကို ကိုးကွယ်ခြင်းငှါ ထိုဂုဏ်
တော်ကို ကုန်သွယ်မှုပြုကြ၏။ သူတို့သည် ငှက်၊
တောရဲတိရစ္ဆာန်၊ တွားတတ်သောတိရစ္ဆာန်တို့
၏ပုံသဏ္ဌာန်ရုပ်တုများအတွက် ဘုရားသခင်၏

---

**“ဖြောင့်မတ်သော ... ရှင်လိမ့်မည်”** ဟဗက္ကုတ် 2:4

ဂုဏ်တော်ကို ကုန်သွယ်မှုပြုကြ၏။ 24လူတို့သည်
အပြစ်တရားနှင့်ပြည့်နေ၍၊အပြစ်ဒုစရိုက်ကိုသာ
ကျူးလွန်ခြင်းငှါအလိုရှိကြ၏။ ထိုကြောင့် သူတို့
၏အပြစ်ဒုစရိုက်ပွားများရာလမ်းသို့ လိုက်သွား
ကြရန် ဘုရားသခင်သည် သူတို့ကို ထားတော်
မူ၏။ သို့ဖြစ်၍သူတို့သည် မတရားသောမေ
ထုန်အပြစ်များနှင့် ပြည့်နှက်လာကြကာ၊ မိမိတို့
၏ကိုယ်ခန္ဓာကိုပင် မှားယွင်းစွာကိလေသာစိတ်
ညစ်ညူးခြင်း၌ အသုံးပြုလာကြ၏။ 25သူတို့သည်
ဘုရားသခင်၏သမ္မာတရားကိုသာ လိမ်လည်
ခြင်းအတွက် ကုန်သွယ်မှုပြုကြ၏။ သူတို့သည်
ဖန်ဆင်းထားသောအရာတို့ကို ဝတ်ပြုကိုးကွယ်
၍ အစေခံကြ၏။ သို့သော်လည်း၊ လူတို့သည်
သူတို့ကို ဖန်ဆင်းသောသူကိုဝတ်မပြု၊ မကိုး
ကွယ်ကြ။ ဘုရားသခင်သည် ထာဝရချီးမွမ်း
ခြင်းမင်္ဂလာရှိတော်မူ၏။ အာမင်။
26အကြောင်းမူကား၊ လူတို့သည် ထိုအရာ
များတို့ကို ပြုကြသောကြောင့်၊ သူတို့ပြုလို
သည့်ရှက်ကြောက်ဖွယ်သောအရာတို့ကို ပြုကြ
ရန် ဘုရားသခင်သည် သူတို့ကို ထားတော်မူ
၏။ မိန်းမတို့သည် ယောကျ်ားတို့နှင့် သဘာဝ
အတိုင်း လိင်ဆက်ဆံမှုကို စွန့်ကြကာ အခြားအ
သောမိန်းမတို့နှင့် အချင်းချင်းလိင်တူဆက်ဆံ
မှုကို ပြုကြ၏။ 27ထိုနည်းတူ၊ ယောကျ်ားတို့
သည်လည်း၊ မိန်းမတို့နှင့် သဘာဝအတိုင်း လိင်
ဆက်ဆံမှုကို စွန့်ကြ၏။ သို့သော်လည်း အခြား
သောယောကျ်ားတို့နှင့် လိင်တူဆက်ဆံမှုကို ပြု
ကြ၏။ သူတို့သည် ဤရှက်ကြောက်ဖွယ်သော
အရာတို့ကို ပြုသောကြောင့်သူတို့ ပြုသောမှား
ယွင်းခြင်းအပြစ်ကြောင့် မိမိတို့ကိုယ်ခန္ဓာ၌
ခံထိုက်သောအပြစ်ဒဏ်ကို ခံရကြ၏။
28လူတို့သည် ဘုရားသခင်အကြောင်းကို
သိခြင်းငှါအရေးကြီးသည်ဟု မထင်မှတ်ကြ။ ထို
ကြောင့် ဘုရားသခင်သည် ထိုသူတို့အား သူတို့
၏အချည်းနှီးကြံစည်ခြင်းသို့ အပ်တော်မူ၏။ သို့
ဖြစ်၍ ထိုသူတို့သည် မိမိတို့မပြုအပ်သောအ
ရာတို့ကို ပြုကြ၏။ 29ထိုသူတို့သည် အပြစ်မျိုး
စုံ၊မကောင်းမှုဒုစရိုက်၊ အတ္တဆန်လွန်းခြင်း၊မုန်း
တီးခြင်းစသည်တို့နှင့် ပြည့်နေကြ၏။ ထိုသူတို့
သည် မနာလိုခြင်း၊ လူအသက်ကိုသတ်ခြင်း၊ရန်
တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ အချင်းချင်းတစ်
ယောက်အကြောင်းကိုတစ်ယောက် ဆိုးညစ်
စွာကြံစည်ခြင်းတို့နှင့် ပြည့်လျှက်ရှိကြ၏။ ထိုသူ
တို့သည် အတင်းအဖျင်းစကားပြောဆိုကြ၏။
30အချင်းချင်း မကောင်းသောစကားကို
ကြမ်းတမ်းစွာ ပြောဆိုကြ၏။ ထိုသူတို့သည်
ဘုရားသခင်ကို မုန်းကြ၏။ သူတို့သည် ကြမ်း
တမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါ
ကြွားသောသူဖြစ်ကြ၏။ သူတို့သည် မကောင်း
သောအရာကို ပြုလုပ်ခြင်းငှါ အသစ်သောနည်း
လမ်းများကို ရှာဖွေကြ၏။ သူတို့သည် ကိုယ်မိ
ဘစကားကို နားမထောင်ကြ။ 31သူတို့သည်
မိုက်မဲသောသူ ဖြစ်ကြ၏။ သူတို့သည် မိမိတို့၏
ဂတိများကို မစောင့်၊ သစ္စာပျက်ကြ၏။ သူတို့
သည် အခြားသောသူတို့အား သနားခြင်းကရု
ဏာစိတ်ကို မပြကြ။ 32ထိုသူတို့သည် ဘုရား
သခင်၏ပညတ်တော်ကိုရင်း ထိုကဲ့သို့သောအ
ရာများကိုကျင့်သောသူများကိုသေခြင်းခံထိုက်
သောသူများကိုရင်း သိကြ၏။ သို့သော်လည်း
သူတို့သည် ကိုယ်တိုင်ကျင့်သည်သာမကထို သို့
ကျင့်သောအခြားသူတို့ကိုပင် အားပေးကြ၏။

## သင်တို့ယုဒလူမျိုးတို့သည်လည်း အပြစ်ကြီးကြ၏

2 သင်သည် သူတစ်ပါးကို စစ်ကြောစီရင်နိုင်
သည်ဟု ထင်မိလျှင်၊ သင်သည် မှားနေပြီ
ဖြစ်၏။ သင်သည်လည်း အပြစ်စီရင်ရန် ထိုက်
ပေ၏။ သင်သည် ထိုသူတို့ကို စစ်ကြောစီရင်
၏။ သို့သော်လည်း သင်သည် သူတို့နည်းတူ
မကောင်းသောအမှုကို ပြုပြီဖြစ်၏။ ထိုကြောင့်
သင်သည် သူတို့အား စစ်ကြောစီရင်ရာတွင်
ကိုယ်အပြစ်ရှိကြောင်းကို အမှန်စီရင်ဆုံးဖြတ်
လျှက်ရှိ၏။ 2ဘုရားသခင်သည် ထိုအမှားများ
ကို ပြုသောသူတို့အား တရားစီရင်တော်မူ၏။
ဘုရားသခင်၏တရားစီရင်ချက်သည် တရား
မျှတသည်ကို ငါတို့သိကြ၏။ ထိုသို့သောအမှား

များကို ပြုသောသူတို့အား သင်တို့သည်လည်း
စစ်ကြောစီရင်ကြ၏။ **3**သို့သော်လည်း၊ ထိုအ
မှားများကို သင်ကိုယ်တိုင်ပြု၏။ ထို့ကြောင့်
ဘုရားသခင်သည် သင်အား တရားစီရင်မည့်
အကြောင်း သင်သိရမည်။ သင်သည် ထွက်
ပြေးတိမ်းရှောင်ရန် တတ်နိုင်လိမ့်မည်မဟုတ်။
**4**ဘုရားသခင်သည် သင့်အပေါ်၌ အလွန်ကြင်
နာမှုရှိ၏။ ဘုရားသခင်သည် သင့်အပေါ်၌
သည်းခံတော်မူ၏။ သင်သည် နောင်တရ၍
ပြောင်းလဲလာရန် ဘုရားသခင်သည် စောင့်
တော်မူ၏။ သို့သော်လည်း၊ သင်သည် သူ၏
ကြင်နာမှုကို မထီမဲ့မြင်ပြု၍ မသိမမှတ်ဘဲနေ
၏။ သင်၏စိတ်နှလုံးနှင့် အသက်တာကိုပြောင်း
လဲမည်အကြောင်း ဘုရားသခင်သည် သင့်အ
ပေါ်၌ ကြင်နာသနားခြင်းရှိသည်ကို သင်သည်
နားလည်ခြင်းမရှိ။ **5**သို့သော်လည်း၊ သင်သည်
စိတ်ခိုင်မာ၍ စိတ်နှလုံးနှင့်အသက်တာကိုမ
ပြောင်းလဲကြောင့် သင်သည် မိမိ၏အပြစ်ဒဏ်
ကို ပို၍ကြီးသည် ထက်ကြီးစေ၏။ ဘုရားသခင်
သည် မိမိ၏အမျက်တော်ကို ထင်ရှားစေသော
နေ့သို့ ရောက်သောအခါ သင်သည် ထိုအပြစ်
ဒဏ်ကိုခံရကြလိမ့်မည်။ ထိုနေ့တွင် လူတို့သည်
ဘုရားသခင်၏ဖြောင့်မတ်စွာ တရားစီရင်တော်
မူခြင်းကို မြင်ရလိမ့်မည်။ **6**ဘုရားသခင်သည်
လူအသီးသီးတို့အား မိမိတို့ကျင့်ခဲ့သည့်အတိုင်း
ဆုလာဒ်သို့မဟုတ် အပြစ်ဒဏ်ကို ပေးတော်
မူလိမ့်မည်။ **7**အချို့သောသူတို့သည် ဘုရား
သခင်ထံတော်မှ ဘုန်းအသရေတော်ကိုလည်း
ကောင်း၊ ကြည်ညိုလေးစားခြင်းကိုလည်း
ကောင်း၊ မပျက်စီးနိုင်သောအသက်တာကို
လည်းကောင်း အလိုရှိကြ၏။ ထိုသူတို့သည် ထို
အရာများတို့ကိုရရှိရန် ကောင်းသောအကျင့်
ကို အမြဲကျင့်၏။ ဘုရားသခင်သည် ထိုသူတို့
အား ထာဝရအသက်ကို ပေးတော်မူလိမ့်မည်။
**8**သို့သော်လည်း၊ အခြားသောလူတို့သည် တစ်
ကိုယ်ကောင်းဆန်သောအတ္တစိတ်ရှိ၍၊ သမ္မာ
တရားလမ်း၌ လိုက်လျှောက်ခြင်းငှါ ငြင်းပယ်
ကြ၏။ ထိုသူတို့သည် အပြစ်ဒုစရိုက်နောက်သို့
လိုက်ကြ၏။ ဘုရားသခင်သည် ထိုသူတို့ကိုပြင်း
ထန်သောဒေါသအမျက်ထွက်၍ အပြစ်စီရင်
တော်မူလိမ့်မည်။ **9**ဘုရားသခင်သည် ဆိုးညစ်
သောအမှုကို ပြုသောသူရှိသမျှတို့ အပေါ်၌
ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာကို ရှေးဦးစွာ၌
ယုဒလူ၊ နောက်၌ ယုဒလူမဟုတ်သော အခြား
သောလူမျိုးတို့အပေါ်၌ကျရောက်စေလိမ့်မည်။
**10**သို့သော်လည်း၊ ဘုရားသခင်သည် ကောင်း
သောအကျင့်ကို ကျင့်သောသူရှိသမျှ တို့အပေါ်
၌ဘုန်းအသရေကြည်ညိုလေးစားခြင်း၊ငြိမ်သက်
ခြင်း၊ ချမ်းသာခြင်းကို ရှေးဦးစွာ၌ယုဒလူ၊
နောက်၌ ယုဒမဟုတ်သောလူမျိုးတို့ပေါ်၌သက်
ရောက်စေလိမ့်မည်။ **11**ဘုရားသခင်သည် အ
ဘယ်သူ၏မျက်နှာကိုမှ မှတ်တော်မမူ။
**12**ပညတ်တရားကို သိသောသူတို့နှင့်ပညတ်
တရားကို တစ်ခါမျှမကြားဖူးသောသူတို့သည်
ပြစ်မှားကြသောအခါ သူတို့သည် ခြားနားခြင်း
မရှိ၊ အတူတူပင်ဖြစ်ကြ၏။ ပညတ်တရားကို
မသိဘဲ ပြစ်မှားသူတို့သည် ပျက်စီးခြင်းသို့
ရောက်ကြလိမ့်မည်။ ထိုနည်းတူ ပညတ်တရား
ကို သိလျက်နှင့် ပြစ်မှားသောသူတို့သည် ထို
ပညတ်တရားအားဖြင့် တရားစီရင်ခြင်းကို ခံကြ
ရလိမ့်မည်။ **13**ပညတ်တရားကို ကြားနာခြင်း
သည် လူတို့ကို ဘုရားသခင်ရှေ့တော်၌ ဖြောင့်
မတ်စေသည်မဟုတ်။ လူတို့သည်ပညတ်တရား
၏သွန်သင်ချက်များကို လိုက်နာ၍ ကျင့်မှုသာ
သူတို့သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်
ခြင်းသို့ရောက်လိမ့်မည်။ **14**ယုဒလူမဟုတ်သော
အခြားသောလူမျိုးတို့သည် ပညတ်တရားမရှိ
ကြ။ သို့သော်လည်း၊ သူတို့သည် ပညတ်တရား
မရှိကြသော်လည်း ကိုယ်အလိုအလျောက်ကျင့်
သောအခါ တရားတော်သည် ကွပ်ကဲတော်မူ
၏။ ထို့နောက် သူတို့သည် ကိုယ်ကျင့်တရားကို
အမှီပြုကြ၏။ သူတို့၌ပညတ်တရားမရှိကြသော်
လည်း ထိုအရာသည်မှန်၏။ **15**ဤလူတို့သည်
ဘယ်အရာမှန်သည်၊ ဘယ်အရာမှားသည်ကို
သူတို့စိတ်နှလုံး၌ ခွဲခြားသိမြင်နိုင်ကြ၏။ ဤအ
ရာသည် မိမိတို့၏စိတ်နှလုံးထဲ၌ ရေးသားသော

တရား၏အကျိုးကို ထင်ရှားစွာပြကြ၏။ တစ်
ခါတစ်ရံ မိမိမှားယွင်းကြောင်းကို သူတို့သိရှိနား
လည် သဘောပေါက်၍ တစ်ခါတစ်ရံ မိမိမမှား
ယွင်းကြောင်းကို သူတို့သိကြ၏။ 16ဤအမှုသည်
တရားစီရင်သောနေ့၌ ထင်ရှားပေါ်ထွန်းလာ
လိမ့်မည်။ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
၌ငါဟောပြောထားသည့်အတိုင်း ဘုရားသခင်
သည် ခရစ်တော်ယေရှုအားဖြင့် လူအသီးသီး
တို့၏လျှို့ဝှက်သောအကြံအစည်တို့ကို တရားစီ
ရင်လိမ့်မည်။

## ယုဒလူတို့နှင့် ပညတ်တရား

17သင်တို့၌အဘယ်သို့နည်း။ သင်တို့က ‘ငါ
တို့သည် ယုဒလူမျိုးဖြစ်ကြသည်’ ဟုဆိုကြ၏။
သင်တို့သည် ပညတ်တော်ကို ကိုးစားကြ၍ ငါ
တို့သည် ဘုရားသခင်နှင့် နီးကပ်သောလူမျိုး
ဖြစ်ကြသည်ဟု ဝါကြွားကြ၏။ 18ဘုရားသခင်
သည် သင်တို့ကို အဘယ်သို့ကျင့်စေလိုကြသည်
ကို သင်တို့သိကြ၏။ သင်တို့သည် ပညတ်တော်
ကို လေ့လာဆည်းပူးပြီးဖြစ်သောကြောင့် အ
ရေးကြီးသောအရာတို့ကို သိကြ၏။ 19သင်က
‘ငါသည် မှန်သောလမ်းကို မသိသောသူတို့
အား လမ်းပြသောသူဖြစ်သည်’ ဟုထင်မှတ်၏။
ငါသည် မှောင်မိုက်၌ရှိသောသူတို့အတွက် အ
လင်းဖြစ်သည် ဟုထင်မှတ်၏။ 20‘ငါသည် လူ
မိုက်တို့အား မှန်သောတရားသည် အဘယ်
တရားဖြစ်သည်ကို ဖော်ပြပေးနိုင်သည်’ ဟုထင်
မှတ်၏။ သင်က ‘ငါသည် သင်ယူရန် လိုအပ်
နေသေးသော သူတို့အတွက် ဆရာဖြစ်သည်’
ဟုထင်မှတ်၏။ သင်၌ ပညတ်တရားရှိသော
ကြောင့်သင်က ‘ငါသည် ခပ်သိမ်းသောအရာ
တို့ကိုသိ၍သမ္မာတရားအလုံးစုံကိုလည်းရှိသည်’
ဟုထင်မှတ်၏။ 21သင်သည် အခြားသောသူကို
သွန်သင်၏။ သို့ဖြစ်လျှင် သင်သည် အဘယ်
ကြောင့် ကိုယ့်ကိုကိုယ် မသွန်သင်ဘဲ နေသ
နည်း။ သင်က ‘လူတို့အား သူတစ်ပါးဥစ္စာကို
မခိုးရ’ ဟုဆို၏။ သို့သော်လည်း၊ သင်ကိုယ်
တိုင်ခိုးယူ၏။ 22သူ့မယားကို မပြစ်မှားရ ဟုဆို
၏။ သို့သော်လည်း၊ သင်ကိုယ်တိုင်ပင် ထိုအ
ပြစ်ကို ကျူးလွန်၏။ သင်သည် ရုပ်တုဆင်းတု
ကိုးကွယ်ခြင်းကို မုန်း၏။ သို့သော်လည်း၊ သင်
သည် ဗိမာန်တော်များမှခိုးယူ၏။ 23သင်သည်
ဘုရားသခင်၏ပညတ်တော်တရားအားဖြင့် ဝါ
ကြွားလျက်ရှိ၏။ သို့သော်လည်း သင်သည် သူ
၏ပညတ်တရားကို ချိုးဖောက်ခြင်းအားဖြင့်
ဘုရားသခင်၏ ဂုဏ်အသရေတော်ကို ရှုံ့ချ၍
ရှက်ဖွယ်ရာဖြစ်စေ၏။ 24“ယုဒလူမဟုတ်သော
အခြားသော လူမျိုးတို့သည် ယုဒလူမျိုးတို့၏အ
ကျင့်ကို ထောက်၍ ဘုရားသခင်၏နာမတော်
ကို ကဲ့ရဲ့၍ဆိုးသောအရာများတို့ကို ပြောတတ်
ကြသည်”* ဟုကျမ်းစာ၌ ရေးထားလျက်ရှိ၏။
25သင်သည်ပညတ်တော်ကို လိုက်လျှောက်
လျှင် သင်၏အရေဖျားလှီးခြင်းသည် အဓိပ္ပါယ်ရှိ
၏။ သို့သော်လည်း၊ သင်သည် ပညတ်တော်ကို
ချိုးဖောက်လျှင် သင်သည် တစ်ကြိမ်တစ်ခါမျှ
အရေဖျားမလှီးသကဲ့သို့ ဖြစ်၏။ 26ယုဒလူမ
ဟုတ်သော အခြားသောလူမျိုးတို့သည် အရေ
ဖျားလှီးခြင်းကိုမခံ။ သို့သော်လည်း သူတို့သည်
ပညတ်တော်တို့ကို လိုက်လျှောက်လျှင် သူတို့
သည် အရေဖျားလှီးသကဲ့သို ဖြစ်၏။ 27သင်
တို့ယုဒလူမျိုးတို့သည် ပညတ်တရားတော်နှင့်
အရေဖျားလှီးခြင်းရှိကြ၏။ သို့သော်လည်း သင်
တို့သည် ထိုပညတ်တရားတို့ကို ချိုးဖောက်ကြ
၏။ ထို့ကြောင့် သူတို့သည် အရေဖျားလှီးခြင်း
၏လက်အောက်၌ မရှိကြသော်လည်း ပညတ်
တော်ကို လိုက်လျှောက်ခြင်းအားဖြင့် သင်တို့
သည် ပညတ်တရားကို လွန်ကျူးကြောင်း ထင်
ရှားစေ၏။

28လူတစ်ဦးသည် အပြင်အားဖြင့်သာ ယုဒ
လူဖြစ်လျှင် ထိုသူသည် ယုဒလူအမှန်မဟုတ်။
မှန်သောအရေဖျားလှီးခြင်းမှာ ကိုယ်ခန္ဓာ၏ပြင်
ပ၌သာ တည်သည်မဟုတ်။ 29လူတစ်ဦးသည်
အတွင်းအားဖြင့် ယုဒလူဖြစ်လျှင် ထိုသူသည်
ယုဒလူအမှန်ဖြစ်၍ မှန်သောအရေဖျားလှီးခြင်း
သည် စိတ်နှလုံး၌ဖြစ်၏။ ထိုအရာသည် ရေး

---

**“ယုဒလူမဟုတ် … တတ်ကြသည်”** ဟေရှာယ 52:5

ထားသောပညတ်တော်အားဖြင့် မဟုတ်ဘဲ
ဝိညာဉ်တော်အားဖြင့် ဖြစ်၏။ မှန်သောအရေ
ဖျားလှီးခြင်းကို ဝိညာဉ်တော်အားဖြင့် ခံသော
သူသည် ချီးမွမ်းခြင်းကို လူတို့ထံမှမဟုတ်၊
ဘုရားသခင်ထံတော်မှရ၏။

**3** ထိုသို့ဖြစ်လျှင်ယုဒလူတို့သည်အခြားသော
လူမျိုးတို့ထက် သာသောအရာရှိပါသ
လော။ အရေဖျားလှီးခြင်းအားဖြင့် အဘယ်အ
ကျိုးထူးရှိသနည်း။ 2 မှန်ပေ၏။ ယုဒလူတို့သည်
အကျိုးများစွာရှိ၏။ အရေးအကြီးဆုံးသောအ
ရာမှာ ဘုရားသခင်သည် ယုဒလူမျိုးတို့အား
မိမိ၏သွန်သင်ခြင်းကို ပေး၍ယုံကြည်စိတ်ချ
တော်မူ၏။ 3 အချို့သောယုဒလူတို့သည် ဘုရား
သခင်၌သစ္စာမရှိကြသည်မှာ မှန်ပါ၏။ သို့ဖြစ်
လျှင် ဘုရားသခင်သည် သူ၏ဂတိတော်အ
တိုင်းပြုခြင်းမှ ရပ်ဆိုင်းလိမ့်မည်လော။ 4 မရပ်
ဆိုင်းပါ။ လူခပ်သိမ်းတို့သည် သစ္စာပျက်ကြ
သော်လည်း ဘုရားသခင်သည် မိမိဂတိသစ္စာ
တော်မှန်ကြောင်းကို ဆက်လက်တည်စေ၏။
ကျမ်းစာ၌ ဆိုထားသည်မှာ၊

> “ဘုရားသခင်၊ ကိုယ်တော်သည် ဖြောင့်
> မတ်တော်မူကြောင်းကို ကိုယ်တော်မိန့်
> တော်မူသော စကားအားဖြင့် သက်သေ
> ထင်ရှားပါလိမ့်မည်။ ကိုယ်တော်သည်
> တရားစီရင်သောအခါ အောင်မြင်တော်
> မူလိမ့်မည်။” *ဆာလံ၊ 51:4*

5 ငါတို့သည် အမှားကိုပြုမိသောအခါဘုရား
သခင်သည် ဖြောင့်မတ်တော်မူကြောင်းကို ထို
အရာများအားဖြင့် ထင်ရှားလျက်ရှိ၏။ ထို့
ကြောင့် သူသည် ငါတို့အား ပစ်ဒဏ်ပေးသော
အခါ ဘုရားသခင်သည် အမှားပြုသည်ဟု အ
ကျွန်ုပ်တို့ ပြောဆိုနိုင်မည်လော။ အချို့သော
လူတို့ဆိုသကဲ့သို့ ငါဆို၏။ 6 ဘုရားသခင်သည်
ငါတို့ကို ပစ်ဒဏ်ပေးခြင်းမပြုနိုင်သည်ရှိသော်
သူသည် လောကီသားတို့ကို တရားစီရင်ခြင်း
ပြုနိုင်မည်မဟုတ်။

7 လူတစ်ယောက်က “ကျွန်ုပ်သည် မုသာ
ပြောသောအခါ ထိုမုသာစကားသည် ဘုရား
သခင်အား ဘုန်းသရေကို အမှန်ပေးတော်မူ၏။
အကြောင်းမူကား၊ ကျွန်ုပ်၏မုသာပြောခြင်း
သည် ဘုရားသခင်၏သမ္မာတရားကို ထင်ရှား
စေသည်” ဟုပြောဆိုနိုင်မည်လော။ 8 ထိုသို့ဆို
လျှင် ငါသည် အပြစ်ရှိသောသူတစ်ယောက်
ကို အဘယ်ကြောင့် တရားစီရင်ပါသနည်း။
“ကောင်းသောအကျိုးတစုံတခု ရှိစေခြင်းငှါ
မကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့” ဟု
ပြောဆိုခြင်းနှင့် အတူတူပင်ဖြစ်၏။ ငါတို့သည်
ဤအရာများကို သွန်သင်ကြသည် ဟုလူအချို့
တို့သည် ပြောဆိုလျက် ငါတို့ကို ကဲ့ရဲ့ပြောဆို
ကြ၏။ ထိုအရာများကို ပြောဆိုသောလူတို့
သည် မှားကြသည်ဖြစ်၍ သူတို့သည် အပြစ်စီ
ရင်တော်မူခြင်းကို ခံရကြမည်ဖြစ်၏။

## လူအပေါင်းတို့သည် အပြစ်ရှိကြ၏

9 ထို့ကြောင့် ငါတို့သည်ယုဒလူမျိုးဖြစ်လျက်
အခြားသောလူမျိုးတို့ထက်သာ၍ ကောင်းမွန်
ကြပါသလော။ ယုဒလူမျိုးတို့နှင့် ယုဒလူမျိုး
မဟုတ်သော အခြားသောလူမျိုးတို့သည် အတူ
တူပင် ဖြစ်ကြသည်ဟု ငါတို့ဆိုခဲ့ပြီးဖြစ်၏။ သူ
တို့အားလုံးတို့သည် အပြစ်၏ထိန်း ချုပ်ခြင်း
အောက်၌ရှိကြ၏။ 10 ကျမ်းစာ၌ဆိုထားသည်မှာ

> “အပြစ်နှင့်ကင်းသောသူမရှိ။တစ်ယောက်
> မျှမရှိ။
> 11 နားလည်သောသူ တစ်ယောက်မျှမရှိ။
> ဘုရားသခင်ကို အမှန်ရှာသောသူတစ်
> ယောက်မျှမရှိ။
> 12 လူအပေါင်းတို့သည် အဝေးသို့လမ်းလွဲ
> ကြပြီ။ သူတို့သည် အသုံးမရသောသူ
> များ ဖြစ်လာကြကုန်၏။ ကောင်းသော
> အရာကို ပြုသောသူမရှိ။ တစ်ယောက်
> မျှမရှိ။” *ဆာလံ၊ 14:1-3*

> 13 “လူတို့၏ပါးစပ်သည် ဖွင့်ထားသော
> သင်္ချိုင်းတွင်းနှင့်တူ၏။ သူတို့သည် မိမိတို့
> ၏လျှာကို မုသာဖြင့်လှည့်ဖြားခြင်း၌ အ
> သုံးပြုကြ၏။” *ဆာလံ၊ 5:9*

"သူတို့ပြောသော အရာများတို့သည် မြွေဆိုးတို့၏အဆိပ်များနှင့် တူကြ၏။"

*ဆာလံ၊ 140:3*

14"သူတို့၏နှုတ်သည် ကျိန်ဆဲသောစကား၊ ကြမ်းတမ်း၍ ခါးသောစကားနှင့် ပြည့်ဝ၏။"

*ဆာလံ၊ 10:7*

15"လူတို့သည် အစဉ်အမြဲ နာကျင်စေဖို့ရန်နှင့် သတ်ဖို့ရန် အဆင်သင့်ဖြစ်ကြ၏။

16 သူတို့သွားရောက်သော နေရာတိုင်း၌ သူတို့သည် ပျက်စီးယိုယွင်းခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းများကိုဖြစ်ပေါ်စေတတ်ကြ၏။

17 လူတို့သည် ငြိမ်းချမ်းသောလမ်းကို မသိကြ။"

*ဟေရှာယ၊ 59:7-8*

18"သူတို့၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသို့မဟုတ်ကြည်ညိုလေးစားခြင်းသဘောမရှိကြ။"

*ဆာလံ၊ 36:1*

19ပညတ်တရား၌ ဆိုသောဤအရာများတို့
သည် ပညတ်တရားအောက်၌ ရှိသောလူတို့အ
တွက်ဖြစ်၏။ ထို့ကြောင့် အဘယ်သူမျှ စကား
ပြောခြင်းငှါ အခွင့်ရှိမည်မဟုတ်။ လောကီသား
အပေါင်းတို့သည် ဘုရားသခင်၌ အပြစ်သင့်
သောသူဖြစ်ကြလိမ့်မည်။ 20အကြောင်းမူကား၊
ပညတ်တရားကို လိုက်လျှောက်ခြင်းအားဖြင့်
ဘုရားသခင်၏ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်
မတ်ခြင်းသို့မရောက်နိုင်။ ထိုပညတ်တရား
သည် ငါတို့၏အပြစ်ကိုသာ ဖော်ပြ၍ ထင်ရှား
စေတော်မူ၏။

## ဘုရားသခင်သည် လူတို့ကို မည်သို့ ဖြောင့်မတ်စေခြင်း

21သို့သော်လည်း၊ ဘုရားသခင်၌ လူတို့
အား ပညတ်တရားကို လိုက်လျှောက်ခြင်းမလို
ဘဲ၊ ဖြောင့်မတ်ရာသို့ ရောက်နိုင်သောနည်း
လမ်းတစ်ခုရှိတော်မူ၏။ ဘုရားသခင်သည် ယ
ခုတွင် ထိုအသစ်သောနည်းလမ်းကို ငါတို့အား
ဖော်ပြတော်မူ၏။ ပညတ်တရားနှင့် ပရောဖက်
တို့သည် ထိုအသစ်သောနည်းလမ်း အကြောင်း
ကို ငါတို့အား ဟောပြောကြ၏။ 22ဘုရားသခင်
သည် လူတို့အား ယေရှုခရစ်၌ သူတို့၏ယုံ
ကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူ၏။
ဘုရားသခင်သည် ခရစ်တော်ကိုယုံကြည်သော
သူ အပေါင်းတို့အတွက် ထိုအရာကို ပြုတော်မူ
၏။ လူအပေါင်းတို့သည် ခြားနားခြင်း အလျှင်း
မရှိ။ အတူတူပင် ဖြစ်ကြ၏။ 23လူအပေါင်းတို့
သည် ဒုစရိုက်အပြစ်ကိုပြု၍ ဘုရားသခင်ရှေ့
တော်၌ အသရေပျက်ကြပြီ။ 24ယခုတွင် လူတို့
သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်
အခမဲ့လက်ဆောင်အဖြစ် ဖြောင့်မတ်ရာသို့
ရောက်ရကြ၏။ လူတို့သည် ယေရှုခရစ်အားဖြင့်
ဖြောင့်မတ်ရာသို့ ရောက်ခြင်းကြောင့် သူတို့၏
အပြစ်မှ လွှတ်မြောက်ခြင်းအခွင့်ကို ရကြ၏။
25ယုံကြည်ခြင်းအားဖြင့်လူတို့၏အပြစ်များလွှတ်
ခြင်းအခွင့်ကို ရရှိစေခြင်းငှါ ဘုရားသခင်သည်
ယေရှုကို ပေးတော်မူ၏။ ဘုရားသခင်သည်
ယေရှု၏အသွေးတော်အားဖြင့် အပြစ်လွှတ်
တော်မူ၏။ အဘယ်အရာသည် ဖြောင့်မတ်၍
မျှတသည်ကို အစဉ်အမြဲပြုတော်မူသည်ကိုထင်
ရှားစေခြင်းငှါ ဘုရားသခင်သည် ယေရှုကို ပေး
တော်မူ၏။ ဘုရားသခင်သည်လွန် ခဲ့ပြီးသော
ကာလတွင် လူတို့၏အပြစ်ဒုစရိုက်များအတွက်
စိတ်ရှည်သည်းခံတော်မူခြင်း၊ အပြစ်ဒဏ်ပေး
တော်မူခြင်း မပြုသည့်အရာတွင် ဘုရားသခင်
သည် ဖြောင့်မတ်တော်မူ၏။ 26ယနေ့တွင်
ဘုရားသခင်သည် မိမိပြုသောအရာဟူသမျှ
မှန်ကန်ကြောင်း ထင်ရှားစေခြင်းငှါ ယေရှုကို
ပေးတော်မူ၏။ ဘုရားသခင်သည် လူတို့အား
တရားမျှတစွာ စီရင်နိုင်စေခြင်းငှါဖြင့်၊ တချိန်
တည်းမှာပင်ယေရှုကိုယုံကြည်သူတို့အားဖြောင့်
မတ်ရာသို့ ရောက်စေခြင်းငှါဖြင့်၊ ဤအရာကို
ပြုတော်မူ၏။

27ထို့ကြောင့် ငါတို့သည် အဘယ်သို့ ကိုယ့်
ကိုကိုယ် ဝါကြွားစရာအကြောင်း ရှိနိုင်ကြမည်

နည်း။ အဘယ်ကြောင့် နည်းဟူမူကား၊ ဝါကြွား
စရာအခွင့်အကြောင်း ရှိသမျှတို့ကို ရပ်တန့်ကုန်
ဆုံးစေသောကြောင့် ဖြစ်၏။ ပညတ်တရားကို
ကျင့်သောနည်းလမ်း မဟုတ်ဘဲ၊ ယုံကြည်ခြင်း
နည်းလမ်းဖြစ်၏။ [28]အကြောင်းမူကား၊ လူတစ်
ယောက်သည် ပညတ်တရားကို ကျင့်သော
နည်းလမ်းအားဖြင့် မဟုတ်ဘဲ ယုံကြည်ခြင်း
အားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်နိုင်၏။
ဤအရာသည် ငါတို့၏ယုံကြည် ခြင်းအရာဖြစ်
၏။ [29]ဘုရားသခင်သည် ယုဒလူမျိုးတို့၏ဘုရား
သာ ဖြစ်တော်မူသည်မဟုတ်။ သူသည် ယုဒလူ
မျိုးမဟုတ်သော အခြားသောလူမျိုးတို့၏ဘုရား
လည်း ဖြစ်တော်မူ၏။ [30]ဘုရားသခင်တစ်ဆူ
တည်း ရှိတော်မူ၏။ ဘုရားသခင်သည် ယုဒ
လူမျိုးတို့ကိုသာ ယုံကြည်ခြင်းအားဖြင့် ဖြောင့်
မတ်ခြင်းကို ပေးတော်မူသည်မဟုတ်။ ယုဒလူ
မျိုးမဟုတ်သော တစ်ပါးသောလူမျိုး* တို့ကို
လည်း ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း
ကို ပေးတော်မူ၏။ [31]ထို့ကြောင့် ငါတို့သည်
ယုံကြည်ခြင်းနည်းလမ်းကို လိုက်လျှောက်ခြင်း
အားဖြင့် ပညတ်တရားကို ပျက်စီးစေပါသ
လော။ မပျက်စီးစေပါ။ ယုံကြည်ခြင်းသည် ငါ
တို့အား ပညတ်တရား၏အလိုကို အမှန်ပြည့်စုံ
စေတော်မူမည်။

## အာဗြဟံ၏ပုံသက်သေ

4 ထို့ကြောင့် ငါတို့အဘအာဗြဟံ၏အ
ကြောင်းကို ငါတို့သည် အဘယ်သို့ပြောဆို
နိုင်ကြမည်နည်း။ သူသည် အဘယ်အရာကိုသင်
ယူခဲ့ပါသနည်း။ [2]အာဗြဟံသည် မိမိပြုသောအ
မှုအရာတို့အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်
လျှင်သူ၌ဝါကြွားစရာအကြောင်းရှိ၏။သို့သော်
လည်း အာဗြဟံသည် ဘုရားသခင်၏ရှေ့တော်
၌အလျှင်းမဝါကြွားနိုင်။ [3]“အာဗြဟံသည်ဘုရား
သခင်ကို ယုံကြည်၏။ ဘုရားသခင်သည်
အာဗြဟံ၏ ယုံကြည်ခြင်းကို လက်ခံတော်မူ၏။
ထိုအရာသည် အာဗြဟံအား ဘုရားသခင်ရှေ့
တော်၌ ဖြောင့်မတ်စေတော်မူ၏”* ဟုကျမ်း
စာလာ၏။

[4]လူတစ်ယောက်သည် အလုပ်လုပ်သောအ
ခါ သူ၏လုပ်အားခသည် သူ့ကို လက်ဆောင်
အဖြစ်ပေးသည်မဟုတ်။ သူသည် သူရသောအ
ဖိုးအခကို အလုပ်လုပ်ခြင်းဖြင့်ရ၏။ [5]သို့သော်
လည်း၊ လူတစ်ယောက်သည် ဘုရားသခင်ရှေ့
တော်၌ ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိစေခြင်းငှါ
သူသည် အဘယ်အရာကို မျှမလုပ်နိုင်။ ထို့
ကြောင့် ထိုသူသည် ဘုရားသခင်ကိုသာ ကိုး
စားရမည်။ ထို့နောက် ဘုရားသခင်သည် ထို
သူ၏ယုံကြည်ခြင်းကို လက်ခံတော်မူမည်။ ထို
အရာသည် သူ့အား ဘုရားသခင်ရှေ့တော်၌
ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိစေမည်ဖြစ်၏။
ဘုရားသခင်သည်ဆိုးသောသူတို့ကိုပင် ဖြောင့်
မတ်စေတော်မူသောသူဖြစ်တော်မူ၏။[6]ထိုနည်း
တူ ဒါဝိဒ်က မြွက်ဆိုသည်မှာ၊ ဘုရားသခင်သည်
လူတစ်ယောက်အား သူပြုသောအကျင့်များကို
မထောက်ဘဲ ကောင်းသောလူတစ်ယောက်ကဲ့
သို့လက်ခံတော်မူလျှင် ထိုလူသည် အမှန်စင်
စစ်မင်္ဂလာရှိသောသူဖြစ်သည်” ဟုဆို၏။

[7] “လူတို့သည် သူတို့၏အမှားများကို ခွင့်
လွှတ်ခြင်း၊ သူတို့၏အပြစ်များကို ဖုံးအုပ်
ခြင်းခံရသောအခါ အမှန်စင်စစ် မင်္ဂလာ
ရှိသောသူများ ဖြစ်ကြ၏။
[8] သခင်ဘုရားသည် လူတစ်ယောက်အား
အပြစ်ကင်းစင်သောသူကဲ့သို့ယူဆတော်
မူသောအခါ ထိုသူသည် မင်္ဂလာရှိသော
သူဖြစ်၏။”

*ဆာလံ၊ 32:1-2*

[9]ထိုဝမ်းမြောက်ခြင်း မင်္ဂလာကို အရေဖျား
လှီးခြင်းကို ခံသောသူတို့အတွက်သာလျှင် ဖြစ်
ပါသလော။ သို့မဟုတ် ထိုဝမ်းမြောက်ခြင်း
မင်္ဂလာသည် အရေဖျားလှီးခြင်းကို မခံသော

---

**တစ်ပါးသောလူမျိုး** မူရင်းအရ (အရေဖျားလှီးခြင်းမင်္ဂ
လာမခံခြင်း)

**“အာဗြဟံ … စေတော်မူ၏”** ကမ္ဘာ 15:6

လူမျိုးတို့အတွက်လည်း ဖြစ်ပါသလော။ ဘုရား
သခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို လက်ခံ
တော်မူ၍ထိုယုံကြည်ခြင်းသည် သူ့အား ဘုရား
သခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိ
စေသည်ဟု ငါတို့ပြောဆိုခဲ့ပြီးဖြစ်၏။ 10ထို
ကြောင့် ဤအရာသည်အဘယ်သို့ ဖြစ်ပျက်ခဲ့ပါ
သနည်း။ ဘုရားသခင်သည် အာဗြဟံအား
အရေဖျားလှီးခြင်းကို မခံမီလက်ခံတော်မူသ
လော။ သို့မဟုတ် အရေဖျားလှီးခြင်းကိုခံပြီးမှ
လက်ခံတော်မူသလော။ ဘုရားသခင်သည်
အာဗြဟံအား အရေဖျားလှီးခြင်းကိုမခံမီ လက်
ခံတော်မူ၏။ 11အာဗြဟံသည် ယုံကြည်ခြင်း
အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ရှိကြောင်း
ကို ထင်ရှားစေခြင်းငှါအရေဖျားလှီးခြင်းကိုခံ၏။
အာဗြဟံသည် အရေဖျားလှီးခြင်းကိုမခံမီကပင်
သူ၏ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့
ရောက်ရှိကြောင်းကို သူ၏အရေဖျားလှီးခြင်း
သည် သက်သေခံအထောက်အထားပင်ဖြစ်
၏။ ထို့ကြောင့် အာဗြဟံသည် အရေဖျားလှီး
ခြင်းကိုမခံသော ယုံကြည်သူအပေါင်းတို့၏အဘ
ဖြစ်လာ၏။ ထို့နောက် ထိုယုံကြည်သောသူ
သည်လည်း ဖြောင့်မတ်ရာသို့ ရောက်သကဲ့သို့
လက်ခံနိုင်မည့်အကြောင်းဖြစ်၏။ 12ထို့အပြင်
အာဗြဟံသည် အရေဖျားလှီးခြင်းကိုခံသောသူ
တို့၏အဘလည်း ဖြစ်၏။ သို့သော်လည်း သူတို့
၏အရေဖျားလှီးခြင်းသည် အာဗြဟံကို သူတို့၏
အဘအရာ၌ ဖြစ်စေတော်မူသည်မဟုတ်။
အာဗြဟံသည် အရေဖျားလှီးခြင်းကို မခံမီက
ပင် သူလိုက်လျှောက်ခဲ့သောယုံကြည်ခြင်းအ
တိုင်း သူတို့သည် လိုက်လျှောက်ခြင်းရှိမှသာ
လျှင် သူသည် သူတို့၏အဘဖြစ်ပေမည်။

## ဘုရားသခင်၏ဂတိတော်ကို ယုံကြည်ခြင်းအားဖြင့် လက်ခံခြင်း

13အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့သည်
ဂတိတော်ကို လက်ခံရရှိကြ၏။ သူတို့သည် ဤ
လောကတစ်ခုလုံးကို ရရှိကြပါမည်။ သို့သော်
လည်း အာဗြဟံသည် ပညတ်တရားကို လိုက်
လျှောက်ခြင်းအားဖြင့် ထိုဂတိတော်ကို ရရှိ
သည်မဟုတ်။* အာဗြဟံသည် မိမိယုံကြည်ခြင်း
အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်
ခြင်းအခွင့်ကိုရရှိ၏။ 14လူတို့သည် ဘုရားသခင်
ဂတိပေးတော်မူသောအရာတို့ကိုပညတ်တရား
လိုက်လျှောက်ခြင်းအားဖြင့် ရရှိကြမည်ဆိုလျှင်
ယုံကြည်ခြင်းသည် အချည်းနှီးသာ ဖြစ်မည်။ ထို့
အပြင် ဘုရားသခင်၏ဂတိတော်သည်လည်း အ
ချည်းနှီးသာ ဖြစ်မည်။ 15အကြောင်းမူကား၊
ပညတ်တရားကို နားထောင်ခြင်းမရှိသောအ
ခါ ထိုပညတ်တရားသည် ဘုရားသခင်၏အ
မျက်တော်ကိုသာ ထွက်စေ၏။ ပညတ်တရား
မရှိလျှင် ထိုကဲ့သို့သောလွန်ကျူးခြင်းအပြစ်မရှိ။
16လူတို့သည် ဘုရားသခင်၏ဂတိတော်ကို
ယုံကြည်ခြင်းအားဖြင့်သာ ရရှိကြ၏။ ထို့ကြောင့်
ဂတိတော်သည် အခမဲ့ပေးသောလက်ဆောင်
ဖြစ်၏။ ဂတိတော်သည် အခမဲ့ပေးသောလက်
ဆောင်ဖြစ်သည့်နည်းတူ အာဗြဟံ၏အမျိုးအ
နွယ်အပေါင်းတို့သည် ထိုဂတိတော်ကို ရရှိနိုင်
ကြမည်။ ထိုဂတိတော်သည် မောရှေ၏ပညတ်
တရားအောက်၌ရှိသော လူတို့အတွက်သာ
မဟုတ်။ ထိုဂတိတော်သည် အာဗြဟံနည်းတူ
ယုံကြည်ခြင်းရှိသော သူအားလုံးအတွက်လည်း
ဖြစ်၏။ အာဗြဟံသည် ငါတို့အားလုံးတို့၏အဘ
ဖြစ်၏။ 17“ငါသည် သင့်ကို လူမျိုးအများတို့၏
အဘဖြစ်စေပြီ”*ဟု ကျမ်းစာ၌ ရေးထားတော်
မူ၏။ ဤအရာသည် ဘုရားသခင်ရှေ့တော်၌
မှန်ကန်၏။ ဘုရားသခင်သည် သေလွန်သော
သူတို့ကို အသက်ရှင်စေတော်မူ၍ မဖြစ်သေး
သောအရာတို့ကို ဖန်ဆင်းသောသူဖြစ်သော
ကြောင့် အာဗြဟံသည် ထာဝရဘုရားကို
ယုံကြည်၏။
18အာဗြဟံ၌ သားသမီးများ ထွန်းကားလိမ့်
မည်ဟု မျှော်လင့်စရာအကြောင်း အလျှင်းမရှိ။
သို့သော်လည်း သူသည် လူမျိုးအများတို့၏
အဘဖြစ်လာမည်ဟုယုံကြည်၏။ “သင်၌ အမျိုး

**“ငါ ... အဘဖြစ်စေပြီ”** ကမ္ဘာ 17:5

အနွယ်မြောက်မြားစွာ ထွန်းကားလိမ့်မည်”*
ဟုဘုရားသခင်သည် သူ့အား ဂတိတော်ပေး
သည့်အတိုင်း ဖြစ်လာ၏။ 19အာဗြဟံသည် အ
သက်နှစ်ပေါင်းတစ်ရာနီးပါး ခန့်ရှိပြီးဖြစ်၏။ ထို့
ကြောင့် သူသည် ကလေးရရှိဖို့ရန် အလွန်အို
မင်းပြီဖြစ်၏။ စာရာသည်လည်း ကလေးမွေး
ဖွားရန် မဖြစ်နိုင်တော့ချေ။ အာဗြဟံသည် ထို
အကြောင်းအရာတို့ကို စဉ်းစားမိ၏။ သို့သော်
လည်း၊ ဘုရားသခင်၌ သူ၏ယုံကြည်ခြင်းသည်
ယုတ်လျော့အားနည်း ခြင်းမရှိခဲ့ပါ။ 20ဘုရား
သခင်သည် မိမိပေးတော်မူသောဂတိတော်ကို
ပြည့်စုံစေမည့်အကြောင်း အာဗြဟံသည် တစ်
ကြိမ်တစ်ခါမျှ သံသယစိတ်မရှိပါ။ အာဗြဟံ
သည် မိမိယုံကြည်ခြင်းမလျော့။ သူသည် မိမိ
ယုံကြည်ခြင်း၌ သာ၍ခိုင်ခံ့တောင့်တင်းလာပြီး၊
ဘုရားသခင်အား ချီးမွမ်း၏။ 21ဘုရားသခင်
သည် မိမိထားတော်မူသောဂတိတော်အတိုင်း
ပြုတော်မူရန်တတ်နိုင်တော်မူသည်ကို အာဗြဟံ
သည် အသေအချာခံစားမိ၏။ 22ထို့ကြောင့်၊
“ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို
လက်ခံတော်မူ၏။ ထိုယုံကြည်ခြင်းကြောင့် သူ
သည် ဖြောင့်မတ်ရာသို့ရောက်၏။”* 23(ဘုရား
သခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို လက်ခံ
တော်မူသည်” ဟူသောစကားကို အာဗြဟံအ
တွက်သာရေးထားတော်မူသည်မဟုတ်။) 24ထို
စကားတော်ကို ငါတို့အတွက်လည်း ရေးထား
ခြင်းဖြစ်၏။ ငါတို့သည်လည်း ယုံကြည်သော
ကြောင့် ဘုရားသခင်သည် ငါတို့ကိုလည်း လက်
ခံ၍ဖြောင့်မတ်ရာသို့ ရောက်စေတော်မူလိမ့်
မည်။ ငါတို့၏သခင်ဘုရား ဖြစ်တော်မူသော
ယေရှုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်
မူသောသူကို ငါတို့ယုံကြည်၏။ 25ငါတို့၏အပြစ်
များအတွက် အသေခံတော်မူရန် ယေရှုကို ပေး
တော်မူ၏။ ငါတို့သည် ဘုရားသခင်ရှေ့တော်၌
ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိစေခြင်းငှါ ယေရှု
ခရစ်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်
မူ၏။

## ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းအခွင့်ရရှိခြင်း

5 ငါတို့သည် ယုံကြည်ခြင်းကြောင့် ဘုရား
သခင်ရှေ့တော်၌ ဖြောင့်မတ်တော်မူခြင်း
အခွင့်ကို ရရှိပြီးဖြစ်၏။ ထို့ကြောင့် ငါတို့သခင်
ယေရှုခရစ်အားဖြင့် ငါတို့သည် ဘုရားသခင်ရှေ့
တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။ 2ငါတို့၏
ယုံကြည်ခြင်းအားဖြင့်၊ ခရစ်တော်သည်ငါတို့ကို
ဘုရားသခင်၏ကျေးဇူးတော်ထဲသို့ ယူဆောင်
တော်မူ၏။ ငါတို့သည် ဘုရားသခင်၏ဘုန်းအ
သရေတော်ကို ဝေမျှရန် မျှော်လင့်နေသော
ကြောင့်၊ ငါတို့သည် အလွန်ဝမ်းမြောက်ခြင်း
ရှိကြ၏။ 3ထို့အပြင်၊ ငါတို့သည် ဒုက္ခဆင်းရဲခြင်း
ကိုခံရ၍ ဝမ်းမြောက်ကြ၏။ ငါတို့သည် ဒုက္ခ
ဆင်းရဲခြင်း၌ အဘယ်ကြောင့် ဝမ်းမြောက်ကြ
ပါသနည်း။ ထိုဒုက္ခဆင်းရဲခြင်းတို့သည် ငါတို့
အားပို ၍စိတ်ရှည်ခြင်း၊ သည်းခံခြင်းကိုခံစား
စေသောကြောင့်ဖြစ်၏။ 4ဤသည်းခံခြင်းသည်
ငါတို့ကို ခွန်အားနှင့်ပြည့်စေ၏။ ဤခွန်အားသည်
ငါတို့အား မျှော်လင့်ခြင်းကိုပေး၏။ 5ဤမျှော်
လင့်ခြင်းသည် ငါတို့ကို ဘယ်သောအခါမျှ စိတ်
ပျက်ခြင်း ဖြစ်စေမည်မဟုတ်။ ဘယ်သောအခါ
မျှအားနည်း၍ ပျက်ပြယ်သွားမည်မဟုတ်။ အ
ဘယ်ကြောင့်နည်း။ ဘုရားသခင်သည် မိမိချစ်
ခြင်းမေတ္တာကို ငါတို့၏နှလုံးသားထဲ၌ ပြည့်စေ
ခြင်းငှါ သွန်းလောင်းတော်မူသောကြောင့် ဖြစ်
၏။ ဘုရားသခင်သည် မိမိချစ်ခြင်းမေတ္တာကို
ငါတို့အား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်
ပေးတော်မူ၏။ ထိုသန့်ရှင်းသောဝိညာဉ်တော်
သည် ငါတို့အတွက် ဘုရားသခင်ထံတော်မှ
လာသောလက်ဆောင် ဖြစ်၏။

6ငါတို့သည်အားနည်း၍ ရှိနေစဉ်ခရစ်တော်
သည် ငါတို့အတွက် အသေခံတော်မူ၏။ ငါတို့
သည် ဘုရားသခင်ကို ဆန့်ကျင်၍ အသက်ရှင်
ကြ၏။ သို့သော်လည်း၊ ထိုအချိန်တွင်ပင် ခရစ်

**“သင် … ထွန်းကားလိမ့်မည်”** ကမ္ဘာ 15:5

**“ဘုရားသခင် … သို့ရောက်၏”** ကမ္ဘာ 15:6

တော်သည် ငါတို့အတွက် အသေခံတော်မူ၏။
7သူတို့သည် သူကောင်းဖြစ်ကြသော်လည်း သူ
တစ်ပါးအတွက် အသေခံရန် အလိုရှိသောသူ
သည် အလွန်နည်းပါး၏။ တစ်စုံတစ်ယောက်
သောသူသည် သူတော်ကောင်းအတွက် အ
သက် ကိုစွန့်၍ အသေခံကောင်းသေခံလိုလိမ့်
မည်။ 8သို့သော်လည်း၊ ငါတို့သည် အပြစ်၌ရှိနေ
ကြစဉ်ပင် ခရစ်တော်သည် ငါတို့အတွက် အသေ
ခံတော်မူ၏။ ထိုနည်းအားဖြင့် ဘုရားသခင်
သည် ငါတို့ကို အလွန်ချစ်တော်မူကြောင်းကို
ထင်ရှားစွာ ပြတော်မူ၏။
9“ခရစ်တော်၏အသွေးတော်သွန်းခြင်းအား
ဖြင့် ငါတို့သည် ဖြောင့်မတ်ရာသို့ရောက်ကြပြီ။
ထို့ကြောင့်၊ ယေရှု ခရစ်အားဖြင့် ငါတို့သည်
ဘုရားသခင်၏အမျက်တော်မှ အမှန်စင်စစ်
ကယ်တင်တော်မူ လိမ့်မည်ဖြစ်၏။ 10ငါဆိုသည်
မှာ ငါတို့သည် ဘုရားသခင်၏ရန်သူဖြစ်နေစဉ်
ပင်၊ ဘုရားသခင်သည် မိမိသားတော်အသေခံ
တော်မူခြင်းအားဖြင့် ငါတို့ကို မိတ်ဆွေများဟူ
၍ ရေတွက်တော်မူ၏။ ယခုတွင် ငါတို့သည်
ဘုရားသခင်၏မိတ်ဆွေများ ဖြစ်ကြသော
ကြောင့် မိမိသားတော်၏အသက်အားဖြင့် ငါတို့
ကို ကယ်တင်တော်မူမည်အကြောင်း သာ၍
သေချာ၏။ 11ငါတို့သည် ကယ်တင်တော်မူခြင်း
သို့ ရောက်သည့်အပြင် ငါတို့သည် အလွန်ဝမ်း
မြောက်ခြင်း ရှိကြ၏။ ငါတို့၏သခင်ယေရှုခရစ်
အားဖြင့် ငါတို့သည် ဘုရားသခင်၌ဝမ်းမြောက်
လျက်ရှိကြ၏။ ထိုအရာမှာ ယေရှုအားဖြင့်သာ
လျှင် ငါတို့သည် ယခုတွင် ဘုရားသခင်၏မိတ်
ဆွေများ ဖြစ်ကြ၏။

## အာဒံနှင့်ခရစ်တော်

12တစ်ယောက်သောသူအားဖြင့် အပြစ်တ
ရားသည် ဤလောကသို့ဝင်လာ၏။ ထိုအပြစ်
တရားအားဖြင့် သေခြင်းတရားဝင်လာ၏။ ထို
ကြောင့်သူတို့အားလုံးသည် အပြစ်ကို ကျူးလွန်
ကြသောကြောင့် လူအပေါင်းတို့သည် သေရကြ
သည့်အကြောင်းရင်းဖြစ်၏။ 13မောရှေ၏ပညတ်
တရားမရှိမီ ဤလောက၌ အပြစ်တရားရှိ၏။
သို့သော်လည်း၊ ပညတ်တရားမရှိလျှင်၊ ဘုရား
သခင်သည် လူတို့အား အပြစ်ရှိသည်ဟု မှတ်
မည်မဟုတ်။ 14သို့သော်လည်း၊ အာဒံလက်
ထက်မှစ၍ မောရှေလက်ထက်တိုင်အောင်၊ လူ
သားအပေါင်းတို့သည် သေရကြ၏။ အာဒံသည်
ဘုရားသခင်မိန့်တော်မူသောစကားကို နားမ
ထောင်ဘဲ ပြစ်မှားသဖြင့် သေလွန်လေ၏။ သို့
သော်လည်း၊ အာဒံကဲ့သို့ မပြစ်မှားသောလူတို့
ပင်လျှင်၊ သေရကြမည်။ အာဒံသည် အနာဂတ်
တွင် ကြွလာမည့်သူ၏ပုံပမာဖြစ်၏။ 15သို့သော်
လည်း၊ ဘုရားသခင်ပေးတော်မူသောကျေးဇူး
တော်မူကား အာဒံ၏အပြစ်နှင့်မတူ။ ထိုတစ်
ယောက်သောသူ၏အပြစ်ကြောင့် များစွာ
သောလူတို့သည် သေကြ၏။ သို့သော်လည်း၊
ဘုရားသခင်ထံမှ လက်ခံရရှိသောကျေးဇူး
တော်သည် သာ၍များစွာကြီးမားတော်မူ၏။
တစ်ယောက်သောသူ ယေရှုခရစ်၏ကျေးဇူး
တော်အားဖြင့် မြောက်မြားစွာသောလူတို့သည်
ဘုရားသခင်၏လက်ဆောင်တည်းဟူသောထာ
ဝရအသက်ကို လက်ခံရရှိကြ၏။ 16အာဒံသည်
တစ်ကြိမ်မျှသာ ပြစ်မှားမိခဲ့သော်လည်း သူ
သည် အပြစ်စီရင်ခြင်းကိုခံရ၏။ သို့သော်လည်း၊
ဘုရားသခင်၏အခမဲ့လက်ဆောင်မှာ ကွဲပြား
ခြားနားလျက်ရှိ၏။ လူတစ်ယောက်သည် ကြိမ်
ဖန်များစွာ အပြစ်ဒုစရိုက်ပြုလုပ်သော်လည်း
ဘုရားသခင်၏ အခမဲ့လက်ဆောင်သည် သူ
အား ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့
ရောက်စေ၏။ 17တစ်ယောက်သောသူသည်
ပြစ်မှားသောကြောင့်၊ သေခြင်းတရား သည်
လူအပေါင်းတို့ကို အစိုးရ၏။ သို့သော် လည်း၊
ယခုတွင် လူတို့သည် ဘုရားသခင်၏ပြည့်စုံ
သောကျေးဇူးတော်နှင့် သူတို့အား ဘုရား
သခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့ရောက်စေ
သောသူ၏ကြီးမားသောလက် ဆောင်ကို ပို၍
ခံစားကြ၏။ ထိုလူတို့သည် တစ်ယောက်သော
သူတည်းဟူသော ယေရှုခရစ်အားဖြင့် စစ်မှန်
သောအသက်ကို ရရှိကြ၏။

18ထို့ကြောင့်၊ တစ်ယောက်သောသူ၏ပြစ်
မှားခြင်းအားဖြင့်၊လူအပေါင်းတို့သည် သေခြင်း
တရား၏အပြစ်စီရင်ခြင်းကိုခံရကြ၏။ သို့သော်
လည်း၊ ထိုနည်းတူ၊ တစ်ယောက်သောသူ၏
ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည်
ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့
ရောက်ခြင်းအခွင့်ကိုရကြ၏။ ထိုအရာသည် ထို
လူတို့အား စစ်မှန်သောအသက်ကို ယူဆောင်
လာ၏။ 19တစ်ယောက်သောသူသည် ဘုရား
သခင်စကားကို နားမထောင်သောကြောင့် လူ
များတို့သည် အပြစ်သားများ ဖြစ်လာကြ၏။
သို့သော်လည်း၊ ထိုနည်းတူ၊တစ်ယောက်သော
သူသည် ဘုရားသခင်၏စကားကို နားထောင်
သောအားဖြင့် လူများတို့သည် ဖြောင့်မတ်ရာ
သို့ ရောက်ကြလိမ့်မည်။ 20လူတို့သည် ပညတ်
တရားကြောင့် သာ၍အပြစ်ဒုစရိုက်ကို ပြုလုပ်
မည့်အကြောင်း ပညတ်တရားကို ပေးတော်မူ
၏။ သို့သော်လည်း၊ လူတို့သည် သာ၍အပြစ်
ပွားများသောအခါ၊ ဘုရားသခင်သည် သူတို့
အား မိမိကျေးဇူးကို သာ၍ကြွယ်ဝစွာ ပေး
တော်မူ၏။ 21အပြစ်တရားသည် တစ်ချိန်က
သေခြင်းအားဖြင့် ငါတို့ကို အုပ်စိုး၏။ သို့သော်
လည်း၊ ဘုရားသခင်သည် လူတို့အား မိမိကျေး
ဇူးတော်ကို သာ၍ကြွယ်ဝစွာ ပေးတော်မူသည်
ဖြစ်၍ ထိုကျေးဇူးတော်သည်လူတို့အား ဖြောင့်
မတ်တော်မူခြင်းအားဖြင့် အုပ်စိုးတော်မူ၏။ ထို
ကျေးဇူးတော်သည် ငါတို့၏သခင်ယေရှုခရစ်
အားဖြင့်၊ ထာဝရအသက်ကို ယူဆောင်လာ၏။

## အပြစ်ကြောင့်သေခြင်း၊ သို့သော် ခရစ်တော်၌ အသက်ရှင်ခြင်း

6 ထိုသို့ဆိုလျှင်၊ ဘုရားသခင်သည် ငါတို့
အား သာ၍ကြွယ်ဝသောကျေးဇူးတော်ကို
ပေးတော်မူမည်ဟု ငါတို့သည် အပြစ်တရားကို
ဆက်လက်၍ ပြုသင့်ပါသလော။ 2ထိုသို့မပြု
ရ။ ငါတို့သည် ထိုကဲ့သို့ မထင်မှတ်ရ။ ငါတို့
သည် အပြစ်နှင့်ပြည့်သောအသက်တာဟောင်း
၌ သေလျက်ရှိကြ၏။ ထို့ကြောင့် ငါတို့သည်
အပြစ်တရား၌ သေလျက်ရှိ၏။ ငါတို့သည် အ
ပြစ်တရား၌ အဘယ်သို့ ဆက်လက်၍ အသက်
ရှင်နိုင်မည်နည်း။ 3ငါတို့သည် ဗတ္တိဇံကိုခံရသော
အခါ၊ ငါတို့သည် ခရစ်တော်ယေရှုနှင့်တစ်ကိုယ်
တည်း ဖြစ်ကြသည်ကို သင်တို့မသိသလော။
ခရစ်တော်သည် သေတော်မူသောအခါ ငါတို့
သည်လည်း သူနှင့်အတူ ဗတ္တိဇံကိုခံကြ၏။ 4ထို
ကြောင့်၊ ငါတို့သည် ဗတ္တိဇံကို ခံသောအခါ၊
ငါတို့သည် ခရစ်တော်နှင့်အတူ သင်္ဂြိုဟ်ခြင်းခံရ
ကြပြီ။ ခရစ်တော်သည် ခမည်းတော်၏အံ့ဩ
ဖွယ်သောတန်ခိုးတော်အားဖြင့် သေခြင်းမှ ရှင်
ပြန်ထမြောက်တော်မူ၏။ ထိုနည်းတူ ငါတို့
သည်လည်း အသစ်သောအသက်တာ၌ အ
သက်ရှင်ခြင်းငှါ ခရစ်တော်နှင့်အတူ ထမြောက်
တော်မူ၏။ 5ခရစ်တော်သည် အသေခံတော်
မူ၍ ငါတို့သည် ခရစ်တော်နှင့်အတူ အသေခံ
တော်မူခြင်းအားဖြင့် ကိုယ်တော်နှင့်ဆက်စပ်
ကြ၏။ ထို့ကြောင့်ခရစ်တော်သည် သေခြင်းမှ
ထမြောက်တော်မူသည့်နည်းတူ ငါတို့သည်
လည်း၊ သေခြင်းမှသူနှင့်အတူ ထမြောက်တော်
မူလိမ့်မည်။ 6ငါတို့၏အသက်တာဟောင်းသည်
ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်ပေါ်တွင်
အသေခံတော်မူသည်ကို ငါတို့သိကြ၏။ အပြစ်
တရားနှင့်ပြည့်ဝသော ငါတို့၏အတ္တသဘော
သည် ငါတို့အပေါ်၌အုပ်စိုး သောတန်ခိုးအလျှင်း
မရှိစေခြင်းငှါ ထိုအရာသည် ဖြစ်ပျက်လျက်ရှိ
၏။ ထို့နောက် ငါတို့သည် အပြစ်တရား၏
အစေကို မခံစေမည်အကြောင်းဖြစ်၏။ 7သေ
သောသူသည် အပြစ်တရား၏ထိန်းချုပ်ခြင်းမှ
လွတ်မြောက်သောသူ ဖြစ်၏။

8ငါတို့သည် ခရစ်တော်နှင့်အတူ အသေခံ
တော်မူလျှင်၊ သူနှင့်အတူသေခြင်းမှထမြောက်
ကြလိမ့်မည်ကို ငါတို့သိကြ၏။ 9ခရစ်တော်
သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူ၏။
သူသည် နောက်တစ်ဖန် မသေနိုင်သည်ကို ငါ
တို့သိကြ၏။ ယခုတွင် သေခြင်းတရားသည်သူ့
အပေါ်၌ တန်ခိုးအလျှင်းမရှိ။ 10မှန်ပါ၏။ ခရစ်
တော်သည် အသေခံတော်မူစဉ်တွင် သူသည်

အပြစ်တရား၏တန်ခိုးကို ထာဝရအတွက် တစ်
ကြိမ်သာချိုးဖျက်တော်မူ၏။ သူသည် ယခုတွင်
အသစ်သောအသက်ရှိ၏။ သူ၏အသစ်သော
အသက်မှာ ဘုရားသခင်နှင့်အတူရှိတော်မူ၏။
11ထိုနည်းတူ၊ သင်တို့သည် အပြစ်တရား၌ အ
သေဖြစ်ကြောင်းကို သင်တို့သည် ကိုယ်ကိုကိုယ်
ထင်မှတ်ကြရမည်။ သို့သော်လည်း ခရစ်တော်
ယေရှုအားဖြင့် ဘုရားသခင်အတွက် အသက်
ရှင်နေကြလော့။
12ထို့ကြောင့်၊ သင်တို့၏အသက်တာကို အ
ပြစ်တရား၏ထိန်းချုပ်မှုအောက်၌ မခံပါစေနှင့်။
အပြစ်နှင့်ပြည့်ဝသော သင်တို့ကိုယ်ခန္ဓာ၏ညစ်
ညူးသောအလိုဆန္ဒဖြင့် သင့်တို့အား အုပ်စိုးထိန်း
ချုပ်ခြင်းကိုမခံနှင့်။ 13အပြစ်တရား၏အစေကို
ခံရန် သင်တို့၏ကိုယ်အင်္ဂါများကို မဆက်သကြ
နှင့်။ သင်တို့၏ကိုယ်အင်္ဂါများကို ညစ်ညူးသော
အမှုများပြုရန် အသုံးမပြုကြနှင့်။ သို့သော်
လည်း၊ သင်တို့၏ကိုယ်အင်္ဂါများကို ဘုရား
သခင်အား ဆက်သကြလော့။ အသေခံပြီးမှ
ယခုအသက်ရှင်သောသူတို့ကဲ့သို့ အသက်ရှင်
ကြလော့။ ကောင်းသောအမှုအရာများကို ပြု
ရာတွင် အသုံးတော်ခံရန် သင်တို့၏ကိုယ်အင်္ဂါ
များကို ဘုရားသခင်အား ဆက်သကြလော့။
14အပြစ်တရားသည် သင်တို့၏သခင်မဖြစ်စေ
ခြင်းငှါ သင်တို့သည် ပညတ်တရားအောက်၌
မရှိကြ။ ယခုတွင် သင်တို့သည်ဘုရား သခင်၏
အကျေးဇူးတော်တရားအောက်၌ ရှိကြ၏။

## ဖြောင့်မတ်ခြင်း၏အစေခံကျွန်များ

15ထို့ကြောင့် ငါတို့သည် အဘယ်သို့ ပြုရ
မည်နည်း။ ငါတို့သည် ပညတ်တရား၏အောက်
၌မနေ၊ ကျေးဇူးတော်တရားအောက်၌နေသော
ကြောင့်၊ အပြစ်ဒုစရိုက်ကို ပြုရမည်လော။
16သင်တို့သည် တစ်စုံတစ်ယောက် သောသူ၏
စကားကို နားထောင်ရန် အစေခံကျွန်ကဲ့သို့
အပ်နှံကြသောအခါ၊ သင်တို့သည် ထိုသူ၏အ
စေခံကျွန်များဖြစ်သည်ကို သင်တို့သိကြ၏။
သင်တို့နားထောင်သောသူမှာသင်တို့၏ သခင်
ဖြစ်၏။ သင်တို့သည် အပြစ်တရားနောက်သို့
လိုက်နိုင်၏၊ သို့မဟုတ် ဘုရားသခင်ကို နာခံနိုင်
၏။ နာခံခြင်းသည် ဖြောင့်မတ်ခြင်းသို့လမ်းပြ
ဦးဆောင်သကဲ့သို့ အပြစ်တရားသည် ဝိညာဉ်
ပကတိ၌ သေခြင်းကို ယူဆောင်လာ၏။ 17လွန်
ခဲ့ပြီးသောကာလ၌ သင်တို့သည် အပြစ်တ
ရား၏ကျေးကျွန်ဖြစ်ကြ၍၊ အပြစ်တရားသည်
သင်တို့ကို ထိန်းချုပ်၏။ သို့သော်လည်း၊ သင်
တို့အား သွန်သင်တော်မူသောစကားတို့ကို
အပြည့်အဝနားထောင်သောကြောင့် ဘုရား
သခင်၏ကျေးဇူးတော် ကြီးလှပေ၏။ 18သင်တို့
သည် အပြစ်တရားမှ လွတ်မြောက်ပြီးဖြစ်၏။
ယခုတွင် သင်တို့သည် ကောင်းမြတ်ခြင်း၏
အစေခံကျွန်ဖြစ်ကြ၏။ 19လူတို့သိနားလည်
သောဥပမာကို အသုံးပြုခြင်းအားဖြင့် ဤအရာ
ကို သင်တို့အား ငါရှင်းပြ၏။ အကြောင်းမူ
ကား၊ ထိုအရာသည် သင်တို့အတွက် နားလည်
ဖို့ရန်ခက်ခဲ၏။ လွန်ခဲ့ပြီးသောအချိန်ကာလ၌
သင်တို့သည် မိမိတို့၏ကိုယ်အင်္ဂါများကို အပြစ်
တရား၏အစေကိုခံရန် ကျွန်များကဲ့သို့ ညစ်ညူး
သောအရာများကို ပြုရန်အသုံးပြုကြ၏။ သင်
တို့သည် အပြစ်ဒုစရိုက် ပြုလုပ်ဖို့ရန်သာ အ
သက်ရှင်ကြ၏။ ထိုနည်းတူ၊ သင်တို့သည် ကိုယ့်
ကိုကိုယ် ကောင်းမြတ်ခြင်း၏အစေခံရန်ကျွန်
များကဲ့သို့ အပ်နှံဆက်သကြရမည်ဖြစ်၏။ ထို့
နောက် သင်တို့သည် ဘုရားသခင်အတွက်
သာ လျှင်အသက်ရှင်ကြရလိမ့်မည်။ 20လွန်ခဲ့ပြီး
သောအချိန်ကာလ၌ သင်တို့သည် အပြစ်တ
ရား၏ကျေးကျွန် ဖြစ်ကြ၍၊ ကောင်းမြတ်
ခြင်းသည် သင်တို့ကို ထိန်းချုပ် ခြင်းမရှိပါ။
21သင်တို့သည် ညစ်ညူးသောအရာ များကို
ပြုကြ၏။ ယခုတွင် သင်တို့သည် ထိုသို့
သောအရာများအတွက် ရှက်ကြောက်ကြ၏။
ထိုအရာများတို့သည် သင်တို့အား အဘယ်အ
ကျိုးကို ပေးသနည်း။ ထိုအရာများတို့သည်
ဝိညာဉ်ပကတိ၌ သေခြင်းကိုသာ ယူဆောင်
လာ၏။ 22သို့သော်လည်း၊ ယခုတွင် သင်တို့
သည် အပြစ်တရားမှလွတ်မြောက်ကြ အပြီး

ဖြစ်၏။ ယခုတွင်သင်တို့သည် ဘုရားသခင်၏
အစေခံကျွန်များ ဖြစ်ကြ၏။ ထိုအရာသည်
သင်တို့အား ဘုရားသခင်အတွက်သာအသက်
ရှင်စေလိမ့်မည်။ ထိုအရာမှ သင်တို့သည် ထာ
ဝရအသက်ကို ရရှိလိမ့်မည်။ 23 လူတို့သည် အ
ပြစ်ကို ပြုသောအခါ၊ သေခြင်းတည်းဟူသော
အပြစ်တရား၏အခကို ရရှိကြ၏။ သို့သော်
လည်း၊ သင်တို့သည် ငါတို့သခင်ခရစ်တော်
ယေရှုအားဖြင့် ရရှိသောဘုရားသခင်၏အခမဲ့
လက်ဆောင်သည် ထာဝရအသက်ဖြစ်၏။

## ထိမ်းမြားလက်ထပ်ခြင်းမှ သာဓကတစ်ခု

7 ညီအစ်ကိုမောင်နှမတို့၊ သင်တို့အားလုံးတို့
သည်မောရှေ၏ပညတ်တရားကို သိကြ၏။
ထို့ကြောင့်၊ လူတစ်ယောက်သည် အသက်ရှင်
လျက်နေစဉ်၌သာ ပညတ်တရားသည် သူ့အ
ပေါ်၌ အုပ်စိုးနေသည်ကို သင်တို့သည် အသေ
အချာသိကြ၏။ 2 ငါသည် သင်တို့အား ဥပမာ
သာဓကတစ်ခုကို ပေးမည်။ လင်ရှိသောမိန်း
မတစ်ဦးသည် သူမ၏လင်ယောကျ်ားအသက်
ရှင်နေသည့်ကာလပတ်လုံး သူမသည် ထိမ်း
မြားလက်ထပ်ခြင်း၏တရား၌ လင်ဝတ်ကို ပြုရ
မည်။ သို့သော်လည်း၊ သူမ၏လင်ယောကျ်ား
သည် သေလျှင်၊ သူမသည် ထိမ်းမြားလက်ထပ်
ခြင်း၏တရားမှ လွတ်မြောက်၏။ 3 သို့သော်
လည်း၊ ထိုမိန်းမသည် လင်ယောကျ်ားအသက်
ရှင်နေစဉ်ပင်၊ အခြားသောယောကျ်ားနှင့်ထိမ်း
မြားလက်ထပ်ခြင်းကို ပြုလျှင် သူမသည် သား
မယားအပြစ်ကို ကျူးလွန်သည်ဟု ပညတ်
တရား၌ဆိုထား၏။ သို့သော်လည်း၊ ထိုမိန်းမ၏
လင်ယောကျ်ားသည် သေလျှင်၊ သူမသည်
ထိမ်းမြားလက်ထပ်ခြင်းတရားမှ လွတ်မြောက်
၏။ ထို့ကြောင့် သူမသည် လင်ယောကျ်ားသေ
ပြီးမှ အခြားယောကျ်ားနှင့် ထိမ်းမြားလက်ထပ်
လျှင်၊ သူမသည် သားမယားအပြစ်ကိုကျူးလွန်
ခြင်းမပြု။
4 ငါ့ညီအစ်ကိုမောင်နှမများတို့၊ ထိုနည်းတူ၊
ခရစ်တော်၏ကိုယ်ခန္ဓာအားဖြင့် သင်တို့၏လူ
ဟောင်းအတ္တသည် သေ၍သင်တို့သည် ပညတ်
တရားမှလွတ်မြောက်ကြပြီးဖြစ်၏။ ယခုတွင်
တစ်စုံတစ်ယောက်သောသူသည် သင်တို့ကိုပိုင်
တော်မူ၏။ သေခြင်းမှရှင်ပြန်ထမြောက်တော်
မူသောသူခရစ်တော်သည်သင်တို့ကို ပိုင်တော်
မူ၏။ ခရစ်တော်သည် ငါတို့ကို ပိုင်တော်မူ
သောကြောင့် ငါတို့သည် ဘုရားသခင်၏အမှု
တော်၌ရှိနေသင့်၏။ 5 လွန်ခဲ့ပြီးသောအချိန်ကာ
လတွင်၊ ငါတို့သည် အပြစ်နှင့်ပြည့်ဝသောအတ္တ
သဘော၏အုပ်စိုးခြင်းကိုခံရ၏။ ပညတ်တရား
သည် ငါတို့အား အပြစ်ဒုစရိုက်ကို ပြုလိုသော
ဆန္ဒကို ဖြစ်စေ၏။ ငါတို့ပြုလိုသောအပြစ်ဒုစ
ရိုက်သည် ငါတို့၏ကိုယ်အင်္ဂါများကို ထိန်းချုပ်
လေ့ရှိ၏။ သို့ဖြစ်၍ ငါတို့ပြုသောအရာများတို့
သည် ငါတို့အား ဝိညာဉ်ပကတိ၌ သေခြင်းကို
သာ ယူဆောင်လာ၏။ 6 လွန်ခဲ့ပြီးသောအချိန်
ကာလတွင်၊ ပညတ်တရားသည် ငါတို့အား
အကျဉ်းသားများကဲ့သို့ ချည်နှောင်လျက်ရှိ၏။
သို့သော်လည်း၊ငါတို့၏လူဟောင်း (အတ္တ)သည်
သေ၍၊ ပညတ်တရားမှ ငါတို့ကို လွတ်မြောက်
စေ၏။ ထို့ကြောင့်၊ ယခုတွင်ငါတို့သည် အသစ်
သောနည်းလမ်းအားဖြင့် ဘုရားသခင်၏အစေ
ကိုခံကြ၏။ ပညတ်တော်၌ ရေးထားသောလမ်း
ဟောင်းနည်းအတိုင်းမဟုတ်။ ယခုတွင် ငါတို့
သည် အသစ်သောနည်းလမ်း၌ ဝိညာဉ်တော်
အားဖြင့် ဘုရားသခင်၏အစေကိုခံကြ၏။

## အပြစ်တရားကို ဆန့်ကျင်၍ ငါတို့၏တိုက်လှန်ခြင်း

7 အပြစ်တရားနှင့် ပညတ်တရားတို့သည် အ
တူတူဖြစ်ကြောင်း ငါဆိုလိုသည်ဟု သင်တို့
သည် ထင်နေပေမည်။ ထိုအရာသည် မမှန်ပါ။
သို့သော်လည်း၊ အပြစ်တရားသည် အဘယ်အ
ရာကို ဆိုလိုကြောင်း ငါသည် သင်ယူနိုင်သော
တစ်ခုတည်းသောနည်းလမ်းမှာ ပညတ်တရား
ပင်ဖြစ်၏။ တစ်စုံတစ်ရာကို အမှားပြုလိုသော
အရာသည် အဘယ်သို့သောအရာဖြစ်သည်ကို
တစ်ကြိမ်တစ်ခါမျှ ငါမသိ။ သို့သော်လည်း၊

“သင်တို့အိမ်နီးချင်းတို့၏ဥစ္စာများကို သင်တို့
သည် လိုချင်တပ်မက်စိတ်မရှိရ”* ဟုပညတ်
တရား၌ဆိုထား၏။ [8]အပြစ်တရားသည်ပညတ်
တရားပေးသောအခွင့်ကို အသုံးပြု၍ ငါ၌ညစ်
ညူးသောအရာရှိသမျှတို့ကို တပ်မက်ခြင်းဖြစ်
စေ၏။ ထို့ကြောင့် အပြစ်တရားသည် ငါ၌
ရောက်လာ၏။ သို့သော်လည်း၊ ပညတ်တရား
မပါလျှင်၊ အပြစ်တရား၌ တန်ခိုးအလျှင်းမရှိပါ။
[9]ငါသည် ပညတ်တရားကိုမသိမီ ပညတ်တရား
မပါဘဲ အသက်ရှင်၏။ သို့သော်လည်း၊ ပညတ်
တရားရောက်လာသောအခါ အပြစ်တရား
သည် အသက်ရှင်ရန် အစပြုလေ၏။ [10]ငါသည်
အပြစ်တရားကြောင့် ဝိညာဉ်ပကတိ၌ အသေ
ဖြစ်ခဲ့၏။ ပညတ်တရားသည် အသက်ရှင်ခြင်း
ကို ဖြစ်စေ၏။ သို့သော်လည်း၊ ထိုပညတ်တ
ရားသည် ငါ့အတွက် သေခြင်းတရားကို ယူ
ဆောင်လာ၏။ [11]ပညတ်တရားကို အသုံးပြု
ခြင်းအားဖြင့်အပြစ်တရားသည် ငါ့ကိုလှည့်ဖြား
၏။ အပြစ်တရားသည် ပညတ်တရားကို အသုံး
ပြု၍ ငါ့အား ဝိညာဉ်ပကတိ၌အသေဖြစ်စေ၏။
[12]ထို့ကြောင့် ပညတ်တရားသည် သန့်ရှင်း
၏။ ပညတ်ချက်သည် သန့်ရှင်း၊ ဖြောင့်မတ်၍
ကောင်းမြတ်၏။ [13]သို့ဖြစ်လျှင်၊ ကောင်းသော
အရာတစ်စုံတစ်ခုသည် ငါ့အား သေခြင်းအ
ကြောင်း ဖြစ်စေသည်ဟု ဆိုလိုခြင်း ဖြစ်ပါသ
လော။ ထိုသို့မဟုတ်ပါ။ သို့သော်လည်း၊ အပြစ်
တရားသည် ကောင်းသောအရာတစ်စုံတစ်ခု
ကို အသုံးပြု၍ ငါ့အား သေခြင်းအကြောင်းဖြစ်
စေ၏။ ထိုအရာသည် ဖြစ်ပျက်သောကြောင့်
အပြစ်တရားသည် အဘယ်သို့သောအရာနှင့်
တူနေသည်ကို ငါတွေ့မြင်နိုင်၏။ ထိုသို့ဖြစ်ပျက်
ခြင်းမှာ အပြစ်တရားသည် အလွန်ပင်ဆိုးသော
အရာတစ်ခု ဖြစ်သည်ကို ထင်ရှားစွာ ဖော်
ပြရန်ဖြစ်၏။ ထိုအရာကို ထင်ရှားစွာ ဖော်ပြ
ရန်ပညတ်ချက်ကို အသုံးပြုရ၏။

## လူထဲ၌ရှိသောပဋိပက္ခ

[14]ဘုရားသခင်၏ ပညတ်တရားသည်
ဝိညာဉ်ပကတိ ဖြစ်သည်ကို ငါတို့သိကြ၏။ သို့
သော်လည်း၊ ငါသည် ဝိညာဉ်ပကတိမဟုတ်
ပါ။ အပြစ်တရားသည် ငါ့အား ကျွန်ကဲ့သို့ အုပ်
စိုး၏။ [15]ငါပြုသောအမှုတို့ကို ငါသည် နားလည်
ခြင်းမရှိ။ ငါပြုလိုသည့်ကောင်းသောအရာတို့
ကို ငါမပြု။ ငါသည် ပြုရန်မုန်းတီးသည့်ဆိုးရွား
သောအရာတို့ကိုပြု၏။ [16]သို့ဖြစ်၍ ငါပြုမိသော
မကောင်းသောအရာတို့ကို ငါသည် မပြုလို
သည်ဖြစ်၍ ပညတ်တရားသည် ကောင်းသည်
ဟု ငါသဘောတူကြောင်းကိုဆိုလို၏။ [17]သို့
သော်လည်း ငါသည် ထိုမကောင်းသောအရာ
တို့ကို အမှန်စင်စစ် ပြုနေသောသူမဟုတ်။ ထို
အရာများကို ပြုသောအရာမှာ ငါ၏အထဲ၌ရှိ
သောအပြစ်တရားပင်ဖြစ်၏။ [18]ငါ့အထဲမှာ ငါ့
ဇာတိပကတိ၌ ကောင်းသောအရာတစ်စုံတစ်
ခုမျှ မတည်သည်ကို ငါသိ၏။ ထိုသို့ငါဆိုရာ၌
ဝိညာဉ်ပကတိ မဟုတ်သောကောင်းသောအ
ရာတစ်စုံတစ်ခုမျှ ငါ၏အထဲ၌မရှိဟု ဆိုလိုခြင်း
ဖြစ်၏။ [19]ငါသည် ကောင်းသောအရာတို့ကိုပြု
လို၏။ သို့သော်လည်း ထိုအရာတို့ကို ငါသည်
မပြု။ ငါမပြုလိုသည့်မကောင်းသောအရာတို့
ကို ငါပြု၏။ [20]ထို့ကြောင့် ငါမပြုလိုသောအရာ
တို့ကို ငါသည် ပြုလျှင် ထိုအရာတို့ကို ပြုသော
သူသည် ငါမဟုတ်။ သို့ရာတွင်ငါ့အထဲ၌ရှိသော
အပြစ်တရားပင် ဖြစ်၏။

[21]ထို့ကြောင့် ဤသဘောတရားကို ငါတွေ့
၏။ ငါသည် ကောင်းသောအရာတို့ကို ပြုလို
သောအခါ ဆိုးသောအပြစ်ဒုစရိုက်သည် ငါ့အ
ထဲ၌ရှိနေသည်ကို ငါတွေ့၏။ [22]ငါသည် စိတ်နှ
လုံးအားဖြင့် ဘုရားသခင်၏ပညတ်တရားတော်
၌ အားရဝမ်းမြောက်လျက်ရှိ၏။ [23]သို့သော်
လည်း၊ ငါ၏ကိုယ်အင်္ဂါအထဲ၌ အလုပ်လုပ်နေ
သော အခြားသောတရားတစ်ပါးကို ငါတွေ့မြင်
၏။ ထိုပညတ်တရားသည် ငါ့စိတ်ဝိညာဉ်လက်
ခံသောတရားနှင့် ဆိုင်ပြိုင်တိုက်လှန်၏။ ငါ၏
ကိုယ်အင်္ဂါအထဲ၌ အလုပ်လုပ်နေသော အ

---

**“သင် … စိတ်မရှိရ”** ထွက် 20:17၊ တရား 5:21

ခြားသောတရားတစ်ပါးသည် အပြစ်တရား၏
ပညတ် တရားဖြစ်၍၊ ထိုပညတ်တရားသည်
ငါ့အားသူ ၏အကျဉ်းသားဖြစ်စေလေ၏။ 24ငါ
သည် ငြိုငြင်သောသူ ဖြစ်ပါသည်တကား။
ငါ့အား သေခြင်းသို့ပို့ဆောင်သော ဤကိုယ်
အင်္ဂါမှ အဘယ်သူသည် ငါ့ကို ကယ်လွှတ်
မည်နည်း။ 25ဘုရားသခင်သည် ငါ့ကို ကယ်
လွှတ်တော်မူလိမ့်မည်။ ငါတို့သခင်ယေရှုခရစ်
အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ငါချီး
မွမ်း၏။ ထို့ကြောင့် ငါ၏စိတ်နှလုံးထဲတွင် ငါ
သည် ဘုရားသခင်၏ပညတ် တရားကို အစေ
ခံသောကျွန်ဖြစ်၏။ သို့သော်လည်း ငါသည်
အပြစ်ဒုစရိုက်နှင့်ပြည့်ဝသော ဇာတိပကတိသ
ဘောအားဖြင့်အပြစ်တရား၏ကျေးကျွန်ဖြစ်၏။

## ဝိညာဉ်တော်၌ အသက်တာ

8 ထို့ကြောင့် ယခုတွင် ခရစ်တော်ယေရှု၌ရှိ
သောသူတို့သည် အပြစ်စီရင်ခြင်းကို မခံရ
ကြ။ 2ငါသည် အဘယ့်ကြောင့် အပြစ်စီရင်ခြင်း
ကို မခံရပါသနည်း။ ခရစ်တော်ယေရှု၌ တည်၍
အသက်ရှင်စေသော ဝိညာဉ်တော်၏တရား
သည် ငါ့ကို လွှတ်မြောက်စေတော်မူ၏။ ထိုတ
ရားသည် ငါ့ကို အပြစ်တရားနှင့် သေခြင်းတ
ရားမှ လွှတ်မြောက်စေတော်မူ၏။ 3ပညတ်
တရားသည် တန်ခိုးကင်းမဲ့၏။ အကြောင်းမူ
ကား၊ ပညတ်တရားသည် အပြစ်ဒုစရိုက်နှင့်
ပြည့်ဝသောငါတို့၏ဇာတိပကတိကြောင့် အား
နည်းလျက်ရှိ၏။ သို့သော်လည်း ဘုရားသခင်
သည် ပညတ်တရားမပြုနိုင်သောအရာကို ပြု
နိုင်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည်
လူတို့အပြစ်ပြုလုပ်ရာတွင် အသုံးပြုသောလူ့
ကိုယ်ခန္ဓာကို ဆောင်စေလျက် မိမိသားတော်
ကို ဤလောကသို့ စေလွှတ်တော်မူ၏။ ဘုရား
သခင်သည် မိမိသားတော်ရင်းကို အပြစ်တရား
အတွက် ပေးဆပ်ရာယဇ်ကောင် အဖြစ်စေ
လွှတ်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည်
အပြစ်တရားကို ဒဏ်ပေးရန် လူသားတစ်
ယောက် ၏အသက်တာပုံသဏ္ဍာန်ကို အသုံးပြု
တော်မူ၏။ 4ဘုရားသခင်သည် ထိုသို့ပြုတော်မူ
ရခြင်းမှာ ပညတ်တရား၏တောင်းဆိုချက်အ
တိုင်း ငါတို့သည် ဖြောင့်မတ်ခြင်းသို့ ရောက်စေ
ခြင်းငှါဖြစ်၏။ ယခုတွင် အပြစ်ဒုစရိုက်နှင့် ပြည့်
ဝနေသောငါတို့ ဇာတိပကတိ၏ပြုရန် အလို
ဆန္ဒရှိသောအရာတို့ကို ငါတို့မပြုကြ။ ဝိညာဉ်
တော်သည် ငါတို့အား ပြုစေလိုသောအရာ
များကို ပြုခြင်းအားဖြင့် ငါတို့အသက်ရှင်ကြ၏။
5မိမိတို့၏အပြစ်ဒုစရိုက်များနှင့် ပြည့်ဝသော
ဇာတိပကတိသို့ လိုက်သောလူတို့သည် အပြစ်
ဒုစရိုက်နှင့်ပြည့်ဝသော ဇာတိပကတိ၏အလိုသို့
သာ စွဲလမ်း၍အသက်ရှင်ကြ၏။ သို့သော်လည်း
ဝိညာဉ်တော်၏အလိုသို့ လိုက်၍ အသက်ရှင်
သောလူတို့သည် သူတို့အား ဝိညာဉ်တော်လုပ်
စေလိုသောအရာများကိုသာစိတ်စွဲလမ်းခြင်းရှိ
၍ အသက်ရှင်ကြ၏။ 6လူတစ်ယောက်၏စိတ်
စွဲလမ်းသောအရာမှာ အပြစ်ဒုစရိုက်နှင့်ပြည့်ဝ
သောသူ၏ဇာတိပကတိ တပ်မက်ခြင်းအားဖြင့်
ထိန်းချုပ်မှုရှိနေလျှင်သူသည် ဝိညာဉ်ပကတိ၌
အသေဖြစ်၏။ သို့သော်လည်း လူတစ်ယောက်
၏စိတ်စွဲလမ်းခြင်းသည် ဝိညာဉ်တော်အားဖြင့်
ထိန်းချုပ်ထားတော်မူလျှင် ထိုသူ၌ အသက်ရှင်
ခြင်းအကြောင်းနှင့်ငြိမ်သက်ခြင်းအကြောင်းဖြစ်
၏။ 7ဤအရာသည် အဘယ်ကြောင့်နည်း။ လူ
တစ်ယောက်၏စိတ်စွဲလမ်းခြင်းသည် အပြစ်ဒုစ
ရိုက်နှင့်ပြည့်ဝသော သူ၏ဇာတိပကတိတပ်မက်
ခြင်းအားဖြင့် ထိန်းချုပ်ထားလျှင် သူသည်
ဘုရားသခင်၏ရန်သူဖြစ်၏။ ထိုသူသည် ဘုရား
သခင်၏ပညတ်တရားတော်ကို နားထောင်ရန်
ငြင်းဆန်၏။ ထိုသူသည် ဘုရားသခင်၏ပညတ်
တရားတော်ကို အမှန်စင်စစ် နားထောင်ရန်
တတ်နိုင်ခြင်းမရှိ။ 8ထိုသို့သော လူတို့သည်
ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။
9သို့သော်လည်း ဘုရားသခင်၏ဝိညာဉ်
တော်သည် သင်တို့အထဲ၌ အမှန်စင်စစ် ကျိန်း
ဝပ်တော်မူလျှင် သင်တို့သည် အပြစ်ဒုစရိုက်နှင့်
ပြည့်ဝသောသင်တို့၏ဇာတိပကတိ တပ်မက်

ခြင်းအားဖြင့် အုပ်စိုးစေသည်မဟုတ်။ သင်တို့
ကို ဝိညာဉ်တော်အားဖြင့် အုပ်စိုးစေတော်မူ၏။
သို့သော်လည်း လူတစ်ယောက်သည် ခရစ်
တော်၏ဝိညာဉ်မရှိလျှင် ထိုသူသည် ခရစ်တော်
နှင့်မဆိုင်။ 10သင်တို့၏ကိုယ်ကာယသည် အပြစ်
ကြောင့် အစဉ်အမြဲ အသေဖြစ်ရလိမ့်မည်။ သို့
သော်လည်း၊ ခရစ်တော်သည် သင်၏အထဲ၌
ကျိန်းဝပ်တော်မူလျှင် သူသည်သင်တို့ကိုဘုရား
သခင်၏ရှေ့တော်၌ ဖြောင့်မတ်ခြင်းအခွင့်ကို
ရရှိစေတော်မူသောကြောင့် အသက်ကို ပေး
သောဝိညာဉ်တော်သည်သင်တို့အားပေးတော်
မူမည်။ 11ဘုရားသခင်သည် ယေရှုကို သေခြင်း
မှရှင်ပြန်ထမြောက်စေတော်မူ၏။ ထို့ကြောင့်
ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ
၌ ကျိန်းဝပ်တော်မူလျှင် သေတတ်သော သင်
တို့၏ကိုယ်ကာယကိုလည်း အသက်ပေးတော်မူ
လိမ့်မည်။ ဘုရားသခင်သည် ခရစ်တော်ကို
သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောသူ
ဖြစ်၍ သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသောမိမိ
ဝိညာဉ်တော်အားဖြင့် ထိုအရာကို ပြုတော်မူ
လိမ့်မည်။

12ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမတို့၊ ငါ
တို့သည် အပြစ်ဒုစရိုက်နှင့် ပြည့်ဝသောငါတို့၏
ဇာတိပကတိ တပ်မက်ခြင်း၏အုပ်စိုးခြင်းကို
မခံရ။ ငါတို့သည်အပြစ်ဒုစရိုက်နှင့် ပြည့်ဝသော
ငါတို့၏ဇာတိပကတိအတိုင်း အသက်မရှင်ရ။
13သင်တို့သည် အပြစ်ဒုစရိုက်နှင့်ပြည့်ဝသော
သင်တို့၏ဇာတိပကတိအလိုအတိုင်း မှားယွင်း
သောအရာများတို့ကို သင်တို့၏အသက်တာ၌
အသုံးပြု၍အသက်ရှင်လျှင်သင်တို့သည်ဝိညာဉ်
ပကတိ၌ သေရလိမ့်မည်။ သို့သော်လည်းသင်
တို့သည် ဝိညာဉ်တော်၏ကူညီမစခြင်းအားဖြင့်
သင်တို့ကျင့်နေသည့်ပြစ်မှားသောအရာများတို့
ကိုရပ်တန့်ကြလျှင်သင်တို့သည် စစ်မှန်သောအ
သက်ကို ရရှိကြလိမ့်မည်။

14ဝိညာဉ်တော်အားဖြင့် လမ်းပြပို့ဆောင်
ခြင်းကို ခံသောသူတို့သည်ဘုရားသခင်၏ သား
သမီးများဖြစ်ကြ၏။ 15ငါတို့ လက်ခံရရှိသော
ဝိညာဉ်တော်သည် ငါတို့အား တစ်ဖန်အပြစ်တ
ရား၏ကျေးကျွန်ဖြစ်စေလျက် ကြောက်ရွံ့စေ
သောဝိညာဉ်မဟုတ်။ ငါတို့ကို ဘုရားသခင်၏
သားသမီးများဖြစ်စေသောသူသည် ဝိညာဉ်
တော်ပင်ဖြစ်၏။ ငါတို့သည် ဤဝိညာဉ်တော်
အားဖြင့် “အဗ္ဗါ၊အဘ”*ဟုကြွေးကြော်၏။ 16ငါ
တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ
သည်ဟု ထိုဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်
များနှင့်အတူ သက်သေခံတော်မူ၏။ 17ငါတို့
သည်ဘုရားသခင်၏သားသမီးများဖြစ်ကြလျှင်၊
ဘုရားသခင်သည်မိမိလူတို့အတွက် ထားသော
ကောင်းချီးမင်္ဂလာများကို ငါတို့သည် ခံစား
ကြလိမ့်မည်။ ငါတို့သည် ထိုကောင်းချီးမင်္ဂလာ
များကို ဘုရားသခင်ထံတော်မှ ခရစ်တော်နှင့်
အတူခံစားကြလိမ့်မည်။ သို့သော်လည်း ငါတို့
သည် ခရစ်တော်ခံရသောဒုက္ခဆင်းရဲခြင်းကိုခံရ
ကြမည်။ ထို့နောက် ငါတို့သည် ခရစ်တော်၌ရှိ
သောဘုန်းအသရေတော်ကို ခံစားကြလိမ့်မည်။

## ငါတို့သည် ဘုန်းအသရေကို အနာဂတ်တွင်ခံရကြလိမ့်မည်

18ငါတို့သည် ယခုတွင် ဒုက္ခဆင်းရဲခြင်းကို
ခံရကြ၏။ သို့သော်လည်း၊ ယခုတွင် ငါတို့ခံရ
သောဒုက္ခဆင်းရဲခြင်းသည် ငါတို့အား အပ်ပေး
တော်မူမည့်ကြီးမားသော ဘုန်းအသရေနှင့်နှိုင်း
ယှဉ်စရာအကြောင်း အလျှင်းမရှိ။ 19ဘုရား
သခင်သည် အဘယ်သူသည် မိမိသားသမီးများ
ဖြစ်ကြသည်ကို လောကီသားတို့အား ထင်ရှား
စွာဖော်ပြတော်မူမည့်နေ့ရက်အချိန်ကို ဘုရား
သခင် ဖန်ဆင်းတော်မူသမျှသော အရာခပ်
သိမ်းတို့သည်စိတ်လှုပ်ရှားစွာဖြင့်အလွန်တောင့်
တလျက် စောင့်မျှော်နေကြ၏။ ထိုသို့ ဖြစ်ပေါ်
ထင်ရှားလာရန် ဤလောကသည် အလွန်
တောင့်တမျှော်လင့်လျက်နေ၏။ 20ဘုရားသခင်
ဖန်ဆင်းတော်မူသမျှသော အရာခပ်သိမ်းတို့

---

**“အဗ္ဗါ၊ အဘ”** အာရာမိတ်စကား၊ ယုဒကလေးသူငယ်တို့သည် သူတို့၏ဖခင်များကို ‘အဘ’ ဟုခေါ်သည်။

သည် ဘာမျှမဟုတ်သကဲ့သို့ ပြောင်းလဲစေ၏။
ထိုအရာတို့သည် ပြောင်းလဲစေခြင်းငှါ အလိုမရှိ
ကြ။ ဤအရာများကို ပြောင်းလဲရန်ဆုံးဖြတ်
သောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ သို့
သော်လည်း အစအဦး၌ ဤမျှော် လင့်ခြင်းရှိ
၏။ 21ဘုရားသခင်ဖန်ဆင်းတော်မူသမျှသော
အရာခပ်သိမ်းတို့သည် ပျက်စီးယိုယွင်းခြင်းမှ
လွတ်မြောက်ကြလိမ့်မည်။ဘုရားသခင်ဖန်ဆင်း
တော်မူသောအရာရှိသမျှတို့သည်ဘုရားသခင်
၏သားသမီးတို့ပိုင်ဆိုင်သည့် ထူးမြတ်သော
လွတ်မြောက်ခြင်းကို ရရှိကြလိမ့်မည် ဟုမျှော်
လင့်ခြင်းရှိ၏။
22ဘုရားသခင် ဖန်ဆင်းတော်မူသောအရာ
ခပ်သိမ်းတို့သည် ကလေးငယ်ကို မွေးဖွားလု
နီးပြီ ဖြစ်သော မိန်းမတစ်ဦးကဲ့သို့ ယခုတိုင်
အောင် ဝေဒနာကိုခံစားလျက် စောင့်နေကြ၏။
23လောကီသားတို့သာ မဟုတ်ဘဲ ငါတို့သည်
လည်း ငါတို့၏အတွင်းပိုင်း၌ ဝေဒနာကိုခံစား
လျက်စောင့်နေကြ၏။ ဘုရားသခင်၏ဂတိ
တော်အစအဦးဖြစ်သော ဝိညာဉ်တော်ကို ငါ
တို့သည် ခံရကြ၏။ ထို့ကြောင့် ယခုတွင် ဘုရား
သခင်သည် ငါတို့အား မိမိသားဖြစ်စေခြင်း
အမှုကို ပြီးစီးရန် ငါတို့သည် စောင့်မျှော်လျက်
ရှိကြ၏။ ထိုသို့ဆိုရာ၌ ငါတို့၏ကိုယ်ခန္ဓာလွတ်
မြောက်ခြင်းအကြောင်းကို စောင့်မျှော်လျက်
ရှိနေကြသည်ကို ငါဆိုလို၏။ 24ငါတို့သည် ကယ်
တင်တော်မူခြင်းသို့ ရောက်ရှိပြီးဖြစ်၍ ယခုတွင်
ထိုမျှော်လင့်ခြင်းကို ငါတို့၌ရှိ၏။ ငါတို့သည်
အဘယ်အရာကို စောင့်လျက်နေသည်ကို မြင်
သည်ရှိသော် ထိုအရာသည် မျှော်လင့်ခြင်း
အစစ်အမှန်မဟုတ်။ လူတို့သည် သူတို့၌ ရှိပြီး
သောအရာများပေါ်၌ မျှော်လင့်ခြင်းကို မထား
ကြ။
25သို့သော်လည်း၊ငါတို့၌မရှိသေးသောတစ်
စုံတစ်ရာအတွက် ငါတို့သည် မျှော်လင့်လျက်
နေကြ၏။ ထို့ကြောင့် ငါတို့သည် ထိုအရာအ
တွက် စိတ်ရှည်စွာဖြင့် စောင့်လျက်နေကြ၏။
26ထိုမှတစ်ပါး ဝိညာဉ်တော်သည်လည်း ငါ
တို့ကို ကူညီမစတော်မူ၏။ ငါတို့သည် အလွန်
အားနည်း၍ အဘယ်အရာကို တောင်းရမည်
ကိုငင်း၊ အဘယ်သို့ဆုတောင်းမည်ကိုငင်း မသိ
ကြ။ သို့သော်လည်း၊ ငါတို့၏အားနည်းခြင်း အ
ရာကို ဝိညာဉ်တော်သည် ငါတို့အား ကူညီမစ
လျက်ရှိ၏။ ဝိညာဉ်တော်သည် ငါတို့အတွက်
ဘုရားသခင်ကို တောင်းလျှောက်တော်မူ၏။
နှုတ်အားဖြင့် မဖြွက်ဆိုနိုင်သည့်နက်နဲသော
ခံစားမှုများအတွက် ဝိညာဉ်တော်သည် ဘုရား
သခင်အား ကြားပြောတော်မူ၏။ 27လူတို့၏
စိတ်နှလုံးထဲ၌ အဘယ်အရာရှိသည်ကို ဘုရား
သခင်သည် သိမြင်တော်မူ၏။ ဘုရားသခင်
သည် ဝိညာဉ်တော်၏စိတ်သဘောအဘယ်သို့
ရှိတော်မူသည်ကိုလည်း သိတော်မူ၏။ ဝိညာဉ်
တော်သည် ဘုရားသခင်အလိုရှိတော်မူသည်
အတိုင်းမိမိလူတို့အတွက် ဘုရားသခင်ကိုစကား
ပြောတော်မူ၏။
28ဘုရားသခင်သည် မိမိကို ချစ်သောလူတို့
အတွက် ခပ်သိမ်းသောအရာတို့ပေါ်၌ ကောင်း
သောအရာကိုသာ ပြုတော်မူသည်ကို ငါတို့
သိကြ၏။ ထိုသူတို့သည် ဘုရားသခင်ခေါ်တော်
မူသော(ရွေးချယ်သော)သူများ ဖြစ်ကြ၏။ အ
ကြောင်းမူကား၊ ထိုအမှုအရာသည် သူ၏အကြံ
အစည်ဖြစ်တော်မူ၏။ 29ဘုရားသခင်သည်
ကမ္ဘာကိုမဖန်ဆင်းမီကပင်ထိုသူတို့ကို သိတော်
မူ၏။ ထိုသူတို့သည် သားတော်နှင့်တူကြမည်
ကို ဘုရားသခင်သည် ခွဲခန့်သတ်မှတ်တော်မူ
၏။ ယေရှုသည် များစွာသောညီအစ်ကိုမောင်
နှမတို့အထဲမှ ပထမဦးဆုံးမွေးသောသားဦး ဖြစ်
မည့်အကြောင်း ဘုရားသခင်သည် ကြံစည်
တော်မူ၏။ 30ထိုသူတို့သည် သားတော်နှင့်တူ
ကြမည်အကြောင်း ဘုရားသခင်သည် အကြံအ
စည်ရှိတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည်
ထိုသူတို့ကို ခေါ်တော်မူ၏။ ဘုရားသခင်သည်
ထိုသူတို့ကို ခေါ်တော်မူ၍ မိမိရှေ့တော်၌ဖြောင့်
မတ်စေတော်မူ၏။ ဘုရားသခင်သည် မိမိ
ဖြောင့်မတ်စေတော်မူသောထိုသူတို့အား ဘုန်း
အသရေကိုလည်း ပေးတော်မူ၏။

## ခရစ်တော်ယေရှု၌ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ

[31]ထို့ကြောင့် ငါတို့သည် ဤအကြောင်းအ
ရာများတို့၌ အဘယ်သို့ ပြောဆိုကြမည်နည်း။
ဘုရားသခင်သည် ငါတို့နှင့်အတူ ရှိတော်မူလျှင်
အဘယ်သူတစ်ဦးတစ်ယောက်ကမျှ ငါတို့ကို
တိုက်လှန်နိုင်မည်မဟုတ်။ [32]ဘုရားသခင်သည်
ငါတို့အတွက် အဘယ်အမှုကိုမဆို ပြုတော်မူ
လိမ့်မည်။ ဘုရားသခင်သည် မိမိသားတော်
ရင်းကိုပင် ငါတို့အတွက်ကြောင့် ဆင်းရဲဒုက္ခကို
ခံစေတော်မူ၏။ ဘုရားသခင်သည် မိမိသား
တော်ရင်းကို ငါတို့အားလုံးအတွက် ပေးတော်
မူ၏။သို့ဖြစ်၍ ယခုတွင် ယေရှုနှင့်အတူ ခပ်သိမ်း
သောအရာတို့ကို ဘုရားသခင်သည် ငါတို့အား
သေချာစွာ ပေးတော်မူလိမ့်မည်။ [33]ဘုရား
သခင်ရွေးကောက်တော်မူသောသူတို့ကို အ
ဘယ်သူသည် အပြစ်တင်နိုင်မည်နည်း။ တစ်
ယောက်မျှမရှိ။ ဘုရားသခင်သည် မိမိလူတို့
အား ဖြောင့်မတ်စေတော်မူသောသူ ဖြစ်တော်
မူ၏။ [34]ဘုရားသခင်၏လူတို့သည် အပြစ်ရှိသည်
ဟု အဘယ်သူသည် ပြောဆိုနိုင်ပါမည်နည်း။
တစ်ဦးတစ်ယောက်မျှမရှိ။ ခရစ်တော်ယေရှု
သည် ငါတို့အတွက်ကြောင့် အသေခံတော်မူ
၏။ သို့သော်လည်း၊ ထိုအရာသည် အကုန်အ
စင်မဟုတ်သေး။ ခရစ်တော်ယေရှုသည် သေ
ခြင်းမှရှင်ပြန်ထမြောက်တော်မူ၏။ ယခုတွင်
သူသည် ဘုရားသခင်၏လက်ယာဘက်၌ ထိုင်
တော်မူ၍ ငါတို့အတွက် ဘုရားသခင်ကို
ပန်ကြားတော်မူ၏။ [35]ခရစ်တော်၏ချစ်ခြင်း
မေတ္တာနှင့် ငါတို့ကို ကွာစေနိုင်သောအရာရှိပါ
မည်လော။ လုံးဝမရှိနိုင်။ ဆင်းရဲငြိုငြင်ခြင်း
သည် ငါတို့အား ခရစ်တော်၏ချစ်ခြင်းမေတ္တာ
နှင့်ကွာစေနိုင်မည်လော။ မကွာစေနိုင်ပါ။ အ
ခက်အခဲပြဿနာများ သို့မဟုတ် ညှဉ်းဆဲနှိပ်
စက်ခြင်းသည် ငါတို့အား ခရစ်တော်၏ချစ်ခြင်း
မေတ္တာနှင့် ကွာစေနိုင်မည်လော။ မကွာစေ
နိုင်ပါ။ မွတ်သိပ်ခြင်း သို့မဟုတ် အဝတ်အချည်း
စည်းရှိခြင်းသည် ငါတို့အား ခရစ်တော်၏ချစ်
ခြင်းမေတ္တာမှ ကွာစေနိုင်မည်လော။ မကွာစေ
နိုင်ပါ။ ဘေးအန္တရာယ်နှင့် တွေ့ကြုံခြင်း သို့မ
ဟုတ် ကွပ်မျက်ခြင်း၊ ပင်လျှင် ငါတို့အား ခရစ်
တော်၏ချစ်ခြင်းမေတ္တာမှ ကွာစေနိုင်မည်လေ။
မကွာစေနိုင်ပါ။ [36]ကျမ်းစာ၌ ရေးထားသကဲ့သို့

> “ကိုယ်တော်အတွက် ငါတို့သည် အစဉ်မ
> ပြတ် သေခြင်းတရား၏အန္တရာယ်၌ ရှိကြ
> ၏။ လူတို့သည် ငါတို့ကို သတ်ဖို့ရန်ထား
> သောသိုးကဲ့သို့ အချည်းနှီးဖြစ်သည် ဟု
> ထင်မှတ်ကြ၏။”

*ဆာလံ၊ 44:22*

[37]သို့သော်လည်း ငါတို့အား မိမိချစ်ခြင်းမေ
တ္တာကို ပြတော်မူသော ဘုရားသခင်အားဖြင့်
ငါတို့သည် ခပ်သိမ်းသောအရာတို့၌ အောင်
မြင်ခြင်းအပြည့်အဝရရှိကြ၏။ [38-39]သေခြင်းဖြစ်
စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တ
မန်ဖြစ်စေ၊ အုပ်စိုးသောဝိညာဉ်များဖြစ်စေ၊
အဘယ်အရာကမျှ ငါတို့အား ဘုရားသခင်၏
ချစ်ခြင်းမေတ္တာမှ ကွာစေနိုင်မည်မဟုတ်
ကြောင်း ငါသည် သေချာလှ၏။ မျက်မှောက်
အရာဖြစ်စေ၊ နောင်လာမည့်အရာဖြစ်စေ၊
တန်ခိုးဖြစ်စေ၊ ငါတို့၏အထက်ကဖြစ်စေ၊ ငါတို့
၏အောက်အရပ်ကဖြစ်စေ၊ ဤလောက၌ ဖန်
ဆင်းတော်မူသမျှသောအရာများဖြစ်စေ၊ အ
ဘယ်အရာတစ်စုံတစ်ခုကမျှ ငါတို့သခင် ခရစ်
တော်ယေရှု၌ ရှိတော်မူသောဘုရားသခင်၏
ချစ်ခြင်းမေတ္တာမှ ငါတို့ကို ကွာစေခြင်းငှါ တတ်
နိုင်လိမ့်မည်မဟုတ်ကြောင်း ငါသည် သေချာ
လှ၏။

## ဘုရားသခင်နှင့်ယုဒလူမျိုးများ

9 ငါသည် ခရစ်တော်၌ရှိ၏။ ငါသည် သင်တို့
အား မှန်သောအရာကို ဟောပြော၏။
ငါသည် မုသာမပါ။ ကိုယ့်ကိုကိုယ် သိသော
စိတ်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်
အုပ်စိုးတော်မူ၏။ ငါသည် မုသာမပါကြောင်းကို
ထိုသို့သိသောစိတ်များသည် ငါ့အား ပြောဆို

၏။ 2ငါသည် ယုဒလူမျိုးတို့အတွက် အစဉ်မ
ပြတ်စိတ်နှလုံးထဲ၌ ကြီးမားသောပူပန်ခြင်းရှိ၍
အလွန်ဝမ်းနည်းလျက်ရှိ၏။ 3သူတို့သည် လော
ကီဇာတိအားဖြင့် ငါ၏မိသားစုဝင်၊ ငါ့ညီအစ်ကို
မောင်နှမများ ဖြစ်ကြ၏။ ငါသည် ထိုသူတို့အား
ကူညီနိုင်မည့်အကြောင်း စိတ်ဆန္ဒရှိ၏။ ထိုသူ
တို့ကိုသာ အကူအညီပေးနိုင်မည်ဆိုလျှင် ငါ
သည် ကျိန်ခြင်းကိုခံ၍ ငါကိုယ်တိုင် ခရစ်တော်
နှင့်ခွာ၍ နေလို၏။ 4သူတို့သည် ဣသရေလ
လူမျိုးများဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်
ရွေးကောက်တော်မူသော သားသမီးများဖြစ်
ကြ၏။ ထိုလူတို့သည် ဘုရားသခင်၏ဘုန်းအသ
ရေတော်ကိုခံရကြ၏။ ဘုရားသခင်သည် သူတို့
နှင့် ပဋိညာဉ်တရားပြုတော်မူ၏။ ဘုရားသခင်
သည် သူတို့အား မောရှေ၏ပညတ်တရား
တော်နှင့် ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ခြင်း
အခွင့်ကိုပေးတော်မူ၏။ ဘုရားသခင်သည် သူ
တို့အား ဂတိတော်တို့ကို ပေးတော်မူ၏။ 5ထို
လူတို့သည် ငါတို့၏ကြီးမြတ်သောအတိုးအဘွား
များတို့၏အမျိုးအနွယ်များဖြစ်ကြ၏။ခရစ်တော်
သည်လည်း ယုဒလူမျိုးတစ်ယောက်အဖြစ်ဘွား
မြင်တော်မူ၏။ ခရစ်တော်သည် ခပ်သိမ်းသော
အရာတို့ပေါ်၌ အစိုးရတော်မူသောဘုရား
သခင် ဖြစ်တော်မူ၏။ သူ့ကို ထာဝရအစဉ်အ
မြဲချီးမွမ်းကြလော့။* အာမင်။
6မှန်ပါ၏။ ငါသည် ယုဒလူမျိုးတို့အတွက်
ယူကျုံးမရဝမ်းနည်းခြင်းကို ခံစားမိပါ၏။ ထိုသို့
ဆိုရာ၌ဘုရားသခင်သည် မိမိဂတိကိုပယ်ဖျက်
ပြီဟု ငါမဆိုလို။ သို့သော်လည်း အချို့သော
ဣသရေလလူမျိုး (ယုဒလူမျိုး) တို့သည်သာ
ဘုရားသခင်၏လူအစစ်အမှန် ဖြစ်ကြ၏။ 7ထို
နည်းတူ အချို့သောအာဗြဟံ၏အမျိုးအနွယ်များ
သည်သာလျှင် အာဗြဟံ၏သားသမီးများ အ
စစ်အမှန် ဖြစ်ကြ၏။ ထိုအကြောင်းကြောင့်
ဘုရားသခင်သည် အာဗြဟံအား "ဣဇာက်
သည်သာလျှင် သင်၏တရားဝင်သောသားဖြစ်
လိမ့်မည်"* ဟုမိန့်တော်မူခြင်းဖြစ်၏။
8ထိုသို့ဆိုရာတွင် အာဗြဟံ၏အမျိုးအနွယ်
များအားလုံးတို့သည် ဘုရားသခင်၏သားသမီး
များ အစစ်အမှန်မဟုတ်ဟု ဆိုလိုခြင်းဖြစ်၏။
အာဗြဟံ၏သားသမီး အစစ်အမှန်တို့မှာ ဘုရား
သခင်သည် အာဗြဟံ၌ ပြုတော်မူသောဂတိ
တော်အားဖြင့် ဘုရားသခင်၏သားသမီးများ
ဖြစ်လာကြသောလူတို့သာဖြစ်ကြ၏။ 9အာဗြဟံ
၌ ပြုတော်မူသော ဘုရားသခင်၏ဂတိတော်
မှာ၊ "အချိန်ကာလစေ့သောအခါ ငါသည် ပြန်
လာ၍ စာရာသည် သားကိုရလိမ့်မည်"* ဟူ၍
ဖြစ်၏။
10ထိုအရာသည် အကုန်အစင်မဟုတ်သေး။
ရေဗက္ကသည်လည်း သားတို့ကိုရ၏။ ထိုသားတို့
မှာ ဖခင်တစ်ဦးတည်း သာရှိကြ၏။ ထိုသူမှာ
ငါတို့၏အဘ ဣဇာက်ဖြစ်၏။ 11-12သို့သော်
လည်း၊ ထိုသားနှစ်ယောက်တို့သည် မမွေးဖွား
မီ၊ ဘုရားသခင်သည် ရေဗက္ကအား၊ "သားအ
ကြီးသည် သားအငယ်၌ ကျွန်ခံရလိမ့်မည်"*
ဟုဗျာဒိတ်ပေးတော်မူ၏။ ထိုသို့ ဗျာဒိတ်ပေး
တော်မူသည်မှာ ထိုသားနှစ်ယောက်တို့သည်
ကောင်းသောအကျင့်၊ မကောင်းသောအကျင့်
ကိုမကျင့်မီဖြစ်၏။ သူတို့သည် မမွေးဖွားမီဘုရား
သခင်သည် ထိုသို့ဗျာဒိတ်ပေးတော်မူပြီးဖြစ်၏။
ဘုရားသခင်၏အကြံစည်တော်အားဖြင့် ဘုရား
သခင် ရွေးကောက်သောသူသည် ရွေးကောက်
တော်မူခြင်းကို ခံတော်မူမည်အကြောင်း ဤအ
ရာဖြစ်ပျက်၏။ အကြောင်းမူကား၊ သူသည် မိမိ
အကျင့်အားဖြင့်မဟုတ်၊ ဘုရားသခင်အလို
တော်အားဖြင့် ရွေးကောက်တော်မူခြင်းကို
ခံသောသူဖြစ်၏။ 13ကျမ်းစာ*၌ ရေးထား

**ခရစ်တော် … ချီးမွမ်းကြလော့** ဆိုလိုရင်းမှာ အရာခပ်သိမ်းကို အုပ်စိုးတော်မူသောဘုရားသည် ထာဝရ မင်္ဂလာရှိပါစေ ဟူ၍ဖြစ်သည်။

**"ဣဇာက် … ဖြစ်လာလိမ့်မည်"** ကမ္ဘာ 21:12

**"ကာလအချိန်စေ့သောအခါ … ရလိမ့်မည်"** ကမ္ဘာ 18:10, 14

**"သားအကြီး … ကျွန်ခံရလိမ့်မည်"** ကမ္ဘာ 25:23

**ကျမ်းစာ** သန့်ရှင်းသောရေးသားခြင်းများ၊ ဓမ္မဟောင်းကျမ်း

သည်မှာ၊ “ယာကုပ်ကို ငါချစ်၏။ ဧသောကိုငါ
မုန်း၏”* ဟူ၍ဖြစ်၏။
14ထို့ကြောင့်၊ ငါတို့သည် ထိုအကြောင်းနှင့်
စပ်လျဉ်း၍ အဘယ်သို့ပြောဆိုကြမည်နည်း။
ဘုရားသခင်သည် မျက်နှာလိုက်သည်ဟု ဆိုရ
မည်လော။ ငါတို့သည် ထိုသို့မဆိုနိုင်။ 15ဘုရား
သခင်က မောရှေအား၊ “ငါသည် ကျေးဇူးပြု
လိုသောသူကို ငါသနားခြင်း ကျေးဇူးပြုမည်။
သနားလိုသောသူကိုလည်း၊ ငါသနားမည်”*
ဟုမိန့်တော်မူ၏။ 16ထို့ကြောင့်၊ ဘုရားသခင်
သည် သနားခြင်းဂရုဏာပြုရန် သူအကြံအ
စည်ရှိသောသူကို ရွေးကောက်တော်မူ၏။ သို့
ဖြစ်၍ သူ၏ရွေးကောက်တော်မူခြင်းမှာ လူတို့
သည် ဘယ်အရာကို အလိုရှိကြသည်၊ သို့
မဟုတ်ဘယ်အရာကို ကြိုးစား၍ကျင့်ကြသည်
ဟူသောအခြေအနေပေါ်၌ မှီခိုမှုတည် ခြင်း
မရှိပါ။
17ကျမ်းစာ၌ဘုရားသခင်က ဖာရော*
ဘုရင်အား၊ “ငါသည် သင့်ကိုရှင်ဘုရင်အရာ၌
ခန့်ထားတော်မူ၏။ ငါသည် သင့်အား ငါ့တန်
ခိုးကို ထင်ရှားစေခြင်းငှါ အသုံးပြုခြင်းငှါရင်း၊
ငါ၏နာမတော်ကို မြေကြီးတစ်ပြင် လုံးတွင်
ကျော်စောစေခြင်းငှါရင်း ဤအရာကို ငါပြု
၏”* ဟုမိန့်တော်မူ၏။ 18ထို့ကြောင့် ဘုရား
သခင်သည် မိမိကျေးဇူးပြုလိုသောသူတို့အပေါ်
၌ ကျေးဇူးပြုတော်မူ၏။ ထိုနည်းတူ ဘုရား
သခင်သည် စိတ်ခိုင်မာစေလိုသောသူကိုလည်း
စိတ်ခိုင်မာစေတော်မူ၏။
19ထို့ကြောင့် သင်တို့အထဲတွင် တစ်ယောက်
သောသူသည် ငါ့အား၊ “ဘုရားသခင်သည် ငါ
တို့ပြုသောအရာများတို့ကို ထိန်းချုပ်တော်မူ
နိုင်လျှင်၊ ဘုရားသခင်သည် ငါတို့၏အပြစ်ဒုစ
ရိုက်များအတွက် အဘယ်ကြောင့် ငါတို့အားအ
ပြစ်တင်တော်မူပါသနည်း” ဟုမေးမြန်းလိမ့်
မည်။ 20ဘုရားသခင်ကို မေးမြန်းသောအချင်း
လူ၊ သင်သည် အဘယ်သူနည်း။ “သင်သည်
ငါ့ကို အဘယ်ကြောင့် ဤကဲ့သို့ ပြုလုပ်ပါသ
နည်း” ဟုအပြစ်တင်ရသလော။ မြေအိုးသည်
မြေအိုးပြုလုပ်သောသူကို မေးမြန်းနိုင်သလော။
21မြေအိုးကို လုပ်သောသူသည် မိမိအလိုရှိ
သောအရာကို လုပ်ရန်ရွှံ့မြေကို အသုံးပြုနိုင်၏။
သူသည် ရွှံ့မြေတစ်ပုံတည်းကို အသုံးပြုကာခြား
နားကွဲပြားသောအရာများတို့ကို ပြုလုပ်နိုင်၏။
သူသည် တစ်ခုခုကို အထူးရည်ရွယ်ချက်အ
တွက် ပြုလုပ်နိုင်၍၊ အခြားတစ်ခုကို နေ့စဉ်သုံး
ပစ္စည်းအဖြစ် လုပ်နိုင်၏။
22ထိုနည်းတူ ဘုရားသခင် ပြုတော်မူသော
အရာများသည်လည်း ဖြစ်ကြ၏။ ဘုရားသခင်
သည် လူတို့အား မိမိအမျက်တော်နှင့်တန်ခိုး
တော်ကို ထင်ရှားစေခြင်းငှါ အလိုတော်ရှိ၏။
သို့သော်လည်း၊ ဘုရားသခင်သည် မိမိအမျက်
တော်အားဖြင့် ပျက်စီးလုပြီး ဖြစ်နေသောလူတို့
ကိုသည်းခံတော်မူ၏။ 23ဘုရားသခင်သည် မိမိ
ကြွယ်ဝသောဘုန်းအသရေတော်ကို ထင်ရှား
စေခြင်းငှါစိတ်ရှည်စွာစောင့်တော်မူ၏။ ဘုရား
သခင်သည် မိမိသနားခြင်း ဂရုဏာတော်ကို
လက်ခံသောလူတို့ကို မိမိကြွယ်ဝသောဘုန်းအ
သရေတော်ကို ပေးရန်အလိုတော်ရှိ၏။ ရှေးဦး
စွာကပင်ဘုရားသခင်သည် ထိုလူတို့သည် မိမိ
ဘုန်းအသရေတော်ကို ခံကြစေခြင်းငှါ ပြင်ဆင်
တော်မူ၏။
24ငါတို့သည် ထိုလူတို့ပင် ဖြစ်ကြ၏။ ငါတို့
သည် ဘုရားသခင်ခေါ်တော်မူသောသူဖြစ်ကြ
၏။ ဘုရားသခင်သည် ငါတို့ကို ယုဒလူမျိုး
များထဲမှသော်လည်းကောင်း၊ ယုဒလူမျိုးမ
ဟုတ်သောအခြားလူမျိုးများထဲမှ သော်လည်း
ကောင်း ခေါ်တော်မူ၏။ 25ဟောရှေ၏ကျမ်းစာ
၌ဆိုထားသည်မှာ၊

“ငါ၏လူမဟုတ်သောသူတို့အား၊ ငါ၏လူ
များတို့ဟူ၍ ငါခေါ်မည်။ ငါမချစ်သော

---

**“ယာကုပ် ... ငါမုန်း၏”** မာလခိ 1:2-3

**“ငါ ... သနားမည်”** ထွက် 33:19

**ဖာရော** အဲဂုတ္တုဘုရင်၏အမည်

**“ငါ ... ပြု၏”** ထွက် 9:16

လူတို့ကိုလည်း၊ သူတို့သည် ငါချစ်သော
လူတို့ ဖြစ်ကြ၏ဟု ငါသည်ဆိုလိမ့်မည်။”

*ဟောရှေ၊ 2:23*

26“ဘုရားသခင်သည် ထိုကျမ်းစာ၌ပင်လျှင်၊
‘သင်တို့သည် ငါ၏လူမဟုတ်’ ဟုဆိုရာ
အရပ်၌ သူတို့သည် အသက်ရှင်တော်မူ
သော ဘုရားသခင်၏သားများ ဟုခေါ်
ခြင်းကို ခံရကြလိမ့်မည်။”

*ဟောရှေ၊ 1:10*

27တစ်ဖန် ပရောဖက် ဟေရှာယသည်
လည်း၊ ဣသရေလအမျိုးကို ရည်မှတ်၍၊
ကြွေးကြော်သည်ကား၊

“ဣသရေလ အမျိုးသားတို့သည်
သမုဒ္ဒရာကမ်းခြေ၌ရှိသော သဲလုံးနှင့်အ
မျှ အလွန်များကြ၏။ သို့သော်လည်း၊ ထို
လူတို့တွင် အနည်းငယ်သောသူတို့သာ
လျှင်၊ ကယ်တင်တော်မူခြင်းသို့ ရောက်
ကြလိမ့်မည်။ 28မှန်ပါ၏။ ထာဝရဘုရား
သည် မြေကြီးပေါ်မှာရှိသောလူတို့ကို
လျှင်မြန်စွာ ပြစ်ဒဏ်ပေးတော်မူလိမ့်
မည်”* ဟုဆို၍ ကြွေးကြော်လေ၏။

29ထိုသို့နှင့်အညီ၊ ဟေရှာယသည် ကြိုတင်
ဟောပြောသည်မှာ၊

“ထာဝရဘုရားသည် ကောင်းကင်
ဗိုလ်ခြေအရှင် ဖြစ်တော်မူ၏။ ထာဝရ
ဘုရားသည် အချို့သောမိမိလူတို့ကို ငါ
တို့အတွက် ကယ်တင်တော်မူ၏။ ထာဝရ
ဘုရားသည် ထိုအမှုအရာကို မပြုနိုင်
သည်ရှိသော်၊ ယခုတွင် ငါတို့သည်
သောဒုံမြို့ကဲ့သို့ဖြစ်၍၊ ဂေါမောရ*မြို့
နှင့်တူကြပြီ” ဟူ၍ဖြစ်၏။

30ထို့ကြောင့်၊ ဤအမှုအရာအားလုံးတို့သည်
အဘယ်သို့ ဆိုလိုပါသနည်း ဟုဆိုသော်၊ ယုဒ
လူမဟုတ်သော အခြားသောလူမျိုးတို့သည်
ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်ရာသို့
ရောက်စေခြင်းငှါ မကြိုးစားကြသော်လည်း သူ
တို့သည် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်
ရာသို့ရောက်ကြ၏။ 31ထိုနည်းတူ ဣသရေလ
လူမျိုးတို့သည်လည်း၊ ပညတ်တရားလမ်းကို
လိုက်လျှောက်ခြင်းအားဖြင့် ဘုရားသခင်၏ရှေ့
တော်၌ ဖြောင့်မတ်တော်မူခြင်းအခွင့်ကို ရရှိရန်
ကြိုးစားကြ၏။ သို့သော်လည်း၊ သူတို့သည်
မအောင်မြင်ကြ။ 32အဘယ်ကြောင့် မအောင်
မြင်ကြသနည်း။ သူတို့သည် မိမိတို့ပြုသော အ
မှုအရာများအားဖြင့် ကိုယ့်ကိုကိုယ် ဖြောင့်မတ်
စေခြင်းငှါ ကြိုးစားကြသောကြောင့် ဖြစ်၏။
သူတို့အား ဖြောင့်မတ်စေတော်မူရန် ဘုရား
သခင်ကို သူတို့မကိုးစားကြ။ ထိုသူတို့သည် လူ
တို့အား လဲစေသောကျောက်ပေါ်သို့ လဲကြ၏။
33ထိုကျောက်အကြောင်းကို ကျမ်းစာ၌ ဆိုထား
သည်မှာ၊

“ကြည့်ကြလော့။ ငါသည် လူတို့အတွက်
လဲစရာကျောက်ကို ဇိအုန်*၌ ချထား
၏။ ထိုကျောက်သည် လူတို့အား ပြစ်မှား
စေ၏။ သို့သော်လည်း၊ ထိုကျောက်ကို
ကိုးစားသောသူရှိသမျှတို့သည် ရှက်
ကြောက်ခြင်းမရှိနိုင်” ဟူ၍ဖြစ်၏။

*ဟေရှာယ၊ 8:14; 28:16*

10 ညီအစ်ကိုမောင်နှမတို့၊ ယုဒလူအပေါင်း
တို့သည် ကယ်တင်တော်မူခြင်းသို့
ရောက်စေခြင်းငှါ ငါအလိုချင်ဆုံးသောအရာ
ပင်ဖြစ်၏။ ထိုအရာသည် ဘုရားသခင်ကို ငါ
ဆုတောင်းလေ့ရှိသောအရာလည်း ဖြစ်၏။ 2သူ
တို့သည် ဘုရားသခင်၏နောက်တော်သို့ လိုက်
ရန် အမှန်ကြိုးစားကြ၏။ သို့သော်လည်း၊ သူတို့

---

**“ဣသရေလ … မှုလိမ့်မည်”** ဟေရှာယ 10:22-23

**သောဒုံ၊ ဂေါမောရ** လူဆိုးတို့နေခဲ့သောမြို့များ၊ဘုရား
သခင်သည် သူတို့၏မြို့များကို ဖျက်ဆီးခြင်းအားဖြင့် အ
ပြစ်ဒဏ်ပေးခဲ့သည်

**ဇိအုန်** ယေရုရှလင်မြို့အတွက် တစ်ခြားနာမည်၊ ဘုရား
လူတို့၏မြို့တော်

သည် မှန်သောလမ်းကို မသိကြဟု ယုဒလူမျိုး
တို့၏အကြောင်းကို ရည်မှတ်၍ ဤအရာကို ငါ
ပြောဆိုနိုင်၏။ 3ဘုရားသခင်သည် လူတို့အား
မိမိနှင့်ပြောင့်မတ်စေခြင်းအခွင့်ကို ပြင်ဆင်ပေး
တော်မူသောလမ်းကို သူတို့သည် မသိကြ။
သူတို့သည် ကိုယ့်ကိုကိုယ် ပြောင့်မတ်ခြင်းသို့
ရောက်စေသည်ဟု ကိုယ်ထင်သောလမ်းသို့
ကိုယ်ကြိုးစားမှုအားဖြင့် လိုက်ကြ၏။ သို့ဖြစ်၍
သူတို့သည် လူတို့အား ပြောင့်မတ်ခြင်းသို့
ရောက်ရန် ပြင်ဆင်တော်မူသောဘုရားသခင်
၏လမ်းကို လက်ခံခြင်းမရှိကြ။ 4ခရစ်တော်သည်
ပညတ်တရားတော်ကို ကုန်ဆုံးစေတော်မူ၏။
သို့ဖြစ်၍ သူ့ကိုယုံကြည်သောသူရှိသမျှတို့သည်
ဘုရားသခင်၏ရှေ့တော်၌ ပြောင့်မတ်တော်မူ
ခြင်းအခွင့်ကို ရရှိကြ၏။

5ပညတ်တရားလမ်းကို လိုက်လျှောက်ခြင်း
အားဖြင့် ပြောင့်မတ်ခြင်းသို့ ရောက်ရှိစေသော
အကြောင်းကို မောရှေသည် ရေးထားတော်
မူ၏။ မောရှေကလည်း၊ "ပညတ်တရားလမ်းကို
လိုက်လျှောက်ခြင်းအားဖြင့်၊ အသက်ကို ရရှိလို
သောသူသည် ထိုပညတ်တရား၏ပြောသမျှ
သောအရာတို့ကို လုပ်ဆောင်ရမည်"* ဟုရေး
ထား၏။ 6သို့သော်လည်း၊ "အဘယ်သူသည်
ကောင်းကင်ဘုံသို့ တက်သွားပါလိမ့်မည်နည်း"
ဟူ၍ မိမိကိုယ်ကို မပြောဆိုကြနှင့် ဟုယုံကြည်
ခြင်းအားဖြင့် ပြောင့်မတ်တော်မူခြင်းသို့ရောက်
တော်မူကြောင်းကို ကျမ်းစာ၌ ပြောဆိုထား
သောအကြောင်းအရာဖြစ်၏။ ဆိုလိုသည်မှာ၊
"အဘယ်သူသည် ကောင်းကင်ဘုံသို့တက်၍
ခရစ်တော်နှင့်တွေ့ဆုံပြီး၊ သူ့အား ဤမြေကြီး
ပေါ်သို့ ခေါ်ဆောင်လာလိမ့်မည်နည်း"' ဟူ၍
ဖြစ်၏။ 7"ထို့အပြင်၊ အဘယ်သူသည် နက်နဲရာ
ထဲသို့ ဆင်းလိမ့်မည်နည်း" ဟူ၍လည်း၊ မဆိုကြ
နှင့်။ (ဆိုလိုသည်မှာ၊ "အဘယ်သူသည် အောက်
အရပ်သို့ ဆင်းသွား၍ ခရစ်တော်အား သေ
ခြင်းမှ အထက်အရပ်သို့ ခေါ်ဆောင်တော်မူ
လိမ့်မည်နည်း" ဟူ၍ဖြစ်၏။ 8"ဘုရားသခင်၏
သွန်သင်တော်မူခြင်းသည် သင်တို့နှင့်နီးလျက်ရှိ
၏။ ထိုအရာသည် သင်တို့၏နှုတ်နှင့်နှလုံးသား
ထဲ၌ရှိ၏"* ဟူသောအရာသည် ကျမ်းစာ၌ မိန့်
ဆိုထားသောအရာဖြစ်၏။ ထိုသွန်သင်တော်မူ
ခြင်းတရားသည် လူတို့အား ငါတို့ဟောပြော
နေသောယုံကြည် ခြင်း၏တရားဖြစ်၏။ 9သူတို့
သည် သင်တို့၏နှုတ်ကို အသုံးပြုကာ၊ "ယေရှု
သည် သခင်ဖြစ်သည်" ဟူ၍လည်းကောင်း၊
ဘုရားသခင်သည် ယေရှုကို သေခြင်းမှရှင်ပြန်
ထမြောက်စေတော်မူ၏ ဟူ၍လည်းကောင်း၊
သင်တို့၏စိတ်နှလုံးထဲ၌ ယုံကြည်ကြလျှင်၊ သင်
တို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြ
လိမ့်မည်။ 10မှန်ပါ၏။ ငါတို့သည် ငါတို့၏စိတ်နှ
လုံးသားထဲ၌ ယုံကြည်လျှင်၊ ငါတို့အား ဘုရား
သခင်၏ရှေ့တော်၌ ပြောင့်မတ်ရာသို့ ရောက်
ကြ၏။ တစ်ဖန်ငါတို့သည် ကိုယ်နှုတ်အားဖြင့်
ယုံကြည်ကြ၏ ဟုဝန်ခံလျှင်၊ ငါတို့သည် ကယ်
တင်တော်မူခြင်းသို့ ရောက်ကြ၏။ 11ကျမ်းစာ၌
"ထိုသူကို ယုံကြည်သောသူသည် ရှက်ကြောက်
ခြင်းသို့ ရောက်လိမ့်မည် မဟုတ်"* ဟုရေး
ထား၏။ 12ထိုကျမ်းစာ၌၊ "အဘယ်သူမဆို" ဟု
ရေးထား၏။ အကြောင်းမူကား၊ ယုဒလူမျိုးတို့
နှင့် ယုဒလူမျိုးမဟုတ်သော အခြားသောလူမျိုး
တို့ကြား၌ခြားနားခြင်း၊ ကွဲပြားခြင်းအလျှင်းမရှိ
သောကြောင့်ဖြစ်၏။ ထိုသခင်ဘုရားသည်သာ
လျှင်၊ လူသားအပေါင်းတို့၏ထာဝရဘုရား ဖြစ်
တော်မူ၏။ ထာဝရဘုရားသည် သူ၌ကိုးစား
သောသူတို့အား ကြွယ်ဝစွာကောင်းချီးပေး
တော်မူ၏။ 13ကျမ်းစာ၌၊ "ထာဝရဘုရားကို ယုံ
ကြည်ကိုးစားသောသူရှိသမျှတို့သည် ကယ်တင်
ခြင်းသို့ ရောက်ရကြလိမ့်မည်"* ဟုဆိုထား၏။

14သို့သော်လည်း၊ လူတို့သည် သူတို့မယုံ
ကြည်သောသူကို ကယ်မတော်မူရန် အဘယ်
သို့ခေါ်မည်နည်း။ မကြားဘူးသောသူကို အ

---

**"ပညတ်တရား … လုပ်ဆောင်ရမည်။"** ဝတ 18:5

**အခန်းငယ် 6-8** တရား 18:5

**"ထိုသူကို … မည်မဟုတ်"** ဟေရှာယ 28:16

**"ထာဝရဘုရား … ရကြလိမ့်မည်။"** ယောလ 2:32

ဘယ်သို့ယုံကြည်နိုင်မည်နည်း။ ထို့အပြင် ဟော
ပြောသူအမရှိဘဲ အဘယ်သို့ကြားနိုင်မည်။
[15]တစ်ဖန်အကြင်သူသည် စေလွှတ်တော်မူခြင်း
ကိုမခံရလျှင် အဘယသို့ ဟောပြောနိုင်မည်
နည်း။ ကျမ်းစာ၌လာသည်ကား၊ “ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ဟောပြောသော
သူ၏ခြေသည် အလွန်လှပတင့်တယ်ခြင်းရှိ
၏”* ဟုရေးထား၏။
[16]သို့သော်လည်း လူအပေါင်းတို့သည် ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို လက်ခံကြ
သည်မဟုတ်။ ပရောဖက်ဟေရှာယကလည်း
“အိုထာဝရဘုရား၊ အကျွန်ုပ်တို့ဟောပြော
သောအရာတို့ကို အဘယ်သူသည် ယုံကြည်
မည်းနည်း”* ဟုဆို၏။ [17]ထို့ကြောင့် ယုံကြည်
ခြင်းသည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကိုကြားနာခြင်းမှလာ၏။ တစ်ယောက်သောသူ
သည် ထိုသူတို့အား ခရစ်တော်အကြောင်းကို
ဟောပြောသောအခါ လူတို့သည် ဝမ်းမြောက်
အဖွယ်ရာသတင်းကောင်းကို ကြားရကြ၏။
[18]သို့သော်လည်း “လူတို့သည် ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကိုမကြားရကြပြီလော့”
ဟုငါမေးသည်ရှိသော်၊ ဟုတ်ပါ၏။ ကျမ်းစာ၌
ဆိုထားသည့်အတိုင်း သူတို့သည် ကြားရကြပြီ။

“သူတို့၏အသံများသည် မြေတစ်ပြင်လုံး၌
ပျံ့နှံ့လျက်ရှိ၏။ သူတို့၏စကားသည် မြေ
ကြီးပေါ်နေရာတိုင်းတို့၌ ရောက်လေပြီ။”

*ဆာလံ၊ 19:4*

[19]တစ်ဖန် ငါမေးပြန်သည်မှာ “ဣသရေလလူတို့
သည် ဤအမှုကို မသိနားမလည်ကြသလော။”
သူတို့သည် သိနားလည်ကြ၏။ မောရှေသည်
ရှေးဦးစွာ ဤအရာကို ဆိုသည်မှာ

“ငါသည် လူမျိုးမဟုတ်သော လူတို့ကို
အသုံးပြု၍ သင်တို့အား ငြူစူသောစိတ်
ရှိစေမည်။ ငါသည် ပညာမရှိသော လူ
မျိုးတို့ကို အသုံးပြု၍ သင်တို့ကို စိတ်ဆိုး
စေမည်။”

*တရား၊ 32:21*

[20]ထို့နောက် ပရောဖက်ဟေရှာယသည် ဤ
အရာတို့ကို ဘုရားသခင်အတွက် ပြောဆိုရန်
လုံလောက်သောရဲရင့်ခြင်းရှိ၏။

“ငါ့ကို မရှာသောလူတို့သည် ငါ့ကိုတွေ့
ကြ၏။ ငါ့ကို မမေးမြန်းသောသူတို့၌ ငါ
သည် ကိုယ်တိုင်ထင်ရှား၏။”

*ဟေရှာ၊ 65:1*

[21]ဘုရားသခင်သည် ယုဒလူမျိုးမဟုတ်သော
အခြားသောလူမျိုးတို့အား ဤအရာတို့ကို မိန့်
တော်မူ၏။ သို့သော်လည်း၊ ဘုရားသခင်သည်
ယုဒလူတို့ကို ရည်မှတ်၍ “ငါသည် ထိုလူမျိုးတို့
အား တစ်နေ့လုံးစောင့်မျှော်လျက်နေ၏။ သို့
သော်လည်း၊သူတို့သည်ငါ့စကားကိုနားထောင်
ခြင်းငှါရင်း၊ ငါ့နောက်သို့ လိုက်ခြင်းငှာရင်းငြင်း
ပယ်ကြ၏”* ဟုဆို၏။

## ဘုရားသခင်သည် သူ၏လူတို့ကို မေ့လျော့တော်မူခြင်းမရှိ

11 ထို့ကြောင့် “ဘုရားသခင်သည် မိမိလူ
တို့ကို ပယ်တော်မူပြီလော” ဟုငါမေး
သော်၊ ပယ်တော်မမူဟုဆို၏။ ငါသည်လည်း
ဣသရေလလူတစ်ယောက်ဖြစ်၏။ ငါသည်
အာဗြဟံ၏အမျိုးအနွယ်ဖြစ်၏။ငါသည်ဗယ်ာမိန်
အမျိုးအနွယ်မိသားစုမှ ဖြစ်၏။ [2]ဘုရားသခင်
သည် ဣသရေလလူမျိုးတို့ကို မိမိလူများဖြစ်
စေခြင်းငှါ ထိုသူတို့သည် မွေးဖွားခြင်းကို မခံမီ
ရွေးကောက်တော်မူ၏။ ဘုရားသခင်သည် ထို
လူမျိုးတို့ကို ပယ်တော်မမူ။ ကျမ်းစာ၌ ဧလိယ
အကြောင်းအဘယ်သို့ ပြောဆိုသည်ကို သင်တို့

**“ဝမ်းမြောက်ဖွယ်ရာ … ခြင်းရှိ၏။”** ဟေရှယ 52:7
**“အိုထာဝရ … ယုံကြည်မည်နည်း”** ဟေရှာယ 53:1
**“ငါသည် … ငြင်းပယ်ကြ၏”** ဟေရှာယ 65:2

သည် အသေအချာသိကြ၏။ ဧလိယသည်
ဣသရေလလူမျိုးတို့ကို ဆန့်ကျင်၍ဘုရားသခင်
အား ဆုတောင်းသည်ကို ကျမ်းစာ၌ ဆိုထား
၏။ 3 ဧလိယက "အိုထာဝရဘုရား၊ လူတို့သည်
ကိုယ်တော်၏ပရောဖက်တို့ကို သတ်ကြ၏။ သူ
တို့သည် ကိုယ်တော်၏ယဇ်ပလ္လင်တော်များကို
လည်း ပျက်ဆီးကြ၏။ ပရောဖက်တို့တွင်
အကျွန်ုပ်တစ်ယောက်တည်းသာ အသက်ရှင်
လျက်ကျန်ရှိပါ၏။ ယခုတွင်လူတို့သည် အကျွန်ုပ်
ကိုလည်း သတ်ဖို့ရန်ရှာကြ၏"* ဟုလျှောက်
ထား၏။ 4 သို့သော်လည်း၊ ဘုရားသခင်သည်
ဧလိယအား အဘယ်သို့ အပြေပေးတော်မူသ
နည်း။ ထိုအခါဘုရားသခင်က "ငါ့ကို ဝတ်ပြု
ကိုးကွယ်သောလူယောက်ျားခုနစ်ထောင် ငါ၌
ရှိသေး၏။ သူတို့သည် ဗာလရှေ့၌ဒူးမထောက်၊
သူ့ကို မကိုးကွယ်ကြ"* ဟုမိန့်တော်မူ၏။ 5 ယခု
တွင်လည်း ထိုနည်းတူဖြစ်၏။ ဘုရားသခင်သည်
မိမိကျေးဇူးတော်အားဖြင့် ရွေးကောက်တော်မူ
သောလူအနည်းငယ်မျှသာရှိ၏။ 6 ဘုရားသခင်
သည် မိမိလူတို့ကို ကျေးဇူးတော်အားဖြင့် ရွေး
ကောက်တော်မူလျှင်ထိုသူတို့အားဘုရားသခင်
၏လူဖြစ်စေခြင်းမှာ သူတို့ပြုခဲ့သောအရာများ
ကြောင့်မဟုတ်။ သူတို့လုပ်ခဲ့သောအရာများ
အားဖြင့် သူတို့သည် ဘုရားသခင်၏လူဖြစ်စေ
နိုင်လျှင် ဘုရားသခင်၏ဆုလာဒ်ဖြစ်သော ကျေး
ဇူးတော်သည် ဆုလာဒ်အစစ်အမှန် မဖြစ်နိုင်။
7 ထို့ကြောင့် အဘယ်သို့ဖြစ်ပျက် သည်ဟုမူ
ကား၊ ဣသရေလလူမျိုးတို့သည် ဘုရားသခင်
ရှေ့တော်၌ ဖြောင့်မတ်တော်မူခြင်း သို့ရောက်
ရန် ကြိုးစားကြ၏။ သို့သော်လည်း၊ သူတို့သည်
မအောင်မြင်ကြ။ သို့သော်လည်း၊ ဘုရားသခင်
ရွေးကောက်တော်မူသောသူတို့သည် သူ၏ရှေ့
တော်၌ ဖြောင့်မတ်တော်မူခြင်း အခွင့်ကိုရကြ
၏။ အခြားသောသူတို့သည် စိတ်နှလုံးမာ၍
ဘုရားသခင်၏စကားကို နားထောင်ရန် ငြင်း
ဆန်ကြ၏။ 8 ကျမ်းစာ၌ ရေးထားသည် နည်းတူ

"ဘုရားသခင်သည် သူတို့ကို အိပ်ပျော်စေ
တော်မူ၏။" *ဟေရှာ၊ 29:10*

"ဘုရားသခင်သည် သူတို့၏မျက်စိတို့ကို
ကွယ်စေတော်မူ၏။ ထို့ကြောင့် သူတို့
သည် သမ္မာတရားကို မမြင်နိုင်ကြ။ ထို့
ပြင် ဘုရားသခင်သည် သူတို့၏နားကို
လေးစေတော်မူ၏။ ထို့ကြောင့် သူတို့
သည် သမ္မာတရားကို မကြားနိုင်ကြ။ ထို
အရာတို့သည် ယခုတိုင်အောင်ပင် ဆက်
လက်ဖြစ်၏။" *တရား၊ 29:4*

9 ဒါဝိဒ်ကလည်း

"သူတို့သည် မိမိတို့ကျော့ကွင်းများ၌ ဖမ်း
မိ၍ သူတို့၏စားပွဲ၌ ချည်နှောင်ခြင်းကို
ခံရကြပါစေ။ ထိုလူတို့သည် လဲသွားစေ
လျက် အပြစ်စီရင်ခြင်းကိုခံကြပါစေ။
10 သူတို့၏မျက်စိတို့ကို ကွယ်စေ၍ သူတို့
သည် သမ္မာတရားကို မမြင်နိုင်ဘဲရှိကြပါ
စေ။ ထို့အပြင် ထိုသူတို့၌ ထာဝရအစဉ်
မပြတ် ဒုက္ခဆင်းရဲခြင်းရှိပါစေ"
*ဆာလံ၊ 69:22-23*

11 ထို့ကြောင့် "ယုဒလူတို့သည် လဲကြသော
အခါ သူတို့၏လဲသွားခြင်းသည် သူတို့ကို ပျက်
စီးစေကြသလော" ဟုငါမေး၏။ သူတို့သည်
ပျက်စီးခြင်းသို့ မရောက်ကြ။ သို့သော်လည်း၊
သူတို့ပြစ်မှားခြင်းသည် ယုဒလူမဟုတ်သော အ
ခြားသောလူမျိုးတို့အား ကယ်တင်တော်မူခြင်း
သို့ ရောက်စေ၏။ ဤသို့ ဖြစ်ခြင်းကြောင့် ယုဒ
လူမျိုးတို့ကို မနာလိုခြင်း၊ ငြူစူခြင်းအကြောင်း
ဖြစ်စေ၏။ 12 ယုဒလူမျိုးတို့၏အမှားပြုမိခြင်း
ကြောင့် လောကီသားများအတွက် ချမ်းသာ
ကြွယ်ဝသော ကောင်းချီးမင်္ဂလာကို ဖြစ်စေ၏။
ယုဒလူမျိုးတို့၏ဆုံးရှုံးသောအရာသည် ယုဒလူ
မဟုတ်သောအခြားသော လူမျိုးတို့အတွက်
ကြွယ်ဝချမ်းသာသော ကောင်းချီးမင်္ဂလာများ
ကို ဖြစ်ပေါ်ခံစားစေ၏။ ထို့ကြောင့် ယုဒလူမျိုး

**"အိုထာဝရဘုရား … ရှာကြ၏** ၁ဓမ္မ 19:10, 14
**"ငါ့ကို … မကိုးကွယ်ကြ"** ၁ဓမ္မ 19:18

တို့သည် ဘုရားသခင်ကို ငြင်းပယ်ကြလျှင်လော
ကီသားတို့သည် သာ၍အလွန် ကြွယ်ဝချမ်းသာ
သောကောင်းချီးမင်္ဂလာများကို ရရှိလိမ့်မည်။
13 ယခုတွင် ငါသည် ယုဒလူမျိုးမဟုတ်သော
သင်တို့အား စကားပြော၏။ ငါသည် ယုဒလူ
မျိုးမဟုတ်သောအခြားသော လူမျိုးတို့အတွက်
တမန်တော်တစ်ပါးဖြစ်၏။ ထို့ကြောင့် ငါသည်
ထိုအလုပ်ကို လုပ်နေစဉ်တွင် ငါသည် တတ်နိုင်
သမျှ အကောင်းဆုံးလုပ်ဆောင် ပေးလိမ့်မည်။
14 ငါသည် ငါ၏လူတို့ (ယုဒလူမျိုးတို့)ကို မနာလို
ငြိုငြင်စေခြင်းငှါ ပြုနိုင်သည်ဟု ငါမျှော်လင့်၏။
ထိုနည်းအားဖြင့် ထိုသူအချို့တို့ကို ကယ်တင်
တော်မူခြင်းသို့ ရောက်ရှိရန် ငါကူညီနိုင်မည်ဖြစ်
၏။ 15 ဘုရားသခင်သည် ယုဒလူမျိုးတို့ထံမှ အ
ဝေးသို့ လှည့်တော်မူ၏။ ထိုသို့ဖြစ်ပေါ်သော
အချိန်တွင် ဘုရားသခင်သည် ဤလောက၌
ရှိသောအခြားသော လူမျိုးတို့နှင့်မိတ်ဆွေများ
ဖြစ်လာကြ၏။ ထို့ကြောင့် ဘုရားသခင်သည်
ယုဒလူမျိုးတို့ကို လက်ခံသောအခါ လူတို့သည်
သေလွန်ပြီးမှ အသက်ရှင်ခြင်းကို အမှန်စင်စစ်
ယူဆောင်လာပါလိမ့်မည်။

16 အဦးနယ်သောမုန့်စိမ်းသည် ဘုရားသခင်
အား ပူဇော်ရလျှင် ထိုမုန့်တစ်ပုံလုံးသည် သန့်
ရှင်းလိမ့်မည်။ သစ်ပင်တစ်ပင်၏အမြစ်သည်
သန့်ရှင်းလျှင် နောက်မှ ထိုအပင်၏အကိုင်းအ
ခက်များသည်လည်း သန့်ရှင်း၏။

17 ဤအရာသည် ကောင်းသောသံလွင်ပင်
တစ်ပင်မှ အချို့သောအခက်များတို့ကို ချိုးဖဲ့၍
ရိုင်းသောသံလွင်အခက်သည် ထိုပထမအပင်
နှင့်ဆက်၍ စိုက်ခြင်းနှင့်တူ၏။ ယုဒလူမျိုးမဟုတ်
တပါးအမျိုးသားများဖြစ်ကြသော သင်တို့သည်
ထိုရိုင်းသောသံလွင်ပင်အခက်နှင့်တူကြ၍ ယခု
တွင် သင်တို့သည် ပထမအပင်၏ခွန်အားနှင့် အ
သက်ကို ရယူခံစားရကြ၏။ 18 ထို့ကြောင့် ထိုသို့
ချိုးဖဲ့ခြင်းကိုခံသောအခက်များအားဖြင့်ဝါကြွား
ခြင်းမရှိကြနှင့်။သင်တို့၌ဝါကြွားစရာအကြောင်း
အလျှင်းမရှိ။ အကြောင်းမူကား၊ သင်တို့သည်
အမြစ်အတွက် အသက်ကိုမပေးကြ။ အမြစ်သည်
သင်တို့ကို အသက်ပေး၏။ 19 “အခက်များတို့
သည် ချိုးဖဲ့ခြင်းရှိကြ၏။ ထို့ကြောင့် ငါသည် သူ
တို့ပင်စည်ကို ဆက်၍ရ၏” ဟုသင်တို့သည် ဆို
ကြလိမ့်မည်။ 20 ထိုသို့မှန်၏။ သို့သော်လည်း ထို
အခက်များတို့သည် ချိုးဖဲ့ခြင်းခံရ၏။ အကြောင်း
မူကား၊သူတို့သည် မယုံကြည်ကြ။ သင်တို့သည်
ယုံကြည်ကြသောကြောင့်သာ ပင်စည်၏အစိတ်
အပိုင်းများ ဆက်လက်၍ တည်ကြခြင်းဖြစ်၏။
သို့ဖြစ်၍ မာနစိတ်မရှိစေနှင့်။ သို့သော်လည်း၊
ကြောက်ခြင်းစိတ်ရှိစေလော။ 21 ဘုရားသခင်
သည် ထိုပင်မ၏ပကတိအခက်များတို့ကို အပင်
၌မတည်စေလျှင်၊ သင်တို့သည်လည်း မယုံ
ကြည်ပါက သူသည် သင်တို့ကို အပင်တည်စေ
မည်မဟုတ်။

22 ထို့ကြောင့် ဘုရားသခင်သည် ကြင်နာမှုရှိ
သည်ကို သင်တို့မြင်ရကြ၏။ သို့သော်လည်း သူ
သည် အလွန်တိကျပေ၏။ ဘုရားသခင်သည်
မိမိနောက်တော်သို့ လိုက်ခြင်းမှ နောက်ဆုတ်
သောသူတို့ကို ပြစ်ဒဏ်ပေးတော်မူ၏။ သင်တို့
သည် ကိုယ်တော်၏ကြင်နာခြင်းကို ဆက်လက်
၍ ကိုးစားလျှင် သူသည် သင်တို့အပေါ်၌ ကြင်
နာမှုရှိ၏။ သို့သော်လည်း သင်တို့သည် သူ၏
ကြင်နာခြင်းကို ကိုးစားခြင်းမှရပ်လျှင် သင်တို့
သည် ပင်စည်မှ ဖြတ်တောက်ချိုးဖဲ့ခြင်းကို ခံရ
လိမ့်မည်။ 23 တစ်ဖန် ယုဒလူမျိုးတို့သည် ဘုရား
သခင်ကို ပြန်လည်၍ ယုံကြည်မည်ဆိုလျှင်၊
ဘုရားသခင်သည် ယုဒလူမျိုးတို့ကို တစ်ဖန်ပြန်
လည်၍ လက်ခံတော်မူမည်။ ဘုရားသခင်သည်
သူတို့ရှိသောနေရာအရပ်၌ ပြန်လည်၍ထားရန်
တတ်နိုင်တော်မူ၏။ 24 ရိုင်းသောအခက်များတို့
သည် ကောင်းသောအပင်တစ်ပင်၏အစိတ်အ
ပိုင်းများဖြစ်လာရန် ပကတိအားဖြင့်မဟုတ်။
သို့သော်လည်း ယုဒလူမျိုးမဟုတ်သော သင်တို့
သည် ရိုင်းသောသံလွင်ပင်တစ်ပင်မှ ခုတ်ဖြတ်
၍ ချိုးဖဲ့သောအခက်တစ်ခက် ဖြစ်ကြ၏။ သင်
တို့သည် ကောင်းသောသံလွင်ပင်တစ်ပင်သို့
ဆက်ကြ၏။ သို့သော်လည်း၊ ထိုယုဒလူမျိုးတို့
သည် ကောင်းသောအပင်မှ ကြီးထွားလာခဲ့

သောအခက်များကဲ့သို့ ဖြစ်ကြ၏။ ထို့ကြောင့်
သူတို့သည် မိမိတို့ပင်စည်ကို တစ်ဖန်ပြန်လည်၍
အမှန်သေချာစွာ ဆက်နိုင်ကြ၏။
25 ညီအစ်ကိုမောင်နှမတို့၊ ဤလျှို့ဝှက်သော
သမ္မာတရားကို ငါသည် သင်တို့အား နားလည်
ကြရန် အလိုရှိ၏။ သင်တို့မသိနားမလည် နိုင်
သောအရာခပ်သိမ်းတို့ကိုဤသမ္မာတရားသည်
သင်တို့အားနားလည်စေခြင်းငှါ ကူညီပါလိမ့်
မည်။ ဘုရားသခင်သည် ဣသရေလလူအချို့
တို့ကို စိတ်နှလုံးခိုင်မာခြင်းသို့ ရောက်စေ၏။
သို့သော်လည်း ယုဒလူမျိုးမဟုတ်သော အခြား
သောလူမျိုးတို့သည် ဘုရားသခင်ထံတော်သို့
များပြားစွာ ချဉ်းကပ်လာကြသောအခါ ထိုအ
ရာတို့သည် ပြောင်းလဲခြင်းသို့ ရောက်လိမ့်
မည်။ 26 ထိုသို့ဖြင့် ဣသရေလလူအပေါင်းတို့
သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလိမ့်
မည်။ ကျမ်းစာ၌ရေးထားသည်မှာ၊

"ကယ်တင် ရှင်သည် ဇိအုန်တောင်*
မှလာလိမ့်မည်။
သူသည် ယာကုပ်အမျိုးအနွယ်မှ
မကောင်းသောအမှုရှိသမျှတို့ကို ပယ်
ရှားတော်မူလိမ့်မည်။
27 ငါသည် သူတို့၏အပြစ်များကို ပယ်ရှား
သောအခါ ငါသည် ဤပဋိညာဉ်တရား
ကို ထိုလူမျိုးတို့နှင့်ပြုမည်။"

*ဟေရှာ၊ 59:20-21; 27:9*

28 ယုဒလူမျိုးတို့သည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို လက်ခံဖို့ရန် ငြင်းပယ်ကြ
၏။ ထို့ကြောင့် သူတို့သည် ဘုရားသခင်၏ရန်
သူများ ဖြစ်ကြ၏။ ယုဒလူမျိုးမဟုတ်သောသင်
တို့အား ကူညီမစမည်အကြောင်း ဤအရာသည်
ဖြစ်ပျက်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း၊ ယုဒလူ
မျိုးတို့သည် ယခုတိုင်အောင် ဘုရားသခင်ရွေး
ကောက်တော်မူသောလူမျိုးများ ဖြစ်ကြ၏။ ထို့
ကြောင့် ဘုရားသခင်သည် ထိုသူတို့ကို အလွန်
ချစ်တော်မူ၏။ အကြောင်းမူကား၊ သူတို့၏ဘိုး
ဘေးများတို့နှင့် ပြုတော်မူသောဂတိတော်အ
များကြောင့်ဖြစ်၏။ 29 ဘုရားသခင်သည် မိမိ
ခေါ်တော်မူသောလူမျိုးတို့အပေါ်နှင့် သူတို့အား
ပေးတော်မူသောအရာများတို့အပေါ်တွင် ထား
ရှိသောစိတ်တော်သည် ဘယ်သောအခါမျှ
ပြောင်းလဲခြင်းရှိမည်မဟုတ်။ ဘုရားသခင်
သည် လူတို့အား ပေးတော်မူသောခေါ်တော်
မူခြင်း ကျေးဇူးကိုလည်း ဘယ်သောအခါမျှ
ပြန်လည်၍ ရုပ်သိမ်းမည်မဟုတ်။ 30 သင်တို့သည်
တစ်ချိန်တစ်ခါက ဘုရားသခင်၏စကားကို နား
ထောင်ရန်ငြင်းပယ်ကြ၏။ သို့သော်လည်း ယခု
တွင် သင်တို့သည် ကိုယ်တော်၏သနားခြင်း
ကရုဏာတော်ကိုခံရကြ၏။ အကြောင်းမူကား၊
ထိုလူမျိုးတို့သည် နားထောင်ရန်ငြင်းပယ်ကြ
၏။ 31 ယခုတွင် ယုဒလူမျိုးတို့သည် နားထောင်
ရန် ငြင်းပယ်ကြသောကြောင့် ဘုရားသခင်
သည် သနားခြင်းကရုဏာတော်ကို သင်တို့အား
ပြတော်မူ၏။ ထို့ကြောင့် ယခုတွင် သူတို့သည်
လည်း ဘုရားသခင်၏သနားခြင်းကရုဏာတော်
ကို ခံရကြလိမ့်မည်။ 32 လူတို့သည် ဘုရားသခင်
၏စကားတော်ကို နားထောင်ရန် ငြင်းပယ်ကြ
၏။ ဘုရားသခင်သည် လူအပေါင်းတို့ အပေါ်၌
မိမိသနားခြင်းကရုဏာတော်ကို ထင်ရှားစွာပြ
နိုင်မည်အကြောင်း ဤအရာသည် ဖြစ်ပျက်၏။

## ဘုရားသခင်ကိုချီးမွမ်းခြင်း

33 မှန်ပေ၏။ ဘုရားသခင်၏ကြွယ်ဝချမ်းသာ
ခြင်းသည် အလွန်ကြီးမားလှပါ၏။ ဘုရားသခင်
၏ပညာနှင့်ဉာဏ်တော်သည် ဆုံးခန်းခြင်းမရှိ။
အလွန်ကျယ်ဝန်းနက်နဲလှပါ၏။ ဘုရားသခင်
စီရင်တော်မူချက်တို့ကို အဘယ်သူမျှမရှင်းပြ
နိုင်။ ဘုရားသခင်၏လမ်းခရီးတော်တို့ကိုလည်း
အဘယ်သူမျှနားမလည်နိုင်။ 34 ကျမ်းစာ၌ဆို
ထားသည်မှာ

"ထာဝရဘုရား၏စိတ်တော်ကို အဘယ်
သူသည် သိသနည်း။ ဘုရားသခင်ကို

---

**ဇိအုန်တောင်** ဇိအုန်သည် ဘုရားသခင်၏လူမျိုးတို့ရှိရာ မြို့တော်၊ ယေရုရှလင်မြို့အတွက် အခြားနာမည်တစ်မျိုး ဖြစ်၏။

အကြံပေးရန် အဘယ်သူသည် တတ်စွမ်း
နိုင်သနည်း။ *ဟေရှာ၊ 40:13*

35 "အဘယ်သူသည် ဘုရားသခင်အား လက်
ဆောင် ပေးဖူးပါသနည်း။ ဘုရားသခင်
သည် အဘယ်သူမျှ အကြွေးတင်တော်
မမူ။" *ယောဘ၊ 41:11*

36 မှန်ပါ၏။ ဘုရားသခင်သည် ခပ်သိမ်း
သောအရာတို့ကို ဖန်ဆင်းတော်မူ၏။ သို့ဖြစ်၍
ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်အား
ဖြင့်သော်လည်းကောင်း၊ ဘုရားသခင်အတွက်
သော်လည်းကောင်း ဆက်လက်၍ တည်နေ
ကြ၏။ ဘုရားသခင်အား ထာဝရအစဉ်အ
ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။

## သင်တို့၏အသက်တာကို ဘုရားသခင်ထံ တော်သို့ ဆက်ကပ်အပ်နှံလော့

12 ထို့ကြောင့် ညီအစ်ကိုမောင်နှမတို့၊ သင်
တို့သည် တစ်စုံတစ်ခုကိုပြုရန် ငါတောင်း
ပန်၏။ ဘုရားသခင်သည် ကြီးမားသောသနား
ခြင်းကရုဏာတော်ကို ငါတို့အားပြတော်မူပြီ။
ထို့ကြောင့်သင်တို့၏အသက်တာတို့ကို အသက်
ရှင်သောယဇ်ပူဇော်ခြင်းကဲ့သို့ ဘုရားသခင်ကို
ပူဇော်ကြလော့။ ဤသို့မိမိကိုယ်ခန္ဓာကို ဘုရား
သခင်အား ပူဇော်ခြင်းသည် သင်တို့၏ဝိညာဉ်
ပကတိဖြင့်ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်း
ဖြစ်၏။ 2 ဤလောက၌ရှိသော လူတို့နည်းတူ
မိမိကိုယ်ကို ပြောင်းလဲခြင်းမရှိကြနှင့်။ သို့သော်
လည်း၊ အတွင်းပိုင်းမှ သင်တို့၏အကြံအစည်နှင့်
ကိုယ့်ကိုကိုယ် ပြောင်းလဲခြင်းရှိကြလော့။ သို့
မှသာ ဘုရားသခင်သည် သင်တို့အား ပြုစေလို
သောအရာကို သင်တို့သိနိုင်ကြလိမ့်မည်။ သင်
တို့သည် အဘယ်အရာကိုကောင်းမြတ်၍ဘုရား
သခင်အား ကျေနပ်နှစ်သက်စေသည်ကိုလည်း
ကောင်း၊ အဘယ်အရာသည် ပြည့်စုံသောအ
ရာများဖြစ်ကြသည်ကိုလည်းကောင်း သိနိုင်ကြ
လိမ့်မည်။

3 ဘုရားသခင်သည် ငါ့အား အထူးဆုကျေး
ဇူးတစ်ခုကို ပေးတော်မူ၏။ ထိုအကြောင်း
ကြောင့် ငါသည် သင်တို့တွင် တစ်ယောက်စီ
အားပြောစရာအချို့ရှိ၏။ သင်တို့အမှန်ဖြစ်သည်
ထက် သင်တို့သည် ကောင်းမွန်ကြသည် ဟုမ
ထင်ကြနှင့်။ သင်တို့အမှန်ဖြစ်သည်အတိုင်းကိုယ်
ကိုမြင်ရကြပါမည်။ ဘုရားသခင်သည် သင်တို့
ကို ပေးတော်မူသောယုံကြည်ခြင်း အမျိုးအစား
အားဖြင့် သင်တို့သည် အဘယ်သို့သောသူဖြစ်
ကြသည်ကို စီရင်ကြလော့။ 4 ငါတို့တွင် တစ်
ယောက်စီတိုင်းတို့သည် ကိုယ်အင်္ဂါတစ်ခုစီရှိကြ
၏။ ထိုအင်္ဂါသည် အစိတ်အပိုင်းများရှိကြ၏။
ထိုအစိတ်အပိုင်းတို့သည် တစ်ချိန်တည်းတွင်
တူညီသောအရာတို့ကို ပြုကြကုန်သည်မဟုတ်။
5 ထိုနည်းတူငါတို့သည်များသော လူများဖြစ်
ကြ၏။ သို့သော်လည်း၊ ငါတို့အားလုံးသည် ခရစ်
တော်၌တစ်ကိုယ်တည်းဖြစ်၏။ ငါတို့သည် ထို
ကိုယ်အင်္ဂါ၏ အစိတ်အပိုင်းများဖြစ်ကြ၏။ သို့
ဖြစ်၍ ထိုအင်္ဂါ၏အစိတ်အပိုင်းတစ်ခုစီသည် အ
ခြားအစိတ်အပိုင်းအားလုံးတို့နှင့် စပ်ဆိုင်ကြ၏။
6 ငါတို့အားလုံးတို့သည် ကွဲပြား၍ ခြားနားသော
ဆုကျေးဇူးများရှိကြ၏။ ထိုဆုကျေးဇူးတစ်ခုစီ
မှာ ဘုရားသခင်သည် ငါတို့အား ပေးတော်
မူသောကျေးဇူးတော်အားဖြင့်လာ၏။ လူတစ်
ဦးသည် ပရောဖက်ပြုသောဆုကျေးဇူး*ကို
ရရှိလျှင် သူသည် သူ၌ရှိသောယုံကြည်ခြင်း
အားဖြင့် ထိုဆုကျေးဇူးကို အသုံးပြုရမည်။ 7 လူ
တစ်ယောက်သည် အစေခံသောဆုကျေးဇူး
ကိုရှိလျှင် သူသည် အစေခံကိုခံရမည်။ လူတစ်
ယောက်သည် သွန်သင်ခြင်းကို ပေးသောဆု
ကျေးဇူးကိုရှိလျှင် သူသည် သွန်သင်ရမည်။
8 လူတစ်ယောက်သည် အခြားသောသူတို့ကို နှိုး
ဆော်သွေးဆောင်သော ဆုကျေးဇူးရှိလျှင်ထို
သူသည် လူတို့အား နှိုးဆော်သွေးဆောင်ခြင်း
ကိုပြုရမည်။ လူတစ်ယောက်သည် အခြား
သောသူတစ်ပါးတို့အား ကူညီမစ၍ ပေးကမ်း

---

**ပရောဖက်ပြုခြင်းဆုကျေးဇူး** ဘုရားကလူ၌ သူ့အတွက် ဟောပြောခြင်းငှာ ပေးသောစွမ်းရည်၊

စွန့်ကြဲသောဆုကျေးဇူးကို အခမဲ့လွတ်လပ်စွာ
ပြုရပါမည်။ လူတစ်ယောက်သည် ခေါင်း
ဆောင်မှုဆုကျေးဇူးကိုရရှိလျှင် သူသည် လုံ့လ
ဝီရိယနှင့် ဦးဆောင်ရမည်။ လူတစ်ယောက်
သည် အခြားသောသူတစ်ပါးတို့အား ကြင်နာ
မှုကို ပြသောဆုကျေးဇူးရှိလျှင် ထိုပုဂ္ဂိုလ်သည်
ထိုနည်းတူ ထိုအရာကို ဝမ်းမြောက်စွာပြုရမည်။
[9]သင်တို့၏ချစ်ခြင်းမေတ္တာသည် စင်ကြယ်ရ
မည်။ ဆိုးညစ်သောအရာတို့ကို စက်ဆုပ်ရွံရှာ
၍ မုန်းကြ။ ကောင်းသောအရာများတို့ကိုသာ
ပြုကြလော့။ [10]သင်တို့သည် ညီအစ်ကိုမောင်နှ
မများတို့အချင်းချင်း ချစ်သကဲ့သို့ တစ်ယောက်
ကိုတစ်ယောက်ချစ်ကြလော့။ သင်တို့ကိုယ်တိုင်
ချီးမွမ်းခြင်းကို ခံလိုသည်ထက် သင်တို့သည်
ညီအစ်ကိုမောင်နှမများကိုပို၍ချီးမွမ်းကြလော့။
[11]သင်တို့သည် သခင်ဘုရားအတွက် အလုပ်
လုပ်ရာတွင် ပျင်းရိခြင်းမရှိကြဘဲစိတ်အားထက်
သန်လျက် အစေတော်ခံကြလော့။ [12]သင်တို့၌
မျှော်လင့်စရာအကြောင်းရှိသောကြောင့် ဝမ်း
မြောက်ကြလော့။ သင်တို့သည် ဆင်းရဲဒုက္ခ
များကြုံတွေ့ရင်ဆိုင်ရသောအခါ သည်းခံကြ
လော့။ အချိန်တိုင်း၌ ဆုတောင်းပဌနာပြုကြ
လော့။ [13]ကူညီမစခြင်းကို လိုအပ်နေသော
ဘုရားသခင်၏လူတို့နှင့်အတူ ဝေငှပေးကမ်းကြ
လော့။ ကူညီမစခြင်း လိုအပ်သောသူတို့အား
ကြည့်ရှုစောင့်ရှောက်ကြလော့။ သင်တို့သည်
သူတို့ကို မသိကြသော်လည်း သင်တို့အိမ်၌ ဧည့်
သည်ဝတ်ကို ပြုကြလော့။
[14]သင်တို့ကို ညှဉ်းဆဲ၍ မကောင်းသောအမှု
ကို ပြုသောသူတို့အား၊ ကောင်းသောအရာ
များကိုသာ ပြောဆို၍ ပြုကြလော့။ သူတို့အား
ကောင်းသောအရာများကိုသာပြု၍ ကျိန်ဆဲ
ခြင်းကို မပြုကြနှင့်။ [15]အခြားသောသူတို့သည်
ဝမ်းမြောက်ကြသောအခါ သင်တို့သည် ထိုသူ
တို့နှင့် အတူဝမ်းမြောက်ရကြမည်။ ထို့အတူအ
ခြားသောသူတို့သည် ဝမ်းနည်းငိုကြွေးသောအ
ခါ သင်တို့သည်လည်း ထိုသူတို့နှင့်အတူ ဝမ်း
နည်းငိုကြွေးရကြမည်။ [16]အချင်းချင်း စိတ်သ
ဘောတညီတညွတ်တည်း ရှိ၍ငြိမ်းချမ်းစွာ နေ
ကြလော့။ မာန်မာနမရှိကြနှင့်။ အခြားသော
လူတို့အတွက် အရေးမပါသောနိမ့်ကျ လျက်ရှိ
သောသူတို့နှင့်လည်း လိုလားစွာအပေါင်းဖော်
လုပ်ကြလော့။ ငါသည်ပညာရှိ၏ဟုစိတ်ကြီး
ဝင်ခြင်း၊ ဘဝင်မြင့်ခြင်းမရှိကြနှင့်။
[17]တစ်စုံတစ်ယောက်သည် သင်တို့ကို အ
မှားပြုလျှင်ထိုသို့ အမှားကို ပြုခြင်းဖြင့် ထိုသူတို့
အား ပြန်၍ မတုံ့ပြန်ကြနှင့်။ လူအပေါင်းတို့က
ကောင်းသည်ဟု ထင်မှတ်သောအရာများတို့
ကို ကြိုးစား၍ ပြုကြလော့။ [18]လူအပေါင်းတို့နှင့်
အသင့်အတင့်ငြိမ်းချမ်းစွာ နေထိုင်ကြရန် သင်
တို့သည် တတ်နိုင်သရွေ့ အကောင်းဆုံးပြုကြ
လော့။ [19]ငါချစ်သောမိတ်ဆွေအပေါင်းတို့ လူ
တို့သည် သင်တို့အပေါ်သို့ အမှားကို ပြုသောအ
ခါ သူတို့ကို ပြန်၍အပြစ်မစီရင်ကြနှင့်။ သခင်
ဘုရားသည် ထိုသူတို့အား မိမိအမျက်တော်ဖြင့်
အပြစ်စီရင်ခြင်းအခွင့်ကို စောင့်လျက်နေကြ
လော့။ “ငါသည် အပြစ်စီရင်သောသူဖြစ်၏။
ငါသည် သူတို့အား အမှားနှင့်အလျောက်ပြန်၍
ဆပ်ပေးမည်”* ဟုထာဝရဘုရားမိန့်တော်မူ၏
ဟူ၍ ကျမ်းစာ၌ ရေးသားထား၏။ [20]သို့သော်
လည်း၊ သင်တို့ပြုရမည်မှာ၊ “သင်၏ရန်သူသည်
ဆာငတ်၍ မွတ်သိပ်လျှင်၊ ကျွေးမွေးလော့။
ရေငတ်လျှင်၊ သောက်ဖို့ရေပေးလော့။ ဤ
နည်းအားဖြင့်သင်သည် ထိုသူကို ရှက်ကြောက်
ခြင်းသို့ ရောက်စေလိမ့်မည်။”* [21]ဆိုးသော
အရာသည် သင်တို့ကို မနိုင်စေကြနှင့်။ သင်တို့
သည် ကောင်းသောအရာအားဖြင့် ဆိုးသော
အရာကို အောင်နိုင်ကြရပါမည်။

## သင်တို့ကို အုပ်ချုပ်သောအစိုးရမင်း တို့ကို နာခံလော့

13 သင်တို့ကို အုပ်ချုပ်သောအစိုးရမင်းတို့
ကိုနားထောင်ရကြမည်။ အုပ်ချုပ်သော
သူရှိသမျှတို့အား ဘုရားသခင်သည် ထိုသို့အုပ်

**“ငါသည် … ပြန်၍ဆပ်ပေးမည်”** တရား 32:35
**“သင်၏ … ရောက်စေလိမ့်မည်”** သုတ္တံ 25:21-22

ချုပ်ရသော အခွင့်တန်ခိုးအာဏာကို အပ်ပေး
တော်မူ၏။ ထို့အပြင်၊ ယခုတွင် အုပ်ချုပ်လျက်
ရှိသောလူအပေါင်းတို့သည် ထိုသို့ အုပ်ချုပ်ရ
သောအခွင့်ရှိစေခြင်းငှါ တန်ခိုးအာဏာစက်ရှိ
သမျှတို့ကို ဘုရားသခင်အပ်ပေးတော်မူခြင်း
အားဖြင့်သာလျှင် ရရှိကြ၏။ [2]ထို့ကြောင့်၊ အစိုး
ရမင်းအာဏာကိုဆန့်ကျင်သောသူသည်ဘုရား
သခင်ပညတ်တော်မူသောတစ်စုံတစ်ရာကိုဆန့်
ကျင်သောသူအမှန်ဖြစ်၏။ အစိုးရမင်းအာဏာ
ကို ဆန့်ကျင်သောသူတို့သည် အပြစ်ဒဏ်ပေး
ခြင်းကိုခံရန် ကိုယ့်ကိုကိုယ် ပြုသောသူဖြစ်ကြ၏။
[3]ဖြောင့်မတ်စွာ အသက်ရှင်သောသူတို့သည်
အုပ်ချုပ်သောအစိုးရမင်းများကို ကြောက်ဖို့ရန်
မဟုတ်။ သို့သော်လည်း၊ အမှားကိုပြုသော
သူတို့သည် အုပ်ချုပ်သောအစိုးရမင်းများကို
ကြောက်ရွံ့ရ၏။ သင်တို့သည် ထိုအုပ်စိုးသော
မင်းများကို ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန်
အလိုရှိကြပါသလော။ ထိုသို့ဆိုလျှင်၊ သင်တို့
သည် ဖြောင့်မတ်စွာ အသက်ရှင်ရမည်။ သင်
တို့သည် ဖြောင့်မတ်စွာ အသက်ရှင်လျှင်၊ အုပ်
စိုးသောမင်းတို့သည် သင်တို့ကို ချီးမွမ်းရလိမ့်
မည်။ [4]အုပ်စိုးသောမင်းသည် သင်တို့ကို ကူညီ
မစရန် ဘုရားသခင်၏အစေခံဖြစ်၏။ သို့သော်
လည်း၊ သင်တို့သည် အမှားပြုလျှင် ကြောက်ရွံ့
ခြင်းရှိမည်။ အုပ်စိုးသောမင်းသည် အပြစ်ကို
စီရင်ပိုင်သောတန်ခိုးအာဏာရှိ၏။ သူသည် ထို
အာဏာတန်ခိုးကို အသုံးပြုရလိမ့်မည်။ သူသည်
အမှားကို ပြုသောသူတို့ကို အပြစ်ဒဏ်ပေး၍
စီရင်ရန် ဘုရားသခင်ခန့်ထားတော်မူသော
ကျွန်ဖြစ်၏။ [5]ထို့ကြောင့်၊ သင်တို့သည် အစိုးရ
သောမင်းကို နာခံ၍ နားထောင်ကြရမည်။ အ
ကြောင်းမူကား၊ သင်တို့သည် သူ၏ဒေါသကို
ကြောက်ရွံ့သောကြောင့်မဟုတ်။ ထိုအရာသည်
မှန်ကန်သောအမှုအရာဖြစ်သည်ကို သိသော
ကြောင့်ဖြစ်၏။
[6]ထို့အကြောင်းကြောင့် သင်တို့သည် အခွန်
များကိုလည်း ပေးကြရ၏။ ထိုအုပ်စိုးသောမင်း
များတို့သည် ဘုရားသခင်၏အမှုကိုလုပ်ဆောင်
နေကြခြင်းဖြစ်၍၊ သူတို့၌ ရှိသမျှသောအချိန်တို့
ကိုလည်း အုပ်ချုပ်ခြင်းအမှု၌ ပေးဆပ်ကြ၏။
[7]သင်တို့သည် လူအပေါင်းတို့အား တင်သမျှ
သောအကြွေးများကို ပေးဆောင်ကြမည်။ သင်
တို့သည် အခွန်ဆောင်ရန် အကြွေးတင်လျှင်၊
ထိုအခွန်ကို ပေးဆပ်လော့။ ရိုသေလေးစား
ထိုက်သောသူတို့ကို ရိုသေလေးစားခြင်း ရှိကြ
လော့။ ဂုဏ်ပြုချီးမြှောက်ထိုက်သောသူတို့ကို
လည်း၊ ဂုဏ်ပြုချီးမြှောက်ကြလော့။

## အခြားသောသူတို့ကိုချစ်ခြင်းသည်တစ်ခု တည်းသောပညတ်တော်သာဖြစ်၏

[8]လူတို့အား အဘယ်အရာကိုမျှ အကြွေးမ
တင်စေနှင့်။ သို့သော်လည်း၊ သင်တို့သည် အ
ချင်းချင်းတို့အား ချစ်ခြင်းမေတ္တာအကြွေးကို အ
စဉ်မပြတ်ရှိရကြလိမ့်မည်။ အခြားသောသူတို့
ကို ချစ်ခြင်းမေတ္တာထားသောသူသည် အလုံး
စုံသောပညတ်တရားတော်တို့ကို လိုက်နာ၍
စောင့်ရှောက်ရာရောက်၏။ [9]ငါသည် အဘယ်
ကြောင့် ဤအရာကို ပြောဆိုပါသနည်း။ အ
ကြောင်းမူကား၊ "သင်တို့သည် သူတစ်ပါးတို့၏
မယားကို ပြစ်မှားသောအပြစ်ကိုမပြုရ။ သင်
တို့သည် အဘယ်သူ၏အသက်ကိုမျှ မသတ်ရ။
သင်တို့သည် အဘယ်အရာကိုမျှ မခိုးရ။ သင်တို့
သည် အခြားသောသူတစ်ပါးတို့ ပိုင်သော
ပစ္စည်းများကို လိုချင်တပ်မက်ခြင်းမရှိရ"* ဟူ
၍ ပညတ်တရားတော်၌ ဆိုထား၏။ ဤပညတ်
တော်မူချက်မှစ၍ အခြားသောပညတ်ရှိသမျှ
တို့သည် "မိမိကိုယ်ကို သင်တို့ချစ်သကဲ့သို့ အ
ခြားသောသူတို့ကိုလည်း ချစ်ကြလော့"* ဟူ
သောပညတ်ချက်တစ်ပါးတည်းသာလျှင် ဖြစ်
၏။
[10]ချစ်ခြင်းမေတ္တာသည် အခြားသောသူတို့
အား နာကျင်၊ ထိခိုက်ခြင်းမပြုပါ။ ထို့ကြောင့်၊
ချစ်ခြင်းမေတ္တာရှိခြင်းသဘောသည် ပညတ်တ

---

**"သင်တို့ … တပ်မက်ခြင်းမရှိရ"** ထွက် 20:13-15, 17.

**"မိမိကိုယ်ကို … ချစ်ကြလော့"** ဝတ်ပြု 19:18

ရားတော်အားလုံးတို့ကို နားထောင်ခြင်း နည်း
တူဖြစ်၏။
[11]ငါသည် ဤအရာများတို့ကို ပြောဆို၏။
အကြောင်းမူကား၊ ငါတို့သည် အရေးပါလှ
သောအချိန်ကာလတစ်ခု၌ အသက်ရှင်နေကြ
သည်ကို သင်တို့သိကြ၏။ မှန်ပါ၏။ သင်တို့
သည် အိပ်ပျော်ရာမှ နိုးရသောအချိန်သည် ယ
ခုအချိန်ဖြစ်၏။ ငါတို့၏ကယ်တင်ခြင်းသည် အစ
အဦး၌ ငါတို့၏ယုံကြည်သော အချိန်ထက်ပို၍
ပို၍နီးလျက်ရှိ၏။ [12]“ညဉ့်”*အချိန်သည် ကုန်ဆုံး
လုနီးပြီဖြစ်၏။ “နေ့”*အချိန်သည် ရောက်လုနီး
ပြီဖြစ်၏။ ထို့ကြောင့်၊ ငါတို့သည် မှောင်မိုက်
နှင့် စပ်ဆိုင်သောအရာများတို့ကို ပြုလုပ်နေ
ခြင်းမှ ရပ်တန့်ရပါမည်။ ငါတို့သည် အလင်းနှင့်
သာ စပ်ဆိုင်သောအရာများတို့အတွက် ကိုယ့်
ကိုကိုယ် ပြင်ဆင်လျက် ရှိနေကြရပါမည်။ [13]ငါ
တို့သည် နေ့အချိန်နှင့် စပ်ဆိုင်လျက်ရှိသော
လူတို့ကဲ့သို့ ပြောင့်မတ်ခြင်းလမ်း၌ လျှောက်
လျက်အသက်ရှင်ကြကုန်အံ့။ ငါတို့သည် ရိုင်း
စိုင်းစွာ ပွဲလုပ်ခြင်းဖြင့် သုံးဖြုန်းသောသူများမ
ဖြစ်သင့်ပါ။ ငါတို့သည် မူးစေတတ်သောအရာ
ကို သောက်ကြူးခြင်းမပြုသင့်ပါ။ ငါတို့သည်
အကျင့်မဲ့သော မတရားသောမေထုန်၌ မွေ့
လျော်ခြင်းမပြုရ။ အပြစ်ဒုစရိုက်တစုံတခုကိုမျှ
ငါတို့၏ကိုယ်အင်္ဂါများ၌မပြုရ။ ငါတို့သည် အ
ချင်းချင်း ရန်တွေ့ခြင်း သို့မဟုတ် အချင်းချင်း
မနာလိုစိတ်မရှိရ။ [14]သို့သော်လည်း၊ သခင်
ယေရှုခရစ်ကို ယူတင်ဝတ်ဆင်ကြလော့။ သင်
တို့၏ကိုယ် ကာယတပ်မက်ခြင်း အပြစ်ဒုစရိုက်
နှင့်သင်တို့ လိုချင်တပ်မက်သည့်မကောင်း
သောအမှုအရာ များအားဖြင့် ကျေနပ်စေ
မည်ကို ကြံစည်တွေးတောခြင်းမပြုကြနှင့်။

## အခြားသောသူတို့ကို ပြစ်တင်ဝေဖန်ခြင်း မပြုကြနှင့်

14 ယုံကြည်ခြင်း၌ အားနည်းသောသူတို့ကို
သင်တို့၏အသိုင်းအဝိုင်းထဲ၌ လက်ခံရန်
ငြင်းဆိုခြင်းမပြုကြနှင့်။ သို့သော်လည်း ခြားနား
သောအယူအဆအကြောင်းတို့ကို သူတို့နှင့်မ
ငြင်းပွားကြနှင့်။ [2]တစ်ယောက်သောသူက‘ အ
ဘယ်အစားအစာကိုမဆို စားလိုလျှင် စားနိုင်
သည်’ဟုယုံကြည်၏။ သို့သော်လည်း၊ ယုံကြည်
ခြင်း၌ အားနည်းနေသောအခြားသောသူတစ်
ယောက်က ဟင်းသီးဟင်းရွက် ကိုသာစားနိုင်
သည် ဟုယုံကြည်၏။ [3]ငါသည် အဘယ်အ
စားအစာကို မဆိုစားနိုင်သည် ဟုသိသောသူ
သည် ဟင်းသီးဟင်းရွက်ကိုသာ စားသောသူ
ထက် ငါသည် သာ၍ကောင်းမြတ်သည် ဟုမ
ထင်စေနှင့်။ ဟင်းသီးဟင်းရွက်ကိုသာ စား
သောသူသည်လည်း၊ အစားအစာအားလုံးတို့
ကို စားသောသူသည် မှားယွင်းနေသည်ဟု
မစစ်ကြောမစီရင်စေနှင့်။ ဘုရားသခင်သည် ထို
သူကို လက်ခံတော်မူ၏။ [4]သင်တို့သည် အခြား
သောသူတို့ ပိုင်သောသူကို မစစ်ကြောမစီရင်
နိုင်။ သူလုပ်သောအရာသည် မှန်သောအမှုဖြစ်
စေ၊ မှားသောအမှုဖြစ်စေ၊ မိမိသခင်သည် စီရင်
တော်မူ၏။ သခင်ဘုရား၏အမှုကို ဆောင်ရွက်
သောသူသည် ပြောင့်မတ်ခြင်းရှိလိမ့်မည်။ အ
ကြောင်းမူကား၊ သခင်ဘုရားသည် ထိုသူအား
ပြောင့်မတ်စေခြင်းငှါ တတ်နိုင်တော်မူ၏။
[5]နေ့ရက်တစ်ရက်သည် အခြားသောနေ့
ရက်တစ်ရက်ထက်ပို၍ ကောင်းမြတ်သည်ဟု
တစ်ယောက်သောသူသည် ယုံကြည်တတ်၏။
အခြားသောသူကလည်း၊ နေ့ရက်ရှိသမျှတို့
သည် တူညီကြသည် ဟုယုံကြည်တတ်၏။ လူ
အပေါင်းတို့သည် မိမိတို့စိတ်ထဲ၌ ယုံကြည်သည်
အတိုင်း ရှိကြလော့။ [6]နေ့ရက်တစ်ရက်သည် အ
ခြားသောနေ့ရက်ထက်သာ၍ ကောင်းမြတ်
သည် ဟုထင်သောသူသည် သခင်ဘုရားအ
တွက် လုပ်ဆောင်ခြင်းဖြစ်၏။ စားအစာအား
လုံးတို့ကို စားသောသူသည် သခင်ဘုရားအ

**“ည”** အကျွန်ုပ်တို့နေထိုင်သောအပြစ်နှင့် ပြည့်သော လောက၏လက္ခဏာအဖြစ်သုံးသည်။

**“နေ့”** လာမည့်ကောင်းသောအချိန်၏လက္ခဏာအဖြစ်သုံးသည်။

တွက် လုပ်ဆောင်ခြင်းဖြစ်၏။ မှန်ပါ၏။ သူသည်
ထိုအစားအစာအတွက် သခင်ဘုရားအားကျေး
ဇူးတင်လျှက်ရှိ၏။ အချို့သော အစားအစာ
များကို စားဖို့ရန်ငြင်းဆိုသောသူသည်လည်း၊
သခင်ဘုရားအတွက် လုပ်ဆောင်၏။ သူသည်
သခင်ဘုရားအား ကျေးဇူးတင်လျှက်ရှိ၏။ [7]မှန်
ပါ၏။ “ငါတို့အားလုံးတို့သည် သခင်ဘုရားအ
တွက် အသက်ရှင်ကြ၏။ ငါတို့၏အသက်ရှင်
ခြင်း၊ သို့မဟုတ်၊ သေခြင်းအရာတို့သည် ငါတို့
အတွက် ဖြစ်သည်မဟုတ်၊ [8]ငါတို့သည် အသက်
ရှင်လျှင်၊ ငါတို့သည် သခင်ဘုရားအတွက်သာ
အသက်ရှင်နေကြခြင်းဖြစ်၏။ ငါတို့သည် သေ
လျှင်လည်း၊ သခင်ဘုရားအတွက်သာ သေခြင်း
ဖြစ်၏။ ထို့ကြောင့်၊ အသက်ရှင်သည်ဖြစ်စေ၊
သေသည်ဖြစ်စေ၊ ငါတို့ကို သခင်ဘုရားပိုင်၏။
[9]ထို့အကြောင်းကြောင့်၊ ခရစ်တော်သည်
အသေခံတော်မူ၍၊ တစ်ဖန်အသက်ရှင်ပြန်လို
သောငှါ သေခြင်းမှထမြောက်တော်မူ၏။ ခရစ်
တော်သည် ဤအရာတို့ကို ပြုတော်မူ၏။ ထို့
ကြောင့် ကိုယ်တော်သည် သေသောသူတို့နှင့်
အသက်ရှင်သောသူတို့၏ သခင်ဘုရားဖြစ်
တော်မူ၏။ [10]ထို့ကြောင့်၊ သင်တို့သည် အဘယ်
ကြောင့် ခရစ်တော်၌ သင်တို့၏ညီအစ်ကိုတို့
အား စစ်ကြောစီရင်ကြပါသနည်း။ သို့မဟုတ်
သင်တို့သည် သင်တို့၏ညီအစ်ကိုများထက်သာ
၍ကောင်းမွန်သည်ဟု အဘယ်ကြောင့် ကိုယ့်ကို
ကိုယ် ထင်ကြပါသနည်း။ ငါတို့အားလုံးတို့သည်
ဘုရားသခင်၏ရှေ့တော်မှောက်၌ ရပ်ကြလိမ့်
မည်။ သူသည်လည်း ငါတို့အားလုံးကို တရား
စီရင်တော်မူလိမ့်မည်။ [11]ကျမ်းစာ၌ ဤသို့ရေး
ထား၏။

“လူတိုင်းသည် ငါ့ရှေ့၌ ဒူးထောက်ရကြ
လိမ့်မည်၊ငါသည်ဘုရားသခင် ဖြစ်တော်
မူသည်ကို လူတိုင်းသည် ဝန်ခံပြောဆို
ရကြလိမ့်မည်။ ငါသည် အသက်ရှင်
တော်မူသည်အတိုင်း၊ ဤအရာများတို့
သည်လည်း ဖြစ်ကြလိမ့်မည် ဟုထာဝရ
ဘုရားမိန့်တော်မူ၏။” *ဟေရှာယ၊ 45:23*

[12]ထို့ကြောင့်၊ ငါတို့ရှိသမျှသည် ဘုရားသခင်
အား ကိုယ်အကြောင်းကို ဖွင့်ဟဝန်ခံ၍ စစ်
ကြောတော်မူခြင်းကို ခံရကြလိမ့်မည်။

## အခြားသောသူတို့အား အပြစ်သို့ မသွေးဆောင်ပါနှင့်

[13]ထို့ကြောင့်၊ ငါတို့သည် အချင်းချင်းစစ်
ကြောစီရင်ခြင်းမှရပ်ကြစို့။ ညီအစ်ကို သို့မဟုတ်
ညီအစ်မတို့ကို အားနည်းခြင်း၊ အပြစ်ဒုစရိုက်
ထဲသို့ ထိမိ၍လဲစေသော အဘယ်အရာတစ်ခု
ကိုမျှ မပြုလုပ်ရန် ငါတို့သည် ကိုယ်စိတ်နှလုံးကို
ပြင်ဆင်ကြရမည်။ [14]ငါသည် သခင်ယေရှု၌ ရှိ
တော်မူ၏။ ထို့ကြောင့် စားဖို့ရန် မှားယွင်းစေ
သောအစာ ဟူ၍မရှိသည်ကို ငါသိ၏။ သို့သော်
လည်း၊ လူတစ်ယောက်သည် တစ်စုံတစ်ရာကို
မှားသည်ဟု ထင်မြင်၍ ယုံကြည်ခြင်းရှိလျှင်
ထိုအရာမှာသူ့အတွက် မှားယွင်းစရာဖြစ်၏။
[15]သင်သည် တစ်စုံတစ်ရာကို စားသောကြောင့်
သင့်ညီအစ်ကို၏ ယုံကြည်ခြင်းကို နာကျင်စေ
လျှင် သင်သည် မေတ္တာလမ်းသို့ အမှန်လိုက်
လျှောက်ခြင်းမရှိ။ လူတစ်ယောက်၏ယုံကြည်
ခြင်းကို မှားယွင်းသည်ဟု သူထင်ရသောအရာ
တို့ကို စားသုံးခြင်းအားဖြင့် မပျက်စီးစေပါနှင့်။
ခရစ်တော်သည် ထိုသူအတွက် အသေခံတော်
မူ၏။ [16]သင်တို့သည် ကောင်းသောအရာဖြစ်
သည် ဟုထင်ရသော်လည်း၊ အခြားသောသူတို့
က ဆိုးသောအရာဖြစ်သည် ဟုဆိုစရာရှိသော
တစ်စုံတစ်ရာကိုမျှ ရှိစေခြင်းငှါ အခွင့်မပေးကြ
ပါနှင့်။
[17]ဘုရားသခင်၏နိုင်ငံတော်၌ စားခြင်း၊
သောက်ခြင်းတို့သည် အရေးကြီးသည်မဟုတ်။
ဘုရားသခင်၏နိုင်ငံတော်၌၊ အရေးကြီးသော
အရာများတို့မှာ၊ ဘုရားသခင်နှင့် ဖြောင့်မတ်
စွာ အသက်ရှင်ခြင်း၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်း
သောဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းတို့ဖြစ်
ကြ၏။ [18]ထိုသို့သောအသက်ရှင်ခြင်းအားဖြင့်
ခရစ်တော်၏အမှုကို ဆောင်ရွက်သောသူသည်

ဘုရားသခင်ကို ကျေနပ်နှစ်သက်စေ၍ လူတို့
တွင်လက်ခံဖွယ်ရာလည်း ဖြစ်လိမ့်မည်။
19ထို့ကြောင့်၊ ငြိမ်သက်ခြင်းကို ဖြစ်စေသော
အရာများတို့ကို ငါတို့သည် တတ်နိုင်သရွေ့
ကြိုးစား၍ လုပ်ဆောင်ကြကုန်အံ့။ အချင်းချင်း
တို့ကို ခွန်အားဖြစ်စေသော အရာများတို့ကို
လည်း၊ ငါတို့သည် ကြိုးစား၍ လုပ်ဆောင်ကြ
ကုန်အံ့။ 20ဘုရားသခင်၏အမှုတော်ကို သင်တို့
စားသောအစားအစာအားဖြင့် ပျက်စီးစေခြင်း
ငှါ အခွင့်မပေးကြနှင့်။ အစားအစာအားလုံး
သည် စားရန်စင်ကြယ်ကြပါ၏။ သို့သော်လည်း၊
အခြားသောသူတစ်ယောက်အား အပြစ်ဒုစ
ရိုက်ထဲသို့လဲစေခြင်းငှါ တစ်စုံတစ်ရာကို စား
သောသူသည် မှားယွင်း၏။ 21အသားကို စား
ခြင်းဖြင့်သော်ငင်း၊ စပျစ်ရည်ကို သောက်ခြင်း
ဖြင့်သော်ငင်း၊ တစ်စုံတစ်ခုလုပ်ခြင်းဖြင့်သော်
ငင်း သင်၏ညီအစ်ကို သို့မဟုတ် ညီအစ်မတို့
အား အပြစ်ဒုစရိုက်ထဲသို့ လဲစေမည်ဆိုလျှင်၊
မစားမသောက်ရန် သာ၍ ကောင်း၏။ 22ဤအ
ကြောင်းအရာနှင့် ဆိုင်သောသင်တို့၏ယုံကြည်
ခြင်းများကို ဘုရားသခင်နှင့် သင်တို့စပ်ကြား၌
သာ လျှို့ဝှက်စွာ ထိန်းထားကြလော့။ လူတစ်
ယောက်သည် မိမိစိတ်ထဲ၌ အပြစ်တင်စရာမရှိ၊
ဖြောင့်မတ်သည် ဟုထင်မှတ်သောအရာတို့ကို
သူသည် လုပ်ဆောင်နိုင်လျှင်၊ ထိုသူသည် မင်္ဂ
လာရှိသောသူဖြစ်၏။ 23သို့သော်လည်း၊ လူ
တစ်ယောက်သည် မိမိစိတ်ထဲ၌ ဖြောင့်မတ်
သည်ဟု အသေအချာထင်မှတ်ခြင်းမရှိဘဲ၊ တစ်
စုံတစ်ရာကို စားမိလျှင်ထိုသူသည် ကိုယ့်ကို
ကိုယ် မှားယွင်းစေသောသူဖြစ်၏။ အကြောင်း
မူကား၊ ထိုအရာသည် ဖြောင့်မတ်သည်ဟု
ထိုသူသည် မယုံကြည်သောကြောင့်ဖြစ်၏။
ထို့အပြင်၊ လူတစ်ယောက်သည် အဘယ်အမှု
အရာကို မျှယုံကြည်ခြင်းမပါဘဲပြုလျှင်၊ ထိုအမှု
အရာ၌အပြစ်ရှိ၏။

15 ငါတို့သည် ယုံကြည်ခြင်း၌ အားကြီးကြ
၏။ ထို့ကြောင့်ငါတို့သည် ယုံကြည်ခြင်း
၌ အားနည်းနေသောသူတို့ကို ကူညီမစကြရ
မည်။ ငါတို့သည် သူတို့၏အားနည်းခြင်းအမှုများ
၌ သူတို့ကို ကူညီမစကြရမည်။ ငါတို့သည် ကိုယ့်
ကိုကိုယ် ကျေနပ်နှစ်သက်စေခြင်းငှါ မကြိုးစား
သင့်ပါ။ 2ငါတို့သည် သူတစ်ပါးကို ကျေနပ်နှစ်
သက်စေခြင်းငှါ ကြိုးစားကြရမည်။ ငါတို့သည်
ဤအမှုကို ပြုခြင်းအားဖြင့် သူတို့ကိုကူညီရမည်။
ထိုသူတို့သည် ယုံကြည်ခြင်း၌ ပို၍ အားကြီးစေ
ခြင်းငှါ ငါတို့သည် သူတို့အား ကြိုးစား၍ ကူညီ
ရမည်။ 3ခရစ်တော်ပင်လျှင်၊ ကိုယ့်ကိုကိုယ်
ကျေနပ်နှစ်သက်စေခြင်းငှါ အသက်မရှင်။ ကျမ်း
စာ၌ ရေးထားသည်မှာ၊ "ကိုယ်တော်ကို ကဲ့ရဲ့
သောသူတို့သည် အကျွန်ုပ်ကိုလည်း ကဲ့ရဲ့ကြ
၏"* ဟူ၍ဖြစ်၏။ 4လွန်လေပြီးသောကာလ၌
ရေးထားခဲ့သမျှသော အရာခပ်သိမ်းတို့သည်ငါ
တို့အား ဆုံးမသွန်သင်ရန် ရေးသားတော်မူ၏။
ငါတို့၌ မျှော်လင့်စရာအကြောင်း ရှိစေခြင်းငှါ
ထိုအရာတို့ကို ရေးသားထားတော်မူ၏။ ကျမ်း
စာ၌ ငါတို့အား ပေးထားတော်မူသော ထို
ယုံကြည်ခြင်းသည် သည်းခံခြင်းနှင့် တိုက်တွန်း
အားပေးခြင်းတို့မှလာ၏။ 5စိတ်ရှည်ခြင်း၊ သည်း
ခံခြင်းနှင့် ခွန်အားတို့သည် ဘုရားသခင်ထံ
တော်မှလာ၏။ ခရစ်တော်ယေရှု၏အလိုတော်
အတိုင်း၊ သင်တို့သည် တညီတညွတ်တည်းနေ
ရန် အချင်းချင်းကူညီမည့်အကြောင်း၊ ငါသည်
ဘုရားသခင်ကို ဆုတောင်း၏။ 6သို့မှသာ သင်
တို့အားလုံးသည် တညီတညွတ်တည်း ရှိကြ
လိမ့်မည်။ ထိုသို့သင်တို့အားလုံးသည် ငါတို့
သခင်ယေရှုခရစ်၏ခမည်းတော်တည်းဟူသော
ဘုရားသခင်အား တညီတညွတ်တည်း ဘုန်း
အသရေတော်ကို ပေးကြပါလိမ့်မည်။ 7ခရစ်
တော်သည်သင်တို့ကို လက်ခံတော်မူ၏။ ထို့
ကြောင့်၊ သင်တို့သည်လည်း အချင်းချင်းတစ်
ယောက်ကိုတစ်ယောက်လက်ခံကြရမည်။ ဤ
အရာသည် ဘုရားသခင်၏ဘုန်းအသရေတော်
သည် ထင်ရှားစေလိမ့်မည်။ 8ဘုရားသခင်၏
ဂတိတော်သည် အမှန်တည်တော်မူကြောင်းကို
ထင်ရှားစေခြင်းငှါ ခရစ်တော်သည် ယုဒလူမျိုး

---

**"ကိုယ်တော် … ကဲ့ရဲ့ကြ၏"** ဆာလံ 69:9

တို့အတွက် အစေခံသောသူ ဖြစ်လာကြောင်းကို ငါသည် သင်တို့အား ပြောဆို၏။ ဘုရားသခင်သည် ယုဒလူမျိုးတို့၏ဘိုးဘေးများတို့အား ဂတိထားတော်မူသည်အတိုင်း ပြည့်စုံစေတော်မူပြီဖြစ်ကြောင်းကို ခရစ်တော်သည် ထင်ရှားစွာသက်သေထူစေတော်မူ၏။ 9ခရစ်တော်သည် ဤအမှုအရာတို့ကို ပြုတော်မူ၏။ ထို့ကြောင့်၊ ယုဒလူမျိုးမဟုတ်သော အခြားသောလူမျိုးတို့သည် သူတို့အပေါ်သို့ ဘုရားသခင်ပေးတော်မူသောသနားခြင်း ဂရုဏာတော်တို့အတွက် ဘုရားသခင်၏ဘုန်းအရေတော်ကို ချီးမြှောက်ကြရမည်ဖြစ်၏။ ကျမ်းစာ၌ ရေးထားသည်မှာ၊

"ထို့ကြောင့် ငါသည် ယုဒလူမျိုးမဟုတ်
သော အခြားသောလူမျိုးတို့ကြား၌ ချီး
မွမ်းလိမ့်မည်။ ငါသည် ကိုယ်တော်၏နာမ
တော်ကိုထောမနာသီချင်းဆိုလိမ့်မည်။"

*ဆာလံ၊ 18:49*

10ကျမ်းစာ၌ ဆိုပြန်သည်မှာ၊

"ယုဒအမျိုးမဟုတ်သော သင်တို့သည်
ဘုရားသခင်၏လူတို့နှင့်အတူတကွ ဝမ်း
မြောက်ခြင်းရှိလိမ့်မည်။"

*တရားဟောရာကျမ်း၊ 32:43*

11တစ်ဖန်ကျမ်းစာ၌ ဆိုပြန်သည်မှာ၊

"သင်တို့ယုဒလူမျိုး မဟုတ်သော လူမျိုးတို့
ထာဝရဘုရားကို ချီးမွမ်းကြလော့။ လူ
မျိုးအပေါင်းတို့သည် သူ့ကို ချီးမွမ်းကြ
လော့။"

*ဆာလံကျမ်း၊ 117:1*

12တစ်ဖန်ပရောဖက်ဟေရှာယဆိုသည်မှာ၊

"ယေရှဲ၏ အမျိုးအနွယ်ထဲမှ လူတစ်
ယောက်သည် ပေါ်လာလိမ့်မည်။ သူ
သည် ယုဒအမျိုးမဟုတ်သောအခြား
သော လူမျိုးတို့အပေါ်၌ အုပ်စိုးခြင်းငှါ
လာလိမ့်မည်။ ယုဒလူမျိုးမဟုတ်သော
အခြားသောလူမျိုးတို့သည် ထိုသူအား
ဖြင့် မျှော်လင့်ခြင်းရှိကြလိမ့်မည်။"

*ဟေရှာယ၊ 11:10*

13သင်တို့၏ယုံကြည်ခြင်းကြောင့် သင်တို့အား ပြည့်စုံသောဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ပေးတော်မူမည်အကြောင်း မျှော်လင့်ခြင်းကို ပေးတော်မူသော ဘုရားသခင်ကို ငါဆုတောင်း၏။ ထို့နောက် သင်တို့၌ မျှော်လင့်ခြင်းသည် ပြည့်စုံလာလိမ့်မည်။ ထို့အပြင်၊ ထိုမျှော်လင့်ခြင်းသည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် သင်တို့၏အထဲမှ စီးထွက်လာပါလိမ့်မည်။"

## ရှင်ပေါလုသည် သူ၏အမှုတော်လုပ်ငန်းအကြောင်းကို ပြောဆိုခြင်း

14ငါ၏ညီအစ်ကိုမောင်နှမတို့၊ သင်တို့သည်
ကောင်းသောပကတိသဘောနှင့် ပြည့်စုံကြ
သည်ကို ငါသိရှိနားလည်၏။ သင်တို့သည် အ
ချင်းချင်း တစ်ယောက်ကိုတစ်ယောက်ဆုံးမ
သွန်သင်ခြင်းကို တတ်နိုင်ကြမည်အကြောင်း၊
သင်တို့၌ လိုအပ်သမျှသောဉာဏ်ပညာရှိကြ
သည်ကို ငါသိ၏။ 15သို့သော်လည်း၊ သင်တို့
အား ငါအောက်မေ့သတိရစေလိုသောအရာ
များတို့အကြောင်းကို ငါသည် သင်တို့အား ရဲ
ရင့်ပွင့်လင်း စွာရေးလိုက်ပါ၏။ ငါသည် ဤကဲ့
သို့ ပြုလေ၏။ အကြောင်းမူကား၊ ဘုရားသခင်
သည် ငါ့အား ဤဆုကျေးဇူးကို ပေးတော်မူ၏။
16ငါသည် ခရစ်တော်ယေရှု၏အမှုဆောင် ဖြစ်
၏။ ဘုရားသခင်သည် ငါ့အား ယုဒလူမျိုးမ
ဟုတ်သော အခြားသောလူမျိုးတို့ကို ကူညီမစ
ခြင်းအမှုကို လုပ်ဆောင်ရန် ခန့်ထားတော်မူ
၏။ ငါသည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကိုဟောပြော၊ သွန်သင်ခြင်းအားဖြင့် ဘုရား
သခင်၏အမှုကို ဆောင်ရွက်လေ၏။ ယုဒလူ အ
မျိုး မဟုတ်သော အခြားသောလူမျိုးတို့သည်

ဘုရားသခင် လက်ခံတော်မူသောပူဇော်ဆက်
ကပ်ခြင်းဖြစ်စေခြင်းငှါ ဤအရာကို ငါပြု၏။
ထိုလူမျိုးတို့ကိုသန့်ရှင်းသောဝိညာဉ်တော်အား
ဖြင့်ဘုရားသခင်အတွက်သန့်ရှင်းစေတော်မူ၏။
17ထို့ကြောင့် ငါသည် ခရစ်တော်ယေရှု၌
ဘုရားသခင်အတွက် ပြုသောအရာတို့၌ ဝါ
ကြွားခြင်းအကြောင်းရှိ၏။
18ငါပြုခဲ့သော အဘယ်အရာတစ်ခုကိုမျှ
ကိုယ်အလိုအလျောက် ငါသည် ဟောပြော
လိမ့်မည်မဟုတ်။ ယုဒလူမျိုးမဟုတ်သော အ
ခြားသောလူမျိုးတို့သည် ဘုရားသခင်စကား
ကို နားထောင်ကြရန် ဦးဆောင်လမ်းပြခြင်းဟူ
သောခရစ်တော်သည် ငါနှင့်အတူ လုပ်ဆောင်
သမျှတို့ကိုသာ ငါသည် ဟောပြောလိမ့်မည်။
သူတို့သည် ငါဟောပြော၍ ငါပြုခဲ့သောအရာ
များကြောင့် ဘုရားသခင်၏စကားကို နား
ထောင်ကြ၏။ 19သူတို့သည် ဝိညာဉ်တော်၏
တန်ခိုးတော်အားဖြင့်၊ ဘုရားသခင်ပြတော်မူ
သောနိမိတ်လက္ခဏာများကို မြင်ရသော
ကြောင့် ဘုရားသခင်၏စကားကို နားထောင်
ကြ၏။ ငါသည် ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ယေရုရှလင်မြို့မှစ၍ ဣလုရိတ်
ပြည်*တိုင်အောင် လမ်းခရီးတစ်လျှောက်လုံး
၌ ဟောပြော၏။ ငါသည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းအကြောင်းကို ထိုအရပ်အား
လုံး၌ အကုန်အစင်ဟောပြော၏။ 20ငါ၏စိတ်အ
လိုဆန္ဒသည် ခရစ်တော်နာမကို မကြားဘူး
သောအရပ်များ၌ ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောရန်ဖြစ်၏။ ငါသည် အ
ခြားသောသူတို့အစပြု၍ လုပ်ဆောင်ပြီးသော
အမှုပေါ်၌ ထပ်ဆင့်၍ အမှုတော်ကို မတည်
ဆောက်လိုသောကြောင့် ဤအရာကို ငါပြု၏။
21သို့သော်လည်း၊ကျမ်းစာ၌ရေးထားသည်မှာ၊

“ထိုသူ၏အကြောင်းကို အဘယ်သူမျှ
မပြောပြဖူးသောလူတို့သည် မြင်ကြလိမ့်
မည်။ ထိုသူ၏အကြောင်းကို မကြားဖူး
သောလူတို့သည်နားလည်ကြလိမ့်မည်။”

*ဟေရှာယ၊ 52:15*

## ရှင်ပေါလုသည် ရောမမြို့သို့ခရီး သွားရန်ကြံစည်ခြင်း

22ထိုအကြောင်းကြောင့် ငါသည် သင်တို့ရှိ
ရာသို့ မလာရန် မကြာခဏတားဆီးခြင်းကို
ခံရ၏။
23ယခုတွင် ဤအရပ်ဒေသ၌ ငါဆောင်ရွက်
စရာအမှုများကို ပြီးစီးပြီးဖြစ်၏။ နှစ်ပေါင်းများ
စွာကပင် ငါသည် သင်တို့ထံလာရန် အလိုရှိ၏။
24ထို့ကြောင့်၊ ငါသည် စပိန်သို့ ခရီးသွားသော
အခါ သင်တို့ရှိရာသို့ ငါလာမည်။ သင်တို့နှင့်အ
တူနေ၍အလိုပြည့်စုံခြင်းငှါ ငါမျှော်လင့်၏။ ထို့
နောက် သင်တို့သည် ငါ၏ခရီးစဉ်ကို ကူညီနိုင်
ကြပါမည်။ 25ယခုတွင် ငါသည် ဘုရားသခင်၏
လူတို့အားကူညီမစရန် ယေရုရှလင်မြို့သို့ သွား
ဦးမည်။ 26ယေရုရှလင်မြို့၌ရှိသောဘုရားသခင်
၏လူအချို့တို့မှာ ဆင်းရဲနွမ်းပါးလျက်ရှိကြ၏။
မာကေဒေါနိပြည်နှင့် အခါယ ပြည်တို့၌ရှိသော
ယုံကြည်သူများတို့သည် မိမိတို့၏ဥစ္စာကို ဝေမျှ
၍ စေတနာစိတ်နှင့်လှူကြရာတွင် ဝမ်းမြောက်
ကြ၏။ သူတို့သည်ယေရုရှလင် မြို့၌ရှိသောသူ
တို့အား ကူညီရန်ပေးလှူကြ၏။ 27မာကေဒေါနိ
ပြည်နှင့် အခါယပြည်တို့တွင်ရှိသော ယုံကြည်
သူတို့သည် ထိုအမှုများကို ပြုကြရာတွင် ဝမ်း
မြောက်ပျော်ရွှင်ကြ၏။ သူတို့သည် ယေရုရှလင်
မြို့၌ရှိသော ယုံကြည်သူတို့အား အမှန်ကူညီကြ
၍ ဥစ္စာပစ္စည်းများကိုလည်း ပေးသင့်၏။ ယုဒ
လူမျိုးမဟုတ်သော အခြားသောလူမျိုးတို့သည်
ယုဒလူမျိုးတို့နှင့်အတူ ဝိညာဉ်ပကတိ၌ကောင်း
ချီးမင်္ဂလာများတို့ကို ဝေမျှခံစားရကြ၏။ ထို့
ကြောင့် သူတို့သည် ယုဒလူမျိုးတို့၌ အကြွေး
တင်လျက်ရှိ၏။ 28ယေရုရှလင်မြို့၌ရှိသည့်ဆင်း
ရဲနွမ်းပါးသောသူတို့သည် ကောက်ခံသောအ
လှူငွေကို ကောင်းမွန်စွာ လက်ခံရရှိရန် ငါအလို
ရှိ၏။ ငါသည် ဤအမှုကို ပြီးစီးသောအခါ၊

---

**ဣလုရိတ်ပြည်** ဂရိနိုင်ငံအနောက်နှင့် မြောက်အရပ်၌ရှိ
သောရောမပြည်နယ်တစ်ခု။

ငါသည် စပိန်ပြည်သို့သွားမည်။ ငါသည် စပိန်
ပြည်သို့ခရီးသွားစဉ်တွင်၊ သင်တို့ရှိရာသို့ ငါဝင်
လာပါလိမ့်မည်။ 29ငါသည် သင်တို့ရှိရာသို့
လာသောအခါ၊ ခရစ်တော်၏ကြွယ်ဝသော
ကောင်းချီးမင်္ဂလာနှင့် အတူရောက်လာလိမ့်
မည်ဟု ငါသိ၏။
30ညီအစ်ကိုမောင်နှမတို့ ငါ့အမှု၌ ဘုရား
သခင်သည် ငါ့ကို ကူညီမည်အကြောင်း သင်တို့
သည် ငါ့အတွက် ဆုတောင်းပေးရန် ငါတောင်း
ပန်၏။ ငါတို့၏သခင်ယေရှုနှင့် ငါတို့အား သန့်
ရှင်းသောဝိညာဉ်တော်ကို ပေးတော်မူသော
ကြောင့် ဤအရာတို့ကို ပြုကြလော့။ 31ငါသည်
ယုဒပြည်၌ရှိသော မယုံကြည်သောသူများတို့
၏လက်မှ လုံခြုံစွာဘေးကင်းလွတ်ရပါမည် အ
ကြောင်းဆုတောင်းကြလော့။ ငါသည်လည်း
ယေရုရှလင်မြို့၌ရှိသော ဘုရားသခင်၏လူတို့
အား ဝမ်းမြောက်ဖွယ်ရာအကြောင်းပါလာစေ
ရန် ဤအရာများအတွက် အကူအညီရှိရန် ဆု
တောင်းကြလော့။ 32ထို့နောက် ဘုရားသခင်
အလိုတော်ရှိတော်မူလျှင် ငါသည် သင်တို့ရှိရာ
သို့ လာပါလိမ့်မည်။ ငါသည် ဝမ်းမြောက်ခြင်း
နှင့်လာပါလိမ့်မည်။ ငါသည် သင်တို့နှင့်အတူ
ရှိသောအခါ နားနေသောအချိန်လည်း ရှိလိမ့်
မည်။ 33ငါတို့အား ငြိမ်သက်ခြင်းကို ပေးတော်
မူသောဘုရားသခင်သည် သင်တို့အားလုံးတို့
နှင့်အတူ တည်ရှိတော်မူပါစေသော။ အာမင်။

## ရှင်ပေါလု၏နောက်ဆုံးစကား

16 ငါတို့၏ညီမဖြစ်သော ဖိဗေကို သင်တို့
သည် ယုံကြည်စိတ်ချနိုင်မည်အကြောင်း
သိရန်ငါအလိုရှိ၏။ သူမသည် ကင်ခြေမြို့၌ရှိ
သောသင်းထောက်*မိန်းမဖြစ်၏။ 2သင်တို့
သည် သူမအား သခင်ဘုရား၌ လက်ခံကြရန်
ငါတောင်းပန်၏။ ဘုရားသခင်၏လူတို့ပြုသည့်
နည်းတူသူမကို လက်ခံကြလော့။ သင်တို့ထံမှ
သူမလိုအပ်သမျှသော မည်သည့်အရာကိုမဆို
သူမအား ကူညီမစကြလော့။ သူမသည်လည်း
ငါ့အား အလွန်များစွာကူညီ၏။ သူမသည် များ
စွာသော သူတို့ကို ကူညီ၏။
3သူမသည် များစွာသောအခြားသူတို့ကို
လည်း ကူညီခဲ့ပြီ။ ပြစ်ကီလနှင့် အာကုလတို့ကို
လည်း နှုတ်ဆက်ကြလော့။ သူတို့သည် ငါနှင့်
အတူခရစ်တော်ယေရှု၏အမှုတော်ကို ဆောင်
ရွက်သောသူဖြစ်၏။ 4သူတို့သည် ငါ့အသက်ကို
ကယ်ဖို့ရန် မိမိတို့၏အသက်များကို စွန့်ကြ၏။
ငါသည် သူတို့အား အထူးကျေးဇူးတင်လျက်ရှိ
၏။ ယုဒလူမျိုးမဟုတ်သော အခြားသောလူ
မျိုးတို့၏ အသင်းတော်များအားလုံးတို့ကလည်း
ကျေးဇူးတင်လျက်ရှိ၏။ 5သူတို့၏နေအိမ်၌ တွေ့
ဆုံသောအသင်းတော်ကိုလည်း နှုတ်ဆက်ကြ
လော့။ ငါ၏မိတ်ဆွေပဲနက်ကိုလည်းနှုတ်ဆက်
ကြလော့။ သူသည် အာရှပြည်၌ ခရစ်တော်၏
နောက်တော်သို့ပထမဦးဆုံး လိုက်သောသူဖြစ်
၏။ 6မာရိကိုလည်း နှုတ်ဆက်ကြလော့။ သူမ
သည် သင်တို့အတွက် အလွန်ကြိုးစား၍ အမှုကို
ဆောင်ရွက်၏။ 7အန္ဒြောနိတ်နှင့် ယုနိတို့ကို
လည်းနှုတ်ဆက်ကြလော့။ သူတို့သည် ငါ့အမျိုး
သားချင်းဖြစ်၍ သူတို့သည် ငါနှင့်အတူ အကျဉ်း
ခံကြ၏။ ထိုသူတို့သည် တမန်တော်တို့တွင် အ
သရေထင်ရှားသောသူ ဖြစ်ကြ၏။ သူတို့သည်
ငါ့ထက်အရင် ခရစ်တော်ကို ယုံကြည်ကြသော
သူများလည်းဖြစ်ကြ၏။ 8သခင်ဘုရား၌ ငါချစ်
သော အမ္ပလိကိုလည်း နှုတ်ဆက်ကြလော့။
9ဥရဗန်ကိုလည်း နှုတ်ဆက်ကြလော့။ သူသည်
ခရစ်တော်အတွက် ငါနှင့်အတူအမှုကို ဆောင်
ရွက်သောသူ ဖြစ်၏။ ငါချစ်သောမိတ်ဆွေ
သတာခုကိုလည်း နှုတ်ဆက်ကြလော့။
10အပေလေကိုလည်း နှုတ်ဆက်ကြလော့။ သူ
သည် ခရစ်တော်ကို အမှန်စင်စစ် ချစ်တော်မူ
သောသူ ဖြစ်သည်ကို မြည်းစမ်း၍ သက်သေထူ
သောသူဖြစ်၏။ အာရိတ္တောဗုလု၏အိမ်သူအိမ်
သားအားလုံးတို့ကိုလည်း နှုတ်ဆက်ကြလော့။
11ငါ၏ဆွေမျိုး ဟေရောဒျန်ကို နှုတ်ဆက်ကြ

**သင်းထောက်** မူရင်းအရ၊ သင်းထောက်လူကြီး ဂရိဘာသာဖြင့် အစေခံ၊ကြည့် 1တိ 3:11

လော့။ သခင်ဘုရားပိုင်တော်မူသော နာကိသု
၏အိမ်သူအိမ်သား အားလုံးတို့ကိုလည်း နှုတ်
ဆက်ကြလော့။ [12]တရုဖဲနနှင့် တရုဖောသတို့ကို
လည်း နှုတ်ဆက်ကြလော့။ ထိုသို့ မိန်းမတို့
သည်လည်း သခင်ဘုရားအတွက် အမှုတော်ကို
အလွန်ကြိုးစား၍ လုပ်ဆောင်ကြ၏။ ငါချစ်
သောမိတ်ဆွေပေရသိကို နှုတ်ဆက်ကြလော့။
သူမသည်လည်း သခင်ဘုရားအတွက် အမှု
တော်ကို အလွန်ကြိုးစား၍ လုပ်ဆောင်ခဲ့ပြီ။
[13]ရုဖုကိုနှုတ်ဆက်ကြလော့။ သခင်ဘုရားသည်
သူ့ကို ရွေးကောက်တော်မူ၏။ သူ၏မိခင်ကို
နှုတ်ဆက်ကြလော့။ သူမသည် ငါ့အဖို့လည်း
အမိဖြစ်၏။ [14]အသုံကြိတ်၊ ဖလေကုန်၊ ဟေရမ၊
ပတ်ရောဘ၊ ဟေရမေမှစ၍ သူတို့နှင့်အတူနေ
သောခရစ်တော်၌ ညီအစ်ကိုများအားလုံးတို့
ကို နှုတ်ဆက်ကြလော့။ [15]ဖိလောလုပ်၊ ယုလိ၊
နေရု၊ နေရုညီမနှင့် သြလုမ္ပတို့ကို နှုတ်ဆက်ကြ
လော့။ ဘုရားသခင်ပိုင်တော်မူသောယုံကြည်
သူအပေါင်းတို့ကို နှုတ်ဆက်ကြလော့။ [16]သင်
တို့သည် အချင်းချင်းတစ်ယောက်ကိုတစ်
ယောက်တွေ့မြင်ကြသောအခါ သန့်ရှင်းသော
နမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။ ခရစ်တော်၏
အသင်းတော်အားလုံးတို့သည် သင်တို့ကို နှုတ်
ဆက်ကြ၏။

[17]ညီအစ်ကိုမောင်နှမတို့ အချင်းချင်းတစ်
ယောက်ကိုတစ်ယောက် ဆန့်ကျင်ဘက်ဖြစ်
စေသောထိုသူတို့ကို အလွန်သတိကြီးစွာ ဂရု
စိုက်၍ ရှောင်ကြရန် ငါသတိပေး၍ တောင်း
ပန်၏။ အခြားသောသူတို့၏ယုံကြည်ခြင်းကို က
မောက်ကမဖြစ်အောင် မှောက်လှန်စေသော
သူတို့ကို အလွန်သတိကြီးစွာ ဂရုစိုက်၍ ရှောင်
ကြဉ်ကြလော့။ ထိုသူတို့သည် သင်တို့ခံယူသော
ဆုံးမသွန်သင်ခြင်းသြဝါဒတို့ကို ဆန့်ကျင်ဘက်
ပြုကြ၏။ [18]ထိုသူတို့မှဝေးစွာရှောင်၍ နေကြ
လော့။ ထိုသို့သောလူတို့သည် ငါတို့သခင်ခရစ်
တော်၏အမှုကို မဆောင်ရွက်။ သူတို့သည် မိမိ
တို့ဝမ်း၏အမှုကိုသာ ဆောင်ရွက်ကြ၏။ သူတို့
သည် ဆိုးသောအမှုအရာကို မသိသောသူတို့
ကို လောကဝတ်စကားနှင့် ချော့မော့သော
စကားအားဖြင့် လှည့်ဖြားတတ်ကြ၏။ [19]သင်
တို့သည် လိုက်နာကြောင်းကို ယုံကြည်သူအား
လုံးတို့သည် ကြားသိရကြ၏။ ထို့ကြောင့် ငါ
သည် သင်တို့ကြောင့် အလွန်ဝမ်းမြောက်ခြင်း
ရှိ၏။ သို့သော်လည်း ငါသည် သင်တို့အား
ကောင်းသောအမှုအရာများတို့၌ ပညာသတိရှိ
စေခြင်းငှါ အလိုရှိ၏။ တစ်ဖန် ငါသည် သင်တို့
ကို ဆိုးသောအမှုအရာများ၌ အပြစ်ကင်းစေ
ခြင်းငှါ အလိုရှိ၏။

[20]ငြိမ်သက်ခြင်းကိုပေးတော်မူသော ဘုရား
သခင်သည် စာတန်ကို နှိမ်နင်းတော်မူ၍ သူ့အ
ပေါ်၌ အောင်နိုင်သောအခွင့်တန်ခိုးကို သင်တို့
အား ပေးတော်မူပါလိမ့်မည်။ ငါတို့သခင်ယေရှု
ခရစ်၏ ကျေးဇူးတော်သည် သင်တို့၌ရှိပါစေ
သော။ [21]ငါနှင့်အတူအမှုတော်ကို ဆောင်ရွက်
သောတိမောသေသည် သင်တို့ကို နှုတ်ဆက်
၏။ လုကိ၊ ယာသုန်နှင့် သောသိပတရုတို့က
လည်း၊ သင်တို့ကို နှုတ်ဆက်၏။ [22]ငါသည်
တေရတိဖြစ်၏။ ငါသည် သခင်ဘုရား၌ သင်တို့
ကိုနှုတ်ဆက်၏။

[23]ဂါယုသည် ငါ့ကိုလက်ခံ၍ ဤနေရာ၌ရှိ
သော အသင်းတော်တစ်ခုလုံးတို့သည် သူ၏
အိမ်ကို သုံးကြ၏။ သူသည်လည်း သင်တို့ကို
နှုတ်ဆက်၏။ ဧရတ္တုနှင့် ငါတို့ညီ ကွာတုတို့
သည် သင်တို့ကို နှုတ်ဆက်ကြ၏။ ဧရတ္တုသည်
ဤမြို့၌ ဘဏ္ဍာရေးမှူးဖြစ်၏။ [24]*

[25]ဘုရားသခင်အား ဘုန်းကြီးပါစေသော။
ဘုရားသခင်သည် သင်တို့ကို ယုံကြည်ခြင်း၌
အားကြီးစေခြင်းငှါ တတ်နိုင်တော်မူသူ ဖြစ်၏။
ဘုရားသခင်သည် သင်တို့အား ငါသွန်သင်
သော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
အသုံးပြု၍သင်တို့ကို ခွန်အားနှင့် ပြည့်စုံစေခြင်း
ငှါ ပြုနိုင်တော်မူ၏။ ထိုအရာမှာသင်တို့အား
ငါ ဟောပြောသော ယေရှုခရစ်၏အကြောင်း

---

**အခန်းငယ်24** တစ်ချို့ဂရိစာက အခန်းငယ် 24 ကို ပေါင်းထည့်သည်မှာ "ငါတို့သခင်ယေရှု၏ကျေးဇူးတော်သည် သင်တို့အပေါ်၌ တည်ပါစေသတည်း" အာမင်။

ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း ဖြစ်၏။
ခရစ်တော်၏အကြောင်းတည်းဟူသော ထိုနှုတ်
ကပတ်တော်သည် ရှေးကပ်ကာလပတ်လုံး
ဝှက်ထားခဲ့သည့်လျှို့ဝှက်သော သမ္မာတရား
ပင်ဖြစ်၏။ သို့သော်လည်း ထိုလျှို့ဝှက်သော
သမ္မာတရားသည် ယခုတွင် ငါတို့အား ထင်
ရှားစွာပြတော်မူ၏။ 26 ထိုအရာသည် ပရော
ဖက်တို့၏ရေးသားခြင်းအားဖြင့် ထင်ရှားစေ
တော်မူပြီ။ ယခုတွင် လူအပေါင်းတို့သည်လည်း
ယုံကြည်၍ လိုက်နာမည်အကြောင်း ထာဝရ
ဘုရားသခင်၏ပညတ်တော်သည် ထင်ရှားစွာ
ပြတော်မူပြီဖြစ်၏။ 27 ဘုရားသခင်သည် ထာဝရ
အစဉ်အမြဲအသက်ရှင်တော်မူ၏။ ပညာနှင့်ပြည့်
စုံတော်မူသောတစ်ဆူတည်း သောဘုရား
သခင်သည် ယေရှုခရစ်အားဖြင့် ထာဝရအစဉ်
မပြတ် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။

# ကောလိုသဲဩဝါဒစာ ပထမစောင်

1 ပေါလုထံမှ နှုတ်ဆက်လိုက်ပါ၏။ ဘုရား
သခင်သည် ငါ့ကို ရွေးကောက်တော်မူ
သောကြောင့် ငါသည် ခရစ်တော်ယေရှု၏တ
မန်တော်တစ်ပါးအဖြစ် ခေါ်တော်မူခြင်းကို ခံရ
၏။ ခရစ်တော်၌ ငါတို့၏ညီဖြစ်သော သုသင်
ထံမှလည်း နှုတ်ဆက်လိုက်ပါ၏။
2 ကောလိုသဲမြို့၌ရှိသော ဘုရားသခင်၏အ
သင်းတော်နှင့် ခရစ်တော်ယေရှု၌ သန့်ရှင်းစေ
တော်မူသောသူတို့အား နှုတ်ဆက်လိုက်ပါ၏။
သင်တို့သည် ဘုရားသခင်၏သန့်ရှင်းတော်မူ
သောလူဟူ၍ ခေါ်တော်မူခြင်းကိုခံကြ၏။ သင်
တို့သည် ငါတို့သခင်ယေရှုခရစ်၏နာမတော်ကို
ယုံကြည်ကိုးစား ၍နေရာအနှံ့အပြား၌ နေထိုင်
သောသူတို့နှင့်အတူ ခေါ်တော်မူခြင်းခံကြ၏။
ယေရှုခရစ်သည် သူတို့၏သခင်ဖြစ်၍ ငါတို့၏
သခင်လည်း ဖြစ်တော်မူ၏။
3 သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူ
သော ဘုရားသခင်အထံတော်မှ ကျေးဇူးတော်
နှင့်ငြိမ်သက်ခြင်းသည် သင်တို့အပေါ်၌ ရှိပါစေ
သော။

## ရှင်ပေါလုသည် ဘုရားသခင်ကို ကျေးဇူးတင်တော်မူခြင်း

4 ဘုရားသခင်သည် ကျေးဇူးတော်ကို ခရစ်
တော်ယေရှုအားဖြင့် သင်တို့အား ပေးတော်မူ
သောကြောင့် ငါသည် ငါ့ဘုရားသခင်၏ကျေး
ဇူးတော်ကို အစဉ်မပြတ်ချီးမွမ်း၏။ 5 သင်တို့
သည် ခရစ်တော်ယေရှုအားဖြင့် ကြွယ်ဝသော
ကောင်းချီးမင်္ဂလာအားလုံးတို့ကို ခံစားကြ၏။
သင်တို့ပြောဆိုခြင်း ရှိသမျှသောအမှုနှင့် သင်
တို့၏ဉာဏ် ရှိသမျှတို့၌ သင်တို့သည် ကောင်း
ချီးမင်္ဂလာကိုခံကြ၏။ 6 ခရစ်တော်၏အကြောင်း
မှန်သောတရားသည် သင်တို့တွင် တည်စေ
တော်မူ၏။ 7 ထို့ကြောင့် သင်တို့သည် ငါတို့သခင်
ယေရှု၏ပေါ်ထွန်းတော်မူခြင်းကို မျှော် လင့်၍
နေစဉ်၊ သင်တို့လိုအပ်သော ဆုကျေးဇူးအလုံးစုံ
တို့ကို ဘုရားသခင်ထံတော်မှ ရရှိကြလိမ့်မည်။
8 သင်တို့သည် ငါတို့သခင်ယေရှုခရစ် ပြန်ကြွ
လာသောအခါ အပြစ်တင်စရာအခွင့်နှင့် ကင်း
လွတ်မည်အကြောင်း ယေရှုသည် သင်တို့ ကို
အဆုံးတိုင်အောင် ခိုင်ခံ့မြဲမြံစေတော်မူလိမ့်
မည်။ 9 ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်
မူ၏။ ဘုရားသခင်သည် ငါတို့သခင်တည်းဟူ
သော မိမိ၏သားတော်ယေရှုခရစ်နှင့်အတူ
ဆက်ဆံခြင်းကျေးဇူးတော်ကို ပေးတော်မူရန်
သင်တို့အား ခေါ်တော်မူသောသူပင် ဖြစ်၏။

## ကောလိုသဲအသင်းတော်၌ရှိသောပြဿနာများ

10 ညီအစ်ကိုမောင်နှမတို့၊ သင်တို့သည် အ
ချင်းချင်း ကွဲပြားခြင်းမရှိမည့်အကြောင်း စိတ်
သဘောတညီတညွတ်တည်းရှိကြရန် ငါတို့သခင်
ယေရှုခရစ်၏နာမတော်အမှီပြု၍ သင်တို့ကို ငါ
နှိုးဆော်တောင်းပန်၏။ သင်တို့သည် တူညီသော
ရည်ရွယ်ချက်ဖြင့် တစ်ယောက်ကိုတစ်ယောက်
စုံလင်စွာ ပေါင်းစည်းကြရန် ငါနှိုးဆော်တောင်း
ပန်၏။ 11 ညီအစ်ကိုမောင်နှစ်မတို့၊ ခလောဧ
အိမ်သားအချို့တို့သည် သင်တို့အကြောင်းကို
ငါ့အား ပြောကြ၏။ သင်တို့၏အထဲ၌ အချင်း
ချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်ကို ငါကြားရ၏။
12 ငါ ဆိုလိုသည့်အကြောင်းမှာ၊ သင်တို့တွင်
တစ်ယောက်က “ငါသည် ပေါလုနောက်သို့

လိုက်”' ဟုဆို၏။ အခြားတစ်ယောက်က “ငါ
သည် အာပေါလုနောက်သို့လိုက်၏” ဟုဆို
သည်။ အခြားတစ်ယောက်ကလည်း၊ “ငါသည်
ပေတရု* နောက်ကိုလိုက်၏” ဟုဆို၍၊ အခြား
နောက်တစ်ယောက်က “ငါသည် ခရစ်တော်
နောက်ကိုလိုက်သည်” ဟုဆိုပြန်၏။ [13]ခရစ်
တော်သည် အုပ်စုအမျိုးမျိုးမကွဲပြားနိုင်။ ပေါလု
သည် သင်တို့အတွက် လက်ဝါးကားတိုင်ပေါ်မှာ
အသေခံတော်မူသလော။ အသေမခံပါ။ သင်
တို့သည် ပေါလု၏နာမ၌ ဗတ္တိဇံကိုခံကြပါသ
လော။ မခံကြပါ။ [14]ငါသည် ကရိပ္ပုနှင့်ဂါယုမှ
တပါးသင်တို့တွင် အဘယ်သူကိုမျှ ဗတ္တိဇံကို
မပေးသည်ဖြစ်၍၊ ဘုရားသခင်၏ကျေးဇူးတော်
ရှိပါ၏။ [15]ယခုပင် သင်တို့တွင် ငါ၏နာမ၌ဗတ္တိဇံ
ကိုခံသည် ဟုအဘယ်သူမျှ ဆိုစရာအကြောင်း
မရှိသောကြောင့် ကျေးဇူးတင်ဝမ်းမြောက်
လျှက်ရှိ၏။ [16]ငါသည် သတေဖန်၏အိမ်သူအိမ်
သားတို့ကိုလည်း၊ ဗတ္တိဇံကိုပေးပြီ။ ထိုမှတပါး
အခြားသောသူအား ဗတ္တိဇံပေးသည်ကို ငါမ
မှတ်မိ။ [17]ခရစ်တော်သည် ငါ့အား လူတို့ကို
ဗတ္တိဇံပေးရန် အခွင့်မပေး။ ခရစ်တော်သည် ငါ့
အား ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
ဟောပြောသောအလုပ်ကိုသာ ပေးတော်မူ၏။
သို့သော်လည်း၊ ခရစ်တော်၏လက်ဝါးကားတိုင်
တရား၏တန်ခိုးသည် အချည်းနှီးမဖြစ်စေခြင်း
ငှါဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကိုဟော
ပြောရာတွင် လူတို့၏ပညာစကားကို အသုံးမ
ပြုဘဲ ဟောပြောရန် ခရစ်တော်သည် ငါ့ကိုစေ
လွှတ်တော်မူ၏။

## ဘုရားသခင်၏တန်ခိုးတော်နှင့် ပညာသည် ခရစ်တော်၌ထင်ရှားစေ၏

[18]ဆုံးရှုံးခြင်းသို့ ရောက်သောသူတို့၌ လက်
ဝါးကားတိုင်တော်တရားသည် မိုက်သောတ
ရားဖြစ်၏။ သို့သော်လည်း၊ ကယ်တင်ခြင်းသို့
ရောက်သောငါတို့၌ ထိုတရားသည် ဘုရား
သခင်၏တန်ခိုးတော်ဖြစ်၏။ [19]ကျမ်းစာ၌ရေး
ထားသည်မှာ၊

“ငါသည် ပညာရှိသောလူတို့၏ပညာကို
ဖျက်ဆီးမည်။ ဥာဏ်ကောင်းသောသူ
တို့၏ဥာဏ်ကိုလည်းပယ်မည်”ဟုလာ၏။

*ဟေရှာယ၊ 29:14*

[20]ပညာရှိသောသူတို့သည် အဘယ်မှာ ရှိ
သနည်း။ ကျမ်းပြုဆရာတို့သည်အဘယ်မှာ ရှိ
ပါသနည်း။ စကားပြောဆိုရာတွင် ကျွမ်းကျင်
သောသူတို့သည် အဘယ်မှာ ရှိပါသနည်း။ ဘု
ရားသခင်သည် လောကီပညာကို မိုက်စေ
တော်မူ၏။

[21]ဘုရားသခင်သည် မိမိပညာတော်အား
ဖြင့် သိရှိတော်မူသည်မှာ၊ လောကီသားတို့
သည်မိမိတို့လောကပညာအားဖြင့်ဘုရားသခင်
ကို မသိဘဲနေကြ၏။ ထို့ကြောင့် ဘုရားသခင်
သည် ယုံကြည်သောသူတို့ကို ကယ်တင်ခြင်းငှါ
ငါတို့ဟောပြောသော ဒေသနာတော်၏ “မိုက်
မဲခြင်း”ကိုအသုံးပြုတော်မူ၏။ [22]ယုဒလူတို့သည်
သက်သေအဖြစ် နိမိတ်လက္ခဏာကို တောင်း
တတ်ကြ၏။ ဟေလသလူတို့သည် ပညာကို
ရှာကြ၏။ [23]သို့သော်လည်း၊ ငါတို့ဟောပြော
သည်မှာ၊ ခရစ်တော်သည် လက်ဝါးကားတိုင်
ပေါ်၌ အသေခံတော်မူ၏။ ထိုအရာသည် ယုဒ
လူတို့ကို စော်ကားစရာအကြောင်းဖြစ်စေ၏။
ထိုအရာသည် ယုဒလူမဟုတ်သောလူမျိုးတို့အ
တွက် မိုက်မဲရာဖြစ်ပါ၏။ [24]သို့သော်လည်း၊
ဘုရားသခင်ခေါ်တော်မူသော ယုဒလူမျိုးတို့နှင့်
ဟေလသလူမျိုးတို့အတွက် ခရစ်တော်သည်
ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏
ပညာတော်ဖြစ်ပါ၏။ [25]ဘုရားသခင်၏မိုက်မဲ
ခြင်းအရာသည် လူတို့၏ပညာရှိသည် ထက်
သာ၍ ပညာရှိ၏။ ဘုရားသခင်၏အားနည်း
ခြင်းအရာသည်ပင် လူတို့၏အစွမ်းထက်သာ၍
အစွမ်းရှိလေ၏။

[26]ညီအစ်ကိုမောင်နှမတို့၊ ဘုရားသခင်
သည် သင်တို့ကို ခေါ်တော်မူခြင်းအကြောင်းအ

**ပေတရု** အခြားသောနာမည်မှာ ကေဖ ဖြစ်သည်။

ရာကို ဆင်ခြင်ကြလော့။ လောကီသားတို့နည်း
လမ်းအားဖြင့် ပညာရှိသောသူသင်တို့၌ အများ
မပါ။ တန်ခိုးအာဏာနှင့် ပြည့်စုံ၍ မင်းမျိုးမင်း
နွယ်မှလာသောသူအများမပါ။ 27သို့သော်
လည်း၊ ဘုရားသခင်သည် ပညာရှိတို့ကို ရှက်
ကြောက်စေခြင်းငှါ လောကီအရာ၌ မိုက်မဲသည်
ဟုထင်မှတ်သောသူတို့ကို ရွေးကောက်တော်
မူ၏။ ဘုရားသခင်သည် တန်ခိုးအာဏာရှိသော
သူတို့ကို ရှက်ကြောက်စေခြင်းငှါ၊ လောကီအ
ရာ၌ အားနည်းသောသူတို့ကို ရွေးကောက်
တော်မူ၏။ 28ဘုရားသခင်သည် လောက၌ အ
ရေးမကြီးသောအရာတို့ကို ရွေးကောက်တော်
မူ၏။ ဘုရားသခင်သည် အမုန်းခံရသော သူ၊
အခြေအမြစ်မရှိသောသူတို့ကို ရွေးကောက်
တော်မူ၏။ ဤနည်းအားဖြင့် ဘုရားသခင်သည်
လောကီသားတို့က အရေးကြီးသည် ဟုထင်မှတ်
သောအရာတို့ကို ဖျက်ဆီးစေခြင်းငှါ ရွေး
ကောက်တော်မူ၏။ 29ဘုရားသခင်သည် မိမိ
ရှေ့တော်၌ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ
စေခြင်းငှါ ထိုအရာကို ပြုတော်မူ၏။ 30သင်
တို့ကို ခရစ်တော်ယေရှု၌ တည်နေစေခြင်းငှါ
ပြုတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်
မူ၏။ ခရစ်တော်သည် ဘုရားသခင်ထံတော်မှ
လာသောငါတို့၏ပညာဖြစ်၏။ ငါတို့သည်
ဘုရားသခင်ရှေ့၌ ဖြောင့်မတ်တော်မူခြင်းသို့
ရောက်၍ အပြစ်တရားမှလွတ်မြောက်ခြင်းတွင်
ခရစ်တော်သည် အကြောင်းရင်းဖြစ်၏။ ခရစ်
တော်သည် ငါတို့သန့်ရှင်းရာအကြောင်းဖြစ်
တော်မူ၏။ 31ထိုကြောင့်၊ ကျမ်းစာ၌၊ “လူတစ်
ယောက်သည် ဝါကြွားလျှင်၊ သူသည် ဘုရား
သခင်၌သာဝါကြွားစေ”* ဟုရေးသားထား၏။

## လက်ဝါးကားတိုင်ပေါ်၌ ခရစ်တော် အကြောင်းတရားဒေသနာ

2 ညီအစ်ကိုမောင်နှမတို့၊ ငါသည် သင်တို့ရှိ
ရာသို့ လာသောအခါ၊ ဘုရားသခင်၏လျှို့
ဝှက်သောသမ္မာတရားကိုသင်တို့အား ငါဟော
ပြော၏။ သို့သော်လည်း၊ ငါသည် စိတ်ကူးယဉ်
သောအရာထင်မြင်ချက်စကားများ သို့မဟုတ်
မြင့်မားသောပညာတို့ကို အသုံးပြုခြင်းမရှိခဲ့။
2သို့သော်လည်း ငါသည် သင်တို့နှင့်အတူရှိနေ
စဉ် ယေရှုခရစ်နှင့် လက်ဝါးကားတိုင်ပေါ်တွင်
သူ၏အသေခံတော်မူခြင်းမှတပါး အခြားအ
ဘယ်အကြောင်းအရာကိုမျှ ငါမသိမမှတ်ဟု
စိတ်ဆုံးဖြတ်၏။ 3ငါသည် သင်တို့ရှိရာသို့ရောက်
လာသောအခါ၊ ငါသည် အားနည်းလျက်၊
ကြောက်ရွံ့ခြင်းဖြင့်တုန်လှုပ်၏။ 4ငါ၏သွန်သင်
ခြင်းနှင့် ဟောပြောခြင်းတို့သည် လူ့ပညာနှင့်
ယှဉ်သောဖြားယောင်းသောစကားနှင့်တကွ ရှိ
သည်မဟုတ်။ သို့သော်လည်း၊ ငါ၏သွန်သင်
ခြင်းတို့သည် ဝိညာဉ်တော်*၏တန်ခိုးအားဖြင့်
ဖြစ်ကြောင်းသက်သေရှိ၏။ 5သင်တို့၏ယုံကြည်
ခြင်းသည် လူ့ပညာအားဖြင့်မတည်။ ဘုရား
သခင်၏တန်ခိုးတော်အားဖြင့် တည်မည်အ
ကြောင်း ငါသည် ဤသို့ဟောပြော၏။

## ဘုရားသခင်၏ပညာတော်

6ငါတို့သည် စုံလင်၍ ရင့်ကျက်သောသူတို့
အား ပညာစကားကို ဟောပြောသွန်သင်ကြ
၏။ သို့သော်လည်း၊ ငါတို့ဟောပြောသော
ပညာစကားသည် လောကီပညာကိုမဆိုလို။
လောကီမင်းတို့၏ပညာကိုမဆိုလို။ ထိုလော
ကီမင်းတို့သည် သူတို့၏တန်ခိုးအာဏာနှင့်အတူ
ကွယ်ပျောက်ကြလိမ့်မည်။ 7သို့သော်လည်း၊ ငါ
တို့သည် နက်နဲသောအရာ၌ ဝှက်ထားသော
ဘုရားသခင်၏ပညာကို ပြသကြ၏။ ဤပညာ
သည် လူတို့ထံမှ ပုံးကွယ်ဝှက်ထားလျက်ရှိ၏။
ဤပညာသည် ငါတို့၏ဘုန်းအသရေအတွက်
ဖြစ်စေခြင်းငှါ ဘုရားသခင်သည် စီရင်တော်

---

**“လူတစ်ယောက် … ဝါကြွားစေ”** ယေရမိ 9:24

**ဝိညာဉ်တော်** သန့်ရှင်းသောဝိညာဉ်တော်’ ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ခရစ်တော်၏ဝိညာဉ်တော် ဟူ၍ရင်း၊ ဥပဇ္ဈာယ်ဆရာဟူ၍ရင်း ခေါ်လေ့ရှိသည်။ သူသည် ဘုရားသခင်နှင့်သော်ရင်း ခရစ်တော်နှင့်သော်ရင်း ပူးပေါင်းပြီးဤကမ္ဘာကြီးပေါ်ရှိ လူသားများထဲတွင်ဘုရားသခင်၏အမှုတော်ကို လုပ်ဆောင်သည်။

မူ၏။ သူသည် ဤအရာကို ကမ္ဘာမတည်မရှိမီ
စီရင်တော်မူပြီ။ [8]ထိုပညာကို လောကီမင်း
တစ်စုံတစ်ယောက်ကမျှ မသိကြ။ သူတို့သည်
ထိုပညာကိုသိကြလျှင်၊ သူတို့သည် ဘုန်းကြီး
တော်မူသောသခင်ကို လက်ဝါးကားတိုင်ပေါ်၌
သတ်ကြလိမ့်မည်မဟုတ်။ [9]သို့သော်လည်း၊
ကျမ်းစာ၌ရေးထားသည်မှာ၊

“ဘုရားသခင်ကို ချစ်တော်မူသော သူတို့
အတွက်၊ ဘုရားသခင်ပြင်ဆင်တော်မူ
သောအရာတို့ကို လူတို့မျက်စိဖြင့်မမြင်၊
နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်”
ဟုလာ၏။ *ဟေရှာယ၊ 64:4*

[10]သို့သော်လည်း၊ ဘုရားသခင်သည် ဤအ
ရာများကို ငါတို့အား ဝိညာဉ်တော်အားဖြင့်
ဖော်ပြတော်မူ၏။

ဝိညာဉ်တော်သည် ခပ်သိမ်းသောအရာတို့
ကို သိမြင်တော်မူ၏။ ထိုဝိညာဉ်တော်သည်
ဘုရားသခင် ၏နက်နဲလျှို့ဝှက်သောအရာတို့ကို
ပင် သိမြင်တော်မူ၏။ [11]ထိုအရာမှာ ဤသို့ဖြစ်
၏။ လူတစ်ယောက်၏စိတ်ထဲ၌ ရှိသောအရာ
ကို အဘယ်သူမျှမသိနိုင်။ သို့သော်လည်း မိမိ
အထဲ၌ ရှိသောမိမိစိတ်ဝိညာဉ်သည် ထိုအရာ
ကို သိနိုင်၏။ ထိုနည်းတူ ဘုရားသခင်နှင့်လည်း
ဖြစ်တော်မူ၏။ ဘုရားသခင်၏နက်နဲသောအရာ
ကို အဘယ်သူမျှမသိ။ ထိုအရာများကို ဘုရား
သခင်၏ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါး
တည်းသာလျှင် သိတော်မူ၏။ [12]ငါတို့သည်
လောကီဝိညာဉ်ကိုမခံရကြ။ သို့သော်လည်း၊
ငါတို့သည် ဘုရားသခင်ထံတော်မှ လာသော
ဝိညာဉ်တော်ကိုခံကြ၏။ ဘုရားသခင်သည် ငါ
တို့အား အခမဲ့ပေးတော်မူသောအရာများကို
သိခြင်းငှါ ငါတို့သည် ထိုဝိညာဉ်တော်ကိုခံကြ
၏။ [13]ငါတို့သည် လူ့ပညာအားဖြင့် သွန်သင်
သောအရာတို့ကို ဟောပြောသည်မဟုတ်။
ဝိညာဉ်တော်အားဖြင့် ငါတို့အား သွန်သင်သော
အရာနှင့်အညီ ငါတို့သည် ဟောပြော၍ ဝိညာဉ်
နှင့်စပ်ဆိုင်သောအရာတို့ကို ဝိညာဉ်စကား
အားဖြင့် ရှင်းပြကြ၏။ [14]ဝိညာဉ်တော်နှင့်မစပ်
ဆိုင်သောသူတစ်ယောက်သည် ဝိညာဉ်တော်
မှ လာသောအရာတို့ကို မခံမယူနိုင်။ ထိုအရာ
တို့သည် မိုက်မဲသောအရာဖြစ်သည်ဟု သူထင်
တတ်၏။ ထိုအရာတို့ကို ဝိညာဉ်တော်၏ကူ
ညီမစခြင်းအားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်
သောကြောင့်ဖြစ်၏။ [15]ဝိညာဉ်လူသည် ထိုအ
ရာအလုံးစုံတို့ကို ပိုင်းခြား၍ နားလည်တတ်၏။
သို့သော်လည်း အဘယ်သူမျှသူ့ကို ပိုင်းခြား၍
မသိနိုင်။ ကျမ်းစာက

[16]“အဘယ်သူသည် ထာဝရဘုရား၏စိတ်
တော်ကို သိဘူးသနည်း။ အဘယ်သူ
သည် ထာဝရဘုရားအား အဘယ်အရာ
ကို ပြုရမည်ဟု သွန်သင်နိုင်မည်နည်း”
ဟုဆိုထား၏။

*ဟေရှာယ၊ 40:13*

သို့သော်လည်း၊ ငါတို့သည် ခရစ်တော်၏စိတ်
ကို ခံရကြ၏။

## လူနောက်သို့ လိုက်ခြင်းသည် မှားသောလမ်းဖြစ်၏

3 ညီအစ်ကို မောင်နှမတို့၊ လွန်လေပြီးသော
ကာလ၌ ငါသည် သင်တို့ကို ဝိညာဉ်လူတို့
အား ဟောပြောသကဲ့သို့ သင်တို့ကို မဟော
ပြောနိုင်။ ဇာတိပကတိလူတို့ကိုရင်း၊ ခရစ်
တော်၌ကလေးသူငယ်တို့ကိုရင်း၊ ဟောပြော
သကဲ့သို့ သင်တို့ကို ငါဟောပြောရ၏။ [2]သင်
တို့အား ငါသွန်သင်သောတရားဒေသနာသည်
နို့ကဲ့သို့ဖြစ်၍၊ မာသောအစားအစာကဲ့သို့
မဟုတ်။ ငါသည် ဤသို့ပြု၏။ အကြောင်းမူ
ကား၊ သင်တို့သည် မာသောအစာကို စားရန်
အဆင်သင့်မဖြစ်သေး။ ယခုပင်လျှင် သင်တို့
သည် မာသောခဲဘွယ်၊ စားဘွယ်များကို မကြေ
နိုင်ကြသေး။ [3]သင်တို့သည် ယခုတိုင်အောင်
ဇာတိပကတိလူများကဲ့သို့ အသက်ရှင်ကြသေး
၏။ သင်တို့သည် အချင်းချင်းမနာလို၍ တစ်

ယောက်နှင့်တစ်ယောက် ရန်တွေ့ကြ၏။ သင်
တို့သည် ဤလောကနှင့် သက်ဆိုင်သေးကြ
ကြောင်း ဤအရာတို့က ထင်ရှားစွာဖော်ပြ၏။
သင်တို့သည် အခြားသောလောကီသားအား
လုံးတို့နည်းတူကျင့်ဆောင်ကြ၏။ 4တစ်ယောက်
က၊ "ငါသည် ပေါလုနောက်သို့ လိုက်သည်"
ဟုဆို၍ အခြားတစ်ယောက်ကလည်း၊ "ငါ
သည် အာပေါလုနောက်ကိုလိုက်သည်" ဟုဆို
သောအခါ သင်တို့သည် ဤအရာကို ပြုလုပ်
ကြ၏။ သင်တို့သည် ထိုကဲ့သို့သောအရာများ
ကို ပြောဆိုကြသောအခါ သင်တို့သည် လော
ကီသားတို့နည်းတူ ကျင့်ဆောင်ကြခြင်းဖြစ်၏။
5အာပေါလုသည် အရေးပါသောသူဖြစ်ပါ
သလော။ မဟုတ်ပါ။ ပေါလုသည် အရေးပါ
သောသူဖြစ်ပါသလော။ မဟုတ်ပါ။ ငါတို့သည်
သင်တို့ယုံကြည်နိုင်ကြရန် ကူညီသောဘုရား
သခင်၏အစေခံများသာလျှင် ဖြစ်ကြ၏။ ငါတို့
တစ်ယောက်စီတိုင်းသည် ငါတို့အား ဆောင်
ရွက်ရန် ဘုရားသခင်ပေးတော်မူသောအမှုတို့
ကိုလုပ်ဆောင်သောသူများဖြစ်ကြ၏။ 6ငါသည်
မျိုးစေ့ကိုစိုက်ပျိုး၏။ အာပေါလုသည် ထိုအပင်
ကို ရေလောင်း၏။ သို့သော်လည်း၊ အပင်ကို
ကြီးထွားစေသောသူသည် ဘုရားသခင်ဖြစ်၏။
7ထို့ကြောင့် စိုက်ပျိုးသောသူသည် အရေးကြီး
သည်မဟုတ်။ ရေလောင်းသောသူသည်လည်း
အရေးကြီးသည်မဟုတ်။ ဘုရားသခင်တစ်ပါး
တည်းသာလျှင် အရေးကြီးတော်မူ၏။ အ
ကြောင်းမူကား၊ သူသည် အပင်ကို ကြီးထွားစေ
တော်မူ၏။ 8စိုက်ပျိုးသောသူနှင့်ရေလောင်း
သောသူနှစ်ဦးတို့သည် တလုံးတဝတည်း ဖြစ်၍
မိမိတို့အသီးသီးလုပ်သည့်အတိုင်းမိမိ အကျိုး
ကိုခံရလိမ့်မည်။ 9ငါတို့သည် ဘုရားသခင်နှင့်အ
တူတကွ အလုပ်လုပ်သောသူတို့ဖြစ်ကြ၏။ သင်
တို့သည် ဘုရားသခင်ပိုင်တော်မူသောလယ်
ကွင်းပြင်ကဲ့သို့ဖြစ်၏။

သင်တို့သည် ဘုရားသခင်၏တည်ဆောက်
တော်မူသောအိမ်တော်လည်းဖြစ်ကြ၏။ 10ငါ
သည် ကျွမ်းကျင်သောဗိသုကာကဲ့သို့ အုတ်
မြစ်ကိုချပြီး အိမ်ကိုတည်ဆောက်၏။ ငါသည်
ဆုကျေးဇူးကို အသုံးပြု၍ ဘုရားသခင်သည်
ငါ့အား လုပ်ဆောင်ရန် အပ်ပေး တော်မူသော
အရာများကို ဆောင်ရွက်၏။ အခြားသောသူ
တို့သည် ထိုအုတ်မြစ်ပေါ်၌ ထပ်အဆင့်၍ တည်
ဆောက်ကြ၏။ သို့သော်လည်း၊ တည်ဆောက်
သောသူတစ်ယောက်စီတိုင်း သည် ထိုအုတ်မြစ်
အပေါ်မှာ အဘယ်သို့တည် ဆောက်ရမည်ကို
သတိပြုရမည်။ 11အုတ်မြစ်သည် အဆင့်ဆင့်
ချလျက်ရှိပြီးဖြစ်၏။ တည်ဆောက်လျက်ရှိသော
အုတ်မြစ်မှ တစ်ပါးအခြားသောအုတ်မြစ်ကို အ
ဘယ်သူမျှမတည်ဆောက်နိုင်။ အဆင့်ဆင့်ချ
လျက်ရှိသောအုတ်မြစ်မှာ ယေရှုခရစ်ပင်ဖြစ်
၏။ 12လူတစ်ယောက် သည် ရွှေ၊ ငွေ၊ တန်ဖိုး
ကြီးသောကျောက်၊ သစ်သား၊ မြက်ပင် သို့မ
ဟုတ် ကောက်ရိုးတို့ကို အသုံးပြု၍ ထိုအုတ်မြစ်
ပေါ်သို့ တည်ဆောက်နိုင်၏။ 13ထိုနေ့ရက်သည်
အသီးသီးလုပ်သောအလုပ်ကို ထင်ရှားစေလိမ့်
မည်။ ထိုနေ့ရက်*၌ လူအသီးသီးတို့၏အလုပ်
ကို မီးအားဖြင့် စစ်ကြောစုံစမ်းသောအခါ လူ
အသီးသီး၏အလုပ်ကို ထင်ရှားစေလိမ့်မည်။ လူ
တိုင်းလုပ်သောအလုပ်သည် အဘယ်သို့
ကောင်းသောအလုပ်ဖြစ်သည်ကို စစ်ကြော
စုံစမ်းလိမ့်မည်။ 14လူတစ်ယောက်သည် ထို
အုတ်မြစ်ပေါ်သို့တည် ဆောက်သောအိမ်သည်
ရပ်တည်လျှင်သူသည် အကျိုးကိုခံရလိမ့်မည်။
15သို့သော်လည်း၊ ထိုသူတည်ဆောက်သော
အိမ်သည် မီးလောင်ကျွမ်းလျှင် ထိုသူသည်အ
ရှုံးခံရလိမ့်မည်။သို့သော်လည်းမီးနှင့်လွတ်သကဲ့
သို့ သူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။
16သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်
ဖြစ်ကြသည်ကို သင်တို့မသိကြလော။ ဘုရား
သခင်၏ဝိညာဉ်တော်သည် သင်တို့၏အထဲ၌
ကျိန်းဝပ်တော်မူ၏။ 17အဘယ်သူမဆို ဘုရား
သခင်၏ဗိမာန်တော်ကို ဖျက်ဆီးလျှင်၊ ဘုရား
သခင်သည် ထိုသူကို ဖျက်ဆီးတော်မူလိမ့်မည်။
အကြောင်းမူကား၊ ဘုရားသခင်၏ဗိမာန်တော်

**နေ့ရက်** ခရစ်ကြွလာပြီး လူသားအားလုံးကိုစီရင်မည့်နေ့။

သည် ဘုရားသခင်ကိုသာ ဆက်ကပ်ထား
သောအရာဖြစ်၏။ သင်တို့ကိုယ်တိုင်သည်
လည်း ဘုရားသခင်၏ဗိမာန်တော် ဖြစ်ကြ၏။
18သင်တို့သည် ကိုယ်ကိုကိုယ် မလှည့်ဖြားစေ
နှင့်။ သင်တို့တွင် အကြင်သူသည် ဤလောက၌
ပညာရှိသည်ဟု ထင်မှတ်လျှင်၊ ထိုသူသည်
မိုက်မဲသောသူဖြစ်ပါစေ။ ထို့နောက် သူသည်
အမှန်စင်စစ် ပညာရှိသောသူဖြစ်လာနိုင်၏။
19အကြောင်းမူကား၊ ဤလောကီပညာသည်
ဘုရားသခင်ရှေ့တော်၌ မိုက်မဲခြင်းဖြစ်၏။ ကျမ်း
စာ၌ ရေးထားသည်မှာ၊ "လောကီပညာရှိ
သောသူတို့သည် ကောက်ကျစ်သောနည်းလမ်း
များကို သုံးလာကြသောအခါ ဘုရားသခင်
သည် သူတို့ကို ဖမ်းတော်မူ၏။"* 20တစ်ဖန်
ကျမ်းစာ၌ လာသည်မှာ၊ "ပညာရှိသောသူတို့
၏အကြံအစည်တို့သည် အချည်းနှီးဖြစ်ကြောင်း
ကို ထာဝရဘုရားသိ တော်မူ၏။"* 21ထို့
ကြောင့်၊ သင်တို့သည် လူ့အကြောင်းအရာ၌
ဝါကြွားခြင်းအလျှင်းမရှိ။ ခပ်သိမ်းသောအရာ
တို့သည် သင်တို့ဥစ္စာဖြစ်ကြ၏။ 22ပေါလုဖြစ်
စေ၊ အာပေါလုဖြစ်စေ၊ ပေတရုဖြစ်စေ၊ ဤ
လောကဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ သေ
ခြင်းဖြစ်စေ၊ မျက်မှောက်အရာနှင့် နောင်လာ
မည့်အရာဖြစ်စေ၊ ဤခပ်သိမ်းသောအရာတို့
သည် သင်တို့နှင့်ဆိုင်၏။ 23သင်တို့သည် ခရစ်
တော်နှင့်ဆိုင်ကြ၏။ ခရစ်တော်သည်လည်း
ဘုရားသခင်နှင့်ဆိုင်၏။

## ခရစ်တော်၏တမန်တော်များ

4 လူတို့သည် ငါတို့အား အဘယ်သို့မှတ်ယူ
ရမည့်အရာသည် ဤအရာဖြစ်၏။ ငါတို့
သည် ခရစ်တော်၏အစေခံမျှသာဖြစ်၏။ ငါတို့
သည် ဘုရားသခင်၏လျှို့ဝှက်သောသမ္မာတ
ရားကို အပ်နှံခြင်းခံရသောသူ ဖြစ်ကြ၏။ 2တစ်
စုံတစ်ခုကို အပ်ခြင်းခံသောလူတစ်ယောက်
သည် မိမိကို ယုံကြည်ထိုက်ကြောင်း ပြသရန်
ငါတို့မျှော်လင့်ကြ၏။ 3သို့သော်လည်း သင်တို့
၏တရားစီရင်ခြင်းကို ငါသည် အမှုမထား။
လောက၌ရှိသော အဘယ်တရားခုံရုံး၌မဆို
တရားစီရင်ခြင်း အကြောင်းကို ငါသည် အမှု
မထား။ အကယ်စင်စစ်၊ ငါသည် ကိုယ်
ကိုကိုယ်ပင်လျှင် တရားမစီရင်။ 4ငါသည် ကိုယ်
ကိုကိုယ် အဘယ်အပြစ်မျှတင်သည်ဟု ငါမထင်
မှတ်။ သို့သော်လည်း၊ ထိုအရာသည် ငါ့အား
အပြစ်ကင်းစေသည်မဟုတ်။ ထာဝရဘုရား
သည် ငါ့ကို စီရင်တော်မူသောသူဖြစ်၏။ 5ထို့
ကြောင့် အချိန်မကျရောက်မီ တရားစီရင်ခြင်း
ကို မပြုကြနှင့်။ သခင်ဘုရားကြွလာတော်မူ
မည်ကို စောင့်ကြလော့။ သခင်ဘုရားသည်
မှောင် မိုက်၌ဝှက်ထားသောအရာကို အလင်း
သို့ ယူဆောင်တော်မူလိမ့်မည်။ သခင်ဘုရား
သည် လူတို့၏စိတ်နှလုံးထဲ၌လျှို့ဝှက်စွာ ကြံ
စည်သောအရာများကိုလည်း ထင်ရှားစေလိမ့်
မည်။ ထိုနောက် ဘုရားသခင်သည် လူအသီး
အသီးတို့အား မိမိတို့ခံထိုက်သောချီးမွမ်းခြင်း
ကို ပေးတော်မူလိမ့်မည်။

6ညီအစ်ကိုမောင်နှမတို့၊ ငါသည် ဤအရာ
များကို သင်တို့အတွက် ပုံဆောင်ချက်အဖြစ်
အာပေါလုနှင့် ငါကိုယ်တိုင် အသုံးချလေ၏။
သင်သည် "ကျမ်းစာ၌ ရေးထားသောအရာကို
လွန်၍ မသွားနှင့်" ဟူသောအဆိုအမိန့်၏အဓိ
ပ္ပါယ်ကို သင်ယူနိုင်မည့်အကြောင်း ဤအရာကို
ငါပြု၏။ ထို့နောက် သင်တို့သည် တစ်ယောက်
အကြောင်းကို ဝါကြွား၍ အခြားသောသူတစ်
ယောက်ကို ငြင်းဆန်ကြလိမ့်မည်မဟုတ်။ 7သင်
သည် အခြားသောသူတို့ထက်သာ၍ ကောင်း
မွန်သည်ဟု အဘယ်သူဆိုပါသနည်း။ သင်တို့၌
ရှိသမျှသောအရာတို့သည် သင်တို့အား ပေး
အပ်ထား၏။ ထိုကြောင့် သင်တို့၌ရှိသမျှသော
အရာအားလုံးကို သင်တို့အား ပေးလျှင်၊ ထိုအ
ရာများကို သင်တို့အစွမ်းနှင့် တန်ခိုးအားဖြင့်
ရရှိသကဲ့သို့ သင်တို့သည် အဘယ်ကြောင့် ဝါ
ကြွားလိုကြသနည်း။

---

**"လောကီပညာရှိ ... ဖမ်းတော်မူ၏"** ယောဘ 5:13

**"ပညာရှိ ... သိတော်မူ၏"** ဆာလံ 94:11

8ယခုတွင် သင်တို့အလိုရှိသမျှသောအရာ
အားလုံးကို သင်တို့၌ရှိသည်ဟု ထင်မှတ်ကြ၏။
သင်တို့သည် ယခုတွင် ချမ်းသာကြွယ်ဝကြသည်
ဟု ထင်မှတ်ကြ၏။ သင်တို့သည် ငါတို့မရှိစဉ်
တွင် ရှင်ဘုရင်များဖြစ်လာကြသည်ဟု ထင်
မှတ်ကြ၏။ ငါသည် သင်တို့အား အမှန်တ
ကယ်ရှင် ဘုရင်များဖြစ်ခြင်းငှါ အလိုရှိ၏။ သို့မှ
သာ ငါ တို့သည် သင်တို့နှင့်အတူ ရှင်ဘုရင်
များဖြစ်နိုင်လိမ့်မည်။ 9သို့သော်လည်း၊ ဘုရား
သခင်သည် ငါတို့အား နောက်ဆုံးသောအရေး
ပါသူများ အဖြစ်ခန့်ထားတော်မူသည်ဟု ငါ
ထင်ရ၏။ ငါတို့သည် အသတ်ခံခြင်းငှါစီရင်ချက်
ချခံရသောလူတို့ကဲ့သို့ဖြစ်၏။ ငါတို့သည် လော
ကီသားများနှင့် ကောင်းကင်တမန်များမျက်
မှောက်၌ ပွဲဝင်သောသူဖြစ်ကြ၏။ 10ငါတို့သည်
ခရစ်တော်အတွက်ကြောင့် လူမိုက်ဖြစ်ကြ၏။
သို့သော်လည်း၊ သင်တို့သည် ခရစ်တော်၌အ
လွန် ပညာရှိကြသည်ဟု သင်တို့ထင်ကြ၏။ ငါ
တို့သည် အားနည်းသောသူဖြစ်ကြ၏။ သို့သော်
လည်း၊ သင်တို့သည် အားကြီးသောသူဖြစ်ကြ
သည်ဟု ကိုယ်ကိုကိုယ် ထင်မှတ်ကြ၏။ လူတို့
သည် သင်တို့ကို ချီးမြှောက်ကြ၏။ သို့သော်
လည်း၊ သူတို့သည် ငါတို့ကို မချီးမြှောက်ကြ။
11ယခုတိုင် ငါတို့၌စားရန်၊ သောက်ရန်၊ ဝတ်ရန်
လုံလောက်စွာမရှိသေး။ ငါတို့သည် မကြာခဏ
ရိုက်ပုတ်ခြင်းကိုလည်း ခံရကြ၏။ ငါတို့၌ နေစ
ရာအိမ်မရှိ။ 12ငါတို့သည် ကိုယ်လက်နှင့်ပင်ပန်း
စွာအလုပ်လုပ်၍ ကိုယ်ကိုကိုယ် ကျွေးမွေးရ၏။
လူတို့သည် ငါတို့အား ကဲ့ရဲ့ခြင်း၊ ကျိန်ဆဲခြင်းကို
ပြုကြ၏။ သို့ သော်လည်း၊ ငါတို့သည် သူတို့ကို
ကောင်းချီးပေးကြ၏။ လူတို့သည် ငါတို့ကိုညှဉ်း
ပန်းနှိပ်စက်သောအခါ ငါတို့သည်းခံကြ၏။ 13လူ
တို့သည် ငါတို့အား မကောင်းသောစကားကို
ဆိုကြ၏။ သို့သော်လည်း၊ ငါတို့သည် သူတို့အား
ကောင်းသောစကားကို ပြန်ပြောကြ၏။ ယခုအ
ခါ၌ ငါတို့သည် လောကကြီး၏အမှိုက်သရိုက်
နှင့်အညစ်အကြေး ဖြစ်ကြ၏။
14ငါသည် သင်တို့ကို ရှက်ကြောက်စေခြင်း
ငှါ ကြိုးစားနေသည်မဟုတ်။ သင်တို့ကို ငါချစ်
သောကလေးသူငယ်တို့ကဲ့သို့ မှတ်၍ သင်တို့
အား သတိပေးခြင်းငှါ ဤအရာကို ငါရေး၏။
15သင်တို့တွင်ခရစ်တော်အကြောင်းကို သင်ပေး
ရန် ဆရာတစ်သောင်းရှိနိုင်၏။ သို့သော်လည်း၊
သင်တို့၌၊ ဖခင်များစွာမရှိကြ။ ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းအားဖြင့်၊ ငါသည် ခရစ်
တော်ယေရှု၌ သင်တို့၏ဖခင်ဖြစ်လာ၏။
16ထို့ကြောင့်၊ သင်တို့သည်လည်း ငါကျင့်
သည့်နည်းတူကျင့်ကြရန် ငါနှိုးဆော်တောင်းပန်
၏။ 17ထိုအကြောင်းကြောင့်ငါသည်တိမောသေ
ကို သင်တို့ထံသို့ စေလွှတ်၏။ သူသည် သခင်
ဘုရား၌ ငါ၏ချစ်သားဖြစ်၏။ ငါသည်
တိမောသေကိုချစ်၏။ သူသည် ယုံကြည်ထိုက်
သောသူဖြစ်၏။ ခရစ်တော်ယေရှု၌ ငါကဲ့သို့
အဘယ်သို့အသက်ရှင်ရန် သင်တို့မှတ်မိစေခြင်း
ငှါ သူသည် ကူညီလိမ့်မည်။ ထိုအသက်ရှင်ခြင်း
နည်းလမ်းမှာ နေရာတိုင်း၌ရှိသော အသင်း
တော်အားလုံးတို့၌ ငါသွန်သင်သောအရာ
ဖြစ်၏။
18သင်တို့တွင် အချို့သောသူတို့သည် မာန
ထောင်လွှားသောသူတို့ဖြစ်လာကြ၏။ ငါသည်
သင်တို့ထံသို့ တစ်ဖန်ပြန်၍ မလာဟုသင်တို့
သည် ထင်မှတ်လျက် မာနထောင်လွှားကြ၏။
19သို့သော်လည်း၊ ငါသည် သင်တို့ထံသို့ အမြန်
ပြန်လာမည်။ သခင်ဘုရားအလိုတော်ရှိလျှင်၊
ငါသည် ပြန်လာလိမ့်မည်။ ထို့နောက်၊ ထိုမာန
ထောင်လွှားသောသူတို့သည် အဘယ်အရာ
ပြုနိုင်သည်ကို ငါမြင်၍ သူတို့ပြောသောအရာ
မဟုတ်၊ သူတို့၏လုပ်နိုင်သောအရာကို ငါကြည့်
မည်။ 20အကြောင်းမူကား၊ ဘုရားသခင်၏နိုင်ငံ
တော်သည်စကား၌ တည်သည်မဟုတ်၊ တန်ခိုး
၌တည်၏။ 21သင်တို့သည် အဘယ်အရာကို
အလိုရှိကြပါသနည်း။

ငါသည် သင်တို့ဆီသို့ အပြစ်ဒဏ်ခတ်
ခြင်းငှါ လာမည်လော၊ သို့မဟုတ်
ငါသည် သင်တို့ဆီသို့ မေတ္တာနှင့်ရင်း၊

နူးညံ့သိမ်မွေ့သော စိတ်နှင့်ဖြင့် လာရ
မည်လော။

## အသင်းတော်၏ကျင့်ဝတ္တရားဆိုင်ရာပြဿနာ

5 သင်တို့အထဲတွင် ဘုရားသခင်ကို မသိ
သောလူတို့ထဲ၌ပင်လျှင် မဖြစ်ပျက်သော
မတရားမေထုန်၌ ပျော်မွေ့ခြင်းမျိုးသည်ဟု လူ
တို့သည်ပြောဆိုကြ၏။သင်တို့တွင်တစ်ယောက်
သည် မိမိအဘ၏မယား*ကိုပင်လျှင် ပြစ်မှား
လျက်ရှိသည်ဟု လူတို့ပြောဆိုကြ၏။ 2ဤအရာ
သည် အမှုဖြစ်သော်လည်း အဘယ်ကြောင့်
သင်တို့သည် အလွန်မာနထောင်လွှားလျက် ရှိ
ကြသနည်း။ ထိုသို့အစားသင်တို့သည် ဝမ်းနည်း
ခြင်းနှင့်ပြည့်ရမည်။ ထိုသို့သောအပြစ်ကို ကျူး
လွန်သောသူသည် သင်တို့၏အထဲမှ နှင်ထုတ်ရ
မည်။ 3ငါသည် ကိုယ်ခန္ဓာအားဖြင့် သင်တို့နှင့်
အတူမရှိ။ သို့သော်လည်း၊ ငါသည်ဝိညာဉ်အား
ဖြင့် သင်တို့နှင့်အတူရှိ၏။ ငါသည် ကိုယ်တိုင်
သင်တို့နှင့် အတူရှိသကဲ့သို့ ထိုသို့ကျင့်သောသူ
ကို ယခုပင် ငါစီရင်ပြီ။ 4သင်တို့သည် ငါတို့၏
သခင်ယေရှုနာမ၌ အတူတကွစုရုံးလာကြသော
အခါ၊ ငါသည် ဝိညာဉ်အားဖြင့်၎င်း၊ ငါတို့သခင်
ယေရှု၏တန်ခိုးအားဖြင့်၎င်း၊ သင်တို့နှင့်အတူရှိ
လိမ့်မည်။ 5ထိုအချိန်၌၊ သူ၏ညစ်ညူးသောကိုယ်
ခန္ဓာ၏အလိုဆန္ဒများကို ပျက်စီးခြင်းသို့ ရောက်
မည်အကြောင်း ထိုသူကို စာတန်လက်သို့ အပ်
နှံကြလော့။ ထို့နောက် ထာဝရဘုရား၏နေ့
ရက်၌ သူ့ဝိညာဉ်သည် ကယ်တင်ခြင်းသို့
ရောက်လိမ့်မည်။
6သင်တို့၏ဝါကြွားခြင်းသည် မကောင်းမ
သင့်ဖြစ်၏။ "အနည်းငယ်သောတဆေးသည်
မုန့်စိမ်းတစ်ပုံလုံးကို ဖောင်းကြွစေတတ်သည်"
ဟူသောဆိုရိုးစကားကို သင်တို့သည် သိကြ၏။
7ဟောင်းသောတဆေးကို ထုတ်ပစ်၍သုတ်သင်
ပယ်ရှင်းကြလော့။ သို့မှသာ သင်တို့သည် အ
သစ်သောမုန့်စိမ်း ဖြစ်ကြပါလိမ့်မည်။ သင်တို့
သည် ပသခါပွဲ*အတွက် တဆေးမဲ့မုန့်* အမှန်
ဖြစ်ကြ၏။ အမှန်စင်စစ် ငါတို့ပသခါ သိုးသငယ်
ဖြစ်တော်မူသောခရစ်တော်သည် ယဇ်ပူဇော်
သည့်အနေဖြင့် အသေခံတော်မူပြီးဖြစ်၏။ 8ထို့
ကြောင့် ဟောင်းသောတဆေးပါသည့်မုန့်ဖြင့်
မဟုတ်ဘဲ တဆေးမဲ့မုန့်ဖြင့် ပွဲခံကြကုန်အံ့။ ထို
ဟောင်းသောတဆေးသည့်ဆိုး ညစ်ခြင်း၊ မတ
ရားသောမေထုန်၌ မှိုဝဲခြင်းနှင့် ပြုလုပ်ထား၏။
တဆေးမဲ့မုန့်ကို ရိုးသားဖြူစင်ခြင်းနှင့်သမ္မာတ
ရားဖြင့် ပြုလုပ်ထား၏။
9သင်တို့သည် မတရားသောမေထုန်၌ မှိုဝဲ
သောသူတို့နှင့် မပေါင်းဖော်မည့်အကြောင်းကို
ငါ၏အထက်သြဝါဒစာ၌ ငါရေးထားခဲ့ပြီ။ 10သို့
သော်လည်း၊ သင်တို့သည် အပြစ်ရှိသောဤ
လောကီသားတို့နှင့် မပေါင်းဖော်ရဟု ငါမဆို
လို။ ထိုလောကီသားတို့သည် မတရားသော
မေထုန်၌ မှိုဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ လိမ်
ညာလှည့်ဖြားခြင်းနှင့် ရုပ်တုများကိုးကွယ်ခြင်း
အမှုတို့ကို ပြုကြ၏။ ထိုသူတို့မှ ကင်းကွာရမည်
ဆိုလျှင်၊ သင်တို့သည် ဤလောကကို စွန့်၍
ထွက်သွားကြရမည်။ 11ငါသည် သင်တို့အား
စာအားဖြင့်ဆိုသည်မှာ၊ ခရစ်တော်၌ ညီအစ်
ကိုမောင်နှမဖြစ်လျက် မတရားသောမေထုန် ၌
မှိုဝဲသောသူ၊ လောဘလွန်ကျူးသောသူ၊ ရုပ်
တုများကို ကိုးကွယ်သောသူ၊ တခြားလူတို့၏
ဆိုးကြောင်း ပြောဆိုသောသူ၊ သေရည်သေ
ရက်နှင့် မူးယစ်သောသူ၊ လိမ်ညာလှည့်ဖြား
သောသူတို့ကို သင်တို့သည် အပေါင်းအဖော်
မလုပ်ရ။ ထိုသို့ပြုသောလူနှင့်ပင်လျှင် မစား
သောက်ရ။
12-13အသင်းတော်လူ မဟုတ်သောလူတို့
အား အပြစ်စီရင်ခြင်းသည် ငါ၏အမှုအရာမ

---

**အဘ၏မယား:** ဤအရာ၏ဆိုလိုချက်မှာ မိထွေးဖြစ်ကောင်းဖြစ်နိုင်၏။

**'ပသခါသိုးသငယ်'** သိုးသငယ်သည် ယုဒလူမျိုးတို့၏ပသခါပွဲတော်၌ သိုးသတ်သကဲ့သို့ ယေရှုသည် သူ့လူများအလို့ငှါ ယဇ်ဖြစ်သည်။

**ပသခါမုန့်** ယုဒလူမျိုးတို့သည် တဆေးမပါသောအထူးမုန့်ကို သူတို့၏ပသခါပွဲတော်မှာ စားခဲ့ကြသည်။ ပေါလု၏ဆိုလိုရင်းမှာ တဆေးမဲ့မုန့်ပသခါပွဲသကဲ့သို့ ခရစ်ယာန်တို့သည် အပြစ်မှလွတ်မြောက်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ဟုတ်။ ဘုရားသခင်သည် ထိုလူတို့ကို တရားစီ
ရင်တော်မူလိမ့်မည်။ သို့သော်လည်း၊ သင်တို့
သည် အသင်းတော်၌ ပါဝင်သောသူတို့ကိုစီရင်
ခြင်းအမှုကို ပြုရပါမည်။ ကျမ်းစာ၌ “ဆိုးညစ်
သောသူကိုသင်တို့အထဲမှ နှင်ထုတ်ကြလော့”*
ဟုရေးထား၏။

## ခရစ်ယာန်တို့တွင် ပြဿနာများ စီရင်ခြင်း

6 သင်တို့တွင် တစ်ယောက်သောသူသည် အ
ခြားသောသူနှင့်ဆန့်ကျင်၍ အမှုတစ်စုံတစ်
ရာရှိသောအခါ၊ သင်တို့သည် အဘယ်ကြောင့်
တရားခုံရုံး၌ရှိသောတရားသူကြီးတို့ထံသို့ သွား
ကြပါသနည်း။ ထိုသူတို့သည် ဘုရားသခင်ရှေ့
တော်၌ ဖြောင့်မတ်ခြင်းမရှိကြ။ ထို့ကြောင့်
သင်တို့၏အမှုကို အဘယ်ကြောင့် ဘုရားသခင်
၏သန့်ရှင်းသူတို့ရှေ့၌ မတင်ပြကြသနည်း။
[2]ဘုရားသခင်၏လူတို့သည် လောကီနိုင်ငံကို
တရားစီရင်လိမ့်မည်အကြောင်း သင်တို့သည်
အမှန်သိကြပါ၏။ ထို့ကြောင့် သင်တို့သည်
လောကီနိုင်ငံတို့ကို တရားစီရင်လိမ့်မည်ဖြစ်၍၊
သင်တို့သည် ဤကဲ့သို့ သေးငယ်သောအမှုတို့
ကိုလည်း အမှန်စီရင်ရန် တတ်နိုင်ကြပါ၏။ [3]ငါ
တို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်
ကြလိမ့်မည်ကို သင်တို့သိကြ၏။ ထို့ကြောင့် ငါ
တို့သည် ဤဘဝ၌ လောကီသားတို့၏နေ့စဉ်
အမှုများကို အမှန်စီရင်နိုင်ကြ၏။ [4]ထို့ကြောင့်
သင်တို့သည် လောကီအမှုကိုစီရင်စရာရှိလျှင်
ဘယ်ကြောင့် အသင်းတော်အဝင်မဟုတ်သော
သူတို့ထံသို့ထို အမှုအရာများကို ယူသွားကြပါ
သနည်း။ ထိုသူတို့သည် အသင်းတော်၌ အသ
ရေပျက်သောသူများဖြစ်ကြ၏။ [5]ငါသည်သင်တို့
ရှက်ကြောက်စရာဖြစ်ခြင်းငှါ ဤအကြောင်းကို
ပြော၏။ ညီအစ်ကိုချင်းတို့၏အမှုကို ပညာသတိ
ရှိစွာတရားဆုံးဖြတ်စီရင်နိုင်သောသူသည် သင်
တို့အထဲ၌ အမှန်ရှိပါ၏။ [6]သို့သော်လည်း ယခု
တွင် ညီအစ်ကိုတစ်ယောက်သည် အခြားသော
ညီအစ်ကိုတစ်ယောက်အား ဆန့်ကျင်၍အမှုဖွင့်
ရန် တရားရုံးသို့သွား၏။ သင်တို့သည် ဤအမှု
ကိစ္စများကိုမယုံကြည်သောသူတို့ရှေ့၌ပြုကြ၏။
[7]သင်တို့သည် အချင်းချင်း တစ်ယောက်ကို
တစ်ယောက် ဆန့်ကျင်၍ အငြင်းပွားမှုကြောင့်
သင်တို့သည် ဆုံးရှုံးပြီဖြစ်ကြောင်းကို ထင်ရှား
စေ၏။ တစ်စုံတစ်ယောက်သောသူအား မှား
ယွင်းသောအမှုကိုပြု၍ လိမ်ညာလှည့်ဖြားလျှင်၊
သင်တို့အတွက်သာ၍ ကောင်းပေမည်။ [8]သို့
သော်လည်း၊ သင်တို့ကိုယ်တိုင်သည် မှားယွင်း
သောအမှုကိုပြု၍ လိမ်ညာလှည့်ဖြားကြ၏။
သင်တို့သည် ဤအရာတို့ကို အခြားသောယုံ
ကြည် သူများအပေါ်၌ ပြုကြ၏။ [9-10]ထိုသို့မှား
ယွင်းသောအမှုကို ပြုသောသူတို့သည် ဘုရား
သခင်၏နိုင်ငံတော်ကို အမွေခံရကြလိမ့်မည်
မဟုတ်ကြောင်းကို သင်တို့သည် အမှန်သိကြ
၏။ သင်တို့ကိုယ်တိုင် မမိုက်မဲကြနှင့်။ မတရား
သောမေထုန်၌ မှိဝဲသောသူ၊ ရုပ်တုများကို
ကိုးကွယ်သောသူ၊ သူမယားကို ပြစ်မှားသော
သူ၊ ယောက်ျားချင်း မေထုန်ကို ပြုသောသူ၊
ထိုအမှုကိုခံသောသူ၊ သူတစ်ပါးဥစ္စာကိုခိုးသော
သူ၊ အတ္တလောဘလွန်ကျူးသောသူ၊ အရက်
သေစာနှင့် ယစ်မူးသောသူ၊ အခြားသောသူတို့
အား ဆဲဆို၍ကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူ
၍ လိမ်ညာလှည့်ဖြားသောသူတို့သည် ဘုရား
သခင်၏နိုင်ငံတော်ကို အမွေခံရကြလိမ့်မည်မ
ဟုတ်။ [11]လွန်ခဲ့သောအချိန်တွင်၊ သင်တို့၌ အ
ချို့သောသူတို့သည်ထိုကဲ့သို့ဖြစ်ကြ၏။ သို့သော်
လည်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အား
ဖြင့်၎င်း၊ သခင်ယေရှုခရစ်၏နာမတော်အားဖြင့်
၎င်း၊ ဘုရားသခင့်ထံတော်၌ သင်တို့သည် ယခု
တွင် ဆေးကြောစင်ကြယ်စေခြင်း၊ သန့်ရှင်းခြင်း
နှင့်ဖြောင့်မတ်ခြင်းသို့ ရောက်ကြ၏။

## သင်တို့၏ကိုယ်ခန္ဓာကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အသုံးပြုကြပါ

[12]“ခပ်သိမ်းသောအမှုအရာတို့ကို ပြုရန်ငါ၌
အခွင့်ရှိ၏။” သို့သော်လည်း၊ ခပ်သိမ်းသောအ
ရာတို့သည်ကောင်းကြသည်မဟုတ်။ “ခပ်သိမ်း

**“ဆိုးညစ်သောသူ … ကြလော့”** တရား 22:21, 24

သော အမှုအရာတို့ကို ပြုရန်ငါ၌ အခွင့်ရှိ၏။”
သို့သော်လည်း၊ ငါသည် အဘယ်အရာကိုမျှ
ငါ၏သခင်ဖြစ်စေခြင်းငှါ ခွင့်ပြုလိမ့်မည်မဟုတ်။
13“အစားအသောက်တို့သည် ဝမ်းဗိုက်အတွက်
ဖြစ်၏။ ဝမ်းဗိုက်သည်လည်း အစားအသောက်
အဖို့ဖြစ်၏။” မှန်ပါ၏။ သို့သော်လည်း၊ ဘုရား
သခင်သည် ထိုနှစ်ပါးစလုံးကို ဖျက်ဆီးတော်မူ
လိမ့်မည်။ ကိုယ်ခန္ဓာသည် မတရားသောမေ
ထုန်၌မှိုဝဲဖို့ရန်မဟုတ်။ ကိုယ်ခန္ဓာသည် သခင်
ဘုရားအဖို့ဖြစ်၏။ သခင်ဘုရားသည်လည်း
ကိုယ်ခန္ဓာအဖို့ဖြစ်တော်မူ၏။ 14ဘုရားသခင်
သည် သခင်ဘုရားကို သေခြင်းမှရှင်ပြန်ထ
မြောက်စေတော်မူ၏။ ထို့နောက် ဘုရားသခင်
သည် မိမိတန်ခိုးတော်အားဖြင့် ငါတို့ကိုလည်း၊
သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူလိမ့်
မည်။ 15သင်တို့၏ကိုယ်ခန္ဓာများသည် ခရစ်
တော်ကိုယ်တော်တိုင် ပိုင်တော်မူ၍ ခရစ်တော်
၏အင်္ဂါပင် ဖြစ်တော်မူသည်ကို သင်တို့သည် အ
သေအချာသိကြ၏။ ထို့ကြောင့်၊ ငါသည် ခရစ်
တော်၏အင်္ဂါကို ယူ၍ပြည့်တန်ဆာနှင့် ဘယ်
သောအခါမျှ ပေါင်းဖော်မည်မဟုတ်။ 16ကျမ်း
စာ၌ရေးထားသည်မှာ၊ “လူနှစ်ဦးတို့သည် တစ်
သားတစ်ကိုယ်တည်းဖြစ်လာကြ၏။”* ထို့
ကြောင့်၊ ပြည့်တန်ဆာနှင့်ပေါင်းဖော်သောလူ
တစ်ယောက်သည် သူမ၏ကိုယ်ခန္ဓာနှင့်တစ်
သားတစ်ကိုယ်တည်း ဖြစ်လာသည်ကို သင်တို့
သိရမည်။ 17သို့သော်လည်း၊ သခင်ဘုရား၌မိမိ
ကိုယ်ကို မှိုဝဲသောသူသည် ထိုသခင်နှင့်တစ်
စိတ်တစ်ဝိညာဉ်တည်းဖြစ်၏။
18ထို့ကြောင့် မတရားသောမေထုန်၌ မှိုဝဲ
ခြင်းအပြစ်မှ ပြေးထွက်၍ ရှောင်ကြဉ်ကြလော့။
လူတစ်ယောက်လွန်ကျူးသော အခြားအပြစ်ဒုစ
ရိုက်တို့သည် ထိုသူ၏ကိုယ်ခန္ဓာအပြင်၌ရှိ၏။ သို့
သော်လည်း ထိုလူသည် မတရားသောမေထုန်
ကို ပြုလျှင်၊ မိမိကိုယ်ခန္ဓာကို ဆန့်ကျင်၍ပြစ်
မှားသောသူဖြစ်၏။ 19သင်တို့၏ကိုယ်ခန္ဓာသည်
သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်ရာ ဗိမာန်
တော်ဖြစ်သည်ကို သင်တို့သည် သိကြရမည်။
သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့၏အ
ထဲ၌ရှိတော်မူ၏။ သင်တို့သည် သန့်ရှင်းသော
ဝိညာဉ်တော်ကို ဘုရားသခင်ထံတော်မှခံရကြ
ပြီးဖြစ်၏။ သင်တို့ကိုယ်သင်တို့မပိုင်ကြ။ 20ဘုရား
သခင်သည် သင်တို့ကို အဖိုးအခပေးခြင်းအား
ဖြင့်ဝယ်တော်မူ၏။ ထို့ကြောင့် သင်တို့၏ကိုယ်
ခန္ဓာအားဖြင့်ဘုရားသခင်၏ဂုဏ်အသရေတော်
ကို ထင်ရှားစေကြလော့။

## အိမ်ထောင်ပြုခြင်းအကြောင်း

7 ယခုအခါ၌ သင်တို့ရေးသောစာ၌ ပါသည့်
အရာတို့ကို ငါဆွေးနွေးမည်။ ယောကျာ်း
သည် မိန်းမနှင့်ဆက်ဆံဘဲနေလျှင် သာ၍
ကောင်း၏။ 2သို့သော်လည်း၊ မတရားသော
မေထုန်နှင့် ကင်းလွတ်မည်အကြောင်း၊ ယော
ကျာ်းတိုင်းသည် မိမိမယားရှိရမည်။ မိန်းမတိုင်း
သည်လည်း မိမိလင်ရှိရမည်။ 3ယောကျာ်း
သည် မိမိမယားအား ဆက်ဆံခြင်းဝတ်ရှိသမျှ
ကို ပေးအပ်ရမည်။ ထိုနည်းတူ မိန်းမသည်
လည်း၊ မိမိလင်ယောကျာ်းအား ဆက်ဆံခြင်း
ဝတ်ရှိသမျှကို ပေးအပ်ရပါမည်။ 4မိန်းမသည်
မိမိကိုယ်ခန္ဓာပေါ်၌ ပိုင်ဆိုင်သောအခွင့်အာ
ဏာမရှိ။ သူမ၏လင်ယောကျာ်းသည် သူမ၏
ကိုယ်ခန္ဓာပေါ်၌ ပိုင်ဆိုင်သောအခွင့်အာဏာ
ရှိ၏။ ယောကျာ်းသည်လည်း မိမိကိုယ်ခန္ဓာပေါ်
၌ ပိုင်ဆိုင်သောအခွင့်အာဏာမရှိ။ သို့သော်
အလည်း၊ သူ၏မယားသည်ပိုင်၏။ 5သင်တို့၏
ကိုယ်ခန္ဓာကို အချင်းချင်းတစ်ယောက်ကိုတစ်
ယောက်ပေးအပ်ရန် မငြင်းပယ်ကြနှင့်။ သို့သော်
လည်း၊ သင်တို့နှစ်ဦးစလုံးတို့သည် သဘောတူ
ညီလျက် ဆက်ဆံခြင်းဝတ်မှ ရှောင်ပယ်ရန်အ
ချိန်ကို ပေးရမည်။ သင်တို့သည် ထိုသို့ပြုမှ
သာလျှင်၊ ဆုတောင်းခြင်းဝတ်ကို ပြုရန်အချိန်
ကို ပေးနိုင်ကြမည်ဖြစ်၏။ ထို့နောက် တစ်ဖန်
အတူတကွပြန်၍ ဆုံတွေ့ကြလော့။ ဤသို့သော
နည်းအားဖြင့် ကိုယ်ကိုချုပ်တည်းခြင်းကြောင့်
စာတန်သည် သင်တို့ကို အပြစ်သွေးဆောင်

**“လူနှစ်ဦး ... ဖြစ်လာကြ၏”** ကမ္ဘာ 2:24

ခြင်းမပြုနိုင်။ 6သို့ရာတွင် ငါသည် သင်တို့ကို
ပညတ်မထားဘဲ ခဏခွဲနေရသောအခွင့်ပေး
ခြင်းအားဖြင့်သာ ငါဆို၏။ 7လူအားလုံးတို့
သည် ငါကဲ့သို့ဖြစ်စေခြင်းငှါ ငါအလိုဆန္ဒရှိ၏။
သို့သော်လည်း၊ လူအသီးသီးတို့သည် ဘုရား
သခင် ပေးသနားတော်မူသည့်အတိုင်း အသီး
သီးသောဆုကျေးဇူးကိုခံရကြ၏။ တစ်ယောက်
သည် ဆုကျေးဇူးတစ်မျိုးရှိ၏။ အခြားသောသူ
တစ် ယောက်သည်လည်း၊ အခြားသောဆု
ကျေးဇူးတစ်မျိုးရှိ၏။ 8ယခုအခါ၌ အိမ်ထောင်
မပြုသောသူတို့နှင့် မုဆိုးမတို့အတွက် ငါသည်
ဤစကားကိုဆို၏။ သူတို့သည် ငါကဲ့သို့ တစ်
ယောက်တည်းနေလျှင်၊ သူတို့အတွက် ကောင်း
၏။ 9သို့သော်လည်း၊ သူတို့သည် မိမိတို့၏ကာ
မဂုဏ်ကို မချုပ်တည်းနိုင်လျှင်၊ သူတို့သည် အိမ်
ထောင်ပြုရမည်။ ကိလေသာစိတ်ပူပန်ခြင်း
ထက် ထိမ်းမြားစုံဘက်ခြင်းပြုသော် သာ၍
ကောင်း၏။

10ယခုအခါ၌ ဤအရာများကို အိမ်ထောင်
ပြုသောလူတို့အတွက် ငါဆို၏။ ဤပညတ်
တော်မူချက်သည် ငါ့ထံမှမဟုတ်။ သခင်ဘုရား
ထံတော်မှလာ၏။ မယားသည် မိမိလင်ကိုမစွန့်
ပစ်ရ။ 11သို့သော်လည်း မယားသည် မိမိလင်
ကိုစွန့်ပစ်လျှင် သူမသည် တစ်ဖန် ထိမ်းမြားစုံ
ဖက်ခြင်းမပြုရ။ သို့မဟုတ် သူမသည် ပြန်သွား
၍ မိမိလင်နှင့်အတူတကွ တစ်ဖန် ပေါင်းသင်း
ရပါမည်။ ထိုနည်းတူ လင်ယောက်ျားသည်
လည်း၊ မိမိမယားကို မကွာစေရ။

12အခြားသောသူအားလုံးတို့အတွက် ဤ
အရာကိုငါဆို၏။ ငါသည် ဤအရာတို့ကို ပြော
ဆို၏။ သခင်ဘုရားထံတော်မှ ပညတ်တော်မူ
သည်မဟုတ်။ ခရစ်တော်၌ ညီအစ်ကိုတစ်
ယောက်သည် မယုံကြည်သောမယားရှိ၍ ထို
မယားသည် မိမိခင်ပွန်းနှင့်နေခြင်းငှါ အလို
ရှိလျှင် မကွာစေနှင့်။ 13ထိုနည်းတူ မိန်းမသည်
မယုံကြည်သောခင်ပွန်းရှိ၍မိမိမယားနှင့်နေခြင်း
ငှါအလိုရှိလျှင်မကွာစေနှင့်။

14မယုံကြည်သောလင်သည် ယုံကြည်သူ
ဖြစ်သောမိမိမယားအားဖြင့် သန့်ရှင်းခြင်းသို့
ရောက်၏။ ထိုနည်းတူ မယုံကြည်သောမယား
သည်လည်း၊ ယုံကြည်သူဖြစ်သော မိမိလင်အား
ဖြင့် သန့်ရှင်းခြင်းသို့ ရောက်၏။ ဤအရာတို့
သည် မမှန်လျှင်၊ သင်တို့၏သားသမီးတို့သည်
သန့်ရှင်းစင်ကြယ်ခြင်းမရှိ။ သို့သော်လည်း၊ ယ
ခုအခါ၌ သင်တို့၏သားသမီးတို့သည် သန့်ရှင်း
စင်ကြယ်ခြင်းရှိကြ၏။

15သို့သော်လည်း၊ ယုံကြည်သူမဟုတ်သော
သူတစ်ယောက်သည် စွန့်ခွာရန် ဆုံးဖြတ်လျှင်၊
ထိုသူအား စွန့်ခွာခြင်းအခွင့်ကိုပေးရမည်။ ခရစ်
တော်၌ ညီအစ်ကိုနှင့်မောင်နှမတို့သည် ဤသို့
သောအရာများ၌ ချည်နှောင်ခြင်းမရှိ လွတ်
မြောက်ကြ၏။ ငါတို့သည်ငြိမ်သက်ခြင်း၌ အ
သက်ရှင်နိုင်မည်အကြောင်း ဘုရားသခင်သည်
ငါတို့ကို ခေါ်တော်မူ၏။ 16မိန်းမတို့၊ သင်သည်
ကိုယ်ခင်ပွန်းကို ကယ်တင်နိုင်၏။ လင်ယော
က်ျား၊ သင်သည် ကိုယ်ခင်ပွန်းတို့ကို ကယ်တင်
ကောင်းကယ်တင်လိမ့်မည်။ နောင်တွင်အဘယ်
သို့ဖြစ်ပျက်လိမ့်မည်ကို သင်တို့သည် မသိရှိကြ။

## ဘုရားသခင်သည် သင်တို့ကို ခေါ်တော်မူသကဲ့သို့ အသက်ရှင်ကြလော့

17သို့သော်လည်း၊ ဘုရားသခင်သည် သင်
တို့ကို ခေါ်တော်မူသည်နှင့်ညီလျော်စွာ အသက်
ရှင်ရန်ပေးတော်မူသောနည်းလမ်းအတိုင်း လူအ
သီးသီးတို့သည် ဆက်လက်၍ အသက်ရှင်ကြရ
မည်။ ဤအရာသည် အသင်းတော်အားလုံးတို့၌
ငါပြုသောဥပဒေသပညတ် ဖြစ်၏။ 18ဘုရား
သခင်သည် လူတစ်ယောက်ကို ခေါ်တော်မူ
သောအခါ ထိုလူသည် အရေဖျားလှီးခြင်းကိုခံ
ပြီးလျှင်၊ သူသည် အရေဖျားလှီးခြင်းအမှုကို စွန့်
လွှတ်ရန်မလို။ လူတစ်ယောက်သည် ခေါ်တော်
မူခြင်းကိုခံသောအခါ သူသည် အရေဖျားလှီး
ခြင်းကိုမခံလျှင်၊ သူသည် အရေဖျားလှီးရန်မ
လို။ 19လူတစ်ယောက်သည် အရေဖျားလှီးခြင်း
ကိုခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ အရေးမကြီး။
အရေးကြီးသောအရာမူကား၊ ဘုရားသခင်၏

ပညတ်တရားတော်ကို နာခံဖို့ရန်ဖြစ်၏။ [20]လူ
အသီးသီးတို့သည် သူတို့အား ဘုရားသခင်ခေါ်
သောအချိန်၌ ရှိသည့်အခြေအနေအတိုင်းရှိနေ
သင့်၏။ [21]ဘုရားသခင်သည် သင့်အား ခေါ်
တော်မူသောအချိန်၌ သင်သည် အစေခံကျွန်
တစ်ယောက်ဖြစ်လျှင် ထိုအရာအားဖြင့် သင်
သည် စိတ်နှောက်ယှက်ခွင့်မပြုနှင့်။ သို့သော်
လည်း၊ သင်သည် လွတ်မြောက်နိုင်လျှင်၊ လွတ်
မြောက်စေ။ [22]လူတစ်ယောက်သည် အစေခံ
ကျွန်ဖြစ်စဉ် သခင်ဘုရား၏ခေါ်တော်မူခြင်းခံရ
လျှင် သူသည် သခင်ဘုရား၏လူလွတ်ဖြစ်၏။
ထိုနည်းတူ၊ လူတစ်ယောက်သည် လူလွတ်
ဖြစ်နေစဉ် ခေါ်တော်မူခြင်းကိုခံရလျှင် သူသည်
ခရစ်တော်၏အစေခံကျွန်ဖြစ်လာ၏။ [23]သင်တို့
သည် အဖိုးအခပေး၍ ဝယ်ရသောသူများဖြစ်
ကြ၏။ ထို့ကြောင့်သင်တို့ကိုယ်တိုင် လူတို့၏
အစေခံမဖြစ်ကြနှင့်။ [24]ညီအစ်ကိုမောင်နှမ တို့၊
သင်တို့သည် ဘုရားသခင်၏ရှေ့တော်၌ သင်တို့
အား ဘုရားသခင်ခေါ်တော်မူသောအချိန်ကဲ့
သို့ ဆက်လက်၍ အသက်ရှင်ကြရမည်။

## ထိမ်းမြားစုံဖက်ခြင်းအကြောင်းနှင့် သက်ဆိုင်သောအမေးများ

[25]ယခုအခါ၌ ထိမ်းမြားစုံဖက်ခြင်းမပြုသော
မိန်းမတို့အကြောင်း သင်တို့၏မေးခွန်းကို ငါရေး
သား၏။ ဤအကြောင်းနှင့်စပ်ဆိုင်၍ သခင်
ဘုရားထံတော်မှ အဘယ်ပညတ်တော်မျှ ငါမ
ခံရ။ သို့သော်လည်း ငါ၏ထင်မြင်ယူဆချက်တို့
ကိုငါပေး၏။ ငါသည် သစ္စာရှိ၍ ယုံကြည်စိတ်ချ
ထိုက်သောသူဖြစ်၏။ ဘုရားသခင်၏ကျေးဇူး
တော်ကို ခံရသောကြောင့် ပေးတော်မူ၏။
[26]ဤအရာကို တွေးတောဆင်ခြင်ကြလော့။
ယခုအချိန်သည် ဒုက္ခဆင်းရဲခြင်းခံရသောအချိန်
ဖြစ်၏။ ထို့ကြောင့်၊ ခင်ပွန်းမရှိ လျှင်သင်တို့အ
တွက် သာ၍ကောင်း၏။ [27]သင်တို့သည် မယား
ရှိလျှင် လွတ်စေခြင်းငှါ မကြံစည်နှင့်။ သင်တို့
သည် ထိမ်းမြားစုံဖက်ခြင်းမရှိလျှင်၊ ခင်ပွန်းကို
တွေ့ခြင်းငှါ မရှာနှင့်။ [28]သို့သော်လည်း သင်တို့
သည် ထိမ်းမြားစုံဖက်ရန် ဆုံးဖြတ်လျှင်၊ ထိုအ
ရာသည် အပြစ်မဟုတ်။ ထိမ်းမြားစုံဖက်ခြင်းမ
ပြုဘူးသောမိန်းမတစ်ယောက်အတွက် ထိမ်း
မြားစုံဖက်ခြင်းသည် အပြစ်မဟုတ်ပါ။ သို့သော်
လည်း၊ ထိမ်းမြားစုံဖက်သောသူတို့သည် ဤ
ဘဝ၌ များစွာသောဒုက္ခဆင်းရဲခြင်းကို ခံကြ
မည်။ ဤဒုက္ခဆင်းရဲခြင်းများကို ရှောင်ကြဉ်
ခြင်းငှါ သင်တို့ကို ကူညီမစရန် ငါကြိုးစား၏။
[29]ညီအစ်ကိုမောင်နှမတို့၊ ငါဆိုလိုသောအ
ရာသည် ဤအရာဖြစ်၏။ ငါတို့၌ ကျန်ကြွင်း
သောအချိန်များစွာမရှိ။ ထို့ကြောင့် ယခုပင်
အစပြုကြလော့။ မယားရှိသောသူတို့သည်
မယားမရှိသောသူတို့ကဲ့သို့ ဖြစ်ရမည်။ [30]ဝမ်း
နည်းငိုကြွေးသောသူတို့သည်၊ ဝမ်းနည်းငိုကြွေး
ခြင်းမရှိသောသူတို့ကဲ့သို့ဖြစ်ရမည်။ ဝမ်းမြောက်
ပျော်ရွှင်သောသူတို့သည် ဝမ်းမြောက်ပျော်ရွှင်
ခြင်းမရှိသောသူတို့ကဲ့သို့ ဖြစ်ရမည်။ ဥစ္စာဝယ်
သောသူတို့သည် ဘာမျှအလျှင်းမရှိသောသူတို့
ကဲ့သို့ ဖြစ်ရမည်။ [31]ဤလောကအရာများကို
သုံးသောသူတို့သည် ထိုအရာအလုံးစုံကို မသုံး
သကဲ့သို့ အသက်ရှင်ရမည်။ အကြောင်းမူကား၊
ဤလောက၏အဆင်းသဏ္ဌာန်သည် မကြာမြင့်
မီ ရွေ့သွားကွယ်ပျောက်လိမ့်မည်။
[32]ငါသည် သင်တို့အား စိုးရိမ်ပူပန်ခြင်းမှ
လွတ်မြောက်စေခြင်းငှါ အလိုရှိ၏။ ထိမ်းမြားစုံ
ဖက်ခြင်းမရှိသောသူသည် သခင်ဘုရား၏အမှု
တော်နှင့် အလုပ်များတတ်၏။ သူသည် သခင်
ဘုရား၏စိတ်တော်နှင့်တွေ့ရန် ကြိုးစားလျက်
နေ၏။ [33]သို့သော်လည်း၊ ထိမ်းမြားစုံဖက်သော
သူသည် လောကအရာများ၌သာ အလုပ်များ
နေ၍ စိတ်ရောက်တတ်၏။ သူသည် မိမိမယား
၏စိတ်နှင့် တွေ့စေရန်သာ ကြိုးစားလျက်နေ၏။
[34]သူသည် မိမိမယားကို စိတ်ကျေနပ်မည်လော၊
သခင်ဘုရား၏စိတ်တော်ကိုတွေ့မည် လောဟူ
သောအရာနှစ်ခုကို စဉ်းစား၍ နေရမည်ဖြစ်၏။
ထိမ်းမြားစုံဖက်ခြင်းမရှိသောမိန်းမ သို့မဟုတ်
အပျိုကညာဖြစ်သော မိန်းမငယ်သည် သခင်
ဘုရား၏အမှုတော်၌သာ စိတ်ရှိအံ၏။ သူမ

သည် မိမိကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်နှစ်ပါးကို
သခင်ဘုရားအား ဆက်ကပ်အပ်နှံတတ်၏။ သို့
သော်လည်း၊ ထိမ်းမြားလက်ထပ်သောမိန်းမ
သည် လောကအမှုများ၌ စိတ်ရှိတတ်၏။ သူမ
သည် မိမိခင်ပွန်း၏စိတ်နှင့်တွေ့ခြင်းငှါ ကြိုးစား
လျှက်နေ၏။
35ငါသည် သင်တို့အား အကျိုးရှိ၍ ကူညီ
စေခြင်းငှါ ဤအရာတို့ကို ပြော၏။ ငါသည်
သင်တို့ကို အကန့်အသတ်ထားရန် မကြိုးစားပါ။
သို့သော်လည်း၊ ငါသည် သင်တို့အား ဖြောင့်
မတ်သောတရားလမ်း၌ အသက်ရှင်ကြရန် အ
လိုရှိ၏။ သင်တို့၏အချိန်များကို အခြားသော
အရာများ၌ ပေးအပ်ခြင်း၊ သုံးဖြုန်းခြင်းမရှိစေ
ဘဲ၊ သင်တို့၏အချိန်များကို အပြည့်အဝသခင်
ဘုရားအတွက် သင်တို့ကိုယ်သင်တို့ပေး ဆပ်
အပ်နှံကြရန်အလိုရှိ၏။
36လူတစ်ယောက်သည် မိမိနှင့်လက်ထပ်
ရန် စေ့စပ်ထားသောသတို့ သမီးကညာ* ကို
ထိမ်းမြားလက်ထပ်ရန် အသက်အရွယ်လွန်ပြီ
ဖြစ်၍ ထိမ်းမြားစရာလက်ထပ်ရမည်ဟု ထင်
မှတ်နိုင်၏။ ထို့ကြောင့် ထိမ်းမြားလက်ထပ်ခြင်း
သည် လိုအပ်သောအရာဖြစ်သည်ဟု သူသည်
မှတ်ယူနိုင်၏။ သူသည် မိမိလိုချင်သောအရာ
ကို ပြုသင့်၏။ သူတို့သည် ထိမ်းမြားလက်ထပ်
နိုင်မည်။ ထိုအမှုသည် သူတို့အတွက် အပြစ်မ
ဟုတ်။ 37သို့သော်လည်း၊ အခြားသောလူတစ်
ယောက်သည် မိမိစိတ်နှလုံးတည်ကြည်ခြင်းရှိ
၏။ မိမိဆန္ဒကို ထိန်းချုပ်နိုင်လျှင် သူသည်
ထိမ်းမြား လက်ထပ်ရန်မလိုအပ်။ ထို့ကြောင့်
သူသည် မိမိ လိုချင်သောအရာတို့ကို လုပ်ပိုင်
ခွင့်ရှိ၏။ သူသည် မိမိနှင့်လက်ထပ်ရန် စေ့စပ်
ထားသောသတို့သမီးကညာကို လက်မထပ်ဟု
ဆုံးဖြတ်ထားလျှင်၊ သူသည် မှန်သောအရာကို
ပင် ပြုလျှက်နေ၏။ 38ထို့ကြောင့်၊ သူနှင့်လက်
အထပ်ရန် စေ့စပ်ထားသောသတို့သမီးကညာ
ကို ထိမ်းမြားလက်ထပ်သောသူသည် မှန်သော
အမှုကိုပြု လျှက်နေ၏။ တစ်ဖန်သူနှင့်လက်ထပ်
ရန် စေ့စပ်ထားသောသတို့သမီးကညာကို ထိမ်း
မြားလက် မထပ်သောသူသည် သာ၍ကောင်း
ပေ၏။*
39မိန်းမသည် မိမိခင်ပွန်းအသက်ရှင်သည့်
ကာလပတ်လုံး ချည်နှောင်လျှက်ရှိ၏။သို့သော်
လည်း၊ ခင်ပွန်းသေလျှင်၊ ထိုမိန်းမသည် မိမိအ
လိုအတိုင်းမည်သည့်ယောကျ်ားနှင့်မဆို ထိမ်း
မြား လက်ထပ်ခြင်းငှါ အခွင့်ရှိ၏။ သို့သော်
လည်း၊ သူမသည် သခင်ဘုရား၌ လက်ခံနိုင်
သောထိမ်းမြားလက်ထပ်ခြင်းကို ပြုရမည်။
40သူမသည် ထပ်၍ တစ်ဖန်ထိမ်းမြားလက်ထပ်
ခြင်းမပြုလျှင် ထိုမိန်းမသည် သာ၍ဝမ်းမြောက်
ပျော်ရွှင်နေ၏။ ဤအရာတို့သည် ငါ၏ထင်မြင်
ယူဆချက်သာလျှင် ဖြစ်၏။ ဘုရားသခင်၏
ဝိညာဉ်တော်သည် ငါ၌ရှိတော်မူသည်ကို ငါ
နားလည်၏။

## ရုပ်တုများရှေ့၌ပူဇော်သောအစား အစာများအကြောင်း

8 ယခုအခါတွင် ရုပ်တုများရှေ့၌ လူတို့ပူဇော်
သောအသား စားခြင်းအကြောင်းကို သင်
တို့ထံသို့ ငါရေး၏။ “ငါတို့ရှိသမျှတို့သည် ပိုင်း
ခြားတတ်သောဉာဏ်ရှိကြသည်”ကို ငါတို့သိ

---

**သတို့သမီးကညာ** အိမ်ထောင်မကျသေးသောအပျိုနှင့် ကာ
မဆက်ဆံခြင်းမရှိသောအပျိုစင်။

---

**အခန်းငယ် 36-38** အခြားသောဘာသာပြန်ချက် ဖြစ်နိုင်
သည်မှာ တစ်ယောက်သောသူက သူ၏အပျိုကညာနှင့်
မမှန်ကန်သောအရာလုပ်နေသည်ဟု ထင်နိုင်သည် (သူ
လက်ထပ်ရန် စေ့စပ်သည့်မိန်းကလေး)။ မိန်းကလေးက
လက်ထပ်ရန် အကောင်းဆုံးဖြစ်သောအသက်အရွယ်ကို
ကျော်လုဆဲဖြစ်နိုင်သည်။ ထို့ကြောင့် ထိုယောကျ်ားက
သူမကို လက်ထပ်သင့်သည်ဟု ခံစားနိုင်သည်။ သူလိုချင်
သမျှကိုလုပ်သင့်သည်။ သူတို့သည် လက်ထပ်သင့်သည်။
ဤအရာသည် အပြစ်မဟုတ်။ သို့သော်လည်း တခြားသူ
တစ်ယောက်သည် သူ့စိတ်ထဲမှာ ပိုပြီးစိတ်ချနိုင်သည်။
လက်ထပ်ဖို့ရန် မလိုအပ်သောကြောင့် သူသည် လိုသမျှ
ကို လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိသည်။ ဤသူသည် လက်မ
ထပ်သေးသောသူ၏အပျိုကညာကိုထိန်းသိမ်းရန်ဆုံးဖြတ်
လျှင် သူသည် မှန်သောအရာကိုလုပ်ဆောင်၏။ ထို
ကြောင့် သူ၏အပျိုကညာကို လက်ထပ်သောသူသည် အ
မှန်ကို ပြုလုပ်၍ လက်မထပ်သောသူသည် ပို၍ကောင်း
သောအရာကို လုပ်သည်။

ကြ၏။ မှန်ပေ၏၊ သို့သော်လည်း “ပိုင်းခြားတတ်
သောဉာဏ်”သည် လူတို့ကို ထောင်လွှားစေ
တတ်၏။ သို့သော်လည်း၊ ချစ်ခြင်းမေတ္တာသည်
လူတို့ကိုပို၍ သန်မာလာစေ၏။ 2ငါသည် တစ်စုံ
တစ်ရာကို သိသည်ဟု ထင်မှတ်သောသူသည်
သူသိသင့်သောအရာကိုမသိ။ 3သို့သော်လည်း၊
ဘုရားသခင်သည် မိမိကိုချစ်သောသူတို့ကို သိ
တော်မူ၏။ 4ထို့ကြောင့် ရုပ်တုများရှေ့၌ လူတို့
ပူဇော်သောအသားစားခြင်းအမှုကို ဆင်ခြင်
ခြင်းငှါ ငါပြောဆို၏။ ရုပ်တုသည် ဤလောက
ထဲ၌ ဘာမျှမဟုတ်သည်ကို ငါတို့အမှန်သိကြ၏။
ဘုရားသခင်တစ်ဆူတည်းသာ ရှိတော်မူသည်
ကိုလည်း ငါတို့သိကြ၏။ 5ကောင်းကင်၌ရှင်း၊
မြေကြီးပေါ်၌ရှင်း၊ ဘုရားများဟူ၍ ခေါ်ရသော
အရာများရှိ၍ ဘုရားများနှင့်အရှင်များရှိသော်
လည်း၊ ထိုအရာများသည် အမှန်စင်စစ် အရေး
မကြီးပါ။ 6သို့သော်လည်း၊ ငါတို့အတွက် ဘုရား
သခင်တစ်ဆူတည်းသာ ရှိတော်မူ၏။ ဘုရား
သခင်သည် ငါတို့၏အဘလည်း ဖြစ်တော်မူ၏။
ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ထံ
တော်မှလာ၍၊ ငါတို့သည် ကိုယ်တော်အတွက်
အသက်ရှင်ကြ၏။ သခင်တစ်ပါးတည်းသာရှိ
တော်မူ၏။ သူသည် ယေရှုခရစ်ပင် ဖြစ်တော်မူ
၏။ ခပ်သိမ်းသောအရာတို့သည် ယေရှုအား
ဖြင့် ဖြစ်၏။ ငါတို့သည်လည်း ကိုယ်တော်အား
ဖြင့် အသက်ကိုရကြ၏။

7သို့သော်လည်း၊ လူအားလုံးတို့သည် ဤအ
ရာကိုမသိကြ။ အချို့သောသူတို့သည် ရုပ်တု
များကို ဝတ်ပြုကိုးကွယ်သောအကျင့်သည် ယ
ခုထက်ထိတိုင်အောင်ရှိကြ၏။ ထို့ကြောင့် ဤ
လူတို့သည် ယခုတွင် အသားကိုစားသောအခါ၊
ထိုအသားကို ရုပ်တုများပိုင်ဆိုင်သည် ဟုသူတို့
ယုံကြည်နေသေး၏။ ထိုအသားကို စားခြင်း
သည် မှန်သည်ဟူ၍သူတို့သည် အသေအချာ
မသိကြ။ သူတို့သည် ကိုယ်ကိုကိုယ် သိသော
စိတ်၌ အားနည်းသောကြောင့် သူတို့သည် စား
လျှင် ညစ်ညူးခြင်းသို့ ရောက်သည်ဟု ယုံကြည်
ကြ၏။ 8အသားစားခြင်းသည် ငါတို့အား ဘုရား
သခင်နှင့်ပို၍ နီးကပ်စေလိမ့်မည်မဟုတ်။ အ
သားကို စားရန် ငြင်းပယ်ခြင်းသည် ငါတို့အ
တွက်ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို နည်း
ပါးစေသည်မဟုတ်။

9သို့သော်လည်း၊ သင်တို့၏အခွင့်ကို ဂရု
စိုက်လော့။ သင်တို့၏အခွင့်သည် ယုံကြည်ခြင်း
၌ အားနည်းသောသူတို့အား အပြစ်ထဲသို့ လဲ
ကျစေတတ်၏။ 10သင်တို့၌ ပိုင်းခြားတတ်သော
ဉာဏ်ရှိသောကြောင့် သင်တို့သည် ရုပ်တုစင်၌
ရှိသောအသားကို စားရန် အခွင့်ရှိ၏။ ယုံကြည်
ခြင်း၌ အားနည်းသောသူတစ်ယောက်သည်
ထိုနေရာ၌ သင်စားနေသည်ကို မြင်ရ၏။ ဤ
အရာအားဖြင့် သူသည် ရုပ်တုစင်၌ ပူဇော်
သောအသားကို စားခြင်းသည် အမှန်စင်စစ်
မှားယွင်းသည်ဟု ယုံကြည်သော်လည်းသူသည်
ရုပ်တုစင်ရှေ့၌ ပူဇော်သောအသားကို စားရန်
ရဲရင့်လာလိမ့်မည်။ 11ထို့ကြောင့် သင်တို့၏ပိုင်း
ခြားတတ်သော ဉာဏ်အတိုင်းဆောင်ရွက်ခြင်း
သည် ယုံကြည်ခြင်း၌ အားနည်းသောသင်တို့
၏ညီအစ်ကိုမောင်နှမတို့ကို ပျက်စီးခြင်းသို့
ရောက်စေလိမ့်မည်။ ယခုတွင် သင်တို့၏ပိုင်း
ခြားတတ်သောဉာဏ်၏ပျက်ဆီးသော ညီအစ်
ကိုမောင်နှမအတွက် ခရစ်တော်သည် အသေ
ခံတော်မူ၏။ 12ခရစ်တော်၌ သင်တို့၏ညီအစ်ကို
မောင်နှမတို့ကို သင်တို့ပြစ်မှားသောအခါ သင်
တို့သည် သူတို့ကို ရှုပ်ထွေးစေ၏။ သင်တို့သည်
ဤကဲ့သို့ ပြုသောအခါ ခရစ်တော်ကို ပြစ်မှား
ရာသို့ ရောက်၏။ 13ထို့ကြောင့်၊ ငါစားသော
အစားအစာသည် ငါ့ညီအစ်ကိုမောင်နှမအား
အပြစ်ထဲသို့လဲကျစေလျှင်၊ ငါသည် ဘယ်သော
အခါမျှ အသားကို တစ်ဖန်စားလိမ့်မည်မဟုတ်။
ငါသည် အသားကိုစားခြင်းမှ ရပ်တန့်လိမ့်မည်။
ငါ့ညီအစ်ကို သို့မဟုတ် မောင်နှမတို့၌
မှားယွင်းစ ရာအကြောင်း မရှိစေခြင်းငှါ
ငါသည်ဤအရာ ကိုပြုမည်။

9 ငါသည် လူလွတ်ဖြစ်၏။ ငါသည် တမန်
တော်တစ်ပါးဖြစ်၏။ ငါသည် ငါတို့၏သခင်
ဖြစ်သောယေရှုကို ငါမြင်ရပြီ။ သင်တို့သည်

သခင်ဘုရား၌ ငါလုပ်ဆောင်သောပုံသက်သေ
များ ဖြစ်ကြ၏။ 2အခြားသောသူတို့သည် ငါ့
အား တမန်တော်တစ်ပါးကဲ့သို့ လက်မခံကြ။
သို့သော်လည်း၊ သင်တို့သည်ငါ့ကို တမန်တော်
တစ်ပါးအဖြစ်လက်ခံကြ၏။ သင်တို့သည် ငါ့အား
သခင်ဘုရား၏တမန်တော်တစ်ပါး ဖြစ်ကြောင့်
သက်သေဖြစ်ကြ၏။

3အချို့သောသူတို့သည် ငါ့အား တရားစီ
ရင်လိုကြ၏။ ထိုကြောင့် ဤအရာသည် ငါပေး
သောအဖြေဖြစ်၏။ 4ငါတို့၌ စားခြင်း၊ သောက်
ခြင်းအခွင့်ရှိကြ၏။ 5ထိုသို့ ရှိကြသည်မဟုတ်
လော။ ငါတို့သည် ခရီးပြုသောအခါ ငါတို့၏ယုံ
ကြည်သောမယားတို့ကို ငါတို့နှင့်အတူခေါ်သွား
နိုင်သောအခွင့်ရှိကြ၏။ ထိုသို့ရှိကြသည် မဟုတ်
လော။ အခြားသောတမန်တော်များဖြစ်သော
သခင်ယေရှု၏ညီနှင့် ပေတရုတို့သည်လည်း ဤ
အရာကိုပြုကြ၏။ 6ငါနှင့်ဗာနဗသာ အလုပ်မ
လုပ်ဘဲနေရသောအခွင့်မရှိဟု ဆိုရသလော။
7စစ်တပ်ထဲတွင် အဘယ်သူသည် စစ်မှုကိုထမ်း
၍ မိမိလုပ်အားခကို မယူဘဲနေသလော။ အ
ဘယ်သူသည် စပျစ်ဥယျာဉ်ကို စိုက်၍အသီး
ကို မစားဘဲနေသနည်း။ အဘယ်သူသည် သိုးစု
တို့ကို ထိန်းကျောင်း၍ သိုးနို့ကို မသောက်ဘဲ
နေသနည်း။

8ဤအရာများကို လောကီသားတို့သည်
သာ ထင်မှတ်ကြသောအရာမဟုတ်။ ဘုရား
သခင်၏ပညတ်တရားတော်သည်လည်း ဤသို့
ပင်ဆို၏။ 9ဤအရာသည် မောရှေ၏ပညတ္တိ
ကျမ်းစာ၌လာသည်ကား “စပါးနင်းနယ်ရန်
သုံးသောတိရစ္ဆာန်သည် မိမိနင်းနယ်သောစပါး
ကို စားခြင်းမှ နှုတ်ပါးစပ်ကို ပိတ်၍မချုပ်တည်း
ရ။”* ဘုရားသခင်သည် ဤစကားကို မိန့်
တော်မူစဉ်တွင် ကိုယ်တော်သည် အလုပ်လုပ်
လျက်ရှိသော တိရစ္ဆာန်များအကြောင်းကိုသာ
ပမာဏပြု၍ မိန့်တော်မူခြင်းဖြစ်ပါသလော။ ထို
သို့မဟုတ်ပါ။ 10အမှန်စင်စစ် ကိုယ်တော်သည်
ငါတို့အတွက်သာ ဤအရာကိုမိန့်တော်မူ၏။ မှန်ပါ
၏။ ထိုကျမ်းစာသည် ငါတို့အတွက်ရေးထားတော်
မူ၏။ လယ်ကိုထွန်ယက်သောသူနှင့် စပါးကို
နင်းနယ်သောသူတို့သည် ရိတ်သိမ်းခြင်း၌ ဝေစု
ကိုရရှိရန်မျှော်လင့်ရမည်။ 11ငါတို့သည် ဝိညာဉ်
ပကတိမျိုးစေ့ကို သင်တို့၏ကောင်းမှုအတွက် စိုက်
ပျိုးကြ၏။ ထို့ကြောင့် ငါတို့သည် ယနေ့အသက်
ရှင်ခြင်းငှါ ငါတို့လိုအပ်သောအရာအချို့ကို သင်
တို့ထံမှရိတ်သိမ်းရမည်။ ငါတို့သည် ထိုအရာကို
သင်တို့အား တောင်းဆိုခြင်းငှါ အခွင့်ရှိ၏။ 12အ
ခြားသောသူတို့သည် ထိုအရာများကို သင်တို့
ထံမှရရှိကြရန် အခွင့်ရှိကြ၏။ ထို့ကြောင့် ငါတို့
သည် သာ၍အခွင့်ရှိကြ၏။ သို့သော်လည်း၊ ငါ
တို့သည် ဤအခွင့်ကိုမသုံးကြ။ ထိုသို့သုံးမည့်အ
စား၊ ခရစ်တော်၏ဝမ်းမြောက်ဖွယ်ရာသတင်း
ကိုပျံ့နှံ့စေခြင်းမှ မည်သည့်နည်းဖြင့် မရပ်တန့်
မည်အကြောင်း ငါတို့သည် ခပ်သိမ်းသောအ
ရာ၌ သည်းခံကြ၏။ 13ဗိမာန်တော်၌ အလုပ်
လုပ်သောသူတို့သည် မိမိတို့၏အစာကို ဗိမာန်
တော်မှ ရရှိကြသည်ကို သင်တို့သည် အသေအ
ချာသိကြ၏။ ယဇ်ပလ္လင်၌အမှုကို ဆောင်ရွက်
သောသူတို့သည် ထိုယဇ်ပလ္လင်၌ အဘယ်အရာ
ပူဇော်သည်ကို ဆက်ဆံ၍ စားကြ၏။ 14ဤအ
ရာသည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို ဟောပြောသောသူတို့နှင့်တူညီ၏။ ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို ဟောပြော
သောသူတို့သည် မိမိတို့လုပ်ငန်းခွင်မှ အသက်
မွေးကြရမည့်အကြောင်း၊ သခင်ဘုရားပညတ်
တော်မူ၏။

15သို့သော်လည်း၊ ငါသည် ဤအခွင့်အရေး
တစ်စုံတစ်ခုကိုမျှ မသုံးပါ။ ငါသည်လည်း ထိုအ
ရာများကိုရရှိခြင်းငှါ ဤစာကို ရေးသားသည်
မဟုတ်။ ငါ၏ဝါကြွားခြင်းအကြောင်းကို တစ်စုံ
တစ်ယောက်သည် အဝေးသို့ ယူသွားသည်
ထက် ငါသည် သာ၍အသေခံလိုပါ၏။ 16ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို ငါဟော
ပြောရသောကြောင့် အမှန်စင်စစ် ငါသည်ပင်
လျှင် မဝါကြွားနိုင်။ ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောခြင်းငှါ ငါ၏တာဝန်ဖြစ်

---

**“စပါးနင်းနယ်ရန် … မချုပ်တည်းရ”** တရား 25:4

၏။ ငါသည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို မဟောမပြောဘဲနေလျှင်၊ ငါ့အတွက် အမင်္ဂ
လာရှိ၏။ 17 ငါသည် ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောလျှင်၊ ငါသည် ဆုလာဒ်
ကိုခံရမည်။ အကြောင်းမူကား၊ ထိုအရာသည်
ငါကိုယ်တိုင်ရွေးချယ်သောအမှုဖြစ်၏။ သို့သော်
လည်း ဘုရားသခင်သည် ငါမရွေးချယ်သော
သာသနာပြုခြင်းကို ငါ့အား ပေးအပ်တော်မူ
လျှင်၊ ငါ၏ဆုလာဒ်ဟူမူကား၊ 18 ငါသည် ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို ဟောပြော
သောအခါ၊ ငါသည် အခမဲ့ပေးလှူ၏။ ထိုအရာ
သည် ငါရသောအကျိုးကျေးဇူးပင်ဖြစ်၏။ ဤ
နည်းအားဖြင့်၊ ငါသည်ဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းကို ဟောပြောသောအခါ အဖိုးအ
ခပေးခြင်းငှါ၊ ငါ၏အခွင့်ကို ကောင်းစွာမသုံး။
19 ငါသည် လူလွတ်ဖြစ်၏။ ငါသည် အဘယ်
သူ၏ကျွန်မဖြစ်သော်လည်း၊ ကိုယ့်ကိုကိုယ် လူ
တကာတို့၏အစေခံကျွန်ကဲ့သို့ အပ်နှံ၏။ လူအ
ပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ရန်
ငါသည် တတ်နိုင်သရွေ့ ကူညီသောအားဖြင့်
ဤအရာကို ငါပြု၏။ 20 ငါသည် ယုဒလူတို့ကို
ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း ယုဒ
လူတို့၌ ယုဒလူကဲ့သို့ ငါနေ၏။ ငါသည် ကိုယ်
ကိုကိုယ် ယုဒလူတို့၏ပညတ်တရား အုပ်စိုးခြင်း
အောက် ၌မနေသော်လည်း၊ ငါသည် ယုဒလူ
တို့၏ပညတ်တရားအုပ်စိုးခြင်း၌ နေသောသူ
တစ်ယောက်ကဲ့သို့ဖြစ်လာ၏။ 21 ယုဒလူတို့၏
ပညတ်တရားအုပ်စိုးခြင်းကို မခံသောလူတို့အ
တွက် ငါသည် ပညတ်တရား၏မချည်နှောင်
သောသူ ကဲ့သို့ဖြစ်လာ၏။ ငါသည် ယုဒလူတို့
၏ပညတ်တရားအောက်၌မရှိသော လူတို့အား
ကယ်တင်ခြင်းသို့ ရောက်ကြခြင်းငှါ ငါကူညီ
နိုင်မည်အကြောင်း ဤအရာကို ငါပြု၏။ သို့
သော်လည်း၊ အမှန်စင်စစ် ငါသည် ဘုရားသခင်
၏ပညတ်တော်တရားအောက်၌ရှိ၏။ ငါသည်
ခရစ်တော်၏ ပညတ်တော်တရားစိုးမိုးခြင်းကို
ခံရ၏။ 22 ငါသည် အားနည်းသောသူတို့၌ အား
နည်း၏။ သို့မှသာ ငါသည် သူတို့အား ကယ်တင်
ခြင်းသို့ရောက်ခြင်းငှါ ကူညီနိုင်မည်ဖြစ်၏။ ငါ
သည် ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအ
ရာဖြစ်လာ၏။ ငါသည် လူတို့အား အဘယ်
နည်းလမ်းအားဖြင့်မဆိုကယ်တင်ခြင်းသို့ရောက်
ရန် ဤအရာကိုပြု၏။ 23 ငါသည် ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကြောင့် ဤအရာအား
လုံးတို့ကို ပြု၏။ ငါသည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်း၏ ကောင်းကြီးမင်္ဂလာများကို
ဝေငှနိုင်ရန် ဤအရာများကို ဆောင်ရွက်လျက်
ရှိ၏။ 24 အပြေးပြိုင်ပွဲတစ်ခုတွင် ပြိုင်ပွဲဝင်သော
အပြေးသမားများအားလုံးတို့သည် ပြေးကြ
သည်ကို သင်တို့သိကြ၏။ သို့သော်လည်း၊ အ
ပြေးသမားတစ်ဦးသာလျှင် ဆုကိုရရှိ၏။ ထို
ကြောင့် ထိုနည်းတူ ပြေးကြလော့။ အနိုင်ရမည်
အကြောင်း ပြေးကြလော့။ 25 အားကစားပြိုင်
ပွဲတွင် အောင်မြင်စွာ ကစားသောလူအားလုံး
တို့သည် တိကျသောလေ့ကျင့်မှုသင်တန်းကို ပြီး
စီးကြ၏။ သူတို့သည် သရဖူကိုရယူနိုင်ရန် ထိုသို့
လေ့ကျင့်ခြင်းကိုပြုကြ၏။ ထိုအောင်မြင်ခြင်း
သရဖူသည် တိုတောင်းသောအချိန်အတွင်း၌
သာ ကျန်ရစ်မည်ဖြစ်၏။ သို့သော်လည်း၊ ငါတို့
၏သရဖူသည် ထာဝရအစဉ်အမြဲတည်ရှိလိမ့်
မည်။ 26 ထို့ကြောင့် ငါသည် ပန်းတိုင်ရှိသောသူ
တစ်ယောက်ကဲ့သို့ ပြေး၏။ ငါသည် လေထု
ထဲကိုသာ ထိုးသတ်သောလက်ဝှေ့သမားတစ်
ယောက်ကဲ့သို့မဟုတ်။ 27 ထိုသို့ဖြစ်မည့်အစား
ငါ၏ကိုယ်ခန္ဓာကို ထိန်းချုပ်မှုရရှိရန် ပညတ်
ထား၏။ ငါသည် အခြားသောလူတို့အား ဟော
ပြောပြီးနောက် ငါကိုယ်တိုင်သည် အဆုံး၌
ဘုရားသခင်၏ငြင်းပယ်တော်မူ ခြင်းကိုမခံရ
မည့်အကြောင်း ဤအရာကိုပြု၏။

## ယုဒလူတို့၏သမိုင်းမှ သတိပေးခြင်း

10 ညီအစ်ကိုမောင်နှမတို့၊ မောရှေနောက်
သို့ လိုက်ခဲ့ကြသော ငါတို့၏ဘိုးဘေးတို့
၌ အဘယ်သို့ဖြစ်ပျက်သည်ကို သင်တို့အား ငါ
သိစေလို၏။ သူတို့သည် မိုးတိမ်အောက်မှာ ရှိ
၍ ပင်လယ်ကို ဖြတ်ကျော်သွားကြ၏။ 2 ဤ

နည်းပြင့် ထိုသူအားလုံးတို့သည် မိုးတိမ်အောက်
နှင့် ပင်လယ်ထဲ၌ မောရှေ၏နောက်လိုက်များ
အဖြစ် ဗတ္တိဇံ*ကိုခံကြ၏။ [3]သူတို့အားလုံးသည်
ဝိညာဉ်ပကတိအစာတစ်မျိုးတည်းကိုသာ စား
ကြ၏။ [4]သူတို့အားလုံးသည် ဝိညာဉ်ပကတိရေ
ကိုလည်း အတူသောက်ကြ၏။ သူတို့သည်မိမိ
တို့နှင့်အတူရှိသော ထိုဝိညာဉ်ပကတိကျောက်
မှပင် ရေကိုသောက်ကြ၏။ ထိုကျောက်သည်
ခရစ်တော်ပင်ဖြစ်၏။ [5]သို့သော်လည်း၊ သူတို့
တွင် အများစုသောသူတို့ကို ဘုရားသခင်
သည် အားရနှစ်သက်တော်မမူ။ သူတို့သည်
တော၌ သေသတ်ခြင်းကိုခံခဲ့ရကြ၏။ [6]ထိုသို့
ပြင့်၊ ဤသို့ဖြစ်ပျက်သောအရာများသည် ငါတို့
အတွက် ပုံသက်သေများဖြစ်ကြ၏။ ထိုသူတို့ပြု
ခဲ့သည့်နည်းတူ သူတို့ပြုလိုသကဲ့သို့ အပြစ်ဒုစ
ရိုက်များကို ပြုလိုသောအမှုတို့မှ ရပ်တန့်ကြ
ကုန်အံ့။ [7]ထိုလူအများတို့ပြုသကဲ့သို့ ရုပ်တုများ
ကို မကိုးကွယ်ကြနှင့်။ ကျမ်းစာ၌ရေးထားသည်
မှာ၊ "လူတို့သည် စားသောက်ခြင်းငှါ ထိုင်ကြ
၏။ ထိုနောက် သူတို့သည် ရုပ်တုကို ဂုဏ်ပြုရန်
ကခုန်ခြင်းငှါ မတ်တတ်ရပ်ကြ၏။"* [8]ထိုလူ
အချို့တို့ပြုသကဲ့သို့ ငါတို့သည် မတရားသော
မေထုန်၌ မှီဝဲခြင်းကိုမပြုရ။ သူတို့သည် ထိုသို့
သောအပြစ်ကြောင့် တစ်နေ့တည်းတွင် လူနှစ်
သောင်းသုံးထောင်သေကျေပျက်စီးကြ၏။ [9]ထို
လူအချို့တို့ပြုသကဲ့သို့ ငါတို့သည် သခင်ဘုရား
ကို စုံစမ်းနှောင့်ရှက်ခြင်းမပြုရ။ သူတို့သည်
သခင်ဘုရားကို စုံစမ်းနှောင့်ရှက်ကြသော
ကြောင့် မြွေကိုက်ခြင်းဖြင့် သေကျေပျက်စီးကြ
၏။ [10]အချို့သောထိုလူတို့ကဲ့သို့ မြည်တမ်းခြင်း
မပြုကြနှင့်။ သူတို့သည် ဖျက်ဆီးသောကောင်း
ကင်တမန်တော်အားဖြင့် အသတ်ခံကြ၏။
[11]ထိုသူတို့၌ ဖြစ်ပျက်ခဲ့သောအရာတို့သည်
ငါတို့အတွက် ပုံသက်သေများဖြစ်ကြ၏။ အ
တိတ်ကာလအားလုံးပန်းတိုင် ရောက်ချိန်တွင်
အသက်ရှင်နေသော ငါတို့အား သတိပေးခြင်း
ငှါ ထိုအရာများကို ရေးထားလျက်ရှိ၏။ [12]ထို့
ကြောင့် မိမိကိုယ်ကို တည်ကြည်လျက်နေသည်
ဟုထင်မှတ်သောသူသည် မလဲကျခြင်းငှါ သတိ
ပြုစေ။ [13]သင်တို့၌ရှိသောစုံစမ်းနှောင့်ယှက်ခြင်း
တို့သည် လူအားလုံးတို့၌ရှိသော စုံစမ်းနှောင့်
ယှက်ခြင်းသာဖြစ်၏။ သို့သော်လည်း၊ သင်တို့
သည် ဘုရားသခင်၌ ရပ်တည်နိုင်ကြ၏။ သူ
သည် သင်တို့ခံနိုင်သည် ထက်ပို၍စုံစမ်းနှောင့်
ယှက်ခြင်းကို သင်တို့ပေါ်သို့ ကျရောက်စေလိမ့်
မည်မဟုတ်။ သို့သော်လည်း၊ သင်တို့အပေါ်သို့
စုံစမ်းနှောင့်ယှက်ခြင်း ရောက်လာသောအခါ၊
ဘုရားသခင်သည် ထိုစုံစမ်းနှောင့်ယှက်ခြင်းမှ
လွတ်မြောက်ရာလမ်းကို သင်တို့အား ပြတော်
မူလိမ့်မည်။ ထိုနောက် သင်တို့သည် ထိုစုံစမ်း
နှောင့်ရှက်ခြင်းကို ခံနိုင်ပါလိမ့်မည်။
[14]ထို့ကြောင့်၊ ငါချစ်သောမိတ်ဆွေတို့၊
ရုပ်တုဆင်းတုများကိုးကွယ်ခြင်းကို ရှောင်ကြ
လော့။ [15]ငါသည် သင်တို့ကို ပညာရှိသော
သူတို့ကဲ့သို့ မှတ်၍ဤအရာများကို ပြောဆို၏။
ငါ ပြောသောအရာကို သင်တို့သည် ကိုယ်ကို
ကိုယ် ဆင်ခြင်ဆုံးဖြတ်ကြလော့။ [16]ငါတို့သည်
ကျေးဇူးတော်ကို ချီးမွမ်းရာမင်္ဂလာခွက်ဖလား
မှုကား၊ ခရစ်တော်၏အသွေးတော်ကို ဝေမျှ
ခြင်းဖြစ်၏။ ဤအရာမှန်သည် မဟုတ်လော။
ငါတို့ဖဲ့သောမုန့်မှုကား၊ ခရစ်တော်၏ကိုယ်ဝေ
မျှခြင်းဖြစ်၏။ [17]မုန့်တစ်လုံးတည်းရှိ၏။ ငါတို့
သည် အများဖြစ်ကြ၏။ သို့သော်လည်း၊ ငါတို့
အားလုံးသည် ထိုမုန့်တစ်လုံးတည်းကိုသာ ဝေ
မျှကြ၏။ ထို့ကြောင့် ငါတို့သည် အမှန်စင်စစ်
ကိုယ်ခန္ဓာတစ်ခုတည်းသာ ဖြစ်ကြ၏။
[18]ဣသရေလလူမျိုးတို့အကြောင်းကို ဆင်
ခြင်ကြလော့။ ယဇ်ပလ္လင်ပေါ်၌ ယဇ်တင်သော
အသားကို စားသောသူတို့သည် ယဇ်တင်ခြင်း
၌လည်း ပါဝင်ဆက်ဆံသူ ဖြစ်ကြ၏။ [19]ထိုသို့
ဆိုရာ၌ ရုပ်တု၌ ပူဇော်သောအစားအစာသည်
အရေးကြီးသောအရာတစ်စုံတစ်ခု ဖြစ်သည်ဟု
ငါမဆိုလို။ ရုပ်တုသည် တစ်စုံတစ်ရာဖြစ်သည်

---

**ဗတ္တိဇံခံသည်** ဂရိစာ၏အဓိပ္ပါယ်မှာ ရေထဲတွင်နှစ်သည်၊ နှစ်သည် (သို့မဟုတ်) ရေထဲတွင်ခဏမြုပ်သည်။

**"လူတို့ … မတ်တတ်ရပ်ကြ၏"** ထွက် 32:6

ဟု ငါမဆိုလို။ [20]သို့သော်လည်း၊ ငါဆိုလိုသည်
မှာ လူတို့သည် ရုပ်တုဆင်းတုများအား ပူဇော်
သောအရာများတို့သည်ဘုရားသခင်ကို ပူဇော်
သည်မဟုတ်။ နတ်ဆိုးများကိုသာပူဇော်ကြ
ခြင်းဖြစ်၏။ သို့ဖြစ်၍ သင်တို့သည် နတ်ဆိုးများ
အား အဘယ်အရာကိုမျှ ဝေမျှဆက်ဆံခြင်းမပြု
ကြနှင့်။ [21]သင်တို့သည် သခင်ဘုရား၏ခွက်ဖ
လားနှင့် နတ်ဆိုးတို့၏ ခွက်ဖလားနှစ်ပါးကို
မသောက်နိုင်ကြ။ သင်တို့သည် သခင်ဘုရား၏
စားပွဲ၌မစားနိုင်၊ နတ်ဆိုးတို့၏စားပွဲ၌လည်း
မစားနိုင်ကြ။ [22]သခင်ဘုရားကို မနာလိုစေခြင်း
ငှါ ငါတို့ပြုလုပ်လိုကြသလော။ ငါတို့သည် သူ
ထက်သာ၍ တန်ခိုးကြီးကြသလော။

## သင်တို့၏လွတ်လပ်ခြင်းအခွင့်ကိုဘုရားသခင်၏ဘုန်းတော်အတွက်သုံးကြလော့

[23]"ခပ်သိမ်းသောအရာတို့သည် ပြုနိုင်ရန်
အခွင့်ရှိ၏။" မှန်ပါ၏၊ သို့သော်လည်း ခပ်သိမ်း
သောအရာတို့သည်မကောင်း။ "ခပ်သိမ်းသော
အရာတို့သည် ပြုနိုင်ရန်အခွင့်ရှိ၏။" မှန်ပါ၏၊
သို့သော်လည်း၊ ခပ်သိမ်းသောအရာတို့သည်
အခြားသောလူတို့ကို သန်မာကြီးထွားလာခြင်း
ငှါ မကူညီ။ [24]အဘယ်သူမျှ မိမိအကျိုးအတွက်
ကိုသာ အထောက်အကူဖြစ်စေသောအရာများ
ကို ကြိုးစား၍ မဆောင်ရွက်သင့်။ သူသည် အ
ခြားသောသူတို့အတွက် အဘယ်အရာသည်
ကောင်းမွန်၍ အကျိုးရှိသည်ကို ရှာဖွေလုပ်
ဆောင်ရပါမည်။

[25]ဈေး၌ ရောင်းသောမည်သည့် အသားကို
မဆို သင်တို့စားနိုင်၏။ သို့သော်လည်း၊ ထိုအ
သားဖြစ်ပွားခြင်းအကြောင်းကို မမေးမြန်းနှင့်။
သို့ဖြစ်လျှင်သင်တို့သည် စားရန်မှန်မမှန်ကို ဆုံး
ဖြတ်ရမည်မဟုတ်။ [26]သင်တို့သည် ထိုအသား
ကိုစားနိုင်၏။ "အကြောင်းမူကား၊ ကမ္ဘာမြေကြီး
နှင့်မြေကြီး၌ရှိသမျှသောအရာတို့ကို ဘုရား
သခင်ပိုင်တော်မူသောကြောင့် ဖြစ်၏။"*

[27]ယုံကြည်သူ မဟုတ်သောသူတစ်ယောက်
သည် သင့်အား သူနှင့်အတူစားရန် ဖိတ်ခေါ်၏။
သင်သည်သွားရန် အလိုဆန္ဒရှိလျှင်၊ သင်တို့ရှေ့
၌ချထားသော အဘယ်အသားကိုမဆို မရှောင်
ဘဲစားလော့။ သင်တို့သည် ထိုအသားကို အ
ဘယ်နေရာမှ ဝယ်သည်ကို မသိသဖြင့် မစစ်
ကြော၊ မမေးမြန်းနှင့်။ [28]သို့သော်လည်း၊ လူတစ်
ယောက်သည် သင်တို့အား၊ "ထိုအစားအစာ
သည် ရုပ်တုများအား ပူဇော်သောအစာဖြစ်
သည်" ဟုဆိုလျှင်၊ ထိုအစားအစာကို မစားကြ
နှင့်။ အကြောင်းမူကား၊ ထိုအသားကို စားခြင်း
သည် မှားယွင်းသည်ဟု ထင်မှတ်သောလူကို
နာကျင်စေလိမ့်မည်ဖြစ်၏။ [29]ထိုအရာသည်
မှားယွင်းနေသည်ဟု သင်တို့အား ငါမဆိုလို။
သို့သော်လည်း၊ အခြားသောသူက ထိုအရာ
သည် မှားယွင်းနေသည် ဟုထင်မှတ်နိုင်၏။ အ
ခြားသူတို့အတွက်မစားကြနှင့်။ ငါသည် အခြား
သူတစ်ယောက်၏ယုံကြည်ခြင်းကြောင့် ငါ၏
လွတ်လပ်ခြင်းကို စီရင်သင့်သနည်း။ [30]ငါသည်
ဘုရားသခင်၏ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် အ
စာကိုစား၏။ ထို့ကြောင့် ငါသည် တစ်စုံတစ်ရာ
အတွက် ဘုရားသခင်ကို ချီးမွမ်းသောကြောင့်
စစ်ကြောဝေဖန်ခြင်းကိုမခံလို။

[31]ထို့ကြောင့် သင်တို့သည် စားသော်ငြား၊
သောက်သော်ငြား၊ မည်သည့်အမှုကို ပြုသော်
ငြား၊ ဘုရားသခင်၏ဘုန်းအသရေတော်ထင်
ရှားစေခြင်းငှါသာ ပြုကြလော့။ [32]ယုဒလူဖြစ်
စေ၊ ဟေလသလူဖြစ်စေ၊ ဘုရားသခင်၏အ
သင်း တော်ဝင်သူဖြစ်စေ၊ အခြားသောလူတို့
အား ထိမိ၍မှားယွင်းစရာဖြစ်စေနိုင်သော အ
ဘယ်အရာကိုမဆို ဘယ်သောအခါမျှ မပြုလုပ်
ကြနှင့်။ [33]ငါသည်ထိုနည်းတူပြု၏။ ငါသည် ခပ်
သိမ်းသောလူတို့အား ခပ်သိမ်းသောနည်းလမ်း
အားဖြင့် ကျေနပ်နှစ်သက်စေခြင်းငှါ ကြိုးစား
နေ၏။ ငါ့အဖို့အဘယ်အရာသည် ကောင်းသည်
ဟူ၍ ငါသည် ကြိုးစားပြီးမပြု။ ငါသည် အခြား
သောလူအများစုတို့အတွက် ဘယ်အရာသည်
ကောင်းသည် ဟူ၍ကြိုးစားပြီးလုပ်ဆောင်၏။

---

**"အကြောင်းမူကား ... သောကြောင့်ဖြစ်၏"** ဆာလံ 24:1; 50:12; 89:11.

သို့မှသာ သူတို့သည် ကယ်တင်ခြင်းသို့ရောက်
နိုင်မည်ဖြစ်၏။

11 ငါသည် ခရစ်တော်၏ပုံသက်သေကို
လိုက်သည်နည်းတူ၊ ငါ၏ပုံသက်သေကို
လိုက်ကြလော့။

## တန်ခိုးအာဏာအောက်၌အပ်နှံပါ

[2]သင်တို့သည် အရာရာ၌ ငါ့ကိုအောက်မေ့
သတိရကြသောကြောင့် ငါသည် သင်တို့ကို
ချီးမွမ်း၏။ ငါအပ်ပေးသောသွန်သင်ခြင်းတို့ကို
သင်တို့သည် စွဲလမ်းကြ၏။ [3]သို့သော်လည်း၊
သင်တို့သည် ဤအရာတို့ကို နားလည်စေခြင်း
ငှါ ငါအလိုရှိ၏။ ယောကျ်ား၏ခေါင်းသည် ခရစ်
တော်ဖြစ်၏။ မိန်းမ၏ခေါင်းသည်လည်း ယော
ကျ်ား ဖြစ်၏။ ခရစ်တော်၏ခေါင်းသည် ဘုရား
သခင် ဖြစ်တော်မူ၏။ [4]ခပ်သိမ်းသောယော
ကျ်ားတို့သည် ဆုတောင်းသော်ငြား၊ ပရော
ဖက်ပြုသော်ငြား၊ မိမိခေါင်းကို ဖုံးအုပ်လျှင်၊
မိမိခေါင်းအသရေကို ရှုတ်ချ၏။ [5]သို့သော်
လည်း၊ ခပ်သိမ်းသောမိန်းမတို့သည် ဆုတောင်း
သော်ငြား၊ ပရောဖက်ပြုသော်ငြား၊ မိမိခေါင်း
ကို ဖုံးအုပ်ရမည်။ သူမ၏ခေါင်းသည် မဖုံးအုပ်
လျှင်၊ သူမသည် မိမိခေါင်းအသရေကို ရှုတ်ချ
၏။ ထိုသို့ပြုလျှင် ဆံပင်ရိတ်သည်နှင့်တူ၏။
[6]မိန်းမသည် မိမိခေါင်းကို မဖုံးလျှင်၊ ဆံပင်ကို
ဖြတ်စေ။ သို့သော်လည်း၊ မိန်းမသည် ဆံပင်
ဖြတ်ခြင်းနှင့် ဆံပင်ရိတ်ခြင်းအရာသည် ရှက်စ
ရာရှိလျှင်သူမသည် မိမိခေါင်းကို ဖုံးအုပ်ရမည်။
[7]သို့သော်လည်း၊ ယောကျ်ားသည် မိမိခေါင်း
ကို မဖုံးအုပ်ရ။ အကြောင်းမူကား၊ သူသည်
ဘုရားသခင်၏ပုံသဏ္ဍာန်ကို ထင်ရှားစေ၏။
သူသည် ဘုရားသခင်၏ဘုန်းအသရေတော်
လည်း ဖြစ်၏။ သို့သော်လည်း၊ မိန်းမသည်
ယောကျ်ား၏ဘုန်းအသရေကို ထင်ရှားစေ၏။
[8]အကြောင်းမူကား၊ အစအဦး၌ ယောကျ်ား
သည် မိန်းမထံမှလာသည်မဟုတ်။ မိန်းမသည်
ယောကျ်ားထံမှ လာခြင်းဖြစ်၏။ [9]ယောကျ်ား
သည် မိန်းမအတွက် ဖန်ဆင်းသည်မဟုတ်။
မိန်းမသည် ယောကျ်ားအတွက် ဖန်ဆင်း၏။
[10]ထို့ကြောင့်၊ မိန်းမသည် အခွင့်အာဏာ၊ တန်
ခိုးအောက်၌ရှိနေသည်ကို ဖော်ပြရန် သူမ၏
ခေါင်းကို ဖုံးအုပ်ရမည်။ ကောင်းကင်တမန်တို့
ကိုထောက်၍ ဤအရာကိုပြုရမည်။
[11]သို့သော်လည်း၊သခင်ဘုရား၌မိန်းမသည်
ယောကျ်ားအတွက် အရေးကြီး၏။ ယောကျ်ား
သည်လည်း၊ မိန်းမအတွက်အရေးကြီး၏။ [12]ဤ
အရာသည် မှန်ပါ၏။ အကြောင်းမူကား၊ မိန်းမ
သည် ယောကျ်ားထံမှလာ၏။ သို့သော်လည်း
ယောကျ်ားသည်လည်း မိန်းမအားဖြင့် မွေးဖွား
၏။ အမှန်စင်စစ် ခပ်သိမ်းသောအရာတို့သည်
ဘုရားသခင်ထံတော်မှလာကြ၏။ [13]သင်တို့
သည် ဤအရာကို ကိုယ်အလိုအလျောက်ဆုံး
ဖြတ်၍ ဆင်ခြင်စီရင်ကြပါ။ မိန်းမတစ်ဦးသည်
မိမိခေါင်း၌ တစ်စုံတစ်ခုကိုမထားဘဲ ဘုရား
သခင်ကို ဆုတောင်းခြင်းသည် ပြောင့်မတ်၍
မှန်ကန်ပါသလော။
[14]ယောကျ်ားတစ်ယောက်သည် ရှည်သော
ဆံပင်ရှိလျှင်၊ ရှက်ဖွယ်ရာဖြစ်သည်ဟု လောက
ဓံတရားသည်ပင် သင်တို့ကို ဆုံးမသွန်သင်သည်
မဟုတ်လော။ [15]သို့သော်လည်း၊ မိန်းမတစ်ဦး
သည် ရှည်သောဆံပင်ရှိလျှင်၊ ထိုမိန်းမအတွက်
ဂုဏ်အသရေရှိ၏။ ဘုရားသခင်သည် မိန်းမတို့
အား မိမိခေါင်းကိုဖုံးအုပ်ရန် ရှည်သောဆံပင်ကို
ပေးတော်မူ၏။ [16]အချို့သောသူတို့သည် ဤအ
ကြောင်းအရာတို့ကိုအငြင်းအခုံပြုလိုသေး၏။သို့
သော်လည်း၊ ငါတို့နှင့်ဘုရားသခင်၏အသင်း
တော်များတို့သည် ထိုသို့သောကျင့်ထုံးမရှိ။

## သခင်ဘုရား၏ညစာ

[17]သင်တို့အား ယခုငါပြောသောအရာ
အားဖြင့်ငါသည်သင်တို့ကိုမချီးမွမ်း။ သင်တို့၏
စည်းဝေးခြင်းများသည် သင်တို့အား ကူညီ၍
အကျိုးရှိစေခြင်ထက်သာ၍ပင် အကျိုးယုတ်စေ
၏။ [18]အကြောင်းဟူမူကား၊ ရှေဦးစွာ သင်တို့
သည် အသင်းတော်တစ်ပါးကဲ့သို့ အတူတကွ
တွေ့ဆုံ၍ စည်းဝေးကြသောအခါ သင်တို့သည်

အချင်းချင်း ကွဲပြားကြသည်ဟု ငါကြား၏။ ငါ
ကြားသော ထိုအရာထဲတွင် အချို့တို့ကို ငါယုံ
ကြည်၏။ 19သင်တို့ အချင်းချင်းအထဲ၌ အုပ်စု
ကွဲပြားခြင်းရှိရန် လိုအပ်၏။ သို့မှသာ အဘယ်
သူသည် ဖြောင့်မတ်စွာ အမှန်ပြု ကျင့်သည်ကို
ထင်ရှားလိမ့်မည်။ 20သင်တို့အားလုံးသည် အတူ
တကွလာ၍ စည်းဝေးကြသောအခါ၊ သင်တို့
သည် သခင်ဘုရား၏ပွဲတော်* ညစာကို အမှန်
စင်စစ် စားကြသည်မဟုတ်။ 21အကြောင်းမူ
ကား၊ သင်တို့သည် စားသောအခါ၊ အခြား
သောသူတို့ကိုမစောင့်ကြဘဲ၊ ကိုယ်စီကိုယ်စီ မိမိ
အစာကိုသာစားကြ၏။ အချို့သောလူတို့သည်
ဆာမွတ်လျက်နေစဉ်တွင် အခြားသူတို့သည်
စားသောက်ကျူးလျက်ရှိကြ ၏။ 22သင်တို့သည်
မိမိအိမ်၌ စားနိုင်သောက်နိုင်သောအခွင့်ရှိကြ
၏။ သင်တို့သည် ထိုသို့ပြုကြသောကြောင့်
ဘုရားသခင်၏အသင်းတော်သည် အရေးမကြီး
ဟု ထင်မှတ်စရာရှိ၏။ သင်တို့သည် ဆင်းရဲနွမ်း
ပါးသောသူတို့ကို အရှက်ရစေကြ၏။ ငါသည်
သင်တို့အား အဘယ်အရာကို ပြောဆိုရပါသ
နည်း။ သင်တို့သည် ထိုအရာကို ပြုသောကြောင့်
ငါသည် သင်တို့ကို ချီးမွမ်းရမည်လော။ ငါသည်
သင်တို့ကို မချီးမွမ်း။
23ငါသည် သင်တို့အား သွန်သင်သောဒေ
သနာသည် ငါ့ကို သခင်ဘုရားပေးတော်မူ
သောသွန်သင်ခြင်း ဒေသနာပင်ဖြစ်၏။ ယေရှု
သည် သတ်ပို့ရန် အပ်နှံခြင်းကိုခံသောနေ့ညဉ့်၌၊
ကိုယ်တော်သည် မုန့်ကို ယူ၍၊ 24ထိုမုန့်အတွက်
ကျေးဇူးတော်ကိုချီးမွမ်း၏။ ထို့နောက် သူသည်
မုန့်ကိုဖဲ့၍၊ "ဤမုန့်သည် သင်တို့ကို ငါပေးသော
ငါ၏ကိုယ် ဖြစ်၏။ ငါ့ကို အောက်မေ့ဖို့ရာဤ
သို့ပြုကြလော့" ဟုမိန့်တော်မူ၏။ 25ထိုနည်းတူ၊
သူတို့သည် စားပြီးမှ၊ ယေရှုသည် ခွက်ကိုလည်း
ယူ၍ ယေရှုက၊ "ဤခွက်သည် ဘုရားသခင်ထံ
မှလာသော သူ၏လူတို့အတွက် အသစ်သော
ပဋိညာဉ်တရားဖြစ်၏။ ဤအသစ်သောပဋိ
ညာဉ်တရားသည် ငါ၏အသွေးတော်နှင့်အစပြု
၏။ သင်တို့သည် ဤခွက်ကို သောက်သောအ
ခါ၊ ငါ့ကို အောက်မေ့ခြင်းငှါ ပြုကြလော့" ဟု
မိန့်တော်မူ၏။ 26သင်တို့သည် ဤမုန့်ကို စား၍
ဤခွက်ကို သောက်သောအခါတိုင်း၌ သခင်
ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မ
မူမီတိုင်အောင်ကြေငြာကြ၏။
27ထို့ကြောင့် လူတစ်ယောက်သည် မထိုက်
မတန်ဘဲ သခင်ဘုရား၏မုန့်ကိုစား၍၊ သခင်
ဘုရား၏ခွက်ကို သောက်လျှင်၊ ထိုသူသည်
သခင်ဘုရား၏ကိုယ်နှင့်အသွေးတော်ကို ဆန့်
ကျင်၍ ပြစ်မှား၏။ 28သို့ဖြစ်၍ လူတိုင်းသည်
မုန့်ကို မစားမီသော်၎င်း၊ ခွက်ကိုလည်း
မသောက်မီသော်၎င်း၊ မိမိစိတ်နှလုံးကို ကိုယ်
တိုင်စစ်ကြောရမည်။ 29လူတစ်ယောက်သည်
မုန့်ကို စားသောအခါ ကိုယ်ခန္ဓာ*ကို ပိုင်းခြား
၍ မမှတ်မိဘဲ မုန့်ကို စား၍၊ ခွက်ကိုလည်း
သောက်လျှင်၊ ထိုသူသည် မိမိအပေါ်သို့ တရား
စီရင်ခြင်းရောက်စေ၏။ 30ထို့အကြောင်း
ကြောင့်၊ သင်တို့တွင် ဖျားနာ၍ မကျန်းမမာ
သောသူ၊ အားနည်းသောသူအများ ရှိကြ၏။
များစွာသောသူတို့သည်လည်း သေကြ၏။
31သို့သော်လည်း၊ ငါတို့သည် ကိုယ်ကိုကိုယ်
ဖြောင့်မတ်သောနည်းလမ်းဖြင့် စစ်ကြောစီရင်
ကြလျှင်၊ ဘုရားသခင်သည် ငါတို့အား စစ်
ကြောစီရင်မည်မဟုတ်။ 32သို့သော်လည်း၊
သခင်ဘုရားသည် ငါတို့ကို စစ်ကြောစီရင်
တော်မူသောအခါ၊ ငါတို့သည် လမ်းမှန်ကို ထင်
ရှားစွာ သိနိုင်မည်အကြောင်း ငါတို့ကို ဆုံးမ
တော်မူ၏။ ငါတို့သည် ကြွင်းကျန်သောလောကီ
သားတို့နှင့်အတူ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်
မည်အကြောင်း သူသည် ထိုသို့ပြုတော်မူ၏။
33ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမတို့၊
သင်တို့သည် စားဖို့ရန်အတူတကွ စည်းဝေးကြ
သောအခါ၊ အချင်းချင်း တစ်ယောက်ကိုတစ်
ယောက် စောင့်လျက်နေကြလော့။ 34လူတစ်

---

**သခင်ဘုရား၏ပွဲတော်** ယေရှုက သူ့ကို သတိရစေရန်သူ နောက်လိုက်များကို အထူးအစာကို စားဖို့ပြောခဲ့သည်။ လု 22:14-20

**ကိုယ်ခန္ဓာ** အသင်းတော်ကို ဆိုလိုခြင်းဖြစ်သည်။

ယောက်သည် အလွန်ဆာမွတ်လျှင်၊ ထိုသူသည်
မိမိအိမ်၌စားပါစေ။ သင်တို့သည် အတူတကွ
စည်းဝေးခြင်းအားဖြင့်သင်တို့၏အပေါ်၌ ဘုရား
သခင်၏အပြစ်စီရင်ခြင်း မကျရောက်မည့်အ
ကြောင်း ထိုသို့ပြုကြလော့။ ငါလာသောအခါ၊
အခြားသောအကြောင်းအရာများတို့ကို အ
ဘယ်သို့ ပြုမည်အကြောင်း သင်တို့အား ငါ
ပြောလိမ့်မည်။

## သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဆုကျေးဇူးများ

12 ညီအစ်ကိုမောင်နှမတို့၊ ယခုအခါ၌ ငါ
သည်သင်တို့အားဘုရားသခင်၏ဝိညာဉ်
တော် ပေးတော်မူသောဆုကျေးဇူးများ အ
ကြောင်းကို နားလည်စေခြင်းငှါ အလိုရှိ၏။ 2 သင်
တို့သည် ယုံကြည်သူတို့ဖြစ်မလာကြမီ သင်တို့
အသက်ရှင်သောအသက်တာများကို အောက်
မေ့ကြလော့။ သင်တို့သည် စကားမပြောနိုင်
သောရုပ်တုတို့ကိုပင် ကိုးကွယ်ကြရာတွင် ကိုယ့်
ကိုကိုယ် လွှမ်းမိုးခြင်းအခွင့်ကို ပြုကြ၏။ 3 ထို့
ကြောင့် "ယေရှုသည် ကျိန်ဆဲခြင်းကိုခံထိုက်
သည်" ဟုဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်
အဘယ်သူမျှ မပြောနိုင်သည်ကိုလည်းကောင်း၊
"ယေရှုသည် သခင်ဖြစ်တော်မူသည်" ဟုသန့်
ရှင်းသောဝိညာဉ်တော်၏အကူအညီ မပါဘဲ အ
ဘယ်သူမျှ မပြောနိုင်သည်ကို လည်းကောင်း၊
သင်တို့အား ငါပြော၏။
4 ကွဲပြားခြားနားသော ဆုကျေးဇူးအများရှိ
၏။ သို့သော်လည်း၊ ထိုဆုကျေးဇူးများအား
လုံးတို့သည် ဝိညာဉ်တော်တစ်ပါးတည်းအား
ဖြင့်သာဖြစ်ကြ၏။ 5 ကွဲပြားခြားနားသော အစေ
ခံခြင်းနည်းလမ်းအများရှိ၏။ သို့သော်လည်း၊
ငါတို့သည် သခင်တစ်ပါးတည်းအမှုကို သာ
ဆောင်ကြ၏။ 6 ဘုရားသခင်သည် လူတို့အ
ထဲ၌ အလုပ်လုပ်တော်မူသောကွဲပြားခြားနား
သည့်နည်းလမ်းများစွာရှိ၏။ သို့သော်လည်း၊
ထိုနည်းလမ်းများအားလုံးတို့သည် ဘုရားသခင်
တစ်ဆူတည်းအားဖြင့်သာ ဖြစ်ကြ၏။ ဘုရား
သခင်သည် ခပ်သိမ်းသောအမှုတို့ကို ပြုတော်မူ
ရန် ငါတို့အားလုံးတို့အထဲ၌ အလုပ်လုပ်တော်
မူ၏။ 7 ဝိညာဉ်တော်သည် လူအသီးသီးတို့၌
မိမိတန်ခိုးဖြင့် အလုပ်လုပ်တော်မူ၏။ အခြား
သောသူတို့ကို ကူညီမစရန် ဝိညာဉ်တော်သည်
ဤအရာကို လူအသီးသီးတို့အား အပ်ပေးတော်
မူ၏။ 8 ဥပမာကား၊ ဝိညာဉ်တော်သည် တစ်
ယောက်သောသူအား ပညာတရားဖြင့် ဟော
ပြောနိုင်သောဆုကျေးဇူးကို ပေးတော်မူ၏။ ထို
ဝိညာဉ်တော်အားဖြင့်ပင် အခြားသောသူအား၊
ထိုးထွင်းခြင်းဉာဏ်ဖြင့် ဟောပြောနိုင်သောဆု
ကျေးဇူးကို ပေးတော်မူ၏။ 9 ထိုဝိညာဉ်တော်
အားဖြင့်ပင် တစ်ယောက်သောသူအား ယုံ
ကြည်ခြင်းကို ပေးတော်မူ၏။ ထိုဝိညာဉ်တော်
အားဖြင့်ပင် အခြားသောသူအား၊ အနာရောဂါ
ကို ငြိမ်းစေနိုင်သောဆုကျေးဇူးများကို ပေးတော်
မူ၏။ 10 ထိုဝိညာဉ်တော်သည် အခြားသောသူ
အား၊ နိမိတ်လက္ခဏာများကို ပြုရန်တန်ခိုးကို
လည်းကောင်း၊ အခြားသောသူအား ပရော
ဖက်ပြုနိုင်သောအစွမ်းသတ္တိကို လည်းကောင်း၊
အခြားသောသူအား ဝိညာဉ်တို့ထဲ၌ ကောင်း
သောဝိညာဉ်နှင့် ဆိုးသောဝိညာဉ်တို့ကို ကွဲ
ပြားခြားနားသောအစွမ်းသတ္တိကို ပေးတော်မူ
၏။ ထိုဝိညာဉ်တော်သည် တစ်ယောက်သော
သူအား အမျိုးမျိုးသော ဘာသာစကား တို့ကို
ပြောနိုင်သော အစွမ်းသတ္တိကိုလည်း ကောင်း၊
အခြားသောသူအား ထိုဘာသာစကားများ
တို့၏အနက်အဓိပ္ပါယ်ကို ပြောပြနိုင်သောအစွမ်း
သတ္တိကိုလည်းကောင်း ပေးတော်မူ၏။ 11 တစ်
ပါးတည်းသောဝိညာဉ်တော်အားဖြင့်ပင်၊ ဤ
အရာများအားလုံးတို့ကို ပြုတော်မူ၏။ ထို
ဝိညာဉ်တော်သည် လူအသီးသီးတို့အား အ
ဘယ်အရာကို ပေးမည်အကြောင်း ဝေငှဆုံး
ဖြတ်၍ စီရင်တော်မူ၏။

## ခရစ်တော်၏ကိုယ်ခန္ဓာ

12 လူတစ်ယောက်သည် ကိုယ်တစ်ခုတည်းရှိ
သော်လည်း ထိုကိုယ်တစ်ခုတည်း၌ အင်္ဂါများ

စွာရှိ၏။ ငါတို့၏ကိုယ်သည် ကွဲပြားခြားနား
သော အင်္ဂါများစွာရှိသော်လည်း အားလုံးတို့
သည် ကိုယ်ခန္ဓာတစ်ခုတည်းဖြစ်၏။ ခရစ်တော်
သည်လည်း ထိုနည်းတူပင်ဖြစ်၏။ 13ငါတို့တွင်
အချို့တို့သည် ယုဒလူမျိုးများဖြစ်ကြ၍၊ အချို့
သောသူတို့မှာ ဟေလသလူမျိုးများ ဖြစ်ကြ၏။
ငါတို့တွင် အချို့တို့သည် ကျွန်ဖြစ်ကြ၍၊ အချို့
သောသူတို့မှာ လူလွတ်ဖြစ်ကြ၏။ သို့သော်
လည်း၊ ငါတို့အားလုံးသည် ဝိညာဉ်တော်တစ်
ပါးတည်းအားဖြင့် ဗတ္တိဇံကိုခံရ၍ ငါတို့အားလုံး
သည် ဝိညာဉ်တော်တစ်ပါးတည်းသာ လက်
ခံရရှိကြ၏။* ထိုသို့အားဖြင့် ငါတို့သည် ခရစ်
တော်၏ကိုယ်အင်္ဂါများ ဖြစ်လာကြ၏။
14လူတစ်ယောက်၏ကိုယ်သည် အင်္ဂါတစ်ခု
ထက်ပို၍များ၏။ ထိုအရာသည် အင်္ဂါအများရှိ
၏။ 15ခြေက၊ “ငါသည် လက်မဟုတ်။ ထို့ကြောင့်
ငါသည် ကိုယ်၏အင်္ဂါမဟုတ်” ဟုပြောဆိုပေ
မည်။ သို့သော်လည်း၊ ထိုသို့ပြောဆိုခြင်းသည်
ခြေက ကိုယ်အင်္ဂါတစ်ခုအဖြစ်မှ သီးသန့်ဖြစ်မ
သွားစေနိုင်ပါ။ 16နားရွက်ကလည်း၊ “ငါသည်
မျက်စိမဟုတ်။ ထို့ကြောင့် ငါသည် ကိုယ်အင်္ဂါ
မဟုတ်” ဟုဆိုနိုင်ပေမည်။ သို့သော်လည်း၊ ထို
သို့ပြောဆိုခြင်းသည် နားရွက်အား ကိုယ်အင်္ဂါ
တစ်ခုအဖြစ်မှ သီးသန့်ဖြစ်မသွားစေနိုင်ပါ။
17တစ်ကိုယ်လုံးသည် မျက်စိဖြစ်လျှင်၊ ကိုယ်
သည် ကြားနိုင်ရန် တတ်စွမ်းနိုင်လိမ့်မည်မ
ဟုတ်။ တစ်ကိုယ်လုံးသည် နားရွက်ဖြစ်လျှင်၊
ကိုယ်သည် အဘယ်အရာကိုမျှ အနံ့ခံနိုင်ရန်
မတတ်စွမ်းနိုင်။ 18-19ကိုယ်၏အင်္ဂါတစ်ခုစီသည်
တူညီသောအပိုင်းတစ်ခုသာဖြစ်လျှင်၊ ကိုယ်
သည် သီးခြားခွဲခြားခြင်းမရှိ။ သို့သော်လည်း၊
ဘုရားခင်သည် ကိုယ်၏အင်္ဂါများကို အလိုရှိ
တော်မူသည့်အတိုင်း၊ ကိုယ်ထဲသို့ထည့်သွင်း
တော်မူ၍ ထိုအင်္ဂါများအသီးသီးတို့ကို နေရာ
တစ်ခုစီခွဲခန့်တော်မူ၏။ 20ထို့ကြောင့် ကိုယ်အ
င်္ဂါအများရှိ၏။ သို့သော်လည်း၊ ကိုယ်တစ်ခု
တည်းသာရှိ၏။

21မျက်စိကလည်း၊ လက်အား၊ “ငါသည်
သင့်ကိုအလိုမရှိ” ဟုမဆိုနိုင်။ ဦးခေါင်းကလည်း
ခြေအား၊ “ငါသည် သင့်ကို အလိုမရှိ’ ဟုမဆို
နိုင်။ 22ထိုသို့မဆိုနိုင်ကြ။ ထိုကိုယ်၌ သာ၍အား
နည်းလျက်ရှိသော အင်္ဂါတို့သည်လည်း အလွန်
အရေးကြီးလျက်ရှိ၏။ 23ငါတို့သည် သာ၍အရေး
မကြီးသောကိုယ်၏အင်္ဂါများကို သာ၍ ဂရုစိုက်
စောင့်ရှောက်ခြင်းကို ပေးရမည်။ ငါတို့သည်
ဖော်ထုတ်ရန် အလိုမရှိသောကိုယ်အင်္ဂါ များကို
ငါတို့သည် ဂရုစိုက်စွာစောင့်ရှောက်၏။ 24သာ၍
လှတင့်တယ်သပ်ယပ်စွာ ဝတ်ထားသောကိုယ်
၏အင်္ဂါတို့သည် အထူးဂရုစိုက်၍ စောင့်ရှောက်
ခြင်းကို မလိုကြ။ သို့သော်လည်း၊ ဘုရားသခင်
သည် ကိုယ်ကိုအတူတကွ ထားတော်မူသည်
ဖြစ်၍ လိုအပ်လျက်ရှိသောအင်္ဂါများကို ပို၍
ဂုဏ်ပြုချီးမွမ်းခြင်းကိုပေးရမည်။ 25ငါတို့၏ကိုယ်
သည် အချင်းချင်း ကွဲပြားခြားနားခြင်းမရှိစေ
ခြင်းငှါ ဘုရားသခင်သည် ဤသို့ပြုတော်မူ၏။
ဘုရားသခင်သည် ကွဲပြားခြားနားသောကိုယ်
အင်္ဂါများကို အချင်းချင်းတစ်ခုချင်းစီတို့အား
ညီတူညီမျှ ဂရုစိုက်စောင့်ရှောက်ရန် အလိုရှိ
တော်မူ၏။ 26ကိုယ်အင်္ဂါတစ်ခုသည် ဆင်းရဲ
ဒုက္ခကိုခံရလျှင်၊ အခြားသောအင်္ဂါအားလုံးတို့
သည်လည်း သူနှင့်အတူခံရကြ၏။ သို့မဟုတ်
ငါတို့ကိုယ်အင်္ဂါတစ်ခုသည် ဂုဏ်ပြုချီးမြှောက်
ခြင်းကိုခံရလျှင်၊ အခြားသောအင်္ဂါအားလုံးတို့
သည်လည်း သူနှင့်အတူဂုဏ် ပြုချီးမြှောက်ခြင်း
ကို ခံရလျက်ဝမ်းမြောက်ရကြ၏။
27သင်တို့အားလုံးသည် အတူတကွ ခရစ်
တော်၏ကိုယ်ဖြစ်ကြ၏။ သင်တို့တစ်ယောက်စီ
သည်လည်း ထိုကိုယ်၏အင်္ဂါတစ်ခုစီ ဖြစ်ကြ၏။
28ဘုရားခင်သည် ပဌမအရာ၌ တမန်တော်တို့
ကို၎င်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကို၎င်း၊
တတိယအရာ၌ ဆရာတို့ကို၎င်း အသင်းတော်
၌ ခန့်ထားတော်မူ၏။ ထို့နောက် ဘုရားသခင်
သည် နိမိတ်လက္ခဏာကို ပြသောသူတို့ကို
လည်းကောင်း၊ အနာရောဂါကို ငြိမ်းစေနိုင်
သောသူတို့ကို၎င်း၊ အခြားသောသူတို့ကို ကူ

---

**လက်ခံရရှိကြ၏** မူရင်းအရ “သောက်ရန် ပေးခဲ့သည်။”

ညီမစသောသူတို့ကိုရင်း၊ ဦးဆောင်လမ်းပြခြင်း
ကို ပြုသောသူတို့ကိုရင်း၊ အမျိုးမျိုးသောဘာ
သာစကားများကို ပြောနိုင်သောသူတို့ကိုရင်း၊
ခန့်ထားတော်မူ၏။ 29 လူအားလုံးတို့သည် တ
မန်တော်မဟုတ်ကြ။ လူအားလုံးတို့သည် ပရော
ဖက်မဟုတ်ကြ။ လူအားလုံးတို့သည် ဆရာသ
မားမဟုတ်ကြ။ လူအားလုံးတို့သည် နိမိတ်လ
က္ခဏာများကို မပြုနိုင်ကြ။ 30 လူအားလုံးတို့
သည် အနာရောဂါကို ငြိမ်းစေနိုင်သောဆု
ကျေးဇူးများမရှိကြ။ လူအားလုံးတို့သည် အမျိုး
မျိုးသောဘာသာစကားတို့ကို မပြောနိုင်ကြ။
လူအားလုံးတို့သည် ထိုဘာသာစကားများကို
အနက်အဓိပ္ပါယ် မဖွင့်ဆိုနိုင်ကြ။ 31 သို့သော်
လည်း၊ သင်တို့သည် သာ၍ကြီးမားသောဆု
ကျေးဇူးတော်တို့ကို အလိုရှိကြမည်။ ယခုတွင်
ငါသည် အမွန်မြတ်ဆုံးသော ဆုကျေးဇူးတော်
ကို သင်တို့အားပြမည်။

## ချစ်ခြင်းမေတ္တာသည် အမွန်မြတ်ဆုံး သောဆုကျေးဇူးဖြစ်၏

13 ငါသည် အမျိုးမျိုးသောလူတို့၏ဘာသာ
စကားများကိုသော်ရင်း၊ ကောင်းကင်
တမန်တို့၏စကားကိုရင်း ပြောနိုင်မည်။ သို့
သော်လည်း၊ ငါသည် မေတ္တာမရှိလျှင်၊ ငါသည်
ဆူညံသောခေါင်းလောင်းတစ်ခု သို့မဟုတ် တီး
သံကို ပေးသောလင်ကွင်းတစ်ခုမျှသာ ဖြစ်လိမ့်
မည်။ 2 ငါသည် ပရောဖက်ပြုနိုင်သောဆုကျေး
ဇူးကို ရရှိနိုင်ပေမည်။ ငါသည် ဘုရားသခင်၏
လျှို့ဝှက်နက်နဲသော အရာများအားလုံးတို့ကို
နားလည်၍ ခပ်သိမ်းသောအရာတို့ကို သိနိုင်ပေ
မည်။ ငါသည် တောင်များကို ရွှေ့စေနိုင်သည့်
အလွန်ကြီးမားသော ယုံကြည်ခြင်းရှိနိုင်ပေမည်။
သို့သော်လည်း၊ ငါသည် မေတ္တာမရှိလျှင်၊ ထို
အရာများအားလုံးတတ်စွမ်းသော်လည်း ငါ
သည် ဘာမျှမဟုတ်၊ အချည်းနှီးသာ ဖြစ်၏။
3 ငါသည် လူတို့ကို ကျွေးမွေးရန် ငါ၌ရှိသမျှသော
အရာတို့ကို ပေးလှူနိုင်ပေမည်။ ငါသည် မီးရှို့
ခြင်းကိုခံရန် ငါ၏ကိုယ်ခန္ဓာကိုပင်လျှင် ပေးလှူ
နိုင်ပေမည်။ သို့သော်လည်း ငါသည် မေတ္တာ
မရှိလျှင်၊ ထိုအရာများကို ပြုခြင်းအားဖြင့် ငါ၌
ဘာမျှအကျိုးမရှိ။

4 မေတ္တာသည် စိတ်ရှည်တတ်၏။ မေတ္တာ
သည် အခြားသောသူအပေါ်၌ ကြင်နာခြင်းရှိ
တတ်၏။ မေတ္တာသည် မနာလိုခြင်းမရှိ။
မေတ္တာသည် ကိုယ့်ကိုကိုယ် မဝါကြွားစေတတ်။
မေတ္တာသည် ဘဝင်မြင့်ခြင်းမရှိ။ 5 မေတ္တာသည်
မရိုင်းစိုင်း၊ ကြမ်းတမ်းခြင်းမရှိ။ မလျောက်
ပတ်စွာ မကျင့်တတ်။ မေတ္တာသည် အတ္တအ
ကျိုးကို မရှာတတ်။ မေတ္တာသည် လွယ်လင့်
တကူ ဒေါသအမျက်မထွက်တတ်။ မေတ္တာ
သည် သူ့ကို ဆန့်ကျင်ပြီး ပြုခဲ့သောအမှားများ
ကိုအောက်မေ့ခြင်းမရှိ။ အပြစ်ရှိသည်ဟု မထင်
တတ်။ 6 မေတ္တာသည် မတရားသောအမှု၊ ဆိုး
သောအမှု၌ ဝမ်းမြောက် ခြင်းမရှိတတ်။ သို့
သော်လည်း၊ မေတ္တာသည် သမ္မာတရား၌ ဝမ်း
မြောက်တတ်၏။ 7 မေတ္တာသည် ခပ်သိမ်းသော
အရာကို စိတ်ရှည်စွာလက်ခံ၍ ပုံးအုပ်တတ်၏။
မေတ္တာသည် အစဉ်အမြဲ ယုံကြည်ကိုးစားတတ်
၏။ အစဉ်အမြဲမျှော်လင့်တတ်၏။ အစဉ်အမြဲ
ဆက်လက်၍အားရှိတတ်၏။

8 မေတ္တာသည် ဘယ်သောအခါမျှ မကုန်ဆုံး
တတ်။ ပရောဖက်ပြုခြင်း ဆုကျေးဇူးအများရှိ
၏။ သို့သော်လည်း၊ ထိုအရာတို့သည် ကုန်ဆုံး
သွားကြလိမ့်မည်။ အမျိုးမျိုးသောဘာသာ
စကားများကို ပြောနိုင်သောဆုကျေးဇူးအများ
ရှိ၏။ သို့သော်လည်း၊ ထိုဆုကျေးဇူးများတို့
သည် ကွယ်ပျောက်သွားလိမ့်မည်။ ထိုးထွင်း
ခြင်းဉာဏ်ပညာ ဆုကျေးဇူးအများရှိ၏။ သို့
သော်လည်း ထိုအရာသည်လည်း ကုန်ဆုံးသွား
ကြလိမ့်မည်။ 9 ဤအရာတို့သည် ကုန်ဆုံးကြ
လိမ့်မည်။ အကြောင်းမူကား၊ ယခုတွင် ငါတို့၌
ရှိသောဉာဏ်ပညာနှင့် ပရောဖက်ပြုခြင်း ဆု
ကျေးဇူးတို့သည် စုံလင်ခြင်းမရှိ။ 10 သို့သော်
လည်း၊ စုံလင်ခြင်းသည် ရောက်လာသောအ
ခါ၊ မစုံလင်သောအရာတို့သည် ကုန်ဆုံးသွား
လိမ့်မည်။ 11 ငါသည် သူငယ်ဖြစ်စဉ်အခါ၊ သူ

ငယ်လိုစကားပြော၏။ သူငယ်လို တွေးခေါ်၏။
သူငယ်လိုကြံစည်၏။ ငါသည် အသက်ကြီးလာ
သောအခါ၊ သူငယ်ကဲ့သို့သောအမူအကျင့်များ
ကို စွန့်လွှတ်ပယ်ရှား၏။ 12ထိုအရာသည် ငါတို့
နှင့်အတူဖြစ်၏။ ယခုတွင် ငါတို့သည် မှောင်
မည်းသောကြည့်မှန်၌ ကြည့်နေကြသကဲ့သို့ဖြစ်
၏။ သို့သော်လည်း၊ ထိုအချိန်အနာဂတ်ကာလ
၌ ငါတို့သည် ရှင်းလင်းစွာ မြင်နိုင်လိမ့်မည်။
ယခုတွင်ငါသည် အစိတ်အပိုင်းတစ်ခုကိုသာ သိ
ရ၏။ သို့သော်လည်း၊ ထိုအချိန်၌ ဘုရားသခင်
သည် ငါ့ကို သိတော်မူသကဲ့သို့ ငါသည်လည်း
စုံလင်စွာ သိရလိမ့်မည်။ 13ထို့ကြောင့်၊ ယုံ
ကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းတည်းဟူ
သော ဤအရာသုံးပါးတို့သည် တည်ရှိကြ၏။
ဤအရာသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည်
အကြီးမြတ်ဆုံးဖြစ်၏။

## အသင်းတော်အား ကူညီမစရန် ဆုကျေးဇူးများကို သုံးပါ

14 ချစ်ခြင်းမေတ္တာသည် သင်တို့ရရှိရန်
ကြိုးစားရှာရမည့်အရာဖြစ်၏။ သင်တို့
သည် ဝိညာဉ်ဆုကျေးဇူးတို့ကိုရရှိရန် အလိုရှိကြ
လော့။ သင်တို့သည် ဘုရားသခင်၏စကား
တော်ကိုပြောနိုင်မည့်အကြောင်းအရာအားလုံး
ထက် ပရောဖက်ပြုခြင်းဆုကျေးဇူးကို သာ၍လို
ချင်သောစိတ်ရှိကြလော့။ 2အဘယ်ကြောင့်
ဖြစ်ရသည်ကို ငါရှင်းလင်းပါလိမ့်မည်။ အခြား
သောဘာသာစကားကို ပြောနိုင်သည့်ဆုကျေး
ဇူးကို ရရှိသောလူတစ်ယောက်သည် လူတို့အား
ပြောသည်မဟုတ်။ သူသည် ဘုရားသခင်ကို
ပြော၏။ သူသည် ဝိညာဉ်တော်အားဖြင့် ပြော
ဆိုနေသည့်လျှို့ဝှက်နက်နဲသောအရာတို့ကို အ
ဘယ်သူမျှနားမလည်။ 3သို့သော်လည်း၊ ပရော
ဖက်ကို ပြုသောသူတစ်ယောက်သည် လူတို့
အား စကားပြော၏။ သူသည် လူတို့အား ခွန်
အားကိုပေး၏။ သူသည် တိုက်တွန်းနှိုးဆော်
ခြင်းနှင့်နှစ်သိမ့်ခြင်းတို့ကိုပေး၏။ 4အခြားသော
ဘာသာစကားအားဖြင့် ပြောသောသူသည်
ကိုယ့်ကိုကိုယ် တည်ဆောက်၏။ သို့သော်
လည်း၊ ပရောဖက်ပြုသောသူသည် အသင်း
တော်တစ်ခုလုံးကို တည်ဆောက်၏။ 5သင်တို့
အားလုံးသည် အခြားသော ဘာသာစကား
အားဖြင့် ပြောစေခြင်းငှါ ငါအလိုရှိ၏။ သို့
သော်လည်း၊ သင်တို့အား သာ၍ ပရောဖက်
ကို ပြုစေခြင်းငှါ ငါအလိုရှိ၏။ ပရောဖက်ပြု
သောသူသည်အခြားသောဘာသာစကားများ
ကို ပြောသောသူထက်ပို၍ ကြီးမြတ်၏။ သို့
သော်လည်း၊ အခြားသောဘာသာစကား
များကို ပြောသောသူသည် သူပြောသောအ
ရာတို့၏အနက်အဓိပ္ပါယ်ကို ပြန်ဆိုနိုင်လျှင်၊ ထို
သူသည် ပရောဖက်ပြုသောသူနှင့်အတူတူပင်
ဖြစ်၏။ ထို့နောက် ထိုသူပြောဆိုသောအရာ
များအားဖြင့် အသင်းတော်ကို တည်ဆောက်
ခြင်းဖြစ်စေလိမ့်မည်။

6ညီအစ်ကိုမောင်နှမတို့၊ ငါသည် သင်တို့
မသိသောဘာသာစကားများအားဖြင့် သင်တို့
ထံသို့ လာ၍ဟောပြောလျှင်၊ သင်တို့အား အ
ကျိုးပေးမည်လော။ သို့သော်လည်း၊ ငါသည်
ဘုရားသခင်က ငါ့အား ဗျာဒိတ်တော်မူသော
တစ်စုံတစ်ခု၊ သို့မဟုတ် အချို့သောဉာဏ်ပညာ
၏စကားတော်၊ သို့မဟုတ် အချို့သောပရော
ဖက်ပြုခြင်း၊ သို့မဟုတ် အချို့သောဆုံးမသွန်
သင်ခြင်းစသည်တို့ကို လာ၍ သွန်သင်လျှင်ထို
အရာတို့သည်သင်တို့အားအကျိုးပေးလိမ့်မည်။
7ထိုအရာသည် ပလွေ သို့မဟုတ် စောင်းကဲ့သို့
သောမြည်သံကိုသာ ပေးတတ်သောသက်မဲ့အ
ရာဝတ္ထုပစ္စည်းများနှင့်တူ၏။ တေးဂီတသံကို
ရှင်းလင်းစွာ ထွက်ပေါ်လာခြင်း မရှိလျှင်၊
အဘယ်မည် သောသီချင်းသီဆိုနေသည်ကို
သင်တို့နားလည် နိုင်ကြမည်မဟုတ်။ သင်တို့
သည် တေးသီချင်း၏သံစဉ်ကို နားလည်နိုင်စေ
ခြင်းငှါ တံပိုးမှုတ်သံကို ရှင်းလင်းစွာ တီးခတ်ရ
ပါမည်။ 8စစ်မြေပြင်တွင် တံပိုးခရာသည် ရှင်း
လင်းစွာ အသံမမြည်လျှင်၊ စစ်သားတို့သည်
စစ်တိုက်ဖို့ရန် ပြင်ဆင်ရမည့်အချိန်ကို သိကြ
လိမ့်မည်မဟုတ်။ 9သင်တို့သည်လည်း ထိုနည်း

တူဖြစ်၏။ သင်တို့၏နှုတ်လျှာဖြင့် ပြောသော
စကားသည် ရှင်းလင်းပြတ်သားရမည်။ သင်
သည် ရှင်းလင်းပြတ်သားစွာ မပြောလျှင်၊ သင်
သည် အဘယ်အရာပြောသည်ကို အဘယ်သူ
တစ်ဦးတစ်ယောက်ကမျှ သိနိုင်မည်မဟုတ်။
သင်သည် လေထဲ၌သာ စကားပြောခြင်းဖြစ်
လိမ့်မည်။ [10]ဤလောက၌ မြောက်မြားစွာ
သောစကားပြောဆိုခြင်း အမျိုးမျိုးရှိသည်မှာ
မှန်ပါ၏။ ထိုစကားအားလုံးတို့မှာ အဓိပ္ပါယ်ရှိ
ကြပါ၏။ [11]ထို့ကြောင့် လူတစ်ယောက်သည်ငါ့
အား ပြောသောစကား၏အဓိပ္ပါယ်ကို ငါမသိ
လျှင်၊ ငါသည် သူ့ကို တစ်ခြားသောလူမျိုးဖြစ်
သည်ဟု ငါထင်မှတ်မည်။ သူသည်လည်း ငါ့ကို
တစ်ခြားသောလူမျိုးဖြစ်သည် ဟုထင်မှတ်ပေ
မည်။ [12]ထိုအရာသည် သင်တို့နှင့်လည်း အတူ
တူဖြစ်၏။ သင်တို့သည် ဝိညာဉ်ဆုကျေးဇူးများ
အလွန်အလိုရှိကြ၏။ ထို့ကြောင့် အသင်းတော်
ကို သာ၍ကြီးထွားစေကာ၊ အားရှိ၍ သန်မာ
စေခြင်းငှါ ကူညီမှုပေးသောထို အရာများကို
ရရှိရန် အလွန်ကြိုးစားကြလော့။

[13]ထို့ကြောင့်၊ အခြားသောဘာသာစကား
ကို ပြောနိုင်သောဆုကျေးဇူးကို ရသောသူသည်
မိမိပြောသည့်အရာတို့ကို အနက်အဓိပ္ပါယ်ပြန်
ဆိုနိုင်ရန် ဆုတောင်းစေ။ [14]ငါသည် အခြား
သောဘာသာစကားအားဖြင့် ဆုတောင်းလျှင်၊
ငါ၏ဝိညာဉ်သည် ဆုတောင်းလျက်ရှိနေ၏။ သို့
သော်လည်း၊ ငါ၏စိတ်နှလုံးသည် အဘယ်အမှု
ကိုမျှမပြု။ [15]ထို့ကြောင့် ငါသည် အဘယ်သို့
ပြုရပါမည်နည်း။ ငါသည် ဝိညာဉ်အားဖြင့်ရင်း၊
ငါ့စိတ်နှလုံးအားဖြင့်ရင်း၊ဆု တောင်းရမည်။
ငါသည် ဝိညာဉ်အားဖြင့်ရင်း ငါ့စိတ်နှလုံးအား
ဖြင့်ရင်း သီချင်းဆိုရမည်။ [16]သင်တို့သည်
ဘုရားသခင်ကို သင်တို့၏စိတ်ဝိညာဉ်အားဖြင့်
သာ ချီးမွမ်းရလျှင် သင်တို့ကို နားထောင်နေ
သောလူတို့သည် အဘယ်သို့ပြောသည်ကို နား
လည်ခြင်းမရှိဘဲ ဆုတောင်းရာတွင် “အာမင်” *
ဟူ၍အဘယ်သို့ ပြောနိုင်မည်နည်း။ [17]သင်သည်
ဘုရားသခင်၏ကျေးဇူးတော်ကို ကောင်းမွန်
စွာချီးမွမ်းပေမည်။ သို့သော်လည်း၊ ထိုအရာ
သည် အခြားသောသူတို့အား သာ၍ခွန်အား
ကြီးစေမည်မဟုတ်။

[18]ဘာသာစကားများဖြင့် ပြောသောငါ၏
ဆုကျေးဇူးသည် သင်တို့ရှိသမျှထက်သာသော
ကြောင့်ငါသည် ဘုရားသခင်၏ကျေးဇူးတော်
ကို ချီးမွမ်း၏။ [19]သို့သော်လည်း၊ အသင်းတော်
၏အစည်းအဝေးများ၌ အခြားသောဘာသာ
စကားအားဖြင့် စကားအခွန်းပေါင်းတစ်ထောင်
ပြောသည်ထက် ငါနားလည်သဘောပေါက်
သောစကားငါးခွန်းဖြင့် ပြောခြင်းကို သာ၍ ငါ
အလိုရှိ၏။ ထို့ကြောင့် ငါသည် အခြားသောသူ
တို့ကို သွန်သင်နိုင်မည်အကြောင်း ငါနားလည်
သောစကားဖြင့်ပြောခြင်းကိုသာ၍ငါအလိုရှိ၏။

[20]ညီအစ်ကိုမောင်နှမတို့၊ ကလေးသူငယ်
များကဲ့သို့ တွေးခေါ်ခြင်းမရှိကြနှင့်။ ဆိုးသောအ
မှုများ၌ နို့စို့သူငယ်ကဲ့သို့ ဖြစ်ကြလော့။ သို့
သော်လည်း၊ သင်တို့၏အတွေးအခေါ်၌ သင်တို့
သည် အသက်အရွယ်ကြီးသောသူကဲ့သို့ ဖြစ်ကြ
လော့။ [21]ကျမ်းစာ၌ ရေးသားထားသောအရာ
တို့မှာ အဘယ်နည်း၊

> “ငါသည် သင်တို့ကို အခြားသောဘာ
> သာစကားများကို အသုံးပြုသောလူတို့
> အားဖြင့်ရင်း၊ အခြားတစ်ပါးသော လူ
> မျိုးတို့နှုတ်များကို အသုံးပြု၍သော်ရင်း၊
> ငါပြောဆိုလိမ့်မည်။ သို့သော်လည်း၊ သူ
> တို့သည် ငါ့စကားကို နားထောင်ကြလိမ့်
> မည်မဟုတ်” ဟုထာဝရဘုရားမိန့်တော်
> မူ၏။ *ဟေရှာယ၊ 28:11–12*

[22]ထို့ကြောင့် အခြားသောဘာသာစကား
များအားဖြင့် ပြောခြင်းသည် မယုံကြည်သော
သူတို့အား သက်သေဖြစ်၍၊ ယုံကြည်သောသူ
တို့အတွက်မဟုတ်။ ပရောဖက်ပြုခြင်းသည် ယုံ
ကြည်သောသူတို့အတွက်ဖြစ်၍၊ မယုံကြည်

---

**“အာမင်”** အာမင်ဟုပြောခြင်း အဓိပ္ပါယ်သည် ခိုင်မာစွာ
သဘောတူမှုကို ဆိုလိုသည်။

သောသူတို့အတွက်မဟုတ်ပါ။ 23အသင်းတော်
တစ်ခုလုံးသည် အတူတကွ စည်းဝေးကြ၍ သင်
တို့အားလုံးသည်လည်း အခြားသောဘာသာ
စကားများဖြင့် ပြောကြသည် ဆိုပါစို့။ အချို့
သောသူတို့သည် နားလည်ခြင်းမရှိဘဲသို့မဟုတ်
မယုံကြည်ဘဲ ဝင်လာခဲ့လျှင်၊ သင်တို့အား ရူး
သွပ်သောသူများ ဖြစ်ကြသည်ဟု ထိုသူတို့
သည်ပြောကြလိမ့်မည်။ 24သို့သော်လည်း၊ သင်
တို့အားလုံးသည် ပရောဖက်ပြုကြသည် ဆိုပါ
စို့။ မယုံကြည်သောသူတစ်ယောက်ဝင်လာ
သည် သို့မဟုတ် နားလည်ခြင်းမရှိသောသူတစ်
ယောက်ဝင်လာ၏။ သင်တို့အားလုံးသည်
ပရောဖက်ပြုကြသည် ဖြစ်သောကြောင့်၊ ထိုသူ
၏အပြစ်ကို သူ့အားထင်ရှားစေခြင်း၊ ဖော်ပြ
ခြင်းရှိလိမ့်မည်။ သူသည်လည်း၊ သင်တို့ပြော
သမျှသောအရာများအားဖြင့် စစ်ကြောစီရင်
ခြင်းကိုခံရလိမ့်မည်။ 25ထိုသူ၏စိတ်နှလုံးထဲ၌
ရှိသည့်လျှို့ဝှက်ထားသောအရာများသည် ထင်
ရှားလာပါလိမ့်မည်။ ထို့ကြောင့် ထိုသူသည်
ပြပ်ဝပ်လျက် ဘုရားသခင်ကို ကိုးကွယ်လိမ့်
မည်။ "အမှန်စင်စစ်၊ ဘုရားသခင်သည် သင်
တို့နှင့်အတူရှိတော်မူသည်" ဟုထိုသူသည် သက်
သေခံလိမ့်မည်။

## သင်တို့၏စည်းဝေးခြင်းများသည် အသင်းတော်ကို ကူညီမစရမည်

26ထို့ကြောင့်၊ ညီအစ်ကိုမောင်နှမတို့၊ သင်
တို့သည် အဘယ်သို့ပြုရမည်နည်း။ သင်တို့သည်
အတူတကွ စည်းဝေးကြသောအခါ၊ တစ်
ယောက်သောသူသည် သီချင်းဆိုမည်။ တစ်
ယောက်သောသူသည် ဆုံးမသွန်သင်ခြင်းကို
ပေးမည်။ အခြားသောသူသည် ဘုရားသခင်
ထံမှ အသစ်သောဗျာဒိတ်တော်ကိုရမည်။ အ
ခြားသောသူသည် အခြားသောဘာသာစကား
ဖြင့်ပြောမည်။ သို့ပါလျက် အခြားသောသူ
သည် ထိုဘာသာစကား၏အနက်အဓိပ္ပါယ်ကို
ပြန်ဆိုမည်။ ဤအရာများအားလုံးတို့၏ရည်
ရွယ်ချက်မှာ အသင်းတော်အား ကြီးထွား၍
အားရှိစေခြင်းငှါ ကူညီမစခြင်းသာ ဖြစ်၏။
27သင်တို့သည် အတူတကွ စည်းဝေးကြသော
အခါ၊ မည်သူမဆို လူအုပ်စုအား အခြားသော
ဘာသာစကားဖြင့် ဟောပြောသူရှိလျှင်၊ နှစ်
ယောက် သို့မဟုတ် သုံးယောက်ထက်မပိုဘဲ
ပြောကြစေ။ ထိုသူတို့သည်လည်း တစ်ယောက်
နောက်တစ်ယောက် ပြောကြစေ။ သူ တို့သည်
အဘယ်အရာကို ပြောဆိုသည် အကြောင်းအ
ခြားသောသူက အနက်အဓိပ္ပါယ်ကို ပြန်စေ။
28သို့သော်လည်း၊ ထိုနေရာ၌ အနက်အဓိပ္ပါယ်
ကိုပြန်ဆိုသောသူမရှိလျှင်၊ မည်သူမဆို အခြား
သောဘာသာစကားဖြင့် ပြောသောသူသည်
အသင်းတော်၏အစည်းအဝေး၌ တိတ်ဆိတ်စွာ
နေစေ။ ထိုသူသည် မိမိအားလည်းကောင်း၊
ဘုရားသခင်ကိုလည်းကောင်း ပြောစေ။
29ပရောဖက်နှစ်ဦး သို့မဟုတ် သုံးဦးသာ
လျှင် ဟောပြောရမည်။ အခြားသောသူတို့
သည် သူတို့အဘယ်သို့ ဟောပြောသည်ကို
စစ်ကြောစီရင်ကြစေ။ 30ဘုရားသခင်ထံတော်
မှသတင်းစကားသည် ထိုင်လျက်နေသောအ
ခြားသောသူထံသို့ ရောက်လာလျှင်၊ အရင်
ပထမဟောပြောသောသူသည် တိတ်ဆိတ်စွာ
နားနေစေ။ 31သင်တို့အားလုံးသည်တစ်ယောက်
နောက် တစ်ယောက်ပရောဖက်ပြုနိုင်၏။ ထို
နည်းအားဖြင့်၊ လူအားလုံးတို့သည် သွန်သင်ဆုံး
မခြင်း၊ တိုက်တွန်းနိုးဆော်ခြင်းကို ခံရကြမည်။
32ပရောဖက်တို့၏ စိတ်ဝိညာဉ်များသည်လည်း၊
ထိုပရောဖက်တို့ ကိုယ့်ကိုယ်တိုင် ထိန်းချုပ်မှု
အောက်၌ရှိကြ၏။ 33ဘုရားသခင်သည် ရုန်းရင်း
ခတ်အမှုကို ဖြစ်စေသောဘုရားမဟုတ်။ ဘုရား
သခင်သည် ငြိမ်သက်ခြင်း၏ဘုရားဖြစ်၏။
34မိန်းမတို့သည် အသင်းတော်၏အစည်းအ
ဝေးများ၌ တိတ်ဆိတ်စွာနေကြစေ။ ထိုအရာ
သည် ဘုရားသခင်၏အသင်းတော်များအားလုံး
၌ အတူတူဖြစ်၏။ မောရှေ၏ပညတ်တရား၌ စီ
ရင်သည်အတိုင်း သူတို့သည် ထိန်းချုပ်မှုအောက်
၌ ရှိနေကြရမည်။ 35မိန်းမတို့သိလိုသောအရာ
တစ်စုံတစ်ခုရှိလျှင်၊ အိမ်၌မိမိတို့၏လင်ယော

က်ျားတို့ကို မေးမြန်းကြစေ။ အသင်းတော်၏
အစည်းအဝေး၌ ဟောပြောခြင်းသည် မိန်းမ
တစ်ဦးအတွက် ရှက်ဖွယ်သောအရာဖြစ်၏။
36ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည်
သင်တို့ထံမှ ထွက်လာသလော။ ထွက်မလာ
ပါ။ သို့မဟုတ် သင်တို့သည်သာလျှင် ထိုနှုတ်
ကပတ်တရားတော်ကို လက်ခံသောသူတို့ ဖြစ်
ကြပါသလော။ မဖြစ်ကြပါ။
37တစ်စုံတစ်ယောက်သောသူသည် ကိုယ်
ကိုပရောဖက်တစ်ပါးဖြစ်သည် ဟူ၍၎င်း၊ သူ
သည် ဤကဲ့သို့ ဆုကျေးဇူးတစ်ပါးရှိသည် ဟူ၍
၎င်းထင်မှတ်လျှင်၊ ငါသည် သင်တို့အား ရေး
သောအရာသည် သခင်ဘုရား၏မိန့်တော်မူ
သောအရာဖြစ်ကြောင်းကို ထိုသူသည် နား
လည်ရပါမည်။ 38ထိုသူသည် ဤအရာကိုအသိ
အမှတ်မပြုလျှင်၊ သူသည် ဘုရားသခင် အသိ
အမှတ်ပြုတော်မူသောသူမဟုတ်။
39ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမတို့၊
သင်တို့သည် ပရောဖက်ပြုခြင်းအမှုကို အလွန်
အလိုရှိကြ၏။ လူတို့အား အခြားသောဘာသာ
စကားများကို ဟောပြောခြင်းအမှုတို့ကိုလည်း
မတားမြစ်ကြနှင့်။ 40သို့သော်လည်း ခပ်သိမ်း
သောအမှုအရာတို့ကို လျှောက်ပတ်စွာ အစီ
အစဉ်အတိုင်း ပြုရမည်။

## ခရစ်တော်၏အကြောင်းဝမ်းမြောက်ဖွယ်ရာသတင်းကောင်း

15 ညီအစ်ကိုမောင်နှမတို့၊ ယခုအခါ၌ သင်
တို့အား ငါဟောပြောသောဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းအကြောင်းကို အောက်
မေ့ကြရန် ငါအလိုရှိ၏။ သင်တို့သည် ဤဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို လက်ခံကြ
၏။ သင်တို့သည် ထိုတရားထဲ၌လည်း ဆက်
လက်၍အားကြိုးကြ၏။ 2ဤဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းသည် သင်တို့ကို ကယ်တင်
တော်မူခြင်းသို့ ရောက်စေ၏။ သို့သော်လည်း၊
သင်တို့အား ငါဟောပြောသော အရာများကို
သင်တို့ဆက်လက်၍ ယုံကြည်ကြရမည်။ သင်
တို့သည် ထိုသို့မပြုကြလျှင် သင်တို့၏အထက်က
ယုံကြည်ခြင်းသည် အချည်းနှီးသာဖြစ်၏။
3ငါခံယူရသောသတင်းစကားကို သင်တို့
အား ငါပေး၏။ ငါသည် သင်တို့အား အရေး
အကြီးဆုံးသောအရာများကို ဟောပြော၏။
ထိုအရာမှာ၊ ကျမ်းစာလာသည် အတိုင်းခရစ်
တော်သည် ငါတို့အပြစ်ကြောင့် အသေခံတော်
မူ၏။ 4ခရစ်တော်သည် သင်္ဂြိုဟ်ပြီး၊ သုံးရက်
မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူ
၏။ 5ခရစ်တော်သည် ကိုယ်တော်တိုင် ပေတရု
ထံသို့ ထင်ရှားတော်မူ၏။ ထို့နောက် တမန်
တော်တစ်ဆယ့်နှစ်ပါးတို့သည် အတူတကွမြင်
ကြ၏။ 6ထို့နောက်မှ ခရစ်တော်သည် ငါးရာ
ထက်ပို၍ များသောယုံကြည် သူတို့ထံသို့ ကိုယ်
တိုင် ထင်ရှားတော်မူ၏။ ထိုညီအစ်ကိုတို့တွင်
အများသောသူတို့သည် ယခုတိုင်အောင် အ
သက်ရှင် လျက်နေကြသေး၏။ သို့သော်လည်း
အချို့သည် သေလွန်ကြပြီဖြစ်၏။ 7ထို့နောက်
ခရစ်တော်သည် ကိုယ်တော်တိုင် ယာကုပ်အား
ထင်ရှားတော်မူ၏။ ထို့နောက် ခရစ်တော်
သည် တမန်တော်အားလုံးတို့အား ကိုယ်တိုင်
ထင်ရှားတော်မူ၏။ 8နောက်ဆုံး၌ ခရစ်တော်
သည် ကိုယ်တော်တိုင် ငါ့အား ထင်ရှားပြတော်
မူ၏။ ငါသည် အချိန်မတန်ဖွားသောကလေး
ကဲ့သို့ဖြစ်၏။
9အခြားသောတမန်တော်အားလုံးတို့သည်
ငါ့ထက်သာ၍ ကြီးမြတ်ကြ၏။ ငါသည် ဘုရား
သခင်၏အသင်းတော်ကို ညှဉ်းဆဲခဲ့၏။ ထိုအ
ကြောင်းကြောင့်၊ ငါသည် တမန်တော်တစ်ပါး
အဖြစ်ခေါ်ခြင်းငှါ မထိုက်တန်။ 10သို့သော်လည်း၊
ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်သာ ငါ
ဖြစ်သည်အတိုင်း ငါဖြစ်၏။ ငါခံရသောကျေးဇူး
တော်သည် အကျိုးမဲ့ခံရသည်မဟုတ်။ ငါသည်
အခြားသော တမန်တော်အားလုံးတို့ထက်သာ
၍ ကြိုးစား၏။ သို့သော်လည်း ငါသည် အမှန်
စင်စစ် အလုပ်လုပ်သောသူမဟုတ်ပါ။ ငါနှင့်အ
တူရှိသော ဘုရားသခင်၏ကျေးဇူးတော်ကြောင့်
သာဖြစ်၏။ 11ထို့ကြောင့် ငါသည် သင်တို့အား

ဟောပြောသည်ဖြစ်စေ၊ အခြားသောတမန်
တော်တို့သည် သင်တို့အား ဟောပြောသည်
ဖြစ်စေ၊ ထိုအရာတို့မှာ အရေးကြီးသည်မဟုတ်။
ငါတို့အားလုံးတို့သည် တူညီသောအကြောင်း
အရာကိုသာ ဟောပြောကြ၏။ ထိုအရာမှာ
သင်တို့၏ယုံကြည်သောအရာပင်ဖြစ်၏။

## ငါတို့သည်လည်း သေခြင်းမှရှင်ပြန် ထမြောက်ကြလိမ့်မည်

[12]ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထ
မြောက်တော်မူကြောင်းကို ဟောပြောရ၏။ ထို့
ကြောင့် သင်တို့တွင် အချို့သောသူတို့ကလူတို့
သည် သေခြင်းမှထမြောက်ကြလိမ့်မည် မဟုတ်
ဟု အဘယ်ကြောင့်ဆိုကြသနည်း။ [13]လူတို့အ
တွက် ထမြောက်ခြင်းမရှိလျှင် ခရစ်တော်သည်
လည်း ထမြောက်တော်မမူ။ [14]ခရစ်တော်သည်
သေခြင်းမှထမြောက်တော်မူခြင်းမရှိလျှင် ငါတို့
၏ဟောပြောခြင်းသည်လည်း အကျိုးမရှိ။ အ
ချည်းနှီးသာဖြစ်၏။ သင်တို့၏ယုံကြည်ခြင်းသည်
လည်း အကျိုးမရှိ။ အချည်းနှီးသာဖြစ်၏။ [15]ငါ
တို့သည်လည်း ဘုရားသခင်၏အမှုမှာ မမှန်
သောသက်သေခံဖြစ်ကြ၏။ အဘယ်ကြောင့်
နည်းဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်
ကို သေခြင်းမှထမြောက်စေတော်မူသည်ဟု ငါ
တို့သည် ဘုရားသခင်၏ရှေ့တော်၌ သက်သေခံ
ကြ၏။ လူတို့သည် သေခြင်းမှထမြောက်ခြင်း
မရှိလျှင် ဘုရားသခင်သည်လည်း ခရစ်တော်
ကို သေခြင်းမှထမြောက်စေတော်မမူ။ [16]သေ
လွန်သောသူတို့သည် ထမြောက်ခြင်း မရှိလျှင်
ဘုရားသခင်သည် ခရစ်တော်ကိုလည်း ထ
မြောက်စေတော်မမူ။ [17]ခရစ်တော်သည် သေ
ခြင်းမှထမြောက်တော်မမူလျှင် သင်တို့၏ယုံ
ကြည်ခြင်းသည် လည်းအကျိုးမရှိ။ အချည်းနှီး
သာဖြစ်၏။ သင်တို့သည် သင်တို့၏အပြစ်ဒုစ
ရိုက်ကြောင့် အပြစ်ရှိကြသေး၏။ [18]ခရစ်တော်
၌ သေလွန်သောသူတို့သည်လည်း ဆုံးရှုံးခြင်း
သို့ရောက်ကြပြီ။ [19]ခရစ်တော်၌ ငါတို့၏ယုံ
ကြည်ခြင်းသည် ဤဘဝအတွက်သာဖြစ်လျှင်
ဤလောက၌ရှိသော အခြားသောသူရှိသမျှတို့
ထက် ငါတို့သည် သာ၍ သနားဖွယ်ကောင်း၏။
[20]သို့သော်လည်း ခရစ်တော်သည် ရှင်ပြန်ထ
မြောက်တော်မူပြီး ဖြစ်၍၊ သူသည် ရိတ်သိမ်း
ခြင်း၏အဦးသီးသောအသီးကဲ့သို့ ဖြစ်တော်မူ
၏။ ယုံကြည်၍သေလွန် သောသူတို့သည် ကိုယ်
တော်ကို လိုက်ကြလိမ့်မည်။ [21]သေခြင်းသည်
လူတို့၌ဖြစ်ပျက်လျက်ရှိ၏။ အကြောင်းမူကား၊
တစ်ယောက်သောသူ ပြုခဲ့သောအပြစ်ကြောင့်
ဖြစ်၏။ သို့သော်လည်း၊ တစ်ယောက်သောသူ
ကြောင့် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းလည်း
ဖြစ် ပျက်တော်မူ၏။ [22]ငါတို့အားလုံးသည်အာဒံ
၌သေကြ၏။ ထိုနည်းတူ ငါတို့အားလုံးသည်
ခရစ်တော်ပြုသောအမှုကြောင့် ပြန်လည်၍ အ
သက်ရှင်ခြင်းအခွင့်ကို ရကြလိမ့်မည်။ [23]သို့
သော်လည်း လူတိုင်းသည် မှန်ကန်ပြောင့်မတ်
သောအစီအစဉ်အတိုင်း ထမြောက်ကြလိမ့်
မည်။ ရှင်ပြန်ထမြောက်သောသူတို့တွင် ခရစ်
တော်သည် အဦးထမြောက်သောသူဖြစ်၏။ ထို့
နောက် ခရစ်တော်သည် တစ်ဖန်ကြွလာတော်
မူသောအခါ ခရစ်တော်နှင့် စပ်ဆိုင်သောသူရှိ
သမျှတို့သည် အသက်ရှင်ခြင်းသို့ ထမြောက်ကြ
လိမ့်မည်။ [24]ထိုနောက် အဆုံးသည် ရောက်
လာလိမ့်မည်။ ခရစ်တော်သည် အုပ်စိုးသော
သူတို့အားလုံး၊ အာဏာတန်ခိုးများနှင့် တန်ခိုး
တော်များရှိသမျှကို ပျက်ဆီးစေလိမ့်မည်။ ထို
နောက်မှ ခရစ်တော်သည် ခမည်းတော်ဘုရား
အား နိုင်ငံတော်ကို ပြန်လည်၍ အပ်နှံတော်မူ
လိမ့်မည်။ [25]ဘုရားသခင်သည် ရန်သူအားလုံး
တို့ကို ခရစ်တော်၏ထိန်းချုပ်ခြင်း*အောက်၌
ချထား တော်မမူမီတိုင်အောင် ခရစ်တော်
သည် အုပ်စိုးတော်မူမည်။

[26]နောက်ဆုံး၌ ရန်သူဖြစ်သောသေမင်း
သည်လည်း ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်
မည်။ [27]ကျမ်းစာ၌ ရေးထားသည်မှာ” ဘုရား
သခင်သည် ခပ်သိမ်းသောအရာတို့ကို မိမိထိန်း
ချုပ်မှုအောက်၌ ချထားတော်မူမည်။”* “ခပ်

---

**ထိန်းချုပ်ခြင်း** မူရင်းအရ “ခြေတော်ရင်း”

သိမ်းသောအရာတို့ကို” သူ၏အောက်၌ချထား
တော်မူမည်ဟု ဆိုရာတွင် ဘုရားသခင်ကိုယ်
တော်တိုင်သည် မပါဝင်သည်မှာ ထင်ရှား၏။
ဘုရားသခင်သည် အရာခပ်သိမ်းတို့ကို ခရစ်
တော်၏ထိန်းချုပ်မှုအောက်၌ ချထားတော်မူ
သောသူပင် ဖြစ်၏။ [28]ခပ်သိမ်းသောအရာတို့
ကို ခရစ်တော်၏အောက်၌ ချထားတော်မူပြီး
မှ သားတော်သည် ကိုယ့်ကိုကိုယ် ဘုရားသခင်
အောက်၌ ချထားတော်မူလိမ့်မည်။ ဘုရား
သခင်သည် ခပ်သိမ်းသောအရာတို့ကို ခရစ်
တော်၏အောက်၌ ချထားတော်မူ သောသူဖြစ်
၏။ ခရစ်တော်သည် ဘုရားသခင်၏အောက်၌
ချထားတော်မူလိမ့်မည်။ သို့ဖြစ်၍ ဘုရား
သခင်သည် အရာခပ်သိမ်းတို့အပေါ်၌ ပြည့်ဝစုံ
လင်စွာ အုပ်စိုးတော်မူသောသူ ဖြစ်လိမ့်မည်။
[29]သေလွန်သောသူတို့သည် ထမြောက်ခြင်း
အလျှင်းမရှိလျှင် သေလွန်သောသူတို့အတွက်
အချို့သည် အဘယ်ကြောင့် ဗတ္တိဇံကိုခံကြသ
နည်း။ သေလွန်သောသူတို့သည် ဘယ်သောအ
သခါမှ ထမြှောက်ခြင်းမရှိလျှင် လူတို့သည် အ
ဘယ်ကြောင့် ထိုသူတို့အတွက် ဗတ္တိဇံကိုခံကြရ
သနည်း။

[30]ငါတို့သည်လည်း အဘယ်သို့ဖြစ်ကြမည်
နည်း။ ငါတို့သည် အဘယ်ကြောင့် ကိုယ့်ကို
ကိုယ် ဘေးအန္တရာယ်နှင့် အချိန်နာရီတိုင်း၌တွေ့
ရကြသနည်း။ [31]ငါသည် နေ့တိုင်းအသေခံရ၏။
ညီအစ်ကိုတို့၊ ဤအရာမှန်ကန်သည်ဟု ငါပြော
ဆို၏။ ဤအရာသည် ငါတို့သခင်ခရစ်တော်
ယေရှု၌ သင်တို့အတွက် ငါ၌ဝါကြွားဝမ်းမြောက်
ခြင်းရှိ၏။ [32]ငါသည် လူတို့၏ဆင်ခြင်တုံတရား
ကြောင့်သာလျှင်ဖြင်း၊ ငါ၏ဂုဏ်ယူဝင့်ကြွားခြင်း
ကို တွေ့ထိစေခြင်းငှါဖြင်း ဧဖက်မြို့ရှိသားရဲ
တိရစ္ဆာန်များတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းဖြစ်
ခဲ့လျှင် ငါ၌အဘယ်အကျိုးမျှမရှိ။ အချည်းနှီးသာ
ဖြစ်၏။ လူတို့သည် သေခြင်းမှထ မြောက်ခြင်း
မရှိလျှင် “ငါတို့သည် စားကြ၊ သောက်ကြကုန်
အံ့။ အကြောင်းမူကား၊ ငါတို့သည် နက်ဖြန်၌
သေကြမည်။”* [33]အသိဥာဏ်မမဲ့ကြနှင့်။ “ဆိုး
သောမိတ်ဆွေတို့သည် ကောင်းသောအကျင့်
စရိုက်များ ပျက်စီးယိုယွင်းသွားလိမ့်မည်။”
[34]သင်တို့၏ဖြောင့်မတ်ခြင်း လမ်းကို ဆင်ခြင်၍
ပြန်လှည့်ကြလော့။ အပြစ်ဒုစရိုက်ပြုခြင်းကို ရပ်
၍စွန့်လွှတ်ကြလော့။ သင်တို့တွင် အချို့သောသူ
တို့သည် ဘုရားသခင်ကိုမသိကြ။ သင်တို့အား
ရှက်ကြောက်စေခြင်းငှါ ဤအရာကို ငါပြော၏။

## အဘယ်သို့ သောကိုယ်ခန္ဓာကို ငါတို့ရှိလိမ့်မည်နည်း

[35]သို့သော်လည်း “သေလွန်သောသူတို့
သည် အဘယ်သို့ ထမြှောက်ကြမည်နည်း။ အ
ဘယ်သို့ သောကိုယ်ခန္ဓာမျိုးကို သူတို့ရှိလိမ့်
မည်နည်း” ဟုတစ်စုံတစ်ယောက်သောသူသည်
မေးလိမ့်မည်။ [36]ထိုအရာမှာ မိုက်မဲသောမေး
ခွန်းများဖြစ်၏။ သင်တို့သည် တစ်စုံတစ်ခုကို
စိုက်ပျိုးသောအခါ ထိုမျိုးစေ့သည် ရှင်သန်၍
ကြီးထွားမလာမီ မြေ၌သေရမည်။ [37]သင်တို့
သည် တစ်စုံတစ်ခုကို စိုက်ပျိုးသောအခါ၊ သင်
တို့စိုက်ပျိုးသောအရာသည် တူညီသောနဂိုမူ
လကိုယ်ခန္ဓာမရှိ။ ထိုအရာမှာ နောက်မှဖြစ်လာ
မည့်အရာဖြစ်၏။ သင်တို့စိုက်ပျိုးသောအရာမှာ
မျိုးစေ့သာလျှင်ဖြစ်၏။ ဂျုံစပါး သို့မဟုတ် တစ်
စုံတစ်ရာသောစပါးဖြစ်နိုင်၏။ [38]သို့သော်လည်း
ဘုရားသခင်သည် အကြံအစည်နှင့် အလိုတော်
ရှိသည့်အတိုင်း ကိုယ်ခန္ဓာကို ပေးတော်မူ၏။
ဘုရားသခင်သည် မျိုးစေ့အသီးအသီးတို့အား
လည်း မိမိတို့မျိုးစေ့အတိုင်း ကိုယ်ခန္ဓာကိုပေး
တော်မူ၏။ [39]အသားဖြင့် ပြုသောအရာများ
အားလုံးတို့သည် တူညီသောအသားတစ်မျိုး
တည်းမဟုတ်။ လူတို့သည် အသားတစ်မျိုး၊
တိရစ္ဆာန်များသည် အခြားသောအသားတစ်အ
အမျိုးငှက်တို့သည် အသားတစ်မျိုး၊ ငါတို့သည်
လည်း အသားတစ်မျိုးကိုယ်စီရှိကြ၏။ [40]ကောင်း
ကင်ကိုယ်ခန္ဓာတို့နှင့် မြေကြီးကိုယ်ခန္ဓာတို့လည်း
ရှိ၏။ ကောင်းကင်ကိုယ်ခန္ဓာတို့၏အသရေသည်
တစ်မျိုးဖြစ်၍၊ မြေကြီးကိုယ်ခန္ဓာတို့၏အသရေ

---

**“ဘုရားသခင် … ချထားတော်မူမည်”** ဆာလံ 8:6

**“ငါတို့ … သေကြမည်”** ဟေရှာယ 22:13; 56:12

သည် လည်း အခြားတစ်မျိုးဖြစ်၏။ 41နေ၏အ
သရေလည်း တစ်မျိုးဖြစ်၏။ လသည်လည်း
အသရေတစ်မျိုးရှိ၏။ ကြယ်တို့သည်လည်း အ
ခြားတစ် မျိုးအသရေရှိကြ၏။ ကြယ်တို့သည်
လည်း တစ်ခုနှင့်တစ်ခုနှိုင်းယှဉ်သောအခါ ခြား
နားသောအသရေရှိကြ၏။

42ထိုနည်းတူ သေလွန်သောသူတို့သည် အ
သက်ရှင်ခြင်းသို့ ထမြောက်ခြင်း၌လည်း ဖြစ်၏။
စိုက်ပျိုးလျက်ရှိသောကိုယ်ခန္ဓာသည် ပျက်စီး
ယိုယွင်းကာဆွေးမြည့်သွားလိမ့်မည်။ သို့ သော်
လည်း အသက်ရှင်ခြင်းသို့ ထမြောက်သော
ကိုယ်ခန္ဓာသည် ပျက်စီးခြင်းသို့မရောက်နိုင်။
43ကိုယ်ခန္ဓာကို “စိုက်ပျိုး” သောအခါဂုဏ်အ
သရေမရှိ။ သို့သော်လည်း ထိုကိုယ်ခန္ဓာသည်
ဘုန်းအသရေတော်နှင့် ထမြောက်လိမ့်မည်။
ကိုယ်ခန္ဓာကို “စိုက်ပျိုး” သောအခါ အားနည်း
လျက်ရှိ၏။ သို့သော်လည်း ထိုကိုယ်ခန္ဓာသည်
ထမြောက်သောအခါ အစွမ်းတန်ခိုးရှိ၏။
“44စိုက်ပျိုး” လျက်ရှိသောကိုယ်ခန္ဓာသည် ဇာ
တိပကတိကိုယ်ခန္ဓာဖြစ်၏။ ထိုကိုယ်ခန္ဓာသည်
ထမြောက်သောအခါ ဝိညာဉ်ကိုယ်ခန္ဓာဖြစ်၏။
ဇာတိပကတိကိုယ်ခန္ဓာလည်းရှိ၏။ ထို့ကြောင့်
ဝိညာဉ်ကိုယ်ခန္ဓာလည်းရှိ၏။ 45ကျမ်းစာ၌ ရေး
ထားသည်မှာ “ပထမဦးဆုံးသောလူအာဒံသည်
အသက်ရှင်သောသတ္တဝါ* ဖြစ်လာ၏။”* သို့
သော်လည်း နောက်ဆုံးသောအာဒံသည် အ
သက်ကို ပေးသောဝိညာဉ်တော်ဖြစ်တော်မူ၏။
46ဝိညာဉ်လူသည် ပထမလာသည်မဟုတ်။ ဇာ
တိပကတိကိုယ်ခန္ဓာသည် ပထမဖြစ်လာ၏။ ထို့
နောက် ဝိညာဉ်လူဖြစ်လာ၏။ 47ပထမဦးဆုံး
သောလူသည် မြေကြီးက ဖြစ်သောမြေမှုန့်မှ
လာ၏။ ဒုတိယလူ(ခရစ်တော်)သည် ကောင်း
ကင်ဘုံမှလာ၏။ 48လူတို့သည် မြေကြီးနှင့်စပ်
ဆိုင်ကြ၏။ သူတို့သည် ပထမအဦးဆုံးသော
လူကဲ့သို့ ဖြစ်ကြ၏။ သို့သော်လည်း ကောင်း
ကင်နှင့်စပ်ဆိုင် သောသူတို့သည် ကောင်းကင်
မှလာသောလူ ကဲ့သို့ဖြစ်ကြ၏။ 49ငါတို့သည်ထို
မြေကြီးမှလာသောလူကဲ့သို့ မြေ မှုန့်မှဖန်ဆင်း
သောသူတို့ဖြစ်ကြ၏။ ထိုကြောင့် ငါတို့သည်
ကောင်းကင်မှ လာသောလူကဲ့သို့လည်း ဖန်
ဆင်းတော်မူခြင်းကိုခံကြလိမ့်မည်။

50ညီအစ်ကိုမောင်နှမတို့၊ ငါသည် သင်တို့
အား ဤအရာကို ဟောပြော၏။ အသားနှင့်
သွေးသည် ဘုရားသခင်၏နိုင်ငံတော်ထဲသို့မဝင်
အနိုင်။ ပျက်စီးယိုယွင်းတတ်သောအရာတစ်ခု
သည် ဘယ်သောအခါမျှ ပျက်စီးယိုယွင်းခြင်း
မရှိသောတစ်စုံတစ်ရာ၏ အစိတ်အပိုင်းမဖြစ်
နိုင်။ 51သို့သော်လည်း၊ နားထောင်ကြလော့။
ငါသည် သင်တို့အား ဤလျှို့ဝှက်နက်နဲသော
အရာကို ဟောပြောမည်။ ငါတို့အားလုံးသည်
သေကြရလိမ့်မည်မဟုတ်။ သို့သော်လည်း၊ ငါ
တို့အားလုံးသည် ပြောင်းလဲခြင်းသို့ ရောက်ကြ
လိမ့်မည်။ 52ထိုအရာသည် တစ်စက္ကန့်မျှသော
အချိန်အတွင်း၌ ဖြစ်ပျက်လိမ့်မည်။ ငါတို့သည်
မျက်စိတစ်မှိတ်တွင် ပြောင်းလဲခြင်းသို့ ရောက်
ကြလိမ့်မည်။ နောက်ဆုံးသောတံပိုးမှုတ်သော
အခါ ဤအရာသည် ဖြစ်ပျက်လိမ့်မည်။ တံပိုး
မှုတ်သံကြားသောအခါ ယုံကြည်၍သေလွန်
သောသူတို့သည် ထာဝရအသက်ရှင်ခြင်းငှါ ထ
မြောက်ကြလိမ့်မည်။ ထိုအချိန်၌ ငါတို့အားလုံး
သည်လည်း ပြောင်းလဲခြင်းသို့ ရောက်ကြရ
လိမ့်မည်။ 53ပျက်စီးယိုယွင်းတတ်သောဤ
ကိုယ်ခန္ဓာသည် ဘယ်သောအခါမျှ ပျက်စီးယို
ယွင်းလိမ့်မည်မဟုတ် သောတစ်စုံတစ်ရာကို
ယူ၍ဝတ်ဆင်ရလိမ့်မည်။ သေတတ်သောဤ
ကိုယ်ခန္ဓာသည် ဘယ်သောအခါမျှ မသေနိုင်
သောတစ်စုံတစ်ရာကို ယူ၍ဝတ်ဆင်ရပါလိမ့်
မည်။ 54ထို့ကြောင့် ပျက်စီးယိုယွင်းတတ်သော
ဤ ကိုယ်ခန္ဓာသည် မပျက်စီးယိုယွင်းတတ်
သောတစုံတရာကို ဝတ်ဆင်လိမ့်မည်။ သေ
တတ်သော ဤကိုယ်ခန္ဓာသည် မသေတတ်
သောတစုံတရာကို ဝတ်ဆင်ပါလိမ့်မည်။ ဤ
အရာတို့သည် ဖြစ်ပျက်သောအခါ၊

---

**အသက်ရှင်သောသတ္တဝါ** မူရင်းမှာ “ဝိညာဉ်”

**“ပထမ … သတ္တဝါဖြစ်လာသည်”** ကမ္ဘာ 2:7

“သေခြင်းသည် ပြည့်စုံစွာ ပျောက်ကွယ်
သွား၍ အောင်မြင်ခြင်းသည် ပြည့်စုံ
လာ၏” ဟုကျမ်းစာဆိုသောအရာသည်
သက်သေအမှန်ဖြစ်လိမ့်မည်။

*ဟေရှာ၊ 25:8*

55 “အိုသေမင်း၊ သင်၏အောင်မြင်ခြင်းသည်
အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ
သင်၏နာကျင်စေသောတန်ခိုးသည် အ
ဘယ်မှာရှိသနည်း” ဟူသောကျမ်းချက်
သည် မှန်ကန်လာပါလိမ့်မည်။

*ဟောရှေ၊ 13:14*

56 သေမင်း၏နာကျင်စေတတ်သောတန်ခိုးသည်
အပြစ်တရားဖြစ်၏။ အပြစ်တရား၏တန်ခိုးသည်
ပညတ်တရားဖြစ်၏။ 57 သို့သော်လည်း ငါတို့
သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
၏။ သူသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါ
တို့အား အောင်မြင်ခြင်းကို ပေးတော်မူ၏။
58 ထို့ကြောင့် ငါချစ်သောညီအစ်ကိုမောင်
နှမတို့ခိုင်ခံ့စွာ ရပ်ကြလော့။ သင်တို့ကို အဘယ်
အရာအားဖြင့်မျှ ကိုယ့်ကိုကိုယ် ပြောင်းလဲရွေ့
လျော့ခြင်းအခွင့်မပေးကြနှင့်။ သခင်ဘုရား၏
အမှုတော်၌ အစဉ်အမြဲ ကိုယ့်ကိုကိုယ် အပြည့်
အဝဆက်ကပ်အပ်နှံကြလော့။ သခင်ဘုရား၌
သင်တို့၏လုပ်ဆောင်သောအရာမှာ ဘယ်
သောအခါမျှ အကျိုးမနည်းသည်ကို သင်တို့
သိကြ၏။

## အခြားသောယုံကြည်သူများအ တွက် ကောက်ခံခြင်း

16 ယခုတွင် ဘုရားသခင်၏လူတို့အတွက်
အလှူတော်ငွေများကို ကောက်ထားကြ
ရန် ငါရေး၏။ ဂလာတိပြည်၌ရှိသော အသင်း
တော်များကို ငါမှာထားသည်အတိုင်း သင်တို့
ပြုကြလော့။ 2 အပတ်စဉ် ပထမနေ့ရက်၌ သင်
တို့အသီးသီး ကောင်းချီးမင်္ဂလာခံစားရသည့်
အတိုင်း သင်တို့တတ်နိုင်သရွေ့ အလှူငွေများကို
များနိုင်သည်ထက်များအောင် ကောက်ယူစု
ဆောင်းကြလော့။ သင်တို့သည် အလှူငွေများ
ကို အထူးသီးသန့်နေရာတွင် စုထားကြရမည်။
ထို့နောက် ငါလာသောအခါ သင်တို့သည် မိမိ
တို့၏အလှူငွေများကို ထပ်မံကောက်ရလိမ့်မည်
မဟုတ်။ 3 ငါသည် ရောက်လာသောအခါ သင်
တို့၏အလှူတော်ငွေနှင့် ဆုကျေးဇူးများကို
ယေရုရှလင်မြို့သို့ ယူသွားစေခြင်းငှါ ငါသည်
လူအချို့တို့ကို စေလွှတ်လိမ့်မည်။ ထိုသူတို့
သည် သင်တို့အားလုံးသဘောတူ၍ သွားရန်အ
လိုရှိသောသူဖြစ်ရပါမည်။ ငါသည် သူတို့အား
မိတ်ဆက်စာများနှင့်အတူ စေလွှတ်ပါလိမ့်မည်။
4 ငါသည်လည်း သွားဖို့ရန်သင့်လျော်လျှင် ထိုသူ
တို့သည် ငါနှင့်အတူ သွားကြရလိမ့်မည်။

## ပေါလု၏အစီအစဉ်များ

5 ငါသည် မာကေဒေါနိပြည်သို့သွားရန် စီစဉ်
၏။ ထို့ကြောင့် ငါသည် မာကေဒေါနိပြည်တစ်
လျှောက်သို့ သွားပြီးမှ သင်တို့ရှိရာသို့ လာ
လိမ့်မည်။ 6 ငါသည် သင်တို့နှင့်အတူ တည်းခို၍
နေပါလိမ့်မည်။ ငါသည် ဆောင်းကာလပတ်
လုံးနေကောင်းနေလိမ့်မည်။ ထို့နောက် သင်တို့
သည် ငါသွားသောနေရာလမ်းခရီးတို့၌ ငါ့အား
ကူညီမစနိုင်ကြပါမည်။ 7 ယခုသွားစဉ်တွင် ငါ
သည် သင်တို့ထံသို့ လျှန်မြန်စွာ အလည်သွား
ခြင်းငှါအလိုမရှိ။ အကြောင်းမူကား၊ သခင်
ဘုရားသည် ခွင့်ပြုတော်မူလျှင် ငါသည် သင်
တို့နှင့်အတူ အချိန်ကြာမြင့်စွာနေမည်ဟု ငါ
မျှော်လင့်ရ၏။ 8 သို့သော်လည်း ငါသည်
ပင်တေကုတ္တေပွဲနေ့*တိုင်အောင် ဧဖက်မြို့၌
နေလိမ့်မည်။ 9 ငါသည် ဤနေရာ၌ နေရလိမ့်
မည်။ အကြောင်းမူကား၊ ကြီးမား၍ ကြီးထွား
နေသောအမှုတော်လုပ်ငန်းအတွက် ကောင်း
သောအခွင့်ထူးကို ယခုတွင် ငါ့အား ပေးတော်
မူ၏။ ငါ့အားဆန့်ကျင်၍ ဆီးတားသောသူ
မြောက်မြားစွာလည်းရှိ၏။

---

**ပင်တေကုတ္တေပွဲ** ယုဒလူမျိုးတို့ ဂျုံရိတ်သိမ်းချိန်တွင် ကျင်းပသောပွဲတော်၊ ပသခါပွဲပြီးမှ ရက်ပေါင်း 50 တွင် ကျင်းပခြင်း ဖြစ်သည်။

10တိမောသေသည် သင်တို့ထံသို့ လာ
ကောင်းလာနိုင်၏။ သူသည် သင်တို့နှင့်အတူ
နေရာတွင် စိတ်သက်တောင့်သက်သာရှိစေ
ခြင်းငှါ ကြိုးစားလုပ်ဆောင်ကြလော့။ သူသည်
သခင်ဘုရား၏အမှုတော်ကို ငါကဲ့သို့ လုပ်
ဆောင်သောသူဖြစ်၏။ 11ထို့ကြောင့် သင်တို့
တွင် အဘယ်သူမျှသူ့ကို မထီမဲ့မြင်ငြင်းပယ်ခြင်း
ကို မပြုစေနှင့်။ သူ့အား ငြိမ်သက်စွာဖြင့်ခရီးပြု
မည်အကြောင်း ကူညီကြလော့။ သို့မှသာ သူ
သည် ငါရှိရာသို့ ပြန်လာနိုင်မည်။ သူသည် ညီ
အစ်ကိုတို့နှင့်အတူ ပြန်လာရန် ငါသည် မျှော်
လင့်လျက်နေ၏။

12ယခုတွင် ငါတို့ညီအစ်ကို အာပေါလုအ
ကြောင်းမှာသူသည် အခြားသောညီအစ်ကို
တို့နှင့်အတူ သင်တို့ထံသို့ အလည်လာရန် ငါ
သည် သူ့အားအခိုင်အမာတိုက်တွန်း၍ တောင်း
ပန်၏။ သို့သော်လည်းယခုတွင် သူသည် သွား
ဖို့ရန် အလိုမရှိကြောင်းသေချာ၏။ သို့သော်
လည်း သူသည် အခွင့်ထူးပေါ်လာသောအခါသူ
သည် သင်တို့ထံသို့ သွားလိမ့်မည်။

## ပေါလုသည် မိမိရေးသောစာကို အဆုံးသတ်ခြင်း

13သတိနှင့်စောင့်နေကြ။ ယုံကြည်ခြင်း၌
ဆက်လက်၍ အားကြီးကာ တည်ကြည်ကြ
လော့။ ရဲရင့်ခြင်းရှိ၍ ခွန်အားနှင့်ပြည့်စုံကြ
လော့။ 14ခပ်သိမ်းသောအရာတို့ကို ချစ်ခြင်း
မေတ္တာစိတ်နှင့် ဆောင်ရွက်ကြလော့။

15သတေဖန်နှင့် သူ၏အိမ်သူအိမ်သားတို့
သည် အခါယပြည်တွင် ပထမဦးဆုံးသောယုံ
ကြည် သူတို့ဖြစ်ကြသည်ကို သင်တို့သိကြ၏။
သူတို့သည် ဘုရားသခင်၏လူတို့အားအမှုကို
ဆောင်ရွက်ရန် ကိုယ့်ကိုကိုယ် ဆက်ကပ်အပ်နှံ
ကြ၏။ ညီအစ်ကိုမောင်နှမတို့ သင်တို့အား ငါ
တောင်းပန်သည်မှာ၊ 16ဤကဲ့သို့သောသူတို့၏
ဦးဆောင်လမ်းပြခြင်းနှင့် သူတို့နှင့်အတူ အမှု
ဆောင်သောသူရှိသမျှတို့၏အုပ်စိုးခြင်းကို သင်
တို့သည် လိုက်နာခံယူကြရန် ဖြစ်၏။

17သတေဖန်၊ ဖော်တုနတ်နှင့် အခါယကုတို့
သည် ရောက်လာကြသောကြောင့် ငါသည်
ဝမ်းမြောက်ခြင်းရှိ၏။ သင်တို့သည် ဤနေရာ၌
မရှိကြ။ သို့သော်လည်း သူတို့သည် သင်တို့၏
နေရာများကို ဖြည့်စွက်၍ ပြည့်စုံစေကြ၏။ 18သူ
တို့သည် ငါ့စိတ်ဝိညာဉ်နှင့်သင်တို့၏စိတ်ဝိညာဉ်
ကို သက်သာစေကြပြီ။ ဤကဲ့သို့သောလူတို့၏
တန်ဖိုးကို သင်တို့သည် သိမှတ်၍ လက်ခံကြ
လော့။

19အာရှ*ပြည်၌ရှိသော အသင်းတော်များ
တို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ အာကုလ
နှင့် ပြစ်ကိလတို့သည် သင်တို့ကို သခင်ဘုရား၌
လိုက်လှဲစွာနှုတ်ဆက်ကြ၏။သူတို့၏အိမ်၌ စုဝေး
သောအသင်းတော်သည်လည်း သင်တို့ကို နှုတ်
ဆက်ကြ၏။ 20ဤနေရာ၌ရှိသော ညီအစ်ကို
မောင်နှမအားလုံးတို့သည်လည်း သင်တို့ကိုနှုတ်
ဆက်ကြ၏။ သင်တို့သည် စည်းဝေးသောအခါ
အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သန့်
ရှင်းသောနမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။

21ငါသည် ပေါလုဖြစ်၏။ ငါသည် ဤနှုတ်
ဆက်ခြင်းအချက်ကို ကိုယ်လက်နှင့်ရေးထား၏။

22လူတစ်ယောက်သည် သခင်ဘုရားကို
မချစ်လျှင်၊ ထိုသူအား ကျိန်ဆဲခြင်းအောက်သို့
ရောက်စေသော။ အိုသခင်ဘုရား၊ ကြွလာ
တော်မူပါ။ 23သခင်ယေရှု၏ကျေးဇူးတော်သည်
သင်တို့၌ရှိပါစေ။ 24ငါ၏ချစ်ခြင်းမေတ္တာသည်
ခရစ်တော်ယေရှု၌ရှိသော သင်တို့အားလုံး၌ ရှိ
ပါစေသော။

**အာရှ** အာရှတိုက်၏အနောက်ပိုင်း။

# ကောရိန္သုဩဝါဒစာ ဒုတိယစောင်

1 ခရစ်တော်ယေရှု၏ တမန်တော်တစ်ပါးဖြစ်
သောငါပေါလုထံမှ နှုတ်ဆက်ပါ၏။ ငါသည်
တမန်တော်တစ်ပါးဖြစ်ရန် ဘုရားသခင်အလို
တော်ရှိ၏။ ခရစ်တော်၌ငါတို့၏ညီ တိမောသေ
နှင့်ကောရိန္သုမြို့၌ရှိသောဘုရားသခင်၏အသင်း
တော်မှစ၍၊ အခါယပြည်တစ်ခု လုံး၌ရှိသော
ဘုရားသခင်၏ လူအားလုံးတို့ကို ကြားလိုက်
ပါ၏။

2 ငါတို့အဘတည်းဟူသော ဘုရားသခင်နှင့်
သခင်ယေရှုခရစ်ထံမှ လာသောကျေးဇူးတော်
နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။

## ပေါလုသည် ဘုရားသခင်အား ချီးမွမ်းခြင်း

3 သခင်ယေရှုခရစ်၏ခမည်းတော် ဘုရား
သခင်သည် ချီးမွမ်းခြင်းမင်္ဂလာရှိတော်မူစေသ
တည်း။ ဘုရားသခင်သည် သနားခြင်းကရုဏာ
နှင့် ပြည့်စုံတော်မူသောနှစ်သိမ့်ခြင်းအားလုံးတို့
၏အဘဖြစ်တော်မူ၏။ 4 ငါတို့သည် ဆင်းရဲဒုက္ခခံ
သောအခါတိုင်း၌ ဘုရားသခင်သည် ငါတို့အား
သက်သာစေသကဲ့သို့ အခြားသောသူတို့သည်
ဆင်းရဲဒုက္ခခံရသောအခါတိုင်း၌ ဘုရားသခင်
ထံတော်မှ ငါတို့ရရှိသောနှစ်သိမ့်ခြင်းနှင့် ငါတို့
သည် သူတို့အား နှစ်သိမ့်စေမည်အကြောင်း၊
5 ငါတို့သည် ခရစ်တော်၏ဆင်းရဲခြင်းများစွာတို့
ကိုခံရသည်နည်းတူ၊ ခရစ်တော်အားဖြင့် များ
စွာသောနှစ်သိမ့်ခြင်းကိုခံကြ၏။ 6 ငါတို့သည်
ဆင်းရဲခြင်းများစွာကိုခံရလျှင်၊ ထိုဆင်းရဲခြင်း
သည် သင်တို့၏နှစ်သိမ့်ခြင်းနှင့် ကယ်တင်ခြင်း
အတွက် ဖြစ်၏။ ငါတို့သည် နှစ်သိမ့်ခြင်းရှိလျှင်၊
ထိုအရာသည်လည်း သင်တို့၏နှစ်သိမ့်ခြင်းအ
တွက်ဖြစ်၏။ ငါတို့၌ရှိသောထိုဆင်းရဲခြင်းသည်
သင်တို့အား စိတ်ရှည်စွာ သည်းခံနိုင်ရန် ကူညီ
မစပါမည်။ 7 သင်တို့အတွက် ငါတို့၏မျှော်လင့်
ခြင်းသည် အလွန်ခိုင်လုံ၏။ ငါတို့ခံရသောဆင်း
ရဲခြင်းများကို သင်တို့သည်လည်း ဝေမျှ၍ခံစား
ကြသည်ကို ငါတို့သိကြ၏။ ထို့ကြောင့် ငါတို့၏
နှစ်သိမ့်ခြင်းကိုလည်း သင်တို့သည် ဝေမျှခံစား
ရမည်ကို ငါတို့သိကြ၏။

8 ညီအစ်ကိုမောင်နှမတို့၊ အာရှပြည်၌ ငါတို့
ခံရသောဆင်းရဲခြင်းအကြောင်းကို သင်တို့အား
သိစေခြင်းငှါ ငါတို့အလိုရှိ၏။ ထိုနေရာတွင် ငါ
တို့၌ရှိသော ကြီးမားလေးလံသောဝန်ထုပ်သည်
ငါတို့တတ်စွမ်းနိုင်ခြင်းထက်သာ၍ ကြီးမား၏။
ငါတို့သည် ထိုအရာအားဖြင့်အ သက်ရှင်ခြင်းငှါ
ငါတို့၏မျှော်လင့်ခြင်းကိုပင် ဆုံးရှုံး၏။ 9 ငါတို့
သည် သေရကြလိမ့်မည် ဟုငါတို့၏စိတ်နှလုံးထဲ
၌ အမှန်စင်စစ် ငါတို့ယုံကြည်၏။ သို့သော်လည်း၊
ငါတို့သည် မိမိကိုယ်ကို မကိုးစားဘဲ သေလွန်
သောသူတို့ကို ထမြောက်စေတော်မူသော
ဘုရားသခင်ကို ကိုးစားရမည့်အကြောင်း ထို
သို့ဖြစ်ရခြင်းဖြစ်၏။ 10 ဘုရားသခင်သည် ငါတို့
ကို ဤမျှလောက် ကြီးမားသောသေခြင်း အ
န္တရာယ်များကြားမှ ကယ်လွှတ်တော်မူပြီ။
ဘုရားသခင်သည် ငါတို့ကို ဆက်လက်၍ ကယ်
လွှတ်တော်မူလိမ့်မည်။ ငါတို့သည် ငါတို့၏
မျှော်လင့်ခြင်းကို သူ့အပေါ်၌ ထား၍သူသည်
ငါတို့ကို ဆက်လက်၍ ကယ်လွှတ်တော်မူပါ
လိမ့်မည် ဟုငါတို့မျှော်လင့်၏။ 11 သင်တို့သည်
လည်း ဆုတောင်းခြင်းအားဖြင့် ငါတို့ကို ကူညီ
နိုင်၏။ ထို့နောက် သူတို့၏များစွာသော ဆု
တောင်းပေးခြင်းကြောင့် ဘုရားသခင်သည် ငါ
တို့ကို ကောင်းချီးပေးတော်မူ၍ များစွာသော

သူတို့သည်လည်း ငါတို့အတွက် ကျေးဇူးတော်
ကို ချီးမွမ်းကြလိမ့်မည်။

## ပေါလု၏အစီအစဉ်များ ပြောင်းလဲလာခြင်း

12ယခုတွင် ငါတို့သည်ဤ အရာအတွက်
ဝါကြွားပြီး၊ ဤအရာသည် မှန်ကန်သည်ဖြစ်
ကြောင်း ကိုယ့်ကိုကိုယ်သိသောငါတို့၏စိတ်
သည် သက်သေခံ၏။ ဤလောက၌ ငါတို့ကျင့်
ကြံပြုမူသမျှသောအရာအားလုံးတို့သည်ဘုရား
သခင်ထံတော်မှ လာသောရိုးသားခြင်းနှင့် ဖြူ
စင်သောစိတ်ဖြင့် ငါတို့ကျင့်ကြံပြုမူကြ၏။ သင်
တို့တွင် ငါတို့ကျင့်ကြံပြုမူသောအရာများသည်
ပင် ပို၍မှန်ကန်၏။ ငါတို့သည် လောကီပညာ
မျိုးအားဖြင့် ဤအရာများကို ကျင့်ကြံပြုမူကြ
သည်မဟုတ်၊ သို့သော်လည်း၊ ဘုရားသခင်၏
ကျေးဇူးတော်အားဖြင့်ဖြစ်၏။ 13သင်တို့သည်
ဖတ်၍ နားလည်နိုင်သောအရာတို့ကိုသာ သင်
တို့ထံသို့ ငါတို့ရေးသား၏။ 14သင်တို့သည် ငါတို့
ကို အနည်းငယ်နားလည်ခဲ့ပြီး သကဲ့သို့ အကုန်
အစင် နားလည်ကြလိမ့်မည်ဟု ငါတို့မျှော်လင့်
လျက်နေ၏။ ငါတို့၏သခင်ယေရှုခရစ်သည် တစ်
ဖန်ကြွလာတော်မူသောနေ့ရက်၌ သင်တို့သည်
ငါတို့၏ဝါကြွားဝမ်းမြောက်ခြင်း ရှိသည်နည်းတူ
ငါတို့သည်လည်း သင်တို့၏ဝါကြွားဝမ်းမြောက်
ခြင်းဖြစ်လိမ့်မည်။

15ဤအရာအားလုံးတို့၌ ငါသည် အလွန်
သေချာလျက်ရှိ၏။ ထိုအကြောင်းကြောင့် ငါ
သည် သင်တို့ထံသို့ အရင်လာမည်ဟု အကြံရှိ
၏။ ထို့နောက် သင်တို့သည် ဒုတိယအကြိမ်
ကောင်းချီးမင်္ဂလာ ဆုကျေးဇူးကို ခံရကြမည်။
16ငါသည် မာကေဒေါနိပြည်သို့ အလည်အပတ်
လာသောခရီး၌ သင်တို့ထံသို့လည်း သွားမည်
ဟု စီစဉ်၏။ ထို့နောက် ငါသည် မာကေဒေါနိ
ပြည်မှအပြန်ခရီးတွင် သင်တို့ထံသို့ တစ်ဖန် ဝင်
လာဦးမည်ဟု အကြံရှိ၏။ ယုဒပြည်သို့ ငါသွား
သောခရီးလမ်းတွင် သင်တို့၏အကူအညီကို ငါ
အလိုရှိ၏။ 17ငါသည် အမှန်ပင် ဆင်ခြင်တွေး
တောခြင်းမပါဘဲ၊ ထိုအစီအစဉ်များကို ကြံစည်
သည်ဟု သင်တို့ထင်မှတ်ယူဆမိကြသလော၊
သို့မဟုတ် လောကီသားတို့သည် အစီအစဉ်
များကို ရေးဆွဲသကဲ့သို့ ငါသည်လည်း အစီအ
စဉ်များကို ကြံစည်ပြီး တစ်ချိန်တည်းမှာပင်
“ဟုတ်မှန်၏” ဟူ၍လည်းကောင်း၊ “မဟုတ်
မမှန်” ဟူ၍လည်းကောင်း ငါ ပြောဆိုပြီဟု သင်
တို့ထင်မှတ်ယူဆကြသလော။

18သို့သော်လည်း၊ သင်တို့သည် ဘုရား
သခင်ကို ယုံကြည်နိုင်လျှင်၊ ငါတို့သည် သင်တို့
အား ပြောသောစကားသည် “ဟုတ်မှန်၏” ဟူ
၍လည်းကောင်း၊ “မဟုတ်မမှန်” ဟူ၍လည်း
ကောင်း အဘယ်သောအခါမျှ နှစ်ခုစလုံးဒွန်တွဲ
၍ မဆိုလိုသည်ကို သင်တို့သည် ယုံကြည်နိုင်
ကြမည်ဖြစ်၏။ 19သိလွာနု၊ တိမောသေနှင့်ငါတို့
သည် သင်တို့အား ဟောပြောသောဘုရား
သခင်၏သားတော် ယေရှုခရစ်တော်သည်
“ဟုတ်မှန်၏” ဟူ၍လည်းကောင်း၊ “မဟုတ်မ
မှန်” ဟူ၍လည်းကောင်းမဆိုလို။ 20ခရစ်တော်
၌ ထိုအရာသည် အစဉ်မပြတ် “ဟုတ်ပါ၏” ဟူ
၍သာဆိုလို၏။ “ဟုတ်မှန်၏” ဟူသောဘုရား
သခင်၏ဂတိတော်များအားလုံးတို့သည် ခရစ်
တော်၌ ဖြစ်ကြ၏။ ထိုအကြောင်းကြောင့်၊ ခရစ်
တော်အားဖြင့် ဘုရားသခင်၏ဘုန်းအသရေ
တော်ထင်ရှားပါစေသော “အာမင်”* ဟူ၍ ငါ
တို့ပြောဆိုကြ၏။ 21ဘုရားသခင်သည် သင်တို့
နှင့် ငါတို့ကို ခရစ်တော်၌ ခွန်အားနှင့်ပြည့်စုံစေ
တော်မူသောသူဖြစ်၏။ ဘုရားသခင်သည် ငါ
တို့အား ဘိသိက်ပေးတော်မူ၏။ 22ငါတို့သည်
ဘုရားသားဖြစ်ကြောင်းကို ထင်ရှားစေခြင်းငှါ၊
သူသည် ငါတို့အပေါ်၌ သူ၏အမှတ်တံ ဆိပ်ကို
ခတ်တော်မူ၏။ သူပေးတော်မူသောဂတိတော်
ကို သူသည် ငါတို့အား ပေးတော်မူလိမ့်မည်
ဖြစ်ကြောင်း၊ သက်သေထင်ရှားစေခြင်းငှါ သူ၏
ဝိညာဉ်တော်ကို ငါတို့၏စိတ်နှလုံးထဲ၌အာမခံ
အဖြစ်သွင်းပေးတော်မူ၏။

23ငါသည် ကောရိန္သုမြို့သို့ ပြန်၍မလာသည့်

---

**“အာမင်”** နိုင်မာစွာသဘောတူညီသောအချိန်တွင် အာ
မင် ဟုပြောဆိုရသည်။

အကြောင်းရင်းမှာ၊ သင်တို့ကို နာကျင်စေခြင်း
ငှါ ငါအလိုမရှိ။ ဤအကြောင်း မှန်ကန်သည်ကို
ငါသည် သင်တို့အား ပြော၍ဘုရားသခင်ကို
ငါ၏သက်သေတည်စေခြင်းငှါ ငါတိုင်တည်၏။
[24]ငါတို့သည်သင်တို့၏ယုံကြည်ခြင်းကို ထိန်းချုပ်
ရန်ကြိုးစားနေသည် ဟုငါမဆိုလို။ သင်တို့သည်
ယုံကြည်ခြင်း၌ အားကြီးသောသူဖြစ်ကြ၏။ သို့
သော်လည်း၊ သင်တို့၏ဝမ်းမြောက်ခြင်းအ
ကြောင်းဖြစ်စေခြင်းငှါ ငါတို့သည် သင်တို့နှင့်အ
တူ လုပ်ဆောင်သောသူများ ဖြစ်ကြ၏။
2 ထိုကြောင့်၊ ငါသည် နောက်တစ်ဖန် သင်
တို့ထံသို့ အလည်အပတ်လာသောအခါ
သင်တို့ကို ဝမ်းနည်းစေသောအလည်လာခြင်း
မဖြစ်စေခြင်းငှါ ငါသည် စိတ်ဆုံးဖြတ်ခဲ့ပြီ။ [2]ငါ
သည် သင်တို့ကို ဝမ်းနည်းစေလျှင်၊ မည်သူ
သည် ငါ့အား ဝမ်းမြောက်စေလိမ့်မည်နည်း။ ငါ
ဝမ်းနည်းစေသောသင်တို့သည် သာလျှင်၊ ငါ့ကို
ဝမ်းမြောက်စေကြ၏။ [3]ငါသည် သင်တို့ထံသို့
ရောက်လာသောအခါ သင်တို့ထဲမှ ငါ့ကို ဝမ်း
မြောက်စေအပ်သောသူတို့သည် ငါ့ကိုဝမ်းနည်း
ခြင်းအကြောင်းမပြုစေခြင်းငှါ သင်တို့ကို ငါစာ
ရေး၏။ သင်တို့အားလုံးကို ငါယုံကြည်စိတ်ချ
၏။ သင်တို့အားလုံးသည် ငါ၏ဝမ်းမြောက်ခြင်း
ကိုဝေမျှခံစားကြမည်ဟုငါအတိအလင်းသိရ၏။
[4]ငါသည် သင်တို့ထံသို့ မျက်ရည်များစွာနှင့်စာ
မရေးမီငါသည် အလွန်ဝမ်းနည်း၍ စိတ်နှလုံး
ထဲ၌ အလွန်ညှိုးငယ်ပူပန်ခြင်းနှင့် ဝမ်းနည်းခြင်း
ရှိ၏။ သင်တို့ကို ဝမ်းနည်းစေခြင်းငှါ ငါမရေး။
ငါသည်သင်တို့ကို အဘယ်မျှလောက်ချစ်သည်
ကို သင်တို့သည် သိနိုင်မည် အကြောင်းငါရေး၏။

## မတရားပြုသောသူကိုခွင့်လွှတ်ကြလော့

[5]သင်တို့အထဲ၌၊ တစ်ယောက်သောသူသည်
ဝမ်းနည်းခြင်းအကြောင်းကို ဖြစ်စေ၏။ သူသည်
ဤဝမ်းနည်းခြင်း အကြောင်းကို ငါ့အား ဖြစ်စေ
သည်မဟုတ်။ သို့သော်လည်း သင်တို့အားလုံး
ကို ဖြစ်စေ၏။ သူသည် တစ်နည်းတစ်လမ်းအား
ဖြင့်အားလုံးတို့အပေါ်၌ဝမ်းနည်းခြင်းအကြောင်း
ကို ဖြစ်စေသည်ဟု ငါဆိုလိုခြင်းဖြစ်၏။ အမှန်
ပင်ဖြစ်သောအခြေအနေထက်ပို၍ ဆိုးသော
အခြေအနေကို ဖြစ်စေခြင်းငှါငါအလိုမရှိ။
[6]များစွာသောသင်တို့က ထိုသူအား ပေးသော
အပြစ်ဒဏ်သည် သူ့အတွက် လုံလောက်ပြီ။ [7]သို့
သော်လည်း ယခုတွင် သင်တို့သည် သူ့အားခွင့်
လွှတ်လျက် သူ့ကို အားပေးနှစ်သိမ့်၍ သက်
သာစေကြလော့။ ဤအရာသည် ထိုသူအားအ
လွန်အကျွံဝမ်းနည်းခြင်းနှင့် လုံးဝလက်လွှတ်ဆုံး
ရှုံးခြင်းမှ ကွယ်ကာတော်မူလိမ့်မည်။ [8]ထို့
ကြောင့်၊ သင်တို့သည် သူ့ကို ချစ်ကြသည့်အ
ကြောင်းကို သူ့အား ထင်ရှားစေကြခြင်းငှါ သင်
တို့ကို ငါတောင်းပန်၏။ [9]ငါသည် သင်တို့အား
ရေးရသည့်အကြောင်းမှာ သင်တို့သည် အစဉ်
အမြဲ ငါ့ကို စုံစမ်းရန်ဖြစ်၏။ [10]သင်တို့သည် တစ်
ယောက်သောသူကို ခွင့်လွှတ်လျှင်၊ ငါသည်
လည်း ထိုသူကို ခွင့်လွှတ်မည်။ ထိုသို့ဆိုသော်၊
ငါသည် ခွင့်လွှတ်ရန် တစ်စုံတစ်ရာရှိလျှင်၊ ငါ
ခွင့်လွှတ်၏။ ငါသည် ခရစ်တော်၏အခွင့်နှင့်
သင်တို့ကို ခွင့်လွှတ်၏။ [11]စာတန်သည် ငါတို့ကို
လှည့်စားအနိုင်ယူမည် မဟုတ်ကြောင်း၊ ဤအ
ရာကိုငါပြု၏။ စာတန်၏အကြံအစည်များသည်
အဘယ်သို့ရှိသည်ကို ငါတို့သည် ကောင်းမွန်စွာ
သိကြ၏။

## တရောမြို့၌ ပေါလု၏စိုးရိမ် ကြောင့်ကြခြင်း

[12]ငါသည် ခရစ်တော်၏ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ဟောပြောရန်တရောမြို့သို့
သွားသောအခါ၊ သခင်ဘုရားသည် ထိုနေရာ၌
ငါ့အား အခွင့်အခါကောင်းကို ပေးတော်မူ၏။
[13]သို့သော်လည်း၊ ထိုနေရာ၌ ငါ့ညီတိတုကို ငါ
မတွေ့သောကြောင့်၊ ငါ၌ ငြိမ်သက်ခြင်းမရှိ။ ထို့
ကြောင့်၊ ငါသည် ထိုသူတို့ကို နှုတ်ဆက်၍
မာကေဒေါနိပြည်သို့ ထွက်သွားခဲ့၏။

## ခရစ်တော်အားဖြင့် အောင်မြင်ခြင်း

[14]သို့သော်လည်း၊ ငါတို့သည် ခရစ်တော်
အားဖြင့် အောင်မြင်ခြင်းကို ရရှိစေခြင်းငှါ ငါတို့

အား အစဉ်အမြဲ လမ်းပြဦးဆောင်တော်မူသော
ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းခြင်းရှိ
ပါစေသော။ ဘုရားသခင်သည် ချိုသာ၍ မွှေး
ကြိုင်သောမိမိ၏ပညာတော်ကို နေရာတိုင်း၌
ငါတို့အားဖြင့် ပျံ့နှံ့စေတော်မူ၏။ 15ငါတို့သည်
ဘုရားသခင်အား ပေးလှူသောအရာမှာ ဤအ
ရာဖြစ်၏။ ငါတို့သည် ကယ်တင်တော်မူလျက်
ရှိသောသူတို့နှင့် ဆုံးရှုံးလျက်ရှိသောသူတို့ အ
လယ်တွင် ခရစ်တော်၏ချိုသာသော အမွှေးအ
ကြိုင်များ ဖြစ်ကြ၏။ 16ဆုံးရှုံးလျက်ရှိသော
သူတို့အတွက် ငါတို့သည် သေခြင်း၏အနံ့ဆိုး
ဖြစ်ကြ၏။ သို့သော်လည်း၊ ငါတို့သည် ကယ်
တင်တော်မူ လျက်ရှိသောသူတို့တွင် အသက်
ရှင်ခြင်းကို ယူဆောင်လာသောအသက်ရှင်ခြင်း
၏အမွှေးအကြိုင်ဖြစ်ကြ၏။ ထို့ကြောင့်၊ ဤအမှု
အရာကိုပြုရန် အဘယ်သူသည် ကောင်းမြတ်
စုံလင်ပါသနည်း။ 17ငါတို့သည် အခြားလူတို့ပြု
သကဲ့သို့ အမြတ်အစွန်းကို ရရန်အတွက် ဘုရား
သခင်၏နှုတ်ကပတ်တော်ကို အသုံးမပြုကြ။ သို့
သော်လည်း၊ ငါတို့သည် ဘုရားသခင်ထံတော်
မှ စေလွှတ်တော်မူသောသူများကဲ့သို့ ခရစ်
တော်၌ သမ္မာတရားကို ဘုရားသခင်၏ရှေ့
တော်တွင် ဟောပြောကြ၏။

## ဘုရားသခင်၏အသစ်သောပဋိညာဉ် တရားအစေခံကျွန်များ

3 ငါတို့သည် ကိုယ့်ကိုကိုယ် ဝါကြွားချီးမွမ်း
ခြင်းကို တစ်ဖန်အစပြုကြပြီလော။ ငါတို့
သည် တချို့သောအခြားသူများကဲ့သို့ သင်တို့
ထံမှ မိတ်ဆက်သောစာများကို လိုအပ်ပါသ
လော့၊ 2သင်တို့ကိုယ်တိုင်သည် ငါတို့၏စာဖြစ်
ကြ၏။ ထိုစာသည် ငါတို့၏စိတ်နှလုံးများ၌ ရေး
ထားသောစာဖြစ်၏။ ထိုစာသည် လူအားလုံး
တို့အားဖြင့် သိနိုင်၍ ဖတ်နိုင်သောစာပင်ဖြစ်
၏။ 3သင်တို့သည် ငါတို့အားဖြင့်စေလွှတ်သော
ခရစ်တော်ထံမှ စာဖြစ်ကြသည်ကို သင်တို့ထင်
ရှားစေကြလော့။ ဤစာသည် မှင်ဖြင့်ရေးသား
သောစာမဟုတ်။ သို့သော်လည်း၊ အသက်ရှင်
တော်မူသော ဘုရားသခင်၏ဝိညာဉ်တော်ဖြင့်
ရေးသားတော်မူ၏။ ထိုစာသည် ကျောက်ပြား
များပေါ်၌ရေးထားသောစာမဟုတ်။ ထိုစာ
သည် လူတို့၏နှလုံးသားပေါ်၌ ရေးထားသော
စာဖြစ်၏။ 4ငါတို့သည် ခရစ်တော်အားဖြင့်
ဘုရားသခင်၏ရှေ့တော်၌၊ ထိုသို့သောယုံမှတ်စွဲ
လမ်းခြင်းရှိသောကြောင့်၊ ဤအရာများကို
ပြောနိုင်၏။ 5ငါတို့သည် ကိုယ့်ကိုကိုယ်ကောင်း
သောအရာတစ်စုံ တစ်ခုပြုနိုင်သည်ကို၊ ငါတို့
သည် ပြောဆိုရန် တတ်နိုင်ကြသည်ဟူ၍ ငါမဆို
လို။ ငါတို့ပြုသောအရာအားလုံးတို့ကို ပြုနိုင်ရန်
တတ်နိုင်တော်မူသောသူသည် ဘုရားသခင်ဖြစ်
တော်မူ၏။ 6ဘုရားသခင်သည် မိမိ၏လူတို့နှင့်
ပြုလုပ်သောပဋိညာဉ်တရားသစ်၏ အစေခံဖြစ်
လာရန် ငါတို့အား တတ်နိုင်စေ၏။ ဤပဋိညာဉ်
တရားသစ်၌ ရေးထားသောတရားကိုမဆိုလို။
သို့ရာတွင်၊ ထိုအရာသည် ဝိညာဉ်တော်တ
ရားဖြစ်၏။ ထိုတရားသည် သေခြင်းကို ယူ
ဆောင်လာ၏။ သို့သော်လည်း၊ ဝိညာဉ်တော်
တရားသည် အသက်ကို ယူဆောင်လာ၏။

## ပဋိညာဉ်တရားသစ်သည် သာ၍ကြီးသော ဘုန်းအသရေကို ယူဆောင်လာ၏

7သေခြင်းကို ယူဆောင်လာသောပဋိညာဉ်
တရား *ဟောင်းသည် ကျောက်ပြားပေါ်၌ရေး
ထားသောတရားဖြစ်၏။ ထိုတရားသည် ဘုရား
သခင်၏ဘုန်းအာနုဘော်နှင့်လာ၏။ ဣသရေလ
လူမျိုးတို့သည် မောရှေ၏မျက်နှာကို မကြည့်
နိုင်လောက်အောင်၊ ဘုရားသခင်၏ဘုန်းရောင်
ခြည်တော်နှင့် အလွန်တောက်ပလျက်ရှိ၏။ ထို
ဘုန်းရောင်ခြည်တော်သည် နောက်ပိုင်း၌ကွယ်
ပျောက်တော်မူ၏။ 8ထို့ကြောင့်၊ ဝိညာဉ်တော်
တရားအားဖြင့် ယူဆောင်လာသောအမှု
ဆောင်ခြင်းသည် သာ၍ဘုန်းအာနုဘော်နှင့်
ပြည့်စုံတော်မူ၏။ 9ဤအရာသည် ငါဆိုလိုသော

---

**ပဋိညာဉ်တရား** အခန်းငယ် 7-11 ထဲကပဋိညာဉ်တရား၏မူရင်းအဓိပ္ပါယ်မှာ "အစေခံခြင်း" သို့မဟုတ် "သာသနာပြုခြင်း။"

အရာဖြစ်၏။ အပြစ်ကို စီရင်သောအမှုဆောင်
ခြင်းသည် ဘုန်းအာနုဘော်ရှိလျှင် လူတို့အား
ဖြောင့်မတ်စေသောအမှုဆောင်ခြင်းသည် အ
ဘယ်မျှသာ၍ဘုန်း အာနုဘော်ရှိမည်နည်း။
10ထိုဟောင်းသောအမှုဆောင်ခြင်းသည် ဘုန်း
အာနုဘော်ရှိ၏။ သို့သော်လည်း၊ အလွန်သာ၍
ကြီးမားသောဘုန်း အာနုဘော်ဖြစ်သည့်အသစ်
သောအမှုဆောင်ခြင်းနှင့် နှိုင်းယှဉ်သောအခါ၊
ဟောင်းသောတရားသည် အမှန်စင်စစ် မိမိ
ဘုန်းအာနုဘော်ကို ဆုံးရှုံးလေ၏။ 11ကွယ်
ပျောက်ခဲ့သောထို အမှုဆောင်ခြင်းသည် ဘုန်း
အာနုဘော်ရှိလျှင်၊ ထာဝရတည်သောအမှု
ဆောင်ခြင်းသည် အဘယ်မျှလောက်သာ၍
ဘုန်းအာနုဘော်ရှိမည်နည်း။
12ငါတို့၌ ဤမျှော်လင့်ခြင်းရှိကြ၏။ ထို
ကြောင့်၊ ငါတို့သည် အလွန်ရဲရင့်ခြင်း ရှိကြ၏။
13ငါတို့သည် မောရှေကဲ့သို့မဟုတ်။ မောရှေ
သည်မိမိမျက်နှာကို ဖုံးအုပ်လျှက်
ဣသရေလလူမျိုးတို့သည် သူ့မျက်နှာကို မမြင်
နိုင်ကြ။ ဘုန်းအာနုဘော်သည် ကွယ်ပျောက်
သွား၍ သူတို့သည် ထိုအရာကို အဆုံးတိုင်
အောင်မြင်ကြရန် မောရှေသည် အလိုမရှိခဲ့။
14သူတို့၏စိတ်နှလုံးသည် မာသောကြောင့် သူ
တို့သည်နားမလည်နိုင်ကြ။ ယခုတိုင်အောင် ဓမ္မ
ဟောင်းကျမ်းကို ဖတ်ကြသောအခါ အနက်အ
ဓိပ္ပါယ်သည် ဖုံးအုပ်လျှက်ရှိ၏။ ခရစ်တော်အား
ဖြင့်သာ ထိုဖုံးအုပ်ခြင်းကို ပယ်ရှင်းနိုင်၏။ 15သို့
သော်လည်း၊ ယခုတိုင်အောင် မောရှေ၏
ပညတ်တော်ကို ဖတ်သောအခါ၊ သူတို့၏စိတ်
နှလုံးသည် ဖုံးအုပ်လျှက်ရှိသေး၏။ 16သို့သော်
လည်း၊ လူတစ်ယောက်သည် သခင်ဘုရားထံ
တော်သို့ ပြောင်းလဲသောအခါ၊ ထိုဖုံးအုပ်ခြင်း
ကို ပယ်ရှင်းသွား၏။ 17သခင်ဘုရားသည်
ဝိညာဉ်တော်ဖြစ်၏။ သခင်ဘုရား၏ဝိညာဉ်
တော်ရှိသောနေရာ၌ လွတ်မြောက်ခြင်းရှိ၏။
18ငါတို့၏မျက်နှာ၌ ဖုံးအုပ်ခြင်းမရှိ။ ငါတို့သခင်
ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေကြ
၏။ ငါတို့သည် ကိုယ်တော်ကဲ့သို့ ပုံသဏ္ဌာန်
ပြောင်းလဲခြင်းရှိကြ၏။ ငါတို့အထဲ၌ရှိသောဤ
ပြောင်းလဲခြင်းသည် ဘုန်းအသရေတော်ကိုသာ
၍ယူဆောင်လာ၏။ ဤဘုန်းအသရေတော်
သည် ဝိညာဉ်တော်ဖြစ်တော်မူသော သခင်
ဘုရားထံတော်မှလာ၏။

## ရွှံ့မြေအိုးများထဲ၌ ရှိသောဝိညာဉ် ပကတိ၏ဘဏ္ဍာ

4
ဘုရားသခင်သည် သူ၏အစေကို ခံရသော
အမှုကို သူ၏ကရုဏာတော်အားဖြင့် ငါတို့
အား ပေးတော်မူ၏။ ထို့ကြောင့်၊ ငါတို့သည်
ငါတို့၏မျှော်လင့်ခြင်းကို အဆုံးမပေးကြ။ 2သို့
သော်လည်း၊ ငါတို့သည် လျှို့ဝှက်၍ ရှက်ဖွယ်
သောနည်းလမ်းများ၊ ငြင်းပယ်ကြ၏။ ငါတို့
သည် လိမ်လည်လှည့်ဖြားမှုကိုမသုံး။ ငါတို့
သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်
ကို မပျက်ဆီး။ ငါတို့သည် သမ္မာတရားကိုရှင်း
လင်းစွာ ဟောပြော၏။ ဤနည်းအားဖြင့် ငါတို့
သည် ဘုရားသခင်၏ရှေ့တော်၌ အဘယ်သို့
သောလူများဖြစ်သည်ကို လူတိုင်းအားဖော်ပြ
၏။ 3ငါတို့ဟောပြောသောဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းသည် ဖုံးအုပ်လျှက်ရှိလျှင် ဆုံး
ရှုံးခြင်း သို့ရောက်သောသူတို့ကိုသာ ဖုံးအုပ်
လျှက်ရှိ၏။ 4ဤလောကကို အုပ်စိုးသူ *သည်
မယုံကြည်သောသူတို့၏ဉာဏ်မျက်စိကို ကွယ်
စေ၏။ ထို့ကြောင့် ခရစ်တော်၏ဘုန်းအသရေ
တော်အကြောင်းဖြစ်သော ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်း၏အလင်းကို မမြင်နိုင်ကြ။ 5ငါ
တို့သည် ကိုယ်အကြောင်းကို မဟောပြော။ သို့
သော်လည်း၊ ယေရှုခရစ်သည် သခင်ဘုရားဖြစ်
တော်မူကြောင်းနှင့် ငါတို့သည် ယေရှုအတွက်
သင်တို့၏အစေကိုခံသော သူများဖြစ်ကြောင်း
ကို ဟောပြောကြ၏။ 6“အလင်းကို မှောင်မိုက်
တွင်လင်းစေလော့” ဟုဘုရားသခင်သည် တစ်
ခါမိန့်တော်မူခဲ့၏။ ထိုဘုရားသခင်သည် မိမိ
အလင်းကို ငါတို့၏စိတ်နှလုံးထဲ၌ ထွန်းလင်းစေ
တော်မူသောသူပင်ဖြစ်၏။ ယေရှုခရစ်၏မျက်

**အုပ်စိုးသူ** မူရင်းအဓိပ္ပါယ်မှာ “နတ်ဘုရား”

နာတော်၌ရှိတော်မူသော ဘုရားသခင်၏ဘုန်း
အသရေတော်ကို ငါတို့အား သိစေတော်မူ
သောအားဖြင့် သူသည် ငါတို့ကို အလင်းပေး
တော်မူ၏။
[7]ငါတို့သည် ဤဘဏ္ဍာကို ဘုရားသခင်ထံ
တော်မှခံရကြ၏။ သို့သော်လည်း၊ ငါတို့သည်
ထိုဘဏ္ဍာများကို ထိန်းသိမ်းထားသောရွှံ့မြေ
အိုးများကဲ့သို့သာဖြစ်ကြ၏။ ဤကြီးမားသော
တန်ခိုးတော်သည် ဘုရားသခင်ထံတော်မှ ဖြစ်
၍၊ ငါတို့ထံမှ မဟုတ်ကြောင်းကို ဤအရာအား
ဖြင့် ထင်ရှားစေ၏။ [8]ဒုက္ခဆင်းရဲခြင်းသည် ငါ
တို့ကို ဝိုင်းရံ၏။ သို့သော်လည်း၊ ငါတို့သည်
ရှုံးနိမ့်ခြင်းသို့မရောက်။ ငါတို့သည် မကြာခဏ
ဆိုသလို၊ အဘယ်သို့ပြုရမည်ဟူ၍ မသိကြ။ သို့
သော်လည်း ငါတို့သည် မျှော်လင့်ခြင်းကို မဆုံး
ရှုံးကြ။ [9]ငါတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရ
သော်လည်း၊ ဘုရားသခင်သည် ငါတို့ကို စွန့်
ပစ်တော်မမူ။ ငါတို့သည် တစ်ခါတစ်ရံ နာကျင်
ခြင်းကို ခံရသော်လည်း ပျက်စီးဆုံးရှုံးခြင်းသို့
မရောက်ကြ။ [10]ယေရှု၏အသက်တာကို ငါတို့
ကိုယ်ခန္ဓာ၌ မြင်နိုင်စေခြင်းငှါ ယေရှု၏သေ
တော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ကိုယ်ခန္ဓာ၌
ဆောင်ကြ၏။ [11]ငါတို့သည်အသက်ရှင်ကြ၏။
သို့သော်လည်း၊ ယေရှုအတွက် ငါတို့သည် အ
စဉ်မပြတ် သေခြင်း၏အန္တရာယ်တွင်း၌ ရှိကြ၏။
ဤအရာသည် ငါတို့၌ ဖြစ်ပျက်လျက်ရှိ၏။ ထို့
ကြောင့် ယေရှု၏အသက်တာကို ငါတို့၏သေ
တတ်သောကိုယ်ခန္ဓာ၌ မြင်နိုင်မည်။ [12]ထို့
ကြောင့်၊ သေခြင်းတရားသည် ငါတို့အထဲ၌ အ
လုပ်လုပ်လျက်နေ၏။ သို့သော်လည်း၊ အသက်
ရှင်ခြင်းတရားသည် သင်တို့အထဲ၌ အလုပ်လုပ်
လျက်နေ၏။ [13]ကျမ်းစာ၌ ရေးထားသည်မှာ
“ငါသည် ယုံကြည်၏။ ထို့ကြောင့်၊ ငါပြောဆိုခဲ့
သည်’* ဟူ၍ဖြစ်၏။ ငါတို့၏ယုံကြည်ခြင်းသည်
လည်း၊ ထိုကဲ့သို့ဖြစ်၏။ ငါတို့သည် ယုံကြည်ကြ
၏။ ထို့ကြောင့် ငါတို့သည် ဟောပြောကြ၏။
[14]ဘုရားသခင်သည် သခင်ယေရှုကို သေခြင်းမှ
ထမြောက်စေတော်မူ၏။ ထိုနည်းတူ ဘုရား
သခင်သည် ငါတို့ကိုလည်း ယေရှုနှင့်အတူ ထ
မြောက်စေတော်မူလိမ့်မည်ဟု ငါတို့သိကြ၏။
ဘုရားသခင်သည် ငါတို့ကို သင်တို့နှင့်အတူ
ဆောင်ယူတော်မူ၍ ငါတို့သည် သူ၏ရှေ့တော်
၌ ရပ်ကြရလိမ့်မည်။ [15]ဤအရာအားလုံးတို့
သည် သင်တို့အတွက် ဖြစ်၏။ ထို့ကြောင့်
ဘုရားသခင်၏ကျေးဇူးတော်သည် လူတို့အား
သာ၍ပေးတော်မူ၏။ ဤအရာသည် ဘုရား
သခင်၏ဘုန်းအသရေတော်အတွက် ဘုရား
သခင်အား ကျေးဇူးတော်ချီးမွမ်းခြင်းကို သာ၍
ယူဆောင်လာပါမည်။

## ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း

[16]ထို့ကြောင့် ငါတို့သည် ဘယ်သောအခါမျှ
မျှော်လင့်ခြင်းကို မဆုံးရှုံး။ ငါတို့၏ကိုယ်ခန္ဓာအို
မင်း၍ အားနည်းခြင်းသို့ ရောက်သော်လည်း၊
ငါတို့အထဲ၌ရှိသော ငါတို့၏ဝိညာဉ်သည် တစ်
နေ့ထက်တစ်နေ့အသစ်ပြုပြင်ခြင်းကိုခံရ၏။ [17]ငါ
တို့သည် ယခုတွင် သေးငယ်သောဆင်းရဲဒုက္ခပြ
ဿနာကို ခဏသာခံရကြ၏။ သို့သော်လည်း၊
ထိုဆင်းရဲဒုက္ခပြဿနာများသည် ငါတို့အား အ
ကျိုးကို ပေး၍ ထာဝရဘုန်းအသရေအတွက်
ကူညီထောက်မပါလိမ့်မည်။ ထိုဘုန်းအသရေ
သည် ယခုမျက်မှောက်ကာလ၌ ခံစားရသော
ဆင်းရဲဒုက္ခများထက် အလွန်ကြီးမားလှ၏။ [18]ထို့
ကြောင့် ငါတို့မျက်စေ့သည် မြင်နိုင်သောအရာ
ပေါ် မထားဘဲ မမြင်နိုင်သောအရာအပေါ်၌ ငါ
တို့ထားကြ၏။ ငါတို့မြင်နိုင်သောအရာများတို့
သည် တိုတောင်းသောအချိန်အတွင်း၌သာ
ဆက်လက်၍ တည်ရှိမည်။ ငါတို့မမြင်နိုင်သော
အရာများတို့သည် ထာဝရအစဉ်မပြတ် ဆက်
လက်၍ တည်ရှိပါလိမ့်မည်။
5 ဤမြေကြီးပေါ်ရှိ ငါတို့နေထိုင်ရာ တဲအိမ်
ဖြစ်သော ကိုယ်ခန္ဓာသည် ပျက်စီးလိမ့်မည်
ကို ငါတို့သိကြ၏။ သို့သော်လည်း၊ ထိုအရာ
သည် ဖြစ်ပျက်သောအခါ၊ ငါတို့နေစရာအ
တွက် ဘုရားသခင်သည် အိမ်ကိုပေးတော်မူ

**“ငါသည် ... ဆိုခဲ့သည်။”** ဆာလံ 116:10

လိမ့်မည်။ ထိုအရာသည် လူအားဖြင့် လုပ်သော
အိမ်မဟုတ်။ ကောင်းကင်၌ ရှိသောအိမ်ဖြစ်၍
အစဉ်ထာဝရ တည်ရှိတော်မူပါလိမ့်မည်။ 2သို့
သော်လည်း၊ ယခုတွင် ငါတို့သည် ဤကိုယ်
ခန္ဓာ၌ ညည်းတွားမြည်တမ်းလျက်နေကြ၏။
ဘုရားသခင်သည် ကောင်းကင်အိမ်တော်ကို
ငါတို့အား ပေးတော်မူရန် ငါတို့သည် တောင့်တ
လျက်နေကြ၏။ 3ထိုအရာသည် ငါတို့အား ဝတ်
ဆင်လိမ့်မည်။ ငါတို့သည် အဝတ်မဲ့ဖြစ်ကြလိမ့်
မည်မဟုတ်။ 4ငါတို့သည် ဤကိုယ်ခန္ဓာ၌ အ
သက်ရှင်နေစဉ် လေးသောဝန်များကို ထမ်း၍
ညည်းတွားမြည်တမ်းကြ၏။ ဤကိုယ်ခန္ဓာထဲမှ
ထွက်လိုသောကြောင့်ညည်းတွားသည်မဟုတ်။
သော်လည်း၊ ငါတို့သည် ငါတို့၏ကောင်းကင်
အိမ်တော်၌ တန်ဆာဆင်ရန် အလိုရှိကြ၏။ ထို
ကြောင့် ပျက်စီးနိုင်သောဤကိုယ်ခန္ဓာသည် အ
သက်နှင့်လုံးခြုံစွာ ဖုံးအုပ်ခြင်းရှိလိမ့်မည်။ 5ဤ
အကြောင်းကြောင့် ဘုရားသခင်သည် ငါတို့ကို
ဖန်ဆင်းတော်မူ၏။ သူသည် ငါတို့အား ထိုအ
သစ်သောအသက်ကို အာမခံသောဝိညာဉ်
တော်ကို ပေးတော်မူ၏။

6ထိုကြောင့် ငါတို့သည် အစဉ်မပြတ် ယုံ
ကြည်စိတ်ချမှုရှိကြ၏။ ငါတို့သည် ဤကိုယ်
ခန္ဓာ၌ရှိနေစဉ် သခင်ဘုရားထံတော်မှ ဝေးကွာ
နေကြသည်ကို ငါတို့သိကြ၏။ 7ငါတို့၏ယုံကြည်
သောအရာအားဖြင့် ငါတို့သည် အသက်ရှင်ကြ
၏။ ငါတို့မြင်နိုင်သောအရာအားဖြင့် မဟုတ်။
8ထိုကြောင့် ငါတို့၌ ယုံကြည်စိတ်ချမှု ရှိသည်ဟု
ငါဆို၏။ အမှန်စင်စစ် ငါတို့သည် ဤကိုယ်
ခန္ဓာမှ ဝေးကွာ၍ သခင်ဘုရားနှင့်အတူ နေဖို့
ရန်အလို ရှိကြ၏။ 9ငါတို့၏တစ်ခုတည်းသော
ပန်းတိုင်မှာ ဤကိုယ်ခန္ဓာ၌ အသက်ရှင်သည်
မရှင်သည်ဖြစ်စေ၊ သခင်ဘုရားနှင့်အတူရှိသည်
မရှိသည်ဖြစ်စေ၊ ဘုရားသခင်အား ကျေနပ်နှစ်
သက်စေခြင်းငှါ ဖြစ်၏။

10ငါတို့အားလုံးသည် တရားစီရင်ခြင်းကို
ခံရန်ခရစ်တော်ရှေ့၌ ရပ်ကြရမည်။ လူတိုင်း
သည် မိမိအဘယ်အရာကို ပြုခဲ့သည်အကြောင်း
စီရင်ခြင်းခံရလိမ့်မည်။ ငါတို့ရှိမျှသည်ကိုယ်ခန္ဓာ
၌ အသက်ရှင်နေစဉ် သူပြုခဲ့သောကောင်းသော
အရာများ၊ သို့မဟုတ် ဆိုးသောအရာများအ
တွက် အဖိုးအခကို ပေးခြင်းခံရလိမ့်မည်။

## ဘုရားသခင်၏မိတ်ဆွေများဖြစ်လာရန် လူတို့အားကူညီခြင်း

11သခင်ဘုရားကို ကြောက်ရွံ့ခြင်းသည် အ
ဘယ်အရာကို ဆိုလိုကြောင်း ငါတို့သိကြ၏။
ထိုကြောင့် ငါတို့သည် သမ္မာတရားကို ခံယူကြ
ရန် လူတို့အား ကြိုးစား၍ ကူညီကြ၏။ ငါတို့
သည် အမှန်စင်စစ် အဘယ်သို့သောသူ ဖြစ်ကြ
သည်ကို ဘုရားသခင်သိတော်မူ၏။ သင်တို့၏
စိတ်နှလုံးထဲ၌ ငါတို့ကိုလည်း သိကြမည်ဟု ငါ
မျှော်လင့်၏။ 12ငါတို့သည် သင်တို့အား တစ်ဖန်
ကိုယ့်ကိုကိုယ် သက်သေထင်ရှားစေခြင်းငှါ
မကြိုးစားကြ။ သို့သော်လည်း၊ ငါတို့သည် သင်
တို့အား ကိုယ့်အကြောင်းကို ပြောကြ၏။ မြင်
နိုင်သောအရာများကို ထောက်၍ ဝါကြွား
သောသူတို့၏စကားကို သင်တို့ဖြေဆိုနိုင်မည်
အကြောင်း ငါတို့၌ ဝါကြွားစရာအကြောင်းများ
ကို သင်တို့အား ငါတို့ပေးလျက်နေကြ၏။ လူ
တစ်ယောက်၏စိတ်နှလုံးသည် အဘယ်ကဲ့သို့
ဖြစ်သည်ကို ထိုသူတို့သည် ဂရုမစိုက်ကြ။ 13ငါ
တို့သည် ရူးသွပ်သောသူတို့ ဖြစ်ကြလျှင်၊ ထို
အရာသည် ဘုရားသခင်အတွက်ဖြစ်၏။ ငါတို့
သည် ငါတို့၏မှန်ကန်သောစိတ်ရှိလျှင်၊ ထိုအ
ရာသည် သင်တို့အတွက်ဖြစ်၏။ 14ခရစ်တော်၏
ချစ်ခြင်းမေတ္တာသည် ငါတို့ကို ထိန်းချုပ်တော်
မူ၏။ အကြောင်းမူကား၊ တစ်ယောက်သောသူ
(ခရစ်တော်)သည် လူအားလုံးတို့အတွက် အ
သေခံတော်မူ၏။ ထို့ကြောင့် လူအားလုံးတို့
သည် သေခဲ့ကြပြီ။ 15ခရစ်တော်သည် လူအား
လုံးတို့အတွက် အသေခံတော်မူ၏။ ထို့ကြောင့်
အသက်ရှင်လျက်ရှိသောသူတို့သည် မိမိတို့အ
တွက် ဆက်လက်၍ အသက်မရှင်သင့်။ သူသည်
လူအပေါင်းတို့အတွက် အသေခံတော်မူ၍ သေ

ခြင်းမှထမြောက်တော်မူ၏။ ထိုကြောင့် သူတို့
သည် ခရစ်တော်အတွက် အသက်ရှင်ရမည်။
[16]ဤအချိန်မှစ၍ လောကီသားတို့သည် လူ
တို့ကိုထင်မှတ်သကဲ့သို့ မည်သူ့ကိုမျှ ငါတို့သည်
မထင်မှတ်ကြ။ လွန်လေပြီးသောကာလ၌ ခရစ်
တော်အကြောင်းကို လောကီသားတို့ထင်သကဲ့
သို့ ငါတို့သည်လည်း ထင်မှတ်ခဲ့ကြသည်မှာ မှန်
ပါ၏။ သို့သော်လည်း၊ ငါတို့သည် ထိုနည်းလမ်း
ကို ယခုတွင် အသုံးမပြုကြ။ [17]လူတစ်ယောက်
သည် ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော
သူဖြစ်၏။ ဟောင်းသောအရာတို့သည် ပျောက်
ကွယ်၍ ခပ်သိမ်းသောအရာတို့သည် အသစ်
ဖြစ်ကြပြီ။ [18]ဤအရာအားလုံးတို့သည် ဘုရား
သခင်ထံတော်မှလာ၏။ ဘုရားသခင်သည် ငါ
တို့နှင့် သူကိုယ်တိုင်ကြား၌ ခရစ်တော်အားဖြင့်
ငြိမ်သက်ခြင်းကို ဖြစ်စေတော်မူ၏။ ဘုရား
သခင်သည် ငါတို့အား သူနှင့်လူတို့အကြား၌ ငြိမ်
သက်ခြင်းကို ပြုသောအမှုကို ငါတို့အား ပေး
တော်မူ၏။ [19]ငါဆိုလိုသည်မှာ၊ ဘုရားသခင်
သည် ခရစ်တော်၌ရှိ၍ လောကီသားတို့နှင့်
သူကိုယ်တိုင်စပ်ကြား၌ ငြိမ်သက်ခြင်းပြုတော်
မူ၏။ ဘုရားသခင်သည် လူတို့၏အပြစ်များကို
မှတ်တော်မမူ။ ဤငြိမ်သက်ခြင်းသတင်းသည်
လူတို့အား ပြောခြင်းငှါ ငါတို့ကို သူပေးတော်
မူသောအရာဖြစ်၏။ [20]ထို့ကြောင့် ခရစ်တော်
အတွက် ဟောပြောရန် ငါတို့သည် စေလွှတ်
တော်မူခြင်းကိုခံရကြ၏။ ထိုအရာမှာ ဘုရား
သခင်သည် လူတို့ကို ငါတို့အားဖြင့် ခေါ်လျှက်ရှိ
တော်မူ၏။ သင်တို့သည် ဘုရားသခင်ရှေ့တော်
၌ ဖြောင့်မတ်ခြင်းသို့ ရောက်ရှိရန် တောင်းပန်
သောအခါ၊ ငါတို့သည် ခရစ်တော်အားဖြင့်
အပြောဆိုကြ၏။ [21]ခရစ်တော်သည် အပြစ်
ကင်းစင်လျှက်ရှိ၏။ သို့သော်လည်း၊ ဘုရား
သခင်သည် သူ့ကို အပြစ်နှင့်ပြည့်သောသူတစ်
ယောက်ကဲ့သို့ ဆက်ဆံတော်မူ၏။ ဘုရားသခင်
သည် ဤအရာကို ငါတို့အတွက် ပြုတော်မူ၏။
ထိုကြောင့် ငါတို့သည် ခရစ်တော်အားဖြင့်
ဖြောင့်မတ်ရာသို့ ရောက်ရှိကြ၏။

6 ငါတို့သည် ဘုရားသခင်နှင့်အတူတကွ အ
မှုတော်ကို ဆောင်ရွက်သောသူများဖြစ်
ကြ၏။ ထိုကြောင့် သင်တို့အား ငါတို့တောင်း
ပန်၏။ သင်တို့သည် ဘုရားသခင်ထံတော်မှခံရ
သောကျေးဇူးတော်ကို အကျိုးမဲ့ဖြစ်စေခြင်းငှါ
အခွင့်မပြုကြနှင့်။ [2]ဘုရားသခင် မိန့်တော်မူ
သည်မှာ၊

“ငါသည် နှစ်သက်ဖွယ်သောအချိန်၌ သင်
၏စကားကို နားထောင်ပြီ။ ငါသည်
ကယ်တင်ရာနေ့ရက်ကာလ၌ သင့်ကို
ကူညီမစပြီ။” *ဟေရှာယ၊ 49:8*

ငါသည် သင်တို့အား မိန့်ဆိုသည်မှာ၊ “နှစ်သက်
ဖွယ်သောအချိန်”သည် ယခုပင် ဖြစ်၏။ “ကယ်
တင်ရာနေ့ရက်ကာလ” သည်လည်း ယခုပင်
ဖြစ်၏။
[3]ငါတို့သည် ဘုရားသခင်၏အမှုတော်
ဆောင်ရာပြစ်တင်ခြင်းကို ငါတို့အလိုမရှိ။ ထို
ကြောင့် ငါတို့သည် အခြားသောသူတို့အား ပြ
ဿနာဖြစ်စေမည့် မည်သည့်အရာကိုမျှ ပြုလိမ့်
မည်မဟုတ်။ [4]သို့သော်လည်း၊ ငါတို့သည်ဘုရား
သခင်၏အစေခံကျွန်များဖြစ်ကြသည်ကို အရာ
ရာ၌ ထင်ရှားစွာ ငါတို့ပြုကြ၏။ ငါတို့သည်
ဒုက္ခဆင်းရဲခြင်းများ၊ ခက်ခဲမှုများနှင့် ကြီးမား
သောပြဿနာများတို့တွင် ကြမ်းတမ်းသော
အရာများစွာတို့ကိုခံရကြ၏။ [5]ငါတို့သည် ရိုက်
ပုတ်ခြင်း၊ ထောင်ထဲသို့ထည့်ခြင်းနှင့် သူတပါး
၏ရုန်းရင်းခတ်ပြုခြင်းကိုခံကြ၏။ ငါတို့သည်
ကြိုးစား၍ လုပ်ဆောင်ကြ၏။ တစ်ခါတစ်ရံ
ငါတို့သည် မအိပ်ရကြ။ မစားကြ။ [6]ငါတို့၏စိတ်
နှလုံးစင်ကြယ်ခြင်း၊ ပညာရှိခြင်း၊ အလွန်သည်း
ခံခြင်း၊ သနားစုံမက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်
တော်ကိုခံခြင်းနှင့် စစ်မှန်သောမေတ္တာရှိခြင်း
များအားဖြင့် ငါတို့သည် ဘုရားသခင်၏အစေ
ခံကျွန်များဖြစ်ကြပြီး၊ [7]သမ္မာတရားဟောပြော
ခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ငါ
တို့သက်သေပြုကြ၏။ ငါတို့၏ခုခံကာကွယ်ခြင်း
နှင့်တိုက်လှန်ခြင်းလက်နက်သည် ငါတို့၏ဖြောင့်
မတ်သောအသက်ရှင်ခြင်း ဖြစ်၏။ [8]အချို့သော

သူတို့သည် ငါတို့ကို ချီးမြှောက်၏။ သို့သော်
လည်း၊ အခြားသောသူတို့သည် ငါတို့ကို ရှုတ်
ချကြ၏။ အချို့သောသူတို့သည် ငါတို့၏ကောင်း
ကြောင်းများကို ပြောကြ၏။ သို့သော်လည်း၊
အခြားသောသူတို့သည် ဆိုးသောအရာများကို
ပြောကြ၏။ ငါတို့သည် သမ္မာတရားကို ဟော
ပြောကြသော်လည်း၊ အချို့သောသူတို့က လိမ်
ညာသောသူဖြစ်ကြသည် ဟုပြော၏။ 9ငါတို့
သည် ကျော်စော်သောသူ ဖြစ်သော်လည်း အ
ချို့သောသူတို့အတွက် အဘယ်သူမျှ မသိသော
သူကဲ့သို့ဖြစ်၏။ ငါတို့သည် သေသောသူကဲ့သို့
ဖြစ်ကြ၏။ သို့သော်လည်း ကြည့်လော့၊ ငါတို့
သည် ဆက်လက်၍ အသက်ရှင်ကြ၏။ ငါတို့
သည် အပြစ်ဒဏ်ပေးခြင်းကိုခံရ၏။ သို့သော်
လည်း၊ အသေသတ်ခြင်းကိုမခံကြ။ 10ငါတို့၌
ဝမ်းနည်းခြင်းများ စွာရှိကြ၏။ သို့သော်လည်း၊
ငါတို့သည် အစဉ်မပြတ်ဝမ်းမြောက်ကြ၏။ ငါ
တို့သည် ဆင်းရဲလျှက်ရှိ၏။ သို့သော်လည်း၊
များစွာသောသူတို့ကို ယုံကြည်ခြင်း၌ ကြွယ်ဝ
စေခြင်းငှါ ပြုကြ၏။ ငါတို့၌ ဘာမျှမရှိ။ သို့
သော်လည်း၊ အမှန်စင်စစ် ငါတို့သည် အရာရာ
၌ပြည့်စုံခြင်းရှိကြ၏။

11ငါတို့သည် ကောရိန္သုမြို့၌ရှိသော သင်တို့
အား လွတ်လပ်စွာ စကားပြော၏။ ငါတို့၏စိတ်
နှလုံးကို သင်တို့အား ဖွင့်လျှက်ရှိ၏။ 12သင်တို့
အတွက် ငါတို့၌ ခံစားရသောချစ်ခြင်း မေတ္တာ
သည် မကုန်ခန်းနိုင်ပါ။ ငါတို့အတွက် သင်တို့၌
ခံစားရသောချစ်ခြင်း မေတ္တာကို သင်တို့သည်
ကုန်ခန်းစေကြ၏။ 13ငါသည် သင်တို့ကို ငါ၏
သားသမီးများကဲ့သို့ စကားပြော၏။ ငါတို့ပြု
သည့်နည်းတူ သင်တို့သည်လည်း ပြုကြလော့။
သင် တို့၏နှလုံးသားများကိုလည်း ဖွင့်ထားကြ
လော့။

## ခရစ်ယာန်မဟုတ်သောသူတို့အား သတိပေးခြင်း

14သင်တို့သည် ထိုမယုံကြည်သောသူတို့
နည်းတူမဟုတ်။ ထို့ကြောင့် သင်တို့နှင့်အတူတွဲ
ဖက်၍ အပေါင်းအဖော်မပြုကြနှင့်။ ကောင်း
သောအရာဖြစ်စေ၊ ဆိုးသောအရာဖြစ်စေ အ
တူတကွပေါင်းဖက်ခြင်း မပြုကြနှင့်။ အလင်း
သည် အမှောင်နှင့်မိတ်သဟာယမဖွဲ့နိုင်။ 15ခရစ်
တော်သည် ဗေလျာလ(မာရ်နတ်) နှင့်အဘယ်
သို့ ပဋိညာဉ်တရားပြုနိုင်မည်နည်း။ ယုံကြည်
သူတစ်ယောက်သည် မယုံကြည်သောသူတစ်
ယောက်နှင့် အဘယ်အရာကို ဝေငှမည်နည်း။
16ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့်
မည်သည့်ပဋိညာဉ်တရားမျှမပြုနိုင်။ ငါတို့သည်
အသက်ရှင်တော်မူသောဘုရား သခင်၏ဗိမာန်
တော်ဖြစ်၏။ ဘုရားသခင်မိန့်တော်မူသည်နှင့်
အညီ၊

“ငါသည် သူတို့နှင့်အတူနေမည်။ သူတို့နှင့်
အတူသွားလာမည်။ ငါသည် သူတို့၏
ဘုရားသခင် ဖြစ်တော်မူလိမ့်မည်။ သူ
တို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။”

*ဝတ်ပြုရာ၊ 26:11-12*

17“ထို့ကြောင့် ထိုသူတို့မှ ထွက်၍၊ အသီးအ
ခြားနေကြလော့ဟု ထာဝရဘုရားမိန့်
တော်မူ၏။ မစင်ကြယ်သောအရာကို
လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင်၊ ငါ
သည် သင်တို့ကို လက်ခံမည်။”

*ဟေရှာယ၊ 52:11*

18“ငါသည် သင်တို့အဘဖြစ်လိမ့်မည်။ သင်
တို့သည်လည်း ငါ၏သားသမီးများဖြစ်ကြ
လိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံတော်
မူသောထာဝရဘုရားမိန့်တော် မူ၏။”

*2 ဓမ္မရာ၊ 7; 14, 7:8*

7ချစ်သောမိတ်ဆွေတို့၊ ငါတို့သည် ဤဂတိ
တော်များကို ဘုရားသခင်ထံမှခံကြ၏။ ထို
ကြောင့် ငါတို့၏ကိုယ်ခန္ဓာ၊ သို့မဟုတ် ငါတို့၏
စိတ်ဝိညာဉ်ကို ညစ်ညူးစေမည့်အရာရှိသမျှတို့
မှ ငါတို့သည် ကင်းလွတ်စေခြင်းငှါ ကိုယ့်ကို
ကိုယ် သန့်ရှင်းစေရမည်။ ငါတို့သည် ဘုရား
သခင်ကို ကြည်ညိုလေးစားသည်ဖြစ်၍ ငါတို့၏
အသက်ရှင်ခြင်းတွင် စုံလင်သောသူဖြစ်လာကြ
ရန် ကြိုးစားအားထုတ်ရမည်။

## ပေါလု၏ဝမ်းမြောက်ခြင်း

2သင်တို့စိတ်နှလုံးများကို ငါတို့အား ဖွင့်
ထားကြလော့။ ငါတို့သည် အဘယ်သူကိုမျှအ
မှားအယွင်းမပြုကြ။ ငါတို့သည် အဘယ်သူ၏
ယုံကြည်ခြင်းကိုမျှ မဖျက်ဆီး၊ ငါတို့သည် အ
ဘယ်သူ၏အခွင့်ကောင်းကိုမျှမယူကြ။ 3ငါသည်
သင်တို့ကို အပြစ်တင်၍ ဤအရာကို ဆိုသည်
မဟုတ်။ ငါတို့သည် သင်တို့ကို အလွန်ချစ်ကြ
သည်ဖြစ်၍၊ ငါတို့သည် သင်တို့နှင့်အတူအသက်
ရှင်ခြင်း သို့မဟုတ် အတူအသေခံခြင်း ရှိကြ
သည်ကို သင်တို့အား ပြောနှင့်ပြီးဖြစ်၏။ 4ငါ
သည် သင်တို့ကို အလွန်ယုံကြည်အားထားရ
၏။ ငါသည် သင်တို့ကြောင့် အလွန်ဝါကြွားခြင်း
ရှိ၏။ သင်တို့သည် ငါ့ကို အလွန်အားပေးကြ၏။
ငါတို့ခံရသောဒုက္ခဆင်းရဲခြင်း၊ညှဉ်းဆဲခြင်းအား
လုံးတို့၌ ငါသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။
5ငါတို့သည် မာကေဒေါနိပြည်သို့ ရောက်
သောအခါ၊ ငါတို့၌ အနားယူခြင်းအလျှင်းမရှိ
ကြ။ အရာရာ၌ညှဉ်းဆဲခြင်း ကိုခံရကြ၏။ ငါ
တို့သည် အပြင်၌ တိုက်လှန်ခြင်း ရှိ၍၊အတွင်း၌
စိုးရိမ်ခြင်းရှိ၏။ 6သို့သော်လည်း၊ ဘုရားသခင်
သည် ဆင်းရဲဒုက္ခကိုခံရသောသူ တို့အား နှစ်
သိမ့်၍ သက်သာစေတော်မူ၏။ တိတုရောက်
လာသောအခါ ဘုရားသခင်သည် ငါတို့ကို
သက်သာစေတော်မူ၏။ 7ငါတို့သည် သူရောက်
လာခြင်းအားဖြင့် သာသက်သာစေတော်မူ
သည်မဟုတ်။ သို့ရာတွင်သင်တို့သည် သူ့အား
ပေးသောသက်သာခြင်းအားဖြင့်လည်း သက်
သာစေတော်မူ၏။ သင်တို့သည် ငါအား တွေ့
မြင်လိုသောဆန္ဒရှိကြသည်ကို သူသည် ငါ့ကို
ပြောပြ၏။ သင်တို့ပြုခဲ့သောအရာများအတွက်
သင်တို့သည် အလွန်စိတ်ညှိုးငယ်ခြင်း ရှိကြ
သည် ကိုသူသည် ငါတို့အား ကြားပြော၏။
ငါ၏အကျိုးအလို့ငှါ စေတနာစိတ်အားကြီးခြင်း
အကြောင်းအရာများကို တိတုသည် ငါ့အား
ပြောပြ၏။ ဤအရာကို ကြားသိသောအခါ၊
ငါသည် သာ၍ ဝမ်းမြောက်ခြင်းရှိ၏။
8သင်တို့ဆီသို့ ငါရေးသောစာသည် သင်တို့
ကိုညှိုးငယ်စေသော်လည်း၊ ထိုစာကို ရေးသော
ကြောင့် ငါ၌ဝမ်းနည်းခြင်းမရှိ။ ထိုစာသည်
သင်တို့ကို ဝမ်းနည်းစေသည်ကို ငါသိ၏။ ငါ
သည်လည်း ထိုအတွက်ဝမ်းနည်းခဲ့၏။ သို့သော်
လည်း၊ ထိုအရာသည် သင်တို့ကို ခဏသာဝမ်း
နည်းစေမည်။ 9ယခုတွင် ငါသည် ဝမ်းမြောက်
ခြင်းရှိ၏။ ငါ၏ဝမ်းမြောက်ခြင်းအကြောင်းမူ
ကား၊ သင်တို့ဝမ်းနည်းခြင်း ကြောင့်မဟုတ်။
သင်တို့၏ဝမ်းနည်းခြင်းသည် သင်တို့၏စိတ်နှလုံး
များကို ပြုပြင်ပြောင်းလဲစေသောကြောင့် ဖြစ်
၏။ သင်တို့၌ ဘုရားသခင်အလိုရှိတော်မူသော
ဝမ်းနည်းခြင်းမျိုးရှိ၏။ ထို့ ကြောင့် သင်တို့သည်
ငါတို့အားဖြင့် အဘယ်နည်းနှင့်မျှ နာကျင်ခြင်း
သို့မရောက်။ 10ဘုရားသခင်အလို ရှိတော်မူ
သောဝမ်းနည်းခြင်းမျိုးသည် လူတစ်ယောက်
အားသူ၏နှလုံးသားနှင့် အသက်တာကို ပြောင်း
လဲစေ၍ကယ်တင်တော်မူခြင်းသို့ ပို့ဆောင်၏။
သို့ဖြစ်၍ ငါတို့သည် ထိုအတွက်ကြောင့် ဝမ်း
နည်းခြင်းမရှိနိုင်။ သို့သော်လည်း၊ လောကီဝမ်း
နည်းခြင်းသည် သေခြင်းသို့ ပို့ဆောင်တတ်၏။
11ဘုရားသခင်သည် သင်တို့၌ ရှိစေလိုသော
ဝမ်းနည်းခြင်းမျိုးကို သင်တို့၌ရှိ၏။ ယခုတွင်
ဤဝမ်းနည်းခြင်းသည် သင်တို့အား အဘယ်အ
ရာကို ပို့ဆောင်သည်ကို ကြည့်ရှုကြလော့။ ထို
အရာသည် သင်တို့ကို သာ၍စိတ်အားကြီးစေ
၏။ ထိုအရာသည် သင်တို့၌ မှားယွင်းခြင်းမရှိ
ကြောင်းကို သက်သေပြရန် သင်တို့အထဲ၌
တောင့်တခြင်းကို ဖန်တီး၏။ ထိုအရာသည်
သင်တို့အား အမျက်ထွက်၍ ကြောက်ရွံ့စေ၏။
ထိုအရာသည် သင်တို့အား ငါ့ကို အလွန်တွေ့
မြင်စေလို၏။ ထိုအရာသည် သင်တို့ကို သတိပြု
စေ၏။ ထိုအရာသည် သင်တို့၌ကောင်းသော
အရာကိုပြုလိုသောဆန္ဒကို ဖန်တီးပေး၏။ သင်
တို့သည် ထိုပြဿနာ၌ အပြစ်ကင်းသည်ကို
သက်သေပြ၏။ 12ငါသည်ထို စာကိုရေး၏။ သို့
သော်လည်း၊ မှားယွင်းခြင်းကို ပြုခဲ့သောသူ
ကြောင့်မဟုတ်။ နာကျင်သောသူကြောင့် ဤ
စာကိုရေးထားသည်မဟုတ်။ သို့သော်လည်း၊

သင်တို့သည် ကိုယ့်ကိုကိုယ် ဘုရားသခင်ရှေ့
တော်၌ ငါတို့အား အဘယ်မျှလောက် ဂရုစိုက်
သည်ကို မြင်နိုင်မည်အကြောင်း ထိုစာကို ငါ
ရေး၏။ 13ထိုအကြောင်းကြောင့်၊ ငါတို့သည်
နှစ်သိမ့်ခြင်းကိုခံကြ၏။
ငါတို့သည် အလွန်နှစ်သိမ့်ခြင်းရှိကြ၏။ သင်
တို့အားလုံးသည် တိတု၏စိတ်နှလုံးကို သက်သာ
ဝမ်းမြောက်စေကြသည်ဖြစ်၍ သူသည် အလွန်
ဝမ်းမြောက်လျက်ရှိသည်ကိုမြင်ရန် ငါတို့၌ သာ
၍ ဝမ်းမြောက်ခြင်းရှိ၏။ သင်တို့အားလုံးသည်
သူ၏စိတ်နှလုံးသက်တာကို ဝမ်းမြောက်စေကြ
၏။ 14သင်တို့အကြောင်းကို တိတုထံသို့ ငါဝါ
ကြွားလျက်ရှိ၏။ သင်တို့သည်လည်း တိတုထံ
သို့ ငါဝါကြွားသည်ကို မှန်ကန်ကြောင်း သက်
သေပြ၏။ ငါတို့သည် သင်တို့အား ပြောဆိုခဲ့သ
မျှသောအရာအလုံးစုံသည် မှန်ကန်၏။ ငါသည်
တိတုရှေ့၌ ဝါကြွား သောအကြောင်းအရာတို့
သည် မှန်ကန်ကြောင်းကို သင်တို့သည် သက်
သေထူကြ၏။ 15သင်တို့သည် သူ့ကို နာခံရန်
အဆင်သင့်ဖြစ်ကြသည်ကို သူအောက်မေ့သော
အခါ သင်တို့ပေါ်၌ရှိ သောသူ၏ချစ်ခြင်းမေတ္တာ
သည် သာ၍ကြီးမား၏။ သင်တို့သည် သူ့အား
ကြည်ညိုလေးစားခြင်းနှင့် ကြောက်ရွံ့တုန်လှုပ်
ခြင်းဖြင့် ကြိုဆိုခဲ့ကြ၏။ 16ငါသည် သင်တို့ကို
ပြည့်ဝစုံလင်စွာ ယုံကြည်စိတ်ချနိုင်သော
ကြောင့် အလွန်ဝမ်းမြောက်ခြင်းရှိ၏။

## ခရစ်ယာန်တို့၏ပေးလှူခြင်း

8 ညီအစ်ကိုမောင်နှမများတို့၊ ယခုတွင်ဘုရား
သခင်သည် မာကေဒေါနိပြည်ရှိအသင်း
တော်တို့အား ပေးတော်မူသောကျေးဇူးတော်
အကြောင်းကို သင်တို့သည် သိစေခြင်းငှါ ငါတို့
အလိုရှိကြ၏။ 2ထိုယုံကြည်သူတို့သည် ကြီးမား
သောညှဉ်းဆဲခြင်းအားဖြင့် စုံစမ်းခြင်းကို ခံရကြ
၏။ သူတို့သည် အလွန်ဆင်းရဲသောသူတို့လည်း
ဖြစ်ကြ၏။ သို့သော်လည်း၊ သူတို့သည် မိမိတို့၏
ကြီးမားသောဝမ်းမြောက်ခြင်းကြောင့် အလွန်
စွန့်ကြဲပေးကမ်းခြင်းပြုကြ၏။ 3သူတို့သည် မိမိ
တို့ပေးကမ်းနိုင်သည်အတိုင်း ပေးကမ်းစွန့်ကြဲကြ
သည်ကိုသင်တို့အား ငါပြောနိုင်၏။ ထိုယုံကြည်
သူများတို့သည် မိမိတို့တတ်နိုင်သမျှထက်မက
သာ၍ စွန့်ကြဲပေးကမ်းကြ၏။ သူတို့သည် အလို
အလျောက် စေတနာစိတ်ဖြင့် ပေးလှူကြ၏။
တစ်စုံတစ်ရာကိုပေးရန် သူတို့အား အဘယ်သူ
ကမျှမပြော။ 4သို့သော်လည်း သူတို့သည် ငါတို့
ကို အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်ကြ၏။
ဘုရားသခင်၏လူတို့အတွက် အမှုတော်ဆောင်
ရွက်ခြင်း၌ သူတို့အား ပါဝင်ဝေမျှခြင်းကို အခွင့်
ပေးရန် သူတို့သည် ငါတို့ကို တောင်းပန်ကြ၏။
5သူတို့သည် ငါတို့မျှော်လင့်သည်ထက်မက ပေး
လှူကြ၏။ သူတို့သည် မိမိတို့၏ငွေများကို မပေး
လှူမီ သခင်ဘုရား၌သော်လည်းကောင်း၊ ငါတို့
၌သော်လည်းကောင်း ကိုယ့်ကိုကိုယ် အပ်နှံကြ
၏။ ထိုအရာသည် ဘုရားသခင်၏အလိုတော်
အနှင့်အညီဖြစ်၏။ 6ထို့ကြောင့် ဤကျေးဇူး၏
အထူးဆောင်ရွက်မှုကိုပြီးစီးစေမည်အကြောင်း၊
သင်တို့ကို ကူညီရန် ငါသည် တိတုကို တောင်း
ပန်၏။ တိတုသည် ဤအမှုကို အစပြု၍ဆောင်
ရွက်သောသူတစ်ယောက်ဖြစ်၏။ 7သင်တို့သည်
ယုံကြည်ခြင်း၊ တရားဟောခြင်း၊ ဥာဏ်ရှိခြင်း၊
အမှန်စင်စစ်၊ ကူညီလိုသောစိတ်ရှိခြင်း၊ ငါတို့ကို
ချစ်ခြင်းစသည့်ခပ်သိမ်းသောအရာတို့၌ကြွယ်ဝ
ပြည့်စုံကြ၏။ ထို့ကြောင့် သင်တို့သည်လည်း ဤ
ပေးကမ်းစွန့်ကြဲခြင်း ဆုကျေးဇူးနှင့်လည်း ကြွယ်
ဝပြည့်စုံကြရန် ငါအလိုရှိ၏။
8ငါသည် သင်တို့ကို မည်သည့်အရာကိုမျှ
ပေးကမ်းခြင်းပြုကြရန် ပညတ်ထားခြင်းမဟုတ်။
သို့သော်လည်း၊ အမှန်စင်စစ် ပေးကမ်းလိုသော
အခြားသောသူတို့ကိုအစွဲပြု၍ သင်တို့၏မေတ္တာ
သည် မှန်သည်၊ မမှန်သည်ကို စုံစမ်းရန် ငါအ
လိုရှိ၏။ 9ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော်
ကို သင်တို့သိကြ၏။ ခရစ်တော်သည် ဘုရား
သခင်၌ ကြွယ်ဝခြင်းချမ်းသာတော်မူသည်ကို
သင်တို့သိကြ၏။ သို့သော်လည်း၊ သူသည် သင်
တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူ၏။
သူ၏ခံတော်မူသောဆင်းရဲခြင်းအားဖြင့် သင်တို့

သည် ကြွယ်ဝချမ်းသာခြင်းသို့ ရောက်ရန် ခရစ်
တော်သည် ဤအရာကို ပြုတော်မူ၏။
10ဤအရာသည် သင်တို့ပြုသင့်သောအရာ
ဖြစ်သည်ဟု ငါထင်မှတ်၏။ မနှစ်ကပင် သင်တို့
သည် အဦးဆုံးပေးကမ်းရန် အလိုရှိသောသူ
များဖြစ်၏။ သင်တို့သည် ပထမဆုံးပေးလှူသော
သူဖြစ်၏။ 11ထို့ကြောင့်၊ ယခုတွင်သင်တို့ အစ
ပြုခဲ့သောအမှုကို ပြီးစီးစေကြလော့။ ထို့နောက်
သင်တို့ "လုပ်ဆောင်သောအမှုအရာသည်"
သင်တို့ "လုပ်ဆောင်ရန် အလိုရှိသောအရာ"
နှင့်ညီတူညီမျှ ရှိလိမ့်မည်။ သင်တို့တတ်နိုင်သမျှ
ပေးကြလော့။ 12သင်တို့သည် ပေးလှူရန်အလိုရှိ
လျှင်၊ သင်တို့၏လက်ဆောင်သည် လက်ခံခြင်း
ရှိလိမ့်မည်။ သင်တို့၏လက်ဆောင်သည် သင်
တို့၌ ရှိသောအရာအားဖြင့် စစ်ကြောစီရင်ခြင်း
ရှိလိမ့်မည်။ 13သင်တို့၌မရှိသောအရာအားဖြင့်
မဟုတ်။ အခြားသောသူတို့သည် နှစ်သိမ့်ခြင်း၊
သက်သာခြင်းရှိစဉ်တွင်၊ သင်တို့၌ ဆင်းရဲဒုက္ခ
စိုးရိမ်ခြင်းရှိရန် ငါတို့အလိုမရှိ။ ငါတို့သည်အရာ
ရာ၌ ညီတူညီမျှရှိခြင်းကို အလိုရှိကြ၏။ 14ယခု
အချိန်၌ သင်တို့သည် ကြွယ်ဝခြင်းရှိကြ၏။ ဤ
အရာများအားဖြင့် အခြားသောသူတို့အား အ
သီးသီးလိုအပ်မှုများကို သင်တို့ကူညီနိုင်လိမ့်
မည်။ ထို့နောက် ထိုသူတို့သည် များစွာကြွယ်ဝ
သောအခါ၊ သူတို့သည် သင်တို့၌ လိုအပ်သော
အရာများကို တစ်ဖန်ကူညီပါလိမ့်မည်။ ဤနည်း
အားဖြင့် အားလုံးသောအမှုအရာတို့သည် ညီ
တူညီမျှရှိပါမည်။ 15ကျမ်းစာ၌ ရေးထားသည်မှာ၊

"များစွာစုသိမ်းထားသောသူသည်အလွန်
များစွာမရှိ။ အနည်းငယ်သောအရာကို
သိုထားသောသူသည်လည်း အလွန်နည်း
သောအရာကိုသာ ရှိသည်မဟုတ်။"

*ထွက်၊ 16:18*

## တိတုနှင့်သူ၏အပေါင်းအဖော်များ

16ငါ၌သင်တို့အတွက် ထားရှိသောစေတ
နာနည်းတူဘုရားသခင်သည် တိတုအား ပေး
တော်မူသောကြောင့် ငါသည် သူ၏ကျေးဇူး
တော်ကို ချီးမွမ်း၏။ 17ငါတို့သည် သူ့အား
လုပ်ဆောင်ရန်တောင်းဆိုသောအမှုအရာများ
ကို တိတုသည် လက်ခံ၏။ သူသည် သင်တို့ရှိ
ရာသို့ သွားရန် အလွန်စိတ်အားကြီးစွာ အလိုရှိ
၏။ ဤအရာသည် သူကိုယ်တိုင် အလိုအ
လျောက်ရှိသောဆန္ဒဖြစ်၏။ 18ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းကို ဟောပြောရာ၌အသင်း
တော်အားလုံးတို့၏ချီးမွမ်းခြင်းကို ခံရသောတ
ခြားသောညီအစ်ကိုကို တိတုနှင့်အတူ ငါတို့စေ
လွှတ်ကြ၏။ 19ငါတို့သည် ဤအလှူကျေးဇူးကို
သယ်ဆောင်သောအခါ ဤညီအစ်ကိုသည်
လည်း၊ ငါတို့နှင့်အတူ သွားလာရန် အသင်း
တော်များအားဖြင့် ရွေးချယ်ခဲ့ကြ၏။ ငါတို့
သည် သခင်ဘုရား၏ဘုန်းအသရေတော်ကို
ထင်ရှားစေခြင်းငှါနှင့် ငါတို့၏စိတ်အားထက်
သန်မှုကို ပြခြင်းငှါ ဤအမှုကို ဆောင်ရွက်ခြင်း
ဖြစ်၏။
20ငါတို့သည် ထိုများစွာသောအလှူကျေးဇူး
ကို ပြုစုရာတွင်း အပြစ်တင်စရာအကြောင်းအ
လျင်းမရှိစေခြင်းငှာ သတိပြုကြ၏။ 21ငါတို့
သည် မှန်သောအကျင့်ကို ကျင့်ရန်ကြိုးစား
လျက်ရှိကြ၏။ အဘယ်အရာသည် မှန်ကန်သည်
ဟု သခင်ဘုရားလက်ခံတော်မူသနည်း။ အ
ဘယ်အရာသည် မှန်ကန်သည်ဟု လူတို့သည်
ထင်မှတ်ကြသနည်း ဟူသောအရာတို့ကို ငါတို့
သည် လုပ်ဆောင်ရန် ကြိုးစားလျက်ရှိကြ၏။
22အစဉ်အမြဲ ကူညီဖို့ရန် အဆင်သင့်ရှိနေ
သောငါတို့၏ညီအစ်ကိုလည်း သူတို့နှင့်အတူ ငါ
တို့စေလွှတ်ကြ၏။ သူသည် ဤအရာကို ငါတို့
အား နည်းလမ်းများစွာဖြင့် သက်သေပြ၏။ သူ
သည် ယခုပင်လျှင် ကူညီဖို့ရန် သာ၍အလိုရှိ၏။
အကြောင်းမူကား၊ သူသည် သင်တို့ကို အလွန်
ယုံကြည်ခြင်းရှိ၏။
23ယခုတွင် တိတုအကြောင်းကိုဆိုသော် သူ
သည် ငါတို့နှင့်အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်၏။
သူသည် သင်တို့ကို ကူညီရန် ငါနှင့်အတူ အမှု
ဆောင်သောသူဖြစ်၏။ အခြားသောညီအစ်

ကိုများတို့၏အကြောင်းကို ဆိုရသော်သူတို့
သည် အသင်းတော်များမှ စေလွှတ်သောသူ
များဖြစ်ကြ၏။ သူတို့သည် ခရစ်တော်၏ဘုန်း
အသရေတော်ကို ထင်ရှားစေသောသူများဖြစ်
ကြ၏။ 24ထိုကြောင့် သင်တို့သည် သူတို့ကို အ
မှန်ချစ်ကြောင်း ထင်ရှားစေကြလော့။ ငါတို့
သည် အဘယ်ကြောင့် သင်တို့၌၊ ဝါကြွားခြင်း
ရှိသည်ကိုလည်း သူတို့အား ထင်ရှားစေကြ
လော့။ ထိုနောက် အသင်းတော်များ အားလုံး
တို့သည် ထိုအမှုအရာကို မြင်နိုင်ကြလိမ့်မည်။

## ခရစ်ယာန်ညီအစ်ကို မောင်နှစ်မတို့ အတွက် အကူအညီ

9 ဘုရားသခင်၏လူတို့အား ကူညီခြင်းအ
ကြောင်းကို သင်တို့ထံသို့ ရေးရန် အမှန်စင်
စစ် ငါ၌လိုအပ်ခြင်းမရှိ။ 2သင်တို့သည် ကူညီလို
ကြောင်းကို ငါသိ၏။ မာကေဒေါနိပြည်၌ရှိသော
သူတို့၏ရှေ့၌ ဤအကြောင်းကိုပင် ငါဝါကြွား
ခြင်းရှိခဲ့၏။ အခါယပြည်၌ရှိသောသင်တို့သည်
မနှစ်ကတည်းကပင် ပေးကမ်းစွန့်ကြဲခြင်း၌ အ
သင့် ဖြစ်နေကြသည်ကို ထိုသူတို့အား ငါပြောခဲ့
ပြီး ဖြစ်၏။ သင်တို့သည် အလှူပေးလှူလိုသော
ကြောင့် ဤနေရာ၌ရှိသောလူများစုတို့သည်
လည်း ပေးလှူရန် အသင့်ဖြစ်နေကြ၏။ 3သို့သော်
လည်း၊ ညီအစ်ကိုတို့ကို သင်တို့ထံသို့ ငါစေလွှတ်
၏။ သင်တို့အကြောင်းကြောင့် ငါတို့၏ဝါကြွား
ခြင်းသည် ဤအမှု၌ အချည်းနှီးဖြစ်မည်ကို ငါ
အလိုမရှိ။ သင်တို့သည် ငါပြောထားသည်နှင့်
အညီ အသင့်ဖြစ်နေစေခြင်းငှါ ငါအလိုရှိ၏။
4မာကေဒေါနိလူတို့သည် ငါနှင့်အတူလာ၍ သင်
တို့သည် အသင့်မရှိကြောင်းကို တွေ့လျှင် ငါတို့
အရှက်ခံရကြလိမ့်မည်။ ငါတို့သည် သင်တို့ကို
အလွန်ယုံကြည်စိတ်ချရသောကြောင့် ငါတို့
သည် ရှက်ကြောက်ခြင်းသို့ ရောက်လိမ့်မည်။
(ထိုအခါ သင်တို့သည်လည်း အရှက်ခံရကြလိမ့်
မည်)။ 5ထိုကြောင့် ငါတို့မလာမီ ဤညီအစ်ကို
များတို့ကို သင်တို့ထံသို့ လာစေခြင်းငှါ ငါ
တောင်းပန်သင့်သည် ဟုထင်မှတ်ခဲ့၏။ သူတို့
ကို ပေးလှူရန် သင်တို့ပေးသောဂတိများကို အ
သင့်ရှိစေလိမ့်မည်။ ထို့နောက် ငါတို့သည်
ရောက်လာသောအခါ ထိုအလှူကျေးဇူးသည်
အဆင်သင့်ဖြစ်ပါလိမ့်မည်။ ထိုအလှူကျေးဇူး
သည် သင်တို့သည် အလိုအလျောက် ပေးလှူ
လိုသည့်အတိုင်း ဖြစ်ရမည်။ သင်တို့သည် မုန်း
တီး၍ ပေးသောအလှူမဖြစ်သင့်။
6ဤအရာကို အောက်မေ့ကြလော့။ အ
နည်းငယ်ကို စိုက်ပျိုးသောသူသည် အနည်းငယ်
သာ ရိတ်သိမ်းရလိမ့်မည်။ သို့သော်လည်း၊ များ
စွာစိုက်ပျိုးသောသူသည် များစွာရိတ်သိမ်း
ရလိမ့်မည်။ 7လူတိုင်းသည် မိမိစိတ်နှလုံးထဲ၌
ပေးလှူရန်ဆုံးဖြတ်သည့်အတိုင်း ပေးလှူရမည်။
လူတစ်ယောက်သည် နှမြောသောစိတ်နှင့်မလှူ
ရ။ လူတစ်ယောက်သည် သူ့အား အတင်းအ
ဓမ္မဖြင့် ပေးစေသည်ဟု ထင်မှတ်လျှင်သူသည်
မပေးလှူရ။ မိမိစိတ်စေတနာဆန္ဒအလျောက်
ဝမ်းမြောက်စွာ ပေးလှူသောသူကို ဘုရား
သခင်နှစ်သက်တော်မူ၏။ 8ဘုရားသခင်သည်
သင်တို့လိုအပ်သည် ထက်ပို၍ များသော
ကောင်းချီးမင်္ဂလာများကို ပေးတော်မူမည်။
ထိုနောက် သင်တို့သည် ခပ်သိမ်းသောအရာ
တို့ကို ကြွယ်ဝပြည့်စုံစွာ အစဉ်မပြတ်ရှိကြလိမ့်
မည်။ သင်တို့သည်လည်း ကောင်းသောအမှုရှိ
သမျှတို့၌ လုံလောက်စွာ ပေးလှူနိုင်ကြလိမ့်
မည်။ 9ကျမ်းစာ၌လာသည်မှာ၊

> “သူသည် ဆင်းရဲသောသူတို့အား ရက်
> ရောစွာ ပေးလှူပြီ၊ သူ၏ကြင်နာခြင်း
> သည် ထာဝရအစဉ်မပြတ် ဆက်လက်၍
> တည်ရှိပါလိမ့်မည်။”

*ဆာလံ 112:9*

10ဘုရားသခင်သည် စိုက်ပျိုးလျှက်ရှိသောသူ
တို့အား မျိုးစေ့ကို ပေးသောသူဖြစ်၏။ သူသည်
အစားအစာအတွက် မုန့်ကို ပေးတော်မူ၏။ ထို
နည်းတူ ဘုရားသခင်သည် သင်တို့အား ဝိညာဉ်
ပကတိ မျိုးစေ့ကိုပေး၍ ကြီးထွားစေတော်မူ
လိမ့်မည်။ သူသည် ကြီးမားသောရိတ်သိမ်းခြင်း

ကို သင်၏ကောင်းမြတ်ခြင်းအားဖြင့် ပြုတော်မူ
လိမ့်မည်။ 11သင်တို့သည် အစဉ်အမြဲရက်ရော
စွာ ပေးကမ်းနိုင်မည်အကြောင်း ဘုရားသခင်
သည် သင်တို့အား အရာရာ၌ကြွယ်ဝချမ်းသာ
စေတော်မူလိမ့်မည်။ ငါတို့အားဖြင့် သင်တို့၏
ပေးလှူခြင်းသည် လူတို့အား ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းစရာအကြောင်း ဖြစ်
စေလိမ့်မည်။ 12ဤအမှုအရာကို ဆောင်ရွက်
ခြင်းအားဖြင့် သင်တို့သည် ဘုရားသခင်၏လူတို့
လိုအပ်သောအရာများကို ကူညီကြသည်သာမ
က လူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို
လည်း သာ၍ ချီးမွမ်းစရာအကြောင်း ဖြစ်စေ
လိမ့်မည်။ 13သင်တို့ပြုသော ဤအမှုဆောင်
ခြင်းသည် သင်တို့၏ယုံကြည် ခြင်းကိုသက်သေ
ထူရစ၏။ ဤအမှုအရာအားဖြင့် လူတို့သည်
ဘုရားသခင်အား ချီးမွမ်းကြလိမ့်မည်။ သင်တို့
သည် ယုံကြည်သည်ဟုဆိုသော ဧဝံဂေလိတ
ရားတော်တည်းဟူသော ခရစ်တော်၏ဧဝံဂေ
လိတရားတော်ကို သင်တို့သည် နာခံလိုက်
လျှောက်သောကြောင့် သင်တို့သည် ဘုရား
သခင်ကို ချီးမွမ်းကြလိမ့်မည်။ သင်တို့သည်ထို
သူတို့နှင့်သော်လည်းကောင်း၊ လူအပေါင်းတို့
နှင့်သော်လည်းကောင်း ရက်ရောစွာ ဝေမျှပေး
ကမ်းစွန့်ကြဲကြသောကြောင့် လူတို့သည်ဘုရား
သခင်ကို ချီးမွမ်းကြလိမ့်မည်။ 14သူတို့သည်ဆု
တောင်းသောအခါ သင်တို့နှင့်အတူ ရှိနေကြရန်
အလိုဆန္ဒရှိကြလိမ့်မည်။ ဘုရားသခင်သည်
သင်တို့အား ပေးတော်မူသည့်ကြီး မားလှသော
ကျေးဇူးတော်ကြောင့်သူတို့သည် ဤအရာကိုခံ
စားကြရလိမ့်မည်။ 15ပြော၍မကုန်နိုင် လောက်
အောင် အလွန်အံ့သြဖွယ်ကောင်းသောကျေးဇူး
တော်၏ဆုကျေးဇူးကို ချီးမွမ်းခြင်းရှိစေသော။

## ပေါလုသည် မိမိအမှုတော်ကို အကာအကွယ်ပြုခြင်း

10 ငါသည် ပေါလုဖြစ်၏။ ငါသည် သင်တို့
ကို တောင်းပန်၏။ ငါသည် သင်တို့အား
ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းနှင့် ကြင်နာခြင်း
ဖြင့် တောင်းပန်၏။ ငါသည် သင်တို့နှင့်အတူရှိ
သောအခါ ငါသည် နှိမ့်ချခြင်းရှိ၍ ငါသည်အ
ဝေး၌ရှိသောအခါ ရဲရင့်ခြင်းရှိသည်ဟု အချို့
သောသူတို့က ပြောဆိုကြ၏။ 2ငါတို့သည်လော
ကီပုံသဏ္ဍာန်ကိုဆောင်၍ အသက်ရှင်ကြသည်
ဟုအချို့သောသူတို့က ထင်မှတ်ကြ၏။ ငါသည်
ရောက်လာသောအခါ ထိုသူတို့ကို အလွန်ရဲရင့်
စွာ ဆန့်ကျင်မည်ဟု ငါအကြံရှိ၏။ သင်တို့နှင့်ရှိ
သောအခါ ငါကြံစည်သောရဲရင့်ခြင်း အတိုင်း
အသုံးပြုရန် လိုအပ်လိမ့်မည်မဟုတ်ကြောင်း ငါ
တောင်းပန်၏။ 3ငါတို့သည် ဤလောက၌ အ
သက်ရှင် နေကြသော်လည်း ငါတို့သည် လော
ကီသားတို့ တိုက်လှန်သောနည်းအတိုင်း တိုက်
လှန်ခြင်းမပြုကြ။ 4ငါတို့သည် လောကီသားတို့
သုံးသောလက်နက်နှင့် ကွဲပြားခြားနားသော
လက်နက်များဖြင့် စစ်တိုက်ကြ၏။ ငါတို့၏လက်
နက်များသည်ဘုရားသခင်ထံမှ လာသောတန်
ခိုးတော်ဖြစ်၏။ ဤလက်နက်များသည် ရန်သူ
တို့၏အားကြီးခိုင်ခံ့သောနေရာများကို ဖျက်စီး
ပြိုဖျက်နိုင်၏။ ငါတို့သည် လူတို့၏ငြင်းခုံခြင်း
များကို ဖျက်ဆီးကြ၏။ 5ငါတို့သည် ဘုရား
သခင်ကို သိကျွမ်းခြင်းပညာကို ဆန့်ကျင်၍ဆီး
တားသောမာန်မာနရှိသမျှတို့ကို ဖျက်ဆီးကြ။
ငါတို့သည် ခပ်သိမ်းသောစိတ်တို့ကို သိမ်းပိုက်
ကြ၍ ထိုအရာများကို စွန့်လွှတ်စေလျက် ခရစ်
တော်ကို နာခံစေကြ၏။ 6ငါတို့သည် ထိုသို့နား
မထောင်သောသူအပေါင်းတို့ကို အပြစ်ဒဏ်
ပေးရန်အဆင်သင့်ရှိကြ၏။ သို့သော်လည်း၊ ရှေး
ဦးစွာ၌ သင်တို့သည် အပြည့်အဝနားထောင်
ကြရန် ငါတို့အလိုရှိကြ၏။

7သင်တို့ရှေ့၌ အမှန်တကယ်ဖြစ်သောအ
ရာများကို သင်တို့သည် ကြည့်ရှုရမည်။ လူတစ်
ယောက်သည် ခရစ်တော်ကို အမှန်စင်စစ်ပိုင်
ဆိုင်ထားပြီဟု ထင်မှတ်လျှင် ထိုသူနည်းတူ ငါ
တို့သည်လည်း ခရစ်တော်ကို ပိုင်ဆိုင်ပြီဖြစ်
ကြောင်းကို ထိုသူသည် ဆင်ခြင်သိမှတ်စေ။
8သခင်ဘုရားသည် ငါတို့ကို ပေးတော်မူသော
အခွင့်အာဏာအကြောင်းကို ငါတို့သည် ပို၍ဝါ

ကြွားကြသည်မှာ မှန်ကန်ပါ၏။ သို့သော်လည်း၊
သင်တို့ကို နာကျင်စေခြင်းငှါမဟုတ်။ သင်တို့ကို
ခွန်အားနှင့်ပြည့်စုံစေခြင်းငှါ သူသည် ထိုတန်ခိုး
တော်ကို ငါတို့အား အပ်ပေးတော်မူ၏။ ထို
ကြောင့် ငါတို့ပြုသောဝါကြွား ခြင်းကြောင့် ငါ
သည် ရှက်ကြောက်ခြင်းမရှိ။ [9]ငါရေးသောစာ
များဖြင့် သင်တို့ကို ခြိမ်းခြောက်စေခြင်းငှါ ငါ
ကြိုးစားနေသည်ဟု သင်တို့ထင်မှတ်စေခြင်းငှါ
ငါအလိုမရှိ။ [10]“ပေါလုရေးသောစာများသည်
အာဏာနှင့်ပြည့်၍ အရေးကြီး၏။ သို့သော်
လည်း၊ သူသည် ငါတို့နှင့်အတူရှိသောအခါ သူ
သည် အားနည်းလျက်ရှိ၏။ သူ၏ဟောပြော
သွန်သင်ခြင်းတို့သည်လည်း ဘာမျှမဟုတ်။ အ
ချည်းနှီးသာ ဖြစ်သည်” ဟုအချို့သောသူတို့က
ပြောဆိုကြ၏။ [11]သို့သော်လည်း၊ ငါတို့သည်
ထိုနေရာ၌ သင်တို့နှင့်အတူရှိကြသောအခါ ငါ
တို့၏စာများ၌ ဖော်ပြသောအာဏာအတိုင်း
ငါတို့သည် ထင်ရှားစေကြလိမ့်မည်အကြောင်း
ကို ထိုသူတို့သည် ဆင်ခြင်သိမှတ်စေ။
[12]သူတို့သည်အလွန်အရေးကြီးသောသူများ
ဖြစ်ကြသည်ဟု ထင်မှတ်ကြသောသူတို့နှင့်ရော
နှော၍ တူညီသောအုပ်စုထဲတွင် ကိုယ့်ကိုကိုယ်
ထည့်သွင်းရန် ငါတို့သည် ရဲဝံ့ခြင်းမရှိကြ။ ငါတို့
သည် သူတို့နှင့် ကိုယ့်ကိုကိုယ် နှိုင်းယှဉ်ခြင်းမရှိ။
သူတို့သည် ကိုယ့်ကိုကိုယ်သာ တိုင်းထွာကြ၍
သူတို့ဖြစ်သည့်အတိုင်း သူတို့သည် ကိုယ့်ကို
ကိုယ်တရားစီရင်ကြ၏။ သူတို့သည် အဘယ်အ
ရာမျှ မသိကြသည်ကို ဤအရာများအားဖြင့်
ထင်ရှား၏။ [13]သို့သော်လည်း၊ ငါတို့အား
ဆောင်ရွက်ရန် ပေးသောအရာများအားဖြင့် ငါ
တို့သည် ဝါကြွားလိမ့်မည်မဟုတ်။ ဘုရားသခင်
သည် ငါတို့အား အပ်ပေးတော်မူသောအမှုတို့
၌ ငါတို့၏ဝါကြွားခြင်းသည် အကန့်အသတ်ရှိ
လိမ့်မည်။ သို့သော်လည်း၊ ဤအမှုမှာ ငါတို့ပြု
သောအမှုသည် ငါတို့နှင့်အတူ အလုပ်လုပ်ခြင်း
ကို ညွှန်ပြတော်မူ၏။ [14]ငါတို့သည် ဝါကြွားခြင်း
အလျင်းမရှိ။ ငါတို့သည် သင်တို့ထံသို့ရောက်
လာ ပူးခြင်းမရှိခဲ့လျှင် ငါတို့သည် ဝါကြွားခြင်း
ရှိလိမ့်မည်။ သို့သော်လည်း၊ ငါတို့သည် သင်တို့
ထံသို့ ရောက်ခဲ့ပြီးဖြစ်၏။ ငါတို့သည် ခရစ်
တော်၏ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းနှင့်
အတူ သင်တို့ထံသို့ ရောက်ခဲ့ကြပြီးဖြစ်၏။ [15]ငါ
တို့၏အမှုအရာဖြစ်သောအလုပ်များအားဖြင့် ငါ
တို့၏ဝါကြွားခြင်းကို ငါတို့သည် အကန့်အသတ်
ထားကြ၏။ အခြားသောသူတို့ ပြုသောအမှု
အရာတို့၌ ဝါကြွားရန် ငါတို့သည် အလိုမရှိ။
သင်တို့၏ယုံကြည်ခြင်းသည် ဆက်လက်၍ ကြီး
ထွားလိမ့်မည်ဟု ငါတို့ယုံကြည်ကြ၏။ ငါတို့၏
အလုပ်သည် ပို၍ကျယ်ဝန်းပြီး ကြီးထွားလာရန်
သင်တို့သည် ကူညီကြလိမ့်မည်ဟု ငါတို့မျှော်
လင့်လျက်ရှိကြ၏။ [16]သင်တို့ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းကို ဟောပြောရန် ငါတို့အ
လိုရှိကြ၏။ အခြားသောသူတို့၏နယ်ပယ်တွင်
အခြားသောသူတို့၏အဆင်သင့် လုပ်ဆောင်
ပြီးဖြစ်သောအကြောင်းအရာများကို ဝါကြွား
ရန်ငါတို့သည် အလိုမရှိ။ [17]သို့သော်လည်း၊
“ဝါကြွားသောသူမည်သည်ကား သခင်ဘုရား
၌သာ ဝါကြွားစေ။”* [18]လူတစ်ယောက်သည်
မိမိကိုယ်ကိုကောင်းသည်ဟု ဖော်ထုတ်ပြောဆို
သောကြောင့် သူသည် လက်ခံသည်မဟုတ်။
သို့ရာတွင် အဘယ်သူမဆို သခင်ဘုရားက
ကောင်းသည်ဟု ဖော်ထုတ်ပြောဆိုတော်မူ
သောသူသည် လက်ခံခြင်းကိုခံရ၏။

## ပေါလုနှင့်မှားယွင်းသောတမန်တော်များ

11 သေးငယ်သောငါ၏ မိုက်မဲခြင်းကိုပင်
လျှင် သင်တို့သည် စိတ်ရှည်စွာ သည်းခံ
ကြရန် ငါအလိုရှိ၏။ သို့သော်လည်း သင်တို့
သည် ငါ၌ စိတ်ရှည်သည်းခံခြင်းရှိကြပြီဖြစ်၏။
[2]ငါသည် သင်တို့အတွက် စိုးရိမ်သောစိတ်ရှိ၏။
ဤစိုးရိမ်ခြင်းစိတ်သည် ဘုရားသခင်ထံတော်
မှ လာသောစိုးရိမ်ခြင်းစိတ်ဖြစ်၏။ ငါသည်သင်
တို့ကို ခရစ်တော်အား ဆက်သရန် ဂတိသစ္စာ
ရှိ၏။ ခရစ်တော်သာလျှင် သင်တို့၏တစ်ပါး
တည်းသောခင်ပွန်း ဖြစ်ရမည်။ ငါသည် သင်တို့

---

**“ဝါကြွားသောသူ … ဝါကြွားစေ။”** ယေရမိ 9:24

အား ခရစ်တော်၏ဖြူစင်သောသတို့သမီးဖြစ်
ဖို့ရန် အလိုရှိ၏။ 3သို့သော်လည်း၊ သင်တို့၏စစ်
မှန်ခြင်းနှင့် ဖြူစင်စွာ ခရစ်တော်နောက်တော်
ကို လိုက်ခြင်းမှ သင်တို့သည် လမ်းလွဲသွားမည်
ကို ငါစိုးရိမ်၏။ ဧဝသည် မြွေ၏ပရိယာယ်အား
ဖြင့် လှည့်စားခြင်းကိုခံခဲ့ရသည် နည်းတူဤအ
ရာသည်ဖြစ်ပျက်စရာအကြောင်းရှိ၏။ 4သင်တို့
အား ငါတို့ဟောပြောသောအရာများနှင့် ကွဲ
ပြားခြားနားသော ယေရှု၏အကြောင်းများကို
ဟောပြောရန် သင်တို့ထံသို့ ရောက်လာသမျှ
သောသူတို့၌ သင်တို့သည် အလွန်စိတ်ရှည်
သည်းခံခြင်းရှိကြ၏။ သင်တို့ထံသို့ ငါတို့ဟော
ပြောသောအရာများနှင့် ကွဲပြားခြားနားသော
ဝိညာဉ်တစ်ပါး သို့မဟုတ် ဧဝံဂေလိတစ်ပါးကို
ခံယူလက်ခံရန်သင်တို့သည် ဆန္ဒရှိကြ၏။ ထို့
ကြောင့် သင်တို့သည်လည်းဘဲ ငါတို့နှင့်အတူ
စိတ်ရှည်သည်းခံခြင်းရှိရမည်။
5“ထိုကြီးမားသော တမန်တော်တို့”သည်
ငါထက်သာ၍ ကောင်းမွန်မည်ဟု ငါသည် အ
လျှင်းမထင်မှတ်။ 6ငါသည် သင်ယူလေ့ကျင့်
ခြင်းကိုခံယူပြီးဟောပြောသောသူတစ်ယောက်
မဟုတ်။ သို့သော်လည်း ငါသည် အမှန်ပညာရှိ
၏။ ငါတို့သည် ဤအရာကို သင်တို့အား နည်း
လမ်းအစုံဖြင့် ထင်ရှားစွာ ဖော်ပြကြ၏။
7ငါသည် အဖိုးအခကို မယူဘဲဘုရားသခင်
၏ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို သင်
တို့အား ဟောပြော၏။ သင်တို့ကို ချီးမြောက်
ခြင်းငှါ ငါသည် ကိုယ့်ကိုကိုယ် နှိမ့်ချလျှက်ရှိ၏။
ထိုအရာသည် မှားယွင်းသည်ဟု သင်တို့ထင်
မှတ်ကြပါသလော။
8ငါသည်အဖိုးအခကို အခြားအသင်းတော်
များထံမှခံယူ၏။ ငါသည် သင်တို့အမှုကိုဆောင်
ရွက်စေနိုင်ရန် သူတို့၏ငွေကိုယူရ၏။ 9ငါသည်
သင်တို့နှင့်အတူ ရှိနေခဲ့စဉ် တစ်စုံတစ်ခုလိုအပ်
သည်ရှိခဲ့သော် ငါသည် သင်တို့တွင် မည်သူ့ကို
မျှ ဒုက္ခမပေး။ မာကေဒေါနိပြည်မှ ရောက်လာ
ခဲ့သောညီအစ်ကိုတို့သည် ငါလိုအပ်သမျှသော
အရာအားလုံးတို့ကို ငါ့အား ပေး၏။ သင်တို့
သည် ငါ့အတွက် အနှောင့်အယှက်ဖြစ်စေခြင်း
ငှါ ငါသည် မည်သည့်နည်းဖြင့်မဆိုခွင့်မပြု။ ငါ
သည် သင်တို့အတွက် အနှောင့်အယှက်ဖြစ်
လိမ့်မည်မဟုတ်။ 10အခါယပြည်၌ရှိသောသူတို့
တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုအ
ကြောင်း၌ ဝါကြွားခြင်းမှ ငါ့ကို ဆီးတားကြ
လိမ့်မည်မဟုတ်။ ခရစ်တော်၏သမ္မာတရား
သည် ငါ့အထဲ၌ရှိသောကြောင့် ဤအရာကို ငါ
ဆို၏။ 11အဘယ်ကြောင့် ငါသည် သင်တို့ကို
မနှောင့်အယှက်သနည်း။ ငါသည် သင်တို့ကို
မချစ်သောကြောင့်ဖြစ်သည်ဟု သင်တို့ထင်မှတ်
ကြပါသလော။ ထိုသို့မဟုတ်ပါ။ သင်တို့ကို ငါ
ချစ်သည်အကြောင်း ဘုရားသခင်သိတော်မူ
၏။ 12မှားယွင်းသောတမန်တော်တို့သည် ဝါ
ကြွားစရာအကြောင်းရှိခြင်းငှါ ငါအလိုမရှိသော
ကြောင့် ငါပြုလျှက်ရှိသောအမှုအရာတို့ကို ငါ
သည် ဆက်လက်၍ ပြုပါလိမ့်မည်။ သူတို့၏အမှု
အရာသည် ငါတို့၏အမှုအရာနှင့်ညီမျှသည်ဟု
ဝါကြွားရန် အခွင့်အရေးကို သူတို့အလိုရှိကြ၏။
13ဤသူတို့သည် စစ်မှန်သော တမန်တော်
မဟုတ်။ သူတို့သည် မုသာစကားကို ပြောသော
အမှုဆောင်သူများဖြစ်ကြ၏။ လူတို့သည် သူတို့
ကို ခရစ်တော်၏တမန်တော်ဖြစ်ကြသည် ဟု
ထင်မှတ်လာကြရန် သူတို့သည် သူတို့ကို သူတို့
ပြောင်းလဲစေ၍ အယောင်ဆောင်တတ်ကြ၏။
14ထိုအရာသည် ငါတို့ကို အံ့သြခြင်းမဖြစ်စေပါ။
စာတန်သည်ပင်လျှင် လင်းသောကောင်းကင်
တမန် *ဖြစ်အယောင်ဆောင်တတ်၏။ 15စာတန်
၏အစေကိုခံသောကျွန်တို့သည် ဖြောင့်မတ်ခြင်း
တရားကို ဟောပြောသောတမန်တော်နည်းတူ
ယောင်ဆောင်ကြလျှင် ငါတို့သည် အံ့သြခြင်း
မရှိ။ သို့သော်လည်း၊ အဆုံး၌ ထိုသူတို့သည်
သူတို့လုပ်ဆောင်သောအရာများအတွက် အ
ပြစ်ဒဏ်ကို ခံရကြလိမ့်မည်။

---

**‘လင်းသောကောင်းကင်တမန်’** ဘုရားသခင်ထံတော်မှ ကောင်းကင်တမန်။ စာတန်သည် လူတို့ကို ရှုံးအစေပြီး သူ့ကို ဘုရားသခင်ထံတော်မှဖြစ်သည်ဟု ထင်ကြ၏။

## ပေါလုသည် မိမိဒုက္ခဆင်းရဲခြင်းအကြောင်းကို ပြောပြခြင်း

16ငါသည် သင်တို့အား တစ်ဖန်ဆိုသည်မှာ
ငါသည် လိမ်လည်လှည့်ဖြားတတ်သောအရူး
တစ်ယောက်ဖြစ်သည်ဟု အဘယ်သူမျှမထင်
စေနှင့်။ သို့သော်လည်း ငါသည် အနည်းငယ်ကို
သာ ဝါကြွားစေခြင်းငှါ သင်တို့သည် ငါကို ရူး
သောသူတစ်ယောက်ဖြစ်သည်ဟု ထင်မှတ်
လျှင် သင်တို့သည် ရူးသောသူတစ်ယောက်ကို
လက်ခံသကဲ့သို့ ငါ့ကို လက်ခံကြလော့။ 17ငါ
သည် ဝါကြွားလျက်ရှိ၏။ အကြောင်းမူကား ငါ့
ကိုယ်ကို ယုံကြည်စိတ်ချလျက်ရှိ၏။ သို့သော်
လည်း သခင်ဘုရားသည် ငါ့အား ပြောစေလို
သည့်အတိုင်းငါမပြော။ ငါသည်ရူးသောသူတစ်
ယောက်ကဲ့သို့ ဝါကြွားလျက်ရှိ၏။ 18မြောက်
မြားစွာသောလူတို့သည် ဤလောက၌ရှိသော
သူတို့၏အသက်တာများအားဖြင့် ဝါကြွားလျက်
ရှိကြ၏။ ထို့ကြောင့် ငါသည်လည်း ဝါကြွား
လျက်ရှိ၏။ 19သင်တို့သည် အသိပညာဖြင့် ပြည့်
စုံသောသူ ဖြစ်ကြ၏။ ထို့ကြောင့် သင်တို့သည်
ရူးသောသူတို့နှင့် ဝမ်းမြောက်စွာ စိတ်ရှည်
သည်းခံခြင်းရှိကြလိမ့်မည်။ 20သင်တို့သည် စိတ်
ရှည်သည်းခံခြင်း ရှိကြလိမ့်မည်ကို ငါသိ၏။ အ
ကြောင်းမူကား၊ သင်တို့အား ကျွန်ပြုသောသူ
(သို့မဟုတ်)သင်တို့ကို သွေးစုပ်ချယ်လှယ်သော
သူတို့ကိုပင် သင်တို့သည် သည်းခံကြ၏။ သင်တို့
ကို အပေါ်စီးသောသူ၊ သူတို့သည် သင်တို့ထက်
သာ၍ ကောင်းမွန်သည် ဟုထင်မှတ်သောသူ
နှင့်သင်တို့၏မျက်နှာကို ရိုက်ပုတ်သောသူတို့
ပေါ်၌ သင်တို့သည် သည်းခံကြ၏။ 21ဤအရာ
ကို ပြောခြင်းသည် ငါ့အတွက် ရှက်ဖွယ်ရာဖြစ်
၏။ သို့သော်လည်း၊ ထိုအရာများကို သင်တို့၌
ပြုရန်ငါတို့သည် အလွန်"အားနည်း" လျက်ရှိခဲ့
ကြ၏။ သို့သော်လည်း၊ မည်သူမဆိုဝါကြွားရန်
လုံလောက်စွာ ရဲရင့်ခြင်းရှိလျှင်၊ ငါသည်လည်း
ရဲရင့်ခြင်းနှင့် ဝါကြွားခြင်းရှိလိမ့်မည်။ ငါသည်
အရူးတစ်ယောက်ကဲ့သို့ ပြောဆိုနေ၏။ 22ထို
သူတို့သည် ဟေဗြဲလူဖြစ်ကြပါသလော။ ငါသည်
လည်း ဖြစ်၏။ သူတို့သည် ဣသရေလလူဖြစ်ကြ
ပါသလော။ ငါသည်လည်းဖြစ်၏။ သူတို့သည်
အာဗြဟံအမျိုးအနွယ်မှ ဖြစ်ကြပါသလော။ ငါ
သည်လည်းဖြစ်၏။ 23ထိုသူတို့သည် ခရစ်တော်
၏အမှုတော်ကို ဆောင်ရွက်ကြပါသလော။ ငါ
သည် ကိုယ်တော်အတွက်သာ၍ အမှုတော်
ဆောင်လျက်ရှိ၏။ ငါသည် ဤကဲ့သို့ ပြောဆို
ရန် ရူးသွပ်လျက်ရှိ၏။ ငါသည် ထိုသူတို့လုပ်
ဆောင်သည်ထက်အလွန် များစွာလုပ်ဆောင်
လျက်ရှိ၏။ ငါသည် မကြာခဏထောင်ထဲသို့
ထည့်သွင်းခြင်းကိုခံခဲ့ပြီ။ ငါသည် ရိုက်ပုတ်ခြင်း
ထက်ပို၍ နာကျင်ခဲ့ပြီ။ ငါသည် ကြိမ်ဖန်များ
စွာ သေလုနီးဖြစ်ခဲ့ပြီ။ 24ငါးကြိမ်မြောက်အောင်
ယုဒလူတို့သည် ငါ့ကို သူတို့၏အပြစ်ဒဏ်ဖြစ်
သောသားရေကြိုးနှင့် သုံးဆယ်ကိုးကြိမ်ရိုက်
ခြင်းကိုခံရ၏။ 25ငါသည် သုံးကြိမ်မြောက်
အောင်ကြိမ်လုံးနှင့် ရိုက်ခြင်းကိုခံရ၏။ ငါသည်
သေလုနီးပါးဖြစ်အောင်ကျောက်ခဲနှင့် ပစ်ခြင်း
ကို တစ်ကြိမ်ခံရ၏။ ငါသည် သင်္ဘောပျက်ထဲ
တွင် သုံးကြိမ်ရှိခဲ့၏။ ထိုအထဲတွင် တစ်ကြိမ်၌ငါ
သည် တစ်ညနှင့်တစ်နေ့ပတ်လုံး ပင်လယ်ထဲ
မှာ နေရ၏။ 26ငါသည် ကြိမ်ဖန်များစွာ ခရီး
ပြု၏။ ငါသည်မြစ်ကိုကူးသောဘေး၊ ဓါးပြတိုက်
သောဘေး ငါ့လူမျိုးချင်းဖြစ်သောလူတို့ (ယုဒ
လူမျိုး)နှင့် ယုဒလူမဟုတ်သောလူတို့မှစသည်
တို့၏အန္တရာယ်များကို ကြုံတွေ့ခဲ့ရ၏။ ငါသည်
မြို့ကြီးများ၊ လူသူမနေသောနေရာများ၊ ပင်
လယ်ပြင်စသည်တို့၌လည်း ဘေးအန္တရာယ်
များကို ရင်ဆိုင်ခဲ့ရ၏။ သူတို့သည် ညီအစ်ကို
များဖြစ်ကြသည် ဟုဆို၏။ သို့သော်လည်း၊ ညီ
အစ်ကိုအစစ်အမှန်မဟုတ်ကြသူများနှင့် လည်း
ဘေးအန္တရယ်ကို တွေ့ကြုံခဲ့ရ၏။ 27ငါသည် ကြမ်း
တမ်း၍ ပင်ပန်းသောအလုပ်များကို ပြုလုပ်ခဲ့
၏။ ငါသည် ကြိမ်ဖန်များစွာမအိပ်နိုင်ခဲ့။
ငါသည် အစာတော်မွတ်ခြင်း၊ ရေငတ်ခြင်းကို
ခံရ၏။ ငါသည် ကြိမ်ဖန်များစွာ အစားအစာ
ပြတ်လျက်ရှိ၏။ ငါသည် အအေးဒဏ်ကိုခံရ
သော်လည်း ဝတ်စရာအဝတ်မရှိ။ 28ခက်ခဲ

သောအခြားပြဿနာများစွာ ရှိပါသေး၏။ ထို
အထဲတွင် ငါသည် အသင်းတော်အားလုံးတို့ကို
ကြည့်ရှုစောင့်ရှောက်ပြုစု၏။ ငါသည် သူတို့အ
တွက် နေ့စဉ်နေ့တိုင်းစိတ်ပူပန်ခြင်း၊ စိုးရိမ်
ခြင်းရှိ၏။ 29အခြားသောသူသည် အားနည်း
လျက်ရှိသောအခါတိုင်း၌ ငါသည် ဝမ်းနည်း၏။
အခြားသောသူသည် အပြစ်သွေးဆောင်ခြင်း
သို့ ပို့ဆောင်ခြင်းကိုခံရသောအခါ ငါ့အတွင်း
ထဲ၌ ဒေါသနှင့်လောင်ကျွမ်း၏။
30ငါသည် ဝါကြွားရလျှင်ငါ့ကိုအားနည်းခြင်း
အကြောင်းကို ဖော်ပြသောအရာများတို့၌ ငါ
သည် ဝါကြွားလိမ့်မည်။ 31ငါသည် လိမ်ညာ၍
မဟုတ်မမှန်သော မုသာစကားမပြောသည်ကို
ဘုရားသခင်သိတော်မူ၏။ သူသည် ဘုရား
သခင်ဖြစ်တော်မူ၍ သခင်ယေရှုခရစ်တော်၏
ခမည်းတော်လည်း ဖြစ်တော်မူ၏။ သူ၌ထာဝရ
ချီးမွမ်းခြင်းရှိစေသော။ 32ငါသည် ဒမာသက်မြို့
၌ရှိနေစဉ် အရေတမင်းကြီး၏မြို့ဝန်သည် ငါ့ကို
ဖမ်းဆီးရန် အလိုရှိခဲ့၏။ ထို့ကြောင့်သူသည် မြို့
တွင်းနေရာအနှံ့အစောင့်အကြပ်များကို ချထား
လေ၏။ 33သို့သော်လည်း၊ အချို့သောမိတ်ဆွေ
များသည် ငါ့ကို တောင်းတစ်ခုထဲ၌ ထည့်ကြ၏။
ထို့နောက် သူတို့သည် ထိုတောင်းကို မြို့ရိုး၏အ
ပေါက်တစ်ခုထဲသို့ ထည့်၍ ငါ့အား အောက်သို့
လျှော့ချလိုက်ကြ၏။ ထို့ကြောင့် ငါသည် ထိုမြို့
ဝန်လက်မှ ထွက်ပြေးလွတ်မြောက်ခဲ့ရ၏။

## ပေါလု၏အသက်တာ၌ အထူးကောင်း ချီးမင်္ဂလာတစ်ခု

12 ငါသည် ဆက်လက်၍ ဝါကြွားရပါမည်။
ထိုအရာသည် ကူညီမှုကိုမပေး။ သို့သော်
လည်း၊ ယခုတွင် ငါသည် သခင်ဘုရားထံတော်
မှ ရရှိသောရူပါရုံနှင့် ဗျာဒိတ်တော်များအ
ကြောင်းကိုပြောမည်။ 2တတိယကောင်းကင်သို့
ခရစ်တော်၌ ချီဆောင်ခြင်းကိုခံရသောသူတစ်
ယောက်*ကို ငါသိ၏။ ထိုအရာသည် ကုန်လွန်
ခဲ့ပြီးသောတစ်ဆယ်လေးနှစ်က ဖြစ်ပျက်ခဲ့၏။
ထိုသူသည် မိမိကိုယ်ခန္ဓာ၌ဖြစ်သည် မဖြစ်သည်
ကိုငါမသိ။ သို့သော်လည်း ဘုရားခင်သိတော်မူ
၏။ 3-4ထိုသူသည် ပရဒိသုဘုံသို့ ချီဆောင်ခြင်း
ခံရသည်ကို ငါသိ၏။ သို့သော်လည်း သူသည်
သူ၏ကိုယ်ခန္ဓာထဲ၌ရှိသည် သို့မဟုတ်သူ၏ကိုယ်
ခန္ဓာမှဝေးကွာသည်ကိုငါမသိ။ သို့သော်လည်း
သူသည်ရှင်းပြရန် မတတ်နိုင်သောအရာများ
နှင့် လူမပြောအပ်မပြောနိုင်သောအရာများကို
ကြားရ၏။
5ငါသည် ထိုကဲ့သို့သောလူ၏အကြောင်း၌
ဝါကြွားလိမ့်မည်။ သို့သော်လည်း၊ ငါသည် ကိုယ်
အကြောင်း၌ ဝါကြွားလိမ့်မည်မဟုတ်။ ငါ၏အား
နည်းခြင်းအရာများ၌သာ ငါဝါကြွားလိမ့်မည်။
6သို့သော်လည်း၊ ငါသည် ကိုယ်အကြောင်း
၌ ဝါကြွားလျှင် ငါသည် သမ္မာတရားကိုဟော
ပြောသောကြောင့် သူရူးတစ်ယောက်မဖြစ်နိုင်။
သို့သော်လည်း ငါသည် ကိုယ်အကြောင်း၌ ဝါ
ကြွားလိမ့်မည်မဟုတ်။ အကြောင်းမူကား၊ လူ
တို့သည် ငါ့ကို မြင်သည်ထက်ကို ကြားသည်
ထက်ငါ့ ကို သာ၍ထင်မှတ်ကြရန် ငါအလိုမရှိ
သောကြောင့် ဖြစ်၏။
7သို့သော်လည်း၊ ငါ့အား ထင်ရှားစေသည့်
အံ့ဩဖွယ်သောအရာများ၌ ငါသည် ဝါကြွား
လျက် မာန်မာနထောင်လွှားခြင်းမပြု။ ထို
ကြောင့် နာကျင်စေသောခက်ခဲမှုပြဿနာ*
ကို ငါ၌အပ်ပေးတော်မူ၏။ ထိုပြဿနာသည်
စာတန်၏တမန်မှဖြစ်၏။ ထိုအရာသည် ငါ့ကို
ရိုက်နှက်ရန်နှင့် အလွန်မာန်မာနထောင်လွှား
ခြင်းမှ ဆီးတားရန် စေလွှတ်ခဲ့ခြင်းဖြစ်၏။ 8ဤ
ပြဿနာကို ငါ့ထံမှခွာ၍ အဝေးသို့ ယူသွားရန်
ငါသည် သခင်ဘုရားကို သုံးကြိမ်တိုင်တိုင်ဆု
တောင်း၏။ 9သို့သော်လည်း၊ သခင်ဘုရားက
ငါ့အား “ငါ့ကျေးဇူးသည် သင့်အတွက် လုံ
လောက်လျက်ရှိ၏။ သင်သည် အားနည်းသော

**လူတစ်ယောက်** အခန်းကြီး 12:2-5တွင် ပေါလုသည် သူကိုယ်သူတတိယလူအနေဖြင့် ပြောဆိုကြောင်း ဖြစ်နိုင်ဖွယ်ရှိသည်။

**နာကျင်စေသောခက်ခဲမှုပြဿနာ** မူရင်းအဓိပ္ပါယ်မှာ ကိုယ်၌ စူးသောဆူး။

အခါ ငါ၏တန်ခိုးသည် သင်၏အထဲ၌ စုံလင်
လိမ့်မည်” ဟုမိန့်တော်မူ၏။ ထို့ကြောင့် ငါ၏
အားနည်းခြင်း အမှုများ၌ ဝါကြွားရန် ငါသည်
အလွန်ဝမ်းမြောက်လျက်ရှိ၏။ သို့ဖြစ်၍ ခရစ်
တော်၏တန်ခိုးတော်သည် ငါ၏အထဲ၌ အသက်
ရှင်လိမ့်မည်။ [10]ထို့ကြောင့် ငါသည် အားနည်း
ခြင်းရှိသောအခါ ငါသည် ဝမ်းမြောက်လျက်ရှိ
၏။ လူတို့သည် ငါ့အား ဆိုးသောအရာများကို
ပြောသောအခါ ငါဝမ်းမြောက်ခြင်းရှိ၏။ ငါ
သည် ကြမ်းတမ်းခက်ခဲသောအချိန်များ၌ ရှိ
သောအခါ ငါသည် ဝမ်းမြောက်ခြင်းရှိ၏။ လူ
တို့သည် ငါ့အား ဆိုးရွားစွာ ပြုမူဆက်ဆံသော
အခါ ငါ၌ဝမ်းမြောက်ခြင်းရှိ၏။ ငါသည် ဒုက္ခ
များစွာခံရသောအခါ ငါသည် ဝမ်းမြောက်
လျက်ရှိ၏။ ဤအရာအားလုံးတို့သည် ခရစ်
တော်အတွက် ဖြစ်၏။ သို့ဖြစ်၍ ငါသည် ဤ
အရာများအားဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ အ
ကြောင်းမူကား၊ ငါသည် အားနည်းသောအခါ
အမှန်စင်စစ်ခွန်အားနှင့်ပြည့်စုံ၏။

## ကောရိန္သုမြို့၌ရှိသောခရစ်ယာန်များအတွက် ပေါလု၏မေတ္တာ

[11]ငါသည် အရူးတစ်ယောက်ကဲ့သို့ ပြောဆို
ခဲ့ပြီးဖြစ်၏။ သို့သော်လည်း၊ သင်တို့သည် ထို
အရာကို ငါ့အား ပြုစေကြ၏။ သင်တို့သည်
ငါ့အကြောင်းကောင်းသောအရာများကို ပြော
ဆိုကြရမည့်သူများဖြစ်ကြ၏။ ငါသည် ဘာမျှ
ထိုက်တန်ခြင်းမရှိသော်လည်း “ထိုကြီးမား
သောတမန်တော်တို့သည်” ငါ့ထက်သာ၍ အ
လျှင်းထိုက်တန်ခြင်းမရှိကြ။ [12]ငါသည် သင်တို့
နှင့်အတူရှိသောအခါ ငါသည် တမန်တော်တစ်
ပါးဖြစ်ကြောင်းကို သက်သေပြသောအရာများ
တို့ကိုပြုခဲ့၏။ ငါသည် နိမိတ်လက္ခဏာများ၊
အံ့သြဖွယ်ရာများနှင့် ထူးဆန်းသောတန်ခိုးများ
ကိုပြုခဲ့၏။ ငါသည် အလွန်စိတ်ရှည်ခြင်း၊ သည်း
ခံခြင်းဖြင့် ဤအရာတို့ကို ပြုခဲ့၏။ [13]ထို ကြောင့်
အခြားသော အသင်းတော်များတို့ခံရသမျှ
သောအရာခပ်သိမ်းတို့ကို သင်တို့သည်လည်း
ခံရကြ၏။ အရာတစ်ခုသာလျှင်ခြားနားခြင်း
ရှိ၏။ ငါသည် သင်တို့ကို အနှောင့်အယှက်ပေး
မည်မဟုတ်။ ဤအရာအတွက်ငါ့ကို ခွင့်လွှတ်
ကြလော့။

[14]ယခုတွင်ငါသည် သင်တို့ရှိရာသို့ တတိယ
အကြိမ် အလည်အပတ်လာရန် အဆင်သင့်ဖြစ်
၏။ ငါသည် သင်တို့ကို နှောင့်ယှက်မည်ဟု
အကြံမရှိ။ ငါသည် သင်တို့၌ရှိသောမည်သည့်
အရာတစ်ခုကိုမျှ အလိုမရှိ။ ငါသည် သင်တို့ကို
သာအလိုရှိ၏။ ကလေးတို့သည် သူတို့မိဘများ
ကို ပေးဖို့ရန် မည်သည့်ပစ္စည်းကိုမျှ စုသိမ်းခြင်း
မပြုသင့်။ မိဘတို့သည်သာလျှင် သူတို့၏က
လေးများကို ပေးဖို့ရန် စုသိမ်းကြရ၏။ [15]ထို
ကြောင့် ငါ၌ရှိသမျှသောအရာတို့ကို သင်တို့အ
တွက် ပေးလှူခြင်း၌ ငါဝမ်းမြောက်၏။ ငါသည်
သင်တို့အတွက် ကိုယ့်ကိုကိုယ်ပင်ပေးလှူဦးမည်။
ငါသည် သင်တို့ကို သာ၍ချစ်လျှင် သင်တို့သည်
ငါ့ကို သာ၍နည်းစွာ ချစ် ကြလိမ့်မည်လော။

[16]ငါသည် သင်တို့၌မနှောင့်ယှက်သည်မှာ
ထင်ရှားလျက်ရှိ၏။ သို့သော်လည်း ငါသည်
သင်တို့ကို ဖမ်းဆီးရန် မာယာပရိယာယ်ဖြင့်
လှည့်စားခြင်းနှင့် မုသာပြောသည်ဟု သင်တို့
ထင်မှတ်ကြ၏။ [17]သင်တို့ထံသို့ ငါစေလွှတ်
သောသူတစ်ယောက်ယောက်အားဖြင့် ငါသည်
သင်တို့ကို လိမ်ညာလှည့်ဖြားခဲ့ပြီလော။ ငါသည်
မလှည့်ဖြားခဲ့သည်ကို သင်တို့သိကြ၏။ [18]တိတု
သည် သင်တို့ရှိရာသို့သွားရန် ငါတောင်းပန်ခဲ့
၏။ အခြားသောညီအစ်ကို တစ်ယောက်ကို
လည်း သူနှင့်အတူ ငါစေလွှတ်၏။ တိတုသည်
သင်တို့ကို လိမ်လည်လှည့်ဖြားခြင်းမပြု။ သူ
သည် လိမ်ညာခဲ့သလော။ ထိုသို့မလိမ်ညာခဲ့
ပါ။ တိတုနှင့်ငါသည် စိတ်သဘောထားခြင်းတူ
၍ ကျင့်ကြသည်ကို သင်တို့သိကြ၏။

[19]ငါတို့သည် သင်တို့ရှေ့၌ ကိုယ့်ကိုကိုယ် အ
ကွယ်အကာပြုကြသည်ဟု သင်တို့ထင်မှတ်ကြ
သလော။ ငါတို့သည် ခရစ်တော်ကို ထောက်၍
ဘုရားသခင်ရှေ့တော်၌ ဤအရာများကို ပြော
ဆိုကြ၏။ သင်တို့သည် ငါတို့ချစ်လှစွာသော

မိတ်ဆွေများဖြစ်ကြ၏။ ငါတို့ပြုသမျှသောအ
ရာခပ်သိမ်းတို့သည် သင်တို့အား သာ၍ခွန်
အားနှင့် ပြည့်စုံစေခြင်းငှါဖြစ်၏။ [20]ငါရောက်
လာသောအခါ သင်တို့အား ငါဖြစ်စေလိုသည့်
အတိုင်း သင်တို့ဖြစ်မလာကြသည်ကို ငါစိုးရိမ်
ကြောက်ရွံ့နေသောကြောင့် ဤအရာကို ငါပြု
၏။ ငါသည်လည်း သင်တို့အလိုရှိသည့်အတိုင်း
ဖြစ်မလာနိုင်မည်ကို ငါစိုးရိမ်ကြောက်ရွံ့နေ၏။
သင်တို့အထဲ၌ငြင်းခုံခြင်း၊ မနာလိုခြင်း၊ အမျက်
ထွက်စိတ်ဆိုးခြင်း၊ အတ္တသဘောဖြင့် ရန်တွေ့
ခြင်း၊ သူ့အသရေကို ရှုတ်ချပြောဆိုခြင်း၊ အ
တင်းအဖျင်းစကားပြောခြင်း၊ မာန်မာနထောင်
လွှားခြင်း၊ ရှုပ်ထွေး၍ ကမောက်ကမဖြစ်ခြင်း
များရှိမည်ကို ငါစိုးရိမ်ကြောက်ရွံ့နေ၏။ [21]ငါ
သည် သင်တို့ထံသို့ တစ်ဖန်လာသောအခါ၊
ငါ၏ဘုရားသခင်သည် သင်တို့ရှေ့၌ ငါ့ကို နှိမ့်
ချတော်မူမည်အကြောင်းနှင့် သင်တို့တွင်အများ
သောသူတို့သည် ဒုစရိုက်အပြစ်ကို ပြုကြသဖြင့်
ငါသည် ဝမ်းနည်းမည်အကြောင်း စိုးရိမ်ခြင်းရှိ
၏။ သင်တို့အထဲတွင် ညစ်ညူးသောအရာများ၊
မတရားသောမေထုန်၌မှိုဝဲခြင်းမှ နောင်တမရ
သောသူတို့ကြောင့် ငါသည် ဝမ်းနည်းရ၏။

## နောက်ဆုံးသတိပေးခြင်းနှင့် နှုတ်ဆက်ခြင်း

13 ငါသည် သင်တို့ထံသို့ တစ်ဖန် လာဦး
မည်။ ထိုအချိန်သည် တတိယအကြိမ်
ဖြစ်လိမ့်မည်။ “စွပ်စွဲမှုအားလုံးအတွက် သက်
သေပြရန် သက်သေခံနှစ်ဦး သို့မဟုတ် သုံးဦးရှိ
ရမည်ဖြစ်ကြောင်း သင်တို့အောက်မေ့ရ
မည်။”* [2]ငါသည် သင်တို့နှင့်အတူ ဒုတိယအ
ကြိမ်ရှိစဉ်အခါ ပြစ်မှားသောသူတို့ကို သတိပေး
ခဲ့၏။ ယခုတွင် ငါသည် သင်တို့နှင့်အတူ မနေ
သော်လည်း အခြားပြစ်မှားသောသူအားလုံးတို့
ကို ငါသတိပေး၏။ ငါသည် သင်တို့ထံသို့ တစ်
ဖန် ပြန်လာသောအခါ သင်တို့၏အပြစ်အတွက်
သင်တို့ကို အပြစ်ဒဏ်ပေးလိမ့်မည်ဖြစ်၏။ ခရစ်
တော်သည် ငါ့အားဖြင့် သင်တို့ကို စကားပြော
တော်မူသည် ဖြစ်ကြောင်းသက်သေခံအ
ထောက်အထားကို သင်တို့အလိုရှိကြ၏။ [3]ခရစ်
တော်သည် သင်တို့ကို အပြစ်ဒဏ်ပေးရာတော်
မူရာတွင် အားနည်းခြင်းမရှိ။ သို့သော်လည်း၊
ခရစ်တော်သည် သင်တို့အထဲ၌ တန်ခိုးဖြင့်
ပြည့်စုံတော်မူ၏။ [4]ခရစ်တော်သည် လက်ဝါး
ကပ်တိုင်ပေါ်၌ အသေခံတော်မူစဉ်၊ သူသည်
အားနည်းလျက် ရှိခဲ့သည်မှာ အမှန်ဖြစ်၏။ သို့
သော်လည်း သူသည် ဘုရားသခင်၏တန်ခိုး
တော်အားဖြင့် ယခုတွင် အသက်ရှင်တော်မူ၏။
ထိုနည်းတူ ငါတို့သည် ခရစ်တော်၌ အားနည်း
လျက်ရှိကြသည်မှာ အမှန်ဖြစ်၏။ သို့သော်
လည်း၊သင်တို့အတွက် ငါတို့သည် ဘုရားသခင်
၏တန်ခိုးတော်အားဖြင့် ခရစ်တော်၌ အသက်
ရှင်ကြရလိမ့်မည်ဖြစ်၏။
[5]ကိုယ့်ကိုကိုယ် စုံစမ်းကြလော့။ သင်တို့
သည် ယုံကြည်ခြင်း၌ အသက်ရှင်ကြသည်၊မရှင်
ကြသည်ကို သိမြင်ရန် ကိုယ့်ကိုကိုယ် စစ်ကြော
စီရင်ကြလော့။ ခရစ်တော်ယေရှုသည် သင်တို့
အထဲ၌ရှိတော်မူသည်ကို သင်တို့သိကြ၏။ သို့
သော်လည်း သင်တို့သည် စစ်ကြောစီရင်ခြင်း
ကို ဆုံးရှုံးလျှင် ခရစ်တော်သည် သင်တို့အထဲ၌
အသက်ရှင်တော်မူသည်ကို သင်တို့မသိ။ [6]သို့
သော်လည်း၊ ငါတို့သည် စုံစမ်းခြင်း၌ မဆုံးရှုံး
ဘဲအစစ်ခံနိုင်ကြသည်ကို သင်တို့သည် မြင်ရကြ
လိမ့်မည်ဟု ငါမျှော်လင့်လျက်ရှိ၏။ [7]သင်တို့
သည် မည်သည့်အမှားအယွင်းကိုမျှ မပြုကြ
မည် အကြောင်းဘုရားသခင်ကို ငါတို့ဆု
တောင်းကြ၏။ ငါတို့သည် စုံစမ်းခြင်းကိုအောင်
မြင်ကျော်လွှားနိုင်သည်ကို လူတို့မြင်ရခြင်းမှာ
အရေးကြီးသောအရာမဟုတ်။ သို့သော်လည်း၊
ငါတို့သည် စစ်ကြောစုံစမ်းခြင်းကို မခံနိုင်ဘဲဆုံး
ရှုံးကြသည်ဟု လူတို့သည် ထင်မှတ်ကြသော်
လည်း အဘယ်အရာသည် တရား၍ဖြောင့်
မတ်သည်ကို သင်တို့ကျင့်ကြခြင်းသည် အရေး
အကြီးသောအရာဖြစ်၏။ [8]ငါတို့သည် သမ္မာတ
ရားကို ဆန့်ကျင်၍ တစ်စုံတစ်ခုမျှ မပြုနိုင်။
သို့ရာတွင် သမ္မာတရားအတွက် သာပြုနိုင်၏။

**စွပ်စွဲမှုအားလုံး … အောက်မေ့ရမည်။** တရား 19:15

9 ငါတို့သည် အားနည်း၍ သင်တို့သည် အားကြီး
သောအခါ ငါတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။
သင်တို့သည် ကြီးထွား၍ စုံလင်မည်အကြောင်း
ငါတို့သည် ဆုတောင်းကြ၏။
10 ငါသည် သင်တို့နှင့်အတူ မရှိစဉ်အခါ၌
အရာတို့ကို ငါရေးလျက်နေ၏။ ငါသည်
သင်တို့ထံသို့ ရောက်လာသောအခါ သင်တို့ကို
အပြစ်ဒဏ်ပေးရန် ငါ၏အခွင့် အာဏာနှင့်တန်
ခိုးကို ငါမသုံးရမည်အကြောင်း ငါရေးလိုက်၏။
သင်တို့သည် ပျက်စီးရန်မဟုတ် သာ၍ ခွန်အား
နှင့်ပြည့်စုံကြရန် သခင်ဘုရားသည် အခွင့်အာ
ဏာကို ငါ့အား ပေးတော်မူ၏။
11 ညီအစ်ကိုမောင်နှမများတို့၊ ယခုတွင်သင်
တို့ကို ငါနှုတ်ဆက်၏။ စုံလင်ခြင်းသို့ရောက်ရန်
ကြိုးစားကြလော့။ ငါသည် သင်တို့အား ပြုကြ
ရန်တောင်းပန်သောအရာများကို ပြုကြလော့။
အချင်းချင်း တစ်ယောက်ကိုတစ်ယောက်သ
ဘောတူညီ၍ ငြိမ်သက်စွာ အသက်ရှင်နေကြ
လော့။ ထို့နောက် ဘုရားသခင်၏ချစ်ခြင်း
မေတ္တာနှင့် ငြိမ်သက်ခြင်းသည် သင်တို့နှင့်အတူ
ရှိပါစေသော။
12 သင်တို့သည် အချင်းချင်း တစ်ယောက်
ကိုတစ်ယောက် နှုတ်ဆက်ကြသောအခါ သန့်
ရှင်းသောနမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။
13 ဘုရားသခင်၏လူအပေါင်းတို့သည် သင်တို့ကို
နှုတ်ဆက်ကြ၏။
14 သခင်ယေရှုခရစ်၏ကျေးဇူးတော်၊ ဘုရား
သခင်၏ချစ်ခြင်းမေတ္တာတော်နှင့်သန့်ရှင်းသော
ဝိညာဉ်တော်၏ မိတ်သဟာယဖွဲ့ခြင်းတို့သည်
သင်တို့အားလုံးတို့နှင့်အတူ ရှိပါစေသော။

# ဂလာတိသြဝါဒစာ

1 တမန်တော်တစ်ပါးဖြစ်သော ငါပေါလုထံမှ
နှုတ်ဆက်ပါ၏။ ငါသည် တမန်တော်တစ်ပါး
ဖြစ်ခြင်းငှါ လူအားဖြင့် ရွေးကောက်၍ ခန့်ထား
ခြင်းခံသည်မဟုတ်။ ငါသည် လူတို့ထံမှ စေ
လွှတ်သောသူမဟုတ်။ ငါ့အား တမန်တော်တစ်
ပါးအရာ၌ ခန့်ထားသောသူမှာ ယေရှုခရစ်နှင့်
ခမည်းတော်ဘုရားသခင် ဖြစ်တော်မူ၏။ ထို
ဘုရားသခင်သည် ယေရှုကို သေခြင်းမှထ
မြောက်စေတော်မူသောသူဖြစ်၏။
2ငါနှင့်အတူရှိသောခရစ်တော်၌ ညီအစ်ကို
များ အားလုံးတို့ကလည်း ဂလာတိပြည်၌ ရှိ
သော အသင်းတော်များကို နှုတ်ဆက်ကြ၏။
3ငါတို့၏အဘဘုရားသခင်နှင့် သခင်ယေရှု
ခရစ်သည် သင်တို့အား ကျေးဇူးတော်နှင့် ငြိမ်
သက်ခြင်းကို ပေးတော်မူပါမည်အကြောင်း ငါ
ဆုတောင်း၏။4ယေရှုသည် ငါတို့အပြစ်အတွက်
ကိုယ့်ကိုကိုယ် အပ်ပေးတော်မူ၏။ ငါတို့နေထိုင်
သောဤဆိုးညစ်သည့်လောကမှ ငါတို့ကိုလွှတ်
မြောက်ရန် ယေရှုသည် ဤအရာကို ပြုတော်မူ
၏။ ဤအရာသည် ဘုရားသခင်၏အလိုဖြစ်
တော်မူ၏။5 ဘုရားသခင်သည် ထာဝရအစဉ်မ
ပြတ်ဘုန်းကြီးတော်မူပါစေသော။ အာမင်။

### ဧဝံဂေလိတရားတပါးတည်းသာရှိ၏

6များမကြာမှီက ဘုရားသခင်သည် မိမိ
နောက်တော်သို့ လိုက်ရန်သင်တို့ကို ခေါ်တော်
မူ၏။ ဘုရားသခင်သည် သင်တို့ကို ခရစ်တော်
အားဖြင့်လာသော မိမိကျေးဇူးတော်အားဖြင့်
ခေါ်တော်မူ၏။ သို့သော်လည်း၊ ယခုတွင် သင်
တို့ကို ငါအံ့သြခြင်းရှိ၏။ သင်တို့သည် အဝေးသို့
သွား၍ အခြားသောဧဝံဂေလိတရားကို ခံယူ
ကြပြီ။ 7ထိုဧဝံဂေလိတရားသည် စစ်မှန်သော
ဧဝံဂေလိတရားမဟုတ်။ သို့သော်လည်း၊ အချို့
သောသူတို့သည် သင်တို့ကို မှားယွင်းစွာ ရှုပ်
ထွေးစေကြ၏။ ထိုသူတို့သည် ခရစ်တော်၏ဧဝံ
ဂေလိတရားတော်ကို မှောက်လှန်ပြောင်းလဲ
လိုကြ၏။ 8ငါတို့သည် စစ်မှန်သောဧဝံဂေလိတ
ရားတော်ကို ဟောပြောကြ၏။ ထို့ကြောင့် ငါ
တို့ကိုယ်တိုင်သော်၎င်း၊ သို့မဟုတ်ကောင်းကင်
မှလာသောတမန်တော်တစ်ပါးသော်၎င်း၊ တ
ခြားသောဧဝံဂေလိတရားကို ဟောပြောလျှင်၊
ထိုသူသည် အပြစ်စီရင်ခြင်းကိုခံရမည်။ 9ငါသည်
ဤအရာကို ပြောခဲ့ပြီ။ ယခုတစ်ဖန် ငါပြောမည်။
သင်တို့သည် စစ်မှန်သောဧဝံဂေလိတရားကို
ခံယူပြီးဖြစ်၏။ တစ်စုံတစ်ယောက်သည် သင်တို့
အား ကယ်တင်ခြင်းသို့ ရောက်ရန်အခြားသော
လမ်းကို ဟောပြောလျှင်၊ ထိုသူသည် အပြစ်စီ
ရင်ခြင်းကိုခံရမည်။
10ယခုတွင် လူတို့သည် ငါ့ကို လက်ခံလာ
ရန် ငါသည် ကြိုးစား၍ လုပ်ဆောင်နေသည်ဟု
သင်တို့သည် ထင်မှတ်ကြသလော။ ထိုသို့
မဟုတ်ပါ။ ငါသည် ဘုရားသခင်ကိုသာ ကျေ
နပ်နှစ်သက်စေခြင်းငှါ ကြိုးစားလျက်နေ၏။ ငါ
သည် လူတို့ကို ကျေနပ်နှစ်သက်စေခြင်းငှါ ကြိုး
စားနေပါသလော။ ငါသည် လူတို့ကို ကျေနပ်
နှစ်သက်စေခြင်းငှါ ကြိုးစားလျှင် ခရစ်တော်၏
အစေခံကျွန် မဟုတ်တော့ပါ။

### ပေါလု၏တန်ခိုးအာဏာသည် ဘုရားသခင် ထံတော်မှ ဖြစ်၏

11ညီအစ်ကိုမောင်နှမတို့၊ ငါသည် သင်တို့
အား ဟောပြောသောဧဝံဂေလိတရားသည်

လူအားဖြင့် မဟုတ်သည်ကို သင်တို့သိစေခြင်း
ငှါ ငါအလိုရှိ၏။ 12ငါသည် ဧဝံဂေလိတရားကို
လူတို့ထံမှ ခံရသည်မဟုတ်။ ငါဟောပြော
သော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
အဘယ်သူမျှ သွန်သင်ပေးခြင်းမရှိ။ ယေရှုခရစ်
ကိုယ်တိုင်သည် ဤတရားကို ငါ့အား ဗျာဒိတ်
တော်အားဖြင့် ပေးတော်မူ၏။
13လွန်လေပြီးသော ငါ့အသက်တာကို သင်
တို့ကြားရပြီး ဖြစ်၏။ ငါသည် ယုဒဘာသာ၌
နေ၏။ ငါသည် ဘုရားသခင်၏အသင်းတော်ကို
အလွန်အကျွံ ညှဉ်းဆဲနှိပ်စက်၏။ ငါသည် အ
သင်းတော်ကို ဖျက်ဆီးခြင်းငှါ ကြိုးစား၏။ 14ငါ
သည် ယုဒဘာသာ၌ ငါ့ရွယ်တူချင်း ယုဒအ
များစုတို့ထက်သာလွန်စွာ ကျင့်ကြံပြုမူ၏။ ငါ
သည် နည်းဥပဒေဟောင်းနှင့် ငါတို့ဘိုးဘေးတို့
၏ထုံးတမ်းစဉ်လာများကို အခြားသောသူထက်
ပို၍ လိုက်နာရန် ခက်ခဲစွာကြိုးစား၏။
15သို့သော်လည်း၊ ငါသည် မမွေးဖွားမီက
ပင်၊ ဘုရားသခင်သည် ငါ့အတွက် အထူးအကြံ
အစည်ရှိတော်မူ၏။ ဘုရားသခင်သည် ငါ့ကို
ကျေးဇူးတော်အားဖြင့် ခေါ်သောအခါ၊ ထိုအရာ
သည် ဘုရားသခင်ကို နှစ်သက်စေတော်မူ၏။
16ဘုရားသခင်သည် ငါ့အား မိမိသားတော်၏
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း အကြောင်း
ကို တပါးအမျိုးသားတို့ဆီသို့ ဟောပြောရန် အ
လိုတော်ရှိ၏။ ထိုကြောင့် ဘုရားသခင်သည်
မိမိသားတော်ကို ငါ့အား ထင်ရှားစွာပြတော်မူ
၏။ ဘုရားသခင်သည် ငါ့ကို ခေါ်တော်မူသော
အခါ ငါသည် အဘယ်သူထံမှအကြံဉာဏ် သို့မ
ဟုတ် အကူအညီကိုမခံယူ။ 17ငါသည် တမန်
တော်များနှင့်တွေ့ရန် ယေရုရှလင်မြို့သို့မသွား။
ငါသည် တမန်တော်မဖြစ်မီ ထိုသူတို့သည် တမန်
တော်များဖြစ်ကြ၏။ သို့သော်လည်း၊ စောင့်
ဆိုင်းခြင်းမရှိဘဲ၊ ငါသည် အာရပ်ပြည်သို့ သွား
၍၊ နောက်မှ ဒမာသက်မြို့သို့ ပြန်သွား၏။
18ထိုနောက် သုံးနှစ်လွန်ပြီးမှ ငါသည်
ပေတရုအား တွေ့ရန်အလိုရှိသဖြင့် ယေရုရှလင်
မြို့သို့သွား၍ သူနှင့်အတူ တစ်ဆယ့်ငါးရက်နေ
၏။ 19ငါသည် သခင်ယေရှု၏ညီတော်ယာကုပ်
မှတစ်ပါးအခြားသောတမန်တော်တို့ကို မတွေ့
မမြင်။ 20ငါရေးသော ဤအရာများတို့သည်
မုသာစကားမပါသည်ကို ဘုရားသခင်သိတော်
မူ၏။ 21ထို့နောက် ငါသည် ရှုရိပြည်နှင့် ကိလိကိ
ပြည်သို့သွား၏။
22ယုဒပြည်၌ ရှိသောခရစ်တော်၏အသင်း
တော်များတို့သည် ငါ့ကို တစ်ကြိမ်တစ်ခါမျှမ
တွေ့ကြရသေး။ 23“ဤသူသည် ငါတို့ကို ညှဉ်းဆဲ
သောသူဖြစ်၏။ သို့သော်လည်း ယခုတွင် သူ
သည် တစ်ချိန်က ဖျက်ဆီးခြင်းငှါကြိုးစားသော
ထိုယုံကြည်ခြင်းတရားအကြောင်းကို လူတို့အား
ဟောပြောလျက်နေသည်” ဟူသော ငါ၏အ
ကြောင်းကိုသာ သူတို့သည် ကြားကြရ၏။ 24ဤ
ယုံကြည်သူတို့သည် ငါ့အကြောင်းကြောင့်
ဘုရားသခင်ကို ချီးမွမ်းကြ၏။

## အခြားသော တမန်တော်တို့သည် ပေါလုကို လက်ခံကြ၏

2 ထိုနောက် တစ်ဆယ့်လေးနှစ်လွန်ပြီးမှ ငါ
သည် တိတုကိုခေါ်၍ ဗာနဗနှင့်အတူ
ယေရုရှလင်မြို့သို့ တစ်ဖန်သွား၏။ 2ငါသည်
သွားရမည့်အကြောင်း ဘုရားသခင်သည် ငါ့
အား ထင်ရှားစေသောကြောင့် ငါသွား၏။
ယုံကြည်သူတို့ကို ဦးဆောင်သောသူများထံသို့
ငါသွား၏။ ငါတို့သည် တစ်ကိုယ်တည်း ရှိသော
အခါယုဒလူမဟုတ်သော အခြားသောလူမျိုး
တို့အား ငါဟောပြောသောဧဝံဂေလိတရားကို
ထိုသူတို့အား ငါပြော၏။ ငါဆောင်ရွက်ပြီး
သောအမှုနှင့် ယခုဆောင်ရွက်လျက်နေသော
အမှုတို့သည် အချည်းနှီးမဖြစ်စေခြင်းငှါ ငါသေ
ချာစေလို၏။ 3-4တိတုသည် ငါနှင့်အတူရှိ၏။
တိတုသည် ဟေလသလူမျိုးဖြစ်၏။ သို့သော်
လည်း၊ ဤခေါင်းဆောင်တို့သည် တိတုအား
အရေဖျားလှီးခြင်းကိုခံရန် အတင်းအဓမ္မမပြု
ကြ။ ငါတို့သည် ဤပြဿနာများအကြောင်း
ကို ဆွေးနွေးခြင်းငှါ အလိုရှိ၏။ အကြောင်းမူ
ကား၊ မှားယွင်းသောယုံကြည်သူ အချို့တို့သည်

ငါတို့အထဲသို့လျှို့ဝှက်စွာ ဝင်လာကြ၏။ ငါတို့
ကို ပညတ်တရား၏ကျွန်ဖြစ်စေခြင်းငှါ သူတို့
သည် သူလျှိုများကဲ့သို့ ခရစ်တော်ယေရှု၌ ငါ
တို့၏လွတ်မြောက်ခြင်းကို ဖော်ထုတ်ရန် ဝင်
လာကြ၏။ 5သို့သော်လည်း၊ ငါတို့သည် ထိုမှား
ယွင်းသောယုံကြည်သူ အချို့တို့အလိုရှိသော
အဘယ်အရာကိုမျှ သဘောမတူညီကြ။ ဧဝံဂေ
လိသမ္မာတရားကို သင်တို့အတွက်ဆက်လက်
၍ တည်ရှိရန် ငါတို့အလိုရှိကြ၏။
6အရေးပါသည်ဟု ထင်ရသောထိုသူတို့
သည်လည်း ဝမ်းမြောက်ဖွယ်ရာသတင်းကို
မပြောင်းလဲစေကြ။ (သူတို့သည် "အရေးပါ
သောသူ" ဖြစ်သည် မဖြစ်သည်ကို ငါ့အတွက်
အကြောင်းမဟုတ်)။ 7သို့သော်လည်း၊ ဘုရား
သခင်သည် ပေတရုကဲ့သို့ ထူးခြားသောအမှုကို
ငါ့အား ပေးတော်မူသည်ကို ဤခေါင်းဆောင်
များတို့သည် မြင်ကြပြီ။ ဘုရားသခင်သည်
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ယုဒလူ
မျိုးတို့အား ဟောပြောရန် ပေတရုကို အပ်ပေး
တော်မူ၏။ ထိုနည်းတူ၊ ဘုရားသခင်သည် ယုဒ
လူမဟုတ်သော အခြားသောလူမျိုး တို့အား
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဟော
ပြောရန် ငါ့အား ခန့်ထားတော်မူ၏။ 8ဘုရား
သခင်သည် ပေတရုအား ယုဒလူတို့ထံသို့တမန်
တော်တစ်ပါးကဲ့သို့အမှုကို ဆောင်ရွက်နိုင်ရန်
တန်ခိုးကို ပေတရုအား ပေးတော်မူ၏။ ဘုရား
သခင်သည် ငါကိုလည်း တမန်တော်တစ်ပါးကဲ့
သို့ အမှုကို ဆောင်ရွက်နိုင်သောတန်ခိုးကို ပေး
တော်မူ၏။ သို့သော်လည်း၊ ငါသည် ယုဒလူ
မဟုတ်သောအခြားသောလူမျိုးတို့အတွက် တ
မန်တော်တစ်ပါးဖြစ်၏။ 9ယာကုပ်၊ ပေတရု၊
ယောဟန်တို့ကို ခေါင်းဆောင်များအဖြစ်သတ်
မှတ်၏။ ဘုရားသခင်သည် ဤထူးခြားသော
ကျေးဇူးတော်ကို ငါ့အား ပေးတော်မူသည်ကို
သူတို့မြင်ကြ၏။ ထို့ကြောင့် သူတို့သည် ဗာနဗ
နှင့်ငါ့အား လက်ခံကြ၏။ ပေတရု၊ ယာကုပ်နှင့်
ယောဟန်တို့ကလည်း "ပေါလုနှင့် ဗာနဗတို့၊
သင်တို့သည် ယုဒလူမျိုးမဟုတ်သောအခြား
သောလူမျိုးတို့ဆီသို့ သွားကြရန် ငါတို့သဘော
တူညီကြ၏။ ငါတို့သည် ယုဒလူမျိုးတို့ဆီသို့
သွားကြရမည်" ဟုပြောဆိုကြ၏။ 10ဆင်းရဲ
သောသူတို့ကို အောက်မေ့စေခြင်းငှါ အလိုတစ်
ခုတည်းကိုသာ သူတို့သည်ငါတို့အား တောင်း
ဆိုကြ၏။ ထိုအရာမှာ အမှန်ပင်ပြုရန် အလိုရှိ
သောအရာတစ်ခုဖြစ်၏။

## ပေတရုမှားကြောင်းကို ပေါလုကဖော်ပြခြင်း

11ပေတရုသည် အန္တိအုတ်မြို့သို့ ရောက်
သောအခါ သူ၌အပြစ်တင်စရာအခွင့်ရှိသော
ကြောင့် သူ့ကိုယ်တိုင်ကို ငါငြင်း၍ဆီးတား
ရ၏။ 12အဘယ်သို့ ဖြစ်ပျက်သနည်းဆိုသော်၊
ပေတရုသည် အန္တိအုတ်မြို့သို့ ပထမအကြိမ်
ရောက်လာသောအခါ၊ သူသည် ယုဒလူမျိုး
မဟုတ်သော အခြားခရစ်ယာန်ဘာသာဝင်လူ
မျိုးတို့နှင့်အတူစား၏။သို့သော်လည်း၊ ယာကုပ်
ထံမှအချို့သောယုဒလူမျိုးခရစ်ယာန်တို့ရောက်
လာသောအခါ ပေတရုသည် တပါးအမျိုးသား
ခရစ်ယာန်တို့နှင့်အတူ စားသောက်ခြင်းကို ရပ်
တန့်၍ သူတို့ထံမှ ကိုယ်ကိုကိုယ်ခွါလျက်ရှိ၏။
အကြောင်းမူကား၊ ခရစ်ယာန်ဘာသာဝင်ယုဒ
လူတို့ကို ကြောက်ရွံ့သောကြောင့် ဖြစ်၏။ 13ထို
ကြောင့် ပေတရုသည် သူကောင်းယောင်
ဆောင်သောသူဖြစ်၏။ အခြားသောခရစ်
ယာန်ဘာသာဝင် ယုဒလူတို့သည်လည်း
ပေတရုနှင့်အတူ ပူးပေါင်းကြ၏။ ထို့ကြောင့်သူ
တို့သည်လည်း သူကောင်းယောင်ဆောင်သော
သူများဖြစ်ကြ၏။ ဤခရစ်ယာန်ဘာသာဝင်
ယုဒလူတို့သည် ဗာနဗကိုလည်း လွှမ်းမိုး၍ သူ
ကောင်းယောင်ဆောင်သောသူ ဖြစ်စေ၏။
14ဤခရစ်ယာန်ဘာသာဝင်ယုဒလူတို့သည် အ
ဘယ်အရာပြုသည်ကို ငါမြင်၏။ သူတို့သည်ဧဝံ
ဂေလိတရားနောက်သို့ မလိုက်ကြ။ ထို့ကြောင့်
အခြားသောခရစ်ယာန်ဘာသာဝင် ယုဒလူအ
ပေါင်းတို့ရှေ့မှာ ပေတရုအား ငါဆိုသည်မှာ၊
"ပေတရု၊ သင်သည် ယုဒလူမျိုးတစ်ယောက်
ဖြစ်၏။ သို့သော်လည်း၊ သင်သည် ယုဒလူမျိုး

တစ်ယောက်ကဲ့သို့ အသက်မရှင်။ သင်သည်
ယုဒလူမျိုးမဟုတ်သော အခြားသောလူမျိုးကဲ့
သို့အသက်ရှင်၏။ ထို့ကြောင့် သင်သည် ယုဒလူ
မျိုးမဟုတ်သော အခြားသောလူမျိုးတို့အား
ယုဒလူမျိုးကဲ့သို့ အသက်ရှင်ခြင်းငှါ အဘယ်
ကြောင့်အနိုင်ထက်ပြုသနည်း” ဟူ၍ပြစ်၏။
[15]ငါတို့ယုဒလူမျိုးတို့သည် အပြစ်သားဖြစ်
သော တပါးအမျိုးသားတို့ကဲ့သို့ မွေးဖွားကြ
သည်မဟုတ်။ [16]ပညတ်တရားကိုလိုက်လျှောက်
ခြင်းအားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာမ
ရောက်နိုင်သည်ကို ငါတို့သိကြ၏။ ယေရှုခရစ်
ကို ယုံကြည်ခြင်းအားဖြင့်သာ လူတစ်ယောက်
သည် ဖြောင့်မတ်ရာသို့ရောက်နိုင်၏။ ထို့
ကြောင့် ငါတို့၏ယုံကြည်ခြင်းကို ခရစ်တော်
ယေရှု၌ ငါတို့ထားကြ၏။ အကြောင်းမူကား၊ ငါ
တို့သည် ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ အလို
ရှိကြ၏။ ငါတို့သည် ခရစ်တော်၌ ငါတို့၏ယုံ
ကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်
ကြ၏။ ငါတို့သည် ပညတ်တရားနောက်သို့
လိုက်သောအားဖြင့်မဟုတ်။ ယုဒလူမျိုးတို့၏
ပညတ်တရားကို လိုက်လျှောက်ခြင်းအားဖြင့်
အဘယ်သူမျှ ဖြောင့်မတ်ခြင်းသို့ မရောက်နိုင်။
[17]ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရာ
သို့ ရောက်ခြင်းငှါ ငါတို့ယုဒလူမျိုးတို့သည် ခရစ်
တော်ထံသို့ချဉ်းကပ်လာကြ၏။ ထို့ကြောင့် ငါ
တို့သည်လည်း အပြစ်ရှိသောသူများဖြစ်ကြ
သည်မှာ ထင်ရှားလျက်ရှိ၏။ ထိုသို့ဆိုသော်
ခရစ်တော်သည် ငါတို့အား အပြစ်ရှိသူများ
ဖြစ်စေပါသလော။ [18]ထိုသို့မဖြစ်စေပါ။ သို့
သော်လည်း ငါစွန့်လွှတ်သောပညတ်တရား
တော်ကို တစ်ဖန်ပြန်၍ သွန်သင်ခြင်းကို အစပြု
လျှင် ငါသည် အမှန်စင်စစ် မှားယွင်းလျက်ရှိ၏။
[19]ငါသည် ငါ့ကို သေစေသောပညတ်တရား၌
အသက်ရှင်ခြင်းမှ စွန့်လွှတ်ရပ်တန့်၏။ ငါသည်
ဘုရားသခင်အတွက် အသက်ရှင်နိုင်မည်အ
ကြောင်း ပညတ်တရား၌ သေလျက်ရှိ၏။ ငါ
သည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်
မှာ အသေခံပြီ။ [20]ထို့ကြောင့် ယခုတွင် ငါ၌ရှင်
သောအသက်သည် အမှန်စင်စစ် ငါမဟုတ်။
ထိုသို့ဆိုသော်ခရစ်တော်သည် ငါ့အထဲ၌ အ
သက်ရှင်တော်မူ၏။ ငါသည် ယခုတိုင်အောင်
ငါ၏ကိုယ်ခန္ဓာ၌ အသက်ရှင်သေး၏။ သို့သော်
လည်း၊ ငါသည် ဘုရားသခင်၏သားတော်ကို
ယုံကြည်ခြင်းအားဖြင့် အသက်ရှင်၏။ ယေရှု
သည် ငါ့ကို ချစ်တော်မူ၍ ငါ့ကို ကယ်တင်ရန်
ကိုယ့်ကိုကိုယ် ပေးလှူအပ်နှံတော်မူသောသူဖြစ်
၏။ [21]ဤဆုကျေးဇူးသည် ဘုရားသခင်ထံ
တော်မှလာ၏။ ဤအရာသည် ငါ့အတွက် အ
လွန်အရေးကြီးသောအရာဖြစ်၏။ အကြောင်း
မူကား၊ ပညတ်တရားသည် ငါတို့အား ဖြောင့်
မတ်ရာသို့ရောက်စေနိုင်လျှင်၊ ခရစ်တော်သည်
အသေခံတော်မူလိမ့်မည်မဟုတ်။

## ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ယုံကြည်ခြင်းအားဖြင့်လာ၏

3 ယေရှုခရစ်သည် လက်ဝါးကားတိုင်ပေါ်
တွင် အသေခံတော်မူသည့် အကြောင်းကို
ဂလာတိမြို့၌ရှိသော သင်တို့အား အလွန်ရှင်း
လင်းစွာ ဟောပြောတော်မူပြီ။ သို့သော်လည်း၊
သင်တို့သည် အလွန်မိုက်မဲခြင်းရှိကြ၏။ သင်တို့
သည် တစ်စုံတစ်ယောက်သောသူ၏ လှည့်စား
ခြင်းကိုခံရကြ၏။ [2]သင်တို့သည် အဘယ်သို့
သောနည်းအားဖြင့်သန့်ရှင်းသောဝိညာဉ်တော်
ကို ခံယူကြပါသနည်း။ သင်တို့သည် သန့်ရှင်း
သောဝိညာဉ်တော်ကို ပညတ်တရားလိုက်
လျှောက်ခြင်းအားဖြင့် ခံယူကြသလော။ မခံယူ
ပါ။ သင်တို့သည် ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ကြားရကြပြီး ထိုအရာကို ယုံကြည်
ကြသောကြောင့် ဝိညာဉ်တော်ကို ခံယူကြခြင်း
ဖြစ်ကြောင်းကိုသာ သင်တို့အား ငါပြောရန်အ
လိုရှိ၏။ [3]သင်တို့သည် ခရစ်တော်၌ သင်တို့၏
အသက်တာကို ဝိညာဉ်တော်အားဖြင့် အစပြု
ကြ၏။ ယခုတွင် သင်တို့သည် ထိုအရာကို မိမိ
တို့၏အစွမ်းတန်ခိုးအားဖြင့် ဆက်လက်၍ ကြိုး
စားနေကြပါသလော။ ထိုအရာသည် မိုက်မဲ
သောအရာဖြစ်၏။ [4]သင်တို့သည် များစွာ

သောအရာ၌ အတွေ့အကြုံရှိကြ၏။ ထိုအတွေ့
အကြုံအားလုံးတို့သည် အချည်းနှီးဖြစ်ပြီလော။
ထိုအရာတို့သည် အချည်းနှီးမဖြစ်ဟု ငါမျှော်
လင့်၏။ 5သင်တို့သည် ပညတ်တရားကို လိုက်
လျှောက်ခြင်းအားဖြင့် ဘုရားသခင်သည်
ဝိညာဉ်တော်ကို သင်တို့အား ပေးသလော။
ထိုသို့ပေးတော်မူခြင်းမရှိ။ သင်တို့သည် ပညတ်
တရားကို လိုက်လျှောက်ခြင်းအားဖြင့် ဘုရား
သခင်သည် သင်တို့အား နိမိတ်လက္ခဏာများ
ကို ပြသလော။ ထိုသို့ပြတော်မူခြင်းမရှိ။ သင်
တို့သည် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို ကြားရပြီး၊ ထိုအရာကို ယုံကြည်ကြသော
ကြောင့် ဘုရားသခင်သည် မိမိဝိညာဉ်တော်ကို
သင်တို့အား ပေးတော်မူ၍ သင်တို့အား နိမိတ်
လက္ခဏာများကို ပြတော်မူခြင်းဖြစ်၏။
6ထိုနည်းတူ အာဗြဟံ၌လည်း ဖြစ်၏။
"အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်၏။
ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို
လက်ခံတော်မူ၏။ထိုအရာသည် အာဗြဟံအား
ဘုရားသခင်၏ရှေ့တော်၌ ဖြောင့်မတ်တော်မူ
ခြင်းသို့ ရောက်စေ၏။"* 7ထို့ကြောင့် ယုံကြည်
ခြင်းရှိသောသူတို့သည် အာဗြဟံ၏စစ်မှန်သော
သားသမီးများဖြစ်ကြသည်ကို သိမှတ်ကြလော့။
8အနာဂတ်ကာလတွင် အဘယ်အရာဖြစ်ပျက်
မည်အကြောင်းကို သမ္မာကျမ်းစာ၌ ရေးသား
ထား၏။ ဘုရားသခင်သည် ယုဒလူမျိုးမဟုတ်
သောအခြားသောလူမျိုးတို့ကို ယုံကြည်ခြင်း
ကြောင့် မိမိရှေ့တော်၌ ဖြောင့်မတ်စေတော်မူ
သည်ဟု ရေးထား၏။ "မြေကြီးပေါ်၌ရှိသောလူ
မျိုးအပေါင်းတို့သည် သင့်အားဖြင့်ကောင်းချီး
မင်္ဂလာခံရလိမ့်မည်"* ဟုဖြစ်၏။ ဤအရာမ
တိုင်မီ ဘုရားသခင်သည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို အာဗြဟံထံသို့ ဟောပြော
တော်မူနှင့်ပြီ။ 9အာဗြဟံသည် မိမိယုံကြည်ခြင်း
အားဖြင့် ထိုကောင်းချီးမင်္ဂလာကိုခံရ၏။ ထို
နည်းတူ ယုံကြည်သူအားလုံးတို့သည်လည်း
အာဗြဟံကဲ့သို့ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်
မည်။ 10သို့သော်လည်း၊ ပညတ်တရားကိုလိုက်
လျှောက်ခြင်းအားဖြင့် ကိုယ်ကိုကိုယ် ဖြောင့်
မတ်ရန် ကြိုးစားနေသောသူတို့သည် ကျိန်ခြင်း
အောက်၌ရှိကြ၏။ အကြောင်းမူကား၊ "လူတစ်
ယောက်သည် ပညတ်ကျမ်းစာ၌ ရေးထားသမျှ
သောစကားတို့ကို ပြုရမည်ဟု ကျမ်းစာ၌ ရေး
ထား၏။ သူသည် အစဉ်အမြဲမလိုက်နာလျှင်၊
ထိုသူသည် ကျိန်ခြင်းအောက်၌ရှိ၏။"* 11ထို့
ကြောင့် ပညတ်တရားအားဖြင့် အဘယ်သူတစ်
ဦးတစ်ယောက်မျှ ဘုရားသခင်ရှေ့၌ ဖြောင့်
မတ်ရာသို့ မရောက်သည်မှာ ထင်ရှားလျက်
ရှိ၏။ "ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့
တော်၌ ဖြောင့်မတ်ရာသို့ ရောက်သောသူ
သည် အသက်ရှင်လိမ့်မည်"* ဟုသမ္မာကျမ်း
စာ၌ မိန့်တော်မူ၏။ 12ပညတ်တရားသည် ယုံ
ကြည်ခြင်းနှင့်မစပ်ဆိုင်။ ထိုအရာသည် ကွဲပြား
ခြားနားသောနည်းလမ်းနှင့်စပ်ဆိုင်၏။ "ပညတ်
တရားက၊ မိန့်တော်မူသောအရာကိုကျင့်သော
သူသည် အသက်ရှင်လိမ့်မည်'* ဟုဆို၏။
13ပညတ်တရားသည် ကျိန်ခြင်းကို ငါတို့အပေါ်၌
ချထား၏။ သို့သော်လည်း ခရစ်တော်သည်
ထိုကျိန်ခြင်းကိုအဝေးသို့ ဖယ်ရှားတော်မူ၏။
သူသည် ငါတို့နှင့်နေရာချင်းပြောင်းလဲတော်မူ
၏။ ခရစ်တော်သည် ကိုယ်ကိုကိုယ် ထိုကျိန်
ခြင်းအောက်၌ ချထားတော်မူ၏။ အကြောင်း
မူကား၊ ကျမ်းစာ၌ရေးထားသည်မှာ၊ "လူတစ်
ယောက်၏ကိုယ်ခန္ဓာသည် သစ်တိုင်ပေါ်၌ချိတ်
ထားသောအခါ* ထိုသူသည် ကျိန်ခြင်း၏

**"အာဗြဟံ ... ရောက်စေ၏"** ကမ္ဘာ 15:6

**"မြေကြီး ... ခံရလိမ့်မည်"** ကမ္ဘာ 12:3

**"လူတစ်ယောက် ... အောက်၌ရှိ၏"** တရား 27:26

**"ယုံကြည်ခြင်း ... ရှင်လိမ့်မည်"** ဟဗက္ကုတ် 2:4

**"ပညတ်တရားက ... အသက်ရှင်မည်"** ဝတ်ပြု 18:5

**သစ်တိုင်ပေါ် ချိတ်ထားသောအခါ** တရား 21:22-23 ၌ တစ်စုံတစ်ယောက်သောသူသည် အပြစ်လုပ်မှုကြောင့် အသတ်ခံလျှင် သူ၏ကိုယ်ခန္ဓာကို အရှက်ပြသောအားဖြင့် သစ်တိုင်ပေါ်တွင် ချိတ်ဆွဲခြင်း ခံခဲ့ရသည်။ ယေရှု၏ လက်ဝါးကားတိုင်တော်သည် ထိုနည်းတူ ဖြစ်သည်ဟု ပေါလုက ဆိုလိုသည်။

အောက်၌ရှိ၏။”* [14]ဘုရားသခင်၏ကောင်း
ကြီးမင်္ဂလာသည် လူသားအားလုံးအပေါ်သို့ ပေး
အပ်နိုင်မည်အကြောင်း ဤအရာသည် ခရစ်
တော်အပေါ်၌ ဖြစ်ပျက်တော်မူ၏။ ဘုရား
သခင်သည် ထိုကောင်းချီးမင်္ဂလာကို အာဗြဟံ
အား ဂတိပေးတော်မူ၏။ ထိုကောင်းချီးမင်္
လာသည် ခရစ်တော်ယေရှုအားဖြင့် လာ၏။ ငါ
တို့သည် ဂတိတော်ဖြစ်သော သန့်ရှင်းသော
ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် လက်ခံ
ရရှိ နိုင်မည်အကြောင်း ယေရှုသည် မိမိကိုယ်
ကို အသတ်ခံရန် ဆက်ကပ်တော်မူ၏။

## ပညတ်တရားနှင့် ဂတိတော်

[15]ညီအစ်ကို မောင်နှမတို့၊ သင်တို့အား ဥပ
မာတစ်ခု ငါပေးပါရစေ။ လူတစ်ယောက်သည်
အခြားသောလူတစ်ယောက်နှင့် ပြုသောသ
ဘောတူညီချက် အကြောင်းကို ဆင်ခြင်ကြ
လော့။ ထိုသဘောတူညီချက်ကို တရားဝင်ပြု
သည့်နောက်ပိုင်း၌ အဘယ်သူတစ်ဦးတစ်
ယောက်ကမျှ ထိုသဘောတူညီချက်ကို ရုပ်
သိမ်းခြင်း သို့မဟုတ် တစ်စုံတစ်ရာကို ပေါင်း
ထည့်ခြင်းမပြုနိုင်။ ထိုသဘောတူညီချက် ကို
အဘယ်သူကမျှ မပယ်ဖျက်နိုင်။ [16]ဘုရားသခင်
သည် အာဗြဟံနှင့် သူ၏အမျိုးအနွယ်တို့ အား
ဂတိတော်များကို ပြုတော်မူ၏။ ဘုရားသခင်
သည်၊ “သင်၏အမျိုးအနွယ်များ” ဟူ၍မပြော
ပါ။ (ဆိုလိုသည်မှာ လူများစွာတို့အတွက်ဖြစ်၏။
သို့သော်လည်း၊ ဘုရားသခင်က၊ “သင်၏အမျိုး
အနွယ်” ဟုဆိုရာ၌ တစ်ပါးတည်းဖြစ်သော
ခရစ်တော်ကိုသာ ဆိုလို၏)။ [17]ဤအရာသည်
ငါတို့ဆိုလိုသောအရာဖြစ်၏။ အာဗြဟံအား
ဘုရားသခင် ပေးတော်မူသောသဘောတူညီ
ချက်သည် တရားဝင်ပြုတော်မူသောသဘော
တူညီချက်ဖြစ်၍ ပညတ်တရားမတိုင်မီ၌ပင် ပြု
တော်မူ၏။ ပညတ်တရားသည် အနှစ်လေးရာ
သုံးဆယ်လွန်ပြီးနောက်မှလာ၏။ ထို့ကြောင့်
ပညတ်တရားသည် ထိုသဘောတူညီချက်နှင့်
အာဗြဟံအား ဘုရားသခင်၏ဂတိတော်ကို
မပယ်နိုင်။ [18]ပညတ်တရားကို လိုက် လျှောက်
နိုင်ခြင်းအားဖြင့် ဘုရားသခင်ဂတိပေးတော်မူ
သောအရာများကို ငါတို့အား ပေးနိုင်မည်
လော။ ထိုသို့မပေးနိုင်ပါ။ ငါတို့သည် ပညတ်
တရားကို လိုက်လျှောက်ခြင်းအားဖြင့် ထိုအရာ
များကို လက်ခံနိုင်မည်ဆိုလျှင်၊ ငါတို့အား ထို
အရာများကို ယူလာသည်မှာ ဘုရားသခင်၏
ဂတိတော်မဟုတ်။ သို့သော်လည်း၊ ဘုရားသခင်
သည် သူ၏ဂတိတော်အားဖြင့် သူ၏ကောင်းချီး
မင်္ဂလာများကို အာဗြဟံအား အခမဲ့ရက်ရော
စွာပေးတော်မူ၏။

[19]ထို့ကြောင့် ပညတ်တရားသည် အဘယ်
အတွက် ဖြစ်ပါသနည်း။ ပညတ်တရားသည်
လူတို့ပြုသောမှားယွင်းသည့်အရာများကို ဖော်
ထုတ်ထင်ရှားစေခြင်းငှါ ပေးတော်မူ၏။
အာဗြဟံ၏ ထူးခြားသောအမျိုးအနွယ်သည်
ရောက်မလာမီတိုင်အောင် ပညတ်တရားသည်
ဆက်လက်၍ တည်ရှိမည်။ ထိုဂတိတော်သည်
ထိုအမျိုးအနွယ်များအတွက် ပြုတော်မူခြင်း
ဖြစ်၏။ ပညတ်တရားသည် ကောင်းကင်တမန်
အားဖြင့် ပေးတော်မူ၏။ ကောင်းကင်တမန်
တို့သည် ပညတ်တရားကို လူတို့အား ပေးရန်
မောရှေကို အာမခံသူတစ်ဦးအဖြစ် အသုံးပြု၏။
[20]သို့သော်လည်း အာမခံသူသည် တစ်ဘက်နှင့်
သာဆိုင်သည်မဟုတ်။ ဘုရားသခင်သည် တစ်
ဘက်တည်းသာ ဖြစ်တော်မူ၏။ ထို့ကြောင့်
ပညတ်တရားသည် ဂတိတော်ရှိသည့်အတိုင်း
ဘုရားသခင်ထံတော်မှ တိုက်ရိုက်မလာ။

## မောရှေပညတ်တရား၏ရည်ရွယ်ချက်

[21]ထိုသို့ဆိုသော် ပညတ်တရားသည်ဘုရား
သခင်၏ဂတိတော်တို့နှင့် ဆန့်ကျင်သလော။ ထို
သို့မဟုတ်ပါ။ လူတို့အား အသက်ကို ပေးနိုင်
သောပညတ်တရားရှိလျှင် ငါတို့သည် ပညတ်
တရားကို လိုက်လျှောက်ခြင်းအားဖြင့် ဖြောင့်
မတ်ရာသို့ ရောက်မည်ဖြစ်၏။ [22]သို့သော်လည်း

**“လူတစ်ယောက် … အောက်၌ရှိ၏”** တရား 21:22-23

ဤအရာသည် မမှန်ကန်။ အကြောင်းမူကား၊
လူအားလုံးတို့သည် အပြစ်တရား၌ ချည်နှောင်
လျက်ရှိသည်ဟု သမ္မာကျမ်းစာ၌ ရေးသား
ထား၏။ အဘယ်ကြောင့် ကျမ်းစာက ထိုသို့ပြု
တော်မူသနည်း။ ခရစ်တော်ယေရှု ပြုတော်မူ
သောဂတိတော်ကို ယုံကြည်သောသူတို့အား
ခရစ်တော်ယေရှု၌ ယုံကြည်ခြင်းအား ပေးတော်
မူမည်အကြောင်းဖြစ်၏။
23 ဤယုံကြည်ခြင်းသည် မရောက်လာမီ ငါ
တို့အားလုံးသည် ပညတ်တရားအားဖြင့်အကျဉ်း
သားများကဲ့သို့ ချည်နှောင်လျက်ရှိ၏။ ဘုရား
သခင်သည် ရောက်လာမည့်ယုံကြည်ခြင်းတ
ရားကို ငါတို့အား ပေးတော်မမူမီတိုင်အောင်
ငါတို့၌ လွတ်မြောက်ခြင်းမရှိ။ 24 ထို့ကြောင့်
ခရစ်တော်မရောက်လာမီတိုင်အောင် ပညတ်
တရားသည် ငါတို့၏အထိန်းဖြစ်တော်မူ၏။ ခရစ်
တော်ရောက်လာပြီးနောက် ငါတို့သည် ယုံ
ကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့၌ ဖြောင့်
မတ်ရာသို့ရောက်ကြ၏။ 25 ယခုတွင် ယုံကြည်
ခြင်းတရားသည် ရောက်လာပြီး၊ ငါတို့သည်
ပညတ်တရား၏အထိန်းလက်မှလွတ်ကြ၏။
26-27 သင်တို့အားလုံးသည် ခရစ်တော်၌
ဗတ္တိဇံကိုခံရကြ၏။ ထို့ကြောင့် သင်တို့အားလုံး
သည် ခရစ်တော်ကို ယူတင်ဝတ်ဆင်သောသူ
ဖြစ်ကြ၏။ ခရစ်တော်ယေရှု၌ သင်တို့၏ယုံကြည်
ခြင်းအားဖြင့် သင်တို့သည် ဘုရားသခင်၏သား
သမီးများဖြစ်လာကြ၏။ 28 ယခုတွင် ခရစ်တော်
၌ ယုဒလူနှင့်ဟေလသတို့ကြား၌ ကွဲပြားခြား
နားခြင်း အလျှင်းမရှိ။ ကျွန်များနှင့်လူလွတ်တို့
ကြား၌လည်း ကွဲပြားခြားနားခြင်းမရှိ။ ယော
က်ျားတို့နှင့် မိန်းမတို့ကြား၌ ကွဲပြားခြားနားခြင်း
မရှိ။ သင်တို့အားလုံးတို့သည် ခရစ်တော်ယေရှု
၌ တလုံးတဝတည်း ဖြစ်ကြ၏။ 29 သင်တို့သည်
ခရစ်တော်နှင့်စပ်ဆိုင်ကြ၏။ ထို့ကြောင့် သင်တို့
သည် အာဗြဟံ၏အမျိုးအနွယ်ဖြစ်ကြ၏။ ဘုရား
သခင်သည် အာဗြဟံ၌ ပြုတော်မူသောဂတိ
တော်အားဖြင့် သင်တို့သည် ဘုရားသခင်၏
ကောင်းချီးမင်္ဂလာအားလုံးတို့ကို ခံရကြ၏။

4 ငါသည် သင်တို့အား ဤအရာကို ပြောပြ
လို၏။ အမွေခံသည် ကလေးသူငယ်အရွယ်
ရှိစဉ်တွင် သူသည် အစေခံကျွန်တစ်ပါးနှင့် ခြား
နားခြင်းမရှိ။ အမွေခံသည် အရာခပ်သိမ်းကိုပိုင်
ဆိုင်သည်၊ မပိုင်ဆိုင်သည်မှာ အရေးကြီးသည်
မဟုတ်။ 2 အကြောင်းမူကား၊ သူသည် သူငယ်
ဘဝရှိစဉ် သူ့ကို စောင့်ရှောက်ရန် ရွေးချယ်ထား
သောသူတို့၏စကားကို နားထောင်ရမည်။ သို့
သော်လည်း၊ ထိုကလေးသည် အဘစီရင်သော
အချိန်ကာလရောက်သောအခါ သူသည် လွတ်
မြောက်လျက်ရှိ၏။ 3 ငါတို့၌လည်း ထိုနည်းတူ
ဖြစ်၏။ ငါတို့သည် တစ်ချိန်က ကလေးငယ်များ
ကဲ့သို့ဖြစ်ကြ၏။ ငါတို့သည် အသုံးမရသောဤ
လောကီတရား၏အုပ်စိုး ခြင်းအောက်၌ ကျွန်ခံ
ရကြ၏။ 4 သို့သော်လည်း၊ အချိန်ကာလစေ့
သောအခါ၊ ဘုရားသခင်သည် မိမိသားတော်
ကို စေလွှတ်တော်မူ၏။ ဘုရားသခင်၏သား
တော်သည် မိန်းမဝမ်းမှ မွေးဖွားခြင်းခံတော်မူ
၏။ ဘုရားသခင်၏သားတော်သည် ပညတ်
တရားအောက်၌ အသက်ရှင်တော်မူ၏။ 5 သူ
သည် ပညတ်တရားအောက်၌ ရှိသောသူတို့ကို
လွတ်မြောက်စေခြင်းငှါ ရွေးနုတ်နိုင်မည့်အ
ကြောင်း ဘုရားသခင်သည် ဤအရာကိုပြု
တော်မူ၏။ ဘုရားသခင်၏အကြံအစည်မှာ ငါ
တို့အားသူ၏သားသမီးများ အဖြစ်သို့ ပြုတော်
မူရန်အလိုတော်ရှိ၏။
6 သင်တို့သည်ဘုရားသခင်၏သားသမီးများ
ဖြစ်ကြ၏။ ထိုအကြောင်းကြောင့် ဘုရားသခင်
သည် မိမိသားတော်၏ဝိညာဉ်တော်ကို သင်တို့
စိတ်နှလုံးသားထဲသို့ စေလွှတ်တော်မူ၏။ ထို
ဝိညာဉ်တော်က “အဘ၊ အိုအဘ” ဟူ၍ မြွက်
ဆိုတော်မူ၏။ 7 ထို့ကြောင့် ယခုတွင် သင်တို့
သည် နောက်တဖန် အစေအပါကျွန်မဟုတ်။
ယခုတွင်သင်တို့သည် ဘုရားသခင်၏သားသမီး
များ ဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏
သားသမီးများ ဖြစ်ကြသောကြောင့် သူသည်
မိမိဂတိပေးသောအရာများတို့ကို သင်တို့အား
ပေးတော်မူလိမ့်မည်။

## ဂလာတိမြို့၌ရှိသော ခရစ်ယာန်များ အတွက် ပေါလု၏ချစ်ခြင်းမေတ္တာ

8လွန်ခဲ့ပြီးသောအချိန်ကာလ၌သင်တို့သည်
ဘုရားသခင်ကိုမသိကြ။ သင်တို့သည် အစစ်အ
မှန်မဟုတ်သော နတ်ဘုရားများတို့၏အစေခံ
ကျွန်များဖြစ်ကြ၏။ 9သို့သော်လည်း၊ ယခုတွင်
သင်တို့သည် စစ်မှန်သောဘုရားသခင်ကို သိ
ကြ၏။ အမှန်စင်စစ် သင်တို့ကို သိတော်မူသော
ဘုရားသည် စစ်မှန်သောဘုရား ဖြစ်တော်မူ
၏။ ထို့ကြောင့် အထက်က သင်တို့လိုက်သော
အားမရှိ၊ အသုံးမဝင်သောတရား၏အုပ်စိုးခြင်း
နောက်သို့ သင်တို့သည် အဘယ်ကြောင့် ပြန်
လှည့်ကြသနည်း။ သင်တို့သည် တစ်ဖန် ထို
အရာများတို့၏အစေခံကျွန် များဖြစ်ကြရန် အ
လိုရှိကြသလော။ 10သင်တို့သည် ယခုတိုင်
အောင် နေ့ထူးနေ့မြတ်၊ လ၊ ရာသီ၊ နှစ်တို့အ
ကြောင်းကိုသွန်သင်သောပညတ်တရားနောက်
သို့ လိုက်ကြ၏။ 11ငါသည် သင်တို့အတွက်
ကြောင့် စိုးရိမ်လျက်ရှိ၏။ သင်တို့အတွက် ငါ
ကြိုးစား၍ လုပ်ဆောင်သောအရာတို့သည် အ
ချည်းနှီး ဖြစ်သွားမည်အကြောင်း ငါကြောက်
ရွံ့လျက်ရှိ၏။

12ညီအစ်ကိုမောင်နှမတို့၊ ငါသည်လည်း
သင်တို့ကဲ့သို့ ဖြစ်၏။ ထို့ကြောင့် သင်တို့သည်
လည်း ငါကဲ့သို့ဖြစ်ကြလော့။ သင်တို့သည် အ
ထက်က ငါ့အပေါ်၌ အလွန်ကောင်းမြတ်ကြ၏။
13ငါသည် သင်တို့ဆီသို့ ပထမအကြိမ် အဘယ်
ကြောင့် လာသည်ကို သင်တို့သတိရကြလိမ့်
မည်။ ငါသည် ဖျားနာသောကြောင့်ဖြစ်၏။ ထို
အရာမှာ ငါသည် သင်တို့အား ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ဟောပြောသော
အချိန်၌ဖြစ်၏။ 14ငါ၏ဖျားနာခြင်းမှာ သင်တို့အ
တွက် ဝန်ထုပ်ပင်ဖြစ်၏။ သို့သော်လည်း သင်
တို့သည် ငါ့အား မုန်းတီးကြောင်းကို မထင်ရှား
စေကြ။ သင်တို့သည် ငါ့ကို မပယ်ကြ။ ငါသည်
ဘုရားသခင်ထံတော်မှ လာသောကောင်းကင်
တမန်ကဲ့သို့ သင်တို့သည် ငါ့ကို ကြိုဆိုလက်ခံ
ကြ၏။ သင်တို့သည် ငါ့ကို ယေရှုခရစ်ကဲ့သို့
လက်ခံကြ၏။ 15သင်တို့သည် အလွန်ဝမ်း
မြောက်ခြင်းရှိကြ၏။ ထိုဝမ်းမြောက်ခြင်းသည်
ယခုတွင် အဘယ်မှာရှိသနည်း။ ငါ့အား ကူညီ
ရန် ဖြစ်နိုင်ဖွယ်သော မည်သည့်အရာကို မဆို
ပြုကြရန် သင်တို့အလို ရှိကြသည်ကို ငါအောက်
မေ့လျက်ရှိ၏။ ဖြစ်နိုင်မည်ဆိုလျှင်၊ သင်တို့၏
မျက်လုံးများကိုပင် ထုတ်ပစ်၍ ငါ့ကို ပေးလှူရန်
သင်တို့အလိုရှိခဲ့ကြ၏။ 16ငါသည် သင်တို့အား
သမ္မာတရားကို ဟောပြောသောကြောင့် ယခု
တွင် ငါသည် သင်တို့၏ရန်သူဖြစ်သလော။

17ထိုသူတို့သည် သင်တို့ကို သွေးဆောင်ရန်
အလွန်ကြိုးစားကြ၏။ သို့သော်လည်း၊ ဤအရာ
သည် သင်တို့အတွက်မကောင်း။ သင်တို့သည်
ငါတို့ကို ဆန့်ကျင်၍ လွဲသွားကြရန်၊ သူတို့သည်
သင်တို့အား နားချ၍ တိုက်တွန်းရန် အလိုရှိကြ
၏။ သင်တို့သည် သူတို့နောက်ကိုသာ လိုက်၍
အခြားအဘယ်နောက်ကိုမျှ သင်တို့မလိုက်ရန်
သူတို့သည် အလိုရှိကြ၏။ 18သင်တို့အထဲ၌ လူ
တို့ကို စိတ်အာရုံစူးစိုက်ခြင်းသည် ကောင်း
သောအရာဖြစ်၏။ သို့သော်လည်း သူတို့၏
ရည်ရွယ်ချက် ကောင်းမွန်မှုသာလျှင်ဖြစ်၏။ ဤ
အရာသည် အစဉ်အမြဲမှန်ကန်၏။ ငါသည် သင်
တို့နှင့်အတူရှိနေစဉ်အခါနှင့် ငါသည် အဝေး၌
ရှိနေသောအခါ၌လည်း ထိုအရာသည် မှန်ကန်
၏။ 19ငါ့သားတို့၊ သားဖွားခြင်းဝေဒနာကဲ့သို့
ငါသည်လည်း သင်တို့အတွက် နာကျင်သော
ဝေဒနာကိုခံစားရ၏။ သင်တို့သည် ခရစ်တော်
ကဲ့သို့ ဖြစ်မလာမှီတိုင်အောင် ဤဝေဒနာကို ငါ
ခံစားရဦးမည်ဖြစ်၏။ 20ယခုတွင် ငါသည် သင်
တို့နှင့် အတူနေဖို့ရန် အလိုရှိ၏။ ထိုအခါ ငါသည်
သင်တို့ထံသို့ စကားပြောသောနည်းလမ်းကို
ပြောင်းလဲနိုင်မည်။ ယခုတွင် သင်တို့အကြောင်း
ကို အဘယ်သို့ပြုရမည်အကြောင်း ငါမသိ။

## ဟာဂရနှင့် စာရာတို့၏ပုံသက်သေ

21သင်တို့တွင် အချို့သောသူတို့သည်
မောရှေ၏ပညတ်တရားအောက်၌ နေရန်အလို
ရှိကြသေး၏။ ငါ့အား ပြောကြလော့။ ပညတ်

တရားသည် အဘယ်သို့ မိန့်တော်မူသည်ကို
သင်တို့သိသလော။ 22အာဗြဟံ၌ သားနှစ်
ယောက်ရှိသည်ဟု သမ္မာကျမ်းစာ၌ ဆိုထား၏။
တစ်ယောက်သောသား၏အမိသည် ကျွန်မဖြစ်
၏။ အခြားတစ်ယောက်သောသား၏အမိသည်
လွတ်လပ်သောမိန်းမဖြစ်၏။ 23ကျွန်မနှင့်ရသော
အာဗြဟံ၏သားသည် သာမန်ထုံးစံဖြစ်သောဇာ
တိပကတိအားဖြင့် ဖွားသောသားဖြစ်၏။ သို့
သော်လည်း၊ ကျွန်မမဟုတ်သောမိန်းမ၏သား
သည် ဂတိတော်အားဖြင့် ဖွားသောသားဖြစ်၏။
24ဤဖြစ်ရပ်မှန်သည် ပို၍နက်နဲသောအဓိ
ပ္ပါယ်ရှိ၏။ ထိုမိန်းမနှစ်ဦးတို့မှာ ဘုရားသခင်နှင့်
လူတို့ကြားမှာ ပြုတော်မူသောသဘောတူညီ
ချက်နှစ်ခုကဲ့သို့ဖြစ်၏။ တစ်ခုသောသဘောတူ
ညီချက်မှာ ဘုရားသခင်သည် သိနာတောင်
ပေါ်၌ ပြုတော်မူသောပညတ်တရားဖြစ်၏။ ဤ
သဘောတူညီချက်အောက်၌ ရှိသောသူတို့
သည် ကျွန်များကဲ့သို့ ဖြစ်ကြ၏။ ဟာဂရအမည်
ရှိသောမိခင်သည် ထိုသဘောတူညီချက်ကဲ့သို့
ဖြစ်၏။ 25ထို့ကြောင့် ဟာဂရသည် အာရပ်ပြည်
၌ရှိသောသိနာတောင်ကဲ့သို့ဖြစ်၏။ သူမသည်
လောကနှင့် ဆိုင်သောယေရုရှလင်မြို့ကဲ့သို့ဖြစ်
၏။ ဤမြို့သည် ကျွန်ခံရသောမြို့ဖြစ်၏။ ထိုမြို့
၏လူအားလုံးတို့သည်လည်း ပညတ်တရား၌
ကျွန်များဖြစ်ကြ၏။ 26သို့သော်လည်း၊ ကောင်း
ကင်ဘုံနှင့်ဆိုင်သော ယေရုရှလင်မြို့သည် အ
ထက်အရပ်၌ရှိ၍ ကျွန်မမဟုတ်သောမိန်းမနှင့်
တူ၏။ ဤမိန်းမသည် ငါတို့၏မိခင်ဖြစ်၏။
27သမ္မာကျမ်းစာ၌ ရေးထားသည်မှာ

“သားမဖွားသောအမြုံမ၊ ဝမ်းမြောက်
လော့၊ သင်သည် တစ်ကြိမ်တစ် ခါမျှ
မွေးဖွားခြင်းကိုမပေး။ မွေးဖွားခြင်းဝေဒ
နာကို တစ်ကြိမ်တစ်ခါမျှ မခံစားရသေး
သောသင်သည်ဝမ်းမြောက်ခြင်းနှင့်ကြွေး
ကြော်၍ အော်ဟစ်လော့။ လင်ယော
ကျ်ားက စွန့်ထားသောမိန်းမသည် လင်
ယောကျ်ား ရှိသောမိန်းမထက်သာ၍
များသောသားသမီးများကို မွေးဖွားလိမ့်
မည်။”

*ဟေရှာယ၊ 54:1*

28-29အာဗြဟံ၏တစ်ယောက်သောသားမှာ
သာမန်ထုံးစံဖြစ်သော ဇာတိပကတိအားဖြင့်
မွေးဖွား၏။ အာဗြဟံ၏အခြားသောသားသည်
သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် မွေး
ဖွားတော်မူ၏။ ငါ၏ညီအစ်ကိုမောင်နှမ များတို့
သင်တို့သည်လည်း ဣဇာက်ကဲ့သို့ ဂတိတော်
နှင့်စပ်ဆိုင်သောသားသမီးများ ဖြစ်ကြ၏။ သာ
မန်ထုံးစံအားဖြင့် မွေးဖွားသောသားသည် အ
ခြားသောသားဣဇာက်ကို၊ ညှဉ်းဆဲ၏။ ထို
နည်းတူ ယနေ့၌လည်းဖြစ်၏။ 30သို့သော်လည်း၊
သမ္မာကျမ်းစာ၌ အဘယ်သို့ဆိုထားသနည်း။
“ကျွန်မနှင့်သူ၏သားကို နှင်ထုတ်လော့။ ကျွန်မ
မဟုတ်သောမိန်းမ၏သားသည် သူ့ဖခင်၌ ရှိသ
မျှသောအရာအလုံးစုံတို့ကို အမွေခံရလိမ့်မည်။
သို့သော်လည်း၊ ကျွန် မနှင့်ရသောသားသည်
အဘယ်အရာတစ်စုံ တစ်ခုကိုမျှ အမွေမခံရ။”*
31ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမများတို့၊
ငါတို့သည် ကျွန်မအားဖြင့် မွေးသောသားသမီး
များမဟုတ်။ ငါတို့သည် ကျွန်မမဟုတ်သောမိန်း
မအားဖြင့် မွေးသောသားသမီးများဖြစ်ကြ၏။

## သင်တို့၏လွတ်လပ်ခြင်းကိုထိန်းသိမ်းလော့

5 ယခုတွင် ငါတို့သည် လွတ်လပ်ကြ၏။ ခရစ်
တော်သည် ငါတို့ကို လွတ်မြောက်စေ၏။
တစ်ဖန် ပြောင်းလဲ၍ ပညတ်တရား၏ကျွန်ခံ
ရန် နောက်ပြန်မဆုတ်ကြနှင့်။ 2နားထောင်ကြ
လော့။ ငါသည် ပေါလုဖြစ်၏။ သင်တို့သည် အ
ရေဖျားလှီးခြင်းကိုခံလျှင် ခရစ်တော်သည် သင်
တို့အတွက် မည်သည့်အကျိုးကိုမျှမပေး။ 3တစ်
ဖန်၊ ငါသည် လူတိုင်းကို သတိပေး၏။ သင်တို့
သည် ကိုယ်ကိုကိုယ် အရေဖျားလှီးခြင်းနောက်
သို့ လိုက်ကြလျှင် သင်တို့သည် မောရှေ၏
ပညတ်တရားအားလုံးတို့ကို လိုက်လျှောက်ရ

**“ကျွန်မနှင့်သူမ၏သား … အမွေမခံရ”** ကမ္ဘာ 21:10

မည်။ [4]သင်တို့သည် ပညတ်တရားအားဖြင့်
ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့
ရောက်ရန် ကြိုးစားကြလျှင် သင်တို့သည် ခရစ်
တော်နှင့် မိမိကိုယ်ကို ကင်းကွာစေ၍၊ ဘုရား
သခင်၏ကျေးဇူးတော်ကို ဆုံးရှုံးပြီ။ [5]ငါသည် ဤ
အရာကို ပြောဆိုရသည့်အကြောင်းမှာ ဘုရား
သခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့ရောက်မည်
ဟု ငါတို့၏မျှော်လင့်ခြင်းသည် ယုံကြည်ခြင်း
အားဖြင့်ဖြစ်၏။ ငါတို့သည် ထိုမျှော်လင့်ခြင်း
ကို ဝိညာဉ်တော်အားဖြင့် စောင့်လျက်နေကြ
၏။ [6]လူတစ်ယောက်သည် ခရစ်တော်ယေရှု၌
ရှိလျှင်၊ ထိုသူသည် အရေဖျားလှီးခြင်းကိုခံ
သည်ဖြစ်စေ၊ မခံသည်ဖြစ်စေ အရေးကြီးသော
အရာမဟုတ်။ အရေးကြီးသောအရာမှာ ချစ်
ခြင်းမေတ္တာအားဖြင့် လုပ်ဆောင်သောယုံကြည်
ခြင်းဖြစ်၏။

[7]သင်တို့သည် ပြေးပွဲ၌ ကောင်းမွန်စွာ ပြေး
ကြ၏။ သင်တို့သည် သမ္မာတရားကို နားထောင်
ကြ၏။ စစ်မှန်သောလမ်းမှ ထွက်ပြေးရန် အ
ဘယ်သူသည် သင်တို့ကို သွေးဆောင်သနည်း။
[8]ထိုဖြားယောင်းသွေးဆောင်ခြင်းသည် သင်တို့
ကို ရွေးကောက်တော်မူသောဘုရားသခင်ထံ
မှ လာသည်မဟုတ်။ [9]သတိပြုကြလော့။ "အ
နည်းငယ်သောတဆေးသည် မုန့်စိမ်းတစ်ပုံလုံး
ကို ဖောင်းကြွစေတတ်၏။" [10]သင်တို့သည် ငါနှင့်
သဘောတူလိမ့်မည်ဟု ငါသည် သခင်ဘုရား၌
ယုံကြည်ကိုးစားပါ၏။ အဘယ်သူမဆို သင်တို့ကို
စိတ်ရှုပ်ထွေးစေခြင်းငှါ ကြိုးစားသောသူသည်
အပြစ်ဒဏ်စီရင်ခြင်းကို ခံရလိမ့်မည်။

[11]ငါ၏ညီအစ်ကိုမောင်နှမများတို့၊ လူတို့
သည် အရေဖျားလှီးခြင်းကို ခံရမည်အကြောင်း
ငါသည် ဟောပြောခြင်းမရှိ။ ငါသည် အရေဖျား
လှီးခြင်းကို ဟောပြောနေသေးလျှင်၊ ငါသည် အ
ဘယ်ကြောင့် ညှဉ်းဆဲခြင်းကို ခံရမည်နည်း။ အ
ရေဖျားလှီးခြင်းကို ခံရမည်အကြောင်း ငါသည်
ဟောပြောသေးလျှင် ငါဟောပြောသောလက်
ဝါးကပ်တိုင်တော်အကြောင်းသည် ထိမိ၍ လဲစ
ရာအကြောင်း ပယ်ရှင်းလျက်ရှိလိမ့်မည်။ [12]သင်
တို့ကို စိတ်ရှုပ်ထွေးစေခြင်းငှါ ကြိုးစားသောသူ
တို့သည် ကိုယ်ကိုပယ်ရှားနှင်ထုတ်ခြင်းငှါ ငါအ
လိုရှိ၏။

[13]ငါ၏ညီအစ်ကိုမောင်နှမတို့၊ ဘုရားသခင်
သည်သင်တို့ကို လွတ်ခြင်းအခွင့်ရှိစေခြင်းငှါ ခေါ်
တော်မူ၏။ သို့သော်လည်း၊ အပြစ်များသော
သင်တို့၏ဇာတိပကတိကို ကျေနပ်စေသောအ
ရာများကိုပြုရန် သင်တို့၏လွတ်ခြင်းအခွင့်ကို
မသုံးကြနှင့်။ သို့သော်လည်း၊ အချင်းချင်းတစ်
ယောက်ကိုတစ်ယောက် ချစ်ခြင်းမေတ္တာနှင့်အ
မှုကို ဆောင်ရွက်ကြလော့။ [14]"ကိုယ်ကိုကိုယ်
ချစ်သည်နည်းတူ အခြားသောသူတို့ကိုလည်း
ချစ်လော့"* ဟူသောပညတ်တစ်ပါးတည်း၌
ပညတ်တရားရှိသမျှတို့ကို ပေါင်းစည်းထား
တော်မူ၏။ [15]သင်တို့သည် အချင်းချင်းတစ်
ယောက်ကိုတစ်ယောက် ဆက်လက်ထိခိုက်နာ
ကျင်စေ၍ အချင်းချင်းတို့ကို အပိုင်းပိုင်းဖြစ်
အောင် ကွဲနေကြလျှင် သင်တို့သည်အချင်းချင်း
တစ်ယောက်ကိုတစ်ယောက်လုံးလုံးလျားလျား
ပျက်စီးစေကြလိမ့်မည်အကြောင်း သတိပြုကြ
လော့။

## ဝိညာဉ်ပကတိနှင့်ဇာတိပကတိ

[16]ထို့ကြောင့် သင်တို့အား ငါပြောဆိုသည်
မှာ၊ ဝိညာဉ်တော်ကို နာခံခြင်းဖြင့်အသက်
ရှင်ကြလော့။ သို့ဖြစ်လျှင် သင်တို့၏ဇာတိပက
တိအလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။ [17]ငါတို့
၏ဇာတိပကတိအလိုများသည် ဝိညာဉ်တော်
အား ဆန့်ကျင်၏။ ဝိညာဉ်တော်သည်လည်း
ငါတို့၏ဇာတိပကတိအလိုနှင့် ဆန့်ကျင်ဘက်ဖြစ်
သောအရာများကို အလိုရှိ၏။ ဤကွဲပြားခြား
နားသောအရာနှစ်ခုတို့သည် တစ်ပါးနှင့်တစ်ပါး
ဆန့်ကျင်ဘက်ဖြစ်ကြ၏။ ထို့ကြောင့် သင်တို့
သည် အမှန်ပြုလိုသောအရာများတို့ကို သင်တို့
မပြုကြ။ [18]သို့သော်လည်း သင်တို့သည်ဝိညာဉ်
တော်၏လမ်းပြဦးဆောင်မှုကိုခံယူလျှင် သင်တို့
သည် ပညတ်တရားအောက်၌မရှိကြ။

---

**"ကိုယ်ကိုကိုယ် ... ချစ်လော့"** ဝတ်ပြု 19:18

19ငါတို့၏ဇာတိပကတိပြုသော မှားယွင်း
သည့်အရာများမှာ ထင်ရှားလျက်ရှိ၏။ သူမ
ယားကို ပြစ်မှားခြင်း၊ မစင်ကြယ်ခြင်း၊ ရှက်ဖွယ်
ကောင်းသောအရာများကို ပြုလုပ်ခြင်း၊ 20ရုပ်
တုတို့ကို ကိုးကွယ်ခြင်း၊ ပြုစားခြင်းအမှုကို ပြု
ခြင်း၊ မုန်းတီးခြင်း၊ ရန်ဖြစ်ခြင်း၊ မနာလိုခြင်း၊
အမျက်ထွက်ခြင်း၊ အတ္တလွန်ကဲခြင်း၊ အချင်း
ချင်းတစ်ယောက်ကိုတစ်ယောက် အမျက်ဒေါ
သထွက်အောင်ပြုခြင်း၊ သင်းခွဲခြင်း၊ 21မနာလို
ဝန်တိုမှုရှိခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊
ရိုင်းစိုင်း၍ အလွန်အကျွံပွဲလုပ်ခြင်းနှင့် ဤအရာ
နှင့်တူသောအခြားအရာများတို့ကို ပြုခြင်းဖြစ်
၏။ ငါသည် သင်တို့ကို အထက်က သတိပေးခဲ့
သည်နည်းတူ ယခုလည်း သင်တို့ကို ငါသတိပေး
၏။ ထိုသို့ပြုသောသူတို့သည် ဘုရားသခင်၏
နိုင်ငံတော်ထဲ၌ ဝင်ရလိမ့်မည်မဟုတ်။ 22သို့
သော်လည်း၊ ဝိညာဉ်တော်သည် ချစ်ခြင်း၊
ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊
ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်
ခြင်း၊
23နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ထိန်းချုပ်နိုင်ခြင်း
တို့ကို ပေးတော်မူ၏။ ဤအရာများတို့သည်
မှားယွင်းသည်ဟု ပြောဆိုသောပညတ်တရား
အလျှင်းမရှိ။ 24ခရစ်တော်ယေရှုနှင့် စပ်ဆိုင်
သောသူတို့သည် မိမိတို့ဇာတိပကတိစိတ်များ
နှင့်အလိုဆန္ဒများကို လက်ဝါးကားတိုင်ပေါ်၌
ရိုက်ထားကြပြီးဖြစ်၏။ သူတို့သည် မိမိတို့ဇာတိ
ဟောင်း၏တပ်မက်သောအတ္တစိတ်နှင့် သူတို့ပြု
ရန် အလိုဆန္ဒရှိသည့် ဆိုးသောအရာများကို
လည်း လက်လွှတ်ကြပြီးဖြစ်၏။ 25ငါတို့၏အသစ်
သောအသက်တာကို ဝိညာဉ်တော်မှ ငါတို့ခံရ
ကြ၏။ ထို့ကြောင့် ငါတို့သည် ဝိညာဉ်တော်
၏အလိုကို နာခံလိုက်လျှောက်ရမည်။ 26ငါတို့
သည် မာနမထောင်လွှားရ။ ငါတို့သည် အချင်း
ချင်းတစ်ယောက်ကိုတစ်ယောက် စိုးရိမ်ပူပန်
ခြင်းရှိစေခြင်းငှါ မပြုရ။ ငါတို့သည် အချင်း
ချင်းတစ်ယောက်ကိုတစ်ယောက် မနာလိုခြင်း
မရှိရ။

## အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကူညီကြလော့

6 ညီအစ်ကိုမောင်နှမတို့၊ သင်တို့တွင် တစ်
ယောက်သောသူသည် မှားယွင်းသောအ
ရာတစ်စုံတစ်ခုကိုပြုမိလျှင် သင်တို့တွင် ဝိညာဉ်
ဆုကျေးဇူးကိုခံရသောသူတို့သည် ထိုပြစ်မှား
သောသူထံသို့ သွားရမည်။ ထိုသူသည် တစ်ဖန်
ဖြောင့်မတ်လာစေခြင်းငှါ သင်တို့သည် ကူညီရ
မည်။ သင်တို့သည် ဤအရာကို နူးညံ့သိမ်မွေ့စွာ
ပြုရကြမည်။ သို့သော်လည်း သင်တို့ကိုယ်တိုင်
အပြစ်သွေးဆောင်ခြင်းသို့ ရောက်နိုင်သည်ကို
သတိပြုရမည်။ 2သင်တို့၏စိုးရိမ်ပူပန်ခြင်းအမှု
များ၌ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်
ကူညီကြလော့။ သင်တို့သည် ထိုအရာကို ပြု
သောအခါ၊ ခရစ်တော်၏ပညတ်တရားကို အ
မှန်စင်စစ် နားထောင်ကြ၏။ 3လူတစ်ယောက်
သည် အမှန်စင်စစ် သူသည် အရေးမကြီး၊ ဘာ
မျှမဟုတ်သောအချိန်၌ သူသည် အရေးကြီး
သောသူဖြစ်သည်ဟု ထင်မှတ်တတ်၏။ သူသည်
ကိုယ်ကိုကိုယ် လိမ်ညာလှည့်ဖြားသောသူသာ
ဖြစ်၏။ 4လူတစ်ယောက်သည် ကိုယ့်ကိုကိုယ်
အခြားသောသူတို့နှင့် နှိုင်းယှဉ်ခြင်းမပြုရ။ လူ
တိုင်းသည် မိမိတို့ပြုမှုသောအရာများအားဖြင့်
ကိုယ့်ကိုကိုယ် တရားစီရင်ရလိမ့်မည်။ ထို့
နောက် သူသည် အဘယ်သို့ ပြုသည်ဟူသော
အရာအပေါ်၌ ကိုယ့်ကိုကိုယ် ဝါကြွားနိုင်မည်
ဖြစ်၏။ 5လူအသီးသီးတို့သည် မိမိတို့တာဝန်
ဝတ္တရားကိုခံယူကြရမည်။
6ဘုရားသခင်၏ သွန်သင်တော်မူခြင်းကို
သင် ယူနေသောလူတစ်ယောက်သည် သူ၌ရှိ
သောကောင်းသောအရာရှိသမျှတို့ကို မိမိ
ဆရာနှင့်ဝေမျှရမည်။

## အသက်သည် လယ်၌စိုက်သော မျိုးစေ့နှင့်တူ၏

7အလွဲမယူကြနှင့်။ သင်တို့သည် ဘုရား
သခင်ကို လိမ်ညာလှည့်ဖြားခြင်းမပြုနိုင်။ လူတို့
သည် မိမိတို့စိုက်သည့်အတိုင်း ရိတ်ရ၏။ 8လူ

တစ်ယောက်သည် မိမိဇာတိပကတိကိုသာ
ကျေနပ်စေခြင်းငှါ စိုက်လျှင်၊ သူသည် ထာဝရ
သေခြင်းသို့ပို့ဆောင်ခြင်းခံရလိမ့်မည်။ သို့သော်
လည်း လူတစ်ယောက်သည် ဝိညာဉ်အား ကျေ
နပ်စေခြင်းငှါ စိုက်လျှင်သူသည် ဝိညာဉ်တော်
ထံမှ ထာဝရအသက်ကိုရလိမ့်မည်။ [9]ငါတို့သည်
ကောင်းသောအမှုကို ပြုရာတွင် မောပန်းခြင်း
သို့မရောက်ရ။ ငါတို့သည် လက်မလျှော့လျှင်
အချိန်ကာလရောက်သောအခါ ရိတ်သိမ်းခြင်း
၌ ထာဝရအသက်ကို ခံရကြလိမ့်မည်။ [10]ငါတို့
သည် အဘယ်အချိန်အခါ၌ မဆိုအခွင့်အရေးရ
သောအခါတိုင်း လူတို့ထံသို့ ကောင်းသောအ
ရာကို ပြုကြရမည်။ ငါတို့သည် အဘယ်သူကို
မဆိုကောင်းသောအမှုကို ပြုရန် အခွင့်အလမ်း
သာသောအခါ၊ လူတို့ထံသို့ ကောင်းသောအ
ရာကို ပြုရကြမည်။ သို့သော်လည်း၊ ငါတို့သည်
ယုံကြည်သူတို့၏အိမ်သူအိမ်သား၌ရှိသောသူတို့
အားအထူးအာရုံပြုဂရုစိုက်ခြင်းကိုပေးရပါမည်။

## ပေါလုသည် သူ၏စာကို နိဂုံးချုပ်ခြင်း

[11]ငါသည် ဤအရာကို ကိုယ်တိုင်ရေး၏။
အဘယ်မျှလောက်ကြီးသောစာကို ငါအသုံးပြု
သည်ကို ဆင်ခြင်ကြလော့။ [12]အချို့သောသူတို့
သည် သင်တို့ကို အရေဖျားလှီးခြင်းကိုခံကြရန်
အနိုင်အထက်ပြုကြ၏။ အခြားသောသူတို့သည်
သူတို့ကို လက်ခံကြလိမ့်မည်အကြောင်း ဤအ
ရာများကို သူတို့ပြုကြ၏။သူတို့သည်ခရစ်တော်
အ၏လက်ဝါးကားတိုင်ကိုသာ လိုက်လျှောက်
လျှင်၊ သူတို့သည် ညှဉ်းဆဲခြင်းကိုခံရ ကြလိမ့်
မည်အကြောင်းကို ကြောက်ရွံ့လျက် ရှိကြ၏။
[13]အရေဖျားလှီးခြင်းကိုခံသော ထိုသူတို့သည်
မိမိတို့ကိုယ်တိုင်လည်း ပညတ်တရားကို နား
ထောင် ခြင်းမရှိကြ။ သို့သော်လည်း၊ သူတို့
သည် သင်တို့အား အရေဖျားလှီးခြင်းကိုခံရန်
အလိုရှိကြ၏။ ထို့နောက် သူတို့သည် သင်တို့
ကိုယ်ခန္ဓာအပေါ်၌ အဘယ်သို့ ပြုကြသည် အ
ကြောင်းအားဖြင့် ဝါကြွားနိုင်ကြမည်။ [14]ထိုကဲ့
သို့သောအကြောင်းအရာများ၌ ငါသည် ဝါ
ကြွားခြင်းအလျှင်းမရှိ။ ငါတို့သခင်ယေရှုခရစ်
၏လက်ဝါး ကပ်တိုင်တရားတော်သည်သာ
လျှင် ငါဝါကြွား စရာအကြောင်းဖြစ်၏။ လက်
ဝါးကပ်တိုင်ပေါ်၌ ယေရှု၏အသေခံတော်မူခြင်း
အားဖြင့် ဤလောကသည် ငါ၌အသေဖြစ်၏။*
ငါသည်လည်း ဤလောက၌ အသေဖြစ်၏။
[15]လူတစ်ယောက်သည် အရေဖျားလှီးခြင်းကို
ခံသည် သို့မဟုတ် အရေဖျားလှီးခြင်းကိုမခံ
သည်မှာ အရေးကြီးသောအရာမဟုတ်။ ဘုရား
သခင်ပြုပြင်တော်မူသော လူသစ်ဖြစ်ခြင်းသည်
အရေးကြီးသောအရာဖြစ်၏။ [16]ဤနည်းဥပဒေ
အတိုင်း ကျင့်သောသူရှိသမျှ အပေါ်၌၎င်း၊
ဘုရားသခင်၏လူတို့အပေါ်၌၎င်း ငြိမ်သက်ခြင်း
နှင့်သနားခြင်း ကရု ဏာတော်သက်ရောက်ပါ
စေသော။

[17]ထို့ကြောင့် ငါ့အားစိုးရိမ်ပူပန်ခြင်းအမှုကို
ထပ်၍ မပြုကြနှင့်။ ငါ၏ကိုယ်ခန္ဓာ၌ ဒဏ်ချက်
ရာအမာရွတ်များရှိ၏။ ဤဒဏ်ချက်ရာ အမာ
ရွတ်များအားဖြင့် ငါသည် ယေရှုနှင့်စပ်ဆိုင်
သည်ကို ထင်ရှားစေ၏။

[18]ငါ၏ညီအစ်ကိုမောင်နှမတို့၊ ငါတို့သခင်
ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့၏စိတ်
ဝိညာဉ်များနှင့်အတူရှိစေခြင်းငှါ ငါဆုတောင်း
၏။ အာမင်။

---

**သေခြင်း** မူရင်းအဓိပ္ပါယ်မှာ ကားတိုင်တင်၍ ကွပ်မျက်
ခြင်းခံရခြင်း

# ဖေက်ဆြဝ်ဒစာ

1 ဘုရားသခင်ဇ၏အလိုတော်အားဖြင့် ခရစ်
တော်ယေရှုဇ၏ တမန်တော်တစ်ပါးဖြစ်သော
ငါပေါ်လုသည် ဖေက်မြို့၌နေသောဘုရားသခင်
ဇ၏သန့်ရှင်းသောသူတည်းဟူသော ခရစ်တော်
ယေရှုကို ယုံကြည်သောသူတို့ကို နှုတ်ဆက်ပါဇ၏။
ငါသည် ဘုရားသခင်ဇ၏အလိုတော်အားဖြင့် တ
မန်တော်တစ်ပါးဖြစ်လာဇ၏။”
2 သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူ
သော ဘုရားသခင်အထံတော်မှ ကျေးဇူးတော်
နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။

## ခရစ်တော်၌ ဝိညာဉ်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာများ

3 ငါတို့သခင်ယေရှုခရစ်ဇ၏ ခမည်းတော်
တည်းဟူသောဘုရားသခင်သည် ချီးမွမ်းခြင်းရှိ
ပါစေသော။ ဘုရားသခင်သည် ကောင်းကင်၌
ဝိညာဉ်ပိုင်းဆိုင်ရာကောင်းချီးမင်္ဂလာတို့ကို ငါ
တို့အား ခရစ်တော်၌ ပေးတော်မူဇ၏။ 4 ဘုရား
သခင်သည် ဤကမ္ဘာမတည်မရှိမှီကပင် ငါတို့ကို
ခရစ်တော်၌ ရွေးကောက်တော်မူဇ၏။ ဘုရား
သခင်သည် ငါတို့အား မိမိရှေ့တော်၌ အပြစ်
ကင်းလျှက်သူဇ၏သန့်ရှင်းသောလူမျိုးဖြစ်စေခြင်း
ငှါ ချစ်ခြင်းမေတ္တာ၌ ရွေးကောက်တော်မူဇ၏။
5 ဤကမ္ဘာမတည်မရှိမှီကပင် ငါတို့အား ယေရှု
ခရစ်အားဖြင့် သူဇ၏သားသမီးများဖြစ်စေခြင်းငှါ
ဘုရားသခင်သည် ဆုံးဖြတ်၍ စီရင်တော်မူဇ၏။
ထိုအရာမှာ ဘုရားသခင်သည် အဘယ်သို့ပြုရန်
အလိုတော်ရှိတော်မူသကဲ့သို့ဖြစ်ဇ၏။ ထိုအရာ
သည် ဘုရားသခင်ကို နှစ်သက်အားရစေဇ၏။
6 ဤအရာသည် အံ့ဩဘွယ်ကောင်းသောကျေး
ဇူးတော်ကြောင့် ဘုရားသခင်ထံသို့ ချီးမွမ်းခြင်း
ကို ယူဆောင်လာဇ၏။ ဘုရားသခင်သည် ထို
ကျေးဇူးတော်ကို ငါတို့အား အခမဲ့ပေးဇ၏။ဘုရား
သခင်သည် ထိုကျေးဇူးတော်ကို မိမိချစ်တော်မူ
သောခရစ်တော်၌ ငါတို့အား ပေးတော်မူဇ၏။
7 ငါတို့သည် ခရစ်တော်ဇ၏အသွေးတော်အား
ဖြင့် ကယ်တင်ခြင်းသို့ရောက်ကြဇ၏။ ငါတို့သည်
ဘုရားသခင်ဇ၏ကြွယ်ဝသောကျေးဇူးတော်အား
ဖြင့်အပြစ်လွှတ်တော်မူခြင်းကိုခံရကြဇ၏။ 8 ဘုရား
သခင်သည် ထိုကျေးဇူးတော်ကို ငါတို့အား
ကြွယ်ဝပြည့်စုံစွာ ပေးတော်မူဇ၏။ ဘုရားသခင်
သည် ပြည့်စုံသောဉာဏ်ပညာနှင့် နားလည်
သဘောပေါက်ခြင်းကို ငါတို့အား ပေးတော်မူ
၍၊ 9 မိမိလျှို့ဝှက်သောအကြံအစည်ကို ငါတို့အား
သိစေတော်မူဇ၏။ ဤအရာသည် ဘုရားသခင်
အလိုတော်ရှိသောအရာဖြစ်ဇ၏။ ဘုရားသခင်
သည် ထိုအရာကို ခရစ်တော်အားဖြင့် ပြုတော်
မူရန် ကြံစည်တော်မူဇ၏။ 10 ဘုရားသခင်ဇ၏အကြံ
အစည်မှာ အချိန်ကာလစေ့သောအခါ မိမိအကြံ
အစည်ကို ပြည့်စုံစေခြင်းငှါဖြစ်ဇ၏။ ကောင်းကင်
နှင့်မြေကြီးပေါ်၌ ရှိသမျှသောအရာအားလုံးတို့
ကို အတူတကွသယ်ဆောင်ခြင်းငှါ ခရစ်တော်
ကို ခေါင်းအဖြစ် ဘုရားသခင်ကြံစည်တော်မူဇ၏။
11 ငါတို့သည် ဘုရားသခင်ဇ၏လူများဖြစ်စေ
ခြင်းငှါ ခရစ်တော်၌ ရွေးကောက်ခြင်းကိုခံသော
သူများဖြစ်ကြဇ၏။ ဘုရားသခင်သည် မိမိလူ
များဖြစ်စေခြင်းငှါ ငါတို့အတွက် ကြံစည်တော်မူ
နှင့်ပြီးဖြစ်ဇ၏။ အကြောင်းမူကား၊ ထိုအရာ
သည် ဘုရားသခင်ဇ၏အလိုတော်ဖြစ်ဇ၏။ ဘုရား
သခင်သည် ခပ်သိမ်းသောအရာတို့ကို ဆုံးဖြတ်
တော်မူ၍ အလိုရှိတော်မူသည့်အတိုင်း ပြုတော်
မူသောသူဖြစ်ဇ၏။ 12 ငါတို့သည် ခရစ်တော်၌

မျှော်လင့်လျက်နေကြသည့် အဦးဆုံးသောလူ
တို့ဖြစ်ကြ၏။ ငါတို့သည် ဘုရားသခင်၏ဘုန်းအ
သရေတော်ကို ချီးမွမ်းရန်ရွေးကောက်တော်မူ
ခြင်းကိုခံရ၏။ 13ထိုအရာသည်လည်း သင်တို့
နှင့်တညီတည်းဖြစ်၏။ သင်တို့ထံသို့ ကယ်တင်
ခြင်းကို သယ်ဆောင်လာသော စစ်မှန်သော
သွန်သင်ခြင်းတည်းဟူသော ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းကို သင်တို့သည်ကြားရကြ
၏။ သင်တို့သည် ထိုဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ကြားရသောအခါ၊ ခရစ်တော်ကို
ယုံကြည်ကြ၏။ ဘုရားသခင်သည် မိမိဂတိပြု
ထားတော်မူသည်အတိုင်း သင်တို့အား သန့်ရှင်း
သောဝိညာဉ်တော်*ကို ပေးတော်မူခြင်းအား
ဖြင့် မိမိတံဆိပ်ကို သင်တို့အပေါ်၌ ခတ်တော်မူ
၏။ 14ထိုသန့်ရှင်းသောဝိညာဉ်တော်မှာ ဘုရား
သခင်သည် မိမိလူတို့အတွက် ဂတိပြုတော်မူ
သောအရာများကို ငါတို့ခံရပါမည်အကြောင်း
အာမခံဖြစ်၏။ ဘုရားသခင် နှင့်စပ်ဆိုင်သော
သူတို့အား လွတ်မြောက်ခြင်း အပြည့်ကို ဤအ
ရာသည်ယူဆောင်လာလိမ့်မည်။ ဤအရာအား
လုံးတို့၏ရည်ရွယ်ချက်မှာဘုရားသခင်၏ဘုန်းအ
သရေတော်ကို ချီးမွမ်းခြင်း ရှိစေခြင်းငှါ ဖြစ်၏။

## ပေါလု၏ဆုတောင်းခြင်း

15-16ထိုအကြောင်းကြောင့် ငါသည် သင်တို့
ကို ငါ၏ဆုတောင်းခြင်းများ၌ အစဉ်အမြဲ
အောက်မေ့သတိရ၍ သင်တို့အတွက် ဘုရား
သခင်ကို အစဉ်အမြဲ ကျေးဇူးတင်လျက်ရှိ၏။
သခင်ယေရှု၌ သင်တို့၏ယုံကြည်ခြင်းနှင့် ဘုရား
သခင်၏လူအားလုံးတို့အတွက် သင်တို့၏ချစ်
ခြင်း မေတ္တာအကြောင်းတို့ကို ငါကြားသော
ကြောင့် ငါသည် ဤအရာတို့ကို အစဉ်မပြတ်
ပြုခဲ့ပြီးဖြစ်၏။ 17ငါတို့သခင်ယေရှုခရစ်၏ဘုရား
သခင်ဖြစ်တော်မူသော ဘုန်းကြီးသောအဘ
ခမည်းတော်ကို အစဉ်မပြတ် ငါဆုတောင်း၏။
ကိုယ်တော်သည် ဘုရားသခင်၏အကြောင်းအ
ရာများကို သင်တို့အား ဖော်ပြ၍ သင်တို့နား
လည်စေခြင်းငှါ ကူညီမည့်ဝိညာဉ်တော်ကို ပေး
တော်မူမည်အကြောင်း ငါဆုတောင်း၏။ ထို့
နောက် သင်တို့သည် ဘုရားသခင်ကို အမှန်သိ
ကြပါလိမ့်မည်။ 18သင်တို့သည် ထင်ရှားစွာ မြင်
နိုင်မည်အကြောင်း ဘုရားသခင်သည် သင်တို့၏
စိတ်နှလုံးမျက်စိကို ဖွင့်ပေးတော်မူခြင်းငှါ ငါဆု
တောင်း၏။ ထို့နောက် ဘုရားသခင်သည် ငါ
တို့ကို ရွေးကောက်တော်မူ၍ မျှော်လင့်ခြင်း
ပေးတော်မူသည်ကို သင်တို့သည် သိကြပါလိမ့်
မည်။ ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့အား
ဂတိပေးတော်မူသော ကောင်းချီးမင်္ဂလာများ
သည် အဘယ်မျှ ကြွယ်ဝတော်မူ၍ ဘုန်းကြီး
တော်မူကြောင်းကို သင်တို့သိကြပါလိမ့်မည်။
19ယုံကြည်သူငါတို့အတွက် ဘုရားသခင်၏တန်
ခိုးတော်သည် အလွန်ကြီးမားတော်မူကြောင်း
ကို သင်တို့သိကြပါလိမ့်မည်။ 20ထိုတန်ခိုးတော်
သည် ခရစ်တော်ကို သေခြင်းမှထမြောက်စေ
တော်မူရာတွင် အသုံးပြုတော်မူသောဘုရား
သခင်၏ကြီးမားသော ခွန်အားကဲ့သို့ပင်ဖြစ်၏။
ဘုရားသခင်သည် ခရစ်တော်ကို ကောင်းကင်
အရပ်၌ မိမိလက်ယာတော်ဘက်မှာ ထိုင်စေ
တော်မူ၏။ 21ဘုရားသခင်သည် ခရစ်တော်
အား ခပ်သိမ်းသောအုပ်စိုးခြင်းများ၊ အာဏာ
စက်များ၊ တန်ခိုးများနှင့် ရှင်ဘုရင်များအားလုံး
တို့ထက်ပို၍ မြင့်မြတ်စေတော်မူ၏။ ခရစ်တော်သည်
ဤလောက၌ ရှိသမျှသောတန်ခိုး သို့မဟုတ်
နောက်ကမ္ဘာလောကထဲ၌ ရှိသမျှသောတန်ခိုး
တို့ထက်သာ၍ ကြီးမြတ်တော်မူ၏။ 22ဘုရား
သခင်သည် ခပ်သိမ်းသောအရာတို့ကို ခရစ်
တော်တန်ခိုးအောက်၌ ချထားတော်မူ၏။
ဘုရားသခင်သည် ကိုယ်တော်ကို အသင်းတော်
၌ ခပ်သိမ်းသောအရာတို့၏ခေါင်းဖြစ်စေတော်
မူ၏။ အသင်းတော်သည် ခရစ်တော်၏ကိုယ်

---

**ဝိညာဉ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်** ဘုရားသခင်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ခရစ်တော်၏ဝိညာဉ်တော်ဟူ၍ရင်း၊ ဥပဒ္ဒေကာယ်ဆရာဟူ၍ရင်း ခေါ်လျက်ရှိသည်။ သူသည် ဘုရားသခင်၊ ခရစ်တော်နှင့်ပူးပေါင်း၍ ဤကမ္ဘာပေါ်ရှိ လူသားများထဲတွင် ဘုရားသခင်၏အမှုတော်ကိုလုပ်ဆောင်လျက်ရှိ၏။

ဖြစ်၏။ 23အသင်းတော်သည် ခရစ်တော်နှင့်
ပြည့်ဝလျက်ရှိ၏။ ကိုယ်တော်သည် ခပ်သိမ်း
သောအရာတို့ကို အလုံးစုံသောနည်းလမ်း၌
ပြည့်စုံစေတော်မူ၏။

## သေခြင်းမှအသက်ရှင်ခြင်းသို့

2 လွန်လေပြီးသောကာလ၌ သင်တို့၏ဒုစ
ရိုက်အပြစ်များနှင့် သင်တို့သည် ဘုရား
သခင်ကို ဆန့်ကျင်၍ မှားယွင်းသောအရာများ
ကို ပြုသောကြောင့် သင်တို့သည် ဝိညာဉ်ပက
တိ၌ အသေဖြစ်ကြ၏။ 2လွန်လေပြီးသောကာ
လ၌ သင်တို့သည် ထိုဒုစရိုက်အပြစ်များကို ပြု
ခြင်းဖြင့် အသက်ရှင်ကြ၏။ သင်တို့သည် လော
ကီသားတို့အသက်ရှင်သည့်နည်းတူ အသက်ရှင်
ကြ၏။ သင်တို့သည် မြေကြီးပေါ်၌ရှိသော ဆိုး
ယုတ်သောတန်ခိုး၏အုပ်စိုးမှုနောက် သို့လိုက်
ကြ၏။ ထိုဝိညာဉ်သည် ဘုရားသခင်ကို နားမခံ
သောလူတို့တွင် ယခုအလုပ်လုပ် လျက်ရှိ၏။
3လွန်လေပြီးသောကာလ၌ ငါတို့ အားလုံးတို့
သည် ထိုသူတို့ကဲ့သို့ အသက်ရှင်ကြ၏။ ငါတို့
သည် ငါတို့၏ကိုယ်ကာယနှင့်စိတ်၏ ပြုလုပ်လို
သောအရာတို့ကို ကျေနပ်စေခြင်းငှါ ကြိုးစား၍
အသက်ရှင်ကြ၏။ ငါတို့သည် ဆိုးသောသူ ဖြစ်
ကြ၏။ ငါတို့၏ဒုစရိုက်အပြစ်များကြောင့်ဘုရား
သခင်၏အမျက်တော်ကို ငါတို့ခံထိုက်၏။ ငါတို့
သည်လည်း အခြားသောသူများအားလုံးကဲ့
သို့ပင် ဖြစ်ကြ၏။
4သို့သော်လည်း ဘုရားသခင်၏ကရုဏာ
တော်သည် အလွန်ကြီးမား၏။ ဘုရားသခင်
သည် ငါတို့အတွက် ကြီးမြတ်သောချစ်ခြင်း
မေတ္တာကို ပြသတော်မူပြီ။ 5ငါတို့သည် ဝိညာဉ်
ပိုင်းဆိုင်ရာ၌ အသေဖြစ်ကြ၏။ ငါတို့သည်
ဘုရားသခင်ကိုဆန့်ကျင်ပြီး မှားယွင်းစွာပြု
သောအရာများကြောင့် ငါတို့သည် အသေဖြစ်
ကြ၏။ သို့သော်လည်း ဘုရားသခင်သည် ငါတို့
အား အသစ်သောအသက်ကို ခရစ်တော်၌ပေး
တော်မူ၏။ သင်တို့သည် ဘုရားသခင်၏ကျေး
ဇူးတော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်ရ၏။
6ဘုရားသခင်သည် ငါတို့အား ခရစ်တော်နှင့်
အတူ ရှင်ပြန်ထမြောက်စေတော်မူ၍ ကောင်း
ကင်အရပ်၌ သူနှင့်အတူ ငါတို့အား ထိုင်စေ
တော်မူ၏။ ဘုရားသခင်သည် ခရစ်တော်ယေရှု
၌ရှိသော ဤအရာများကို ငါတို့အတွက် ပြု
တော်မူ၏။ 7ဘုရားသခင်သည် နောင်ကာလ
၌ အလွန်ကြီးမားကြွယ်ဝသော မိမိ၏တို့ကျေး
ဇူးတော်ကို ထင်ရှားစေမည်အကြောင်း ဤအ
ရာကို ပြုတော်မူ၏။ ဘုရားသခင်သည် ငါတို့
အား မိမိကျေးဇူးတော်ကို ကြင်နာခြင်းနှင့်အ
တူ ခရစ်တော်ယေရှု၌ ပြသတော်မူ၏။ 8သင်
တို့သည် ကျေးဇူးတော်အားဖြင့် ကယ်တင်
တော်မူခြင်းသို့ရောက်သည် ဖြစ်ကြောင်းကို ငါ
ဆိုလို၏။ သင်တို့သည် ထိုကျေးဇူးတော်ကို ယုံ
ကြည်ခြင်းအားဖြင့် ရကြ၏။ သင်တို့သည် ကိုယ်
ကိုကိုယ် ကယ်တင်ကြသည်မဟုတ်။ ထိုအရာ
မှာ ဘုရားသခင်ထံတော်မှ လာသောဆုကျေး
ဇူးဖြစ်၏။ 9သင်တို့သည် ကိုယ့်ကိုကိုယ် ကြိုး
ပမ်းအားထုတ်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့
ရောက်ကြသည်မဟုတ်။ ထို့ကြောင့် မည်သူ
တစ်ဦးတစ်ယောက်မျှ ကိုယ်ကိုကိုယ် ကယ်တင်
ပြီဟူ၍ ဝါကြွားခြင်းအလျှင်းမပြုနိုင်။ 10ငါတို့
သည် ဘုရားသခင်ဖန်ဆင်းတော်မူသောသူ
ဖြစ်ကြ၏။ ငါတို့သည် ကောင်းသောအရာတို့
ကို ကျင့်နိုင်မည်အကြောင်း ဘုရားသခင်သည်
ငါတို့အား ခရစ်တော်ယေရှု၌ အသစ်ဖြစ်စေ
တော်မူ၏။ ငါတို့သည် ထိုကောင်းသောအရာ
များတို့ကို ကျင့်လျက်အသက်ရှင်ကြရမည်အ
ကြောင်း ဘုရားသခင်သည် ထိုကောင်းသော
အရာများကို ငါတို့အတွက် ကြိုတင်၍ ပြင်ဆင်
တော်မူနှင့်ပြီ။

## ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း

11သင်တို့သည် ယုဒလူမျိုးမဟုတ်သော အ
ခြားသောလူမျိုးတို့မှ မွေးဖွားလာကြ၏။ သင်
တို့သည် “အရေဖျားလှီးခြင်းကို မခံသောသူတို့”
ဟူ၍ ယုဒလူမျိုးတို့ ခေါ်သောလူမျိုးတို့ဖြစ်ကြ
၏။ သင်တို့အား “အရေဖျားလှီးခြင်းကိုမခံသော

လူမျိုး” ဟူ၍ခေါ်သော ထိုယုဒလူမျိုးတို့သည်
ကိုယ်ကိုကိုယ် “အရေဖျားလှီးခြင်းကိုခံသောလူ
မျိုး” ဟူ၍ခေါ်ကြ၏။ သူတို့၏အရေဖျားလှီးခြင်း
သည် မိမိတို့ကိုယ်ခန္ဓာပေါ်၌ လူ့လက်ဖြင့် ပြု
ခြင်းသာဖြစ်၏။ 12 လွန်လေပြီးသောကာလ၌
သင်တို့သည် ခရစ်တော်မပါဘဲ ရှိကြသည်ကို
အောက်မေ့ကြလော့။ သင်တို့သည် ဣသရေလ
အပေါင်းအသင်း၌မဝင်။ ဘုရားသခင်သည် မိမိ
လူတို့နှင့် ပြုတော်မူသောဂတိတော်ပါသော
ပဋိညာဉ်ကို သင်တို့၌မရှိ။ သင်တို့၌ မျှော်လင့်
ခြင်းမရှိ။ သင်တို့သည် ဘုရားသခင်ကို လည်း
သိကျွမ်းခြင်းမရှိကြ။ 13 သင်တို့သည် တစ်ချိန်
တစ်ခါက ဘုရားသခင်နှင့် ဝေးကွာလျက် ရှိ
ကြ၏။ သို့သော်လည်း၊ ယခု၌ သင်တို့သည် ခရစ်
တော်ယေရှု၌ ဖြစ်၍အသွေးတော်အားဖြင့်
ဘုရားသခင်၏အနီးသို့ ရောက်ကြပြီ။ 14 ငါတို့
သည် ခရစ်တော်အားဖြင့် ယခုတွင် ငြိမ်သက်
ခြင်းရှိကြ၏။ ဘုရားသခင်သည် လူမျိုးနှစ်စုတို့
ကိုတစ်စုတည်းဖြစ်စေတော်မူ၏။ ယုဒလူမျိုးတို့
နှင့် တပါးအမျိုးသားတို့သည် သူတို့ကြား၌
နံရံကာဆီးသကဲ့သို့ သီးခြားစီခွဲနေထိုင်ကြ၏။
သူတို့သည် တစ်ယောက်ကိုတစ်ယောက်မုန်း
ကြ၏။ သို့သော်လည်း ခရစ်တော်သည် မိမိ
ကိုယ်ခန္ဓာကို စွန့်တော်မူခြင်းအားဖြင့် ထိုနံရံ
ကို ဖြိုဖျက်တော်မူ၏။ 15 ယုဒလူမျိုးတို့၏ပညတ်
တရားသည် မြောက်မြားစွာသောပညတ်ချက်
များနှင့် စီရင်ထုံးများရှိ၏။ သို့သော်လည်း၊
ခရစ်တော်သည် ထိုပညတ်တရားကို ကုန်ဆုံး
စေတော်မူ၏။ ခရစ်တော်၏ရည်ရွယ်ချက်မှာ
လူအုပ်စုနှစ်ခုတို့အား မိမိ၌လူသစ်တစ်စုတည်း
ဖြစ်လာစေခြင်းငှါဖြစ်၏။ ဤအရာကို ပြုတော်
မူခြင်းအားဖြင့် ခရစ်တော်သည် ရန်ငြိမ်းခြင်း
ကို ပြုတော်မူ၏။ 16 ခရစ်တော်သည် လက်ဝါး
ကပ်တိုင်တော်အားဖြင့် လူအုပ်စုနှစ်ခုကြား၌
မုန်းတီးခြင်းကို ကုန်ဆုံးစေတော်မူ၏။ ထိုလူ
အုပ်စုနှစ်ခုတို့သည် တစ်ကိုယ်တည်းဖြစ်လာကြ
ပြီးနောက် ခရစ်တော်သည် သူတို့ကို ဘုရား
သခင်နှင့် တစ်ဖန်မိတ်သာဟာယဖွဲ့စေခြင်းငှါ
အလိုတော်ရှိ၏။ ခရစ်တော်သည် လက်ဝါးကပ်
တိုင်ပေါ်၌ အသေခံတော်မူခြင်းအားဖြင့် ဤ
အရာကိုပြုတော်မူ၏။ 17 ခရစ်တော်သည် ကြွ
လာ၍ ဘုရားသခင်ထံတော်မှ ဝေးကွာလျက်
ရှိသော သင်တို့တပါးအမျိုးသားအားရင်း၊
ဘုရားသခင်နှင့် နီးလျက်ရှိသောသူတို့အားရင်း၊
ရန်ငြိမ်းခြင်းတရားကို ဟောတော်မူ၏။ 18 ယခု
အခါ၌ ငါတို့အားလုံးသည် ဝိညာဉ်တော်တစ်
ပါးတည်းအားဖြင့် ခမည်းတော်ထံသို့သွားရ
သောအခွင့်ကို ရရှိကြ၏။

19 ထို့ကြောင့် ယခုတွင် တပါးအမျိုးသား၊
သင်တို့သည် ဧည့်သည်များနှင့်သူစိမ်းတို့မဟုတ်
ကြ။ ယုဒလူမျိုးတို့နှင့်အတူ ယခုတွင် သင်တို့
သည် ဘုရားသခင်၏လူတို့နှင့် မိမိ၏မိသားစုဝင်
များဖြစ်ကြ၏။ 20 သင်တို့ယုံကြည်သောသူတို့
သည် ဘုရားသခင်ပိုင်တော်မူသောတိုက်တစ်
လုံးကဲ့သို့ဖြစ်ကြ၏။ ထိုတိုက်သည် တမန်တော်
တို့နှင့် ပရောဖက်တို့ပြင်ဆင်တော်မူသောတိုက်
မြစ်ပေါ်၌ ထပ်ဆင့်၍ တည်ဆောက်၏။ ခရစ်
တော်ကိုယ်တိုင်သည် ထိုတိုက်၏အရေးအကြီး
ဆုံးသောကျောက်ဖြစ်တော်မူ၏။ 21 ထိုတိုက်
တစ်ခုလုံးသည် ခရစ်တော်၌ အတူတကွဆက်
ကြ၏။ ခရစ်တော်သည် ထိုတိုက်ကို သခင်ဘုရား
၌ သန့်ရှင်းသောဗိမာန်တော်ဖြစ်စေခြင်းငှါ ကြီး
ထွားစေတော်မူ၏။ 22 သင်တို့သည် ဝိညာဉ်
တော်အားဖြင့် ဘုရားသခင်ကျိန်းဝပ်တော်မူ
သောနေရာဖြစ်စေခြင်းငှါအခြားသောသူတို့နှင့်
အတူ ခရစ်တော်၌ တည်ဆောက်လျက်ရှိကြ၏။

## ပေါလုသည် တပါးသောအမျိုးသားများ အတွက် လုပ်ဆောင်ခြင်း

3 ထို့ကြောင့်ငါပေါလုသည် ခရစ်တော်ယေရှု
နှင့် စပ်ဆိုင်သောအားဖြင့် အကျဉ်းခံရ၏။
တပါးအမျိုးသားဖြစ်သော သင်တို့အတွက် ငါ
သည် အကျဉ်းခံရ၏။ 2 ဘုရားသခင်သည် ဤ
အမှုကို မိမိကျေးဇူးတော်အားဖြင့် ငါ့အား အပ်
ပေးတော်မူသည်ကို သင်တို့သည် ရှင်းလင်းစွာ
ကြားကြရပြီ။ ဘုရားသခင်သည် သင်တို့ကိုကူ

ညီရန် ငါ့အား ဤအမှုကိုပေးတော်မူ၏။ 3 ဘုရား
သခင်သည် မိမိလျှို့ဝှက်သောအကြံအစည်ကို
ငါ့အား သိစေတော်မူ၏။ ကိုယ်တော်သည် ထို
အရာကို ငါ့အား ထင်ရှားစေတော်မူ၏။ ငါ
သည် ဤအကြောင်းအရာအနည်းငယ်ကို ရေး
ထားနှင့်ပြီးဖြစ်၏။ 4 သင်တို့သည် ထိုအရာကို
ဖတ်လျှင်၊ ခရစ်တော်၏လျှို့ဝှက်သောသမ္မာ
တရားကို ငါသည် ကောင်းမွန်စွာနားလည်
သည် ဖြစ်ကြောင်း သင်တို့သိနိုင်ကြမည်။ 5 ထို
လျှို့ဝှက်သောသမ္မာတရားကို အခြားသောကာ
လတို့၌ လူတို့အား ဖွင့်ပြတော်မမူ။ သို့သော်
လည်း၊ ယခုကာလ၌ ဘုရားသခင်သည် ဝိညာဉ်
တော်အားဖြင့် ထိုလျှို့ဝှက်သောသမ္မာတရား
ကို ထင်ရှားစေတော်မူ၏။ 6 ဤအရာသည် လျှို့
ဝှက်သောသမ္မာတရားဖြစ်၏။ တပါးအမျိုး
သားတို့သည်လည်း ယုဒလူမျိုးကဲ့သို့ပင် ဘုရား
သခင်ထံတော်မှ ဤအရာများကိုခံရကြလိမ့်
မည်။ တပါးအမျိုးသားတို့သည် ယုဒလူမျိုးတို့
နှင့် တလုံးတဝတကိုယ်တည်း ဖြစ်ကြ၏။ ဘုရား
သခင်သည် ခရစ်တော်ယေရှု၌ ပြုတော်မူသော
ဂတိတော်ကို သူတို့သည် အတူတကွ ဝေမျှခံ
ရကြ၏။ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကြောင့် ခပ်သိမ်းသောအရာအားလုံးသည် သူ
တို့၌ရှိ၏။

7 ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ငါ
သည် အထူးဆုကျေးဇူးအဖြစ် ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်း၏အစေခံကျွန် ဖြစ်လာ၏။
ဘုရားသခင်သည် ထိုဆုကျေးဇူးကို မိမိတန်ခိုး
တော် အသုံးပြုခြင်းအားဖြင့် ငါ့ကို ပေးတော်မူ
၏။ 8 ငါသည် ဘုရားသခင်၏လူအားလုံးတို့တွင်
အရေးမပါဆုံးသောသူ ဖြစ်၏။ သို့သော်လည်း
ခရစ်တော်၏ ကြွယ်ဝချမ်းသာခြင်းတည်း ဟူ
သော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
တပါးအမျိုးသားတို့အား ဟောပြောရသောဆု
ကျေးဇူးကို ဘုရားသခင်သည် ငါ့အား ပေးတော်
မူ၏။ ထိုကြွယ်ဝချမ်းသာခြင်းသည် ပြည့်စုံစွာ
နားလည်ရန် အလွန်ကြီးမားပါ၏။ 9 ဘုရား
သခင်၏အကြံတော်တည်းဟူသော သူ၏လျှို့
ဝှက်သောသမ္မာတရားကို လူအပေါင်းတို့အား
ကြားသိစေသောအမှုကို ငါ့အား ပေးတော်မူ
၏။ ထိုလျှို့ဝှက်သောသမ္မာတရားသည် ဘုရား
သခင်၌ ရှေးကပ်ကာလပတ်လုံး ဝှက်ထား
လျက်ရှိ၏။ ဘုရားသခင်သည် ခပ်သိမ်းသော
အရာတို့ကို ဖန်ဆင်းတော်မူသောသူ ဖြစ်၏။
10 ဘုရားသခင်၏ အကြံတော်သည် အသင်း
တော်အားဖြင့် ကောင်းကင်အရပ်၌ ရှိသော
အုပ်စိုးသူတို့နှင့် တန်ခိုးရှိသမျှတို့သည် မိမိ၏ထူး
ဆန်းသောပညာတော်ကို များစွာသောနည်း
လမ်းအမျိုးမျိုးတို့ဖြင့် သိစေခြင်းငှါ ဖြစ်၏။
11 ဘုရားသခင်သည် ဤသဘောတူညီခြင်းကို
အစအဦး၌ပင် ကြံစည်တော်မူပြီ ဖြစ်၏။ ဘုရား
သခင်သည် မိမိကြံစည်တော်မူသည့်အတိုင်း ထို
အရာကို ငါတို့သခင်ခရစ်တော်ယေရှုအားဖြင့်
ပြုတော်မူ၏။ 12 ငါတို့သည် ခရစ်တော်အားဖြင့်
ဘုရားသခင်ရှေ့တော်၌ လွတ်လပ်စွာ၊ ကြောက်
ရွံ့ခြင်းကင်းလျက် တိုးဝင်ချဉ်းကပ်ရသောအခွင့်
ကိုရကြ၏။ ခရစ်တော်၌ ငါတို့၏ယုံကြည်ခြင်း
အားဖြင့် ထိုအရာကို ငါတို့ပြုနိုင်ကြ၏။ 13 ထို့
ကြောင့်ဒုက္ခဆင်း ရဲခြင်းများကြောင့် သင်တို့
သည် အားလျော့လျက်၊ မျှော်လင့်ခြင်းဆုံးရှုံး
ခြင်းသို့ မရောက်ရမည်အကြောင်း ငါတောင်း
ပန်၏။ ငါခံရသောဒုက္ခဆင်းရဲခြင်းတို့သည် သင်
တို့၌ ဂုဏ်ပြုချီးမွမ်းခြင်းကို ဖြစ်စေမည်။

## ခရစ်တော်၏ချစ်ခြင်းမေတ္တာ

14 ထို့ကြောင့် ငါသည် အဘခမည်းတော်ရှေ့
၌ ဒူးထောက်လျက် ဆုတောင်း၏။ 15 ကောင်း
ကင်ပေါ်၊ မြေကြီးပေါ်၌ရှိသောမိသားစုရှိသမျှ
အသီးသီးတို့သည် မိမိအမည်မှန်ကို ကိုယ်တော်
ထံတော်မှ ရကြ၏။ 16 အဘခမည်းတော်သည်
ဝိညာဉ်ပိုင်းဆိုင်ရာ၌ ခွန်အားနှင့်ပြည့်စေခြင်းငှါ
မိမိ၏ကြီးမားသော ဘုန်းအသရေတော်ထဲမှ
သင်တို့အား တန်ခိုးကို ပေးတော်မူပါမည် အ
ကြောင်း ငါဆုတောင်း၏။ ကိုယ်တော်သည် ထို
ခွန်အားကို သူ၏ဝိညာဉ်တော်အားဖြင့် သင်တို့
အား ပေးတော်မူလိမ့်မည်။ 17 သင်တို့၏ယုံကြည်

ခြင်းကြောင့်ခရစ်တော်သည် သင်တို့စိတ်နှလုံး
ထဲ၌ ကျိန်းဝပ်တော်မူပါမည်အကြောင်း ငါဆု
တောင်း၏။သင်တို့၏အသက်တာသည် ချစ်ခြင်း
၌ ခွန်အားရှိ၍ ချစ်ခြင်းမေတ္တာ၌ တည်ဆောက်
ပါမည်အကြောင်း ငါဆုတောင်း၏။ 18သင်တို့
နှင့် ဘုရားသခင်၏သန့်ရှင်းသောလူအပေါင်းတို့
သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကြီး
မားမှုကို နားလည်နိုင်သောတန်ခိုးရှိကြပါမည်
အကြောင်း ငါဆုတောင်း၏။ ခရစ်တော်၏ချစ်
ခြင်းမေတ္တာတော်သည် အဘယ်မျှလောက်
ကျယ်ဝန်း၍၊ရှည်လျားမြင့်မားပြီး၊နက်ရှိုင်းသည်
ကိုသင်တို့သည် နားလည်နိုင်ပါမည် အကြောင်း
ငါဆုတောင်း၏။ 19ကိုယ့်ညာဏ်နှင့် မသိနိုင်
သောခရစ်တော်၏ချစ်ခြင်းမေတ္တာကိုသင်တို့သိ
နိုင်မည်အကြောင်း ငါဆုတောင်း၏။ ထို့နောက်
သင်တို့သည် ဘုရားသခင်၏ပြည့်စုံတော်မူခြင်း
ရှိသမျှနှင့် အညီပြည့်စုံနိုင်ကြမည်ဖြစ်၏။
20ဘုရားသခင်သည် ငါတို့တောင်းပန်ကြံ
စည်နိုင်ခြင်းရှိသမျှတို့ထက် များစွာတတ်နိုင်
သောအစွမ်းရှိတော်မူ၏။ 21ဘုရားသခင်သည်
ခရစ်တော်ယေရှု၌၎င်း၊ အသင်းတော်၌၎င်း၊
ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသော။
အာမင်။

## ကိုယ်ခန္ဓာ၏ညီညွတ်ခြင်း

4 ငါသည် သခင်ဘုရားနှင့် စပ်ဆိုင်သော
ကြောင့် အကျဉ်းခံရ၏။ ဘုရားသခင်သည်
သင်တို့ကို သူ၏လူတို့ဖြစ်ရန် ရွေးကောက်တော်
မူ၏။ ယခုတွင် သင်တို့သည် ဘုရားသခင်၏
လူတို့အသက်ရှင်သည့်အတိုင်း အသက်ရှင်ကြရ
မည်အကြောင်း ငါတိုက်တွန်းနှိုးဆော်၏။ 2အစဉ်
မပြတ်နှိမ့်ချလျက်၊ နူးညံ့သိမ်မွေ့ခြင်းရှိကြလော့။
သင်တို့သည် တစ်ယောက်နှင့်တစ်ယောက်
သည်းခံနိုင်ကြမည်အကြောင်း စိတ်ရှည်သည်းခံ
ခြင်းနှင့် ချစ်ခြင်းမေတ္တာရှိကြလော့။ 3သင်တို့
သည် ဝိညာဉ်တော်အားဖြင့် ငြိမ်သက်ခြင်းနှင့်
အတူ အသင့်အတင့်ပေါင်းသင်းဆက်ဆံကြ၏။
ယခုတွင် သင်တို့သည် ဤနည်းအားဖြင့် တတ်
နိုင်သရွေ့ ဆက်လက်၍အတူတကွနေကြလော့။
ငြိမ်သက်ခြင်းကို သင်တို့၌ တည်စေကြလော့။
ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တော်တစ်ပါးတည်းရှိ
၏။ 4ဘုရားသခင်သည် သင်တို့ကို မျှော်လင့်
ခြင်းတစ်ပါးတည်းရှိစေခြင်းငှါ ခေါ်တော်မူ၏။
5သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါးနှင့် ဗတ္တိဇံ
တစ်ပါးတည်းသာရှိ၏။ 6ခပ်သိမ်းသောငါတို့၏
အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်း ရှိ
တော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော
အရာတို့ကို အုပ်စိုးတော်မူ၏။ ထိုဘုရားသခင်
သည် နေရာတိုင်း၌ရှိတော်မူ၍၊ ခပ်သိမ်းသော
အရာထဲ၌လည်း ရှိတော်မူ၏။
7ခရစ်တော်သည် ဆုကျေးဇူးကို ငါတို့တစ်
ယောက်စီတိုင်းအား ပေးတော်မူ၏။ တစ်
ယောက်စီတိုင်းသည် ခရစ်တော်ပေးရန် အလိုရှိ
သောအရာကိုခံရကြ၏။ 8ထိုအကြောင်းကြောင့်
ကျမ်းစာ၌ ဤသို့ရေးထားပါ၏။

> “သူသည် မြင့်သောကောင်းကင်အရပ်သို့
> တက်ကြွတော်မူ၏။ထိုဘုရားသခင်သည်
> ချုပ်နှောင်ခြင်းကို ခံရသောသူတို့အား
> သူနှင့်အတူခေါ်ဆောင်တော်မူ၍ လူတို့
> အား ဆုလာဒ်များကို ပေးတော်မူ၏။”
>
> *ဆာလံ 68:18*

9“သူသည် တက်ကြွတော်မူ၏” ဟုဆိုရာ၌
အဘယ်သို့ ဆိုလိုပါသနည်း။ သူသည် အစ၌
နိမ့်သောမြေကြီးပေါ်သို့ ဆင်းကြွတော်မူခဲ့သည်
ဟုဆိုလို၏။ 10ထို့ကြောင့် ခရစ်တော်သည် ကြွ
ဆင်းလာ၍ တက်ကြွတော်မူသောသူပင်ဖြစ်၏။
ခရစ်တော်သည် ခပ်သိမ်းသောအရာကို ကိုယ်
တိုင်ပြည့်စုံစေခြင်းငှါ ထက်ကောင်းကင်သို့တက်
ကြွတော်မူ၏။ 11ထိုခရစ်တော်သည် လူတို့အား
ဆုကျေးဇူးများကို ပေးတော်မူသောသူပင်ဖြစ်
၏။ ခရစ်တော်သည် လူအချို့တို့ကို တမန်
တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ
၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အ
ချို့တို့ကို သင်းအုပ်အရာနှင့် ဆရာအရာ၌၎င်း
ခန့်ထားတော်မူ၏။ 12ဘုရားသခင်၏သန့်ရှင်း

သောသူတို့သည် အစေခံခြင်းအမှုကို ဆောင်
ရွက်ရန်အတွက် ကိုယ့်ကိုကိုယ် ပြင်ဆင်နိုင်မည့်
အကြောင်း ခရစ်တော်သည် သူတို့အား ထိုဆု
ကျေးဇူးများကို ပေးတော်မူ၏။ ဘုရားသခင်
သည် ခရစ်တော်၏ကိုယ်ခန္ဓာ၌ သာ၍ခွန်အား
နှင့်ပြည့်စုံစေခြင်းငှါ ထိုဆုကျေးဇူးများကို ပေး
တော်မူ၏။ 13ငါတို့အားလုံးတို့သည် တူညီသော
ယုံကြည်ခြင်းနှင့် ဘုရားသခင်၏သားတော်အ
ကြောင်းကို သိကျွမ်းခြင်း၌ တူညီသောပညာမှ
လာသောစည်းလုံးညီညွတ်ခြင်း ရှိကြသည်တိုင်
အောင်ဤအမှုသည် ဆက်လက်၍ လုပ်ဆောင်
ရပါမည်။ ငါတို့သည် ရင့်ကျက်လာ၍ ခရစ်
တော်ကဲ့သို့ဖြစ်ကာ ကိုယ်တော်၏စုံလင်ခြင်းကို
ရရှိပါမည်။
14ထို့နောက် ငါတို့သည် ထပ်၍ သူငယ်များ
ကဲ့သို့ ဖြစ်ကြလိမ့်မည်မဟုတ်။ ငါတို့သည် လေ
တိုက်၍ လွင့်ပါသွားသောလှေကဲ့သို့ ဖြစ်ကြလိမ့်
မည်မဟုတ်။ အသစ်သောသွန်သင် ခြင်းရှိသမျှ
တို့ဖြင့် ငါတို့အား လိမ်လည်လှည့်ဖြားရန် အလို
ရှိသောသူတို့သည် ငါတို့ကို လွှမ်းမိုးကြလိမ့်
မည်မဟုတ်။ ထိုသူတို့သည် လူတို့အား မှားယွင်း
သောလမ်းသို့ လိုက်သွားစေခြင်းငှါ ပရိယာယ်
မျိုးစုံဖြင့် လိမ်လည်လှည့်ဖြားရန် ကြိုးစား၍
ကြံစည်လျက်ရှိကြ၏။ 15သို့သော်လည်း ထိုမှလွဲ
၍ ငါတို့သည် သမ္မာတရားကို ချစ်ခြင်းမေတ္တာ
နှင့် ဟောပြောခြင်းအားဖြင့် ခပ်သိမ်းသောအ
ရာတို့၌ ခရစ်တော်ကဲ့သို့ ကြီးထွားရကြလိမ့်
မည်။ ခရစ်တော်သည် ခေါင်းဖြစ်၍ ငါတို့သည်
ကိုယ်ခန္ဓာဖြစ်ကြ၏။ 16ကိုယ်ခန္ဓာတစ်ခုလုံးသည်
ခရစ်တော်ပေါ်၌ မှီခိုလျက်ရှိ၏။ ကိုယ်ခန္ဓာအ
စိတ်အပိုင်းအားလုံးတို့သည် အတူတကွ ဆက်
ဆံ၍ ချုပ်နှောင်ကြ၏။ ကိုယ်ခန္ဓာ၏အစိတ်အ
ပိုင်းတစ်ခုစီသည် ကိုယ်စီအလုပ်ရှိကြ၏။ ဤအ
ရာသည် ကိုယ်ခန္ဓာတစ်ခုလုံးကိုချစ်ခြင်းမေတ္တာ
၌ကြီးထွားခိုင်ခံ့စေ၏။

## သင်တို့အသက်ရှင်ရ မည့်နည်းလမ်း

17သခင်ဘုရား၏ နာမတော်၌ ဤအရာကို
သင်တို့အား ငါပြော၏။ သင်တို့ကို ငါသတိပေး
၏။ သင်တို့သည် မယုံကြည်သောသူများကဲ့သို့
ဆက်လက်၍ အသက်မရှင်ကြနှင့်။ ထိုသူတို့၏
အကြံအစည်များသည် အချည်းနှီးသက်သက်
ဖြစ်၏။ 18ထိုသူတို့သည် နားလည်ခြင်းမရှိ။ သူ
တို့သည် နားထောင်ခြင်းကို ငြင်းဆန်နေကြ
သောကြောင့်ဘာမျှမသိကြ။ ထိုကြောင့် သူတို့
သည် ဘုရားသခင်ပေးတော်မူသောအသက်ကို
မပိုင်နိုင်ကြ။ 19သူတို့သည် ရှက်ကြောက်ခြင်း
မရှိ။ သူတို့သည် မိမိတို့အသက်တာများကို ဆိုး
ညစ်သောအပြစ်ဒုစရိုက်များပြုရန် အသုံးပြုကြ
၏။ သူတို့သည် မကောင်းသောအပြစ်ဒုစရိုက်
မျိုးစုံရှိသမျှတို့ကို သာ၍ပြုရန် အလိုရှိကြ၏။
20သို့သော်လည်း၊ ခရစ်တော်ထံမှ သင်တို့သင်
ကြားသောအရာများတို့သည် ထိုအရာများကဲ့
သို့မဟုတ်။ 21သင်တို့သည် ကိုယ်တော်၏အ
ကြောင်းကို ကြားပြီးသူ၌ရှိကြသည် ဖြစ်ကြောင်း
ငါသိ၏။ ထို့ကြောင့် သင်တို့အား သမ္မာတရား
ကို သွန်သင်တော်မူ၏။ သမ္မာတရားသည် ယေရှု
၌ရှိ၏။ 22သင်တို့၏ဇာတိဟောင်းကို ချွတ်ပယ်
ရန် သင်တို့အား သွန်သင်တော်မူ၏။ ထိုသို့ဆို
ရာတွင် သင်တို့ကျင့်သည့်ဆိုးညစ်သောအသက်
တာကို စွန့်လွှတ်ရမည် ဟုဆိုလို၏။ ထိုဇာတိ
ဟောင်းသည် လိမ်လည်လှည့်ဖြားတတ်သော
အလိုဆန္ဒများကြောင့် ဆိုးညစ်သည်ထက် ဆိုး
ညစ်လာ၏။ 23သင်တို့၏စိတ်နှလုံးနှင့် သင်တို့၏
အကြံအစည်တို့ကို အစဉ်မပြတ် အသစ်ပြုပြင်ရ
မည်။ 24သင်တို့သည် ဘုရားသခင်နှင့် အတူအမျှ
ဖန်ဆင်းသောလူ သစ်ဖြစ်လာကာ အမှန်စင်
စစ်ကောင်းမြတ်၍ သန့်ရှင်းသောအသက်တာ၌
အသက်ရှင်ရမည်။
25ထို့ကြောင့် သင်တို့သည် လိမ်ညာခြင်း
မှုသာစကားပြောခြင်းကို စွန့်လွှတ်ရကြမည်။
သင်တို့သည် အစဉ်မပြတ် အချင်းချင်းတစ်
ယောက်ကိုတစ်ယောက် မှန်သောစကားကို
သာပြောကြလော့။ အကြောင်းမူကား၊ ငါတို့
သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏။ 26သင်
တို့သည် အမျက်ထွက်သောအခါ၊ ထိုအမျက်

ထွက်ခြင်းသည် အပြစ်မပြစ်စေနှင့်။ တစ်နေ့လုံး
ဆက်လက်၍ အမျက်မထွက်စေနှင့်။ **27**မာရ်
နတ်သည် သင်တို့ကို အောင်နိုင်ရန် အခွင့်မပေး
ကြနှင့်။ **28**တစ်ယောက်သောသူသည် ခိုးတတ်
သောသူဖြစ်လျှင်၊ သူသည် ခိုးခြင်းမှ ရပ်တန့်ရ
မည်။ ထိုသူသည် အစပြု၍ အလုပ်လုပ်ရမည်။
သူသည် ကောင်းသောအရာတစ်စုံတစ်ခုကို ပြု
လုပ်ရန် မိမိလက်ကို အသုံးပြုရမည်။ သို့ဖြစ်
လျှင် သူသည် ဆင်းရဲသောသူတို့အား တစ်စုံ
တစ်ရာကိုဝေငှပေးကမ်းခြင်းကိုပြုနိုင်လိမ့်မည်။
**29**သင်တို့သည် စကားပြောဆိုသောအခါ
ညစ်ညူး၍ ဆိုးသောစကားတခွန်းကိုမျှ မပြော
ဆိုကြနှင့်။ သို့သော်လည်း လူတို့အား ဝိညာဉ်
ပိုင်းဆိုင်ရာ၌ ကြီးထွားသန်မာစေသော အရာ
များကို ပြောဆိုကြလော့။ ဤနည်းအားဖြင့်
သင်တို့ ပြောသောအရာတို့သည် သင့်အား နား
ထောင်သောသူတို့ကို ကူညီမစလိမ့်မည်။ **30**သန့်
ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။
သင်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်တော်မူ
ကြောင်းကို ဝိညာဉ်တော်သည် သက်သေဖြစ်
၏။ ထိုနေ့ရောက်သောအခါ ဘုရားသခင်သည်
သင့်ကို လွတ်မြောက်စေပါမည်အကြောင်းကို
ထင်ရှားစေခြင်းငှါဘုရားသခင်သည်ထိုဝိညာဉ်
တော်ကို သင်တို့အား ပေးတော်မူ၏။ **31**ခါးသီး
ခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ဒေါသထွက်ခြင်းကို
မပြုကြနှင့်။ အခြားသောသူတို့အား ဒေါသကြီး
စွာ အော်ဟစ်ငေါက်ဆိုခြင်းကို မပြုကြနှင့်။ အ
ဘယ်သူမျှ မစော်ကားကြနှင့်။ ဆိုးသောအ
ဘယ်အရာကိုမျှ မပြုကြနှင့်။ **32**အချင်းချင်းတစ်
ယောက်ကိုတစ်ယောက်ကြင်နာခြင်း၊ သနား
စုံမက်ခြင်းပြုကြလော့။ ဘုရားသခင်သည် သင်
တို့ကို ခရစ်တော်၌ ခွင့်လွှတ်တော်မူသကဲ့သို့
အချင်းချင်း တစ်ယောက်ကိုတစ်ယောက်ခွင့်
လွှတ်ခြင်းရှိကြလော့။

**5** သင်တို့သည် ဘုရားသခင်ချစ်တော်မူသော
သားသမီးဖြစ်ကြ၏။ ထို့ကြောင့် ဘုရား
သခင်ကဲ့သို့ဖြစ်ရန်ကြိုးစားအားထုတ်ကြလော့။
**2**မေတ္တာတရား၌ အသက်ရှင်ကြလော့။ ခရစ်
တော်သည် ငါတို့ကို ချစ်တော်မူ၍ ငါတို့အ
တွက် မိမိကိုယ်ကိုစွန့်တော်မူသည်နည်းတူ အ
ခြားသောသူတို့ကို ချစ်ကြလော့။ သူသည် မွှေး
ကြိုင်သောအနံ့ကို ပေးလှူ၍ ဘုရားသခင်ကို
ယဇ်ပူဇော်လေ၏။
**3**သင်တို့အထဲတွင် မတရားသောမေထုန်မှီ
ဝဲခြင်းမရှိစေရ။သင်တို့အထဲတွင် ညစ်ညူးသော
အပြုအမူ၊ လောဘလွန်ကျူးခြင်းအမှုတို့ကို မရှိ
စေရ။ အကြောင်းမူကား၊ ထိုအရာများတို့သည်
ဘုရားသခင်၏ သန့်ရှင်းသောသူတို့အတွက်
ရှောင်သင့်သည့်အတိုင်း စကားမျှဖြင့် မဆက်
ဆံကြနှင့်။ **4**သင်တို့မိုက်မဲစွာ ပြောဆိုခြင်း၊ ဆိုး
ညစ်သောပြက်ရယ်ပြုခြင်းကို မပြုကြနှင့်။ ဤ
အရာများသည် သင်တို့အတွက် မကောင်း
သောအရာဖြစ်၏။ ထိုသို့ပြုသည့်ထက် သင်တို့
သည် ဘုရားသခင်၏ကျေးဇူးတော်ကိုသာ ချီး
မွမ်းရမည်။ **5**သင်တို့သည် ဤအရာကို သေချာ
စွာ သိနိုင်ကြမည်။ မတရားသောမေထုန်၌ မှီဝဲ
သောသူ၊ ညစ်ညူးစွာပြုသောသူနှင့် ရုပ်တုကို
ကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူး
သောသူသည် ခရစ်တော်နှင့်အတူ ဘုရားသခင်
၏နိုင်ငံတော်၌ အမွေခံရလိမ့်မည်မဟုတ်။ မိမိ
အတွက်ကိုသာ အစဉ်မပြတ် ပို၍လိုလားသော
သူတစ်ယောက်သည် ဖောက်ပြန်ပျက်စီးတတ်
သည့်မှားယွင်းသောဘုရားကို ကိုးကွယ်၍ အ
စေခံခြင်းဖြစ်၏။
**6**မမှန်မကန်သောအရာများကို ပြောဆို
ခြင်းအားဖြင့် သင်တို့သည် အဘယ်သူ၏လိမ်
လည်လှည့်ဖြားခြင်းကိုမျှ မခံကြနှင့်။ ထိုကဲ့သို့
သောအရာများတို့သည် နားမထောင်သောသူ
တို့အပေါ်၌ ဘုရားသခင်၏အမျက်တော်ကို ဖြစ်
ပေါ်စေ၏။ **7**ထို့ကြောင့် ထိုအရာများကို သူတို့
နှင့်အတူ မပြုကြနှင့်။ **8**လွန်ခဲ့ပြီးသောအချိန်၌
သင်တို့သည် မှောင်မိုက်နှင့်ပြည့်ဝလျက်ရှိကြ၏။
သို့သော်လည်း ယခုတွင် သင်တို့သည် သခင်
ဘုရား၌ အလင်းနှင့်ပြည့်ဝလျက်ရှိကြပြီ။ ထို့
ကြောင့် အလင်းနှင့်စပ်ဆိုင်သောသားသမီးတို့
ကဲ့သို့ အသက်ရှင်ကြလော့။ **9**အလင်းသည်

ကောင်းမြတ်စုံလင်ခြင်းရှိသမျှ၊ ဖြောင့်မတ်စွာ
အသက်ရှင်ခြင်းနှင့်သမ္မာတရားကို ယူဆောင်
လာ၏။ 10အဘယ်အရာသည် သခင်ဘုရားနှစ်
သက်တော်မူသည်ကို ကြိုးစား၍ သင်ယူကြ
လော့။ 11မှောင်မိုက်၌ရှိသောသူတို့ပြုသော အ
ရာများကို မပြုကြနှင့်။ ထိုအရာများကို ပြုခြင်း
အားဖြင့် ကောင်းသောအရာတစ်စုံတစ်ခုမျှ ယူ
ဆောင်လာခြင်းမပြု။ သို့သော်လည်း၊ မှောင်
မိုက်ထဲ၌ရှိသောထိုအရာများသည် မှားယွင်း
သည့်အကြောင်းကို ထင်ရှားစေခြင်းငှါ ကောင်း
သောအရာများကို ပြုကြလော့။ 12မှောင်မိုက်
ထဲ၌ရှိသော ထိုသူတို့၏လျှို့ဝှက်စွာပြုသောအ
ရာများအကြောင်းကို ပြောဆိုခြင်းသည်ပင်
လျှင် အမှန်စင်စစ် အလွန်ရှက်ဖွယ်၊ ရွံရှာဖွယ်
သောအရာဖြစ်၏။ 13သို့သော်လည်း ထိုအရာ
အားလုံးတို့သည် မှားယွင်းသည့်အကြောင်း ငါ
တို့သည် ထင်ရှားစွာ ဖော်ပြသောအခါ၊ အ
လင်းသည် ထိုအရာများအားလုံးတို့ကို လွယ်
ကူစွာမြင်ရန် ပြုတော်မူတတ်၏။ 14လွယ်ကူစွာ
မြင်ရန် ပြုတော်မူသောအရာခပ်သိမ်းတို့သည်
အလင်းဖြစ်လာနိုင်၏။ ဤအကြောင်းကြောင့်
ငါတို့ပြောဆိုသည်မှာ၊

“အိပ်ပျော်သောသင်နိုးလော့၊ သေခြင်းမှ
ထမြောက်လော့၊ သို့ပြုလျှင် ခရစ်တော်
သည် သင့်အပေါ်၌ ထွန်းလင်းတော်မူ
လိမ့်မည်။” ဟုဆိုထားသည့်အရာရှိ၏။

15ထို့ကြောင့် သင်တို့သည် အဘယ်သို့ အ
သက်ရှင်သည်ကို အထူးသတိပြုကြလော့။
ပညာမဲ့သောသူတို့ကဲ့သို့ အသက်မရှင်ကြနှင့်။
သို့သော်လည်း ပညာသတိရှိစွာ အသက်ရှင်ကြ
လော့။ 16ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်
သောကြောင့် သင်တို့၏ကာလအချိန်ကို အ
မြော်အမြင်ရှိစွာ အသုံးပြုရကြမည်အကြောင်း
ငါဆိုလို၏။ 17ထို့ကြောင့် သင်တို့၏အသက်တာ
များအားဖြင့် မိုက်မဲခြင်းသို့မရောက်ကြနှင့်။ သို့
သော်လည်း သခင်ဘုရားသည် သင်တို့အား
အဘယ်အရာကို ပြုကြရန်အလိုရှိတော်မူသည်
ကို နားလည်ကြလော့။ 18စပျစ်ရည်မမူးယစ်ကြ
နှင့်။ ထိုအရာသည် သင်တို့ကို ဝိညာဉ်နှင့်စပ်
ဆိုင်သောအရာ၌ ပျက်စီးယိုယွင်းစေလိမ့်မည်။
သို့သော်လည်း ဝိညာဉ်တော်နှင့် ပြည့်ဝကြ
လော့။ 19အချင်းချင်း တစ်ယောက်ကိုတစ်
ယောက်ဆာလံသီချင်း၊ ဓမ္မသီချင်းနှင့် ဝိညာဉ်
ပိုင်းဆိုင်ရာ ချီးမွမ်းသီချင်းများအားဖြင့်၊ မိဿ
ဟရကြလော့။ သင်တို့၏စိတ်နှလုံးဖြင့် ချီးမွမ်း
သီဆိုခြင်းနှင့် တေးဂီတများအားဖြင့် သခင်
ဘုရားကို ချီးမွမ်းကြလော့။ 20ခပ်သိမ်းသောအ
ရာတို့၌ ခမည်းတော်ဘုရားသခင်ကို ငါတို့
သခင်ယေရှုခရစ်၏နာမတော်၌ အစဉ်မပြတ်
ကျေးဇူးတော်ချီးမွမ်းကြလော့။

## မယားများနှင့် လင်ယောက်ျားများ

21အချင်းချင်း တစ်ယောက်ကိုတစ်ယောက်
နာခံကြရန် အလိုဆန္ဒရှိကြလော့။ သင်တို့သည်
ခရစ်တော်ကို ကြည်ညိုလေးစားသောအားဖြင့်
ဤအရာကို ပြုကြလော့။

22အချင်းဇနီးတို့၊ သင်တို့သည် သခင်ဘုရား
၏အုပ်စိုးတော်မူခြင်းအောက်၌ နေသကဲ့သို့
ကိုယ့်ခင်ပွန်းတို့၏အုပ်စိုးခြင်းအောက်၌ ရှိနေ
ကြလော့။ 23အကြောင်းမူကား၊ ခရစ်တော်
သည် အသင်းတော်အပေါ်မှာ ခေါင်းဖြစ်တော်
မူသကဲ့သို့ ယောက်ျားသည် မိမိခင်ပွန်း၏အ
ပေါ်မှာ ခေါင်းဖြစ်၏။ အသင်းတော်သည် ခရစ်
တော်၏ကိုယ်ဖြစ်၍ သူသည် အသင်းတော်၏
ကယ်တင်ရှင် ဖြစ်တော်မူ၏။ 24အသင်းတော်
သည် ခရစ်တော်၏အုပ်စိုးခြင်းအောက်၌ရှိ၏။
ထို့ကြောင့် မိန်းမတို့လည်း ထိုနည်းတူဖြစ်ကြ၏။
သင်တို့သည် ခပ်သိမ်းသောအရာတို့၌ ကိုယ်
ခင်ပွန်းတို့၏အုပ်စိုးခြင်းအောက်၌ ရှိရမည်။ 25အ
ချင်းယောက်ျားတို့၊ ခရစ်တော်သည် အသင်း
တော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်း
ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ ခရစ်တော်သည်
အသင်းတော်အတွက် အသေခံတော်မူ၏။
26သူသည် အသင်းတော်ကို သန့်ရှင်းစေခြင်း ငှါ

အသေခံတော်မူ၏။ ထို့သော်လည်း ခရစ်တော်
သည် အသင်းတော်ကို ရေနှင့်ဆေးကြောခြင်း
အားဖြင့် သန့်ရှင်းဖြူစင်စေခြင်းငှါ ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ပထမအသုံးပြု
တော်မူ၏။ 27ခရစ်တော်သည် အသင်းတော်
အား အသရေတင့်တယ်လျက်ရှိသော သတို့
သမီးကဲ့သို့ မိမိအား ပေးနိုင်မည်အကြောင်း
အသေခံတော်မူ၏။ သူသည် အသေခံတော်
မူသောကြောင့် ထိုအသင်းတော်သည် အမှား
အယွင်းများ၊ ညစ်ညူးသောအရာများ၊ အခြား
မည်သည့်မှားယွင်းသောအရာများမရှိဘဲ သန့်
ရှင်းစေနိုင်၏။ 28ထိုနည်းတူ ယောက်ျားတို့သည်
မိမိတို့၏ခန္ဓာကိုယ်ကို ချစ်သကဲ့သို့မိမိခင်ပွန်းတို့
ကို ချစ်ရမည်။ ခင်ပွန်းကို ချစ်သောယောက်ျား
သည် ကိုယ်ကိုချစ်သောသူဖြစ်၏။ 29ကိုယ့်ကိုယ်
ခန္ဓာကို မုန်းသောသူတစ်ယောက် မျှမရှိ။ ခရစ်
တော်သည် အသင်းတော်ကို ကျွေးမွေးပြုစု
တော်မူသကဲ့သို့ ခပ်သိမ်းသောသူတို့သည် မိမိ
တို့ကိုယ်ခန္ဓာကို ကျွေးမွေးပြုစု တတ်ကြ၏။
30အကြောင်းမူကား၊ ငါတို့သည် သူ၏ကိုယ်
အင်္ဂါများဖြစ်ကြ၏။ 31ကျမ်းစာ*ဆိုသည်မှာ
"ယောက်ျားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်
ပွန်း၌မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တစ်
ကိုယ်တည်းဖြစ်ရလိမ့်မည်။"* 32ဤအရာသည်
နက်နဲသောအရာဖြစ်၏။ ထိုသို့ငါဆိုသော် ခရစ်
တော်နှင့်အသင်းတော်၌ရှိသော ဆက်စပ်မှုကို
ရည်မှတ်၍ ပြောဆိုခြင်းဖြစ်၏။ 33သို့သော်
လည်း သင်တို့သည် အသီးသီးကိုယ့်ကိုကိုယ်ချစ်
သကဲ့သို့ကိုယ်ခင်ပွန်းကို ချစ်ရမည်။ မိန်းမသည်
လည်း ကိုယ်ခင်ပွန်းကို ရိုသေလေးစားရမည်။

## သားသမီးများနှင့်မိဘများ

6 သားသမီးတို့၊ သခင်ဘုရား၏အလိုတော်
နှင့်အညီသင်တို့၏မိဘစကားကိုနားထောင်
ကြလော့။ ထိုအရာသည် ဖြောင့်မတ်မှန်ကန်
သောအရာဖြစ်၏။ 2ပညတ်တော်ကား၊ "သင်
တို့၏ဖခင်နှင့်မိခင်ကို ရိုသေစွာပြုလော့"* ဟု
ဆို၏။ ထိုအရာမှာ ဂတိတော်နှင့်ဆိုင်သော
ပထမပညတ်ဖြစ်၏။ 3ထိုဂတိတော်မှာ၊ "အရာ
ခပ်သိမ်းသည် သင်တို့နှင့်ကောင်းမွန်ပါလိမ့်
မည်။ သင်တို့သည် မြေကြီးပေါ်၌ အသက်တာ
ရှည်ကြလိမ့်မည်။"* 4အဘတို့၊ ကိုယ့်သားသမီး
တို့ကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်
ဘုရား၏အလိုတော်နှင့် ညီသောဆုံးမသွန်သင်
ခြင်းကို ပြုလျက်ကျွေးမွေးကြလော့။

## အစေခံကျွန်များနှင့်သခင်များ

5အစေခံကျွန်တို့၊ ဤမြေကြီးပေါ်၌ သင်တို့
သခင်တို့၏စကားကို ကြောက်ရွံ့ရိုသေခြင်းနှင့်
နားထောင်ကြလော့။ သင်တို့သည် ခရစ်တော်
၏အစေခံသကဲ့သို့ သူတို့၏အစေကို ရိုးသား
သောစိတ်နှလုံးနှင့်ခံကြလော့။ 6သူတို့သည် သင်
တို့ကို ကြည့်ရှုနေစဉ် ကျေနပ်နှစ်သက်သည်
ထက်ပို၍ နာခံခြင်းရှိရမည်။ သင်တို့သည် ခရစ်
တော်၏အစေခံသကဲ့သို့ သူတို့ကို နာခံရမည်။
ဘုရားသခင်သည် အဘယ်အရာအလိုရှိတော်
မူသည်ကို သင်တို့သည် စိတ်နှလုံးအကြွင်းမဲ့ဖြင့်
ပြုရမည်။ 7သင်တို့၏အလုပ်ကို ဆောင်ရွက်
လော့။ ထိုအရာကို လုပ်ဆောင်ရာတွင် ဝမ်း
မြောက်ပျော်ရွှင်ခြင်းရှိကြလော့။ သင်တို့သည်
လူကိုသာ အစေခံခြင်းကဲ့သို့မဟုတ်၊ သခင်
ဘုရား၏အစေတော်ကို ခံခြင်းကဲ့သို့ ပြုကြ
လော့။ 8ဘုရားသခင်သည် လူတိုင်းအား
ကောင်းမှုပြုခြင်းအတွက် ဆုလာဒ်ကိုပေးတော်
မူမည်ဖြစ်ကြောင်း အောက်မေ့ကြလော့။ အစေ
ခံကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ခပ်သိမ်းသောသူ
တို့သည် မိမိတို့လုပ်ဆောင်သည့်ကောင်းသော
အရာများအတွက် ဆုလာဒ်ကို ရရှိကြလိမ့်မည်။
9သခင်တို့၊ ထိုနည်းအတူ၊ သင်တို့၏အစေ
ကိုခံသောကျွန်တို့တွင် ကောင်းမွန်စွာ ပြုကြ

---

**ကျမ်းစာ** သန့်ရှင်းသောအရေးအသား-ဓမ္မဟောင်း

**"ယောက်ျားသည် ... ရလိမ့်မည်"** ကမ္ဘာ 2:24

**"သင် ... ပြုလော့"** ထွက် 20:12; တရား 5:16

**"အရာခတ်သိမ်း ... လိမ့်မည်"** ထွက် 20:12; တရား 5:16

လော့။ သူတို့ကို ခြောက်လှန့်သောအရာများ
ကို မပြောကြနှင့်။ သင်တို့၏သခင်ဖြစ်တော်မူ
၍၊ သူတို့၏သခင်လည်း ဖြစ်တော်မူသောသူ
သည် ကောင်းကင်ဘုံ၌ရှိတော်မူသည်ကို သင်
တို့သိကြ၏။ ထိုသခင်သည် လူအားလုံးတို့ကို
တူညီမျှတစွာ တရားစီရင်တော်မူ၏။

## ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ကြလော့

10 ငါ၏စာကို အဆုံးသတ်ရန် သင်တို့အား ငါ
ပြောဆိုသည်မှာ၊ သခင်ဘုရား၌၎င်း၊ သူ၏ကြီး
မားသောတန်ခိုးတော်၌၎င်း၊ အားယူ၍ ခိုင်ခံ့
ခြင်းရှိကြလော့။ 11 သင်တို့သည် မာရ်နတ်၏ဆိုး
ညစ်သောပရိယာယ်တို့ကို ခုခံကာကွယ်နိုင်
မည့်အကြောင်း ဘုရားသခင်၏လက်နက်စုံကို
ဝတ်ဆင်ကြလော့။ 12 ငါတို့သည် မြေကြီးပေါ်၌
ရှိသောလူသားတို့အား ဆန့်ကျင်တိုက်လှန်ခြင်း
မဟုတ်။ ငါတို့သည် အစိုးရသောသူတို့၊ အာ
ဏာစက်များ၊ ဤလောကီမှောင်မိုက်တန်ခိုး
များနှင့် တိုက်လှန်ကြ၏။ ငါတို့သည် မိုးကောင်း
ကင်အရပ်များ၌ နေသောနတ်ဆိုးတို့၏ဝိညာဉ်
တန်ခိုးများနှင့်ဆန့်ကျင်၍ တိုက်လှန်ကြ၏။
13 ထိုအကြောင်းကြောင့် သင်တို့သည် ဘုရား
သခင်၏လက်နက်စုံကို လိုအပ်လျက်ရှိကြ၏။
ထို့နောက် သင်တို့သည် ဆိုးယုတ်သောနေ့ရက်
ကာလ၌ ခိုင်ခံ့စွာရပ်နိုင်ကြလိမ့်မည်။ သင်တို့
သည် တိုက်လှန်ခြင်းတစ်ခုလုံးကို ပြီးစီးသောအ
ခါ သင်တို့သည် ခိုင်ခံ့စွာရပ်တည်နိုင်ဆဲဖြစ်လိမ့်
မည်။ 14 ထို့ကြောင့် သင်တို့၏ခါးပတ်လည်၌
သစ္စာခါးပတ်ကို တင်းကျပ်စွာ ပတ်လျက်ခိုင်ခံ့
စွာရပ်ကြလော့။ သင်တို့၏ရင်အုပ်၌ ဖြောင့်မတ်
သောအသက်ရှင်ခြင်း ရင်အုပ်တန်ဆာကို ဝတ်
ဆင်ကြလော့။ 15 သင်တို့၏ခြေ၌လည်း ငြိမ်သက်
ခြင်း၏ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
သည် သင်တို့ကို ကူညီ၍ခိုင်ခံ့စွာ ရပ်နေနိုင်ရန်
ဝတ်ဆင်ကြလော့။ 16 မာရ်နတ်ပစ်ခတ်သော
လောင်နေသည့်မြှားလက်နက်ကို ကာသတ်
ဖြစ်နိုင်သောယုံကြည်ခြင်းလွှားကို အသုံးပြုကြ
လော့။ 17 ဘုရားသခင်၏ကယ်တင်ခြင်းကိုလည်း
သင်တို့၏သံခမောက်လုံးအဖြစ် လက်ခံကြ
လော့။ ဝိညာဉ်တော်၏ဓါးကိုလည်း ယူကြ
လော့။ ထိုဓါးသည် ဘုရားသခင်၏သွန်သင်ခြင်း
တရားနှုတ်ကပတ်တော်ဖြစ်၏။ 18 အချိန်တိုင်း၌
ဝိညာဉ်တော်အားဖြင့် ဆုတောင်းပဌနာပြုခြင်း
အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ သင်တို့
အလိုရှိသမျှသော အရာခပ်သိမ်းတို့အတွက်
တောင်းကြလော့။ ဤအရာကို ပြုခြင်းငှါ သင်
တို့သည် အစဉ်မပြတ်အသင့်ဖြစ်ရမည်။ အဘယ်
သောအခါမျှ အလျှော့မပေးကြနှင့်။ ဘုရား
သခင်၏လူအားလုံးတို့အတွက် အစဉ်အမြဲဆု
တောင်းကြလော့။
19 ငါသည်လျှို့ဝှက်သောဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ပြောပြနိုင်ခြင်းငှါ ငါ၏နှုတ်
ကို ဖွင့်လှစ်သောအခါတိုင်း၌ ကြောက်ရွံ့ခြင်းမ
ရှိဘဲဟောပြောနိုင်ခြင်းငှါ ဘုရားသခင်သည်
စကားတော်ကို ငါ့အား ပေးတော်မူမည်အ
ကြောင်း ငါ့အတွက်လည်း ဆုတောင်းကြလော့။
20 ငါသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း
ကို ဟောပြောရသောအမှုရှိ၏။ ငါသည် ထိုအ
မှုကို ယခုပင်ဤ နေရာထောင်ထဲ၌ လုပ်ဆောင်
လျက်နေ၏။ ငါဟောပြောအပ်သည်နှင့်အ
ညီ ထိုဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
ကြောက်ရွံ့ခြင်းမရှိဘဲ ဟောပြောနိုင်မည့်အ
ကြောင်း ဆုတောင်းကြလော့။

## နောက်ဆုံးနှုတ်ဆက်ခြင်းများ

21 ငါတို့ချစ်သောငါတို့၏ညီ တုခိတ်ကို သင်
တို့ထံသို့ ငါစေလွှတ်၏။ သူသည် သခင်ဘုရား
၏အမှုတော်၌ သစ္စာရှိသောအစေခံဖြစ်၏။ သူ
သည် ငါ့အကြောင်းအရာအားလုံးတို့ကို သင်တို့
အား ပြောပြပါလိမ့်မည်။ ထို့နောက် ငါသည်
အဘယ်သို့သောသူဖြစ်သည်ကို၎င်း၊ ငါသည်
အဘယ်အရာကို ပြုနေသည်ကို၎င်း သင်တို့သိ
ကြလိမ့်မည်။ 22 ထိုအကြောင်းကြောင့် သူ့ကို
သင်တို့ထံသို့ ငါစေလွှတ်၏။ ငါတို့သည် အ
ဘယ်သို့ ဖြစ်နေကြသည်ကို သင်တို့အား သိစေ

ခြင်းငှါရင်း၊ ခွန်အားပေးစေခြင်းငှါရင်း ငါသည် သူ့ကို စေလွှတ်၏။
23 သင်တို့၌ ငြိမ်သက်ခြင်းရှိပါစေသော၊ ခမည်းတော်နှင့် သခင်ယေရှုခရစ်ထံမှ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာရှိပါစေသော။
24 ငါတို့သခင်ယေရှုခရစ်ကို ထာဝရချစ်ခြင်းမေတ္တာနှင့် ချစ်သောသင်တို့အားလုံးအပေါ်၌ကျေးဇူးတော် ရှိပါစေသော။

# ဖိလိပ္ပိဩဝါဒစာ

1 ဖိလိပ္ပိမြို့၌ရှိသောခရစ်တော်ယေရှု၌ဘုရား
သခင်၏သန့်ရှင်းသူအားလုံးတို့အား ယေရှု
ခရစ်၏အစေခံကျွန်များဖြစ်ကြသော ပေါလုနှင့်
တိမောသေတို့ထံမှ နှုတ်ဆက်ပါ၏။ သင်တို့၏
သင်းအုပ်များ *နှင့် သင်းထောက်တို့* အားလုံး
တို့ကိုလည်း နှုတ်ဆက်ပါ၏။
2ငါတို့ အဘခမည်းတော်ဘုရားသခင်နှင့်
သခင်ယေရှုခရစ်ထံတော်မှ ကျေးဇူးတော်နှင့်
ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။

## ပေါလု၏ဆုတောင်းခြင်း

3ငါသည် သင်တို့ကို အောက်မေ့သတိရ
သော အချိန်အခါတိုင်း ဘုရားသခင်ကို ကျေး
ဇူးတင်ချီးမွမ်းပါ၏။ 4ငါသည် ဝမ်းမြောက်ခြင်း
နှင့် အစဉ်မပြတ် သင်တို့အားလုံးအတွက် ဆု
တောင်းလျက်ရှိ၏။ 5ငါသည် လူတို့အား ဝမ်း
မြောက်စရာသတင်းကောင်းကို ဟောပြောနေ
စဉ်သင်တို့သည် ငါ့ကိုကူညီကြသောကြောင့် ငါ
သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
ပါ၏။ သင်တို့ယုံကြည်သော ပထမနေ့ရက်မှ
စ၍ ယခုတိုင်အောင် သင်တို့သည် ငါ့ကို ကူညီ
ကြ၏။ 6ဘုရားသခင်သည် ကောင်းသောအရာ
များကို သင်တို့တွင် ပြုတော်မူ၏။ ယေရှုခရစ်
သည် တစ်ဖန်ပြန်၍ ကြွလာတော်မူသည့်တိုင်
အောင် ဘုရားသခင်သည် ကောင်းသောအရာ
တို့ကို ဆက်လက်၍ ပြုတော်မူလိမ့်မည်။ ထိုသို့
ပြုတော်မူမည်အကြောင်း ငါအသေချာယုံ
ကြည်စိတ်ချ၏။
7ထိုအကြောင်းကြောင့် ငါသည် သင်တို့၏
အမှုအရာအလုံးစုံတို့ကို ဆင်ခြင်အောက်မေ့
သင့်ကြောင်း ငါအမှန်သိ၏။ အကြောင်းမူကား
ငါ၏စိတ်နှလုံးအတွင်း၌သင်တို့ရှိနေခြင်းကြောင့်
ဖြစ်၏။ ထို့ကြောင့် ငါသည် သင်တို့နှင့်အလွန်နီး
ကပ်လျက်ရှိသကဲ့သို့ခံစားရ၏။ သင်တို့အားလုံး
သည် ဘုရားသခင်၏ကျေးဇူးတော်ကို ငါနှင့်အ
တူဝေမျှခံစားရကြသောကြောင့်ပင် ဖြစ်၏။ ငါ
သည် အကျဉ်းထောင်၌ ရှိနေစဉ်သော်လည်း
ကောင်း၊ ငါသည် ဝမ်းမြောက်စရာသတင်း
ကောင်းကို ခုခံကာကွယ်နေစဉ်၌သော်လည်း
ကောင်း၊ ငါသည် ဝမ်းမြောက်စရာသတင်း
ကောင်း၏သမ္မာတရားကို သက်သေခံနေစဉ်၌
သော်လည်းကောင်း၊ သင်တို့သည် ဘုရား
သခင်၏ကျေးဇူးတော်ကို ငါနှင့်အတူဝေမျှခံစား
ရကြ၏။ 8ငါသည် သင်တို့ကို တွေ့မြင်ရန်အလွန်
အလိုရှိသည်ကို ဘုရားသခင်သိတော်မူ၏။ ငါ
သည် သင်တို့အားလုံးကို ခရစ်တော်ယေရှု၏ချစ်
ခြင်းမေတ္တာ၌ ချစ်လျက်ရှိ၏။ 9ဤအရာသည်
သင်တို့အတွက် ငါ၏ဆုတောင်းချက်ဖြစ်၏။

> သင်တို့၏ချစ်ခြင်းသည် သာ၍ ကြီးထွား
> ကာ၊ သင်တို့၏ချစ်ခြင်းမေတ္တာ၌ ပညာ
> နှင့်နားလည်ခြင်းကို သင်တို့၌ ရှိလိမ့်မည်
> အကြောင်းဖြစ်၏။

---

**အသင်းအုပ်များ** အသင်းတော်ကို ဦးဆောင်ရန် ရွေး ထားသောလုစု။ ကြည့်ကြပ်သူများနှင့် သင်းအုပ်ဆရာ များ (သို့ထိန်းများ) ဟု၍လည်း ခေါ်သည်။ သူတို့က ဘုရား သခင်၏လူများကို ကြည့်ရှုစောင့်ရှောက်ရန် တာဝန် ရှိသည်။ တမန် 20:28; ဧဖက် 4:11; တိတု 1:7, 9

**သင်းထောက်တို့** မူရင်းအဓိပ္ပါယ်အရ၊ သင်းထောက် များ ဂရိစာအရ “အစေခံ” သူတို့သည် အသင်းတော်ကို အထူးတာဝန်ထမ်းဆောင်ရန် ရွေးခြယ်ထားသောသူ များဖြစ်ကြသည်။

10 ကောင်းသောအရာနှင့် ဆိုးသောအရာ
တို့ကြား၌ ခြားနားခြင်းကို သင်တို့မြင်ကြ
လိမ့်မည်။ သို့မှသာ သင်တို့သည် ခရစ်
တော်ကြွလာတော်မူခြင်းအတွက် ပြုစင်
၍ အမှားအယွင်းကင်းလျက် ရှိကြပါလိမ့်
မည်။
11 သင်တို့သည် ခရစ်တော်၏အကူအညီဖြင့်
ဘုရားသခင်၏ ဘုန်းအသရေထင်ရှားရန်
နှင့်ချီးမွမ်းခြင်းရှိစေခြင်းငှါ ကောင်းသော
အရာများစွာတို့ကို ပြုကြပါလိမ့်မည်။

## ပေါလု၏အခက်အခဲတို့က ဘုရားသခင်၏ လုပ်ငန်းကို ကူညီခြင်း

12 ညီအစ်ကိုမောင်နှမများတို့၊ ငါ၌ ဖြစ်ပျက်
သည့် ထိုဆိုးသောအရာများတို့သည် ဝမ်း
မြောက်စရာ သတင်းကောင်းကို ပြန့်နှံ့စေခြင်း
ငှါ ကူညီမှုပေး၏။ 13 ငါသည် အဘယ်ကြောင့်အ
ကျဉ်းထောင်၌ ရှိရသည့်အကြောင်းမှာ ထင်
ရှားလျက်ရှိ၏။ ငါသည် ခရစ်တော်၌ ယုံကြည်
သူတစ်ယောက်ဖြစ်သောကြောင့် ငါသည် အ
ကျဉ်းထောင်၌ ချခြင်းကိုခံရ၏။ အစောင့်အ
ကြပ်အားလုံးတို့သည် ဤအရာကို သိကြ၏။
အခြားသော သူအားလုံးတို့သည်လည်း သိကြ
၏။

14 ငါသည် အကျဉ်းထောင်၌ ရှိနေသေး၏။
သို့သော်လည်းယခုတွင် ယုံကြည်သူအများစုတို့
သည် သာ၍ကောင်းမွန်စွာ ခံစားထိတွေ့ကြ၏။
ထို့ကြောင့် သူတို့သည် လူတို့အား ခရစ်တော်
အကြောင်းသတင်းကို ပြောကြားရန် အလွန်
သာ၍ ရဲရင့်သူဖြစ်ကြ၏။

15 အချို့သော သူတို့သည် ခရစ်တော်အ
ကြောင်းကို ဟောပြောကြ၏။ အကြောင်းမူ
ကား သူတို့သည် မနာလိုခြင်းနှင့် ခါးသီးခြင်းရှိ
ကြ၏။ အခြားသောသူတို့သည်လည်း ခရစ်
တော်အကြောင်းကို ဟောပြောကြ၏။ အဘယ်
ကြောင့် ဆိုသော်သူတို့သည် ကူညီလိုကြ၏။
16 ဤလူတို့သည် ချစ်ခြင်းမေတ္တာရှိသော
ကြောင့် ဟောပြောကြ၏။ ဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းကိုထောက်မသောကြောင့်၊
ယခုတွင် ငါသည် ထောင်ထဲ၌ရှိသည်ကို သူတို့
သိကြ၏။ 17 သို့သော်လည်း ထိုအခြားသောသူ
တို့သည် ခရစ်တော်အကြောင်းကို ဟောပြော
ကြ၏။ အကြောင်းမူကား သူတို့သည် အတ္တစိတ်
ရှိကြ၏။ သူတို့၏ဟောပြောရခြင်းအကြောင်း
ရင်းမှာ မှားယွင်းနေ၏။ သူတို့သည် အကျဉ်း
ထောင်ထဲ၌ ငါ့အတွက် ဒုက္ခပေးလိုကြ၏။

18 သူတို့သည် ငါ့အတွက် ဒုက္ခပြဿနာကို
ပြုကြသော်လည်း ငါသည် အမှုမထား။ သူတို့
အတွက် အရေးကြီးသောအရာမှာ သူတို့သည်
ခရစ်တော်အကြောင်းကို လူတို့အား ပြောကြား
ရန်ဖြစ်၏။ ခရစ်တော်အကြောင်းကို လူတို့အား
ဟောပြောရန် သူတို့ကို ငါအလိုရှိ၏။ သူတို့
သည် မှန်ကန်သောအကြောင်းရင်းဖြင့် ထိုအမှု
ကို ပြုရမည်။ သို့သော်လည်း၊ သူတို့သည် မှန်
ကန်သောရည်ရွယ်ချက်ဖြင့် ပြုသည်ဖြစ်စေ၊
မှားယွင်းသော ရည်ရွယ်ချက်ဖြင့် ပြုသည်ဖြစ်
စေ သူတို့ပြုသောအရာအတွက် ငါသည် ဝမ်း
မြောက်၏။ သူတို့သည် ခရစ်တော်အကြောင်း
ကို လူတို့အား ဟောပြောကြသောကြောင့်၊
ငါသည် ဝမ်းမြောက်၏။ သို့ဖြစ်၍ ငါသည် ဆက်
လက်၍ ဝမ်းမြောက်ရလိမ့်မည်။ 19 ယေရှုခရစ်
၏ဝိညာဉ်တော်သည် ငါ့အား ကူညီရန် သင်တို့
သည် ငါ့အတွက် ဆုတောင်းပေးနေကြ၏။ ထို
ကြောင့် ဤဒုက္ခဆင်းရဲခြင်းသည် ငါ၏လွတ်
မြောက်ခြင်းကို ယူလာလိမ့်မည်အကြောင်း ငါ
သိ၏။ 20 ငါမျှော်လင့်အားကြီး၍ တောင့်တ
သောအရာသည် မည်သည့်အပြုအမူ၌အလျှင်း
ရှက်ကြောက်ခြင်း မရှိမည့်အကြောင်းဖြစ်၏။ ငါ
သည်ယခုတွင် ရဲရင့်ခြင်းရှိလိမ့်မည်အကြောင်း
ငါမျှော်လင့်၏။ အစဉ်မပြတ် ခရစ်တော်၏ကြီး
မြတ်တော်မူခြင်းကို ဤမြေကြီးပေါ်တွင် ငါ၏အ
သက်တာ၌ ထင်ရှားစေမည်။ ငါသည် သေ
သည်ဖြစ်စေ၊ အသက်ရှင်သည်ဖြစ်စေ၊ ထိုအမှု
ကိုပြုရန် ငါအလိုရှိ၏။ 21 ငါဆိုလိုသည်မှာ၊ ငါ့အ
တွက် အသက်ရှင်ခြင်းသည် ခရစ်တော်ဖြစ်၍

သေလျှင်မူကား အကျိုးရှိ၏။ * 22ငါသည် ကိုယ်
ခန္ဓာ၌ ဆက်လက်၍အသက်ရှင်နေလျှင်၊ သခင်
ဘုရားအတွက် အမှုဆောင်ရန် တတ်စွမ်းနိုင်ပါ
လိမ့်မည်။ သို့သော်လည်း အသက်ရှင်ခြင်းသို့
မဟုတ် သေခြင်းတွင် အဘယ်အရာရွေးမည်ကို
ငါမသိ။ 23အသက်ရှင်ခြင်းနှင့် သေခြင်းတို့ကြား
တွင် ရွေးချယ်ရန် ခက်ခဲပါ၏။ ငါသည် ဤဘဝ
အသက်ကို စွန့်၍ ခရစ်တော်နှင့်အတူ နေရန်အ
လိုရှိ၏။ ထိုအရာသည် ပို၍ ကောင်းမွန်ပါမည်။
24သို့သော်လည်း ငါသည် ကိုယ်ခန္ဓာ၌ ရှိနေရန်
သင်တို့သည် လိုအပ်လျက်ရှိ၏။ 25သင်တို့သည်
ငါ့ကို လိုအပ်ကြသည်ကို ငါသိ၏။ ထိုကြောင့်
ငါသည် သင်တို့နှင့်အတူ နေရလိမ့်မည်အ
ကြောင်း ငါသိ၏။ သင်တို့သည် ကြီးထွား၍သင်
တို့၏ယုံကြည်ခြင်း၌ ဝမ်းမြောက်ခြင်းရှိကြမည်
အကြောင်း ငါသည် သင်တို့ကို ကူညီပါလိမ့်
မည်။ 26ငါသည် သင်တို့နှင့်အတူ တစ်ဖန်ရှိနေ
သောအခါ သင်တို့သည်ခရစ်တော်ယေရှု၌ အ
လွန်ဝမ်းမြောက်ခြင်း ရှိကြပါလိမ့်မည်။
27သင်တို့သည် ခရစ်တော်၏ဝမ်းမြောက်စ
ရာသတင်းကောင်းနှင့် ညီညွတ်မှုရှိသောအ
သက်တာနည်းလမ်းဖြင့် အသက်ရှင်ရကြမည်အ
ကြောင်း သေချာစွာ သိမှတ်ကြလော့။ ထို
နောက် ငါသည် သင်တို့ထံသို့ အလည်အပတ်
ရောက်လာသည်ဖြစ်စေ၊ သင်တို့ထံမှ အဝေး
သို့ရှိသည်ဖြစ်စေ၊ ငါသည် သင်တို့အကြောင်း
ကောင်းသောအရာများကို ကြားရပါလိမ့်မည်။
သင်တို့သည် တူညီသောအကြံအစည်နှင့် ဝမ်း
မြောက်စရာသတင်းကောင်းမှ လာသောယုံ
ကြည်ခြင်းအတွက် အသင်းတစ်ပါးတည်းကဲ့သို့
အတူတကွ လုပ်ဆောင်ခြင်း၌ ဆက်လက်၍
ခွန်အားနှင့် ပြည့်စုံကြမည်ကို ငါကြားရပါလိမ့်
မည်။ 28သင်တို့ကို ဆန့်ကျင်သောသူတို့အား
သင်တို့ကြောက်ရွံ့ ကြလိမ့်မည်မဟုတ်။ သင်တို့
သည် ကယ်တင်ခြင်းကိုခံယူကြောင်းနှင့် သင်တို့
၏ရန်သူတို့ကို ပျက်စီးခြင်းသို့ ရောက်လိမ့်မည်
ဖြစ်ကြောင်း ဤအရာအလုံးစုံတို့သည် ဘုရား
သခင်ထံတော်မှလာ သောသက်သေဖြစ်၏။
29သင်တို့သည် ခရစ်တော်၌ ယုံကြည် ခြင်းဖြင့်
ဂုဏ်ပြုချီးမြှောက်ခြင်းကို ဘုရားသခင်သည်
သင်တို့ကို ပေးတော်မူ၏။ သို့သော်လည်း ထို
အရာသည် အားလုံးမဟုတ်သေးပါ။ သင်တို့
သည် ခရစ်တော်အတွက် ချီးမွမ်းဖွယ်သော
ဆင်းရဲဒုက္ခခံခြင်းကို ဘုရားသခင်သည် သင့်
အား ပေးတော်မူ၏။ ဤအရာများအားလုံးတို့
သည် ခရစ်တော်၏ဘုန်းအသရေတော်ကို ထင်
ရှားစေပါ၏။ 30သင်တို့သည် ငါ၌ရှိသောရန်း
ကန်တိုက်ခိုက်ခြင်းကိုမြင်၍ ယခုတွင်လည်း ငါ၌
ရှိနေသေးကြောင်း သင်တို့သိကြ၏။

## အချင်းချင်း ညီညွတ်ကြ၍ ဂရုစိုက်ကြလော့

2 သင်တို့သည် ငါ့ကို ပေးကမ်းခြင်းငှါ ခရစ်
တော်၌ အချို့သောတိုက်တွန်းအားပေး
ခြင်းရှိကြသလော့။ သင်တို့၏ချစ်ခြင်းမေတ္တာ
သည် ငါ့ကို နှစ်သိမ့်စေခြင်းငှါ သင်တို့အလိုရှိပါ
သလော။ ငါတို့သည် ဝိညာဉ်တော်၌ အတူတ
ကွဝေမျှရကြပါသလော။ သင်တို့သည် ကရု
ဏာနှင့် ကြင်နာခြင်းရှိကြပါသလော။ 2သင်တို့
သည် ဤအရာများတို့ကို ရှိကြလျှင်၊ သင်တို့
သည် တစ်စုံတစ်ခုကို ငါ့အတွက် ပြုကြရန်သင်
တို့အား ငါတောင်းပန်ပါမည်။ ထိုအရာသည်
ငါ့ကို အလွန်ဝမ်းမြောက်စေလိမ့်မည်။ သင်တို့
၏စိတ်နှလုံးအားလုံးသည် တူညီသောအရာ
များတို့ကို ယုံကြည်ခြင်းအားဖြင့် အတူတကွ
ဆက်ဆံကြရန် ငါတောင်းပန်၏။ သင်တို့သည်
အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တလုံးတ
ဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတ
ညွတ်တည်ရှိကြလော့။ 3သင်တို့သည် အမှုအ
ရာများတို့ကို ပြုကြသောအခါ၊ အတ္တလွန်ကဲ
ခြင်း သို့မဟုတ် သင်တို့၏ဦး ဆောင်လမ်းပြမှု၌
ဝါကြွားခြင်းမရှိကြနှင့်။ စိတ်နှလုံးနှိမ့်ချလျက်၊
ကိုယ်ထက် အခြားသောသူတို့အား ပို၍ ကြည်
ညိုလေးစားခြင်းကို ပြုကြလော့။ 4သင်တို့အ

**သေလျှင် ... အကျိုးရှိ၏** ပေါလုက သေခြင်းသည် သာ၍ကောင်းမည်ဟု ပြောဆိုရခြင်းအကြောင်းမှာ သေခြင်းသည် သူ့ကို ခရစ်နှင့် သာ၍နီးစေမည့်ကြောင်းဖြစ်သည်။

သက်တာတစ်ခုတည်း၌သာ စိတ်ဝင်စားခြင်း
မပြုကြနှင့်။ သို့သော်လည်း အခြားသောသူတို့
၏အသက်တာများ၌ စိတ်ဝင် စားခြင်းကိုလည်း
ပြုကြလော့။

## ကိုယ်အကျိုးအမရှာမည်အကြောင်း ခရစ်တော်ထံမှ သင်ယူလော့။

5 သင်တို့၏အသက်တာများ၌ ခရစ်တော်
ယေရှုကဲ့သို့ သင်တို့သည် စိတ်သဘောထားရှိ
၍ ပြုမူအသက်ရှင်ကြရမည်။
6 ခရစ်တော်သည်လည်း ကိုယ်တော်တိုင်ခပ်
သိမ်းသောအရာ၌ဘုရားသခင်ကဲ့သို့ ဖြစ်တော်
မူ၏။ ခရစ်တော်သည် ဘုရားသခင်နှင့်ညီတူ
ညီမျှဖြစ်၏။ သို့သော်လည်း ခရစ်တော်သည်
ဘုရားသခင်နှင့် ညီတူညီမျှဖြစ်ကြောင်း တစ်စုံ
တစ်ခုကိုစောင့်ထိန်းရမည်ဟု ထင်မှတ်ခြင်းမရှိ။
7 သူသည် ဘုရားသခင်နှင့် အတူရှိသော
မိမိနေရာကို စွန့်၍ အစေခံတစ်ယောက်ကဲ့သို့
ဖြစ်ခြင်းကို သဘောတူခံယူတော်မူ၏။ သူသည်
လူသားတစ်ယောက်အဖြစ်ဖွားမြင်တော်မူခြင်း
ကိုခံ၍ အစေခံတစ်ယောက်ကဲ့သို့ ဖြစ်လာခဲ့
၏။ 8 သူသည် လူသားတစ်ယောက်ကဲ့သို့ အ
သက်ရှင်နေသောအခါ ဘုရားသခင်ကို အပြည့်
အဝနာခံခြင်းအားဖြင့် ကိုယ့်ကိုကိုယ် နှိမ့်ချ
တော်မူ၏။ သူ့အား အသေခံစေတော်မူသည်
တိုင်အောင် သူသည် နာခံလျက်ရှိ၏။ သူသည်
လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူ၏။
9 ခရစ်တော်သည် ဘုရားသခင်ကို နာခံ
တော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ခရစ်
တော်ကို အရေးအကြီးဆုံးသောနေရာသို့ ချီး
မြှောက်တော်မူ၏။ ဘုရားသခင်သည် ခရစ်
တော်၏နာမတော်ကို ခပ်သိမ်းသောအခြားနာ
မတကာတို့ထက်သာ၍ ကြီးမြတ်စေတော်မူ၏။
10 ဘုရားသခင်သည် ထိုသို့ ပြုတော်မူ၏။ အ
ကြောင်းမူကား ကိုယ်တော်သည် ခပ်သိမ်းသော
သူတို့ကို ယေရှု၏နာမတော်အလိုငှါ ဒူးထောက်
ခြင်းငှါ အလိုရှိတော်မူ၏။ ကောင်းကင်ဘုံ၌ရှိ
သောသူ၊ မြေကြီးပေါ်၌ ရှိသောသူနှင့်မြေကြီး
အောက်၌ရှိသောသူ ခပ်သိမ်းသောလူသတ္တဝါ
တို့သည် ဒူးထောက်ကြရလိမ့်မည်။ 11 “ယေရှု
ခရစ်သည် သခင်” ဖြစ်သည်ဟု ခပ်သိမ်းသော
လူတို့သည် ဝန်ခံကြလိမ့်မည်။ သူတို့သည် ဤအ
ရာကိုပြောဆိုကြသောအခါ အဘ ခမည်းတော်
ဘုရားသခင်အား ဘုန်းကြီးစေတော်မူလိမ့်မည်
ဖြစ်၏။

## ဘုရားသခင်ဖြစ်စေချင်တော်မူသော လူများဖြစ်ကြလော့

12 ငါချစ်သောမိတ်ဆွေတို့၊ သင်တို့သည် အ
စဉ်မပြတ်နာခံခြင်းရှိကြ၏။ ငါသည် သင်တို့နှင့်
ရှိသောအခါ သင်တို့သည် ဘုရားသခင်ကို နာ
ခံကြ၏။ ငါသည် သင်တို့နှင့်အတူမရှိစဉ်ထက်
ယခုတွင် သင်တို့နာခံခြင်းသည် ပို၍အရေးကြီး
လျက်ရှိ၏။ သင်တို့သည် ငါ၏အကူအညီမပါဘဲ
သင်တို့ကယ်တင်ခြင်းသို့ ရောက်သည်ကို သင်
တို့သည် သေချာစွာသိရကြမည်။ ဘုရားသခင်
ကို ကြည်ညိုလေးမြတ်ခြင်းနှင့် ကြောက်ရွံ့ခြင်း
ဖြင့် ဤအရာကိုပြုကြလော့။ 13 ဘုရားသခင်
သည် သူ့ကို ကျေနပ်စေသောအရာတို့ကို သင်
တို့အား ပြုလိုသောဆန္ဒရှိစေခြင်းငှါ ကူညီ
တော်မူ၍ ထိုအရာများကို လုပ်ဆောင်ကြရာ
တွင်လည်း သင်တို့အား ကူညီတော်မူ၏။ 14 ခပ်
သိမ်းသောအရာတို့ကို မြည်တမ်းခြင်း၊ ငြင်းခုံ
ခြင်းမရှိဘဲ ပြုကြလော့။ 15 ထိုနောက် သင်တို့
သည် အပြစ်ကင်းလျက် သင်တို့၌ မည်သည့်အ
မှားအယွင်းမျှ ရှိလိမ့်မည်မဟုတ်။ သင်တို့သည်
အမှားအယွင်းကင်းသော ဘုရားသခင်၏သား
သမီးများ ဖြစ်ကြပါလိမ့်မည်။ သို့သော်လည်း
သင်တို့သည် အလွန်ဆိုးညစ်လာကြသော သင်
တို့ပတ်လည်၌ရှိကြသည့် မဖြောင့်မမှန်ဖောက်
ပြန်သောလူမျိုးတို့နှင့်အတူအသက် ရှင်နေရ၏။
အလင်းသည် မှောင်မိုက်လောကကို ထွန်းလင်း
စေသကဲ့သို့ သင်တို့သည် ထိုသူတို့အား ထွန်း
လင်းစေရမည်။ 16 သင်တို့သည် ထိုလူတို့အား
အသက်ကို ပေးသောသွန်သင်ခြင်းကို ပေးကြရ
မည်။ ထို့ကြောင့် ခရစ်တော်သည် တစ်ဖန်ကြွ

လာသောအခါ ငါသည် ဝမ်းမြောက်နိုင်ပါမည်။
ငါ၏လုပ်ဆောင်ချက်တို့သည် အချည်းနှီးမဖြစ်
သောကြောင့် ငါသည် ဝမ်းမြောက်နိုင်ပါမည်။
ငါသည် အပြေးပြိုင်ပွဲတွင်ပြေး၍ အောင်နိုင်
ပါမည်။
[17]သင်တို့၏ယုံကြည်ခြင်းသည် ဘုရားသခင်
၏အမှုဆောင်ရာတွင် သင်တို့၏အသက်တာ
များကို ဆက်ကပ်ပူဇော်ခြင်းကဲ့သို့ ဖြစ်စေ၏။
ငါသည်လည်း သင်တို့၏ဆက်ကပ်ပူဇော်ခြင်း
တွင် ငါ၏အသွေးကို ပေးလှူရပါလိမ့်မည်။ သို့
သော်လည်း ထိုအရာသည် ဖြစ်ပေါ်လာလျှင်
ငါသည် သင်တို့အားလုံးနှင့်အတူ ပျော်ရွှင်လျက်
ဝမ်းမြောက်ခြင်းအပြည့် ရှိပါလိမ့်မည်။ [18]သင်
တို့သည်လည်း ငါနှင့်အတူ ပျော်ရွှင်ခြင်းနှင့်ဝမ်း
မြောက်ခြင်း အပြည့်ရှိရကြလိမ့်မည်။

## တိမောသေနှင့် ပေပြောဒိတ်တို့၏ သတင်းအကြောင်း

[19]တိမောသေကို သင်တို့ဆီသို့ များမကြာမီ
စေလွှတ်မည်အကြောင်း သခင်ယေရှု၌ ငါမျှော်
လင့်လျက်ရှိ၏။ ငါသည် ဝမ်းမြောက်လိုသော
ကြောင့် သင်တို့အဘယ်သို့ ရှိကြသည်ကို သိရှိရန်
ငါအလိုရှိ၏။ [20]တိမောသေကဲ့သို့သင်တို့ကိုကြည့်
ရှုစောင့်ရှောက်သောသူ တစ်စုံတစ်ယောက်မျှ
ငါ၌မရှိ။ [21]အခြားသောသူတို့မှာ သူတို့၏အ
သက်တာများအတွက်သာ စိတ်ဝင်စားကြ၏။
သူတို့သည် ခရစ်တော်ယေရှု၏အမှုတော်ထဲ၌
စိတ်ဝင်စားခြင်းမရှိကြ။ [22]တိမောသေသည် အ
ဘယ်သို့သောသူ ဖြစ်သည်ကို သင်တို့သိကြ၏။
သားသည် သူ၏ဖခင်နှင့်အတူ ဆောင်ရွက်သ
ကဲ့သို့ တိမောသေသည်လည်း ဝမ်းမြောက်စရာ
သတင်းကောင်းကို ဟောပြောခြင်း၌ ငါနှင့်အ
တူလုပ်ဆောင်၏။ [23]သူ့ကို သင်တို့ထံသို့ ငါအ
လျင်အမြန်စေလွှတ်ရန် အကြံရှိ၏။ ငါ၌အဘယ်
သို့ ဖြစ်ပျက်လိမ့်မည်ကို သိသောအခါ သူ့ကို
ငါစေလွှတ်လိမ့်မည်။ [24]ငါသည် သင်တို့ထံသို့
မကြာမီရောက်လာရန် သခင်ဘုရားသည် ငါ့ကို
ကူညီလိမ့်မည်ဖြစ်ကြောင်း ငါသေချာ၏။

[25]ပေပြောဒိတ်သည် ခရစ်တော်၌ ငါ့ညီဖြစ်
၏။ သူသည် ငါနှင့်အတူ ခရစ်တော်၏စစ်သည်
တော်အရာ၌အမှုကို ဆောင်ရွက်လျက်ရှိ၏။ ငါ
သည် အကူအညီလိုသောအခါ၊ သင်တို့သည် သူ့
ကို ငါ့ထံသို့စေလွှတ်ကြ၏။ ယခုတွင် ငါသည် သူ့
ကို သင်တို့ရှိရာသို့ ပြန်လည်၍ စေလွှတ်ရမည်
အကြောင်း ငါထင်မှတ်၏။ [26]သူသည် သင်တို့
အားလုံးကို အလွန်တွေ့မြင်လိုသောကြောင့် သူ့
ကို ငါစေလွှတ်ရ၏။ သူသည် ဖျားနာလျက်ရှိ
သည်ဟု သင်တို့ကြားရသောကြောင့် သူသည်
စိတ်ပူပန်လျက်ရှိ၏။ [27]သူသည် ဖျားနာလျက်
သေလုနီးဖြစ်၏။ သို့သော်လည်း ဘုရားသခင်
သည် သူ့ကို ကူညီ၍ ငါ့ကိုလည်း မစတော်မူ၏။
ထို့ကြောင့် ငါသည် များစွာသောဝမ်းနည်းခြင်း
ကိုမခံစားရ။ [28]ထို့ကြောင့် သင်တို့ရှိရာသို့ သူ့ကို
စေလွှတ်ရန် ငါအလွန်အလိုရှိ၏။ သူ့ကို တွေ့မြင်
သောအခါ၊ သင်တို့သည် ဝမ်းမြောက်ခြင်း ရှိကြ
လိမ့်မည်။ ငါသည်လည်း သင်တို့အတွက် စိုးရိမ်
ပူပန် ရခြင်းမှသက်သာရာရလိမ့်မည်။ [29]သခင်
ဘုရား၌ ဝမ်းမြောက်ခြင်းများစွာဖြင့် သူ့ကို
လက်ခံကြိုဆိုကြလော့။ ပေပြောဒိတ်ကဲ့သို့ သူ
ကို အရိုအသေပြုကြလော့။ [30]သူသည် အရိုအ
သေပြုခြင်းကိုခံထိုက်ပါ၏။ အကြောင်းမူကား
သူသည် ခရစ်တော်၏အမှုတော်လုပ်ငန်းအ
တွက် အသက်သေလုနီးဆောင်ရွက်လျက်ရှိ၏။
သူသည် သူ၏အသက်ကို အန္တရာယ်ကြား၌ ထား
လေ၏။ ထို့ကြောင့် သူသည် ငါ့ကို ကူညီနိုင်ခြင်း
ဖြစ်၏။ သင်တို့သည် ငါ့အား မပေးသော ဤ
သို့ကူညီခြင်းမျိုးဖြစ်၏။

## ခရစ်တော်သည် တစုံတခုထက်သာ၍ အရေးကြီးတော်မူ၏

3 ညီအစ်ကိုမောင်နှမများတို့ ယခုတွင် သခင်
ဘုရား၌ ဝမ်းမြောက်ခြင်းရှိကြလော့။ သင်
တို့ထံသို့ တစ်ဖန် ဤအကြောင်းကိုပင် ထပ်၍
ရေးရခြင်းမှာ ငါ့အဖို့ ပင်ပန်းခြင်းအလျှင်းမရှိပါ။
ထိုအရာသည် သင်တို့အား သာ၍အသင့်ဖြစ်စေ
ခြင်းငှါ ကူညီပါလိမ့်မည်။ [2]ဆိုးညစ်သောအကျင့်

ကို ပြုသောသူတို့ကို သတိပြု၍ရှောင်ကြဉ်
လော့။ သူတို့သည် ခွေးများကဲ့သို့ ဖြစ်ကြ၏။
သူတို့သည် ကိုယ်အင်္ဂါကို ဖြတ်တောက်ရန်
တောင်းဆိုကြ၏။ [3]သို့သော်လည်း ငါတို့သည်
အမှန်စင်စစ် အရေဖျားလှီးခြင်းကိုခံသောသူ
များ ဖြစ်ကြ၏။ ငါတို့သည် ဘုရားသခင်အား
သူ၏ဝိညာဉ်တော်အားဖြင့် ကိုးကွယ်ကြ၏။ ငါ
တို့သည် ခရစ်တော်ယေရှု၌သာ ဝါကြွားသော
သူဖြစ်ကြ၏။ ငါတို့သည် ကိုယ့်ကိုကိုယ်၌ သော်
လည်းကောင်း၊ ငါတို့ပြုနိုင်သောမည်သည့်အ
ရာပေါ်၌သော်လည်းကောင်း၊ ကိုးစားခြင်းမပြု
ကြ။ [4]ငါသည် ကိုယ့်ကိုကိုယ် ကိုးစားရန်တတ်
နိုင်သည် ရှိသော်လည်း၊ ငါသည် ကိုယ့်ကိုကိုယ်
ကိုးစားခြင်းအလျှင်းမရှိ။ အခြားအဘယ်သူမ
ဆို မိမိကိုယ်ကို ကိုးစားရန် အကြောင်းရှိသည်
ဟုထင်မှတ်လျှင် ငါ၌ ကိုယ့်ကိုကိုယ် ကိုးစားရန်
သာ၍ ကြီးမားသော အကြောင်းရှိသည်ကို ထို
သူသည် သိသင့်ပါ၏။ [5]ငါသည် မွေးပြီးနောက်
ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်း
ကိုခံသောသူဖြစ်၏။ ငါသည် ဣသရေလလူမျိုး
မှဖြစ်၍ ဗင်္ယာမိန်အနွယ်လည်း ဖြစ်၏။ ငါသည်
ဟေဗြဲလူဖြစ်၍ ငါ၏မိဘနှစ်ပါးမှာ ဟေဗြဲလူမျိုး
ဖြစ်ကြ၏။ မောရှေ၏ပညတ်တရားသည် ငါ့အ
တွက် အလွန်အရေးကြီးပါ၏။ ထိုအကြောင်း
ကြောင့် ငါသည် ဖာရိရှဲ*တစ်ယောက်ဖြစ်လာ
ရ၏။ [6]ယုဒလူမျိုးတို့၏ဘာသာရေးအကြောင်း
ကြောင့် ငါသည် အသင်းတော်(ယုံကြည်သူများ)
ကိုညှဉ်းပန်းနှိပ်စက်ရာ၌ အလွန်စိတ်လှုပ်ရှား
လျက် အားကြီး၏။ ငါသည် မောရှေ၏ပညတ်
တရားကို လိုက်လျှောက်ခြင်း၌ ငါ့အမှားအ
ယွင်းကို မည်သူကမျှ ရှာ၍မတွေ့။ [7]တစ်ချိန်
တစ်ခါက ဤအရာတို့သည် ငါ့အတွက် အရေး
ကြီးပါ၏။ သို့သော်လည်း ခရစ်တော်အားဖြင့်
ထိုအရာများတို့သည် ဘာမျှအကျိုးမရှိ။ အ
ချည်းနှီးသာဖြစ်ကြောင်း ငါထင်မှတ်၏။ [8]ထို
အရာများသည်သာမက၊ ယခုငါထင်မှတ်
သောထိုအရာအားလုံးတို့သည်လည်း ငါ၏
သခင်ခရစ်တော်ယေရှု၏ ကြီးမြတ်တော်မူခြင်း
ကိုသိကျွမ်းခြင်းနှင့် နှိုင်းယှဉ်လျှင်အဘယ်သို့မျှ
အကျိုးမရှိ၊ အချည်းနှီးသာဖြစ်ကြ၏။ ခရစ်
တော်အားဖြင့် အရေးကြီးသည်ဟု ငါထင်မှတ်ခဲ့
သမျှသော ထိုအရာများတို့ကို ငါအရှုံးခံ၏။
ထိုအရာအားလုံးတို့သည် မည်သို့မျှအကျိုးမရှိ
သောအမှိုက်သရိုက်မျှသာ ဖြစ်ကြသည်ကို ယခု
တွင် ငါသိ၏။ ဤအရာတို့သည် ငါ့အား ခရစ်
တော်ကို ပိုင်ဆိုင်ရန် အခွင့်ပေး၏။ [9]ထိုအရာ
သည် ငါ့အား ခရစ်တော်ထဲ၌ရှိရန် အခွင့်ပေး
၏။ ခရစ်တော်အားဖြင့် ငါသည် ဘုရားသခင်
ရှေ့တော်၌ ဖြောင့်မတ်စေခြင်းအခွင့်ကိုရ၏။
ထိုသို့ဖြောင့် မတ်စေခြင်းအခွင့်သည် ပညတ်
တရားကိုငါလိုက်လျှောက်ခြင်းအားဖြင့်မဟုတ်။
ထိုဖြောင့်မတ်စေခြင်းသည် ဘုရားသခင်ထံ
တော်မှ ယုံကြည်ခြင်းအားဖြင့် ဖြစ်လာ၏။
ဘုရားသခင်သည် ခရစ်တော်၌ ငါ၏ယုံကြည်
ခြင်းကို အကြောင်းပြု၍ သူ၏ရှေ့တော်၌
ဖြောင့်မတ်ခြင်းအခွင့်ကို ပေးတော်မူ၏။ [10]ငါ၌
အလိုရှိသောအရာတို့မှာ ခရစ်တော်ကို သိ
ကျွမ်းခြင်းနှင့် သူ၏သေခြင်းမှထမြောက်တော်
မူသောတန်ခိုးသာဖြစ်၏။ ငါသည် ခရစ်တော်
၏ဒုက္ခဆင်းရဲခြင်းကို ဝေမျှခံစားကာ သူ၏အ
သေခံတော်မူခြင်း၌ သူကဲ့သို့ဖြစ်လာရန် ငါအ
လိုရှိ၏။ [11]ငါ၌ထိုအရာများရှိလျှင် သေခြင်းမှ
ထမြောက်လိမ့်မည်အကြောင်း ငါမျှော်လင့်၏။

## ပန်းတိုင်ကို ရောက်ရန်ကြိုးစားနေခြင်း

[12]ထိုသို့ဆိုသော် ငါသည် ဘုရားသခင်ဖြစ်
စေလိုသည့်အတိုင်း အတိအကျဖြစ်၏ဟု ငါမဆို။
ထိုပန်းတိုင်ကို ငါမမှီသေး။ သို့သော်လည်း ငါ
သည် ထိုပန်းတိုင်ကိုမှီအောင် ဆက်လက်၍ကြိုး
စားလျက် ထိုအရာကို ငါ့အပိုင်ဖြစ်စေခြင်းငှါကြိုး
စား၏။ ခရစ်တော်သည် ငါ့ကို ထိုသို့ဖြစ်ရန်
အလိုတော်ရှိ၏။ ထိုအကြောင်းကြောင့် ခရစ်
တော်ယေရှုသည် ငါ့ကို သူ့အတွက် ပြုပြင်တော်

**ဖာရိရှဲ** ဖါရိရှဲတို့သည် ယုဒလူမျိုးတို့၏ဥပဒေများနှင့် ဓလေ့
ထုံးတမ်းအားလုံးကို သတိရှိစွာ လိုက်နာရန် ကြွေးကြော်
သောဘာသာရေးနှင့်ဆိုင်သောအဖွဲ့ဖြစ်သည်။

မူ၏။ 13ညီအစ်ကိုမောင်နှမတို့ ငါသည် ထိုပန်း
တိုင်ကို မမီသေးကြောင်းကို ငါသိ၏။ သို့သော်
လည်း ငါသည် အစဉ်မပြတ်ပြုသောအရာတစ်
ခုရှိ၏။ ကုန်လွန်ခဲ့ပြီးသောအရာများတို့ကို ငါမေ့
ပျောက်၏။ ငါ့ရှေ့၌ရှိသောပန်းတိုင်ကို မှီရန် ငါ
သည် အစွမ်းကုန်အားထုတ်၍ ကြိုးစား၏။ 14ငါ
သည် ပန်းတိုင်သို့ရောက်၍ ဆုလာဒ်ကို ရယူ
ရန် ကြိုးစားအားထုတ်လျက်ရှိ၏။ ထိုဆုလာဒ်
သည်ငါ့အပို့ဖြစ်၏။ အကြောင်းမူကား ဘုရား
သခင်သည် အထက်အရပ်မှ ငါ့ကို ခရစ်တော်
အားဖြင့် ခေါ်တော်မူ၏။

15ငါတို့တွင် ဝိညာဉ်ပိုင်းဆိုင်ရာ၌ ကြီးထွား
ပြီးရင့်ကျက်သော သူရှိသမျှတို့သည် ဤနည်း
ကို စွဲလမ်းရကြမည်။ ဤအရာများထဲတွင် သင်
သဘောမတူနိုင်သော မည်သည့်အရာမဆိုရှိ
လျှင် ဘုရားသခင်သည် သင့်အား ထိုအရာကို
ထင်ရှားစေတော်မူမည်။ 16သို့သော်လည်း ငါ
တို့၌ ရှိနှင့်ပြီးဖြစ်သောသမ္မာတရားကို ငါတို့
သည် ဆက်လက်၍ လိုက်လျှောက်ရပါမည်။

17ညီအစ်ကိုမောင်နှမတို့၊ သင်တို့အားလုံး
သည် ငါကဲ့သို့ အသက်ရှင်ကြရန် ကြိုးစားကြ
လော့။ ငါတို့သည် သင်တို့အား ဖော်ပြထင်ရှား
စေသောနည်းလမ်းအတိုင်း အသက်ရှင်သော
ထိုသူတို့ကို ရှုမှတ်၍ ပုံသက်သေယူကြလော့။
18များစွာသောသူတို့သည် ခရစ်တော်လက်ဝါး
ကပ်တိုင်၏ ရန်သူများကဲ့သို့ အသက်ရှင်ကြ၏။
ဤလူတို့အကြောင်းကို ငါသည် သင်တို့အား
မကြာခဏ ပြောပြပြီးဖြစ်၏။ ထိုသူတို့အ
ကြောင်းကို ယခုပင် မျက်ရည်ကျလျက် သင်တို့
အား ငါပြောပြ၏။ 19ဤသူတို့ အသက်ရှင်
သောလမ်းသည် သူတို့အား ပျက်စီးခြင်းသို့ ပို့
ဆောင်လျက်ရှိ၏။ သူတို့သည် ဘုရားသခင်၏
အစေကိုမခံကြ။ ထိုသူတို့သည် ကိုယ့်ကိုကိုယ်
ကျေနပ်စေရန်အတွက်သာ အသက်ရှင်ကြ၏။
သူတို့သည် ရှက်ဖွယ်သောအရာများကို ပြုကြ
၏။ သူတို့သည် ထိုအရာများအားဖြင့် ဝါကြွား
လျက်ရှိကြ၏။ သူတို့သည် မြေကြီးအရာကိုသာ
စိတ်စွဲလမ်းတတ်ကြ၏။ 20သို့သော်လည်း ငါတို့
၏အိမ်တော်သည် ကောင်းကင်ဘုံ၌ရှိ၏။ ငါတို့
၏ကယ်တင်ရှင်သည် ကောင်းကင်ဘုံမှ တစ်ဖန်
ကြွလာမည့်အချိန်ကို ငါတို့သည် စောင့်မျှော်
လျက်နေကြ၏။ ငါတို့၏ကယ်တင်ရှင်သည်
သခင်ယေရှုခရစ်ပင် ဖြစ်၏။ 21သူသည် ငါတို့၏
ယုတ်ညံ့သောကိုယ်ခန္ဓာကို ပြောင်းလဲစေ၍
ဘုန်းအသရေနှင့် ပြည့်စုံသောမိမိကိုယ်ခန္ဓာကဲ့
သို့ ပြုပြင်တော်မူလိမ့်မည်။ ခရစ်တော်သည်
ဤအရာကို သူ၏တန်ခိုးအားဖြင့် ပြုနိုင်တော်မူ
၏။ ခရစ်တော်သည် ထိုတန်ခိုးအားဖြင့် ခပ်သိမ်း
သောအရာများအားလုံးကို အုပ်စိုးရန် တတ်နိုင်
တော်မူ၏။

## ပြုရန်အချို့သောအရာများ

4 ငါချစ်သောညီအစ်ကိုမောင်နှမများတို့ ငါ
သည် သင်တို့ကို ချစ်၍ သင်တို့ကို တွေ့မြင်
ရန်အလိုရှိ၏။ သင်တို့သည် ငါ၌ဝမ်းမြောက်ခြင်း
အကြောင်းကို ဖြစ်စေ၍ သင်တို့အားဖြင့် ငါဝါ
ကြွားခြင်းကို ဖြစ်စေကြလော့။ သင်တို့အား ငါ
ပြောခဲ့ပြီးသည်အတိုင်း ဆက်လက်၍ သခင်
ဘုရားနောက်သို့ လိုက်ကြလော့။

2ငါသည် ဧဝေါဒိနှင့် သုန္တုတ်တို့အား သခင်
ဘုရား၌ သဘောတညီတညွတ်တည်း ဖြစ်ကြ
ရန် ငါတောင်းပန်၏။ 3သစ္စာရှိစွာ ငါနှင့်အတူ
အမှုတော်ဆောင်ရွက်သော ငါ့မိတ်ဆွေ၊ ဤ
မိန်းမတို့ကို ဤအရာနှင့်ကူညီရန် သင့်အား ငါ
တောင်းပန်၏။ ဤမိန်းမတို့သည် လူတို့အား
ဝမ်းမြောက်စရာသတင်းကောင်းကို ဟောပြော
ရာတွင် ငါနှင့်လုပ်ဆောင်ကြ၏။ သူတို့သည်
ကလေမင်နှင့်အတူ လုပ်ဆောင်ကြ၏။ ငါနှင့်အ
တူအမှုကို ဆောင်ရွက်သည့်အခြားသော သူတို့
နှင့်လည်းအတူ လုပ်ဆောင်ကြ၏။ သူတို့၏နာ
မည်များသည် အသက်စာရင်းစာအုပ်၌ ရေး
ထားလျက်ရှိ၏။

4အစဉ်မပြတ် သခင်ဘုရား၌ ဝမ်းမြောက်
ခြင်းအပြည့်ရှိကြလော့။ ငါသည် တစ်ဖန် ပြော
ဆိုသည်မှာဝမ်းမြောက်ခြင်းအပြည့်ရှိကြလော့။

5သင်တို့သည် နူးညံ့သိမ်မွေ့၍ ကြင်နာခြင်း
ရှိသည်ကို လူအားလုံးတို့အား မြင်စေကြလော့။
သခင်ဘုရားသည် မကြာမီကြွလာမည်။ 6အ
ဘယ်အကြောင်းအရာနှင့် မဆိုစိုးရိမ်ပူပန်ခြင်း
မရှိကြနှင့်။ သို့သော်လည်း၊ သင်တို့လိုအပ်သမျှ
သောအရာခပ်သိမ်းတို့အတွက် ဘုရားသခင်ကို
ဆုတောင်း၍ တောင်းလျှောက်ကြလော့။ သင်
တို့သည် ဆုတောင်းသောအခါ အစဉ်မပြတ်
ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 7ဘုရား
သခင်၏ငြိမ်သက်ခြင်းသည် ခရစ်တော်ယေရှု၌
သင်တို့၏စိတ်နှလုံးတို့ကို စောင့်မတော်မူလိမ့်
မည်။ ဘုရားသခင်ပေးတော်မူသော ထိုငြိမ်
သက်ခြင်းသည် အလွန်ကြီးမြတ်တော်မူသည်
ဖြစ်၍ ငါတို့သည် ထိုအရာကို နားမလည်နိုင်ကြ။
8ညီအစ်ကိုမောင်နှမများတို့ ကောင်းသောအ
ရာများနှင့် ချီးမွမ်းထိုက်သောအရာများအ
ကြောင်းကို အဆက်မပြတ်ဆင်ခြင်အောက်မေ့
ကြလော့။ သမ္မာတရားနှင့် ဆိုင်သောအမှု၊
ကြည်ညိုလေးစားထိုက်သောအမှု၊ ဖြောင့်မတ်
သောအမှု၊ စင်ကြယ်သောအမှု၊ တင့်တယ်
လျောက်ပတ်၍ ချီးမွမ်းဖွယ်သောအမှုစသည့်
အကြောင်းတို့ကို နှလုံးသွင်း၍ ဆင်ခြင်ကြ
လော့။ 9သင်တို့သည် ငါ့ထံမှ နည်းခံ၍ လက်ခံ
ရရှိသောအရာများတို့ကို ပြုကြလော့။ ငါသည်
သင်တို့အား ဟောပြောသောအရာများနှင့်
သင်တို့မြင်သည့်ငါပြုသော အရာများတို့ကို
လည်းပြုကြလော့။ ငြိမ်သက်ခြင်းကို ပေးတော်
မူသောဘုရားသခင်သည် သင်တို့နှင့်အတူရှိ
တော်မူလိမ့်မည်။

## ပေါလုသည် ဖိလိပ္ပိမြို့၌ရှိသောခရစ်ယာန်တို့အား ကျေးဇူးတင်ခြင်း

10သင်တို့သည် ငါ့ကို တစ်ဖန် ကြည့်ရှုပြုစု
ချင်သောစေတနာစိတ်ကို ထင်ရှားစေကြသည်
ဖြစ်၍သခင်ဘုရား၌ ငါသည်အလွန်ဝမ်းမြောက်
ခြင်းရှိ၏။ သင်တို့သည် ဆက်လက်၍ ငါ့ကို
ကြည့်ရှုပြုစုကြ၏။ သို့သော်လည်း သင်တို့တွင်
ထိုအရာကို ထင်ရှားစေခြင်းငှါ အခွင့်မရှိ။ 11ငါ
သည် သင်တို့အား ဤအရာများတို့ကို ပြောဆို
၏။ သို့သော်လည်း ငါသည် တစ်စုံတစ်ခုကို အ
လိုရှိသောကြောင့်မဟုတ်။ ငါ၌ရှိသောအရာ
များတို့ဖြင့်ပြည့်စုံလျက်ရှိနေခြင်းနှင့် ဖြစ်ပျက်သ
မျှသောအရာခပ်သိမ်းတို့၌ ငါသည် ကျေနပ်
ခြင်းရှိနေရန်နည်းခံ၏။ 12ငါသည် ဆင်းရဲခံသော
အခါ အဘယ်သို့ အသက်ရှင်နေရမည်ကို ငါသိ
၏။ ငါသည် ကြွယ်ဝချမ်းသာသောအခါ အ
ဘယ်သို့ အသက်ရှင်နေရမည်ကို ငါသိ၏။ ငါ
သည် ဖြစ်ပျက်သမျှသောအရာခပ်သိမ်းတို့၌
မည်သည့်အချိန်အခါ၌မဆို ဝမ်းမြောက်စွာ အ
သက်ရှင်နေနိုင်သော လျှို့ဝှက်နက်နဲသည့်အရာ
ကို နည်းခံလျက် သင်ယူနေ၏။ ငါသည် စား
စရာအလုံအလောက်ရှိသောအချိန်၌ သော်
လည်းကောင်း၊ ငါသည် စားစရာအလုံအ
လောက်မရှိသောအချိန်၌ သော်လည်းကောင်း
ဝမ်းမြောက်စွာ အသက်ရှင်နေနိုင်ရန် နည်းခံ
လျက် သင်ယူနေ၏။ ငါ၌ လိုအပ်သမျှသော
အရာများအားလုံးရှိသောအခါနှင့် ငါလိုအပ်
သောအရာများမရှိသောအခါ၌ ဝမ်းမြောက်
စွာနေရန် ငါသည် နည်းခံလျက် သင်ယူနေ၏။
13ငါသည် ခရစ်တော်အားဖြင့် ခပ်သိမ်းသော
အရာများအားလုံးတို့ကို ပြုနိုင်၏။ အကြောင်း
မူကား သူသည် ငါ့ကို ခွန်အားနှင့်ပြည့်စုံစေ
တော်မူ၏။

14သို့သော်လည်း ငါသည် အကူအညီလိုအပ်
သောအခါ သင်တို့သည် ငါ့ကို ကူညီခြင်း အ
ရာမှာကောင်းပါ၏။ 15ဖိလိပ္ပိမြို့၌ရှိသောသူတို့၊
ငါသည် ပထမတွင် ဟောပြောခဲ့သောဝမ်း
မြောက်စရာသတင်းကောင်းကို သင်တို့သည်
အောက်မေ့ကြ၏။ ငါသည် မာကေဒေါနိ ပြည်မှ
လာသောအခါ သင်တို့သည် ငါ့ကို ကူညီသော
တစ်ပါးတည်းသောအသင်းတော် ဖြစ်၏။ 16ငါ
သည် သက်သာလောနိတ်မြို့၌ရှိစဉ်ပင် သင်တို့
သည် ငါလိုအပ်သောအရာများတို့ကို အကြိမ်
ကြိမ် ပို့ပေးကြ၏။ 17အမှန်စင်စစ် ငါသည် သင်
တို့ထံမှလက်ဆောင်ပစ္စည်းများကို အလိုရှိခြင်း
ကြောင့်မဟုတ်။ သို့သော်လည်း သင်တို့သည်

ထိုသို့ပေးကမ်းစွန့်ကြဲသောအားဖြင့် ကောင်း
သောအကျိုးကို ရရှိကြစေခြင်းငှါ ငါအလိုရှိ၏။
18 ငါလိုအပ်သမျှသောအရာကို ငါခံရရှိ၏။ ငါလို
အပ်သည်ထက် ပိုလျှံလျှက်ပင် ငါခံရရှိ၏။
ဧပဖြောဒိတ်သည် ငါ့အတွက် သင်တို့ပေးလိုက်
သောလက်ဆောင်တို့ကို ယူလာသောကြောင့်
ငါလိုအပ်သမျှသောအရာတို့ကို ငါခံရရှိ၏။ သင်
တို့၏လက်ဆောင်ပစ္စည်းတို့သည် ဘုရားသခင်
အား ယဇ်ပူဇော်သောမွှေးကြိုင်သည့်အနံ့နှင့်
ပြည့်စုံသောပူဇော်သက္ကာကဲ့သို့ ဖြစ်၏။ ဘုရား
သခင်သည် ထိုယဇ်ပူဇော်ခြင်းကို လက်ခံတော်
မူ၏။ ထိုအရာသည် သူ့ကိုနှစ်သက်စေတော်မူ
၏။ 19 ငါ၏ဘုရားသခင်သည် ခရစ်တော်ယေရှု
၏ဘုန်းအသရေတော်၌ အလွန်ကြွယ်ဝချမ်းသာ
လျှက်ရှိ၏။ ဘုရားသခင်သည် ခရစ်တော်ယေရှု
၌ သူ၏ကြွယ်ဝ ချမ်းသာတော်မူခြင်းကို အသုံး
ပြု၍ သင်တို့လို အပ်သမျှသောအရာခပ်သိမ်း
တို့ကို သင်တို့အား ပေးတော်မူလိမ့်မည်။ 20 ငါ
တို့၏ဘုရားသခင်ဖြစ်တော်မူသော အဘခမည်း
တော်သည် ထာဝရအစဉ်မပြတ် ဘုန်းကြီးပါစေ
သော။ အာမင်။

21 ခရစ်တော်၌ရှိသော ဘုရားသခင်၏လူ
အပေါင်းတို့ကို နှုတ်ဆက်ကြလော့။ ငါနှင့်အတူ
ရှိသောဘုရားသခင်၏လူတို့သည်လည်း သင်တို့
ကို နှုတ်ဆက်ကြ၏။ 22 ဘုရားသခင်၏လူအား
လုံးတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ ကဲသာ
ဘုရင်၏နန်းတော်၌ နေသောယုံကြည်သူများ
ကလည်း သင်တို့ကို နှုတ်ဆက်ကြ၏။ 23 သခင်
ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့အား
လုံးပေါ်၌ ရှိပါစေသော။ အာမင်။

# ကောလောသဲဩဝါဒစာ

1 ဘုရားသခင်၏အလိုတော်အားဖြင့် ခရစ်
တော်ယေရှု၏တမန်တော်တစ်ပါး ဖြစ်သော
ပေါလုနှင့် ခရစ်တော်၌ ငါတို့၏ညီတိမောသေ
တို့ထံမှ၊
2ခရစ်တော်၌ သန့်ရှင်း၍ သစ္စာရှိသော
ကောလောသဲမြို့ရှိ ညီအစ်ကိုမောင်နှမ များတို့
အား နှုတ်ဆက်ပါ၏။ ငါတို့၏အဘတည်း ဟူ
သောဘုရားသခင်ထံတော်မှ ကျေးဇူးတော်
နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။
3ငါတို့၏အစဉ်မပြတ် ဆုတောင်းခြင်းများ
တွင် သင်တို့အတွက် ငါတို့သခင်ယေရှုခရစ်၏
ခမည်းတော်တည်းဟူသော ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ 4အကြောင်း
မူကား ခရစ်တော်ယေရှု၌ သင်တို့၏ယုံကြည်
ခြင်းအကြောင်းနှင့် ဘုရားသခင်၏လူအားလုံး
တို့အပေါ်၌ သင်တို့၏ချစ်ခြင်းမေတ္တာအကြောင်း
တို့ကို ငါတို့သည် ကြားရသောကြောင့်ဖြစ်၏
5သင်တို့၌ မျှော်လင့်ခြင်းရှိသောကြောင့် သင်တို့
သည် ခရစ်တော်၌ ယုံကြည်ခြင်းရှိ၍ ဘုရား
သခင်၏လူတို့ကို ချစ်ကြ၏။ သင်တို့မျှော်လင့်
သောအရာတို့သည် သင်တို့အတွက် ကောင်း
ကင်ဘုံ၌ လုံခြုံစွာသိုထားသည်ကို သင်တို့သိကြ
၏။ သင်တို့သည် စစ်မှန်သောသမ္မာတရား
တည်းဟူသော ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ကြားသောအခါ ဤမျှော်လင့်ခြင်း
အကြောင်းကို သင်တို့သည် နည်းခံသင်ယူကြ၏။
6ထိုအရာမှာ သင်တို့အား ဟောပြောသောတ
ရားဖြစ်၏။ ထိုဝမ်းမြောက်စရာသတင်းကောင်း
သည် ကမ္ဘာပေါ်ရှိနေရာတိုင်းတို့၌ ကောင်းကြီး
မင်္ဂလာများကို ယူဆောင်လာ၍ ကြီးထွား
လျက်ရှိ၏။ သင်တို့သည် ထိုဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ကြားရကြပြီး ဘုရားသခင်
ကျေးဇူးတော်၏သမ္မာတရားကို နားလည်ကြ
သောအချိန်ကစ၍ ထိုအရာကို သင်တို့၌လည်း
ဖြစ်ပျက်လျက်ရှိ၏။ 7သင်တို့သည် ဘုရားသခင်
၏ကျေးဇူးတော်အကြောင်းကို ဧပဖြထံမှ သင်
ယူရကြ၏။ ဧပဖြသည် ငါတို့နှင့်အတူ လုပ်
ဆောင်၍ ငါတို့သည် သူ့ကိုချစ်ကြ၏။ သူသည်
သင်တို့အမှုကို စောင့်၍ ခရစ်တော်၏သစ္စာရှိ
သောအစေခံကျွန်တစ်ပါးဖြစ်၏။ 8သင်တို့သည်
သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ချစ်ခြင်း
မေတ္တာရှိကြသည့်အကြောင်းကို ဧပဖြသည် ငါ
တို့အား ကြားပြောခဲ့၏။
9ငါတို့သည် သင်တို့အကြောင်းကို ကြားရ
သောနေ့မှစ၍ သင်တို့အတွက် အစဉ်မပြတ်ဆု
တောင်းလျက်ရှိကြ၏။ ငါတို့သည် သင်တို့အ
တွက် ဆုတောင်းသောအရာများမှာ၊

ဘုရားသခင်သည် သင်တို့အား လုပ်စေ
လိုသောအရာများကို သင်တို့သည် အ
ပြည့်အဝသိရမည်အကြောင်းတည်း။သင်
တို့၏ပညာအားဖြင့် သင်တို့သည်လည်း
ကြီးမားသော ဉာဏ်ပညာနှင့် ဝိညာဉ်
ပကတိနှင့်ဆိုင်သောအရာများ၌ နား
လည်ခြင်းရှိလိမ့်မည်။
10 သင်တို့သည် ဤအရာတို့ကို အသုံးပြု၍
အရာရာတိုင်း၌ သခင်ဘုရားကို ချီးမွမ်း
ခြင်းနှင့် သူ့အား နှစ်သက်အားရစေ၍
ဘုန်းတန်ခိုးပေးသော အသက်တာ၌
ကျင်လည်ရပါမည်။
သင်တို့သည် ကောင်းသောအရာအမျိုး
မျိုးကို ပြုကြ၍ ဘုရားသခင်ကို သိသော
ဉာဏ်၌ တိုးပွားကြီးထွား ကြရလိမ့်မည်။

[11] ဘုရားသခင်သည် သူ၏ဘုန်းကြီးသော
တန်ခိုးတော်ဖြင့် သင်တို့ကို ခွန်အားနှင့်
ပြည့်စုံစေလိမ့်မည်။ ဘုရားသခင်သည်
သင်တို့အား ခွန်အား ပေးတော်မူသော
ကြောင့် သင်တို့သည် အရာရာ၌ စိတ်
ရှည်ခြင်းနှင့် သည်းခံရန် ပြင်ဆင်ခြင်းကို
ခံရလိမ့်မည်။

ထို့နောက် သင်တို့သည် ဝမ်းမြောက်ခြင်း
ရှိ၍၊ [12]အဘခမည်းတော်၏ကျေးဇူးတော်ကို ချီး
မွမ်းကြလိမ့်မည်။ အလင်း၌ အသက်ရှင်သော
သူ့လူအားလုံးတို့အတွက် သူပြင်ဆင်ထားသော
အမွေကို ရကြမည်အကြောင်း သူသည် သင်တို့
အား ဤအရာအားလုံးကို ပေးတော်မူ၏။
[13]ဘုရားသခင်သည် ငါတို့ကို မှောင်မိုက်၏တန်
ခိုးမှ လွတ်မြောက်စေတော်မူ၏။ သူသည် ငါတို့
အား သူချစ်သောသားတော်၏နိုင်ငံတော်ထဲ
သို့ ယူဆောင်လာခဲ့၏။ [14]ဘုရားသခင်၏သား
တော်သည် ငါတို့၏လွတ်မြောက်ခြင်းအတွက်
အဖိုးအခကို ပေးဆပ်တော်မူ၏။ သူ့အားဖြင့် ငါ
တို့အားအပြစ်လွှတ်ခြင်းအခွင့်ကိုပေးတော်မူ၏။

## ငါတို့သည် ခရစ်တော်ကို ကြည့်သောအခါ ဘုရားသခင်ကိုမြင်၏

[15]မည်သူမျှ ဘုရားသခင်ကို မမြင်နိုင်။ သို့
သော်လည်း ယေရှုသည် ဘုရားသခင်နှင့် အမှန်
တူ၏။ ယေရှုသည် ဖန်ဆင်းသမျှသောအရာခပ်
သိမ်းတို့အပေါ်တွင် အုပ်စိုးတော်မူ၏။ [16]ကောင်း
ကင်ပေါ်၌ရှိသောအရာများ၊ မြေကြီးပေါ်၌ရှိ
သောအရာများ၊ မြင်နိုင်သောအရာများနှင့်
မမြင်နိုင်သောအရာများ၊ ဝိညာဉ်နှင့်ဆိုင်သော
တန်ခိုးများအားလုံး၊ အာဏာစက်များ၊ သခင်
များနှင့် အုပ်စိုးသောသူများစသည့် ခပ်သိမ်း
သောအရာတို့သည် သူ၏တန်ခိုးတော်အားဖြင့်
ဖန်ဆင်းတော်မူ၏။ ခပ်သိမ်းသောအရာတို့
သည် ခရစ်တော်အားဖြင့် ဖန်ဆင်းတော်မူ၍
ခရစ်တော်အတွက် ဖြစ်တော်မူ၏။ [17]ခရစ်တော်
သည် မည်သည့်အရာတစ်စုံတစ်ခုမျှ ဖန်ဆင်း
ခြင်းမရှိမီ ရှိတော်မူ၏။ ခပ်သိမ်းသောအရာတို့
သည် သူ့အားဖြင့် တည်ရှိကြ၏။ [18]ခရစ်တော်
သည် ကိုယ်၏ခေါင်းဖြစ်တော်မူ၏။ ကိုယ်ခန္ဓာ
သည် အသင်းတော်ဖြစ်၏။ ခပ်သိမ်းသောအ
ရာတို့သည် သူ့ထံတော်မှလာကြ၏။ သူသည်
သေခြင်းမှ ပထမဦးဆုံးထမြောက်တော်မူသော
သခင်*ဖြစ်တော်မူ၏။ ထို့ကြောင့် ခပ်သိမ်း
သောအရာတို့တွင် ခရစ်တော်သည် အရေးအ
ကြီးဆုံးဖြစ်တော်မူ၏။ [19]ဤအရာသည် ဘုရား
သခင်အား မိမိ၏ပြည့်စုံခြင်းကို ခရစ်တော်၌
ကျိန်းဝပ်စေခြင်းငှါ နှစ်သက်စေတော်မူ၏။
[20]ဘုရားသခင်သည် မြေကြီးပေါ်၌ရှိသောအရာ
များနှင့် ကောင်းကင်၌ရှိသောအရာအားလုံး
တို့ကို သူ့ထံတော်သို့ ယူဆောင်လာ၍ လက်
ဝါးကပ်တိုင်ပေါ်မှာ သွန်းသောခရစ်တော်၏အ
သွေးတော်အားဖြင့် ရန်ကို ငြိမ်းစေရာတွင် ဝမ်း
မြောက်တော်မူ၏။

[21]တစ်ချိန်တစ်ခါတုန်းကသင်တို့သည်ဘုရား
သခင်ထံတော်မှ ဝေးကွာခဲ့ရကြ၏။ သင်တို့၏
စိတ်နှလုံးများ၌ သင်တို့သည် ဘုရားသခင်၏ရန်
သူများဖြစ်၍ ဆိုးညစ်သောအရာများကို သင်
တို့ပြုခဲ့ကြ၏။ [22]သို့သော်လည်း၊ ယခုအခါ၌
ခရစ်တော်သည် သင်တို့ကို ဘုရားသခင်၏မိတ်
ဆွေများ ဖြစ်စေ၏။ ခရစ်တော်သည် သင်တို့
အား ဘုရားသခင်ရှေ့တော်၌ အပြစ်တင်ခွင့်နှင့်
ကင်းလွတ်၍ ယူဆောင်လာနိုင်မည်အကြောင်း
သူသည် လူ့ဇာတိအဖြစ်ကိုခံယူ၍ အသေခံ
တော်မူ၏။ သင်တို့သည် ဘုရားသခင်၏ရှေ့
တော်၌ ရပ်သောအခါ အပြစ်နှင့်ကင်းလွတ်စေ
ခြင်းငှါ သူသည် သင်တို့အား သန့်ရှင်းသောလူ
တို့ကဲ့သို့ဖြစ်စေတော်မူ၏။ [23]သင်တို့သည်တည်
ကြည်၍ သင်တို့၏ယုံကြည်ခြင်း၌ ခိုင်ခံ့ခြင်းရှိ
ကြလော့။ သင်တို့သည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်း၏ မျှော်လင့်ခြင်းမှ အဝေးသို့
ရွေ့လျားခြင်းမရှိကြနှင့်။ ထိုဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းသည် ကမ္ဘာပေါ်၌ရှိသောလူ

---

**သခင်** မူရင်းအဓိပ္ပါယ်မှာ သားဦး

အားလုံးတို့ကို ဟောပြောပြီးဖြစ်၏။ ငါပေါလု
သည် ထိုဝမ်းမြောက်ဖွယ်ရာသတင်း၏အစေခံ
ဖြစ်လာ၏။

## အသင်းတော်အတွက် ပေါလု၏ လုပ်ဆောင်ချက်

24 ငါသည် သင်တို့အတွက် ဆင်းရဲဒုက္ခခံရ
သောကြောင့် ဝမ်းမြောက်၏။ ခရစ်တော်သည်
မိမိကိုယ်ခန္ဓာဖြစ်တော်မူသော အသင်းတော်
အားဖြင့် ဆင်းရဲဒုက္ခကို များစွာသောအရာများ
၌ ခံစားလျက်ရှိသေး၏။ ငါသည် ဤဒုက္ခဆင်း
ရဲခြင်းအားလုံးကို အသင်းတော်အတွက် ငါ၏
ကိုယ်ခန္ဓာထဲ၌လက်ခံ၏။ 25 ငါသည် အသင်း
တော်၏အစေခံကျွန်တစ်ယောက် ဖြစ်လာ၏။
အကြောင်းမူကား ဘုရားသခင်သည် ငါ့အား
အမှုတော်ဆောင်ရန် အထူးတာဝန်ကို အပ်ပေး
တော်မူ၏။ ဤအမှုသည် သင်တို့ကို ကူညီ၏။
ငါ၏အမှုမှာ ဘုရားသခင်၏နှုတ်ကပတ်တရား
တော်ကို စုံလင်စွာဟောပြောရန် ဖြစ်၏။ 26 ဤ
နှုတ်ကပတ်တရားတော်သည် အစအဦး၌ ဖုံး
ကွယ်တော်မူသည့်လျှို့ဝှက်သော သမ္မာတရား
ဖြစ်၏။ ဤသမ္မာတရားသည် လူအားလုံးတို့
ထံ၌ ဖုံးကွယ်ထားတော်မူ၏။ သို့သော်လည်း
ယခုအခါ၌ ထိုလျှို့ဝှက်သောသမ္မာတရားသည်
ဘုရားသခင်၏သန့်ရှင်းသူတို့အား သိစေတော်
မူ၏။ 27 ဘုရားသခင်သည် ထိုကြွယ်ဝချမ်းသာ
ခြင်းနှင့် ဘုန်းကြီးတော်မူသောသမ္မာတရားကို
သူ၏လူတို့အား သိစေခြင်းငှါ ဆုံးဖြတ်တော်မူ
၏။ ထိုကြီးမားသောသမ္မာတရားသည် လူအား
လုံးတို့ အတွက်ဖြစ်၏။ ထိုသမ္မာတရားသည်
သင်တို့၏အထဲ၌ရှိသော ခရစ်တော်ကိုယ်တိုင်
ပင် ဖြစ်တော်မူ၏။ သူသည်သာလျှင် ငါတို့၏
မျှော်လင့်ခြင်း ဘုန်းအသရေတော်ဖြစ်၏။ 28 ထို
ကြောင့် ငါတို့သည် လူတို့အား ခရစ်တော်အ
ကြောင်းကို ဆက်လက်၍ ဟောပြောကြ၏။ ငါ
တို့သည် လူအားလုံးတို့ကို ခွန်အားပြည့်စေခြင်း
ငှါနှင့်သွန်သင်ရန် ပညာအမျိုးမျိုးကို အသုံးပြု
ကြ၏။ ငါတို့သည် လူတို့ကို ဘုရားသခင်ထံ
တော်သို့ ဆက်သနိုင်မည်အကြောင်း သူတို့
အား ခရစ်တော်၌ ကြီးထွား၍ ရင့်ကျက်နိုင်ရန်
ကြိုးစား၍ ကူညီလျက်ရှိကြ၏။ 29 ဤအမှုကို ပြု
ရန် ခရစ်တော်သည် ငါ့အား ပေးတော်မူသော
ကြီးမားသည့်ခွန်အားကို အသုံးပြုလျက် ရုန်း
ကန်လုပ်ရှားရ၏။ ထိုခွန်အားသည် ငါ၏အသက်
တာထဲ၌ အလုပ်လုပ်လျက် ရှိတော်မူ၏။

2 ငါသည်အလွန်ကြမ်းတမ်းခဲယဉ်းစွာကြိုးစား
၍ သင်တို့အား ကူညီနေသည်အကြောင်း
သင်တို့သိရန် ငါအလိုရှိ၏။ ငါသည် လောဒိကိ
မြို့၌ ရှိသောသူတို့နှင့် ငါ့အား တစ်ကြိမ်တစ်ခါ
မျှ မမြင်ဖူးကြသောအခြား သူတို့ကိုလည်း ကူ
ညီရန် ကြိုးစားလျက်နေ၏။ 2 ငါသည် သူတို့ကို
ခွန်အားနှင့် ပြည့်စုံစေ၍ ချစ်ခြင်းမေတ္တာနှင့်အ
တူတကွ ပူးပေါင်းဆက်ဆံရန် အလိုရှိ၏။ ငါ
သည် သူတို့အား နားလည်ခြင်းမှလာသော
အားကြီးသောယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာ
ကြရန် အလိုရှိ၏။ ထိုသို့ဆိုသော် ခရစ်တော်
တည်းဟူ သောဘုရားသခင်၏လျှို့ဝှက်သော
သမ္မာတရားကို သင်တို့သည် အပြည့်အဝသိစေ
ခြင်းငှါ ငါအလိုရှိသည့်အကြောင်း ငါဆိုလိုခြင်း
ဖြစ်၏။

3 ခရစ်တော်၌ ပညာနှင့် ဉာဏ်ရှိသမျှသော
ဘဏ္ဍာများအားလုံးတို့ကို လုံခြုံစွာ ဝှက်ထား
လျက်ရှိ၏။

4 အဘယ်မည်သောသူမျှ ကောင်းဟန်ရှိ
သော်လည်း မှားယွင်းသောအကြံဉာဏ်များနှင့်
သင်တို့ကို မလှည့်ဖြားစေခြင်းငှါ ဤအရာများ
ကို သင်တို့အား ငါပြောဆို၏။ 5 ငါသည် သင်တို့
နှင့်အတူ မရှိသော်လည်း ငါ၏စိတ်နှလုံးသည်
သင်တို့နှင့်အတူရှိ၏။ ငါသည် သင်တို့၏ကောင်း
သောအသက်တာများနှင့် ခရစ်တော်၌ သင်တို့
၏ခိုင်ခံ့သောယုံကြည်ခြင်းတို့ကို တွေ့မြင်ရသော
ကြောင့် ဝမ်းမြောက်ခြင်းရှိ၏။

## ခရစ်တော်၌ဆက်လက်၍အသက်ရှင်ခြင်း

6 သင်တို့သည် သခင်ယေရှုခရစ်ကို လက်ခံ
ကြ၏။ ထိုကြောင့် သင်တို့သည် မည်သည့်အ

ရာကိုမျှ ပြောင်းလဲစေခြင်းမရှိဘဲ သူ၏နောက်
ကို ဆက်လက်လိုက်ကာ အသက်ရှင်ကြလော့။
7သင်တို့သည် ခရစ်တော်အပေါ်၌သာလျှင် မှီခို
ခြင်းရှိရကြမည်။ အသက်နှင့်ခွန်အားသည် သူ့
ထံတော်မှလာ၏။ သင်တို့သည် သမ္မာတရား
ကို သွန်သင်တော်မူခြင်းခံရကြ၏။ သင်တို့သည်
ထိုစစ်မှန်သောသွန်သင်ခြင်း၌ ဆက်လက်၍ မြဲ
မြံကြရမည်။ အစဉ်မပြတ် ကျေးဇူးတော်ကို ချီး
မွမ်းကြလော့။
8သင်တို့ကို အဘယ်သူမျှ မှားယွင်းသော
သွန်သင်ခြင်းနှင့် အချည်းနှီးသောစကားများ
ဖြင့် လမ်းလွဲစေခြင်းငှါ အဝေးသို့မခေါ်ဆောင်
ရန်သတိပြုကြလော့။ ထိုမှားယွင်းသောသွန်
သင်ခြင်းများသည် လူတို့ထံမှ လာသည်ဖြစ်၍
ခရစ်တော်ထံမှ လာသည်မဟုတ်။ ထိုသွန်သင်
ခြင်းတို့မှာ ဤလောက၌ရှိအချည်းနှီးသောအ
ကြံအစည်သွန်သင်ခြင်းသာလျှင်ဖြစ်၏။ 9ဘုရား
သခင်၏ဇာတိအဖြစ်တော် ပြည့်စုံခြင်းအပေါင်း
သည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်
တော်မူ၏။ 10သင်တို့သည် ခရစ်တော်၌ ပြည့်စုံ
ကြ၏။ သင်တို့သည် အဘယ်အရာကိုမျှထပ်၍
မလို။ ခရစ်တော်သည် အုပ်စိုးသောသူများ
အားလုံးနှင့် တန်ခိုးရှိသမျှအားလုံးတို့အပေါ်၌
အုပ်စိုးသောသူဖြစ်၏။
11သင်တို့သည် ခရစ်တော်ထံတော်မှ ခြား
နားသောအရေဖျားလှီးခြင်းမျိုးကိုခံကြ၏။ထိုအ
ရေဖျားလှီးခြင်းမှာ မည်သူတစ်ဦးတစ်ယောက်
၏လက်အားဖြင့် ခံရခြင်းမဟုတ်။ သင်တို့သည်
ဇာတိပကတိ အထုံးအဖွဲ့၏တန်ခိုးမှ လွတ်
မြောက်ပြီးဖြစ်ကြောင်း ငါဆိုလို၏။ ထိုအရာမှာ
ခရစ်တော်ပြုတော်မူသော အရေဖျားလှီးခြင်း
မျိုးဖြစ်တော်မူ၏။ 12သင်တို့သည် ဗတ္တိဇံကိုခံ
သောအခါ သင်တို့၏ဇာတိဟောင်းသည်သေ၍
သင်တို့သည်ခရစ်တော်နှင့်အတူ သင်္ဂြိုဟ်ပြီးဖြစ်
၏။ ထိုဗတ္တိဇံခံခြင်းတွင် သင်တို့သည် ခရစ်
တော်နှင့်အတူ သေခြင်းမှ ထမြောက်ပြီးဖြစ်၏။
အကြောင်းမှာ သင်တို့သည် ဘုရားသခင်၏တန်
ခိုးတော်၌ ယုံကြည်သောကြောင့်ဖြစ်၏။ ဘုရား
သခင်သည် ခရစ်တော်ကို သေခြင်းမှထမြောက်
စေတော်မူသောအခါ သူ၏တန်ခိုးတော်သည်
ထင်ရှားတော်မူ၏။ 13သင်တို့ဇာတိပကတိ၏
တန်ခိုးမှ လွတ်မြောက်ခြင်းမရှိသောကြောင့်
သင်တို့သည် ဝိညာဉ်ပကတိ၌ အသေဖြစ်ကြ
၏။ သို့သော်လည်း ဘုရားသခင်သည် ငါတို့၏
အပြစ်ရှိသမျှကို ခွင့်လွှတ်သောအခါ သင်တို့ကို
ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူ၏။
14ငါတို့သည် ဘုရားသခင်၏ပညတ်တရားတော်
ကို ချိုးဖောက်ခဲ့ကြသောကြောင့် ငါတို့၌အ
ကြွေးရှိခဲ့ကြ၏။ ထိုအကြွေးသည် ပညတ်တရား
ရှိသမျှတို့၌ ရေးမှတ်၍ ငါတို့သည် လိုက်
လျှောက်ရန် မတတ်နိုင်ကြ။ သို့သော်လည်း၊
ဘုရားသခင်သည် ငါတို့ အပြစ်ရှိသမျှကို ခွင့်
လွှတ်တော်မူ၏။ ဘုရားသခင်သည် ထိုအကြွေး
ကို အဝေးသို့ ယူသွား၍ လက်ဝါးကပ်တိုင်ပေါ်၌
သံဖြင့်ရိုက်ထားတော်မူ၏။ 15ဘုရားသခင်သည်
ဝိညာဉ်ပကတိနှင့်ဆိုင်သော အုပ်ချုပ်သူအား
လုံးနှင့် တန်ခိုးတို့ကို အောင်မြင်တော်မူ၏။
ဘုရားသခင်သည် လောကီသားတို့တွင် တန်ခိုး
ကင်းမဲ့၍ လက်ဝါးကပ်တိုင်တော်ပေါ်တွင် အရေး
နိမ့်ခံကြောင်း သူတို့အား ထင်ရှားစေတော်မူ၏။

## လူတို့ပြုသောစည်းမျဉ်းဥပဒေများ နောက်သို့မလိုက်ကြနှင့်

16ထိုကြောင့် စားခြင်းနှင့်သောက်ခြင်း သို့မ
ဟုတ်ယုဒလုပ်ထုံးနည်း(ပွဲနေ့၊ လဆန်းနေ့ကျင်းပ
ခြင်း*များ သို့မဟုတ် ဥပုသ်နေ့များ) များအား
ဖြင့် သင်တို့သည်မည် သူ၏အုပ်စိုးခြင်းကို မျှမခံ
ကြနှင့်။ 17လွန်လေပြီးသောကာလ၌ ဤအရာ
များတို့သည် ကြွလာတော်မူမည့်အရာကို ထင်
ရှားစေသောအရိပ်ကဲ့သို့ ဖြစ်ကြ၏။ သို့သော်
လည်း ကြွလာမည့်အသစ်သောအရာများကို
ခရစ်တော်၌ တွေ့မြင်ရ၏။ 18အချို့သောသူတို့
သည် ကောင်းကင်တမန်များကို ကိုးကွယ်ခြင်း

---

**လဆန်းနေ့ကျင်းပခြင်း** ယုဒတို့၏လတိုင်းပထမရက် ဖြစ်သောယုဒလူမျိုးများ ရက်အားလပ်ရက်။

၌ နှစ်သက်အားရ၍ သူတို့သည် စိတ်နှိမ့်ချသူ
များကဲ့သို့ လှုပ်ရှားကြ၏။ ထိုသူတို့သည် သူတို့
မြင်တွေ့ရသော ရူပါရုံများအကြောင်းကို အစဉ်
မပြတ်ဟောပြောရန် အလိုရှိကြ၏။ ထိုသူတို့
အား “သင်တို့သည် ဤအရာများကို မပြုကြ။
ထိုကြောင့် သင်တို့သည် မှားယွင်းကြသည်” ဟု
ပြောဆိုခြင်းအခွင့်ကို မပေးကြနှင့်။ သူတို့သည်
မိုက်မဲသောဝါကြွားခြင်းနှင့် ပြည့်နေကြ၏။ အ
ကြောင်းမူကား သူတို့၏ကြံစည်သောအရာများ
သည် လူတို့ထံမှဖြစ်၍ ဘုရားသခင်ထံတော်မှ
မဟုတ်။ [19]ထိုသူတို့သည် ခေါင်း၏ထိန်းချုပ်မှု
အောက်၌ ကိုယ့်ကိုကိုယ်အပ်နှံပေးလျှူခြင်းမရှိ
ကြ။ ကိုယ်ခန္ဓာတစ်ခုလုံးသည် ခရစ်တော်ပေါ်၌
မှီခိုလျက်ရှိကြ၏။ ခရစ်တော်အားဖြင့်ကိုယ်ခန္ဓာ
၏အစိတ်အပိုင်းအားလုံးတို့သည် အချင်းချင်း
တစ်ယောက်ကို တစ်ယောက်ကြည့်ရှုစောင့်
ရှောက်ကြ၍ ကူညီကြရ၏။ ဤအရာသည် ကိုယ်
ခန္ဓာကို ခွန်အားနှင့်ပြည့်စုံစေ၍ အတူတကွမြဲမြံ
စေ၏။ ထို့ကြောင့် ကိုယ်ခန္ဓာသည် ဘုရား
သခင်၏အလိုတော်နှင့် အညီကြီးထွားတတ်၏။
[20]သင်တို့သည် ခရစ်တော်နှင့်အတူတကွ
အသေခံသည်ဖြစ်၍ ဤလောက၏အချည်းနှီး
သောအုပ်စိုးခြင်းတရားမှ လွတ်မြောက်ခြင်းသို့
ရောက်ကြ၏။ ထို့ကြောင့် သင်တို့သည် ဤတ
ရားများနောက်သို့ လိုက်ခြင်းအားဖြင့် အဘယ်
ကြောင့် လောကနှင့်စပ်ဆိုင်သေးသကဲ့သို့ ပြု
ကြသနည်း။ [21]သူတို့၏သွန်သင်ချက်တို့မှာ “ဤ
အရာကိုမစားနှင့်၊” “ထိုအရာကို မမြည်းစမ်းကြ
နှင့်၊” “ထိုအရာကိုမထိကြနှင့်၊” [22]ဤတရားတို့
သည် လောကီနှင့်ဆိုင်သောအရာများကို သာ
ပြောဆို၍ သူတို့ကို အသုံးပြုပြီးနောက်မှ ကွယ်
ပျောက်တတ်ကြ၏။ ဤတရားတို့သည် လူတို့
ထံမှ ပညတ်ချက်နှင့် သွန်သင်ခြင်းတို့ဖြစ်၏။
[23]ဤတရားတို့သည် ပညာရှိယောင်ဆောင်ကြ
၏။ သို့သော်လည်း ဤတရားတို့သည် လူတို့ပြု
လုပ်သောဘာသာတရားတစ်ခု၏ ဘာသာရေး
နှင့်ဆိုင်သောတရားများဖြစ်၍ လူတို့အား မှား
ယွင်းသောနှိမ့်ချခြင်းကိုပြစေပြီး သူတို့၏ကိုယ်
ခန္ဓာများကို နှိပ်စက်စေ၏။ ဤတရားတို့သည်
လူတို့၏ဇာတိပကတိ ပြုလိုကြသည့်ဆိုးညစ်
သောအရာများကို ပြုခြင်းမှသူတို့အား ရပ်တန့်
စေခြင်းငှါ မကူညီနိုင်။

## ခရစ်တော်၌သင်တို့၏အသစ်
## သောအသက်တာ

3 သင်တို့သည်ခရစ်တော်နှင့်အတူထမြောက်
ကြပြီဖြစ်၏။ ဘုရားသခင်၏လက်ျာတော်
ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ
အရပ်၌ရှိသော အထက်အရာတို့ကို ရှာကြ
လော့။ [2]မြေကြီးပေါ်မှာရှိသောအရာတို့ကို
မစဉ်းစားကြနှင့်။ ကောင်းကင်ဘုံ၌ရှိသောအ
ရာတို့ကိုသာ စဉ်းစားကြလော့။ [3]သင်တို့၏ဇာ
တိပကတိလူဟောင်းသည် သေပြီးဖြစ်၏။ သင်
တို့၏အသစ်သောအသက်တာမှာ ခရစ်တော်
အားဖြင့် ဘုရားသခင်၌ ဝှက်ထားတော်မူ၏။
[4]ခရစ်တော်သည် သင်တို့၏အသက်ဖြစ်၏။ သူ
သည် တစ်ဖန်ပြန်၍ ကြွလာသောအခါ သင်တို့
သည်လည်း သူ၏ဘုန်းအသရေတော်ကို မျှဝေ
ခံစားရကြလိမ့်မည်။
[5]ထို့ကြောင့် ဆိုးညစ်သောအရာများ အား
လုံးတို့ကို သင်တို့၏အသက်တာမှ ဖယ်ရှားကြ
လော့။ မတရားသောမေထုန်၌ မှိုဝဲခြင်း၊ မစင်
ကြယ်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ဆိုးညစ်
သောအရာများကိုအလိုရှိခြင်း၊ ရုပ်တုကို ကိုး
ကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်း
စသည်တို့ဖြစ်၏။ ဤအလိုဆန္ဒရှိခြင်းသည် အမှန်
စင်စစ် မှားယွင်းသောဘုရားကို အစေခံရန်အ
သက်ရှင်ခြင်းကို ဆိုလို၏။ [6]ဤအရာတို့သည်
ဘုရားသခင်အား အမျက်ထွက်စေ၏။* [7]အ
ထက်က သင်တို့၏ဆိုးညစ်သောအသက်တာ၌
ဤအရာများအားလုံးကို သင်တို့လည်း လုပ်
ဆောင်ခဲ့သောအရာများဖြစ်ကြ၏။

---

**အခန်းငယ်၆** တစ်ချို့သော ဂရိစာကပေါင်းထည့်ထား
သည်မှာ “ထာဝရဘုရားသည် မိမိကိုနာမခံသောလူတို့
အား အပြစ်ဒဏ်ပေးလိမ့်မည်။

8သို့သော်လည်း၊ ယခုတွင် အမျက်ထွက်
ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူတစ်ပါးမ
ကောင်းကြောင်းပြောခြင်း၊ ညစ်ညူးသောစ
ကားကိုသုံးခြင်းစသော ဤအရာများတို့ကို သင်
တို့၏အသက်တာများမှ နုတ်ပယ်ကြလော့။ 9အ
ချင်းချင်း မုသာစကားကို မပြောကြနှင့်။ အ
ကြောင်းမူကား၊ သင်တို့၏ဇာတိပကတိအသက်
တာဟောင်းနှင့်ယခင်က ပြုခဲ့သောအရာများ
ကို စွန့်ခဲ့ကြပြီးဖြစ်၏။ 10သင်တို့သည် အသစ်
သောအသက်တာ၌ အသက်ရှင်ရန် အစပြုပြီး
ဖြစ်၏။ ဘုရားသခင်သည် သင်တို့အား အစဉ်
မပြတ် အသစ်ဖြစ်စေတော်မူ၏။ သင်တို့သည်
သင်တို့ကို ဖန်ဆင်းတော်မူသောသူကဲ့သို့ ပို၍
ဖြစ်လာ၏။ ဤအသစ်သောအသက်တာသည်
သင့်အား ဘုရားသခင်၏စစ်မှန်သောသိကျွမ်း
ခြင်းဉာဏ်ကို ပေးတော်မူ၏။ 11အသစ်သောအ
သက်တာထဲ၌ ဂရိလူမျိုးနှင့် ယုဒလူမျိုးတို့အ
ကြား၌ ခြားနားခြင်းမရှိ။ အရေဖျားလှီးခြင်းကို
ခံသောသူနှင့် အရေဖျားလှီးခြင်းကိုမခံသောသူ
တို့ဖြစ်စေ၊ တိုင်းတစ်ပါးသားဖြစ်စေ၊ လူရိုင်းဖြစ်
စေ၊ ကျွန်များနှင့် လူလွတ်တို့ကြား၌ဖြစ်စေ ခြား
နားခြင်းမရှိ။ သို့သော်လည်း ယုံကြည်သူများ
အားလုံးတို့၏အထဲ၌ခရစ်တော်ရှိ၏။ ခရစ်တော်
သည်အားလုံးစုံတို့၌ အားလုံးစုံဖြစ်တော်မူ၏။
12ဘုရားသခင်သည်သင်တို့ကိုရွေးကောက်
တော်မူ၍ သင်တို့အား သူ၏သန့်ရှင်းသောသူ
များ ဖြစ်စေတော်မူ၏။ သူသည် သင်တို့ကို ချစ်
တော်မူ၏။ ထို့ကြောင့် ဤအရာများကို အစဉ်
မပြတ် လုပ်ဆောင်ကြလော့။ လူတို့အား ကရု
ဏာကို ထင်ရှားစေကြလော့။ သနားစုံမက်
ခြင်း၊ နှိမ့်ချခြင်း၊နူးညံ့သိမ်မွေ့ခြင်းနှင့် စိတ်ရှည်
ခြင်းတို့ကို ထင်ရှားစေကြလော့။ 13အချင်းချင်း
တစ်ယောက်ကိုတစ်ယောက် အမျက်မထွက်ကြ
နှင့်။ သို့ရာတွင် အချင်းချင်း တစ်ယောက်ကို
တစ်ယောက်ခွင့်လွှတ်ခြင်း ရှိကြလော့။ အခြား
သောသူက သင့်ကို ဆန့်ကျင်၍ အမှားပြုသော်
ထိုသူကို ခွင့်လွှတ်လော့။ သခင်ဘုရားသည်
သင်တို့ကို ခွင့်လွှတ်တော်မူသကဲ့သို့ သင်တို့
သည်လည်း အခြားသောသူတို့ကို ခွင့်လွှတ်
သင့်၏။ 14ဤအရာများ အားလုံးတို့ကို ပြုကြ
လော့။ သို့သော်လည်း အရေးအကြီးဆုံးသော
အရာမှာ အချင်းချင်း တစ်ယောက်ကိုတစ်
ယောက် ချစ်ခြင်းဖြစ်၏။ ချစ်ခြင်းမေတ္တာသည်
သင်တို့အားလုံးကို ပြည့်စုံသောနည်းလမ်းဖြင့်
အတူတကွ ကိုင်ဆောင်ထားသောအရာဖြစ်၏။
15ခရစ်တော်သည် သင်တို့အား ပေးသောငြိမ်
သက်ခြင်းအားဖြင့် သင်တို့၏လိုအင်ဆန္ဒများကို
ထိန်းချုပ်စေလော့။ သင်တို့အားလုံးသည် ကိုယ်
ခန္ဓာ *တစ်ခုထဲ၌ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ခေါ်
တော်မူခြင်းကိုခံရသောသူ ဖြစ်ကြ၏။ အစဉ်
မပြတ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
16ခရစ်တော်၏ သွန်သင်ခြင်းတရားတော်ကို
သင်တို့၏အတွင်း၌ ကြွယ်ဝစွာ အသက်ရှင်စေ
ကြလော့။ အချင်းချင်း တစ်ယောက်ကိုတစ်
ယောက်သွန်သင်ရန်နှင့် ခွန်အားနှင့်ပြည့်စုံစေ
ကြခြင်းငှါ ပညာရှိသမျှအားလုံးတို့ကို အသုံး
ပြုကြလော့။ ဆာလံသီချင်း၊ ဓမ္မသီချင်းနှင့်
ဝိညာဉ်ပကတိဆိုင်သော သီချင်းများကို သီဆို
ခြင်းဖြင့် ဝမ်းမြောက်ခြင်းနှင့် သင်တို့၏စိတ်နှ
လုံးများထဲ၌ ဘုရားသခင်ကို ချီးမွမ်းကြလော့။
17သင်တို့ပြောဆိုသမျှသော အရာခပ်သိမ်းနှင့်
သင်တို့ပြုသောအရာခပ်သိမ်းတို့သည် သခင်
ယေရှုအတွက်သာ ဖြစ်စေကြလော့။ သူအား
ဖြင့် အဘခမည်းတော်ဘုရားသခင်၏ ကျေးဇူး
တော်ကို ချီးမွမ်းကြလော့။

## အခြားသောလူတို့နှင့်သင်တို့၏အသစ်သောအသက်တာ

18ခင်ပွန်းမိန်းမတို့၊ သင်တို့လင်ယောကျ်ား
တို့၏အုပ်စိုးခြင်းအာဏာအောက်၌ ရှိကြလော့။
ဤအရာသည် သခင်ဘုရား၌ပြုရန် ပြောင့်မတ်
သောအရာဖြစ်၏။
19လင်ယောကျ်ားတို့၊ သင်တို့၏မယားတို့ကို

---

**ကိုယ်ခန္ဓာ** ခရစ်တော်၏ဝိညာဉ်ခန္ဓာကိုယ် အဓိပ္ပါယ် အသင်းတော်သူ၏လူ။

ချစ်ကြလော့။ သူတို့အပေါ်၌ နူးညံ့သိမ်မွေ့ခြင်း
ရှိကြလော့။
[20]သားသမီးများတို့၊ ခပ်သိမ်းသောအရာ
အားလုံးတို့၌ သင်တို့မိဘစကားကို နာခံကြ
လော့။ ဤအရာသည် သခင်ဘုရားနှစ်သက်
တော်မူသောအမှုဖြစ်၏။
[21]ဖခင်များတို့၊ သင်တို့၏သားသမီးများကို
ပျက်ပျားစေခြင်းငှါ မပြုကြနှင့်။ သင်တို့သည်
သူတို့အပေါ်၌ အလွန်ကြမ်းတမ်းလျှင် သူတို့
သည် ကြိုးစားအား ထုပ်ခြင်းမှ ရပ်နားလိမ့်
မည်။
[22]အစေခံများတို့၊ အရာခပ်သိမ်းတို့၌ သင်
တို့၏သခင်များကို နာခံကြလော့။ သူတို့သည်
သင်တို့ကို မမြင်နိုင်သည့်အချိန်၌ ပင်လျှင် နာခံ
ကြလော့။ ထိုနာခံခြင်းသည် လူတို့အား ကျေ
နပ်စေခြင်း မဟုတ်ဘဲ သခင်ဘုရားကို ကျေနပ်
စေခြင်းငှါ ပြုခြင်းဖြစ်၏။ ထိုကြောင့် သူတို့ကို
ရိုသေစွာ နာခံကြလော့။ အကြောင်းမူကား
သင်တို့သည် သခင်ဘုရားကို ရိုသေလေးစား
သောကြောင်းဖြစ်၏။ [23]သင်တို့ပြုသမျှသောအ
မှုအားလုံးတို့တွင် သင်တို့တတ်နိုင်သည် အတိုင်း
အကောင်းဆုံး ပြုကြလော့။ သခင်ဘုရားအမှု
ကို ဆောင်ရွက်သကဲ့သို့ ပြုလော့၊ လူတို့၏အမှု
ကို ဆောင်ရွက်သကဲ့သို့ မပြုကြနှင့်။ [24]သင်တို့
သည် အမွေတော်တည်းဟူသော ဆုလာဒ်များ
ကို သခင်ဘုရားထံတော်မှ ရမည်အကြောင်း
ကို အောက်မေ့ကြလော့။ အကြောင်းမူကား
သင်တို့အမှုတော်ဆောင်သော သခင်သည်
ခရစ်တော်ဖြစ်၏။ [25]မည်သူမဆို မှားယွင်းစွာ
ပြုသောသူတို့သည် ထိုအမှားအတွက် အပြစ်
ဒဏ်ပေးခြင်းကိုခံရမည်အကြောင်း အောက်မေ့
သတိရကြလော့။ သခင်ဘုရားသည် အဘယ်
သူ၏မျက်နှာကိုမျှ မှတ်တော်မမူဘဲ ခပ်သိမ်း
သောသူတို့ကို စီရင်တော်မူ၏။
4 သခင်တို့၊ သင်တို့၏အစေခံကျွန်တို့ကို
ဖြောင့်မတ်စွာနှင့် တရားမျှတစွာ ဆက်ဆံ
ကြလော့။ သင်တို့သည် ကောင်းကင်ဘုံ၌သခင်
တစ်ပါးရှိတော်မူသည်ကို အောက်မေ့ကြလော့။

## ပေါလုသည်ယုံကြည်သူတို့အားတစ်စုံ တစ်ခုပြုရန်ပြောဆိုခြင်း

[2]ဆုတောင်းပတ္ထနာပြုခြင်းအမှုကို ဆက်
လက်၍ ပြုကြလော့။ သင်တို့သည် ဆုတောင်း
သောအခါ အစဉ်မပြတ် ဘုရားသခင်၏ကျေးဇူး
တော်ကို ချီးမွမ်းကြလော့။ [3]ငါတို့အတွက်လည်း
ဆုတောင်းပေးကြလော့။ ငါတို့သည် လူတို့အား
ဘုရားသခင်၏သွန်သင်ခြင်းများကို ဟောပြော
သောအခွင့် ရရှိမည်အကြောင်း ဘုရားသခင်
ထံတော်သို့ ဆုတောင်းပေးကြလော့။ ငါတို့အ
တွက် လျှို့ဝှက်ထားသော ခရစ်တော်၏သမ္မာ
တရားအကြောင်းကို ငါတို့ဟောပြောနိုင်ပါမည်
အကြောင်း ငါတို့အတွက် လည်း ဆုတောင်း
ပေးကြလော့။ ငါသည် ဤသမ္မာတရားကို
ဟောပြောရသောကြောင့် အကျဉ်းထောင်၌
ချည်နှောင်ခြင်းကို ငါခံရ၏။ [4]ငါသည် ဤသမ္မာ
တရားကို ငါပြုအပ်သည်နှင့်အညီ ရှင်းလင်းစွာ
ရှင်းပြနိုင်မည်အကြောင်း ဆုတောင်းပေးကြ
လော့။
[5]သင်တို့၏အခွင့်ကောင်းများကို သင်တို့
တတ်နိုင်သမျှ အကောင်းဆုံးအသုံးပြုခြင်းအား
ဖြင့် မယုံကြည်သောသူတို့နှင့်ပြောဆိုဆက်ဆံ
ရာတွင်ပညာရှိကြလော့။ [6]သင်တို့သည် စကား
ပြောဆိုသောအခါ အစဉ်မပြတ် နူးညံ့သိမ်မွေ့၍
ပညာသတိရှိကြလော့။ သို့ဖြစ်လျှင် သင်တို့
သည် ခပ်သိမ်းသောသူတို့အား သင်တို့ပြန်ပြော
ဆိုသင့်သည်အတိုင်း ပြောဆိုရန် တတ်နိုင်ကြ
လိမ့်မည်။

## ပေါလုနှင့်လူတို့အကြောင်းသတင်း

[7]တုခိတ်သည် ခရစ်တော်၌ ငါချစ်သောညီ
ဖြစ်၏။ သူသည် သစ္စာရှိသောဓမ္မဆရာတစ်ပါး
ဖြစ်၍ သခင်ဘုရား၌ ငါနှင့်အတူတကွ အစေခံ
လျက်ရှိ၏။ သူသည် သင်တို့အား ငါ၌ဖြစ်ပျက်
သောအရာများအားလုံးတို့ကို ပြောပြပါလိမ့်
မည်။ [8]ထိုအကြောင်းကြောင့် ငါသည် သူ့အား
စေလွှတ်၏။ ငါတို့သည် အဘယ်သို့ ရှိသည်ကို
သင်တို့အား သိစေခြင်းငှါ ငါအလိုရှိ၏။ သင်တို့

ကို တိုက်တွန်းနှိုးဆော်ရန် ငါသည် သူ့ကို စေ
လွှတ်ရ၏။ [9]ငါသည် သူ့ကို သစ္စာရှိ၍ ခရစ်တော်
၌ငါတို့ချစ်သောညီသြနေသိမ်နှင့်အတူ စေလွှတ်
၏။ သူသည် သင်တို့အထဲကဖြစ်၏။ တုခိတ်နှင့်
သြနေသိမ်တို့သည် ဤနေရာ၌ ဖြစ်ပျက်ခဲ့သမျှ
သောအရာအားလုံးတို့ကို သင်တို့အား ပြောပြ
ပါလိမ့်မည်။

[10]အာရိတ္တာခုသည် နှုတ်ဆက်၏။ သူသည်
ငါနှင့်အတူ အကျဉ်းခံရ၏။ ဗာနဗ၏တူ မာကု
သည်လည်း နှုတ်ဆက်၏။ မာကုအား အဘယ်
သို့ ပြုရမည်အကြောင်းကို ငါသည် သင်တို့အား
ပြောဆိုနှင့်ပြီ။ သူသည် လာလျှင် သူ့ကိုလက်ခံ
ကြိုဆိုကြလော့။ [11]ယေရှု ဟုခေါ်သောယုတ္တု
သည်လည်း နှုတ်ဆက်၏။ ဤသူတို့သည် ဘုရား
သခင်၏နိုင်ငံတော်အတွက် ငါနှင့်အတူ လုပ်
ဆောင်သော ယုဒလူမျိုးယုံကြည်သူများဖြစ်ကြ
၏။ သူတို့သည် ငါ့အား သက်သာစေကြပြီ။

[12]ဧပဖြသည်လည်း သင်တို့ကို နှုတ်ဆက်၏။
သူသည် ယေရှုခရစ်၏အစေတော်ခံကျွန်တစ်
ပါးဖြစ်၏။ သူသည်လည်း သင်တို့အထဲက ဖြစ်
၏။ သူသည် သင်တို့အတွက် အစဉ်မပြတ်ဆု
တောင်း၏။သင်တို့သည် ကြီးထွား၍ ဝိညာဉ်
ပိုင်းဆိုင်ရာ၌ ရင့်ကျက်ကြရန်နှင့် ဘုရားသခင်
သည် သင်တို့အတွက် အလိုရှိသောအရာခပ်
သိမ်းတို့ကို သင်တို့ပိုင်ဆိုင်စေခြင်းငှါ သူသည်
ဆုတောင်း၏။ [13]သူသည်သင်တို့အတွက်သော်
ငင်း၊ လောဒိကိမြို့၌ရှိသောသူတို့အတွက်သော်
ငင်း၊ ဟေရပေါလိမြို့၌ ရှိသောသူတို့အတွက်
သော်ငင်း ကြိုးစား၍ အလုပ်လုပ်နေသည်ကို
သင်တို့အား ငါပြောပြ၏။ [14]ဒေမနှင့်ငါတို့ချစ်
သောဆေးသမားလုကာတို့သည်လည်း နှုတ်
ဆက်၏။

[15]လောဒိကိမြို့၌ရှိသော ညီအစ်ကိုမောင်နှ
မများအား နှုတ်ဆက်ကြလော့။ နုံဖနှင့်သူမ၏
အိမ်၌ စုဝေးလျက်ရှိကြသောအသင်းတော်တို့
ကိုလည်း နှုတ်ဆက်ကြလော့။ [16]ဤစာကို သင်
တို့ဖတ်ရှုပြီးသည့် နောက်လောဒိကိမြို့၌ရှိသော
အသင်းတော်ထံသို့ ပို့ကြလော့။ သို့ပြုလျှင်သူ
တို့လည်း ဖတ်နိုင်လိမ့်မည်။ လောဒိကိမြို့သို့ ငါ
ရေးသောစာကိုလည်း သင်တို့ဖတ်ကြလော့။

[17]“သခင်ဘုရားသည် သင့်အား အပ်ပေး
တော်မူသောအမှုအရာကို ပြည့်စုံစေခြင်းငှါ
သတိပြုလော့” ဟူ၍ အာခိပ္ပုကိုလည်း ပြော
ကြလော့။

[18]ငါသည်လည်း သင်တို့အား နှုတ်ဆက်၏။
ငါပေါလုသည် ဤနှုတ်ဆက်စကားကို ကိုယ်
လက်ဖြင့်ရေးထား၏။ ငါသည် အကျဉ်းထောင်
ထဲ၌ရှိသည်ကို အောက်မေ့ကြလော့။ ဘုရား
သခင်၏ကျေးဇူးတော်သည် သင်တို့နှင့်အတူ
ရှိပါစေသော။

# သက်သာလောနိတ်ဩဝါဒစာ ပထမစောင်

1 ပေါလု၊ သိလွာနုနှင့် တိမောသေတို့သည်
သက်သာလောနိတ်မြို့တွင်ရှိသော အသင်း
တော်ကို နှုတ်ဆက်ပါ၏။ ခမည်းတော်ဘုရား
နှင့်ငါတို့သခင်ယေရှုခရစ်သည် ထိုအသင်းတော်
ကို ပိုင်တော်မူ၏။ ဘုရားသခင်၏ကျေးဇူးတော်
နှင့်ငြိမ်သက်ခြင်းသည် သင်တို့နှင့်အတူရှိပါစေ
သော။

### သက်သာလောနိတ်မြို့သားတို့၏အသက်တာနှင့် ယုံကြည်ခြင်း

2ငါတို့သည် ဆုတောင်းသောအခါ၊ သင်တို့
အားလုံးကို အစဉ်မပြတ် အောက်မေ့သတိရကြ
၏။ ငါတို့သည် သင်တို့အားလုံးအတွက် ဘုရား
သခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ 3ငါတို့
အဘတည်းဟူသော ဘုရားသခင့်ရှေ့တော်၌ ငါ
တို့သည် သင်တို့ကို အောက်မေ့သောအခါ သင်
တို့၏ယုံကြည်ခြင်းကြောင့် သင်တို့လုပ်ဆောင်
သည့်ကောင်းသောအရာများအတွက် ငါတို့
သည် သူ၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်း
ကြ၏။ သင်တို့၏ချစ်ခြင်းမေတ္တာအားဖြင့်သင်တို့
ပြုသောအမှုအရာများအတွက် ငါတို့သည် သူ
၏ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ ငါတို့သခင်
ယေရှုခရစ်၌ သင်တို့၏မျှော်လင့်ခြင်းကြောင့်
သင်တို့၌ရှိသည့် ကြီးမားသောခံနိုင်ရည်အတွက်
ငါတို့သည် သူ၏ကျေးဇူးတော်ကို ချီးမွမ်းကြ
၏။ 4ဘုရားသခင်ချစ်တော်မူသောညီ အစ်ကို
မောင်နှမတို့၊ သူသည် သင်တို့ကို မိမိ၏လူများ
ဖြစ်စေခြင်းငှါ ရွေးကောက်တော်မူကြောင်းကို
ငါ တို့သိကြ၏။ 5ငါတို့သည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို သင်တို့ထံသို့ ယူဆောင်
လာကြ၏။ သို့သော်လည်း ငါတို့သည် စကား
လုံးများကိုသာ အသုံးပြုကြသည်မဟုတ်။ ငါတို့
သည် ထိုဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို
တန်ခိုးနှင့်ယူဆောင်လာကြ၏။ ငါတို့သည် ထို
သတင်းကောင်းကို သန့်ရှင်းသောဝိညာဉ်တော်
နှင့်လည်းကောင်း၊ ထိုအရာသည် မှန်ကန်
ကြောင်း အသေအချာသိသောဉာဏ်အားဖြင့်
လည်း ဆောင်ယူလာကြ၏။ ထို့အပြင် ငါတို့
သည် သင်တို့နှင့်အတူရှိ နေစဉ်အဘယ်သို့ အ
သက်ရှင်ကြသည်ကို သင်တို့သိကြ၏။ ငါတို့
သည် သင်တို့ကို ကူညီရန် ထိုနည်းလမ်းအား
ဖြင့် အသက်ရှင်ရကြ၏။ 6သင်တို့သည် ငါတို့ကဲ့
သို့သောသူ သခင်ယေရှုကဲ့သို့ ဖြစ်လာကြ၏။
သင်တို့သည် ဆင်းရဲဒုက္ခကို များစွာခံရကြ၏။
သို့သော်လည်း သင်တို့သည် နှုတ်ကပတ်တရား
တော်ကို သန့်ရှင်းသောဝိညာဉ်တော်မှလာ
သောဝမ်းမြောက်ခြင်းနှင့် အတူ လက်ခံကြ၏။
7သင်တို့သည် မာကေဒေါနိပြည်နှင့် အာခါယ
ပြည်၌ရှိကြသော ယုံကြည်သူများအားလုံးတို့၌
ပုံသက်သေဖြစ်ကြ၏။ 8သခင်ဘုရား၏နှုတ်က
ပတ်တရားတော်သည် မာကေဒေါနိပြည်နှင့်
အာခါယပြည်တွင် သင်တို့အားဖြင့်ပျံ့နှံ့ လျှက်ရှိ
၏။ ထို့ကြောင့် ဘုရားသခင်၌ သင်တို့၏ယုံ
ကြည်ခြင်းသည် နေရာတိုင်း၌ သိရှိလာကြ၏။
ထို့ကြောင့် ငါတို့သည် သင်တို့၏ယုံကြည်ခြင်း
အကြောင်း တစ်စုံတစ်ခုကို မျှ ပြောစရာအ
ကြောင်းမရှိ။ 9အကြောင်းမူကား၊ ငါတို့သည်
သင်တို့ထံသို့လာသောအခါ၌ သင်တို့သည် ငါ
တို့ကို ကောင်းမွန်စွာ လက်ခံအကြောင်းကို
လူတို့သည် နေရာ အနှံ့အပြား၌ ပြောဆိုကြ၏။
သင်တို့သည် ရုပ်တုဆင်းတုများကို ကိုးကွယ်
နေခြင်းမှ အသက်ရှင်တော်မူ၍ စစ်မှန်သော

ဘုရားသခင်ကို ကိုးကွယ်ခြင်းသို့ ပြောင်းလဲ၍
ယခုတွင် သင်တို့သည် သူ၏အစေတော်ခံကြ
သည်ကို သူတို့သည် ပြောဆိုလျက်ရှိကြ၏။ [10]ယ
ခုတွင် ဘုရားသခင်၏သားတော်သည် ကောင်း
ကင်ဘုံမှ ကြွလာမူမည်အရာကို သင်တို့သည်
မျှော်လင့်လျက်နေကြ၏။ ဘုရားသခင်သည် ထို
သားတော်ကို သေခြင်းမှရှင်ပြန်ထမြောက်စေ
တော်မူ၏။ ထိုသူသည် ရောက်လာမည့်ဘုရား
သခင်၏အမျက်ဒေါသဖြင့် တရားစီရင်ခြင်းမှ ငါ
တို့ကို ကယ်တင်တော်မူသောသခင်ယေရှုဖြစ်
တော်မူ၏။

## သက်သာလောနိတ်မြို့၌ ပေါလု၏ လုပ်ဆောင်ချက်

2 ညီအစ်ကိုမောင်နှမတို့၊ သင်တို့ထံသို့ ငါတို့
လာရောက်ခြင်းသည် အချည်းနှီးမဖြစ်
ကြောင်းကို သင်တို့သိကြ၏။ [2]ငါတို့သည် သင်
တို့ထံသို့မရောက်မီ၊ ဖိလိပ္ပိမြို့၌ ငါတို့သည် ဆင်း
ရဲဒုက္ခများစွာခံရ၏။ ထိုနေရာ၌ လူတို့သည် ငါ
တို့အား ဆန့်ကျင်၍ မကောင်းသောအရာများ
ကိုပြောဆိုကြ၏။ သင်တို့သည် ထိုအရာအားလုံး
ကိုသိကြ၏။ သို့သော်လည်း ဘုရားသခင်သည်
ငါတို့အား ရဲရင့်ခြင်းရှိစေခြင်းငှါ ကူညီတော်မူ
၏။ ကြီးစွာသောတွန်းလှန်ခြင်းနှင့်တကွ ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို သင်တို့အား
ဟောပြောရန်သူသည် ငါတို့ကို ကူညီတော်
မူ၏။ [3]ငါတို့သည် လူတို့အား တိုက်တွန်း
အားပေးကြ၏။ ငါတို့၏သွန်သင်ခြင်းသည် မှား
ယွင်းခြင်းမှ လာသည်မဟုတ်။ ငါတို့သည် ဝမ်း
မြောက်ဖွယ်ရာသတင်းကောင်းကို မှားယွင်း
သောရည်ရွယ်ချက်ဖြင့် သင်တို့အား ဟောပြော
သည်မဟုတ်။ [4]အကြောင်းရင်းမှာဘုရားသခင်
သည် ငါတို့အား စုံစမ်းတော်မူ၍ ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ဟောပြောရန် ငါ
တို့အား အတည်ပြုသောကြောင့် ဖြစ်၏။ ထို
ကြောင့် ငါတို့သည် ဟောပြောသောအခါ၊ လူ
တို့အား ကျေနပ်နှစ်သက်စေခြင်းငှါ မကြိုးစား
ကြ။ ငါတို့သည် ဘုရားသခင်ကိုသာ ကျေနပ်
နှစ်သက်စေတော်မူရန် ကြိုးစားလျက် နေကြ၏။
ဘုရားသခင်သည် ငါတို့၏စိတ်နှလုံးကိုစစ်ကြော
စုံစမ်းတော်မူ၏။ [5]ငါတို့သည် သင်တို့အား ချော့
မော့သောစကားကို ပြောဆိုခြင်းအားဖြင့် သင်
တို့ကို လှည့်မိုးစေခြင်းငှါ တစ်ကြိမ်တစ်ခါမျှ
မကြိုးစားကြသည်ကို သင်တို့သိကြ၏။ ငါတို့
သည် သင်တို့၏ငွေများကို ရရှိရန် မကြိုးစားကြ။
ငါတို့၌ သင်တို့ထံမှ ပုံးကွယ်စရာအတ္တစိတ်သ
ဘောအလျှင်းမရှိကြ။ ထိုအရာမှန်သည်ကို
ဘုရားသခင်သိတော်မူ၏။ [6]ငါတို့သည် လူတို့၏
ချီးမွမ်းခြင်းကိုမရှာ။ ငါတို့သည် ချီးမွမ်းခြင်းကို
သင်တို့ထံမှသော်လည်းကောင်း၊ အခြားသူတို့
ထံမှသော်လည်းကောင်းမရှာခဲ့ကြ။

[7]ငါတို့သည် ခရစ်တော်၏တမန်တော်များ
ဖြစ်ကြ၏။ ထို့ကြောင့် ငါတို့သည် သင်တို့နှင့်အ
တူရှိနေသောအခါ၊ သင်တို့သည် ပြုရမည့်အမှု
အရာတို့ကို ပြုရကြမည်အကြောင်း ငါတို့၏အ
ခွင့်အာဏာကို ငါတို့အသုံးပြုနိုင်၏။ သို့သော်
လည်း မိခင်သည် မိမိသူငယ်တို့ကို ကျွေးမွေး
ပြုစုသကဲ့သို့ ငါတို့သည် သင်တို့ကို ကြည့်ရှု
စောင့်ရှောက်ကြ၏။ [8]သင်တို့သည် ငါတို့၌ အ
ထူးလူများဖြစ်သည်နှင့်အညီ ငါတို့သည် သင်တို့
ကိုအလွန်ချစ်ကြ၏။ ထို့ကြောင့် ဘုရားသခင်၏
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို သင်တို့
အား ဝေငှဟောပြောခြင်း၌ ငါတို့သည် ဝမ်း
မြောက်ခြင်းရှိကြ၏။ ထိုမျှသာ မဟုတ်ဘဲ ငါ
တို့၏အသက်ကိုပင်လျှင် သင်တို့အား ပေးချင်
သောစေတနာစိတ်ရှိကြ၏။ [9]ညီအစ်ကိုမောင်
နှမတို့၊ ငါတို့သည် အဘယ်မျှလောက် ကြမ်း
တမ်းခက်ခဲစွာ လုပ်ဆောင်နေကြသည်ကို သင်
တို့သည် အောက်မေ့သတိရကြောင်း ငါသိ၏။
ငါတို့သည် နေ့ညဥ့်မပြတ် လုပ်ဆောင်လျက်နေ
ကြ၏။ ငါတို့သည် သင်တို့အား ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ဟောပြောနေစဉ်
သင်တို့ကို အနှောက်အယှက်ဖြစ်စေခြင်းငှါ ငါ
တို့အလိုမရှိ။

[10]ငါတို့သည် ယုံကြည်သူများဖြစ်ကြသော
သင်တို့နှင့်အတူရှိနေသောအခါ၊ ငါတို့သည် အ

မှားအယွင်းကင်းလျက် သန့်ရှင်းခြင်းနှင့် ဖြောင့်
မတ်ခြင်း၌ အသက်ရှင်နေကြ၏။ ဤအရာမှန်
သည်ကို သင်တို့သိကြ၏။ ဤအရာမှန်သည်ကို
ဘုရားသခင်သိတော်မူ၏။ 11အဘသည် မိမိ
သားသမီးတို့ကို ပြုစုကျွေးမွေးသကဲ့သို့ ငါတို့
သည်လည်း သင်တို့တစ်ယောက်စီကို ကျွေးမွေး
ပြုစုကြသည်ကို သင်တို့သိကြ၏။ 12ငါတို့သည်
သင်တို့ကို အားပေးတိုက်တွန်းကြ၏။ ငါတို့သည်
သင်တို့ကို နှစ်သိမ့်သက်သာစေကြ၏။ ဘုရား
သခင်ကို ကျေနပ်နှစ်သက်စေသည့်ကောင်း
သောအသက်တာများ၌ အသက်ရှင်ကြစေခြင်း
ငှါ သင်တို့အား ငါတို့ပြောဆိုကြ၏။ ဘုရားသခင်
သည် မိမိ၏နိုင်ငံတော်နှင့် ဘုန်းအသရေတော်
ကို သင်တို့ဝေမျှခံစားနိုင်မည့်အကြောင်း သင်
တို့အား ခေါ်တော်မူ၏။
13သင်တို့သည် ဘုရားသခင်၏သတင်း
စကားတော်ကို ခံယူကြသောကြောင့် ငါတို့
သည် အစဉ်မပြတ် ဘုရားသခင်၏ကျေးဇူးတော်
ကိုချီးမွမ်းကြ၏။ သင်တို့သည် ထိုသတင်းစကား
တော်ကို ငါတို့ထံမှ ကြားရကြ၏။ သင်တို့သည်
ထိုအရာကို လူတို့၏စကားများမဟုတ်၊ ဘုရား
သခင်၏နှုတ်တော်ထွက်စကားများကဲ့သို့ ခံယူ
ကြ၏။ ထိုသတင်းစကားတော်သည် ဘုရား
သခင်ထံတော်မှအမှန်လာ၏။ ထိုသတင်းစကား
သည် ယုံကြည်သောသင်တို့၏အပေါ်၌ လွှမ်းမိုး
တော်မူ၏။ 14ညီအစ်ကိုမောင်နှမတို့၊ သင်တို့
သည် ယုဒပြည်၌ ယေရှုခရစ်၏အသင်းတော်တို့
ကဲ့သို့ ဖြစ်လာကြ၏။ ယုဒပြည်၌ရှိသော ဘုရား
သခင်၏လူတို့သည် ထိုနေရာ၌ရှိသည့် အခြား
သောယုဒလူမျိုးတို့အားဖြင့် ဆိုးသောအရာ
များတို့ကိုခံရကြ၏။ သင်တို့သည်လည်း ထိုနည်း
တူ ထိုဆိုးသောအရာများတို့ကို သင်တို့နိုင်ငံ၌
ရှိသော မိမိတို့အမျိုးသားချင်းထံမှ ခံရကြ၏။
15ထိုယုဒလူတို့သည် သခင်ယေရှုနှင့် ပရောဖက်
တို့ကို သတ်သောသူများဖြစ်ကြ၏။ သူတို့သည်
ငါတို့ကို ယုဒပြည်မှထွက်သွားကြရန် အတင်းအ
ကျပ်ပြုကြ၏။ ဘုရားသခင်သည် သူတို့၌ အား
ရနှစ်သက်တော်မူခြင်းမရှိ။ သူတို့သည် လူအား
လုံးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကြ၏။ 16တစ်ပါး
သောအမျိုးသားတို့သည် ကယ်တင်ခြင်းသို့
ရောက်စေခြင်းငှါ ငါတို့သည် ဟောပြောကြ
သည်ကို သူတို့သည် ဆီးတားကြ၏။ သို့သော်
လည်း ထိုယုဒလူတို့သည် သူတို့၌ရှိနှင့်ပြီးသော
အပြစ်ဒုစရိုက်များထက်ပို၍ များပြားသောအ
ပြစ်ဒုစရိုက်များကို ထပ်၍ကျူးလွန်လျက်ရှိကြ
၏။ ဘုရားသခင်၏အမျက်တော်သည် သူတို့
ပေါ်၌ အပြည့်အဝရောက်လာပြီဖြစ်၏။

## ပေါလုသည် သူတို့ဆီသို့တစ်ဖန်အလည် အပတ်သွားရန်ဆန္ဒရှိခြင်း

17ညီအစ်ကိုမောင်နှမတို့၊ ငါတို့သည် သင်
တို့နှင့် ခေတ္တခဏခွဲခွာရကြ၏။ ငါတို့သည် သင်
တို့နှင့်အတူထိုနေရာ၌မရှိ။ သို့သော်လည်း၊ ငါ
တို့၏စိတ်နှလုံးသည် သင်တို့နှင့်အတူရှိသေး၏။
ငါတို့သည် သင်တို့ကို မြင်ခြင်းငှါ အလွန်အား
ကြီးသောစိတ်နှင့် သာ၍ကြိုးစားအားထုတ်ကြ
၏။ 18ငါတို့သည် သင်တို့ထံသို့လာရန်အလိုရှိ
ကြ၏။ ငါပေါလုသည် လာရန် ကြိမ်ဖန်များစွာ
ကြိုးစား၏။ သို့သော်လည်း၊ စာတန်သည် ငါ
တို့ကို ဆီးတားလျက်ရှိ၏။ 19သင်တို့သည် ငါတို့
အား မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ငါတို့
သခင်ယေရှု တဖန်ကြွလာသောအခါ ငါတို့ဝါ
ကြွားစရာသရဖူဖြစ်မည့်အကြောင်း ဖြစ်စေ၏။
20အမှန်စင်စစ်၊ သင်တို့သည် ငါတို့၏ဘုန်းအ
သရေနှင့် ငါတို့၏ဝမ်းမြောက်ခြင်းအကြောင်း
ဖြစ်၏။
3 1-2ငါတို့သည် သင်တို့ထံသို့ရောက်လာခြင်း
ငှါ စောင့်ဆိုင်းရန် ငါတို့အတွက် အလွန်ခက်
ခဲသောကြောင့် ငါတို့သည် တိမောသေကို
သင်တို့ထံသို့စေလွှတ်ရန် ဆုံးဖြတ်၍ ငါတို့သာ
အာသင်မြို့၌ ကျန်ရစ်နေ၏။ တိမောသေသည်
ငါတို့၏ညီဖြစ်၏။ သူသည် လူတို့အား ခရစ်
တော်အကြောင်း ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို ဟောပြောခြင်းငှါ ဘုရားသခင်
နှင့်အတူ လုပ်ဆောင်သောသူဖြစ်၏။ သင်တို့၏
ယုံကြည်ခြင်း၌ သင်တို့သည် ခွန်အားနှင့်ပြည့်

တိုက်တွန်းနှိုးဆော်စေခြင်းငှါ တိမောသေကို ငါ
တို့လွှတ်လိုက်၏။ 3ယခုတွင် သင်တို့ခံရသော
ဒုက္ခဆင်းရဲခြင်းများကြောင့် သင်တို့သည် အ
ဘယ်သူမျှ စိတ်ပျက်အားလျော့ခြင်းမရှိမည်အ
ကြောင်း ငါတို့သည် တိမောသေကို သင်တို့
ထံသို့ စေလွှတ်၏။ ဘုရားသခင်၏အကြံစည်
တော်၌ ငါတို့သည် ဤဆင်းရဲဒုက္ခတို့ကိုခံရကြ
မည့်အကြောင်း ပါဝင်သည်ကို သင်တို့သိကြ၏။
4ငါတို့သည်သင်တို့နှင့်အတူရှိနေသောအခါ၌ပင်
ငါတို့အားလုံးသည် အခက်အခဲတို့ကိုခံရမည့်
အကြောင်း သင်တို့ကို ငါတို့သတိပေးနှင့် ကြပြီ။
ထိုအရာသည် ငါတို့ပြောသည့်အတိုင်း ဖြစ်ပျက်
သည်ကို သင်တို့သိကြ၏။ 5ထိုအကြောင်း
ကြောင့်၊ ငါတို့သည် ထပ်၍စောင့်ရန် မတတ်
နိုင်သောအခါ တိမောသေကို သင်တို့ထံသို့ ငါ
စေလွှတ်၏။ သင်တို့၏ယုံကြည်ခြင်းအကြောင်း
ကိုသိခြင်းငှါ ငါအလိုရှိ၏။ စုံစမ်းသွေးဆောင်
တတ်သောသူသည် သင်တို့ကို စုံစမ်းသွေး
ဆောင်သဖြင့် ငါတို့ပင်ပန်းစွာ လုပ်ဆောင်
ခြင်းအမှုသည် အချည်းနှီးဖြစ်မည်ဟု ငါတို့စိုးရိမ်
နေကြ၏။

6သို့သော်လည်း၊ တိမောသေသည် ယခုပြန်
လာ၍ သူသည် သင်တို့၏ယုံကြည်ခြင်းနှင့် ချစ်
ခြင်းမေတ္တာအကြောင်း သတင်းကောင်းကို ငါ
တို့အား ပြော၏။ သင်တို့သည် ငါတို့ကို ကောင်း
မွန်စွာ အောက်မေ့ကြသည်ကို တိမောသေ
သည် ငါတို့အား ပြော၏။ သင်တို့သည် ငါတို့ကို
ပြန်၍ တွေ့မြင်ခြင်းငှါ အလိုရှိသကဲ့သို့ ငါတို့
သည်လည်း သင်တို့ကို တွေ့လိုကြ၏။ 7ထို့
ကြောင့်၊ ညီအစ်ကိုမောင်နှမတို့၊ သင်တို့၏ယုံ
ကြည်ခြင်းကြောင့် ငါတို့သည် သက်သာခြင်းရှိ
ကြ၏။ ငါတို့သည် အလွန်စိုးရိမ်ခြင်းဒုက္ခနှင့်
ဆင်းရဲခြင်းကိုသော်လည်း၊ သက်သာခြင်းသို့
ရောက်ကြ၏။ 8သင်တို့သည် သခင်ဘုရား၌
ခိုင်ခံ့စွာရပ်နေကြသည် ဖြစ်၍ ငါတို့၏ဘဝအ
သက်တာသည် အမှန်ပြည့်စုံလိမ့်မည်။ 9ငါတို့
သည် သင်တို့ကြောင့် ငါတို့ဘုရား သခင်ရှေ့
တော်၌ အလွန်ဝမ်းမြောက်ခြင်းရှိကြ၏။ ထို့
ကြောင့် ငါတို့သည် သင်တို့အကြောင်း
ကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
၏။ သို့သော်လည်း ငါတို့ခံစားရသောဝမ်း
မြောက်ခြင်း အားလုံးတို့အတွက် ငါတို့သည် သူ
၏ကျေးဇူးတော်ကို လုံလောက်စွာမချီးမွမ်းနိုင်
ကြ။ 10ငါတို့သည် သင်တို့အတွက် နေ့ညဉ့်မ
ပြတ်ဆက်လက်၍ ဆုတောင်းပေးကြ၏။ ငါတို့
သည် သင်တို့နှင့်တစ်ဖန် တွေ့ဆုံပြီး၊ သင်တို့၏
ယုံကြည်ခြင်း၌ ခိုင်ခံ့ခြင်းရှိရန် သင်တို့လိုအပ်
သောအရာအားလုံးကို ပေးနိုင်မည့်အကြောင်း
ငါတို့ဆုတောင်း၏။ 11သင်တို့ရှိရာသို့ ငါတို့သွား
ရာလမ်းကို ငါတို့အဘတည်းဟူသောဘုရား
သခင်နှင့် ငါတို့သခင်ယေရှုခရစ်သည် ပြင်ဆင်
ပေးတော်မူမည့်အကြောင်း၊ငါတို့ဆုတောင်း၏။
12ဘုရားသခင်သည် သင်တို့၏ချစ်ခြင်းမေတ္တာ
ကို ကြီးထွားစေပါမည့်အကြောင်း ငါတို့ဆု
တောင်း၏။ ငါတို့သည် သင်တို့ကို ချစ်သကဲ့သို့
သင်တို့ သည် အချင်းချင်းကိုဎင်း၊ လူအပေါင်း
တို့ကိုဎင်း ချစ်နိုင်မည်အကြောင်း ငါတို့ဆု
တောင်း၏။ 13သင်တို့၏စိတ်နှလုံးသည် ခိုင်ခံ့၍
ခွန်အားနှင့်ပြည့်စုံပါ မည်အကြောင်း ငါတို့ဆု
တောင်း၏။ ထိုနောက် ငါတို့သခင်ယေရှုသည်
သူ၏သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူ ကြွ
လာတော်မူသောအခါ ငါတို့အဘတည်းဟူ
သောဘုရားသခင်ရှေ့တော်၌ သင်တို့သည် အ
ပြစ်တင်ခွင့်နှင့်ကင်းလျှက် သန့်ရှင်းသောသူများ
ဖြစ်ကြလိမ့်မည်။

## ဘုရားသခင်ကိုနှစ်သက်စေတော်မူသောအသက်တာ

4 ညီအစ်ကိုမောင်နှမတို့၊ ယခုတွင် ငါသည်
သင်တို့အား ပြောရန် တစ်စုံတစ်ခုရှိ၏။
ဘုရားသခင်ကို နှစ်သက်စေခြင်းငှါ အဘယ်သို့
အသက်ရှင်ရမည့်နည်း လမ်းကို ငါတို့သည် သင်
တို့အား သွန်သင်ပြီးဖြစ်၏။ သင်တို့သည်လည်း
ထိုနည်း လမ်းအားဖြင့် အသက်ရှင်နေကြ၏။ ယ
ခုတွင် ထိုနည်းလမ်းအတိုင်း သာ၍အသက်ရှင်
နေရကြပါမည့်အကြောင်း ငါတို့သည် သင်တို့ကို

သခင်ယေရှု၌ တောင်းပန်လျက် တိုက် တွန်းနှိုး
ဆော်ကြ၏။ [2]သင်တို့ကျင့်ဆောင်ရမည့်ငါတို့
ပြောသောအရာများကို သင်တို့သိကြ၏။ ငါတို့
သည် ထိုအရာများကို သခင်ယေရှု၏အခွင့်
တော်အားဖြင့် သင်တို့အား ပြော၏။ [3]ဘုရား
သခင်၏အလိုတော်ဟူမူကား၊ သင်တို့သည်
မတရားသောမေထုန်ကို ကြဉ်ရှောင်၍ သန့်
ရှင်းစေခြင်းငှါ အလိုတော်ရှိ၏။ [4]သင်တို့၏ကိုယ်
ခန္ဓာကို သန့်ရှင်း၍ ဘုရားသခင်ထံတော်သို့
ဂုဏ်ပြုအပ်သောနည်းလမ်းအားဖြင့် သင်တို့
အားလုံးသည် မိမိတို့ကိုယ်ခန္ဓာကို အဘယ်သို့
ထိန်းချုပ်ရမည်ကို သင်ယူကြရန် ဘုရားသခင်
အလိုတော်ရှိ၏။ * [5]သင်တို့၏ကိုယ်ခန္ဓာကို မတ
ရားသောမေထုန်၌ အသုံးမပြုကြနှင့်။ ဘုရား
သခင်ကို မသိသောသူတို့သည် မိမိတို့ကိုယ်
ခန္ဓာကို မတရားမေထုန်၌ အသုံးပြုကြ၏။ [6]ထို့
ကြောင့် ခရစ်တော်၌သင်တို့၏ညီအစ်ကို သို့မ
ဟုတ် မောင်နှမအပေါ်၌ မှားယွင်းခြင်းသို့မဟုတ်
လိမ်ညာလှည့်ဖြားခြင်း မပြုကြနှင့်။ သခင်
ဘုရားသည် ထိုအရာများကို ပြုသောသူတို့
အား ပြစ်ဒဏ်ပေးလိမ့်မည်။ ငါတို့သည် သင်တို့
အား ထိုအရာများကိုပြော၍ သတိပေးနှင့်ပြီး
ဖြစ်၏။ [7]ဘုရားသခင်သည် ငါတို့အား သန့်ရှင်း
စေခြင်းငှါ ခေါ်တော်မူ၏။ သူသည် ငါတို့ကို ညစ်
ညူးသောအသက်တာ၌ အသက်ရှင်စေခြင်းငှါ
အလိုတော်မရှိ။ [8]ထို့ကြောင့် ဤသွန်သင်ခြင်း
တရားကိုနာခံရန် ငြင်းပယ်သောသူသည်ဘုရား
သခင်ကို နာခံရန်ငြင်းပယ်လျက်နေသောသူပင်
ဖြစ်၏။ လူကိုနာခံရန် ငြင်းပယ်ခြင်းမဟုတ်။
ဘုရားသခင်သည် သင်တို့အား မိမိ၏သန့်ရှင်း
သောဝိညာဉ်တော်ကို ပေးသောသူဖြစ်၏။
[9]သင်တို့သည် ခရစ်တော်၌ သင်တို့၏ညီအစ်ကို
နှင့်ညီအစ်မတို့ကို ချစ်ကြရမည်အကြောင်း သင်
တို့အား ငါတို့ရေးသားရန် မလိုအပ်ပါ။ သင်
တို့သည် အချင်းချင်းချစ်စေခြင်းငှါ ဘုရားသခင်
သည် သင်တို့အား သွန်သင်တော်မူနှင့်ပြီးဖြစ်
၏။ [10]သင်တို့သည် မာကေဒေါနိပြည်တွင် အရပ်
ရပ်၌ရှိသော သင်တို့၏ညီအစ်ကိုမောင်နှမအား
လုံးတို့ကို အမှန်ချစ်ရကြ၏။ ညီအစ်ကိုမောင်နှမ
တို့၊ ယခုတွင် သင်တို့သည် သူတို့အား သာ၍
ချစ်ကြမည်အကြောင်း ငါတို့သည် သင်တို့ကို
တိုက်တွန်းနှိုးဆော်၏။

[11]ငြိမ်သက်ခြင်းနှင့် ယှဉ်သောအသက်တာ
၌ သင်တို့သည် ပြုနိုင်သမျှသောအရာအားလုံး
တို့ကို ပြုကြလော့။ သင်တို့၏အမှုကို ကြည့်ရှု
ဆောင်ရွက်ကြလော့။ ကိုယ်လက်နှင့် လုပ်
ဆောင်ကြလော့။ ငါတို့သည် သင်တို့အား ထိုအ
ရာများကို ပြုကြရန် ပြောနှင့်ကြပြီးဖြစ်၏။
[12]သင်တို့သည် ဤအရာများကို ပြုကြလျှင်၊
မယုံကြည်သူတို့သည် သင်တို့၏အသက်ရှင်ခြင်း
လမ်းကို ကြည်ညိုလေးစားကြလိမ့်မည်။ သင်တို့
သည်လည်း သင်တို့လိုအပ်သည့်အရာများကို
အခြားသောသူတို့အပေါ်၌ မှီခိုခြင်းရှိကြလိမ့်
မည်မဟုတ်။

## သခင်ဘုရားပြန်ကြွလာတော်မူခြင်း

[13]ညီအစ်ကိုမောင်နှမတို့၊ ငါတို့သည် သင်
တို့အား သေလွန်သောသူတို့၏အကြောင်းကို
သိစေခြင်းငှါ အလိုရှိကြ၏။ ငါတို့သည် သင်တို့
အား မျှော်လင့်ခြင်း တစ်စုံတရာမျှမရှိသော၊
မယုံကြည်သောသူတို့ကဲ့သို့ ဝမ်းနည်းကြေကွဲ
ခြင်းငှါ အလိုမရှိ။ [14]ယေရှုသည် အသေခံတော်
မူသည်ကို ငါတို့ယုံကြည်ကြ၏။ သို့သော်လည်း၊
ယေရှုသည် တစ်ဖန် ရှင်ပြန်ထမြောက်တော်မူ
ကြောင်းကို ငါတို့ယုံကြည်ကြ၏။ ထို့ကြောင့်၊
ဘုရားသခင်သည် ထိုသေလွန်သောသူတို့အား
ရှင်ပြန်ထမြောက်စေ၍ ယေရှုနှင့်အတူခေါ်
ဆောင်တော်မူလိမ့်မည်။ [15]ငါတို့သည် သင်တို့
အား ယခုပြောဆိုသော သတင်းစကားသည်
သခင်ဘုရား၏ သတင်းစကားဖြစ်၏။ သခင်
ဘုရားသည် တစ်ဖန်ကြွလာတော်မူသောအခါ

**သင်တို့၏ကိုယ်ခန္ဓာကို … အလိုတော်ရှိ၏။** ထာဝရ
ဘုရားက သင်တို့အားလုံးကို သင်တို့၏မိန်းမတို့နှင့်သန့်
ရှင်းသောအသက်တာ၌ အသက်ရှင်ရန်နှင့် ဘုရားသခင်
ထံတော်သို့ ဂုဏ်ပြုသောအသက်တာကို သင်ယူရန် အ
လိုရှိသည်။

အသက်ရှင်လျက်နေသော ငါတို့သည် ထိုအချိန်
တွင် သခင်ဘုရားနှင့်အတူ ရှိကြလိမ့်မည်။ သို့
သော်လည်း ငါတို့သည် သေလွန်လျက်ရှိကြ
သော ထိုသူတို့ထက် အရင်ကျမည်မဟုတ်။
16 သခင်ဘုရားကိုယ်တော်တိုင်သည် ကောင်း
ကင်ဘုံမှ ကြွဆင်းတော်မူလိမ့်မည်။ ထိုနေရာ၌
ကြွေးကြော်ခြင်းရှိလိမ့်မည်။ ထိုကြွေးကြော်ခြင်း
သည် ကောင်းကင်တမန်မင်း၏ကျယ်လောင်
သောအသံနှင့် ဘုရားသခင်၏တံပိုးတော်မှုတ်
သံကို ပေးလိမ့်မည်။ ခရစ်တော်၌ရှိ၍ သေလွန်
သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။
17 ထို့နောက်၊ ထိုအချိန်နာရီ၌ပင်၊ အသက်ရှင်
လျက် နေသေးသောငါတို့သည် ထိုသေလွန်
သော သူတို့နှင့်အတူအထက်သို့ စုရုံးလျက်ချီ
ဆောင်ခြင်းကို ခံရကြလိမ့်မည်။ ငါတို့သည်
ထက်ကောင်းကင်၌ သခင်ဘုရားနှင့်တွေ့ဆုံရန်
မိုးတိမ်များအားဖြင့် ချီဆောင်ခြင်းကို ခံရကြ
လိမ့်မည်။ ထို့နောက် ငါတို့သည် သခင်ဘုရား
နှင့်အတူထာဝရအစဉ်မပြတ် နေရကြလိမ့်မည်။
18 ထို့ကြောင့် ဤစကားများအားဖြင့် အချင်း
ချင်း တစ်ယောက်ကိုတစ်ယောက်သက်သာစေ
ကြလော့။

## သခင်ဘုရားကြွလာခြင်းအတွက် အဆင်သင့်ရှိကြလော့

5 ညီအစ်ကိုမောင်နှမတို့၊ ယခုတွင်ငါတို့သည်
သင်တို့အား အချိန်နာရီနှင့် နေ့ရက်အ
ကြောင်းကို ရေးရန်မလိုအပ်ပေ။ 2 ညအချိန်၌
လာတတ်သောသူခိုးကဲ့သို့ သခင်ဘုရားသည်
တစ်ဖန်ကြွလာသောအခါ အံ့အားသင့်ခြင်းရှိ
လိမ့်မည်ကို သင်တို့သည် ကောင်းမွန်စွာ သိကြ
၏။ 3 ထိုအချိန်အခါ၌ လူတို့က၊ “ငါတို့၌ ငြိမ်း
ချမ်းရေးနှင့် လုံခြုံမှုရှိ၏” ဟုပြောဆိုကြလိမ့်
မည်။ သို့သော်လည်း၊ သူတို့အပေါ် ပျက်စီး
ခြင်းသည် ရုတ်တရက်ရောက်လိမ့်မည်။ ကိုယ်
ဝန်ဆောင်သောမိန်းမ၌သားဖွားခြင်း ဝေဒနာ
ရောက်ကဲ့သို့ သင်တို့အပေါ်၌ ပျက်စီးခြင်းသည်
ရုတ်တရက်ရောက်လိမ့်မည်။ ထိုသူတို့သည်
ထွက်ပြေးလွတ်မြောက်ခြင်း ရှိကြလိမ့်မည်
မဟုတ်။ 4 သို့သော်လည်း၊ ညီအစ်ကိုမောင်နှမ
တို့၊ သင်တို့သည် မှောင်မိုက်ထဲ၌ အသက်ရှင်
နေရကြသည်မဟုတ်။ ထို့ကြောင့် ထိုနေ့ရက်
သည် သူခိုးတစ်ယောက်ကဲ့သို့ သင်တို့ကို အံ့
အားသင့်ခြင်းရှိစေလိမ့်မည်မဟုတ်။ 5 သင်တို့
အားလုံးတို့သည် အလင်းနှင့်စပ်ဆိုင်သောသူ
များ ဖြစ်ကြ၏။ သင်တို့သည် နေ့အချိန်နှင့်စပ်
ဆိုင်ကြ၏။ ငါတို့သည် ညအချိန်နှင့်သော်လည်း
ကောင်း၊မှောင်မိုက်ခြင်းနှင့် သော်လည်း
ကောင်း စပ်ဆိုင်ခြင်းမရှိကြ။ 6 ထို့ကြောင့် ငါတို့
သည် အခြားသောသူတို့ကဲ့သို့ မဖြစ်ရ။ ငါ
တို့သည် အိပ်ပျော်ခြင်းမရှိရ။ ငါတို့သည် နိုး
လျက် ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်ခြင်းရှိရမည်။
7 အိပ်ပျော်သောသူတို့သည်၊ ညအချိန်၌ အိပ်
ပျော်လျက်ရှိကြ၏။ သေရည်သေရက်နှင့် ယစ်
မူးသောသူတို့သည် ညအချိန်၌ မူးယစ်တတ်ကြ
၏။ 8 သို့သော်လည်း ငါတို့သည် နေ့အချိန်နှင့်
စပ်ဆိုင်ကြ၏။ ထို့ကြောင့် ငါတို့သည် ကိုယ့်ကို
ကိုယ်ထိန်းချုပ်ရပါမည်။ ငါတို့၏အကာအကွယ်
အတွက် ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော
ရင်အုပ်တန်ဆာကို ဝတ်ဆင်ရမည်။ ငါတို့သည်
ကယ်တင်ခြင်းသို့ ရောက်မည်ဟု မျှော်လင့်ခြင်း
တည်းဟူသော ဦးခေါင်းကာကွယ်သော သံခ
မောက်ကို ဝတ်ဆင်ရမည်။ 9 ဘုရားသခင်သည်
မိမိ၏အမျက်တော်ကို ခံစေခြင်းငှါ၊ ငါတို့အား
ရွေးကောက်တော်မူသည်မဟုတ်။ ဘုရားသခင်
သည် ငါတို့အား ငါတို့သခင်ယေရှုခရစ်အားဖြင့်
ကယ်တင်ခြင်းကို ပိုင်ရစေခြင်းငှါ ရွေးကောက်
တော်မူ၏။ 10 ယေရှုသည် ကြွလာတော်မူသော
အခါ ငါတို့သည် အသက်ရှင်လျက် ရှိသည်ဖြစ်
စေ၊ သေလျက်ရှိသည်ဖြစ်စေ၊ သူနှင့်အတူအ
သက်ရှင်မည်အကြောင်း၊ သူသည် ငါတို့အတွက်
အသေခံတော်မူ၏။ 11 သူတို့သည် ထိုအရာကို
ယခုပင် ပြုသည်နည်းတူ အချင်းချင်းတိုက်တွန်း
၍ တစ်ယောက်ကိုတစ်ယောက် ယုံကြည်ခြင်း၌
ခွန်အားနှင့် ပြည့်စုံစေကြလော့။

## နောက်ဆုံးသွန်သင်ဆုံးမခြင်းနှင့် နှုတ်ဆက်ခြင်း

[12]ညီအစ်ကိုမောင်နှမတို့၊ သင်တို့တွင်သခင်
ဘုရားအတွက် အမှုကိုဆောင်ရွက်ခြင်း၊ သခင်
ဘုရားအခွင့်နှင့်အုပ်စိုးခြင်း၊ သတိပေးခြင်းအမှု
ကိုပြုသောသူတို့ကို သိမှတ်၍ ရိုသေလေးစား
ကြမည့်အကြောင်း ငါတို့သည် သင်တို့ကို
တောင်းပန်ကြ၏။ [13]သင်တို့နှင့်အတူ သူတို့ပြုနေ
သောအထူးအမှုကြောင့် ကြီးမားသောမေတ္တာ
စိတ်နှင့် သူတို့ကို ရိုသေလေးစားကြလော့။ အ
ချင်းချင်း အသင့်အတင့်နေကြလော့။ [14]ညီအစ်
ကိုမောင်နှမတို့၊ မည်သည့်အလုပ်ကိုမျှ မလုပ်
သောသူတို့ကို သတိပေးကြမည်အကြောင်း ငါ
တို့သည် သင်တို့ကို တောင်းပန်ကြ၏။ စိတ်
ငယ်သောသူတို့ကိုအား ပေးကြလော့။ အား
နည်း သောသူတို့ကို ကူညီမစကြလော့။ ခပ်
သိမ်းသောသူတို့အား စိတ်ရှည်သည်းခံခြင်းရှိ
ကြလော့။ [15]မည်သူတစ်ဦးတစ်ယောက်ကမျှ
အမှားအတွက် အမှားကို ပြန်၍ မပြုစေခြင်းငှါ
သတိပြုကြလော့။ သို့သော်လည်း အချင်းချင်း
နှင့် လူအပေါင်းတို့အတွက် ကောင်းမှုပြုခြင်းငှါ
အစဉ်မပြတ် ကြိုးစားအားထုတ်ကြလော့။ [16]အ
စဉ်မပြတ်ဝမ်းမြောက်ခြင်း အပြည့်အဝရှိကြ
လော့။ [17]ဆုတောင်းခြင်းကို ဘယ်သောအခါမျှ
မရပ်ကြနှင့်။ [8]အစဉ်မပြတ်ဘုရားသခင်၏ကျေး
ဇူးတော်ကို ချီးမွမ်းကြလော့။ ထိုအရာမှာ
ဘုရားသခင်သည် ခရစ်တော်၌သင်တို့ထံမှ အ
လိုရှိတော်မူသောအရာဖြစ်၏။
[19]သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်
ဆောင်ချက်ကို မရပ်စေကြနှင့်။ [20]ပရောဖက်
ပြုခြင်းကို မထိမဲ့မြင်မမှတ်ကြနှင့်။ [21]သို့သော်
လည်း ခပ်သိမ်းသောအရာတို့ကို စုံစမ်း၍
ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့၊
[22]သို့သော်လည်း မကောင်းသောအမှုအမျိုးမျိုး
တို့ကို ရှောင်ကြလော့။
[23]ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင် ကိုယ်
တော်တိုင်လည်းသင်တို့ကိုအကုန်အစင်သန့်ရှင်း
စင်ကြယ်စေတော်မူမည့်အကြောင်း ငါတို့သည်
ဆုတောင်းကြ၏။ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်၊
အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေ
ခြင်းငှါ စောင့်မတော်မူမည့်အကြောင်း ငါတို့
သည် ဆုတောင်းကြ၏။ [24]သင်တို့ကို ခေါ်သော
သူသည် ထိုအရာကို သင်တို့အတွက် ပြုတော်
မူလိမ့်မည်။သင်တို့သည် သူ့အား ကိုးစားနိုင်၏။
[25]ညီအစ်ကိုမောင်နှမတို့၊ ငါတို့အတွက်
လည်း ဆုတောင်းပေးကြလော့။ [26]ညီအစ်ကို
မောင်နှမအပေါင်းတို့ကို သန့်ရှင်းသောနမ်းခြင်း
ဖြင့် နှုတ်ဆက်ကြလော့။
[27]ညီအစ်ကိုမောင်နှမအပေါင်းတို့ရှေ့၌ ဖတ်
စေခြင်းငှါ ဤစာကို သခင်ဘုရား၏ နာမတော်
၌ ငါရေး၏။ [28]ငါတို့သခင်ယေရှုခရစ်၏ကျေးဇူး
တော်သည် သင်တို့နှင့်အတူရှိပါစေသော။

# သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင်

1 ပေါလု၊ သိလွာနုနှင့် တိမောသေတို့သည်
သက်သာလောနိတ်မြို့၌ရှိသော အသင်း
တော်ကို နှုတ်ဆက်ပါ၏။ ငါတို့အဘတည်းဟူ
သော ဘုရားသခင်နှင့် သခင်ယေရှုခရစ်သည်
သင်တို့ကို ပိုင်တော်မူ၏။
2ငါတို့သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်း
ဟူသော ဘုရားသခင့်အထံတော်မှ ကျေးဇူး
တော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့နှင့်အတူ
ရှိပါစေသော။
3ညီအစ်ကိုမောင်နှမတို့၊ ငါတို့သည် သင်တို့
အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်
မပြတ် ချီးမွမ်းကြ၏။ ငါတို့သည် ထိုကဲ့သို့ ပြု
သင့်၏။ အဘယ်ကြောင့်ဆိုသော် ငါတို့အတွက်
ထိုသို့ပြုခြင်းသည် ကောင်း၏။ ထိုသို့ပြုခြင်း
သည် ကောင်းသောအရာဖြစ်၏။ အဘယ်
ကြောင့်ဆိုသော် သင်တို့၏ယုံကြည်ခြင်းသည်
သာ၍ကြီးထွားလျက်ရှိ၏။ သင်တို့တွင် အချင်း
ချင်းတစ်ယောက်ကိုတစ်ယောက် ချစ်ကြသော
မေတ္တာသည်လည်း ကြီးထွားလျက်ရှိ၏။ 4ထို့
ကြောင့် ငါတို့သည် သင်တို့အကြောင်းကြောင့်
ဘုရားသခင်၏အသင်းတော်အားလုံး၌ ဝါကြွား
လျက်ရှိကြ၏။ သင်တို့သည် များစွာသောညှဉ်း
ဆဲခြင်းတို့ကိုခံရ၍ ဒုက္ခဆင်းရဲခြင်းကို များစွာခံ
ရသော်လည်း အားမလျော့ဘဲ ဆက်လက်၍
ယုံကြည်ခြင်းရှိသည်ကို ငါတို့သည် ထောက်၍
ဝါကြွားကြ၏။

## ဘုရားသခင်၏တရားစီရင်တော်မူခြင်းအကြောင်းကို ရှင်ပေါလုဟောပြောခြင်း

5ဘုရားသခင်သည် သူ၏တရားစီရင်တော်
မူခြင်း၌ ဖြောင့်မတ်တော်မူသည်ကို ထိုအရာ
သည် သက်သေဖြစ်၏။ ဘုရားသခင်သည် သင့်
ကို သူ၏နိုင်ငံတော်ကိုဝင်စားထိုက်စေခြင်းငှါအ
လိုရှိ တော်မူ၏။သင်တို့သည် ယခုတွင် ထိုနိုင်ငံ
တော်အတွက် ဒုက္ခဆင်းရဲခံရကြ၏။ 6အဘယ်
အရာသည် ဖြောင့်မတ်တော်မူသည်ကို ဘုရား
သခင်သည် ပြုတော်မူလိမ့်မည်။ သင်တို့ကို
ညှဉ်းပန်းနှိပ်စက်သောထို သူတို့ကို သူသည်
ညှဉ်းပန်းနှိပ် စက်တော်မူလိမ့်မည်။ 7ဘုရား
သခင်သည် ဒုက္ခဆင်းရဲခြင်းကို ခံနေသောသင်
တို့အား ချမ်းသာခြင်းကို ပေးတော်မူလိမ့်မည်။
သူသည်လည်း ငါတို့အား ချမ်းသာခြင်းကို
ပေးတော်မူလိမ့်မည်။ ငါတို့သခင်ယေရှုသည်
ငါတို့အား ထင်ရှားပေါ် ထွန်းတော်မူသောအခါ
ဤကူညီခြင်းကို ဘုရားသခင်သည် ငါတို့အား
ပေးတော်မူလိမ့်မည်။ ယေရှုသည် သူ၏တန်ခိုး
ကြီးသော ကောင်းကင်တမန်တော်တို့နှင့်အတူ
ကောင်းကင်ဘုံမှ တောက်လောင်သောမီးနှင့်
ငါတို့ထံသို့ ကြွဆင်းတော်မူလိမ့်မည်။ 8သူသည်
ဘုရားသခင်ကို မသိသောသူတို့အား အပြစ်
ဒဏ်ပေးရန်ကောင်းကင်ဘုံမှ ကြွဆင်းတော်မူ
လိမ့်မည်။ သူသည် ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်းကို နာခံခြင်းမရှိသောသူတို့အား အ
ပြစ်ဒဏ်ပေးတော်မူလိမ့်မည်။ 9ထိုသူတို့သည်
ဘုရားသခင်၏မျက်နှာတော်နှင့်၎င်း တန်ခိုးရှိ
သောဘုန်းတော်နှင့်၎င်း ကွာ၍ထာဝရပျက်
စီးခြင်းဟူသောအပြစ်ဒဏ်ကို ခံရကြလိမ့်မည်။
ထိုသူတို့အား သူ၏ကြီးမားသောတန်ခိုးတော်မှ
ဝေးကွာစေလျက် ထိန်းသိမ်းခြင်းကို ခံရကြလိမ့်
မည်။ 10သခင်ယေရှုကြွလာတော်မူသောနေ့
ရက်၌ ထိုအရာသည် ဖြစ်ပျက်လိမ့်မည်။ ယေရှု
သည် မိမိသန့်ရှင်းသောသူတို့နှင့်အတူ ဘုန်းအ

သရေတော် ထင်ရှားခြင်းကိုခံယူရန် ကြွလာ
တော်မူလိမ့်မည်။ သန့်ရှင်းသောသူအပေါင်းတို့
သည် သူ၏ရှေ့တော်၌ အလွန်အံ့သြခြင်းရှိကြ
လိမ့်မည်။ ငါတို့သက်သေကို သင်တို့သည် ယုံ
ကြည်ကြသောကြောင့် သင်တို့သည်လည်း ထို
ယုံကြည်သောသူတို့၏အုပ်စုထဲ၌ရှိကြလိမ့်မည်။
11ထိုအကြောင်းကြောင့် ငါတို့သည် သင်တို့
အတွက် အစဉ်မပြတ် ဆုတောင်းကြ၏။ ဘုရား
သခင်သည် မိမိခေါ်တော်မူသော သင်တို့အား
ကောင်းသောနည်းလမ်း၌ အသက်ရှင်စေခြင်း
ငှါခွင့်ပြုတော်မူမည့်အကြောင်း ငါတို့ဆုတောင်း
ကြ၏။ သင်တို့အတွက် သူ၌ရှိသောကောင်း
မြတ်ခြင်းအားလုံးကိုရင်း၊ သူသည် သင်တို့အား
ပြုစေလိုသည်ဟု သင်တို့ယုံကြည်သောကောင်း
မှုအားလုံးကိုရင်း ပြည့်စုံစေမည့်အကြောင်း၊
ဘုရားသခင်၏တန်ခိုးတော်၌ ငါတို့ဆုတောင်း
ကြ၏။ 12သင်တို့သည် ထိုသို့ပြုလျှင် ငါတို့သခင်
ယေရှုခရစ်၏နာမတော်သည် သင်တို့ထံမှ ဘုန်း
အသရေကို ရရှိလိမ့်မည်။ ထို့နောက် သင်တို့
သည်လည်း သူ့ထံတော်မှ ဘုန်းအသရေရရှိနိုင်
မည်။ ထိုဘုန်းအသရေသည် ငါတို့ဘုရားသခင်
နှင့်သခင်ယေရှုခရစ်၏ကျေးဇူးတော်မှလာ၏။

## ဆိုးညစ်သောဒုစရိုက်များဖြစ်ပျက်လိမ့်မည်

2 ညီအစ်ကိုမောင်နှမတို့၊ ငါတို့သခင်ယေရှု
ခရစ်ပြန်ကြွလာမည့်အကြောင်း တစ်စုံတစ်
ရာကို ပြောခြင်းငှါ ငါတို့အလိုရှိ၏။ ငါတို့သည်
သူနှင့်အတူတကွ တွေ့ဆုံရကြမည့်အချိန်ကာလ
အကြောင်းကို သင်တို့အား ပြောခြင်းငှါ ငါတို့
အလိုရှိ၏။ 2သခင်ဘုရား၏နေ့ရက်သည် ရောက်
လာပြီဖြစ်သည်ဟု သင်တို့ကြားရလျှင်၊ စိတ်ပင်
ပန်းခြင်း၊ ပူဆွေးသောကရောက်ခြင်းမရှိကြနှင့်။
အချို့သောသူတို့သည် ဤအရာကို ပရောဖက်
ပြုခြင်း အချို့သောသတင်းစကားဟောပြော
ခြင်းအားဖြင့် ပြောဆိုပေမည်။ အချို့သောသူ
တို့သည် ငါတို့ထံမှ လာကြသည်ဟူ၍ သင်တို့
အား ပြောဆိုနေကြသည်ကို သင်တို့သည် စာ
အားဖြင့်လည်း ဖတ်ရှုနိုင်ပေမည်။ 3အဘယ်သူ
မျှ သင်တို့ကို အဘယ်သို့သောအားဖြင့် မလှည့်
ဖြားစေနှင့်။ များစွာသောလူတို့သည် ဘုရား
သခင်ကို ငြင်းပယ်သည်တိုင်အောင် သခင်
ဘုရား၏နေ့ရက်သည် ရောက်လာလိမ့်မည်မ
ဟုတ်။ ဘုရားသခင်သည် ဒုစရိုက်လူကို မထင်
ရှားစေသည့်တိုင်အောင် ထိုနေ့ရက်သည်
ရောက်လာလိမ့်မည်မဟုတ်။ သူသည် ငရဲနှင့်
စပ်ဆိုင်၏။* 4ထိုသူသည် ဘုရားသခင်ဟူရင်း၊
ဘုရားဟူ၍ရင်း ခေါ်ဝေါ်သမျှသောအရာတို့ကို
ရန်ဘက်ပြု၍ ကိုယ့်ကိုကိုယ် ချီးမြှောက်သော
အားဖြင့် ဘုရားသခင်၏ဗိမာန်တော်၌ ထိုင်လေ
၏။ ထို့နောက် သူသည် ဘုရားဖြစ်၏ဟုသူဆို၏။
5ဤအရာအားလုံးတို့သည် ဖြစ်ပျက်လာ
မည်ဟု ငါသည် သင်တို့နှင့်အတူရှိစဉ် သင်တို့
အား ငါပြောသည်ကို အောက်မေ့သတိရကြ
လော့။ 6ထို့နောက် ဒုစရိုက်လူကို ယခုအဘယ်
အရာက ရပ်ဆိုင်းစေသည်ကို သင်တို့သိကြ၏။
သူသည် အချိန်ကာလစေ့သောအခါ လာနိုင်
မည်အကြောင်း ယခုတွင် သူ့အား ရပ်ဆိုင်းစေ
ခြင်းရှိ၏။ 7ကြည့်လော့။ ပျက်စီးခြင်းဒုစရိုက်၏
လျှို့ဝှက်နက်နဲသော တန်ခိုးသည် ယခုတွင် ဤ
လောကထဲ၌ အလုပ်လုပ်လျက် ရှိနှင့်ပြီးဖြစ်၏။
သို့သော်လည်း ထိုပျက်စီးခြင်းဒုစရိုက်၏လျှို့
ဝှက်နက်နဲသောတန်ခိုးကို ရပ်ဆိုင်းစေတော်မူ
သောသူသည် ပယ်ရှင်းခြင်းသို့ မရောက်မှီတိုင်
အောင် ဆက်လက်၍ ရပ်ဆိုင်းစေတော်မူလိမ့်
မည်။ 8ထို့နောက် ဒုစရိုက်လူသည် ပေါ်လာလိမ့်
မည်။ သခင်ယေရှုသည် နှုတ်ထွက်ဝိညာဉ်
တော်အားဖြင့် ထိုဒုစရိုက်လူကို သတ်တော်မူ
လိမ့်မည်။ သခင်ယေရှုသည် ကြွလာတော်မူ
ခြင်း ဘုန်းအသရေတော်အားဖြင့် သူ့ကိုပျက်စီး
စေတော်မူလိမ့်မည်။ 9ဒုစရိုက်လူသည် စာတန်
၏တန်ခိုးအားဖြင့် ရောက်လာလိမ့်မည်။ သူ
သည် ကြီးမားသောတန်ခိုးကို ရရှိလိမ့်မည်။
သူသည် များစွာသောခြားနားသည့်မှားယွင်း
သောနိမိတ်လက္ခဏာများနှင့် အံ့သြဖွယ်သော

---

**ငရဲနှင့်စပ်ဆိုင်၏။** မူရင်းအရ သူသည် ပျက်ဆီးခြင်း၏
သား ဖြစ်သည်။

အမှုအမျိုးမျိုးကို ပြုလိမ့်မည်။ 10ဒုစရိုက်လူ
သည် ပျောက်ဆုံးနေသောလူတို့ကို လှည့်စား
ခြင်းငှါ ဆိုးညစ်သောဒုစရိုက်အမျိုးမျိုးကို အသုံး
ပြုလိမ့်မည်။ ထိုသူတို့သည် သမ္မာတရားကို
ချစ်ခြင်းငှါ ငြင်းပယ်ကြသောကြောင့် ပျက်စီးကြ
၏။ သူတို့သည် သမ္မာတရားကို ချစ်ကြလျှင်
ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ 11သို့သော်
လည်း ထိုသူတို့သည် သမ္မာတရားကိုချစ်ရန်
ငြင်းပယ်ကြ၏။ ထိုကြောင့် ဘုရားသခင်သည်
သူတို့ကို သမ္မာတရားထံမှဝေးကွာစေခြင်းငှါသူ
တို့အား ဦးဆောင်သော တန်ခိုးကြီးသောစွမ်း
အားကို သူတို့ထံသို့ စေလွှတ်တော်မူ၏။ သူတို့
သည် ထိုမမှန်ကန်သောတစ်စုံတစ်ရာကို ယုံ
ကြည်ရကြမည်အကြောင်း ဘုရားသခင်သည်
ထိုတန်ခိုးကို သူတို့ထံသို့ စေလွှတ်တော်မူ၏။
12ထို့ကြောင့် သမ္မာတရားကို မယုံကြည်သော
သူတို့သည် အပြစ်ရှိသောသူကဲ့သို့ တရားစီရင်
ခြင်းကိုခံကြလိမ့်မည်။ သူတို့သည် သမ္မာတ
ရားကိုမယုံကြည်ဘဲ ဆိုးညစ်သောအရာများ၌
ပျော်မွေ့ကြ၏။

## သင်တို့သည် ကယ်တင်ခြင်းအတွက် ရွေးကောက်ခြင်းခံသောသူများဖြစ်ကြ၏

13ညီအစ်ကိုမောင်နှမတို့၊ သခင်ဘုရား
သည် သင်တို့ကိုချစ်တော်မူ၏။ ဘုရားသခင်
သည် သင်တို့အား ကယ်တင်ခြင်းသို့ ရောက်
စေခြင်းငှါ ရှေးဦးစွာကပင် ရွေးကောက်တော်
မူ၏။ သင်တို့ကို သန့်ရှင်းစေသောသန့်ရှင်းသော
ဝိညာဉ်တော်အားဖြင့်၎င်း၊ သမ္မာတရား၌ ရှိ
သောသင်တို့၏ယုံကြည်ခြင်းအားဖြင့်၎င်း သင်
တို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြ
၏။ ထို့ကြောင့် ငါတို့သည် သင်တို့အတွက်
ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်
ချီးမွမ်းကြ၏။ 14ထိုသို့အလို့ငှါ ငါတို့ဟောပြော
သောဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းအား
ဖြင့် ဘုရားသခင်သည် သင်တို့ကို ခေါ်တော်မူ
၏။ သင်တို့သည် ထိုကယ်တင်ခြင်းကို ရရှိခံယူ
ရန် ဘုရားသခင်သည် သင်တို့ကို ခေါ်တော်မူ
၏။ သင်တို့သည် ငါတို့သခင်ယေရှု ခရစ်၏ဘုန်း
အသရေတော်ကိုဝေမျှခံစားနိုင်မည်အကြောင်း
ဘုရားသခင်သည် သင်တို့ကို ခေါ်တော်မူ၏။
15ထို့ကြောင့်၊ ညီအစ်ကိုမောင်နှမတို့၊ ငါတို့နှုတ်
ထွက်စကားအားဖြင့်ဖြစ်စေ၊ ငါတို့သည်သင်တို့
ထံသို့ ပို့ခဲ့ သောစာအားဖြင့်ဖြစ်စေ၊ ငါတို့သည်
သင်တို့အား သင်ခဲ့ပြီးသောနည်းဥပဒေများကို
တည်ကြည်လျက် ဆက်လက်ယုံကြည်ကြလော့။
16-17သင်တို့သည် ခပ်သိမ်းသောကောင်းမွန်
သည့်အရာတို့ကိုပြုခြင်းနှင့် ပြောဆိုခြင်းတို့တွင်
ငါတို့အဘတည်းဟူသော ဘုရားသခင်နှင့် ငါတို့
သခင်ယေရှုခရစ်သည် ကိုယ်တော်ကိုယ်တိုင်
သင်တို့စိတ်နှလုံးကို သက်သာစေ၍ ခွန်အား
ဖြင့် ပြည့်စုံစေခြင်းငှါ ငါတို့ဆုတောင်းကြ၏။
ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူ၏။ သူ
သည် ငါတို့အား ကောင်းသောမျှော်လင့်ခြင်း
နှင့် နှစ်သိမ့်သက်သာခြင်းတို့ကို ဆက်လက်၍
ထာဝရတည်ရှိစေခြင်းငှါ သူ၏ကျေးဇူးတော်
အားဖြင့် ပေးတော်မူ၏။

## ငါတို့အတွက်ဆုတောင်းပေးကြလော့

3ညီအစ်ကိုမောင်နှမတို့၊ ယခုတွင် ငါတို့အ
တွက် ဆုတောင်းပေးကြလော့။ သခင်
ဘုရား၏သွန်သင်တော်မူခြင်းတရားသည် လျင်
မြန်စွာပျံ့နှံ့စေခြင်းငှါ ဆုတောင်းကြလော့။ သင်
တို့၌ ဖြစ်ပျက်သည့်နည်းတူ လူတို့သည် ထိုသွန်
သင်တော်မူခြင်းတရားကို ကြည်ညိုလေးမြတ်
ခြင်းရှိလိမ့်မည်အကြောင်း ဆုတောင်းကြလော့။
2ငါတို့သည် ဆိုးသွမ်း၍ ဆိုးညစ်သောလူတို့မှ
ကွယ်ကာခြင်းသို့ ရောက်လိမ့်မည်အကြောင်း
ဆုတောင်းကြလော့။ (လူအပေါင်းတို့သည်
သခင်ဘုရား၌ ယုံကြည်ခြင်းမရှိကြ။)
3သို့သော်လည်း၊ သခင်ဘုရားသည် သစ္စာ
နှင့်ပြည့်စုံတော်မူ၏။ သူသည် သင်တို့ကို ခွန်
အားနှင့် ပြည့်စုံစေ၍ ဆိုးညစ်သောသူမှ ကွယ်
ကာတော်မူလိမ့်မည်။ 4ငါတို့သည် ဘုရားသခင်
ကိုကိုးစားသောကြောင့် သင်တို့အား ငါတို့သွန်
သင်သောအရာများကို သင်တို့သည် ပြုလျက်

ရှိကြသည်ကို ငါတို့သေချာ၏။ သင်တို့သည် ထို
အရာများကို ဆက်လက်၍ပြုရကြမည်ကိုလည်း
ငါတို့သိကြ၏။ 5သခင်ဘုရားသည် သင်တို့ကို
ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ထဲသို့ လမ်း
ပြတော်မူမည့်အကြောင်းနှင့် ခရစ်တော်၌ရှိ
သောစိတ်ရှည်သည်းခံခြင်းကဲ့သို့ သင်တို့၌ရှိ
မည်အကြောင်း ငါတို့ဆုတောင်းကြ၏။

## အလုပ်လုပ်ရန်တာဝန်

6ညီအစ်ကိုမောင်နှမတို့၊ ငါတို့သခင်ယေရှု
ခရစ်၏အခွင့်အာဏာအားဖြင့် အလုပ်လုပ်ရန်
ငြင်းပယ်သောယုံကြည်သူတို့ထံမှ အဝေးသို့
ရှောင်ရန် ငါတို့သည် သင်တို့အား ပညတ်ထား
ကြ၏။ အလုပ်လုပ်ရန် ငြင်းပယ်သောသူတို့
သည် သူတို့အား ငါတို့ပေးထားသောသွန်သင်
ခြင်းတရားတို့ကို လိုက်လျှောက်ခြင်းမရှိ။ 7သင်
တို့သည် ငါတို့ကဲ့သို့ အသက်ရှင်နေရကြမည်
အကြောင်းကို သင်တို့ကိုယ်တိုင်လည်း သိကြ
၏။ ငါတို့သည် သင်တို့နှင့်အတူရှိနေစဉ် ပျင်း
ရိခြင်းသည် ငါတို့၌မရှိ။ 8ငါတို့သည် အခြား
သောသူ၏အစားအစာကို စားသောက်သော
အခါ၊ ငါတို့သည် ထိုအရာအတွက် အခကိုပေး
ကြ၏။ ငါတို့သည် သင်တို့အထဲရှိ အဘယ်သူကို
မျှ နှောင့်ယှက်ခြင်း၊ ဆင်းရဲဒုက္ခကို မဖြစ်စေ
ခြင်းငှါ ငါတို့သည် ထိုသို့အလုပ်လုပ်လျက်နေ
ကြ၏။ ငါတို့သည် နေ့ညဥ့်မပြတ်အလုပ်လုပ်ကြ
၏။ 9သင်တို့သည် ငါတို့အား ကူညီကြပါမည်အ
ကြောင်း တောင်းပန်ရသောအခွင့်ကို ငါတို့၌
ရှိကြ၏။ သို့သော်လည်း၊ ငါတို့သည် ကိုယ့်ကို
ကိုယ် ကြည့်ရှုစောင့်ရှောက်နိုင်ပါမည်အ
ကြောင်းအလုပ် လုပ်ကြ၏။ ထိုကြောင့် ငါတို့
သည် သင်တို့လိုက် လျှောက်ရန်အတွက် ပုံ
သက်သေတစ်ခုဖြစ်ကြ၏။ 10ငါတို့သည် သင်တို့
နှင့်အတူ ရှိနေသောအခါ ငါတို့သည် သင်တို့
အား ဤစည်းမျဉ်းစည်းကမ်းကိုပေးကြ၏။ 'လူ
တစ်ယောက်သည် အလုပ်မလုပ်ဘဲနေလျှင် သူ
သည် စားရလိမ့်မည်မဟုတ်။''

11သင်တို့တွင် အချို့သောသူတို့သည်အလုပ်
လုပ်ရန် ငြင်းပယ်ကြသည်ကို ငါတို့ကြားရ၏။
သူတို့သည် မည်သည့်အရာကိုမျှ မလုပ်ကြ။
သူတို့သည် အခြားသောသူတို့၏လုပ်ငန်းများ၌
ကိုယ့်ကိုကိုယ် အလုပ်များလျက်ရှုပ်ထွေးအောင်
ပြုကြ၏။ 12ထိုသို့သောသူတို့သည် ငြိမ်ဝပ်စွာ
လုပ်ဆောင်၍ မိမိတို့အစားအစာအတွက် အ
လုပ်လုပ်ကြရမည်အကြောင်း သခင်ယေရှုခရစ်
၏အခွင့်အာဏာတော်အားဖြင့် ငါတို့ပညတ်
ထားကြ၏။ 13ညီအစ်ကိုမောင်နှမတို့၊ ကောင်း
သောအရာကို ပြုခြင်းတွင် ဘယ်သောအခါမျှ
မောပန်းခြင်း မရှိကြနှင့်။
14တစ်စုံတစ်ယောက်သည် ဤစာအားဖြင့်
သင်တို့အား ငါတို့ပြောဆိုသောအရာကို နာခံ
ခြင်းမရှိလျှင်၊ ထိုသူသည် မည်သူဖြစ်သည်ကို
အောက်မေ့သတိရကြလော့။ ထိုသူနှင့်အတူ
ပေါင်းဖော်ခြင်းကို မပြုကြနှင့်။ ထိုနောက် ထို
သူသည် ရှက်ကြောက်ခြင်းကို ခံရပါလိမ့်မည်။
15သို့သော်လည်း၊ သူ့အားရန်သူတစ်ယောက်
ကဲ့သို့ မဆက်ဆံကြဘဲညီအစ်ကို တစ်ယောက်
ကဲ့သို့ သတိပေးဆုံးမကြလော့။

## နောက်ဆုံးမှာကြားခြင်းစကားများ

16ငြိမ်သက်ခြင်း၏ အရှင်သခင်သည် သင်
တို့အား ငြိမ်သက်ခြင်းကို ပေးတော်မူလိမ့်မည်
အကြောင်း ငါတို့ဆုတောင်းကြ၏။ သူသည်
သင်တို့အား အစဉ်မပြတ် ခတ်သိမ်းသောအမှု
အရာအားဖြင့် ငြိမ်သက်ခြင်းကို ပေးတော်မူ
လိမ့်မည်အကြောင်း ငါတို့ဆုတောင်းကြ၏။
သခင်ဘုရားသည် သင်တို့အားလုံးတို့နှင့်အတူ
ရှိပါစေသော။ 17ယခုတွင်ငါ၊ ပေါလုသည် ဤ
စာကို ငါကိုယ်တိုင်လက်ရေးဖြင့်အဆုံးသတ်၏။
ငါပေးသောစာအားလုံးတို့သည် ငါ့ထံမှဖြစ်ကြ
သည်ကို ဤစာအားဖြင့် ထင်ရှားစေ၏။ ဤ
အရာသည် ငါရေးသားသောနည်းလမ်း ဖြစ်၏။
18ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်
သည် သင်တို့အားလုံးအပေါ်၌ ရှိပါစေသော။

# တိမောသေသြဝါဒစာ ပထမစောင်

1 ခရစ်တော်ယေရှု၏ တမန်တော်တစ်ပါးဖြစ်
သော ပေါလုထံမှ နှုတ်ဆက်ပါ၏။ ငါတို့၏
ကယ်တင်ရှင် ဖြစ်တော်မူသောဘုရားသခင်နှင့်
ငါတို့၏မျှော်လင့်ခြင်းဖြစ်သော ခရစ်တော်
ယေရှု၏ပညတ်တော်အားဖြင့် ငါသည် တမန်
တော်တစ်ပါးဖြစ်၏။
2ယုံကြည်ခြင်းအားဖြင့် ငါ့သားစစ်ကဲ့သို့ ဖြစ်
သောတိမောသေကို နှုတ်ဆက်ပါ၏။ ခမည်း
တော်ဘုရားသခင်နှင့် ငါတို့သခင်ခရစ်တော်
ယေရှုထံတော်မှ ကျေးဇူးတော်၊ ကရုဏာတော်
နှင့်ငြိမ်သက်ခြင်း ရှိပါစေသော။

## မှားယွင်းသောသွန်သင်ခြင်းများကို ဆန့်ကျင်၍သတိပေးခြင်း

3ငါသည် ဧဖက်မြို့၌ နေရန်အလိုရှိ၏။ ငါ
သည် မာကေဒေါနိပြည်သို့ သွားသောအခါ
ထိုအရာကို ပြုရန်သင့်အား ငါတောင်းပန်၏။
ဧဖက်မြို့၌ရှိသောသူအချို့တို့သည် မှားယွင်း
သောအရာများကို သွန်သင်လျက် နေကြ၏။
ထိုသူတို့သည် မှားယွင်းသောအရာများကို
မသွန်သင်မည့်အကြောင်း ပညတ်ရန် ထိုအရပ်
၌နေလော့။ 4မဟုတ်မမှန်သောပုံဝတ္ထုများနှင့်
ရှည်လျားသော မျိုးနွယ်စုသမိုင်းဝင်နာမည်စာ
ရင်းများအတွက် သူတို့၏အချိန်ကို မဖြုန်းကြရန်
ထိုသူတို့ကို ပြောကြားလော့။ ထိုအရာတို့သည်
ငြင်းခုံခြင်းကိုသာ ဖြစ်စေ၍ ဘုရားသခင်၏အမှု
တော်အတွက် အကျိုးမရှိ။ ဘုရားသခင်၏အမှု
တော်သည် ယုံကြည်ခြင်းအားဖြင့် ဆောင်ရွက်
ရ၏။ 5ဤပညတ်၏ပန်းတိုင်မှာ လူတို့၌ချစ်ခြင်း
မေတ္တာရှိရန်အတွက်ဖြစ်၏။ ဤချစ်ခြင်းမေတ္တာ
အတွက် လူတို့၌ဖြူစင်သောစိတ်နှလုံးရှိရမည်။
အဘယ်အရာဖြောင့်မတ်သည်ကို သူတို့သိသည်
အလျောက် သူတို့ဆောင်ရွက်ရမည်။ သူတို့
သည် စစ်မှန်သောယုံကြည်ခြင်း ရှိရမည်။ 6အ
ချို့သောသူတို့သည် ဤအရာများကို မပြုကြ။
သူတို့သည် အဝေးသို့မျက်စိလည်လမ်းမှားကြ
၏။ ယခုအခါ၌ သူတို့သည် အဓိပ္ပါယ်မဲ့သော
အကြောင်းအရာများကို ပြောဆိုနေကြ၏။ 7ထို
သူတို့သည် ကျမ်းပြုဆရာများဖြစ်ရန် အလိုရှိ
ကြ၏။ သို့သော်လည်း၊ သူတို့သည် အဘယ်အ
ကြောင်းအရာပြောဆိုကြသည်ကို သူတို့မသိ
ကြ။ သူတို့အသေအချာသိသည်ဟု ဆိုသော
အရာများကိုပင် သူတို့နားလည်ခြင်းမရှိကြ။
8သင်တို့သည် ထိုအရာကို မှန်ကန်စွာ အသုံးပြု
လျှင် ပညတ်တရားသည် ကောင်းသည်ဟု ငါ
တို့သိကြ၏။ 9ပညတ်တရားသည် လူကောင်း
တို့အတွက် ထားသည်မဟုတ် ကြောင်းကို
လည်း ငါတို့သိကြ၏။ ပညတ်တရားကို ဆန့်
ကျင်တားဆီးသောသူတို့နှင့် ပညတ်တရားကို
လိုက်လျှောက်ရန် ငြင်းပယ်သောသူတို့အတွက်
ပညတ်တရားကို ထားတော်မူ၏။ ဘုရားသခင်
ကို ဆန့်ကျင်သောသူ၊ အပြစ်ရှိသောသူ၊ မသန့်
ရှင်းသောသူ၊ တရားသောသူ၊ ကိုယ့်မိဘကို
သတ်သောသူ၊ လူ့အသက်ကို သတ်သောသူ၊
10မတရားသောမေထုန်၌ မှိုဝဲသောသူ၊ ယော
က်ျားချင်းမေထုန်ကိုပြုသောသူ၊ ကျွန်ကိုရောင်း
စားသောသူ၊ မုသာစကားကို ပြောဆိုသော
သူ၊ မဟုတ်မမှန်ပြောဆိုသောသူ၊ ဘုရားသခင်
၏စစ်မှန်သောသွန်သင်ခြင်းကို ဆန့်ကျင်သော
အရာများကို ပြုသောသူတို့အတွက် ထိုအရာ
ကို ထားတော်မူ၏။ 11ထိုသွန်သင်ခြင်းတရား
သည် ဘုရားသခင်သည်ငါ့အား ဟောပြောရန်

ပေးတော်မူသော ဝမ်းမြောက်ဖွယ်ရာသတင်း
ကောင်း၏တစ်စိတ်တစ်ဒေသဖြစ်၏။ ထိုဘုန်း
ကြီးသော ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
သည် မင်္ဂလာရှိတော်မူသော ဘုရားသခင်ထံ
တော်မှဖြစ်၏။

## ဘုရားသခင်၏ကရုဏာတော်အတွက် ကျေးဇူးတင်ခြင်း

12ငါတို့၏သခင် ယေရှုခရစ်၏ကျေးဇူးတော်
ကို ငါချီးမွမ်းပါ၏။ အကြောင်းမူကား၊ သူသည်
ငါ့ကို စိတ်ချတော်မူ၍ သူ၏အမှုတော်ကို
ဆောင်ရွက်ရန်အမှုကို ငါ့အား အပ်ပေးတော်
မူ၏။ သူသည် ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်
မူ၏။ 13လွန်လေပြီးသောကာလ၌ ငါသည်
ခရစ်တော်ကို ဆန့်ကျင်၍ ပြောဆိုခဲ့၏။ ငါသည်
သူ့ကို ညှဉ်းဆဲနှိပ်စက်၍ ကြမ်းတမ်းစွာပြုခဲ့၏။
သို့သော်လည်း၊ ဘုရားသခင်သည် ငါ့အား
ကရုဏာတော်ကို ပေးတော်မူ၏။ အကြောင်း
မူကား ငါ၌အဘယ်အမှုကို ပြုခဲ့ကြောင်း ငါမ
သိခဲ့။ ငါသည် ယုံကြည်ခြင်းမရှိမှီ ထိုအရာ
များကိုပြုခဲ့၏။ 14သို့သော်လည်း ငါတို့သခင်
ဘုရား၏ကျေးဇူးတော်ကို ငါ့အား ကြွယ်ဝစွာ
ပေးတော်မူ၏။ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာ
တော်သည် ကျေးဇူးတော်နှင့်တကွ ခရစ်တော်
ယေရှုထံမှလာ၏။
15ဤပြောဆိုသောစကားသည် မှန်၍ အ
ကြွင်းမဲ့သင်တို့လက်ခံရမည်။ ခရစ်တော်ယေရှု
သည် အပြစ်ရှိသောသူများကို ကယ်တင်ရန်
လောကသို့ ကြွလာတော်မူ၏။ အပြစ်နှင့်ကင်း
သောသူမရှိ။ ထိုအပြစ်သားများထဲတွင် ငါသည်
အဆိုးဆုံးသောသူ ဖြစ်၏။ 16သို့သော်လည်း
ခရစ်တော်ယေရှုသည် ငါ့၌အတိုင်းအထက်အ
လွန် စိတ်ရှည်သည်းခံတော်မူခြင်းကို ထင်ရှား
စေခြင်းငှါ ငါ့အား ကရုဏာတော်ကို ပေးတော်
မူ၏။ ငါသည် အပြစ်ရှိသောသူများထဲတွင် အ
ဆိုးဆုံးသောသူ ဖြစ်သော်လည်း ခရစ်တော်
သည် သူ၏စိတ်ရှည်သည်းခံခြင်းကို ငါ့အား
ထင်ရှားစေတော်မူ၏။ ခရစ်တော်သည် ထာ
ဝရအသက်ကို ရရှိခြင်းငှါ သူ့ကို ယုံကြည်လာ
မည့်သူတို့အတွက် ပုံသက်သေဖြစ်စေခြင်းငှါ ငါ့
အား အလိုရှိတော်မူ၏။ 17ဂုဏ်အသရေနှင့်
ဘုန်းအာနုဘော်သည် ထာဝရကာလအစဉ်စိုး
တော်မူသောရှင်ဘုရင်၌ ရှိပါစေသော။ သူ
သည် ပျက်ဆီးခြင်းသို့ မရောက်နိုင်။ မျက်စိဖြင့်
လည်း မမြင်နိုင်။ ဂုဏ်အသရေနှင့် ဘုန်းအာနု
ဘော်သည် ဘုရားသခင်တစ်ပါးတည်း၌သာ
ထာဝရကာလတည်ပါစေသော။ အာမင်။
18တိမောသေ၊ သင်သည် ငါ၏သားကဲ့သို့
ဖြစ်၏။ ပညတ်ထားခြင်းအခွင့်ကို သင်၌ ငါအပ်
ပေး၏။ ဤပညတ်သည် လွန်ခဲ့ပြီးသောအချိန်၌
သင်၏အကြောင်းကို ဟောပြောခဲ့သောပရော
ဖက်ပြုခြင်းနှင့် သဘောတူခြင်းရှိ၏။ သင်သည်
ထိုပရောဖက်ပြုခြင်းများကို လိုက်ခြင်းအားဖြင့်
ကောင်းသောစစ်ကို တိုက်လှန်ခြင်းငှါ ဤအရာ
များကို သင့်အား ငါဆို၏။ 19ယုံကြည်ခြင်း၌
ဆက်လက်တည်မြဲ၍ မှန်သည် ဟုသင်ယုံကြည်
သောအရာကိုပြုလော့။ အချို့သောသူတို့သည်
ဤအရာတို့ကိုမပြုကြ။ ထိုကြောင့် သူတို့၏ယုံ
ကြည်ခြင်းသည် ပျက်စီးခဲ့ပြီ။ 20ဟုမေနဲနှင့်
အာလေဇန္ဒြတို့သည်လည်း ထိုအရာအတွက် ပုံ
သက်သေများဖြစ်ကြ၏။ ထိုသူတို့သည် ဘုရား
သခင်အားဆန့်ကျင်၍မပြောဆိုမည့်အကြောင်း
သင်ယူရန် စာတန်လက်သို့ ငါအပ်လိုက်၏။

## ယောက်ျားနှင့်မိန်းမတို့အတွက် အချို့သောစည်းမျဉ်းဥပဒေများ

2 ရှေးဦးစွာ၌ လူအားလုံးတို့အတွက် ဆု
တောင်းကြရန် သင်တို့အား ငါပြော၏။ လူ
အားလုံးတို့၏အကြောင်းကို ဘုရားသခင်အား
ကြားပြောကြလော့။ လူတို့လိုအပ်သောအရာ
များကိုပေးရန် သူ့အား တောင်းလျှောက်၍ သူ
၏ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ 2ငါတို့
သည် တိတ်ဆိတ်၍ ငြိမ်းချမ်းစွာ နေရမည့်အ
ကြောင်း ရှင်ဘုရင်တို့နှင့်အခွင့်အာဏာရှိသော
သူများအားလုံးတို့အတွက် သင်တို့သည် ဆု
တောင်းရမည်။ သို့မှသာ သင်တို့အသက်တာ

သည် ဘုရားသခင်အား ကြည်ညိုလေးစားခြင်း
နှင့်ရှင်း၊ ဆုတောင်းပဌနာပြုခြင်းနှင့်ရှင်း၊ ပြည့်
စုံမည်ဖြစ်၏။ 3ဤအရာသည် ကောင်းမွန်၍ ငါ
တို့၏ကယ်တင်ရှင်ဘုရားသခင်အား ကျေနပ်နှစ်
သက်စေတော်မူ၏။ 4လူအားလုံးတို့သည် ကယ်
တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေ
ခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။ 5ဘုရား
သခင်တစ်ဆူတည်းသာ ရှိတော်မူ၏။ လူတို့
သည် ဘုရားသခင်ထံသို့ ရောက်နိုင်ရန် တစ်
လမ်းတည်းသာရှိ၏။ ထိုလမ်းသည် လူသားဖြစ်
သော ယေရှုခရစ်အားဖြင့် ဖြစ်၏။ 6ယေရှုသည်
လူအားလုံးတို့၏အပြစ်အတွက် ပေးဆပ်ရန်
ကိုယ့်ကိုကိုယ် အပ်နှံပူဇော်တော်မူ၏။ ဘုရား
သခင်သည် လူအားလုံးတို့အား ကယ်တင်ခြင်း
သို့ရောက်စေခြင်းငှါ အလိုရှိတော်မူကြောင်းကို
ယေရှုအားဖြင့် သက်သေပြတော်မူ၏။ သူသည်
အချိန်တန်သောအခါ ကြွလာတော်မူ၏။ 7ထို
အကြောင်းကြောင့်ငါသည် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို ဟောပြောရန်နှင့် တမန်
တော်တစ်ပါးဖြစ်ရန် ရွေးချယ်ခြင်းကိုခံရ၏။ သင်
တို့ကို ငါပြောနေသောအရာသည် မုသာစကား
မဟုတ်၊ သမ္မာတရားဖြစ်၏။ ငါသည် တစ်ပါး
သောအမျိုးသားတို့၏ ဆရာတစ်ပါးအဖြစ်ရွေး
ချယ်ခြင်းကိုခံရ၏။ သူတို့သည် သမ္မာတရားကို
သိ၍ယုံကြည်ကြရန် ငါသွန်သင်၏။
8သို့ဖြစ်၍ အရပ်ရပ်တို့၌ ယောက်ျားတို့
သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်
ရှင်းသောလက်ကိုချီ၍ ဆုတောင်းစေခြင်းငှါ ငါ
အလိုရှိ၏။
9မိန်းမတို့သည်လည်း သင့်လျော်သောအ
ဝတ်အစားတို့ကို ကြည်ညိုလေးစားဖွယ်ရာ၊
ပြောင့်မတ်သောစိတ်ထင်မှတ်ခြင်းနှင့် ဝတ်ဆင်
ခြင်းငှါ ငါအလိုရှိ၏။ သူတို့သည် ကျစ်သောဆံ
ပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲများ သို့မဟုတ်
အဖိုးတန်သောအဝတ်အစားများတို့ဖြင့် မဆင်
ရ။ 10သို့သော်လည်း၊ သူတို့သည် ကောင်းသော
အရာများကိုပြုခြင်းအားဖြင့် ကိုယ့်ကိုကိုယ်တင့်
တယ်လှပစေခြင်းငှါ ပြုကြရပါမည်။ သူတို့သည်
ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သည် ဟုဆို
သောမိန်းမတို့သည် ကိုယ့်ကိုကိုယ် လှပစေခြင်း
ငှါ ထိုနည်းလမ်းအတိုင်း ပြုရပါမည်။
11မိန်းမသည် ငြိမ်သက်စွာ နားထောင်စဉ်
တွင်လည်းကောင်း၊ နာခံရန် အဆင်သင့် အ
ပြည့်အဝရှိနေစဉ်တွင်လည်း သင်ယူရပါမည်။
12မိန်းမသည် ယောက်ျားအား သွန်သင်စေခြင်း
ကို ငါသည် အခွင့်မပေး။ မိန်းမသည် ယော
က်ျားအပေါ်၌ အခွင့်အာဏာရှိစေခြင်းကို ငါ
သည် အခွင့်မပေး။ မိန်းမသည် ဆက်လက်
တိတ်ဆိတ်စွာ နေအပ်၏။ အဘယ်ကြောင့်
နည်းဟူမူကား၊ 13အာဒံကို ပထမဖန်ဆင်းတော်
မူ၏။ နောက်မှ ဧဝကို ဖန်ဆင်းတော်မူ၏။
14ထိုအပြင် အာဒံသည် မာန်နတ်အားဖြင့် လိမ်
ညာလှည့်ဖြားခြင်းကို ခံခဲ့ရသောသူမဟုတ်။
လိမ်ညာလှည့်ဖြားခြင်းကို ခံခဲ့ရပြီး အပြစ်ကျူး
လွန်သောသူသည် မိန်းမဖြစ်၏။ 15သို့သော်
လည်း၊ မိန်းမတို့သည် သားသမီးများကို မွေး
ဖွားခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်
လိမ့်မည်။ သူတို့သည် ယုံကြည်ခြင်း၊ ချစ်ခြင်း၊
သန့်ရှင်းခြင်းနှင့် မိမိကိုယ်ကို ဆက်လက်၍
ထိန်းချုပ်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်
ကြလိမ့်မည်။

## အသင်းတော်၌ဦးဆောင်သောသူများ

3 ငါပြောသောအရာသည်မှန်၏။ လူတစ်
ယောက်သည် သင်းအုပ်တစ်ယောက်ဖြစ်
လာရန် တောင့်တလျှင် သူသည် ကောင်း
သောအမှုအရာကို တောင့်တ၏။ 2လူတို့သည်
သင်းအုပ်အား အပြစ်တင်ဝေဖန်ခြင်း အခွင့်မရှိ
စေခြင်းငှါ သူသည် ကောင်းသောသူ ဖြစ်ရ
မည်။ သူသည် မယားတစ်ဦးတည်းသာ ရှိရ
မည်။ မိမိကိုယ်ကို ထိန်းချုပ်ခြင်းနှင့် ဥာဏ်
ပညာရှိရမည်။ အခြားသောသူတို့၏ ကြည်ညို
လေးစားခြင်းကိုခံရမည်။ ဧည့်သည်ဝတ်ကို ပြု
တတ်သောသူဖြစ်ရမည်။ ကောင်းသောဆရာ
တစ်ပါးလည်း ဖြစ်ရမည်။ 3စပျစ်ရည်ကို အလွန်
အကျွံသောက်သောသူမဖြစ်ရ။ ရန်တွေ့ခြင်းကို

နှစ်သက်သောသူမဖြစ်ရ။ နူးညံ့သိမ်မွေ့၍ ငြိမ်း
ချမ်းစွာနေသောသူဖြစ်ရမည်။ ငွေကိုအလွန်
တပ်မက်သောသူမဖြစ်ရ။ 4မိမိအိမ်ထောင်မိ
သားစု၏ခေါင်းဆောင်ကောင်း ဖြစ်ရမည်။ ဤ
သို့ဆိုရာတွင် သူ၏သားသမီးတို့သည် သူ့ကို နာ
ခံလျက် အကြွင်းမဲ့ကြည်ညိုလေးစားခြင်းရှိကြ
ရမည်။ 5လူတစ်ယောက်သည် သူ့မိသားစု၏
ခေါင်းဆောင်ကောင်းမဖြစ်လျှင် အဘယ်သို့
ဘုရားသခင်၏အသင်းတော်အတွက် ခေါင်း
ဆောင်ကောင်း ဖြစ်နိုင်မည်နည်း။ 6သို့သော်
လည်း၊ သင်းအုပ်တစ်ယောက်သည် ယုံကြည်
ခြင်း၌ မရင့်ကျက်သောသူမဖြစ်ရ။ အကြောင်း
မူကား ထိုအရာသည် သူ့ကို ဝါကြွားခြင်းသို့
ရောက်စေလိမ့်မည်။ ထို့နောက် စာတန်သည်
တရားစီရင်ခြင်းခံရသည့်နည်းတူ ထိုသူကိုလည်း
သူ၏ဝါကြွားခြင်းကြောင့်တရားစီရင်ခြင်းကို ခံရ
မည်။ 7သင်းအုပ်သည် အသင်းတော်တွင်းက
မဟုတ်သောသူတို့၏ ကြည်ညိုလေးစားခြင်းကို
ခံရသောသူလည်း ဖြစ်ရပါမည်။ ဤသို့ဖြင့် သူ
သည် အခြားသောသူတို့နှင့်အတူ မာရ်နတ်
ထောင်ချောက်၏ဖမ်းမိခြင်းနှင့် ဝေဖန်ပြစ်တင်
ခြင်းကိုခံရလိမ့်မည်မဟုတ်။

## အသင်းတော်၌သင်းထောက်များ

8ထိုနည်းတူ၊ သင်းထောက်အဖြစ် အထူးအ
မှုဆောင်သောသူတို့သည်လည်း လူတို့၏ကြည်
ညိုလေးစားခြင်းကို ခံရသောသူများ ဖြစ်ရကြ
ရမည်။ သူတို့သည် သူတို့၏စကားအပေါ်တွင်
တည်ကြည်ရမည်။ သူတို့သည် စပျစ်ရည်ကို
အလွန်အကျွံသောက်ခြင်းဖြင့် သူတို့၏အချိန်ကို
အသုံးမပြုရ။ သူတို့သည် အခြားသောသူများ
တို့ကို လိမ်ညာလှည့်ဖြားခြင်းအားဖြင့် ကြွယ်ဝ
ချမ်းသာခြင်းသို့ရောက်ရန် အစဉ်မပြတ်ကြိုးစား
နေသောသူများမဖြစ်ရ။ 9ဘုရားသခင်သည် ငါ
တို့အား သိစေတော်မူသောယုံကြည်ခြင်းကို သူ
တို့လိုက်ရမည်။ ဖြောင့်မတ်သည်ဟု သူတို့သိ
သောအရာတို့ကို သူတို့သည် အစဉ်မပြတ် ပြုရ
ပါမည်။ 10သင်တို့သည် ထိုသူတို့ကို ဦးစွာတွေ့
ဆုံစစ်ဆေးရမည်။ သူတို့၌ မှားယွင်းသောအ
ရာတစ်စုံတစ်ခုမျှ မတွေ့မှသာ သူတို့သည်
သင်းထောက်များအဖြစ် အမှုကို ဆောင်ရွက်
နိုင်၏။ 11ထိုနည်းတူ သင်းထောက်မိန်းမတို့သည်
လည်း အခြားသောသူတို့၏ကြည်ညိုလေးစား
ခြင်းကိုခံရသောသူများ ဖြစ်ကြရမည်။ သူတို့
သည် သူတစ်ပါး၏မကောင်း ကြောင်းကို ပြော
ဆိုတတ်သောမိန်းမများမဖြစ်ရ။ သူတို့သည်
ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်သောသူ၊ ခပ်သိမ်း
သောအရာတို့၌ ယုံကြည်စိတ်ချသောမိန်းမဖြစ်
ကြရမည်။ 12သင်းထောက်သည် မယားတစ်
ယောက်တည်းရှိရမည်။ သူတို့သည် မိမိ၏သား
သမီးများနှင့်အိမ်ထောင်မိသားစုအတွက် ခေါင်း
ဆောင်ကောင်းများဖြစ်ကြရမည်။ 13ကောင်း
သောနည်းလမ်းအားဖြင့် သင်းထောက်အမှုကို
ဆောင်ရွက်သောသူသည် မိမိတို့အတွက် ဂုဏ်
သရေကို အမြတ်ရကြ၏။ သူတို့သည် ခရစ်
တော်ယေရှု၌ သူတို့၏အကြွင်းမဲ့စိတ်ချယုံကြည်
ခြင်းကိုခံစားရကြလိမ့်မည်။

## ငါတို့အသက်တာ၏လျှို့ဝှက်ချက်

14ငါသည် သင်တို့ရှိရာသို့ အလျင်အမြန်
လာမည်ဟု ငါမျှော်လင့်၏။ သို့သော်လည်း
ယခုတွင် ငါသည် ဤအရာတို့ကို သင့်အား ရေး
လိုက်၏။ 15ထို့နောက်၊ ငါသည် အလျင်အမြန်
မလာနိုင်လျှင်၊ လူတို့သည် ဘုရားသခင်၏မိ
သားစုအတွင်း၌ ပြုကြရမည့်အကြောင်းအရာ
များကို သင်သည် သိရပါလိမ့်မည်။ ထိုမိသားစု
သည် အသက်ရှင်တော်မူသောဘုရားသခင်၏
အသင်းတော်ဖြစ်၏။ ဘုရားသခင်၏အသင်း
တော်သည် ခိုင်မာသောသမ္မာတရား၏အခြေခံ
အုတ်မြစ်ဖြစ်၏။ 16မည်သည့်သံသယမျှမရှိဘဲ
လျှို့ဝှက်နက်နဲသော ငါတို့အသက်တာ၏ကိုး
ကွယ်ခြင်းသည် ကြီးမား၏။

သူသည် လူသားတစ်ယောက်၏အသွင်
ကိုဆောင်၍ ငါတို့အား ထင်ရှားတော်မူ
၏။ သူသည် ဘုရားသခင်ကို ကျေနပ်နှစ်
သက်စေကြောင်း ဝိညာဉ်တော်က သက်

သေပြ၏။ ကောင်းကင်တမန်တော်တို့
သည် သူ့ကို မြင်ကြ၏။ သူ၏ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းအကြောင်းသည်
တပါးအမျိုးသားတို့အား ဟောပြောပြီး
ဖြစ်၏။ ကမ္ဘာလောက၌ ရှိသောလူတို့
သည် သူ့ကို ယုံကြည်ကြ၏။ သူသည်
ဘုန်းအသရေတော်နှင့် ကောင်းကင်သို့
ဆောင်ယူခြင်းကိုခံတော်မူ၏။

## မှားယွင်းသောဆရာများအကြောင်း ကိုသတိပေးခြင်း

4 နောင်ကာလ၌ အချို့သောသူတို့သည် စစ်
မှန်သောယုံကြည်ခြင်းကို ငြင်းပယ်ကြရလိမ့်
မည့်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်
သည် ရှင်းလင်းစွာဟောပြောတော်မူ၏။ သူတို့
သည် လိမ်ညာလှည့်ဖြားတတ်သောဝိညာဉ်
များကို နာခံကြလိမ့်မည်။ သူတို့က နတ်ဆိုးတို့
၏သွန်သင်ခြင်းနောက်သို့ လိုက်ကြလိမ့်မည်။
[2]ထိုသွန်သင်ခြင်းများသည် လူတို့အား လိမ်ညာ
လှည့်ဖြား၍ မုသာစကားကို ပြောသောလူတို့
အားဖြင့်လာ၏။ သူတို့သည် အဘယ်အရာ
သည် ဖြောင့်မတ်မှန်ကန်သည်၊ အဘယ်အရာ
သည် မှားယွင်းသည်ကို မမြင်နိုင်ကြ။ သူတို့၏
နားလည်ခြင်းသည် သံပူဖြင့် ဖျက်ဆီးစေသကဲ့
သို့ဖြစ်၏။ [3]သူတို့သည် မင်္ဂလာဆောင်ခြင်း
အမှုကို မှားယွင်းသောအရာဖြစ်သည်ဟု ပြော
ကြ၏။ သူတို့သည် လူတို့မစားအပ်သောအစား
အစာအချို့ရှိသည်ဟု လူတို့အားပြောဆိုကြ
မည်။ သို့သော်လည်း ဘုရားသခင်သည် ထို
အစားအစာများကို ဖန်ဆင်းတော်မူ၏။ ယုံ
ကြည်၍သမ္မာတရားကို သိသောသူတို့သည် ထို
အစားအစာများကို ကျေးဇူးတော်ချီးမွမ်းခြင်း
အားဖြင့်စားနိုင်ကြ၏။ [4]ဘုရားသခင်ဖန်ဆင်း
တော်မူသော ခပ်သိမ်းသောအရာတို့သည်
ကောင်း၏။ ဘုရားသခင်၏ကျေးဇူးတော်ကိုချီး
မွမ်းခြင်းနှင့်အတူခံယူသောသူသည်၊ ဘုရား
သခင်ဖန်ဆင်းတော်မူသောအရာဟူသမျှ ငြင်း
ပယ်စရာအကြောင်းမရှိ။ [5]ဘုရားသခင်ဖန်ဆင်း
တော်မူသော ခပ်သိမ်းသောအရာတို့သည်
ဘုရားသခင်၏နှုတ်ကပတ်တရားအားဖြင့်သော်
လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်
လည်းကောင်းသန့်ရှင်းစင်ကြယ်၏။

## ခရစ်တော်ယေရှု၏ကောင်းသောအ စေခံတစ်ယောက်ဖြစ်လော့

[6]ထိုနေရာ၌ရှိသော ညီအစ်ကိုမောင်နှမတို့
အား ဤအရာများကို ပြောပြလော့။ ဤအရာ
သည် သင့်အား ခရစ်တော်ယေရှု၏ကောင်း
သောအစေခံတစ်ယောက်ဖြစ်ကြောင်းကို ထင်
ရှားစေလိမ့်မည်။ ယုံကြည်ခြင်းစကားများနှင့်
သင်လိုက်လျှောက်သည့် ကောင်းသောသွန်
သင်ခြင်းအားဖြင့် ခွန်အားနှင့်ပြည့်စုံစေသည့်အ
ကြောင်းကို သင့်အား ထင်ရှားစေလိမ့်မည်။
[7]လူတို့သည် ဘုရားသခင်၏သမ္မာတရားနှင့်မ
ကိုက်ညီသော တရားမဲ့ပုံပြင်များကို ပြောတတ်
ကြ၏။ ထိုကဲ့သို့သောပုံပြင်များကို မလိုက်
လျှောက်ဘဲ ဘုရားသခင်အား သမ္မာသတိရှိ
စွာအမှုဆောင်ရန် ကိုယ့်ကိုကိုယ် လေ့ကျင့်သင်
ကြားလော့။ [8]သင်၏ကိုယ်ခန္ဓာကို လေ့ကျင့်
ခြင်းသည် သင့်အား အချို့သောအရာ၌ အ
ကျိုးဖြစ်စေလိမ့်မည်။ သို့သော်လည်း ဘုရား
သခင်၏အမှုကို ဆောင်ရွက်ခြင်းသည် သင့်အား
ခပ်သိမ်းသောအရာအတွက် အကျိုးဖြစ်စေ
လိမ့်မည်။ ဘုရားသခင်၏အမှုတော်ကို ဆောင်
ရွက်ခြင်းသည် သင့်အား ဤဘဝအသက်တာ
နှင့် နောင်လာမည့်အသက်တာ၌ ကောင်းချီး
မင်္ဂလာများကို ယူဆောင်လာပါမည်။ [9]ငါ
ဟောပြောသည့်အရာသည် မှန်၏။ သင်သည်
ထိုအရာကို အကြွင်းမဲ့ခံယူသင့်၏။ [10]ထိုအ
ကြောင်းကြောင့် ငါတို့သည် ရုန်းကန်၍ ကြိုး
စားလုပ်ဆောင်ကြ၏။ အကြောင်းမူကား၊ ငါ
တို့သည် အသက်ရှင်တော်မူသောဘုရားသခင်
၌ မျှော်လင့်ခြင်းရှိကြ၏။ သူသည် လူသားအား
လုံးတို့၏ကယ်တင်ရှင်ဖြစ်တော်မူ၏။ အထူးသ
ဖြင့်၊ သူသည် ယုံကြည်သောသူတို့၏ကယ်တင်
ရှင် ဖြစ်တော်မူ၏။ [11]ဤအရာများကို ပညတ်

ထား၍ သွန်သင်လော့။ 12သင်သည် ငယ်ရွယ်
သောသူဖြစ်၏။ သို့သော်လည်း သင်သည်
အနှိမ်ခံရသောသူကဲ့သို့ မည်သူတစ်ဦးတစ်
ယောက်ကမျှ ပြုခြင်းအခွင့်မရှိစေနှင့်။ ယုံကြည်
သူတို့သည် မည်ကဲ့သို့အသက်ရှင်နေထိုင်ကြရ
ပါမည်အကြောင်း ပုံသက်သေပြလော့။ သင်၏
ပြောဆို ပြုမူခြင်း၊ သင်၏အသက်ရှင်ခြင်း၊ သင်
၏ချစ်ခြင်းမေတ္တာရှိခြင်း၊ သင်၏ယုံကြည်ခြင်း
နှင့်သင်၏သန့်ရှင်းစင်ကြယ်ခြင်းစသည် တို့အား
ဖြင့် သူတို့အတွက် ပုံသက်သေဖြစ်လော့။ 13လူ
တို့အား သမ္မာကျမ်းစာကို ဆက်လက်၍ဖတ်
ကြားလျက်၊ သူတို့ကို တိုက်တွန်း၍ သွန်သင်
လော့။ ငါလာသည့်တိုင်အောင် ထိုအရာများ
ကိုပြုလော့။ 14သင်၌ရှိသောဆုကျေးဇူးကို အ
သုံးပြုရန် အောက်မေ့သတိရလော့။ သင်းအုပ်
များတို့သည် သင်၏အပေါ်၌ သူတို့၏လက်များ
ကို တင်၍ပရောဖက်ပြုခြင်းအားဖြင့် ထိုဆု
ကျေးဇူးကို သင့်အား ပေးတော်မူ၏။ 15ထိုအ
ရာများတို့ကို ဆက်၍ပြုလော့။ ထိုအရာများ
ကိုပြုရန် သင်၏အသက်တာကို ဆက်ကပ်
လော့။ ထို့နောက် သင်၏တိုးပွားခြင်းကို လူ
အားလုံးတို့သည် မြင်နိုင်ကြပါမည်။ 16သင်၏
အသက်တာနှင့် သင်၏သွန်သင်ခြင်းတို့တွင် သ
တိပြုလော့။ မှန်ကန်စွာ အသက်ရှင်ခြင်းနှင့်
သွန်သင်ခြင်းတို့ကို ဆက်၍ပြုလော့။ ထို့နောက်
သင်နှင့် သင်၏သွန်သင်ခြင်းကို နားထောင်
သောသူတို့ကို ကယ်တင်လိမ့်မည်ဖြစ်၏။

## အခြားသောသူတို့နှင့်အတူ အသက်ရှင်ရန် အချို့သောစည်းမျဉ်းများ

5 အသက်ကြီးသောသူကို အမျက်ထွက်လျက်
မပြောဆိုနှင့်။ သင်၏အဘကဲ့သို့ တိုက်
တွန်းလော့။ လူပျိုတို့ကို သင်၏ညီအစ်ကိုတို့ကဲ့
သို့ ပြုမူလော့။ 2အသက်ကြီး သောမိန်းမတို့ကို
သင်၏အမိကဲ့သို့ ပြုမူလော့။ မိန်းမပျိုတို့ကို
သင်၏ညီမတို့ကဲ့သို့ပြုမူလော့။ သူတို့အား အစဉ်
မပြတ်ကောင်းသောနည်းလမ်းဖြင့် ပြုမူလုပ်
ဆောင်လော့။

3ကူညီရန်လိုအပ်သောမုဆိုးမတို့ကို ရိုသေ
လေးစား၍ ကူညီလော့။ 4သို့သော်လည်း မုဆိုး
မတစ်ဦး၌ သားသမီးများ သို့မဟုတ် မြေးများ
ရှိလျှင် ပထမဦးဆုံး သူတို့သင်ယူရန် လိုအပ်
သောအရာမှာ သူတို့၏အိမ်ထောင်မိသားစု၌ရှိ
သောတာဝန်ဝတ္တရားဖြစ်၏။ ထိုတာဝန်ဝတ္တ
ရားသည် သူတို့၏မိဘ သို့မဟုတ် ဘိုးဘွားတို့
အား ကျေးဇူးတုံ့ပြန်ခြင်းဖြစ်၏။ ထိုအရာသည်
ဘုရားသခင်ကို ကျေနပ်နှစ်သက်စေတော်မူ၏။
5မုဆိုးမတစ်ဦးသည် အမှန်ပင်တစ်ဦးတည်းကျန်
ရစ်၍ ကူညီစောင့်ရှောက်မည့်သူမရှိလျှင် သူမ
သည် ဘုရားသခင်၌ မျှော်လင့်ချက်ရှိ၏။ ထို့
ကြောင့် သူမသည် ဘုရားသခင်ကို ကိုးစား၍
နေ့ညဉ့်မပြတ် ဆုတောင်းပဌနာပြုခြင်း၌ တည်
နေတတ်၏။ 6သို့သော်လည်း ကိုယ့်ကိုကိုယ်
ကျေနပ်မှုအတွက် အသက်တာကို အသုံးပြု
သောမုဆိုးမသည် အသက်ရှင်လျက်ပင် အမှန်
စင်စစ် သေနေသောသူဖြစ်၏။ 7မည်သူတစ်
ဦးတစ်ယောက်ကမျှ ယုံကြည်သူတို့သည် မှား
ယွင်းသောအရာကို ပြုကြသည်ဟု မဆိုနိုင်မည့်
အကြောင်း၊ သူတို့သည် ဤအရာများကို ပြုရန်
ပြောလော့။ 8လူတစ်ယောက်သည် သူ၏လူ
များနှင့် အထူးသဖြင့် သူ၏မိသားစုကို ကြည့်ရှု
ပြုစုရမည်။ သူသည် ထိုအရာကို မပြုလျှင် သူ
သည် စစ်မှန်သောယုံကြည်ခြင်းကို ငြင်းပယ်၏။
ထိုသူသည် မယုံကြည်သောသူတစ်ယောက်
ထက်ပို၍ ဆိုးသောသူဖြစ်၏။

9သင်တို့၏မုဆိုးမစာရင်း၌ထည့်ရန် မုဆိုးမ
သည် အသက်ခြောက်ဆယ်အထက် ဖြစ်ရမည်။
သူမသည် မိမိ၏လင်ယောကျ်ားအပေါ်၌ သစ္စာ
ရှိသောသူ ဖြစ်ရမည်။ 10သူမလည်း ကောင်း
သောအရာများကို ပြုသောသူအဖြစ် သိမှတ်
ခြင်းခံရသော သူဖြစ်ရမည်။ ထိုသို့ဆိုသော်
သူမ၏သားသမီး တို့ကို ပြုစုပျိုးထောင်ခြင်း၊
သူမ၏အိမ်၌ ဧည့်ဝတ်ကျေပြွန်ခြင်း၊ ဘုရား
သခင့်လူတို့၏ခြေကို ဆေးကြောပေးခြင်း၊ ဒုက္ခ
ဆင်းရဲခြင်းသို့ ရောက်သောသူတို့အား ကူညီ
ခြင်းနှင့် ကောင်းသောအရာရှိသမျှတို့ကိုပြုရန်

သူမ၏အသက်တာကို အသုံးပြုခြင်းစသည့်
ကောင်းသောအရာများတို့ကို ငါဆိုလို၏။
[11]သို့သော်လည်း အသက်အရွယ်နုပျိုသော
မုဆိုးမတို့ကိုထိုစာရင်း၌ မထည့်နှင့်။သူတို့သည်
ကိုယ့်ကိုကိုယ် ခရစ်တော်၌ အပ်နှံသောအခါ
သူတို့၏ပြင်းထန်သော အသွေးအသားတောင့်
တမှုများအားဖြင့် သူတို့သည် သူ့ထံတော်မှ
မကြာခဏဝေးတတ်ကြ၏။ ထို့နောက် သူတို့
သည် တစ်ဖန် ထိမ်မြားစုံဖက်ခြင်းကို အလိုရှိ
ကြ၏။ [12]သူတို့သည် ပထမပေးသောဂတိကို
မလိုက်နာသဖြင့် ထိုအရာအတွက် တရားစီရင်
ခြင်းကိုခံရကြလိမ့်မည်။ [13]ထို့အပြင်၊ ထိုအသက်
အရွယ်နုပျိုသောမုဆိုးမတို့သည် တစ်အိမ်မှ
တစ်အိမ်သို့သွားလာခြင်း အကျင့်ရှိ၍ သူတို့၏
အချိန်ကို ဖြုန်းတတ်ကြ၏။ သူတို့သည် စတင်၍
အတင်းအဖျင်းပြောလာတတ်ကြ၏။ အခြား
သောသူတို့၏ အသက်တာများကိုလည်း ဝင်
စွက်တတ်ကြ၏။ သူတို့မပြောအပ်သောအရာ
များကို သူတို့ပြောဆိုကြ၏။ [14]ထို့ကြောင့် အ
သက်အရွယ်နုပျိုသောမုဆိုးမတို့သည် အိမ်
ထောင်ဖက်ပြုခြင်း၊ သားသမီးတို့ကို မွေးဖွား
ခြင်းနှင့်သူတို့၏အိမ်မှုကို ကြည့်ရှုပြုစုကြရန် ငါ
အလိုရှိ၏။ သူတို့သည် ထိုအရာကို ပြုလျှင်၊
ငါတို့၏ရန်သူသည် သူတို့အားအပြစ်တင်ဝေဖန်
ရန် မည်သည့်အကြောင်းမျှ ရှိလိမ့်မည်မဟုတ်။
[15]အချို့အသက်အရွယ်နုပျိုသောမုဆိုးမတို့သည်
စာတန်နောက်သို့ လိုက်ရန် မှန်ကန်သောလမ်း
မှလမ်းလွှဲနှင့်ပြီးဖြစ်သောကြောင့် ဤအရာများ
ကို ငါပြောဆို၏။ [16]မည်သည့်ယုံကြည် သူအ
မျိုးသမီးမဆိုသူမ၏အိမ်ထောင်မိသားစုအတွင်း
၌မုဆိုးမတို့ရှိလျှင်၊ သူမ *သည် သူတို့ကိုကြည့်
ရှုပြုစုသင့်၏။ သူမသည် ထိုတာဝန်ကို အသင်း
တော်ပေါ်မထားသင့်။ ထို့နောက် အသင်းတော်
သည် လုံးလုံးလျားလျား အကူအညီမဲ့သော
မုဆိုးမတို့ကို ပြုစုရန် တတ်နိုင်လိမ့်မည်။

[17]အသင်းတော်ကို ကောင်းမွန်စွာ အုပ်
သောသင်းအုပ်တို့သည် အလှူနှစ်ဆကို ခံထိုက်
သောသူဖြစ်၏။ တရားဟောခြင်းနှင့် သွန်သင်
ခြင်းအမှုကို ကြိုးစားအားထုတ်သောသင်းအုပ်
တို့သည် အလှူနှစ်ဆကို အထူးသဖြင့် ခံထိုက်
သောသူများဖြစ်၏။ [18]အကြောင်းမူကား သမ္မာ
ကျမ်းစာ၌ ဆိုထားသည်မှာ၊ ‘‘စပါးနင်းနယ်
သောတိရစ္ဆာန်၏နှုတ်ကို မချုပ်တည်းရ’’* ဟူ
၍လာ၏။ တစ်ဖန် သမ္မာကျမ်းစာ၌ လာသည်
ကား၊ “လုပ်ဆောင်သောသူသည် အခကို
ခံထိုက်ပေ၏”* ဟူ၍ဖြစ်၏။ [19]သက်သေခံနှစ်
ယောက် သို့မဟုတ် သုံးယောက်မရှိလျှင် သင်း
အုပ်အား ဆန့်ကျင်၍ စွပ်စွဲခြင်းကို လက်မခံ
နှင့်။ [20]အပြစ်ပြုသူတို့ကို အပြစ်တင်၍ ဆုံးမ
လော့။ ထိုသူတို့အား ပြောပြလော့။ ဤအရာ
ကို အသင်းတော်တစ်ခုလုံး၏ရှေ့မှောက်၌ပြု
လော့။ ထိုနည်းလမ်းအားဖြင့် အခြားသောသူ
တို့အားသတိပေးဆုံးမခြင်းလည်း ဖြစ်လိမ့်မည်။
[21]သင်သည် ဤအရာများကိုပြုရန် ဘုရား
သခင်၊ ယေရှုခရစ်ရှေ့တော်နှင့် ရွေးချယ်တော်
မူသောကောင်းကင်တမန်တော်တို့ရှေ့၌ ငါ
ပညတ်ထား၏။ သို့သော်လည်း သင်သည် တ
ရားအမှန်ကိုမသိမှီ တရားစီရင်ခြင်းကို မပြု
နှင့်။ ဤအရာများကို ခပ်သိမ်းသောသူတို့ အ
ပေါ်၌ ညီတူညီမျှစွာပြုလော့။
[22]မည်သူ့အပေါ်၌မဆို သူ့အား သင်းအုပ်
တစ်ပါးအဖြစ်ခန့်ရန် သင်၏လက်ကို မတင်မီ
သေချာစွာ ဆင်ခြင်တွေး တောလော့။ အခြား
သောသူတို့၏အပြစ်ဒုစရိုက်များ၌ ဝေမျှဆက်
ဆံခြင်းမပြုနှင့်။ ကိုယ့်ကိုကိုယ် စင်ကြယ်စေခြင်း
ငှါထိန်းသိမ်းလော့။
[23]တိမောသေ၊ သင်သည် ရေကိုသာ
သောက်သုံးလျှက်ရှိ၏။ ထိုသို့ပြုခြင်းမှရပ်လျှက်
စပျစ်ရည်အနည်းငယ်ကိုလည်း သောက်လော့။
ဤအရာသည် သင်၏အစာအိမ်ကို အကျိုးဖြစ်

---

**အမျိုးသမီး ... သူမ** တစ်ချို့သောဂရိစာ၌ ယောကျ်ား သို့မဟုတ် မိန်းမ

**“စပါးသီးများ ... မချုပ်တည်းရ”** တရား 25:4

**လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏** လု 10:7

စေလိမ့်မည်။ သင်သည်လည်း မကြာခဏ
ဖျားနာလိမ့်မည်မဟုတ်။
24အချို့သောသူတို့၏ အပြစ်ဒုစရိုက်များ
သည် မြင်ရန်လွယ်ကူ၏။ သူတို့သည် အပြစ်တ
ရားစီရင်ခြင်းကို ခံရကြမည်အကြောင်း သူတို့၏
အပြစ်ဒုစရိုက်များက ထင်ရှားစေ၏။ သို့သော်
လည်း အချို့သောသူတို့၏အပြစ်ဒုစရိုက်များ
သည် နောက်ကျမှသာ မြင်ရ၏။ 25ဤနည်း
တူ လူတို့ပြုသည့်ကောင်းသောအရာများသည်
မြင်ရန် လွယ်ကူ၏။ သို့သော်လည်း ထိုကောင်း
သောအရာများသည် မြင်ရန် လွယ်ကူခြင်းမရှိ
သော်လည်း၊ ဖုံးကွယ်၍မရ။

6 ထိုအစေခံဖြစ်သော ကျွန်ယုံကြည်သူတို့
သည် သူတို့၏သခင်တို့ကို ရိုသေလေးစား
ကြရမည်။ သူတို့သည် ထိုအရာကို ပြုကြသော
အခါ ဘုရားသခင်၏နာမတော်နှင့် ငါတို့၏သွန်
သင် ဟောပြောခြင်းတို့သည် အပြစ်တင်ဝေဖန်
ခြင်းရှိလိမ့်မည်မဟုတ်။ 2အချို့သောအစေခံ
ကျွန်တို့သည် ယုံကြည်သူဖြစ်သောသခင်တို့ရှိ
ကြ၏။ ထို့ကြောင့် ထိုအစေခံကျွန်တို့နှင့်သူတို့၏
သခင်တို့သည် ညီအစ်ကိုများဖြစ်ကြ၏။ သို့
သော်လည်း ထိုအစေခံကျွန်တို့သည် သူတို့၏
သခင်တို့အား ရိုသေလေးစားခြင်းကို အလျှင်း
မေ့လျော့ခြင်းမပြုရ။ ထိုသို့မဟုတ်လျှင် ထိုအ
စေခံကျွန်တို့သည် ယုံကြည်သူဖြစ်ကြသော သူ
တို့၏သခင်ကို သာ၍ကောင်းမွန်စွာ အစေကို
ခံရကြမည်။ အဘယ်ကြောင့်နည်းဟူမူကား၊ ထို
အစေခံကျွန်တို့သည် သူတို့ချစ်သောယုံကြည်
သူတို့ကို ကူညီခြင်းဖြစ်၏။

## မှားယွင်းသောသွန်သင်ခြင်းနှင့် စစ်မှန်သော ကြွယ်ဝချမ်းသာခြင်း

သင်သည် လူတို့အား ဤအရာများကို ပြု
ကြရန် သွန်သင်ခြင်းနှင့် ဟောပြောခြင်းအမှုကို
ပြုရပါမည်။ 3အချို့သောသူတို့သည် မှားယွင်း
သောအရာများကိုသွန်သင်ကြလိမ့်မည်။ ထိုသူ
တို့သည် ငါတို့သခင်ယေရှုခရစ်၏ စစ်မှန်သော
သွန်သင်ခြင်းတရားနှင့် သဘောတူညီခြင်းရှိကြ
လိမ့်မည်မဟုတ်။ သူတို့သည် ဘုရားသခင်ကို
အစေခံရန် စစ်မှန်သောနည်းလမ်းနှင့် သဘော
တူညီခြင်းရှိသောသွန်သင်ခြင်းတရားကို လက်
ခံကြလိမ့်မည်မဟုတ်။ 4မှားယွင်းသောအရာ
များကို သွန်သင်သောသူသည် အပြည့်အဝ မာ
နထောင်လွှားခြင်းရှိ၍ အဘယ်အရာကိုမျှ နား
လည်ခြင်းမရှိ။ သူသည် မနာလိုခြင်း၊ သဘော
ကွဲလွဲခြင်း၊ အကြင်နာမဲ့သောစကားများနှင့်
မကောင်းသောသံသယများကို ဖြစ်စေသော
စကားများကို ငြင်းခုံခြင်း၌ ယစ်မူးနေ၏။ 5ထို
အပြင် ထိုအရာသည် မကောင်းသောစိတ်ရှိ
သည့်သူတို့မှ ငြင်းခုံခြင်းများကို ဖြစ်စေ၏။ ထို
သူတို့သည်သမ္မာတရားကို ဆုံးရှုံးကြ၏။ ဘုရား
သခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းသည်
ကြွယ်ဝချမ်းသာခြင်း နည်းလမ်းဟု သူတို့ထင်
မှတ်တတ်ကြ၏။
6လူတစ်ယောက်သည် သူ၌ရှိသောအရာ
များအားဖြင့် ကျေနပ်နှစ်သိမ့်ခြင်းရှိမှသာလျှင်
ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သော
သူသည် အလွန်ကြွယ်ဝချမ်းသာသောသူဖြစ်
သည် မှာမှန်၏။ 7ငါတို့သည် လောကထဲသို့
အဘယ်အရာကိုမျှ မပါဘဲလာကြ၏။ ငါတို့သည်
သေသောအခါ၊ အဘယ်အရာကိုမျှ ငါတို့နှင့်အ
တူ မယူသွားနိုင်။ 8ထို့ကြောင့်၊ ငါတို့၌ စားရန်
နှင့်ဝတ်ရန်ရှိလျှင်၊ ငါတို့သည် ထိုအရာတို့၌ ကျေ
နပ်နှစ်သိမ့်ခြင်းရှိကြရလိမ့်မည်။ 9ကြွယ်ဝချမ်း
သာခြင်းသို့ ရောက်ရန်အလိုရှိသောသူတို့သည်
ကိုယ့်ကိုကိုယ် စုံစမ်းသွေးဆောင်ခြင်းသို့ပို့
ဆောင်လေ၏။ သူတို့သည် ထောင်ချောက်၌
ဖမ်းမိခြင်းကိုခံရကြ၏။ သူတို့သည် နာကျင်ထိ
ခိုက်စေတတ်သောအရာများနှင့် မိုက်မဲခြင်းအ
ရာများကို တောင့်တတတ်ကြ၏။ ထိုအရာ
များသည် လူတို့အား ပြိုလဲခြင်း၊ ပျက်စီးယို
ယွင်းခြင်းကို ဖြစ်စေတတ်၏။ 10ငွေကို စွဲလမ်း
တပ်မက်ခြင်းသည် ဆိုးသောဒုစရိုက်မျိုးစုံတို့ကို
ဖြစ်စေ၏။ အချို့သောသူတို့သည် ငွေကို ပို၍
တပ်မက်သောကြောင့် စစ်မှန်သောယုံကြည်
ခြင်းမှ လမ်းလွဲသွားကြ၏။ သို့သော်လည်း သူတို့

သည် ကိုယ့်ကိုကိုယ် ပို၍အလွန်ဝမ်းနည်းစရာ
အကြောင်း ဖြစ်စေကြ၏။

## သင်အောက်မေ့ရန် အချို့သောအရာများ

11 သို့သော်လည်း သင်သည် ဘုရားသခင်၏
လူတစ်ယောက်ဖြစ်၏။ ထို့ကြောင့် သင်သည်
ထိုအရာများအားလုံးတို့မှ အဝေးသို့ ရှောင်၍
နေသင့်၏။ ဖြောင့်မတ်ခြင်းလမ်း၌ အသက်ရှင်
ရန်ကြိုးစားလော့။ ဘုရားသခင်၏အစေတော်
ကိုခံလော့။ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာ၊
စိတ်ရှည်သည်းခံခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းရှိ
လော့။ 12 အပြေးပြိုင်ပွဲတစ်ခုတွင် ဝင်ပြေးသကဲ့
သို့သင်၏ယုံကြည်ခြင်းကို ခိုင်မြဲစေလော့။ သင်
သည် ထိုပြေးပွဲ၌ အနိုင်ရရန် အစွမ်းရှိသမျှကြိုး
စားလော့။ သင်သည် ထာဝရအသက်ကို ရမည်
ဖြစ်ကြောင်း စိတ်ချလော့။ သင်သည် ခရစ်
တော်၏ကြီးမားသော သမ္မာတရားကို များစွာ
သောလူတို့ရှေ့၌ ဝန်ခံသောအခါ ထိုအသက်
ကိုရရန် ခေါ်တော်မူခြင်းကိုခံရ၏။ 13 ငါသည်
ဘုရားသခင်နှင့် ခရစ်တော်ယေရှု၏ ရှေ့တော်
၌ သင့်ကို ပညတ်ထား၏။ ခရစ်တော်ယေရှု
သည် ထိုကြီးမားသော သမ္မာတရားကိုပင်
ပုန္တိပိလတ်မင်းရှေ့၌ ရပ်လျက်ဝန်ခံသောသူဖြစ်
၏။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့
အား အသက်ကို ပေးသောသူဖြစ်၏။ 14 ယခု
အခါ၌ သင်တို့အား ငါဆိုသည်မှာ သင့်အား
ပြုရန်ပညတ်ထားသောအရာများကို ပြုလော့။
ငါတို့သခင်ယေရှုခရစ်သည် တစ်ဖန် ကြွလာ
သည့်တိုင်အောင် ထိုအရာများကို အမှားယွင်း
ကင်းလျက် သို့မဟုတ် အပြစ်တင်ခွင့်ကင်းလျက်
ပြုလော့။ 15 ဘုရားသခင်သည် အချိန်အခါကျ
သောအခါ ထိုအရာကို ပြုတော်မူလိမ့်မည်။
ဘုရားသခင်သည် မင်္ဂလာရှိ၍တစ်ပါးတည်း
သောအုပ်စိုးသူဖြစ်၏။ ဘုရားသခင်သည် ရှင်
ဘုရင်တကာတို့၏ရှင်ဘုရင်နှင့် သခင်တကာတို့
၏သခင်ဖြစ်တော်မူ၏။ 16 ဘုရားသခင်သည်သာ
လျှင် ဘယ်သောအခါမျှ မသေဆုံးနိုင်သောသူ
ဖြစ်၏။ ဘုရားသခင်သည် အလွန်တောက်ပ
သောအလင်းရောင်အားဖြင့် အသက်ရှင်တော်
မူသောကြောင့် လူတို့သည် ထိုအလင်း၏အနီး
သို့ မချဉ်းကပ်နိုင်ကြ။ မည်သူတစ်ဦးတစ်
ယောက်ကမျှ ဘုရားသခင်ကိုမမြင်။ မည်သူ
တစ်ဦးတစ်ယောက်ကမျှ ဘုရားသခင်ကို မြင်
ရန်မတတ်စွမ်းနိုင်။ ဘုရားသခင်အား ကြည်ညို
လေးစားခြင်းနှင့် တန်ခိုးတော်သည် ထာဝရရှိ
ပါစေသော။ အာမင်။

17 ဤလောက၌ရှိသော အရာများအားဖြင့်
ကြွယ်ဝချမ်းသာသောသူတို့အား ဤပညတ်
ထားခြင်းကို ပြောကြားလော့။ ဝါကြွားခြင်းမရှိ
ကြရန် သူတို့အား ကြားပြောလော့။ ထိုကြွယ်
ဝချမ်းသာသောသူတို့သည် မိမိ၏ငွေများပေါ်၌
မဟုတ်ဘဲ ဘုရားသခင်၌ မျှော်လင့်ခြင်းရှိကြ
ရန် ပြောကြားလော့။ အကြောင်းမူကား ငွေ
သည်ကိုးစားရန် မထိုက်တန်သောကြောင်း ဖြစ်
၏။ သို့သော်လည်း ဘုရားသခင်သည် ငါတို့
အား ဝမ်းမြောက်စရာအကြောင်းကို ဖြစ်စေ
ခြင်းငှါ ခပ်သိမ်းသောအရာတို့ကို ငါတို့အား
ကြွယ်ဝစွာ ပေးတော်မူ၏။ 18 ကောင်းသောအ
ရာတို့ကို ပြုကြရန် ကြွယ်ဝချမ်းသာသောသူတို့
အား ကြားပြောလော့။ ကောင်းသောအရာတို့
ကို ပြုခြင်းအားဖြင့် ကြွယ်ဝချမ်းသာကြရန်ရင်း၊
စွန့်ကြဲခြင်းနှင့် ဝေမျှပေးကမ်းရန် ဆန္ဒရှိကြမည်
အကြောင်း သူတို့အား ပြောလော့။ 19 ဤသို့
ပြုခြင်းအားဖြင့် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို
ကိုယ့်အဖို့ သူတို့သည် စုဆောင်းကြပါလိမ့်
မည်။ ထိုဘဏ္ဍာသည် ခိုင်ခံ့သောအခြေခံအုတ်
မြစ်ရှိလိမ့်မည်။ သူတို့၏အနာဂတ်အသက်ကို ထို
ဘဏ္ဍာပေါ်၌ တည်ဆောက်နိုင်ကြပါမည်။ ထို့
နောက် သူတို့သည် စစ်မှန်သော အသက်ကို
ရရှိရန် တတ်နိုင်ကြလိမ့်မည်။

20 တိမောသေ၊ ဘုရားသခင်သည် များစွာ
သောအရာများ၌သင့်ကို ယုံကြည်စိတ်ချတော်
မူ၏။ ထိုအရာများကို လုံခြုံစွာစောင့်ရှောက်
လော့။ ဘုရားသခင်ထံတော်မှ မဟုတ်သည့်
မိုက်မဲသောအရာများတို့ကို ပြောဆိုသောသူ
တို့ထံမှ အဝေးသို့ ရှောင်၍နေလော့။ သမ္မာတ

ရားကို ဆန့်ကျင်၍ ဆီးတားငြင်းခုံသောသူတို့
ထံမှ အဝေးသို့ ရှောင်၍နေလော့။ ထိုသူတို့
သည်“ ဉာဏ်ပညာ” ဟုသူတို့ခေါ်သောအရာ
ကို အသုံးပြုကြ၏။ သို့သော်လည်း ထိုအရာ
သည် အမှန်စင်စစ် ဉာဏ်ပညာမဟုတ်။
21အချို့သော သူတို့က ထို“ပညာ”ကို သူတို့၌ရှိကြ
သည်ဟု ပြောဆိုကြ၏။ သို့ရာတွင် ထိုသူတို့
သည် စစ်မှန်သောယုံကြည်ခြင်းကို ငြင်းပယ်ကြ
ပြီ။ ဘုရားသခင်၏ကျေးဇူးတော်သည် သင်တို့
အားလုံးတို့နှင့်အတူ ရှိပါစေသော။

# တိမောသေသြဝါဒစာ ဒုတိယစောင်

1 ခရစ်တော်ယေရှု၏ တမန်တော်တစ်ပါးဖြစ်
သော ပေါလုထံမှ နှုတ်ဆက်ပါ၏။ ငါသည်
တမန်တော်တစ်ပါး ဖြစ်၏။ အကြောင်းမူကား
ဘုရားသခင်သည် ငါ့အား ထိုသို့ဖြစ်စေခြင်းငှါ
အလိုရှိတော်မူ၏။ ခရစ်တော်ယေရှု၌ရှိသော
ဂတိတော်ဆိုင်ရာအသက်အကြောင်းကို လူတို့
အား ဟောကြားရန် ဘုရားသခင်သည် ငါ့ကို
စေလွှတ်တော်မူ၏။
2 တိမောသေ၊ သင်သည် ငါ၏ချစ်သော
သားကဲ့သို့ဖြစ်၏။ ခမည်းတော်ဘုရားသခင်နှင့်
ငါတို့သခင်ခရစ်တော်ယေရှုထံတော်မှ ကျေးဇူး
တော်၊ ကရုဏာတော်နှင့် ငြိမ်သက်ခြင်းသည်
သင့်အပေါ်၌ ရှိပါစေသော။

## ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အား ပေးနှိုးဆော်ခြင်း

3 ငါသည် သင့်ကို နေ့ညဉ့်မပြတ် ငါ၏ဆု
တောင်းခြင်း၌ အစဉ်မပြတ် အောက်မေ့သတိရ
လျက်ရှိ၏။ ထိုဆုတောင်းခြင်းအားဖြင့် သင့်အ
တွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
ပါ၏။ သူသည် ငါဘိုးဘေးတို့အစေခံသော
ဘုရားသခင်ဖြစ်တော်မူ၏။ ငါသည် ဘယ်အရာ
ဖြောင့်မတ်သည်ဟု ငါသိသောအရာတိုင်း ပြု
ခြင်းအားဖြင့် ငါသည် သူ၏အစေကို အစဉ်မ
ပြတ်ခံ၏။ 4 သင်သည် ငါ့အတွက် အော်ဟစ်
ငိုကြွေးနေသည်ကို ငါအောက်မေ့လျက်ရှိ၏။ ငါ
သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံနိုင်ပါမည်အ
ကြောင်း သင့်ကို တွေ့မြင်ရန် ငါသည် အလွန်
အလိုရှိ၏။ 5 သင်၏စစ်မှန်သောယုံကြည်ခြင်းကို
ငါအောက် မေ့လျက်ရှိ၏။ ထိုယုံကြည်ခြင်းမျိုး
သည် ပထမတွင် သင်၏အဘွားလောဣနှင့်
သင်၏အမိဥနိတ် တို့၌ရှိ၏။ ထိုကဲ့သို့သောယုံ
ကြည်ခြင်းမျိုးကို ယခုတွင် သင်၌ရှိသည်ကို
ငါသိ၏။ 6 ထိုအကြောင်းကြောင့် ဘုရားသခင်
သည် သင့်ကို ပေးတော်မူသောဆုကျေးဇူးကို
သင်သည် အောက်မေ့ရန် ငါအလိုရှိ၏။ ငါသည်
သင့်အပေါ်၌ ငါ့လက်ကို တင်သောအခါ ဘုရား
သခင် သည် ထိုဆုကျေးဇူးကို သင့်အား ပေး
တော်မူ၏။ သေးငယ်သောမီးပွားကလေးသည်
ကြီးမားသောမီးတောက်ဖြစ်ရန် ကြီးထွားသကဲ့
သို့ သင်သည် ထိုဆုကျေးဇူးကို အသုံးပြုလျက်
ပို၍ကြီးထွားလာရန် ယခုတွင် ငါအလိုရှိ၏။
7 ဘုရားသခင်သည် ကြောက်တတ် သော
ဝိညာဉ်ကို ငါတို့အား ပေးတော်မူသည် မဟုတ်။
ဘုရားသခင်သည် တန်ခိုးရှိသောဝိညာဉ်၊ ချစ်
ခြင်းမေတ္တာနှင့် ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်
သောဝိညာဉ်ကို ငါတို့အား ပေးတော်မူ၏။
8 ထို့ကြောင့် ငါတို့သခင်ယေရှု၏အကြောင်း
ကို လူတို့အား ဟောပြောရန် ရှက်ကြောက်
ခြင်းမရှိနှင့်။ သခင်ဘုရားအတွက် အကျဉ်းခံရ
သောသူဖြစ်သော ငါ့ကြောင်း ရှက်ကြောက်
ခြင်းမရှိနှင့်။ သို့သော်လည်း ဝမ်းမြောက်ဖွယ်
ရာသတင်းအတွက် ငါနှင့်အတူ ဆင်းရဲဒုက္ခကို
ခံလော့။ ဘုရားသခင်သည် ထိုအရာကိုပြုရန်
ငါတို့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူ၏။ 9 ဘုရား
သခင်သည် ငါတို့ကို ကယ်တင်တော်မူ၍ ငါတို့
ကို သူ၏သန့်ရှင်းသောသူဖြစ်စေတော်မူ၏။ ငါ
တို့သည် မည်သည့်အရာတစ်စုံတစ်ခုကို ပြုခဲ့
ခြင်းကြောင့်မဟုတ်။ ဘုရားသခင်သည် သူ၏
အလိုတော်နှင့်အညီ သူ၏ကျေးဇူးတော်ကြောင့်
သာ ငါတို့ကို ကယ်တင်တော်မူ၍ ငါတို့အား
သူ၏လူများဖြစ်စေတော်မူ၏။ ထိုကျေးဇူးတော်

သည် ခရစ်တော်ယေရှုအားဖြင့် အချိန်ကာလ
မစတင်မီ ငါတို့အား ထင်ရှားစေတော်မူ၏။
10ထိုကျေးဇူးတော်သည် ယခုတိုင်အောင်
ငါထံသို့ ထင်ရှားတော်မမူ။ ငါတို့၏ကယ်တင်
ရှင်ခရစ်တော်ယေရှုသည် ကြွလာတော်မူသော
အခါ ထိုကျေးဇူးတော်သည် ငါတို့အား ထင်
ရှားစေတော်မူ၏။ ယေရှုသည် သေခြင်းကို ဖျက်
ဆီးတော်မူ၍ အသက်လမ်းကို ငါတို့အား ထင်
ရှားစေတော်မူ၏။ ယေရှုသည် ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းအားဖြင့် မပျက်စီးနိုင်
သောအသက်ကိုရရှိရန် လမ်းကို ငါတို့အားထင်
ရှားစေတော်မူ၏။ 11ထိုဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းကို ဟောပြောရန် ငါ့အား ရွေး
ကောက်တော်မူ၏။ ငါသည် တမန်တော်တစ်ပါး
အရာနှင့်ထိုဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို သွန်သင်သော ဆရာတစ်ပါးအဖြစ် ရွေး
ကောက်တော်မူ၏။ 12ငါသည် ထိုဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို ဟောပြောသော
ကြောင့် ယခုတွင် ဒုက္ခဆင်းရဲခြင်းကိုခံရ၏။
သို့သော်လည်း ငါသည် ရှက်ကြောက်ခြင်းမရှိ။
ငါယုံကြည် သောသူကို ငါသိ၏။ သူသည် ထို
နေ့ရက်တိုင်အောင် ငါ၌စိတ်ချတော်မူသောအ
ရာများတို့ကို ကွယ်ကာရန် တတ်နိုင်တော်မူ
သည်ကို ငါသိ၏။ 13ငါ့ထံမှ သင်ကြားနာရသည့်
စစ်မှန်သော သွန်သင်ခြင်းတရားကို လိုက်
လျှောက်လော့။ ခရစ်တော်ယေရှု၌ ငါတို့ရှိ
သောယုံကြည်ခြင်းဖြင့် ချစ်ခြင်းနှင့် ထိုအရာတို့
ကို လိုက်လျှောက်လော့။ ထိုသွန်သင်ခြင်းတို့
သည် သင်အဘယ်အရာကို သွန်သင်ရမည့်အ
ကြောင်း ပုံသက်သေဖြစ်၏။ 14သင့်ကို အပ်ပေး
တော်မူသောသမ္မာတရားကို စောင့်ရှောက်
လော့။ ငါတို့အထဲ၌ အသက်ရှင်တော်မူသော
သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီမစခြင်းဖြင့်
ဤအရာကို စောင့်ရှောက်လော့။
15အာရှပြည်မှငါနှင့်အတူ နေခဲ့သောသူအား
လုံးတို့သည် ငါ့ကိုစွန့်ခွာခဲ့ပြီဟု သင်သည်ကြား
သိ၏ထိုသူတို့တွင် ဖုဂေလုနှင့် ဟေရမောဂင်တို့
လည်းပါ၏။ 16ဘုရားသခင်သည် သြနေသိဖော်
၏အိမ်ထောင်မိသားစုပေါ်၌ ကရုဏာတော်ရှိ
တော်မူမည့်အကြောင်း ငါဆုတောင်း၏။
သြနေသိဖော်သည် ငါ့အား ကြိမ်ဖန်များစွာ ကူ
ညီလေ၏။ ငါသည် အကျဉ်းထောင်၌ရှိသည်
ဟူသော မှန်ကန်ချက်ကြောင့် သူသည် ရှက်
ကြောက်ခြင်းမရှိ။ 17သူသည် ရောမမြို့သို့
ရောက်သောအခါ ငါ့ကို တွေ့သည့်တိုင်အောင်
ရှာ၏။ 18ထိုနေ့ရက်၌ သြနေသိဖော်သည်သခင်
ဘုရားထံမှ ကရုဏာတော်ကို ခံယူရန် ခွင့်ပေး
ပါလိမ့်မည့်အကြောင်း ထာဝရဘုရားအား ငါ
ဆုတောင်း၏။ သြနေသိဖော်သည် ဧဖက်မြို့၌
ငါ့ကို အဘယ်မျှလောက်ကူညီမစသည်ကို သင်
ကောင်းမွန်စွာသိ၏။

## ခရစ်တော်ယေရှု၏သစ္စာရှိသော စစ်သားတစ်ယောက်

2 တိမောသေ၊ သင်သည် ငါ၏သားကဲ့သို့ဖြစ်
၏။ ခရစ်တော်ယေရှု၌ ငါတို့ရှိသောကျေး
ဇူးတော်၌ ခိုင်ခံ့ခြင်းရှိလော့။ 2ငါသွန်သင်သော
အရာများတို့ကို သင်သည် ကြား၍ များစွာ
သောအခြားသူတို့သည်လည်း ထိုအရာတို့ ကို
ကြားကြပြီးဖြစ်၏။ သင်သည် ထိုအရာများ
ကိုပင် သွန်သင်ရပါမည်။ သင်ယုံကြည်စိတ်ချ
နိုင်သည့်အချို့သောသူတို့အား ထိုအရာများကို
သွန်သင်လော့။ ထို့နောက် သူတို့သည်လည်း
ထိုအရာများကို အခြားသောသူတို့အား သွန်
သင်ရန် တတ်နိုင်ကြလိမ့်မည်။ 3ငါတို့၏ဆင်းရဲ
ဒုက္ခများ၌ ဝေမျှသည်းခံလော့။ ခရစ်တော်
ယေရှု၏သစ္စာရှိသောစစ် သည်တော်ကဲ့သို့ ထို
အရာများကို လက်ခံလော့။ 4စစ်သားတစ်
ယောက်သည် သူ့ကို အခကြေးငွေပေး၍ ငှါး
သောအရာရှိကို ကျေနပ်နှစ်သက်စေခြင်းငှါ အ
လိုရှိ၏။ ထို့ကြောင့် ထိုစစ်သားသည် အခြား
သောသူတို့ အချိန်ဖြုန်းသောကိစ္စများ၌ မိမိအ
ချိန်ကိုမဖြုန်း။ 5အားကစားသမားကောင်းတစ်
ယောက်သည် အပြေးပြိုင်ပွဲတွင် ပြေးသောအခါ
အောင်နိုင်ခြင်း၏သရဖူကိုရရှိရန် အလိုရှိလျှင်
သူသည် စည်းမျဉ်းအတိုင်းပြေးရမည်။ 6သီးနှံကို

စိုက်ပျိုးသော လယ်သမားတစ်ယောက်သည်
ရိတ်သိမ်းချိန်၌ သီးနှံကို ပထမဦးစွာ စားရသော
သူဖြစ်ရမည်။ [7]ငါပြောဆိုသောအရာများကို
ဆင်ခြင်လော့။ ဤအရာအားလုံးတို့ကို နား
လည်ရန် အစွမ်းသတ္တိကို သခင်ဘုရားသည် သင့်
အား ပေးတော်မူလိမ့်မည်။

[8]ယေရှုခရစ်ကို အောက်မေ့လော့။ သူ
သည် ဒါဝိဒ်မင်း၏အမျိုးအနွယ်မှဖြစ်၏။ ယေရှု
သည် အသေခံတော်မူသည့်တိုင်အောင် မိမိ
ကိုယ်ကိုစွန့်လွှတ်၍ သေခြင်းမှရှင်ပြန်ထမြောက်
တော်မူ၏။ ဤအရာသည် လူတို့အား ငါဟော
ပြောသောဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ဖြစ်၏။ [9]ထိုဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို ငါဟောပြောသောကြောင့် ငါသည် ပြစ်မှု
ကို ကျူးလွန်သောသူတစ်ယောက်ကဲ့သို့ ဆင်းရဲ
ဒုက္ခကိုခံရ၏။ငါသည်သံကြိုးဖြင့်ချည်နှောင်ခြင်း
ကိုပင်လျှင်ခံရ၏။ သို့သော်လည်း ဘုရားသခင်
၏သွန်သင်တော်မူခြင်းတရားသည် ချည်နှောင်
ခြင်းမရှိ။ [10]ထိုကြောင့် ဤဒုက္ခဆင်းရဲခြင်းများ
အားလုံးတို့ကို ငါသည် စိတ်ရှည်သည်းခံခြင်း
ဖြင့်ခံယူ၏။ ဘုရားသခင်ရွေးကောက်တော်မူ
သောသူ အားလုံးတို့သည်လည်း ယေရှုခရစ်၌
ကယ်တင်ခြင်းကို ခံရမည်အကြောင်း သူတို့အ
တွက် ငါသည် ဤအရာကိုပြု၏။ ဘယ်သော
အခါမျှ အဆုံးမရှိသောဘုန်းအသရေသည် ထို
ကယ်တင်တော်မူခြင်းနှင့်အတူလာ၏။

[11]ဤသွန်သင်ခြင်းတရားသည် မှန်၏။

ငါတို့သည် သူနှင့်အတူ အသေခံလျှင် ငါ
တို့သည်လည်း သူနှင့်အတူ အသက်ရှင်
ကြလိမ့်မည်။

12 ငါတို့သည် ဆင်းရဲဒုက္ခခံခြင်းကို လက်ခံ
လျှင် ငါတို့သည်လည်း သူနှင့်အတူ စိုးစံ
ကြလိမ့်မည်။ ငါတို့သည် သူကို ငြင်းပယ်
လျှင်၊ သူသည် ငါတို့ကိုလည်း လက်ခံရန်
ငြင်းပယ်တော်မူလိမ့်မည်။

13 ငါတို့သည် သစ္စာမရှိသော်လည်း၊ သူ
သည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ အ
ကြောင်းမူကား သူသည် ကိုယ့်ကိုကိုယ်
မမှားယွင်းနိုင်။

## နှစ်သက်ဖွယ်သောအမှုဆောင်တစ်ဦး

[14]ဤအရာများကို လူတို့အား ဆက်လက်၍
ပြောလော့။ အဓိပ္ပါယ်မရှိသောငြင်းခုံခြင်းကို
မပြုကြရန် ထိုသူတို့အား ဘုရားသခင်ရှေ့တော်
၌ သတိပေးလော့။ ထိုသို့သောငြင်းခုံခြင်း
သည် အဘယ်သူကိုမျှ အကျိုးမပြု။ ထိုအရာ
သည် နားထောင်သောသူတို့ကို ပျက်စီးစေ၏။
[15]ဘုရားသခင်အား လက်ခံနိုင်မည့်သူဖြစ်ရန်
သင်လုပ်နိုင်သမျှ အကောင်းဆုံးပြုလော့။ သူ့
ထံ၌ ကိုယ့်ကိုကိုယ်ဆက်ကပ်အပ်နှံလော့။ သူ၏
အလုပ်အားဖြင့် ရှက်ကြောက်ခြင်းသို့ ရောက်
သောအမှုဆောင်တစ်ဦးမဖြစ်ဘဲ၊ ဖြောင့်မတ်
သောနည်းလမ်းအားဖြင့် စစ်မှန်သောသွန်သင်
ခြင်းကို အသုံးပြုသောအမှုဆောင်တစ်ဦး ဖြစ်
လော့။ [16]ဘုရားသခင်ထံတော်မှ မဟုတ်သော
အကျိုးမဲ့သည့်အရာများတို့ကို ပြောဆိုနေသော
ထိုသူတို့ထံမှ အဝေးသို့ ရှောင်လော့။ ထိုကဲ့သို့
သောပြောဆိုခြင်းသည် ဘုရားသခင်အား ပို၍
ဆန့်ကျင်ခြင်းသို့ ပို့ဆောင်လိမ့်မည်။ [17]သူတို့၏
ဆိုးညစ်သောသွန်သင်ခြင်းသည် သေစေတတ်
သောဖျားနာခြင်းကဲ့သို့ ကိုယ်ခန္ဓာထဲ၌ ပျံ့နှံ့
လိမ့်မည်။ သူတို့အကြား၌ မေနဲနှင့်ဖိလက်တို့
သည် ထိုကဲ့သို့သောသူများ ဖြစ်ကြ၏။ [18]သူတို့
သည် စစ်မှန်သောသွန်သင်ခြင်းကို စွန့်ပယ်ကြ
၏။ သေခြင်းမှလူအားလုံးတို့၏ ထမြောက်ခြင်း
သည် ဖြစ်ပျက်ခဲ့ပြီဟု သူတို့သည် သွန်သင်နေ
ကြ၏။ ထိုသူနှစ်ယောက်တို့သည် အချို့သော
သူတို့၏ယုံကြည်ခြင်းကို ဤနည်းအားဖြင့် ဖျက်
ဆီးစေကြ၏။ [19]သို့သော်လည်းဘုရားသခင်၏
ခိုင်ခံ့သောအခြေခံအုတ်မြစ်သည် ဆက်၍တည်
မြဲ၏။ ဤစကားလုံးများသည် ထိုအခြေခံအုတ်
မြစ်ပေါ်တွင် ရေးထားလျက်ရှိ၏။ “သခင်ဘုရား
သည် သူနှင့်စပ်ဆိုင်သောသူတို့ကို သိတော်မူ
၏။”* ထို့အပြင်ဤ စကားလုံးများသည် ထို

**ဘုရားသခင် --- သိတော်မူ၏** တော 16:5

အခြေခံအုတ်မြစ်အပေါ်၌ ရေးထားလျက်ရှိ၏။
“မည်သူမဆို သခင်ဘုရား၌ ယုံကြည်ခြင်းရှိ
သည်ဟု ပြောဆိုသောသူရှိသမျှတို့သည် မှား
ယွင်းသောအမှုကို ပြုခြင်းမှရပ်ရမည်။”
20ကြီးမားသောအိမ်တော်တွင် ရွှေနှင့်ငွေ
ဖြင့် ပြုလုပ်ထားသောအရာများရှိ၏။ သို့သော်
လည်း ထိုနေရာ၌ သစ်သားနှင့်မြေဖြင့် ပြုလုပ်
ထားသောအရာများလည်းရှိ၏။ အချို့သော
အရာများသည် အထူးရည်ရွယ်ချက်ဖြင့် အသုံး
ပြုထား၏။ အခြားသောအရာများသည် ညစ်
ပေသောလုပ်ငန်းများအတွက် ပြုလုပ်၏။ 21မည်
သူမဆို ဆိုးညစ်သောအရာများအားလုံးတို့မှ
ကိုယ့်ကိုကိုယ် သန့်ရှင်းစင်ကြယ်ရန် ပြုလျှင် ထို
သူသည် အထူးရည်ရွယ်ချက်များအတွက် အ
သုံးပြုခြင်းကိုခံရလိမ့်မည်။ ထိုသူသည် သန့်ရှင်း
စင်ကြယ်စေခြင်းငှါ ပြုလိမ့်မည်။ သခင်သည်
လည်း သူ့ကို အသုံးပြုနိုင်မည်။ ထိုသူသည် မည်
သည့်ကောင်းသောအမှုကို မဆိုပြုရန် အဆင်
သင့် ဖြစ်လိမ့်မည်။
22အရွယ်နုပျိုသောသူ သူတစ်ယောက်ပြု
လိုသောဆိုးညစ်သည့်အရာများတို့မှ အဝေးသို့
ရှောင်လော့။ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာ
နှင့်ငြိမ်သက်ခြင်းအားဖြင့် ဖြောင့်မတ်စွာ အ
သက်ရှင်လော့။ ဤအရာများတို့ကိုရရန် သင်
တတ်နိုင်သမျှ ကြိုးစားလော့။ စင်ကြယ်သော
စိတ်နှလုံးနှင့် သခင်ဘုရားကို ကိုးစားသောထို
သူတို့နှင့်အတူ ဤအရာများတို့ကို ပြုလော့။
23မိုက်မဲခြင်းနှင့် တွေဝေသောငြင်းခုံ ခြင်းများမှ
ဝေးကွာစွာနေလော့။ ဤကဲ့သို့ သောငြင်းခုံ
ခြင်းများသည် တိုက်ခိုက်ရန်ပွားခြင်းကိုသာ ဖြစ်
စေတတ်သည်ကို သင်သိ၏။ 24သခင်ဘုရား၏
အစေခံကျွန်သည် ငြင်းခုံခြင်းကိုမပြု။ သူသည်
ခပ်သိမ်းသောသူတို့အပေါ်၌ ကြင်နာခြင်းရှိရ
မည်။ သူသည် အခြားသောသူတို့ကို စိတ်ရှည်
သည်းခံခြင်းနှင့်သွန်သင်ရန်အလိုရှိမည်။ 25သခင်
ဘုရား၏အစေခံကျွန်သည် သူနှင့်သဘောတူ
ညီခြင်းမရှိသော ထိုသူတို့အား နူးညံ့သိမ်မွေ့
သောအမှုအရာဖြင့် သွန်သင်ရမည်။ သူတို့
သည် သမ္မာတရားကို လက်ခံမည့်အကြောင်း
ဘုရားသခင်သည် ထိုသူတို့၏စိတ်နှလုံးများကို
ပြောင်းလဲစေမည် ဟူသောမျှော်လင့်ချက်နှင့်
သူတို့ကို သွန်သင်ရပါမည်။ 26မာရ်နတ်သည်
သူတို့ကို ပရိယာယ်ဖြင့် ဖမ်းဆီး၍ သူ့အလိုရှိ
သောအရာများကို ပြုလုပ်ရန် ကျွန်များကဲ့သို့
သူတို့ကို အသုံးပြု၏။ သို့သော်လည်း သူတို့
သည် နိုးလာနိုင်၏။ သူတို့သည် မာရ်နတ်၏အ
သုံးပြုခြင်းခံနေသည်ကို တွေ့မြင်၍ သူ၏ထောင်
ချောက်မှ ကိုယ့်ကိုကိုယ် လွတ်မြောက်နိုင်၏။

## နောက်ဆုံးသောနေ့ရက်များ

3 ဤအရာများကို အောက်မေ့လော့။
နောက်ဆုံးသောနေ့ရက်များ၌ ခဲယဉ်း
သောကာလရောက်လိမ့်မည်။ 2ထိုအချိန်များ
တွင် လူတို့သည် ကိုယ့်ကိုကိုယ်သာ ချစ်ကြ၍
ငွေကိုသာလျှင် တပ်မက်ကြလိမ့်မည်။ သူသည်
ဝါကြွားခြင်း အပြည့်နှင့် မာန်မာနထောင်လွှား
ကြလိမ့်မည်။ သူတို့သည် အခြားသောသူတို့
အား အလွန်ဆိုးသောအမှုအရာဖြင့် ပြောဆို
ကြလိမ့်မည်။ လူတို့သည် သူတို့၏မိဘများတို့
ကို နာခံကြလိမ့်မည်မဟုတ်။ လူတို့သည် ကျေး
ဇူးတရားကို သိကြလိမ့်မည်မဟုတ်။ သူတို့သည်
ဘုရားသခင်အလိုရှိတော်မူသောသူများ ဖြစ်
ကြလိမ့်မည်မဟုတ်။ 3လူတို့သည် အခြားသော
သူတို့အတွက် ချစ်ခြင်းမေတ္တာရှိကြလိမ့်မည်
မဟုတ်။ သူတို့သည် ခွင့်လွှတ်လိမ့်မည်မဟုတ်။
သူတို့သည် အခြားသောသူတို့၏မကောင်း
ကြောင်းကို ပြောဆိုကြလိမ့်မည်။ သူတို့သည်
ကိုယ့်ကိုကိုယ် ထိန်းချုပ်ကြလိမ့်မည်မဟုတ်။ သူ
တို့သည် အလွန်ရက်စက်ကြမ်းတမ်း၍ ကောင်း
သောအရာများကိုမုန်းကြလိမ့်မည်။ 4ထိုနောက်
ဆုံးသောနေ့ရက်များ၌ လူတို့သည် သူတို့၏
မိတ်ဆွေများကို ဆန့်ကျင်၍ ဆီးတားကြလိမ့်
မည်။ သူတို့သည် ဆင်ခြင်တွေးတောခြင်းကင်း
လျက် မိုက်မဲသောအလုပ်များကို ပြုကြလိမ့်
မည်။ သူတို့သည် ဘဝင်မြင့်၍ မာန်မာနထောင်

လွှားကြလိမ့်မည်။ လူတို့သည် ပျော်ရွှင်မှုကို
သာ ချစ်ကြလိမ့်မည်။ သူတို့သည် ဘုရားသခင်
ကို ချစ်ကြလိမ့်မည်မဟုတ်။ [5]ထိုသူတို့သည်
ဘုရားသခင်ကို အစေခံသကဲ့သို့ ဆက်လက်၍
ပြုမူကြလိမ့်မည်။ သို့သော်လည်း သူတို့သည်
အမှန်စင်စစ် ဘုရားသခင်၏အစေမခံကြ
ကြောင်းကို သူတို့၏အသက်ရှင်ခြင်းအားဖြင့်
ထင်ရှားစေလိမ့်မည်။ တိမောသေထို သူတို့ထံ
မှအဝေးသို့ ရှောင်လော့။ [6]အချို့သောသူတို့
သည် အိမ်များသို့ ဝင်ကြပြီး အပြစ်ဒုစရိုက်များ
နှင့် ပြည့်စုံ၍ အားနည်းသောမိန်းမတို့ကို ယူကြ
၏။ ထိုမိန်းမတို့သည် ဆိုးသောအလိုဆန္ဒ၏
နည်းမျိုးစုံအားဖြင့် နေရာအနံ့အပြားသို့ နှင်
ထုတ်ခြင်းကိုခံရ၏။ [7]ထိုမိန်းမတို့သည် အစဉ်မ
ပြတ်အသစ်သောသွန်သင်ခြင်းများကို ကြိုးစား
၍ သင်ယူကြ၏။ သို့သော်လည်း သူတို့သည်
သမ္မာတရားကို ဘယ်သောအခါမျှ စုံလင်စွာ
နားလည်ရန်မတတ်နိုင်ကြ။ [8]ယန္နေနှင့်ယံဗြေတို့
ကို အောက်မေ့လော့။ ယန္နေနှင့်ယံဗြေတို့သည်
မောရှေအား ဆန့်ကျင်သကဲ့သို့ ထိုသူတို့သည်
သမ္မာတရားကို ဆန့်ကျင်ကြ၏။ ထိုသူတို့ သည်
သူတို့၏စိတ်နှလုံးကို ယိုယွင်းစေကြ၏။ သူတို့
သည် စစ်မှန်သောယုံကြည်ခြင်းသို့ လိုက်
လျှောက်ရန် ကြိုးစားသော်လည်း လမ်းလွဲကြ
၏။ [9]သို့သော်လည်း သူတို့ပြုသောအရာများ
တွင် သူတို့သည် အောင်မြင်ကြလိမ့်မည်မဟုတ်။
သူတို့သည် မိုက်မဲသောသူများ ဖြစ်ကြသည်ကို
လူအားလုံးတို့သည် မြင်ရကြလိမ့်မည်။ ယန္နေ
နှင့်ယံဗြေတို့၌ ဖြစ်ပျက်သောအရာမှာ ထိုအ
ရာပင်ဖြစ်၏။

## နောက်ဆုံးညွှန်ကြားချက်များ

[10]သို့သော်လည်းသင်သည် ငါ၏အကြောင်း
အားလုံးကိုသိ၏။ ငါသည် အဘယ်အရာကို
သွန်သင်သည်ကို လည်းကောင်း၊ ငါ၏အသက်
ရှင်ခြင်းနည်းလမ်းကိုလည်းကောင်း သင်သိ၏။
အသက်တာ၌ ငါ၏ရည်ရွယ်ချက်ကို သင်သိ၏။
သင်သည် ငါ၏ယုံကြည်ခြင်း၊ စိတ်ရှည်သည်းခံ
ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကိုသိ၏။ ငါသည် အ
ဆုံးသတ်ရန် ဘယ်သောအခါမျှ ကြိုးစားသည်
ကိုသင်သိ၏။ [11]သင်သည် ငါခံခဲ့သောညှဉ်းပန်း
နှိပ်စက်ခြင်းများနှင့် ဒုက္ခဆင်းရဲခြင်းများကို သိ
၏။ အန္တိအုတ်မြို့၊ ဣကောနိမြို့၊ လုတ္တရမြို့တို့
တွင် ငါ့ပေါ်၌ ဖြစ်ပျက်ခဲ့သောအရာများအား
လုံးတို့ကို သင်သိ၏။ ထိုနေရာများ၌ ငါ၏ခံစား
ခဲ့ရသောညှဉ်းပန်းနှိပ်စက်ခြင်းများကို သင်သိ
၏။ သို့သော်လည်း သခင်ဘုရားသည် ထိုဒုက္ခ
ဆင်းရဲခြင်းများအားလုံးမှငါ့ကို ကယ်တင်တော်
မူ၏။ [12]ခရစ်တော်ယေရှု၌ ဘုရားသခင်၏အလို
တော်ရှိသည့်အတိုင်း အသက်ရှင်ရန်အလိုရှိ
သောသူအပေါင်းတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း
ကိုခံကြရလိမ့်မည်။ [13]သို့သော်လည်း ဆိုးညစ်
ခြင်းရှိ၍ အခြားသောသူတို့အား လိမ်ညာလှည့်
ဖြားသောသူတို့အတွက် ပို၍ဆိုးရွားလာလိမ့်
မည်။ သူတို့သည် အခြားသောသူတို့အား လိမ်
ညာလှည့်ဖြားကြ၏။ သို့သော်လည်း သူတို့
သည် ကိုယ့်ကိုကိုယ်လည်း လိမ်ညာလှည့်ဖြား
ကြ၏။

[14]သင်သည် သင်ယူခဲ့သော သွန်သင်ခြင်း
တရားကို ဆက်လက်၍ လိုက်လျှောက်လော့။
ထိုသွန်သင်ခြင်းတရားတို့သည် မှန်သည်ကို
လည်း သင်သိ၏။ ထိုအရာများကို သင့်အား
သွန်သင်ခဲ့သော လူတို့သည် ယုံကြည်စိတ်ချနိုင်
သည်ကိုသင်သိ၏။ [15]သင်သည် သူငယ်ကလေး
ဘဝ၌ ပင်လျှင် သန့်ရှင်းသော သမ္မာကျမ်းစာ
ကို သိရှိပြီး ဖြစ်၏။ ထိုကျမ်းစာတို့သည် သင့်ကို
ပညာရှိစေခြင်းငှါ တတ်နိုင်တော်မူ၏။ ထိုပညာ
သည် ခရစ်တော်ယေရှု၌ ယုံကြည်ခြင်းအားဖြင့်
ကယ်တင်ခြင်းသို့ လမ်းပြတော်မူ၏။ [16]ကျမ်းစာ
ရှိသမျှအားလုံးတို့သည် ဘုရားသခင်ပေးတော်
မူခြင်းအားဖြင့်ဖြစ်၏။ ကျမ်းစာရှိသမျှအားလုံး
သည် သွန်သင်ခြင်းအတွက်သော်လည်း
ကောင်း၊ လူတို့အား သူတို့၏အသက်တာများ
၌ မှားယွင်းသောအရာများတို့ကို ထင်ရှားစေ
ခြင်းငှါသော်လည်းကောင်းအသုံးဝင်လျက်ရှိ၏။
ထိုအရာသည် အမှားများကို ပြုပြင်ရန်အတွက်

သော်လည်းကောင်း၊ ဖြောင့်မတ်သောနည်း
လမ်းအားဖြင့် အသက်ရှင်ရန် သူတို့အား သွန်
သင်ရာတွင်လည်းကောင်း၊ အသုံးဝင်လျက်ရှိ
၏။ 17သမ္မာကျမ်းစာကို အသုံးပြုခြင်းအားဖြင့်
ဘုရားသခင်အား အစေကိုခံသောသူသည် စုံ
လင်စွာပြင်ဆင်မှုရှိလိမ့်မည်။ ကောင်းသောအ
မှုရှိသမျှသောအရာခပ်သိမ်းတို့ကိုပြုရန် လိုအပ်
သောအရာခပ်သိမ်းတို့ကိုလည်း ရရှိလိမ့်မည်
ဖြစ်၏။

4 ငါသည် ဘုရားသခင်နှင့် ယေရှုခရစ်၏ ရှေ့
တော်၌ သင့်ကို ပညတ်ထား၏။ ခရစ်
တော်ယေရှုသည် အသက်ရှင်သောသူတို့နှင့်
သေလျက်ရှိသော သူတို့ကို တရားစီရင်တော်မူ
လိမ့်မည်။ သူ၌နိုင်ငံတော်ရှိ၏။ သူသည် တစ်
ဖန်ကြွလာဦးမည်။ ထိုကြောင့် ငါသည် သင့်အား
ဤပညတ်ချက်ကိုပေး၏။ 2ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းကို လူတို့အား ဟောပြော
လော့။ အချိန်တိုင်း၌ အဆင်သင့်ရှိလော့။ လူ
တို့အား သူတို့ပြုရန် လိုအပ်သောအရာများကို
ဟောပြောလော့။ သူတို့မှားယွင်းကြသောအခါ
ဖော်ပြလော့။ သူတို့အား တိုက်တွန်းနှိုးဆော်
လော့။ ဤအရာများတို့ကို ကြီးမားသောစိတ်
ရှည်သည်းခံခြင်းနှင့် ဂရုတစိုက်သွန်သင်ခြင်း
အားဖြင့် ပြုလော့။ 3လူတို့သည် စစ်မှန်သော
တရားသွန်သင်ခြင်းကို နားမခံနိုင်သောအချိန်
ကာလသည် ရောက်လာလိမ့်မည်။ သို့သော်
လည်း သူတို့သည် သူတို့ကို ကျေနပ်နှစ်သိမ့်စေ
သောဆရာများကို ပို၍တွေ့ရကြလိမ့်မည်။ သူ
တို့သည် သူတို့ကြားလိုသောအရာများကို သွန်
သင်တတ်သောဆရာများကို တွေ့ကြလိမ့်မည်။
4လူတို့သည် သမ္မာ တရားကို နားထောင်ခြင်းမှ
ရပ်ကြလိမ့်မည်။ သူတို့သည် မှားယွင်းသောပုံ
ပြင်ဝတ္ထုများကို သွန်သင်သောထိုသူတို့ကို အာ
ရုံစိုက်၍ လမ်း လွဲကြလိမ့်မည်။ 5သို့သော်လည်း
သင်သည် အချိန်အခါတိုင်း၌ ကိုယ့်ကိုကိုယ်
ထိန်းချုပ်ရမည်။ ဒုက္ခဆင်းရဲခြင်းများရောက်
လာသောအခါ ထိုဒုက္ခဆင်းရဲခြင်းများကိုလက်
ခံလော့။ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို ဖြန့်ဝေခြင်းအမှုကို ပြုလော့။ ဘုရားသခင်
၏အစေခံကျွန်တစ်ယောက်၏ တာဝန်ရှိသမျှ
အားလုံးတို့ကို ဆောင်ရွက်လော့။
6ငါ၏အသက်တာသည် ယဇ်ပူဇော်ခြင်းကဲ့
သို့ စွန့်လွှတ်ရမည့်အချိန်ရောက်လာပြီ။ ငါ့အ
တွက် ဤအသက်တာကို စွန့်ခွာရမည့်အချိန်
ရောက်လာပြီ။ 7ငါသည် ကောင်းသောတိုက်
လှန် ခြင်းဖြင့် တိုက်ခိုက်ပြီ။ ငါသည် အ ပြေး
ပြိုင်ခြင်းကိုပြီးစီးပြီ။ ငါသည် စစ်မှန်သောယုံ
ကြည်ခြင်းကို စောင့်ရှောက်၏။ 8ယခုတွင် သရ
ဖူသည် ငါ့အတွက် စောင့်ကြိုလျက်ရှိ၏။ ငါ
သည် ဖြောင့်မတ်တော်မူခြင်းသရဖူကိုခံရလိမ့်
မည်။ သခင်ဘုရားသည် တရားမျှတစွာ စီရင်
တော်မူသောတရားသူ ကြီးဖြစ်၍ ထိုနေ့ရက်၌
သူသည် ငါ့အား ထိုသရဖူနှင့် ဆုချီးမြင့်တော်မူ
လိမ့်မည်။ သူသည် ငါ့ကိုသာ ပေးထိုသရဖူကို
တော်မူလိမ့်မည်မဟုတ်။ သူ့အတွက် တစ်ဖန်
ကြွလာတော်မူခြင်းကို ချစ်ခြင်းနှင့် စောင့်မျှော်
လျက်ရှိသောသူအားလုံးတို့ကိုလည်း ပေးတော်
မူလိမ့်မည်။

## ကိုယ်ရေးကိုယ်တာစကားများ

9သင်သည် ငါ့ထံသို့ အမြန်လာခြင်းငှါ ကြိုး
စားလော့။ 10ဒေမသည် ဤလောကကို အလွန်
ချစ်၏။ ထိုအကြောင်းကြောင့် သူသည် ငါ့ကို
စွန့်ခွာလေ၏။ သူသည် သက်သာလောနိတ်
မြို့သို့သွား၏။ ကရက္ကေသည် ဂလာတိမြို့သို့
သွား၏။ တိတုသည် ဒါလမာတိပြည်သို့သွား
၏။ 11လုကာသည်သာလျှင် ယခုတိုင်အောင်
ငါနှင့်အတူရှိသည့် တစ်ယောက်တည်းသောသူ
ဖြစ်၏။ သင်သည် လာသောအခါ မာကုကို
လည်း သင်နှင့်အတူခေါ်လာလော့။ သူသည်
ဤအရပ်၌ ငါ၏အမှုကို ကူညီနိုင်ပါမည်။ 12ငါ
သည် တုခိတ်ကို ဖေက်မြို့သို့စေလွှတ်၏။
13ငါသည် တရောမြို့တွင် ရှိသောအခါ ငါ
၏အပေါ်အင်္ကျီကို ကာပုလက်နှင့်အတူ ငါချန်
ထား၏။ ထို့ကြောင့် သင်သည် လာသောအခါ
ထိုအပေါ်အင်္ကျီကို ငါ့ထံသို့ ယူလာလော့။ ငါ၏

စာစောင်များကိုလည်း ယူလာလော့။ သား
ရေပေါ်၌ ရေးသောစာစောင်များသည် ငါအ
လိုအပ်ဆုံးသော အရာများဖြစ်၏။
14ပန်းတိမ်သမား အာလေဇန္ဒြုသည် ငါ့ကို
ဆန့်ကျင်၍ ဘေးအန္တရာယ် ဖြစ်စေတတ်သော
အရာများစွာတို့ကိုပြု၏။ သခင်ဘုရားသည်
အာလေဇန္ဒြုအား သူပြုသောအရာများတို့အ
တွက် အပြစ်ဒဏ်ပေးလိမ့်မည်။ 15သူသည် သင့်
ကိုလည်း နာကျင်ထိခိုက်စေခြင်းငှါ မပြုမည့်အ
ကြောင်း သင်သတိပြုလော့။ သူသည် ငါတို့
၏သွန်သင်ခြင်းတရားကို အလွန်ပြင်းထန်စွာ
တိုက်ခိုက်လေ၏။
16ပထမအချိန်၌ ငါသည် ခုခံကာကွယ်ခြင်း
ကို တရားရုံး၌ ပြုသောအခါ ငါ့ကို ကူညီရန်
အဘယ်သူမျှမရှိ၊ လူအပေါင်းတို့သည် ငါ့ကို
စွန့်ခွာကြ၏။ ထိုအရာတွက် ဘုရားသခင်သည်
သူတို့ကို ခွင့်လွှတ်တော်မူပါမည်အကြောင်း
ငါဆုတောင်း၏။ 17သို့သော်လည်း သခင်
ဘုရားသည် ငါနှင့်အတူရှိတော်မူ၍ ငါ့အား ခွန်
အားနှင့် ပြည့်စုံစေတော်မူ၏။ တစ်ပါးသောအ
မျိုးသားအားလုံးတို့ကို ဝမ်းမြောက်ဖွယ်ရာသ
တင်းကောင်းကိုပြောရန် သူသည် ငါ့အား အ
လိုရှိ၏။ ထို့ကြောင့် ငါသည် ခြင်္သေ့၏ခံတွင်းမှ
ကယ်တင်တော်မူခြင်းကိုခံရ၏။ 18တစ်စုံတစ်
ယောက်သောသူသည် ငါ့ကို နာကျင်ထိခိုက်
စေခြင်းငှါ ကြိုးစားလျှင် သခင်ဘုရားသည် ငါ့
ကို ကယ်တင်တော်မူလိမ့်မည်။ သူသည် သူ၏
ကောင်းကင်နိုင်ငံတော်သို့ ငါ့ကို လုံခြုံစွာယူ
ဆောင်တော်မူလိမ့်မည်။ သခင်ဘုရား၏ဘုန်း
အသရေတော်သည် ထာဝရအစဉ်မပြတ်တည်
ရှိပါစေသော။ အာမင်။

## နောက်ဆုံးနှုတ်ဆက်ခြင်းများ

19ပြစ်ကိလနှင့် အာကုလ၊ သြနေသိဖော်၏
အိမ်သူအိမ်သားများကို နှုတ်ဆက်လော့။
20ဧရတ္တုသည် ကောရိန္သုမြို့၌နေ၏။ တရောဖိမ်
သည် ဖျားနာသောကြောင့် မိလက်မြို့၌ ငါချန်
ထား၏။ 21ဆောင်းကာလမရောက်မီသင်သည်
ငါရှိရာသို့ လာနိုင်မည့်အကြောင်း အလွန်ကြိုး
စားလော့။
ဥဗုလုသည် သင့်ကို နှုတ်ဆက်၏။ ပုဒေ၊
လိနု၊ ကလောဒိနှင့် ခရစ်တော်၌ ညီအစ်
ကိုများအားလုံးတို့သည် သင့်ကိုနှုတ်ဆက်ကြ၏။
22ဘုရားသခင်သည် သင်၏စိတ်ဝိညာဉ်နှင့်
အတူရှိတော်မူပါစေ။ သင်၌ကျေးဇူးတော်ရှိစေ
သတည်း။

# တိတုသြဝါဒစာ

1 ဤစာသည် ဘုရားသခင်၏ကျွန်တည်းဟူ
သော ယေရှုခရစ်၏တမန်တော်တစ်ပါးဖြစ်
သော ပေါလုထံမှဖြစ်၏။ ဘုရားသခင်ရွေး
ကောက်တော်မူသော သူတို့၏ယုံကြည်ခြင်းကို
ခွန်အားရှိစေခြင်းငှါရင်း၊ သူတို့သည် သမ္မာတ
ရားကို နက်ရှိုင်းစွာ သိစေခြင်းငှါရင်း၊ ငါ့အား
စေလွှတ်တော်မူ၏။ ထိုသမ္မာတရားသည် လူ
တို့အား ဘုရားသခင်ဝတ်၌ အဘယ်သို့မွေ့
လျော်ရမည်ကို ဖော်ပြတော်မူ၏။ 2ငါတို့သည်
ထာဝရအသက်ကိုရမည်အကြောင်း ထိုယုံကြည်
ခြင်းနှင့် အသိပညာသည် ငါတို့အား မျှော်လင့်
ခြင်းပေး၏။ ဘုရားသခင်သည် အချိန်ကာလ
မစတင်မီထိုအသက်ကို ငါတို့အတွက် ဂတိထား
တော်မူ၏။ ဘုရားသခင်သည် မုသာစကားကို
ပြောတော်မမူ။ အချိန်ကာလစေ့သောအခါ
ဘုရားသခင်သည် ထိုအသက်အကြောင်းကို လူ
သားတို့အား သိခွင့်ပေးတော်မူ၏။
3ဘုရားသခင်သည် ဤအရာကို ဟော
ပြောခြင်းအားဖြင့် ပြုလုပ်၍ ငါတို့ကို ကယ်တင်
တော်မူသော အရှင်ဘုရားသခင်သည် ထိုသို့
ပြုခြင်းငှါ ငါ့အား အမိန့်ပေးတော်မူသောအခါ
ဤအရာကို ငါ၌အပ်ထားတော်မူ၏။
4ငါတို့အတူတကွ ဝေငှလျက်ရှိသောယုံ
ကြည်ခြင်း၌ ငါ၏စစ်မှန်သောသားကဲ့သို့ ဖြစ်
သောတိတုကို ကြားလိုက်ပါ၏။ ငါတို့၏ကယ်
တင်ရှင်ယေရှုခရစ်နှင့်ခမည်းတော်ဘုရားသခင်
ထံတော်မှ လာသောကျေးဇူးတော်နှင့် ငြိမ်
သက်ခြင်းသည် သင်၌ရှိပါစေသော။

### တိတု၊ ကရေတေကျွန်း၌အမှုဆောင်လော့

5ငါသည် သင့်ကို ကရေတေကျွန်း၌ ထား
၏။ သို့မှာသာ သင်သည် ဆောင်ရွက်ရန်
လိုအပ်နေသေးသောအရာတို့ကို ပြီးစီးအောင်
ပြုနိုင်လိမ့်မည်။ သင်သည် လူတို့ကို သင်းအုပ်
တို့အဖြစ် မြို့ရှိသမျှတို့၌ ခန့်ထားခြင်းငှါ သင့်ကို
ငါထားခဲ့၏။ ငါသည် သင့်ကို မှာထားခဲ့သည်
အတိုင်း သင်ပြုလော့။ 6သင်းအုပ်တစ်ပါးဖြစ်ရန်
လူတစ်ယောက်သည် အပြစ်တင်ခွင့်နှင့် ကင်း
လွတ်သောသူ၊ မယားတစ်ယောက်တည်းရှိ
သောသူနှင့် မိမိသားသမီးတို့မှီခိုအားထား
လောက်သောသူဖြစ်ရမည်။ သူတို့သည် ရိုင်း
စိုင်း၍ နာခံခြင်းမရှိသောသားသမီးများကဲ့သို့
မဖြစ်ရ။ 7သင်အုပ်သည် ဘုရားသခင်၏အမှု
တော်ကို ကြည့်ရှုစောင့်ရှောက်သောဝတ္တရားရှိ
ရ၏။ ထို့ကြောင့် သူသည် မှားယွင်းသောလမ်း
ကြောင်းပေါ်၌ အသက်ရှင်သည် မဟုတ်
ကြောင်း လူတို့သည် ပြောဆိုနိုင်ခြင်းအခွင့်နှင့်
ကင်းလွတ်ရမည်။ သူသည် ဝါကြွားသောသူ
စိတ်တိုသောသူမဖြစ်ရ။ သူသည် စပျစ်ရည်ကို
မသောက်ကြူးရ။ သူသည် ခိုက်ရန်ဖြစ်ခြင်းကို
နှစ်သက်သောသူမဖြစ်ရ။ သူသည် လူတို့ကို အ
စဉ်အမြဲ လိမ်ညာလှည့်ဖြားခြင်းအားဖြင့် ချမ်း
သာကြွယ်ဝခြင်းကို ကြိုးစားသောသူမဖြစ်ရ။
8သင်းအုပ်သည် လူတို့အား မိမိအိမ်၌လက်ခံ
ခြင်းအားဖြင့် သူတို့ကို ကူညီရန် အစဉ်အမြဲအ
သင့်ဖြစ်ရမည်။ သူသည် ကောင်းသောအရာ
ကို ချစ်မြတ်နိုးရမည်။ သူသည် ပညာရှိသော
သူဖြစ်ရမည်။ သူသည် ဖြောင့်မတ်စွာ အသက်
ရှင်ရမည်။ သူသည် သန့်ရှင်းသောသူဖြစ်ရ
မည်။ သူသည် ကိုယ့်ကိုကိုယ် ထိန်းချုပ်ရန်
တတ်နိုင်ရမည်။ 9သင်းအုပ်သည် ငါတို့သွန်သင်
သကဲ့သို့ သမ္မာတရားကို လိုက်လျှောက်ရမည်။

သူသည် မှန်ကန်သောသွန်သင်ခြင်းအားဖြင့်
လူတို့အား ကူညီရန်တတ်နိုင်ရမည်။ မှန်ကန်
သောဩဝါဒ၏သွန်သင်ခြင်းကို ဆန့်ကျင်သော
သူတို့ကို တားဆီး၍ မှားယွင်းကြောင်းပြသနိုင်
သောသူဖြစ်ရမည်။
10နာခံရန် ငြင်းဆန်သောသူအများရှိကြ၏။
အကျိုးမဲ့၍ အချည်းနှီးသောအရာများကိုဟော
ပြော၍ အခြားသောသူတို့ကို မှားယွင်းသော
လမ်းသို့ ဦးဆောင်သောသူအများရှိကြ၏။ အ
ထူးသဖြင့် ယုဒနောက်ခံမှလာသော သူတို့ကို
ငါဆိုလို၏။ 11သင်းအုပ်သည် လူတို့အား မှား
ယွင်းကြောင်းကို ထင်ရှားစေ၍ ထိုအကျိုးမဲ့အ
ချည်းနှီးပြောဆိုခြင်းမှ သူတို့ကို ရပ်တန့်စေခြင်း
ငှါ တတ်နိုင်သောသူဖြစ်ရမည်။ ယုဒဆရာတို့
သည် သူတို့မသွန်သင်အပ်သောအရာများတို့
ကို သွန်သင်ခြင်းအားဖြင့် တစ်မိသားစုလုံးကို
ပျက်စီးစေကြ၏။ သူတို့သည် လူတို့အား လိမ်
ညာလှည့်ဖြား၍ ငွေရခြင်းအတွက်သာ ထိုအ
ရာများကို သွန်သင်ခြင်းဖြစ်၏။ 12ကရေတေ
ကျွန်းရှိ သူတို့၏ပရောဖက်များထဲမှ တစ်ပါး
သောသူကပင်လျှင် "ကရေတေကျွန်း၌ နေ
သောသူတို့သည် အစဉ်အမြဲ မုသာစကား ကို
ပြောကြ၏။ သူတို့သည် အဘယ်အရာကိုမျှ
မပြုလို။ သို့သော်လည်း စားလို၍ပျင်းရိသော
သူ၊ ဆိုးညစ်သောတိရစ္ဆာန်များ ဖြစ်ကြသည်"
ဟုကိုယ်တိုင်ဝန်ခံပြောဆို၏။ 13ထိုပရောဖက်
ပြောသောစကားတို့သည် မှန်၏။ ထို့ကြောင့်
သူတို့သည် မှားယွင်းသောသူများ ဖြစ်ကြောင်း
ကို ထိုသူတို့အား ပြောကြလော့။ သင်တို့သည်
သူတို့ကို တင်းကျပ်စွာ ဆုံးမရမည်။ ဤသို့ဖြင့်
သူတို့သည် ယုံကြည်ခြင်း၌ ခိုင်ခန့်လာလိမ့်
မည်။ 14ထို့နောက် ထိုသူတို့သည် ယုဒပုံပြင်
ဒဏ္ဍာရီစကားတို့ကို လက်ခံခြင်းမှ ရပ်စဲကြလိမ့်
မည်။ သူတို့သည် သမ္မာတရားကို လက်မခံ
သောသူတို့၏ ပညတ်တို့ကို လိုက်လျှောက်ခြင်း
မှပြန်လှည့်လာကြလိမ့်မည်။ 15စင်ကြယ်သော
သူတို့အတွက် ခပ်သိမ်းသောအရာတို့သည် စင်
ကြယ်၏။ သို့သော်လည်း အပြစ်တရားနှင့်ပြည့်
၍ မယုံကြည်သောသူတို့အတွက် အဘယ်အရာ
မျှ စင်ကြယ်ခြင်းမရှိ။ အမှန်စင်စစ် ထိုသူတို့၏
အကြံအစည်နှင့် ကိုယ့်ကိုကိုယ် သိသောစိတ်
သည် မစင်ကြယ်။ 16ထိုသူတို့က ငါတို့သည်
ဘုရားကို သိကြသည် ဟုဆို၏။ သို့သော်လည်း၊
သူတို့ပြုသည့် ဆိုးညစ်သောအရာအားဖြင့်
ဘုရားသခင်ကို လက်မခံကြောင်းထင်ရှားစေ
၏။ သူတို့သည် ကြောက်မက်ဖွယ်ကောင်းသော
သူများ ဖြစ်ကြ၏။ သူတို့သည် နာခံခြင်းကိုငြင်း
ပယ်ကြ၏။ သူတို့သည် ကောင်းသောအမှုတစ်
ခုကိုမျှပြုလုပ်ခြင်းငှါ အစွမ်းမရှိကြ၏။

## စစ်မှန်သောသွန်သင်ခြင်းကိုလိုက်လျှောက်ခြင်း

2 သင်သည် လူတို့အား စစ်မှန်သော သွန်
သင်ခြင်းကို လိုက်လျှောက်ကြရန် သူတို့ပြု
ရမည့်အရာများကို သွန်သင်ရမည်။ 2အသက်
ကြီးရင့်သောယောက်ျားတို့သည် ကိုယ့်ကိုကိုယ်
ထိန်းချုပ်ခြင်းငှါရင်း၊ ဣန္ဒြေစောင့်၍ ပညာရှိ
စွာ နေထိုင်ခြင်းငှါရင်း ညွှန်ကြားလော့။ သူတ
ပါးကို ချစ်ခြင်း၌ စိတ်အားထက်သန်၍၊ စိတ်
ရှည်သည်းခံခြင်း၌၊ အားကြီးလာစေခြင်းငှါသွန်
သင်လော့။
3ထိုနည်းတူ အသက်ကြီးရင့်သော မိန်းမတို့
သည်လည်း ကောင်းမွန်စွာ ပြုမူခြင်းငှါ ညွှန်
ကြားလော့။ အခြားသောသူတို့အား ဆန့်ကျင်
၍ ပြောဆိုခြင်း မပြုခြင်းငှါရင်း၊ စပျစ်ရည်ကို
အလွန်အကျွံသောက်ခြင်း အလေ့အထမရှိခြင်း
ငှါရင်းသွန်သင်လော့။ ထိုမိန်းမတို့သည် အဘယ်
အရာကောင်းမွန်သည်ကို သွန်သင်ရပါမည်။
4သူတို့သည် ထိုနည်းလမ်းအားဖြင့် အသက်ပျို
သောမိန်းမတို့အား ကိုယ်ခင်ပွန်းနှင့် သားသမီး
ကို ချစ်ကြခြင်းငှါ သွန်သင်နိုင်လိမ့်မည်။ 5သူတို့
သည် အသက်ပျိုသောမိန်းမတို့အား ပညာရှိစွာ
နေထိုင်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်
ကို ပြုစုသောသူ၊ ကြင်နာသောသူနှင့်ခင်ပွန်း
၏အုပ်စိုးခြင်းကို ဝန်ခံသောသူ ဖြစ်စေခြင်းငှါ

သွန်သင်နိုင်လိမ့်မည်။ ထို့နောက် ဘုရားသခင်
သည် ငါတို့အား ပေးတော်မူသောသွန်သင်ခြင်း
တရားသည် အဘယ်သူကမျှ အပြစ်ရှာ၍ဝေဖန်
နိုင်လိမ့်မည်မဟုတ်။
6ထိုနည်းတူ လူပျိုတို့သည်လည်း ပညာရှိစွာ
နေထိုင်ခြင်းငှါ ပြောလော့။ 7လူပျိုတို့အတွက်
အရာရာ၌ ကောင်းသောအကျင့်တို့၏ပုံသက်
သေကို ကိုယ်တိုင်ပြလော့။ သင်သည် သွန်သင်
သောအခါ ရိုးသားဖြောင့် မတ်ခြင်းနှင့် ရိုသေ
လေးစားခြင်းရှိလော့။ 8သင်သည် ပြောဆို
သောအခါ ပြစ်တင်ဝေဖန်ခြင်းနှင့် ကင်းလွတ်
မည် အကြောင်းကောင်းသောစကားကို အသုံး
ပြုလော့။ ထို့နောက် ငါတို့ကို ဆန့်ကျင်ဘက်
ပြုသောသူတို့သည် ရှက်ကြောက်ခြင်းသို့
ရောက်လိမ့်မည်။ အကြောင်းမူကား၊ သူတို့
သည် ငါတို့ကို ဆန့်ကျင်ခြင်းငှါ မကောင်းသော
အရာတစ်စုံတစ်ခုကိုမျှ ပြောဆိုနိုင်မည်မဟုတ်။
9အစေခံကျွန်တို့အား ဤအရာတို့ကို သွန်
သင်လော့။ သူတို့သည် အချိန်အခါတို့၌ သူတို့
၏သခင်တို့ကို နာခံကြရမည်။ သူတို့သည် မိမိ
တို့သခင်တို့ကို ကျေနပ်နှစ်သိမ့်စေခြင်းငှါ ကြိုး
စားကြရမည်။ သူတို့သည် မိမိတို့သခင်တို့ကို
အငြင်းအခုံမပြုကြရ။ 10သူတို့သည် မိမိတို့သခင်
တို့ထံမှ ခိုးခြင်းဝှက်ခြင်းမပြုရ။ သူတို့သည် ယုံ
ကြည်စိတ်ချနိုင်ကြောင်းကို မိမိတို့သခင်တို့အား
ထင်ရှားစေကြရမည်။ ငါတို့ကို ကယ်တင်တော်
မူသော ဘုရားသခင်ထံတော်မှလာသောသွန်
သင်တော်မူချက်သည် ချီးမွမ်းခြင်းရှိစေနိုင်မည်
အကြောင်း အစေခံကျွန်တို့သည် ဤအရာတို့
ကိုပြုရမည်။
11ဘုရားသခင်၏ ကျေးဇူးတော်သည်
ရောက်လာပြီ ဖြစ်သောကြောင့် ငါတို့သည်
ထိုသို့ အသက်ရှင်ရမည်။ ဘုရားသခင်၏ကျေး
ဇူးတော်သည် ခပ်သိမ်းသောသူတို့ကို ကယ်
တင်နိုင်၏။ 12ထိုကျေးဇူးတော်သည် ငါတို့အား
ဘုရားသခင်ကို ဆန့်ကျင်၍ အသက်မရှင်ရန်နှင့်
လောကီသားတို့၏ ပြုလိုသောမကောင်းသော
အရာတို့ကို မပြုကြရန် သွန်သင်တော်မူ၏။
ထိုကျေးဇူးတော်သည် ငါတို့အား ဤလောက၌
သတိရှိစွာ အသက်ရှင်ခြင်းငှါရင်း၊ ဖြောင့်မတ်
စွာ အသက်ရှင်ခြင်းငှါရင်း၊ ငါတို့၏သစ္စာရှိခြင်း
ကို ဘုရားသခင်ထံသို့ ထင်ရှားစေခြင်းငှါရင်း၊
သွန်သင်တော်မူ၏။ 13ကြီးမြတ်သော ဘုရား
သခင်တည်းဟူသော ငါတို့ကို၊ ကယ်တင်တော်
မူသော အရှင်ယေရှုခရစ်၏ဘုန်းအသရေတော်
နှင့် ကြွလာတော်မူခြင်း အလို့ငှါ ငါတို့သည်
စောင့်မျှော်နေကြစဉ် ငါတို့သည် ထိုကဲ့သို့
အသက်ရှင်ရပါမည်။ သူသည် ငါတို့၏ကြီးမား
သောမျှော်လင့်ခြင်း ဖြစ်၏။ 14ငါတို့ကို ခပ်သိမ်း
သောအပြစ်ဒုစရိုက်တို့မှ လွတ်မြောက်စေခြင်း
ငှါ သူသည် ငါတို့အတွက် အသေခံတော်မူ၏။
ငါတို့သည် ကိုယ်တော်နှင့်သာလျှင် စပ်ဆိုင်၍
ကောင်းသောအရာများကို အစဉ်မပြတ် ပြုရန်
အလိုရှိသောစင်ကြယ်သည့် သူများဖြစ်စေခြင်း
ငှါ ကိုယ်တော်သည် အသေခံတော်မူ၏။
15အာဏာအပြည့်အဝဖြင့် ဤအရာများကို
လူတို့အား သွန်သင်လော့။ သူတို့သည် မှား
ယွင်းသောအခါ သူတို့အား ပြုပြင်ဆုံးမလော့။
အဘယ်သူမျှ သင့်ကို မထီမဲ့မြင်မပြုစေနှင့်။

## အသက်ရှင်ရန် ဖြောင့်မတ်သောနည်းလမ်း

3 လူတို့သည်ဤ အရာများကို အစဉ်မပြတ်
ပြုလုပ်စေခြင်းငှါ သတိပေးလော့။ သူတို့ကို
အုပ်စိုးသောသူတို့နှင့် အစိုးရခေါင်းဆောင်တို့
၏အာဏာစက်အောက်၌ ရှိရမည်။ ထိုအုပ်စိုး
သူတို့ကို နာခံ၍ ကောင်းသောအမှုကို ပြုစေ
ခြင်းငှါ အသင့်ဖြစ်၍။ 2တစ်စုံတစ်ယောက်၏
မကောင်းသောအကြောင်းအရာကို မပြော
ဆိုရ။ အခြားသောသူတို့နှင့် ငြိမ်းချမ်းစွာအ
သက်ရှင်နေထိုင်ရမည်။ အခြားသောသူတို့၌
နူးညံ့သိမ်မွေ့ခြင်း ရှိရမည်။ အခြားသောသူတို့
၌ ယဉ်ကျေးသိမ်မွေ့ရမည်။ ဤအရာများကိုလူ
ခပ်သိမ်းတို့အား ပြုရမည့်အကြောင်း ယုံကြည်
သူများကို သတိပေးလော့။
3လွန်ခဲ့ပြီးသောကာလ၌ ငါတို့သည်လည်း
သူတို့ကဲ့သို့ မိုက်မဲသောသူများ ဖြစ်ကြ၏။ ငါ

တို့သည် နာခံခြင်းမရှိကြ။ ငါတို့သည်လမ်းမှား
လျှောက်ရှိကြ၏။ ငါတို့သည် ငါတို့၏ကိုယ်ခန္ဓာ
များ၏ အလိုရှိသည်အတိုင်း ရွှင်လန်းဝမ်း
မြောက်ခြင်း ရှိစေခြင်းငှါ များစွာသောအရာ
များတို့၌ ကျွန်များဖြစ်ကြ၏။ ငါတို့သည် အပြစ်
ဒုစရိုက်များ၌ အသက်ရှင်၍ မနာလိုခြင်းရှိခဲ့ကြ
၏။ လူတို့သည် ငါတို့ကို မုန်းတီးခဲ့ကြ၏။ ငါတို့
သည်လည်း အချင်းချင်းမုန်းတီးကြ၏။ 4သို့သော်
လည်း ငါတို့၏ကယ်တင်ရှင်ဘုရားသခင်၏ကြင်
နာခြင်းနှင့် ချစ်ခြင်းမေတ္တာသည် သိသာထင်
ရှားလာ၏။ 5ငါတို့ကျင့်သော ဖြောင့်မတ် ခြင်း
အကျင့်ကောင်းအားဖြင့် မဟုတ်ဘဲ၊ မိမိ၏ကရု
ဏာတော်အားဖြင့် ငါတို့ကို ကယ်တင်တော်မူ
၏။ ဒုတိယမွေးခြင်းကို ဖြစ်စေတော်မူသောဆေး
ကြောခြင်းအားဖြင့်၎င်း၊ ငါတို့ကို ပြန်လည်၍အ
သစ်ဖြစ်စေသော သန့်ရှင်းသောဝိညာဉ်တော်
အားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။
6ဘုရားသခင်သည် ထိုသန့်ရှင်းသော
ဝိညာဉ်တော်ကို ငါတို့၏ကယ်တင်ရှင် ယေရှု
ခရစ်အားဖြင့် ငါတို့အပေါ်သို့ အပြည့်အဝ သွန်း
လောင်းတော်မူ၏။ 7ငါတို့သည် ဘုရားသခင်၏
ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့
ရောက်ကြ၏။ ငါတို့သည် ထာဝရအသက်ကို
ရမည်အကြောင်း ဘုရားသခင်သည် ငါတို့အား
မိမိဝိညာဉ်တော်ကို ပေးတော်မူ၏။ ငါတို့သည်
ထိုထာဝရအသက်ကို မျှော်လင့်လျက် ရှိကြ၏။
8ဤသွန်သင်ခြင်းသည် မှန်ကန်၏။ လူတို့
သည် ဤအကြောင်းအရာများကို သေချာစွာ
နားလည်ကြရမည်အကြောင်း သင်ဟောပြော
ရန် ငါအလိုရှိ၏။ ထို့နောက် ဘုရားသခင်ကို
ယုံကြည်သောသူတို့သည် သူတို့၏အသက်တာ
များ၌ကောင်းသောအရာကိုပြုလျက်သတိကြီး
စွာနေလိမ့်မည်။ ဤအရာများသည် ကောင်း
သောအရာဖြစ်၍ ခပ်သိမ်းသောသူတို့ကို ကူညီ
ပါလိမ့်မည်။
9သို့သော်လည်း မိုက်မဲသောငြင်းခုံခြင်းပြု
တတ်သူ၊ အချည်းနှီးသောအမျိုးနွယ်စုပုံပြင်များ
အကြောင်းကို ပြောဆိုတတ်သောသူ၊ ပညတ်
တရားတိုက်လှန်ခြင်းကို ဖြစ်စေသောသူတို့ကို
ရှောင်ကြဉ်လော့။ ထိုအရာများသည် အကျိုးမ
ရှိ။ အချည်းနှီးသာဖြစ်၍ လူတို့အား ကူညီလိမ့်
မည်မဟုတ်။ 10တိတု၊ လူတစ်ယောက်သည်
ငြင်းခုံခြင်းများကို ဖြစ်စေလျှင် သူ့အား သတိ
ပေးလော့။ ထိုသူသည် ငြင်းခုံခြင်းများကိုဆက်
၍ဖြစ်စေလျှင် သူ့အား တစ်ဖန်သတိပေးလော့။
သူသည် ဆက်လက်၍ပင် ငြင်းခုံခြင်းများကို
ဖြစ်စေသေးလျှင် သူ့အား အပေါင်းအဖော်မပြု
ကြနှင့်။ 11ထိုကဲ့သို့သောလူသည် ဆိုးညစ်သော
သူဖြစ်၍ အပြစ်ဒုစရိုက်နှင့် ပြည့်နေသည်ကိုသင်
သိ၏။ သူ၏အပြစ်ဒုစရိုက်များသည် သူ့အား
မှားယွင်းနေကြောင်းကို သက်သေပြ၏။

## အောက်မေ့စရာအချို့သောအရာများ

12ငါသည် အာတေမနှင့် တုခိတ်တို့ကို သင့်
ထံသို့ စေလွှတ်လိမ့်မည်။ ငါသည် သူတို့ကို
စေလွှတ်သောအခါ ငါရှိရာ နိကောပလိမြို့သို့
ကြိုးစား၍ လာလော့။ ငါသည် ထိုနေရာ၌
ဤဆောင်းရာသီကာလပတ်လုံးနေမည်ဟု ဆုံး
ဖြတ်၏။ 13ရှေ့နေဇေနနှင့် အာပေါလုတို့သည်
ယခုတွင် ကရေတေမြို့မှ ခရီးအစပြုကြလိမ့်
မည်။ သူတို့အတွက် သင်ကူညီနိုင်သမျှအားလုံး
တို့ကိုပြုလော့။ သူတို့လိုအပ်သမျှသောအရာ
ခပ်သိမ်းတို့ကို သူတို့ရှိကြသည်ဟု သိမှတ်လော့။
14သူတို့သည် လိုအပ်လျက်ရှိသောသူတို့ကို ကူ
ညီနိုင်မည်အကြောင်း ကောင်းသောအရာများ
ကို ပြုလုပ်ကြရမည်။ ထို့နောက် ငါတို့၏လူများ
သည် အသီးမဲ့သောအသက်တာ၌ အသက်ရှင်
ကြလိမ့်မည်မဟုတ်။ 15ဤနေရာ၌ ငါနှင့်အတူ
ရှိသောသူအပေါင်းတို့သည် သင့်ကို နှုတ်ဆက်
ကြ၏။ တိတု၊ ယုံကြည်ခြင်း၌ ငါတို့ကိုချစ်သော
သူတို့ကို နှုတ်ဆက်လော့။ သင်တို့အားလုံးအ
ပေါ်၌ ကျေးဇူးတော်ရှိပါစေသော။

# ဖိလေမုန်ဩဝါဒစာ

ယေရှုခရစ်နှင့် စပ်ဆိုင်သောအားဖြင့် အ
ကျဉ်းခံရသော ပေါလုနှင့် ငါတို့ညီ တိမောသေ
တို့သည် ငါတို့ချစ်သောမိတ်ဆွေ၊ ငါတို့လုပ်
ဖော်ဆောင်ဘက်ချင်းဖိလေမုန်၊ [2]ငါတို့ချစ်
သောနှမအပ္ပိ၊ ငါတို့စစ်သူရဲချင်း အာခိပ္ပုနှင့်
သင်၏အိမ်၌စုဝေးကြသော အသင်းတော်တို့ကို
နှုတ်ဆက်လိုက်ပါ၏။
[3]သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူ
သောဘုရားသခင့်အထံတော်မှ ကျေးဇူးတော်
နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။

## ဖိလေမုန်၏ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ခြင်း

[4]ငါသည် သင့်ကိုငါ၏ ဆုတောင်းခြင်းများ၌
အောက်မေ့သတိရ၏။ ငါသည် သင့်အတွက်
ကြောင့် ငါ၏ဘုရားသခင်ကျေးဇူးတော်ကို အ
စဉ်မပြတ်ချီးမွမ်း၏။ [5]ဘုရားသခင်၏သန့်ရှင်းသူ
အားလုံးတို့အပေါ်၌ သင်၏ချစ်ခြင်းမေတ္တာအ
ကြောင်းနှင့် သခင်ယေရှု၌ သင်၏ယုံကြည်ခြင်း
အကြောင်းကို ငါကြားရ၏။ သင်၌ရှိသော ထို
ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ခြင်းတို့အတွက် ငါ
သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း
၏။ [6]ငါတို့နှင့်အတူ သင်ဆက်ဆံသောယုံကြည်
ခြင်းသည် ခရစ်တော်၌ ငါတို့ပိုင်ဆိုင်သော
ကောင်းသောအရာခပ်သိမ်းတို့ကို သင့်အား
နားလည်စေပါမည်အကြောင်း၊ ငါဆုတောင်း
၏။ [7]ငါ့ညီ၊ သင်သည် ဘုရားသခင်၏လူတို့အား
သင်၏ချစ်ခြင်းမေတ္တာကို ထင်ရှားစေ၍ သူတို့
အား ဝမ်းမြောက်စေကြပြီ။ ဤအရာသည် ငါ့
အားကြီးမားသော ဝမ်းမြောက်ခြင်းနှင့် နှစ်သိမ့်
ခြင်းကိုပေးတော်မူ၏။

## ဩနေသိမ်ကို ညီတစ်ယောက်ကဲ့သို့ လက်ခံခြင်း

[8]ဤနေရာ၌ သင်ပြုရမည့် တစ်စုံတစ်ရာရှိ
၏။ ခရစ်တော်နှင့် သင်၏ဆက်စပ်မှုကြောင့်
မှန်ကန်သောအရာကိုပြုရန် သင့်အား ရဲရင့်စွာ
ငါပြောနိုင်၏။ [9]သင့်အား မိန့်ဆိုမည့်အစား
သင့်ကိုငါတောင်းပန်၏။ ငါသည် ပေါလုဖြစ်၏။
ယခုတွင် ငါသည် အသက်ကြီးသောသူတစ်
ယောက်ဖြစ်၏။ ငါသည် ခရစ်တော်ယေရှု
ကြောင့်အကျဉ်းခံရသောသူဖြစ်၏။ [10]ငါ၏သား
တစ်ယောက်ကဲ့သို့ဖြစ်သောဩနေသိမ်အတွက်
သင့်ကို ငါတောင်းပန်၏။ ငါသည် အကျဉ်း
ထောင်ထဲ၌ရှိနေစဉ် သူသည် ငါ၏သားဖြစ်လာ
၏။ [11]လွန်ခဲ့သောကာလ၌ သူသည် သင့်အ
တွက် အသုံးမရသောသူဖြစ်၏။ သို့သော်လည်း
ယခုတွင် သူသည် သင်နှင့်ငါတို့နှစ်ဦးစလုံးအ
တွက် အသုံးဝင်သောသူ ဖြစ်လာ၏။
[12]ငါသည် သူ့အား သင့်ထံသို့ပြန်၍စေလွှတ်
၏။ သူသည် သင့်ထံသို့ ပြန်လာသောအခါ၊
ငါသည် သူ့ကိုအလွန်ချစ်ကြောင်းကိုသင်သိမှတ်
လော့။ [13]ဝမ်းမြောက်ဖွယ်ရာသတင်းအတွက်
သင့်ကိုယ်စား သူသည် ငါ့ကို ကူညီနိုင်မည်ဖြစ်
သောကြောင့် သူ့ကို ဤနေရာထောင်ထဲ၌ ငါ
နှင့်အတူ ထားရန် ငါအလွန်အလိုရှိ၏။ သူသည်
ငါ့ကိုကူညီခြင်းအားဖြင့် သင်၏အစေကိုခံလျက်
ရှိနေမည်။ [14]သို့သော်လည်း၊ သင့်ကို ရှေးဦးစွာ
မတောင်းဆိုဘဲ အဘယ်အရာကိုမျှ ငါမဆိုလို။
ထို့ကြောင့် သင်သည် ငါ့အား ဤကျေးဇူးကို
ပြုခြင်းသည် တာဝန်ဝတ္တရားကြောင့် မဟုတ်
ဘဲ သင်သည်ထိုအရာကိုပြုအလိုသောကြောင့်
သာဖြစ်ရမည်။

15သင်သည် ဩနေသိမ်ကို အစဉ်အမြဲပြန်
လည် ရရှိမည်ဖြစ်ကြောင်း သူသည် သင့်ထံမှ
အချိန်အနည်းငယ် ခွဲခွါသွားသည် ဟုဆိုစရာရှိ
၏။ 16အစေခံကျွန်တစ်ယောက်ကဲ့သို့မဟုတ်ဘဲ
ကျွန်တစ်ယောက်ထက် သာ၍ချစ်သောညီအစ်
ကိုတစ်ယောက်ကဲ့သို့ ဖြစ်ရမည်ဟု ဆိုလို၏။ငါ
သည် သူကို အလွန်ချစ်၏။ သို့သော်လည်း သင်
သည် သူ့ကိုပို၍ချစ်လိမ့်မည်။ သင်သည်သူ့အား
လူတစ်ယောက်ကဲ့သို့ရင်း၊ သခင်ဘုရား၌ ညီ
အစ်ကိုတစ်ယောက်ကဲ့သို့ရင်း ချစ်ရလိမ့်မည်။
17သင်သည် ငါ့အား သင်၏မိတ်ဆွေအဖြစ်
လက်ခံလျှင် ဩနေသိမ်ကိုလည်း ပြန်၍ လက်
ခံလော့။ သင်သည် ငါ့အား ကြိုဆိုလက်ခံ
သကဲ့သို့ သူ့ကိုလည်း ကြိုဆိုလက်ခံလော့။
18ဩနေသိမ်သည် သင့်ကို မှားယွင်းသော အ
ဘယ်အရာကိုမဆို ငါ့စာရင်း၌မှတ်လော့။ သူ
သည် သင့်အား ရှိသမျှသောအကြွေးများကို
လည်း ငါ့စာရင်း၌မှတ်လော့။ 19ငါသည် ပေါလု
ဖြစ်၏။ ငါသည် ဤစာကို ငါ၏လက်ဖြင့်ကိုယ်
တိုင်ရေး၏။ ဩနေသိမ်၌ရှိသမျှသော အဘယ်
အကြွေးကိုမဆို ငါသည် ပြန်၍ဆပ်ပါမည်။
သင်၏အသက်တာသည် ငါ့ကို အကြွေးတင်
ကြောင်း သင့်ကို အသိပေးရန် ငါအလိုမရှိ။
20ထို့ကြောင့် ငါ့ညီ၊ သခင်ဘုရား၌ ငါ့အတွက်
တစ်စုံတစ်ခုကို ပြုရန်သင့်အား ငါတောင်းပန်
၏။ ငါ၏စိတ်နှလုံးကို ခရစ်တော်၌ သက်သာ
စေလော့။ 21သင်သည် ငါတောင်းဆိုသော
အဘယ်အရာကို မဆိုပြုလိမ့်မည်ဖြစ်ကြောင်း
ကိုသိလျက် ငါသည် ဤစာကိုရေး၏။ ငါ
တောင်းပန်သည် ထက်ပို၍ သင်သည် ပြုလိမ့်
မည်ကို ငါသိ၏။
22ငါတည်းခိုရန် အခန်းတစ်ခန်းကိုလည်း
ကျေးဇူးပြု၍ ငါ့အတွက် ပြင်ဆင်ပေးလော့။
ဘုရားသခင်သည် သင်တို့ဆုတောင်းခြင်းကို
နားထောင်တော်မူ၍ ငါသည်လည်း သင်တို့ရှိ
ရာသို့လာရန် တတ်နိုင်ပါမည်အကြောင်း မျှော်
လင့်၏။

## နောက်ဆုံးနှုတ်ဆက်ခြင်း

23ပေဖြသည် ခရစ်တော်ယေရှုအတွက် ငါ
နှင့်အတူ ထောင်ထဲ၌ရှိ၏။ သူသည် သင်တို့
အား နှုတ်ဆက်၏။
24မာကု၊ အာရိတ္တာခု၊ ဒေမနှင့်လုကာတို့
သည်လည်း သင်တို့ကို နှုတ်ဆက်၏။ သူတို့
သည်လည်း ငါနှင့်အတူ လုပ်ဆောင်သောသူ
များဖြစ်ကြ၏။
25ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်
သည် သင်တို့အပေါ်၌ ရှိပါစေသော။ အာမင်။

# ဟေဗြဲသြဝါဒစာ

## ဘုရားသခင်သည် သူ၏သားတော်အားဖြင့် စကားပြောခြင်း

1 လွန်လေပြီးသောကာလ၌ ဘုရားသခင်
သည် ပရောဖက်များအားဖြင့် ငါတို့၏ဘိုး
ဘေးတို့အား စကားပြောတော်မူ၏။ ဘုရား
သခင်သည် သူတို့ကို အကြိမ်ပေါင်းများစွာ
နည်းလမ်းအမျိုးမျိုးဖြင့် စကားပြောတော်မူ၏။
2ယခု ဤနောက်ဆုံးသောအချိန်ကာလများ၌
ဘုရားသခင်သည် ငါတို့အား ထပ်မံ၍ စကား
ပြောတော်မူ၏။ ဘုရားသခင်သည် သားတော်
အားဖြင့် ငါတို့အား စကားပြောတော်မူ၏။
ဘုရားသခင်သည် ကမ္ဘာလောကကြီးကို သား
တော်အားဖြင့် ဖန်ဆင်းတော်မူ၏။ ထို့နောက်
သားတော်အား ခပ်သိမ်းသောအရာတို့၏ အ
မွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ 3ထို
သားတော်သည် ဘုရားသခင်၏ဘုန်းတော်ကို
ပြတော်မူ၏။ ထိုသားတော်သည် ဘုရားသခင်
၏ဇာတိကို ဖြစ်တော်မူ၏။ ထိုသားတော်သည်
ခပ်သိမ်းသောအရာတို့ကို တန်ခိုးနှင့်ပြည့်စုံ
သောမိမိအမိန့်တော်အားဖြင့် ထိန်းချုပ်တော်
မူ၏။ ထိုသားတော်သည် လူတို့ကို မိမိတို့အ
ပြစ်မှ သန့်စင်စေ၍ ကောင်းကင်ဘုံ၌ ကြီးမြတ်
တော်မူသော ဘုရားသခင်၏လက်ျာဘက်၌
ထိုင်တော်မူ၏။ 4ဘုရားသခင်သည် ထိုသား
တော်အား ကောင်းကင်တမန်တို့ ရသောဘွဲ့နာ
မထက် ကြီးမြတ်သောဘွဲ့နာမတော်ကို ပေး
တော်မူ၏။ ထို့နောက် ထိုသားတော်သည်
ကောင်းကင်တမန်တို့ထက်သာ၍ ကြီးမြတ်လာ
တော်မူ၏။
5ဘုရားသခင်က

“သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင်ငါ
သည် သင့်အဘဖြစ်တော်မူပြီ ဟူ၍၎င်း၊”

*ဆာလံ၊ 2:7*

“ငါသည် သူ၏အဘဖြစ်မည်၊ သူသည်
လည်း ငါ၏သားဖြစ်လိမ့်မည်”

*2 ဓမ္မ၊ 7:14*

ဟူ၍၎င်း၊ အဘယ်မည် သောကောင်းတမန်ကို
တခါမျှ မိန့်တော်မူသနည်း။
6ဘုရားသခင်သည် မိမိသားဦးကို လောကသို့
ယူဆောင်တော်မူသောအခါ၊

“ဘုရားသခင်၏ ကောင်းကင်တမန်အ
ပေါင်းတို့သည် ထိုသူကို ကိုးကွယ်ကြစေ
ဟုမိန့်တော်မူ၏။”

*တရား၊ 32:43*

7ကောင်းကင်တမန်တို့အား ရည်ညွှန်း၍

“ဘုရားသခင် မိန့်မြွက်တော်မူသည်မှာ
ဘုရားသခင်သည် မိမိကောင်းကင်တမန်
တို့ကို လေကဲ့သို့၎င်း၊ မိမိအစေခံကျွန်တို့
ကိုမီးတောက်မီးလျှံကဲ့သို့၎င်းဖြစ်စေ၏။”

*ဆာလံ၊ 104:4*

8သို့သော်လည်း ဘုရားသခင်သည် သားတော်
အားရည်ညွှန်း၍

“အိုဘုရားရှင် ကိုယ်တော်၏ပလ္လင်သည်
ကာလအဆက်ဆက် တည်စေသတည်း။
ကိုယ်တော်သည် နိုင်ငံတော်ကို ဖြောင့်
မတ်ခြင်းနှင့် အုပ်စိုးတော်မူလိမ့်မည်။

9 ကိုယ်တော်သည် ဖြောင့်မတ်ခြင်းကို နှစ်
သက်၍ညစ်ညူးသောအရာကို မုန်းတော်
မူ၏။ ဤအရာကြောင့်၊ အိုဘုရားသခင်
ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်
တော်အား ကြီးမားသော ဝမ်းမြောက်
ခြင်းကို ပေးတော်မူ၏။ ကိုယ်တော်၏အ
ပေါင်းအဖော်တို့အား ပေးတော်မူသော
ဝမ်းမြောက်ခြင်းထက် ကြီးမားသော ဝမ်း
မြောက်ခြင်းခြင်းကို ကိုယ်တော်အားပေး
တော်မူ၏။”

*ဆာလံ၊ 45:6-7*

10 ဘုရားသခင်ကလည်း၊

“အိုသခင်ဘုရား၊ ကိုယ်တော်သည် ရှေးဦး
စွာ၌ မြေကြီးကို ဖန်ဆင်းတော်မူ၏။ ထို့
နောက် ကိုယ်တော်၏လက်တော်ဖြင့်မိုး
ကောင်းကင်ကို ဖန်ဆင်းတော်မူ၏။
11 ထိုအရာတို့သည် ပျောက်ကွယ်သွား
သော်လည်းကိုယ်တော်သည် အမြဲတည်
တော်မူ၏။ ခပ်သိမ်းသောအရာတို့သည်
အဝတ်ကဲ့သို့ဟောင်းနွမ်းခြင်းရှိလိမ့်မည်။
12 ကိုယ်တော်သည် ထိုအရာတို့ကို ဝတ်လုံ
ကဲ့သို့လိပ်တော်မူ၍ ထိုအရာတို့သည်အ
ဝတ်ကဲ့သို့ပြောင်းလဲခြင်း ရှိလိမ့်မည်။ သို့
သော်လည်း ကိုယ်တော်သည် မပြောင်း
လဲ၍ အသက်တော်သည် ဘယ်သော
အခါမျှ ကုန်ဆုံးလိမ့်မည်မဟုတ်။”

*ဆာလံ 102:25-27*

13 ထို့မှတပါး ဘုရားသခင်က

“သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါ
မချမထားမီတိုင်အောင် ငါ၏လက်ျာ
ဘက်၌ ထိုင်နေလော့*” ဟု အဘယ်
မည်သောကောင်းကင်တမန်ကို တခါမျှ
မိန့်တော်မူဘူးသနည်း။

*ဆာလံ၊ 110:1*

14 ကောင်းကင်တမန်အားလုံးတို့သည် ဘုရား
သခင်အား အမှုတော်ဆောင်နေသောနံဝိညာဉ်
ဖြစ်၍ ကယ်တင်တော်မူခြင်းကို လက်ခံရရှိမည့်
သူတို့ကို ကူညီမစရန် စေလွှတ်ခြင်းခံသောသူ
များဖြစ်ကြ၏။

## အကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ပညတ်တရားထက်သာ၍ကြီးမား၏

2 ထို့ကြောင့် ငါတို့အား သွန်သင်ပေးသော
အကြောင်းအရာတို့ကို လိုက်လျှောက်ရာ
တွင် ငါတို့သည် ပို၍ သတိပြုကြရမည်။ ငါတို့
သည် ပို၍ သတိပြုမှုခြင်းအားဖြင့် သမ္မာတရား
လမ်းမှ လမ်းလွဲသွားမည်မဟုတ်။
2 လွှန်ခဲ့သော
အချိန်ကာလတွင် ဘုရားသခင်သည် ကောင်း
ကင်တမန်များအားဖြင့် သွန်သင်သောအရာတို့
သည် မှန်ကြောင်းသက်သေပြ၏။ ယုဒလူတို့
သည် ထိုသွန်သင်ချက်နှင့်သဘောမတူသော
တစ်စုံတစ်ရာကို ပြုသောကြောင့်သော်၎င်း၊
ထိုသွန်သင်ချက်၏အမိန့်ကို မလိုက်နာသော
ကြောင့်သော်၎င်း၊ သူတို့သည် ခံထိုက်သောအ
ပြစ်ဒဏ်ကိုခံရ၏။ ထိုသွန်သင်ချက်တို့ကို နာခံမှု
မရှိသောအခါ အပြစ်ဒဏ်ခံရကြ၏။
3 ငါတို့အား
ပေးအပ်သောကယ်တင်ခြင်းသည် အလွန်ကြီး
မြတ်ပေ၏။ ထို့ကြောင့် ငါတို့သည် ဤကယ်
တင်တော်မူခြင်းတရားကို နားမထောင်ဘဲနေ
လျှင် ငါတို့သည် အမှန်ပင် အပြစ်ဒဏ်ခံရလိမ့်
မည်။ သခင်ယေရှုသည် ဤကယ်တင်တော်မူ
ခြင်းတရားကို လူတို့အား ပထမဦးဆုံးဟော
ပြောသောသူဖြစ်၏။ ထို့ကြောင့် ဤကယ်တင်
ခြင်းသည် မှန်ကန်ကြောင်း ထိုသတင်းစကား
ကို ကိုယ်တော်ထံမှ ကြားရသောသူတို့သည် ငါ
တို့အား သက်သေပြကြ၏။
4 ဘုရားသခင်ကိုယ်
တိုင်သည်လည်း နိမိတ်လက္ခဏာ၊ အံ့ဖွယ်
သောအမှုများနှင့် ထူးဆန်းသောတန်ခိုးများ
အားဖြင့် ထိုအကြောင်းကို သက်သေပြတော်မူ
၏။ ထို့အပြင် ဘုရားသခင်သည် သန့်ရှင်းသော
ဝိညာဉ်တော်အားဖြင့် လူတို့အား ဆုကျေးဇူး
များကို ပေးခြင်းဖြင့်လည်း ထိုအရာကို သက်

**“သင် … ထိုင်နေလော့”** မူရင်းအရသင်၏ရန်သူတို့ကို သင်၏ခြေတင်ရာအောက်၌ ငါမချထားမှီတိုင်အောင်။

သေပြတော်မူ၏။ ဘုရားသခင်သည် ထိုဆု
ကျေးဇူးများကို မိမိအလိုတော်အတိုင်းလူတို့
အားဝေငှတော်မူ၏။

## ခရစ်တော်သည် သူတို့ကို ကယ်တင်ခြင်းငှါ လူဇာတိကို ခံယူတော်မူ၏

5 ဘုရားသခင်သည် ကောင်းကင်တမန်တို့
အား ယခုလာမည့်ကမ္ဘာသစ်ကို အုပ်ချုပ်သူ
များအဖြစ် ရွေးချယ်ခြင်းပြုတော်မမူ။ ထိုကမ္ဘာ
သည် ငါတို့ပြောဆိုနေသောကမ္ဘာပင် ဖြစ်၏။
6 ဤအရာနှင့် ဆန့်ကျင်၍ ကျမ်းစာတစ်ချက်၌
ဖော်ပြထားသည်မှာ

“အိုဘုရားသခင်၊ ကိုယ်တော်သည် အ
ဘယ်ကြောင့် လူကိုအောက်မေ့တော်မူ
ရသနည်း။ လူသားသည် အဘယ်သို့
သောသူဖြစ်၍ကိုယ်တော်သည်အောက်
မေ့တော်မူရသနည်း။
7 ကိုယ်တော်သည် သူ့ကို ကောင်းကင်
တမန်တို့အောက် ခေတ္တခဏနှိမ့်ချထား
တော်မူ၏။ ကိုယ်တော်သည် သူ့အား
သရဖူအဖြစ်ဘုန်းကြီးခြင်းနှင့်ဂုဏ်ပြုခြင်း
ကိုပေးတော်မူ၏။
8 အရာခပ်သိမ်းတို့ကို သူ၏ထိန်းချုပ်ခြင်း*
အောက်၌ ရှိစေတော်မူ၏။”

*ဆာလံ 8:4-6*

ဘုရားသခင်သည် အရာခပ်သိမ်းကို သူ့အုပ်စိုး
မှုအောက်တွင် ရှိစေခြင်းအားဖြင့် သူ၏အုပ်စိုး
မှုနှင့် လွတ်သောအရာတစ်စုံတစ်ခုမျှ မရှိ။ သို့
သော်လည်း၊ အရာခပ်သိမ်းတို့အပေါ်တွင် အုပ်
စိုးလျက် ရှိကြောင်းကို ငါတို့မမြင်ရကြသေး။
9 ငါတို့မြင်သောအရာသည် ယေရှုဖြစ်တော်မူ
၏။ ကိုယ်တော်သည် ကောင်းကင်တမန်တို့
အောက်အနည်း ငယ်နှိမ့်ခြင်းကိုခံတော်မူ၏။
သို့သော်လည်း၊ ယခုတွင် ခေါင်းတော်ပေါ်၌
ဘုန်းဦးရစ်သရဖူနှင့်အတူ မြင်ရ၏။ အကြောင်း
မူကား၊ ကိုယ်တော်သည် ဒုက္ခဝေဒနာနှင့်သေ
ခြင်းကို သည်းခံတော်မူ၏။

10 ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်
ဆင်းသောသူ ဖြစ်တော်မူ၏။ အရာခပ်သိမ်း
သည်လည်း မိမိဘုန်းအသရေအတွက် ဖြစ်၏။
ထို့ကြောင့် မိမိဘုန်းအသရေတော်ကိုစံစားရန်
များစွာသောသားရှိခြင်းသည် ဘုရားသခင် အ
တွက် မှန်ကန်သောအရာဖြစ်၏။ သူတို့ကိုကယ်
တင်ခြင်းသို့ ပို့ဆောင်သောသူကို စုံလင်စေ
ခြင်းအားဖြင့် ဘုရားသခင်သည် ဤအရာကိုပြု
လုပ်တော်မူ၏။ ဘုရားသခင်သည် ခရစ်တော်
အား ဒုက္ခဝေဒနာအားဖြင့် စုံလင်သောကယ်
တင်ရှင် ဖြစ်စေတော်မူ၏။
11 လူတို့ကို သန့်ရှင်းစေသောယေရှုနှင့် မိမိ
သန့်ရှင်းစေသောသူများတို့သည် မိသားစုဝင်
တစ်စုပင် ဖြစ်၏။ ထို့ကြောင့် ခရစ်တော်သည်
ထိုသူတို့ကို ညီအစ်ကိုမောင်နှမဟုခေါ်ဆိုရန်
ရှက်ကြောက်ခြင်းမရှိ။ 12 ယေရှုက

“အိုဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်
တော်အကြောင်းကို အကျွန်ုပ်၏ညီအစ်
ကိုမောင်နှမတို့အား ပြောပါမည်။ အ
ကျွန်ုပ်သည် ကိုယ်တော်၏လူစုလူဝေး
တို့ရှေ့မှာ ကိုယ်တော်ကို ချီးမွမ်းပါမည်”
ဟုဆို၏။ *ဆာလံ 22:22*

13 ကိုယ်တော်ကလည်း

“အကျွန်ုပ်သည် ဘုရားသခင်ကို ကိုးစား
ပါမည်” ဟုလည်းဆို၏။ *ဟေရှာ 8:17*

တစ်ဖန် ကိုယ်တော်ကလည်း

“အကျွန်ုပ်ရှိသည့် ဤနေရာတွင် ဘုရား
သခင် ပေးတော်မူသောကလေးသူငယ်
တို့နှင့်အတူရှိ၏” ဟုလည်းဆို၏။

*ဟေရှာ၊ 8:18*

14 ထိုကလေးသူငယ်တို့သည် ခန္ဓာကိုယ်ဖြင့်
တည် ရှိနေကြသောသူများဖြစ်ကြ၏။ ထိုနည်း

---

**ထိန်းချုပ်ခြင်း** မူရင်းအရ ခြေတော်ရင်း

တူ ယေရှုသည် ထိုသူတို့ပြုသောအရာများကို
တွေ့ကြုံခံစားနိုင်မည်အကြောင်း ဤလောက
သို့ ခန္ဓာကိုယ်ဖြင့်ကြွလာတော်မူ၏။ ထို့ကြောင့်
လူကဲ့သို့ သေခြင်းကိုခံတော်မူ၏။ သေခြင်း၏
တန်ခိုးကို ပိုင်ဆိုင်သောမာရ်နတ်ကို ဖျက်
ဆီးနိုင်မည်အကြောင်း ကိုယ်တော်သည် ဤအ
ရာကို ပြုတော်မူ၏။ 15ယေရှုသည် လူတို့ကို
လွတ်မြောက်စေနိုင်မည် အကြောင်း လူကဲ့သို့
ဖြစ်လာ၍ အသေခံတော်မူ၏။ သူတို့သည် သေ
ဘေးကို ကြောက်ရွံ့ကြသောကြောင့် သူတို့၏
အသက်တာအားလုံးသည် သေခြင်း၌ ကျွန်ခံ
နေ၏။ 16ထိုအချက်မှာ ယေရှုသည် ကောင်း
ကင်တမန်တို့ကို ကူညီမစရန် လာခြင်းမဟုတ်
ကြောင်း ရှင်းလင်းလျက်ရှိ၏။ ကိုယ်တော်သည်
အာဗြဟံ၏ အမျိုးအနွယ်တို့ကို ကယ်တင်ရန်
ကြွလာတော်မူ၏။ 17ထိုအကြောင်းအရာကို
ဆင်ခြင်သောခရစ်တော်သည် မိမိညီအစ်ကို
မောင်နှမတို့နှင့် လုံးလုံးလျားလျား တူရမည်အ
ကြောင်း သိမြင်နိုင်၏။ အကြောင်းမှာ၊ ထိုသူ
တို့အတွက် ဘုရားသခင်ကို အမှုတော်ဆောင်
ရာတွင် ကရုဏာရှင်နှင့် သစ္စာရှိသောယဇ်ပု
ရောဟိတ်မင်းကြီး ဖြစ်နိုင်မည်အကြောင်း
တည်း။ ထို့နောက် ကိုယ်တော်သည် လူတို့၏
အပြစ်များကို ယူဆောင်ခြင်းငှါ သူသည် ယဇ်ပူ
ဇော်ခြင်းကို ပေးကမ်းတော်မူလိမ့်မည်။ 18ယခု
တွင် ယေရှုသည် စုံစမ်းနှောင့်ယှက်ခြင်းကို ခံရ
သောသူတို့ကို ကူညီမစနိုင်တော်မူ၏။ အ
ကြောင်းမှုကား၊ မိမိကိုယ်တိုင်ဒုက္ခဆင်းရဲခြင်း
နှင့် စုံစမ်းနှောင့်ယှက်ခြင်းကို ခံခဲ့ပြီးသော
ကြောင့်ဖြစ်၏။

## ယေရှုသည်မောရှေထက်ကြီးမြတ်တောမူ၏

3 ထို့ကြောင့် သင်တို့အားလုံးသည် ယေရှု၏
အကြောင်းကို ဆင်ခြင်ကြရမည်။ ဘုရား
သခင်သည် သူ့ကို ငါတို့ထံသို့ စေလွှတ်တော်မူ
၏။ သူသည် ငါတို့ယုံကြည်ခြင်း၏ ယဇ်ပုရော
ဟိတ်မင်းကြီးဖြစ်၏။ ငါ၏သန့်ရှင်းသူ ညီအစ်
ကိုမောင်နှမများဖြစ်သောသင်တို့အားလုံးသည်
ဘုရားသခင် ခေါ်ဖိတ်တော်မူသောသူများဖြစ်
ကြ၏။ 2ဘုရားသခင်သည် ယေရှုအား ငါတို့
ထံသို့ စေလွှတ်၍ ငါတို့၏ယဇ်ပုရောဟိတ်မင်း
ဖြစ်စေတော်မူ၏။ ယေရှုသည် မောရှေနည်းတူ
ဘုရားသခင်အပေါ် သစ္စာရှိတော်မူ၏။ ကိုယ်
တော်သည် ဘုရားသခင်၏ အိမ်တော်၌ အရာ
ခပ်သိမ်းကို ဘုရားသခင်၏အလိုတော်အတိုင်း
ပြုတော်မူ၏။ 3အိမ်ဆောက်သောသူသည် အိမ်
ထက်သာ၍ ကြီးသောဂုဏ်ပြုခြင်းကိုခံထိုက်၏။
ထိုနည်းတူ ယေရှုသည် မောရှေထက်သာ၍
ကြီးသောဂုဏ်ပြုခြင်းကိုခံထိုက်၏။ 4အိမ်ရှိသမျှ
တို့သည် တစ်စုံတစ်ယောက်သောအားဖြင့်
ဆောက်လုပ်ခြင်းဖြစ်၏။ သို့သော်လည်း၊ဘုရား
သခင်သည် ခပ်သိမ်းသောအရာတို့ကို ဆောက်
လုပ်တော်မူသောသူဖြစ်၏။ 5မောရှေသည်
ဘုရားသခင်၏အိမ်တော်တခုလုံးတွင် သစ္စာရှိ
သော အစေခံကျွန်တစ်ယောက်အဖြစ် အမှု
တော်ဆောင်ခဲ့၏။ ဘုရားသခင်သည် နောင်
ကာလ၌အဘယ်သို့ မိန့်တော်မူမည်ကို မောရှေ
သည်လူတို့အား ပြောပြ၏။ 6ခရစ်တော်မူကား၊
သားကဲ့သို့ ဘုရားသခင်၏အိမ်တော်ကို သစ္စာ
ရှိစွာအုပ်ချုပ်တော်မူ၏။ ငါတို့ ယုံကြည်သော
သူတို့သည် ဘုရားသခင်၏အိမ်တော်များ ဖြစ်
ကြ၏။ ငါတို့၌ရှိသော ကြီးမားသောမျှော်လင့်
ခြင်းနှင့်ဆက်လက်၍တည်ကြည်လျှင်ငါတို့သည်
ဘုရားသခင်၏အိမ်တော်ဖြစ်၏။

## ကျွန်ုပ်တို့သည် ဘုရားသခင်နောက်တော်သို့ ဆက်လက်၍ လိုက်ရမည်

7ထို့ကြောင့် ထိုသန့်ရှင်းသောဝိညာဉ်တော်
မိန့်တော်မူသကဲ့သို့

“ယနေ့တွင် သင်တို့သည် ဘုရားသခင်၏
အသံတော်ကို ကြားလျှင်၊
8 သင်တို့သည် ဘုရားသခင်ကို ဆန့်ကျင်
သော အတိတ်ကာလကဲ့သို့ သင်တို့၏
စိတ်နှလုံးကို မခိုင်မာစေနှင့်။ ထိုနေ့မူ
ကား၊ သင်တို့သည် ဘုရားသခင်အား
စောတွင် စုံစမ်းသောနေ့ ဖြစ်၏။

9 သင်တို့၏ဘိုးဘေးတို့သည် တောတွင် ငါ
ပြုသောအမှုများကို အနှစ်လေးဆယ်
ပတ်လုံးတွေ့မြင်ကြ၏။ သို့သော်လည်း သူ
တို့သည် ငါ၏သည်းခံခြင်းကို စုံစမ်းကြ၏။
10 ထို့ကြောင့် ငါသည် ထိုသူတို့အပေါ်၌
ဒေါသအမျက်ထွက်၍ မိန့်မြွက်သည်မှာ
'ထိုလူတို့၏ ကြံစည်သောနည်းလမ်းသည်
အမြဲပင် မှားယွင်းနေ၏။ သူတို့သည် ငါ
၏လမ်းခရီးကို ဘယ်သောအခါမျှ နားမ
လည်ကြ။
11 ထို့ကြောင့် 'သူတို့သည် ငါ၏ချမ်းသာထဲ
သို့ ဘယ်သောအခါမျှမဝင်ရဟု အမျက်
ထွက်၍ ငါကျိန်ဆို၏။"'

*ဆာလံ 95:7-11*

[12]ညီအစ်ကိုမောင်နှမတို့၊ သင်တို့သည် အ
သက်ရှင်တော်မူသော ဘုရားသခင်၏နောက်
တော်ကိုလိုက်ခြင်းမှ ရပ်တန့်စေ၍ ယုံကြည်ရန်
ငြင်းပယ်တတ်သည့် ဆိုးညစ်သောစိတ်နှလုံးမရှိ
စေခြင်းငှါ သတိပြုကြလော့။ [13]သို့ သော်လည်း
သင်တို့သည် အချင်းချင်း အမြဲတိုက်တွန်းနှိုး
ဆော်ကြလော့။ "ယနေ့"သည် ဤအရပ်၌ရှိနေ
သမျှကာလပတ်လုံး ဤအရာကို ပြုကြလော့။
သို့ပြုလျှင် အပြစ်နှင့်လူတို့ကို လှည့်ဖြားတတ်
သောအပြစ်၏အစွမ်းသတ္တိအားဖြင့် အဘယ်သူ
မျှ စိတ်နှလုံးခိုင်မာလာမည်မဟုတ်။ [14]ငါတို့
အားလုံးသည် ခရစ်တော်ပိုင်ဆိုင်သောအရာ
ခပ်သိမ်းကို ဝေမျှလျက်ရှိကြ၏။ ငါတို့သည် အ
စအဦး၌ရှိသော တည်ကြည်သောယုံကြည်ခြင်း
ကို အဆုံးတိုင်အောင်ခိုင်မြဲစွာကိုင်စွဲလျှင် ဤအ
ရာသည် ဆက်လက်မှန်ကန်လိမ့်မည်။ [15]ကျမ်း
စာလာသည်ကား၊

"ယနေ့တွင် သင်တို့သည် ဘုရားသခင်၏
အသံတော်ကို ကြားလျှင်၊ သင်တို့သည်
ဘုရားသခင်ကို ဆန့်ကျင်သော အတိတ်
ကာလကဲ့သို့ ခိုင်မာသောစိတ်နှလုံးမရှိ
ကြနှင့်။" *ဆာလံ 95:7-8*

[16]ဘုရားသခင်၏အသံတော်ကို ကြားလျက်
ပင် ဆန့်ကျင်ဘက်ပြုသော သူတို့သည် အ
ဘယ်သူနည်း။ အဲဂုတ္တုပြည်မှ မောရှေထုတ်
ဆောင်လာသောသူများ ဖြစ်ကြသည် မဟုတ်
လော။ [17]ဘုရားသခင်သည် သူတို့အပေါ်တွင်
နှစ်ပေါင်းလေးဆယ်ပတ်လုံးအမျက်ထွက်သော
သူတို့သည် အဘယ်သူနည်း။ ထိုသို့ပြုခြင်း
ကြောင်း သူတို့သည် တောခွဲဒုစရိုက်အပြစ်ကို
ပြု၍ သေသောသူများမဟုတ်လော့။ [18]သင်တို့
သည် ငါ၏ချမ်းသာထဲသို့ အဘယ်သောအခါ
မျှမဝင်ရဟု ဘုရားသခင်ကျိန်ဆိုတော်မူသော
သူတို့သည် အဘယ်သူနည်း။ ဘုရားသခင်ကို
နာမခံသောလူတို့ဖြစ်သည် မဟုတ်လော့။
[19]ထို့ကြောင့် ထိုသူတို့သည် ဘုရားသခင်၏ချမ်း
သာထဲသို့ ဝင်ခွင့်မရသည်ကို ငါတို့မြင်တွေ့ကြ
၏။ အကြောင်းမူကား၊ ထိုသူတို့သည် မယုံ
ကြည်ကြသောကြောင့်ဖြစ်၏။

4 ငါတို့သည် ထိုသူတို့အား ဘုရားသခင်
ပေးတော်မူသောဂတိတော်ကို ယခုတိုင်
ရရှိကြ၏။ ထိုဂတိတော်မူကား၊ ငါတို့သည်
ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်နိုင်သေး၏။
ထို့ကြောင့် သင်တို့တွင် အဘယ်သူမျှ ထိုဂတိ
တော်ကို မဆုံးရှုံးမည်အကြောင်း ငါတို့သည်
အလွန်သတိထားသင့်၏။ [2]ထိုလူတို့ကို ဟော
ပြောသကဲ့သို့ ငါတို့အား ထိုသတင်းစကားကို
ဟောပြောတော်မူ၏။ သို့သော်လည်း၊ ထိုသ
တင်းစကားကို ကြားသောသူတို့သည် ထိုတရား
စကားမှ အကျိုးမရကြ။ အကြောင်းမှာ ထိုတ
ရားစကားကိုကြား၍ ယုံကြည်ခြင်းဖြင့် လက်မ
ခံကြသောကြောင့် ဖြစ်၏။ [3]သို့သော်လည်း ယုံ
ကြည်သော ငါတို့သည် ဘုရားသခင်၏ချမ်းသာ
ထဲသို့ ဝင်နိုင်ကြ၏။ ဘုရားသခင်မိန့်တော်မူ
သည်ကား၊

"ငါသည် အမျက်ထွက်၍ ကျိန်ဆိုထား
သည်မှာ 'ထိုလူတို့သည် ငါ၏ချမ်းသာ
ထဲသို့ ဘယ်သောအခါမျှ မဝင်ရကြ'" ဟု
မိန့်တော်မူ၏။

*ဆာလံ၊ 95:11*

ဘုရားသခင်သည် ထိုကဲ့သို့ မိန့်မြွက်တော်မူ
သော်ငြားလည်း မိမိအလုပ်တော်သည် ကမ္ဘာ
လောကကြီးကို ဖန်ဆင်းပြီးကတည်းကပင် ပြီး
စီးခဲ့ပြီ။ [4]အကြောင်းမူကား၊ ကျမ်းစာတစ်ချက်
၌ဘုရားသခင်သည် ခုနစ်ရက်မြောက်သောနေ့
နှင့်ပတ်သက်၍ ဤအကြောင်းကို မိန့်တော်မူ၏။
"ထို့ကြောင့် ခုနစ်ရက်မြောက်သောနေ့တွင် မိမိ
အလုပ်အားလုံးမှ အနားယူတော်မူ၏။"* [5]ငါ
တို့ဖော်ပြထားသည့် အခြားသောကျမ်းစာတစ်
ချက်တွင်လည်း ဘုရားသခင်က ထိုသူတို့သည်
ငါ၏ချမ်းသာထဲသို့မဝင်ရဟု ဆိုထားသေး၏။
[6]လူတို့သည် ဘုရားသခင်၏ချမ်းသာထဲသို့
ဝင်နိုင်သည် ဆိုသောအချက်အလက်သည် ယ
နေ့တိုင်အောင် မှန်ကန်လျက်ရှိ၏။ သို့သော်
လည်း ရှေးဦးစွာ ဝမ်းမြောက်ဖွယ်ရာသတင်း
ကြားရသော ထိုသူတို့သည် နာမခံသော
ကြောင့် ဝင်ခြင်းငှါမတတ်နိုင်ကြ။ [7]ထို့ကြောင့်
ဘုရားသခင်သည် "ယနေ့" ဟုခေါ်သော အ
ခြားသောနေ့တစ်နေ့ကို တဖန်ရွေးချယ်တော်မူ
၏။ ဘုရားသခင်သည် ထိုနေ့အကြောင်းကို ကာ
လကြာမြင့်ပြီးမှ ဒါဝိဒ်အားဖြင့်မိန့်တော်မူ၏။ ထို
အချက်အလက်ကို အထက်တွင်ငါတို့၏အသုံးပြု
သောကျမ်းချက်၌ ရေးသားထားသည်မှာ

> "ယနေ့တွင် သင်သည် ဘုရားသခင်၏
> အသံတော်ကိုကြားလျှင် အတိတ်ကကဲ့
> သို့ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်" ဟူ၍
> ဖြစ်၏။ *ဆာလံ၊ 95:7-8*

[8]ယောရှုသည် လူတို့ကို ဘုရားသခင်၏ချမ်းသာ
ထဲသို့ ဆောင်မသွားကြောင်းကို ငါတို့သိကြ၏။
ငါတို့သည် ဤအကြောင်းအရာတို့ကို သိကြ၏။
အကြောင်းမူကား၊ ဘုရားသခင်သည် မိမိချမ်း
သာထဲသို့ဝင်ခြင်းအတွက် အခြားသောနေ့တစ်
နေ့အကြောင်းကို နောက်ပိုင်းတွင် မိန့်တော်အမူ
၏။ [9]ထို့ကြောင့် ငြိမ်ဝပ်စွာနေသောခုနစ်ရက်
မြောက်သောနေ့သည် ဘုရားသခင်၏လူတို့အ
တွက်လာနေဆဲဖြစ်၏။ [10]ဘုရားသခင်သည် မိမိ
အလုပ်အား လုံးပြီးသောအခါ အနားယူတော်
မူ၏။ ထိုနည်းတူ ဘုရားသခင်၏ချမ်းသာထဲသို့
ဝင်သောသူတို့သည် လည်းဘုရားသခင်၏ပြုမူ
သည့်နည်းတူ မိမိအလုပ်မှ အနားယူရ၏။ [11]ထို့
ကြောင့် ငါတို့သည် ဘုရားသခင်၏ချမ်းသာထဲ
သို့ ဝင်ရန်တတ်နိုင်သမျှ ကြိုးစားရကြမည်။ ငါ
တို့သည်ဘုရားသခင်၏စကားကိုနားထောင်ရန်
ငြင်းပယ်၍ ဆုံးရှုံးသွားသောလူတို့ကဲ့သို့ မဖြစ်ရ
မည်အကြောင်းအလွန်ကြိုးစားကြရမည်။
[12]ဘုရားသခင်၏ နှုတ်ကပတ်တော်သည်
အသက်ရှင်၍အလုပ်လုပ်တော်မူ၏။ နှုတ်တော်
ထွက်စကားသည် အထက်ဆုံးသောဓားထက်
ပင်သာ၍ ထက်မြက်၏။ ဘုရားသခင်၏နှုတ်က
ပတ်တော်သည် ငါတို့အထဲ၌ ဓားကဲ့သို့ခွဲခြမ်း
တတ်၏။ နှုတ်ကပတ်တော်သည် စိတ်နှလုံးနှင့်
စိတ်ဝိညာဉ် ဆက်စပ်သောနေရာကို ခွဲခြမ်း
စိတ်ဖြာတတ်၏။ နှုတ်ကပတ်တော်သည် ငါတို့
၏အရိုးဆစ်နှင့်ခြင်ဆီကို ခွဲခြမ်းစိတ်ဖြာတတ်၏။
နှုတ်ကပတ်တော်သည် ငါတို့၏စိတ်အထင်နှင့်
စိတ်နှလုံးအကြံအစည်တို့ကို လည်းစီရင်တော်မူ
၏။ [13]ဘုရားသခင်၏မျက်မှောက်တော်၌ အ
ဘယ်အရာမျှ မဖုံးကွယ်နိုင်။ ဘုရားခင်သည်
အရာခပ်သိမ်းတို့ကို ရှင်းလင်းစွာ မြင်တော်မူ
၏။ အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ရှေ့
မှောက်တော် ၌လှန်ထားတော်မူ၏။ သို့ဖြစ်၍
ငါတို့၏အသက်တာလမ်းကို ကိုယ်တော်ထံ၌
လျှောက်ရမည်။

## ဘုရားသခင်၏ရှေ့တော်သို့ချဉ်းကပ်ရန် ခရစ်တော်သည် ငါတို့ကိုမစတော်မူ၏

[14]ငါတို့တွင် ကောင်းကင်ဘုံသို့ ကြွတော်
မူ၍ ယခုတွင် ဘုရားသခင်နှင့်အတူ နေတော်မူ
သော ယဇ်ပုရောဟိတ်မင်းတစ်ပါးရှိ၏။ ထိုသူ
သည် ဘုရားသခင်၏သားတော်ယေရှုဖြစ်တော်
မူ၏။ ထို့ကြောင့် ငါတို့ရရှိထားသောယုံကြည်
ခြင်းကို ခိုင်မြဲစွာစွဲကိုင်ကြကုန်အံ့။ [15]ငါတို့၏ယဇ်
ပုရောဟိတ်မင်းကြီး ယေရှုသည် ငါတို့၏အား
နည်းခြင်းတို့ကို သိမြင်နိုင်စွမ်းရှိတော်မူ၏။ ယေရှု

---

**"ထို့ကြောင့် … တော်မူ၏"** ကမ္ဘာ 2:2

သည် လောကဌ်ရှိနေခဲ့စဉ် စုံစမ်းနှောင့်ယှက်
ခြင်းအမျိုးမျိုးကိုခံတော်မူ၏။ ကိုယ်တော်သည်
ငါတို့ခံရသော စုံစမ်းနှောင့်ယှက်ခြင်းမျိုးကိုခံရ
၏။ သို့သော်လည်း ကိုယ်တော်သည် ဘယ်
သောအခါမျှ အပြစ်ကျူးလွန်တော်မမူ။ [16]ထို့
ကြောင့် ငါတို့၏ယဇ်ပုရောဟိတ်မင်းဖြစ်သော
ယေရှုနှင့်အတူ ငါတို့သည် ဘုရားသခင်၏ကျေး
ဇူးတော်ပလ္လင်ရှေ့မှောက်သို့ သွားရန် ပြည့်စုံ
သောလွတ်လပ်ခြင်းအခွင့်ကိုရကြ၏။ ထိုအရပ်
၌ငါတို့လိုအပ်သောအခါ ကူညီခြင်းငှါ ကရုဏာ
တော်နှင့်သနားခြင်းကို လက်ခံရရှိကြ၏။

5 ယုဒလူမျိုးတို့၏ ယဇ်ပုရောဟိတ်မင်းသည်
လူအများထဲမှ ရွေးကောက်ခြင်းခံရ၏။ သူ
သည် လူတို့ကိုယ်စား ဘုရားသခင်၏အမှုတော်
ကို ဆောင်ရွက်ရန် ရွေးချယ်ထားခြင်း ဖြစ်၏။
ယဇ်ပုရောဟိတ်မင်းသည် အပြစ်ပြေရန် ပူဇော်
သက္ကာများနှင့် ယဇ်ပူဇော်ခြင်းများကို ဆောင်
ရွက်ပေးရမည်။ [2]ထို့ကြောင့် သူသည် ကိုယ်
တိုင် နွမ်းရိအားနည်းခြင်းရှိသည်ဖြစ်၍ မိုက်
သောသူနှင့် မှားယွင်းသောသူတို့အား သည်းခံ
ခြင်းငှါ တတ်နိုင်၏။ [3]ယဇ်ပုရောဟိတ်မင်းသည်
လူတို့အပြစ်အတွက် ယဇ်ပူဇော်ရမည်။ သူသည်
မိမိအပြစ်အတွက်လည်း ယဇ်ပူဇော်ရမည်။ သို့
သော်လည်း မိမိကိုယ်တိုင် အားနည်းချက်ရှိ၏။
ထိုကြောင့် မိမိ၏အပြစ်အတွက်လည်း ယဇ်ပူ
ဇော်ရ၏။

[4]ယဇ်ပုရောဟိတ်မင်းအရာဂုဏ်ပြုထိုက်၏။
သို့သော်လည်း ထိုဂုဏ်အတွက် အဘယ်သူမျှ
မိမိကိုယ်ကိုမရွေးချယ်။ ထိုသူသည် အာရုန်ကဲ့
သို့ ဘုရားသခင်ခေါ်ထားသောသူဖြစ်၏။ [5]ထို
နည်းတူခရစ်တော်သည် ယဇ်ပရောဟိတ်မင်း
အရာ၌ရရှိရန် မိမိကိုယ်ကို ပေးအပ်သည်
မဟုတ်။ သို့သော်လည်း ဘုရားသခင်သည်
သူ့ကို ရွေးကောက်တော်မူ၏။ ဘုရားသခင်က
လည်း ခရစ်တော်အား၊

> "သင်သည် ငါ့သားဖြစ်၏။ ယနေ့ငါသည်
> သင်၏အဘဖြစ်သည်" ဟုမိန့်တော်မူ၏။
> *ဆာလံ 2:7*

[6]ဘုရားသခင်က အခြားကျမ်းစာတစ်ချက်၌၊

> "သင်သည် မေလခိဇေဒက်ကဲ့သို့ ထာဝရ
> ယဇ်ပုရောဟိတ်ဖြစ်လိမ့်မည်'' ဟုမိန့်
> တော်မူ။ *ဆာလံ 110:4*

[7]ခရစ်တော်သည် လောက၌ နေစဉ်ဘုရား
သခင်ထံတော်မှ အကူအညီရရန် ဆုတောင်း
ပတ္ထနာပြု၏။ ဘုရားသခင်သည် သူ့အား သေ
ခြင်းမှ ကယ်လွှတ်နိုင်တော်မူသော တစ်ဆူ
တည်းသော ဘုရားသခင်ဖြစ်တော်မူ၏။ ခရစ်
တော်သည် ဘုရားသခင်ထံသို့ မျက်ရည်ကျ
လျှက် ကြွေးကြော်ခြင်းဖြင့် ဆုတောင်းတော်မူ
သောအခါ ဘုရားသခင်နားညောင်းတော်မူ၏။
အကြောင်းမူကား၊ သူသည် စိတ်နှလုံးနှိမ့်ချ၍
ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်နာ
တော်မူ၏။ [8]ခရစ်တော်သည် ဘုရားသခင်၏
သားတော်ဖြစ်တော်မူ၏။ သို့သော်လည်း ဆင်း
ရဲဒုက္ခကိုခံ၍ ထိုဆင်းရဲဒုက္ခအားဖြင့် နားထောင်
ခြင်းအကြောင်းကို သင်ယူတော်မူ၏။ [9]ဤသို့
ဖြင့် ခရစ်တော်သည် ပြည့်စုံခြင်းသို့ ရောက်၍
ယခုတွင် မိမိကိုနာခံသော သူအပေါင်းတို့အား
ထာဝရကယ်တင်နိုင်၏။ [10]ဘုရားသခင်သည်
လည်း ခရစ်တော်အား ယဇ်ပုရောဟိတ်မင်း
မေလခိဇေဒက်*နည်းတူ ဖြစ်စေတော်မူ၏။

## ဆုံးရှုံးခြင်းကိုဆန့်ကျင်ရန်သတိပေးခြင်း

[11]ငါတို့သည် ဤအကြောင်းအရာနှင့်ပတ်
သက်၍ သင်တို့အား ပြောစရာများစွာရှိ၏။ သို့
သော်လည်း ထိုအကြောင်းအရာကို ရှင်းပြရန်
အလွန်ခက်ခဲလှ၏။ အကြောင်းမှာ သင်တို့သည်
နားလည်လိုသောစိတ်မရှိသောကြောင့် ဖြစ်၏။
[12]သင်တို့သည် ကာလကြာသောကြောင့် ယခု
အချိန်တွင် သင်တို့သည် ဆရာဖြစ်သင့်၏။ သို့
သော်လည်း၊ သင်တို့သည် ဘုရားသခင်သွန်
သင်ခြင်း၏အခြေခံသမ္မာတရားကို တစ်ဖန် သွန်
သင်ရန် လိုအပ်နေသေး၏။ သင်တို့သည် နို့ကဲ့

---

**မေလခိဇေဒက်** အာဗြာဟံခေတ်တုန်းမှာနေထိုင်ခဲ့သော
ယဇ်ပုရောဟိတ်မင်းနှင့်ဘုရင် ကမ္ဘာ 14:17-24၊

သို့သောအစာကို မလိုအပ်ဘဲ မာကျောသော
အစာကို လိုအပ်ကြ၏။ [13]နို့ကိုသာသုံးဆောင်
သောသူသည် ကလေးသူငယ်ဖြစ်၏။ ထိုသူ
သည် ဟုတ်မှန်သောသွန်သင်ခြင်းအကြောင်း
ကို နားလည်ခြင်းမရှိ။ [14]မာကျောသောအစာ
သည် ဝိညာဉ်ပကတိ၌ အရွယ်ရောက်သောသူ
တို့အတွက်ဖြစ်၏။ ထိုအစာသည် အဆက်မပြတ်
လက်တွေ့လုပ်ဆောင်ခြင်းအားဖြင့် ဝိညာဉ်ပက
တိ၌ အရွယ်ရောက်သောသူတို့အတွက် ဖြစ်၏။
ထိုအရာကြောင့် သူတို့သည် ကောင်းသောအ
ရာနှင့် ဆိုးသောအရာများကို ပိုင်းခြားသိမြင်
နိုင်စွမ်းရှိ၏။

6 ထို့ကြောင့် ငါတို့သည် ခရစ်တော်၏အ
ကြောင်းအရာသင်ခန်းစာအစပိုင်းကို ရပ်
တန့်ရမည်။ ငါတို့၏မူလအစပြုသောနေရာသို့
ပြန်မလှည့်ရ။ ငါတို့သည် ဘုရားသခင်ကို ယုံ
ကြည်ခြင်းအားဖြင့်၎င်း၊ သေခြင်းသို့ ပို့ဆောင်
တတ်သောအရာများမှ လှည့်သွားခြင်းအား
ဖြင့်၎င်း၊ ငါတို့၏အသက်တာသည် ခရစ်တော်
နှင့်အစပြုခဲ့ပြီးဖြစ်၏။ [2]ထိုအချိန်၌ ငါတို့သည်
ဗတ္တိဇံတရားကို၎င်း၊ လက်တင်ခြင်းကို၎င်း၊ ရှင်
ပြန်ထမြောက်ခြင်းကို၎င်း၊ ထာဝရစီရင်ခြင်း အ
ကြောင်းကို၎င်း သွန်သင်ခြင်းကိုခံရကြ၏။ သို့
သော်လည်းယခုအချိန်၌ပို၍ရင့်ကျက်သောသွန်
သင်ခြင်းသို့ ချဉ်းကပ်ရကြမည်။ [3]ဘုရားသခင်
အခွင့်ပေးလျှင် ငါတို့လည်း ထိုသို့ပြုကြမည်။
[4-6]လူတို့သည် ခရစ်တော်၏လမ်းခရီးတော်
ကို ထားရစ် ပြီးလျှင်၊ သူတို့၏အသက်တာကို
နောက်တစ်ကြိမ် ပြောင်းလဲပေးနိုင်မည်လော၊
သမ္မာတရားကို သင်ယူပြီးလျှင် ဘုရားသခင်၏
ဆုကျေးဇူးတော်ကို ခံယူ၍ သန့်ရှင်းသော
ဝိညာဉ်တော်၌လည်း ဝေမျှခံယူသောသူတို့ကို
လည်း ငါပြော၏။ သူတို့သည် ဘုရားသခင်၏
သွန်သင်ခြင်းတရားကို နားထောင်၍ အနာဂတ်
ကမ္ဘာ၏တန်ခိုးများကိုမြင်ကြ၏။ မိမိကိုယ်တိုင်
သည်လည်း ထိုအရာရှိသမျှတို့ကို အလွန်
ကောင်း မြတ်သည်ဟု သိမြင်ကြ၏။ သို့သော်
လည်း သူတို့သည် သမ္မာတရားလမ်းမှ လမ်းလွဲ
သွားကြ၏။ ထို့ကြောင့် သူတို့၏အသက်တာ
များကိုပြောင်းလဲ၍ နောက်တစ်ဖန် ခရစ်တော်
ထံသို့ ပြန်လှည့်လာရန် သူတို့အတွက် မဖြစ်
နိုင်။ အကြောင်းမူကား၊ ခရစ်တော်မှ ပြန်လှည့်
သောသူတို့သည် အမှန်စင်စစ်ခရစ်တော်အား
နောက်တစ်ကြိမ် လက်ဝါးကားတိုင်မှာ သံနှင့်
ရိုက်ထားသောသူများပင် ဖြစ်ကြ၏။ သူတို့
သည် ခရစ်တော်ထံသို့ ရှက်ကြောက်ဖွယ်ရာအ
ကြောင်းကို လူအပေါင်းတို့၏ရှေ့မှောက်တွင် ယူ
ဆောင်ကြ၏။

[7]ထိုသူတို့သည် မိုးရေကို အဖန်ဖန်ခံယူ၍
လယ်လုပ်သူများအတွက် ကောင်းသောအသီး
နှံကို ဖြစ်စေသောမြေနှင့်တူ၏။ ထိုမြေသည်
ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို ခံတတ်၏။
[8]သို့သော်လည်း ထိုမြေသည် ဆူးပင်နှင့်မြက်
ရိုင်းပင်များကို ပေါက်စေလျှင် ထိုမြေသည် အ
သုံးမဝင်တော့ချေ။ ထိုမြေသည် ဘုရားသခင်
၏ကျိန်ဆဲခြင်း ဘေးအန္တရာယ်၌တည်၏။

[9]ချစ်မိတ်ဆွေတို့ ငါတို့သည် ဤစကားများ
ကို သင်တို့အား ပြော၏။ သို့သော်လည်း အ
မှန်စင်စစ် သင်တို့ထံမှ သာ၍ကောင်းမွန်သော
အရာများကို ငါတို့သည် မျှော်လင့်ကြ၏။ သင်
တို့သည် ကယ်တင်ခြင်းသို့ ရောက်စေသောအ
ရာတို့ကို ပြုကြမည်အကြောင်း ငါတို့သိကြ၏။
[10]ဘုရားသခင်သည် မျှတတော်မူ၏။ ဘုရား
သခင်သည် သင်တို့ပြုခဲ့သောအရာရှိသမျှနှင့်
မိမိလူတို့ကို ကူညီခြင်းအားဖြင့် သင်တို့ပြခဲ့သော
ချစ်ခြင်းမေတ္တာကို မေ့လျော့တော်မူလိမ့်မည်
မဟုတ်။ ထို့နောက် သင်တို့သည် ဘုရားသခင်
၏လူတို့ကို ဆက်လက်၍ ကူညီသောအရာတို့
ကို ဘုရားသခင်သည် မေ့လျော့တော်မူလိမ့်
မည်မဟုတ်။ [11]သင်တို့တစ်ယောက်စီသည် အ
စဉ်ကြိုးစားအားထုတ်၍ အသက်ထက်ဆုံးတိုင်
တည်ကြည်ရမည်။ ထို့နောက် သင်တို့မျှော်လင့်
ထားသည့်ကြီးမြတ်သောအရာကို အသေအချာ
ရရှိကြလိမ့်မည်။ [12]သင်တို့သည် ပျင်းရိသောသူ
များဖြစ်ရန် အကျွန်ုပ်တို့အလိုမရှိ။ သင်တို့သည်
ဘုရားသခင်၏ဂတိတော်ကို ရရှိသောသူတို့၏

ပုံသက်သေကို လိုက်လျှောက်ခြင်းငှါ ငါတို့အလို
ရှိကြ၏။ ထိုသူတို့သည် ဘုရားသခင်ဂတိထား
တော်မူသောအရာများကို ရရှိကြခြင်းမှာ ယုံ
ကြည်ခြင်း၊ သည်းခံခြင်းအားဖြင့်သာဖြစ်ကြ၏။
[13]ဘုရားသခင်သည် အာဗြဟံနှင့် ဂတိတစ်
ခုပြုတော်မူ၏။ ဘုရားသခင်သည် ဂတိတော်
ကို ပြည့်စုံစေမည့်အကြောင်း ကိုယ်ကိုကိုယ်
သက်သေတစ်ခုကဲ့သို့ ဖြစ်စေ၍ ကျိန်ဆိုတော်မူ
၏။ [14]ဘုရားသခင်က “သင့်အား အမှန်စင်စစ်
ငါကောင်းချီးပေးမည်။ သင့်ကို များပြားစွာ
သောမျိုးဆက်များကို ငါပေးမည်”* ဟုမိန့်
တော်မူ၏။ [15]အာဗြဟံသည် ထိုအကြောင်းအ
ရာဖြစ်လာရန် စိတ်ရှည်စွာသည်းခံစောင့်ဆိုင်း
လျက်နေ၏။ ထို့နောက် အာဗြဟံသည် ဘုရား
သခင်ဂတိတော်ထားသည့်အတိုင်း ကောင်းချီး
မင်္ဂလာကိုခံစားရရှိ၏။
[16]လူတို့သည် ကျိန်ဆိုသောအခါ မိမိတို့
ထက် ကြီးမြတ်သောနာမကို အသုံးပြုကြ၏။
ထိုဝန်ခံချက်သည် မိမိတို့ပြောဆိုသောအရာ
သည် မှန်ကန်မှုရှိကြောင်းသက်သေပြခြင်းဖြစ်
၏။ ထိုဂတိသည် ငြင်းခုံမှုအားလုံးကို အဆုံး
သတ်စေ၏။ [17]ဂတိတော်သည် မှန်ကြောင်း
သက်သေပြရန် ဘုရားသခင်အလိုတော်ရှိ၏။
ထိုသူအပေါင်းတို့သည် ဂတိတော်ခံရသည့်အ
တိုင်း ထိုဂတိတော်ကို ခံစားရရှိမည်အကြောင်း
သက်သေပြရန် ဘုရားသခင်အလိုတော်ရှိ၏။
ဘုရားသခင်သည် ထိုသူအပေါင်းတို့အား မိမိ၏
ရည်ရွယ်ချက်သည် ဘယ်သောအခါမျှ ပြောင်း
လဲမည် မဟုတ်ကြောင်း ရှင်းလင်းစွာ သိရှိစေ
ခြင်းငှါ အလိုတော်ရှိ၏။ ထို့ကြောင့် ဘုရား
သခင်သည် မိမိဂတိတော်ကို ကျိန်ခြင်းအားဖြင့်
သက်သေပြတော်မူ၏။ [18]ထိုအရာနှစ်ခုသည်
ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိ။ ဘုရား
သခင်သည် ကျိန်ဆိုသောအခါဘယ်သောအခါ
မျှ မုသာသုံးတော်မမူ။ ထို့ကြောင့် ထိုအရာတို့
သည် ဘုရားသခင်ထံသို့ ခိုလှုံရန် ပြေးသောငါ
တို့အား ခွန်အားပေး၏။ ထိုအရာနှစ်ပါးသည်
ဘုရားသခင် ပေးသနားတော်မူသောမျှော်လင့်
ခြင်းကို ဆက်လက်၍ ထိန်းသိမ်းနိုင်ရန်အတွက်
ခွန်အားနှင့်နှစ်သိမ့်မှုကို ငါတို့အားပေး၏။ [19]ငါ
တို့တွင် ဤကဲ့သို့သော မျှော်လင့်ခြင်းရှိကြ၏။
ထိုအရာသည် ကျောက်ဆူးကဲ့သို့ဖြစ်၏။ ထိုအ
ရာသည် ခွန်အားနှင့်ပြည့်စုံ၍ ခိုင်မာမှုရှိ၏။
ထိုအရာသည် ငါတို့အား လုံခြုံမှုကိုပေး၏။ ထို
မျှော်လင့်ခြင်းသည် ကောင်းကင်ဘုံဗိမာန်
တော်ရှိသန့်ရှင်းရာဌာနတော်၏ ကန့်လန့်ကာ
ခန်းဆီးနောက်ကွယ်အတွင်းဝင်သွား၏။ [20]ခရစ်
တော်သည် ထိုကန့် လန့်ကာအတွင်းသို့ ဝင်၍
ငါတို့အတွက် လမ်းကို ဖွင့်လှစ်ပေးတော်မူ၏။
ခရစ်တော်သည် မေလခိဇေဒက်နည်းတူ ထာဝ
ရယဇ်ပုရောဟိတ်မင်းဖြစ်တော်မူ၏။

## ယဇ်ပုရောဟိတ်မေလခိဇေဒက်

7 မေလခိဇေဒက်သည် ရှာလင်ရှင်ဘုရင် ဖြစ်
၍ အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပု
ရောဟိတ်ဖြစ်၏။ အာဗြဟံသည် ရှင်ဘုရင်တို့ကို
နှိမ်နင်းရာမှ ပြန်လာသောအခါ မေလခိဇေဒက်
သည် အာဗြဟံကို တွေ့ဆုံ၏။ ထိုနေ့၌
မေလခိဇေဒက်သည် အာဗြဟံကို ကောင်းချီး
ပေး၏။ [2]အာဗြဟံလည်း မေလခိဇေဒက်အား
မိမိ၌ရှိသောအရာအားလုံး၏ ဆယ်ဖို့တစ်ဖို့ကို
ပေး၏။ မေလခိဇေဒက်ဟူသော အမည်သည်
အဓိပ္ပါယ်နှစ်မျိုးရှိ၏။ ပထမအဓိပ္ပါယ်မှာ
“ကောင်းမြတ်သောဘုရင်”နှင့် နောက်တစ်မျိုး
မှာ ရှာလင်ဘုရင်၏အဓိပ္ပါယ်မှာ “ငြိမ်သက်
ခြင်းဘုရင်” ဟူ၍ဖြစ်၏။ [3]မေလခိဇေဒက်၏
အဘ၊ အမိနှင့်အဘယ်အရပ်မှ လာသည်ကိုအ
ဘယ်သူတစ်စုံတစ်ယောက်မျှ မသိရှိကြ။* အ
ဘယ်အခါ၌မွေးဖွား၍ အဘယ်အခါ၌ ကွယ်လွန်
သည်ကိုလည်း အဘယ်သူတစ်စုံတစ်ယောက်
မျှမသိရှိကြ။ မေလခိဇေဒက်သည် ဘုရားသခင်
၏သားတော်ကဲ့သို့ဖြစ်၍ ယဇ်ပုရောဟိတ်ကဲ့
သို့ အစဉ်အမြဲရှိနေ၏။

---

**“သင့်အား … ငါပေးမည်”** ကမ္ဘာ 22:17

**မည်သူ … မသိရှိကြ** မူရင်းအရ၊ မေလခိဇေဒက်သည် အဘမရှိ၊ အမိမရှိ၊ ရှေ့မျိုးစဉ်ဆက်မရှိ။

4ထို့ကြောင့် မေလခိဇေဒက်သည် အဘယ်
မျှလောက်ကြီးမြတ်သည်ကို သင်တို့သိမြင်နိုင်
ကြ၏။ အာဗြဟံသည် စစ်ပွဲမှ မိမိအနိုင်ရရှိထား
သောအရာအားလုံးတို့၏ ဆယ်ဖို့တစ်ဖို့ကို သူ့
အား ပေးသည့်တိုင်အောင် သူသည် အလွန်
ကြီးမြတ်၏။ 5ပညတ်ကျမ်း၌ ရေးထားသကဲ့သို့
လေဝိအမျိုးမှ ယင်ပုရောဟိတ်ဖြစ်လာသော
သူတို့သည် လူတို့ထံမှ ဆယ်ဖို့တစ်ဖို့ကို ယူရ
မည်။ သို့သော်လည်း ယင်ပုရောဟိတ်နှင့် မိမိ
လူတို့သည် အာဗြဟံ၏မိသားစုမှ ဆင်းသက်ကြ
၏။ 6မေလခိဇေဒက်သည် လေဝိအမျိုးအနွယ်
မဟုတ်။ သို့သော်လည်း အာဗြဟံထံမှ ဆယ်ဖို့
တစ်ဖို့ကောက်ခံ၍ ဘုရားသခင်ဂတိထားတော်
မူသောအာဗြဟံအား ကောင်းချီးပေး၏။ 7သာ
၍ အရေးပါသောပုဂ္ဂိုလ်သည် မိမိထက်သာ၍
အရေးမပါသောပုဂ္ဂိုလ်အား ကောင်းချီးပေး
ကြောင်း လူအပေါင်းတို့သည် သိကြ၏။ 8ထို
ယင်ပုရော ဟိတ်တို့သည် ဆယ်ဖို့တစ်ဖို့ကို
ကောက်ခံကြသော်လည်း အသက်ရှင်၍ သေ
ဆုံးတတ်သောလူသားများသာ ဖြစ်ကြ၏။ သို့
သော်လည်း ကျမ်းစာ၌ ရေးသားသည့်အ
တိုင်း အာဗြဟံထံမှ ဆယ်ဖို့တစ်ဖို့ကိုယူသော
မေလခိဇေဒက်သည် အသက်ရှင်နေသေး၏။
9လေဝိသည် လူတို့ထံမှဆယ်ဖို့တစ်ဖို့ခံယူ၏။ ထို့
ကြောင့် အာဗြဟံသည် မေလခိဇေဒက်အား
ဆယ်ဖို့တစ်ဖို့ကို ပေးသောအခါ လေဝိကလည်း
ဆယ် ဖို့တစ်ဖို့ကို ပေးသည်ဟု ငါတို့ဆိုနိုင်၏။
10အာဗြဟံသည် မေလခိဇေဒက်နှင့် တွေ့သော
အခါ လေဝိသည် မပေါ်မရှိသေး။ သို့သော်
လည်းအာဗြဟံ၏ကိုယ်ခန္ဓာထဲ၌ရှိ၏။
11လူတို့သည် လေဝိယင်ပုရောဟိတ်တို့၏
အထုံးအဖွဲ့ကို အခြေခံ၍ ပညတ်တရားကို ပေး
တော်မူ၏။ သို့သော်လည်း လေဝိယင်ပုရော
ဟိတ်တို့၏အထုံးအဖွဲ့တို့သည်သူတို့အား ဝိညာဉ်
ရေး၌ ပြည့်စုံခြင်းသို့ မရောက်စေနိုင်။ ထို့
ကြောင့် နောက်ထပ် ယင်ပုရောဟိတ်တစ်ပါး
လာရန် လိုအပ်နေ၏။ ထိုအကြောင်းအရာမှာ
အာရုန်ကဲ့သို့သော ယင်ပုရောဟိတ်မဟုတ်ဘဲ
မေလခိဇေဒက်ကဲ့သို့သော ယင်ပုရောဟိတ်မင်း
ကိုဆိုလို၏။ 12ထို့ကြောင့် အခြားသောယင်ပု
ရောဟိတ်အမျိုးမျိုးလာသောအခါ ပညတ်တ
ရားသည်လည်း ပြောင်းလဲခြင်းရှိရမည်။ 13ငါ
တို့သည် သခင်ခရစ်တော်အကြောင်းကို ပြော
ကြ၏။ သခင်ခရစ်တော်သည် အခြားသောအ
မျိုးအနွယ်မှ ဖြစ်၏။ ထိုအမျိုးအနွယ်မှ ယင်ပု
ရောဟိတ်မင်းအဖြစ် ယင်ပလ္လင်ပေါ်အမှုကို
ဆောင်ရွက်ဖူးသူမရှိ။ 14ငါတို့၏သခင်သည်ယုဒ
အမျိုးအနွယ်မှ ဆင်းသက်လာကြောင်း ထင်
ရှား၏။ ထိုအမျိုးအနွယ်သည် ယင်ပုရောဟိတ်
အမျိုးအနွယ်ဖြစ်ကြောင်း မောရှေသည် တစ်
ခွန်းကိုမျှ ပြောဆိုခြင်းမရှိ။

## ယေရှုသည် မေလခိဇေဒက်ကဲ့သို့သော ယင်ပုရောဟိတ်မင်းဖြစ်တော်မူ၏

15ထိုအကြောင်းအရာသည် ယခုရှင်းလင်း
လျက်ရှိ၍ ငါတို့သည် မေလခိဇေဒက်နည်းတူ
အခြားသောယင်ပုရောဟိတ်သည် ပေါ်လာ
ကြောင်း ထင်ရှားလျက်ရှိ၏။ 16ထိုသူသည် မိမိ
မိသားစုနှင့်စပ်ဆိုင်သော လူ့ပညတ်တရားအ
ပေါ်မမူတည်ဘဲ ယင်ပုရောဟိတ်ဖြစ်လာ၏။ သို့
သော်လည်း မပျက်စီးနိုင်သော မိမိ၏အသက်
တာအားဖြင့် ဖြစ်၏။ 17ကျမ်းစာ၌ "သင်သည်
မေလခိဇေဒက်နည်းတူ ထာဝရယင်ပုရောဟိတ်
ဖြစ်၏"* ဟုရေးထား၏။
18ပညတ်တရားဟောင်းသည် အားနည်း၍
အသုံးမဝင်သောကြောင့် ပယ်ရှင်းခြင်းသို့
ရောက်၏။ 19မောရှေ၏ပညတ်တရားသည် အ
ဘယ်အရာကိုမျှ ပြည့်စုံခြင်းငှါ မလုပ်ဆောင်
နိုင်။ ယခုတွင် သာ၍ကောင်းမွန်သောမျှော်
လင့်ခြင်းကို ငါတို့အား ပေးတော်မူပြီ။ ထိုမျှော်
လင့်ခြင်းအားဖြင့် ငါတို့သည် ဘုရားသခင်ထံ
တော်သို့ တိုးဝင်ချဉ်းကပ်နိုင်ကြ၏။
20ထို့အပြင် ဘုရားသခင်သည် ယေရှုခရစ်
တော်အား ယင်ပုရောဟိတ်အကြီးအဖြစ် ခန့်
ထားစဉ်တွင် ဂတိပြုတော်မူ၏။ အခြားသောသူ

**"သင် … ဖြစ်၏"** ဆာလံ 110:4

တို့သည် ယဇ်ပုရောဟိတ်အဖြစ်ခန့်ထားခြင်းခံရ
သောအခါ အဘယ်ဂတိကိုမျှမပြု။ 21သို့သော်
လည်း ခရစ်တော်သည် ဘုရားသခင်၏ဂတိ
တော်အတိုင်း ယဇ်ပုရောဟိတ်မင်း ဖြစ်လာ၏။

> “ထာဝရဘုရားသခင်သည် ဂတိသစ္စာ ပြု
> တော်မူ၏။ သူ၏စိတ်နှလုံးသည် ပြောင်း
> လဲခြင်း အလျှင်းမရှိ။ ‘သင်သည် ထာဝရ
> ယဇ်ပုရောဟိတ်ဖြစ်၏။’”

*ဆာလံ 110:4*

22ထိုအကြောင်းအရာမှာ ခရစ်တော်သည်
ဘုရားသခင်နှင့် မိမိလူတို့အကြား၌ သာ၍
ကောင်းမွန်သော ပဋိညာဉ်တရား၏အာမခံ
ဖြစ်၏။
23ထို့အပြင် ထိုယဇ်ပုရောဟိတ်တစ်ပါးပါး
သေဆုံးသောအခါ သူသည် ယဇ်ပုရောဟိတ်အ
ဖြစ်မှ ရပ်နား၏။ ဤအကြောင်းကြောင့် ယဇ်ပု
ရောဟိတ်များစွာရှိ၏။ 24ခရစ်တော်သည် ထာ
ဝရအသက်ရှင်တော်မူ၏။ သို့ဖြစ်၍ ခရစ်တော်
သည် ယဇ်ပုရောဟိတ်အဖြစ်အမှုကို ဆောင်
ခြင်းမှ ဘယ်သောအခါမျှ ရပ်နားလိမ့်မည်မ
ဟုတ်။ 25ထို့ကြောင့် ခရစ်တော်သည် သူ့အား
ဖြင့် ဘုရားသခင်အထံတော်သို့ လာသောလူ
တို့ကို ကယ်တင်ခြင်းပေးနိုင်တော်မူ၏။ ခရစ်
တော်သည် ဤအမှုကို အစဉ်ပြုနိုင်တော်မူ၏။
အကြောင်းမူကား၊ ခရစ်တော်သည် အစဉ်အမြဲ
အသက်ရှင်၍ ဘုရားသခင် အထံတော်သို့ မိမိ
အားဖြင့်လာသောလူတို့အား ကူညီရန် အစဉ်
သင့်ရှိတော်မူ၏။
26ထို့ကြောင့် ခရစ်တော်သည် ငါတို့လိုအပ်
လျက်ရှိသောယဇ်ပုရောဟိတ်မင်းဖြစ်၏။ ကိုယ်
တော်သည် သန့်ရှင်းတော်မူ၏။ ကိုယ်တော်၏
အထဲ၌ အပြစ်အလျှင်းမရှိ။ ကိုယ်တော်သည်
စင်ကြယ်၍ အပြစ်သားတို့၏လွှမ်းမိုးမှုကိုခံရ
သောသူမဟုတ်။ ကိုယ်တော်သည် ကောင်း
ကင်ပေါ်သို့ ချီးမြှောက်ခြင်းခံတော်မူ၏။ 27ခရစ်
တော်သည် အခြားသောယဇ်ပုရောဟိတ်များ
ကဲ့သို့မဟုတ်။ အခြားသောယဇ်ပုရောဟိတ်တို့
သည် နေ့စဉ်ပူဇော်သက္ကာပြုကြ၏။ သူတို့သည်
မိမိတို့အပြစ်အတွက် ရှေးဦးစွာ ယဇ်ပူဇော်ကြ
ပြီးနောက် အခြားသူတို့၏အပြစ်အတွက် ယဇ်ပူ
ဇော်ကြ၏။ သို့သော်လည်း ခရစ်တော်သည်
ထိုကဲ့သို့ပြုတော်မမူ။ ခရစ်တော်သည် တစ်
ကြိမ်တည်းသာ ပူဇော်ခြင်းဖြင့် အချိန်တိုင်းအ
တွက်ပြည့်စုံ၏။ ခရစ်တော်သည် မိမိခန္ဓာကိုယ်
ကို ယဇ်ပူဇော်ခြင်းအလို့ငှါ စွန့်တော်မူ၏။
28ပညတ်တရားသည် လူတို့အထဲမှ ယဇ်ပုရော
ဟိတ်မင်းကို ရွေးကောက်၍ ထိုယဇ်ပုရော
ဟိတ်တို့သည် အခြားသောသူကဲ့သို့ အားနည်း
ခြင်းရှိကြ၏။ သို့သော်လည်း ဘုရားသခင်သည်
ပညတ်တရားနောက်မှ ဂတိပြုတော်မူ၏။ ထို
ဂတိစကားတို့ကို သစ္စာဝတ်ပြု၍ ပေးတော်မူ
၏။ ထိုဘုရားသခင်၏စကားတော်သည် သား
တော်အား ယဇ်ပုရောဟိတ်မင်းကြီးဖြစ်စေ၏။
ထိုသားသည် အစဉ်အမြဲပြည့်စုံခြင်းရှိစေ၏။

## ယေရှုသည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူ၏

8 ငါတို့၌ ယဇ်ပုရောဟိတ်မင်းတစ်ပါးရှိ၏။
ဤအရာကို ငါတို့သည် အဓိကပြောဆိုခြင်း
ဖြစ်၏။ ထိုယဇ်ပုရောဟိတ်မင်းသည် ကောင်း
ကင်ဘုံရှိ ဘုရားသခင်၏ပလ္လင်တော်လက်ျာ
ဘက်တွင် ထိုင်လျက်နေတော်မူ၏။ 2ငါတို့၏
ယဇ်ပုရောဟိတ်မင်းသည် အသန့်ရှင်းဆုံးသော
အရပ်ဌာနတော်၌ အမှုထမ်းဆောင်နေတော်
မူ၏။ ထိုနေရာသည် လူ့လက်ဖြင့်မဆောက်ဘဲ
ဘုရားသခင်ကိုယ်တော်တိုင် ဆောက်သောမှန်
ကန်သောဝတ်ပြုကိုးကွယ်ရာဌာနဖြစ်၏။
3ယဇ်ပုရောဟိတ်မင်း မှန်သမျှတို့သည်
ဘုရားသခင်အား လူ့ဒါန်းဆက်ကပ်ရန်နှင့် ပူ
ဇော်ရန် ခန့်ထားခြင်းဖြစ်၏။ ထို့ကြောင့် ငါတို့
၏ယဇ်ပုရောဟိတ်မင်းသည်လည်း ဘုရားသခင်
အား တစ်စုံတစ်ခုဆက်ကပ်ပူဇော်ရန် လိုပေ၏။
4ငါတို့၏ယဇ်ပုရောဟိတ်မင်းသည် ယခုတွင်
ကမ္ဘာပေါ်၌ရှိနေသေးလျှင် ထိုသူသည် ယဇ်ပု
ရောဟိတ်မဖြစ်နိုင်။ အကြောင်းမူကား၊ ပညတ်

တရား၌ ရေးထားသည့်အတိုင်း ယဇ်ပူဇော်
သောယဇ်ပုရောဟိတ်များရှိ၏။ 5ဤယဇ်ပုရော
ဟိတ်တို့ ပြုသောအရာမှန်သမျှသည် ကောင်း
ကင်ဘုံ၌ ဖြစ်လာမည့်အရာများ၏ သဏ္ဍာန်နှင့်
ပုံရိပ်များပင် ဖြစ်ကြ၏။ ထိုအကြောင်းအရာ
များသည် မောရှေကိုယ်တိုင် သန့်ရှင်းသောတဲ
တော်ကို ဆောက်လုပ်ရန် အဆင်သင့်ဖြစ် နေ
ချိန်တွင် ဘုရားသခင်က မောရှေအား "သင့်
အား တောင်ပေါ်မှာ ငါပြသည့်အတိုင်း အရာ
ရာတိုင်းကို တိကျသေချာစွာပြုလုပ်ရမည်"*
ဟုမိန့်တော်မူ၏။ 6သို့သော်လည်း ခရစ်တော်
ပေးအပ်ခြင်းခံရသောအလုပ်သည် ထိုယဇ်ပု
ရောဟိတ်များအား ပေးအပ်သောအလုပ်ထက်
သာ၍ကြီးမြတ်၏။ ထိုနည်းတူ ဘုရားသခင်ထံ
တော်မှ ခရစ်တော်ယူဆောင်လာသော မိမိလူ
မျိုးတော်အတွက် ပဋိညာဉ်တရားသည် ပဋိ
ညာဉ်အဟောင်းထက် သာ၍ကြီးမြတ်၏။ ပဋိ
ညာဉ်တရားသစ်သည်လည်း သာ၍မြတ်သော
ဂတိတော်အပေါ်တွင် တည်၏။

7ပထမအကြိမ်ပြုသော ပဋိညာဉ်တရား
သည် မှားယွင်းခြင်းမရှိလျှင် ပဋိညာဉ်တရား
သစ်သည် မလိုအပ်တော့ပေ။ 8သို့သော်လည်း
လူတို့၏မှားယွင်းချက်ကို ဘုရားသခင်သိမြင်၍

"ဘုရားသခင် မိန့်မြွက်တော်မူသည်မှာ၊
ဣသရေလအမျိုးနှင့် ယုဒအမျိုးတို့အား
ပဋိညာဉ်တရားသစ်ကို ငါပေးသောအ
ချိန်ရောက်လာလိမ့်မည်။"

9 ထိုပဋိညာဉ်တရားသည် သူတို့ကို လက်
ဆွဲ၍ သူတို့၏အဘတို့အား အဲဂုတ္တုပြည်
မှနုတ်ဆောင်စဉ် ပေးဘူးသောပဋိညာဉ်
တရားနှင့်တူမည်မဟုတ်။ သို့သော်လည်း
သူတို့သည် ထိုပဋိညာဉ်တရား၌ သစ္စာမ
ရှိကြ။ ထို့ကြောင့် သူတို့ထံမှ ငါလှည့်
သွားသည်" ဟုထာဝရဘုရားမိန့်မြွက်
တော်မူ၏။

10 ဤပဋိညာဉ်တရားသည် ထိုအချိန်၌
ဣသရေလလူတို့နှင့် ငါပြုမည့်ပဋိညာဉ်
တရားဖြစ်လိမ့်မည်။ ထာဝရဘုရားက
လည်း၊ ငါ၏ပညတ်ကို သူတို့၏စိတ်နှလုံး
ထဲသို့ ငါသွင်းမည်။ သူတို့၏နှလုံးသားအ
ပေါ်မှာ ဤပညတ်ကို ငါရေးသွင်းမည်။ ငါ
သည် သူတို့၏ဘုရားသခင်ဖြစ်လိမ့်မည်။
သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်
မည်။

11 အဘယ်သူမျှ မိမိအိမ်နီးချင်း သို့မဟုတ်
မိမိညီအစ်ကိုတို့အား 'ထာဝရဘုရားကို
သိလော့' ဟုသွန်သင်ရန် လိုလိမ့်မည်မ
ဟုတ်။ အကြောင်းမူကား၊ အကြီးမြတ်
ဆုံးသောသူမှစ၍ အနိမ့်ကျဆုံးသောသူ
တိုင်အောင် ငါ့ကို သိကျွမ်းကြလိမ့်မည်။

12 ငါသည် သူတို့၏မှားယွင်းမှုတို့ကို ခွင့်
လွှတ်မည်။ ငါသည် သူတို့၏အပြစ်များ
ကို ဘယ်သောအခါမှ အောက်မေ့မည်
မဟုတ်" ဟုမိန့်တော်မူ၏။"

*ယေရမိ 31:31-34*

13ဘုရားသခင်သည် ဤအရာကို ပဋိညာဉ်
တရားသစ်ဟုခေါ်ဆို၏။ သူသည် ပထမပဋိ
ညာဉ်တရားကိုဟောင်းစေ၏။ အဘယ်အရာ
မဆို ဟောင်းနွမ်းလျှင် အသုံးမကျတော့ဘဲ
ပျောက်ကွယ်သွားရန် အသင့်ဖြစ်နေ၏။

## ပဋိညာဉ်တရားဟောင်းအောက်၌ ဝတ်ပြုကိုးကွယ်ခြင်း

9 ပထမပဋိညာဉ်တရားသည် ဝတ်ပြုကိုး
ကွယ်ခြင်းအတွက် ဥပဒေရှိ၏။ လူတို့ပြု
လုပ်သောဝတ်ပြုရာ နေရာဌါနလည်းရှိ၏။ 2ထို
နေရာသည် တဲတော်တွင်း၌ရှိ၏။ ပထမဦးဆုံး
နေရာသည် သန့်ရှင်းရာနေရာဟုခေါ်၏။ ထို
သန့်ရှင်းသောနေရာထဲတွင် မီးတိုင်နှင့်ဘုရား
သခင်အား ပူဇော်သောရှေတော်မုန့်ထားသည့်
စားပွဲရှိ၏။ 3ဒုတိယကန့်လန့်ကာ၏နောက်တွင်
အသန့်ရှင်းဆုံးအခန်းရှိ၏။ 4ထိုဆုံးနေရာတွင်
နံ့သာပေါင်းပူဇော်ရန်အတွက် ရွှေယဇ်ပလ္လင်ရှိ
၏။ သန့်ရှင်းသောသေတ္တာသည် ပဋိညာဉ်တ

**"ဤအသွေးသည် … တော်မူ၏"** ထွက် 24:8

ရားဟောင်းနှင့်အတူ ထိုနေရာ၌ရှိ၏။ ထို
သေတ္တာတစ်ခုလုံးသည် ရွှေနှင့်ပုံးထား၏။ ထို
သေတ္တာထဲ၌ မန္နနှင့်ပြည့်သောရွှေအိုးတစ်လုံး
ရှိ၏။ အရွက်ပေါက်လာသောအာရုန်၏တောင်
ဝေးလည်းရှိ၏။ ထိုသေတ္တာထဲတွင် ပဋိညာဉ်
တရားဟောင်းဆယ်ပါး ရေးသွင်းထားသော
ကျောက် ပြားနှစ်ချပ်လည်းရှိ၏။ 5ထိုသေတ္တာ
အထက်တွင် ဘုရားသခင်ဘုန်းအသရေကို ခင်း
ကျင်းပြသသော ကောင်းကင်တမန်ခေရုဗိမ်ပုံ
ပါရှိ၏။ ထိုခေရုဗိမ်ကောင်းကင်တမန်တို့သည်
ကရုဏာပလ္လင်တော်အပေါ်တွင်ရှိ၏။ သို့သော်
လည်း ယခုတွင် ထိုအကြောင်းကို စုံလင်စွာမ
ပြောနိုင်သေး။
6တဲတော်တွင်းရှိ အရာအားလုံးသည် ငါ
ရှင်းပြသည့်အတိုင်း တည်ဆောက်ထား၏။
ယဇ်ပုရောဟိတ်သည် သူတို့၏ဘာသာရေး
ဝတ္တရားများကို ထမ်းဆောင်ရန်နေ့စဉ် ပထမ
အခန်းထဲသို့ဝင်၏။ 7သို့သော်လည်း ယဇ်ပု
ရောဟိတ်မင်းတစ်ပါးတည်းသာ ဒုတိယအခန်း
ထဲသို့ ဝင်ခွင့်ရှိ၏။ ထိုယဇ်ပုရောဟိတ်မင်းသည်
မိမိအပြစ်များနှင့် လူတို့၏အပြစ်များအတွက်
မိမိပူဇော်သောသွေးနှင့်အတူ တစ်နှစ်လျှင်တစ်
ကြိမ်သာ ထိုအခန်းထဲသို့ဝင်ရ၏။ ထိုအခန်းသို့
ယဇ်ပုရောဟိတ်မင်းသည် အသွေးမပါဘဲ ဘယ်
သောအခါမျှမဝင်ရ။ ထိုအသွေး အားဖြင့် မိမိ
အပြစ်နှင့် လူအများတို့၏အပြစ်အတွက် အပြစ်
ဖြေရာယဇ်ကို ပူဇော်ရ၏။ ထိုအပြစ်သည် မိမိ
တို့မသိဘဲ ကျူးလွန်မိသောအပြစ်များဖြစ်၏။
8သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား
သွန်သင်ရန် ထိုအခန်းနှစ်ခန်းကို အသုံးပြု၏။
ပထမအခန်းမပျက်မီတိုင်အောင် အသန့်ရှင်းဆုံး
သောအခန်းထဲသို့ဝင်ရန် လမ်းမပွင့်သေးချေ။
9ထိုအမှုတို့သည် မျက်မှောက်ကာလပတ်လုံးအ
တွက် ပုံပမာဖြစ်၏။ ဘုရားသခင်ထံတော်သို့
ပေးလှူသောယဇ်ပူဇော်ခြင်း နှင့်ပူဇော်သက္ကာ
တို့သည် ဘုရားကိုကိုးကွယ်သောလူတို့၏စိတ်
နှလုံးကို အကုန်အစင်မဆေးကြောပေးနိုင်
ကြောင်းထင်ရှားစေ၏။ 10ထိုလက်ဆောင်နှင့်ပူ
ဇော်သက္ကာများသည် သောက်စရာ၊ စားစရာ
နှင့် အထူးဆေးကြောသန့်ရှင်းစေခြင်းငှါအတွက်
သာဖြစ်၏။ ထိုအရာတို့သည် စိတ်နှလုံးအတွက်
မဟုတ်ဘဲ ကိုယ်ခန္ဓာအတွက် ဥပဒေများသာ
ဖြစ်၏။ ထိုအရာတို့သည် သူတို့အတွက် ပြုပြင်
ခြင်း အချိန်ရောက်သည်အတိုင်း ထားရန်ပေး
ထားခြင်းဖြစ်၏။

## ပဋိညာဉ်တရားသစ်အောက်၌ ဝတ်ပြုကိုးကွယ်ခြင်း

11သို့သော်လည်း ခရစ်တော်သည် ယခု
တွင် ငါတို့၌ရှိသောကောင်းမွန်သောအရာများ
အတွက် ယဇ်ပုရောဟိတ်မင်းကြီးတစ်ပါး ဖြစ်
လာ၏။ ခရစ်တော်သည် တဲတော်ထဲတွင် အမှု
ကို ပြုတော်မမူ။ သို့သော်လည်း ခရစ်တော်
သည် လူတို့မဆောက်သော သာ၍ကောင်း
မွန်သောနေရာ၌ အမှုတော်ကို ဆောင်ရွက်၏။
ထိုနေရာသည် ဤကမ္ဘာလောကကြီးနှင့်
မစပ်ဆိုင်။ 12ခရစ်တော်သည် ထိုအသန့်ရှင်းဆုံး
သောအရပ်ဌာနထဲသို့ တကြိမ်တည်းဝင်တော်
မူ၍၊ ထိုတစ်ကြိမ်အားဖြင့် အစဉ်လုံလောက်
ပြည့်စုံခြင်းရှိ၏။ ခရစ်တော်သည် ထိုအသန့်ရှင်း
ဆုံးသောအရပ်ဌာနထဲသို့ ဝင်ရာတွင် ဆိတ်အ
သွေး၊ နွားငယ်အသွေးမဟုတ်၊ မိမိအသွေး
တော်ကို အသုံးပြု၍ ထိုနေရာအရပ်သို့ ဝင်ပြီး
လျှင် ငါတို့အား အပြစ်မှထာဝရလွတ်မြောက်
စေတော်မူ၏။ 13ဆိတ်အသွေး၊ နွားသူငယ်အ
သွေးနှင့်နွားမငယ်၏ပြာကို မသန့်ရှင်းသော
သူတို့၏အပေါ်သို့ ဖျန်းခြင်းဖြင့် သူတို့အား တစ်
ဖန်ပြန်လည်၍ သန့်ရှင်းစေသည်မှန်သော်လည်း
မိမိတို့၏ခန္ဓာအတွက်သာ ဖြစ်၏။ 14ထိုသို့ဆို
သော် ခရစ်တော်၏အသွေးသည် သာ၍ပင်
စွမ်းဆောင်နိုင်၏။ ခရစ်တော်သည် မိမိကိုယ်
ကို ပြည့်စုံသောယဇ်အဖြစ် ထာဝရဝိညာဉ်
အားဖြင့် ဘုရားသခင်ထံသို့ ပူဇော်တော်မူ၏။
ကိုယ်တော်၏အသွေးတော်သည် ငါတို့ကို သေ
ခြင်းသို့ ပို့ဆောင်သော ငါတို့၏ညစ်ညူးသောအ

ကျင့်မှ လုံးဝသန့်ရှင်းစေတော်မူလိမ့်မည်။ ငါတို့
သည် အသက်ရှင်တော်မူသောဘုရားသခင်ကို
ကိုးကွယ်စေခြင်းငှါ ထိုအသွေးတော်သည် ငါတို့
၏စိတ်နှလုံးကို သန့်ရှင်းစေတော်မူလိမ့်မည်။
[15]ထို့ကြောင့် ခရစ်တော်သည် ပဋိညာဉ်
တရားသစ်ကို ဘုရားသခင်ထံမှ ငါတို့ထံသို့ ယူ
ဆောင်လာတော်မူ၏။ ခေါ်တော်မူသော သူ
တို့သည်ဘုရားသခင်ဂတိပြုတော်မူသောအရာ
တို့ကိုခံယူနိုင်မည့်အကြောင်း ကိုယ်တော်သည်
ထိုပဋိညာဉ်တရားသစ်ကိုယူဆောင်တော်မူ၏။
ပထမပညတ်တရားအောက်၌ လူတို့၏ကျူးလွန်
ပြစ်မှားသော အပြစ်များအားလုံးအတွက် ခရစ်
တော်အသေခံခြင်းအားဖြင့် ပေးဆပ်ခဲ့ပြီးဖြစ်
သောကြောင့် ဘုရားသခင်၏လူတို့သည် ဤ
အရာတို့ကို အစဉ်အမြဲရရှိကြလိမ့်မည်။ လူတို့
သည် ထိုအပြစ်များမှလွတ်မြောက်စေခြင်းငှါ
ခရစ်တော်သည် အသေခံတော်မူ၏။
[16]လူတစ်ဦးတစ်ယောက်သည် သေဆုံး
သောအခါ သေတမ်းစာကို ထား၏။ သို့သော်
လည်း ထိုသေတမ်းစာကို အသုံးမပြုမီ ထိုသေ
တမ်းစာကို ရေးသောသူသည် သေဆုံးကြောင်း
သက်သေပြရမည်။ [17]ထိုသေတမ်းစာကို ရေး
သောသူသည် အသက်ရှင်နေသေးလျှင် ထိုသေ
တမ်းစာသည် အဘယ်သို့မျှ အကျိုးမရှိ။ သေ
တမ်းစာသည် ရေးသောသူ သေဆုံးမှသာ အ
သုံးပြုနိုင်၏။ [18]ထိုနည်းတူ ဤအရာသည်
ဘုရားသခင်နှင့် မိမိလူတို့ကြား၌ရှိ သောပထမ
ပဋိညာဉ်တရားကဲ့သို့ဖြစ်၏။ ပဋိညာဉ်တရား
ကို အတည်ပြုရန် အသွေးလိုအပ်၏။ [19]မောရှေ
သည် ပညတ်ချက်ရှိသမျှကို လူတို့အား ရှေးဦး
စွာ ဟောပြောခဲ့ပြီ။ ထို့နောက် သူသည်နွား၊
ဆိတ်အသွေးကို ယူ၍ ရေနှင့်ရော၏။ ထို့နောက်
မှ သိုးမွေးအနီရောင်ကို ဟုဿုပ်ပင်အကိုင်း
တွင် ချည်၍အသွေးကို ဆွတ်ပြီးလျှင် ပညတ်
ကျမ်းပေါ်၌၎င်း၊ လူအပေါင်းတို့၌၎င်း၊ ဖျန်းရ၏။
[20]ထို့နောက် မောရှေက "ဤအသွေးသည် ပဋိ
ညာဉ်တရားကို တည်စေခြင်းငှါ ဖြစ်၏။ ဘုရား
သခင်သည် ထိုပဋိညာဉ်တရားကို လိုက်နာရန်
သင်တို့အား မိန့်တော်မူသည်" * ဟုပြောဆို၏။
[21]ထိုနည်းတူ မောရှေသည် သန့်ရှင်းသောတဲ
တော်ပေါ်၌ ထိုအသွေးကို ဖျန်း၏။ ထိုအသွေး
ဖြင့် ဝတ်ပြုရာတွင် အသုံးပြုသောတန်ဆာများ
ကိုလည်း ထိုနည်းတူ အသွေးနှင့်ဖျန်းရ၏။
[22]ပညတ်တရားက 'ခပ်သိမ်းသောအရာတို့
သည် အသွေးအားဖြင့်သန့်ရှင်း စင်ကြယ်စေရ
မည်' ဟုပြော၏။ အသွေးမသွန်းလောင်းဘဲ
အပြစ်ဖြေလွှတ်ခြင်းမရှိ။

## ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် အပြစ်များကို ယူဆောင်သွား၏

[23]ဤအရာအလုံးစုံတို့သည် ကောင်းကင်ဘုံ
၌ရှိသောအရာတို့၏ပုံရိပ်ဖြစ်၏။ ထိုပုံရိပ်တို့
သည် ယဇ်ပူဇော်ခြင်းဖြင့် သန့်ရှင်းရန်လိုအပ်၏။
သို့သော်လည်း၊ ကောင်းကင်အရာတို့ကို သန့်
အရှင်းစင်ကြယ်စေခြင်းငှါ သာ၍ မြတ်သော
ယဇ်ပူဇော်ခြင်းကို ပြုလုပ်ရ၏။ [24]ခရစ်တော်
သည် လူတို့လက်ဖြင့် ပြုလုပ်သောအသန့်ရှင်း
ဆုံးဌာနသို့ ဝင်တော်မမူ။ ထိုအသန့်ရှင်းဆုံး
သောဌာနသည် စစ်မှန်သောအရာတစ်ခု၏ပုံ
ရိပ်သာဖြစ်၏။ ခရစ်တော်သည် ကောင်းကင်
ဘုံထဲသို့ ဝင်တော်မူ၏။ ခရစ်တော်သည် ယခု
တွင် ဘုရားသခင်ရှေ့တော်မှောက်တွင် ငါတို့
အား အကူအညီပေးတော်မူ၏။ [25]ယဇ်ပုရော
ဟိတ်မင်းသည် အသန့်ရှင်းဆုံးနေရာသို့ တစ်နှစ်
လျှင် တစ်ကြိမ်ဝင်ရောက် လျှက်ရှိ၏။ သူသည်
မိမိအသွေးမဟုတ်သော တိရစ္ဆာန်အသွေးကို မိ
မိနှင့်အတူယူသွား၏။ ခရစ်တော်သည် ကောင်း
ကင်ဘုံထဲသို့ ဝင်တော်မူ၏။ သို့သော်လည်း
ယဇ်ပုရောဟိတ်မင်းတို့သည် နှစ်တိုင်းအသွေး
ပူဇော်သကဲ့သို့ မိမိခန္ဓာကိုယ်ကို အကြိမ်ကြိမ်
ယဇ်ပူဇော်ခြင်းပြုတော်မမူ။ [26]ခရစ်တော်သည်
မိမိကိုယ်ကို အကြိမ်ကြိမ်ပူဇော်ရလျှင် ကမ္ဘာ
မြေကြီးကို ဖန်ဆင်းကတည်းကပင် အကြိမ်
ပေါင်းများစွာ ဒုက္ခဆင်းရဲခြင်းများခံရမည်ဖြစ်
၏။ သို့သော်လည်း၊ ခရစ်တော်သည် မိမိကိုယ်

---

**"သင့်အား … လုပ်ရမည်"** ထွက် 25:40

ကို တစ်ကြိမ်တည်းသာ ပူဇော်ရန် ကြွဆင်းလာ
၍၊ ထိုတစ်ကြိမ်တည်းအားဖြင့် အချိန်တိုင်းအ
တွက် လုံလောက်၏။ ခရစ်တော်သည် မိမိ
ကိုယ်ကို ယဇ်ကောင်အဖြစ်ပူဇော်ခြင်းအားဖြင့်
အပြစ်ရှိသမျှတို့ကိုယူဆောင်ရန် ကြွဆင်းတော်
မူ၍ ထိုအချိန်သည် ကမ္ဘာကုန်ဆုံးရန် နီးကပ်
ချိန်တွင်ဖြစ်၏။ 27လူသည် တစ်ကြိမ်တည်း သေ
ကြရမည်။ ထို့နောက် သူသည် တရားစီရင်ခြင်း
ခံရမည်။ 28ထို့ကြောင့် ခရစ်တော်သည် လူအ
ပေါင်းတို့၏အပြစ်ကို ဆောင်ယူသွားရန် တစ်
ကြိမ်တည်း ပူဇော်၏။ ထို့နောက် ခရစ်တော်
သည် နောက်တစ်ဖန်ပြန် လည်ကြွလာဦးမည်။
သို့သော်လည်း လူတို့၏အပြစ်များအတွက်
မဟုတ်။ ခရစ်တော်သည် မိမိကို စိတ်အား
ထက်သန်စွာ စောင့်မျှော်နေသောသူတို့အ
တွက် ကယ်တင်ခြင်းကိုယူဆောင်ရန်အတွက်
ကြွလာတော်မူမည်ဖြစ်၏။

## ခရစ်တော်၏ယဇ်ပူဇော်ခြင်းသည် ကျွန်ုပ်တို့အား ပြည့်စုံစေတော်မူ၏

10 ပညတ်တရားသည် နောင်လာမည့်
ကောင်းသောအရာများအတွက် ပုံရိပ်
သာဖြစ်၏။ ပညတ်တရားသည် စစ်မှန်သော
အရာတို့၏ပုံရိပ်အစစ်အမှန်မဟုတ်။ ပညတ်တ
ရားသည် ထိုကဲ့သို့သော နှစ်စဉ်နှစ်တိုင်း ယဇ်
ကို ပူဇော်ရန် ပညတ်ထား၏။ ထာဝရဘုရား
အား ဝတ်ပြုကိုးကွယ်ရန်အတွက် ရောက်ရှိလာ
သောသူတို့သည် ထိုယဇ်ကို အမြဲပူဇော်ရမည်။
သို့သော်လည်း ထိုပညတ်တရားသည် လူတို့
အား ပြည့်စုံခြင်းသို့ဘယ်သောအခါမျှမရောက်
စေနိုင်။ 2ပညတ်တရားသည် လူတို့အား ပြည့်စုံ
ခြင်းသို့ ရောက်စေနိုင်လျှင် ထိုယဇ်ပူဇော်ခြင်း
သည် ပူဇော်ခြင်းမှရပ်ရမည်ဖြစ်၏။ အကြောင်း
မူကား၊ လူတို့သည် မိမိတို့၏အပြစ်များမှ သန့်
ရှင်းစေနှင့် ပြီးဖြစ်လျှင် သူတို့သည် နောက်တစ်
ဖန်သံဝေဂတရားရစရာအကြောင်း အလျှင်းမ
ရှိ။ 3ထိုယဇ်ပူဇော်ခြင်းသည် လူတို့အား မိမိတို့
အပြစ်ကို နှစ်စဉ်အမြဲအောက်မေ့သတိရစေ၏။
4အကြောင်းမူကား၊ နွားသူငယ်အသွေး၊ ဆိတ်
အသွေးသည် အပြစ်များကို မဆေးကြောနိုင်။
5ခရစ်တော်သည် ဤလောကသို့ကြွလာ
သောအခါ မိန့်တော်မူသည်မှာ၊

“အိုဘုရားသခင် ကိုယ်တော်သည် ယဇ်ပူ
ဇော်ခြင်းနှင့်ပူဇော်သက္ကာကို အလိုမရှိ။
သို့သော်လည်း အကျွန်ုပ်အတွက် ခန္ဓာ
ကိုယ်ကို ပြင်ဆင်ပေးတော်မူ၏။
6 ကိုယ်တော်သည် တိရစ္ဆာန်များကို သတ်
ဖြတ်၍မီးရှို့ပူဇော်ခြင်းနှင့်ကျေနပ်နှစ်သိမ့်
တော်မမူ။ ကိုယ်တော်သည် အပြစ်များ
ကို ယူဆောင်ခြင်းအတွက် ယဇ်ပူဇော်
ခြင်းအားဖြင့် ကျေနပ်နှစ်သိမ့်တော်မမူ။
7 ထို့နောက် အကျွန်ုပ်ကအိုဘုရားသခင်၊
‘ဤနေရာ၌ အကျွန်ုပ်ရှိပါ၏။ ပညတ်
ချက်ကျမ်းစာ၌ အကျွန်ုပ်၏အကြောင်း
ကို ရေးထားသည့်အတိုင်း ကိုယ်တော်၏
အလိုတော်ကို ဆောင်ခြင်းငှါလာပြီ။’”

*ဆာလံ 40:6-8*

8ဤကျမ်းစာ၌ ခရစ်တော်ရှေ့ဦးစွာ မိန့်မြွက်ခဲ့
သည်မှာ အိုဘုရားသခင်၊ မီးရှို့ရာယဇ်၊ အပြစ်
ဖြေရာယဇ် အစရှိသောယဇ်များနှင့် ပူဇော်
သက္ကာများတို့ကို ကိုယ်တော်သည် အလိုမရှိ။
အားရနှစ်သက်တော်မမူ။ ပညတ်တရားသည်
ထိုယဇ်ပူဇော်ခြင်းများကို တောင်းဆိုသော်
လည်းကိုယ်တော်သည် ဤအရာများကို မိန့်ဆို
တော်မူ၏။ 9ထို့နောက် ကိုယ်တော်မိန့်ဆို
သည်မှာ၊ အိုဘုရားသခင် ကိုယ်တော်၏အလို
တော်ကို ဆောင်ရွက်ခြင်းငှါ အကျွန်ုပ် ဤနေ
ရာ၌ရှိပါ၏။ ထို့ကြောင့် ဘုရားသခင်သည်
ပထမယဇ်ပူဇော်ခြင်းအထုံးအဖွဲ့များကို ပယ်၍
အသစ်သောအထုံးအဖွဲ့တို့ကို အတည်ပြုရန်
ထားတော်မူ၏။ 10ခရစ်တော်သည် ဘုရား
သခင်၏အလိုတော်အတိုင်း လုပ်ဆောင်တော်
မူ၏။ ထို့နောက် ထိုအလိုတော်နှင့်အညီ ယေရှု
ခရစ်၏ခန္ဓာကိုယ်ကို ယဇ်ပူဇော်ခြင်းအားဖြင့်

ငါတို့သည် သန့်ရှင်းခြင်းသို့ ရောက်ခြင်းဖြစ်၏။
ခရစ်တော်သည် ထိုယဇ်ပူဇော်ခြင်းကို တစ်
ကြိမ်ပြု၍ အချိန်တိုင်းအတွက် လုံလောက်၏။
[11]နေ့စဉ်နေ့တိုင်း ယဇ်ပုရောဟိတ်သည်
မတ်တတ်ရပ်လျက်သူတို့၏ဘာသာရေးဆိုင်ရာ
လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ကြ၏။
ယဇ်ပုရောဟိတ်တို့သည် ထိုယဇ်ပူဇော်ခြင်းကို
အထပ်ထပ် ပူဇော်လျက်နေကြ၏။ သို့သော်
လည်း၊ ထိုယဇ်ပူဇော်ခြင်းတို့သည် အပြစ်များ
ကို ဆေးကြောနိုင်စွမ်းမရှိ။ [12]သို့သော်လည်း
ခရစ်တော်သည် အပြစ်ပြေဆပ်ရန် တစ်ကြိမ်
တည်းသာ ယဇ်ပူဇော်ခြင်းကိုပြု၍ ထိုယဇ်သည်
အချိန်တိုင်းအတွက် လုံလောက်၏။ ထို့နောက်
ခရစ်တော်သည် ဘုရားသခင်၏လက်ျာတော်
ဘက်တွင် ထိုင်နေတော်မူ၏။ [13]ယခုတွင် ခရစ်
တော်သည် မိမိရန်သူတို့ကိုမိမိ တန်ခိုးအောက်
၌ချထားသည့်တိုင်အောင် စောင့်ဆိုင်းလျက်
နေ၏။ [14]တစ်ကြိမ်တည်း ပူဇော်ခြင်းဖြင့် ခရစ်
တော်သည် မိမိလူတို့ကို ပြည့်စုံစေတော်မူ၍၊
ထိုသူတို့သည် ခရစ်တော်အားဖြင့် သန့်ရှင်းစေ
ခြင်းကိုခံရကြ၏။
[15]သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း
ငါတို့အား ထိုအကြောင်းအရာကို ဖော်ပြတော်
မူ၏။

16 ပထမဦးစွာပြောခဲ့သည်မှာ ဘုရားသခင်
က နောင်ကာလတွင် “ငါ့လူမျိုးတို့နှင့်
ဤပဋိညာဉ်တရားကို ငါပြုမည်။ ငါ့
ပညတ်တရားကို သူတို့စိတ်နှလုံးထဲ၌ ငါ
သွင်း၍ သူတို့စိတ်ဝိညာဉ်၏အပေါ်မှာ
ရေးထားမည်” ဟုမိန့်တော်မူ၏။

*ယေရမိ 31:33*

[17]ထို့နောက် ငါသည်သူတို့၏အပြစ်ကိုမအောက်
မေ့ဘဲနေမည်။

“ငါသည် သူတို့၏ညစ်ညူးသောအပြုအမူ
များကို နောက်တစ်ဖန် အောက်မေ့မည်
မဟုတ်။” *ယေရမိ 31:34*

[18]ထိုအရာရှိသမျှတို့သည် ခွင့်လွှတ်ခြင်းခံရလျှင်
အပြစ်အတွက် အခြားသောယဇ်ပူဇော်ခြင်းကို
လိုအပ်လိမ့်မည်မဟုတ်။

## ဘုရားသခင်ကို ချဉ်းကပ်ကြလော့

[19]ထို့ကြောင့် ညီအစ်ကိုမောင်နှမတို့၊ ငါတို့
သည် သန့်ရှင်းရာဌာနထဲသို့ဝင်ရန် လုံးဝလွတ်
လပ်ခြင်းအခွင့်ကို ရကြ၏။ ယေရှု၏အသွေး
တော်ကြောင့် ငါတို့ဝင်နိုင်ကြ၏။ [20]ငါတို့သည်
ယေရှုဖွင့်ပေးသော လမ်းသစ်အားဖြင့် ဝင်
ရောက်နိုင်ကြပြီ။ ထိုလမ်းသည် အသက်ရှင်
သောလမ်းဖြစ်၏။ ထိုလမ်းသစ်သည် ခရစ်
တော်၏ကိုယ်ခန္ဓာတည်းဟူသော ကန့်လန့်ကာ
အားဖြင့်ဖြစ်၏။ [21]ငါတို့၌လည်း ထာဝရဘုရား
၏အိမ်တော်ကို အုပ်ချုပ်သောယဇ်ပုရောဟိတ်
မင်းလည်းရှိ၏။ [22]ငါတို့သည် သန့်ရှင်းခြင်းသို့
ရောက်၍ အပြစ်ဒုစရိုက် ကိုခံစားခြင်းမှ လွတ်
မြောက်ခြင်းကိုခံရပြီ။ ငါတို့၏ကိုယ်ခန္ဓာသည်
လည်း သန့်ရှင်းသောရေဖြင့် ဆေးကြောခြင်း
အရှိပြီ။ ထို့ကြောင့် ငါတို့သည် ဘုရားသခင်
ထံတော်သို့ စစ်မှန်သောစိတ်နှလုံးနှင့်၊ ယုံကြည်
ခြင်းအားဖြင့် ရသောယုံကြည်စိတ်ချမှုနှင့်လာ
ကြကုန်အံ့။ [23]ငါတို့သည် ရရှိထားသောမျှော်
လင့်ခြင်းကို မြဲမြံခိုင်ခံ့စွာစွဲကိုင်ထားရမည်။ ငါ
တို့သည် ထိုမျှော်လင့်ခြင်းကို တခြားသောသူ
အတို့အား ပြောကြားရန် ဘယ်သောအခါမျှ
အရေးမနိမ့်ရ။ ဘုရားသခင်သည် မိမိဂတိထား
တော်မူသည် အတိုင်းပြုမည်ဟု ငါတို့ယုံကြည်
စိတ်ချနိုင်၏။

## မြဲမြံခိုင်ခံ့ခြင်းရှိစေရန်အချင်းချင်း ကူညီလော့

[24]ငါတို့သည် အခြားသူတို့အတွက် စဉ်းစား
၍ အချင်းချင်း အားပေးစေခြင်းငှါရင်း၊ မေတ္တာ
ပြစေခြင်းငှါရင်း၊ ကောင်းမှုပြုစေခြင်းငှါရင်း
ထောက်ရှုကြရမည်။ [25]အချို့သောသူတို့သည်
အချင်းချင်း စည်းဝေးခြင်းမှ ရှောင်လွှဲတတ်၏။
ငါတို့သည် ထိုသို့မပြုရ၊ ငါတို့သည် အတူတကွ

စုစည်းကြ၍ အထူးသဖြင့် ထိုနေ့ရက်ရောက်
လာခြင်းကို မြင်သကဲ့သို့ အချင်းချင်း ခွန်အား
ပေးကြရမည်။

## ခရစ်တော်ထံမှပြန်လှည့်မသွားနှင့်

26ငါတို့သည် သမ္မာတရားကို သိပြီးနောက်
အပြစ်ကို ဆက်၍ပြုရန် ဆုံးဖြတ်လျှင် နောက်
တစ်ဖန် အပြစ်ဆေးကြောရန် အခြားသောယဇ်
ပူဇော်ခြင်းမရှိ။ 27ငါတို့အပြစ်များကို ဆက်၍
ကျူးလွန်နေလျှင် ဘုရားသခင်ကို ဆန့်ကျင်
ဘက်ပြုသောသူတို့အားဖျက် ဆီးသောအမျက်
တော်မီးနှင့်တကွ ကြောက်မက်ဖွယ်သောတ
ရားစီရင်ခြင်းကို မျှော်လင့်နိုင်၏။ 28လူတစ်
ယောက်သည် မောရှေ၏ပညတ်တရားကို ချိုး
ဖောက်ကြောင်း သက်သေနှစ်ဦးသုံးဦးရှိလျှင်
ထိုသူသည် သနားခြင်းကိုမခံရဘဲ အသတ်ခံရ
၏။ 29ထို့ကြောင့် ဘုရားသခင်၏သားတော်ကို
မုန်းသောသူသည် မည်ကဲ့သို့ ပြုသင့်သည်ဟု
သင် တို့ထင်ကြသနည်း။ ထိုသူသည် အမှန်ပင်
ပို၍ ဆိုးဝါးသောအပြစ်ဒဏ်ကို ခံထိုက်၏။
မိမိကို စင်ကြယ်စေ၍ ပဋိညာဉ်တရားသစ်ကို
အစပြုသောအသွေးတော်ကို အပြစ်တင်သော
သူ၊ ဆုကျေးဇူးကို ပေးသောဝိညာဉ်တော်ကို
မထီမဲ့မြင်ပြုသောသူသည် အဆိုးဝါးဆုံးပြစ်
ဒဏ်ကိုခံထိုက်၏။ 30အကြောင်းမူကား၊ ဤသို့
မိန့်တော်မူသောသူကို ငါတို့သိကြ၏။ "ငါသည်
မှားယွင်းသောသူကို ပြစ်ဒဏ်ပေးမည်၊ ငါသည်
သူတို့ကို ပြန်ဆပ်ပေးမည်။"* တစ်ဖန်မိန့်တော်
မူပြန်သည်မှာ "သခင်ဘုရားသည် မိမိလူတို့ကို
စီရင်တော်မူလိမ့်မည်။"* 31အပြစ်ရှိသောသူ
သည် အသက်ရှင်တော်မူသော ဘုရားသခင်၏
လက်တော်ထဲသို့ ကျရောက်ရန်အလွန်
ကြောက်မက်ဖွယ်ကောင်း၏။

## သင်တို့ရရှိထားသောရဲရင့်ခြင်းနှင့်သည်းခံခြင်းကိုထိန်းသိမ်းထားလော့

32သင်တို့သည် သမ္မာတရားကို ပထမခံယူ
သောနေ့ရက်ကို သတိရကြလော့။ သင်တို့
သည် ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာများကို
ခံရ၏။ သို့သော်လည်း သင်တို့သည် ဆက်
လက်၍ ခွန်အားနှင့် ပြည့်စုံလျက်ရှိ၏။ 33တစ်ခါ
တစ်ရံလူတို့သည် သင်တို့အား မုန်းတီးသော
စကားများကို ဆို၍လူတို့ရှေ့တွင် သင်တို့ကို
ညှဉ်းပန်းနှိပ်စက်ကြ၏။ တစ်ခါတစ်ရံ သင်တို့ခံရ
သော ထိုအရာတို့ကို ခံရသောသူတို့သည် သင်
တို့ ကူညီမစကြ၏။ 34သင်တို့သည် အကျဉ်းခံရ
သောသူတိုကို ကူညီ၍ သူတို့၏ဒုက္ခဆင်းရဲ
ခြင်း၌ အတူခံကြ၏။ သင်တို့ပိုင်ဆိုင်သောအ
ရာရှိသမျှတို့ကို သင်တို့ထံမှ လုယူသွားခြင်းခံရ
သောအခါ သင်တို့သည် ဝမ်းမြောက်စွာ ထို
အရာတို့ကို လက်ခံကြ၏။ သင်တို့သည် ဆက်
လက်၍ ဝမ်းမြောက်ကြ၏။ အကြောင်းမူကား၊
သင်တို့သည် ဤအရာများထက် သာ၍ကောင်း
မွန်သော ထာဝရတည်မည့်အရာတို့ကို ပိုင်ဆိုင်
သည်ကိုသိကြ၏။ မကြာမမြင့်မှီ အချိန်ကာလ
တွင် ကြွလာမည်ဖြစ်သောအရှင်သည် ကြွလာ
တော်မူလိမ့်မည်။ ထိုအရှင်သည် နှောင့်နှေးကြန့်
ကြာခြင်းမရှိ။

35ထို့ကြောင့် သင်တို့၏ရဲရင့်ခြင်းကို မစွန့်ကြ
နှင့်။ သင်တို့၏ရဲရင့်ခြင်းသည် ဆုလာဒ်ကိုကြွယ်
ဝစွာရရှိစေလိမ့်မည်။ 36သင်တို့သည် ဘုရား
သခင်၏အလိုတော်နှင့် အညီဆောင်ရွက်ရန်
သည်းခံခြင်းလိုအပ်၏။ ထို့နောက် ဘုရားသခင်
သည် မိမိဂတိထားတော်မူသည့်အရာကို သင်
တို့အား ပေးတော်မူမည်။ 37အကြောင်းမူကား၊

"ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်
ဘဲမကြာမမြင့်မှီ ရောက်တော်မူလိမ့်
မည်။
38 ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်း
ကြောင့် အသက်ရှင်လိမ့်မည်။ သို့သော်
လည်း၊ ကြောက်ရွံ့၍ နောက်သို့ ပြန်

---

**"ငါသည် ... ပြန်ဆပ်ပေးမည်"** တရား 32:25

**"ဘုရားသခင် ... မူလိမ့်မည်"** ဆာလံ 135:14

လှည့်သောသူအပေါ်၌ ငါသည် အားရ
နှစ်သက်ခြင်းမရှိ။” *ဟဗက္ကုတ် 2:3-4*

39ငါတို့သည် နောက်သို့ပြန်လှည့်၍ အားလျော့
သောသူမဟုတ်၊ သို့သော်လည်း ငါတို့သည်
ယုံကြည်ခြင်းရှိ၍ ကယ်တင်ခြင်းရရှိ သောသူ
ဖြစ်ကြ၏။

## ယုံကြည်ခြင်း

11 ယုံကြည်ခြင်းသည် မျှော်လင့်သောအ
ရာတို့ကို မျက်မှောက်ပြုခြင်းနှင့်၊ မမြင်
ရသေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအ
ကြောင်းဖြစ်၏။ 2ဘုရားသခင်သည် ရှေးလူ
တို့ကို ကျေနပ်နှစ်သက်တော်မူ၏။ အကြောင်း
မှာဤကဲ့သို့သော ယုံကြည်ခြင်းမျိုးရှိကြသော
ကြောင့်ဖြစ်၏။
3ယုံကြည်ခြင်းသည် ဘုရားသခင်၏အမိန့်
တော်ဖြင့် ဖန်ဆင်းတော်မူသောကမ္ဘာလောက
ကြီးတစ်ခုလုံးကို နားလည်စေခြင်းငှါ အထောက်
အကူပြု၏။ ငါတို့မြင်ရသောအရာတို့သည် မမြင်
ရသောအရာများမှ ဖန်ဆင်းခြင်းဖြစ်၏။
4ကာဣနနှင့် အာဗေလနှစ်ဦးလုံးသည်
ဘုရားသခင်ထံသို့ အတူတူယဇ်ပူဇော်ကြ၏။ သို့
သော်လည်း အာဗေလပူဇော်သောယဇ်သည်
ကာဣနပူဇော်သောယဇ်ထက် သာ၍ကောင်း
၏။ အကြောင်းမူကား၊ အာဗေလသည် ယုံ
ကြည်ခြင်းရှိသောကြောင့်ဖြစ်၏။ ဘုရားသခင်
သည်လည်း အာဗေလပူဇော်သောယဇ်ကို နှစ်
သက်သည် ဟုဆို၏။ ထို့ကြောင့် ဘုရားသခင်
သည် အာဗေလအား သူကောင်းဟု ခေါ်ဝေါ်သ
မုတ်၏။ အကြောင်းမူကား၊ အာဗေလသည်
ယုံကြည်ခြင်းရှိသောကြောင့်ဖြစ်၏။ အာဗေလ
သည် သေလွန်သော်လည်း သူ၏ယုံကြည်ခြင်း
ကြောင့် ယခုပင် တရားဟောသေး၏။
5ဧနောက်သည် ဤကမ္ဘာမြေပြင်မှ ခွာ၍
သယ်ဆောင်သွားခြင်းခံရ၏။ သူသည် သေ
ခြင်းနှင့် ကင်းလွတ်၏။ ကျမ်းစာက ‘သူသည်
သယ်ဆောင်သွားခြင်းမခံရမှီ ဘုရားသခင်၏
စိတ်တော်နှင့်အမှန်တွေ့သောသူဖြစ်၏။ နောက်
ပိုင်းတွင် လူတို့သည် သူ့ကို မတွေ့ရကြ။ အ
ကြောင်းမူကား၊ ဘုရားသခင်သည် ဧနောက်
ကို မိမိနှင့်အတူခေါ်ဆောင်သွားခြင်း ဖြစ်၏။
ဧနောက်၌ ဤကဲ့သို့ဖြစ်ရခြင်းမှာ သူသည် ယုံ
ကြည်ခြင်းရှိသောကြောင့်ဖြစ်၏။ 6ယုံကြည်
ခြင်း မရှိသောသူသည် ဘုရားသခင်၏စိတ်
တော်နှင့်မတွေ့နိုင်။ ဘုရားသခင် အထံတော်သို့
လာသောသူတိုင်းသည် ဘုရားသခင် အမှန်
စင်စစ် ရှိတော်မူကြောင်းကိုရင်း၊ ဘုရားသခင်
သည် မိမိကို အမှန်တကယ်ရှာသောသူတို့
အား ဆုလာဒ်များကို ချပေးတော်မူမည် ဖြစ်
ကြောင်းကိုရင်း ယုံကြည်ရမည်။
7နောဧမူကား မိမိမမြင်ရသေးသော အရာ
များအတွက် ဘုရားသခင်သည် သူ့ကိုသတိပေး
တော်မူ၏။ သို့သော်လည်း နောဧသည် ဘုရား
သခင်အား ရိုသေ၍ ယုံကြည်ခြင်း စိတ်ရှိ၏။ ထို့
ကြောင့် နောဧသည် မိမိအိမ်သူအိမ်သားတို့ကို
ကယ်တင်ရန် သင်္ဘောတစ်စင်းကို ဆောက်
လုပ်၏။ နောဧသည် မိမိယုံကြည်ခြင်းအားဖြင့်
လောကီသားတို့ပြုသည့် မှားယွင်းသောအရာ
တို့ကို ထင်ရှားစေ၏။ ထို့ကြောင့် နောဧသည်
ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်
သောလူထဲမှ တစ်ယောက်ဖြစ်လာ၏။
8ဘုရားသခင်သည် အာဗြဟံအား ခေါ်၍
ဂတိထားတော်မူသောအရပ်သို့ ခရီးသွားစေ
၏။ အာဗြဟံသည် မိမိသွားရမည့်အရပ်ကိုမသိ။
သို့သော်လည်း အာဗြဟံသည် ဘုရားသခင်ကို
နာခံ၍ ယုံကြည်ခြင်းရှိသောကြောင့်ခရီးထွက်
သွား၏။ 9အာဗြဟံသည် ဂတိတော်တိုင်းပြည်
ဖြစ်သော တစ်ပါးသောတိုင်းပြည်၌ ဧည့်သည်
ကဲ့သို့ နေထိုင်၏။ သူသည် ထိုအရာကို ယုံ
ကြည်ခြင်းကြောင့် ပြုခဲ့၏။ သူသည် ထိုအရပ်၌
ဣဇာက်၊ ယာကုပ်တို့နှင့်အတူတဲ၌ နေထိုင်၏။
ဣဇာက် နှင့်ယာကုပ်တို့သည်လည်း ဘုရား
သခင်ထံတော်မှ ဂတိတော်ကိုခံရကြ၏။
10အာဗြဟံ သည် ခိုင်ခံ့သောအုတ်မြစ်ချမည့်မြို့
ကို စောင့်မျှော်လျက်နေ၏။ သူသည် ဘုရား

သခင်ကိုယ်တိုင် အစီအစဉ်ချမှတ်ပြီး တည်
ဆောက်မည့်မြို့ကို စောင့်မျှော်လျက်နေ၏။
11အာဗြဟံသည် သားသမီး ရရှိရန်အတွက်
အလွန်အိုမင်း လျက်ရှိနေ၏။ စာရာသည်လည်း
မွေးဖွားနိုင်သောအခြေအနေမဟုတ်။ အာဗြဟံ
သည်ဘုရားသခင်အား ယုံကြည်၏။ ထို့ကြောင့်
ဘုရားသခင်သည် သူတို့အား သားသန္ဓေတည်
နိုင်သောအခွင့်တန်းခိုးကို ပေးတော်မူ၏။ အ
ကြောင်းမူကား ဂတိထားတော်မူသောသူသည်
သစ္စာရှိသည်ဟု စိတ်စွဲလမ်းခြင်းရှိ၏။ ဘုရား
သခင်သည် ဂတိတော်အတိုင်း ဆောင်ရွက်ပေး
နိုင်သည်ဟု ယုံကြည်ခြင်းရှိ၏။ 12အာဗြဟံသည်
အလွန်အိုမင်း၍ သေလုနီးအချိန်ရောက်နေပြီ။
သို့သော်လည်း ထိုသူမှ ကောင်းကင်ကြယ်ကဲ့
သို့၎င်း၊ သမုဒ္ဒရာကမ်းနား၌ မရေတွက်နိုင်
သောသဲလုံးကဲ့သို့၎င်း၊ များစွာသောအမျိုးအ
နွယ်ဆင်းသက်လာ၏။

13ထိုလူတို့သည် သေသည့်တိုင် ယုံကြည်
ခြင်းဖြင့် အသက်ရှင်ကြ၏။ ဘုရားသခင်သည်
မိမိလူမျိုးတို့အတွက် ဂတိထားတော်မူသောအ
ရာကိုထိုသူတို့မရရှိကြ။ သူတို့သည် နောင်ကာ
လ၌ လာမည့်အရာများကို အဝေးမှသာ မြင်၍
ထိုအရာအတွက် ဝမ်းမြောက်ကြ၏။ သူတို့သည်
ဤကမ္ဘာပေါ်တွင်ဧည့်သည်လူစိမ်းများဖြစ်သည်
ကို ဝန်ခံကြ၏။ 14သူတို့သည် ဧည့်သည်လူစိမ်း
များဖြစ်ကြောင်း ဝန်ခံကြသောကြောင့် မိမိတို့
၏တိုင်းပြည်ဟု သူတို့ခေါ်နိုင်ရမည့်တိုင်းပြည်ကို
မျှော်လင့်နေကြောင်းကို ထင်ရှားစေ၏။ 15ထို
သူတို့သည် မိမိတို့ထွက်ခွာလာသောပြည်ကို
အောက်မေ့သည် မှန်လျှင်ထိုတိုင်းပြည်သို့ ပြန်ရ
သောအခွင့်ကိုရကြ၏။ 16သို့သော်လည်း သူတို့
သည် သာ၍ကောင်းသောကောင်းကင်နိုင်ငံ
ကိုမျှော်လင့်လျက်နေကြ၏။ ထို့ကြောင့်ဘုရား
သခင်သည် သူတို့၏ဘုရားဟုခေါ် ဝေါ်သော
အခါ ရှက်တော်မမူ။ ဘုရားသခင်သည် သူတို့
အတွက်မြို့တစ်မြို့ကို ပြင်ဆင်တော်မူ၏။
17-18ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်
ခြင်းကို စုံစမ်းတော်၍ ဣဇာက်အား ယဇ်
ကောင်အဖြစ် ပူဇော်ရန် တောင်းဆိုတော်မူ၏။
အာဗြဟံသည် ဘုရားသခင်ကို နာခံ၏။ အ
ကြောင်းမူကား၊ ယုံကြည်ခြင်းရှိသောကြောင့်
ဖြစ်၏။ အာဗြဟံသည် ဘုရားသခင်ထံမှ ဂတိ
တော်ကို ရခဲ့ပြီးဖြစ်၏။ ဘုရားသခင်က၊ သူ့အား
"သင်၏အမျိုးအနွယ်တို့သည် ဣဇာက်အားဖြင့်
လာလိမ့်မည်"* ဟုမိန့်တော်မူ၏။ သို့သော်
လည်း အာဗြဟံသည် မိမိတစ်ဦးတည်းသော
သားကို ပူဇော်ရန် အသင့်ရှိနေ၏။ အာဗြဟံ
သည် ဤကဲ့သို့ပြုလုပ်ရခြင်းမှာ သူ၏ယုံကြည်
ခြင်းကြောင့် ဖြစ်၏။ 19ဘုရားသခင်သည် သေ
သောသူကို သေခြင်းမှထမြောက်စေနိုင်သည်
ကို အာဗြဟံသည် ယုံကြည်၏။ အမှန်စင်စစ်
ဘုရားခင်သည် ဣဇာက်အား သတ်ရန်ရပ်တန့်
ပေးလိုက်သောအခါ အာဗြဟံသည် ဣဇာက်
အား သေခြင်းမှပြန် လည်ရရှိသကဲ့သို့ဖြစ်၏။

20ဣဇာက်သည် အနာဂတ်အရာတို့ကို
မှတ်၍ ယာကုပ်နှင့်ဧသောအား ကောင်းချီး
ပေး၏။ အကြောင်းမူကား၊ သူသည် ယုံကြည်
ခြင်းရှိသောကြောင့်ဖြစ်၏။ 21ယာကုပ်သည်
ယောသပ်၏သားနှစ်ယောက်အား သေလုနီး
ပါးအချိန်တွင် ကောင်းချီးပေး၏။ ယာကုပ်
သည် သူ၏တောင်ဝှေးထိပ်မှာမှီလျက် ဘုရား
သခင်အား ဝတ်ပြုကိုးကွယ်၏။ ယာကုပ်သည်
ထိုအရာကို ပြုရသည့်အကြောင်းမှာ သူ၌ယုံ
ကြည်ခြင်းရှိသောကြောင့်ဖြစ်၏။ 22ယောသပ်
သည် သေလုနီးပါးအချိန်၌ ဣသရေလလူမျိုးတို့
အား အဲဂုတ္တုပြည်မှ ထွက်ခွာမည့်အကြောင်း
ကို ပြောဆို၏။ ထို့နောက် သူ၏ခန္ဓာကိုယ်အား
မည်ကဲ့သို့ပြုရမည်ကို မှာကြားခဲ့၏။ ယောသပ်
သည် ထိုကဲ့သို့ ပြောဆိုရခြင်းမှာ ယုံကြည်ခြင်း
ရှိသောကြောင့်ဖြစ်၏။

23မောရှေ၏အဘနှင့်အမိတို့သည် မောရှေ
မွေးဖွားပြီးနောက် သုံးလအတွင်း ဝှက်ထား၏။
အကြောင်းမူကား၊ သူတို့သည် ယုံကြည်ခြင်း
ရှိသောကြောင့်ဖြစ်၏။ သူတို့သည် မောရှေ

---

**"သင်၏အမျိုးအနွယ် ... လာလိမ့်မည်"** ကမ္ဘာ 21:12

အား အလွန်လှပသောကလေးဖြစ်ကြောင်းကို
သိမြင်ကြ၏။ သူတို့သည် ရှင်ဘုရင်၏အမိန့်ကို
ကြောက်ရွံ့ခြင်းမရှိ။ မနာခံဘဲနေကြ၏။
24မောရှေသည် အသက်အရွယ်ရောက်လာ
သောအခါ ဖာရောဘုရင်သမီး၏သားဟု ခေါ်
ဝေါ်ခြင်းကို ငြင်းပယ်၏။ 25မောရှေသည် အပြစ်
၌ ပျော်မွေ့ခြင်းကိုမရွေးချယ်။ ထိုပျော်မွေ့ခြင်း
သည် တစ်ခဏသာခံ၏။ ထို့ကြောင့် မောရှေ
သည်မိမိလူများနှင့်အတူ ညှဉ်းဆဲခံရန် ရွေးချယ်
တော်မူ၏။ မောရှေသည် ထိုကဲ့သို့ပြုရခြင်းမှာ
ယုံကြည်ခြင်း ရှိသောကြောင့်ဖြစ်၏။ 26မောရှေ
သည် ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံရခြင်း
သည် အဲဂုတ္တုပြည်တစ်ပြည်လုံး၌ရှိသော ရွှေ
ငွေရတနာထက် သာ၍မြတ်သည်ဟု မှတ်ယူ
၏။ မောရှေသည် ဘုရားသခင်ထံတော်မှ ရရှိ
မည့်ဆုလာဒ်များကိုသာ မျှော်လင့်လျက်ရှိ၏။
27မောရှေသည် အဲဂုတ္တုပြည်မှ ထွက်ခွာလာ၏။
သူထွက်လာရ သည့်အကြောင်းကား၊ ယုံကြည်
ခြင်းရှိသောကြောင့်ဖြစ်၏။ မောရှေသည် ရှင်
ဘုရင်၏အမျက်ကို ကြောက်ရွံ့ခြင်းမရှိ။ မောရှေ
သည် အဘယ်သူမျှ မမြင်ရသောဘုရားသခင်
ကို မြင်နိုင်သကဲ့သို့ ဆက်လက်၍ ခွန်အား
ကြီး၏။ 28သေခြင်း၏ကောင်းကင်တမန်သည်
ဣသရေလတို့၏ သားဦးများကို မသတ်မည်အ
ကြောင်း မောရှေသည် ပသခါပွဲကို ကျင်းပ၍
တံခါးများပေါ်တွင် အသွေးကို ဖျန်း၏။ မောရှေ
သည် ထိုကဲ့သို့ ပြုရခြင်းမှာ ယုံကြည်ခြင်းရှိ
သောကြောင့်ဖြစ်၏။ 29မောရှေနောက်သို့
လိုက်လျှောက်သောလူတို့သည် ခြောက်သွေ့
သောမြေပြင်၌လျှောက်သွားသကဲ့သို့ ပင်လယ်
နီကိုဖြတ်၍ လျှောက်သွားကြ၏။ သူတို့သည်
ယုံကြည်ခြင်းကြောင့်ထို အရာတို့ကို ပြုနိုင်ကြ
၏။ သို့သော်လည်း အဲဂုတ္တုလူတို့သည် ထို
သို့ပြုရန် ကြိုးစားကြသောအခါ သူတို့သည် နစ်
မြုပ်သွားကြ၏။ 30ဘုရားသခင့်လူတို့၏ယုံကြည်
ခြင်းကြောင့်ယေရိခေါမြို့၏မြို့ရိုးသည် ပြိုလဲ၏။
လူတို့သည် မြို့ရိုးပတ်လည်ကို ခုနစ်ရက်တိတိ
လှည့်ပြီးနောက် မြို့ရိုးသည် ပြိုလဲလေ၏။
31ပြည့်တန်ဆာမရာခပ်သည် ဣသရေလ
သူလျှိုတို့အား မိတ်ဆွေကဲ့သို့ လက်ခံ၍ ကူညီ
၏။ သူမ၏ယုံကြည်ခြင်းစိတ်ရှိခြင်းအားဖြင့် နာ
ခံရန် ငြင်းဆန်သောသူတို့ကဲ့သို့ သတ်ဖြတ်ခြင်း
မခံရပေ။
32သင်တို့သည် များစွာသောဥပမာများ
ကိုပေးရန်မလိုအပ်။ ငါ၌လုံလောက်သောအ
ချိန်မရှိ၍ ဂိဒေါင်၊ ဗာရက်၊ ရှံဆုံ၊ ယေဖသ၊
ဒါဝိဒ်၊ ရှမွေလနှင့် ပရောဖက်များအကြောင်း
ကို မပြောနိုင်တော့ပေ။ 33ထိုသူတို့သည် ကြီး
မားသောယုံကြည်ခြင်းရှိကြ၏။ ထိုယုံကြည်ခြင်း
အားဖြင့်အခြားသောတိုင်းနိုင်ငံများကို အောင်
နိုင်၏။ သူတို့သည် မှန်ကန်သောအရာများကို
ကျင့်၍ ဘုရားသခင်ဂတိထားတော်မူသောအ
ရာများကိုရကြ၏။ သူတို့၏ယုံကြည်ခြင်းကြောင့်
အချို့သောသူတို့သည် ခြင်္သေ့၏နှုတ်ကို ပိတ်နိုင်
၏။ 34အချို့သောသူတို့သည် မီးတောက်မီးလျှံ
တို့ကို ငြိမ်းစေ၏။ အချို့သူတို့သည် ဓားဖြင့်
အသတ်ခံခြင်းဘေးမှ ကယ်လွှတ်ကြ၏။ သူတို့
သည် ထိုအရာကို ယုံကြည်ခြင်းကြောင့် ပြုကြ
၏။ အားနည်းသော သူတို့သည် ယုံကြည်ခြင်း
ကြောင့် ခွန်အားနှင့်ပြည့်စုံ၏။ စစ်ပွဲတွင် အင်
အားကြီးလာ၍ သူတို့၏ရန်သူတို့ကို မောင်း
ထုတ်ကြ၏။ 35သေသောသူအချို့တို့သည် ရှင်
ပြန်ထမြောက်၍ မိမိတို့မိသားစုများ၌ မိန့်မတို့
ထံသို့ပြန်လည်အပ်နှံခြင်းခံရကြ၏။ အချို့သော
သူတို့သည် ရှင်ပြန်ထမြောက်လို၍၊ ပို၍ကောင်း
မွန်သောအသက်တာကို ရရှိခြင်းငှါ အလိုရှိသ
ကဲ့သို့ ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံ၍ လွတ်မြောက်
ခြင်းကို ငြင်းပယ်ကြ၏။ 36အချို့သောသူသည်
လှောင်ပြောင်ခြင်း၊ ရိုက်နှက်ခြင်းခံရ၏။ အချို့
သောသူတို့သည် ချည်နှောင်ခြင်း၊ အကျဉ်းချ
ခြင်းကိုခံရ၏။ 37အချို့တို့သည် ခဲနှင့်ပေါက်သတ်
ခြင်း၊ လွှနှင့်ပိုင်းဖြတ်ခြင်းကိုခံရကြ၏။ သူတို့
သည် ဓားဖြင့် သတ်ခြင်းကိုခံရကြ၏။ အချို့တို့
သည် သိုးသားရေ၊ ဆိတ်သားရေကိုသာ ဝတ်
အဆင်ကြရ၏။ သူတို့သည် ဆင်းရဲခြင်း၊ ဆင်းရဲ
ဒုက္ခနှင့် ရက်စက်ကြမ်းကြုတ်စွာ နှိပ်စက်ညှဉ်း

ပန်းခြင်းကိုခံရကြ၏။ 38ဤလောကသည် ထိုကြီး
မြတ်သောသူတို့ရှိရန် မထိုက်တန်။ သူတို့သည်
တောတောင်ကန္တာရများတွင် လှည့်လည်သွား
လာကြ၏။ သူတို့သည် ဂူတွင်းနှင့်မြေတွင်းများ
တွင် နေထိုင်ကြရ၏။
39လူအပေါင်းတို့သည် မိမိတို့၏ယုံကြည်ခြင်း
ကြောင့် နာမည်ကောင်းရကြ၏။ သို့သော်
လည်း သူတို့သည် ဘုရားသခင်၏ကြီးမြတ်သော
ဂတိတော်ကိုမခံစားရ။ 40ဘုရားသခင်သည်
သာ၍ ကောင်းမွန်သောအရာကို ငါတို့အား
ပေးအပ်ရန် စီစဉ်တော်မူ၏။ ထို့နောက် ထို
လူတို့သည် ပြည့်စုံခြင်းသို့ ရောက်ရကြမည်။
သို့သော်လည်း သူတို့သည် ငါတို့နှင့်သာ ထိုအ
ရာကိုရရှိလိမ့်မည်။

## ငါတို့သည်လည်း ခရစ်တော်၏ပုံသက် သေကိုလိုက်လျှောက်ရမည်

12 ငါတို့၏ပတ်ဝန်းကျင်၌ ယုံကြည်ခြင်း ရှိ
သောသူများစွာရှိ၏။ သူတို့သည် ယုံ
ကြည်ခြင်း၏အဓိပ္ပါယ်ကို လမ်းပြသောအသက်
တာမျိုးအားဖြင့် ဖော်ပြနေကြ၏။ ငါတို့သည်
လည်း ထိုကဲ့သို့ဖြစ်ရမည်။ ငါတို့သည် ငါတို့၏
ရှေ့၌ရှိသောအပြေးပြိုင်ပွဲတွင် မရပ်မနားပြေး
ကြရမည်။ ငါတို့အား ရပ်တန့်စေမည့်အရာ
အားလုံးကို ဖယ်ရှားရမည်။ ငါတို့၏ကြိုးစားမှု
ကို လွယ်ကူစွာ တားဆီးနိုင်သောအပြစ်ဒုစရိုက်
များကိုလည်း ဖယ်ရှားရမည်။ 2ငါတို့သည် အ
စဉ်အမြဲယေရှု၏ပုံသက် သေအတိုင်းလိုက်
လျှောက်ရမည်။ ခရစ်တော်သည် ငါတို့ယုံ
ကြည်ခြင်း၌ ဦးဆောင်သူဖြစ်၏။ ငါတို့၏ယုံ
ကြည်ခြင်းကို ပြည့်စုံစေသောသူဖြစ်၏။ သူ
သည် လက်ဝါးကပ်တိုင်ပေါ်တွင် သေခြင်းဝေဒ
နာကို ခံယူတော်မူ၏။ ခရစ်တော်သည် လက်
ဝါးကပ်တိုင်၏ရှက်ခြင်းတရားကို အချည်းအနှီး
ကဲ့သို့ မှတ်ယူတော်မူ၏။ ခရစ်တော်သည် မိမိ
ရှေ့၌ချထားသောဝမ်းမြောက်ခြင်းကြောင့် ဤ
အရာကိုပြုခဲ့၏။ ယခုတွင် ကိုယ်တော်သည်
ဘုရားသခင်ပလ္လင်တော်၏ လက်ယာဘက်တွင်
စိုးစံတော်မူ၏။ 3အပြစ်ရှိသောသူတို့သည် ကိုယ်
တော်အပေါ် ပြုခဲ့သည့်မကောင်းသောအရာ
ရှိသမျှတို့ကို သည်းခံတော်မူသောယေရှုအ
ကြောင်းကိုဆင်ခြင်ကြလော့။ သို့မှသာ သင်တို့
သည်လည်း သည်းခံတတ်၍ ကြိုးစားအားထုတ်
ခြင်းမှ ဘယ်သောအခါမျှရပ်လိမ့်မည်မဟုတ်။

## ဘုရားသခင်သည် ဖခင်တစ်ဦးကဲ့သို့ဖြစ်၏။

4သင်တို့သည် ဒုစရိုက်အပြစ်ကို ဆန့်ကျင်
တိုက်ခိုက်နေရမည်။ သို့သော်လည်း ထိုတိုက်
ခိုက်မှုသည် သင့်အား သေခြင်းသို့မရောက်
စေ။ 5သင်တို့သည် ဘုရားသခင်၏သားဖြစ်၏။
သင်တို့အား နှစ်သိမ့်သောစကားကို ပြော
လျှက်နေ၏။ သင်တို့သည် ထိုစကားကို မေ့
လျော့လျှက်နေ၏။

“ငါ့သား ဘုရားသခင်သည် သင်တို့ကို
ဆုံးမသည့်အခါ မမှတ်ဘဲမနေနှင့်။ ထာ
ဝရဘုရားသခင်သည် သင်တို့အားဆုံးမ
သောအခါ ကြိုးစားအားထုတ်မှုမရပ်
တန့်စေနှင့်။
6 ထာဝရဘုရားသည် မိမိချစ်မြတ်နိုးသူ
တိုင်းကိုဆုံးမ၏။ သားအဖြစ် လက်ခံ
သောသူတိုင်းကို ဆုံးမတော်မူ၏။”

*သုတ္တံ၊ 3:11-12*

7ထို့ကြောင့် သင်တို့သည် ဆုံးမခြင်းကို
ခံရသောအခါ ဘုရားသခင်သည် သင်တို့အား
မိမိသားကဲ့သို့ ထင်မှတ်၍ ဆက်ဆံခြင်းဖြစ်
သည်ကို ထင်ရှားစေသောကြောင့် ထိုအရာ
ကို လက်ခံကြလော့။ 8သားမှန်သမျှသည် ဆုံးမ
ခြင်းကိုခံရ၏။ ထို့ကြောင့် သင်တို့သည် ဆုံးမ
ခြင်းမခံရလျှင် စစ်မှန်သောသားမဟုတ်ဟု ဆို
လို၏။ သင်တို့သည် မြောက်မထားသားများ
ဖြစ်ကြ၏။ 9ငါတို့ရှိသမျှတို့သည် ငါတို့အား ဆုံး
မရန် လောက၌အဘများရှိကြ၏။ ငါတို့၏အ
ဘများကိုလည်း ရိုသေလေးစားကြ၏။ ထို
နည်းတူစွာ ငါတို့သည် ငါတို့ဝိညာဉ်တော်၏
အဘမှ လာသောဆုံးမခြင်းကိုခံယူရန် သာ၍

အရေးကြီးပေ၏။ ထိုကဲ့သို့ဖြစ်လျှင် ငါတို့သည်
အသက်ကို ရကြလိမ့်မည်။ [10]မြေကြီးပေါ်၌ရှိ
သော ငါတို့၏အဘသည် ခဏသာဆုံးမ၏။
သူတို့သည် အကောင်းဆုံးဟု ထင်သည့်အတိုင်း
ငါတို့အား ဆုံးမကြ၏။ သို့သော်လည်း ဘုရား
သခင်သည် ငါတို့အား ကူညီရန်ဆုံးမ၏။ ထို
နောက် ငါတို့သည် သူကဲ့သို့ သန့်ရှင်းလာလိမ့်
မည်။ [11]ဆုံးမခြင်းခံရသောအခါ ငါတို့သည်
ဝမ်းမြောက်စရာမထင်။ သို့သော်လည်း ဆုံးမ
ခြင်းခံရစဉ်တွင် နာကျင်မှုရှိ၏။ သို့သော်လည်း၊
ဆုံးမခြင်းခံရခြင်းအားဖြင့် ငါတို့သည် ထိုဆုံးမ
ခြင်းမှ သင်ယူ၍ ငြိမ်သက်ခြင်းကို ရရှိကြ၏။
အကြောင်းမူကား၊ ငါတို့သည် မှန်ကန်သော
လမ်း၌ စတင်၍အသက်ရှင်ရမည်ဖြစ်၏။

## သင်တို့အဘယ်သို့အသက်ရှင်သည်ကို သတိပြုလော့

[12]သင်တို့သည် အားနည်းလာ၏။ ထို့
ကြောင့် သင်တို့သည် ကိုယ့်ကိုကိုယ် ခွန်အား
နှင့်ပြန်လည်၍ ပြည့်စေလော့။ [13]မှန်သောလမ်း
သို့ လျှောက်ကြလော့။ ထို့နောက် သင်တို့၏
အားနည်းခြင်းသည် သင်တို့အား ပျောက်ဆုံး
ခြင်းသို့ ရောက်စေလိမ့်မည်မဟုတ်။ သို့သော်
လည်း သင်တို့သည် ကယ်တင်ခြင်းသို့ ရောက်
လိမ့်မည်။

[14]လူအပေါင်းတို့နှင့် အသင့်အတင့် နေထိုင်
ရန် ကြိုးစားကြလော့။ အပြစ်ဒုစရိုက်နှင့် ကင်း
လွတ်သောအသက်တာ၌ အသက်ရှင်ရန် ကြိုး
စားကြလော့။ လူတစ်ယောက်၏အသက်တာ
သည် မသန့်ရှင်းလျှင် သူသည် ထာဝရဘုရား
ကို ဘယ်သောအခါမျှ မတွေ့မမြင်ရ။ [15]အ
ဘယ်သူမျှ ဘုရားသခင်၏ကျေးဇူးတော်ကို အ
ရှုံးမခံရမည်အကြောင်း သတိပြုကြလော့။ သင်
တို့ထဲတွင်အဘယ်သူ တစ်ဦးတစ်ယောက်မျှ ခါး
သောမြက်ပင် ပေါက်သကဲ့သို့ မဖြစ်လာစေ
ခြင်းငှါ သတိပြုကြလော့။ ထိုသို့သောသူသည်
သင်တို့အုပ်စုတစ်ခုလုံးကို ဖျက်ဆီးနိုင်၏။[16]သင်
တို့တွင် အဘယ်သူတစ်ဦးတစ်ယောက်မျှ မတ
ရားသောမေထုန် မပြုစေခြင်းငှါ သတိပြုကြ
လော့။ ဧသောကဲ့သို့ လောကီအရာတို့ကိုသာ
မစဉ်းစားစေခြင်းငှါ သတိပြုကြလော့။ ဧသော
သည် သားဦးဖြစ်၍ မိမိအဘထံမှ အမွေအား
လုံးကို ရရှိနိုင်၏။ သို့သော်လည်း ဧသောသည်
ထိုအရာအားလုံးကို တနပ်စာအဘိုးနှင့် ရောင်း
၏။ [17]ဧသောသည် ထိုကဲ့သို့ပြုပြီးနောက် မိမိ
အဘထံမှ ကောင်းချီးမင်္ဂလာကို ခံယူလို
ကြောင်း သင်တို့သိကြ၏။ ဧသောသည်
ကောင်းချီး မင်္ဂလာကို အလွန်လိုချင်၍ မျက်
ရည်နှင့်တောင်း၏။ သို့သော်လည်း သူ၏အဘ
သည် ထိုကောင်းချီးကိုပေးရန် ငြင်းပယ်ခဲ့၏။
အကြောင်းမှာ ဧသောသည် မိမိပြုမိသောအ
ရာများအတွက် ပြန်လည်ပြုပြင်နိုင်ရန် နည်း
လမ်းမရှိ။

[18]သင်တို့သည် နေရာသစ်သို့ ရောက်ရှိ
လာပြီ။ ထိုနေရာသည် ဣသရေလလူမျိုးတို့
ရောက်ရှိနေသောတောင်ကဲ့သို့မဟုတ်။ သင်
တို့သည် တို့ထိ၍ရသောမီးလောင်ကျွမ်းခြင်း
အားဖြင့် ထိုနေရာတွင် ရောက်ရှိနေသည်
မဟုတ်။ သင်တို့သည် မှောင်မိုက်သော အရပ်
ဝမ်းနည်းကြေကွဲဖွယ်သောအရပ်၊ မုန်တိုင်းထန်
သောအရပ်သို့ လာသည်မဟုတ်။ [19]သူတို့
သည် တံပိုးမှုတ်သံ၊ စကားပြောသံကို မကြား
ကြသလော။ လူတို့သည် အသံကိုကြားသော
အခါ နောက်တစ်ဖန်အသံကို မကြားရန်
တောင်းပန်ကြ၏။ [20]သူတို့သည် အမိန့်သံကို
မကြားနိုင်။ “တိရစ္ဆာန်ပင်လျှင် ထိုတောင်ကို
ထိမိခဲ့လျှင် ခဲနှင့်ပေါက်သတ်ရမည်။”* [21]ထို
သူတို့မြင်တွေ့ရသောအရာသည် အလွန်
ကြောက် မက်ဖွယ်ကောင်းသည်ဟု မောရှေက
ပင်လျှင် “ငါသည် ကြောက်ရွံ့တုန်လှုပ်လျက်
နေသည်”* ဟုပြော၏။

[22]သို့သော်လည်း သင်တို့သည် ထိုကဲ့သို့

---

**“တိရစ္ဆာန်ပင်လျှင် ... သတ်ရမည်”** ထွက် 19:12-13

**“ငါသည်ကြောက်ရွံ့တုန်လှုပ်လျက်နေသည်”** တရား 9:19

နေရာသို့မလာရ။ သင်တို့ရောက်နေသော နေ
ရာသည် ဇိအုန်တောင်ဖြစ်၏။ ထိုနေရာသည်
အသက်ရှင်သော ဘုရားသခင်၏ကောင်းကင်
ယေရုရှလင်မြို့ ဖြစ်၏။ ထိုနေရာတွင် ကောင်း
ကင်တမန်ထောင်သောင်းမက ဝမ်းမြောက်ရွှင်
လန်းခြင်းနှင့် စုဝေးလျက်နေကြ၏။ 23သင်တို့
သည် ကောင်းကင်စာရင်း၌ နာမည်ရေးသွင်း
သောဘုရားသခင်၏သားဦးအပေါင်းတို့ စည်း
ဝေးရာအရပ်သို့ရောက်ပြီ။ လူအပေါင်းတို့ကို
တရားစီရင်တော်မူသောဘုရားသခင်ထံတော်
သို့ ရောက်လာကြပြီ။ ပြည့်စုံခြင်းသို့ ရောက်ရှိ
ကြသောသူကောင်းတို့၏ဝိညာဉ်စုဝေးရာအရပ်
သို့ ရောက်ရှိလာကြပြီ။ 24သူတို့သည် ပဋိညာဉ်
တရားသစ်ကို ယူဆောင်လာသောခရစ်တော်
ထံသို့ ရောက်လာကြပြီး အာဗေလ၏အသွေး
ထက်သာ၍ မြတ်သောအရာတို့ကို စိုသောဖျန်း
ဆွတ်ခြင်း၏အသွေးထံသို့ ရောက်လာကြပြီ။
25သတိပြုကြလော့။ ဘုရားသခင်မိန့်တော်
မူသောအခါ အသံတော်ကို နားထောင်ရန်
မငြင်းပယ်ကြနှင့်။ ထိုသူတို့သည် မြေကြီးပေါ်၌
ဘုရားသခင်က သတိပေးတော်မူသောအခါ
နားထောင်ရန် ငြင်းဆန်ကြ၏။ သူတို့သည်
ဘုရားသခင်၏ပြစ်ဒဏ်မှ မလွတ်မြောက်ကြ။
ယခုတွင် ဘုရားသခင်သည် ကောင်းကင်ဘုံမှ
မိန့်တော်မူ၏။ ထိုအကြောင်းကြောင့် ဘုရား
သခင်အား နားခံရန် ငြင်းဆန်သောသူတို့သည်
အဆိုးရွားဆုံးသောအရာကို ရရှိကြလိမ့်မည်။
26ထိုအချိန်၌ ဘုရားသခင်၏စကားသံသည် မြေ
ကြီးကို တုန်လှုပ်စေ၏။ သို့သော်လည်း ယခုတွင်
သူသည် ဤဂတိတော်ကို ထားတော်မူ၏။ တစ်
ဖန်“ငါသည် မြေကြီးကိုသာမဟုတ်၊ ကောင်း
ကင်ကိုလည်း တုန်လှုပ်စေမည်။” 27ဘုရား
သခင်၏နှုတ်ကပတ်တော်သည် “တစ်ဖန်” ဖန်
ဆင်းထားသမျှသောအရာအားလုံးကို ဖျက်ဆီး
မည်ဟု ဆိုလိုသတည်း။ ထိုအရာတို့သည် မတုန်
လှုပ်နိုင်သောအရာများဖြစ်၏။ မတုန်လှုပ်နိုင်
သောအရာများသာ ဆက်လက်၍ တည်ရှိနေ
လိမ့်မည်။

28ထို့ကြောင့် ငါတို့သည် မတုန်လှုပ်နိုင်
သောနိုင်ငံကို ရရှိသောကြောင့် ကျေးဇူးတော်
ကို ချီးမွမ်းကြရမည်။ ငါတို့သည် ကြောက်ရွံ့
ရိုသေခြင်းနှင့်တကွ ဘုရားသခင်နှစ်သက်တော်
မူသောလမ်းဖြင့်သူ့ကို ဝတ်ပြုကိုးကွယ်ကြရ
မည်။ 29အကြောင်းမူကား၊ ငါတို့၏ဘုရားသခင်
သည် ဖျက်စီးတတ်သောမီးတောက်နှင့်တူ၏။

13 သင်တို့သည် ခရစ်တော်၌ ညီအစ်ကို
မောင်နှမများ ဖြစ်ကြ၏။ ထို့ကြောင့်
အချင်းချင်း အပေါ်သင်တို့၏ ချစ်ခြင်းမေတ္တာ
သည် ဆက်လက်၍ တည်ရမည်။ 2သင်၏အိမ်
တွင် ဧည့်သည်များကို လက်ခံကူညီရန် မမေ့
လျော့နှင့်။ အချို့သူတို့သည် ထိုကဲ့သို့ ပြုခြင်း
အားဖြင့် အမှတ်မထင်ကောင်းကင်တမန်တို့ကို
သူတို့အိမ်များ၌ လက်ခံကြ၏။ 3ထောင်ထဲ၌
ရှိသောသူတို့ကို မမေ့လျော့ကြနှင့်။ သူတို့၌
ဖြစ်ပျက်သောအရာတို့သည် သင်တို့၌ဖြစ်ပျက်
နိုင်သည်ကို သတိရကြလော့။ ဒုက္ခဆင်းရဲခံရ
သောသူတို့ကို သတိရကြလော့။ သင်တို့သည်
သူတို့နှင့်အတူ ဒုက္ခခံရသကဲ့သို့ သူတို့ကို သတိရ
ကြလော့။

4လက်ထပ်ထိမ်းမြားခြင်းအမှုသည် အသ
ရေရှိစေလော့။ လက်ထပ်ထိမ်းမြားခြင်း အိပ်
ရာကို ဖြူစင်သန့်ရှင်းခြင်းရှိပါစေ။ မတရား
သောမေထုန်နှင့် မှားယွင်းသောကာမဂုဏ်လွန်
ကျူးသောသူတို့ကို ဘုရားသခင်စီရင်တော်မူ
၏။ 5သင်တို့၏အသက်တာတွင် ငွေကိုတပ်မက်
အခြင်းနှင့် ကင်းလွတ်စေကြလော့။ သင်၌ရှိ
သောဥစ္စာပစ္စည်းများနှင့် ရောင့်ရဲတင်းတိမ်မှု
ရှိကြလော့။ ထာဝရဘုရားကလည်း၊

“ငါသည် သင့်ကို ဘယ်သောအခါမျှ ချန်
၍မထား။ ငါသည် သင်တို့ကိုဘယ်သော
အခါမျှ စွန့်မည်မဟုတ်။”

*တရား၊ 31:6*

6ထို့ကြောင့် ငါတို့သည် ရဲရင့်ခြင်းစိတ်နှင့်
ပြောဆိုနိုင်ကြသည်မှာ

“ထာဝရဘုရားသည် ငါ၏ကူညီမစသူဖြစ်
၍၊ ငါသည် ကြောက်ရွံ့ခြင်းမရှိ။ လူတို့
သည် ငါ့ကို အန္တရာယ်မပေးနိုင်။”

*ဆာလံ၊ 118:6*

7သင်တို့၏ခေါင်းဆောင်များကို သတိပြု
ကြလော့။ သူတို့သည် သင်တို့အား ဘုရား
သခင်၏နှုတ်ကပတ်တော်ကို သင်ကြားပေး
သောကြောင့်ဖြစ်၏။ သူတို့သည် အဘယ်သို့
အသက်ရှင်၍ သေဆုံးကြသည်ကို သတိပြုကြ
လော့။ သူတို့၏ယုံကြည်ခြင်းကို အတုယူကြ
လော့။ 8ယေရှုခရစ်သည် ပြောင်းလဲခြင်းမရှိ။
ယေရှုခရစ်သည် မနေ့၊ ယနေ့နှင့် နောင်ကာလ
မပြောင်းလဲခြင်းမရှိဘဲ တည်တော်မူ၏။
9အထူးထူးအပြားပြားသော သြဝါဒသစ်
များဖြင့် ကိုယ့်ကိုကိုယ် မှားယွင်းသောလမ်းသို့
မပို့ဆောင်စေကြနှင့်။ သင်တို့၏စိတ်နှလုံးကို
အစားအသောက်နှင့်ဆိုင်သော ဥပဒေအားဖြင့်
မဟုတ်ဘဲ ဘုရားသခင်၏ကျေးဇူးတော်အား
ဖြင့် ခိုင်ခံ့ခြင်းရှိစေလော့။ အဘယ်သူမျှ ထိုကဲ့
သို့သောဥပဒေများကို လိုက်နာခြင်းအားဖြင့်
အကျိုးမရရှိကြ။
10ယဇ်ပလ္လင်သည် ငါတို့၌ရှိ၏။ တဲတော်၌
ယဇ်ပူဇော်သောယဇ်ပုရောဟိတ်တို့သည် ငါတို့
ယဇ်ပူဇော်ခြင်းမှ စားသောက်ရသောအခွင့်မ
ရှိ။ 11ယဇ်ပုရောဟိတ်မင်းသည် တိရစ္ဆာန်၏အ
သွေးကို အသန့်ရှင်းဆုံးဌာနထဲသို့ ယူဆောင်
သွား၏။ သူသည် အပြစ်အတွက် ထိုအသွေးကို
ပူဇော်ဆက်သ၏။ သို့သော်လည်း ထိုတိရစ္ဆာန်
၏ကိုယ်ခန္ဓာသည် တပ်ပြင်၌မီးရှို့၏။ 12ထို့နည်း
တူ ယေရှုသည် မြို့ပြင်၌ အသေသတ်ခံတော်
မူ၏။ မိမိလူတို့ကို မိမိအသွေးတော်အားဖြင့်
သန့်ရှင်း စေခြင်းငှါ အသေသတ်ခံတော်မူ၏။
13ထို့ကြောင့် ငါတို့သည် ယေရှုရှိ ရာတပ်ပြင်သို့
သွား၍ သူခံရသောရှက်ကြောက် ဖွယ်ရာများ
ကဲ့သို့ ငါတို့ခံရမည်။ 14ငါတို့သည် ဤမြေကြီး
ပေါ်၌ အမြဲတည်သောမြို့မရှိ။ သို့သော်လည်း
နောင်ရရှိမည့်မြို့ကို စောင့်မျှော်လျက် နေကြ
၏။ 15ထို့ကြောင့် ငါတို့သည် ယေရှု
အားဖြင့် ဘုရားသခင်အားအစဉ်အမြဲပူဇော်
ကြရမည်။ ထိုယဇ်ပူဇော်ခြင်းသည် ငါတို့၏နှုတ်
ဖြင့် ဘုရားသခင်၏နာမတော်ချီး မွမ်းခြင်းဖြစ်
၏။ 16တပါးသူတို့အတွက် ကောင်းကျိုးပြုဖို့
မမေ့လျော့ကြနှင့်။ အခြားသူတို့အား ဥစ္စာဝေ
မျှလော့။ ဤအရာများသည် ဘုရားသခင်နှစ်
သက်တော်မူသောယဇ်ပင်ဖြစ်၏။
17သင်တို့ကို အုပ်စိုးသောသူတို့၏ စကားကို
နားထောင်၍ အုပ်ချုပ်မှုအောက်တွင် နေကြ
လော့။ သူတို့သည် သင့်အတွက် တာဝန်ယူ
ဆောင်ရွက်ပေးသူဖြစ်၏။ ထို့ကြောင့် သင်တို့
ကို ကာကွယ်ပေးရန် စောင့်နေသောသူများ
ဖြစ်ကြ၏။ ထို့ကြောင့် သူတို့ကို နားထောင်၍
နာခံကြလော့၊ ထိုသို့ပြုခြင်းအားဖြင့် သူတို့
သည် သူတို့၏အမှုကို ရွှင်လန်းသောစိတ်နှင့်
ဆောင်ရွက်ကြလိမ့်မည်။ သင်တို့သည် သူတို့ကို
နာကျင်စေလျှင် ထိုအရာသည် သင်တို့ကို ကူ
ညီလိမ့်မည်မဟုတ်။
18ငါတို့အတွက် ဆက်လက်၍ ဆုတောင်း
ပေးလော့။ ငါတို့သည် မှန်သောအရာကို လုပ်
ဆောင်နေကြောင်းသိရ၏။ အကြောင်းမူကား၊
ငါတို့သည် အစဉ်အမြဲ အကောင်းဆုံးသော
အရာများကိုသာ ကြိုးစား၍ လုပ်ဆောင်ကြ
၏။ 19ဘုရားသခင်သည် ငါ့ကို သင်တို့ထံသို့
တစ်ဖန် ပြန်လည်ပို့ဆောင်ပေးမည်အကြောင်း
ဆုတောင်းပေးရန် ငါတောင်းပန်၏။ ဤအရာ
ကို အခြားအရာအားလုံးထက် အကျွန်ုပ်သာ၍
အလိုရှိ၏။
20-21ငြိမ်သက်ခြင်းအရှင် ဘုရားသခင်ထံမှ
သင်တို့သည် ကောင်းသောအရာမှန်သမျှကို
ရမည်အကြောင်း ငါဆုတောင်း၏။ ထိုသို့သော
အားဖြင့် မိမိအလိုတော်ရှိသောအရာတို့ကို
သင်တို့လုပ်နိုင်မည်ဖြစ်၏။ ဘုရားသခင်သည်
ငါတို့၏သခင်ယေရှုကို သေခြင်းမှထမြောက်စေ
တော်မူ၏။ ယေရှုသည် သိုးများကို ထိန်းသော
သိုးထိန်းကြီးဖြစ်တော်မူ၏။ ဘုရားသခင်သည်
ယေရှုကို အသွေးတော်ကြောင့် ထမြောက်စေ

တော်မူ၏။ ယေရှု၏အသွေးသည် ထာဝရတည်
သောပဋိညာဉ်တရားသစ်ကို အစပြု၏။ ဘုရား
သခင်သည် မိမိကို ကျေနပ်နှစ်သက်တော်မူ
သောအရာတို့ကို ယေရှုခရစ်အားဖြင့် ငါတို့၌
ပြုတော်မူမည်အကြောင်း ငါဆုတောင်း၏။
ဘုရားသခင်၌ဘုန်းတော်အစဉ်အမြဲတည်တော်
မူပါစေ၊ အာမင်။

22 ငါ့ညီအစ်ကိုမောင်နှမတို့၊ ဤစာထဲ၌ အ
ကျဉ်းအားဖြင့် ငါရေးထားသောအရာတို့ကို
သင်တို့သည် သည်းခံ၍ လိုက်နာရန် ငါတောင်း
ပန်၏။ ဤစကားတို့သည် သင်တို့အား ခွန်အား
ရစေခြင်းငှါ ပေးထားခြင်းဖြစ်၏။ ကျမ်းစာ
သည်လည်း ရှည်လျားသောစာမဟုတ်ပါ။ 23 ငါ
တို့၌ညီအစ်ကို တိမောသေသည် ယခုတွင်
ထောင်ထဲမှ လွတ်မြောက်သည့်အကြောင်းကို
သင်တို့သိရန် ငါအလိုရှိ၏။ သူသည် မကြာမီ
ငါထံသို့ရောက်လာလျှင် ငါသည် သင်တို့ကို
သူနှင့်အတူ လာတွေ့ဦးမည်။

24 သင်တို့၏ခေါင်းဆောင်အားလုံးနှင့်ဘုရား
သခင်၏လူအပေါင်းတို့ကို နှုတ်ဆက်ကြလော့။
ဣတလိပြည်မှ ဘုရားသခင်၏လူအပေါင်းတို့
သည်သင်တို့အား နှုတ်ဆက်၏။ 25 ဘုရားသခင်
၏ကျေးဇူးတော်သည် သင်တို့အားလုံးနှင့်အတူ
ရှိစေသတည်း။

# ရှင်ယာကုပ်ဩဝါဒစာ

1 ဘုရားသခင်နှင့် သခင်ယေရှုခရစ်၏အစေ
တော်ခံကျွန် ငါယာကုပ်သည် ကမ္ဘာအနှံ့အ
ပြား၌ကွဲပြားလျက်နေကြသော ဘုရားသခင်၏
လူအပေါင်းတို့*ကို နှုတ်ခွန်းဆက်သလိုက်ပါ၏။

## ယုံကြည်ခြင်းနှင့် ဉာဏ်ပညာ

2ငါ့ညီအစ်ကိုမောင်နှမတို့၊ သင်တို့သည် အ
မျိုးမျိုးသောအခက်အခဲများ ရင်ဆိုင်ရသောအ
ခါ ဝမ်းမြောက်ခြင်းရှိကြလော့။ 3ဤနည်းအား
ဖြင့် သင်တို့၏ယုံကြည်ခြင်းကို စမ်းသပ်ခြင်းဖြစ်
၏။ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်း
ခြင်းခံရသောအခါ သင်တို့သည် သည်းခံခြင်းကို
ပို၍ရရှိလိမ့်မည်။ 4သို့သော်လည်း သည်းခံခြင်း
သည် မိမိ၏အလုပ်ကို ပြည့်စုံစေခြင်းငှါ သင်တို့
ခွင့်ပြုရမည်။ အကြောင်းမူကား၊ သည်းခံခြင်း
သည် သင်တို့ကို ပြည့်စုံစွာ ရင့်ကျက်သောသူ
ဖြစ်စေ၍ သင်တို့အလိုရှိသောအရာမှန်သမျှကို
ရရှိလိမ့်မည်။ 5သင်တို့တွင် တစ်စုံတစ်ယောက်
သောသူသည် ဉာဏ်ပညာကို အလိုရှိလျှင်ထို
အရာအတွက် ဘုရားသခင်အား တောင်းအ
လျှောက်ရမည်။ ဘုရားသခင်သည် လူတိုင်းကို
ပေးကမ်းလိုသောစိတ်စေတနာ အလွန်ကြီးမား
တော်မူ၏။ ထို့ကြောင့် သင်တို့ကို ဉာဏ်ပညာ
ပေးတော်မူလိမ့်မည်။ 6သို့သော်လည်း ဘုရား
သခင်ကို တောင်းလျှောက်သောအခါ သင်တို့
၌ ယုံကြည်ခြင်းရှိရမည်။ ဘုရားသခင်အား သံ
သယမဖြစ်ပါနှင့်။ သံသယစိတ်ရှိသောသူသည်
သမုဒ္ဒရာလှိုင်းကဲ့သို့ဖြစ်၏။ လေတိုက်သောအ
ခါ လှိုင်းသည် အထက်မှအောက်သို့ လှုပ်ရှား
လျက်ရှိ၏။ သံသယရှိသောသူသည် ထိုလှိုင်း
တံပိုးကဲ့သို့ ဖြစ်၏။ 7-8သံသယစိတ်ရှိသောသူ
သည် မိမိအလိုရှိသောအရာကိုမသိ။ ထိုသူ
သည် ထာဝရဘုရားထံတော်မှ တစ်စုံတစ်ခုကို
မျှ မမျှော်လင့်သင့်။ သူသည် ပြုလေသမျှ၌
ခိုင်မြဲသောဆုံးဖြတ်ချက် မချနိုင်ပါ။

## စစ်မှန်သောချမ်းသာခြင်း

9ဆင်းရဲသောယုံကြည်သူသည် မိမိနိမ့်ချ
သောအခြေအနေကြောင့် မရှက်သင့်ပါ။ အ
ကြောင်းမူကား ဘုရားသခင်သည် သူ့ကို
ဝိညာဉ်ရေး၌ ကြွယ်ဝစေတောမူ၏။ 10ဘုရား
သခင်သည် ချမ်းသာသောယုံကြည်သူကို
နှိမ့်ချလျှင် သူသည် မရှက်သင့်။ အကြောင်းမူ
ကား ချမ်းသာသောသူသည် ညှိုးနွမ်းသွား
သောပန်းပွင့်ကဲ့သို့ သေလိမ့်မည်။ သူသည်
မိမိလုပ်ငန်းကို လုပ်နေစဉ်တွင် သေဆုံးလိမ့်
မည်။ 11နေထွက်လာပြီးနောက် တပြည်းပြည်း
ပူလာ၏။ နေပူရှိန်သည် အပင်များကို အလွန်
သွေ့ခြောက်စေ၏။ လှပသောပန်းပွင့်လည်း ယ
ခုကြွေကျပျက်စီးသွား၏။ ထိုအရာသည် ချမ်း
သာကြွယ်ဝသောသူနှင့်တူ၏။ သူ၏လုပ်ငန်း
ရေးဆွဲနေစဉ်မှာပင်သူသည်သေသွားလိမ့်မည်။

## စုံစမ်းသွေးဆောင်ခြင်းသည် ဘုရားသခင်ထံမှမလာ

12စုံစမ်းနှောင့်ယှက်ခြင်းကို ကြံ့ကြံ့ခံသော
သူသည် မင်္ဂလာရှိ၏။ သူသည် စုံစမ်းနှောင့်

---

**ဘုရားသခင်၏လူအပေါင်းတို့** တိတိကျကျအားဖြင့်၊ 'ဣသရေလလူမျိုးဆယ်နှစ်မျိုး' ဤအရာသည် အသစ်ဖြစ်၍ စစ်မှန်သောဣသရေလလူမျိုးဖြစ်သည့် ယုဒလူမျိုးတို့နှင့်တပါးအမျိုးသားနှစ်မျိုးစလုံးဖြစ်သောဘုရားသခင်၏လူအားလုံးကို ရည်ညွှန်းထားသည်။ ဖိ 3:3

ယုက်ခြင်းကို ကျော်လွှားပြီးမှ ဘုရားသခင်
သည် သူ့အား ဆုလာဒ်အဖြစ် ထာဝရအသက်
ကို ပေးတော်မူလိမ့်မည်။ ဤဂတိတော်သည်
ဘုရားသခင်ကို ချစ်သောသူတိုင်းအား ပေး
တော်မူ၏။
[13]သင်တို့သည် ဖြားယောင်းသွေးဆောင်
ခြင်းကိုခံရသောအခါ ဘုရားသခင်သည် ငါ့ကို
ဖြားယောင်းသွေးဆောင်နေသည်ဟု မဆိုကြ
နှင့်။ မကောင်းမှုသည် ဘုရားသခင်ကို ဖြား
ယောင်းသွေးဆောင်မှု မပြုနိုင်။ ဘုရားသခင်
သည်လည်း မကောင်းမှုပြုလုပ်ရန် အဘယ်သူ
ကိုမျှ ဖြားယောင်းသွေးဆောင်တော်မမူ။
[14]တစ်စုံတစ်ယောက်သည် ဖြားယောင်းသွေး
ဆောင်ခြင်းကိုခံလျှင် သူ၏မကောင်းမှုပြုလို
သောစိတ်ဆန္ဒသည် သူ့ကို သွေးဆောင်ခြင်း
ဖြစ်၍ ဘုရားသခင်ထံတော်မှအဝေးသို့ ပို့
ဆောင်ပေး၏။ [15]မကောင်းသောအရာကို ပြု
လိုသောစိတ်ဆန္ဒသည် အပြစ်ကိုပွားစေ၏။ ထို
အခါ အပြစ်သည် ကြီးထွားပြည့်စုံစေ၍ သေ
ခြင်းကို ပွားတတ်၏။
[16]ငါချစ်သော ညီအစ်ကိုမောင်နှမများတို့၊
မှသာကိုယုံခြင်းအားဖြင့် ကိုယ့်ကိုကိုယ် မလှည့်
ဖြားကြနှင့်။ [17]ကောင်းသောဆုလာဒ်မှန်သမျှ
နှင့် ပြည့်စုံသောကျေးဇူးတော်ရှိသမျှတို့သည်
ကောင်းကင်ရှိအလင်းမှန်သမျှကို ဖန်ဆင်းတော်
မူသောဘုရားသခင်ထံတော်မှလာ၏။ သို့သော်
လည်း ဘုရားသခင်သည် ထိုအလင်းကဲ့သို့
ပြောင်းလဲခြင်းမရှိ။ သူသည် အစဉ်အမြဲတည်နေ
တော်မူ၏။
[18]ဘုရားသခင်၏အကြံစည်တော်သည် မိမိ
၏ဖန်ဆင်းတော်မူခြင်း၌ ငါတို့အား ထူးမြတ်စေ
ခြင်းငှါဖြစ်၏။ ဘုရားသခင်သည် နှုတ်ကပတ်
တော်သမ္မာတရားကို ပေးခြင်းအားဖြင့် ငါတို့၏
အဘဖြစ်တော်မူ၏။

## ကြားနာခြင်းနှင့်နာခံခြင်း

[19]ငါချစ်သော ညီအစ်ကိုမောင်နှမများတို့၊
အပြောထက် အစဉ်နာခံခြင်းရှိကြလော့။ အ
လွယ်တကူ စိတ်မဆိုးကြနှင့်။ [20]တစ်စုံတစ်
ယောက်သည် အမျက်ဒေါသ၌ အသက်ရှင်လျှင်
ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်မ
ရှင်နိုင်။ [21]ထို့ကြောင့် သင်၏အသက်တာမ
ကောင်းမှုမှန်သမျှနှင့် မှားယွင်းမှုမှန်သမျှကို
ပယ်ရှင်းလော့။ စိတ်နှလုံးနှိမ့်ချလျက် ဘုရား
သခင်၏နှုတ်ကပတ်တော်တရားကိုခံယူ၍ သင်
တို့၏နှလုံးသားထဲတွင် စိုက်ပျိုးလော့။ ဤနှုတ်
ကပတ်တရားသည် သင်တို့၏စိတ်ဝိညာဉ်ကို
ကယ်တင်လိမ့်မည်။ [22]သို့သော်လည်း ဘုရား
သခင်၏နှုတ်ကပတ်တရားကို ကြားနာရုံမျှအား
ဖြင့် မလုံလောက်ပါ။ သင်တို့သည် ဘုရား
သခင်၏နှုတ်ကပတ်တော်ကို နာခံရမည်။ သင်
တို့သည် နှုတ်ကပတ်တော်ကို ကြားနာရုံသာရှိ
၍ နှုတ်ကပတ်တော်အတိုင်း မကျင့်လျှင် ကိုယ့်
ကိုကိုယ် မှားယွင်းစွာ ပြုခြင်းဖြစ်၏။ [23]ဘုရား
သခင်၏နှုတ်ကပတ်တော်တရားကို ကြားသော်
လည်း လိုက်နာခြင်းမရှိသောသူသည် မိမိကိုယ်
ကို မှန်၌ကြည့်သောသူနှင့်တူ၏။ [24]ထိုသူသည်
မိမိကိုယ်ကို မှန်၌ကြည့်၍ အခြားနေရာသို့ထွက်
သွားလျှင်မိမိပုံကို လျင်မြန်စွာ မေ့လျော့တတ်
၏။ [25]အခြားတဘက်တွင်ဘုရားသခင်၏တရား
တော်သည် ပြည့်စုံ၍ လူတို့ကို လွတ်မြောက်
အခြင်းပေးတော်မူ၏။ သို့ဖြစ်၍လူတစ်ယောက်
သည်ဘုရားသခင်၏တရားတော်ကိုကောင်းမွန်
စွာ သင်ယူပြီး လိုက်နာကျင့်သုံးရမည်။ သင်တို့
၏ကြားသောအရာကို မမေ့လျော့ကြနှင့်။ သင်
တို့သည် ဤကဲ့သို့ကျင့်လျှင် ဘုရားသခင်သည်
သင်တို့ကို ဝမ်းမြောက်ရွှင်လန်းစေလိမ့်မည်။

## ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် စစ်မှန်သောနည်းလမ်း

[26]သင်တို့တွင် အကြင်သူသည် သီလ
ဆောက်တည်ဟန်ပြုသော်လည်း မိမိနှုတ်ကို
မချုပ်တည်းလျှင် မိမိနှလုံးကို လှည့်ဖြား၏။
ထိုသူ၏သီလသည် အချည်းနှီးသက်သက်ဖြစ်
၏။ [27]ဘုရားသခင်သည် သန့်ရှင်း၍ အပြစ်နှင့်
ကင်းသောအကျင့်သီလကို နှစ်သက်တော်မူ၏။

ထိုအကျင့်သီလဟူမူကား ဆင်းရဲဒုက္ခများကို
ကြုံတွေ့ခံစားနေသည့် မိဘမဲ့ကလေးတို့နှင့် မု
ဆိုးမတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း
လောကီအညစ်အကြေးနှင့် ဝေးကွာနေခြင်းတို့
ပင်ဖြစ်၏။

## လူတိုင်းကိုချစ်ပါ

2 ငါချစ်သောညီအစ်ကိုမောင်နှမတို့၊ သင်တို့
သည် ဘုန်းကြီးတော်မူသော ငါတို့သခင်
ယေရှုခရစ်ကို ယုံကြည်သောသူတို့ ဖြစ်ကြ၏။
ထို့ကြောင့် လူတစ်ဦးသည် အခြားသောသူတစ်
ဦးထက် သာ၍အရေးကြီးသည်ဟု မထင်မမှတ်
ကြနှင့်။ 2 လူတစ်ဦးသည် သင်တို့၏အစည်းအ
ဝေးထဲသို့ လှပသပ်ရပ်သောအဝတ်ကို ဝတ်ဆင်
၍ မိမိ၏လက်တွင် ရွှေလက်စွပ်ကို ဝတ်ဆင်၍
ဝင်လာ၏။ တစ်ချိန်တည်းတွင် ဆင်းရဲသောသူ
တစ်ဦးသည်လည်း ဟောင်းနွမ်းညစ်ပေနေ
သောအဝတ်ကို ဝတ်ဆင်၍ ဝင်လာ၏။ 3 သင်
တို့သည် အဘယ်သို့ပြုမည်နည်း။ လှပသပ်ရပ်
သောအဝတ်ကို ဝတ်ဆင်လာသောသူအား
အထူးအာရုံစိုက်မည်လော။ "ကျေးဇူးပြု၍ ဤ
နေရာမှာ ထိုင်ပါ၊ ပိုကောင်းသောနေရာဖြစ်
သည်" ဟုသူ့ကို ပြောမည်လော။ သင်တို့သည်
ဆင်းရဲသောသူအား ထိုနေရာမှာ ရပ်နေပါ၊ သို့
မဟုတ် ကြမ်းခင်းပေါ်မှာ ထိုင်ပါဟု ပြောမည်
လော။ 4 ထိုသို့ပြုလျှင် သင်သည် မကောင်း
သောအကြံအစည်ဖြင့် ပြုလုပ်ပြီ။ ထိုအရာသည်
ခွဲခြားခြင်းပင်ဖြစ်သည် မဟုတ်လော။

5 ငါချစ်သောညီအစ်ကိုမောင်နှမတို့ နား
ထောင်ကြလော့။ ဘုရားသခင်သည် ဆင်းရဲ
သောသူတို့ကို ယုံကြည်ခြင်း၌ ချမ်းသာသော
သူတို့ဖြစ်ရန် လောက၌ ရွေးချယ်တော်မူ၏။
ဘုရားသခင်သည် မိမိကို ချစ်သောသူတို့အဖို့
ဂတိထားတော်မူသောနိုင်ငံတော်ကို အမွေခံ
ရန်ဖြစ်၏။ 6 သို့သော်လည်း သင်တို့သည် ဆင်း
ရဲသားတို့ကိုမထီမဲ့မြင်ပြုကြ၏။ ချမ်းသာသော
သူတို့သည် သင်တို့အား အစဉ်ညှဉ်းဆဲနေသူ
တို့ ဖြစ်ကြောင်းကို သိကြ၏။ ထိုချမ်းသာသူတို့
သည် သင်တို့အား တရားရုံးသို့ ပို့ဆောင်သော
သူများဖြစ်ကြ၏။ 7 ထိုချမ်းသာသောသူတို့သည်
သင်တို့ကိုပိုင်ဆိုင်သောသူ၏ကောင်းမြတ်သော
နာမတော်ကို အစဉ်မကောင်းကြောင်း ပြော
ဆိုကြ၏။

8 ပညတ်တရားတစ်ခုသည် အခြားပညတ်
တရားအလုံးစုံကို လွှမ်းမိုးမှုရှိ၏။ ထိုမြင့်မြတ်
သောတရားကို ကျမ်းစာ၌ တွေ့မြင်နိုင်၏။
"ကိုယ့်ကိုကိုယ် ချစ်သကဲ့သို့ သူတစ်ပါးကို ချစ်
လော့။"* ဤပညတ်ကို လိုက်နာလျှင် သင်
သည် မှန်သောအမှုကို ပြုသောသူဖြစ်၏။ 9 သို့
သော်လည်း လူတစ်ဦးအား အခြားသူတစ်ဦး
ထက် သာ၍ကောင်းသည်ဟု သင်သည် ထင်
မြင်လျှင် သင်တို့သည် ဒုစရိုက်ကို ပြုကြ၏။ ထို
တရားသည် သင့်အား အပြစ်ရှိကြောင်းဖော်ပြ
သောပညတ်ဖြစ်၏။ 10 လူတစ်ဦးသည် ဘုရား
သခင်၏ပညတ်တရားမှန်သမျှကို လိုက်နာရ
မည်။ သို့သော်လည်း ထိုသူသည် ပညတ်တရား
တစ်ခုကို လွှန်ကျူးလျှင် ပညတ်မှန်သမျှကို ချိုး
ဖောက်ခြင်းဖြစ်၏။ 11 ဘုရားသခင်မိန့်တော်မူ
သည်မှာ "သူများသားမယားကို မပြစ်မှား
နှင့်။"* လူအသက်ကို "မသတ်နှင့်။"* သူများ
သားမယားကို ပြစ်မှားလျှင် သို့မဟုတ် လူ့အ
သက်ကို သတ်လျှင် သင်သည် ပညတ်တရားအ
လုံးစုံတို့ကို ချိုးဖောက်သောအပြစ်ရှိ၏။ 12 လူ
တို့ကို လွတ်မြောက်ခြင်းပေးသောပညတ်တ
ရားသည် သင့်ကို စီရင်သောပညတ်ဖြစ်လိမ့်
မည်။ သင်ပြောဆိုပြုမူသမျှ အရာအားလုံးအ
တွက် သတိထားရမည်။ 13 သူတပါးကို ကရုဏာ
မထားဘဲ စီရင်သောသူတို့သည် ထိုကဲ့သို့
ဘုရားသခင်၏ တရားစီရင်ခြင်းကိုခံရမည်။ သို့
သော်လည်း ကရုဏာထားတတ်သောသူသည်
တရားဆုံးဖြတ်ရာ၌ ကြောက်ရွံ့ခြင်းမရှိဘဲရပ်
နေလိမ့်မည်။

---

**"ကိုယ့်ကိုကိုယ် … သူတစ်ပါးကိုချစ်လော့"** ဝတ် 19:18

**"မသတ်နှင့်"** ထွက် 20:13; တရား 5:17

**"သူများ … မပြစ်မှားနှင့်** ထွက် 20:14; တရား 5:18

## ယုံကြည်ခြင်းနှင့်ကောင်းသောအကျင့်

14 ငါ့ညီအစ်ကိုမောင်နှမများတို့၊ လူတစ်ဦး
သည် ယုံကြည်ခြင်းရှိသည် ဟုဆို၍ အဘယ်အ
ရာမျှ မလုပ်ဘဲနေလျှင် ထိုယုံကြည်ခြင်းသည်
အချည်းနှီးဖြစ်၏။ ထိုယုံကြည်ခြင်းမျိုးသည် သူ
အား ကယ်တင်နိုင်မည်လော။ မကယ်တင်နိုင်။
15 ခရစ်တော်၌ ညီအစ်ကို သို့မဟုတ် မောင်နှမ
သည် အဝတ်အထည် သို့မဟုတ် စားရန် အစာ
များလိုအပ်နေသည် ဆိုကြပေအံ့။ 16 သင်တို့က
ထိုသူအား ဘုရားသခင်သည် သင်နှင့်အတူ
ရှိတော်မူ၏။ သင်တို့သည် နွေးထွေးစွာ ဝတ်
ဆင်ပြီး များစွာသောအစားအစာများရှိရန်
မျှော်လင့်ပါ၏ ဟုပြော၏။ သင်တို့သည် သူလို
အပ်သောအရာကို မပေးဘဲ ထိုသို့ပြောလျှင်
အဘယ်ကောင်းမှုကို သင်ပြုသနည်း။ 17 ထို
အရာသည် ယုံကြည်ခြင်းနှင့်အတူတူပင် ဖြစ်၏။
အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တပါး
တည်းရှိသောကြောင့် အသေဖြစ်၏။ 18 တစ်စုံ
တစ်ယောက်က “သင်သည် ယုံကြည်ခြင်းစိတ်
ရှိ၏။ ငါမူကား အကျင့်ရှိ၏။ သင်၏အကျင့်မပါ
သောယုံကြည်ခြင်းကိုပြပါ။ ငါမူကား၊ အကျင့်
အားဖြင့် ငါ၏ယုံကြည်ခြင်းကိုပြမည်” ဟုပြော
နိုင်၏။ 19 ဘုရားသခင်တစ်ဆူတည်းရှိ သည်ဟု
သင်ယုံကြည်၏။ ကောင်းပေ၏။ သို့သော်
လည်း နတ်ဆိုးသည်လည်း ထိုကဲ့သို့ယုံ၏။ သူ
တို့သည် ကြောက်ရွံ့တုန်လှုပ်ကြ၏။
20 အချင်းလူမိုက်၊အဘယ်အရာကိုမျှ မကျင့်
သောယုံကြည်ခြင်းသည်အချည်းနှီးဖြစ်ကြောင်း
ကို သင့်အား ပြရမည်လော။ 21 အာဗြဟံသည်
ငါတို့၏အဘဖြစ်၏။ အာဗြဟံသည် မိမိအကျင့်
အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်
သောသူဖြစ်၏။ သူ၏သားဣဇာက်ကို ဘုရား
သခင်ထံတော်သို့ ယဇ်ပူဇော်၏။ 22 ထို့ကြောင့်
အာဗြဟံ၏အကျင့်ကို သူ၏ယုံကြည်ခြင်းနှင့်အ
ညီ လုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့မြင်ရ၏။
သူ၏ယုံကြည်ခြင်းကို အကျင့်အားဖြင့်ပြည့်စုံစေ
၏။ 23 ဤနည်းအားဖြင့် ကျမ်းစာ၌ “အာဗြဟံ
သည် ဘုရားသခင်ကို ယုံကြည်၍ ဘုရားသခင်
သည် အာဗြဟံ၏ယုံကြည်ခြင်းကို လက်ခံတော်
မူ၏။ ထိုယုံကြည်ခြင်းသည် အာဗြဟံအား
ဖြောင့်မတ်သူ ဖြစ်စေ၏”* ဟုဆို၏။ အာဗြဟံ
သည် “ဘုရားသခင်၏မိတ်ဆွေ”* ဟုခေါ်ဝေါ်
ခြင်းခံရ၏။ 24 သင်တို့သိမြင်နိုင်သည့်အတိုင်း၊
ဘုရားသခင်သည် တစ်စုံတယောက်ကို သူ၏
ယုံကြည်ခြင်းကြောင့်သာ လက်ခံတော်မူသည်
မဟုတ်။ သူ၏အကျင့်ကြောင့် လက်ခံတော်မူ၏။
25 အခြားဥပမာတစ်ခုမှာရာခပ်ဖြစ်၏။ သူမ
သည် ပြည့်တန်ဆာတစ်ဦးဖြစ်၏။ သို့သော်
လည်း သူမသည် ဘုရားသခင်၏တမန်တော်
တို့ကို မိမိအိမ်ထဲသို့ကြိုဆို၍ အခြားသောလမ်း
အားဖြင့် လွတ်မြောက်ရန် ကူညီသောအခါ
ဘုရားသခင်သည် သူမကို သဘောတူလက်ခံ
တော်မူ၏။*
26 ဝိညာဉ်မရှိသောကိုယ်ခန္ဓာသည် အသေ
ဖြစ်၏။ ထိုအရာသည် ယုံကြည်ခြင်းနှင့်တူ၏။
အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အ
သေ၏။

## ငါတို့ပြောဆိုသောအရာများကိုထိန်းချုပ်ခြင်း

3 ချစ်လှစွာသော ညီအစ်ကိုမောင်နှမများ
တို့၊ သင်တို့အားလုံးသည် ဆရာမဖြစ်ကြ
နှင့်။ ဘုရားသခင်သည် သွန်သင်သောသူတို့ကို
တင်းကျပ်စွာ စီရင်လိမ့်မည် ဟူသောအရာကို
သင်တို့သိမှတ်ရမည်။ 2 ငါတို့အားလုံးသည် များ
စွာသော အမှားကို ပြုလုပ်ကြ၏။ တစ်ဦးတစ်
ယောက်သည် စကားပြောခြင်း၌ ဘယ်သော
အခါမျှ မမှားလျှင် ထိုသူသည် ပြည့်စုံသောသူ
ဖြစ်၏။ သူ၏ကိုယ်ခန္ဓာ တစ်ကိုယ်လုံးကိုလည်း
သူထိန်းချုပ်နိုင်၏။ 3 မြင်းကို နိုင်စေခြင်းငှါ ပါး
စပ်ထဲတွင် ဇက်ကြိုးကို ထည့်ရ၏။ ထိုဇက်ကြိုး
ထည့်ထားသောမြင်းသည် သူ၏ကိုယ်တစ်
ကိုယ်လုံးကို ထိန်းချုပ်နိုင်၏။ 4 သင်္ဘောသည်

---

**“အာဗြဟံအား ... ဖြစ်စေ၏”** ကမ္ဘာ 15:6

**“ဘုရားသခင်၏မိတ်ဆွေ”** 2 ရာချုပ် 20:7, ဟေ 41:8

**သူမသည် ... လက်ခံတော်မူ၏** ယော 2:1-21 တွင် ရာခသပ်၏ပုံပြင်ကို တွေ့နိုင်သည်။

အလွန်ပြင်းသောလေဟုန်နှင့် လွင့်သွားသော်
လည်း တက်မကိုင်သည် မိမိအလိုရှိသောအရပ်
သို့ အလွန်ကြီးမားသောသင်္ဘောကို သေးငယ်
သောတက်မဖြင့် သွားစေနိုင်၏။ 5လျှာသည်
သေးငယ်သောတက်မနှင့်တူ၏။ ခန္ဓာကိုယ်၏
အလွန်သေးငယ်သောအပိုင်း ဖြစ်သော်လည်း
အလွန်ဝါကြွားတတ်၏။

အလွန်ကြီးမားသောတောမီးသည် အလွန်
သေးငယ်သောမီးတောက်အားဖြင့် အစပြု၏။
6လျှာသည် မီးကို အစပြုသောမီးတောက်ကဲ့သို့
ဖြစ်၏။ လျှာသည် ကိုယ်ခန္ဓာ၏ကျန်ရှိသော
အင်္ဂါများသို့ ပျံ့နှံ့သွားသောမကောင်းမှု၏လော
ကဓါတ်လည်း ဖြစ်၏။ လျှာသည် ငါတို့၏အ
သက်တာတစ်ခုလုံးကို ဖျက်ဆီးနိုင်သောအစ
ဖြစ်၏။ လျှာသည် ငရဲမီးဖြင့် တောက်လောင်
လျက်နေ၏။ 7လူသည် တိရစ္ဆာန်ရိုင်းများဖြစ်
သောငှက်၊ တွားသွားတတ်သောသတ္တဝါများ
နှင့် ငါးများကို ယဉ်ပါးအောင်ပြုလုပ်နိုင်၏။ လူ
သည် ထိုအရာအားလုံးကို ယဉ်ပါးစေနိုင်၏။
8သို့သော်လည်း အဘယ်သူမျှ လျှာကို ယဉ်ပါး
အောင်မပြုလုပ်နိုင်။ ထိုအရာသည် ရိုင်းစိုင်း
ပြီး မကောင်းမှုဒုစရိုက်လည်း ဖြစ်၏။ ထိုအရာ
သည် အဆိပ်နှင့်ပြည့်၍ လူကို သေစေနိုင်၏။
9ငါတို့သည် လျှာဖြင့် ငါတို့အဘခမည်းတော်
ဘုရားသခင်ကို ချီးမွမ်းကြ၏။ သို့သော်လည်း
ငါတို့သည် ထိုလျှာကို လူတို့အား ကျိန်ဆဲရန်
လည်း အသုံးပြုကြ၏။ ထို့နောက် ဘုရားသခင်
သည် လူကို မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်း
တော်မူ၏။ 10ချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်းသည်
နှုတ်ခမ်းတစ်ခုတည်းမှ ထွက်ပေါ်လာ၏။ ညီအစ်
ကိုမောင်နှမတို့၊ ထိုကဲ့သို့မဖြစ်သင့်။ 11ကောင်း
သောရေနှင့်မကောင်းသောရေသည် စမ်းရေ
ပေါက်တစ်ပေါက်တည်းမှ ထွက်လာသလော။
မထွက်နိုင်။ 12ညီအစ်ကိုမောင်နှမတို့ သင်္ဘော
သဖန်းပင်သည် သံလွင်သီးကို သီးနိုင်မည်
လော။ မသီးနိုင်။ စပျစ်နွယ်ပင်သည် သင်္ဘော
သဖန်းသီးကို သီးနိုင်မည်လော။ မသီးနိုင်။
ငန်သောရေတွင်းမှ ရေချိုကိုမပေးနိုင်။

## စစ်မှန်သော ဉာဏ်ပညာ

13သင်တို့အထဲတွင် အမှန်စင်စစ် ဉာဏ်
ပညာနှင့် နားလည်တတ်ကျွမ်းခြင်းကို ပိုင်ဆိုင်
သောသူ တစ်စုံတစ်ယောက်ရှိသလော။ ထို
သူသည် မိမိဉာဏ်ပညာအားဖြင့် မှန်ကန်စွာ
အသက်ရှင်ပြရမည်။ ကောင်းသောအကျင့်ကို
နှိမ့်ချစွာဖြင့် ကျင့်ရမည်။ ဉာဏ်ပညာရှိ
သောသူသည် ဝါကြွားခြင်းမရှိ။ 14သင်တို့သည်
အတ္တဆန်၍ မနာလိုမုန်းတီးသောစိတ်ရှိလျှင်
သင်တို့၌ ဝါကြွားစရာအကြောင်းမရှိ။ သင်တို့
၏ဝါကြွားခြင်းသည် အမှန်ကို ဖုံးကွယ်ထား
သောလိမ်လည်မှုပင် ဖြစ်၏။ 15ထိုကဲ့သို့သော
ပညာသည်ကောင်းကင်မှ လာသည်မဟုတ်။
ထိုပညာသည် လောကီမှလာသောပညာဖြစ်
၏။ ထိုကဲ့သို့သောပညာသည် ဝိညာဉ်သဘော
မဟုတ်။ နတ်ဆိုးပညာပင် ဖြစ်၏။ 16မနာလို
ခြင်းနှင့် အတ္တစွဲလမ်းခြင်းရှိသောအရပ်တွင် ရုန်း
ရင်းဆန်ခတ်မှုများနှင့် မကောင်းမှုဒုစရိုက် အ
မျိုးမျိုးရှိလိမ့်မည်။ 17ဘုရားသခင်ထံတော်မှ
လာသောဉာဏ်ပညာသည် ရှေးဦးစွာစင်ကြယ်
၏။ထိုမှတပါး အသင့်အတင့်နေတတ်၏။ နူးညံ့
သိမ်မွေ့၍ နှစ်သိမ့်ကျေနပ်စေခြင်းငှါ လွယ်ကူ
၏။ ထိုပညာသည် ဒုက္ခဆင်းရဲရောက်သော
သူတို့ အားကူညီမစရန် အစဉ်အမြဲအသင့်ဖြစ်
၏။ ထိုပညာသည် ကောင်းသောအမှုများကို
တခြားသောလူတို့အဖို့ ပြုတတ်၏။ ထိုပညာ
သည် အစဉ်အမြဲတင့်တယ်လျောက်ပတ်၍ ရိုး
သားဖြောင့်မှန်၏။ 18ငြိမ်းချမ်းခြင်းကို ထောက်
ခံသောသူတို့သည် ပညာရှိသောလူများဖြစ်ကြ
၏။ သူတို့၏ကောင်းသောအကျင့်များသည် မျိုး
စေ့ကဲ့သို့ဖြစ်၏။ သူတို့၏ရိတ်သိမ်းသောအသီး
အနှံသည် ဖြောင့်မတ်ခြင်းတရားဖြစ်၏။

## သင်တို့၏အသက်တာကို ဘုရား သခင်အား ဆက်ကပ်လော့

4 သင်တို့၏ခိုက်ရန်ဖြစ်ခြင်းနှင့် ငြင်းခုံခြင်း
သည် အဘယ်အရပ်ကလာသည်ကို သင်တို့
သိကြသလော့။ ထိုအရာတို့သည် သင်တို့အထံ

မှလာ၏။ ထိုအရာသည် သင်တို့၏အတွင်းရှိ
တိုက်ပွဲကို ဖြစ်စေသောအတ္တဆန်လိုသည့်စိတ်
သဘောမှလာ၏။ 2သင်တို့အလိုရှိသောအရာ
တို့ကို သင်တို့မရရှိပေ။ အကြောင်းမူကား၊ သင်
တို့သည် သူတစ်ပါးအသက်သတ်ခြင်း၊ မနာလို
ခြင်းရှိသောကြောင့်ဖြစ်၏။ ထို့ကြောင့် သင်တို့
အလိုရှိသည့်အရာများကိုမရနိုင်။ ထို့ကြောင့်
သင်တို့သည် ငြင်းခုံ၍ ခိုက်ရန်ဖြစ်ကြ၏။ သင်
တို့သည် အလိုရှိသောအရာများကိုမရနိုင်။ အ
ကြောင်းမူကား၊ ဘုရားသခင်အား မတောင်း
သောကြောင့်ဖြစ်၏။ 3သို့သော်လည်း သင်တို့
တောင်းလျှင်လည်း မရရှိနိုင်။ အကြောင်းမူ
ကား သင်တို့တောင်းလျှောက်သောအရာ
သည် မှားယွင်းနေခြင်းကြောင့်ဖြစ်၏။ သင်တို့
အလိုရှိသောအရာသည် သင်တို့၏ကိုယ်ခန္ဓာ
ပျော်ရွှင်အမှုရရှိ ရန်အတွက်သာ ဖြစ်သော
ကြောင့်ရကြ။

4ထို့ကြောင့် သင်တို့သည် ဘုရားသခင်အ
ပေါ် သစ္စာမရှိကြ။ လောကကို ချစ်သောသူ
သည် ဘုရားသခင်ကို မုန်းသောသူဖြစ်၏။ ထို့
ကြောင့် သင်တို့သည် လောကနှင့်မိတ်ဆွေဖြစ်ဟာ
ရဖွဲ့လျှင် ဘုရားသခင်အား ရန်ဘက်ပြုခြင်းပင်
ဖြစ်၏။ 5သင်တို့သည် ကျမ်းစာကို အချည်း
နှီးထင်မှတ်နေသလော။ ကျမ်းစာက၊ ‘ဘုရား
သခင်သည် မိမိဝိညာဉ်တော်ကို ငါတို့၏အထဲ၌
တည်စေ၏။ ဘုရားသခင်သည် ဝိညာဉ်တော်
ကို ငါတို့အား မိမိအတွက်သာ ဖြစ်စေလို၏’
ဟုဆို၏။ 6သို့သော်လည်း ဘုရားသခင်သည်
ငါတို့အား သာ၍များသောကျေးဇူးကို ပြတော်
မူ၏။ ကျမ်းစာ၌ ဖော်ပြသကဲ့သို့ “ဘုရားသခင်
သည် မာနကြီးသူတို့၏မာနကို ချိုးနှိမ်တော်မူ
၏။ သို့သော်လည်း နှိမ့်ချသောသူတို့အား ကျေး
ဇူးတော်ကို ခံစားစေတော်မူ၏။*

7ထို့ကြောင့် သင်တို့၏ကိုယ်ခန္ဓာကို ဘုရား
သခင်အား ဆက်သကြလော့။ မာရ်နတ်ကို
ဆန့်ကျင်တိုက်ခိုက်ကြလော့။ မာရ်နတ်သည်
သင်တို့ထဲမှ ပြေးသွားလိမ့်မည်။ 8ဘုရားသခင်
အနီးသို့ ချဉ်းကပ်ကြလော့။ ဘုရားသခင်သည်
သင်တို့အနီးသို့ ချဉ်းကပ်လိမ့်မည်။ သင်တို့
သည် အပြစ်သားများ ဖြစ်ကြ၏။ ထို့ကြောင့်
သင်၏အသက်တာတွင် အပြစ်ကို ရှင်းလင်း
လော့။ သင်တို့သည် ဘုရားသခင်၏အလိုသို့
လည်းကောင်း၊ လောက၏အလိုသို့လည်း
ကောင်း လိုက်လိုသောစိတ်သဘောရှိနေ၏။
သင်တို့၏စိတ်သဘောကို စင်ကြယ်စေကြ
လော့။ 9ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ညှိုးငယ်
ခြင်း၊ ငိုကြွေးခြင်းအဖြစ်သို့လည်းကောင်း၊ သင်
တို့၏ဝမ်းမြောက်ရွှင်လန်းခြင်းကို ဝမ်းနည်းကြေ
ကွဲခြင်း အဖြစ်သို့လည်းကောင်း ပြောင်းလဲကြ
လော့။ 10ဘုရားသခင်ရှေ့တော်၌ သင်တို့၏
စိတ်နှလုံးကို နှိမ့်ချကြလော့။ သင်တို့ကို ကြီး
မြတ်သောသူ ဖြစ်စေတော်မူလိမ့်မည်။

## သင်သည် တရားစီရင်သူမဟုတ်

11ငါ့ညီအစ်ကို မောင်နှမများတို့၊ သူတပါး
အား ဆန့်ကျင်သောစကားကို မပြောကြနှင့်။
ခရစ်တော်၌ သင်တို့၏ညီအစ်ကိုကို ဝေဖန်လျှင်
သို့မဟုတ် စီရင်ဆုံးဖြတ်လျှင် သူ၏လျှောက်
လှမ်းသောတရားကို သင်တို့ဝေဖန်ခြင်းဖြစ်၏။
သင်တို့သည် ခရစ်တော်၏ညီအစ်ကိုကို ကဲ့ရဲ့
လျှင် သင်သည် အမှန်တရားကိုပင် ကဲ့ရဲ့သော
သူဖြစ်၏။ သင်တို့သည် တရားကို ကဲ့ရဲ့လျှင်
တရားကို လိုက်နာ၍ အသက်ရှင်သောသူမ
ဟုတ်ပေ။ သင်တို့သည် တရားစီရင်သူဖြစ်၏။
12ဘုရားသခင်တစ်ပါတည်းသာ ပညတ်တရား
ကို ချမှတ်ပေး၏။ သူတစ်ပါးတည်းသာလျှင်
စီရင်ပိုင်ခွင့်ရှိ၏။ ဘုရားသခင်တစ်ပါးတည်းသာ
ကယ်တင်ပိုင်ခွင့်၊ ဖျက်ဆီးပိုင်ခွင့်ရှိတော်မူ၏။
ထို့ကြောင့် သူတစ်ပါးကို စီရင်ခြင်းအမှုသည်
သင်တို့အတွက် မှန်ကန်သောအမှုမဟုတ်။

## သင့်အသက်တာကို ဘုရားသခင်အား စီစဉ်ခွင့်ပေးလော့

13သင်တို့အထဲတွင်အချို့သောသူက ‘ယနေ့
သို့မဟုတ် မနက်ဖြန်နေ့၌ အချို့သောမြို့သို့

---

**“ဘုရားသခင်သည် ... စေတော်မူ၏”** သုတ္တံ 3:34

သွားကြကုန်အံ့။ ထိုမြို့တွင် တစ်နှစ်မျှနေထိုင်
ကြကုန်အံ့။ လုပ်ငန်းဆောင်တာများလုပ်ကိုင်၍
ငွေကြေးများရှာဖွေကြကုန်အံ့’ ဟုပြော၏။ နား
ထောင်ကြ။ ဤအရာကို စဉ်းစားဆင်ခြင်ကြည့်
ကြလော့။ 14မနက်ဖြန်၌ အဘယ်ကဲ့သို့ ဖြစ်မည်
ကို သင်တို့မသိနိုင်။ သင်တို့၏အသက်တာသည်
အခိုးအငွေ့ကဲ့သို့ ဖြစ်၏။ ခဏသာတွေ့မြင်ရပြီး
မှ ပျောက်ကွယ်သွားလိမ့်မည်။ 15ထို့ကြောင့်
သင်တို့က ‘ထာဝရဘုရားသည် အလိုတော်ရှိ
လျှင် ငါတို့သည် အသက်ရှင်ရ၍ ဤအရာသို့မ
ဟုတ် ထိုအရာကို လုပ်မည်ဟု ပြောသင့်၏။
16သို့သော်လည်း ယခုသင်တို့သည် မာန
ထောင်လွှား၍ဝါကြွားနေကြ၏။ ထိုဝါကြွားခြင်း
သည်မှားယွင်း၏။ 17လူတစ်ဦးသည် ကောင်း
သောအရာကို အဘယ်ကဲ့သို့ ကျင့်ရမည်ကိုသိ
လျက်နှင့် မကျင့်ဘဲနေလျှင် ထိုသူသည် အပြစ်
ရှိ၏။

## အတ္တဆန်သည့်ချမ်းသာသောသူများသည် အပြစ်စီရင်ခြင်းခံရမည်

5 ချမ်းသာသောသူတို့ နားထောင်ကြလော့။
ငိုကြွေး၍ ဝမ်းနည်းကြေကွဲကြလော့။ အ
ကြောင်းမူကား များစွာသောဒုက္ခဆင်းရဲအ
ပေါင်းတို့သည် သင်တို့ထံသို့ လာလိမ့်မည်။
2သင်တို့ကြွယ်ဝခြင်းသည် ပုပ်ပျက်၍ အဘယ်
သို့မျှ အသုံးမဝင်တော့ချေ။ သင်တို့၏အဝတ်
အထည်များသည် ပိုးကိုက်စားခြင်းကို ခံရလိမ့်
မည်။ 3တန်ဖိုးရှိသောပစ္စည်းများအဖြစ် သင်တို့
ထင်မှတ်သော ရွှေနှင့်ငွေတို့သည် အချေးတက်
၍ ပျက်ကုန်ပြီး ထိုအချေးသည် စီရင်သောနေ့
တွင် သင်တို့ကို ဆန့်ကျင်သောသက်သေအ
ထောက်အထား ဖြစ်လိမ့်မည်။ ခေတ္တခဏချမ်း
သာခြင်းအတွက် သင်တို့၏လောဘစိတ်သည်
မီးကဲ့သို့ သင်တို့ကို လောင်ကျွမ်းလိမ့်မည်။
4သင်တို့၌ လယ်ကွက်များရှိကြ၏။ သင်တို့၌
အသီးအနှံများရိတ်သိမ်းရန် အလုပ်သမားများ
ရှိကြ၏။ သင်တို့သည် သူတို့၏အခများကိုမပေး။
သင်တို့သည် မှားယွင်းသောအရာကို လုပ်
သောကြောင့် သင်တို့၏သိမ်းဆည်းထားသော
ငွေသည် ဟစ်ကြော်လျက်နေ၏။ အလုပ်သမား
တို့သည်လည်း ဘုရားသခင်ထံသို့ အော်ဟစ်ငို
ကြွေး၏။ ယခုတွင် ကောင်းကင်ဗိုလ်ခြေအရှင်
ဘုရားသခင်*သည် သူတို့၏အော်ဟစ်သံကို
နားညောင်းတော်မူ၏။ 5လောကတွင် သင်တို့
သည် ကြွယ်ဝချမ်းသာခြင်းဖြင့် အသက်ရှင်ရ
၏။ သင်တို့၏ကိုယ်ခန္ဓာကို သင်တို့အလိုရှိသော
အရာများဖြင့် ပျော်မွေ့စေ၏။ သင်တို့၏ခန္ဓာ
ကိုယ်ကိုဆူဖြိုး၍ သတ်ရန်အတွက် ထားသော
သိုးကဲ့သို့ဝဖြိုးစေ၏။* 6သင်တို့သည် ကောင်း
သောသူတို့အပေါ်၌ ကရုဏာမထား။ သူတို့
သည် သင်တို့ကို ဆန့်ကျင်ဘက်မပြု။ သို့သော်
လည်း၊ သင်တို့သည် သူတို့ကို သတ်ကြ၏။

## သည်းခံခြင်းစိတ်ရှိလော့

7ငါ့ညီအစ်ကိုမောင်နှမတို့၊ သည်းခံခြင်းစိတ်
ရှိကြလော့။ သခင်ယေရှုကြွလာတော့မည်။ ထို့
ကြောင့် ထိုအချိန်အထိ သည်းခံလျက် စောင့်
နေကြလော့။ လယ်သမားသည် သည်းခံ၍ မိမိ
သီးနှံပင်များအတွက် ပထမမိုး၊ နောက်ဆုံးမိုး
ကို စောင့်လျက်နေ၏။ 8သင်တို့သည်လည်း
သည်းခံစိတ်ရှိရမည်။ မျှော်လင့်ခြင်းကို မရပ်
စဲကြနှင့်။ ခရစ်တော်သည် မကြာမီ ကြွလာ
တော့မည်။ 9ညီအစ်ကိုမောင်နှမတို့ အခြားသူ
တို့နှင့် အငြင်းအခုံမပြုကြနှင့်။ သင်တို့သည် ငြင်း
ခုံမှုကို မငြိမ်းစေလျှင် သင်တို့သည် မှားယွင်း
ခြင်းကြောင့် အပြစ်စီရင်ခြင်းခံရမည်။ စီရင်မည့်
သူသည် လာရန်အသင့်ဖြစ်နေပြီ။ 10ငါ့ညီအစ်
ကိုမောင်နှမတို့၊ ပရောဖက်တို့၏ခြေရာကို
လိုက်လျှောက်ကြလော့။ သူတို့သည် ထာဝရ
ဘုရားသခင်အတွက် စကားပြောသောသူများ

---

**ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်** မူရင်းအဓိပ္ပါယ်မှာ “သခင်စာဘုတ်” အဓိပ္ပါယ်က ကောင်းကင်ဘုံတန်ခိုးအားလုံးကို အုပ်စိုးသောသူ၊

**သင်တို့၏ကိုယ်ခန္ဓာကို … ဝဖြိုးစေ၏** မူရင်းအရ သင်တို့သည် သတ်ရာသို့ထားသောနေ့အတွက် သင်တို့၏စိတ်နှလုံးကို ဝဖြိုးစေကြသည်။

ဖြစ်ကြ၏။ ထိုသူတို့သည် များစွာသောဆင်းရဲ
ဒုက္ခကိုခံကြ၏။ သို့သော်လည်း ထိုသူတို့သည်
သည်းခံစိတ်ရှိကြ၏။ 11ဒုက္ခဆင်းရဲခြင်းကို သည်း
ခံလျက် နေသောသူသည် ယခုပျော်ရွှင်မှုကို
ရလိမ့်မည်။ သင်တို့သည် ယောဘ၏သည်းခံ
ခြင်းကိုကြားသိပြီ။ ယောဘ၏ဒုက္ခဆင်းရဲမှု
နောက်တွင် ဘုရားသခင်သည် ကယ်မတော်မူ
၏။ ထိုသို့သောအားဖြင့် ဘုရားသခင်သည်
ကရုဏာတရား၊ ကြင်နာခြင်းတရားနှင့် ပြည့်စုံ
ကြောင်းကိုဖော်ပြ၏။

## သင်ပြောသောစကားများအတွက် သတိပြုလော့

12ငါ့ညီအစ်ကိုမောင်နှမများတို့၊ သင်တို့
သည် ဂတိသစ္စာပြုသောအခါ ကျိန်ဆိုခြင်းကို
မပြုမိရန်အလွန်အရေးကြီး၏။

ကောင်းကင်ဘုံကို တိုင်တည်၍ မကျိန်ဆို
နှင့်။ မြေကြီးကို တိုင်တည်၍ မကျိန်ဆိုနှင့်။ အ
ဘယ်အရာကိုမျှ သင်တို့၏စကားအတွက် သက်
သေမပြုနှင့်။ မှန်သောအရာကိုမှန်သည်၊ မှား
သောအရာကို မှားသည်ဟူ၍သာ ပြောကြ
လော့။ ထိုကဲ့သို့ ပြောဆိုလျှင် သင်တို့သည်
အပြစ်စီရင်ခြင်းမခံရ။

## ဆုတောင်းခြင်း၏တန်ခိုး

13သင်တို့တွင် တစ်စုံတစ်ယောက်သောသူ
သည် ဒုက္ခဆင်းရဲခံရလျှင် ဆုတောင်းရမည်။
သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည်
ဝမ်းမြောက်လျှင် သီချင်းဆိုစေ။ 14တစ်စုံတစ်
ယောက်သောသူသည် နာမကျန်းဖြစ်လျှင်
သင်းအုပ်တို့ကိုခေါ်၍ လူနာကို သံလွင်ဆီနှင့်
လူးပြီး၊ * သခင်ဘုရား၏နာမတော်၌ ထိုသူအ
တွက် ဆုတောင်းစေ။ 15ယုံကြည်ခြင်းပါလျက်
တောင်းသောဆုသည် လူနာကို သက်သာစေ
လိမ့်မည်။ သခင်ဘုရားသည် သူ့အား ကျန်းမာ
စေတော်မူလိမ့်မည်။ ထိုသူသည် အပြစ်ရှိလျှင်
ဘုရားသခင်သည် သူ၏အပြစ်ကို လွှတ်တော်
မူလိမ့်မည်။ 16သင်တို့မှားယွင်းစွာ ပြုမိသောအ
မှုကို အချင်းချင်း ဖော်ပြတောင်းပန်ကြလော့။
ထို့နောက် တစ်ဦးနှင့်တစ်ဦး ဆုတောင်းပေး
ကြလော့။ ထိုကဲ့သို့ပြုလျှင် ဘုရားသခင်သည်
အနာကို ငြိမ်းစေလိမ့်မည်။ သူတော်ကောင်း
ဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အ
လွန်တန်ခိုးပါ၏။ 17ဧလိယသည် ငါတို့ကဲ့သို့
လူသားပင်ဖြစ်၏။ မိုးမရွာရန် ဆုတောင်းသော
အခါ မြေကြီးပေါ်တွင် သုံးနှစ်ခွဲမိုးမရွာပေ။ 18တစ်
ဖန် ဧလိယဆုတောင်းသောအခါ မိုးရွာပြန်၏။
ကောင်းကင်မှ မိုးရေကျဆင်းလာပြီး မြေကြီး
တွင် အပင်များ တစ်ဖန် ပြန်၍ပေါက်လာ၏။

## အပြစ်ပြုသောသူကိုကူညီဆောင်မခြင်း

19ငါ့ညီအစ်ကိုမောင်နှမများတို့၊ သင်တို့ထဲ
တွင် တစ်စုံတစ်ယောက်သောသူသည် သမ္မာ
တရားမှ လွဲရှောင်သွားလျှင် အခြားညီအစ်ကို
သို့မဟုတ် မောင်နှမသည် သူ့ကို သမ္မာတရား
လမ်းထဲသို့ ပြန်လည်ပို့ဆောင်ရမည်။ 20အပြစ်
ရှိသောသူကို မှားယွင်းသောလမ်းမှ ပြန်စေ
သောသူသည်၊ ထိုသူ၏ဝိညာဉ်ကို သေခြင်းမှ
ကယ်တင်၍ များစွာသောအပြစ်တို့ကို ဖုံးအုပ်
တတ်သည်ဟု ထိုသူသည် သိမှတ်စေ။

---

**လူနာကိုသံလွင်ဆီနှင့်လူးပြီး** ယေရှုတပည့်တော်တို့သည် လူနာတို့အတွက် ဘုရားသခင်၏ချစ်ချင်းမေတ္တာနှင့် သူတို့ကို ကျန်းမာစေရန်ဘုရားသခင်တန်ခိုး၏လက္ခဏာအဖြစ်လူနာတို့အပေါ်တွင် ဆီအနည်းငယ်ကို လိမ်းထားသည်။ မာ၊ 6:13

# ရှင်ပေတရုသြဝါဒစာ ပထမစောင်

1 ယေရှုခရစ်၏တမန်တော် ငါပေတရုသည်
မိမိ၏နေအိမ်နှင့် ဝေးကွာနေရသည့် ဘုရား
သခင်၏ ရွေးနုတ်တော်မူသော ပွန္တုပြည်၊
ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊
ဗိသုနိပြည်၊ အရပ်ရပ်၌ ကွဲပြားသောသူတို့ကို
နှုတ်ဆက်လိုက်ပါ၏။ 2ဘုရားသခင်သည်
သူ၏သန့်ရှင်းသောသူတို့ ဖြစ်စေခြင်းငှါ သင်တို့
ကို ရွေးကောက်ခြင်းငှါ ရှေးမဆွကပင် ကြံစည်
တော်မူ၏။ သင်တို့ကို သန့်ရှင်းစေသောသူ
သည် သန့်ရှင်းသောဝိညာဉ်တော်ပင် ဖြစ်၏။
ယေရှုခရစ်၏အသွေးတော်အားဖြင့် နာခံရန်နှင့်
သန့်ရှင်းစင်ကြယ်စေခြင်းငှါ ဘုရားသခင်အလို
တော်ရှိ၏။ ကြွယ်ဝသောကျေးဇူးတော်နှင့် ငြိမ်
သက်ခြင်းသည် သင်တို့နှင့်အတူ ရှိပါစေသော။

### အသက်ရှင်သောမျှော်လင့်ခြင်း

3သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရား
သခင်သည် မင်္ဂလာရှိပါစေသော။ ဘုရားသခင်
သည် ကရုဏာတော်နှင့် ပြည့်စုံတော်မူ၍ ထို
ကရုဏာတော်အားဖြင့် ငါတို့အား အသစ်သော
အသက်တာကို ပေးတော်မူ၏။ သေခြင်းမှ
ရှင်ပြန်ထမြောက်တော်မူသော ယေရှုခရစ်အား
ဖြင့် ဤအသစ်သောအသက်တာသည် အသက်
ရှင်သော မျှော်လင့်ခြင်းကို ယူဆောင်လာ၏။
4ဘုရားသခင်၏သားသမီးတို့အတွက် ကောင်း
ကင်၌ ထားရှိသောဘုရားသခင်၏ကောင်းကြီး
မင်္ဂလာများကိုငါတို့စောင့်မျှော်လျက်နေကြ၏။
ထိုကောင်းကြီးမင်္ဂလာများသည် မပျက်စီးနိုင်။
သူတို့၏အဆင်းလှပခြင်းကို မပျောက်ကွယ်နိုင်။
ပျက်ဆီးခြင်းကိုလည်း မခံနိုင်။ 5သင်တို့၏ယုံ
ကြည်ခြင်းအားဖြင့် ဘုရားသခင်တန်ခိုးတော်
သည် သင်တို့ကယ်တင်ခြင်းသို့ မရောက်မှီတိုင်
အောင် သင်တို့ကို စောင့်ရှောက်တော်မူလိမ့်
မည်။ ထိုကယ်တင်ခြင်းသည် နောက်ဆုံးသော
ကာလ၌ သင်တို့ကိုပေးရန် အဆင်သင့်ရှိ၏။
6အထူးထူးအပြား ပြားသောဒုက္ခဝေဒနာများ
ကိုခံရခြင်းသည် တစ်ခဏတာသင်တို့ကို ဝမ်း
နည်းစေသော်လည်း ထိုအရာသည် သင်တို့ကို
ဝမ်းမြောက်စေ၏။ 7ဤဒုက္ခဝေဒနာများသည်
အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်း။ သင်တို့
၏ယုံကြည်ခြင်းသည် သန့်ရှင်းစင်ကြယ်မှုရှိမရှိကို
စမ်းသပ်ခြင်းဖြစ်၏။ ဤသန့်ရှင်းစင်ကြယ်သော
ယုံကြည်ခြင်းသည် ရွှေထက်သာ၍ တန်ဖိုးရှိ၏။
ရွှေကို စင်ကြယ်စေခြင်းငှါ မီးဖြင့်စမ်းသပ်နိုင်၏။
သို့သော်လည်း ရွှေသည် ပျက်စီးသွားလိမ့်
မည်။ သင်တို့၏သန့်ရှင်းစင်ကြယ်သောယုံကြည်
ခြင်းသည် ယေရှုခရစ်ပေါ် ထွန်းတော်မူသောအ
ခါ သင်တို့ကို ချီးမွမ်းခြင်း၊ ဘုန်းအသရေနှင့်
ဂုဏ်ပြုခြင်းကို ယူဆောင်ပေးလိမ့်မည်။ 8ခရစ်
တော်ကို သင်တို့မမြင်သော်လည်း ချစ်ကြ၏။
ယခုပင်လျှင် သင်တို့မမြင်သော်လည်း ယုံကြည်
ကြ၏။ ပြော၍မမှီနိုင်သောဝမ်းမြောက်ခြင်းနှင့်
သင်တို့ပြည့်ဝကြ၏။ ထိုဝမ်းမြောက်ခြင်းသည်
ဘုန်းအသရေနှင့်ပြည့်စုံ၏။ 9သင်၏ယုံကြည်ခြင်း
သည်ပန်းတိုင်ရှိ၏။ သင်တို့သည် ကယ်တင်ခြင်း
တည်းဟူသော ထိုပန်းတိုင်ကို လက်ခံရရှိကြ၏။
10ထိုကယ်တင်ခြင်း အကြောင်းအရာကို
ပရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်း
ရှာဖွေ၍ သင်တို့ခံရသောကျေးဇူးတော်အ
ကြောင်းကို ဟောပြောကြ၏။ 11ခရစ်တော်၏
ဝိညာဉ်တော်သည် ထိုပရောဖက်တို့၌ရှိ၏။ ထို
ဝိညာဉ်တော်သည် ခရစ်တော်ခံရမည့်ဝေဒနာ

ကိုရင်း၊ ဝေဒနာခံပြီးမှ ဝင်စားတော်မူရသော
ဘုန်းအသရေအကြောင်းကိုရင်း ဟောပြော
တော်မူ၏။ ထိုပရောဖက်တို့သည် ဝိညာဉ်
တော်အားဖြင့် သူတို့ထံသို့ ထင်ရှားစေသောအ
ရာများကို ကြိုးစားသင်ကြားမှတ်ယူကြ၏။ သူ
တို့သည် အဘယ်သို့ သောအချိန်ကာလ၌ ထို
အရာများဖြစ်ပေါ် လာ၍ ထိုအချိန်တွင် ကမ္ဘာ
မြေကြီးသည် အဘယ်သို့ ဖြစ်မည်ကို ကြိုး
စားလေ့လာကြ၏။ [12]ထိုပရောဖက်တို့၏အမှု
ဆောင်ခြင်းသည် သူတို့အတွက် မဟုတ်ဘဲ
သင်တို့အားလုံးအတွက်ဖြစ်သည်ကို ဝိညာဉ်
တော်သည် ထိုပရောဖက်တို့ကို သိစေတော်မူ
၏။ သင်တို့ထံသို့ ဝမ်းမြောက်စရာသတင်း
ကောင်းကို ဟောပြောသောသူတို့ထံမှ သင်တို့
ကြားခဲ့ပြီးသောအရာများကိုပင် သူတို့သည်
ဟောပြောကြ၏။ သူတို့သည် ကောင်းကင်ဘုံမှ
စေလွှတ်တော်မူသောသန့်ရှင်းသော ဝိညာဉ်
တော်၏ကူညီမစမှုဖြင့် ဤအကြောင်းအရာ
များကို ဟောပြောကြ၏။ ကောင်းကင်တမန်
တို့သည်လည်း ဤအရာများကို အလွန်သိ
လိုစိတ်ရှိကြ၏။

## သန့်ရှင်းသောအသက်တာသို့ခေါ်တော်မူခြင်း

[13]သို့ဖြစ်၍ ကိုယ်ကို ချုပ်တည်းခြင်းဖြင့်
ဘုရားသခင်၏အမှုတော်ဆောင်ရန် ကိုယ်ကို
ပြင်ဆင်ကြလော့။ ယေရှုခရစ် ပေါ်ထွန်းတော်
မူသောအခါ သင်တို့အတွက်ဖြစ်သောကျေးဇူး
တော်၌ သင်တို့၏မျှော်လင့်ခြင်းအားလုံးကို
ထားရှိရမည်။ [14]အထက်က ဤအကြောင်းအ
ရာများကို သင်တို့မသိ။ ထို့ကြောင့် ဆိုးသွမ်း
သောအမှုများကို ပြုလုပ်ရန် အလိုရှိကြ၏။ သို့
သော်လည်း ယခုတွင် သင်တို့သည် နာခံသော
ဘုရားသခင်၏သားသမီးများဖြစ်သဖြင့် အ
ထက်က နေထိုင်သကဲ့သို့ မနေကြနှင့်။ [15]ဘုရား
သခင်သည် သန့်ရှင်းတော်မူသည်နည်းတူ သင်
တို့သည်လည်း ပြုသမျှတို့၌ ကိုယ်တော်ကဲ့ သို့
သန့်ရှင်းခြင်းရှိကြလော့။ ဘုရားသခင်သည်
သင်တို့အား ခေါ်တော်မူ၏။ [16]ကျမ်းစာ၌ “ငါ
သည် သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့
သည်လည်း သန့်ရှင်းခြင်းရှိကြလော့”* ဟုရေး
သားထား၏။

[17]သင်တို့သည် ဘုရားသခင်ထံတော်သို့ ဆု
တောင်းသောအခါ ဘုရားသခင်ကို သင်တို့၏
အဘအဖြစ် ခေါ်ကြ၏။ ဘုရားသခင်သည် လူ
တစ်ယောက်စီကို မျှတစွာတရားစီရင်တော်မူ
၏။ ထို့ကြောင့် သင်တို့သည် လောက၌ ဧည့်
သည် သူစိမ်းများဖြစ်နေစဉ် ဘုရားသခင်ကို
ရိုသေလေးစားခြင်းဖြင့် အသက်ရှင်ကြရ မည်။
[18]အထက်က အကျိုးမဲ့အသက်ရှင်ခဲ့ ကြောင်း
ကိုယ့်ကိုကိုယ် သိကြ၏။ ထိုကဲ့သို့
သောအသက်တာမျိုးကို သင်တို့ထက် ရှေးဦး
စွာ နေထိုင်ခဲ့သောလူတို့ထံမှ လက်ခံရရှိကြ၏။
သို့သော်လည်း သင်တို့သည် ထိုကဲ့သို့သောအ
သက်ရှင်ခြင်းမှ လွတ်မြောက်ခြင်းခံရ၏။ သင်
တို့ကို ဝယ်ယူထားပြီးဖြစ်သော်လည်း ပျက်ဆီး
ခြင်းခံနိုင်သောရွှေ၊ ငွေကဲ့သို့သောပျက်စီးတတ်
သောအရာများဖြင့် ဝယ်ယူသည်မဟုတ်။ [19]သို့
ရာတွင် သန့်ရှင်းစင်ကြယ်၍ ပြည့်စုံသောသိုး
သူငယ်ကို ပူဇော်သကဲ့သို့ ပူဇော်ခြင်းခံတော်မူ
သောခရစ်တော်၏အသွေးတော်အားဖြင့် သင်
တို့ကို ဝယ်ယူထား၏။ [20]ကမ္ဘာမဖန်ဆင်းမှီက
ပင်လျှင် ခရစ်တော်သည် ရွေးချယ်တော်မူ
ခြင်းခံရ၏။ သို့သော်လည်း ယခုနောက်ဆုံး
ကာလ၌ ကိုယ်တော်ကို လောကသို့ သင်တို့အ
ဘို့ ထင်ရှားစွာ ပြသတော်မူ၏။ [21]သင်တို့သည်
ခရစ်တော်အားဖြင့် ဘုရားသခင်ကို ယုံကြည်
ကြ၏။ ဘုရားသခင်သည် ခရစ်တော်အား သေ
ခြင်းမှထမြောက်စေ၍ ဘုန်းအသရေကို ပေး
တော်မူသောသူဖြစ်၏။ ထို့ကြောင့် သင်တို့၏
ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းသည် ဘုရား
သခင်၌တည်၏။

[22]သမ္မာတရားကို နာခံခြင်းအားဖြင့် သင်တို့
သည် ကိုယ်ကိုကိုယ်စင်ကြယ်စေကြ၏။ ထို့
ကြောင့် ယခုတွင် သင်တို့၏ညီအစ်ကိုမောင်နှမ

---

**“ငါသည် … ရှိကြလော့”** ဝတ်ပြု 11:44-45 19:2 20:7

တို့ကို စစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့် ချစ်နိုင်
ကြ၏။ အချင်းချင်း စိတ်နှလုံးအကြွင်းမဲ့ဖြင့် နက်
နဲစွာ ချစ်ကြလော့။ 23သင်တို့သည် ဒုတိယမွေး
ဖွားခြင်း ကိုခံရပြီ။ ဤအသစ်သောအသက်
တာသည် သေတတ်သောမျိုးစေ့မှ လာသော
အသက်တာမျိုးမဟုတ်။ သို့သော်လည်း၊ မသေ
နိုင်သောမျိုးစေ့မှလာ၏။ သင်တို့သည် အသက်
ရှင်၍ အစဉ်အမြဲဆက်လက်တည်ရှိ တော်မူ
သောဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်
ဖွားမြင်ခြင်းကိုခံတော်မူ၏။ 24ကျမ်းစာက၊

"လူတို့သည် ကာလအစဉ်အမြဲ အသက်
ရှင်လိမ့်မည်မဟုတ်။ လူတို့သည် မြက်
ပင်ကဲ့သို့ ဖြစ်၏။ သူတို့၏ဘုန်းအသရေ
သည် မြက်ပွင့်ကဲ့သို့ ဖြစ်၏။ မြက်ပင်
သည် ခြောက်သွေ့၍ မြက်ပွင့်သည်
လည်း ကြွေတတ်၏။
25 သို့သော် ထာဝရဘုရား၏နှုတ်ကပတ်
တော်သည် အစဉ်အမြဲ အသက်ရှင်၏"
ဟုဆိုထား၏။

*ဟေရှာ၊ 40:6-8*

ဤအရာသည် သင်တို့အား ဟောပြောသော
နှုတ်ကပတ်တော် ဖြစ်၏။

## အသက်ရှင်သောကျောက်နှင့် သန့်ရှင်းသော လူမျိုး

2 သူတစ်ပါးကို ထိခိုက်နာကျင်စေသောအရာ
မပြုကြနှင့်။ အမျိုးမျိုးသောမနာလိုခြင်း
လှည်းဖြားခြင်းနှင့်သူတစ်ပါးမကောင်းကြောင်း
ပြောဆိုခြင်းတို့ကို သင်တို့၏အသက်တာမှ ဖယ်
ရှားကြလော့။ 2ဖွားစသောသူငယ်ကဲ့သို့ ဖြစ်
ကြလော့။ သင်တို့၏ဝိညာဉ်ကို ခွန်အားဖြစ်စေ
သောနို့စစ်ကို ဆာငတ်ကြလော့။ ထိုကဲ့သို့
သောက်ခြင်းဖြင့် ကြီးထွားလာ၍ ကယ်တင်
ခြင်းခံရမည်။
3သင်တို့သည် သခင်ဘုရား၏ကောင်းမြတ်
ခြင်းကို မြည်းစမ်းခဲ့ပြီဖြစ်၏။
4သခင်ဘုရားသည် အသက်ရှင်သော
"ကျောက်"* ဖြစ်တော်မူ၏။ လောကီ
သားတို့သည် ထိုကျောက်ကို အလိုမရှိကြ။ သို့
သော်လည်း ကိုယ်တော်သည် ဘုရားသခင်
ရွေးချယ်တော်မူသောကျောက်ဖြစ်၏။ ကိုယ်
တော်သည် ဘုရားသခင်အတွက် အလွန်မွန်
မြတ်တော်မူ၏။ ထို့ကြောင့် ကိုယ်တော်ထံ
တော်သို့ လာကြလော့။ 5သင်တို့အားလုံးသည်
လည်း အသက်ရှင်သောကျောက်များ ဖြစ်ကြ
၏။ ဘုရားသခင်သည် သင်တို့အား ဝိညာဉ်
နှင့်ဆိုင်သောဗိမာန်တော်ကို တည်ဆောက်ရန်
အသုံးပြုတော်မူ၏။ ထိုဗိမာန်တော်တွင် သန့်
ရှင်းသောယဇ်ပုရောဟိတ်များအဖြစ် ဆောင်
ရွက်ရန် ဖြစ်၏။ သင်တို့သည် သန့်ရှင်းသော
ယဇ်များကို ယေရှုခရစ်တော်ကြောင့် လက်ခံ
သောဘုရားသခင်အား ပူဇော်ရမည်။ 6ကျမ်း
စာက၊

"ငါသည် မွန်မြတ်သော တိုက်ထောင့်
အမြစ်ကျောက်ကို ငါရွေးချယ်တော်မူ
ပြီ။ ထိုကျောက်ကို ဇိအုန်*တောင်ပေါ်၌
ချထား၏။ သူ့ကို ယုံကြည်သောသူတို့
သည် ရှက်ကြောက်ခြင်းမရှိရ" ဟုဆို၏။

*ဟေရှာ၊ 28:16*

7ယုံကြည်ခြင်းရှိသော သင်တို့အတွက် ထို
ကျောက်သည် အလွန်မွန်မြတ်တော်မူ၏။ သို့
သော်လည်း မယုံကြည်သော သူတို့အတွက်
သူသည်

"တိုက်ကို တည်သောသူတို့၏ပယ်ထား
သောကျောက်သည် တိုက်ထောင့်
အုတ်မြစ်ကျောက် ဖြစ်လာ၏။"

*ဆာလံ၊ 118:22*

---

**ကျောက်** ဘုရားသခင်၏ဝိညာဉ်နှင့်ဆိုင်သောဗိမ္မာန်တော် သို့မဟုတ် အိမ်တော် (သူ၏လူ)၌ အရေးကြီးဆုံးသောကျောက်။

**ဇိအုန်** ယေရုရှလင်၏အခြားသောအမည်၊ ဘုရားသခင်ရွေးကောက်သောလူများ၏မြို့

8မယုံကြည်သောသူတို့အတွက် သူသည်

“ထိမိ၍လဲစရာကျောက် လူတို့ကို လဲစရာ
ဖြစ်စေသောကျောက်ဖြစ်၏။”

*ဟေရှာ၊ 8:14*

လူတို့သည် ထိမိလဲကြ၏။ အကြောင်းမူကား၊
ဘုရားသခင်၏စကားတော်ကို နာမခံသော
ကြောင့် ဖြစ်၏။ ထိုလူတို့အတွက် ဘုရားသခင်
၏အစီအစဉ်သည် ထိုကဲ့သို့ပင် ဖြစ်တော်မူ၏။
9သို့သော်လည်း သင်တို့သည် ရွေးချယ်ထား
ခြင်းခံရသောသူများ ဖြစ်ကြ၏။ သင်တို့သည်
ဘုရင်၏ယဇ်ပုရောဟိတ်များဖြစ်ကြ၏။ သင်တို့
သည် သန့်ရှင်းသောလူမျိုးဖြစ်ကြ၏။ ဘုရား
သခင်သည် သင်တို့ကို ပိုင်တော်မူ၏။ ဘုရား
သခင်သည် ပြုတော်မူသောအံ့သြဖွယ်အရာ
များကို ဟောပြောရန် သင်တို့ကို ရွေးချယ်
တော်မူ၏။ ဘုရားသခင်သည်သင်တို့ကိုမှောင်
မိုက်ထဲမှ အံ့ဖွယ်အလင်းတော်သို့ခေါ် သွင်း
တော်မူ၏။ 10တစ်ချိန်တစ်ခါက သင်တို့သည်
ဘုရားသခင်၏လူများမဟုတ်။ ယခုမူကား
ဘုရားသခင်၏လူများဖြစ်ကြ၏။ အထက်က
သင်တို့သည် ကရုဏာတော်ကို တစ်ခါမျှ မရရှိ
ခဲ့ကြ။ သို့သော်လည်း ယခုတွင် သင်တို့သည်
ကရုဏာတော်ကိုရရှိပြီ။

## ဘုရားသခင်အတွက် အသက်ရှင်ပါ

11ချစ်မိတ်ဆွေတို့၊ သင်တို့သည် ဧည့်သည်
များနှင့် သူစိမ်းများကဲ့သို့ဖြစ်ကြ၏။ ထို့ကြောင့်
သင်တို့ခန္ဓာကိုယ်၏တပ်မက်သော မကောင်းမှု
အကျင့်များကို လွန်ကျူးခြင်းမှ ရှောင်ရှားနိုင်
ရန် သင်တို့ကို ငါတောင်းပန်၏။ ဤအရာတို့
သည် သင်တို့၏စိတ်ဝိညာဉ်နှင့် စစ်ပြိုင်တတ်
၏။ 12မယုံကြည်သောသူအားလုံးသည် သင်တို့
၏ပတ်လည်တွင် အသက်ရှင်နေထိုင်လျက်ရှိကြ
၏။ သင်တို့သည် မကောင်းသောအကျင့်ကို
ပြုသည်ဟု သူတို့သည် မဟုတ်မမှန် ပြစ်တင်
ကဲ့ရဲ့ကြ၏။ ထို့ကြောင့် ကောင်းသောအသက်
တာဖြင့် အသက်ရှင်ကြလော့။ သို့ဖြစ်လျှင် သူ
တို့သည် သင်တို့၏ကောင်းသောအကျင့်ကို မြင်
၍ကိုယ်တော်ကြွလာတော်မူသောနေ့၌ ဘုရား
သခင်ကို ချီးမွမ်းကြလိမ့်မည်။

## ဩဇာအာဏာရှိလူတိုင်း၏ စကားကိုနာခံပါ

13ဤလောက၌ ဩဇာအာဏာရှိသောသူ
တို့ကို နာခံကြလော့။ ဤအရာကို သခင်ဘုရား
အတွက် လုပ်ဆောင်ကြလော့။ အာဏာအရှိ
ဆုံးသောဘုရင်ကို နာခံလော့။ 14ဘုရင်ထံမှ
စေလွှတ်သောခေါင်းဆောင်များကိုလည်း နာ
ခံကြလော့။ သူတို့သည် မကောင်းမှုပြုသောသူ
တို့ကို ဒဏ်ခတ်ရန်နှင့် ကောင်းသောအမှုကို
ပြုသောသူတို့အား ချီးမွမ်းရန် စေလွှတ်ခြင်းခံရ
၏။ 15ထို့ကြောင့် သင်တို့သည် ကောင်းသော
အမှုကိုပြုလျှင် မိုက်မဲသောသူတို့သည် သင်တို့
ကို မကောင်းမှုပြောဆိုခြင်းမှ ရပ်တန့်စေ၏။
ဘုရားသခင်၏အလိုတော်သည် ထိုသို့ပင် ဖြစ်
၏။ 16လူလွတ်ကဲ့သို့ အသက်ရှင်ကြလော့။
သို့သော်လည်း သင်တို့၏လွတ်လပ်မှုသည်
မကောင်းသောအမှုများကိုပြုရန် ဆင်ခြေခြင်း
အဖြစ် မသုံးကြနှင့်။ ဘုရားသခင်၏အမှုတော်
ဆောင်သကဲ့သို့ နေထိုင်ပြုမူကြလော့။ 17ခပ်
သိမ်းသောလူတို့ကို ရိုသေကြလော့။ ဘုရား
သခင်၏မိသားစု၌ရှိသော ညီအစ်ကိုမောင်နှမ
တို့ကို ချစ်ကြလော့။ ဘုရားသခင်ကို ကြောက်
ရွံ့ကြလော့။ ရှင်ဘုရင်ကို ရိုသေခြင်းရှိကြလော့။

## ခရစ်တော်၏ ဆင်းရဲဝေဒနာပုံသက်သေများ

18အစေခံငယ်သားတို့၊ အလွန်ရိုသေလေး
စားခြင်းနှင့်တကွ ကိုယ်သခင်တို့၏အုပ်စိုးခြင်းကို
ဝန်ခံကြလော့။ ကောင်း၍ ကြင်နာတတ်သော
သခင်တို့ကိုရင်း၊ မကောင်းသောသခင်တို့ကို
နာခံကြလော့။ 19အပြစ်မပြုသော်ငြားလည်း
လူတစ်ယောက်သည် ဆင်းရဲဒုက္ခကို ခံရတတ်
၏။ ထိုသူသည် စိတ်နှလုံးတွင် ဘုရားသခင်
ကို နက်နဲစွာထားရှိ၍ ဆင်းရဲဒုက္ခကိုခံရလျှင်
ဘုရားသခင်ကို နှစ်သက်စေတော်မူ၏။ 20သို့
သော်လည်း သင်တို့သည် အမှားပြုလုပ်ခြင်းအ

တွက် ပြစ်ဒဏ်ပေးခြင်းခံရလျှင် ထိုဒဏ်ခတ်
ခြင်းကိုခံရခြင်း၌ ချီးမွမ်းစရာမရှိ။ သို့သော်
လည်း ကောင်းမှုအတွက် ဆင်းရဲဒုက္ခခံရပြီး
သည်းခံလျှင် ဘုရားသခင်နှစ်သက်တော်မူ၏။
21ထိုသို့အလိုငှါသင်တို့ကို ခေါ်တော်မူ၏။ ခရစ်
တော်သည် သင်တို့လိုက်နာရန် ပုံသက်သေပေး
တော်မူ၏။ ကိုယ်တော်ပြုသကဲ့သို့ သင်တို့
လည်းပြုရမည်။ ဆင်းရဲဒုက္ခခံရစဉ်တွင် စိတ်
ရှည်ကြလော့။ ခရစ်တော်သည် သင်တို့အတွက်
ဆင်းရဲဒုက္ခကိုခံတော်မူ၏။

22“ကိုယ်တော်သည် ဒုစရိုက်တစ်စုံတစ်ခုမျှ
မလွန်ကျူး။ နှုတ်တော်မှ အဘယ်မုသာ
မျှမထွက်။” *ဟေရှာယ၊ 53:9*

23လူတို့သည် ခရစ်တော်ကို စော်ကားကြသော
အခါ ကိုယ်တော်သည် သူတို့ကိုပြန်၍ စော်
ကားခြင်းမပြု။ ကိုယ်တော်သည် ဒုက္ခဝေဒနာ
ခံရသောအခါ လူတို့ကို ခြိမ်းခြောက်ခြင်းမပြု။
ဘုရားသခင်အား ကိုယ့်ကိုကိုယ် စောင့်ရှောက်
ခွင့်ပေးတော်မူ၏။ ဘုရားသခင်တစ်ပါးတည်း
သာမှန်ကန်စွာ စီရင်တော်မူ၏။ 24ငါတို့အပြစ်
များကို ကိုယ်တော်တိုင် လက်ဝါးကပ်တိုင်ပေါ်
ခံတော်မူ၏။ ငါတို့သည် အပြစ်၌ အသက်ရှင်
ခြင်းမှ ရပ်တန့်၍ ဖြောင့်မတ်စွာ အသက်ရှင်
နိုင်မည်အကြောင်း ကိုယ်တော်သည် ဤအမှုကို
ပြုတော်မူ၏။ အကျွန်ုပ်တို့မှန်ကန်စွာ အသက်
ရှင်ရန်နှင့် အပြစ်ထဲတွင် အသက်မရှင်ရန် သူ
သည် ထိုကဲ့သို့ ပြုလုပ်ခြင်းဖြစ်၏။ ကိုယ်တော်
၏ဒဏ်ချက်တော်ကြောင့် သင်တို့သည် အနာ
ပျောက်လျက်ရှိကြ၏။ 25သင်တို့သည် လမ်းမှား
သို့ လိုက်သောသိုးကဲ့သို့ ဖြစ်ကြ၏။ သို့သော်
လည်း ယခုတွင်သင်တို့ကို စောင့်ရှောက်တော်
မူသောသိုးထိန်းထံသို့ ပြန်ရောက်ပြီ။

## မိန်းမတို့နှင့် ခင်ပွန်းသည်များ

3 အထက်ဆိုခဲ့ပြီးသည်နည်းတူ မိန်းမတို့၊
ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြ
လော့။ သို့မှသာ သင်တို့သည် ဘုရားသခင်ကို
မနာခံသော ကိုယ်ခင်ပွန်းအား ယုံကြည်ရန်
သွေးဆောင်နိုင်မည်။ သင်တို့သည် တစ်စုံတစ်
ရာမျှပြောရန် လိုလိမ့်မည်မဟုတ်။ သူတို့သည်
မိမိတို့မယားအသက်ရှင်ပုံအားဖြင့် သွေးဆောင်
ခြင်းကိုခံရမည်။ 2အကြောင်းမူကား၊ သင်တို့၏
စင်ကြယ်သောအသက်တာ၊ ဘုရားသခင်ကို
ရိုသေလေးစားခြင်းနှင့် ပြည့်ဝခြင်းကို သူတို့မြင်
ကြလိမ့်မည်။ 3သင်တို့ကို လှပစေသောဆံပင်
ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ ကောင်းသောအဝတ်
အစားများတွင် သင်တို့မှီခိုအားထားခြင်းမပြု
ကြနှင့်။ 4သင်တို့၏လှပခြင်းသည် သင်တို့၏စိတ်
နှလုံးမှ ထွက်လာရမည်။ နူးညံ့သိမ်မွေ့သောအ
လှဖြစ်ရမည်။ ထိုအလှသည် ပျက်စီးပျောက်
ကွယ်သွားလိမ့်မည်မဟုတ်။ ဘုရားသခင်အ
တွက် အလွန်အဖိုးတန်၏။ 5ဘုရားသခင်ကို ယုံ
ကြည်ကိုးစားသောရှေးကာလကသန့်ရှင်းသော
မိန်းမတို့သည် ထိုနည်းတူ ဖြစ်ကြ၏။ သူတို့
သည် ဤနည်းဖြင့် ကိုယ်ကိုလှပအောင်ပြင်
ဆင်ကြ၏။ သူတို့သည် ကိုယ်ခင်ပွန်း၏အုပ်စိုး
ခြင်းကို ဝန်ခံကြ၏။ 6စာရာကဲ့သို့ သောမိန်းမတို့
အကြောင်းကို ငါပြော၏။ သူမသည် ကိုယ်ခင်
ပွန်းအာဗြဟံကို နာခံ၍ သခင်ဟု ခေါ်ဆို၏။
သင်တို့မိန်းမတို့သည် ကြောက်ရွံ့ခြင်းကင်း၍
ကောင်းမှုကိုပြုလျှင် စာရာ၏စစ်မှန်သောသား
သမီးများ ဖြစ်ကြ၏။

7ထိုနည်းတူပင် သင်တို့ယောကျ်ားတို့သည်
ကိုယ်ခင်ပွန်းတို့နှင့်အတူ နားလည်တတ်သော
နည်းလမ်းဖြင့် အသက်ရှင်ရမည်။ သင်တို့သည်
သင်တို့၏မိန်းမများကို ရိုသေမှုပြုကြလော့။ သူ
တို့သည် သင်တို့ထက် သာ၍အားနည်းကြ၏။
သို့သော်လည်း ဘုရားသခင်သည် သင်တို့၏
ခင်ပွန်းကို ပေးသောကောင်းချီးအတိုင်း သင်
တို့ကို ပေးတော်မူ၏။ သင်တို့အား စစ်မှန်သော
အသက်တာကို ပေးသောအရာသည် ကျေးဇူး
တော်ဖြစ်၏။ သင်တို့၏ဆုတောင်းခြင်းအမှု၌အ
ဘယ်အရာမျှ မဆီးတားစေခြင်းငှါ ဤအရာ
များကို ပြုလုပ်ကြလော့။

## မှန်ကန်စွာပြုလုပ်ခြင်းကြောင့် ခံရသောဆင်းရဲဒုက္ခ

8ထိုကြောင့် သင်တို့အားလုံးသည် ငြိမ်းချမ်း
စွာ အတူတကွနေထိုင်ကြလော့။ တစ်ယောက်
နှင့်တစ်ယောက် နားလည်ကြလော့။ ညီအစ်ကို
ကဲ့သို့ အချင်းချင်းချစ်ကြလော့။ စိတ်နှိမ့်ချ
ခြင်းနှင့် ကြင်နာခြင်းရှိကြလော့။ 9ကိုယ့်အဘို့
မကောင်းမှုပြုသောသူကို လက်တုံ့ပြန်ရန်
မကောင်းမှုကို မပြုကြနှင့်။ မိမိကို မကောင်း
ပြောသောကြောင့် ပြန်လည်တုံ့ပြန်မှုဖြင့် ပြန်
၍မကောင်းကြောင်း မပြောကြနှင့်။ သို့သော်
လည်း ထိုသူကို ကောင်းချီးပေးရန် ဘုရားသခင်
အား တောင်းခံကြလော့။ ထိုသို့ပြုကြလော့။
အကြောင်းမူကား၊ သင်တို့သည် ကောင်းကြီးခံ
စားရန်ဖိတ်ခေါ်ခြင်းခံသောသူများဖြစ်ကြ၏။
10ကျမ်းစာဆိုသည်မှာ

"အသက်တာ၌ ပျော်ရွှင်လိုချ် ကောင်း
သောနေ့ရက်များစွာကို ရရှိလိုသော
သူသည် မကောင်းမှုပြောခြင်းနှင့် မုသာ
သုံးခြင်းမှ ကိုယ်ကိုရှောင်ဖယ်ရမည်' ဟု
လာသတည်း။

11 ထိုသူသည် မကောင်းသော အကျင့်ကို
အဘယ်သောအခါမျှ မကျင့်ရ။သို့သော်
လည်း၊ ကောင်းသောအကျင့်ကို ကျင့်ရ
မည်။ သူသည် ငြိမ်သက်ခြင်းကို ကြိုးစား
ရှာဖွေ၍ ရရှိရန် ဆက်လက်ကြိုးစားရ
မည်။

12 ထာဝရဘုရားသည် လူကောင်းတို့ကို
ကြည့်ရှုတော်မူ၍သူတို့၏ဆုတောင်းခြင်း
ကို နားညောင်းတော်မူ၏။ သို့သော်
လည်း ထာဝရဘုရားသည် မကောင်းမှု
ကို ပြုသောသူတို့အား ဆန့်ကျင်တော်
မူ၏။"
*ဆာလံ၊ 34:12-16*

13သင်တို့သည် အစဉ်အမြဲ ကောင်းမှုပြုလို
လျှင် အဘယ်သူကမျှ သင်တို့ကို ညှဉ်းဆဲလိမ့်
မည်မဟုတ်။ 14သင်တို့သည် ကောင်းမှုပြုခြင်း
ကြောင့် ဒုက္ခခံရလျှင် ဘုရားသခင်၏ကောင်း
ကြီးပေးခြင်းကိုခံရလိမ့်မည်။ "လူတို့၏ခြိမ်း
ခြောက်ခြင်းကို မကြောက်ကြနှင့်။ မစိုးရိမ်ကြ
နှင့်။"* 15သို့သော်လည်း သင်တို့သည် ခရစ်
တော်ကို အစဉ်အမြဲရှိသေ၍ သင်တို့အသက်
တာ၏အရှင်သခင်အဖြစ်ထားရှိရမည်။ သူတို့၌
ရှိသောမျှော်လင့်ခြင်းကို မေးသူတိုင်းအား ရှင်း
ပြပြောဆိုရန်အဆင်သင့် ရှိကြလော့။ 16သို့သော်
လည်း၊ သူတို့ကို ရိုသေမှုနှင့် နူးညံ့စွာပြောဆို
ကြလော့။ သင်တို့သည်ကောင်းမှုပြုနေသည်
ကို ကိုယ်စိတ်ထဲတွင် သဘောပေါက်နားလည်
ကြလော့။ ခရစ်တော်၌ရှိသောအသက်တာကို
မကောင်းကြောင်း ပြောသောသူတို့သည် အ
ရှက်ရကြလိမ့်မည်။ 17ကောင်းသောအကျင့်
ကျင့်ခြင်းကြောင့် ဒုက္ခခံခြင်းသည် မကောင်း
သောအကျင့်ကျင့်ခြင်းထက် သာ၍ကောင်း
၏။ ဘုရားသခင်၏အလိုတော်ဖြစ်လျှင် သာ၍
ကောင်း၏။ 18ခရစ်တော်ကိုယ်တိုင် သင်တို့အ
တွက် အသေခံတော်မူ၏။ ထိုသေခြင်းတစ်ခု
တည်းကပင်လျှင် သင်တို့၏အပြစ်အတွက် ပေး
ဆပ်ခဲ့၏။ ကိုယ်တော်၌ အပြစ်မရှိသော်လည်း
အပြစ်ရှိသူတို့အတွက် အသေခံတော်မူ၏။ သင်
တို့အားလုံးကို ဘုရားသခင်ထံတော်သို့ ပို့
ဆောင်ဖို့အလို့ငှါ ကိုယ်တော်သည် ဤသို့ပြု
တော်မူ၏။ ကိုယ်ခန္ဓာတော်ကို သတ်ဖြတ်ခြင်း
ခံတော်မူ၏။ သို့သော်လည်း ဝိညာဉ်အားဖြင့်
အသက်ရှင်တော်မူ၏။ 19ထို့အပြင် ကိုယ်တော်
သည် သွား၍ ထောင်ထဲ၌ လှောင်ထားသော
ဝိညာဉ်တို့အား တရားဟောတော်မူ၏။ 20ထို
ဝိညာဉ်တို့သည် နောလေက်ထက် ကပင်
ဘုရားသခင်ကို နာခံရန် ငြင်းပယ်သောဝိညာဉ်
များ ဖြစ်ကြ၏။ နောဧသည် သင်္ဘောကို တည်
ဆောက်နေစဉ် ဘုရားသခင်သည် သူတို့ကို
စိတ်ရှည်စွာစောင့်တော်မူ၏။ လူအနည်းငယ်
တည်းဟူသော လူရှစ်ယောက်သာသင်္ဘော
ထဲမှာ ကယ်ဆယ်ခြင်းခံရ၏။ ထိုသူတို့သည် ရေ
အားဖြင့် ကယ်တင်ခြင်းကိုခံရ၏။ 21ထိုရေသည်
ယခုတွင် သင်တို့ကို ကယ်တင်သောဗတ္တိဇံကဲ့

---

**"လူတို့၏ … မစိုးရိမ်ကြနှင့်"** ဟေရှာရ 8:12

သို့ပင် ဖြစ်၏။ ဗတ္တိဇံသည် သင်တို့၏ကိုယ်ခန္ဓာ
မှအညစ်အကြေးများကို ဆေးကြောခြင်းမ
ဟုတ်။ သို့သော်လည်း ဗတ္တိဇံသည် စိတ်နှလုံး
ပြူစင်ရန် ဘုရားသခင်အား တောင်းခံခြင်းဖြစ်
၏။ ယေရှုခရစ်၏ရှင်ပြန်ထမြောက်တော်မူခြင်း
ကြောင့် သင်တို့သည် ကယ်တင်ခြင်းသို့ရောက်
ကြ၏။ [22]ယေရှုသည် ယခုတွင် ကောင်းကင်ဘုံ
သို့ ကြွတော်မူသည်ဖြစ်၍ ဘုရားသခင်၏
လက်ယျာတော်ဘက်၌ ထိုင်တော်မူ၏။ ကိုယ်
တော်သည် ကောင်းကင်တမန်တော်များ၊ အာ
ဏာတော်များနှင့် တန်ခိုးတော်များတို့ကို အုပ်
စိုးတော်မူ၏။

## ပြောင်းလဲသောအသက်တာ

4 ခရစ်တော်သည် လူသားဖြစ်နေစဉ်တွင်
ဆင်းရဲဒုက္ခခံတော်မူ၏။ ထို့ကြောင့် သင်တို့
သည် ခရစ်တော်၌ရှိသောသဘောကဲ့သို့ ရှိ၍
ဆင်းရဲဒုက္ခခံရန် အဆင်သင့်ဖြစ်ကြလော့။ အ
ကြောင်းမူကား၊ ကိုယ်ခန္ဓာ၌ ဆင်းရဲဒုက္ခခံ
သောသူသည် ဒုစရိုက်နှင့်လွတ်ငြိမ်း၏။ [2]ဤ
လောက၌ ကျန်ရှိနေသေးသောသင်တို့၏အ
သက်တာသည် လူတို့၏အလိုဆန္ဒအတိုင်းမ
ဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်အတိုင်း အ
သက်ရှင် ရမည်အကြောင်း ဤသို့ပြုရမည်။
[3]သင်တို့သည် အထက်က မယုံကြည်သူတို့
ပြုလုပ်လိုသောအရာအတိုင်း လုပ်လိုသောအ
သက်တာများကို ကြိုက်နှစ်သက်ခြင်းဖြင့် အ
ချိန်ကို များစွာဖြုန်းကြ၏။ သင်တို့သည် ကိလေ
သာအပြစ်များကို လွန်ကျူး၍ သင်တို့၏တပ်
မက်သောမကောင်းသောအမှုများကို ပြုကြ၏။
ယစ်မူးခြင်း၊ ရိုင်းစိုင်းခြင်း၊ ဖြုန်းတီးသောပွဲလုပ်
ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်း၌ ပါဝင်ခြင်းတို့ကို
ပြုလုပ်ကြ၏။ [4]မယုံကြည်သောသူတို့သည် သူ
တို့ပြုသည့်ရိုင်းစိုင်း၍ ဖြုန်းတီးသောအရာများ
ကို သင်တို့မပြုသည်ကို ထူးဆန်းသည်ဟု ထင်
မှတ်ကြ၏။ ထို့ကြောင့် သင်တို့အား မကောင်း
ကြောင်း ပြောဆိုကြ၏။ [5]ထိုသူတို့သည် မိမိပြု
ခဲ့သောအရာများကို ပြန်လည်ရှင်းပြရမည်။
သက်ရှင်သောသူတို့ကိုရင်း၊ သေသောသူတို့
ကိုရင်း တရားစီရင်ရန် အဆင်သင့်ရှိတော်မူ
သောသူထံတော်သို့ သူတို့သည် ဖြေရှင်းရမည်
ဖြစ်၏။ [6]ယခုတွင် သေနေသောသူ တို့သည်
လူအားလုံးတို့ကို တရားစီရင်သောနည်းလမ်း
ဖြင့် တရားစီရင်ခြင်းခံရမည် ဖြစ် သောကြောင့်
သူတို့ထံသို့ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း
ကို ဟောပြောရ၏။ သူတို့သည် အသက်ရှင်နေ
စဉ်ပြုလုပ်ခဲ့သောအရာများအတွက် တရားစီ
ရင်ခြင်းခံရမည်။ သို့သော်လည်း၊ ဘုရားသခင်
သည် အသက်ရှင်တော်မူသကဲ့သို့ သူတို့သည်
စိတ်ဝိညာဉ်အားဖြင့်အသက်ရှင်မည်အကြောင်း
ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းသည် သူတို့
ထံသို့ ဟောပြောရ၏။

## ဘုရားသခင်၏ဆုကျေးဇူးများကြောင့် စေတမန်ကောင်းဖြစ်လော့

[7]ခပ်သိမ်းသောအမှုတို့သည် အဆုံးသို့
ရောက်လုသည် ဖြစ်သောကြောင့်သင်တို့သည်
ကိုယ်ကို ထိန်းချုပ်လျက် စိတ်ကြည်လင်စေကြ
လော့။ ဤအရာသည် ဆုတောင်းခြင်းအလို့ငှါ
မစလိမ့်မည်။ [8]အရေးကြီးဆုံးသောအရာသည်
သင်တို့အချင်းချင်း စိတ်နှလုံးအကြွင်းမဲ့ချစ်ခင်
ကြရန် ဖြစ်၏။ ချစ်ချင်းမေတ္တာသည် အပြစ်
များစွာကို ဖုံးလွှမ်းတတ်၏။ [9]မြည်တမ်းခြင်းမ
ရှိဘဲ အချင်းချင်းဧည့်သည်ဝတ်ကို ပြုကြလော့။
[10]သင် တို့တစ်ဦးစီသည် ဘုရားသခင်၏ဝိညာဉ်
ဆုကျေးဇူးကို လက်ခံရရှိကြ၏။ ဘုရားသခင်၏
ကျေးဇူးတော်သည် သင်တို့ထံသို့ နည်းလမ်း
များစွာဖြင့် ပြသတော်မူပြီ။ သင်တို့သည် ဘုရား
သခင်၏ဆုကျေးဇူးများကို အသုံးပြုဘို့ တာဝန်
ဝတ္တရားရှိသော အစေခံကျွန်များကဲ့သို့ ဖြစ်ကြ
၏။ ထို့ကြောင့် ထိုဆုကျေးဇူးများကို အသုံးပြု
၍ အချင်းချင်းအမှုဆောင်ရွက်ခြင်းအားဖြင့်
ဘုရားသခင်၏အစေခံကောင်းများ ဖြစ်ကြ
လော့။ [11]စကားပြောဆိုသောသူသည် ဘုရား
သခင်၏အထံတော်မှ လာသောစကားကိုသာ

ပြောရမည်။ အမှုတော်ဆောင်ရွက်သောသူ
သည် ဘုရားသခင်ပေးတော်မူသောခွန်အား
ဖြင့်သာ အမှုတော်ဆောင်ရွက်ရမည်။ ဘုရား
သခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့်
ချီးမွမ်းခြင်းခံရမည်အကြောင်း သင်တို့သည်ဤ
ကဲ့သို့ ပြုကြလော့။

## ခရစ်ယာန်တစ်ယောက်အနေဖြစ် ဆင်းရဲဒုက္ခခံရခြင်း

12 မိတ်ဆွေတို့၊ ယခုတွင် သင်တို့၏ခံစားနေ
ရသော နာကျင်သောဒုက္ခဆင်းရဲခြင်းကြောင့်
မအံ့သြကြနှင့်။ ထိုအရာများသည် သင်တို့၏
ယုံကြည်ခြင်းကို စစ်ဆေးခြင်းဖြစ်၏။ ထူးခြား
သောအရာများသည်သင်တို့၌ ဖြစ်ပေါ်သည်ဟု
မထင်ကြနှင့်။ 13 ခရစ်တော်၏ဆင်းရဲဒုက္ခကို ဝေ
မျှခံစားရသောကြောင့် ဝမ်းမြောက်သင့်၏။
ခရစ်တော်သည် ဘုန်းအသရေတော်နှင့်ကြွလာ
သောအခါ သင်တို့သည် ဝမ်းမြောက်ခြင်းနှင့်
ပြည့်ဝလိမ့်မည်။ 14 ခရစ်တော်၏နောက်လိုက်
ခြင်းကြောင့် လူတို့သည် သင်တို့၏မကောင်း
ကြောင်းပြောသောအခါဝမ်းမြောက်ကြလော့။
အကြောင်းမူကား ဘုန်းကြီးသောဝိညာဉ်တော်
သည် သင်တို့နှင့်အတူ ကျိန်းဝပ်တော်မူ၏။ ထို
ဝိညာဉ်သည် ဘုရားသခင်၏ဝိညာဉ်တော်ဖြစ်
တော်၏။ 15 သူတစ်ပါးကို သတ်ခြင်းအပြစ်၊ ခိုး
ခြင်းအပြစ်၊ အမှားလွန်ကျူးခြင်း အပြစ်နှင့် သူ
တပါးအမှု၌ ဝင်စွက်ခြင်းအပြစ်ကြောင့် သင်တို့
သည် ဒုက္ခဆင်းရဲမခံသင့်။
16 သို့သော်လည်းခရစ်ယာန်ဖြစ်ခြင်းကြောင့်
သင်တို့သည် ဒုက္ခခံစားရလျှင် မရှက်ကြနှင့်။
ထိုသို့ပြုမည့်အစားထိုနာမကိုခံယူခြင်းကြောင့်
ဘုရားသခင်ကို ချီးမွမ်းကြလော့။ 17 ဤအချိန်
သည် တရားစီရင်ခြင်းအတွက် စတင်ရန် အချိန်
ဖြစ်၏။ ဘုရားသခင်၏မိသားစုမှစ၍ တရားစီ
ရင်ခြင်းအမှုကိုစတင်မည်။တရားစီရင်ခြင်းသည်
ငါတို့နှင့်စတင်လျှင် ဘုရားသခင်၏ဝမ်းမြောက်
ဖွယ်ရာသတင်းကောင်းကို လက်မခံသောသူ
တို့၌ အဘယ်သို့ ဖြစ်မည်ကို ဆင်ခြင်ကြလော့။
18 "ကောင်းသောသူ တစ်ယောက်သည်
ကယ်တင်ခြင်းသို့ ရောက်ရန် အလွန်ပင်
ခဲယဉ်းသည်မှန်လျှင် အပြစ်သားတို့၌
ဘုရားသခင်ကို ဆန့်ကျင်သောသူတို့
သည် အဘယ်သို့ ဖြစ်လိမ့်မည်နည်း။"
*သုတ္တံ၊ 11:31 (ဂရိမူရင်းကျမ်းစာ)*

19 ထို့ကြောင့် ဘုရားသခင်၏အလိုတော်နှင့်အ
ညီ ဆင်းရဲခံရသောသူတို့သည် မိမိကိုယ်ကို
ဘုရားသခင်ထံတော်သို့ ဆက်ကပ်အပ်နှံရ
မည်။ ဘုရားသခင်သည် သူတို့ကို ဖန်ဆင်း
တော် မူသောသူဖြစ်သောကြောင့် သူကို ကိုး
စားနိုင်၏။ထို့ကြောင့် ကောင်းသောအရာများ
ကို ဆက်လုပ်ရန် လိုအပ်ပေ၏။

## ဘုရားသခင်၏သိုးစု

5 ယခုတွင် ငါသည် သင်တို့အုပ်စု၌ရှိသော
သင်းအုပ်တို့ကိုပြောရန် စကားအချို့ရှိ၏။
ငါကိုယ်တိုင်သည်လည်း သင်းအုပ်တပါး ဖြစ်၏။
ငါသည် ခရစ်တော်၏ဆင်းရဲဝေဒနာကို ကိုယ်
မျက်စိဖြင့်မြင်ခဲ့ပြီး ငါတို့တွင် ထင်ရှားတော်မူ
မည့်ဘုန်းအသရေကို ပြောပြမည်။ 2 သင်တို့၌ရှိ
သောလူစုတို့၏အမှုဝတ္တရားကို ကြည့်ရှုစောင့်
ရှောက်ရန် ငါတောင်းပန်ပါ၏။ သူတို့သည်
ဘုရားသခင်၏သိုးတော်စု* ဖြစ်၏။ သင်တို့ကို
အဓမ္မထိန်းစေသောကြောင့် မဟုတ်၊ စေတနာ
စိတ်ရှိစွာဖြင့် သူတို့ကို ကြည့်ရှုစောင့်ရှောက်
ကြလော့။ ဘုရားသခင်သည် သင်တို့အား အမှု
တော်ဆောင်ရန် အလိုရှိသောနည်းလမ်းသည်
ဤနည်းလမ်းဖြစ်၏။ ငွေလိုသောကြောင့် ပြု
ခြင်းမဟုတ်ဘဲ ပြုလိုသောကြောင့်ပြုခြင်း ဖြစ်
ပါစေ။ 3 သင်တို့၏တာဝန်ကျရာလူစုတို့အပေါ်
တွင် အုပ်ချုပ်သူမဖြစ်ကြနှင့်။ ထိုသို့အစား၊ သူ
တို့တွင် ပုံသက်သေကောင်း ဖြစ်ကြလော့။ 4 သို့
ဖြစ်လျှင် သိုးထိန်းအကြီးကြွလာတော်မူသောအ
ခါ သင်တို့သည် သရဖူကို လက်ခံရရှိလိမ့်မည်။

---

**ဘုရားသခင်၏သိုးစု** ဘုရားသခင်၏လူများသူတို့သည် ထိန်းသိမ်းဖို့လိုသောသိုးစုကဲ့သို့ ဖြစ်သည်။

ထိုသရဖူသည် ဘုန်းအသရေတော်နှင့် ပြည့်စုံ
ပြီး၊ ထိုအရာ၏အလှသည် ဘယ်သောအခါမျှ
မပျောက်ကွယ်ပါ။
[5]အသက်ပျိုသောသူတို့အားပြောရန်စကား
အချို့ရှိ၏။ အသက်ကြီးသောသူတို့၏အုပ်စိုး
ခြင်းကို ဝန်ခံကြလော့။ သင်တို့အားလုံးသည် အ
ချင်းချင်းတစ်ယောက်အောက် တစ်ယောက်
စိတ်နှိမ့်ချခြင်းရှိကြလော့။

“ဘုရားသခင်သည် ထောင်လွှားသော
သူတို့ကို ဆန့်ကျင်တော်မူ၏။ သို့သော်
လည်း စိတ်နှိမ့်ချသူတို့ကို ကောင်းကြီး
ပေးတော်မူ၏။”

*သုတ္တံ၊ 3:34*

[6]ထို့ကြောင့် ဘုရားသခင်၏တန်ခိုးနှင့် ပြည့်ဝ
သောလက်တော်အောက်၌ နှိမ့်ချမှုရှိကြလော့။
သို့မှသာ ကာလအချိန်တန်လျှင် ဘုရားသခင်
သည် သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်။
[7]သင်တို့၏စိုးရိမ်ပူပန်မှုမရှိသမျှကို ကိုယ်တော်၌
အပ်နှံကြလော့။ အကြောင်းမူကား၊ ကိုယ်
တော်သည် သင်တို့အတွက် သတိနှင့်ကြည့်ရှု
တော်မူ၏။
[8]ကိုယ့်ကိုကိုယ် ချုပ်တည်းခြင်းရှိ၍ သတိရှိ
ကြလော့။ မာရ်နတ်သည် သင်တို့၏ရန်သူဖြစ်
၏။ လူအချို့ကို ကိုက်စားရန် ဟောက်သော
ခြင်္သေ့ကဲ့သို့ လှည့်လည်ရှာဖွေနေ၏။ [9]သင်တို့
၏ယုံကြည်ခြင်း၌ ခိုင်မြဲစွာရပ်တည်၍ မာရ်နတ်
ကို ဆန့်ကျင်ကြလော့။ တလောကလုံး၌ ရှိ
သောသင်တို့၏ ညီအစ်ကိုမောင်နှမအားလုံးတို့
သည် သင်တို့ကဲ့သို့ ဆင်းရဲဒုက္ခကိုခံစားနေရ
သည်ကို သင်တို့သိကြ၏။

[10]အချိန်တွင် သင်တို့သည် တစ်ခဏသာ
ဆင်းရဲဒုက္ခကိုခံစားရမည်။ သို့သော်လည်း
နောက်ဆုံး၌ ဘုရားသခင်က အရာခပ်သိမ်းကို
ဖြောင့်မှန်စွာ စီစဉ်တော်မူလိမ့်မည်။ သင်တို့
သည် မလဲကျမည်အကြောင်း ဘုရားသခင်
သည် သင်တို့ကို ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။
ဘုရားသခင်သည် ကျေးဇူးတော်အားလုံးကို
ပေးတော်မူသောသူဖြစ်၏။ သင်တို့သည် ခရစ်
တော်ယေရှု၌ရှိသော ဘုရားသခင်၏ဘုန်းအသ
ရေကို ဝေငှရန် ခေါ်တော်မူခြင်းခံသောသူများ
ဖြစ်ကြ၏။ [11]ထိုဘုရားသခင်သည် ဘုန်းတန်ခိုး
တော်အားလုံးကို အစဉ်အမြဲ ပိုင်ဆိုင်တော်
မူ၏။ အာမင်။

## နောက်ဆုံးနှုတ်ဆက်ခြင်း

[12]သိလ၏ ကူညီမှုဖြင့် ဤစာတို့ကို ငါရေး
၏။ သူသည် ခရစ်တော်၌ သစ္စာရှိသော ညီ
အစ်ကို ဖြစ်ကြောင်းငါသိ၏။ သင်တို့ကို ခွန်
အားပေးတိုက်တွန်းရန်နှင့်ဤအရာသည် ဘုရား
သခင်၏စစ်မှန်သော ကျေးဇူးတော်ဖြစ်ကြောင်း
သင်တို့ကို သိစေခြင်းငှါ ဤသို့သောစာကို ငါ
ရေး၏။ ထိုကောင်းကြီးအပေါ်တွင် ခိုင်မြဲစွာရပ်
တည်ကြလော့။ [13]ဗာဗုလုန်မြို့၌ရှိသောအသင်း
တော်သည် သင်တို့ကို နှုတ်ဆက်ပါ၏။ ထိုသူ
တို့သည် သင်တို့ကဲ့သို့ပင် ရွေးချယ်ခြင်းခံရ
သောသူများဖြစ်ကြ၏။ ခရစ်တော်၌ ငါ့သား
ဖြစ်သောမာကုသည်လည်း သင်တို့ကို နှုတ်
ဆက်ပါ၏။ [14]သင်တို့တွေ့ဆုံကြသောအခါ အ
ချင်း ချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ချင်း
မေတ္တာနမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။ ခရစ်
တော်နှင့်ဆိုင်သောသင်တို့အားလုံး၌ ငြိမ်သက်
ခြင်းရှိစေသတည်း။

# ရှင်ပေတရုဩဝါဒစာ ဒုတိယစောင်

1 ယေရှုခရစ်၏တမန်တော်နှင့် အစေခံကျွန်၊
ရှိမုန်ပေတရုမှ နှုတ်ဆက်သပါ၏။ ငါတို့
ကဲ့သို့ အဖိုးထိုက်သောယုံကြည်ခြင်းရှိသောသင်
တို့အားလုံးအား ကြားလိုက်ပါ၏။ ငါတို့၏
ဘုရားသခင်နှင့် ကယ်တင်ရှင်ယေရှုခရစ်သည်
တရားမျှတသဖြင့် သင်တို့သည်ထို ယုံကြည်
ခြင်းကို ရရှိကြ၏။
2ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်
တို့၌ ပို၍ရှိပါစေ။ သင်တို့သည်ဘုရားသခင်နှင့်
ငါတို့၏သခင်ယေရှုကို မှန်ကန်စွာ သိသော
ကြောင့် ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကိုရရှိ
ကြလိမ့်မည်။

### ငါတို့လိုအပ်သမျှသည် ဘုရားရှင်ပေးတော်မူပြီ

3ယေရှုသည် ဘုရားသခင်၏တန်ခိုးတော်ကို
ရရှိတော်မူ၏။ ကိုယ်တော်၏တန်ခိုးသည် အ
သက်ရှင်ခြင်းနှင့် ဘုရားသခင်ကို အစေခံခြင်း၌
ငါတို့လိုအပ်သမျှတို့ကို ပေးအပ်တော်မူပြီ။ ငါ
တို့သည် ကိုယ်တော်ကို မှန်ကန်စွာ သိသော
ကြောင့် ထိုအရာများကိုရရှိ၏။ ယေရှုသည်
မိမိ၏ဘုန်းအသရေတော်နှင့် ကောင်းမြတ်ခြင်း
အားဖြင့် ငါတို့ကို ခေါ်တော်မူ၏။ 4ကိုယ်တော်
သည် မိမိ၏ဘုန်းအသရေတော်နှင့် ကောင်း
မြတ်ခြင်းကြောင့် ဂတိပေးတော်မူသောကြီး
မြတ်၍ ကြွယ်ဝချမ်းသာသောဆုကျေးဇူးများ
ကို ငါတို့အား ပေးတော်မူပြီ။ ထိုဆုကျေးဇူး
များကြောင့် သင်တို့သည် ဘုရားသခင်၏ဂတိ
တော်ကို ဆက်ဆံရ၏။ ထို့ကြောင့် ညစ်ညူး
သောလောကီတပ်မက်ခြင်းသည် သင်တို့ကို
ပျက်စီးနိုင်လိမ့်မည်မဟုတ်။
5ထိုကောင်းချီးများကိုခံစားရသောကြောင့်
ဤအရာများကို သင်တို့၏အသက်တာ၌ ထပ်
၍ တိုးပွားစေလော့။ သင်၏ယုံကြည်ခြင်းကို
ကောင်းမှုဖြင့် သော်လည်းကောင်း၊ သင်၏
ကောင်းမှုကို အသိဉာဏ်ဖြင့်သော်လည်း
ကောင်း၊ 6အသိဉာဏ်ကို ကာမဂုဏ်ချုပ်တည်း
ခြင်းဖြင့် သော်လည်းကောင်း၊ ကာမဂုဏ်ချုပ်
တည်းခြင်းကို သည်းခံခြင်းနှင့် လည်းကောင်း၊
သည်းခံခြင်းကို ဘုရားဝတ်ပြုခြင်းနှင့်လည်း
ကောင်း၊ 7ဘုရားဝတ်ပြုခြင်းကို ခရစ်တော်၌
ရှိသောသင်တို့၏ ညီအစ်ကိုမောင်နှမတို့ကို
ကြင်နာခြင်းဖြင့် သော်လည်းကောင်း၊ ခရစ်
တော်၌ရှိသောသင်တို့၏ညီအစ်တို့ကို ကြင်နာ
ခြင်းကို မေတ္တာဖြင့်သော်လည်းကောင်း ထပ်
ဆင့်ကြလော့။ 8ထိုအရာတို့သည် သင်တို့၌ရှိ၍
ကြီးထွားလာလျှင် အသုံးမကျသောသူ မဖြစ်
စေခြင်းငှါ သင်တို့ကို ကူညီလိမ့်မည်။ ထိုအရာ
တို့သည် ယေရှုခရစ်ကို သိကျွမ်းခြင်း၌ အကျိုးမဲ့
မဖြစ်စေခြင်းငှါ သင်တို့ကို ကူညီမစလိမ့်မည်။
9ထိုအရာအားလုံးသည် လူတစ်ယောက်၌ မရှိ
လျှင် သူသည် ရှင်းလင်းစွာ မမြင်နိုင်။ ထိုသူ
သည် မျက်စိကန်း၏။ မိမိအပြစ်ဟောင်းဆေး
ကြောကြောင်းကို မေ့လျော့၏။
10ငါ့ညီအစ်ကိုမောင်နှမတို့၊ သင်တို့ခံရ
သောခေါ် တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်း
ကို ထင်ရှားစေခြင်းငှါ ကြိုးစားအားထုတ်ကြ
လော့။ ထိုအရာအားလုံးကို သင်တို့လုပ်
ဆောင်လျှင် ရွှေလျော့ခြင်းနှင့်အစဉ်ကင်းလွတ်
ကြလိမ့်မည်။ 11ထို့အပြင် သင်တို့သည် ငါတို့ကို
ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်
၏ထာဝရနိုင်ငံတော်ထဲ၌ ဘုန်းကြီးသောခေါ်

ဖိတ်ခြင်းခံရကြလိမ့်မည်။ 12ဤအရာများကို
သင်တို့သိကြ၏။ သင်တို့ရရှိသောသမ္မာတရား
ကို သင်တို့သည် ခိုင်မြဲစွာချုပ်ကိုင်ထားလျက်
ရှိ၏။ သို့သော် ဤအရာအားလုံးကို သတိရရန်
ငါသည် အမြဲကူညီမည်။ 13ငါသည် ဤလောက
၌အသက်ရှင်စဉ်ဤအရာကို သင်တို့အား အစဉ်
မပြတ်သတိပေးရန် အမှန်လိုအပ်သည်ဟု ထင်
မှတ်၏။ 14ဤခန္ဓာကိုယ်ကို ငါသည် မကြာခင်
စွန့်ခွာရမည်ကို ငါသိ၏။ ငါတို့၏သခင်ယေရှု
ခရစ်သည် ထိုအရာကို ငါ့အား ဖော်ပြပြီးဖြစ်
၏။ 15ဤအရာကို အမြဲသတိရစေခြင်းငှါ သင်
တို့ကို ငါတတ်နိုင်သလောက်ကူညီမည်။ ငါစု
တေ့သည့်နောက်မှာလည်း ဤအရာတို့ကို သ
တိရစေခြင်းငှါ ငါအလိုရှိ၏။

## ခရစ်တော်၏ဘုန်းအသရေကိုငါတို့မြင်ရ၏

16ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်အ
ကြောင်းကိုရင်း၊ ကြွရောက်လာတော်မူခြင်းကို
ရင်း၊ သင်တို့အား ငါတို့ပြောနှင့်ပြီ။ ငါတို့ပြော
ခဲ့သောအရာသည် ပရိယာယ်နှင့်ပြင်ဆင်သော
ပုံပြင်မဟုတ်။ သို့သော်လည်း ယေရှု၏ဘုန်းအာ
နုဘော်ကို ငါတို့ကိုယ်တိုင် မြင်ရပြီ။ 17ယေရှု
သည် ဘုန်းအသရေ၊ ဘုန်းအာနုဘော်နှင့် ပြည့်
စုံတော်မူသောဘုရားသခင်၏ အသံတော်ကို
ကြားတော်မူ၏။ အဘခမည်းတော်ဘုရား
သခင်ထံမှ ဂုဏ်အသရေနှင့်ဘုန်းတန်ခိုးကို
ယေရှုရရှိတော်မူသော အချိန်၌ဖြစ်၏။ အသံ
တော်က "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊
ငါ၏ချစ်သောသားပေတည်း" ဟုမိန့်တော်မူ၏။
18ငါတို့သည် ယေရှုနှင့်သန့်ရှင်းသောတောင်
ပေါ်၌ရှိစဉ် ထိုအသံသည်ကောင်းကင်မှလာ၏။
19ထိုအရာသည် ပရောဖက်တို့ပြောခဲ့သော
အရာအတွက် ငါတို့အား ပို၍သေချာစေ၏။
ပရောဖက်တို့ ပြောခဲ့သောအရာများကို အစဉ်
တစိုက်လိုက်နာခြင်းငှါ မှန်ကန်သောအရာများ
ကို သင်တို့ပြုနေပါလိမ့်မည်။ သူတို့ပြောသော
အရာများသည် မှောင်မိုက်သောအရပ်၌ ထွန်း
လင်းသောအလင်းကဲ့သို့ ဖြစ်၏။ ထိုအလင်း
သည် တစ်နေ့တာ၏အစမှစ၍ ထွန်းလင်းနေ
သောအလင်းတော်ဖြစ်၍ သင်တို့၏စိတ်နှလုံး
ထဲ၌ လင်းသောနံနက်ကြယ်ဖြစ်၏။ 20အရာရာ
အားလုံးထက် သင်တို့သည် ဤအရာကို နား
လည်သဘောပေါက်ကြလော့။ ကျမ်းစာ၌ ပါ
သောအနာဂတ္တိစကားမည်သည်ကား၊ ကိုယ်
အလိုအလျောက်အနက်မဖော်။ 21အနာဂတ္တိ
စကားသည် လူ့အလိုအားဖြင့် ဖြစ်ဘူးသည်
မဟုတ်။ လူတို့သည် ဘုရားသခင်ထံမှ အရာ
တို့ကို သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်
တော်၏တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟော
ပြောကြ၏။

## မိစ္ဆာဆရာများ

2 အတိတ်ကာလအချိန်၌ ဘုရားသခင်၏လူ
တို့တွင် မိစ္ဆာဆရာများရှိကြ၏။ ယခု
လည်း မိစ္ဆာဆရာများသည် သင်တို့တွင် ရှိကြ
လိမ့်မည်။ သူတို့သည် လူတို့ကို ပျောက်ဆုံး
ခြင်းသို့ ရောက်စေတတ်သော မှားယွင်းသော
သွန်သင်ခြင်းများကို လျှို့ဝှက်စွာ သယ်ဆောင်
လာလိမ့်မည်။ သူတို့သည် မိမိတို့အတွက် လွတ်
ငြိမ်းခြင်းကို ဝယ်တော်မူသောသခင်ကိုပင်
လက်ခံခြင်းငှါ ငြင်းပယ်ကြလိမ့်မည်။ ထို့ကြောင့်
သူတို့အပေါ်သို့ သောဖျက်ဆီးခြင်းလျင်မြန်စွာ
ရောက်လိမ့်မည်။ 2အများသောလူတို့သည် သူ
တို့၏ညစ်ညူးသောလမ်းများကို လိုက်လျှောက်
ကြလိမ့်မည်။ ထို့နောက် သူတို့ကြောင့် အခြား
သောသူတို့သည် သမ္မာတရားလမ်းအကြောင်း
ကို အထင်မှားကြလိမ့်မည်။ 3ထိုမိစ္ဆာဆရာ
တို့သည် သင်တို့၏ငွေကိုသာ လိုချင်၏။ ထို့
ကြောင့် ချော့မော့တတ်သောမုသာစကားကို
ပြောခြင်းအားဖြင့် သူတို့သည် သင်တို့ကို အသုံး
ပြုကြလိမ့်မည်။ သို့ရာတွင် ထိုမိစ္ဆာဆရာတို့
သည် အပြစ်စီရင် ခြင်းကိုခံနှင့်ပြီးဖြစ်၏။ သူတို့
ကို ဖျက်ဆီးမည့်သူထံမှ မလွတ်မြောက်နိုင်။
4ကောင်းကင်တမန်တို့သည် အပြစ်ကို ကျူး
လွန်သောအခါ ဘုရားသခင်သည် သူတို့ကိုပြစ်
ဒဏ်မပေးဘဲ နေတော်မမူ။ ဘုရားသခင်သည်

သူတို့ကို ငရဲထဲသို့ ပစ်ချလိုက်၏။ ဘုရားသခင်
သည် သူတို့ကို မှောင်သောဂူများထဲသို့ ထား
၏။ တရားစီရင်သောရက်တိုင်အောင် သူတို့ကို
ထိုနေရာ၌ထားရှိလိမ့်မည်။ 5ရှေးအချိန်၌ ပြစ်
မှားသောသူတို့ကို ဘုရားသခင်ပြစ်ဒဏ်ပေးခဲ့
၏။ ဘုရားသခင်သည် သူ့ကို ဆန့်ကျင်သော
လောကီသားအပေါင်းတို့ကို ရေလွှမ်းမိုးစေ
တော်မူ၏။ ဘုရားသခင်သည် နောဧနှင့်အတူ
လူခုနစ်ဦးကိုသာ ကယ်ဆယ်ခဲ့၏။ နောဧသည်
မှန်ကန်စွာ အသက်ရှင်ခြင်းငှါ ပြောဆိုသောသူ
ဖြစ်၏။ 6ဘုရားသခင်သည် ဆိုးသွမ်းသော
သောဒုံနှင့် ဂေါမောရမြို့ကိုလည်း ပြစ်ဒဏ်ပေး
တော်မူ၏။ သူတို့သည် ပြာဖြစ်သည့်တိုင်အောင်
သူသည် ထိုမြို့ကိုမီးရှို့တော်မူ၏။ ဘုရားသခင်
သည် နောင်ကာလ၌ မိမိကို ဆန့်ကျင်လာ
မည့်သူတို့၌ မည်သို့ဖြစ်လာမည်ကို ပုံသက်သေ
အဖြစ်ပြသခြင်းငှါ ထိုအရာကိုပြုခဲ့၏။ 7သို့သော်
လည်း၊ ဘုရားသခင်သည် လောတကို ထိုမြို့
များမှ ကယ်တင်တော်မူ၏။ လောတသည်
အလွန်ကောင်းသော လူတစ်ယောက်ဖြစ်၏။
မကောင်းသောသူတို့၏ညစ်ညမ်းသောအသက်
သာကြောင့် သူသည် ဆင်းရဲဒုက္ခခံရ၏။
8လောတသည် လူကောင်းဖြစ်သော်လည်း ထို
ဆိုးသွမ်းသောလူတို့နှင့် နေ့စဉ်အသက်ရှင်နေရ
၏။ လောတ၏ကောင်းသောနှလုံးသားသည်
သူမြင်၍ ကြားရသည့်ညစ်ညမ်းသောအရာ
များကြောင့် နာကျင်၏။ 9ဘုရားသခင်သည်
ဤအရာအားလုံးကိုပြုတော်မူ၏။ သခင်ဘုရား
သည် မိမိကို အစေခံသောသူတို့အား အဘယ်
သို့ ကယ်တင်တော်မူမည်ကို သိနေကြောင်း ဤ
အရာကထင်ရှားစေ၏။ သူတို့သည် ဒုက္ခနှင့်
တွေ့သောအခါ ကိုယ်တော်သည် သူတို့ကို အ
စဉ်အမြဲ ကယ်တင်တော်မူလိမ့်မည်။ ထို့နောက်
တရားစီရင်သောနေ့ကို စောင့်ဆိုင်းနေစဉ်တွင်
ကိုယ်တော်သည် မကောင်းသောအရာပြုလုပ်
သောသူတို့ကို ပြစ်ဒဏ်ပေးလိမ့်မည်။ 10ထိုပြစ်
ဒဏ်သည် မိမိတို့၏အလိုဆန္ဒညစ်ညူးသောဇာ
တိပကတိနှင့်အညီ အပြစ်ကို ကျူးလွန်သောသူ
တို့အတွက် ဖြစ်၏။ ထိုပြစ်ဒဏ်သည် သခင်
ဘုရား၏တန်ခိုးအာဏာကို မုန်းတီးသောသူတို့
အတွက်လည်းဖြစ်၏။

ဤမိစ္ဆာဆရာတို့သည် မိမိတို့လုပ်လိုသော
အရာအားလုံးကို ပြုကြ၍ ဝါကြွားတတ်သော
သူများ ဖြစ်ကြ၏။ သူတို့သည် ဘုန်းအသရေရှိ
သော ကောင်းကင်တမန်များ၏မကောင်း
ကြောင်းကို ပြောဆိုရန် ကြောက်ရွံ့ခြင်းမရှိ။
11ကောင်းကင်တမန်တို့သည် မိစ္ဆာဆရာများ
တို့ထက် သာ၍ခွန်အားကြီးပြီးတန်ခိုးရှိ၏။ သို့
သော်လည်း၊ ကောင်းကင်တမန်တို့သည် ထို
မိစ္ဆာဆရာတို့ကို သခင်ဘုရားရှေ့တော်၌ အ
ပြစ်တင်သောအခါ သူတို့အကြောင်းကို ဆိုးဝါး
စွာမပြောကြ။ 12သို့သော်လည်း၊ ဤမိစ္ဆာဆရာ
တို့သည် သူတို့နားမလည်သောအရာများကို
ဆိုးဝါးစွာ ပြောကြ၏။ သူတို့သည် ဖမ်းဆီး၍
သတ်ဖို့ရာ ပေါက်ဖွားသောတိရစ္ဆာန်ရိုင်းများ
ကဲ့သို့ ဖြစ်ကြ၏။ သူတို့သည် တွေးတောဆင်
ခြင်ခြင်း မပြုဘဲအရာများကို ပြုလုပ်တတ်၏။
13ဤမိစ္ဆာဆရာတို့သည် များစွာသောလူတို့ကို
ဒုက္ခရောက်အောင်ပြုလုပ်ကြ၏။ ထို့ကြောင့်သူ
တို့လည်း ဒုက္ခခံရမည်။ ဤအရာသည် သူတို့ပြု
လုပ်ခဲ့သည့်အရာများအတွက် အဖိုးအခဖြစ်၏။
သူတို့သည် မကောင်းသောအမှုကို ထင်ပေါ်စွာ
ပြုလုပ်ခြင်း၌ အလွန်ပျော်မွေ့ကြ၏။ သူတို့သည်
သင်တို့အထဲ၌ ညစ်ပေသောအစက်အပြောက်
အစွန်းအထင်းကဲ့သို့ ဖြစ်ကြ၏။ သူတို့သည်
သင်တို့အားလုံး အတူတကွ စားသောက်သော
အခါ သင်တို့ကို အရှက်ဖြစ်စေ၏။ 14သူတို့သည်
မိန်းမကို ကြည့်သောအခါတိုင်း၌ ထိုမိန်းမကို
လိုချင်တပ်မက်၏။ ဤမိစ္ဆာဆရာတို့သည် ဤ
ကဲ့သို့ဒုစရိုက်ပြုကြ၏။ သူတို့သည် အားနည်း
သောသူတို့ကို အပြစ်၏ထောင်ချောက်ထဲသို့
ခေါ်ဆောင်ကြ၏။ သူတို့သည် မိမိတို့၏စိတ်ကို
ငွေအမြဲဆင်ခြင်ခြင်းငှါ သွန်သင်လေ့ကျင့်ကြ၏။
သူတို့သည် ကျိန်ခြင်းအောက်၌ရှိကြ၏။ 15ဤ
မိစ္ဆာဆရာတို့သည် မှန်သောလမ်းကို စွန့်ခွာ
၍ လမ်းလွဲသွားကြ၏။ သူတို့သည် ဗေါသော်

၏သား ဗာလမ်၏လမ်းကို လိုက်ကြ၏။ ဗာလမ်
သည် မတရားသောအမှု၏အခကို တပ်မက်၍
မိမိဒုစရိုက်အတွက်ကြောင့် ဆုံးမခြင်းကိုခံရ၏။
16အဘယ်သို့နည်းဟူမူကား၊ စကားမပြောနိုင်
သောမြည်းသည် လူဘာသာအားဖြင့် မြွက်၍
ထိုပရောဖက်၏မိုက်မဲသော အတွေးအခေါ်ကို
တားမြစ်လေ၏။
17ထိုသူတို့သည် ရေမရှိသောရေတွင်းကဲ့
သို့၎င်း၊ လေတိုက်၍ လွင့်သောမိုးတိမ်ကဲ့သို့
၎င်း ဖြစ်ကြ၏။ သူတို့အတွက် အနက်ဆုံးသော
မှောင်မိုက်ကို သိုထားလျက်ရှိ၏။ 18ထိုမိစ္ဆာ
ဆရာတို့သည် အဓိပ္ပါယ်မဲ့သောစကားနှင့် ဝါ
ကြွားကြ၏။ သူတို့သည် မှားယွင်းသောအမှုကို
ပြုလုပ်သောသူတို့၏အပေါင်းအသင်းထဲမှထွက်
လာသောသူတို့ကို အပြစ်၏ထောင်ချောက်ထဲ
သို့ခေါ်ဆောင်ကြ၏။ ထိုမိစ္ဆာဆရာတို့သည် ဤ
အရာကို လူ့ဇာတိပကတိ၏အလိုရှိသည် ညစ်
ညူးသောအရာများကို အစာအဖြစ် အသုံးပြု၍
ဤအရာများကို ပြုကြ၏။ 19ထိုမိစ္ဆာဆရာတို့
သည် ထိုလူတို့အား လွတ်မြောက်ခြင်းကို ဂတိ
ပေး၏။ သို့သော်လည်း၊ သူတို့ကိုယ်တိုင်ပင်
မလွတ်မြောက်ကြ။ သူတို့သည် ဖျက်ဆီးခံရ
မည့်အရာများ၏ ကျွန်များဖြစ်ကြ၏။ လူတစ်
ယောက်သည်မိမိကိုယ်ကို ထိန်းချုပ်ထားသော
အရာ၏ကျွန်ဖြစ်၏။ 20ထိုလူတို့သည် လောက
၏ညစ်ညူးသောအရာများမှ မလွတ်မြောက်
ကြ။ ငါတို့ကို ကယ်တင်တော်မူသောအရှင်
သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့် သူ
တို့သည် လွတ်မြောက်ကြ၏။ သို့သော်လည်း၊
သူတို့သည် ထိုညစ်ညူးသောအရာများထဲသို့
ပြန်သွား၍ ၎င်း၏ထိန်းချုပ်မှုအောက်သို့ တစ်
ဖန် ပြန်ကျလျှင် သူတို့အတွက် ယခင်ကထက်
ပို၍ ဆိုးဝါးလိမ့်မည်။ 21သန့်ရှင်းသောသင်
ကြားမှုကိုခံယူပြီးမှ ပြန်လှည့်လာခြင်းထက် မှန်
ကန်သောလမ်းကို အစကတည်းကမသိဘဲ နေ
ခြင်းသည် သူတို့အတွက် သာ၍ကောင်း၏။
22သူတို့ပြုလုပ်ခဲ့သောအရာသည် မှန်သော
စကားပုံအတိုင်းဖြစ်၏။ "ခွေးသည် မိမိအန်ဖတ်
သို့ ပြန်လာ၏။* ဝက်သည်လည်း ဆေးပြီးမှ
ရွှံ့တွင်လူးပြန်၏။"

## ယေရှုပြန်လာလိမ့်မည်

3 ငါ့မိတ်ဆွေတို့၊ ဤစာစောင်သည် သင်တို့
ထံသို့ ငါ၏ဒုတိယစာဖြစ်၏။ ငါသည် တစ်
စုံတစ်ခုကို အောက်မေ့တတ်သောသင်တို့၏ရိုး
သားသည့်စိတ်ဝိညာဉ်ကို ကူညီရန် သင်တို့ထံ
သို့ ငါသည် ဤစာနှစ်စောင်ကို ရေးသား၏။
2ရှေးခေတ်ကသန့်ရှင်းသောပရောဖက်တို့ဟော
ပြောသောစကားများကို သင်တို့အောက်မေ့
စေခြင်းငှါ ငါအလိုရှိ၏။ ငါတို့ကို ကယ်တင်
တော်မူသောသခင်ဘုရား၏ပညတ်ကိုအောက်
မေ့ကြလော့။ ထိုပညတ်သည် တမန်တော်တို့
အားဖြင့် ငါတို့အား ပေးတော်မူ၏။ 3နောက်
ဆုံးသောကာလ၌ မည်ကဲ့သို့ ဖြစ်ပျက်လာ
မည်ကိုသိရန် သင်တို့အတွက် အလွန်အရေးကြီး
၏။ လူတို့သည် သင်တို့ကိုပြက်ရယ်ပြုလိမ့်မည်။
သူတို့သည် မိမိတို့တပ်မက်သည့်ညစ်ညူးသော
အရာများကိုပြု၍ အသက်ရှင်ကြလိမ့်မည်။ 4ထို
လူတို့က "သူပြန်ကြွလာမည်ဟု ဂတိပေးသည်
သူသည် အဘယ်မှာရှိသနည်း။ ငါတို့၏ဘိုးဘေး
တို့သေလွန်ပြီ။ သို့သော်လည်း ကမ္ဘာကြီးသည်
ဖန်ဆင်းစကဖြစ်သကဲ့သို့ ဆက်လက်၍ တည်
ဆဲဖြစ်၏" ဟုပြောကြလိမ့်မည်။ 5သို့ရာတွင်
ထိုလူတို့သည် ရှေးကာလ၌ အဘယ်သို့ ဖြစ်
ပျက်ခဲ့သည်ကို မမှတ်မိကြ၏။ မိုးကောင်းကင်
တည်ရှိ၍ ဘုရားသခင်သည် မြေကြီးကို ရေထဲ
မှ၎င်း၊ ရေဖြင့်၎င်း တည်ဆောက်တော်မူ၏။
6ထို့နောက် ဘုရားသခင်သည် ကြီးမားသော
ရေလွှမ်းမိုးခြင်းဖြင့် လောကဓါတ်ကို ဖျက်ဆီး
ရန် ရေကိုအသုံးပြုတော်မူ၏။ 7ထိုဘုရားသခင်
၏စကားတော်ပင်လျှင် ငါတို့တွင် ယခုရှိသော
မိုးကောင်းကင်နှင့်မြေကြီးကို သိုထားလျက်ရှိ
၏။ မီးရှို့ဖျက်စီးခြင်းအဘို့အလိုငှါ မိုးကောင်း
ကင်နှင့် မြေကြီးသည် သိုထား၏။ ဘုရားသခင်
ကို ဆန့်ကျင်သောသူတို့၏ပျက်စီးခြင်းကို စီရင်

**"ခွေးသည် … ပြန်လာ၏"** သုတ္တံ 26:11

မည့်နေ့ရက်အတွက် မိုယ်းကောင်းကင်နှင့် မြေ
ကြီးသည်သိုထားလျက်ရှိ၏။
8သို့ရာတွင်ငါ့မိတ်ဆွေတို့၊ ဤမှန်ကန်သော
အဖြစ်အပျက်ကို မမေ့လျော့ကြနှင့်။ ထာဝရ
ဘုရားမှာ တစ်နေ့သည် နှစ်တစ်ထောင်ကဲ့သို့
ဖြစ်ပြီး၊ နှစ်တထောင်သည် တစ်နေ့ကဲ့သို့ ဖြစ်
၏။ 9ထာဝရဘုရားသည် ဂတိတော်အရာမှာ
နှေးတော်မမူ။ သို့သော်လည်း သူသည် မည်
သူတစ်စုံတစ်ယောက်မျှ ပျက်စီးခြင်းငှါ အလိုမ
ရှိသောကြောင့် သင်တို့ကို သည်းခံတော်မူ၏။
ဘုရားသခင်သည် လူတိုင်းကို သူတို့၏စိတ်နှလုံး
ပြောင်းလဲ၍ အပြစ်ပြုခြင်းမှ ရပ်စေခြင်းငှါ အ
လိုတော်ရှိ၏။
10သူခိုးသည် ညဥ့်အခါ လာသကဲ့သို့ ဘုရား
သခင်၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌
မိုယ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်
တကွပျောက်ကွယ်သွားမည်။ မြေကြီးကိုယ်မှ
စ၍ မြေကြီးပေါ်၌ ရှိသမျှသောအရာတို့သည်
ကျွမ်းလောင်လိမ့်မည်။* 11သင်တို့ကို ငါပြော
သည့်နည်းတူအရာအလုံးစုံတို့သည် ထိုနည်းဖြင့်
ပျက်ဆီးလိမ့်မည်။ ထို့ကြောင့် သင်တို့သည် အ
ဘယ်သို့သောသူ ဖြစ်အပ်ကြသနည်း။ သင်တို့
သည် သန့်ရှင်းသောအသက်တာ၌အသက်ရှင်
၍ဘုရားသခင်၏အမှုကို ဆောင်သောအရာ
ကိုပြုသင့်၏။ 12သင်တို့သည်ဘုရားသခင်၏နေ့
ရက်ကို လျင်မြန်စွာရောက်လာခြင်းငှါ မျှော်
လင့်တောင့်တရမည်။ ထိုနေ့ရက်ရောက်လာ
သောအခါ မိုယ်းကောင်းကင်သည် မီးနှင့်ပျက်
စီးခြင်းကိုခံရလိမ့်မည်။ မိုယ်းကောင်းကင်၌ရှိ
သောအရာရှိသမျှတို့သည် အပူကြောင့်အရည်
ပျော်သွားလိမ့်မည်။ 13သို့သော်လည်း ဘုရား
သခင်သည် ငါတို့အား ဂတိပေးတော်မူ၏။ ထို
ဂတိတော်တည်းဟူသော မိုယ်းကောင်းကင်
သစ်နှင့် မြေကြီးသစ်ကို ငါတို့စောင့်မျှော်လျက်
နေ၏။
14မိတ်ဆွေတို့၊ ငါတို့သည် ထိုအရာဖြစ်လာ
ရန် စောင်စားလျက်နေကြ၏။ ထို့ကြောင့် သင်
တို့၏အသက်တာ၌ အပြစ်မရှိရန်နှင့် အနာအ
ဆာမရှိရန် သင်တို့တတ်သလောက်ကြိုးစား
အားထုတ်ကြလော့။ ဘုရားသခင်နှင့် ငြိမ်းချမ်း
စွာနေထိုင်ကြလော့။ 15ငါတို့သခင်ဘုရားသည်
စိတ်ရှည်သောကြောင့် ငါတို့သည် ကယ်တင်
ခြင်းကိုခံရကြောင်း အောက်မေ့ကြလော့။ ငါ
တို့ညီအစ်ကို ပေါလုသည် သူ့ကို ဘုရားသခင်
ပေးတော်မူသောဉာဏ်ပညာနှင့် သင်တို့ထံ
သို့ ရေးခဲ့သောစာ၌ ဤအရာကို သင်တို့အား
ပြောခဲ့ပြီးဖြစ်၏။ 16ပေါလုသည် ဤအရာများ
ကို သူ၏စာအားလုံးထဲတွင်ရေး၏။ တစ်ခါတစ်
ရံပေါလု၏စာထဲတွင် နားလည်ရန် ခက်ခဲသော
အရာများပါရှိ၏။ အချို့သောသူတို့သည် ထိုအ
ရာများကို မှားယွင်းစွာ ရှင်းပြကြ၏။ ထိုသူတို့
သည် ယုံကြည်ခြင်း၌ အားနည်း၍ နားမလည်
ကြ။ ထိုသူတို့သည် ကျန်ရှိသောကျမ်းစာကို
လည်း မှားယွင်းစွာ ရှင်းပြကြ၏။ သို့ရာတွင်
ထိုသို့ ပြုခြင်းအားဖြင့် ကိုယ့်ကိုကိုယ် ပျက်စီး
နေကြ၏။
17ချစ်သူတို့၊ သင်တို့သည် ဤအရာများကို
သိနှင့်ပြီးဖြစ်၏။ မတရားသောသူတို့သည် သင်
တို့ကို မကောင်းသောအရာများပြုခြင်းဖြင့်
မသွေးဆောင်စေကြနှင့်။ သင်တို့၏တည်ကြည်
သောယုံကြည်ခြင်းမှ မရွေ့လျော့မည်အ
ကြောင်း သတိပြုကြလော့။ 18ငါတို့ကို ကယ်
တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏
ကျေးဇူးတော်ဉာဏ်ပညာအားဖြင့် ကြီးထွား
ကြလော့။ ဘုန်းအသရေသည် အစဉ်အမြဲသူ၌
ရှိပါစေ။ အာမင်။

---

**ကျွမ်းလောင်လိမ့်မည်။** များစွာသော ဂရိစာက မြင်တွေ့ခြင်းခံရလိမ့်မည်၊ "ကွယ်ပျောက်လိမ့်မည်" ဟုပြောသည်။

# ရှင်ယောဟန်ဩဝါဒစာ
# ပထမစောင်

1 ငါတို့သည် အသက်ကိုပေး၍ ရှေးဦးစွာက
ပင်ရှိသော နှုတ်ကပတ်တော်အကြောင်းကို
ရေးသား၏။

ငါတို့သည် ထိုနှုတ်ကပတ်တော်ကို ကိုယ်
  တိုင်ကြား၍
ကိုယ်မျက်စိနှင့်မြင်၏။
ငါတို့သည် ထိုနှုတ်ကပတ်တော်ကို စေ့
  စေ့ကြည့်ရှု၍
ကိုယ်လက်နှင့် တို့ထိ၏။

2ထိုအသက်ကို ငါတို့အား ပြသထား၏။ ငါတို့
သည် ထိုအသက်ကိုမြင်ခဲ့ပြီး သက်သေအ
ထောက်အထားကိုလည်း ပေးထား၏။ ခမည်း
တော်နှင့်အတူရှိ၍ ငါတို့အား ပြသထားသော
ထိုထာဝရအသက်အကြောင်းကို ငါတို့သည်
သင်တို့အား ဟောပြော၏။ 3ယခုတွင် ငါတို့
သည် ကြားရမြင်ရသောအရာများအကြောင်း
ကို သင်တို့အားပြော၏။ အဘယ်ကြောင့်နည်း
ဟူမူကား၊ သင်တို့သည် ငါတို့နှင့်အတူ မိတ်သ
ဟာယဖွဲ့ရန် ငါတို့အလိုရှိသောကြောင့် ဖြစ်၏။
ငါတို့၏အတူတကွ မိတ်သဟာယဖွဲ့ခြင်းသည်
ခမည်းတော် ဘုရားသခင်နှင့် မိမိ၏သားတော်
ယေရှုခရစ်အားဖြင့် ဖြစ်၏။ 4သင်တို့သည် ငါတို့
နှင့်အတူ စုံလင်စွာဝမ်းမြောက်စေခြင်းငှါ ဤ
အရာများကို ငါတို့သည် ရေးလိုက်ကြ၏။

### ဘုရားသခင်သည် ငါတို့၏အပြစ်များကို ခွင့်လွှတ်တော်မူ၏

5ထို့နောက် ဤအရာသည် ထိုနှုတ်ကပတ်
တော်ထံ၌ ငါတို့သည်ကြားရ၍ သင်တို့အား
ဟောပြောသောတရားစကားဖြစ်၏။ ထိုသ
တင်းစကားဟူမူကား၊ ဘုရားသခင်သည် အ
လင်းဖြစ်တော်မူ၍ ဘုရားသခင်၌ မှောင်မိုက်
အလျှင်းမရှိ။ 6ငါတို့သည် ဘုရားသခင်နှင့် မိတ်
သဟာယဖွဲ့ပြီဟုဆိုလျက်ပင် မှောင်မိုက်၌ ကျင်
လည်လျှင် ငါတို့သည် သမ္မာတရားကိုမကျင့်၊
မုသာသုံးသောသူများ ဖြစ်ကြ၏။ 7ဘုရား
သခင်သည် အလင်းထဲ၌ရှိတော်မူသကဲ့သို့ ငါ
တို့သည် အလင်း၌အသက်ရှင်နေလျှင် အချင်း
ချင်း မိတ်သဟာယဖွဲ့ခြင်းရှိကြ၏။ ငါတို့သည်
ထိုအလင်းထဲတွင် အသက်ရှင်လျှင် ယေရှု၏အ
သွေးတော်သည် ငါတို့၏အပြစ်ရှိသမျှကို ဆေး
ကြောတော်မူ၏။ ယေရှုသည် ဘုရားသခင်၏
သားတော်ဖြစ်၏။
8ကိုယ်အပြစ်မရှိဟု ဆိုလျှင် ကိုယ့်ကိုကိုယ်
လှည့်ဖြားခြင်းဖြစ်ပြီး သမ္မာတရားသည် ငါတို့၌
မရှိ။ 9သို့သော်လည်း ကိုယ့်အပြစ်တို့ကို ဝန်ချ
တောင်းပန်လျှင် ဘုရားသခင်သည် သစ္စာရှိ၍
တရားမျှတတော်မူသဖြင့် ငါတို့ကို ခွင့်လွှတ်
တော်မူလိမ့်မည်။ ဘုရားသခင်သည် ငါတို့အား
လွန်ကျူးခဲ့သောဒုစရိုက်အပြစ်များမှ သန့်ရှင်း
စင်ကြယ်စေတော်မူလိမ့်မည်။ 10ဒုစရိုက်ကိုမပြု
ပြီဟု ငါတို့ဆိုလျှင် ဘုရားသခင်အား မုသာသုံး
သောသူဟုပြောခြင်းဖြစ်၏။ ဘုရားသခင်၏စစ်
မှန်သောသွန်သင်ခြင်းကို လက်မခံခြင်းဖြစ်၏။

### ယေရှုသည် ကျွန်ုပ်တို့၏မစသူဖြစ်သည်

2 ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်မပြုရန်
ဤစာကို ငါရေးခြင်းဖြစ်၏။ သို့သော်
လည်း တစုံတယောက်သောသူသည် ဒုစရိုက်
ကို ပြုမိလျှင် ငါတို့ကိုမစရန် ယေရှုခရစ်ရှိ၏။

သူသည် ဖြောင့်မတ်သောသူ ဖြစ်တော်မူ၏။
ယေရှုသည် အဘဘုရားသခင်၏ရှေ့တော်၌
ငါတို့ကိုယ်စား စကားပြောတော်မူ၏။ 2ငါတို့၏
အပြစ်များ သယ်ဆောင်ရာ လမ်းသည် ယေရှု
ဖြစ်တော်မူ၏။ လူသားအားလုံး၏အပြစ်များ
သယ်ဆောင်သွားနိုင်ရာလမ်းသည်လည်းယေရှု
ဖြစ်တော်မူ၏။

3ငါတို့သည် ဘုရားသခင်မိန့်တော်မူသမျှကို
နာခံလျှင် ဘုရားသခင်ကို အမှန်ပင်သိပြီဟု ယုံ
ကြည်နိုင်၏။ 4လူတစ်ယောက်က ‘ငါသည်
ဘုရားသခင်ကိုသိသည်” ဟုဆိုပြီး ဘုရားသခင်
၏ပညတ်တော်ကို မနာခံလျှင် ထိုသူသည် မု
သာသုံးသောသူဖြစ်၏။ သမ္မာတရားသည် သူ
၌မရှိ။ 5သို့သော်လည်း၊ လူတစ်ယောက်သည်
ဘုရားသခင်၏သွန်သင်ခြင်းကို လိုက်လျှောက်
လျှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာပန်းတိုင်
သည် ထိုသူ၌ ရောက်ရှိပြီ။ ငါတို့သည် ဘုရား
သခင်၏လမ်းတော်၌လျှောက်သွားနေကြောင်း
ဤနည်းဖြင့် သိရ၏။ 6လူတစ်ယောက်သည်
ဘုရားသခင်၌ အသက်ရှင်သည် ဟု ပြောလျှင်
ထိုသူသည် ယေရှုအသက်ရှင်တော်မူသကဲ့သို့
အသက်ရှင်ရမည်။

## ယေရှုသည်သူတစ်ပါးကိုချစ်ရန် ငါတို့ကို မိန့်မှာတော်မူ၏။

7ချစ်မိတ်ဆွေတို့၊ ငါသည် ပညတ်သစ်ကို
သင်တို့အား ရေးပေးခြင်းမဟုတ်။ ရှေးဦးစွာက
ပင် သင်တို့၌ ရှိထားသော ပညတ် နှင့်အတူပင်
ဖြစ်၏။ ဤပညတ်သည် သင်တို့ကြားခဲ့ပြီးသော
သွန်သင်မှုများဖြစ်၏။ 8သို့သော်လည်း ဤ
ပညတ်ကို အသစ်သောပညတ်အဖြစ်လည်း ငါ
သည် သင်တို့အား ရေးထား၏။ ဤပညတ်
သည် မှန်ကန်၏။ ဤသမ္မာတရားကို ယေရှုနှင့်
သင်တို့၏အထဲတွင် တွေ့မြင်နိုင်၏။ မှောင်မိုက်
သည် ပျောက်လွင့်၍ အလင်းသည် ထွန်း
တောက်လျက်ရှိပြီး။

9လူတစ်ယောက်က “ငါသည် အလင်း၌
ရှိသည်” ဟုဆိုပြီး မိမိညီ အစ်ကိုကိုမုန်းလျှင်
ထိုသူသည် မှောင်မိုက်၌ပင် ရှိသေး၏။ 10မိမိညီ
အစ်ကိုကို ချစ်သောသူသည် အလင်း၌အသက်
ရှင်သဖြင့် ထိမိ၍လဲစရာအကြောင်းသည် ထို
သူ၌မရှိ 11သို့သော်လည်း ညီအစ်ကိုကို မုန်း
သောသူသည် မှောင်မိုက်၌ရှိ၏။ မှောင်မိုက်
၌လည်း အသက်ရှင်၏။ ထိုသူသည် မှောင်မိုက်
ကြောင့် သူ၏မျက်စိမမြင်နိုင်သဖြင့် အဘယ်ရပ်
သို့ သူသွားသည်ကို သူမသိ။

12 ချစ်သားတို့၊ သင်တို့ထံသို့ ငါစာရေး
လိုက်ပါ၏။ သင်တို့၏အပြစ်များသည်
ခရစ် တော်အားဖြင့် ခွင့်လွှတ်ခြင်းခံရပြီ။
13 အဘတို့၊ သင်တို့သည် ရှေးဦးစွာကပင်
ရှိတော်မူသောသူကို သိသောကြောင်း
သင်တို့အား ငါရေး၍ ပေးလိုက်၏။ လူ
ပျိုတို့၊သင်တို့သည် မာရ်နတ်ကို အောင်
သောကြောင့် သင်တို့အား ငါရေး၍ ပေး
လိုက်၏။
14 ချစ်သားတို့၊ သင်တို့သည် ခမည်းတော်
ကို သိသောကြောင့် သင်တို့အား ငါရေး
၍ ပေးလိုက်၏။ အဘတို့၊ သင်တို့သည်
ရှေးဦးစွာကပင်ရှိတော်မူသောသူကို သိ
သောကြောင့် သင်တို့အား ငါရေး၍ ပေး
ခဲ့ပြီ။ လူပျိုတို့၊ ဘုရားသခင်၏နှုတ်က
ပတ်တော်သည် သင်တို့၌ အသက်ရှင်၍
သင်တို့သည် မာရ်နတ်ကို အောင်ပြီဖြစ်
သောကြောင့်၊ သင်တို့အား ငါရေး၍
ပေးခဲ့ပြီ။

15လောကကိုဂင်း၊ လောက၌ရှိသောအရာ
များကိုဂင်း မချစ်ကြနှင့်။ လူတစ်ယောက်သည်
လောကကိုချစ်လျှင် ခမည်းတော်ကို ချစ်ချင်း
မေတ္တာမရှိ။ 16လောက၌ရှိသမျှသောအရာ
တည်းဟူသော
ကိုယ်ကာယတပ်မက်ခြင်း၊
မျက်စိတပ်မက်ခြင်း၊
ငါတို့ပိုင်ဆိုင်သောလောကီစည်းစိမ်၌
ဝါကြွားခြင်းတို့သည်
ခမည်းတော်ထံမှမလာ။ ထိုအရာအားလုံး
သည် လောကမှလာ၏။ 17လောကနှင့်လော

ကိုတပ်မက်ခြင်းရှိသမျှတို့သည်ရွှေ့သွားပျောက်
ကွယ်လိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏
အလိုတော်အတိုင်း ကျင့်သောသူသည် ထာဝရ
အသက်ရှင်လိမ့်မည်။

## ခရစ်တော်၏ရန်သူများနောက်သို့ မလိုက်ကြနှင့်။

18ချစ်သားတို့၊ နောက်ဆုံးသောကာလ
သည် ရောက်လုပြီ။ ခရစ်တော်၏ရန်သူသည်
ရောက်လာပြီဟု သင်တို့ကြားရ၏။ ယခုပင်
ခရစ်တော်၏ရန်သူအများ ရှိနေကြပြီ။ ထို
ကြောင့် ယခုကာလသည် နောက်ဆုံးသောကာ
လဖြစ်သည်ကို သိရ၏။ 19ငါတို့တွင် ခရစ်တော်
၏ရန် သူများရှိကြ၏။ သို့သော်လည်း၊ သူတို့
ထွက်သွားကြ၏။ အမှန်စင်စစ် ထိုအရာသည်
ငါတို့နှင့်မစပ်ဆိုင်ကြ။ သူတို့သည် ငါတို့စပ်ဆိုင်
လျှင် ငါတို့နှင့်အတူ ရှိနေကြလိမ့်မည်။ ထိုသူတို့
အပေါင်းတို့သည် ငါတို့နှင့်မစပ်ဆိုင်ကြောင်း ဤ
အရာက ထင်ရှား၏။
20သန့်ရှင်းသောသူ ပေးတော်မူသောဆု
ကျေးဇူးသည် သင်တို့၌ရှိ၏။ ထိုကြောင့် သမ္မာ
တရားကို သိကြ၏။ 21ငါသည် အဘယ်ကြောင့်
သင်တို့ထံသို့ စာရေးသနည်း။ သင်တို့သည်
သမ္မာတရားကို မသိသောကြောင့် ငါရေး၍
ပေးလိုက်သည် မဟုတ်။ သို့သော်လည်း သင်
တို့သည် သမ္မာတရားကို သိသောကြောင့် ငါ
စာရေးရခြင်းဖြစ်၏။ ဤသမ္မာတရားမှ အဘယ်
မုသာမျှ ထွက်မလာသည်ကို သင်တို့သိကြ၏။
22အဘယ်သူသည် မုသာသုံးသောသူဖြစ်
သနည်း။ ယေရှုသည် ခရစ်တော်မဟုတ်ဟု ဆို
သောသူသည် မုသာသုံးသောသူဖြစ်၏။ ခမည်း
တော်နှင့်သားတော်ကို လက်မခံသောသူသည်
ခရစ်တော်၏ရန်သူဖြစ်၏။ 23သားတော်ကို မယုံ
ကြည်သောသူသည် ခမည်းတော်ကိုမသိ။ သို့
သော်လည်း သားတော်ကိုလက်ခံသောသူ
သည် ခမည်းတော်ကိုလည်း ရရှိ၏။
24သင်တို့သည် ရှေးဦးစွာကပင် ရရှိသော
သွန်သင်ခြင်းကိုဆက်လက်၍ လိုက်နာရန် သတိ
ရှိကြလော့။ ထိုသွန်သင်ခြင်းနှင့် ဆက်လက်ရှိ
နေလျှင်သားတော်နှင့် ခမည်းတော်နှင့်အတူ ရှိ
နေလိမ့်မည်။ 25သားတော်သည် ငါတို့အား ပေး
တော်မူသောဂတိတော်မူကား၊ ထာဝရအ
သက်ကို ဝန်ခံတော်မူသောဂတိတော်ဖြစ်၏။
26သင်တို့ကို မှားသောလမ်းသို့ သွေးဆောင်
သောသူတို့၏အကြောင်းကို ဤသို့ ငါရေးလိုက်
၏။ 27ခရစ်တော်သည် သင်တို့အား ထူးခြား
သောဆုကျေးဇူးကို ပေးတော်မူ၏။ ထိုကျေးဇူး
သည် သင်တို့နှင့်အတူ ယခုပင် ရှိနေ၏။ ထို့
ကြောင့် သင်တို့ကို သွန်သင်ရန် အဘယ်သူမျှ
သင်တို့၌ မလိုအပ်။ ကိုယ်တော်ပေးတော်မူ
သောဆုကျေးဇူးသည် သင်တို့အား ခပ်သိမ်း
သောအရာကို သွန်သင်ပေး၏။ ဤဆုကျေးဇူး
သည် အမှန်ဖြစ်ပြီး အတုအယောင်မဟုတ်။ ထို့
ကြောင့် ခရစ်တော်၏ဆုကျေးဇူးသည် သင်တို့
အား သွန်သင်သကဲ့သို့ခရစ်တော်၌ ဆက်လက်
အသက်ရှင်ကြလော့။
28ချစ်သားတို့၊ ခရစ်တော်သည် ပြန်လည်
ကြွလာတော်မူသောအခါ၊ ငါတို့သည် ရှေ့တော်
၌ ယုံကြည်စိတ်ချ၍ ရှက်ကြောက်ခြင်းနှင့် ကင်း
လွတ်မည်အကြောင်း ခရစ်တော်၌ အသက်ရှင်
ကြလော့။ 29ခရစ်တော်သည် ဖြောင့်မတ်တော်
မူသည်ဟု သင်တို့သိကြ၏။ ထို့ကြောင့် ဖြောင့်
မတ်ခြင်းကို ပြုသောသူအပေါင်းတို့သည် ဘုရား
၏သားသမီးများဖြစ်သည်ဟု သင်တို့သိကြ၏။

## ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများ ဖြစ်ကြသည်

3 ငါတို့သည် ဘုရားသခင်၏သားသမီးတို့ဟု
ခေါ်ဝေါ်ခြင်းကိုခံရမည်အကြောင်း၊ ခမည်း
တော်သည် ငါတို့ကို အဘယ်မျှလောက် ချစ်
တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ ငါ
တို့သည်လည်း အမှန်စင်စစ် ဘုရားသခင်၏
သားသမီးများဖြစ်ကြ၏။ သို့သော်လည်း လော
ကီသားတို့သည် ကိုယ်တော်ကို မသိသော
ကြောင့် ငါတို့သည် ဘုရားသခင်၏သားသမီး
များ ဖြစ်ကြောင်းကို နားမလည်ကြ။ 2ချစ်မိတ်

ဆွေတို့ ယခုတွင် ငါတို့သည် ဘုရား၏သားသ
မီးများ ဖြစ်ကြ၏။ နောင်ကာလတွင် အဘယ်
သို့ ဖြစ်လာမည်ကို ငါတို့အား မပြရသေး။
သို့သော်လည်း၊ ငါတို့သည် ခရစ်တော်ကို မြင်
သောအခါ၊ ကိုယ်တော်နှင့်တူကြလိမ့်မည်။ အ
ကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်
အတိုင်း ငါတို့သည် မြင်ရလိမ့်မည်။ 3 ခရစ်တော်
သည် သန့်ရှင်းတော်မူ၏။ ထိုသို့မျှော်လင့်
သောသူတို့သည် ကိုယ်တော်သန့်ရှင်းတော်မူ
သည်နည်းတူ ကိုယ့်ကိုကိုယ် သန့်ရှင်းစေ၏။
4 လူတစ်ယောက်သည် ဒုစရိုက်ကို ပြုလျှင်
ပညတ်တော်ကို လွန်ကျူး၏။ ဒုစရိုက်ပြုခြင်း
သည် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူး
ခြင်းဖြစ်၏။ 5 လူတို့၏အပြစ်ကို သယ်ဆောင်
ရန် ခရစ်တော်ကြွလာသည်ဟု သင်တို့သိကြ၏။
ခရစ်တော်၌ အပြစ်တစုံတရာမျှမရှိ။ 6 ထို့ကြောင့်
ခရစ်တော်နှင့် အသက်ရှင်သောသူတို့သည် ဒုစ
ရိုက်ကို ဆက်မပြုတတ်။ ဒုစရိုက်ကို ဆက်လုပ်
သောသူသည် ခရစ်တော်ကို အမှန်ပင်မသိ
မမြင်ရသေး။
7 ချစ်သားတို့၊ သင်တို့ကို အဘယ်သူမျှ
မလှည့်ဖြားစေနှင့်။ ကောင်းဖြောင့်မတ်ခြင်းတ
ရားကိုကျင့်သောသူသည် ကိုယ်တော်ဖြောင့်
မတ်တော်မူသည်နည်းတူ ဖြောင့်မတ်ခြင်းရှိ၏။
8 ဒုစရိုက်ကို ပြုသောသူသည် မာရ်နတ်နှင့်စပ်
ဆိုင်၏။ မာရ်နတ်သည် ရှေးဦးစွာကပင် ဒုစ
ရိုက်ကိုပြု၏။ ဘုရားသခင်၏သားတော်သည်
မာရ်နတ်၏လုပ်ဆောင်မှုများကို ဖျက်ဆီးရန်
ကြွလာခြင်းဖြစ်၏။
9 ဘုရားသခင်သည် လူတစ်ဦးတစ်ယောက်
ကို သူ၏သားဖြစ်စေတော်မူလျှင် ထိုသူသည်
ဒုစရိုက်ကို ဆက်လက်၍ မပြုတတ်။ အဘယ်
ကြောင့်နည်းဟူမူကား၊ဘုရားသခင် ပေးတော်
မူသော အသက်တာသစ်သည် ထိုသူ၌ရှိသော
ကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုသူသည် ဒုစရိုက်
ကို ဆက်လုပ်နိုင်စွမ်းမရှိ။ အကြောင်းမူကား၊
ဘုရားသခင်၏သားဖြစ်လာသောကြောင့် ဖြစ်
၏။ 10 ထို့အပြင် အဘယ်သူတို့သည် ဘုရား
သခင်၏သားသမီးတို့ဖြစ်၍ အဘယ်သူတို့သည်
မာရ်နတ်၏သားသမီးတို့ဖြစ်သည်ကိုလည်း သင်
တို့သိနိုင်၏။ မှန်သောအမှုတို့ကို မပြုသောသူ
တို့သည် ဘုရားသခင်၏သားသမီးမဟုတ်။ မိမိ
ညီအစ်ကိုကို မချစ်သောသူသည်လည်း ဘုရား
သခင်၏သားမဟုတ်။

## ကျွန်ုပ်တို့တစ်ဦးကိုတစ်ဦးချစ်ရမည်

11 ဤသွန်သင်ခြင်းသည် ရှေးဦးစွာကပင်
သင်တို့ကြားရသော သွန်သင်ခြင်းဖြစ်၏။ ငါတို့
သည် အချင်းချင်းချစ်ရမည်။ 12 မာရ်နတ်နှင့်
ဆိုင်သောကာဣနကဲ့သို့ မဖြစ်ကြနှင့်။ ကာဣန
သည် သူ၏ညီအာဗေလကို သတ်၏။ အဘယ်
ကြောင့် ကာဣနသည်သူ၏ညီကိုသတ်သနည်း။
အကြောင်းမူကား၊ ကာဣနပြုသောအရာမျိုး
သည် ဆိုးယုတ်၍ သူ၏အာဗေလပြုသောအ
ရာတို့သည် ကောင်း၏။
13 ညီအစ်ကိုမောင်နှမတို့၊လောက၌ရှိသော
လူတို့သည် သင်တို့ကို မုန်းလျှင် မအံ့သြကြနှင့်။
14 ငါတို့သည် သေခြင်းမှလွတ်မြောက်၍အသက်
ရှင်ခြင်းသို့ ကူးပြောင်းသည်ကို သိကြ၏။ ငါတို့
သည် ခရစ်တော်၌ရှိသော ညီအစ်ကိုမောင်နှမ
တို့ကို ချစ်သောကြောင့် သိ၏။ မိမိညီအစ်ကို
မောင်နှမကို မချစ်သောသူသည် သေခြင်း၌
သာ ရှိသေး၏။ 15 မိမိညီအစ်ကိုကို မုန်းသောသူ
တိုင်းသည် လူ့အသက်ကိုသတ်သူ ဖြစ်၏။ လူ့အ
သက်ကိုသတ်သူသည် ထာဝရအသက်ကို မရရှိ
ကြောင်း သင်တို့သိ၏။ 16 ခရစ်တော်သည် ငါ
တို့အတွက် မိမိအသက်ကို ပေးတော်မူသည်
အရာကို ထောက်၍ငါတို့သည် စစ်မှန်သော
ချစ်ချင်းမေတ္တာကို သိမှတ်ကြ၏။ ထို့ကြောင့်
ခရစ်တော်၌ရှိသောငါတို့ညီအစ်ကိုမောင်နှမတို့
အတွက် ငါတို့၏အသက်ကို ပေးသင့်၏။ 17 ကြွယ်
ဝချမ်းသာသော ယုံကြည်သူတစ်ယောက်သည်
သူ၏လိုအပ်မှုအားလုံးပြည့်စုံပြီဟု ဆိုကြပေအံ့။
ခရစ်တော်၌ ညီအစ်ကိုသည် ဆင်းရဲနေ၏။
ထိုကြွယ်ဝချမ်းသာသောယုံကြည်သူသည် ဆင်း
ရဲသောညီအစ်ကိုကို မကူညီဘဲနေလျှင် ထိုသူ၌

ဘုရားသခင်၏မေတ္တာတော်သည် အဘယ်သို့
တည်မည်နည်း။ 18ချစ်သားတို့၊ ငါတို့၏ချစ်ချင်း
သည် အပြောသက်သက်သာ မဖြစ်သင့်။ ငါ
တို့၏ချစ်ချင်းသည် စစ်မှန်သောချစ်ချင်းဖြစ်ရ
မည်။ ငါတို့၏အလုပ်နှင့် ချစ်ချင်းကိုပြသရန် လို
အပ်ပေ၏။

19-20ဤနည်းဖြင့် ငါတို့သည်ကိုယ်တိုင်သမ္မာ
တရားနှင့် စပ်ဆိုင်သည်ကို သိ၍ ငါတို့၏စိတ်နှ
လုံးသည် အပြစ်တစ်စုံတစ်ရာလုပ်ခြင်းကြောင့်၊
ကိုယ်ကိုအပြစ်တင်သောအခါ ဘုရားသခင်ရှေ့
တော်၌ငါတို့၏စိတ်နှလုံးကို သက်သာစေတော်
မူလိမ့်မည်။ အဘယ်ကြောင့်နည်းဟူမူကား၊
ဘုရားသခင်သည် ငါတို့၏စိတ်နှလုံးထက် သာ
၍ကြီးမြတ်၏။ ဘုရားသခင်သည် အရာခပ်သိမ်း
ကိုသိတော်မူ၏။

21ချစ်မိတ်ဆွေတို့၊ ငါတို့သည် အမှားပြု
သည်ဟု ကိုယ်ကိုမထင်လျှင် ဘုရားသခင်ထံ
တော်သို့ လာသောအခါ ကြောက်ရွံ့ခြင်းမရှိကြ။
22ဘုရားသခင်သည် ငါတို့၏တောင်းလျှောက်
သောအရာအားလုံးကို ပေးတော်မူ၏။ ဘုရား
သခင်၏ ပညတ်တော်များကိုနာခံပြီး ဘုရား
သခင်နှစ်သက်သောအရာကို ပြုသောကြောင့်
ဤအရာများကို ငါတို့ရရှိ၏။ 23ဘုရားသခင်၏
ပညတ်တော်ဟူမူကား၊ သားတော်ယေရှုခရစ်
တော်ကိုယုံကြည်ပြီး အချင်းချင်းချစ်ရမည်ဟူ
သောပညတ်တော်ဖြစ်၏။ 24ဘုရားသခင်၏
ပညတ်တော်ကို နာခံသောသူသည် ဘုရား၌
အသက်ရှင်၏။ ထိုသူ၌လည်း ဘုရားသခင်သည်
အသက်ရှင်တော်မူ၏။ ဘုရားသခင်သည် ငါတို့
၌ အသက်ရှင်သည်ကို အဘယ်သို့သိနိုင်မည်
နည်း။ ဘုရားသခင်ပေးတော်မူသောဝိညာဉ်
တော်ကြောင့် ငါတို့သိကြ၏။

## ယောဟန်က မိစ္ဆာပရောဖက်အကြောင်း သတိပေးခြင်း

4 ချစ်မိတ်ဆွေတို့၊ ဤလောက၌ မိစ္ဆာပရော
ဖက်များစွာရှိ၏။ ထို့ကြောင့်ခပ်သိမ်းသော
စိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ သို့သော်လည်း
ဘုရားသခင်မှ လာသောဝိညာဉ်ဟုတ်မဟုတ်
ကို စုံစမ်းကြလော့။ 2ဘုရားသခင်၏ဝိညာဉ်ကို
ဤကဲ့သို့ သိနိုင်၏။ "ယေရှုခရစ်သည် လူဇာတိ
အားဖြင့်ကြွလာတော်မူသည်"ကို ပြောဆိုသော
ဝိညာဉ်သည် ဘုရားသခင်ထံတော်မှလာ၏။
3ယေရှုသည် ခရစ်တော်မဟုတ်ဟု ဝိညာဉ်တစ်
စုံတစ်ရာသည် ပြောဆိုနေလျှင် ထိုဝိညာဉ်
သည် ဘုရားသခင်ထံမှ လာသည်မဟုတ်၊ ထို
ဝိညာဉ်သည် ခရစ်တော်၏ရန်သူထံမှ ဖြစ်၏။
ထိုဝိညာဉ် ရောက်လာမည်ကို သင်တို့ကြားခဲ့
ပြီး ယခုပင် ဤလောက၌ရှိနေပြီ။

4ချစ်သားတို့၊ သင်တို့သည် ဘုရားသခင်နှင့်
စပ်ဆိုင်ကြ၏။ ထို့ကြောင့် သူတို့ကိုလည်း
အောင်ကြပြီ။ အကြောင်းမူကား၊ သင်နှင့်အတူ
ရှိသောသူသည် လောကဘက်၌ ရှိသောသူ
ထက် သာ၍ကြီးသောကြောင့်ဖြစ်၏။ 5ထိုမိစ္ဆာ
ဆရာတို့သည် လောကနှင့်စပ်ဆိုင်၏။ ထို့
ကြောင့် သူတို့ပြောသောစကားများသည်
လောကမှ လာ၏။ လောကီသားတို့ကလည်း
သူတို့ပြောသမျှကိုနားထောင်ကြ၏။ 6သို့သော်
လည်း၊ ငါတို့သည် ဘုရားသခင်ထံတော်မှ ဖြစ်
ကြ၏။ ထို့ကြောင့် ဘုရားသခင်ကို သိသောသူ
တို့သည် ငါတို့စကားကို နားထောင်တတ်ကြပြီး
ဘုရားသခင်နှင့် မစပ်ဆိုင်သောသူသည် ငါတို့
စကားကို နားမထောင်တတ်။ ဤနည်းအားဖြင့်
သမ္မာတရားဝိညာဉ်နှင့် မိစ္ဆာဝိညာဉ်ကို ခွဲခြား
သိနိုင်၏။

## ဘုရားသခင်ထံမှလာသောချစ်ခြင်းမေတ္တာ

7ငါချစ်မိတ်ဆွေတို့၊ ငါတို့သည် အချင်းချင်း
ချစ်သင့်၏။ အကြောင်းမူကား ချစ်ချင်းမေတ္တာ
သည် ဘုရားသခင်ထံတော်မှလာ၏။ ချစ်ခြင်း
မေတ္တာရှိသောသူသည် ဘုရားသခင်ဖြစ်ပွား
စေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကို သိ
သောသူလည်း ဖြစ်၏။ 8ချစ်ခြင်းမေတ္တာမရှိ
သောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်း
မူကား ဘုရားသခင်သည် ချစ်ချင်းမေတ္တာဖြစ်
တော်မူ၏။ 9ဘုရားသခင်သည် ဤကဲ့သို့အား

ဖြင့် ငါတို့ကိုချစ်ကြောင်း ထင်ရှားစေတော်မူ
၏။ သူ၏အသက်ကို ပေးဆပ်ရန်အတွက် ဘုရား
သခင်သည် သူ၌တစ်ပါးတည်းသောသားတော်
ကို လောကသို့ စေလွှတ်တော်မူ၏။ 10စစ်မှန်
သောမေတ္တာသည် ဘုရားသခင်၏မေတ္တာ
တော်ဖြစ်၏။ ငါတို့သည် ဘုရားသခင်ကို ချစ်
သည်မဟုတ်။ ဘုရားသခင်သည် ငါတို့ကို ချစ်
၍ ငါတို့၏အပြစ်ကို ယူဆောင်သွားရန် သား
တော်ကို စေလွှတ်တော်မူ၏။ ဤအရာသည်
ချစ်ချင်းမေတ္တာဖြစ်၏။

11ဘုရားသခင်သည် ငါတို့ကို ဤမျှလောက်
ချစ်တော်မူသည်မှန်လျှင် ငါတို့သည်လည်း အ
ချင်းချင်း ချစ်ရမည်။ 12ဘုရားသခင်ကို အ
ဘယ်သူကမျှ မမြင်စဘူး။ သို့သော်လည်း ငါတို့
သည်အချင်းချင်းချစ်ကြလျှင်ဘုရားသခင်သည်
ငါတို့၌အသက်ရှင်တော်မူ၏။ငါတို့သည် အချင်း
ချင်းချစ်ကြသောအခါ ဘုရားသခင်၏ချစ်ခြင်း
မေတ္တာပန်းတိုင်သည် ငါတို့၌ရောက်ရှိ၏။

13ငါတို့သည် ဘုရားသခင်၌ အသက်ရှင်၍
ဘုရားသခင်၏ချစ်ချင်းမေတ္တာတော်သည် ငါ
တို့၌ အသက်ရှင်ကြောင်း ငါတို့သိကြ၏။ အ
ကြောင်းမူကားဘုရားသခင်သည်မိမိ၏ဝိညာဉ်
တော်ကို ငါတို့အား ပေးတော်မူ၏။ 14ဤလော
ကကို ကယ်တင်ရန် ခမည်းတော်သည် သား
တော်ကိုစေလွှတ်တော်မူကြောင်း ငါတို့သိမြင်
ကြပြီ။ ထိုအကြောင်းကြောင့် ယခုတွင် ငါတို့
သည် လူတို့ကို ဟောပြောကြ၏။ 15လူတစ်
ယောက်က “ငါသည် ယေရှုကို ဘုရားသခင်၏
သားတော်ဖြစ်ကြောင်းယုံကြည်သည်” ဟုပြော
လျှင် ထိုသူ၌ ဘုရားသခင်အသက်ရှင်တော်
မူ၏။ ထိုသူသည်လည်း ဘုရားသခင်၌အသက်
ရှင်လျက်နေ၏။ 16ထို့ကြောင့်ငါတို့ကို ချစ်သော
ဘုရားသခင်၏မေတ္တာတော်ကို ငါတို့သိကြ၏။
ထိုမေတ္တာကို ငါတို့ယုံကြည်ကြ၏။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်
တော်မူ၏။ ချစ်ခြင်းမေတ္တာနှင့်အသက်ရှင်သော
သူသည် ဘုရားသခင်နှင့်အသက်ရှင်၏။ ဘုရား
သခင်သည်လည်း ထိုသူ၌အသက်ရှင်တော်မူ
၏။ 17ဘုရားသခင်၏မေတ္တာသည် ငါတို့၌ပြည့်
စုံနေလျှင် ဘုရားသခင်စီရင်တော်မူမည့်နေ့
ရက်တွင် ငါတို့သည် ကြောက်ရွံ့ခြင်းနှင့်ကင်း
လွတ်လိမ့်မည်။ အကြောင်းမူကား၊ ဤလော
က၌ ငါတို့သည် သူနှင့်တူသောကြောင့် ဖြစ်၏။
18ဘုရားသခင်၏ချစ်ခြင်းမေတ္တာရှိသော အရပ်
တွင် ကြောက်ရွံ့ခြင်းမရှိ။ အကြောင်းမူကား၊
ဘုရားသခင်၏ ပြည့်စုံသောချစ်ခြင်း မေတ္တာ
သည် ကြောက်ရွံ့ခြင်းကို ဖယ်ရှားတတ်၏။
ဘုရားသခင်၏စီရင်အပြစ်ပေးမှုသည် လူတို့ကို
ကြောက်ရွံ့စေ၏။ ထို့ကြောင့် ကြောက်ရွံ့တတ်
သောသူ၌ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်
သည် ပြည့်စုံခြင်းမရှိ။

19ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာချစ်
တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်
ကို ချစ်ကြ၏။ 20လူတစ်ယောက်က ငါသည်
ဘုရားသခင်ကို ချစ်သည်ဟု ပြောပြီး မိမိညီ
အစ်ကိုမောင်နှမတို့ကို မုန်းလျှင် ထိုသူသည်
မုသာသုံးသောသူ ဖြစ်၏။ မိမိမြင်ရသောမိမိ
ညီအစ်ကိုကို မချစ်သောသူသည် မမြင်နိုင်သော
ဘုရားသခင်ကို မချစ်နိုင်။ 21ဘုရားသခင်ကို
ချစ်သောသူသည် မိမိညီအစ်ကိုမောင်နှမတို့
ကိုလည်း ချစ်ရမည်ဟု ဘုရာသခင်သည် ဤ
ပညတ်ကို ပေးထားတော်မူ၏။

## လောကကို အောင်မြင်သောဘုရား သခင်၏သားသမီးများ

5 ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည်ဟု
ယုံကြည်သောသူတို့သည် ဘုရားသခင်၏
သားသမီးများ ဖြစ်ကြ၏။ ခမည်းတော်ကို ချစ်
သောသူသည် ခမည်းတော်၏သားသမီးတို့ကို
လည်း ချစ်တတ်၏။ 2ငါတို့သည် ဘုရားသခင်
၏သားသမီးတို့ကို ချစ်ကြသည်ကို အဘယ်သို့
သိနိုင်မည်နည်း။ ငါတို့သည် ဘုရားသခင်ကို
ချစ်၍ ပညတ်တော်တို့ကို နာခံသောအားဖြင့်
သိနိုင်၏။ 3ဘုရားသခင်ကို ချစ်ချင်းသည်
ပညတ်တော်တို့ကို နာခံခြင်းဖြစ်၏။ ဘုရား

သခင်၏ပညတ်တော်တို့သည် ငါတို့အတွက်
ခဲယဉ်းသည်မဟုတ်။ 4ဘုရားသခင်၏သားမှန်
သမျှသည် လောကကို အောင်တတ်၏။ လော
ကကို အောင်နိုင်သောအကြောင်းအရာသည်
ငါတို့၏ယုံကြည်ခြင်း ဖြစ်၏။ 5ထိုကြောင့် လော
ကကို အောင်နိုင်သောသူသည် အဘယ်သူ
နည်း။ ယေရှုသည် ဘုရားသခင်၏သားတော်
ဖြစ်သည်ကို ယုံကြည်သောသူသာလျှင် လော
ကကို အောင်နိုင်၏။

## ဘုရားသခင်သည်မိမိ၏သားတော်အကြောင်းကိုငါတို့အား ပြောတော်မူ၏

6ယေရှုခရစ်တော်သည် ရေနှင့်အသွေးဖြင့်
ကြွလာတော်မူသောသူဖြစ်၏။ ယေရှုသည် ရေ
အားဖြင့်သာ ကြွလာတော်မူသည် မဟုတ်။
ယေရှုသည် ရေနှင့်သွေးနှစ်ခုစလုံးဖြင့် ကြွလာ
တော်မူ၏။ ဝိညာဉ်တော်ကလည်း မှန်ကန်
ကြောင်း မိန့်တော်မူ၏။ ဝိညာဉ်တော်သည်
သမ္မာတရားဖြစ်၏။ 7ထိုကြောင့် ယေရှုအ
ကြောင်းကို သက်သေခံသောသူသုံးပါးရှိ၏။
8ဝိညာဉ်တော်တစ်ပါး၊ ရေတစ်ပါးနှင့် အသွေး
တစ်ပါးတို့ ဖြစ်၏။ ဤသက်သေခံသုံးပါးသည်
လည်း သက်သေခံတော်မူ၏။ 9ငါတို့သည် လူ၏
သက်သေကို ယုံလျှင်ဘုရားသခင်၏သက်သေ
တော်သည် သာ၍ကြီးမြတ်တော်မူ၏။ ဤအ
ရာကား ဘုရားသခင်သည် မိမိ၏သားတော်
အကြောင်း သက်သေခံတော်မူသောအရာဖြစ်
၏။ 10ဘုရားသခင်၏သားတော်ကို ယုံကြည်
သောသူသည် ဘုရားသခင်မိန့်တော်မူသော
သမ္မာတရားကိုရရှိ၏။ ဘုရားသခင်ကို မယုံ
ကြည်သောသူသည် ဘုရားသခင်အား မုသာ
သုံးသောသူဖြစ်စေ၏။ အဘယ်ကြောင်းနည်း
ဟူမူကား၊ ဘုရားသခင်သည် မိမိသားတော်
အကြောင်းမှာ သက်သေခံတော်မူသော
စကားတော်ကို ထိုသူသည် မယုံသောကြောင့်
ဖြစ်၏။ 11ဘုရားသခင်မိန့်တော်မူသည်ကား
ဘုရားသခင်သည် ငါတို့ကို ထာဝရအသက်
ပေးတော်မူ၏။ ထိုထာဝရအသက်သည် သား
တော်၌ရှိ၏။ 12သားတော်ကို ရသောသူသည်
စစ်မှန်သောအသက်ကိုရ၏။ သို့သော်လည်း
ဘုရားသခင်၏သားတော်ကို မရသောသူသည်
အသက်ကိုမရ။

## ကျွန်ုပ်တို့ထာဝရအသက်ကို ယခုရပြီ

13ဘုရားသခင်၏သားတော်ကို ယုံကြည်
သောသူတို့အတွက် ဤစာကို ငါရေး၏။ သင်
တို့သည် ယခုတွင် ထာဝရအသက်ရသည်ကိုသိ
ရန်ငါရေးခြင်းဖြစ်၏။ 14ငါတို့သည် ဘုရားသခင်
ထံတော်သို့ သံသယမရှိဘဲလာနိုင်၏။ ဤအရာ
၏အဓိပ္ပါယ်မှာ ငါတို့သည် ဘုရားသခင်ကို
တောင်းသောအခါ ဘုရားသခင်၏အလိုတော်
နှင့်ညီသောအရာများဖြစ်လျှင် ငါတို့၏တောင်း
သမျှကို ဘုရားသခင်နားညောင်းတော်မူ၏။
15ဘုရားသခင်သည် ငါတို့တောင်းသောအခါ
တိုင်းတွင် နားညောင်းတော်မူ၏။ ထို့ကြောင့်
အထံတော်၌ တောင်းသမျှဆုကို ရမည်ဟု ငါ
တို့သိကြ၏။

16တစ်စုံတစ်ယောက်သောသူသည် ခရစ်
တော်၌ မိမိညီအစ်ကို သို့မဟုတ် မောင်နှမချင်း
အပြစ်ပြုမိပြီး သေခြင်းသို့ ပို့ဆောင်ခြင်း မပြု
သောဒုစရိုက်အပြစ်ကို မြင်လျှင် သူသည် ထိုအ
ပြစ်ပြုမိသောညီအစ်ကို သို့မဟုတ် မောင်နှမအ
တွက် ဆုတောင်းပေးသင့်၏။ သို့ဖြစ်လျှင် ဘုရား
သခင်သည် ထိုညီအစ်ကို သို့မဟုတ် မောင်နှမ
အား အသက်ကို ပေးတော်မူလိမ့်မည်။ ငါသည်
သေခြင်းသို့ မပို့ဆောင်သောအပြစ်ဒုစရိုက်များ
အကြောင်းကို ပြောခြင်းဖြစ်၏။ သေခြင်းသို့
ပို့ဆောင်သောဒုစရိုက်လည်းရှိ၏။ ထိုကဲ့သို့
သောအပြစ်ဒုစရိုက်အတွက် ဆုတောင်းပေး
ရမည်ဟု ငါမဆို။ 17အမှားပြုလုပ် ခြင်းမှန်သမျှ
သည် အပြစ်ဒုစရိုက်ဖြစ်၏။ သေခြင်းသို့မပို့
ဆောင်သောဒုစရိုက်ရှိ၏။

18ဘုရားသခင်၏သားဖြစ်သမျှသော သူတို့
သည် ဒုစရိုက်မပြုတတ်သည်ကို ငါတို့သိကြ၏။
ဘုရားသခင်၏သားတော်သည် ထိုသူကို လုံခြုံ
စွာထိန်းသိမ်းတော်မူ၏။ မာရ်နတ်သည် ထိုသူ

ကို မထိခိုက်နိုင်။ [19]ငါတို့သည် ဘုရားသခင်
နှင့်စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ သို့သော်
မာရ်နတ်သည် လောကကို ထိန်းချုပ်ထား၏။
[20]ဘုရားသခင်၏သားတော်သည် ကြွလာ
တော်မူသည်ကို ငါတို့သိ၏။ ငါတို့သည်
သမ္မာတရားဖြစ်တော်မူသော ဘုရားသခင်ကို
သိနိုင်မည်အကြောင်း၊ သားတော်သည် ငါတို့
ကို နားလည်နိုင်သောဉာဏ်ကို ပေးတော်မူ၏။
ယခုတွင် ငါတို့သည် သမ္မာတရားဖြစ်တော်မူ
သော ဘုရားသခင်နှင့် သူ၏သားတော်၌ အ
သက်ရှင်လျက်ရှိ၏။ ထိုသူသည် စစ်မှန်သော
ဘုရားသခင်ဖြစ်ပြီး ထာဝရအသက်လည်း ဖြစ်
တော်မူ၏။ [21]ထို့ကြောင့် ချစ်သားတို့ ဘုရားအ
ရုပ်တုဆင်းတုကိုရှောင်ကြဉ်ကြလော့။

# ရှင်ယောဟန်ဩဝါဒစာ ဒုတိယစာစောင်

အသက်ကြီးသောသူမှ နှုတ်ဆက်ပါ၏။
ဘုရားသခင် ရွေးကောက်တော်မူသောမိန်းမ
နှင့်သူမ၏သားသမီးတို့ထံသို့၊ သမ္မာတရား၌
သင်တို့အားလုံးကို ငါချစ်၏။ ထိုသမ္မာတရား
ကို သိသောသူတိုင်းကလည်း သင်တို့ကို ချစ်
၏။ 2ငါတို့အထဲ၌ရှိသော သမ္မာတရားကြောင့်
ငါတို့သည် သင်တို့ကို ချစ်ခြင်းမေတ္တာရှိပါ၏။
ထိုသမ္မာတရားသည် ငါတို့နှင့်အတူအမြဲရှိနေ
မည်။

3ခမည်းတော်ဘုရားထံတော်မှရင်း၊ ခမည်း
တော်၏သားတော် ယေရှုခရစ်ထံတော်ရင်း၊
သမ္မာတရား၊ မေတ္တာတရားနှင့်တကွ ကျေးဇူး၊
ကရုဏာ၊ ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါ
စေသော။

4ငါတို့သည် ခမည်းတော်ထံ၌ ပညတ်တော်
ကို ခံရသည်အတိုင်း၊ သင်၏သားသမီး အချို့တို့
သည် သမ္မာတရားနောက်ကို လိုက်လျှောက်
နေသည်ကို ကြားရသောကြောင့် အလွန်ဝမ်း
မြောက်ခြင်းရှိ၏။ 5ချစ်မြတ်နိုးသောမိန်းမ အ
ချင်းချင်း ချစ်ခြင်းမေတ္တာရှိကြကုန်အံ့ဟု ယခု
တွင် သင့်ကို ငါတောင်းပန်၏။ ငါသည် အသစ်
ပညတ်တော်သစ်ကို သင်အား ရေးပေးနေသည်
မဟုတ်။ ရှေးဦးစွာကပင် ငါတို့ရရှိသောပညတ်
ပင်ဖြစ်၏။ 6ချစ်ခြင်းမေတ္တာသည် ငါတို့ကို မည်
ကဲ့သို့ အသက်ရှင်ရမည်ကို ထင်ရှားစေသည့်
ဘုရားသခင်၏ မိန့်တော်မူချက်မှာ ချစ်ခြင်း
မေတ္တာဖြင့် အသက်ရှင်ရန်ဖြစ်၏။ ဤပညတ်
ချက်သည် ရှေးဦးစွာကပင် သင်တို့ကြားသော
ပညတ်ချက်ဖြစ်၍၊ သင်တို့သည် ထိုနည်းအား
ဖြင့်အသက်ရှင်ရမည်။ 7မိစ္ဆာဆရာအများတို့
သည် ဤလောကထဲသို့ ဝင်ကြပြီ။ ခရစ်တော်
သည် ဤလောကသို့ လူ့ဇာတိအားဖြင့် ကြွလာ
တော်မူသည်ဟူသောအချက်ကို သူတို့သည်
လက်ခံခြင်းငှါ ငြင်းပယ်ကြ၏။ ဤအချက်ကို
ဝန်ခံရန် ငြင်းဆန်သောသူတိုင်းသည် မစ္ဆာဆ
ရာဖြစ်ပြီး၊ ခရစ်တော်၏ရန်သူလည်း ဖြစ်၏။
8ငါတို့လုပ်ခဲ့သောအရာတို့သည် မပျောက်
ပျက်စေမည်အကြောင်း သတိပြုကြလော့။ ထို
မှသာ သင်တို့ရရှိခြင်းငှါ ကြိုးစားနေသောအ
ရာရှိသမျှကို ရရှိလိမ့်မည်။

9ခရစ်တော်၏ သွန်သင်ခြင်းတစ်ခုတည်းကို
သာ လူတစ်ဦးသည် ဆက်လက်လိုက်လျှောက်
၍ နာခံရမည်။ ထိုသူသည် ခရစ်တော်၏သွန်
သင်ခြင်းကို ပြောင်းလဲစေသော်၊ ထိုသူသည်
ဘုရားသခင်ကို မပိုင်ဆိုင်နိုင်။ သို့သော်လည်း
ခရစ်တော်၏သွန်သင်ခြင်းကို သူသည် ဆက်
လက် လိုက်နာလျှင် ခမည်းတော်သည်ရင်း၊
သားတော်သည်ရင်း ထိုသူ၌တည်၏။ 10တစ်စုံ
တစ်ယောက်သည် ဤသွန်သင်ခြင်းကို မပါဘဲ
သင့်ထံသို့လာလျှင် ထိုသူကို သင်၏အိမ်ထဲသို့
မဝင်စေနှင့်။ သူ့ကို ခရီးဦးမကြိုနှင့်။ 11သူ့ကို
လက်ခံလျှင် သူ၏မကောင်းမှုပြုခြင်းတွင် ပါဝင်
ကူညီခြင်းနှင့်တူ၏။

12ငါ၌ သင်တို့ကို ရေးစရာများစွာ ရှိသော်
လည်း ထိုအရာတို့ကို စာရွက်နှင့် မှင်ကို အသုံး
ပြု၍ ရေးခြင်းငှါ ငါအလိုမရှိ။ သို့ရာတွင် သင်
တို့ထံသို့ အလည်လာခြင်းငှါ ငါမျှော်လင့်ထား
၏။ သို့မှသာ ငါတို့အတူတကွ စကားပြောနိုင်
မည်။ထိုအရာသည်ငါတို့ကိုများစွာဝမ်းမြောက်
စေ၏။ 13ဘုရားသခင်ရွေးကောတော်မူသော
သင့်ညီမ၏သားသမီးတို့သည် သင့်ကိုမေတ္တာပို့
ကြ၏။

# ရှင်ယောဟန်ဩဝါဒစာ
# တတိယစောင်

အသက်ကြီးသောသူမှ သမ္မာတရား၌ ငါ
ချစ်သောချစ်မိတ်ဆွေ ဂါယုထံသို့၊
2ချစ်မိတ်ဆွေ၊ သင်၏စိတ်နှလုံးသည်
ကောင်းမွန်သည်ကိုငါသိ၏။ ထို့ကြောင့် သင်
သည် အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာ
ခြင်းရှိမည်အကြောင်း ငါဆုတောင်း၏။ 3ခရစ်
တော်၌ညီအစ်ကို တချို့က သင်၏မှန်ကန်သော
အသက်တာအကြောင်းကို လာ၍ ငါ့အားပြော
ကြ၏။ သင်သည် သမ္မာတရားနောက်သို့ လိုက်
လျှောက်သူ ဖြစ်ကြောင်းကို ပြောကြသော
အခါ ငါသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ 4ငါ
၏သားသမီးတို့သည် သမ္မာတရားနောက်ကို
လိုက်လျှောက်၍ အသက်ရှင်သည်ကို ငါကြား
သောအခါ ဝမ်းမြောက်ခြင်းထက် သာ၍ငါ
အတွက် ဝမ်းမြောက်ခြင်းမရှိ။
5ငါချစ်သောမိတ်ဆွေ၊ သင်သည် သူတို့ကို
မသိသောအချိန်၌ပင် ညီအစ်ကိုနှင့်မောင်နှမတို့
အတွက်သင်လုပ်သမျှအားဖြင့် သင်သစ္စာရှိခြင်း
ကိုပြသ၏။ 6ထိုညီအစ်ကိုတို့သည် သင်၏ချစ်
ခြင်းမေတ္တာအကြောင်းကို အသင်းတော်အား
ပြောပြကြ၏။ သူတို့၏ခရီးစဉ်ကို ဆက်သွား
နိုင်မည်အကြောင်း ဘုရားသခင်အလိုတော်အ
တိုင်း ကူညီလော့။ 7ထိုညီအစ်ကိုတို့သည် ခရစ်
တော်၏အမှုတော်ကို ဆောင်ရန် ထွက်သွားကြ
၏။ မယုံကြည်သူတို့ထံမှ မည်သည့်အကူအညီ
ကိုမျှ လက်မခံကြပေ။ 8ထို့ကြောင့် ထိုကဲ့သို့
သောလူတို့ကို ငါကူညီရမည်။ သူတို့ကို ကူညီ
သောကြောင့် ဿသနာအမှုတွင် ပါဝင်ကူညီ
သကဲ့သို့ဖြစ်၏။
9အသင်းတော်ကို ငါစာတစ်စောင်ရေးထား
၏။ သို့သော် ဒယောတရပ်သည် ငါတို့ပြောစ
ကားကိုနားမထောင်။ သူသည်အစဉ်အမြဲခေါင်း
ဆောင်လုပ်လို၏။ 10ငါလာသောအခါ သင်တို့
အား ဒယောတရပ်သည် အဘယ်မည်သောအ
လုပ်လုပ်သည်ကိုပြောပြမည်။ ငါတို့၏မကောင်း
ကြောင်းကို လိမ်ညာပြောဆို၏။ သို့သော်လည်း
သူသည်ထိုအရာနှင့်မကျေနပ်နိုင်။ သူကိုယ်တိုင်
က ခရစ်တော်၏အမှုတော်ဆောင်လုပ်နေကြ
သောညီအစ်ကိုတို့ကို ကူညီရန် ငြင်းပယ်၏။ သူ
သည် ထိုကဲ့သို့သောညီအစ်ကိုတို့ကို ကူညီလို
သောအခြားသူတို့ကိုလည်း တားမြစ်၍ သူတို့ကို
အသင်းတော်မှနှင်ထုတ်၏။
11ချစ်သောမိတ်ဆွေ၊ မကောင်းသောအ
ရာကို မလိုက်ဘဲ၊ ကောင်းသောအရာကိုလိုက်
လျှောက်လော့။ ကောင်းသောအရာကို လုပ်
သောသူသည် ဘုရားသခင်ထံတော်မှလာ၏။
သို့သော်လည်း မကောင်းသောအလုပ်ကို လုပ်
သောသူသည် ဘုရားသခင်ကိုမမြင်။ 12လူအ
ပေါင်းတို့သည် ဒေမေတရိအကြောင်းကို သက်
သေခံကြ၍ သမ္မာတရားသည်လည်း သူ၏သက်
သေဖြစ်၏။ ငါတို့သည်လည်း သူ၏ကောင်း
ကြောင်းအရာကို ပြောဆိုကြ၏။ ငါတို့ပြော
သောအရာဟုတ်မှန်သည်ကို သင်တို့သိကြ၏။
13ငါသည် သင်တို့ကို ရေးစရာများစွာရှိ၏။
သို့သော်လည်း၊ မှင်တံနှင့်မှင်ကို အသုံးပြုခြင်း
ဖြင့် ငါအလိုမရှိ။ 14သင်တို့ထံသို့လာလည် ခြင်းငှါ
ငါမျှော်လင့်၏။ ထိုမှသာ ငါတို့အတူတကွ
စကားပြောနိုင်မည်။ 15ငြိမ်သက်ခြင်းသည် သင်
တို့၌ရှိ ပါစေ။ ငါနှင့်အတူ ရှိသောအဆွေတို့
သည် သင့်ကို နှုတ်ဆက်ကြ၏။ ထိုနေရာ၌
ရှိသော မိတ်ဆွေတို့၏နာမည်ကို ထုတ်၍ နှုတ်
ဆက်လော့။

# ရှင်ယုဒဩဝါဒစာ

ယေရှုခရစ်၏ အစေတော်ခံဖြစ်သော
ယာကုပ်၏ညီ ငါယုဒသည် ခမည်းတော်ဘုရား
သခင်ခေါ်တော်မူ၍ ယေရှုခရစ်၌လုံခြုံစွာ ထား
တော်မူသောသူတို့ကို နှုတ်ဆက်ပါ၏။ [2]ကရု
ဏာငြိမ်သက်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည်
သင်တို့၌ ပို၍များပြားပါစေသော။

## အမှားလုပ်သူများကို ဘုရားသခင် အပြစ်ဒဏ်ပေးတော်မူမည်။

[3]ချစ်မိတ်ဆွေတို့၊ ငါတို့အားလုံး အညီအမျှ
ဆက်ဆံသောကယ်တင်ခြင်းအကြောင်းကို သင်
တို့ထံသို့ရေးရန် ငါသည် အလွန်အလိုရှိ၏။ သို့
သော်လည်း၊ ယခုတွင် အခြားသောအ
ကြောင်းအရာတို့ကို ရေးရန် လိုအပ်ကြောင်း
ငါသိ၏။ ဘုရားသခင်သည် မိမိ၏သန့်ရှင်း
သောသူတို့အား ပေးထားသောယုံကြည်ခြင်း
အတွက် ကြိုးစား၍ တိုက်လှန်စေခြင်းငှါ သင်တို့
ကို တိုက်တွန်းနှိုးဆော်ရန် ငါအလိုရှိ၏။ ဘုရား
သခင်သည် ဤယုံကြည် ခြင်းကို ထာဝရအ
တွက် တစ်ခါမျှသာ ပေးအပ်ခဲ့၏။ [4]အချို့လူတို့
သည် သင်တို့၏လူစုထဲသို့ လျှို့ဝှက်စွာ ဝင်
ရောက်လာ၏။ ထိုသူတို့သည် သူတို့ပြုလုပ်ခဲ့
သောအရာများအတွက် အပြစ်စီရင်ခြင်းခံရ
ခဲ့ပြီးဖြစ်၏။ ရှေးကပရောဖက်တို့သည် သူတို့အ
ကြောင်းကို ရေးခဲ့ကြ၏။ ထိုသူတို့သည် ဘုရား
သခင်ကို ဆန့်ကျင်၍ ရှက်ဖွယ်ကောင်းသော
အရာတို့ကို ပြုရန် ဘုရားသခင်၏ကျေးဇူးတော်
ကို အလွဲသုံးစားကြ၏။ ထိုသူတို့သည် ငါတို့၏
အရှင်သခင်တစ်ပါးတည်း ဖြစ်တော်မူသော
ယေရှုခရစ်ကို လက်ခံရန် ငြင်းပယ်ကြ၏။
[5]သင်တို့သိခဲ့ပြီးသောအရာကို ပြန်လည်သတိ
ရရန် ငါကူညီလို၏။ ဘုရားသခင်သည် မိမိလူ
တို့ကို အဲဂုတ္တုပြည်မှကယ်တင်ရန် သယ်ဆောင်
တော်မူ၏။ သို့သော်လည်း ဘုရားသခင်သည်
မယုံကြည်သောသူ အားလုံးတို့ကို နောက်ဆုံး၌
ဖျက်ဆီးတော်မူ၏။ [6]ထို့အပြင်တန်ခိုးအာဏာရှိ
ပြီး မိမိတို့အခွင့်အရာ၌သစ္စာမရှိသောကောင်း
ကင်တမန်တို့ကိုလည်း မှတ်မိကြလော့။ သူတို့
သည် မိမိတို့အရပ်ကို စွန့်ခွာသွားကြ၏။
ထို့ကြောင့် ထိုကောင်းကင်တမန်တို့ကို အ
မှောင်ထဲ၌ဘုရား သခင်က ပို့တော်မူ၏။
သူတို့ကို ထာဝရချည် နှောင်ထားတော်မူ၏။
ကြီးမြတ်သောနေ့၌ စီရင်ရန် သူတို့ကို ထား
တော်မူ၏။ [7]သောဒုံမြို့၊ ဂေါမောရ*မြို့နှင့်ပတ်
ဝန်းကျင်ရှိ မြို့များကို မှတ်မိကြလော့။ သူတို့
သည်လည်း ထိုကောင်း ကင်တမန်တို့နှင့်အတူ
တူပင်ဖြစ်၏။ ထိုမြို့တို့သည် မတရားသော
မေထုန်မှိုဝဲခြင်းနှင့်မှား ယွင်းသောအလုပ်များ
နှင့်ပြည့်လျှက်ရှိသောကြောင့် ထာဝရမီးထဲ
တွင် စီရင်ခြင်းကိုခံရကြ၏။ သူတို့၏စီရင်ဒဏ်
ခတ်မှုသည် ငါတို့အတွက် ပုံသက်သေဖြစ်၏။
[8]သင်တို့၏အဖွဲ့ထဲသို့ လျှို့ဝှက်စွာ ဝင်လာ
သူတို့သည်လည်း ထိုအတူပင်ဖြစ်၏။ သူတို့
သည် အိပ်မက်အားဖြင့် လမ်းညွှန်ခြင်းခံရ၏။
သူတို့သည် အပြစ်နှင့်ကိုယ်ကို ကိုယ်ညစ်ညူးစေ
၏။ သူတို့သည် ဘုရားသခင်၏အုပ်စိုးမှုအာ
ဏာကို ငြင်းပယ်လျှက် ဘုန်းအသရေနှင့်ပြည့်
စုံသောကောင်းကင်တမန်တို့ အကြောင်းကို
မကောင်းပြောဆိုကြ၏။ [9]ကောင်းကင်တမန်

---

**သောဒုံနှင့် ဂေါမောရ** အထဲမှာ နေထိုင်သောလူဆိုးတို့
၏အပြစ်ဒဏ်ပေးဖို့ထာဝရဘုရား ဖျက်ဆီးခဲ့သောမြို့များ

မင်းမိက္ခေလပင်လျှင် မောရှေ၏ကိုယ်ကို မည်
သူက ယူသင့်သည်ကို မာရ်နတ်နှင့်ငြင်းခုံသော
အခါ ကဲ့ရဲ့စွာ ပြစ်တင်ခြင်းကို မပြုဝံ့ဘဲ၊ "ထာ
ဝရဘုရားသည် သင့်ကို ဆုံးမတော်မူမည်" ဟု
၍သာ ပြောဆို၏။ [10]သို့သော်လည်း ထိုသူတို့
သည် မိမိတို့နားမလည်သောအရာများကို
ဝေဖန်ကဲ့ရဲ့ကြ၏။ သူတို့သည် ဤအရာများကို
မစဉ်းစားနားမလည် နိုင်သောတိရစ္ဆာန်များသိ
နားလည်သကဲ့သို့ နားလည်ကြ၏။ သူတို့၏ဇတိ
ပကတိကသာ ဦးဆောင်လျှက်ရှိ၏။ ဤအရာ
များသည် သူတို့ကို ပျက်စီးစေလိမ့်မည်။ [11]သူ
တို့သည်အမင်္ဂလာရှိ၏။ သူတို့သည် ကာဣန*
နောက်သို့လိုက်ကြ၏။ ငွေရရန်အတွက် ဗာလမ်
ကဲ့သို့ မှားယွင်းသောလမ်းသို့လျှောက် သွား
ကြ၏။ သူတို့သည် ကောရကဲ့သို့ ဘုရားသခင်
ကိုဆန့်ကျင်၏။ ထို့ကြောင့် သူတို့သည် ကောရ
ကဲ့သို့ ဖျက်ဆီးခြင်းသို့ရောက်ကြလိမ့်မည်။
[12]သူတို့သည် သင်တို့၏မေတ္တာပွဲ၌ ညစ်ပတ်
သောအစွန်းအကွက်ကဲ့သို့ ဖြစ်ကြ၏။ သူတို့
သည် ရှက်ကြောက်ခြင်းမရှိဘဲ သင်တို့နှင့်အတူ
စားကြ၏။ သူတို့သည် မိမိတို့အတွက်သာ ဂရု
စိုက်ကြ၏။ သူတို့သည် လေတိုက်၍ လွင့်သော
မိုးမပါသောမိုယ်းတိမ်ကဲ့သို့ ဖြစ်၏။ သူတို့သည်
အသီးမသီးသဖြင့် မြေကြီးထဲမှ ဆွဲနှုတ်ထုတ်ခံရ
သောသစ်ပင်ကဲ့သို့ ဖြစ်ကြ၏။ ထို့ကြောင့် သူ
တို့သည်နှစ်ကြိမ်သေခြင်းသို့ ရောက်ကြ၏။[13]သူ
တို့သည် မွှတ်စေတတ်သောလှိုင်းတံပိုးရိုင်းကဲ့
သို့ရှက်ဖွယ်ရာအပြုအမူများကို ပြုကြ၏။ သူတို့
သည် မိုးကောင်းကင်၌ လှည့်လည်နေသော
ကြယ်ကဲ့သို့ ဖြစ်ကြ၏။ အနက်ဆုံးသော ထာ
ဝရမှောင်မိုက် ကိုသူတို့အတွက် သိုထားလျှက်
ရှိ၏။ [14]အာဒံမှ ဆင်းသက်၍ ခုနစ်ဆက်မြောက်
သောသူ ဧနောက်က ဤသူတို့အကြောင်းကို
ဤကဲ့သို့ပြော၏။ "ကြည့်မျှော်ကြလော့။ သခင်
ဘုရားသည် ထောင်သောင်းမကသောမိမိ၏
သန့်ရှင်းသောကောင်းကင်တမန်တို့နှင့် ကြွလာ
မည်။ [15]သခင်ဘုရားသည် လူတိုင်းကို စီရင်
တော်မူမည်။ သခင်ဘုရားသည် မိမိကို ဆန့်
ကျင်ရာသူတို့ ပြုလုပ်ခဲ့သည့်မကောင်းသောအ
ရာအားလုံးအတွက် သူတို့အားလုံး၏အပြစ်ကို
သက်သေပြတော်မူလိမ့်မည်။ သခင်ဘုရား
သည် မိမိကိုဆန့်ကျင်၍ သူတို့ပြောသော
မကောင်းသောစကားရှိသမျှတို့၏ အပြစ်ကို
ဖော်ပြတော်မူလိမ့်မည်။"
[16]သူတို့သည် အစဉ်မပြတ် အခြားသောသူ
တို့၏အမှားကိုရှာ၍ မကျေမနပ်ပြောဆိုတတ်
၏။ သူတို့သည် မိမိတို့ပြုလိုသောမကောင်း
သောအရာများကို အစဉ်မပြတ် ပြုတတ်ကြ၏။
သူတို့သည် ကိုယ့်ကိုကိုယ် ဝါကြွားကြ၏။ သူတို့
အလိုရှိသောအရာများ ရရှိရန်အတွက်သာ အ
ခြားသူတို့ထံသို့ကောင်းသောအရာကို ပြောဆို
လေ့ရှိ၏။

## သတိပေးခြင်းနှင့်လုပ်ဆောင်ရမည့်အရာများ

[17]သို့ရာတွင် ချစ်မိတ်ဆွေတို့၊ ငါတို့သခင်
ယေရှုခရစ်၏တမန်တော်တို့၏ဟောပြောသော
စကားများကို အောက်မေ့သတိရကြလော့။
[18]တမန်တော်တို့က "ဘုရားသခင်ကို ပျက်ရယ်
ပြုလုပ်သောသူတို့သည် နောက်ဆုံးချိန်တွင် ပေါ်
ကြလိမ့်မည်" ဟုပြောဆို၏။ ထိုသူတို့သည် မိမိ
တို့၏အလိုဆန္ဒအတိုင်း အသက်ရှင်ရန် ဘုရား
သခင်ကို ဆန့်ကျင်သောအရာများကိုသာ ပြု
လုပ်ကြ၏။ [19]ထိုသူတို့သည် သင်တို့၌ သင်းခွဲ
ခြင်းကို သယ်ဆောင်၏။ သူတို့သည် မိမိတို့၏
ဇာတိပကတိအလိုရှိသောအရာများကိုသာ ပြု
ကြ၏။ သူတို့၌ဝိညာဉ်တော်မရှိ။ [20]သို့ရာတွင်
ချစ်မိတ်ဆွေတို့၊ မိမိတို့အလွန် သန့်ရှင်းသောယုံ
ကြည်ခြင်းအားဖြင့် ကိုယ့်ကိုကိုယ် ခွန်အားရှိခြင်း
ငှါလုပ်ဆောင်ကြလော့။ သန့်ရှင်းသောဝိညာဉ်
တော်နှင့်အတူဆုတောင်းလော့။[21]ဘုရားသခင်
၏ချစ်ခြင်းမေတ္တာတော်၌ ရင်းနှီးစွာနေလော့။
ထာဝရအသက်ကို ပေးခြင်းငှါငါတို့သခင် ယေရှု
ခရစ်၏ကရုဏာတော်ကို စောင့်မျှော်လျှက်
နေကြလော့။

---

**ကာဣန** သူညီအာဗေလကို သတ်ခဲ့သောအာဒံနှင့်ဧဝ
၏သား၊ ကမ္ဘာ၊ 4:1-16

22 သံသယရှိသောသူတို့ကို ကူညီမစလော့။
23 လူအချို့ကို ကယ်တင်ရန် လိုအပ်၏။ သူတို့ကို
မီးထဲမှ ဆယ်နုတ်ကယ်တင်ကြလော့။ သို့သော်
လည်း အပြစ်ရှိသောသူတို့ကို ကူညီလိုခြင်းကို
သတိပြုကြလော့။ အပြစ်နှင့်ညစ်ပေနေသော
သူတို့၏ အဝတ်အထည်များကိုပင် မုန်းလော့။

## ဘုရားသခင်ကို ချီးမွမ်းပါ။

24 ဘုရားသခင်သည် ခွန်အားကြီး၍ ထိမိလဲ
ခြင်းမှ သင့်ကို စောင့်ရှောက်နိုင်စွမ်းရှိတော်မူ
၏။ မည်သည့်အမှားတစ်ခုမျှ သင်၌မရှိဘဲ သင့်
အားဝမ်းမြောက်ခြင်းကြီးစွာနှင့် မိမိ၏ဘုန်းအ
သရေတော်ရှေ့၌ သယ်ဆောင်လာနိုင်စွမ်းရှိ
တော်မူ၏။
25 သူသည် တစ်ဆူတည်းသော
ဘုရားသခင် ဖြစ်တော်မူ၏။ ငါတို့ကို ကယ်တင်
တော်မူသောအရှင်ဖြစ်၏။ ငါတို့သခင်ယေရှု
ခရစ်အားဖြင့် ဘုန်းအသရေ၊ ကြီးမြတ်ခြင်း၊ တန်
ခိုးတော်နှင့် အာဏာစက်တော်သည် အတိတ်၊
မျက်မှောက်နှင့် လာလတံ့ကာလ၌ ထာဝရ
တည်နေတော်မူပါစေသော။ အာမင်။

# ဗျာဒိတ်ကျမ်း

## ရှင်ယောဟန်က ဤစာစောင်အကြောင်းကို ပြောဆိုခြင်း

1 ဤအရာသည် ယေရှုခရစ်၏ဗျာဒိတ်ဖြစ်
တော်မူ၏။ ဘုရားသခင်သည် မိမိအစေခံ
တို့အား ကာလမကြာမမြင့်မှီ မည်သို့ဖြစ်လာ
မည်ကို ပြသခြင်းငှါ၊ သူ့အား ဤအရာတို့ကို
ဖွင့်ပြတော်မူ၏။ ခရစ်တော်သည် မိမိအစေခံ
ယောဟန်အား ထိုအရာတို့ကို ကြိုတင်ပြတော်
မူရန် မိမိကောင်းကင်တမန်ကို စေလွှတ်တော်
မူ၏။ 2ယောဟန်သည်လည်း ဘုရားသခင်ထံ
တော်မှလာသော နှုတ်ကပတ်တော်နှင့် ယေရှု
ခရစ်ပြောသောသမ္မာတရားကို မြင်သမျှအ
တိုင်း ပြောပြ၏။ 3ဤဘုရားသခင်ထံတော်မှ
လာသော ဤနှုတ်ကပတ်တော်ကို ဖတ်ရှုသော
သူသည် မင်္ဂလာရှိ၏။ ထိုနောက် ဤနှုတ်က
ပတ်တော်ကိုကြား၍ ရေးထားသည့်အတိုင်း
လုပ်ဆောင်သောသူတို့သည် မင်္ဂလာရှိကြ၏။
အကြောင်းမူကား၊အချိန်ရောက်လုနီးပြီ ဖြစ်၏။

## ယောဟန်က ယေရှု၏သတင်းစကားများကို အသင်းတော်များထံသို့ ရေးသားခြင်း

4ငါယောဟန်သည် အာရှိပြည်*၌ရှိသော
အသင်းတော်ခုနစ်ပါးဆီသို့ စာရေးလိုက်ပါ၏။
ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ် ရှိ
တော်မူသောသူထံတော်မှလည်းကောင်း၊ သူ
၏ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ်ခုနစ်ပါးထံ
တော်မှလည်းကောင်း၊ 5စစ်မှန်သောသက်သေ
ဖြစ်တော်မူသောယေရှုခရစ်အထံတော်မှလည်း
ကောင်းကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည်
သင်တို့၌ရှိပါစေ။ သူသည် သေခြင်းမှ ပထမဦး
ဆုံးရှင်ပြန်ထမြောက်လာသူ ဖြစ်၏။ သူသည်
လောကီဘုရင်အပေါင်းတို့၏အုပ်စိုးသူ ဖြစ်၏။
သူသည် အကျွန်ုပ်တို့ကိုချစ်၍ မိမိအသွေးတော်
ဖြင့် အကျွန်ုပ်တို့အပြစ်များမှ လွှတ်မြောက်စေ
တော်မူသောသူ ဖြစ်၏။ 6ယေရှုသည် အကျွန်ုပ်
တို့ကို နိုင်ငံတော်တစ်ခုအထဲ၌ ဖြစ်စေတော်မူ
၏။ မိမိခမည်းတော်ဘုရားသခင်ကို အစေခံ
သောယဇ်ပုရောဟိတ်များအရာ၌ အကျွန်ုပ်တို့
ကိုခန့်ထားတော်မူ၏။သူ၌ဘုန်းအသရေနှင့်တန်
ခိုးတော်အစဉ်အမြဲရှိပါစေသော။ အာမင်။*
7ကြည့်ရှုလော့၊ ယေရှုသည် မိုဃ်းတိမ်နှင့်
တကွ ကြွလာတော်မူမည်။ လူအပေါင်းတို့နှင့်
ကိုယ်တော်ကို ထိုးဖောက်သောသူတို့သည်
လည်း ကိုယ်တော်ကို မြင်ရကြလိမ့်မည်။ မြေ
ကြီးသားအပေါင်းတို့သည် ကိုယ်တော်ကြောင့်
ကျယ်လောင်စွာ ငိုကြွေးမြည်တမ်းရကြလိမ့်
မည်။ အမှန်စင်စစ် ဤအရာသည် ဖြစ်ပျက်
လိမ့်မည်။ အာမင်။
8“ငါသည်အာလဖဖြစ်၏။ဩမေဃ*လည်း
ဖြစ်၏ဟု အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူ၍
ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ် ရှိ
တော်မူသော ထာဝရအရှင် ဘုရားသခင် မိန့်
တော်မူ၏။”
9ငါသည် ခရစ်တော်၌ သင်တို့အစ်ကို
ယောဟန်ဖြစ်၏။ အကျွန်ုပ်တို့သည် ခရစ်တော်

---

**အာရှိပြည်** အာရှတိုက်၏အနောက်ဘက် (အခုခေတ်တွင် တူရကီဟုခေါ်သည်။)

**အာမင်** အာမင်ဟု ပြောဆိုခြင်း၏အဓိပ္ပါယ်မှာ ခိုင်မာစွာ သဘောတူခြင်းကို ဆိုလိုသည်။

**အာလဖ၊ဩမေဃ** ဂရိစာ၏အစနှင့်အဆုံးဖြစ်သောဗျည်းအက္ခရာများ၊ အနက်အဓိပ္ပါယ်ကား အဦးဆုံးနှင့်နောက်ဆုံးဖြစ်သည်။

၌ တစ်လုံးတစ်ဝတည်း ဖြစ်၍၊ အကျွန်ုပ်တို့
သည် အရာခပ်သိမ်းကိုရှင်း၊ ဆင်းရဲဒုက္ခကိုရှင်း၊
နိုင်ငံတော်နှင့် သည်းခံစိတ်ရှည်ခြင်းတို့ကို မျှဝေ
ကြ၏။ ယေရှု၏သမ္မာတရားနှင့် ဘုရားသခင်၏
အနာဂတ္တိကျမ်းစကားပေါ်တွင် သစ္စာရှိခြင်း
ကြောင့် ငါသည် ပတ်မုကျွန်း*တွင် နေရ၏။
[10]သခင်ဘုရား၏နေ့ရက်တွင် ဝိညာဉ်တော်
သည် ငါ့ကို ထိန်းချုပ်၍ ငါ၏နောက်တွင် တံပိုး
သံကဲ့သို့ ကျယ်လောင်သောအသံကို ကြား၏။
[11]ထိုအသံက "ဤတွေ့မြင်ရသောအရာအား
လုံးတို့ကို စာစောင်ထဲ၌ ရေးထားလော့။ ထို
နောက် ထိုအရာကို ဧဖက်မြို့၊ စမုရနမြို့၊
ပေရဂံမြို့၊ သွာတိရမြို့၊ သာဒိမြို့၊ ဖိလဒေလဖိ
မြို့နှင့် လာဒိကိမြို့၌ရှိသော အသင်းတော်
ခုနစ်ပါးထံသို့ ပို့လော့" ဟုဆို၏။
[12]ထိုသို့ ငါနှင့်စကားပြောသောသူကို ငါ
လှည့်၍ ကြည့် သောအခါ ရွှေမီးခုံခုနစ်လုံးကို
မြင်ရ၏။ [13]မီးခုံများအလယ်၌ "လူသားတော်
နှင့်တူသော"* သူတစ်ဦးကို ငါမြင်၏။ သူသည်
ခြေထိတိုင်အောင် ရှည်သောဝတ်လုံကို ဝတ်
ဆင်ထား၍ ရင်တော်၌ ရွှေခါးပန်းကို စည်း
ထားလျက်ရှိ၏။ [14]သူ၏ခေါင်းတော်နှင့် ဆံပင်
တော်တို့သည် ဖြူသောသိုးမွေးကဲ့သို့ရှင်း၊ နှင်း
ပွင့်ကဲ့သို့ရှင်းဖြစ်၏။ မျက်စိတော်သည် မီးလျှံ
ကဲ့သို့ ဖြစ်၏။ [15]ခြေတော်သည် မီးထဲတွင်
တောက်ပနေသော ကြေးဝါကဲ့သို့ ဖြစ်၏။ အသံ
တော်သည် ရေလွှမ်းမိုးသောအသံကဲ့သို့
ကြားရ၏။ [16]သူ၏လက်ျာလက်တော်ထဲ၌ကြယ်
ခုနစ်လုံးကို ကိုင်ထား၏။ အသွားနှစ်ဘက်ရှိ
သောထက် သည့်သန်လျက်သည် သူ၏ပါးစပ်
ထဲမှ ထွက်၏။ သူ၏မျက်နှာတော်သည် ထွန်း
တောက်သောနေကဲ့သို့ ဖြစ်၏။

[17]ထိုသူကို ငါမြင်သောအခါ ငါသည် လူ
သေကဲ့သို့ သူ၏ခြေတော်ရင်း၌ လဲလျက်နေ၏။
သူ၏လက်ျာလက်ကို ငါ့အပေါ်သို့ တင်ပြီး
"ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါသည် အဦးဆုံးနှင့်
နောက်ဆုံးသောလူဖြစ်၏။" [18]ငါသည် အသက်
ရှင်သောသူဖြစ်၏။ ငါသေခဲ့၏။ သို့သော်လည်း
ကြည့်လော့။ ငါသည် အစဉ်အမြဲ အသက်ရှင်
၏။ သေခြင်းနှင့် မရဏာနိုင်ငံ၏သော့ကို ငါ
ကိုင်ထား၏။ [19]ထို့ကြောင့် သင်မြင်ရသောအ
ရာတို့ကို ရေးထားလော့။ ယခုဖြစ်နေသောအ
ရာနှင့် နောင်ဖြစ်လာမည့်အရာတို့ကို ရေးသား
လော့။ [20]ငါ့လက်ျာ၌ သင်မြင်သောကြယ်ခု
နစ်လုံးနှင့် ရွှေမီးခုံခုနစ်လုံး၏လျှို့ဝှက်သော
အနက်အဓိပ္ပါယ်မှာ ရွှေမီးခုံခုနစ်လုံးသည် အ
သင်းတော်ခုနစ်ပါးဖြစ်ပြီး ကြယ်ခုနစ်လုံးသည်
အသင်းတော်ခုနစ်ပါးတို့ကိုအုပ်သောတမန်များ
ဖြစ်ကြ၏။

## ဧဖက်အသင်းတော်ထံသို့ ယေရှု၏စာ

2 "ဧဖက်မြို့၌ ရှိသောအသင်းတော်၏တမန်
ကို ဤသို့စာရေးလော့။ လက်ျာလက်၌
ကြယ်ခုနစ်လုံးကိုကိုင်၍ ရွှေမီးခုံခုနစ်လုံးအ
လယ်၌ သွားလာသောသူက ဤအရာများကို
သင်အား ပြောကြား၏။ [2]သင်သည် မည်သည့်
အရာလုပ်သည်ကို ငါသိ၏။ သင်သည် မရပ်မ
နားဘဲ ပင်ပန်းစွာ လုပ်ဆောင်နေ၏။ သင်တို့
သည် မကောင်းသောသူများတို့ကို လက်မခံ
ကြောင်း ငါသိ၏။ သင်သည် တမန်တော်*
အစစ်အမှန်မဟုတ်ဘဲ တမန်တော်ဖြစ်ယောင်
ဆောင်သောသူတို့ကို စုံစမ်းစစ်ဆေး၍၊ လှည့်
ဖြားသောသူ ဖြစ်သည်ဟု သိရ၏။ [3]သင်တို့
သည် မရပ်မနားဘဲ ဆက်လက်ကြိုးစားလျက်
ရှိ၍ ငါ၏နာမကြောင့် ဒုက္ခဆင်းရဲခြင်းကို သည်း
ခံလျက် ရှိကြ၏။ ဤအရာများကို ပြုလုပ်ခြင်း
ဖြင့် မမောပန်းပါ။

---

**ပတ်မုကျွန်း** အေးကျင်း ပင်လယ်မှ သေးငယ်သော ကျွန်းစု၊ အာရှတိုက်၏ပင်လယ်ကမ်းခြေအနား (ယခုခေတ်တွင် တူရကီ) ဟုခေါ်သည်။

**လူသားတော်နှင့်တူသော** ဤဝေါဟာရများကို ဒံယေလ 7:13 မှ "လူသား"သည် ယေရှုက မိမိကိုယ်ကို အသုံးပြုခဲ့သောနာမဖြစ်သည်။

**တမန်တော်** ယေရှုက သူကိုအထူး ကူညီသူများအဖြစ် ရွေးကောက်ခဲ့သောလူများ။

4“သို့သော်လည်းသင်သည်ရှေးဦးစွာ၌ သင်
ရှိသောချစ်ခြင်း မေတ္တာလျော့သောကြောင့်
သင့်ကို ငါအပြစ်တင်၏။ 5ထို့ကြောင့် သင်မလဲ
မီ အရင်နေရာအရပ်ကို အောက်မေ့လော့။
သင်၏စိတ်နှလုံးကို ပြောင်းလဲ၍ ရှေးဦးစွာက
ကျင့်ခဲ့သောအရာတို့ကို ကျင့်လော့။ သင်မ
ပြောင်းလဲလျှင် သင့်ထံသို့ ငါလာ၍၊ သင်၏မီး
ခုံကို နေရာမှ ငါရွှေ့မည်။ 6သို့သော် သင်သည်
ဤကောင်းသောအရာကို ကျင့်၏။ နိကောလ
လူတို့ကျင့်သော အရာတို့ကို သင်မုန်း၏။ ငါ
လည်း သူတို့လုပ်ဆောင်ချက်ကို မုန်း၏။
7“ဝိညာဉ်တော်သည် အသင်းတော်တို့အား
အဘယ်သို့ မိန့်တော်မူသည်ကို ကြားရသောသူ
တိုင်း နားထောင်ပါစေ။ အောင်မြင်မှုကို ရရှိ
သောသူကို အသက်ပင်မှ အသီးကို စားခွင့်
ငါပေးမည်။ ဤသစ်ပင်သည် ဘုရားသခင်၏
ဥယျာဉ်၌ရှိ၏။

## စမုရနအသင်းတော်ထံသို့ယေရှု၏စာ

8“စမုရနမြို့၌ရှိသော အသင်းတော်၏တမန်
ကို ဤသို့စာရေးလော့။
“အစနှင့်အဆုံးဖြစ်သောသူက ဤအရာ
များကို သင့်အားပြောကြား၏။ သူသည် သေ
ပြီး ပြန်လည်ရှင်ပြန် ထမြောက်သောသူ ဖြစ်၏။
9သင်၏ဆင်းရဲဒုက္ခများကို ငါသိ၏။ သင်ဆင်းရဲ
နေသည်ကိုလည်း ငါသိ၏။ သို့သော်လည်း
သင်သည် ကြွယ်ဝပြည့်စုံခြင်း ရှိ၏။ တချို့သော
သူတို့သည် သင်၏မကောင်းကြောင်း ပြောနေ
သည်ကို ငါသိ၏။ ထိုလူတို့သည် သူတို့ကို ယုဒ
လူဟု ပြောကြ၏။ သို့သော် သူတို့သည် ယုဒလူ
အစစ်မဟုတ်။ သူတို့သည် စာတန်ကို ဝတ်ပြု
ကိုးကွယ်သောအုပ်စုတစ်စု ဖြစ်၏။ 10ကြုံရမည့်
အရာများကြောင့် မကြောက်နှင့်။ မာရ်နတ်
သည် သင်တို့တွင် အချို့ကိုထောင်ထဲသို့ ပို့လိမ့်
မည်။ သင်တို့သည် စုံစမ်းခြင်းကိုခံရမည့်အ
ကြောင်း ဤသို့ပြုလုပ်ခြင်းဖြစ်၏။ သင်တို့သည်
ဆယ်ရက်ပတ်လုံး ဆင်းရဲဒုက္ခခံရကြလိမ့်မည်။
သေသည့်တိုင်အောင် သစ္စာစောင့်လော့။ သင်
သည် သစ္စာဆက်လက်တည်ရှိလျှင် အသက်
သရဖူကို သင့်အား ငါပေးမည်။
11“ဝိညာဉ်တော်သည်အသင်းတော်တို့အား
အဘယ်သို့ မိန့်တော်မူသည်ကို ကြားရသောသူ
တိုင်းနားထောင်ပါစေအောင်နိုင်သောသူသည်
ဒုတိယသေခြင်းကြောင့် အနာတရမဖြစ်စေရ။

## ပေရဂံအသင်းတော်ထံသို့ ယေရှု၏စာ

12“ပေရဂံမြို့၌ရှိသောအသင်းတော်၏တမန်
ကို ဤသို့စာရေးလော့။
“အသွားနှစ်ဘက်ထက်သော သံလျက်ရှိ
သောသူသည် ဤအရာများကို သင့်အား မိန့်
တော်မူ၏။ 13သင်မည်သည့် နေရာမှာနေသည်
ကို ငါသိ၏။ စာတန်၏ပလ္လင်တော်ရှိရာအရပ်၌
သင်နေထိုင်၏။ သို့သော်သင်သည် ငါ့အပေါ်
သစ္စာရှိ၏။ သင်သည် အန္တိပ၏နေ့ရက်များတွင်
ငါ၌ သင်၏ယုံကြည်ခြင်းအကြောင်းကို သက်
သေခံရန် မငြင်းပယ်။ အန္တိပသည် သင်၏မြို့၌
အသတ်ခံရသောငါ၏သစ္စာရှိသော သက်သေ
ဖြစ်၏။ သင်၏မြို့သည် စာတန်နေထိုင်သောနေ
ရာဖြစ်၏။
14“သို့သော်လည်း၊ ငါသည် သင့်ကို အပြစ်
တင်စရာအကြောင်း အနည်းငယ်ရှိ၏။ သင်၏
အုပ်စုထဲတွင် အချို့သောသူတို့သည် ဗာလမ်၏
သွန်သင်ခြင်းကို လိုက်ကြ၏။ ဗာလမ်သည်
ဗာလက်မင်းကို ဣသရေလလူမျိုးတို့အား အ
ပြစ်လုပ်စေခြင်းငှါ သွန်သင်၏။ ထိုသူတို့သည်
ရုပ်တုကို ပူဇော်သောအစာများကို စားခြင်း၊
မတရားသောမေထုန်မှီဝဲခြင်းဖြင့် အပြစ်များကို
ပြုလုပ်ကြ၏။ 15ထိုနည်းတူ သင်၏အုပ်စုထဲ၌
လည်း၊ တချို့သောသူတို့သည် နိကောလ၏
သွန်သင်ခြင်းကို လိုက်ကြ၏။ 16ထို့ကြောင့် စိတ်
နှလုံးပြောင်းလဲလော့။ မပြောင်းလဲလျှင် သင့်
ထံသို့ ငါအမြန်လာ၍ ငါ၏ခံတွင်းမှ ထွက်လာ
သောသန်လျက်နှင့် သူတို့ကို တိုက်ခိုက်မည်။
17“ဝိညာဉ်တော်သည်အသင်းတော်တို့အား
အဘယ်သို့ မိန့်တော်မူသည်ကို ကြားရသောသူ
တိုင်း နားထောင်ပါစေ။

“ဝှက်ထားသောမန္န*နှင့် ကျောက်ဖြူကို
အောင်နိုင်သောသူတို့အား ငါပေးမည်။ ထို
ကျောက်ပေါ်တွင်နာမသစ်ကိုရေးထား၏။ မည်
သူမျှထိုနာမသစ်ကိုမသိချေ။ထိုကျောက်ကိုရရှိ
သောသူသာလျှင် ထိုနာမသစ်ကို သိလိမ့်မည်။

## သွာတိရမြို့ အသင်းတော်ထံသို့ယေရှု၏စာ

18“သွာတိရမြို့၌ရှိသော အသင်းတော်၏တ
မန်ကို ဤသို့စာရေးလော့။
“ဘုရားသခင်၏သားတော်သည် ဤအရာ
တို့ကို ပြောကြား၏။ မီးလျှံကဲ့သို့သောမျက်လုံး
နှင့် တောက်ပြောင်သောကြေးဝါကဲ့သို့ ခြေ
ထောက်ရှိသော ဘုရားသခင်၏သားတော်
သည် ဤအရာများကို မိန့်တော်မူ၏။ 19သင့်အ
ကျင့်ကျင့်ခြင်း၊ ချစ်ခြင်း၊ အမှုဆောင်ခြင်း၊ ယုံ
ကြည်ခြင်း၊ သည်းခံခြင်းတို့ကို ငါသိ၏။ သင်
သည် ယခုတွင် ရှေးဦးစွာထက် သာ၍ကြိုးစား
အားထုတ်ကြောင်း ငါသိ၏။ 20သို့သော် ငါအ
ပြစ်တင်စရာရှိ၏။ သင်သည် ယေဇဗေလအမည်
ရှိသောမိန်းမကို သူမလုပ်လိုသောအရာများ
ကို လုပ်စေ၏။ သူမသည် ပရောဖက်ဖြစ်သည်
ဟုပြော၏။ သို့သော်လည်း သူမ၏သွန်သင်မှု
ဖြင့်ငါ၏လူတို့ကိုသွေးဆောင်နေ၏။ယေဇဗေလ
သည် မတရားသောမေထုန်ကို မှီဝဲပြီးရုပ်တုရှေ့
ရှိအစာများကို စားစေခြင်းဖြင့် ငါ၏လူတို့ကို
သွေးဆောင်၏။ 21အပြစ်များမှ ပြန်လှည့်လာ
၍ စိတ်ပြောင်းလဲရန် သူ့ကို ငါအချိန်ပေး၏။ သို့
သော်လည်း သူမသည် မပြောင်းလဲလိုပါ။ 22ထို့
ကြောင့် ဆင်းရဲဒုက္ခခံစားရမည့်အိပ်ရာပေါ်၌ ငါ
ချထားမည်။ သူမနှင့်အတူ မတရားသောမေ
ထုန်ကို မှီဝဲသောသူတို့သည် ပြင်းထန်စွာ ခံစား
ရမည်။ သူမ၏အကျင့်မှ သူတို့သည် ပြန်လှည့်မ
လာကြလျှင် ယခုပင် ငါသည် သူတို့ကို အပြစ်
ဒဏ်ပေးမည်။ 23သူမ၏နောက်လိုက်တို့ကိုလည်း
ငါသတ်မည်။ သို့မှသာ အသင်းတော်အပေါင်း
တို့သည် လူတို့က အဘယ်သို့ ဆင်ခြင်၍ကြံစည်
သည်ကို သိနိုင်သောသူတစ်ပါး ငါဖြစ်သည်
ကို သိရကြလိမ့်မည်။ သင်တို့သည် အသီးသီး
ကျင့်သောအကျင့်နှင့် အလျောက် ငါပြန်ပေး
ဆပ်မည်။
24“သို့သော်လည်း သွာတိရမြို့၌ ကြွင်းကျန်
ရစ်သော သင်တို့သည် သူမ၏သွန်သင်ခြင်းကို
မလိုက်ကြ။ စာတန်၏နက်နဲသောလျှို့ဝှက်ချက်
ဟု သူတို့ခေါ်သောအရာတို့ကို သင်တို့မသင်ယူ
ကြ။ ငါသည် သင်တို့ကို ဤကဲ့သို့ပြော၏။ သင်
တို့အပေါ်၌ အခြားသောဝန်ထုပ်ကို ငါမတင်။
25သို့သော်လည်းငါပြန်ကြွလာသည့်တိုင်အောင်
ယခုအသက်ရှင်သကဲ့သို့ နေထိုင်ကြလော့။
26“အဆုံးတိုင်အောင် ငါ့အလိုကို ကျင့်၍
အောင်မြင်သောသူသည် လူမျိုးတို့ကို အုပ်စိုးရ
သောတန်ခိုးကို ငါပေးမည်။

27 ‘သူသည် သူတို့ကို သံလှံတံနှင့်အုပ်စိုးလိမ့်
မည်။ သူသည် သူတို့ကို မြေအိုးကဲ့သို့ ခွဲ
ဖျက်လိမ့်မည်။’ *ဆာလံ 2:9*

28ထိုတန်ခိုးသည် ခမည်းတော်ထံမှ ငါရရှိသော
တန်ခိုးနှင့်တူ၏။ မိုဃ်းသောက်ကြယ်ကိုလည်း
ထို သူအား ငါပေးမည်။ 29ဝိညာဉ်တော်သည်
အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူ
သည်ကိုကြားရသောသူတိုင်းနားထောင်ပါစေ။

## သာဒိအသင်းတော်ထံသို့ ယေရှုစာ

3 “သာဒိမြို့၌ရှိသော အသင်းတော်၏တမန်
ကို ဤသို့ စာရေးလော့။
“ကြယ်ခုနစ်လုံးနှင့် ဝိညာဉ်တော်ခုနစ်ပါးရှိ
သောသူက ဤအရာများကို မိန့်တော်မူ၏။
သင်၏အကျင့်ကို ငါသိ၏။ လူတို့သည် သင့်ကို
အသက်ရှင်သည်ဟုပြောသော်လည်း သင်သည်
အမှန်စင်စစ် သေလျက်နေ၏။ 2နိုးကြားလော့။
လုံးလုံးလျားလျား မသေခင်သင်၌ရှိသော အ
ရာကို ခွန်အားရှိအောင်ပြုစုလော့။ သင်ပြုလုပ်
သောအရာများသည် ငါ၏ဘုရားသခင်ရှေ့၌
မစုံလင်ပြစ်ကြောင်း ငါသိ၏။ 3ထို့ကြောင့် သင်

**မန္န** ကောင်းကင်ဘုံမှ ဘုရားသခင်က သူ့လူတို့ကို သဲ
ကန္တာရတွင် ပေးခဲ့သောအစာ ထွက် 16:4-36

သည် ခံယူ၍ ကြားသိရသောအရာများကို
အောက်မေ့၍ လိုက်နာလော့။ စိတ်နှလုံးနှင့်
အသက်တာကို ပြောင်းလဲကြလော့၊ နိုးထကြ
လော့၊ မဟုတ်လျှင် သူခိုးကဲ့သို့ ရုတ်တရက်သင်
ထံသို့ ငါလာမည်။ ငါသည်မည်သည့် အချိန်၌
လာမည်ကို သင်သိမည်မဟုတ်။ 4သို့သော်
လည်း သင်သည် ကိုယ်ကိုကိုယ် သန့်ရှင်းအောင်
ထား သောသူအချို့ သာဒိမြို့၌ရှိ၏။ ထိုသူတို့
သည် ထိုက်တန်သောသူ ဖြစ်သောကြောင့် ဖြူ
စင်သောအဝတ်များကို ဝတ်ဆင်လျက်ငါနှင့်အ
တူ သွားလာကြလိမ့်မည်။ 5အောင်နိုင်သောသူ
တို့သည်လည်း ဖြူစင်သောအဝတ်ကို ထိုသူတို့
ကဲ့သို့ ဝတ်ဆင်လိမ့်မည်။ အသက်စာစောင်
ထဲမှ ထိုသူ၏အမည်ကို ငါနုတ်ပစ်မည်မဟုတ်။
ငါသည် သူ့ကိုပိုင်ဆိုင်သည်ဟု ငါ့ခမည်းတော်
နှင့်ကောင်းကင်တမန်တို့ရှေ့၌ ငါပြောမည်။
6ဝိညာဉ်တော်သည် အသင်းတော်တို့အား အ
ဘယ်သို့ မိန့်တော်မူသည်ကို ကြားရသောသူ
တိုင်းနားထောင်ပါစေ။

## ဖိလဒေလဖိအသင်းတော်ထံသို့ ယေရှု၏စာ

7"ဖိလဒေလဖိမြို့၌ရှိသော အသင်းတော်၏
တမန်ကို ဤသို့စာရေးလော့။
"သန့်ရှင်းဟုတ်မှန်သောသူက သင့်အား ဤ
အရာများကို မိန့်တော်မူ၏။ ဒါဝိဒ်၏သော့ကို
သူကိုင်ထား၏။ သူဖွင့်သောအရာကို အဘယ်
သူမျှ မပိတ်နိုင်၊ ပိတ်သောအရာကို အဘယ်သူ
မျှ မဖွင့်နိုင်။ 8သင်၏အကျင့်ကို ငါသိ၏။ သင့်
ရှေ့၌ဖွင့်ထားသောတံခါးကို ငါထားပြီ။ အဘယ်
သူမျှမပိတ်နိုင်။ သင်အားနည်းသည်ကို ငါသိ၏။
သို့သော်လည်း ငါ၏သွန်သင်ခြင်းကို သင်လိုက်
နာပြီ။ ငါ၏နာမကို ပြောဆိုရန် မစွန့်မပယ်။
9နားထောင်လော့။ စာတန်ကို ဝတ်ပြုကိုးကွယ်
သောအုပ်စုတစ်ခုရှိ၏။ သူတို့သည် ယုဒလူမျိုး
များ ဖြစ်သည်ဟု ဆို၏။ သို့သော် သူတို့လိမ်
ညာနေ၏။ သူတို့သည် ယုဒလူမျိုးအစစ်အမှန်
မဟုတ်။ သူတို့သည် သင်၏ခြေရင်းသို့ လာ
ရောက် ပြပ်ဝပ် စေခြင်းငှါ ငါပြုမည်။ ငါသည်
သင့်ကို ချစ်သောသူဖြစ်ကြောင်း သူတို့သိကြ
လိမ့်မည်။ 10ငါ၏မိန့်တော်မူချက်ကို သင်သည်
စိတ်ရှည်စွာဖြင့် လိုက်နာ၏။ ထို့ကြောင့် တစ်
ကမ္ဘာလုံးသို့ ရောက်လာမည့်ဒုက္ခဆင်းရဲကာလ
မှ သင့်ကို ငါကာကွယ်မည်။ ထိုဒုက္ခဆင်းရဲခြင်း
သည် မြေကြီးအပေါ်၌ နေသောလူသားရှိသမျှ
တို့ကို စုံစမ်းလိမ့်မည်။
11"ငါအမြန် ကြွလာလိမ့်မည်။ ဤကဲ့သို့သာ
ဆက်လက်၍ တည်ကြည်စွာ နေလော့။ သို့မှ
သာ အဘယ်သူမျှ သင်၏သရဖူကို ယူသွားနိုင်
မည်မဟုတ်။ 12ငါသည်အောင်မြင်မှုကို ရသော
သူကို ငါ့ဘုရားသခင်၏ဗိမာန်တော်၌ တိုင်ဖြစ်
စေမည်။ သူသည် ဗိမာန်တော်ကို ဘယ်သော
အခါမျှ စွန့်ခွါလိုလိမ့်မည်မဟုတ်။ ထိုသူအပေါ်၌
ငါဘုရားသခင်၏ နာမတော်နှင့် ငါ့ဘုရားသခင်
၏မြို့နာမကို ငါရေးထားမည်။ ထိုမြို့သည်
ကောင်းကင်ဘုံရှိ ငါ၏ဘုရားသခင်ထံမှ ဆင်း
လာသောယေရုရှလင်မြို့သစ်ဖြစ်၏။ ထိုသူအ
ပေါ်၌ ငါ၏နာမသစ်ကိုလည်း ငါရေးမည်။
13ဝိညာဉ်တော်သည် အသင်းတော်တို့အား အ
ဘယ်သို့ မိန့်တော်မူသည်ကို ကြားရသောသူ
တိုင်း နားထောင်ပါစေ။

## လောဒိကိအသင်းတော်ထံသို့ ယေရှု၏စာ

14"လောဒိကိမြို့၌ရှိသော အသင်းတော်၏
တမန်ကို ဤသို့စာရေးလော့။
သင့်အား ဤအရာများကို မိန့်ဆိုသည်ကား
"အာမင်"* ဖြစ်၏။ သူသည် သစ္စာရှိ၍ ဟုတ်
မှန်သောသက်သေဖြစ်၏။ သူသည် ဘုရား
သခင်ဖန်ဆင်းသောအရာခပ်သိမ်းကို အုပ်စိုး
၏။ သူသည် ဤအရာများကို ပြောကြား၏။
15သင်၏အကျင့်ကို ငါသိ၏။ သင်သည် ပူလည်း
မပူ၊ အေးလည်းမအေး။ သင်သည် ပူလျှင်ပူ၊
အေးလျှင် အေးရန် တစ်ခုခုကို ငါအလိုရှိ၏။

---

**"အာမင်"** ယေရှုအတွက် ဤနေရာ၌ နာမတစ်ခုအဖြစ်
အသုံးပြုထားသည်၊ ၎င်း၏အနက်အဓိပ္ပါယ်မှာ မှန်ကန်
သောအရာတစ်စုံတစ်ခုကို ခိုင်မာစွာ သဘောတူခြင်း
ဖြစ်သည်။

16“သို့သော် သင်သည် နွေးရုံသာနွေး၏။ ပူ
လည်းမပူ၊ အေးလည်းမအေး၊ ထို့ကြောင့် သင့်
ကို ငါ့ခံတွင်းထဲမှ ထွေးထုတ်ပစ်ရန် အဆင်သင့်
ရှိ၏။ 17‘ငါသည် ကြွယ်ဝချမ်းသာ၏။ မည်သည့်
အရာကိုမျှ အလိုမရှိ ကြွယ်ဝချမ်းသာပြီ ’ဟု
သင်ပြောဆို၏။ သို့သော် သင်သည် အမှန်စင်
စစ် ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊
ဆင်းရဲခြင်း၊ မျက်စိကန်းခြင်းနှင့် အဝတ်အချည်း
စည်း ဖြစ်နေသည်ကို သင်မသိ။ 18မီးနှင့်ချွတ်
ပြီးသောရွှေကို ငါ့ထံမှ ဝယ်ယူရန် သင့်ကို ငါအ
ကြံပေးလို၏။ သို့မှသာ သင်အမှန်ချမ်းသာမည်။
စင်ကြယ်၍ ဖြူသောအဝတ်ကို ဝယ် လော့ဟု
ငါပြော၏။ သို့မှသာ သင်၏ရှက်ဖွယ်ကောင်း
သောအဝတ်ချည်းစည်းရှိခြင်းကို ဖုံးကွယ်နိုင်
မည်။ သင့်မျက်စိထဲသို့ ထည့်ရန် ဆေးဝယ်ဖို့
ငါပြောလို၏။ သို့မှသာ သင်အမှန်တကယ် မြင်
နိုင်မည်။

19“ငါချစ်သောသူတို့ကို ငါစစ်ဆေး၍ သူတို့
ကို ဆုံးမ၏။ ထို့ကြောင့် စတင်၍ ကြိုးစားအား
ထုတ်လော့။ သင်တို့၏စိတ်နှလုံးနှင့် အသက်
တာကို ပြောင်းကြလော့။ 20ငါသည် တံခါးဝ၌
ရပ်၍ တံခါးခေါက်လျက်နေ၏။ တစ်စုံတစ်
ယောက်သည် ငါ့အသံကို ကြား၍ တံခါးဖွင့်
လျှင် ငါသည် သူ့အထဲသို့ဝင်၍ သူနှင့်အတူစား
သောက်မည်။ ထိုသူသည်လည်း ငါနှင့်အတူ
စားသောက်ရလိမ့်မည်။

21“ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏
ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်
နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏
ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်
ကို ငါပေးမည်။ 22ဝိညာဉ်တော်သည် အသင်း
တော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို
ကြားရသောသူတိုင်း နားထောင်ပါစေ။”

## ယောဟန်ကောင်းကင်ဘုံကိုမြင်ခြင်း

4 ထို့နောက် ငါကြည့်၍ ငါ၏ရှေ့တွင် ကောင်း
ကင်၌ တံခါးဖွင့်ထားလျက်ရှိ၏။ ရှေးဦးစွာ
ငါ့ကို ပြောသောအသံနှင့်တူသောအသံကို ငါ
ကြားရ၏။ ထိုအသံသည် တံပိုးခရာသံကဲ့သို့
ဖြစ်၏။ ထိုအသံက “ဤအရပ်သို့ တက်လာ
လော့။ ဤနောက်တွင် ဖြစ်ပေါ်လာမည့်အရာ
ကို သင့်အား ငါပြမည်” ဟုပြော၏။ 2ထို့နောက်
ဝိညာဉ်တော်သည် ငါ့ကိုထိန်းချုပ်၍ ငါ့ရှေ့တွင်
ကောင်းကင်ဘုံရှိ ပလ္လင်တော်တစ်ခုတည်လျက်
နေ၏။ တစ်စုံတစ်ယောက်သည် ပလ္လင်တော်
ပေါ်မှာ ထိုင်လျက်နေ၏။ 3ပလ္လင်ပေါ်မှာ ထိုင်
နေသောသူသည် နဂါးသွဲ့ကျောက်၊ ပတ္တမြား
များနှင့်တူသော အဖိုးတန်ကျောက်များကဲ့သို့
ဖြစ်၏။ ပလ္လင်တော်၏ဘေးပတ်လည်၌ မြ
ကျောက်အဆင်းအရောင်ရှိသော သက်တံ့ရှိ၏။
4ပလ္လင်၏ဘေးပတ်လည်၌ အခြားသောပလ္လင်
နှစ်ဆယ့်လေးခုရှိ၏။ ထိုပလ္လင်နှစ်ဆယ့်လေးခု
ပေါ်၌ အသက်ကြီးသူ နှစ်ဆယ့်လေးပါး ထိုင်
နေကြ၏။ ထိုအသက်ကြီးသူတို့သည် အဝတ်ဖြူ
ကို ဝတ်ဆင်လျက် သူတို့၏ဦးခေါင်းပေါ်တွင် ရွှေ
သရဖူများဆောင်းထား၏။ 5ပလ္လင်ပေါ်မှ လျှပ်
စီးများလက်ပြီး မိုးယံကြိုးသံများ ထွက်ပေါ်လာ
၏။ ပလ္လင်၏ရှေ့၌ မီးခွက်ခုနစ်လုံးထွန်းလျက်ရှိ
သည်။ ထိုမီးခွက်များသည် ဘုရားသခင်၏
ဝိညာဉ်တော်ခုနစ်ပါးဖြစ်၏။ 6ပလ္လင်၏ရှေ့တော်
၌လည်း မှန်ပင်လယ်ကဲ့သို့သောအရာရှိ၏။
ကျောက်သလင်းကဲ့သို့ ကြည်လင်နေ၏။

ပလ္လင်၏အရှေ့နှင့် ဘေးတစ်ဘက်စီ၌ သတ္တ
ဝါလေးပါးရှိ၏။ ဤသတ္တဝါလေးပါးသည် အရှေ့
နှင့်အနောက်ဘက်တွင် မျက်စိများနှင့် ပြည့်နေ
၏။ 7ပထမသတ္တဝါသည် ခြင်္သေ့နှင့်တူ၏။ ဒုတိ
ယသည် နွားနှင့်တူ၏။ တတိယသည် လူကဲ့သို့
မျက်နှာရှိ၏။ စတုတ္ထသည် ပျံနေသောလင်းယုန်
ငှက်ကဲ့သို့ဖြစ်၏။ 8ထိုသတ္တဝါလေးပါးတို့၏ကိုယ်
ပတ်ဝန်းကျင်၌ တပါးတပါးလျှင်တွင် အတောင်
ခြောက်ခုစီရှိ၍အတွင်း၌ မျက်စိနှင့်ပြည့်ကြ၏။

“အန္တန္တတန်ခိုးတော်နှင့် ပြည့်စုံ၍ အတိတ်
ကာလ၊ ပစ္စုပ္ပန်ကာလအစဉ်ရှိတော်မူ
သောထာဝရအရှင်ဘုရား၊ ဘုရားသခင်

သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်
မူ၏၊ သန့်ရှင်းတော်မူ၏”

ဟူ၍ သတ္တဝါလေးပါးတို့သည် နေ့ညဉ့်မပြတ်
တစ်ခါမျှမရပ်ဘဲ ပြောဆိုကြ၏။
9 ဤသတ္တဝါတို့သည်ပလ္လင်ပေါ်မှာထိုင်သော
သူ၏ဘုန်းအသရေ၊ ဂုဏ်ကျေးဇူးတော်ကို ချီး
မွမ်းကြ၏။ သူသည် အစဉ်အမြဲ အသက်ရှင်၏။
သတ္တဝါတို့သည် ထိုသို့ ချီးမွမ်းကြသောအခါ
10 အသက်ကြီးသူနှစ်ဆယ့်လေးဦးတို့သည်ပလ္လင်
တော်ပေါ်မှာ ထိုင်နေသူအား ပြပ်ဝပ်လျက်ရှိ
၏။ အစဉ်အမြဲ အသက်ရှင်သောသူကို အသက်
ကြီးသူတို့က ကိုးကွယ်ကြ၏။ အသက်ကြီးသူတို့
သည်ပလ္လင်တော်ရှေ့တွင်သရဖူများကိုချလျက်
ပြောသည်မှာ၊
11 “အကျွန်ုပ်တို့၏သခင်နှင့် ထာဝရဘုရား၊
ကိုယ်တော်သည် ဘုန်းအသရေ၊ ဂုဏ်
နှင့်တန်ခိုးတော်ကို ရယူရန် ထိုက်တန်၏။
ကိုယ်တော်သည် ခပ်သိမ်းသောအရာ
အားလုံးတို့ကို ဖန်ဆင်းတော်မူပြီ။ အရာ
အားလုံးသည် အလိုတော်အတိုင်းတည်
ရှိ၍ ဖန်ဆင်းလျက်ရှိကြပါ၏။ အကြောင်း
မှာ သင်သည် သူတို့ကို အလိုရှိသော
ကြောင့်ပင်ဖြစ်၏။”

5 ပလ္လင်တော်ပေါ်တွင် ထိုင်နေသောသူ၏
လက်ျာဘက်တွင် စာတစ်လိပ်*ကို ငါမြင်
၏။ ထိုစာစောင်၏နှစ်ဘက်လုံးတွင် စာများရှိ
၏။ ထိုစာစောင်ကို တံဆိပ်တော်ခုနစ်ခုဖြင့်
ခတ်နှိပ်ထား၏။ 2 ထို့နောက် တန်ခိုးကြီး သော
ကောင်းကင်တမန်တစ်ပါးက “တံဆိပ်တို့ကို ချိုး
ဖျက်ပြီး စာစောင်ကိုမည် သူဖွင့်ထိုက်သနည်း”
ဟုကျယ်လောင်သောအသံနှင့် ကြွေးကြော်
လျက်ရှိသည်ကို ငါမြင်၏။ 3 သို့သော် ကောင်း
ကင်မြေကြီးပေါ်၊ မြေကြီးအောက်ရှိမည်သူမျှ စာ
စောင်ကိုဖွင့်၍ အထဲကိုကြည့်ရန် အဘယ်သူမျှ
မတတ်နိုင်။ 4 ထို့နောက် ထိုစာစောင်ကို ဖွင့်၍
အထဲကို ကြည့်ရန်ထိုက်တန်သော သူမရှိသော
ကြောင့် ငါသည် ခါးသီးစွာ “ငိုကြွေးလေ၏။
5 သို့သော် အသက်ကြီးသူတစ်ဦးက မငိုကြွေး
နှင့်။ ယုဒမိသားစုမှ ဖြစ်သောခြင်္သေ့သည်
အောင်နိုင်မှုကိုရပြီ။ သူသည် ဒါဝိဒ်၏မျိုးနွယ်
ဖြစ်၏။ တံဆိပ်ခုနစ်ခုရှိသောစာစောင်ကို သူ
ဖွင့်နိုင်စွမ်းရှိသည်” ဟုငါ့ကို ပြော၏။
6 ထို့နောက်သတ္တဝါလေးပါးခြံရံလျက် ပလ္လင်
တော်၏အလယ်တွင် ရပ်နေသောသိုးသငယ်ကို
ငါမြင်၏။သိုးသငယ်၏ဘေးပတ်လည်တွင်လည်း
အသက်ကြီးသူတို့ရှိ၏။ သိုးသငယ်သည် အသေ
သတ်ပြီးသကဲ့သို့ဖြစ်၏။ ထိုသိုးသငယ်သည် မြေ
ကြီးတပြင်လုံး၌ လွှတ်သောဘုရားသခင်၏
ဝိညာဉ်ခုနစ်ပါးတည်းဟူသော မျက်စိခုနစ်လုံး
နှင့်ချိုခုနစ်ချောင်းရှိ၏။
7 သူသည် လာ၍ ပလ္လင်တော်ပေါ်မှာ ထိုင်
တော်မူသောသူ၏လက်ျာမှ စာစောင်ကိုခံယူ
လေ၏။ 8 စာစောင်ကို ယူပြီးသောအခါအသက်
ကြီးသူနှစ်ဆယ့်လေးယောက်နှင့် သတ္တဝါလေး
ပါးတို့သည် သိုးသငယ်ရှေ့တွင် ပြပ်ဝပ်ကြ၏။
သူတို့တစ်ဦးစီတွင် စောင်းတစ်ခုစီရှိ၏။ နံ့သာ
ပေါင်းစုံနှင့် ပြည့်ဝသောရွှေဖလားများကိုလည်း
ကိုင်ဆောင်ထား၏။ ဤနံ့သာပေါင်းစုံနှင့်ပြည့်
သောဖလားများသည် ဘုရားသခင်၏သန့်ရှင်း
သောလူတို့၏ဆုတောင်းချက်များဖြစ်၏။ 9 သူ
တို့သည် သီချင်းသစ်ဖြင့် သိုးသငယ်ကို ချီးမွမ်း
ကြ၏။

“စာစောင်ကို ယူ၍ တံဆိပ်တော်တို့ကိုဖွင့်
ရန် သင်သည် ထိုက်တန်တော်မူ၏။ အ
ကြောင်းမူကား၊ ကိုယ်တော်သည်အသေ
သတ်ခြင်းကိုခံရပြီ။ ကိုယ်တော်၏အသွေး
တော်ဖြင့် လူတို့ကို ဘုရားသခင်အဖို့အ
လိုငှါလူမျိုးစုအသီးသီး၊ ဘာသာစကား
အသီးသီး၊ လူအမျိုးအနွယ်စုအသီးသီးနှင့်
နိုင်ငံအသီးသီးတို့မှ ဝယ်ယူတော်မူ၏။
10 ကိုယ်တော်သည်ဤလူတို့ကို နိုင်ငံတော်
တစ်ခု ဖြစ်စေတော်မူပြီ။ အကျွန်ုပ်တို့၏

**စာတစ်လိပ်** စာရေးရာတွင် အသုံးပြုသောစာရွက်လိပ်ရှည် (သို့မဟုတ်) သားရေ၊

ဘုရားသခင်အဘို့ငှါ ယဇ်ပုရောဟိတ်
ဖြစ်ရန်သူတို့ကိုခန့်ထားတော်မူပြီ။ သူတို့
သည်မြေကြီးပေါ်မှာအုပ်စိုးရလိမ့်မည်။”

11ထို့နောက် ငါကြည့်၍ ကောင်းကင်တမန်
များစွာ တို့၏အသံကို ငါကြားရ၏။ သူတို့သည်
ပလ္လင်တော်၊ သတ္တဝါလေးပါးနှင့် အသက်ကြီးသူ
တို့၏ဘေးပတ်လည်တွင်ရှိကြ၏။ ကုဋေထောင်
သောင်းမကသော ကောင်းကင်တမန်တို့သည်
ရှိကြ၏။ 12ကောင်းကင်တမန်တို့က

“အသေသတ်ခြင်းကို ခံခဲ့ပြီးသောသိုးသ
ငယ်သည် တန်ခိုး၊ စည်းစိမ်၊ ဉာဏ်
ပညာ၊ ခွန်အား၊ ဂုဏ်အသရေ၊ ဘုန်း
စည်းစိမ်နှင့် ချီးမွမ်းခြင်းကို ခံယူထိုက်
တော်မူ၏ဟု ကျယ်လောင်သောအသံ
နှင့်ပြောဆိုကြ၏”

13ထို့နောက် ငါကြည့်၍ ကောင်းကင်၊ မြေ
ကြီးပေါ်၊ မြေကြီးအောက်နှင့် ပင်လယ်ထဲရှိ
သောသတ္တဝါအပေါင်းတို့က ချီးမွမ်းခြင်း၊

“ဂုဏ်အသရေ၊ ဘုန်းအာနုဘော်နှင့် တန်
ခိုးတော်သည် ပလ္လင်ပေါ်မှာ ထိုင်တော်မူ
သောသူနှင့်သိုးသငယ်အပေါ် အစဉ်အမြဲ
တည်ရှိပါစေ”

ဟုပြောဆို ကြသည်ကို ငါကြား၏။
14သတ္တဝါလေးပါးတို့ကလည်း “အာမင်” ဟု
ပြောဆိုကြ၏။ အသက်ကြီးသူတို့သည်လည်း
ပြပ်ဝပ်၍ ကိုးကွယ်ကြ၏။

6 သိုးသငယ်သည် တံဆိပ်ခုနစ်ခုတွင် ပထမ
တံဆိပ်ကို ဖွင့်သောအခါ ငါကြည့်လျှင်
မိုယ်း ကြိုးသံကဲ့သို့သောအသံနှင့် ပြောသော
သတ္တဝါလေးပါးထဲမှ တစ်ပါး၏အသံက “လာ
၍ ကြည့်လော့” ဟုပြောသည်ကို ငါကြား၏။
2ထို အခါ ငါကြည့်လျှင် ငါ့ရှေ့တွင် မြင်းဖြူတစ်
ကောင်ရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်
ထား၏။ သူ၌ သရဖူကို ပေးတော်မူ၏။ ရန်သူ
သည် ရှုံးနိမ့်လျှက် သူသည် အောင်မြင်တထက်
အောင်မြင်ခြင်းကိုဆွတ်ခူးခြင်းငှါ ထွက်သွား၏။
3သိုးသငယ်သည်ဒုတိယတံဆိပ်ကိုဖွင့်သော
အခါဒုတိယသတ္တဝါက “လာ၍ကြည့်လော့” ဟု
ဆိုသည်ကို ငါကြား၏။ 4ထို့နောက် မြင်းနီတစ်
ကောင် ထွက်လာ၏။ ထိုမြင်းစီးသောသူသည်
ကမ္ဘာပေါ်မှ ငြိမ်သက်ခြင်းကို ရုပ်သိမ်းပိုင်သော
အခွင့်နှင့် အချင်းချင်း အသေသတ်ဖြတ်စေနိုင်
သောအခွင့်ရ၏။ မြင်းစီးသူအား ကြီးမားသော
ဓားကို ပေးတော်မူ၏။
5သိုးသငယ်သည် တတိယတံဆိပ်ကို ဖွင့်
သောအခါ တတိယသတ္တဝါက လာ၍ ကြည့်
လောဟုဆိုသည်ကို ငါကြား၏။ ငါကြည့်လျှင်
ငါ့ရှေ့တွင် မြင်းနက်ကြီးတစ်ကောင်ရှိ၏။ မြင်းစီး
သောသူသည် ချိန်ခွင်ကို ကိုင်ထား၏။ 6ထိုအခါ
အသံကဲ့သို့သောအရာကို ငါကြား၏။ သတ္တဝါ
လေးပါးရှိသောနေရာမှ ထိုအသံလာ၏။ ထိုအ
သံက “တစ်ရက်လုပ်ခအတွက် ဂျုံတစ်ခွက်နှင့်
တစ်ရက်လုပ်ခအတွက် မုယောဆန်သုံးခွက်ကို
ရ၏။သို့ရာတွင်သံလွင်ဆီနှင့်စပျစ်ရည်ကိုမပျက်
စေနှင့်” ဟုဆို၏။
7သိုးသငယ်သည် စတုတ္ထတံဆိပ်ကို ဖွင့်
သောအခါ၊ စတုတ္ထသတ္တဝါက “လာ၍ ကြည့်
လော့” ဟုဆိုသံကို ငါကြား၏။ 8ငါကြည့်လျှင်
ငါ့ရှေ့တွင် အရောင်မွဲသောမြင်းတစ်ကောင်ရှိ
၏။ မြင်းစီးသောသူ၏နာမည်သည် သေခြင်း
ဖြစ်၏။ သေမင်းနိုင်ငံသည် သူ၏နောက်၌လိုက်
ပါလာ၏။ သူတို့သည် မြေကြီး၏လေးပုံတစ်ပုံ
ကို အုပ်စိုးပိုင်သောအခွင့်ရ၏။ ဓါးဘေး၊ ငတ်
မွတ်ခြင်းဘေး၊ အနာရောဂါဘေးနှင့် မြေကြီး
ပေါ်ရှိ တိရစ္ဆာန်ရိုင်းများအားဖြင့်၊ လူတို့ကို
သတ်ပိုင်သောအခွင့်ကိုရ၏။ 9သိုးသငယ်သည်
ပဉ္စမတံဆိပ်ကို ဖွင့်သောအခါ ယဇ်ပလ္လင်
အောက်၌ ဝိညာဉ်အချို့ကို ငါမြင်ရ၏။ မိမိတို့
သက်သေခံချက်ကြောင့်၎င်း၊ ဘုရားသခင်၏
နှုတ်ကပတ်တော်အပေါ် သစ္စာရှိသောကြောင့်
၎င်း၊ အသတ်ခံရသောသူတို့၏ဝိညာဉ်များဖြစ်
၏။ 10“သန့်ရှင်း၍ စစ်မှန်သောအရှင်၊ မြေကြီး
ပေါ်မှာ နေသောလူတို့သည် အကျွန်ုပ်တို့ကို
သတ်သောကြောင့် တရားမစီရင်၊ အပြစ်ဒဏ်

မပေးဘဲ အဘယ်မျှကာလပတ်လုံးနေတော်မူ
မည်နည်း” ဟုဤဝိညာဉ်များသည် ကျယ်
လောင်သောအသံဖြင့် ကြွေးကြော်ကြ၏။ 11ထို
သူတို့၌ ဖြူသောဝတ်လုံကို ပေးတော်မူ၏။ သူ
တို့အား ခဏစောင့်ဆိုင်းရန် မိန့်တော်မူ၏။ သူ
တို့ကဲ့သို့ အသတ်ခံရမည့်ခရစ်တော်၏အမှု
ဆောင်သောသူတို့၏ညီအစ်ကို အချို့ကျန်ရှိနေ
သေး၏။ ဤသတ်ဖြတ်မှုအားလုံး ပြီးစီးသည့်အ
ထိစောင့်ရန် ထိုဝိညာဉ်တို့အား မိန့်တော်မူ၏။
12သိုးသငယ်သည်ဆဋ္ဌမတံဆိပ်ကိုဖွင့်သော
အခါ ငါကြည့်လျှင် ကြီးမားသောလျှင်လှုပ်
ခြင်း ဖြစ်၏။ နေသည် နက်သောဆံပင်ဖြင့်ရက်
သောအထည်ကဲ့သို့ မည်းမှောင်သွား၏။ လဝန်း
သည် သွေးကဲ့သို့နီ၏။ 13လေပြင်းတိုက်သော
အခါ အချိန်မတန်သောသင်္ဘောသဖန်းသီးများ
သည် မိမိပင်မှ ကြွေကျသကဲ့သို့ ကြယ်များ
သည် မိုယ်းကောင်းကင်မှ မြေပေါ်သို့ ကျကြ၏။
14မိုယ်းကောင်းကင်သည် နှစ်ခြမ်းကွဲသွား၍ စာ
စောင်လိပ်သကဲ့သို့ လွင့်သွား၏။ တောင်များ၊
ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်
မှ ရွေ့သွားကြ၏။
15ထိုအခါ လူသားအားလုံးတို့သည်လည်း ဂူ
ထဲနှင့်တောင်ပေါ်ရှိ ကျောက်များ၌ပုန်းအောင်း
နေကြ၏။ သူတို့သည် လောကီဘုရင်အာဏာ
ပိုင်၊ စစ်သူကြီး၊ ကြွယ်ဝချမ်းသာသူနှင့် တန်ခိုး
ရှိသူတို့ ဖြစ်ကြ၏။ ကျွန်မှစ၍ လူလွတ်အား
လုံးတို့သည် ပုန်းအောင်းနေကြ၏။ 16လူတို့က
တောင်နှင့် ကျောက်တို့အား “ငါတို့အပေါ်သို့
ကျကြပါ၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူ၏
မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကိုကွယ်
ကာ၍ ငါတို့ကို ဖုံးအုပ်ကြပါ။ 17သူတို့၏ကြီးမား
သောဒေါသ၏နေ့ရက်ရောက်လာပြီ။ အဘယ်
သူသည် ခံနိုင်မည်နည်း” ဟုပြောဆိုကြ၏။

## ဣသရေလလူမျိုး ၁၄၄၀၀၀

7 ဤအရာများပြီးဆုံးသောအခါ မြေကြီးအ
ရပ်လေးမျက်နှာထောင့်စွန်း၌ ကောင်းကင်
တမန်လေးပါးရပ်နေသည်ကို ငါမြင်၏။ ကောင်း
ကင်တမန်တို့သည် မြေကြီး၏အရပ်လေးမျက်
နှာရှိလေတို့ကို ဆုပ်ကိုင်ထားကြ၏။ မြေကြီး
ပေါ်၊ ပင်လယ်ပေါ်နှင့် သစ်ပင်များအပေါ် လေမ
တိုက်ရန် ရပ်တန့်ထား၏။ 2ထိုအခါ ကောင်း
ကင်တမန်နောက်တစ်ပါးသည် အရှေ့မျက်နှာမှ
လာသည်ကို ငါမြင်ရ၏။ ဤကောင်းကင်တမန်
သည် အသက်ရှင်သောဘုရားသခင်၏တံဆိပ်
တော်ကို ရရှိ၏။ ထိုကောင်းကင်တမန်သည်
ကျယ်လောင်သောအသံဖြင့် မြေကြီးနှင့်ပင်
လယ်ကို နာကျင်စေသောတန်ခိုးကို ပေးထား
သည့်ကောင်းကင်တမန်လေးပါးအား ဤသို့
ဟစ်အော်လိုက်၏။ 3“သူက အကျွန်ုပ်တို့ဘုရား
သခင်၏အမှုတော်ကိုဆောင်သောသူများအား
တံဆိပ်မခတ်မှီ မြေကြီး၊ ပင်လယ်နှင့် သစ်ပင်
များကို မနာကျင်စေနှင့်။ သူတို့၏နဖူးပေါ်တွင်
တံဆိပ်ခတ်ထားရမည်ဟု ပြောဆို၏။ 4ထိုတံ
ဆိပ်ခတ်ခြင်းကို ခံရသောသူအရေအတွက်ကို
ငါကြား၍ ဣသရေလမိသားစုအားလုံးထဲက
လူတသိန်းလေးသောင်း လေးထောင်တို့သည်
တံဆိပ်ခတ်ခြင်းကိုခံရကြ၏။

| | | |
|---|---|---|
| 5 | ယုဒမိသားစုထဲက | ၁၂၀၀၀ |
| | ရုဗင်မိသားစုထဲက | ၁၂၀၀၀ |
| | ဂဒ်မိသားစုထဲက | ၁၂၀၀၀ |
| 6 | အာရှာမိသားစုထဲက | ၁၂၀၀၀ |
| | နဿလိမိသားစုထဲက | ၁၂၀၀၀ |
| | မနာရှေမိသားစုထဲက | ၁၂၀၀၀ |
| 7 | ရှိမောင်မိသားစုထဲက | ၁၂၀၀၀ |
| | လေဝိမိသားစုထဲက | ၁၂၀၀၀ |
| | ဣသခါမိသားစုထဲက | ၁၂၀၀၀ |
| 8 | ဇာဗုလုန်မိသားစုထဲက | ၁၂၀၀၀ |
| | ယောသပ်မိသားစုထဲက | ၁၂၀၀၀ |
| | ဗယ်ာမိန်မိသားစုထဲက | ၁၂၀၀၀ |

တို့သည် တံဆိပ်ခတ်ခြင်းကိုခံရကြ၏။

## ကြီးမားသောလူစုလူဝေး

9ထိုနောက် ငါကြည့်သောအခါ လူများစွာ
ကို ငါမြင်ရ၏။ လူများသောကြောင့် အဘယ်

သူမျှရေတွက်၍ မရနိုင်ပါ။ သူတို့သည် လူမျိုး
များ၊ မျိုးနွယ်စုများစွာနှင့် ဘာသာစကားမျိုးစုံ
ပြောသောသူတို့ ဖြစ်ကြ၏။ သူတို့သည် ဝတ်
လုံဖြူကို ဝတ်ဆင်လျက် လက်ထဲတွင် စွန်ပလွံ
ခက်များကို ကိုင်၍ ပလ္လင်တော်နှင့် သိုးသငယ်
၏ရှေ့၌ ရပ်နေကြ၏။ 10သူတို့ကလည်း “အောင်
မြင်ခြင်းသည် ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ
သောငါတို့၏ဘုရားသခင်နှင့် သိုးသငယ်တို့က
ပိုင်ဆိုင်၏” ဟုကျယ်လောင်သောအသံနှင့်
ကြွေးကြော်ကြ၏။ 11အသက်ကြီးသူတို့မှစသော
ကောင်းကင်တမန်အားလုံးသည် ပလ္လင်တော်မှ
သတ္တဝါလေးပါး၏ ပတ်ဝန်းကျင်၌ ရပ်နေကြ၏။
ကောင်းကင်တမန်အပေါင်းတို့သည်ပလ္လင်တော်
ရှေ့၌ မျက်နှာနှင့်ပြပ်ဝပ်လျက် ဘုရားသခင်ကို
ကိုးကွယ်ကြ၏။ 12“အာမင်၊ ချီးမွမ်းခြင်း၊ ဘုန်း
အသရေ၊ ဉာဏ်ပညာ၊ ကျေးဇူးတော်၊ ဂုဏ်အ
သရေတန်ခိုးနှင့် ခွန်အားသည် ငါတို့ဘုရား
သခင်သာအစဉ်အမြဲပိုင်ပါစေ” “အာမင်” ဟု
ပြောဆိုကြ၏။
13ထို့နောက် အသက်ကြီးသူတစ်ဦးက “ဝတ်
လုံဖြူကို ဝတ်ဆင်သော ဤသူတို့သည် အ
ဘယ်သူနည်း။ အဘယ်အရပ်က လာသနည်း”
ဟု ငါအား မေး၏။
14“ထိုသူများတို့သည် အဘယ်သူဖြစ်
ကြောင်းကို ကိုယ်တော်သိပါ၏” ဟုငါပြေဆို၏။
ထိုအသက်ကြီးသောသူက၊ “ဤသူတို့သည် ကြီး
စွာသောဆင်းရဲဒုက္ခထဲက ထွက်မြောက်လာကြ
သောသူတို့ဖြစ်ကြ၏။ သူတို့သည် မိမိတို့ဝတ်လုံ
ကို သိုးသငယ်၏အသွေးနှင့် လျှော်ထားကြ၏။
ယခုတွင် သူတို့သည် သန့်ရှင်းဖြူစင်ကြ၏။ 15ထို့
ကြောင့် သူတို့သည် ဘုရားသခင်၏ပလ္လင်တော်
ရှေ့၌ ရောက်နေ၍ ဘုရားသခင်ကို သူ၏ဗိမာန်
တော်၌ နေ့ညမပြတ် ဝတ်ပြုကိုးကွယ်ကြ၏။
ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူတစ်ဦးသည်
သူတို့ကို ကွယ်ကာမည်။ 16သူတို့ဘယ်သောအ
ခါမျှ မငတ်မွတ်ပါ။ သူတို့ဘယ်သောအခါမျှ
ရေမငတ်ပါ။ နေသည် သူတို့ကို မနာကျင်စေ
ပါ။ မည်သည့်အပူမျှ သူတို့ကို မလောင်စေပါ။
17ပလ္လင်၏အလယ်၌ရှိသောသိုးသငယ်သည် သူ
တို့၏သိုးထိန်း ဖြစ်လိမ့်မည်။ အသက်စမ်းရေ
တွင်းသို့ သူတို့ကို လမ်းပြလိမ့်မည်။ ဘုရားသခင်
သည် သူတို့မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်
လိမ့်မည်” ဟုဆိုလေ၏။

## သတ္တမတံဆိပ်

8 သိုးသငယ်သည်သတ္တမတံဆိပ်ကိုဖွင့်သော
အခါ ကောင်းကင်ဘုံ၌ နာရီဝက်မျှ တိတ်
ဆိတ်ငြိမ်သက်သွား၏။ 2ထို့နောက် ဘုရား
သခင်၏ရှေ့တော်၌ ရပ်နေသောကောင်းကင်
တမန်ခုနစ်ပါးကို ငါမြင်ရ၏။ သူတို့၌ တံပိုးခုနစ်
လုံးကိုပေး၏။
3ကောင်းကင်တမန် နောက်တစ်ပါးသည်
ယဇ်ပလ္လင်ရှေ့၌ လာ၍ ရပ်နေ၏။ ဤကောင်း
ကင်တမန်သည် နံ့သာထည့်ရန် လင်ပန်းကို
ကိုင်ထား၏။ ထိုကောင်းကင်တမန်အား ဘုရား
သခင်၏ သန့်ရှင်းသောလူတို့၏ ဆုတောင်း
ချက်များနှင့်အတူ ဘုရားသခင်ထံသို့ ပူဇော်ရန်
နံ့သာများစွာ ပေး၏။ ကောင်းကင်တမန်သည်
ပလ္လင်တော်ရှေ့တွင်လည်းကောင်း၊ ယဇ်ပလ္လင်
ပေါ်တွင် လည်းကောင်း ထိုပူဇော်သက္ကာတို့ကို
တင်၏။ 4နံ့သာ၏အခိုးအငွေ့များသည် ကောင်း
ကင်တမန်၏လက်မှ ဘုရားသခင်ထံသို့ ရောက်
သွား၏။ အခိုးအငွေ့များသည်လည်း ဘုရား
သခင်လူတို့၏ဆုတောင်းခြင်းနှင့်အတူ ဘုရား
သခင်ထံတော်သို့ ရောက်ရှိ၏။ 5ထို့နောက်
နံ့သာလင်ပန်းကို ယဇ်ပလ္လင်မှ မီးနှင့်ကောင်း
ကင်တမန်က ပြည့်ထည့်၏။ ကောင်းကင်တမန်
သည် နံ့သာလင်ပန်းကို မြေကြီးပေါ်သို့ ချလိုက်
၏။ ထိုအခါ လျှပ်စီးပြတ်ခြင်း၊ မိုးခြိမ်းခြင်း၊
အသံမြည်ခြင်း၊ မြေငလျင်လှုပ်ခြင်း ဖြစ်ကြ၏။

## ကောင်းကင်တမန်နှစ်ပါးသည် သူတို့၏ တံပိုးများကိုမှုတ်၏

6ထိုအခါ တံပိုးခုနစ်ခု ကိုင်ထားသော
ကောင်းကင်တမန် ခုနစ်ပါးတို့သည် တံပိုးများ
ကို မှုတ်ရန် ပြင်ဆင်ကြ၏။

7ပထမကောင်းကင်တမန်သည် တံပိုးကို
မှုတ်သောအခါ မိုယ်းသီးနှင့် မီးရောနှောသော
အသွေးများကို မြေကြီးပေါ် လောင်းချလိုက်၏။
ထိုအခါ မြေကြီးသုံးပုံတစ်ပုံ၊ သစ်ပင်သုံးပုံတစ်ပုံ
နှင့်စိမ်းလန်းသောမြက်ပင် ရှိသမျှတို့ကို လောင်
ကျွမ်းလေ၏။
8ဒုတိယကောင်း ကင်တမန် သည် တံပိုးကို
မှုတ်သောအခါ မီးလောင်သောတောင်ကဲ့သို့
သောအရာတစ်ခုကို ပင်လယ်ထဲသို့ပစ်ချလိုက်
၏။ ပင်လယ်သုံးပုံတစ်ပုံသည် သွေးဖြစ်သွား၏။
9ပင်လယ်ထဲ၌ အသက်ရှင်သောသတ္တဝါသုံး
ပုံတစ်ပုံသေဆုံး၏။ သင်္ဘောသုံးပုံတစ်ပုံလည်း
ပျက်စီးသွား၏။
10တတိယကောင်းကင်တမန်သည် တံပိုးကို
မှုတ်သောအခါ လောင်ကျွမ်းနေသောမီးတုတ်
ကဲ့သို့သော ကြယ်ကြီးတစ်လုံးသည် ကောင်း
ကင်မှ မြစ်သုံးပုံတစ်ပုံနှင့် စမ်းရေတွင်းအပေါ်
သို့ကျ၏။ 11ထိုကြယ်သည် ဒေါနရွက်*ဟူသော
အမည်ရှိ၏။ ရေသုံးပုံတစ်ပုံသည် ခါးလာ၏။ ထို
ခါးသောရေကို သောက်သောကြောင့် လူများ
သေကြ၏။
12စတုတ္ထကောင်းကင်တမန်သည် တံပိုးကို
မှုတ်သောအခါ နေသုံးပုံတစ်ပုံ၊ လသုံးပုံတစ်ပုံ
နှင့်ကြယ်သုံးပုံတစ်ပုံသည် မှောင်မိုက်သွား၏။
ထို့ကြောင့် နေ့သုံးပုံတစ်ပုံ၊ ညသုံးပုံတစ်ပုံသည်
လည်း အလင်းမရှိ။
13ငါကြည့်နေစဉ် မြင့်သောကောင်းကင်၌
လင်းယုန်တစ်ကောင် ပျံဝဲနေသောအသံကို ငါ
ကြား၏။ ထိုလင်းယုန်သည် “ကမ္ဘာပေါ်ရှိ လူ
သားတို့အတွက် ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခဟူ၍ရင်း၊
ကျန်သောကောင်းကင်တမန်သုံးပါးသည် မိမိ
တို့တံပိုးများကို မှုတ်သောအခါ ဒုက္ခပြဿနာ
များ စလိမ့်မည်” ဟူ၍ရင်း ကျယ်လောင်သော
အသံနှင့်ဆို၏။

9 ပဉ္စမကောင်းကင်တမန်သည် မိမိတံပိုးကို
မှုတ်သောအခါကြယ်တစ်လုံးသည်ကောင်း
ကင်မှ မြေကြီးပေါ်သို့ ကျလာသည်ကို ငါမြင်၏။
အနက်ဆုံးသော တွင်း၏သော့ကို ထိုကြယ်အား
ပေး၏။ 2ထိုအခါ ကြယ်သည် အနက်ဆုံးသော
တွင်းကို ဖွင့်၏။ တွင်းထဲမှ သတ္တုကျိုသည့်မီးဖို
အခိုးကဲ့သို့သော မီးခိုးမီးငွေ့များ ထွက်လာ၏။
ထိုတွင်းမှ မီးခိုးကြောင့် နေနှင့်ကောင်းကင်
သည် မှောင်မိုက်လေ၏။ 3မီးခိုးထဲမှ ကျိုင်း
ကောင်များ*သည် မြေကြီးပေါ်သို့ထွက်၍ကင်း
မြီးကောက်ကဲ့သို့ ထိုးဆိတ်နိုင်သောတန်ခိုးကို
ရကြ၏။ 4မြေပေါ်ရှိမြက်ပင် သို့မဟုတ်မည်သည့်
အပင်များနှင့် သစ်ပင်များကို မျှမထိခိုက်စေ
ခြင်းငှါကျိုင်းကောင်များကို မှာထား၏။ နဖူး
ပေါ်၌ ဘုရားသခင်၏တံဆိပ်ခတ်ခြင်းကို မခံ
သောသူတို့ကိုသာ ညှင်းဆဲရမည်။ 5လူတို့ကို ငါး
လခန့်နာကျင်စေခြင်းငှါသာ ဤကျိုင်းကောင်
များကို တန်ခိုးပေးထား၏။ သို့သော် ဤကျိုင်း
ကောင်များသည် လူတို့ကို သတ်ရန် တန်ခိုးမ
ပေးထားချေ။ လူတို့ခံစားရသောနာကျင်မှု
သည် ကင်းမြီးကောက်ကိုက်သောအခါ နာ
သောနာကျင်မှုကဲ့သို့ဖြစ်၏။ 6ထိုနေ့ရက်များ
တွင် လူတို့သည် သေခြင်းကို ရှာကြလိမ့်မည်။
သို့သော်လည်း သူတို့မတွေ့ရကြ။ သူတို့သည်
သေလိုကြလိမ့်မည်။ သို့သော်လည်း၊ သေခြင်း
သည် သူတို့ထံမှ ပုန်းကွယ်နေလိမ့်မည်။
7ကျိုင်းကောင်များသည် စစ်ပွဲအတွက် ပြင်
ဆင်သောမြင်းများနှင့်တူ၏။ သူတို့၏ဦးခေါင်း
ပေါ်၌ ရွှေနှင့်တူသောသရဖူကို ဆောင်းထား
၏။ မျက်နှာသည် လူမျက်နှာနှင့်တူ၏။ 8ဆံပင်
သည် မိန်းမဆံပင်နှင့်တူ၏။ သွားသည် ခြင်္သေ့
သွားနှင့်တူ၏။ 9ရင်အုပ်သည် သံရင်အုပ်တန်
ဆာနှင့်တူ၏။ တောင်ပံခတ်သံသည် စစ်တိုက်
၍ ပြေးလာသော မြင်းလှည်းများစွာ၏အသံနှင့်
တူ၏။ 10ကျိုင်းကောင်တို့မှာ ကင်းမြီးကောက်

---

**ဒေါနရွက်** အလွန်ခါးသောအပင်၏အမည်၊ ဤနေရာမှာ
ခါးသီးသောဝမ်းနည်းပူဆွေးမှုကို ဆိုလိုသည်။

**ကျိုင်းကောင်များ** နှံကောင်များကဲ့သို့ ပိုးမွှားများ၊ တစ်
ခါတစ်ရံများစွာသောကျိုင်းကောင်များလာပြီး စိုက်ပင်
အားလုံးကို ကိုက်စားတတ်သည်။ ထွက်10-ကို ဖတ်ပါ။

ကဲ့သို့ ထိုးနိုင်သောအမြီးများရှိ၏။ လူတို့ကို ငါး
လပတ်လုံး နာကျင်မှုပေးနိုင်သောတန်ခိုးသည်
သူတို့၏အမြီးများ၌ရှိ၏။ [11]ကျိုင်းကောင်တို့မှာ
ဘုရင်တစ်ပါးရှိ၏။ သူတို့၏ဘုရင်သည် အနက်
ဆုံးသောတွင်း၏တမန်ဖြစ်၏။ သူ၏အမည်မှာ
ဟေဗြဲဘာသာအားဖြင့် အဗဒ္ဒုန်*ဟူ၍ရင်း၊
ဟေလသဘာသာအားဖြင့် အပေါလျုန်ဟူ၍
ရင်းခေါ်၏။ အဗဒ္ဒုန်နှင့် အပေါလျုန်၏အဓိပ္ပါယ်
မှာ ဖျက်ဆီးသူဖြစ်သည်။
[12]ပထမဦးဆုံး ကြီးမားသောဘေးဒုက္ခတစ်
ခုကျော်လွန်ပြီ။ သို့ရာတွင်ကြည့်လော့၊နောက်
ထပ်ကြီးမားသောဘေးဒုက္ခနှစ်ခု ထပ်လာလိမ့်
မည်။
[13]ဆဋ္ဌမကောင်းကင်တမန်သည် တံပိုးကို
မှုတ်သောအခါ ဘုရားသခင်၏ရှေ့တော်၌ ရှိ
သောရွှေယဇ်ပလ္လင်ပေါ်ရှိ ချိုလေးချောင်းထဲမှ
ထွက်လာသောအသံကို ငါကြားရ၏။ [14]ထိုအ
သံက “ကြီးမားသောဥဖရတ်မြစ်နားမှာ ချည်
နှောင်ထားသော ကောင်းကင်တမန်လေးပါး
ကိုလွှတ်လော့” ဟုတံပိုးရှိသောဆဋ္ဌမကောင်း
ကင်တမန်အား ပြော၏။ [15]ထိုကောင်းကင်တ
မန်လေးပါးတို့ကို ဤနှစ်၊လ၊ရက်၊နာရီအတွက်
အဆင်သင့်ဖြစ်ရန် ပြုလုပ်ထားခြင်း ဖြစ်၏။ ဤ
ကောင်းကင်တမန်တို့ကို ကမ္ဘာပေါ်ရှိ လူသုံးပုံ
တစ်ပုံကိုသတ်ရန် လွှတ်လိုက်ခြင်းဖြစ်၏။ [16]မြင်း
စီးသူရဲတို့၏အရေအတွက်ကို ငါကြား၏။ ထို
အရေအတွက်မှာ ကုဋေနှစ်ဆယ်ဖြစ်၏။
[17]ထိုအတူ ဗျာဒိတ်ရူပါရုံ*၌ မြင်းများနှင့်
မြင်းစီးသူများကို ငါမြင်၏။ သူတို့သည် မီးကဲ့သို့
နီသောအဆင်းနက်ပြာနှင့် ကန့်ကဲ့သို့ ဝါသော
အရောင်ရှိသည့်ရင်အုပ်တန်ဆာရှိ၏။ မြင်းတို့
၏ခေါင်းသည် ခြင်္သေ့ဦးခေါင်းနှင့်တူ၏။ မြင်းတို့
ပါးစပ်ထဲမှမီး၊ မီးခိုးနှင့်ကန့်များ ထွက်လာ၏။
[18]ကမ္ဘာမြေကြီး၏လူသုံးပုံတစ်ပုံသည် ဤဆိုး
ယုတ်သောမြင်းပါးစပ်မှ ထွက်လာသောမီးခိုး
နှင့် ကန့်ဟူသောဘေးသုံးပါးကြောင့် သေကြ
၏။ [19]မြင်းတို့၏တန်ခိုးများသည် သူတို့၏ပါးစပ်
နှင့် အမြီးရှိ၏။ သူတို့၏အမြီးသည် မြွေကဲ့သို့ဖြစ်
ပြီး၊ လူတို့ကို ဒဏ်ရာရစေ၍ ကိုက်နိုင်သောဦး
ခေါင်းများရှိ၏။
[20]ကမ္ဘာပေါ်တွင် ကြွင်းသောလူတို့သည်
ဤ ဘေးဒဏ်များဖြင့် အသတ်မခံခဲ့ကြပါ။ သို့
သော်လည်း သူတို့၏လက်ဖြင့် ပြုလုပ်သောအ
ရာများမှ ပြန်လှည့်ကာ သူတို့၏စိတ်နှလုံးနှင့်
အသက်တာများကို မပြောင်းလဲကြသေးချေ။
မမြင်၊ မကြား၊ မလျှောက်နိုင်သောရွှေ၊ ငွေ၊
ကြေးဝါ၊ ကျောက်နှင့်သစ်သားဖြင့် ပြုလုပ်
သောရုပ်တုများနှင့်နတ်ကို ကိုးကွယ်ခြင်းမှ သူ
တို့သည် ရပ်တန့်ခြင်းမရှိ။ [21]သူတို့သည် လူ့အ
သက်ကိုသတ်ခြင်း၊ သူတစ်ပါးကိုပြုစားခြင်း၊
မတရားသောမေထုန်ကို မှီဝဲခြင်း၊ သူများဥစ္စာ
ကို ခိုးခြင်းစသောအမှုအကျင့်များမှ နောင်တမ
ရဘဲနေကြ၏။

## ကောင်းကင်တမန်နှင့် စာလိပ်ငယ်

10 ထို့နောက် တန်ခိုးကြီးသောကောင်းကင်
တမန်နောက်တစ်ပါးသည် ကောင်းကင်
မှဆင်းသက်လာသည်ကို ငါမြင်၏။ ထိုကောင်း
ကင်တမန်သည် မိုဃ်းတိမ်ကိုဝတ်လျက် ခေါင်း
ပေါ်၌သက်တံ့ဝန်းရံထား၏။ သူ၏မျက်နှာသည်
နေနှင့်တူပြီး ခြေထောက်သည်မီး တိုင်များနှင့်
တူ၏။ [2]သူသည် စာစောင်ငယ်တစ်ခုကို ကိုင်
ထား၏။ ထိုစာစောင်ငယ်သည် သူ၏လက်ထဲ၌
ဖွင့်လျက်ရှိ၏။ ကောင်းကင်တမန်သည် သူ၏
လက်ျာခြေထောက်ကို ပင်လယ်ထဲတွင်ချထား
ပြီး လက်ဝဲခြေထောက်ကို ကုန်းပေါ်တွင်ချထား
၍ [3]ခြင်္သေ့ဟောက်သကဲ့သို့ အသံကျယ်နှင့်
ကြွေးကြော်၏။ ထိုကောင်းကင်တမန်အော်ပြီး
သောအခါ မိုဃ်းကြိုးသံခုနစ်ချက်က ပြော

---

**အဗဒ္ဒုန်** ဓမ္မဟောင်းခေတ်တုန်းက ဤအရာသည် သေခြင်း နေရာ၏အမည်ဖြစ်သည်။ ယောဘ 26:6; ဆာလံ၊ 88:11

**ဗျာဒိတ်ရူပါရုံ** ရူပါရုံများသည် အိပ်မက်များကဲ့သို့ ဘုရားသခင်က လူတို့ထံ စကားပြောရာ၌ အသုံးပြုသောတစ်စုံတစ်ခုဖြစ်သည်။

လိုက်၏။ 4မိုယ်းကြိုးခုနှစ်ချက်က မြည်ပြီးသော
အခါ ငါသည် စရေးလိုက်၏။ သို့သော်လည်း
ကောင်းကင်မှ အသံကို ငါကြားရ၏။ "မိုယ်း
ကြိုးခုနှစ်ချက် မြည်သောအရာကို မရေးမမှတ်
နှင့်။ ဤအရာများကို လျှို့ဝှက်ထားလော့" ဟု
အသံကပြော၏။
5ပင်လယ်နှင့်၊ မြေကြီးပေါ်မှာ ရပ်နေသော
ကောင်းကင်တမန်သည် သူ၏လက်ျာလက်ကို
ကောင်းကင်သို့ မြှောက်လိုက်၏။ 6ကောင်း
ကင်တမန်သည် အစဉ်အမြဲ အသက်ရှင်သော
သူအားဖြင့် ကျိန်ဆိုခြင်းကို ပြုလေ၏။ သူသည်
မိုယ်းကောင်းကင်နှင့်ရင်း အထဲ၌အရာအား
လုံးကို ဖန်ဆင်းသောသူ ဖြစ်၏။ မြေကြီးနှင့်မြေ
ကြီးပေါ်ရှိ အရာအားလုံးကို သူဖန်ဆင်းတော်မူ
၏။ ပင်လယ်နှင့် ပင်လယ်ထဲ၌ရှိသောအရာ
အားလုံးကို သူဖန်ဆင်းစီရင်၏။ ကောင်းကင်
တမန်ကလည်း "ဘုရားသခင်သည် မည်သည့်
အရာကိုမျှ နှောင့်နှေးစေမည်မဟုတ်။ 7သတ္တမ
ကောင်းကင်တမန်သည် သူ၏တံပိုးကို မှုတ်ရန်
အချိန်ရောက်သောအခါ ဘုရားသခင်၏လျှို့
ဝှက်သောအစီအစဉ်ပြီးဆုံးလိမ့်မည်။ ဤအစီအ
စဉ်သည် ဘုရားသခင်၏အစေခံများဖြစ်သော
ပရောဖက်တို့အား ပြောသောဝမ်းမြောက်ဖွယ်
ရာသတင်းကောင်းဖြစ်၏" ဟုဆိုလေ၏။
8ထို့နောက်ကောင်းကင်မှ အရင်ကဲ့သို့သော
အသံကို တစ်ဖန် ငါကြားရ၏။ အသံက ငါ့အား
"ပင်လယ်နှင့်မြေကြီးပေါ်တွင်ရပ်လျက်နေသော
ကောင်းကင်တမန်၏လက်ထဲ၌ ပွင့်နေသောစာ
စောင်ကို သွားယူလော့" ဟုဆို၏။
9ထို့ကြောင့် ငါသည် ကောင်းကင်တမန်ထံ
သို့ သွား၍ စာစောင်ငယ်ကို ပေးပါဟု တောင်း
၏။ သူကလည်း "စာစောင်ကိုယူ၍ စားလော့။
သင်၏ဝမ်းထဲတွင် ခါးလိမ့်မည်။ သို့သော်လည်း
သင်၏ပါးစပ်ထဲတွင် ပျားရည်ကဲ့သို့ ချိုနေလိမ့်
မည်" ဟုဆို၏။ 10ထို့ကြောင့် ကောင်းကင်တမန်
၏လက်မှ စာစောင်ငယ်ကို ငါယူ၍ စားလိုက်
၏။ ငါ့ပါးစပ်ထဲ၌ ပျားရည်ကဲ့သို့ ချိုသောအရ
သာရှိ၏။ သို့သော်လည်း၊ ငါစားပြီးမှ ငါ့ဝမ်း
ထဲ၌ ခါးသည်ကို ငါခံစား၏။ 11ထို့နောက် သူ
တို့ကလည်း "သင်သည် လူအမျိုးမျိုးသောဘာ
သာစကားကို ပြောသောလူတို့ကိုရင်း၊ ရှင်
ဘုရင်တို့ကိုရင်း၊ တဖန်ပရောဖက်ပြု၍ ဟော
ပြောရမည်" ဟုပြောလေ၏။

## သက်သေနှစ်ဦး

11 ထို့နောက် တောင်ဝှေးကဲ့သို့ ရှည်သော
ပေတံတုတ်တစ်ချောင်းကို ငါ့အား ပေး
၍ငါ့ကိုပြောဆိုသည်မှာ "ဘုရားသခင်၏ဗိမာန်
တော်နှင့်ယဇ်ပလ္လင်ကိုသွား၍တိုင်းတာပြီးထိုနေ
ရာတွင်ကိုးကွယ်သောသူတို့ကို ရေတွက်လော့။
2သို့သော်လည်း ဗိမာန်တော်အပြင် ဘက်ရှိတန်
တိုင်းကိုမတိုင်းနှင့် ပယ်ထားလော့။ အကြောင်း
မူကား၊ တပါးအမျိုးသားတို့ကို ပေးထားခြင်း
ဖြစ်၏။ သူတို့သည် သန့်ရှင်းသောမြို့တော်ကို
လေးဆယ့်နှစ်လပတ်လုံးလျှောက် သွားရမည်။
3ငါ၏သက်သေခံနှစ်ဦးကို ငါတန်ခိုး ပေးမည်။
သူတို့သည် လျှော်တေအဝတ်*ကို ဝတ်လျက်
ရက်ပေါင်းတစ်ထောင့်နှစ်ရာခြောက်ဆယ် ကာ
လပတ်လုံးပရောဖက်ပြုကြလိမ့်မည်။"
4ဤသက်သေခံနှစ်ဦးသည် မြေကြီးအရှင်
၏ရှေ့တော်၌ ရပ်နေသောသံလွင်ပင်နှစ်ပင်နှင့်
မီးအိမ်တိုင်နှစ်တိုင်ဖြစ်၏။ 5တစ်စုံတစ်ယောက်
သောသူသည် သက်သေခံနှစ်ဦးကို ဒုက္ခပေး
လျှင် သူတို့၏ပါးစပ်ထဲမှ မီးများထွက်လာပြီးရန်
သူတို့ကို မျိုချလိမ့်မည်။ သူတို့ကို ဒုက္ခပေးရန်
ကြိုးစားသောသူသည် ထိုနည်းတူ သေရမည်။
6ထိုသူတို့သည် ပရောဖက်အမှုပြုသောနေ့ရက်
ကာလ၌ မိုးမရွာစေခြင်းငှါ မိုးကောင်းကင်ကို
ပိတ်ရသောအခွင့်ရှိ၏။ သူတို့သည် ရေကိုအ
သွေးဖြစ်စေနိုင်သောအခွင့်နှင့် ဘေးဒုက္ခအမျိုး
မျိုးတို့ကို မြေကြီးသို့ ပို့ရသောအခွင့်ကိုရကြ၏။
7ထိုသက်သေခံနှစ်ဦးသည် သူတို့၏သတင်း
စကားကို ပြောကြားပြီးသောအခါ အနက်ဆုံး

**လျှော်တေအဝတ်** တိရစ္ဆာန်အမွေးမှ ပြုလုပ်ထားသော
အင်္ကျီကြမ်း၊ တစ်ခါတစ်ရံ လူတို့က ဝမ်းနည်းခြင်းကို
ပြခြင်းငှါ ရင်းကို ဝတ်ခဲ့ကြသည်။

သောတွင်းက ထွက်လာသောသားရဲသည် သူ
တို့ကို တိုက်ခိုက်၍ အောင်နိုင်ပြီး သတ်လိမ့်
မည်။ 8သက်သေခံနှစ်ဦး၏အလောင်းသည် ကြီး
မားသောမြို့၏လမ်းပေါ်၌ လဲလျောင်းနေ မည်။
ထိုမြို့သည် သောဒုံနှင့် အဲဂုတ္တုဟု အမည်
ပေး၏။ မြို့အတွက် ပေးထားသော ဤနာမည်
သည် အထူးအဓိပ္ပါယ်ရှိသည်။ ဤမြို့၌ သူတို့
သခင်သည်လက်ဝါးကပ်တိုင်မှာ အသေခံတော်
မူ၏။ 9အမျိုးမျိုးသော၊ ဘာသာစကားကို
ပြောသောလူ အမျိုးအနွယ်တို့သည် သက်သေ
ခံနှစ်ဦး၏အလောင်းများကို သုံးရက်ခွဲပတ်လုံး
ကြည့်ကြလိမ့်မည်။ သူတို့ကို မြှုပ်နှံရန် ငြင်းပယ်
ကြလိမ့်မည်။ 10မြေကြီးပေါ်မှာ နေသောသူတို့
သည် ဤနှစ်ယောက်သေသွား သောကြောင့်
ပျော်ရွှင်ကြလိမ့်မည်။ သူတို့သည် ပွဲများပြုလုပ်
ပြီး တစ်ယောက်ကိုယောက်လက်ဆောင်ပို့ပေး
ကြလိမ့်မည်။ ဤသက်သေခံနှစ်ဦးသည် မြေကြီး
ပေါ်မှာ နေသောသူတို့ထံသို့ ဆင်းရဲဒုက္ခများစွာ
ယူဆောင်လာသောကြောင့် သူတို့သည် ထိုကဲ့
သို့ ပြုလုပ်ကြလိမ့်မည်။
11သို့သော်လည်း သုံးရက်ခွဲလွန်ပြီးလျှင်
ဘုရားသခင် အထံတော်က အသက်ဝိညာဉ်
သည် သူတို့၌ ဝင်သဖြင့် သူတို့ခြေထောက်ပေါ်
တွင် မတ်တတ်ရပ်၍ မြင်သမျှသောသူတို့သည်
အလွန်ကြောက်ရွံ့ကြ၏။ 12ထိုအခါ ပရောဖက်
နှစ်ဦးသည် "ဤနေရာသို့ထပ်လာကြလော့"ဟု
ကောင်းကင်မှ ကျယ်လောင်သောအသံကို
ကြားရ၏။ ထို့နောက် ပရောဖက်နှစ်ဦးသည်
မိုဃ်းတိမ်ဖြင့် ကောင်းကင်သို့ တက်သွား၏။
သူတို့သွားသည်ကို ရန်သူတို့က ကြည့်ကြ၏။
13ထိုအချိန်တွင် လျှင်ကြီးစွာ လှုပ်၏။ မြို့
ဆယ်ပုံတစ်ပုံသည် ပျက်စီးသွား၏။ လူခုနစ်
ထောင်သည် လျှင်ဒဏ်ကြောင့် သေကြ၏။
မသေသောသူတို့သည်ကြောက်ရွံ့ကြ၍ကောင်း
ကင်ဘုံ၏အရှင်ဘုရားသခင်ကို ချီးမွမ်းကြ၏။
14ဒုတိယကြီးမားသောဘေးဒဏ်ပြီးဆုံးသွား
ပြီ။ တတိယကြီးမားသောဘေးဒဏ်သည် အ
လျှင်အမြန်လာလိမ့်မည်။

## သတ္တမတံပိုး

15သတ္တမကောင်းကင်တမန်သည် တံပိုးကို
မှုတ်သောအခါ ကောင်းကင်၌ ကျယ်လောင်
သော အသံများပေါ်ထွက်လာ၏။ ထိုအသံက

"လောကီနိုင်ငံတော်သည် ယခုငါတို့အရှင်
ဘုရားနှင့်ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်
လေပြီ။ သူသည် ထာဝရအုပ်စိုးတော်မူ
လိမ့်မည်" ဟုပြောဆိုကြ၏။

16ထိုအခါ အသက်ကြီးသူ နှစ်ဆယ့်လေးဦး
သည် ပြပ်ဝပ်၍ ဘုရားသခင်ကို ကိုးကွယ်ကြ
၏။ သူတို့သည် ဘုရားသခင်ရှေ့တော်၌ မိမိတို့
ပလ္လင်ပေါ်မှာ ထိုင်သောအသက်ကြီးသူတို့ ဖြစ်
၏။ 17အသက်ကြီးသူတို့သည်လည်း

"အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသောထာ
ဝရဘုရားသခင်၊ ကိုယ်တော်ကိုအကျွန်ုပ်
တို့ ချီးမွမ်းပါ၏။ ကိုယ်တော်သည် ယခုနေ့
သော်လည်းကောင်း၊ ယခင်၌ သော်
လည်းကောင်း ရှိတော်မူ၏။ ကျေးဇူး
တော်ကို အကျွန်ုပ်တို့ ချီးမွမ်းပါ၏။ အ
ကြောင်းမူကား ကိုယ်တော်သည် ကြီး
မားသောတန်ခိုးကို အသုံးပြုပြီး စတင်၍
အုပ်စိုးတော်မူ၏။
18 မြေကြီးပေါ်ရှိ လူတို့သည် အမျက်ထွက်
ကြ၏။ သို့သော်ယခု ကိုယ်တော်၏အ
မျက်ထွက်ရန်အချိန်ဖြစ်၏။ ယခုသေ
သောသူတို့ကို စီရင်ရသောအချိန်ဖြစ်
၏။ကိုယ်တော်၏အစေခံဖြစ်သောပရော
ဖက်တို့ကိုဆုချရန် အချိန်ဖြစ်၏။ ကိုယ်
တော်၏သန့်ရှင်းသောသူတို့နှင့် ကိုယ်
တော်ကို ကြောက်ရွံ့ရိုသေသောသူအ
ကြီးအငယ်တို့ကို ဆုချ၍ မြေကြီးကို ပျက်
ဆီးသောသူတို့ကို ပျက်ဆီးရန် အချိန်
ဖြစ်၏။"
19ထို့နောက် ကောင်းကင်ဘုံ၌ ဘုရား
သခင်၏ဗိမာန်ကိုဖွင့်ထား၍ ဗိမာန်တော်ထဲမှာ

ပဋိညာဉ်သေတ္တာတော်*သည် ထင်ရှားလေ
၏။ ထို့နောက် လျှပ်စီးလက်ခြင်း၊ အသံမြည်
ခြင်း၊ မိုးခြိမ်းခြင်း၊ ငလျင်လှုပ်ခြင်းနှင့် ကြီးမား
သောမိုယ်းသီးများကျခြင်း ဖြစ်ကြ၏။

## မိန်းမနှင့်ကြီးမားသောမြွေ

12 ထို့နောက် ကြီးမားသောအံ့သြဖွယ်ရာ
သည် ကောင်းကင်၌ ပေါ်လာ၏။ နေ
ကို ဝတ်ထားသောမိန်းမတစ်ယောက်ရှိ၏။ လ
သည် သူမ၏ခြေအောက်တွင်ရှိ၏။ ကြယ်ဆယ့်
နှစ်လုံးပါသောသရဖူကို သူမ၏ဦးခေါင်းပေါ်တွင်
ရှိ၏။ 2ထိုမိန်းမသည် ကိုယ်ဝန်ဆောင်၍ က
လေးမွေးဖွားရန် နီးနေသဖြင့် နာကျင်စွာ အော်
ဟစ်လေ၏။ 3ထို့နောက် အခြားသောအံ့သြ
ဖွယ်ရာတစ်ခုကောင်းကင်ဘုံ၌ ပေါ်လာ၏။ ကြီး
မားသောအနီရောင်မြွေတစ်ကောင်ရှိ၏။ မြွေ
ကြီးတွင်သရဖူတစ်ခုစီရှိသော ဦးခေါင်းခုနစ်လုံး
နှင့် ချိုဆယ်ချောင်းရှိ၏။ 4မြွေကြီး၏အမြီးသည်
ကောင်းကင်မှ ကြယ်သုံးပုံတစ်ပုံကို ဆွဲငင်၍
မြေကြီးပေါ်သို့ ပစ်ချလိုက်လေ၏။ ထို့နောက်
မြွေကြီးသည် ကလေးမွေးဖွားမည့်မိန်းမ၏ရှေ့ ၌
ရပ်လျက်ရှိနေ၏။ မွေးလာမည့်မိန်းမ၏ကလေး
ကိုစားရန်အလိုရှိ၏။ 5မိန်းမသည် သားယော
က်ျားကို ဖွားမြင်၏။ သူသည် လူမျိုးတကာတို့
ကို သံလှံတံနှင့် အုပ်စိုးမည်။ ထိုကလေးသည်
ဘုရားသခင်နှင့် သူ၏ပလ္လင်တော်သို့ ယူဆောင်
သွားခြင်းကိုခံရ၏။ 6မိန်းမသည် ဘုရားသခင်
ပြင်ဆင် ပေးသောနေရာ၊ သဲကန္တာရသို့ ပြေး
ထွက်သွား၏။ သဲကန္တာရတွင် ရက်ပေါင်းတစ်
ထောင့်နှစ်ရာခြောက်ဆယ်ပတ်လုံး ကျွေးမွေး
ခြင်းကိုခံရမည်။
7ထို့နောက် ကောင်းကင်၌ စစ်ဖြစ်၏။
မိက္ခေလ*နှင့် သူ၏ကောင်းကင်တမန်တို့သည်
မြွေကြီးကို တိုက်ခိုက်ကြ၏။ မြွေကြီးနှင့်သူ၏တ
မန်တော်တို့ကလည်း ပြန်တိုက်ကြ၏။ 8သို့သော်
လည်း မြွေကြီးသည် ခွန်အားမမျှပေ။ မြွေကြီး
နှင့်သူ၏တမန်တော်တို့သည် ကောင်းကင်ဘုံ၌
သူတို့၏နေရာများဆုံးရှုံးသွား၏။ 9မြွေကြီးသည်
ကောင်းကင်ဘုံမှ ပစ်ချခြင်းကိုခံရပြီ။ မြွေကြီး
သည် စာတန်သို့မဟုတ် မာရ်နတ်ဟု ခေါ်သော
ရှေးမြွေဟောင်းကြီးဖြစ်၏။ သူသည် လောက
တစ်နိုင်ငံလုံးကို မှားသောလမ်းသို့ ဦးဆောင်
သွား၏။ သူနှင့်မိမိနောက်လိုက်တို့ကို မြေကြီး
ပေါ်သို့ ပစ်ချလိုက်ကြ၏။
10ထို့နောက် ကောင်းကင်ဘုံမှ ကြီးသော
အသံကို ငါကြားရ၏။ “ငါတို့ဘုရားသခင်၏
အောင်မြင်ခြင်းတန်ခိုးတော်၊ နိုင်ငံတော်နှင့်
သူ၏ခရစ်တော်*၏အာဏာတော်ယခုရောက်
လာပြီ။ အကြောင်းမှာ ငါတို့ညီအစ်ကိုမောင်နှ
မတို့ကို နေ့ညဥ့်မပြတ် ဘုရားသခင်ရှေ့တော်၌
စွပ်စွဲသောသူကို အောက်သို့ချခြင်းခံရပြီ။ 11ငါ
တို့ညီအစ်ကိုမောင်နှမတို့သည် သိုးသငယ်၏
သွေးတော်နှင့်သူတို့၏သက်သေခံချက်အားဖြင့်
သူ့အပေါ်အောင်မြင်မှုကိုရရှိပြီ။ သူတို့သည်သေ
ခြင်းကိုပင်မကြောက်ကြ။ 12ထို့ကြောင့်ကောင်း
ကင်နှင့်ကောင်းကင်၌ နေထိုင်သူတို့အားလုံး
ဝမ်းမြောက်ကြလော့။ သို့သော်လည်း မြေကြီး
နှင့် ပင်လယ်၌ ဘေးဒုက္ခရောက်လိမ့်မည်။ အ
ကြောင်းမူကား၊ မာရ်နတ်သည် သူ၌အချိန်သိပ်
မရှိတော့ကြောင်း သိသဖြင့်ပြင်းစွာသော ဒေါ်
သအမျက်နှင့်တကွ သင်တို့ထံသို့ ဆင်းလေပြီ”
ဟုဆိုကြ၏။
13မြွေကြီးသည် မြေကြီးပေါ်သို့ ကျသည်ကို
သိသောကြောင့် သားယောက်ျားကိုမွေးသော
မိန်းမနောက်ကို လိုက်ရန်စတင်၏။ 14သို့သော်
လည်း ထိုမိန်းမကို ကြီးမားသောလင်းယုန် အ
တောင်ပံနှစ်ခုကို ပေးလေ၏။ သို့ဖြစ်၍သဲကန္တာ
ရထဲ၌ သူမအတွက် ပြင်ဆင်ထားသောနေရာ

---

**ပဋိညာဉ်သေတ္တာ** ဓမ္မဟောင်း ဗိမာန်တော်၏အသန့်
ရှင်းဆုံးသော နေရာ၌ ထာဝရဘုရားက မိမိလူတို့ထံပေး
တော်မူသောပဋိညာဉ်သေတ္တာရှိသည်။ ထွက်၊ 25:10-22
1 ဓမ္မရာ၊ 8:1-9 ဟေဗြဲ 9:4

**မိက္ခေလ** ကောင်းကင်တမန် ထာဝရဘုရား၏ကောင်း
ကင်တမန်များ၏ ခေါင်းဆောင် ရှင်ယုဒ 9

**ခရစ်တော်** ဘိသိက်ခြင်း ခံယူသောသူ (မေရှိယ) သို့မ
ဟုတ် ထာဝရဘုရားက ရွေးကောက်တော်မူသောသူ။

သို့ပျံသန်းနိုင်မည်။ ထိုနေရာ၌သူ့ကို သုံးနှစ်ခွဲ
ပတ်လုံးကြည့်ရှုစောင့်မခြင်းခံရပြီး မြွေကြီးထံမှ
ဝေးကွာသွားမည်။ 15ထိုအခါ မိန်းမကို ရေအ
ဟုန်ဖြင့် မျောသွားစေခြင်းငှါ မြွေကြီးသည် သူ
၏ပါးစပ်မှမြစ်ကဲ့သို့ ရေကိုသွန်ချလေ၏။ 16သို့
သော်လည်း မြေကြီးသည် မိန်းမကို ကူညီ၏။
မြေကြီးသည် မိမိ၏ပါးစပ်ကိုဖွင့်ပြီး မြွေကြီး၏
ပါးစပ်မှ ထွက်လာသောမြစ်ရေကို မျိုချလေ၏။
17ထိုအခါ မြွေကြီးသည် မိန်းမကို လွန်စွာဒေါသ
ထွက်၏။ ဘုရားသခင်၏မိန့်တော်မူချက်များကို
လိုက်နာပြီး ယေရှု၏သွန်သင်သောသမ္မာတရား
ကိုစောင့်ရှောက်သော ထိုမိန်းမ၏အခြားသော
သားသမီးတို့ကို တိုက်ခိုက်ရန် ထွက်သွား၏။
18မြွေကြီးသည် သွား၍ ပင်လယ်ကမ်းခြေ၌
ရပ်လျက်ရှိ၏။

## သားရဲတိရစ္ဆာန်နှစ်ကောင်

13 ထို့နောက် ပင်လယ်ထဲမှ သားရဲတစ်
ကောင်ထွက်လာသည်ကို ငါမြင်၏။ ချို
ဆယ်ချောင်းနှင့် ခေါင်းခုနစ်လုံးရှိ၏။ ချိုတစ်
ချောင်းစီမှာ သရဖူတစ်ဆူရှိ၏။ ခေါင်းတစ်လုံး
စီမှာ ဘုရားသခင်၏အသရေတော်ကို ရှုတ်ချ
သောအမည်ကို ရေးထား၏။ 2ဤသားရဲသည်
ကျားသစ်နှင့်တူ၏။ ဝံခြေကဲ့သို့ရှိ၏။ ခြင်္သေ့ကဲ့
သို့သောပါးစပ်ရှိ၍ ပင်လယ်ကမ်းခြေ၌ ရပ်နေ
သောမြွေကြီးသည် မိမိတန်ခိုးနှင့် မိမိပလ္လင်ကို
၎င်း ကြီးစွာသောအာဏာကို၎င်း သားရဲ၌အပ်
ပေး၏။ 3သားရဲ၏ဦးခေါင်းတစ်လုံးသည် အနာ
ရစေပြီး သတ်ထားခြင်းခံရသကဲ့သို့ ဖြစ်၏။ သို့
သော် ဤသေသောအနာသည် ပျောက်ကင်း
ခြင်းအခွင့်ရ၏။ မြေကြီးသား လူအားလုံးသည်
အံ့သြ၍ ထိုသားရဲနောက်ကို လိုက်ကြ၏။ 4လူ
တို့သည် မြွေကြီးကို ကိုးကွယ်ကြ၏။ အကြောင်း
မူကား သူ၏တန်ခိုးများကို သားရဲအား ပေး
လိုက်သောကြောင့် ဖြစ်၏။ ထိုသားရဲကို လည်း
ကိုးကွယ်ကြ၏။ "အဘယ်သူသည် သားရဲကဲ့သို့
တန်ခိုးကြီးသနည်း။ အဘယ်သူသည် သူ့ကို စစ်
တိုက်နိုင်သနည်း" ဟုပြောဆိုကြ၏။

5ထိုသားရဲသည် မာနထောင်လွှားသော
စကားနှင့် အလွန်ဆိုးဝါးသောအရာများကို
ပြောဆိုခွင့်ရ၏။ သားရဲသည် သူ၏တန်ခိုးကို
လေးဆယ့်နှစ်လကြာပတ်လုံး အသုံးပြုနိုင်သော
အခွင့်ရ၏။ 6သားရဲသည် မကောင်းသောအ
ရာများဖြင့် ဘုရားသခင်ကို ပြောရန် နှုတ်ကို
ဖွင့်ထား၏။ ဘုရားသခင်၏နာမတော်မကောင်း
ကြောင်းကိုလည်းပြော၏။ ဘုရားသခင်အသက်
ရှင်သောနေရာနှင့် ကောင်းကင်ရှိလူအားလုံး
မကောင်းကြောင်းကိုလည်း ပြော၏။ 7ဘုရား
သခင်၏သန့်ရှင်းသောလူတို့ကို စစ်တိုက်၍ နိုင်
ရသောတန်ခိုးကို သားရဲအားပေး၏။ သားရဲ
သည် အမျိုးမျိုးသောဘာသာစကားကို ပြော
သောလူမျိုး အားလုံးတို့ကို အုပ်စိုးရသောအ
ခွင့်ရ၏။ 8မြေကြီးသားအပေါင်းတို့သည် သား
ရဲကို ကိုးကွယ်ကြမည်။ သိုးသငယ်၏အသက်
စာစောင်ထဲ၌ ကမ္ဘာဦးအစက နာမည်ရေး
ထားခြင်း မရှိသောသူတို့ဖြစ်၏။ သိုးသငယ်
သည် အသတ်ခံရသောသူဖြစ်၏။
9ထိုအကြောင်းအရာကို ကြားရသောသူ
တိုင်း နားထောင်ပါစေ။

10 တစ်စုံတစ်ယောက်သည် ဖမ်းဆီးခေါ်
ဆောင်သွားခြင်းခံရမည့်သူ ဖြစ်လျှင် ထို
သူသည် ဖမ်းဆီးခေါ်ဆောင်သွားခြင်းပင်
ခံရလိမ့်မည်။ တစ်စုံတစ်ယောက်သည်
သန်လျက်နှင့် သတ်ခြင်းခံရမည့်သူဖြစ်
လျှင် ထိုသူသည် သန်လျက်နှင့် အသတ်
ခံရလိမ့်မည်။

ဤအရာ၏အနက်အဓိပ္ပါယ်မှာ ဘုရားသခင်၏
သန့်ရှင်းသောလူတို့သည် သည်းခံခြင်းနှင့် ယုံ
ကြည်ခြင်းရှိရမည်။
11ထို့နောက် မြေကြီးထဲမှ နောက်သားရဲ
တစ်ကောင်ထွက်လာသည်ကို ငါမြင်၏။ သိုး
သငယ်ကဲ့သို့ ချိုနှစ်ချောင်းရှိ၏။ သို့သော်
လည်း မြွေကြီးကဲ့သို့ စကားပြော၏။ 12ဤသား
ရဲသည် ပထမသားရဲ၏ရှေ့တွင်ရပ်လျက် ပထမ
သားရဲ၏တန်ခိုးကိုသုံး၏။ ထိုသားရဲသည် မြေ

ကြီးပေါ်ရှိလူသားအပေါင်းတို့အားသေစေသော
ဒဏ်ချက် ပျောက်ခဲ့ပြီးသောပထမသားရဲကို
ကိုးကွယ်စေခြင်းငှါ ဤတန်ခိုးကို အသုံးပြု၏။
13 ဤဒုတိယသားရဲသည် ကြီးမားသောနိမိတ်
လက္ခဏာတို့ကို ပြုလုပ်၏။ လူတို့မျက်မှောက်၌
ကောင်းကင်ဘုံမှ မြေကြီးပေါ်သို့ မီးကိုကျ
ဆင်းစေ၏။ 14 ဤဒုတိယသားရဲသည် မြေကြီး
သားတို့ကို လှည့်ဖြား၏။ သူ့ကို ပေးထားသော
တန်ခိုးကို အသုံးပြု၍ ဤနိမိတ်လက္ခဏာတို့ကို
ပြုလုပ်၏။ပထမသားရဲကို အစေခံရန် ဤနိမိတ်
လက္ခဏာတို့ကို ပြုလုပ်၏။ ဒုတိယသားရဲသည်
ပထမသားရဲကို ဂုဏ်ပြုရန် လူများကို ရုပ်တု
ပြုလုပ်စေ၏။ ဤသားရဲသည် သန်လျက်ဖြင့်
အနာတရဖြစ်ပြီး မသေသောသားရဲဖြစ်၏။
15 ပထမသားရဲ၏ရုပ်တု၌ အသက်ပေးနိုင်သော
တန်ခိုးကို ဒုတိယသားရဲအား ပေးထား၏။ ထို
နောက် ရုပ်တုသည် စကားပြောတတ်ရုံမက
သူ့ကို မကိုးကွယ်သောသူတို့အား သတ်ရန်အ
မိန့်ပေးပိုင်ခွင့်ရှိ၏။ 16 သူတို့၏လက်ျာလက်နှင့်
နဖူးပေါ်တွင် တံဆိပ်ခတ်ရန် လူကြီးလူငယ်၊ချမ်း
သာသောသူ၊ ဆင်းရဲသောသူ၊ လူလွတ်၊ ကျွန်
ဖြစ်သောသူအပေါင်းတို့အပေါ် အတင်းအဓမ္မ
ဖြင့် ဒုတိယသားရဲက စီရင်၏။ 17 ဤတံဆိပ်ကို
ရှိသောသူမှတပါး အဘယ်သူမျှ ဤတံဆိပ်မ
ပါဘဲ ရောင်းဝယ်ခြင်း မပြုလုပ်နိုင်ပါ။ ဤတံ
ဆိပ်သည် သားရဲ၏အမည် သို့မဟုတ် နာမ၏
နံပါတ်ဖြစ်၏။ 18 ဤအရာ၌ ပညာရှိဉာဏ်ရှိ
သောသူသည် သားရဲနံပါတ်ကို ရေတွက်စေ။
ဤနံပါတ်သည် လူတစ်ယောက်၏နံပါတ်ဖြစ်၏။
ခြောက်ရာခြောက်ဆယ်ခြောက်လည်းဖြစ်၏။

## ရွေးနုတ်ကယ်တင်ခြင်းသီချင်း

14 ထိုနောက် ငါသည် ငါ့ရှေ့၌ရှိသော သိုး
သငယ်ကို ကြည့်သောအခါ၊ သူသည်
ဇိအုန်တောင်*ပေါ်မှာ ရပ်နေ၏။ လူတစ်သိန်း
လေးသောင်း လေးထောင်တို့သည် သူနှင့်အတူ
ရှိကြ၏။ သူတို့အား လုံး၏နဖူးပေါ်တွင် သူ၏နာ
မနှင့် ခမည်းတော်၏နာမကို ရေးထားလျက်ရှိ
၏။ 2 ထို့နောက် ရေလျှံသောအသံ၊ ကျယ်
လောင်သော မိုဃ်းကြိုးသံကဲ့သို့သော ကောင်း
ကင်ကအသံကို ငါကြားရ၏။ ငါကြားရသော
အသံသည် စောင်းသမားများ စောင်းတီး
သောအသံနှင့်လည်းတူ၏။ 3 လူတို့သည် ပလ္လင်
တော်ရှေ့၌၎င်း၊ သတ္တဝါလေးပါးနှင့် အသက်
ကြီးသူတို့၏ရှေ့၌၎င်း၊ သီချင်းသစ်ကို ဆိုကြ၏။
ထိုသီချင်းသစ်ကို သင်ကြားနိုင်သူတို့ မှာမြေ
ကြီးမှ ရွေးနုတ်ခြင်းခံရသောသူ တစ်သိန်းလေး
သောင်း လေးထောင်သာ ဖြစ်ကြ၏။ အဘယ်
သူမျှ သီချင်းသစ်ကို မသင်နိုင်။ 4 ထိုသူတို့သည်
မိန်းမတို့နှင့် မှားယွင်းမှုမရှိသောသူတို့ ဖြစ်ကြ
၏။ သူတို့သည် ကိုယ့်ကိုကိုယ် စင်ကြယ်စေကြ
၏။ သူတို့သည် သိုးသငယ်သွားလေရာအရပ်
သို့ နောက်တော်သို့ လိုက်သောသူတို့ ဖြစ်၏။
ဤတစ်သိန်းလေးသောင်း လေးထောင်တို့သည်
လောကသားတို့အထဲမှ ရွေးနုတ်ထားသောသူ
တို့ဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်နှင့် သိုး
သငယ်တော်သို့ ပထမဦး ဆုံးပူဇော်ခံရသော
သူတို့ဖြစ်ကြ၏။ 5 ဤသူတို့ နှုတ်၌လိမ်လည်
ပြောဆို ခြင်းမရှိ။ သူတို့သည် အပြစ်နှင့်ကင်း
လွတ်ကြ၏။

## ကောင်းကင်တမန်သုံးပါး

6 ထို့နောက်အခြားသောကောင်းကင်တမန်
သည် မိုဃ်းကောင်းကင်၌ မြင့်မားစွာ ပျံဝဲ
လျက်ရှိ သည်ကို ငါမြင်၏။ ကောင်းကင်တမန်
သည် မြေကြီးပေါ်၌ အသက်ရှင်နေကြသော
လူမျိုးအသီးသီး၊ လူမျိုးစုအသီးသီး၊ ဘာသာစ
ကားအသီးသီးနှင့် လူမျိုးနွယ်စုအသီးသီးထံသို့
ဝမ်းမြောက်ရာသတင်းကောင်းကို ကြွေငြာရန်
ရှိ၏။ 7 ကောင်းကင်တမန်တစ်ပါးက ကျယ်
လောင်သောအသံဖြင့် “ဘုရားသခင်ကို
ကြောက်ရွံ့၍ချီးမွမ်းကြလော့။ လူသားအပေါင်း

---

**ဇိအုန်တောင်** ယေရုရှလင်အတွက် အခြားနာမည်၊ ထာဝရဘုရား၏ လူတို့သူနှင့်အတူ နေထိုင်သောဝိညာဉ်ရေး နှင့်ဆိုင်သောမြို့။

တို့ကို ဘုရားသခင်က စီရင်ရမည့်အချိန်ရောက်
လာပြီ။ ဘုရားသခင်ကို ကိုးကွယ်ကြလော့။ သူ
သည် ကောင်းကင်၊ မြေကြီး၊ ပင်လယ်နှင့်စမ်းရေ
တွင်းတို့ကို ဖန်ဆင်းတော်မူသည် ဟုပြောဆို၏။
[8]ထို့နောက် ဒုတိယကောင်းကင်တမန်သည်
ပထမကောင်းကင်တမန်နောက်သို့ လိုက်၍
"သူမပျက်စီးသွားပြီ။ ကြီးမားသောဗာဗုလုန်
မြို့ကြီးသည် ပျက်စီးသွားပြီ။ သူမသည် မိမိ၏
မတရားသောမေထုန်မှီဝဲခြင်းနှင့် ဘုရားသခင်
၏အမျက်တော်နှင့်ပြည့်လျှက်ရှိသောစပျစ်ရည်
ကို နိုင်ငံအားလုံးကို သောက်စေသည်" ဟု
ပြောဆို၏။
[9]တတိယကောင်းကင်တမန်သည် ပထမ
ကောင်းကင်တမန်နှစ်ပါးနောက်ကို လိုက်၏။တ
တိယကောင်းကင်တမန်က ကျယ်လောင်သော
အသံဖြင့် "သားရဲနှင့် သူ၏ရုပ်တုကို ကိုးကွယ်၍
သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ဖြင့်၊ လက်ျာ
လက်၌ဖြင့် ခံသောသူတို့သည် အမင်္ဂလာရှိ၏။
[10]ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌
လောင်းသော အမျက်တော်စပျစ်ရည်စစ်ကို
သောက်ရလိမ့်မည်။ ထိုသူသည် ကန့်ရေမီးနှင့်
ရောသောမီးထဲမှာ ညှဉ်းဆဲခြင်းကို သန့်ရှင်း
သောကောင်းကင်တမန်နှင့် သိုးသငယ်၏ရှေ့
တွင် ခံရမည်။ [11]သူတို့၏လောင်ကျွမ်းနေသော
ဝေဒနာမှ မီးခိုးမီး ငွေ့များသည် အစဉ်မပြတ်
ထွက်လာလိမ့်မည်။ သားရဲနှင့် သူ၏ရုပ်တုကို
ကိုးကွယ်၍ သူ၏နာမတံဆိပ်ကို ခံရသောသူတို့
အတွက် နေ့ညမပြတ် သက်သာမရကြ" ဟုပြော
ဆို၏။ [12]ဤအရာက ဘုရားသခင်၏သန့်ရှင်း
သောလူတို့သည် သည်းခံခြင်းရှိရမည်ဟု ဆိုလို
၏။ ဘုရားသခင်၏ပညတ်တို့ကို လိုက်နာပြီး
ယေရှု၌သူတို့၏ယုံကြည်ခြင်းကို စောင့်ရှောက်
ရမည်။
[13]ထို့နောက်ကောင်းကင်မှအသံကို ငါကြား
ရ၏။ထိုအသံကငါ့အား"ဤအရာကိုရေးလော့။
ယခု ချိန်မှစ၍ သခင်ဘုရား၌ သေသောသူတို့
သည် ယနေ့မှစ၍ ကောင်းချီးခံစားလိမ့်မည်။"
ဝိညာဉ်တော်ကလည်း
"မှန်၏။ထိုအရာသည်မှန်၏။ ထိုသူတို့သည်
ပင်ပန်းသောအလုပ်မှ နားလိမ့်မည်။ သူတို့၏အ
ကျင့်သည်လည်း သူတို့နှင့်အတူရှိကြလိမ့်မည်"
ဟုမိန့်တော်မူ၏။

## မြေကြီး၏စပါးကိုရိတ်သိမ်းချိန်ရောက်ပြီ

[14]ငါကြည့်လိုက်သောအခါ ငါ၏ရှေ့တွင် ဖြူ
သောမိုဃ်းတိမ်ရှိ၏။ ဖြူသောမိုဃ်းတိမ်ပေါ်မှာ
ထိုင်နေသူသည်လူသားနှင့်တူ၏။ သူ၏ခေါင်း
တော်ပေါ်၌ ရွှေသရဖူရှိ၍ လက်တော်ထဲ၌ ထက်
သောတံစဉ်ရှိ၏။ [15]ထို့နောက် ဗိမာန်တော်ထဲ
မှ အခြားသောကောင်းကင်တမန်တစ်ပါး ထွက်
လာ၏။ ဤကောင်းကင်တမန်သည် မိုဃ်းတိမ်
ပေါ်မှာ ထိုင်သောသူကို "သင်၏တံစဉ်ကိုယူ
ဆောင်၍ မြေကြီးမှ စုသိမ်းလော့ဟု ခေါ်လိုက်
လေ၏။ ရိတ်သိမ်းချိန်ရောက်လာပြီ။ မြေကြီး၏
အသီးများသည် မှည့်နေပြီ။" [16]ထိုအခါ မိုဃ်း
တိမ်ပေါ်မှာ ထိုင်သောသူသည် မိမိ၏တံစဉ်ကို
မြေကြီးပေါ်သို့ လွှဲလိုက်၏။ မြေကြီး၏စပါးကို
ရိတ်သိမ်းတော်မူ၏။
[17]ထို့နောက် ကောင်းကင်ဘုံရှိ ဗိမာန်တော်
ထဲမှ ကောင်းကင်တမန်တစ်ပါး ထွက်လာပြန်
၏။ ထိုကောင်းကင်တမန်သည်လည်း ထက်
သောတံစဉ်ရှိ၏။ [18]ထို့နောက် အခြားကောင်း
ကင်တမန်တစ်ပါးသည် ယဇ်ပလ္လင်မှလာ၏။ ဤ
ကောင်းကင်တမန်သည် မီးကို အစိုးရသော
တန်ခိုးရှိ၏။ ထိုကောင်းကင်တမန်သည် ထက်
သောတံစဉ်ရှိသောကောင်းကင်တမန်ကို ခေါ်
၍ "သင်၏ထက်သောတံစဉ်ကို ယူ၍မြေကြီး၏
စပျစ်ပင်ပေါ်မှ စပျစ်ခိုင်များကို စုဆောင်း
လော့။ မြေကြီး၏စပျစ်များသည် မှည့်နေပြီ"
ဟုပြောဆို၏။ [19]ကောင်းကင်တမန်သည် မိမိ၏
တံစဉ်ကို မြေကြီးပေါ်သို့ လွှဲ၍မြေကြီး၏စပျစ်
ဥယျာဉ်မှ စပျစ်များကို စုဆောင်း၍ ဘုရား
သခင်၏အမျက်တော်တည်းဟူသော ကြီးမား
သည့်စပျစ်ညှစ်စက်ထဲသို့ချလေ၏။[20]မြို့ပြင်တွင်
ရှိသောစပျစ်ညှစ်စက်ထဲတွင် စပျစ်များအညှစ်
ခံရ၏။စပျစ်ညှစ်စက်ထဲမှ စီးထွက်သောသွေး

သည် မြင်း၏ဦးခေါင်း အမြင့်ခန့်မြင့်တက်လာပြီး
မိုင်နှစ်ရာအကွာအဝေးလောက်ရှည်လျား၏။

## နောက်ဆုံးသောဘေးဒဏ်နှင့် ကောင်းကင်တမန်များ

15 ထို့နောက် ကောင်းကင်၌ ကြီးမား၍
အလွန်အံ့ဩဖွယ်ကောင်းသော အခြား
နိမိတ်ကြီးတစ်ခုကို ငါမြင်၏။ နောက်ဆုံးဖြစ်
သောဘေးဒဏ်ခုနစ်ပါးကို သယ်ဆောင်လာ
သောကောင်းကင်တမန် ခုနစ်ပါးရှိ၏။ ဤဘေး
ဒဏ်များသည် နောက်ဆုံးသောဘေးဒဏ်များ
ဖြစ်၏။ အကြောင်းမူကား ဤဘေးဒဏ်များပြီး
နောက် ဘုရားသခင်၏အမျက်တော်သည် ပြီး
ဆုံးသွား၏။
2 မီးနှင့်ရောနေသော ဖန်ပင်လယ်ကဲ့သို့ ရှိ
သည်ကို ငါမြင်၏။ သားရဲနှင့်၎င်း၊ သူ၏ရုပ်တု
နှင့်၎င်း၊ သူ၏နာမအရေအတွက်နှင့် ၎င်းလွတ်
၍အောင်မြင်သောသူတို့သည် ပင်လယ်နားမှာ
ရပ်နေကြ၏။ ဤသူတို့၌ ဘုရားသခင်ပေးတော်
မူသောစောင်းများရှိ၏။ 3 သူတို့သည် ဘုရား
သခင်၏ကျွန်မောရှေသီချင်းနှင့် သိုးသငယ်၏သီ
ချင်းကို သီဆိုနေကြ၏။

“အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာ
ဝရအရှင် ဘုရားသခင် ကိုယ်တော်သည်
ကြီးမား၍အံ့ဩဖွယ်ကောင်းသောအရာ
များကို ပြုတော်မူ၏။ လူမျိုးတကာတို့၏
ဘုရင်ကိုယ်တော်၏ လမ်းသည်ဖြောင့်
မတ်မှန်ကန်၏။
4 အိုထာဝရဘုရား လူမျိုးအပေါင်းတို့သည်
ကိုယ်တော်ကို ကြောက်ရွံ့မည်။ လူအ
ပေါင်းတို့သည် ကိုယ်တော်၏နာမကို ချီး
မွမ်းမည်။ ကိုယ်တော်သာလျှင် သန့်ရှင်း
တော်မူ၏။ လူမျိုးအပေါင်းတို့သည် ကိုယ်
တော်ရှေ့တော်၌ လာ၍ ကိုးကွယ်ကြ
လိမ့်မည်။ အကြောင်းမူကား၊ ကိုယ်
တော်သည် မှန်ကန်သောအရာတို့ကို ပြု
တော်မူကြောင်း ထင်ရှား၏။”

5 ဤအရာပြီးနောက် သန့်ရှင်းသောဘုရား
သခင်ရှေ့တော်*၌ ဗိမာန်တော်ကို ကောင်း
ကင်ဘုံ၌ ဖွင့်ထားသည်ကို ငါမြင်၏။ 6 ဘေးဒဏ်
ခုနစ်ပါးကို သယ်ဆောင်လာသော ကောင်း
ကင်တမန်ခုနစ်ပါးသည် ဗိမာန်တော်ထဲမှ ထွက်
လာ၏။ သူတို့သည် သန့်ရှင်းတောက်ပြောင်
သောပိုက်ဆံကြိုးဖြင့် ရက်သောအဝတ်ကို ဝတ်
ဆင်ထား၏။ရင်ဘတ်တွင် ရွှေခါးစည်းကို ဝတ်
ဆင်ထား၏။ 7 ထို့နောက် သတ္တဝါလေးပါးတွင်
တစ်ပါးသည် ကောင်းကင်တမန်ခုနစ်ပါး အား
ရွှေခွက်ဖလားခုနစ်လုံးကိုပေး၏။ ထိုခွက်များ
သည် အစဉ်အမြဲ အသက်ရှင်သောဘုရား
သခင်၏အမျက်တော်နှင့် ပြည့်လျက်နေ၏။
8 ဘုရားသခင်၏ ဘုန်းတန်ခိုးအာနုဘော်တော်
ကြောင့် ဗိမာန်တော်သည် မီးခိုးနှင့်ပြည့်နှက်
လျက်ရှိ၏။ ကောင်းကင်တမန်ခုနစ်ပါး၏ဘေး
ဒဏ်ခုနစ်ပါးမကုန်မှီတိုင်အောင် ဗိမာန်တော်ထဲ
သို့အဘယ်သူမျှမဝင်နိုင်။

## ဘုရားသခင်၏အမျက်တော်နှင့် ပြည့်သောခွက်ဖလားများ

16 ထို့နောက် ဗိမာန်တော်မှ ကျယ်လောင်
သောအသံကို ငါကြား၏။ ထိုအသံက
“သွားကြလော့၊ ဘုရားသခင်၏အမျက်တော်
ဖလားခုနစ်လုံးကို မြေကြီးပေါ်သို့ သွန်းလောင်း
ကြလော့”ဟုကောင်းကင်တမန်ခုနစ်ပါးတို့အား
ပြောဆို၏။
2 ပထမကောင်းကင်တမန်သည် ထွက်သွား
၍ မိမိဖလားကို မြေကြီးပေါ်သို့ သွန်းလောင်း
၏။ ထိုအခါသားရဲ၏ တံဆိပ်အမှတ်အသားရှိ၍

**သန့်ရှင်းသောဘုရားသခင်ရှေ့တော်** မူရင်းအရ၊ “သက်သေခံချက်တဲတော်၊” ဓမ္မဟောင်းကာလ၌ ပညတ်တော်ဆယ်ပါး ရေးသားခဲ့သော ကျောက်ပြားများထားခဲ့သော တဲတော်ထဲမှာ ရှိသည့်သန့်ရှင်းသောအခန်း၏နာမည်၊ ဤအရာများသည် ဘုရားသခင်နှင့်သူ့လူတို့၏သဘောတူညီမှု သက်သေအထောက်အထား ဖြစ်သည်။ ဤအခန်းသည် ထာဝရဘုရားက သူ့လူတို့အကြားမှာ နေထိုင်တော်မူသော နေရာဖြစ်သည်။

သူ၏ရုပ်တုကို ကိုးကွယ်သောလူအပေါင်းတို့၌
အလွန်ဆိုးသောအနာစိမ်းပေါက်လေ၏။
3ဒုတိယကောင်းကင်တမန်သည် မိမိဖလား
ကို ပင်လယ်ထဲသို့ သွန်းလောင်း၏။ ထိုအခါ
ပင်လယ်ရေသည် လူသေ၏အသွေးကဲ့သို့ သွေး
ဖြစ်သွား၏။ အသက်ရှင်သော ပင်လယ်ရေ
သတ္တဝါ ရှိသမျှသည် သေကြ၏။
4တတိယကောင်းကင်တမန်သည်မိမိဖလား
ကိုမြစ်နှင့် စမ်းရေတွင်းပေါ်သို့ သွန်းလောင်း၏။
မြစ်နှင့်စမ်းရေတို့သည် အသွေးဖြစ်ကြ၏။ 5ထို
အခါ ရေကောင်းကင်တမန်က ဘုရားသခင်
အား ပြောသောစကားကို ငါကြားရ၏။

“ကိုယ်တော်သည် ပစ္စုပ္ပန်၊ အတိတ်၊
အနာဂတ်ကာလအစဉ်ရှိ၍ သန့်ရှင်း
တော်မူသောသူဖြစ်၏။ ကိုယ်တော်
သည် စီရင်တော်မူသည့်အမှုမှာ ဖြောင့်
မတ်တော်မူ၏။
6 လူတို့သည် ကိုယ်တော်၏သန့်ရှင်းသူတို့
နှင့် ပရောဖက်တို့၏အသွေးကို သွန်း
လောင်းကြ၏။ ယခုကိုယ်တော်သည် သူ
တို့အားအသွေးကို တိုက်တော်မူပြီ။
ဤအရာသည် သူတို့ခံထိုက်သောအရာ
ဖြစ်၏။”

7ယဇ်ပလ္လင်ကလည်း
“မှန်ပါ၏။ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူ
သောထာဝရအရှင် ဘုရားသခင်၊ ကိုယ်
တော် စီရင်တော်မူခြင်းအရာတို့သည်
ဟုတ်မှန်ဖြောင့်မတ်ကြပါ၏” ဟုပြော
သောအသံကို ငါကြား၏။
8စတုတ္ထကောင်းကင်တမန်သည် မိမိဖလား
ကို နေပေါ်သို့သွန်းလောင်း၏။ နေသည် လူတို့
ကိုမီးလောင်ရသောအခွင့်ကိုရ၏။ 9လူတို့သည်
ပူအားကြီးသောအရှိန်ဖြင့်မီးလောင်ခြင်းကို ခံရ
၏။ ထိုသူတို့သည် ဘုရားသခင်၏နာမတော်ကို
ကျိန်ဆဲကြ၏။ အကြောင်းမူကား၊ ဘုရားသခင်
သည် ထိုဘေးဒဏ်တို့ကို ထိန်းချုပ်ပိုင်ခွင့်ရှိ
တော်မူသောသူ ဖြစ်၏။ သို့သော်လည်း လူ
တို့သည် သူတို့၏စိတ်နှလုံးနှင့် အသက်တာကို
ပြောင်းလဲ၍ ဘုရားသခင်၏ဘုန်းအသရေတော်
ကို ချီးမွမ်းရန် ငြင်းဆိုကြ၏။
10ပဥ္စမကောင်းကင်တမန်သည် မိမိဖလား
ကို သားရဲ၏ပလ္လင်ပေါ်သို့ သွန်းလောင်း၏။ ထို
အခါ သားရဲ၏နိုင်ငံတော်ကိုအမှောင်က ဖုံးလွှမ်း
လေ၏။ နာကျင်မှုကြောင့် လူတို့သည် မိမိ၏
လျှာကို ကိုက်ကြ၏။ 11နာကျင်မှုနှင့် အနာစိမ်း
များကြောင့် လူတို့သည် ကောင်းကင်ဘုံရှိ
ဘုရားသခင်ကို ကျိန်ဆဲကြ၏။ သို့သော်လည်း
မကောင်းသောအရာကို ပြုလုပ်ခြင်းမှ လူတို့၏
စိတ်နှလုံးပြောင်းလဲပြီး ပြန်လှည့်လာရန် ငြင်း
ပယ်ကြ၏။
12ဆဋ္ဌမကောင်းကင်တမန်သည် မိမိ၏
ဖလားကို ဥဖရတ်မြစ်ကြီးထဲသို့ သွန်းလောင်း
၏။ မြစ်ထဲမှ ရေများခန်းခြောက်သွား၏။ အ
ရှေ့မှလာသောဘုရင်အတွက် လမ်းကို ပြင်ဆင်
ထားခြင်း ဖြစ်၏။ 13ထို့နောက် ဖားကဲ့သို့သော
ဝိညာဉ်ဆိုး သုံးပါးတို့ကို ငါမြင်၏။ သူတို့သည်၊
မြွေကြီး၏ပါးစပ်၊ သားရဲ၏ပါးစပ်နှင့် မိစ္ဆာပ
ရောဖက်၏ပါးစပ်ထဲမှ ထွက်လာကြ၏။ 14ဤ
ဝိညာဉ်ဆိုးတို့သည် နတ်ဆိုး၏ဝိညာဉ်များ ဖြစ်
ကြ၏။ နိမိတ်လက္ခဏာအမှုများကို ပြုလုပ်နိုင်
သောတန်ခိုးသည် သူတို့၌ရှိ၏။ ထိုဝိညာဉ်ဆိုး
တို့သည်လောကီတနိုင်ငံလုံးတွင်ရှိသော ဘုရင်
တို့ထံသို့ သွား၍ အနန္တတန်ခိုးနှင့် ပြည့်စုံတော်
မူသောဘုရားသခင်၏ကြီးမြတ်သောနေ့၌ စစ်
တိုက်ရန် စုစည်းကြ၏။
15“နားထောင်လော့။ ငါသည် သူခိုးကဲ့သို
ရုတ်တရက်လာမည်။ နိုးထလျက် ကိုယ့်အဝတ်
ကိုစောင့်သောသူသည်မင်္ဂလာရှိ၏။အကြောင်း
မူကား၊ သူသည် အဝတ်အချည်းစည်းနှင့် သွား
လာ၍ သူတစ်ပါးရှေ့၌ ရှက်စရာအကြောင်းရှိ
လိမ့်မည်မဟုတ်။”
16ထို့နောက်ဝိညာဉ်ဆိုးတို့သည် ဟေဗြဲဘာ
သာအားဖြင့် အာမဂေဒုန်အမည် ရှိသောအ
ရပ်၌ ဘုရင်များကို စုစည်းကြ၏။

17သတ္တမကောင်းကင်တမန်သည် မိမိဖလား
ကို အာကာသကောင်းကင်ပေါ်သို့ သွန်း
လောင်း၏။ ထိုအခါ ဗိမာန်တော်ထဲရှိပလ္လင်
တော်ပေါ်မှ ကျယ်သောအသံထွက်လာ၏။ အ
သံက ပြောသည်မှာ "ပြီးဆုံးသွားပြီ" ဟူ၍ဖြစ်
၏။ 18ထိုအခါ လျှပ်စစ်လက်ခြင်း၊ အသံမြည်
ခြင်း၊ မိုးချုန်းခြင်းနှင့် ကြီးစွာသောလျင်
လှုပ် ခြင်းဖြစ်ကြ၏။ မြေကြီးပေါ်မှာ လူဖန်ဆင်း
သည့်ကာလမှစ၍ မဖြစ်ခဲ့ဖူးသော အကြီးမား
ဆုံးလျင်ဖြစ်၏။ 19မြို့ကြီးသည် သုံးပိုင်းကွဲ
ထွက် သွား၏။ လူမျိုးတကာ၏မြို့များသည်
ပျက်ဆီးခြင်းခံရ၏။ ဘုရားသခင်သည် ကြီးမား
သောဗာဗုလုန်ကို ဒဏ်ပေးရန် မေ့တော်မမူ။
ထိုမြို့ကို မိမိဆိုးဝါးသောဒေါသအမျက်နှင့် ပြည့်
သောစပျစ်ရည်ခွက်ကို ပေးတော်မူ၏။ 20ကျွန်း
များအားလုံးပျောက်ကွယ်သွားပြီ။ တောင်များ
တို့သည်လည်းကွယ်ပျောက်ကြ၏။ 21ကြီးမား
သောမိုးသီးများသည် မိုးကောင်းကင်မှ
လူတို့အပေါ် သို့ကျလေ၏။ ဤမိုးသီးတစ်ခုစီ
သည် ပိဿနှစ်ဆယ်ငါးခန့်လေး၏။ ဤမိုးသီး
ဒဏ်ကြောင့် လူတို့သည် ဘုရားသခင်ကို ကျိန်
ဆဲကြ၏။ဤဘေးဒဏ်သည်အလွန်ဆိုးဝါး၏။

## သားရဲပေါ်မှမိန်းမ

17 ကောင်းကင်တမန် ခုနစ်ပါးထဲမှ ဖလား
ခုနစ်လုံးကို ကိုင်သောကောင်းကင်တ
မန်တပါးသည် ငါ့ထံသို့လာ၍ "ရေအပေါ်မှာ
ထိုင်သောပြည်တန်ဆာမကြီး၌ စီရင်ချင်းအမှု
ကို ငါပြမည်။ 2လောကီဘုရင်တို့သည် မတရား
သောမေထုန်ကို သူမနှင့်ပြုကြပြီ။ မြေကြီးသား
တို့သည် သူမ၏မတရားသောမေထုန်အပြစ်၏
စပျစ်ရည်နှင့်ယစ်မူးကြပြီ" ဟုပြောဆို၏။
3ထို့နောက် ကောင်းကင်တမန်သည် ငါ့ကို
ဝိညာဉ်တော်အားဖြင့် သဲကန္တာရသို့သယ်
ဆောင်သွား၏။ ထိုနေရာတွင် နီသောသားရဲ
ပေါ်၌ ထိုင်နေသောမိန်းမကို ငါမြင်၏။ သားရဲ
သည် သူ့အပေါ်၌ဘုရားသခင်၏အသရေတော်
ကို ရှုတ်ချရေးသားထားသောနာမတို့နှင့် ဖုံး
အုပ်ထား၏။ သားရဲတွင် ဦးခေါင်းခုနစ်လုံးနှင့်
ချိုဆယ်ချောင်းရှိ၏။ 4မိန်းမသည် ခရမ်းရောင်
နှင့် အနီရောင်အဝတ်ကိုဝတ်ဆင်ထား၏။ သူမ
၏ဝတ်ဆင်ထားသောရွှေ၊ ငွေ၊ ရတနာများနှင့်
ပုလဲများကြောင့် သူမသည် တောက်ပလျှက်ရှိ
၏။ သူမ၏လက်ထဲတွင် ရွှေခွက်တစ်ခွက်ရှိ၏။
ဤခွက်သည် ဆိုးဝါးသောအရာနှင့် မသန့်ရှင်း
သော သူမ၏မတရားသောမေထုန်မှိုဝဲသည့်အ
ပြစ်များနှင့် ပြည့်နေ၏။ 5သူမ၏နဖူးပေါ်၌ ရေး
ထားသည့်နက်နဲသောဘွဲ့မှုကား၊

**ဗာဗုလုန်မြို့ကြီး**
**ပြည်တန်ဆာတို့နှင့်မြေ၌စက်ဆုပ်ရွံ**
**ရှာဘွယ်သောအရာတို့၏အမိ ဟူ၍ဖြစ်၏။**

6ထိုမိန်းမသည် ယစ်မူးသည်ကို ငါမြင်၏။
သူမသည် ဘုရားသခင်၏ သန့်ရှင်းသောလူတို့
၏သွေးနှင့်ယေရှုကိုယုံကြည်သောကြောင့်ပြော
ဆိုနေသော သူတို့၏အသွေးဖြင့် ယစ်မူးနေ၏။
ငါသည် အမျိုးသမီးကို မြင်သောအခါ အံ့
သြတွေဝေနေ၏။ 7ထိုအခါ ကောင်းကင်တမန်
က အကျွန်ုပ်အား "သင်အဘယ်ကြောင့် အံ့
သြသနည်း။ ထိုမိန်းမ၏လျို့ဝှက်သော အဓိ
ပ္ပါယ်ကိုငင်း၊ ခေါင်းခုနစ်လုံးနှင့် ချိုဆယ်
ချောင်းရှိ၍ သူမစီးသောသားရဲ၏ လျို့ဝှက်
သောအဓိပ္ပါယ်ကိုငင်း သင့်အားငါပြောပြမည်။
8သင်မြင်သောသားရဲသည်တစ်ချိန်တွင်အသက်
ရှင်၏။သို့သော်ယခုတွင်အသက်မရှင်။သို့သော်
လည်း ထိုသားရဲသည် အနက်ဆုံးတွင်းထဲမှ
ထွက်လာ၍ ပျက်ဆီးခြင်းကို ခံရန်သွားရလိမ့်
မည်။ မြေကြီးပေါ်၌ရှိသော လူတို့သည် ထို
သားရဲကို မြင်သောအခါ အံ့သြကြလိမ့်မည်။
အကြောင်းမူကား၊ တစ်ချိန်တွင် အသက်ရှင်
သောသူသည်ယခု၌ အသက်မရှင်ပါ။ သို့သော်
လည်း နောက်တစ်ဖန်လာလိမ့်မည်။ ထိုသူတို့
သည် ကမ္ဘာတည်စကပင်လျှင် အသက်စာ
စောင်ထဲ၌ စာရင်းမဝင်သောသူများဖြစ်ကြ၏။

9"ဤအရာကို နားလည်ရန် ဉာဏ်ပညာရှိရ
မည်။ သားရဲပေါ်ရှိ ခေါင်းခုနစ်လုံးသည် ထိုမိန်း
မထိုင်နေသောတောင်ခုနစ်လုံး ဖြစ်၏။ ဘုရင်ခု
နစ်ပါးလည်း ဖြစ်၏။ 10ဘုရင်ငါးပါးသည် သေ
လွန်ပြီဖြစ်၏။ ဘုရင်တို့တွင် တစ်ပါးသည် ယခု
အသက်ရှင်နေ၏။ နောက်ဆုံးဘုရင်သည် ကြွ
လာလိမ့်မည်။ သူရောက်လာသောအခါ ခဏ
တာမျှသာနေမည်။ 11တစ်ချိန်တွင်အသက်ရှင်
ပြီး ယခုအသက်မရှင်သောသားရဲသည် ရှစ်ပါး
မြောက်သောဘုရင်ဖြစ်၏။ ဤရှစ်ပါးမြောက်
သောဘုရင်သည် ယခင်ဘုရင်ခုနစ်ပါးနှင့်သက်
ဆိုင်၏။ သို့ဖြစ်၍ သူသည် ပျက်ဆီးခြင်းခံခြင်း
ငှါထွက်သွားမည်။

12"သင်မြင်သော ချိုဆယ်ချောင်းသည် ဘု
ရင်ဆယ်ပါးဖြစ်၏။ ဤဘုရင်ဆယ်ပါးသည် သူ
တို့၏နိုင်ငံတော်ကို မရရှိသေး။ သို့သော်လည်း
သားရဲနှင့်တစ်နာရီကြာမျှ အုပ်စိုးရသောတန်ခိုး
ကို သူတို့ရရှိလိမ့်မည်။ 13ဤဘုရင်ဆယ်ပါး
သည် သဘောတူ၍သူတို့၏တန်ခိုးနှင့် အာဏာ
ကို သားရဲအား ပေးလိမ့်မည်။ 14သူတို့သည်
သိုးသငယ်ကို စစ်တိုက်ဆန့်ကျင်လိမ့်မည်။ သို့
သော်လည်း သိုးသငယ်သည် သူတို့ကို အောင်
နိုင်လိမ့်မည်။ အကြောင်းမူကား၊သူသည်သခင်
တကာတို့၏သခင်၊ ဘုရင်တကာတို့၏ဘုရင်ဖြစ်
တော်မူ၏။ သူခေါ်တော်မူသောသူ၊သူရွေးချယ်
တော်မူသောသူနှင့်သစ္စာရှိသောသူတို့နှင့်အတူ
အောင်နိုင်လိမ့်မည်။"

15ထို့နောက် ကောင်းကင်တမန်က "သင်
သည် ပြည့်တန်ဆာမထိုင်သော နေရာရေကို
မြင်သည်ဟု ပြော၏။ ဤရေများသည် ကမ္ဘာ
ပေါ်ရှိ မြောက်များစွာသောလူ၊ ကွဲပြားသော
လူမျိုးနွယ်စု၊ နိုင်ငံများနှင့် ဘာသာစကားများ
ဖြစ်ကြ၏။ 16သင်မြင်သောချိုဆယ်ချောင်းနှင့်
သားရဲသည် ထိုပြည့်တန်ဆာကို မုန်းလိမ့်မည်။
သူမ၌ရှိသောအရာအားလုံးကို ယူ၍သူမကို အ
ဝတ်အချည်းစည်းနှင့် ထားလိမ့်မည်။ သူတို့
သည် သူမ၏အသားကို ကိုက်စား၍ မီးနှင့်ရှို့
လိမ့်မည်။ 17ဘုရားသခင်သည် မိမိအကြံအစည်
တော်ကိုပြုခြင်းငှါ ထိုချိုဆယ်ချောင်းကို ခွင့်
ပေးတော်မူ၏။ သူတို့သည် သားရဲအား အုပ်စိုး
နိုင်သောတန်ခိုးကိုပေးရန် သဘောတူညီကြ၏။
ဘုရားသခင်မိန့်တော်မူသောအရာများ ပြည့်
စုံပြီးသည်အထိ သူတို့အုပ်စိုးမည်။ 18သင်မြင်
သောမိန်းမသည် လောကီရှင်ဘုရင်တို့ကို အုပ်
စိုးသောမြို့ကြီးဖြစ်၏" ဟုပြောဆို၏။

## ဗာဗုလုန်ပျက်ဆီးလိုက်ပြီ

18 ထို့နောက်အခြား သောကောင်းကင်
တမန်သည် ကောင်းကင်မှ ဆင်းသက်
သည်ကို ငါမြင်၏။ သူသည်ကြီးစွာသောတန်ခိုး
ရှိ၏။ထိုကောင်းကင်တမန်၏ဘုန်းအသရေသည်
မြေကြီးကို ထွန်းတောက်စေ၏။ 2သူသည် တန်
ခိုးနှင့် ပြည့်စုံသောအသံဖြင့်

"သူမပျက်စီးသွားပြီ။ ဗာဗုလုန်မြို့ကြီးပျက်
စီးသွားပြီ။ သူမသည် နတ်ဆိုးတို့၏အိမ်
နှင့်မသန့်ရှင်းသောဝိညာဉ်အားလုံး နေ
ထိုင်သောနေရာ ဖြစ်လေပြီ။ သူမသည်
ညစ်ညူးသော ငှက်မျိုးစုံနှင့် ညစ်ညူး၍
စက်ဆုပ်ဖွယ်သော တိရိစ္ဆာန်မျိုးစုံတို့၏
နေရာဖြစ်လေပြီ။
3 မြေကြီးပေါ်ရှိ လူသားအားလုံးတို့သည်
သူမ၏မတရားသော မေထုန်နှင့် ဘုရား
သခင်၏အမျက်တော်ဖြစ်သော စပျစ်
ရည်သောက်သုံးကြပြီ။ လောကီရှင်ဘု
ရင်တို့သည် မတရားသောမေထုန်ကို သူ
မနှင့်ပြုကြပြီ။ လောကီကုန်သည်တို့သည်
သူမ၏ကြီးမားသော စည်းစိမ်ကြွယ်ဝ
ခြင်းမှချမ်းသာလာကြပြီ" ဟုပြောဆို၏။

4ထို့နောက် ကောင်းကင်မှ တခြားသောအသံ
ကား

"သူမ၏အပြစ်များနှင့် မပတ်သက်ရန်ငှါ၊
သူမ၌ ခံရမည့်ပြစ်ဒဏ်များမှ ကင်းလွတ်
ရန်ငှါ၊ ငါ့လူမျိုးတို့ထိုမြို့ထဲမှ ထွက်လာ
ကြလော့။

5 ထိုမြို့၏အပြစ်များသည် ကောင်းကင်ဘုံ
တိုင်အောင် မိုကြသည်ဖြစ်၍၊ သူမ၏မတ
ရားသောအမှုတို့ကို ဘုရားသခင်မေ့
တော်မမူ။
6 သူမသည် အခြားသောသူကို ပေးအပ်
သကဲ့သို့ ထိုမြို့အား ပေးဆပ်ကြလော့။
သူမပြုသမျှထက်နှစ်ဆပြန်၍ပေးဆပ်ကြ
လော့။ အခြားသောသူတို့အတွက် ပြင်
ဆင်ထားသောသူမ၏စပျစ်ရည်ထက်နှစ်
ဆပြင်းသောစပျစ်ရည်ကို သူမအတွက်
ပြင်ဆင်ပေးကြလော့။
7 သူမသည် မိမိကိုယ်ကို များစွာသော
ဘုန်းအသရေနှင့် ကြွယ်ဝသောအသက်
တာကိုပေး၏။ ဆင်းရဲဒုက္ခများစွာနှင့်ဝမ်း
နည်းမှုကို သူမအား ပေးကြလော့။ 'ငါ
သည် ဘုရင်မဖြစ်၍ ငါ၏ပလ္လင်ပေါ်မှာ
ထိုင်နေ၏။ ငါသည် မုဆိုးမမဟုတ်။ ငါ
သည် မည်သည့်အခါမျှ ဝမ်းနည်းမည်
မဟုတ်'ဟုသူမသည်မိမိကိုယ်ကိုပြော၏။
8 ထို့ကြောင့် မကောင်းသောအရာများ
သည်သူမထံကို တစ်ရက်အတွင်း ရောက်
လာမည်။ သေခြင်း၊ ဝမ်းနည်းစွာ ငို
ကြွေးခြင်း၊ ကြီးမားသောဆာလောင်
ခြင်းသည် ရောက်လာလိမ့်မည်။ သူမ
သည်မီးဖြင့်ဖျက်ဆီးခံရမည်။အကြောင်း
မူကား၊ သူမကို စီရင်တော်မူသောသူ
ဘုရားသခင်သည် တန်ခိုးကြီးတော်မူ၏။

9"မတရားသောမေထုန်ကို သူမနှင့်ပြု၍ သူ
မ၏ကြွယ်ဝမှုကို မျှဝေခံစားသော လောကီ
ရှင်ဘုရင်တို့သည် သူမမီးလောင်ခံရခြင်းမှ မီးခိုး
ကို မြင်ရလိမ့်မည်။ ထို့နောက် သူမ၏သေခြင်း
ကြောင့်ထို ရှင်ဘုရင်တို့သည် ငိုကြွေးပြီး စိတ်
မကောင်းဖြစ်ကြမည်။ 10ရှင်ဘုရင်တို့သည် သူ
မ၏ဆင်းရဲဒုက္ခများအတွက် ကြောက်ပြီးအဝေး
မှ ရပ်နေကြလိမ့်မည်။
'ဖြစ်ရလေခြင်း၊ဖြစ်ရလေခြင်း အိုကြီးမား
သောမြို့၊ ကြီးမားသောမြို့ သင်၏အပြစ်
စီရင်ခြင်းသည် တစ်နာရီအတွင်း ရောက်
ပါပြီ' ဟုရှင်ဘုရင်တို့က ပြောလိမ့်မည်။
11"လောကီကုန်သည် တို့သည်သူမအတွက်
ငိုကြွေးပြီးဝမ်းနည်း နေလိမ့်မည်။ အကြောင်း
မူကား၊ သူတို့ရောင်းသောပစ္စည်းများကို ဝယ်
သောသူတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။
12သူတို့သည် ရွှေငွေ၊ အဖိုးတန်ကျောက်များ၊
ပုလဲများ၊ ပိတ်ချောဖြင့် ပြုလုပ်သောအထည်
များ ခရမ်းရောင်အထည်များ၊ ပိုးထည်၊ ကြက်
သွေးရောင်အထည်၊ အမျိုးမျိုးသောသိသိန်
သစ်သားများ၊ ဆင်စွယ်၊ အဖိုးတန်သောသစ်၊
ကြေးဝါ၊ သံထည်နှင့် ကျောက်ဖြူများဖြင့် ပြု
လုပ်သောပစ္စည်းမျိုးစုံတို့ကို ရောင်း၏။ 13ထို
ကုန်သည်တို့သည် သစ်ကြံပိုး၊ အမေမုန်၊ နံ့သာ
ပေါင်း၊ ဆီမွှေး၊ လောဗန်၊ စပျစ်ရည်၊ သံလွင်
ဆီ၊ မုန့်ညက်၊ ဂျုံမှုန့်၊ နွား၊ သိုး၊ မြင်း၊ လှည်းနှင့်
လူ၏ခန္ဓာကိုယ်နှင့် ဝိညာဉ်များ ကိုရောင်း၏။

14 'အိုဗာဗုလုန်၊ သင်လိုအပ်သော ကောင်း
သောအရာများသည် သင့်ထံမှ ထွက်
သွားပြီ။သင်၏စည်းစိမ်များနှင့်တင့်တယ်
သောအရာရှိသမျှတို့သည် ပျောက်ကွယ်
သွားကုန်ပြီ။ ထိုအရာများကို သင်ဘယ်
သောအခါမျှ မရရှိရဟု ထိုကုန်သည်တို့
က ငို၍ပြောလိမ့်မည်။'

15"ကုန်သည်တို့သည် သူမခံစားရသောဝေဒနာ
ကို ကြောက်ရွံ့ပြီး သူမနှင့်ဝေးသောအရပ်တွင်
ရပ်ကြလိမ့်မည်။ ဤလူတို့သည် သူမထံသို့
ရောင်းသောထိုအရာများမှ ချမ်းသာလာကြ
၏။ ထိုသူတို့သည် ဝမ်းနည်းငိုကြွေးပြီ။ 16သူတို့
ကလည်း၊
'ဖြစ်ရလေခြင်း၊ ကြီးမားသောမြို့အတွက်
ဖြစ်ရလေခြင်း၊ သူမသည် ပိတ်ချော
အထည်၊ ခရမ်းရောင်နှင့် ကြက်သွေး
ရောင်အဝတ်တို့ကို ဝတ်ဆင်ထား၏။ သူ
မသည် ရွှေ၊ ရတနာများနှင့် ပုလဲများ
ဖြင့် တောက်ပနေ၏ ဟုပြောလိမ့်မည်။

17 ဤစည်းစိမ်ရှိသမျှတို့သည် တစ်နာရီအ
တွင်း ပျက်စီးသွား၏။'
"ခပ်သိမ်းသောသင်္ဘောသူကြီး၊ သင်္ဘော
နှင့် ခရီးသွားသောသူအပေါင်းတို့၊ သင်္ဘော
သားများ၊ ပင်လယ်ကုန်သည်ရှိသမျှတို့သည်
ဗာဗုလုန်မှ ဝေးစွာရပ်နေ၏။ 18သူမမီးလောင်ခံ
ရခြင်းမှ မီးခိုးများကို သူတို့မြင်သောအခါ သူတို့
က 'ဤကြီးမြတ်သောမြို့ကဲ့သို့ မည်သည့်မြို့မျှ
မရှိပေ'ဟု ကျယ်လောင်စွာ ပြောကြ၏။ 19သူ
တို့၏ခေါင်းပေါ်သို့ မြေမှုန့်များပစ်တင်ကြ၍ ဝမ်း
နည်းစွာဖြင့် ငိုကြွေးကြလိမ့်မည်။ သူတို့က ကျယ်
လောင်သော အသံဖြင့်ဖြစ်ရလေခြင်း၊

'ကြီးမြတ်သောမြို့အတွက် ဖြစ်ရလေခြင်း၊
ပင်လယ်ထဲတွင် ရှိသောသင်္ဘောများကို
ပိုင်သောသူတို့သည် သူမ၏ကြွယ်ဝမှု
ကြောင့် ချမ်းသာလာကြသော်လည်း
တစ်နာရီအတွင်း ပျက်စီးသွားပြီ။ 20အို
ကောင်းကင်၊ ဘုရားသခင်၏သန့်ရှင်းသူ
(တမန်တော်) ပရောဖက်တို့သူကို ကြည့်
၍ဝမ်းမြောက်ကြလော့။ ဘုရားသခင်
သည် သင်တို့ကို သူမပြုခဲ့သောအရာ
များကြောင့် သူမကို စီရင်ဆုံးမတော်မူ
ပြီ"' ဟုပြောဆို၏။

21ထို့နောက် တန်ခိုးကြီးသောကောင်းကင်
တမန်တစ်ပါးသည် ကြီးမားသောကျောက်ကို
ကောက်ယူလိုက်၏။
"ထိုကျောက်သည်ကြီးမားသောကျောက်
ကြိတ်စက်ကြီးကဲ့သို့ကြီး၏။ ကောင်းကင်
တမန်သည်ပင်လယ်ထဲသို့ ကျောက်ကို
ပစ်ချလိုက်ပြီးပြောသည်မှာ၊ ဗာဗုလုန်
မြို့ကြီးကို ထိုကဲ့သို့ပစ်ချခြင်းခံရလိမ့်မည်။
ထိုမြို့သည် ဘယ်သောအခါမျှ မတွေ့ရ
တော့ပါ။
22 စောင်းသမားတို့၏စောင်းတီးသံ၊ အခြား
တူရိယာတီးသောသီချင်းသံများ၊ ပလွေ
သံ၊ တံပိုးသံများသင်၏အထဲတွင် တစ်ခါ
မျှ မကြားရတော့ပါ။ လက်တတ်သမား
လည်း သင့်အထဲတွင် မတွေ့ရ။ ကြိတ်စုံ
သံလည်း သင့်အထဲတွင် မကြားရပါ။
23 မီးခွက်၏အလင်းသည် သင့်အထဲတွင်
မလင်းပါ။ သတို့သားနှင့် သတို့သမီး၏အ
သံလည်း သင့်အထဲတွင် မကြားရပါ။
သင်၏ကုန်သည်တို့သည်ကမ္ဘာ၏ကြီးမား
သောသူများဖြစ်ကြ၏။ လူမျိုးအားလုံး
တို့သည် သင်၏ပြုစားခြင်းအားဖြင့် လှည့်
ဖြားခြင်းကိုခံရကြပြီဟု ကောင်းကင်တ
မန်က ပြောဆို၏။
24 ပရောဖက်တို့၏အသွေး၊ ဘုရားသခင်၏
သန့်ရှင်းသူတို့နှင့် မြေကြီးပေါ်မှာ အသတ်
ခံရသော သူအပေါင်းတို့၏အသွေးကို သူ
မ၌ တွေ့၏။"

## ကောင်းကင်ဘုံ၌ ရှိသောလူတို့သည် ဘုရားသခင်ကို ချီးမွမ်းခြင်း

19 ထို့နောက် ကောင်းကင်ဘုံ၌ စည်းဝေး
သောသူ အများတို့၏အသံကဲ့သို့ ကျယ်
လောင်သောအသံကို ငါကြား၏။ ထိုသူတို့
သည်
"ဟာလေလုယ၊ အောင်မြင်ခြင်း၊ ဘုန်းအ
သရေနှင့် တန်ခိုးတော်သည် ဘုရား
သခင်နှင့် သက်ဆိုင်၏။
2 သူ၏စီရင်တော်မူခြင်း အရာတို့သည် မှန်
ကန်ဖြောင့်မတ်၏။
ငါတို့၏ဘုရားသခင်သည် ပြည်တန်ဆာ
မကြီးကို ပြစ်ဒဏ်ပေးတော်မူပြီ။ မိမိ၏
မတရားသောမေထုန်အားဖြင့် မြေကြီး
ကို ဆိုးယုတ်စေပြီ။ ဘုရားသခင်သည်
သူမအား မိမိအစေခံတို့ကို သွန်းသောအ
သွေးကြောင့် သူမကို ပြစ်ဒဏ်ပေးတော်
မူပြီ" ဟုပြောဆိုကြ၏။

3တဖန်သူတို့က
"ဟာလေလုယ၊ သူမသည် မီးကျွမ်း
လောင်နေပြီ။ သူမ၏မီးခိုးသည် အစဉ်အ

မြဲလွှင့်တက်သွားလိမ့်မည်” ဟုပြောဆို
ကြ၏။

4ထိုအခါ အသက်ကြီးသူနှစ်ဆယ့်လေးဦးနှင့် သတ္တဝါလေးပါးတို့သည် ပြပ်ဝပ်ကြ၏။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောဘုရားသခင်ကို ကိုးကွယ်ကြ၏။ သူတို့ကလည်း
“အာမင်၊ဟာလေလုယ”ဟုပြောဆိုကြ၏။

5ထို့နောက် ပလ္လင်တော်ပေါ်မှ ထွက်လာသောအသံက၊

“ငါတို့၏ဘုရားသခင်ကို ချီးမွမ်းကြလော့။
သူ့အစေကိုခံသောသူအပေါင်းတို့နှင့် သူ
ကို ရိုသေကြသောလူကြီးလူငယ်အပေါင်း
တို့၊ ဘုရားသခင်ကို ချီးမွမ်းကြလော့”
ဟုဆို၏။

6ထို့နောက် စည်းဝေးသောလူများစွာ တို့၏ အသံကဲ့သို့ ငါကြားရ၏။ ရေလျှံသောအသံနှင့် ကျယ်လောင်သောမိုးကြိုးသံ ကဲ့သို့သော အသံ ဖြစ်၏။ လူတို့က ပြောသည်မှာ

“ဟာလေလုယ၊ ထာဝရအရှင်၊ ငါတို့၏
ဘုရားသခင် အုပ်စိုးတော်မူ၏။ သူသည်
အလုံးစုံတန်ခိုးတော်နှင့်ပြည့်စုံတော်မူ၏။
7 ငါတို့ ဝမ်းမြောက်ပျော်ရွှင်စွာနှင့် ဘုရား
သခင်၏ ဘုန်းအသရေတော်ကို ချီးမွမ်း
ကြပါကုန်အံ့။ အကြောင်းမှာ သိုးသငယ်
၏မင်္ဂလာပွဲ ရောက်ရှိပြီ။ သတို့သမီး
သည်လည်း ကိုယ်ကိုကိုယ် ပြင်ဆင်ပြီ။
8 ကောင်းမွန်သော ပိတ်ချောအဝတ်အ
ထည်ကို သတို့သမီးဝတ်ရန် ပေးပြီ။ထို
အဝတ်အထည်သည် တောက်ပြောင်
သန့်ရှင်း၏။”

ဤကောင်းမွန်သော ပိတ်ချောအထည်သည် ဘုရားသခင်၏ သန့်ရှင်းသောလူတို့၏ကောင်းမှုကို ဆိုလို၏။

9ထို့နောက် ကောင်းကင်တမန်က “ဤအရာကိုရေးလော့။ သိုးသငယ်၏မင်္ဂလာဆောင်ပွဲသို့ ဖိတ်ခေါ်ခြင်းကို ခံရသောသူအပေါင်းတို့သည် မင်္ဂလာရှိကြ၏။” ဟုငါ့အား ပြောဆို၏။ ထို့နောက် ကောင်းကင်တမန်က “ဤအရာသည် ဘုရားသခင်၏စစ်မှန်သောစကားတော်ဖြစ်၏” ဟုပြောဆို၏။

10ထို့နောက် ငါသည် ကောင်းကင်တမန်ကို ကိုးကွယ်ရန်သူ၏ခြေရင်း၌ ပြပ်ဝပ်၏။ သို့သော်လည်း သူက “ငါ့ကို မကိုးကွယ်နှင့်။ ငါသည် ယေရှု၏သမ္မာတရားကို ဆောင်သောသင်နှင့် သင်၏ညီအစ်ကိုများကဲ့သို့သော အစေခံသာ ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်ကို ကိုးကွယ်လော့။ အကြောင်းမှာ ယေရှု၏သမ္မာတရားသည် ဝိညာဉ်တော်၏ပရောဖက်ပြုခြင်း ဖြစ်၏” ဟုငါ့အား ပြောဆို၏။

## မြင်းဖြူစီးသောသူ

11ထို့နောက် ကောင်းကင်ဘုံဖွင့်လှစ်လျက်
ရှိသည်ကို ငါမြင်ရ၏။ ငါ၏ရှေ့တွင် မြင်းဖြူတစ်
ကောင် ပေါ်လာ၏။ မြင်းဖြူစီးလာသူကို သစ္စာ
နှင့်မှန်ကန်သောသူဟုခေါ်၏။ စီရင်ခြင်းနှင့် စစ်
ပြုရာတွင် မှန်ကန်သောသူဖြစ်၏။ 12မျက်စိ
တော်သည် တောက်လောင်နေသောမီးကဲ့သို့
ဖြစ်၏။ ခေါင်းတော်ပေါ်၌သရဖူများကိုဆောင်း
၏။ သူ့အပေါ်တွင် အမည်တစ်ခုရေးမှတ်ထား
၏။ သို့သော်ထိုအမည်ကိုသူတစ်ယောက်တည်း
သာသိ၏။ 13သွေးထဲတွင် နှစ်ထားသောဝတ်
လုံကိုဝတ်ဆင်၏။ သူ၏အမည်မှာ ဘုရားသခင်
၏နှုတ်ကပတ်တော်ဖြစ်၏။ 14ကောင်းကင်၏
စစ်သည်တို့သည် နောက်တော်သို့ လိုက်ကြ၏။
သူတို့သည် မြင်းဖြူကို စီး၍ဖြူစင်သောအ
ဝတ်ကို ဝတ်ဆင်ကြ၏။ 15မြင်းစီးသူ၏ပါးစပ်ထဲ
မှ လူမျိုးတို့ကို အောင်နိုင်ရန် ထက်သောသန်
လျက်ထွက်လာ၏။ သူသည် သူတို့ကို သံလှံတံ
ဖြင့် အုပ်စိုးတော်မူမည်။ သူသည် စပျစ်သီးတို့
ကို အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသောဘုရား
သခင်၏ဒေါသအမျက်တော်၏ စပျစ်ကြိတ်စက်

၌ဖိနင်းတော်မူမည်။ 16သူ၏ဝတ်လုံတော်နှင့်ခြေ
တော်ပေါ်တွင်၊ “ဘုရင်တို့၏ဘုရင်၊ သခင်တို့၏
သခင်” ဟူသောအမည်ကို ရေးထားလျက်ရှိ၏။

## ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်

17ထို့နောက်နေထဲမှာ ရပ်နေသောကောင်း
ကင်တမန်တစ်ပါးကိုငါမြင်၏။မြင့်သောကောင်း
ကင်အလယ်၌ ပျံနေသောငှက်အားလုံးတို့ကို
ကောင်းကင်တမန်က ဘုရားသခင်၏ကြီးမား
သောပွဲတော်အတွက် လာရောက်စုဝေးကြ
လော့။ 18ဘုရင်တို့၊ စစ်သူကြီးတို့နှင့် ကျော်
ကြားသောသူတို့၏အသားကိုစားရန် ဤနေရာ
သို့ လာရောက်စုဝေးကြလော့။ မြင်းနှင့် မြင်း
စီးသူတို့၊ လူလွတ်တို့၊ အစေခံကျွန်တို့၊ အကြီး
အငယ် အမျိုးမျိုးသောလူတို့၏အသားကို စား
ရန်လာကြလော့။” ဟုကျယ်လောင်သောအသံ
ဖြင့် ပြောဆို၏။ 19ထို့နောက် သားရဲနှင့်လော
ကီရှင် ဘုရင်တို့ကို ငါမြင်၏။ သူတို့၏စစ်သည်
တို့သည် မြင်းစီးသူနှင့် သူ၏စစ်သည်တို့ကို စစ်
တိုက်ရန်စုရုံးကြ၏။ 20သို့သော်လည်း သားရဲကို
ဖမ်းမိကြ၏။ မိစ္ဆာပရောဖက်ကိုလည်း ဖမ်းမိကြ
၏။ ဤမိစ္ဆာပရောဖက်သည် သားရဲအတွက်
နိမိတ်များကို ပြုလုပ်ပေးသောသူဖြစ်၏။ သား
ရဲ၏တံဆိပ်လက်မှတ်ခံ၍ သူ၏ရုပ်တုကို ကိုး
ကွယ်သူတို့ကို လှည့်ဖြားရန် ဤမိစ္ဆာပရော
ဖက်သည် ထိုနိမိတ်များကိုပြု၏။ မိစ္ဆာပရော
ဖက်နှင့် သားရဲတို့ကို အသက်ရှင်လျက် ကန့်
နှင့်လောင်သောမီးအိုင်ထဲသို့ ချပစ်ကြ၏။ 21သူ
တို့၏စစ်သည်တို့သည် မြင်းစီးသူ၏ ပါးစပ်ထဲမှ
ထွက်လာသောသန်လျက်ဖြင့် သတ်ခြင်းခံရ
၏။ ငှက်အားလုံးတို့သည် ဝကြသည်အထိ သူ
တို့၏အသားကို စားကြ၏။

## နှစ်ပေါင်းတစ်ထောင်

20 ထိုနောက် ကောင်းကင်မှ ကောင်းကင်
တမန်ဆင်းသက်သည်ကို ငါမြင်၏။ ထို
ကောင်းကင်တမန်၌ အောက်ခြေမရှိသောတွင်း
၏သော့နှင့်ကြီးမားသောသံကြိုးရှိ၏။ 2ကောင်း
ကင်တမန်သည် ရှေးဟောင်းမြွေကြီးကို ဖမ်း
ဆီး၏။ ထိုမြွေကြီးသည် မကောင်းဆိုးဝါး သို့မ
ဟုတ်စာတန်ဖြစ်၏။ ကောင်းကင်တမန်သည်
သူ့ကို နှစ်ပေါင်းတစ်ထောင်ချည်နှောင်ထား
လေ၏။ 3ကောင်းကင်တမန်သည် မြွေကြီးကို
အနက်ဆုံးသောတွင်းထဲသို့ ပစ်ချလှောင်ထား
၍ တံဆိပ်ခတ်လေ၏။ နှစ်ပေါင်းတစ်ထောင်
ကုန်ဆုံးသည့်အထိ မြွေကြီးသည် လူအမျိုးမျိုး
တို့ကို မလှည့်စားနိုင်ရန် ကောင်းကင်တမန်
သည် ထိုသို့ပြုလုပ်ခြင်းဖြစ်၏။ နှစ်ပေါင်းတစ်
ထောင်ပြီးသည့်နောက်တွင် သူ့ကို ခဏသာ
လွတ်လပ်ခွင့်ပေးမည်။
4ထိုနောက်ပလ္လင်တချို့အပေါ်မှာထိုင်သော
သူတို့ကို ငါမြင်၏။ သူတို့သည် တရားစီရင်နိုင်
သောတန်ခိုးကိုရကြ၏။ ထို့နောက် ဘုရားသခင်
၏နှုတ်ကပတ်တော်နှင့် ယေရှု၏သမ္မာတရား
အပေါ် သစ္စာရှိသောကြောင့် အသတ်ခံရသော
သူတို့၏ဝိညာဉ်များကို ငါမြင်၏။ ထိုသူတို့သည်
သားရဲသို့မဟုတ် သူ၏ရုပ်တုကို မကိုးကွယ်ကြ။
သူတို့သည် နဖူး၌ဖြစ်စေ၊ လက်၌ဖြစ်စေ၊ သားရဲ၏
တံဆိပ်လက်မှတ်မရှိ။ ထိုသူတို့သည် ပြန်လည်
အသက်ရှင်၍ ခရစ်တော်နှင့်အတူနှစ်ပေါင်းတစ်
ထောင် အုပ်စိုးရကြ၏။ 5ကြွင်းသောလူသေတို့
သည် နှစ်ပေါင်းတစ်ထောင် မပြီးဆုံးသည့်တိုင်
ပြန်လည်ရှင်လာခြင်းမရှိ။ ဤအရာသည် ပထမ
ဦးဆုံးရှင် ပြန်လာခြင်းဖြစ်၏။ 6ဤပထမဦးဆုံး
ရှင်ပြန်ထမြောက်ခြင်းကို ဝင်စားသောသူသည်
မင်္ဂလာရှိသောသူနှင့် သန့်ရှင်းသောသူ ဖြစ်၏။
ဒုတိယသေခြင်းသည် ဤလူတို့အပေါ် မည်သည့်
တန်ခိုးမျှ မရှိတော့ပေ။ ဤသူတို့သည် ဘုရား
သခင်နှင့်ခရစ်တော်အတွက် ယဇ်ပုရောဟိတ်
များ ဖြစ်လိမ့်မည်။ ခရစ်တော်နှင့်အတူ နှစ်
ပေါင်းတစ်ထောင်အုပ်စိုးလိမ့်မည်။

## စာတန်ကို အောင်နိုင်ခြင်း

7နှစ်ပေါင်းတစ်ထောင် ပြီးဆုံးသောအခါ
စာတန်သည် ထောင်ထဲမှ လွတ်သောအခွင့်ကို

ရ၍ဂေါဂ၊ မာဂေါဂတည်းဟူသောမြေကြီး
ပေါ်ရှိလူမျိုးအားလုံးကို လှည့်ဖြားရန် ထွက်
သွားလိမ့်မည်။ 8စာတန်သည် ပင်လယ်ကမ်း
ခြေမှ သဲကဲ့သို့များပြားသောလူတို့ကို စစ်တိုက်
ရန် စုစည်းလိမ့်မည်။ 9စာတန်၏စစ်သားတို့
သည် မြေကြီးကို ဖြတ်သန်း၍ ဘုရားသခင်၏
လူတို့စုဝေးရာတပ်၌၎င်း၊ ဘုရားသခင်ချစ်
သောမြို့၌၎င်း ဝန်းရံလျက် ချီတက်ကြ၏။ သို့
သော်လည်း ကောင်းကင်ဘုံမှ မီးကျ၍ စာတန်
၏စစ်သည်တို့ကို မျိုချလေ၏။ 10ထိုနောက် လူ
တို့ကိုလှည့်စားသောစာတန်ကို သားရဲနှင့်တကွ
မိစ္ဆာပရောဖက်တို့သည် ငရဲမီးအိုင်ထဲသို့ ပစ်ချ
ခြင်းခံရ၏။ သူတို့သည် နေ့ညမပြတ်ဝေဒနာကို
ထာဝရခံရကြလိမ့်မည်။

## ကမ္ဘာပေါ်ရှိလူများ စီရင်ခံရခြင်း

11ထို့နောက် ကြီးမားသောပလ္လင်ဖြူကြီး
တစ်ခုကို ငါမြင်၏။ ပလ္လင်ပေါ်မှာ ထိုင်တော်မူ
သောသူကိုလည်း ငါမြင်ရ၏။ မြေကြီးနှင့် မိုယ်း
ကောင်းကင်တို့သည်သူ၏ရှေ့တော်မှထွက်ပြေး
သွားပြီး ပျောက်ကွယ်သွား၏။ 12ထို့နောက်
သေလွန်သောသူကြီးသူငယ်တို့သည် ပလ္လင်ရှေ့
မှာရပ်နေသည်ကို ငါမြင်၏။ အသက်စာစောင်
ကို ဖွင့်ထား၏။ အခြားသောစာအုပ်များလည်း
ဖွင့်ထား၏။ သေလွန်သောသူတို့သည် သူတို့ပြု
လုပ်ခဲ့သောအရာများကို စာစောင်များ၌ ရေး
ထားသည့်အတိုင်း တရားစီရင်ခြင်းကို ခံရကြ
၏။ ဤအရာများသည် စာအုပ်ထဲတွင် ရေး
သားထား၏။ 13ပင်လယ်သည် မိမိ၌ရှိသောလူ
သေတို့ကို ပြန်အပ်ပေး၏။ သေခြင်းနှင့် မရဏာ
နိုင်ငံသည်လည်း မိမိတို့၌ရှိသောလူသေတို့ကို
ပြန်အပ်ပေးကြ၏။ လူအသီးသီးတို့သည် မိမိတို့
ပြုလုပ်သည့်အတိုင်း တရားစီရင်ခြင်းကို ခံရကြ
၏။ 14ထိုအခါ သေခြင်းနှင့် မရဏာနိုင်ငံတို့ကို
မီးအိုင်ထဲသို့ ပစ်ချလေ၏။ ဤမီးအိုင်သည် ဒုတိ
ယသေခြင်းဖြစ်၏။ 15အသက်စာအုပ်ထဲ၌ အ
မည်ရေးထားခြင်း မရှိသောသူတို့ကိုလည်း မီး
အိုင်ထဲသို့ ချပစ်လေ၏။

## ယေရုရှလင်မြို့သစ်

21 ထိုနောက်ကောင်းကင်သစ်နှင့် မြေကြီး
သစ်ကို ငါမြင်၏။ ပထမကောင်းကင်
နှင့် ပထမမြေကြီးတို့ ပျောက်ကွယ်သွားကြပြီ။
ယခုအခါမှစ၍ သမုဒ္ဒရာမရှိ။ 2ဘုရားသခင်
အထံတော်ကောင်းကင်ဘုံမှ သန့်ရှင်းသောမြို့
ဆင်းသက်သည်ကို ငါမြင်၏။ ဤသန့်ရှင်းသော
မြို့သည် ယေရုရှလင်မြို့သစ်* ဖြစ်၏။ ဤမြို့
သစ်သည် သတို့သားအတွက် ပြင်ဆင် ထား
သောသတို့သမီးကဲ့သို့ ဖြစ်၏။ 3ပလ္လင်ပေါ်မှ
ကျယ်လောင်သောအသံကို ငါကြား၏။ ထို
အသံက“ ဘုရားသခင်၏အိမ်တော်သည် လူတို့
နှင့်အတူရှိ၏။ သူသည် သူတို့နှင့်အတူ နေထိုင်
တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူများ
ဖြစ် ကြလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင်
သူတို့နှင့် အတူရှိပြီး သူတို့၏ဘုရားသခင်ဖြစ်
တော် မူလိမ့်မည်။ 4ဘုရားသခင်သည် သူတို့၏
မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်ပေးတော်
မူမည်။ နောက်တဖန် သေခြင်း၊ ဝမ်းနည်းခြင်း၊
ငိုယိုခြင်းနှင့် နာကျင်မှုများမရှိရ။ ဟောင်းနွမ်း
သောအရာတို့သည် ပပျောက်သွားကြပြီ။”
5ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူ
က “ကြည့်လော့။ ခပ်သိမ်းသောအရာတို့ကိုငါ
အသစ်ဖြစ်စေပြီ” ဟုမိန့်တော်မူ၏။ ထို့နောက်
“ဤအရာကို ရေးလော့။ အကြောင်းမှာ ဤ
စကားသည် မှန်ကန်၍ ယုံကြည်ထိုက်၏” ဟု
မိန့်တော်မူ၏။
6ထို့နောက် ထိုသူက “အားလုံးပြီးစီးသွား
ပြီ။ ငါသည် အာလဖနှင့်ဩမေဃဖြစ်၏။ အစနှင့်
အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအားလုံးကို
အသက်ထာဝရစမ်းရေကို အဖိုးမယူဘဲ ငါပေး
မည်။ 7အောင်နိုင်သောသူသည် ဤအရာကို
ရရှိလိမ့်မည်။ ငါသည် သူ၏ဘုရားသခင် ဖြစ်၍
သူသည် ငါ့သားဖြစ်လိမ့်မည်။ 8သို့သော်လည်း၊
ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊
စက်ဆုပ်ရွံရှာဘွယ်ကောင်းသောသူ၊ လူအ

---

**ယေရုရှလင်မြို့သစ်** ထာဝရဘုရား၏လူများကို သူနှင့်အ
တူနေထိုင်သောဝိညာဉ်ရေးနှင့်ဆိုင်သောမြို့။

သက်ကို သတ်သောသူ၊ မတရားသောမေထုန်
၌ မှိုဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တု
ကိုးကွယ်သောသူနှင့် လိမ်လည်ပြောဆိုသော
သူအပေါင်းတို့သည် ကန့်နှင့်လောင်သောရေမီး
အိုင်ထဲ၌ နေရာရရှိမည်။ ဤအရာသည်ဒုတိယ
သေခြင်းဖြစ်၏” ဟုမိန့်တော်မူ၏။
9နောက်ဆုံးသောဘေးဒဏ်ခုနစ်ပါးနှင့်ပြည့်
စုံသောခွက်ဖလား ခုနစ်လုံးကို ကိုင်သော
ကောင်းကင်တမန်ခုနစ်ပါးတွင် တစ်ပါးသည်
ငါ့ထံသို့လာ၏။ ကောင်းကင်တမန်က “ငါနှင့်
လိုက်လာလော့။ သိုးသငယ်၏ခင်ပွန်းသတို့သ
မီးကို ငါပြမည်” ဟုငါ့အားပြော၏။ 10သူသည်
ဝိညာဉ်အားဖြင့် ကြီးမား၍ မြင့်သောတောင်
သို့ ငါ့ကို သယ်ဆောင်သွား၏။ ကောင်းကင်
တမန်သည်သန့်ရှင်းသောမြို့တော် ယေရုရှလင်
ကို ငါ့အားပြ၏။ ထိုမြို့တော်သည် ဘုရားသခင်
အထံတော်ကောင်းကင်ဘုံမှ ဆင်းလာ၏။
11မြို့သည် ဘုရားသခင်၏ဘုန်းအသရေတော်
နှင့် တောက်ပနေ၏။ နဂါးသွဲ၊ ကျောက်သ
လင်းကဲ့သို့ ကြည်လင်သော အဖိုးတန်သည့်
ရတနာ များကဲ့သို့ တောက်ပနေ၏။ 12မြို့သည်
တံခါးတစ်ဆယ့်နှစ်ပေါက်နှင့် ကြီးမားမြင့်မား
သောမြို့ရိုးရှိ၏။ မြို့တံခါး၌ ကောင်းကင်တမန်
ဆယ့်နှစ်ပါးရှိ၏။ တံခါးတစ်ပေါက်စီပေါ်၌
ဣသရေလမျိုးစုဆယ့်နှစ်စု၏ နာမည်များရေး
သားထား၏။ 13တံခါး အရှေ့ဘက်၌ သုံးပေါက်၊
မြောက်ဘက်၌ သုံးပေါက်၊ တောင်ဘက်၌ သုံး
ပေါက်၊ အနောက်ဘက်၌ သုံးပေါက်ရှိ၏။ 14မြို့
၏နံ့ရံများကို ကျောက်အုတ်မြစ်*ဆယ့်နှစ်ခု
ပေါ်၌ တည်ထား၏။ ကျောက်ပေါ်တွင် သိုးသ
ငယ်၏တမန်တော် ဆယ့်နှစ်ပါးအမည်ကို ရေး
သားထား၏။
15ငါနှင့်စကားပြောသော ကောင်းကင်တ
မန်၌ရွှေဖြင့် ပြုလုပ်သောတိုင်းစရာပေတံတုတ်
တစ်ချောင်းရှိ၏။ မြို့၏တံခါးနှင့် နံ့ရံများကို
တိုင်းတာရန် ဤပေတံကို ကောင်းကင်တမန်က
ကိုင်ထား၏။ 16မြို့ကို လေးထောင့်ပုံ တည်
ဆောက်ထား၏။ အလျားနှင့်အနံ့သည် တူ၏။
ကောင်းကင်တမန်သည် တုတ်တံနှင့် မြို့ကို
တိုင်းတာ၏။ မြို့၏အရှည်သည် မိုင်*တစ်
ထောင်ငါးရာမိုင်၊ အလျားတစ်ထောင်ငါးရာ
မိုင်၊ အမြင့်တစ်ထောင်ငါးရာမိုင်ရှိ၏။ 17နံ့ရံထု
ကိုလည်း ကောင်းကင်တမန်က တိုင်း၏။ တစ်
ရာ့လေးဆယ့်လေးကုဗ* အမြင့်ရှိ၏။ ကောင်း
ကင်တမန်သည် လူတို့အသုံးပြုသောအတိုင်း
အတာအထွာကို အသုံးပြု၏။ 18နံ့ရံကို နဂါးသွဲ
ကျောက်နှင့် ပြုလုပ်ထား၏။ မြို့ကို စင်ကြယ်
သောဖန်သားပြင်ကဲ့သို့ ပြူစင်လျှက်ရှိ၏။ 19မြို့
နံ့ရံ၏ အုတ်မြစ်ကျောက်ကို တန်ဆာဆင်ရန်
အဖိုးတန်သော ကျောက်မျက်ရတနာအမျိုးစုံ
ကိုအသုံးပြု၏။ ပထမအုတ်မြစ်၌ နဂါးသွဲ၊ ဒုတိ
ယတွင် နီလာ၊ တတိယတွင် မဟူရာ၊ စတု
တ္ထတွင်မြ၊ 20ပဉ္စမတွင် ကြောင်၊ ဆဋ္ဌမတွင်
ကျောက်နီ၊ သတ္တမတွင် ခရုသုလိတ်၊ အဋ္ဌမ
တွင် မျက်ရွဲ၊ နဝမတွင် ဥဿဖရား၊ ဒသမတွင်
ခရုသုပြတ်၊ ဧကဒသမတွင် ဝိုက်ကျွ၊ ဒွါဒသမ
တွင် ဂေါ်မုတ်များရှိ၏။ 21တံခါးဆယ့်နှစ်ပေါက်
သည် ပုလဲဆယ့်နှစ်ခုဖြစ်၏။ တံခါးတစ်ပေါက်စီ
ကို ပုလဲတစ်လုံးစီဖြင့် ပြီး၏။ မြို့၏လမ်းကိုရွှေ
အတိဖြင့် ပြုလုပ်၏။ ရွှေသည် မှန်သားကဲ့သို့
ကြည်လင်၏။
22မြို့ထဲ၌ ဗိမာန်တော်ကို ငါမမြင်ရ။ အန
န္တတန်ခိုးနှင့် ပြည့်စုံတော်မူသောသခင်ဘုရား
နှင့် သိုးသငယ်သည် မြို့၏ဗိမာန် ဖြစ်တော်မူ၏။
23ထိုမြို့သည် နေနှင့်လ၏ အလင်းရောင်ကို အ
လိုမရှိ။ဘုရားသခင်၏ဘုန်းအသရေတော်သည်
မြို့ကို အလင်းပေး၏။ သိုးသငယ်သည် မြို့၏မီး
ခွက်ဖြစ်၏။ 24မြေကြီးပေါ်ရှိ လူမျိုးတို့သည် ထို
မြို့ပေးသောအလင်းဖြင့် သွားလာကြလိမ့်မည်။

**ကျောက်အုတ်မြစ်** အဆောက်အဦး၏အခြေခံအုတ်မြစ်တွင် အသုံးပြုထားသောကျောက်တုံးကြီးများ၊

**မိုင်** တစ်မိုင်မှာ ကိုက်200 လောက် အကွာအဝေးရှိသည်၊ ၎င်းသည် ရောမမိုင်၏ရှစ်ပုံတစ်ပုံရှိသည်။

**ကုဗ** တစ်ကုဗသည် လူတံတောင်ဆစ်မှ လက်ချောင်း၏ထိပ်ဖျားအထိရှိသည်၊ ကိုက်ဝက်လောက်ရှိသည်။

လောကီရှင်ဘုရင်တို့သည် မိမိတို့ဘုန်းအသ
ရေကို ထိုမြို့ထဲသို့ သယ်ဆောင်ကြလိမ့်မည်။
25မည်သည့်နေ့တွင်မျှ မြို့၏တံခါးကို ပိတ်မည်
မဟုတ်။ အကြောင်းမူကား၊ ထိုနေရာတွင်ည
မရှိ။ 26နိုင်ငံများ၏ ကြီးမြတ်မှုနှင့် ဂုဏ်အသရေ
တို့သည် မြို့ထဲကို သယ်ဆောင်ကြလိမ့်မည်။
27မသန့်ရှင်းသောအရာများသည် မြို့ထဲသို့ မဝင်
ရ။ စက်ဆုပ်ဖွယ်သောအရာပြုလုပ်သူနှင့်လိမ်
လည်ပြောဆို သူတို့သည် မြို့ထဲကို မဝင်ရ။
သိုးသငယ်၏အသက်စာစောင်၌ အမည်ရေး
ထားသောသူတို့သာ မြို့ထဲသို့ ဝင်ရ၏။

22 ထို့နောက် ကောင်းကင်တမန်သည် အ
သက်စမ်းရေ၏မြစ်ကို ငါ့အား ပြလေ
၏။ မြစ်သည် ကျောက်သလင်းကဲ့သို့ ကြည်
လင်၏။ မြစ်သည် ဘုရားသခင်နှင့် သိုးသငယ်
၏ပလ္လင်တော်ထံမှ စီးဆင်းလာ၏။ 2မြို့လမ်းမ
အလယ်၌ စီးဆင်းလာ၏။ အသက်ပင်သည်
မြစ်၏တစ်ဘက်စီတွင်ရှိ၏။ အသက်ပင် သည်
တစ်နှစ်လျှင် ဆယ့်နှစ်ကြိမ်အသီးသီး၏။ လစဉ်
အသီးသီး၏။ သစ်ပင်မှ သစ်ရွက်များသည် လူ
အမျိုးမျိုးတို့၏ ရောဂါပျောက်ကင်းစေခြင်းငှါ
ဖြစ်၏။ 3ထိုမြို့၌ ဘုရားသခင်က အပြစ်ရှိ
သည်ဟု စီရင်သောအရာတစ်စုံတစ်ခုမျှမရှိ။
ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်သည်
မြို့၌ရှိလိမ့်မည်။ ဘုရားသခင်၏အစေခံများ
သည် သူ့ကို ကိုးကွယ်လိမ့်မည်။ 4သူ၏မျက်နှာ
တော်ကို သူတို့မြင်ကြလိမ့်မည်။ သူတို့၏နဖူး
ပေါ်၌ ဘုရားသခင်၏နာမတော်ကို ရေးထား
လိမ့်မည်။ 5ထိုမြို့၌ ညဉ့်မရှိ။ လူတို့သည် မီး
အိမ်၏အလင်းနှင့် နေ၏အလင်းကို အလိုမရှိ။
သခင်ဘုရားသည် သူတို့ကို အလင်းပေးတော်မူ
လိမ့်မည်။ သူတို့သည် ရှင်ဘုရင်ကဲ့သို့ အစဉ်
အမြဲအုပ်စိုးလိမ့်မည်။
6“ကောင်းကင်တမန်ကလည်း ဤနှုတ်က
ပတ်တော်သည် မှန်ကန်၍ ယုံကြည်ထိုက်၏။
ထာဝရဘုရားသည် ပရောဖက်ဝိညာဉ်တို့၏
ဘုရားသခင်ဖြစ်၏။ ဘုရားသခင်သည် မိမိ
ကောင်းကင်တမန်တော်တို့ကို မကြာခင် ဖြစ်
ပေါ်လာမည့်အရာများကို မိမိအစေခံများအား
ပြရန် စေလွှတ်တော်မူ၏။ 7နားထောင်လော့။
ငါသည် မကြာမီ ကြလာမည်။ ဤစာစောင်
ထဲတွင် ရေးသားသောအနာဂတ္တိစကားကို နာ
ခံသောသူသည် မင်္ဂလာရှိ၏” ဟုပြောဆို၏။
8ငါယောဟန်သည် ဤအရာများကို ကြား
၍ မြင်သောသူဖြစ်၏။ ငါသည် ဤအရာများ
ကို ကြား၍ မြင်ပြီးသောအခါ ထိုအရာများကို
ပြသော ကောင်းကင်တမန်၏ခြေရင်း၌ ကိုး
ကွယ်ရန် ပြပ်ဝပ်၏။ 9သို့သော်လည်း၊ ကောင်း
ကင်တမန်က “ငါကို မကိုးကွယ်နှင့်။ ငါသည်
သင်နှင့်သင်၏ညီအစ်ကို ပရောဖက်တို့ကဲ့သို့
သော အစေတော်ခံဖြစ်၏။ ငါသည် ဤစာ
စောင်ထဲ၌ရှိသောစကားများကိုလိုက်နာသော
သူတို့ကဲ့သို့ အစေတော်ခံဖြစ်၏။ ဘုရားသခင်
ကိုသာ ကိုးကွယ်သင့်၏ဟု” ငါ့အား ပြော၏။
10ထို့နောက် ကောင်းကင်တမန်က “ဤစာ
စောင်ထဲ၌ ရေးသားသောအနာဂတ္တိစကားကို
မဝှက်နှင့်။ ဤအရာများဖြစ်ပေါ်ရန် အချိန်နီး
လာပြီ။ 11အမှားကို ပြုလုပ်သောသူသည်ဆက်
လက်၍ မှားယွင်းပါစေ။ မသန့်ရှင်းသောသူ
သည် ဆက်လက်၍ မသန့်ရှင်းဘဲ နေပါစေ။
အမှန်ကို ပြုသောသူသည် ဆက်လက်၍ အမှန်
ကို ပြုပါစေ။ သန့်ရှင်းသောသူကို ဆက်လက်၍
သန့်ရှင်းပါစေ။”
12“နားထောင်လော့။ ငါသည် မကြာခင်
လာလိမ့်မည်။ ငါနှင့်အတူ ဆုလာဒ်များဆောင်
ယူလာမည်။ လူအသီးသီးတို့သည် မိမိတို့ပြု
လုပ်သည့်အတိုင်းမိမိ ပြုလုပ်ခဲ့သောအရာများ
အတွက် ငါပြန်ပေးဆပ်မည်။ 13ငါသည် အာလဖ
ဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အဦးဆုံးသော
သူ၊ နောက်ဆုံးသောသူဖြစ်၏၊ အစနှင့်အဆုံး
ဖြစ်၏။
14“မိမိဝတ်ရုံများကို ဆေးကြောသောသူတို့
သည် မင်္ဂလာရှိမည်။ အသက်ပင်မှ အသီးကို
စားရသောအခွင့်ရှိမည်။ မြို့ထဲသို့ တံခါးမှ ဝင်
ခွင့်ရမည်။ 15မြို့၏အပြင်ဘက်၌ မကောင်း
သောသူ၊ ပြုစားတတ်သောသူ၊ မတရားသော

မေထုန်၌ မှိုဝဲသောသူ၊ လူ့အသက်ကို သတ်
သောသူ၊ရုပ်တု* ကိုးကွယ်သောသူ၊ လိမ်
လည်မှုကို ကြိုက်၍ လိမ်လည်ပြောဆို တတ်
သောသူအားလုံးတို့ရှိကြ၏။
16“ငါ‘ယေရှုသည် အသင်းတော်များကို
ဤအရာများပြောပြရန် ငါ၏ကောင်းကင်တ
မန်ကို စေလွှတ်၏။ ငါသည် ဒါဝိဒ်အမျိုးအနွယ်မှ
ဆင်းသက်လာ၏။ ငါသည် ထွန်းလင်းတောက်
ပသောမိုယ်းသောက်ကြယ်ဖြစ်၏။”
17ဝိညာဉ်တော်နှင့်သတို့သမီးက “လာခဲ့ပါ”
ဟုဆိုကြ၏။ ဤအရာကို ကြားသောသူတိုင်း
လည်း “လာခဲ့ပါ” ဟုပြောပါစေ။ ရေငတ်သော
သူရှိလျှင် ထိုသူသည် လာပါစေ။ ထိုသူသည်
အသက်ရေကို လိုချင်လျှင် အဖိုးမပေးဘဲ အ
သက်ရေကို ယူပါစေ။
18ဤစာစောင်၏အနာဂတ္တိစကားကို ကြား
ရသောသူ အပေါင်းတို့အား ငါသတိပေးလိုက်
ပါ၏။ ဤစာလုံးများအား တစ်ဦးတစ်ယောက်
က ဖြည့်စွက်လျှင် ဤစာအုပ်ထဲ၌ ရေးထား
သောဘေးဒဏ်အားလုံးကို ဘုရားသခင်က
ထိုသူအား ပေးတော်မူလိမ့်မည်။ 19တစ်စုံတစ်
ယောက်သည် ဤစာစောင်၏အနာဂတ္တိစကား
ကို နှုတ်ပယ်လျှင် ဘုရားသခင်သည် ဤစာ
စောင်ထဲ၌ ရေးသားသောအသက်ပင်နှင့်ဂင်း၊
သန့်ရှင်းသောမြို့တော်နှင့်ဂင်း၊ ထိုသူနှင့်စပ်
ဆိုင်သော အခွင့်ကို နှုတ်ပယ်တော်မူမည်။
20ယေရှုသည်ဤအရာအားလုံး မှန်ကြောင်း
ကို ပြောသောသူဖြစ်တော်မူ၏။ ယခုသူက “ငါ
သည် မကြာမီ လာမည် မှန်ပေ၏” ဟုမိန့်တော်
မူ၏။ အာမင်၊ သခင်ယေရှု လာတော်မူပါ။
21အရှင်သခင်ယေရှု၏ ကျေးဇူးတော်သည်
လူအပေါင်းတို့၌ ရှိစေသတည်း။

---

**ရုပ်တု** ရုပ်တုများသည် ရုပ်တုဆင်းတုသို့မဟုတ် လူတို့က
နတ်ဘုရားကဲ့သို့ကိုးကွယ်သောအရာဝတ္ထုများဖြစ်သည်။

# License Agreement for Bible Texts

***World Bible Translation Center***
***Last Updated: September 21, 2006***

Copyright © 2006 by World Bible Translation Center
All rights reserved.

**These Scriptures:**
- Are copyrighted by World Bible Translation Center.
- Are not public domain.
- May not be altered or modified in any form.
- May not be sold or offered for sale in any form.
- May not be used for commercial purposes (including, but not limited to, use in advertising or Web banners used for the purpose of selling online add space).
- May be distributed without modification in electronic form for non-commercial use. However, they may not be hosted on any kind of server (including a Web or ftp server) without written permission. A copy of this license (without modification) must also be included.
- May be quoted for any purpose, up to 1,000 verses, without written permission. However, the extent of quotation must not comprise a complete book nor should it amount to more than 50% of the work in which it is quoted. A copyright notice must appear on the title or copyright page using this pattern: "Taken from the HOLY BIBLE: EASY-TO-READ VERSION™ © 2006 by World Bible Translation Center, Inc. and used by permission." If the text quoted is from one of WBTC's non-English versions, the printed title of the actual text quoted will be substituted for "HOLY BIBLE: EASY-TO-READ VERSION™." The copyright notice must appear in English or be translated into another language. When quotations from WBTC's text are used in non-saleable media, such as church bulletins, orders of service, posters, transparencies or similar media, a complete copyright notice is not required, but the initials of the version (such as "ERV" for the Easy-to-Read Version™ in English) must appear at the end of each quotation.

Any use of these Scriptures other than those listed above is prohibited. For additional rights and permission for usage, such as the use of WBTC's text on a Web site, or for clarification of any of the above, please contact World Bible Translation Center in writing or by email at distribution@wbtc.com.

World Bible Translation Center
P.O. Box 820648
Fort Worth, Texas 76182, USA
Telephone: 1-817-595-1664
Toll-Free in US: 1-888-54-BIBLE
E-mail: info@wbtc.com

**WBTC's web site –** World Bible Translation Center's web site: http://www.wbtc.org

**Order online –** To order a copy of our texts online, go to: http://www.wbtc.org

**Current license agreement –** *This license is subject to change without notice. The current license can be found at:* http://www.wbtc.org/downloads/biblelicense.htm

**Trouble viewing this file –** If the text in this document does not display correctly, use Adobe Acrobat Reader 5.0 or higher. Download Adobe Acrobat Reader from:
http://www.adobe.com/products/acrobat/readstep2.html

**Viewing Chinese or Korean PDFs –** To view the Chinese or Korean PDFs, it may be necessary to download the Chinese Simplified or Korean font pack from Adobe. Download the font packs from:
http://www.adobe.com/products/acrobat/acrrasianfontpack.html